


www.burmeseclassic.com
အတွဲ (၁၆) အမှတ် (၂)
၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ
သရဖူ
မဂ္ဂဇင်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ







## ဘာသာရေးဆောင်းပါးများ


၅ မတောင့်လျှင်တင်းမရ
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
သုဒ္ဓိအသုဒ္ဓိကထာ
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၆ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၇ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြား စေတီဘုရားများ
အမှတ်(၄)
**ကံဝင်း**

၂၃ ကွယ်လွန်သူကိုရည်စူး၍
ပြုလုပ်သောပေတာဒါန
**ဖျာပုံ-တင်နိုင်ဝင်း**

၂၉ မန္တလေးတိုင်းဒေသကြီးမှ
ပြည်တော်အေး ကမ္ဘာ့ဒုက္ခရစရိယာ
ဘုရားလောင်းရုပ်ပွားတော်မြတ်ကြီး
**မေသူနေဝင်း**

၃၅ ရွှေတိဂုံဘုရားရှိခိုး
**ယောနကဘိုးထောင်**

၃၉ ရွှတ်ပါမှန်မှန်ဂါထာပြန်
**ဝတီထွန်း(ကျောက်ဖြူ)**

၄၁ သာသနာပွင့်ထွန်းသော
စပါးတောင်ရိုးပေါ်
ဘုရားပုထိုးစေတီဖူးမြော်
**မောင်စိမ်းထွေး(ထားဝယ်)**

၅၃ တောင်ကုတ်မြို့ ကလိန်တောင်မြစ်ဝရှိ
ထူးဆန်းသည့် ကလိဂ်ရသေ့ကြီး၏
ကျောက်ဖြစ်ကျောင်းဆောင်၊
ကျောက်စလောင်း၊ ကျောက်သင်္ဘော၊
ကျောက်စပါးကြီးမြွေဂမ္ဘီရနယ်မြေ
**ရွှေချိုအောင်(ငပလီ)**

၆၀ ဘုန်းရှင်ကံရှင်ပါရမီရှင်
မင်းကွန်းတိပိဋကဓရ
ဆရာတော်ဘုရားကြီး၏
ကြည်ညိုဖွယ်ရာအဖြာဖြာ
**ကိုရွှေမြသန်း(သမိုင်း)**

၆၄ ဆင်းရဲဒုက္ခ၏အကြောင်းအရင်း
ချစ်ခင်ခြင်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၆၅ ဆင်းတုတစ်ထောင် အကောက်တောင်
**စိုးထွန်း(ဥပဒေ)**

၇၂ မြတ်နိုးပူဇော် အဋ္ဌာနမေတ်ဂါထာတော်
**နေဝင်းဝင်း(လွန်ဆေး)**

၇၅ ရွှေကံကူလေပျံသစ်တော်
ရုပ်ရှင်တော်မြတ်၏
၂၀၁၂-၂၀၁၃ခုနှစ် မန္တလေးမြို့ဗဟိုပြု
ဒေသစာရီခရီးစဉ်များမှ ထူးခြားမှုများ
**ဘိုဘို(ရွှေကံကူ)**

၈၈ မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၉၄ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၁၁)
**ပထမံဆရာဦးအေးရွှေ**

၉၉ သုံးပုံပိဋကတ် မပြတ်ပူဇော်
ကုသိုလ်တော်ပြ ဓမ္မစေတီများ
**ခင်ခင်ဝင်း(မောရဝတီ)**

၁၀၆ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသိရီ**

၁၁၁ အမြင့်မြတ်ဆုံးကုသိုလ်
**အောင်သာကျော်**

၁၁၄ ရှမ်းပြည်နယ်တိုင်းဒေသကြီး ဟသ်ာတမြို့
မဟာစည်သာသနာ့ရိပ်သာဆရာတော်
ကြီး ပါဠိပါရဂူအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၏ ဘဝ
လမ်းညွှန်ဝိပဿနာ ကျင့်စဉ်တော်နှင့်
အနုလုံပဋိလုံပဋ္ဌာန်း(၂၄)ပစ္စည်းစည်းချ
နည်းနှင့် မြတ်ဗုဒ္ဓ၏ ဩဝါဒနှင့်အညီ
နေထိုင်နည်း
**ရောမြေ-ကျော်ဝေ**

၁၅၇ ရှိခိုးဦးချနည်းများနှင့်
ဗုဒ္ဓါနုဿတိဘာဝနာ
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၁၆၈ သားအဖနှစ်ဦးတည်ထားခဲ့သော
စေတီနှစ်ဆူကြားက ဘိုးဘွားရိပ်သာနှင့်
ရှေးဟောင်းဆင်စီးမြင်းရံကြေးသွန်း
ဗုဒ္ဓရုပ်ပွားတော်
**မြင်သာ-သောင်းတင်**

၂၁၈ ကျေးဇူးတော်ရှင်
ရွှေပေါက်ကျွန်းဆရာတော်ကြီး ချီးမြှင့်သည့်
ဂါထာတော်များ
**သိန်းထွန်းကြည်(အင်းဝ)**

၂၄၇ ဘုန်းကံကြီးမား
မင်းကောရာဇ်များနှင့် အစီအရင်
အဆောင်အယောင်ဂါထာများ(၁၃)
**သစ္စာဝါဒီ-ဦးမြင့်အောင်**


## သုတရသဆောင်းပါး


၁၂၅ နန်းဦးစေတီကုန်း
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၁၃၄ တကယ်အလုပ်လုပ်နိုင်သည့်
အသက်အရွယ်
**မြဝင်း(ဒဿန)**

၁၃၆ ဥစ္စာစောင့်လှူသောဆွမ်း
**ထွန်း(နောင်ချို)**

၁၅၁ တပည့်လိမ္မာ ဆရာရဟန္တာဖြစ်
**မိုးမင်းဇော်**

၁၇၉ ရသေ့ကြီးတို့အပျင်းပြေ
**စိုင်းထွန်းနောင်**

၁၈၂ ထွေရာလေးပါးစာနှင့်စကား
**ဉာဏ်မြင့်**

၁၈၆ နဝရတ်ကိုးသွယ်နတ်သစ်ခွ
**နိုင်ပြေသိမ်းချစ်**


၁၉၃ ထမင်းတစ်ဆုပ်
တောင်တစ်ကုတ်ဆိုရင်
**ဗန်းမော်ညီညွှ**

၁၉၅ ဝိပဿနာတရားဟူသည်
**ဒေါက်တာအရှင်ထာဘာသာဝီ**
**(မြတ်ဓမ္မ)**


www.burmeseclassic.com

www.burmeseclassic.com


[illegible] ဖူးခွင့်ထိုက်၍ဖူးရခြင်းနှင့်
ဖူးခွင့်မထိုက်၍မဖူးမြော်ရခြင်း
အကြောင်းများ
စောမိသွင်(ရန်ကုန်)
[illegible] အိုမင်းသည့်တိုင်မျက်မှန်တပ်ရသော
ဘဝမှကင်းလွတ်ရန်
ချစ်မှန်းခင်(ကြို့ပင်ကောက်)
လယ်တီ
[illegible] ပထမဆုံးအကယ်ဒမီဒါရိုက်တာ
ဦးသုခနှင့် ပြေ-မိန်းမ
ကိုတိုး(ရန်ကင်း)
[illegible] ယုံရခက်သောနတ်နဂါး
မောင်နိုင်မင်း
[illegible] တော်လှန်ရေးအစိုးရခေတ်က
ထုတ်ဝေခဲ့သောပို့စကတ်များ
ကြည်လွင်
[illegible] မမေ့နိုင်သူများ
လှမိုး(ပညာရေး)
၃၀၀ မြန်မာနိုင်ငံမီးရထားဌာနတွင်
ဒီဇယ်စက်ခေါင်းများ
စတင်အသုံးပြုခဲ့ခြင်း
တင်ထွန်း(စက်မှု-၂၊ ငြိမ်း)
[illegible] ထမင်းမစားတဲ့ညီလင်းဇေ
ဦးစန္ဒိမ(စလင်း)
[illegible] မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၇၆)
မောင်သန်းဆွေ(ထားဝယ်)
[illegible] လွယ်မယောင်နဲ့ခက်
တိမ်မယောင်နဲ့နက်
မင်းချမ်းမြေ့(ပုသိမ်)
[illegible] ရခိုင်ဝိဇ္ဇာမိုရ်များနှင့်
ရခိုင်ဝိဇ္ဇာဓရဆေးဝါးဆိုင်ရာ
ပုံရိပ်တချို့
ခုန်းရွှီအောင်
[illegible] ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦး
မှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး
[illegible] နဂါးအရိုးပေါ်မှာရေးတဲ့စာ
သို့မဟုတ် နိမိတ်ဟောအရေးအသား
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)
[illegible] ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ
ချောင်းဆုံအုန်းသွင်
[illegible] ဘုန်းတော်သိသောဆရာမင်းသိခ်
ဘဏ္ဍာသိုလ်ကြည်သင်း
[illegible] ရွှေတိဂုံရင်ပြင်ပေါ်မှ
ထူးခြားသောပုဂ္ဂိုလ်များ
ဘဏ္ဍာသိုလ်အပန်ငယ်
[illegible] ငြိမ်းလျှင်နိုင်ချင်စိတ်နှင့်လူ
ဆုံးတောင်-အရှင်ဓမ္မပီယ(မြောင်)


၄၀၈ သမိုင်းအစဉ်အလာကြီးမားခဲ့သော
ရန်ကုန်တက္ကသိုလ်
ဗုဒ္ဓဘာသာအသင်းကြီး
လှမြင့်(ရန်ကုန်တက္ကသိုလ်)
၄၁၀ ထူးဆန်းသောပေါက်ကွဲမှုကြီး
လှျမ်းထက်


## သုခရဋ္ဌတိုင်းရင်းဆေး


၁၅၃ ဆီးချိုသွေးချိုပူစရာမလို
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၁၇၅ ကျန်းမာရေးအတွက်ဆေးတစ်ခွက်
ယဉ်သူ-မြန်မာ့မီးရထား(ငြိမ်း)
၂၀၉ ခံတွင်းပျက်လေသော်
တင်နိုင်ဝင်း(ထမင်းဈေးမြို့)
၂၃၄ ခွေးတောက်နွယ်ပင်ဆေးဖက်ဝင်
မျိုးတင့်(ညောင်လေးပင်)
၂၇၄ သွေးအန်ပျောက်စေသည်
ပေရွက်နဆေးရည်
နေဝင်းဝင်း(လွန်ဆေး)
၃၀၂ ဆင်ငိုဖက်ယား
နေပြည်တော်ကျော်ကျော်စိုး
၃၁၁ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၃၃၂ ကျန်းမာ၍လာဘ်လာဘရွှင်စေဖို့
ဇော်ဂျီတောင်ဝှေးပင်စိုက်ကြစို့
ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)ထုံးဘို
၃၄၉ ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေး
မျိုးပင်ခွဲနည်း
နေပြည်တော်ကျော်ကျော်စိုး
၃၅၇ ဆီးသွားအင်္ဂါတွင်
ကျောက်တည်ရောဂါအတွက်
ဆေးမခက်ပါ
အဏ္ဏဝါလှိုင်း
၄၀၇ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၁၃)
ရွှေနဝင်း(ပုသိမ်)
၄၂၀ အနာပဆုပ်နှင့် အမြစ်တွယ်
အနာပျောက်ဆေး
သန်းလှိုင်ထွဏ်း(အမြင့်)




## သုခရဋ္ဌဝတ္ထုတို



၁၃၀ အရင်းအနှီးကြီးသော
လောဘဝဋ်ကြွေး
အဘာဝ(သာသနာ့အလင်းရောင်)
၁၉၀ ညောင်ပင်တစ္ဆေဝေလေလေမဟုတ်
နန္ဒဝင်းကျော်ခေါင်(ခတ္တလှပြည်)
၂၂၂ အိပ်မက်ကမ္ဘာထဲမှာပဲ
ချစ်ခဲ့ရဖူးသူတစ်ယောက်အကြောင်း
မောင်လှထွေး(မြန်အောင်)
၂၃၆ ဂမ္ဘီရရွှေကလောင်
ကောင်းသော်
၂၅၄ အလောင်းတော်ကဿပတွင်
တွေ့ခဲ့သော ပထမံဘိုးဘိုးအောင်
ကိုဆောင်းဦး
(အလိန်လည်ကျေးရွာ)
၂၆၆ ပညာပြိုင်ပွဲမြိမ့်မြိမ့်သဲ
အောင်မြင့်ထွန်း(မသုံးလုံး)
၂၇၀ သားပျောက်ကုန်း
ကိုဇော်ဝင်း(လှတော)
၃၁၆ ညတစ်ည
ကြည်ပြာမောင်(သဇင်မြေ)
၃၂၄ တူသောအကျိုးပေး
ထောင်မှူးကြီးသိန်းဝင်း
၃၀၂ ခိုက်သောအဆောင်
သန့်ဇင်


## သုခရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၂၁၀ ဂန္ဓာရီသမားအယူများသော်
မိုးကျော့
၃၅၀ ပညာရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၃၉၄ ထွက်ပေါက်
ရွှေပြည်စိုး(မိုးကုတ်)


www.burmeseclassic.com

www.burmeseclassic.com









## သုရဿလက်တွေ့အသုံးချ


၁၁၇ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် စီးပွားရေးဇေဒင်ဟောကိန်း
**မင်းရှိန်အောင်**

၁၂၄ ထီ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၁၅၄ သင့်ဆန္ဒတွေပြည့်လာအောင် သဗ္ဗသိဒ္ဓိဗုဒ္ဓဇာတာတော် လေးဆူစက်မြတ်ပူဇော်ရအောင်
**သုဓ္ဓ(နဝင်းမြို့တော်)**

၂၀၀ နဝရတ်ကိုးသွယ်စီရင်မယ်
**နတ်မောက်မင်းသန့်နိုင်**

၃၂၉ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှ လာဘ်များစွာကို ပင့်ကူစမဖြင့် လာဘ်ခေါ်ကြရအောင်
**ပညာကျော်**

၃၉၃ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် နေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၄၁၄ ငွေကြေးပြန်ပွင့်လိုသူများအတွက် သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၄၁၉ ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ်၊ ကံ့ရာသီပြောင်း မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၄၂၁ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**

၄၂၃ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၂၆ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**


## သုရဿ ပညာရပ်


၁၁၀ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ(၅၉)
**ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)**

၁၇၄ ရင်မှဖြစ်သောစကား
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၂၇၅ နာမည်များနှင့်ပြင်းခုံခြင်း(၅)
**နေဝိဇ္ဇာ**

၃၁၄ ဝါရရက်နှင့်မိတ္တုရက်
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၃၅၁ တားရော့ဖြန့်ခင်းပုံနည်းစနစ်
**ဆရာကြီး**

၃၆၇ တိုင်းရေးပြည်ရေးအပြောင်းအလဲနှင့် အယူတော်မင်္ဂလာ
**မင်းရှိန်အောင်**

၃၇၉ တရုတ်ဂမ္ဘီရ ဖုန်းရွှေပညာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၄၀၂ ဘဝရှင်သန်ရာသင့်လက်မှာ
**ဦးအောင်မင်း**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလုံလုံထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)

**မျက်နှာဖုံးနှင့် အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ နှင်းသန္တာကျော်၊
စန်းထွန်းမြင့်
**ရုံးအဖွဲ့**
သဲယုလှိုင်၊ အေးအေးစန်း၊
စုမွန်၊ စုစုစံ၊ နန္ဒ၊ ဖြိုးရတနာ၊
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၁၈
**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား**-ဂါရီနဒီ၊ မီလျံနာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး
( ၃000 ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## မတောင့်လျှင် တင်းမရ

တိုင်းပြည်ခွင် မတောင့်တင်း
အောင့်အည်းလို့ သည်းခံနေ။
မျိုးတစ်ဆွေ ပြည်တစ်ဝက်
အခြေပျက်က ပျက်ကြပါစေ။

လုပ်နှင့်ပေါ့ ကလေကချေ

ငါ့ပြည် ငါ့မြေ မတောင့်သေးခင်တော့
ပြည့်မဏ္ဍိုင် ခိုင်ခိုင်ရှိ
သိကြရောပေါ့။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

၁ စိတ်ဆိုး ကြိုးကိုင်မည့် အဖွဲ့အစည်းကြီးများ

သောဘဏ စေတသိက် . . .

သောဘဏ - စိတ်ကောင်းမွေး၍ ဘဝတင့်တောင်းတင့်တယ်ဖြစ်စေရန်၊

စေတသိက် - စိတ်ကိုကြိုးကိုင်ပေးကြမည့်စိတ်ပိုးချိုးများ. . .၊

ဤသောဘဏစေတသိက်အုပ်စုက စိတ်ကိုချမ်းမြေ့စေရန် ဘဝကိုသာယာစေမည်။ သွေးများသန့်စင်စေ၍ သွေးမှီစိတ္တဇရုပ်၊ ကမ္မဇရုပ်များ တင့်တယ်စေမည်။

သို့ဖြစ်စေရန်မှာ . . . စိတ်ကိုဖိဖိစီးစီး ကြိုးကိုင်ခိုင်းစားနေကြသော (ဘုတ်အဖွဲ့ပိုင်) ဓာတ်ဖြစ် အကုသိုလ်စေတသိက်များကို ဖိအားကိုး၊ ဖယ်ရှား၊ ရှိအားမှ၊ ထားပေးနိုင်မှသာ။ ဖိအားကား ဓာတ်သွေးလွှန် စိတ်မွှန်ရာမှထဖြစ်နေသည်။ ရှိအားကား သဏ္ဍာန်ကိန်း၊ အာရုံကိန်း အနုသယ၏ လက်ငုတ်ပင်။

အူယားဖားယားပြေးလိုက်လာကြမည်။ သဒ္ဓါတွင် ဆန္ဒ၊ ဝီရိယတို့ ရှေ့ကဝင်လာနေသောကြောင့် စိတ်ဓာတ်များပျံ့ခြင်း၊ ပူခြင်းကင်းဝေးသွားတော့ရာ စိတ်ပျံ့၍ လန့်နေသောသွေး အေးသွားပါတော့မည်။ စိတ်တည်၍ ကြည်လာသောသွေး မှန်ပြင်ကဲ့သို့ လင်းလက်စေပါသည်။ ထိုစဉ် ထန်နေသော ရာဂမာန်ကျသွားတော့ရာ စိတ်လည်း ရှက်ရကောင်းမှန်းသိလာပြီ။ ထန်ဒေါသ မာန်ကျသွားတော့ရာ စိတ်လည်း ကြောက်တတ်လာချေပြီ။

တစ်ဖန် မူရင်း ရာဂ၊ ဒေါသပင်စိတ်နှင့်ယှဉ် ဝင်မနေရဲတော့ရာ အာရုံမြင် လိုချင်ခြင်းမရှိ သိရုံမျှဖြင့်ပင် လမ်းဆုံးသွားပြီ။ အာရုံဖျစ် ပြစ်မှားလိုခြင်းမရှိ သိရုံမျှဖြင့်ပင် လမ်းဆုံးသွားပြီ။ တစ်ဖန်



ဖိအားကို ဖြစ်စေသော ထိုဓာတ်သွေးကို ပြုပြင်ပေးဖို့ဆိုက အာရုံခံစားတိုင်း ဝေဒနာနောက် သတိလိုက်လျက်က သညာအမှတ်အစား သတိအမှတ်ထားပေးရတော့မည်။ သတိက စိတ်အတွေးအပြေးတို့ကို ရပ်တန့်စေသည်။ သတိက သွေးဆွနေသောပညတ်များကိုလည်း မြှုပ်သတ်ပေးသည်။ သတိက အကြည်ရောင်လွှင်ပြင်၍ ဖြစ်၊ ပျက်ရိပ်များ ပေါ်ထင်စေသည်။

ထိုသတိကသာ အတွင်းထိုးဖောက် အတွင်းသွားလမ်းပေါ် လျှောက်ပြနေသော် လာထိသောအရှိကြည့်သောအသိက အတပ်သိ သိမြင်လာသောကြောင့် သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယသုံးပါး

ဓာတ်ဘက်၏လမ်းဆုံးကား ဇာတ်ဘက်၏လမ်းစပြန်ဖြစ်တော့ရာ . . .

လောဘ တဏှာ၏နေရာ သဒ္ဓါက ဝင်ရောက် ထိုင်လာပါတော့သည်။ ရယူခြင်းအစား ရက်ရောခြင်းများက အစားဝင်လာခြင်း။

ဒေါသ တဏှာ၏နေရာ မေတ္တာက ဝင်ရောက်ထိုင်လာပါတော့သည်။ ပြစ်မှားခြင်းအစား တန်းတူထားခြင်းက အစားဝင်ခြင်း။

အာရုံတို့အကြား လှည့်လည်ကျက်စားနေခြင်းမှ အာရုံများ ဥပေက္ခာထားလိုက်ပြီ။ မောဟအစား ဥပေက္ခာက နေရာဝင်ယူခြင်း။

သတိဦးဆောင်ရာနောက် သည်မျှ သောဘဏအုပ်စုတို့ လိုက်ပါလာသော အခါ . . .




www.burmeseclassic.com

www.burmeseclassic.com

အနုနည်းကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော

# သုဒ္ဓိ အသုဒ္ဓိ ကထာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ညှိုးညှိုးငယ်ငယ်နေခဲ့ရသောစိတ်သည် ယခုသော် လန်းဆန်းတက်ကြွလာ၏။ တစ်ခါက မလွတ်မလပ်နေခဲ့ရသောစိတ်သည် ယခုသော် လွတ်လပ်လာ၏။

တစ်ဖန် တွဲဖက်နာမ်စုများ ငြိမ်းအေးလာသလောက် စိတ်လည်း ငြိမ်းအေးလာ၏။ သည့်အတူ ထိုတွဲဖက်နာမ်စုများ၏ ခြေရာနင်းလျက်ကပင် ပေ့ါပါးခြင်း၊ နူးညံ့ခြင်း၊ ခိုင်ခံ့ခြင်း၊ လေ့လာခြင်း(စူးစမ်းခြင်း)စသည်များပါ ထွန်းကားသည်။ သတိနောက် ဝိတက်၊ ဝိစာရ စသည် ဈာန်အင်္ဂါများပါ လိုက်ပါလာခြင်းကြောင့် -

ဈာန်သည် အာရုံယူဈာန်၊ လက္ခဏာယူဈာန် နှစ်မျိုးရှိ၏။ ထိုစဉ် အာရုံယူဈာန်က စိတ်ဖြောင့်အောင်ထားအပေး . . . လက္ခဏာယူဈာန်က အရှိသိအောင်ပြပေးသည်။ သို့ဖြင့် ထိုစိတ်သမထမှနေ ဝိပဿနာ ဉာဏ်အဆင့်ဆင့် ရွက်လွှင့်ဝင်ခဲ့ရာ ဘုတ်တည်ဆောက်ထားသော ခန္ဓာအိမ် အလိမ်ပေါ်သွားပြီ။ ဘုတ်ဖွဲ့စည်းပေးထားသော ဉာဉ်၊ ဝါသနာ၊ စရိုက်မလိုက်ဝံ့တော့ပြီ။ ယင်းတို့အစား ပရမတ်ဓာတ်ခံနှင့် ဉာဏ်တို့သာ စိတ်၌ နားသက်လာသည်။

မောဟအစား အမောဟသို့ မြားပြထားသည်။

အဝိဇ္ဇာအစား ဝိဇ္ဇာသို့ မြားပြထားသည်။

ထိုနှင့်အတူ လူ စသည် သတ္တဝါအားလုံးအပေါ် ပညတ်အဖြစ်သာ စိတ်ကမြင်တော့ရာ. . .၊ လူစသည် သတ္တဝါအားလုံးအပေါ် ဓာတ်လူငှားများအဖြစ်သာ စိတ်ကသိနေတော့ရာ . . . သူတို့များက သနားစိတ်ဝင်လာ၏။ စိတ်မဆိုးတော့။ သူတို့မှန်က ဝမ်းသာစိတ်ဝင်လာ၏။ သဝန်တို မနာလိုစိတ် မရှိတော့။

သို့ကြောင့် သောဘဏစေတသိက်များနှင့်ဆက်ဆံမိသော ထိုစိတ်နှင့်ကိုယ်ဂုဏ်ပြုခံရုပ်တုကြီး ငှက်မျိုးစုံ၊ ကျွဲ၊ နွား၊ ခွေးမျိုးစုံတို့ အညစ်ကြေးစွန့်ချခံရသဖြင့် အရုပ်ဆိုးနေသည်ကြီးကို တစ်ဖန်ထိုသူ့ဂုဏ် ယုံကြည်လေးစားသူများက သန့်ရှင်းရေး ဝင်ရောက်ပြုလုပ်လိုက်ကြရာ . . . ဟော - ညစ်ပေနေသောပုံ တင့်တယ်ဂုဏ်ဆောင်သွားပြီး. . . ပမာ . . . လူနှင့်တူသောလူအဖြစ်သို့ပြန်လည်ရောက်ရှိလာတော့သည်။ အထက်တာစူ တလူလူတက်ခွင့်သာလာသောကြောင့်-

စိတ်သည် မသိခိုးနားအရွယ် လူမမယ်နှင့်လည်းတူ၏။ စိတ်သည် အပျော်လွန် အပါးလွန်အရွယ် သွေးမာယာကြွယ် ကာလသားသမီးများနှင့်လည်းတူ၏။ ထိုအရွယ်နှစ်ပါး ဖြားယောင်းရာ ပါသွားတတ်ကြမြဲ. . .။ တစ်ဖန် စိတ်သည် ပြည့်တန်ဆာမစိတ်နှင့်လည်း တူသေး၏။ ပြည့်တန်ဆာမသည် ဘယ်သူခေါ်ခေါ် လိုက်လံပျော်တတ်စမြဲ။ ယင်းတို့ကို တာဝန်ယူထိန်းသိမ်းရသူများက မျက်ခြည်မပြတ် ကြီးကြပ်သွန်သင်ပေးနေကြရဘိသို့ . . . ဤသောဘဏစေတသိက်စုတို့ကလည်း တည့်မတ်ပေးရကြ၏။

ဤအုပ်စုကြောင့် ထိုစိတ်ဓာတ်အဆိပ်ပြယ်သွားသောအခါ. . . လူသည် မရှိရာမှလာ၍ မရှိရာသို့ ပြန်သွားနိုင်စွမ်းသောသူ ဖြစ်သည့်အတိုင်း ထိုလူ မေထုန်ကို နိဗ္ဗာန်နှင့်လဲ၍ မရှိရာထဲ ပွဲတိုးသွားခွင့်ရခဲ့ပြီ။

**❑ လိုက်မလား လိုက်မလား နိဗ္ဗာန်ထိရောက်မယ်**

မဂ္ဂင်. . . မဂ္ဂနှင့်အင်္ဂ။

မဂ္ဂက လမ်း၊ အင်္ဂက အစိတ်အပိုင်း သို့မဟုတ် အခြေခံ။

ဤမဂ္ဂင်သည် မိစ္ဆာ၊ သမ္မာတို့ဖြင့် နှစ်မျိုးကွဲနေရာ ဤအလှည့်ကား သမ္မာအလှည့်။ သို့မဟုတ် အမှန်လမ်း၊ အကောင်းလမ်း။

ဤ၌ မနောပုဗ္ဗင်္ဂမာ အဆိုအတိုင်း စိတ်သည် ရှေ့သွားဖြစ်ရာ. . . ဘဝဝယ် နာကြည်းစရာများဖြင့်သာ တွေ့ကြုံရင်ဆိုင်နေရသူတိုင်း၊ ဘဝအပေါ် ဉာဏ်အမြော်ဖြင့် ထော်လော်ကန့်လန့်ကိုချည်းသာ မြင်နေသူတိုင်း. . . ဇဝမေတဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ အဆိုအတိုင်း ငါသည် ဘဝခန္ဓာဖြင့် အလကားသက်သက် ဒုက္ခလာခံနေရသည်ဟု ဆင်ခြင်တိုင်း တွေ့မြင်နေ၏။ ယင်းသည် သမ္မာဒိဋ္ဌိအခြေခံတည်း။

ထို အမှန်မြင်ကို အခြေခံလျက်က ဒုက္ခထွက်ရပ်လမ်း လမ်းပြပေးတတ်သူဆရာထံ ချဉ်းကပ်ခြင်းက သမ္မာသင်္ကပ္ပတည်း။

ယင်းသည် စိတ်နောက် ကိုယ်ပါစေသော မဂ္ဂင်နှစ်ပါး။

သည့်နောက် ဆရာ့ထံ သီလခံယူခြင်းဖြင့် သီလအခြေခံများ ရယူသည်။ ဆရာပြသောအတိုင်း သမာဓိထူထောင်ခြင်းဖြင့် သမာဓိအခြေခံများ ရယူသည်။ သီလဖြင့် ကိုယ်၊ နှုတ်တို့ကို ထိန်းချုပ်၍ သမာဓိဖြင့် စိတ်ကို ချွန်းအုပ်နေသည်။

ထိုစဉ် သီလအတွင်း၌ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင်သုံးပါး ဌာပနာထားပြီး . . . သမာဓိအတွင်း၌လည်း သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်သုံးပါး ဌာပနာထားပြီး. . . တစ်ဖန် အခြေခံကြောင်းများကြောင့်ပင် စိတ်အတွေးအပြေးနည်းပါးလာနေ၏။ ကိုယ် သွေးပူမှ သွေးအေးသို့ ပြောင်းလဲလာနေ၏။ ဤအချိန်သည် စိတ်နောက် လိုက်ပါလာသောကိုယ့်ကို အရိုင်းမှနေ အယဉ်သို့ ပြောင်းလဲပေးရန် အချိန်ကောင်းတည်း။

သို့ဖြင့် မဂ္ဂင်အုပ်စုသည် အကျဉ်းချထားခံရသော ထိုကိုယ်နှင့် ကိုယ်စိတ်တို့သို့ သမာဓိအုပ်စုဘက်က အာတာပီ သတိတို့ဦးဆောင်၍၊ ပညာအုပ်စုဘက်က အသိကိုနောက်လိုက်ထား၍. . . တိုက်တိုင်းထိ ထိတိုင်းသိတို့ကို (မလွတ်တမ်း) စစ်ဆေးကြ၏။ ထိုစဉ်. . .

အာတာပီ စိတ်ဝီရိယက ကြောင့်ကြစိုက်အားဖြင့် မလွတ်တမ်းတာဝန်ယူ။

သတိမာ စိတ်မှတ်က ထိုမလွတ်တမ်းအပေါ် အထိုင်ချ၍ မှတ်ချက်ယူ။

သမာဇာနော စိတ်သိက ထိုမှတ်ချက်ပါ အကြောင်းအရာကို အသိအမှတ်ပြု။

သို့ဖြင့် အာရုံပူ တွေ့ချက်ပြင်းတို့ကြောင့် မေ့မက်နေသော စိတ် သို့မဟုတ် ကိလေသာအပူ လှုန့်ထုတ်ထားသောကြောင့် လန့်ပြေးနေသောစိတ်. . . ပထမ ဝင် ဝင်မှန်းသိ၊ ထွက် တွက်မှန်းသိဖြင့် ကိုယ်ပေါ်သို့ဝင်စားလာပြီ။ သည့်နောက် ဝင်အေးအေး၊ ထွက်နွေးနွေး စသည်များအထိ ဝင်စားခွင့်ရလာသည်။

ထိုအမြင်များက ကိုယ့်ဘက် ကိုယ့်စိတ်ပြန်ရောက်၍ ကိုယ့်အကြောင်း ကိုယ်သိစပြုလာသောအမြင်။ သညာပြောသော ပညတ်သိကနေ သတိပြုသော ပရမတ်သိသို့ အခြေတည်စပြုလာသောအမြင်. . .။ သို့ကြောင့် ဤအမြင်ကို သမ္မာဒိဋ္ဌိအမြင်အုပ်စု၌သွင်းယူလာသည်။

ကိုယ်စိတ်တို့ထံမှ ဤသဲလွန်စရလာသောအခါ အာတာပီဝီရိယနှင့် သတိတို့က တစ်ချက်မှတ် တစ်ချက်တည်ဖြင့် သမာဓိအုပ်စုဖွဲ့၊ သမ္ပဇာန အသိကလည်း ရှုကွက်၌ အသိကပ်ဖြင့် ပညာအုပ်စုဖွဲ့. . . ထိုအဖွဲ့ နှစ်ဖွဲ့သည် ကိုယ်၊ နှုတ်တို့ကို မျက်ခြည်မပြတ်



www.burmeseclassic.com

www.burmeseclassic.com

စောင့်ကြပ်နည်းကိုသုံး၍ ဖုံးထားသော အမှု (ပေါ်သည်အထိ) တွန်းစစ်ကြရာ ကိုယ်၊ စိတ်တို့က . . . ပထမဖြစ်ရိပ် ပျက်ရိပ်ပေါ်နင်း၍ ဖုံးထားရာကို လိုက်လံ ပြသကြသည်။ သည့်နောက် ရုပ်နာမ်ကွဲ ကြောင်းကျိုးသိ ဖြစ်ပျက်မြင် စသည့် တစ်သီတစ်တန်းကြီးသော ဖုံးပစ္စည်းများ (တစ်ခုပြီးတစ်ခု) ဖော်ပြကြရတော့သည်။

ထိုစဉ် ဉာဏ်အလိုက် စိတ်စင်ကြယ်စေ၏။ စိတ်စင်ကြယ်လာသလောက် ကိုယ်ကျင့်သီလလည်း လိုက်လံစင်ကြယ်နေ၏။ အာမဘာန္တေခံကြောင့်မဟုတ်။ ရှုမှတ်မှုအင်အားများကြောင့်၊ ဤ၌ သညာကပြောသော ငါ ဘယ်မှာမှ ရှာမတွေ့။ သည့်အတူ သညာကပြောသော မြဲ၊ ကောင်း၊ ပိုင်တို့လည်း လက်ကိုင်ပြစရာမရှိ။ ယင်းတို့သည် (ဤဉာဏ်တို့သည်) ရှုကွက်ခုံရုံးပေါ်က ရရှိသောအဖြေများ ဖြစ်ကြသည်။ သည့်နောက် ရုံးထိုင်ချိန် ကိုယ်တွင်းသို့ လှည့်လည်စစ်ဆေးကြသောအခါ . . . အဖြစ်ဟူသည် မြူမျှမဖက် အပျက်ချည်းသာတွေ့ကြရသည်။ ဖြစ်ပျက်ဟူသည်လည်း ဓာတ်အငွေ့ကျ သဘောမျှသက်သက်ချည်းသာတွေ့ကြရသည်။

ထိုနှင့်အတူ ဤခန္ဓာသည် ဘုတ်အဖွဲ့က ဓာတ်ငွေ့ဖြင့်ဖွဲ့စည်းထားသည့်ခန္ဓာမှန်းသိကြရသည်။ ဤခန္ဓာသည် မရှိရာမှလာ၍ မရှိရာသို့ ပြန်မည့် ခန္ဓာမှန်းလည်းသိကြရသည်။ တစ်ဖန် လူသဏ္ဍာန်ပုံတူယူ၍ လူအရှိ လူသိသိနေသော ကိုယ်၊ စိတ်တို့သည်လည်း ဓာတ်တို့ အလိမ်မိထားကြသူများအဖြစ် သိလာကြရသည်။

သို့ သိသည်နှင့်အတူ. . . ဓာတ်ဖြစ် ဉာဉ်အတားငါးပါးသည် တစ်စတစ်စမြုပ်ကျသွားစေပြီ။ ဇာတ်ဖြစ်ဉာဏ် အသွားငါးပါးသည်ကား တစ်စတစ်စ သွက်လက်လာစေပြီ။ ဤအသွားစျာန်ငါးပါးနှင့်အတူ ဗောဓိပက္ခိယတရားများလည်း မျက်ခြည်မပြတ်လိုက်ပါလာကြရာ. . .

ဗောဇ္ဈင်မှ ဗောဓိသို့ လမ်းညွှန်းကြီး ထီးထီး တွေ့ရပြီ။

. မဂ္ဂင်မှ မဂ်သို့ လမ်းညွှန်းကြီး ထီးထီး မြင်ရပြီ။

ဝါနမှ နိဝါနသို့ လမ်းညွှန်းကြီး ထီးထီး သိရပြီ။

ထိုစဉ် မဂ္ဂင်သီလမှ မဂ်သီလ၊ မဂ္ဂင်သမာဓိမှ မဂ်သမာဓိ၊ မဂ္ဂင်ပညာမှ မဂ်ပညာတို့သို့လည်း သဘာဝအကြို အဆို အလိုလိုကူးခပ်သွားတော့သည်။

□ **နယ်ရှစ်ခွင် အသွင်တူရာ ပေါင်း**

မိစ္ဆာမဂ္ဂင်ရှစ်ပါး အခြေခံနယ်ကြီးများ သတ်မှတ်ထားပြီးသော် ထိုနယ်ကြီးများ ထွန်းကားရန်အတွက်ကား မိစ္ဆာသိက္ခာသုံးဆင့်တို့ဖြင့် ဒုစရိုက်ဆယ်မျိုး ပွဲတိုးကြရကြောင်း ဖော်ပြခဲ့ပြီးပြီ။

နည်းတူ ဤသမ္မာမဂ္ဂင်ရှစ်ပါး မဂ်အခြေခံနယ်ကြီးများ ထွန်းကားစေလိုရာ၌ သမ္မာသိက္ခာသုံးဆင့်ဖြင့် (ဖြည့်ကျင့်ပေးမှသာ) သုစရိုက်တရားများ ထွန်းကားလာကြပါမည်။ ထိုစဉ် မဂ္ဂင်ရှစ်ပါးသည် မဂ်သွားရာ၏ ယာဉ်ရထားကြီး ဖြစ်သည်။ သိက္ခာသုံးပါးသည် မဂ္ဂင်ကို တူရာပေါင်း၍ ယာဉ်ကြီးကို လမ်းကြောင်းပေါ်တင်ပေးခြင်း ဖြစ်သည်။

(က) သီလခေါ် အကျင့်အုပ်စုတွင် ဝါစာ ကမ္မန္တ အာဇီဝ (နှုတ်၊ ကိုယ်၊ စိတ်စောင့်) အကျင့်သုံးမျိုး ပါဝင်မည်။

(ခ) သမာဓိခေါ် အတည်အုပ်စုတွင် ဝါယမ၊ သတိ၊ သမာဓိ (သွေးနှင့် စိတ်ပြင်ဆင်ရေး) အကျင့်သုံးမျိုး ပါဝင်ကြမည်။

(ဂ) ပညာခေါ် အသိ၊ အမြင်အုပ်စုတွင် ဒိဋ္ဌိ၊ သင်္ကပ္ပ (အသိ၊ အမြင် စင်ကြယ်ရေး) အကျင့်နှစ်မျိုး ပါဝင်သည်။

ယင်းတို့ကို အရှိအရှိအတိုင်း အတည့်သိစေတတ်သောကြောင့် သမ္မာ အမည်ပေးရသည်။ သမ္မာအမည်ပေါက် ထိုအားလုံး လေ့ကျင့်ခန်းများဆင်းကြရမည်။

သမ္မာသီလသည် ဓာတ်သွေးများ အေးဆေးသွားရန် လေ့ကျင့်ပေးသည်။

သမ္မာသမာဓိက ဓာတ်သွေးများ ကြည်လာရန် လေ့ကျင့်ပေးသည်။

သမ္မာပညာက ဓာတ်သိများ ရိဆွေးသွားရန် လေ့ကျင့်ပေးသည်။ သို့ လေ့ကျင့်ခန်းဝင်ကြရာတွင် သမာဓိအုပ်စုသည် ရှေ့ကဝင်ရ၏။ သမာဓိ အလေ့အကျင့်ဖြင့် ဓာတ်သွေးများကို အပူထန် ကန်ပြေးနေရာမှ (တန့်သွားစေပြီး) ပုံမှန်သို့ပြောင်းပေးမည်။ တစ်ဖန် . . .

တန့်သွေးအေးရန် သီလက.တာဝန်ယူလေ့ကျင့်။

ဖြစ်၊ ပျက် မြင်ဖြင့် ဓာတ်သိကို ဖျက်ပစ်ရန် ပညာက တာဝန်ယူလေ့ကျင့်။ ထိုစဉ် အကျင့်နှင့်အသိ၊ စရဏနှင့် ဝိဇ္ဇာ အမည်ခံ သီလ၊ ပညာ မဂ္ဂင်နှစ်ပါးကို သမာဓိအုပ်စုကပင် ပေါင်းကူးပေးလိမ့်မည်။ သမာဓိကြောင့် ပညာဖြစ်ပွင့်စေပြီး သမာဓိကြောင့်ပင် သီလစင်ကြယ်စေမည်။ သမာဓိဝင်နေလျှင် စိတ်အတွေး၊ အပြေးကင်းစင်နေသောကြောင့် . . .။

ဤသမာဓိအုပ်စုက ထိုစိတ်ကို ကြိုးကိုင်လိုက်သောအခါ ခန္ဓာတွင်း အောင်းသွေးများကို အကြောကြီး၊ အကြောငယ်၊ အကြောမျှင်လေးများမှနေ တစ်ကိုယ်လုံးသို့ အပူပေးဖြန့်ပို့ပေးနေခြင်း၊ သွေးစီးရာနောက် ဉာဉ်၊ ဝါသနာ၊ စရိုက်ငွေ့များ ပူးတွဲပို့လွှတ်ပေးနေခြင်း၊ ကိုယ်သို့ စိတ်မကပ်သာစေရန် လှန့်ထုတ်နေခြင်းများဖြင့် ဘဝနှင့် ခန္ဓာကို ခြယ်လှယ်နေကြသည့် ဘုတ်အဖွဲ့ကြီး အသည်းတုန်သွားပြီ။ အသည်းတုန်ရုံမျှမက သွေးပူများတွန်းပို့နေသည့် ငလေများကိုပါ လျှော့ချလိုက်ရပြီ။

လေပေါင်လျှော့ကျသွားသော အခါတွင်ကား. . . ပွက်နေသောသွေး ဆူရုံမျှဖြင့် စီးပြေးသည်။ တစ်ဖန် ဆူနေသောသွေး အအေးဓာတ်သို့ပြောင်းသွားသည်။ တစ်ဖန် အေးလာသောသွေးရည် အကြည်ဘက်ဆက်သွားသည်။ ထိုသွေးအတိုင်းပင် သွေးမှီသိစိတ်များသည်လည်း ပျံ့ခြင်း၊ ပြေးခြင်း၊ မေ့မက်ခြင်းများမှနေ တည်ကြည်ခြင်းများသို့ပြောင်းလဲလာခဲ့ပြီ။ ထိုအခါ ထန်နေသော ရုပ်ခန္ဓာမှ မာန်ကျခန္ဓာသို့ပြောင်းပြီး ထန်သောစိတ်မှ မာန်ကျစိတ်သို့ပြောင်းကြရတော့ရာ. . .

ရာဂထန် မာန်ဝင်နေရာမှ မရှက်တတ်သောစိတ် ရှက်စိတ်ဖြစ်ရပြီ။

ဒေါသထန် မာန်ဝင်နေရာမှ မကြောက်တတ်သောစိတ် ကြောက်တတ်လာပြီ။

အာရုံ အလိမ်ခံရဖန်များ၍ မယုံသောစိတ် အယုံပေါ်လာပြီ။

အပူလွန်အတွေ့များ နှိပ်စက်သဖြင့် မေ့မက်နေသောစိတ် သတိဝင်လာပြီ။

သည့်နောက် ဓာတ်သွေးများ သန့်ပြန့်စင်ကြယ်လာခြင်း၊ ဓာတ်ဉာဉ်များမှိန်ကျသွားခြင်း၊ ဇာတ်ဉာဏ်များပေါ်ထွန်းလာခြင်းများနှင့်အတူ ဒုစရိုက်တရားများနေရာ သုစရိုက်တရားများ အစားဝင်လာကြသည်။ အကုသိုလ်စေတသိက် ၁၄-လုံးတို့အစား သောဘဏစေတသိက်များက (စိတ်ကို) ကြိုးကိုင်လာကြသည်။

ထိုစဉ် ငါသည် ဓာတ်ကိုင်စက်ရုပ်မဟုတ်၊ ကိုယ်ပိုင် လူသား ဖြ၍ ကြွေးကြော်နိုင်လာပြီ။ ငါသည် အောက်လမ်းသွားမဟုတ်၊ အထက်လမ်းသွား



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍လည်း ကြွေးကြော်နိုင်လာပြီ။

သခါရစကားသည် ပြုပြင်ခြင်းကို ဆို၏။ သို့ပြုပြင်ရာတွင် စိတ်သည် လက်သမားဆရာ၊ ကံသည်ကား နောက်လိုက်တပည့်၊ ဥတုအာဟာရတို့ကား ထိုလက်သမားကိုင်သော ကိရိယာများသာ။

သို့ဖြစ်ရာ မှန်ဆရာ မှန်နီသရည်းတို့ ထွန်းကားရာ ချဉ်းကပ်၍ မိမိစိတ်ကို ဓာတ်ငွေ့လုံ့ညဉ်အစား ဉာဏ်ဖြစ်အောင် ပြုပြင်ပေးတတ်ကြပါမူကား . . . ညစ်ပတ်ပေကျံနေသော ရုပ်တုကြီး . . . ယုံကြည်အားထားသူ တပည့်ပေါင်းတို့၏ သန့်စင်ပေးမှုကြောင့် သန့်ပြန့်စင်ကြယ် ရှုချင့်စဖွယ်သော ခုံညားပုံတူကြီးဖြစ်လာသည့်ပမာ . . . လူဆိုသော လူအတွက် လူတွင်ရှိအပ်သော လူ့အသိတရားတို့နှင့် ပြည့်ဝစွာ အများအားထားရာ လူကောင်း၊ လူမှန်အရာဝင်တော့သည်။

သောဘဏစေတသိက်အုပ်စုက စိတ်သန့်ရှင်းရေး လုပ်ပေးလိုက်သောကြောင့်၊

စိတ်သခါရ၏စွမ်းပကားကြောင့် မှောက်ဖဝါးက လှန်ဖဝါး ဖြစ်သွားခြင်းတည်း။

□ **တစ်နွယ်ငင်ရာ တစ်စင်ပါတော့**

ဆိုခဲ့ပြီး မဂ္ဂင်နှင့် သီလသိက္ခာများကြောင့် အခြေခံက္ကုဒ္ဓါများနှင့်တကွသော သတိပဋ္ဌာန်၊ သမ္မပဓာန်၊ ဗိုလ်၊ က္ကန္ဒြေ၊ ဗောဇ္ဈင်တို့ပါ အားတက်လာကြသည်။

ထိုစဉ် . . . ကိစ္စပြီးစီး အောင်မြင်ခြင်းတို့၏ အခြေခံအုတ်မြစ်များဖြစ်ကြသော ဆန္ဒ စသည်များက စိတ်ကို 'ဆက်ကြိုးစားလိုက်စမ်းပါဦး၊ ဆက်ကြိုးစား လိုက်စမ်းပါဦး' ဖြင့် ပံ့ပိုးပေးနေပါတော့မည်။ ယင်းဆန္ဒနှင့်အတူ ဝီရိယ၊ ဝီမံသတို့ကလည်း 'ရဲရင့်စမ်းပါ၊ ဝင်စားစမ်းပါ၊ စူးစမ်းစမ်းပါ' တို့ဖြင့် စိတ်ကိုတွန်းအားပေးနေကြတော့ရာ . . . . ထိုစိတ်

သတိပဋ္ဌာန်၊ သမ္မပဓာန်တို့နှင့်အတူ ဓမ္မသောဘဏ နေရာယူတတ်လာပါသည်။

ဗိုလ်၊ က္ကန္ဒြေတို့နှင့် အတူလည်း ဓမ္မသောဘဏ အားစိုးအားပိုင်ဖြစ်လာပါသည်။

ဗောဇ္ဈင်နှင့်တွဲလျက်ကလည်း ဓမ္မသောဘဏလမ်း တန်းတက်လာပါသည်။ သို့ဖြင့် လူတွင်ရှိ ထိုစိတ် သိက္ခာမဂ္ဂင်များနှင့် ပြန်လည်ချိတ်မိကာ ဒု၊ တ၊ စ မဂ်လမ်းတို့သို့ လှမ်းဝင်ရန် ကြိုးစားတော့သည်။

ဤကြိုးစားခြင်းကား . . .

လူတို့သွားရမည့် လမ်း၊ စခန်း၊ နန်းတို့ကို ဖော်ဆောင်နေခြင်းတည်း။

ဓာတ်ဆွဲမေထုန်ခန်းမှ ဓာတ်လွဲနိဗ္ဗာန်ခန်းသို့ (ဘဝကို) ထမ်းပို့နေခြင်းတည်း။

သောဘဏပလ္လင်တော်ပေါ် တက်၍ ဓမ္မသဘင် ဆင်ယင်ကျင်းပနေခြင်းတည်း။

သို့ကြောင့် ဓမ္မအရာဝင် ဗောဓိပက္ခိယတရား ၃၇-ပါးတို့လည်း တစ်နွယ်ငင်တစ်စင်ပါ၊ တစ်ခါဆွတ် တစ်ပြွတ်လုံးပါများ ဖြစ်ကြသည်။ တစ်ဖန် အဓမ္မအရာဝင် အကုသိုလ်ဒုစရိုက် ကိလေသာ သံယောဇဉ်မှသည် အာသဝဩဃစသည်တို့လည်း တစ်နွယ်ငင်ရာ တစ်စင်လုံးပါတို့ချည်း ဖြစ်ကြသည်။

ခန္ဓာလှည့် သွေးသည် (အဆက်မပြတ်) စုန်ဆန်စီးပြေးနေ၏။ ထိုသွေးကို လေက အကြောကြီး၊ အကြောငယ်၊ အကြောမျှင်တို့မှနေ တစ်ကိုယ်လုံးဖြန့်ပို့ပေးနေ၏။ သွေးမှီစိတ်ကလည်း သွေးသွားရာ၌ အမြဲလိုက်ပါနေ၏။ ထိုစိတ်က . . . သုက်သွေးဗဟိုပြု၍ (နေရာတိုင်းမှာ) ဝေဒနာအုပ်စု ဖွဲ့ပေးထား၏။ သည်းခြေသွေးဗဟိုပြု၍(နေရာတိုင်းမှာ) သညာအုပ်စုဖွဲ့ပေးထား၏။ လည်ပတ်သွေး အားကိုးပြု၍ (နေရာတိုင်းမှာ) သခါအုပ်စုဖွဲ့ပေးထား၏။ နှလုံးသွေးဗဟိုပြု၍(နေရာတိုင်းမှာ) ဝိညာဉ်အုပ်စုပါဖွဲ့ပေးထား၏။ အတွင်း၌ လက်ခံအကြည်ဓာတ်ခွက်၊ ပြင်ပ၌ အာရုံဖမ်းဓာတ်ခွက်များ တပ်ဆင်ထား၏။

သည်သို့ ဘယ်က ဘာကို ဘာမဆိုလွတ်ထွက်မသွားရန် ဘုတ်က စီမံထားရာ . . . ဓာတ်စာအဖြစ် အဓမ္မကဝင်တိုးလည်း မီးခိုးမဆုံးမိုးမဆုံးတော့ပါ။ဓာတ်စာအဖြစ် ဓမ္မကဝင်တိုးလည်း မီးခိုးမဆုံးမိုးမဆုံးတော့ပါ။

ဤဖြစ်စဉ်များကို ဓာတ်တို့၏ဆွဲငင်အားဖြင့် ဘဝကို အသုံးချလိုသူများ၌ နီဝရဏ၊ ဒုစရိုက်၊ အကုသိုလ်စေတသိက် ၁၄-ပါးတို့နှင့်တကွ အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ စသည်များ ထိုသူ၏စိတ်နောက်သို့ အစဉ်တစ်လျှောက် တကောက်ကောက်လိုက်ပါလာသည်များ နောက်ပြန်ကြည့် သိလောက်ပြီ။

တစ်ဖန် ဓာတ်၏ဆွဲငင်အားကို အလွတ်ရုန်းရာ၌ ဘဝကို အသုံးချလိုသူများအတွက်လည်း ဈာန်၊ သုစရိုက်၊ သောဘဏစေတသိက် ၂၅-ပါးတို့နှင့်တကွ မဂ္ဂင်၊ သိက္ခာ၊ က္ကုဒ္ဓိပါဒ်၊ သတိပဋ္ဌာန်၊ သမ္မပဓာန်၊ ဗိုလ်၊ က္ကန္ဒြေ၊ ဗောဇ္ဈင် စသည်များ ထိုသူ့စိတ်နောက် တကောက်ကောက်လိုက်လာနေကြသည်ကိုလည်း ဆိုခဲ့ပြီးများ ပြန်ရှုကြည့် သိလောက်ကြ၏။

ဓာတ်သည် စိတ်မှတစ်ဆင့် တစ်ဖက်အာရုံကို ဖမ်းယူစားသောက်ရန်အတွက် စိတ်ကို တစ်ဖက်သို့ချည်း ပို့လွှတ်ထားသည်။ တစ်ဖန် ဓာတ်သည် မိမိဘဝပျက်စီးခြင်း၊ အဖျက်ဆီးခံရသဖြင့် ဒုက္ခရခြင်း စသည်များကို စိတ်မသိစေရန်အတွက် ပြင်ပသို့ပို့ထားသည်။ တစ်ဖန် ဓာတ်သည် သွေးအားကို အသုံးချ၍ ခန္ဓာကို ချုံးချုံးကျအထိ ခိုင်းစားနေပြီး ခန္ဓာတစ်ခု မကောင်းက တစ်ခုပြောင်းရန် အစွဲအတေး စိတ်၌ပေးထားသည်။

စိတ်တေးစွဲရန်အတွက်ကိုကား နာမ်အုပ်စုကြီးလေးခု ဖွဲ့စည်းပေးထားသည်။ ခံစားခြင်း၊ မှတ်တမ်းပြုစုခြင်း၊ ကြောင့်ကြစိုက်ခြင်း၊ သိမ်းဆည်းခြင်းများတည်း။

သို့ဖြင့် ထိုသူ့စိတ်ဒုက္ခကို သုခထင်မှတ်စေ၏။ သုခကိုကား ဒုက္ခအဖြစ်မြင်စေ၏။ သို့ကြောင့် ထိုသူ့စိတ်က သုခဖြင့် အထက်တန်းစားဖြစ်ရန်ကြိုးစားလေတိုင်း ထိုသူ့ဘဝကား ဒုက္ခဖြင့် အပယ်ခံဘဝ ရောက်သွားသည်ချည်းသာ။

ယင်းကို ဘုရားပွင့်ရာ သာသနာနှင့် ပက်ပင်းကြုံလာရသူများ အသိမှန်၊ အမြင်မှန်၊ အယူမှန်ဖြစ်ရန် အကျင့်မှန်များကို သူတော်ကောင်းအစားစားတို့က ဖြန့်ပေးနေကြ၏။ တွဲခေါ် ဆွဲခေါ်ပြုလုပ်ပေးနေကြ၏။ ဓာတ်မှရုန်း၍ ဇာတ်သားလုံးလုံးဖြစ်ရန် စည်းရုံးနေကြ၏။ သို့တိုင်လည်း သူ့ဓာတ်သားကို ကိုယ့်ဇာတ်သားဖြစ်စေရာ၌ ဒုစရိုက်ခေါင်းဆောင်ကြီး၏ ရင်ခွင်ကြား ပြုံးပျော်ကြည်မွေ့ အကြိုက်တွေ့နေသော ကိုယ့်သမီးချောလေးအား ပြန်ခေါ်ရသလောက် လွယ်မည်မထင်။ ဓာတ်ကောင်သည် ဓာတ်အကြိုက်ခွေးသေကောင်ပုပ် လင်းတန္တိုက်သကဲ့သို့ တပ်မက်နှစ်ခြိုက်နေသောကြောင့် . . . ။ ဓာတ်ကောင်သည် ဓာတ်ဖက်အဖော်ထား ဓာတ်ချင်းပျော်ပါးနေသောကြောင့် . . . ။

သို့တစေလည်း ထိုလူသားများ အမြတ်ရ ပါရမီကိုစု၍ ကိုယ့်ဘဝ သူတစ်ပါးလုယူသုံးစွဲနေခြင်းမှ အလွတ်ထွက်သာရန် ယင်းဓာတ်အားပါများ ပွားရာမှပါး၊ ပါးရာမှနည်း၊ နည်းရာမှစဲစေသောနည်းများ သည်းခံသင်ကြားပေး

www.burmeseclassic.com

www.burmeseclassic.com

သည်ကို . . . "နားထောင်ဖော်ရ တော်ပဟဲ့" ဖြင့် ကျေနပ်နေကြရသည်။ "ကျင့်ဖော်ရ တော်ပဟဲ့" ဖြင့် အားရနေကြရသည်။

**□ ခတ်ဖက်တို့အကြား ရောက်သွားသော ပုဏ္ဏားကြီး**

လူတွင် . . . ဘုတ်အဖွဲ့က ခန္ဓာအိမ် တည်ဆောက်ပေးသည်။ ထိုခန္ဓာအိမ်တွင် ရုပ်ခန္ဓာကြီးအား ပြုစုလုပ်ကျွေးကြရန် နာမ်ခန္ဓာလေးပါးလည်း ထားပေးသည်။ ထိုနာမ်ခန္ဓာလေးပါးတို့သည် သူ့အတောင်ကြီး (ဓာတ်ကောင်ကြီး) မွေးမြူရန် (တာဝန်) မှတစ်ပါး အခြားတာဝန်မယူကြချေ။ တစ်ဖန် ထိုနာမ်ခန္ဓာများ အသုံးပြုရန် (စေခိုင်းရန်) အတွက် သွေးမှနေ ဓာတ်ငွေ့သုံး ဉာဉ်ကိုလည်း ထားပေးသေးသည်။

တစ်ဖန် . . .

လူတွင် . . . ထိုခန္ဓာအိမ်၌ သွားရောက်နေထိုင်ရန်အတွက် ကုသိုလ်ကမ္မသတ္တိက လူပုံသဏ္ဍာန် လူ့အသိဉာဏ်ဖြင့် ဘဝကိုလည်း ပို့လွှတ်ပေးထားသည်။

ဓာတ်ငွေ့ဝင် ဓာတ်သက်ဉာဉ်ဖြင့် ကျင်လည် ကျက်စားနေသည်က ခန္ဓာ။

ကံငွေ့ဝင် ဇာတ်သက်ဉာဏ်ဖြင့် ကျင်လည်ကျက်စားနေသည်က ဘဝ။

ထိုနှစ်ခုတို့သည် ယိုးဒယားညီနောင်တို့နှင့် ဘာမျှမခြားနား။

တစ်ခါက ယိုးဒယားပြည် (ထိုင်း) တွင် အမွှာပူး ညီနောင်နှစ်ဦး ပေါ်ပေါက်ခဲ့ဖူး၏။ အပူးကား ကိုယ်ချင်းဆက်အပူးဖြစ်ပြီး ဘေးတိုက်။ သို့ကြောင့် သူတို့နှစ်ဦး၌ ပူးရာဘက်၌ ခြေလက်များ တစ်သားတည်းဖြစ်နေရကား ခြေသုံးချောင်း လက်သုံးခုမျှသာပါကြသည်။

ထိုစဉ် အစ်ကိုကား အေးဆေးတည်ငြိမ်၏။ ဘာသာရေးကိုင်းရှိုင်း၏။ ညီကား မျောက်ရှုံးပြီး အပျော်အပါးလိုက်စား၏။ သို့သော် ဘယ်သွားသွား ဘာလုပ်လုပ် နှစ်ယောက်ပေါင်းမှ အလုပ်ဖြစ်ကြမည်။

ထိုစဉ် တစ်ယောက်က ထမင်းစားမည်အလုပ်၊ တစ်ယောက်က အိမ်သာတက်ဖို့ ကြိုးစားတော့သည်။ တစ်ဖန် တစ်ယောက်က ဘုရားသွားဖူးရန် ပြင်ဆင်နေစဉ် တစ်ယောက်ကား ရည်းစားနှင့်ချိန်းထားသည်ဆိုကာ ဘုရားသို့ မလိုက်။

သို့ပမာ . . . ခန္ဓာပိုင်ဓာတ်နှင့် ဘဝပိုင်ဇာတ်တို့သည်လည်း ယိုးဒယားအမွှာပူးများပင် 'ဒို့ထက် သာသဖော့' ပြောရလောက်အောင်ဆန့်ကျင်ကြသည်။ ဓာတ်ငွေ့ဝင် ဉာဉ်စိတ်ကို အကုသိုလ်စေတသိက်တို့ ကြိုးကိုင်ထားကြ၍ ဓာတ်ငွေ့သွင်းဉာဏ်စိတ်ကို သောဘဏအုပ်စုက အုပ်ထိန်းထားသောကြောင့်။

ဤ၌ ဓာတ်နှင့်ဇာတ် နှစ်မျိုးအတွက် သာဓကထိုးပြရလျှင် . . . ရဟန်းတစ်ပါးကိုသာကြည့်ပါလေတော့ . . . ။

ထိုရဟန်း . . . မိဘ၊ ဆရာသမားကောင်းတို့အရိပ် ခိုလှုံခွင့်ရသောကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်ကောင်း၏ အကူအညီရသောကြောင့် လည်းကောင်း ဓာတ်သွေးဆွ ဓာတ်ဉာဉ်ကို ပစ္စဝက္ခဏဉာဏ်ဖြင့် နှိမ်နင်းနိုင်ချိန် ရဟန်းတော်ဘဝဖြင့် ရဟန်းကောင်းများအကျင့်များ ပွင့်ထွန်းနေလိမ့်မည်။

အကယ်တိတိ ပစ္စဝက္ခဏဉာဏ်အားနည်းနေချိန် . . . ဝိသဘာဂအာရုံကို ဓာတ်ဉာဉ်က ခုန်ဖမ်းလိုက်ရာမှ ဓာတ်သွေးများ ယိုစိမ့်ထွက်ကျလာတော့ကာ အကုသိုလ်စေတသိက်တို့လက်ထဲ စိတ်ပါသွားတော့လျှင်ကား . . . ခမျာ . . . ရဟန်းအသွင်ဖယ်ရှား လူကောင်ကြီးဖားဖား ဖြစ်သွားရရှာချေပြီ။

ရဟန်းလူထွက်က 'ဓာတ်က ဒါ၊ ဇာတ်က ဟဲ့ဟ' ဟု စကားပြောနေခြင်း။

ထိုရဟန်းလူထွက်သည် ရဟန်းဘဝတုန်းကသုံးခဲ့သော သောဘဏစေတသိက်စုများကို လက်လွှတ်၍ အကုသိုလ်စေတသိက်စုကိုသာ အဖော်ပြုတော့အံ့။ မယုံ ငါ့မေးကြည့်။

သည့်အတူ ကိုယ်အမူရာ၊ နှုတ်အမူရာ၊ စိတ်အမူရာအားလုံးလည်း မြေရေဆေး ရာဂသွေးတိုးက တစ်ဖက်မျက်နှာချိုသွေးခြင်း၊ လေမီးဆောင်ဒေါသသွေးတိုးက တစ်ဖက် မျက်နှာထားတင်းပြခြင်း၊ ဓာတ်အားများကျ၍ မောဟသွေးလှုပ်က ငုတ်တုတ်ထိုင် ဆိုင်ရာအကိုင်ခံခြင်း . . . ဤအကုသိုလ် (ဓာတ်ဖြစ် အလေ့ကျစေတသိက်) များ၏ ကြိုးကိုင်အတိုင်းလိုက်ပါကာ သရုပ်ဆောင်တော့အံ့။

သို့သော် သွေးသည် ဗုဒ္ဓဘာသာဝင် မိဘဘိုးဘွားတို့က ဆင်းသက်လာခြင်း၊ ကိုယ်တိုင်ကပင် ဘုရားအဆုံးအမခံယူခဲ့ဖူးခြင်းများကြောင့် ဇာတ်ဝင်သောဘဏစေတသိက်စုများကလည်း လက်ပိုက်ကြည့် မနေကြပါ။

ဓာတ်သွေးကြမ်းနေက သောဘဏအုပ်စုတို့က ပန်းလိုက်နေကြမည်။

ဓာတ်သွေးငြိမ်သွားက သောဘဏအုပ်စုတို့က လာရောက် ပြုစုကြမည်။ ထိုစဉ် ရံတစ်ခါ သောဘဏကြောင့် ဇာတ်သွေးအကြွ အကုသိုလ်တို့က ဖမ်းဆီးကြ၏။ ရံတစ်ခါ အကုသိုလ်ကြောင့် ဓာတ်သွေးအထ သောဘဏတို့က ဖမ်းဆီးကြ၏။

ည တစ်ည . . . ပြည့်တန်ဆာမ တစ်ယောက် . . . ကာလသား နှစ်အုပ်စုက လုဝင်နေကြသည့်ပမာ . . . ။

တစ်ခါက ဘုရားရှင်သီတင်းသုံးရာ ကောသလတိုင်း သာဝတ္ထိပြည်ဝယ် ဧကသာဋကပုဏ္ဏား ဟူသည် ရှိနေ၏။ ဤတွင် ဧကက တစ်ခု၊ သာဋက ကားအဝတ်၊ ပေါင်းသော် ဧကသာဋက - ကိုယ်ရုံအဝတ်တစ်ထည်သာ . . . ။ စီးပွားဖြစ်ရှိလေကြသော ပုဏ္ဏားကြီး ထိုကိုယ်ရုံတစ်ထည်က သူချည်းပိုင်မဟုတ်။ ပုဏ္ဏေးမကြီးလည်း ပိုင်ဆိုင်နေ၏။ သို့ကြောင့် သူတို့နှစ်ယောက်စလုံးမှ ကိုယ်ရုံကတစ်ထည်တည်းသာ။

ထိုစဉ် . . . တစ်နေ့ ဘုရားရှင်တရားဟောမည့်အကြောင်း တစ်မြို့လုံး မောင်းခတ်ကြေညာသည်ကို ထိုနှစ်ဦးစလုံး ကြားသိကြရာ . . . ကိုယ်ရုံကတစ်ထည်တည်းကြောင့် နှစ်ဦးဆုံသွား၍မရ။ တစ်ဦးကား ကျန်ခဲ့ရမည်သာ။ သို့ဖြစ်ရာ ဧကသာဋကပုဏ္ဏားကြီးက စကားစ၏။

"ရှင်မ . . . ဘုရားတရားနာယူဖို့က နေ့ညရက်ဆက်ရှိလေရဲ့။ သည်တော့ ရှင်မက နေ့ဘက်သွားမလား၊ ညဘက်သွားမလား . . ."

"အို - အရှင်၊ ကျွန်မက နေ့ဘက်သွားရောက်နာကြားပါအံ့"

ဖြေလိုက်သည်။

ဖြေသည့်အတိုင်းလည်း ထိုနေ့က ပုဏ္ဏေးမကြီးသည် ပုဏ္ဏားကြီးထံမှ ကိုယ်ရုံကို လှမ်းယူပြီး ဘုရားထံပါး သွားရောက်ကာ တရားနာကြားသည်။

ညဘက်က ပုဏ္ဏားကြီးအလှည့်။ ပုဏ္ဏားကြီးသည် ကိုယ်ရုံအဝတ်ပိုင်းလေးကိုပတ်၍ ဘုရားရှင်နှင့်အနီးဆုံး မြင်ခွင့်ရသောနေရာအထိ သွားရောက်နေ၏။ သို့နေလျက်က ဘုရားရှင်၏ အသရေတော်ကို ကျကျနန ဖူးတွေ့၏။ ဘုရားရှင်၏ အသံတော်ကို ကျကျနန နာကြား၏။

ထိုစဉ် ဘုရားရှင် ဟောကြားသော တရားတော်မှ ဓမ္မသတ္တိများက ပုဏ္ဏားကြီး၏စိတ်သို့ လာရောက် ထိမွေ့နေကြရာ . . . ထိုစိတ် ပီတိငါးမျိုးတို့၏ ဆိပ်ကမ်းဖြစ်ခဲ့ပြီ။ ထိုပီတိများကအိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com

ရောက်သည်အထိ စိတ်၌ဆက်လက်၍ ချဉ်းကပ်မြဲချဉ်းကပ်နေကြတော့ရာ. . . ဘုရားရှင်အပေါ်၌ (သူတို့နှစ်ဦးပိုင်) ဤ အဝတ်ပိုင်းလေးတစ်ပိုင်းကို လှူလိုသော သဒ္ဓါစိတ်အား တဖွားဖွားဖြစ်ပေါ်လာ၏။

သို့သော် ထိုသဒ္ဓါစိတ်ကို မစ္ဆရိယ တစ်ကောင်က ဝိုင်း၍ပိတ်ဆို့ထားလိုက်ကြရာ ညဦးယံသာ ကုန်ဆုံးသွားသည် (လှူမကွ) မဆုံးဖြတ်ဖြစ်။ တစ်ဖန် သန်းခေါင်ယံ၌လည်း လှူလိုစိတ် သဒ္ဓါအားက ရှန်းကွလာပြန်၏။ မစ္ဆရိယ တစ်ထောင်တို့ကလည်း (သည်သဒ္ဓါစိတ် ကြိတ်ခြေပစ်လိုက်မဟဲ့) ကြိမ်းကာ ဝိုင်းဝန်းပိတ်ဆို့ထားကြပြန်၏။

ဤ၌ နှစ်ဦးသားတို့ ကိုယ်ရှုံ့မဲ့ဖြစ်သွားမည်ကို ကြောက်သော (ဆုတ်နစ်ဒေါသ၏) နောက်ခံဖြင့် တွန့်တိုခြင်း မစ္ဆရိယများ စေတနာနှင့်အတူ ဖွားမြင်လာကြ၏။ တစ်ဖန် . . . ဘုရားရှင် အပေါ် ကြည်ညိုခြင်း သဒ္ဓါဓာတ်များကို နောက်ခံပြု၍ လှူလိုခြင်းစေတနာများကလည်း အင်နှင့်အားနှင့်ဖွားမြင်လာကြ၏။

ဓာတ်ငွေ့ဖြစ် ဤစေတနာသဒ္ဓါနှင့် ဓာတ်ငွေ့ဖြစ် ထိုမစ္ဆရိယတို့သည်. . . မင်္ဂကဲ့သို့ (ပဟာယက) သတ္တိမရှိကြလေသောကြောင့် အချင်းချင်းမသုတ်သင်နိုင်ကြပါ။ သို့ကြောင့် မစ္ဆရိယတစ်ထောင်တို့ ဝိုင်းဝန်းပိတ်ဆို့ထားရာအကြားမှပင် သဒ္ဓါဓာတ်အားများသည်. . . ပထမညဦးယံထက် ဒုတိယညဦးယံတွင် ပိုထက်လာကြ၏။ တစ်ဖန် ဒုတိယညဦးယံထက် တတိယယံက ပိုထက်လာကြ၏။ တစ်ဖန်လည်း တတိယညဦးယံ၏ ထိုထက်မြက်အားကြီးကြောင့်ပင် ပုဏ္ဏားကြီးစိတ် တားမနိုင်ဆီးမရဖြစ်လာတော့ကာ 'လှူမယ်ဟေ့' ဟု ရုတ်တရက်ဆုံးဖြတ်လိုက်၏။ 'လှူမလို့သွားပြီဟေ့' ဖြင့်လည်း ရုတ်တရက်ထသွားဖြစ်တော့သည်။

ထိုပုဏ္ဏားကြီး နံနက်ခင်း ဘုရားထံမှောက် ရောက်သွားချိန် ဘုရားထံဝယ် ပရိသတ်များ အစုံအလင်ရှိနေကြ၏။ ပရိသတ် တိုးဝှေ့၍ပင် ကိုယ်ရုံလေးကို ဘုရားအား လှူလိုက်တော့၏။ ပုဏ္ဏားကြီးက လက်မြှောက်၍လှူစဉ်. . . ဘုရားရှင်က လက်ခံ၍ ယူတော်မူလိုက်သည်နှင့် တစ်ပြိုင်နက်. . .,

"ဇိတံမေ - အောင်ပြီ၊ ဇိတံမေ - အောင်ပြီ၊ ဇိတံမေ - အောင်ပြီ"

ထိုပုဏ္ဏားကြီးနှုတ်မှ ဤစကားသုံးခွန်းတို့ လှုပ်ထွက်လာကြပြီ။

ထိုစဉ် တစ်နေရာမှနေ ဘုရားရှင်အား ဖူးတွေ့ကြည်ညိုနေသော ကောသလမင်းကြီးသည် ထိုစကားကြားသိသွားရာ . . . သည်စကားမျိုးက စစ်အောင်နိုင်သူများ ပါးစပ်ဖျားမှသာ ထွက်ရိုးရှိရာ . . . ဒင်းက ဘာအောင်လို့ သည်လိုအော်ရတာလဲ . . . အတွေးဝင်လာနေ၏။ အတွေးတစ်ဆင့် မင်းချင်းများကိုသွားအမေးခိုင်း၏။ ထိုစဉ် မင်းချင်းများသို့ ပုဏ္ဏားကြီးက သူ့ဖြစ်အင် တစ်လုံးမကျန် ပြောပြလိုက်သည်။

မင်းချင်းများ၏ သံတော်ဦးတင်စကား ကောသလမင်းကြီး ကြားသွားသောအခါ. . .

"ဩော်. . . ခမျာရဲ့ ဝမ်းတွင်းစစ်က အကြိတ်အနယ် တိုက်ပြီးမှ အောင်ခဲ့ရရှာတာပဲ . . ." သို့ သုံးသပ်ကာ ပုဏ္ဏားကြီးအား ရှေ့တော်မှောက်သို့လာစေ၏။ဘုရင်ကိုယ်တော်တိုင် မေးစစ်ပြန်၏။ မေးစစ်ပြီးချိန် ဂုဏ်ပြုလိုစိတ်ပေါ်လာရာ. . .

ပထမ ဝတ်စုံတစ်စုံ ချီးမြှင့်၏။ ပုဏ္ဏားကြီးက ဘုရားလှူလိုက်၏။ သည့်နောက် နှစ်စုံမှ သုံးစုံ စသည် ဆတိုးချီးမြှင့်တော်မူရာ သုံးဆယ့်နှစ်စုံမြောက်အထိရောက်လာ၏။ ထိုစဉ်. . . 'ဆုရတိုင်း လှူချည်းဆို မတော်သေးပါဘူး' အတွေးဝင်လာပြီး ပုဏ္ဏားကြီးသည် ဝတ်စုံနှစ်စုံမျှကိုချန်လိုက်၏။ ကျန်အစုံ-၃၀ တို့ကိုကား ဘုရားရှင်အား ဆက်လက်လှူဒါန်းလိုက်တော့သည်။

ကောသလမင်းကြီးသည် ဘာမှမရှိသော ပုဏ္ဏားက သည်မျှအထိ ရက်ရောနေသော သဒ္ဓါအဟုန်ကို ဂုဏ်ပြုသောအားဖြင့် မင်းသုံးဖို့ လျာထားသည့် ကမ္ဗလာနီကြီးနှစ်ထည်ကို နန်းတော်အယူခိုင်းပြီး ထပ်မံချီးမြှင့်လိုက်၏။

ပုဏ္ဏားကြီးသည် တရားပွဲပြီး၍ အားလုံးပြန်သွားကြချိန်တွင် ထိုကမ္ဗလာနီကြီးနှစ်ထည်မှတစ်ထည်ကို ဘုရားရှင် သီတင်းသုံးရာထက်၌ မျက်နှာကြက် တပ်ဆင်ကာ လှူဒါန်းလိုက်ပြီး ကျန်တစ်ထည်ကိုကား သူတို့အိမ် ဆွမ်းခံကြွနေကျ ရဟန်းတော်၏ ထိုင်နေကျနေရာထက်၌ မျက်နှာကြက်တပ်ဆင်ထားလိုက်သည်။

တစ်ဖန် ညချမ်းအချိန် ကောသလမင်းကြီးသည် ဘုရားကျောင်းတော်သွား၊ ဘုရားရှင်အား ဖူးမြော်ရာ ဘုရင်သာသုံးဆောင်နိုင်သည့် ကမ္ဗလာနီကြီးက ဘုရားရှင်၏အထက်မျက်နှာကြက်အဖြစ် တွေ့မြင်သွားရာ. . .

"ဒါ. . . ဘယ်သူလှူဒါလဲဘုရား"

မေးလျှောက်၏။

"ဒါ. . . ကောသာင်ကပုဏ္ဏားလှူသွားတာ မင်းကြီး"

ဖြေတော်မူ၏။

သည်မှာတွင် ဘုရင်ကြီးသည် အံ့ဖွယ်သရဲထူးကဲလှသော ပုဏ္ဏားကြီး၏သဒ္ဓါစိတ်ကို ဘိသိက်သွင်းသောအားဖြင့်. . .

ဆင်ကြီးလေးစီး၊ မြင်းလေးစီးတို့ကိုလည်း ပုဏ္ဏားကြီးအား ပေးလှူလိုက်သည်။ ထို့အပြင် ငွေဒင်္ဂါးလေးထောင်၊ မိန်းမလေးယောက်၊ အခိုင်းအစေအဖြစ် ကျွန်မလေးယောက်၊ ကျွန်ယောကျ်ားလေးယောက် အပိုင်စားအဖြစ် ရွာကြီးလေးရွာ. . . ပေါင်း သဗ္ဗစတုက္ကခုနစ်မျိုး မေတ္တာရေစင် သွန်းဖြိုးပေးလိုက်သည်။

ဤ၌ သိစေလိုသည်မှာ. . . လူတစ်ဦးစီ၌ လူသက် (ဓာတ်သက်) နှင့် ဓာတ်သက်ဟူ၍ နှစ်မျိုးတွဲပါနေ၏။ လူသက်ကား ဘဝခေါ် ဖြစ်စဉ်၌ နေရာရ၏။ ဓာတ်သက်ကား ခန္ဓာခေါ် ဘုတ်၌ နေရာယူ၏။ သို့နေရာအသီးသီး ရယူထားကြရာတွင် ဓာတ်သည် အကြီးအစိုးအိမ်ရှင်ဖြစ်နေပြီး ဇာတ်ကား ဧည့်သည်မျှသာ။

သို့ဖြစ်ရာ ဘာလုပ်လုပ် ဓာတ်မျက်နှာကြည့်လုပ်နေရ၏။ ရယူခြင်း ခဏထား ပေးစွန့်ရာမှာပင် ဓာတ်ကြိုက်စာဖြင့် ပွဲဝင်ပေးရ၏။

တရုတ်အလှူသွားကြည့် ဝက်သားပါနေ၏။

ကုလားအလှူသွားကြည့် အမဲသားပါနေ၏။

မြန်မာတို့သည် ဓာတ်စုံဖွားများဖြစ်နေရကား သားစုံငါးစုံတို့အကြားကြုံရာနှင့် စခန်းသွားကြသည်။

ဓာတ်က သည်မျှ မင်းမူနေသော်မှလည်း. . . ထိုသည့်ဓာတ် ခန္ဓာ့ဖြစ်စဉ် ဝင်စားရာ၌ အသိကလည်း ဉာဉ်သိမျှသာရှိ၏။ ဉာဉ်သိကလည်း အကုသိုလ် ၁၄-မျိုး သွေးထိုးခံနေရသဖြင့် အပူလွန်နေ၏။ အပူဒဏ် အချိန်ပြည့်ခံနေရ၍ စည်းလုံးမှုလည်း လုံးဝမရှိ။ စည်းလုံးမှုမရှိခြင်းကြောင့် အင်အားသတ္တိများလည်းမရှိ။ သို့ကြောင့် သွေးရောစိတ်ပါအေး၍ စည်းလုံးမှုရှိသောဉာဏ်သည် သောဘဏစေတသိက်တို့၏ အပံ့အပိုးဖြင့် ထိုဓာတ်ဆိုးတို့ကို ထိုးမွှေလိုက်သောအခါ ဓာတ်ဆိုးခိုးများ. . . လေခိုက်ကြမ်းသဖြင့် ပရမ်းပတာဖြစ်သွားသော



www.burmeseclassic.com

www.burmeseclassic.com

တိမ်ပုပ်များပမာ . . . တစ်ခဏချင်း လွင့်ပြယ်သွားရပါသည်။

တစ်ဖန် ခန္ဓာတွင်းမှ အတွင်ထုတ်လုပ်ပေးနေသော ဓာတ်ငွေ့များကြောင့် ထိုဓာတ်ဆိုးများ အားပြည့်လာကာ ဉာဉ်အဖြစ်ဖြင့် ဆိုးမြဲဆိုး ထိုးမြဲထိုးနေမည်သာ။

ဇာတ်ဖက်နေ သောဘဏာများက နယ်မြေရှင်းလင်းရေးထွက်လာသော တပ်မတော်စစ်ကြောင်းပမာ ခဏတစ်ဖြုတ်မျှသာ။

ဓာတ်သက်ဝင် အကုသိုလ်များကား တောခိုရင်း၊ ဆက်ကြေးဓောင်းရင်း တောတွင်း၌ အမြဲသောင်းကျန်းနေသည့် သူပုန်များပမာ အမြဲသာ။

သို့ဖြင့် ဇာတ်စီးလျှင် ဓာတ်ကွယ်မည်။ တစ်ဖန် ဇာတ်ကွယ်လျှင် ဓာတ်ပြန်စီးမည်။ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့် တို့ပမာ ဓာတ်နှင့်ဇာတ်များ အပြန်လှန်ဆန့်ကျင်နေကြရာ လူတို့ဘဝကား ငိုပြုံးရယ်ပြုံဖြင့်ပင် အချိန်ကုန်ကြရမည်တည်း။

□ ရွှဲ့လိုက်တာလား မလွှဲကာ

ဓာတ်မှဖြစ်သောမကောင်းမှုသည်လည်း ကြယ်တစ်လုံးပမာ တောက်ပနေမည်။

ဇာတ်မှဖြစ်သော ကောင်းမှုကလည်း ကြယ်တစ်လုံးပမာ တောက်ပနေမည်။

ထိုကြယ်တာရာများ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား လှည့်ပတ်သွားနေကြရာ တစ်လုံးက တစ်လုံးကို ဝင်ရောက်တိုက်ခိုက်နိုင်ခြင်း အလျှင်းမရှိချေ။ တစ်လုံးကြောင့် တစ်လုံးပျက်ကျသွားခြင်းလည်း အလျှင်းမရှိချေ။

ကုသိုလ်သည် (ပဟာယက) သူ့၌ ပယ်သတ်တတ်သောသတ္တိရှိ၏။

အကုသိုလ်သည် (ပဟာတဗ္ဗ) သူ့၌ ပယ်သတ်တတ်သော သတ္တိမရှိပေ။

သို့ဆိုထားရာ ထိုအဆိုသည် မဂ်ခဏ၌ (မဂ်ကျချိန်ဆဲဆဲ၌) ကြုံမိရင်ဆိုင်မိသော အကုသိုလ်ဖြစ်စေမည့် ဓာတ်အငွေ့ရှိန်နှင့်သာဆိုင်၏။ ဖြစ်ပြီး အကုသိုလ်ကိုကား လုံးဝမတတ်နိုင်။ ယင်းကို ဘုရားရှင်၏ ဝိပါက်တော် ဆယ်ပါးတို့ကလည်း သက်သေခံနေကြသည်။ အရှင်မောဂ္ဂလာန်၏ ခိုးသားငါးရာအသတ်ခံရမှုကလည်း သက်သေခံနေပြီ။

တစ်ဖန် . . . ဝိပဿနာဉာဏ်အဆင့်ဆင့်တို့ဖြင့် သွေးကို အဆင့်ဆင့်ပြောင်း၍ မဂ်ဖြင့်ဓာတ်ငွေ့ပျံအခိုးကို သတ်ချရာ၌ . . . ဝိပဿနာဉာဏ်ကလည်း ကိုယ့်အလုပ် ကိုယ်လုပ်၏။ အကုသိုလ်စေတနာတို့ကို လိုက်လံမသတ်ဖြတ်ပါ။ မဂ်ဉာဏ်ကလည်း ကိုယ့်ကိစ္စကိုယ်ဆောင်၏။ ဆိုင်ရာအကုသိုလ်စေတနာများနှင့် ရင်ဆိုင်မသတ်ဖြတ်ပါ။ ဖြစ်ခွင့်ရှိ အကုသိုလ်အငွေ့အသက် (ဓာတ်အငွေ့အသက်) များကား သူ့ဘာသာပြို သူ့အလိုလို အငွေ့ ပြယ်သွားခြင်းမျှသာ။

ဤ၌ ဝိပဿနာဉာဏ်ပညာနှင့် မဂ်ပညာ၊ ဖိုလ်ပညာတို့က ခန္ဓာတွင်းနေ ဓာတ်သွေးကိုပြုပြင်၍ သွေးမှို စိတ်နှင့် ကိုယ်တို့ အရိုင်းမှ ယဉ်လာကြပုံ အယဉ်မှ နုလာကြပုံတို့ကို ရှင်းပါအံ့။

ဓာတ်သွေးကို အပူမှ အအေးစသည်ဖြစ်စေ၍ ဘဝလည်း အရိုင်းမှ အယဉ်ဖြစ်စေပင် ဝိပဿနာက တမင်မပြုလုပ်။ ဝိပဿနာက သူ့အလုပ်သူလုပ်၍ သွေးများက သူ့အသွင်သူ ပြောင်းသွားခြင်းသာ။

ဝိပဿနာသည် ခန္ဓာမှသွင်းလေ၊ ထုတ်လေများကို ခန္ဓာ့နှာသီးဝမှနေ ဝင်ဝင်သည်၊ ထွက်ထွက်ပြီဖြင့် သတိဝင်ပေးနေ၏။ ဝင်တိုင်းပင် ဝင်သိမြဲစေ၏။ ထွက်တိုင်းလည်း ထွက်သိစေ၏။ ယင်းမှာ ရုပ်နှစ်ခုတို့ထိတိုင်း အသိတစ်ချက် ပေါ်ဖြစ်လာ၏။ ထိုအသိကို သတိက ကြိုးကိုင်လိုက်ခြင်းပင်။

အသိက စိတ်။ သတိက စေတသိက်။

သတိကြိုးကိုင်ထားသော ထိုအသိစိတ်ကလေး . . . ဓာတ်ပူလှန့်၍ ပျံ့ထွက်သွားပြီ မရှိစေတော့ပါ။ အာရုံတိုက်ယူရာနောက် လိုက်ပြေးသွားပြီ မရှိစေတော့ပါ။ သွေးပြင်ချင် စိတ်အလျဉ် ကြိုးကိုင်လိုက်ခြင်းတည်း။ သို့သော် ပြေးနေကျစိတ် တိတ်တိတ်ထွက်ပြေးဦးမည်ပင်။ ဓာတ်ပူ သွေးတိုးကြားမှ ပေါက်ဖွားလာသောစိတ် တိတ်တိတ်ပျံတက်ဦးမည်ပင်။

ရှူကွက်နှင့် သတိ မျက်နှာတန်းမိနေစေရန် အာတာပီ စိတ်ဝီရိယလိုအပ်သည်။

ရှူကွက်နှင့်အသိ မျက်နှာအပ်မိနေစေရန် သမ္ပဇာနဉာဏ် ကေန်လိုအပ်သည်။ ထို့ထက် ပိုလိုအပ်နေသည်မှာ . . . သည်ကျင့်နည်းက ဒုက္ခမှလွတ်ရန် ကျင့်နည်းဟူ၍ တထစ်ချယုံကြည်ခြင်း၊ သည်ကျင့်နည်းက ကိုယ်မချုပ်စိတ်မချုပ် ကိုယ့်အလုပ်ကိုယ်လုပ်နေခြင်းဟုယုံခြင်း . . .။ သင့်အား သောဘဏာကထပ်ပေးမည့် ဤသဒ္ဓါဓာတ်ကိန်းဝပ်နေဖို့ပင်။

သို့ဖြင့် ဖိတ်တစ်ဝက်စဉ်တစ်ဝက် သတိနောက် မပါတစ်ချက် ပါတစ်ချက် စိတ်ကို သတိက စိတ်ရှည်၊ သည်းခံ၊ ဖွဲသန်သန် ဆွဲဆောင်ပေးနေရာ ဝင်သိထွက်သိမှ ဝင်အေးအေးသိ ထွက်နွေးနွေးသိသို့ အဆင့်တက်ခဲ့ပြီ။ တစ်ဖန် အေးသိနွေးသိမှ အေးလှုပ်လှုပ်သိ၊ နွေးလှုပ်လှုပ်ဘိသို့ အဆင့်တက်ခဲ့ပြီ။ တစ်ဖန် အေးသိနွေးသိမှ အေးလှုပ်လှုပ်သိ နွေးလှုပ်လှုပ်သိသို့ အဆင့်တက်ခဲ့ပြီ။ ဉာဉ်ကိုင်သိစိတ်ကလေးရေးရေးတော့ သတိနောက်ပါလာပြီ။

ထိုမှတစ်ဆင့် ထိုလှုပ်သိတို့ကို သိရုံမက အမြင်အထိ ခရီးရောက်လာသောအခါ. . . အရိုင်းပြေပြေနေသော သွေးအနည်းငယ်အပူလျော့လာနေပြီ။ လန့်ပျံ့ပျံ့နေသော သွေးမှိုစိတ်လည်း အနည်းငယ်ငြိမ်စပြုလာနေပြီ။

သွေးနှင့်သွေးမှိုစိတ်များ ဓာတ်ငွေ့အပူဟပ် အနည်းငယ် သက်သာလာသည့်အလျောက် လှုပ်လှုပ်မြင် ဖြစ်စဉ်နိမိတ်တန်းကြီးက ပေါ်တင်သည်ထက် ပေါ်ထင်လာနေ၏။ သွေးနှင့်စိတ်ပြောင်းသလောက်လည်း နိမိတ်ရောအရောင်ပါ ပြောင်းလာနေ၏။ သို့ဖြင့် ထိုသွေးများ အပူမှအအေး၊ တစ်ဖန် အအေးမှ အတည်၊ အတည်မှ အကြည် အမျိုးမျိုးပြောင်းလာကာ ပုံမှန်လည်ပတ်ခြင်းသို့ ရောက်ခဲ့ပြီ။ တစ်ဖန် သွေးမှိုစိတ်များကလည်း အရိုင်းမှအယဉ်၊ အယဉ်မှ အနု၊ အနုမှအညံ့အမျိုးမျိုးပြောင်းရကာ ပုံမှန်စိတ်သို့ရောက်ခဲ့ပြီ။

ထိုစဉ် အရိုင်းခေတ်၌ ဇာတ်သွေးနှင့်ဓာတ်သွေး အချင်းချင်းနယ်လုနေကြပြီး ဓာတ်သွေးတိုး နီဝရဏများနှင့် ဇာတ်သွေးတိုး ဈာန်များလည်း ဖပြင်းအထန်တိုက်နေကြမည်။ အယဉ်ခေတ်၌ . . . ဇာတ်ငွေ့အမြစ်တွယ်၍ ဓာတ်ငွေ့ပယ်စပြုနေပြီး ဈာန်ဘက်ကအားပါ၍ နီဝရဏတို့ဘက်က အားနာနေကြပြီ။ အနုခေတ်တွင်ကား. . . ဝိပဿနာဉာဏ်က သင်္ခါရုပေက္ခာအဆင့် ရောက်နေသဖြင့် ဈာန်ကား ပီပီပြင်ပြင် အလုပ်လုပ်နေပြီ။ နီဝရဏကား ငုတ်နေရပြီ။ ဈာန်သည်ပင် ဥပေက္ခာ ဧကဂ္ဂတာနှစ်မျိုးသာ ပွဲတိုးနိုင်တော့သည်။ အညံ့ခေတ်ရောက်လျှင်ကား . . . စိတ်မှ ဉာဉ်ပြုတ်၍ စိတ်ကို ဉာဏ်ကအုပ်ချုပ်တော့သည်။ သို့ကြောင့် ဉာဉ်ဖြစ်စရိုက်များ အပြီးပြုတ်ကျသွားရပြီ။

ဤ၌ နွေကာလ တစ်နေ့ကုန် အပူ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ခဲ့သောနေသော ထန်ရှေများ ည ကာလ လနှင့် အအေးဓာတ်များ ဝင်ရောက်လာချိန် . . . လ၏ အအေးအား ဝင်စ အပူဓာတ်တခုခံဖျက်ထုတ်နေမည်။ လအေးနှင့် အပူတို့ အားညီနေစဉ် အားချင်းပြိုင်ကြမည်။ အပူရှိန်ကလည်း လျော့ အအေးကလည်း အားကြီးလာချိန် အအေးကြီးစိုးမည်။

ယင်းတို့သည် သဘာဝနိယာမက ဖြစ်သော အလိုလိုဖြစ်ပွားမှုချည်း ဖြစ်ဘိသို့ ဤဓာတ်နှင့်ဇာတ်တို့၏ နယ်လုမှုကလည်း သူ့သဘာဝနှင့်သူ၊ သူ့အလုပ်သူ လုပ်ကြရင်းက ရှင်းလင်းသွားသည်ကို သတိပြု။

မင်္ဂကျဖိုလ်ဝင်ခြင်းသည် သူ့အရှိန်နှင့်သူ ဖြစ်ပွားခြင်း၊

သွေးမှိဓာတ်ငွေ့များ ပြတ်တောက်သွားခြင်းသည်လည်း သူ့သဘာဝနှင့်သူ ဖြစ်ပွားခြင်း။ သို့ဖြင့် မင်္ဂငွေ့တို့က အဝင်ဓာတ်ငွေ့များ အလိုလိုစင်ကြယ်သွားရာ . . .

(က) ပထမမင်္ဂတွင် အပယ်ကျ အထိ ရိုင်းသောသွေးများ ကင်းစင်သွားခဲ့ပြီ။ သွေးနှင့် အသွေးမှိစိတ်လည်း အပယ်ကျစေသည်အထိ စေတနာမစီး။

(ခ) ဒု၊ တမင်္ဂများတွင် ယဉ်ကျေးစွာဖြင့် အချင်းချင်း ကြည်ဖြူအလိုတူ လွန်ကျူးစေသော သွေးဖြူများ ကင်းစဲသွားခဲ့ပြီ။ သွေးနှင့်အတူ သွေးမှိစိတ်ထားလည်း ကာမဘုံစုန်စေသည်အထိစေတနာမစီး။

(ဂ) စမင်္ဂအရောက်တွင်ကား ဘဝ အမျှင်တန်းစဉ်ပေးသော သွေးပင်ကင်းစဲသွားခဲ့ပြီ။ သွေးနှင့်အတူ သွေးမှိစိတ်နှလည်း ဘဝအသိုက်အမြုံထဲ ဲလှည့်လိုခြင်း မရှိတော့။

ဘဝဘုံ မခုံမင်တော့သော ဤအဆင့်ထိ စိတ်ရောက်သွားချိန်တွင်ကား ခန္ဓာ၌ လည်ပတ်နေသည့် သွေးသည် နူးညံ့သိမ်မွေ့နေပြီ။ သွေးမှိစိတ်လည်း ဆွတ်ဆွတ်ဖြူဖြစ်သွားရာ. . . မကောင်းမှုပြုလိုခြင်း အလျှင်းမရှိတော့။ ကောင်းမှုစုလိုခြင်းလည်း အလျှင်းမရှိတော့။ ထိုစဉ် မိဘနှစ်ပါးစလုံး ကွယ်လွန်သွားသော မိမဲ့ဖမဲ့ (မိတဆိုး၊ ဖတဆိုး) လေးများ မိဘပိုင်အိမ်ထဲဝယ် ငုတ်တုတ်ကျန်နေခဲ့ကြပြီပမာ. . . အတိတ် အတိတ်တို့က အစွဲမှိဖြင့်မြူခဲ့ဖူးသော အကုသိုလ်ကံပေါင်းများ၊ အတိတ် အတိတ်တို့က အမျှော်ဖြင့်ပြုခဲ့ဖူးသော ကုသိုလ်ကံပေါင်းများ. . . ယင်းတို့သည် မင်္ဂသတ္တိ၏ အမိန့်မနာခံကြဘဲ သညာကန္ဓာကြီးရုံး သည်းခြေအိမ်ထဲဝယ် မျက်စိသူငယ်နားသူငယ်ဖြင့် ငုတ်တုတ်ကျန်နေရစ်ကြပြီ။ မင်္ဂသည် လက်လှမ်းမီ (ပစ္စုပ္ပန်ရှိ) အကုသိုလ် (ကုသိုလ်) များကိုသာ ပယ်သတ်သွားသောကြောင့် သို့မဟုတ် . . .

မင်္ဂကုသိုလ်ကလည်း သူ့အလုပ် သူလုပ်၊ သူ့လမ်း သူသွားသည်။

အကုသိုလ်ကလည်း သူ့အလုပ် သူလုပ်၊ သူ့လမ်း သူသွားမည်။

သည်တွင် ချောင်းရေနှင့်ကန်ရေ ရေချင်းတူသော်မှ မရောသည့်ပမာ. . . စေတနာမှဖြစ်သော ကုသိုလ်၊အကုသိုလ် များလည်း မရောနှောကြ။

ဤနေရာ မင်္ဂကုသိုလ်မဟုတ်သေးသော ကုသိုလ်နှင့် အကုသိုလ်တို့ မရောနှောပုံကို . . .

တစ်ခါက သာဝတ္ထိပြည် ကောသလဘုရင်ကြီး၏မိဖုရား မလ္လိကာသည် ယခုပစ္စက္ခဘဝမှာပင် ကောင်းမှုမြောက်မြားစွာ ပြုစုထားပါသည်။ အသဒိသအလှူတော်ကြီးကိုပင် ဦးစီးကျင်းပခဲ့သူ ဖြစ်ပါသည်။ ထိုအားလုံး စေတနာကြီးစွာ ကြိုတင်စဉ်းစားပြီးပြုထားသည့်ကောင်းမှုချည်းသာ. . .။ တစ်နေ့ ထိုမလ္လိကာသည် မမျှော်လင့်ဘဲ မကောင်းမှုတစ်ခု ရလိုက်ပါသည်။

ယင်းမှာ. . . နန်းတော်ကြီးအနီးရှိ ရေချိုးရုံတော်ကြီးအပေါက်ဝဝယ် ကုန်းကုန်းကွကွဖြင့် ခြေဆေးနေပါသည်ကို သုနခ(ခွေး)အမည်ရှိ စိတ်ကျပ်မပြည့်သူက အထာပေါက်ကာ နောက်မှနေဓာတ်လိုက်သွေး သွင်းပေးပါသည်။ မလ္လိကာကလည်း မသိကျိုးကျွန်ပြုကာ အသာအယာပင် ငြိမ်ခံနေလိုက်ပါတော့သည်။ ယင်းကို နန်းတော်လေသာပြတင်းပေါက်၌ရပ်နေသော ကောသလမင်းကြီး မြင်သွားရာ ထိုမလ္လိကာ နန်းတော်ပေါ် ရောက်လာသည်နှင့်. . .

“ဟဲ့-အယုတ်တမာမ၊ နင်ပျက်စီးလေတော့။ ဟဲ့ - အယုတ်တမာမ သင်သည် နန်းကြီးနှင့်မထိုက်တန်တော့”

သို့ အမျက်တော်ရှ အချစ်ဆုံးက အမုန်းဆုံးစကားဟတော်မူသည်နှင့် မလ္လိကာ . . . “ငါ့အကြောင်း သူသိသွားပါပြီကော”ဟု အတပ်သိ၏။

သို့တစေလည်း မလ္လိကာသည် အချစ်လည်းမဆုံးလို၊ အပြစ်လည်းဖုံးလိုရကား ဘုရင့်စကားဘာကြောင့်ဆိုသည်ကို မသိလေဟန်ထား၍. . .

“အရှင်မင်းကြီး၊ ဘာကိုရည်ရွယ်ပြီး သည်စကားများဆိုပါသလဲ. . .”

လက်အုပ်ကလေး ချီကာချီကာဖြင့် သံတော်ဦးတင်လိုက်၏။

“ဟယ်-အယုတ်တမာမ. . . နင်ရေထမ်းသမား သုနခနဲ့ ပျော်ပါးနေတာ ငါ့မျက်မြင်ပဲ။ နင်ဟာ အယုတ်တမာမ၊ နင်ဟာ နန်းနဲ့မထိုက်တန်တော့။ နင်ဟာ ပျက်စီးလေတော့”

သို့အပြစ်တင်လိုက်ရာ. . . သည်မှာတွင် မလ္လိကာက (လျှပ်တစ်ပြက်) အကွက်ဆင်လိုက်ပါသည်။

“အရှင်မင်းကြီး၊ မည်သူဖြစ်ဖြစ် ထိုသို့ ရေချိုးခန်းဝင်နေစဉ် ဤသို့ ပြတင်းပေါက်မှနေကြည့်သော် တစ်ယောက်တည်းကပင် နှစ်ယောက်ကိုထင်ရတတ်ပါသည်။ မယုံပါလျှင် အရှင်မင်းကြီးကိုယ်တိုင် ရေချိုးရုံတော် ဝင်ကြည့်ပါ။ အကျွန်ုပ်ကိုယ်တိုင် ဤလေသာပေါက်ကနေ လှမ်းကြည့်ပါမည်”

ဆိုလိုက်ရာ ရာဇမာန်ထန်၍ ဉာဏ်မြှုပ်နေသော ဘုရင်ကြီးသည် မလ္လိကာအဆို အလိုလိုက်ကာ ရေချိုးရုံတော်ထဲဆင်းသွားရပါသည်။ တစ်ဖန် နန်းတော်သို့ ပြန်တက်လာသောအခါတွင်ကား ဉာဏ်နီမ မလ္လိကာသည် ကောသလမင်းကြီးအား လက်ညှိုးငေါက်ငေါက်ထိုး၍ -

“အရှင်မင်းကြီး၊ ဤနန်းတော်ထဲမှာ အရွယ်အမျိုးမျိုး၊ အနုအလှအဖုံဖုံ၊ အယုအယအစုံစုံရှိတဲ့ လူမိဖုရားပေါင်းမြောက်မြားစွာရှိနေပါလျက်က ဘာကြောင့် ရေချိုးရုံထဲသွား ဆိတ်မကြီးနဲ့ ပျော်ပါးနေရပါသလဲ. . .”

သည်သို့ မလ္လိကာက ဒေါထန်ထန် မာန်ပါပါဖြင့် ဒုတိယမွှ လိမ်လိုက်သောအခါ. . . ကောသလမင်းကြီးသည်-

“အဟော်. . . သည်နေရာရောက်သည်လို မျက်စိမှောက်တတ်တာဘဲကိုး” ဖြင့် မလ္လိကာအပေါ် အချစ်တော်ဝင်မြဝင်ပါတော့သည်။

သို့တစေလည်း မလ္လိကာသည် ဘုရင်ကိုလိမ်မိသော သူ့ညာလိမ် သူသိပြီးဖြစ်နေရကား မကောင်းပြစ် (စိတ်ထဲဝယ်) နှင့်ခနဲ့ဖြစ်သွားစေခဲ့ပြီ။ ဘာ့ကြောင့်။ ငါ့အကြောင်း ဘုရားနှင့်အရိယာကြီးများ ကောင်းကောင်းသိသွားကြပြီ ဆိုသော မလုံတွေး သွေးတိုးလိုက်ခြင်းကြောင့်။

ထိုစဉ်. . . လျှပ်တစ်ပြက် အတွေ့မက်စေတနာနှင့် ရုတ်တရက် ဖြတ်ထိုးသုံး လော်မာဉာဏ် ညားသွားကြလေပြီ။

ထို မလ္လိကာမိဖုရားကြီးသည် ဘုရင်ထက် လူ့ပြည်အရောက်နောက်ကျ၍. . . ဘုရင်ထက် လူ့ပြည်မှအလျင်



www.burmeseclassic.com

www.burmeseclassic.com

ထွက်ရသူဖြစ်၏။ သို့မဟုတ် ဘုရင်ထက် အသက်ငယ်၍ စောစီးစွာ (နတ်၊ ငရဲ) ပွဲဝင်သွားရလေရှာသူ။

ထိုမလ္လိကာမိဖုရားကြီး ကံတော်ကုန်သောအခါ . . . လျှပ်တစ်ပြက် အတွေ့မက်နှင့် ရုတ်တရက်လိမ်ညာမိသော စေတနာကြောင့် အဝီစိငရဲသို့ ၇-ရက်တာမျှကျရောက်ခံစားရပါသည်။ ကုသိုလ်က အကုသိုလ်ကို မသုတ်သင်နိုင်ကြောင်း၏သာဓကတည်း။

တစ်ဖန် ထိုအဝီစိငရဲမှကျွတ်လွတ်သွားချိန်တွင် ရေသိတာနတ်ဘုံတွင်သွားရောက်ကာ (အဒိသအတုမဲ့အလှူ၏ အကျိုးဆက်အဖြစ်) ခံစားခွင့်ရပြန်ပါသည်။ ပြာဖုံးခံထားရသောမီးခဲ ပြာလွင့်ချိန်ထတောက်သည့်ပမာ. . .။ ကုသိုလ်ကို အကုသိုလ်က မတားဆီးနိုင်ကြောင်း၏ သက်သေတည်း။

ဤသို့ ရည်ရွယ်သော အကုသိုလ်ကား အတိတ်အတိတ်က အကုသိုလ်များတည်း။

ရှေးအတိတ်က ပြုခဲ့ဖူးသော အကုသိုလ်များလည်း အမြောက်အမြားရှိ၏။

ရှေးအတိတ်က ပြုခဲ့ဖူးသော ကုသိုလ်များလည်း အမြောက်အမြားရှိခဲ့၏။

ယင်းတို့သည် ချောင်းရေနှင့်ကန်ရေများပမာ တစ်သန့်စီ တစ်ကန့်စီ (အရှိန်ဖြင့်) နောက်ယောင်ခံ လိုက်ပါနေကြသည်ကို သတိပြုပါ။

ဤသို့ သိစေလိုသည်မှာ -

သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ အညောနညံ ဝိသော ဓယေ. . .

စကားတော်အရ ဓာတ်ဖြစ်ဉာဉ်နှင့် ဇာတ်ဖြစ်ဉာဏ်တို့မှထဖြစ်ကြသော မကောင်းအကုသိုလ်နှင့် ကောင်းမှုကုသိုလ်တို့သည် မည်သူက မည်သူ့ကိုမျှ မတားဆီး မသုတ်သင်နိုင်ကြ။

တစ်ဖန် ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့သည်လည်း သူတို့ကိစ္စ သူတို့ပြုမူကြ၍ သူတို့အာရုံ သူတို့ယူ အောင်လံထူသွားကြပြီး ဓာတ်သွေးတို့ကလည်း သူ့သဘာဝအရ အပူလွန်ခြင်း၊ ပူခြင်း၊ နွေးခြင်း အေးခြင်းတို့ ဖြစ်ပေါ်စေကြသည်။

တစ်ဖန် သွေးမှီ ဉာဉ်စိတ်များသည်း အရိုင်းမှယဉ်လာခြင်း၊ အယဉ်မှ နူးလာခြင်း၊ အနူးမှညံ့သက်လာခြင်းများ သဘာဝမှီခိုအလိုလိုဖြစ်ပွင့်လာကြခြင်း တို့ သို့ ဖြစ်ပွင့်လာခြင်းများသည် ပြောင်ဦးက ကမ်းပါးအပြို စမ္ဗာနဂိုကြီးကြီး ပေါင်ကျိုးသည့်ပမာ. . .

သတိ၏ သူ့ရှုကွက်သို့ သူ့အမှတ်ဇယ်ခက်သလို မှတ်နေခြင်းဖြင့်. . .၊

အသိ၏ အမှတ်ပြုရာ သူ့အရှိသူ့အလိုလို အသိပေးနေခြင်းဖြင့်. . .၊

စိတ်ဝီရိယ၏ ရှုကွက်နှင့်ရှုချက်မျက်နှာချင်းဆိုင်ရန် ကြောင့်ကြစိုက်ပေးနေခြင်းဖြင့် . . . ဉာဉ်သိလည်း မတွေးမပြေး ဘာကိုမှ အရေးမဆိုတော့ခြင်းပင်။ ဓာတ်သွေးလည်း မဆူမပွက် ဘယ်လိုမှ အငွေ့ပျံ မတက်တော့ခြင်းပင်။

တစ်ဖန် ထိုဉာဉ်သိ ဓာတ်သွေးတို့ မတွေး မပျံ့ခြင်းနှင့်အတူ. . . သွေးအေးခြင်း၊ သွေးတည်မှ အကြည်ဓာတ်ဖြစ်ပွင့်လာခြင်း၊ ဉာဏ်သိဝင်လာခြင်း၊ ဓာတ်ငွေ့များ တစ်စတစ်စပျက်ပြယ်သွားခြင်း၊ ဓာတ်ကြောကြီး ပြတ်တောက်သွားခြင်းများကလည်း သူ့သဘာဝနှင့်သူ ဖြစ်ပွင့်လာကြခြင်းပင်။

သည်သို့ သွေးအေးခြင်း စသည်ဖြစ်ပွင့်စေရာမှ ဓာတ်ကြောကြီးပြတ်တောက်သွားခြင်းနှင့်အတူ ဉာဉ်ဖြစ်ကိလေသာများ ဆိတ်သုဉ်းသွားတော့ခြင်းသည်. . . သရက်ပင်ကြီးပြိုလဲရာ၌ . . . သီးဆဲ သရက်သီးများ ပင်ကိုင်းများနှင့်အတူ ပါသွားတော့လေသတည်း ပမာ. . . ခန္ဓာ၌ဖြစ်ဆဲ ကိလေသာများသာ ဓာတ်ကြောကြီးနှင့်အတူ ပြတ်ကျသွားခဲ့ပါသည်။ ယခင် ဖြစ်ပွင့်ပြီးသော အစွဲများ ပါမသွားကြပါ။ ယင်းကို . . .

ဘုရားရှင်၏ ဝိပါက်တော်များကလည်း သက်သေခံနေကြပါသည်။

အရှင်မောဂ္ဂလာန်၏ ဝိပါက်တော်ကလည်း သက်သေခံလျက်ရှိနေပါသည်။

လောသကတိဿ၏ဝိပါက်တော်ကလည်း သက်သေခံလျက်ရှိနေပါသည်။

ထိုအရှင်မြတ်သည်. . . ဝိပဿနာမဂ်ဖိုလ်တို့ဖြင့် ဓာတ်သုဉ်းသွားပြီအထိ ရှုမှတ်နိုင်သဖြင့် ရဟန္တာအရှင်မြတ်ကြီးအဖြစ် ဂေဇက်ဝင်သွားပါ၏။ သို့တိုင်လည်း တစ်ခါက တစ်ခုသော ကျောင်းထိုင်ဘုန်းကြီးဘဝတွင် သူ့ကျောင်းလာတည်းသောရဟန်း (ရဟန္တာ) အား ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ (လူဝန်တို၊ ပစ္စည်းဝန်တို) စိတ်ဖြင့် လာဘ်တိတ်အောင်လုပ်ခဲ့ဖူးပါသည်။ ထိုလာဘ်တိတ်အောင်လုပ်ခဲ့ဖူးသောအကုသိုလ်စေတနာဟောင်းကို ဤမဂ်ရအောင်ပြုကျင့်သောဘာဝနာကုသိုလ်သစ်ကြီးများက ဖျက်ဆီးနိုင်စွမ်းမရှိရကား. . . ဤရဟန္တာဘဝတွင်. . .

ထို ရဟန္တာကြီး ဆွမ်းဝဝလင်လင်မစားရပါ။

ထို ရဟန္တာကြီး အထောက်ပံ့ကောင်း ဒကာရင်း မရှိပါ။

ဤကား ယခင်ဖြစ် အကုသိုလ်အား ယခုပွင့် မဂ်တို့က မပယ်နိုင်ခြင်း၏ သင်္ကေတ။

သို့ကြောင့် ထိုသည့်သင့်အား ဤနေရာမှနေ ငါတို့အကြံပြုလို၏။

ယင်းကား. . . သည်သည်ဓာတ်ကို ဓာတ်အတိုင်းထား၍ ကံဖြစ်အကုသိုလ် (ကုသိုလ်) တို့ကို ပြုလုပ်နေမည့်အစား . . . ဓာတ်ကို သောဘဏစေတသိက်တို့အကူညီဖြင့် ဉာဉ်မှနေဉာဏ်သို့ ပြောင်းရွှေ့ပေးကာ သမထဝိပဿနာ မဂ်ဖိုလ်ပညာကုသိုလ်စစ်ပြုလုပ်ပါလေ. . .။

သမထဝိပဿနာ မဂ်ကုသိုလ်ဖိုလ်ကုသိုလ်တို့သည်. . . ဓာတ်သက်ကို ချေ၍ ဇာတ်သက်ဖြင့် ကုသိုလ်စစ်ဖြစ်ခွင့်ရသောကြောင့်၊ တစ်ဖန် ဓာတ်သက်များကျေ၍ ဇာတ်သက်ဖြင့် ကံဆုံးရာမြေ ခြေချနိုင်သောကြောင့်. . .။

- အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာဝ ကိလိဿတိ၊
  အတ္တာဘ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ၊
  သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နညော မညံ ဝိသော ဓယေ။ ။
  မိမိပြုသော မကောင်းမှု မိမိ၌သာ ရစ်ဝဲနေပါအံ့။
  မိမိပြုသော ကောင်းမှု မိမိကိုသာ ပြန်လည် ပြုစုနေပါမည်။
  ထိုစဉ်. . .

ကောင်းမှုကြောင့် ဖြစ်သော စင်ကြယ်မှုကလည်း သူ့နယ်နှင့်သူ သီးခြားတည်း။

မကောင်းမှုမှဖြစ်သော မစင်ကြယ်မှုကလည်း သူ့နယ်နှင့်သူ သီးခြားတည်း။

လူတစ်ကိုယ်ကောင်းမျိုး၊ မကောင်းမျိုး အစွယ်နှစ်ချောင်းထိုးနေသော်မှလည်း . . . တစ်ခုကတစ်ခုကို သုတ်သင်နိုင်ခြင်း အလျှင်းမရှိကြပါ။

*၁၃၇၅-ခုနှစ်၊ နတ်တော်လပြည့်၊*
*အင်္ဂါနေ့။*
*သာသနာ့ဝုဒ္ဓိကျောင်းတော်၊*
*ဧဥ ယျမ်မေ်တော။*

မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ

**{ဆရာဦးစိန်လှိုင် (ကျိုက်လတ်) ရှာဖွေ စုဆောင်း ပူဇော်သည်}**

ကျွန်ုပ်သည် ဇူလိုင်လ ၂၂ ရက်မှစတင်၍ ခါးကျောဝေဒနာကြောင့် အကြောအရိုးကု မြန်မာဆေးဆရာရှိရာ ကျောက်မြောင်းရပ်ကွက်ထံရောက်ခဲ့ရပါသည်။ ဆရာ၏ထုနှက်ကုသမှုကို ခံယူပြီး မိမိမြို့သို့ ချက်ချင်း ပြန်ရောက်ခဲ့၍ မကြာမီ ကျွန်ုပ်၏ ခန္ဓာခါးအောက်ပိုင်းမှ အေးစက်ပြီး ကျွန်ုပ်လည်း သတိလစ်သလိုဖြစ်နေ၍ တပည့်များက ကားငှားကာ ဖျာပုံ ဧရာဝတီဆေးခန်းသို့ပို့ဆောင်ပေးကြ သည်။

ဧရာဝတီဆေးခန်းမှ ဆေးဆရာမကြီးနှင့် အရိုးအကြောအထူးကုကို ခံယူ၍ တစ်ပတ်ခန့်ကြာ ကုသသော်လည်း အနည်းငယ်သာ သက်သာ၍ မြန်မာအကြောဆရာများနှင့် ကုသတော့မှ ပို၍ဆိုးလာပါတော့၏။ နေရာမှ ကိုယ်တိုင်မထနိုင်၊ လူတွဲထရပါသည်။ ယခု စာရေးနေသောအချိန် ကျွန်ုပ်သည် အောက်တိုဘာလ ၂၇ ရက်က အိမ်ထဲတွင် တစ်ဦးတည်းသတိလစ်နေသည်။ တပည့်များကတွေ့ရှိပြီး ကားနှင့်ကျိုက်လတ်ဆေးရုံသို့ပို့ပေး၏။ ကျိုက်လတ်ဆေးရုံမှဆင်း၍ (၂)ရက်မြောက်တွင် ဤဆောင်းပါးအား စတင်ရေးသားခြင်း ဖြစ်ပါသည်။

ကိုယ်တိုင် မထနိုင်မသွားနိုင်၍ လူတွဲ၍သွားရပါသည်။ ဘယ်မှမသွားရ၊ မလာရနှင့် အိမ်တွင်းမှာပင် ခေတ္တထိုင်လျှောင်းနှင့် (၃) လကျော်မျှရှိပြီဖြစ်ရာ အိမ်ထဲမှာတစ်ယောက်တည်းနေရသည်နှင့် စာအုပ်ဟောင်းများကို ရှင်းလင်းရာမှ တန်ဖိုးမဖြတ်နိုင်အောင် ရှားပါးလှသော လက်တစ်ဖဝါးခန့် စာအုပ်ငယ်တစ်အုပ်ကို တွေ့ရှိရပါသည်။ အမည်မှာ 'ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ'ဖြစ်ပါသည်။ ရေးသားသူမှာ မြန်မာစာပေ ပညာရှိ ဆရာကြီး ဒဂုန်ဦးထွန်းမြင့် ဖြစ်၏။

ဤစာအုပ်ငယ်၏ သက်တမ်းမှာ ၁၃၂၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ လဆန်း ၁၅ ရက် တောင်ကြီးမြို့ အစိုးရဌာနပေါင်းစုံ နဝမအကြိမ် ကထိနဒါနအဖြစ် ထုတ်ဝေခဲ့သော အမှတ် (၃) ဖြစ်ပါသည်။

စာအုပ်၏ နိဒါန်းတွင် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က ဤသို့ရေးသားခဲ့ပါသည်။

ဤစာအုပ်လေးသည် တောင်ကြီးမြို့ အစိုးရဌာနပေါင်းစုံ နဝမအကြိမ်မြောက် ကထိနမင်္ဂလာအဖြစ်ဝေငှရန်အတွက် တောင်ကြီးမြို့ တောင်ကြီးခရိုင်ဝန် ဦးဘရီ၏ တိုက်တွန်းချက်အရ ရေးသားလိုက်သော စာအုပ်ကလေး ဖြစ်ပါ၏။

မြတ်စွာဘုရား၏ တရားဒေသနာတော်များကို အပြည့်အစုံမဖတ်နိုင်သေးသောသူများ၊ ဘာသာရေးတွင်အားနည်းသူများ ဖတ်ရှုထားရန်နှင့် သင့်လျော်သည့်သဘောနှင့် သုတ်နှစ်ဆယ့်သုံးသုတ်ကို သင့်လျော်သောစာခေါင်းစဉ်ကလေးများကပ်ကာ မြန်မာဘာသာသို့ ပြန်ဆိုရေးသားထားပါသည်။ ယင်းသို့ ရေးသားရာ၌လည်း အချို့သုတ်များကို တစ်သုတ်လုံးပြန်ရေးသား၍ အချို့သုတ်များကိုကား ဖတ်ရှုထားနှင့်ဖို့ကောင်းသော စကားကိုသာ ထုတ်နုတ်၍ရေးသားထားပါသည်ဟု လူအများ နားလည်အောင် ပြန်ဆိုခြင်းဖြစ်သဖြင့် ပါဠိတော်အတိုင်း လုံးစေ့ပါဌ်စေ့ပြန်ဆိုထားသည်ဟု မဆိုနိုင်သော်လည်း လိုအပ်သော စကားများကိုသာ ပြည့်စုံစွာ ပြန်ဆိုထား၏။

ကျွန်ုပ်သည် ဤအဖိုးတန်လှသောစာအုပ်ကလေးကို သေသေချာချာ ဖတ်ရှုလေ့လာသည်။ စာအုပ်ကလေး ငယ်သလောက် တန်ဖိုးကား မသေးလှ။ စာအုပ်သက်တမ်းကား အနှစ်(၅၀)ကျော်ပြီ ဖြစ်၏။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များသည် လောကသုံးပါးအတွက် အရေးအကြီးဆုံးသော တရားတော်များ ဖြစ်၏။

(ခန္ဓဝဂ္ဂသံယုတ်၊ ၅ ပုပ္ဖဝဂ်၊ ၂ ပုပ္ဖသုတ်)

### □ ငါဘုရားဘာတဲ့တတ်နိုင်မည် နည်း...

ရဟန်းတို့ ငါဘုရားသည် လောကနှင့်မငြင်းခုံ။ လောကသားတို့ကသာ ငါဘုရားနှင့် ငြင်းခုံနေကြသည်။ ရဟန်းတို့ တရားအတိုင်းဆိုလေ့ရှိသော ဓမ္မဝါဒီ ပုဂ္ဂိုလ်သည် လောက၌ မည်သူတစ်စုံတစ်ယောက်နှင့်မျှ မငြင်းခုံချေ။

ရဟန်းတို့၊ လောက၌ ပညာရှိတို့က မရှိဟု သမုတ်ထားသောတရားကိုလည်း ငါဘုရားကလည်း မရှိဟု ဆို၏။ လောက၌ ပညာရှိတို့က ရှိသည်ဟု သမုတ်ထားသောတရားကို ငါဘုရားကလည်း ရှိသည်ဟုပင်ဆို၏။

ရဟန်းတို့ မြဲမြံခိုင်ခံ့တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသောရုပ်ဒည် လောက၌ မရှိဟု ပညာရှိတို့က သမုတ်ထား၏။ ငါဘုရားကလည်း ထိုရုပ်မျိုး မရှိဟူ၍ပင်ဆို၏။ မြဲမြံခိုင်ခံ့တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော ခံစားမှု ဝေဒနာ၊ မှတ်သားမှု သညာ၊ ပြုစီရင်မှု သင်္ခါရ၊ သိမှု ဝိညာဏ်သည် လောက၌မရှိဟု ပညာရှိတို့က သမုတ်ထား၏။ ငါဘုရားကလည်း ထိုဝေဒနာမျိုး၊ ထိုသညာမျိုး၊ ထိုသင်္ခါရမျိုး၊ ထိုဝိညာဏ်မျိုး မရှိသည် ဟူ၍ပင် ဆို၏။

ရဟန်းတို့ လောက၌ပျက်စီးတတ်သော သဘောရှိသည့်တရားသည်ရှိ၏။ ထိုတရားကို ငါဘုရားသည်၊ ကိုယ်တိုင်သိ၏။ ထိုးထွင်း၍ သိပြီး၍ ထိုတရားကို ဟောပြော၏။

အဘယ်တရားနည်း ဆိုသော် လောက၌ ရုပ်သည် ပျက်စီးတတ်သောသဘောရှိသည့် တရားတည်း။ ခံစားမှုဝေဒနာသည် ပျက်စီးတတ်သော သဘောရှိသည့်တရားတည်း။ ပြုပြင်စီရင်မှု သင်္ခါရသည် ပျက်စီးတတ်သော သဘောရှိသည့်တရားတည်း။ သိမှု ဝိညာဏ်သည် ပျက်စီးတတ်သော သဘောရှိသည့်တရားတည်း။

ထိုရုပ်ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို ငါဘုရားသည် ကိုယ်တိုင်သိ၏။ ထိုးထွင်းသိ၏။ ကိုယ်တိုင်သိပြီး၍ ထိုထွင်း၍ သိပြီး၍ ဟောပြော၏။ ပညတ်၏။ အသိဉာဏ်ဝ၌တင်ပေး၏။ ဖွင့်ပြ၏။ ဝေဖန်ပြ၏။ ပေါ်လွင်အောင်ပြု၏။

ရဟန်းတို့ အကြင်သူသည် ယင်းသို့ ငါဘုရားဟောပြောသော်လည်း ပညတ်သော်လည်း၊ အသိဉာဏ်ဝ၌တင်မေးသော်လည်း ဖွင့်ပြသော်လည်း ဝေဖန်ပြသော်လည်း ပေါ်လွင်အောင်ပြုသော်လည်း မသိမမြင်ပေ။

ရဟန်းတို့၊ ဉာဏ်မျက်စိမရှိ၍ မသိမမြင်သည့် ထိုအန္ဓဗာလပုထုဇဉ်တို့ကို ငါဘုရား အဘယ်သို့ ပြုလုပ်နိုင်မည်နည်း။

(ခန္ဓဝဂ္ဂသံယုတ်၊ ၅ ပုပ္ဖဝဂ်၊ ၂ ပုပ္ဖ သုတ်)

မြတ်ဗုဒ္ဓ၏
တရားအလင်းရောင်ပါစေသော်
ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ကံ့ဝင်း

အမှတ်(၄)


ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

ထူးထူးခြားခြားတည်

# ကမ္ဘာငြိမ်းချမ်းရေး ကမ္ဘာအေးစေတီ

မြန်မာနိုင်ငံ၌ ကမ္ဘာငြိမ်းချမ်းအေးချမ်းသာယာပါစေ ဟူသော ဆုတောင်းသမှု အဓိဋ္ဌာန်ပြုပြီး မည်သို့သော စေတီဘုရားများနှင့်မတူ တစ်မူထူးခြား စေတီတည်ထားတော်မူသော ထူးထူးခြားခြား စေတီတစ်ဆူကို ဖူးတွေ့ရပါသည်။

ထိုထူးထူးခြားခြားတည် စေတီတော်ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် သီရိမင်္ဂလာကုန်းမြေမဟာတွင် တည်ထားတော်မူပါသည်။ သီရိမင်္ဂလာကုန်းတော်မဟာတွင် တည်ထားတော်မူခြင်းကြောင့် ဘွဲ့တော်ကို သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဟု တွင်တော်မူပါသည်။ခေတ်မီဗိသုကာပညာရပ်များနှင့်အညီ သံထုပ်တန်းကြီးများဖြင့် စေတီတော်အတွင်းဘက်၌ လိုဏ်ဂူသဖွယ် ဌာပနာတိုက်တည်ထားသည်ကို ဖူးတွေ့ရပါသည်။ မြန်မာပြည်အရပ်ရပ် စေတီတော်များတွင် မုခ် (၄) မုခ်သာ အတွေ့များသော်လည်း ကမ္ဘာအေးစေတီတော်တွင် မုခ်ငါးမုခ်ထားရှိသည်ကို တွေ့ရပါသည်။ မုခ်ငါးမုခ်နှင့်အတူ ဒီပင်္ကရာဘုရား၊ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရားမြတ်ကြီး(၅)ဆူကိုလည်း ကိုးကွယ်ပူဇော်ထားရှိသည်ကို ဖူးမြင်ရပါသည်။ စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ (၇၈) တောင်၊ (၂) မိုက်ရှိပါသည်။ လုံးပတ်တော်မှာ (၂၂၅) ပေ ဖြစ်ပါသည်။



### ■ ဆုတောင်းပြည့်ဘော်ဆင်းတုတော်ကြီး

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဓာတ်တော်တိုက်အတွင်း အလွန်တရာမှကြည်ညိုဖွယ်ကောင်းသော ဘော်ဖြင့် သွန်းလုပ်ထားသည့် ဘော်ဆင်းတုတော်ကြီးတစ်ဆူ တည်တော်မူပါသည်။

ဘော်ချိန်ဘော်သားအချိန် (၃၃၃) ပိဿာကုန် သွန်းလောင်းပြီး ဉာဏ်တော်မှာ (၈) ပေရှိပါသည်။ မြန်မာပြည်၌ အကြီးဆုံးဘော်ဆင်းတုတော်ကြီးဟု လေ့လာတွေ့ရှိရပါသည်။ ဘွဲ့တော်မြတ်ကို သီရိမင်္ဂလာမဟာဇိနိန္ဒဘော်ဆင်းတုတော်ဟု ဘွဲ့အမည်တွင်တော်မူပါသည်။



ဓာတ်တော်တိုက်အပြင်နံရံအထက်ပိုင်းရှိ နှစ်ကျိပ်ရှစ်ဆူဘုရားများ

www.burmeseclassic.com

www.burmeseclassic.com



ကကုသန်မြတ်စွာဘုရား



ကောဏာဂုံမြတ်စွာဘုရား



ကဿပမြတ်စွာဘုရား





စေတီအပြင်နံရံ၌ ဝန်းရံထားသော ရပ်တော်မူဘုရားများ



ရင်ပြင်တော်ရှိ တံခွန်တိုင်

ထိုဆုတောင်းပြည့်ဘော်ဆင်းတုတော်ကြီးအား ဘုန်းတန်ခိုးသိတင်းကြီးမားလှသဖြင့် ဝင်ရောက် ဖူးမြော်သောအခါ စာရေးသူတို့ ရောက်သွားချိန်တွင် ရွှေသင်္ကန်းကပ်ရန် ငြမ်းဆင်ပြီး စစ်စီး (အောက်ခံဆေး) သုတ်ထားခြင်းကြောင့် ကောင်းစွာ မှတ်တမ်းတင်ခွင့်မရခဲ့ပါ။

သီရိမင်္ဂလာဇိနိန္ဒဆုတောင်းပြည့်ဘော်ဆင်းတုတော်ကြီးရှေ့တွင် စိတ်ကြံသမျှ အဓိဋ္ဌာန်ပြု ဆုတောင်းပါလျှင် ဆုတောင်းအလွန်ပြည့်ကြောင်းကြားသိရပါသည်။ နေ့စဉ် ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူဒါန်းပြီး ဘော်ဆင်းတုတော်ကြီးရှေ့တွင် ပဥ္စသီလ (ငါးပါးသီလ) ခံယူ၊ ဂုဏ်တော် (၉) ပါးပွား၊ ပြုသမျှကုသိုလ်တွေ မေတ္တာပို့သ မျှတပေးဝေ နေ့စဉ် အမျှဝေပါက မကြာကာလတွင် ဇောက်မှချ ဆုတောင်းပြည့်ကြပါသဖြင့် မသိသူ ကျော်သွား သိသူဖော်စား အကျိုးများကြပါသည်။


စီးပွားရေးလုပ်ငန်း မပွင့်မလန်းနှင့် ဘဝမှာ ခပ်နွမ်းနွမ်းဖြစ်နေသူများ ဆုတောင်းပြည့်ဘော်ဆင်းတုဘုရားကြီးမှာအဓိဋ္ဌာန်ဝင်ကြသောအခါ လန်းလန်းဆန်းဆန်း အဆင်ပြေသွားကြ၏။ ဈေးရောင်းမကောင်းသူများ ဈေးရောင်းကောင်းလာကြ၏။ စာမေးပွဲဖြေဆိုကြမည့်ကျောင်းသူကျောင်းသားများ ဘော်ဘုရားကြီးဖူးပြီးနောက်ပိုင်း စာကျက်ရသည်မှာ လွယ်ကူစွာ စာကျက်စာရ၍ စာမေးပွဲ ကောင်းစွာ ဖြေဆိုအောင်မြင်ကြလေ၏။ မိမိတို့ဘဝဖြတ်သန်းရာခရီးတစ်လျှောက်မှာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည်ဖြင့် ကိစ္စအဖြာဖြာတို့၌ အခက်အခဲတစ်ရပ် အကျပ်တည်းဆိုက်နေကြပါလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးဘုရားဖြစ်သော ကမ္ဘာအေးဘုရားကိုသွား ဆုတောင်းပြည့် ဘော်ဆင်းတုတော်ရှေ့အရောက်တွင် အပူသောကများ အေးချမ်းသွားကြောင်း ကိုယ်ရေးကြုံ လက်တွေ့ခံစား ဓမ္မမိတ်ဆွေများက သတင်းစကားပေးကြပါသဖြင့် ကြားသိသမျှအများအကျိုးရှိအောင် ရေးသား တင်ပြအပ်ပါသည်။

**❑ နှစ်ကျိပ်ရှစ်ဆူဘုရားရုပ်ပွားတော်များ**


သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးကို ၁၃၁၃ ခု၊ တပေါင်းလဆန်း ၁၀ ရက်၊ (၅-၃-၁၉၅၂) ခု ဗုဒ္ဓဟူးနေ့တွင် တည်ထားမှုပြီးစီး၍ သံဃာတော်အရှင်မြတ်(၁၀၈)ပါးတို့မှ ဗုဒ္ဓါဘိသေက

www.burmeseclassic.com


www.burmeseclassic.com



မြတ်ဘုရားရှင်နှင့် ရဟန္တာနှစ်ပါးဓာတ်တော်များ



ပါဒစေတီတော်အား သံကူများဖြင့် ကာရံထားပုံ



ကမ္ဘာအေးစေတီတော်ရင်ပြင်တော်စောင်းတန်း

[illegible]ဇာတင်တော်မူခဲ့ပါသည်။

[illegible]မင်္ဂလာကမ္ဘာအေးစေတီတော် [illegible]၏ အတွင်းပိုင်းတွင် ခေတ်မီ [illegible]စွာတည်ထားသောဓာတ်တော် [illegible]ကြီး၏ အပြင်နံရံအထက်ပိုင်းပတ်လည်တွင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်များ သီတင်းသုံးတော်မူနေပါသည်။ ထိုနှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားများသည် ဉာဏ်တော် (၃၃) လက်မစီ ရှိတော်မူ၍ သစ်သားတို့ဖြင့် ထုလုပ်ထားသော ရုပ်ပွားတော်မြတ်များကို ကြည်ညိုဖွယ် ဖူးတွေ့မြင်ကြရမည်ဖြစ်ပါသည်။

**□ ထူးထူးခြားခြားရုပ်တော်မှုဘုရား**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် တည်ထားသည်မှာ ထူးခြားဆန်းပြားသည်ကို ဖူးမြင်ကြရမှာဖြစ်ပြီး အေဒီ ၂ ရာစုမှ ယနေ့မျက်မှောက်ခေတ် ၂၀ ရာစုခေတ်အထိကာလတစ်လျှောက်တွင် မုဒြာ (၁၁) မျိုးဖြင့် ခေတ်အဆက်ဆက်သွန်းလုပ်ပူဇော်ထားရှိခဲ့ကြသော ဗုဒ္ဓဘာသာနိုင်ငံ (၁၄) နိုင်ငံမှ ရုပ်တော်မူ ထူးထူးခြားခြား ရုပ်ပွားတော်များ စုစုပေါင်း အဆူနှစ်ဆယ်တို့သည် စေတီတော်မြတ်ကြီး၏ အပြင်နံရံပတ်လည်တွင် ဖူးတွေ့မြင်ကြရမည် ဖြစ်ပါသည်။ ဉာဏ်တော်အမြင့်မှာ (၆)ပေ၊ (၆)လက်မစီဖြစ်ပါသည်။ လက်ရာများမှာ နိုင်ငံစုံမှဖြစ်၍ ထူးထူးခြားခြား ဖူးတွေ့မြင်ရပါသည်။

**□ စကျင်ကျောက်ပြားကြီးနှင့်ပူဇော် ပါဒစေတီတော်**

ဓာတ်တော်တိုက်အတွင်း လှည့်လည်ဖူးမြော်ကန်တော့ပြီးချိန်တွင် ကမ္ဘာအေးစေတီတော်ရင်ပြင်တော်သို့ ခြေချလိုက်သည်နှင့် ဦးစွာပထမ တွေ့မြင်ရသည်က ရင်ပြင်တော် အဂ္ဂိထောင့်မှ စိမ်းစိမ်းစိုစို သစ်ပင်ပျို၊ သစ်ပင်အိုများ၊ အရှေ့ဘက်နားတွင် စက်လက္ခဏာဆောင်တစ်ဆောင်ကိုမြင်လိုက်ရပါသည်။

မြတ်စွာဘုရားရှင်၏ (၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို မြန်မာ့အနုပညာ ကျောက်ဆစ်ပညာဖြင့် လက်ရာမြောက်စွာပြောင်ပြောင်မြောက်မြောက် ရုပ်ကြွထွင်းထုထားသော ပါဒစေတီတော်ကို ကြည်ညိုဖွယ် တွေ့မြင်ရပါသည်။ ထိုစကျင်ကျောက်ပြားကြီးသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှရရှိသည်ဟု ကြားသိရပါသည်။ ထိုပါဒစေတီတော်မြတ်၏ နောက်ကျောဘက်ရှိ ဗုဒ္ဓဝင်ပြခန်းကြီး၏နံရံ၌ သံဝေဇနီယလေးဌာန ပန်းချီကားကြီးများကလည်း လက်ရာအထူးကောင်းမွန်စွာ ဖူးတွေ့ရပါသည်။

**□ ရှုချင့်စဖွယ်ခမ်းနားဗုဒ္ဓဝင်ပြခန်းများ**


ပါဒစေတီတော်နှင့် ကပ်ရက်မှာရှိ မဟာဗုဒ္ဓဝင်ပြခန်းကြီးကိုလည်း လေ့လာနိုင်ကြပါသည်။ ဝါတွင်းသုံးသပတ်လုံး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တု


www.burmeseclassic.com

www.burmeseclassic.com

သိတနုတ်သားအား ကျေးဇူးဆပ်သောအားဖြင့် အဘိဓမ္မာတရားတော်တို့ကို ဟောကြားပြီးနောက် သီတင်းကျွတ်လတွင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ မြတ်စွာဘုရားရှင်ဆင်းသက်လာပုံကို ရောင်စုံမီးလုံးများ၊ ရုပ်လုံးရုပ်တုများဖြင့် မြန်မာ့ရိုးရာ ပန်းပု၊ ပန်းချီရုပ်ကြွပညာတို့ကို ပေါ်လွင်စေကာ လှပတင့်တယ်စွာ ပြသထားသည်ကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရှိလေ့လာနိုင်ကြပါသည်။ ပြခန်းကြီး၏ ပတ်လည်တွင် မြတ်စွာဘုရားအလောင်းတော် သုမေဓာရှင်ရသေ့နှင့် သုမိတ္တာရက်ကန်းသည်မကလေးတို့ ဗျာဒိတ်ခံယူနေကြပုံမှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ ဗုဒ္ဓဝင်တစ်ခုလုံး အကျဉ်းချုံး၍ လည်းကောင်း၊ ပထမသင်္ဂါယနာတင်ပုံမှစ၍ ဆဋ္ဌသင်္ဂါယနာတင်ပုံအထိ သင်္ဂါယနာခြောက်တန်တင်ခဲ့ပုံကို လည်းကောင်း၊ ပန်းပုရုပ်လုံးရုပ်တုများဖြင့် ခမ်းနားတင့်တယ်စွာ ရှုချင့်စဖွယ် သရုပ်ဖော် ပြသထားသည်ကို လေ့လာကြည်ညိုနိုင်ကြပါသည်။

ဗုဒ္ဓဝင်ပြခန်းများလေ့လာကြည်ညိုပြီးသော် ဗုဒ္ဓဝင်ပြခန်းနှင့်ကပ်ရက် ပြခန်းနှင့်အနီးဆုံးနေရာတွင် ပရိဘောဂစေတီဖြစ်တော်မူသော မဟာဗောဓိပင်ကြီးတစ်ပင်ရှိပါသည်။ အခါကြီးရက်ကြီးများ ညောင်ရေသွန်းလောင်းပွဲများ ကျင်းပသောနေရာ၊ ရပ်နီးရပ်ဝေးများမှ စုပေါင်း







www.burmeseclassic.com

www.burmeseclassic.com




ကမ္ဘာအေးစေတီဩဝါဒပါတိမောက်ကျောက်စာ



ဓာတ်တော်များနှင့်ဓာတ်ပုံရိုက်ကြသော ထိုင်းဘုရားဖူးများ



ဂေါပကလူကြီးဦးသိန်းဦးနှင့် တွေ့ဆုံမေးမြန်းပြီးနောက်တွေ့ရပုံ



ကမ္ဘာအေးဘုရားအရှေ့ဘက်ဈေးတန်း

၍ ညီညာစီတန်း၍ လမ်းလျှောက်ကာ ထိုဗောဓိပင်သို့ ညောင်ရေသွန်းလောင်းကြပါသည်။

**၁ မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်မွေတော်များနှင့် အဂ္ဂသာဝကရဟန္တာအရှင်နှစ်ပါးဓာတ်တော်များ**

ဗောဓိညောင်ပင်အား ဖူးမြော်ပြီးနောက် ကမ္ဘာအေးစေတီတော် ဂန္ဓကုဋ္ဌိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသော မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်မွေတော်များနှင့် အဂ္ဂသာဝကရဟန္တာအရှင်နှစ်ပါး၏ဓာတ်တော်များကို သွားရောက် ဖူးမြော်ကန်တော့ပါသည်။ စာရေးသူဓာတ်တော်တိုက်ရောက်သောအခါ ဓာတ်တော်တိုက်အဝင်အဝ ဓာတ်တော်မွေတော် အဖူးမြော်ခံသူ ပူဇော်ရာတွင် နိုင်ငံခြားသားဘုရားဖူးများ၊ ထိုင်းဘုရားဖူးများ ဓာတ်တော်ဖူးနေသည်ကို တွေ့ရပါသည်။ ထို့အပြင် မိတ်ဟောင်းဆွေဟောင်းဖြစ်သော ယခင်သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးသိန်းဦး (ယခု - ဂေါပကလူကြီး) နှင့် ဓာတ်တော်တိုက်အဝတွင် မထင်မှတ်စွာ ပြန်တွေ့ကြ၍ ဓာတ်တော်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပါသည်။ ၎င်းနောက် ထူးထူးခြားခြား ဓာတ်တော်အစစ်များရှိရာ ဓာတ်တော်တိုက်သို့ဝင်၍ ဓာတ်တော်များ လှည့်လည်ဖူးကြပါသည်။

ဗုဒ္ဓမြတ်၏ သာသနာတော်တွင် ပညာအရာအတွင် အထူးချွန်ဆုံးအမြတ်ဆုံးဖြစ်သော ရဟန္တာအရှင်မြတ်တစ်ပါးနှင့် တန်ခိုးတော်အရာတွင် အထူးချွန်ဆုံး၊ အမြတ်ဆုံးဖြစ်သော ရဟန္တာအရှင်မြတ်တစ်ပါးဟူ၍ အရှင်မြတ်နှစ်ပါးပေါ်ထွန်းခဲ့ပါသည်။ ထိုနှစ်ပါးတွင် ပညာအရာ အထူးချွန်ဆုံး၊ အမြတ်ဆုံးဖြစ်သော ရဟန္တာအရှင်မြတ်မှာ အရှင်သာရိပုတ္တရာဖြစ်ပါသည်။ ထိုအရှင်မြတ်ကို လက်ယာတော်ရံဟူသော ဌာနန္တရဘွဲ့ထူး ချီးကျူးထားအပ်ပါသည်။ တန်ခိုးတော်အရာအထူးချွန်ဆုံး၊ အမြတ်ဆုံးဖြစ်သော ရဟန္တာအရှင်မြတ်မှာ အရှင်မဟာမောဂ္ဂလာန် ဖြစ်ပါသည်။ ထိုအရှင်မြတ်ကို လက်ဝဲတော်ရံ ဟူသော ဌာနန္တရဘွဲ့ထူးချီးကျူးထားအပ်ပါသည်။

ထိုသရီရဓာတ်တော်များကို သီရိ



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာသောကမင်းကြီးလက်ထက်တော်တွင် အဝန္တီတိုင်း၊ ဥဇ္ဇေနီပြည်အနီး (ယခုအခေါ် အိန္ဒိယနိုင်ငံ ဘိုပေါလ်ပြည်နယ်အတွင်း) ဝေဒိသာတောင်ရုံရှိ သဉ္စိ (Sanchi) စေတီတော်ကြီးတွင် ဌာပနာတော်မူခဲ့ပါသည်။ ခရစ်နှစ် ၁၈၅၁ ခုနှစ်၊ မြန်မာနှစ် ၁၂၁၂ ခုနှစ်ခန့်က ထိုစေတီတော်ဟောင်းကြီးကို တူးဖော်ရာ အဂ္ဂသာဝကအရှင်မြတ်နှစ်ပါး၏ ဓာတ်တော်များကို ဌာပနာထားရာ ကျောက်သေတ္တာကြီးနှစ်လုံးနှင့်အတူ တွေ့ရှိရပါသည်။ သေတ္တာကြီးတစ်လုံး၏အတွင်း၌ ကျောက်ကြုတ်ခေါ် ကျောက်သေတ္တာငယ်ကလေးတစ်လုံးကိုပါ တွေ့ရသည်။ အပြင်ကျောက်သေတ္တာကြီး၌ 'မောဂ္ဂလာနဿ' ဟု ရေးထား၍ အတွင်းကျောက်ကြုတ်ငယ်၌ 'မ' ဟု ရေးသားထားသည်ကို တွေ့ရပါသည်။ ရေးသားထားသည့် အက္ခရာအမျိုးအစားမှာ ဗြဟ္မီသို့မဟုတ် ပြာကရိုက်ဘာသာအက္ခရာအရေးအသားမျိုး ဖြစ်ပါသည်။ ထိုအချိန်က အိန္ဒိယနိုင်ငံတွင် ဗြိတိသျှတို့အုပ်စိုးလျက်ရှိပါသည်။ ထို့ကြောင့် ဗြိတိသျှတို့က ထိုဓာတ်တော်များကို အင်္ဂလန်သို့ ယူဆောင်သွားကြပါသည်။ ထို့နောက် လန်ဒန်မြို့တော်ရှိ ဗိတိုရိယပြတိုက် (Victoria Albert Museum) အတွင်း၌ထားရှိခဲ့ကြပါသည်။ ထိုပြတိုက်၌ နှစ်ပေါင်းတစ်ရာခန့်ကြာအောင် ဓာတ်တော်များကိန်းဝပ်တော်မူခဲ့ကြရပါသည်။

အိန္ဒိယပြည် လွတ်လပ်ရေးရသောအခါ ဓာတ်တော်များကို အိန္ဒိယအစိုးရက ပြန်လည် တောင်းဆိုခဲ့ကြပါသည်။ ထို့ကြောင့် ဓာတ်တော်များကို မူလနေရာ သဉ္စိ (Sanchi) စေတီတော်ကို မွမ်းမံကာ ပြန်လည်ဌာပနာထားခဲ့ကြပါသည်။

၁၉၅၁ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်နေ့တွင် အိန္ဒိယအစိုးရနှင့် မဟာဗောဓိအသင်းကြီးက မြန်မာနိုင်ငံပြည်သူတို့အား ဓာတ်တော်အချို့ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ကာလကတ္တားမြို့၌ ကျင်းပခဲ့ကြပါသည်။ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက် (၇) နာရီတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် ကာလကတ္တားမြို့ ဒန်ဒန်လေဆိပ်မှ လေယာဉ်ဖြင့် ဓာတ်တော်များကို ပင့်ဆောင်ကာ မြန်မာနိုင်ငံသို့ ထွက်ခွာခဲ့ကြပါသည်။ သို့ဖြင့် လက်ယာတော်ရံ ပညာအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ တန်ခိုးတော်အရာ ဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန်၊ အဂ္ဂသာဝက ရဟန္တာအရှင်မြတ်နှစ်ပါး၏ ဓာတ်တော်များသည် မြန်မာနိုင်ငံသို့ကြွရောက်တော်မူလာကြ၍ ဤသိရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ဓာတ်တော်တိုက်အတွင်းဝယ် ကိန်းဝပ်စံပယ်လျက်ရှိနေတော်မူခဲ့ကြပါသည်။(ဂေါပကလူကြီး ဦးသိန်းဦးနှင့် ဓမ္မဒါနလက်ကမ်းစာစောင်မှ အချက်အလက်များ တင်ပြအပ်ပါသည်။)

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရည်ရွယ်တည်တော်မူခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ ကမ္ဘာအေးစေတီတော်သို့ သွားရောက် ဖူးမြော်ကုသိုလ်ယူခဲ့ပုံများကို ကြိုးစား ရေးသား တင်ပြနိုင်ခဲ့ပြီဖြစ်ပါသည်။ ဓမ္မမိတ်ဆွေများအနေဖြင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည်ဖြင့် အခက်အခဲတစ်ရပ် အကျပ်တည်းဆိုက်နေပြီဆိုလျှင်ဖြင့် ငြိမ်းချမ်းအေးချမ်းစေ၍ ဆုတောင်းပြည့်လှပါသော ကမ္ဘာအေးစေတီသို့သွား ထူးခြားသော ဆုတောင်းပြည့် ဘော်ဆင်းတုရှေ့တော်မှောက်တွင် စိတ်ကြံသမှုအဓိဋ္ဌာန်ပြု၍ ဆွမ်း၊ ပန်း၊ ရေချမ်းများကပ်လှူ ဆုတောင်းတော်မူပါလျှင် အေးချမ်း ပြည့်စုံအောင် ပွဲအစုံစုံဖြင့် ကြုံတွေ့ခံစား အကျိုးများကြပါလိမ့်မည်။

မေတ္တာများစွာဖြင့်

ကံဝင်း

**ကျမ်းကိုး -**

၁။ သီရိမင်္ဂလာ ကမ္ဘာအေးစေတီ ဂေါပကအဖွဲ့ထုတ် သိဖွယ်ဖွယ်ရာ အဖြာဖြာလက်ကမ်းစာစောင်
၂။ ဂေါပကအဖွဲ့ဝင် ဘုရားလူကြီး ဦးသိန်းဦးနှင့် တွေ့ဆုံမေးမြန်းမှု
၃။ ကိုယ်တိုင်ကွင်းဆင်းလေ့လာခြင်း



www.burmeseclassic.com

www.burmeseclassic.com

# ဖျာပုံတင်နိုင်ဝင်း

## ကွယ်လွန်သူကိုရည်စူး၍ပြုလုပ်သော ပေတဒါန

ပေတဒါန ဟူသည် ကွယ်လွန်သူအား ရည်စူး၍ ကျန်ရစ်သူများက ပြုလုပ်အပ်သောအလှူဒါန ဖြစ်သည်။ အထူးသဖြင့် ကွယ်လွန်သူသည် ပြိတ္တာဘုံဘဝကို ရောက်ရှိသွားပါက ပြုလုပ်သောအလှူဒါန၏ အမျှပေးဝေမှုကို သာဓုခေါ်စေပြီး ဆင်းရဲဝဋ်ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်စေရန် ရည်ရွယ်၍ပြုလုပ်ကြခြင်း ဖြစ်သည်။

လူတို့သေဆုံး၍ ပြိတ္တာဘုံသို့ ရောက်သွားလျှင် အစားအစာ၊ အဝတ်အထည်နှင့် နေထိုင်စရာတို့ အလွန်ရှားပါးငတ်မွတ်ကြ၏။ ထိုအခါ ကျန်ရစ်သူတို့ထံတွင် ချဉ်းကပ်လျက် အကူအညီတောင်းခံတတ်ကြ၏။ အချို့ အိပ်မက်ပေး၍ဖြစ်စေ၊ အချို့ ကိုယ်ယောင်ပြ၍ဖြစ်စေ၊ အချို့ အသံပေး၍ဖြစ်စေ လူတို့အား ဆက်သွယ်သတိပေးလျက် အကူအညီတောင်းခံတတ်ကြသည်။ ထိုအခါ ဗဟုသုတနည်းပါးသူများက သေသူ၏ ဝိညာဉ် (သရဲတစ္ဆေ) ခြောက်လှန့်သည် ဟုဆိုကာ ထွက်ပြေးသူအချို့ထွက်ပြေး၊ ပရိတ်ရေနှင့်ပက်သူပက် စသည့်မပြုအပ်သော အမူအရာများကြောင့် ပြိတ္တာတို့မှာ စိတ်လျှော့လျက် မကျွတ်မလွတ်ဘဝဖြင့် နှစ်ပေါင်းများစွာ ဝဋ်ဆင်းရဲကို ခံစားရရှာတော့သည်။

အကယ်၍သာ ကျန်ရစ်သူများက အသိပညာနှင့် လိမ္မာပါးနပ်မှုရှိပါက ဆက်သွယ်သတိပေးလာသူ ပြိတ္တာများအတွက် ပေတဒါနကိုပြုလျက် အမျှဝေ သာဓုခေါ်စေပြီး ၎င်းတို့အား ဝဋ်ဒုက္ခမှ ကျွတ်လွတ်စေရန်ရည်စူး၍ အလှူအတန်းကို ပြုလုပ်ကြမည်သာ ဖြစ်သည်။ ထိုသို့သော ပေတဒါနကို ပြုလုပ်ခြင်းကြောင့် ပြိတ္တာဘဝရောက်နေသူတို့ ကျွတ်လွတ်ရုံတင်မက ထိုသို့ ကျွတ်လွတ်အောင် ပြုလုပ်ပေးသော မိမိတို့အဖို့ရာလည်း များစွာကုသိုလ်ရပေသည်။

ဘုရားရှင်လက်ထက်တော်အခါက ဗိမ္ဗိသာရမင်းကြီးသည် ထူးကဲသော အလှူကြီးများကို ပြုလုပ်ခဲ့သော်လည်း ဆွေမျိုးပြိတ္တာတို့အား ရည်စူး၍ လှူဒါန်းသော ပေတဒါနကို တစ်ခါမျှမပြုလုပ်ခဲ့ဘူးချေ။ ဆွေမျိုးပြိတ္တာများက ကျွတ်လွတ်လို၍ အလှူဌာနသို့လာရောက်ကြသောအခါ မိမိတို့အား ရည်စူးသောအလှူမဟုတ်ခြင်း၊ မိမိတို့အား ကုသိုလ်အဖို့ကို အမျှအတန်းမပေးခြင်းတို့ကြောင့် လာရောက်ကုန်သော ပြိတ္တာတို့မှာ အချည်းအနှီးဖြစ်လျက် ပြန်ကြရလေ၏။ ဤသို့ဖြစ်ဖန်များသော် ပြိတ္တာတို့သည် မကျေမချမ်းဖြစ်လျက် နန်းတော်အပြင်ဘက် လမ်းဆုံလမ်းခွတို့၌ ညဥ့်အခါ အသံနက်အသံဆိုးကြီးများဖြင့် အော်ဟစ်ကြလေသည်။

ဤသည်ကို အကြောင်းပြု၍ ဗုဒ္ဓဘုရားရှင်သည် တိရောကုဋ္ဋသုတ်ကို ဟောတော်မူ၏။ ၎င်းသုတ်တော်သည် တမလွန်သို့ ကူးပြောင်းသွားကြသည့် ဆွေမျိုးတို့အား ကျန်ရစ်သူတို့က ပြုလုပ်အပ်သောဝတ္တရားများကို ဖော်ပြသည့် သုတ်တော် ဖြစ်ပါသည်။ အထူးသဖြင့်





www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်၍ ပြိတ္တာဘုံသို့ ကျရောက်သွားသူများအတွက်ရည်စူး၍ ကျန်ရစ်သူများက ပြုလုပ်ပေးရမည့် ပေတဒါန အကြောင်းပင်ဖြစ်သည်။ ဤသုတ်တော်၏ ဆိုလိုရင်းအား အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါ သည်။

၁။ ကွယ်လွန်ပြီးနောက် ပြိတ္တာဘုံသို့ရောက်ရှိသွားကြသူများသည် မိမိတို့ အသက်ရှင်နေစဉ်က နေထိုင်သွားခဲ့ကြသောအိမ်သို့ လာရောက်၍ အိမ်အပြင်ဘက်၌ လည်းကောင်း၊ လမ်းဆုံလမ်းခွ အိမ်ခြံစပ်တို့၌ လည်းကောင်း၊ တံခါးဝ တံခါးပေါင်တို့၌ လည်းကောင်း ရပ်တည်ကြကုန်၏။

၂။ ကျန်ရစ်သူတို့၏ ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ တမ်းတခြင်းတို့သည် ပြိတ္တာတို့အတွက် လုံးဝအကျိုးမရှိပေ။ သို့သော် ဆွေမျိုးတို့သည် ငိုကြွေးမြဲ ငိုကြွေးနေကြကုန်၏။

၃။ တမလွန်သို့ ကူးပြောင်းသွားကြသည့် ဆွေမျိုးပြိတ္တာတို့အား ထမင်းအဖျော်စသည်တို့ကို ကျွေးမွေးသော်လည်း ၎င်းတို့၏ ကံအကြောင်းကြောင့် တိုက်ရိုက်မစားသောက်နိုင်ကြကုန်။

၄။ အချို့လူတို့သည် များစွာကုန်သော စားဖွယ်သောက်ဖွယ်ဘောဇဉ်ချိုချဉ်တို့ကို လှူဒါန်းကြသော်လည်း ဆွေမျိုးပြိတ္တာများအား အမှတ်မရကြသဖြင့် အမျှမပေးဝေမိကြချေ။

၅။ ဤအလှူဝတ္ထုတို့သည် ဆွေမျိုးပြိတ္တာများအတွက် ဖြစ်ပါစေသတည်း။ ဆွေမျိုးပြိတ္တာတို့ ချမ်းသာကြပါစေသတည်း ဟု ရည်ညွှန်း၍ အမျှဝေမှသာလျှင် ပြိတ္တာတို့ ခံစား စံစားနိုင်ကြကုန်၏။

၆။ ကွယ်လွန်သွားသူသည် ငါ့အား ပစ္စည်းဥစ္စာပေးခဲ့ဖူးသည်။ ငါ၏ အမှုကိစ္စကို ကူညီခဲ့ဖူးသည်။ ငါနှင့် မိတ်ဆွေဖြစ်ခဲ့ဖူးသည်။ ငါနှင့်ဆွေမျိုးရင်းချာတော်စပ်ခဲ့ဖူးသည်ဟု အောက်မေ့တသ သတိရသူတိုင်းသည် ပြိတ္တာတို့ အကျိုးငှာ မြတ်သော ပေတဒါနအလှူရေစက်ကို ပေးလှူဝေငှအမျှအတန်းဖြင့် ကျေးဇူးဆပ်သင့်ပေ၏။

၇။ ကွယ်လွန်သွားသူကိုရည်စူး၍ ပေးလှူသောအလှူသည် သံဃာ၌ ကောင်းစွာတည်သည်ဖြစ်၍ ကြာမြင့်စွာ စီးပွားချမ်းသာဖြစ်စေခြင်းအကျိုးငှာဆိုပြီး ပြိတ္တာတို့ထံ တစ်ခဏချင်း ဆိုက်ရောက်၏။ ပေးလှူသူဆွေမျိုးတို့သည်လည်း အကျိုးကြီးမြတ်၏။ ငါတို့၏ ဆွေမျိုးတို့သည်လည်း အသက်ရှည်ကြပါစေဟု စသဖြင့် ပြိတ္တာတို့ကပြန်လည်ဆုတောင်း ပတ္ထနာပြုကြလေ၏။

၈။ ထိုပြိတ္တာဘုံတွင် လယ်ထွန်ခြင်းသည်မရှိ။ နွားကျောင်းခြင်းလည်း မရှိ။ စည်းစိမ်ဥစ္စာရကြောင်း ကုန်သွယ်ခြင်းလည်း မရှိ။ ရွှေ ငွေဖြင့် ရောင်းဝယ်မှုလည်းမရှိ။ လူ့ဘုံမှ ကျန်ရစ်သူဆွေမျိုးများပေးဝေငှသောကုသိုလ်ဖြင့်သာ ပြိတ္တာတို့ မျှတစားသောက်ကြရကုန်၏။

၉။ ကုန်းမြင့်ရာအရပ်၌ရွာသော မိုးရေသည် နိမ့်သောချိုင့်ဝှမ်းအရပ်သို့ စီးဆင်းသွားသကဲ့သို့ ဤလူ့ဘုံအမြင့်မှ ပေးဝေအပ်သောကုသိုလ်အဖို့ဘာဂသည် နိမ့်ပါးသောပြိတ္တာတို့ထံဆိုက်ရောက်၏။

၁၀။ တမလွန်ဘဝသို့ ကူးပြောင်းသွားသူကိုရည်စူး၍ပေးလှူခြင်း (ပေတဒါန) သည် ကျန်ရစ်သူဆွေမျိုးသားချင်းတို့ ပြုအပ်သောဝတ္တရား ဖြစ်ပေသည်။ ဆွေမျိုးပြိတ္တာတို့အတွက် မြတ်သောပူဇော်ခြင်းကို ပြုအပ်သည်လည်း မည်၏။ ရဟန်းတို့အား ခွန်အားကိုပေးအပ်သည်လည်းမည်၏။ အလှူရှင်တို့အတွက် ကြီးမြတ်သောကုသိုလ်ကို ပွားများခြင်းလည်း မည်၏။

ဤသည်ကား ဘုရားရှင်ဟောကြားတော်မူသော တိရောကုဋ္ဋသုတ်မှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။ ၎င်းကောက်နုတ်ချက်များကို ဆင်ခြင်သုံးသပ်ခြင်းအားဖြင့် ပြိတ္တာဘုံရောက်ရှိသွားသူများ၏ အခြေအနေတစ်စိတ်တစ်ဒေသကို မှန်းဆတွေ့မြင်နိုင်ပါသည်။ ပြိတ္တာဘုံသည် ဆင်းရဲသောဒုဂ္ဂတိဘုံမျိုးဖြစ်သည်။ အပါယ်လေးဘုံတွင် ပါဝင်သည်။ သားသမီးသံယောဇဉ်၊ ပစ္စည်းသံယောဇဉ်စသည့် လောဘဇောနှင့် သေလွန်ကြသော လူအများစုသည် အဆိုပါပြိတ္တာဘုံသို့လားရောက်ကြကုန်၏။ ထိုပြိတ္တာများအနက် အချို့သော ပြိတ္တာများသည် မကွယ်လွန်မီက အတူနေထိုင်ခဲ့သောမိသားစုအိမ်သို့အရောက် ပြန်လာလျက် မိမိတို့အား ရည်စူး၍ လှူဒါန်းအမျှဝေလျှင် သာဓုခေါ်ရန် အသင့်စောင့်ဆိုင်းနေတတ်ကြပေသည်။ ထိုအခါ ကျန်ရစ်သူတို့က စနစ်ကျသော ပေတဒါနကိုပြုလျက် အမျှပေးဝေခြင်းအားဖြင့် ဒုက္ခရောက်နေကြသော ပြိတ္တာတို့အား ဆင်းရဲမှလွတ်စေရာ၏။

ထိုသို့ စနစ်ကျသောပေတဒါနကို ပြုလုပ်နိုင်ရန် လက်လှမ်းမီရာစာပေများမှ လေ့လာဖော်ပြလိုက်ပါသည်။

**၁။ အလှူနေ့ရက်ကို ကြိုတင် သတ်မှတ်အကြောင်းကြားရန်**

ကွယ်လွန်ချိန်တွင် မိသားစုသံယောဇဉ်၊ ပစ္စည်းဥစ္စာသံယောဇဉ်တို့ကြောင့် အယူလွဲစွာကွယ်လွန်သွားသော် ပြိတ္တာဘုံ(တစ္ဆေသရဲ)အဖြစ်သို့ ရောက်ရှိသွားတတ်ကြသည်။ထိုအခါ မကွယ်လွန်မီကနေထိုင်သွားခဲ့သော နေအိမ်၊ ဝင်းခြံ၊ အလုပ်လုပ်ခဲ့သောအလုပ်ရုံ သွားရောက်ခဲ့ဖူးသောနေရာဒေသရှိ ဘုရားကျောင်းကန်၊ စွဲလမ်းသွားခဲ့သော လူ၊ ပစ္စည်းတို့၏ပတ်ဝန်းကျင်တွင် မှီတွယ်နေတတ်ကြပါသည်။ သို့မဟုတ်ပါကလည်း ခြေဦးတည့်ရာ လျှောက်သွားနေတတ်ပြီး ဝတ်ရန်အဝတ်၊ စားရန်အစား၊ သောက်ရန်ရေ၊ နားခိုရန်နေရာ စသည်တို့ကို ပင်ပန်းကြီးစွာ လိုက်ရှာနေရတတ်ပါသည်။

၎င်းအတွက် အလှူပြုလုပ်မည့် နေ့ရက်ကိုမသိရှာဘဲ အဝေးတစ်နေရာ ရောက်နေတတ်ပါသည်။ ထိုအချိန်မျိုးတွင် ရုတ်တရက် အလှူအတန်းပြုလုပ်မိလျှင် ပြိတ္တာတို့အဖို့ သာဓုမခေါ် ဆိုနိုင်ဘဲ အချည်းအနှီးဖြစ်ရတတ်၏။ ထို့ကြောင့် ကွယ်လွန်သူအား ၎င်းအတွက် ရည်စူး၍ မိမိတို့ကုသိုလ်ကောင်းမှုပြုလုပ်မည့် နေ့ရက်ကို သိရှိစေရန် ကြိုတင် သတ်မှတ်ပြီး ၎င်းတို့ထံ အကြောင်းကြားထားရပါမည်။

□ **အကြောင်းကြားပုံစံ**

(----) ခုနှစ်၊ (----) လဆန်း၊ လဆုတ် (---) ရက်၊ (----) နေ့တွင် အသက် (---) ဖြင့် ကွယ်လွန်သွားသော (----)နေ့သား ဦး/ဒေါ်/ကို/မ (---) အတွက် ရည်စူး၍ (---) အလှူကို ပြုလုပ်မည်ဖြစ်ပါ၍ ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်ဒေသမှ အလှူပြုလုပ်မည့် (---) မြို့/ရွာ၊ (----) လမ်း/ပိုင်း/အိမ်အမှတ် (---) သို့အလှူပြုလုပ်မည့် (---) ခုနှစ်၊ (----) လဆန်း၊ လဆုတ် (---) ရက် (----) နေ့တွင် လာရောက်၍ တရားနာယူ သာဓုခေါ်နိုင်ပါရန် ကြိုတင် အကြောင်းကြားအပ်ပါသည်။

□ **နမူနာ (၁)**

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ အင်္ဂါနေ့တွင် အသက်(၅၅)နှစ်ဖြင့် ကွယ်လွန်သွားသော တနင်္လာနေ့သား ဦးချစ်လှိုင်အတွက် ရည်စူး၍ ရက်လည်ဆွမ်းသွတ်အလှူကိုပြုလုပ်မည်ဖြစ်ပါ၍ ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်မှ

www.burmeseclassic.com

အလှူပြုလုပ်မည့် ဖျာပုံမြို့ ပဒုမ္မာလမ်း၊ အိမ်အမှတ် (၉၂၈) သို့ အလှူပြုလုပ်မည့် ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ တနင်္လာနေ့တွင် လာရောက်၍ တရားနာယူ သာဓုခေါ်ဆိုနိုင်ပါရန် ကြိုတင်အကြောင်းကြားအပ်ပါသည်။

□ နမူနာ (၂)

၁၃၇၄ ခုနှစ်၊ နတ်တော်လဆုတ် ၄ ရက်၊ အင်္ဂါနေ့တွင် အသက် (၂၄) နှစ်ဖြင့် ကွယ်လွန်သွားသော ဗုဒ္ဓဟူးနေ့သား ကိုလှကျော်အတွက် ရည်စူး၍ ဝါဆိုသင်္ကန်းကပ်အလှူကို ပြုလုပ်မည်ဖြစ်ပါ၍ ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်မှ အလှူပြုလုပ်မည့် ကျိုက္ကဘာကျေးရွာ၊ ရွာလယ်ပိုင်း၊ ကျန်ရစ်သူမိသားစုနေအိမ်သို့ အလှူပြုလုပ်မည့် ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် လာရောက်၍ တရားနာယူ သာဓုခေါ်နိုင်ပါရန် ကြိုတင်အကြောင်းကြားအပ်ပါသည်။

အထက်ပါနမူနာပုံစံအတိုင်း မိမိတို့ ဉာဏ်ရှိသလို ညှိနှိုင်းရေးသား၍ ကွယ်လွန်သူကြားသိနိုင်ရန် အိမ်တွင်း အိမ်ပ၊ အိမ်ခြံဝမှ လည်းကောင်း၊ လမ်းသွယ်လမ်းမလမ်းလေးခွမှလည်းကောင်း၊ ကွယ်လွန်သူကို ကြိုတင်ဖိတ်ကြားသည့်အနေဖြင့် ရွတ်ဖတ်အကြောင်းကြားရပါမည်။ အလွတ်ရအောင် ကျက်နိုင်လျှင်လည်း အလွတ်ရွတ်ဖတ်အကြောင်းကြားနိုင်ပါသည်။

၂။ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်များအားအကူအညီတောင်းရန်

သာမန်လူပုဂ္ဂိုလ်တစ်ယောက်က အကြောင်းကြား ဖိတ်ခေါ်ခြင်းထက် သာမန်လူတစ်ယောက်ထက် အဆင့်မြင့်သော၊ မိမိတို့နှင့်လည်း အကြောင်းဆက်ရှိသော အထက်ပုဂ္ဂိုလ်များ၏ အမိန့်အာဏာက ပို၍ စူးရှထိရောက်သောကြောင့် ထိုပုဂ္ဂိုလ်များအား အကူအညီတောင်းခံရပါမည်။ အရပ်ဒေသဆိုင်ရာအပိုင်စားရကြသော အကြီးအကဲလူပုဂ္ဂိုလ်များနှင့် အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရွာတော်ရှင်၊ မြို့တော်ရှင်၊ ကွင်းပိုင်၊ နယ်ပိုင် စသော နတ်ဒေဝါများ စသည်တို့ထံ ကွယ်လွန်သူအား အကြောင်းကြားပေးနိုင်ရန် အကူအညီတောင်းခံရပါမည်။

အချို့ပြိတ္တာတို့သည် မိမိအား ရည်စူး၍ အလှူအတန်းပြုလုပ်မည်ကို သိရှိကြသော်လည်း အနှောင့်အယှက်အတားအဆီးများကြောင့် အလှူပြုရာနေရာသို့ ရောက်မလာနိုင်ကြချေ။ ထို့ကြောင့် အထက်ပုဂ္ဂိုလ်အကြီးအကဲများကို အကူအညီတောင်းခံရာတွင် ကွယ်လွန်သူ၌ အနှောင့်အယှက်အတားအဆီးများရှိပါက ဖယ်ရှားပေးနိုင်ရန် အတွက်လည်း တစ်ပါတည်း အကူအညီတောင်းခံရပေမည်။

□ အကူအညီတောင်းပုံစံ (၁)

(---) ခုနှစ်၊ (---) လဆန်း၊ လဆုတ် (---) ရက်၊ (---) နေ့တွင် ကွယ်လွန်သွားသော ဦး/ ဒေါ် (---) ဤမြို့/ ရွာအတွင်း ပြိတ္တာဘဝဖြင့်ရှိနေခဲ့သော် တရားနာယူ သာဓုခေါ်နိုင်ရန် (---) မြို့/ရွာ၊ (---) လမ်း/ပိုင်း၊ အိမ်အမှတ် (---) ရှိ အလှူအိမ်သို့ (---) ခုနှစ်၊ (---) လဆန်း /လဆုတ် (---) ရက်၊ (---) နေ့၊ (---) နာရီတွင် မပျက်မကွက်ကြွရောက်ပါရန် ဤမြို့/ ဤ ရွာ/ ဤရပ်ကွက်/ ဤလမ်းကို အုပ်ချုပ်ခွင့်ရသော ကျွန်ုပ်ဦး(---)အနေဖြင့် အမိန့်ထုတ်ပြန် အကြောင်းကြားဖိတ်ခေါ်အပ်ပါသည်။

(မြို့၊ရွာ၊ ရပ်ကွက်၊ လမ်း၏အကြီးအကဲလူပုဂ္ဂိုလ်တစ်ဦးဦးက ရွတ်ဖတ်အကြောင်းကြားဖိတ်ခေါ်ရန်။)

□ အကူအညီတောင်းပုံစံ (၂)

(---) ခုနှစ်၊ (---) လဆန်း (---) ရက်၊ (---) နေ့က ကွယ်လွန်သွားသော ဦး/ဒေါ် (---) သည် ဤမြို့/ရွာအတွင်း၌ လည်းကောင်း၊ မြို့ပြင်၊ ရွာပြင် ပတ်ဝန်းကျင် အနီး၊ အဝေးတစ်နေရာတွင် လည်းကောင်း ပြိတ္တာဘဝဖြင့်တည်ရှိနေသည်ရှိသော် အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် အစရှိသော အစောင့်အကြပ်နတ်များသည် လည်းကောင်း၊ ဤမြို့ဤရွာဤဒေသကို အပိုင်စားရကြသော နတ်မင်းအပေါင်းတို့သည် လည်းကောင်း၊ ကွယ်လွန်သူနှင့် ပဋ္ဌာန်းဆက်ရှိကြသော နတ်အပေါင်းတို့သည် လည်းကောင်း၊ အခြားသောသမ္မာဒေဝနတ်ကောင်းနတ်မြတ်များသည် လည်းကောင်း ကွယ်လွန်သူ ပြိတ္တာဘုံသား ဦး /ဒေါ် (---) အား ကျန်ရစ်သူ ကျွန်ုပ်တို့ အလှူပြုလုပ်မည့် လာမည့် (---) ရက်မြောက် (---) နေ့တွင် အလှူပြုလုပ်ရာဖြစ်သော (---)မြို့၊ ရွာ၊ (---)လမ်း၊ ပိုင်း၊ အိမ်အမှတ်(---) ရှိ အလှူရှင်များဖြစ်ကြသော ဦး (---)/ ဒေါ် (---) တို့၏ အလှူအိမ်သို့ ကွယ်လွန်သူ လာရောက် တရားနာယူ သာဓုခေါ်နိုင်ရန် တစ်ဆင့်စကားဖြင့် အကြောင်းကြားပေးတော်မူကြပါ။ နတ်ဒေဝါအပေါင်းတို့ခင်ဗျား။

အကယ်၍ ကွယ်လွန်သူ ဦး/ ဒေါ် (---) သည် ပြိတ္တာဘုံသားတို့ သဘာဝ အလှူအိမ်သို့ လာရောက်ရန် လည်းကောင်း၊ တရားနာယူ သာဓုခေါ်ဆိုရန် လည်းကောင်း အနှောင့်အယှက်အတားအဆီးများရှိနေပါကလည်း နတ်မင်းတို့၏တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဖယ်ရှားရှင်းလင်းပေးတော်မူပါ။ အလှူအိမ်သို့လာရောက်ရန်နှင့် လာရောက်သော်လည်း တရားနာယူ သာဓုခေါ်ဆိုဖို့ မေ့လျော့နေပါကလည်း သတိရစေရန် တိုက်တွန်းလှုံ့ဆော်ပေးတော်မူကြပါ နတ်ဒေဝါအပေါင်းတို့ခင်ဗျား။

□ နတ်ဒေဝါများထံ စိတ်မှရည်မှန်း၍ ရွတ်ဖတ်ပြောကြားရန်။

□ မှတ်ချက်

ပြိတ္တာဘုံဘဝ ရောက်ရှိသွားသူများသည် လူ့ဘဝကထက် အသိဉာဏ်အလွန်နုံနည်းနိမ့်ကျသွားတတ်ပါသည်။ အလှူအိမ်သို့ လာရောက်ရန် နတ်ကောင်းနတ်မြတ်များက ခေါ်ယူလာကြသော်လည်း တရားနာယူရန်နှင့် သာဓုခေါ်ရန်အတွက် မေ့လျော့နေတတ်ပါသည်။ ဤအခါတွင် နတ်ဒေဝါတို့က တရားနာယူရန်နှင့် သာဓုခေါ်ရန် သတိပေးမှသာလျှင် တရားနာ၊ သာဓုခေါ်တတ်ကြပေသည်။ ဤအတွက် ဆိုင်ရာနတ်များထံ အကူအညီတောင်းခံရခြင်း ဖြစ်ပါသည်။

၃။ ပင့်ဖိတ်သင့်သည့်အလှူခံပုဂ္ဂိုလ်များ

ကွယ်လွန်သူကို ရည်စူး၍ ပြုလုပ်သော ပေတဒါနအလှူအတွက် ပင့်ဖိတ်သင့်သောပုဂ္ဂိုလ်များမှာ အကျင့်သီလ၊ သိက္ခာသမာဓိနှင့် ပြည့်စုံတော်မူသော သံဃာတော်များပါဝင်ရန် အလွန်အရေးကြီးပါသည်။ သို့မှသာ ကွယ်လွန်သူအတွက် ပိုမို၍ အကျိုးသက်ရောက်မှုရှိမည် ဖြစ်သည်။ အလှူခံပုဂ္ဂိုလ်မှာ သီလမဲ့သော ဒုဿီလရဟန်းဖြစ်နေလျှင် ကွယ်လွန်သူအနေဖြင့် ၎င်းကုသိုလ်၏ အဖို့ဘာဂအမျှကို သာဓုခေါ်ဆိုနိုင်လိမ့်မည် မဟုတ်ပေ။ သာဓုခေါ်ဆိုနိုင်ပါကလည်း မည်သို့မျှ အကျိုးထူးကို ရရှိခံစားကြရလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ပေတဒါနအတွက် ဝိနည်းတော်နှင့်အညီ



www.burmeseclassic.com

www.burmeseclassic.com

ကျင့်ကြံ အားထုတ်တော်မူကြသော အကျင့်သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံတော်မူသည့် ရဟန်းသံဃာတော်များကို ပင့်ဖိတ်နိုင်ရန် အရေးကြီးသည်။

အကယ်၍ အကျင့်သီလကောင်းမွန်သော ရဟန်းများကို ရှာဖွေရခက်ခဲနေပါက သံဃာအများကို ရည်မှန်းလှူဒါန်းသော သံဃိကဒါနဖြစ်စေရန် ကြိုးစားရပါမည်။ သံဃိကဒါနဟူသည် တစ်စုံတစ်ယောက်သော ရဟန်းပုဂ္ဂိုလ်ဟု မရည်ရွယ်ဘဲ သံဃာအများကိုသာ ရည်မှန်း၍ မျက်မှောက်ကြွရောက်လာသောသံဃာကို လှူဒါန်းသည့်အလှူဖြစ်သည်။ မိမိပင့်ဖိတ်ထားသော ရဟန်းများကို အမှန်တကယ် လှူဒါန်းရမည်ဖြစ်သော်လည်း မိမိ၏စိတ်က ထိုပင့်ဖိတ်ထားသော ရဟန်းများကို ပုဂ္ဂိုလ်စွဲဖြင့် မရည်ရွယ်ဘဲ တစ်ကမ္ဘာလုံးရှိ သံဃာအများကို ရည်မှန်း၍ လှူဒါန်းရခြင်း ဖြစ်သည်။

ဘုရားရှင်က သံဃာအား လှူဒါန်းရခြင်း (သံဃိကဒါန) သည် ငါဘုရားအား လှူဒါန်းရခြင်းထက် ပို၍မြတ်၏ဟု မိန့်ကြားတော်မူခဲ့သောကြောင့် ပေတဒါနအတွက် ဤသံဃိကဒါနသည် ပြိတ္တာတို့အကျိုးငှာ ပို၍ သင့်မြတ်လှပါပေသည်။ ထို့ကြောင့် ပေတဒါနပြုလုပ်တိုင်း သံဃိကဒါနကို မဖြစ်ဖြစ်အောင် အရပြုလုပ်သင့်၏။ ထို့အပြင် တိရစ္ဆာန်မှစ၍ ဘုရား၊ ရဟန္တာတိုင်သော အလှူခံပုဂ္ဂိုလ် (၁၄) ယောက်တို့တွင် ပေးလှူခြင်းသည် သူ့နေရာနှင့်သူ အကျိုးပေးတတ်သောကြောင့် ပုဂ္ဂိုလ်သတ္တဝါမရွေး အရံဒါနအဖြစ် ပေးကျွေးလှူဒါန်းရန်လည်း မမေ့သင့်ပေ။ မိမိအလှူသို့ ကြွရောက်လာကြသော လူပုဂ္ဂိုလ်ဧည့်ပရိသတ်များအပြင် ခွေး၊ ကြောင်၊ ကျေးငှက်စသည်တို့ကိုလည်း စွန့်ကြဲလှူဒါန်းသင့်ပါသည်။ သို့မှသာ သံဃိကဒါနအပါအဝင် ဖူလုံသော အလှူဒါနတစ်ခုဖြစ်ပါမည်။

## ၄။ အလှူပွဲပြုဆဲချိန်ခါ၌ ကွယ်လွန်သူရောက်ရှိနိုင်ရန်

အချို့ပြိတ္တာတို့သည် မှတ်ဉာဏ်အလွန်နည်းသဖြင့် ကြိုတင်အကြောင်းကြားထားသည်ကို သိရှိပြီးနောက် တစ်ရက်စ၊ နှစ်ရက်စခန့်လောက်တွင် မေ့ပျောက်သွားတတ်ကြ၏။ ထို့ကြောင့် ၎င်းတို့အား အလှူပွဲမစမီ အချိန်ကလေးအတွင်း၌ ထပ်မံ၍ ဖိတ်ကြားအပ်သည်။ ရှေ့တွင် ရေးသား ပြဆိုခဲ့ပြီးသော အကြောင်းကြားပုံစံနှင့် အကူအညီတောင်းပုံစံများကို ထပ်မံ ရွတ်ဖတ်ဆင့်ခေါ်ရပါမည်။

အလှူပွဲစလျှင်ကား သီလပေး တရားဟောမည့်ဆရာတော်၊ သံဃာတော်ရဟန်းတစ်ပါးပါးက ကွယ်လွန်သူအား ရောက်ရာအရပ်မှ ဤအလှူအိမ်ဌာနသို့ လာရောက်ရန် ဖိတ်ကြားပေးတော်မူပါလိမ့်မည်။ ဤသို့ ဆရာတော်သံဃာတော်တို့က ဖိတ်ကြားနိုင်ရန်အတွက်လည်း ကွယ်လွန်သူ၏ အမည်၊ ကွယ်လွန်သည့်နေ့ရက်နှင့်တကွ အလှူပြုလုပ်ပမည့်နေရာနှင့် နေ့ရက်၊ အချိန်တို့ကို သံဃာတော်များ ပင့်ဖိတ်စဉ်ကတည်းက စာရွက်တွင်ရေးသား၍ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ကြိုတင်လျှောက်ထားရပါမည်။ ကွယ်လွန်သူအား သာမန်လူတို့ ဖိတ်ကြားသည်ထက် မိမိထက် သီလစင်ကြယ်သော သံဃာတော်တစ်ပါးပါးက ဖိတ်ကြားပေးလျှင် ပို၍သင့်မြတ်ပါသည်။ ထိရောက်မှုလည်းရှိပါသည်။

ထိုသို့ အလှူပွဲမစမီနှင့် ပြုဆဲကာလအတွင်း၌ ကွယ်လွန်သူကို ဖိတ်ခေါ်ပြီးသော် ရောက်ရှိလာပြီးအမှတ်ထား၍ ကွယ်လွန်သူအား တရားနာယူရန် ကျန်ရစ်သူရော တရားနာသူအပေါင်းကပါ ဝိုင်းဝန်းတိုက်တွန်းကြပါ။ ဆရာတော်သံဃာတော်များကလည်း ဒကာကြီး၊ ဒကာမကြီး ဦး/ဒေါ် (---) အနေဖြင့် ဘုရားရှင်၏တရားတော်များကို ဂရုတစိုက်နာယူရန် မေတ္တာရပ်ခံပေးပါလိမ့်မည်။

ပြိတ္တာများတရားနာယူခြင်းသည် အလွန်အကျိုးကြီးလှပါသည်။ ဘုရားရှင်လက်ထက်တော်အခါက ဘီလူးပြိတ္တာမတစ်ဦးသည် ဘုရားရှင်၏ တရားတော်ကို နာယူရ၍ သောတာပန်တည်ကာ ကျွတ်တမ်းဝင်ဖူးပါသည်။ ထို့ကြောင့် မိမိတို့နှင့် ဆွေမျိုးတော်စပ်ခဲ့ဖူးသော ကွယ်လွန်သူအနေဖြင့် ပြိတ္တာဘုံဘဝရောက်ရှိနေသော်လည်း ဘုရားရှင်၏ ပရိတ်တရား စသည်တို့ကို နာယူနိုင်မည်ဆိုပါက အကျွတ်တရားများရရှိသွားနိုင်ပါသည်။

## ၅။ အမွန်မြတ်ဆုံးသော ပေတဒါနဖြစ်စေရန်

အမွန်မြတ်ဆုံးအလှူတစ်ခုဖြစ်ရန် အလှူခံပုဂ္ဂိုလ်၏ ကောင်းမြတ်ခြင်း၊ လှူဖွယ်ဝတ္ထု၏ ကောင်းမြတ်ခြင်း၊ အလှူပေးပုဂ္ဂိုလ်၏ ကောင်းမြတ်ခြင်းတို့အပေါ် မူတည်၏။ ရှေ့တွင်ဆိုခဲ့သည့်အတိုင်း အလှူခံပုဂ္ဂိုလ်သည် အကျင့်သီလ၊ သိက္ခာ၊ သမာဓိ စသည်တို့နှင့် ပြည့်စုံရမည် ဖြစ်သည်။ ထိုပုဂ္ဂိုလ်မျိုးမရရှိနိုင်ဟု သံသယရှိပါက သံဃိကဒါနဖြစ်အောင်လှူဒါန်းရမည်။ လှူဖွယ်ဝတ္ထုမွန်မြတ်ရန်အတွက် ဓမ္မိယလဒ္ဓခေါ် တရားနှင့်အညီ ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာငွေကြေးဝတ္ထုများကိုသာသုံးစွဲလှူဒါန်းရမည် ဖြစ်သည်။ ရဟန်းသံဃာနှင့် အပ်စပ်သော ပစ္စည်းများလည်း ဖြစ်ရမည်။ အလှူပေးပုဂ္ဂိုလ်များအနေဖြင့် မလှူမီ၊ လှူဆဲနှင့် လှူဒါန်းပြီးသည့်နောက် အချိန်ကာလနေ့ရက်များအထိ စေတနာသုံးတန်ခိုင်ခိုင်မြဲမြဲရှိနေရမည်။ ဥပုသ်သီလ၊ ငါးပါးသီလ စသည်တို့ ဆောက်တည်ထားလျှင် ပို၍ကောင်းပါသည်။ ထိုသို့ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ပစ္စည်းနှင့် အလှူပေးပုဂ္ဂိုလ်တို့ ဖြူစင်မွန်မြတ်မှသာလျှင် ကွယ်လွန်သူတို့အတွက် အကျိုးသက်ရောက်မှုရှိပါသည်။

ပေတဒါနပြုလုပ်ရာ၌ ပိုက်ဆံငွေကြေးကို မလှူအပ်ပေ။ ငွေကြေးအလှူခံယူသော ရဟန်းတို့အတွက်လည်း အပြစ်အာပတ်သင့်သလို ကွယ်လွန်သူအတွက်လည်း အကျိုးမရှိပါ။ အကယ်၍ ငွေကြေးကို ပေးလှူလိုပါက စာအိတ်တွင်ထည့်၍ နဝကမ္မဝတ္ထုဟု စာဖြင့်ရေး၍ ကျောင်းသားကပ္ပိယထံ အပ်နှံ၍ ရဟန်းအား အရှင်ဘုရား အလိုရှိရာတစ်ထောင်ကျပ်တန်ပစ္စည်းကို ထိုကျောင်းသားကပ္ပိယထံ အလှူခံနိုင်ပါသည် ဘုရားဟု လျှောက်ထားကာ ကျောင်းသားကပ္ပိယတစ်ဦးဦးထံ အပ်နှံပေးလိုက်ရမည်။ အရှင်ဘုရား အလိုရှိလျှင် ဤကျောင်းသားကပ္ပိယထံ ငွေတစ်ထောင်အလှူခံနိုင်ပါသည်ဘုရားဟုလည်း ငွေအလှူခံနိုင်ကြောင်း မှားယွင်းစွာ မလျှောက်ထားသင့်ပေ။

ပေတဒါနအတွက် မွန်မြတ်သော အလှူဖြစ်စေရန် အထူးသဖြင့် သံဃာတော်တို့အတွက် သံဃာတော်တို့နှင့် အပ်စပ်သောဝတ္ထုပစ္စည်းများဖြစ်ရမည်။ သံဃာတော်တို့အတွက် ဘုရားရှင်ခွင့်ပြုထားတော်မူသော ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးနှင့် ပရိက္ခရာရှစ်ပါးတို့ကို ပေးလှူနိုင်လျှင် ပို၍ကောင်းပါသည်။ ပရိက္ခရာရှစ်ပါးမှာ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်၊ အပ်နှင့်အပ်ချည်၊ ရေ[illegible]၊ ရေ

www.burmeseclassic.com

စစ်၊ သင်ခုန်းဓားတို့ ဖြစ်ပါသည်။

အထူးသဖြင့် ပြိတ္တာတို့သည် လောလောဆယ် ဆာလောင်ငတ်မွတ်နေကြသောကြောင့် ဆွမ်း၊ ဆွမ်းဟင်း၊ ဘောဇဉ်ချိုချဉ်နှင့် သောက်ရေ စသော စားသောက်ဖွယ်ရာများအား လှူဒါန်းသင့်ပေသည်။ ဤစားသောက်ဖွယ်ရာတို့ လှူဒါန်းအမျှဝေ၍ သာဓုခေါ်နိုင်သော် ပြိတ္တာတို့တွက် အစာရေစာများပေါများစွာရရှိလျက် ဆာလောင်ငတ်မွတ်သည့်ဘဝမှ လွတ်မြောက်ကြမည်ဖြစ်သည်။ ထို့အပြင် ပြိတ္တာဘုံသားတို့သည် အဝတ်အထည်လည်း မရှိတတ်ကြပေ။ သို့အတွက် သင်္ကန်း၊ အသက်ကြီးရင့်သူ ဘိုးဘွားများအတွက် အဝတ်အထည်များလှူသင့်၏။ ၎င်းတို့နေထိုင်စရာနေရာရရှိရန်အတွက်လည်း ကျောင်း၊ ဇရပ် စသည်တို့ လှူသင့်သည်။ ကျောင်းတစ်ကျောင်းလုံးဆောက်လုပ်မလှူဒါန်းနိုင်သော် ကျောင်းဆောက်ရန် ဂေါပကအဖွဲ့၊ အလှူခံဌာနများသို့ ငွေကြေးထည့်ဝင်လှူဒါန်း၍ အမျှပေးဝေသင့်သည်။ သဘာဝဘေးအန္တရာယ်ကျရောက်နေကြသူများအတွက် အိုးအိမ်များလှူဒါန်းခြင်းဖြင့်လည်း ကွယ်လွန်သူအတွက် နေစရာရရှိနိုင်ပါသည်။

**၅။ ရေစက်ချ၊ အမျှဝေရန်**

အလှူအတွက် သီလပေးတရားနာယူပြီးနောက် ရေစက်ချ၊ အမျှပေးဝေသော် ကျန်ရစ်သူများအနေဖြင့် စိတ်ပါလက်ပါ စေတနာကောင်းစွာထား၍ ဆောင်ရွက်သင့်သည်။ ရေစက်ချနေစဉ် ငိုရှိုက်ခြင်း၊ စိတ်ပျံ့လွင့်ခြင်းမဖြစ်အောင် ထိန်းထားရမည်။ ရေစက်ချအမျှဝေခြင်းကို တစ်ဦးတည်းက ဆောင်ရွက်သည်ထက် ကျန်ရစ်သူအများက စုပေါင်း၍ ဆောင်ရွက်နိုင်လျှင် ပို၍ အကျိုးသက်ရောက်မှုဖြစ်နိုင်ပါသည်။ ထိုသို့စုပေါင်းပြုလုပ်သော် ကျန်ရစ်သူမိသားစုထဲမှ ကွယ်လွန်သူ၏ချစ်ခင်နှစ်သက်သောသူပါဝင်သည်ကိုတွေ့မြင်ပါက ပြိတ္တာတို့သည် အားရဝမ်းသာ သာဓုခေါ်ဆိုကြမည်ဖြစ်သည်။ အထူးသဖြင့် ရေစက်ချအမျှပေးဝေသူများသည် ကွယ်လွန်သူအတွက် မွန်မြတ်သောကုသိုလ်ကိုပြုရပြီး၍ စိတ်ရောကိုယ်ပါ ကြည်လင်စွာထားနိုင်ရန် အထူးလိုအပ်သည်။ လူတို့၏ ဝမ်းနည်းငိုရှိုက်ပရိဒေဝသောကမီးတို့သည် အမျှဝေခြင်းနှင့်အတူ ပြိတ္တာဘုံသားတို့ထံ ရောက်ရှိတတ်၏။ ရေစက်ချအပြီး အမျှပေးဝေရာတွင်လည်း ရဟန်းသံဃာများနှင့်တကွ ကျန်ရစ်သူအများက ပြိုင်တူအသံကျယ်စွာ အမျှပေးဝေရပေမည်။ အမျှပေးဝေရေးအတွက် ဆရာတော်၊ သံဃာတော်တစ်ပါးပါးက ဦးစီးဆောင်ရွက်ပေးတတ်ကြပါသည်။ သာဓုကိုလည်း အားလုံးအသံကျယ်စွာခေါ်ဆိုရမည်။

ဆရာတော်က ဦးဆောင်၍ အမျှပေးဝေ သာဓုခေါ်ဆိုကြပြီးနောက် ရေစက်ခွက်သွန်ရင်းဖြစ်စေ၊ တမင်သွားရောက်၍ဖြစ်စေ၊ အိမ်၊ ခြံအပြင်ဘက် အထိထွက်၍ အမျှဝေပေးနိုင်ပါက ပို၍ကောင်းပါသည်။ အချို့ ကွယ်လွန်သူ ပြိတ္တာတို့သည် အကြောင်းအမျိုးမျိုးကြောင့် အိမ်ထဲ၊ ခြံထဲ မဝင်ရောက်နိုင်ဖြစ်တတ်ကြပါသည်။ တစ်ခါတစ်ရံ အတူပါလာသော ပြိတ္တာများကို ငဲ့ကွက်ခင်တွယ်နေ၍ အိမ်ထဲ၊ ခြံထဲ ဝင်ရောက်မလာခြင်းလည်းရှိတတ်ပါသည်။ အချို့ကို အိမ်စောင့်နတ်၊ ခြံစောင့်နတ်တို့က ခွင့်မပြုသဖြင့် အပြင်တွင်နေရတတ်ပါသည်။

တစ်ခုသိသင့်သည်မှာ မိမိတို့၏ ဆွေမျိုးရင်းချာ ကွယ်လွန်သူကိုသာ အဓိကထား၍ အမျှအတန်းပေးဝေရမည်မှန်သော်လည်း အလှူတစ်ခုပြုလုပ်တိုင်း ကျွတ်လွတ်ချင်ကြသော ပြိတ္တာပေါင်းများစွာတို့ ဝန်းရံရောက်ရှိလာတတ်ပါသည်။ (ရှေ့တွင် ပြဆိုခဲ့သော ဗိမ္ဗိသာရမင်းကြီး၏အလှူများကို ရှုစားပါ။) ထိုအခါ မိမိတို့က ငါနှင့်မဆိုင်ဟူ၍ သဘောထားကာ အမျှမပေးဝေပါက ၎င်းတို့ကလည်း အလှူရှင်တို့အပေါ် ကျေနပ်ကြလိမ့်မည် မဟုတ်ပေ။ ကွယ်လွန်သူအတွက် ပြုလုပ်ရင်း အပိုကုသိုလ်အဖြစ် အခြားသော မကျွတ်မလွတ်သူများအတွက်လည်း အမျှပေးဝေသင့်၏။

ဥပမာ -

ကွယ်လွန်သူ ဦး/ဒေါ် (---)နှင့်တကွ သံသရာအဆက်ဆက်က ဆွေမျိုးတော်စပ်ခဲ့ဖူးသော မကျွတ်မလွတ်သူအပေါင်းအား ကျွန်ုပ်တို့လှူဒါန်းသောကောင်းမှုအစုစု၏ ကုသိုလ်အဖို့ဘာဂကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရကြပါစေ။ အမျှ အမျှ အမျှ ယူတော်မူကြပါ"

စသည်ဖြင့် အမျှဝေသင့်၏။

အမျှပေးဝေခြင်းကို ကုသိုလ်ပြုပြီးသည်နှင့် ပြုလုပ်သင့်သလို ကုသိုလ်ပြုပြီး၍ ရက်၊ လ၊ နှစ်များကြာသော်လည်း ၎င်းကုသိုလ်ကိုပင် အကြိမ်ကြိမ်ထပ်ခါတလဲလဲ အမျှအတန်းပေးဝေနိုင်၏။ ဖယောင်းတိုင်မီးကို အခြားဖယောင်းတိုင်များသို့ ကူးညှိသော်လည်း မူရင်းဖယောင်းတိုင်၌ မီးသည် လျော့ပါးကုန်ခန်းသွားခြင်းမရှိသကဲ့သို့ မိမိတို့ပြုအပ်သော ကုသိုလ်မှန်သမျှသည် မည်သူ့ဆီ မည်မျှပင်မျှဝေပေးသော်လည်း ကုန်ခန်းသွားလိမ့်မည်မဟုတ်ပေ။ ကုသိုလ်တရားသည် အမျှပေးဝေခြင်းအတွက် ထာဝစဉ်အထောက်အပံ့ပေးနေမည်သာ ဖြစ်သည်။ မိမိသတိရတိုင်း ပြုပြီးခဲ့သော ကုသိုလ်ကို အခါခါအမျှပေးဝေပါ။ မိမိအတွက်ရော သုံးဆယ့်တစ်ဘုံသားအားလုံးတို့အတွက်ပါ အကျိုးကြီးလှပါသည်။

**၇။ ရေစက်သွန်ရန်**

ရေစက်သွန်ရာတွင် ဖြစ်ကတတ်ဆန်းတွေ့ရာပက်၍ မသွန်အပ်ပေ။ အလှူအတွက် အမျှဝေ၍ ရေစက်ချထားသောရေတို့တွင် ပရိတ်ရေကဲ့သို့ သာမန်လူတို့ မသိမမြင်နိုင်သော အာနိသင်များရှိတတ်ပါသည်။ ထိုရေဖြင့် မမြင်အပ်သောသတ္တဝါတစ်ဦးဦးကို ပက်မိ၍ ဒုက္ခရောက်သွားလျှင် မိမိ၌လည်း အပြစ်ကိုရနိုင်ပါသည်။ ထို့ပြင် ပုရွက်ဆိတ်ကဲ့သို့ သေးငယ်သော တိရစ္ဆာန်ကလေးများအပေါ် လောင်းချမိ၍ သေကျေခဲ့သော် အကုသိုလ်ပင်ဖြစ်စေပါသည်။ ထို့ကြောင့် ရေစက်ခွက်ကိုသွန်ရာတွင် သွန်ချမည့်နေရာရှိ သက်ရှိသတ္တဝါတို့ကို ရှေးဦးစွာ ရှင်းလင်းဖယ်ရှားပစ်ရန် လိုအပ်ပါသည်။ မမြင်အပ်သောသတ္တဝါများအတွက်လည်း ခေတ္တဘေးဖယ်ပေးရန် တောင်းပန်ရမည်။ ပြောင်ရှင်းနေသော မြေပြင်ကို ရွေးချယ်က ပို၍ကောင်းမွန်ပါသည်။

ရေစက်ခွက်သွန်ရင်းလည်း နှုတ်မှ -

"မဟာပထဝီ၊ ဝိသုန္ဒရေ၊ ဤမြေပံသု၊ သီလာထုလည်း၊ သက်သေအမှုတည်စေသော်" ဟူ၍ လည်းကောင်း၊ 'သာသနာစောင့် နတ်မင်းကြီးများနှင့်တကွ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအနေဖြင့် ကျွန်ုပ်၏ရေစက်သွန်းချမှုကို အသိအမှတ်ပြု သက်သေထူကြပါ' ဟု ပြောဆို၍ ရေခွက်ကို နှိမ့်ချလျက် ဖြည်းညင်းစွာ သွန်းလောင်းရပါမည်။ ဤသို့ ပြောဆိုသွန်ချမှသာ အလှူကို မှတ်တမ်းပြုကြသော ဝသုန္ဓရေခေါ်

www.burmeseclassic.com

မြေစောင့်နတ်နှင့် သာသနာစောင့်နတ်မင်းကြီးများက မှတ်တမ်းပြုသက်သေယူရန် မမေ့မလျော့ ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

**၈။ ခေါ်ယူထားသောပုဂ္ဂိုလ်တို့အား ပြန်ပို့ရန်**

အချို့သောမမြင်အပ်သည့်ပုဂ္ဂိုလ်များသည် လူများက ပင့်ဖိတ်၍သော်လည်းကောင်း၊ အာဏာရှိသူတို့က ဆင့်ခေါ်သဖြင့် လည်းကောင်း၊ ရဟန်းသံဃာတို့က မေတ္တာရပ်ခံသဖြင့် လည်းကောင်း၊ တန်ခိုးကြီးသောနတ်များက ညွှန်းစေသဖြင့် လည်းကောင်း၊ အလှူပြုရာ မိမိတို့အိမ်သို့ ရောက်ရှိလာတတ်ကြပါသည်။ အလှူအိမ်သို့ရောက်သော် ရဟန်းသံဃာတို့ကို ဖူးမြင်ရသဖြင့် လည်းကောင်း၊ စားဖွယ်သောက်ဖွယ်များကိုမြင်ရသဖြင့် လည်းကောင်း၊ ဆွေဟောင်းမျိုးဟောင်း အပေါင်းအသင်းဟောင်းများကိုတွေ့ရသဖြင့်လည်းကောင်း၊ အမျှအတန်းပေးဝေသည်ကို သာဓုခေါ်နိုင်၍ ဝမ်းမြောက်ဝမ်းသာမြူးထူးပျော်ပါးနေမိ၍ လည်းကောင်း၊ အခြားသောအကြောင်းများကြောင့် လည်းကောင်း ထိုပြိတ္တာတို့သည် မိမိတို့အိမ်မှမပြန်နိုင်ဘဲ ရှိနေတတ်ပါသည်။

ထိုပြိတ္တာများထဲမှ မကောင်းဆိုးရွားများပါရှိခဲ့သော် . မိမိအိမ်၌ ကမောက်ကမဖြစ်တတ်ပါသည်။ အဆိုပါ အိမ်အပြင်ပြန်မထွက်သူများနှင့် အိမ်စောင့်နတ်၊ ခြံစောင့်နတ်တို့ အခန့်မသင့်ဖြစ်ကြလျှင်လည်း မိမိတို့အိမ်ကိုခိုက်တတ်ပါသည်။ ထို့ကြောင့် အလှူရေစက်ချ အမျှဝေပြီး မကြာမီပင် ၎င်းတို့အား အိမ်ခြံအပြင်ဘက်သို့ ထွက်ခွာသွားကြရန် မေတ္တာရပ်ခံရပေမည်။

ယေဘုယျအားဖြင့် ပြောဆိုရမည်မှာ 'အလှူပွဲပြီးဆုံးသွားပြီ ဖြစ်ပါသဖြင့် သာဓုခေါ်ရန် လာရောက်ကြကုန်သော ကွယ်လွန်သူ ဦး/ဒေါ် (---)နှင့်တကွ အခြားသော ပုဂ္ဂိုလ်များအားလုံး ကျွန်ုပ်တို့၏အိမ်၊ ခြံအပြင်ဘက်သို့ ထွက်ကာ အသင်တို့သွားလိုရာဆက်လက်ထွက်ခွာသွားကြရန် မေတ္တာရပ်ခံပါသည်။ အလှူပွဲပြီးဆုံးပြီဖြစ်သဖြင့် ကျွန်ုပ်တို့၏အိမ်ထဲ၊ ခြံထဲတွင်နေထိုင်ခွင့်မရှိတော့ပါ။ ဤကိစ္စအတွက် အိမ်စောင့်နတ်၊ ခြံစောင့်နတ်နှင့်တကွ သက်ဆိုင်ရာနတ်မင်းကြီးတို့ကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးတော်မူကြပါဟု ပြောဆိုမေတ္တာရပ်ခံရပါမည်။

အကယ်၍ ပုဂ္ဂိုလ်အချို့ ပြန်မထွက်ခွာသေးဘဲ ကျန်ရှိနေသည်ဟု သံသယရှိပါက အထက်ပါအတိုင်း နောက်တစ်ကြိမ်ထပ်မံပြောဆို မေတ္တာရပ်ခံနိုင်ပါသည်။

**၉။ အကြိမ်ကြိမ်ပြုလုပ်အပ်သည့် ပေတဒါန**

ပြိတ္တာဘုံသားတို့၏ သဘာဝ၌ အချို့သော ပြိတ္တာတို့သည် ကျွတ်လွတ်ရလွယ်ကူသော်လည်း တချို့ကမူ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ခဲလှ၏။ အချို့ပြိတ္တာတို့သည် တစ်ကြိမ်တစ်ခါမျှ သာဓုခေါ်ရုံဖြင့် စားစရာ၊ ဝတ်စရာ၊ နေစရာတို့ ဖူလုံစွာရရှိသွားကြ၏။ အချို့ပြိတ္တာများမူ သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်သော်မှ ဖူလုံသောအစားအသောက်၊ အဝတ်အထည်တို့ မရရှိနိုင်ဖြစ်ကြရပါသည်။ အချို့ပြိတ္တာများမှာမူ ပထမအကြိမ်တွင် သာဓုခေါ်ရကောင်းမှန်းမသိဘဲ နောင်ပြုလုပ်သော အလှူအတန်းကျမှသာလျှင် သာဓုခေါ်ရန် သတိပြုမိတတ်ကြ၏။ အချို့ပြိတ္တာတို့သည် နုနယ်သေးချိန်တွင် ကုသိုလ်ပြုအမျှဝေသည်ကို သဘောမပေါက်သေးဘဲ ဉာဏ်ပညာရင့်ကျက်လာချိန်မှာ သဘောပေါက်ပြီး သာဓုခေါ်ကြလေသည်။

ထို့ကြောင့် ပထမအကြိမ် သာဓုမခေါ်နိုင်သော ပုဂ္ဂိုလ်များအတွက် မကြာမြင့်မီ၌ ကုသိုလ်တစ်ခုထပ်မံပြုလုပ်၍ အမျှအတန်းပေးဝေအပ်ပေသည်။ အလှူအတန်း ပြုလုပ်ရာတွင်လည်း ငွေကုန်ကြေးကျ များစွာအကုန်အကျခံစရာမလို။ သင်္ကန်းတစ်ထည်တတ်နိုင်လျှင် သင်္ကန်းတစ်ထည်၊ ဆွမ်းတစ်ချိုင့်ပို့နိုင်လျှင် ဆွမ်းတစ်ချိုင့် ကျောင်းပို့၍ ကွယ်လွန်သူကို ရည်စူးလှူဒါန်း၍ ရေစက်ချ အမျှဝေနိုင်ပါသည်။ ယုတ်စွအဆုံး ဆွမ်းတစ်ဇွန်းလောင်း၍ပင် အမျှပေးဝေနိုင်ပါသည်။ ပစ္စည်းတန်ဖိုး၊ ငွေကြေးအင်အားက အဓိကမဟုတ်ပါ။ ကွယ်လွန်သူကို ရည်စူး၍ လှူဒါန်းလိုသော စေတနာကသာ အဓိကဖြစ်ပါသည်။ အလှူခံဌာန၌ ငွေတစ်ထောင်၊ တစ်ရာ စသည်ဖြင့် တတ်နိုင်သလောက် လှူဒါန်း၍ လည်းကောင်း၊ သက်ကြီးရွယ်အို စသူတို့အား အဝတ်အထည်၊ အစားအသောက်တို့ကို ပေးလှူ၍သော်လည်းကောင်း၊ ကလေးငယ်တစ်ဦးအား မုန့်ကလေးများဝယ်ကျွေး၍သော် လည်းကောင်း၊ ခွေးကလေး ကြောင်လေးများကို အစာကျွေး၍သော် လည်းကောင်း စွန့်ကြဲပေးကမ်းလှူဒါန်းပြီး အမျှပေးဝေနိုင်ပါသည်။

ညအိပ်ရာဝင် သို့မဟုတ် နံနက်အိပ်ရာထ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ ကပ်လှူ ဘုရားရှိခိုးရင်း ထိုကုသိုလ်ကို အမျှဝေနိုင်ပါသည်။ ဘုရားရှိခိုးပြီး အမျှဝေကြရာတွင် များသောအားဖြင့် ရေစက်ခွက်အစားကြေးစည်ကို ထုနှက်အသုံးပြုကြပါသည်။ ကြားရသူအပေါင်းတို့ ကြည်နူးဝမ်းမြောက်စရာဖြစ်၍ အလွန်သင့်လျော်လှပေသည်။ ကြေးစည်မရှိပါကလည်း နှုတ်ချည်းသက်သက် ပြောဆိုရေစက်ချနိုင်ပါသေးသည်။

အချုပ်ဆိုရသော် ပေတဒါနဟူသည် ဘုရားရှင်လမ်းညွှန်ခဲ့သော မွန်မြတ်သည့်ဒါနတစ်မျိုး ဖြစ်ပါသည်။ ပေတဂတိခေါ် ပြိတ္တာဘုံဘဝသို့ရောက်၍ ဒုက္ခဆင်းရဲကြီးစွာ ခံစားနေရသူများကို ၎င်းတို့၏ဝဋ်ဒုက္ခမှ ကျွတ်လွတ်အောင် မိမိ၏ကုသိုလ်ဖြင့် ဆောင်ရွက်ပေးသဖြင့် အလွန်ပင် တန်ဖိုးကြီးမြတ်လှသည့်လုပ်ငန်းမျိုးကြီးလည်း ဖြစ်ပါပေ၏။ မိမိအပေါ် ကျေးဇူးရှိခဲ့ဖူးသော မိခင်၊ ဖခင်နှင့် ဆွေမျိုးအပေါင်းတို့အား တမလွန်ရောက်သည့်အထိ ကျေးဇူးဆပ်သော ပုဂ္ဂိုလ်မြတ်တို့၏ကိစ္စလည်း ဖြစ်ပါသည်။ ကွယ်လွန်သူကို အကြောင်းပြု၍ အလွန်မြင့်မြတ်သော သံဃိကဒါနမျိုး၊ အမျှပေးဝေရသော ပတ္တိဒါနမျိုး၊ သာဓုခေါ်ရသော ပတ္တာနုမောဒနာကုသိုလ်မျိုးတို့ကို ရရှိလျက် လက်တွေ့ကျကျ ရရှိခံစားရမည့် ဒိဋ္ဌဓမ္မအကျိုး၊ နောင်အခါရရှိမည့် တမလွန်အကျိုးကျေးဇူးများခံစားရမည့်အပြင် ဒုက္ခိတသတ္တဝါများကို ကျွတ်လွတ်အောင်ဆောင်ရွက်ပေးနိုင်သည့်အတွက် တစ်သံသရာလုံး အကျိုးပေးထူးစေမည့် ဤပေတဒါနကို အခါအားလျော်စွာ ပြုလုပ်နိုင်ကြရန် အထူးတိုက်တွန်းအပ်ပါသည်။

ဗျာပုံတင်နိုင်ဝင်း

**မှီငြမ်းကိုးကား -**

၁။ ရွှေညာမောင်ယဉ်စိုး၏
ကွယ်လွန်သူ မိဘများအတွက် ကုသိုလ်ပြုကျေးဇူးဆပ်နည်း
၂။ ပြည်ကျော်လွင်(ပညာရေး)၏
ကွယ်လွန်သူအတွက် ရည်စူး၍ အလှူဒါနပြုလုပ်နည်း

www.burmeseclassic.com


www.burmeseclassic.com


မေသူနေဝင်း

# မန္တလေးတိုင်းဒေသကြီးမှ ပြည်တော်အေး ကမ္ဘာ့ဒုက္ကရစရိယာဘုရားလောင်း ရုပ်ပွားတော်မြတ်ကြီး

ပြည်တော်အေး ကမ္ဘာ့ဒုက္ကရစရိယာ ဘုရားလောင်းရုပ်ပွားတော်မြတ်ကြီးအား မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ် (၆၂) လမ်းနှင့် လမ်း (၃၀) ထောင့်ရှိ ဝေပုလ္လာရာမ မဂ္ဂရာဘုန်းကြီးကျောင်းတိုက်ဝင်းအတွင်း တည်ထားတော်မူပါသည်။

ဘုရားလောင်း ဒုက္ကရစရိယာ အကျင့်မြတ်အားကျင့်တော်မူဟန်ထုဆစ်ထားသော ရုပ်ပွားတော်မြတ်ကြီးအား အဝေးမှပင် ထင်ရှားစွာ ဖူးမြင်နိုင်ပါသည်။ အဝင်မုခ်ဦးမှ စတင်ဝင်ရောက်လာစဉ်ကပင် အနုလက်ရာထူးခြားသော ရုပ်ပွားတော်မြတ်ကြီးအား အံ့ဘနန်းကြည်ညိုစွာ ဖူးမြော်နိုင်ပါသည်။ ရုပ်ပွား



ရုပ်ပွားတော်မြတ်ကြီးအား
နောက်ဘက်မှ ဖူးမြော်ရပုံ




လုမ်းတော်မူမြတ်စွာဘုရား


www.burmeseclassic.com


www.burmeseclassic.com

တော်ကြီး၏ညာဘက်တွင် ပဥ္စဝဂ္ဂီငါးပါး ရုပ်တုများအား ထုလုပ်ထားကာ ပဥ္စဝဂ္ဂီငါးပါးရုပ်တုများမှာလည်း မြင်တွေ့နေကျဟန်မဟုတ်ဘဲ ဆံပင်၊ မုတ်ဆိတ်ကျင်စွယ်များပါရှိကာ အိန္ဒိယလက်ရာဟန် ထုဆစ်ပူဇော်ထားသည်ဟု စာရေးသူ ယူဆမိပါသည်။

ရင်ပြင်တော်တွင် ဘုရားဒါယကာ ပြည်တော်အေး ဦးလှဝင်းနှင့် ဘုရားဒါယိကာမ ပြည်တော်အေးဒေါ်ပုံးကြည်တို့အား ကိုယ်စားပြုရည်ရွယ်ကာ ရုပ်ပွားတော်မြတ်ကြီးအား လက်အုပ်ချီမိုး ပူဇော်နေဟန် ရုပ်တုတစ်စုံကိုလည်း မြင်တွေ့နိုင်ပါသည်။ ညာဏ်တော် (၄၅) တောင်အမြင့်ရှိ အတုမရှိ တံခွန်တိုင်စေတီတော်၊ လှမ်းတော်မူမြတ်စွာ


ဘုရားသော်မှ မနေရ သတိသံဝေဂရကြစေ


လျောင်းတော်မူမြတ်စွာဘုရား


ရပ်တော်မူမြတ်စွာဘုရားနှင့် သမ္ဗုဒ္ဓညာဏ်တော်အောင်တော်မူမြတ်စွာဘုရားတို့အား ဖူးမြင်ရပုံ



တစ်မူထူးခြားစွာ ထုလုပ်ထားသော ပဥ္စဝဂ္ဂီငါးပါး


နေဝင်ဆည်းဆာ၌ဖူးမြော်ရသော
ရုပ်ပွားတော်မြတ်ကြီး




www.burmeseclassic.com


www.burmeseclassic.com



အတုမရှိတံခွန်တိုင်စေတီတော်




ပွင့်တော်မူ မဟာဗောဓိစေတီတော်



နဂါးရုံမြတ်စွာဘုရား



အလိုတော်ပြည့် လောကထွတ်တင်
ဗုဒ္ဓမုနိရုပ်ရှင်တော်မြတ်



ဒုက္ကရစရိယာရုပ်ပွားတော်မြတ်ကြီးအနောက်ဘက်ရင်ပြင်မြင်ကွင်း

ဘုရားများကိုလည်း ဖူးမြော်ပူဇော်နိုင်ပါသည်။

ကမ္ဘာ့ဒုက္ကရစရိယာဘုရားလောင်းရုပ်ပွားတော်မြတ်ကြီး၏ နောက်ကျောဘက်ရင်ပြင်တွင် နဂါးရုံဘုရား၊ ညာဏ်တော် အတောင် (၅၀) အမြင့်ရှိ ပရိနိဗ္ဗာန်စံဝင်တော်မူဟန် လျောင်းတော်မူရုပ်ပွားတော်ကြီး၊ အဆိုပါလျောင်းတော်မူရုပ်ပွားတော်အား ပူဇော်ကန်တော့နေဟန် နတ်သားရုပ်တုများ၊ စီတန်းပူဇော်ထားသော ဆင်းတုတော်များ၊ မဟာဗောဓိ စေတီတော်များကိုလည်း ဖူးမြော်နိုင်မည် ဖြစ်ပါသည်။

ရင်ပြင်တော်တွင်ရှိ ကမ္ပည်းမော်ကွန်းကျောက်စာ၌ -



ညအချိန်ဖူးမြော်ရသော ပြည်တော်အေး ကမ္ဘာ့ဒုက္ကရစရိယာဘုရားလောင်းရုပ်ပွားတော်မြတ်ကြီး


www.burmeseclassic.com

www.burmeseclassic.com


- ဖော်ပြပါ ဘုရားဖူးဌာနကြီးသည် သာသနာနှစ် ၂၅၅၃ ခုနှစ်၊ ကောဇာနှစ် ၁၃၇၁ ခုနှစ်၊ ခရစ်နှစ် ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ဆောက် ထုဆစ်ပူဇော်လှူဒါန်းခဲ့ပါသည်။ ဝတ္ထုငွေပေါင်း ကုဋေငါးဆယ် လှူဒါန်းပူဇော်ပါသည်။ သာသနာ ၂၅၅၈ ခုနှစ်၊ ကောဇာ ၁၃၇၆ ခုနှစ်၊ ခရစ်နှစ် ၂၀၁၅ ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။

## ရည်စူးချက်


ဘဒ္ဒကမ္ဘာ ဘုရားငါးဆူတွင် ပွင့်တော်မူပြီးသော ဘုရားရှင်အပေါင်း ရည်စူးပူဇော်ပါသည်။




သဗ္ဗညုတဉာဏ်တော်အောင်တော်မူမြတ်စွာဘုရား



သစ္စာလေးပါးအောင်တော်မူမြတ်စွာဘုရား









ရင်ပြင်တော်မြင်ကွင်းများ



ပဉ္စသိခ်နတ်သားရုပ်တု

www.burmeseclassic.com


www.burmeseclassic.com



သဗ္ဗသိဒ္ဓိကျောင်းတော်



ဘုရားဒါယကာ ပြည်တော်ဓအေးဦးလှဝင်းနှင့် ဘုရားဒါယိကာမ ပြည်တော်အေး ဒေါ်ပြုံးကြည်တို့၏ကိုယ်စားရုပ်တု



အဝင်မုခ်ဦး





ရည်ရွယ်ချက်

၁။ ဗုဒ္ဓဘာသာ သာသနာ ကမ္ဘာပြန့်ပွားစေရန် သာသနာပြုသည်။

၂။ ဗုဒ္ဓဘာသာ သာသနာ ကမ္ဘာတည်စေရန် သာသနာပြုသည်။

၃။ ဗုဒ္ဓဘာသာ သာသနာ နောင်လာနောက်သား မျိုးဆက်သစ် ဗုဒ္ဓဘာသာဝင်များ သဒ္ဓါတရားတိုးပွားစေရန် သာသနာပြုခဲ့ပါသည်။ လှူဒါန်းပူဇော်ခဲ့ပါသည်' ဟု ဖော်ပြထားရှိပါသည်။

❑

ဘုရားဒါယကာမှာ (၆၃) လမ်း၊ (၃၅) × (၃၆) လမ်းကြားရှိ ကုန်မာဆိုင်တစ်ခု၏ပိုင်ရှင် အသက် (၆၉) နှစ်အရွယ်ရှိ ဦးလှဝင်းဆိုသူ ဖြစ်ပါသည်။

စာရေးသူမှ ဘုရားဒါယကာ ဦးလှဝင်းအား ရုပ်ပွားတော်ကြီးနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ရာ -


ဘုရားတည်ဖြစ်သည်မှာ ပိုက်ဆံချမ်းသာ၍မဟုတ်မူဘဲ အသက် (၃၀) နှစ်အရွယ်ခန့်ကတည်းကပင် ဒုက္ခရစရိယာဘုရားလောင်း ရုပ်ပွားတော်အား တည်ထား ပူဇော်ချင်သည့်စိတ်များ တဖွားဖွားဖြစ်ပေါ်လာခဲ့ကာ ထိုအချိန်မှစတင်၍ တဖြည်းဖြည်းချင်း စုဆောင်းလာခဲ့သည့် သန့်ရှင်းသော ငွေကြေးဖြင့်သာ ယခု ရုပ်ပွားတော်မြတ်ကြီးအား တည်ထား ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း၊

www.burmeseclassic.com





အဝေးမှ ဖူးမြင်ရသော ပြည်တော်အေး ကမ္ဘာ့ဒုက္ကရစရိယာဘုရားလောင်းရုပ်ပွားတော်မြတ်ကြီး



မော်ကွန်းကျောက်စာ



ဘုရားဒါယကာနှင့် ဘုရားဒါယိကာမ

အသက် (၆၄) နှစ်အရွယ်တွင် ရုပ်ပွားတော်မြတ်ကြီးအား စတင်ထုလုပ်ပူဇော်ခဲ့ကြောင်း၊ မြတ်စွာဘုရားရှင်အား ဘုရားအဖြစ်နဲ့တင် ကြည်ညိုခဲ့သည် မဟုတ်ဘဲ ဘုရားမဖြစ်မီ ဘုရားအလောင်းတော်ဘဝများ၌ ပါရမီဖြည့်ကျင့်စဉ်ကတည်းကပင် ကြည်ညိုမိပါကြောင်း၊ မည်သူမျှ မကျင့်နိုင်သည့် အကျင့်တော်မြတ်အား ကျင့်တော်မူနိုင်သောရုပ်ပုံလွှာကို မိမိကြည်ညိုသလို တခြားသူများကိုလည်း ကြည်ညိုစေချင်မိကြောင်း၊ ဤရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ပြီး ဘုရားအဖြစ်ကို လွယ်လွယ်နဲ့မရနိုင်ဘဲ ခက်ခဲကြမ်းတမ်းသော ပါရမီတွေကို ဖြည့်ဆည်းခဲ့ရတာဆိုသည့် တဒင်္ဂအသိကလေးတွေရသွားလျှင်ပင် ကျေနပ်မိမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့သော ရုပ်ပွားတော်မြတ်ကြီးမှာလည်း မည်သည့်အရပ်ဒေသတွင်မျှ ထုလုပ်ပူဇော်ထားခြင်းမရှိကြောင်း၊ ဌာပနာများတွင် အလှူရှင်များမှ လှူဒါန်းပူဇော်ကြသော ရွှေငွေကျောက်သံပတ္တမြားများ၊ ဆံပင်များ၊ ရှေးဘုရားများ၊ ရဟန္တာဓာတ်တော်များပင်ပါဝင်ကြောင်း၊ ဘုရားအနေကဇာမတင်မီ ဌာပနာတိုက်မှဓာတ်တော်များ အချိန်ကြာမြင့်စွာကွန့်မြူးခဲ့ကြောင်း၊ ၁၃၇၇ ခု၊ ကဆုန်လဆန်း ၁၂ ရက်နေ့ (၂၉-၄-၂၀၁၅ ရက်နေ့) ညနေ (၅) နာရီအချိန်တွင် မဂ္ဂရာကျောင်းဝင်းအတွင်း အောင်မြေဗောဓိပင်ညောင်ရွက်များမှာ ရုပ်ပွားတော်ကြီးအား ကတော့ထိုး ပူဇော်ခဲ့ကြောင်း၊ ရုပ်ပွားတော်ကြီး၏ မေးစေ့တော်တွင် ပျားစွဲခဲ့ပြီး ယခုတစ်ကြိမ်အပါအဝင်ဆိုလျှင် (၄) ကြိမ်တိုင်တိုင် ပျားစွဲခဲ့ကြောင်း၊ ပျားစွဲပြီးနောက်ပိုင်း ပို၍လူသိများထင်ရှားလာခဲ့ကြောင်း အစရှိသဖြင့် ဖြေကြားပေးခဲ့ပါသည်။

စိတ်ရင်းစေတနာကောင်း၍နိဗ္ဗာန်အကျိုးမျှော်ကိုးကာ အများပြည်သူဘုရားဖူးများ ဖူးမြော်နိုင်စေရန် ရည်သန်ကာ ရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်လှူဒါန်းပူဇော်ခဲ့သော ဘုရားဒါယကာ ပြည်တော်အေးဦးလှဝင်းနှင့် ဘုရားဒါယိကာမ ပြည်တော်အေး ဒေါ်ပြုံးကြည်တို့အားလည်း အသက်ရှည်၍အနာရောဂါကင်းမဲ့ကာ သာသနာ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်စေကြောင်း စာရေးသူ ဆုတောင်းမေတ္တာပို့သပေးမိပါသည်။

❑

စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် မန္တလေးမြို့သို့ တစ်ခါတစ်ခေါက် အလည်ရောက်လာခဲ့လျှင်ဖြင့် ချမ်းအေးသာဇံမြို့နယ် (၆၂) လမ်းနှင့် လမ်း (၃၀) ထောင့်ရှိ ဝေပုလ္လာရာမ မဂ္ဂရာဘုန်းကြီးကျောင်းတိုက်ဝင်းအတွင်း တည်ထားတော်မူသော ကမ္ဘာ့ဒုက္ကရစရိယာဘုရားအလောင်း ရုပ်ပွားတော်မြတ်ကြီးအား လာရောက် ဖူးမြော်ကာ ကြည်ညိုသဒ္ဓါပွားများနိုင်ကြပြီး အလှူငွေများ သဒ္ဓါဖွေးဖြူ လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် တိုက်တွန်းရင်းရေးသား တင်ပြအပ်ပါသည်။

မေသုနေဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ယောနကဘိုးတော် ရွှေတိဂုံစေတီ ဘုရားရှိခိုး


ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကမ္ဘာ့အလယ်တွင် ထူးခြားသောဘုရားတစ်ဆူ ဖြစ်ပါသည်။ မိုးကောင်းကင်သို့ ထိုးဖောက်ထွန်းပေါ်နေသော ရွှေတောင်ကြီးပမာ အံ့ချီးဖွယ်ရာဖြစ်သည်။ မြန်မာ့မြေတွင် စွန့်စွန့်စားစား ဝင့်ဝင့်ကြွားကြွား ဂုဏ်ယူစရာကောင်းလှပေသည်။ မြန်မာတို့၏ဗိသုကာပညာရပ်တွင် ပန်းဆယ်မျိုးပေါင်းစပ်ထားသဖြင့် ခံ့ခံ့သန့်သန့်ကြီးဖြစ်နေပါတော့သည်။

မဟာဂီတပေါင်းချုပ်ကျမ်းကြီးတွင် ရွှေတိဂုံသမိုင်းဘွဲ့ကို -

*□ တပုဿယေ်နှင့် ဘလ္လိကညီနောင်၊ မြတ်ဆံတော်ရှစ်ချောင်း၊ စုပေါင်း၍ ယူခဲ့ဆောင်၊ တန်ခိုးတော်ကတောက်လောင်၊ ရွှေရောင်လေ၊ ငွေရောင်လေ၊ မြရောင်ပြိုးပြက်၊ ဥက္ကလာများစွာ၊ ဗိုလ်ခြေဆက်ပါလို့လေး၊ မြတ်ရာဇာဆံတော်ကိုင်ကာ၊ လက်ကယ်နှင့်လေး၊ မှိုင်တွေးလျက်အခါခါ၊ မွေတော်ဓာတ်ကိန်းဝပ်၊ ကျိန်းမြတ်နေရာ၊ သိင်္ဂုတ်ကယ်တည့်တောင်သေလာ၊ ဘယ်မှာလေ။ ဘယ်မှာလေလား။ နတ်ဆူးလေ ရှာဖွေမိန့်တုံငြားလို့လေး။ လေးဆူရှင်သည်၊ သုညတွင်တည်တော်ထားလို့လေး၊ မြတ်စိန္တေဖျားကိုလှ၊ လျှုငြားပါကြအံ့မကုန်။ မည်တော်တည်ထား၊ မြတ်ဖျားတည့်ရွှေတိဂုံ။ ။ (သဖြန်) စိမ်းပြာလဲ့မှုန်၊ ရဂုံကမ္ဘိုင်း၊ မြူခိုးရယ်မှောင်မှောင်နှင့် သည်တောင်မှာ ရွှေရောင်ဖုံးတယ်။ ကုန်းတော်မြတ်သမိုင်း. . .*

ဟူ၍ ဖော်ပြထားပါသည်။

ရန်ကုန်မြို့တော်အောင်မြေအစစ် သတ္တာဘုမ္မိ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊ အမ္ဘဂုတ္တ၊ တိရဟကုမ္ဘ၊ သိင်္ဂုတ္တရဟူသော အမည်နာမ (၇) မျိုး ခေါ်တွင်ရာဒေသ ဘူမိမြေလွှာတွင် တည်တော်မူပါသည်။ ရွှေတိဂုံစေတီတော်မြတ်သည် ကမ္ဘာပေါ်တွင် အတုမရှိသော ထိပ်ထွတ်တက်ဘုရားစေတီကြီး ဖြစ်သည်။



အံ့သြချီးမြှောက်ဖွယ်ရာအကြောင်းပေါင်းစုံ ပြည့်ဝကုံလုံလှသော ရွှေတိဂုံစေတီတော်ကြီး အထက်ပစ္စယာတွင် စေတီရံပေါင်း (၆၈) ဆူရှိသည်။ ဆီမီးခုံစေတီရံပေါင်း (၈၂) ဆူတို့အလယ်ဗဟိုတွင် ဉာဏ်တော်အမြင့် (၃၂၆) ပေမျှ မားမားမတ်မတ်မြင့်ချွန်လျက်ရှိသည်။

အဝေးကကြည့်ကြည့်၊ အနီးကမြင်မြင် ရွှေတောင်ငယ်များအကြားဝယ် ရွှေတောင်ကြီးပေါက်နေသကဲ့သို့ထင်ရသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးကို အံ့ချီးကြည်ညိုသဒ္ဓါ ညွတ်စရာ (၇) ချက်ဖြင့် ဦးထိပ်ထက်ပန်ဆင်လျက်ရှိကြသည်။

၁။ ဂေါတမမြတ်စွာဘုရားရှင်အဖြစ် ရရှိတော်မူပြီးမှ တည်ထားသော ဆံတော်ဓာတ်တော်စေတီဟူသမျှတွင် ပထမဦးဆုံးစေတီဖြစ်ခြင်း။
၂။ စေတီတော်တွင် သက်ရှိသဗ္ဗိဝဆံတော်များ ကိန်းဝပ် စံပယ်တော်မူခြင်း။
၃။ ဆံတော်ကိန်းဝပ်ရာ စေတီတော်၏ပုံတော် တည်ဆောက်ထားရှိမှုအချိုးအစား ပြေပြစ်ကျန သပ္ပာယ်တော်မူခြင်း။
၄။ သမိုင်းခေတ်အဆက်ဆက်တို့တွင် ဘုရင်မင်းမြတ်၊ အာဏာပိုင်၊ ဂေါပအဖွဲ့နှင့် ရဟန်းရှင်လူပြည်သူတို့က စေတီတော်မြတ်ကြီးအား ကြည်ညိုဖွယ်ဖြစ်အောင် ဘက်စုံစီမံဆောင်ရွက်ပေးကြခြင်း။
၅။ ဘုရားဖူးပရိသတ်များ၏ ကောင်းမှုကုသိုလ်ဓာတ်များ အမြဲမပြတ်မွမ်းထုံထားခြင်း။
၆။ မြတ်စွာဘုရား၏ ဓမ္မအသံများဖြင့် အမြဲတမ်းလွှမ်းခြုံထားခြင်း။
၇။ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုများနှင့် အမျိုးသားရေးအမွေအနှစ် အစဉ်အလာများ စုံလင်စွာတည်ရှိနေခြင်း စသော(၇)ရပ်နှင့် တည်ရှိနေပါသည်။

မြန်မာ့မြေတွင် မြတ်ဗုဒ္ဓ၏ ပထမနဝင်းဆံတော်ရှင်ဘုရား (၉) ဆူထဲတွင် အထက်ထိပ်အဆင့်၌ရှိသည်။

ဗုဒ္ဓမြတ်ဆံတော်ရှင်များတွင် -

၁။ ရွှေတိဂုံဆံတော် (၈) ဆူ၊



www.burmeseclassic.com

www.burmeseclassic.com

၂။ ကျိုက္ခမီရေလယ်ဘုရား
ဆံတော် (၁၁) ဆူ၊
၃။ ကျိုက္ကဆံစေတီတော်
ဆံတော် (၇) ဆူ၊
၄။ တွံတေးရွှေဆံတော်
ဆံတော် (၆) ဆူ၊
၅။ သန်လျင်ကျိုက်ခေါက်
ဆံတော် (၆) ဆူ၊
၆။ ပြည်ရွှေဆံတော်
ဆံတော် (၄) ဆူ၊
၇။ ကျိုက်ထီးရိုးစေတီ
ဆံတော် (၃) ဆူ၊
၈။ ဗိုလ်တထောင်စေတီ
ဆံတော် (၃) ဆူ၊
၉။ ငပုတောမြတ်မော်တင်စွန်း
ဆံတော် (၂) ဆူတို့ ပါဝင်သည်။

ရွှေတိဂုံစေတီတော်သည် မြတ်စွာဘုရား(၄)ဆူတို့၏ ဓာတ်တော်မွေတော် ပါဝင်နေ၍ ထိပ်အထက်ဆုံးစာရင်းဝင် လျက်ရှိသည်။

ကျွန်ုပ် တင်ပြလိုသော အဓိက အချက်မှာ ရှေးသမားစဉ်ဆရာတော် ဘုရားကြီးများနှင့် ပါရမီရှင်ပုဂ္ဂိုလ် အပေါင်းတို့၏ ရွှေတိဂုံစေတီဘုရားရှိခိုး ဆုတောင်းများ ဖြစ်သည်။ ရွှေတိဂုံစေတီ တော်ရောက် ရဟန်းရှင်လူပြည်သူ အပေါင်းတို့သည် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ သစ်ဥသစ်ဖု၊ ဆွမ်း၊ မုန့်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။ ပြီးမြောက် အောင်မြင်လျှင် မိမိတို့အလှူဒါနကုသိုလ် ထူးအတွက် ဘုရားရှိခိုးဆုတောင်းကြ ကုန်၏။

ရွှေတိဂုံဘုရားရှိခိုးအမျိုးမျိုးကို ပါဠိလို၊ မြန်မာလို၊ ကဗျာ၊ တေးထပ်၊ ရတု၊ သဖြန် စသည်ဖြင့် ပူဇော်ထားရစ်ခဲ့ ကြသည်။ သိရှိမှတ်သားဖွယ် ကျမ်းဂန်လာ ရှာဖွေတင်ပြအပ်ပါသည်။

က။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ခ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(ဒုတိယမ္ပိ၊ တတိယမ္ပိ၊ သရဏဂုံ၊ သဝေမပါ ကိုးဂါထာ)

ဂ။ **အရဟံ** - ကိလေသာကင်းစင် တော်မူသောမြတ်စွာဘုရား၊ ဆိတ်ကွယ် ရာအရပ်၌ပင် မကောင်းမှုကိုပြုတော် မမူသော မြတ်စွာဘုရား။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းနှင့်တကွ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

**သမ္မာသမ္ဗုဒ္ဓေါ** - သိစရာအားလုံး တို့ကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော မြတ်စွာဘုရား။

**ဝိဇ္ဇာစရဏသမ္ပန္နော** - အသိဉာဏ် ရော အကျင့်ပါ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

(ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား)

**သုဂတော** - ကောင်းသောစကား ကို ဆိုတော်မူသော မြတ်စွာဘုရား။

(မှန်ကန်၍အကျိုးရှိသောစကား ကို ဆိုတော်မူသော မြတ်စွာဘုရား)

ကောင်းသော နိဗ္ဗာန်သို့ကြွတော် မူသော မြတ်စွာဘုရား။

**လောကဝိဒူ** - လောကသုံးပါး သိတော်မူသော မြတ်စွာဘုရား။

(သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟုဆိုအပ်သော လောက သုံးပါးကိုသိတော်မူသောမြတ်စွာဘုရား)

**အနုတ္တရော ပုရိသ ဒမ္မသာရထိ** - ဆုံးမထိုက်သောသတ္တဝါတို့ကို အတုမရှိ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

**သတ္ထာဒေဝ မနုဿာနံ** - နတ်၊ လူ တို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။

(နတ်၊ လူတို့အား ကောင်းရာ ကောင်းကြောင်း ညွှန်ပြတော်မူသော မြတ်စွာဘုရား)

**ဗုဒ္ဓေါ** - သစ္စာလေးပါးကိုကိုယ်တိုင် လည်း သိတော်မူ၊ သူတစ်ပါးတို့ကိုလည်း သိအောင် ဟောတော်မူသော မြတ်စွာ ဘုရား။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာလေးပါးတို့ကို ကိုယ်တိုင်လည်းသိ တော်မူ၊ သူတစ်ပါးကိုလည်းသိအောင် ဟောတော်မူသော မြတ်စွာဘုရား)

**ဘဂဝါ** - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၁။ **ဣဿရိယဘုန်းတော်** - မိမိစိတ်ကို ရော တစ်လောကလုံးကိုပါ အစိုးရ တော်မူသောမြတ်စွာဘုရား။
၂။ **ဓမ္မဘုန်းတော်** - မဂ်၊ ဖိုလ် နိဗ္ဗာန် တရားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
၃။ **ယသဘုန်းတော်** - များပြားသော အခြံအရံ ပျံ့နှံ့သော အကျော် အစောနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
၄။ **သိရီဘုန်းတော်** - အတုမရှိသော ကျက်သရေတော်နှင့် ပြည့်စုံတော် မူသောမြတ်စွာဘုရား။
၅။ **ကာမဘုန်းတော်** - လိုအင်ဆန္ဒ တောင့်တမှုမှန်သမျှ ခဏချက်ချင်း ပြည့်ဝတော်မူသော မြတ်စွာ ဘုရား။
၆။ **ပယတ္တဘုန်းတော်** - အတုမရှိသော လုံ့လ၊ ဝီရိယနှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရား။

ဘုရား၊ တရား၊ သံဃာဂုဏ် ရတနာများကို ရှိခိုးပူဇော်ပြီးသောအခါ တွင် မိမိနိုင်သမျှ တစ်ပါးသီလ၊ ငါးပါး သီလ၊ ရှစ်ပါး၊ ဆယ်ပါး စသည်ဖြင့် သီလခံယူဆောက်တည်ရပါမည်။

ဗုဒ္ဓဂုဏောအနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏောအနန္တော၊ မာတာ ပီတုဂုဏောအနန္တော၊ အာစရိယဂုဏော အနန္တော၊ အနန္တောအနန္တငါးပါးကို ရွတ်ဆိုပူဇော်ရပါမည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကြည်ညိုတည်ထား ပြုပြင်စောင့်ရှောက် ကြသော မြင်အပ်၊ မမြင်အပ်သော လူပုဂ္ဂိုလ်၊ သူတော်စင်သူတော်မြတ်၊ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများနှင့်တကွ သုံးဆယ့်တစ်ဘုံသားအပေါင်း ဝေနေ ယျများကို မေတ္တာပို့သ၍ မှန်ကန်သော သစ္စာဆိုကာ လိုရာဆုတောင်း အမျှဝေ သာဓုခေါ်ရမည်။

ကျေးဇူးရှင် တောင်တန်းသာသနာ ပြု ဆရာတော်ကြီး ဦးဥတ္တမသာရက ရှေးဆရာတို့၏ နည်းလမ်းကောင်း၊ ရွှေတိဂုံဘုရားရှိခိုးနှင့် ဆုတောင်းကို လက်ဆင့်ကမ်းအမွေ လမ်းညွှန်ပြခဲ့ကြ သည်။ လက်တွေ့ လုပ်ဆောင်ကြည့် လျှင် အမှန်တကယ် အကျိုးရှိကြောင်း ဖွင့်ဆိုထားပါသည်။

ပါဠိဂါထာများကို အကျွမ်းတဝင် မရှိသေးသောသူများ မြန်မာလို ရိုးရိုး ယဉ်ယဉ် ဘုရားရှိခိုးကိုလည်း တွေ့ရှိ မှတ်သား သင်ယူနိုင်ပါသည်။

□ *တပုဿ၊ ဘလ္လိက နှစ်ဝညီနောင် လှည်းကုန်သည်တို့သည် အောင်စည် ရိုက်ညောင်း အောင်မောင်းမင်္ဂလာ အောင်ပြီးခါလျှင် လင်းလွန်းပင်ဝယ် ကြည်ရွှင်စံနေ သတ္တာဟေ၌ ပေးဝေ အသင့် ဆောင်ယူ ပင့်အပ်သော သက်တော်ထင်ရှား ကိုယ်တော်မြတ် အလားကဲ့သို့ ရောင်ခြည်ခြောက်ပါး ကို လွှတ်တော်မူထသော မင်ပီတုန်း လို အမြဲညိုသည် နှစ်လိုစဖွယ် တင့်တယ်ရောင်လျှင် ရှစ်ဆူသော ဆံတော်ဓာတ်ကို ဥက္ကလာပနရ သနင်းဘုရင်မင်းနှင့် မြို့တွင်းပျော်ပါ လူအများတို့သည် လေးစားကြည်ရာ တူပျော်မလွဲ ပူဇော်ပွဲသဘင်ကြီးကို*



www.burmeseclassic.com

www.burmeseclassic.com

ညီညာဖြဖြစုကြ၍ ကကုသန်၊ ကောဏ၊ ကဿပ၊ ဂေါတမဟု ကမ္ဘာ့ထွတ်တင် လေးဆူသော မြတ်ဘုန်းရှင်တို့၏ တောင်ဝှေး၊ ရေသနုပ်၊ ဓမ္မကရိုဏ်၊ ဆံတော် တည်းဟူသော ဓာတ်တော်မြတ်ကို သိုမှီးဌာပနာတည်ထားဖူးရာဖြစ်သော (၉၉)ကုန်းတို့၏ထွဋ်ချက် ဆင်ဦးကင်း သဏ္ဌာန်ရှိသော ကုန်းတော်ထက်၌ ရွှေတိဂုံဟု လူ့ဘုံမက ဘဝဂ်ကျအောင် ကုတာထင်ပေါ် သံတောင်တော် (၁၈၆) တောင်၊ (၂) မိုက်၊ (၄) သစ် မြင့်တော်မူသော စေတီတော်မြတ် ကြီးကို လူတစ်ရစ်၊ နတ်တစ်ရစ်၊ ရွှေအစစ်တို့ဖြင့် ပြေပြစ် မွမ်းတင် ကြည်လင်သပ္ပာယ်တည်ထားကိုးကွယ် လောပါသော။ မြန်မာတိုင်း ကျက်သရေ တင့်ဖြိုးဝေသည့် ရွှေရောင်ခြည်လျှင် ထိုစေတီတော် မြတ်ကြီးကို တပည့်တော်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ဘုရား။ ။

ရှေးဆရာတို့၏ ဘုရားရှိခိုးဖြစ်သော ရွှေတိဂုံစေတီတော်ဘုရားရှိခိုးကို အရှင် နာရဒါဘိဝံသ (လှရတနာ) က အောက်ပါအတိုင်း ရှာဖွေဖော်ကျူးထားသည်။

□ အောင်ကြောင်းမင်္ဂလာ၊ အောင်ဇေယျာတည့်၊ မဟာမုနိ၊ တုမရှိလျှင်၊ ဗောဓိညောင်ရွှေ ပလ္လင်မြေမှ၊ လှည့်ခြွေစိုးစံ၊ သတ္တဌာနံတွင်၊ ခက်လှုံညွန့်ဝေ၊ လင်းလွန်းမြေဝယ်၊ နေ့စဉ်အခါ၊ ဥက္ကလာမှ၊ သမ္ဘာထူးလှ၊ တပုဿနှင့်၊ ဘလ္လိကမောင်၊ ညီနှင့်နောင်တို့၊ ဘုန်းခေါင်ထံပါး၊ ရောက်လာငြား၍၊ နှစ်ပါးမွှေးထုံ၊ သရဏဂုံနှင့် ရှစ်စုံဆံမြတ်၊ သရီဓာတ်ကို၊ ရလတ်သောအခါ၊ မင်းမြတ်စွာနှင့် ဒေဝါအများ၊ မိုးသကြားတို့၊ ကြိုးစားမယုတ်၊ လွန်အားထုတ်၍၊ သိင်္ဂုတ်တောင်တွင်၊ တိဂုံရှင်ကို၊ ဖူးမြင်စေ ဌာပနာ၏။

ရွှေခါရိပ်မြုံ၊ စံကြတုံသည်၊ သံ- ဂုံ- ဥ-မရှင်၊ ထွတ်သခင်တို့၊ နောင်လျှင် မျှော်ဆ၊ ကောင်းကျိုးရဖို့၊ ဓမ္မကရိုဏ်၊ ခြောက်ရောင်ဆိုင်နှင့်၊ သင်းပိုင်၊ ရေသနုပ်၊ ဆန်းစွာလုပ်သည့်၊ လက်ဆုပ်တောင်ဝှေး၊ ဂုဏ်ရောင်ပြေးလျက်၊ ကြိုင်မွှေးပျံ့သင်း၊ ဤတောင်မင်း၌၊ သီတင်းသုံးရာ၊ မှန်ခဲ့ပါ၏။

လေးဖြာစုပုံ၊ လေးဓာတ်စုံသား၊ တိဂုံဆံရှင်၊ မြတ်သခင်ကို၊ အိပ်လျှင်ရှိခိုး၊ နိုးလျှင်မိဌာန်၊ ပြည်နိဗ္ဗာန်ကို၊ အမှန်ရောက်ရပါလိုသောဝ်-မြတ်ရှင်စော။ ဩကာသ၊ဩကာသ၊ဩကာသ။

ဤသို့ ကြည်ညိုဖွယ်ရာမျိုးစုံ ပြည့်စုံကုံလုံနေသော ရွှေတိဂုံစေတီတော်မြတ်ကြီးကို ခေတ်အဆက်ဆက် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းအပေါင်းတို့ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ခဲ့ကြသည်။ ခိုင်မာတိကျ သမိုင်းမှတ်တမ်းများတွင် ဘိုးတော်မင်းတရားလက်ထက် သာသံနာပိုင် ပထမမောင်းထောင်ဆရာတော်ကြီးက ပါဠိ-မြန်မာနှစ်ဘာသာဖြင့် ပေထက်အက္ခရာတင်ခဲ့သည်။

□ *ထီးဆောင်းမင်းများသခင် ရတနာပေါင်းတို့အရှင်ဖြစ်တော်မူသော ရာဇဓမ္မအပေါင်းနှင့် ပြည့်စုံတော်မူပြီး မဟာဓမ္မရာဇာဓိရာဇာ နာမံတံဆိပ်တော်ရှိတော်မူ၍ အမရပူရ ရွှေနန်းတည် သာသနာပြု၊ တိုင်းပြုပြည်ပြု ဆင်ဖြူများအရှင် ဘဝရှင်မင်းတရားကြီး ဘိုးတော်ဘုရား၏ ဆရာတော်ဖြစ်သော အဆောက်အအုံများခြံရံသည့် ကျောင်းတော်ငါးရပ်ငါးတိုက်တို့ဖြင့် ကိုးကွယ်တော်မူသော နာမံတံဆိပ်သုံးကြိမ်တိုင်ရရှိတော်မူသော ဉာဏာဘိဝံသ ဓမ္မသေနာပတိမထေရ် ပထမမောင်းထောင်းဆရာတော်ကြီးသည် သက္ကရာဇ် ၁၁၅၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ အင်္ဂါနေ့တွင် ရဟန်းရှင်လူတစ်ထောင်ကျော်အခြံအရံနှင့်တကွ အမရပူရ ရွှေပြည်တော်ကြီးမှ ရွှေတိဂုံစေတီတော်သို့ အဖူးအမြော်ရောက်၍ အထူးထူးသော ကျမ်းဂန်တို့မှလာသော ဆံတော်အတ္ထုပ္ပတ္တိ အခြင်းအရာအားဖြင့် ချီးမွမ်းထောမနာ၊ သောတိဂုမ္ဗစေတီယထောမနာ(၁၂) ပါးဂါထာကို သူတော်ကောင်းတို့အား ကုသိုလ်ကောင်းမှုဖြစ်ပွားစေခြင်းအလို့ငှာ ပါဠိ - မြန်မာ မှန်ကန်စွာ ရေးသားထားပေသည်။ သူတော်ကောင်းတို့ မှတ်သား လေ့ကျက် ဆောင်ရွက် ကုသိုလ်ပါရမီဖြစ်ကြစေကုန်သတည်း*

ဟူ၍ တွေ့ရှိမှတ်သားရသည်။

ရွှေတိဂုံစေတီတော် ဘုရားရှိခိုး (၁၂) ဂါထာကို ရွတ်ဖတ်ပူဇော်ကျင့်ကြံ မှတ်သားနိုင်ပါရန် ထပ်မံတင်ပြရေးသားဖော်ပြအပ်ပါသည်။

**□ ရွှေတိဂုံစေတီဘုရားရှိခိုး (၁၂) ဂါထာတော်ကြီး**

၁။ ယော ဒီပင်္ကရ မူလမှိ၊ ပဒံ ဟတ္ထဂတံ စဇိ။
သမ္မာသမ္ဗောဓိ မင်္ကံခံ၊ ဝန္ဒေ တဿ သိရောရုဟံ။ ။

အကြင်မြတ်စွာဘုရားရှင်သည် ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်း၌ သဗ္ဗညုဘုရားကို အလိုရှိတော်မူသည် ဖြစ်၍ လက်တော်သို့ ရောက်လုဆဲဖြစ်သော နိဗ္ဗာန်ချမ်းသာကို စွန့်ပယ်တော်မူလေပြီ။ ထိုမြတ်စွာဘုရား၏ ဦးခေါင်းတော်၌ရောက်သော ဆံတော်ဓာတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏။

၂။ ပူရေတွာ ဗောဓိသမ္ဘာရ၊ မသေသံ ယော အနုတ္တရံ။
အလတ္ထ ဗုဒ္ဓတ္တံ တဿ၊ ကေသဓာတု ဝရံ နမေ။ ။

အကြင်မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ပါရမီအပေါင်းကို အကြွင်းမဲ့ဖြည့်တော်မူပြီး၍ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူလေပြီ။ ထိုဘုရားရှင်၏ ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏ ဘုရား။

၃။ လဒ္ဓ ဗုဒ္ဓတ္တံ ဆဌာနံ၊ အတိက္ကမ္မ ပဝေဒယိ။
ဝိမုတ္တိရာဇယတနေ တဿ ကေသ ဝရံ နမေ။

အကြင်မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်ကိုရတော်မူပြီး၍ ခြောက်ပါးသောဌာနကိုလွန်တော်မူ၍ ခုနစ်ခုမြောက်သော လင်းလွန်းပင်အရင်း၌ ဖလသမာပတ်ကို ခံစားတော်မူလေပြီ။ ထိုမြတ်စွာဘုရား၏ဆံတော်မြတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏ဘုရား။

၄။ တတ္ထ သတ္တ ဒတ္တိယမ္ဘိ၊ နာဂတံ ဟရိတကံ။
အနေတတ္တောဒကံဘုဉ္စိ၊ ဝန္ဒေ တဿ သိရောရုဟံ။

အကြင်မြတ်စွာဘုရားသည် ထိုရာဇာယတနသတ္တာဟ၌ သိကြားမင်းလှူသော ကွမ်းရိုးတံပူကို လည်းကောင်း၊ ကြစုသီးကို လည်းကောင်း၊ အနဝတတ်ရေကိုလည်းကောင်း သုံးဆောင်တော်မူလေပြီ။ ထိုမြတ်စွာဘုရား၏ ဦးခေါင်းတော်၌ရောက်သောဆံတော်ကို အကျွန်ုပ်သည် ရှိခိုးပါ၏ ဘုရား။

၅။ တဒါ မုဂ္ဂသေလပတ္တံ၊ မဟာရာဇူဟိ ဒိန္နကံ။
တထာဂတော ပဋိဂ္ဂဏှိ၊ ဝန္ဒာမိ တဿ သီသဇံ။

အကြင်မြတ်စွာဘုရားသည် ထိုရာဇယတနသတ္တာဟဝယ် နေတော်မူသောအခါ၌ စတုမဟာရာဇ်နတ်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

လေးပါးတို့ လှူအပ်သော ပဲနောက် အဆင်း ကျောက်ညိုသပိတ်ကို ရှေးဘုရားတို့ကဲ့သို့ အလေ့အကျင့်ရှိ တော်မူသည်ဖြစ်၍ခံတော်မူပေပြီ။ ထို မြတ်စွာဘုရား၏ဦးခေါင်းတော်၌ရောက် သောဆံတော်ကို အကျွန်ုပ်သည် ရှိခိုးပါ ၏ဘုရား။

၆။ တဒါ ဒိန္နံ ဒွေ ဘာတိကာ၊ ဇနေဟိ မဓုပဏ္ဍိကံ။
ပရာဘုဋ္ဌေသိ မန္ထမ္ပိ၊ တဿသီသ သိရိ နမေ။

အကြင်မြတ်စွာဘုရားသည် ထို ရာဇာယတနသတ္တာဟဝယ် နေတော်မူ သောအခါ၌ တပုဿ၊ ဘလ္လိကညီနောင် နှစ်ယောက်တို့သည် ပေးလှူအပ်သော ပျားမုန့်ဆုပ်ကို လည်းကောင်း၊ မုန့်ကြွပ် ကျစ်ကို လည်းကောင်း သုံးဆောင်တော် မူ၏။ ထိုမြတ်စွာဘုရား၏ ဦးခေါင်း ကျက်သရေဖြစ်သော ဆံတော်ကို ကျွန်ုပ် သည် ရှိခိုးပါ၏ဘုရား။

၇။ ယော တဖုဿ ဘလ္လိကာနံ၊ တဒါ ဒွိသရဏံအဒါ။
လောကမှိ သဗ္ဗပဌမံ၊ တဿ သီရိ ဝဟံ နမေ။

အကြင်မြတ်စွာဘုရားသည် ထို ရာဇာယတနသတ္တာဟဝယ် နေတော်မူ သောအခါ၌ တပုဿ၊ ဘလ္လိကညီနောင် တို့အား လောကသုံးပါးတွင် ခပ်သိမ်း သောသူတို့ထက် ဦးစွာ ဒွေဝါစိက သရဏဂုံကို ပေးတော်မူလေပြီ။ ထိုမြတ် စွာဘုရား၏ကျက်သရေကိုဆောင်တတ် သော ဆံတော်မြတ်ကို အကျွန်ုပ်သည် ရှိခိုးပါ၏။

၈။ တဒါ တတ္ထု ပဋ္ဌကာနံ၊ တေသံ ကေသေ.အဒါအဋ္ဌ။
လောဟိတာ မပေက္ခန္တော၊ နာထော ယောတဿတေနမေ။

အကြင်မြတ်စွာဘုရားသည် ထို ရာဇာယတနသတ္တာဟဝယ် နေတော်မူ သောအခါ၌ ထိုအရပ်သို့ ဆည်းကပ် လာကုန်သော တပုဿ၊ ဘလ္လိကညီ နောင်တို့အား ဆံတော်ရှစ်ဆူကို လောက ၏ အစီးအပွားကို အရှည်ထောက်ရှု ၍တော်မူလျက် ပေးအပ်တော်မူလေပြီ။ ထိုမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို အကျွန်ုပ်သည် ရှိခိုးပါဘုရား။

၉။ တေပိ တံ အာဟရိတွာန၊ ပေါက္ခ ရဝ္ဗတိယံကရုံ။
သဇီဝ ကေသစေတိယံ၊ နမေ တံ တဗ္ဗ ပုဗ္ဗကံ။

ထိုတပုဿ၊ ဘလ္လိကညီနောင်တို့ သည်လည်း ထိုဆံတော်ဓာတ်ကို ဆောင် ယူ၍ ပေါက္ခရဝတီမြို့၌ သက်တော်ထင် ရှားရှိသော သဗ္ဗညုဘုရား၏ ဆံတော် စေတီကိုပြုလေကုန်ပြီ။ ခပ်သိမ်းသော စေတီတို့၏ရှေးဦးဖြစ်သော ထိုဆံတော် စေတီ(ရွှေတိဂုံစေတီတော်)ကို အကျွန်ုပ် သည် ရှိခိုးပါ၏ဘုရား။

၁၀။ ဥပေါသထုပေါသထမှိ၊ မုဋ္ဌန္တိနိလ ရသ္မိ ယော။
ဘာဝဝါ လောကအတ္ထံ၊ ကရောန္တ သဒါ နမေ။

ဥပုသ်နေ့တိုင်း၌ ညိုသောရောင် ခြည်တော်တို့ကိုလွှတ်ပြလျက် သက်တော် ထင်ရှားရှိသော သဗ္ဗညုတဘုရားကဲ့သို့ လူတို့၏အကျိုးစီးပွားကိုပြုတော်မူတတ် သော ထိုဆံတော်စေတီ (ရွှေတိဂုံစေတီ တော်) ကို အကျွန်ုပ်သည် အခါခပ်သိမ်း ရှိခိုးပါ၏ဘုရား။

၁၁။ စူဠာမဏိ ဒုဿစေတျံ၊ ကာလမှိ ဇောဓိသတ္တကေ။
ဗုဒ္ဓကာလေ ဣဒံသဗ္ဗ၊ ပဌမံတံ နမာမဟံ။

တာဝတိံသာစူဠာမဏိစေတီတော်၊ ဗြဟ္မာ့ပြည်ဒုဿစေတီတော်နှစ်ဆူသည် ဘုရားအလောင်းလက်ထက်ဖြစ်သော အခါ၌ ခပ်သိမ်းသောစေတီတို့၏ရှေးဦး ဖြစ်၏။ ဘုရားရှင်လက်ထက်တော်၌ ဤဆံတော်စေတီသည် ခပ်သိမ်းသော စေတီတို့၏ရှေးဦးဖြစ်၏။ ထိုတဂုမ္ဘ ဆံတော်စေတီကို အကျွန်ုပ်သည် ရှိခိုး ပါ၏ဘုရား။

၁၂။ နမာမဟံ ဝန္ဒာမဟံ၊ ပူဇေမဟံ သိရောရုဟံ။
ပုညမိဒံ ဘဝတုမေ၊ ပစ္စယော အာသဝက္ခယေ။

အကျွန်ုပ်သည် ဆံတော်ဓာတ်ကို ရှိခိုးပါ၏။ အကျွန်ုပ်သည် ဆံတော် ဓာတ်ကို ဦးညွှတ်ပါ၏။ အကျွန်ုပ်သည် ဆံတော်ဓာတ်ကို ပူဇော်ပါ၏။ ဤ ကောင်းမှုအပေါင်းသည် အကျွန်ုပ်အား အာသဝေါတရားလေးပါး ကုန်ခန်းခြင်း ၌ အာသဝေါတရားလေးပါးကုန်ခြင်း၏ အကြောင်းသည် ဖြစ်ပါစေသတည်း။

### ရွှေတိဂုံစေတီတော်ဘုရားရှိခိုး အနှစ်ချုပ်

- တဒါ တတ္တု ပဋ္ဌာဘနံ၊ တေသံ ကေသေ အဒါအဋ္ဌ။
  လောကဟိတ အပေက္ခန္တော၊ နာထော ယောတဿ တေ နမေ။

**မြန်မာလိုအနက်အဓိပ္ပာယ်**

**ယောနာထော** - အကြင်မြတ်စွာ ဘုရားသည်၊ **တဒါ** - ထိုရာဇာယတန လင်းလွန်းပင် သတ္တာဟဝယ်နေတော်မူ သောအခါ၌၊ **အတ္တ** - ထိုလင်းလွန်းပင် အရပ်သို့၊ **ဥပဋ္ဌာတာနံ** - ဆည်းကပ်လာ ကုန်သော၊ **တေသံ** - ထိုတပုဿ၊ ဘလ္လိက ညီနောင်တို့အား၊ **အဋ္ဌကေသေ** - ဆံတော် ရှစ်ဆူတို့ကို၊ **လောကဟိတံဥတ္တ**-လောက ၏အကျိုးစီးပွားကို၊ **အပေက္ခန္တော**-အရှည် ထောက်ထားတော်မူလျက်၊ **အဒါ** - ပေးတော်မူလေပြီ။ **တဿနထဿ**- ထိုမြတ်စွာဘုရား၏၊ **တေအဋ္ဌကေသေ**- ထိုဆံတော်ရှစ်ဆူတို့ကို၊ **အဟံ**-ငါသည်၊ **နမေ နမာမိ** - ရှိခိုးပါ၏။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ လျှို့ဝှက်နက်နဲသောဘုရားရှိခိုးဆုတောင်း တော်များကို ရှာဖွေစုစည်းလေ့လာတင်ပြ အပ်ပါသည်။ ရွှေတိဂုံစေတီဘုရားရှိခိုး ဆုတောင်းတော်မြတ်ကြီးသည် အလုံးစုံ ချမ်းသာပြီးစီးပြည့်စုံခြင်းကို ရရှိစေနိုင်ပါ သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဘုရားရှိခိုးဆုတောင်းများသည် ကျမ်းဂန် နှင့်အညီ ရှေးဆရာသမားစဉ်အဆက် ဆက် ရေးသားပူဇော်ထားရှိခဲ့သည်။ ဗုဒ္ဓ ဝင် မဟာဝါ၊ ထေရာအပဒါန်၊ အင်္ဂုတ္တရ ဓကနိပါတ်၊ ဇာတက္ကကီ၊ သာရတ္ထဒီပနီ၊ ဇိနာလင်္ကာရ၊ ဒါဌာဓာတုဝံသ၊ ထူပ ဝံသအစရှိပါသော ပါဠိတော်၊ အဋ္ဌ ကထာ ဋီကာကျမ်းမြတ်များလာရှိသည့် အတိုင်းသာ ဖွင့်ဆိုထုတ်ပြထားပါသည်။ ရွတ်ဆိုပူဇော်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ရေးသားမှတ်ယူခြင်း၊ မိတ္တူပွားများ ဓမ္မ ဒါနကုသိုလ်ပြုခြင်းများဖြင့် ကိုယ်ထိလက် ရောက် ကာယကံ၊ ဝစီကံ၊ မနောကံ ထုံမွမ်းလုပ်ဆောင်လျှင် အကျိုးထူးပေး ပါသည်။ ရွှေတိဂုံစေတီတော်ဘုရားရှိခိုး ဆုတောင်းကြီးမှာ အလုံးစုံချမ်းသာသုခ ရ၍ လိုအင်ဆန္ဒ တစ်လုံးတစ်ဝ ပြီးစီး ပြည့်စုံပါစေကြောင်း မေတ္တာရေစင် သွန်းလောင်းအပ်ပါသည်။

*နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ*

ယောနကဘိုးထောင်

**စာကိုး** -


၁။ မြတ်ဘုရားရွှေတိဂုံ (စာပေဗိမာန်၊ ၁၉၇၂၊ မောင်ဆုရှင်)
၂။ ရွှေတိဂုံစေတီတော်မြတ် (၂၀၁၄ ခုနှစ်၊ နိုင်ဇော်)
၃။ ရန်ကုန်ရာဇဝင်သမိုင်း (ဇွဲစာပေ၊ ၁၉၆၆၊ ဦးသိန်းမေ၊ သတင်းစာဆရာကြီး)




www.burmeseclassic.com

www.burmeseclassic.com

# ဝတ်ထွန်း
(ကျောက်မြို့)

# ရွတ်ပါမှန်မှန် ဂါထာပြန်



ရှေးက ရဟန်းပညာရှိ လူပညာရှိတို့ ခဲရာခဲဆစ် ဿျို့ဝှက်စွာ စီကုံးထုံးဖွဲ့ထားသော လောကီ၊ လောကုတ္တရာ စာပေကျမ်းဂန်လာ ဂါထာမန္တန်မန္တရား စသည်ဖြင့် ပေထက်အက္ခရာတင်ထားခဲ့ကြပါသည်။

ယင်းစာဟောင်းပေဟောင်းများမှ တစ်ဆင့် အချို့စာပေများသည် ပုံနှိပ်မှုအထိ ထွက်ရှိလာကြသည်ကို တွေ့ရှိရပါသည်။ သို့သော် အချို့စာပေများသည် ပုံနှိပ်ထုတ်ဝေသည်အထိ မရောက်ရှိဘဲ သဘာဝဘေးအန္တရာယ်၊ စစ်ဘေးစစ်ဒဏ် စသော အကြောင်းအမျိုးမျိုးတို့ကြောင့် ငုပ်လျှိုးပျောက်ကွယ်သွားကြပြီး ဖြစ်ပါသည်။ နှမြောစရာဖြစ်ပါသည်။ အချို့သော စာပေစာမူများမှာလည်း ပုံနှိပ်မှုသို့ မရောက်ရှိသေးဘဲ ထိန်းသိမ်းထားကြဆဲပင်ရှိပါသည်။

စာပေလိုက်စားသူ စာပေပညာရှင် ရဟန်းရှင်လူအချို့တို့က ဥစ္စာရင်လို ဥစ္စာရင်ခဲ ရှေးဟောင်းစာပေစာမူများကို စုဆောင်း ထိန်းသိမ်းထားခဲ့ရာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ယူလာကြသော စာပေဝါသနာရှင်၊ စာပေပညာရှင်များအားလည်း အထူးကျေးဇူးဥပကာရတင်ရှိရမည် ဖြစ်ပါသည်။

ဤ၌ ဆိုလိုရင်းမှာ ရှေးက စာပေပညာရှင်များအဆင့်ဆင့် ထိန်းသိမ်းသယ်ယူလာသော ကက်ကင်းဓာတ်ဂါထာပြန် နှစ်ပုဒ်အကြောင်းပင် ဖြစ်ပါသည်။

ကျွန်တော်သည် ဘုန်းကြီးကျောင်းသားဘဝ ငယ်စဉ်ကပင် အစ်ကိုရင်းဖြစ်သူ ဦးပဉ္စင်းပဏ္ဍိတထံမှ ကက်ကင်းဓာတ်ဂါထာပြန် (၂) ပုဒ် ရရှိထားပါသည်။ ကျွန်တော့အစ်ကို ဦးပဉ္စင်းသည် ဗေဒင်ပညာကို 'ခရိုင်ကိုးကြောင်းမှ' စတင်၍ သင်္ချိုင်း(သင်ရိုး)ပေါက်အောင်တွက်ချက်တတ်မြောက်သူ ဖြစ်သည်။ ဗေဒင်ပညာအပြင် သဘာဝဓမ္မဆေးပညာတို့ကိုလည်း ဆရာကောင်းများထံ နည်းခံ သင်ကြားဖူးသူ ဖြစ်ပါသည်။

အလျဉ်းသင့်၍ တင်ပြရလျှင် ဦးပဉ္စင်းသည် ဒူးဂဏန်းကျေးဂဏန်း စသော စာဝှက်ရေးနည်း (ကျောက်စာရေးနည်းဟုလည်း ခေါ်ကြသည်) များ၊ နဂါးလိမ်၊ ပိတ်ချင်းတံ စသော လက်ဖွဲ့ထိုးနည်းများ၊ သာသနာငါးထောင် စေတစ်လုံးအင်း (မြင်းသွား) ချနည်းများ စသည်ကို ကျွန်တော့်အား သင်ကြားပြသခဲ့ပါသည်။ ထူးထူးခြားခြား ကျွန်တော်မှတ်မိထားသည်မှာ 'ပိဋကတ်မှော်သွင်းနည်း' ဖြစ်ပါသည်။ ပိဋကတ်မှော်သွင်းနည်းမှာ, က-ဗျည်းအက္ခရာ၊ ခ-ဗျည်းအက္ခရာ စသည်ဖြင့် အက္ခရာအလိုက် ဂါထာများရှိပါသည်။ ထမင်းဆုပ်(၃၃)ဆုပ်ကို ဗျည်းအက္ခရာအလိုက် သင်္ကေတပြုသတ်မှတ်၍ ဗျည်းအက္ခရာအလိုက် အစီအစဉ်အတိုင်း ဂါထာမန္တန်စုတ်၍ ပိဋကတ်မှော်သွင်းပုံ အစီအစဉ်ရှိကြောင်း ကျွန်တော့်အစ်ကိုထံမှ သိရှိရပါသည်။

သို့သော် ပိဋကတ်မှော်သွင်းနည်းကို စာရေးသူအကုန်လုံးမမှတ်မိတော့ပါ။ သဲလွန်စ(သဲန္တစ)လောက် မှတ်မိသလိုရှိပါသည်။ ပုံစံအားဖြင့် က-ဗျည်းအက္ခရာမန္တန်ကို မှတ်မိသလောက်တင်ပြရလျှင်-

- ဥုံ - ကတောရေ၊ ကူကာရေ၊ ကိကနက်ကာ၊ ကက်ကုကိုင်း၊ ကလကိုင်း၊ ကပျုံကပဲ၊ ကလျာမဲ၊ ဖဒ္ဒ ဖဒ္ဒ သွာဟာ။

ဟု နှုတ်မှာ စွဲမိနေသည်။

မန္တန်တစ်ပုဒ်လုံး စာလုံးပေါင်းသတ်ပုံမှန်၊ မမှန်၊ အစီအစဉ်ကျ၊ မကျကို အတပ်ကျ မပြောတတ် မမှတ်မိတော့ပါ။ တိတိကျကျမသိဘဲနှင့် တင်ပြရသလားဟု စောဒကတက်ချင်သူများရှိကောင်းရှိပါလိမ့်မည်။ စာရေးသူ၏ ရည်ရွယ်ချက်မှာ တိမ်မြုပ်ပျောက်ကွယ်သွားတော့မည့် ဗျည်းအက္ခရာ(၃၃)လုံး ပိဋကတ်နည်းကို လက်ဝယ်ရရှိ၊ သိရှိထားသူများရှိပါကလည်း ရှေးက ပညာရှင်များ အစီအမံတစ်ခု တိမ်မြုပ်ပျောက်ကွယ်မသွားရအောင် ဖော်ထုတ်နိုင်ကြပါရန် အလျဉ်းသင့်၍ တင်ပြရခြင်း ဖြစ်ပါသည်။

ထို့အတူပင် ကက်ကင်းဓာတ်ဂါထာပြန် (၂)ပုဒ်ရှိရာတွင်လည်း ပထမတစ်ပုဒ်ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သုရဇ္ဇမဂ္ဂဇင်းတွင် 'ရွက်ပါမှန်မှန် ဂါထာပြန်' ခေါင်းစဉ်ဖြင့် အနက်အဓိပ္ပာယ်နှင့်တကွ အသုံးပြုပုံအစီအရင်များကို ဖော်ထုတ် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခု ထပ်မံဖော်ပြရခြင်းမှာ ဂါထာပြန်နှစ်ပုဒ်စုံလုံးတစ်တွဲလည်းရှိနေစေရန်၊



www.burmeseclassic.com

www.burmeseclassic.com

ရှေးပညာရှင်များအစီအစဉ်အတိုင်းရှိနေစေရန်၊ အန္တရာယ်ကင်းရွတ်ဖတ်မှတ်သားပညာပွားစေရန် တင်ပြရခြင်း ဖြစ်ပါသည်။

**ကက်ကင်းခာတ်ဂါထာပြန်ပထမပုဒ်**

- ဝေဒါသာကု ကုသာဒါဝေ၊
  ဒါယသာဒ ဒသာယဒါ၊
  သာသာဒိကု ကုဒိသာသာ၊
  ကုဒကုဘု ဘုကုဒကု။ ။

(ဤဂါထာပြန်ပထမပုဒ်ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သုရဋ္ဌမဂ္ဂဇင်းတွင် လေ့လာ ဖတ်ရှုနိုင်ပါသည်။ ကက်ကင်းခာတ်ဂါထာပြန် ဟူသော ဝေါဟာရအဓိပ္ပာယ်လည်း ရှင်းပြပါရှိပြီး ဖြစ်ပါသည်။)

**ကက်ကင်းခာတ်ဂါထာပြန်ဒုတိယပုဒ်**

- ဒေဝါကာနိ နိကာဝါဒေ၊
  ဝါဟိကာသု သုကာဟိဝါ၊
  ကာကာရေဘ ဘရေကာကာ၊
  နိသုဘရံ ရံဘသုနိ။ ။

(ဤဂါထာပြန်ဒုတိယပုဒ်အနက်အဓိပ္ပာယ်ကို စာရေးသူ မရရှိလိုက်ပါ၊ သိရှိ ရရှိထားသူများရှိပါကလည်း ပညာပါရမီဖြည့်သောအားဖြင့် အများအတွက် အန္တရာယ်ကင်း ဘေးရန်ရှင်းကြစေရန် ဖော်ထုတ်ပေးကြပါဟု ဆန္ဒပြုအပ်ပါသည်။)

ဤဗုဒ္ဓဘာသာဆိုင်ရာအန္တရာယ်ကင်းကိုးကွယ်ယုံကြည်ခြင်းနှင့်ပတ်သက်၍သိရှိထားကြရန် လိုအပ်သည်များကို ဆက်လက်ပြီး တင်ပြလိုပါသည်။ ဗုဒ္ဓဘာသာဝင် အများစုတို့သည် ပရိတ်ပဌာန်းဂါထာမန္တန်စသည်များကို သစ္စာဓမ္မ-အမှန်တရားများဟု လက်ခံယုံကြည်ထားကြသူများ ဖြစ်ပါသည်။ ယုံကြည်ထားသည့်အတိုင်းလည်း ဘေးဥပဒ်အန္တရာယ်ကင်းရှင်းလိုကြောင်း ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထ(သမာဓိ)ကုသိုလ်များကို ရင်းနှီးမြှုပ်နှံ အခြေခံထား၍ မဟာကုသိုလ် စသော ဇောစိတ်များဖြင့် ကမ္မပထမြောက် ရွတ်ဖတ်အားထုတ်နာယူလျက်ရှိကြပါသည်။

ဤတွင် ဆိုလိုသည်မှာ အမျိုးဘာသာသာသနာအတွက် ယုံကြည်ချက်၊ ခံယူချက်များဖြင့် အလုပ်သုံးပါး (ကာယကံ၊ ဝစီကံ၊ မနောကံ) ကို ဗုဒ္ဓဘာသာဝင်များ ကိုယ်အားဉာဏ်အားရှိသလောက် အတ္တပရမျှတအောင် လုပ်ကိုင်ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ ဆက်လက်၍ ဗုဒ္ဓဘာသာဝင်များ၌ ယုံကြည်ချက်ငါးမျိုးစီရှိကြပုံကို သိထားရန်လည်း လိုအပ်မည်ထင်ပါသည်။

ဤ၌ 'ဗုဒ္ဓ၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်' ဟူသော ဝေါဟာရစကားအဓိပ္ပာယ်ကိုလည်း သဘောပေါက်ထားသင့်ပါသည်။

**❑ ဗုဒ္ဓ၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်အဓိပ္ပာယ်**

၁။ ဗုဒ္ဓ-သဗ္ဗညုမြတ်စွာဘုရားရှင်သည် သစ္စာလေးပါးကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသောကြောင့် 'ဗုဒ္ဓ' ဟု ဆိုပါသည်။

၂။ ဗုဒ္ဓဘာသာ-ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူသောအချိန်မှစ၍ (၄၅)ဝါကာလပတ်လုံး ဟောကြား ဆုံးမတော်မူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် (ဓမ္မဝိနယ) ဗုဒ္ဓ၏အဆုံးအမ ဩဝါဒစကားတော်ဖြစ်၍ 'ဗုဒ္ဓဘာသာ' ဟု ဆိုပါသည်။

၃။ ဗုဒ္ဓရှင်တော် ဟောဖော်ပြသဆိုဆုံးမထားသော သစ္စာဓမ္မဒေသနာတော်အတိုင်း ယုံကြည်လက်ခံ၍ လိုက်နာကျင့်ကြံ နေထိုင်သူမှန်သမျှတို့သည် မိရိုးဖလာဗုဒ္ဓဘာသာဝင်များမဟုတ်တော့ဘဲ အပါယ်တံခါးပိတ်နိုင်သောသူများဖြစ်၍ 'ဗုဒ္ဓဘာသာဝင်' ဟု ဆိုပါသည်။ ဗုဒ္ဓဘာသာ၌ 'ဘာသာ' သဒ္ဒါသည် မြတ်ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒစကားတော်ဟု ဆိုလိုပါသည်။

**❑ ဗုဒ္ဓဘာသာဝင်များနှင့် ယုံကြည်ချက်(၅)မျိုး**

မိမိတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အလျောက် ယုံကြည်ချက် (ယုံကြည်ခြင်း) (၅) မျိုး အခိုင်အမာရှိကြောင်းကိုလည်း သတိမူကြရန် လိုအပ်ပါသည်။ ယုံကြည်ချက် (၅) မျိုး ဟူသည်မှာ-

၁။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကို ယုံကြည်ခြင်း၊

၂။ ဘုရားရှင်၏ အဆုံးအမဖြစ်သော တရားတော်များကို ယုံကြည်ခြင်း၊

၃။ ဘုရားရှင်၏တပည့်သာဝကရဟန်းသံဃာတော်များကို ယုံကြည်ခြင်း၊

၄။ ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ယုံကြည်ခြင်း။

၅။ ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏ အကျိုးပေးပုံနှင့် ပဋိစ္စသမုပ္ပါဒ်ကို ယုံကြည်ခြင်းတို့ ဖြစ်ကြပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ချက် (၅) မျိုး တရားကိုယ်သဘောကို အဘိဓမ္မာနည်းအရ အနှစ်ချုပ်ကြည့်လျှင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့်တကွ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏အကျိုးကို ယုံကြည်ခြင်း 'သဒ္ဓါစေတသိက်' ပင် ဖြစ်ပါသည်။ ဤ၌ ဗုဒ္ဓဘာသာဝင်တို့၏ ဆိုရိုးပြုစကားတစ်ခုဖြစ်သော 'ပဋ္ဌာန်းပစ္စည်း'ဟူသော စကားသဘောကို နှလုံးသွင်းသင့်ပါသည်။ ဗုဒ္ဓဘာသာဝင်များသည် အဘိဓမ္မာနည်းပဋ္ဌာန်းဥပနိဿယပစ္စည်းသဘောအရဆိုလျှင် 'သဒ္ဓါတရား' ကို အမှီပြု၍ အလှူပေးကြသည်။ ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ဖြင့် သီတင်းသီလဆောက်တည်ကြသည်။ သမထဝိပဿနာဘာဝနာတရားများအားထုတ်ကြ၊ တရားထိုင်ကြသည်။ ဂုဏ်တော်ကွန်ချာ၊ ပရိတ်၊ ပဋ္ဌာန်း၊ ဥပ္ပါတသန္တိ သုတ်၊ ခါရဏပရိတ်၊ သမ္ဗုဒ္ဓေဂါထာ၊ ဂါထာပြန် စသည်ဖြင့် အန္တရာယ်ကင်း ရွတ်ဖတ်နာယူကြသည်။

ဤ၌ ဘေးဥပဒ်အန္တရာယ်အမျိုးမျိုးရှိကြရာတွင် ကြိုတင်၍ မသိရှိနိုင်၊ မမြင်နိုင်၊ မခန့်မှန်းနိုင်သော ဘေးရန်အရေအတွက်ပေါင်း (၈) သန်း၊ (၂၅)ပါးသောဘေး၊ (၃၂)ပါးသောကံကြမ္မာ၊ (၉၆)ပါးသောရောဂါ၊ (၁၆) ပါးသော ဥပဒ္ဒဝတို့ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့မှ ကပ်ရောက်လာနိုင်ကြောင်းကို စက်ပရိတ်တော်၌ ဟောဖော်ပြဆိုထားသည်ကို တွေ့ရပါသည်။

ယင်းဘေးအန္တရာယ်ပေါင်းများစွာတို့ ကျွန်ုပ်တို့၏ ကိုယ်တွင်း၊ ကိုယ်ပစသည်တို့၌ မကပ်ရောက်မကျရောက်နိုင်အောင် ဒါနကုသိုလ်၊ သီလကုသိုလ် သမာဓိ(သမထ)ကုသိုလ် စေတနာဇောစိတ် တည်းဟူသော ဘေးရန်ကာကွယ်ရေးတပ်ကြီးကို မိမိတို့၏ ရုပ်၊ နာမ်ခန္ဓာအစဉ်၌ ယုံကြည်စွာ အခိုင်အမာ တည်ဆောက်၍ ပရိတ်၊ ပဋ္ဌာန်း၊ ဂါထာ၊ မန္တန်၊ ဂါထာပြန် စသည် အန္တရာယ်ကင်းဂါထာတော်များကို နေ့စဉ်မှန်မှန် ရွတ်ဖတ်နာယူကြခြင်းဖြင့် အလိုမရှိ မနှစ်သက်အပ်သော အနိဋ္ဌဘေးဒဏ်ရန်မာန်ခပ်သိမ်းအပေါင်းမှ ကင်းငြိမ်းနိုင်ကြပါစေဟု ဆန္ဒပြုရင်း ရွတ်ပါမှန်မှန်ဂါထာပြန်အကြောင်းနှင့် ဆက်စပ်ပတ်သက်၍ သိရှိမှတ်သားသလောက် တင်ပြအပ်ပါသတည်း။

ဝတီထွန်း(ကျောက်ဖြူ)



www.burmeseclassic.com

www.burmeseclassic.com




မောင်စိမ်းထွေး(ထားဝယ်)

# သာသနာပွင့်ထွန်းသောစပါးတောင်ရိုးပေါ် ဘုရား ပုထိုး စေတီ ဖူးမြော်


**၁ အရှေ့ပုပ္ပား (ခေါ်) စပါးတောင်**

ထားဝယ်မြို့မှ နှစ်မိုင်ခွဲအကွာ ထားဝယ်-မြိတ်ကားလမ်းမကြီး၏အရှေ့ ယွန်းယွန်းတွင် စပါးတောင်ကို ထီးထီး မားမားတွေ့မြင်နိုင်ပါသည်။ အထက် ပုပ္ပား 'ကျောက်ပန်းတောင်း'၊ အောက် ပုပ္ပား 'ထားဝယ်' ဟု ရှေးစကားဆိုရေး ရှိပေရာ အောက်ပုပ္ပား ဟူသည် စပါး တောင် ဖြစ်၏။ စာရေးသူ အဘိုးအဘွား လူကြီးသူမတို့က စပါးတောင်ကို အရှေ့ ပုပ္ပားခေါ်ကြသည်။



နတ်ရေကန်စေတီ

နှစ်ပရိစ္ဆေဒ ရှေးရှေးအခါက အရှေ့ပုပ္ပားခေါ် စပါးတောင်နှင့်ဝဲကြီး တောင်အကြား ပင်လယ်ရေပြင်တစ်ဆက် တစ်စပ်တည်းရှိ၏။ ဝဲကြီးတောင်အရှေ့ ဘက်ခြမ်း၌ အလွန်တရာနက်သော သာရစ်လည်ဝဲကြီးတစ်ခုရှိရာ တစ်ခါတွင် ထိုရေဝဲကြီးက စပါးလှေကြီးတစ်စင်းကို ဆွဲယူနစ်မြုပ်လိုက်၏။ ထိုအခါ ရေဝဲစုပ် ယူသွားသောစပါးတို့သည် တစ်ခုသော တောင်ခြေအနီးတစ်ဝိုက် သွားရောက် စုပုံကုန်သဖြင့် စပါးတောင်ဟု ခေါ် ကြောင်း ပါးစပ်ရာဇဝင်အဆိုရှိသည်။




ရှင်တစ်ထောင်စေတီ

နောက်အဆိုတစ်ရပ်မှာ အရပ် လေးမျက်နှာ ဘယ်ဘက်ကကြည့်ကြည့် တောင်ထိပ်သဏ္ဌာန်သည် လယ်တလင်း ပြင်ဝယ် စပါးများစုပုံထားသကဲ့သို့ မြင်ဖြစ်လိုက်လျောစွာသော စပါးပုံကြီး ၏အသွင်ကိုဆောင်သောကြောင့် စပါး တောင်ဟု ခေါ်ဆိုသည်။ ထိုအဆိုကို

www.burmeseclassic.com

www.burmeseclassic.com




ဗောဓိညောင်ပင်အောက် ပန်းရန် ပန်းပု ဆရာကြီး ဦးကျော်အောင်၏လက်ရာ




အောင်မောင်းရှင်စေတီလိုဏ်ဂူဘုရား



ရှေးဟောင်းရုပ်ပွားတော်(တောင်ပွားကျောင်း)



ရှေးဟောင်းဘုရား အောင်မောင်းရှင်စေတီ



မဟာဂုဏ်သာရစေတီ

ကျွန်တော် သဘောကျနှစ်ခြိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် တောင်မကြီးအား လေးဖက်လေးတန်မှ လေသွန်တောင်၊ အရိုးတောင်၊ သစ်ချိုတ်တောင်၊ ဆင်ခေါင်းတောင်၊ ဘိုးဘိုးအောင်တောင်၊ ရွှေတောင်၊ သစ်ဖြူတောင်၊ စုပုံတောင်၊ အလယ်တောင် ဟူသော အရံတောင် (၉) လုံးတို့က ဝန်းပတ်နေကာ တောင်မကြီးခြေရင်းနှင့် ထိထိစပ်စပ်တည်ရှိနေသောကြောင့်ဖြစ်၏။ အဆိုပါ အရံတောင် (၉) လုံးမှာ တြင်းကျေနဝင်းကျေသတ္တဗီသကျေအဓိဋ္ဌာန်အောင်မြေ (၉) ဌာနအဖြစ် ထင်ရှားသည်။

အရှေ့ပုပ္ပားခေါ် စပါးတောင်ထွက်သည် ပင်လယ်ရေမျက်နှာပြင်အထက် (၁၂၆၄) ပေမြင့်၏။ သစ်ကြီးဝါးကြီးများ၊ လျှိုမြောင်စိမ့်စမ်းများ၊ ဘယဆေးပင်များ၊ တောပန်းတောင်ပန်းများ၊ သားငှက်တိရစ္ဆာန်များပြည့်နှက်နေသည်။ တောင်ရိုးတောင်တန်းတစ်လျှောက်တွင် ဆင်ခေါင်းတောင်၊ စုပုံတောင်၊ နတ်ရေကန်တောင်၊ နောင်တော်တောင်၊ ဇရာဝဏ်ဆင်မင်းတောင်၊ ဖလ်နီလာတောင်၊ ကျောက်ဖြူတောင်၊ စကြာတောင်၊ မြစိမ်းရောင်တောင် တောင်ပူစာ(၉)လုံး အထပ်ထပ်ဆင့်တည်ရှိပြီး တောင်ပေါ်လမ်း (၂) မိုင်ကျော် ရှည်လျားသည်။ ဤတောင်ရိုးတန်းအနှံ့ ရွှေပြောင်ပြောင် ဘုရားပုထိုးစေတီတော်တို့ကို ဖူးမြော်နိုင်ပါသည်။


စပါးတောင်ပေါ်သို့ ကျောက်ရပ်လမ်းဆုံမှခွဲဝင်၍ တောင်ပွားကျောင်းမှ လည်းကောင်း၊ ဘိုးဘိုးအောင်တောင်ကျောင်းမှ လည်းကောင်း၊ ရွှေတောင်ကျောင်းမှ လည်းကောင်း၊ သစ်ဖြူတောင်ကျောင်းမှ လည်းကောင်း၊ လောကသရဖူလျောင်းတော်မူဘုရားမှ လည်းကောင်း အလွယ်တကူအရောက်သွားနိုင်ပါသည်။ စာရေးသူနှင့် ကိုမျိုးမင်းဦးတို့က ဆိုင်ကယ်စီးရန်အဆင်ပြေသော တောင်ပွားကျောင်းလမ်းကိုရွေးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

❑ ဦးငွေကိုင်ဗိမာန်

ကျွန်တော်တို့သည် တောင်ပွားကျောင်းတောင်ဘက်ရှိ တောင်တက်လမ်းကိုကွေ့ချိုးသည်နှင့် ကမ္ဘာလုံးစေတီကို ဖူးမြင်ရ၏။ ရှေ့ကိုက် (၅၀၀) ခန့်ရောက်သောအခါ အလင်္ကာကျော်စွာ ပန်းချီဆရာကြီး ဦးငွေကိုင် (၁၉၀၁ - ၁၉၆၇) အမှတ်တရဗိမာန်သို့ ရောက်ရှိသည်။ ဆရာကြီးအသက်ထင်ရှားရှိစဉ်က ထိုနေရာ၌ ဝါးတဲကလေးဆောက်ပြီး အေးအေးချမ်းချမ်း ပန်းချီကားရေးဆွဲလေ့ရှိကြောင်း မှတ်သားရဖူးပါသည်။ ဆရာကြီး၏ ကိုယ်တစ်ပိုင်းရုပ်တုနှင့် ကမ္ပည်းစာဖတ်ရှုရင်း တသသခံစားရပါသည်။ နောက်နားတွင် ၁၉၂၀ ပြည့် တက္ကသိုလ်ကျောင်းသားသပိတ်ခေါင်းဆောင် အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးဗရှင် - ဒေါ်ခင်စိန်တို့၏သား ပန်းချီ ဦးအောင်ထွေး (၁၉၂၆ - ၁၉၉၇) ၏ ဗိမာန်ရှိသည်။ စပါးတောင်ရိုးတစ်နေရာတွင် ထားဝယ်ဂုဏ်ဆောင်ပန်းချီဆရာကြီးနှစ်ဦးတို့၏ အတိတ်ခြေရာအား အထူးအမှတ်တရရှိစေ၏။





ဝေမိသကကုန်းဓာတ်ပွင့်စေတီ



တောင်ပွားကျောင်းရှေးဟောင်းစေတီ



ရှေးဟောင်းဘုရား စုပုံစေတီ




စုပုံစေတီလိုဏ်ဂူဘုရား




ရပ်တော်မူရုပ်ပွားတော်မြတ်

www.burmeseclassic.com

www.burmeseclassic.com




ဆင်ဖြူခံစကျင်ကျောက်ဆင်းတုတော်အား စံကျောင်းတော်အတွင်း ဖူးတွေ့ရပုံ



စကြာရှင်စေတီ



မြဆင်းတု



ရှေးဟောင်းဘုရား နောင်တော်စေတီ



ရှေးဟောင်းဘုရား နမတော်စေတီ

## ▫ ရှင်တစ်ထောင်စေတီ

ထိုစဉ် မလှမ်းမကမ်း တဝီးဝီးမြည်သံကြားရသည်။ ကျွန်တော်တို့သွားကြည့်သောအခါ စေတီရင်ပြင်တော်ပတ်ပတ်လည်တောထနေသည့် မြက်ရိုင်းပင်နှင့် သက်ကယ်ပင်တို့ကို မြက်ဖြတ်စက်နှင့် တောရှင်းနေသည့် ချွေးတလုံးလုံးနှင့် ဦးပဥ္စင်း ဦးဉာဏသာမိ၊ သိက္ခာတော် (၁၄) ဝါ၊ တောထွက်၊ ခေတ်ပညာတတ်ဘွဲ့ရဖြစ်ပြီး ရေသန့်တစ်ဘူး၊ ဆွမ်းတစ်ထုပ်ကွမ်းတစ်ထုပ်ဖြင့် စေတီဝေယျာဝစ္စတို့ကို တစ်ပါးတည်း ဝန်ဆောင်နေကြောင်းမိန့်ပါသည်။ တောင်ပွားကျောင်းဆရာတော် ဦးသုဒဿနတည် အောင်တော်မူစေတီပျက်ကို ၁၃၄၃ ခုနှစ် ထားဝယ်ရှင်တစ်ထောင် ပူဇော်ပွဲအပြီး အမရပူရဆရာတော်ဦးဝါယမက ထပ်မံပြုပြင်ပြီး ရှင်တစ်ထောင်စေတီ ရွှေထီးတော်တင်လှူတင်ပွဲကို ၁၃၄၃ ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် အောင်မြင်ပြီးမြောက်သည်ဟု သိရှိရပါသည်။

## ▫ ဆင်ခေါင်းတောင်တောရ

စပါးတောင်တွင် ဆင်ခေါင်းပုံသဏ္ဌာန်နှင့်တူသော တောင်ပူစာတစ်လုံးရှိသည်။ ကောဇာနှစ် ၁၂၁၅ (ခရစ် ၁၈၅၃) တွင် ဆင်ခေါင်းတောင်တောရကျောင်း(ဝါးကျောင်း)ဆောက်၍ လူအမည် ဦးမြတ်ခေါ် အရှင်ဂုဏသီလ စတင်သာသနာပြု၏။ ပေါက်တိုင်းရွာဇာတိ ကျေးဇူးရှင် ဆရာတော်သည် မန္တလေးစာသင်တိုက်ထွက် ပိဋကတ်သုံးပုံနှံ့စပ် စာတတ်ပေတတ် ပထမတောင်ပွားကျောင်းထိုင် ဖြစ်ပါသည်။ ဆရာတော်သည် ကျေးငှက်သာရကာတို့၏စကားကိုပင် နားလည်ကြောင်း ရှေ့မီနောက်မီတို့၏ပြောသံကြားရဖူး၏။ ဆရာတော် အရှင်ဂုဏသီလ ပြင်းပြင်းထန်ထန် တရားအားထုတ်တော်မူသော လိုဏ်ဂူယခုထိရှိသည်။ လိုဏ်ဂူဝတွင် ဆွမ်းတော်လောင်းလှူနေပုံရုပ်တုသည် အသက်ဝင်၍ မင်္ဂလာရှိလှပါပေသည်။

ရှေးဟောင်း ဆင်ခေါင်းတောင်တောရကျောင်းပရိဝုဏ်အတွင်း ဝေရီဇယသမုတ်သိမ်ကြီးကို တွေ့ရသည်။ သိမ်နံရံ၌ အရှေ့ပုပ္ပားခေါ် စပါးတောင်တန်းအား သာသနာပြုတော်မူလာခဲ့ကြကုန်သောဆရာတော်ကြီးများ၏ကမ္ပည်းကျောက်စာရေးထွင်းထား၏။ အရှင်ဂုဏာဓမ္မလင်္ကာရကဝိဓဇမထေရ် အမျိုးရှိသော တပည့် အရှင်ကုန္တသသည်

www.burmeseclassic.com


ရှမ္မတွင်းရွာသား မောင်သီးရွှေ-မခင်ပု တို့ကို ဒါယကာပြု၍ ၁၂၄၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ကြာသပတေး နေ့ (၂) ချက်တီးကျော် (၆) ဖဝါးအချိန် တွင် သိမ်သမုတ်ပြီးစီးကြောင်း သိရှိရ သည်။ ယခုအခါ သမုတ်သိမ်ကြီးသက် တမ်း (၁၃၅) နှစ် ရှိပေပြီ။

ဝေရီဇယသိမ်ကျောက်စာတိုင်မှုခ် တစ်ဖက်တစ်ချက်တွင် ရှေ့ထွက်ဖားရုပ် နှင့်ငါးရုပ်နောက်တွင် သိကြားမင်းနှစ်ပါး ရှိ၏။ သိမ်သမုတ်စဉ်က ရွာ်ခြည်း နှမ်း မိုးရွာချလာပြီး ရေနိမိတ်ထည့်ထားသော မုတ်တိုင်၌ ဖားနှင့်ငါးကူးခပ်နေသည်ကို ထူးဆန်းစွာ တွေ့ရသည်ဟု ဆိုပါသည်။ စင်စစ် ဆင်ခေါင်းတောင်ကောရသည် ဂဏာဝိမုတ်ကူးတို့ဂိုဏ်းကြီး ပဋိသန္ဓေမျိုးစေ့ တည် အုတ်မြစ်ချသည့် ရှေးဟောင်း သာသနာ့အမွေအနှစ်ကျောင်း ဖြစ်၏။ ကောဇာ ၁၈၇၁ ခုနှစ်၊ တပေါင်းလပြည့်၊ စနေနေ့မှစ၍ ဆင်ခေါင်းတောင်တောရ ဂဏာဝိမုတ်ကူးတို့မွေလက်ာရဂံဝိဇေဘွဲ့ တော်ရက္ခစ္စာသယျမဟာဂုဏ်သရတိုက် ကျောင်းကြီး အထင်ကရတည်ရှိလျက် ရှိပေသည်။

**၁ အောင်မောင်းရှင်စေတီ**

ဆင်ခေါင်းတောရလိုဏ်ဂူမှနေ အထက်သို့ သွယ်တန်းထားသော စောင်းတန်းမတ်မတ်ကို ကျွန်တော်တို့ တက်ကြသည်။ စောင်းတန်းထိပ်တွင် ရှေးဟောင်းဘုရား ရွှေမောင်းရှင်စေတီ ဖူးတွေ့ရသည်။ ဦးအောင်ဇေယျအောင် မြေစေတီ၊ မောင်း (၄) လုံးစေတီ၊ ဆင် ခေါင်းတောင်ဘုရားဟုလည်း အမျိုးမျိုး ခေါ်၏။ စေတီတော်ခေါင်းလောင်း တော်လုံးပတ်တွင် အရပ်လေးမျက်နှာ မောင်းကြီး (၄) လုံး ထင်ထင်ရှားရှား ပုံဖော်ထားပြီး မောင်းကြီးကို မောင်းငယ် (၄) လုံးစီနှင့် ဝန်းပတ်ထားသည်။ မောင်း ကြီးများအောက်တွင် ကြက်ခြေမောင်းထု တံနှစ်ချောင်းရှိ၏။ ပဒ္မဂံပုံဖြတ်တောက် ထားသော မှန်သက်န်းအဝိုင်းကလေး များစီ၍ ကပ်လျှုပူဇော်ထားပါသည်။


စေတီတော်မြောက်ဘက် အာရုံခံ တန်ဆောင်းလိုဏ်အတွင်း လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ပူဇော်အထူးကို ခံယူ တော်မူနေဟန် ပဇင်မုဒြာတင်ပျဉ်ခွေဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးတစ်ဆူ သီတင်းသုံး တော်မူနေသည်။ လိုဏ်အပြင်ဘက် တန်ဆောင်းပတ်လမ်းတွင်လည်း ရုပ်ပွား တော်(၃)ဆူပူဇော်ထား၏။ ရင်ပြင်တော်



မိကျောင်းစေတီ



ရုပ်ပွားတော်များ ဖူးမြင်ရပုံ (တောင်ပွားကျောင်း)







အောင်ရကြာစေတီ

www.burmeseclassic.com

www.burmeseclassic.com




ပဥ္စဝဂ္ဂီငါးပါးအား တရားဦးဟောတော်မူသော ဘုရားရှင်



စုပုံစေတီလိုဏ်ဂူဘုရား



အောင်သံဝရရောဝဏ်ဆင်များရှင်စေတီ



ဦးခေါင်း (၃) လုံးဆင်ကြီး



အောင်သံဝရရောဝဏ်ဆင်များရှင်စေတီမုခ်ဦး

ဗောဓိညောင်ပင်ကြီးအောက်တွင် ပန်းရန် ပန်းပုဆရာကြီး ဦးကျော်အောင်၏ လက်ရာမြောက် ထိုင်တော်မူ ဆင်းတုတော်ကြီးကို ကြည်ညိုဖူးမြော်ရသည်။

တန်ဆောင်း၏အရှေ့ဘက်တွင် ဦးအောင်ဇေယျအောင်မြေကျောက်စာ တိုင်ရှိ၏။ ကုန်းဘောင်မင်းဆက်တည် အလောင်းမင်းတရားကြီးဘွဲ့ခံ ဦးအောင်ဇေယျ (အေဒီ ၁၇၅၂ - ၁၇၆၀) သည် ယိုးဒယား (ရှမ်း) တို့ ထားဝယ်ဒေသ ကျေးလက်ရွာစွန်ကို ထိပါးလာသဖြင့် ခရစ်နှစ် ၁၇၅၉ ခုနှစ်၊ ဒီဇင်ဘာ ၂၁ တွင် ထားဝယ်ကြောင်းချီလာရာ စပါးတောင်တန်း(ဆင်ခေါင်းတောင်)တွင် အောင်မြေနင်းပြီး စေတီတည်၏။ အလောင်းမင်းတရား၏သားတော် မြေဒူးမင်းသားခေါ် ဆင်ဖြူရှင်မင်း (အေဒီ ၁၇၆၃ - ၁၇၇၆) နန်းတက်ပြီးတစ်နှစ်အကြာ ထားဝယ်စား (ရွှေတောင်စားမင်း) ယိုးဒယားအားကိုးနှင့် ပုန်ကန်သဖြင့် ဗိုလ်မှူးမဟာနော်ရထာကို ချီတက်နှိမ်နင်းစေသည်။ ထိုမှ မေတ္တာစစ်ကြောင်းနှင့် တနင်္သာရီစစ်ကြောင်းခွဲ၍ အယုဒ္ဓယမြို့တော်တိုင် ချီတက်သိမ်းပိုက်ပြီးအပြန်တွင် ယိုးဒယားမှ ပင့်ယူလာသော ဆင်းတုတော်များကို အလောင်းမင်းတရားကုသိုလ်တော်စေတီ (အောင်မောင်းရှင်စေတီ)၌ ဌာပနာထည့်သွင်းသည်။ ကွဲအက်နေသော စေတီတော်ကိုလည်း ပြုပြင်သည်။ မြန်မာတပ်



www.burmeseclassic.com

www.burmeseclassic.com



ယက္ကန်းစင်ဆရာတော်နှင့် တောင်ပွားဆရာတော်ရုပ်လုံးတော်များ



ဆရာတော်ဦးဂုဏိဿရ တရားအားထုတ်သော လိုဏ်ဂူတော်



ဆင်ခေါင်းတောင်တောရ ဂဏဝိမုတ်ကူးတို့မွေ့သက်ာရကာဝိဓေဘွဲ့တော်ရ
ဣန္ဒာသယျမဟာဂုဏိဿရတိုက်ကျောင်း

များ ယိုးဒယားသို့စစ်ချီရာတွင် မေတ္တာမြစ်ထဲမှ ရရှိသော ရွှေမောင်းတော်ကို ခမည်းတော် အလောင်းမင်းတရားတည်ထားသောစေတီ၌ ဌာပနာသည်ဟု အခြားမှတ်တမ်းတစ်ခုကလည်း ဆိုပါသည်။

၁၃၂၂ ခုနှစ်၊ တပို့တွဲလတွင် အောင်မောင်းရှင်စေတီ နွေခေါင်ခေါင်မိုးကြိုးခသဖြင့် တောင်ပွားဆရာတော် ဦးသုဒဿနက စေတီတော်အား မူလပုံစံပြောင်းကာ ပြုပြင်တော်မူသည်။

## ■ မဟာဂုဏိဿရစေတီ

စပါးတောင် သာသနာပြု ပထမ တောင်ပွားကျောင်းထိုင်ဆရာတော်ဖြစ်တော်မူသော အရှင်ဂုဏိဿရမထေရ်၏ အရိုးအိုးစေတီဖြစ်သည်။ ကောဇာနှစ် ၁၂၆၆ (၁၉၀၄) တွင် အောင်မောင်းရှင်စေတီအထက်နား၌ပေသည်၏။ လေးထောင့်ပုံအုတ်ခုံအတွင်းအလယ်တွင် ဆရာတော်မထေရ်၏ အရိုးအိုးသွင်းပြီး အပေါ်မှစေတီပေါက်ထား၏။ ထုံးသင်္ကန်းဖွေးဖွေး၊ စေတီရံ(၄)ဆူ၊ မုခ်ကပ်(၄)ခု၊ တစ်ထောင့်စီတွင် ကာလသာအိုး၊ မဟာရံကံတိုင်းခတ်ဖြစ်သည်။ ၃၀-၁-၁၉၆၆ ခုနှစ်တွင် ရွှေထီးတော်ထပ်မံတင်လှူတော်မူသည်။ ဂဏဝိမုတ်ကူးတို့ဂိုဏ်းဆရာအစဉ်ဆက်ပူဇော်ကန်တော့သော စေတီဖြစ်သဖြင့် ထူးခြား၏။ စေတီတောင်ဘက်သို့ ခြေလှမ်း (၃၀) လောက်တွင် မြင်းဖြူရှင်ဘိုးဘိုးတောင်ပိုင်အိမ်ရှိသည်။ မြို့ရွာတို့တွင် ကပ်ဘေးဒုက္ခအန္တရာယ်တစ်ခုခု ကျရောက်တော့မည်ဆိုပါက ပုဗ္ဗနိမိတ်ပြအဖြစ် မြင်းဟီသံကျယ်လောင်စွာပေး၍ စပါးတောင်ကို ပတ်ပြေးနေတတ်သော မြင်းဖြူကြီးဟု ဂမ္ဘီရပြောသံဆိုသံ သက်ကြီးစကား မှတ်သား သိရှိရဖူးပါသည်။

## ■ မိကျောင်းစေတီ

တစ်ည။


တောင်ပွားကျောင်း စတုတ္ထကျောင်းထိုင်ဆရာတော်ဖြစ်တော်မူသော ဦးသုဒဿန ထူးထူးဆန်းဆန်း အိပ်မက်၏။ ပေါက်တိုင်းချောင်းမှ ပုဆိုးကွက်ကျားဝတ်အဘိုးအိုတစ်ဦး မိကျောင်းကြီးတစ်ကောင်ထမ်း၍ တက်လာပြီး ဆရာတော်စီးရန် လာရောက် လှူဒါန်းသည်ဟု မြင်မက်ရာလှူသော နေရာအနီးအနား၌ သစ်ပင်တို့ကို အိပ်မက်အာရုံဖွဲ့အမှတ်သညာပြုထား၏။ နံနက်တွင် ကိုရင်၊ ကျောင်းသားလေးများကို သွားရောက်ကြည့်ရှုစေလျှင် အိပ်မက်ထဲကအတိုင်း တစ်သဝေမတိမ်းရှိနေသည်ကို အံ့သြဖွယ်တွေ့မြင်ကြရ၏။ သို့နှင့် မိကျောင်းစေတီခေါ်သော နဝင်းစကြာစေတီတည်လေသည်။

မုခ်ငယ်လေးဖက်ပါ စတုဂံအုတ်တိုက်ဖိနပ်တော်ပေါ်မှ မနုဿီဟခြောက်ကောင်စောင့်စေတီပေါက်ထားသည်။ စေတီခြေရင်းမှ ထီးခရိုင်သွယ်ခြောက်မြှောင့်ချိုးသွပ်မိုးပြန့်ပြန့်ရှိသည်။




www.burmeseclassic.com


www.burmeseclassic.com



ဝေရီဇယသမုတ်သိမ်တော်ကြီး
(ဆင်ခေါင်းတောင်တောရသာသနာပြုဆရာတော်ကြီးများကမွည်းရေးထိုးထားသည်)



ဝေရီဇယသမုတ်သိမ်ကျောက်စာတိုင်
(မှန်တစ်ဖက်တစ်ချက်တွင် ဖားနှင့်ငါးပုံရှိ)



ဦးအောင်ဇေယျအောင်မြေကျောက်စာတိုင်



နမတော်စေတီအနီးမှ ရေသိုလှောင်ကန်



ဦးငွေကိုင်အမှတ်တရစိမာန်

ငါးမြောင့်ချိုးစဉ်အခါက အလိုလိုပြိုကျကြောင်း၊ ခြောက်မြောင့်ချိုးမှ အောင်မြင်ကြောင်း သိရှိရသည်။ ဖိနပ်တော်ခြေရင်းတစ်ဖက်စီတွင် (၁၂) တောင်အရှည်ကျောက်မိကျောင်းကြီးနှစ်ကောင် ပါးစပ်ဖြဲ၍လျက်ရှိ၏။ ထားဝယ်သားဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ ထီးတော်တင်လှူပူဇော်ခဲ့သောစေတီဖြစ်သည်။ မိကျောင်းစေတီအောက်နား ကိုက် (၁၀၀) အဝေးတောင်စောင်းတွင် ိကျောင်းထမ်းဘိုးဘိုးကို တွေ့မြင်ရပါသည်။ စေတီအုတ်မြစ်ချစဉ်က တောင်ပိုင်ဘိုးဘိုး မြင်းဖြူစီးသွားသည်ကို မြင်လိုက်ရကြောင်း ဆရာတော်ဦးသုဒဿနမိန့်ဖူး၏။

၁ အောင်စကြာစေတီ

စပါးတောင်ပေါ်လမ်းတစ်နေရာ လမ်းညာဘက်တွင် မုခ်ငယ် (၄) ခုနှင့် အောင်စကြာစေတီတော်ကို ကျွန်တော်တို့ ဖူးမြင်ရသည်။ ဆေးဖြူသုတ်ထားသဖြင့် တစ်ဆူလုံးဖွေးဖွေးထနေလေ၏။ ရှစ်မြောင့်ပလ္လင်၌ ဆေးသားစိန်တောင်ဆွဲထားသည်ကိုတွေ့ရသည်။ စေတီအနီးတန်ဆောင်းကြီးနံရံကို အဆင့်(၄) ဆင့်ပြုလုပ်၍ ဆင်းတုတော်လေးများစီတန်းပူဇော်ထားသည်။ စေတီရှေ့တွင် အတုံပလ္လင်နှင့် ထိုင်တော်မူ ရုပ်ပွားတော်ကို ကြည်ညိုရပါသည်။



www.burmeseclassic.com


www.burmeseclassic.com

## ■ စုပုံစေတီ


စုပုံတောင်စေတီတော်လမ်းညွှန်ဆိုင်းဘုတ်နံဘေးမှ လှူသွားလမ်းဖုံဖုံ အတိုင်းတက်လိုက်သည်နှင့် ရွှေသင်္ကန်းတဝင်းဝင်းနှင့် ရပ်တော်မူရုပ်ပွားတော်မြတ်ကြီးအား သပ္ပာယ်စွာ ဖူးတွေ့ရ၏။ ဝဲလက်တော်ဖြင့် သင်္ကန်းတော်ကိုင်လျက် ယာလက်တော်လက်ဖဝါးဖြန့်အပြင်လှည့် လက်ချောင်းများထောင်ကာ မိမိ၏ရန်ကို ကာကွယ်တားဆီး၍ လာဘ်လာဘနှင့် မြတ်သောဆုကို ပေးတော်မူသော အဘယမုဒြာ၊ ဝဒရမုဒြာ ရပ်တော်မူဘုရားကြီးမှာ ဉာဏ်တော် (၉) တောင်ရှိသည်။

စေတီရင်ပြင်တော်၌ အင်္ဂတေခင်းအုတ်ကာ သွပ်မိုးဝတ်ကျောင်းရှိ၍ ဝတ်ကျောင်းနှင့် တစ်ဆက်တည်း အကျယ် (၆) ပေ၊ အမြင့် (၆) ပေ၊ အလျား (၁၀) ပေရှည် လိုဏ်ဂူရှိသည်။ လိုဏ်ဂူအတွင်း ကြွေပြားခင်းထားပြီး (၃) ပေ၊ (၆) လက်မအမြင့်ရှိ အုတ်ပလ္လင်ပေါ်တင်ပျဉ်ခွေသလင်းကျောက်ဆင်းတုတော်တစ်ဆူ ကိန်းဝပ်တော်မူသည်။ လိုဏ်ဝင်ပေါက်မုခ်ခုံးတွင် ရန်အောင်မာန်အောင် စုပုံတောင်စေတီတော်၊ ၁၃၁၈ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ သောကြာနေ့ဟုလည်းကောင်း၊ မုခ်ပေါင်တွင် ဒေါ်ရှုကြည်၊ အနောက်ရပ်၊ ၁၃၅၃ခုတန်ခူးလပြည့်၊ သောကြာနေ့ ထပ်မံပြုပြင်ဟု လည်းကောင်း ဖတ်ရှုရ၏။


ရှေးဟောင်းဘုရားစုပုံစေတီသည် တစ်ချိန်တစ်ခါက ထက်ပိုင်းကျိုးကျပြိုပျက်သွားပြီး နှစ်များစွာပြုပြင်သူကင်းမဲ့၍ ဘုရားငုတ်တိုသာကြွင်းကျန်ရစ်သောသည်ဟု ဆို၏။ ဆရာတော်ဦးသုဒ္ဒသနအကြီးအမှူးပြု၍ စေတီတော်ပြုပြင်သောအခါတွင် ကူးတို့ရွာတစ်ရွာလုံးအုတ်အော်သောင်းတင်းမျှ အုတ်သယ်သဲသယ်ရေသယ်ပါဝင်ကြသည်။ ထိုစဉ်က စပါးတောင်ပေါ် ခဲခဲယဉ်းယဉ်းတက်ရသဖြင့် အရိုးတောင်မှ ကြားခံသယ်ယူရသည်ဟု သိရှိနိုင်၏။ ၁၃၁၈ ခုနှစ်၊ ပြာသိုလတွင် ရွှေထီးတော်တင်လှူတော်မူသည်။ စုပုံစေတီသည်ကား ယခုအခါလုံးတော်ပြည့် ရွှေသင်္ကန်းနှင့် ရွှေတောင်ကြီးပမာတည်း။



စုပုံတောင်စေတီအား ကုန်းတော်အောက်မှ ဖူးမြော်ရစဉ်


(၁၂) တောင် မိကျောင်းကြီး



မိကျောင်းထမ်းဘိုးဘိုးရုပ်စာ


မိကျောင်းစေတီအနီး သူတော်စင်




www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်မြင်းဖြူရှင်ဘိုးဘိုး



မီးသင့်အုန်းမောင်း (ဆင်ခေါင်းတောင်တောရ)

□ ရှမ်းစေတီ

ထားဝယ်ဒေသသို့ နယ်စပ်ဖြတ်ကျော် ကူးလူးရောက်ရှိလာသော ယိုးဒယား(ရှမ်း)အဆက်အနွယ် ဆွေမျိုးသားချင်းတစ်စု စုပေါင်းတည်ထားခဲ့သော အောင်ဗောဓိစေတီ၊ ဝေမိဿကကုန်းဓာတ်ပွင့်စေတီတို့ကို စပါးတောင်ရိုးပေါ် ဖူးတွေ့ရ၏။ လေးထောင့်ပုံပလ္လင် (၅) ဆင့်နှင့် ဓာတ်တော်တိုက်ပေါ် စေတီပေါက်ဖြစ်သည်။ ယိုးဒယားဟန်အတိုင်း စေတီလုံးပတ် ရှည်မျောသေးသွယ်၍ ငှက်ပျောဖူးတိုသည်။ တိုင်းရင်းဆေးဆရာကြီး ဦးဘသန်းစိန် ထီးမိုးပြုပြင်ထားသောစေတီများ ဖြစ်သည်။

အောင်ဗောဓိရင်ပြင်တော်တွင် မတ်ရပ်စတုမဟာရာဇ်နတ်မင်းကြီးလေးပါး လက်အုပ်ချီပူဇော်နေဟန် တွေ့ရသည်။ ကြွေပြားခင်းရင်ပြင်တော်ဖြစ်သည်။ မုခ်ကျောင်း (၄) ကျောင်းတွင် ဆင်းတုများ ပူဇော်ခံထား၏။ စေတီမြောက်ဘက် ကျောင်းဆောင်တွင် ကြာပလ္လင်နှင့် ဘုရားရှင်ကိုယ်တော် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားနေပုံ ရုပ်လုံးများရှိသည်။ ဝေမိဿကကုန်းဓာတ်ပွင့်စေတီတွင် စေတီရံ (၆) ဆူဖူးတွေ့ရသည်။ မလှမ်းမကမ်း ကုန်းစောင်းတစ်နေရာ၌ သီးခြားဂန္ဓကုဋိတိုက်နှင့် မြဆင်းတုတစ်ဆူကိုပါ ကြည်ညိုဝပ်တွားရသည်။

□ နတ်ရေကန်စေတီ

နတ်ရေကန်တောင်စောင်း၏ အနောက်ဘက်ဆင်ခြေလျှောမြောင်တွင် နွေ၊ မိုး၊ ဆောင်းရာသီမပြတ် စိမ့်ရေ (နတ်ပေးရေ)ထွက်နေရာရှိပေရာ အဝီစိစက်ရေတွင်းတူးဖော်သော်လည်း ရေမရသည်မှာထူး၏။ သဘာဝစိမ့်ရေကျောက်ခွက်ကိုပင် ရေသိုလှောင်ကန်ပြုလုပ်ထားသည်ကို တွေ့ရသည်။ ရေကန်ရှေ့ကပ်ရက်တည်ထားသော စေတီ၏စတုရန်းထောင့်မှန်ဖိနပ်တော်တစ်ပတ်လုံးအပြည့် မုခ်ကျောင်းကလေးများ၌ ဉာဏ်တော်တစ်ပေအရွယ်တူစကျင်ကျောက်ဆင်းတု (၃၆) ဆူ ထည့်သွင်း ပူဇော်ထားသောကြောင့် အရပ်မျက်နှာတစ်ဖက်လျှင် ဘုရား (၉) ဆူ တြင်းကျေ နဝင်းကျေ သတ္တဗီသကျေဖြစ်သည်။ ဉာဏ်တော် (၉)ပေစီရှိသော စေတီရံ(၈)ဆူနှင့် နတ်သိကြားမတ်ရပ်ရှိခိုးဝန်းရံလျက် နတ်ရေကန်စေတီအား ဖူးမြော်ရပါ၏။

□ နောင်တော်စေတီ

ကျွန်တော်တို့ တောင်တက်ခရီးဆက်၍ နောင်တော်စေတီသို့ ရောက်ရှိဖူးမြော်ကြ၏။ နောင်တော်စေတီကား စပါးတောင်စေတီကား စပါးတောင်ထွတ်ထိပ်တည်း။ စေတီတော်ထီးရိပ်အောက်မှ စီးမြင်ရသော ရေမြေတောတောင်မြစ်ချောင်းသဘာဝအလှမြင်ကွင်းက အံ့မခန်းပါပေ။ စိတ်လွတ်လပ်ရှင်းသန့်ပေါ့ပါး၍ မောသမျှပန်းသမျှတစ်မုဟုတ်ချင်း လွင့်ပျောက်သွားကာ ဘဝင်သိမ့်သိမ့်ကြည်နူးအေးချမ်းမှုခံစားရပေသည်။ လေပြည်လေညင်းဝေ့ဝဲသဖြင့် တောရနံ့တောင်ရနံ့သစ်စိမ်းရနံ့ပျံ့ပျံ့သင်းနေ၏။စပါးတောင်အရှေ့ဘက်၌ တောင်စဉ်တောင်တန်းအထပ်ထပ်တွန့်ခေါက်လျက် ပြာမှိုင်းမှိုင်းအရှေ့ရိုးမ (တနင်္သာရီရိုးမ)တောင်တန်းကြီး ကာရံပိတ်ဆီးနေသည်ကို မျက်စိတစ်ဆုံးမြင်ရသလို အနောက်ဘက်၌ ထန်းပင်အုပ်အုပ်၊ လယ်ကွင်း၊ မြို့ပြအိမ်ရာအဆောက်အအုံ၊ ရွှေတောင်စားစေတီ၊ မြစေတီ၊ ကြည့်မျှော်တောင်၊ တိမ်စွဲလက်ခတ်တောင်တို့ကို ရှုမောမဆုံးမြင်ရပေသည်။

နောင်တော်စေတီ၏ ဖိနပ်တော်အောက်ခံအဖြစ် ကျောက်တုံးများခံ၍ ထမ်းထားပြီး အင်္ဂတေဒေါက်တိုင်များနှင့် အခိုင်အမာ ထောက်ကန်ထားသည်။ စေတီတော်အာက်လှည့်တစ်ခုတည်းသော တစ်ဝဂ္ဂနှင့် မြောက်ဘက်ကုန်းဆင်း၌ ဝတ်ကျောင်းဟောင်းရှိသည်။ ဘုရားမီးပူဇော်ရန် ငြမ်းဆင်ထားဆဲ ဖြစ်၏။ စေတီတော်၏ ခေါင်းလောင်းသပိတ်မှောက်ပတ်ပတ်လည်တွင် ယက္ခစည်း (ကုမ္ဘဏ်စည်း) ခေါ်သော လက်ရုံးနှစ်ဖက်ကို တံတောင်ဆစ်ကွေး၍ အစွယ်ကားကားဘီလူးရုပ်(၇)ရုပ် ပြုလုပ်ထားသည်မှာ ထူးခြားပါသည်။

ကောဇာ ၁၅၀ ပြည့် (မူကွဲ-၁၈၅) နန်းရ သာဂရပြည့်ရှင် သာသနာပြုမင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးဖြစ်သည့် ရှင်ဇံမင်းခေါ် နန္ဒိယမင်းခေါ် သမ္ဗန်မင်း၏ ကောင်းမှုတော် ရှေးဟောင်း စေတီဘုရားတစ်ဆူဖြစ်ကြောင်း ထားဝယ်ဘုရားသမိုင်းက ဖော်ပြသည်။

**□အောင်သံဝရရောဝဏ်ဆင်များရှင်စေတီ**

ကျွန်တော်တို့သည် တောင်ထိပ်နိမ့်လျှောသွားသော တောင်ရိုးတစ်လျှောက် တောင်ဘက် ကိုက်(၃၀၀) ခန့်ရောက်လာသောအခါ ဆံညှပ်ချိုးအကွေ့ လက်ယာဘက်အဆောင်တစ်ခုအောက်တွင် အစွယ်တဖွေးဖွေးနှင့် ဦးခေါင်း(၃)လုံးဆင်ကြီးတစ်ကောင်ကို ဘွားခနဲတွေ့ကြရသည်။ အရပ်(၉)ပေဆင်ကြီးဦးခေါင်းရှေ့တူရူတွင် ရွှေရောင်တောက်တောက် သံဝရဧရာဝဏ်ဆင်များရှင်စေတီမုခ်ဦးရှိ၏။ ကွေ့ကောက်လှေကားထစ်များ မော့တက်သွားသော ကုန်းတော်ပေါ် တက်နေခိုက် မထင်မှတ်ဘဲ မိုးဖွားကလေးများ ရွာချလာသဖြင့် အပြေးတက်ကြရ၏။ ယိုးဒယားပန်းအနုစိတ်ပုံဖော်ရွှေချတိုင်လုံးများနှင့်ရှစ်မြှောင့်စံကျောင်းတော်ကြီးအပေါ် မှစေတီပေါက်ကို ဖူးတွေ့ရသည်။ ၁၃၇၂ ခုနှစ်၊ နယုန်လပြည့် ပန္နက်တော်ချပြီး နတ်တော်လပြည့် ရွှေထီးတော်တင်လှူသည်ဟု သိရှိရသည်။

စံကျောင်းတော်တွင် ဆင်ဖြူခံဘုရား သီတင်းသုံးတော်မူသည်။ ဆင်ဖြူဦးခေါင်း (၁၈) လုံးခံ တံကဲတော်နှင့် စမွခဏ်တော်ပေါ် စကျင်ကျောက်ဘုရား နှစ်ဆူ ကျောချင်းကပ် ပူဇော်ထားသည်။ ထားဝယ်မြို့ ဆင်ပုနစ်ရပ် ဦးသိန်းအောင်-ဒေါ်လှကြည် လှူဒါန်းကုသိုလ်ပြုသည်။ ဆင်ဖြူတော်ခံဘုရား ပူဇော်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကင်းရှင်းခြင်း၊ စစ်ဘေးလက်နက်ဘေးတို့ကင်းရှင်းခြင်း၊ အရပ်လေးမျက်နှာမှလာသောအန္တရာယ်ကို ကာကွယ်ပေးခြင်းကောင်းကျိုးရရှိစေကြောင်း မှတ်သားဖူးပါသည်။

စံကျောင်းတော်၏အရှေ့တောင်ထောင့်၌ ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသနှင့် တောင်ပွားဆရာတော် ဦးသုဒဿနရုပ်ထုတို့ကိုလည်း ဖူးရ၏။ ကိုဝင်းခိုင်-မသီတာအောင်၊ သားအောင်ဟိန်းကျော်၊ မောင်ထက်အောင်လှိုင်၊ သမီးမကြယ်စင်ဝင်းခိုင်မိသားစု ကောင်းမှုကမ္ပည်းစာရှိသည်။ အနီးတွင် ဟင်္သာတံခွန်တိုင် တွေ့ရသည်။


**□ စကြာရှင်စေတီ**

မုခ်ဝင်(၄)ပေါက်ရှိသောဂူဘုရားဖြစ်သည်။ စိန်တောင်အနားသတ်ဂူအမိုး၌ စေတီတော်ပေါက်၍ ဘီလူးပန်းဆွဲခေါင်းလောင်းဖြစ်သည်။ ဂူအတွင်းပတ်လမ်း၌ ဤဘဒ္ဒကမ္ဘာဝယ် ပွင့်တော်မူပြီးသော ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရား (၄) ဆူ ကျောချင်းဆိုင် ပူဇော်ခံထား၏။ အရှေ့မြောက်စေတီရံခြေတွင် ခြင်္သေ့ (၃) စီး၊ တောင်လှည့်မုခ်ထိပ်စေတီ လက်ဝဲခြင်္သေ့ (၆) စီး၊ လက်ယာခြင်္သေ့(၆)စီး၊ မုခ်ဘေးနှင့် ရင်ပြင်ထောင့်တို့တွင် ကေသရာဇာခြင်္သေ့မင်းများတွေ့ရသည်။ မန္တလေးကုသိုလ်ရှင်တို့၏ စိတ်ကြိုက်ခေတ်သစ်လက်ရာဆို၏။ စာရေးသူ၏ စိတ်ထဲပုဂံခေတ် ကုလားကျောင်းခံစေတီပုံစံကို အပြေးအလွှားသတိရမိပါသည်။ ရင်ပြင်တော်တွင် စေတီတိုင်များ စိုက်ထူထားသည်။


**□ နှမတော်စေတီ**

ရှင်ဇံမင်း၏ နှမတော် ရှင်ဇောတည်သည်ဟု ဘုရားသမိုင်းကလာသည်။ ရှေးဟောင်းဘုရားစေတီတစ်ဆူဖြစ်၏။ နှမတော်စေတီ မိုးကြိုးခ၍ နှစ်ပေါင်းများစွာ ဘုရားငုတ်တိုဘဝရောက်နေပေရာ ၁၃၁၉ ခုနှစ်တွင် ဆရာတော်ဦးသုဒဿန ပြန်လည်ပြုပြင်သဖြင့် ယင်းနှစ် တပို့တွဲလပြည့်နေ့ ထီးတော် တင်လှူပြီးစီးသည်။ ဘုရားဒါယကာ ဦးအိုသီး၊ ပန်းရန်ဆရာဦးဘသင်၏ အကူအညီဖြင့် ဆရာတော် ပထမဆုံးပြုပြင်သောစေတီဖြစ်သည်ဟု သိရသည်။

စပါးတောင်တန်းပေါ် ဆရာတော် ဦးသုဒဿန သာသနာပြုလုပ်ငန်းတွင် ကျောင်းသားလေး မောင်ရွှေကြည် (၁၁) နှစ်နှင့် မောင်ဘမင်း နှစ်ဦး တောင်ပေါ်၊ တောင်အောက် ဗာဟီရကိစ္စအဝဝအတွက် အနီးကပ် ထက်ကြပ်လိုက်ပါ



စပါးတောင်ထိပ်မှမြင်ရသော အရှေ့ရိုးမတောင်တန်းကြီး




စပါးတောင်ထိပ်မှမြင်ရသော ထားဝယ်မြို့
(မြစေတီ၊ ရွှေတောင်စားစေတီတော်တို့ကို ဖူးတွေ့နိုင်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ဓာတ်ပုံမြင်ကွင်း

ဆောင်ရွက်ကြ၏။ မောင်ရွှေကြည်မှာ ၁၃၅၃ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်နေ့မှစ၍ ယခုလက်ရှိ ဆဋ္ဌမမြောက် တောင်ပွားကျောင်းထိုင်ဆရာတော် ဦးကောဝိဒ ဖြစ်ပြီး စပါးတောင်ရိုးပေါ် ဆက်လက်သာသနာပြုလျက်ရှိပါသည်။

နှမတော်စေတီကော်ဟောင်း၏ ခေါင်းလောင်းတွင် သက္ကရာဇ်ကိုဖတ်၍ မရသော်လည်း ကဒင်ဝရွာ မောင်ရွှေအိမ် - မဥ၊ နောက်ခေါင်းလောင်းတစ်လုံးတွင် ဖိုးနီ - ဖွားဥ ဟူ၍ ဖတ်ရှုရသောကြောင့် (အလှူရှင် မဥ၊ ဖွားဥ) က ထီးတော်နှစ်ကြိမ် တင်လှူခဲ့ဟန်ရှိကြောင်း၊ အိမ်ထောင်နှစ်ဆက်လည်း ဖြစ်နိုင်ကြောင်း ဖွားဥဆွေစဉ်မျိုးဆက် ယခုအထိ ကဒင်ဝရွာတွင်ရှိသေးကြောင်း ဆရာတော် ဦးကောဝိဒ သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၁) ဝါက မိန့်ပါသည်။

နှမတော်စေတီ ပြုပြင်စဉ်က ထူးခြားချက် ဖြစ်စဉ်တစ်ခုသည်လည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ တစ်ရက်ညနေစောင်းတွင် ကျောင်းသားနှစ်ဦး ထမင်းချက်ရန် ဆန်ယူသောအခါ ဆရာတော်အား မနက်အရုဏ်ဆွမ်းကပ်ဖို့ ဆန်နို့ဆီဘူးမပြည့်တပြည့်သာ ကျန်ရှိတော့သဖြင့် အကျပ်ရိုက်လျက်ရှိ၏။ နေဝင်မိုးချုပ် အသွားအပြန် (၄)မိုင်ကျော် တောလမ်းခရီးကို ကျောင်းသားနှစ်ဦး တောင်အောက်မဆင်းရဲတော့။ ထိုည ထမင်းလွတ် ဗိုက်မှောက်အိပ်ရန်သာ စိတ်တုံးတုံးချပြီး ငုတ်တုတ်ထိုင်နေကြ၏။

ထိုအခိုက် ပုခုံးပေါ် ပုဆိုးတင်၍ လူကြီးတစ်ဦးရောက်ရှိလာကာ ဆရာတော်အားဦးချကန်တော့လေ၏။ ထိုလူကြီး ထပြန်လျှင် ဆရာတော်က ကျောင်းသားနှစ်ဦးအား ဆန်နို့ဆီဘူးခေါ်ပြ၏။ ဆရာတော်အမိန့်ရှိ၍ ချက်ချင်း နောက်မှလိုက်ကြည့်ရာ လူကြီးသည် လျောင်းတော်မူဘုရားသွားလမ်းသို့ ချိုးဝင်ပျောက်ကွယ်သွား၏။ လက်ကျန် ဆန်ကို ညစာချက်စားပြီး နောက်တစ်နေ့နံနက်၌ လူကြီးလှူခဲ့သည့်ဆန်ကို ဆွမ်းချက်လေလျှင် ဆွမ်းမှာ အလွန်မွှေးရနံ့သင်းပျံ့သည်ကို တအံ့တဩတွေ့ရ၏။ ဆရာတော်အား ဆွမ်းကပ်ပြီးနောက် ကျောင်းသားနှစ်ယောက် ထမင်းရည်ဆားခတ်သောက်ကြသည်ဟု ဘုန်းကြီးကျောင်းသား ငယ်ဘဝအဖြစ်အပျက်ကို ပေါက်တိုင်းရွာဇာတိဖြစ်သော ဆရာတော် ဦးကောဝိဒ သတိတရပြန်လည်မိန့်ကြားပါသည်။

၁၃၅၆ ခုနှစ်တွင် နှမတော်စေတီ ပြင်းထန်စွာ မိုးကြိုးခပြန်သည်။ ကြာမှောက်၊ ကြာလန်မှ ငှက်ပျောဖူးတောက်လျှောက် ကွဲအက်ခြင်း၊ ထီးတော်အရှေ့ဘက်သို့ ကိုင်းညွတ်သွားခြင်း၊ ခေါင်းလောင်းတော်ဝမ်းဗိုက်တော်ပွင့်ထွက်ခြင်း အထိနာလှ၏။ ဘုရားဒကာ ရှမ့်တွင်းရွာမှ ဦးဖိုးသီ-ဒေါ်အေးမယ်သင်တို့က ထပ်မံပြုပြင်ပြီး ယခုနှစ်(၂၀)ကျော်ကြာချိန်တွင် အင်္ဂတေသားကွာထွက်လာသဖြင့် ဆရာတော်ဦးကောဝိဒမှ စေတီပြန်လည်ပြုပြင်ရေးအတွက် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ အပူတပြင်း စုဆောင်းနေသည်ကို ကျွန်တော်တို့ တွေ့ရှိရသည်။ လောလောဆယ်တွင် နှမတော်စေတီ အရောက် ကားလမ်းအကြမ်းဖောက်ထားပြီး ဖြစ်သည်။

စပါးတောင်ရိုးအဆုံး မြစိမ်းရောင် တောင်၌တည်ထားသောနှမတော်စေတီကို တချို့က မြစိမ်းရောင်ဆုတောင်းပြည့်စေတီဟုလည်း ခေါ်ကြသည်။ ဉာဏ်တော် (၁၈) တောင်၊ ဖိနပ်တော် (၁၈) တောင် ရင်ပြင်တော်အရှေ့၊ အနောက် (၄၈) တောင်နှင့် တောင်၊ မြောက် (၄၀) တောင်ရှိသည်။ စေတီကုန်းတော်သည် ကျောက်ပွမြေသားဖြစ်၍ မိုးများလျှင် ကုန်းတော်နံရံ တအိအိနှင့်ပြိုဆင်းသောကြောင့် ကျောက်စီနံရံတံတိုင်းခတ်ရန် ရည်ရွယ်ထားသည်ဟုသိရပါသည်။

စေတီတော်အနီးရှိ (၆) ပေကျယ် ဝတ်ကျောင်း၌ပင် ဆရာတော်ဦးကောဝိဒ တစ်ပါးတည်း ခြိုးခြံစွာ သီတင်းသုံးသာသနာပြုလျက်ရှိသည်မှာ အံ့ဖွယ်ဖြစ်ပါ၏။ တစ်ဖက်တွင် ရေသိုလှောင်ကန်ရှိသဖြင့် ဆရာတော်အတွက် များစွာ အဆင်ပြေမှုရှိပါသည်။

နောင်တော်စေတီ၊ နှမတော်စေတီ၊ အောင်မောင်းရှင်စေတီ ရှေးဟောင်းဘုရား (၄) ဆူ အပါအဝင် စပါးတောင်ရိုးတန်းပေါ် ဘုရားပုထိုးစေတီများဖူးမြော်ပြီး ကျွန်တော်တို့ တောင်အောက်ပြန်ဆင်းသည့်အခါ အချိန်အတော်လင့်နေပေပြီ။ တောင်အောက်ရှေးဟောင်းစေတီ (၄)ဆူရှိသော်လည်း တောင်ပွားကျောင်းဝင်းအတွင်းရှိ တစ်ဆူကိုသာ ဖူးမြော်မှတ်တမ်းဓာတ်ပုံယူနိုင်ခဲ့ပြီး ပေါက်တိုင်းသချိုင်း၊ ကျောက်ရပ်ကျောင်း၊ ထိန်ကြီး (ပေါက်တိုင်းရွာဟောင်းစေတီပျက်) ရှေးဟောင်းစေတီများသို့မူ အခါအခွင့်မသင့်၍ မရောက်ဖြစ်တော့ပါ။

□ စပါးတောင်မီးပြောင်

ကြက်စားပြင် ငါးကင်

အဖေမကြာခဏပြောလေ့ရှိသော စပါးတစ်ခွန်းကို ကျွန်တော်ငယ်စဉ်က ကြားဖူးနားဝ မှတ်သားရခဲ့ဖူးသည်။ ထိုစဉ်က စပါးတောင်နှင့် မီးပြောင်၊ ကြက်စားပြင်နှင့် ငါးကင် မည်သို့မည်ပုံ ဆက်စပ်သည်ကို ဂဃဏန မသိသဖြင့် အဖေ့အား မေးကြည့်သောအခါ နောင်တစ်ချိန်၌ စပါးတောင်ပေါ် ဘုရားပုထိုးစေတီပွင့်ထွန်းတောက်မည်။ ထိုရောအခါ ဗုဒ္ဓသာသနာတော် ဘုန်းတန်ခိုးအာနုဘော်ရှိန်စော် နိုင်ငံအဝန်း ဟိုးဟိုးကျော်လိမ့်မည်ဟု ရှင်းပြသည်။

အိမ်ပြန်လမ်းတစ်လျှောက်တွင် ကျွန်တော် အမှတ်ထင်ထင် တွေးတောနေမိ၏။

ယခုပင် စပါးတောင်သာသနာ ပွင့်ထွန်းနေပါပြီ။

မောင်စိမ်းသွေး(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်အနီးကပ်မြင်ကွင်း



လေးမျက်နှာစေတီတော်




ကျောက်တောင်ကြီးခြေရင်းမှ
အထိမ်းအမှတ်စေတီ

ရွှေချိုအောင်(ပဝလိ)

# တောင်ကုတ်မြို့ ကလိန်တောင်မြစ်ဝရှိ ထူးဆန်းသည့် ကလိင်္ဂရသေ့ကြီး၏ကျောက်ဖြစ်ကျောင်းဆောင်၊ ကျောက်စလောင်း၊ ကျောက်သင်္ဘော၊ ကျောက်စပါးကြီးမြွေ ဂမ္ဘီရနယ်မြေ

စာရေးသူသည် တောင်ကုတ်မြို့မှ တစ်ဆင့် ရမ်းဗြဲ၊ ကျောက်ဖြူ မြေပုံ၊ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်၊ ဘူးသီးတောင် စသည့် မြို့များသို့ ပညာရေးဝန်ထမ်းရေးရာကိစ္စ၊ သင်တန်းကိစ္စ၊ အစည်းအဝေးကိစ္စနှင့် ဘုရားဖူးကိစ္စများကို နှစ်အတော်ကြာ ကြာသွားလာခဲ့ပါသည်။ ယခင်က တောင်ကုတ်မြစ်အတိုင်း စုန်ဆန်ရင်း သင်္ဘော မော်တော်ဘုတ်ကြီး၊ စက်လှေကြီးများ ဖြင့်သွားလာခဲ့ရသည်။ ယခုအခါတွင်မူ သင်္ဘောနှင့် စက်လှေ၊ မော်တော်ဘုတ် တို့အစား နှစ်ညအိပ်သွားရသည့် ရခိုင် ပြည်နယ်မြောက်ပိုင်းဒေသရှိ မြို့များသို့ နေ့ချင်းပေါက် ရွှေပြည်တန်နှင့် မလိခ အမြန်ရှပ်ပြေးရေယာဉ်များက နေရာယူ ထားကြပြီ ဖြစ်ပါသည်။ မည်သို့ပင် ခရီး သွားယာဉ်အမျိုးမျိုး ပြောင်းလဲခဲ့ပါသော် ငြားလည်း ရေကြောင်းခရီးဖြင့်သွားလာလျှင် တောင်ကုတ်မြစ်ရှိ ကလိန်တောင်ဒေသ တို့ မလွှဲမရှောင်သာ ဖြတ်သန်းသွားကြရ သည်။ ကလိန်တောင်နေရာဒေသသည် တောင်ကုတ်မြို့နယ်၌ပါဝင်ပြီး လက်ယာ ဘက်ကမ်းတွင် ဒီရေရောက်တောကြီး နှင့် အလွန်ကြီးမားသည့် သဘာဝ ကျောက်တောင်ကြီးများ၊ ကျောက် သင်္ဘော၊ ကျောက်မှိုပွင့်ကြီးများ၊ ကျောက်စလောင်းကြီးများဖြင့် အမြင် အလွန်ဆန်းသည့် ဂမ္ဘီရဒေသတစ်ခု ဖြစ်ပါသည်။

စာရေးသူသည် ကလိန်တောင် မြစ်ဝပင်လယ်ပြင်ကြီးကို (၈) တန်း ကျောင်းသားဘဝက အိမ်ပြေးအဖြစ် တောင်ကုတ်တွင် ခေတ္တနားခိုရင်း မဂ္ဂ အောင်နိုင်စက်လှေကြီး၏ ကြိုးချည် ကျောက်ချ၊ ကုန်းဘောင်ထိုးလုပ်သား ဘဝ၊ ကုန်စာရေးဘဝဖြင့် (၂)လတိုင်တိုင်



ကျောက်သင်္ဘောပေါ်မှစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်နှင့်ပင်လယ်ရှုခင်း




ကျောက်တောင်ကြီးသို့အတက်လှေကား



ကျောက်ကလပ်ပေါ်မှစေတီတော်



ကလိန်တောင်ရှုခင်းပုံ



ကျောက်တောင်ခြေရင်းရှိ ရေချိုကန်

မော်တော်ပေါ်အိပ်၊ မော်တော်ပေါ်စားဘဝဖြင့် ကျင်လည်ခဲ့ဖူး၏။ မော်တော်ကြီးခရီးစဉ်အတွင်း မော်တော်လုပ်သားဘဝဖြင့် စာရေးသူ အကြောက်ရွံ့ဆုံးနေရာ မြစ်ပြင်ကျယ်ပင်လယ်ဝနှစ်ခုရှိပါသည်။ ပထမတစ်ခုမှာ ကလိန်တောင်အတွက် ပင်လယ်ဝမြစ်ပြင်ကျယ်ကြီးဖြစ်၍ ကျန်တစ်ခုမှာ စစ်တွေအသွားနောင်တော်ကြီး၊ နောင်တော်ကလေးဖြစ်ပါသည်။ ကလိန်တောင်မြစ်ဝမှာ တောင်ကုတ်ချောင်း၊ တန်းလွဲချောင်း၊ ကလိန်တောင်မြစ်နှင့် ရမ်းဗြဲမြစ်တို့အပြင် မြစ်ချောင်းပေါင်းများစွာ စုပုံစီးဆင်း၍ ရေစီးရေလာ ရေတက်ရေကျ အလွန်ပြင်းထန်သဖြင့် ၎င်းပင်လယ်မြစ်ဝကို ဖြတ်သန်းစဉ် အလွန်ကြမ်းတမ်းလှပါသည်။ မြစ်ဝပင်လယ်ဝကို ဖြတ်သန်းစဉ် လှေ၊ သင်္ဘော၊ စက်လှေကြီးများကိုယ်ထည် သိမ့်သိမ့်တုန်ခါသည်အထိ ရေစီးအားပြင်းထန်သောကြောင့် ဖြစ်ပါသည်။

သူတစ်ပါးတွေက ခရီးသွားရိုးသွားစဉ်အတိုင်း မြင်တွေ့နေကျဖြစ်၍ စိတ်ဝင်စားမှုမရှိကြသော်လည်း စာရေးသူမှာ ကလိန်တောင်ကျောက်ခဲကြီးနှင့် ကျောက်သင်္ဘော၊ ကျောက်မှိုပွင့်ကြီးများကို ငယ်စဉ်ကပင် စိတ်ဝင်စားခဲ့ပါသည်။ နောင် စာပေရေးသား၍ ဖတ်များလာသည့်အခါ ကလိန်တောင်ဒေသ

www.burmeseclassic.com

၏ ရာဇဝင်သမိုင်းအဆို အထောက်အထားများကြောင့် ပို၍စိတ်ဝင်စားလာမိပါသည်။


ထိုအခါ ကလိန်တောင်ဒေသသည် သာမညနယ်မြေမဟုတ်ပါဘဲ ကောတုံတရာဇ်မင်းတစ်ပါးလက်ထက်က ရသေ့ကြီး ကာလိဂ်၏ လျှို့ဝှက်ဆန်းကြယ်အံ့သြဖွယ်ရာဂမ္ဘီရနယ်မြေဖြစ်ကြောင်း သိရှိခွင့်ရရှိခဲ့ပါသည်။ ထိုအခါ ထိုကလိန်တောင် လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရနယ်မြေ၏အကြောင်းကို သုရဇ္ဇမဂ္ဂဇင်းမှတစ်ဆင့် တင်ပြခွင့်ကြုံလာခဲ့ပါသည်။ ထို့ကြောင့် ထိုနယ်မြေသို့ ဒီဇင်ဘာလအတွင်းက ကွင်းဆင်းလေ့လာခဲ့ပါသည်။ ပြင်ဦးလွင်မြို့နေ ကိုအောင်ခန့် (နက္ခတ္တဗေဒပညာရှင်-အိန္ဒိယ) ၏ ကူညီမှု၊ တောင်ကုတ်မြို့ ချောင်းကောက်ရပ်ကွက်နေ ကလိန်တောင်ဘုရားဂေါပကအဖွဲ့ဝင်ဖြစ်သော ဦးစံကျော်ဦးတို့၏ အကူအညီဖြင့် မှတ်တမ်းတင် ဖော်ထုတ်ခွင့် ရရှိခဲ့ပါသည်။ ဤအတွက် ၎င်းတို့ (၂) ဦးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

စာရေးသူတို့၏ မြန်မာပြည်တွင် ရခိုင်ပြည်နယ်ရှိ ရမ္မာဝတီခေါ် ရမ်းဗြဲကျွန်းကြီးသည် အကြီးဆုံးကျွန်းကြီးတစ်ကျွန်းဖြစ်ပေသည်။ မြန်မာပြည်မြေပုံထဲတွင် အနောက်ဘက် ဘင်္ဂလားပင်လယ်အော်ဘက်မှနေ၍ကြည့်မည်ဆိုပါက ရုတ်တရက်ကြည့်လျှင် ပက်ကျိတစ်ကောင်သွားနေပုံနှင့် အလားသဏ္ဍာန်တူလှပေသည်။ ကျောက်ဖြူမြို့တည်ရှိရာဘက်သည် ဦးခေါင်းပုံနှင့် ကျောက်နီမော်ရှိရာဘက်သည် နောက်မြီးသဖွယ်ပုံသဏ္ဍာန်ရှိလေသည်။ သို့ရာတွင် ရခိုင်ရိုးမတောင်တန်းဘက်ကကြည့်ပြန်လေလျှင် ဝမ်းဘဲငှက်သဏ္ဍာန်နှင့်တူသလိုလိုရှိနေပြန်သည်။

ကဿပဘုရားရှင်- လက်ထက်တော်က နောင်တော်ပါ ရဟန္တာငါးရာနှင့်အတူ ကြွချီတော်မူခဲ့စဉ် ဘင်္ဂလားပင်လယ်အော်ထဲရှိ ရခိုင်ပြည်နယ်၏ အလယ်ဗဟိုခန့်တွင် ဝမ်းဘဲငှက်သဏ္ဍာန်ကျွန်းငယ်ကို တွေ့မြင်လေသော် ဘုရားရှင်နှင့်တကွ နောက်ပါရဟန္တာတို့သည် ကျွန်းငယ်ပေါ်သို့ ကောင်းကင်ခရီးမှ ဆင်းသက်ကာ ခေတ္တတန့်တော်မူ၍ သီတင်းသုံးနေတော်မူခဲ့၏။ နောက်ပါ ရဟန္တာအပေါင်းတို့အား ကဿပဘုရားရှင်က -

"ငါ့ရှင်တို့၊ နောင်အခါဝယ် ငါဘုရားသာသနာတော်၌ ဝမ်းဘဲကျွန်း (နောင်ကာလရှည်လတ်သော် ရမ်းဗြဲကျွန်း) ဟု အမည်တွင်ကာ ဘုရားသာသနာတော်ထွန်းလင်းတောက်ပပေလိမ့်မည်" ဟု ဗျာဒိတ်တော်ခတ်နှိပ်ပေးသနားတော်မူခဲ့လေသည်။

ရှေးအခါက ရခိုင်ပြည်နယ်ဒေသတွင် ရှေးရခိုင်ဘုရင်များလက်ထက်တော်က တိုင်းကြီး (၁၂) တိုင်းတည်ရှိခဲ့ဖူးရာ ထိုတိုင်း (၁၂) တိုင်းတွင် ရမ္မာဝတီခေါ် ရမ္မပူရကျွန်း (ရမ်းဗြဲကျွန်း) ကြီးသည်



ကလိန်တောင်ရှိ ကျောက်တောင်ကြီးများ




စပါးကြီးမြွေကျောက်ဖြစ်ရုပ်ကြွင်း



ကျောက်ဖြစ် ခုတီယမြွေကြီး


www.burmeseclassic.com



စေတီတော်နှင့်ကျောက်အလုကွက်များ



စေတီတော်ကို အနီးကပ် ဖူးမြော်ရစဉ်



ကျောက်သဘော်ကြီး

တိုင်းကြီးတစ်တိုင်းအဖြစ်တည်ရှိခဲ့ဖူးလေသည်။ ရှေးအခါက ရခိုင်ပြည်ကြီးသည် နတ်မြစ်ဝမှသည် ပုသိမ်မော်တင်စွန်းအထိ ကျယ်ပြန့်ခဲ့ကြောင်း နောင်တွင် ရခိုင်တိုင်းကို ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ရာ ဂွမြို့နယ် တောင်ပေါက်၊ ကျောက်ချွန်အထိသာ သတ်မှတ်ပြုပြင်ခဲ့ကြောင်း၊ ပုသိမ်မော်တင်စွန်းတွင် ရခိုင်နယ်နိမိတ် သတ်မှတ်ချက် ကျောက်စာတိုင်ကြီးရှိခဲ့ကြောင်းကို ရှေ့မိနောက်မိ လူကြီးသူမများက ပြောပြ၍ စာရေးသူသိရှိခဲ့ရပါသည်။ ထိုရခိုင်နယ်နိမိတ်သတ်မှတ်ချက် ကျောက်စာတိုင်သည် ယခုအခါရှိသေးသည် (သို့) မရှိတော့ပြီကို စာရေးသူ မမှန်းဆတတ်တော့ပါ။

အဆိုပါ ရမ္မာပူရတိုင်းကြီးတွင် ရမ်းဗြဲမြို့တည်ပုံမှာ ထူးခြားလှသည့် ရှေးအတိတ်ဦးအစက ဤရမ္မာပူရကျွန်းကြီးတွင် မြို့ရွာတည်မည်ဟုအစပြုခဲ့စဉ် အတိတ်နိမိတ်ထူးမှာ ကျွဲငယ်နှစ်ကောင်တို့ မာန်စောင်လျက် တစ်ကောင်နှင့်တစ်ကောင် ဝှေ့ယမ်းတိုက်ခိုက်ခတ်လျက်ရှိနေရာမှ ကျွဲကြီးတစ်ကောင် (ကျွဲသင်းအုပ်အကြီးအကဲ) က ဝင်ရောက်ဟန့်တားဖျန်ဖြေပေးခဲ့သဖြင့် ခတ်နေသည့်ကျွဲနှစ်ကောင်မှာ ရန်ဒေါသပြေပျောက်၍ တစ်ကောင်နှင့်တစ်ကောင်ရှောင်ဖယ်သွားခဲ့ကြဖူးလေသည်။ ဤအဖြစ်အပျက်ကို အကြောင်းပြု၍ နောင်အခါ ရမ်ပြေကျွန်း ယခုအခါ ကာလရှည်ကြာသဖြင့် ရမ်းဗြဲကျွန်းဟု အခေါ်ရှိလာလေသည်။

ကဿပဗုဒ္ဓဘုရားရှင် ခေတ္တဆင်းသက်၍ နားနေတန့်တော်မူခဲ့သည့်ကျွန်းမြို့ကို အစွဲပြု၍ တန့်မြို့ဟုလည်း ရှေးအခါက အမည်တွင်ခဲ့ဖူးလေသည်။ ထို့ကြောင့် ရမ်းဗြဲမြို့နယ်တွင် ဗုဒ္ဓမြတ်စွာ ရပ်တန့် သီတင်းသုံးသည်ကို အကြောင်းပြု၍ တန့်ရွာ၊ တန့်ရှင်ပြင်စေတီ၊ တန့်ချောင်း ဟူ၍ အမည်တွင်နေသည့် ရွာ၊ ချောင်း၊ စေတီအထောက်အထားများ ကျန်ရှိနေဆဲဖြစ်လေသည်။ ထိုကျွန်း၌ မြို့ရွာအတည်အစပြုတည်ထားသည့် အခါတွင်မူ ရမ္မာဝတီမြို့၊ ရန်ပြေမြို့၊ ရမ်းပြည့်မြို့ဟု ပြောင်းလဲခေါ်တွင်လာခဲ့ရာမှ ယခုမျက်မှောက်ခေတ်တွင် ရမ်းဗြဲမြို့ဟု ခေါ်ဆိုအမည်တွင်ခဲ့၏။ ရမ်းဗြဲမြို့သည် တောတောင်အထပ်ထပ် တံတိုင်းကာရံသကဲ့သို့ ခြံရံတည်ရှိနေသဖြင့် ဗုဒ္ဓဂေါတမလက်ထက်က ရာဇဂြိုဟ်မြို့နှင့် အလားသဏ္ဌာန်တူသည်ဟု ပြောလေ့၊ မှတ်ချက်ချလေ့ရှိပါသည်။ ရမ်းဗြဲကျွန်းကြီးတွင် အမ်းတောင်၊ ဗဟန်းတောင်၊ ရီမျက်တောင်၊ လက်ပန်တောင်၊ ညောင်တောင်၊ ကိုယ်ရံတောင် (ဂေါ်ရံတောင်) တို့သည် အရပ်လေးမျက်နှာ ဝန်းရံပိတ်ဆို့ဆီးကာ တည်ရှိနေကြသဖြင့် ရှုမြင်ကြည့်လိုက်တိုင်း တောင်ညို့ညို့ မှိုင်းမှိုင်း၊ တောင်ပြာတန်းအစီအရီနှင့် စာပန်းချီဖွဲ့လောက်ပါပေသည်။

ထို့ကြောင့် ရှေးရခိုင်စာဆိုတို့က 'အင်း-ဗန်း-ရီ-ညောင်၊ ကိုယ်ရံတောင်



www.burmeseclassic.com

www.burmeseclassic.com

ဝေမှောင်ကာဆို့ ရမ္မာမြို့၊ နှစ်လို့စဖွယ် တည်ချရေ' ဟု လည်းကောင်း၊ စာဆိုအချို့ကမူ 'အင်း၊ ဗန်း၊ လက်-ညောင်၊ ကိုယ်ရံတောစင်ဟု ဝေမှောင်ကာဆို့ ရမ္မာမြို့ကို နှစ်လို့စဖွယ် တည်ကြတယ်' ဟု လည်းကောင်း အသီးသီးစာဖွဲ့ကဗျာဖွဲ့ဆိုခဲ့ကြဖူးလေသည်။ ထိုရမ်းပြည့်ကျွန်းမှ အရှေ့တောင်ဘက်ကို ရှုလေလျှင် ရဲကျွန်း၊ တိုက်ကျွန်း၊ မာန်အောင်ကျွန်း၊ စကုကျွန်း၊ မန်ကျည်းကျွန်း စသည်တို့သည် အစီအရီပင်လယ်ထဲတွင် တည်ရှိနေကြသည်။ ကောင်းကင်မြေပုံအရ အပေါ်စီးကြည့်လိုက်မည်ဆိုပါက ရမ်းဗြကျွန်းကြီးသည် ဝမ်းဘဲငှက်တစ်ကောင်ကဲ့သို့လည်းကောင်း၊ မာန်အောင်ကျွန်းသည် တြိဂံပုံသဏ္ဌာန်ကဲ့သို့လည်းကောင်း၊ ရဲကျွန်းသည် လိပ်ကလေးတစ်ကောင်ကဲ့သို့ လည်းကောင်း ကောင်းကင်အင်တာနက်မာတ်ပုံအရ ရှုမြင်ခံစားနိုင်လေသည်။

ရမ်းဗြကျွန်းကြီး၏ဝမ်းဘဲဦးခေါင်းနေရာ၌ ရွှေကျွန်းသန္တာခေါ် ကျောက်ဖြူမြို့ကို တည်ထားခဲ့သည်။ အင်္ဂလိပ်ခေတ်က မြို့တည်ရုံးစိုက်ရာဒေသဖြစ်သဖြင့် ရှေးဟောင်းရုံးအဆောက်အအုံများကို ယနေ့တိုင် မြင်တွေ့နိုင်ပါသေးသည်။ တန်ခိုးကြီးကံ့ကော်တောဘုရားညီနောင်တည်ရှိရာမြို့လည်းဖြစ်သည်။ ယခင်က ရေကြောင်းလမ်းကိုသာ အဓိကအားထားခဲ့ရပြီး ယခုအခါ လေကြောင်းလမ်း၊ ကားလမ်းဖောက်ပြီးဖြစ်သဖြင့် ကုန်းကြောင်းလမ်း၊ ရေလမ်းခရီးတွင်လည်း ရှပ်ပြေးအမြန်ယာဉ်များရှိနေပြီဖြစ်သဖြင့် နာရီပိုင်းအတွင်း အလွယ်တကူသွားလာနိုင်ကြပြီ ဖြစ်ပါသည်။

ထိုကျောက်ဖြူမြို့အနောက်ဘက်ပင်လယ်ကမ်းစပ်တစ်နေရာ၌ ဂေါဒူဟူသည့်အရပ်ရှိခဲ့ဖူးလေသည်။ ရမ်းဗြ - ကျောက်ဖြူကတ္တရာကားလမ်းဘေးတွင် ယနေ့တိုင် ဂေါ်တူရွာတည်ရှိနေသေးသည်။ ထိုအရပ်တွင် ရှေးရာဇဝင်အဆိုအရ ကောတုံတရာဇ်မင်းစိုးစံတော်မူသည့် ကောတုံတရာဇ်တိုင်းပြည်ကြီးတစ်ပြည် ပေါ်ထွန်းတည်ရှိခဲ့၏။ ထိုမြို့ရှိအရှေ့ဘက်အရပ် ကလိန်တောင်မြစ်အရှေ့ပိုင်းဒေသကိုမူ ကောရေဗျမင်းများက စိုးစံအုပ်ချုပ်ခဲ့ကြသည်။


ထိုအချိန်က စိုးစံခဲ့ကြသည့် ကောရေဗျမင်းနှင့် ကောဲဓုံတရာဇ်မြို့ရှင်ဘုရင်မင်းမြတ်တို့သည် ဈာန်အဘိညာဉ် တန်ခိုးအရာတွင် အလွန်ပင်



ကျောက်တောင်ကြီးများအနီးကပ်မြင်ကွင်း



ကျောက်စလောင်းကြီးများ



ကလိန်တောင်ကြီးမြင်ကွင်း

ကျော်ကြားသည့် 'ကလိင်္ဂ' အမည်ရှိ ရသေ့ကြီးတစ်ပါးအား ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ ထိုဆရာရသေ့ကြီးသည် သမထအကျိုးဖြင့် အကြားအမြင်ပေါက်ရသေ့ကြီးလည်း ဖြစ်လေသည်။

ထိုကလိင်္ဂရသေ့ကြီးကို လူမင်းတို့သာမက နတ်၊ နဂါး၊ ဂဠုန်တို့ကလည်း လေးစားကြည်ညိုကြကုန်၏။လာရောက်အမြဲခစားပူဇော်၍ ရသေ့ကြီး၏အဆုံးအမကို ခံယူလေ့ရှိကြလေ၏။ ထိုကလိင်္ဂ

www.burmeseclassic.com

www.burmeseclassic.com

ရသေ့ကြီးနေထိုင်ရာ အရပ်ကိုအစွဲပြု၍ ထိုအရပ်ဒေသကို ကလိန်တောင်ဟု ရှေးအခါမှ ယနေ့တိုင် အမည်တွင်လျက် ရှိလေသည်။

ထိုနေရာဒေသသည် တောင်ကုတ်မြစ်နှင့် ကလိန်တောင်မြစ်ဝတို့ ပင်လယ်ထဲသို့စီးဆင်းရာ ဒီရေရောက် ကျွန်းနုသောင်ခုံတောကြီးဖြစ်လေသည်။ ထိုကလိန်တောင်ဒေသတွင် အလွန်တရာကြီးမားသည့် ကျောက်လုံးကျောက်တောင်ကြီးများနှင့် ကျောက်စလောင်းကြီးများ၊ ကျောက်မှိုပွင့်ကြီးများတည်ရှိရာဒေသဖြစ်၏။ ထိုတောင်ထိပ်၌ ကလိင်္ဂရသေ့ကြီး သီတင်းသုံးနေထိုင်ခဲ့ရာ ကျောက်ပြာသာဒ်ကျောင်းတော်နှင့်တကွ အဝတ်လျှော်ရေသုံးစွဲရာ ကျောက်စလောင်းကြီးများ ရှိလေသည်။


ပင်လယ်ရေနဂါးညီနောင်တို့သည် ရသေ့ကြီးကို အလွန်ကြည်ညိုသဖြင့် အမြဲလာရောက်ပူဇော်လေ့ရှိကြ၏။ ထိုနဂါးညီနောင်တို့သည် ကောတုံတရာဇ်မြို့မြောက်ဘက်ရှိ ပင်လယ်ဒေသတွင် ကျက်စား သွားလာနေထိုင်သည့် နဂါးညီနောင်များ ဖြစ်ကြလေသည်။ ထိုနဂါးညီနောင်ကျက်စားနေထိုင်ရာ ပင်လယ်ဒေသကို နောင်တော်မြစ်ပင်လယ်ဟု ယနေ့တိုင် ခေါ်ဆိုလျက်ရှိနေသေးလေသည်။ ထိုဒေသသည် ကျောက်ဖြူနှင့် မြေပုံအကြားတွင် အလွန်ကျယ်ပြန့်ပြောသည့် ပင်လယ်ဝကြီးပင် ဖြစ်လေသည်။ အလွန်ပင်ကျယ်ပြန့်လှပေရာ ကျေးငှက်များပင် ဖြတ်သန်း၍မပျံနိုင်ကြသဖြင့် 'ကျေးငှက်မကျော်မြစ်နောင်တော်' ဟု စာဖွဲ့ပြောဆိုလေ့ရှိကြသည်။ ထိုနောင်တော်ကြီးဒေသ ပင်လယ်ပြင်သည် အစဉ်အမြဲ မှိုင်းညို့လျက်ရှိနေပြီး အလွန်ကြမ်းတမ်းသည့် ပင်လယ်ပြင်ဒေသဖြစ်ကာ လှိုင်းတံပိုးများပြင်းထန်လေ့ရှိသည်။ ရေနတ်နဂါးတို့ စိုးမိုးရာဒေသဖြစ်၍ နောင်တော်ကြီး၊ နောင်တော်လေးပင်လယ်ပြင်ဒေသကို လှေ၊ သမ္ဗန်၊ သင်္ဘောများ ဦးခိုက်လှေဦးတိုက်၍ အမြဲသွားလာလေ့ရှိကြ၏။ လှေဦးတိုက်အရိုအသေမပေးမိပါက လှိုင်းလေထန်၍ လှေသင်္ဘောများ အမြဲနစ်မြုပ်ဆုံးရှုံးလေ့ရှိသည်ကို စာရေးသူကိုယ်တွေ့သွားလာခဲ့ခြင်းနှင့် ဒေသခံများအပြောအရ သိရှိရလေ၏။ အလွန်ပင် အန္တရာယ်ကြီးသည့် ရေကြောင်းလမ်းခရီးပင် ဖြစ်လေသည်။ ကလိင်္ဂရသေ့ကြီးသည် အမြဲတမ်းတရားကျင့်ကြံကြိုးကုတ်အားထုတ်လေ့ရှိပြီး အဂ္ဂိရတ်ပညာနှင့်ဝေဒပညာကိုလေ့လာလိုက်စားနေထိုင်လေသည်။ ရသေ့ကြီးသည် အနီးပတ်ဝန်းကျင် တောတောင်များမှ ရရှိသည့် သစ်သီး၊ သစ်ဥ၊ သစ်ဖုများနှင့် ဆေးဝါးပင်များကို ရှာဖွေစားသောက်ကာ ကျင့်ကြံကြိုးကုတ် အားထုတ်လျက် ရှိလေသည်။

ကလိင်္ဂရသေ့ကြီးသည် ဖန်ရည်ဆိုးသည့် နီမြန်းသော ရသေ့ဝတ်ရုံကို ရုံလျက် တစ်မဂ်တစ်ဖိုလ်တိုင်အောင် အကျင့်စရဏတရားကိုကြိုးစားအားထုတ်နေစဉ် သင်္ကန်းကိုနီမြန်းစေရန် သစ်ခေါက်ဆိုး၍ဝတ်ဆင်လေ့ရှိသည်။ အခါအားလျော်စွာ ဖန်ရည်ဆိုးသင်္ကန်းကို မကြာခဏ ဖွပ်လျှော်ရလေ့ရှိသည်။ ထိုအခါ သင်္ကန်းဖွပ်လျှော်သည့် နီမြန်းသော အရည်များသည် ကလိန်တောင်မြစ်မှ တစ်ဆင့်စီးဆင်းသွားရာ ရမ်းဗြဲကျွန်းတစ်ဖက်ကမ်းရှိ ကျွန်းအငူမော်သို့တိုင် စီးဝင်ပျံ့နှံ့သွားခဲ့လေသည်။ ကျောက်တုံးကျောက်ခဲများသည် ရသေ့ကြီး၏သင်္ကန်းလျှော်ရည်များထင်းစွန်းကာ အနီရောင်ဖန်ရည်များထင်းစွန်းခဲ့သဖြင့် ကျောက်ခဲများ နီမြန်းနေသဖြင့် ရမ်းဗြဲကျွန်း၏ မြောက်ဘက်အစွန်ဆုံး ကျွန်းငူမော်ကို ကျောက်နီမော်ဟု အမည်တွင်ခဲ့လေသည်။

ကောတုံတရာဇ်ဘုရင်သည် ပန်းချီပန်းပု ပန်းချီရုပ်လုံးများကို အလွန်တရာနှစ်သက်မြတ်နိုးတော်မူလေ၏။ တစ်နေ့တွင် ဘုရင်ကြီးသည် မိမိ၏ ချစ်မြတ်နိုးလှစွာသော မိဖုရားကြီး၏ပုံတူကို ရေးဆွဲထားရန် အကြံတော်ဖြစ်မိလေသည်။ ထို့ကြောင့် နန်းတွင်းပန်းချီကျော်တစ်ဦးအားဆင့်ခေါ်၍ မိဖုရားကြီး၏ ပန်းချီပုံတူကို မိဖုရားနှင့် တစ်ဆံခြည်မျှ မချွတ်မယွင်းစေဘဲတူနိုင်အောင်ရေးဆွဲစေရန် အမိန့်တော်ချမှတ်လေသည်။



ကျောက်သားအလှရှုကွက်များ



ကလိန်တောင်ရွာ



www.burmeseclassic.com

www.burmeseclassic.com

နန်းတွင်းပန်းချီဆရာကြီးကလည်း မိဖုရားကြီးနှင့် ထပ်တူထပ်မျှတူစေရန် ရေးဆွဲ၍ ဘုရင်မင်းကြီးထံ ဆက်သလေသည်။ ပထမအကြိမ်ရေးဆွဲသည့်ပုံတူကို ကောတုံတရာဇ်ဘုရင်ကြီးက သဘောမတွေ့သဖြင့် ဒုတိယအကြိမ် ထပ်မံရေးဆွဲရပြန်လေသည်။ ပန်းချီဆရာက ဒုတိယအကြိမ် ရေးဆွဲဆက်သသည်ကို မနှစ်မြို့က် သဘောမကျပြန်သဖြင့် တတိယအကြိမ်တွင် မင်းကြီးသဘောကျအောင် မရေးဆွဲနိုင်ပါက အပြစ်ဒဏ်ခံရမည်ဟု အမိန့်တော်ရှိခဲ့ရာ ပန်းချီဆရာမှာ မကြံတတ်နိုင်အောင် အခက်တွေ့လေသည်။ ထို့ကြောင့် အလိင်္ဂဆရာရသေ့ကြီးထံ ချဉ်းကပ်၍ အကြံဉာဏ်တောင်းခံခဲ့ရလေသည်။

ကာလိင်္ဂရသေ့ကြီးသည် နတ်မျက်စိတမျှအမြင်ရသည့် ဒိဗ္ဗစက္ခုအဘိညာဏ်တန်ခိုးဖြင့်ကြည့်ရှုလေသော် ထိုကောတုံတရာဇ်မင်းကြီး၏ တန်ခိုးအရှိန်အဝါ ညှိုးမှိန်လေတော့မည်ကို လည်းကောင်း၊ ထိုကောတုံတရာဇ်ပြည်ကြီး ပျက်စီးအံ့အချိန်ရောက်တော့မည်ကိုလည်းကောင်း သိမြင်ခဲ့သဖြင့် ပန်းချီဆရာအား ဘုရင်မင်းပြစ်မင်းဒဏ်မှ လွတ်မြောက်အောင် ကြံဆောင်ပေးခဲ့လေသည်။ ပန်းချီဆရာကြီးသည် ရသေ့ကြီးအကြံပေးသည့်အတိုင်း မိဖုရားကြီး၏ ပုံတူတွင် ပေါင်၌မှဲ့ရှင်တစ်ခုရေးဆွဲကာ တင်ဆက်ခဲ့လေသည်။

ကောတုံတရာဇ်မင်းသည် ထိုပုံကိုမြင်တွေ့သည်တစ်ပြိုင်နက် ဒေါသအမျက်ပြင်းစွာထွက်လေသည်။ မိမိ၏ မိဖုရားကြီးတွင်ရှိနေသည့် မမြင်အပ်လျှို့ဝှက်သောနေရာတွင်ရှိနေသည့် မှဲ့ရှင်အား ပန်းချီဆရာမည်ကဲ့သို့သိသနည်းဟု မေးလေတော့သည်။ ပန်းချီဆရာလည်း မတွယ်မဝှက်ပင် ဆရာရသေ့ကြီး အကြံပေး၍ထည့်ကာ ရေးဆွဲပါကြောင်း ဝန်ခံလျှောက်ထားလေသည်။

ထိုအခါ ကောတုံတရာဇ်မင်းသည် မိဖုရားကြီးနှင့် ကာလိင်္ဂရသေ့ကြီးတို့အား အထင်မှား ပြစ်မှားမိလေသည်။ နောင်တစ်ချိန်တွင် ရသေ့ကြီးနှင့် မိဖုရားကြီးတို့ အတူတကွ ပူးပေါင်း၍ ၎င်း၏ ထီးနန်းကိုလုရန် ကြံစည်လိမ့်မည်ဟု ထင်မိလေသည်။ ထို့ကြောင့် မိမိ၏ စစ်သည်များအားစေလွှတ်၍ ကာလိင်္ဂရသေ့ကြီးအား ဖမ်းဆီးကွပ်မျက်ပစ်ရန် ခိုင်းစေလိုက်လေသည်။

ကာလိင်္ဂရသေ့ကြီးသည် ဒိဗ္ဗစက္ခုအမြင်ဖြင့် ကြိုတင်သိမြင်သဖြင့် ရှောင်တိမ်းသွားခဲ့လေသည်။ ထို့ပြင် ရသေ့ကြီးသည် မိမိသီတင်းသုံးရာ ကျောင်းသင်္ခမ်းအား ခြေဖြင့်ကန်ကျောက်လိုက်ကာ ဇောက်ထိုးပြောင်းပြန်ပက်လက်လှန်၍ထားခဲ့လေတော့သည်။ ထို့ကြောင့် ကာလိန်တောင်ဒေသတွင် ရသေ့ကြီး၏ ကျောင်းသင်္ခမ်းသည် ပက်လက်ပြောင်းပြန်ဖြင့် ကျောက်ပြာသာဒ်တိုင်များမှာ အထက်သို့ ချွန်ထောင်၍ရှိနေခဲ့လေသည်။ ရသေ့ကြီးသည် သူသုံးစွဲနေကျ ကျောက်စလောင်းကိုလည်း မှောက်ထားခဲ့လေသည်။ ထို့နောက် ကာလိန်တောင်ဒေသမှ အထင်အရှား မြင်တွေ့နိုင်သည့် ရခိုင်ရိုးမတောင်ခြေရင်း တစ်နေရာရှိ မြင်မတိန်တောင်သို့ ရှောင်တိမ်းသွားခဲ့လေသည်။ နဂါးညီနောင်တို့ ရသေ့ကြီးကို ရှာဖွေပါက ရသေ့ကြီးရှိနေရာကို မထိမ်မဝှက်ရာ နေရာဒေသလည်းဖြစ်သောကြောင့် မြစ်မတိမ်တောင် (နောင်တွင် မြင်မတိန်တောင်) ဟု ခေါ်ဆိုခဲ့ကြလေသည်။ နဂါးညီနောင်တို့သည် ဆရာရသေ့ကိုဖူးမြော်ရန်လာသည့်အခါ မမြင်မတွေ့ရသဖြင့် အမျက်ပြင်းစွာထွက်ကြလေသည်။ ထိုအခါ နဂါးတို့ဒေါသဖြင့် မြစ်ပင်လယ်တို့ကို လှိုင်းထန်ရေကြီးစေကာ အစွမ်းသတ္တိပြကြလေသည်။ ဂဠုန်များကလည်း အတောင်ပံလေဟုန်ဖြင့် ရိုက်ခတ်ကြသဖြင့် တောတောင်တို့တွင် လေပြင်းများတိုက်ကြကုန်လေသည်။ ထိုအခါ ကောတုံတရာဇ်မင်းနှင့်တကွ ကောတုံတရာဇ်ပြည်ကြီးသည် ပင်လယ်ရေလွှမ်းမိုး၍ ယနေ့တိုင် နစ်မြုပ်ပျက်စီးပျောက်ကွယ်သွားခဲ့ရလေသည်။ ထိုအခါ ကောရေဗျမြို့ပါ တစ်ပါတည်း ပျက်စီးနစ်မြုပ် ကွယ်ပျောက်သွားခဲ့ရလေတော့သည်။

မိုးသည်းထန်၍ပင်လယ်လှိုင်းများဆူပွက်ကာ ပင်လယ်လှိုင်းကြီးများဖြစ်ပေါ်၍ ရေလွှမ်းမိုးချိန်တွင်မူ မေယဝတီခေါ် မာန်အောင်ကျွန်းကား တပည့်နဂါးများထံ ဆရာရသေ့ကြီးမှ ကြိုတင်အလှူခံထားသဖြင့် မကွယ်မပျောက်ဘဲ ယနေ့တိုင် မာန်အောင်ကျွန်း၊ မာန်အောင်မြို့ဟူ၍ ယနေ့တိုင် တည်ရှိနေဆဲ ဖြစ်လေသည်။ နဂါးတို့သည် ပြင်းစွာအမျက်ဒေါသထွက်ကာ နဂါးတို့ တန်ခိုးဖြင့် မြေအလွှာကို ထွင်းဖောက်၍ ရသေ့ကြီးကို ရှာဖွေကြရာ ရခိုင်ပြည်နယ်ပင်လယ်ကမ်းခြေတစ်လျှောက်ဝယ် မြစ်ချောင်းများစွာ ပေါ်ပေါက်ခဲ့ရလေသည်။ မြစ်ချောင်းအသီးသီးတွင်လည်း နဂါးများသွားလာမှုကြောင့် ပွက်ပေါက်ခေါ် ဆက်သွယ်ရေးချောင်းငယ်များ ဖြစ်ကုန်ကြလေသည်။ ထို့ကြောင့် ယခုအခါတွင် ပွက်ပေါက်များမှာ တောင်ကုတ်ချောင်းပေါက်သုံးဆယ်၊ တန်းလွဲချောင်းပေါက်သုံးဆယ်တို့ ဖြစ်ပေါ် လျက်ရှိနေချေသည်။ မြန်မာပြည်တွင် ထိုဒေသလောက် မြစ်၊ ချောင်းများစွာသွယ်ယှက်ဖြတ်သန်းသည့် ပင်လယ်ရေရောက်နိုန်းတာပေါက်များ၊ ဒီရေရောက်တောကြီးများ ပေါများသည့်ဒေသမရှိပါ။ ဆရာရသေ့ကြီးက နဂါးတို့သည် ၎င်းကိုမြင်တွေ့မရပါက ပိုမိုသောင်းကျန်း၍ မြစ်ချောင်းများ ပျက်စီးမည်ကိုမြင်လတ်၍ တိမ်းရှောင်နေသည့်ဒေသမှ ကိုယ်ထင်ပြရပ်ပြရလေသည်။ ကာလိင်္ဂဆရာရသေ့က နဂါးညီနောင်တို့အား ဆိုဆုံးမသဖြင့် အမျက်ပြေ၍ ရှာဖွေဖျက်ဆီးခြင်းကို ရပ်တန့်လိုက်လေတော့၏။ နဂါးတို့ထွင်ဖောက်ခဲ့ကြ၍ တောတောင်ကျောက်ဆောင်များတွင် ဂူပေါက်ကြီးများဖြစ်ပေါ် လာခဲ့လေသည်။ ကျောက်ဖြူမြို့ ကျောက်တစ်လုံးတောင်၊ မအီဒေသ ဂူပေါက်၊ လမူးဒေသ ဂူပေါက်၊ ကမားဒေသရှိ ကျောက်ဂူပေါက်ကြီးများကို ယနေ့တိုင် မြင်တွေ့သွားရောက် လေ့လာနိုင်ကြပေသည်။

ကာလိန်တောင်ဒေသသည်ကား သာမညတောင်မြေမဟုတ်ဘဲ အထွတ်အမြတ်တောင်မြေ ဖြစ်သည်။ ရခိုင်မင်းအဆက်ဆက်က ထိုတောင်မှမြေမြတ်ကို ယူကာ ရာဇဘိသေကခံယူပွဲကျင်းပရာ မဏ္ဍပ်ဆောက်လုပ်ရာတွင် ထိုတောင်မှ မြေဖြင့်ခင်းခဲ့ကြလေသည်။ ထို့ကြောင့် ကာလိန်တောင်မြေသည် ဘုမ္မိနက်သန်မြေဖြစ်ကြောင်းနှင့် ကာလိန်တောင်ဒေသ ကျောက်ဆောင်ကြီးများတွင် သာသနာပြုဘုရားတည်ရန် သာသနိကအဆောက်အအုံများတည်ဆောက်လှူဒါန်းလိုပါက ဦးစံကျော်ဦး ဖုန်း - ၀၉၃၆၁၂၆၀၉၉ တောင်ကုတ်မြို့သို့ လည်းကောင်း၊ ဦးအောင်ခန့် (နက္ခတ်ဗေဒပညာရှင်) ဖုန်း-၀၉၂၅၀၇၆၈၂၂၆သို့လည်းကောင်း၊ ဦးထွေးတင် (ရွှေချိုအောင်-ငပလီ) ဖုန်း-၀၉၂၅၂၄၈၄၂၃၇ သို့ လည်းကောင်း ဆက်သွယ်နိုင်ပါကြောင်း ကောင်းမြတ်သည့် သဒ္ဓါတရားဖြင့် နှိုးဆော် ရေးသားတင်ပြလိုက်ရပေတော့သည်။

ရွှေချိုအောင် (ငပလီ)



www.burmeseclassic.com

www.burmeseclassic.com

မြင်းခြံမြို့ ကျည်းပင်ရွာ ရွာသူကြီး ဦးဆုံ၏ဇနီး သူကြီးကတော် ဒေါ်ဆင့်မှ မြန်မာနှစ် ၁၂၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ညနေ (၃) နာရီ၊ (၁၅) မိနစ်အချိန်တွင် ဖွားမြင်ခဲ့သည့် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်အလောင်းလျာသည် ၁၂၉၂ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်တွင် မင်းကွန်းငွေတောင်တောရကျောင်းတိုက် ခဏ္ဍာသိမ်၌ ဓမ္မနာဒဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်မှ အစပြု၍ ဆရာတော်ဘုရားကြီး၏ မြတ်နိုးကြည်ညိုဖွယ်ရာ အဖြာဖြာတို့သည်ကား. . ။



(သမိုင်း)

# ကိုရွှေမြသန်း

## ဘုန်းရှင်ကံရှင် ပါရမီရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာအဖြာဖြာ

□ ရှေးကံပါရမီထွန်းတောက်ပြီ

'အကျိုးမြင်က အကြောင်းထင်' ဆိုသကဲ့သို့ လက်ရှိပစ္စုပ္ပန်ဘဝ၌ အကျိုးတရားများ ဖြစ်ပွားပေါ်ထွန်းနေပုံကို လေ့လာထောက်ရှုပြီး လွန်လေပြီးသော အတိတ်ကာလအခါသမယ ထူထောင်ခဲ့သည့်အကြောင်းတရားများကို သိမြင်ကြရသည်မှာ သဘာဝပင်ဖြစ်ပါသည်။ ဆရာတော်ဘုရားသည် ပရိယတ္တိပညာရေးစာပေနယ်တွင် ဝင်တိုင်းမလွဲ ထင်တိုင်းစွဲ၍ အောင်ပွဲအဆင့်ဆင့် ဆက်ကာဆက်ကာ ရရှိတော်မူခြင်း အသီးပွင့်များကား ရှေးရှေးဘဝဆည်းပူး ထူထောင်ခဲ့သည့် ပညာပါရမီ အလီလီသော ကုသိုလ်ကံမျိုးစေ့ကောင်းကြောင့်ဖြစ်သည်။ မျိုးစေ့မှန်မှအပင်သန် ဆိုသကဲ့သို့ ဆရာတော်ဘုရားတွင် ရှေးအတိတ်ကံ ပညာပါရမီမျိုးစေ့များ အမှန်ရှိခဲ့သောကြောင့်သာ ပရိယတ္တိအရာတွင် ပညာတံခွန်မထေရ်ချွန်ဖြစ်တော်မူလာခြင်း ဖြစ်သည်။

ဆရာတော်ဘုရားသည် မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပထမငယ်၊ ပထမကျော်နှင့် ဂုဏ်ထူးဆောင်ဓမ္မာစရိယတန်းတို့ကို လည်းကောင်း၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတသကျသီဟအသင်းကြီး၏ သီးခြားစာသင်တန်းနှင့် သီးခြားစာချတန်းတို့ကို လည်းကောင်း၊ နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်သည့်တိပိဋကဓရစာမေးပွဲကြီးကို လည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ခဲ့ပေသည်။

ဆရာတော်ဘုရား၏ ပညာပါရမီရှေးကအလီလီတို့ကြောင့် ပညာအရာထူးချွန်ပုံကို ဖော်ပြရလျှင် ဆရာတော်ဘုရား ပြန်ဆိုဖြေဆိုခဲ့သမျှ စာပြန်ပွဲ၊ စာမေးပွဲအားလုံးတို့၌ တစ်ကြိမ်တစ်ခါမျှ အကျအရှုံးမရှိဘူးဘဲ နှစ်ချင်းစွဲချည်းသာ အောင်ပန်းဆင်ခဲ့ပါသည်။

မန္တလေးမြို့ သကျသီဟစာမေးပွဲကား ပရိယတ္တိပညာရေးနယ်တွင် အလွန်ခက်ခဲသည်ဟု ကျော်ကြားသောစာမေးပွဲကြီး ဖြစ်သည်။ အထူးသဖြင့် စာသင်တန်းကို နှစ်ချင်းအောင်မြင်ရန် အလွန်ခဲယဉ်းလှ၏။ အောင်ချက်ရာနှုန်းလေးငါးနှုန်းမျှသာရှိသဖြင့် ကမ္ဘာတွင် အောင်ချက်



www.burmeseclassic.com

www.burmeseclassic.com

အနည်းဆုံးစာမေးပွဲဖြစ်၏။ ထို့ကြောင့် ရဟန်းတော်တိုင်းလိုလို ဝင်ရောက်ဖြေဆိုရန် စိတ်မကူးရဲကြပေ။ စာသင်တန်းကို နှစ်ချင်းအောင်ဖို့ရာထက် စာသင်တန်းကိုအောင်ပြီး စာချတန်းကို နှစ်မခြားဘဲ ဆက်တိုက်အောင်ဖို့ရန်ကား သာ၍ပင် ခက်လှပါသည်။ ထို့ကြောင့် ၁၂၉၆ ခုနှစ်မတိုင်မီက ဤကဲ့သို့ အောင်မြင်သည့် ပုဂ္ဂိုလ်ထူးများ မပေါ်ခဲ့ဘူးခြင်းဖြစ်ပါသည်။

သို့သော် အရှင်ဝိစိတ္တသာရဆရာတော်သည် ၁၂၉၅ ခုနှစ်တွင် စာသင်တန်းကို နှစ်ချင်းပေါက်အောင်ပြီး ၁၂၉၆ ခုနှစ်တွင် စာချတန်းကို မအောင်စဖူးအအောင်ထူးဖြင့် ဆက်တိုက်အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် ပရိယတ္တိသာသနဟိတသကျသီဟအသင်းကြီးအား ရိုးရိုးစာချတန်းအောင်ပုဂ္ဂိုလ်များအား လှူဒါန်းနေကျ ဘွဲ့တံဆိပ်လက်မှတ်တွင် ဝဋ္ဋံသကာ (ဦးဆောက်ပန်း) ဟူသောဘွဲ့ကိုတီထွင်ထပ်ဆင့်ထည့်သွင်း၍ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ္ဋံသကာ ဟူသောဘွဲ့တံဆိပ်ထူးကို ဆက်ကပ် လှူဒါန်းသည်။ ရန်ကုန်မြို့ ပါဠိဆရာမြန်မာပညာရှိအသင်းကြီးကလည်း အဌကထာပြန်အကျော်ဘွဲ့တံဆိပ်တော်ကို လှူဒါန်းဆက်ကပ်ခြင်းတို့ကား ရှေးကံပါရမီထွန်းတောက်ခြင်းတို့ပင် ဖြစ်ပါသည်။

### ◻ ဝီရိယဓာတ်ကြီးမြတ်လှ

ဆရာတော်ဘုရားသည် ဤကဲ့သို့ ပရိယတ္တိပညာရေးနယ်ပယ်၌ သူမတူအောင် ထူးထူးချွန်ချွန် ပုဂ္ဂိုလ်မွန်ဖြစ်လာရခြင်းမှာ ရှေးပညာပါရမီကုသိုလ်ကံ အလီလီကြောင့်ချည်း မဟုတ်ပါ။ ကံဟုဆူလ၊ သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်၊ ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်အတိုင်း ဆရာတော်ဘုရားကြီး ဆုံးဖြတ်မိသည်နှင့် တစ်ပြိုင်နက် မတွန့်မယုတ် နောက်မဆုတ်အတ်သည့် ပယောဂသမ္ပတ္တိခေါ် ဉာဏ်ဦးဆောင်သော ဝီရိယဓာတ်သည်လည်း အကြောင်းတစ်ခု ဖြစ်ပါသည်။

ကြိုးစားအားထုတ်ရာ၌ တွန့်ဆုတ်ခြင်းမရှိသော ဝီရိယကို သမ္မပ္ပဓာန်ဟုဆိုပါသည်။ အာတာပီဝီရိယဟုလည်း ခေါ်သည်။ အားထုတ်ရာတွင် လွန်စွာ အပူအပန် အပင်ပန်းခံနိုင်သော ဝီရိယမျိုးတည်း။ ထိုသမ္မပ္ပဓာန်ဝီရိယ၌ -

၁။ အရေကြွင်းပါစေ၊

၂။ အကြောကြွင်းပါစေ၊

၃။ အရိုးကြွင်းပါစေ၊

၄။ အသားအသွေး ကုန်ခန်းခြောက်သွားပါစေဟု အင်္ဂါလေးပါးရှိသည်။

ဝီရိယကို အားထုတ်နိုင်လျှင် ရနိုင်သောတရားမျိုးသာဖြစ်ပါစေ၊ မရသမျှ ငါမနေ၊ မပေါက်သမျှ ငါမနေ၊ မရောက်သမျှ ငါမနေ၊ ကြိုးစားအားထုတ်မှု ဝီရိယကိုတော့ ငါမလျှော့ပြီဟု အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းသောဝီရိယမျိုးပင် ဖြစ်သည်။

ဆရာတော်ဘုရား၏ဥပမိရုပ်သွင်ကို ဆင်ခြင်အကဲခတ်ကြည့်ရှုမှုဖြင့်ပင် ထိုသမ္မပဓာန်ဝီရိယ၏ ဂုဏ်အင်္ဂါလက္ခဏာတို့သည် ဆရာတော်ဘုရားရုပ်သွင်တွင် ပေါ်လွင်ထင်ရှားလျက်ရှိပေသည်။ ဆရာတော်ဘုရား၏ အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းသည့် သမ္မပဓာန်ဝီရိယဓာတ်က ပံ့ပိုးပေးသည့်အတွက်ကြောင့် ရှေးပညာပါရမီကုသိုလ်ကံများ ဤကဲ့သို့ ပညာအရာ မယှဉ်သာအောင် အကျိုးပေးနိုင်ခြင်း ဖြစ်ပေသည်။

တိပိဋကစာမေးပွဲကြီး တစ်ကြိမ်၊ နှစ်ကြိမ်ကျင်းပပြီးသည့်အခါ ဆရာတော်ဘုရားကြီးများက ဒီစာမေးပွဲကြီးရပ်ဆိုင်းထားရမှာပါ။ ဒီပိဋကတ်သုံးပုံကို အကုန်အာဂုံပြန်ပြဖို့ဆိုတာက လွယ်ကူတဲ့ကိစ္စမဟုတ်ဘဲ ဘုရား၊ ရဟန္တာများတို့သာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်ကြတာ။ အခု ပုထုဇဉ်တွေ ဘယ်နည်းနှင့်မှ မဆောင်နိုင်ကြပါဘူးဟု ညည်းညူတော်မူနေကြသည့်အချိန်၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကြီးကလည်း စာမေးပွဲကြီး ဆက်လက် ကျင်းပရေးအတွက် စိတ်မအေးဖြစ်နေကြသည့်အချိန်တို့တွင် ဆရာတော်ဘုရားက စာမေးပွဲကြီး ဆက်လက်တည်တံ့နိုင်ရေးနှင့် ဆဋ္ဌသင်္ဂါယနာကို ထူးထူးခြားခြားတင်နိုင်ရေးတို့အတွက် စွန့်စွန့်စားစား ဂုဏ်ထူးဆောင် တိပိဋကဓရပုဂ္ဂိုလ်ချွန်အဖြစ် မားမားမတ်မတ် ရပ်ပြလိုက်ခြင်းကား ဆရာတော်ဘုရား၏ သမ္မပဓာန်လုံ့လ၊ ဝီရိယနှင့်ပတ်သက်၍ ထင်ရှားသော သာဓကတစ်ရပ်ပင် ဖြစ်ပါသည်။

ဆရာတော်၏ ဝီရိယဓာတ်ကား ပညာသင်ယူခဲ့ရာ ငယ်စဉ်ကာလ၌သာ ကြီးမားသည် မဟုတ်။ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရာ၌လည်း လုံ့လဝီရိယ အထူးကြီးမားတော်မူပါသည်။ ဗုဒ္ဓမြတ်စွာသာသနာပြန့်ပွားရေးအတွက် ရဟန်းရှစ်ဝါရကာပင် မြန်မာပြည်အရပ်ရပ်သို့ ဒေသစာရီလှည့်လည်တော်မူ၍ မြတ်ဗုဒ္ဓ၏ဓမ္မစည်ကြီးကို ဆော်တီးရိုက်ခတ် အဆက်မပြတ် ဟောတော်မူလျက်ရှိရာ ဆဋ္ဌသင်္ဂါယနာတင်ပြီးချိန်မှစ၍ ၁၃၄၀ ပြည့်နှစ်အထိ အကြိမ်ပေါင်း (၈၂၈၀) ခန့်အထိရှိသွားပြီဟု သိရပါသည်။

စသည်တို့မှာ ဆရာတော်ဘုရားကြီး၏ ဝီရိယဓာတ်ကြီးမြတ်လှပုံ မြောက်မြားစွာထဲမှ အနည်းငယ်မျှသာပင် ဖြစ်ပါသည်။

### ◻ ဗိုလ်ငါးဦးကြီးမှူးဦးစီးသည့်ဆရာတော်

သတ္တိအင်အား စွမ်းပကားကောင်းသည့်တရားမျိုးကို ဗိုလ်ဟုခေါ်ပါသည်။ ဆန့်ကျင်ဘက်တရားများနှင့် တွေ့လျှင် မတုန်မလှုပ်ဘဲ အားအင်ဖြင့် ဖိစီးတိုက်ထုတ်နိုင်သောတရားများဟု ဆိုလိုသည်။ ထိုဗိုလ်အမည်ရသောတရားများမှာ သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ်၊ သမာဓိဗိုလ်တို့ ဖြစ်သည်။ ထိုဗိုလ်အသီးသီး၌ သာယာမှု၊ ပျင်းရိမှု စသော ဆိုင်ရာဆန့်ကျင်ဘက်ရန်သူတို့ကို တွန်းလှန်ဖြိုဖျက်နိုင်သောအင်အား အပြည့်အဝရှိပေသည်။

ဆရာတော်သည် ပထမဆုံး အာဒိကမ္မိကဂုဏ်ထူးဆောင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကပုဂ္ဂိုလ်ဖြစ်လာရခြင်းမှာ ထိုသဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ တရားငါးအင်ကို ဗိုလ်တင်၍ သူနေရာနှင့်သူ ကြီးကြပ်ကွပ်ကဲနိုင်သောကြောင့် ဖြစ်ပါသည်။ ထင်ရှားသည်ကို ဖော်ပြရမည်ဆိုပါက ၁၃၁၀ ပြည့်နှစ်၊ ပထမဆုံးအကြိမ် ကျင်းပသည့် တိပိဋကဓရစာမေးပွဲကြီး ပြီးဆုံးသွားသည့်အခါ စာမေးပွဲအောင်မြင်သည့် သံဃာတော်တစ်ပါးမျှ ပေါ်ထွက်မလာသည့်အတွက် ဆရာတော်၏ ရဟန်းဒါယကာကြီး ဆာဦးသွင်မှာ အလွန်စိတ်ပျက်အားငယ်လျက်ရှိသည်။

စာမေးပွဲကြီးပြီးစ နေ့တစ်နေ့တွင် ရဟန်းဒါယကာကြီးသည် ဆရာတော်တည်းခိုနေသည့် အောင်မြေသုခကျောင်းသို့ ရောက်လာခဲ့ပါသည်။ ဝတ်ဖြူညီပြီးထိုင်နေသည့် ရဟန်းဒါယကာကြီး၏ မျက်နှာမှာ မရွှင်မလန်း ညှိုးနွမ်းစိတ်ပျက်နေပုံပေါ်လျက်ရှိသည်။

ဆရာတော်ကြီးသည် ရဟန်း



www.burmeseclassic.com

www.burmeseclassic.com

ဒါယကာကြီး၏ မျက်နှာကိုမြင်ရသည့် အခါ -

"ဘာပဲပြောပြော ငါဟာ တိပိဋကဓရအဖြစ်တော့တက်မှဖြစ်မယ်။ နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဗုဒ္ဓဘာသာသူတော်စင်တို့၏ တိပိဋကဓရရှာပုံတော် လက်အုပ်ကို၊ အကြွေးတင်နေတဲ့လက်အုပ်ကို ဆပ်မှဖြစ်တော့မည်ဟု နှလုံးပိုက်ပြီး တိပိဋကဓရစာမေးပွဲဝင်ရန် ယတိပြတ်ဆုံးဖြတ်လိုက်ပါတော့သည်။

တစ်ချိန်တည်းမှာပင် ရဟန်းဒါယကာကြီးအား -

"ကျုပ် ဘာပဲဖြစ်ဖြစ် တိပိဋကဓရဖြစ်အောင်ကြိုးစားပါ့မယ်"

ဟု ကတိပေးလိုက်ပါတော့သည်။

ရဟန်းဒါယကာကြီးပြန်သွားသည့်အခါ ဆရာတော် တိပိဋကဓရစာမေးပွဲကြီးဝင်ရေးအတွက် မိမိ၏ကာယဗလ၊ ဉာဏဗလအားကို ဝေဖန်ဆန်းစစ်ကြည့်သည်။

'ကာယဗလကတော့ လက်မောင်းတန်းကြည့်ရင် လက်တစ်ဆုပ်စာပဲရှိတယ်။ တိပိဋကဓရစာမေးပွဲအတွက် ကျက်ရမယ့်စာက အများကြီး။ မင်းလက်မောင်းတစ်ဆုပ်နဲ့ တိပိဋကဓရစာပြန်ပွဲအောင်နိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကိုယ်မေးတယ်။ တိပိဋကစာပြန်ပွဲအလုပ်ဟာ ဉာဏဗလအလုပ်ဖြစ်တယ်။ ကာယဗလအလုပ်မဟုတ်ဘူး။ မင်းမှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဆိုတဲ့ ဗိုလ်ငါးပါးအား အပြည့်အဝရှိတယ်။ အဲဒီတော့ ဗိုလ်ငါးပါးအားကြီးငါးရပ်အပြည့်အဝရှိနေတဲ့ပုဂ္ဂိုလ်ဟာ ဘာကြောက်စရာရှိသလဲ။ ဝင်သာဝင်'

ဟု ကိုယ့်ကိုယ်ကိုယ်ပြန်အဖြေပေးပြီး ဗိုလ်ကြီးငါးပါး၊ အားကြီးငါးခုကို အားကိုးပြုကာ ၁၃၁၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့ကစပြီး ဝိနည်းပိဋကတ်ကိုကျက်ခဲ့သည်။

ဆရာတော် ကမ္ဘာ့အကြီးဆုံးစာမေးပွဲဖြစ်သည့် တိပိဋကစာမေးပွဲကြီးကို ကြုံပမ်းရာ၌ စာမေးပွဲအောင်မြင်အောင်နှလုံးသွင်းနည်းကိုလည်း စာမေးပွဲအောင်မြင်ကြောင်း လက်နက်ကောင်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ဆရာတော်၏ နှလုံးသွင်းနည်းကား . . .

'အခု တိပိဋကစာမေးပွဲကြီးကျင်းပတယ်ဆိုတာ ဒါယကာနဲ့ ဆရာပြိုင်တာ မဟုတ်ဘူး။ ဒါပေမယ့် နှလုံးသွင်းနည်းက ဒီလိုလာရမယ်။ အရှင်ဘုရားတို့က ဒီတိပိဋကဓရကိုယ်တော်ဖော်ပေးနိုင်ပေးပါ။ ပေးနိုင်ရင် တပည့်တော်တို့ဒါယကာတွေဘက်က ထိုက်တန်တဲ့အပူဇော်ကို ပူဇော်မယ်။ အဲဒီလိုဆရာနဲ့ ဒကာပြိုင်ရတာ။ တိပိဋကဓရကိုယ်တော်တစ်ပါးမှ ကျုပ်တို့သာသနာတော်က ထုတ်မပေးနိုင်ရင် ကျုပ်တို့ဘက်ကရှုံးတယ်။ ဒါယကာနဲ့ဆရာ ဓမ္မနဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟတိုက်ပွဲပြိုင်နေတဲ့ပွဲဖြစ်တယ်'

ဟု နှလုံးသွင်းပြီး သမ္မပဓာန် ဖွဲ့လုံ့လတို့ဖြင့် စွန့်စားအားထုတ်ခဲ့သည့်အတွက် ဆရာတော်ဘုရား၏ ဗိုလ်ကြီးငါးပါးအားနှင့် သာသနာတော်၏ တန်ခိုးကြောင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးအမီ တိပိဋကဓရစာမေးပွဲကြီးကို (၄) နှစ် (၈) ကြိမ်ဝင်ကာ အောင်ပန်းဆင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ဆရာတော်ဘုရားသည် ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ဗိုလ်ငါးပါးကို အားကိုးအားထားပြုပုံနှင့် ပြိုင်ပွဲအသွင်ပုံဟန်ဆင်၍ အောင်မြင်အောင် နှလုံးသွင်းပုံတို့ကား လူတိုင်းနည်းယူစရာ၊ အတုယူစရာကောင်းသောနည်းများ ဖြစ်ပါသည်။

**□ ယထာဝါဒီ တထာကာရီ**

ပြောသလိုလုပ်လေ့ရှိသူကို ပါဠိလို ယထာဝါဒီ တထာကာရီခေါ်၍ လုပ်သလိုပြောလေ့ရှိသူကို ယထာကာရီ တထာဝါဒီဟု ခေါ်သည်။ တထာဂတအမည်တော်ရကြသည့် ဗုဒ္ဓရှင်တော်မြတ်ဘုရားဖြစ်လျှင် ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ ပုဂ္ဂိုလ်ချည်း ဖြစ်ကြပေသည်။ သာမန်လူသားများ၌မူ ယောကျ်ားဇာနည် လူရည်ချွန်ပုဂ္ဂိုလ်အချို့တို့သည်သာ (သို့) သာသနာ့အာဇာနည် ပါရမီရှင် ရဟန်းတော်အချို့သည်သာ ပြောသလိုလုပ်၍ လုပ်သလိုပြောကြသည့် ယထာဝါဒီ၊ တထာကာရီ၊ ယထာကာရီ တထာဝါဒီ ပုဂ္ဂိုလ်ထူးများဖြစ်ကြပေသည်။

မင်းကွန်းတိပိဋကဓရဆရာတော်သည်ကား -

□ မလုပ်မပြော၊ လုပ်မှပြော၊
သဘောစင်လှစေ။
အပြောသာချဲ့၊ အလုပ်မဲ့၊
ကဲ့ရဲ့မလွတ်ချေ

ဟူသော ခံယူချက်ဖြင့် မလုပ်လျှင်လည်း မပြောတတ်။ ပြောလျှင် မလုပ်ဘဲ မနေတတ်ပေ။ လုပ်ပြန်လျှင်လည်း ပေါ့ပေါ့တန်တန်မဟုတ်ဘဲ ဆုံးခန်းရောက်သည်အထိ လေးလေးနက်နက် လုပ်ဆောင်လေ့ရှိပါသည်။

သာဓကအဖြစ် အမြွက်ထုတ်ပြရလျှင် ဆဋ္ဌသင်္ဂါယနာတင်စဉ်အချိန်က ဝိနည်းမဟာဝါ ပါဠိဝိသောဓက အကျိုးဆောင်အဖြစ် တာဝန်ယူ လုပ်ဆောင်ခဲ့ရာ (၅၂၈) မျက်နှာရှိ သုတ်သင်ပြီး ပါဠိတော်ကို (၁) မူကောင်းမူသန့်ရရှိစေရန်၊ (၂) မိမိ၏လက်နှိပ်စက်ကို ဘုရားရှင်၏ စကားတော်အားပူဇော်ရန်၊ (၃) မိမိ၏ ကိုယ်အား၊ လုပ်အား၊ ဉာဏ်အားတို့ဖြင့် ဆဋ္ဌသင်္ဂါယနာဝန်ကို ထမ်းဆောင်ရန် ရည်သန်၍ ဗုဒ္ဓသာသနအဖွဲ့မှ စက္ကူတစ်ရွက်၊ တံဆိပ်ခေါင်းတစ်လုံးမျှ မတောင်းခံဘဲ သန့်ရှင်းစွာ ကိုယ်တိုင်လက်နှိပ်စက်ဖြင့် ရိုက်နှိပ်လျက် အပ်နှံခဲ့ပါသည်။ နိုင်ငံတော်ဗုဒ္ဓဘာသာအဖွဲ့မှလည်း ထိုစာမူကို စံပြအဖြစ် ရိုသေစွာထားရှိကြောင်းသိရပါသည်။ (၁၉) ရက်နှင့်အပြီး မဟာဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်း၊ (၇) ရက်နှင့်အပြီး ပရိဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်းတို့၌လည်း ဆရာတော်သည် စာမူကိုဖတ်ရွတ်ခြင်း၊ မူကွဲရာ၌ ဆိုင်ရာပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို ရှာဖွေခြင်း၊ အားလုံးသဘောတူသည့်အခါ မှတ်ချက်များကို ကိုယ်တိုင်ရေးသားရိုက်နှိပ်ခြင်း၊ အဖွဲ့ဝင်များထံ မိတ္တူများဆက်ကပ်ခြင်း စသည်ဖြင့် တာဝန်ကျေအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆိုင်ရာပုဂ္ဂိုလ်တို့၏အကြိမ်ကြိမ်လျှောက်ထားတောင်းပန်ချက်အရ အတွဲပေါင်း (၆) တွဲ၊ အုပ်ရေပေါင်း (၈) အုပ်၊ စာမျက်နှာပေါင်း (၅၅၁၆) ခန့်ရှိ နိုင်ငံတော် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို အပြီးအဆုံး ကမ္ပတ်ဖုံးအောင် ရေးသားပြုစုတော်မူခဲ့ပါသည်။

ဤသည်တို့ကား ဆရာတော်သည် ပြောဆိုဝန်ခံလိုက်သည့်အတိုင်း သာသနာရေးလုပ်ငန်းများကို မပျက်မကွက် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

**□ အလိုနည်းလှ အပ္ပိစ္ဆ**

လောကတွင် လောကအဆင့်အတန်းအလိုက် ပုဂ္ဂိုလ်အမျိုးမျိုးကိုတွေ့ရပေသည်။ အချို့က သဒ္ဓါတရားမရှိသော်လည်းရှိသကဲ့သို့၊ ဗဟုသုတမရှိသော်လည်းရှိသကဲ့သို့ ဝါကြွားပြသွားတတ်၏။ ထိုပုဂ္ဂိုလ်မျိုးကို ပါဠိ-အလို

www.burmeseclassic.com

www.burmeseclassic.com

ဆိုးရှိသူပုဂ္ဂိုလ်ဟု ကျမ်းဂန်များ၌ ပြဆိုပါသည်။ အချို့က မိမိမှာ အမှန်တကယ်ရှိသည့် ပညာဂုဏ်၊ သီလဂုဏ် စသည်တို့ကို အများသိအောင် ဖော်ထုတ်တတ်ကြ၏။ ကြော်ငြာတတ်ကြ၏။ ထိုပုဂ္ဂိုလ်မျိုးကို မဟိစ္ဆ-အလိုကြီးသူပုဂ္ဂိုလ်ဟုခေါ်ပါသည်။ အချို့ကမူ မိမိမှာမရှိသည့်ဂုဏ်တို့ဖြင့် ဝါကြွားပလွှားဖို့ဝေးစွ၊ အမှန်တကယ်ရှိသည့်ဂုဏ်တို့ကိုပင် သူတစ်ပါးမသိအောင် လျှို့ဝှက်ထားလေ့ရှိကြသည်။ မိမိအဖို့ရလာသည့်လာဘ်များကိုလည်း စွန့်ပစ်လှူဒါန်းလေ့ရှိသည်။ ထိုပုဂ္ဂိုလ်မျိုးကို အပ္ပိစ္ဆ - အလိုနည်းသူပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

ဆရာတော်သည် ဂုဏ်ပကာသနမဖက် ရိုးရိုးပင်နေလေ့ရှိသည်။ ပစ္စည်းလေးပါးတို့၌ တွယ်တာမှုအလွန်နည်း၏။ မိမိအကျိုးထက် အများအကျိုးကိုကြည့်လေ့ရှိသည်။ ထို့ကြောင့် ဆရာတော်ကား အထက်ပါပုဂ္ဂိုလ်သုံးမျိုးတွင် အလိုနည်းလှ အပိစ္ဆပုဂ္ဂိုလ်မွန်ပင် ဖြစ်ပါသည်။

ဆရာတော်၏ အလိုနည်းမှုအကြောင်းတစ်ခုအား ညွှန်းဆိုပြရပါမူ-

ပါဠိတော်သင်္ဂါယနာတင်ပွဲကြီး ၁၃၁၈ ခုနှစ် သင်္ဂါယနာအောင်ပွဲနှင့် သာသနာ (၂၅၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲကြီးကျင်းပချိန်တွင် နိုင်ငံတော်အစိုးရက မှန်လုံရုရှားကားကြီးတစ်စီးကို ဆရာတော်အား အပြီးအပိုင် လှူဒါန်းလိုက်ပါသည်။

ဆရာတော်က-

"ဘုန်းကြီးက တောမှာနေတဲ့ တောဘုန်းကြီးဖြစ်ပါတယ်။ တောဘုန်းကြီးမို့ ဒီလို ကားမျိုးစီးဖို့ မလျော်ပါ။ အစိုးရရဲ့စေတနာကိုငဲ့ပြီး သင်္ဂါယနာအောင် ပွဲပြီးရုံအသုံးပြုပါရစေ"

ဟု မိန့်ကြားပြီး (၅) ရက်မျှသာ အသုံးပြုပါသည်။ ထို့နောက်နိုင်ငံတော်အားပြန်၍စွန့်လှူလိုက်ပါသည်။

ဤကား ဆရာတော်၏ အလိုနည်းမှုမြောက်မြားစွာထဲမှ အကြောင်းချက်တစ်ခုသာပင်ဖြစ်ပါ၏။ ဆက်လက်၍ ဆရာတော်၏ သည်းခံသည့် ဂုဏ်နည်းပေးပုံကို ဖော်ပြပါဦးမည်။

**□ သည်းခံသည့်ဂုဏ်နည်းပေးပုံ**

မလုပ်မပြော လုပ်မှပြောတတ်သည့်ဆရာတော်၏ သဘောကို ဖော်ပြခဲ့ပြီ။ ဆရာတော် ရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ်တို့နှင့် ဆက်ဆံရာတွင် သည်းခံခြင်း ခန္တီတရားကို အမြဲတမ်းရှေ့တန်းတင်၍ထားသည်။ ထောင်လွှားတက်ကြွမှုမာန်မာနနှင့်ပတ်သက်၍လည်း တစ်စွန်းတစ်စ ထွက်ပေါ်လာသည်ကို မတွေ့ရချေ။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူထားသည့် ဓမ္မပဒပါဠိတော်လာ အက္ကောဓေန ဇိနေကောဓံ စသောလမ်းညွှန်တော်မူချက်နှင့် ညီနိုင်သမျှညီအောင် လိုက်နာ ကျင့်သုံးလေ့ရှိသည်။

ထိုလမ်းညွှန်တော်မူချက်ကား -

□ *ဒေါသအမျက်သူကထွက်သည်ကို အမျက်မထား မေတ္တာပွားသဖြင့် အောင်နိုင်ရာ၏။ အမူကြမ်းကြုတ်လူသူယုတ်ကို သူတော်နှလုံး ကိုယ်ကသုံးသဖြင့် အောင်နိုင်ရာ၏။ ကိုယ်လည်း မလှူ၊ သူ့ကိုလည်း ဟန့်တား၊ ကြမ်းတမ်းသော မစ္ဆရိယသမားကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏။ မမှန်စကား မုသားပြောသူကို အမှန်စကား ကိုယ်ကပြောသဖြင့် အောင်နိုင်ရာ၏။*

ဟူ၍ ဖြစ်သည်။

ဆရာတော်သည် ဤဗုဒ္ဓမြတ်စွာ၏ လမ်းညွှန်တော်မူချက်များကို သူ့နေရာနှင့်သူ အတတ်နိုင်ဆုံး ကိုယ်တိုင်လိုက်နာကျင့်သုံးသည်။ ထိုသို့ ကျင့်သုံးပြီးမှ ကျိုးကြောင်းမြင်သိ ပညာရှိသည် မိမိကိုယ်တိုင်က ဦးစွာပထမ လျောက်ပတ်သည့်အကျင့်ကိုကျင့်ပြီးမှ အခြားသူများကို ဆုံးမရမည်ဟူသော ဗုဒ္ဓဩဝါဒနှင့်အညီ အခြားသူများအား ထိုနည်းများကိုလိုက်နာကျင့်သုံး၍ နည်းပေးလမ်းညွှန်လေ့ရှိပါသည်။

တစ်ချိန်က မင်းကွန်းတောင်ရိုးဓမ္မနာဒကျောင်းတိုက် ဆရာတော်ထံမှောက်သို့ အဖူးအမြော် ရောက်လာကြသည့် ဒေါက်တာမောင်မောင်တို့မိသားစုအား ဖော်ပြပါ အက္ကောဓေနဇိနေကောဓံဂါထာ၏အဓိပ္ပာယ်အဖွင့်ကို ဟောကြားတော်မူပြီး ဘုန်းကြီးကိုယ်တိုင် ဓမ္မပဒလာဂါထာတော်နှင့်အညီ နေထိုင်ကျင့်သုံးခဲ့သည်။ မိမိအား မလိုမုန်းထား ပြစ်တင်စကားပြောသော သံဃာအချင်းချင်းကိုပင် မိမိက ဦးအောင် သွားရောက်ကန်တော့တောင်းပန်ခဲ့သဖြင့် ရန်ပြေငြိမ်းကာ မိတ်ကောင်းဖြစ်စေခဲ့သည်။ ဤသည်းခံခြင်းတရား မေတ္တာတရားတို့ကို ဒါယကာတို့ ကောင်းစွာ မှတ်သား၍ မမေ့မလျော့ ပွားများကြလေလော့ဟု မှာကြားဆုံးမဖူးပေသည်။

**□ အရင်းကြီးကြီးပြု၍ အမြတ်နည်းနည်းသာ လိုချင်သည့် ဆရာတော်**

မြောက်မြားလှသည့် သာသနာပြုကုသိုလ်များနှင့် မိမိကိုယ်ကျိုးထက် အများအကျိုးအမျိုးမျိုးကို အလေးပေးဆောင်ရွက်သည့် လူမှုရေးကုသိုလ်များထိုထိုကိုကြည့်လျှင် ဆရာတော်သည် သမ္မာသမ္ဗောဓိဆုကြီးကိုပန်ထားသည့် ဘုရားအလောင်းများဖြစ်လေရော့သလားဟု ထင်မှတ်စရာရှိပေသည်။ ဘုရားဆုပန်ပုဂ္ဂိုလ်များသာ ဤကဲ့သို့သော သာသနာပြုကုသိုလ်၊ လူမှုရေးကုသိုလ်တို့ပြုလေ့ရှိကြသည်ကို ကျမ်းဂန်များ၌ တွေ့ရပါသည်။

သို့သော် ဆရာတော်ကား အများထင်သလို မဟုတ်ပါချေ။ အရင်းကြီးကြီးနှင့် အမြတ်အစွန်းနည်းနည်းသာလိုချင်သည့်ဆရာတော် ဖြစ်ပါသည်။

ဤအချက်မှန်ကြောင်းကို -

□ ဒုတိယေ အတ္တဘာဝမှိ၊
လဒ္ဓါ သပ္ပညနိဿယံ။
ဓမ္မဓရောတိ နာမေန၊
သောတာပန္နော မရူဘဝေ။

ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်းပညာရှိတို့၏အမှီကိုရပြီး ဓမ္မဓရဟူသောအမည်ဖြင့် သောတာပန်နတ်သားဖြစ်ရပါလို၏ ဟူသော ဆရာတော်၏ ဆုပန်ချက်က အထင်အရှားပြသနေပေသည်။

ဆောင်ရွက်ပုံမှာ သမ္မာသမ္ဗောဓိဆုကြီးပန်များ ဆောင်ရွက်ပြီး လိုချင်သည့်ဆုကျတော့ သာဝကဗောဓိတွင် အနိမ့်ဆုံး ပကတိသာဝကဆုမျှသာ ဖြစ်သည့်အတွက် အရင်းကြီးကြီးနှင့်အမြတ်နည်းနည်းသာလိုချင်သည့် ဆရာတော်ဟု ချီးကျူးဂုဏ်ပြုခြင်း ဖြစ်ပါသည်။

ဤသို့ . . . စသည်ဖြင့် အဂ္ဂမဟာပဏ္ဍိတမင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီး၏သန္တာန်တွင်ရှိသော ချီးကျူးဂုဏ်ပြုစရာဂုဏ်အပေါင်းတို့ကို ကြည်ညိုသဒ္ဓါပွားများ၍ လိုက်နာ ကြိုးကုတ် အားထုတ်ကြဟု ဓမ္မဆန္ဒတိုက်တွန်းပြုရင်းဖြင့် . . ။

ကိုရွှေမြသန်း (သမိုင်း)

**မှီငြမ်း -**

အရှင်ဝိစိတ္တသာရာဘိဝံသ၏
ဟောစဉ်တရားတော်များ
(ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဆင်းရဲဒုက္ခ၏အကြောင်းရင်း "ချစ်ခင်ခြင်း"

မလ္လတိုင်း ဥရုဝေလကပ္ပရွာကြီးတွင် မြတ်စွာဘုရားသခင် သီတင်းသုံးနေတော်မူစဉ်အခါက ဘဒြကအမည်ရှိသော ရွာသူကြီးသည် မြတ်စွာဘုရားထံ ရောက်ရှိဖူးမြော်စဉ် မြတ်ဘုရားရှင်အား လျှောက်ထားမေးမြန်းလေသည့်အခါ-

"မြတ်ဘုရား၊ တပည့်တော်အား ဆင်းရဲဒုက္ခကိုလည်းကောင်း၊ ၎င်းဆင်းရဲဒုက္ခဖြစ်ခြင်း၏အကြောင်းရင်းကို လည်းကောင်း၊ ဆင်းရဲဒုက္ခများချုပ်ငြိမ်းခြင်းကိုလည်းကောင်း ဟောကြားတော်မူပါဘုရား"

ဟု လျှောက်ထား တောင်းပန်လေ၏။

မြတ်ဘုရားရှင်က ဘဒြကအား -

"ရွာသူကြီး၊ ငါဘုရားက အကယ်၍ လွန်ခဲ့ပြီးသောအတိတ်ကာလအခါကဖြစ်ခဲ့ဖူးသည့် ဆင်းရဲဒုက္ခနှင့် ဆင်းရဲဒုက္ခဖြစ်ရခြင်းအကြောင်း၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းတို့ကိုဟောခဲ့လျှင် သင်ယုံမှားသံသယဖြစ်နေလိမ့်မည်။

နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့်ဆင်းရဲဒုက္ခနှင့် ဆင်းရဲဖြစ်ခြင်း၏အကြောင်း၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းတို့ကိုဟောလျှင်လည်း သင်ယုံမှားသံသယဖြစ်နေမည်၊

သို့ကြောင့် ယခုဤနေရာ၌ထိုင်နေသောငါဘုရားသည် ဤနေရာ၌ပင်ထိုင်နေသော သင့်အား ဆင်းရဲဒုက္ခကိုလည်းကောင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်း၏အကြောင်းကိုလည်းကောင်း၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းရာအကြောင်းကို လည်းကောင်း ဟောကြားတော်မူမည်။ သင်ကောင်းစွာ နှလုံးသွင်း၍ နားထောင်လော့"

ဟု မိန့်တော်မူ၏။

"ရွာသူကြီး ဘဒြက၊ သင်မည်သို့ထင်သနည်း၊ ဤဥရုဝေလကပ္ပရွာတွင် အချို့သူတို့အသတ်ခံရသောကြောင့်ဖြစ်စေ၊ အချုပ်အနှောင်ခံရသောကြောင့်ဖြစ်စေ၊ အကဲ့အရဲ့ခံရသောကြောင့်ဖြစ်စေ သင့်မှာစိုးရိမ်ပူဆွေးခြင်း၊ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းဖြစ်ရသည့် သင်နှင့်ဆက်စပ်သောသူများရှိကြပါသလော"

"ရှိပါသည်ဘုရား"

မြတ်စွာဘုရားရှင်က ထပ်မံမိန့်တော်မူသည်မှာ-

"ရွာသူကြီး၊ အချို့သောသူတို့ အသတ်ခံရသောကြောင့်ဖြစ်စေ၊ အချုပ်အနှောင်ခံရသောကြောင့်၊ ဆုံးရှုံးသောကြောင့်၊ အကဲ့ရဲ့ခံရသောကြောင့်ဖြစ်စေ သင့်မှာစိုးရိမ်ပူဆွေးခြင်း၊ စိတ်ဆင်းရဲခြင်း ကိုယ်ဆင်းရဲခြင်းမဖြစ်သည့်သင်နှင့်မဆက်စပ်သော တစိမ်းသူများလည်းရှိကြသလော"

ရွာသူကြီးက -

"ရှိပါတယ်ဘုရား"

ဟု ပြန်လျှောက်ထားပြန်၏။

ဘုရားရှင်က -

"ရွာသူကြီး၊ ဥရုဝေလကပ္ပရွာတွင် အချို့သူတို့ အသတ်ခံရသောကြောင့်၊ အချုပ်အနှောင်ခံရသောကြောင့်၊ ဆုံးရှုံးသောကြောင့်၊ အကဲ့ရဲ့ခံရသောကြောင့်ဖြစ်လျှင် သင် အဘယ်ကြောင့် စိုးရိမ်ပူဆွေး၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရပါသနည်း၊ ဤသို့ဖြစ်ရခြင်းမှာ မည်သည့်အကြောင်းကြောင့်ဖြစ်သနည်း"

ဘုရားရှင်၏ အမေးတော်ကို ရွာသူကြီးကပြန်လည်ထားသည်မှာ -

"ထိုသူတို့အပေါ်တွင် တပည့်တော် ချစ်ခင်တွယ်တာမှုရှိသောကြောင့် ဖြစ်ပါသည်ဘုရား"

ဟု လျှောက်တင်၏။

မြတ်စွာဘုရားက -

"ရွာသူကြီး၊ အချို့သူတို့အသတ်ခံရသောကြောင့်၊ အချုပ်အနှောင်ခံရသောကြောင့်၊ ဆုံးရှုံးသောကြောင့်၊ အကဲ့ရဲ့ခံရသောကြောင့် သင်အဘယ်ကြောင့် စိုးရိမ်ပူဆွေးခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမဖြစ်သနည်း။ ထိုကဲ့သို့မဖြစ်သည်မှာ အဘယ်အကြောင်းကြောင့်ဖြစ်ပါသနည်း"

ဟု ဘုရားရှင်က အမေးတော်ရှိသည်တွင် ရွာသူကြီးက -

"တပည့်တော်သည် ထိုသူတို့အပေါ်၌ ချစ်ခင်တွယ်တာမှုမရှိပါသဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမဖြစ်တော့ပါဘုရား"

ဟု လျှောက်ထားလိုက်ပါသည်။

မြတ်စွာဘုရားရှင်က ထပ်မံမိန့်တော်မူသည်မှာ -

"ယခု ထိုင်နေရင်းပင်လျှင် သင်သဘောပေါက်လာသည့်နည်းတူ လွန်ခဲ့သောအတိတ်နှင့် လာလတ္တံ့သော အနာဂတ်၌လည်း ထိုနည်းတူသိလော့။ လွန်ခဲ့ပြီးသောအချိန်အတိတ်ကာလကဖြစ်ခဲ့သမျှဒုက္ခအားလုံးတို့သည် ချစ်ခင်မှုဟူသော ဆန္ဒသာလျှင် အကြောင်းရင်းရှိ၏။ ချစ်ခင်မှုဆန္ဒ၏ အကြောင်းရင်းမူလဖြစ်၏။

နောင်လာမည့်အနာဂတ်ကာလ၌ ဖြစ်ပေါ်လာကြမည့်ဒုက္ခအားလုံးတို့သည်လည်း ချစ်ခင်မှုဟူသော အကြောင်းရင်းရှိ၏။ ချစ်ခင်မှုဆန္ဒကြောင့် ဒုက္ခအကြောင်းရင်းမူလဖြစ်၏"

ထိုအခါက ရွာသူကြီးက -

"မြတ်စွာဘုရား၊ ဖြစ်သမျှသော ဆင်းရဲဒုက္ခအားလုံးသည် ချစ်ခင်မှုဆန္ဒသာလျှင် အကြောင်းရင်းမူလဖြစ်၏။ ချစ်ခင်မှုဆန္ဒသည် ဒုက္ခ၏အကြောင်းရင်းမူလဖြစ်၏ ဆိုသော စကားသည် လွန်စွာမှန်လှပါပေ၏။ အံ့ဩလောက်အောင်ပင် မှန်လှပါ၏။ ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ စိရဝါသီ အမည်ရှိသော ဘုရားတပည့်တော်၏သားသည် မြို့ပြင်က အိမ်တွင်နေထိုင်ပါ၏။ တပည့်တော်သည် (နေ့တိုင်းပင်) စိရဝါသီ နေထိုင်ကောင်းရဲ့လားဟု လူလွှတ်၍အကြည့်ခိုင်းပါသည်။ သွားကြည့်သောသူ မလာမချင်း စိရဝါသီအား တစ်စုံတစ်ရာ မကျန်းမမာမဖြစ်ပါနှင့်ဟု စိတ်သောကဖြစ်နေရပါသည်ဘုရား"

ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်က -

"ရွာသူကြီး၊ အဘယ်သို့ထင်သနည်း။ စိရဝါသီသတို့သား အသတ်ခံရလျှင်ဖြစ်စေ၊ အချုပ်အနှောင့်ခံရသည်ဖြစ်စေ၊ ဆုံးရှုံးလျှင်ဖြစ်စေ၊ အကဲ့ရဲ့ခံရလျှင်ဖြစ်စေ၊ သင့်အား စိုးရိမ်ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းဖြစ်ပါသလောဟု မေးတော်မူ၏"

ဘဒြကရွာသူကြီးက -

"မြတ်စွာဘုရား၊ တပည့်တော်၏သား စိရဝါသီသာ တစ်စုံတစ်ရာဖြစ်လျှင် တပည့်တော်၏အသက်ပင် သေကောင်းသေရာ၏။ စိုးရိမ်ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်း အဘယ်မှာမဖြစ်ဘဲရှိပါမည်နည်း ဘုရား"

မြတ်စွာဘုရားရှင်က -

"ရွာသူကြီး၊ ဤအချက်ကို ထောက်ရှုသောအားဖြင့် ဖြစ်သမျှသော ဒုက္ခအားလုံးသည် ချစ်ခင်ခြင်းဟူသော ဆန္ဒလျှင်အကြောင်းရင်းရှိ၏။ ချစ်ခင်ခြင်းဟူသောဆန္ဒသည် ဒုက္ခ၏အကြောင်းရင်းဖြစ်၏ဟု သိထိုက်ပေသတည်း"

ဟု ဟောကြားတော်မူလေ၏။


(သဠာယတနသံယုတ်၊
ဂါမဏိသံယုတ်၊
( ၁၁/ ဘဒြကသုတ်)


ကိုယ်စိတ်နှစ်ပါး
ကျန်းမာချမ်းသာကြပါစေ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com


www.burmeseclassic.com


နောင်ပေါ်တော်ကြီးစေတီတော်


နောင်ပေါ်တော်လေးစေတီတော်

စိုးထွန်း(ဥပဒေ)

# ဆင်းတုတစ်ထောင် အကောက်တောင်


ရွှေမြင်တင်စေတီတော်

ကျွန်တော်က ပြည်မြို့ (သရေခေတ္တရာ) ကို ခရီးထွက်ရင်း ခရီးသွားဆောင်းပါးရေးလို့ကောင်းတဲ့ အကောက်တောင်ကို ရောက်ခဲ့တာပါ။ အကောက်တောင်ဟာ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ထဲမှာရှိပါတယ်။ ဒီအကောက်တောင်တန်းကြီးခြေရင်းမှာ ဧရာဝတီမြစ်က L ပုံသဏ္ဍာန်ကွေ့ပြီး စီးဆင်းနေလို့ မြစ်ကောက်ဒေသလို့ပြောရင်လည်း မမှားနိုင်ပါဘူး။ အကောက်တောင်ရဲ့အလယ်လောက်မှာ ကြိုဆိုပါ၏၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို စက်လှေထဲကမြင်ရအောင် စိုက်ထူထားပါတယ်။

အခုအချိန်မှာ ဘယ်မြို့တွေက ကားတွေလာသလဲလို့မေးက တစ်နိုင်ငံလုံးက ကားတွေလာပါတယ်လို့ဖြေရင် မမှားနိုင်ပါဘူး။ ဘုရားပွဲတော်ကျင်းပနေတာလားလို့ထပ်မေးရင်လည်း မဟုတ်ပါဘူးလို့ဖြေရမှာပါ။ ဘာပွဲတော်မှမကျင်းပဘဲ ဆယ့်နှစ်လရာသီ ပျားပန်းခပ်မျှ စည်ကားနေပါတယ်လို့ပြောချင်ပါတယ်။ အခုဆိုရင် ငွေဆောင်၊ ချောင်းသာ၊ မော်တင်တွေ စည်ကားတယ်ဆိုတာ ကျန်နေခဲ့ပါပြီ။ အဲဒီလောက်စည်တဲ့နေရာလို့ ပြောချင်ပါတယ်။


www.burmeseclassic.com




မှုရင်းကျောက်သားနှင့်ထုထားသည့်
ဆင်းတုတော်များ



မှုရင်းကျောက်သားနှင့် လူတစ်ရပ်နီးပါး
ထုထားသည့် ဗုဒ္ဓဆင်းတုတော်များ



မှုရင်းကျောက်သားနှင့်ထုထားသည့်
ဆင်းတုတော်များ





မှုရင်းကျောက်သားနှင့်ထုထားသည့် ဆင်းတုတော်များ

ဘာဖြစ်လို့ ဒီလောက် စည်ကားနေသလဲဆိုရင် ကမ္ဘာနိုင်ငံကြီးတွေက အသိအမှတ်ပြုနေလို့ စည်ကားနေတာပါ။ ဒီစာသားကိုဖတ်ပြီး ကြီးကျယ်လိုက်တာလို့ မသိရင်ပြောကြပါလိမ့်မယ်။ ယူနက်(စ်)ကိုအဖွဲ့ချုပ်က သရေခေတ္တရာ ပျူမြို့ကြီးကို လက်တွေ့ ကွင်းဆင်းစစ်ဆေးတာတော့ မြန်မာပြည်တစ်လွှားက ပြည်သူတွေ သိပြီးနေပါပြီ။ ဒီအဖွဲ့က ဂျာမနီ၊ ပြင်သစ်၊ ဘယ်ဂျီယမ်နဲ့ အမေရိကန်နိုင်ငံက လူမျိုးစုံပါတဲ့အဖွဲ့ကြီးဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်ကြီးတွေက သရေခေတ္တရာ ပျူမြို့ကြီးကိုလာဖို့ ပထမဆုံး ပြည်မြို့က MINGLAR GARDEN မှာ တည်းကြတယ်။ ဒီဟိုတယ်ကိုဘာကြောင့်ရွေးချယ်သလဲဆိုရင် အာဆီယံ (၁၀) နိုင်ငံထဲမှာ MINGLAR GARDEN ဟိုတယ်က ဒုတိယဆုရတယ်လေ။ တည်းခိုဆောင်တွေရှေ့မှာ ကန်ရေပြင်ရှိပြီး ဒီကန်က ရေထည့်စရာမလိုဘဲ သဘာဝအလျောက် ရေထွက်နေတာကို ရွေးချယ်တဲ့ပုဂ္ဂိုလ်ကြီးတွေက သဘောကျသွားတာ ဖြစ်ပါလိမ့်မယ်။ တည်းခိုဆောင်တွေကိုလည်း လုံးချင်းတည်ဆောက်ထားသလို ဘေးမှာလည်း ရေပတ်လည်ဝိုင်းနေတယ်။ တစ်ဆောင်နဲ့ တစ်ဆောင်ကို ရေထဲက စကြ်လမ်းလေးက ပေါင်းကူးတံတားလို သွားလို့လည်းရပါတယ်။ အဲဒီ MINGALAR GAARDEN မှာတည်းပြီး သရေခေတ္တရာပျူမြို့ကို စစ်ဆေးပြီးတာနဲ့ သူတို့တွေက ဘယ်လိုပြောသလဲဆိုရင်-

"ကျွန်ုပ်တို့ရဲ့ ဦးလေးဟာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်စဉ်က ဗြိတိသျှစစ်တပ်မှာ စစ်မှုထမ်းပါတယ်။ တာဝန်ကျတဲ့တိုင်းပြည်ကဒီတိုင်းပြည်မှာပါ။ ဂျပန်တွေထိုးစစ်ဆင်လာတော့ ကျွန်ုပ်ဦးလေးတို့တပ်ဟာ ဧရာဝတီမြစ်ကြောင်းအတိုင်း တပ်ဆုတ်ရတာပေါ့။ ဧရာဝတီမြစ်ကနေ ပဲခူးတိုင်းဒေသကြီးဘက်ဖြတ်အလာမှာ ကျောက်နံရံကြီးတွေမှာ ခက်ခက်ခဲခဲ ထုထားတဲ့ မြန်မာဘုရားပုံတွေ အများကြီးတွေ့ခဲ့တယ်လို့ ပြောပါတယ်။ အဲဒီရုပ်တုတွေဟာ ရှေးနှစ်ပေါင်း (၂၀၀၀) ကျော်ကထုလုပ်ထားတာလို့ပြောခဲ့သလို သရေခေတ္တရာပျူနိုင်ငံကြီးက ရုပ်တုတွေနဲ့တူနေကြောင်း ရှင်းပြခဲ့ပါတယ်။ ကျွန်ုပ်ကိုလည်း မြန်မာနိုင်ငံရောက်ရင် အဲဒီရုပ်တုတွေရှိတဲ့တောင်ကိုသွားပြီး ဓာတ်ပုံရိုက်လာပါ၊ Video ရိုက်လာပါလို့ ကျွန်ုပ်ကို တာဝန်ပေးလိုက်တယ်။ 'ကျွန်ုပ်ကို လိုက်ပို့ပေးပါ'

လို့ ပြောခဲ့တာဗျ။

ဒါကြောင့် ယူနက်(စ်)ကိုအဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com

နေ နောက်ပိုင်း သူတို့ကတစ်ဆင့် ဓာတ်ပုံတွေ၊ သတင်းတွေမြင်တာနဲ့ မြန်မာနိုင်ငံကို အလည်လာတဲ့ တိုးရစ်မှန်သမျှ အကောက်တောင်ကို မဖြစ်မနေလာကြတော့တာပါပဲ။ တကယ်တော့ အကောက်တောင်ခရီးစဉ်ဟာ ကမ္ဘာ့နိုင်ငံတွေက အရင်အသိအမှတ်ပြုတော့မှ မြန်မာပြည်က ဘုရားဖူးတွေ စိတ်ဝင်စားလာကြတာပါ။ ဒီအထဲမှာ ကျွန်တော်လည်းပါနေပါတယ်။

အခုအချိန်မှာ အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံတွေအပြင် အာဆီယံ(၁၀)နိုင်ငံဒုတိယဆု MINGALAR GARDEN ကိုလာကြည့်ရင် အကောက်တောင်ခရီးကိုမဆက်တဲ့လူမရှိသလောက်ဖြစ်နေပါပြီ။ဒါကြောင့် ဆယ့်နှစ်လရာသီ စည်ကားတဲ့ အကောက်တောင်ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်။ တကယ်လို့ ဘုရားဖူးထွက်မယ်ဆိုရင် သွားရမယ့်ခရီးစဉ်ကို တင်ပြပေးပါမယ်။ ကျွန်တော့်တူလေး ကိုမိုးက ဘယ်လိုရှင်းပြသလဲဆိုရင် -


"အကောက်တောင်ကိုသွားမယ်ဆိုရင် ပြည်ကနေ နဝဒေးတံတားကြီးကို ဖြတ်၊ ဘက်ရဲ့မြို့ကို ဖြတ်မောင်း။ ပြီးရင် ထုံးဘိုမြို့ကိုသွား။ အဲဒီထုံးဘိုမြို့မှာ အာဇာနည် သခင်မြရုပ်တုရှိပါတယ်။ သခင်မြရဲ့ မွေးရပ်မြေဖြစ်လို့ အထိမ်းအမှတ်အနေနဲ့ ရုပ်တုကိုထုလုပ်ထားတာပါ။ ထုံးဘိုကားဂိတ်ရောက်ရင် အကောက်တောင်ခရီးစဉ်စလို့ရပါပြီ။

အကောက်တောင်တောင်တက်ခရီးက ကျိုက်ထီးရိုးနဲ့ ဆင်ဆင်တူပါတယ်။ ကျိုက်ထီးရိုးလောက် မမြင့်ပေမယ့် ကျိုက်ထီးရိုးလို့ကွေ့ပတ်ပြီးတက်ရတယ် လေးလေးရဲ့။ နယ်ကားမှန်သမျှ ရပ်နားပြီး ဒေသခံတောင်တက်ကားတွေနဲ့တက်ရင် ပိုပြီးစိတ်ချရပါတယ်။ အသွားခရီးကို ရေလမ်းရွေးလိုက်တာနဲ့ မှားသွားပါလားဆိုတာကို တောင်ပေါ်တက်မှသိပါလိမ့်မယ်။

ရေစီးသန်တဲ့ ဧရာဝတီမြစ်ကြီးထဲမှာ ရေစုန်ကိုခုတ်မောင်းတဲ့မော်တော်နဲ့ အကောက်တောင်ခြေလိုက်သွားရင် ကမ္ဘာက တအံ့တဩဖြစ်ရတဲ့ ဗုဒ္ဓရုပ်တုတွေကို ဝအောင်မကြည့်လိုက်ရတဲ့အဖြစ်နဲ့ အရင်ကြုံပါလိမ့်မယ်။ ဒီခရီးဟာ ဒီရုပ်တုတွေကို အရသာခံပြီးကြည့်လည်းကြည့်၊ ဓာတ်ပုံလည်းရိုက်နဲ့ ကြည်ညိုသဒ္ဓါပွားဖို့လာခဲ့တဲ့ခရီးမဟုတ်လား။နောက်အခက်အခဲတစ်ခုက အကောက်တောင်ခြေရောက်တာနဲ့ ပေ (၂၀၀) ကျော် (၃၀၀) မြင့်တဲ့ ချောက်ကမ်းပါးကြီးကို ခက်ခက်ခဲခဲတက်ရပါတော့မယ်။ ဘယ်လောက်ထိ မတ်စောက်သလဲဆိုရင် ပိုက်ဆံပေး





ဧရာဝတီတိုင်းဒေသကြီးနယ်မြေအဖြစ် ဆိုင်းဘုတ်ထူထားပုံ



ကျောက်စွယ်ကြီးပြိုမကျအောင် မ,ထားကြစဉ်



ဘက်ရဲမြို့အဝင်လမ်း




အာဇာနည်သခင်မြ၏အမှတ်တရရုပ်တု




ထုံးဘိုဆိပ်ကမ်းသာ

www.burmeseclassic.com



ထုံးဘိုမြို့အဝင် အလှည့်စောင့်နေသည့် စက်လှေများ



အကောက်တောင်မှအဆင်း ကမ်းခြေရှုခင်းသာ



အကောက်တောင်ခြေ စက်လှေမထွက်ခင် အမှတ်တရ

တောင် အထမ်းသမားတွေ လူကိုထမ်းတက်ဖို့မလွယ်ပါဘူး။

ဒါကြောင့် အသွားခရီးကို ဒေသခံကားနဲ့တက်မှမှန်ပါတယ်။ အမြဲတက်နေတဲ့ ဒေသခံကားတွေက ဒီခရီးကို ကျွမ်းကျင်နေကြပါပြီ။ အတက်ခရီးမှာ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးကိုဖြတ်တဲ့ တံတားလေးကလည်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ထားသင့်ပါတယ်။ ကဲ - ကျွန်တော်တို့အသွားခရီးမှာ ဘုရားအကြောင်း၊ တောင်အကြောင်း ရှင်းပြပေးမယ့် ကလေးတစ်ယောက်ခေါ်သွားမယ်"

လို့ ပြောပါတယ်။

ထုံးဘိုမြို့ကားဂိတ်မှာ ခရီးစဉ်ကို ရှင်းပြချင်တဲ့ ကလေးတွေအားကြီးပါပဲ။ အဲဒီကလေးတွေရဲ့ ချစ်စရာကောင်းတဲ့ ခလေ့ကတော့ ပိုက်ဆံကိုမတောင်းဘူး။ ဘုရားဖူးဧည့်သည်က သဒ္ဓါသလောက်ပေးတာကိုပဲယူတယ်။ ကားဂိတ်က ကားထွက်တာနဲ့ ရှင်းပြလိုက်တာ စက်လှေနဲ့ပြန်တဲ့အထိ စိတ်ရှည်လက်ရှည်ရှင်းပြနေတုန်းပါပဲ။ ထုံးဘိုကားဂိတ်မှာ ဒီလိုကလေးတွေ အားကြီးပဲ။ ကျောင်းတက်ရမယ့်အရွယ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရှာနေကြတဲ့ တိုးရစ်ဂိုက်အသေးစားလေးတွေဖြစ်နေကြပါပြီ။

"အခုလိုကားနဲ့တက်မှ အမြင့်ဆုံးတောင်ထိပ်ကိုရောက်ပြီး ဘုရားဖူးပြီးတာနဲ့ ချောက်ကမ်းပါးကြီးကို အဆင်းလမ်းအတိုင်းဆင်းရမယ် လေးလေး။ အကောက်တောင်ခြေရင်းကနေ ထုံးဘိုဆိပ်ကမ်းကို စက်လှေစီးရင်း နှစ်(၂၀၀၀) ကျော်က ထုထားတဲ့ ဗုဒ္ဓဆင်းတုတော်တွေကို တဝကြီးဖူးပေတော့။ စက်လှေက ရေဆန်ဖြစ်လို့ နှေးနှေးပဲမောင်းတယ်။ နှေးနှေးမောင်းတော့ ဓာတ်ပုံရိုက်၊ Video ရိုက်၊ အားလုံးအဆင်ပြေတယ်။ ချောက်ကနေ တက်ရသလို ရင်မပြီးမတက်ရတော့ဘူးပေါ့။ ကဲ - ကျွန်တော် တိုးရစ်ဂိုက်သေးသေးလေး ခေါ်လိုက်ဦးမယ်။ လေးလေးမေးချင်တာတွေမေးပေတော့"

လို့ ကျွန်တော့်ကို တူလေးကိုမိုးက ရှင်းပြတယ်။

တိုးရစ်ဂိုက်ကလေးရောက်လာတာနဲ့ ကျွန်တော်က -

"အခု မြင်နေရတဲ့ အကောက်တောင်လို့ခေါ်တဲ့ တောင်တန်းကြီးက ဖြောင့်နေတာပဲ။ ဘာကြောင့်ကွေ့ကောက်မနေဘဲ အကောက်တောင်လို့ ခေါ်ရ တာလဲ"

"မင်းတုန်းမင်းကြီးလက်ထက်က မြို့ဝန် ဦးကောက်ရကို ခေါ်တော်မူပြီး ဤတောင်တန်းကြီးခြေရင်းကနေ ကုန်းလမ်း၊ ရေလမ်း၊ ရေစုံ ရေဆန်သွားသမျှတွေကို မောင်မင်းက အခွန်ကောက်ပါလို့ မိန့်တော်မူလိုက်လို့ အခွန်အတုပ်ကောက်တဲ့တောင် ဖြစ်တာကြောင့် အကောက်တောင်လို့ နာမည်တွင်တာပါ"

"ဒီတောင်တန်းကြီးပေါ်မှာ ထင်ရှားတဲ့စေတီတော် (၃) ဆူတွေ့တယ်။ ဘယ်မင်းလက်ထက်ကတည်ခဲ့တာလဲ။ ရှင်းပြပါဦး"

ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀၀) ကျော်မှာ ဒီဒေသကို စိုးမိုးအုပ်ချုပ်တဲ့ သီရိဘဂ်လွန်မင်းကြီး စိုးစံတယ်။ အဲဒီမင်းကြီးမှာ သားတော်သုံးပါးရှိတယ်။ သားတော်အကြီးက မဟာပုဏ္ဏမင်းသား၊ သားတော်အလတ်က စူဠပုဏ္ဏမင်းသား၊ သားတော်အငယ်က သံပုဏ္ဏမင်းသားလို့ အမည်တွင်တယ်။အဲဒီအချိန်က ဒီဒေသမှာ ဗုဒ္ဓသာသနာထွန်းကားနေပါပြီ။

ဒါကြောင့် သားတော်ကြီး မဟာပုဏ္ဏမင်းသားကို ဘုရင်ကြီးက သိကြားမင်းဆက်တဲ့ သိန္ဓဝနတ်မြင်းပျံကို ပေးတော်မူတယ်။ မင်းသားက အကောက်တောင်တစ်လျှောက် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မြင်းစီးလေ့ရှိတာကြောင့် ဒီအရပ်ကို မြင်းစိုင်းကြောလို့ ယခုတိုင် အမည်တွင်နေပါတယ်။

သားတို့နေတဲ့အရပ်ရဲ့နာမည်ဖြစ်ပေါ်လာပုံကို ပြောပြပါမယ်။ သီရိဘဂ်လွန်မင်းတရားကြီးလက်ထက်တော်မှာ အလွန်ဆိုးသွမ်းတဲ့ သူခိုး 'ငသောကြာ' တစ်ယောက်ပေါ်ခဲ့တယ်။ ဘုရင်ကြီးကိုယ်တိုင်သုံးကြိမ်ဖမ်းပြီး ဆုံးမလွှတ်တာကို မနာခံဘူး။ နောက်ဆုံး ငသောကြာကိုဖမ်းပြီး ဧရာဝတီမြစ်ကမ်းထိပ်မှာ ဒူးဖြတ်သတ်စေလို့ အမိန့်ချမှတ်လိုက်ရတယ်။ အဲဒီကိစ္စကြောင့် အဲဒီအရပ်ကို ငသောကြာဒူးဖြတ်ဒေသလို့ ပထမခေါ်ကြတယ်။

အခုလို ဒူးဖြတ်တဲ့နေရာမှာ နောက်ပိုင်း ဈေးကြီးအဖြစ် စည်ကားလာတယ်။ ဒီဈေးကို အစပထမတော့ ငသောကြာဒူးဖြတ်ဈေးလို့ခေါ်ကြတယ်။ နောက်ပိုင်း ကာလရွေ့လျောလာတော့ ရှေ့က 'င' တစ်လုံး၊ နောက်က 'ဖြတ်' တစ်လုံးပျောက်သွားပြီး သောကြာဒူးဈေး၊ သောကြာဒူးရွာလို့ အမည်တွင်သွားတယ်။ ဒါကြောင့် လိပ်စာအပြည့်အစုံတပ်မယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သောကြာဒူးအုပ်စုတွင် အကောက်တောင်ကြီးရှိပါတယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ခေါ်မှ ပြည့်စုံပါတယ် ဦးဦး။

"ကဲကဲ - ပညာရှိလေးက ဒီဘုရားတွေကို ဘယ်သူတည်ခဲ့တာလဲ။ ဦးဦးတို့ကို ရှင်းပြဦးလေ"

လို့ ဘုရားဘက်ကိုလှည့်လိုက်မှ-

"ဟုတ်သားပဲ၊ သားက ဘုရားကိုစ္စကနေ ဟိုဘက်ရောက်သွားတယ်။ သားတော်ကြီး မဟာပုဏ္ဏမင်းသားက သိန္ဓဝနတ်မြင်းပျံနဲ့ ရွှေကို တလေးတင်ပြီး ဌာပနာတယ်။ မင်းသားတည်ထားတဲ့ စေတီကို ရတနာပုဏ္ဏဘုရားလို့ ပထမဘွဲ့တော်တက်လိုက်ပါတယ်။ နောက်ပိုင်း ရွှေကို မြင်းနဲ့တင်လို့ ရွှေမြင်းတင်ဘုရား။ အခုတော့ ရွှေမြင်းတင်ဘုရားလို့ အမည်တွင်ပါတယ်။

ဒုတိယဘုရားကတော့ သားလတ် စူဠပုဏ္ဏမင်းသားက ရွှေကိုရထားနဲ့တင်ပြီး ဌာပနာခဲ့လို့ ရထားပုဏ္ဏဘုရားလို့ ပထမအမည်တွင်တယ်။ နောက်ပိုင်းမှာတော့ နောင်တော်ကြီးစေတီတော်လို့သာခေါ်ကြပါတယ်။ တတိယဘုရားကိုတော့ သားငယ် သံပုဏ္ဏမင်းသားက ရွှေကိုလှည်းနဲ့အပြည့်တင်ပြီး ဌာပနာတယ်။ အဲဒီဘုရားကိုတော့ သကဋဌာပုဏ္ဏဘုရားလို့ ပထမအမည်တွင်တယ်။ အခုအခါမှာတော့ နောင်တော်လေးစေတီလို့ ခေါ်ပါတယ်"

"ပြောပါဦး ပညာရှိလေးရဲ့။ နောက်ကော လေ့လာစရာဘာတွေရှိသေးလဲ"

လို့ မေးလိုက်တော့ ကလေးက -

"ရွှေမြင်းတင်ဘုရားရဲ့ အနောက်ဘက် (၁) မိုင် အကွာအဝေးမှာ ဦးပွားဆိုတဲ့ သိုက်ဆရာကြီးက မင်းတုန်းမင်းကြီးအမိန့်နဲ့လာတူးတယ်လို့ပြောပါတယ်။ သိုက်ထဲက မနောမယပတ္တမြားရသွားသလား၊ မရဘူးလားဆိုတာတော့ ဘယ်သူမှမသိကြပါဘူး။ ဦးပွားတူးတဲ့နေရာမှာ စေတီတော်တစ်ဆူအထိမ်းအမှတ်အဖြစ် တည်ထားတာရှိပါတယ်။

အဲဒီ ဦးပွား သိုက်တွင်းနားမှာ အတံခွန်လည်းရှိပါသေးတယ်။ နာမည်က ဂျုံးဂျုံးကျရေတံခွန်လို့ခေါ်ကြတယ်။ နောက်လေ့လာစရာအဖြစ် နတ်ရေကန် ရေကိုလည်း ဘုရားဖူးတိုင်း ဆေးအဖြစ်ယူကြပါတယ်။ ဒီအကောက် င်ကြီးပေါ်မှာ ဆရာတော်ဦးပညာ အားထုတ်တဲ့ ညောင်ကိုးပင်လည်း သေးတယ်။ ကျန်းမာဖို့ စီးပွားတိုးဖို့ တွေ ညောင်ထောက်လေ့ရှိပါ ဦးဦးတို့အပြန်စက်လှေကိုလိုက် အပ်ရင် သားကိုပြောနော်"

"သားက စက်လှေနဲ့ လိုက်ဖို့ စိတ်ကူးမရှိဘူးလား။ ပြောလေ သားလေး၊ ဘယ်လိုပြန်ချင်လို့လဲ"

"စက်လှေက လူပြည့်အောင် စောင့်တယ်။ ကြာချင်လည်းကြာတတ်တယ်။ ကားကတော့ ဂိတ်ပြန်ထိုးဖို့ ထွက်တာဖြစ်လို့ မစောင့်ရဘူး။ သားက ကားနဲ့ပြန်လိုက်သွားရင် ဦးဦးတို့လို ဘုရားဖူးဧည့်သည်တွေနဲ့ နောက်တစ်ခေါက်လိုက်နိုင်တာပေါ့။ ဦးဦးတို့ရဲ့ဘုရားဖူးမိတ်ဆွေတွေ ဒီနေရာလာခဲ့ရင် ဖိုးချစ်ကို ခေါ်ပေးပါလို့ ဈေးသည်တွေကို ပြောလိုက်။ သားနာမည်ကို တစ်ဈေးလုံးသိကြတယ်။ မင်းသားဖိုးချစ်လာတုန်းမှာ သားကိုမွေးလို့ အမေက ဖိုးချစ်လို့မှည့်ထားတာပါ။ သားသွားမယ်နော်"

လို့ ပြောတော့ ကျွန်တော်က (၂၀၀) တန်တစ်ရွက် ထုတ်ပေးလိုက်တယ်။ ဖိုးချစ်က လက်နှစ်ဖက်နဲ့ ရိုရိုသေသေယူပါတယ်။ နည်းတယ်၊ များတယ် ဘာမှမပြောပါဘူး။ ကျွန်တော်က ဒီဒေသက ကလေးတွေဟာ သဘောကောင်းတယ်။ ပေးသလောက်ပဲယူတယ်။ ပစ္စည်းကျန်ခဲ့ရင်လည်း လာယူတဲ့အထိ သိမ်းပေးထားတယ်။ အထူးသဖြင့် ကော်ကော်ကပ်ကပ်မေးတာကို ရယ်ရယ်မောမောနဲ့ ရှင်းပြတတ်တယ်ဆိုတဲ့ ကောင်းသတင်းကြောင့် စမ်းကြည့်လိုက်တာပါ။

ဖိုးချစ်ကလေး တကယ်သွားမယ်ဟန်ပြင်တော့မှ ကျွန်တော်က နောက်ထပ်တစ်ထောင်တန်တစ်ရွက် ထပ်ပြီးဆုချလိုက်ပါတယ်။ ကျွန်တော်က ဖိုးချစ်ကိုကြည့်ပြီး ဒီဒေသက ကလေးတွေဟာ ဂိုက်လုပ်ဖို့ပဲစိတ်ကူးရှိကြသလားမသိဘူး၊ ကျောင်းနေရမယ့်အရွယ်မှာ အခုလိုဂိုက်လုပ်နေတဲ့ကလေးတွေက များတယ်တဲ့။ ဒါကြောင့် သူတို့လေးတွေရဲ့ပညာရေးဟာ ရင်လေးစရာပါပဲ။ လက်ရှိအခြေအနေမှာ ဂိုက်လုပ်လိုက်တာနဲ့ မုန့်လည်းစားရ၊ ပိုက်ဆံလည်းရဆိုတော့ ဒီလောက်ကောင်းတဲ့အလုပ်ကို ဘယ်လာ လက်လွှတ်ချင်ပါ့မလဲ။ လက်တွေ့လည်း ရနေတာကိုး။

တောင်ထိပ်က ရွှေမြင်းတင်ဘုရားဖူးပြီးရင် ဘုရားဖူးတဲ့ကိစ္စပြီးတာနဲ့ ဓမ္မာရုံမှာ လာသမျှ ပရိသတ်ကို သတ်သတ်လွတ်ထမင်းကျွေးပါတယ်။ ကျွေးတယ်ဆိုတာ မနက်ပိုင်းကစပြီး ညနေပိုင်းအထိ တစ်နေ့လုံးကျွေးတဲ့အလှူပါ။ သာမညတောင်ပြီးရင် ဒုတိယအကြီးမားဆုံး အလှူဒါနပြုရာဌာနလို့လည်း ခေါ်ဆိုနိုင်ပါတယ်။ ဗိုက်ဖောင်းရင်တော့ ရှုခင်းတွေပြောင်းပြီးကြည့်ကြဖို့ ချောက်ကမ်းပါးကြီးကို အသည်းတယားယားနဲ့ ဆင်းရပါတော့မယ်။

ဘာမှမကြောက်ကြပါနဲ့။ ချောက်ဆင်းလမ်းမှာ ဝါးလက်ရန်းတွေက အပြည့်ကာရံထားတာပါ။ ဘိုးဘိုးကြီး၊ ဘွားဘွားကြီးတွေ ဆင်းတောင် စိတ်ချရတဲ့ အဆင်းလမ်းပါပဲ။ ဒီအဆင်းလမ်းမှာ တောချုံတွေက သဘာဝအလျောက် ပေါက်နေလို့ အောက်ကို ဘာမှမမြင်ရပါဘူး။ ဒီလိုချုံတွေရှိတာကြောင့် ပြုတ်ကျတောင် တောင်အောက်ကို မရောက်နိုင်တော့ဘူးပေါ့။ ဒါကြောင့် စိတ်ချရတဲ့လမ်းလို့ ကျွန်တော်က အာမခံနေတာပါ။

ဒီလို အဆင်းလမ်းမှာ ကျောက်စွယ်ကြီးတွေငေါ်ထွက်နေတဲ့အောက်က နေသွားရတာလည်း ရှိပါတယ်။ကျောက်စွယ်ထုထည်က ကြီးအားကြီးလို့ ပြိုများကျသွားရင်ဆိုတဲ့စိုးရိမ်စိတ်တော့ပေါ်ပါလိမ့်မယ်။ ဒီနေရာမှာ ဘုရားဖူးလာသူတွေရဲ့စိတ်ထဲကအတွေးကို ပြေးကြည့်ထားသလိုမြင်တဲ့ ပုဂ္ဂိုလ်တွေကတော့ စီးပွားရေးပညာရှင်တွေပါပဲ။ သူတို့က ကျောက်စွယ်ကြီးတွေအောက်မှာ (၂)ပေအရှည်၊ အလုံးက ဘောလ်ပင်လောက် ဝါးတုတ်ကလေးတွေကို လုပ်နေတယ်။ အချောကိုင်ပြီးရင် ဆေးနီကလေးတွေဆိုးလိုက်တယ်။ ဒီလိုပြုပြင်ပြီးသား ဝါးတုတ်ကလေးတစ်ချောင်းကို ငါးဆယ်နဲ့ ရောင်းကြတယ်။

ဘုရားဖူးဧည့်သည်တွေက ဒီဝါးတုတ်ကလေးတွေနဲ့ ငေါ်ထွက်နေတဲ့ ကျောက်စွယ်ကြီးကို ပြိုမကျအောင် ကျားကန်ပေးကြတယ်လေ။ ဒီလိုကျားကန်တဲ့တုတ်တွေဘယ်လောက်များလဲ ဆိုရင် သိန်းနဲ့ချီပြီးရှိပါတယ်လို့ပြောရမှာပါ။ လူသားတိုင်းဟာ ပြိုမကျစေချင်တဲ့ မေတ္တာစိတ်၊ ကရုဏာစိတ်နဲ့ထောက်ကြလို့လား မသိဘူး။ ဒီကျောက်စွယ်ကြီးက အနှစ် (၂၀၀) ကျော်ကတည်းက ဒီအတိုင်းပဲရှိပါတယ်လို့ ကျွန်တော့်တူလေး ကိုမိုးက ရှင်းပြပါတယ်။ စာရေးသူတို့မိသားစုတွေလည်းပျော်ပြီး ကျောက်စွယ်ကြီး ပြုတ်မကျအောင် မ,ထားကြမယ်ဟော့လို့ ပြိုင်တူလက်မြှောက်,မတဲ့ပုံကို တူလေး ကိုမိုးက လျှပ်တစ်ပြက်မှတ်တမ်းတင်ပေးပါတယ်။

ဒေသခံ ကိုမိုး ဆက်ပြီး ရှင်းပြတာက -

"ကျွန်တော်တို့ ပထဝီဘာသာမှာ ရှုခင်းပြုပြင်ပြောင်းလဲခြင်းဟာ (၁၀) နှစ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်ပြောင်းလဲတတ်တယ်လို့ ဖော်ပြထားတယ် မဟုတ်လား။ ဒီအကောက်တောင်ကြီးဟာ အရင်က ကျောက်တောင်သီးသီးကြီးဖြစ်လိမ့်မယ် လေးလေးရဲ့။ ဘယ်ကျောက်သားမြေဖြစ်ဖြစ် သဘာဝပေါက်ပင်တွေပေါက်လိုက်တာနဲ့ မြေသားထုဆိုတာ တက်လာစမြဲပါပဲ။ အနှစ် (၂၀၀၀) ကျော်၊ (၃၀၀၀) ဆိုရင် ဘယ်လောက်မြေသားထုတွေဖြစ်မယ်ဆိုတာ တွေးကြည့်လို့ရပါတယ် လေးလေး။

ဒီတောင်ကြီးမှာ ဘယ်နေရာဖြစ်ဖြစ် (၆) ပေ၊ (၇) ပေ တူးလိုက်တာနဲ့ ကျောက်သားထုကို တွေ့တော့တာပါပဲ။ နောက်ပိုင်း ယူနက်(စ်)ကိုအဖွဲ့က သရေခေတ္တရာပျူမြို့ကြီးကို စစ်ဆေးပြီး ဒီအကောက်တောင်ကို လာပြီးလေ့လာကြတယ်။ရောက်တာနဲ့ ကျောက်တောင်ရဲ့သက်တမ်းကို သူတို့က ခတ်ခွဲပြီးစမ်းသပ်ကြတယ်။ ထွက်လာတဲ့အဖြေကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀၀၀) ကျော်က ဖြစ်ပေါ်ခဲ့တဲ့ ကျောင်တောင်လို့ သတ်မှတ်လိုက်တယ်။ သူတို့အဖွဲ့က ဧရာဝတီမြစ်ကြီးကိုကြည့်ပြီး -

အခုမြင်နေရတဲ့ မြစ်ရဲ့တစ်ဖက်ကမ်းမှာ နုန်းတင်မြေနုလွင်ပြင်ရှိနေတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀၀) ကျော်မှာ ဒီလောက် ဧရာဝတီမြစ်ဟာ ဒီအကောက်တောင်နဲ့ (၇)ဖာလုံလောက်ဝေးလိမ့်မယ်။ နောက်တော့ မြစ်ကွေ့ရဲ့သဘောတရားအရ တစ်ဖက်ကိုမြေဖို့၊ တစ်ဖက်ကို ရေတိုက်စားခြင်းနဲ့ မြစ်ကြောင်းတဖြည်းဖြည်းပြောင်းလာမယ်။ ဒီလိုနည်းနဲ့ အကောက်တောင်ဘက်ကို ရွေ့လျားမှန်းမသိ ရွေ့လျားလာပါလိမ့်မယ်။

ခုမြင်နေရတဲ့ အကောက်တောင်ခြေကရုပ်တုတွေဟာ မြန်မာဘုရားရဲ့ရုပ်တုတွေဖြစ်ပါတယ်။ မြန်မာဘုရားဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်ကပေါ်ခဲ့တယ်လို့ သမိုင်းမှာရှိပြီးသားဖြစ်ပါတယ်။ ဘုရားပေါ်ပြီးမှထုလုပ်တဲ့ဘုရားရုပ်တုဖြစ်လို့ ဒီရုပ်တုတွေဟာ အနည်းဆုံး နှစ် ၂၀၀၀ တော့ ကျော်ပါလိမ့်မယ်။ ရုပ်တုတွေထုစဉ်က တောင်ခြေမှာ ဧရာဝတီမြစ်ကြီးမရှိသေးပါဘူး။ သဲသောင်နဲ့ကျောက်တောင်သာရှိနိုင်တဲ့အချိန်ပါပဲ။ ဒါကြောင့် ဝါးလှေကားနဲ့ဖြစ်ဖြစ်၊ စင်ထိုးပြီးဖြစ်ဖြစ် စိတ်ရှည်လက်ရှည်ထုခဲ့တာမျိုးဖြစ်ပါလိမ့်မယ်။ ရေလွှတ်ဒေသဖြစ်ခဲ့တာကိုး။

အခုအချိန်မှာတော့ ဧရာဝတီမြစ်ကြောင်းကြီးက ဒီအကောက်တောင်ခြေရောက်နေပါပြီ။ ကျောက်တောင်ကြီးဖြစ်လို့ ရေတိုက်စားမရဘဲ တောင်ခြေဘေးကနေ ဖြတ်ပြီးစီးနေတာပါ။ အခုလို ဧရာဝတီမြစ်ရေနဲ့ဆက်စပ်နေတဲ့ ကျောက်တောင်ကမ်းပါးကြီးမှာ ဘယ်လိုထုခဲ့တာလဲလို့ လူတွေက တအံ့တဩဖြစ်နေကြမှာပါ။ အမြင်အားဖြင့် ဘယ်လိုမှတွယ်တက်ဖို့မလွယ်တဲ့ ကျောက်နံရံကြီးတွေအဖြစ် မြင်နေရတာကိုး။

ဒါကြောင့် ကျွန်ုပ်တို့က ဒီလက်ရာတွေဟာ လွန်ခဲ့တဲ့နှစ် ၂၀၀၀ ကျော်က ထုလုပ်ထားတဲ့ ရုပ်တုတွေလို့ လက်ခံထားပါတယ်။အဲဒီရုပ်တုတွေကမှ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာစတင်ရောက်တဲ့ ကာလကို ဖော်ပြနေတယ်လို့ ကျွန်ုပ်တို့က လက်ခံထားပါတယ်။ ဒီလက်ရာတွေကို ကြည့်ခြင်းအားဖြင့် လွန်ခဲ့တဲ့ အနှစ် ၂၀၀၀ ကျော်က မြန်မာတွေဟာ ရုပ်တုထုတဲ့ပညာကို ကျွမ်းကျင်စွာ တတ်မြောက်နေကြပြီလို့ ဖော်ပြနေပါတယ်။ ဒါကြောင့် နှစ် (၂၀၀၀) ကျော်က လက်ရာတွေကိုမြင်ချင်လို့ ကျွန်ုပ်တို့ လာလာကြည့်နေကြတာပါ”

လို့ နိုင်ငံခြားသားတွေ ပြောတဲ့စကားကို ကျွန်တော့်တူလေး ကိုမိုးက တစ်ဆင့်ပြန်ပြီး ဖောက်သည်ချလို့ သိလိုက်ရတာပါ။ ဒါကြောင့် ရုပ်တုတွေကို ကြည့်တာချင်းတူပေမယ့် အမြင်ချင်းတော့တူမှာမဟုတ်ပါဘူး။

ဒီလိုနဲ့ စကားပြောရင်း၊ ရှင်းပြရင်းနဲ့ တောင်ခြေကို ရောက်မှန်းမသိရောက်လာပါတယ်။ အကောက်တောင်ခြေရဲ့ ရှုခင်းကတော့ မော်တင်ကမ်းခြေရောက်နေသလိုပါပဲ။ ကျောက်တုံးကျောက်ခဲတွေနဲ့ စုဝေးနေတဲ့ ဆိပ်ကမ်းဖြစ်နေတာကိုး။

အကောက်တောင်ပေါ်က ဆင်းလာရင် စက်လှေစီးပြီး ထုံးဘိုမြို့ဆိပ်ကမ်းကို ပြန်ကြရပါမယ်။ ဘုရားတောင်ပေါ်က ဆင်းလာသူတိုင်း ဘာစက်လှေစီးစီး ပိုက်ဆံမပေးရပါဘူး။ ကားသမားနဲ့ စက်လှေသမား ညှိနှိုင်းပြီး ကားစီးတုန်းမှာ အသွား၊ အပြန်ယူထားတာမျိုးဖြစ်ပါလိမ့်မယ်။ ချောင်းသာသဲဖြူကျွန်းလည်း အသွားပေးပြီးတာနဲ့ အပြန်မှာပေးစရာမလိုဘဲ စီးလို့ရပါတယ်။ အဲဒီလို စနစ်မျိုးနေမှာပေါ့။ စက်လှေပေါ် တက်တုန်းမှာ အကောက်တောင်လိုက်ပို့တဲ့ တူလေးကိုမိုးနဲ့ စာရေးသူတို့ အမှတ်တရတွဲပြီး ဓာတ်ပုံရိုက်လိုက်ပါတယ်။

မော်တော်စပြီးထွက်ပါပြီဆိုတာနဲ့ လှမ်းမြင်ရတဲ့တောင်နံရံတွေမှာ ဘုရားကျောင်းဆောင်နဲ့တကွ တင်ပျဉ်ခွေချိတ်ထိုင်တော်မူ ဘုရားရုပ်တုလေးတွေကို လှမ်းပြီးမြင်နေရပါပြီ။ စက်လှေက ရေဆန်ကို တွန်းပြီးမောင်းနေရတာရယ်၊ ဘုရားဖူးတွေ တောင်ကမ်းပါးယံကြီးကို ကြည့်ရှုဖို့အရှိန်ကိုလျှော့ပြီးမောင်းပေးပါတယ်။ ရုပ်တုများတဲ့နေရာမှာ အနီးကပ်မောင်းပေးလို့ ကျွန်တော်ကိုယ်တိုင် အမိအရ ပုံတွေကို ရိုက်ယူဖြစ်ပါတယ်။

စက်လှေနဲ့စီးလာရင်း နည်းနည်းခပ်လှမ်းလှမ်းကမြင်ရတဲ့ ရုပ်တုတော်တွေကို နောက်ဆုံးရိုက်ယူတဲ့ပုံတွေထဲက ရုပ်တုတော်ဆိုရင် လူတစ်ရပ်ကျော် မြင့်ပါလိမ့်မယ်။ သရေခေတ္တရာ ပျူမြို့ဟောင်းထဲက ရဟန္တာဂူထဲမှာလည်း အခုလို ကျောက်တွင်းဗုဒ္ဓရုပ်တုတော်တွေရှိပါတယ်။ အကောက်တောင်က ရုပ်တုတော်နဲ့ ဆင်တူဖြစ်နေလို့ ခေတ်ပြိုင်ရုပ်တုတော်တွေထုလုပ်ခဲ့တာဖြစ်လိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဗောဓိတစ်ထောင်၊ ကံ့ကော်တစ်ထောင်၊ ဃင်းလွှန်းတစ်ထောင်ဆိုပြီး ထူးခြားတဲ့အမည်နာမတွေရှိပါတယ်။ အဲဒီတစ်ထောင်တွေက ဦးဆောင်တဲ့ပုဂ္ဂိုလ်နဲ့ စတင်ပြုလုပ်တဲ့နှစ်တွေ အပြည့်အစုံရှိပြီးသားပါ။ အခုဆင်းတုတော်တွေကတော့ အလှူရှင်အမည်နဲ့ ထုလုပ်တဲ့ခုနှစ်တွေ ပျောက်နေပါတယ်။ ဒီထူးခြားမှုကို ယခုဖော်ထုတ် တင်ပြတော့မှာပါ။

ကျွန်တော်တို့နိုင်ငံမှာ သဘင်သည်စကား၊ အရူးစကား၊ ကလေးစကားဆိုတာ မှန်တတ်တယ်လို့ ဆိုရိုးစကားရှိတယ်မဟုတ်လား။ အခုလည်း အပြန်ခရီးက်လှေဦးမှာ ချစ်စု ဆိုတဲ့ကလေးရဲ့ အပြောကို တော်တော်လေးသဘောကျသွားတယ်။ ကျွန်တော်တို့ခေါ်လာတဲ့ ဖိုးချစ်တော့မဟုတ်ပါဘူး။ ဖိုးချစ်က ကားနဲ့ပြန်သွားပါပြီ။ ဒီကလေးကတော့ အခြားဘုရားဖူးဧည့်သည်နဲ့ ပါလာပြီး သူ့ကိစ္စပြီးလို့ စက်လှေနဲ့ပြန်တာဖြစ်လိမ့်မယ်။

ဒီကလေးက စက်လှေဦးမှာ ဓာတ်ပုံရိုက်နေတဲ့ ကျွန်တော့်ဘေးမှာ လာထိုင်ပါတယ်။ ဓာတ်ပုံရိုက်ပြီးတော့ ကျွန်တော်က -

“သားလေး အခုကျောက်နံရံကပ်ဆင်းတုတော်တွေအကြောင်းသိသလား”

လို့ မေးကြည့်လိုက်ပါတယ်။

ကလေးက ချက်ချက်ချာချာနဲ့ ဖိုးချစ်လိုပဲ ပြန်ပြီးပြောပါတယ်။

“ကျွန်တော့်အဘိုးကို မေးထားလို့

www.burmeseclassic.com

www.burmeseclassic.com

သိတာတော့ရှိတယ် ။ ဦးဦးနားထောင်မယ်ဆိုရင် ပြောပါ့မယ်"

လို့ဆိုလာတယ်။

ကျွန်တော်က စိတ်ဝင်စားသွားတာနဲ့ -

"ကဲကဲ - နားထောင်ပါမယ်ကွာ၊ သက်ငယ်စကား သက်ကြီးကြား ဆိုတဲ့စကားပုံရှိတယ်မဟုတ်လား။ ကဲ - ရှင်းပြပါဦး ပညာရှိလေးရဲ့"

"သားရဲ့ အဘိုးက (၁၀၁) နှစ်ရောက်မှဆုံးသွားတယ်။ အဘိုးမဆုံးခင်ကပြောဖူးတဲ့စကားက အဘိုးရဲ့အဘိုးလက်ထက်က ဒီအကောက်တောင်ရဲ့ခြေရင်းမှာ ကွင်းပြင်ကျယ်ကြီးရှိတယ်။ အဲဒီကွင်းပြင်ကျယ်ဟာ အကောက်တောင်ကနေ တောင်ရိုးတစ်လျှောက် ထုံးဘိုမြို့အထိရောက်တယ်တဲ့။ အဲဒါကို ဦးဦးလက်ခံလား"

"အလို - သားလေးက ငါ့ကိုထောက်ခံ၊ မထောက်ခံ အရင်မေးနေတာကိုး။ ကြိုက်တယ်ကွာ၊ အဲဒီလို ကွင်းပြင်ကျယ်ကြီးရှိတယ်ဆိုတာကို ဦးဦးက လက်ခံတာပေါ့။ ဒီဒေသကိုရောက်တဲ့နိုင်ငံခြားသားတွေကသုတေသနလုပ်ရင်း ဒီတောင်ခြေကနေ မှန်ပြောင်းနဲ့စစ်ဆေးတယ်။ ဒါကြောင့် လွန်ခဲ့တဲ့နှစ် ၂၀၀၀ ကျော်က ဒီတောင်ကြီးရဲ့ခြေရင်းမှာ (၇)ဖာလုံလောက်ရှိတဲ့ လွင်ပြင်ကျယ်ကြီးရှိရမယ်လို့ ဝေဖန်သွားခဲ့တယ်ကွ။ သားလေးပြောတဲ့စကားနဲ့ဆို ကွက်တိပဲ"

"အခုလို ဦးဦးက လက်ခံထားမှ သားက ပြောရတာ အားရှိတာပေါ့။ အခု သားရဲ့ဘိုးဘိုးမဆုံးခင်ကပြောခဲ့တာတွေကိုပြန်ပြီးပြောပါ့မယ်။အကောက်တောင်သမိုင်းမှာ ဟိုးလွန်ခဲ့တဲ့နှစ် ၂၀၀၀ ကျော်က သီရိဘင်္ဂလွန်မြို့ကြီးတစ်မြို့ရှိတယ်လို့ အဆိုရှိတယ် မဟုတ်လား။ သားရဲ့အဘိုးက သုတေသနလုပ်ရတာ ဝါသနာပါလွန်းလို့ အဲဒီသီရိဘင်္ဂလွန်မြို့ကြီးရဲ့ အစအနကို အကောက်တောင်တစ်ကြောမှာ လျှောက်ရှာတယ်။ နေ့စဉ်ရက်ဆက်သချင့်ပြီးရှာခဲ့တယ်။ ဒါပေမယ့် ဘာအစအနမှခြေရာခံလို့မရဘူးတဲ့။

မင်းသားသုံးပါးတည်ခဲ့တဲ့ စေတီတော်၊ ဦးပွားတူးထားတဲ့သိုက်တွင်းတွေလောက်သာမြင်ခဲ့တာပါ။ ခုလို တောင်ခြေမှာ ကြီးမားတဲ့ မြေပြန့်လွင်ပြင်ကျယ်ကြီးရှိခဲ့တယ်ဆိုရင် အဲဒီရာစုနှစ်တွေက သီရိဘင်္ဂလွန်မြို့ဟာ မြေပြန့်မှာပဲတည်ခဲ့တာဖြစ်လိမ့်မယ်။ အထူးသဖြင့် ဧရာဝတီမြစ်ရေကို အမှီပြုပြီး တည်ခဲ့တာမျိုးပေါ့။ ကျွန်တော်တို့မြန်မာလူမျိုးတွေဟာ ဘုရားတည်ရင်သာ တောင်ထိပ်တွေကိုပဲရွေးချယ်တယ်လို့ အဘိုးကပြောဖူးတယ်။ ဒါကြောင့် မင်းသားသုံးပါးဟာ အကောက်တောင်ပေါ်မှာတည်ခဲ့တယ်ဆိုတာ သဘာဝကျပါတယ်လို့ ဘိုးဘိုးက ရှင်းပြခဲ့တယ် ဦးဦးရဲ့။

သီရိဘင်္ဂလွန်မြို့တော်က မင်းကြီးရဲ့ သားတော်သုံးပါး ဘုရားတည်နေချိန်မှာ မြို့သူမြို့သားတွေက ဘုရားတည်ရာမှာ ကုသိုလ်ပါဝင်ကြရတယ်တဲ့။ အဲဒါကြောင့် တောင်ထိပ်မှာတည်ဖို့ဆုံးဖြတ်ပြီးတဲ့ မင်းသားသုံးပါးရဲ့ ဆုံးဖြတ်ချက်ကြောင့် အကောက်တောင်ပေါ်တက်တဲ့လမ်းကို သီရိဘင်္ဂလွန်မြို့သူမြို့သားတွေက လမ်းဖောက်ရတာပေါ့။ အခုသွားနေတဲ့ လူသွားလမ်းဟာ အဲဒီမြို့သူမြို့သားတွေ ဖောက်ခဲ့တဲ့လမ်းဖြစ်လိမ့်မယ်လို့ အဘိုးက ရှင်းပြပါတယ်။

နောက် အခုလို မင်းသားသုံးပါး စေတီတည်တဲ့နေရာမှာ သီရိဘင်္ဂလွန်မြို့သူမြို့သားတွေက မင်းသားတွေလိုတော့ ဘုရားတည်ခွင့် ဘယ်လာရှိပါမလဲ။ ဒါပေမယ့် မင်းသားသုံးပါး ဘုရားတည်တာကို ထောက်ခံတဲ့အနေနဲ့ အကောက်တောင်ကနေ ဘုရားရင်ပြင်တက်တဲ့လမ်းခုလတ်မှာ ကျောက်သားနံရံကြီးတွေရှိတယ်မဟုတ်လား။ အဲဒီနံရံတွေမှာ တစ်အိမ်ထောင်ကို အနည်းဆုံး ဘုရားတစ်ဆူလုပ်တာကို ဘုရင်ကြီးက ခွင့်ပြုတယ်။ ဒီနည်းနဲ့ သီရိဘင်္ဂလွန်မြို့ကြီးက ပြည်သူပြည်သားတွေဟာ ဘုရင့်အမိန့်အတိုင်းထုလုပ်ကြလို့ ဒီလောက်များပြားနေတာလို့ဆိုပါတယ်။ ရေမရှိဘဲ ခြောက်သွေ့တဲ့တောင်ခြေမှာ စိတ်ရှည်လက်ရှည်ထုခွင့်ရခဲ့တာကိုး။

နောက်ပိုင်း ရာစုနှစ်တစ်နှစ်နှစ်ထဲမှာ အလွန်ရေကြီးတဲ့နှစ်မျိုးကို သီရိဘင်္ဂလွန်မြို့ကြီးဟာကြုံပါလိမ့်မယ်။ ရေစီးသန်တဲ့ဧရာဝတီမြစ်ရေစွယ်ဟာ မြို့တော်ကြီးတစ်ခုလုံးကို ရေအောက်ရောက်အောင် ဝါးမျိုခံရတာမျိုးဖြစ်လိမ့်မယ်။ ဒါကြောင့် ဒီဘက်ခေတ်ထဲမှာတောင် အဘိုးရဲ့အဘိုးတွေ တွေ့ခဲ့တယ်ဆိုတဲ့ အကောက်တောင်ခြေကွင်းပြင်ကျယ်ဟာ မရှိသလောက်ဖြစ်သွားပါပြီ။ ဧရာဝတီမြစ်ရေလည်း ကျောက်သားထုရှိတဲ့ အကောက်တောင်ခြေရင်းရောက်မှဆက်ပြီး ရေစွယ်မထိုးနိုင်လို့ ရပ်သွားတာမျိုးဖြစ်မှာပေါ့လို့ အဘိုးက ရှင်းပြခဲ့ပါတယ်"

ကျွန်တော်က ချစ်စုလေး အပြောကို တော်တော်ကလေးသဘောကျသွားတယ်။ ချစ်စုပြောတာမှ ဟုတ်ရဲ့လားလို့ ကလေးကိုပြန်ပြီးကြည့်ရတဲ့အထိ အံ့သြသွားတာပါ။ ကလေးရဲ့ပြောပြချက်နဲ့ ကျွန်တော်သိထားတဲ့ အချက်ကိုလည်း နှိုင်းယှဉ်ကြည့်နေပါတယ်။ ဒီအချက်တွေကတော့ နာဂစ်မုန်တိုင်းဖြစ်ပြီး ပြင်စလူတစ်ရွာလုံးပျောက်သွားတာတွေ၊ ဘောဂလုံမြို့တော်ကြီးဟာ သဲမုန်တိုင်းကြောင့် မြေအောက်ရောက်နေတာတွေ။ ဂျပန်နိုင်ငံက မြို့ငယ်လေးတွေဆိုရင် ရေအောက်ကို ပဲ့ကျနစ်မြုပ်တာတွေ၊ အတ္တလန္တိစ်မြို့တော်ကြီးကို ရေအောက်မှာတွေ့ရတယ်လို့ လေ့လာသူတွေပြောနေကြတယ် မဟုတ်လား။

ဒီသာဓကတွေနဲ့ နှိုင်းယှဉ်ရင် သီရိဘင်္ဂလွန်မြို့ကြီးဟာ ပြင်းထန်တဲ့ရေစီးနဲ့အတူ ပျက်စီးသွားတာမျိုး ဖြစ်နိုင်ပါတယ်။ ဧရာဝတီမြစ်ကြီးဟာ တစ်ဖက်ကမ်းပြို တစ်ဖက်သောင်ထွန်းစနစ်နဲ့ မြစ်ကြောင်းကြီးပြောင်းလဲလာတာကြောင့် မြစ်ရဲ့တစ်ဖက်မှာ သဘာဝနုန်းတင်မြေနုမြေပြင်ဟာ တစ်မိုင်ကျော်ကျော်ကျယ်နေပါပြီ။ အနှစ် ၂၀၀၀ကျော်ရှခင်းပြုပြင်ပြောင်းလဲရင် ဒီလောက်တော့ဖြစ်နိုင်ပါတယ်လို့ ချစ်စုရဲ့ပြောကြားချက်ကို သဘောကျလွန်းလို့ တစ်ထောင်တန်တစ်ရွက်ဆုချလိုက်ပါတယ်။

စက်လှေစီးချိန် နာရီဝက်လောက်အကြာမှာ ထုံးဘိုဆိပ်ကမ်းပြန်ရောက်လာတယ်။

နိုင်ငံခြားသားတွေက မြန်မာဘုရားဖူးတွေလိုသွားတာမဟုတ်ပါဘူး။ စက်လှေစင်းလုံးငှားပြီး အဲဒီရုပ်တုတွေရှိတဲ့နေရာကို ရောက်အောင်သွားကြတာပါ။ သူတို့က ကိုင်လည်းကြည့်၊ ဓာတ်ပုံလည်း မျိုးစုံရိုက်ယူပြီးမှ ပြန်ကြတာပါ။ ဒီလို သီးခြားလေ့လာချင်ရင် ထုံးဘိုဆိပ်ကမ်းမှာ စက်လှေကို အော်ဒါခေါ်လို့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က ပျောက်ဆုံးနေတဲ့ အလျှုရှင်ကို အစကောက်လို့ရခဲ့တာနဲ့ ဝမ်းသာနေတာပါ။ ကျွန်တော့်ထက် တတ်ကျွမ်းတဲ့ ပညာရှင်များက အစဖော်လို့ရတဲ့ ဒီအချက်ထက် ခိုင်လုံတဲ့အချက်အလက်တွေကို ထပ်ဆင့်ပြီး သုတေသနပြုနိုင်ကြပါစေလို့ ဆုတောင်းရင်း ဘုရားဖူးဆောင်းပါးကို နိဂုံးချုပ်ပါရစေ။

စိုးထွန်း (ဥပဒေ)

**ကျမ်းကိုးစာရင်း -**

အကောက်တောင် ရွှေမြင်တင်စေတီသမိုင်းအကျဉ်းချုပ်





www.burmeseclassic.com

www.burmeseclassic.com



# နေဝင်းဝင်း

(ရွှန်ဆေး)

## မြတ်နိုးပူဇော် အဉ္စာနမေတ်ဂါထာတော်

ကျွန်တော်၏အိမ်နှင့် တစ်လမ်းတည်းနှစ်အိမ်ကျော်တွင် ဒေါ်အေးမေတို့အိမ်ရှိသည်။ ဒေါ်အေးမေမှာ အသက် (၅၇) နှစ်ခန့်ရှိ အငြိမ်းစားတစ်ဦးဖြစ်ကာ သူ၏ ခင်ပွန်းဖြစ်သူမှာ မြို့နယ်ရှိဌာနတစ်ခုတွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ သူတို့တွင် သမီးတစ်ဦး၊ သားနှစ်ဦးနှင့် မိသားစုဝင် (၅) ဦးရှိသည်။ အကြီးဆုံးသမီးမှာ သည်မြို့လေးရှိ အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာမတစ်ဦးဖြစ်သည်။ သားအကြီးမှာ ဘီးအီးဘွဲ့ရအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ရန်ကုန်မြို့ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်လျက်ရှိသည်။ သားအငယ်မှာ စီးပွားရေးဘွဲ့ရရှိကာ ရန်ကုန်မြို့ရှိ CBဘဏ်တစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သားသမီး (၃) ဦးစလုံးမှာ လူပျိုလူလွတ်ဘဝဖြင့် လိမ္မာရေးခြားရှိကာ မိဘများကို ပြုစုလုပ်ကျွေးလျက်ရှိရာ ဒေါ်အေးမေတို့ မိဘများအဖို့ ထူးသည့်ကံဟုဆိုရမည်သာ။

သူတို့မိသားစုမှာ ကြွယ်ဝချမ်းသာသည်မဟုတ်သော်လည်း မိသားစုဘဝအေးချမ်းစွာဖြင့် ရပ်တည်နိုင်ကြသည့်အခြေအနေမှာရှိပါသည်။ သမီးဖြစ်သူမှာ ယခင်နှစ်များက ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် (၈) နှစ်ကျော်၊ (၉) နှစ်ခန့် တာဝန်ထမ်းဆောင်လျက်ရှိရာမှ ယခုနှစ်တွင် ဇာတိမြို့သို့ ပြောင်းရွှေ့ခွင့်ရလျက် မိဘများနှင့်အတူနေ အနီးကပ် ပြုစုလုပ်ကျွေးလျက်ရှိပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ကျွန်တော်တို့ရပ်ကွက်လေး၏ နှစ်စဉ်အစဉ်အလာမပျက်ကျင်းပသည့်အလှူပွဲတော်တစ်ခုနှင့် ဒေါ်အေးမေတို့မိသားစုဆက်နွယ်မှုကို ရေးသားလိုပါသည်။ ကျွန်တော်တို့ရပ်ကွက်တွင် နှစ်စဉ်သင်္ကြန်ရက်ရောက်တိုင်း ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ပါသည်။ ထိုပွဲတော်တွင် ဒေါ်အေးမေတို့ မိသားစုက အဓိကအခရာကျသည်။ ပွဲတော်တစ်ခုလုံး အစမှအဆုံးတိုင် မိသားစုအင်အားများများနှင့် တက်တက်ကြွကြွပါဝင်လေ့ရှိသည်။ ဒေါ်အေးမေတို့မှာ မိသားစုဝင် (၅) ဦးသာရှိသော်လည်း

www.burmeseclassic.com

လက်ရှိတွင် (၃) ဦးတည်းသာ။ အင်အားများပြားရသည်မှာ သင်္ကြန်ရက်ဆိုလျှင် ရန်ကုန်၊ ဒလ၊ ကွမ်းခြံကုန်း၊ သရက်မြို့များတွင်နေထိုင်သည့်အမျိုးများစုံစုံညီညီ လာရောက်တတ်ကြသည်။ သား (၂) ဦးနှင့် အမျိုးအဆွေများ စုစုရုံးရုံးနှင့်ရှိနေတတ်သည်မို့ မိသားစုအင်အားများပြားလာရတာလည်း ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတော်ကို နှစ်စဉ်သင်္ကြန်အတက်နေ့တိုင်း ကျင်းပသည်။ ထိုရက်မတိုင်မီ (၃) ရက်ခန့်ကပင် ရပ်ကွက်အတွင်း အလှူခံရသည်။ ရပ်ကွက်တွင်းရှိ လူကြီး၊ လူငယ်၊ လူရွယ်များပေါင်းစုအားဖြင့် မဏ္ဍပ်ထိုး၊ အမိုးမိုး (တာပေါ်လင်ဖြင့်) သန့်ရှင်းရေးလုပ်၊ လျှပ်စစ်မီးသွယ်တန်း၊ အသံချဲ့စက်တပ်ဆင်၊ ဖိတ်စာဝေစသည့်လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ကြသည်။ သင်္ကြန်အကြတ်နေ့ညနေပိုင်းတွင် မကျီးစုကျောင်းသစ်ကျောင်းမှ ဒီပင်္ကရာဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်လျက် မဏ္ဍပ်အတွင်း အပူဇော်ခံထားရှိရသည်။

ညပိုင်းတွင် ရပ်ကွက်သူရပ်ကွက်သားများက မဏ္ဍပ်အတွင်း စုရုံးရောက်ရှိကြကာ ဘုရားရှင်အား ဆီမီး၊ အလင်းတိုင်၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများဖြင့် လှူဒါန်းပူဇော်ကြပါသည်။ ည (၈) နာရီခန့်တွင် မြို့မ တဲကြီးကုန်း ပရိတ်အသင်း၊ ပြည်တော်အေးဘုရားပရိတ်အသင်းတို့က ပရိတ်ဒေသနာတော်များ ရွတ်ပွားပူဇော်ကြသည်။ ပြီးလျှင် ညပိုင်း(၉)နာရီခန့်မှစ၍ ဒေါ်အေးမေ၏ ခင်ပွန်းက ဦးဆောင်လျက် အနန္တနယသမန္တပဋ္ဌာန်းကျမ်းတော်ကြီးကို နံနက် (၅) နာရီခန့်အထိ ရွတ်ဖတ်ပူဇော်ကြပါသည်။ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်နေစဉ် ဒေါ်အေးမေဦးဆောင်သောအဖွဲ့က အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းရန် ပြင်ဆင်ချက်ပြုတ်ကြပါသည်။



နံနက် (၅) နာရီခွဲခန့်လောက်တွင် ပင့်သံဃာတော်အရှင်သူမြတ် (၅) ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး တရားနာ ရေစက်သွန်းချကြပါသည်။ သံဃာတော်အရှင်သူမြတ်များ ပြန်ကြွသွားသည်နှင့် ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးကြပါသည်။ အရုဏ်ဆွမ်းအလှူကိစ္စသည် မနက်ပိုင်း (၉) နာရီတွင် လက်စသိမ်းပြီး ဖြစ်ပါသည်။ ထို့နောက် နေ့လယ်ပိုင်းအတွက် ဆက်လက်ပြင်ဆင်လုပ်ကိုင်ကြပါသည်။ မဏ္ဍပ်အတွင်း ဖုန်မထစေရန် ရေဖျန်းရသည်။ အမှိုက်သရိုက်များလှည်းကျင်းရသည်။ သောက်ရေအိုးများစီစဉ်ချထားရသည်။ ပလတ်စတစ်ထိုင်ခုံများ စီစီရီရီချထားရသည်။ ဆွမ်းဆန်စိမ်းအလှူတော်ခံကြွရောက်မည့် မြို့ပေါ်ရှိ ကျောင်းတိုက်များနှင့် အနီးဝန်းကျင်ရှိ မြစ်ကျိုး၊ တယ်ကုန်း၊ ရှားတော၊ မြို့မတဲကြီးကုန်းကျေးရွာကျောင်းတိုက်များမှ သံဃာတော်အပါး (၁၃၀) ခန့်အတွက် ခေတ္တသီတင်းသုံးရန်စီစဉ်ပေးရခြင်း ဖြစ်ပါသည်။

ကြွရောက်တော်မူကြမည့် သံဃာတော်တစ်ပါး (၁၃၀) ကျော်တို့ကို ဆက်ကပ်ရန်နှင့် အတူပါ ကျောင်းသား၊ ကပ္ပိယ (၁၃၀) ကျော်တို့ကို ဧည့်ခံရန် အချိုရည်ဘူးများကို ရေခဲစိမ်ကြရသည်။ နေ့လယ် (၁၂) နာရီကျော်ပြီဆိုသည်နှင့် သံဃာတော်အရှင်သူမြတ်များကြွရောက်တော်မူလာကြသည်။ ပူပြင်းလှသည့် နေရောင်အောက်တွင် ထီး၊ ဖိနပ်၊ ပါစေကာမူ သံဃာတော်များမှာ ချွေးသံတရွှဲရွှဲနှင့်ရှိကြသည်။ ဆီးကြိုပင့်ဆောင်နေရာပေး သီတင်းသုံးစေလျက် အချိုရည်၊ ရေသန့်ဘူးတို့ ဆက်ကပ်ရသည်။

မွန်းလွဲ (၂) နာရီကျော်သည်နှင့် သံဃာတော်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဆောင်သောအဖွဲ့က ဆွမ်းဆန်အလှူခံ အသိအမှတ်ပြု အလံငယ်များလက်ရောက်ဆက်ကပ်ကြ၏။ ကျောင်းသားကပ္ပိယများက အလံငယ်များကို အလှူခံတောင်းငယ်များတွင် ခိုင်ခိုင်မြဲမြဲထိုးစိုက်လိုက်ကြသည်။ ထိုမှပြီးလျှင် မြတ်စွာဘုရားအမှူးရှိသောသံဃာတော်အပါး (၁၃၀) ကျော်သည် နောက်ပါကျောင်းသား ကပ္ပိယများတို့နှင့်အတူ မြို့အတွင်းအနှံ့ လမ်းစဉ်အတိုင်း ဆွမ်းဆန်စိမ်းအလှူခံကြွချီတော်မူသည်။ ကြွချီရာလမ်းတစ်လျှောက်ရှိ အလှူရှင်များက စောင့်ကြိုပူဇော်၍ တောင်းကြီး၊ တောင်းငယ်၊ ဇလုံ၊ ဒန်ချိုင့်ကြီးများနှင့် ဆွမ်းဆန်၊ ဆားထုပ်၊ ကြက်သွန်နီ၊ အာလူး၊ ဆပ်ပြာခဲစသည့် လှူဖွယ်ပစ္စည်းမျိုးစုံဖြင့် သဒ္ဓါပေါက်သလို ကြည်နူးဝမ်းမြောက်စွာ လှူဒါန်းကြပါသည်။

ဒေါ်အေးမေနှင့် ခင်ပွန်းဖြစ်သူတို့က နေ့စဉ်နံနက်တိုင်း ဘုရားဝတ်တက်လေ့ရှိသည်။ ပရိတ်ကြီး (၁၁) သုတ်ထဲမှ ရတနသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်တော်တို့ကို ပုံမှန်ရွတ်ဆိုပူဇော်လေ့ရှိသည်။ ရုံးပိတ်ရက်များဆိုလျှင် ပဋ္ဌာန်းပစ္စယုဒ္ဒေသ နိဒ္ဒေသပါဠိတော်တို့ကို သီးသန့်ပူဇော်ကြသည်။

ကျွန်တော် သတိထားမိသည့် တစ်ရက်မှစ၍ စောင့်ကြည့်ခဲ့သည်တွင် ဒေါ်အေးမေ ဘုရားဝတ်တက်သည်ကို မကြားမိသည်မှာ (၁၀) ရက်ကြာမည် ထင်ပါသည်။ အခါတိုင်းဆိုလျှင် ဇနီးမောင်နှံနှစ်ဦး ဘုရားရှိခိုး၊ ပြီးလျှင် ခင်ပွန်းဖြစ်သူ ရုံးသွားရန် ပြင်ဆင်လုပ်ကိုင်ပေးတတ်သည်။ ထို့နောက် အိမ်မှုကိစ္စများလုပ်ကိုင်ကာ နံနက် (၁၀) နာရီခန့်တွင် ရေမိုးချိုးသည်။ ပြီးလျှင် ဘုရားရှင်အားနေ့ဆွမ်းကပ်လှူပြီး မဟာသမယသုတ်ကို ပူဇော်သံ၊ အမျှပေးဝေသံတို့ကို ကြားကြားနေရသည်။

ယခုမူ မကြားရသည်မှာ ကြာလေပြီ။ အိမ်က ဇနီးသည်ကို မေးတော့မှ ဒေါ်အေးမေ၏ကုပ်ပိုးကျိုးပေါင်းတက်ဝေဒနာခံစားနေရသည်ဟု သိရသည်။ ကျိုးပေါင်းတက်ရောဂါကြောင့် ခေါင်းမငုံ့နိုင်။ ညညဆိုလျှင် တစ်ဖက်ကိုသာစောင်း၍အိပ်ရသည်။ ပြည်မြို့ရှိ ပုဂ္ဂလိကဆေးခန်းတစ်ခုတွင် အထူးကုသမားတော်နှင့် ပြသကုသမှုခံနေရသည်။ အထူးကုသမားတော်က (၇) ရက်တစ်ခါချိန်းဆိုသည်။ သုံးကြိမ်သုံးခါပြသပြီးသည့်အထိလည်း သက်သာလှသည်မရှိခဲ့။ ထိုမှနောက်ပိုင်း ပြည်သို့မသွားဖြစ်တော့။ တူမတော်သူ မြို့နယ်ဆေးရုံမှ အထက်တန်းသူနာပြုဆရာမနှင့်သာပြသလျက်ရှိသည်။ ဆေးထိုး၊ ဆေးစားဖြင့်နေသာသည့်အခါ၊ နေလိုက်မသက်သာသည့်အခါ ပြသလိုက်နှင့်နေရတော့မည့်အခြေအနေဖြစ်ပါသည်။

တစ်ရက်တွင် အကြောပြင်ဆရာမတစ်ဦးနှင့် ဒေါ်အေးမေတို့ ဆုံဖြစ်ကြသည်။ သက်သာလိုသက်သာငြား အသိတစ်ဦးကခေါ်ပေးတာဖြစ်သည်။ ဆရာမကြီးက သေချာစမ်းသပ်ပြီးသည့်အခါ ကျိုးပေါင်းရောဂါမဟုတ် အုန်းလွဲနေခြင်း

www.burmeseclassic.com

သာဖြစ်ကြောင်းပြောတော့ ဒေါ်အေးမေမှာ တော်တော်လေးကို ဝမ်းသာအားရဖြစ်ရသည်။

"အုန်းလွဲနေတာပါ ကိစ္စမရှိပါဘူး။ တစ်ခါ၊ နှစ်ခါလောက်ကိုင်လိုက်တာနဲ့ ကောင်းသွားမှာ"

"ဝမ်းသာလိုက်တာ ဆရာမကြီးရယ်။ နို့မို့ဆို ပြည်သွားပြရတာနဲ့ ဆေးထိုး၊ ဆေးစားလုပ်ရတာနဲ့ မသက်သာလှပါဘူးရှင်"

ထိုဆရာမကြီးက တစ်ခါ၊ နှစ်ခါ အနှိပ်ခံလိုက်လျှင် ပျောက်ပါလိမ့်မည်ဆိုစေကာမူ (၅) ကြိမ်မျှရှိလာသည်အထိ အမြစ်ပြတ် ပျောက်ကင်းသည်မရှိခဲ့။ အနှိပ်ခံစဉ်နှင့် နောက်တစ်ရက် သက်သာမှုရှိသော်လည်း နောက်ရက်ကျပြန်ဖြစ်လာပြန်သည်။ ပြန်ဖြစ် နောက်ထပ်အနှိပ်ခံလိုက်နှင့် သံသရာကလည်ပြီးရင်းလည်နေသည်။ ကြိမ်ရေများလာသည့်အခါ လုံးဝလက်လျှော့လိုက်ရသည်။ လူလည်းပုံကျ၊စိတ်ဓာတ်လည်းပုံကျရတော့သည်။

ဒေါ်အေးမေက စာဖတ်ဝါသနာကြီးသူလည်း ဖြစ်သည်။ အသက်အရွယ်အရ တရားဓမ္မစာပေများကို အထူးဦးစားပေးဖတ်ဖြစ်တာများသည်။ ဘာသာရေးဆိုင်ရာ မဂ္ဂဇင်းစာစောင်များကိုလည်း ဝယ်ယူဖတ်ရှုသည်။ စာဖတ်အားကောင်းသည့်အလျောက် အသိအလိမ္မာဗဟုသုတကြွယ်ဝသည်။ စကားပြောဆိုရာတွင်လည်း လည်လည်ပတ်ပတ်နှင့် သူတစ်ပါးနားဝင်အောင် ပြောဆိုနိုင်စွမ်းရှိသည်။ စာအုပ်စာပေများမှ လူနေမှုဘဝအတွက် အထောက်အကူများစွာရရှိသည်။ဘာသာရေးစာပေများကို ဖတ်ရှုပြီး ထိုထဲမှ ကောင်းနိုးရာရာ ကျင့်စဉ်များကိုလည်း လိုက်နာကျင့်ကြံလေ့ရှိသည်။

အားလပ်သည့်တစ်ရက် နေ့လယ်ပိုင်းတွင် ဗုဒ္ဓပရိတ်တော်များနှင့် ဂါထာမန္တန်ပေါင်းချုပ်ကိုဖတ်ဖြစ်သည်။ ဂါထာမန္တန်များအပိုင်းတွင် အဌာနမေတံဂါထာတော်ကို စိတ်ဝင်စားစွာဖြင့် ဖတ်ရှုလေ့လာမိသည်။ ဒီအခါ ဒေါ်အေးမေ၏အတွေးကွန်ရက်၌ အဌာနမေတံဂါထာတော်ကို ရွတ်ပွားပူဇော်ရလျှင် ကောင်းမည်ဟု စိတ်အကြံဖြစ်ပေါ်လာသည်။ အခေါက်ရေမည်မျှရွတ်လျှင် ကောင်းမည်လဲ စဉ်းစားရသည်။ နောက်ဆုံး အဌာနမေတံဂါထာကို သက်စေ့ပုတီးလုံးရေမှတ်၍စိပ်မည်ဟု ဆုံးဖြတ်ချက်ချမိတော့သည်။

နောက်တစ်နေ့ ဘုရားဝတ်ပြုအမျှအတန်းပေးဝေပြီးသည်နှင့် အဌာနမေတံဂါထာတော်ကို သက်စေ့ပုတီးစတင်စိပ်သည်။ နှုတ်မှရွရွရွတ်ဆိုလျက် တစ်ပုဒ်ပြီးလျှင် ပုတီးတစ်လုံးချဖြင့် သက်စေ့ (၅၇) လုံး ရေတွက်မှတ်သားကာ အာရုံမိမိစိပ်ပါသည်။ သည့်နောက်ပိုင်း နေ့စဉ်ပုံမှန် ပုတီးစိပ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဒေါ်အေးမေ၏ အတွေးမှန်သည်ဟု ဆိုရပါလိမ့်မည်။ (၇) ရက်ခန့်အကြာတွင် ကာလကြာရှည်ခံစားနေရသည့် ကုပ်ကျီးပေါင်းတက်ရောဂါမှာ လုံးဝပင် ပျောက်ကင်းသွားကြောင်း လက်တွေ့ခံစားသိရှိရပါသည်။

ရောဂါပျောက်ကင်းပြီ ဖြစ်သော်လည်း အဌာနမေတံဂါထာကို ယနေ့ထက်တိုင် ပုံမှန်စိပ်မြဲစိပ်လျက်ရှိနေပါသည်။ သူရဇ္ဇ၏ ချစ်စွာသော စာဖတ်ပရိသတ်များ ဗုဒ္ဓမြတ်စွာနှုတ်တော်မှဖွင့်ဟ မြွက်ကြားသည့် အဌာနမေတံ (သက်တော်မြဲ) ဂါထာတော်မြတ်ကို တစ်လက်စတည်း တွေ့မြင်ဖတ်ရှုကြည်ညိုပူဇော်နိုင်ရန် ဖော်ပြအပ်ပါသည်။

အဌာနမေတံဂါထာတော်မြတ်ကို သက်တော်မြဲဂါထာဟု ယုံကြည်လက်ခံထားကြပါသည်။ ရှင်ဒေဝဒတ်က ဗုဒ္ဓမြတ်စွာဘုရားရှင်အား အကြံအစည်ဖြင့် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကြီးကို လိမ့်ချခဲ့သည်။ ဘုရားရှင်၏အသက်အန္တရာယ်မဖြစ်သော်လည်း ကျောက်တုံးကြီးမှ လွင့်စဉ်သော ကျောက်စကျောက်နများကြောင့် ဘုရားရှင်၏ ခြေမတော်တွင် သွေးစိမ်းတည်ခဲ့သည်။ ထိုသတင်းကို တပည့်ရဟန်းများ ကြားသိကြလျှင် ဘုရားရှင်ကို စုရုံးစောင့်ရှောက်ကြပါသည်။ စုရုံးရောက်ရှိလာကြသော ရဟန်းအပေါင်းတို့အား တရားဒေသနာတော်ဟောကြားပါသည်။ 'ငါဘုရား၏ အသက်ကို စိုးရိမ်ရန်မလို။ ဘုရားရှင်၏ အသက်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ အန္တရာယ်ပြုနိုင်စွမ်းမရှိ မိမိအလိုလိုသာ ပရိနိဗ္ဗာန်စံရသည်သာဖြစ်ကြောင်း ဟောကြားတော်မူသည်မှစ၍ ဘုရားဟောဒေသနာတော်ကို ရွတ်ဆိုပွားများခဲ့ကြပါသည်။ အဌာနမေတံဂါထာတော်ကို အသက်အန္တရာယ်ပြုခြင်းမှ ကင်းဝေးစေရန် လည်းကောင်း၊ လတ်တလောသေစေတတ်သည့်ကံနှင့် နှိပ်စက်ခံရခြင်းတို့မှ ကင်းလွတ်စေရန် အစဉ်အမြဲရွတ်ဖတ်ပွားများသင့်ပါသည်။

**အဌာနမေတံ**
**(သက်တော်မြဲဂါထာတော်ပါဠိ)**

- အဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
  ယံ ပရူပက္ကမေန ဘိက္ခဝေ တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
  အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
  ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

*(ဝိနယ ပိဋက စူဠဝါပါဠိတော် နာဠာဂီရိ ပေသနဲ-ဝိ၊ ၄, ၃၅၆)*

**ဂါထာတော်အနက်**

**ဘိက္ခဝေ**-ချစ်သားရဟန်းတို့၊ **ယံ**-အကြင်အကြောင်းကြောင့်၊ **ပရူပက္ကမေန**-သူတစ်ပါးတို့၏ပယောဂဖြင့်၊ **တထာဂတံ**-ငါဘုရားကို၊ **ဇီဝိတာ**-အသက်တော်မှ၊ **ဝေါရောပေယျ** - ခွင်းခွာပျက်ခြွေချသက်လေရာ၊ **တံ** - ဤသို့ရုပ်နာမ်ပျက်ခွင်းချသတ်နိုင်ခြင်းသည်၊ **အဌာနံ**-အကြောင်းမဟုတ်သည်သာတည်း။ **တံ သော** - ဤသို့ ရုပ်နာမ်ဖျက်ခွင်းချသတ်နိုင်ခြင်းသည်၊ **အနဝကာသော** - အခွင့်အခါမဟုတ်သည်သာတည်း။ **ဘိက္ခဝေ** - အိုချစ်သားတို့၊ **တထာဂတာ** - ရှေးရှေးအတူပွင့်တော်မူခဲ့ကြသော ဘုရားရှင်တို့သည်၊ **အနုပက္ကမေန** - သူတစ်ပါးတို့၏ လက်နက်လုံ့လပယောဂတို့ကြောင့်မဟုတ်ဘဲနှင့်၊ **ပရိနိဗ္ဗာယန္တိ** - မိမိအလိုလိုသာ နိဗ္ဗာန်စံကိန်းငြိမ်းကြတော်မူကြကုန်၏။

**ဧတေနသစ္စဝဇ္ဇေန**-ဤသို့မှန်သော စကားကိုဆိုရခြင်းကြောင့်၊ **မေ** - တပည့်တော်အား၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **သောတ္ထိ** - ဘေးရန်ကင်းကွာ ချမ်းသာသုခတို့နှင့်ပြည့်စုံခြင်းသည်၊ **ဟောတု** - စင်စစ်မသွေဖြစ်ပါစေသတည်း။

နေဝင်းဝင်း(လှန်ဆေး)



www.burmeseclassic.com

### ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် မန္တလေးမြို့ဗဟိုပြု ဒေသတရိခရီးစဉ်များမှ ထူးခြားမှုများ

*(ယခင်လမှအဆက်)*

နောက်တစ်ဦး ထူးခြားသောသူ ရှိပါသေးသည်။ ထိုသူသည် ဆရာမကြီး၏ ဒေါ်ခင်စန်းတင့်တို့၏ နေအိမ်သို့ ရုပ်ရှင်တော်မြတ် မကြွရောက်လာမီမှာ ပင် (၃) ကြိမ်ခန့် ကြိုတင်ရောက်ရှိလာပြီး ရုပ်ရှင်တော်မြတ် မနှစ်က ဤအိမ်တွင် ကြွရောက်စဉ်အခါတုန်းကလည်း လာရောက် ဖူးမြော်ခဲ့သေးသည်ဟု ဆိုပါသည်။ ယခု ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသောအခါတွင်လည်း ဝမ်းသာအားရ ပီတိဖြစ်လျက် ဗုဒ္ဓ၏ဂုဏ်တော်ကန်တော့ချီးများစွာဖြင့် ကျယ်လောင်စွာ ပူဇော်ကန်တော့ပြီး ဘုရားဖူးဒေသ့သည်များကိုလည်း ၎င်း၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်က ရိုက်ကူးထားသောပုံတော်များကို ဒါနပြုဝေငှလျက်ရှိပါသည်။ စာရေးသူကိုလည်း ထိုပုံတော် လက်ဆောင်ပေး၍ စာရေးသူနှင့် အတူရှိနေသော ဆရာစိုးနှင့် ကိုမျိုးမင်း (ရွှေမန္တလေး အထက်မြန်မာဂျာနယ် ထုတ်ဝေသူ) တို့ကိုလည်း တစ်ပုံစီလက်ဆောင်ပေးပါသည်။ ထို့နောက် စာရေးသူတို့ (၃) ဦးကို ရည်ရွယ်၍ -

"ကျွန်တော့်ဆီမှာလည်း သစ်တောအရာရှိတစ်ယောက်က လေပျံသစ်တော်ရဲ့ အပိုင်းကလေးတစ်ခု လက်ဆောင်ပေးထားတာကြာပြီ။ ကျွန်တော်လည်း ဘုရားခန်းမှာ ကိုးကွယ်ထားခဲ့တယ်။ ရွှေကံကူ လေပျံသစ်တော်ရုပ်ရှင်တော်မြတ်ရဲ့ ဂုဏ်သတင်းတွေကိုကြားသိလိုက်ရတော့ ကျွန်တော့်အိမ်ကို ပင့်ဆောင်ပူဇော်ချင်တဲ့ဆန္ဒရယ်၊ ဖူးမြော်လိုတဲ့ဆန္ဒရယ်ဖြစ်ပေါ်လာတာနဲ့ စဉ့်ကိုင်ကိုသွားခဲ့တယ်။ စဉ့်ကိုင်ရောက်တော့ ရုပ်ရှင်တော်မြတ်ဟာ စင်ကာပူကိုကြွနေတယ်လို့ သိရတယ်။ ဒါနဲ့ ပင့်ဆောင်ပူဇော်လိုကြောင်း စင်ကာပူက ပြန်ရောက်ရောက်ချင်း ပူဇော်လိုကြောင်းပြောတော့ စင်ကာပူမှပြန်ရောက်ရင် တိုင်းမှူးတစ်ဦးမှ ပင့်ထားပါလို့ မရနိုင်ဘူးဆိုပြီး အိမ်ရှင်တွေကပြောတယ်။ ကျွန်တော်လည်း ဘုရားကိုလည်း မဖူးတွေ့ရ၊ ပင့်ဆောင်ပူဇော်ခွင့်လည်းမရမို့ စိတ်မကောင်းဖြစ်ပြီး အိမ်ကိုပြန်ခဲ့တယ်။

အဲဒီညမှာပဲ ထူးဆန်းတဲ့အိပ်မက်မြင်မက်ပါတယ်။ အိပ်မက်ထဲမှာ ပုဂ္ဂိုလ်တစ်ပါးက 'ငါ့သား၊ မင်းဆီမှာ လေပျံသစ်တော်ရဲ့ဓာတ်ရှိနေတာပဲ။ သစ်သီး (၉) မျိုး၊ ပန်း (၉) မျိုးယူပြီး အဓိဋ္ဌာန်နှင့် ဂုဏ်တော် (၉) ပါး ပုတီးစိပ်ပြီး (၉) ရက် ဆုတောင်းလိုက်စမ်းပါ။ ငါ့သားအိမ်ကို ငါ့သားလိုချင်တဲ့ရက်မှာ ရုပ်ရှင်တော်မြတ်ကို ပူဇော်ခွင့်ရပါလိမ့်မယ်' လို့ မိန့်ကြားပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အဲဒီအတိုင်း အဓိဋ္ဌာန်ဝင်ခဲ့တယ်။ ရုပ်ရှင်တော်မြတ် ကြွရောက်လာပြီ ဆိုတော့ ကျွန်တော် တစ်ခေါက်ထပ်သွားတယ်။ အိမ်ရှင်တွေက အရင်လိုပဲပြောတယ်။ ဒါနဲ့ ကျွန်တော်လည်း ပြန်မယ်ပြင်တုန်း သတိရတာနဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ဆက်သွယ်လို့ရအောင်ဆိုပြီး ဖုန်းနံပါတ်ပေးထားခဲ့တယ်။ နောက်တစ်နေ့မှာပဲ ရွှေကံကူအောင်မြေက ဖုန်းဆက်လာတယ်။ ကျွန်တော် လျှောက်ထားခဲ့သောနေ့ ပင့်ဆောင်ပူဇော်ခွင့်ရရှိတယ်







ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ နန်းရှေ့ ဦးသိန်းထွန်း(ဇတိုတရားရုံးရှေ့နေ) ဒေါက်တာ ခင်စန်းမြင့် (ပါမောက္ခ၊ မြန်မာစာဌာန၊ မြင်းခြံဒီဂရီကောလိပ်) တို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်စဉ်

www.burmeseclassic.com

လို့သိလိုက်ရတော့ ကျွန်တော် ဝမ်းသာလွန်းလို့ထခုန်မိတယ်။ အဲဒီလိုနဲ့ ထူးထူးခြားခြား ကျွန်တော့်အိမ်ကို ပင့်ဆောင်ခွင့်ရလိုက်တယ်။ ကျွန်တော့်အရင်လျှောက်ထားနှင့်သူဟာ အကြောင်းအမျိုးမျိုးနဲ့ ပင့်ဆောင်ဖို့ ပျက်ကွက်သွားတယ်လို့ သိလိုက်ရတယ်။ ဒါပေမယ့် ကျွန်တော့်အိမ်ကို တစ်ညပဲ ပူဇော်ခွင့်ရမယ်လို့ သိရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပင့်ဆောင်ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ။ ဒါကြောင့် ကျွန်တော်လည်း တတ်နိုင်တဲ့အင်အားနဲ့ အခမ်းနားဆုံးဖြစ်အောင် စီစဉ်ပြီး ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပြီး ကျွန်တော့်အိမ်မှာ ပူဇော်ခဲ့ပါတယ်။ ကျွန်တော်လည်း ဒီတစ်ညတော့ မအိပ်ဘဲ ဘုရားရဲ့တန်ခိုးတော်ကိုစောင့်ဖူးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် တစ်ညလုံးမအိပ်ဘဲနဲ့ ဘုရားဝတ်ပြု ဂုဏ်တော်ပွား၊ ဘုရားဖူး။ ဒီလိုနဲ့ ည (၂) နာရီထိုးသွားပြီ။ ဘုရားက ဘာမှ ထွေထွေထူးထူး တန်ခိုးတော်တွေမပြဘူး။ ဒါပေမယ့် ကျွန်တော် အားမလျှော့ဘဲ ဆက်ဖူးနေလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်ခေါင်းပေါ်က အိမ်မြှောင်စုတ်ထိုးသံ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။ ပြီးတော့ အဲဒီအိမ်မြှောင်က ကျွန်တော့်နဖူးပေါ်တည့်တည့် ချေးပါချလိုက်တယ်။ ဖတ်ခနဲနေတာပဲ။ ချေးတုံးကတော်တော်ကြီးတယ်။ ကျွန်တော်လည်း ထူးဆန်းတယ်ထင်လို့ အိမ်မြှောင်ချေးတုံးကို လက်ဝါးဖြန့်ပြီး တင်ကြည့်လိုက်တော့ နှစ်ပိုင်းကွဲသွားပြီး ရွှေနဂါးရုပ်ကလေးနဲ့ ရွှေကြေးစည်လေး ထွက်လာတယ်။ ကျွန်တော်လည်း စိတ်ထဲဘယ်လိုဖြစ်သွားတယ်မသိဘူး။ အနားမှာချထားတဲ့ အချိန်(၁၀)လောက်ရှိတဲ့ ကြေးစည်ကြီးကို လက်တစ်ဖက်တည်း ကြိုးကနေဆွဲမ,ပြီး ကြေးစည်ထုကြီး တစ်ဖက်ကကိုင်ပြီး အားကုန်လွှဲပြီး တီးတော့တာပဲ။ ရွှေမန်းတင်မောင်ရဲ့ ရွှေကြေးစည်သီချင်းကိုလည်း အသံကုန်ဟစ်ပြီး ဆိုချလိုက်တယ်။ အနားမှာရှိတဲ့ အိပ်ပျော်နေတဲ့သူတွေလည်း အကုန်နိုးကုန်တော့တာပဲ"

ဟု ပြောပါသည်။

ထို့နောက် -

"ကဲ-စကားပြောလို့တော့ကောင်းတယ်။ ဒါပေမယ့် ဓာတ်ပုံတွေကုန်သွားပြီ။ သွားကူးချေဦးမယ်။ ပြီးရင် လာဝေဦးမယ်"

ဟု ဆိုကာ ထွက်ခွာသွားပါသည်။






မန္တလေးမြို့ သိပ္ပံလမ်းဆုံမြောက်ဘက် (၆၂) လမ်း။ BB ကိတ်နောက်ကျောရှိ
ဗိုလ်မှူးကျော်သူရ+ဒေါ်ချောစုယဉ်တို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိစဉ်




ခဏကြာလျှင် ဆရာစိုးလည်း လေယာဉ်ချိန်နီးနေသဖြင့် ခွင့်ပြုရန်ပြောဆို နှုတ်ဆက်ပြီး ထွက်ခွာသွားပါသည်။

ထိုအခါမှ စာရေးသူလည်း -

"ကိုမျိုးမင်း၊ စောစောက ဓာတ်ပုံဝေသွားတဲ့သူကို သိသလား"

ဟု မေးရာ အိမ်နှင့် အမည်ကိုပါ သိရှိပြီး ခင်မင်သူတစ်ဦးဖြစ်သည်ဟု ပြောပါသည်။ အိမ်ရှင်ဆရာမကြီးများကလည်း-

"ဟုတ်တယ်၊ အဲဒီဦးလေးက မနက်ကတည်းက ရောက်လာတာ"

ဟု ပြောပါသည်။

(စာရေးသူသည် ထိုသူ၏အမည်၊ နေရပ်တို့ကို မသိရှိပါ။ သို့သော် ကိုမျိုးမင်း (၀၉-၆၅၀၄၈၆၀) ထံတွင် အလွယ်တကူသိရှိနိုင်သဖြင့် စုံစမ်းနေသျှင် ဆောင်းပါးရေးသားခြင်း ကြန့်ကြာနေ


www.burmeseclassic.com

www.burmeseclassic.com

မည်ဖြစ်၍ ဆက်လက် ရေးသားရခြင်း ဖြစ်ပါသည်။)

ထိုနေ့ ညနေပိုင်းတွင် ဗိုလ်မှူးကျော်သူရ(ငြိမ်း)နှင့် ဇနီးဒေါ်ချောစုယဉ်တို့၏ နေအိမ်သို့ ဆက်လက် ကြွမြန်းတော်မူရမည် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ထုံးစံအတိုင်းပင် နောက်တစ်အိမ်သို့ ပြောင်းတော်မူခါနီးလေ ဧည့်ပရိသတ်တို့သည် တဖွဲဖွဲရောက်ရှိလာလေ။ အိမ်ရှင်တို့မှာလည်း ပူဇော်ဖူးမြော်၍ မဝနိုင်အောင်ဖြစ်ကြရလေ ဖြစ်ရပါသည်။ ဗိုလ်မှူးကျော်သူရနှင့် ဆရာဦးတင်မောင်အုန်းတို့ ရောက်လာသောအခါ အိမ်ရှင်များမှ -

"နေပါဦး ခဏကလေးပါ"

ဟု ဆိုကြသဖြင့် ဗိုလ်မှူးကျော်သူရက ဖိတ်စာတွင် နေ့လယ် (၂) နာရီဟု ထည့်သွင်းထား၍ အိမ်သို့ဧည့်သည်တို့ လာရောက် စောင့်ဆိုင်းနေကြကြောင်း ယခုပင် ညနေ (၄) နာရီကျော်ပြီဖြစ်၍ ထပ်မံအချိန်မဆွဲတော့ရန် မေတ္တာရပ်ခံပါသည်။ ထို့ကြောင့် စာရေးသူလည်း ရုပ်ရှင်တော်မြတ်အား သက်နိုးတော် လွှမ်းခြုံလိုက်ပါသည်။ ရုပ်ရှင်တော်မြတ်၏ ဉာဏ်တော်နှင့် သင့်လျော်သော အင်းလေးကန်ထွက် ကြာသက်နိုး (၂) ထည် လှူဒါန်းထားရှိရာ ရုပ်ရှင်တော်မြတ် တစ်အိမ်နှင့်တစ်အိမ်၊ တစ်မြို့နှင့်တစ်မြို့ ကြွမြန်းတော်မူသောအခါ ထိုကြာသက်နိုးတစ်ထည်ကို သက်နိုးရုံသကဲ့သို့ ရုပ်ရှင်တော်မြတ်၏ ကိုယ်လုံးတော်ကို တစ်ပတ်ပတ်လိုက်၍ သက်နိုးစ (၂) စထိပ်တွင် ကြိုးတပ်ထားရှိပြီး ပလ္လင်တော်ဖြင့် ဆိုင်းထားလိုက်ပါသည်။ ဆယ်တော်ကြီး၏ စိတ်ကူးဉာဏ်ပင်ဖြစ်ပါသည်။ ထိုသို့ စီစဉ်လိုက်သောအခါ ရုပ်ရှင်တော်မြတ်သည် လမ်းခရီး၌ ပလ္လင်တော်ပေါ်မှ မတော်တဆလျှောကျခြင်း၊ ရုပ်ရှင်တော်မြတ်တွင် ဆင်မြန်းလှူဒါန်းထားရှိသော ရတနာတို့ပြုတ်ကျခြင်းမှ ကာကွယ်ခြင်း၊ ရုပ်ရှင်တော်မြတ်အား လက်ဖြင့်ထိန်းရန် မလိုအပ်တော့၍ ရွှေသက်နိုးများ ပျက်ပြယ်ခြင်းတို့မှ ကင်းဝေးစေပါသည်။ ထိုသို့ ပင့်ဆောင်ခြင်းမှာ အစစအရာရာအဆင်ပြေလှသည် ဟု ဆိုရမည်ဖြစ်ပါသည်။

(ယခု ရုပ်ရှင်တော်မြတ် ဒေသစာရီ ကြွချီခြင်းများတွင် တောက်လျှောက် အသုံးသုံး စံပယ်တော်မူလျက်ရှိသော ပလ္လင်တော်မှာလည်း ရုပ်ရှင်တော်မြတ် အတွက် အသင့်လျော်ဆုံး ပလ္လင်တော်ဖြစ်နေ၍ ရုပ်ရှင်တော်မြတ်တွင် သာမန်ပလ္လင်တော်များ ထောင်ချီရှိနေပြီး ရွှေသားပလ္လင်တော်၊ ငွေသားပလ္လင်တော်နှင့် အခြားတန်ဖိုးကြီးပလ္လင်တော်တို့ များစွာရှိနေသော်လည်း ယခုလက်ရှိ ပလ္လင်တော်တစ်လုံးတည်းကိုသာ စံပယ်တော်မူရခြင်းမှာ ထိုပလ္လင်တော်၏ထူးခြားသော တည်ဆောက်ပုံကြောင့် ဖြစ်ပါသည်။ ထိုပလ္လင်တော်မှာ ရိုးရိုးသာမန်ပလ္လင်တော်ပုံတွင် မှန်သဏ္ဍာန်ထည့်သွင်းထုလုပ်ထားရှိခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ထိုပလ္လင်တော်နှင့် ပင့်ဆောင်သောအခါ ရုပ်ရှင်တော်မြတ်သည် ကျောင်းဆောင်အတွင်း သီတင်းသုံးနေတော်မူသကဲ့သို့ အပေါ်နှင့် နံဘေးတို့တွင် အကာအကွယ်ပါရှိနေ၍ တစ်စုံတစ်ရာ ပြုတ်ကျခြင်း၊ တစ်စုံတစ်ရာဖြင့် ရုပ်ရှင်တော်မြတ်အား ထိခိုက်ခြင်း အန္တရာယ်တို့မှ ကင်းဝေးစေပါသည်။ ထို့ပြင် ရုပ်ရှင်တော်မြတ်အား လှူဒါန်းထားရှိသည့် ရွှေထီး (၃) လက်၊ ရွှေယပ်တောင် (၂) ချောင်း၊ ရွှေပန်းအိုး၊ ရွှေစည်၊ ရွှေအိုးစည်၊ ရွှေမောင်း၊ ရွှေကြေးစည်၊ ရွှေခေါင်းလောင်း၊ ရွှေတံခွန်၊ ရွှေခြသေ့်တို့ ချိတ်ဆွဲရန် အဆင်ပြေလှပါသည်။

ထို့ကြောင့် ဤပလ္လင်တော်ကို အတွေးကောင်းကောင်းဖြင့် စိတ်ကူးပုံဖော်၍ ထုလုပ်လှူဒါန်းခဲ့ကြသော ကိုသန်းအောင်၊ မခင်စိုးသူ (ကြံတိုင်းအောင်ဆောက်လုပ်ရေး) တို့အား ချီးကျူးခြင်းနှင့်အတူ သာဓုခေါ်ဆိုအပ်ပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်ကို စတင်ကိုးကွယ်စဉ်က သာမန်ဝန်ထမ်းအရာရှိငယ်ကလေးများသာ ဖြစ်သော်လည်း တစ်စထက်တစ်စ ဘဝအခြေအနေတိုးတက်မြင့်မားခဲ့ကြသည်။ ထူးခြားသည်ဟုဆိုရပါမည်။ ဤပလ္လင်တော် လှူဒါန်းပြီးသည့်နောက်တွင် ၎င်းတို့၏ ဆောက်လုပ်ရေးကုမ္ပဏီသည် လုပ်ငန်းများ တစ်ဟုန်ထိုး အောင်မြင်လာခဲ့ကာ အစစအရာရာ အဆင်ပြေတိုးတက်လျက်ရှိကြောင်းသိရပါသည်။)

ထို့နောက် ဗိုလ်မှူးကျော်သူရနှင့် ဆရာမကြီး ဒေါ်ခင်စန်းတင့်၊ ဆရာမကြီး ဒေါ်ဆွေဆွေသန်းတို့ ရုပ်ရှင်တော်မြတ်အား လက်လွှဲပြောင်း ပင့်ဆောင်ခြင်းကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ဗိုလ်မှူးကျော်သူရမှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်လိုက်ပါသည်။ ထိုအချိန်မှာပင် ရုပ်ရှင်တော်မြတ်သည် ပကတိအသားအရေကဲ့သို့ အသွင်တော်ပြောင်းလဲသွားပြီး မျက်လုံးတော်များ ပွင့်တော်မူလာသဖြင့် ဗိုလ်မှူးကျော်သူရအား ခေတ္တနေပါဦးဟုဆိုကာ ဓာတ်ပုံများ ရိုက်ကူးကြပြန်ပါသည်။ ဤသို့ဖြင့် မှောင်ရီပျိုးမှသာ ရုပ်ရှင်တော်မြတ် ဤနေအိမ်မှ ထွက်ခွာကြွမြန်းတော်မူနိုင်ပါတော့သည်။

ထိုသို့ဖြင့် ၂၆-၅-၂၀၁၃ ရက်နေ့ ညဦးပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် (၆၂) လမ်း၊ သိပ္ပံလမ်းဆုံမြောက်ဘက် မနော်ရမန်ကစားကွင်းနှင့် မျက်နှာချင်းဆိုင် BBကိပ်၏နောက်ကျောရှိ ဗိုလ်မှူးကျော်သူရ၊ မချောစုယဉ် (၀၉ - ၄၄၅ ၁၀၈၃၁၅) နေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူပါသည်။

ဤမိသားစု ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်ဖြစ်ပုံမှာ ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့မှ ပြန်လည် ကြွရောက်တော်မမူမီ ဆရာ ဦးတင်မောင်အုန်း ရောက်ရှိလာပြီး ၎င်း၏ မိတ်ဆွေမိသားစုအတွက်ဟုဆိုကာ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရန် စာရင်းပေးသွင်းခဲ့ပါသည်။ ရုပ်ရှင်တော်မြတ် မန္တလေးခရီးစဉ်ရက်များရေးဆွဲပြီးကာမှ ညအိပ်သီတင်းသုံးရန် သတ်မှတ်ထားသော ဆရာမကြီး ဒေါ်ခင်စန်းတင့်တို့၏ နေအိမ်တွင် ညအိပ်၍မဖြစ်ဟုသိရသောအခါ တစ်ညနှင့် ရက်တစ်ပိုင်းလွတ်၍ နေပြီကို တွေ့ရှိရပါသည်။ ထိုအချိန်မျှနှင့် ပင့်ဆောင်ပူဇော်သူတို့ ကျေနပ်အားရနိုင်ခြင်းရှိမည်မဟုတ်သော်လည်း ရုပ်ရှင်တော်မြတ်တွင် ပင့်ဆောင်ပူဇော်လိုသူတို့ ပေါများလွန်းလှ၍ မိမိနေအိမ်အလှည့်သို့ ရောက်ရှိရန် ခဲယဉ်းလှသည်ဖြစ်ရာ စာရေးသူမှ အကြောင်းကြားလိုက်လျှင် မည်သူမဆို ပင့်ဆောင်ပူဇော်ကြမည်သာ ဖြစ်ပါသည်။ သို့သော် ကာလတာရှည် စောင့်ဆိုင်းလာခဲ့ရပြီးခါမှ အချိန်အနည်းငယ်မျှသာ ပူဇော်ခွင့်ပြုလျှင် အားနာစရာကောင်းလှပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်သူတို့တွင် တစ်ခဏဖြစ်စေ၊ တစ်ညဖြစ်စေ၊ (၂)ရက်၊ (၃) ရက်ဖြစ်စေ ပြင်ဆင်ရခြင်းမှာ အတူတူပင်ဖြစ်ပါ၍ အချိန်များများရယူလိုကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ ထို့ကြောင့် ရက်လများစွာ စောင့်ဆိုင်းလာခဲ့ရသူတို့ကို မပေးအပ်လို၍ မကြာခင်ကမှ စာရင်းပေးသွင်းသွားသော ဗိုလ်မှူးကျော်သူရတို့ထံ ဖုန်းဆက်လိုက်ခြင်း ဖြစ်ပါသည်။ မချောစုယဉ်မှ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com

ကိုင်၍ ဝမ်းသာကြောင်း ပြောပါသည်။ ထိုရက်က မယ်တော်ကြီးတို့မှာ ရန်ကုန်မြို့မှာပင်ရှိသေးပြီး မချောစုယဉ်သည် မယ်တော်ကြီးနှင့် လည်းကောင်း၊ စာရေးသူနှင့် လည်းကောင်း တွေ့ဆုံဖူးခြင်း မရှိသေးပါ။

မချောစုယဉ်သည် စာရေးသူအား မိန်းကလေးထင်မှတ်၍ ဖုန်းထဲတွင်ပြောနေပါသည်။ ထိုအခါ စာရေးသူသည် မယ်တော်ကြီးမဟုတ်ပါ။ ဆရာဘိုဘိုဖြစ်ပါသည်ဟု ပြောလိုသော်လည်း မချောစုယဉ်တွင် အားနာသွားမည်စိုး၍ မည်သို့မျှမဖြေရှင်းတော့ဘဲ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရမည့်နေ့ရက်အချိန်တို့ကိုသာ ပြောကြားလိုက်ပါသည်။

အမှန်မှာ မချောစုယဉ်တို့သည် ယခုမှ လျှောက်ထားကြသူများမဟုတ်။ ဟိုးအရင်ကတည်းက အကြိမ်ကြိမ်လျှောက်ထားခဲ့ကြသူများဖြစ်ပြီး မန္တလေးဝန်းကျင်တွင် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာဌာနများသို့ အမြဲမပြတ်လိုက်လံဖူးမြော်ခဲ့ကြသူများ ဖြစ်သည်ဟု ၎င်းတို့နေအိမ်တွင် ကြွရောက်တော်မူပြီးမှသိရ၏။ ထို့ကြောင့် မယ်တော်ကြီး၏ ဖုန်းနံပါတ် မချောစုယဉ်ထံတွင်ရှိနေပြီးဖြစ်ရာ မချောစုယဉ်မှ မယ်တော်ကြီးထံ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်သောအခါ မည်သို့ပြင်ဆင်ထားရှိရမည်ဟူသော အချက်အလက်တို့ကို မေးမြန်းပါတော့၏။ ထိုအခါ မယ်တော်ကြီးမှ ညည်းကို ငါမသိ၊ ညည်းကို ရက်ချိန်း ငါမပေးဟုဆိုလေရာ နံနက်က မယ်တော်ကြီးကိုယ်တိုင် ဖုန်းဆက်တာပါဟု မချောစုယဉ်မှပြောလျှင် ကြံကြံဖန်ဖန် ညည်းဖုန်းနံပါတ် အခု ညည်းဆက်မှ တွေ့ဖူးတာပဲဟု မယ်တော်ကြီးမှ ပြောလိုက်သောအခါ မချောစုယဉ်၏ စိတ်တွင် ဘယ်လိုမယ်တော်ကြီးလဲ။ သူကပဲ ပင့်ခိုင်းသေးတယ်။ အခု မပြောပါဘူးလို့ ဆိုပြန်တယ်ဟု တွေးကာ စိတ်ပျက်သွားပြီး ဦးတင်မောင်အုန်းထံ ဖုန်းဆက်ရာ ဦးတင်မောင်အုန်းမှ စာရေးသူထံ ဖုန်းဆက်ပြန်သောအခါမှ စာရေးသူလည်း မယ်တော်ကြီးနှင့် မချောစုယဉ်တို့ကို အကြောင်းစုံ ပြောပြလိုက်ရပါသည်။ (ယခုလည်း ဆေးသိဒ္ဓိသစ္စာရေဆောင်းပါးတွင် ဖော်ပြခဲ့သည့်အတိုင်း စာရေးသူနှင့် တစ်ကြိမ်တစ်ခါမျှ စကားမပြောဘူးသူတို့ထံမှ ဖုန်းလာသည့်အခါတိုင်း စာရေးသူအား မိန်းကလေးထင်မှတ်၍နေသူတို့ အများအပြားပင် ရှိနေပါသေးသည်။ ဤသည်မှာ စာရေးသူ၏ ရေးသားချက်တို့နှင့် အပြင်လက်တွေ့တွင်လည်း တစ်သားတည်း ကျရောက်လျက်ရှိခြင်းကို ပြဆိုခြင်း ဖြစ်ပါသည်။)

ဗိုလ်မှူးကျော်သူရတို့၏ နေအိမ်သို့ရောက်ရှိသောအခါ ဘုရားဖူးဇည့်ပရိသတ်များစွာတို့ ရောက်ရှိနေနှင့်၍ ကြိုဆိုလျက်ရှိသည်ကို တွေ့ရပါသည်။ အပေါ်ထပ်ဘုရားခန်းတွင် ကျယ်ဝန်းသပ်ရပ်လှပစွာ ပြင်ဆင်ထားရှိ၍ စိတ်တွင် ကြည်နူးဝမ်းမြောက်မှုများ ခံစားရပါသည်။ စာရေးသူ နားနေရန်လည်း သီးသန့်အခန်းထားရှိပေး၍ သက်သောင့်သက်သာရှိလှပါသည်။ ဤနေအိမ်တွင် ပလ္လင်တော်လှူဒါန်းသူတို့ များပြားလှပါသည်။ ထို့အပြင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့အား သိရှိသူနည်းပါးသေးစဉ်အခါက ဤရုပ်ရှင်တော်မြတ်၏ ဘုန်းတန်ခိုးတို့သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများသို့ပါ ကျော်စောပျံ့နှံ့ကိုးကွယ်ပူဇော်ကြခြင်းကို ခံယူတော်မူရလိမ့်မည်ဟု ရုပ်ရှင်တော်မြတ်နှင့်ပတ်သက်၍ ကြိုတင်ဟောကိန်းထုတ်ခဲ့သော မန္တလေးမြို့နန်းရှေ့မှ နိုင်ငံကျော် အကြားအမြင်ဆရာကြီး အောင်တော်မူ ဦးစိန်ဝင်းမှ ၎င်း၏လက်တွင် ဝတ်ဆင်ထားခဲ့သော လက်စွပ်တစ်ကွင်း (ရွှေသား) ကို ရုပ်ရှင်တော်မြတ်အား လှူဒါန်းပါသည်။

ဤနေအိမ်တွင် တစ်ညအိပ်သာ ပူဇော်ခွင့်ရရှိပြီး (၂၄) နာရီပင် အပြည့်အဝ ပူဇော်ခွင့်မရရှိခဲ့ပါ။ သို့သော်လည်း ထူးခြားမှုများစွာ ဖြစ်ပေါ်ကြုံတွေ့ခဲ့ကြရပါသည်။ ထိုအကြောင်းအရာများကို ဤနေအိမ်သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးခဲ့သော ဆရာ (ကျူရှင်) ဦးတင်မောင်အုန်း (၀၉-၄၀၀၅၄၁၃၀၂) ၏ ရေးသား ပေးပို့ထားသော စာမူအတိုင်း ဖြည့်စွက်၊ ပြင်ဆင်၊ တည်းဖြတ်မှု မရှိဘဲ ထည့်သွင်း ဖော်ပြလိုက်ပါသည်။

ဦးတင်မောင်အုန်း၏ ဖော်ပြချက်မှာ ဤသို့ဖြစ်ပါသည်။

❑

ကျွန်တော်ဟာ ငယ်ကတည်းက စာဖတ်ဝါသနာပါလာခဲ့သူပါ။ အဲဒီလိုနဲ့ တစ်နေ့မှာ သူရဇ္ဇမဂ္ဂဇင်းကို စမ်းဖတ်ကြည့်မိလိုက်ပါတယ်။ အဲဒီအခါမှာ ဒီမဂ္ဂဇင်းဟာ ကိုယ်အမြဲဆက်ပြီးဖတ်သွားရတော့မယ့်စာအုပ်ဆိုတာ ခံစားလိုက်ရပါတယ်။ ဒီတော့ မဖတ်လိုက်ရသေးတဲ့ သူရဇ္ဇအဟောင်းတွေကိုလည်း ရနိုင်သလောက် ရှာဖတ်၊ စုဝယ်၊ နောက်ဆက်ထွက်မယ့် စာအုပ်တွေကိုလည်း လစဉ်ဝယ်ဖတ်လာတာ ဒီနေ့အထိပါပဲ။

ဒီလိုနဲ့ ဆောင်းဥတု နေ့တစ်နေ့မှာ သူရဇ္ဇမဂ္ဂဇင်းထဲက ရွှေကံကူလေပျံသစ်တော်မြတ်စွာဘုရားရှင်ဆောင်းပါးတစ်ပုဒ်ကိုဖတ်လိုက်ရပါတယ်။ စာအရေးအသားကလည်း ပြေပြစ်ချောစပ်တယ်။ အကြောင်းအရာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ စာရေးသူက ဆရာဘိုဘိုလို့ ဖော်ပြထားပါတယ်။ ကျွန်တော် ရွှေကံကူဘုရားရှင်တော်နဲ့ ပတ်သက်လို့ သိထားတာအလွန်နည်းပါးပါတယ်။ ဆရာဘိုဘိုကိုလည်း မတွေ့မြင်ဘူးသေးပါဘူး။ အဲဒီဆောင်းပါးဖတ်ပြီးတဲ့နောက်ပိုင်းမှာ ရွှေကံကူဘုရားရှင်တော်ကို သွားရောက် ဖူးမြော်ကြည်ညိုလိုတဲ့စိတ်ဟာ ကျွန်တော့်ကို လွှမ်းမိုးနေပါတယ်။

တစ်နေ့ ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ဦးနဲ့ တွေ့ဆုံစကားပြောရင်းကနေ ရွှေကံကူဘုရားရှင်တော်ကို သွားရောက်ဖူးမြော်ဖို့ ရတ်တရက် ဆုံးဖြတ်လိုက်ပါတယ်။ မိတ်ဆွေက ဆက်သွယ်ရေးမှ ကိုဌေးမောင် ဖြစ်ပါတယ်။ ဘာသာရေးအလုပ်ကိစ္စများကို သူ့အကြောင်းတရားနဲ့သူလုပ်နေသူ ထူးခြားသူတစ်ဦးပါ။ ကျွန်တော်တို့က သူ့ကို ဗိုလ်ဌေး၊ ကိုတယ်လီ၊ တယ်လီဖုန်း စသဖြင့် ခေါ်တတ်ကြပါတယ်။

ကျွန်တော်နဲ့ ကိုဌေးမောင်တို့ နှစ်ယောက် ကားနဲ့ မန္တလေးကနေ စဉ့်ကိုင်ကိုထွက်လာကြပါတယ်။ အဲဒီနေ့က ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် တနင်္ဂနွေနေ့ပါ။ နှစ်ယောက်စလုံးလည်း နေ့လယ်စာမစားရသေးပါဘူး။ ရွှေကံကူနဲ့ပတ်သက်လို့ ကျွန်တော်မှတ်မိတာကတော့ စဉ့်ကိုင်က ခေတ်ဆန်သူစားဥယျာဉ်နဲ့ မပေါင်းပေါင်း ဆိုတဲ့ နာမည်ပါပဲ။

မွန်းလွဲပြီးမှ ကျွန်တော်တို့ စဉ့်ကိုင်ရောက်ပါတယ်။ ခေတ်ဆန်သူဆိုင်ကိုလည်းမေးမြန်းရင်း ရောက်သွားပါတယ်။ အဲဒီမှာ နေ့လယ်စာစားရင်း ခဏနားလိုက်ပါတယ်။ မပေါင်းပေါင်းကို မေးကြည့်တော့ ခရီးသွားနေလို့မရှိပါဘူး။ ဆိုင်ကလည်း ရွှေကံကူဘုရားရှင်ပွင့်တော်မူရာအောင်မြေကို ညွှန်ပြ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါတယ်။

ကျွန်တော်တို့ အောင်မြေကို ထွက်လာခဲ့ပါတယ်။ အောင်မြေရောက်တော့ ပြုံးပြုံးရွှင်ရွှင်မွှန်မွှန်ရည်ရည်ရှိတဲ့ အမျိုးသားတစ်ဦးကို တွေ့ရပါတယ်။ သူကတော့ ဆရာဘိုဘိုပါပဲ။ ကျွန်တော်တို့ ဆရာ့ကို နှုတ်ဆက်မိတ်ဆက်ပြီး ဘုရားရှင်တော်မြတ်ကို ကြည်ညိုခွင့်တောင်းလိုက်ပါတယ်။ ဆရာကလည်း လိုလိုလားလား ခွင့်ပြုပါတယ်။ ဒါပေမယ့် ရွှေကံကူဘုရားရှင်တော်မြတ်ကတော့ အောင်မြေမှာ သီတင်းသုံးနေခြင်း မရှိပါဘူး။ အခြားအရပ်ဒေသသို့ အပူဇော်ခံဒေသစာရီ ကြွချီတော်မူနေပါတယ်လို့ ဆရာက ပြောပြပါတယ်။

အောင်မြေမှာ ရွှေကံကူဘုရားရှင်တော်မြတ်ကို မဖူးမြင်ရပေမယ့် ကျွန်တော်တို့နှစ်ယောက်ဟာ ရုပ်ရှင်တော်မြတ် ပလ္လင်တော်ပေါ်မှာ သီတင်းသုံးနေသလိုအာရုံပြုပြီး ဝတ်ပြုကန်တော့လိုက်ကြပါတယ်။ ပြီးတော့ ကိုဌေးမောင်နဲ့ ကျွန်တော်ဟာ နေရာကိုယ်စီ ပြင်ဆင်လိုက်ပြီး အသင့်ပါလာတဲ့ စိပ်ပုတီးများနဲ့ မြတ်စွာဘုရားရှင်နဲ့ ဂုဏ်တော်များကို ပွားများ ကြည်ညိုပူဇော်လိုက်ပါတယ်။ အချိန်အနည်းငယ်ကြာပြီးတဲ့နောက်မှာ ရွတ်ဆိုပူဇော်ခြင်းတွေပြီးသွားပါတယ်။ ကျွန်တော်တို့ပြုနေကျအတိုင်း မေတ္တာပို့အမျှ (၃) ကြိမ် ပေးဝေပြီးတဲ့နောက် ကျွန်တော်ယူလာတဲ့ မောင်းကြီးကို (၉) ချက်ထုလို့ သက်ဆိုင်ရာ ဆွေတော်မျိုးတော်များတို့ကို အမျှဆက်ဝေပေးလိုက်ပါတယ်။

စဉ့်ကိုင်အောင်မြေအထိရောက်အောင်လာခဲ့ပြီးမှ ရွှေကံကူဘုရားရှင်တော်မြတ်ကို မျက်မြင်ဖူးတွေ့ရခြင်းမရှိပေမယ့် ကျွန်တော်တို့နှစ်ယောက်ဟာ စိတ်ပျက်ခြင်း လုံးဝမဖြစ်မိကြပါဘူး။ အောင်မြေက များပြားလှတဲ့ပလ္လင်တော်များရှေ့မှာ အာရုံပြုကန်တော့ရတာ၊ ဂုဏ်တော်များကို ပွားများအောက်မေ့ရတာ၊ လူ-နတ်-ဗြဟ္မာအပေါင်းကို မေတ္တာပို့ပြီး အမျှ (၃) ကြိမ် မောင်းတီးဝေလိုက်ရတာကိုပဲ ကြည်နူးကျေနပ်နေမိပါတယ်။

အဲဒီနောက် ဆရာဘိုဘိုနဲ့ စကားစမြည်ပြောရင်း ကျွန်တော်တို့ဟာ ရွှေကံကူဘုရားရှင်တော်မြတ်ကို ပလ္လင်တော်တစ်ခုကို ဘုရားရှင်အား ရည်စူးလှူဒါန်းခွင့်ရလိုက်ပါတယ်။ ပလ္လင်တော် လှူဒါန်းနေစဉ်မှာ ဆရာဘိုဘို ရှေ့မှ တိုင်ပေးနေတာကို လိုက်ဆိုရတာဟာ အလွန် ကြည်ညိုဖွယ်၊ ကြည်နူးဖွယ် ကောင်းလှပါတယ်။

ပလ္လင်တော်လှူဒါန်းပြီး ဆရာဘိုဘိုနဲ့စကားဆက်ပြောဖြစ်ပြန်ပါတယ်။ အဲဒီမှာ ဆရာဘိုဘိုက ကျွန်တော်တို့နှစ်ယောက်ကို ပလ္လင်တော်တစ်ခုစီ ပြန်စွန့်လှူဒါန်းမယ့်အစီအစဉ်ဖြစ်သွားပါတယ်။ ကျွန်တော့်တို့လည်း ဝမ်းသာသွားတာပေါ့။ ဆရာဘိုဘိုက ပလ္လင်တော်တစ်ခုကို နဖူးနားမှာ ပင့်မြှောက်ပူဇော်လိုက်ပါတယ်။ ဘေးက ကျွန်တော်တို့ (၂) ယောက်ကလည်း ပလ္လင်တော်ရဲ့အောက်ခြေမှ လက်ဖဝါးနှစ်ဖက်စီနဲ့ ခံထားလိုက်ပါတယ်။ ဆရာဘိုဘိုက ပလ္လင်တော်လက်ခံတဲ့အခါမှာ ငါးပါးသီလထဲက မိမိအမြဲထိန်းသိမ်းနိုင်မယ်လို့ယုံကြည်တဲ့ သီလတစ်ပါးကို အဓိဋ္ဌာန်ပြုပါလို့ မှာကြားပါတယ်။ အဲဒီနောက် ဆရာက သူရွတ်ဆိုစရာတွေကို ရှေ့က နေတိုင်ပေးပြီး ကျွန်တော်တို့ကို နောက်ကနေ ရွတ်ဆိုစေပါတယ်။ အဲဒီလို ရွတ်ဆိုနေစဉ်မှာပဲ စိတ်လှုပ်ရှားဖွယ်ကောင်းလောက်အောင် ထူးခြားမှုကြီးတစ်ခု ဖြစ်ပေါ်နေပါတော့တယ်။

ကျွန်တော်တို့က မျက်စိတွေမှိတ်ထားပြီး ဆရာရှေ့ကတိုင်ပေးနေတာကို အာရုံပြုပြီး လိုက်ရွတ်ဆိုနေတာပါ။ ဒီထူးခြားလှတဲ့ဖြစ်ရပ်ကို စိတ်ကသိနေပါတယ်။ နှုတ်ကတော့ ဖွင့်မပြောဖြစ်ပါဘူး။ ပလ္လင်တော်တွေ လက်ခံရယူပြီးတဲ့နောက် ဆရာဘိုဘိုနဲ့ ကိုဌေးမောင်ကို ကျွန်တော် အကဲခတ်ကြည့်လိုက်ပါတယ်။ သူတို့လည်း အေးအေးဆေးဆေးပါပဲ။

ကျွန်တော်လည်း ဘာမှမပြောဘဲ အမှတ်တရဓာတ်ပုံရိုက်၊ ဆရာဘိုဘိုကို နှုတ်ဆက်ပြီး မန္တလေးကို ပြန်လာခဲ့ကြပါတယ်။ စိတ်ထဲမှာလည်းကြည်နူးအားရနှစ်သိမ့်လို့ပေါ့လေ။

လမ်းကျမှ ကိုဌေးမောင်ကို စကားစလိုက်ပါတယ်။ကျွန်တော်တို့နှစ်ယောက်စကားအပြန်အလှန်ပြောပုံလေးနဲ့ တင်ပြလိုက်ပါမယ်။

"ကိုဌေးမောင်ရေ၊ ရွှေကံကူဘုရားနဲ့ပတ်သက်လို့ ကျွန်တော်တစ်ခုလောက်မေးချင်တယ်ဗျာ"

"ဘာများလဲ ဆရာ"

"ခင်ဗျား ဆရာဘို ကျွန်တော်တို့ကို ပလ္လင်စွန့်ပေးနေချိန်မှာ ဘာထူးခြားတာသိလိုက်သလဲ"

"ဟာ - အရမ်းကို ထူးဆန်းတာပေါ့ဗျာ။ ကျွန်တော်လည်း အဲဒါကို အခုစဉ်းစားနေတာ။ ပလ္လင်တော်ကြီးက မိုးပေါ်ကိုပျံတက်တော့မလိုဖြစ်နေတာ။ ကျွန်တော့်မှာမနည်းကိုထိန်းထားရတယ်။ ထူးဆန်းလိုက်တာ ဆရာရယ်"

"ဟုတ်တယ် ကိုဌေးမောင်၊ ကျွန်တော်လည်း အဲဒီလိုခံစားရတယ်။ လက်မနဲ့ကို တအားကုပ်ထားရတာ"

အဟုတ်ပါ။ ဆရာဘိုက ပလ္လင်တော်များစွန့်ပေးနေချိန်မှာ ကျွန်တော်တို့က ပလ္လင်တော်ရဲ့အောက်ကနေ လက်ဖဝါးနှစ်ဖက်စီဖြန့်လို့ ခံယူနေတာပါ။ ပလ္လင်တော်များဟာ သစ်နဲ့ပြုလုပ်ထားတာမို့ အလေးချိန်ရှိသင့်သလောက်ရှိပါတယ်။ ဒီလိုအခြေအနေမှာ အပေါ်ကနေ အားကောင်းလှတဲ့ ဆွဲအားကြီးတစ်ခုနဲ့ ဆွဲငင်နေသလိုမျိုး ဖြစ်ပေါ်လာပြီး ပလ္လင်တော်ဟာ မိုးထက်ကို ပျံတက်တော့မလို အားနဲ့ရုန်းနေတာပါ။ ဒါကို ကျွန်တော်က သတိထားမိလိုက်ပြီး လက်မနှစ်ချောင်းနဲ့ ပလ္လင်တော်အောက်ခြေအနားကို တအားကုပ်ထားလိုက်ရပါတယ်။ အဲဒါ ဆရာဘို ရွတ်ဆိုပြီးတဲ့အချိန်အထိပါပဲ။

အဲဒီတုန်းက ဆရာဘိုကို အဲဒီအကြောင်းမပြောပြခဲ့ပါဘူး။ကိုဌေးမောင်ကိုလည်း အောင်မြေမှာ မမေးသေးဘဲ မန္တလေးအပြန်လမ်းကျမှ မေးကြည့်လိုက်တာပါ။ ကျွန်တော်ဖြစ်သလို ခံစားရသလို သူလည်းထပ်တူဖြစ်တယ်ဆိုတော့ ဒီဖြစ်ရပ်ဟာ တကယ်ဆိုတာ လက်ခံလို့ ရသွားပါတယ်။

ကျွန်တော်တို့ နှစ်ယောက်ဟာ ထူးဆန်းလှတဲ့ဖြစ်ရပ်ကိုရော၊ ထူးခြားလှတဲ့ ရွှေကံကူဘုရားရှင်နဲ့ အောင်မြေကိုပါ အမြဲသတိတရနဲ့ ရှိနေမိတာအမှန်ပါ။

ဆရာဘိုကိုတော့ ဒီအကြောင်း ၂၀၁၃ ခု၊ မေလထဲမှာမှ ဖွင့်ပြောပြခဲ့ပါတယ်။ ကျွန်တော်တို့နဲ့ ဆရာဘိုတို့ အကြားမှာရှိလာတဲ့ 'ဆန်းတယ်နော်' လို့ ပြောရလောက်တဲ့ အခြားအကြောင်းအရာတွေလည်း နောက်မှာ ပေါ်ပေါက်လာပါတယ်ဗျာ။

အခု ပြောပြချင်တဲ့ ခရီးစဉ်ကတော့ ဒုတိယမြောက် ရွှေကံကူအောင်မြေခရီးစဉ်လေးပါ။

နောက်တော့ ၂၀၁၃ ခု၊ မေလ ၆ ရက်၊ တနင်္လာနေ့ပါ။ ရှမ်းပြည်နယ်တောင်ပိုင်းက ဧည့်သည်တစ်စုကို ရွှေကံကူမြတ်စွာဘုရားရှင်ဖူးရအောင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပို့ဖြစ်ပါတယ်။ ဘုရားရှင်ကို လှူရအောင် ဌာပလ္လင်တော်တစ်ခုကိုလည်း မဟာမုနိဘုရားကြီးမြောက်ဘက်စောင်းတန်းကနေ အသင့်ဝယ်ယူပင့်ဆောင်လာခဲ့ပါတယ်။

အောင်မြေရောက်တော့ ဆရာဘိုဘိုကို ပြုံးရွှင်လန်းဆန်းစွာ တွေ့ရပါတယ်။ ဒီတစ်ခေါက်လည်း ရွှေကံကူမြတ်စွာဘုရားရှင်ကို မဖူးတွေ့ရပါဘူး။ ဒါပေမယ့် မြတ်စွာဘုရားရှင်တော်မြတ်ကို ရည်စူးပြီး ပင့်ဆောင်လာခဲ့တဲ့ ပလ္လင်တော်ကို လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက် ဆရာဘိုဘိုနဲ့ စကားစမြည်ပြောရင်း ရွှေကံကူမြတ်စွာဘုရားနဲ့ ဆက်နွှယ်နေတဲ့ ထူးဆန်းတဲ့ အကြောင်းအရာတွေ တော်တော်လေးပြောဆိုဖြစ်ကြပါတယ်။

ပြန်ခါနီး ဆရာဘိုဘိုအနားမှာ စာအုပ်တစ်အုပ်တွေ့လို့ကြည့်လိုက်တော့ ရွှေကံကူမြတ်စွာဘုရားရှင်ကို ပင့်ဆောင်ပူဇော်ဖို့ရာ စာရင်းသွင်းထားတဲ့စာအုပ်ဖြစ်နေပါတယ်။ အဲဒီမှာ ကျွန်တော့်စိတ်ထဲ ဘုရားရှင်ကိုပင့်ဆောင်ပူဇော်လိုစိတ် ချက်ချင်းဖြစ်သွားပါတယ်။

"ဆရာဘိုရေ၊ ဘုရားရှင်မြတ်ကို ပင့်ဖို့ ကျွန်တော်စာရင်းပေးခဲ့လို့ရလား"

"ရတယ်လေ အဲဒီထဲမှာ အမည်နဲ့ လိပ်စာရယ်၊ ဖုန်းနံပါတ်ရယ် ရေးပေးထားခဲ့ပေါ့။ နီးတော့ ကျွန်တော်ဆက်သွယ်လိုက်မယ်"

ဆရာဘို ခွင့်ပြုတာနဲ့ ကျွန်တော်လည်း ကျွန်တော့်အမည်ရယ်၊ ကျွန်တော် စာပြပေးနေတဲ့ ကလေးရဲ့ မိဘအမည်တွေ၊ သူတို့လိပ်စာနဲ့ ဖုန်းနံပါတ်တွေ ရေးသွင်းလိုက်ပါတယ်။ ကျွန်တော့်ရဲ့အိမ်လိပ်စာကို မပေးခဲ့တဲ့ အကြောင်းက အိမ်မှာ ကျွန်တော်တစ်ယောက်တည်းဖြစ်နေလို့ပါ။ ဘုရားရှင်မြတ်ကို ပင့်ဆောင်ပူဇော်ရာမှာ ပြင်ဆင်ဖို့၊ ဧည့်ခံဖို့ ကျွန်တော်တစ်ယောက်တည်းနဲ့ တာဝန်မကျေနိုင်ပါဘူး။

'ဒီလိုဆို ဘာကြောင့်မို့လို့ ကိုယ့်တပည့်ရဲ့ မိဘတွေလိပ်စာကို ပေးလိုက်တာလဲ'

ဒါလည်း အကြောင်းရှိနေပါတယ်။ ဒီတပည့်ရဲ့မိဘတွေက ရွှေကံကူမြတ်စွာဘုရားရှင်ကို ပင့်ဆောင်ပူဇော်ဖို့ မနှစ်ကတည်းက ကြိုးစားနေကြသူတွေပါ။ သူတို့လည်း အခါအခွင့်မသင့်သေးတော့ အခုထိ မဖူးရသေးပါဘူး။ သူတို့ရဲ့ သဒ္ဓါကြည်ဖြူတဲ့စိတ်ကို သိနေတော့ ကျွန်တော်လည်း သူတို့ဆီလှမ်းတိုင်ပင်တာလုပ်မနေတော့ဘဲ ချက်ချင်းစာရင်းပေးလိုက်တာပါ။

ကျွန်တော်စာရင်းသွင်းခဲ့တဲ့ အိမ်အမှတ်စဉ်က (၁၁) ပါ။ ဆရာဘိုဘိုက ဇွန်လ၊ ဇူလိုင်လလောက်မှာမှ ပူဇော်ခွင့်ရမယ်လို့ ပြောပါတယ်။ ကျွန်တော်တို့လည်း ကုသိုလ်စိတ်ကြောင့်မို့လို့ထင်တယ်။ စိတ်လက်ကြည်လင်ပေါ့ပါးနေပြီး ဆရာဘိုဘိုတို့ကို နှုတ်ဆက်ကာ မန္တလေးကို ပြန်လာခဲ့ကြပါတယ်။

မန္တလေးရောက်တော့ ကျွန်တော် တပည့်မလေးရဲ့ မိခင်ကို သူတို့လိပ်စာနဲ့ ကျွန်တော် ဘုရားပင့်ထားခဲ့ပြီလို့ ဖော်ပြလိုက်ပါတယ်။ သူတို့မိသားစုလည်း မမျှော်လင့်ဘဲ ကြားလိုက်ရလို့ထင်တယ်။ အတော်အံ့သြဝမ်းသာသွားကြတယ်။

"ကျွန်တော်လည်း ဘုရားကြွလာရင် ကျွန်တော့်ကိုဖိတ်ပါဦး"

လို့ နောက်လိုက်ပါသေးတယ်။

ဒီလိုနဲ့ တစ်ပတ်လောက်နေတော့ တပည့်မလေးက -

"အမေတော့ မကြာခင် ဘုရားပင့်ဖို့ ပြင်ဆင်နေပြီ"

လို့ ကျွန်တော့်ကို ပြောပြပါတယ်။

ကျွန်တော်ကလည်း အခုမှ မေလထဲရှိသေးတာ ဆရာဘိုက ဇွန်လ၊ ဇူလိုင်လကျမှလို့ ပြောထားတယ်။ မဖြစ်နိုင်ဘူးလို့ ပြန်ပြောလိုက်တယ်။

တပည့်မကလည်း -

"အမေကတော့ ပြင်ဆင်နေတာ အပီအပြင်ပဲ"

လို့ ဆက်ပြောပါတယ်။

ကျွန်တော်လည်း ဘာတွေမှန်း မစဉ်းစားတတ်တော့ဘူး။ အဲဒီအတော အတွင်းမှာလည်း တပည့်ရဲ့မိခင်ကို မမြင်မိဘူးလေ။

နောက် လေး၊ငါးရက်လောက်ကျတော့ အဖြေပေါ်ပါပြီ။ တပည့်ရဲ့မိခင် မချောက ဘုရားရှင်ပင့်ဆောင်ပူဇော်ဖို့ရာ ဖိတ်စာပေးလာပြီလေ။ ဒီတစ်ခါ အံ့သြသွားတာက ကျွန်တော်ပေါ့။ သူတို့ မဟာမြိုင် (၂) ထဲက အိမ်မှာ မေလ ၂၆ ရက်နေ့ ညနေပိုင်းကစပြီး အပူဇော်ခံမယ်။ နောက်တစ်နေ့ နေ့လယ် (၁၂) နာရီအထိပေါ့လေ။ ဆရာဘိုဘိုပြောခဲ့တဲ့စကားနဲ့ဆိုရင် ကျွန်တော်တို့ဘုရားဖူးရဖို့ အနည်းဆုံး တစ်လခွဲနှစ်လလောက်အထိ စောင့်ရဦးမှာ။ အခုတော့ စာရင်းသွင်းခဲ့ပြီး ရက် (၂၀) လောက်မှာ ဖူးရတော့မှာဆိုတော့ အံ့သြတော့တာပေါ့ဗျာ။ စိတ်ထဲလည်းဝမ်းသာနေမိပါတယ်။

ဒီလိုဖြစ်တာဆရာတဲ့။ မချောက ရှင်းပြတယ်။ သူနဲ့ ဆရာဘိုဘိုက ဖုန်းအဆက်အသွယ်ရတယ်။ အဲဒီမှာ ကျွန်တော်တို့ရှေ့က စာရင်းသွင်းထားတဲ့ အချို့သောသူတွေက အကြောင်းကြောင်းကြောင့် မပူဇော်ဖြစ်ကြဘူးတဲ့။ ဒါနဲ့ ကျွန်တော်တို့ရဲ့ အမှတ်စဉ်က ရှေ့ကို တက်တက်သွားလို့ အခု မေလထဲမှာပဲ ပူဇော်ခွင့်ရသွားတာကိုး။

မချောတို့နဲ့ ကျွန်တော်လည်း နည်းနည်းပါးပါးတိုင်ပင်ရင်း သူတို့က မှတ်တမ်းတစ်ခုဖြစ်အောင် ဗွီဒီယိုခေါ် ရိုက်လိုက်မယ်ပြောပြတယ်။ ကျွန်တော်ကတော့ ဓာတ်ပုံရိုက်ပေးပါ့မယ်လို့ ပြောခဲ့ပါတယ်။ မချောက ဘုရားသွားပင့်တဲ့ညနေကျရင် သူမလိုက်တော့ဘူး။ အိမ်ကနေပဲ စောင့်ကြိုတော့မယ်။ သူ့ခင်ပွန်း ဦးကျော်သူရ (ဗိုလ်မှူး-ငြိမ်း) နဲ့ ဆရာတို့နှစ်ယောက်ပဲသွားပင့်ပေးကြပါတဲ့။

အဲဒီလို ပြင်ဆင်နေတဲ့အချိန် အစောပိုင်းရက်တွေမှာပဲ ထူးခြားမှုတွေက စဖြစ်နေပါပြီ။ သူတို့အိမ်ရဲ့ တောင်ဘက် ခြံဝင်းပြင်မှာ စိုက်ထားတဲ့ ကလေးအရပ်သာသာရှိတဲ့ ခရေပင်လေးက အပွင့်တွေ မမျှော်လင့်ဘဲပွင့်လာပါတယ်။ ဘုရားရှင် ပြန်ကြွသွားတဲ့နောက်မှာတော့ ဆက်မပွင့်တော့ပါဘူး။

တစ်ရက်မှာတော့ သူတို့အိမ်ကို ကားတစ်စင်းက ကျောက်လာချပါတယ်။ ကျောက်ချရအောင် ခြံဝင်းတံခါးဖွင့်ပေးလိုက်တဲ့အချိန်မှာ အပြင်ကနေ အိမ်ဝင်းထဲကို မြွေကြီးတစ်ကောင် ရှောခနဲဝင်သွားပါလေရော။ မြင်လိုက်ရတဲ့အိမ်က မိန်းကလေးတွေလည်း ရုတ်တရက်လန့်ကြအော်ကြတော့တာပေါ့။ မြင်လိုက်တဲ့သူတွေထဲမှာ မချောရဲ့သားငယ်လည်းပါတယ်။

သူက -

"မေမေ၊ မြွေကြီးရဲ့အကွက်တွေက ဆန်းလိုက်တာ၊ သိပ်လှတာပဲ"

လို့ ပြောလာပါတယ်။ အဲဒီ မြွေကြီးကိုတော့ အိမ်ထဲမှာရော ခြံထဲမှာပါ ရှာမတွေ့တော့ပါဘူး။

အဲဒီလိုနဲ့ ဘုရားရှင်မြတ်ကို ပင့်ဆောင်ကြမယ့်နေ့ရောက်ရှိလာပါတယ်။ အဲဒီ တနင်္ဂနွေနေ့ညနေပိုင်း မပင့်ခင် နာရီပိုင်းအလိုမှာ မန္တလေးမှာ မိုးသဲသဲမဲမဲရွာခဲ့ပါတယ်။ ဗိုလ်မှူးနဲ့ ကျွန်တော် (၂၉) လမ်း ဈေးချိုအနောက်ဘက်

www.burmeseclassic.com

နေ ဘုရားရှင်မြတ်ကို ပင့်ဆောင်လာချိန်မှာတော့ မိုးတိတ်သွားခဲ့ပါပြီ။ ကျွန်တော့်စိတ်ထဲမှာတော့ လမ်းခရီးကို မိုးနဲ့ဆေးကြောသန့်စင်ပေးနှင့်သလို ခံစားနေရပါတယ်။ မချောတို့အိမ်မရောက်ခင် လမ်းမှာပဲ ကျွန်တော့်မိတ်ဆွေနှစ်ယောက်ဆီ ဘုရားရှင်ပင့်လာနေပြီလို့ ဖုန်းလှမ်းဆက်လိုက်ပါတယ်။ သူတို့ လာဖူးရအောင်ပေါ့။

မချောတို့အိမ် အပေါ်ထပ်ဘုရားခန်းမှာ ရွှေကံကူဘုရားရှင်ကို ပန်းမျိုးစုံကန်တော့ပွဲတွေ၊ လှူဖွယ်ပစ္စည်းတွေနဲ့ အတော့်ကို လှလှပပ ခမ်းခမ်းနားနား ကြိုဆိုအပူဇော်ခံထားပါတယ်။ ဘုရားဖူးလာကြတဲ့ ဧည့်သည်တွေလည်း အများကြီးပါပဲဗျာ။ ကျွန်တော်လည်း ကိုယ်စထားတဲ့ဇာတ်လမ်းဆိုတော့ စိတ်ထဲမှာ ကြည်နူးဝမ်းသာနေမိပါတယ်။

မိတ်ဆွေတစ်ယောက်က သူ့မိသားစု ဘုရားဖူးချင်တာ။ ကျွန်တော်ဖြစ်နိုင်ရင် သူတို့ကိုသွားခေါ်ပြီး မချောတို့အိမ်ပို့ပေးဖို့ ဖုန်းဆက်အကူအညီတောင်းလာပါတယ်။ သူက လောလောဆယ်မှာ တောင်ကြီးရောက်နေတာကိုး။ ကျွန်တော်လည်း ဘုရားဖူးမယ့်ကိစ္စဆိုတော့ ကူညီပေးမယ်လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီနောက် မိတ်ဆွေရဲ့မိသားစုကို သွားခေါ်ဖို့ ကျွန်တော်ထွက်လာခဲ့ပါတယ်။

မိတ်ဆွေရဲ့မိသားစုကို ကျွန်တော် မချောတို့အိမ်ခေါ်လာတော့ ဘုရားခန်းမှာ ကျွန်တော့်ရဲ့ ဘာသာရေးကိစ္စလုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ယောက်ရောက်နှင့်နေပါတယ်။ ကျွန်တော့်စိတ်ထဲမှာ သူ ဘုရားရှင်ကို ကန်တော့နေတဲ့ဓာတ်ပုံရိုက်ပေးချင်စိတ်ပေါ်လာလို့ သူ့ကို ဘုရားရှင်ရဲ့ရှေ့တည့်တည့်ကိုရွှေ့လာခဲ့ဖို့ အမူအရာနဲ့ပြလိုက်ပါတယ်။

သူကလည်း သဘောပေါက်ပြီး ရွှေကံကူဘုရားရှင်မြတ်ရဲ့ ရှေ့တည့်တည့်ကို ရှိရှိသေသေရွှေ့လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ဘုရားခန်းထဲမှာ ဧည့်သည်တွေအပြည့်ပါ။

ကျွန်တော့်မိတ်ဆွေ ဘုရားရှင်မြတ်ကို ကြည်ညိုစွာပူဇော်ကန်တော့နေတဲ့ ဓာတ်ပုံ (၂) ပုံ ရိုက်ယူလိုက်ပါတယ်။ သူလည်း ခဏနေ ကန်တော့ပြီးသွားမှာမယ်လို့ ထင်မိပါတယ်။ ဒါပေမယ့် သူ လိုက်လိုက်လှဲလှဲ ကြည်ညိုပူဇော်နေတာတွေ့လိုက်ရတော့ တစ်ခုခုထူးခြားနေပြီဆိုတာ ကျွန်တော် ရိပ်မိလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ သူဘုရားရှိခိုးရင် ရွတ်ဆိုနေကျ စာသားတွေ မဟုတ်တော့လို့ပါပဲ။ သူနဲ့ ကျွန်တော် မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်နယ်ထဲက ကျွန်တော်တို့နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ ဘုရားစေတီတွေမှာ ဘာသာရေးကိစ္စတွေ သွားသွားလုပ်တတ်ပါတယ်။ အဲဒီအချိန်မှာ သူရွတ်ဆိုတဲ့ ဘုရားရှိခိုးစာသားတွေဟာ ကျွန်တော်တစ်ခါမှမကြားဖူးပါဘူး။ နောက်ပြီး တစ်ခေါက်နဲ့ တစ်ခေါက်လည်း မတူပါဘူး။ သူကြည်ညိုပြီးသွားတိုင်း သူရွတ်ဆိုခဲ့တဲ့ စာသားတွေကို မေးကြည့်ရင် သူဘာမှမသိတော့ပါဘူး။ အခုပြန်ဆိုပြဆိုလည်း သူမတတ်ပါဘူးတဲ့။ ထူးခြားနေတာတော့ သေချာပါတယ်ဗျာ။

သူ့ကြည့်ရတာ ပတ်ဝန်းကျင်ကိုရော အားလုံးကိုပါမသိတော့သလိုပါဘဲ။ ဘုရားခန်းထဲက ဧည့်ပရိသတ်အားလုံးလည်း ငြိမ်သက်သွားပါတယ်။ ဘယ်သူကမှ သူ့ကို အနှောင့်အယှက်မပေးကြပါဘူး။ သူလည်း အချိန်တော်တော်ကြာရွတ်ဆိုပူဇော်ပြီး အရပ်ဆယ်မျက်နှာကို စေ့စေ့စပ်စပ် မေတ္တာပို့ လိုက်လိုက်လှဲလှဲ အမျှသုံးကြိမ်ဝေပြီး အဆုံးသတ်လိုက်ပါတယ်။ ပြီးလည်းပြီးရော ဖျတ်ခနဲ သူ့ရဲ့ပင်ကိုစိတ်နဲ့ သူ့ကို ပြန်မြင်လိုက်ရပါတယ်။

ကျွန်တော့်မိတ်ဆွေဟာ ဘုရားခန်းကနေ အောက်ထပ်ကိုဆင်းလာခဲ့ပါတယ်။ လှေကားခြေရင်းနားမှာ သူဟာ ဘုရားအတွက် အလှူတော်ငွေထည့်၊ သူပူဇော်ချင်တဲ့ ပဋ္ဌာန်း၊ နဂါးပုံတော်၊ ရွှေကံကူမြတ်စွာဘုရားရှင်ရဲ့ ပုံတော်လေးတွေ၊ ဗီစီဒီအချပ်တို့ကို ဝယ်ယူပူဇော်ပြီး ပြန်သွားခဲ့ပါတယ်။

သူ ဝယ်ယူ ပူဇော်နေချိန်မှာပဲ ထူးဆန်းတာတစ်ခုကဖြစ်သွားပါတယ်။ အဲဒီပုံတော်တွေ၊ ဗီစီဒီတွေ၊ ဘုရားသမိုင်းစာအုပ်တွေကို ဧည့်သည်တွေ ဝယ်ယူ ပူဇော်နိုင်အောင် တာဝန်ယူ စီမံပေးနေတဲ့ မိန်းမပျိုလေးတစ်ယောက်ဟာ အကြောင်းတစ်ခုကြောင့် အပေါ်ထပ် ဘုရားခန်းကို ပြေးတက်သွားခဲ့ပါတယ်။ သူပြေးတက်လာပုံက ရုတ်တရက်ကြီးဆိုတော့ မချောတို့က သတိထားမိလိုက်တာပေါ့။ ဒါနဲ့ ဘာဖြစ်တာလဲမေးကြည့်ကြတော့ မိန်းကလေးက သူ လှေကားရင်းမှာရှိနေတုန်း လှေကားကြီးတစ်လျှောက်နဲ့ အပေါ်ထပ်မှာ ရုတ်တရက် အလွန်မွှေးကြိုင်သွားတယ်တဲ့။ သူလည်း ထူးဆန်းလိုက်တာ။ အပေါ်မှာ ဘာဖြစ်လို့လဲမသိဘူးဆိုပြီး ပြေးလာတတ်ကြည့်တာတဲ့။ အပေါ်ထပ်ဘုရားခန်းမှာတော့ အားလုံးအေးဆေးပါပဲ။

အခု ကျွန်တော်ပြောပြနေတာတွေဟာ ကျွန်တော့်မိတ်ဆွေ နောက်တစ်နေ့ ပြောပြတာတွေနဲ့ ဆက်စပ်လိုက်ရင် ပိုပြည့်စုံသွားမှာပါ။

အဲဒီညမှာ ညစာစားပြီးတဲ့နောက် ကျွန်တော် ဘုရားဝတ်ပြုမယ်ဆိုပြီး အပေါ်ထပ်ကို တက်လာခဲ့ပါတယ်။ အဲဒီအခါမှာလည်း အနည်းငယ်ထူးဆန်းတာတစ်ခုဖြစ်ပြန်ပါတယ်။ ဘာလဲဆိုတော့ ဘုရားလာဖူးတဲ့ ဧည့်သည်တွေ အများကြီး မပြတ်တမ်းရှိနေတဲ့ အိမ်သူအိမ်သားတွေဝင်လိုက်၊ ထွက်လိုက်ဖြစ်နေတဲ့ ဘုရားခန်းမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှရှိမနေတာပါပဲ။ ရွှေကံကူမြတ်စွာဘုရားရှင် သီတင်းသုံးနေတဲ့ ဘုရားခန်းဟာ အလွန်တိတ်ဆိတ်ငြိမ်သက်ပြီး အေးချမ်းနေပါတယ်။

ကျွန်တော်လည်း ရွှေကံကူမြတ်စွာဘုရားရှင်ရဲ့ ရှေ့တည့်တည့်မှာ ကျကျနန ခင်းကျင်း၊ ကျွန်တော့်ရဲ့ ဘဝသံသရာအဆက်ဆက်မှ ဆွေတော်မျိုးတော်များကို ဖိတ်ကြားပြီး မောင်းသုံးချက်တီးပြီးနောက် ဘုရားဝတ်ပြုလိုက်ပါတယ်။ အဲဒီနောက် ကျွန်တော်စိပ်နေကျ ပုတီးပတ်များကို စိပ်လိုက်ပါတယ်။ ဒီတစ်ည ဘုရားဝတ်ပြုရတာ ကြည်နူးဖွယ်အလွန်ကောင်းပြီး အာရုံလည်းမိပါတယ်။ အားလုံးပြီးသွားတဲ့အခါ မေတ္တာပို့၊ အမျှသုံးကြိမ်ပေးဝေပြီး မောင်းကိုးချက်တီးလို့ အဆုံးသတ်လိုက်ပါတယ်။ ပြီးလို့ နောက်ဘက်လှည့်ကြည့်တော့မှ ကျွန်တော့်နောက်နားမှာ ဧည့်သည်အချို့နဲ့ အိမ်သားအချို့ရှိနေတာ သတိထားမိပါတော့တယ်။

ဒီဘုရားခန်းနဲ့ ကျွန်တော်နဲ့ ဆက်နွယ်နေတာကိုလည်း အခုလို ကြုံတုန်း ဖြတ်ပြောပြပါရစေ။ ကျွန်တော် မချောရဲ့သမီးလေးနဲ့ သူ့သူငယ်ချင်းများကို စာသင်ပေးတာ ဒီဘုရားခန်းမှာပါပဲ။ ကလေးတွေကို ကျွန်တော် တစ်ခုသင်ပေးပြီး ပုံသွင်းထားတယ်။ အဲဒါကတော့ ကျွန်တော့်ကို 'မင်္ဂလာပါ' လို့ နှုတ်မဆက်ခင် 'နမောတဿ' ဂါထာတော်ကြီးကို (၃) ကြိမ် ရွတ်ဆိုပြီး ဘုရားရှင်ကို ကန်တော့ဖို့ပါ။ ကလေးတွေကလည်း နားထောင်ပြီး လိုက်နာကြတယ်။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

တလေမေ့သွားခဲ့ရင် သတိရလိုက်တာနဲ့ စာသင်နေတုန်းမှာကို ထထဲ့ပြီး လက်အုပ်ချီလို့ 'နမောတဿ' နဲ့ ဘုရားကန်တော့ကြတာပါ။ ကျွန်တော်လည်း စာသင်ချိန်ပြီးရင် လက်အုပ်ချီကန်တော့၊ မေတ္တာပို့၊ အမျှဝေတာပါပဲ။ အဲဒီတော့ ထူးထူးခြားခြား အိမ်မြှောင်စုတ်ထိုးတာတွေ၊ ဘယ်လိုမှန်းပြောမပြတတ်တဲ့ မွှေးရနံ့တွေ ရံဖန်ရံခါရတတ်တာတို့ကို ကြုံရတာပေါ့ဗျာ။

နောက်ပြီး ဒီအခန်းမှာ စာသင်ရင်း ကျွန်တော့်ရဲ့စိတ်မှာဖြစ်နေတာ တစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီဘုရားခန်းမှာ ကျွန်တော် ကျကျနန အခင်းနဲ့ ဘာနဲ့ထိုင်ပြီး ဘုရားရှိခိုးရမယ်၊ ပုတီးစိပ်ရမယ်။ မောင်းကိုးချက်တီးပြီး မေတ္တာပို့အမျှဝေရမယ်ဆိုတာပါပဲ။ အဲဒီအာရုံကို ကျွန်တော့်ရဲ့ လုပ်ကိုလုပ်ဖြစ်မယ့်တာဝန်တစ်ခုကို ကျွန်တော် ကြိုတင်မြင်နေခဲ့တာပါ။ အခုတော့ အဲဒီအာရုံအတိုင်း ကျွန်တော်လုပ်ခွင့်ရလိုက်ပါပြီ။

အဲဒီနောက် မချောတို့မိသားစုရယ်၊ ဆရာဘိုဘိုရယ်၊ ကျွန်တော်ရယ် ဘုရားခန်းမှာ အတူဝိုင်းဖွဲ့စကားပြောဖြစ်ကြပါတယ်။ ညနည်းနည်းနက်လာတော့ အားလုံးကိုခွင့်ပန်ပြီး ကျွန်တော်အိမ်ပြန်လာခဲ့ပါတယ်။ ဘဝမှာ အေးအေးချမ်းချမ်းနဲ့ ကြည်နူးရတဲ့ ညတစ်ညပါပဲ။

နောက်တစ်နေ့မနက် ကျွန်တော်ရောက်သွားတဲ့အချိန်မှာ မြတ်စွာဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်များကို ရည်စူးဆွမ်းကပ်လှူဖို့ ပြင်ဆင်နေကြပါပြီ။ ဆွမ်းပွဲကြီးကို ပြင်ဆင်ထားတာလည်း ဖွယ်ဖွယ်ရာရာ ပြည့်ပြည့်စုံစုံနဲ့မို့ အလှူရှင်မိသားစုရဲ့ သဒ္ဓါကြည်ဖြူစိတ်ကို အထင်အရှား တွေ့မြင်နေရပါတယ်။ ဆရာဘိုဘိုနဲ့အတူ မိသားစုဝင်တွေအားလုံး ကြည်နူးအားရဖွယ်ကောင်းလောက်အောင် ဆွမ်းဆက်ကပ်လှူဒါန်းနေစဉ်မှာ ဘေးပရိသတ်ထဲမှာ အနုပညာလောကထဲက ဇေယျာနဲ့ ဂျင်းနီတို့ ကုသိုလ်ယူ ကြည်ညိုနေတာ မြင်လိုက်ရပါတယ်။

ဆွမ်းကပ်လှူဒါန်းပြီးတဲ့နောက်မှာ ရွှေကံကူမြတ်စွာဘုရားရှင်အား ရည်စူးလှူဒါန်းတဲ့ ဝတ္ထုငွေတွေ၊ ပလ္လင်တော်တွေ၊ အခြားလှူဖွယ်ပစ္စည်းတွေကို ဆရာဘိုဘိုထံ စနစ်တကျပဲ အပ်နှံလိုက်ကြပါတယ်။ အဲဒီအချိန်မှာ ရွှေကံကူမြတ်စွာဘုရားရှင်ရဲ့ မျက်လုံးတော်အစုံဟာ ပွင့်တော်မူနေပြီး ညာဘက်သို့ ကြည့်တော်မူနေတယ်လို့ ကျွန်တော်နဲ့ အိမ်သားတချို့ သတိပြုကြည်ညိုလိုက်ရပါတယ်။

ရွှေကံကူမြတ်စွာဘုရားရှင်တော် အခြားကုသိုလ်ပြုမယ့်အိမ်ကိုသီတင်းသုံးဖို့ ကြွမြန်းသွားပြီးတဲ့နောက် မချောတို့ အိမ်အောက်ထပ် ဧည့်ခန်းမှာ မိသားစုဝင်တွေ၊ ဆွေတွေမျိုးတွေကို စုံစုံလင်လင်တွေ့ရပါတယ်။ ကျွန်တော်လည်း မနက်က ကျွန်တော့်မိတ်ဆွေ ပြောပြခဲ့တဲ့ ထူးခြားမှုတွေကို ပြန်ပြောပြပြီး အားလုံးကို နှုတ်ဆက်ပြန်လာခဲ့ပါတယ်။

ကျွန်တော့်မိတ်ဆွေ ပြောပြခဲ့တာတွေကတော့ အခုလိုပါပဲဗျာ။

❏

ဆရာက ဘုရားပင့်လာနေပြီလို့ ဖုန်းမဆက်ခင်မှာ ကျွန်တော်က ရုံးမှာ ဆရာတို့ ဘုရားပင့်ဆောင်လာပြီး ဆရာတို့ပင့်ဆောင်လာတဲ့ လမ်းတစ်လျှောက်မှာလည်း နတ်၊ ဗြဟ္မာကဲ့သို့ ပုဂ္ဂိုလ်များက ထီးဖြူများမိုးလျက်လိုက်ပါလာကြတယ်။ မိုးရွာချထားနှင့်ပြီး လမ်းကို သန့်ရှင်းထားပေးကြတယ်ဆိုတာ ကြိုတင်မြင်တွေ့နေရပါတယ်။ ခဏနေ ဆရာ ဖုန်းဆက်တော့မယ်ဆိုတာလည်း ကြိုသိနေပါတယ်။ တကယ်လည်း ဆရာက ဖုန်းဆက်ပြီး ဘုရားပင့်လာနေကြောင်းနဲ့ အပူဇော်ခံ သီတင်းသုံးတော်မူမယ့် နေအိမ်ကို လာခဲ့ဖို့ဖိတ်ခေါ်ပါတယ်။

ကျွန်တော်လည်း (၈၁) လမ်းဘက်ကနေထွက်လာခဲ့ပါတယ်။ လမ်းမှာ ဘုရားရှင်တော်မြတ်ကို ကပ်လှူဖို့ ပန်းများဝင်ဝယ်ပါတယ်။ အဲဒီမှာ ဘယ်လိုလဲတော့မပြောပြတတ်ပါဘူး။ ကျွန်တော်ဝယ်ပြီးလို့ ထွက်လာချိန်မှာ ကျွန်တော့်လက်ထဲမှာ ပန်းတွေမြောက်မြားစွာနဲ့ သစ်သီးတွေ ရောက်ရှိနေပါတယ်။ ဆိုင်ကယ်နဲ့ဆိုတော့ ဒီပစ္စည်းတွေဟာ မနိုင်မနင်းယူလာရမှာပါ။ ပစ္စည်းတွေဟာ ဝယ်ခဲ့တာထက် ပိုများနေပါတယ်။ တစ်ဦးတစ်ယောက်က ထပ်ထည့်ပေးပြီး ယူသွားခိုင်းသလိုဖြစ်နေပါတယ်။

ဘုရားရှင် အပူဇော်ခံမယ့်အိမ်ရောက်တော့ ဧည့်သည်တွေအတော်များများ ရောက်နေကြပါပြီ။ ဆရာ့ကိုတော့ မမြင်မိပါဘူး။ နောက်မှ ဧည့်သည်သွားကြိုနေတယ်လို့ သိရပါတယ်။ အိမ်အောက်ထပ် ဝင်လိုက်တဲ့အခါမှာ အမျိုးသမီးငယ်တစ်ယောက်က ကျွန်တော့်လက်ထဲက သစ်သီးအိတ်ကို လာယူပါတယ်။ ပန်းတွေကိုတော့မယူဘဲ သစ်သီးတွေထည့်ထားတဲ့အိတ်ကိုပဲ ရွေးယူသွားတာပါ။ ကျွန်တော်လည်း အခြားဧည့်သည်တွေနဲ့အတူ လှေကားကနေ အပေါ်ထပ်ကို တက်လာခဲ့ပါတယ်။

အပေါ်ထပ်ရောက်တော့ အိမ်က မူလဘုရားကျောင်းဆောင်ကြီးရဲ့ဘေးမှာ ရွှေကံကူဘုရားရှင်တော်မြတ်ကို အလွန်ကြည်ညိုဖွယ်ကောင်းအောင် လှလှပပ ပြင်ဆင်လို့ အပူဇော်ခံထားတာ တွေ့ရပါတယ်။ အရောင်အသွေးစုံလင်လှတဲ့ ပန်းတွေအမျိုးမျိုး၊ သစ်သီးတွေအစုံနဲ့ပါ။ ရွှေရောင်အုန်းသီးများနဲ့ ကန်တော့ပွဲကြီးများကလည်း ခံ့ညားလှပါတယ်။ ရောက်လာကြတဲ့ ဘုရားဖူးပရိသတ်တွေကလည်း သင့်တင့်သလို နေရာယူပြီး ကြည်ညိုတဲ့သူကကြည်ညို၊ လှူဒါန်းတဲ့သူကလည်း လှူဒါန်းလို့ပေါ့ ခင်ဗျာ။ အခန်းရဲ့ မြောက်ဘက်နံရံနားမှာတော့ ဆရာဘိုဘိုကို တွေ့လိုက်ရပါတယ်။ သူကလည်း ပန်းတွေ၊ လှူဖွယ်ပစ္စည်းတွေ တစ်ပုံတစ်ပင်နဲ့ ရောက်လာတဲ့ ကျွန်တော့်ကို သတိပြုမိသွားပါတယ်။ မနှစ်က တစ်ခါတွေ့ဖူးထားတော့ မှတ်မိသလိုလို ကြည့်နေပါတယ်။

ကျွန်တော်လည်း ဆရာဘိုဘိုနားမှာပဲထိုင်လိုက်ပြီး နှုတ်ဆက်လိုက်ပါတယ်။ ရွှေကံကူဘုရားရှင်ရဲ့ ဘေးအစွန်နားမှာဆိုတော့ လှမ်းနေတာနဲ့ မကန်တော့ဖြစ်သေးပါဘူး။ စိတ်ထဲမှာတော့ ဘုရားရှင်ရဲ့ ရှေ့တော်တည့်တည့်မှာမှ ကန်တော့ချင်နေမိပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ရဲ့ဘေး အခန်းထောင့်မှာ မြွေကြီးတစ်ကောင်ရှိနေတာ ကျွန်တော့်စိတ်အာရုံထဲမှာ သိမြင်လိုက်ပါတယ်။ ဧည့်သည်တွေကတော့ မြင်ကြဟန်မတူပါဘူး။ ကျွန်တော်ကလည်း ဧည့်သည်တွေ သူ့ကို ရုတ်တရက်မြင်လိုက်ရရင် လန့်ကုန်တော့မှာပဲဆိုပြီး ကျွန်တော့်ကိုယ်နဲ့ကာထားပေးမိပါတယ်။

ခဏနေတော့ ကျွန်တော့်ပါလာတဲ့ပန်းတွေ၊ ပန်းကုံးတွေကို အိမ်က မူလဘုရားရှင်ရှေ့မှာရော ရွှေကံကူဘုရားရှင်ရဲ့ရှေ့မှာရော သင့်တော်ရာနေရာတွေမှာထားရှိပြီး လှူဒါန်းပူဇော်လိုက်ပါတယ်။ အဲဒီမှာ အိမ်က အမျိုးသမီးတစ်ယောက်က သစ်သီးတွေကို ပန်းကန်ပြားတစ်ချပ်နဲ့ခွဲစိတ်ပြင်ဆင်လာပြီး ရွှေကံကူဘုရားရှင်ရဲ့ရှေ့တော်မှောက်တည့်တည့်မှာ ထားရှိလှူဒါန်းလိုက်ပါတယ်။ ကြည့်လိုက်တော့ ကျွန်တော်ယူလာခဲ့တဲ့အသီး

www.burmeseclassic.com

တွေဖြစ်နေပါတယ်။ ဘုရားခန်းထဲမှာ ဧည့်သည်တွေအပြည့်ဆိုတော့ ကျွန်တော် ရွှေကံကူဘုရားရှင်ရှေ့တော်ကို မရောက်သေးပါဘူး။

သိပ်မကြာခင်မှာ ဆရာ ဧည့်သည် တချို့နဲ့ အပေါ် ထပ်တက်လာတာ တွေ့ရပါတယ်။ ကျွန်တော်နဲ့ ဆရာဘိုဘို အတူထိုင်နေကြတာကိုလည်း ဆရာ မြင်သွားပါတယ်။ ဆရာက သူ့ကင်မရာကိုပြင်ဆင်ရင်း ကျွန်တော့်ကို ဘုရားရှင်ရဲ့ ရှေ့တော်တည့်တည့်မှာ နေရာယူဖို့ အမူအရာနဲ့ လှမ်းပြပါတယ်။ ကျွန်တော်လည်း ချက်ချင်းသဘောပေါက်ပြီး ထိုင်ရာမှ အသာထလို့ လက်အုပ်ချီ ခါးညွတ်ပြီး ဘုရားရှင်ရှေ့တော်တည့်တည့်သို့ သွားခဲ့ပါတော့တယ်။ အဲဒီအချိန်မှာတော့ ရှေ့ကပိတ်နေလို့ လာရခက်နေတာမျိုး လုံးဝမရှိပါဘူးဗျာ။

ရွှေကံကူ မြတ်စွာဘုရားရှင်ကို ကျွန်တော် ကြည့်ပြီးအားရပါးရ ဖူးမြော်ကြည်ညိုလိုက်ပါတယ်။ ဆရာကတော့ ကျွန်တော်ကန်တော့နေတာကို သူကြိုက်နှစ်သက်တဲ့နေရာတွေကနေ ရွေးချယ်ပြီး ဓာတ်ပုံရိုက်နေမှာပေါ့လေ။ ကျွန်တော် ဘယ်ဘုရားစာတွေနဲ့ ရွတ်ဆိုပူဇော်နေမှန်း မ ဒိတော့ပါဘူး။ ကျွန်တော့်ကို ရွတ်ဆိုခိုင်းတာကို အလိုလိုရွတ်ဆိုရတယ်။ ခိုင်းတဲ့အကြိမ်အတိုင်း ထပ်ကာ ထပ်ကာဆိုပေးရတယ်။ အရပ်ဆယ်မျက်နှာပြည့်ဧအောင်လှည့်ပြီးမေတ္တာပို့ပေးရတယ်။ (၃၁) ဘုံစလုံးကို ရည်စူးပြီး အမျှဝေပေးရတယ်။ ဆရာက ကျွန်တော် ကြည်ညိုနေတာ အချိန်တော်တော်ကြာတယ်လို့ပြောပြပါတယ်။ တစ်ခုခုထူးခြားနေမှန်းရိပ်မိတယ်လို့လည်းပြောပါတယ်။ ကျွန်တော်ကတော့ ဘာမှမသိပါဘူး။ ဘယ့်ကိုခိုင်းတာကို တာဝန်ကျေတဲ့အထိ လုပ်ပေးလိုက်ရသလိုပဲ ခံစားနေရပါတယ်။

ကျွန်တော် ကြည်ညိုနေစဉ်မှာ စိတ်အာရုံထဲ ကျွန်တော် တွေ့မြင်ရတာတွေကို ပြောပြပါ့မယ်။ ရှင်သီဝလိ အလောင်းအရှင်မြတ်ကြီးကြွလာပြီးအပူဇော်ခံသွားပါတယ်ခင်ဗျာ။ ကျွန်တော်တို့ မကြာခင်တွေ့ဖူးတဲ့ ထန်းရွက်အရိုးရှည် ဆောင်းတောင်ကြီးနဲ့ပါ။ ရဟန္တာအရှင်မြတ်ကြီးနဲ့အတူ ဈာန်နဲ့ကြွလာတဲ့ ကိုရင်ငယ်လေးတွေအများကြီးကို ဖူးတွေ့ရပါတယ်။ အားလုံး ကောင်းကင်ကနေ ကြွလာကြပြီး ရွှေကံကူဘုရားရှင်ကို ဖူးမြော်သွားကြပါတယ်။ ဘုရားခန်းမှာ သီတင်းသုံးပြီး ဧည့်ပရိသတ်တွေရဲ့ ဖူးမြော်အပူဇော်ကိုလည်း ခံယူသွားကြပါတယ်။ အတော့်ကို ကြည်ညိုဖွယ်ကောင်းလှပါတယ်ဗျာ။

အခန်းထောင့်က မြွေကြီးကလည်း ဘုရားခန်းထဲမှာခင်းထားတဲ့ ကော်ဇောတွေရဲ့ အနားတစ်လျှောက် အောက်ကနေ ရွှေကံကူဘုရားရှင် သီတင်းသုံးတော်မူနေတဲ့ ကျောင်းတော်အောက်ကိုရွေ့လာပြီး ဘုရားရှင်ကို ပူဇော်နေတာ တွေ့ရပါတယ်။ ဒါပေမယ့် အခြား ဘယ်သူမှ သူ့ကိုတွေ့လိမ့်မယ် မထင်ပါဘူး။

ကျွန်တော် ဆရာ့ကို ရှာကြည့်လိုက်တော့ မတွေ့ရပါဘူး။ နောက်မှ သိရတာက ဆရာက သူခေါ်လာတဲ့ ဧည့်သည်တွေကို သွားပြန်ပို့နေတာတဲ့။ ကဲ - ဒါလည်း မထူးဘူးလားဗျာ။ ကျွန်တော် ဒီအိမ်ကို ဘုရားဖူးဖို့ရောက်တော့ ဆရာမရှိဘူး။ ဧည့်သည်တွေကို သွားကြိုနေတာတဲ့။ အခု ကျွန်တော် ပြန်မယ်ဆိုတော့လည်း ဆရာမရှိပြန်ဘူး။ ဧည့်သည်တွေကို သွားပြန်ပို့နေတာတဲ့။ အကွက်စေ့စေ့ စီစဉ်ထားတဲ့ ဇာတ်လမ်းလေးလိုဖြစ်နေပါတယ်။

ကျွန်တော်လည်း ပြန်ဖို့ရာ အောက်ထပ်ကို ဆင်းလာခဲ့ပါတယ်။ လှေကားနားမှာ ရွှေကံကူဘုရားရှင်နဲ့ ပတ်သက်လို့ ဘုရားသမိုင်းစာအုပ်တွေ၊ ပုံတော်တွေ၊ ဗွီစီဒီတွေ ဝယ်ယူပူဇော်လိုရင် ပူဇော်နိုင်အောင် ပြင်ဆင်ပေးထားပါတယ်။ ကျွန်တော် ဘုရားအလှူငွေကို သီးသန့်ထည့်လှူလိုက်ပြီးမှ ကိုယ်ပူဇော်လိုတဲ့ ပုံတော်တွေကို ရွေးချယ်ဝယ်ယူပါတယ်။ အဲဒီအချိန်မှာ ဘုရားခန်းက မြွေကြီးဟာ လှေကားကနေ လျှောထိုးဆင်းလာပြီး ဘုရားပုံတော်တွေတင်ထားတဲ့စားပွဲအောက်ကိုဝင်လာပါတယ်။ သူလည်း ဝင်လာရော စားပွဲအနားက တာဝန်ယူနေတဲ့မိန်းကလေးတစ်ယောက်ဟာ ရုတ်တရက်ကြီး ဘာမှမပြောဘဲ အိမ်အပေါ်ထပ်သို့ ပြေးတက်သွားပါတယ်။ သူမြွေကြီးကိုမြင်လို့လန့်လို့ မဟုတ်ပါဘူး။ နောက်နေ့ ဆရာနဲ့ တွေ့တော့ ဆရာကပြောပြပါတယ်။ အဲဒီမိန်းကလေးက အလွန်မွေးကြိုင်တဲ့ရနံ့တစ်ခုကို လှေကားမှာ ရုတ်တရက်ရလိုက်လို့ ထူးဆန်းလိုက်တာ၊ အပေါ်ထပ်မှာ ဘာတွေဖြစ်နေပါလိမ့်ဆိုပြီး အံ့ဩတကြီးပြေးတက်ကြည့်တာတဲ့။

ကျွန်တော်ကတော့ စိတ်အာရုံထဲမှာ မြွေကြီးကို မြင်နေရတယ်လေ။ တော်ကြာ ကလေးတွေမြင်ရင် လန့်ကုန်မှာစိုးလို့ နှုတ်ကနေ -

"ဒီအနား ကလေးတွေဘာတွေ မလာစေနဲ့နော်။ မြွေတွေ၊ ကင်းတွေရှိတတ်တယ်"

လို့ တတွတ်တွတ်ပြောနေမိပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောနေတာတွေကို ဘယ်သူမှ ကြားဟန်မတူပါဘူး။ အားလုံး ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေကြပုံပဲ။

အိမ်အပြင်ဘက် ဖိနပ်ချွတ်နားမှာ ကျွန်တော် ဖိနပ်ရှာနေတုန်းမှာပဲ မြွေကြီးက အိမ်အပြင်ဘက်ကို ထွက်လာပါတယ်။ သူဟာ ခြံဝင်းအပြင်ကနေ အရှေ့ဘက်ကို အေးဆေးညင်သာစွာ ထွက်ခွာသွားတာတွေ့ရပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်က အကွက်အဆင်တွေဟာ အလွန်ဆန်းကြယ်လှပါတယ်။ သူ့ရဲ့ အကွက်အဆင်တွေဟာ ဘုရားစေတီပုံတော်တွေဖြစ်ပါတယ်ဗျာ။

လပြည့်ကျော် ၂ ရက်နေ့ညရဲ့ လရောင်အောက်မှာ ကျွန်တော်တို့ရဲ့ ဘုရားဖူးဖော်ဖူးဖက် မြွေကြီးက အရှေ့ဘက်ကို တရွေ့ရွေ့ပြန်သွားတယ်။ ကျွန်တော်က စိတ်လက်ပေါ့ပါး ကြည်နူးစွာရဲ့ အနောက်ဘက်ကို ပြန်လာတယ်။ ဒီမြင်ကွင်းရော မလှဘူးလားဗျာ။

ကျွန်တော့်မိတ်ဆွေ သူဘုရားဖူးခဲ့စဉ်က တွေ့ကြုံခဲ့ရတာတွေကို အခုလိုပဲ ပြောပြခဲ့ပါတယ်။ အဲဒီနောက်မှာ သူ့ဝယ်ယူပူဇော်ခဲ့တဲ့ ရွှေကံကူမြတ်စွာဘုရားရှင်ရဲ့ပုံတော်လေးတွေ၊ ပဋ္ဌာန်းနဂါးပုံတော်နဲ့ ဗွီစီဒီမှတ်တမ်းခွေတို့နဲ့ ပတ်သက်ပြီး ထူးခြားဆန်းပြားတာတွေ ဆက်ဖြစ်ပေါ်နေပါတယ်။ နောင်အခါ အခွင့်သင့်ရင် ကျွန်တော် ရေးသားဖော်ပြပေးပါ့မယ်။

ကျွန်တော်နဲ့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မြင်ဖူးသည်ဖြစ်စေ၊ မမြင်ဖူးသည်ဖြစ်စေ၊ အသံကြားဖူးသည်ဖြစ်စေ၊ မကြားဖူးသည်ဖြစ်စေ အားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာရွှင်လန်းကြပါစေလို့ အမြဲ မေတ္တာပို့သနေကြောင်းပါခင်ဗျား။

❑

သို့ဖြင့် နောက်တစ်နေ့ ၂၇-၅-၂၀၁၃, တွင် ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခ၁တု



www.burmeseclassic.com

www.burmeseclassic.com

ဝေဒစစ်ဆေးရေးဌာန ဝန်ထမ်းအိမ်ရာ (၂၉) လမ်းနှင့် (၆၆) လမ်းထောင့် ဒုတိယရဲမှူး ဒေါက်တာ (Ph.D) အောင်ဖြိုးသိုက်၊ ဇနီး ဒေါ်ကြော့ကေသွယ်နိုင်တို့မှ ပင့်ဆောင် ပူဇော်ကြမည် ဖြစ်ပါသည်။ ဒေါက်တာအောင်ဖြိုးသိုက်မှလည်း စောစောလေး နေ့ဆွမ်းမီအောင် လာပင့်ပါရစေ ဆရာ။ ယခု ပင့်ဆောင်ပူဇော်ထားရှိသူ မချောစုယဉ်မှလည်း နေ့ဆွမ်းလေးတော့ကပ်ပါရစေဆရာဟု ဆိုနေပြန်ရာ စာရေးသူမှာ ရုပ်ရှင်တော်မြတ်အား ကြည်ညိုကြသူ နှစ်ဦးနှစ်ဖက်အတွက် အဖြေခက်၍နေရပါတော့သည်။ နောက်ဆုံးတွင်မှ ဒေါက်တာအောင်ဖြိုးသိုက်မိသားစုမှာ မနက်ဖြန်တွင် နေ့ဆွမ်းကပ်ခွင့်ရရှိမည်ဖြစ်၍ ဤယနေ့တွင်တော့ ဤအိမ်မှ နေ့ဆွမ်းကပ်ပါစေဟု စာရေးသူမှ မေတ္တာရပ်ခံပေးလိုက်ရပါသည်။

ထို့ကြောင့် နေ့လယ် (၁) နာရီခန့်မှ ဒေါက်တာ အောင်ဖြိုးသိုက်တို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ရန် ထွက်ကြွတော်မူနိုင်ပါတော့သည်။

ဤမိသားစုရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။ ၎င်းတို့သည် နေပြည်တော်၌ တာဝန်ထမ်းဆောင်စဉ် ဝန်ထမ်းအိမ်ရာ၌ ယခု နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး လှမျိုးရှိန်၊ ဇနီးဒေါ်မင်းမင်းထွေးတို့မိသားစုနေအိမ်မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာ ရုပ်ရှင်တော်မြတ်ပြန်လည် ကြွမြန်းသွားတော်မူပြီးမှ သိရှိလိုက်ကြရပါသည်။ ထို့နောက် မကြာမီ ၎င်းတို့လည်း မန္တလေးမြို့သို့ ပြောင်းရွှေ့ရမည်ဟု သိရပြန်ပါသည်။ ထို့ကြောင့် မန္တလေးမြို့သို့ ပြောင်းရွှေ့ရောက်ရှိလျှင် ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏ နေအိမ်သို့ ပင့်ဆောင်ပူဇော်လိုပါသည်။ ၎င်းတို့သည် ရွှေကံကူမိသားစုနှင့် မသိရှိပါ။ ရဲမှူးကြီးမိသားစုမှ ရွှေကံကူမိသားစုထံကြိုတင် မိတ်ဆက် အကြောင်းကြားပေးပါရန် အကူအညီတောင်းခံခဲ့ကြပါသည်။ ရဲမှူးကြီး လှမျိုးရှိန်နှင့် ဒေါ်မင်းမင်းထွေးတို့သည် စာရေးသူတို့မိသားစုနှင့် ခင်မင်ရင်းနှီးလှသည်ဖြစ်၍ ဒေါ်မင်းမင်းထွေးမှ ဒေါက်တာအောင်ဖြိုးသိုက်သည် အဘ၏ တပည့်ကလေး ဖြစ်ပါသည်။ မယ်တော်ကြီးစောင့်ရှောက်ပေးပါဟု ဖုန်းဆက်ပါသည်။

ဤသို့ဖြင့် ဒေါက်တာအောင်ဖြိုးသိုက်နှင့် ဒေါ်ကြော့ကေသွယ်နိုင်တို့သည် အောင်မြေသို့ ရောက်ရှိ၍လာပြီး ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့၍ အလျဉ်းသင့်သော တစ်ရက်တွင် ပင့်ဆောင်ပူဇော်ခွင့်ပေးပါရန် လျှောက်ထားခဲ့ကြပါသည်။ ထိုသို့ဖြင့် ဤယနေ့တွင် ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏ နေအိမ်သို့ ပင့်ဆောင်ပူဇော်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဒေါက်တာ အောင်ဖြိုးသိုက်တို့မိသားစုသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိ၍ ဝမ်းသာပျော်ရွှင်မဆုံးဖြစ်နေကြပါသည်။ စာရေးသူအား သီးသန့်အိပ်ခန်းစီစဉ်ထားရှိပေးထားသဖြင့် ဤနေအိမ်တွင်လည်း စာရေးသူသည် ပိဋကတ်တော်များကို အဆင်ပြေစွာဖြင့် ပူဇော်ခွင့်ရရှိပါသည်။ ရဲတပ်ဖွဲ့အသိုင်းအဝိုင်းဖြစ်၍ ရဲတပ်ဖွဲ့ဝင်အရာရှိ အရာခံ၊ အကြပ်၊ စစ်သည်၊ ရဲမေ စုံလင်စွာ လာရောက်ဖူးမြော်ကြည်ညိုကြပါသည်။

ဤယနေ့အချိန်တွင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်၊ ဂုဏ်တော်တို့သည် ကြီးမားကျယ်ပြန့်လျက်ရှိပြီဖြစ်၍ လည်းကောင်း၊ သတင်းစာများတွင် အဆက်မပြတ် ဖော်ပြပါရှိ၍နေခြင်းကြောင့်လည်းကောင်း မည်သည့်နေရာဌာနတွင်မဆို ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူရာ ဌာနတိုင်းတွင် ဘုရားဖူးပရိသတ်တို့ မပြတ်တမ်း စည်ကားလျက်သာရှိသည့်အတိုင်း ယခု ဒေါက်တာအောင်ဖြိုးသိုက်၏ နေအိမ်တွင်လည်း ဧည့်ပရိသတ်တို့ စည်ကားလှပါသည်။ ထိုနေအိမ်တွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီးရဲညွန့်၊ ဇနီး ဒေါက်တာ သင်းသိင်္ဂီတို့ လာရောက် ဖူးမြော်ကြပါသည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးလျက်ရှိ၍ ရဲမှူးကြီးတို့လည်း တိုက်တိုက်ဆိုင်ဆိုင် ကြုံခဲလှစွာ ရောင်ခြည်တော်တို့ကို အချိန်အကြာကြီး ဖူးတွေ့ခွင့်ကြုံလိုက်ရပါသည်။

ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့သည်ကား သက်တော်ထင်ရှား ဘုရားရှင်တို့၏ဂုဏ်ကိုဆောင်လျက် ကြွရောက်တော်မူရာ နေရာဌာနတို့တွင် ထူးခြားသော တန်ခိုးတော်တို့ကို ပင့်ဆောင်ပူဇော်ကြသူ၊ ဖူးမြော်ကြည်ညိုကြသူတို့ ထိုက်သင့်အားလျော်သည့်အတိုင်း ဖူးမြော်ကြည်ညိုကြရမြဖြစ်သည့်အတိုင်း ဒေါက်တာအောင်ဖြိုးသိုက်၏ နေအိမ်သို့စတင်ကြွရောက်တော်မူခဲ့သော ၂၇ ရက်နေ့ ညနေ(၃)နာရီခန့် မှစ၍ ညနေ(၅)နာရီအထိ ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးတော်မူခဲ့ပြီး ၂၈-၅-၂၀၁၃ နေ့တွင် နံနက် (၈) နာရီ မှ ညနေ (၅)နာရီထိတိုင် အချိန်ကြာမြင့်စွာ ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးတော်မူခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်အား တီဗွီဖြင့် ချိတ်ဆက်ထားရှိ၍ မျက်နှာတော်ကို ထင်ရှားစွာ ဖူးတွေ့ကြရပါသည်။ ပထမဦးဆုံး ရုပ်ရှင်တော်မြတ်၏ နောက်ကျောပလ္လင်တော်၏ မျက်နှာပြင်သည် လင်း၍လာပါသည်။ မျက်နှာချင်းဆိုင် အခန်းတံခါးအဖွင့်၊ အပိတ်ပြုလုပ်၍ ပြင်ပအလင်းရောင် ဝင်ရောက်ခြင်းကြောင့် လင်းသလောဟု တွေးမိကြပါသည်။ ထို့ကြောင့် အခန်းတံခါးဖွင့်ထားကြည့်သည်။ အလင်းရောင်ဝင်ရောက်မှုရှိသည်မှာပါ၏။ သို့သော် ရုပ်ရှင်တော်မြတ်နှင့် ပလ္လင်တော်မျှသာမဟုတ်ဘဲ အရာဝတ္ထုအားလုံးအပေါ် သက်ရောက်ခြင်း ဖြစ်ပါသည်။ ထိုသို့ အလင်းရောင်များရှိနေသော်လည်း ရုပ်ရှင်တော်မြတ်မှ သိသာစွာ လင်း၍လင်း၍လာသည်မှာ တခြားအကြောင်းအရာများကြောင့် မဟုတ်ပါ။ ဘုရားရှင်၏ တန်ခိုးတော်သက်သက်သာဖြစ်ကြောင်း အံ့ဩဝမ်းသာစွာ ဖူးတွေ့ကြရပါသည်။

ထိုအခါ စာရေးသူလည်း စာရေးသူ၏ အသိမိတ်ဆွေများဖြစ်သော ရတနာပုံသတင်းစာတိုက်မှ ဗိုလ်ကြီးနိုင်ထွန်းအေး၊ ဆရာဦးတင်မောင်အုန်း၊ ယု-အော့ဖ်ဆက်မှ အောင်ကိုကိုတို့အား ဖုန်းဆက် ခေါ်ယူလိုက်ပါသည်။ ဒေါက်တာအောင်ဖြိုးသိုက်တို့မိသားစုမှလည်း အသိမိတ်ဆွေများကို အကြောင်းကြားပါသည်။ ရောင်ခြည်တော်သည် မသိမသာမဟုတ်၊ သိသာထင်ရှားလှသည်။ တစ်ခဏတာမျှ တစ်ယောက်စ၊ နှစ်ယောက်စ ဖူးတွေ့ကြရခြင်းမျိုးမဟုတ်၊ အချိန်ကြာမြင့်စွာဖြင့် လူပေါင်းရာချီ၍ ဖူးတွေ့လိုက်ကြရခြင်း ဖြစ်ပါသည်။

ရွှေကံကူရုပ်ရှင်တော်မြတ်သည် တန်ခိုးတော် အထူးထူးတို့ဖြင့် ပြည့်စုံတော်မူပါသည်ဟု မဂ္ဂဇင်းများတွင် ဖော်ပြပါရှိထားသည်။ ပင့်ဆောင်ပူဇော်ကြသူများနှင့် ဖူးမြော်ကြည်ညိုဖူးသူများတို့မှလည်း တန်ခိုးတော်အထူးထူးတို့ဖြင့် ပြည့်စုံတော်မူပါပေသည်ဟု ပြန်လည်ပြောပြကြသည်။ ထိုအခါ ဖုန်းဆက်

www.burmeseclassic.com

ပါရှိသူတို့သည် ပင့်ဆောင် ပူဇော်ကြသည်။ ဖူးမြော်ကြည်ညို၍ ဆုတောင်း အဓိဋ္ဌာန်များပြုကြသည်။ ထိုအခါ ထူးခြားမှုများကို ကိုယ်တိုင်ကြုံတွေ့ ခံစားကြရသည်ဟူ၍ ရုပ်ရှင်တော်မြတ်၏ ဂုဏ်သတင်းတို့ ကျော်စောပျံ့နှံ့တော်မူလျက်ရှိသည့်အတိုင်း ဤယနေ့တွင် ဒေါက်တာအောင်ဖြိုးသိုက်တို့ မိသားစုတို့ လက်တွေ့သိရှိကြရခြင်းပင် ဖြစ်ပါသည်။ ဒေါက်တာအောင်ဖြိုးသိုက် မိသားစုနှင့် နှစ်ဖက်မိဘများတို့သည် ရောင်ခြည်တော်ကို လက်တွေ့ ဖူးမြော်ကြရ၍ မိတ်ဆွေများကို အကြောင်းကြားလိုက်၏။ အချို့လည်း ဒေါက်တာအောင်ဖြိုးသိုက်တို့မှ ဖိတ်စာကမ်းထား၍ လာရောက် ဖူးမြော်ကြသည်။ အချို့လည်း ဒေါက်တာအောင်ဖြိုးသိုက်တို့နှင့် မသိရှိဘဲ သတင်းစာလိပ်စာအတိုင်း လာရောက် ဖူးမြော်ကြသည်။ ထိုသို့ မတူညီသော အကြောင်းတရားတို့ဖြင့် လာရောက် ဖူးမြော်ကြသူများဖြစ်သော်လည်း ၎င်းတို့အားလုံး ရုပ်ရှင်တော်မြတ်၏ ရောင်ခြည်တော်တို့ကို ဖူးတွေ့လိုက်ကြရသည်။ ထိုအခါ ၎င်းတို့စိတ်တွင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်၊ ဂုဏ်တော်တို့သည် မိမိတို့ကြားသိဖူးခဲ့သည့်အတိုင်းမှန်ပါပေသည်ဟု အားရကျေနပ်သွားကြပြီး ၎င်းတို့မှတစ်ဆင့် ၎င်းတို့၏ မိတ်ဆွေများကို ဖုန်းဖြင့်ထပ်မံအကြောင်းကြားလိုက်ကြပြန်သည်။ ထိုမိတ်ဆွေများလည်း ပထမရောက်ရှိဖူးမြော်သွားကြသူများကဲ့သို့ ကြားရသည့်အတိုင်း ဖူးမြော်ကြရပြန်ပါသည်။ တစ်ဖန် ၎င်းတို့မှ ထက်ဆင့်ကမ်း၍ မိတ်ဆွေများကို အကြောင်းကြားကြပြန်ပါသည်။ ထိုသူများလည်း ထပ်တူထပ်မျှ ဖူးတွေ့ကြရပြန်ပါသည်။

ယခု ပင့်ဆောင်ပူဇော်သူ ဒေါက်တာအောင်ဖြိုးသိုက်မှာ တပ်မတော်မှ ဗိုလ်ကြီးအဆင့်ဖြင့် ပြောင်းရွှေ့လာသူဖြစ်၍ လူငယ်ပိုင်းမျှသာရှိသေးပြီး တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်၌ သိပ္ပံပညာရပ်တွင် ထိပ်ဆုံးမှပြေးနေသော ကမ္ဘာ့ထိပ်သီးစာရင်းဝင် ရုရှားနိုင်ငံတွင် နှစ်နှင့်ချီ၍ သိပ္ပံနှင့်နည်းပညာဘာသာရပ်တို့ကို လေ့လာ ဆည်းပူးခဲ့ယူခဲ့ပါသည်။ ယခုလက်ရှိလည်း တာဝန်ထမ်းဖြစ်ပါ၏။ ယခု ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူရာ နေရာသည်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဆေးတပ်ဖွဲ့စစ်ဆေးရေးဝင်းအတွင်းဖြစ်၍ တိုင်းရဲတပ်ဖွဲ့၊ စီအိုင်ဒီရဲတပ်ဖွဲ့တို့၏ အနီးအနားတွင် ဖြစ်ပါ၏။ ဒေါက်တာအောင်ဖြိုးသိုက်သည် လည်းကောင်း၊ ဒေါက်တာအောင်ဖြိုးသိုက်အား ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရန် ချိတ်ဆက်ပေးခဲ့သော ဒုတိယရဲမှူးကြီး လှမျိုးရှိန်သည် လည်းကောင်း စာရေးသူတို့နှင့် မိတ်ဆွေများမဟုတ်ကြ၊ ဆွေမျိုးများမဟုတ်ကြသော သူစိမ်းသက်သက်များသာ ဖြစ်ကြပါ၏။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့သည် မှန်ကန်ခြင်းမရှိဘဲ မသမာသောနည်းလမ်းတို့ဖြင့် ပြုလုပ်စီရင်ထားရှိခြင်းများ ရှိပါက ဖော်ထုတ်မည်သာ ဖြစ်ပါသည်။ တွေ့ရှိမည်သာ ဖြစ်ပါသည်။

ဤမိသားစုနေအိမ်တွင် ထွက်ပေါ်သော ရောင်ခြည်တော်ကွန့်မြူးမှုပုံစံသည် မည်သည့်နေရာတွင်မျှ မဖြစ်ပေါ်ဘူးသေးပါ။မယ်တော်ကြီးသည် ယခုခရီးစဉ်တွင် ခြေထောက်နာနေ၍ လိုက်ပါနိုင်ခြင်းမရှိသော်လည်း ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးတော်မူလျက်ရှိ၍ ဒေါက်တာအောင်ဖြိုးသိုက်၊ ဇနီး ဒေါ်ကြော့ကေသွယ်နိုင်တို့က မယ်တော်ကြီးအား သွားရောက် ပင့်ဆောင်ခဲ့ကြပါသည်။ မယ်တော်ကြီးသည်လည်း ဤကဲ့သို့ ရောင်ခြည်တော် ကွန့်မြူးတော်မူပုံကို မကြုံစဖူး တွေ့ဘူးပါဟု ပြောကြားပါသည်။

ရုပ်ရှင်တော်မြတ်သည် တစ်ကိုယ်တော်လုံး ဖြည်းဖြည်းချင်းလင်း၍လာပါသည်။ ထိုအလင်းရောင်သည် ပလ္လင်တော်၏ အတွင်းပိုင်းတစ်ခုလုံးသို့ ထင်ဟပ်၍လာပါသည်။ တစ်ခါတစ်ခါ လင်းလာလျှင် (၅) မိနစ်ခန့်အထိ ကြာမြင့်တတ်ပါသည်။ မှိန်၍အလင်းပျောက်ကွယ်ချိန်မှာ ခဏတာမျှသာ ဖြစ်ပါ၏။ ဤသို့ဖြင့် တစ်နေကုန် ရောင်ခြည်တော်ကွန့်မြူးတော်မူလျက်ရှိခဲ့သည်မှာ ညနေ (၅) နာရီအထိတိုင်ဖြစ်ခဲ့ပါသည်။

ထိုနေ့ ညနေပိုင်းတွင် နောက်တစ်နေ့တွင် ပြင်ဦးလွင်မြို့သို့ ပင့်ဆောင်ပေးရမည့် ဗိုလ်မှူးကျော်စွာဝင့်လည်း သပိတ်ကျင်း နည်းပညာတပ်မှ မန္တလေးသို့ ရောက်ရှိလာပြီဟုသိရ၍ စာရေးသူမှဖုန်းဆက်ခေါ်ယူလိုက်ပါသည်။ ရောက်ရှိလာသောအခါ အိမ်ရှင် ဒေါက်တာအောင်ဖြိုးသိုက်နှင့် စစ်တက္ကသိုလ်တွင် အပတ်စဉ် အထက်အောက်နေလာခဲ့ကြ၍ ရင်းနှီးပြီးသူများ ဖြစ်နေကြပါသည်။ ဗိုလ်မှူးကျော်စွာဝင့်သည် မယ်တော်ကြီးအား ပင့်ဆောင်၍ ရွှေမှုပြန်နှင့် လိုက်ပါသည်။ စာရေးသူမှာမူ ညနေ မိုးချုပ်မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်၍ ဒေါက်တာအောင်ဖြိုးသိုက် မိသားစုနှင့်အတူ ကား(၃)စီးဖြင့် စဉ့်ကိုင်မြို့ ရွှေကံကူအောင်မြေသို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။

ဒေါက်တာအောင်ဖြိုးသိုက်သည် ရုပ်ရှင်တော်မြတ်အား ကြည်ညိုလွန်းလှ၍ ၎င်းမန္တလေးမြို့တွင် တာဝန်ထမ်းဆောင်နေရသေးသရွေ့ နှစ်စဉ်နှစ်တိုင်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရန်နှင့် မည်သည့်နေ့ရက်၊ အချိန်အခါမဆို ပင့်ဆောင်ပူဇော်ခွင့်ရရှိမည်ဆိုပါက အကြိမ်ကြိမ်အခါခါ ပင့်ဆောင်ပူဇော်မည်ဖြစ်ပါကြောင်း စာရေးသူအား အထပ်ထပ်အခါခါမှာကြား၍ ပြန်လည်ထွက်ခွာသွားကြပါသည်။

ဧည့်သည်များ ပြန်သွားသောအခါမှ စာရေးသူလည်း မနက်ဖြန်တွင် ယူဆောင်မည့် ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်သော ပစ္စည်းအသုံးအဆောင်များ၊ မယ်တော်ကြီးတို့ ယူဆောင်မည့် ပစ္စည်းများကို ပြည့်စုံအောင်စစ်ဆေးပြီး စာရေးသူ၏ အစ်ကို ကိုဝင်းကိုနှင့် ဇမ္ဗူထိပ်တင် ဆိုင်ကယ်ဝပ်ရှော့ဆရာလေး အောင်နေလင်းတို့ကို ထုတ်ပိုးစေပါသည်။ ညဉ့်နက်မှအိပ်ရာဝင်ရပါသည်။

နောက်တစ်နေ့မနက် ၂၉-၅-၂၀၁၃ နံနက် (၇) နာရီတွင် ဗိုလ်မှူးကျော်စွာဝင့် ရောက်ရှိလာပါသည်။ ပစ္စည်းများကို ကိုကျော်စွာဝင့်မှ စနစ်တကျ ကားပေါ်သို့တင်ဆောင်ပါသည်။ မယ်တော်ကြီးသည် ခြေထောက်၍မရသေးပါ။ ကျောက်ပတ်တီးနှင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မယ်တော်ကြီးသည် ပြင်ဦးလွင်သို့ ရုပ်ရှင်တော်မြတ်နှင့်အတူ မလိုက်ပါလိုသော်လည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ကြသော ပြင်ဦးလွင်မြို့ တပ်မတော်သိပ္ပံနှင့်နည်းပညာသုတေသနဌာနမှ ဗိုလ်ချုပ် ကံမြင့်သန်းနှင့် ဇနီး ဒေါ်လွင်မိသင်တို့မှ မယ်တော်ကြီး၏ ခြေထောက်ဒဏ်ရာကို ဆေးကုသပေးလိုပါသည်။ မယ်တော်ကြီးအား ရအောင်ပင့်ဆောင်ပူဇော်ခဲ့ပါဟု ကိုကျော်စွာဝင့်ကို မှာကြားထားခြင်းကြောင့် ယခုကဲ့သို့ လိုက်ပါရခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်မိသားစု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၆ ခုနှစ်တွင် စာရေးသူသည် ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းမှတ်တမ်းခွေ စီစဉ်ပါသည်။ ထိုအခွေမှာ ရိုက်ကူးရေးထက် တည်းဖြတ်ရေးကို အဓိကထားပြီး လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ပထမအခွေကို ရိုက်ကူးတည်းဖြတ်စဉ်က စာရေးသူ စိတ်တိုင်းကျ လုပ်ဆောင်ခွင့် မရသဖြင့် ယခုတစ်ကြိမ်တွင်တော့ စီးပွားရေးသဘော အဓိကမထားသူ ရိုက်ကူးရေးအဖွဲ့နှင့် ထုတ်လုပ်မည်ဟု ရည်ရွယ်ပြီး မန္တလေး၊ ကျောက်ဆည်မြို့များတွင် လှည့်လည်ရှာဖွေရာ နောက်ဆုံးတွင် ကျောက်ဆည်မြို့ ဈေးလေးမြောက်ဘက် ဟန်စီနီလာရုပ်ရှင်ရုံဝင်း အတွင်း ဖွင့်လှစ်ထားရှိသော ပင်နီကယ်လ်ရိုက်ကူးရေးအဖွဲ့မှ ကိုအောင်မိုးခိုင်နှင့်တွေ့ရှိ၍ အဆင်ပြေခဲ့ပါသည်။ စာရေးသူသည် ထိုအခွေကို ကူးဆက်ပြုလုပ်ရသည်မှာ (၂) လခန့်ပင် ကြာမြင့်ခဲ့ရာ ၎င်းတို့၏အစ်ကို ဗိုလ်မှူးကိုကျော်စွာဝင့်နှင့် ဆုံတွေ့ခဲ့ရပြီး စာရေးသူနှင့် ခင်မင်ရင်းနှီးခဲ့ရပါသည်။ ထိုအခါ ကိုကျော်စွာဝင့်သည် ၎င်းလက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော သပိတ်ကျင်းမြို့နယ် ကျောက်ကြီးကျေးရွာအနီးရှိ တပ်မတော်သိပ္ပံနှင့်နည်းပညာသုတေသနတပ်ရင်းမှ တပ်မှူး ဗိုလ်မှူးကြီးသောင်းရွှေနှင့် ဇနီးဒေါ်နန်းခင်အုန်းတို့ကို ရုပ်ရှင်တော်မြတ်၏သမိုင်းခွေနှင့် ဓာတ်ပုံများပေးအပ်ပြီး ရုပ်ရှင်တော်မြတ်၏ ဂုဏ်သတင်းတို့ကို ပြောကြားလိုက်ပါသည်။ ထိုအခါ ဗိုလ်မှူးကြီး သောင်းရွှေနှင့် ဇနီး ဒေါ်နန်းခင်အုန်းတို့မှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်လိုကြောင်း ဗိုလ်မှူးကျော်စွာဝင့်ကိုပြောကြားပါသည်။ ဗိုလ်မှူးကျော်စွာဝင့်မှ စာရေးသူကို ထပ်ဆင့်ပြောကြားပါသည်။ ထိုသို့ဖြင့် ဗိုလ်မှူးကြီးသောင်းရွှေနှင့် အန်တီနန်းတို့မှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ကြရခြင်း ဖြစ်ပါသည်။ ဗိုလ်မှူးကြီးတို့သည် (၂) ကြိမ်တိုင်တိုင် ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ကြရာ စာရေးသူတို့နှင့် မိသားစုသဖွယ် ခင်မင်ရင်းနှီးသွားခဲ့ကြပါသည်။ ဗိုလ်မှူးကြီးသာ မကွယ်လွန်ခဲ့လျှင် အကြိမ်များစွာ ပင့်ဆောင် ပူဇော်ဖြစ်ပါမည်ဟု နောင်တွင် အန်တီနန်းမှ ပြောပြခဲ့ပါသည်။

အန်တီနန်းသည် ရုပ်ရှင်တော်မြတ်ကို (၂) ကြိမ်သာ ပင့်ဆောင်ပူဇော်ခဲ့ခြင်း ဖြစ်သော်လည်း ရွှေကံကူအောင်မြေသို့ အကြိမ်ကြိမ်အခါခါလာရောက်ခဲ့ခြင်းဖြစ်ရာ စာရေးသူတို့သည် အန်တီနန်း၏ သားသမီးများနှင့်သာမက ကားဆရာ ဒု-တပ်ကြပ် မောင်သန်းဌွေနှင့်ပါ ခင်မင်ရင်းနှီး၍နေပြီ ဖြစ်ပါသည်။

အဘဗိုလ်မှူးကြီးသောင်းရွှေဆုံးပါးသွားပြီးနောက်တွင် ဗိုလ်မှူးကျော်စွာဝင့်မှာ ထိုတပ်မှာပင် တာဝန်ထမ်းဆောင်လျက်ရှိပြီး စာရေးသူတို့နှင့် အဆက်အသွယ်မပြတ်ရှိနေခဲ့ပါသည်။ ထို့ကြောင့် ဒု-တပ်ကြပ်သန်းဌွေသည် ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့သွားပြီး လူကြီးတစ်ဦး၏ ကားကိုမောင်းနေရသည်ဟု သိရပါသည်။ ထို့နောက်တွင် ကိုကျော်စွာဝင့်သည် ကျောက်ဆည်မြို့မှ ဇနီးနှင့် ကလေးနှစ်ဦးကိုပါ တပ်သို့ ခေါ်ယူသွား၍ စာရေးသူတို့နှင့် အဆက်အသွယ်ပြတ်သလိုဖြစ်သွားရပါသည်။ ယခင်က စနေ၊ တနင်္ဂနွေတိုင်းနီးပါး ကျောက်ဆည်တွင်ရှိသော ဇနီးနှင့် ကလေး (၂) ယောက်ထံ ပြန်လာလေ့ရှိ၍ စာရေးသူနှင့် မကြာခဏ တွေ့ဆုံရလေ့ရှိခြင်း ဖြစ်ပါသည်။

ထိုသို့ ကာလအတန်ကြာအဆက်အသွယ်ပြတ်တောက်နေရာမှ ၂၀၁၃၊ ဧပြီလဆန်းတွင် ဗိုလ်မှူးကျော်စွာဝင့်မှ စာရေးသူထံ ဖုန်းဆက်လာပါသည်။ ပြင်ဦးလွင်ရှိ ၎င်းတို့၏တပ်မှ ဗိုလ်ချုပ်မိသားစု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လိုပါ၍ အတတ်နိုင်ဆုံး အနီးဆုံးရက်တွင် ပူဇော်ခွင့်ရရှိအောင် ကူညီပေးပါဟု ဆိုပါသည်။ ဗိုလ်ချုပ်မိသားစုသည် သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်များဖြစ်ကြရာ ရုပ်ရှင်တော်မြတ်၏ဆောင်းပါးများကိုဖတ်ကြရသောအခါ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုကြောင်း၊ ပင့်ဆောင် ပူဇော်လိုကြောင်း ဆန္ဒတို့ဖြစ်ပေါ်ရာ ဗိုလ်ချုပ်ထံတွင် ကားမောင်းနေသော ဒု-တပ်ကြပ် (ယခု- တပ်ကြပ်) မောင်သန်းဌွေမှ ၎င်းသည် ရွှေကံကူမိသားစုနှင့်သိရှိကြောင်း၊ ဗိုလ်မှူးကျော်စွာဝင့်သည် ပိုမိုရင်းနှီးပါကြောင်း ပင့်ဆောင် ပူဇော်လိုပါလျှင် စီစဉ်ပေးနိုင်ပါကြောင်း ပြောကြားလိုက်ပါသည်။

ထိုကဲ့သို့သော အကြောင်းရင်းခံများဖြင့် ဤယနေ့တွင် ရုပ်ရှင်တော်မြတ်အား ယခုကဲ့သို့ ပင့်ဆောင်ပူဇော်ခွင့်ရရှိသွားကြခြင်း ဖြစ်ပါသည်။

ပင့်ဆောင် ပူဇော်သောနေ့တွင် တပ်မမှာရုံ၌ ခမ်းနားသပ္ပာယ်စွာ ရုပ်ရှင်တော်မြတ်အား ပူဇော်ပါသည်။ ထိုညက အန်တီအေးနှင့် မယ်တော်ကြီးတို့သည် ရုပ်ရှင်တော်မြတ်အား ဝတ်ရွတ်စဉ်များဖြင့်ပူဇော်ရာ မယ်တော်ကြီးတို့ စတင်ပူဇော်စဉ်မှာပင် မိုက်ခရိုဖုန်းတိုင်တွင် ထူးဆန်းသော လိပ်ပြာတစ်ကောင်လာရောက်နားခိုပါသည်။ ထိုလိပ်ပြာသည် တရားတော်တို့အား နာယူကြည်ညိုလျက်ရှိသကဲ့သို့ တောင်ပံများကိုရုတ်သိမ်းပြီး ငြိမ်သက်စွာရှိနေ၍ မယ်တော်ကြီးတို့ တရားတော်များနှင့် ပူဇော်မှုပြီးဆုံးသောအခါမှ မယ်တော်ကြီးတို့ ဓမ္မာရုံအတွင်းမှ ပြန်လည်ထွက်ခွာသွားပြီး အတန်ကြာသောအခါမှ ထိုလိပ်ပြာကလေး ထွက်ခွာသွားကြောင်း သိရပါသည်။

ဓမ္မာရုံအတွင်း ပူဇော်စဉ် တပ်မိသားစုတို့ အများအပြား လာရောက်ဖူးမြော်ကြပါသည်။ အများစုမှာ ရုပ်ရှင်တော်မြတ်၏ ဂုဏ်သတင်းကို ကြားသိထားပြီးဖြစ်သော်လည်း ယခုမှ ဖူးတွေ့ကြရခြင်းဖြစ်သည်ဟု သိရပါသည်။

ရုပ်ရှင်တော်မြတ်သည် တပ်ဓမ္မာရုံတွင် တစ်ညတာ ကျိန်းစက်သီတင်းသုံးတော်မူပါသည်။ နောက်တစ်နေ့နံနက်တွင် ရုပ်ရှင်တော်မြတ်အား ဗိုလ်ချုပ်တို့၏ နေအိမ်သို့ ပင့်ဆောင်ပူဇော်ပါသည်။ ထိုနေ့တွင် စာရေးသူသည် မန္တလေးမြို့ နန်းတွင်း (၁၂၀) ထောက်ပို့တပ်မှ စာရေးသူ၏ တူတော်မောင် မော်တော်ယာဉ်တပ်မှူး ဗိုလ်မှူးထွန်းထွန်းလွင်ကို ၎င်း၏ကား စေလွှတ်ပေးရန် မှာကြားထား၍ ရဲဘော်တစ်ယောက် မောင်းနှင်ပြီး စာရေးသူ၏ အစ်ကိုကြီး ဦးမောင်မောင်နှင့် ဇနီး ဒေါ်ညွန့်ရီတို့လိုက်ပါ၍ ရောက်ရှိလာပါသည်။ ထိုအခါ စံပြကျေးရွာမှရောက်နှင့်နေသော စာရေးသူ၏ အစ်ကိုတစ်ဦးဖြစ်သော ကိုဝင်းကိုနှင့်အတူ ပြင်ဦးလွင်သို့ တက်ခဲ့ကြပါသည်။ ပြင်ဦးလွင်ရှိ စာရေးသူ၏ တပည့်ကလေး နည်းပညာတပ်မှ ဗိုလ်ကြီးသန်းထွေးမှ စာရေးသူတို့အား စောင့်ကြိုပြီး လားရှိုးလမ်းမပေါ် ဈေးလေးအနောက်ဘက်နားရှိ 'တူးတူး' မြန်မာထမင်းဆိုင်တွင် ဧည့်ခံပါသည်။ ထို့နောက် ဗိုလ်ကြီးသန်းထွေးကိုပါ ခေါ်ဆောင်ပြီး စာပေ (၂) ဝင်း အတွင်းရှိ ဗိုလ်ချုပ်အိမ်သို့ ထွက်ခွာခဲ့ကြပါသည်။ အိမ်ဝတွင် ဗိုလ်မှူးကျော်စွာဝင့်မှ စောင့်ကြိုလျက်ရှိပြီး ဒု-ဗိုလ်မှူးကြီးတစ်ဦးမှ လက်ဆွဲနှုတ်ဆက်ကာ ခေါ်ဆောင်သွားပါသည်။ ဧည့်ခန်းတွင် မယ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အန်တီအေးနှင့် ဗိုလ်ချုပ်ကတော်တို့ရှိနေပြီး ဗိုလ်ချုပ်မှ ခင်မင်ရင်းနှီးစွာ လာရောက် နှုတ်ဆက်ပါသည်။ စာရေးသူတို့လည်း ဘုရားခန်းသို့ ဝင်ရောက်ကာ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့ပါသည်။ ရုပ်ရှင်တော်မြတ်အား ခမ်းနားကြီးကျယ်စွာ ပူဇော်ထားရှိ၍ ဝမ်းသာကြည်နူးမှုများ ဖြစ်ပေါ်ခံစားရပါသည်။

ဘုရားခန်းတွင် ရှေးခေတ်စစ်ဝတ်စုံနှင့် ရုပ်ရည်ချောမောသူတစ်ဦး၏ ဓာတ်ပုံအချို့ကို မြင်တွေ့ခဲ့ရပါသည်။ ထို့နောက် စာရေးသူတို့လည်း ဧည့်ခန်းသို့ ပြန်လည် ဝင်ရောက်ကာ ဗိုလ်ချုပ်ဇနီးမောင်နှံနှင့် စကားစမြည်ပြောဆိုကြပါသည်။ ဗိုလ်ချုပ်သည်လည်း အရွယ်ရှိသေးပြီး ဥပဓိရုပ်ကောင်းမွန်လှသကဲ့သို့ ဗိုလ်ချုပ်ကတော်မှာလည်း အတော်ပင်ငယ်ရွယ်လှသေးကြောင်းထင်ရပါသည်။ သို့သော် အသက် (၄၄) နှစ်ရှိပြီဟု ပြောပါသည်။ ဘုရားခန်းမှ ဓာတ်ပုံရှင်ကို မေးမြန်းကြည့်ရာ ဗိုလ်ချုပ်ကတော်၏ ဖခင် ဆရာဝန်၊ ရုပ်ရှင်မင်းသား၊ စာရေးဆရာ၊ စစ်ဗိုလ် 'မောင်သင်' ဟု သိရ ပါသည်။

ခဏအကြာတွင် ဗိုလ်ချုပ်သည် ရုံးတက်ရန် စာရေးသူတို့အား နှုတ်ဆက်ထွက်ခွာသွားပါသည်။ စာရေးသူတို့လည်း ဗိုလ်ချုပ်ကတော်နှင့် အတန်ကြာစကားများပြောဆိုပြီး မယ်တော်ကြီးတို့ တည်းခိုနေထိုင်ရာ ထင်းရှူးရိပ်သာသို့ သွားရောက်ရန် အောက်ထပ်သို့ ဆင်းကြရာ ဗိုလ်ချုပ်ကတော်မှ ကားနားအထိ လိုက်ပါပို့ဆောင်ရင်း စကားစပ်မိသွား၍ ဗိုလ်ချုပ်ကတော်၏ ခြေဖနောင့်အထက်မှ ဒဏ်ရာကို သစ်ရွက်ဖြင့် ဆေးကုသ၍ ပေးခဲ့ပါသေးသည်။

ထို့နောက် မယ်တော်ကြီးတို့ တည်းခိုဆောင်သို့ ရောက်ရှိပါသည်။ မယ်တော်ကြီးတို့၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရန် ဗိုလ်မှူးကျော်စွာဝင့်ကို ထိုရိပ်သာမှာပင်ထားရှိပါသည်။ ဗိုလ်မှူးကျော်စွာဝင့်သည် ဗွီဒီယိုတည်းဖြတ်နှင့် အသံဖမ်း၊ အသံတည်းဖြတ်ပညာရပ်များကို ရုရှားတွင် ပညာတော်သင်သွားရောက်စဉ်က လေ့လာသင်ယူခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်မှူးကြီး သောင်းဆွေမှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်စဉ်ကလည်း မယ်တော်ကြီးတို့၏ ဝတ်ရွတ်စဉ်များကို အသံသွင်းယူပြီး ကူးထုတ်ပေးခဲ့ဖူးပါသည်။ ထိုခွေတို့မှာ ယခုနေ့အချိန်တွင် အတော်ပင် ပျံ့နှံ့၍နေပြီ ဖြစ်ပါသည်။ ယခုလည်း ကျန်ရှိသော ဝတ်ရွတ်စဉ်တို့ကို ယခုကဲ့သို့ ဗိုလ်ချုပ်၏ နေအိမ်မှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခိုက် ညအခါများတွင် ဗိုလ်မှူးကျော်စွာဝင့်မှ အသံဖမ်းပေးရမည်ဟု သိရပါသည်။

ဒု-တပ်ကြပ် မောင်သန်းငွေနှင့်လည်း တွေ့ရပါသည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်၍ စာရေးသူကို မြင်တွေ့ရသောအခါ မောင်သန်းငွေသည်လည်း ဝမ်းသာ ပျော်ရွှင်လျက်ရှိပါသည်။ ထို့နောက် မောင်သန်းငွေမှ စာရေးသူတို့အား ဗိုလ်ချုပ်အိမ်ရှေ့မှ သစ်ပင်ကြီးကို လိုက်လံပြသပါသည်။ သစ်ပင်မှကြီးမားမြင့်မားလှပြီး ပင်စည်၏ တစ်ပတ်စီတွင် အမြင့်မကွာခြားလှသော ကိုင်းကြီး (၂) ကိုင်းရှိပါသည်။ ထိုနှစ်ကိုင်းစလုံးတွင် စကောဝိုင်းခန့်အရွယ်ညီ ပျားကြီးအုံ (၂) အုံ စွဲကပ်လျက်ရှိပြီး ပထမအုံသည် လွန်ခဲ့သော ရက် (၂၀) ကျော်မှ လာရောက် စွဲကပ်ခြင်းဖြစ်၍ ဒုတိယပျားကြီးအုံမှာ ရုပ်ရှင်တော်မြတ် မကြွရောက်တော်မူမီ (၄)၊ (၅) ရက်ခန့်အလိုတွင်မှ လာရောက်စွဲကပ်ခြင်းဖြစ်သည်ဟု ပြောပြပါသည်။

နောက်တစ်နေ့ ထူးခြားမှုမှာ ဗိုလ်ချုပ်အိမ်ရှေ့တွင် ကြာပင် အင်တုံဖြင့် စိုက်ပျိုးထားရှိပြီး ဘေးမှ အခိုင်အမာ ကာရံထားရှိပါသည်။ ထိုကြာပင်မှာ လွန်ခဲ့သော (၃) လခန့်မှစ၍ ထူးခြားစွာ ကြာဖူးတစ်ခုထွက်ပေါ်လာပြီး ပွင့်လည်းမပွင့်၊ ညှိုးခြောက်သွားခြင်းလည်း မရှိဘဲ အဖူးအတိုင်းရှိနေခဲ့ပါသည်။ ရုပ်ရှင်တော်မြတ် ကြွရောက်လာသောနေ့တွင်မှ ထိုကြာဖူးသည် ပွင့်အာ၍ လာခဲ့သည်ဟု သိရပြန်ပါသည်။

အထက်ပါ ဖြစ်ရပ်တို့သည်ကား ဆန်းကြယ်လှပါ၏။ ထိုသစ်ပင်ကြီးပေါ်တွင် အရွယ်ညီပျားကြီးအုံ (၂) အုံကပ်လျက် အုံဖွဲ့ရန် မည်သူစွမ်းဆောင်ပါမည်နည်း။ (၃) လကြာ ငုံလျက်ရှိသော ကြာဖူးအား မည်သူပွင့်အောင် ဖန်တီးနိုင်ပါမည်နည်း။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကြောင့်သာဖြစ်ရပါသည်ဟုဆိုရန်မှတစ်ပါး အခြားမရှိနိုင်ပြီဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူတို့တွင် တစ်မျိုးမဟုတ်တစ်မျိုး ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များသည်ကား စဉ်ဆက်မပြတ် ဖြစ်ပေါ်၍နေသည်မှာ အံ့ဩဖွယ်ရာပင် ဖြစ်ပါ၏။

စာရေးသူတို့လည်း ရိပ်သာတွင် ခေတ္တမျှ မယ်တော်ကြီးတို့နှင့် စကားပြောဆိုပြီး ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ စာရေးသူ၏ တပည့်ကလေး ဗိုလ်ကြီးသန်းထွေးမှာမူ ၎င်း၏ဇနီးလောင်းလည်း ပါရှိခဲ့သည်ဖြစ်၍ ဘုရားကန်တော့၍ပြီးသည်နှင့် ချက်ချင်းထွက်ခွာသွားခဲ့ကြပြီ ဖြစ်ပါသည်။

အပြန်တွင် စာရေးသူတို့သည် အောင်ချမ်းသာပန်းတန်း မန်းကဖေးမှ ဒေါ်သန်းသန်းလွင်ထံ ဝင်ရောက်ပြီး လှူဒါန်းသောပန်းများနှင့် သစ်သီးများယူဆောင်ကာ ဧည့်ကိုင်သို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။

ရုပ်ရှင်တော်မြတ်သည် နောက်တစ်နေ့တွင်လည်း ဗိုလ်ချုပ်အိမ်မှာပင် ဆက်လက် သီတင်းသုံးစံမြန်းတော်မူပါသည်။ ရုပ်ရှင်တော်မြတ်သည် မျက်နှာတော် အမူအရာအမျိုးမျိုး ပြောင်းလဲတော်မူလျက်ရှိရာ ဗိုလ်ချုပ်၏ တပည့်ကလေးတစ်ဦးမှ ဓာတ်ပုံမှတ်တမ်းများ တောက်လျှောက်ရယူလျက် ရှိပါသည်။ ဗိုလ်ချုပ်သည်လည်း ရုပ်ရှင်တော်မြတ်အား အဓိဋ္ဌာန်ပြု၍ ဓာတ်ပုံရိုက်ကူးရာ ပြုံးတော်မူလျက်ရှိသော ပုံတော်တစ်ပုံကို ရရှိလိုက်ပါသည်။

ဗိုလ်ချုပ်မိသားစုနှင့် ဖူးမြော်ကြည်ညိုကြရသူ အပေါင်းတို့သည် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို၍မဝနိုင်အောင်ရှိကြပြီး ယခုကဲ့သို့ ဖူးမြော်ကြည်ညိုခွင့် ရရှိလိုက်သဖြင့်လည်း ဝမ်းသာကျေနပ်အားရကာ ပီတိဖြစ်၍ မဆုံးနိုင်အောင်ရှိကြသည်ဟု သိရပါသည်။

ဗိုလ်ချုပ်၏ဇနီး ဒေါ်လွင်မိသင်မှ ပုလဲဆွဲသီးတစ်ခု လှူဒါန်းပူဇော်၍ ဗိုလ်မှူးကြီးတစ်ဦး၏ ဇနီးမှ နေ၊ လနှစ်ပါး လက်စွပ်လှူဒါန်းပါသည်။ ရုပ်ရှင်တော်မြတ်သည် ပူဇော်မှုအထူးထူးကို ခံယူတော်မူထိုက်သည်ဟူသော သက်တော်ထင်ရှား ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို ဆောင်လျက်ရှိပါသည်။

(ယခုဖော်ပြခဲ့သော ဆောင်းပါးမှ စတင်၍ နေ့စဉ်မှတ်တမ်းအသွင်ဖြင့် ရှေ့ခရီးစဉ်များကို နေ့ရက်အစဉ်အတိုင်း ရေးသားဖော်ပြသွားမည်ဖြစ်ပြီး ရှေ့ပိုင်းခရီးစဉ်များတွင် ကျန်ရစ်ခဲ့သော ထူးခြားသည့် အကြောင်းအရာတို့ကိုလည်း သီးခြား ရေးသား တင်ဆက်သွားပါမည်။)

ဘိုဘို (ရွှေကံကူ)

www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်ဘုရားကြီး အမှတ်တရ



မိုးညှင်းဆရာတော်

မြတ်ဗုဒ္ဓသာသနာတော်ထွန်းကားပွင့်လင်းရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တန်ခိုးကြီး စေတီပုထိုးများစွာရှိသည့်အနက် တည်နေဟန်ထူးခြားသည့် ဘုရားစေတီတော်တစ်ဆူကိုပြပါဟုဆိုလျှင် မုံရွာမြို့ရှိ မိုးညှင်းသမ္ဗုဒ္ဓေ ကပ်ကျော်စေတီတော်ကြီးကို ညွှန်ပြရပေမည်။ မိုးညှင်းဆရာတော်ကြီးသည် (၃၇) ဧကရှိသော မိုးညှင်းတောရကမ္မဋ္ဌာန်းတိုက်ကြီးအတွင်းတွင် မြန်မာ့ကျက်သရေဆောင် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးကို ဘုရားရုပ်ပွားတော်ပေါင်း (၅၈၂၅၇) ဆူတို့ဖြင့် အံ့ချီးဖွယ်တည်ထားပေသည်။

၉ ရက်၊ ၁၂ လ၊ ၁၉၇၀ ပြည့်နှစ်။

အဖေ စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာကြီး လင်းယုန်မောင်မောင်၊ စာရေးဆရာကြီး ဘုတလင်ချစ်လေး (မြန်မာစာဦးရဲဝေ၏ ဖခင်)၊ စာရေးဆရာကြီး မောင်ကြည်ရှင်၊ ဘုတလင် ဦးချင်းစိန် (မြန်မာ့အသံမှ သီချင်းကြီးသရုပ်ဖော်များထုတ်လွှင့်ခဲ့သူ) တို့နှင့်အတူ ကျွန်တော်သည် ကပ်ပါပြီးကြည်ညိုဖွယ်ကောင်းလှသော မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးကို ဖူးမြော်ရလေသည်။ အဖေတို့သည် မုံရွာ၊ ဘုတလင်မြို့တို့၌ နတ်တော်လ စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကျင်းပရာသို့ စာပေဟောပြောရန် ရောက်လာကြခြင်း ဖြစ်သည်။ အဖေသာလျှင် ဆင်ပေါင်ဝဲမြို့ဇာတိဖြစ်ပြီး ကျန်စာရေးဆရာများသည် မုံရွာ၊ ဘုတလင်မြို့ဇာတိဖြစ်ကြသည်။ အဖေက အသက်အကြီးဆုံးဖြစ်၍ စာပေဟောပြောပွဲတွင် အဦးဆုံးဟောရသည်။ အဖေက ၁၉၆၂ ခုနှစ်မှစ၍ လစဉ်ထုတ်သော ချင်းတွင်းဂျာနယ်တွင် စာရေးဆရာကြီး ဘဝင်းက 'ဉာဏ်ရောင်လျှံဝင်း၊ နယ်ချင်းတွင်း' ဟူသော ခေါင်းစဉ်ဖြင့် ချင်းတွင်းနယ်တစ်ဝိုက် ဇာတိသားများတော်ကြောင်း၊ တတ်ကြောင်းကို အခန်းဆက်လစဉ်ရေးသားကြောင်း၊ ထိုအခါ ကျွန်တော်က မျက်စိနောက်လာ၍ သခင်လွင် (ဝန်ကြီးချုပ်ဦးနုလက်ထက်က အလုပ်သမားဝန်ကြီး) ထုတ်ဝေ၍ ဦးဝင်းခက် (အယ်ဒီတာချုပ်) လုပ်သော ရှုဒေါင့်ဂျာနယ်တွင် ၁၉၆၅ ခုနှစ်၌ 'ဉာဏ်ရောင်လျှံကဲ၊ နယ်ဆင်ပေါင်ဝဲ' ဟူသောခေါင်းစဉ်ဖြင့် ဆင်ပေါင်ဝဲဇာတိသားများဖြစ်ကြသော စာဆိုတော်ကြီး ဦးကြင်ဥမှစ၍ ယနေ့ခေတ် မြေလတ်မောင်မြင့်သူတို့အထိ တန်းစီရေးပြလိုက်မှ ဦးဘဝင်းအရေးရပ်သွားကြောင်း ပြောသွားလေသည်။

မိုးညှင်းဆရာတော်ဘုရားကြီးလောင်းလျာကို မြန်မာနှစ် ၁၂၃၄ ခုနှစ် တပေါင်းလဆန်း ၂ ရက် (အေဒီ ၁၈၇၃ခု ဖေဖော်ဝါရီ ၂၈ ရက်) သောကြာနေ့ နံနက် (၈) နာရီတွင် ဟံသာဝတီခရိုင် သံလျင်မြို့နယ် ဖားကူးရွာအနီး ဂုံညှင်းစုရွာ၌ အဖ ဦးမိုး၊ အမိ ဒေါ်ဘော် တို့မှ ဖွားမြင်တော်မူသည်။ မွေးချင်းခုနစ် ဦးအနက် အငယ်ဆုံးသားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဘိုးစဖြစ်ပါသည်။ ဆရာတော်လောင်းလျာသည် ကလေးဘဝကစားစဉ်ကပင် ဆွမ်းခံခြင်း၊ တရား

www.burmeseclassic.com

ဟောခြင်း စသည့် သာသနာရေးကိစ္စများကို ဦးတည်ကစားလေ့ရှိသည်။

အသက် (၁၄) နှစ်သားအရွယ်တွင် ရှင်သာမဏေပြုတော်မူသည်။ ဘွဲ့တော်မှာ ရှင်သုမနဖြစ်သည်။ အသက် (၂၀) အရွယ် ၁၂၅၄ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင် ရှင်သုမနအား မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် မောင်းမရွာဆရာတော် ဦးအာစရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူ၏။ ၁၂၅၉ခု တပေါင်းလပြည့်နေ့တွင် မန္တလေးသို့ ပညာသင်ကြားရန် ကြွရောက်တော်မူခဲ့သည်။ အရှင်သုမနသည် မန္တလေးမြို့ ရောက်ရှိချိန်မှစ၍ မိမိဆန္ဒပြင်းပြခဲ့သည့်အတိုင်း ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာဖြင့် စာပေကျမ်းဂန်များကို ကြိုးစားသင်ယူတော်မူခဲ့လေသည်။

ထိုစဉ်က အရှင်သုမန စာဝါလိုက်ခဲ့သော စာချဆရာတော်များမှာ (၁) ဆရာတော်ဦးရန်ကုန်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ (၂) ကျီဝန်မိုးတားဆရာတော်၊ (၃) မင်းဒင်ဆရာတော်၊ (၄) မိုင်းခိုင်ဆရာတော်၊ (၅) ဆရာတော်ဦးကြည်၊ (၆) မဟာဝိသုဒ္ဓါရာမဆရာတော်တို့ဖြစ်ကြသည်။ အရှင်သုမနသည် မိမိအတွက် ပညာဆည်းပူးရင်းတစ်ဖက်မှလည်း စာဝါများပို့ချပေးခဲ့ရသည်။ မိမိပို့ချခဲ့သော ညစာဝါပို့ချနည်းမှတ်စုတို့ကို စာသင်သားများ အလွယ်တကူ ကြည့်ရှုနိုင်စေရန် 'မိုးညှင်းညဝါအကျဉ်းအလင်းပြကျမ်း' ကို ပြုစုတော်မူခဲ့သည်။

ထိုသို့ စာချခြင်း၊ စာရေးခြင်းစသော ပရိယတ်များပြုလုပ်နေချိန်တွင် ...င် တောထွက်ရန် ဆန္ဒပြင်းပြလာသဖြင့် ...မိပြုလုပ်ခဲ့ဖူးသော အပြစ်များကို ...ပြန်လည် တွေးတောကြည့်သောအခါ ...ငယ်စဉ်ကအမှတ်မထင်ပြုလုပ်ခဲ့ဖူးသော အပြစ်တစ်ခုကို သတိရလာမိသည်။ ...ထိုအပြစ်မှာ လမ်းပေါ်ရှိ အုတ်ခဲတစ်ချပ်ကိုယူ၍ ခွေးတစ်ကောင်အား ...ပစ်ဖူးသောအပြစ် ဖြစ်သည်။ လမ်းတွင် ...အုတ်တစ်ချပ် လျော်ခြင်းကိစ္စအတွက် ...ပြင်ပေးရန် မန္တလေးမှ ဇာတိ သန်လျင် ...ဘက်သို့ ဆင်းလာခဲ့သည်။ ထိုလမ်းပြင် ...ပြီး မန္တလေးသို့ပြန်ကြွသည်။ ထိုအချိန်၌ ...မန္တလေးနေပြည်တော်ကြီးကိုကျောခိုင်း... မြစ်ငယ်မြို့မှတစ်ဆင့် အဲ့ဗျမက္ခရာ...တောရစခန်းဆီသို့ တစ်ပါးတည်းလှမ်း...ချီတော်မူခဲ့သည်။ (အရှင်သုမနကိုယ်...တော် ပထမဆုံး တောရဆောက်တည်သောအခါ သိက္ခာ (၁၇) ဝါရပြီး ဖြစ်ပါသည်။)

ထိုအဲ့ဗျမက္ခရာတောရမှ မန္တလေး-ကျောက်ဆည်သွားရာလမ်းရှိ မြစ်ငယ်မြို့အနီးတွင်ရှိသည်။ မြစ်ငယ်မြို့သို့ ရောက်သောအခါ မြို့အလွန် ဝဲဘက်ကားလမ်းအတိုင်း လိုက်သွားရသည်။ ထိုကားလမ်းမှတစ်ဖန် လှည်းလမ်းခရီးဖြင့် တစ်မိုင်ကျော်ကျော်ဆက်သွားရပါသည်။ ထိုသို့ဆက်သွားလိုက်လျှင် စေတီ၊ တန်ဆောင်း၊ သစ်ပင်ကြီးငယ်အပေါင်းတို့ဖြင့် ညို့မှိုင်းအုပ်ဆိုင်းလျက်ရှိသော အဲ့ဗျမက္ခရာရွာကို တွေ့ရလေသည်။ ထိုရွာကလေး၏ အရှေ့ဘက်တွင် ဒုဋ္ဌဝတီမြစ်ရှိ၏။ အနောက်ဘက်တွင် ရွှေစည်းခုံဘုရားကြီးရှိသည်။ ထိုအနီးထူထပ်သော ချုံတောများအလယ်တွင် လေးတိုင်စင်တောရကျောင်းကလေးတစ်ကျောင်းရှိသည်။ ထိုကျောင်းကလေးတွင် တောရကိုယ်တော်တစ်ပါးရှိသည်။ သပိတ်တစ်လုံးရှိသည်။ သင်္ကန်းသုံးထည်ရှိသည်။ စာအုပ်သုံးအုပ်ရှိသည်။ထိုစာအုပ်များမှာ တစ်အုပ်က ဝိသုဒ္ဓိမဂ်၊ နောက်တစ်အုပ်က ဥပရိပဏ္ဏာသအဋ္ဌကထာ၊ နောက်တစ်အုပ်က သုတ္တန်နိပါတ်အဋ္ဌကထာ။

ထိုနေရာတွင် ဘုရားဝတ်ပြုသံ နေ့စဉ်ကြားရသည်။ အမျှဝေသံနေ့စဉ်ကြားရသည်။ မဟာသမယသုတ်၊ ရာဟုလောဝါဒသုတ်၊ သမစိတ္တသုတ်တို့ရွတ်သံ၊ ဖတ်သံ နေ့စဉ်ကြားရသည်။ မေတ္တာကမ္မဋ္ဌာန်းပွားများပြီးသောအခါ ထိုကိုယ်တော်သည် ညနေစောင်းအချိန်တွင် ကျောင်းမှထွက်လာပြီးလျှင် ရွှေစည်းခုံစေတီတော်ကြီးဆီသို့သွား၍ ဝတ်ပြုသည်။ ထိုအခါ ကျေးငှက်တိရစ္ဆာန်များသည် ထိုကိုယ်တော်ကိုဝိုင်းရံနေကြောင်း တွေ့ရသည်။ ဝတ်ပြုပြီးသောအခါတွင် ထိုကိုယ်တော်က ငှက်လေးတွေကို လက်ဖြင့် ညင်သာစွာကိုင်ကာ အောက်ပါအတိုင်းပြောလိုက်လေသည်။

"ကဲ - ငါ့ဆွေတော်မျိုးတော်တို့ ချမ်းသာစွာပြန်ကြပေတော့"

ထိုအခါ ငှက်ကလေးများသည် လူ့စကားနားလည်သကဲ့သို့ တိတိကျကျ လိုက်နာကာ ပျံသန်းသွားကြသည်။ ထိုကိုယ်တော်ကလေးကား တခြားမဟုတ်။ မိုးညှင်းတောရကိုယ်တော်လေး ဦးသုမနပင်ဖြစ်တော့သည်။

ပထမဆုံး ခင်မွန်ဆရာတော်ထံ ရောက်ရှိကာ ခြောက်လမျှနေပြီး ရဟန္တာဟု ကျော်ကြားတော်မူသော ရေစကြိုဂူဖြူတောရဆရာတော်ကြီးထံ ရောက်ရှိပြီး တရားအားထုတ်နည်းများကို လေ့လာခဲ့သည်။ နောက်ဆုံး လယ်တီဆရာတော်ဘုရားကြီးထံတော်မှောက်ရောက်ရှိခဲ့ရာ လယ်တီဆရာတော်ဘုရားကြီးက -

"တရားအားထုတ်နည်းမှာမခက်။ လုံ့လ၊ ဝီရိယမရှိ၍သာ ခက်နေသည်။ အရိုးကြေကြေ၊ အရေကြွင်းကြွင်း ယောက်ျားမြတ်တို့ထုံးနှလုံးမူ၍ မလျှော့တမ်း အားထုတ်မည်ဟု စိတ်ကိုစွဲ၍ အားထုတ်လျှင် မြင့်မြတ်သောတရားထူးကိုရလိမ့်မကွယ့်"

ဟု ဆုံးမစကား မိန့်ကြားတော်မူသည်။

လယ်တီဆရာတော်ဘုရားကြီးက -

၁။ ဒကာ၊ ဒကာမတို့ပင့်ဆွမ်းကိုလိုက်မစားရ။
၂။ ရဟန်းခံရှင်ပြုအလှူအတန်းမလိုက်ရ။
၃။ ဘုန်းကြီးပျံပွဲ၊ အစည်းအဝေးပွဲများမလိုက်ရ။
၄။ စကားမပြော၊ တရားမဟောဘဲ (၁၀) နှစ်မျှ အားထုတ်ရမည်။
၅။ (၁၀) ပြည့်ပြီးမှ ကိုယ့်နေရာမှနေ၍ ဟောပြောရမည်။
၆။ အသက်(၆၀)ပြည့်မှသာ နယ်လှည့်တရားဟောရမည်

ဟူသော အချက် (၆) ချက်ကို ဩဝါဒပေးတော်မူရာ -

"ဦးထိပ်ပန်ဆင်ပါ့မည်ဘုရား"

ဟု အာမဘန္တေခံလိုက်လေသည်။

ထို့နောက် အရှင်သုမနသည် မြေနဲတောရသို့ တရားအားထုတ်ရန် ကြွရောက်တော်မူပါသည်။ မြေနဲတောရဟူသည်ကား မုံရွာမြို့မှ အရှေ့တောင်ဘက်ခရီး (၆)မိုင်ကွာ မြေနဲ၊ တောင်သာနှစ်ရွာကြား၌တည်ရှိသော တောရဖြစ်ပါသည်။ ထိုနေရာသည် မြေဆိုးထူထပ်လှသည်။ လယ်တီဆရာတော်ဘုရားကြီးက ပို့လိုက်သဖြင့် ဦးသုမနသည် ထိုနေရာသို့ ရောက်လာလေသည်။ (ထိုနေရာသည် နောင်အခါ မိုးညှင်းတောရဟု ဟိုးဟိုးကျော်လာမည့်နေရာ ဖြစ်လေသည်။) မြေနဲတောရတွင် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူခဲ့သော မိုးညှင်းမင်းတရားကြီး၏ ကုသိုလ်တော်ကျောင်းကြီးတစ်ဆောင်ရှိခဲ့ဖူးသည်။ ဒကာ၊ ဒကာမများသည် ယင်းကျောင်းတော်ဟောင်း၏ဘေးမှကပ်၍ အဖီတစ်ခုချကာ အရှင်သုမန နေဖြစ်ရုံကျောင်းလေးတစ်ဆောင် ဆောက်လုပ်ပေးကြသည်။

www.burmeseclassic.com



မိုးညှင်းဆရာတော်

မူလ ကျောင်းဒကာ မိုးညှင်းမင်းတရားကြီး၏ဂုဏ်ကျေးဇူးကို သတိရစိမ့်သောငှာ မိုးညှင်းတောရကျောင်းတိုက်ဟူ၍ ခေါ်တွင်စေခဲ့သည်။ နောင်အခါ ယင်းကျောင်းတိုက်တွင်သီတင်းသုံးသော အရှင်သုမနသည် မိုးညှင်းဆရာတော်ဟူ၍ ကျော်စောထင်ရှားလာခဲ့ပေသည်။

အရှင်သုမနသည် ၁၂၇၃ ခုနှစ်၊ ဝါဆိုလ မိုးညှင်းတောရတွင် သီတင်းသုံးချိန်မှစ၍ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သင်ပြပေးသောနည်းအတိုင်း ပြင်းပြင်းထန်ထန် အားထုတ်လေတော့သည်။ အရှင်မြတ်သီတင်းသုံးစတစ်နှစ်ခန့်ကာလတွင် ညဉ့်အတော်နက်ချိန် အုတ်အုတ်ကျက်ကျက်ဖြင့် အော်ဟစ်ဆူညံသောလူသံလိုလိုအသံများကြားနေရသည်။ တစ်ခါတစ်ရံ ဆိုင်းတီးသံ၊ သီချင်းဆိုသံများ ကြားနေရသည်။ တစ်ခါတစ်ရံ အရုပ်ဆိုးလှစွာသော လူပုံသဏ္ဌာန်များ၊ တစ်ခါတစ်ရံ အလွန်ချောမောလှသော အမျိုးသမီးကလေးများ ဆံပင်ဖားလျားချကာ အမွှေးရနံ့တသင်းသင်းဖြင့် လှုပ်ရှားသွားလာနေသည်ကိုလည်း မြင်ရသည်။

တစ်ခါတစ်ရံ မည်သည့်အရာကိုမျှမမြင်ရဘဲ -

"ကိုယ်တော် ဒီမှာမနေပါနဲ့ ပြန်ပါ"

ဟူသော အသံဆိုးကြီးများကို ကြားရလေသည်။

ဤသို့ နာနာဘာဝများခြောက်လှန့်သော်လည်း ကြောက်ရွံ့ တုန်လှုပ်ခြင်းအလျှင်းမရှိဘဲ မေတ္တာကိုသာ နာနာဖို၍ ပို့လွှတ်တော်မူခဲ့သည်။ ဤသို့ဖြင့် နာနာဘာဝတို့ခြောက်လှန့်ခြင်းမှာ လုံးဝပျောက်ကွယ်၍သွားလေတော့သည်။

တစ်ညချမ်းတွင် အရှင်မြတ်သည် စေတီငုတ်တိုများရှေ့၌ စေတီယင်္ဂဏဝတ်ပြုအပြီး ဆောင့်ကြောင့်ထိုင်လျက် ဘုရားဝတ်ပြုနေသည်။ ထိုစဉ် မြွေတစ်ကောင်သည် အနီးအပါး၌ ရှောခနဲရောက်လာကာ တရှူးရှူးအသံပေး၍နေသည်။ အရှင်မြတ်သည် ပကတိတည်ငြိမ်စွာဖြင့် ဘုရားဝတ်ပြုရင်း ဘုရားအာရုံနှင့်သေရလျှင် သာ၍ပင်မြတ်သေး၏ဟု သဘောပိုက်ကာ ဘုရားဝတ်ပြုမြဲပြုနေလေသည်။

ထိုအခိုက် မြွေသည် အရှင်မြတ်ဆောင့်ကြောင့်ထိုင်နေသော ခြေနှစ်ဖက်အကြားမှ ရှေ့သို့တိုးထွက်ကာ ရှေ့တည့်တည့်မှ ပါးပျဉ်းထောင်နေပြန်သည်။ အရှင်မြတ်သည် ထိုမြွေအားအာရုံပြု၍ မေတ္တာဓာတ်ကိုသာ တွင်တွင်ပို့လွှတ်တော်မူရာမှ မြွေမှာ ပျောက်ကွယ်သွားတော့သည်။

တစ်နေ့သောနံနက်ခင်း၌ အရှင်မြတ်သည် ဂတပစ္စာဂတ (အသွားအပြန်ကမ္မဋ္ဌာန်းအာရုံဆောင်သော) ဝတ်ဖြင့် ဆွမ်းခံကြွတော်မူစဉ် နွားမနောက်သို့ တရှူးရှူးမာန်ဖီ၍ ဒေါကြီးမောကြီးလိုက်လာသော နွားရိုင်းကြီးတစ်ကောင်သည် ဆွမ်းခံကြွမည့်လမ်းနှင့်တည့်တည့်ရင်ဆိုင်တိုး၍နေသည်။ နောက်တွင်ပါလာသူတို့က စိုးရိမ်တကြီး အော်ဟစ်သတိပေးလျှောက်ထားကြသော်လည်း ကမ္မဋ္ဌာန်းဝတ်ပျက်မည်စိုးသဖြင့် ကြွမြဲကြွတော်မူပါသည်။ နွားရိုင်းကြီးသည် အရှင်မြတ်နှင့် လေးတောင်ခန့်အနီးသို့ရောက်သောအခါ တစ်စုံတစ်ဦးက နဖားကိုဆောင့်ဆွဲလိုက်သကဲ့သို့ ချာခနဲလှည့်ကာထွက်ပြေးသွားတော့သည်။

တစ်ခါကလည်း အရှင်မြတ်သည် ထိုနည်းတူ ဂတပစ္စာဂတဝတ်ကို ဆောက်တည်လျက် ဆွမ်းခံကြွလာစဉ် လမ်းဘေးအနီး၌ မြွေဟောက်ကြီးတစ်ကောင်သည် ခေါင်းတထောင်ထောင်နှင့် မာန်ထောင်နေလေသည်။ အနီးအနား၌ရှိသော ယာသမားတို့က အရှင်မြတ်အား အန္တရာယ်ပြုမည်စိုးသဖြင့် တုတ်များ၊ ခဲများဖြင့် ခြောက်လှန့်သောအခါ မြွေဟောက်ကြီးမှာ အဝေးသို့ထွက်မပြေးသည့်အပြင် ပါးပျဉ်းကြီးမိုးကာ အရှင်မြတ်လာရာလမ်းဆီသို့ တိုး၍တိုး၍သာလာသည်။ အရှင်မြတ်ကမူ ရှေးနည်းအတူ နှလုံးသွင်းကာ ကမ္မဋ္ဌာန်းဝတ်ကိုအပျက်မခံဘဲ ကြွမြဲသာကြွတော်မူသည်။ မြွေဟောက်ကြီးမှာ အရှင်မြတ်နှင့် နီးကပ်ရာသို့ ရောက်သောအခါ အလိုလိုငြိမ်ကျလျက် ဘေးသို့သာရှောင်တိမ်းသွားလေသည်။

အေဒီ ၁၉၃၉ ခု စက်တင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com

၃ ရက်၊ (၁၃၀၁ ခု၊ ဝါခေါင်လဆုတ် ၅ ရက်) တနင်္ဂနွေနေ့တွင် ဗြိတိသျှ နန်းရင်းဝန် ချိန်ဘာလိန်က ဒုတိယကမ္ဘာ စစ်ဖြစ်ပြီဟု ကမ္ဘာသို့ အသိပေးကြေညာ လိုက်သည်။ ထိုကမ္ဘာစစ်သည် ဥရောပမှ စတင်ဖြစ်ပွားလာရာ စစ်မီးဘည် အာရှ တိုက်နိုင်ငံများသို့ ကူးစက်လာသည်။ မြန်မာပြည်တွင် ရန်ကုန်မြို့သို့ ၁၃၀၃ခု၊ ပြာသိုလဆန်း ၇ ရက် (၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၃ ရက်) အင်္ဂါနေ့တွင် ဂျပန်လေယာဉ်များ စတင်ဗုံးကြဲလာ သည်။

ဒုတိယကမ္ဘာစစ်အတွင်းကာလ ဖြစ်သည်။ တစ်နေ့သောအခါ ပဌာန်း အဓိပတိမော်ရုံကြီးပေါ်၌ မိုးညှင်းဆရာ တော်သည် ယောဂီပရိသတ်တို့အား တရားဟောကြားပြသနေ၏။ ထိုအချိန် တွင် ကောင်းကင်မှဖြတ်သန်းသွားသော လေယာဉ်တစ်စင်းသည် ရုတ်တရက် ဗုံးသုံးလုံးကြဲချလိုက်၏။ သို့သော် ထိုဗုံး များမှာ ပေါက်ကွဲခြင်းမရှိဘဲ သမ္ဗုဒ္ဓေစေတီ တော်မြတ်တည်ထားရန်ပုံထားသောသဲပုံ ထဲ၌ နစ်မြုပ်သွားလေသည်။ အကယ်၍ သာ ထိုဗုံးများပေါက်ကွဲလိုက်ပါက တည် နေဆဲ သမ္ဗုဒ္ဓေစေတီတော်ကြီးနှင့် အနီး ရှိပရိသတ်တို့အတွက် မတွေးရဲအောင် ရှိရပါတော့သည်။

မိုးညှင်းဆရာတော်ဘုရားကြီး၏ သာသနာပြုဘဝခရီးတွင် အံ့ဖွယ်ကောင်း သောဖြစ်ရပ်တစ်ခုကို ဖော်ပြပါဦးမည်။ ထိုဖြစ်ရပ်မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးခါနီး တစ်ခုသောနေ့တွင်ဖြစ်ပါသည်။ ထိုနေ့ နေ့လယ်တစ်နာရီအချိန်ခန့်တွင် ဆရာ တော်ကြီးသည် တရားရှုမှတ်ရင်း စင်္ကြံ လျှောက်လျက်ရှိနေသည်။ ထိုအချိန်တွင် သမ္ဗုဒ္ဓေစေတီတော်မြတ်ကြီးအနီး ဂျပန် စစ်တပ်များခိုအောင်းနေသည်ထင်သဖြင့် အင်္ဂလိပ်စစ်တပ်မှ အမြောက်ကြီးများဖြင့် ပစ်လိုက်သည်။ ဤတွင် တစ်ခု သောအမြောက်ဆန်သည် ဆရာတော် ကြီး သီတင်းသုံးရာ ကျောင်းတိုက်ကြီး ဆီသို့ တစ်ဟုန်ထိုး ဝင်ရောက်ကာ ပေါက်ကွဲသွားလေသည်။

ဆရာတော်ကြီးသည် စင်္ကြံလျှောက် နေရာမှ ပုံ့ခနဲထိုင်လျက်သားဖြစ်သွား သော်လည်း ထိခိုက်ဒဏ်ရာရရှိခြင်းမရှိ ချေ။ ကပ္ပိယနှင့်ဒကာအားလုံးကိုလှမ်း ခေါ်လိုက်ရာ အားလုံးက ဆရာတော် ကြီးအမြောက်ဆန်ထိမှန်ပြီး ပျံလွန်တော် မူပြီဟု ထင်မှတ်နေကြရာမှ ဘာမှမဖြစ် သည်ကို ဖူးတွေ့ကြရသဖြင့် အံ့သြ ဝမ်းမြောက်သွားကြရသည်။

ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ- တရားစောင့်သူအား တရားကပြန်၍ စောင့်သည်ဟု ဆိုထားသည် မဟုတ်ပါ လော။

ဒုတိယကမ္ဘာစစ်အတွင်းကဖြစ်ရပ် တစ်ခုကိုလည်း တင်ပြပါဦးမည်။ မုံရွာမြို့ သို့ တာဝန်အရရောက်ရှိလာသော ဂျပန် စစ်ဗိုလ်အရာရှိသည် စစ်ဘေးခိုလှုံသူ လူပေါင်း(၂၀၀၀)နီးပါးရှိသည်ဟု သတင်း ရထားသော မိုးညှင်းသမ္ဗုဒ္ဓေကျောင်း တိုက်အတွက်၊ ရတက်မအေးဖြစ်နေ သည်။ သို့ဖြစ်၍ ကျောင်းတိုက်အုပ်ချုပ် သူ မိုးညှင်းဆရာတော်ကြီးနှင့်တွေ့ဆုံရန် မြို့ခံလူကြီးများအား စာဖြင့်ဆက်သွယ် စေသည်။

စာထဲတွင် မိမိလာရောက်သည့် အခါ (၁) ဦးထုပ်မချွတ်ဘဲ လက်နက်နှင့် အတူဝင်မည်။ (၂) အရိုအသေမပေး (ရှိမခိုးဘဲ) တွေ့ခွင့်ပြုရမည်။ (၃) ကုလား ထိုင်ဖြင့်တန်းတူထိုင်မည်ဟူသောအချက် များကို ခွင့်ပြုရမည်ဟု တောင်းဆိုထား သည်။မြို့ခံလူကြီးများမှာ ထိုအချက်များ အတွက် မလွှဲမရှောင်သာ မျက်နှာပူပူ ဖြင့်ပင် ဆရာတော်ကြီးထံ လျှောက်ထား ကြရသည်။

ဆရာတော်ကြီးကမူ -

"သူစိတ်ချမ်းသာသလို လာချင်တဲ့ အချိန်လာပါစေ"

ဟူ၍ အမိန့်ရှိလိုက်သည်။

နောက်တစ်နေ့တွင် ထိုစစ်ဗိုလ် လာသောအခါ အားလုံးတအံ့တသြဖြစ် ကြရတော့သည်။ အဘယ်ကြောင့်ဆို သော် ထိုစစ်ဗိုလ်အရာရှိသည် ဆရာ တော်ကြီးအားမတွေ့ဆုံရမီ အပေါက်ဝ ကပင် ဦးထုပ်ချွတ်ခဲ့ခြင်း၊ ဆရာတော် ကြီးကိုတွေ့လျှင် မြန်မာများကဲ့သို့ပင် အောက်၌ထိုင်နေခြင်းတို့ကိုတွေ့ရသော ကြောင့်ပင်ဖြစ်လေသည်။ စစ်ဗိုလ်အရာ ရှိသည် ဆရာတော်ကြီးနှင့် အပြန်အလှန် နှုတ်ဆက်စကားပြောဆိုပြီးသောအခါ-

"ကျွန်ုပ်တို့နိပ္ပွန်လူမျိုးများ စစ်နိုင် အောင်ဆုတောင်းပေးပါ"

ဟု လျှောက်သည်။

ဆရာတော်ကြီးကလည်း -

"ကောင်းပါပြီ။ အားလုံးချမ်းသာ အောင် မေတ္တာပို့ပေးပါ့မည်"

ဟု ပရိယာယ်ဖြင့် ဖြေကြားလိုက် သည်။

စစ်ဗိုလ်အရာရှိသည် မိုးညှင်း သမ္ဗုဒ္ဓေကျောင်းတိုက်အတွက် မည်သို့မျှ မေးမြန်းခြင်းမပြုဘဲ ပြန်သွားလေသည်။

ဤကား မိုးညှင်းဆရာတော်ကြီး ၏ မေတ္တာအငြိမ်းဓာတ်ရောင်ပြန်ဟပ် မှုပင် ဖြစ်ပေတော့သည်။

မိုးညှင်းဆရာတော်ဘုရားကြီး၏ သာသနာပြုဘဝခရီးတွင် အထူးခြားဆုံး ဆောင်ရွက်ချက်တစ်ခုမှာ ကမ္ဘာကျော် သမ္ဗုဒ္ဓေစေတီတော်ကြီးကို တည်ထား ကိုးကွယ်ခဲ့ခြင်းပင်ဖြစ်သည်။ ဆရာတော် ကြီးသည် ရုပ်ပွားစေတီတော်တို့၏ပုံစံ တော်ကိုရေးဆွဲခြင်း၊ ယိုးဒယား၊ သဇင် ခွေ၊ ချူး၊ ကနုတ် စသော ပန်းတွန့်၊ ပန်းခက်၊ ပန်းနွယ်တို့ကို ရေးဆွဲခြင်း စသော ပန်းချီအတတ်ပညာတို့ကို ငယ်စဉ် ကပင် လေ့လာ ကျွမ်းကျင် တတ်မြောက် ခဲ့ပါသည်။ သို့ဖြစ်၍ သမ္ဗုဒ္ဓေကပ်ကျော် စေတီတော်မြတ်ကြီးကို တည်ထားတော် မူချိန်၌ သီလ၊ သမာဓိ၊ ပညာအား ပို၍ တည်ခိုင်ပွင့်လင်းနေပြီဖြစ်သဖြင့် ပြုလုပ် မည့် ပုံစံတော်အနေထားတို့ကို ညဉ့်အခါ ၌ အာရုံပြုလိုက်လျှင်ပင် ဉာဏ်ထဲ၌ တစ်စုံတစ်ယောက်က ရေးပြကူညီသည့် အလား ဘွားခနဲထင်မြင်၍လာပါသည်။ ထင်မြင်လာသည့်အတိုင်း ပန်းရန်၊ ဗိသုကာပညာရှင်တို့အား ညွှန်ကြားပြသ ရာ လိုအပ်သောပုံစံများမှာ အချိုးတကျ ပင် ဖြစ်ပေါ်၍လာပါတော့သည်။

ဤသို့အားဖြင့် ၁၃၀၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့တွင် သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး ကို စတင်တည်ထားတော်မူခဲ့ရာ ၁၃၂၁ခု တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့ တွင် အလုံးစုံ ပြီးမြောက်ခဲ့ပါသည်။

မိုးညှင်းဆရာတော်ဘုရားကြီးသည် မိမိတစ်ဘဝတာကို ဂန္ထဓူရ၊ ဝိပဿနာ ဓူရ ဓူရနှစ်ဖြာကျင့်ကြံအားထုတ်ခြင်းဖြင့် သာ အချိန်ကုန်လွန်စေခဲ့သည်။ ဆရာ တော်ကြီးသည် အနာဂတ်သာသနာတော် အတွက် (၁) ဝိသုဒ္ဓိကျင့်စဉ်ကျမ်းကြီး၊ (၂) ပဋိစ္စသမုပ္ပါဒ်ကျင့်စဉ်ကျမ်းကြီး၊ (၃) ဝိပဿနာအလုပ်ပေးကျင့်စဉ်ကျမ်း ကြီး၊ (၄) ပဌာန်းဝိပဿနာကျင့်စဉ်ကျမ်း ကြီး စသည်ဖြင့် ကျမ်းပေါင်း (၃၀)ကျော် ပြုစုတော်မူခဲ့ပေသည်။

ဝိသုဒ္ဓိကျင့်စဉ်ကျမ်းကြီးသည် အရှင်မြတ်၏ ပထမဆုံးလက်ရာဖြစ်ပြီး စာမျက်နှာ(၂၁၃)ရှိကာ ဆိုက်ကြီးသည်။ အေဒီ ၁၉၂၄ ခုနှစ် (၁၂၈၅ ခုနှစ်) တွင် မုံရွာမြို့၌ တိုင်းလုံးမိတ်ဆွေပုံနှိပ်တိုက်မှ ရိုက်နှိပ်သည်။

ပဋိစ္စသမုပ္ပါဒ်ကျင့်စဉ်ကျမ်းသည်



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကျမ်းစာဖြစ်ပြီး အေဒီ ၁၉၂၇ (၁၂၈၉ ခုနှစ်) တွင် ကျမ်းစာအုပ်အဖြစ်သို့ရောက်သည်။ ဝိပဿနာအလုပ်ပေး ကျင့်စဉ်ကျမ်းကြီးကား တတိယမြောက်ကျမ်းစာဖြစ်ကာ စာမျက်နှာ (၄၉၄) ရှိ ဆိုက်ကြီးဖြစ်လေသည်။ အေဒီ ၁၉၂၉ (၁၂၉၁ ခုနှစ်) တွင်ကျမ်းစာအုပ်ဖြစ်လာသည်။ ထိုကျမ်းစာမူများကို ယူဆောင်လျက် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးထံ ဓမ္မပူဇာဖြင့် သွားရောက်ပူဇော်ပါသည်။ ထိုစဉ်က လယ်တီဆရာတော်ဘုရားသည် ထိုနှစ် အေဒီ ၁၉၂၁ (၁၂၈၃ ခုနှစ်) တွင် စစ်ကိုင်းတောင်ရိုး ဇေတဝန် လယ်တီစံကျောင်း၌ ဝါဆိုတော်မူ၍ ဝါကျွတ်အကန်တော့ခံရန်အတွက် မုံရွာလယ်တီတိုက်ကြီးသို့ ခေတ္တပြန်ရောက်နေခိုက် ဖြစ်ပါသည်။

မိုးညှင်းအရှင်မြတ် သွားရောက်ကန်တော့သောအခါ လယ်တီဆရာတော်ဘုရားကြီးက -

"မိမိသြဝါဒအတိုင်း ဆယ်နှစ်ခရီးကို ပြီးစီးအောင် လိုက်နာအားထုတ်ပေတယ်"

ဟု ဝမ်းသာအားရချီးကျူးတော်မူသည်။

မိုးညှင်းအရှင်မြတ်သည် တရားအားထုတ်ရာ၌ တွေ့ကြုံရပုံ၊ ဉာဏ်အမြင်ပေါက်ရောက်ပုံ၊ အလင်းဓာတ်၊ အငြိမ်းဓာတ်ရရှိပုံတို့ကို လျှောက်ထားသောအခါ လယ်တီဆရာတော်ဘုရားကြီးက လိုအပ်သည်များကို ဆစ်ပိုင်း၍ မေးတော်မူသည်။ မေးသောအချက်များကိုလည်း မိုးညှင်းအရှင်မြတ်က ပရိယာယ်မပါ မာယာမနှောဘဲ ပကတိသဘောဖြင့် မှန်ရာကိုပြောကြားလေ၏။ ထိုအချက်ကို အောက်တွင် ဖတ်ကြည့်ပါ။

လယ်တီဆရာတော်ဘုရားကြီးမှာ လွန်စွာအားရတော်မူလှ၍ -

"အလွန်တော်တဲ့ပုဂ္ဂိုလ်၊ ရှာမှရှားတဲ့အာဇာနည်ပုဂ္ဂိုလ်ပဲ"

စသည်ဖြင့် ဝမ်းမြောက်စွာပင် မြွက်ဆိုချီးမွမ်းတော်မူပြီးလျှင် -

"ကိုင်း - ငါ့ကိုယ်စား ကမ္ဘာကို သာသနာပြုပေတော့။ ဝိပဿနာတရားကြီးကို ယခုအားထုတ်ပုံအားထုတ်နည်းအတိုင်း ရဟန်းရှင်လူတို့အား ဟောကြားပြသဆုံးမပေတော့ဗျာ"

ဟု အမိန့်ရှိကာ မိမိရေးသားပုံနှိပ်ပြီးစီးသော ဒီပနီကျမ်းအားလုံးကို ချီးမြှောက်လိုက်တော်မူသည်။ ဤကား ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဆရာတပည့်ဆက်ဆံပုံဖြစ်သည်။

ထိုအချိန်တွင် မိုးညှင်းကိုယ်တော်ကြီးသည် တစ်ပြိုင်တည်းတွင် နှစ်နေရာ၊ သုံးနေရာခွဲ၍တွေ့နေရသည်ဟု သတင်းဖြစ်ပွားလျက်ရှိသည်။ တစ်ခါတစ်ရံ ဖိုးဝန်းတောင်မှာ၊ တစ်ခါတစ်ရံ လက်ပံတောင်းတောင်မှာ၊ တစ်ခါတစ်ရံ ကျောက်ကာတောင်မှာ၊ တစ်ခါတစ်ရံ ကြေးမုံရွှေမြင်တင်တောင်မှာ။

ဆရာတော် သီတင်းသုံးရာကျောင်းတွင် ညအခါ မီးမထွန်းဘဲ တစ်ခါတစ်ခါ တစ်ကျောင်းလုံး လင်းထိန်နေတတ်သည်။ တစ်ခါတစ်ခါ ဘုန်းကြီးပျောက်နေတတ်သည်။ တစ်ခါတစ်ခါ နတ်ဗြဟ္မာများ၊ ဘီလူးများကိုပင် တရားဟောနေတတ်သည်။

လယ်တီဆရာတော်ဘုရားကြီး အမိန့်စာရ မိုးညှင်းအရှင်မြတ်သည် အေဒီ ၁၉၂၂ (၁၂၈၃ ခုနှစ်) သက်တော် (၅၀)၊ ဝါတော် (၃၀) အရ တန်ဆောင်မုန်းလမှစ၍ နေ့စဉ် တရားဟောကြားလေသည်။ ထိုစဉ်က တရားဟောရန် ဓမ္မာရုံမရှိသေးသဖြင့် သစ်ပင်အောက်၌ ထန်းရွက်မိုးမဏ္ဍပ်ကြီးဆောက်၍ဟောကြားတော်မူရသည်။ ထို့နောက် တရားနာသူတို့ စုပေါင်းကာ သစ်သားတိုင်၊ ဝါးကပ်မိုးဓမ္မာရုံတစ်ခုဆောက်လုပ်ကြသည်။

မိုးညှင်းအရှင်မြတ်သည် လူအားလုံးတို့နားလည်ရန် ပါဠိသံကိုရှောင်တာသုံးပြီး မြန်မာစကားလုံးတို့ဖြင့်သာ ဟောကြားသည်။ ဖြည်းဖြည်းလေးလေးဖြင့် ဥပမာဥပမေယျများညှပ်ကာ ဟောကြားသည်။ မိမိတစ်ပါးတည်းတောက်လျှောက်ပြောသွားခြင်းမဟုတ်ဘဲ တရားနာပရိသတ်အား ဆွဲဆောင်သောအနေအားဖြင့် တရင်းတနှီး -

"အေးကွယ့် - ဟုရို့ရဲ့"

စသော အသုံးအနှုန်းတို့ဖြင့် အမေးထောက်ပြု၍ ဟောကြားသည်။ အရှင်မြတ်၏တရားကို နာယူပြီးပါက ဆန်းဆန်းပြားပြားဟောကြားခြင်းမဟုတ်ပါဘဲ ထပ်၍နာချင်စိတ်များတိုးပွားလာသည်။

ထိုအခိုက် မမျှော်လင့်ဘဲ လယ်တီဦးဝဏ္ဏိတ၊ လယ်တီဦးပဒုမ၊ လယ်တီသေက္ခတောင် ဦးတိလောက၊ လယ်တီဦးဥေယျ၊ လယ်တီပဏ္ဍိတ (ဦးမောင်ကြီး) တို့ လက်မှတ်ထိုးလျက် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး မရဏာန္တိကဝေဒနာသို့ရောက်နေပြီဖြစ်၍ ကြွလာစေလိုကြောင်းစာရောက်လာသည်။ မိုးညှင်းအရှင်မြတ်မှာ လွန်စွာအံ့အားသင့်သွားသည်။ မိမိဌာနသို့ပင့်ဆောင်၍ မပူဇော်ရသော်လည်း-

"အသက်ရှင်လျက်ရှိသော အရှင်မြတ်အား ဓမ္မပူဇာဖြင့် အချိန်မီသွားရောက်ကာပူဇော်အံ့"

ဟု သဘောပိုက်ကာ စာရောက်၍ မကြာမီ တရားနာယူရန် စောင့်မျှော်လျက်ရှိသောပရိသတ်တို့အားဖယ်ထားလျက် အေဒီ ၁၉၂၃ (၁၂၈၅ ခု၊ ဝါဆိုလဆန်း ၈ ရက်) ၌ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရှိရာ ပျဉ်းမနားသို့ အမြန်ကြွတော်မူလေသည်။

မိုးညှင်းအရှင်မြတ်သည် ပျဉ်းမနား၌ရှိစဉ် လယ်တီဆရာတော်ကြီးအား ဓမ္မပူဇာဖြင့်ပူဇော်သောအားဖြင့် နေ့တိုင်း အနတ္တဒီပနီကျမ်းစာကို ဖတ်ကြားပြလေသည်။ ထိုအခါ လယ်တီဆရာတော်ဘုရားက ဝမ်းမြောက်ဝမ်းသာနာတော်မူသည်။

လယ်တီဆရာတော်ဘုရား ထိုသို့နာမကျန်းရှိနေစဉ် တပည့်များဖြစ်ကြသော လယ်တီဦးဝဏ္ဏိတ၊ လယ်တီဦးပဒုမ၊ လယ်တီဦးဥေယျ၊ လယ်တီသေက္ခတောင်ဦးတိလောက၊ လယ်တီပဏ္ဍိတ(ဦးမောင်ကြီး)တို့က တစ်လှည့်စီ ပဋ္ဌာန်းပါဠိတော်ကြီးကို နေ့စဉ်ရွတ်ဖတ်ပူဇော်ကြလေသည်။ ထိုသို့ အဘိဓမ္မာဒေသနာတို့ကိုနာခံရင်း ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားသည် ၁၂၈၅ခု ပထမဝါဆိုလပြည့် (၂၇၊ ဇွန်လ၊ ၁၉၂၃) ဗုဒ္ဓဟူးနေ့ (၂)နာရီ (၃၀)မိနစ်အချိန်တွင် ပျဉ်းမနားမြို့ လယ်တီစံကျောင်း (သူဌေးဦးလန်းတိုက်) ၌ စုတိကမ္မဇရုပ်ချုပ်ငြိမ်းတော်မူခဲ့လေသည်။

မိုးညှင်းအရှင်မြတ်သည် ပြုသင့်သောဝတ္တရားများကိုပြုစုကာ ဝါဆိုရက်နီးပြီးဖြစ်သဖြင့် လယ်တီတပည့်အပေါင်းတို့အား ခွင့်ပန်ပြီးလျှင် မိုးညှင်းတောရသို့ပြန်ကြွတော်မူခဲ့ပါသည်။

မိုးညှင်းအရှင်မြတ်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ပေးအပ်လှူဒါန်းကြောင်းသတင်းကို ၁၃၀၂ ခု၊ ပြာသိုလဆန်း ၅ ရက်၊ (၁၉၄၁ ခုနှစ်၊ နှစ်သစ်ကူးမင်္ဂလာနေ့) ဗုဒ္ဓဟူးနေ့ထုတ် မြန်မာနိုင်ငံအစိုးရဂေဇက်တွင်ကြေညာခဲ့လေသည်။ ထိုကြေညာချက် ပေါ်ထွက်လာပြီး မကြာမီမှာပင် မြန်မာနိုင်ငံအစိုးရ[illegible] ဘွဲ့တံဆိပ်တော် အလှူခံကြွတော်မူ[illegible] အကြောင်းပင့်လျှောက်လွှာရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ သို့သော် မိုးညှင်းအရှင်မြတ်မှာ အသက်အရွယ်အရ လည်းကောင်း၊ ကျန်းမာရေး အခြေအနေကြောင့် လည်းကောင်း ရန်ကုန်မြို့သို့ကြွရောက်၍ ဘွဲ့တံဆိပ်တော်အလှူခံရန် ဝန်လေးလျက်ရှိသည်။ ထိုအခြေအနေများကို နိုင်ငံတော်အစိုးရက သိရှိသွားသဖြင့် အစိုးရအဖွဲ့ဥက္ကဋ္ဌဝန်ကြီးချုပ်ကိုယ်တိုင် ဆရာတော်ကြီးထံမှောက်လာရောက်ကာ ၁၃၀၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ (ဇွန်လ ၆ ရက်၊ ၁၉၄၁ ခု) တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ဆာနက်ခေါ် အမိန့်တော်စာတမ်းကို ကပ်လှူလေသည်။ ဘွဲ့တံဆိပ်တော်ကပ်လှူပွဲကို ယခုပဋ္ဌာန်းအဓိပတိမမ္ဘာရုံကြီးတွင် ပရိသတ်များစွာဖြင့် ပူဇော်ပြုလုပ်ရာ အလွန်စည်ကားလှပေသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်ရေးရမည့်အချိန်မှာ အေဒီ ၁၉၄၈ ခု၊ ဇန်နဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့ (၁၃၀၉ ခု၊ ပြာသိုလဆုတ် ၉ ရက်) နံနက် (၄) နာရီ၊ (၂၀)မိနစ်ဖြစ်သည်။ အင်္ဂလိပ်အလံဖြုတ်ချ၍ မြန်မာ့အလံကြီးကို လွှင့်တင်ပေတော့မည်ဟု အားလုံးက ကြိုတင်သိထားကြသည်။ မိုးညှင်းအရှင်မြတ်သည် နံနက်စောစောတပင် ကျိန်းစက်ရာမှထ၍ နံနက်(၃)နာရီတွင် အသင့်ပင့်ဆောင်ထားသောရုပ်ပွားတော်ရှေ့၌ ဘုရားရှိခိုးပုတီးစိပ်၍ မေတ္တာပို့လျက်ရှိလေသည်။ နတ်ပြဟ္မာအပေါင်းတို့ကို ဖိတ်မန္တကပြုကာ ပရိတ်ဒေသနာများကို ရွတ်ဖတ်ဟောကြားနေလေသည်။

ထူးဆန်းသောဖြစ်ရပ်မှန်တစ်ခုကို ပြန်လည်တင်ပြပါဦးမည်။ ၁၉၆၂ ခုနှစ်၏တစ်ခုသောနေ့ခင်းတွင် လှည်းတစ်စီးသည် မိုးညှင်းအရှင်မြတ်၏ကျောင်းသို့ မောင်းဝင်လာသည်။ အရှင်သူမြတ်၏ သီတင်းသုံးရာကျောင်း(ယခုပုံတူပြတိုက်) အနီးတွင်ရပ်၍ လှည်းပေါ်ရှိ နွားစားကျင်းငယ်ကို မ,ချလိုက်သည်။ ထို့နောက် မိုးညှင်းအရှင်မြတ် မြင်လောက်သည့်နေရာ၌ နွားစားကျင်းကို စောင်းငဲ့ပေးလိုက်သည်။ ထိုအခါ နွားစာကျင်းတွင်ပါလာသော မိကျောင်းတစ်ကောင်သည် လျှာဆင်းကာ မိုးညှင်းအရှင်မြတ်ဆီသို့သွား၍ မောင်းတုံးကဲ့သို့ ပါးစပ်ကိုဟလျက် နိမ့်ချည်၊ မြင့်ချည်ပြုလုပ်နေသည်။ ထိုအခြင်းအရာမှာ ထူးဆန်းလှသဖြင့် ခဏအတွင်း သတင်းပျံ့နှံ့သွားလျက် ကြည့်ရှုသူများ ဝိုင်းအုံလာသည်။ မိကျောင်းကိုလွှတ်ထားသော်လည်း အန္တရာယ်ပြုမည့်အသွင်မရှိဘဲငြိမ်နေသည်။ မိုးညှင်းအရှင်မြတ်အား မြင်လောက်ရာတွင် အတန်ကြာထားပြီးမှ ပြန်သိမ်းလိုက်သည်။

ထိုအကြောင်းခြင်းရာကို မေးမြန်းကြည့်သောအခါ ထိုမိကျောင်းကို ချောင်းဦးမြို့နယ် ညောင်ပင်လှရွာမှ ရေလုပ်သား ကိုခွေး ရေလုပ်ငန်းလုပ်ရာ ပိုက်ကွန်တွင် ငြိပါ၍ရရှိခြင်းဖြစ်သည်။ ကိုခွေးက ရွှေဘုံသာဘုရားအနီး ရေအိုင်မှ ထိုမိကျောင်းကိုရရှိခဲ့ပြီး ညောင်ပင်လှကျောင်းဆရာတော် ဦးစန္ဒိမာက အလှူခံယူထိန်းသိမ်းထားသည်။ညတစ်ညတွင် သမ္ဗုဒ္ဓေဘုရားကြီးနှင့် မိုးညှင်းဆရာတော်ကြီးအား ဖူးချင်ပါသည်။ လိုက်ပို့ပေးပါဟု ထိုမိကျောင်းက ပြောဆိုကြောင်း ဦးစန္ဒိမာ အိပ်မက်မြင်မက်လေသည်။ သို့ဖြစ်၍ မိုးညှင်းအရှင်မြတ်ထံ လိုက်ပို့ရလေသည်။ မိကျောင်းတွေ့ရဖို့ခဲယဉ်းသော အညာအရပ်တွင် မြစ်နှင့်ဝေးရာမှာတွေ့ရသဖြင့် အလွန်ထူးဆန်းနေပါသည်။ ထို့နောက် ထိုမိကျောင်းပုံအတိုင်း အောက်ခံထားပြီး အပေါ်မှ စေတီငယ်တစ်ဆူကို ထိုမိကျောင်းရသော ရေအိုင်ဘေးမှာ တည်ထား၍ ဆွမ်းလောင်းပွဲများပြုလုပ်ကြ၏။ထိုမိကျောင်းကိုလည်း မေတ္တာပို့ အမျှဝေ၍ ချင်းတွင်းမြစ်ထဲသို့ပို့လွှတ်လိုက်လေသည်။ မိုးညှင်းအရှင်မြတ်နှင့်စပ်လျဉ်း၍ ထူးခြားချက်အချို့ဖြစ်ပါသည်။

မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် တရားပွဲများခြိမ့်ခြိမ့်သဲကျင်းပခဲ့သောလူတို့အား ဂုဏ်တော်ပုတီးစိပ်စေခဲ့သော ဂတိဝိသုဒ္ဓိကျင့်စဉ်အတိုင်း ယဉ်ကျေးသိမ်မွေ့စွာ စေခိုင်းခဲ့သော တစ်ခေတ်တွင် တစ်ခါသာပေါ်ထွန်းသည့် မိုးညှင်းစကြာဟု တင်စားခေါ်ဆိုခဲ့ရသော မိုးညှင်းဆရာတော်ဘုရားကြီးသည် ခန္ဓာဝန်စွန့်လွှတ်ရတော့မည့်အချိန်ကိုကြိုသိနေသည်။

"ကိုယ့်တရားအလုပ်ကိုမမေ့ကြနဲ့"

ဟု ညင်သာပျော့ပျောင်းသော အသံတော်ဖြင့် နောက်ဆုံးအမိန့်ရှိလိုက်သည်။ ထို့နောက် အထက်ဆီသို့ မျက်စိကိုသုံးကြိမ်ဖွင့်ကြည့်၍ စဉ်းငယ်ပြန်မှိတ်ကာ စုတိစိတ်အစဉ်သို့ပြောင်းလျက် ခန္ဓာဟောင်းဝန်ထုပ်ကြီးကို အပြီးတိုင်စွန့်ချတော်မူလိုက်လေသည်။

ထိုအချိန်သည်ကား ၁၃၂၆ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်။ ၂၉ ရက်၊ စက်တင်ဘာ၊ ၁၉၆၄ အင်္ဂါနေ့ ညနေ (၆) နာရီ၊ (၄) မိနစ်ဖြစ်၍ သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါရရှိတော်မူသည်။

အရှင်မြတ်ခန္ဓာဝန်စွန့်၍ တစ်ဘဝငြိမ်းချိန်တွင် မြေငလျင်ပဲ့တင်တုန်လှုပ်ခြင်း၊ ကောင်းကင်၌ ဥက္ကာပျံခြင်း၊ အရှင်မြတ်စံကျောင်းမှ အထက်သို့ သက်တံရောင်များဖြာတက်သွားခြင်း၊ ကျောင်းတိုက်အတွင်းရှိ ကျေးငှက်သတ္တဝါတို့ သံပြိုင်ဟစ်အော်ခြင်း၊ ကောင်းကင်မှ ကြေးစည်သံ၊ ခရုသင်းသံ၊ တီးမှုတ်သံများကြားရခြင်း စသည်ဖြင့် ထူးခြားလှသည်။ ထို့ပြင် ၁၂၈၂ ခု (၁၉၂၀ ပြည့်နှစ်) တွင် အရှင်မြတ်ကြီးကိုယ်တိုင် စိုက်ပျိုးပူဇော်ခဲ့သော ဗောဓိတိုက်က ဗောဓိပင်ကြီးလည်း ရုတ်တရက် ညှိုးရော်ခြောက်သွေ့သွားလေသည်။

ရုပ်ကလာပ်တော် သဂြိုဟ်ရန်အတွက် အရှင်မြတ်၏မှာထားချက်များမှာ -

"ငါတို့သေလျှင် ငါတို့၏ရုပ်ကလာပ်ကို နေ့မကူးဘဲ သဂြိုဟ်လိုက်ရမည်"

ဟု ပထမမှာထားခဲ့သည်။

အေဒီ ၁၉၆၄ ခု၊ အောက်တိုဘာ ၃ ရက်၊ စနေနေ့ (၁၃၂၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်)နေ့လယ် (၁) နာရီတွင် ရုပ်ကလာပ်တော်ကို အရှင်မြတ်ခန္ဓာဝန်မစွန့်မီက စီမံပြုလုပ်တော်မူထားသော မိုးညှင်းသမ္ဗုဒ္ဓေကျောင်းတိုက် အရှေ့တောင်ဘက်ရှိ မဟာဗောဓိစေတီအနီး အရိုးအိုးစေတီတော်၌ မှန်ခေါင်းနှင့်တကွသွင်း၍ အလုံပိတ် ပူဇော်လိုက်ကြလေသည်။

(ဤဆောင်းပါးဖြင့် မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အားဦးခိုက်လျက်)

တင်အောင် (စက်မှုတက္ကသိုလ်)

**ကျမ်းကိုး** -

၁။ မိုးညှင်းမဟာထေရာပဒါန်ကျမ်း (နေရင်းဦးကောဝိဒ)
၂။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများ၊ ဆရာမောင်ပန်းမွေး ပြုစုသည်၊
၃။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ တင်အောင်သွင် ပြုစုသည်။ (တိုးတက် စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)



www.burmeseclassic.com

www.burmeseclassic.com



ဆံရှည်ဆရာတော်ဦးကောဏ္ဍည ဆွမ်းခံပြန်လာသည်ကို နောက်ပိုင်းရက်များတွင် တွေ့ရသောအခါတွင်လည်း ထိုပုံစံအတိုင်းပင် သပိတ်အဖုံးကြီးဖြင့် ဆွမ်းများ၊ ဆွမ်းဟင်းများကိုထည့်ပြီးပြန်လာသည်ကို တွေ့ရပြန်လေ၏။ နောက်ရက်များတွင်လည်း ဤကိစ္စကိုသတိထားပြီး မောင်ထွန်းမြိုင်သည် စောင့်ကြည့်ခဲ့ရာတွင်လည်း သပိတ်အဖုံးကြီးဖြင့်သာ ဆွမ်းခံပြန်လာသည်ကိုတွေ့ရ၏။

တစ်နေ့တွင် ဆရာတော်ဆွမ်းခံပြန်ကြွလာပြီး တန်ဆောင်းပေါ်သို့ တက်ရုံရှိသေး၏။ နောက်မှ အမျိုးသမီးကြီးတစ်ဦး လိုက်ပါလာသည်ကို မောင်ထွန်းမြိုင်တွေ့လိုက်သဖြင့် ထိုအမျိုးသမီးကြီးကို အကဲခတ်ကြည့်ရှုလိုက်၏။ အမျိုးသမီးကြီးသည် အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြင့် လည်းကောင်း၊ တန်ဖိုးကြီးသောပစ္စည်းများကိုသာ သုံးစွဲဝတ်ဆင်ထားသဖြင့် လည်းကောင်း ထိုအမျိုးသမီးကြီးသည် လူကုံထံအသိုင်းအဝန်းထဲမှမှန်း သိသာလေ၏။

အမျိုးသမီးကြီးသည် တန်ဆောင်းထဲသို့ဝင်လာပြီးလျှင် ဆံရှည်ဆရာတော်ဦးကောဏ္ဍညရှေ့သို့သွားပြီးဦးချလေ၏။ ထို့နောက် ဆရာတော်အား -

"အရှင်ဘုရား၊ ဘာများအလိုရှိတော်မူပါသလဲဘုရား"

ဟု လျှောက်လိုက်၏။

ထိုအခါ ဆရာတော်က -

"ဘာမှမလိုပါဘူး ဒကာမကြီး။ ကျုပ်အဖို့ပြည့်စုံပါတယ်"

ဟု မိန့်ကြားလိုက်၏။

ထိုအခါ အမျိုးသမီးကြီးက -

"အရှင်ဘုရားက ပြည့်စုံတယ်သာဆိုတယ် ဘာဖြစ်လို့ သပိတ်အဖုံးကြီးနဲ့ ဆွမ်းခံရတာလဲဘုရား။ သပိတ်မရှိဘူးမို့လား။ တပည့်တော် အရှင်ဘုရားကို သပိတ်ဝယ်လှူပါ့မယ်"

ဟု လျှောက်လိုက်၏။

ထိုအခါ ဆရာတော်က -

"ဒကာမကြီး၊ ဘုန်းကြီးက တမင်သပိတ်မသုံးတာ။ ဒါကြောင့် ဝယ်ပြီးမလှူပါနဲ့"

ဟု မိန့်ကြားလိုက်သောကြောင့် အမျိုးသမီးကြီးသည် နားမလည်နိုင်ဟန်ဖြင့် မျက်မှောင်ကုတ်ပြီး စဉ်းစားနေ၏။ ထို့နောက်တွင်မှ-

"တပည့်တော်မတော့ အရှင်ဘုရားမိန့်တာနားမလည်နိုင်ပါဘူးဘုရား။ ဒါမှမဟုတ် တပည့်တော်မပဲ နားကြားမှားတာလားဘုရား"

"ဒကာမကြီး နားကြားမမှားဘူး။ ဘုန်းကြီးက အဲဒီအတိုင်းပဲမိန့်တော်မူတာပဲ"

"ဒါဖြင့် အရှင်ဘုရားက ဘာဖြစ်လို့ သပိတ်မသုံးတာလဲဘုရား"

ဟု မေးလိုက်ရာ ထိုမေးခွန်းကို မောင်ထွန်းမြိုင်ကလည်း စိတ်ဝင်စားသဖြင့် ဆရာတော်ဘာများဖြစ်မလဲဟု

www.burmeseclassic.com

စိတ်ဝင်စားပြီး နားစွင့်ထားလိုက်၏။

ထိုအခါ ဆရာတော်က -

"အင်း - ဒကာမကြီးက ဒီလောက်စိတ်ဝင်စားနေတော့လည်းပြောရမှာပေါ့။ ဘုန်းကြီးက သပိတ်ဆိုတဲ့ဝေါဟာရပညတ်ကို မကြိုက်လို့ဘဲ။ အဲဒီသပိတ်ဆိုတဲ့ အထဲမှာမှ အဓိကတော့ 'ပိတ်'ဆိုတာကို မကြိုက်တာ။ ပိတ်တဲ့သဘော၊ ပိတ်တဲ့ ဓာတ်ကိုမကြိုက်ဘူး။ ဒကာမကြီး ဘယ်ဝေါဟာရမဆို ပညတ်ဆိုပေမယ့် အဲဒီပညတ်တွေနဲ့ အလုပ်လုပ်နေရတာပဲ။ ဒါကြောင့် ရှေးပညာရှင်တွေက ပညတ်သွားရာ ဓာတ်သက်ပါဆိုပြီး ပြောခဲ့ကြတယ်မဟုတ်လား။ ဒါကြောင့် ပညတ်မကောင်းတဲ့အတွက် မသုံးတာဘဲ။ သဘောပေါက်ပြီလား"

"တင်ပါ့၊ အခုတော့ရှင်းသွားပါပြီဘုရား။ ဒါဆို တပည့်တော်မသဘောပေါက်သွားပါပြီဘုရား။ တပည့်တော်မ ပညတ်ကောင်းတာကိုရှာပြီး လာလှူပါတော့မယ်"

ဟု လျှောက်ပြီး ဆရာတော်အားရှိခိုးကာ ပြန်သွားလေတော့၏။ ထိုအမျိုးသမီးကြီး ပြန်သွားသောအခါ မောင်ထွန်းမြိုင်က ဆံရှည်ဆရာတော်အား-

"အရှင်ဘုရား၊ သပိတ်နဲ့ဆွမ်းခံတာ တကယ်ပဲ ပိတ်တဲ့ဓာတ်တွေဖြစ်သလားဘုရား။ ဝိဇ္ဇာဓရပညာရပ်တွေမှာ အဲဒီလိုယူဆကြသလားဘုရား"

"ကျုန်တဲ့ဝိဇ္ဇာဓရပညာဆိုင်ရာတွေနဲ့ပတ်သက်ပြီးတော့ မပြောလိုဘူး။ ငါလုပ်ကိုင်နေတဲ့ ဝိဇ္ဇာဓရပညာနဲ့ပတ်သက်ပြီး ပြောရလို့ကတော့ ဒီကိစ္စက အမှန်တကယ်ပဲ အရေးကြီးတယ်။ ငါတို့ အယူအဆအရ မကောင်းတဲ့ဓာတ်တွေ ဝန်းရံနေတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖို့ဆိုတာ တကယ်ကိုမလွယ်ကူတဲ့ကိစ္စဘဲကွယ့် မောင်ထွန်းမြိုင်ရဲ့။ အဲဒီလို မကောင်းတဲ့ဓာတ်တွေကိုယ့်ဝန်းကျင်မှာ အားကောင်းနေပြီတဲ့အခါမျိုးမယ် တကယ်လို့ ကိုယ့်ရဲ့ကံကများညံ့နေတဲ့အခါမျိုး ကိုယ်ကလည်းကောင်းရာမွန်ရာအလုပ်တွေကို မလုပ်

## ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး၏တပည့်
## မဟာပထမံပညာဓေါ်မြွဖြင့်ကိုကျော်းချုပ်
# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်
## ပထမံဆရာဦးအေးရွှေ ၁၁



www.burmeseclassic.com

www.burmeseclassic.com

တဲ့အခါမျိုးမယ် တစ်ပူပေါ် နှစ်ပူဆင့်၊ သုံးပူဆင့်သလိုမျိုးဖြစ်သွားမယ်။ တကယ်လို့ ကိုယ့်ကံကလည်းကောင်းနေတဲ့အခါမျိုး၊ ကိုယ်ကိုယ်တိုင်ကလည်း ကောင်းမွန်တဲ့အလုပ်မျိုးကိုလုပ်နေတဲ့အခါမျိုးမှာတောင် ဒီမကောင်းတဲ့ဟိတ်တွေကနေပြီး လွတ်အောင် မနည်းကြိုးစားရတယ်။ တအားကိုလုပ်ကြရတယ်ကွယ့်။ အဲဒါကြောင့် ဒီလိုမျိုးမကောင်းတဲ့ ဟိတ်တွေ၊ ဓာတ်တွေ၊ ပညတ်တွေနဲ့ကင်းအောင် ရှင်းအောင် မပတ်သက်ဘဲနေလို့ရရင် ရှောင်တာကပိုမကောင်းဘူးလားကွယ့် မောင်ထွန်းမြိုင်ရဲ့"

"အဲဒီလို သဘောမျိုးရှိတယ်ဆိုရင်တော့ အရှင်ဘုရား ခုလိုကျင့်သုံးတာ ကောင်းမွန်ပါတယ် ဘုရား။ နောက်တပည့်တော်မရှင်းတာတစ်ခုကို မေးခွင့်ပြုပါဘုရား။ အရှင်ဘုရား ခုလို ပညတ်မကောင်းတာတွေကို ရှောင်ကြဉ်တာက လူသုံးပစ္စည်းတွေကိုပဲ ရှောင်တာလား ဘုရား။ တခြားအစားအသောက်နဲ့ သက်ဆိုင်တာတွေကောရှောင်ကြဉ်သေးလားဘုရား"

"ဟုတ်တယ် မောင်ထွန်းမြိုင်။ ပညတ်မကောင်းတဲ့ဟာဆိုရင် လူသုံးပစ္စည်းမှမဟုတ်ဘူး။ အားလုံးကိုရှောင်တယ်။ မင်းသိလွယ်အောင် သာဓကအနေနဲ့ ထုတ်ပြောရမယ်ဆိုရင်ကွာ စပျစ်သီးဆိုပါတော့။ နာမည်ကိုစာနဲ့ရေးရင်သာ စပျစ်လို့သာရေးကြတာ။ လူအများရဲ့လက်တွေ့အခေါ်အပြောအရတော့ 'သပျက်' လို့ ပြောကြတယ်။ အဲဒီမှာပျက်ဆိုတဲ့ ပညတ်ကြောင့် ဓာတ်သဘောမကောင်းဘူး။ အဲဒါကြောင့် 'သပျက်' ဆိုတာကို ဘယ်တော့မှမစားဘူး။ နောက် ဖရဲသီးဆိုတာမျိုးမစားဘူး။ အီကြာကွေးဆိုတာမျိုးမစားဘူး။ ပန်းသီးဆိုတာမျိုးမစားဘူး။ ငါးပိဆိုတာမျိုးမစားဘူး။ ကြက်ဟင်းခါးဆိုတာမျိုးမစားဘူး။ အဲဒီမှာ ဖရဲဆိုတာ ဖရိုဖရဲဖြစ်တယ်ဆိုတဲ့ဓာတ်။ အီကြာကွေးဆိုတာ အီတယ်၊ ကြာတယ်၊ကွေးတယ်ဆိုတဲ့ဓာတ်၊ ပန်းသီးဆိုတာ ပင်ပန်းတယ်ဆိုတဲ့ဓာတ်၊ ငါးပိဆိုတာ ပိတယ်ဆိုတဲ့ဓာတ်၊ ကြက်ဟင်းခါးမှာ ခါးတယ်ဆိုတဲ့ဓာတ်မျိုး မကြိုက်ဘူး။ ဒါကြောင့် အဲဒါမျိုးတွေကို ရှောင်တယ်။ ဘုရားပန်းတင်တာမျိုးမှာတောင် ပန်းထိမ်ငိုတို့၊ ခေါ်ရန်းတို့ဆိုတာမျိုးတွေမတင်ဘူး။ ငိုဆိုတဲ့ဓာတ်၊ ရမ်းဆိုတဲ့ဓာတ်တွေကိုမကြိုက်ဘူး။ ဒါကြောင့် ဘုရားပန်းတင်မယ်ဆိုရင် သစ္စာပန်းတို့၊ စံပယ်ပန်းတို့တွေပဲတင်တယ်ကွယ့်"

"အဲဒီလောက်တောင်ပဲ အလေးဂရုထားပါသလားဘုရား"

"ဟုတ်တယ် မောင်ထွန်းမြိုင်။ ဒီလောက်တင်မကဘူး၊ ဒါထက်ကျယ်ပြန့်တဲ့အသုံးတွေရှိသေးတယ်"

"ဘယ်လိုကိစ္စမျိုးတွေလဲ ဘုရား။ နည်းနည်းလောက် ဥပမာလေးပေးပါဦး ဘုရား"

"ဘယ်လိုအသုံးတွေလဲဆိုတော့ ဥပမာဆိုပါတော့ကွာ လဆန်း၊ လဆုတ်ရက်တွေဆိုပါတော့ကွာ။ လဆန်းရက်ဆိုတာကတော့ ပြဿနာမရှိဘူး။ အဲ - လဆုတ်ရက်ဆိုရင် ပြဿနာရှိပြီး ဆုတ်ဆိုတာကိုမကြိုက်ဘူး။ ဒါကြောင့် လဆုတ်လို့မသုံးဘူး။ လပြည့်ကျော်ဘယ်နှရက်ဆိုပြီးသုံးတယ်။ အဓိပ္ပာယ် သဘောသက်ရောက်မှုက အတူတူပဲလေ။ ပညတ်မကောင်း၊ ဓာတ်မကောင်းစေတဲ့သဘောကိုမယူဘူး။ အဲဒီလိုမယူဘဲ လဆုတ်ဘယ်နှရက်လို့သုံးရင် ဆုတ်ယုတ်တဲ့ရက်ဆိုတဲ့သဘောမျိုးကို သက်ရောက်သွားစေတယ် မဟုတ်လား။ ဒီအယူအဆက အခုမှထွင်ပြီး ယူဆကြတာ မဟုတ်ဘူးကွယ့်။ ဟိုးရှေးရိုးအစဉ်အလာကတည်းကယူဆခဲ့တဲ့အယူအဆပဲ။ နောက်ထပ် သာဓကတစ်ခု ထပ်ပြီးထုတ်ပြရမယ်ဆိုရင် ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီးလက်ထက်တုန်းက သူ့ရဲ့နေပြည်တော်ဖြစ်တဲ့ ရတနာပုံဆိုတဲ့ဝေါဟာရကို စာလုံးပေါင်းတဲ့နေရာမှာရတနာဆိုတဲ့ဝေါဟာရက ပြဿနာမရှိဘူး။ အဲ - ပုံဆိုတဲ့ ဝေါဟာရစာလုံးပေါင်းကိုတော့ မကြိုက်တဲ့အတွက် ပစောက်တစ်ချောင်းဝင်ပြီး သေးသေးတင်နဲ့မပုံဘဲ ပစောက်တစ်ချောင်းဝင်ကို



မ-သတ်ပြီး ပုမ်လို့ စာလုံးပေါင်းသတ်ပုံပြုတယ်ကွယ့်။ ဒါကြောင့် ရတနာပုမ်နေပြည်တော်ဆိုပြီး အသုံးပြုကြတယ်။ ပစောက်တစ်ချောင်းဝင် သေးသေးတင်ပုံလို့ပေါင်းရင် သုံးစွဲရင် အတင်အစီးခံရမယ်ဆိုတဲ့ ပညတ်အရ ဓာတ်သက်ပါသွားမှာကို မလိုလားဘူး။ ဒါကြောင့် အသုံးအနှုန်းအရ အများကြီးဂရုစိုက်ရတဲ့ မြန်မာ့ရိုးရာအစဉ်အလာရှိကြတယ်"

"အခုကိစ္စက အပေါ်ယံကြည့်ရင် ခပ်တိမ်တိမ်ထင်ရပေမယ့် တကယ်တမ်း စဉ်းစားကြည့်ရင် အတော်နက်ရှိုင်းတာပဲ နော်"

ဟု မောင်ထွန်းမြိုင်သည် ပြောဆိုပြီးနောက် ခေါင်းတညိတ်ညိတ်လုပ်ကာ စဉ်းစားနေစဉ် တန်ဆောင်းထဲသို့ လူ (၃) ဦးဝင်လာသည်ကို တွေ့ရသဖြင့် ကြည့်လိုက်သောအခါ စောစောပိုင်းကလာခဲ့သော အမျိုးသမီးကြီးနှင့် အခြားသော အမျိုးသားကြီးနှစ်ဦးတို့ကို တွေ့ရလေ၏။ သူတို့၏လက်ထဲတွင် ရွှေထီးကြီးတစ်ချောင်းစီနှင့် ငွေဖလားတစ်လုံးစီကို ကိုင်ထားကြသည်ကို တွေ့ရလေသည်။ ထို့နောက် ထိုသူများက ဆရာတော်အား -

"အရှင်ဘုရားကို တပည့်တော်၊ တပည့်တော်မတို့က ရွှေနဲ့ ငွေကို လှူပါတယ်ဘုရား။ အရှင်ဘုရားအလိုရှိသလို အသုံးပြုတော်မူပါဘုရား"

ဟု တင်လျှောက်ပြီး လှူကြ၏။ ဆရာတော်ကလည်း ရေစက်ချ၊ အမျှပေးဝေပြီး ဆုများလည်းပေးလိုက်၏။ ထိုသူများလည်းပြန်သွားကြ၏။ ပြီးနောက် ဆရာတော်သည် ထိုပစ္စည်းများကို ရွှေတိဂုံစေတီတော်ကြီးအား တစ်ဆင့်ပြန်ပြီးလှူဒါန်းလိုက်လေတော့၏။

❑

မောင်ထွန်းမြိုင်သည် စားရေး၊ နေရေး မပူပန်ရတော့သဖြင့် အချိန်ပိုများ ပိုထွက်လာကာ ပုတီးစိပ်၊ တရားရှုမှတ်၊ မန္တန်ဂါထာ၊ ပရိတ်တော်များ ပွားများသည့်အလုပ်ကို အချိန်ပိုပေး၍ အားထုတ် လုပ်ကိုင်လာနိုင်ခဲ့သည်။ မောင်ထွန်းမြိုင်၏ အားထုတ်မှုကို သဘောကျနှစ်ခြိုက်သော ဆရာတော်တစ်ပါးက -

"မောင်ထွန်းမြိုင်၊ မင်းကိုကြည့်ရတာ သဘောကျလှတယ်ကွယ်။ မင်းက ဝိဇ္ဇာဖြစ်ချင်တဲ့လူဆိုတော့ တစ်နေ့ကျရင် သိပ်တော်တဲ့ ဆရာတော်တစ်ပါးဆီ

www.burmeseclassic.com

www.burmeseclassic.com

ပို့ပေးမယ်။ အဲဒီဆရာတော်ရထားတဲ့ ဉာဏ်လမ်းစဉ်က သိပ်ကောင်းတယ်။ မင်းနဲ့ဆိုကိုက်မယ်။ အဲဒီဆရာတော်ဆီမှာ ဒိဗ္ဗဝိဇ္ဇာရေပညာတွေနဲ့ပတ်သက်ပြီး ဆင်ယူလို့လည်းရမယ်"

"ဟာ - ဟုတ်လား။ အရှင်ဘုရား တပည့်တော်ကို အဲဒီဆရာတော်ဆီမြန်မြန်ပို့ပေးပါ။ တပည့်တော်တွေ့ချင်ပါတယ် ဘုရား"

"စိတ်ချ - မောင်ထွန်းမြိုင်။ မင်း အဲဒီဆရာတော်ဆီမုချရောက်မှာပါ"

ဟု မိန့်ကြားပြီး ထိုဆရာတော်လည်း ပြန်ကြွသွားလေ၏။ ထိုအခါ မောင်ထွန်းမြိုင်လည်း သူ၏ပုံမှန်ကျင့်ကြံအားထုတ်နေကျလုပ်ငန်းကို ဖိဖိစီးစီး အားထုတ်လေတော့၏။ သို့သော် ထိုနေ့တွင် မောင်ထွန်းမြိုင်သည် အားထုတ်မှုနှင့်ပတ်သက်ပြီး အားမလိုအားမရဖြစ်ရလေ၏။ ထို့ကြောင့် သမာဓိကို ကောင်းကောင်းထူထောင်၍မရဘဲဖြစ်နေတော့၏။ အားထုတ်မှုသာပြုနေရသော်လည်း သမာဓိမရသဖြင့် လုံးချာလိုက်နေ၏။ ထိုသို့ သမာဓိမရဘဲ လုံးချာလိုက်နေရသည့် အကြောင်းအရင်းကို မောင်ထွန်းမြိုင်သည် အသေအချာစဉ်းစားကြည့်မိ၏။ ထိုသို့ စဉ်းစားကြည့်သောအခါတွင်မှ သူသမာဓိမရသည့်အကြောင်းကို တရေးရေးဖြင့် ထင်ရှားစွာပေါ်လာလေ၏။

ထိုအကြောင်းအရာကား အခြားမဟုတ်။ မြန်မာပြည်ကြီးအပေါ်၌ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်မီးတောက်လျှံများ၊ စစ်အရိပ်အငွေ့များကသန်းလာခြင်း ဖြစ်၏။ ထိုစစ်မီးလျှံ၏ အရိပ်အငွေ့များသည် ရန်ကုန်မြို့ကြီးကိုပင် ချိတ်ခတ်လာခဲ့ပြီဖြစ်၏။ ထို့ကြောင့် လည်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးသို့လည်း တစ်နည်းမဟုတ်တစ်နည်း ချိတ်ခတ်လာပြီ ဖြစ်၏။ ထို့ကြောင့် မောင်ထွန်းမြိုင်အဖို့ကား နေရေးထိုင်ရေးကို တွေးတောပူပန်လာရပြီဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် အခြေစိုက်နေထိုင်ပြီး ကျင့်ကြံအားထုတ်နေကြသူအတော်များများပင် အခြားစစ်ဘေးလွတ်မည်ထင်သောနေရာများသို့ အသီးသီးပြောင်းရွှေ့သွားနေကြပြီ ဖြစ်၏။ ထို့ကြောင့် ရွှေတိဂုံစေတီတော်တွင် တစ်ရက်ထက်တစ်ရက် လူနည်းသည်ထက် နည်းလာပြီဖြစ်၏။

မောင်ထွန်းမြိုင်အဖို့ကား အခက်ကြီးခက်နေတော့၏။ သူ့ဇာတိကား မြန်အောင်မြို့သာ ဖြစ်၏။ ဒုတိယကား ဖျာပုံမြို့ဖြစ်၏။ ထိုနေရာနှစ်ခုတွင်သာ သူနှင့်ပတ်သက်သူများရှိ၏။ စစ်ရှောင်သည့်အနေဖြင့် ထိုနေရာများသို့ သူပြန်လျှင်ရ၏။ သို့သော် သူ့ဇာတိရှိ လူကြီးသူမများသည် သူ့ကိုဘယ်နည်းနှင့်မျှ ပြန်လွှတ်တော့မည်မဟုတ်ပေ။ မျက်စိအောက်ကပင် အပျောက်ခံတော့မည် မဟုတ်ချေ။ ထိုအခါ သူသည် ဤရွှေတိဂုံစေတီတော်ကြီးနှင့် ဝေးရတော့မည် ဖြစ်၏။ ထိုသို့ဖြစ်ခြင်းနှင့်အတူ သူလေ့လာလိုက်စားလိုသော ဝိဇ္ဇာရေပညာရပ်များနှင့်လည်း ကင်းကွာရတော့မည်ဖြစ်၏။ ထိုသို့သောအဖြစ်မျိုးကို မောင်ထွန်းမြိုင်အနေဖြင့် လုံးဝအဖြစ်မခံနိုင်ပေ။ ထို့ကြောင့် ဇာတိရပ်ရွာသို့ပြန်ပြီး စစ်ရှောင်ရန်ကိစ္စကို လုံးဝခေါင်းထဲမှ ထုတ်ပစ်လိုက်လေ၏။ ထိုသို့ ခေါင်းထဲမှ ထုတ်လိုက်သောအခါတွင်မူ ပို၍တင်းကျပ်သောခံစားမှုက ဖြစ်ပေါ်လာခဲ့လေ၏။အဘယ်ကြောင့်ဆိုသော် သူ၏ဇာတိရပ်ရွာသို့မပြန်ဖြစ်လျှင် ဤရန်ကုန်မြို့၌ပင် စစ်ရှောင်ရတော့မည်ဖြစ်၏။ ရန်ကုန်မြို့ကား သူ့အတွက် မည်သို့မျှမလွယ်ကူသောနေရာဖြစ်၏။ ဆွေမျိုးမိတ်ဆွေ အသိအကျွမ်းဟူ၍ တစ်စုံတစ်ယောက်မျှမရှိလေသောကြောင့် ဖြစ်၏။ အခြားသောသွားစရာ၊ လာစရာ၊ နေစရာ၊ ထိုင်စရာ ဗလာနတ္ထိပင်ဖြစ်တော့သည်။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် သူ၏ အနာဂတ်ကို မှန်းမျှော်ကြည့်လိုက်တိုင်း မျှော်လင့်ချက်ကား မှေးမှိန်လွန်းလှပါသည်။ ထို့အတွက် မောင်ထွန်းမြိုင်၏ စိတ်တို့သည် လေးလံထိုင်းမှိုင်းကာ သမာဓိထူထောင်၍မရနိုင်ဘဲဖြစ်နေခြင်း ဖြစ်၏။

ထို့နောက် ညနေစောင်းတွင် သူနေထိုင်ရာ တန်ဆောင်းသို့ စောစီးစွာပင် ပြန်လာခဲ့လိုက်လေတော့၏။ ထိုအချိန်တွင် တန်ဆောင်းထဲ၌ ဆရာတော်တစ်ပါးပြန်ရောက်နေသည်ကို တွေ့ရ၏။ ထိုဆရာတော်မှာ ယက္ကန်းစင်တောင် ဆရာတော်ဖြစ်၏။ ထိုအချိန်တွင် ယက္ကန်းစင်တောင်ဆရာတော်သည် မောင်ထွန်းမြိုင်ပြန်လာသည်ကို တစ်ချက်မျှကြည့်လိုက်ပြီးနောက် -

"ဒီနေ့ ဘယ်လိုများဖြစ်လာလို့လဲ မောင်ထွန်းမြိုင်။ အစောကြီးပဲပြန်လာပါလားကွယ်။ နောက်ပြီး မျက်စိမျက်နှာလည်းသိပ်ကောင်းပုံမရဘူး"

ဟု မိန့်ကြားလေရာ မောင်ထွန်းမြိုင်လည်း လက်ရှိအခြေအနေနှင့်ပတ်သက်ပြီး သူခံစားနေရသောအကြောင်းစုံဖွင့်ဟလျှောက်ထားလိုက်တော့သည်။ ထို့နောက် ယက္ကန်းစင်တောင်ဆရာတော်သည် တစ်ချက်မျှ စဉ်းစားလိုက်ပြီး -

"ဒီကိစ္စအတွက်ဆိုရင်တော့ မပူနဲ့ မောင်ထွန်းမြိုင်။ ဒီမှာတော့ နောက်တစ်ပတ်လောက်နေလိုက်ဦး၊ ပြီးတော့မှသွား။ အဲဒီသွားရမယ့်နေရာကို ငါစဉ်းစားပေးမယ်"

"ဒီမှာ နောက်တစ်ပတ်လောက်ဆက်နေဆိုတာကတော့ ဟုတ်ပါပြီဘုရား။ ဒါပေမယ့် အရှင်ဘုရား တပည့်တော် အခုတစ်လော အားထုတ်တာ သမာဓိထူထောင်လို့မရဘူးဖြစ်နေပါတယ်ဘုရား"

ဟု လျှောက်လိုက်ရာ ယက္ကန်းစင်တောင်ဆရာတော်က -

"ဒါဆို မောင်ထွန်းမြိုင်၊ အဲဒီ သမာဓိထူထောင်လို့မရတဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်ခုစမ်းကြည့်ပါလားကွယ့်"

"သမာဓိထူထောင်တဲ့နည်းကောင်းများရှိရင် လိုချင်ပါတယ် ဘုရား"

"သမာဓိအမြန်ထူထောင်တဲ့နည်းကတော့ မခက်ပါဘူး။ အဲ - ဒါပေမယ့် လုပ်ဖို့တော့ခက်တယ်နော်။ အသက်အောင့်ပြီးကျင့်တဲ့နည်းပဲကွယ့်"

"အသက်အောင့်တဲ့နည်း ဟုတ်လား ဆရာတော်။ တပည့်တော် စိတ်ဝင်စားပါတယ်။ ကျင့်ပုံကျင့်နည်းလေးနည်းနည်းလောက်ရှင်းပြပါလား ဘုရား"

"အသက်အောင့်ကျင့်နည်းကတော့ မင်းနားလည်လွယ်အောင် ဥပမာလေးနဲ့ပြောမယ်။ ဂုဏ်တော်ကျင့်စဉ်ကို ကျင့်တယ်ဆိုပါတော့ ဂုဏ်တော်ကျင့်စဉ်မှာ ဘုရားဂုဏ်တော် (၉) ပါးကို ရွတ်ဆိုပွားများမယ်ဆိုရင် ဣတိပိသော ဘဂဝါ အရဟံကနေပြီး ဗုဒ္ဓေါ၊ ဘဂဝါအထိ တစ်ခေါက်ရွတ်ဆိုပြီး အသက်အောင့်ထားပါ။ အသက်တစ်အောင့်အတွင်း ဂုဏ်တော်ဘယ်နှခေါက်ပွားလို့ရမလဲ မှတ်ထားပါ။ အသက်ကိုလည်းအောင့်နိုင်သလောက်အောင့်ထားကွယ့်။ အဲဒီ အသက်တစ်အောင့်အတွင်းမှာ ပွားများတဲ့ ဂုဏ်တော်အခေါက်ရေကိုလည်း တိုးနိုင်သလောက်တိုးသွားပေါ့။ အဲဒီလို အသက်အောင့်ထားပြီး ပွားများတဲ့အတွက် စိတ်ထဲဘယ်မှပျံ့လွင့်လို့မရတော့ဘူး။ သမာဓိအားလည်းကောင်း

www.burmeseclassic.com

သည်ထက်ကောင်းလာမယ်။ အဲ - မောင်ထွန်းမြိုင်ရေ အရေးကြီးတာတစ်ခု ပြောလိုက်ဦးမယ်။ အသက်အောင့် ကျင့်စဉ်ကို (၁၅) မိနစ်လောက်အထိ အောင့်ထားနိုင်လို့ကတော့ အရမ်းကို အကျိုးထူးလာပါလိမ့်မယ်။ မင်းဖြစ်ချင်တာတွေအားလုံး ဖြစ်လာလိမ့်မယ်။ လိုချင်တာတွေလည်း ရလာလိမ့်မယ်။ စမ်းကြည့်ပေါ့ကွယ်"

"တင်ပါ့၊ သဘောပေါက်ပါပြီဘုရား။ အခု အရှင်ဘုရားမိန့်ကြားတဲ့ကိစ္စကို တပည့်တော်စိတ်ဝင်စားပါတယ်ဘုရား။ စပြီးကျင့်သုံးကြည့်ပါ့မယ်"

ဟု လျှောက်ထားပြီးနောက် မောင်ထွန်းမြိုင်သည် ရွှေတိဂုံစေတီတော်ကြီးဘက်သို့ ထွက်လာခဲ့လေ၏။ ထို့နောက် လူသူကင်းရှင်းသည့် ကြာသပတေးဂြိုဟ်တိုင်တစ်ခုသို့ ဝင်ရောက်ကာ ဆရာတော်မိန့်သည့်နည်းအတိုင်း ကျင့်လေတော့၏။ စတင်ပြီးကျင့်ခါစတွင် အတော်ပင် အခက်အခဲကြုံတွေ့ရသော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်းကျင့်သားရလာခဲ့၏။

ထိုကဲ့သို့ ကျင့်သားရလာသည်နှင့်အတူ ဆရာတော်မိန့်ကြားသကဲ့သို့ပင် သမာဓိအားလည်းကောင်းလာကြောင်းတွေ့ရှိရသဖြင့် မောင်ထွန်းမြိုင် ဝမ်းသာသွားလေ၏။ ထိုနည်းစနစ်ကို သဘောကျသွားသဖြင့် ဆတိုးပြီးအားထုတ်လေ၏။ ထို့ကြောင့်လည်း ပို၍ပို၍ အချိန်ကြာမြင့်စွာ သမာဓိတည်လေတော့၏။ သို့ဖြစ်ပါသောကြောင့် မောင်ထွန်းမြိုင်သည် ယက္ကန်းစင်တောင်ဆရာတော်အမိန့်ရှိခဲ့သည့် ရက်သတ္တတစ်ပတ်ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့၏။

**□ ငါးထပ်ကြီးဘုရားဘက်သို့ပြောင်းရွှေ့ခြင်း**

တစ်ပတ်ပြည့်သည့်နေ့ ယက္ကန်းစင်တောင်ဆရာတော်က -

"မောင်ထွန်းမြိုင်၊ မင်းနေထိုင်ဖို့နေရာရပြီ။ ဒီကနေပြီး ငါးထပ်ကြီးဘုရားကိုသွား၊ အဲဒီမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းတွေ့လိမ့်မယ်။ ကျောင်းထိုင်ဆရာတော်ကိုဝင်ဖူးပြီး ငါကလွှတ်လိုက်တဲ့အကြောင်းလျှောက်ထားပါ။ လိုအပ်တာ စီစဉ်ပေးပါလိမ့်မယ်"

"အရှင်ဘုရား၊ ငါးထပ်ကြီးဘုရားဆိုတာ ဒီကနေပြီး နီးနီးလေးပဲမဟုတ်လား။ ဒါကြောင့် စစ်ရှောင်တာထူးပါ့မလားဘုရား"

ဟု လျှောက်လိုက်သောအခါ ဆရာတော်က -

"အေး-ဒါကတော့ အခုလိုစဉ်းစားရင် နီးနီးလေးဆိုတော့ မထူးလောက်ဘူးလို့ထင်စရာရှိတယ်။ ဒါပေမယ့် အဝေးကြီးစစ်ရှောင်တိုင်းလည်း လွတ်ချင်မှလွတ်နိုင်မှာမဟုတ်လား။ ကံအကြောင်းတရားလည်း အများကြီးပါတာပေါ့ကွယ်။ ဒီရန်ကုန်မြို့လည်း မနက်ဖြန်ခါကစပြီး ဂျပန်လေယာဉ်တွေလာပြီး ဗုံးကြဲကြလိမ့်မယ်။ ဒါကြောင့် ဒီနေ့ပဲ မင်း ငါးထပ်ကြီးဘက်ကို ထွက်ပေတော့ မောင်ထွန်းမြိုင်။ စစ်ဒဏ်၊ ဗုံးဒဏ်တွေအတွက်လည်းမပူပါနဲ့။ မင်းက ကံကြီးသူတစ်ယောက်ဆိုတာနားလည်ထားလိုက်ပါ"

ဟု မိန့်ကြားသဖြင့် မောင်ထွန်းမြိုင်လည်း သူ၏ လွယ်အိတ်ကလေးကိုယူကာ ဆရာတော်အား ဦးချပြီးထွက်လာခဲ့လေ၏။ ထိုအချိန်က ငါးထပ်ကြီးဘုရားသို့သွားရာလမ်းသည် သစ်ကြီးဝါးကြီးပင်များ ထူထပ်စွာပေါက်ရောက်နေသဖြင့် မြေပြင်ပေါ်တွင် နေပြောက်ပင်မထိုးပေ။ ထို့ကြောင့် မောင်ထွန်းမြိုင်၏စိတ်ထဲတွင် အေးချမ်းမှုကိုခံစားနေရလေ၏။ ထို့အပြင် ပတ်ဝန်းကျင်တစ်ခုလုံးသည် လူသွားလူလာကင်းရှင်းပြီး ကျေးငှက်သာရကာတို့၏ အော်မြည်တွန်ကျူးသံကြောင့်လည်း ပို၍သာယာနာပျော်ဖွယ်ရာဖြစ်နေလေတော့၏။

ဤသို့ တစ်ကိုယ်တည်း လမ်းလျှောက်လာရင်း ငါးထပ်ကြီးဘုရားသို့ ရောက်ရှိလာခဲ့၏။ ထို့နောက် ဘုရားကုန်းပေါ်သို့တက်ရောက်ပြီး ဘုရားကြီးအား ဖူးမြော်ကန်တော့လိုက်၏။ ပြီးသောအခါတွင်မှ ဘုန်းကြီးကျောင်းသို့ဝင်ရောက်ကာ ကျောင်းထိုင်ဆရာတော်အား အကျိုးအကြောင်းလျှောက်ထားရာ ဆရာတော်က -

"မင်းနာမည်က မောင်ထွန်းမြိုင်နော်"

"တင်ပါ့ဘုရား"

"အေး - မင်းက ဝိဇ္ဇာလမ်းလိုက်နေတယ်မဟုတ်လား"

"မှန်ပါ့"

"အဲဒီတော့ မင်းဘာသာမင်းတစ်ယောက်တည်း စိတ်ကြိုက်နေနိုင်ကျင့်နိုင်အားထုတ်နိုင်မယ့် သီးသန့်ကျောင်းတစ်ကျောင်းတော့ တောင်ပေါ်မှာရှိတယ်။ အဲဒီမှာနေနိုင်မလား။ မင်းတစ်ယောက်တည်းတော့ နေရမယ်။ တကယ်ကျင့်ကြံမယ့်လူအဖို့တော့ကိုက်မယ်"

"တပည့်တော်အဲဒီမှာပဲနေချင်ပါတယ်ဘုရား"

ဟု လျှောက်ထားပြီး မောင်ထွန်းမြိုင်သည် ငါးထပ်ကြီးတောင်ပေါ်ကျောင်းသို့ သွားရောက်ကြည့်ရှုကာနေရန် ဆုံးဖြတ်လိုက်တော့၏။

မောင်ထွန်းမြိုင်သည် တောင်ပေါ်ကျောင်း၌ စတင်နေထိုင်ချိန်မှပင် စတင်ပြီး ပုတီးစိပ်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းအမှုတို့ကို အင်တိုက်အားတိုက်လုပ်ကိုင်လေတော့၏။ နားလေးပါးအေးဖြင့် တစ်ယောက်တည်းသာ နေထိုင်ရသဖြင့်လည်း ပညာရပ်တို့ကိုလုပ်ကိုင်ရန် အခွင့်အရေးပိုရလာသဖြင့် ဖျာပုံတွင်နေထိုင်စဉ်က ဆရာကြီးဦးရာမန်းသင်ပေးလိုက်သော စမ္မာနဝအင်းပညာရပ်နှင့်ပတ်သက်ပြီး ပြန်၍လေ့လာရန် အချိန်ရလေ၏။ ထို့ပြင် အဆိုပါ စမ္မာနဝအင်းများကိုကိုယ်တိုင်စီမံပြီး သောက်သုံးခဲ့၏။

မောင်ထွန်းမြိုင်သည် ငါးထပ်ကြီးဘုရားရှိ ဘုန်းကြီးကျောင်းသို့ရောက်ရှိကတည်းက ဆရာတော်နှင့်သော် လည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ လူအများနှင့်သော် လည်းကောင်း သင့်တင့်အောင်ဆက်ဆံခြင်း၊ ကူညီစရာရှိလျှင်ကူညီခြင်း၊ ဝိုင်းဝန်းလုပ်ကိုင်စရာရှိလျှင် ဝိုင်းဝန်းလုပ်ကိုင်ပေးခြင်းတို့ကြောင့် မောင်ထွန်းမြိုင်အား အများက ခင်မင်ကြသည်။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်အတွက် တစ်ယောက်စာကို ခင်မင်သူများက ချိုင့်ဖြင့်ထည့်ပြီး ပို့ပေးလေ့ရှိ၏။ ထိုဆွမ်းချိုင့်အား တောင်ပေါ်ကျောင်းသို့ ပို့သည့်တာဝန်ကို ကလေးမလေးတစ်ယောက်က တာဝန်ယူပြီး ပို့ပေးလေ့ရှိ၏။

ထိုသို့ နေ့စဉ်ဆွမ်းချိုင့်အားပို့ပေးနေသော ကလေးမလေးသည် တစ်နေ့တွင် မောင်ထွန်းမြိုင်အား ထမင်းချိုင့်သွားပို့စဉ် မထိတ်သာမလန့်သာ အခြေအနေတစ်ရပ်ဖြင့် ပက်ပင်းရင်ဆိုင်တိုးပါလေတော့၏။

ရှေ့လဆက်ဖတ်ပါ

ပထမံဆရာ့ဦးအေးရွှေ



www.burmeseclassic.com


www.burmeseclassic.com

# သုံးပုံပိဋကတ် မပြတ်ပူဇော် ကုသိုလ်တော်ပြု ဓမ္မစေတီများ


ခင်ခင်ဝင်း(မောရဝတီ)



ယခုနှ ကုသိုလ်တော်ကျောက်စာဂူတန်း သို့မဟုတ် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး







စာပလွေ၊ ပဝါ၊ အနောင့်ရွှေဖိန်းချပေစာထုပ်များ

အေဒီ ၄၀၉-၄၃၁ တွင် ရှင်မဟာဗုဒ္ဓဃောသသည် သုဝဏ္ဏဘူမိ သထုံပြည်၏မင်းဆက် (၂၅)ဆက်မြောက် ဓမ္မပါလမင်း၏ တောင်းပန်မှုကြောင့် သီဟိုဠ်ဘာသာဖြင့်ရှိနေသော ပိဋကတ်တော်တို့ကို ကူးယူရန် သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွတော်မူလေသည်။ သီဟိုဠ်ကျွန်းမဟာဝိဟာရကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော အရှင်သံဃပါလမထေရ်မြတ်ထံတွင် အဋ္ဌကထာနှင့်ထေရဝါဒကို သင်ယူတော်မူလေသည်။ ထေရဝါဒသည် ဗုဒ္ဓ၏ အလိုတော်ဖြစ်သည်ဟု ဆုံးဖြတ်တော်မူလေသည်။ ထို့ကြောင့် ထေရဝါဒပိဋကတ်တော်လာ ပါဠိကျမ်းဂန်များ၏အဖွင့် အဋ္ဌကထာကျမ်းများ ရေးသားပြုစုရန် ပိဋကတ်တော်လာ စာပေအားလုံး ထုတ်ပေးရန်လျှောက်ထား တောင်းခံတော်မူလေသည်။

ထိုအခါ သံဃာတော်များက ရှင်မဟာဗုဒ္ဓဃောသ၏ ပညာအစွမ်းကို စုံစမ်းလိုကြသည့်အတွက် သံလပိဋ္ဌာယနရောသပသော အစချီသော ဂါထာတော်နှစ်ပုဒ်ပေးတော်မူသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ထိုနှစ်ဂါထာဖြင့် ပိဋကတ်သုံးပုံ၏ အနှစ်သာရတို့ကို အကျဉ်းချုံး၍ ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်တော်မူသည်။ ယင်းဝိသုဒ္ဓိမဂ်ကျမ်းကို သံဃာတော်များအား ဖတ်ပြပြီး အဆုံးအဖြတ်ယူရန် စီမံတော်မူသည်။ မထေရ်မြတ်၏ဉာဏ်စွမ်းပညာကို ထင်ရှားစေလို၍ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့သည် ထိုပေစာထုပ်ကို ကွယ်ဝှက်လိုက်ကြလေသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ဒုတိယအကြိမ် ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်ပြန်သည်။ နတ်တို့ကလည်း ဒုတိယအကြိမ် ကွယ်ဝှက်လိုက်ပြန်၏။ ထိုအခါ မထေရ်မြတ်က တတိယအကြိမ်စီရင်ရေးသားပြန်သည်။ တတိယအကြိမ်စီရင်အပ်သော ပေစာထုပ်ကို ဖတ်ပြမည်ဆိုကာမှ နတ်တို့ကွယ်ဝှက်ထားသော ပေစာထုပ်နှစ်ထုပ်ကိုထုတ်ပေးလေတော့သည်။ ရဟန်းတို့သည် ဝိသုဒ္ဓိမဂ်သုံးထုပ်စလုံးကို တစ်ပြိုင်တည်း ရွတ်ဆိုကြလေသည်။ ထိုပေစာသုံးထုပ်စလုံးသည် ပါဠိအားဖြင့်လည်းကောင်း၊ ရှေ့နောက်အစီအစဉ်အားဖြင့်လည်းကောင်း၊ ထေရဝါဒပါဠိတော်ဖြင့်လည်းကောင်း အကွဲအလွဲမရှိ ပြကတေ့ တူညီနေသည်ကို အံ့သြ


www.burmeseclassic.com


ဖွယ် တွေ့ရှိရလေသည်။ ထိုအခါ စာနာပရိသတ် ရဟန်းမြတ်တို့က ရှင်မဟာဗုဒ္ဓဃောသအား များစွာချီးမွမ်းကြလေ၏။

ထို့နောက် အရှင်မြတ်သည် သီဟိုဠ်အရှင်ဗုဒ္ဓကိတ္တိဆရာထံမှ ကျမ်းများကို သင်ယူတော်မူပြီး အလုံးစုံသော အဋ္ဌကထာကျမ်းများကို ပြုစုတော်မူသည်။ ဆောင်ရွက်ဖွယ်ကိစ္စအဝဝပြီးဆုံးသောအခါ သထုံဘုရင် ဆက်သသော ဆင်ဖြူတော်ကို သီဟိုဠ်ဘုရင် မဟာနာပမင်းအား လက်ဆောင်ပေးဆက်၍ မိမိ၏ ဇာတိရပ်ရွာသို့ပြန်ခဲ့လေသည်။ အပြန်တွင် ပိဋကတ်သုံးပုံအဋ္ဌကထာနှင့် မိမိကိုယ်တိုင်စီရင်ခဲ့သော ဝိသုဒ္ဓိကျမ်းတစ်ကျမ်းကိုယူဆောင်ခဲ့လေသည်။ ပိဋကတ်တော်များ သထုံသို့ရောက်သောအခါ သက်ရှိထင်ရှား မြတ်စွာဘုရားကြီး ကြွလာသကဲ့သို့ ကြိုဆိုကြပြီး လှပသော မြေအပြန့်တွင် ပိဋကတ်တော် ဓမ္မစေတီကိုတည်၍ သာသနာနှစ် (၉၉၇-ခုတွင် တည်၍ ကောင်းမွန်စွာသွင်းထားလေသည်။ ဥမင်လိုဏ်ပါသောစေတီမျိုးဖြစ်သည်။ ဤသို့ဖြင့် သုဝဏ္ဏသထုံမြို့တွင် ပိဋကတ်တော်များပွားများခဲ့လေသည်။

အေဒီ ၁၀၅၇ တွင် ပိဋကတ်တော်များကို အကြောင်းပြု၍ သထုံနှင့် ပုဂံတို့ စစ်ဖြစ်လေသည်။ သထုံဘုရင် မနူဟာ စစ်ရှုံး၍ ဓာတ်တော်မွေတော်များနှင့် ပိဋကတ်စာပေထုပ်များကို ဆင်ဖြူတော် အစီးသုံးဆယ်ဖြင့် ပိဋကတ်တော်များ သင်ကြားပေးနိုင်မည့်ဆရာတော်များကိုပါ ပုဂံသို့ ပင့်ဆောင်သွားလေသည်။ ပိဋကတ်တော် အစုံသုံးဆယ်ကို ဘုံငါးဆင့်ပြာသာဒ်တွင်ထား၍ ယင်းကို အနုရုဒ္ဓပိဋကတ်တိုက်ဟုခေါ်သည်။ ဤသို့ဖြင့် အထက်မြန်မာပြည်တွင် ပိဋကတ်စာပေထုပ်များ ပြန့်ပွားခဲ့ရလေသည့် ပထမဆုံး ဓမ္မစေတီများဖြစ်ပေသည်။

ကျန်စစ်သားမင်းလက်ထက်တွင် ပိဋကတ်တိုက်ဓမ္မစေတီများကို ကိုးကွယ်ရန်အတွက် အသစ်ထပ်မံတည်ဆောက်သည်။ ပိဋကတ်သန့်စင်ရေးတာဝန်ကို ရာဇကုမာရ်အားတာဝန်ပေးခဲ့လေသည်။ ရာဇကုမာရ်ကလည်း လိုလိုလားလား ဆောင်ရွက်ခဲ့လေသည်။ တူရွင်းတောင်တွင် ပကတိကျောက်သားဖြင့်ဆောက်လုပ်ထားသော ပိဋကတ်တိုက် (မြကန်စက္ကူတိုက်) နှင့် ရွှေဂူကြီးပိဋကတ်တိုက်ကို ပထမစည်သူ (၁၁၁၃-၁၁၆၃) က ၁၁၃၁-တွင် ပါဠိကျောက်စာကို ပိဋကတ်ပေစာထုပ်များမှ ကူးယူတည်ဆောက်ခဲ့





အလှူရှင်၏ဆုတောင်းစာ ရက်လုပ်ထားသော စာစည်းကြိုးများ

သည်။ ယုံကြည်ကိုးကွယ်မှုဆိုင်ရာစာပေများစုပုံထားသည့်နေရာ (ရှယ်ကူ) ဟူသောအမိပ္ပာယ် သက်ရောက်လေသည်။

အလောင်းစည်သူ၏ မြေးဖြစ်သူ နရပတိစည်သူမင်းသည် သာသနာရေးအလုပ်များကို များစွာအားပေးခဲ့သည်။ ပိဋကတ်သုံးပုံကို အထူးအလေးပူဇော်ကြသောခေတ် ဖြစ်သည့်အားလျော်စွာ ထိုခေတ်ထိုအခါက ပိဋကတ်သုံးပုံ တစ်စုံလုံးကူးရေးခမှာ (၃၀၀၀) ကျပ်ကျသင့်သဖြင့် အလှူဒါယကာအများစုမှာ ပိဋကတ်သုံးပုံကိုအပြည့်အစုံလှူနိုင်သူနည်းလှပေသည်။ ဘုရင်မင်းမြတ်တို့၏ အစီအစဉ်ဖြင့်သာ ပြီးမြောက်နိုင်သည်။ နရပတိစည်သူမင်းသည် ပိဋကတ်သုံးပုံပေစာထုပ်များ ဘုန်းတော်ကြီးကျောင်းများသို့ လုံလုံလောက်လောက်ရရှိရေးကို အားပေးခဲ့သည့်အပြင် မိမိကိုယ်တိုင်လည်း ပေစာထုပ်များရှိခဲ့ကြောင်း ကျောက်စာကို ပုဂံအရှေ့မြောက်ဘက် ခေမာဝရဘုရားတံတိုင်းအတွင်းမှ တွေ့ရှိရလေသည်။

'တိမ်(မြုပ်)ခဲ့သည်ကို ဖော်ပါသသူကား လူဖြစ်သောလေ၊ လူတကာထက်မြတ်စွာသော မင်းစကြဝတေး၊ သူဌေးသူကြွယ်တို့လျှင်ဖြစ်စေသတေး' ဟု ဆုတောင်းထားသည့်ဘုန်းတော်ကြီးများကလည်း ပေစာထုပ်ပိဋကတ်တော်များကို ရှိသေလေးစားစွာ ရွှေတလားဖြင့် ထည့်သွင်းသိမ်းဆည်းကာ သီးသန့်အဆောင်များဖြင့် ထားရှိကိုးကွယ်ဖတ်ရှုကြလေသည်။

ခေတ်အဆက်ဆက် မြန်မာမင်းများ ပိဋကတ်တော်ပေစာထုပ်များကို မပျောက်ပျက်အောင်ထိန်းသိမ်းကြသည်တွင် မင်းတုန်းမင်းကြီးလက်ထက်မှာ အကျယ်ပြန့်ဆုံးဖြစ်သည်။ မင်းတုန်းမင်း




www.burmeseclassic.com

www.burmeseclassic.com

လက်ထက် မိဖုရားများ၊ မှူးမတ်အရာထမ်းများ၊ အရပ်သူအရပ်သားများပါမကျန် ပိဋကတ်ပေစာထုပ်အလှူများကို အထူးအလေးထား လှူဒါန်းကြလေသည်။ မင်းတုန်းမင်းသည် စာပေလည်း ဝါသနာပါ၍ စာပေပညာရှင်များကိုလည်း မြှောက်စားခဲ့သည်။ ကိုယ်တိုင်စာကဗျာရေးခြင်း၊ စာဖတ်ခြင်းများလည်း ပြုခဲ့သည်။ မင်းတုန်းမင်းသည် မန္တလေးရတနာပုံနေပြည်တော်ကို စတည်သည်နှင့်တစ်ပြိုင်နက် ကုသိုလ်တော်ဘုရားကြီး (မဟာလောကမာရဇိန်) ကို တည်တော်မူလေသည်။ ၁၂၃၀ ပြည့်နှစ်တွင် စကျင်ကျောက်များကိုဆစ်၍ ပိဋကတ်တော်များကို ပေစာထုပ်များမှ ကျောက်ထက်အက္ခရာတင်၍ ကျောက်ချပ်ပေါင်း (၇၂၉) ချပ်ဖြင့် ဓမ္မစေတီပေါင်း (၇၃၀) တည်ခဲ့လေသည်။ မင်းတုန်းမင်းကြီး၏ အမြော်အမြင်ကြီးမှုကြီးပင်ဖြစ်ပေသည်။

ယခုအခါ ၁၅၃ နှစ်သက်တမ်းရှိပြီဖြစ်သော ပိဋကတ်တော်ကျောက်စာများကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းသွင်း အသိအမှတ်ပြုလိုက်ပြီဖြစ်ပါသည်။ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဖြစ်သော ပိဋကတ်တော်ကျောက်စာများ၏မိဘဖြစ်သောပေစာထုပ်များကိုလည်း ဆက်လက် လေ့လာနိုင်ရန် တင်ပြအပ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဓလေ့စရိုက်များတွင် လက်မှုပညာဖြင့် ဖန်တီးအပ်သော ဂုဏ်ယူဖွယ်ကောင်း၍ ထုံးတမ်းစဉ်လာ စာပေယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်လည်းဖြစ်သည့် ပေစာထုပ်များနှင့် ထိုပေစာထုပ်များ၏အစိတ်ပိုင်းများသည် တဖြည်းဖြည်း ပျောက်ကွယ်နေပြီ ဖြစ်သည်။ ပေစာထုပ်များ၏ အစိတ်အပိုင်းများဖြစ်သည့် စာပလွေ (ကမ္ပလွေ) များ၊ ပေစာထုပ်များကို ထုပ်ပိုးသည့်ပဝါများ၊ ပေစာထုပ်များကို ချည်နှောင်သည့် စာစည်းကြိုးများနှင့် ထိုစာစည်းကြိုးများပေါ်တွင် အလှူရှင်၏ ဆုတောင်းစာများကို လက်ရက်ချည်းများနှင့် ပုံဖော်ရက်လုပ်ပေးသောလက်မှုပညာလက်စွမ်းပြမျှားနှင့် ထိုစာများကို သီကုံးရေးသားပေးသော စာပေပညာရှင်များ၏ စာပေရသများ စသည်တို့မှာလည်း ထိုအချိန်က အရေးပါသောနေရာကိုယူထားကြ၏။ ပေစာထုပ်တစ်ထုပ်ဖြစ်ရန် တာဝန်ကိုယ်စီယူ၍ လုပ်ဆောင်ကြရလေ၏။ ပေစာဆိုသည့်အတိုင်း ပေရွက်များပေါ်တွင် စာလုံးများ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ ပေပင်မှရရှိသောပေရွက်များကို သန့်ရှင်းမှုများပြုလုပ်ပြီး ရေစိမ်ဆယ်ယူ၊ နေလှန်း၊ အသားနုပ်၊ ညီညာပြားချပ်အောင် ရက်အတန်ကြာ စနစ်တကျပြုလုပ်ရသည်မှာလည်း အချိန်တော်တော်လေးပေးရပါသည်။ ထို့နောက် ဖြက်အကြီး၊ အသေး ညီညာရွေးချယ်ခွဲခြားရပါသည်။ ပေစာတစ်ထုပ်အတွက် တစ်ရွက်ချင်းတစ်တိုင်းတည်းဖြစ်စေရန် ကျမ်းခေါ်သစ်သားပြားဖြင့် နှစ်ဖက်ညှပ်ကာ ညီညီညာညာ တိတိကျကျဖြစ်စေရန် ပေထိုးသော ဆောက်ဖြင့် နှစ်ဖက်ထိပ်ကိုဖြတ်ပေးရပါသည်။ ထို့နောက် ပေရွက်အရွယ်ကို ချင့်ချိန်၍ မျဉ်းသားပေးရပါသည်။ ပေထုပ်၏ ဘယ်၊ ညာနှစ်နေရာတွင် ပလ္လင်ပေါက်နှစ်ပေါက်ဖောက်ပေးရပါသည်။ ပေတစ်ထုပ်လုံးထပ်လိုက်လျှင် ဘေးသားများညီညာချောမွတ်ပြီးသွားမှ စာရေးရန်အသင့်အနေထားသို့ရောက်ပါသည်။ ပြီးလျှင် အမြင့်တစ်ပေခွဲခန့်ရှိ



ရှင်မဟာဗုဒ္ဓဃောသ ယူဆောင်လာသော ပိဋကတ်သုံးပုံများကို သထုံဘုရင်မှ ပိဋကတ်တိုက်စေတီ တည်ထား၊ ထည့်သွင်းထားသော သထုံမြို့ ပိဋကတ်တိုက်စေတီ



ရှေးတုန်းက ကုသိုလ်တော်ဘုရားကျောက်စာဂူတန်း



သီဟိုဠ်မထေရ်မြတ်တို့အား
အရှင်မဟာဗုဒ္ဓဃောသ
ဝိသုဒ္ဓိမဂ်စာမူ ပေးအပ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

သော စာစင်ခုံ (ကညင်ခုံ) ပေါ်တင်၍ ကညစ်ခေါ် သံစူးချွန်ဖြင့်ရေးရပါသည်။ စာလုံးများကိုရေးသော စာရေးကြီးများသည် လက်ဆယ်ချောင်းလုံးအသုံးပြု၍ ရေးရကြောင်း မှတ်တမ်းများတွင် တွေ့ရပါသည်။ ပေရွက်များသည် အရှည်လိုက်အကြောများဖြင့်ဖွဲ့စည်းထားသောကြောင့် အရှည်လိုက်ဆွဲ၍မရေးမခြစ်ရ။ပေရွက်များကွဲအက်သွားတတ်၍ စာလုံးများကို ဝိုင်းဝိုင်းခုံးခုံးလုံးလုံးလေး ရေးသားရပါသည်။ ပေစာထုပ်များကို လေ့လာလျှင် အင်မတန် လှပဝိုင်းစက်သော လက်ရေးများကိုတွေ့ရှိရ၍ စာရေးတော်ကြီးများ၏ စိတ်ရှည်မှုများကို မချီးမွမ်းဘဲမနေနိုင်ဖြစ်ရပါသည်။ ကျောက်စာများရေးထိုးရာ၌ ပေစာရေးတာထက်များ လွယ်ကူလေမလားဟု တွေးမိပါတော့သည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတွင် စတုတ္ထသင်္ဂါယနာတင်ပွဲမှစ၍ ပိဋကတ်တော်များကို ပေထက်အက္ခရာတင်ခဲ့ကြောင်း မုံရွာဆရာတော်ဘုရားကြီး၏ ဥတ်န္တပျို့တွင် ပါရှိပါသည်။

- ဘုရားသာသနာ၊ လေးရာမကာ၊
  ငါးဆယ်မျှ၌
  ဝဋ္ဋဂါမဏီမင်းကြီးလက်ထက်၊ ထွန်း
  တက်ဘုန်းရောင်
  ရွှေတောင်အပ်ချ၊ စက်နှယ်ရှသား၊
  သောဏာမည်ထူး
  အမျိုးပြုဆောင်၊ သောင်သီဟိုဠ်
  ပေါ်၊ ထေရ်ကျော်ငါးရာ
  ရဟန္တာဝသီ၊ သမ္မိဒါဉာဏ်ရ၊
  သံဃိန္ဒတို့၊ ဘုရားမိန့်ရွတ်
  ပိဋကတ်ကို၊ မွတ်မွတ်ဖြူဖွေး၊
  ပေထက်ရေး၍၊ လေးဆေးကြပ်
  မတ်. . .

ဟု ဖတ်ရသဖြင့် ပေစာကို သီဟိုဠ်မှစတင်ခဲ့ကြောင်းနှင့် မြန်မာ့စွယ်စုံကျမ်းတွင် သီဟိုဠ်သားတို့ထံမှ မြန်မာများကနည်းစနစ်ယူ၍ ပေစာရေးခဲ့ကြောင်းဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ သုဝဏ္ဏဘုမ္မိခေါ် သထုံပြည်သို့ ပိဋကတ်တော်များ ရောက်ရှိလာပြီး ထိုမှတစ်ဆင့် အနော်ရထာမင်းကြီးလက်ထက် ပုဂံပြည်သို့ ပင့်ဆောင်၍ အဆင့်ဆင့်ပြန့်ပွားခဲ့ကြောင်း ရာဇဝင်များတွင် ပါရှိပါသည်။ ထန်းပင်၊ ပေပင်များကိုလည်း စိုက်ပျိုးကြစေရန် မင်းမိန့်ဖြင့်ချမှတ်တော်မူခဲ့လေသည်။ ပေတစ်သီး၊ ကျိုးတစ်သား ဆိုရိုးစကားအတိုင်း ပေပင်များသည် အသီးတစ်ခါသီးပြီးလျှင် သေသွားကြပါသည်။



ထန်းပင်နှင့် ဆင်ဆင်တူပြီး ထန်းပင်လောက်နီးနီးမြင့်သော ပေပင်များကို မြန်မာပြည်အောက်ပိုင်း၌ မရှိသလောက်ရှားသွားပြီ ဖြစ်ပါသည်။ မြန်မာပြည်အောက်ပိုင်းတွင် ပေါက်ရောက်ဖြစ်ထွန်းလေရာ ပိဋကတ်တော်ပေစာများ အလိုရှိတိုင်း ရေးခဲ့ကြလေသည်။ ပေစာရေးသားထုတ်လုပ်သူ စာရေးတော်များ၊ ပေလုပ်မျဉ်းကိုင် အမှုတော်ထမ်းများ လုံလောက်စွာ ခန့်အပ်ထားတော်မူခဲ့လေ၏။ ထိုမှတစ်ဆင့် အလွန်လက်ဝင်သော စာစည်းကြိုးပြားအပြင် ပေစာအထပ်လိုက်ကြီးကို ပဝါကောင်းဖြင့်ထုပ်ပြီး စာပလွေ (ကမ္ဗလွေ) ဖြင့် ပတ်လိပ်ရပါသည်။ စာပလွေ(ကမ္ဗလွေ)မှာ ချည်မျှင်ဖြင့် ဝါးတံလေးများထည့်သွင်းပြီး ယင်းလိပ်သဖွယ် ပေစာထုပ်ကိုလိပ်သွင်းရန် အလှရက်ထားသော စာစည်းကြိုးဆုတောင်းစာဖြင့် စည်းနှောင်ပေးရလေသည်။ အလှူရှင်၏ မနအင်အားကိုမူတည်၍ ပေရွက်ကို ရွှေပိန်းချပြီး ယင်းရွှေပေလွှာပေါ်တွင် မင်ဖြင့်ရေးသည့် ရွှေပေစာလည်းရှိသည်။ ပေစာအများစုမှာ ပေရွက်ပေါ်တွင် ကညစ်ဖြင့် ရေးခြစ်သည့်ပေစာမှာ အများသုံးဖြစ်ပါသည်။ ဤသို့ဖြင့် ရှေးသူဟောင်းရဟန်းရှင်လူတို့သည် ပေရွက်ကိုအသုံးပြု၍ ပိဋကတ်တော်များအပြင် ဇာတ်တော်များ၊ သုတအမှတ်ပညာဖြာဖြာနှင့် ကဗျာလင်္ကာများကို ပေရွက်ပေါ်တွင် ရေးဖွဲ့ခဲ့ကြပေသည်။

ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းလက်ထက်တွင် ပေစာထုပ်များ၊ ဘုရင်၊ မိဖုရား၊ မင်းမှုထမ်း၊ အရပ်သားများလှူဒါန်းခဲ့ကြသော ပေစာထုပ်များ အများအပြားရှိခဲ့ပါသည်။ ယခုခေတ် ပိဋကတ်စာအုပ်ကြီးများ၊ ကျမ်းကြီးကျမ်းခိုင်များဟူသမျှသည် ယင်းပေစာထုပ်များမှ ကူးယူသင်ကြားပြန့်ပွားခဲ့ခြင်း ဖြစ်လေသည်။ ထိုပေစာထုပ်များကို လေ့လာနိုင်ရန် အနည်းငယ် တင်ပြအပ်ပါသည်။

၁၂၃၅ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးလှူတော်မူသော ပေစာထုပ်စာစည်းကြိုးမှ ဆုတောင်းစာများ ယင်းဆုတောင်းစာများကို ကင်းဝန်မင်းကြီးဦးကောင်း ရေးဖွဲ့ကြောင်းသိရပါသည်။

၁။ ။ *ရတနာပုံ မဟာရာဇဌာနီ၊ မင်းနေပြည်တော်ကြီးကို လက်မွန်မဆွတည်ထောင် ဘန်ဆင်းတော်မူသော၊ ဘဝရှင်မင်းတရားကြီးဘုရားသည် မြတ်စွာဘုရားသာသနာတော်အစွန့်ရှည်စွာ တည်ထွန်းတောက်ပစိမ့်ငှါ အရင်းမူလဖြစ်သော ပရိယတ္တိသာသနာတော် ပိဋကတ်သုံးပုံကို ပုဒ်၊ ဗျည်း၊ သဒ္ဒါ၊ သေချာမှန်ကန်အောင် ပရိယတ္တိဝိသာရဒ ဆရာတော်သံဃာတော်ရဟန်းပညာရှိ လူပညာရှိတို့ကို ညှိနှိုင်းသုတ်သင်စေ၍ ရွှေရေး၊ မှင်ရေး၊ ကညစ်ရေး၊ ပိဋကတ်စုံရေအများ၊ ဘော်ကြူးငွေစိုင်၊ စတေ၊ ဖြူစင်နစ်နော၊ ချောမောပြေပြစ်သော ကျောက်သလင်းအပြင်နှိုက်၊ ရေးထုံအပ်သော၊ ပိဋကတ်စုံ၊ ယင်းမှန်ကန်ပြီးသော ပိဋကတ်တော်တို့ကို၊ မုက္ခရှင္ဒနုတ်တက် အာဂုံ၊ ဆောင်ရွက်နိုင်အောင် ဗျတ္တိဗလ သတ္တိဝိသေသရှိသော ရဟန်းတော်တို့ကို တောင်းပန်လျှောက်ထားပြီး ချီးမြှောက်တော်မူသဖြင့် ပိဋကရေ စွယ်လှစုံရောက် ခုံကြီးမြောက်သော အရာမကသော ရဟန်းတော်သံဃာတော် ဤသို့ ပုဗ္ဗကိစ္စ သင်္ဂီတိပရိကံများကိုပြည့်စုံစေပြီး ရွှေနန်း ပြဿဒ်တော် သီဟာသနပလ္လင်ဦး မြေနန်း တော်တွင် ပဉ္စမသင်္ဂါယနာတင်ပြီးနောက် ဘဝ ရှင်မင်းတရားကြီးဘုရားနန်းစံ ၂၁ သက္ကရာဇ် ၁၂၃၅ ခုနှစ်အတွင်း နေပြည်တော်ရှိ အရာမကသော တိုက်တော် အထောင်မကသောရဟန်းတော်တို့တွင် ပရိယတ္တိဆောက၊ သဒ္ဒကောပိဓ ပိဋကစေ့ သံဃာတော်တို့ကို ရွေးကောက်တော်မူ၍ ပဌမစာချ၊ ဒုတိယစာချ၊ တတိယစာချ၊ သမိုက်ပြဋ္ဌာန်းတော်မူပြီးလျှင် ပရိယတ္တိသာသနာတော်မြတ်ကို ဆောင်ရွက်တော်မူသောမထေရ်မြတ်တို့လက်ကြည့်ရှုစေရန် ယင်းမထေရ်မြတ်အလိုရှိရာ ပိဋကတ်တော်တစ်ထောင်တစ်ထောင်ကျော်များကို ရေးသားတော်မူ၍ ကြိုးပုဝါအစုံနှင့်တကွ လှူဒါန်းတော်မူသည်။ နိဗ္ဗာန ပစ္စယော ဟောတု။*

www.burmeseclassic.com

၂။ ။ အထူးထူးသော တိုင်းကြီးပြည်ကြီးအပေါင်းထီးဆောင်းမင်းတကာတို့၏ အရှင်ဖြစ်တော်မူသော ရတနာပုံ မဟာရာဇဌာနီ မင်းနေပြည်ကြီးကို လက်မွန်အစ တည်ထောင် ဘန်ဆင်းတော်မူသော ပဥ္စမသင်္ဂါယနာတင် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် ဇာတိ ဇရာ ဗျာဓိ မရဏ စသော သားရဲသားရူး၊ ဘီလူးသဘက်တို့ဖြင့်ပြွန်းသော၊ ကူမတ်ကျယ်လဲ၊ ဝဲခနောင်းမှ၊ ဘဝမခြား၊ လျင်လျားတောက်တပို၊ ထွက်မြောက်လိုသော ရွှေနှလုံးတော်သွင်း လွန်မင်းလှသော ပဌာနတော်ဖြင့် ရေတွက်ချင့်မှန်း၊ ဂဏန်းသေချာ မတပ်ရာသော ဒါနအမျိုးမျိုး အမြဲချယ်ဆင် တုရင်ရတနာ ဖြူစင်စွာသော ကြေညာအောက်ထက်၊ ပတ်ယှက်ဝှန်းဆူ၊ ရော့က်တိုင်းကြူသော၊ သီလအမျိုးမျိုး။ မင်းတို့မဆိုထားဘိ၊ သာသနာတော်တွင်း၊ ကြိမ်ကြိုက်လင်းသော၊ ခပင်းဗိုလ်လူ၊ ထီးဖြူဆောင်းချင်း၊ မင်းပင်ဖြစ်လင့်ကစား၊ သပ္ပုရိသူမနိဿယကင်းက၊ ထိုးထွင်းသိမြင်နိုင်ခဲသော၊ အနတ္တလက္ခဏာကို၊ လက္ခဏာရသ၊ ပစ္စုန်ပဌာန်ပဒဌာန်နှင့်တကွ၊ ခွဲခြမ်းဝေဖန်၍၊ သိတော်မူခြင်း စသော ဘဝနာအမျိုးမျိုးကို၊ သူမတူတန်၊ အလွန်အကြူး၊ ဆည်းပူးဆောက်တည်၊ ပွားများခိုင်ဖြိုး၊ ကြီးရင့်ထက်သန်စေတော်မူခြင်းနှင့်တကွ သာသနာ့ဥပအခါ၊ စကြာလေးကျွန်း၏ မင်းသားစစ်စစ်၊ ဖြစ်ပစေကာ၊ သာသနာတွင်း၊ သေဌ်နင်းမြတ်စွာ သာသနာကို၊ ပစ္စယာ မွေ၊ နုဂ္ဂဟနှစ်ပါး၊ တရားကြည်နူး၊ သျှပ်တမြူးမျှ၊ ဆည်ဘူးဆောက်တည်သော၊ ကုသိုလ်ဇောကို၊ သောဠသိအလံနှုတ်၊ ဟောတိုင်းသိပြီး၊ သာသနာတော်အခွန့်ရှည်ကြာ၊ တည်စိမ့်ငှာဖြင့်၊ ပဥ္စမသင်္ဂါယနာသဘင်၊ ရင်တော်မူပြီးနောက်၊ အဝရှင်မင်းတရားကြီးဘုရား၊ နန်းစံ ၂၁၊ သက္ကရာဇ် ၁၂၃၅ ခုနှစ်အတွင်း၊ ယင်းသင်္ဂါယနာတင်ပြီး၊ သာသနာတော်သုံးရပ်တွင်၊ ပရိယတ္တိသာသနာတော်အရင်းမူလအစစ်ဖြစ်ရကား၊ ရွှေမြို့တော်၌ အထောင်မကသော၊ သံဃာတော်အပေါင်းတို့တွင်၊ ဗျတ္တပလ၊ သတ္တိဝိသေသရှိသော၊ ပုဂ္ဂိုလ်မြတ်တို့ကို၊ ရွေးကောက်ဆော်မူ၍၊ ပရိယတ္တိသာသနာတော်ကို ထီးမြောက်သောအားဖြင့် ပဌမ၊ ဒုတိယ၊ တတိယ၊ စာချသုံးရပ်၊ ပညတ်ပိုင်းခြားတော်မူပြီးလျှင် ယင်းပုဂ္ဂိုလ်တို့အလိုရှိရာ ပြည့်စုံရန်၊ စာအင်္ဂါ (၁၀၀၀၀) ကျော်ကို၊ ရေးသား၍ ကြိုးပုဝါအစုံနှင့်တကွ၊ လှူဒါန်းတော်မူသည်။ နိဗ္ဗာန်န ပစ္စယော ဟောတု။ ။

အထက်ပါ စာထုပ်ကြိုးဆုတောင်းစာကို လေ့လာခြင်းအားဖြင့် ပဥ္စမသင်္ဂါယတနာတင်စဉ်က အနေအထားကို တွေ့မြင်ရမှာဖြစ်ပြီး ရဟန်းတော်များ အလိုရှိရာလက်စွဲကြည့်ရှုစေရန် ပေစာထုပ် တစ်သောင်းကျော်ကို ပဝါစာထုပ်ကြိုးအစုံအလင်ဖြင့် ရေးသား ပူဇော်ခဲ့ကြောင်း၊ မင်းတုန်းမင်းတရားကြီး၏ ပရိယတ္တိသာသနာ့တော်ကို အလေးထားခဲ့ကြောင်း သိရှိရမည်ဖြစ်ပါသည်။ ထိုခေတ်ထိုအခါက ဘုရင်မင်းတရားကြီး၏ ကုသိုလ်တော်ကို ရေးဖွဲ့သီကုံးစေမည်ဟုယူဆရပါသည်။ စာစည်ကြိုးတွင် ရေးသားသီကုံးထားသော ဆုတောင်းစာများသည် ယခုခေတ်အခါ လေ့လာခြင်းဖြင့် သမိုင်းတစ်ခု၏ တစ်စိတ်တစ်ပိုင်းကို အထောက်အကူပြုမည်ဟု မျှော်လင့်၍ ရှာဖွေ တင်ပြအပ်ပါသည်။

### ၃။ ။ စကြာဒေဝီမိဖုရားလှူတန်းသော ပေစာထုပ်၏ စာစည်းကြိုး ဆုတောင်းစာ။

ကြားပိန့်သိလော့၊ မြန့်ကြွင့်နန်းတည့်၊ ခန့်မှန်းရာရာ၊ စက္ကဝါမြေ၊ ရေအဆုံးခိုက်၊ ရွှေဘုန်းပိုက်၍၊ ထီးစိုက်နန်းတည်၊ ပြည်ထောင်တကာ၊ ဦးညွှတ်ရာဟူ၊ ရွှေဗျာဒိတ်လိုက်၊ သိုက်နွှင်း(နဝင်း) မြတ်၊ တြင်းခေတ်နှင့်မချွတ်မှန်ထိန်း၊ ကိန်းအလာဖြောင့်၊ ချက်မှန်စောင့်လျက်၊ မင်းကောင့်တံထွာ၊ မန်းခြေချာထက်၊ ရတနာပုံပြည်ဇေယျကို၊ နတ်ပုံတဆူ၊ ဟူဘွယ်ဘနန်း၊ ထူးဆန်းကဲလွန်၊ ရွှေနန်းကံဖြင့်၊ လက်မွန်အစ၊ ပဌမသစ်လင်း၊ တည်ဘန်ဆင်းသည်၊ မင်းဥက္ကဌ၊ ပဥ္စမသင်္ဂါယနာတင်၊ ဆဒ္ဒန်သျှင်၏၊ ညာတင်တုလွတ်၊ ရှစ်သောင်းထွက်လျှင်၊ လူနတ်ခေါင်ဖျား၊ တရားဓမ္မရာဇ်၊ ရွှေနှုတ်လှစ်သား၊ မြိုက်စစ်ထူးလွန်၊ ဓမ္မခံကို၊ အလွန်သေခွေ၊ ထုပ်ပိုးစေဟု၊ ရွှေအံသိန်းတိကိန်းမရှိအောင်၊ အသဒီမျိုး၊ စာကြိုးလှူတော်၊ မြတ်နုဘော်ကြောင့်၊ နိုရောဓမှန်၊ မြတ်နိဗ္ဗာန်ကို၊ ဇကန်စစ်စစ်၊ ဤနှစ်ဤလ၊ ဤခဏနိုက်၊ မုက္ခမြဲမှန်၊ ရဆုညွှန်းသည်၊ ထက်သန်ဤသို့၊ ဤအဘို့ကို၊ နှစ်လို့နတ်လူ ကြည်ဖြူသာဓုခေါ်စေသောဝ်။ ။

ဤပေစာထုပ်ကြိုးစာကို ရေးသီကုံးသူမှာ ကင်းဝန်မင်းကြီး ဦးကောင်းဖြစ်သည်ဟု သိရပါသည်။ စကြာဒေဝီမိဖုရားခေါင်ကြီး၏ ဘွဲ့အမည်မှာ သီရိပဝရ အတုလ တိလောက မဟာရာဇိန္ဒာဓိပတိရတနာဒေဝီ ဖြစ်ကြောင်း ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် တွေ့ရပါသည်။ ညာတင်တုလွတ်ဟု စာဆိုမှ ဖွဲ့ဆိုထားသည့်အတိုင်း တောင်ညာစံမိဖုရားခေါင်ကြီး ဖြစ်ပါသည်။ မင်းတုန်းမင်းနှင့် ခမည်းတော်တူ မယ်တော်ကွဲမောင်နှမတော်စပ်သူဖြစ်ပါသည်။ ဤစာထုပ်ကြိုးသည် အင်္ဂလန်နိုင်ငံ BRITISH LIBRARY REF. NO: OR 11767 ဖြင့် ပြသထားကြောင်းသိရပါသည်။ အနီခံတွင် အဖြူစာလုံးများဖော်၍ ရက်လုပ်ထားထားပါသည်။

### ၄။ ။ သီပေါမင်း၏မိဖုရားကြီး စုဖုရားလတ်၏ ကုသိုလ်တော်ဆုတောင်းစာ။ ။

မေတံခလု၊ တိဋ္ဌတု၊ သာခု၊ သုစိရံ။ ။

မေ - အကျွန်ုပ်၏၊ ဧတံ-ဤစာကြိုးဖွဲ့လတ် ပိဋကတ်သည်၊ ခလု - စင်စစ်၊ သာရ - ကောင်းစွာ၊ သုစိရံ- သာသနာတော်ခေတ်အလုံး၊ တိဋ္ဌတု - တည်ပါစေသတည်း။

ရတနာရောင်ခြည်၊ ထိန်လင်းတည်စိမ့်၊ ငါးမည်အောင်ဟိတ်၊ သိုက်နမိတ်နှင့်၊ ဗျာဒိတ်တော်ရ၊ မန်းဌာနကို၊ ပဌမတည်ထောင်၊ စိုးမိုးဆောင်သည်၊ မင်းခေါင်ဘုန်းဟော့၊ ဘူပတေ့လျှင်၊ ငြိမ့်ငွေ့ဇမ္ဗူ၊ ခြောက်ဆူနတ်နန်း၊ စမ္ပာယ်မြန်းသော်၊ ဆင့်ဆင့်တိုးသား၊ နန်းရိုးနေမြစ်၊ ဥပရာဇ်လျှင်၊ ဘုန်းသစ်ကွန့်ဖြာ၊ လယ်ယာခေါင်ထွက်၊ မိုးသူနတ်နှင့် နဝရတ်ဘုံ၊ ရှစ်စုံဖြူဝန်း၊ နှစ်ပြိုင်ထွန်းလျက် ရိပ်ထွန်းဗွေမြင့်၊ စိုးစံတင့်သည်၊ ရာမင့်ထွတ်ဖျား၊ စောတရား၏၊ ညာထားမှန်ပုံ၊ စံကုန္တိုသို့၊ စတုသဋ္ဌိ၊ ဝင်းညီကြက်သရေ၊ မြူတေစုံလင်၊ ပဒုပြင်ထိတ်၊ သုမင်္ဂလာ၊ ကောင်းခြီးညာသား၊ မဟာဒေဝီ၊ ဆွေသွာ့ကီလျှင်၊ သိင်္ဂီမာန်၊ ကျောင်းဝေယန်ကို၊ နိဗ္ဗာန်ရောက်ဆောင်၊ တည်ပြီးနောင်မှ၊ ဘုန်းခေါင်တမှတ်၊ ငါးမာရ်ညွှတ်၏၊ မိန့်ရွက်ဘော်မြွတ်၊ ဓမ္မစက်ကို၊ ပေထက်ရေးတင်၊ တည်းစိုက်ပြင်လျက်၊ ရွှေစင်နီဗလံ၊ အမုံဖြိုးစည်၊ စံကြိုးရည်ဖြင့်၊ လင်းကြည်ခြယ်ဆစ်၊ တကျွန်းဖြစ်သည့်၊ ရှန်းသစ်ချောမွံ၊ ထည်ကောင်ရှံကို၊ အုပ်ခြုံဖွဲ့ရှက်၊ ရွှေခြည်ရက်သား၊ ရွှေအက္ခရာ၊ ရွှေကြိုးစာဖြင့်၊ ကောင်းစွာ တင့်တယ်၊ ကိုးကွယ်ရှင်လန်း၊ မင်္ဂဖိုလ်မှန်း၍၊ လှူ

www.burmeseclassic.com

ဒါန်းပူဇော်၊ ကုသိုလ်တော်ကြောင့်၊ ရှစ်ဘော်မဂ္ဂင်၊ လင်းယင်ဇွဲမုတ်၊ စံမယုတ်သား၊ နိရုဗ္ဗုတိ၊ ဝိသုဒ္ဓိဟု၊ သီရိဇေယျာ၊ ရန်မျိုးလုံသည်၊ ရွှေဘုံဗိမာန်၊ ပြည်နိဗ္ဗာန်သို့၊ မိဌာန်ဆုယူ၊ ပန် တော်မူရှင့်၊ ဆောက်အူဒါန၊ မြတ်ပုညကို၊ သိယ်ရန်အောင်၊ ကုန်းဘောင်တည်ရင်း၊ ဘေးတော်မင်းမှ၊ ဆက်နွှင်းခံတိုက်၊ နွယ်တော်လိုက်ဖြင့်၊ မကိုင်ဆယ်ဆင့်၊ မန်းညာမြင့်ဝယ်၊ ကြူးရင့်ရွှေစည်၊ နန်းတည်ဘန်ဦး၊ ကွန့်မြူးဘုန်းတော်၊ ဘုံထက်ပျော်သည်၊ ခမည်းတော်မြတ်၊ လောကနတ်အား၊ လက်မွန်ထား၍၊ သုံးပါးသတ္တာ၊ ဝေနေယျကို၊ ဘာဂမတ္တာ၊ ရစေဟူ၍၊ မျှယူဝေခြမ်း၊ အောင်စည်ရွှမ်းသည်။ ရွှင်လန်းနတ်လူ ကြည်ဖြူသာဓုခေါ် စေသော်။ ။

သီပေါမင်း၏မိဖုရား စုဖုရားလတ်၏ အထက်ပါ ပေစာထုပ်စာစည်းကြိုးဆုတောင်းစာကို ရေးဖွဲ့သီကုံးပေးသူမှာ ခမ္မာစရိယဦးဇာဂရဖြစ်သည်။ တစ်ကွင်းဖြစ်သည့် ရွှန်းသစ်ချောမွှံ ထည်ကောင်ကို အုပ်ခြုံဖွဲ့ရှက်၊ ရွှေခြည်ရက်သားရွှေအက္ခရာရွှေကြိုးစာဖြင့်ဟု ပါရှိရာ နိုင်ငံခြားဖြစ် အကောင်းစား ပိုးချည်ပေါ်တွင် ရွှေစစ်နန်းချည်ဖြင့် အက္ခရာစာလုံးဖော်ပြီးရက်လုပ်ထားကြောင်းပါရှိပါသည်။ လှူသူ၏ ခနအင်အားဖြစ်ပေသည်။

ပေစာထုပ်များနှင့် ဆုတောင်းပါစာစည်းကြိုးအများစုမှာ ရတနာပုံမန္တလေးခေတ်စာများဖြစ်ကြလေသည်။ ပြည့်ရှင်ဘုရင်မင်းမြတ်တို့လှူဒါန်းသည့် ခလေ့စရိုက်များကိုလိုက်၍ မင်းမှုထမ်းမှူးကြီးမတ်ကြီးများ ပြုဆောင်ကြသည်ဖြစ်သည့်အတိုင်း မင်းမှုထမ်းများစွာတို့၏ ပေစာထုပ် အလှူတော်များကိုလည်း များစွာတွေ့ရလေသည်။ ထိုအချိန်က ပိဋကတ်စာပေသည် အမိကအကျဆုံးသောလှူဖွယ်ပစ္စည်းများဖြစ်ဟန်တူပါသည်။ ထိုခေတ်က ရတနာပူရနှင့် အမရပူရနှစ်မြို့ပေါင်းတွင် ရဟန်းသံဃာတော်ဦးရေမှာ တစ်သောင်းခြောက်ထောင်ခန့်ကျော်သည်ဟု ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး (တတိယ) တွဲမှာ ပါရှိပါသည်။ စာပေရေးဖွဲ့တတ်သော မှူးကြီးမတ်ကြီးတို့သည် မိမိတို့၏ကုသိုလ်တော်ပေစာထုပ်စာစည်းကြိုးများအတွက် ကိုယ်တိုင်သီကုံးရေးဖွဲ့ပေးကြလေသည်။ ဝန်ရှင်တော်လယ်ကိုင်းမြို့စားသေနတ်ဝန် ကင်းဝန်မင်းကြီး ဦးကောင်း၏ကိုယ်တိုင်သီကုံးရေးဖွဲ့ထားသော စာစည်းကြိုးဆုတောင်းစာကို လေ့လာကြည့်နိုင်ပါသည်။

၅ ။ ။ အဂ္ဂမဟာသေနာပတိ ကင်းဝန်မင်းကြီးမဟာမင်းလှစည်သူကျော် (ဦးကောင်း) ကိုယ်တိုင်ရေး ဝန်းမောင်နံ့ဆုတောင်းစာ။ ။

ဇေယျတု။ ။ ကြားပိမ့်သိလော့၊ မုန်ဘဥ္စရ၊ သုံးလူ့ဘလျှင်၊ မာဗလွှာရုံ၊ ထေရ်ပျံ့တမွတ်၊ ညီတော်မြတ်နှင့်၊ လှည့်ပတ်ဒေသစာ၊ မန်းသေလာသို့၊ စကြာဖြန့်စည်၊ သည်နာဂတ်မျှော်၊ ဤရပ်သော်ကား၊ လောကုတ္တမ၊ မြေဗျာဒိပကိ၊ ဘူမိဇေယျာ၊ မုန်သည်သာဟု၊ ရွှေဗျာဒိတ်မြတ်၊ တံဆိပ်မှတ်လို့ လောကခာတ်ချက်ကုံ၊ လုံးစုံခပင်း၊ ထိုထိုမင်းတို့၊ ထင်လင်းကြွားသိ၊ သို့ဖြစ်ဘိ၍၊ ဘူမိချက်မှန်၊ မြေနက်သန်ဝယ်၊ ဝေယန်ရတနာ၊ တည်လိုပါလည်း၊ အခါသမယ၊ ကာလမရောက်၊ ကိန်းမမြောက်တည့်၊ ပွင့်တော်တျွားတျွား၊ တို့ဘုရားကား၊ ကြီးမားစာဂီ၊ ပါရမီကြောင့်၊ စုံညီကိန်းလျက်၊ မန်းမြေချက်ဝယ်၊ ကနက်ရှစ်ဆိုင်၊ တည်စွမ်းပိုင်ရှင့်၊ ဖြိုးခိုင်သမ္ဘာ၊ ဘုန်းအာဏာဖြင့်၊ ရတနာပုံပြည်၊ ထောင်တည်လက်မွန်၊ ဆဒ္ဒန်ပေါက်မ၊ ရသည်နှင့်သာ၊ နှောင်းမကွာတည့်၊ စကြာဖြိုးမောက်၊ ရောက်မည့်ရှင့်ကျွန်၊ မဟာဝဏ္ဏသာဂရကို၊ ယန္တနာဝါ၊ ယဥ်စကြာဖြင့်၊ ထိုမှကမ်းရောက်၊ နောက်ခုရောပ၊ မင်းထိုမျှကို၊ ဘုရာ့ရွှေလက်၊ ညွတ်လာလည်းအောင်၊ သိမ်းဆည်းတုံလျှင်း၊ မင်းငါးဦးလည်း၊ ညွှတ်နူးကြည်ညို၊ သိန်းယိုကျွန်းတွင်၊ စွယ်တော်ရှင်ကို၊ ဦးတင်ညွတ်ခ၊ ပူဇော်ရသား၊ အဂ္ဂမဟာ၊ သေနာပတိ၊ ဝန်ရှင်တော်လယ်ကိုင်းမြို့စား၊ သေနတ်ဝန်ကြီး၊ ကင်းဝန်မင်းကြီး၊ သတိုးမင်းကြီး၊ မဟာမင်းလှစည်သူကျော်၊ ရွှေပေါ်မြတင်၊ အလှဆင်သို့၊ အိမ့်ရှင်အဘယ်၊ ဆွေနည်မထိတို့၊ သုံးသွယ်အမြတ်၊ ပိဋကတ်နှင့်၊ ဉာတ်ကမ္ဘဝါ၊ ဒေသနာကို၊ အက္ခရာတစ်ဆူ၊ သယမ္ဘူဖျား၊ တစ်ပါးတစ်ပါး၊ မှတ်သားကော်ရော်၊ ရေးပူဇော်ပြီး၊ ဝဲမော်ဝယက်၊ ရေမင်္ဂမှန်ဘိ၊ ဘေးအတိတည့်၊ မြေးမြီတတ်စွာ၊ ဝတ်သုံးဖြာမှု၊ ခေမာအဘယ၊ နန်းဌာနသို့၊ ဘဝမခြား၊ လျှင်လျှားတောက်တပိ၊ ရောက်ရလိုဟု၊ မြွတ်ဆိုသံထင်၊ ဆုပန်ဆင်သည်၊ သုံ့ခွင်ဘုံလူ၊ ကြည်ဖြူလှူလှူ၊ ဤကောင်းမှုကို၊ သာဓုအပြိုင်မြွတ်စေသောဝ်။ ။

မင်းတုန်းမင်း မိဖုရားများ၊ မှူးကြီးမတ်ကြီးများ၊ မင်းမှုထမ်းများ၊ ရာထူးကြီးငယ်အစုံနှင့် အရပ်သူအရပ်သားစာဒါယကာပေါင်း မြောက်မြားစွာတို့၏ အလှူတော်များကြောင့် ယနေ့ ပေစာထုပ်များကို ပေါများစွာ တွေ့နေရသည်ဖြစ်ပါသည်။ ၁၂၅၇ ခုနှစ်မှ ၁၃၂၆ ခုနှစ်အထိပေါ်ထွန်းခဲ့သည့် အရပ်သားအရပ်သူတို့၏ ပေစာထုပ်များရှိခဲ့ကြောင်း မှတ်သားရပါသည်။ ၁၃၂၆ ခုနှစ် နောက်ဆုံးတွေ့ရှိရသော ပေစာထုပ်စာစည်းကြိုးမှာ ဆရာကြီးမင်းသုဝဏ်ရေးဖွဲ့သော -

- အေးရိပ်သာတဲ့ ပင်ညောင်ညို
  ဥသြတွန်သံချို ဒိုးယိုစီးတဲ့
  နဒီတွင်း သမင်ရေသောက်ဆင်း
  အစချီသည့် ကဗျာတစ်ပုဒ်လုံး

အစအဆုံးပါရှိသည်ဟု သိရပါသည်။

၆ ။ ။ မန္တလေးမြို့နေ အရပ်သူတစ်ယောက်၏ ပေထုပ်စာစည်းကြိုးဆုတောင်းစာ မယ်မင်းအောင်၏ ဆုတောင်းစာ။ ။

မင်္ဂလာလျှံဆိုင်၊ ရန်မျိုးနိုင်စိမ့်၊ မဏ္ဍိုင်ဇွဲထု၊ တမေရုသို့၊ ဇေတုနတ်စည်၊ ကြူးခတ်လည်သည်၊ ရွှေပြည်မြန်းချက်၊ မန်းကနက်ဝယ်၊ ဆန်းတက်သစ်စ၊ နေနှင့်လသို့၊ ဒုတိယသမတ်၊ ပွင့်လောင်းနတ်၏၊ မြတ်ရွှေဘုန်းတော်၊ တုမမြော်ကို၊ ကော်ရည်ကြည်ယုံ၊ ခခိုလှုံ၍၊ ရွှေဘုန်းမြို့၊ မန်းရန်ကြို့ဝယ်၊ နှစ်လို ကုသိုလ်၊ ကြည်ညိုကြုံဆောင်၊ မယ်မင်းအောင်လျှင်၊ ဝင့်နှောင်အိမ်တွင်း၊ ဘုံသုံးခွင်မှ၊ ဆောလျှင်လွယ်ကူ၊ ထွက်ကြောင်းမူလျက်၊ သယံဘူနတ်၊ စောဥက္ကင်္ဂ၏၊ မြတ်ရွှေမုဌာန်၊ ထုတ်ပြန်ဒေသနာ၊ ဘိမ္မာဝယ်၊ သိမှတ်လွယ်အောင်၊ အကျယ်ပြဘော်၊ ဋီကာကျော်နှင့်၊ မိန္နတော်နိဿျည်း၊ ကျမ်းဝိနည်းတွင်၊ သိလည်းခဲခက်၊ မိပ္ပာယ်နက်ကို၊ ဖွင့်လျက်သေချာ၊ ကခ်ီကျမ်းမြတ်၊ ပိဋကတ်ဝယ်၊ ပုဒ်ခာတ်ခွဲဝေ၊ လိန်နေဝုဒ်ထား၊ ကံကတ္တားကို၊ ခြားနားသိလွယ်၊ သဒ္ဒါငယ်က၊ ဆိုဘွယ်များမြောင်၊ ကျမ်းစာစောင်ကို၊ တုတ်နှောင်မြဲမြံစေနိုး၊ ပဝါကြိုးနှင့်၊ ရွှင်ဖြိုးတင့်တယ်၊ ကိုးကွယ်ပါရ၊ ဤပုညကြောင့်၊ ဘဝမရှည်၊ သံသာပြည်၌၊ မျိုးမည်လှည့်ဖြား၊ ကိုက်ဝါးဇရာ၊ မရဏာဟု ယုတ်မာကြမ်းခက်၊ ဘီလူးလက်မှ၊ ခွာထွက်လျှင်မြန်၊ ဉာဏ်ပါရမီ၊ သာဝတီဖြင့်၊ ဌာနီကြငှန်း၊ နိရော်နန်းသို့၊ စခန်းမခို၊ ရောက်ရလိုဟု၊ ကြည်ညိုလေးမြတ်၊ အောင်စည်ခတ်သည်၊ လူနတ်သာဓုခေါ် စေသောဝ်။ ။

အထက်ပါအရပ်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

၏ ပေစာထုပ်အလှူတော်တွင် 'လက်ခ ပေး၍ကူးရေးပြီးတုံ၊ နီတုံရောင်လျှံ၊ ရွှေ ပိန်းကျံလျက် မြဲမြဲစေနိုးပုဝါကြိုးနှင့်၊ ရှင် ဖြိုးတင့်တယ်'ဟု ရေးဖွဲ့ထားရာ ပေစာ တစ်ထုပ်ကို လက်ခပေး၍ ကူးရေးစေပြီး ရွှေပိန်းချခြင်း၊ ထိုပေစာထုပ်ကိုမြဲမြဲမြံမြံ ခိုင်ခံ့စေရန် ပုဝါ၊ စာစည်းကြိုးတို့နှင့် တင့်တင့်တယ်တယ်လှူကြောင်း တွေ့ရှိ ရမည် ဖြစ်ပါသည်။ အရပ်သားတို့လည်း မင်း၊ မိဖုရား၊ မှူးမတ်-အရာထမ်းတို့နည်း တူ တွင်တွင်ကျယ်ကျယ်လှူကြကြောင်း ပေစာထုပ်များ ရပ်ရွာတိုင်း၏ဘုန်းတော် ကြီးကျောင်းဟောင်းများတွင် တွေ့ရပေ မည်။

မွန်ပြည်နယ်၏ပေစာထုပ်တစ်ထုပ် ၏ စာစည်းကြိုးဆုတောင်းစာကိုလည်း တင်ပြအပ်ပါသည်။

**၇ ။ ။ ကတိုးရွာနေနောင်တော်ကြီးစေတီ ထီးတော်ဒါယကာဦးမွန်ထော၏ဘခင် ဦးထော်ရိုက်၏ ပေစာစည်းကြိုးဆုတောင်းစာ။ ။**

*ဇေယျတု။ ။ ကုသမိန္ဒာပြည်၊ ချမ်းရိပ်ကြည်သား၊ ပင်စည်သာမော အင်ကြင်းတောဝယ်၊ ရှင်စောမုနိန့်၊ မာရဇိန်သည်၊ နှစ်ကျိန်နိဗ္ဗူ၊ ကူးတော် မူတာ၊ ဗိုလ်လူသတ္တဝါ၊ ဝေနေယျာကို၊ ချမ်းသာသုခ၊ လမ်းကြောင်းပြ၍၊ ဓမ ခန္ဓာ၊ ကျမ်းရွှေစာကို၊ ကောင်းစွာညှံ့နိုး၊ ထုပ်ပုဆိုးဖြင့်၊ စာကြိုးရစ်ပတ်ကျတ်ကျတ် မြဲစွာ၊ စည်းအံ့ငှာဟု၊ အက္ခရာရွှေကြိုး၊ ရစ်ထုပ်ပိုးလျက်၊ မြတ်နိုးစေတသိက်၊ ဥဇောဟိတ်ကြောင့်၊ ဘိသိက်ညွန့်လူ၊ သန်ဘုရှစ်၊ ဒစ်လုံးဘဝ၊ သုံးလောကတွင်၊ ဉာတာတန်ဆောင်၊ ထွန်းလင်းပြောင်၍၊ ဉာဏ်ကြ၊ ဘုရားဆုနှင့်၊ ပြည့်စုံရ ကြောင်း၊ ဆုပန်တောင်းသည်၊ နတ်ပေါင်း သာဓု ခေါ်စေသောဝ်။ ။*

မြို့ရွာအနှံ့ရှိ ပေစာထုပ်များများ စွာတို့မှ လေ့လာတွေ့ရှိသမျှတွင် ပေစာ ထုပ်များကို တရိုတသေ ထုပ်ပိုးချည် နှောင်၍ ပူဇော်လှူကြကြောင်း တွေ့ရှိရ မည် ဖြစ်ပါသည်။ ဆုတောင်းစာသားမှာ လည်း ရှေးခေတ်ကျောက်စာများကဲ့သို့ ကိုန်စာများမတွေ့ရဘဲ နောင်ဘဝများ ကို ညွှန်းမှန်း၍ ရပ်ခန္ဓာ၏အနိစ္စသဘော များကို နားလည်ကာ ပြည်နိဗ္ဗာန်အထိ ညွှန်းရွယ်ဆုတောင်းကြခြင်းများကို တွေ့ ရှိရမည်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာ၏ တရားသဘောများ ပိုမိုအဆင့်မြင့်နေပြီ ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

အချို့စာစည်းကြိုးဆုတောင်းစာများတွင် 'ထုပ်ရန် စာကြိုး၊ အဖိုး (၅) ကျပ်သား၊ စေတနာပြတ်၍' ဟု ပါရှိတွေ့ရသည့် အတွက် စာစည်းကြိုးတစ်ခု၏တန်ဖိုးမှာ ငွေငါးကျပ်ဖြစ်ဟန်တူပြီး၊ ထိုငွေငါးကျပ် ၏တန်ဖိုးမှာလည်း ထိုခေတ်ထိုအခါက တော်တော်လေးတန်ဖိုးရှိဟန်တူပါ၏။ ထိုခေတ်သည် သက္ကရာဇ် ၁၂၄၈-ခု ဟု ပါရှိသည်ဟုတွေ့ရပါသည်။ ထိုစာစည်း ကြိုးတွင်ပါဝင်သောစာလုံးရေမှာ (၂၂၀) ခန့် ပါရှိကြောင်းသိရပါသည်။ စာလုံး ဖော်ရက်လုပ်ရသည့် လုပ်အားခကို ခန့်မှန်းကြည့်နိုင်ပါသည်။ အင်မတန် လက်ဝင်၍ စာလုံးမမှားအောင် ဂရုစိုက် လုပ်ကိုင်ရသော လက်မှုပညာဖြစ်၍ ကုသိုလ်ရမည်ကို စိတ်ထက်သန်၍ လုပ်ကိုင်ကြကြောင်း ပေါ်လွင်စေပါ သည်။

**၈ ။ ။ ရတနသိယံမြို့အနီး ချိပ်ရွာနေ မရွှေသဲ၏ ပေစာထုပ်စာစည်းကြိုးအလှူ ဆုတောင်းစာ**ကို လေ့လာကြည့်စေလိုပါ သေးသည်။

*သာသနာရောင်ခြည်၊ ထွန်းစိမ့် ရည်၍၊ မဟီမဏ္ဍလာ၊ မြေမျက်နှာဝယ်၊ ရတနာသိယံ၊ နာဂရရွှေဘုံ၊ အောင်ဇေ ယျုံဌာန၊ မဇ္ဈိမရပ်သာ၊ ပါကဋကြေညာ၊ စက်လေးစုံဖြန့်ကာလျက်၊ မည်သညာ နာမ၊ ရွာ ရွှေပါဂါမဒ္ဓ၊ လေးဖြာဟွာကျင့် သုံး၊ သူတော်ထုံးကို၊ နှလုံးစွဲယူ၊ ကြည် ဖြူစေတနာ၊ သဒ္ဓါလွန်ကဲ၊ မရွှေသဲက၊ ဗုဒ္ဓမိန့်တော်မှာ၊ ဓမ္မခန်ဒေသနာ၊ ကျမ်းရွှေစာကို၊ သပြာငွေကြေး၊ များစွာ ပေး၍ရေးကူးပြီးခါ၊ ထုပ်ပဝါနှင့်၊ အက္ခရာလှလှ၊ ကြိုးမှာသ၍၊ ဖြူစမနော၊ သဘောကြည်ဖြူ၊ လှူပါရသား၊ အကျိုး အားကြောင့်၊ လေးပါးအပါယ်၊ သုံးသွယ် သောကပ်၊ ရပ်ပြစ်ရှစ်တန်၊ ဘေးရန်ကင်း ပ၊ ထွန်းလင်းလသို့၊ ဖြစ်ရပါလို၊ ကုသိုလ် ဒါန၊ ဤပညာကြောင့်၊ ဘဝဆက်တိုင်း၊ စံနိုင်းမတူ၊ အာယုဝဏ္ဏ၊ သုခဗလ၊ ပဋိ ပန္န၊ ပြည့်စုံရ၍၊ မိဘဆရာ၊ ဉာတကာ နှင့်၊ ရာဇာသနင်း၊ ပြည့်ရှင်မင်းက၊ စသည့်ဝေနေ၊ လူဗိုလ်ချေအား၊ တိုင် ထားသက်သေ၊ အမျှဝေ၏၊ ရပါစေ သား၊ အထူးအားဖြင့်၊ လေးပါးမဂ်ဉာဏ်၊ ဖိုလ်လေးတန်နှင့်၊ နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့တောင်သို့၊ ရောက်အောင်အဆင့်၊ မြင့်စေသောဝ်။ ။*

အထက်ပါ ပေထုပ်အလှူတော် တွင် 'အသပြာငွေကြေးများစွာပေး၍' ဟုပါရှိလေရာ ပေစာထုပ်တစ်ခု၏အလှူ တော်မှာ မသေးကြောင်းသိရှိရလေ သည်။ ထိုပေစာထုပ်၏စာစည်းကြိုးမှာ (၁၂) ပေ၊ ဖြက် (၁) လက်မရှိသည်ဟု သိရှိရလေသည်။ အနီရောင်အခံပေါ် တွင် အဖြူစာလုံးများရက်လုပ်ထား ကြောင်းသိရပါသည်။ ဤမျှ ဝီရိယစိုက် တန်ဖိုးထား၍ လှူခဲ့ကြသော ပေစာထုပ် များသည်ကား ယခုအခါ အချို့နေရာ များတွင် တန်ဖိုးထားရမှန်းမသိကြတော့ ဘဲ ရှေးဟောင်းပစ္စည်းရောင်းဝယ်ကုန် သည်များက ဈေးနှုန်းချိုသာစွာနှင့် ဝယ်ယူသွားကြလေပြီ။ အထူးသဖြင့် အင်မတန်လှပသောလှူသူ၏ဆုတောင်း စာပါစာစည်းကြိုးများသည်ကား ရှာမရ အောင်ပျောက်ကုန်လေပြီ။ စာပေအမှတ် အသားတစ်ခုဖြစ်သည့် ထိုစာစည်းကြိုး များကို တွေ့ရှိထားသူများအနေနှင့် မြန်မာ့ယဉ်ကျေးမှုအနု ပညာပစ္စည်းများ အဖြစ် ထိန်းသိမ်းမှတ်တမ်းပြုထားသင့် ပေ သည်။

ရှေးဟောင်းပစ္စည်း ဟူသည်ကား ယနေ့ခေတ်တွင် မည်သူကမျှတူအောင် မထုတ်လုပ်နိုင်တော့ပေ။ ကျွန်မတို့၏ ဘိုးဘွားများအမွေဖြစ်သော ရှေးဟောင်း အနုပညာပစ္စည်းတို့သည် နိုင်ငံရပ်ခြား ပြတိုက်များတွင် တချို့ပြသထားလေ သည်။ အချုပ်ဆိုရသော် ယခု ဖော်ပြခဲ့ သော မင်း၊ မိဖုရား၊ မှူးမတ်၊ အရပ် သားအရပ်သူ စသည်ဖြင့် နမူနာပေစာ ထုပ်နှင့် စာစည်းကြိုးအလှူတော်ဆု တောင်းစာများ၏နမူနာတစ်ခုစီမျှသာ ဖော်ပြခြင်းဖြင့် မြန်မာပြည်တွင် ပေစာ ထုပ်ခေတ်ကလှူခဲ့ကြသောအလှူရှင်များ ၏ဗုဒ္ဓစာပေကျမ်းစာမှတ်တမ်းပြုများဖြစ် ၍ 'စာတစ်လုံး ဘုရားတစ်ဆူ' ဟူသော ဆိုရိုးစကားအတိုင်း လေးစားမြတ်နိုး တန်ဖိုးထား ဂုဏ်ယူ သာဓုခေါ် ရင်း နေရာပေး ထိန်းသိမ်းကြပါစို့ဟု ကုသိုလ် ပြု တိုက်တွန်းလိုက်ရပါသည်။

ခင်ခင်ဝင်း (မောရဝတီ)

**မှီငြမ်း -**

၁။ မွန်သမိုင်းပုံရိပ်များ (နိုင်ခင်မောင်လေး)
၂။ ပေစာထုပ်ကြိုးမှဆုတောင်းစာများ (ရွှေဘိုမိမိကြီး)
၃။ ရတနာဘုံမြင့်ကျောင်း ပိဋကတ်သုံး ပုံစာပေထုပ်များ (မော်လမြိုင်)
၄။ ကိုယ်တိုင်လေ့လာဖူးမြော်စုဆောင်း ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းတွဲ

# ဝဏ္ဏသိရိ

## စမ္မယောဂပြဿနာ

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် တိုသနိပါတ် သမ္မဝဇာတ်တော်၌ မနဥ္စယကောရဗျမင်းအဖြစ်ဖြင့် ဘုရားအလောင်းတော် သမ္မဝသူငယ်ကလေး၏ အရွယ်နှင့်မလိုက်အောင် ထက်သန်မြင့်မြတ်လှစွာသော ဉာဏ်ပညာအစွမ်းကို ချီးမွမ်းခဲ့ရဖူးပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာအလောင်းလျာသည် ကုရုတိုင်း ဣန္ဒပတ္တမြို့တော်၌ မနဥ္စယကောရဗျ ဟူသောဘွဲ့အမည်ဖြင့် ထီးနန်းကိုစိုးစံခဲ့ရ၏။

အလောင်းတော်မနဥ္စယကောရဗျမင်းသည် မိမိပိုင်စိုးသော စည်းစိမ်ချမ်းသာတို့ကို ရှုမြင်သုံးသပ်ပြီးလျှင် ထို့ထက် အဆများစွာသာလွန်သော စည်းစိမ်ချမ်းသာကို စံစားချင်လာ၏။ ထို့တက် အဆများစွာ ကျယ်ဝန်းသော နယ်မြေများကို ရယူသိမ်းပိုက်လို၏။

သို့ရာတွင် ဤသို့ သိမ်းပိုက်ရာ၌ သူသည် တရားနှင့်အညီ အကြည်အသာသာလျှင် ရယူလို၏။ တရားနှင့်မညီဘဲ လက်နက်အားကိုးဖြင့် အနိုင်အထက် တိုက်ခိုက်ညှဉ်းပန်းခြင်းကို လုံးဝမပြုလိုပေ။

တကယ်တော့ဖြင့် မိမိစိုးရပိုင်ဆိုင်ထားပြီးသော နိုင်ငံနယ်နိမိတ်ကို တိုးချဲ့လိုပါက နယ်နိမိတ်ချင်းထိစပ်နေသော အခြားနိုင်ငံတစ်ခုခုသို့နယ်ချဲ့ရပေတော့မည်။ ဤသို့နယ်ချဲ့လာပါက တစ်ဖက်နိုင်ငံကလည်း သည်အတိုင်းခေါင်းငုံ့ခံနေမည် မဟုတ်ချေ။ ထိုအခါ မိမိကိုယ်တိုင်က မလိုလားသော စစ်ပွဲကြီးများဆင်နွှဲရပါတော့မည်။ ဤကမ္ဘာမြေပေါ်တွင် စစ်ပွဲတစ်ခုခု ဖြစ်ပေါ်လာခဲ့ပြီဆိုပါက ထိုစစ်ပွဲသည် သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ တရားလက်လွှတ်ပြုကျင့်မှုများကတော့ ပါလာရတော့မည်သာဖြစ်ပေသည်။

ခက်နေတာက ဤသို့ပြုလျှင် ဤသို့ဖြစ်မည်ဟု ဧကန်သိထားပါလျက် ပိုင်နက်နယ်မြေချဲ့ထွင်လိုသော အလိုအာသာကို မဖြေဖျောက်နိုင်ပါ။ ထိုအလိုအာသာကို ဖြေဖျောက်ထားနိုင်ရန် နည်းမျိုးစုံနှင့် ကြိုးစားလာခဲ့ပါလျက် အလိုအာသာကတော့ လွှမ်းမိုးမြဲလွှမ်းမိုးလျက်သာရှိနေဘိ၏။ ဤအဖြစ်မှာ မိမိအတွက် အခက်ခဲဆုံးသောပြဿနာဖြစ်နေ၏။ မိမိဘာသာ မိမိစွမ်းအားသက်သက်ဖြင့် ဖြေရှင်း၍မရနိုင်သောပြဿနာဖြစ်နေ ၏။

အကယ်၍ ဤပြဿနာကို မိမိရင်ထဲမှာ သိုဝှက်ထားပြီး ကြိတ်မှိတ်ခံစားနေမိပါက ပြဿနာက သည့်ထက်ကြီးထွားလာပါတော့မည်။ ဤပြဿနာကြီးထွားမလာစေချင်လျှင်ကား ဤပြဿနာအဖြေကိုတွေ့ရမှဖြစ်ပေလိမ့်မည်။ ဤပြဿနာ၏အဖြေကို မိမိဘာသာ မိမိစွမ်းအားဖြင့်အဖြေရှာ၍ မရနိုင်သော်ရှိစေ ဤကမ္ဘာမြေပြင်ပေါ်တွင် ဤပြဿနာကိုဖြေရှင်းပေးနိုင်မည့် ပညာရှင်တစ်ယောက်ယောက်တော့ ရှိကိုရှိနေရပေလိမ့်မည်။ ထိုပညာရှိများ မည်သည့်တိုင်းပြည်၌ရှိနိုင်ပါမည်နည်းဟု စဉ်းစားလိုက်သောအခါ မိမိ၏နန်းတော်ထက်မှာပင်ရှိနေကြောင်း တအံ့တသြတွေ့လိုက်ရပါတော့သည်။ ထိုပညာရှင်သည်ကား အရှင်အနုဒ္ဓါ၏ အလောင်းလျာဖြစ်ပေသည်။

သို့ဖြစ်၍ မနဥ္စယကောရဗျမင်းသည် မိမိ၏ အတိုင်ပင်ခံဖြစ်သော အလောင်းလျာ သုစီရတပုဏ္ဏားကို ဆင့်ခေါ်ပြီးလျှင် -

“ဆရာပုဏ္ဏား၊ ငါတို့ထီးနန်းစိုက်ထူရာ ဣန္ဒပတ္တမြို့တော်ကြီးဟာ ခုနစ်ယူဇနာကျယ်ဝန်းတယ်။ ငါတို့အာဏာစက်သက်ရောက်ရာ ကုရုတိုင်းပြည်ကြီးကတော့ ယူဇနာသုံးရာတောင်ကျယ်ဝန်းနေတယ်။ ဒါပေမယ့် ငါကိုယ်တော်က ဒါလောက်နဲ့ အားမရနိုင်သေးဘူး။ မဟာပထဝီမြေပြင်ကြီးတစ်ခုလုံးကို ပိုင်စိုးချင်သေးတယ်။

ဆရာပုဏ္ဏား၊ အဲဒီလို မဟာပထဝီမြေပြင်ကြီးတစ်ခုလုံးကို ရယူချင်သော်လည်း ငါကိုယ်တော်က တရားလက်လွှတ်ပြုကျင့်ရမှာကို မလိုလားဘူး။ တရားသဖြင့်ပြုကျင့်တာကိုသာနှစ်သက်တယ်။ ငါကိုယ်တော်လုပ်ကိုင်ဆောင်ရွက်သမျှကိစ္စအဝဝဟာ တရားနဲ့အညီသာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေချင်တယ်။

ဆရာပုဏ္ဏား၊ မဟာပထဝီမြေပြင်ကြီးတစ်ခုလုံးကို လက်ဝယ်ရရှိဖို့ကြိုးစားရာမှာ သူတော်သူမြတ်တို့ အကဲ့ရဲ့ခံရမယ့်အရေးကလွတ်စေချင်တယ်။ ယခုချက်မှောက်ဘဝမှာ အကဲ့ရဲ့လွတ်သလိုပဲ၊ နောင်တမလွန်ဘဝမှာလည်း အကဲ့ရဲ့လွတ်စေချင်တယ်။ လူ့ပြည်မှာဖြစ်စေ၊ နတ်ပြည်မှာဖြစ်စေ ကောင်းသတင်းကျော်စောသူသာဖြစ်စေချင်တယ်။

ဆရာပုဏ္ဏား၊ ငါကိုယ်တော်ဟာ အကြောင်းနဲ့အကျိုးနဲ့လိုက်လျောညီထွေတဲ့အမှုကိုသာပြုလိုပါတယ်။ အဲဒီလိုပြုနိုင်ရေးအတွက် တရားနဲ့ညီတဲ့နည်းလမ်းကောင်းကို ဆရာပုဏ္ဏားက ပြောပြပေးပါတော့"

ဤသို့ မနုဿယကောရဗျမင်းကအားကိုးတကြီးနှင့် မေးမြန်းလိုက်သည်တွင် သုစီရတပုဏ္ဏားမှာ ရုတ်တရက်နှုတ်မြွက်လျှောက်တင်ရန် အခက်တွေ့ရတော့၏။ သူသည် နှစ်ပေါင်းမြောက်မြားစွာ ဤနန်းတော်ကြီးမှာ အမှုထမ်းလာခဲ့၏။ ဤနန်းတော်၌၊ ဤမြို့တော်၌၊ ဤကုရုတိုင်းကြီးတစ်ခွင်လုံး၌ ပေါ်ပေါက်လာခဲ့လေသမျှ ပြဿနာအဝဝတို့ကို ကျိုးကြောင်းညီညွတ်စွာ အပြေအလည် ဖြေရှင်း၍ပေးလာခဲ့၏။ သို့ပါလျက် ဤပြဿနာကိုတော့ မိမိအနေနှင့်ဖြေကြားနိုင်စွမ်းမရှိပါချေ။ ဤပြဿနာဖြစ်ပေါ်လာပုံမှာ နယ်ပယ်ချဲ့ထွင်သည့်စစ်ကိုလည်း တိုက်ချင်၏။ စစ်တိုက်နေရင်းကပင် တရားနှင့်အညီလည်း ဖြစ်ချင်လိုက်သေး၏။ ထို့ကြောင့် ဤပြဿနာကို ဓမ္မယောဂပြဿနာဟု အမည်တပ်ကြရ၏။ တရားသဖြင့် စစ်တိုက်ရေးဟု မြန်မာလိုဆိုနိုင်ပါလိမ့်မည်။

သို့ရာတွင် မိမိအနေနှင့် မဖြေရှင်းနိုင်တာကို မဖြေရှင်းနိုင်ကြောင်းလျှောက်





www.burmeseclassic.com

www.burmeseclassic.com

တင်လိုက်ရုံနှင့် ပြီးမသွားချင်ပါ။ မိမိအပေါ်မှာ တစ်လျှောက်လုံးချီးမြှင့်ထောက်ပံ့လာခဲ့သည့် ကျေးဇူးတရားတို့ကို ထောက်ထားရပါဦးလိမ့်မည်။ ထို့ကြောင့် ဤပြဿနာကိုမိမိမဖြေကြားနိုင်ပါကြောင်း လျှောက်တင်လိုက်ရုံနှင့် လမ်းဆုံးမသွားစေဘဲ ပြဿနာ၏အဖြေကို ရနိုင်သေးသည့် လမ်းဝကလေးကို ဖော်ပေးချင်ပါသည်။

သို့ဖြစ်၍ -

“အရှင်မင်းကြီး၊ အရှင်မင်းကြီး မေးမြန်းလိုက်တဲ့ ဓမ္မယောဂပြဿနာက အင်မတန်မှခက်ခဲလှပါတယ်။ အင်မတန်မှ နက်နဲလှပါတယ်။ ဒီပြဿနာကို ဘုရားကျွန်တော်မျိုး မဖြေကြားနိုင်ပါဘုရား။ ကျွန်တော့်နည်းတူ အခြားသူများလည်း ဖြေကြားနိုင်မှာမဟုတ်ပါ။ ဒီကမ္ဘာမြေပြင်မှာ ဖြေကြားနိုင်မယ့်သူကတော့ တစ်ယောက်တည်းသာရှိပါတယ်။ အဲဒီသူကတော့ ဝိဓူရအမည်ရှိတဲ့ ပညာရှိပုဂ္ဂိုလ်သာဖြစ်ပါတယ် ဘုရား”

ဤသို့ လျှောက်တင်သံအဆုံးတွင် မနဒ္ဓယကောရဗျမင်းက -

“သုစိရတ၊ အဲဒီ ဝိဓူရပညာရှိက ဘယ်မှာနေပါသလဲ”

ဟု စိတ်အားထက်သန်စွာ မေးမြန်းလိုက်သဖြင့် -

“မှန်လှပါ၊ ဝိဓူရပညာရှိဟာ ဗာရာဏသီမြို့တော်က ရွှေနန်းတော်မှာ အမှုထမ်းလျက်ရှိပါတယ်ဘုရား”

ဟု လျှောက်တင်ရ၏။

ဤတွင် မနဒ္ဓယကောရဗျမင်းသည် ဓမ္မယောဂပြဿနာ၏ အဖြေစကားကို ကြားချင်လွန်းလှသဖြင့် အလေးချိန်တစ်နိက္ခရှိသော ရွှေတုံးကိုလည်းကောင်း၊ အဖြေစကားကို ရေးမှတ်၍ပြန်ယူလာရအောင် အဖိုးတစ်သိန်းထိုက်သည့် ရွှေပြားကို လည်းကောင်း၊ အခြားသော လက်ဆောင်ပစ္စည်းတို့ကိုလည်းကောင်း ဘဏ္ဍာတိုက်တော်မှ ထုတ်ယူလာစေပြီးလျှင် သုစိရတပုဏ္ဏားထံ အပ်နှံလိုက်၏။ ထို့ပြင် အခြံအရံအမှုထမ်းများနှင့်အတူတကွ စီးနင်းသွားစရာ ယာဉ်ရထားတို့ကိုလည်း အပြည့်အစုံ စီစဉ်ပေးပြီးလျှင် သုစိရတပုဏ္ဏားအား ဝိဓူရပညာရှိထံ စေလွှတ်လိုက်လေသည်။

သုစိရတပုဏ္ဏားသည် ဣန္ဒပတ္တမြို့တော်မှ ထွက်ခွာလာခဲ့ပြီးလျှင် ဗာရာဏသီမြို့တော်ဆီသို့ တိုက်ရိုက်မသွားသေးဘဲ ပညာရှိပုဂ္ဂိုလ်ရှိသည်ဟု သတင်းကြားရသည့်နေရာများသို့လည်း ဝင်ခဲ့သေးသည်။ ဘယ်နေရာမှာမှ ဖြေကြားနိုင်သည့် ပညာရှိကို ရှာမတွေ့ရသဖြင့် ဗာရာဏသီမြို့တော်သို့သာ ဦးတည်လာခဲ့ရလေသည်။

ဗာရာဏသီမြို့တော်အတွင်းက ဝိဓူရပညာရှိအိမ်သို့ နံနက်စာစားချိန်တွင် ရောက်လာကြ၏။ ဝိဓူရနှင့်သုစိရတတို့သည် ငယ်သူငယ်ချင်းများဖြစ်ခဲ့ကြ၏။ တက္ကသိုလ်မြို့တော်က ဒိသာပါမောက္ခဆရာကြီးထံတွင် အတူတကွ ပညာသင်ခဲ့ကြ၏။ သို့ဖြစ်၍ ဝိဓူရပညာရှိသည် သုစိရတပုဏ္ဏားကို မိမိ၏ထမင်းပွဲသို့ ခေါ်၍ အတူတကွစားစေ၏။ နောက်ပါအမှုထမ်းတို့အတွက် အလျှင်အမြန်ချက်ပြုတ်၍ကျွေးစေ၏။

လာခဲ့သူအားလုံးတို့ စားရေးသောက်ရေးကိစ္စများ ပြီးစီးသွားသောအခါ ဝိဓူရပညာရှိက သုစိရတအား လာခဲ့ရခြင်းအကြောင်းကိုမေးမြန်းသဖြင့် သုစိရတကလည်း ပြောပြလိုက်ရ၏။

ဤတွင် ဝိဓူရပညာရှိက -

“အဆွေသုစိရတ၊ အဆွေရဲ့အရှင်မင်းမြတ်မေးမြန်းလိုက်တဲ့ ဓမ္မယောဂပြဿနာက လေးနက်လှပါကလား။ သိမ်မွေ့လွန်းလှပါကလား။ ကျွန်တော့်အနေနဲ့ပြောရရင်တော့ အဟုန်ပြင်းပြင်းနဲ့ စီးဆင်းနေတဲ့ ဂင်္ဂါရေလျဉ်ကို တားနိုင်ကောင်းတားနိုင်ပါလိမ့်မယ်။ ဒီပြဿနာကိုတော့ မဖြေနိုင်ပါဘူး”

ဤသို့ လေးလေးစားစားပြန်ကြားလိုက်သဖြင့် -

“ကောင်းပါပြီ အဆွေဝိဓူရ၊ အသင် မဖြေကြားနိုင်လည်း ရှိပါစေတော့။ ဒါဖြစ်ရင် ဒီပြဿနာကိုဖြေကြားနိုင်မယ့်သူတစ်ယောက်ယောက်ကို ညွှန်ပြမပေးနိုင်ဘူးလား”

“ညွှန်ပြပေးနိုင်ပါတယ် အဆွေသုစိရတ၊ အဲဒီလူကတော့ အခြားသူမဟုတ်ပါဘူး။ ကျွန်တော့်သားအကြီးသာ ဖြစ်ပါတယ်။ သူ့အမည်က ဘဒြကာရလို့ခေါ်ပါတယ်။ သူက ကျွန်တော့်ထက်ပိုပြီး အကြားအမြင်များပါတယ်။ သူ့ဆီကိုသွားပြီးမေးစေချင်ပါတယ်”

ဤသို့ ဖခင်ဖြစ်သူ ဝိဓူရပညာရှိက လမ်းညွှန်လိုက်သဖြင့် သုစိရတတို့အဖွဲ့သည် ဘဒြကာရတို့အိမ်သို့ လာခဲ့ရ၏။ ဘဒြကာရကလည်း လာခဲ့ရခြင်းအကြောင်းရင်းကို ကြားသိရသောအခါ-

“အို - ဖခင် သုစိရတပုဏ္ဏား၊ သင်တို့အရှင်မင်းမြတ်ရဲ့ ဓမ္မယောဂပြဿနာက အင်မတန်လေးနက်လှပါပေတယ်။ အင်မတန်သိမ်မွေ့လှပါပေတယ်။ အဲဒီပြဿနာကို တစ်နေ့နေ့မှာတော့ ကျွန်တော်ဖြေနိုင်ကောင်း ဖြေနိုင်ပါလိမ့်မယ်။ အခုလောလောဆယ်မှာတော့ ကျွန်တော့်စိတ်ထဲမှာ အရှုပ်အထွေးတွေရှိနေပါတယ်။ အိမ်ထောင်ဖက် မယားတစ်ယောက် ထင်ထင်ရှားရှားရှိနေတဲ့ကြားက ကျွန်တော်ဟာ လင်ရှိမယားတစ်ယောက်နဲ့ ဖောက်ပြန်ခဲ့မိပါတယ်။ ဒါကို ထင်ရှားအောင် ဥပမာပေးရမယ်ဆိုရင်တော့ ကိုယ့်ပခုံးပေါ်မှာ အဆီတရွဲရွဲနဲ့ အမဲသားကင်ကိုထမ်းလာခဲ့ပါလျက် ဖွတ်အငယ်ကောင်လေးကို လိုက်ဖမ်းနေတာနဲ့ တူလှပါတယ်”

“ဒီလိုဆိုတော့ ကျွန်တော်တို့ ဘယ်သူ့ဆီသွားရပါ့မလဲဗျာ”

“ဒါကတော့ လွယ်ပါတယ်ဗျာ။ ကျွန်တော်တို့ညီအစ်ကိုသုံးယောက်ထဲက အလတ်လူတစ်ယောက်ရှိနေပါတယ်။ သူ့အမည်က သဉ္စယလို့ခေါ်ပါတယ်။ သူ့ဆီကိုရောက်သွားတာနဲ့ ဖခင်တို့ကြားနာချင်တဲ့အဖြေစကားကို ကြားနာရပါလိမ့်မယ်”

အစ်ကိုကြီး၏ လမ်းညွှန်ချက်ဖြင့် အလတ်လူ သဉ္စယ၏အိမ်သို့ရောက်လာရသောအခါမှာလည်း -

“အို - ဖခင်သုစိရတ၊ ကျွန်တော့်စိတ်ကို သေမင်းကလွှမ်းမိုးနေပါတယ်။ ညမှာဖြစ်စေ၊ နံနက်ပိုင်းမှာဖြစ်စေ သေရမယ့်ဘေးကိုတွေးပြီးတော့ စိတ်နှလုံးချောက်ချားနေပါတယ်။ ဒါကြောင့် သင်တို့အရှင်မင်းမြတ် တင်ပြလိုက်တဲ့ပြဿနာကို ကျွန်တော်မဖြေကြားနိုင်ပါ။ ဒါကြောင့် ဒီပြဿနာရဲ့အဖြေစကားကို ကြားချင်ရင်တော့ ကျွန်တော်တို့ညီငယ်လေး သမ္ဘဝလုလင်ငယ်ထံ သွားကြပါတော့ခင်ဗျား”

“ကောင်းပါပြီ၊ သူ့ဆီကိုဆက်ပြီးသွားကြပါ့မယ်။ အခု သူကဘယ့်အရွယ်လောက်ရှိနေပြီလဲ”

“အခု သူက ပုဆိုးလည်ပင်းယောက်နဲ့ လမ်းလယ်ကောင်မှာ သူ့အဖော်တွေနဲ့အတူ မြေမှုန့်တွေအလိမ်းလိမ်းနဲ့ ကစားနေပါတယ်”

ဤစကားကိုကြားလိုက်ရသည်တွင် သုစိရတမှာ အကြီးအကျယ်စိတ်ဓာတ်ကျသွားရ၏။ ဤလူ့ဘောင်လောကကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံးမှာ ဤပြဿနာကို ဖြေကြားနိုင်မည့်သူရှိပါဦးမည်လား ယုံမှားသံသယဖြစ်လာမိ၏။

ဤသို့သောအခြေအနေကို အကဲခတ်မိလိုက်သော သဥ္စယက ညီငယ်ထွေး သမ္မဝသည် အသက်ငယ်သော်လည်း ပညာမငယ်သည့်အဖြစ်ကို ထင်ရှားပြလို၍ -

"အို - ဖခင် သုစီရတ ခင်ဗျား၊ ကျွန်တော်တို့ညီငယ်ထွေး သမ္မဝကို အသက်ငယ်ငယ်လေးဆိုပြီးတော့ မမေးခင်က အထင်မသေးလိုက်ပါနဲ့ဦး။ သူ့ကို မေးကြည့်တဲ့အခါ အသေအချာဖြေကြားနိုင်ပါလိမ့်မယ်။ အကြောင်းနဲ့အကျိုးကို ဆက်စပ်ပြီးတော့ အသင့်ယုတ္တိရှိစွာဖြေကြားပါလိမ့်မယ်။

ဖခင်သုစီရတခင်ဗျား၊ အထက်ကောင်းကင်မှာ မြူတွေတိမ်တွေကင်းစင်နေတဲ့အခါမျိုးမှာ ထွက်ပေါ်လာတဲ့ ငွေလမင်းကြီးဟာ ကြယ်တာရာအားလုံးထက် ထွန်းလင်းတောက်ပနေပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ညီငယ်ထွေး သမ္မဝဟာလည်း လူအားလုံးတို့ထက် သာဂုဏ်ရောင် ထွန်းပြောင်းဝင်းလက်နေပါတယ်"

ဤသို့သော ဥပမာနှင့်အတူ နွေရာသီ၏အစအဦး တန်ခူးလသည် လများတို့ထက် သာယာနှစ်သက်ဖွယ်ကောင်းပုံတို့ လည်းကောင်း၊ ဆောင်းအခါမှာ ဆီးနှင်းခဲများကိုထိန်းထားပြီး နွေရောက်တော့ ဆီးနှင်းရေများကို အန်ထုတ်လိုက်သော ဂန္ဓမာနအမည်ရသော တောင်မှာ မျိုးမည်စုံစွာသော သစ်ပင်ပန်းမယ်တို့ ပေါက်ရောက် ရှင်သန်နေပုံ၊ သတ္တဝါအများတို့ လာရောက် နေထိုင်ကြပုံ၊ ဆေးဖက်ဝင်ဆေးမြစ်များ တည်ရှိနေပုံကိုလည်းကောင်း၊

တောင်ထိပ်ဖျားပေါ်မှာ ထိန်ထိန်လင်းလင်းတောက်လောင်နေသောတောမီးသည် ညဥ့်အချိန် ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ ထွန်းလင်းတောက်ပနေပုံဖြင့်လည်းကောင်း။

ဤသို့သော ဥပမာတို့ကို ထုတ်ဆောင်ကိုးကားပြီးလျှင် ဆက်လက်၍ ပြောပြလိုသေး၍ -

"ဖခင် သုစီရတ ခင်ဗျား အလျင်အမြန်သွားစရာရှိမှ မြင်းအာဇာနည်ရဲ့ အရည်အချင်းကိုသိကြရပါတယ်။ ဝန်စည်စလယ်တင်ကာ ခရီးသွားလှည်းနှင့်တင်စရာရှိမှ ခိုင်းနွားတို့ရဲ့အသုံးဝင်မှုကို သိကြရပါတယ်။ နွားနို့ညှစ်ကြည့်တဲ့အခါမှ နို့စားမနွားမရဲ့အမျိုးမှန်မမှန်ကို သိနိုင်ကြတယ်။ သည့်အတူပါပဲ၊ လူတစ်ယောက်ယောက်ကို ပညာရှိ မရှိသိချင်လာတော့လည်း သူ့ကို တိုက်ရိုက်မေးကြည့်မှသိနိုင်ပါလိမ့်မယ်"

ဤသို့ အစ်ကိုငယ်ဖြစ်သူက သူ့ညီငယ်ထွေး၏ပညာဂုဏ်ကို ဥပမာမျိုးစုံတို့ဖြင့် ချီးကျူးစကားပြောကြားပြီး တိုက်တွန်းလိုက်သဖြင့် သုစီရတပုဏ္ဏားတို့အဖွဲ့သည် သမ္မဝလုလင်ငယ်လေးရှိရာသို့ ရောက်လာကြရပြန်၏။

တကယ်တော့ဖြင့် သူတို့၏ ဖခင်ဝိဓူရပညာရှိသည် သုစီရတပုဏ္ဏားထံမှ ပြဿနာစကားကို ကြားသိရစဉ်ကပင် ဤပြဿနာ၏အဖြေသည် သားငယ်ထွေး သမ္မဝသူငယ်ကလေးထံ ရောက်သွားခါမှ လမ်းဆုံးမည့်အရေးကို တွေးမြင်ထားပြီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်က အရှင်မဟာကဿပအလောင်းလျာဖြစ်နေ၏။ထို့ပြင် သားကြီးဘဒြကာရသည် အရှင်မဟာမောဂ္ဂလာန်အလောင်းလျာဖြစ်နေ၏။ ထို့အတူပင် သားလတ် သဉ္စယသည် အရှင်သာရိပုတ္တရာအလောင်းလျာ ဖြစ်နေ၏။ သမ္မဝလုလင်ငယ်ကလေး သည်ကား ဘုရားရှင်၏အလောင်းတော်ဖြစ်နေပါပေသည်။

ဤသို့အားဖြင့် အလောင်းလျာလေးဦးတို့သည် မိသားစုတစ်ခုတည်း၌ ဆုံစည်းမိလာကြရာတွင် ဘဝဘဝပေါင်းများစွာတုန်းက အတူတကွ ပါရမီဖြည့်လာခဲ့ဖူးသော အရှိန်အဟုန်ကြောင့် ညီငယ်ထွေးသမ္မဝသူငယ်ကလေး၏ ဉာဏ်ပညာအရည်အသွေးကို ဂုဏ်ယူလေးစားနေခဲ့ကြ၏။ ထို့ပြင် ဖခင်ဖြစ်သူ ဝိဓူရပညာရှိက သုစီရတပုဏ္ဏားအား သားငယ်ထွေးသမ္မဝသူငယ်လေးထံသို့ တိုက်ရိုက်မစေလွှတ်လိုက်သေးဘဲ အစ်ကိုကြီးများကတစ်ဆင့် ညွှန်ကြားခဲ့ခြင်းမှာလည်း နောင်တော်ကြီးများက ညီငယ်ထွေး၏ ဉာဏ်ပညာအရည်အသွေးကို လေးစားကြပုံ၊ သူတို့၏စိတ်နေသဘောထားပြည့်ဝကြပုံတို့ကို သိစေလို၍ဖြစ်ပေသည်။

ဤသို့ အဆင့်ဆင့်လမ်းညွှန်လိုက်ကြသဖြင့် သုစီရတပုဏ္ဏားတို့အဖွဲ့ သမ္မဝသူငယ်လေးထံ ရောက်လာသောအခါ သမ္မဝသူငယ်ကလေးသည် လုံကွင်းလည်ပင်းရောက်နှင့် အဖော်များနှင့်အတူ မြေမှုန့်အလိမ်းလိမ်းနှင့် လွတ်လပ်ပျော်ရွှင်စွာ ကစားနေဆဲဖြစ်၏။ ထိုသို့ကစားနေရင်းက သုစီရတပုဏ္ဏားထံမှ ပြဿနာစကားကို ကြားလိုက်ရသောအခါ မိမိ၏ ပညာအရည်အသွေးကို လေးစား၍ဖြစ်ကြောင်း သဘောပေါက်လာ၍အရက်အကြောက်များဝင်ရောက်လာကာ ပခုံးပေါ်ကွင်းသိုင်းထားသော ပုဆိုးကို အလျင်အမြန်ချ၍ဝတ်လိုက်၏။ ထို့မှဆက်လက်၍ ဖြေကြားရမည့်အမေးပုစ္ဆာအားလျော်စွာ မိမိ၏ကွန္ဒြေသိက္ခာတို့ကို တည်ကြည်ငြိမ်သက်အောင်ဆောက်တည်လိုက်ပြီးလျှင် -

"အို - ပုဏ္ဏား၊ အသင်မေးလိုရာ မေးပါတော့"

ဟူ၍ ရဲရဲခံ့ညားစွာ ဖိတ်ခေါ်လိုက်၏။

ဤတွင် သုစီရတပုဏ္ဏားက ဓနဉ္စယကောရဗျမင်းထံမှ သယ်ဆောင်လာခဲ့သော ဓမ္မယောဂပြဿနာကို အပြည့်အစုံပြောကြားလိုက်၏။

ဤတွင် သမ္မဝသူငယ်ကလေးက -

"အို - ပုဏ္ဏား၊ ကျွန်တော့်ဉာဏ်ပညာအခြေခံနဲ့ ဟုတ်မှန်တိုင်းဖြေကြားပါ့မယ်။ ကျွန်တော့်ဖြေကြားချက်ကို အသင်တို့မင်းကြီး ကြားရပြီးတော့ ကျွန်တော် ဖြေကြားလိုက်တဲ့အတိုင်း လိုက်နာမလား၊ မလိုက်နာဘူးလား မသိပါ။ ကျွန်တော်ဖြေကြားလိုက်တဲ့အတိုင်း သူ့ဘက်ကလိုက်နာသည်ဖြစ်စေ မလိုက်နာသည်ဖြစ်စေ သူ့တာဝန်အတိုင်းသာရှိပါစေ။ ကျွန်တော့်ဘက်ကတော့ ဖြေစရာရှိသမျှ မခြွင်းမချန်ဖြေကြားပေးပါ့မယ်"

ဤသို့ သဘောအဓိပ္ပာယ်သက်ရောက်သောစကားတို့ကို မိမိတို့မဇ္ဈိမဒေသတစ်ခွင်လုံး အသုံးပြုလျက်ရှိသော ဘာသာစကားအမျိုးအစားထဲက ကဗျာလင်္ကာသီကုံး၍ ဖြေဆိုလိုက်၏။

အလောင်းတော် သမ္မဝသူငယ်ကလေး၏အသံသည် သူငယ်ကလေးတစ်ယောက်၏အသံမျိုးသာ ဖြစ်၏။ သို့ရာတွင် ထိုအသံ၏အရှိန်အဟုန်သည် ထိုနေရာတစ်ဝိုက်ကို ကျော်လွန်၍ ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာတို့ကို အပြင်းအထန် ရိုက်ခတ်သွားလေရာ ဗာရာဏသီ မြို့တော်ကြီးတစ်ခုလုံးကို လွှမ်းခြုံသွားပါတော့သည်။

သူငယ်ကလေးတစ်ယောက်၏ နှုတ်ခမ်းနှစ်လွှာမှ ထွက်ပေါ်လာခဲ့သော ထိုအသံသည် ကြည်လင်ပြတ်သားလှပါ



www.burmeseclassic.com

www.burmeseclassic.com

၏။ သာယာနာပျော်ဖွယ်ရှိပါဘိ၏။ လေးနက်သောသဘောအဓိပ္ပာယ်တို့ဖြင့် ပြည့်ဝ၍နေပါ၏။ ထို့ကြောင့် ထိုသံစဉ်ကိုကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဗာရာဏသီမြို့တော်၌ ထီးနန်းစိုးစံနေသော ပြည့်ရှင်မင်းနှင့်တကွ အဆင့်မျိုးစုံအတန်းမျိုးစုံက မြို့သူမြို့သားတို့ အလျှင်အမြန်စုဝေး၍လာခဲ့ကြရာ သမ္ဘဝသူငယ်ကလေးနှင့် သုစီရတပုဏ္ဏားတို့၏ ပတ်ပတ်လည်တွင် လူပင်လယ်ကြီးဖြစ်လာပါတော့သည်။

ဓမ္မကထိကအကျော်အမော်တစ်ဦး၏ပုံစံမျိုးဖြင့် သမ္ဘဝသူငယ်ကလေးသည် တရားနာပရိသတ်ကြီးကို ကြွေမပျက် လှည့်လည်ကြည့်ရှုကာ ဖြေကြားလက်စအဖြေစကားကို ဆက်လက်ဖြေကြား၏။

"ဖခင်သုစီရတပုဏ္ဏားကြီးခင်ဗျား၊ သင်တို့ရဲ့အရှင်မင်းက မင်းချင်းတစ်ယောက်ယောက်ကို 'ဒီဟာနေ့ ကုသိုလ်ကောင်းမှုတစ်ခုခုပြုကြမယ်မဟုတ်လား' လို့မေးလိုက်တယ်ဆိုပါစို့။ အဲဒီအခါ အမေးခံရတဲ့မင်းချင်းက 'အရှင်မင်းမြတ်၊ ဒီကနေ့အလုပ်တွေရှုပ်နေပါသေးတယ်။ နက်ဖြန်ခါကျ လုပ်ကြတာပေါ့' ဒီလိုဖြေကြားလိုက်တယ် ဆိုပါတော့။ ယုမိဋ္ဌိလအနွယ်ဝင် ဖခင်တို့ရဲ့ အရှင်မင်းဟာ အလုပ်ကိစ္စပေါ်ပေါက်လာတဲ့အခါမျိုးမှာ အချိန်ဆွဲနေတတ်တဲ့ ထိုအမှုထမ်းရဲ့နောက်ကို မလိုက်ပါမိပါစေနဲ့။

ဖခင်သုစီရတပုဏ္ဏားကြီးခင်ဗျား၊ တကယ်လို့ ဖခင်တို့အရှင်မင်းက ဖခင်ကို တရားသဘောကို မေးမြန်းတယ်ဆိုပါတော့၊ အဲဒီအခါမျိုးမှာ ဖခင်က ခန္ဓာငါးပါးလုံးဟာ အနိစ္စမျိုးချည်းသာဖြစ်ပါတယ်လို့ ဖြေကြားစေချင်ပါတယ်။ စိတ်မိုက်စိတ်ရိုင်းများရဲ့ လွှမ်းမိုးတာကို ခံနေရတဲ့ပုထုဇဉ်အမိုက်အမဲဟာ မှားယွင်းတဲ့မိစ္ဆာအယူတွေကို ရယူမိဝဲတတ်ပါတယ်။ ဖခင်တို့အရှင်မင်းဟာ အဲဒီမိစ္ဆာအယူတွေကို မမှီဝဲမိပါစေနဲ့။

ဖခင်သုစီရတပုဏ္ဏားကြီးခင်ဗျား၊ ဖခင်တို့ရဲ့အရှင်မင်းက ယခုအခါ ကံကောင်းထောက်မလို့ သုဂတိဘဝကိုရရှိနေပါတယ်။ အဲဒီလို သုဂတိဘဝကိုရနေတဲ့ကြားက သုဂတိဘဝကိုကျော်လွန်ပြီးတော့ အပါယ်လေးပါးကျရောက်အောင် မပြုမိပါစေနဲ့။ ဒုစရိုက်အမိုက်တရားသုံးပါးတို့ကိုမပြုမိပါစေနဲ့။ ရေချိုးဆိပ်လုပ်လို့မဖြစ်နိုင်တဲ့ ချောင်းကမ်းပါးစောက်မှ လိမ့်ကျတဲ့သူဟာ အကျိုးမဲ့ပျက်စီးသွားရသလိုပါပဲ။ မိစ္ဆာဒိဋ္ဌိအယူမှားအားလုံးကိုလည်း ချောင်းကမ်းပါးစောက်လို ရှုမြင်သင့်ပါတယ်။ ချောင်းကမ်းပါးစောက်ကို ဝေးဝေးကရှောင်သင့်ပါတယ်။

ဖခင်သုစီရတပုဏ္ဏားကြီးခင်ဗျား၊ ဖခင်တို့ရဲ့အရှင်မင်းဟာ ယခု ကျွန်တော်ပြောပြထားတဲ့စကားတွေကို လိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် လဆန်းပက္ခမှာ ထွန်းလင်းတောက်ပနေတဲ့လတန်းကြီးလို ထွန်းလင်းတောက်ပပါလိမ့်မယ်။

ဖခင်သုစီရတပုဏ္ဏားကြီးခင်ဗျား၊ အဲဒီလိုသာ လိုလိုလားလားလိုက်နာကျင့်သုံးနိုင်မယ်ဆိုရင်တော့ ဖခင်တို့အရှင်မင်းကို ဆွေတော်မျိုးတော်အားလုံးကလည်း မေတ္တာထား၍ ချစ်အားပိုကြပါလိမ့်မယ်။ မိတ်ဆွေသင်္ဂဟတို့ရဲ့အလယ်မှာလည်း တင့်တောင်းတင့်တယ် ကျေနပ်ဖွယ်ဖြစ်နေပါလိမ့်မယ်။ သက်တမ်းစေ့နေလို့ သေဆုံးရတဲ့အခါကျတော့လည်း နတ်ဘုံနတ်ရွာအလား ရောက်ရပါလိမ့်မယ်"

ဤတရားဒေသနာငါးဂါထာဆုံးသွားသည်နှင့်တစ်ပြိုင်နက် ပြည့်ရှင်မင်းအမှူးရှိသော ပရိသတ်ကြီးက တစ်ခဲနက်သြဘာပေးကြ၏။

အကယ်၍ တစ်စုံတစ်ယောက်သောသူက သမ္ဘဝသူငယ်ကလေး၏ ဤဖြေကြားချက်တို့ကို ဓနဉ္စယကောရဗျမင်း၏ ဓမ္မယောဂပြဿနာအမေးပုစ္ဆာတို့နှင့် ယှဉ်စပ်၍သုံးသပ်ပါက အမေးနှင့်အဖြေ၊ အဖြေနှင့်အမေးတို့ အံချော်နေသကဲ့သို့ ထင်မိပါလိမ့်မည်။

ဓနဉ္စယကောရဗျမင်းသည် ယူဇနာသုံးရာကျယ်ဝန်းသော ကုရုတိုင်းကြီးတစ်ခုလုံးကို ရယူသိမ်းပိုက်ထားရသော်ငြားလည်း အားရတင်းတိမ်ခြင်းမရှိသေးပါ။ သူသည် ပတ်ဝန်းကျင်တစ်ခွင်လုံးသို့ နယ်ပယ်ချဲ့ထွင်လိုသေး၏။ နယ်ပယ်ချဲ့ထွင်ပြန်တော့လည်း သွေးချောင်းစီးရမည့်တိုက်ပွဲမျိုးတွေမဖြစ်စေချင်။ တစ်ဖက်နိုင်ငံကမင်းများက မိမိ၏ဘုန်းသမ္ဘာကို ရိုသေခံ့ညားကာ မိမိ၏အာဏာစက်အောက်သို့ အလိုအလျောက်ဝင်ရောက်လာစေချင်၏။ ဤသို့လာစေနိုင်ကောင်းနည်းလမ်းကောင်းကို တောင်းခံသောအားဖြင့် ဓမ္မယောဂပြဿနာကို တင်မြလိုက်ခြင်းဖြစ်၏။

ဓနဉ္စယကောရဗျမင်းဖြစ်စေချင်သောပုံစံမျိုးမှာ ဘုန်းကမ္ဘာရှင် စကြဝတေးမင်းကြီးတို့နှင့်သာ ထိုက်တန်၏။ သာမညမင်းများ၏အရာ မဟုတ်ပါ။ သို့ဖြစ်၍ ဓမ္မယောဂပြဿနာရှင် ဓနဉ္စယကောရဗျမင်းသည် နယ်ပယ်ချဲ့ထွင်ချင်သည့်အလိုဆန္ဒတို့ကို စွန့်ပစ်ဖယ်ရှားကာ တရားနှင့်အညီ ကျင့်သုံးနေထိုင်ဖို့သာရှိပါတော့သည်။

သို့ဖြစ်၍ ဘုရားအလောင်းတော် သမ္ဘဝသူငယ်ကလေးက ဓနဉ္စယကောရဗျမင်း၏ ဓမ္မယောဂပြဿနာကို အထိရောက်ဆုံးသော ဤအဖြေစကားကိုပြန်ကြားလိုက်ခြင်း ဖြစ်ပေသည်။

တရားနှင့်ယှဉ်၍ ကြည်လင်သန့်ရှင်းလှစွာသော တရားစကားကိုကြားနာလိုက်ရသဖြင့် တရားနာပရိသတ်အပေါင်းက ကောင်းချီးသြဘာပေးသောအားဖြင့် ဦးရစ်ခေါင်းပေါင်းဟို့ကို လွှင့်မြှောက်ကြ၏။ ခေါင်းပေါ်မှာ၊ လည်ပင်းမှာ၊ လက်မှာ ဝတ်ဆင်လာခဲ့သည့် အဆင်တန်ဆာရတနာမျိုးစုံတို့ကို သူငယ်ကလေး၏ ခြေရင်းသို့ ပစ်ချကြ၏။ ထိုရတနာအဆင်တန်ဆာဟူသမျှကို တန်ဖိုးဖြတ်ကြည့်မည်ဆိုပါက ငွေစင်ငွေသားအားဖြင့် တစ်ကုဋေမျှရှိပါလိမ့်မည်။

တိုင်းသူပြည်သား လူအများတချီးမြှောက်ကြသကဲ့သို့ပင် ပြည့်ရှင်မင်းတလည်း စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံများကိုပါ ပေးအပ်ချီးမြှင့်လေသည်။

သုစီရတပုဏ္ဏားကလည်း ဓနဉ္စယကောရဗျမင်း ပေးအပ်လိုက်သော လက်ဆောင်ပဏ္ဏာ ရတနာမျိုးစုံတို့ကို သမ္ဘဝသူငယ်လေး၏လက်သို့ပေးဆက်လိုက်၏။

ထို့နောက် သုစီရတပုဏ္ဏားသည် သမ္ဘဝသူငယ်ကလေး၏ အဖြေစကားအားလုံးကို တစ်လုံးတစ်ပါဒမျှ မကျန်ရလေအောင် စေ့စပ်သေချာစွာ နာယူမှတ်သားထားပြီးလျှင် အသင့်ပါလာခဲ့သော ရွှေပေလွှာ၌ ဟင်္သပဒါးဖြင့်ရေး၍ မှတ်တမ်းတင်၏။ ထိုမှတ်တမ်းကိုသယ်ဆောင်ကာ ဣန္ဒပတ္တမြို့တော်သို့ ပြန်၍ ဓနဉ္စယကောရဗျမင်းထံ ဆက်သ၏။

ဓနဉ္စယကောရဗျမင်းသည်လည်း သမ္ဘဝသူငယ်ကလေး၏အဖြေစကားတို့ လေးစားစွာလိုက်နာပြီးလျှင် နယ်ပယ်ချဲ့ထွင်ချင်သော အလိုဆန္ဒတို့ကို ပယ်ဖျောက်ကာ မင်းကျင့်တရားဆယ်ပါးနှင့်အညီ စိုးမိုးအုပ်ချုပ်၍နေလေသည်။

ဝဏ္ဏသိန်း



www.burmeseclassic.com

www.burmeseclassic.com

# အောင်သောကျော်

## အမြင့်မြတ်ဆုံးကုသိုလ်



ဗုဒ္ဓဘာသာသည် ခက်ခဲနက်နဲလှသည့် ကျင့်ကြံအားထုတ်မှုများကို အခြေခံကာ အချမ်းသာဆုံး ရပ်တည်မှုသို့မဟုတ် သံသရာလွတ်လမ်းသို့ ရောက်အောင်လှမ်းနိုင်သည့် ကိုးကွယ်ဆည်းကပ်ရာဘာသာပင် ဖြစ်သည်။ ဗုဒ္ဓဆိုသည့်ဝေါဟာရကို ဆန်းစစ်ပြန်ဆိုကြည့်မည်ဆိုပါက 'သိသူ' ဟု အဓိပ္ပာယ်ရပါသည်။ သိသူဟု အဓိပ္ပာယ်ရသည့် ဗုဒ္ဓနှစ်မျိုးရှိပါသည်။ သမ္မာသမ္ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓတို့ပင် ဖြစ်၏။ သမ္မာသမ္ဗုဒ္ဓဆိုသည်ကို ဆန်းစစ်ကြည့်မည်ဆိုပါက သမ္မာ - မှန်စွာ၊ သံ - ကိုယ်တိုင်၊ ဗုဒ္ဓ - သိသူ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဆိုသည့် သစ္စာလေးပါးကို ဆရာမကူဘဲ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်ထိုးထွင်းအလင်းသိသူကို သမ္မာသမ္ဗုဒ္ဓဟု သိထားရပါသည်။ ပစ္စေကဗုဒ္ဓ ဆိုသည်ကို ဆန်းစစ်ကြည့်မည်ဆိုပါက ပစ္စေက - အသီးအခြား၊ ဗုဒ္ဓ-သိသူဟု အဓိပ္ပာယ်ရပါသည်။ သစ္စာလေးပါးမြတ်တရားကို ဆရာမကူဘဲ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်မသိနိုင်၊ အပိုင်းအခြားတစ်ခုလောက်ကိုသာသိနိုင်သူဖြစ်သည်။

သမ္မာသမ္ဗုဒ္ဓ သုံးမျိုးသုံးစားကွဲပြားခြားနားလျက်ရှိနေပါသည်။

ပညာဓိကဟု သိထားကြသည့် ပညာလွန်ကဲသော သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှ သမ္မာသမ္ဗုဒ္ဓအဖြစ်ကို ရရှိတော်မူသည်။

သဒ္ဓါလွန်ကဲသော သဒ္ဓါဓိက

www.burmeseclassic.com

သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်သည် ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ပြီးမှ သမ္မာသမ္ဗုဒ္ဓအဖြစ်ကို ရရှိတော်မူသည်။

ဝီရိယလွန်ကဲသော ဝီရိယာဓိက သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်သည် တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ပြီးမှ သမ္မာသမ္ဗုဒ္ဓအဖြစ်ကို ရရှိတော်မူသည်။

ယခု ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကျင့်ကြံ ပွားများ အားထုတ်နေကြသည့် သံသရာမှလွတ်ရာလွတ်ကြောင်းတို့သည် ပွင့်တော်မူပြီးခဲ့သော ဂေါတမမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟောဖော်ညွှန်ပြခဲ့သောတရားများသာ ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားရှင်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ပြီးမှ ပညာဓိကသဗ္ဗညုမြတ်စွာဘုရားအဖြစ် ပွင့်ထွန်းတော်မူခဲ့ခြင်း ဖြစ်သည်။

ယခုလူတို့မှီတင်းနေထိုင်ရာသည် ဘဒ္ဒကမ္ဘာဖြစ်သည်။

ကပ်ကမ္ဘာ (၅) မျိုးရှိပါသည်။ ဘုရားရှင်တစ်ဆူသာ ပွင့်တော်မူသည့် သာရကမ္ဘာ၊ ဘုရားရှင်နှစ်ဆူသာပွင့်တော်မူသည့် မဏ္ဍကမ္ဘာ၊ ဘုရားရှင်သုံးဆူသာပွင့်တော်မူသည့် ဝရကမ္ဘာ၊ ဘုရားရှင် လေးဆူသာပွင့်တော်မူသည့် သာရမဏ္ဍကမ္ဘာနှင့် ဘုရားရှင်ငါးဆူသာပွင့်တော်မူမည့် ဘဒ္ဒကမ္ဘာဟူ၍ ကပ်ကမ္ဘာငါးပါးရှိပါသည်။

ဘဒ္ဒကမ္ဘာတွင် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမတို့ပွင့်တော်မူခဲ့ပြီးဖြစ်သည်။ နောက်ပွင့်တော်မူရမည်မှာ အရိမေတ္တေယျမြတ်စွာဘုရားဖြစ်ပါသည်။ ဗုဒ္ဓကို ဘုရားဟုလည်းဆိုကြသည်။ ထို့အတွက်ကြောင့်ပင် ဗုဒ္ဓဆိုသည်က ဘုရား၊ ဘာသာဆိုသည်က အယူဝါဒဟု သိနားလည်ထားကြကာ ဗုဒ္ဓဘာသာဝင်ဆိုသည်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အယူဝါဒဟု လက်ခံကျင့်ကြံပွားများအားထုတ်ကြသူများဟု သတ်မှတ်ကြပါသည်။

ဗုဒ္ဓ၏ အယူဝါဒ ဆိုသည်မှာ ကံဝါဒပင်ဖြစ်သည်။ ကံဝါဒသည် ကံ၊ ကံ၏အကျိုးပင် အဓိကကျသည်ဟု ဖွင့်ဆိုရမည်ဖြစ်သည်။ မကောင်းသည့် အမှုကိစ္စတို့ကို ပြုကျင့်ကြမည်ဆိုပါက မကောင်းသောအကျိုး၊ ဆိုးသောအကျိုးများသာ ရရှိခံစား၊ စံစားကြရမည်ဖြစ်ပြီး ကောင်းသည့်အမှုကိစ္စများကို ပြုကျင့်ကြမည်ဆိုပါက ကောင်းသောအကျိုးများကိုသာ ရရှိခံစားကြမည် ဖြစ်သည်။

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။
အို - ချစ်သား၊ ချစ်သမီးတို့။
စေတနာသည် ကံပင်ဖြစ်သည်။

မြတ်ဗုဒ္ဓက ဤသို့ပင် မိန့်တော်မူထားခဲ့ပါသည်။ ဩဝါဒပါတိမောက်ကျောက်စာတွင်လည်း မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကို ဖြူစင်အောင်ထားဟု အထင်အရှား တွေ့နိုင်ပါသည်။ ထို့သို့ဆိုထားခဲ့သဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသူသည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟု ဆိုအပ်သည့် သရဏဂုံသုံးပါးကို အသက်ထက်ဆုံး တည်အောင် ထိန်းသိမ်းက အနိမ့်ဆုံးတာဝန်ဖြစ်သည့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူတစ်ပါးသားမယားအား ပြစ်မှားကျူးလွန်ခြင်း၊ သေရည်သေရက်သောက်စားခြင်း၊ မုသားစကားဆိုခြင်းဖြစ်သော မကောင်းသောကံငါးပါးမှ ရှောင်သည့် ငါးပါးသီလကို စောင့်ထိန်းရန်လိုအပ်ပါသည်။

ထို့အပြင် မကောင်းမှုရှောင်ကောင်းမှုဆောင်နိုင်ရန်အတွက် ဒုစရိုက် (၁၀) ပါးနှင့် သုစရိုက်(၁၀)ပါးကိုသိထားရန် လိုအပ်ပါသည်။ ဒုစရိုက် (၁၀) ပါးရှိလေရာ ကာယဒုစရိုက် (၃) ပါး၊ ဝစီဒုစရိုက် (၄) ပါး၊ မနောဒုစရိုက် (၃) ပါးရှိပါသည်။ သုစရိုက်၊ သုစရိုက် (၁၀) ပါးရှိပြန်ရာ ကာယသုစရိုက် (၃)ပါး၊ ဝစီသုစရိုက် (၄) ပါး၊ မနောသုစရိုက် (၃) ပါးရှိပါသည်။ ကာယဒုစရိုက် (၃) ပါးမှာ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယားပြစ်မှားခြင်းတို့ဖြစ်ကြပြီး ကာယသုစရိုက် (၃) ပါး မှာ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြည်ခြင်း၊ သူ့သားမယားရှောင်ကြည်ခြင်းတို့ဖြစ်သည်။ ဝစီဒုစရိုက် (၄)ပါးမှာ မုသားပြောဆိုခြင်း၊ ကုန်းတိုက်ကုန်းချောစကားပြောခြင်း၊ ဆဲရေးစကားတိုင်းထွာခြင်း၊ ပြိန်ဖျင်းသောစကားများပြောခြင်းတို့ဖြစ်သည်။ ဝစီသုစရိုက် (၄) ပါးမှာ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဆဲရေးကြမ်းတမ်းသောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတို့ပင် ဖြစ်သည်။ မနောဒုစရိုက် (၃) ပါးမှာ သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံစည်အပ်သော အဘိဇ္ဈာစိတ်ဓာတ်ရှိခြင်း၊ ထားခြင်း၊ ပျက်စီးစေရန်ကြံစည်အပ်သော ဗျာပါဒစိတ်ဓာတ်ရှိခြင်း၊ ထားခြင်း၊ အယူမှားခြင်း၊ ဖန်တီးရှင်၊ တန်ခိုးရှင်၊ နတ်၊ ကြတ်၊ ဘိုးတော်၊ မယ်တော်တို့အပေါ် ကိုးကွယ်ခြင်း၊ ကိုးကွယ်လိုသောစိတ်ရှိခြင်းတို့ပင် ဖြစ်သည်။ မနောသုစရိုက် (၃) ပါးမှာကား သူတစ်ပါး၏စည်းစိမ်ကို ရှေးရှုမကြံစည်သော အနဘိဇ္ဈာစိတ်ထားရှိခြင်း၊ ပျက်စီးစေရန် မကြံစည်ခြင်းဖြစ်သောအဗျာပါဒစိတ်ထားရှိခြင်း၊ မှန်ကန်သောအယူကိုယူခြင်း၊ ဖန်တီးရှင်၊ ဘုရားတရားကိုးကွယ်ခြင်းဖြစ်သော သမ္မာဒိဋ္ဌိစိတ်ထားရှိခြင်းတို့ပင် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဗုဒ္ဓဟောဖော်ညွှန်ပြတော်မူခဲ့သည့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကိုဖြူအောင်ထား ဆိုသည့် အနှစ်ကို ဗုဒ္ဓဘာသာဝင်အတော်များများက အထူးသတိပြုလျက်ရှိနေကြသည်ကို တွေ့နိုင်ကြ၊ မြင်နိုင်ကြမည်သာ ဖြစ်ပါသည်။ ကုသိုလ်ပြုသည်ဆိုသည်က ကောင်းမှုပြုခြင်းဟု သိနားလည်ထားကြသလို မကောင်းမှုပြုခြင်းကိုမူကား အကုသိုလ်ပြုသည်ဟု သိနားလည်လက်ခံထားခဲ့ကြပါသည်။ ထိုသို့ဆိုလျှင် ကုသိုလ်ရအောင်မည်သို့မည်ပုံ ဆောင်ရွက်ကြရမည်ကို သိထားကြရန် လိုအပ်မည်ဖြစ်ပြီး မည်သည့်လုပ်ဆောင်ချက်များကိုပြုမိပါက အကုသိုလ်ပွားများမည်ဆိုသည်ကိုလည်း သိထားရန် လိုအပ်ပါသည်။ မြတ်ဗုဒ္ဓက ရှောင်ရန်၊ ဆောင်ရန် အကုသိုလ်၊ ကုသိုလ်တို့နှင့်ပတ်သက်၍ သိရှိရှောင်ကြဉ် နိုင်ရန်၊ ကျင့်ဆောင်ပွားများနိုင်ရန် ဟော်ဖော်ညွှန်ပြသွားတော်မူသည့်တရားတော်များတွင် အထင်အရှားရှိနေပါသည်။

ကုသိုလ်ပြုကြရမည်မှာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ပင်ဖြစ်ပါသည်။ အကုသိုလ်ပြုမိကြနိုင်မည့်အချက်များမှာ သီလမစောင့်ထိန်းဘဲနေခြင်း၊ ဘာဝနာမပွားများဘဲ လောဘ၊ ဒေါသ၊ မောဟတရားများသာ ဖိစီးနေခြင်း၊ ဒါနပြုခြင်းမရှိဘဲ နှမြောတွန့်တိုနေခြင်းတို့ပင် ဖြစ်သည်။ ကုသိုလ်ပြုလိုသူနှင့် အကုသိုလ်ပြုလိုသူ နှိုင်းယှဉ်ပါက ကုသိုလ်ပြုလိုသူက ပိုမိုများစွာ ဆန္ဒရှိနေကြသည်ကို တွေ့ရပါသည်။ သို့သော် ဆန္ဒသာရှိပြီး အကောင်အထည်ဖော်နိုင်စွမ်းမရှိသူများကလည်း ရှိနေသဖြင့် ကုသိုလ်ပြုသူဦးရေ (တိတိ

www.burmeseclassic.com

ပကုသိုလ်ပြုနိုင်ကြသူ) နည်းပါးပြီး မောဟဖိစီးကာ လောဘ၊ ဒေါသမြူများ ဝိတ်ဖုံးကာကွယ်နေသဖြင့် အကုသိုလ်အမှု၌ပင် မွေ့လျော်နေကြသူ ဦးရေကပိုများပါသည်။

ကုသိုလ်ပြုကြသူများတွင်လည်း မိမိသန်ရာကုသိုလ်မှုကိုပြုလေ့ရှိကြသည်။ အချို့က ဒါနကုသိုလ်ပြုမှုဘက်တွင် အားသန်ကြသည်။ အချို့ကာ သီလကုသိုလ်ပြုမှု၊ ဘာဝနာကုသိုလ်ပြုမှုဘက်တွင် အားသန်ကြသည်။ မည်သို့ဆိုစေ ဗုဒ္ဓဘာသာဝင်တို့၏ အဓိကပန်းတိုင်မှာ သံသရာလွတ်မြောက်ရာလမ်းဖြစ်သည့် မြတ်နိဗ္ဗာန်ပင် ဖြစ်သည်။ ထိုအဓိကပန်းတိုင်အရောက်လှမ်းနိုင်ရေးအတွက် လောကုတ္တရာ အကျိုးထူးပေးနိုင်စွမ်းရှိသည်ကိုသိရှိထားကြရန် လိုအပ်ပါသည်။ ဒါန၊ သီလ၊ ဘာဝနာတို့တွင် မည်သည့်ကုသိုလ်အမှုက လောကုတ္တရာအကျိုးထူးပေးနိုင်စွမ်းရှိသည်ကို သိထားမည်ဆိုပါက ပို၍ကောင်းမည်ပင်ဖြစ်ပါသည်။

ကုသိုလ်တို့အနက် ဒါနကုသိုလ်ထက် သီလကုသိုလ်က အကျိုးပေးပို၍ထက်သန်သလို သီလကုသိုလ်ထက် ဘာဝနာကုသိုလ်က ပိုအကျိုးပေးထက်သန်ပါသည်။ ဒါနကုသိုလ်နှင့် သီလကုသိုလ်တို့က လောကီဘုံ၌သာ အကျိုးထူးပေးနိုင်စွမ်းရှိပါသည်။ လောကုတ္တရာအကျိုး(မဂ်ဖိုလ်နိဗ္ဗာန်)ကိုကား တိုက်ရိုက်ပေးနိုင်ပါချေ။ ဘာဝနာကုသိုလ်ဖြစ်သည့် ဝိပဿနာကျင့်ကြံပွားများအားထုတ်မှုကုသိုလ်ကသာ မဂ်ဖိုလ်နိဗ္ဗာန်ထူးသောအကျိုးထူးကိုပေးနိုင်စွမ်းအပြည့်ရှိပါသည်။ ဒါနကုသိုလ်ထက် သီလကုသိုလ်က သာလွန်ပုံကို လေ့လာကြည့်မည်ဆိုပါက သိနိုင်ပါသည်။ မည်သည့်ကုသိုလ်ကောင်းမှုအလုပ်မဆို အဝိဇ္ဇာနှင့်တဏှာကိုပယ်ရာ၌ အထိရောက်ဆုံးအလုပ်သည် သတ္တိအထက်ဆုံး၊ အကျိုးပေးနိုင်ဆုံးဖြစ်၏ဆိုသည်ကို ရှေးဦးစွာမှတ်သားထားပါ။

ဒါနကုသိုလ်ပြုကြရာတွင် အတွင်းစိတ်သန္တာန်၌ စိတ်စေတနာကို အရင်းခံထားကြရသည်ဖြစ်သော်လည်း စွန့်ကြဲပေးကမ်းလှူဒါန်းရာဝယ် ကိုယ်ကာယဖြင့်ပြုလုပ်ရသော ကာယကံအလုပ်၊ နှုတ်ဖြင့် ယူပါငင်ပါ၊ စားပါသောက်ပါ၊ သုံးဆောင်ပေးပါဟု ပြောဆိုရသော ဝစီကံအလုပ်တို့ကိုပြုလုပ်ကြရပါသည်။ သီလကုသိုလ်ပြုလုပ်ကြသည်ဆိုရာတွင် ကိုယ်ကာယဖြင့် သူ့အသက်သတ်ခြင်း၊ ပစ္စည်းဥစ္စာခိုးယူခြင်း၊ သူတစ်ပါးသားမယားဖြစ်မှားကျူးလွန်ခြင်း စသောမကောင်းမှုများမပြုမိအောင်၊ နှုတ်ဖြင့်မုသားစကားများ၊ ကြမ်းတမ်းသောစကားများမပြောဆိုဖြစ်မိရအောင် စိတ်ကိုစောင့်စည်းကြရသည်။ သီလကုသိုလ်ပြုရာတွင် စိတ်၏တာဝန်သည် နေရာတိုင်းမှာ အရေးတကြီးပါဝင်လို့နေသည်။

ခန္ဓာကိုယ်ဖြင့်ပြုလုပ်ရ၊ နှုတ်စကားဖြင့်ပြောဆိုကာပြုလုပ်ရသောဒါနအလုပ်သည် ခန္ဓာအစဉ်ဝယ် ခါတ်တည်၍နေသော အဝိဇ္ဇာတဏှာကို တိုက်ရိုက်မထိခိုက်နိုင်။ သွယ်ဝိုက်၍သာ ထိခိုက်နိုင်သည်။ သီလကုသိုလ်အဖြစ်ပြုကြသည့် ဥပုသ်သီလကား မေထုန်မှုမှရှောင်ရခြင်း၊ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့မှရှောင်ရခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းတို့မှ ရှောင်ရခြင်းကြောင့် တဏှာရာဂကို တိုက်ရိုက်ဖယ်ရှားနိုင်ရာရောက်ပေသည်။ ထို့ကြောင့် ဒါနသည် သီလနှင့်ယှဉ်ပါက သီလသည် ဒါနထက်ပို၍မွန်မြတ်သည်ဟုသိကြရသည်။ ဒါနထက် သီလသည် ငြိမ်သက်အေးမြ၏။ အကျိုးပေးသောအခါ ဒါနရှင်သည် စည်းစိမ်ရှင်ဖြစ်သည်။ သို့သော် သီလအကူအညီမပါလျှင် အေးချမ်းသာယာသောစည်းစိမ်ရှင်မဖြစ်ဘဲ ဆင်းရဲသောစည်းစိမ်ရှင်သာဖြစ်နိုင်သည်။ သီလအရှင်ကား ဒါနအကူအညီမပါစေကာမူ အေးချမ်းသာယာသည်။ ဒါနအကူအညီပါလျှင်ကား အတိုင်းထက်အလွန်၊ တံခွန်နှင့်ဘုရားဆိုသကဲ့သို့ ခံ့ညားထည်ဝါလျက် သာယာအေးမြနိုင်ပါသည်။ ထို့အတွက်ကြောင့်ပင် သီလသည် ဒါနထက် သာလွန်မွန်မြတ်သည်ဟု သိနားလည်ထားကြခြင်းပင်ဖြစ်ပါသည်။

ဒါနသီလတို့နှင့်ပတ်သက်၍ ဘယ်အကျင့်က သာ၍အကျိုးကြီးမားလှပါဘိဟု နေမိမင်းတွေးတောနေမိစဉ် နေမိမင်း၏စိတ်အာရုံကိုသိနေသည့် သိကြားမင်းက -

“မဟာရာဇ. . . ဒါနထက် သီလသည် အဆတစ်ရာ၊ အဆတစ်ထောင်၊ အဆတစ်သိန်းတိုင်အောင် အကျိုးပေးသာလွန်ပါသည်။ သို့သော် ဒါန၊ သီလနှစ်မျိုးစလုံးပင် သူတော်စင်ပညာရှိတို့ကြိုးစားအပ်သော အလုပ်များ ဖြစ်ပါသည်။ ထို့ကြောင့် ထိုအလုပ်နှစ်မျိုးစလုံး၌ မမေ့မလျော့ဘဲ အလှူကိုလည်းပေးလှူပါ၊ သီလကိုလည်းစောင့်ပါ”

ဟု ပြောကြောင်း မဟာနိပါတ်နိမိဇာတကဌကထာတွင် အထင်အရှားရှိပါသည်။

ထပ်ဆင့်တွေးတောဆင်ခြင်ကြည့်ကြမည်ဆိုပါက ထပ်မံစဉ်းစားဖွယ်ရှိနေသည်ကိုတွေ့ရပါသည်။ အပါယ်လေးပါး၌ ဆင်းရဲဒုက္ခခံစားနေကြသူတို့သည် ဒါနမရှိသူများမဟုတ်ကြ။ ဒါနရှိပါလျက် သီလပျက်ကာ (သူ့အသက်သတ်မှု၊ သူ့ဥစ္စာမတရားယူမှု၊ သူ့မယားကို ကျူးလွန်မှု၊ မိမိယောကျ်ားမှတစ်ပါး တခြားသောယောကျ်ားနှင့် ဖောက်ပြန်မှု၊ မုသားပြောမှု) စသော အကုသိုလ်အမှုတို့ကြောင့်သာ အပါယ်လေးဘုံ၌ ဒုက္ခရောက်နေကြရ၏။ ထိုသူတို့၌ပါရှိသော ဒါနကောင်းမှုတို့သည်လည်း ဂတိဝိပတ္တိဖြစ်သော ထိုအပါယ်သုံးပါး၌ အကျိုးပေးခွင့်မရကြသဖြင့် အကျိုးမပေးနိုင်ကြချေ။ ထို့ကြောင့် ဒါနနှင့် သီလတို့တွင် သီလသည်သာ ဘဝကောင်းရရှိရန်အတွက် ရှေ့သွားဦးဆောင်ဖြစ်သကဲ့သို့ သီလအတွက် ဘဝကောင်းရပါမှ ဒါနက အကျိုးပေးနိုင်သည်ဟုသဘောပေါက်ပြီး ငါးပါးသီလကို အထူးစောင့်ထိန်းကြရန် လိုအပ်ပါသည်။

ဒါနကိုကား မိမိ၏စားဦးစားဖျားကို ရဟန်းသံဃာ၊ ဆရာသမား၊ မိဘတို့ကိုပေးလှူခြင်း၊ စာကြွင်းစားကျန်တို့ကိုတောင်းရမ်း စားသောက်သူတို့အား စွန့်ကြဲလှူဒါန်းခြင်းကို နေ့စဉ်ပြုသည်။ သို့သော် ဒါနကို အကြီးအကျယ်ပြုနိုင်ရန် သီလအပျက်ခံ၍ကား မည်သည့်နည်းနှင့်မျှ စီးပွားမရှာမိရန် သတိထားဆင်ခြင်သင့်ကြပါသည်။

ဘာဝနာဆိုသည့် ဝေါဟာရကို သိထားရန် လိုအပ်လေရာ ဘာဝနာဟူသည့် ပါဠိစကားမှာ စိတ်နေစိတ်ထားကို ကြီးပွားမြင့်မြတ်အောင် တိုးပွားစေတတ်ဟု အဓိပ္ပာယ်ဖွင့်ဆို၍ရပါသည်။ လူတို့၏စိတ်အစဉ်တွင် အဝိဇ္ဇာတည်းဟူသော အမှောင်ထုက လွှမ်းခြုံထားလျက်သားရှိနေလေရာ သတိပြုအပ်ဖွယ်၊ သိအပ်ဖွယ်ဟူသမျှကို မသိတတ်သည့်အပြင် တဏှာ၏လွှမ်းမိုးမှုကြောင့် ကာမဂုဏ်အာရုံများကိုသာ တောင့်တလိုချင်နေတတ်ကြလေရာ လူတို့သည် ပင်ကိုအားဖြင့် ကြီးမားမြင့်မြတ်သော စိတ်ဓာတ်မဟုတ်ချေ။ စိတ်ဓာတ်မှာ အလွန်တရာညံ့နေသည်သာ ဖြစ်သည်။ စိတ်ဓာတ်အညံ့ဖြစ်နေသည်ကို ကြီးမားမြင့်မြတ်လာအောင် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ တည်းဟူသော



www.burmeseclassic.com

www.burmeseclassic.com

ရောမြေ-ကျော်ဝေ

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ ဆရာတော်ကြီးပါဠိပါရဂူဘဒ္ဒန္တကုဏ္ဍလ၏ဘဝလမ်းညွှန်ဝိပဿနာကျင့်စဉ်တော်နှင့်

# အနုလုံပဋိလုံပဋ္ဌာန်း(၂၄)ပစ္စည်းစည်းချနည်းနှင့် မြတ်ဗုဒ္ဓ၏ဩဝါဒနှင့်အညီနေထိုင်နည်း

မနုဿတ္တဘာဝေါဒုလ္လဘော- လူ့ဘဝသည် ရခဲလှ၏။ ရခဲလှသောလူ့ဘဝတွင် အို၊ နာ၊ သေ ဟူသော မလွန်ဆန်နိုင်သော နိယာမတရားသည် လူတို့အတွက် ပုခက်တွင်းနှင့် သင်္ချိုင်းကြားတွင် အမြဲရှိ၏။ မအို၊ မနာ၊ မသေကို မြတ်ဗုဒ္ဓကိုယ်တိုင်ပင် ရှောင်လွှဲ၍မရချေ။

မြတ်ဗုဒ္ဓက -

အာရောဂျ ပရမာ လာဘာ - ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆုလာဘ်အဖြစ် သတ်မှတ်၍ ပေးထားတော်မူခဲ့ပါသည်။ ရခဲလှသောလူ့ဘဝတွင် ဒါန၊ သီလ၊ ဘာဝနာ ဟူသော လူတို့၏အရေးကြီးဆုံး(၃)ရပ်ကို ညွှန်းဆိုလိုက်ပါသည်။ ဒါနအစ၊ သီလအလယ်၊ ဘာဝနာအဆုံးဟု စည်း (၃) ချက်ပေးထားသော်လည်း ဒါန ဟူသော ပထမစည်းချက်ဖြင့် မတင်းတိမ်ကြပါနှင့်။ ဒါနသည် ပေးလှူခြင်းကို ရည်ညွှန်းသလိုနည်းများမဆို သံသရာအတွက် အကျိုးပေးပါသည်။ သီလ ဟူသော ဒုတိယစည်းချက်ဖြင့်လည်း မတင်းတိမ်ကြပါနှင့်။ သီလသည် နောင်သံသရာအတွက်

ဘာဝနာနှစ်မျိုးရှိသည့်အနက် တစ်မျိုးမျိုးဖြင့် စိတ်တည်ငြိမ်ခိုင်မာငြိမ်းချမ်းသာယာမှုတိုးပွားအောင် ကြိုးစားသောအခါ အဝိဇ္ဇာတဏှာတို့နည်းပါးကျဆင်းသွားသောကြောင့် စိတ်အနေအထားသည် နဂိုအခြေအနေထက် ပို၍ကြီးမြင့်လာမည်ပင် ဖြစ်သည်။

သမထသည် ပါဠိစကား ဖြစ်သည်။ သမထ၏ အနက်အဓိပ္ပာယ်မှာ ကိလေသာတို့ကို လည်းကောင်း ထိုထိုဤဤကြံစည်တတ်သောဝိတက်စသောအရာတို့ကို ငြိမ်းစေတတ်သည်ဟုရှိနေပါသည်။တရားသဘောအားဖြင့် သမာဓိဟု သိထားရမည်ဖြစ်သည်။ သမာဓိဆိုသည်ကို တည်ငြိမ်သောတရားဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။သတ္တဝါတို့တွင်ရှိနေသည့်စိတ်တို့သည် တည်ငြိမ်မှုမရှိကြပေ။စိတ်တို့၏နဂိုသဘောသဘာဝအရ ဟိုအာရုံရောက်လိုက်ဒီအာရုံရောက်လိုက်နှင့် တည်ငြိမ်မှုမရှိတတ်။ သမထကမ္မဋ္ဌာန်းကိုအားထုတ်သောအခါ ထွက်သက်၊ ဝင်သက် စသောအာရုံတစ်ခုတွင် စိတ်စိုက်၍ထားရသည်။ ထိုသို့ စိတ်စိုက်၍ထားခြင်းဖြင့် ထိုအာရုံတွင် စိတ်အစဉ်မြဲနေခြင်းကို သမာဓိရခြင်းဟုခေါ်သည်။ စိတ်အစဉ်က အာရုံတစ်ခုတွင်မြဲနေသဖြင့် လောဘ စသော ကိလေသာဝိတက်စသောတရားတို့မပေါ်ဘဲ စိတ်အစဉ်သည် တည်ငြိမ်လျက်ရှိနေသည်။သမထဘာဝနာပေါက်မည်ဆိုပါက စျာန်ရ၍ ဗြဟ္မာ့ပြည်သို့ရောက်နိုင်သည်ဖြစ်ပေရာ အဝိဇ္ဇာတဏှာဓာတ်များကို များစွာလျော့ကျပါးလှပ်သွားအောင် ပြုလုပ်ပေးနိုင်သောတရားပင် ဖြစ်သည်။

ဝိပဿနာသည် ဝိ - အနိစ္စဟုလည်းကောင်း၊ ဒုက္ခဟု လည်းကောင်း၊ အနတ္တဟုလည်းကောင်း အမျိုးမျိုးအဖုံဖုံ ပဿနာ - ရုပ်၊ နာမ်အာရုံ၌ ကြည့်ရှုနေခြင်းကိုဆိုလိုပါသည်။ တရားသဘောအရဆိုရလျှင် ဉာဏ်ပညာပင်ဖြစ်သည်။ မိမိ၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို မမြဲသောအနိစ္စတရား၊ မကောင်းသောဒုက္ခတရား၊ အနှစ်မပါသောအဓိကာချည်းသာဖြစ်သောအနတ္တတရားဟု ထပ်၍ထပ်၍ ဆင်ခြေကြည့်သောအခါ အနိစ္စကို၊ အနိစ္စတရားကို အနိစ္စတိုင်း အမှန်ကိုသိသောအသိဉာဏ်ဖြစ်၏။

ထိုအခါ မိမိခန္ဓာကိုယ်၌ နဂိုကအကောင်းအမွန် နှစ်သက်စရာဟု ထင်မှတ်အောင် တွယ်ကပ်သောအဝိဇ္ဇာနှင့် တွယ်ကပ်သော တဏှာဓာတ်သည် ပါးလှပ်၍ပါးလှပ်၍သွားသည်။ဝိပဿနာပွားများ ရှုမှတ်နိုင်အောင် ရှေးဦးစွာသမထဘာဝနာကို ဆောက်တည် တည်ထောင်ရသောကြောင့် ဤဘာဝနာနှစ်ပါးသည် အဝိဇ္ဇာနှင့်တဏှာကို ပယ်သတ်ရာတွင် အထိရောက်ဆုံးဖြစ်သည်သာမက တစ်ဆင့်တက်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မြင်နိုင်သောကြောင့် သီလထက်ပင် အဝိဇ္ဇာတဏှာကိုပယ်နိုင်လောက်အောင် အကျိုးပေးသောတရား ဖြစ်ပါသည်။ သမထနှင့်ဝိပဿနာနှစ်ပါးကိုတက်ဖို့ရန် သီလကို အခြေခံကြရမည် ဖြစ်ပါသည်။

ဤအချက်အလက်တို့ကို စုစည်းလေ့လာကြည့်မိကြမည်ဆိုပါလျှင် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့ပြုကြရာတွင် ဘာဝနာကုသိုလ်သည်သာ လောကုတ္တရာအကျိုးထူးပေးရာတွင် အကောင်းဆုံးကုသိုလ်မှာ ထိပ်တန်းစာရင်းဝင်ဖြစ်သည့်အပြင် အဓိကအကျဆုံးကုသိုလ်ဖြစ်သည်ကို တွေ့မြင်သိရှိနိုင်ကြမည်သာဖြစ်ပါသည်။

*ဘာဝနာလမ်းလျှောက်ရင်း*
*နိဗ္ဗာန်ခရီးပေါက်နိုင်ကြပါစေ*

အောင်သာကျော်

**ကိုးကား -**

မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ၏ဘာသာရေးဩဝါဒများအဖြေ

www.burmeseclassic.com

အသက်ရှည်ဖို့ အကျိုးပေးခြင်းပါ။ ဘာဝနာ ဟူသော တတိယစည်းချက်ကို ခိုင်မာစွာ ကျော်လွှားနိုင်မှသာလျှင် သံသရာမလည်နိုင်သော နိဗ္ဗာန်တံခါးကိုဖွင့်နိုင်မှသာလျှင် မြတ်ဗုဒ္ဓ၏ စကားဩဝါဒကို နားထောင်ရာရောက်ကြပေမည်။ မြတ်ဗုဒ္ဓ၏တရားဩဝါဒစကားကို နားထောင်ကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့သည် နောင်သံသရာကို ကြောက်ရွံ့ကြ၏။ ဖြစ်လျှင်ပျက်မည်ကို သိကြ၏။ နိဗ္ဗာန် ဟူသော ဘာဝနာ တရားထူးတရားမြတ်ကြီးကို လိုလားကြ၏။ ချမ်းသာသည့်ဘုံကိုလည်းမသွားလို၊ ဆင်းရဲသည့်ဘုံကိုလည်း မသွားလိုကြပါ။ ထာဝရငြိမ်းအေးသည့် အရောင်-အဆင်း-အနံ့-အရသာမရှိသော၊ သံသရာတစ်ဖန်မလည်နိုင်သော၊ ဝိညာဉ်ခန္ဓာတွယ်တာမှုမရှိသော၊ ဘုံမဟုတ်သောနိဗ္ဗာန်ကိုသာလျှင် သွားလိုကြ၏။

ဆရာတော်ကြီးက ဩဝါဒလမ်းညွှန်သည်မှာ ယခု အသက်တော် (၈၈) နှစ်အတွင်းတွင် ခန္ဓာကိုယ်က ဝေဒနာများ ဖောက်ပြန်၏။ ပျက်စီးယိုယွင်းကုန်ကြပြီ။ သက်တော်မြသည့်အချိန်အတန့်တွင် နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အတွက် အရေးအကြီးဆုံး တဏှာ (၂) ခုကို ဖြတ်နိုင်မှ တရားထူးရမည်။

၁။ ရသတဏှာ၊

၂။ ကာမတဏှာ။

ရသနှင့် ကာမသည် ငယ်ရွယ်သူတို့အတွက် အထူးအရေးကြီးသည်။ စောင့်ထိန်းနိုင်လျှင် ငယ်သူရောကြီးသူပါ တရားရပေမည်။ ထိုတဏှာ (၂) ခုအကြားတွင် ကံ (၅) ပါးကို လုံခြုံလျှင် နိဗ္ဗာန်ရောက်ဖို့ ခရီးသွားလက်မှတ်ရပြီသာမှတ်။ ဘာဝနာဆိုတာ ကျင့်ကြံအားထုတ်မှသာလျှင် ခရီးသွားလက်မှတ်ရသည်။ ဆရာကောင်းသမားကောင်းအထူးလိုအပ်လှသည်။ တရားရှာကိုယ်မှာတွေ့သည်သလို ဆိုရိုးစကားရှိပါသော်လည်း ဆရာမရှိလျှင် ဝိပဿနာတရားသည် အားထုတ်သူအဖို့ အလွဲလွဲအချော်ချော်ဖြစ်ပေလိမ့်မည်။ မိုးကုတ်၊ မဟာစည်၊ မင်းကွန်း၊ ချမ်းမြေ့ဟူသော ရိပ်သာများတွင် ဆရာတို့က လမ်းညွှန်ပေး၍ တရားထူးများရကြသူများရှိကြသလို အချို့အားထုတ်စဉ်မမိသူများကလည်း တရားမရကြပါ။ သို့ပါသော်လည်း ကုသိုလ်တော့ရကြပါသည်။ (၁၀) ရက်စခန်း၊ (၇) ရက်စခန်း၊ (၅) ရက်စခန်း ဟူသော စခန်းအသီးသီးတွင် ကုသိုလ်တရားများရကြသလို ထိုရက်ထိုအချိန်များအတွင်းတွင် အကုသိုလ်တရားများလည်း ကင်းစင်ကြပါသည်။



လူ့လောက၌ ဗုဒ္ဓမြတ်စွာအဖြစ် ဗုဒ္ဓပွာဒေါ်ဒုလ္လဘောသည် အလွန်ရခဲလှပါ၏။ ဘုရားရှင်တို့သာလျှင် ကျင့်ကြံအားထုတ်၍ ရရှိကြပါ၏။ မဟာစည်ဆရာတော်ကြီး ဦးကုဏ္ဍလသည် လယ်တီဆရာတော်ကြီး၏ မွေသံဝေဂများနှင့်အတူ ဘဝလမ်းညွှန်ဩဝါဒများ၊ သစ္စာလေးပါးသံပေါက်လင်္ကာ(၉)ချက်နှင့်ပဋ္ဌာန်း၂၄-ပစ္စည်းအနုလုံပဋိလုံ အရပ် (၈) မျက်နှာစည်းချနည်းများကိုလည်း ဆရာတော်ကြီး၏ ကိုယ်တွေ့ ယခုခံစားနေရခြင်းများကိုလည်း ဖော်ပြလိုပါသေးသည်။ ပဋ္ဌာန်း၂၄-ပစ္စည်း အနုလုံပဋိလုံ ကျင့်နည်းဖြင့် ရဟန်းဘဝတွင် ဆွမ်းခဲဖွယ်ချိုချဉ်ရသာအဖြာဖြာတို့အတွက် မပူမပင်ရခြင်း၊ လူ့ဒါန်းသူပေါများခြင်း၊ ဟသ်ာတ မြင့်မြတ်အထူးကုဆေးရုံကြီးတွင် (၅) လကြာ ဆေးရုံတက်ရောက်ကုသခဲ့သောအချိန်များတွင် ဆေးရုံပိုင်ရှင် ဦးဖြိုးကြီး၊ ဒေါ်မို့မို့ကျော် မိသားစုတို့က ဆရာတော်ကြီးကို 'ဆေးဝါးများလှူဒါန်းပြီး အဖိုးအခမယူဘဲ အခမဲ့ကုသပေးခြင်း၊ ဒါနတစ်ခုကို ပိုင်နိုင်စွာဖြင့်ရယူကြပါသည်။ ဆရာတော်ကြီး၏စေတနာ၊ မေတ္တာသည် ဘာဝနာ ဟူသောတရားတွင် ထင်ပေါ်စေပါသည်။ ဒါန၊ သီလ၊ ဘာဝနာဟူသော တရားသုံးပါးကို ဆရာတော်ကြီးက စည်း (၃) စည်းဟု ခေါ်ဆိုပါသည်။ ဒါနသည် အို၊ နာ၊ သေကို မလွှမ်းမိုး မဖျက်ဆီးနိုင်ပါ။ သီလသည်လည်း အို၊ နာ၊ သေကို မလွှမ်းမိုးမဖျက်ဆီးနိုင်ပါ။ ဘာဝနာသည်သာလျှင် အို၊ နာ၊ သေကို ဖျက်ဆီးနိုင်ပါသည်။

- *ငါနှင့်ရွယ်တူ ငါ့အောက်လူကြီးသူသေကျေများလှပြီ။ တကယ့်အရေး၊ တကယ့်ဘေး၊ ဘယ်သွေးဘယ်သားမကယ်နိုင်ပြီ။ ဒါနသီလဘဝလှ သေရေးကိုတော့ မကယ်နိုင်ပါ။ ဘာဝနာတရားလက်ကိုင်ထား သေရေးအတွက် မစဉ်းစား။*

**ကျေးဇူးတော်ရှင်**
**လယ်တီဆရာတော်ဘုရားကြီး၏**
**မွေသံဝေဂတရားတော်များ**

- *ပစ္စည်းရှာအလုပ်နှင့်၊ နေ့ပုပ်လို့ရက်ကုန်၊ နှစ်မျောလို့ အသက်ကုန်တယ်၊ ထွက်ပုံဖြင့်မကောင်း၊ ခုလိုနှင့် သံသာဝွေမှာ၊ ခန္ဓာတွေများခဲ့စတောင်း၊ သတ်မွေးမှုစခန်းပိုအောင်၊ ဝမ်းကိုသာနင်ကျောင်း၊ လေးဆယ်ကျော် အရွယ်နှောင်းကာမှ၊ သူကြွယ်လောင်းလုပ်ချင်၊ မိုးကုန်ပြီ ထွန်မချချင်နှင့်၊ ရွံ့စရာ့မှားဖို့ဖြစ်အင်၊ နွားအိုကြီးအမော့သင်သလို၊ မလျော့လျှင် ဘဝဆုံးရှာတော့၊ အစတုံးနှင့်အဆင်၊ လွဲဖို့သာမြင်၊တရားသိမသက်ဝင်လျှင်၊ အခက်နှင့် ကြုံတိုက်ဖို့လေး။ ငါးအာရုံဘင်အစု၊ ခင်မှုနှင့်နေ့ကုန်၊ နင်ယခုမေ့ပုံလို၊ တွေ့ကြုံစခန်း၊ ဝါယ်လေးဝသောကာဘုံမှာ၊ မျောရရှိရှိတော့ခမန်း။ အောက်ဝီစိသောင်းအငွေမှာ၊ ခေါင်းမပြူစတမ်း၊ နှစ်အရှည်နှစ်မည့်လမ်းကိုလ၊ နင်မျှော်စမ်းနင့်ကိုယ်၊ ဒေသနာထင်အလင်းရယ်နှင့်၊ နင်အဖွင်းမိုထက်သာပို၊ သည်လောဘစရိုက်အိုကို*



www.burmeseclassic.com

www.burmeseclassic.com

မလိုက်လို ရှောင်ပစ်လို့၊ နောင်အသစ်တကယ်ပြင်လျှင်၊ တောင်းဖို့အစဉ်၊ ခွင့်သာခိုက်ကမှမလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင်ရှိသေးလေလိမ့်လား၊ ခွင့်သာဆဲကမှ၊ မခဲချင်လျှင်၊ အလွဲနှင့်ပြင်ရှိသေးလေလိမ့်လား၊ ခွင့်သာတုန်းကမှ၊ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင်ရှိသေးလိမ့်လား။

**ဘဝလမ်းညွှန်ဩဝါဒများ**

- သီလသုတစွယ်စုံလှမူ၊ ထိုသူကို၊ နတ်လူဦးခိုက် ပူဇော်ထိုက်ရေကန်ထဲဝယ်၊ မှော်ကိုဖယ်၍၊ တကယ့်ရေကို၊ သောက်သလိုပင်၊ သူယုင်တွင်လည်း၊ ဖယ်ကြဉ်အပြစ်၊ ဂုဏ်ကိုလှစ်၊ အနှစ်ရှာတတ်စေ၊ သင့်တွက်ရလာ ဤချိန်ခါ၊ သင့်မှာ ကောင်းကျိုးဖြစ်ပါစေ။

**သစ္စာလေးပါးသံပေါက်လင်္ကာ**

၁။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဖောက်ပြန်ခြင်း၊ မယွင်းဒုက္ခမှတ်၊
၂။ ဖြစ်ချင်ပြန်က သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်၊
၃။ ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင် မဂ္ဂင်တရားမြတ်၊
၄။ မဖြစ်ချင်မှ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်၊
၅။ မဖြစ်ပါမှ၊ နိရောဓ၊ ဒုက္ခအေးငြိမ်းမှတ်၊
၆။ သစ္စာလေးပါး၊ မှန်တရား၊ ပိုင်းခြားသိအောင်မှတ်၊
၇။ သံပေါက်လင်္ကာ၊ ဤကဗျာ၊ နှုတ်မှာဆောင်၍မှတ်၊
၈။ ကြိမ်ဖန်များစွာ၊ ကြံစည်ပါ၊ မှန်ရာသိကြောင်းမှတ်၊
၉။ အမှန်သိမှ၊ ဒီဒုက္ခ၊ လွတ်ရလိမ့်မည်မှတ်။

ဆောင်ပုဒ်လင်္ကာ ဤ (၉) ဖြာကို အလွယ်ကျက်မှတ် သိစေအပ်သည်။ သံသရာမှလွတ်ကြောင်းတည်း။

**အနုလုံပဋိလုံ**

ပဋ္ဌာန်း-၂၄ပစ္စည်းဖြင့် အရပ် (၈) မျက်နှာစည်းချနည်းမှာ -

၁။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အဓိပတိပစ္စယော၊ အာရမ္မဏပစ္စယော၊ ဟေတုပစ္စယော။

(အရှေ့တောင်အရပ်)

၂။ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ သဟဇာတပစ္စယော၊ သမနန္တရပစ္စယော၊ အနန္တရပစ္စယော။

(အရှေ့အရပ်)

၃။ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ နိဿယပစ္စယော၊ အညမညပစ္စယော။

(အရှေ့မြောက်အရပ်)

၄။ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ အာသေဝနပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ ပုရေဇာတပစ္စယော။

(မြောက်အရပ်)

၅။ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ အာဟာရပစ္စယော၊ ဝိပါကပစ္စယော၊ ကမ္မပစ္စယော။

(အနောက်မြောက်အရပ်)

၆။ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စယော၊ ဈာနပစ္စယော၊ ဣန္ဒြိယပစ္စယော။

(အနောက်အရပ်)

၇။ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ အတ္ထိပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ သမ္ပယုတ္တပစ္စယော။

(အနောက်တောင်အရပ်)

၈။ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော၊ အဝိဂတပစ္စယော၊ ဝိဂတပစ္စယော၊ နတ္ထိပစ္စယော။

(တောင်အရပ်)

**မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ မေတ္တာ (၁၁) နည်း**

၁။ လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေးငြိမ်းအေးကြပါစေ။
၂။ ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေးငြိမ်းအေးကြပါစေ။
၃။ မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေးကင်းစင်ဝေးငြိမ်းအေးကြပါစေ။
၄။ ဝေးနေနီးနေ နှစ်ထွေများစွာသတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေးငြိမ်းအေးကြပါစေ။
၅။ ဘဝဇာတ်သုံး၊ မသုံးများစွာသတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေးငြိမ်းအေးကြပါစေ။
၆။ ရှည်-တို-အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေးငြိမ်းအေးကြပါစေ။
၇။ ကြီး-ငယ်-အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေးငြိမ်းအေးကြပါစေ။
၈။ ဆူ-ကြုံ-အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေးငြိမ်းအေးကြပါစေ။
၉။ လူအချင်းချင်း လှည့်ပတ်ခြင်းကင်းရှင်းကြပါစေ။
၁၀။ အထင်သေးခြင်း အချင်းချင်းကင်းရှင်းကြပါစေ။
၁၁။ ဆင်းရဲလိုခြင်း အချင်းချင်းကင်းရှင်းကြပါစေ။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ မေတ္တာပို့နည်း (၁၁) နည်းဖြင့် မဟာစည်ဆရာတော်ကြီးဦးကုဏ္ဍလက ဝိပဿနာတရားများကို ဩဝါဒပေးပြီး လျှာခါန်းသူများကိုလည်း ဒါန၊ သီလတွင် အားရမနေကြနှင့်။ ဘဝကူးကောင်းအောင် ဘာဝနာ ဟူသော ဝိပဿနာတရားကိုလည်း အားထုတ်ကြရန် တိုက်တွန်း နှိုးဆော်ပါသည်။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဓမ္မသံဝေဂတရားတော်များ၊ ဘဝလမ်းညွှန်ဩဝါဒများ၊ သစ္စာလေးပါးသံပေါက်လင်္ကာ (၉) ချက်၊ အနုလုံ ပဋိလုံ ပဋ္ဌာန်း ၂၄-ပစ္စည်းဖြင့် စည်းချနည်းများနှင့် မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့နည်း(၁၁)နည်းတို့ကိုလည်း သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်အတွက် ဆရာတော်ကြီး၏ ဩဝါဒများကို အထူးကြည်ညိုစွာဖြင့် ပူဇော်လိုက်ပါသည်။

ပါဠိပါရဂူဘဒ္ဒန္တကုဏ္ဍလမဟာစည်ဆရာတော်ကြီး (ဟသ်ာတ) သက်တော်ရာကျော်ရှည်ပါစေသော်။ ဆောင်းပါးဖြစ်မြောက်ရေးအတွက် ဦးပဉ္စင်းကြီးဦးကုဏ္ဍိဗလ(မြို့ညို)ကိုလည်း ဤဆောင်းပါးနှင့်အတူ ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဧရာမြေ-ကျော်ဇော




www.burmeseclassic.com

www.burmeseclassic.com


## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရှိန်အောင်




(၁-၂-၂၀၁၆) နေ့ သာယနဇာတာခွင်




(၁၁-၂-၂၀၁၆) နေ့ သာယနဇာတာခွင်




(၂၁-၂-၂၀၁၆) နေ့ သာယနဇာတာခွင်

ဤလ၏ ပထမ (၁၀)ရက်ကာလတွင် ရွှေဈေးကွက်ရုတ်တရက်ပြုတ်ကျလျက် တရိပ်ရိပ်ပြန်တက်တတ်မည်။ ငွေဈေးကွက်အတက်၊ အကျ နွေးကွေးနေမည်။ စတော့ရှယ်ယာဈေးကွက်ထုံထိုင်းနေမည်။ ကျောက်မျက်ဈေးကွက်ချိန်ဆရခက်နေမည်။ စားသောက်ကုန်ပစ္စည်း၊ မွေးမြူရေးထုတ်ကုန်ပစ္စည်း၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်း တက်ဈေး၊ ကျဈေး မရေမရာဖြစ်နေမည်။ ဓာတုပစ္စည်းများ၊ ဓာတ်ဆီ အပါအဝင် လောင်စာများ ဈေးကွက်ပုံမှန်မဟုတ်သလိုရှိမည်၊ ရေထွက်ပစ္စည်း ဈေးကွက်လေးလံနေမည်။ စက်ပစ္စည်းများ၊ ကုန်မာပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးကွက်မကောင်းသေး။ အိမ်ခြံမြေဈေးကွက် အပြောင်းအလဲမြန်ဆန်နေမည်၊ တွင်းထွက်သတ္တုပစ္စည်းဈေးကွက် ပုံမှန်မဟုတ်သေး။ ရေဒီယိုလျှပ်စစ်အီလက်ထရွန်နစ်ပစ္စည်းများ ဈေးကွက်ခန့်မှန်းရခက်နေမည်။ မီဒီယာနှင့် စာနယ်ဇင်းလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အလှအပနှင့် ဖက်ရှင်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ ဈေးကွက်အတက်အကျ ချိန်ဆရခက်နေမည်။

ဤလ၏ ဒုတိယ(၁၀)ရက်ကာလတွင် ရွှေဈေးကွက်အကျမြန်သလောက် အတက်နှေးနေမည်။ စတော့ရှယ်ယာဈေးကွက်ငွေကြေးဈေးကွက်အတက်နှေးအကျနှေးနေမည်။ ကျောက်မျက်ဈေးကွက် ပုံမှန်မဟုတ် ချိန်ဆရခက်နေမည်။ စားသောက်ကုန်လုပ်ငန်း၊ မွေးမြူရေးထုတ်ကုန်လုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်း ဈေးကွက်မကောင်းသေး။ ဓာတုပစ္စည်းများ ဈေးကွက်ပုံမှန်မဟုတ်နိုင်။ သစ်နှင့် ဆက်စပ်လုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်း အကျမြန်အတက်နှေးနေမည်။ အိမ်ခြံမြေဈေးကွက် ချိန်ဆရမလွယ်ဖြစ်နေမည်။ စက်နှင့်စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများဈေးကွက်ထိုင်းမှိုင်းနေမည်။ ရေဒီယိုအီလက်ထရွန်နစ်၊ လျှပ်စစ်ပစ္စည်းများတက်ဈေးကျဈေး အပြောင်းအလဲမြန်ဆန်နေမည်။ မီဒီယာလုပ်ငန်း၊ စာနယ်ဇင်းလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အလှအပနှင့် ဖက်ရှင်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဈေးကွက်ပုံမှန်မဟုတ် ခန့်မှန်းရခက်နေမည်။ လောင်စာဆီလုပ်ငန်း တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက် ပုံမှန်မဟုတ်ဖြစ်နေမည်။ စတော့ရှယ်ယာဈေးကွက် နွေးကွေးနေမည်။

ဤလ၏ တတိယ (၁၀) ရက်ကာလတွင် ရွှေဈေးကွက် အနိမ့်ဈေးမြန်သလောက် အမြင့်ဈေး နှေးနေမည်။ ငွေကြေးဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက်ကျဈေးမိသော်လည်း တရိပ်ရိပ်ပြန်တက်မည်။ စတော့ရှယ်ယာဈေးကွက်ထိုင်းမှိုင်းနေမည်။ မီဒီယာလုပ်ငန်း၊ စာနယ်ဇင်းလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ ဖက်ရှင်နှင့် အလှအပဆိုင်ရာလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ ဈေးကွက်အနိမ့်ဘက် ရုတ်တရက်ရောက်သွားသော်လည်း အမြင့်ဘက်သို့ ဆက်တိုက်လိမ့်တက်သွားနိုင်သည်။ သစ်နှင့်ဆက်စပ်လုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းဈေးကွက်များ အကျမြန်အတက်နှေးနေလိမ့်မည်။ စိုက်ပျိုးရေးထုတ်ကုန်များ မွေးမြူရေးလုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်းများ၊ စားသောက်ကုန်များ ဈေးကွက်ထုံထိုင်းနေမည်။ လျှပ်စစ်ပစ္စည်းများ၊ ရေဒီယိုပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ ဈေးကွက်များ ပြုတ်ကျလွယ်သလောက် အမြင့်ရောက်ရန် တဖြည်းဖြည်းချင်းဖြစ်နေမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



### ◘ ဝိဇ္ဇာဓရလမ်းစဉ်နှင့်ဝစီကံ

ဝိဇ္ဇာဓရလမ်းစဉ်လိုက်သို့ လိုက်ပါဆောင်ရွက်မည့် ပုဂ္ဂိုလ်တို့အတွက် နောက်ထပ်သတိပြုရမည့်အချက်မှာ ဝစီကံဖြစ်၏။ လူသားသည် ဘာသာရေး၊ ဝိဇ္ဇာဓရအရေးကိစ္စများနှင့်ပတ်သက်၍ အဓိကဖြစ်ပွားလေ့ရှိသည့် ပြဿနာအများစု၏ နောက်ကွယ်မှ လက်သည်တရားခံမှာ ဝစီကံဖြစ်၏။ ကျန်သောကာယကံနှင့် မနောကံဆိုင်ရာပြဿနာများမှာ ဝစီကံနှင့်နှိုင်းစာလျှင် အလွန်ပင်နည်းပါးလှပါသည်။

ဝစီကံနှင့်ပတ်သက်၍ အဓိကဖြစ်ပွားလေ့ရှိသည့်ပြဿနာမှာ ဝေဖန်ပြောဆိုလေ့ရှိခြင်းပင် ဖြစ်၏။ အဆိုပါဝေဖန်ပြောဆိုသည်ဆိုရာတွင်လည်း အပိုင်းနှစ်ပိုင်းရှိပါသည်။ ပထမအပိုင်းမှာ အကြောင်းအရာနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုသောအပိုင်းနှင့် ဒုတိယအပိုင်းမှာ ပုဂ္ဂိုလ်ရေးနှင့်ပတ်သက်သော အပိုင်းဖြစ်၏။

လူသားတို့မည်သည် အသိဉာဏ်ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်တို့ကို ရှေ့သွားပြုသည့် သတ္တလောကအမျိုးအစားဖြစ်၏။ ထို့ကြောင့် မိမိတို့နှင့်ပတ်သက်လာသမျှသော အကြောင်းအရာကိစ္စမှန်သမျှတို့အား ဆွေးနွေးကြ၏။ ဟောပြောကြ၏၊ ဆန်းစစ်ကြ၏၊ ဝေဖန်ကြ၏။ သုံးသပ်ကြ၏။ အဆိုပါပြောဆိုပြုမူသမျှအားလုံးသည် မိမိကြုံတွေ့သိရှိရသော အတွေ့အကြုံ၊ အကြောင်းအရာများအပေါ်တွင် အခြေခံ၍ လည်းကောင်း၊ မိမိအမှန်ဟုယူဆထားသောအခြေခံပေါ်တွင် ရပ်တည်၍ လည်းကောင်း၊ မိမိနှင့်ပတ်သက်လာသမျှသော အကြောင်းအရာတို့အပေါ်တွင် ဝေဖန်၊ ဆန်းစစ်၊ ပိုင်းခြား၊ သုံးသပ်မှုပြုကြခြင်းဖြစ်၏။

ဤတွင် မိမိအမှန်ဟု ယူဆပြီး ထိုင်ထားသော ရှုထောင့်အမြင်ကိုလည်း အခြားသောထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ရှုမြင်ဆင်ခြင်သုံးသပ်ရန်လည်း လိုအပ်မည်ဖြစ်၏။ ရှုထောင့်အမြင်တစ်ခုနှစ်ခုတည်းမျှဖြင့် မှန်သည်ဟုယူဆထားခြင်း၊ လက်ခံထားခြင်းကလည်း ပြဿနာရှိနိုင်သည်ကို သတိပြုရမည် ဖြစ်၏။ အခြားသော ရှုထောင့်များရှိနေသေးပါကလည်း မဖြစ်မနေထည့်သွင်းစဉ်းစားရမည်ဖြစ်၏။ သို့မှသာ အမှားအယွင်းအနည်းဆုံးဖြစ်မည်ဖြစ်၏။ ဤကိစ္စကိုလည်း အမှားအယွင်းအနည်းဆုံးဖြစ်နိုင်သည်ဟုသာ ဆိုရပါမည်။ အမှားအယွင်းလုံးဝမရှိဟုကား ဆိုရန်မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကိစ္စရပ်တစ်ခုအား ရှုထောင့်ဆယ်ခုမှ သုံးသပ်သည်ဆိုရာတွင် ရှစ်ခုသည် မိမိ၏အထင်အမြင်အယူအဆနှင့်ကိုက်ညီပြီး နှစ်ခုကသာ မကိုက်ညီဟုဆိုပြီး အဆိုပါ ရှစ်ခု၏ အယူအဆအထင်အမြင်သာ အမှန်ဟု ယူဆပြီး မောင်းတင်ခြင်းမျိုးသည်လည်း သင့်လျော်ချင်မှ သင့်လျော်ပါမည်။ အဘယ်ကြောင့်ဆိုသော် မိမိအမှန်ဟု ယူဆသော ရှုထောင့်ရှစ်ခုသည် ယေဘုယျသဘောဆောင်သည့် အဆင့်မျိုးသာရှိပြီး ကျန်ရှုထောင့်နှစ်ခုကား အရေးအတွက်နည်းသော်လည်း အဓိကအဆုံးအဖြတ်ပြုသည့် ဝိသေသအထူးသဘောဆောင်နေလျှင်ကား မည်သို့သဘောထားပါမည်နည်း များစွာ စဉ်းစားရန်လိုမည်ဖြစ်ပါသည်။

အထူးသဖြင့် ဗုဒ္ဓဝါဒသည် လည်း



www.burmeseclassic.com

ဆောင်အထူးကြီးမားသောဝါဒဖြစ်၏။ လူပုဂ္ဂိုလ်ဆိုလည်း ဆိုင်ရာကျင့်ဝတ်စည်းကမ်းရှိ၏။ ရဟန်းဆိုလျှင်လည်း ဝိနည်းရှိ၏။ ဗုဒ္ဓဘာသာဝင်တိုင်းသည် သီလ၊ သမာဓိ၊ ပညာအဆင့်တို့ကို လုပ်ဆောင်ကြရ၏။ ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦး အလျော့အတင်းတော့ ကွာခြားချင်ကွာခြားနိုင်ပါသည်။ ဤတွင် သီလအားကြီးသည့်ပုဂ္ဂိုလ်ကို သီလအားနည်းနေသည့်ပုဂ္ဂိုလ်က ဝေဖန်မိလျှင်ပင် အပြစ်ဖြစ်၏၊ ပြဿနာရှိ၏။ ထို့အတူ သမာဓိကိစ္စ၊ ပညာကိစ္စတို့တွင်လည်း အလားတူပင် ဖြစ်၏။ ထို့ထက် ဗုဒ္ဓဘာသာဝင် ဝိဇ္ဇာဓရလမ်းစဉ်ကား ပို၍ စည်းကြီးပါသည်။ အမှားအယွင်းတစ်စုံတစ်ရာရှိလျှင်ပင် အနှောင့်အယှက် အတန့်အတားဖြစ်တော့၏။ ထို့အတူ မိမိထက် ပညာအဆင့်ကြီးသည့်ပုဂ္ဂိုလ်အား ဝေဖန်မိလျှင် ထိခိုက်မှုများစွာဖြစ်စေနိုင်၏။ ဤကား လူပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာနှင့်ပတ်သက်သောဝေဖန်မှုဖြစ်၏။ ဤပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာဝေဖန်မှုကား ထင်ရှား၏။ သိမြင်လွယ်၏။

ထို့ထက် အကြောင်းအရာပိုင်းဆိုင်ရာ ဝေဖန်မှုကား နက်နဲသိမ်မွေ့၏။ သိနိုင်မြင်နိုင်ခဲ၏။ ထိုအကြောင်းအရာပိုင်းဆိုင်ရာဝေဖန်မှုနှင့်ပတ်သက်၍ သာဓကအဖြစ်ဖော်ပြရပါက ဗုဒ္ဓသာသနာတော်တစ်ခုလုံးကို ဝေဖန်ခြင်းမျိုးရှိတတ်သကဲ့သို့ အဆိုပါ ဗုဒ္ဓဘာသာတွင်လည်း အတွေးအခေါ် အယူအဆ ခံယူချက်များ ကွဲပြားခြားနားသည့် ဂိုဏ်းခွဲအမျိုးမျိုးရှိ၏။ ဤတွင် မိမိခံယူကျင့်သုံးသည့် ဗုဒ္ဓဘာသာနှင့်မတူဖြင့် အခြားသော ဗုဒ္ဓဘာသာအယူဝါဒများကို ဝေဖန်ခြင်းမျိုး ဖြစ်၏။

ဤတွင် သတိပြုရန်မှာ မည်သည့် ဗုဒ္ဓဘာသာဝင်မျိုးမဆို ဗုဒ္ဓကို ကိုးကွယ်ကြသူများဖြစ်၏။ ထို့အပြင် မည်သည့် ဗုဒ္ဓဘာသာအယူဝါဒတွင်မဆို ဘုရား၊ တရား၊ သံဃာ ရတနာ (၃)ပါးတို့ကား ရှိမြဲဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ၏မည်သည့်တရားမဆို၊ သံဃာတို့ကိုမဆို ဝေဖန်ခြင်းသည် အပြစ်ဖြစ်နိုင်၏။ ထိုအချက်သည် အရေးကြီးလှပါသဖြင့် သတိပြုရန်လိုပါသည်။ ထို့အပြင် အချို့သောပုဂ္ဂိုလ်တို့ကလည်း ပုဂ္ဂိုလ်ရေးဆိုင်ရာဝေဖန်မှုပြုကြသည်လည်းရှိ၏။ သာဓကအားဖြင့် ဖော်ပြရပါမူ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို အချို့သောပုဂ္ဂိုလ်များက မရှိဟုလည်းကောင်း၊ မဖြစ်နိုင်ဟုလည်းကောင်း အမျိုးမျိုးပြောဆိုကြ၏၊ ဝေဖန်ကြ၏၊ ရေးသားကြ၏။ ဤသို့ဝေဖန်ကြသည့်ပုဂ္ဂိုလ်များထဲတွင် လူပုဂ္ဂိုလ်များလည်းပါသလို၊ ရဟန်းပုဂ္ဂိုလ်များလည်း ပါဝင်နေ၏။ ဤတွင် ဝေဖန်သူရော ဝေဖန်ခံရသူတို့ပါ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ ဗုဒ္ဓဘာသာသည် အထူးစည်းကြီးသောဘာသာ ဖြစ်ပါသည်။ သီလ၊ သမာဓိ၊ ပညာအနိမ့်၊ အမြင့်တို့သည် အထူးပင် အရေးပါလှပါသည်။ သီလ၊ သမာဓိ၊ ပညာ အဆင့်အတန်းမြင့်မားသည့်ပုဂ္ဂိုလ်၏ အခြေအနေကို အောက်ပုဂ္ဂိုလ်က မည်သို့မျှ သိမြင်နားလည်နိုင်မည် မဟုတ်ပေ။

ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ

# ဆရာဦးဆက်ထွန်းလင်း

၁၉

## ဝိဇ္ဇာဓရပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ



သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာ (၃) ပါးဖြည့်ကျင့်ထားသူမျိုးကို မဆိုထားဘိ၊ သီလသိက္ခာတစ်ပါးတည်းကိုပင် ဖြည့်ကျင့်ထားသည့် သီလဝန္တပုဂ္ဂိုလ်အား ဝေဖန်မိလျှင်ပင် အထူးကြီးလေးသောအပြစ်ဖြစ်၏။ ဝိဇ္ဇာဓရလမ်းစဉ်သို့ လိုက်ပါ ဆောင်ရွက်သော ပုဂ္ဂိုလ်တို့သည် ဤအချက်ကို အထူး သတိပြုကြရမည် ဖြစ်၏။ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသည့် ကံသုံးပါးတွင် ထိလွယ်၊ ရှလွယ် အဖြစ်ဆုံး အကျူးလွန်ဆုံးကား ဝစီကံ ပင် ဖြစ်၏။ 'နှုတ်ကျူးနှုတ်လွန် ဆိုသူ့ ဝန်ပင်' ဖြစ်သည် ဟူသော ဆိုရိုးရှိ၏။ ကြမ်းပေါက်ကျလျှင် နုတ်ရသေး၏။ 'စကားကျလျှင် နုတ်မရ' ဟူသော အဆို အမိန့်ကို သတိပြုရမည်ဖြစ်၏။

အထက်တွင်ဖော်ပြသကဲ့သို့ အရိယာပုဂ္ဂိုလ်အမျိုးအစားကို မဆိုထားနှင့်၊ သာမန်ပုထုဇဉ် သီလတစ်ပါးတည်းကို စောင့်ထိန်းထားသော သီလဝန္တပုဂ္ဂိုလ်မျိုးကိုပင် မသိဘဲ ဝေဖန်မိလျှင်ပင် ကြီးလေးသော အပြစ်ဒဏ်ထိုက်သည် ဟုဆိုလျှင် အရိယာအဆင့်အတန်းရှိ

www.burmeseclassic.com

ပုဂ္ဂိုလ်တို့အား ဝေဖန်မိလျှင် မည်မျှအထိ အပြစ်ကြီးမည်နည်း စဉ်းစားကြည့်ရုံမျှဖြင့် သိနိုင်ပါသည်။ အထက်ပါ အရိယာပုဂ္ဂိုလ်အဆင့်အတန်းတွင်လည်း အောက်အရိယာက အထက်အရိယာ၏ အခြေအနေကို မည်သို့မျှမသိနိုင်ပေ။

သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာ(၃)ပါးတို့ကို မျက်စိအမြင်ဖြင့်လည်း ယတိပြတ်ဆုံးဖြတ်၍ မရသကဲ့သို့ နားအကြားအာရုံဖြင့်လည်း ဆုံးဖြတ်၍မရနိုင်ပေ။ သိက္ခာ(၃)ပါးကိစ္စသည် ပကတိ မံသမျက်စိ၊ မံသနားတို့ဖြင့် ပိုင်းခြားသတ်မှတ်၍ရကောင်းသော အရာများမဟုတ်ကြပေ။ ၎င်းတို့သည် လူသား၏အာရုံငါးပါး၊ အာရုံခြောက်ပါး နယ်ပယ်၏ အလွန်တွင်ရှိနေသည်ကို သတိပြုရမည်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာတွင် ပြောချင်တိုင်းပြော၊ ဆိုချင်တိုင်းဆို၊ လုပ်ချင်တိုင်းလုပ်၍ မရပေ။ မူဘောင်စည်းကမ်းကလနားကြီး၏။

မိမိက ထေရဝါဒဗုဒ္ဓဘာသာပဲ၊ ကျန်မဟာယာနဗုဒ္ဓဘာသာ၊ တန္တရဗုဒ္ဓဘာသာ၊ ဝဇီရာယာနဗုဒ္ဓဘာသာတို့ကို ပြောချင်တိုင်းပြောလိုက်မည်၊ ရေးချင်တိုင်းရေးလိုက်မည်ဟု လုပ်၍မရပေ။ ကျန်ဗုဒ္ဓဘာသာဝင်ဂိုဏ်းများကလည်း ကိုယ်ယုံကြည်သက်ဝင်ရာမဟုတ်သည့် အခြားဗုဒ္ဓဘာသာဂိုဏ်းများကို ဝေဖန်ခြင်း၊ ပြစ်တင်ခြင်းပြုလျှင် အပြစ်ဒဏ်တို့သည် အချိန်မရွေး ဆိုက်ရောက်လာနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထေရဝါဒ၊ မဟာယာန စသည့်ဂိုဏ်းများ၏ နောက်တွင် ဗုဒ္ဓဘာသာဟူသော ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ပုဒ်များ၊ ဂုဏ်တော်များက တစ်ပါတည်းတွဲလျက်ပါရှိနေသည်ကို သတိပြုရပါမည်။ ထေရဝါဒဂိုဏ်းချင်းတူလျှင်လည်း အထက်ပုဂ္ဂိုလ်ကို အောက်ပုဂ္ဂိုလ်က ဝေဖန်ပိုင်ခွင့်မရှိပေ။ ဤနေရာ၌ အထက်ပုဂ္ဂိုလ်၊ အောက်ပုဂ္ဂိုလ်ဟူသည် ရာထူးအဆင့်အတန်းကို ဆိုလိုခြင်း မဟုတ်ပေ။ သိက္ခာ(၃)ပါး၏ အနိမ့်၊ အမြင့်အဆင့်အတန်းကို ဆိုလိုခြင်းဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာဝင်တို့မည်သည် မည်သည့်ဗုဒ္ဓဘာသာပင်ဖြစ်ပါစေ သိက္ခာ(၃)ပါးမဆိုထားဘိ အသက်အရွယ်ကွာခြားရုံမျှဖြင့်ပင် ဂုဏဝုဍ္ဎိဝယဝုဍ္ဎိထားရှိကြသော လူမျိုးများ ဖြစ်၏။ ထိုကိစ္စသည် လူပုဂ္ဂိုလ်များအတွက်သာမက ရဟန်းပုဂ္ဂိုလ်များအတွက်ပါ အရေးကြီး၏။ ရဟန်းများ



အတွက်မူ ဝါစဉ်သည် အရေးကြီး၏။ ရဟန်းဝါအရဆိုလျှင် ရဟန်းဖြစ်သည့်ရက်တစ်ရက်မျှ ကွာခြားရုံဖြင့် ဝါငယ်သည့်ပုဂ္ဂိုလ်က ဝါကြီးသည့်ပုဂ္ဂိုလ်အား ဦးစားပေးရ၏။ ဗုဒ္ဓဘာသာသည် ဤမျှအထိ သိမ်မွေ့နက်နဲသည့် ဘာသာဖြစ်၏။ အထက်ပါအချက်များကိုသုံးသပ်၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကိစ္စတွင်ချိန်ထိုးကြည့် နိုင်ပါသည်။

အဆိုပါကိစ္စတွင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးသည် ထိုသူများပြောသကဲ့သို့ ပိဋကတ်စာပေများတွင် မပါ၍ လက်မခံနိုင်ဟုဆိုခြင်းသည် လည်းကောင်း၊ ဒဏ္ဍာရီပုံပြင်ဆန်ဆန်သာ ဖြစ်သည်ဟု လည်းကောင်း၊ မလိုအပ်ဘဲ အမှန်တကယ်မရှိဘဲ ကိုးကွယ်နေကြသည့်အတွက် ဗုဒ္ဓဘာသာ၏ သရဏဂုံယုံကြည်မှု အားနည်းမှုဖြစ်ရသည်ဟု လည်းကောင်း၊ အမျိုးမျိုးသော ဝေဖန်ပြောဆိုမှုများနှင့် ပတ်သက်၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကိစ္စသည် အမှန်တကယ်မရှိခဲ့လျှင် တော်ပေသေးမည်။ သို့သော် အမှန်တကယ်ရှိခဲ့သည်ဆိုလျှင်ကား မည်သို့ပြုပါတော့မည်နည်း။ ပြန်ပြင်၍မရသော၊ ပြန်တောင်းပန်ရန်မလွယ်ကူသောကိစ္စဖြစ်သွားပါလိမ့်မည်။ ဤသို့ဖြစ်လျှင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးသည် ရဟန္တာအဆင့် အရိယာပုဂ္ဂိုလ်ဖြစ်သဖြင့် အရိယူပဝါဒကံထိုက်မည်ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာဆိုင်ရာကိစ္စ၊ ဝိဇ္ဇာဓရဆိုင်ရာကိစ္စများတွင် မိမိကိုယ်တိုင် အမှန်တကယ်မသိသေးသော ကိစ္စများအား လက်လွတ်စပယ် ဝေဖန်သုံးသပ်ခြင်းသည် အန္တရာယ်များလှ၏။ အနုမာနသဘော မျက်ရမ်းမှန်းဆဝေဖန်သုံးသပ်ခြင်းသည် အခြားကိစ္စများတွင် ပြဿနာသိပ်မကြီးလှသော်လည်း ဗုဒ္ဓဘာသာဆိုင်ရာကိစ္စ၊ ဝိဇ္ဇာဓရဆိုင်ရာကိစ္စတို့သည်ကား အထူးပင်ပြဿနာကြီးလှပါသည်။ မိမိကိုယ်တိုင် မျက်မြင်ဒိဋ္ဌမမှမဟုတ်လျှင် မဝေဖန်ခြင်းသည်သာ အကောင်းဆုံးဖြစ်၏။

ဤတွင် ဒိဋ္ဌမမှ ဟူသောအဆင့်နှင့်ပတ်သက်၍ အနည်းငယ်ရှင်းရန်လိုမည်ဖြစ်ပါသည်။ ဒိဋ္ဌမမှအဆင့်သည် လွယ်ကူသည်တော့မဟုတ်ပါ။ မိမိကိုယ်တိုင် လက်တွေ့ကျင့်ကြံအားထုတ်မှုရမည်ဖြစ်၏။ ထို့ကြောင့် ဒိဋ္ဌမမှအဆင့် ဝေဖန်မည့် ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် မည်မျှအထိ ပိုင်းခြားထင်ထင် သိမြင်အောင် ကျင့်ကြံပြီးပါသနည်း ဟူသော စာမေးပွဲ၏ စစ်ဆေးမှုခံယူခြင်းအပေါ်တွင်တည်ပါသည်။ ထိုထက်ပို၍ရှင်းလင်းအောင်ဆိုရပါလျှင် ဒိဋ္ဌမမှအဆင့်သည် ဈာန်အဘိညာဉ်တို့၏ အရာဖြစ်ကြောင်း နားလည်ရမည် ဖြစ်သည်။ ထို့ကြောင့် အဆိုပါ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကိစ္စနှင့်ပတ်သက်ပြီး အရိယူပဝါဒကံအကြောင်းကို သာဓကအဖြစ် အနည်းငယ် ဖော်ပြလိုပါသည်။

**□ သောတာပန်အရိယာအဆင့်ပင်လျှင် အရိယူပဝါဒကံထိုက်နိုင်ခြင်း**

ဗုဒ္ဓဘုရားရှင် လက်ထက်ကဖြစ်၏။ ရွာတစ်ရွာတွင် မထေရ်ကြီးတစ်ပါးနှင့် ရဟန်းငယ်တစ်ပါးတို့ ဆွမ်းခံထွက်နေကြ ချိန်ဖြစ်၏။ ထိုသို့ဆွမ်းခံရပ်ရာ ပထမဆုံးရပ်သည့်အိမ်၌ပင် ယာဂုဆွမ်း ပူပူနွေးနွေးတစ်ခွက်စီကို အလှူခံရရှိကြ၏။ ထိုအချိန်တွင် မထေရ်ကြီး၌ မူလကတည်းက စွဲကပ်နေခဲ့သော လေနာရောဂါသည် ပြန်ထလာသဖြင့် ဝမ်းဗိုက်ထဲတွင် နာကျင်နှိပ်စက်ခြင်းကို ခံစားနေရချိန်လည်းဖြစ်၏။

ထို့ကြောင့် မထေရ်ကြီးသည် ပူပူနွေးနွေး ယာဂုဆွမ်းကို ရုတ်တရက်ရလိုက်သဖြင့် -

"ဤယာဂုဆွမ်းသည် ငါ၏လေနာရောဂါနှင့်သင့်မြတ်သည့်ဆေးပင်ဖြစ်ပေတော့ဆုံးဖြစ်မည်"

ဟု စဉ်းစားဆုံးဖြတ်တော်မူပြီးလျှင် နေရာထိုင်ခင်းကိုကြည့်ရှုရာ အိမ်ဝန်းကျင်၌ လူတို့ တံခါးခုံပြုလုပ်ရန်ချ



www.burmeseclassic.com

www.burmeseclassic.com

ထားသောသစ်တုံးများကိုမြင်သဖြင့် သစ်တုံးတစ်တုံးပေါ်တွင်ထိုင်၍ ယာဂုကို ချက်ချင်းသောက်တော်မူရလေ၏။

ထိုကဲ့သို့သော မထေရ်ကြီးအပြုအမူကို ရဟန်းငယ်တွေ့တော်မူသောအခါ မထေရ်ကြီးသည် ရွာလမ်းမကြီး၌ထိုင်၍ ယာဂုသောက်နေသည် စက်ဆုပ်ဖွယ် ရှက်ဖွယ်ဖြစ်သွားသဖြင့် နှုတ်မှလည်း-

"ကိုယ်တော်ကြီးနှယ်၊ ဆာလောင်မှုအားကြီးလေစွ၊ (ဇက်ကြီးကျပေစွ)၊ ငါတို့အား အရှက်ကွဲအောင်ပြုလုပ်ဘိ၏"

ဟု မြည်တွန်တောက်တီး ရှုတ်ချတဲ့ရဲ့ပြစ်တင်စကားကို ဆိုလိုက်၏။

ထိုသို့ ရဟန်းငယ်ပြောသည့်ကိစ္စတို့ မထေရ်ကြီးဖြစ်သည့်ပုဂ္ဂိုလ်လည်း ဆို့သည့်စကားမျှပြန်မမိန့်ဘဲ သူတို့၏ဆွမ်းခံလှည့်သည့်ဝတ်ကို ပြီးစီးအောင်ပြုကြပြီးနောက် သူတို့သီတင်းသုံးရာ ကျောင်းအသီးသီးသို့ ပြန်လည်ရောက်ရှိကြ၏။ ထိုသို့ ကျောင်းပြန်ရောက်ပြီးချိန်တွင် မထေရ်ကြီးသည် ရဟန်းငယ်အား ခေါ်တော်မူလိုက်၏။ ရဟန်းငယ်ရောက်လာပြီးသောအခါ မထေရ်ကြီးက -

"ငါ့ရှင်၊ ဤသာသနာ၌ သင့်မှာ ထောက်တည်ရာရရှိပါပြီလော"

(မဂ်ရပါပြီလော) ဟု မေးလိုက်၏။ ထိုအခါ ရဟန်းငယ်က -

"အရှင်ဘုရား၊ တပည့်တော် သောတာပန်ပါ"

ဟု ပြန်လည် တင်လျှောက်လိုက်၏။

ထိုအခါ မထေရ်ကြီးကတစ်ဆက်တည်းပင်-

"ငါ့ရှင်၊ ဤသို့ဖြစ်လျှင် အထက်မဂ်များရရှိရေးအတွက် မကျင့်ပါတော့နှင့်။ သင်ဟာ ရဟန္တာကို ကဲ့ရဲ့စွပ်စွဲခြင်း အမှုကိုပြုမိပြီ"

ဟု မိန့်ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ရဟန်းငယ်သည် ပြင်းစွာသောသတိလန့် တုန်လှုပ်ခြင်းဖြစ်သွားကာ ချက်ချင်းပင် မထေရ်ကြီးအား -

"အရှင်ဘုရား၊ တပည့်တော်ဟာ အရိယာပုဂ္ဂိုလ်ကို ကဲ့ရဲ့စွပ်စွဲမိခြင်းတည်းဟူသော ဝစီကံကြောင့် အရိယူပဝါဒကံထိုက်ခြင်းဖြစ်ရပါပြီဘုရား။ ဒါကြောင့် တပည့်တော်သည် သောတာပန်ပင်ဖြစ်သော်ငြားလည်း အထက်မဂ်တို့ရရာရကြောင်းကိုဆက်ကျင့်လျှင် အကျိုးထူးတော့မည်မဟုတ်တော့ပါ ဘုရား။ တပည့်တော်ကိုယ်ကျိုးနည်းရပါပြီ ဘုရား။ တပည့်တော်ရဲ့ဝစီကံဟာ ဒုစရိုက်မှုကျူးလွန်ခဲ့ပါပြီဘုရား။ တပည့်တော်ရဲ့မကောင်းမှု အကုသိုလ်ကံကို အရှင်ဘုရားသည်းခံတော်မူပါဘုရား။ အရှင်ဘုရားရဲ့ခြေအစုံကို ဦးခိုက်တောင်းပန်ပါတယ်။ ခွင့်လွှတ်တော်မူပါ ဘုရား"

ဟု ရှိခိုးကန်တော့ကာ တောင်းပန်ရာ မထေရ်ကြီးကလည်း ရဟန်းငယ်အား-

"သည်းခံခွင့်လွှတ်ပါတယ်ငါ့ရှင်"

ဟု ပြန်လည် မိန့်ကြားသဖြင့် ရဟန်းငယ်၏ အရိယူပဝါဒကံစွပ်စွဲမှုသည် ပြေပျောက်သွားပြီး ပကတိအတိုင်းဖြစ်သွားလေ၏။

ဤတွင် ပြဿနာကား လျင်မြန်စွာ ပြေလည်ဖြေရှင်းသွားနိုင်သည်မှာ စွပ်စွဲသူရော အစွပ်စွဲခံရသည့်ပုဂ္ဂိုလ်ပါ နှစ်ဦးစလုံးသည် အသက်ထင်ရှားရှိနေကြသေးသဖြင့် လည်းကောင်း၊ တစ်ဦးကိုတစ်ဦး တွေ့ဆုံနိုင်ခွင့်ရှိနေသေးသောကြောင့် သည်းခံခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်လျှောက်ထားခွင့်ရခြင်း ဖြစ်၏။ တစ်ဖက်စွပ်စွဲခံပုဂ္ဂိုလ်၏ ခွင့်လွှတ်ပါသည့်အကြောင်းမိန့်ကြားသည်ကို နားဖြင့်ဆတ်ဆတ်ကြားနိုင်သဖြင့် အရိယူပဝါဒကံသည် ချက်ချင်းပြေငြိမ်းခြင်း ဖြစ်၏။ သို့သော် ယခု ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား 'မဟုတ်ဘူး၊ မရှိဘူး' ဟူ၍ စွပ်စွဲခဲ့သည့် အရိယူပဝါဒကံထိုက်သည့် ဒုစရိုက်မှုအား မည်သို့ပြန်လည်တောင်းပန်ပါမည်နည်း။

တောင်းပန်ရန်နည်းလမ်းဖြစ်နိုင်သမျှကိုစဉ်းစားကြည့်ပါက မထေရ်မြတ်ကြီးအား ရှင်ဥပဂုတ္တမထေရ်မြတ် ပွဲပြင်ပြီးတောင်းပန်သည်ဆိုပါက ရကောင်းရနိုင်သည်ဟုသာဆိုရပါမည်။ အကြောင်းအမျိုးမျိုးကြောင့် ထိရောက်မှုရှိချင်လည်းရှိပါမည်။ လုံးဝထိရောက်မှုမရှိခြင်းမျိုးလည်းဖြစ်နိုင်ပါသည်။ ပုဂ္ဂိုလ်ချင်းတွေ့ဆုံကာ ကိုယ်ထိလက်ရောက် တောင်းပန်ခြင်းမျိုး မဟုတ်သဖြင့် မသေချာပါ။

ပုဂ္ဂိုလ်ခြင်းတွေ့ဆုံရန် ဟူသည်ကား လွယ်ကူသောကိစ္စ မဟုတ်ပေ။ ဝေဖန်စွပ်စွဲသည့်ပုဂ္ဂိုလ်က သာမန်အဆင့်မျှသာဖြစ်ပြီး အစွပ်စွဲခံရသည့်ပုဂ္ဂိုလ်ကား သိက္ခာ (၃) ပါးပြည့်စုံသည့်ပုဂ္ဂိုလ်၊ ပြီးမြောက်သည့်ပုဂ္ဂိုလ်၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဈာန်အဘိညာဉ်ရှင်ဖြစ်နေလျှင် မည်သို့မျှတွေ့ဆုံရန် ဖြစ်နိုင်စရာမရှိပေ။ ထိုသို့ ပုဂ္ဂိုလ်ချင်းတွေ့ရန်ဟူသော ပါရမီအရည်အချင်းသည်ဝင်လျှင် ကြီးကျယ်သောကိစ္စဖြစ်၏။

ထို့ကြောင့် စွပ်စွဲဝေဖန်ခြင်းကိစ္စသည် မိမိနှင့်တစ်ခေတ်တည်း ခေတ်ပြိုင်ပုဂ္ဂိုလ်မျိုးကိုဝေဖန်ခြင်းသည် ပြုပြင်ပြင်ဆင်ရန် တောင်းတာလှသော်လည်း မိမိနှင့်ခေတ်အားဖြင့် လွန်စွာဝေးကွာခဲ့ပြီဖြစ်သော ပုဂ္ဂိုလ်မျိုးအား ဝေဖန်စွပ်စွဲမိမှန်းသိလျှင်တောင် ပြန်လည်ခွင့်လွှတ်ပါရန် တောင်းပန်သည့်ကိစ္စကား လွန်စွာခက်ခဲမည့်ကိစ္စဖြစ်နေပါသည်။

ထိုကဲ့သို့ ပုဂ္ဂိုလ်တစ်ပါးပါးအား ထင်ရှား တွေ့ဆုံ ကြုံခွင့်မရနိုင်သည့် အခြေအနေတွင် တောင်းပန်မည်ဆိုပါက လွန်စွာခက်ခဲမည်သာဖြစ်၏။ ဖြစ်နိုင်ရန်အခွင့်အရေးလည်း လွန်စွာနည်းသွားပြီ ဖြစ်၏။ အကယ်၍ ပုဂ္ဂိုလ်သည် သက်ရှိထင်ရှားမရှိတော့လျှင် သေရာညောင်စောင်းဟုဆိုထားသဖြင့် ထိုပုဂ္ဂိုလ်ခေါင်းချရာသချိုင်းကို အတိအကျသိရမည်။ ထိုနေရာသို့ သွားရောက်ပြီး တောင်းပန်လျှင် ပြေငြိမ်းနိုင်ပါသည်။

သို့သော် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအတ္ထုပ္ပတ္တိအရဆိုရပါမူ မထေရ်မြတ်ကြီးသည် ရှင်လေးပါးတွင် အပါအဝင်ဖြစ်၏။ ထို့ကြောင့် သူ၏ခေါင်းချရာသချိုင်းဟူသည်လည်းမရှိနိုင်တော့ပေ။ တောင်သမုဒ္ဒရာထဲတွင် ကြေးပြာသာဒ်နှင့်သီတင်းသုံးနေတော်မူသည်ဆိုသဖြင့် တောင်သမုဒ္ဒရာဟူသည်ကို မည်သည့်သမုဒ္ဒရာအား သတ်မှတ်ပါမည်နည်း။ သတ်မှတ်နိုင်သည်ထားဘိဦး၊ ထိုသမုဒ္ဒရာထဲတွင် ကြေးပြာသာဒ်ဖြင့် သီတင်းသုံးနေသည့် မထေရ်မြတ်ကြီးကို မည်သို့ရှာဖွေပါမည်နည်း။ ထိုကိစ္စသည် လွယ်ကူသောကိစ္စမဟုတ်၊ မိမိကိုယ်တိုင်က အဘိညာဉ်ပုဂ္ဂိုလ်မျိုးဖြစ်မှသာ ရနိုင်ပေလိမ့်မည်။ ထို့ကြောင့် ဤကိစ္စသည် ဤမျှအထိ ခက်ခဲနက်နဲလှသည့်ကိစ္စဖြစ်နေသည်ကို တွေ့ရမည်ဖြစ်၏။

သို့ပါ၍ ဝစီဒုစရိုက် ဟူသော မရေရာမသေချာသည့် တွေးထင်မှုမျိုးဖြင့် အရိယာပုဂ္ဂိုလ်အား စွပ်စွဲဝေဖန်မှုကိစ္စသည် လွယ်ကူသည့်အလျောက် ပြန်လည် ပြေလည်အောင်ဖြေရှင်းရန်ကား လွန်စွာပင် ခက်ခဲနက်နဲကျယ်ဝန်းလှသည်ကို တွေ့ကြုံရနိုင်မည်ဖြစ်သဖြင့် လွန်စွာပင် သတိပြုဆင်ခြင်သင့်လှပါသည်။

အဆိုပါ အရိယူပဝါဒကံထိုက်ခြင်းအား မဖြေရှင်းလျှင်ကော မရနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com

လားဟု မေးလာပါက လူဖြစ်ရုံသက်သက်သာနေသွားမည်ဆိုပါက နေ၍ရနိုင်ပါသည်။ ထိုထက်မကသော မနုဿတဘာဝေါ ဒုလ္လဘောဟူသည့် လူ့အဖြစ်ကို ရရှိရန်ကားလွယ်ကူမည်တော့မဟုတ်ပေ။ အရိယူပဝါဒကံထိုက်သည့်ပုဂ္ဂိုလ်သည် သက္ကန္တရာယ်ရော၊ မဂ္ဂန္တရာယ်ပါထိုက်သွားပြီဖြစ်၏။ ထိုသူသားတစ်ဦးသည် အရိယူပဝါဒကံထိုက်ပြီးသည့်နောက်တွင် မည်မျှပင် ဘဝလွတ်မြောက်ရေးကို ကြိုးပမ်းအားထုတ်သည်ဖြစ်စေ ဝိမုတ္တိနှင့်လွဲချော်ရတော့မည်ဖြစ်၏။ မည်မျှပင်အားထုတ်သည်ဖြစ်စေ မဂ်မရနိုင်တော့ပေ။ အကယ်၍ မဂ်ရပြီးသည့်ပုဂ္ဂိုလ်မျိုးဖြစ်သည်ဆိုလျှင်ပင် အထက်မဂ်သို့တက်ရန် မဖြစ်နိုင်တော့ပေ။ ထို့အတူ ဝိဇ္ဇာမရေ ပညာလမ်းစဉ်အရကြည့်လျှင်လည်း ထိုပုဂ္ဂိုလ်သည် မည်မျှကောင်းမွန်မှန်ကန်သည့် ပညာလမ်းစဉ်ကိုရရှိသည်ဖြစ်စေ ထွက်ရပ်ပေါက်ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ဖြစ်ရန် မျှော်မှန်း၍မရနိုင်တော့ပေ။ ထိုအခြေအနေတို့သည် ထူးမြတ်သော လောကီလောကုတ္တရာအဆင့်များဖြစ်၍ မရနိုင်တော့ဟူသည့် ဆုံးရှုံးမှုသည် ဗုဒ္ဓဘာသာဝင်လူသားတစ်ဦးအဖို့ မည်မျှကြီးကျယ်သောဆုံးရှုံးမှုဖြစ်သည်ကို မှန်းဆကြည့်ရုံမျှဖြင့် သိနိုင်ပါသည်။

ဤတွင် ထိုအဆင့်ဆုံးရှုံးမှုမျိုးမျှသာမကဘဲ ထိုအောက်နိမ့်သည့်အဆင့်များကိုပင် မရနိုင်တော့သည့်အခြေအနေဟု ဆိုရမည်ဖြစ်ပါသည်။ ထိုအခြေအနေကား သက္ကန္တရာယ်ဟုခေါ်သော နတ်၊ သိကြားဘဝ၊ ဗြဟ္မာဘဝစသည့် မြင့်မြတ်သောဘဝများသို့ပင် မည်သို့မျှမရောက်နိုင်တော့ဟု ဆိုခြင်းဖြစ်ပါသည်။

ဤသည်တို့ကား နောင်ဖြစ်လာနိုင်သည့် မကောင်းသောအခြေအနေများဖြစ်၏။ ထိုအပြင် ယခုဘဝလက်ရှိအခြေအနေတွင်လည်း မကောင်းသောအကျိုးပေးများကိုခံစားရပြီး လုပ်သမျှအရာမထင်ဖြစ်ကာ အပျောသိက်အခြေအနေမျိုး ကြုံတွေ့ရနိုင်ပါသည်။ ထို့ပြင် ဆိုးရွားသောအခြေအနေအမျိုးမျိုးဖြင့်လည်း ကြုံတွေ့ရနိုင်ပါသည်။ ထိုအခါ ဘဝသည် မရေရာသောဘဝ၊ မသေချာတော့သောဘဝမျိုးသို့ ရောက်ရှိသွားပြီးဖြစ်၏။ ထို့ကြောင့် ပညာရှင်များက ဆားခဲရေကျသောအဖြစ်မျိုးနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။

□ **ဆားခဲရေကျပြန်မရ**

ရေထဲသို့ပြုတ်ကျသွားသော ဆားခဲတစ်ခဲကို ပြန်လည်ဆယ်ယူလျှင် မည်သို့ဖြစ်ပါမည်နည်း။ စဉ်းစားကြည့်လျှင် သိနိုင်ပါသည်။ ဆားခဲတစ်ခဲလုံးကို မဆိုထားနှင့်။ ဆားပွင့်တစ်ပွင့်မျှကိုပင်လျှင် ပြန်ရရန် မျှော်လင့်နိုင်တော့မည်မဟုတ်ပေ။ မည်သို့မျှ အစရှာမရအောင် ပျော်ဝင်နစ်မြုပ်ပျောက်ကွယ်သွားမည့်အခြေအနေဖြစ်ပါသည်။ ထိုအခြေအနေကို အရိယူပဝါဒကံထိုက်သည့်ပုဂ္ဂိုလ်၊ ခင်ပွန်းကြီးဆယ်ပါးနှင့်ပတ်သက်ပြီး အပြစ်ဒဏ်ထိုက်သည့်ပုဂ္ဂိုလ်များနှင့် ယှဉ်ထိုးကာ အဆိုပါ ပုဂ္ဂိုလ်များတို့သည် ကြာလေ နစ်မွန်းလေဖြစ်တတ်ပုံကို ဆားခဲရေကျပြန်မရသည့်ကိစ္စဖြင့် ဥပမာပြုထားခြင်းဖြစ်၏။

ဤတွင် ဝေဖန်ခံရသည့်ပုဂ္ဂိုလ်သည် အရိယာပုဂ္ဂိုလ်မဖြစ်သည့်တိုင်အောင် ခင်ပွန်းကြီးဆယ်ပါးထဲတွင် အကျုံးဝင်နေပါကလည်း ထိုကဲ့သို့ပင် ဘေးဒဏ်များသင့်နိုင်ပါသည်။ ထိုဘေးဒဏ်တို့မှာ ဆယ်ပါးရှိပါသည်။ ထိုဆယ်ပါးသောဘေးဒဏ်တို့မှာ -

၁။ အိပ်အိုင်ဗွီ၊ အေအိုင်ဒီအက်၊ အသည်းရောင်ဘီပိုး၊ စီပိုး၊ တီဘီ၊ ကင်ဆာ၊ သွေးအန်ခြင်း စသည့် ကုစားရန်ခက်ခဲသောရောဂါဆိုးကြီးများ အချိန်မရွေး ကျရောက်ဖြစ်ပေါ်စေနိုင်ခြင်း။

၂။ ရောင်းရေးဝယ်တာ စသည့် မိမိလုပ်သမျှသောလုပ်ငန်းများ မကောင်းခြင်း၊ အရှုံးပေါ်ခြင်း၊ စီးပွားရေးများတစ်စထက်တစ်စကျဆင်းလာခြင်း၊ နောက်တွင် စီးပွားပျက်ကပ်ဆိုက်လာပြီး အဆုံးတွင် နေစရာထိုင်စရာမရှိ ကုန်းကောက်စရာမရှိလောက်အောင်ပင် ဆင်းရဲမွဲတေသွားခြင်း။

၃။ မတော်တဆ ထိခိုက်ဒဏ်ရာအနာတရများဖြစ်တတ်ခြင်း၊ လမ်းသွားလျှင် ယာဉ်မတော်တဆဖြစ်မှုဘေး၊ မိုင်း၊ ဗုံး စသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ထိခိုက်ခံရနိုင်ခြင်းဘေး၊ ထိုသို့ ထိခိုက်ခံရမှုများကြောင့် လက်ပြတ်ခြင်း၊ ခြေပြတ်ခြင်း စသည့် ကိုယ်အင်္ဂါထိခိုက်ပျက်စီးချို့ယွင်းမှုများ ဖြစ်တတ်ခြင်း။

၄။ ခန္ဓာကိုယ်တစ်ခုလုံးမှာ မြင်မကောင်းလောက်အောင် ခရုသင်းများဖြစ်နေခြင်း၊ တစ်ကိုယ်လုံး ပွေး၊ ဝဲ၊ ယားနာ၊ အနာကြီးရောဂါ၊ ကုဋ္ဌနူနာစသည့် လူတောမတိုးဝံ့သည့် ရုပ်ပျက်ဆင်း ပျက်ရောဂါဝေဒနာဆိုးကြီးများဖြစ်တတ်ခြင်း။

၅။ စိတ်တည်ကြည်မှုမရှိတော့ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ ဆောက်တည်ရာမရဘဲ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ စိတ်လေလွင့်ခြင်း၊ အမြဲတစေ တစ်မျိုးတည်းမဟုတ်တစ်မျိုး စိတ်ပူပင်သောကရောက်စေပြီး နောက်ဆုံးတွင် မည်သို့မျှထိန်းချုပ်၍မရတော့ဘဲ သွက်သွက်ခါအောင် ရူးသွပ်သွားခြင်း၊ စိတ်နှလုံးနောက်ကျိဖောက်ပြန်သွားခြင်း။

၆။ အထက်လူကြီးများ၏ အမြင်စောင်းမှုကိုခံရခြင်း၊ ချစ်ခင်နှစ်သက်မှုမခံရခြင်း၊ လူမုန်းများခြင်း၊ မိမိလုပ်သမျှအကောင်းမြင်မခံရခြင်း၊ အလွယ်တကူပြစ်ဒဏ်ကျခံရခြင်း၊ မကြာခဏ လက်ထိတ်ကြိုးချည်ခံရခြင်း၊ နှစ်တို၊ နှစ်ရှည်ထောင်ဒဏ်များကျခံရခြင်း။

၇။ သူတစ်ပါးတို့အနေဖြင့် မိမိအပေါ် မဟုတ်မတရား မကြာခဏ စွပ်စွဲခံရတတ်ခြင်း၊ ပြင်းထန်သောဝေဖန်ပြစ်တင်မှုမျိုးခံရနိုင်ခြင်း၊ အခြားတစ်ပါးသောသူတို့၏ ကြမ်းတမ်းစွာသော စွပ်စွဲခြင်း၊ ဆဲရေးခြင်းတို့ကိုခံရခြင်း။

၈။ မိမိ အလွန်ချစ်ခင်နှစ်သက်ရသော မိခင်၊ ဖခင်၊ သား၊ သမီး၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများနှင့် သက်တမ်းကြာရှည်စွာမနေရဘဲ သေကွဲကွဲရခြင်း၊ ၉။ မိမိ၏ ရရှိထားသမျှသော ရွှေငွေ၊ နေအိမ်၊ တိုက်တာ စည်းစိမ်ရတနာတို့ကို အရှည်တည်တံ့စေရန် ထိန်းသိမ်းရခက်ခဲခြင်း၊ ပျက်စီးဆုံးပါးလွယ်ခြင်း။

၁၀။ မိမိမှီခိုနေထိုင်ရာ နေအိမ်တို့မကြာခဏပင် ဘေးအန္တရာယ်ကြုံတွေ့ရတတ်ခြင်း၊ ထိုကဲ့သို့ ဘေးအန္တရာယ်ကြုံတွေ့ရခြင်းမျိုးဆိုသည်မှာ မိမိနေထိုင်ရာအိမ်သည် မီးလောင်ခံရခြင်း၊ မိုးကြိုးပစ်ခံရခြင်း၊ ဥပါကျခြင်း၊ လေပြင်း၊ လေဆင်နှာမောင်း တိုက်ခိုက်ဖျက်ဆီးခံရခြင်း စသည့် ဘေးဒဏ်များသင့်ရောက်နိုင်ပါသည်။

အဆိုပါ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား စွပ်စွဲဝေဖန်မှုများနှင့်ပတ်သက်ပြီး မဟုတ်မတရား ဝေဖန်ပုတ်ခတ်မှု၊ စွပ်စွဲပြစ်တင်မှုများသည် သက်ဆိုင်ရာဝိဇ္ဇာရေလောကတွင် အတော်ပင်ပြင်းထန်စွာဂယက်ရိုက်ခတ်သွားခဲ့ရ၏။ ထိုကဲ့သို့ ဝေဖန်ပုတ်ခတ်ခံရမှုမျိုးသည် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသမိုင်းတစ်လျှောက်၌ ဤတစ်ကြိမ်သည် အဆိုးရွားဆုံး၊ အပြင်းထန်ဆုံးဟုဆိုရ



www.burmeseclassic.com

www.burmeseclassic.com

မည်ဖြစ်၏။ ယခင်ခေတ်အဆက်ဆက်က ယခုအချိန်လောက် ဆိုးရွားမှုမျိုးမရှိပေ။ ယခုကား စိတ်ထင်ရာဆိုချင်သလိုဆိုနေသည့်ပုံမျိုးဖြစ်နေ၏။ နှိုင်းနှိုင်းဆဆ ချင့်ချင့်ချိန်ချိန်ဟူသည့် ဆင်ခြင်မှုမျိုး အားနည်းသကဲ့သို့ဖြစ်နေပါသည်။ ယခင်ခေတ်ကာလ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်များအနေဖြင့်ကား ယခုခေတ်လောက် ခြေလွတ်လက်လွတ် ပြောဆိုဝေဖန်ပုတ်ခတ်ခဲ့သည့် အထောက်အထားမျိုးမရှိခဲ့ပေ။ ဝိဇ္ဇာခရလောကနှင့် ပတ်သက်လျှင် ရှင်ဉပဂုတ္တမထေရ်မြတ်ကြီးသည် အထူးပင် အရေးပါသည့် တဏ္ဍမှ ပါဝင်နေပါသည်။

လောက၌ မိမိကိုယ်တိုင် ရေဆုံးရေဖျားမသိသေးသောကိစ္စတစ်ခုနှင့် ပတ်သက်ပြီး ဝေဖန်ပုတ်ခတ်စွပ်စွဲသော ပုဂ္ဂိုလ်သည် နောက်ဆက်တွဲဖြစ်ပေါ်လာသမျှသောကိစ္စအဝဝကို ထိုပုဂ္ဂိုလ်သာတာဝန်ယူရပါမည်။ နှုတ်ကျူးနှုတ်လွန်ဆိုသူ့ဝန်ဆိုသည့်အတိုင်း ဆိုသူ၏တာဝန်သာဖြစ်ပါသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး တွံ့တေးတောကြီးတန်းထဲတွင် သီတင်းသုံးနေတော်မူသည့် ထေရ်ကြီးဝါကြီးဆရာတော်တစ်ပါး၏ မိန့်ကြားခဲ့ခြင်းကို ထပ်ဆင့်ဖော်ပြလိုပါသည်။

**ရှင်ဉပဂုတ္တမထေရ်မြတ်ကြီးအား ကိုယ်တိုင်ဖူးတွေ့ဘူးသည့်ပုဂ္ဂိုလ်**

အထက်ပါတွံ့တေးတောကြီးတန်းထဲမှ ဆရာတော်သည်လည်း သာမန်ပုဂ္ဂိုလ်မဟုတ်ပေ။ သိဒ္ဓိရှင်၊ မတိဒ္ဓိရှင်၊ ပေါက်ဆရာတစ်ပါးပင်ဖြစ်၏။ ဆရာတော်သည် ခဲ၊ လုံး၊ လက်နက်၊ မီးသေည်တို့ကိုပြီးသည့်ပုဂ္ဂိုလ်ဖြစ်၏။ မီးပုံအတွင်းသို့ဆင်း၍ အင်းပြာများဖြင့်စီရင်သည့်ဆေးကိုဖော်စပ်နိုင်သည့်ပုဂ္ဂိုလ်ဖြစ်၏။ ထိုဆေးတော်သည် ပယောဂရောဂါအမျိုးမျိုးကိုနိုင်နင်းသည့်ဆေးဖြစ်၏။ အစွမ်းသတ္တိလည်း အမျိုးမျိုးရှိ၏။ ဘုရားရှိသလိုအသုံးပြုနိုင်သည့် ထက်မြက်သောဆေးတော်ဖြစ်၏။ဆရာတော်သည် သူ့ရှေ့တွင်ထိုင်နေသောပုဂ္ဂိုလ်၏ စိတ်ကူး ကြံစည်မှု အတွေးကိုသိ၏။ မိမိသိလိုသည့်မေးခွန်းတစ်ခုကို နှုတ်မှထုတ်ဖော်မမေးဘဲ စိတ်ထဲကမေးလိုက်သည်နှင့် ဆရာတော်က ချက်ချင်းပင် မေးခွန်း၏အဖြေကို နှုတ်မှထုတ်ဖော်ဖြေဆိုနိုင်သေးသည်။

ထို့အပြင် ဆရာတော်သည် အဂ္ဂိရတ်လုပ်ငန်းကိုလည်းလုပ်၏။ သို့သော် ဆရာတော်လိုက်သည့် အဓိကကျသောဝိဇ္ဇာခရလမ်းစဉ်မှာ အင်းလမ်းစဉ်ပင်ဖြစ်၏။ ဆရာတော်သည် စီရင်ထားသည့် ခတ်လုံးတစ်လုံး၊ အင်းတစ်ခုကို ကိုင်ကြည့်ရုံမျှဖြင့် ထိုဝိဇ္ဇာခရပစ္စည်းသည် မည်သည့်အဆင့်သို့ရောက်နေပြီဟူသည်ကို အသေအချာခွဲခြမ်းစိတ်ဖြာ၍သိ၏။ ဆရာတော်အား ခတ်ပုံရိုက်လျှင် မည်သို့ပင် ခတ်ပုံရိုက်သည်ဖြစ်စေ ပုံမပေါ်ပေ။ ဆရာတော်သည် ဝိဇ္ဇာရေသိဒ္ဓိဆိုင်ရာစေအဆင့်ကို ကောင်းစွာပိုင်နိုင်၏။ ဆရာတော်၏နှုတ်မှဖြစ်စေဟုဆိုလျှင်ပင် ဖြစ်သွား၏။ ဤသည်မသင့်ဟုဆိုလျှင် မည်သို့ပင်ကြိုးစားအားထုတ်သည်ဖြစ်စေ ဖြစ်တည်နိုင်စွမ်းပျောက်ကွယ်သွားသည်သာဖြစ်တော့၏။

ထို့မှမက ဆရာတော်၏ သက်တော်ကို မည်မျှရှိပြီဟု ခန့်မှန်းရန်မလွယ်ကူပေ။ လွန်ခဲ့သည့်နှစ်ပေါင်း (၆၀)ခန့်က ပြုလုပ်ခဲ့သည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဆရာတော်သည် ဩဝါဒါစရိယဆရာတော်များအဖွဲ့တွင် ပါဝင်ခဲ့ကြောင်း ခတ်ပုံမှတ်တမ်းမှတ်ရာများအရ သိရှိရပါသည်။ ထိုစဉ်ကတည်းက ဆရာတော်၏အရွယ်နှင့် ယခုလက်ရှိ အရွယ်တို့ကို နှိုင်းယှဉ်ချိန်ထိုးကြည့်သောအခါ ကွာခြားမှုသိပ်မရှိကြောင်း တွေ့ရမည်ဖြစ်၏။

ဆရာတော်၏ လက်ရှိကျောင်းသင်္ခမ်းမြေနေရာထိုင်ခင်း၏ ရာဇဝင်သမိုင်းကိုမေးကြည့်သောအခါ ထိုနေရာ၏အလျှုရှင်မှာ နိုင်ငံတော်သမ္မတဖြစ်ခဲ့သည့် စဝ်ရွှေသိုက်၏မိဘများက လှူခဲ့ကြောင်းသိရှိရ၏။ ထို့ကြောင့် ဆရာတော်ကြီး၏အသက်သည် မှန်းဆရမလွယ်ကူပေ။ ထိုထက်ပင် ပို၍ခန့်မှန်းရခက်သော အကြောင်းကိစ္စများရှိသေး၏။ ဆရာတော်ကြီး၏ကျောင်းသင်ခန်းနောက်ဘက်မလှမ်းမကမ်းတွင် မင်းရဲကျော်စွာအုတ်ဂူရှိ၏။ ထိုနေရာတွင် ရာဇဓိရာဇ်နှင့် မင်းရဲကျော်စွာတို့ စစ်ထိုးခဲ့ကြ၏။ ထိုတိုက်ပွဲတွင် မင်းရဲကျော်စွာ ကျဆုံးသွားခဲ့၏။ ထိုတိုက်ပွဲ၏ဖြစ်စဉ်ဖြစ်ရပ်အခြေအနေတို့ကို ဆရာတော်က အသေးစိတ်ပြန်ပြောပြနိုင်၏။ ထိုသို့ပြန်ပြောင်းပြီးပြောပြနေစဉ်တွင် ဆရာတော်၏မျက်နှာပုံဟန်အမူအရာ၊ ပြောပုံဆိုပုံတို့သည် သမိုင်းဇာတ်ကြောင်းကို ဖတ်မှတ်သိရှိပြီး ပြန်လည်ပြောပြပုံမျိုး၊ တစ်ဆင့်စကားတစ်ဆင့်နား ကြားသိသမျှ ပြန်လည်ပြောပြပုံမျိုးတို့နှင့်မတူဘဲ ကိုယ်တွေ့အဖြစ်အပျက်တို့ကို ပြန်လည်ပြောပြသည့်ပုံစံမျိုးဖြစ်နေ၏။ ထို့မှမက အခြားသော ရှေးခေတ်က ဖြစ်ပျက်ခဲ့သည့် ရာဇဝင်သမိုင်းဆိုင်ရာများ၊ ရဟန္တာ၊ ဝိဇ္ဇာခိုရ်နှင့် ပုဂ္ဂိုလ်ထူးတို့၏ လူမသိနိုင်သော၊ သိနိုင်ခဲသော၊ လျှို့ဝှက်သော အကြောင်းခြင်းရာတော်တော်များကို ပြန်လည်ပြောပြနိုင်၏။ အချို့သောကိစ္စများတွင် သူကိုယ်တိုင်ပင် ပါဝင်ပတ်သက်ခဲ့သည့် အခြေအနေမျိုးတွေ့ရှိရ၏။

အဆိုပါ ဆရာတော်၏အတွေ့အကြုံအဖြစ်အပျက်တို့သည် ကိုယ်တွေ့အဖြစ်အပျက်များလော သို့တည်းမဟုတ် ကျင့်ကြံအားထုတ်ရင်း ကြုံတွေ့ခဲ့ရသော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အဖြစ်အပျက်အကြောင်းခြင်းရာများလောဟူသည်ကို ဝေခွဲရန်ခက်မည်ဖြစ်ပါသည်။ ဆရာတော်သည် နှစ်စဉ် တပို့တွဲလရောက်လျှင် ဆေးတော်ကြူးမီးထိုးကူးပွဲကျင်းပလေ့ရှိ၏။ ထိုမီးထိုးကူးပွဲအတွင်းတွင် ဆရာတော်ဖော်စပ်ထားသည့် ဆေးပေါင်း၊ ပန်းပေါင်း၊ ဂမုန်းပေါင်းတို့ပါဝင်သော ဆေးတော်ကို မီးထုံအတွင်း ဖြတ်သန်းက သိဒ္ဓိတင်ခြင်းဖြစ်၏။ အဆိုပါမီးထုံဧရိယာသည် အလျားငါးပေခန့်၊ အနံဆယ်ပေခန့်အတွင်း အကျယ်အဝန်းရှိ မီးပုံထုံကြီးဖြစ်၏။ အဆိုပါမီးထုံသည် အမတသဘောကို ဖော်ဆောင်သဖြင့် အမတစွမ်းအားကို ကူးစက်ရယူလိုသည့် ပုဂ္ဂိုလ်များ၊ ရုပ်ခန္ဓာကြံ့ခိုင်မှုအားနည်းသည့်ပုဂ္ဂိုလ်များ၊ ရောဂါဘယများ ကပ်ငြိကျရောက်နေသည့်ပုဂ္ဂိုလ်များစသည့် ပုဂ္ဂိုလ်များတို့သည် ဆရာတော်၏အကူအညီဖြင့် မီးထုံအတွင်း ဖြတ်သန်းဝင်ရောက်ကူးမြောက်ကျလေသည်။

ဤနေရာ၌ ဆရာတော်၏အကူအညီဖြင့် မီးထုံအတွင်း ဖြတ်သန်းခြင်းဆိုသည်မှာ မီးထုံအားဖြတ်သန်းလိုသည့် ပုဂ္ဂိုလ်သည် ဆရာတော်၏လက်ဖြင့်ထိပြီး ဖြတ်သန်း ဝင်ရောက်ခွင့်ပြုခြင်း၊ အမုတ်သင်္ကေတကို ရယူရခြင်းဖြစ်၏။ မည်သည့်ပုဂ္ဂိုလ်မဆို ထိုအတိုင်း မီးထုံဝင်ရောက်ဖြတ်သန်းပါက အဘယ်မည်သော ပြဿနာ တစ်စုံတစ်ရာမျှမရှိဘဲ အောင်မြင်စွာ ကူးမြောက်နိုင်မည်ဖြစ်၏။ အကယ်၍ ဆရာတော်နှင့်ပတ်သက်မှုမပြုဘဲ မိမိသဘောအတိုင်း ဖြတ်သန်းဝင်ရောက်မိပါက ဖြတ်သန်းသူတွင် ပြင်းထန်သော မီးလောင်ဒဏ်ရာများရရှိသွားခြင်းမျိုးနှင့် ကြုံတွေ့ရနိုင်ပါသည်။

မီးထုံ၏ သဘောတရားမှာ



www.burmeseclassic.com

www.burmeseclassic.com

တေဇောသဘောတရားဖြစ်၏။ အဆိုပါ တေဇော ဆိုသည်မှာလည်း အကျိုးပြု တေဇောဓာတ်များဖြစ်သည့် ပါစက တေဇော၊ ဥသ္မာတေဇောများကို ကိုယ်စားပြုထားခြင်း ဖြစ်ပါသည်။ ထိုသို့ အမြုတေဇောများကို ကောင်းမွန်တိုးပွားအောင်ပြုခြင်းဖြင့် အနာရောဂါများ ကင်းစင်ခြင်း၊ ကျန်းမာသက်ရှည်ခြင်း တိုးတက်စေမှု ကောင်းကျိုးများကို တစ်ပြိုင်နက်ရရှိခံစားရသကဲ့သို့ တစ်ဖက်မှလည်း ဒဟတေဇော၊ ဥဏှတေဇော၊ သန္တပ္ပနတေဇော၊ ဇီရဏတေဇော စသည့် အဖျက်တေဇောများ၊ အပြစ်ပြုတေဇောများကိုပါ တစ်ပြိုင်နက်တည်း ဖယ်ရှားရှင်းလင်းစေသည့်သဘောသို့ သက်ဝင်စေပါသည်။ ထို့ကြောင့် မီးဟူသည့် တေဇောသဘောသည် နက်နဲ၏။ ကျယ်ဝန်း၏။ သို့ပါသော်ကြောင့် မီးဟုဆိုတိုင်း တစ်မျိုးတည်းပြင်၍မရပေ။ ခွဲခြမ်းစိတ်ဖြာပြီး ရှုမြင်ရမည်ဖြစ်၏။ ထိုမီးကိုပင် အပြုတေဇော၊ အပျက်တေဇောအဖြစ် ပြုပြင်ပြောင်းလဲနိုင်ခြင်းသည် ကိုင်တွယ်အသုံးပြုသည့်ပုဂ္ဂိုလ်၏ ပညာပေါ်တွင် မူတည်ပါသည်။ ထို့ကြောင့် မီးကိုအသုံးပြုတတ်သည့် ပညာရှင်အဖို့ အမတဖြစ်စေပြီး အသုံးမပြုတတ်ပါက ဇီရဏအဖြစ်သို့သာ သွားမြဲလမ်းဖြစ်စေနိုင်၏။ ထို့အတွက် အဂ္ဂိရတ်ပညာတွင်လည်း မီးသည် အဓိကဖြစ်၏။ အဆိုပါ မီးဟူသည့် တေဇောကြောင့်ပင်လျှင် အညံ့စားဓာတ်တို့သည် မြင့်မြတ်သော တော်ဝင်ဓာတ်အဖြစ်သို့ ပြောင်းလဲကြရ၏။

မီးနှင့်ပတ်သက်ပြီး ကမ္ဘာ့အဂ္ဂိရတ်ပညာသင်္ကေတတစ်ခုမှာ သဘာဝကို ကိုယ်စားပြုသော ဖီးနစ်ငှက်သည် အမတကိုယ်စားပြုသော မီးပုံအတွင်းသက်ဆင်းဝင်ရောက်ပြီးနောက် ပြန်လည်နုပျိုလန်းသောဘဝသစ်နှင့်ရှင်သန်လာသည့် နိမိတ်ပုံကို ဖော်ဆောင်ထားပါသည်။ မြန်မာ့ရိုးရာအဂ္ဂိရတ်ပညာတွင်မူ သဘာဝကို ကိုယ်စားပြုမှုသည် ဇီဝဖိုးငှက်နှင့် သင်္ကေတပြုထား၏။ အသက်ဇီဝကို စိုးမိုးနိုင်ခြင်းဟူသည့် အဓိပ္ပာယ်ကို ဖော်ဆောင်ထားပါသည်။

(ရှေ့လဆက်ရန်)

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

## ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသော)

# ထီ

(၃၂၅) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဇန်နဝါရီလတွင် ၁၂၊ ၁၃၊ ၁၆၊ ၂၆ ရက်တို့တွင် ထီထိုးပါ။

ဖြစ်နိုင်လျှင် ဓာတ်ကြီး (၄) ပါးဆွမ်းတော်ကပ်လှူပါ။ အခက်အခဲရှိသောနေရာများတွင် ဘုရား(၇)ဆူပြည့်အောင် တစ်နေ့တည်းဖူးပါ။ ဘုရားတိုင်းတွင် ဖယောင်းတိုင်(၇)တိုင်စီထွန်းပြီး ပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၂၊ ၉၊ ၇၊ ၃ ဂဏန်းများ ကံစပ်သည်။

**တနင်္လာသားသမီးများ**

ဇန်နဝါရီလတွင် ၁၃၊ ၁၄၊ ၁၇၊ ၂၈ ရက်တို့တွင် ထီထိုးပါ။

ခမ်းနားထည်ဝါလှသော မင်္ဂလာဆောင်တစ်ခုက ဖိတ်ပါလိမ့်မည်။ ဖိတ်ကြားခံရပြီးတစ်ပတ်အတွင်းမှာထီထိုးပါ။ မင်္ဂလာရှိသောစကားများကိုသာပြောပါ။

ဖေဖော်ဝါရီလတွင် ၄၊ ၈၊ ၂၊ ၉ ဂဏန်းများနှင့်ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဇန်နဝါရီလတွင် ၈၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈ ရက်များမှာ ထီထိုးပါ။

ဒိဝါတပတိဂါထာကို အဓိဋ္ဌာန် (၇) ရက်ဝင်ပါ။ ဖြစ်နိုင်လျှင် တန်ခိုးကြီးဘုရားတစ်ဆူဆူမှာ အဓိဋ္ဌာန်ပုတီးသွားစိပ်ပါ။ ပြီးရင် ၎င်းဘုရားစေတီမှာရှိသော ညောင်ပင်မှာ ရုက္ခစိုးအတွက် အလင်းတိုင်၊ အမွှေးတိုင်ဒါနပြု မေတ္တာပို့အမျှဝေပါ။ (၉)ရက်ပြည့်ရင် ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၄၊ ၈၊ ၃၊ ၂ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇန်နဝါရီလတွင် ၁၂၊ ၁၅၊ ၁၆၊ ၂၂ ရက်များတွင် ထီထိုးပါ။ ဘုရားရှင်ကို စနေနံ့ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ကပ်လှူပူဇော်ပြီး 'နမော (၅)ချက်' ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ တစ်ပတ်ပြည့်ပြီးမှ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၂၊ ၉၊ ၄၊ ၅ ဂဏန်းများ ကံစပ်သည်။

**ကြာသပတေးသားသမီးများ**

ဇန်နဝါရီလတွင် ၁၃၊ ၁၆၊ ၁၇၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

စိတ်ကျန်းမာရေးညံ့သူများကို မရရအောင်ရှာဖွေ၍ ငွေ၊ အာဟာရ၊ ဆေးရသလိုထောက်ပံ့ပါ။ သူလိုရာကို ထောက်ပံ့ပေးလိုက်ပါ။ ဥပမာ အစားအသောက်စားလိုသူကို အစားအသောက်ဝဝလင်လင်ကျွေးပါ။

ဖေဖော်ဝါရီလတွင် ၂၊ ၉၊ ၃၊ ၇ ဂဏန်းများကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဇန်နဝါရီလတွင် ၁၁၊ ၁၄၊ ၁၈၊ ၂၈ ရက်များမှာထီထိုးပါ။

ယခုလတွင် လမ်းကောင်းစွာမလျှောက်နိုင်သော သက်ကြီးဝါကြီး အနည်းဆုံး (၆) ဦးပြည့်အောင် ဆေး၊ ငွေ၊ အာဟာရ လိုရာကိုလှူပေးပါ။ ပြီးမှ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၄၊ ၈၊ ၅၊ ၇ ဂဏန်းများကံစပ်ပါသည်။

**စနေသားသမီးများ**

ဇန်နဝါရီလတွင် ၁၂၊ ၁၅၊ ၁၈၊ ၂၉ ရက်များမှာ ထီထိုးပါ။

ကျီးများကို အစာကျွေးပါ။ (၉) ကြိမ်ပြည့်အောင်ကျွေးပြီးမှ ထီထိုးပါ။ (တစ်နေ့တည်း (၉) ကြိမ် မဟုတ်ပါ။) အားလျှင်အားသလို (၉) ရက်ရအောင် ကျွေးရပါမည်။ (ကျီးကန်းဟုမပြောရပါ။)

ဖေဖော်ဝါရီလတွင် ၂၊ ၉၊ ၃၊ ၅ ဂဏန်းများ ကံစပ်သည်။

ယခုလ ထီထိုးကြသူများသည် ဇန်နဝါရီ (နှစ်ဦးလ) နှင့် ကိုယ်၏နံသင့်ဂဏန်းတွဲ၍ ပါအောင်ထိုးပါ။ ဥပမာ အင်္ဂါသား ထီထိုးမည်ဆိုလျှင် ဇန်နဝါရီ- (၁) နှင့် အင်္ဂါ- (၃) တွဲ၍ (၁၃) ဂဏန်းပါအောင်ထိုးပါ။ ဗုဒ္ဓဟူးသားထိုးချင်လျှင် (၁၄)၊ ကြာသပတေးသားကထိုးချင်လျှင် (၁၅) ဖြစ်ရပါမည်။


ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com

ညောဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-10) ပန္နက်ပုံကြမ်း




အညွှန်း၊

ကျောက်အဆောက်အအုံ ပန္နက်ပုံအစိတ်အပိုင်း

ကျောက်တုံးအပိုင်းအစများ

ကျောက်ဆစ်ထက်ရာများ

# ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

# နန်းဦးစေတီကုန်း

ညောဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-10) နန်းဦးစေတီတော်ကုန်းသည် ညောဝတီမြို့ဟောင်းအတွင်းသတ် နန်းတော်တောင်ဘက် အုတ်ရိုးအတွင်တည်ဆောက်ထားသောစေတီတော်ကုန်းတစ်ကုန်းဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်က တူးဖော် သုတေသနပြုလုပ်ခဲ့သောညောဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-4) ၏ တောင်ဘက်၊ ညောဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-1) ၏ အနောက်တောင်ဘက်မှ (၁၅၀၀) အကွာခန့် နန်းတော်ရာ၏ တောင်ဘက်အုတ်ရိုးပေါ်တွင် တည်ရှိပါသည်။ G.P.S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် "20° 51' 52.38"၊ အရှေ့လောင်ဂျီတွဒ် 93 34' 9.89" တွင် တည်ရှိပါသည်။ မြေတိုင်းဦးစီးဌာန၏ မြေပုံအရ ညောင်ချောင်းကွင်းတွင် ကျရောက်ပါသည်။

တူးဖော်သုတေသန ပြုလုပ်သည့် ညောဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-10) ၏ အရှေ့ဘက်တွင် ရန်ကုန် - စစ်တွေကားလမ်းကြီး၊ လယ်ကွင်းများနှင့် တောင်တန်းများ၊ တောင်ဘက်တွင် ဆည်မြောင်းပေါင်များနှင့် လယ်တွင်းပြင်များ၊ အနောက်ဘက်တွင် လယ်ကွင်းများနှင့် ညောင်ချောင်းကျေးရွာမြောက်ဘက်တွင် ညောဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-4) မဟာမြတ်မုနိဘုရားကြီးနှင့် လယ်ကွင်းများ ရထားလမ်းဖြင့် ဝန်းရံနေပါသည်။ တူးဖော်သုတေသနပြုလုပ်နေသည့် နန်းတော်ဦးစေတီတော်ကုန်းနှင့် အနီးမဝေးတောင်ဘက်တွင် သောက်သုံးရေကန်ဟောင်းကြီးတစ်ကန် တည်ရှိပါသည်။

ညောဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-10) တူးဖော်မှုလုပ်နေသည့်ကုန်းမှာ အရှေ့-အနောက် (၉၀) ပေခန့်၊ တောင်-မြောက် (၆၀) ပေခန့် ဘဲဥပုံစံရှိသော ကုန်းမြင့်ကြီးတစ်ကုန်းဖြစ်ပါသည်။ ကုန်း၏အမြင့်ကို ပတ်ဝန်းကျင်မြေရှိ အနိမ့်ဆုံးနေရာမှ

www.burmeseclassic.com


တိုင်းလျှင် (၁၂) ပေခန့် မြင့်ပါသည်။ မတူးဖော်မီ ကုန်းပေါ်တွင် ပေါက်ပင်များနှင့် အခြားအပင်များ ပေါက်ရောက်လျက်ရှိပါသည်။

တူးဖော် သုတေသန ပြုလုပ်နေသည့် ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-10) ကို ဒေသခံများက နန်းဦးစေတီတော်ကုန်းဟူ၍ အစဉ်အလာခေါ်ဝေါ်လာခဲ့ကြပါသည်။ နန်းဦးစေတီတော်ကုန်းတော်ကို ဒေသခံရဟန်းတချို့က မကြာခဏ စေတီတော်အသစ်တည်ဆောက်ရန် ကြိုးစားခဲ့ကြပါသည်။ သို့သော်လည်း ဒေသခံ ရှေးဟောင်းသုတေသနဝန်ထမ်းများက တားဆီးထားသောကြောင့် အသစ်တည်ဆောက်ရန်မရရှိဘဲ မူလလက်ရာအတိုင်း ကျန်ရှိနေသော စေတီတော်ကုန်းတစ်ကုန်းပင် ဖြစ်ပါသည်။ ဤစေတီတော်ကို မြောက်ဦးခေတ် ပျက်သုဉ်းပြီးနောက် အဖျက်အဆီးအမျိုးမျိုးခံရကာ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း သိုက်တူးဆရာများ၏ သိုက်တူးဖော်ခြင်းနှင့် ကုန်းအနီးတစ်ဝိုက်ရှိ လယ်သမားများ လယ်ကန်သင်းပေါင်ပြုလုပ်သည့်အခါ စေတီတော်ပေါ်မှ သဲကျောက်တုံးများကို ဖော်ယူသယ်ဆောင်၍ အသုံးပြုခြင်းများကိုလည်းခံခဲ့ရပါသည်။ စေတီတော်၏အတွင်းလိုဏ်ထဲတွင် သိုက်တူးဆရာများ၏ သိုက်တူးမှုကြောင့် မုခ်ကပ်အတွင်းရှိ သဲကျောက်များနှင့် ထုဆစ်ထားသော ဘုမိဖဿမုဒြာဆင်းတုတော်များ၊ ကြာပလ္လင်များသည်လည်း ကျိုးကြေပျက်စီးနေသည်ကို တူးဖော်တွေ့ရှိခဲ့ရပါသည်။


ဓညဝတီမြို့ဟောင်းအတွင်းရှိ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-10) ကို မတူးဖော်မီကတည်းက ဘုရားကုန်းတစ်ကုန်းဟု ထင်ရှားစွာသိမြင်သည်အတွက်ကြောင့် ကုန်းတစ်ခုလုံးကိုခြုံငုံ၍ အလယ်နေရာမှ ငံလေးစိတ်ခွဲပြီး Quadra System ကို အခြေခံကာ တူးဖော်ခဲ့ခြင်းဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-10) ကို တူးဖော်သုတေသနပြုလုပ်ပြီးထွက်ပေါ်လာသော အဆောက်အအုံ၏ ပန္နက်ပုံစံသည် ထောင့်မှန်စတုဂံ ပြုလုပ်ထားသော ရင်ပြင်တံတိုင်းထဲတွင် လိုဏ်ပါသော စေတီတော်တစ်ဆူ တည်ဆောက်ထားသည့် စေတီတော်ပန္နက်ရာကို တွေ့ရှိရပါသည်။ တံတိုင်းရင်ပြင်တော် အရှေ့-အနောက်အရှည် (၆၅) ပေခန့်၊ တောင်-မြောက်အရှည် (၄၉) ပေခန့် ရှိပါသည်။ ရင်ပြင်တော်တံတိုင်း၏အမြင့်မှာ (၃. ၆) ပေအမြင့်ခန့်ရှိပါသည်။ ရင်ပြင်တော်တံတိုင်းအရှေ့ဘက်တွင် ရင်ပြင်တော်ပေါ်သို့တက်ရန်အတွက် ဝင်ပေါက်တစ်ခု ထားရှိပါသည်။ ဝင်ပေါက်၏အကျယ်မှာ (၄) ပေနီးပါးခန့်ရှိပါသည်။ ရင်ပြင်တော်တံတိုင်းဝင်ပေါက်မှဝင်လိုက်လျှင် အလယ်တွင် လိုဏ်ပါသော လေးထောင့်ပုံစံပန္နက်ရှိသည့် စေတီတစ်ဆူ တည်ထားပါသည်။ စေတီတော်ကျန်ရှိနေသေးသည့် အမြင့် (၈) ပေကျော်ခန့် ရှိပြီး ကျောက်စည် (၉) စည်ခန့် ကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။ စေတီတော်အရှေ့ဘက်တွင် လိုဏ်ဝင်တစ်ခုရှိပြီး ဝင်ပေါက်၏အရှည်မှာ (၈) ပေခန့်ရှိပါသည်။ ဝင်ပေါက်သည် အရှေ့၊ အနောက် တစ်တန်းတည်းမဟုတ်ဘဲ မြောက်ဘက်သို့ ဒီဂရီအနည်းငယ်တိမ်းစောင်းနေသည်ကို တွေ့ရှိရပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(DNWD-10) ၏အဆောက်အအုံတည်ဆောက်မှုစနစ်မှာ အောက်ခံဓညဝတီနန်းတော်ရာအုတ်ရိုးပေါ်တွင် မြေပြင်ညီဖြစ်အောင် မြေညှိပြီး ထုဆစ်ထားသော သဲကျောက်တုံးများကို ထောင့်မှန်စတုဂံရှိသော ရင်ပြင်တော်တံတိုင်း၏ မြေတင်ကျောက်ပန္နက်ကို စတင်ပြုလုပ်သည်။ ထိုမြေတင်ကျောက်ပန္နက်ပေါ်တွင် အဆောက်အအုံ၏ ဒုတိယကျောက်စီကို ထပ်မံစီတင်သည်။ ထိုဒုတိယကျောက်စီပေါ်တွင် (၃) လွှာမြောက် ကျောက်စည်ကို အဆောက်အအုံ၏အတွင်းဘက်သို့ (၂) လက်မဆုတ်ပြီး စီတင်ထားသည်။ (၃) လွှာမြောက်ကျောက်စီကို (၂) လွှာမြောက်ကျောက်စီပေါ်တွင် မို့ချောပုံစံထုဆစ်ထားသော မို့ချောကျောက်စီလွှာဖြစ်ပါသည်။ ထိုမို့ချောကျောက်စီလွှာပေါ်တွင် (၄)လွှာမြောက် ခါးဆစ်ကျောက်စီလွှာကို ထပ်မံစီတင်ထားပါသည်။ (၄) လွှာမြောက်ခါးဆစ်ကျောက်စီလွှာပေါ်တွင် (၅)လွှာမြောက် ပေါင်းကျောက်ကျောက်စီလွှာကို အပြင်ဘက်သို့ နှစ်လက်မဆုတ်၍ ထပ်မံပြီး စီတင်ထားပါသည်။ (၆) လွှာမြောက် ကျောက်စီကို (၅) လွှာမြောက်ကျောက်စီထက်တွင် နှစ်လက်မ



(DNWD-10) နန်းဦးစေတီရင်ပြင်တော်တံတိုင်းကျောက်စီ



ဓညဝတီတူးဖော်မှုကုန်း (DNWD-10) နန်းဦးစေတီနံရံကျောက်စီပုံစံ



www.burmeseclassic.com

www.burmeseclassic.com

ခန့် နောက်ဆုတ်၍စီထားပါသည်။ (၆) လွှာမြောက်ကျောက်စီသည် ရိုးရိုးလေးထောင့်သဲကျောက်တုံးမဟုတ်ဘဲ သဲကျောက်တုံး၏ မျက်နှာတစ်ဖက်တွင် အဆစ်ထုတ်ထားသောအဆောက်အအုံကို အလှဆင်ရန်အတွက် ပြုလုပ်ထားသော သဲကျောက်တုံးပင် ဖြစ်ပါသည်။ (၆) လွှာမြောက် ကျောက်စီပေါ်တွင် ရိုးရိုးလေးထောင့်ပုံ ထုဆစ်ထားသော သဲကျောက်တုံးများဖြင့် (၇) လွှာနှင့် (၈) လွှာမြောက် ကျောက်စီကို ထပ်မံစီတင်ထားပါသည်။

အရှေ့-အနောက် (၆၅) ပေခန့်၊ တောင်-မြောက် (၄၉) ပေခန့်၊ အရှည်၊ မြင့် (၂)ပေကျော်ခန့် အကျယ်ရှိသော လေးထောင့်မှန်စတုဂံပုံရှိရင်ပြင်တော်တံတိုင်းပန္နက်ထဲတွင် ကျောက်၊ အုတ်၊ မြေစာများကို ဝမ်းစာရိုက်ပြီး မြေညှိပြုပြင်ထားသော ရင်ပြင်တော်ပေါ်တွင် အတွင်းလိုဏ်ပါသော ကျောက်စေတီတော်တစ်ဆူ တည်ထားသည်ကို တွေ့ရှိရပါသည်။ လိုဏ်ပါစေတီတော်၏ အရှေ့-အနောက် အရှည်(၂၃)ပေခန့်၊ တောင်-မြောက်အရှည် (၁၈)ပေခန့်နှင့် အရှေ့ဘက်မုခ်ထွက်အရှည် (၈) ပေခန့်ရှိပါသည်။ ဝမ်းစာရိုက် မြေညှိပြုပြင်ပြီးသော ရင်ပြင်တော်ပေါ်တွင် ထုဆစ်ထားသော သဲကျောက်တုံးများဖြင့် စေတီတော်၏ မြေတင်ကျောက်ပန္နက်ကို စတင်ပြုလုပ်ပါသည်။ ထိုမြေတင်ကျောက်ပန္နက်ပေါ်တွင် ထုဆစ်ထားသော သဲကျောက်တုံးများကို ထပ်မံပြီးစီတင်သည်။ ပထမကျောက်စီလွှာထက် ဒုတိယကျောက်စီသည်နည်းနောက်ဆုတ်ပြီးစီထားပါသည်။ ဒုတိယကျောက်စီအထက် (၃)လွှာမြောက်ကျောက်စီတွင် မို့ချောလွှာ၏ အောက်ခြေပိုင်းအတွက် ခပ်စောင်းစောင်းထုဆစ်ထားသော သဲကျောက်တုံးကို ထပ်မံပြီး စီတင်ထားပါသည်။ (၄)လွှာမြောက်တွင် မို့ချောလွှာ၏ အထက်ပိုင်းကို ထပ်မံပြီး စီတင်ထားပါသည်။ (၅)လွှာမြောက်တွင် (၄)လွှာမြောက်ကျောက်စီ၏အတွင်းဘက်သို့ (၃) လက်မဆုတ်ပြီး ခါးဆစ်ကျောက်စီလွှာကို ဗိသုကာဆိုင်ရာ အဆင်တန်ဆာများပါသော ထုဆစ်ထားသည့် လေးထောင့်ပုံစံရှိသော သဲကျောက်တုံးကို ထပ်မံပြီး စီတင်ထားသည်။ (၆) လွှာမြောက်ကျောက်စီသည် (၅)လွှာမြောက်ကျောက်စီထက် အပြင်သို့ (၃) လက်မရှေ့ကိုတိုးပြီး ဖောင်းလုံးဖော်ထုဆစ်ထားသော ဗိသုကာဆိုင်ရာ အဆင်တန်ဆာများပါသည့် သဲကျောက်တုံးကို ထပ်မံပြီး စီတင်ထားပါသည်။

ဖောင်းကျောက်အပေါ်မှ ထောင့်ချိုးကျောက်တစ်လုံးကို ပွင့်ဖတ်သဏ္ဍာန်ခပ်ချွန်ချွန်လေးကို တွေ့ရှိရပါသည်။ (၇) လွှာမြောက် ကျောက်စီသည် လေးထောင့်ပုံရှိသော သဲကျောက်တုံးတွင် အောက်ခြေဖောင်းလှိုင်းပါအောင်ထုဆစ်ထားသော ဗိသုကာဆိုင်ရာ သဲကျောက်တုံးကို (၆) လွှာမြောက် ကျောက်စီပေါ်တွင် ထပ်မံပြီးစီတင်ထားသည်။ (၇) လွှာမြောက်ကျောက်စီပေါ်တွင် (၈) လွှာမြောက်နှင့် (၉) လွှာမြောက် ကျောက်စီတို့ကို ထပ်မံပြီးစီတင်ထားပါသည်။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-10) တူးဖော်သုတေသနပြုလုပ်ရာတွင် ရင်ပြင်တော်အထက်ရှိ လိုဏ်ပါသောစေတီတော်ကို ကျောက်စီ(၉)စီထိသာ တူးဖော်တွေ့ရှိခဲ့ရပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.10) ၏ မြေလွှာဖွဲ့စည်းမှုနှင့် အဆောက်အအုံ၏သမိုင်းကြောင်းကို သိရှိနိုင်ရန်အတွက် ရင်ပြင်တော်၏ပန္နက်အောက်ခြေနှင့်ကပ်လျက်နေရာကိုရွေးချယ်၍ မြေလွှာစမ်းသပ်တူးဖော်မှု ပြုလုပ်ခဲ့ပါသည်။ ထိုကဲ့သို့ မြေလွှာတူးဖော်သုတေသနပြုရာတွင် ဤဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-10) ၌ မြေလွှာ(၆)လွှာကို တူးဖော် တွေ့ရှိရပါသည်။

မြေလွှာအမှတ်(၁) ရေ၊ လေ၊ မြေနှင့် သစ်မြစ်သစ်ဆွေးတို့မှပို့ချထားသော အပေါ်ယံသစ်မြစ်ဆွေးရော မြေလွှာပင် ဖြစ်ပါသည်။


မြေလွှာအမှတ်(၂)သည် သစ်မြစ်သစ်ဆွေးရော မြေလွှာအောက်တွင်ရှိသော ပို့ချမြေလွှာပင် ဖြစ်ပါသည်။ ဤမြေလွှာသည် မူလအဆောက်အအုံပြိုကျပျက်စီးပြီးနောက် နှစ်ကာလကြာလာသောအခါ ပို့ချထားသောမြေလွှာတစ်ခုပင် ဖြစ်သည်။

မြေလွှာအမှတ် (၃) သည် ထိုပို့ချမြေလွှာအောက်တွင်ရှိသော ရင်ပြင်တော်တံတိုင်း၏ မြေတင်ပန္နက်ချရန်အတွက် အုတ်ကျိုး၊ ကျောက်စများနှင့် သိပ်သည်းကျစ်လျစ်အောင် ပြုလုပ်ထားသောမြေလွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ် (၄) သည် သိပ်သည်းမြေလွှာအောက်တွင်ရှိသော ဓညဝတီမြို့ဟောင်း၏ နန်းတော်ရာအုတ်ရိုးဖြစ်ပါသည်။ ထိုမြေလွှာသည် ဓညဝတီမြို့ဟောင်းနန်းရိုး၏ အုတ်စီလွှာပင် ဖြစ်ပါသည်။


မြေလွှာအမှတ်(၅)သည် ထိုမြေ

ဓညဝတီတူးဖော်မှုကုန်း (DNWD-10) တောင်ဘက်မှမြေလွှာဖြတ်ပိုင်းပုံဆွဲ



www.burmeseclassic.com

ဥညဝတီတူးဖော်မှုကုန်း (DNWD-10) အနောက်ဘက်မှမြေလွှာဖြတ်ပိုင်းပုံဆွဲ




အညွှန်း

၁ သစ်မြစ်ခွေးရောမြေလွှာ
၂ ပိုမြေလွှာ
၃ ကျောက်တုံးများ ဖရိုဖရဲပြန့်ကျဲနေသောလွှာ
၄ နန်းတော်တံတိုင်းအုတ်စီလွှာ
၅ မြေကျစ်လွှာ
၆ သဘာဝမြေလွှာ
ကျောက်စီတန်း

လွှာအမှတ် (၄)နန်းရိုးအုတ်စီဆင့်များ အောက်တွင် အုတ်စအုတ်နများနှင့် မြေသားကျစ်လျစ်အမာခံဖြစ်အောင် ထုထောင်းထားသော မြေကျစ်လွှာပင်ဖြစ်ပါသည်။

မြေလွှာအမှတ်(၆)သည် မြေလွှာအမှတ် (၅) မြေကျစ်လွှာအောက်တွင် ဝါကြန့်ကြန့်ဖြင့်တွေ့ရှိရသော သဘာဝရွှံ့စေးမြေလွှာပင်ဖြစ်ပါသည်။ ဤကုန်းတွင် မြေလွှာခြောက်လွှာကို တူးဖော်သုတေသနပြုလုပ်၍ တွေ့ရှိရပါသည်။

မညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-10) နန်းဦးစေတီတော်ကုန်းမှ တူးဖော်သုတေသနလုပ်၍ တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းအချို့ကို ရေးသားဖော်ပြရမည်ဆိုပါလျှင် အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပါသည်။

စေတီတော်လိုဏ်ဝင်းလမ်းနေရာအနားမှ တူးဖော်တွေ့ရှိရသော ကျောက်တုံးပေါ်တွင် ထွင်းထုထားသည့် ရခိုင်ဗျာလရုပ်လက်ရာကို ကူးယူရေးဆွဲထားသော ဆွဲလက်ရာပင် ဖြစ်ပါသည်။ ပုံ(၁) မူရင်းဗျာလရုပ်ထွင်းထုထားသော ကျောက်တုံးအမြင့်မှာ (၄၁) cm ခန့်၊ အရှည် (၆၅) cm ခန့်နှင့် ကျောက်တုံးအထု (၂၂) cm ခန့်ရှိပါသည်။ ဗျာလရုပ်အကြီးဆုံးကို အောက်ဆုံးမှခံထားပြီး ခါးကွ၍ နှာမောင်းကို အပေါ်ထောင်ထားသည့်ဟန် တွေ့ရှိရပါသည်။ တိုက်ခိုက်ဟန်ဗျာလဟုပြောရမည်ပင် ဖြစ်ပါသည်။

ဗျာလရုပ်ကြီးဦးခေါင်းထိပ်တွင် မကိုဋ်သရဖူဆောင်းထားသကဲ့သို့ စိတ္တလက်ာရအနုပန်းလက်ရာများဖြင့် အလှဆင်ဖန်တီးထားပါသည်။ နှာမောင်းထိပ်ဖျားကို ပေါက်မည်ဟန်အခွဖော်ထားပြီး နှာမောင်းအလယ်လောက်တွင် လှိုင်းတွန့်ကလေးနှစ်တွန့်ဖြင့် အလှဆင်ထားပါသည်။ အစွယ်ကိုလည်း အထက်ထောင်ထားပါ၏။ ပါးစပ်ထဲတွင် သွားစွယ်များ၊ သွားများ အစီအရီတွေ့ရှိရပြီး စိတ္တလက်ာရအနုလက်ရာ ပန်းခက်တစ်ခက်ကိုကိုက်ထားပါသည်။ မုတ်ဆိတ်ကိုလည်း ပန်းခက်ဖြင့် အလှဆင်ထားပါ၏။ မေးရိုးနှင့် နားရွက်ကိုပါ ပန်းလိပ်များဖြင့် တန်ဆာဆင်ထားပါသည်။ ခြေထောက်နှင့် လက်များမှာ ခုန်ပေါက်နေသည့်ဟန် တွေ့ရှိရပါသည်။ အမြီးကတော့ ပျက်စီးသွားသည်ကို တွေ့ရှိရပါ၏။ မျက်လုံးကို မျက်ရစ်၊ မျက်ခုံးများနှင့် သေချာစွာ တွေ့ရှိရပါသည်။

ဗျာလကြီးကိုက်ထားသော ပန်းခက်ပေါ်တွင် ဗျာလငယ်ကို တွေ့ရှိရပါသည်။ ဗျာလငယ်မှာ အမြီးထောင်၍ မျက်နှာနောက်လှည့်ကာ ငြိမ်းချမ်းသည့်အသွင်ဆောင်နေသည့်ဟန် တွေ့ရှိရပါသည်။ပါးစပ်တွင် စိတ္တလက်ာရအနုလက်ရာ ပန်းကနုတ်ခက်ကိုကိုက်ထားပြီး ဦးခေါင်းထက်တွင်လည်း မိုးထားပါသည်။ ဗျာလငယ်မှာ နှာမောင်းတို့၊ အစွယ်တို့ မပါရှိဘဲ အမောက်နှင့်မုတ်ဆိတ်မွေးလေးဖြင့်သာ တွေ့ရှိရပါသည်။ ဗျာလငယ်၏ ညာဘက်လက်နှင့် ဘယ်ဘက်ခြေကို ထောက်ကိုမြှောက်ထားပါသည်။ ဗျာလငယ်မှာ ချစ်စရာကောင်းလှပါ၏။

ဗျာလကြီးတင်ပါးထက်တွင် ဖောင်းဆင့်အပေါ်၌ ဗျာလငယ်လေးထစ်ကောင်




ပုံ (၁)



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ရှိရပါသေးသည်။ ပန်းခက်လေး ပေါ်တွင် ရပ်နေသည့်ဟန် တွေ့ရှိရပါသည်။ ဗျာလလို့သာ သူများပြောတိုင်း ထိုက်ရေးရသော်လည်း ခြေထောက်၊ အမြီး၊ တောင်ပံပုံသဏ္ဌာန်မှာ ကြက်၊ ငှက်ပုံသဏ္ဌာန်များနှင့် တူနေသည်ကို တွေ့ရှိရပါသည်။ ကြက်၊ ငှက် ဗျာလရုပ်လေးဟု ပြောရမည်ပင်ဖြစ်ပါသည်။ ဤဗျာလရုပ်များမှာ မုခ်တံကဲမှ ပဲ့ကျလာသောအရုပ်များ ဖြစ်ဟန်တူပါသည်။ ဓညဝတီမြို့ဟောင်းဧရိယာထဲတွင် ဗျာလရုပ် မတွေ့ရှိရသလောက်ပင်။ ဤဗျာလရုပ်များမှာ ဓညဝတီမြို့ဟောင်းဧရိယာမှ ဓညဝတီခေတ်၏ အစောဆုံး တွေ့ရှိရသော ရခိုင်ဗျာလရုပ်လက်ရာများပင်ဖြစ်ပါသည်။


ပုံ(၂)သည် သဲကျောက်မာပလ္လင်အပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာ ပလ္လင်အပိုင်းအစတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၂)နဂိုမူရင်းကျောက်ဆစ်လက်ရာအမြင့် (၁၄) cm ခန့်၊ အရှည် (၄၈) cmခန့်နှင့် အထူ(၃၀) cm ခန့်ရှိပါသည်။ ဤပလ္လင်အပိုင်းအစလက်ရာကျောက်တုံးမှာ ဤကုန်းတွင်ရှိသမျှကျောက်များထက် ပိုမာသည်ကို တွေ့ရှိရပါသည်။ လက်ရာမှာလည်း ဤကုန်းတွင် အများဆုံး တွေ့ရှိရသော ပလ္လင်ပွင့်ဖတ်များနှင့်မတူဘဲ ဝေသာလီခေတ်လက်ရာများနှင့် တူသည်ကို တွေ့ရှိရပါသည်။ အောက်ဖောင်းနှစ်ဆင့်၊ အပေါ်ဖောင်းတစ်ဆင့်ကြား၌ နှစ်ထပ်ပွင့်ဖတ်အကြီး၊ အလတ်၊ အငယ်သုံးမျိုးဖြင့် တန်ဆာဆင်ထားပါသည်။ ဤကုန်းမှတွေ့ရှိသော ကျောက်အလတ်ပလ္လင်အစိတ်အပိုင်းများထဲတွင် ထူးခြားသောလက်ရာတစ်ခုဖြစ်သည်ဟု ပြောရမည်ပင်။

ကျောက်ပလ္လင်ခါးလယ်အဆစ်မှကျောက်ဆစ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၃)မူရင်းလက်ရာအမြင့် (၁၁) cmခန့်၊ အကျယ် (၃၄) cmခန့်နှင့် ကျောက်တုံးနောက်ဆွဲအထု (၄၈) cm ခန့်ရှိပါသည်။ ပလ္လင်ခါးလယ်ဆစ်အပိုင်းအစလက်ရာမှာ အပေါ်ဆုံးတွင် ဖောင်းလုံးရှည်တစ်ဆင့်တွေ့ရှိရပြီး ဖောင်းလုံးရှည်အောက်တွင် ပွင့်ဖတ်ငယ်ကလေးများဖြင့် အစီအရီ အလှဆင်ထားပါ၏။ ပွင့်ဖတ်ငယ်များအောက်တွင် ရွှေးလုံးတန်းကြီးတစ်ခုကို တွေ့ရှိရပါသည်။ ရွဲလုံးတန်းကြီးတွင် ရွဲလုံးအကောင်းနှစ်လုံးသာ ကျန်ရှိပါတော့သည်။ ရွဲလုံးတန်းကြီးအောက်တွင် နှစ်ထပ်ပွင့်ဖတ်များ၊ ကြားညှပ်ပွင့်ဖတ်လေးများဖြင့် ထပ်မံ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ကျောက်ပလ္လင်ခါးဆစ်အပိုင်းအစလက်ရာမှာ အနုစိတ်လှသည့် လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ(၄)လက်ရာသည်လည်း ကျောက်ပလ္လင်အောက်ပိုင်းလက်ရာများ ဖြစ်သည်ဟု ခန့်မှန်းရပါသည်။ ထိုလက်ရာကို ပုံ (၄) တွင် ရှေ့အမြင်ကျောက်တုံးနောက်ဆွဲအထူတို့ကို ပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ ပုံ (၄) နဂိုမူရင်းကျောက်ဆစ်လက်ရာအမြင့် (၂၀) cm ခန့်၊ အရှည် (၃၅) cm ခန့်နှင့် ကျောက်တုံးနောက်ဆွဲအထူ (၅၀) cm ခန့် ရှိပါသည်။ ကျောက်ဆစ်လက်ရာထဲတွင် ကြားညှပ်ပွင့်ဖတ်ရှည်သုံးဖတ်နှင့် ပွင့်ဖတ်ရှည်ကြီးသုံးဖတ်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ်ရှည်ကြီးတွင် နှစ်ဆင့်တွေ့ရှိရပြီး အပေါ်ဆင့်ပွင့်ဖတ်တို့တွင် နှစ်ဆင့်ထပ်၍ ထောင့်ဖော်ထားပါသည်။ အောက်ဆင့်ပွင့်ဖတ်ရှည်ကြီးတွင် သုံးဆင့်ထပ်၍ ထောင့်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၄) လက်ရာသည်လည်း လက်ရာမြောက် အနုစိတ်လှသောပလ္လင်အောက်ပိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။


မုခ်တံကဲ့မှ ပဲ့ထွက်လာသော ကျောက်ဆစ်လက်ရာအပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၅)ပုံဆွဲမူရင်းကျောက်ဆစ်လက်ရာအမြင့် (၂၃) cm ခန့်၊ အကျယ်(၃၅)cmခန့်နှင့် ကျောက်တုံးအထူ (၁၇) cmခန့်ရှိပါသည်။ မုခ်တံကဲမှ ပုစွန်းကွေးဖောင်းလုံးကြီးအပိုင်းအစဖြစ်ဟန်တူပါသည်။ ဖောင်းလုံးကြီးကို ထောင့်ဖော်ထားပြီး ဖောင်းလုံးကြီး

ပုံ (၂)





ပုံ (၃)




ပုံ (၄)




ပုံ (၅)



www.burmeseclassic.com

www.burmeseclassic.com

အထက်မှ အနားသတ်ဖောင်းလုံးငယ်တစ်ထပ်ဖြင့် ထပ်ကွပ်ထားသည်ကိုတွေ့ရှိရပါသည်။ ပုံ (၅) လက်ရာမှာ ရိုးရိုးရှင်းရှင်းလေးသာတွေ့ရှိရပါသည်။

စဥ့်ရည်သွန်းကြေးဆင်းတုလက်ရာကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၆) မူရင်းစဥ့်ရည်သွန်းကြေးဆင်းတုလက်ရာအမြင့် (၃ ၁/၂) cm ခန့်၊ ပခုံးနှစ်ဖက်အကျယ် (၁ ၁/၂) cmခန့်၊ ဒူးစွန်းနှစ်ဖက်အကျယ် (၂ ၁/၄) cm ခန့်၊ အထူ(၁ ၁/၄)cmခန့်နှင့် စမခံအကျယ် (၃) cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ကြေးဆင်းတုပေါ် သွန်းထားသော စဥ့်ရောင်မှာ အစိမ်းရောင်ဖြစ်ပါသည်။မုဒြာအနေအထားမှာ ဘူမိဖဿမုဒြာအနေအထားမျိုး ဖူးတွေ့ရပါ၏။ ပုံ (၆) တွင် ရှေ့မြင်၊ ဘေးမြင်အထူနှင့် နောက်မြင်အနေအထားသုံးမျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။





စဥ့်ရည်သွန်းကြေးဆင်းတုတော်ငယ်ရှေ့မြင်အနေအထားမှာ ဦးခေါင်းတော်၊ မျက်နှာတော်ရှိ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့မှာ သဘောလောက်သာတွေ့ရှိရပါသည်။ ဦးတော်ထိပ်မကိုဋ်တော်မှာ ခပ်ချွန်းချွန်းလေးတွေ့ရှိရပြီး နားရွက်နှစ်ဖက်လည်းကား၍ သဘောလောက်သာ တွေ့ရှိရပါသည်။ ဘယ်ဘက်လက်တော်ကိုကွေး၍ ညာဘက်ခြေထောက်ပေါ်တွင် ထပ်တင်ထားပါသည်။ ညာဘက်လက်ကိုချ၍ လက်ဖျားကို ပလ္လင်ပေါ်တွင်ထိထားပါသည်။ ခြေနှစ်ချောင်းကိုထပ်၍ထိုင်ထားပါ၏။ ပလ္လင်တော်မှာ ရိုးရိုးဖောင်းနှစ်ဆင့်ဖြင့်သာ တွေ့ရှိရပါသည်။


ဆင်းတုတော်နောက်ကျောအမြင်မှာ ဦးတော်ထိပ်မကိုဋ်တော်ချွန်းပြီး နားနှစ်ဖက်ကားနေပါသည်။လက်နှစ်ချောင်းအရာသာတွေ့ရှိရပြီး တင်ပဆုံကားနေသည်ကိုတွေ့ရှိရပါသည်။ ပလ္လင်တော်မှာ ဖောင်းနှစ်ဆင့်ဖြင့်သာ တွေ့ရှိရပါသည်။ ဤစဥ့်ရည်ဆမ်းကြေးဆင်းတုတော်နှင့် ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-8) မှ တူးဖော်တွေ့ရှိရသော ဦးတော်မှဲ့စဥ့်ရည်ဆမ်းကြေးဆင်းတုနှစ်ဆူတို့ စဥ့်ရောင်တူနေသည်ကို တွေ့ရှိရပါသည်။ အရွယ်အစားမှာ ဦးတော်မှဲ့စဥ့်ရည်ဆမ်းကြေးဆင်းတုနှစ်ဆူက ပိုကြီးသည် ဟုဆိုရမည်ပင်။ မုဒြာဟန်လည်း ကွဲပြားပါ၏။ သို့သော်လည်း စဥ့်ရည်ဆမ်းကြေးဆင်းတုလက်ရာအမျိုးအစားတော့တူသည်ကိုတွေ့ရှိရပါသည်။ ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းများထဲမှ (DNWD-8)နှင့် (DNWD-10) တို့မှ စဥ့်ရည်ဆမ်းကြေးဆင်းတုသုံးဆူ ထူးခြားစွာ တူးဖော်တွေ့ရှိရသည်ဟု မှတ်တမ်းတင်ရမည်ပင် ဖြစ်ပါသည်။

စေတီလိုဏ်ဝင်ဝမြောက်ဘက်နား၌ ကပ်၍တူးဖော်တွေ့ရှိရသောကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၇)၏ မူရင်းကျောက်ဆစ်လက်ရာမှာ သဲကျောက်တွင် ထွင်းထုထားပြီး အမြင့် (၄၀) cmခန့်၊ အကျယ် (၂၃) cmခန့်နှင့် အထူ (၂၈) cmခန့်ရှိပါသည်။ ပုံဆွဲ (၇) တွင် ရှေ့မျက်နှာပြင်လက်ရာနှင့် ကျောက်တုံးနောက်ဆွဲအထူကိုဆွဲပြထားပါသည်။ ဖောင်းလုံးကြီးတစ်လုံးအထက်တွင် စိတ္တလက်ာရပန်းကနုတ်လိပ်လေး အကြီး၊ အလတ်၊ အငယ်၊ သုံးခက်နှင့် ပန်းရွက်ရှည်တစ်ခုကို တွေ့ရှိရပါ၏။ ပုံ(၇)မူရင်းကျောက်သစ်လက်ရာသည်လည်း စေတီတော်မုခ်မှ ပဲ့ထွက်လာသော လက်ရာတစ်ခုဖြစ်သည်ဟု ခန့်မှန်းရပါသည်။ လက်ရာမှာ ရိုးသလိုလိုနှင့် ဆန်းသည့်လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၈) မှာ ဆင်းတုတော်ရင်အုပ်တော်အပိုင်းအစဟု ခန့်မှန်းရသော ကျောက်တုံးကို ရှေ့မြင်၊ ဘေးမြင်ပုံဆွဲနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၈) မူရင်းဆင်းတုတော်အပိုင်းအစကို သဲကျောက်ဖြင့်ထွင်းထုထားပြီး အမြင့်(၄၀) cmခန့်၊ အကျယ် (၄၀) cmခန့်နှင့် အထူ (၂၀) cmခန့်ရှိပါသည်။ ဆင်းတုတော်အပိုင်းအစလက်ရာတွင် အပေါ်ပိုင်း၌ လည်ရစ်နှစ်ရစ်ကျန်ရှိသည်ကို တွေ့ရှိရပါသည်။

ကျောက်ဆင်းတုတော် ဦးခေါင်းအပိုင်းအစဟု ခန့်မှန်းရသော လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲ







www.burmeseclassic.com

www.burmeseclassic.com

တ်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၉) တွင် ဘေးမြင်၊ အထူအမြင်နှစ်မျိုးဖြင့် ရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၉)ပုံဆွဲ၏ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၂၁) cmခန့်၊ အကျယ်(၂၂)cmခန့်နှင့် အထူ(၁၅)cm ခန့်ရှိပါသည်။ ဆင်းတုတော်ဦးတော်အပိုင်းအစ၏အပေါ်ဆုံးတွင် မဏိတော်အပိုင်းအစကို တွေ့ရှိရပြီး ဦးတော်မှာ အချောတွေ့ရှိရပါသည်။ နဖူးသင်းကျစ်တော်ဖောင်းရစ်နှစ်ဆင့်နှင့် နားတော်အပဲ့အစတစ်ခု၊ မျက်ခုံးတန်းတစ်ခုကိုသာ မြင်တွေ့ရပါသည်။ စေတီတော်တောင်ဘက်မုခ်ကပ်ဘောင်အထက်တွင် တွေ့ရှိရသော ဦးတော်ကျိုးလက်ရာအပိုင်းအစတစ်ခုပင် ဖြစ်ပါသည်။


ပုံ (၁၀) မှာ စေတီတော်လိုဏ်ဂူတော်ထဲတွင် တူးဖော်တွေ့ရှိရသော ဆင်းတုတော်တင်ပဆုံပိုင်းကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ပုံ (၁၀) တွင် ဆင်းတုတော်တင်ပဆုံအထူနှင့် အပေါ်စီအမြင်ကို ရေးဆွဲထားပါသည်။ ဤဆင်းတုတော်အပိုင်းအစကို သဲကျောက်ဖြင့် ထုဆစ်ထားပြီး မူရင်းလက်ရာအမြင့် (၄၀) cmခန့်၊ အကျယ် (၈၀) cmခန့်နှင့် အထူ (၂၄) cmခန့်ရှိပါသည်။ တင်ပဆုံးပိုင်းပေါ်တွင် ညာဘက်ဘက်ပိုင်း၊ ဘယ်ဘက်လက်ပိုင်းနှင့် ညာဘက်ခြေဖဝါးတော်တို့ကိုသာ တွေ့ရှိရပါသည်။ ညာဖက်ခြေဖဝါးတော်မှာ ခြေချောင်းများကို ခြေဆစ်ကလေးများကအစ အသေးစိတ်တွေ့ရှိရပါသည်။ ဖဝါးပြင်ပေါ်တွင်လည်း ခြေခဏာတော် အရေးအကြောင်းများကို အသေးစိတ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၁၀) တင်ပဆုံပိုင်းပေါ်တွင် ခြေဖဝါးတော်လက်ရာများ အနုစိတ်လက်ရာမြောက်လှသည်ကို စိတ်ဝင်စားစရာ တွေ့ရှိရပါသည်။

ပလ္လင်တော် ခါးဆစ်လက်ရာဖြစ်တန်ရှိသောကျောက်တုံးမှာ ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၁၁)တွင် ပလ္လင်တော်ခါးဆစ်ဘယ်ရှေ့မြင်လက်ရာနှင့် ကျောက်တုံးနောက်ဆွဲအထူကို ရေးဆွဲဖော်ပြထားပါသည်။ ပုံ(၁၁) မူရင်းကျောက်ဆစ်လက်ရာအမြင့် (၁၂) cmခန့်၊ အရှည် (၃၀) cmခန့်နှင့် ကျောက်တုံးနောက်ဆွဲအထူ (၁၅) cmခန့်ရှိပါသည်။ ကျောက်ဆစ်လက်ရာအပေါ်တွင် ပွင့်ဖတ်ငယ်လေးများဖြင့် အစီအရီအလှဆင်ထားပြီး ပွင့်













ဖတ်ငယ်များအောက်တွင် ရွဲတန်းကြီးတစ်တန်း တွေ့ရှိရပါသည်။ ရွဲတန်းကြီးတွင် ရွဲလုံးသုံးလုံးခန့်သာ အရာကျန်ရှိပါတော့သည်။ ကျန်ရွဲလုံးများပဲ့ကျသွားသည့်အရာကိုသာတွေ့ရှိရပါ၏။ ရွဲတန်းအောက်တွင် နှစ်ထပ်ပွင့်ဖတ်များနှင့် ကြားညှပ်ပွင့်ဖတ်ငယ်ကလေးများဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ပုံ (၁၁) လက်ရာမှာ အနုစိတ်လှသည်ကို တွေ့ရှိရပါ၏။

ပုံ(၁၂)သည်လည်း ကျောက်ပလ္လင်တော် ခါးဆစ်လက်ရာကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ပုံ (၁၂) ပုံဆွဲလက်ရာတွင် ကျောက်ဆစ်လက်ရာရှေ့အမြင်နှင့်ကျောက်တုံးနောက်ဆွဲအထူကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းကျောက်ဆစ်လက်ရာကို သဲကျောက်ဖြင့် ထုဆစ်ထားပြီး အမြင့် (၁၀) cmခန့်၊ အရှည် (၅၀) cmခန့်နှင့် နောက်ဆွဲကျောက်တုံးအထူ(၃၀)cmခန့်ရှိပါသည်။ ပလ္လင်ခါးဆစ်ကျောက်ဆစ်လက်ရာ ရှေ့မြင်အပေါ်ပိုင်းနှစ်ထပ်ပွင့်ဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီတွေ့ရှိရပါသည်။ ထိုပွင့်ဖတ်များအောက်တွင် ရွဲတန်းကိုတွေ့ရှိရပါ၏။ ရွဲတန်းတွင် အကောင်းရွဲလုံးသုံးလုံးနှင့် အရာရွဲလုံးတစ်လုံးကျန်ရှိပြီး ကျန်လက်ရာများမှာ ပျက်စီးသွားသည်ကို တွေ့ရှိရပါသည်။ ရွဲတန်းအောက်တွင် ပွင့်ဖတ်ငယ်ကလေးများဖြင့် အလှဆင်ထားပါသည်။ ပုံ(၁၂) လက်ရာသည်လည်း အနုစိတ်လှသည်ကို တွေ့ရှိရပါသည်။


စေတီလိုဏ်ဂူတော်တောင်ဘက်နံရံမုခ်ကပ်ထဲမှ တူးဖော်တွေ့ရှိရသော





www.burmeseclassic.com

www.burmeseclassic.com

ဆင်းတုတော်အကျိုးအပဲ့ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ပုံ (၁၃) ပုံဆွဲလက်ရာတွင် ဆင်းတုတော်ကျိုးရှေ့မြင်နှင့် ဘေးမြင်ကို ပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ ပုံ (၁၃) မူရင်းလက်ရာကို သဲကျောက်ဖြင့် ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။ မူရင်းဆင်းတုတော်ကျိုးအမြင့် (၇၀) cmခန့်၊ အကျယ် (၉၀) cmခန့်နှင့် အထု (၅၀) cmခန့် ရှိပါသည်။ ဆင်းတုတော်ကျိုးမှာ ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် တင်ပဆုံပိုင်းတွင် လက်ချောင်း၊ ခြေချောင်းများအနည်းငယ်ကိုသာ တွေ့ရှိရပါသည်။ ဤဆင်းတုတော်ကျိုးကိုကြည့်ခြင်းအားဖြင့် သိုက်ဆရာများ၏လက်ရာမှာ မည်ကဲ့သို့ပြောင်မြောက်သည်ကို ခန့်မှန်းနိုင်ပါသည်။ ဤဆင်းတုတော်အစိတ်အပိုင်းကို စေတီတော်လိုဏ်ဂူတောင်ဘက်နံရံမုခ်ကပ်သဲတွင် တွေ့ရှိနိုင်ပါသည်။




ပုံ(၁၄)မှာ ကျောက်ပလ္လင်အပေါ်အစိတ်အပိုင်းလက်ရာဟု ယူဆရသော ကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ဤကျောက်ဆစ်လက်ရာကို ပုံ(၁၄)တွင် ကျောက်ဆစ်လက်ရာရှေ့မြင်နှင့် နောက်ဆွဲအထုကို ရေးဆွဲဖော်ပြထားပါသည်။ ပုံ (၁၄) မူရင်းကျောက်ဆစ်လက်ရာအမြင့် (၂၄) cmခန့်၊ အကျယ် (၂၅)cm ခန့်နှင့် ကျောက်တုံးနောက်ဆွဲအထု(၄၅) cmခန့်ရှိပါသည်။ ကျောက်ဆစ်လက်ရာကို အပေါ်ဖောင်း၊ အောက်ဖောင်းခံ၍ အလယ်တွင် ကြာညှပ်ပွင့်ဖတ်ရှည်နှင့် နှစ်ဆင့်ပွင့်ဖတ်ရှည်ကြီးများဖြင့် အလှဆင်ထားပါသည်။ ပွင့်ဖတ်ရှည်ကြီးများကို နှစ်ဆင့်တွေ့ရှိရပါသည်။ အပေါ်ဆင့်များတွင် ပွင့်ဖတ်ရှည်ကြီးသုံးထပ်ဖော်ထားပြီး အောက်ဆင့်တွင် နှစ်ထပ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ(၁၄) မူရင်းလက်ရာကို သဲကျောက်ဖြင့်ထုဆစ်ထားပြီး လက်ရာမြောက်လှသည်ကို တွေ့ရှိရပါသည်။

ကျောက်ပလ္လင်အောက်ဆင့်မှလက်ရာဟုခန့်မှန်းရသော ကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၁၅) ပုံဆွဲ၏ မူရင်းကျောက်ဆစ်လက်ရာမှာ အမြင့် (၂၀) cm ခန့်၊ အကျယ် (၃၀) cmခန့်နှင့် ကျောက်တုံးနောက်ဆွဲအထု (၃၉) cmခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၅) တွင် ကျောက်ဆစ်လက်ရာ၏ နောက်ဆွဲအထုနှင့် ရှေ့မြင်လက်ရာကို ရေးဆွဲဖော်ပြထားပါသည်။ ရှေ့မြင်လက်ရာတွင် နှစ်ဆင့်ပွင့်ဖတ်ရှည်ကြီးများနှင့် ကြာညှပ်ပွင့်ဖတ်ရှည်များကို တွေ့ရှိရသော်လည်း နှစ်ဆင့်ပွင့်ဖတ်ရှည်များတွင် အပေါ်ဆင့်ကို ပီပြင်စွာမတွေ့ရှိနိုင်တော့ပေ။ အောက်ဆင့်ပွင့်ဖတ်ရှည်ကြီးမှာ သုံးထပ်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ လက်ရာမှာ အနုစိတ်လှသည်ကို တွေ့ရှိရပါသည်။


ပုံ(၁၆) သည်လည်း ကျောက်ပလ္လင်အောက်ဆင့်မှလက်ရာဟု ခန့်မှန်းရသောအစိတ်အပိုင်းကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ပုံ(၁၆)တွင် ပလ္လင်အောက်ပိုင်းအစိတ်အပိုင်းလက်ရာကို ရှေ့အမြင်နှင့် နောက်ဆွဲအထုပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါ၏။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၂၀) cmခန့်၊ အကျယ် (၃၇) cmခန့်နှင့် နောက်ဆွဲအထု (၁၆) cmခန့်ရှိပါသည်။ ဤကျောက်ဆစ်လက်ရာတွင် ပွင့်ဖတ်ရှည်ကြီးနှစ်ဖတ်သာကျန်ရှိပြီး ကြာညှပ် ပွင့်ဖတ်ရှည်များမှာ ပီပြင်မှုမရှိတော့ပေ ပွင့်ဖတ်ရှည်ကြီးများတွင် အပေါ်ဆင့် ပီပြင်မှုမရှိတော့ဘဲ အောက်ဆင့်များတ သာ အသေးစိတ်တွေ့ရှိရပါတော့သည်။ အောက်အဆင့်ပွင့်ဖတ်ရှည်ကြီးများတွင် အဖျားကော့၍ အထပ်သုံးထပ်ဖော်ထား သည်ကို တွေ့ရှိရပါသည်။ လက်ရာမှာ အနုစိတ်ထုဆစ်ထားသည်ကို လေ့လာ တွေ့ရှိရပါသည်။

ကျောက်ပလ္လင်ခါးဆစ်လက်ရာ အစိတ်အပိုင်းကိုကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ပုံ(၁၇)ပုံဆွဲ လက်ရာတွင် ကျောက်ပလ္လင်ခါးဆ လက်ရာအစိတ်အပိုင်း၏ ရှေ့အမြင်နှ နောက်ဆွဲအထုကို ရေးဆွဲဖော်ပြထား သည်။ မူရင်းကျောက်ဆစ်လက်ရာအမြ (၁၀) cmခန့်၊ အကျယ် (၂၀) cmခန့် နောက်ဆွဲကျောက်တုံးအထုလည်း ( cm ခန့် ရှိပါသည်။ ဤလက်ရာတွ အပေါ်၌ ပွင့်ဖတ်ငယ်ကလေးများ




www.burmeseclassic.com

www.burmeseclassic.com




**ဓညဝတီတူးဖော်မှုကုန်း (DNWD-10) မှတွေ့ရှိသည့် နန်းဦးစေတီလက်ကျန်ဘေးမြင်ပုံဆွဲအစိတ်အပိုင်း**




**နန်းဦးစေတီပန္နက်ပုံဆွဲ**

အစီအရီအလှဆင်ထားပြီး ပွင့်ဖတ်ငယ်များအောက်တွင် ရွှဲလုံးတန်းကြီးတစ်တန်းခံထားသည်ကို တွေ့ရှိရပါသည်။ ရွှဲလုံးတန်းကြီးတွင် ရွှဲလုံးတချို့ပျက်စီးသွားပြီး နှစ်လုံးသာကျန်ရှိပါတော့သည်။ ရွှဲလုံးတန်းအောက်တွင် နှစ်ထပ်ပွင့်ဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့် အလှဆင်ထားပါသည်။ ပုံ (၁၇) လက်ရာသည်လည်း အနုစိတ်လှသောလက်ရာတစ်ခုပင်ဖြစ်ပါသည်။

ပုံ (၁၈) မှာ ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-10) ကို တူးဖော်သုတေသနပြုလုပ်ရာမှ ထွက်ရှိလာသော စေတီတော်အစိတ်အပိုင်းကို ရေးဆွဲဖော်ပြထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ပုံ(၁၈)တွင် ဘေးမြင်ပုံစံပုံဆွဲနှင့် အပေါ်စီးမြင် ပန္နက်ပုံဆွဲပုံစံနှစ်မျိုးကို ထက်အောက်ရေးဆွဲဖော်ပြထားပါသည်။ ကျန်ရှိနေသေးသော နန်းဦးစေတီတော်လက်ကျန်အမြင့်မှာ (၁၅၀) cmခန့် ရှိပြီး အရှေ့ အနောက် မုခ်ထွက်ပါအရှည် (၉၄၀) cmခန့်ရှိပါသည်။

စေတီတော် ကျောက်ပန္နက် တောင်-မြောက်အရှည် (၅၆၀) cmခန့်၊ အရှေ့-အနောက်အရှည် (၆၇၀) cm ခန့်နှင့် မုခ်ထွက်အပြင်အရှည် (၂၇၀) cm ခန့်ရှိပါသည်။ လိုဏ်ဂူတော် အရှေ့-အနောက်အကျယ် (၃၅၀) cmခန့်၊ တောင်-မြောက်အကျယ် (၂၇၅) cmခန့်နှင့် ဝင်ဝလိုဏ်အကျယ် (၁၀၀) cmခန့်၊ အပြင်ဝင်ဝ မုခ်ဦးနံရံအထု (၁၂၅) cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ လိုဏ်အတွင်းဘက် တောင်၊ မြောက်နံရံနှစ်ဖက်တွင် မုခ်တစ်ဖက်တစ်ခုစီ မျက်နှာချင်းဆိုင်တွေ့ရှိရပါသည်။ မုခ်ကပ်ရှေ့နှင့် မုခ်ကပ်ထဲတွင် ဆင်းတုတော်အကျိုးအပဲ့နှင့်ပလ္လင်အပဲ့အစများကိုလည်း တူးဖော်တွေ့ရှိရပါသည်။ ဤစေတီတော်ကို သဲကျောက်တုံးများဖြင့် လက်ရာပြောင်မြောက်စွာ တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ ဓညဝတီမြို့ဟောင်းထဲရှိ နမူနာယူထိုက်သောရှေးဟောင်းလက်ရာစေတီတော်ပုံစံတစ်ခုပင်ဖြစ်ပါသည်။ ဤကုန်းမှာ ဓညဝတီခေတ်မှသည် မြောက်ဦးခေတ်တိုင်အောင် ခေတ်အဆက်ဆက်လက်ရာများကို တွေ့ရှိရပါသည်။

ဤလက်ရာများကို မူလရှေးလက်ရာအတိုင်း မပျောက်မပျက်နိုင်အောင် ဆိုဒ်မြူစီယံအဖြစ် ထိန်းသိမ်းဖော်ပြထားသင့်ပါသည်။ ကျောက်တုံးများကို မပျောက်ပျက်ရအောင် မူလအတိုင်းစီထားပြီး အမိုးအကာပြုလုပ်ကာ ခြံစည်းရိုးများလုံခြုံအောင်ထိုးပြီး လမ်းညွှန်တိုင်များစိုက်ထူ၍ ဆိုဒ်မြူစီယံအဖြစ် ထိန်းသိမ်း စောင့်ရှောက် ပြသထားသင့်သည်ဟု ရေးသား ဖော်ပြလိုက်ရပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**


၁။ ကိုယ်တိုင်တူးဖော်မှုမှတ်စု
၂။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-10)တူးဖော်မှု အစီရင်ခံစာ
၃။ ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD-8)တူးဖော်မှုအစီရင်ခံစာ
၄။ ရမ်းပြတောင်ကျောင်းဆရာတော် စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း
၅။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)၊ ရခိုင်မဟာမုနိဘုရားသမိုင်း




www.burmeseclassic.com

www.burmeseclassic.com

# တကယ်အလုပ်လုပ်နိုင်သည့် အသက်အရွယ်

မြဝင်း
(ဒဿန)

နွေဦးတစ်ညနေခင်း၌ ကျွန်တော်သည် အိမ်ရှေ့ဝါးရုံရိပ်၌ခင်းထားသော တန်းလျားတွင်ထိုင်လျက် မင်းကွန်းတိပိဋက - နိကာယသာသနာပြုအဖွဲ့မှ ထုတ်ဝေသော 'စတုတ္ထသုံးနှစ်ခရီး' စာအုပ်ကြီး၌ပါရှိသော ညောင်ကန်အေးဆရာတော်တင်ပြပူဇော်သည့် 'မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ 'ထူးထူးခြားခြား အမိန့်စကားတော်များ (၃)' ဆောင်းပါးကို ဖတ်နေပါသည်။ ထိုသို့ဖတ်နေစဉ် လာနေကျ ဓမ္မမိတ်ဆွေ ရောက်လာပါသည်။ ထိုဓမ္မမိတ်ဆွေသည် ကျွန်တော်ထိုင်နေသောတန်းလျားတွင် ဝင်ထိုင်ပြီး ဤသို့စကားစပါသည်။

"ဖတ်လှချည့်လားဆရာ။ ဘာတွေဖတ်နေတာလဲ။ စာအုပ်ကြီးကလည်း ထူလှချည့်လား"

"မင်းကွန်းတိပိဋက - နိကာယသာသနာပြုအဖွဲ့ကထုတ်ဝေတဲ့ စတုတ္ထသုံးနှစ်ခရီးစာအုပ်ကြီးဗျာ။ အရွယ်အကြောင်းပြောစရာရှိလို့ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးရဲ့ အရွယ်နဲ့ ပတ်သက်တဲ့အမြင်ကိုပြန်ဖတ်နေတာဗျ"

"ဆရာလည်း ခုတစ်လော အရွယ်နဲ့ ပတ်သက်တဲ့စာတွေကို အတော်ဖတ်နေတယ်နော်"

"အရွယ်ကရလာတော့ အရွယ်နဲ့ ပတ်သက်တဲ့စာတွေကို ဖတ်ရတော့တာပေါ့ဗျာ"

"အရွယ်နဲ့ပတ်သက်လို့ ဆရာ စာအုပ်တစ်အုပ်ထုတ်ဝေဖူးတယ်နော်"

"ဟုတ်ပါတယ်၊ ကျေးဇူးရှင်ဆရာတော်ကြီးများ၏အရွယ်နှင့်စပ်လျဉ်းသော အမြင်များ' ဆိုပြီး စာအုပ်တစ်အုပ်ထုတ်ဝေခဲ့ဖူးတယ်။ ၁၉၉၆ နှစ်လောက်က ထုတ်ဝေခဲ့တာဆိုတော့ နှစ်ပေါင်း (၂၀) လောက် ကြာခဲ့ပြီပေါ့"

"ဒါထက် ဆရာ အခုဖတ်နေတဲ့ စာအုပ်ကြီးထဲမှာ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက အရွယ်နဲ့ပတ်သက်လို့ ဘယ်လိုများမိန့်ဆိုထားပါသလဲ"

"မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးက လူ့ဘဝသက်တမ်းမှာ ကျွန်တော်တို့ တကယ်အလုပ်လုပ်နိုင်တဲ့ အသက်အရွယ်ကိုပိုင်းခြားပြထားပါတယ်။ အရွယ်ပိုင်းခြားပုံကိုတော့ မိတ်ဆွေသိပါတယ်နော်"

"သိပါတယ်ဗျာ၊ ရွှေကျင်သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးရဲ့ အရွယ်အပိုင်းအခြားသံပေါက်စာကို သဘောကျလို့ ကျက်ထားပါတယ်။ ကျွန်တော်ဆိုပြပါ့မယ်။



www.burmeseclassic.com

၁။ မန္ဒဒသာ၊ ဆယ်နှစ်မှာ၊ လိမ္မာအသိရှား။
၂။ သက်နှစ်ဆယ်သော်၊ ခိဍ္ဍာခေါ်၊ အပျော်အရွှင်များ။
၃။ အဆင်းလှကြွယ်၊ နှစ်သုံးဆယ်၊ အရွယ်ဝဏ္ဏထား။
၄။ ဗလဒသာ၊ လေးဆယ်ကျ၊ ကောင်းလှကြီးခွန်အား။
၅။ အသက်ငါးဆယ်၊ ပညာရွယ်၊ ဉာဏ်စွယ်ထက်သန်ဖွား။
၆။ လုံးစုံယုတ်ဘိ၊ ခြောက်ဆယ်ရှိ၊ ဟာနိရွယ်သမား။
၇။ ပဗ္ဘာရဝယ်၊ ခုနစ်ဆယ်၊ မဖွယ်ကိုင်းရှိုင်းစား။
၈။ ရှစ်ဆယ်အသက်၊ ဝက်ဖတ်၊ ကုန်းချက်သာ၍များ။
၉။ တွေဝေမှိုင်းထူ၊ ကိုးဆယ်ဟူ၊ မောမူဟတရား။
၁၀။ သယနဝယ်၊ ကျော်ကိုးဆယ်၊ အိပ်ရွယ်လျောင်းစက်များ။
၁၁။ အရွယ်ဒသ၊ ဝေဖန်ပြ၊ ကြံအမှတ်မများ - လို့ သိထားပါတယ်ဗျာ"

"မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးကလည်း အရွယ်ကို (၁၀) နှစ်သက်တမ်းနဲ့ ပိုင်းခြားပြထားပါတယ်။ ကျွန်တော် ဖတ်ပြပါ့မယ်။

'တပည့်တော်တို့ရဲ့ လူ့ဘဝသက်တမ်းဟာ ဒသကနဲ့ပိုင်းရင် (၁၀) ပိုင်းရှိပါတယ်။

ပထမနုံ့နေးသေးတဲ့ မန္ဒဒသက (၁၀) နှစ်။ ဒီ (၁၀) နှစ်မှာ ဘာမှ တပေါ်ဆိုတဲ့အလုပ်ကို မလုပ်နိုင်သေးဘူး။

ဒုတိယခိဍ္ဍာဒသကဆိုတဲ့ (၁၀)နှစ်မှ အနှစ် (၂၀) တိုင်အောင် ဒီ(၁၀)နှစ်မှာလည်းပဲ ကလေးတို့ဘာဝ မြူးထူးပျော်ပါးတစားနေတာနဲ့ပဲ တပေါ်သုခကို တပည့်တော်တို့ ရအောင်မယူနိုင်ခဲ့ဘူး။

တတိယ (၁၀) နှစ်ဖြစ်တဲ့ ဝဏ္ဏဒသကမှာလည်းပဲ မိမိတို့ရဲ့ အဆင်းအားမာန်ယစ်ပြီး တပေါ်သုခကိုလှလှကြီးအောင်မယူနိုင်ကြပါဘူး။

ပဉ္စမ(၁၀)နှစ်ဖြစ်တဲ့ ပညာဒသက။

ဆဋ္ဌမ(၁၀)နှစ်ဖြစ်တဲ့ ဟာနိဒသက။

သတ္တမ(၁၀)နှစ်ဖြစ်တဲ့ဝက်ဒသက ဆိုကြပါစို့ နှစ် (၄၀) မှ (၅၀)၊ နှစ် (၅၀) မှ (၆၀)၊ နှစ် (၆၀) မှ (၇၀) တိုင်အောင် ဒီနှစ်ပေါင်း (၃၀) ဟာ တပည့်တော်တို့ တပေါ်သုခကို တဝကြီးရအောင်ယူနိုင်တဲ့အရွယ်ဖြစ်ကြပါတယ်။ နှစ် (၇၀) မှာ နောက်နှစ် (၈၀) ရောက်အောင် ပဗ္ဘာရဒသကရောက်ပြီး ခါးကိုင်းသွားပြီး အလုပ်ကို စိတ်ရှိသလောက် မလုပ်နိုင်တော့ပါဘူး။

နှစ် (၈၀) မှ နှစ် (၉၀) ရောက်အောင် မောမူဟဒသက-တွေဝေမှေ့တဲ့ (၁၀) နှစ်သို့ရောက်ပြီးတော့ကာမှ ရဟန်းတရား ပွားများ ကြိုးကုတ် အောင်အောင်မြင်မြင်အားမထုတ်နိုင်တော့ပါဘူး။ စိတ်ရှိတယ်ဆိုပေမယ့် စိတ်ပဲရှိတယ်၊ အားမထုတ်နိုင်တော့ဘူး။ (၉) နှစ်ကစပြီး နောက်(၁၀)နှစ်ကျတော့ သေယျဒသက-အိပ်ရာထဲလဲလျောင်းနေတဲ့ (၁၀) နှစ် ဘာမှမလုပ်နိုင်တော့ဘူး။

ဒီတော့ တပည့်တော်တို့ ယနေ့လူ့ဘဝသက်တမ်းမှာ အလုပ်လုပ်နိုင်တဲ့ နှစ်ပိုင်းကိုတွက်လျှင် (၄၀) နှစ်ကစပြီး (၇၀) နှစ်အထိ ဒီနှစ်ပေါင်း (၃၀) ပဲ တပည့်တော်တို့ လုပ်သက်ရှိကြပါတယ်။ ဒီလုပ်သက်ခေါ်ရမယ့် နှစ်ပေါင်း (၃၀) လည်းပဲ တာဝတိံသာနတ်သက်နဲ့ ရေတွက်လျှင် (၁) နာရီလောက်ပဲရှိမယ်'

လို့ ဆိုပါတယ်"

"အင်မတန် သံဝေဂဖြစ်ဖို့ကောင်းတဲ့ မိန့်ဆိုချက်ပါဗျာ။ ဒါထက် ဆရာအသက် ဘယ်လောက်ရှိသွားပြီလဲ"

"(၇၀) ပြောပါတော့ဗျာ"

"မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးရဲ့ ဒသကအပိုင်းအခြားနဲ့ ပြောရင်တော့ တကယ်အလုပ်ရမယ့် လုပ်သက်ပြည့်သွားပြီပေါ့ဗျာ။ တွေးကြည့်ရင်တော့ အားငယ်စရာပါ။ ဒါပေမယ့် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ထုံးနှလုံးမူပြီး ကိုယ့်ကိုယ်ကိုယ် မယိုင်လဲအောင်ထိန်းရတော့တာပေါ့"

"ရွှေဟင်္သာဆရာတော်ဘုရားကြီး ထုံးကိုလည်းပြောပြပါဦးဗျာ"

"မိတ်ဆွေသိတဲ့အတိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီးဟာ အသက် (၉၀) ကျော်ကာမှ အိန္ဒိယဗုဒ္ဓဂယာကိုလည်း ကြွခဲ့တယ်။ ယိုးဒယားကိုလည်း ကြွခဲ့တယ်။ အဲဒီလိုကြွတာကို အသက်ကြီးကာမှ ခရီးထွက်တယ်လို့ပြောကြတယ်"

"အဲဒီတော့ ရွှေဟင်္သာဆရာတော်ဘုရားကြီးက ဘယ်လိုမိန့်သလဲ"

"ရွှေဟင်္သာဆရာတော်ဘုရားကြီး မိန့်တာက အသက်ကြီးပေမယ့် ကိုယ့်ကျန်းမာရေးအခြေအနေကိုကြည့်ပြီး ကတုန်ကယင် တုန်တုန်ချည့်ချည့်ဖြစ်နေရင်တော့ မကြွပါဘူးတဲ့။ အထိုက်အလျောက် မိမိကိုယ်ကို သယ်နိုင်ပိုးနိုင်ပြီးသွားခွင့်ကာလကြုံရင်တော့ သွားရမှာပဲတဲ့"

"ရွှေဟင်္သာဆရာတော်ဘုရားကြီးက သက်တော် (၁၀၀) ကျော်မှ ပျံလွန်တော်မူတာနော်"

"ဟုတ်ပါတယ်ဗျာ၊ သက်တော် (၁၀၀) ကျော်မှ ပျံလွန်တော်မူပါတယ်။ ဆရာတော်ဘုရားကြီးဟာ နေ့စဉ်နဲ့အမျှ ဥတု၊ ဣရိယာပုတ်၊ အာဟာရ၊ စိတ်တို့ကို တတ်နိုင်သမျှ ပြုပြင်ပြီးနေသွားခဲ့တာပါ။ ဒီနေရာမှာ ကျန်းမာရေးနဲ့ပတ်သက်လို့ ဆရာတော်ဘုရားကြီးနှလုံးသွင်းပုံကိုလည်း ပြောပြပါဦးမယ်။

အချို့က အသင့်အတင့်ကျန်းမာနေတဲ့အခါ ဇီဝိတမာန်၊ အာရောဂျမာန်တွေတက်တတ်သတဲ့။ ဇီဝိတမာန်ဆိုတာက ငါအသက်ရှည်တယ်ဆိုတဲ့မာန၊ အာရောဂျမာန်ဆိုတာက ငါရောဂါကင်းတယ်ဆိုတဲ့မာန။ အဲဒီမာန်တွေတက်တတ်သတဲ့။ ဆရာတော်ဘုရားကြီးက အဲဒီမာန်တွေမတက်အောင် အမြဲနှလုံးသွင်းနေသတဲ့"

"ဆရာတော်ဘုရားကြီးနှလုံးသွင်းပုံကိုလည်းပြောပြပါဦး ဆရာ"

"ဆရာတော်ဘုရားကြီးနှလုံးသွင်းပုံကတော့ -

၁။ ဇရာ ဓမ္မောမှိ ဇရံအနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ - အိုခြင်းသဘောရှိတဲ့ သတ္တဝါမှန်သမျှ အိုဘေးမှ မလွတ်ကြရ။ အိုဒုက္ခမှမကင်းကြရ။ အိုဒုက္ခဘေးနဲ့ အနည်းနဲ့အများ တွေ့ကြုံရမှာပဲလို့ နှလုံးသွင်းသတဲ့။

၂။ မရဏ ဓမ္မောမှိ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ - သေခြင်းသဘောရှိတဲ့ သတ္တဝါမှန်သမျှ သေဘေးမှမလွတ်ကြ။ သေခြင်းဒုက္ခမှ မလွတ်ကြ။ သေခြင်းဒုက္ခနဲ့ တစ်နေ့သောအခါ တွေ့ရကြုံရမှာပဲလည်း နှလုံးသွင်းသတဲ့"

"ကျေးဇူးကြီးလှပါတယ် ဆရာ။ ဒီကနေ့ ဆရာ့ဆီရောက်ရတာ အင်မတန်အကျိုးကြီးပါတယ်။ သတိပြုစရာတွေ၊ နှလုံးသွင်းစရာတွေအများကြီးရပါတယ်။ ကျွန်တော်တို့တစ်တွေ အရွယ်ကိုကြည့်၊ သတိနဲ့နေမှဖြစ်တော့မယ် ဆရာ"

ထို့နောက် ဓမ္မမိတ်ဆွေသည် ကျွန်တော့်ကို နှုတ်ဆက်ပြီး သံဝေဂခြေလှမ်းများဖြင့်ပြန်သွားပါသတည်း။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

# ထွန်း (နောင်ချို)

## ဥစ္စာစောင့်လှူသောဆွမ်း

ကျွန်ုပ်ဆရာလည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်သော ဦးပဥ္စင်းဦးစန္ဒောဘာသ၏ မှတ်စုစာအုပ်မှ အချို့အကြောင်းအရာများကို သုရဋ္ဌမဂ္ဂဇင်း အတွဲ (၁၄)၊ အမှတ် (၁၁) တွင် သမထနိဒါန်း အမည်ဖြင့် ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခု ရေးသားမည့်အကြောင်းမှာ ဦးစန္ဒောဘာသ၏မှတ်စုများထဲမှအကြောင်းအရာ တစ်ခုကို ရေးသား တင်ပြမည်ဖြစ်ပြီး ပါရမီရှင်များအတွက် အကျိုးတစ်စုံတစ်ရာရှိမည်ဟုထင်၍ တင်ပြလိုက်ပါသည်။

❑

ကျွန်ုပ်စန္ဒောဘာသသည် ရဟန်းဝါ(၁၅)ဝါအရတွင် သမထနှင့်ပတ်သက်၍ အတော်အတန် တီးမိခေါက်မိချိန်တွင် ကျွန်ုပ်၏ဆရာတော် ဦးထေရိန္ဒမှ ညစဉ် သုသာန်ကမ္မဋ္ဌာန်းထိုင်ခြင်းကို အားစိုက်စေပါသည်။ ဆောင်းရာသီ ရောက်လာပြီဖြစ်၍ ညတာရှည်လာသည်နှင့်အမျှ ကမ္မဋ္ဌာန်းအချိန်ကို ည (၁၁) နာရီမှ နံနက် (၅) နာရီသို့ တိုးမြှင့်သတ်မှတ်ပါသည်။ ရှမ်းပြည်နယ်၏ ဆောင်းရာသီမှာအေးလွန်းရကား ဒုကုဋ်သင်္ကန်းကြီးကို အသုံးပြုခွင့်ပေးသော်လည်း အေးလွန်းလှသော ရှမ်းပြည်နယ် ဆောင်းရာသီ၏ဒဏ်ကို အပြည့်အဝ မကာကွယ်နိုင်ပေ။ မည်သို့ဆိုစေ ကျွန်ုပ်တို့ကား သုသာန်မှူတင်ဆောင်ပါသည်။

လူသေမြှုပ်နှံ အပုပ်နံ့လျက်သံဝေဂရဖွယ် သုသာန်အလယ်၌နေခြင်းအလေ့ရှိသော အကြောင်းအင်္ဂါကို ကောင်းစွာ ဆောက်တည်ကြပါသည်။ သုသာန်၌ ကမ္မဋ္ဌာန်းထိုင်သောအခါတွင် ဦးစွာ ပရိတ်ပြု၍ မေတ္တာသုတ်ကိုရွတ်ဆို မေတ္တာပို့ရပါသည်။ အများအားဖြင့် အေးချမ်းဆိတ်ငြိမ်သော်လည်း တစ်ခါတစ်ရံ အပုပ်နံ့ပေးခြင်း၊ အမွှေးနံ့ပေးခြင်း၊ ကြောက်မက်ဖွယ်ညည်းတွားသံများကြားရခြင်း၊ ငိုသံ၊ ရယ်သံများကို တိုးတိုးတစ်ဖုံ ကျယ်ကျယ်တစ်လှည့်ဖြင့် ခြောက်လှန့်ခြင်းကိုလည်း ကြုံရပါသည်။



ထိုအခါ ကြောက်လန့်ခြင်း မရှိသော်လည်း တရားမှတ်ခြင်းကို အနှောင့်အယှက်ဖြစ်စေပါသည်။ ထိုအကြောင်းကို ဆရာတော်ဦးထေရိန်ထံလျှောက်ထားရာ -

"မောင်ပဥ္စင်း၊မေတ္တာပို့ရဲ့လား"

"မေတ္တာသုတ် ရွတ်၍ မေတ္တာပို့ပါသည် ဘုရား"

"မောင်ပဥ္စင်း မေတ္တာပို့တာ အားနည်းတယ် ထင်ပါရဲ့။ မေတ္တာသုတ်ရွတ်ရုံပဲလား။ တခြားဘယ်လိုပို့သေးလဲ"

"တင်ပ့ါ၊ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အရပ်ဆယ်မျက်နှာမေတ္တာပို့နည်းဖြင့်လည်းပို့ပါတယ် ဘုရား"

"ဒါဆိုရင် လုံလောက်ပါတယ်။ မေတ္တာပို့တာက ပါးစပ်ကရွတ်ရုံနှင့်မပြီးဘူး။ စူးစူးစိုက်စိုက်အာရုံပြုရဲ့လား"

"စူးစိုက်အာရုံပြု၍ မေတ္တာပို့ပါသည် ဘုရား"

"ဒီလိုလုပ်၊ စူးစိုက်အာရုံပြုပြီး မေတ္တာပို့ရာမှာ ပထမဆုံးကိုယ်အချစ်ဆုံးအခင်ဆုံးကို မေတ္တာပို့ပြီးမှ ပြန့်ပွားယူ"

"တင်ပ့ါဘုရား"

ထိုသို့ သင်ကြားပေးသော်လည်း ကျွန်ုပ်မှာ နားမလည်နိုင်ဘဲရှိနေပါသည်။ သို့သော် နားလည်ချိန်တန်တော့လည်း အဖြစ်တစ်ခုနှင့်ကြုံရပါသည်။ မှတ်မှတ်ရရ တန်ဆောင်းမုန်းလကွယ် နေ့ ညသန်းခေါင်ယံအချိန်မှာပါ။ လပြည့်၊ လကွယ်ညများတွင် သချိုင်း၌အခြောက်အလှန့်ပိုတတ်သည်ကို ကျွန်ုပ်၏အတွေ့အကြုံများအရ သိထားပြီးဖြစ်သော် ထိုလကွယ်ည၌ သချိုင်းတစ်ခုတွင် တရားမှတ် မေတ္တာသုတ်ရွတ်နေစဉ် မိမိရှေ့၌ တစ်ခုကျလာသံကြားရပါသည်။ ပစ္စည်းကျသံမှာ လေးလေးပင်ပင်ပစ္စည်းတစ်ခုကျသည့်အသံဖြစ်၍ မျက်လုံးဖွင့်ကြည့်လိုက်ရာ ကြယ်ရောင်မှိန်မှိန်အောက်တွင် ကလေးဦးခေါင်းလေးတစ်လုံး မြင်ရပါသည်။ ကိုယ်ထည်မပါဘဲ ခေါင်းချည်းဖြစ်၍ကြည့်နေစဉ်မှာပင် ထိုခေါင်းကလေးထောင်လာပြီး ကျွန်ုပ်အား ပြုံးစေ့စေ့ဖြင့်မော့ကြည့်ရင်း လျှာလေးတစ်လစ်ထုတ်၍ ပြောင်ပြနေပြန်ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်၏စိတ်၌ ကွယ်လွန်သွားသည့် ကျွန်ုပ်အလွန်ချစ်ခင်သော ကျွန်ုပ်၏ တူဝမ်းကွဲလေး မောင်အောင်အောင်ကိုသတိရပြီး-

"မောင်အောင်နဲ့တူလိုက်တာကွယ်၊ ငါ့တူလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကောင်းရာသုဂတိမှာရှိပါစေ၊ ဘေးရန်ကင်းပါစေ"

ဟု စဉ်းစားမိရင်း ကျွန်ုပ်၏မေတ္တာ ကရုဏာတို့သည် ထိုခေါင်းပြတ်ကလေးအပေါ် မေတ္တာစိတ်အပြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပေးမိပါသည်။ ထိုသို့ ဆုတောင်းနေရင်းပင် ကျွန်ုပ်၏နှလုံးသားမှ လိုက်လှဲချစ်ခင်သော မေတ္တာစိတ်တို့သည် ထိုခေါင်းပြတ်ကလေးအပေါ်သို့ စမ်းရေစီးသလို တသွင်သွင်စီးဆင်းနေပါသည်။ ခေါင်းပြတ်ကလေးသည် ကျွန်ုပ်အား မျှော်ထုတ်လျှောင်ပြောင်နေခြင်းအမူအရာပျက်တန့်သွားကာ ကျွန်ုပ်အားမော့ကြည့်ရင်း မျက်ရည်များပြည့်နေပါသည်။ သူ့မျက်လုံးများမှာ အဓိပ္ပာယ်ဆောင်နေပါသည်။ ကျွန်ုပ်အား ချစ်ခင်ခြင်း၊ ကူညီပါရန် သနားခံခြင်း၊ ဒုက္ခသည်တစ်ဦးသည် မိမိကိုကူညီမည့်သူအား အားကိုးတကြီးကြည့်ခြင်းများပါနေသည်။

ကျွန်ုပ်လည်း လွန်စွာသနားလှသဖြင့် ကျွန်ုပ်မျက်လုံး၌ပင် မျက်ရည်များဝေလာသည်အထိအာရုံညွှတ်၍ မေတ္တာပို့လွှတ်ပါသည်။ ကျွန်ုပ်သည် မေတ္တာအပြည့်ပို့၍ ပြုံးကြည့်မိရာ ခေါင်းပြတ်ကလေးမှာ ပြန်ပြုံးပြရင်း တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားပါသည်။

"ဆရာတော်ပို့သသောမေတ္တာကိုလည်းကောင်း၊ အမျှပေးစေခြင်းကိုလည်းကောင်း တပည့်တော်အပြည့်အဝရရှိပါသည်။ ကျေးဇူးကြီးမားလှပါသည်ဘုရား"

ဟု ပြောသွားသည်ကို ကျွန်ုပ်စိတ်မှ ခံစားသိဖြင့်သိလိုက်ရပါသည်။

ထိုအချိန်မှစ၍ မေတ္တာပို့ခြင်းသဘောကို ကျွန်ုပ်သိရှိလိုက်ပြီးနောက်တွင် ထိုနည်းကို အပြည့်အဝကျင့်သုံးရာ အခြောက်အလှန့်မရှိတော့သည့်အပြင် ကျွန်ုပ်၏ရင်မှာလည်း မေတ္တာပို့ပြီးတိုင်း ကျွန်ုပ်ရနေပူပူမှလာသော ခရီးသွားသောတျားသည် အရိပ်ကောင်းလှသော သစ်ပင်ရိပ်တွင်နားရင်း အေးမြသောရေကို သောက်သုံး နားနေရဘိသကဲ့သို့ အေးမြသောပီတိကိုလည်း ခံစားရပါသည်။

❑

ကျွန်ုပ်သည် ထိုပီတိကို သဘောကျလှရကား မေတ္တာပို့သောအကျင့်ကို အတတ်နိုင်သမျှမနားမနေကျင့်ကြံပါသည်။ အဦးပိုင်းတွင် ထိုင်၍မေတ္တာပို့ရာမှ စကြံလျှောက်ရင်းဖြစ်စေ၊ လျှောင်းထိုင်ပြီးသွားလေးပါးစလုံးနှင့် မေတ္တာပို့နိုင်အောင် ကြိုးစားအားထုတ်ပါသည်။

တစ်နေ့တွင် ကျွန်ုပ် ဂေါစရဂါမ်ပြုသောရွာသို့ ဆွမ်းခံထွက်ရာ ရွာ၌လူများအားလုံး ဆရာကန်တော့ပွဲသွားကြသည်နှင့် ကြုံရပါသည်။ ဆရာကန်တော့ပွဲဆိုသည်မှာ ကျွန်ုပ်တို့ရှမ်းပြည်နယ်၏ ထုံးစံအရ သီတင်းကျွတ်ပြီးသည်နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းစီကို ရွာအားလုံးက တစ်လှည့်စီအလှူပြုခြင်း၊ ဆွမ်းကပ်ခြင်း၊ ကန်တော့ခြင်းများကို ခေါ်ပါသည်။ ကျွန်ုပ် သတိမထားမိဘဲ ဆွမ်းခံကြွမိရာ ဆွမ်းအနည်းငယ်သာရ၍ လောက်ငသောဆွမ်း မဟုတ်ပါချေ။

အပြန်လမ်းတစ်လျှောက်တွင် တွေဝေငေးမောမနေဘဲ တောစောင့်နတ်၊ တောင်စောင့်နတ်မှစ၍ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနှင့် (၃၁) ဘုံသားများအား မေတ္တာပို့ရင်း ပြန်ခဲ့ပါသည်။ မိမိကျောင်းမရောက်မီ တစ်မိုင်ခန့်အလိုတွင် ညောင်ပင်အောက်၌ ထိုင်နားနေသော လင်မယားနှစ်ယောက်ဖြစ်ဟန်တူသူတစ်စုံကို လှမ်းမြင်မိပါသည်။ အနားရောက်သောအခါ ထိုလင်မယားမှ တောင်စွန်းဖက်ဖြင့် ထုပ်ထားသောအထုပ်တစ်ထုပ်ကို သပိတ်ထဲသို့လောင်းလှူရာ မွှေးကြိုင်သောဆွမ်းရနံ့ကိုရပါသည်။ကျွန်ုပ်စိတ်၌လည်း လူများမဟုတ်ကြဟု အလိုလိုသိလိုက်ပြီး ခြေစုံရပ်ရင်း ဆွမ်းသာဓုအနုမောဒနာကိုရွတ်ဆိုကာ မျက်စိမှိတ်၍ မေတ္တာပို့ပေးခဲ့ပါသည်။

ဝေဘူဆရာတော်ဘုရားကြီး မိန့်သော -

"သစ်ပင်တွေရှိနေသမျှတော့ဆွမ်းတစ်နပ်အတွက် တို့များမပူပေါင်ဗျာ"

ဟူသော စကားကို သတိရပါသည်။ ကျွန်ုပ်ကဲ့သို့ တရားထူးမရှိသေးသူပင် ဆွမ်းတစ်နပ်ရနိုင်မှ ရဟန္တာများအတွက် အဘယ်ဆိုဖွယ်ရာရှိမည်နည်း။

❑

မှတ်မှတ်ရရ တစ်ခုသောညတွင် ရွာသူသာန်တစ်ခု၌ ကမ္မဋ္ဌာန်းထိုင်ပါသည်။ ထုံးစံအတိုင်း မေတ္တာသုတ်ကို လိုက်လိုက်လှဲလှဲရွတ်ဆို၍ နီး၊ ဝေးရှိ သုံးဆယ့်တစ်ဘုံသားအားလုံးကို မေတ္တာကရုဏာစိတ်အပြည့်ဖြင့်ပို့လွှတ်၊ မေတ္တာပို့၊ အမျှဝေပြီးမှ တရားရှုမှတ်ပါသည်။ အရုဏ်တက်ခါနီးအချိန်တွင် မိမိရှေ့၌ နှစ်ဦး၊ သုံးဦးလာထိုင်သည်ကို သိရပါသည်။

"တပည့်တော်မတို့ ဒီသုသာန်ထိပ်ရှိ စေတီပျက်ကလေးမှ ဥစ္စာစောင့်များပါဘုရား။ အရှင်ဘုရား အမျှဝေမှုနှင့် မေတ္တာဓာတ်ကိုခံယူရမှုကြောင့် အထက်ဘုံသို့ကူးရပါမည်။ နောက်ဆုံး တပည့်တော်တို့ဆွမ်းကပ်လှူပါရစေဘုရား"

ဟု လျှောက်ပြီး ရှေ့ရှိ သပိတ်ဖွင့်သံ၊ ဆွမ်းလောင်းသံတို့အပြင် အလွန်တရာမွှေးကြိုင်လှသည့် ဆွမ်းရနံ့ကိုပါရပါသည်။ ကျွန်ုပ်လည်း စိတ်တွင်းမှပင် သာဓုအနုမောဒနာပြုပါသည်။ တရားထိုင်အပြီး တရားချ၍သပိတ်ကိုဖွင့်ကြည့်ရာ ဘာမှမရှိပါ။ ကျွန်ုပ်လည်း သပိတ်ကိုလွယ်၍ မိမိဆွမ်းခံရမည့် ဂေါစရဂါမ်ရွာသို့ ဆွမ်းခံထွက်ခဲ့ပါသည်။

မိမိဆွမ်းခံရသည့်ရွာမှာ အိမ်ခြေခုနစ်အိမ်၊ ရှစ်အိမ်ခန့်သာရှိသည့်ရွာဖြစ်ပါသည်။ ဤရွာမှဆွမ်းသည် တစ်ပါးစာသာလောက်ငရုံရပါသည်။ ထိုနေ့တွင်မူ ရွာမှ အိမ်တိုင်းစေ့ဆွမ်းလောင်းကြရာ သပိတ်ပင်ပြည့်လျှံသွားပါသည်။ ထူးခြားလှသဖြင့် နောက်ဆုံးပိတ်အိမ်တွင် ဆွမ်းထွက်လောင်းသော ဒကာကြီးအား -

"ဒကာကြီး၊ ကနေ့အိမ်တိုင်းစေ့ဆွမ်းတွေ အလျှံအပယ်လောင်းကြပါလား"

"တင်ပါ့ဘုရား၊ မနက်စောစောကြီး လူတစ်ယောက်က အိမ်ရှေ့မှပြီး 'ဆွမ်းထချက်ကြ၊ ဘုန်းကြီးကြွလာတော့မယ်' လို့အော်သွားလို့ အစောကြီးထချက်နေတာပါ ဘုရား"

ဟု လျှောက်ပါသည်။

ဆွမ်းများ၊ ဆွမ်းဟင်းများ သပိတ်လျှံမျှရခဲ့၍ ဘာမှထူးခြားမှုမရှိဟု ယူဆသော်လည်း အပြန် ရွာပြင်ရောက်သည်နှင့် သပိတ်တွင်းမှ မွှေးကြိုင်သောဆွမ်းရနံ့များ ထွက်ပေါ်နေသည်။ ထိုရနံ့မှာ ဥစ္စာစောင့်တို့ဆွမ်းလောင်းစဉ်ကရသောဆွမ်းရနံ့ဖြစ်သည်ကိုမူ သေချာသိပါသည်။

ဤကား ဥစ္စာစောင့်တို့လောင်းသောဆွမ်းပါတကားဟု အောက်မေ့ရင်း ကျောင်းသို့ပြန်ခဲ့ပြီး မိမိရသောဆွမ်းမှ တစ်ဝက်ကို ဆရာတော်ထံကပ်ပါသည်။ ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ဆရာတော်က -

"မောင်ပဥ္စင်း၊ အတော်တိုးတက်နေပြီပဲ။ နတ်တို့လှူသောဆွမ်းကိုပင် ရနေပါလား"

ဟူသော စကားက ကျွန်ုပ်အား ပီတိအဟုန်ဖြင့်ကျေနပ်စေပြီး ဆွမ်းကိုပင် ကောင်းကောင်းမဘုဉ်းပေးနိုင်ဖြစ်စေပါသည်။

ထွန်း-နောင်ချို



www.burmeseclassic.com

www.burmeseclassic.com



# အဘဝ

## (သာယာနွေးလင်းကျော်)

# အရင်းအနှီးကြီးသော လောဘဝင့်ကြွေး

ယခု ကျွန်ုပ်ရေးသားတင်ပြမည့် အကြောင်းအရာများသည် ကျွန်ုပ် အဘွားလေး၏ လောဘစိတ်ကြောင့် လောကဝဋ်ကြွေးငရဲခံရပုံဖြစ်ရပ်မှန်များ ကို စာဖတ်သူများ သတိသံဝေဂရစေ ရန် ရည်ရွယ်၍ စေတနာအပြည့်ဖြင့် ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် နံနက် လင်းသော် အိပ်ရာမှထ၍ ရေမိုးချိုးပြီး ကုန်ဆုံးသွားသော တစ်နေ့တာအညစ် အကြေးများကို ဆေးကြောသန့်စင်လိုက် ပါသည်။ ထို့နောက် နေ့စဉ်ပြုလုပ်နေ ကျဖြစ်သော ဘုရားသောက်တော်ရေ ကပ်ခြင်း၊ ဘုရားမျက်နှာတော်သစ်ရန် ရည်မှန်း၍ မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီးအတွက် မျက်နှာသစ်ရေကပ် လှူဒါန်းခြင်း၊ ဘုရားဆွမ်းတော်ကပ်ခြင်း များကိုပြုလုပ်၍ ကိုယ်ခန္ဓာသန့်ရှင်းစင် ကြယ်ပြီး ယောဂီတာဘက်ကိုလွှမ်းခြုံကာ ဘုရားဆောင်ရှေ့၌ ရိုသေစွာထိုင်လျက် ဩကာသ၊ ဩကာသ၊ ဩကာသ အစ ချီ၍ ဘုရားရှင်ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်လိုက်ပါသည်။ ထို့နောက် ဘုရားရှိခိုးပြီးသည်နှင့် ကျွန်ုပ် ၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးတို့သည် ခဏတာသန့်ရှင်းစင်ကြယ်သွားပါသည် ဟုခံစားမိပါသည်။ ကျွန်ုပ်သည် ဤခံစား မှုမျိုးကို အလွန်တရာမှ နှစ်သက်၏၊ မြတ်နိုး၏။ ထို့ကြောင့် နေ့စဉ် ဘုရား ဝေယျာဝစ္စနှင့် ဘုရားရှိခိုးခြင်းတို့ကို နေ့စဉ်မပျက် ဝမ်းမြောက်ဝမ်းသာစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ပါသည်။

ဘုရားရှိခိုးပြီးမှ ကျွန်ုပ်၏ဇနီးက အဆာပြေစားရန်အတွက် ပြင်ဆင်ထားသောနံနက်စာကို အတူတကွစားသုံးကြပါသည်။ ထိုသို့ စားသောက်နေကြစဉ် ကျွန်ုပ်တို့၏တိုက်လှေကားထစ်များမှ တက်လာသောခြေသံများ၊ စကားကိုအားပါးတရအကျယ်ကြီးပြောသောအသံများ၊ ရယ်မောသံများ၊ မွန်လိုပြောသောစကားသံများကိုကြားရ၍ နားစွင့်နေလိုက်သည်။ခဏအကြာ၌ အိမ်ရှေ့တံခါးဘက်ဆီမှ -

"ဒေါက် ဒေါက် ဒေါက်"

"မိန်းမရေ၊ အိမ်ရှေ့က တံခါးခေါက်တယ်။ သွားကြည့်လိုက်ပါဦး"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ဇနီးက နံနက်စာစားသောက်နေရင်းမှ ချက်ချင်းထသွား၍ အိမ်ရှေ့ခန်းရှိ တံခါးမကြီးကို ဖွင့်လိုက်သောအသံကို ကြားလိုက်ရ၏။

"ဟော့ - ဒါငါ့တူတော်မောင်အိမ်လား။ ငါ့တူဘယ်မှာလဲ၊ သူ့ကိုမမြင်ဖူးဘူး။ သူနဲ့တွေ့ချင်တယ်"

"ဩော်-ဟုတ်ကဲ့၊ ညည်းသည်ထင်တယ်။ အစ်ကိုအထဲမှာရှိပါတယ်ရှင်"





www.burmeseclassic.com

www.burmeseclassic.com

"အထဲကိုကြွပါရှင်"

"ဩော် - အဖေလည်းပါလာတာကိုး။ အဖေ့ကို လူတွေရဲ့နောက်ဆုံးမှာဆိုတော့ သမီးက မမြင်ရဘူး။ အဖေကလည်း ဧည့်သည်တွေပါလာတာကို ဖုန်းလေးဘာလေးကြိုတင်ဆက်ထားရင်ပြီးရော။ ကြိုတင်ပြီး စားစရာတွေစီစဉ်ထားမှာပေါ့။ အခုတော့ ဧည့်သည်တွေကို အားနာစရာကြီး။ လာပါရှင်၊ အိမ်ထဲကို ကြွပါရှင်"

ဟု ကျွန်ုပ်၏ဇနီးမှ ဧည့်သည်များကို ဖိတ်ခေါ်နေသံကို ကြားလိုက်ရပါသည်။

တစ်ဆက်တည်းမှာပင် -

"အစ်ကိုရေ၊ အစ်ကို့အဖေနဲ့ ဧည့်သည်တွေပါ ပါလာတယ်"

ဟု ကျွန်ုပ်အား လှမ်းပြီးအော်ခေါ်လေသည်။ ထို့နောက် ကျွန်ုပ်သည် ချက်ချင်းဆိုသလို စားလက်စများကို အပြီးသတ်လိုက်ပြီး ဘယ်ကလာတဲ့ ဧည့်သည်တွေပါလိမ့်ဟု တွေးကာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့ပါသည်။ ဧည့်ခန်းအတွင်းသို့ဝင်လိုက်သည်နှင့် ကျွန်ုပ် တစ်ခါမှမမြင်ဘူးသော မိန်းမကြီးလေးဦး။ ပြီးတော့ အသက်ကြီးကြီး ခေါင်းမှာတဘက်ပေါင်းထားသောအဘိုးကြီးကသုံးဦး။ စုစုပေါင်း ခုနစ်ဦးတို့ကို တွေ့မြင်လိုက်ရပါသည်။ ကျွန်ုပ်၏ ဖခင်သည်လည်း ထိုလူများနှင့်အတူ ပါလာပါသည်။ ကျွန်ုပ်ကို မြင်မြင်ချင်းပင် ထိုအထဲမှ အသားညိုညိုဖြင့် အဘိုးကြီးတစ်ဦးက -

"ဟာ- ဟော့-လာကွာ၊ မင်းက ငါ့တူလား"

"ဟာ - နည်းတဲ့လူကောင်ကြီးမဟုတ်ဘူး။ တုတ်ဖီးနေတာပဲ"

ဟု မွန်သံဝဲဝဲနှင့် မြန်မာလိုပြောလေသည်။

ကျွန်ုပ်လည်း ဘုမသိဘမသိဖြင့် ပြုံးပြပြီး နှုတ်ဆက်လိုက်ပါသည်။ ပြီးတော့ သူတို့၏ဘေးကို ဝင်ထိုင်လိုက်ပါသည်။

ထိုအချိန်ကျမှ ကျွန်ုပ်၏ဖခင်က-

"ငါ့သား၊ ဒါအဖေရဲ့ရွာကညီအစ်ကိုမောင်နှမတွေပဲ။ မင်းရဲ့ဦးလေးတွေနဲ့ မင်းရဲ့အဒေါ်တွေပေါ့ကွာ။ မင်းကတော့ ဘယ်မှတ်မိမလဲ။ သူတို့က ရွာကနေ ဘယ်ကိုမှခေါ်လို့မရဘူး။ လိုက်လည်းမလိုက်ကြဘူး။ ရန်ကုန်ကို အခုကျမှ သူတို့ရဲ့တူမ ဘွဲ့လာယူလို့လိုက်လာကြတာ။ ငါတို့ကလည်း ရွာကိုမရောက်တာ နှစ်ပေါင်းဘယ်နည်းတော့မလဲ။ မင်းကိုမမွေးခင်ကတည်းကဆိုပါတော့ကွာ။ အဲဒါ တို့မိသားစုကို သူတို့ရွာကိုမပြန်ခင်တွေ့ချင်လို့ လိပ်စာစုံစမ်းပြီးလိုက်လာတာ။ ပြီးတော့ သူတို့က မင်းကိုတွေ့ချင်တယ်၊ မြင်ဖူးချင်တယ်ပြောလို့ လိုက်ပို့ပေးတာ။ နှုတ်ဆက်လိုက်ပါဦး မင်းဦးလေးနဲ့ အဒေါ်တွေကို"

ဤကဲ့သို့ ကျွန်ုပ်၏အဖေက စကားကြောင်းပြီးပြောသောအခါ ကျွန်ုပ်မှ -

"ဟုတ်ကဲ့၊ ဦးလေးနဲ့အဒေါ်တို့ကို မသိလို့နော်။ တစ်ခါမှမမြင်ဘူးတော့ ရိုင်းသလိုဖြစ်သွားပြီး ဧည့်ဝတ်မကျေတာကို ခွင့်လွှတ်နော်။ ကန်တော့ ကန်တော့"

ဆိုပြီးပြောလိုက်ရာ ဦးလေးဟုဆိုသူမှ -

"ဟာကွာ - ရပါတယ်၊ မလိုပါဘူးကွ။ အခုလို အမျိုးတွေပြန်ဆုံတွေ့ရတာကိုပဲ ဝမ်းသာလှပါပြီ။ အေး၊ အေး - ဘယ်လိုမှစိတ်ထဲမထားပါဘူးကွာ"

ဆိုပြီး ရယ်ပြီးပြောလေသည်။ ပြီးလျှင် တစ်ဆက်တည်း ဦးလေးဆိုသူက-

"မင်းရဲ့အိမ်မှာ ငါတို့ နေ့လယ်စာထမင်းစားပြီးမှ ပြန်မယ်ကွာ ကြားလား"

"ရတယ်မဟုတ်လား ငါ့တူ"

လို့ပြောပြီး တောသူတောင်သားပီပီ ရိုးရိုးသားသား အရှိကိုအရှိအတိုင်း ပွင့်ပွင့်လင်းလင်းပြောလေသည်။ ကျွန်ုပ်မှ သူတို့၏ ပွင့်လင်းရိုးသားမှုကိုပြုံးပြီးတော့-

"ရပါတယ် ဦးလေးရာ၊ ကိုယ့်အမျိုးတွေပဲ။ ထမင်းမစားဘူးလို့ပြောလည်း ကျွန်တော်က ထမင်းကျွေးပြီးမှ ပြန်လွှတ်မှာပါဗျာ"

လို့ ရယ်ပြီးပြောတော့ -

"ငါ့တူကတော့ကွာ တကယ့်ကောင်ပဲ။ ရန်ကုန်သားလို့ပြောစရာကို မလိုဘူး။အပြောကတော့အရမ်းကောင်းတယ်ကွာ ဟား ဟား ဟား"

ဟုရယ်၍ ကျွန်ုပ်၏ပခုံးကိုပုတ်ပြီး ထိုင်ခုံမှထကာ ဖက်လေသည်။

ကျွန်ုပ်က -

"ဦးတို့၊ အဒေါ်တို့ ခဏနော်။ ကျွန်တော် ကော်ဖီနဲ့ ကိတ်မုန့်သွားယူလိုက်ဦးမယ်။ ပြီးတော့မှ ထမင်းစားကြတာပေါ့"

"အေး - ကောင်းသလိုသာလုပ်၊ စားရရင်ပြီးတာပဲ"

ဟု ပွင့်လင်းစွာပြောလေသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ဇနီးမှ ဘယ်အချိန်ကသွားပြီး ပြင်ဆင်နေလဲမသိ -

"စောင့်စရာမလိုပါဘူး၊ ကော်ဖီနဲ့ကိတ်မုန့်ကို တစ်ခါတည်းယူလာပါပြီ။ ရပါပြီရှင်၊ သုံးဆောင်လို့ရပါပြီ"

လို့ ပြုံး၍ပြောပြီး ဦးလေးနှင့်အဒေါ်တို့အား နှုတ်ဆက်လိုက်ပါသည်။

ထိုအခါ ဦးလေးတော်သူမှ -

"ဒါ ငါ့တူမလား၊ အချောလေးပဲကွ"

တစ်ဆက်တည်းမှာပဲ ဦးလေးတော်သူမှ ကျွန်ုပ်၏ဇနီးအား -

"လာ - တူမထိုင်၊ စကားလေးဘာလေး ပြောကြတာပေါ့နော်"

"ဟုတ်ကဲ့ပါရှင်၊ ပြီးမှပဲပြောပါတော့မယ်ဦးကြီး။ ဦးကြီးတို့ ထမင်းစားဖို့အတွက် ချက်ပြုတ်ရဦးမယ်။ အဲဒါကြောင့်မို့ပါ"

"အေးအေး - ရတယ်၊ သွားလုပ်ချေ။ ချက်ပြုတ်ပြီးလို့ အဆင်သင့်ဖြစ်ပြီဆိုရင်ပြောနော်။ ဦးတို့က ထမင်းစားပြီးတာနဲ့ အဝေးပြေးကားဝင်းကို တန်းပြီးသွားမှာ။ ကားလက်မှတ်လည်း ဝယ်ပြီးသွားပြီ။ အေး - သွား၊ သွား တူမ"

ထိုအခါ ကျွန်ုပ်ကဝင်၍ -

"ဦးတို့ကလည်းဗျာ အခုမှပဲလာတယ်၊ အခုပဲပြန်တော့မလို့လား။ မကောင်းပါဘူးဗျာ။ ရောက်တုန်းရောက်ခိုက် နှစ်ရက်၊ သုံးရက်လောက်နေပြီးမှ ပြန်ပေါ့ဗျာ"

"အမလေး အမလေး-မလုပ်လိုက်ပါနဲ့ ငါ့တူရယ်၊ နောက်မှာပဲ အေးအေးဆေးဆေးလာလည်မယ် ။ အခုဟာက မနက်ဖြန် ရွာရောက်ရင် အကျွတ်အလွတ်ပွဲအတွက် ရေစက်ချဖို့ ဘုန်းကြီးနဲ့ချိန်းထားတယ်။ ဆွမ်းကပ်ဖို့အတွက်လည်း ပြင်ဆင်ရဦးမယ်။ နောက်ကျလို့မဖြစ်ဘူး။ ပြဿနာတက်လိမ့်မယ်"

"ဒါနဲ့နေပါဦး။ ဆွမ်းကျွေးလည်း ပြောတယ်။ အကျွတ်အလွတ်လည်း ပြောတယ်။ ဦးစကားက ထူးဆန်းနေတယ်။ ရှင်းပြပါဦး"

"ဩော် - အေး- ငါမေ့နေတယ်။ ဒီကိစ္စလား၊ ပြောပြမယ် ပြောပြမယ်။ ငါ့တူက မေးသင့်တဲ့မေးခွန်းကောင်းပဲ။ ငါကလည်း ဖြေသင့်တဲ့အဖြေပဲ။ ပြီးတော့ နောင်လာနောက်သား လူကြီးလူငယ် မရွေး သတိထား သံဝေဂယူပြီးတော့ ယခုခေတ်ကလေးတွေ ခေတ်နဲ့အညီဆိုပြီး ရှေးလူကြီးသူမများစကားကို လုံးဝ အယုံအကြည် သိပ်မရှိကြတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ်တော့ ခေတ်တွေဘယ်လောက်ပြောင်းပြောင်း မယုံကြည်လို့မရဘူး ငရဲဆိုတာ တကယ်ရှိတယ်၊ ဝဋ်ဆိုတာတကယ်ခံရတယ် ငါ့တူ သတိထား။ ဘာကိစ္စပဲလုပ်လုပ်၊ ဘယ်သူနဲ့ပဲ စကားပြောဆိုပြောဆို ဘာသာတရား လွတ်မလွတ်စေနဲ့။ ဘာသာတရားနဲ့ လွတ်ထွက်သွားရင် အကုသိုလ်တွေဖြစ်ကုန်တာများတယ်။ အရမ်းကြောက်ဖို့ ကောင်းတယ်။ တချို့သောလူတွေက ဘာသာတရားနဲ့လွတ်ထွက်နေတဲ့စကားကို ပြောကြ တယ်။ ဘာတဲ့၊ လုပ်ချင်တာ လုပ်မယ်။ နောင်ဖြစ်မယ့်ကိစ္စ၊ နောင်ခံရမယ့်ကိစ္စကို နောင်ခန္ဓာနဲ့ပဲခံမယ်လို့ အလွယ်ပြောကြတယ်။ တကယ်တော့ ဒီကိစ္စဟာ အငိုလွယ်ပြီး အရှိုက်ခက်တယ်။ အပြောလွယ်ပြီး လက်တွေ့ကျတော့ မချိမဆံ့ခံရတော့မှ နောင်တဆိုတဲ့ စကားက အချိန်နှောင်းသွားမှရတတ်တာမျိုးမဟုတ်လား။ ကဲ - နောင်တလည်းရရော ဘာမှလုပ်လို့မရတော့ဘူး။ အဲ - တချို့ လူတွေကျတော့ ဒီလိုပြောကြသေးတယ်။ လူဆိုတာ မှားတတ်ကြတာပဲတဲ့။ အဲဒါတော့မှန်တယ်။ ဒါပေမယ့် အပြည့်အဝတော့မမှန်ဘူး။ မှားတတ်ကြတာမှန်ပေမယ့် ပြင်လို့မရတဲ့ အမှားကိုမှားမိရင် ဘာမှလုပ်လို့မရတော့ဘူး ငါ့တူ။ အကြွေးရှိရင် ခန္ဓာနဲ့ဆပ်ရတယ်။ အဲဒီစကားဟာ တကယ်မှန်တဲ့ စကားပဲငါ့တူရာ။

ပြောမယ်ဆိုရင်လည်း အရှည်ကြီးပါ။ မပြောပြလို့လည်းမရ၊ အတုယူမမှားရလေအောင် ပြောပြတော့လည်း ကိုယ့်ခေါင်းကိုယ်လှန်ထောင်းသလိုဖြစ်နေတယ်။ ဒါပေမယ့် ငါ့တူကိုပြောကိုပြောပြမယ်။ ငါ့တူကလည်း တစ်ဆင့်ကမ်းပြီး သံဝေဂရစေဖို့ ငရဲဆိုတာ တကယ်ရှိတယ်၊ ဝဋ်ဆိုတာ တကယ်ခံရတယ်၊ သူ့အကြွေးရှိရင် ခန္ဓာနဲ့ပြန်ပေးဆပ်ရတာတို့ပြန်ပြီး ဖောက်သည်ချပေးပါ။ အဓိကကတော့ သူ့လိုမမှားရအောင် အချိန်အခါနှောင်းသွားမှ နောင်တမရအောင်ကောင်းတဲ့စေတနာနဲ့ နောင်လာနောက်သားမမှားရအောင် သင်ခန်းစာအနေနဲ့ ငါ့တူကို ဦးလေးပြောပြမယ်။ လူကြီး၊ လူလတ်၊ လူငယ် အရွယ်သုံးပါးမရွေး ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမယ်ဆိုတဲ့ စကားက အမှန်တရားပဲကွ။ ဒီလိုကွ ငါ့တူရ။ မင်းနားရှင်းသွားအောင်ပြောရမယ်ဆိုရင်"

ဟု အစချီကာ ဤကဲ့သို့ပြောပြလေသည်။

"ငါတို့ရွာမှာ မင်းနဲ့ဆိုရင် အဘွားလေးတော်မှာပေါ့ကွာ။ နာမည်ကတော့ မိမြတ်မွန်လို့ခေါ်တယ်။ ငါတို့ရွာက တစ်ရွာလုံးလိုလို ကိုယ့်ရွာသားနဲ့ပဲ လက်ထပ်ကြတာများတယ်။ အဲဒီမင်းရဲ့ အဘွားလေးကလည်း အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဆိုသလိုပေါ့ကွာ။ အမြဲတမ်းတွေ့နေမြင်နေကျဖြစ်တဲ့ တစ်ရွာတည်းသား ဦးပါအံ့ဆိုတဲ့ မွန်ကာလသားခေါင်းနဲ့ အကြောင်းပါပြီး ညားကြတာပေါ့ကွာ။ အဲဒီလိုညားကြတော့ သူတို့နှစ်ဦးရဲ့ကံက ကောင်းတယ်လို့ပဲပြောရမယ်။ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်၊ ကောက်ပဲသီးနှံတွေကလည်း သူများတွေထက် သုံးလေးဆပိုပြီး အထွက်တိုးတယ်။ အဲဒီတော့ စီးပွားရေးလည်း ပြေလည်လာတာပေါ့။ ငွေတိုငွေစလေးတွေလည်း ပိုလျှံလာပြီး စုဆောင်းမိလာတာပေါ့။ ဒါပေမယ် သူတို့နှစ်ယောက်မှာ အိုးပိုင်အိမ်ပိုင်မရှိကြဘူး။ လယ်ကွင်းထဲမှာပဲ နေကြ တယ်။ ရွာထဲကအိမ်က နှစ်ဖက်မိဘတွေရဲ့အိမ် ကိုယ်ပိုင်အိမ်မဟုတ်ဘူး။ ဒီလိုနဲ့ပဲ စုဆောင်းလာရင်း အချိန်ကာလ ကြာလာတော့ ကလေးနှစ်ယောက် ထွန်းကားခဲ့တယ်။ နှစ်ယောက်စလုံးက မိန်းကလေးတွေကြီးပဲ။ အကြီးမက (၁၀) နှစ် မိနှင်းမြလို့ခေါ်တယ်။ အငယ်မက (၈) နှစ် မိဂွန်းအိမ်လို့ခေါ်တယ်။

ဒီလိုနဲ့ သမီးနှစ်ယောက်စလုံးက အရွယ်ရောက်တော့မယ်။ အိုးပိုင်အိမ်ပိုင်နဲ့နေမှ သင့်တော်မယ်ပေါ့။ ဒီလို လယ်ထဲကတဲမှာနေလို့မဖြစ်တော့ဘူး။ အိမ်ဝယ်မှဖြစ်တော့မယ်လို့ ဆုံးဖြတ်ကြပြီး စုဆောင်းထားတဲ့ငွေတွေကို ရေတွက်ကြည့်တော့ ဝယ်နိုင်တဲ့ အခြေအနေရှိနေပြီ။ ဒါကြောင့် ရွာထဲမှာ သူတို့စုထားတဲ့ငွေနဲ့သင့်တော်တဲ့အိမ်ကို လိုက်ရှာကြတာပေါ့ကွယ်။ အဲဒါနဲ့ပဲ ရွာလယ်ကောင်ဘက်မှာ လိုက်ရှာကြတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ပိုက်ဆံက မမီဘူးဖြစ်နေတယ်။ ဒီအချိန်မှာပဲ ရွာအစွန်ဘက်မှာ ခြံနဲ့အိမ်နဲ့ရောင်းမယ်ဆိုတဲ့သတင်းကို ပွဲစားတစ်ယောက်ဆီက သတင်းကြားတော့ သွားကြည့်ကြတာပေါ့။ ဟိုရောက်တော့ ခြံက တော်တော်လေးကို ကျယ်တယ်။ ဒါပေမယ့် ခြံထဲမှာ အိမ်က နှစ်အိမ်တောင်ရှိနေတယ်။ အဲဒီတော့ မင်းရဲ့အဘွားလေးက -

"အိမ်နဲ့ခြံရောင်းမယ်ဆိုတာ အိမ်က ဘယ်အိမ်လဲ။ ခြံကလည်းဘယ်ခြံလဲ။ အခုတော့ ခြံတစ်ခြံထဲမှာ အိမ်ကနှစ်လုံးတောင်ဖြစ်နေတယ်။ ဘယ်လိုလုပ်မလဲ"

ဟု သူ့ယောကျ်ားအား မေးလိုက်၏။ ထိုအခါ ဘေးမှ အိမ်လိုက်ပြသော ပွဲစားအဒေါ်ကြီးက -

"ညာဘက်ကအိမ်ပါရှင်။ နှစ်အိမ်စလုံးက လူမနေတော့ အလယ်ကောင်က ခြံစည်းရိုးက ဝါးကပ်နဲ့ကာထားတာမို့ ပျက်စီးသွားတာဖြစ်မယ်"

ဒီအခါ လိုက်လာတဲ့လူတွေလည်း ခြံထဲမှာလူမရှိဘူးဆိုတော့ ခြံထဲကိုဝင်လိုက်ကြတယ်။ ခြံအထဲရောက်တော့ ပွဲစားအဒေါ်ကြီးပြောတဲ့အတိုင်းပဲ၊ ခြံစည်းရိုးကရှိတယ်။ ဒါပေမယ့် ပျက်စီးနေတယ်။ အသစ်ပြန်ကာမှရမယ့်အနေအထားပါ။ ဒီလိုနဲ့ ခြံထဲရောက်တော့ မင်းရဲ့အဘွားလေးက -

"အိမ်နဲ့ခြံကိုတော့ ကြိုက်တယ်။ ခြံစည်းရိုးကာမယ်ဆိုရင်တော့ ဘယ်လိုလုပ်မလဲ။ ဟိုဘက်ကအိမ်နဲ့ခြံက လူမရှိတော့ ဘယ်လိုလုပ်ကြမလဲ။ တော်ကြာ ပြဿနာအရှုပ်အရှင်းဖြစ်နေဦးမယ်"

ထိုအခါ ပွဲစားအဒေါ်ကြီးက -

"ပြဿနာမရှိဘူး။ ဟိုဘက်ခြံက ပိုင်ရှင်ရဲ့မြေက သူပိုင်တဲ့ခြံစည်းရိုးမှာ သစ်သားငုတ်တိုင်ရိုက်ထားတယ်လို့ပြောတာကြားဖူးတယ်။ ကဲ - လာ၊ သွားကြည့်မယ်"

သူနဲ့အတူလိုက်သွားပြီး ခြံစည်းရိုးအပျက်များကိုဖယ်ရှားပြီး ရှာဖွေလိုက်သောအခါ တွေ့ရလေတယ်။ငုတ်တိုင်နှစ်တိုင်တွေ့ရပါတယ်။ အဲဒီတိုင်နှစ်တိုင်နဲ့ မြေကြီးထဲကိုရိုက်ထည့်ပြီး အမှတ်အသားလုပ်ထားတာ။ ဖြစ်ချင်တော့ အဲဒီနှစ်တိုင်က မြေကြီးထဲကို သုံးပုံတစ်ပုံလောက်ပဲနစ်ဝင်နေတယ်။ ဒါကြောင့် ငုတ်တိုင်နှစ်တိုင်က ယိုင်နဲ့နေတယ်။ အဲဒါကိုတွေ့တော့ မင်းရဲ့အဘွားလေးက -

"ဒီတိုင်ငုတ်နေရာကို ခြံစည်းရိုးကာရင် ပြဿနာမရှိဘူးလို့ ရှင်ပြောတာနော်။ ဒါဆိုရင် ကျွန်မတို့ ကိုယ်ဘာသာကိုယ်ခြံစည်းရိုးကာမယ်။ တကယ်လို့ ပြဿနာဖြစ်ရင် ရှင် ရှင်းပေးမှာလား"

"အမလေး တကတဲတော်၊ ခြံစည်းရိုးကိုကာမှာသာကာစမ်းပါရှင်။ ဒီဘက်ခြံကပိုင်ရှင်အဒေါ်ကြီးက ရိပ်သာဝင်နေတယ်။ သူကမမှန်တာမလုပ်ဘူး။ မဟုတ်တာတွေလည်းမပြောဘူး။ ရှင်း



www.burmeseclassic.com

www.burmeseclassic.com

သာ ကိုယ့်ခြံစည်းရိုးအတိုင်းကိုယ်ကာ၊ သူပိုင်တဲ့မြေထဲကို နည်းနည်းလေးမှ မယူမိစေနဲ့။ အဲဒီလိုဆိုရင် ဖြစ်လာမယ့်ကိစ္စအားလုံးကို ကျွန်မတာဝန်ယူတယ်”

ပွဲစားအဒေါ်ကြီးက ဒီလိုလည်း ပြောချလိုက်ရော မင်းရဲ့အဘွားလေးက ဝင်ငွေကလည်းကောင်း၊ ငွေစုဆောင်းထားတာတွေကလည်းရှိနေတဲ့အချိန်ဆိုတော့ စကားကိုထိန်းပြီး မပြောဘူး။ ငါ့မှာပိုက်ဆံရှိတယ်ဆိုပြီး စကားကို နည်းနည်းလေးမှ အကြောမခံဘူး။ မာန်မာနအပြည့်နဲ့ဆိုတော့-

“ဟဲ့- ဒီမယ် နင်လိုပွဲစားကများ ငါ့ကိုဘာထင်လို့ အဲဒီလေသံနဲ့ပြောရတာလဲ။ ညည်းမှတ်ထား၊ ငါတို့ကလည်း ငါတို့ဘဝတစ်လျှောက်လုံးမှာ မကောင်းတာဆိုရင် ဘာမှမလုပ်ဘူး။ မမှန်မကန်တဲ့စကားတွေကိုလည်း ဘယ်တုံးကမှ မပြောဘူး။ ဘယ်အကုသိုလ်ကိုမှလည်း လက်ယက်ပြီးမခေါ်ဘူး။ ညည်းအဲဒါကို မသေမချင်းမှတ်ထား။ ဒီလိုတန်ဖိုးမရှိတဲ့ မြေကြီးကိုဆိုရင် ပိုလို့တောင်ဆိုးသေးတယ်ဟဲ့။ သူများမြေတစ်လက်မမှ ငါတို့အိမ်ဘက်အခြမ်းကို ပိုမပါစေရဘူး။ ပါခဲ့လျှင်လည်း ယူခဲ့တဲ့အတိုင်း ခံရပါစေတော်”

ဆိုပြီး ကျိန်ဆိုမဲ့ရှဲ့ပြီးတော့ တစ်ဖက်သားကို စောင်းမြောင်းထေ့ငေါ့ပြီးပြောပါတော့တယ်။ ဒီအခါကျတော့မှ ပွဲစားအဒေါ်ကြီးက မျက်နှာချိုသွေးကာ သူ့အလုပ်ကိုထိခိုက်မှာစိုးလို့ -

“စိတ်မဆိုးလိုက်ပါနဲ့ အစ်မရယ်၊ ကျွန်မက သဘောကိုပြောပြတာပါ ဟဲ ဟဲ ဟဲ”

ပြန်ပြီးချော့တယ်။ ဒီလိုနဲ့ပဲ ခြံနဲ့အိမ်က ဝယ်ဖြစ်သွားတယ်ပေါ့ကွာ။ ခြံစည်းရိုးလည်းကာဖြစ်သွားတယ်။ အဲဒီလိုနေလာရင်းနဲ့ တစ်လလောက်အကြာလူမနေတဲ့ဟိုဘက်ခြံက ပိုင်ရှင်အဒေါ်ကြီးလည်း ရိပ်သာကနေပြန်ထွက်လာပြီး တခြားရွာကနေ သူ့ဆီကိုအလည်လာတဲ့ သူ့သမီးနဲ့မြေးတွေပါလိုက်လာပြီး ရွာကသူ့အိမ်ကိုပြန်ရောက်လာတယ်။ ဒီလိုနဲ့ ရွာက သူတို့အိမ်ကိုလည်းရောက်ရော ခြံစည်းရိုးအသစ်နဲ့ အိမ်နှစ်အိမ်ကြားမှာ အသင့်ကာထားပြီးသားကို မြင်တွေ့လိုက်ရတော့ အဘွားကြီးက သဘောကျသွားတယ်။ ပြီးတော့ မင်းအဘွားလေးကိုလည်း လာနှုတ်ဆက်တယ်။ ကျေးဇူးအရမ်းတင်တယ်ဘာညာပေါ့ကွာ။ သူတို့နှစ်အိမ်ဆက်ဆံရေး အဆင်ပြေနေကြတာကိုလည်း တစ်ရွာလုံးကသိတယ်။

ဒီလိုနေလာရင်းက တစ်နေ့ နံနက်စောစောစီးစီးမှာ ရိပ်သာကနေပြန်လာတဲ့ အဘွားကြီးရဲ့မြေးက မင်းအဘွားလေးရဲ့ခြံထဲမှာ ကလေးအချင်းချင်း ကစားကြတယ်။ ကစားတာက မြေကြီးတူးတမ်းကစားကြတယ်။ အဲဒီလို ကလေးတွေ မြေကြီးကိုတူးပြီးကစားနေရင်း ဘယ်ကဘယ်လိုစပြီးဖြစ်တယ်ဆိုတာ ဘယ်သူကမှ မသိလိုက်ဘူးကွ။ ခဏအကြာမှာတော့ စကားတွေအော်ကြီးဟစ်ကျယ်နဲ့တိုင်းတွာကာပြီး ဆဲဆိုနေတာတွေကို ဘေးပတ်ဝန်းကျင်ကလူတွေကတော့ နားစွန်နားဖျားကြားကြတယ်။ အဲဒီလိုနဲ့ ရွာကလူတွေကလည်း ဘယ်လိုဖြစ်ကြတာလဲပေါ့။ ပထမတုန်းကတော့ အိမ်နီးနားချင်း ချစ်ချစ်ခင်ခင်နဲ့ အဆင်ပြေနေကြတာ အခုကျမှပဲ ဆိုင်းမဆင့်ဗုံမဆင့် ကောက်ကာငင်ကာ ဘာဖြစ်ကြတာလဲဆိုပြီး ပတ်ဝန်းကျင်က အိမ်ရှိလူတွေအကုန်လုံး အိမ်အပြင်ဘက်ကိုထွက်လာပြီး မေးမြန်းပြီးပြန်ဖြေကျတော့မှ အကြောင်းက ဒီလိုဆိုတာ သိလိုက်ရတယ်။ ဟိုဘက်ခြံက ရိပ်သာကနေပြန်လာတဲ့ အဘွားကြီးရဲ့သမီးက မင်းရဲ့အဘွားလေးကို”

ဆိုပြီး စကားကိုရပ်ကာ အင်္ကျီအိတ်ကပ်ထဲမှ ဆေးပေါ့လိပ်အတိုကို ထုတ်ကာ မီးညှိပြီးဖွာနေလိုက်၏။ ကျွန်ုပ်မှာ ဇာတ်အရှိန်ကောင်းနေတုန်း ကြားဖြတ်ကာ ဆေးလိပ်တိုကိုသောက်နေသော ဦးလေးဆိုသူအား စိတ်မရှည်တော့သဖြင့် -

“ဟာဗျာ- ဦးလေးကလည်း ဇာတ်



လမ်းကကောင်းနေတုန်း ဆေးလိပ်သောက်တာ နောက်မှသောက်ပါဗျာ။ ဆက်ပြီးပြောပါဦး”

ဦးလေးဖြစ်သူမှ ကျွန်ုပ်အား ပြုံး၍ကြည့်ကာ -

“ရုပ်ရှင်တွေထဲကလို ဇာတ်ရှိန်တက်လာမှ အိုက်တင်ခံပြီးလုပ်ကြည့်တာပါကွာ”

“ဟား ဟား ဟား”

ဟု ရယ်၍ ဆေးလိပ်တိုကို ဆေးလိပ်ခွက်ထဲသို့ထည့်၊ အခိုးအငွေ့များကို ခေါင်းကိုအပေါ်သို့မော့ကာ မီးခိုးငွေ့များကို လေထဲသို့ မှုတ်ထုတ်ပစ်လိုက်လေသည်။ ပြီးတော့မှ ကျွန်ုပ်ကို စကားက ဘယ်နားရောက်သွားပြီလဲဆိုပြီး မေးတော့ ကျွန်ုပ်က -

“အဘွားကြီးရဲ့သမီးက မင်းရဲ့”

“ရပြီ ရပြီ မှတ်မိပြီ။ မင်းရဲ့အဘွားလေးကို အသက်ကြီးပြီးအချိန်မစီးဘူး။ သူ့ခိုးမကြီး သူများမြေကိုခိုးထားတယ်။ ပိုင်ရှင်မသိအောင် ခြံစည်းရိုးကို ကိုယ့်ဘက်သာအောင် မြေကြီးကိုပိုယူထားတယ်ပြောနေတော့ ကောင်မလေးဘက်က ဘီလူးဆိုင်းတီးတော့ မင်းရဲ့အဘွားလေးဘက်ကလည်း ဟိုဘက်ကတီးနေတဲ့ဆိုင်းနဲ့ညီအောင် ဘီလူးကလိုက်ကတယ်။ မင်းအဘွားက ဘီလူးအကကို ဘယ်လိုလိုက်ကသလဲဆိုရင် သူ့ရဲ့အသက်အရွယ်နဲ့မလိုက်ဘူး။ အသိတရားနဲ့မထိန်းဘူး။ သူ့ရဲ့ဝတ်ထားတဲ့ ထဘီကို ခါးထိရောက်အောင် ဆွဲတင်လိုက်တယ်။ ပြီးတော့ လက်နှစ်ဖက်ကို ခါးမှာထောက်၍ ရှေ့ကို ဘယ်လက်ရော ညာလက်ပါ ဆန့်ဆန့်ထုတ်ပြီး ဘယ်ဘက်လက်ဖဝါးပေါ် ညာဘက်လက်ဖဝါးက ပက်လက်လှန်တင်ပြီး တဖျန်းဖျန်းရိုက်ပြီးတော့ -

“ယဲ့ကောင်မစုတ်။ နင့်ပုံစံကို နင်မှန်ထဲပြန်ကြည့်ဦး။ ငါးကျည်းခြောက်တို့ကျပ်တိုက်ထားတဲ့ပုံနဲ့များ နင်က ငါ့ကို၊ ငါမွေးရင် နင်က ငါ့မြေးလောက်ပဲရှိတယ် အစုတ်ပလုတ်မရဲ့။ ပုံဆိုးပန်းဆိုးမ နင်အဲဒီလိုလူကြီးတွေကို မဟုတ်တာပြောပြီးဆဲဆိုနေတာ ပုံစံကိုကြည့်ပါလား။ တစ်နေကုန်ထိုင်ပြီးကြည့်နေရင်တောင် နင့်ရဲ့ပုံစံက ကျက်သရေတစ်ပြားသားမှကိုမရှိဘူးဟဲ့ ကောင်မရဲ့”

“အမလေး အမလေး ကြားကြရကောင်းသေးရဲ့လား အရပ်ကတို့ရေ ပြောကြပါဦး။ ငါ့ကိုကျတော့ သူ့မြေးအရွယ်လောက်ပဲရှိတယ်ဆိုပြီး သူက



www.burmeseclassic.com

www.burmeseclassic.com

တော စကားကောင်းကောင်းပြောလားအောက်မေ့ပါတယ်။ ပြောတော့ ငါးစိမ်းသည်မပါးစပ်နဲ့ အသက်ကြီးပြီးအချိန်မစီးဘူးတော့။ ပြောတော့ ပါးစပ်ထဲက တစ်ချိန်လုံး ဘုရား၊ ဘုရားနဲ့ သတ်တတော့ ကားရားကားရား၊ ဒီလူးခေါင်းမျက်နှာဖုံးနဲ့အဘွားကြီး။ သေခါနီးတောင် ကုသိုလ်၊ အကုသိုလ်ဆိုတာ မခွဲခြားတတ်သေးဘူး။ ငရဲကျမယ့် ပြိတ္တာမကြီး”

ဆိုပြီး ကောင်မလေးက အတင်းနပန်းဝင်လုံးတော့မယ်လုပ်တော့ မင်းရဲ့အဘွားလေးကလည်း မခေဘူးကွ။ လာထား နပန်းလုံးမယ့်ပုံဟန်ပြင်လိုက်တော့ ပတ်ဝန်းကျင်ကလူတွေက ဝိုင်းတားကြတာပေါ့။ အဲဒီအချိန်မှာပဲ ကောင်မလေးရဲ့အမေ ရိပ်သာကထွက်လာတဲ့ အဘွားကြီးလည်း ရောက်လာပြီး -

“ဟဲ့ဟဲ့ တော်ကြပါတော့ တော်ကြပါတော့။ လူမြင်လို့လည်းမကောင်းဘူး လူကြားလို့လည်းမကောင်းဘူး”

ဟု ပြောပြီး သူ့ရဲ့သမီးကို -

“နင်ဗုဒ္ဓဘာသာမဟုတ်ဘူးလား။ ကိုယ့်ထက်အသက်ကြီးတဲ့လူကို အဲဒီလိုမျိုးမပြောရဘူး။ အဲဒီလိုမတိုင်းထွာရဘူး ဘာကိစ္စနဲ့ရန်ဖြစ်ကြတာလဲ။ ငါလည်း ဘာတစ်ခုမှမသိရပါလား။ အိမ်နီးနားချင်းတွေပဲ မေတ္တာနဲ့ဆက်ဆံမှပေါ့။ ကဲကဲ- သွား၊ သွားတော့”

ဆိုပြီး သူ့သမီးကို အတင်းမောင်းထုတ်တော့ သူ့သမီးလည်းပြန်သွားရော အသက်သာကြီးပြီး အသိ၊ သတိတရားနဲ့မဖြေနိုင်တဲ့ မင်းရဲ့အဘွားလေးကထပ်ပြီးတော့ ပတ်ပြီးရမ်းပါတော့တယ်။

“ဟဲ့ - နင်ရဲ့သမီးကို နင်ဒီအတိုင်းပဲသင်ပေးထားသလား။ ရိပ်သာကကောသားသမီးတွေကို ဒီအတိုင်းသင်ပေးဖို့ပြောထားလား။ မိုက်ရိုင်းလိုက်တာမှအော့ကြောလန်နေတာပဲ”

ကောင်မလေးအမေက -

“ကျွန်မ ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ်ရှင့်။ ကျွန်မသမီးကိုလည်း ဘာမှမသင်ပေးပါဘူး။ ကျွန်မဘုရားရှိခိုးပြီး တရားထိုင်နေတဲ့အချိန်ဖြစ်နေတော့ ဘာကိုမှမသိလိုက်ဘူး။ အော်ကြီးဟစ်ကျယ်နဲ့ပြောကြတော့မှ တရားထိုင်တာဖြုတ်လိုက်ပြီး လာပြီးတော့ ချန်ဖြေတာပါ။ ကျွန်မကိုတော့ ပြောချင်ပြောပါ။ ရိပ်သာကိုတော့ မပြောပါနဲ့။ မပြောကောင်းဘူး။ ရှင်ငရဲကြီးမှာစိုးလို့ပါ ကျွန်မသမီးအစား ကျွန်မကပဲ ကြားကနေပြီး အနူးအညွတ်တောင်းပန်ပါတယ်”

“အမလေးတော် - ကြားကြမှကောင်းသေးရဲ့လား။ စော်ကားတုန်းကစော်ကားပြီးတော့ အခုမှလာပြီး ဘုန်းကြီးခေါင်းခေါက်ပြီး ကန်တော့လို့လာပြောမနေနဲ့။ ပျားရည်နဲ့ဝမ်းလာမချနဲ့။ အခုမှမရတော့ဘူး။ တို့က ဆွေနဲ့မျိုးနဲ့နေတာ ဘာမှတ်သလဲ။ ဒီကိစ္စ ဒီအတိုင်းမပြီးဘူးမှတ်။ ညနေကျရင် နင်တို့မြေးအဘွားကို ရွာသူကြီးဆီကိုခေါ်မယ်။ ညကျရင်လာခဲ့ကြ။ ရှင်လည်း အခုကျွန်မရှေ့ ကနေ သွားတော့”

ဆိုပြီး အဘွားကြီးကို မောင်းထုတ်လိုက်ပါတယ်။ ပြီးတော့မှ -

“အရပ်ကတို့ရေ ကြည့်ကြပါဦး။ ကြားလို့မှ ကောင်းသေးရဲ့လား ဟီး ဟီး ဟီး”

ဆိုပြီး အော်ငိုပါလေရော။ အဲဒီအချိန်မှာပဲ လာကြည့်ကြတဲ့ ပတ်ဝန်းကျင်ကလူတွေကလည်း-

“ဟုတ်တယ် ဒါ သက်သက်စော်ကားတာ”

“ကိုယ့်မြေးလောက်ရှိတဲ့ အရွယ်လေးက သူ့အမေလောက်ရှိတဲ့လူကြီးကို လူကြီးမှန်းမသိ မိုက်ရိုင်းလိုက်တာကွာ”

လို့ပြောကြပြီး မင်းအဘွားလေးဘက်က နာကြတာပေါ့။ မင်းအဘွားလေးကလည်း ရွာမှာ လူတိုင်းကသိကြတယ်။ ရန်ဆိုလို့ တစ်ခါမှမဖြစ်ဖူးဘူး။ လူကြီး၊ လူငယ်မရွေး ရိုသေလေးစားကြတယ်။ ဆွေမျိုးသားချင်းတွေကလည်း အင်အားတောင့်တင်းတော့ မခံချင်ကြဘူး။ ချမယ်၊ ရိုက်မယ်၊ ထုမယ်တကဲကဲနဲ့၊ ဦးလေးလည်း ရွာလယ်ကောင်ကနေ ရန်ဖြစ်တယ်ကြားပြီး အရောက်မြန်လို့ပေါ့။ နောက်သာကျခဲ့ရင် ဟိုဘက်ကတစ်မိသားစုလုံး ဖွတ်ဖွတ်ညက်ညက်ကြေတယ်။ အဲဒါနဲ့ ဦးလေးလည်း သူတို့ဆီကိုရောက်တာနဲ့-

“ဟေ့ ဟေ့-တော်ကြတော့ တော်ကြတော့။ ဒါ လက်လွန်ခြေလွန်လုပ်ရမယ့်ကိစ္စလည်းမဟုတ်ဘူး။အထင်အမြင်လွဲမှားတဲ့ကိစ္စ၊ ရှင်းပြရင်ပြီးရဲ့သားနဲ့ အခုတော့ ရှုပ်ကုန်ကြပြီ။ ညကျမှ သူကြီးအိမ်ကိုခေါ်ပြီး ညှိနှိုင်းလိုက်မယ်။ ကဲကဲ- သွားကြ၊ သွားကြတော့၊ ကိုယ့်တစ်ရွာထဲသားတွေပဲ၊ မဟုတ်တာမလုပ်ကြနဲ့။ ဟိုဘက်က အမေကြီးရဲ့မျက်နှာကိုလည်း ငဲ့ညှာပါဦး”

လို့ ငေါက်ငမ်းပြီး ပြန်လွှတ်မှ ပေစောင်းပေစောင်းနဲ့မသွားချင်သွားချင်နဲ့ လူစုကွဲပြီး ပြန်သွားကြတယ်။ ညနေ (၅) နာရီကျော်တော့ ရွာသူကြီးအိမ်တွင် ရွာသူရွာသားများနဲ့စည်ကားနေပါတယ်။ ဦးလေးလည်းရောက်ပြီ။ မင်းအဘွားလေးလည်း ရွာသူကြီးအိမ်ကိုရောက်ပြီ။ ဒါပေမယ့် ဟိုဘက်ခြံကသားအမိတွေ ရောက်မလာကြသေးဘူး။ ရွာသူရွာသားများကလည်း လူအမျိုးမျိုးအတွေးအမျိုးမျိုးဖြင့် ပြောဆိုနေကြပါသည်။

“ဒါ သက်သက်စော်ကားတာ၊ အခုကြည့် မလာရဲတော့ဘူး။ လာရင်လာ၊ မလာရင်တော့ အဲဒီအိမ်ကို ခဲနဲ့ဝိုင်းထုမယ်။ မီးရှို့ပစ်မယ်”

လို့ ဝိုင်းပြောတော့ ဦးလေးကလည်း ဝင်တားရတာပေါ့။

“ဟာကွာ - မင်းတို့ကလည်း တစ်မှောင့်၊ လာမှာပေါ့ကွာ၊ မလောပါနဲ့။ ဟိုအမေကြီးက အသက်ကြီးပြီဆိုတော့ မျက်စိကောင်းကောင်းဘယ်မြင်ရမလဲ။ သူမှာကလည်း နေဝင်ချိန်ဆိုတော့ စမ်းတဝါးဝါးနဲ့လမ်းလျှောက်ရမယ့်ကိစ္စ၊ ဘာမဟုတ်တာကို ဒေါသထွက်မနေကြနဲ့”

ဟု လှမ်းပြီးငေါက်လိုက်ရသည်။ ရွာသူကြီးကလည်း -

“ဟုတ်တယ်ကွ။ မင်းတို့ တရားလက်လွတ်မပြောကြနဲ့”

ဆိုပြီး ထောက်ခံပါတယ်။ တစ်ချိန်တည်းမှာပဲ ဦးလေးလည်း တွေးမိတယ်။ ဪ - အခုတော့ ဘာမဟုတ်တဲ့ ခြံစည်းရိုးကာမှုနဲ့ လူတွေ လူတွေ လောဘ၊ ဒေါသ၊ မောဟ အသောမသတ်ကြပါလားလို့သက်ပြင်းချမိတယ်။ မကြာခင်ပဲ ဟိုဘက်ခြံကအမေကြီး ရောက်လာပါတော့တယ်။ ဒါပေမယ့် အမေကြီးတစ်ယောက်တည်းသာ၊ မနက်က ရန်ဖြစ်ထားတဲ့ ကောင်မလေးပါမလာပါ။ အမေကြီးဟာ သူ့ဝတ်ဆင်လာတဲ့အဝတ်အစားများနဲ့ သူလျှောက်လှမ်းလာပုံတို့မှာ အံလွန်လိုက်ဖက်ပါတယ်။ ယောဂီထဘီ၊ အင်္ကျီအဖြူ၊ ယောဂီတဘက်ကိုလည်း ပခုံးမှာစလွယ်သိုင်းပတ်ထားပါတယ်။ လျှောက်လှမ်းလာသောခြေလှမ်းတို့ဟာ အသိနဲ့သတိကပ်ပြီး ဝိသနာအမှတ်ဖြင့် ကျွန်ရြေပြီး ကြောက်ရွံ့ခြင်း၊ စိုးရိမ်ပူပန်ခြင်းကင်းရှင်းတဲ့မျက်နှာအမူအရာနဲ့ တစ်လှမ်းချင်း လျှောက်လှမ်းလာပါတယ်။ အမေကြီးကိုမြင်တာနဲ့ ရွာသူရွာသားတွေက -

“ဘယ်မလဲ ဟိုကောင်မ”

“မလာရဲဘူးမဟုတ်လား။ မအော



www.burmeseclassic.com

www.burmeseclassic.com

ရင်တော့ နာမယ်မှတ်။ အခုကျမှ မဟုတ်တာလုပ်ပြီး ရှောင်နေတယ်။ ငါတို့အမျိုး အကြောင်းကောင်းကောင်းသိမယ်၊ ခုတ်မယ်ထစ်မယ်တကဲကဲနဲ့ အဲဒီအချိန်မှာပဲ ဦးလေးက -

"ကဲကဲ- တော်ကြပါတော့ တော်ကြပါတော့။ငါ မင်းတို့ကို ထိုင်ကန်တော့ရမလား။ ပြဿနာသေးသေးလေးကို မီးထွန်းပြီး ပုံကြီးချဲ့ချင်ကြတဲ့ဟာတွေပဲ။ မင်းတို့ ဒီမှာဆက်ပြီးနားထောင်ချင်ရင် မင်းတို့ပါးစပ်တွေပိတ်၊ အသံလုံးဝမထွက်နဲ့။ ဟိုအမေကြီးကိုလည်း ကိုယ်ချင်းစာဦးကွ။ တစ်ရွာတည်းသားတွေ ရန်သူတွေ မဟုတ်ဘူး။ အမှား၊ အမှန်ဆိုတာ တစ်ချိန်ကျရင်ပေါ်မှာပဲ။ ခွင့်လွှတ်ပြီး သည်းခံကြ။ ဘာမဟုတ်တဲ့ပြဿနာကို ပုံကြီးချဲ့မနေကြနဲ့ကွ"

ဟု ထပြီးအော်လိုက်မှ အားလုံး ငြိမ်သက်သွားကြသည်။ အဲဒီအချိန်မှာပဲ အမေကြီးသည် တရွေ့ရွေ့နှင့် ဖြည်းဖြည်းမှန်မှန်လမ်းလျှောက်ကာ သူကြီးအိမ်အတွင်းသို့ဝင်လာပါသည်။ အမေကြီးသည် အခြေအနေအရပ်ရပ်ကို ရိပ်စားမိသည်ထင်သည်။ အားလုံးကို ကြည့်၍ ပြုံးပြနှုတ်ဆက်လိုက်ပါသည်။ ဒါပေမယ့် အမျိုးအားလုံးက အမေကြီး လိုမဟုတ်။ မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် အမေကြီးအား စားမယ့်ဝါးမယ့်ပုံစံများနှင့် သူ့သမီးကို ခေါ်မလာရကောင်းလားဟု ဒေါသတို့သည် သူ့သမီးဆီမှ အမေကြီးဆီသို့ ဆိုင်းမဆင့်ဗုံမဆင့်ဘဲ အလိုလိုကူးပြောင်းသွားသောကြောင့်ဖြစ်သည်။ ဒါကို ဦးလေးကလည်း အခြေအနေကို အကဲခတ်မိလိုက်သည်။

"ဩော် - ဟုတ်ကဲ့၊ လာ၊ အမေကြီး တစ်ယောက်တည်းလား လာလာ"

ဟု ဆိုကာ အမေကြီးရဲ့လက်ကို ကိုင်လိုက်ပြီး ခရီးဦးကြိုပြုလုပ်လိုက်လေသည်။ ပြီးလျှင် ကုလားထိုင်တွင် နေရာချပေးလိုက်သည်။ အမေကြီးထိုင်လိုက်တာနှင့် တစ်ဆက်တည်း အဘွားလေးသည် မဲ့ကာရွဲ့ကာမျက်စောင်းထိုးကာနှင့် နဂိုကတည်းကမှ အသက်ကြီးပြီး ဇရာထောင်းလို့ ပါးရေနားရေတွေတွန့်ပြီး အိုစာနေတဲ့ရုပ်ကြီး။ အခုတော့ အချိုပေါ်ကို သကာဆင့်သလိုမဲ့ပြတော့ ပိုဆိုးနေတဲ့မျက်နှာထိမျက်နှာထားနှင့် နှုတ်ဆက်လိုက်သောအသံက -

"ဘယ်မလဲတော့ ရှင့်သမီး အရိုင်းအစိုင်းလေး"



ဆိုပြီး နှုတ်ဆက်ပြီးပြောတော့ အမေကြီးကလည်း -

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မသမီးလေးက သူ့အမှားကို သူသိပါပြီ။ကျွန်မလည်း ပြောပြထားပြီးပါပြီ။ ဒါပေမယ့် ဒီကိုခေါ်လာခဲ့ရင် ဒေါသထွက်နေတဲ့လူအုပ်ကြီးနဲ့တွေ့ရင် မဖြစ်သင့်တာတွေကိုမဖြစ်ရအောင် ကျွန်မကပဲထားခဲ့တာပါရှင်"

ဟု ပြောနေတုန်း -

"ဟာ- ဘယ်ဖြစ်မလဲ၊ ပြောတုန်းကတော့ပြောပြီး အခုလိုမျိုး မျက်နှာလွှဲခဲပစ်လုပ်တာ ဘယ်ရမလဲကွ။ ချမယ်ဟေ့၊ ထုမယ်ဟေ့"

ဆိုပြီး လာကြည့်ကြတဲ့လူအုပ်ကြီးထဲမှ တစ်ယောက်တစ်ပေါက်နှင့် အသံက ပြန်ထွက်လာပါသည်။ အဲဒါနှင့် ငြိမ်ပြီးတော့နားထောင်နေတဲ့သူကြီးက -

"ဟေ့ကောင်တွေ ဟေ့ကောင်တွေ၊ တိတ်တိတ်နေလို့ပြောထားတာ မင်းတို့နားမပါကြဘူးလား။ လူကြီးကိုလည်း လေးစားရမယ်ကွ။ မင်းတို့စိတ်ထဲရှိတဲ့အတိုင်း ပြောချင်တိုင်းပြောလို့မရဘူးကွ"

ဟု ဒေါသတကြီးနှင့် ထအော်မှ အားလုံးငြိမ်သက်သွားပြန်သည်။

အဲဒီတော့ အမေကြီးက ပြုံးပြီး-

"ကျွန်မသမီးလေးကိုက လွန်တာပါ"

ဟု ပါးစပ်မှပြောတုန်းရှိသေး ဘေးကလူအုပ်ကြီးထဲက အသံပြန်ထွက်လာသည်။

"သူလွန်တာ အားလုံးသိတယ်။ အကြောင်းအရင်းကိုပဲပြောပါ။ ပြဿနာ ဘယ်ကစဖြစ်တာလဲဆိုတာကို"

ဆိုပြီး ဘေးမှဝင်ပြီးအာချောင်သောအခါ သူကြီးမှ သူတို့အား မျက်မှောင်ကုတ်ပြီး မျက်လုံးဖြင့်စိုက်ကြည့်လိုက်သောအခါ အားလုံး ငြိမ်သွားပြန်ပါသည်။

လူများ အသံငြိမ်သွားသောအခါမှ အမေကြီးရဲ့အသံသည် တည်ငြိမ်အေးချမ်းသောအသံဖြင့် ဟိန်း၍ထွက်လာပါသည်။

"အဘွားရဲ့ မြေးတစ်ယောက်က သူတို့ဘက်က ကလေးနှစ်ယောက်နဲ့ သွားကစားတယ်။ ကစားနည်းက ပေါင်းစုံနဲ့ပေါ့။ အဲဒါနဲ့ မြေကြီးကိုတူးပြီး ရေတွင်းတူးတမ်းကစားပြန်တယ်။ အဲဒီမှာ ပြဿနာရဲ့အကြောင်းအရင်းက စတော့တာပဲ"

အမေကြီးသည် မောသွားသဖြင့် စားပွဲပေါ်ရှိ ရေနွေးခရားထဲမှ ရေနွေးကို ပန်းကန်လုံးထဲသို့ ရေနွေးခရားကိုစောင်းပြီးထည့်လိုက်သည်။ ပြီးတော့ ရေနွေးကိုမော့ပြီး သောက်ချလိုက်သည်။ အားလုံးလည်း အမေကြီးရဲ့ပါးစပ်ကိုငေးပြီး အမေကြီးပြောမည့် ပြဿနာအစကို စိတ်ဝင်စား၍ စောင့်မျှော်နေ၏။ ရေနွေးသောက်ပြီးသောအခါ အမေကြီးမှ-

"အဘွားရဲ့မြေးက မြေကြီးတူးပြီး ကစားနေရင်းနဲ့ ကျွန်မတို့ရဲ့ခြံနှစ်ခြံလုံးကို ပိုင်ဆိုင်မှုကို ခွဲခြားသတ်မှတ်ထားတဲ့ သစ်သားငုတ်တိုင်က ကျွန်မတို့ခြံစည်းရိုးကာထားတဲ့ခြံစည်းရိုးနဲ့ နှစ်ပေကျော်ကျော်လောက်အကွာအဝေးမှာ သူတို့ခြံထဲကနေ ပေါ်လာတော့ ကလေးတွေကလည်း-

"ဘာသစ်သားကြီးလဲ၊ မြေကြီးထဲကိုဝင်နေတယ်။ ဆွဲထုတ်ကြရအောင်"

လို့ ကလေးတွေက ဆော့ရင်းပြောကြတော့ ကလေးအားလုံးက-

"ကောင်းတယ် တူးတူး"

ဆိုပြီးပြောတုန်း ငါ့တူတို့ရဲ့အဘွားကရောက်လာပြီး အော်မာစ်မာန်မဲတော့တာပဲ။

"ဆက်မဆော့နဲ့တော့၊ မကစားနဲ့တော့"

ဆိုပြီး ရပ်ခိုင်းတယ်။ သူ့သမီးနှစ်ယောက်ကိုလည်း-

"နင်တို့ အိမ်ပေါ်ကိုအခုတက်ကြ နင်လည်း ကိုယ့်အိမ်ကိုယ်ပြန်"

ဆိုပြီးပြောတော့ ကျွန်မမြေးလေးက စိတ်မကောင်းဖြစ်ပြီး ငိုပြီးတော့ အိမ်ကိုပြန်အလာ အိမ်အရှေ့မှာ သူ့အမေနဲ့တွေ့တော့တာပဲ။ ဒါနဲ့ပဲသူ့အမေ



www.burmeseclassic.com

www.burmeseclassic.com

ဘာ -

"ဘာဖြစ်လို့ငိုတာလဲ၊ ရန်ဖြစ်လာလို့လား"

လို့ ကလေးကိုမေးတော့ -

"ဘာမှရန်မဖြစ်ဘူး။ သမီးတို့စားနေတုန်း သစ်သားတုံးကြီး မြေကြီးထဲကတူးမိပြီးပေါ်လာတယ်။ အဲဒါကို သမီးတို့က ထပ်တူးဖော်ပြီး ကစားမယ်လုပ်တုန်း ဟိုဘက်အိမ်က အဘွားကြီးရောက်လာအော်ပြီး မောင်းထုတ်တာ၊ အဲဒါကြောင့် စိတ်မကောင်းဖြစ်ပြီး ငိုလာတာလို့"

ပြောရော။ အဲဒီမှာတင် ပြဿနာစတော့တာပဲ။ ကျွန်မကလည်း ဘုရားဝတ်ပြုစရာလုပ်နေတဲ့အချိန်ဆိုတော့ သူတို့သားအမိပြောနေတာကို သတိမထားမိလိုက်ဘူး။ အဲဒီအချိန်မှာပဲ ကျွန်မရဲ့သမီးက-

"အမေရေ၊ အမေ"

"ဟဲ့- ဘာတုံး။ အရေးကြီးသုတ်ရာနဲ့"

"အမေ၊ သမီးတို့ခြံစည်းရိုးပိုင်တဲ့မြေကို ဘာနဲ့အမှတ်အသားလုပ်ထားလဲ"

အဲဒီတော့ ကျွန်မကလည်း ဒီကလေးမ အခုကျမှ ဘာအရှုပ်ထပြီး လာမေးနေတာလဲဆိုပြီး -

"သစ်သားငုတ်တိုင်နဲ့ပေါ့ သမီးရဲ့"

လို့ ဘာသိဘာသာပြန်ပြီးဖြေလိုက်တယ်။ တစ်အောင့်ကြာတော့ ပြဿနာဖြစ်နေတဲ့အသံတွေကို ကြားရတော့တာပါပဲ"

ဟု ပြောလေသည်။ အဲဒီအချိန်မှာ လူအုပ်ကြီးရဲ့အကြည့်က ဦးလေးသည်းပါ၊ စာရေးသူ၏ အဘွားလေးဆီကိုပါ စုပုံပြီးရောက်သွားတော့သည်။ နွံပြခြင်း၊ တုံ့န်လှုပ်ခြင်း၊ စိတ်ကူးထဲတွင်ပင် မထင်ရခြင်းစသော ခံစားမှုများအပြည့်ဖြင့် အဘွားလေး၏အဖြေကို အသက်ပင်မရှူရဲဘဲ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စောင့်ဆိုင်းနေကြသည်။

"ဦးလေးစိတ်ထဲကလည်း မထင်မှတ်ထားတာတွေဖြစ်မလာပါစေနဲ့လို့ ဆုတောင်းနေရတယ်။ ကိုယ့်ဆွေမျိုးတွေကလည်း တစ်အုပ်ကြီး၊ ရွာသူရွာသားတွေကလည်းအပြည့်။ သူကြီးကလည်းရှိတဲ့ဒီလိုအချိန်ကျမှ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုဖြစ်တော့မလားဆိုပြီး စိုးရိမ်စိတ်နဲ့အဖြေကို ရင်မောပြီးစောင့်နေတုန်း မင်းရဲ့အဘွားလေးက ပတ်ဝန်းကျင်လူအုပ်ကြီးရဲ့ မျက်နှာအခြေအနေကို မျက်စိထောင့်ကပ်အကဲခတ်လိုက်ပြီး မျက်နှာကို ချက်ချင်းပင် မာန်အပြည့်တင်းပြီး ထဘီကိုပြန်ပြင်ဝတ်လိုက်တယ်။ ပြီးတော့မှ ရင်ကိုကော့ပြီး ခါးထောက်မတ်တတ်ရပ်ကာ-

"အောင်မလေးတော်၊ ရာရာစစငါ့ကိုများ စွပ်စွပ်စွဲစွဲ။ သက်သေအထောက်အထားမခိုင်လုံဘဲနဲ့များ သင်းက ဒီလိုပြောသလား။ ဒီမယ် ငါပြောပြမယ်။ ခြံစည်းရိုးအသစ်ပြန်ကာဖို့ အလုပ်လုပ်တုန်းက အဲဒီသစ်သားငုတ်ကနေသတ်မှတ်ပြီး စည်းကြိုးဆွဲရမှာဆိုတော့ သစ်သားငုတ်အဟောင်းကို ဆွဲနုတ်ပြီး အသစ် ရိုက်ပြီးကာကြရတာ။ အဲဒီတော့ ဆွဲနုတ်ထားတဲ့ သစ်သားငုတ်တိုင်အဟောင်းကြီးကို ခြံစည်းရိုးကာတဲ့ လူတွေက ဒီအတိုင်းမထားဘဲနဲ့ လက်ကမြင်းပြီးတော့ ငါတို့ဘက်ကမြေကြီးထဲကို ရိုက်ထည့်လိုက်တယ်လေ။ ဒါကို ငါကဘယ်လိုသိသလဲဆိုရင် ခြံစည်းရိုးကာပြီးတာနဲ့ ဆွဲနုတ်ထားတဲ့ သစ်သားငုတ်ကောလို့မေးတော့မှ ကျွန်တော်တို့လည်း ဘာမှသုံးလို့မရတဲ့ သစ်သားဆိုတော့ အဒေါ့်ခြံထဲကမြေကြီးထဲကို ရိုက်ထည့်ပစ်လိုက်တယ်ဆိုပြီးပြန်ဖြေတယ်။ ငါကလည်း မြော်-အေးအေးဆိုပြီး ပြဿနာမဖြစ်လောက်ဘူးလို့တွေးပြီး ဘာသိဘာသာနေလိုက်တယ်။ ကဲ- အခု ပြဿနာကစပြီ။ ငါ့ကိုသေသေချာချာမမေးဘဲ အခုလိုစွပ်စွဲပြီးဆဲဆိုတော့ ငါ့သိက္ခာတွေကျကုန်တာပေါ့ အမလေး"

ဟု အော်ငိုပြီး -

"ကောင်းကြသေးရဲ့လား"

ဟုပြောပြီး တက်သွားပါလေတော့သည်။

"ဟာ- ဟေ့ လုပ်ကြပါဦးဟ၊ လုပ်ကြပါဦး"

"ဟဲ့ဟဲ့ - ဖယ်ဖယ်၊ ခြေမကိုချိုး ခြေမကိုချိုး"

ဆိုပြီး ဝိုင်းပြီးတော့ ပြုစုသူကပြုစုနေကြပါသည်။ စကားကို စိတ်ဝင်တစားတိတ်ဆိတ်စွာ နားထောင်နေကြသောဆွေမျိုးတစ်အုပ်စုလုံးသည် ပုရွက်ဆိတ်အုံကို တုတ်ချောင်းနှင့်တူးဆွလိုက်သည့်အလား အုတ်အုတ်ကျက်ကျက် ထကြွလာပါတော့သည်။

"ဟာ - ဒါ ငါတို့ဆွေမျိုးတွေရဲ့ နာမည်ကိုပျက်အောင် သက်သက်စော်ကားတာပဲ"

လို့ပြောသောအသံများ -

"ချမယ်ကွ၊ မီးရှို့မယ်၊ အရှင်မထားဘူး"

ဟုပြောကြကာ လူအုပ်ကြီးသည် အဘွားကြီး၏သမီးအိမ်ကိုသွားရန် ဟန်ပြင်လိုက်စဉ် အဘွားကြီးသည် ထိုင်နေသောထိုင်ခုံကထလာပြီး လူအုပ်ကြီးအားလုံးကြားရအောင် အသံကျယ်ကျယ်ဖြင့် -

"အားလုံးနားထောင်ပေးကြပါ"

ဆိုပြီး လက်အုပ်ချီကာ မြေကြီးတွင်ထိုင်ချ၍ ကန်တော့ပြီး-

"သတ်ချင်ရင်လည်း ကျွန်မကိုသာသတ်သွားပါ။ ကျွန်မရဲ့သမီးကိုတော့ မလုပ်ကြပါနဲ့။ သားသမီးမကောင်း မိဘခေါင်းပါ။ ကျွန်မသွန်သင်ဆုံးမမှုညံ့လို့ အခုလိုဖြစ်ရတာပါ။ ကျွန်မကိုပဲသတ်ကြပါ"

ဟု ထိုင်ကန်တော့ကာ ပြောလေသည်။ လူအုပ်ကြီးရှိ လူအားလုံးသည် အဘွားကြီး၏ ထိုင်ပြီးကန်တော့ခြင်းကိုတော့ ဘယ်သူမှမခံယူရဲပါ။

"ဟာ - မလုပ်ပါနဲ့အမေကြီးရာ၊ ကျွန်တော်တို့ ငရဲကြီးကုန်တော့မှာပဲ"

"ထပါ ထပါ၊ တောင်းပန်ပါတယ်"

ဟု ပြောတုန်း ထိုက်ဆိုင်မှုလားတော့မသိ၊ သတိလစ်ပြီးတက်သွားသောမင်းရဲ့အဘွားလေးလည်း သတိပြန်ရလာပြီး-

"ဒါ ဒါ ဘာလုပ်တာလဲ၊ မလုပ်လိုက်ပါနဲ့။ မိုးကြိုးတွေပစ်ကုန်တော့မှာပဲ။ ထပါ ထပါ။ ကျွန်မ ခံစားရလွန်းလို့ မေ့သွားတာပါ။ ကျွန်မတရားသိပါပြီ။ တရားလည်းရှိပါပြီ။ ကျွန်မဖြေနိုင်ပါတယ်။ ခွင့်လွှတ်ပါတယ်ရှင်။ ထပါ"

လို့ပြောပြီး သူကိုယ်တိုင် ထူပေးလိုက်လေသည်။

"လူအုပ်ကြီးလည်း မင်းအဘွားလေးရဲ့ ခွင့်လွှတ်သည်းခံမှု၊ မေတ္တာထားမှုကို အထင်ကြီးလေးစားသွားပြီး အဘွားလေးကိုယ်တိုင်ကခွင့်လွှတ်တော့မှ ဒီကိစ္စကို ဘယ်သူကမှ မပြောမဆိုရဲတော့ဘူး။ အဲဒီလိုနဲ့ပဲ ဒီကိစ္စလည်းပြီးဆုံးသွားတာပေါ့ကွာ။ ဒါကြောင့် ဒီကိစ္စကိုအကြောင်းပြုပြီး မင်းအဘွားလေးရဲ့ ဂုဏ်သတင်းက တို့ရွာသာမက ပတ်ဝန်းကျင်ရွာများကိုပါ သူ့ရဲ့ကောင်းသတင်းက ပျံ့နှံ့သွားတာပေါ့ကွာ။

ဒီလိုနဲ့ပဲ ဒီကိစ္စတွေက မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာပေါ့။ နှစ်တွေကလည်း အတော်ကြာခဲ့ပြီပဲ။ မင်းအဘွားလေးလည်းဆုံးသွားပြီ။ ဟိုဘက်ခြံက ရိပ်သာအမြဲနေတဲ့အမေကြီးလည်း ဆုံးသွားပြီ။ ဒီလိုနေလာရင်းနဲ့ နှစ်ပေါင်း (၂၀) လောက်ကြာတော့ ရိပ်သာကို



www.burmeseclassic.com

www.burmeseclassic.com

အမြဲတမ်းဝင်နေတဲ့ အဘွားကြီးရဲ့သမီးကလည်း လူကြီးနေရာရောက်၊ သူ့ရဲ့ သမီးတွေကလည်း အိမ်ထောင်ကျပြီးလို့ ကလေးတွေမွေး၊ သူလည်း သူ့ရဲ့မြေးတွေနဲ့ ပျော်လိုက်ပါးလိုက်ပေါ့။ မင်းရဲ့ အဘွားလေးရဲ့ သမီးနှစ်ယောက်ရှိတဲ့ အထဲက အငယ်မက ၊ အပျိုကြီးဖြစ်ပြီးတော့ အကြီးမက အိမ်ထောင်ကျပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ကလေးနှစ်ယောက်ရတယ်။ အဲဒီမှာ ပြဿနာက ပြန်စတာပဲ"

"ဟာ - ဦးကလည်း နှစ်ပေါင်း (၂၀)တောင်ကြာမှ ပြဿနာကဘယ်လို ပြန်စရတာလဲ။ သေတဲ့လူတွေကလည်း သေပြီ။ သားသမီးတွေကလည်း ကလေးတွေမွေးလို့ မြေးတွေတောင်ရနေပြီ။ နှစ်ပေါင်းမနည်းတော့မှ ဘာပြဿနာဖြစ်လာပြန်တာလဲ ပြောပြပါဦး"

"အေးအေး - ပြောပြမယ်"

ဆိုပြီးတော့ ရေတစ်ခွက်လောက်ပေးပါဦးဟုပြောသောကြောင့် ကျွန်ုပ်က သောက်ရေခပ်ပြီးပေးလိုက်သဖြင့် ရေကို သောက်ချလိုက်ပြီးမှ ဦးလေးက ဆက်လက်ပြီး -

"ဒီလိုကွ၊ မင်းအဘွားလေးရဲ့မြေးလို့ပြောရမှာပေါ့။ သူ့သမီးကမွေးတဲ့ သားကြီးရဲ့ မွေးနေ့လုပ်၊ ဘုရားအနေကဇာတင်၊ အိမ်သန့်၊ မြေသန့်လုပ်ဖို့ စီစဉ်ကြတယ်။ ဆွေမျိုးတွေကလည်း စုံလို့ပေါ့ကွာ။ ဒီလိုနဲ့ ဘုန်းကြီးတွေလည်း အိမ်ကိုကြွလာတယ်။ ဘုရားဆောင်ရဲ့ အရှေ့ဘက်မှာ ဘုန်းကြီးတွေကို သီတင်းသုံးစေတယ်။ ဘုန်းကြီးတွေကလည်း ဘုရားရှင်ရှေ့မှာထိုင်ပြီးတာနဲ့ အဲဒီထဲကဘုန်းကြီးတစ်ပါးကမေးတယ်။ တရားအရင်ဟောရမှာလား၊ ဆွမ်းအရင်ကပ်မှာလားလို့ မေးတယ်။ ဦးတို့ကလည်း အေးအေးဆေးဆေးတရားနာရအောင် ဆွမ်းအရင်ကပ်မှာပါဘုရားလို့ပြောလိုက်တယ်။ ဒီလိုနဲ့ ဘုန်းကြီးတွေလည်း ဆွမ်းအရင်စားနေတာပေါ့ကွာ။ အဲဒီအထိတော့ ဘာမှမထူးခြားသေးဘူး။ ဘုန်းကြီးတွေ ဆွမ်းစားပြီး အချိုပွဲဆက်ပြီးဘုဉ်းပေးနေတဲ့အချိန်၊ အချိုပွဲကိုဘုဉ်းပေးနေရင်းနဲ့ ဘုန်းကြီးတစ်ပါးက -

"မွေးနေ့ရှင်က ဘယ်သူလဲ၊ အရှေ့ကိုတိုးလာ"

ဟုပြောတော့ မင်းအဘွားလေးရဲ့ မြေးယောကျ်ားလေးက ရှေ့ကိုတိုးလာပြီး ဘုန်းကြီးအနားမှာထိုင်နေတယ်။ ပြီးတော့ ဘုန်းကြီးက တစ်ဆက်တည်း-

"အငယ်မလေးကော ဒီကိုလာ"

လို့ခေါ်လိုက်တော့ သူက တုတ်တုတ်မှမလှုပ်ဘူး။ အဲဒါနဲ့ ဘုန်းကြီးက အိပ်ငိုက်နေတယ်ထင်လို့ -

"ဒကာမကြီး ဒကာမကြီးရဲ့သမီး အငယ်မလေး အိပ်ငိုက်နေတယ်ထင်တယ်။ အရှေ့ကို တိုးခိုင်းလိုက်ပါဦး"

ဆိုပြီး ဘုန်းကြီးကပြောတုန်းရှိသေးတယ်။ အဲဒီအငယ်မက ဘုန်းကြီးကိုကြည့်တဲ့မျက်လုံးက စိန်းစိန်းကြီးကြည့်နေတယ်။ ဒီလိုနဲ့ ဦးလေးလည်း ကြားကနေ မနေသာတော့ဘဲ -

"ဟဲ့ - အငယ်မလေး၊ ဘုန်းကြီးခေါ်နေတယ်၊ မကြားဘူးလား"

ဟု ပြောတုန်း ငါ့ဘက်ကိုလှည့်ကြည့်ပြီး -

"နင့်ပါးစပ်ကိုပိတ်ထား"

လို့ အသံအောအောကြီးနဲ့ပြောချလိုက်တယ်။ ပြီးတာနဲ့ သူ့တစ်ကိုယ်လုံးတုန်ယင်လာပြီး -

"ဟီး ဟီး ဟီး၊ ဟင်း ဟင်း ဟင်း"

ဆိုပြီးညည်းကာ -

"သမီး သမီး"

လို့ပြောပြီး သူ့ရဲ့အမေကို လှမ်းပြီးကြည့်တယ်။ သူ့အမေကလည်း ထိုင်နေရာက ချက်ချင်းထလာပြီး -

"ဟဲ့- သမီး၊ နင်ဘာတွေဖြစ်နေတာလဲ"

လက်ကိုရိုက်လိုက်ရာ သူ့ရဲ့သမီးရဲ့ခန္ဓာကိုယ်ဟာ တုန်ယင်ပြီး ယိမ်းထိုးလာတယ်။ ပြီးတော့ သူ့ရဲ့သမီးက သူ့ကိုကြည့်တဲ့အကြည့်ကို သူ့အမေကိုယ်တိုင်ကြောက်သွားတယ်။ သူလည်းလန့်သွားပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ မှင်တက်နေမိတယ်။ ဒီအချိန်မှာပဲ အခြေအနေအားလုံးကို အကဲခတ်မိတဲ့ဘုန်းကြီးက -

"ဒကာမကြီး အသာနေ ဘေးဖယ်နေ၊ ဒါသာမန်မဟုတ်ဘူး။ ပရလောကသားတစ်ဦးဦး ဝင်ပူးနေတာဖြစ်မယ်။ ဖယ်ဖယ်၊ ဘုန်းကြီးမေးကြည့်ဦးမယ်"

လို့ဆိုပြီး ဘုန်းကြီးက သူ့အနားကိုကြွလာတယ်။ ဘုန်းကြီးကလည်း အနားရောက်တော့-

"အသင်က ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလိုချင်လို့လဲ၊ ဘာကိုဖြစ်စေချင်တာလဲ။ ဒါ ကောင်းမှုကုသိုလ်ပြုလုပ်ရမယ့်အချိန် ဖနှောင့်ယှက်ကောင်းဘူး။ ငရဲကြီးလိမ့်မယ်။ တကယ်လို့ အမျှအတန်းပေးဝေတာကို သာဓုခေါ်ချင်တယ်ဆိုရင်လည်းပြော၊ ဘုန်းကြီးတို့က နာမည်နဲ့တပ်ပြီး အမျှပေးဝေမယ်။ ပြောဘယ်သူလဲ"

ဆိုတော့ အငယ်မလေးဟာ ပိုပြီး တုန်ခါလာကာ အသားတွေတဆတ်ဆတ်တုန်လာတယ်။ ကိုယ်ခန္ဓာကလည်း အရှေ့၊ အနောက်ကို ယိမ်းထိုးနေတယ်။

"ဟီး ဟီး ဟီး ဟင်း ဟင်း ဟင်း ငါနော်၊ ငါ့ကို နင်တို့ တကယ်မသိကြဘူးလား"

လို့ပြောပြီး ကောင်မလေးက သူ့အမေကိုပဲ ကြည့်နေတယ်။ ဒါပေမယ့် ပြောနေတဲ့စကားသံကတော့ ကောင်မလေးရဲ့အသံမဟုတ်ဘူး။ အဘွားကြီးတစ်ယောက်ရဲ့အသံဖြစ်နေတယ်။ ဒါနဲ့ပဲ ဘုန်းကြီးက -

"ဘယ်သိမလဲ၊ ခင်ဗျားပြောမှသိမှာပေါ့"

လို့ပြောတော့ ဘုန်းကြီးဘက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်တော့ စားမယ့်ဝါးမယ့်ပုံကြီးနဲ့ မျက်ထောင့်ကြီးကနီလို့ အားလုံးကလည်း သူ့အဲဒီလိုလှည့်ကြည့်လိုက်တာ လန့်ဖျပ်သွားတယ်။ လူတွေလည်း အနောက်ကို နည်းနည်းရွှေ့သွားကြတယ်။ တစ်ဆက်တည်းမှာပဲ -

"ငါ့ကို တကယ်မသိကြဘူးလား"

တုန်တုန်ယင်ယင်ဖြင့် ပြောပြန်သည်။ ဘုန်းကြီးက စိတ်သိပ်မရှည်တော့ဘူး။

"မသိလို့မေးနေတယ်လေ။ ဖြေ လေမဖြေရင် ငါတို့ စည်းချပြီး ကမ္မဝါဖတ်မှာနော်။ ကဲ-ပြော၊ အချိန်သိပ်မရှိဘူး"

ပရလောကသားအပူးခံနေရသော ကောင်မလေးသည် ခဏတာငြိမ်သွားပြီးမှ-

"အေး - မှတ်ထား၊ ငါ မိမြတ်မွန်ပဲ။ သူ့ရဲ့အမေ သူ့ရဲ့အမေဟဲ့ မှတ်ထား"

လို့ပြောလိုက်ရာ ဦးလေးလည်း အံ့ဩသွားပြီး -

"ဒါ ဒါဆို ကျွန်တော့်ရဲ့အဒေါ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်ဟေ့၊ ဟုတ်တယ် ဟုတ်တယ်"

အဲဒီအချိန်မှာပဲ သူ့သမီးက -

"မယုံဘူး၊ မဖြစ်နိုင်ဘူး။ ကျွန်မ အမေက ဘုရားနဲ့တရားနဲ့ ဘယ်လိုမှ လောကဘုံထဲကို မရောက်နိုင်ဘူး။ ရှင် ဘယ်သူလဲ၊ မှန်မှန်ပြောနော်။ မပြော ဆိုရင် ဘုန်းကြီးတွေရှိတယ်။ ဘာ သလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောပြီး မျက်ရည်များထွက်လာသည်။ ထိုအခါ သရဲပူးနေတဲ့သူ့သမီးက သူ့ကိုစိုက်ကြည့်ပြီး မျက်ရည်တွေကျလာတယ်။ ပြီးတော့ -

"သမီး သမီး အမေပါ၊ တကယ်ပဲအမေအစစ်ပါ"

ဆိုပြီး -

"သမီးမယုံဘူးလား။ အမေ အခုဒုက္ခတွေ့ခံနေရပြီ။ သူများပစ္စည်းကိုတရားယူထားမိလို့ပါ"

ဟုပြောပြီး ခေါင်းကို တုန်တုန်ယင်ယင်ဖြင့် သွင်သွင်သာခါယမ်းနေပါသည်။

ဒီအချိန်မှာပဲ ဘုန်းကြီးက -

"ခင်ဗျား သူ့အမေ မိမြတ်မွန်ဆိုတာ ဘယ်လိုသက်သေပြမလဲပြောတော့ သရဲပူးနေတဲ့ကလေးမက လာပြီးကြည့်နေကြတဲ့လူတွေထဲက တချို့ကိုလက်ညှိုးထိုးပြီးတော့ ဒါက ငါ့ တူ၊ ဒါက ငါ့တူမ၊ ဒါက နာမည်ဘယ်လိုခေါ်တယ် စသည်ဖြင့် ပြောပြနေတာ အားလုံးမှန်တယ်။ နောက်ဆုံး ပိုပြီးမှန်တာက ဘယ်သူမှမသိတဲ့ သူ့သမီးကို သူပေးထားသောနားတပ်ကို ဘယ်လိုပြောပြီးပေးထားတယ် ဆိုတာကအစ ပြောပြနေတယ်။ ဒီကလေးကလည်း သူပြောတာ ဟုတ်လားလို့ သူ့သမီးကိုမေးလိုက်သောအခါ သူ့သမီးက ဘာစကားမှပြန်မဖြေဘဲ သရဲပူးနေတဲ့ သူ့သမီးလေးကိုစိုက်ကြည့်ပြီး မျက်ရည်များကျဆင်းလာကာ -

"အမေ"

ဆိုပြီး ရှိုက်ကြီးတငင်ငိုကြွေးကာ သူ့အမေအဖြစ် ဝင်ပူးနေတဲ့ သူ့သမီးလေးကို သိုင်းဖက်ကာ -

"ဘယ်လိုဖြစ်ရတာလဲ အမေရဲ့၊ ဘယ်အစွဲအလမ်းကြောင့် အခုလိုနှစ်ပေါင်းကြာအောင် ဒီဘုံဘဝထဲကိုရောက်နေရတာလဲ အမေရဲ့။ သမီးတို့ကို အိပ်မက်လေးဘာလေးပေးပေါ့။ လိုအပ်ရင်သမီးတို့ ဘုန်းကြီးပင့်ပြီး အလှူအတန်းပေးမယ်။ သာဓုခေါ်ခိုင်းမှာပေါ့"

ဟု ငိုလိုက်အော်လိုက်နှင့်။ ချက်ချင်းပဲ ဒီသတင်းကလည်း အလွန်မြန်သည်။ တစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။ မြင်ဘူးတဲ့လူ၊ မတွေ့ဘူးတဲ့လူ၊ မကြုံဘူးသေးတဲ့လူအားလုံး လာကြည့်ကြတာတစ်ရွာလုံးကလူတွေကုန်သလားမှတ်ရတယ်။ တချို့လူတွေက အံ့သြနေကြတယ်။

"သားသမီးအစွဲကသိပ်ကြောက်ဖို့ကောင်းတာ"

"အခုကြည့်လေ၊ နှစ်ပေါင်းအတော်ကြာတာတောင် မကျွတ်ဘူး"

"ဒီခြံထဲမှာပဲ ပြိတ္တာဖြစ်နေရရှာတယ်။ သေခါနီး အစွဲအလမ်းက သိပ်ကြောက်ဖို့ကောင်းပါလားတော်"

ဟု လူအမျိုးမျိုးရဲ့ ကိုယ်ထင်ရာကိုယ်ယူဆပြီးပြောနေကြတဲ့အသံပေါင်းစုံကိုလည်း ကြားနေရတယ်။ ဒီလိုနဲ့ သူ့သမီးက အိပ်မက်လေးဘာလေးပေးပေါ့လို့ ပြောလိုက်တော့ သရဲပူးနေတဲ့သူ့သမီးက တုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေတယ်။

"ဒီလို သမီး၊ အမေတို့ခြံချင်းကပ်က လူတွေရှိသေးလား"

"ရှိတယ် ရှိတယ် အမေ။ ဘာဖြစ်လို့လဲ"

လို့ သမီးကပြောလိုက်ရာ-

"သူတို့က အမေ ဒီဘဝကျွတ်ဖို့ ဝဋ်ကြွေးတွေကျေဖို့ အဓိကလူတွေပဲသမီး။ သမီးငယ်ငယ်ကအကြောင်းကိုမှတ်မိသေးလား။ အမေတို့ ဘေးကပ်ရပ်ကအိမ်နဲ့ ခြံစည်းရိုးကိစ္စ ရပ်သိရွာသိအကြီးအကျယ် ရန်ဖြစ်ကြတယ် မှတ်မိသေးလား"

လို့ မေးလိုက်တော့ သူ့သမီးက စဉ်းစားပြီး ခဏအကြာမှ-

"ဪ- မှတ်မိပြီ မှတ်မိပြီ။ အဲဒါဘာဖြစ်လို့လဲ။ အမေ့ကို သူတို့သားအမိတွေ မဟုတ်တာတွေပြောပြီး စွပ်စွဲတာလေ။ အဲဒါနဲ့ဘာဆိုင်လို့လဲ"

ဟု သူ့သမီးကပြောလိုက်တော့ သူ့ရဲ့အမေက ချက်ချင်းပဲ-

"သမီး အဲဒီအချိန် ရန်ဖြစ်ကြတုန်းက သူတို့ကအမှန်ကိုပြောတာ"

ဆိုပြီး သရဲပူးနေတဲ့ကောင်မလေးက ပြောချလိုက်ရာ -

"ဟင်"

"ဟာ"

"ဗုဒ္ဓေါ"

"ဖြစ်မှဖြစ်ရ လေ"

အစရှိသဖြင့် လူအများ၏မထင်မှတ်ထားသော လွန်ခဲ့သောအတိတ်ကာလဆီကအဖြစ်အပျက်တစ်ခု၏အဖြေကိုသိရှိလိုက်ရသဖြင့် အံ့သြသွားကြသည်။ ထို့ကြောင့် အံ့သြခြင်းများနှင့်အတူ ဖရိုဖရဲသတ်ကြီးသည် ပိုပြီးစိတ်ဝင်စားသွားပြီး အားလုံးသည် ငြိမ်သက်စွာဖြင့် သရဲပူးနေသောကောင်မလေး ဘာဆက်ပြီးပြောမလဲမှာ နားစွင့်နေကြသည်။ ထိုအခါ ဆက်လက်၍ သရဲပူးနေတဲ့ ကောင်မလေးမှ -

"အဲဒီအချိန်တုန်းက အမေက သူတို့ရဲ့အမှတ်အသားမှတ်ထားတဲ့ သစ်သားငုတ်တိုင်ကြီးနေရာကနေ တည့်တည့်ကာရမယ့်အစား သူတို့ဘက်ကိုနှစ်ပေကျော်လောက် သူတို့မသိအောင်ပိုပြီးယူထားမိတယ်သမီး။ အဲဒီတုန်းကတော့ လောဘရမ္မက်စိတ်နဲ့ ဘယ်သူမှသိမှာမဟုတ်ဘူး။ ဘာဖြစ်တာမှတ်လို့ဆိုပြီး သူများပိုင်တဲ့မြေကြီးကို လောဘဇောတက်ပြီး ခိုးယူခဲ့မိတယ်သမီး။ ဒါပေမယ့် ဘယ်သူကမှသိမှာမဟုတ်ဘူးလို့တော့ အမေ့လိုမျိုးမထင်လိုက်နဲ့သမီး။ ငရဲကသိတယ်။ အဲဒီတော့ လောဘစိတ်နဲ့ မကောင်းမှုအကုသိုလ်ကံကြောင့် အမေ အသက်ထွက်သေဆုံးပြီးတာနဲ့ ချက်ချင်းပဲ အမေ့ရဲ့ခေါင်းပေါ်ကို နှစ်ပေကျော်လောက်အကျယ်နဲ့ အမြင့်ထုထည်က နှစ်သိန်းလေးသောင်းရှိတဲ့ မြေကြီးအစိုင်အခဲအတုံးကြီးဟာ အမေခိုးယူထားမိတဲ့ပမာဏအတိုင်း အမေ့ရဲ့ခေါင်းပေါ်ကိုတင်ပြီး အဲဒီအချိန်ကနေပြီး ယခုအချိန်ထိ နှစ်ပေါင်းများစွာ တစ်ချိန်လုံးခေါင်းပေါ်မှာရွက်ထားရတယ် သမီးလေးရယ် ဟီး ဟီး ဟီး"

ဆိုပြီး ပြောပြီးငိုလေပြန်သည်။ ခဏကြာအောင်ငိုပြီးတော့မှ ဆက်ပြီးတော့ သူ့အမေက-

"သူ့အကြွေးရှိရင်၊ သူ့ပစ္စည်းကိုမသိအောင်ခိုးယူထားမိရင် ခန္ဓာနဲ့ဆပ်ရတယ်။ ဒါတောင်မပြီးသေးဘူး။ အဲဒီလိုမြေကြီးကိုခေါင်းပေါ်တင်ပြီး ရွက်ထားရင်းနဲ့ ရိပ်သာဝင်တဲ့အဘွားကြီးကိုရောတရားရိပ်သာကိုပါ ဝစီကံနဲ့ပြစ်မှားမိလို့ မြေကြီးကိုရွက်ထားရင်းနဲ့ အမေ့ရဲ့ပါးစပ်ထဲကိုလည်း သံမီးကျီးမီးခဲတွေရဲရဲတောက်နေတာတွေကို အငွေ့တထောင်းထောင်းနဲ့ အချိန်တိုင်း ပါးစပ်ထဲမှာအထည့်ခံထားရတယ်သမီး။ ကြောက်စရာသိပ်ကောင်းတယ်။ သူတော်ကောင်းတွေကို စိတ်နဲ့တောင်မပြစ်မှားပါဘူး သမီး။ အမေ့ကို အတုယူကွယ့်။ ဒီလိုခံနေရတာတောင်မပြီးဘူး သမီး။ အမေခိုးယူထားတဲ့မြေကြီးကို သူ့ပိုင်ရှင်မိသားစုထံကို သံဃာတွေရှေ့မှာသက်သေထားပြီး ရေစက်ချအမျှပေးဝေမှ ခြံပိုင်ရှင်ကသာဓုခေါ်ပြီး ကြည်ကြည်ဖြူဖြူပြန်ပြီးလက်ခံမှ အမေဒီဘဝကကျွတ်မှာ၊ ဒီဝဋ်ကြွေးတွေကလွတ်မှာပါ သမီးရယ်။ အမေ့ကိုကယ်ပါဦး။ အမေမှားပါပြီ သမီးရယ်"

ဟုပြောပြီး ငိုပြန်သည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com

မှာပင် ဝမ်းနည်းစွာဖြင့် တစ်ချိန်လုံးနား ထောင်နေသော သူ့သမီးက -

"အမလေး အဖြစ်ကဆိုးလှချည်လား အမေရဲ့၊ ဖြစ်မှဖြစ်ရလေ အမေရဲ့"

ဆက်လက်၍ -

"အမေက အခုလောက် နှစ်ပေါင်းကြာမှလာပြောရသလား။ ဒီခြံထဲမှာရှိနေတာပဲ။ ဘာလို့ ဒီလိုဝင်ပူးပြီး စောစောကတည်းကမပြောတာလဲ ဟီးဟီးဟီး"

ထိုအခါ သရဲဝင်ပူးနေသော ကောင်မလေးက ငိုနေသောသူ့ရဲ့အမေကိုကြည့်ပြီး ဆက်ပြောသည်။

"အမေက သမီးနဲ့မြေးတွေအားလုံးကို တွေ့မြင်နေရတယ်။ ဒါပေမယ့် ဝဋ်ကြွေးက မကျေမချင်းပြောလို့လည်း မရ၊ ဝင်ပူးလို့လည်းမရ၊ အဲဒီနေရာမှာပဲ မတ်တတ်ရပ်ပြီး တစ်ချိန်လုံး မြေကြီးကို ခေါင်းပေါ်မှာရွက်၊ ပါးစပ်မှာလည်း မီးရဲရဲနဲ့သံခဲတွေကို ပါးစပ်ထဲမှာပဲထည့်ထားပြီးချလို့လည်းမရ၊ ထွေးပြီးထုတ်လို့လည်းမရ၊ ထိုင်လို့လည်းမရ၊ မတ်တတ်ရပ်အတိုင်းပဲနေရတယ်သမီး။ အမေ ဒီဝဋ်ကြွေးတွေက ကျွတ်ချင်လွတ်ချင်ပြီ။ အမေ့ကို ကယ်ပါဦး၊ ကူညီပါဦး။ အမေ မနက်ဖြန် ပြန်လာခဲ့မယ်။ အခုတော့ အချိန်မရတော့ဘူး။ ဆိုင်ရာကပြန်ခေါ်နေပြီ။ အမေ သွားတော့မယ်"

ဟုပြောပြီး ချက်ချင်းပင် အငယ်မလေးသည် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပျက်လဲကျသွားပါသည်။

"ဟဲ့ ဟဲ့ လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ သမီးလေး သမီးရေ"

ဆိုပြီး ဝိုင်းပြီးတော့ခေါ်နေတုန်း ဘုန်းကြီးမှ ဘုရားဆောင်က ဘုရားသောက်တော်ရေစွန့်ပေးပါဟု တောင်းနေတုန်း သတိရလာပါသည်။ သတိရလာတော့ သူက ဘာမှမသိ။ လူများက သူ့ကိုဝိုင်းပြီးအံ့ကြည့်နေတာကို အံ့ဩနေသည်။ ပြီးတော့ သူ့အမေကိုကြည့်သည်။ မျက်နှာမှာမှိုင်နေပြီး ငိုထားသည်ကိုတွေ့ရသောအခါ အငယ်မက -

"အမေ၊ ဘာတွေဖြစ်နေတာလဲ။ ဘာဖြစ်လို့ ငိုထားတာလဲ"

ဟု သူ့အမေအားမေးလေတော့သည်။ သူ့အမေခမျာ မဖြေနိုင်။ လုံးဝ ကိုမဖြေနိုင်ဘဲ ရင်ဘတ်ကြီးကို လက်နှင့်ဖိပြီး-

"ဖြစ်မှဖြစ်ရလေ အမေရယ်"

ဟု ပြောပြီး ငိုပြန်သည်။

ထိုအခါ ဘုန်းကြီးက-

"ဒကာမကြီး တရားနဲ့ဖြေပါ။ သူ့အကြွေးရှိရင် ပြန်ဆပ်ရတာ ဓမ္မတာပဲ။ ကံကံ၏အကျိုးပေါ့၊ သတိထားပါ။ အလှူပွဲမပျက်ပါစေနဲ့။ ရေစက်ချ၊ တရားနာကြမယ်။ စိတ်ကိုအေးအေးထားပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ရွာဦးကျောင်းက ဆရာတော်ထံမှာ အကူအညီတောင်းခံပြီး မေးကြတာပေါ့"

ဟုပြောဆိုပြီး ရေစက်ချတရားပွဲကို ပြီးဆုံးအောင်လုပ်လိုက်ကြပါသည်။ ဒီသတင်းသည် တို့တစ်ရွာလုံးပါမက အနီးအနားက ရွာများဆီသို့ပါ ပျံ့နှံ့သွားပါသည်။

ဦးလေးကဆက်လက်ပြီး -

"အဆိုးထဲကအကောင်းပေါ့ကွာ။ အဲဒီအကြောင်းကိုလည်း လူတော်တော်များများသိသွားကြတယ်။ သံဝေဂတရားတွေနဲ့ အမှား၊ အမှန်ကို ကွဲကွဲပြားပြား သိသွားကြပြီ။ သူများမြေ၊ သူများပစ္စည်းကိုလည်းမခိုးမဖွက်ရဲတော့ဘူး။ အကြွေးရှိရင် ခန္ဓာနဲ့ဆပ်ရတယ်ဆိုတာရယ်၊ ငရဲတကယ်ရှိတယ်ဆိုတဲ့အသိတွေကို ငါတို့ရွာများသာမက အနီးအနားရွာများကပါ သိပြီး ကြောက်ရွံ့သွားကြတယ်။ သတင်းကလည်း တော်တော်ကြီးသွားတာကိုး။ အဲဒါနဲ့ပဲ ရေစက်ချပွဲပြီးတော့ ငါလည်းပါ၊ သူ့သမီးလည်းပါ၊ ဆွေမျိုးတွေလည်း အားလုံး ထမင်းတောင်မစားနိုင်ဘူး။ ရွာဦးကျောင်းကို တန်းပြီးသွားပါလေရော။ ဘုန်းကြီးကျောင်းလည်းရောက်တော့ ရွာသူကြီးကိုပါ အရင်သင့်ရောက်နေတာကို တွေ့လိုက်ရတယ်။ ရွာသူကြီးကလည်း ဒီကိစ္စကိုကြားပြီးတာနဲ့ ဘုန်းကြီးဆီကိုတန်းလာပြီး ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကို ဘုန်းကြီးဆီက ဩဝါဒလာတောင်းခံနေတာ။ ဘုန်းကြီးကလည်း သူကြီးပြောပြလို့ အားလုံးကို သိပြီးသွားပြီ။ ငါတို့အမျိုးအုပ်စု ကျောင်းပေါ်ကိုရောက်တော့ ဘုန်းကြီးကို ဦးချကန်တော့လိုက်တယ်။ ပြီးတော့ ဦးလေးကပဲ -

"ဘုန်းဘုန်း၊ ဘုရားဒကာမကြီးအကြောင်း သိပြီးသွားပြီလား ဘုရား"

လို့ပြောလိုက်ရော ဘုန်းကြီးက -

"အေး - အခုပဲ သူကြီးပြောပြလို့ သိပြီးပြီ"

"မင်းတို့အားလုံးလည်း သံဝေဂတရားတွေယူကြ၊ သူ့အကြွေးရှိရင် ခန္ဓာနဲ့ဆပ်ရတယ်။ ဝဋ်ကြွေးဆိုတာ တကယ်ကြောက်ဖို့ကောင်းပါလား။ ကဲကဲ-ကပ္ပိယကြီး"

ဟု လှမ်းခေါ်လိုက်သည်။ ကပ္ပိယကြီးကလည်း -

"မှန်ပါ့ဘုရား"

ဆိုပြီး ကျောင်းပေါ်ကိုအပြေးတက်လာတယ်။ ကပ္ပိယကြီးလည်း ကျောင်းပေါ်ကိုရောက်ရော ဆရာတော်က -

"ကျောင်းက ဦးပဉ္စင်းတစ်ပါးကို တစ်ခါတည်းခေါ်သွား၊ ဒီဒကာမကြီးတွေရဲ့ ခြံချင်းဆက်နေတဲ့အိမ်က ဒကာမကြီးကိုသွားခေါ် ချေ။ ရွာဦးကျောင်းဆရာတော်က အခေါ်လွှတ်လိုက်တယ်လို့ အခုချက်ချင်း တစ်ခါတည်းလိုက်ခဲ့ပါလို့၊ ကျောင်းမှာ သူကြီးလည်းရောက်နေတယ်။ ရွာက ရပ်မိရပ်ဖလူကြီးတွေလည်း အကုန်ရောက်နေတယ်လို့ပြောပြီး တစ်ခါတည်းစောင့်ပြီးခေါ်ခဲ့၊ ကြားလား"

"မှန်ပါ့ဘုရား၊ တပည့်တော်အခုပဲသွားလိုက်ပါ့မယ် ဘုရား"

လို့ပြောပြီးလှည့်ထွက်သွားလေသည်။ တစ်အောင့်လောက်အကြာတွင် ကပ္ပိယကြီး၊ ဦးပဉ္စင်းတစ်ပါးနှင့် ဘေးအိမ်ကအဘွားကြီးကိုပါ တစ်ခါတည်းပါလာခဲ့သည်။ ကျောင်းပေါ်ရောက်တာနှင့် ဆရာတော်ကို ဦးစွာဝတ်ပြု၊ ပြီးမှ လက်အုပ်ချီပြီး -

"ဘယ်အကြောင်းများ အရေးတကြီးကိစ္စရှိလို့ ချက်ချင်းခေါ်ခိုင်းလိုက်ရတာလဲ ဘုရား"

ဟု မသိချင်ယောင်ဆောင်ပြီးမေးလေသည်။

ထိုအခါ ဘုန်းကြီးကလည်း -

"ဒကာမကြီး မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား"

လို့ ဘုန်းကြီးကပြောတော့မှ -

"ဩော်- ဟို မြေကြီးထမ်းထားတဲ့ကိစ္စ သရဲဝင်ပူးတဲ့ကိစ္စလား"

"အေး - ဟုတ်တယ် ဒကာမကြီး အဲဒီကိစ္စအတွက် ဘုန်းကြီးကခေါ်လိုက်တာ။ ဒကာမကြီးလည်း သိပြီးမပေါ့။ တစ်ဖက်သူကလည်း သူ့ကံကြမ္မာနဲ့ သူလုပ်တဲ့အပြစ်ဒဏ်ကို ကောင်းကောင်းကြီးခံနေရပြီ။ ကြောက်စရာဘယ်လောက်တောင်ကောင်းလိုက်သလဲ၊ အဲဒါ နောင်လာနောက်သားတွေအသိတရားရဖို့ သံဝေဂတရားတွေယူတတ်ဖို့ပဲလိုတယ်။ အဲဒီတော့ သူ့ခမျာလည်း သနားစရာကွယ်။ မ်ချိမဆံ့ခံရရှာတယ်။ နှစ်ပေါင်းဘယ်နည်းမလဲ။ ယူလိုက်တဲ့ ရှပ်ဝတ္ထုပစ္စည်းနဲ့ ခံရတဲ့ဝဋ်ကြွေး တန်ရဲ့လားစဉ်းစားကြ၊ လူတွေသူတွေ

www.burmeseclassic.com

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန တွေနဲ့ပြည့်နေကြတယ်။ အဲဒီ လောဘတို့ ဒေါသတို့၊ မောဟတို့၊ မာန်မာနတွေဆိုတဲ့ အတ္တစိတ်တွေ ဒကာမတို့ရင်ထဲမှာ တိန်းအောင်းနေရင် ရအောင်ပယ်သတ်ပါ။ အဲဒါတွေ ကိုယ့်ဆီမှာရှိနေရင် အောက်တန်းစားတွေပဲ။ ဘာဖြစ်လို့ အောက်တန်းစားတွေလို့ပြောသလဲဆိုရင် အခုကြည့်၊ သက်သေပြနေပြီ။ ကိုယ့်ကို အောက်ကိုဆွဲခေါ်မယ့် ငရဲကိုကျစေမယ့် စိတ်ဓာတ်တွေ၊ အောက်တန်းကိုသွားရမယ့် အောက်တန်းစားစိတ်ဓာတ်တွေ၊ ဒါတွေကို တို့တစ်တွေ တရားနဲ့နှလုံးသွင်းပြီးဆင်ခြင်ရမယ်။ ဒါကြောင့် ပြီးခဲ့တာတွေကိုလည်း ပြီးပါစေတော့။ ရန်ကိုရန်ချင်းမတုံ့ပြန်ဘဲ မီးကို ရေနဲ့ငြိမ်းမှရသလိုပေါ့။ ကဲ - ဒကာမကြီး၊ ဘုန်းကြီးတစ်ခုမေတ္တာရပ်ခံချင်တယ်"

"ပြောပါ ဘုရား"

"အေး - ဒကာမကြီးလည်း သိထားတဲ့အတိုင်း တစ်ဖက်မှာလည်း ဝဋ်ငရဲခံနေရတာ၊ ဒါကို ဒကာမကြီးဘက်က မိဘနေရာထားပြီး ကိုယ်ချင်းစာစိတ်နဲ့ ငဲ့ညှာသောအားဖြင့် သူတို့အမေလက်ထက်က ခိုးယူပြီး ခြံခတ်ထားတဲ့ နှစ်ပေကျော်ကျော်မြေကို ဘုန်းကြီးတို့ရှေ့မှာ ဆွမ်းကပ် တရားနာ ရေစက်ချပြီး ပြန်ပြီးတော့ မူလပိုင်ရှင်ရဲ့လက်ထဲကို ပေးအပ်ချင်တယ်။ အဲဒါကို ဒကာမကြီးက ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ပြီး ပြန်ပြီးလက်ခံပေးပါ။ ဘုန်းကြီး မေတ္တာရပ်ခံပါတယ် ဒကာမကြီး။ အဲဒါ ဒကာမကြီးဘက်က ဘာပြောချင်သလဲပြောပါ"

"မှန်ပါ့ဘုရား၊ ဘုန်းဘုန်းဘုရားကိုတော့ တပည့်တော်မအားနာပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော်မအမှန်အတိုင်းပဲ ဝန်ခံပါရစေ ဘုရား။ တပည့်တော် ငယ်ရွယ်စဉ်အခါက သူတို့ဆွေမျိုးတွေကော ရွာကလူတွေပါ တပည့်တော်ပြောတာကို မယုံကြဘူးလေ။ တပည့်တော်မကလည်း အဲဒီတုန်းက မိန်းမရိုင်း၊ မိန်းမဆိုးကိုဖြစ်လို့၊ ကဲ- သင်းတို့ အခုတော့ ဘာပြောနိုင်ကြသေးလဲ။ ဘာထတ်နိုင်ကြသေးလဲပြော။တပည့်တော်မဖြစ်တုန်းကတော့ အထုခံရတယ်။ အခု တူအလှည့်ကိုရောက်ပြီ။ အခုကျမှခွင့်လွှတ်ပြီး မေတ္တာစိတ်ထားလို့မရတော့ဘူး။ တပည့်တော်မကိုရော တပည့်တော်မရဲ့အမေကိုပါ သင်းတို့တစ်တွေ ထတ်ညှိုးထိုးပြီး ပြောဆိုလိုက်ကြတာ၊ ကြိမ်းမောင်းလိုက်ကြတာ။ အဲဒီအချိန်တုန်းက တပည့်တော်မရဲ့အမေပြောခဲ့တာ မှတ်မိသေးတယ်။ အမှန်တရားဟာ တစ်နေ့ပေါ်လာမှာပဲတဲ့။ မှန်လိုက်တဲ့စကား။ ဟုတ်စ ကဲ - အခု ဘယ်သူကဘာဆိုတာကို ကွင်းကွင်းကွက်ကွက်ကြီးသိရပြီ မဟုတ်လား။ ပြန်မယူဘူး။ အဲဒီမြေကြီးကို လုံးဝကို ပြန်လက်မခံဘူး ဟီးဟီးဟီး"

ဆိုပြီး ငိုချလိုက်ပါတော့သည်။

"ငိုငို ဒကာမကြီး အားရအောင်ငိုပြီးမှ စကားဆက်ပြောမယ်"

ဟု ဘုန်းကြီးကပြောပြီး ဒီအတိုင်းကြည့်နေလိုက်သည်။ အဘွားကြီးလည်း ငိုလို့ဝပြီး အငိုရပ်သွားသည်နှင့် ဘုန်းကြီးက-

"ကဲ- ဒကာမကြီး ငိုလေ၊ ဆက်ငိုလေ"

ဟု ဘုန်းကြီးကပြောသောအခါ ဒကာမကြီးမှ-

"မငိုတော့ပါဘူးဘုရား"

"ကဲ- ဒါဖြင့် ဘုန်းကြီးတစ်ခုမေးမယ် ဒကာမကြီး"

"ငိုချင်တာကို တစ်သက်လုံး ငိုလို့ရသလား"

"မရပါဘူး ဘုရား။ ခေတ္တခဏ ဝမ်းနည်းလို့ပါ ဘုရား"

"အေး - ဒါဖြင့် အဲဒီလို ဝမ်းနည်းတာကောမြဲရဲ့လား"

"မမြဲပါဘူး ဘုရား"

"ဝမ်းသာတာကကော"

"မမြဲပါဘူး ဘုရား"

"အဲဒီလို မမြဲသောတရားသဘောတွေကို သိရဲ့သားနဲ့ ဘာဖြစ်လို့ အတ္တတွေကို ရှေ့တန်းတင်နေရတာလဲ။ တရားကိုနှလုံးသွင်းပြီး ဆင်ခြင်သုံးသပ်ပါ ဒကာမကြီး



သူတစ်ပါးဒုက္ခရောက်နေတာကို သိလျက်သားနဲ့ ဒကာမကြီးက အဲဒီလိုမျိုးဆုံးဖြတ်တော့ ဒကာမကြီးဆီကို ဘာများအကျိုးထူးတွေရောက်ရှိလာပြီး စံစားရလဲ၊ ဘာများကောင်းကျိုးတွေရသလဲ"

ဟုပြောပြီး ဘုန်းကြီးသည် ငြိမ်သက်စွာနေလေသည်။ ခဏအကြာ၌ အဘွားကြီးသည် -

"တပည့်တော်မ မှားပါပြီဘုရား။ တပည့်တော်မကို ခွင့်လွှတ်ပါ။ ဒေါသကြောင့်ဖြစ်သွားတာပါ ဘုရား။ မြေကြီးကို အရှင်ဘုရားတို့ပြောသည့်အတိုင်း ပြန်ပြီးလက်ခံပါတော့မယ် ဘုရား"

ဟု ကတိပေးလေသည်။

ထိုအခါ ဘုန်းကြီးက -

"အဲဒါမှ ဗုဒ္ဓဘာသာအစစ်။ အမှားသိရင် အမှန်ကို ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားဆုံးဖြတ်ပြီး ပြုပြင်နိုင်ရမယ်။ ကဲကဲ - မနက်ဖြန်အတွက် စီစဉ်စရာရှိတာတွေကို ပြန်ပြီးစီစဉ်ကြတော့၊ ပြန်ကြတော့။ ဘုန်းဘုန်းကိုလည်း အားလုံးစီစဉ်ပြီးရင် မနက်ဖြန် ဘယ်အချိန်ကြွလာရမယ်ဆိုတာ လာပြီးလျှောက်ထား။ ဘုန်းကြီးကိုယ်တိုင် ကြွရောက်ပြီး တရားချီးမြှင့်မယ်။ ဘုန်းကြီးလည်း အခု တရားအားထုတ်ဖို့ အချိန်ကျပြီဆိုတော့ ကဲကဲ- ပြန်ကြတော့"

ဟု ပြောသဖြင့် ကျွန်ုပ်တို့ဆွေမျိုးတစ်အုပ်ကြီးသည် ဘုန်းကြီးကျောင်းမှ ဝမ်းသာကြည်နူးစွာ ပြန်လာခဲ့ပါတော့သည်။ နံနက်လင်းသော် ဆွမ်းကပ်ဖို့ အမှုဝေဖို့ပြင်ဆင်ပြီးသည်နှင့် ရွာဦးကျောင်းမှဆရာတော်သည် ရောက်လာပါသ်။ သံဃာစုစုပေါင်း (၉) ပါး ကြွလာပါသည်။ အိမ်ကို ဆရာတော်များရောက်သည်နှင့် ဆွမ်းကပ်လှူလိုက်ပါသည်။ ဆွမ်းစားပြီးသည်နှင့် ဆရာတော်သည် ပရိသတ်များကိုခေါ်ကာ စုရုံးစေပြီး ဆရာတော်မှ ပရလောကသားအား ဖိတ်မန္တကပြုလေတော့သည်။

"ရေစက်ချ၊ တရားနာ၊ အမှုပေးဝေမည်ဖြစ်ပါသောကြောင့် ယမန်နေ့က ရောက်ရှိလာသော မိမြတ်မွန်ဟုခေါ်သော မကျွတ်မလွတ်သေးတဲ့ ဝဋ်ဒုက္ခငရဲခံစားနေရသော ဒကာမကြီးအား ဖိတ်ခေါ်ပါသည်။ ကြားရာအရပ်၊ ရောက်ရာဘုံဘဝအရပ်ကနေ ကြွရောက်လာဖို့အတွက် ဖိတ်ခေါ်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ အငယ်မလေးသည် မနေ့ကလိုပဲ တစ်ကိုယ်လုံးတုန်ခါလာပြီး-

"ဟီး ဟီး ဟင်း ဟင်း"

ဆိုပြီး ပရလောကသားသည် ဝင်ပူးလာပါတော့သည်။

"တပည့်တော်မ ရောက်ရှိလာပြီ ဘုရား"

ဟုပြောလေသည်။

ထို့နောက် ဆရာတော်မှ -

"ကဲကဲ - မြေရှင်မိသားစုဝင်ဖြစ်တဲ့ ဒကာမကြီး အရှေ့ကိုတိုးခဲ့"

ခေါ်လိုက်သည်နှင့် ဘေးခြံမှ အဘွားကြီးသည် လူကြားထဲမှ အရှေ့သို့ တိုးထွက်လိုက်ပါသည်။ ထိုအဘွားကြီး အရှေ့ဘက်သို့တိုးထွက်လိုက်သည်နှင့် ဝင်ပူးနေသော မိမြတ်မွန်သည် သေချာစွာ မြေရှင်အဘွားကြီး၏ မျက်နှာကို ကြည့်၍ငိုပါတော့သည်။

"ခွင့်လွှတ်ပါ တောင်းပန်ပါတယ်"

ဟုပြောပြီး ငိုပြန်သည်။ ပြီးတော့မှ ဆက်လက်၍ -

"တန်ဖိုးနဲ့မမျှအောင် ဝဋ်ငရဲဒုက္ခ နှစ်ပေါင်းတော်တော်ကြာအောင်ခံခဲ့ရပါတယ်။ ခွင့်လွှတ်ပါ"

ဟုပြောသည်။

ထိုအခါ မြေရှင်အဘွားကြီးမှ -

"ခွင့်လွှတ်ပါတယ်ရှင်။ တကယ်ကို ခွင့်လွှတ်ပါတယ်"

လို့ မျက်ရည်ဝဲ၍ပြောသည်။ ဒီအချိန်မှာပဲ ဆရာတော်က -

"အေး၊ အေး- ခြံရှင်ဘက်က အားလုံးခွင့်လွှတ်တယ်ဆိုရင် ရေစက်ခွက်ကို နှစ်ယောက်စလုံးကိုပေးလိုက်ပါ။ ရေစက်ချပြီး မူလပိုင်ရှင်ထံကို ပြန်လည်ပေးအပ်မယ်"

ပြောပြီး သူတို့နှစ်ဦးစလုံးကို ရေစက်ခွက်ကိုယ်စီပေးလိုက်ကြပါသည်။

ထိုအခါ ဘုန်းကြီးမှ -

"ကဲ- ဘုန်းကြီးတိုင်ပေးမယ်။ လိုက်ဆိုပြီး အာရုံပြုကြ"

"တပည့်တော်မ မိမြတ်မွန်သည် ပိုင်ရှင်မသိအောင် ခိုးယူထားသော မြေနှစ်ပေကျော်ကျော်ကိုယူခဲ့မိသည့်အတွက် နှစ်ပေါင်း(၂၀)ကြာအောင်ပေးဆပ်ခဲ့ပြီးပါပြီ။ အဲဒါကြောင့် ဝဋ်ဒုက္ခငရဲကိုလည်း အလွန်တရာမှ ကြောက်လန့်သွားပါသည်။ ထို့ကြောင့် ပိုင်ရှင်မသိအောင် ခိုးယူထားမိသော ဤမြေကြီးအား ယခုအခါ ယခုအချိန် သံဃာတော်များ၊ လူအများ ခြံပိုင်ရှင်မိသားစုဝင်များ၏ရှေ့မှောက်၌ နဂိုမူလပိုင်ရှင်ဖြစ်သော မိသားစုထံ ရေစက်သွန်းချ အမျှပေးဝေ၍ ပြန်လည်ပေးအပ်ပါသည်"

ဟု ပြောပြီး ဆက်လက်၍-

"ကဲ - ယခု ပရလောကပြိတ္တာဘုံဘဝကိုရောက်နေတဲ့ မိမြတ်မွန်က ပိုင်ရှင်မသိအောင် ခိုးယူထားမိသောမြေကို ပိုင်ရှင်ထံကို ပြန်ပေးမလား"

ဟု ဘုန်းကြီးမှမေးတော့-

"တပည့်တော်မ ပြန်ပြီးပေးပါတယ် ဘုရား"

"ဒီဘက်က မူလပိုင်ရှင်ကတော့ ပြန်ယူမလား"

"ပြန်ယူပါတယ် ဘုရား"

လို့ အဲဒီလို သုံးကြိမ်သုံးခါတိုင်တိုင် မေးမြန်းပြီးနောက် ဆရာတော်မှ ဆက်လက်၍-

"ဆရာတော် သံဃာတော်များ ရှေ့မှောက်၌သက်သေထားပြီး အပေးအယူပြန်လည်ပြုလုပ်တာ မှန်ကန်မှုရှိသဖြင့် နှစ်ဦးနှစ်ဖက်၌ မည်သည့် အကြွေးမှတင်ရှိခြင်း မရှိတော့ပါ။ ထို့ကြောင့် ဝမ်းမြောက်ဝမ်းသာ ဝမ်းပန်းတသာဖြင့် သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါစေကုန်သတည်း"

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

ဟု အားလုံးက သံပြိုင်လိုက်ဆိုကြပြီး ပရလောကသားပူးနေတဲ့ကောင်မလေးက သူ့ရဲ့သမီးအဖြစ် သူ့အမေကို သေချာစိုက်ကြည့်ပြီး မျက်ဝန်းထဲမှာ မျက်ရည်များအပြည့်ဖြင့် ဝမ်းသာကျေနပ်ပီတိဖြစ်ကာ နှုတ်ဆက်အပြုံးဖြင့်ပြုံးပြကာ သူ့ရဲ့ဝင်ပူးခံနေရသော အငယ်မလေးသည် သတိလစ်၍ အရုပ်ကြိုးပြတ် လဲကျမေ့မြောသွားပါသည်။ လူတွေကလည်း ကလေးမလေးကို ဝိုင်းပြီးပြုစုပေးတော့ ပြန်လည်သတိရလာပါသည်။

"ကဲ - ငါ့တူရေ ဇာတ်လမ်းကတော့ပြောရင် ယုံမှာတောင်မဟုတ်ဘူး။ သိပ်ကြောက်ဖို့ကောင်းတဲ့ ဝဋ်ငရဲဒုက္ခတွေ မြေကြီးကိုခိုးယူလိုက်တာက နှစ်ပေသာသာခံရတာက နှစ်ပေါင်း(၂၀)ကျော် ခေါင်းပေါ်မှာ အကျယ်ကတော့ နှစ်ပေကျော်ကျော် ထုထည်ကျတော့ နှစ်သိန်းလေးသောင်းထုထည်ကြီးမားတဲ့ မဟာပထဝီမြေကြီးကို ခေါင်းပေါ်မှာတင်ထားရတာ၊ ကဲ - ဘယ်လောက်များဒုက္ခခံရခက်သလဲ။ မတွေးတောင်မတွေးရဲဘူး။ ငါတို့ မင်းတို့ ဆန်အိတ်တစ်အိတ်ကိုပဲ ခေါင်းပေါ်ကို မိနစ်သုံးဆယ်လောက်ရွက်ပြီးတင်ထားကြည့်ပါလား။ ဘယ်လိုနေမလဲဆိုတာ"

"ဦးလေးကလည်း ပေါက်ပေါက်ရှာရှာဘယ်လိုလုပ်ပြီးခံနိုင်မှာလဲ"

"အေး - အဲဒါကိုပဲကြည့်။ ခေါင်းပေါ်မှာ ရွက်လည်းရွက်ရသေးတယ်။ ဝဋ်ကံကြောင့် ပါးစပ်ထဲ မီးတောက်လောင်နေပြီး နီရဲနေတဲ့သံခဲပူတွေကို ပါးစပ်ထဲ အထည့်ထားခံရသေးတယ်။ အတော့်ကို ကြောက်ဖို့ကောင်းတယ်။ တရားလည်းရတယ်။ အကြွေးရှိရင် ခန္ဓာနဲ့ဆပ်ရတယ်ဆိုတာ အဲဒါပေါ့။ ငါ့တူလည်း တရားသံဝေဂယူ ကြားလား"

"အေး - မနက်ဖြန် ရွာမှာ ဆွမ်းကပ်တယ်ဆိုတာ သူ့သမီးက သူ့ရဲ့အမေ ကျွတ်လွတ်သွားပေမယ့် အဲဒီနေ့ရောက်တိုင်း သူက ရွာကဆရာတော်တွေကို ဆွမ်းကပ်ပြီး အလှူလုပ်လေ့ရှိတယ်ကွ။ အလှူကိုအမီပြန်ရမှာငါ့တူရဲ့။ နောက်များကျမှပဲ ရွှေတိဂုံဘုရားလာဖူးပြီး နှစ်ရက်၊ သုံးရက်နေပြီးမှ ပြန်တာပေါ့ကွာ ကြားလား"

ဟု ပြောတုန်း ကျွန်ုပ်၏ဇနီးက ထမင်းစားခန်းထဲမှနေ၍ -

"အစ်ကိုရေ ထမင်းစားလို့ရပြီ။ ဧည့်သည်တွေပါခေါ်ခဲ့တော့။ အားလုံး အဆင်သင့်ပြင်ပြီးသွားပြီ"

ဟု ခေါ်သံကိုကြားလိုက်ရပါသည်။

ထိုအခါ ဦးလေးနှင့်ကျွန်ုပ်တို့သည် ပြောလက်စ စကားများကို အဆုံးသတ်လိုက်ပြီး ဇနီးသည်လှမ်းပြီးခေါ်သော ထမင်းစားခန်းထဲသို့ အားလုံးဝင်လိုက်ကြပါသည်။ ထမင်းစားပြီးသည်နှင့် ဦးလေးကို အိမ်ရှေ့ကားလမ်းမကြီးအထိ လိုက်ပို့ပြီး တက္ကစီတစ်စီးကို အဝေးပြေးသို့သွားရန် ငှားပေးလိုက်ပါသည်။ ဦးလေးပြန်သွားပြီးသောအခါ ကျွန်ုပ်၏ အသိစိတ်ထဲမှာတော့ အသိသံဝေဂတရားတွေနှင့် အပြည့်ကျန်ခဲ့ပါသည်။ အခုလိုဘဝအတွက် သင်ခန်းစာများရှောင်ရန်၊ ဆောင်ရန်များကို ပြောပြသွားသော ဦးလေးကိုလည်း ကျေးဇူးအထူးပင်တင်ရှိပါသည်။ သတ္တဝါမှန်သရွေ့ တရားတွေ့ အေးငြိမ်းချမ်းသာရှိကြပါစေ။

ဗုဒ္ဓမြတ်စွာသာသနာ
ရောင်ဝါနေသို့လင်းစေသော်

အဘ၀ (သာသနာ့အလင်းရောင်)



www.burmeseclassic.com

www.burmeseclassic.com

# မိုးမင်းဇော်

## တပည့်လိမ္မာ ဆရာရဟန္တာဖြစ်

'တပည့်လိမ္မာ ဆရာအာပတ်လွတ်' ဟူ၍သာ ကြားဖူးကြပါသည်။ ဤ စကားသည် ရဟန်းသံဃာလောကနှင့် ပတ်သတ်၍ သုံးနှုန်းသောစကားဖြစ်ပါ သည်။ ယခု ကျွန်တော် ရေးသားသော ခေါင်းစဉ်မှာ 'တပည့်လိမ္မာ ဆရာရဟန္တာ ဖြစ်' ခေါင်းစဉ်ဖြစ်ရာ တစ်မျိုးထူးဆန်း သလိုဖြစ်ပါသည်။ ထို့အတွက် အောက်ပါ သီဟိုဠ်ခေတ် ရဟန္တာအရှင်မြတ်ကြီး တစ်ပါး၏ အဖြစ်အပျက်ကို ဖတ်ရှုကြ ပါစို့။

သီဟိုဠ်ခေတ်ကျွန်းကို မဟာဝင် ဗုဒ္ဓဝင်ကျမ်းတို့တွင် လင်္ကာဒီပကျွန်းဟု ခေါ်ဝေါ်သုံးနှုန်းသည်ကိုတွေ့ရပါသည်။ အင်္ဂလိပ်တို့၏ ကိုလိုနီဖြစ်ခဲ့ဖူးရာ အင်္ဂလိပ်အခေါ်အဝေါ် Cylon- စီလုံဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ မြန်မာ့ ရာဇဝင်ကျမ်းတို့တွင်မူ သီဟိုဠ်ကျွန်းဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ထိုကျွန်းသူ ကျွန်းသားတို့ကမူ မိမိတို့နိုင်ငံနှင့် ကျွန်း ကို 'သီရိလင်္ကာကျွန်း' ဟု ယနေ့ခေတ်၌ ခေါ်ဝေါ်သုံးစွဲခဲ့ကြပါသည်။

အချိန်အခါနှင့် နေရာဒေသကား ယနေ့ခေတ် သီရိလင်္ကာကျွန်းခေါ် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာ နေလို လလိုထွန်းပြောင်နေသောအခါက အဖြစ် အပျက်တစ်ခုပါ။

ရဟန္တာအရှင်'ပိဏ္ဍပါတိက'သည် တစ်နေ့သောအခါ ဤသို့ အောက်မေ့မိ ၏။ ငါသည် ရဟန်းကိစ္စပြီးမြောက်နေပြီ။ သံသရာဝဋ်ဆင်းရဲအပေါင်းမှလွတ်မြောက် နေပြီ။ ဤသို့ ငါတရားထူးတရားမြတ် ရရှိ ပိုင်ဆိုင်နိုင်ခြင်းသည် ငါ့အား သွန်သင်ပြပေးခဲ့သော ဆရာ၏ ကျေးဇူး တရားကြောင့်သာ ဖြစ်သည်။ ဆရာ့ ကျေးဇူးကား အတိုင်းအဆမရှိ အလွန် တရာ များပြားလှပါတကားဟု စိတ်ထဲ မှာ ကြံစည်တွေးတောမိသည်။ ထိုမှ တစ်ဖန် ငါ၏ကျေးဇူးရှင်ဆရာ၏ အခြေ အနေမည်သို့ရှိသနည်းဟုကြည့်မိသည်။ ဩော် - ငါ့ဆရာကား သာမန်ပုထုဇဉ် သာရှိပါသေးပါလားဟု တွေးမိသည်။

ငါ ဒီအတိုင်းနေ၍မသင့်တော်။ ဆရာ့ထံသွား၍ သတိပေးမှသင့်တော် မည်ဟုကြံစည်မိ၏။ အရှင်ပိဏ္ဍပါတိက ၏ ဆရာဆိုသူမှာ နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်ပါ။ ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာ တို့ကို အာဂုံဆောင်၍ တပည့်ရဟန်း သုံးသောင်းတို့သည် မထေရ်ကြီးထံမှ ဩဝါဒခံယူ ကမ္မဋ္ဌာန်းတရားအားထုတ် ကြရာအားလုံး အရဟတ္တဖိုလ်ဆိုက် ရဟန္တာများ ဖြစ်သွားကြပြီ။

တစ်နေ့သော ညချမ်းအခါတွင် ပိဏ္ဍပါတိကရဟန္တာသည် သူ့ဆရာ မထေရ်ကြီး သီတင်းသုံးရာ ကျောင်းသို့ ကောင်းကင်ခရီးဖြင့်ကြွလာသည်။ ဆရာ အနီးကပ်၍ ဝတ်ကြီးဝတ်ငယ်တို့ပြုလုပ် ပေး၏။ ရဟန္တာတပည့်က ပုထုဇဉ်ဆရာ မထေရ်ကြီးအား လုပ်ကျွေးပြုစုခြင်း ဖြစ်သည်။ ဆရာအနီးအပါးထိုင်နေ၍ နောက်ထပ်ဘာများလုပ်ပေးစရာလိုသေး သနည်းအနေနှင့် စောင့်ကြည့်နေသည်။

ထိုအခါ မဟာသီဝမထေရ်ကြီး က -

ငါ့ရှင် ပိဏ္ဍပါတိက၊ သင်သည် ဘာအလိုရှိ၍ ငါ့ဆီလာသနည်း"

ဟု မေးတော့သည်။

တပည့်ဖြစ်သူက -





www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော်သည် တစ်ခုသော အနုမောဒနာဒေသနာကို သင်လို၍လာခဲ့ပါသည်။ တပည့်တော်အား သင်ကြားပေးတော်မူပါ"

ဟု လျှောက်ထားလိုက်သည်။

မထေရ်ဆရာတော်ကြီးက -

"ငါ့ရှင်၊ ငါ့မှာသင့်အားသင်ပေးရန် လုံးဝအားချိန်မရှိပါ။ တခြားသွား၍သာ သင်ယူပါ"

ဟု ဆိုလိုက်သည်။

တပည့်ပိဏ္ဍပါတိကလည်း ဇွဲမလျှော့။

"အရှင်ဘုရားကမဋ္ဌာန်းစင်သော အချိန်စောင့်ပါမည်။ ထိုအချိန်မျိုး၌ သင်ပေးပါ"

ဟု လျှောက်၏။

"ဤအချိန်မှာလည်း ငါသင်မပေးနိုင်ပါ"

ဟု ဆရာကဆိုလိုက်သည်။

"ဤသို့အချိန်မရလျှင် အရှင်ဘုရားဆွမ်းခံသွားချိန် လမ်းခရီးမှာ သင်ပါရစေ"

ခွင့်တောင်း၏။

ထိုအချိန်လည်း ငါခွင့်မပြုနိုင်ဆိုပြန်သည်။

အရှင်မြတ် သက်နှင်းရုံနေသော အချိန်လေးမှာသင်ပေးပါရန် တောင်းပန်ပြန်သည်။

ဒါလည်း ငါခွင့်မပြုဟုဆိုလိုက်သည်။

တပည့်ကလည်း စိတ်မလျှော့။ အရှင်ဘုရား ဆွမ်းခံသပိတ်ထုတ်ပြင်ဆင်ချိန်မှာဟု လျှောက်ကြည့်သည် မရ။ ဆွမ်းစားဇရပ်ဝင်ချိန်၌ သင်ပေးရန် လျှောက်ထားလည်းမရ။ ယာဂုသောက်ချိန်မှာ သို့ပေ ည်းမဟုတ် လက်ဆေးနေချိန်မှာ စ ည်ဖြင့် လျှောက်တိုင်းလျှောက်တိုင်း မအားလပ်ဘူးအကြောင်း ပြချက်ပေး၍ ငြင်းပယ်၍သာလွှတ်လိုက်၏။ နောက်ဆုံး အရုဏ်တက်ချိန်အထိ ခွင့်တောင်းကြည့်သော်လည်း အခွင့်မရခဲ့ချေ။

ထိုအခါရောက်မှ ပိဏ္ဍပါတိက ရဟန္တာတပည့်က -

အရှင်ဘုရားသည် တပည့်တော်အားလည်း သနားတော်မမူ။ ကိုယ့်ကိုယ်ကိုယ်လည်း သနားတော်မမူ။ သူတစ်ပါးကိုသာသနားတော်မူရှာသည်"

ဆိုပြီး ကြည်လင်သော မျက်နှာထားနှင့် ရိုသေစွာဦးခိုက်ကန်တော့လျက် ကောင်းကင်ခရီးဖြင့် ပျံတက်သွားတော့သည်။

ရဟန္တာဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများကင်းစင်ပြီးဖြစ်ရာ သူ့ဆရာအပေါ် အားမလိုအားမရဖြစ်သော်လည်း သာမန်ပုထုဇဉ်လူသားတစ်ဦးကဲ့သို့မဟုတ်။ စိတ်ကွက်ခြင်း၊ မျက်နှာသုန်မှုန်ခြင်း စသည်တို့ လုံးဝမရှိဘဲ မျက်နှာထားကြည်ကြည်လင်လင်နှင့်ဦးချပြီး ဆရာ့အနားမှခွာသွားရှာသည်။

ထိုသို့ တပည့်ပျံတက်သွားသော မြင်ကွင်းကိုတွေ့ရှိရာမှ မဟာသီဝမထေရ်ကြီးလည်း သတိတရားပြန်ဝင်လာတော့သည်။ ငါ့တပည့်သည် အနုမောဒနာသင်လို၍ လာခြင်း မဟုတ်။ ငါ့ကို သတိပေးလို၍လာခြင်းဖြစ်သည်ဟု သဘောပေါက်တွေးတောမိ၏။ ငါသည် ငါ့လုပ်ငန်းအဓိက ရဟန်းကိစ္စပြီးမြောက်အောင်လုပ်ဆောင်တော့အံ့ဟု ကြံစည်တော့သည်။ ထို့ကြောင့် သပိတ်၊ သင်္ကန်းတို့ကိုပြင်ဆင်၍ တောဝင်ရန် ဆုံးဖြတ်သည်။ ထိုသို့ ဆုံးဖြတ်ထားလျက်နှင့် ညဦးယံ၊ သန်းခေါင်ယံတို့တွင် ပညာလာသင်ယူကြသော ရဟန်းတို့အား စာဝါပို့ခြင်းအလုပ်လုပ်လိုက်ရသေး၏။

နံနက်လင်းသော် ရွာ၏အနီးရှိ တောင်ခေါင်းသို့ဝင်၍ ကမ္မဋ္ဌာန်းစီးဖြန်းတော့သည်။ ထိုမဟာသီဝမထေရ်ကြီး အနေနှင့် ပဋိယတ္တိဘက်၌ စွယ်စုံတက်မြောက်လျက် ဗဟုသုတကြွယ်ဝပြီးသားဖြစ်သောကြောင့် နှစ်ရက်၊ သုံးရက်အတွင်းလောက်နှင့် ရဟန်းကိစ္စပြီးမြောက်လိမ့်မည်ဟု ယုံကြည်ယူဆထားခဲ့သည်။ ထို့အတွက် စာသင်တပည့်တို့အားဘာမှ မပြောခဲ့။ သာမန်ကိစ္စတစ်ခုအနေနှင့် သွားသည့်သဘောလုပ်၍ ထွက်လာခဲ့သည်။ ဤသို့ တကယ်လက်တွေ့တရားအားထုတ်ကြည့်သောအခါ မျှော်လင့်ထားသကဲ့သို့မဟုတ်ကြောင်း တွေ့ရသည်။ စင်္ကြံလျှောက်၊ ထိုင်၊ လဲလျောင်း၊ ရပ်၊ ဣရိယာပုတ်အမျိုးမျိုးနှင့် ကမ္မဋ္ဌာန်းတရားများစီးဖြန်း၏။ သို့ဖြစ်သော်လည်း မဂ်ဖိုလ်နှင့်မနီး ေ ား ေပ။ ဝါဆိုလဆန်း ၁၃ ရက်နေ့မှသ၍ ေသာ ်ဝင်ကမ္မဋ္ဌာန်းအားထုတ်လာရာ ယခု ဝါတွင်းကာလကုန်ဆုံးလာလေပြီ။ ရဟန်းကိစ္စမပြီးသေး။

သီတင်းဝါလကျွတ်သောအခါတွင် အခြားသူများက စင်ကြယ်သော သုဒ္ဓပဝါရဏာပြုချိန်၌ ငါကား သူများနည်းတူ မပြုနိုင်ပါတကားဟု တွေးတောဝမ်းနည်းလျက် မျက်ရည်များပင်ကျလေသည်။

ထို့ကြောင့် ဣရိယာပုတ်လေးပါးတွင် လဲလျောင်းအိပ်စက်ခြင်းကို တရားမရမချင်း လုံးဝမပြုလုပ်တော့အံ့ ဆုံးဖြတ်၍ အားထုတ်တော့သည်။ စင်္ကြံလျှောက်အားထုတ်ရာတွင် ခြေဖဝါးများသည် ကျောက်ဆောင်အချွန်အပဲ့အကြမ်းတို့နှင့်ထိတွေ့ ပွတ်တိုက်မိ၍ ကွဲအပ်ကုန်သည်။ သွေးများယိုစီးကျလာသည်။ ခြေဖဝါးအသားများ ပွဲထွက်ကုန်မည်ဖြစ်၍ ဖက်ရွက်များနှင့်စည်းအုပ်တုပ်နှောင်ထားရသည်အထိ ဝေဒနာပြင်းထန်စွာ ခံစားရသည်။ ဇွဲကား မလျှော့။ တရားမရမချင်း သွေးအလိမ်းလိမ်းနှင့်နေသော ခြေကိုမဆေး တရားရသည့်အခါမှသာ ဆေးမည်ဟု အဓိဋ္ဌာန်ထား ကြိုးကြိုးစားစားအားထုတ်သည်။ နက်ဖြန်ရနိုး၊ သန်ဘက်ခါရနိုးဖြင့် အားထုတ်လာရာ တရားထူးကား မရလာသေး။ အချိန်ကာလအားဖြင့် နှစ်ပေါင်း သုံးဆယ်ပြည့်ခါနီး ပဝါရဏာဝင်အဖိတ်နေ့ ညချမ်းအချိန်ခါသို့ ရောက်လာခဲ့ပေပြီ။

မထေရ်ကြီးလည်း ငါသည် မူလက နှစ်ရက်၊ သုံးရက်အတွင်း အရမှန်းလာရာ ယခုအနှစ်သုံးဆယ်ပြည့်တော့မည်။ ဤခန္ဓာကိုယ်သည် တရားမရထိုက်သောသူအဖြစ်ရောက်နေရောလားတွေးမိ၏။ သီတင်းသုံးဖော်တို့နှင့် သုဒ္ဓပဝါရဏာ ငါမပြုနိုင်တော့ပါလားဟုလည်း စဉ်းစားတွေးတောကာ အားငယ်စိတ်ပေါ်သဖြင့် ဝမ်းနည်းစိတ်ကြောင့် မျက်ရည်ကျငိုမိသည်။

ထိုမထေရ်ကြီးအနီး တံခါးဖျဉ်တိုင်ကိုမှီရပ်နေသော နတ်သမီးတစ်ပါး၏ငိုယိုသံကို မထေရ်ကြီးကြားလာရ၍ ဘာကြောင့်ဒီမှာလာငိုရသနည်းဟုမေးမိသည်။

ထိုအခါ နတ်သမီးက မဂ်ဖိုလ်တရား တစ်ခု၊ နှစ်ခုလောက် ငိုရင်ရမလားထင်၍ငိုမိကြောင်း လျှောက်ထား၏။

ထိုအခါမှ မဟာသီဝမထေရ်ကြီးကလည်း မိမိကိုယ်ကိုပြန်သုံးသပ်မိ၏။ ငါ၏အဖြစ်ကား နတ်သမီး၏ပြက်ရယ်ပြုခြင်းကိုခံနေရလေပြီ။ ငို၍တရားမရနိုင်ကြောင်းဆင်ခြင်လျက် ဝိပဿနာတရားကို ကြိုးစားအားထုတ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးကိုရှုမှတ်ရာ မကြာမီ လေးပါးသော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကို သိမြင်သွား၏။ ပဋိသမ္ဘိဒါ လေးပါးနှင့်ပြည့်စုံသော ရဟန္တာဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဆီးချို သွေးချို ပူစရာမလို

ဆီးချို၊ သွေးချိုရောဂါသည် ခြင်္သေ့ အပါအဝင် တမ္ဘာနှင့်အဝန်း အရွယ်သုံးပါးမရွေး ဖြစ်လေ့ဖြစ်ထများသော ရောဂါဆိုးတစ်ခုဆိုတာ ဆေးရုံဆေးပေးခန်းများကိုကြည့်လျှင် မိဘပြည်သူများ သိနိုင်ပါသည်။ ဆီးချို သွေးချိုရောဂါနှင့်ပတ်သက်၍ ငွေကုန်ကြေးကျမရှိဘဲ သက်သာပျောက်ကင်းနိုင်သော လက်တွေ့ဆေးစွမ်းတစ်လက်ကို မမျှော်လင့်ဘဲရရှိခဲ့ရာ အများပြည်သူ ဆီးချို သွေးချိုရောဂါရှင်များအတွက် ဆေးကောင်းတစ်လက်ကို ဖော်ထုတ်ရေးသားလိုက်ပါသည်။

ဩဂုတ်လဆန်းပိုင်း၌ အသက် (၈၀) နှစ်ရှိပြီးဖြစ်သော စာရေးသူသည် အကြောသွပ်သောဝေဒနာဖြင့် ဖျာပုံမြို့ ရှိ ရောဂါဆေးခန်း၌ (၇) ရက်ကြာမျှ တက်ရောက် ကုသခဲ့ရသည်။ (၂) ပတ်ကြာမျှ ဆေးများစားနေစဉ် ခါးနာမှမှာ သက်သာသေးသဖြင့် ကျိုက်လတ်မြို့နယ် ဘုံလုံချောင်းကျေးရွာမှ နာမည်ကျော်ကြားသည့် ဆရာဦးဇော်မင်းထွန်းအား ခေါ်ယူ၍ ကျွန်ုပ်၏ခါးကြောသွပ်နေသည်ကို ခေါ်ယူ၍ ပြသကုသရပါတော့၏။

တစ်နေ့ ဆေးလိမ်းနေရင်း ဆရာဦးဇော်မင်းထွန်းက ဆီးချိုရောဂါဖြစ်လာလျှင် ဆီးချိုသမားတွေက အင်္ဂလိပ်ဆေးများဖြင့် ငွေကုန်ကြေးကျခံပြီး ကုသတာများကြသည်။ ကျွန်တော်တဆီးချိုသမားပါ။ ဆီးချို (၂၈၀) ရှိသည်။ ကျွန်တော်ကတော့ လမ်းဘေးတွေမှာ ပေါက်နေသောဘောက်သီးပင်ကို ပန့်ဆွဲပါ ပါးကျိုပြီး လက်ဖက်ရည်ကြမ်းသောက်သလို ဘောက်သီးပင်ကိုပန့်ဆွဲပါးကျိုပြီး လက်ဖက်ရည်ကြမ်းသောက်သလို ခဏခဏသောက်ပေးတာ ဆီးချို (၂၈၀) က ကျသွားသည်။ ကျွန်တော်ကတော့ အိမ်ဘောက်သီးပင်တွေကိုစိုက်ထားပြီး နေ့စဉ်လိုလိုသောက်နေတာ အသာလေးပဲ။ အချိုကလည်း စားချင်တာစား၊ တာဆီးချိုမှမတက်တော့ဘူး။

အိမ်ဘောက်သီးပင်တွေက လမ်းဘေးတွေမှာ ပေါ်မှုပေါ၊ အပင်သဏ္ဌာန်က ကုလားအော်ပင်နှင့် အရွက်ကအစတူသည်။ အသီးကလည်း ကုလားအော်သီးလိုဖြစ်နေသဖြင့် ဘောက်သီးပင်သို့မဟုတ် တောကုလားအော်သီးပင်ဟုလည်းခေါ်ကြသည်။ ဒါပေမယ့် သူ့အသီးက အဖြင့်လွှာခွာလိုက်လျှင် အထဲမှ အသီးကချွဲချွဲလေးဖြစ်ပြီး အိမ်ဘောက်သီးပင်ကို တောကုလားအော်ဟုလည်း အမည်တစ်မျိုးနှင့်ခေါ်ကြသည်ဟု ဆရာဦးဇော်မင်းထွန်းက သူ့ကိုယ်တွေ့ကို ပြောပြပါသည်။

(ဆီးချိုသွေးချိုသမားများအတွက် အကောင်းဆုံးလက်ဆောင်ပေးလိုက်ပါတယ်။)

ကျန်းမာကြပါစေ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ရဟန္တာဖြစ်သွားသောအခါတွင် အိပ်ရာညောင်စောင်းတို့ကိုပြင်၍ မသန့်သောခြေကိုဆေးရန် ကျောင်းပြင်ပသို့ ထွက်လာ၏။ တပည့် ရဟန္တာများကလည်း ငါတို့၏ဆရာသည် နှစ်ပေါင်းသုံးဆယ်အထိကြာအောင် တရားအားထုတ်လာရာ အခြေအနေမည်သို့နည်းဆင်ခြင်ကြည့်ရာ ရဟန်းကိစ္စပြီးစီးကြောင်းသိလာကြသည်။ ထိုအခါ ငါတို့ကဲ့သို့ တပည့်များရှိပါလျက်နှင့် ဆရာကိုယ်တိုင် ခြေဆေးခြင်းငှာ မသင့်တော်။ ငါတို့တာဝန်ယူကြအံ့ဟုဆို၍ ဆရာထံသွားကြသည်။ မထေရ်ကြီးကလည်း သူ့ခြေထောက်ကို သင်တို့မဆေးကြပါနှင့် ငါကိုယ်တိုင်ဆေးမည် ဆိုလိုက်သည်။

ထိုအချိန်တွင် သိကြားမင်းသည် သုဇာတာနတ်သမီးကို ရှေ့မှာထား၍ မထေရ်ကြီးရှိရာသို့ဝင်လာ၏။ နတ်မှ လည်း အရှင်ဘုရားတို့ ဝီသာဘာဂဖြစ်၍ ဖယ်ပေးကြပါ၊ ဖယ်ပေးကြပါဟုဆို၏။ အမျိုးသမီးနှင့် ရဟန်းသည် ဝိသဘာဂ အာရုံဖြစ်၍ ရဟန္တာဖြစ်သော တပည့်အားလုံးတို့လည်း လမ်းဖယ်ပေးကြရသည်။ သိကြားမင်း၏အကြံကို မတတ်သာ၍ ဖယ်ပေးလိုက်ကြရတော့သည်။ သိကြားမင်းက ခြေဆေးမည်လုပ်သည်ကို မထေရ်ကြီးက ချက်ချင်း လက်မခံ။ လူတို့၏ အနံ့အသက်တို့အား နတ်တို့သည် အထက်တစ်ယူဇနာကပင် အနံ့ရ၍ အနံ့မခံနိုင်ကြောင်း ဆရာတော်ကြီးကပြောပြ၍ တားမြစ်သည်။

ထိုအခါ သိကြားမင်းက-

"အရှင်မြတ်၏ သီလရနံ့သည် အထက်နတ်ပြည် (၆)ထပ်ကိုကျော်၍ ဗြဟ္မာ(၂၀)တိုင်အောင် မွှေးကြိုင်ပျံ့နှံ့နေပါသည်ဘုရား။ သည်အခွင့်အရေးကို ဘုရားတပည့်တော်စောင့်မျှော်နေရပါသည် ဘုရား"

ဟု လျှောက်ထား၍ ဆရာတော်ကြီး၏ခြေတော်များကို အမိက သားငယ်ကို ယုယပွတ်သပ်ပေးပုံမျိုးနှင့် လက်များနှင့် ပွတ်သပ်ဆုပ်နယ်ပေးလိုက်ရာ နတ်တန်ခိုးအရှိန်အဝါကြောင့် ခြေဖဝါးတော်များအားလုံး အကောင်းပကတိဖြစ်သွားသည်။ သွေးများနှင့်အညစ်အကြေးများအားလုံးလည်း တစ်ခါတည်းစင်ကြယ်သွားတော့သည်။

မဟာသိဝမထေရ်ကြီးသည်လည်း မျှော်မှန်းထားသည့်အတိုင်း တပည့်ရဟန္တာများနှင့်အတူတကွ သုဒ္ဓပဝါရဏာပြုရလေတော့သည်။

တပည့်အလိမ္မာကြောင့် ဆရာရဟန္တာဖြစ်ရသည့် ဝတ္ထုဇာတ်ကြောင်းသုတ်မဟာဝါလာကို ကျီးသဲလေးထပ်ဆရာတော်ကြီး၏ စွယ်စုံကျမ်းအဖြေမှ ထုတ်နုတ်ပြလိုက်ရပါသည်။

အားလုံး ဝမ်းသာကြည်နူး သာဓုခေါ်၍ ကုသိုလ်စိတ်များ ဖြစ်ပေါ်လာကြပါစေဟု ဆန္ဒပြု ဆုတောင်းလျက်။

မိုးဇော်အောင်

ကိုးကား -

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ စွယ်စုံကျော်ထင်အဖြေ 'နှစ်သုံးဆယ်မှန်း ကမ္မဋ္ဌာန်းစီးဖြန်း မင်ရာယ်သူနည်း' ကို မှီငြမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သုံးလောကတွင်-

- ငါသာလျှင် အကြီးဆုံး၊
- ငါသာလျှင် အသာဆုံး၊
- ငါသာလျှင် အမြတ်ဆုံး

ဟူ၍ ဖွားမြင်တော်မူပြီးသည်လောကတွင် အောင်နိုင်သူတစ်ယောက်အနေဖြင့် အလောင်းတော်မင်းသားသည် စကားကြီးသုံးခွန်းဆိုခဲ့ပါသည်။ ကျွန်ုပ်တို့၏ သုံးလောကသခင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ အာဝေနိကဂုဏ်တော်များကို လွန်စွာကြည်ညိုသည်ဖြစ်၍ အလောင်းတော်မင်းသား (မြတ်စွာဘုရားရှင်မဖြစ်မီကနဦးကာလ မင်းသားသိဒ္ဓတ္ထဖွားမြင်ခဲ့သော မဟာဇာတာတော်နှင့် ဂုဏ်တော်များတို့ဖြင့် စီမံအပ်သော စက်မြတ်တော်ကိုပူဇော်ပြီး လိုရာဆန္ဒပြည့်စုံကြစေရန် ပူဇော်သင့်လှပါပေသည်။

ကျွန်ုပ်တို့သည် လူ့ဘဝလူ့လောကကြီးတွင် ရပ်တည်နေရာတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်၍ လွန်စွာကုသိုလ်ကံကောင်းကြသူများဖြစ်လေသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အတိုင်း ကံကိုမုချယုံကြည်ရမည်ဖြစ်သည်။ ကံကိုယုံကြည်သကဲ့သို့ ကံ၏အကျိုးဆက်ကိုလည်း ယုံကြည်ရပါသည်။

ကံကို အတိတ်ကံနှင့် ပစ္စုပ္ပန်ကံဟု ကံ (၂) ပါးခွဲရန်ဖြစ်ပါသည်။ အနမတဂ္ဂသံသရာက ပြုခဲ့ဖူးသောကံအစုစုတို့ဖြစ်သောအတိတ်ကံကို ကျွန်ုပ်တို့ ပြန်လည်ပြင်ရန်မရနိုင်၊ မဖြစ်နိုင်တော့ပေ။ သို့ဆိုလျှင် ယခုပစ္စုပ္ပန်ကံအမှုကိုတော့ ကောင်းသည်ထက်ကောင်း၊ သာသည်ထက်သာ၊ မြတ်သည်ထက်မြတ်၊ မြင့်သည်ထက်မြင့်အောင် ကြံဆောင်နိုင်ကြပါသည်။

ကောင်း၊ သာ၊ မြတ် အကြောင်း (၃)ပါးကိုရရန်အတွက်ကိုလည်း ကြိုးစားရှာကာ အားထုတ်ရမည်ဖြစ်သည်။ မျက်မှောက်လူ့ဘဝရောက်လာခဲ့ကြသူအားလုံးသည် အစားကောင်း၊ အဝတ်ကောင်း စားလို၊ ဝတ်လိုကြသည်။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့နှင့် ပြည့်စုံကုံလုံစွာ နေထိုင်လိုကြသည်မှာ သဘာဝပင် ဖြစ်ပါသည်။

သို့နှင့် အားကိုးရှာဖွေကြပါတော့သည်။ ထိုဖြစ်စဉ်တွင် ဆရာမမှားဖို့က အရေးကြီးလှပါသည်။

ကျွန်ုပ် ယခုစာစုကို ရေးသားဖြစ်ခဲ့သည်မှာ အောက်ပါအကြောင်းများကြောင့် ရေးသားဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေကဲ့သို့ ဖြစ်ရပ်တူခဲ့လျှင်စေ၊ ဆန္ဒအားကြီးစွာဖြင့် ဇာတာတော်စက်မြတ်ကို ပူဇော်လိုခဲ့ပါလျှင် ဆောင်ရွက်နိုင်ကြရန်ပင် ဖြစ်ပါသည်။

တစ်နေ့သ၌ -

လွန်ခဲ့သောနှစ်ပေါင်း (၄၀)ကျော်ကာလက ရပ်ရေးရွာရေးတို့ကို စိတ်တူကိုယ်တူ ပူးတွဲလုပ်ကိုင်ခဲ့သော မိတ်ဆွေတစ်ယောက်ဖြစ်ပါသည်။ ထိုမိတ်ဆွေသည် သူတတ်နိုင်သမျှ အကူအညီပေးတတ်သူဖြစ်သည်။ စည်းကမ်းစနစ်ကြီးသူလည်းဖြစ်သည်။

မာန်မာနမရှိသော်လည်း သူ၏စနစ်၊ စည်းကမ်းကြောင့် လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များက မနှစ်သက်ကြ။ အထက်လူကြီးကလည်း အကောင်းမမြင်ဖြစ်တတ်သူတစ်ယောက်ဆိုလျှင် မမှားပါ။

'မဟုတ်မခံ၊ ခွန်းတုံ့ပြန်၊ မှန်သော်လည်းရှုံး လူကြီးမုန်း' ဆိုသောဆိုထုံးနှင့်ညီသောသူဖြစ်နေပါတော့သည်။

ကျွန်ုပ်မှာလည်း အငြိမ်းစားဘဝရောက်ကတည်းက ပညာပေးခဲ့သောဆရာရှင်၏ မိန့်မှာစကားကြောင့် 'ခုနစ်နေ့သားခုနစ်နေ့သမီးတို့၏ ဘဝရှေ့ရေးကိုကူညီပေးသည့် နက္ခတ္တဗေဒနှင့်ဝေဒပညာရပ်တို့ဖြင့် ရပ်တည်လာခဲ့သည်မှာ နှစ် (၃၀) ကျော်လာနေပြီဖြစ်ပါသည်။

အထက်နားကရေးသားခဲ့ပြီးဖြစ်သော ကျွန်ုပ်၏မိတ်ဆွေသည် ကျွန်ုပ်ထံသို့ ဆိုက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့အတူလုပ်ကိုင်ခဲ့စဉ်က ကျွန်ုပ်၏ အကြောင်းကို ထဲထဲဝင်ဝင်သိထားခဲ့သူဖြစ်၍လည်း ယခုကိစ္စတွင် အကူအညီရနိုင်မည်ဟု ယုံကြည်သဒ္ဓါများစွာဖြင့် ရောက်လာခဲ့ကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်းပြောပြပါသည်။

ကျွန်ုပ်မိတ်ဆွေသည် အရွယ်ကောင်းတုန်းက ဘဝကို လုပ်ငန်းခွင်ထဲနှစ်ထားသည်။ မိသားစုအတွက် နှစ်ထား






www.burmeseclassic.com

www.burmeseclassic.com

ပြီး ယခုအချိန်တွင် သူ့အတွက် ဘာမှ လုပ်ရသေးတာကို လောကဓံ၏ပညာ ပေးမှုကြောင့် ခံစားရပြီး အနည်းငယ်သိ သာနေတော့သည်။

မြတ်စွာဘုရား၏ဆုံးမစကားအရ သုပ်တိုင်းဖြစ်သောအတ္တမဟုတ်။ ဘာမှ အစိုးမရ၊ ကျောမာခိုင်ခံ့မှုမရှိ၊ အနတ္တ သာဖြစ်၏ ဆိုထားသည့်သစ္စာစကား အတိုင်း သူစီမံလိုသော သူ့ဆန္ဒတို့သည် ငွေသားစုအပေါ်တွင် ဩဇာသက်ရောက် မှုမရှိတော့။

စီးပွားရေးအမြင်ကကောင်းသော် လည်း ငွေကြေးစုဆောင်းခြင်းသည် ကောင်းပါသည်။ 'စုသောသူ မဆင်းရဲ' ဆိုစကားအတိုင်း မှန်ပါသည်။ ငွေစုတာ ထက် ရွှေစုသည်က ပိုကောင်းတာကိုသိ ခဲ့၏။ ရွှေထက် ဝိုင်းခြံမြေက ပိုမိုသာ လွန်သည်ဟု အမြင်ကြီးသည့်အတိုင်း ဝိုင်းခြံမြေတို့ကို ဝယ်ယူထားခဲ့လေသည်။

ယခုအခါတွင် အလုပ်အကိုင်များ နေးတွေးနေသလို အရောင်းအဝယ်တို့ သည်းထိုင်းနေချိန်ဖြစ်လေသည်။ မိမိ ကိုယ်တိုင်လက်စလုပ်ငန်းက အပြီးမသတ် သေး လိုနေပြန်ပါပြီ။

လိုအပ်နေသောငွေကြေးအတွက် ဝယ်ထားခဲ့သော ရွှေနှင့်ဝိုင်းခြံမြေတို့ကို ရောင်းခဲ့မှသာ ငွေကြေးရမည်ဖြစ်သည့် အတွက် တစ်မျိုး သို့မဟုတ် နှစ်မျိုးစလုံး ကို ခန်တီးသင့်ဖန်တီးရန်သာရှိပါတော့ သည်။

သို့နှင့်ပင် ကျွန်ုပ်ကိုသတိရပြီး ဖုန်း ကြိုတင်ဆက်သွယ်ထားပြီး အသေး စိတ် ဆွေးနွေးတိုင်ပင်ရန် လူကိုယ်တိုင် ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတော့သည်။ အကြောင်းအားလုံးနှင့် ဖြစ်ချင်တာတို့ကို ဖြင်းချန်ဘဲ အခက်အခဲအားလုံးကို ပွင့်ပွင့်လင်းလင်းပြောပြခဲ့ပါသည်။

ကျွန်ုပ်လည်း မိတ်ဆွေ၏ဇာတာ ခွင်တို့အား စစ်ဆေးတွက်ချက်ရပါ တော့သည်။ နက္ခတ္တဗေဒနှင့်ဝေဒပညာ သဘောတရားများကို ရှင်းပြရပါသည်။ ပညာ၏ သဘောထားတို့အပြင် ပတ်သက်တလည်း ဝိဇ္ဇာရေဂမ္ဘီရပညာ သို့သဘောထားနှင့် အကျိုးသွားတို့ကို နားလည်အောင်ပြောပြရပါတော့သည်။

ခင်ဗျားလုပ်ချင်တဲ့အတိုင်း ဆန္ဒ ပြည့်ဝတာတော့ သာမန်ယတြာနဲ့တော့ မဖြစ်နိုင်တာ အမှန်ပဲဗျ။ ကျွန်တော် လေ့လာခဲ့တဲ့ ပညာနယ်ထဲက ဝိဇ္ဇာရေ ဂမ္ဘီရပညာနည်းလမ်းနဲ့ ဖြေရှင်းရင် အနည်းဆုံး (၆၀) ရာခိုင်နှုန်း၊ ခင်ဗျား ကံစွန်းကံစထလာရင် (၇၀) ရာခိုင်နှုန်း အောင်ပြီလို့မှတ်ယူပါဗျာ"

ဟုပင်ပြောရပါသည်။

သူ၏ ဇာတာစန်းလင်တို့ကပြော နေသည့်အကြောင်းများအရ ကျွန်ုပ် အနေဖြင့် (၁၀၀) ရာနှုန်းဖြည့် တာဝန် မခံနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်မှ မိတ်ဆွေကို အောက်ပါ စကားကိုပြောဖြစ်ပါသေးသည်။

"ဒီလိုတော့ရှိတယ်ဗျ၊ ဒေသနာ တော်စကားများအရပေါ့ဗျာ။ ဆန္ဒ၊ စိတ္တ၊ ဝီရိယ(၃)ပါးစလုံးအားကြီးမယ်၊ ကြိုးစား အားထုတ်မယ်ဆိုရင် သေချာပေါက် အောင်ရမယ်"

ဟု ပြောလိုက်ပါသည်။

သို့နှင့်ပင်လျှင် ကျွန်ုပ်၏မိတ်ဆွေ အတွက် စီမံဆောင်ရွက်ရမည့် 'သဗ္ဗ သိဒ္ဓိဗုဒ္ဓဇာတာစက်မြတ် (တစ်နည်း) အနန္တသိဒ္ဓိဗုဒ္ဓဂုဏဇာတာတော်စက်မြတ်' ကို ပူဇော်နိုင်ရန်အတွက် စီမံရပါတော့ သည်။

ဇာတာတော်စက်မြတ်စီမံဆောင် ရွက်ပြီးသည်နှင့် လုပ်ဆောင်ရမည့် တာဝန်များကို အသေးစိတ် ရှင်းလင်း ပြသပေးလိုက်ရပါတော့သည်။ ကျွန်ုပ် မိတ်ဆွေလည်း ဝမ်းမြောက်ဝမ်းသာ စွာဖြင့် ပြန်သွားပါတော့သည်။

သဗ္ဗသိဒ္ဓိဗုဒ္ဓဇာတာတော်စက်မြတ် ကို ပူဇော်ရန်စီမံရပုံနှင့် မည်သို့ကျင့်ကြံ ရမည်ကို သိသာရှင်းလင်းအောင် ရေးသားပေးပါမည်။ ဦးစွာ ပထမအနေ ဖြင့် သဗ္ဗသိဒ္ဓိဗုဒ္ဓဇာတာတော်စက်မြတ် ကို စီမံရသည့်အင်းသည် ခိုနန်းချိုးအင်း ဘောင်ခတ်ထားပြီး စီမံရသောအင်း ဖြစ် ပါသည်။

ထိုခိုနန်းချိုးအင်းဘောင်ခတ်ပြီး ထားသောအင်းတွင် အထက်၊ အောက်၊ လက်ဝဲ၊ လက်ယာ အရပ်လေးမျက်နှာတို့ တွင် ဘုရားအလောင်းတော်၏ ဇာတာ (ဘုရားဇာတာ) လေးဆူ ပါဝင်ပါသည်။ နောက် အရပ်အစ ဘဂဝါအဆုံး ပါဝင် သော မြတ်စွာဘုရားရှင်၏ အာဝေနိက ဂုဏ်တော်များထဲမှ ဂုဏ်တော်ကိုးပါးကို ခိုနန်းချိုးအင်းထဲတွင် အင်းဆန်အဖြစ် မြင်းသွားချရပါသည်။

ထိုခိုနန်းချိုးအင်းတွင် အင်းဆန် အစမှာ 'ဣ'အက္ခရာနှင့်စထားပြီး အဆုံး အက္ခရာသည် 'တိ' ဖြင့်အဆုံးသတ်ထား ပါသည်။ အင်းဆန်များသွင်းထားသည် မှာ မြင်းသွားဖြစ်ပါသည်။ မြင်းသွားစနစ် တိကျပုံကို 'ဣ'အက္ခရာနှင့် 'တိ'အက္ခရာ တို့မှာ မြင်းသေမြင်းသွားအလိုက်ဖြစ်နေ ခြင်းကပင်လျှင် အစွမ်းသတ္တိအင်အား ကြီးမားကြောင်း ပြသထားသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

နောက်တစ်ခု အံ့ဖွယ်ရာမှာမူ ဇာတာလေးဆူ အထွဋ်ယူထားခြင်း၊ ဂုဏ်တော်အက္ခရာများကို မြင်းသေမြင်း သွားချထားရာတွင်မူ ကိုးကွက်၊ လက်ယာလှည့်၊ ခရုပတ်အသွားဖြင့် စီမံထားပြန်သည်ကို မြင်တွေ့ရမှာ ဖြစ်ပါ သည်။ ထိုခိုနန်းချိုးအင်း၏ အလယ် တည့်တည့်မှ အကွက်တစ်ကွက်ကို ကွက်လပ်ချန်ထားခြင်းသည် ဆောင်ရွက် သူ ကာယကံရှင်၏မွေးနံကို သင်္ချာ ဂဏန်းဖြင့်ထည့်ရန်ပင် ဖြစ်ပါသည်။

ထိုအကြောင်းသည်ပင် 'အာဏာ တိက္ကမအင်း' တစ်နည်း 'စေအင်း' ဟု ခေါ် ဆိုနိုင်ပါသည်။ အလွန်ပင်အစွမ်းသိဒ္ဓိ ခွန်အားကြီးမားသောအင်းတစ်လက်ပင် ဖြစ်နေပါတော့သည်။

**ဇာတာတော်စက်မြတ်စီမံပုံနှင့်ကျင့်စဉ်**

**၁။ ပထမအဆင့်ဇာတာတော်စက်မြတ် စီမံရန်**

က။ ကန်တော့ပွဲတည်ရပါမည်။
အုန်းတစ်လုံး၊
ငှက်ပျောသုံးဖီး
(ဖီးကြမ်းငှက်ပျောအစိမ်း)၊
ဖယောင်းတိုင်ထုပ်(အလင်းတိုင်)၊
နံ့သာတိုင်ထုပ်(အမွှေးတိုင်)၊
ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား နှင့် ကြက်လျှာ၊ ယပ်၊ သာသနာ့ အလံ (အဖြူရောင်) တစ်စုံနှင့်
ရွှေထီးတစ်လက်၊
သောက်တော်ရေသုံးခွက်၊
အောင်သပြေပန်း
တို့ကို မြတ်စွာဘုရားရှင်အား ကပ်လှူထားရပါမည်။

ခ။ အင်းစီမံရန်မှာ -
မိမိကိုယ်တိုင် ဆောင်ရွက်နိုင်ပါက ပိုကောင်းပါသည်။ (အကြောင်းမညီ ညွတ်လျှင် မိတ္တူကူးယူပါ။)

ဂ။ ဖယောင်းတိုင်စီမံရန်မှာ -
ကာယကံရှင်၏ အရပ်အတိုင်း ဝါဂွမ်းအပ်ချည်ဖြင့် တစ်ရပ်တိုင်းပါ။ ထို တိုင်းထားသောအပ်ချည်ကို (၁၀)လက်မ သို့မဟုတ် (၁၁) လက်မအရှည်ရအောင် ခေါက်ပြီး အပ်ချည်မီးစာကျစ်ရပါမည်။

ထိုမီးစာအပေါ်ကို အထက်စီမံ ထားသောအင်းဖြင့် အပ်ကျမပ်ကျပတ် ပါ။



www.burmeseclassic.com

www.burmeseclassic.com

(အနန္တသိဒ္ဓိဗုဒ္ဓဂုဏမဟာဇာတာတော်စက်မြတ်)

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | ၁၄၆ ၇ | | ၀ ၅ | | | | |
| | ဣ | သော | ဝါ | | ဗုဒ္ဓ | | ဒွေါ | စ | သ | |
| | ဂ | ရ | တိ | ၈၀ | | ၂ | ဏ | သ | ဝိ | |
| | ပိ | တိ | ဘ | အ | သ | မ္ဗု | ဠှာ | မ္ဗ | ရ | |
| ၁၄၆ ၇ | | ၀ ၅ | ဟံ | ဝါ | ဒွေါ | ဿာ | မွာ | ၁၄၆ ၇ | | ၀ ၅ |
| | ဗုဒ္ဓ | | မ | နံ | | ဂ | နွော | | ဗုဒ္ဓ | |
| ၈၀ | | ၂ | | တ္တာ | ဘ | နု | ဗု | ၈၀ | | ၂ |
| | သ | ခ | ရ | ဝ | ပု | နု | ဝိ | သု | လော | |
| | သာ | ဒေ | ရှိ | ၁၄၆ ၇ | | ၀ ၅ | တော | တ္တ | ဒူ | |
| | သ | တိ | မ္ဗ | | ဗုဒ္ဓ | | အ | က | ဂ | |
| | | | | ၈၀ | | ၂ | | | | |

ပျားဖယောင်း (ငါးကျပ်သား) ကို သန့်စင်ပြီးနောက် အထက်က စီမံထားပြီးသောအပ်ချည်ဖြင့် ဖယောင်းတိုင်ပြုလုပ်ရန် ဖြစ်ပါသည်။ (ထိုသို့ စီမံဆောင်ရွက်နေချိန်များတွင် ဂုဏ်တော်ကိုးပါးဖြင့် ထုံမွမ်းနေရပါမည်။)

ပူဇော်ရန် ဖယောင်းတိုင် အသင့်ဖြစ်နေချိန်တွင် -

အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ပါရန်။

**၂။ စက်မြတ်တော်ပူဇော်ပြီး အဓိဋ္ဌာန်ဝင်ခြင်း**

(က) မိမိ၏မွေးနေ့တွင် စတင်ပါ။

(ခ) အထက်တွင်ရေးသားခဲ့သည့်အတိုင်း အဓိဋ္ဌာန်ရက်တွင် ဒါနမှုအားလုံးဖြင့် ဘုရားကိုပူဇော်ပါ။

(ဂ) အဓိဋ္ဌာန်ချိန် ဦးစွာ -

သာသနာတော်စောင့်နတ်မင်းကြီးများ၊

ပါရမီဖြည့်ဖက်များ၊ အမြဲကူညီနေကြသောပုဂ္ဂိုလ်များတို့အား ဖိတ်ထားပါ။

ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သခြင်း၊ ဆုမွန်တောင်းခံခြင်း၊

ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်လုံးချစနစ်ဖြင့် ဂုဏ်တော်

(၉) ပါးကို ပုတီးကိုးပတ်စိပ်ပါရန်။

မှတ်ချက် ဗုဒ္ဓဇာတာတော်စက်မြတ်အင်းကို အောက်တွင် ဖော်ပြထားပါသည်။

**၃။ သစ္စာပြုဆုတောင်းနှင့်သနချေခြင်း**

(က) တစ်နေ့တာလုပ်ငန်းပြီးဆုံးသွားပါက မိမိဆောင်ရွက်ခဲ့သည်တို့ကို သစ္စာပြုပါ။ နောက်ဆုတောင်းခံပါ။

(ခ) ဝေနေယျများစွာတို့အားလုံးကို မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။

(ဂ) မိမိက ပြစ်မှားကျူးလွန်ခဲ့မိသည့်ပုဂ္ဂိုလ်များရှိပါက ခွင့်လွှတ်ပေးကြပါရန် တောင်းပန်ပါ။

မိမိကိုယ်အားလည်း ပြစ်မှားကျူးလွန်ခဲ့သူများရှိပါကလည်း ခွင့်လွှတ်ပေးပါရန်၊

(ဃ) မိမိဖိတ်ကြားထားခဲ့သူများအားလုံးကိုလည်း နေရပ်ဌာနသို့ ပြန်လည်ပို့ပါရန်။

**၄။ အဓိဋ္ဌာန်ကာလသတ်မှတ်ထားရခြင်း**

သဗ္ဗသိဒ္ဓိဗုဒ္ဓဇာတာစက်မြတ်ပူဇော်ခြင်းနှင့် အဓိဋ္ဌာန်စတင်သည့်နေ့မှစပြီး (၉)ရက်တိတိ အဓိဋ္ဌာန်ကာလသတ်မှတ်ရန်ဖြစ်သည်။

အဓိဋ္ဌာန်ကာလတွင်း တစ်ရက်လျှင် ဂုဏ်တော်ကိုးပတ်စိပ်ရန်ဖြစ်ပါသည်။

ဤစက်မြတ်တော်ကိုပူဇော်ရခြင်းအကြောင်းကြောင့် အလုံးစုံသောအကျိုး အတည်း၊ ဆင်းရဲဒုက္ခများ၊ မိမိလိုလား တောင့်တသော အကြောင်းများစွာကို ရရှိပြည့်စုံမည် ဖြစ်ပါသည်။

ကျွန်ုပ်ကိုယ်တွေ့ စီမံဆောင်ရွက် ပေးခဲ့သည့်အတိုင်း အောင်မြင်ခဲ့သည့် အကြိမ်ပေါင်းများစွာ အတွေ့အကြုံ ပြီးဖြစ်သည့် ပွဲတွေ့ဖြစ်ရပ်များနှင့် တွေ့ ကြုံခဲ့ပြီးဖြစ်ကြောင်း ထပ်လောင်းအသိ ပေးလိုက်ပါသည်။

ယုံကြည်၍ ကျင့်ကြသောပုဂ္ဂိုလ် များ အောင်မြင်ကြပြီး အောင်မြင်ကြ များမှာလည်း ပိုပြီးယုံကြည်နေသော ကျင့်စဉ်အဓိဋ္ဌာန်ကို ရေးသားလိုက် သည်။

အခက်အခဲဟူသမျှ လွတ်မြောက် ကြပါစေ။

ပညာတိုးပွား
*အကျိုးများကြပါ*
ဘုန်း

**ကိုးကား -**

သစ္စာကာရမဟာဗျူဟာကျ



www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်ဝင်း(ရွှေစင်)ချောက်

# ရှိခိုးဦးချနည်းများနှင့် ဗုဒ္ဓါနုဿတိဘာဝနာ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် တစ်နေ့လျှင် နံနက်တစ်ခါ၊ ညတစ်ခါအားဖြင့် အနည်းဆုံး နှစ်ကြိမ် ဘုရားရှိခိုးလေ့ရှိကြပါသည်။ သို့သော် ဗုဒ္ဓတရားတော်များက လမ်းညွှန်ထားသည့်အတိုင်း နေ့စဉ်တကျ ရှိခိုးကန်တော့တတ်သည့် ဗုဒ္ဓဘာသာဝင်များ၊ အမှန်အကျိုးရှိအောင် ဘုရားရှိခိုးတတ်သည့် ဗုဒ္ဓဘာသာဝင်များမှာ (စာရေးသူအပါအဝင်) ရာနှုန်းပြည့်အားဖြင့် အလွန်နည်းပါးလှပါသည်။ သို့ပါ၍ ဘုရားရှိခိုးနည်းနှင့် ဗုဒ္ဓါနုဿတိဘာဝနာပွားများပုံများကို ထိုထိုကျမ်းဂန်များမှ ထုတ်နုတ်ရေးသားပူဇော်သွားမည်ဖြစ်ပါသည်။

**□ ရှိခိုးခြင်းနှစ်မျိုး၊ သုံးမျိုး**

ရတနာသုံးပါးကို အထူးရိုသေခြင်း ရှိခိုးခြင်းသည် -

၁။ ဝန္ဒနာ - ရှိခိုးခြင်း

၂။ အဉ္ဇလီကမ္မ - လက်အုပ်ချီခြင်း

ဟု နှစ်မျိုးရှိပါသည်။

မိမိကိုယ်ကို နှိမ့်ချ၍ ကိုယ်အင်္ဂါကို ရတနာသုံးပါးသို့ ရှေးရှုညွှတ်ကိုင်း၍ ပူဇော်ခြင်းသည် ဝန္ဒနာရှိခိုးခြင်း ဖြစ်သည်။

ကိုယ်ကိုမညွှတ်မူ၍ လက်အုပ်ချီလျှက် ဦးခေါင်းထက်၌တင်ထားခြင်းသည် အဉ္ဇလီကမ္မ လက်အုပ်ချီခြင်းတို့ဖြစ်ပါသည်။

ဝန္ဒနာခေါ် ကိုယ်ညွှတ်ခြင်းသည်လည်းရှိခိုးခြင်း၊ အဉ္ဇလီခေါ် လက်အုပ်ချီခြင်း (၂) မျိုးစလုံးသည် ရှိခိုးခြင်းပင်ဖြစ်ပါသည်။

သို့ပါ၍ -

လက်အုပ်မချီမူ၍ ကိုယ်အင်္ဂါကိုညွှတ်ခြင်းကို ဝန္ဒနာဟု ခေါ်သည်။

ကိုယ်အင်္ဂါမညွှတ်မူ၍လက်အုပ်ချီခြင်းသည် အဉ္ဇလီကမ္မဟု ခေါ်သည်။

ကိုယ်အင်္ဂါကိုလည်းညွှတ်မည်၊ လက်အုပ်လည်းချီမည်၊ ဤအင်္ဂါနှစ်ပါးပြည့်စုံလျှင် ဝန္ဒနာအဉ္ဇလီကမ္မဟု ခေါ်သည်။

**□ ရှိခိုးဦးချခြင်း (၃) မျိုး**

ရှိခိုးမှုဝန္ဒနာသည် -

၁။ ကိုယ်ဖြင့် ကိုင်းညွှတ် ရိုကျိုးရှိခိုးဦးချခြင်း - ကာယဝန္ဒနာ။

၂။ နှုတ်ဖြင့် ရွတ်ဆိုရှိခိုးခြင်း - ဝါစာဝန္ဒနာ။

၃။ ကိုယ်နှုတ်မပါ စိတ်ဖြင့်သာ အာရုံပြု နှလုံးသွင်းခြင်း - မနောဝန္ဒနာဟူ၍ (၃) မျိုးရှိပါသည်။

**□ ကိုယ်ဖြင့်ရှိခိုးခြင်း (၂)မျိုး**

ကာယဝန္ဒနာသည် -

ပဉ္စပတိဋ္ဌိတဝန္ဒနာ - တည်ခြင်းငါးပါး (ထိခြင်းငါးပါး)ဖြင့် ရှိခိုးခြင်း။

အဉ္ဇလီကမ္မဝန္ဒနာ-လက်အုပ်ချီမိုးရှိခိုးခြင်းဟူ၍ (၂) မျိုးရှိပါသည်။

ပဉ္စပတိဋ္ဌိတဝန္ဒနာ ဆိုသည်မှာ တည်ခြင်းငါးပါးဖြင့်ရှိခိုးခြင်း အရပ်ခေါ် ထိခြင်းငါးပါးဖြင့်ရှိခိုးခြင်း ဖြစ်ပါသည်။ (ပဉ္စ - ငါးပါး၊ ပတိဋ္ဌိတ - တည်ခြင်း၊ ဝန္ဒနာ - ရှိခိုးခြင်း) တည်ခြင်းငါးပါးမှာ ပုဆစ်ဒူး (၂) ခု၊ လက် (၂) ခု၊ နဖူး (၁) ခု၊ ပေါင်း (၅) ခုဖြစ်ပါသည်။ ဤငါးခုသော ကိုယ်အင်္ဂါတို့ကို မြေပြင်ကြမ်းပြင်စသည်တို့၌တည်စေ၍ ရှိခိုးခံ(ဝန္ဒနေယျ)ပုဂ္ဂိုလ်၏ခြေသို့ ရှေးရှုညွှတ်သောအားဖြင့် ရှိခိုးခြင်းကို ပဉ္စပတိဋ္ဌိတဝန္ဒနာဟု ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာအဖွင့် ဂဏ္ဌိပုဒ် စသည်တို့၌ ဖွင့်ဆိုတော်မူပါသည်။

ဤဖွင့်ဆိုချက်ကိုထောက်၍ သုံးပုံတံချူကျမ်း (၄) ၌ -

*□ ထိုင်လျက်တည်ကာ၊ ရှိခိုးရာ၌၊ နှစ်ဖြာစုံလင်၊ ဒူးပဆစ်ကို၊ ကျစ်သစ်ညီမျှ၊ မြေ၌ခလော၊ နှစ်ဝတံတောင်ဆစ်၊ မြေသို့နှစ်၍၊ နှစ်ဖက်လက်နေ၊ ဆန့်တုံပေမူ၊ မြေသို့ညီစွာ၊ ကျစေရာ၏။ အင်္ဂါတစ်မျိုး၊ လက်ဖမိုးနှစ်ဖက်၊ ထိုအထက်၌၊ တင်လျက်ဦးခေါင်း၊ ထားတုံရှောင်း၍ ကောင်းကောင်းရှိသော၊ ရှိခိုးပေထ၊ လေးတွေပါယ်ရှာ၊ လွတ်ကင်းရာသည်၊ သဒ္ဓါစိတ်နေ၊ ထက်လှစေ. . .*

ဟု ဆိုထားပါသည်။

ဤနည်းအရ ဦးချပုံမှာ ရှိခိုးဦးချရာဖြစ်သည်မြေ (သို့) ကြမ်းပြင်ပေါ်စသည်၌ -

၁။ ဒူး (၂) ဖက်ကို တည်စေရမည်။

၂။ တံတောင်ဆစ်တိုင်အောင် လက် (၂) ဖက်ကိုတည်စေရမည်။

၃။ နဖူးကိုတည်စေရမည်။

ဤကိုယ်အင်္ဂါငါးမျိုးကို အညီအညွှတ်ပြု၍ ရှိခိုးမည့်ဘက်သို့ ရှေးရှုညွှတ်သောအားဖြင့် ရှိခိုးဦးခိုက်ရမည်။

**ဆောင်ပုဒ်အလင်္ကာ**

ဒူး၊ လက်၊ နဖူး ဤငါးဦး
ကျမ်းထူးဂဏ္ဌိမှာ။

ဆရာတော် ဇေတဂ် အရှင်ပညာဇောတမှလည်း လင်္ကာဆောင်ပုဒ်ပေးထားပါသည်။

၁။ မျက်ခုံး၊ လက်မ၊ ညီးဆံစ၊ ထိရလက်အုပ်ပေ။

၂။ လက်အုပ်ကိုပင်၊ ကြာငုံသွင်၊ အလျှင်ချီပါလေ။

၃။ လက်ထောက်ဒူးချ၊ တံတောင်ချ၊ နဖူးကျစေ ဦးချလေ။

၄။ ဒူးနှစ်ဖက်ထိ၊ တံတောင်ထိ၊ ထိရနဖူးပေ။

၅။ ထိခြင်းငါးမျိုး၊ ညီရှိခိုး၊ မာတ်ဆိုးမာနသေ။

၆။ မာနသေက၊ ကုသိုလ်ရ၊ ဦးချကိုယ်တွက်ပေ။

**□ တည်ခြင်းငါးပါးဒုတိယနည်း**

သုတ်သီလက္ခန် ဋီကာသစ် ဒုတိယတွဲ စာမျက်နှာ (၁၈) ၌ တည်ခြင်းငါးပါးကို -



www.burmeseclassic.com

www.burmeseclassic.com

ခြေအင်္ဂါ၊ ပုဆစ်ဒူးအင်္ဂါ၊ တံတောင်ဆစ်အင်္ဂါ၊ လက်အင်္ဂါ၊ နဖူးအင်္ဂါ ဟူ၍ ပြထားပါသည်။

ဤနည်းအရ ဦးချပုံမှာ ရှိခိုးဦးချရာဖြစ်သည့် မြေ (သို့) ကြမ်းပြင် စသည်၌ -

၁။ လက်ဝါးပြင် (၂) ဖက်တည်ရမည်။
၂။ ခြေ(၂)ဖက်တည်ရှိရမည်။
၃။ တံတောင် (၂) ဖက် တည်ရှိရမည်။
၄။ ဒူး (၂) ဖက်တည်ရှိရမည်။
၅။ နဖူးတည်ရှိရမည်။

ဤအင်္ဂါငါးပါးတို့ကိုအညီအညွတ်ပြု၍ ရှိခိုးမည့်ဘက်သို့ ရှေးရှုဦးညွတ်၍ ရှိခိုးခြင်းကို 'ပဉ္စပတိဋ္ဌိတဝန္ဒနာ' ဟူ၍ ဖွင့်ဆိုသည်။

□ **တည်ခြင်းငါးပါးတတိယနည်း**

ဝိနယလင်္ကာရ ဋီကာ ဒုတိယတွဲ၌ တောင်ဖီလာဆရာတော်ဘုရားကြီးက -

လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ခံပယ်တင်ခြင်း၊ လက်အုပ်ချီခြင်း၊ ရှိခိုးခံပုဂ္ဂိုလ်၏ခြေကိုဆုပ်နယ်ခြင်း၊ ချစ်မြတ်နိုးခြင်း၊ ရိုသေလေးမြတ်ခြင်း၊ ဤအင်္ဂါ ငါးမျိုးကိုရှိခိုးခြင်း၏ အင်္ဂါငါးပါးဟု ဖွင့်ဆိုသည်။ ဝိနည်းတော်လာရှိခိုးဦးခိုက်ခြင်းဟုလည်း ဆိုကြသည်။

ဤနည်းအရ ဦးချပုံမှာ -

၁။ ဖျင်ပိုင်း၊ တဘက်၊ ပဝါ စသည်တို့ကို လက်ဝဲပခုံးထက်၌တင်ထားရမည်။
၂။ လက်အုပ်ချီမိုးရှိခိုးရမည်။
၃။ လက်ဖဝါး(၂)ဖက်တို့ဖြင့် ကြီးမြတ်သူ၏ခြေကို ဆုပ်နယ်ကိုင်တွယ်ရမည်။
၄။ ကြည်ညိုသော မေတ္တာရှေ့ထားရှိရမည်။
၅။ ရိုသေလေးမြတ်သောစိတ်ထားရှိရမည်။

ဤအင်္ဂါငါးမျိုးနှင့်ညီအောင် ရှိခိုးရပါမည်။

□ **ဆောင်ပုဒ်လင်္ကာ**

စံပယ်လက်အုပ်၊ ခြေဆုပ်ချစ်ခင်၊ ရိုသေထင်ဟု၊ ငါးအင်ရှိခိုး၊ ကော်ရော်မျိုး၊ ကျမ်းကိုးဝိနယာ။

□ **တောင်ဖီလာဆရာတော်ဝါဒ**

ဦးချနည်းအမျိုးမျိုးအနက် ပထမနည်းနှင့် ဒုတိယနည်းတို့မှာ အစဉ်အဆက်သင်ကြားပို့ချမှုများမှလာသောနည်းများသာဖြစ်သည်။ မိမိဖွင့်ဆိုသော တတိယနည်းမှာ ဘုရားပရိဝါပါဠိတော်လာနည်းဖြစ်သည်။ အစဉ်အဆက်လာရှိခိုးနည်းထက် ပါဠိတော်လာရှိခိုးနည်းက ပိုမိုခိုင်မာသည်။ ထို့ကြောင့် ပါဠိတော်လာ မိမိနည်းကို လေးစား လိုက်နာကြရန် တောင်ဖီလာဆရာတော်ကြီးက ဝိနယလင်္ကာရဋီကာ(ဒု-၁၆၇)၌ ဆုံးဖြတ်တော်မူထားသည်။

**လယ်တီဆရာတော်ဝါဒ**

တည်ခြင်းငါးပါး (ထိခြင်းငါးပါး) တတိယနည်းမှာ အရာဌာနအားလျော်စွာ သင့်လျော်သောနည်းသာ ဖြစ်သည်။ ဒုတိယနည်းကား ခက်မငါးဖြာကို (ဦးခေါင်း-၁။ ခြေ-၂။ လက်-၂။ ပေါင်း ခက်မ ၅ ဖြာ) အင်္ဂါငါးပါးယူရိုးစဉ်နှင့် မကိုက်ညီချေ။ ပထမနည်းသာ သင့်လျော်ကောင်းမြတ်ပေသည်ဟု ပါရမီဒီပနီ (၂၅) တွင် လယ်တီဆရာတော်ဘုရားကြီး ဆုံးဖြတ်ထားတော်မူသည်။

□ **ပခုက္ကူဆရာတော်ဝါဒ**

တတိယနည်းအရ ပါဠိတော်လာ အင်္ဂါငါးမျိုးမှာ မျက်မှောက်အနီး၌ရှိခိုးစဉ်အရ ပြုကျင့်အပ်သော ဝတ္တရားကိုသာ ရည်ရွယ်၍ ဘုရားပော်တော်မူသောကြောင့် အဝေးမှနေ၍ရှိခိုးရာ၌ ဤငါးပါးကိုမရနိုင်ဟု ပခုက္ကူသီလက္ခန်နိဿယ (ဒု-၃၈)၌ ဖော်ပြထားသည်။ (အဝေးမှ ရှိခိုးရာ၌ခြေဆုပ်နယ်ခြင်းအင်္ဂါမရနိုင်။)

□ **လက်အုပ်သဏ္ဌာန်**

အဥ္စလိကမ္မဝန္ဒနာ၌ အဥ္စလိ လက်အုပ်ကိုယူရပါသည်။ လက်အုပ်ဆိုသည်မှာလည်း လက်ခုပ်နှစ်ဖက်ကို ပဒုမ္မာကြာငုံဖူးနှင့်တူအောင် ပြုလုပ်၍ထားသည်ကို လက်အုပ်ဟုဆိုကြောင်း မင်္ဂလဗုဒ္ဓဝင်အဋ္ဌကထာ (၁၇၇) ၌ ဖွင့်ဆိုထားသည်။ ယင်းကိုထောက်၍ ကိုးခန်းပျို့၌ ရှင်မဟာရဋ္ဌသာရဆရာတော်က -

□ *ထိုရောကာလ ထိုခဏ၌၊ ထိုမျှရဟန်း ထိုရဟန်းတို့ရှိ ပန်းဖြူဖြူ၊ ကြာငုံဖူးသို့၊ ရှိခိုးပလ္လင်ပူဇော်တင်လျက်. . .*

စသည် ဖြင့် စပ်ဆိုခဲ့ပါသည်။

သို့ပါ၍ လက်အုပ်ချီသော ရိုသေကျိုးနွံစွာဖြင့် လက်ခုပ်နှစ်ဖက်ကို ပဒုမ္မာကြာငုံဖူးနှင့်တူအောင်ပြုလုပ်၍လက်အုပ်ချီရပါသည်။ လက်ဝါးပြင်ကိုမြေ၌ထောင်၍ ပဥ္စပတိဋ္ဌိတမြောက်အောင်ရှိခိုးခြင်းမျိုး၌ကား ဤလက်အုပ်မျိုးကို မလိုအပ်ဟု လယ်တီဆရာတော်ဘုရားကြီးက ပါရမီဒီပနီ၌ ဖွင့်ဆိုထားပါသည်။

ယခုခေတ် ရှိခိုးနည်းများသည် အများအားဖြင့် ဝန္ဒနာအဥ္စလိကမ္မနှစ်မျိုးတွဲ၍ ရှိခိုးနည်းများဖြင့် ရှိခိုးကြပါသည်။

□ **ရှိခိုးနည်းလေးမျိုး**

၁။ ရပ်လျက်ရှိခိုးခြင်း၊
၂။ ထိုင်လျက်ရှိခိုးခြင်း၊
၃။ ရင်ဖြင့်ဝပ်လျက်ရှိခိုးခြင်း၊
၄။ ရှိခိုးသည်ကိုသိကြောင်းအမှတ်ကိုပြု၍ ရှိခိုးခြင်းဟု လေးမျိုးရှိပါသည်။

**၁။ ရပ်လျက်ရှိခိုးခြင်း**

မတ်တတ်ရပ်လျက်ကိုယ်ကိုညွတ်ကိုင်းပြီး လက်အုပ်ချီ၍ ရတနာသုံးပါးတို့အားရှိခိုးခြင်းသည် 'ရပ်လျက်ရှိခိုးခြင်း' ဖြစ်ပါသည်။ ရွာတွင်း၊ မြို့တွင်းသို့ ရဟန်းသံဃာများကြွလာတဲ့အခါ လမ်းမှာတွေ့ရင်ရှိခိုးရခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ရှိခိုးရခြင်းတွင် ကိုယ်ကိုရှေ့သို့ညွတ်ကိုင်းစေပြီး '<u>ဝန္ဒာမိအာယျေ</u> - အရှင်ဘုရားရှိခိုးပါ၏' ဟု လျှောက်ထားပြီး လက်အုပ်ချီမြှောက်ထားရပါမည်။

နတ်များလည်း ဘုရားရှင်ထံလာလျှင် မတ်တတ်ရပ် လက်အုပ်ချီမိုး ရှိခိုးလျက်သာ အနေများပါသည်။ အာဋာနာဋိယသုတ္တန်ကိုလာပြီး လျှောက်ထားတဲ့အခါမှာပဲ ထိုင်လျက်ရှိခိုးတာကိုတွေ့ရပါတယ်။ နတ်များမတ်တတ်ရပ်ရှိခိုးခြင်းသည် သူတို့ကိုယ်တွေ့က နူးညံ့လွန်း၍ ကြာကြာမနေတာကတော့ လူနံ့မခံနိုင်၍ ဖြစ်ပါသည်။

**၂။ ထိုင်လျက်ရှိခိုးနည်းလေးမျိုး**

က။ ဧကပတိဋ္ဌိတ - တည်ခြင်း (ထိခြင်း) တစ်ပါးနှင့်အညီ ရှိခိုးခြင်း၊

ခ။ ဒွိပတိဋ္ဌိတ - တည်ခြင်း (ထိခြင်း) နှစ်ပါးနှင့်အညီရှိခိုးခြင်း၊

ဂ။ စတုပတိဋ္ဌိတ - တည်ခြင်း (ထိခြင်း) လေးပါးနှင့်အညီရှိခိုးခြင်း၊

ဃ။ ပဥ္စပတိဋ္ဌိတ - တည်ခြင်း (ထိခြင်း) ငါးပါးနှင့်အညီ ရှိခိုးခြင်း ဖြစ်ပါသည်။

က။ ဒူးတစ်ဖက်ကိုတုပ်လျက် မြေထက်၌ထားပြီးရှိခိုးခြင်းသည် ဧကပတိဋ္ဌိတထိခြင်းတစ်ပါးနှင့်အညီရှိခိုးခြင်း ဖြစ်ပါသည်။ ဒူးတစ်ဖက်ထောက်ရှိခိုးခြင်း ဖြစ်ပါသည်။ သဟမ္ပတိဗြဟ္မာကြီးသည် လက်ဝဲတစ်ဖက်ပခုံးထက်၌ ကိုယ်ဝတ် စမွယ်တင်၍ လက်ယာပုဆစ်ဒူးဝန်း မြေ၌တုပ်ပြီးလျှင် ဘုရားရှင်ရှိတော် အရပ်သို့ လက်အုပ်ကိုညွတ်၍ ရှိ တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဤနည်းကိုယူ၍ ဒကာမတွေ ရှိခိုးချတဲ့အခါ တဘက်ကို ဘယ်ဘက်ပခုံးပေါ် တင်တယ်ဆိုတာ ကိုယ်ဝတ်စမွယ်တင်သည့်သဘောဖြစ်ပါသည်။

ခ။ ပုဆစ်တုပ်လျက်ရှိခိုးခြင်းသည် ပဉ္စပတိဋ္ဌိတ ထိခြင်းနှစ်ပါးနှင့်အညီ ရှိခိုးခြင်း ဖြစ်ပါသည်။

ဂ။ ပုဆစ်တုပ်၍ လက်နှစ်ဖက်ကို ထောက်လျက်ရှိခိုးခြင်းမှာ စတုပတိဋ္ဌိတ ထိခြင်းလေးပါးနှင့်အညီ ရှိခိုးရခြင်း ဖြစ်ပါသည်။

ဃ။ ဒူးနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်းဟု ဆိုအပ်သော အင်္ဂါငါးပါးတို့ကို မြေ၌တည်ထား၍ ရှိခိုးခြင်းသည် ပဉ္စပတိဋ္ဌိတထိခြင်းငါးပါးနှင့်အညီ ရှိခိုးခြင်းဖြစ်ပါသည်။

ဤထိခြင်းတစ်ပါး၊ နှစ်ပါး၊ လေးပါး ငါးပါး စသည်တို့သည် အထူးထိခြင်းကိုရည်ရွယ်၍ပြောဆိုခြင်း ဖြစ်ပါသည်။ ခြေနှစ်ဖက် မြေမှာထိထားသည်ကို ထိခြင်းအနေနှင့်မယူရပါ။ တင်ပါးနှင့် ကြမ်းနှင့်ထိနေခြင်းကိုလည်း ထိခြင်းအနေဖြင့်မယူရပါ။

ပဉ္စပတိဋ္ဌိတဟူသည် ပုဆစ်ဒူးဝန်းနှစ်ဖက်၊ လက်နှစ်ဖက် (သို့) တံတောင်နှစ်ဖက်၊ နဖူးပြင်ကိုထိစေ၍ဆိုတဲ့ ပါဠိတော်အတိုင်း မှတ်ယူရမှာဖြစ်ပါသည်။

သို့ပါ၍ ရပ်လျက်ရှိခိုးသည့်အခါ ဒူးဝန်းနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်း အင်္ဂါငါးပါးတို့၏ ရှေးရှုညွတ်ခြင်းကိုသာ ရနိုင်ပါသည်။ ထိခြင်းငါးပါးတို့အနက် တစ်ပါးမှမရနိုင်ပါ။

**၃။ ရင်မှာဝပ်လျက်ရှိခိုးခြင်း**

တိဿမင်းကြီးသည် ကုရဏ္ဍကလိဏ်ဂူမှာ သီတင်းသုံးတော်မူသော ဝါတော် (၆၀) မထေရ်ကြီးကို မိကျောင်းသဏ္ဌာန် မြေဝယ်ပြားပြား ရင်ဖမ်းလျားမှောက်ရှိခိုးလျက် -

"ငါသည် အရှင်မြတ်၏ ကိလေသာတဏှာမှဝေးကွာတော်မူသည်ဖြစ်၍ သူတော်ပြဟ္မာသတ္တဝါတို့၏ပူဇော်အထူးကိုခံတော်မူထိုက်သော ရဟန္တာ၏အဖြစ်ကိုရှိခိုးပါ၏။ စင်စစ်သော်ကား ပုထုဇဉ်အဖြစ်၌တည်၍ ဝါတော်(၆၀) ကာလတိုင်အောင် ကျိုးပေါက်ပြောက်ကြားခြင်းမရှိ ဘာတိစင်ကြယ်စွာ စောင့်သုံးတော်မူအပ်သော သီလကိုသာလျှင်ရှိခိုးပါ၏"

လို့ လျှောက်ထားပြီး ရှိခိုး၏။

ရဟန်းမယ်တော်တစ်ယောက်သည် သူ့သားတော်ရဟန်းကို လွန်စွာကြည်ညို၍ သားရဟန်းတော်သွားသည့်အရပ်သို့ရှေးရှု၍ ရင်ဖြင့် မိကျောင်းအလား ပြားပြားဝပ်လျက်ရှိခိုး၍ -

"စင်စစ် ငါ့သားတော်ရဟန်းနှင့်တူသောရဟန်းကိုဘုရားရှင်၏မျက်မှောက်၌ဖြစ်သော ဘက်သေသာဓကပြု၍ ဘုရားရှင်သည် ရထားပမာထင်စွာပြ၍ ဟောတော်မူအပ်သောအကျင့်၊ နာဠက ရဟန်း၏အကျင့်၊ ပစ္စည်းလေးပါး၌ ရောင့်ရဲတက်သော သူ၏အကျင့်ဘာဝနာ၌ မွေ့လျော်သောသူ၏အဖြစ်ကိုပြတတ်သော မြတ်သောအရိယာတို့၏ အန္ဓယဖြစ်သောအကျင့်ကိုဟောတော်မူပြီ။

မွေးမယ်တော်၏ အိမ်ဂေဟာ၌ ဝါတွင်း (၃)လပတ်လုံး ဆွမ်းဘုဉ်းပေးသုံးဆောင်ပါသော်လည်း '<u>အဟံပုတ္တော</u>' ငါသည် သားတည်း '<u>တွံမာတာ</u>' သင်သည် မယ်တော်တည်းဟု စကားမပြောဆိုသော ငါ၏ သားရဟန်းတော်သည် ဩော်-အံ့ဖွယ်ရှိသောလူမြတ်ယောကျ်ားပေတည်း"

ဟု ပြော၍ရှိခိုးပါသည်။

**၄။ ရှိခိုးသည်ကိုသိကြောင်း အမှတ်ပြု၍ ရှိခိုးခြင်း**

သောဏဒဏ္ဍပုဏ္ဏားသည် မြတ်စွာဘုရားရှင်၏တရားတော်ကို နာကြားပြီး သရဏဂုံတည်ပါသည်။ ထို့နောက် ဆွမ်းကပ်ပါသည်။ ဆွမ်းကပ်ပြီးသည့်နောက် ဘုရားရှင်ကို လျှောက်ထားပါသည်။

"အရှင်ဂေါတမ၊ တပည့်တော်သည် ပရိသတ်ထဲတွင်ဖြစ်၍ ဦးရစ်ခေါင်းပေါင်းကိုချွတ်လိုက်ပါလျှင် အရှင်ဂေါတမကို ဦးခေါင်းညွတ်ကိုင်းတုပ်ဝတ်၍ ရှိခိုးခြင်းဟူ၍ အရှင်ဂေါတမ မှတ်တော်မူပါကော။

အရှင်ဂေါတမ၊ တပည့်တော်သည် ယာဉ်ထက်မှာနေသည်ဖြစ်၍ ထီးကိုရုပ်သိမ်းလိုက်ပါလျှင် အရှင်ဂေါတမကို ဦးခေါင်းညွတ်ကိုင်းရိုကျိုးရှိခိုးခြင်းဟူ၍ အရှင်ဂေါတမမှတ်တော်မူပါလော"

ဟု လျှောက်ထားပြီး ရှိခိုးပါသည်။

**□ ဘုရားရှင်ကို ဘုရားရှင်ရှိမခိုး**

ပစ္စုပ္ပန်ဖြစ်သော ဘုရားတစ်ဆူသည် ဖော်ပြခဲ့သော ရှိခိုးနည်းတို့ဖြင့် အတိတ်၊ အနာဂတ် ဘုရားရှင်တို့ကို ရှိမခိုးပါ။

ဘုရားရှင်တို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ (၃) ပါးမှာ တည်သည့် (၁၀) ပါးသော တရားတော်မြတ်ကိုလည်း ရှိမခိုးပါ။

အကြောင်းကား ဘုရားရှင်ချင်း ဂုဏ်အားဖြင့်တူညီနေ၍ ရှိမခိုးပါ။ တရားတော်ကိုတော့ <u>ဓမ္မသာမိ</u> တရားအရှင့်ဖြစ်တော်မူ၍ ရှိမခိုးပါ။

မိမိနှင့်ဂုဏ်တူသော၊ မိမိအောက်ယုတ်သောသူတို့ကို ရှိမခိုးထိုက်ပါ။ ဤရှိမခိုးထိုက်သူတွေကိုရှိခိုးလို့ရှိလျှင် <u>မိစ္ဆာပဋိပတ္တိ</u>အကျင့်မှားဖြစ်၍ လိုအပ်သည့်အကျိုးမရ။ ကိုယ်ထက်ဂုဏ်အားဖြင့်ကြီးသည့်သူတွေကိုရှိခိုးလျှင် <u>သမ္မာပဋိပတ္တိ</u>အကျင့်မှန်ဖြစ်၍လိုအပ်သည့်အကျိုးပြီးစေပါတယ်။

**□ ပူဇော်ခြင်း (၂) မျိုး**

ဂုဏ်ကိုစွဲ၍ပူဇော်ခြင်းသည် -

၁။ ကိုယ်ကိုညွတ်၍ပူဇော်ခြင်း၊

၂။ ကိုယ်ကိုမညွတ်မူ၍ပူဇော်ခြင်း

ဟု (၂) မျိုးရှိပါသည်။

ကိုယ်ကိုညွတ်၍ပူဇော်ခြင်းသည် သာမဏေငယ်က ထေရ်ကြီးအား ပူဇော်ခြင်းဖြစ်သည်။

ကိုယ်ကိုမညွတ်မူ၍ ပူဇော်ခြင်းသည် ထေရ်ကြီးက ဂုဏ်ရှိတဲ့သာမဏေငယ်အား ကိုယ်ကိုမညွတ်ဘဲ ဂုဏ်ကိုစွဲပြီး ဆုပေးပူဇော်သလို ပူဇော်ခြင်းဖြစ်သည်။

ဒီပင်္ကရာဘုရားရှင်သည် သုမေဓာရှင်ရသေ့အား ပန်းရှစ်ဆုပ်တို့ဖြင့် ပူဇော်ခြင်းသည် ထေရ်ကြီးက ဂုဏ်ရှိသည့်သာမဏေငယ်၊ ကိုရင်ငယ်ကို ဂုဏ်ကိုစွဲ၍ ကိုယ်ကိုမညွတ်ဘဲ ဆုပေးပူဇော်သကဲ့သို့ ဒီပင်္ကရာဘုရားရှင်က သုမေဓာရှင်ရသေ့အား ဘုရားမျိုးစေ့ဖြစ်သည့်ဂုဏ်ကိုစွဲပြီးတော့ ကိုယ်ကိုမညွတ်စေဘဲ ဆုပေးပူဇော်ခြင်းကို ပြုတော်မူခဲ့ပါသည်။

**□ ရိုသေခြင်းနှစ်မျိုး**

၁။ အထူးအလေးပြု၍ရိုသေခြင်း

၂။ မထေမဲ့မြင်မပြု၍ ရိုသေခြင်း

ဟု (၂) မျိုးရှိပါသည်။

ဂုဏ်ရှိသည့်သူအား ဂုဏ်ကိုစွဲ၍ ရိုသေခြင်းသည် အထူးအလေးပြု၍ ရိုသေခြင်းဖြစ်ပါသည်။

ဂုဏ်မဲ့သည့် သီတင်းငယ်အား မထေမဲ့မြင်မပြုခြင်းသည် ရိုသေခြင်းဖြစ်ပါသည်။

၎င်းရိုသေခြင်း (၂) ပါးတွင်လည်း ဂုဏ်ကိုစွဲရိုသေခြင်းသည် -

က။ ကိုယ်ကိုညွတ်၍ရိုသေခြင်း၊

ခ။ ကိုယ်ကိုမညွတ်မူ၍ရိုသေခြင်း

ဟု (၂) မျိုးရှိပါသည်။

ကိုယ်ကိုညွတ်၍ရိုသေခြင်းသည် သာမဏေငယ်မှ ထေရ်ကြီးအား ကိုယ်ကိုညွတ်စေ၍ ရိုသေခြင်းဖြစ်ပါသည်။

ခ။ ကိုယ်ကိုမညွတ်မူ၍ ရိုသေခြင်းသည် ထေရ်ကြီးက ဂုဏ်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com

သာမဏေယ်အား ကိုယ်ကိုမညွှတ်စေဘဲ ဂုဏ်ကိုစွဲ၍ အထူးချီးမြှောက်ခြင်းကို ပြုပြီးရှိသေခြင်း ဖြစ်ပါသည်။

ဒီပင်္ကရာဘုရားရှင်သည်လည်း ထေရ်ကြီးက သာမဏေယ်အား ရှိသေသလို သုမေဓာရှင်ရသေ့အား ရှိသေခြင်းကိုပြုတော်မူခဲ့ပါသည်။

ရှိခိုးဦးချရာတွင် အနန္တောအနန္တငါးပါးကိုရည်မှန်း၍ ဦးငါးကြိမ်ချသော နည်းနှင့် ရတနာသုံးပါးကို ရည်မှန်း၍ ဦးသုံးကြိမ်ချသော နည်း (၂) မျိုးတွင် ဦးသုံးကြိမ်ချနည်းကို အများအသုံးပြုကြပါသည်။

**□ ကံ(၃)မျိုးစုံအောင်ဦးချနည်း**

အချို့လူများသည် ဦး (၃) ကြိမ်သာချလိုက်သည်။ နှုတ်ကလည်း ဘာမှမဆို စိတ်ကလည်း ရောက်ချင်ရာရောက်နေတတ်၏။ ဤပုဂ္ဂိုလ်များမှာ ကာယကံကုသိုလ်ကိုသာရသည်။ အချို့ကမူ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ ဟု ရွတ်ဆိုပြီး စိတ်ကမူ ဘုရား၊ တရား၊ သံဃာများသို့ အာရုံမရောက်ကြချေ။ ထိုပုဂ္ဂိုလ်များမှ မနောကံကုသိုလ်မရဘဲ ကာယကံကုသိုလ်နှင့် ဝစီကံကုသိုလ်ကိုသာရရှိပါသည်။

အမှန်စင်စစ် ပထမအကြိမ် ဦးချရာ၌ မိမိနှစ်သက်ရာ ဘုရားဂုဏ်တော်တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ ရွတ်ဆိုအာရုံပြု၍ ဦးချရမည်။ ဒုတိယအကြိမ်တွင် တရားဂုဏ်တော်ကိုလည်းကောင်း၊ တတိယအကြိမ်တွင် သံဃာဂုဏ်တော်ကို လည်းကောင်း ရွတ်ဆိုအာရုံပြု၍ ဦးချရပါမည်။ ဥပမာ အရဟံ - လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား ဟူ၍ လည်းကောင်း၊ အကာလိကော - ကျင့်ကြံလိုက်နာသူအား အခါမလင့် အကျိုးပေးတတ်သည့် တရားတော်မြတ် ဟူ၍ လည်းကောင်း၊ အနုတ္တရံပုညက္ခေတ္တံ - ကောင်းမှုမျိုးစေ့တို့ကိုစိုက်ပျိုးရာ တုဖက်ကင်းသည့် လယ်ယာမြေနှင့်တူသော သံဃာမြတ်ပေတည်းဟူ၍လည်းကောင်း ရွတ်လည်းရမည်။ ထိုဂုဏ်တော်များ၌ စိတ်ကိုညွတ်ကိုင်းထားရမည်။ ယင်းသို့အာရုံပြုပြီးမှ ကန်တော့ရမည်။ သို့မှသာ ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်သုံးမျိုးစလုံးကို အပြည့်အဝရရှိမည်ဖြစ်ပါသည်။

အချို့သော ပညာရှိ သူတော်ကောင်းများသည် စေတီ၊ ရုပ်ပွားဆင်းတုတော်များကို ရှိခိုးဦးချသည့်အခါ ဘုရားဂုဏ်တော်ကိုးပါးကို သုံးပါးစီ ရွတ်ဆိုအာရုံပြု၍ ဦးသုံးကြိမ်ရှိခိုးကြပါသည်။ ထိုအတူ သံဃာတော်များကို ရှိခိုးဦးချသည့်အခါ၌လည်း သံဃာ့ဂုဏ်တော်တို့ကို စွမ်းနိုင်သမျှ ရွတ်ဆိုအာရုံပြုပြီး ဦးချလေ့ရှိကြပါသည်။

အမိ၊ အဖ၊ ဆရာသမားများကို ငါးကြိမ်ဦးချရာတွင်လည်း မိဘတို့၏ မွေးကျေးဇူး၊ ကျွေးကျေးဇူး၊ ဆရာသမားတို့၏ ဆုံးမပေးခဲ့သည့် ကျေးဇူးဂုဏ်၊ ပညာသင်ကြားပေးခဲ့သည့်ဂုဏ်များကို အာရုံပြု၍ ရှိခိုးကန်တော့ကြရမည်။

ရှေးရှေးပညာရှိများမှ ဘုရားဂုဏ်တော်ပွား၍ ရှိခိုးရခြင်းအကျိုး (၁၇) ပါးကို ကဗျာလင်္ကာဖြင့် ရေးသားခဲ့ပါသည်။

□ စေတီအတူ စိတ်မူတည်ကြည်
*ရောက်မည်နတ်ရွာ တွေ့ကာသိလွယ်*
*မြတ်နွယ်အမျိုး ရှိကျိုးခံရ*
*ပြည့်ဝအင်္ဂါ ဆင်းလှစွာနှင့်*
*ကာယ၊ခံတွင်း ကြိုင်သင်းမွှေးကြူ*
*ကြီးမှုဖညာ၊ နက်စွာ၊ ထက်၊ ရွှင်*
*လျှင်မြန်ဆန်းကြယ်*
*ကောင်းကြွယ်စကား ဆိုနိုင်ညားသည်၊*
*ဘုရားဂုဏ်တော်ပွါးမျိုးတည်း'*

ဗုဒ္ဓဘာသာဝင်များသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးရွတ်ဆို၍ ရှိခိုးပူဇော်ကြသည့်အစဉ်အလာမှာ ရှေ့ရှေ့ဘုရားရှင်များ လက်ထက်တော်ကပင်ရှိခဲ့ပါသည်။

မှန်ပါသည်။ ဖုဿဘုရားရှင်လက်ထက်တော်က ခမည်းတော် မဟိန္ဒမင်းကြီးသည် ဖုဿဘုရားရှင်ထံမှောက်သို့ ရောက်သွားသည့်အခါ -

"ငါ၏သားကြီးကား ဘုရား၊ သားအငယ်ကား ပထမအဂ္ဂသာဝက၊ ပုရောဟိတ်ပုဏ္ဏား၏သားကား ဒုတိယအဂ္ဂသာဝကတည်း"

ဟု စိတ်ကြည်နူးဝမ်းမြောက်ကာ သားတော်ဘုရားနှင့် အဂ္ဂသာဝကများကိုဖူးမြော်ပြီး 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟု သုံးကြိမ်ရွတ်ဆို၍ ရှိခိုးခဲ့ဖူးသည်။ ထို့အတူ ကျွန်ုပ်တို့ ဂေါတမဘုရားရှင်လက်ထက်၌လည်း ကောသလမင်းကြီး၊ ဗြဟ္မာယုပုဏ္ဏားကြီး၊ ဇာဏုသောဏိပုဏ္ဏားကြီး၊ အာရာမဒဏ္ဍပုဏ္ဏား၊ ကာရဏပါလီပုဏ္ဏားကြီး၊ ဓနဉ္စာနီပုဏ္ဏေးမနှင့်သိကြားမင်းတို့သည်လည်း ဘုရားရှင်အား ဤ 'နမောတဿ' စသော ဘုရားရှိခိုးဖြင့်ပင် ရှိခိုးခဲ့ကြောင်းကို မူလပဏ္ဏာသ ပါဠိတော် စသော ထိုထိုပါဠိတော်များ၌ ဘုရားရှင် ဟောတော်မူခဲ့ပေသည်။ ထို့ကြောင့် ဤ နမောတဿဘုရားရှိခိုးသည် ဘုရားရှိခိုးများတွင် ရှေးအကျဆုံး ဘုရားရှိခိုးတစ်ပုဒ်ဖြစ်ပေသည်။

**□ ဓနဉ္စာနီပုဏ္ဏေးမဝတ္ထု**

ဂေါတမဘုရားရှင်အား နမောတဿဘုရားရှိခိုးဖြင့်ရှိခိုးသူများအနက် ဓနဉ္စာနီပုဏ္ဏားမအကြောင်းကို ယုံကြည်သဒ္ဓါပွားနိုင်ရန်အတွက် အနည်းငယ်တင်ပြပါအံ့။

ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က ဓနဉ္စာနီမည်သော ပုဏ္ဏေးပျိုမကလေးတစ်ယောက်သည် အပျိုဘဝကပင် သောတာပန်တည်ခဲ့သည်။ ပုဏ္ဏားမျိုးတို့တွင် ဓနဉ္စာနီအမျိုးကို အမြတ်ဆုံးဟု ပုဏ္ဏားတို့ ယူဆကြ၏။ ထိုအမျိုး၌ ဖွားမြင်လာ၍ ယင်းပုဏ္ဏေးပျိုမကလေးကို ဓနဉ္စာနီဟု အမည်ပေးထားခြင်း ဖြစ်သည်။ ထိုသောတာပန်တည်ပြီးသော ဓနဉ္စာနီပုဏ္ဏေးပျိုမလေးသည် ဗုဒ္ဓမြတ်စွာကိုသတိရတိုင်း 'နမောတဿ ဘဂဝတော' စသော ဘုရားရှိခိုးကို ရွတ်ဆိုလေ့ရှိ၏။

အိမ်ထောင်ပြုသည့်အခါ ခင်ပွန်းသည်မှာ ဗုဒ္ဓဘာသာဝင် မဟုတ်ပါ။ ဗြဟ္မာကိုးကွယ်သည့် ဘာရဒွါဇဓနိပုဏ္ဏားတစ်ဦးဖြစ်သည်။ ယင်းသို့ ဇနီးမောင်နှံနှစ်ဦးတို့ ဘာသာမတူကြသော်လည်း တစ်ဦးနှင့်တစ်ဦး ဘာသာရေးတွင် ဆန့်ကျင်ဘက်မပြုကြပါ။ ဓနဉ္စာနီပုဏ္ဏေးမက ဗုဒ္ဓအမှူးရှိသည့်သံဃာတော်များအား ဆွမ်းကပ်သည့်နေ့တွင် ဘာရဒွါဇပုဏ္ဏားသည် စောစောကပင် အခြားအိမ်သို့ထွက်သွား၏။ ခင်ပွန်းသည်က သူ၏ပုဏ္ဏားဆရာတို့ကို ထမင်းကျွေးပွဲပြုလုပ်သည့်နေ့မှာမူ ဓနဉ္စာနီသည် သောတာပန်ဖြစ်၍ နှမြောဝန်တိုမစ္ဆရိယမရှိသောကြောင့် လည်းကောင်း လင့်အလိုသို့ လိုက်လျောသောအားဖြင့်လည်းကောင်း ကောင်းမွန်စွာ ပြုစုကျွေးမွေးလေ့ရှိ၏။

တစ်နေ့၌မူ ဘာရဒွါဇပုဏ္ဏားသည် ဇနီးသည် ဓနဉ္စာနီကို ကြိုတင်အသိမပေးဘဲ ပုဏ္ဏားဆရာများကို ထမင်းစားကြွဖို့ ဖိတ်လာခဲ့လေ၏။ ထိုအကြောင်းကို ဓနဉ္စာနီအားပြောသည့်အခါ -

"ထမင်းကျွေးဖို့ကိစ္စမှာ ကူ ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု မနဉ္စာနီကမေး၏။

"လုပ်စရာကိစ္စအားလုံးကို အလုပ်သမားများလုပ်ကြပါလိမ့်မယ်။ ရှင်မရဲ့ အခန်းကတော့ ထမင်းသုံးဆောင်လာကြတဲ့ပုဏ္ဏားများလည်း စိတ်ချမ်းချမ်းသာသာစားရ၊ ကျုပ်နဲ့ ပုဏ္ဏားဆရာတွေနဲ့လည်း စိတ်ဝမ်းမကွဲရအောင် မနက်ဖြန်တစ်ရက်လောက်တော့ နမောတဿဘဂဝတောလို့မရွတ်မိအောင်ချုပ်တည်းထားစမ်းပါနော်"

ဟု လေပျော့လေးဖြင့် တောင်းပန်သည်။

"ရှင့်မှာ ပုဏ္ဏားဆရာတွေနဲ့ပဲ စိတ်ဝမ်းကွဲကွဲ၊ နတ်တွေနဲ့ပဲ စိတ်ဝမ်းကွဲကွဲ၊ ဗုဒ္ဓမြတ်စွာကိုသတိရတဲ့အခါ ရှိမခိုးဘဲနဲ့တော့ ကျွန်မမနေနိုင်ပါ"

ဟု မနဉ္စာနီက ပြောသည့်အခါ ပုဏ္ဏားကြီးမှာ အလွန်စိတ်ဆိုးသွားပြီး သန်လျက်ကိုဆွဲယူပြီး --

"အိမ်ခြေတစ်ရာရှိတဲ့ရွာရဲ့ တံခါးပေါက်ကြီးကိုတောင် လုံအောင်ပိတ်နိုင်ပါရက်နဲ့ မင်းက မင်းပါးစပ်တစ်ပေါက်ကို ပုဏ္ဏားဆရာတွေ ထမင်းသုံးဆောင်ချိန်တလေးတောင်မှ မပိတ်ထားနိုင်ဘူးလား။ မနက်ဖြန် ပုဏ္ဏားဆရာတွေထမင်းသုံးဆောင်ချိန်မှာ နမောတဿလို့ရွတ်ဆိုရင်တော့ ဟောဒီသန်လျက်နဲ့ မင်းတစ်ကိုယ်လုံးကိုနုပ်နုပ်စဉ်းပစ်မယ်"

ဟု ကြိမ်းမောင်းလိုက်သည်။

ထိုအခါ မနဉ္စာနီက -

"အို- ကျုပ်က အမြတ်ဆုံးဩက္ကာကမင်းမျိုးက ဆင်းသက်လာတဲ့ ဂေါတမဗုဒ္ဓမြတ်စွာကို သတိရလာတဲ့အခါ ကျုပ်ရှိမခိုးဘဲနေကိုမနေနိုင်ဘူး။ ရှင်က အဲဒီသန်လျက်နဲ့ဖြတ်ချင်လည်းဖြတ်၊ သတ်ချင်လည်းသတ်ပေါ့"

ဟု တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

ထိုအခါ ပုဏ္ဏားကြီးက မယားဖြစ်စေကာမူ မိမိထက် အဆင့်အတန်းမြင့်နေသောကြောင့် လက်ကလေးမျှဖြင့်ပင် မတို့ဝံ့သဖြင့် ဟန်နှင့်ပန်နှင့်ကိုင်ထားသော သန်လျက်ကို ခုတင်ပေါ်တွင် ပစ်တင်လိုက်ကာ -

"အေး-လုပ်ချင်တာသာလုပ်ကွာ"

ဟု ဆိုပြီး အလျှော့ပေးလိုက်ရသည်။

သို့သော် ထိုနေ့နံနက်ပိုင်း၌ မနဉ္စာနီသည် ခင်ပွန်းသည် စိတ်မဆင်းရဲရအောင် ပုဏ္ဏားကြီးမလာမီ ခံ့ညားကောင်းမွန်စွာ ပြင်ဆင်၍ ပုဏ္ဏားဆရာကြီးတို့လာသည့်အခါ သူကိုယ်တိုင် ပြုစုလုပ်ကျွေးပါသည်။ ယင်းသို့ ပြုစုလုပ်ကျွေးနေစဉ် ပုဏ္ဏားဆရာတို့အစွန်မှာ ထမင်းစားမည်ဟုပြင်နေသော ခင်ပွန်းသည်ပုဏ္ဏား၏ လင်ပန်း၌ ထမင်းထည့်ဖို့ နို့ယနာထမင်းခွက်ယူလာခဲ့၏။ ယူလာခဲ့စဉ် လမ်းတွင် သစ်သားချောင်းတစ်ခုကိုနင်းမိပြီး ချော်လဲထိခိုက်မိသွားရာ အလုံးစုံအ ချည်းနှီးပဲ ဟူသော ဗုဒ္ဓ၏ တရားစကားတော်ကိုလည်းကောင်း၊ ဗုဒ္ဓမြတ်စွာကိုလည်းကောင်း သတိရသွားသည်။ ထိုအခါ ကိုင်ထားသော နို့ယနာခွက်ကို အသာချပြီး ဝေဠုဝန်ကျောင်းတောင်ဘက်သို့ လက်အုပ်ချီကာ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟု ပီပီသသကြီးရွတ်ဆို၍ ရှိခိုးကန်တော့လိုက်ပါတော့သည်။

မနဉ္စာနီပုဏ္ဏေးမ၏ ဘုရားရှိခိုးသံကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓမြတ်စွာကို မကြည်ညိုကြသည့် ပုဏ္ဏားဆရာကြီးတို့သည် စားတုန်းစားဆဲမှာပင် စိတ်ဆိုးမာန်ဆိုးဖြင့် တစ်စုတစ်ဝေးကြီး အကုန်ထပြီးပြန်ပြေးကြလေတော့သည်။

ထိုအခါ ပုဏ္ဏားသည် ဒေါသဖြစ်ကာ -

"ဒီလိုအဖြစ်မျိုးဖြစ်မှာမြင်လို့ မနေ့က တောင်းပန်ထားပါရက်နဲ့ ဒီပါးစပ်ပေါက်ကိုမပိတ်နိုင်ဘူး"

ဟု အမျိုးမျိုး မာန်မဲဆဲရေး၏။ ထိုနောက်-

"နင်တို့ ဗုဒ္ဓအပေါ်မှာ မဖြေနိုင်အောင် ငါမေးခွန်းမေးပြီး အပြစ်တင်မယ်"

ဟု ကြိမ်းဝါးလျက် ဗုဒ္ဓထံတော်သို့ ချက်ချင်းသွားလေတော့၏။

ဗုဒ္ဓထံတော်မှောက်သို့ရောက်သည့်အခါ စိတ်မဆိုးဟန်ဆောင်ကာ -

"အရှင်ဂေါတမ၊ အဘယ်ဟာကိုဖြတ်၍ အဘယ်ဟာကိုသတ်လျှင် နောင်တတစ်ဖန်မပူပန်ဘဲ ချမ်းချမ်းသာသာနေထိုင်ရပါသနည်း။ အဘယ်အရာတစ်ခုကိုသတ်ခြင်းကို အရှင်ဂေါတမ နှစ်သက်ပါသနည်း"

ဟု မေးလျှောက်လိုက်ပါသည်။

ပုဏ္ဏား၏ရည်ရွယ်ချက်ကား ဗုဒ္ဓမြတ်စွာက မည်သည့်အရာကိုသတ်ရမည်ဟုဖြေလျှင် ဒီလိုဆိုလျှင် ကိုယ်မနှစ်သက်တဲ့ ရန်သူကိုလည်းသတ်ရမှာပေါ့။ ဒီလိုသာသတ်ဖို့ကိုနှစ်သက်လျှင် သမဏလို့ဝန်ခံနေလို့ဘာအကျိုးရှိမှာလဲ။ သမဏဆိုတာ ဒေါသငြိမ်းအေးရပါတယ်ဟု အပြစ်ပြ၍ဘုရားကိုနှိပ်မည်။ ဘယ်ဟာကိုမျှသတ်တာကိုမနှစ်သက်ပါဘူးဟု ဖြေကပြန်လျှင် 'ရာဂစတဲ့ ကိလေသာသတ်ဖို့ကိုမျှ အလိုမရှိဘူးလား။ ဒီလိုဆိုရင် ကိလေသာမငြိမ်းအေးဘဲ သမဏအမည်ခံပြီး လှည့်လည်နေဖို့မသင့်ပါ'ဟု အပြစ်ပြပြီးနှိပ်မည်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။

သို့သော် ဗုဒ္ဓမြတ်စွာက -

"အမျက်ဒေါသကိုသတ်နိုင်လျှင် ချမ်းချမ်းသာသာနေရ၏။ နောင်တတစ်ဖန် မပူပန်ရ။ အမျက်ဒေါသတစ်ခုကိုသတ်ဖို့ရန် ငါဘုရားနှစ်သက်တော်မူ၏"

ဟု ဖြေဆိုတော်မူလိုက်သည့်အခါ၌မူ အမျက်ဒေါသကြောင့် ဒုက္ခတကယ်တွေ့ခဲ့ရသည့် ပုဏ္ဏားကြီးမှာ အလွန်နှစ်သက်သဘောကျသွား၍ ဗုဒ္ဓမြတ်စွာဘုရားကိုနှိပ်မည်ဟူသော ရည်ရွယ်ချက်ပျက်သွားပြီး တရားတော်ကိုအကြိမ်ကြိမ်ချီးကျူးကာ ရဟန်းပြုပေးဖို့ ခွင့်တောင်းလေသည်။ ရဟန်းပြု၍ မကြာမီမှာပင် ထိုဘာရဒွါဇပုဏ္ဏားကြီးမှာ ရဟန္တာဖြစ်သွားလေသည်။

ဤဝတ္ထု၌ သောတာပန်မနဉ္စာနီပုဏ္ဏေးမ၏ ဗုဒ္ဓကိုသတိရတိုင်း မရှိခိုးဘဲမနေနိုင်ပုံ၊ တစ်နေ့တစ်နေ့၌ အကြိမ်ပေါင်းများစွာသတိရပုံတို့ကို အတုယူကာ မိမိတို့လည်း နေ့စဉ်နေ့တိုင်း ရောင်းရင်းဝယ်ရင်းမှာပင် ဗုဒ္ဓမြတ်စွာကိုသတိရအောင် ကြိုးစားသင့်ပါသည်။ တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်ဘုရားရှိခိုးသောအားဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသင့်ကြပေသည်။

**□ ဝေဿဝဏ်နတ်မင်းကြီး၏ ဘုရားခုနစ်ဆူဘုရားရှိခိုး**

ဤနမောတဿဘုရားရှိခိုးကဲ့သို့ပင် ရှေးအကျဆုံးဘုရားရှိခိုးတစ်ပုဒ်ကိုလည်း သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်၌ တွေ့ရပါသေးသည်။ ထိုဘုရားရှိခိုးမှာ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ဟူသော ဘုရားခုနစ်ဆူအား ရှိခိုးသည့် ဘုရားခုနစ်ဆူဘုရားရှိခိုးဖြစ်၏။ ဤဘုရားခုနစ်ဆူဘုရားရှိခိုးသည် သာသနာကိုမကြည်ညိုသည့် ဘီလူးတို့က ပရိသတ်လေးပါးတို့အား မညှဉ်းဆဲနိုင်ရန် အကာအကွယ်အစောင့်အရှောက်အဖြစ် ဝေဿဝဏ်နတ်မင်းကြီး စီရင်သည့် ဘုရားရှင် ခွင့်ပြု လက်ခံပြီးသော အာဋာနာဋိယသုတ်တော်၌ပါဝင်သည်။

မှန်၏။ အခါတစ်ပါး၌ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည်



www.burmeseclassic.com

www.burmeseclassic.com

နတ်စစ်သည်များနှင့်အတူ သန်းခေါင်ယံအချိန်တွင် ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်လာကြသည်။ ထိုအချိန်ကား ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူချိန်ဖြစ်၏။နတ်မင်းကြီးလေးယောက်အနက် ဝေဿဝဏ်နတ်မင်းကြီးက ဘုရားရှင်အား ဤသို့ လျှောက်ထား၏။

"မြတ်စွာဘုရား၊ လောက၌ဘုရားအားကြည်ညိုသော နတ်ဘီလူး၊ မကြည်ညိုသောနတ်ဘီလူးဟူ၍ နတ်ဘီလူးအမျိုးမျိုးရှိပါသည်။ မကြည်ညိုသော နတ်ဘီလူးများကများပါသည်။ အကြောင်းမှာကား သူတစ်ပါးအသက်ကိုသတ်ခြင်းစသော မကောင်းမှုများမှ ရှောင်ကြဉ်ရမည်ဆိုသည့် ဘုရားရှင်၏ဟောတော်မူချက်ကို သူတို့ မနှစ်သက် မလိုလားသောကြောင့် ဖြစ်ပါသည်။ သူတို့ကား ထိုမကောင်းမှုများကို ကျူးလွန်နေကြသူများ ဖြစ်ပါသည်။ တောအုံချုံကြားအစွန်းအဖျားကျသော ကျောင်းများ၌ ရဟန်းတော်များ သီတင်းသုံးနေထိုင်ကြရာ ထိုအရပ်မှာ သာသနာကိုမကြည်ညိုကြသည့် နတ်ဘီလူးများရှိနေကြသည်။ ထိုဘီလူးများကြည်ညိုကြရန်နှင့်ပရိသတ်လေးပါးကို မညှဉ်းဆဲဘဲ စောင့်ရှောက်ကြရန် အာဋာနာဋိယမည်သော အကာအကွယ်အစောင့်အရှောက်လက်ခံတော်မူပါ"

ဟု လျှောက်ထားသည့်အခါ မြတ်စွာဘုရားကလည်း လက်ခံတော်မူပါသည်။

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် 'ဝိပဿိဿစနမတ္ထု' စသည်ဖြင့် အောက်ပါ ဘုရားခုနစ်ဆူဘုရားရှိခိုးဂါထာများနှင့်ဖြင့် စတင်ရှိခိုးလျှောက်ထားပါသည်။

**ဘုရား (၇) ဆူ ဘုရားရှိခိုး**

၁။ ဝိပဿိဿ စ နမတ္ထု၊
စက္ခု မန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊
သဗ္ဗဘူတာ နုကမ္ပိနော။

၂။ ဝေဿဘုဿ စ နမတ္ထု၊
နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊
မာရသေနာပမဒ္ဒိနော။

၃။ ကောဏာဂမနဿနမတ္ထု၊
ဗြဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၄။ အင်္ဂီရသဿ နမတ္ထု၊
သကျ ပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသသိ၊
သဗ္ဗ ဒုက္ခာပနူဒနံ။

၁။ ဗုဒ္ဓ ဓမ္မ၊ သမန္တနှင့် ဒိဗ္ဗပညာ၊ သချာပေါင်းစု၊ ငါးပါးသောစက္ခုရှိတော်မူ၍ တပြောင်ပြောင်တအိအိ ထွန်းလင်းတောက်ပ ဘုန်းကျက်သရေရှိတော်မူသော ဝိပဿီဘုရားရှင်အားလည်း ရိုသေမြတ်နိုး လက်စုံမိုးကာရှိခိုးပါ၏။ လုံးစုံများစွာ သတ္တဝါတို့ကို ကရုဏာပြောထူသနားတော်မူသော သိခီဘုရားရှင်အားလည်း ရိုသေမြတ်နိုးလက်စုံမိုးကာ ရှိခိုးပါ၏။

၂။ ကိလေသာအညစ်အကြေးကို လျှော်ဆေးတော်မူပြီး၍ ကိလေသာရန်ကိုပူပန်စေတတ်၊ အကြွင်းမဲ့ဖျက်ဆီးတော်မူတတ်သော ဝေဿဘူဘုရားရှင်အားလည်း ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။ ဒေဝပုတ္တစသည်ပွားစီးမာရ်စစ်ကြီးကို ဖျက်ဆီးတော်မူပြီးသော ကကုသန်ဘုရားရှင်အားလည်း ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

၃။ မျှော်အပ်ပြီးသော အကုသိုလ်အစု မကောင်းမှုရှိတော်မူ၍ ကောင်းစွာအသင့်သုံးပြီးသောအကျင့်ရှိတော်မူသော ကောဏာဂုံဘုရားရှင်အားလည်း ရိုသေမြတ်နိုးလက်စုံမိုးကာရှိခိုးပါ၏။ ခပ်သိမ်းများစွာ ကိလေသာမှ အထူးကျွတ်ကျွတ်ကင်းလွတ်တော်မူသော ကဿပဘုရားရှင်အားလည်း ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

၄။ အကြင် သာကီဝင်မင်းသား ဂေါတမရှင်တော်မြတ်ဘုရားသည် ဒုက္ခခပ်သိမ်း ငြိမ်းစေဘိတောင်း ပယ်နုတ်ကြောင်းဖြစ်သော ဤတရားမြတ်ဒေသနာတော်ကို ကရုဏာရှေ့သွား မေတ္တာထား၍ဟောကြားတော်မူလေပြီ။ ကိုယ်အင်္ဂါမှ ဖြာဖြာရွှန်းလက်ထွက်သောရောင်ခြည်ရှိတော်မူ၍ ကျက်သရေရှင်ဖြစ်တော်မူသော ထိုသာကီဝင်မင်းသား ဂေါတမရှင်တော်မြတ်ဘုရားအား ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

**အာသနသန္တဝိကမထေရ်၏ဘုရားရှိခိုး**

ထို့အပြင် အပဒါန်ပါဠိတော်၌ အာသနသန္တဝိကမထေရ်၏ ဘုရားရှိခိုးတစ်ပုဒ်ကိုလည်း တွေ့ရသေးသည်။ ထိုဘုရားရှိခိုးမှာ သိခီဘုရားရှင်လက်ထက်တော်ကပေါ်ခဲ့သော ရှေးဟောင်းဘုရားရှိခိုးဖြစ်သည်။ အာသနသန္တဝိကမထေရ်အလောင်းသည် ဤကမ္ဘာမှ (၃၀) ကမ္ဘာထက်တွင် အမျိုးသားတစ်ဦးဖြစ်၍ သိခီဘုရားရှင်၏သာသနာတော်နှင့်ကြုံကြိုက်ခဲ့သည်။ ထိုစဉ်အခါက သိခီဘုရားရှင်၏ နေရာတော်မြတ်ကို လက်အုပ်ချီကာ အောက်ပါဘုရားရှိခိုးဖြင့် ရှိခိုးခဲ့ဖူး၏။ ယင်းသို့ ဂုဏ်တော်ကို ချီးကျူးရှိခိုးခဲ့ဖူးသောကြောင့် (၃၁) ကမ္ဘာလုံး အပါယ်သို့ မကျရောက်ဘဲ စကြာမင်း(၇) ကြိမ်ဖြစ်ပြီး ကျွန်ုပ်တို့ ဂေါတမဘုရားရှင်လက်ထက်တွင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံဝင်တော်မူပါသည်။

- ❑ နမော တေ ပုရိသာဇည၊
  နမော တေ ပုရိသုတ္တမ၊
  သဗ္ဗညုသိ မဟာဝီရ၊
  လောကဇေဋ္ဌနရာသဘ။

**ပုရိသာဇည** - ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား၊ **တေ** - အရှင်ဘုရားအား၊ **နမော**- ရှိခိုးပါ၏။ **ပုရိသုတ္တမ** - ယောကျ်ားမြတ်၊ **တေ** - အရှင်ဘုရားအား၊ **နမော** - ရှိခိုးပါ၏။ **မဟာဝီရ**-လုံ့လကြီးတော်မူသော၊ **လောကဇေဋ္ဌ** - လူမြတ်ဖြစ်တော်မူသော၊ **နရာသဘ** - သတ္တဝါမြတ်ဖြစ်တော်မူသော အရှင်ဘုရား၊ **တွံ** - အရှင်ဘုရားသည်၊ **သဗ္ဗညူ** - တရားခပ်သိမ်းကို သိသည်။ **အသိ** - ဖြစ်၏။

❑ **ဘုရားရှိခိုးခြင်းနှင့်ဗုဒ္ဓါနုဿတိဘာဝနာ**

ဤပြဆိုပြီးသော ရှေးဟောင်းဘုရားရှိခိုးကြီးများဖြင့် ရှေးပညာရှိသူတော်ကောင်းကြီးများရှိခိုးကြပုံအစုံစုံတို့ကိုထောက်ထားပါလျှင် ဘုရားရှင်တို့၏ဂုဏ်တော်များကို ထုတ်ဖော်ချီးကျူး၍ ကြည်နူးသောစိတ်ဖြင့် ရှိခိုးခြင်းအစဉ်အလာကား ရှေးပညာရှိသူတော်ကောင်းကြီးတို့ အစဉ်တစိုက်ပြုကျင့်ခဲ့ကြသည့် အစဉ်အလာကောင်း အစဉ်အလာဟောင်းကြီးတစ်ခုဖြစ်ကြောင်း ထင်ရှားပေသည်။

ထိုဘုရားရှိခိုးခြင်းကုသိုလ်သည် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့တွင် ဒါန၊ သီလကုသိုလ်တို့ထက် အဆင့်မြင့်သည့် သမထဘာဝနာကုသိုလ်မျိုးဖြစ်သည်။ မှန်၏။ ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော်များကို အဖန်ဖန်အထပ်ထပ်သတိရနေခြင်းကို ဗုဒ္ဓါနုဿတိဟုခေါ်၏။ ထိုသတိကို မိမိစိတ်အစဉ်၌ ထပ်တလဲလဲဖြစ်စေခြင်း၊ ထိုသတိဖြင့် မိမိစိတ်ကို ထုံလွှမ်းထားခြင်းကို ဗုဒ္ဓါနုဿတိဘာဝနာဟု ခေါ်သည်။ (**ဗုဒ္ဓ** - ဘုရားကို၊ **အနု** - အဖန်ဖန်အထပ်ထပ်၊ **သတိ**-အောက်မေ့အမှတ်ရခြင်း၊ **ဘာဝနာ** - ပွားများသောကုသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် တစ်နေ့လျှင် နံနက်တစ်ခါ၊ ညတစ်ခါအားဖြင့် အနည်းဆုံးနှစ်ကြိမ် ဘုရားရှိခိုးလေ့ရှိကြ၏။ ရှိခိုးသည့်အခါ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဂုဏ်တော်များကို ချီးကျူးရွတ်ဆို၍ ရှိခိုးကြ၏။ ဗုဒ္ဓဘာသာဝင်တို့ ရွတ်ဆိုရှိခိုးကြသည့် ဘုရားရှိခိုးများ၌ ဘုရားရှင်၏ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ ပါရမီတော် စသည်များနှင့်စပ်သော ဂုဏ်တော်များ အမျိုးမျိုးအစားစား ပါဝင်လျက်ရှိပါသည်။ ထိုဗုဒ္ဓမြတ်စွာ၏ အမျိုးမျိုးအစားစားသော ဂုဏ်တော်များကို နှုတ်ကချီးကျူးရွတ်ဆိုသည့်အတိုင်း စိတ်ကလည်း သတိရနေပါမူ ထိုအချိန်၌ ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်ပါသည်။ ဘုရားဂုဏ်တော်များ၌ စိတ်ကိုတည်ငြိမ်အောင်ထားနိုင်သည်နှင့်အမျှ သတိ၊ သမာဓိ အားကောင်း ထက်မြက်သော ဘာဝနာကုသိုလ်ဖြစ်ပါတော့သည်။

## ▫ ဗုဒ္ဓါနုဿတိနှင့်ဝိပဿနာအလုပ်

ယင်းသို့ ဘုရားရှိခိုးခြင်းအလုပ်သည် အဆင့်အတန်းမြင့်သည့် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်သော်ငြားလည်း အချို့က ဘုရားရှိခိုးခြင်းအလုပ်ကို အထင်သေးကြ၏။ ဘုရားရှိခိုးခြင်းသည် အကျိုးမရှိ အပိုအလုပ်ဟု ဆိုသူများပင်ရှိကြသည်။ အထူးသဖြင့် တရားအားထုတ်သောပုဂ္ဂိုလ်အချို့က 'ကိုယ့်အလုပ်ကိုယ်လုပ်၊ ဘုရားရှိခိုးမနေနဲ့' ဟု ပြောလေ့ရှိသည့်အကြောင်း စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယချောင်ဆရာတော်ဘုရားကြီးဟောကြားတော်မူသည်ကို ကြားနာရဖူးပါသည်။ အမှန်ကား ဝိပဿနာအလုပ်မှ ကိုယ့်အလုပ်မဟုတ်ပါ။ ဘုရားရှိခိုးခြင်း စတဲ့အခြားကုသိုလ်အလုပ်များလည်း ကိုယ့်အလုပ်ပင်ဖြစ်ပါသည်။ ကုသိုလ်များတွင် မလုပ်ကောင်းသည့်ကုသိုလ်ဟူ၍မရှိပါ။ ဝိပဿနာအလုပ်အားထုတ်နေသည့်ယောဂီသည် ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကိုမလုပ်ရဟု ဗုဒ္ဓဒေသနာတော်များ၌လည်း မလာရှိချေ။

အင်္ဂုတ္တိုရ် အဋ္ဌကထာ ပဌမအုပ် (၁၆၆)၌ကား ဗုဒ္ဓါနုဿတိဘာဝနာသည် စိတ်ကိုရွှင်လန်းစေခြင်း၊ ဝိပဿနာ၏ အခြေခံဖြစ်ခြင်း၊ အကျိုးများရှိသည်ဟု ဖွင့်ဆိုထားရာ ဘုရားရှိခိုးခြင်း စသည့် ဗုဒ္ဓါနုဿတိဘာဝနာအလုပ်သည်လည်း အားထုတ်ဆဲ ဝိပဿနာအလုပ်ကို ထိခိုက် မယုတ်လျော့သွားနိုင်သည့်အပြင် ပို၍ပင် တရားတက်စေနိုင်ပါသည်။ ထို့ကြောင့် ဝိပဿနာယောဂီပုဂ္ဂိုလ်များသည် ဝိပဿနာအလုပ်၏ အခြေခံဖြစ်သည့် ဘုရားရှိခိုးခြင်း စသော ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကို ပို၍ပင် အားထုတ်သင့်ပါသည်။ ဗုဒ္ဓါနုဿတိဘာဝနာ၊ မေတ္တာဘာဝနာ၊ အသုဘဘာဝနာ၊ မရဏာနုဿတိဘာဝနာဟူသော ကမ္မဋ္ဌာန်းလေးပါးတို့အား မည်သည့်ကမ္မဋ္ဌာန်းကိုအားထုတ်အားထုတ် နေရာတကာ၌ အထူးပါဝင်အားထုတ်ရမည့် သဗ္ဗတ္ထကကမ္မဋ္ဌာန်းတို့ ဖြစ်ကြသည်ဟုလည်းကောင်း၊ စောင့်ရှောက်ရမည့် အာရက္ခတရားလေးပါး ဖြစ်သည်ဟုလည်းကောင်း ကျမ်းဂန်ဖွင့်ဆိုချက်များကိုလည်း သတိပြုရမည် ဖြစ်သည်။

## ▫ ယောဂီပုဂ္ဂိုလ်တိုင်း လေးစားရမည့် ဗုဒ္ဓါနုဿတိ

ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်သည့် ယောဂီပုဂ္ဂိုလ်တိုင်း ဘုရားရှိခိုးခြင်း စသည့် ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကို အထူးလေးစားလေ့ရှိသည့် ထုံးဟောင်းသာဓကကို ကျမ်းဂန်လာသည်အတိုင်း တင်ပြဦးအံ့။ ရှေးအခါက ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းအားထုတ်ကြသည့် ရဟန်းတော်များသည် သမ္မပဓာန်လုံ့လဝီရိယဖြင့် အရိုးကြေကြေအရေစုတ်စုတ် နောက်မဆုတ်တမ်း အားထုတ်လေ့ရှိကြပါသည်။ ဆွမ်းခံကြွသည့်အချိန်မှပင် အလွတ်မထားဘဲ ကမ္မဋ္ဌာန်းတရားဖြင့် လှမ်းသွားတော်မူကြသည်။ ထိုရဟန်းတော်များတွင် အချို့က ဆွမ်းခံအသွား၌သာ မိမိအားထုတ်နေသည့် ကမ္မဋ္ဌာန်းဖြင့်လှမ်းကြွ၍ အပြန်တွင်မူ ကမ္မဋ္ဌာန်းမပါဘဲပြန်ကြ၏။ ထိုယောဂီရဟန်းမျိုးကို အသွားဆောင်(ဟာရ)ဟုခေါ်၏။ အချို့ကမူ အသွားတွင် ကမ္မဋ္ဌာန်းမပါဘဲ အပြန်၌သာ ကမ္မဋ္ဌာန်းနှင့်လှမ်းပြန်၏။ ထိုရဟန်းမျိုးသည် အပြန်ဆောင်ယောဂီ (ပစ္စာဟာရ)မည်၏။ အသွားအပြန်နှစ်မျိုးလုံးမှာ ကမ္မဋ္ဌာန်းဆောင်ယောဂီမျိုးကိုကား နှစ်မျိုးဆောင် (ဟာရပစ္စာဟာရ) ဟုခေါ်သည်။

ထိုဆွမ်းခံအသွား၊ အပြန်နှစ်မျိုးစလုံး ကမ္မဋ္ဌာန်းနှင့်လှမ်းကြွသည့်ပုဂ္ဂိုလ်မျိုးသည်ပင်လျှင် မိမိဆွမ်းခံကြွရာလမ်း၌ စေတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်များရှိပါက ထိုနေရာသို့ရောက်သည့်အခါ စေတီတော်ကိုဝင်၍ရှိခိုးရသည်။ ဘုရားမုခ်ဝအဝင်တွင် ယူဆောင်လာသည့် ပစ္စည်းတစ်ခုကိုချထားသကဲ့သို့ပင် မိမိဆောင်လာသည့်ကမ္မဋ္ဌာန်းကို ရှေးဦးစွာချရသည်။ ထို့နောက် မုခ်ဦးတန်ဆောင်းထဲဝင်သည်နှင့်တစ်ပြိုင်နက် ဘုရားဂုဏ်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာဖြင့် ကြွရသည်။ ကြီးသည့်ဘုရားဖြစ်က လက်ယာရစ်ပတ်ပြီး လေးဌာနကနေ၍ ရှိခိုးရသည်။ ငယ်သည့်ဘုရားဖြစ်က ရှစ်ဌာနကနေ ရှိခိုးရသည်။ မုခ်ဝသို့ပြန်ထွက်လာသည့်အခါ၌လည်း ဘုရားဂုဏ်ကိုအာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာဖြင့် မုခ်ဝအထိလာရသည်။ မုခ်ဝသို့ရောက်သည့်အခါ၌ မူလကချခဲ့သည့်ပစ္စည်းကို ပြန်ကောက်ယူသည့်အလား မိမိချထားခဲ့သည့် မူလကမ္မဋ္ဌာန်းကို ပြန်ဆောင်ယူ နှလုံးသွင်းပြီး ဆက်လက်သွားရသည်ဟု ဝေါစရသမ္ပဇဉ်ကိုဖွင့်ဆိုရာတွင် ကျမ်းဂန်များ၌ ပြဆိုထားပေသည်။ ဤကျမ်းဂန်လာထုံးကို နှလုံးမူလျက် မည်သည့် ကမ္မဋ္ဌာန်းကို အားထုတ်အားထုတ် ဘုရားရှိခိုးခြင်း စသည့် ဗုဒ္ဓါနုဿတိဘာဝနာကိုမူ မေ့မထားရ၊ အမြဲတမ်းအားထုတ်ရမည့် ကမ္မဋ္ဌာန်းဟု နားလည်ထားသင့်ပေသည်။

## ▫ ကာဠသုမြေးသမီးဝတ္ထု

ဤနေရာ၌ ဗုဒ္ဓါနုဿတိဘာဝနာသည် ဝိပဿနာဘာဝနာ၏ အခြေခံဖြစ်ကြောင်းကို သာဓကဆောင်၍ ပြပါဦးမည်။ ဗုဒ္ဓါနုဿတိဘာဝနာကို အခြေပြုကာ အရိယာနယ်ရပ်သို့ ဆိုက်ကပ်သွားကြပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်သွားကြသည့်ပုဂ္ဂိုလ်များကို ကျမ်းဂန်များ၌ များစွာဖွင့်ဆိုထားပါသည်။ ထိုပုဂ္ဂိုလ်များအနက် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ဂုဏ်တော်များကို တစ်ဆင့်ကြားရုံမျှဖြင့် ကြည်ညိုပြီး သောတာပန်တည်သွားသည့် ကာဠသုမြေးသမီး အကြောင်းကို တင်ပြပါသည်။

ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဘုရားရှင်၏ သရီရဓာတ်မွေတော်မြတ်ကိုဌာပနာ၍ တစ်ယူဇနာမြင့်သည့်ဓာတုစေတီတော်ကြီးတစ်ဆူ တည်ကြသည်။ ထိုစေတီတော်အပြီးတွင် အမျိုးကောင်းသား သူငယ်ချင်းနှစ်ယောက်တို့သည် ရဟန်းပြုကြ၍ ပိဋကတ်သုံးပုံကို တစ်ဖက်ကမ်းရောက်တတ်မြောက်ကြသည့်ပိဋကတ္တယပါရဂူကြီးများ ဖြစ်လာကြသည်။ တစ်ပါးတစ်ပါးလျှင် တပည့်အခြွေအရံ ငါးရာစီရှိ၏။ ဝိနည်းဆုံးဖြတ်ရေး၌လည်း အလွန်ကျွမ်းကျင်လိမ္မာကြသည်။

တစ်ချိန်တွင် ဓမ္မဝါဒီရဟန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

အဓမ္မဝါဒီရဟန်းတို့ အမှုဖြစ်ကြ၍ ဓမ္မဝါဒီရဟန်းက တရားလာစွဲရာ ထိုဝိနည်းမိုရ်ဆရာတော်ကြီးနှစ်ပါးတို့သည် အဓမ္မဝါဒီရဟန်းကိုငဲ့ညာ၍ အမှုကိုလက်မခံဘဲ ရှောင်လွှဲနေလိုက်ကြ၏။ ထိုသို့ အဂတိလိုက်မှုကြောင့် ဓမ္မဝါဒီရဟန်းကောင်းကလေးက -

"ယနေ့မှ ကဿပဘုရားပရိနိဗ္ဗာန်စံပေပြီ။ ကဿပမြတ်စွာဘုရား၏ သာသနာတော်သည် ပျက်စီးခြင်းမလှ ပျက်စီးရချေပေါ့"

ဟု ပြောဆိုငိုကြွေးကာ ဝိနည်းမိုရ်ဆရာတော်ကြီးများထံမှ ထွက်ခွာသွား၏။ ထိုအခါမှပင် ဝိနည်းမိုရ်မထေရ်ကြီးနှစ်ပါးလုံး ထိတ်လန့်ပြီး စိတ်မချမ်းသာဖြစ်ကြရလေသည်။

နောက်ဆုံး ပျံလွန်တော်မူကြသည့်အခါ အထက်နတ်ပြည်၌ဖြစ်နိုင်စရာရှိသော်လည်း ထိုအဂတိလိုက်ခဲ့မှုကြောင့် ဆရာတော်တစ်ပါးက ဟိမဝန္တာဝယ် ဟေမဝန္တာတောင်၌ ဟေမဝတမည်သော နတ်စစ်သူကြီးသွားဖြစ်၏။ ဆရာတော်တစ်ပါးကမူ မဇ္ဈိမဒေသအတွင်း သာတတောင်၌ သာတာဂိရမည်သော နတ်စစ်သူကြီးဖြစ်၏။ သူတို့၏တပည့်များသည်လည်း ဆရာကြီးများအပေါ်၌ သံယောဇဉ်ရှိကြသောကြောင့် ထိုနတ်စစ်သူကြီးများထံ၌ပင် အခြံအရံနတ်စစ်သားများဖြစ်လာကြလေသည်။ ထိုနတ်စစ်သူကြီးနှစ်ဦးတို့သည် နှစ်ကျိပ်ရှစ်ဦးသော နတ်စစ်သူကြီးများတွင် စာရင်းဝင်သော တန်ခိုးအလွန်ကြီးသည့် နတ်မင်းကြီးတို့ဖြစ်ကြ၏။ သူတို့နှစ်ဦးသည် ဟိမဝန္တာဝယ် စည်းဝေးနေကျနတ်အစည်းအဝေး၌ တွေ့ဆုံကြသောအခါ တစ်ယောက်ကိုတစ်ယောက်မှတ်မိကြ၍ ကဿပဘုရားသာသနာတော်၌ အနှစ်နှစ်သောင်းကြာအောင် ရဟန်းဘဝ၌နေခဲ့ကြပါလျက် ယခုလို အောက်တန်းစားနတ်ဘီလူးမျိုး၌ဖြစ်ကြပုံများကိုတွေးပြီး နှစ်ဦးစလုံးစိတ်မချမ်းသာဖြစ်ကြသည်။ ထို့နောက် မိမိနေရာဒေသ၌ အထူးအဆန်း တစ်စုံတစ်ရာတွေ့ခဲ့လျှင် တစ်ဦးကိုတစ်ဦး အကြောင်းကြားစတမ်းဟု ကတိထားပြီးနေကြလေသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့ ဂေါတမဘုရားသခင်ပွင့်တော်မူလာ၍ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော်မူလေသော် ထိုတရားပွဲသို့ သာတာဂိရနတ်စစ်သူကြီးတစ်ဦးသာ ရောက်လာခဲ့ပေသည်။ ဟေမဝတနတ်သားမှာမူ ဟိမဝန္တာ၌ ခါတိုင်းထက် ထူးခြားသည့် သာယာကြည်နူးဖွယ်များဖြစ်နေသည်ကိုတွေ့ရ၍ ထိုထူးခြားသည့်အကြောင်းကို ကတိအတိုင်း မိတ်ဆွေသာတာဂိရအားပြောပြလိုသည့်အတွက် အခြံအရံများနှင့်အတူ သာတာဂိရနတ်စစ်သူကြီးထံ ထွက်လာခဲ့လေသည်။

သာတာဂိရနတ်စစ်သူကြီးကလည်း မိဒဂါဝုန်တော၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဓမ္မစကြာတရား ဟောနေကြောင်းကို မိတ်ဆွေ ဟေမဝတနတ်အား ပြောကြားလိုသည့်အတွက် ဟေမဝတနတ်စစ်သူကြီးရှိရာသို့ နောက်ပါနတ်များနှင့်အတူ ခရီးထွက်ခဲ့ပါသည်။ ယင်းသို့ ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ်ခရီးထွက်လာကြသည့် ခရီးသည် နတ်စစ်သူကြီးနှစ်ဦးတို့သည် ရာဇဂြိုဟ်မြို့ တစ်ခုသောအိမ်ပြာသာဒ်အဆောက်အအုံကြီး၏ အထက်ကောင်းကင်အရပ်၌ တစ်ဦးနှင့်တစ်ဦး ဆုံမိကြလေသည်။

ထိုနေ့ကား ရာဇဂြိုဟ်မြို့၌ ဝါဆိုပွဲကြီး ဆင်ယင် ကျင်းပနေသောနေ့တည်း။ နတ်စစ်သူကြီးနှစ်ဦး တွေ့ဆုံကြရာ ကောင်းကင်၏ အောက်တည့်တည့်ရှိ ပြာသာဒ်အဆောက်အအုံကြီးမှာ ကာဠီမည်သော သူဌေးသမီး မိဘတို့၏ အိမ်ပြာသာဒ်ကြီးဖြစ်ပါသည်။ ကာဠီအမျိုးသမီးကား ရာဇဂြိုဟ်ပြည်သူဖြစ်၏။ အရွယ်ရောက်သည့်အခါ ကုရရဃရမြို့၌ အိမ်ထောင်ကျ၏။ သောဏကုဋိကဏ္ဏမထေရ်အလောင်းကို ကိုယ်ဝန်ရှိသောအခါ ကိုယ်ဝန်ကိုဖွားမြင်ရန် မိဘရပ်ထံပြန်လာခဲ့သည်။ ထိုစစ်သူကြီးနှစ်ဦးတွေ့ဆုံကြချိန်တွင် ကာဠီအမျိုးသမီးသည် ကိုယ်ဝန်ကြောင့်ဖြစ်သော ပင်ပန်းဆင်းရဲမှုကိုဖြေဖျောက်ရန် အိမ်အထက်ပြာသာဒ်ဆောင်သို့တက်၍ လေသာပြတင်းပေါက်ကိုဖွင့်ကာ လေညင်းခံနေချိန်ဖြစ်ပေသည်။

နတ်စစ်သူကြီးနှစ်ဦးတို့လည်း ဆုံမိလျှင် ဟေမဝတနတ်မင်းက -

"ဟိမဝန္တာ၌ ခါတိုင်းနဲ့မတူ တစ်မူထူးခြား အံ့ဩဖွယ်များဖြစ်ပေါ်နေတဲ့ အတွက် မိတ်ဆွေကိုမြင်စေလိုလို့ လာခေါ်ကြောင်း. . ."

စတင် နှုတ်ခွန်းဆက်လိုက်သည်။

ထိုအခါ သာတာဂိရနတ်က -

"မိတ်ဆွေ၊ ဟိမဝန္တာတစ်နေရာတည်းသာ ထူးထူးခြားခြားဖြစ်နေတာမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာပဲ ထူးထူးခြားခြား အံ့ဩဖွယ်တွေဖြစ်နေပါသည်။ လောကသုံးခွင်ဘုံအပြင်မှာ ဗုဒ္ဓရှင်တော်ပွင့်ပေါ်နေပါပြီ။ အခုဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးမှာ ဓမ္မစကြာတရား ဟောကြားနေတုန်းပဲရှိပါသေးတယ်။ ဒါ့ကြောင့် တစ်ကမ္ဘာလုံးမှာ ထူးထူးခြားခြား အံ့ဩစရာတွေဖြစ်နေတာပါ။ အခုဂေါတမဘုရားရှင်ဖူးမြင်ဖို့ လိုက်ခဲ့ပါ"

ဟု ဘုရားဖူးခေါ်လိုက်လေသည်။

ယင်းသို့ နတ်စစ်သူကြီးနှစ်ဦးတို့ စကားပြောဆိုနေသံကို ကာဠီအမျိုးသမီးသည် လေညင်းခံနေရာမှကြားလိုက်ရာ -

"ဒီအသံတွေဟာ အောက်ကလာတဲ့အသံတွေတော့မဟုတ်ဘူး။ အထက်ကောင်းကင်ကအသံတွေနဲ့တူတယ်။ နတ်တွေ စကားပြောတဲ့အသံပဲဖြစ်လိမ့်မယ်"

ဟု ယူဆပြီး ငြိမ်သက်စွာနားထောင်လေသည်။

ဟေမဝတနတ်ကား သာတာဂိရနတ်ထက် တန်ခိုးလည်းကြီး၏။ ပညာလည်းထက်၏။ စိစစ်တတ်သည့်ဉာဏ်လည်းရှိ၏။ ထို့ကြောင့် သာတာဂိရနတ်ခေါ် ခေါ် ချင်းမလိုက်သေးချေ။ လောကမှာ ဘုရားအတု၊ တရားအတုတွေများသောကြောင့် ဘုရားစစ်၊ မစစ်သိရန် သူ့မိတ်ဆွေ သာတာဂိရနတ်အား မေးခွန်းပေါင်းများစွာမေးလေသည်။

"အို - မိတ်ဆွေ သာတာဂိရ မိတ်ဆွေဖူးမြင်ခဲ့ရတဲ့ ဗုဒ္ဓဆိုသူသည် သတ္တဝါများအပေါ်၌ အရင်းအဖျားမခွဲခြားဘဲ စိတ်ကောင်းနှလုံးကောင်းထား နိုင်ပါရဲ့လား။ ကဣဋ္ဌာရုံနှင့်တွေ့လျှင် လိုချင်တပ်မက်မှု လောဘ၊ ဒေါမနဿတို့မှ ကင်းရှင်းပါရဲ့လား"

ဟု မေးရာ သာတာဂိရနတ်မင်းက စိတ်ကောင်းနှလုံးကောင်းထားနိုင်ကြောင်း၊ လောဘဒေါသတို့ ကင်းရှင်းကြောင်း ဖြေကြားလိုက်သည်။

"အို - မိတ်ဆွေ သာတာဂိ မေးပါရစေဦး။ မိတ်ဆွေရဲ့ဗုဒ္ဓဆိုသူသည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း မေထုန်မှီဝဲခြင်းဆိုတဲ့ ကာယဒုစရိုက်သုံးမျိုးမှ ရှောင်ကြဉ်နိုင်ပြီး ဈာန်ဝင်စားနိုင်ပါရဲ့လား"

"အို- ဟေမဝတ၊ ကျွန်ုပ်ဖူးမြင်ခဲ့ရသည့် ဗုဒ္ဓမြတ်စွာသည် ထိုဒုစရိုက်သုံး ကိုရှောင်ကြဉ်၍ဘာဝနာမှန်မှန်ပွားသော ကြောင့် ဈာန်တရားမှလည်း ကင်း တော်မမူပါ"

"အို - သာတာဂိရ၊ မိတ်ဆွေ ဗုဒ္ဓသည် လိမ်ညာပြောဆိုခြင်း၊ ကုန်း ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အတိ သောစကားကို ပြောဆိုခြင်းဆို ဒုစရိုက်လေးပါးမှကင်းပါရဲ့လား



www.burmeseclassic.com

www.burmeseclassic.com

"အို - ဟေမဝတ၊ ကျွန်ုပ်ရဲ့ဗုဒ္ဓသည် ဘယ်အခါမှ မုသားစကားမပြော ပါ။ သူတစ်ပါးကို နှိပ်စက်လို၍ ဆဲဆိုသော ဖရုသဝါစာကိုလည်းမပြောပါ။ ချစ်သူနှစ်ယောက်ကွဲသွားအောင် ကုန်းတိုက်တဲ့ ပိသုဏဝါစာကိုလည်းမပြော ပါ။ အကျိုးမရှိ အနှစ်သာရမရှိ နားထောင်ကောင်းရုံမျှဖြစ်တဲ့ သမ္ဖပ္ပလာပ စကားမျိုးကိုပြောတော်မမူဘဲ ဝစီဒုစရိုက်လေးပါးမှ ရှောင်တော်မူပါသည်"

"အို - သာတာဂိရ၊ မိတ်ဆွေရဲ့ဗုဒ္ဓသည် ငါးဖြာအာရုံ ကာမဂုဏ်၌ လိုချင်တပ်မောမှု အဘိဇ္ဈာရှိပါသေးသလော။ ဒေါသဗျာပါဒကင်း၍ကြည်လင်သန့်ရှင်းသောစိတ်ရှိပါ၏လော။ မိစ္ဆာမောဟကိုကျော်လွန်ကာ သမ္မာအယူရှိပါ၏လော။ အရှုံးပြင်ဖွယ်အသွယ်သွယ်တို့၌ ဉာဏ်စက္ခုဖြင့် ကြည့်ရှုထင်ထင်သိမြင်နိုင်ပါ၏လော"

"အို - ဟေမဝတ၊ ကျွန်ုပ်၏ဗုဒ္ဓသည် ငါးဖြာအာရုံကာမဂုဏ်တို့၌ လိုချင်တပ်မောမှု အဘိဇ္ဈာမရှိပါ။ စိတ်တော်သည် ဒေါသဗျာပါဒကင်း၍ အမြဲသန့်ရှင်းကြည်လင်နေပါ၏။ ထိုထိုအယူဝါဒ၌ မှန်ကန်ဖြစ်အောင် မောဟကိုလွန်တော်မူပြီ။ သိဖွယ်ဟူသမျှတို့၌ ဉာဏ်စက္ခုဖြင့် ကြည့်ရှုထင်ထင် သိမြင်တော်မူပါသည်"

"အို- သာတာဂိရ၊ သင်ဖူးတွေ့ခဲ့ရသောဗုဒ္ဓသည် ဘုရားတကာပြည့်စုံရာ သောဝိဇ္ဇာမျက်စိနှင့်လည်းပြည့်စုံရဲ့လား။ ကောင်းသို့သွားကြောင်းခြေကောင်းသဖွယ်ဖြစ်သည့် စင်ကြယ်သောစရဏတစ်ဆယ့်ငါးပါးရှိရဲ့လား။ ထိုဗုဒ္ဓ၏သန္တာန်၌ အာသဝေါတရားလေးပါးကုန်ခန်းသွား ပြီလော။ နောက်တစ်ဖန်ဖြစ်ဖို့ ဘဝရှိသေးသလော"

"အို - ဟေမဝတ၊ ကျွန်ုပ်တွေ့ခဲ့ရသောဗုဒ္ဓသည် ဘုရားတကာတို့ပြည့်စုံရာ သောဝိဇ္ဇာမျက်စိနဲ့လည်းပြည့်စုံပါတယ်။ ကောင်းသို့သွားကြောင်း ခြေကောင်းသဖွယ်ဖြစ်သည့် စင်ကြယ်သောစရဏ တစ်ဆယ့်ငါးပါးလည်းရှိ၏။ ကိလေသာ အာသဝေါလည်း ကုန်ခန်းနေပါပြီ။ နောက်တစ်ဖန်ဖြစ်ဖို့ ဘဝလည်းမရှိတော့ပါ"

ထိုသို့မေးဖြေပြီးသောအခါ ဗုဒ္ဓမြတ်စွာ၏ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံး သန့်ရှင်းစင်ကြယ်တော်မူပုံကို လည်းကောင်း၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာ ရှစ်ပါး စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူပုံကို လည်းကောင်း၊ ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်ပုံကို လည်းကောင်း၊ သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံပုံကိုလည်းကောင်း၊ နောက်ထပ်ဖြစ်ဖို့ရာ ဘဝအသစ်မရှိပုံကို လည်းကောင်း သိရသောကြောင့် -

"ဒီအတိုင်းပြည့်စုံလျှင် မိတ်ဆွေဖူးတွေ့ခဲ့ရသည့်ပုဂ္ဂိုလ်သည် သုံးလောကထွက်ထား သဗ္ဗညုရှင်တော်ဘုရားအမှန်ဖြစ်ပေသည်"

ဟု ချီးမွမ်းစကားပြောကြားလေသည်။

အထက်တွင်ပြဆိုခဲ့သည့်အတိုင်း ကာဠီအမျိုးသမီးသည် ထိုနတ်ဘီလူးစစ်သူကြီးနှစ်ဦးတို့ အသီးသီးမေးကြ၊ ဖြေကြရာ၌ ဘုရားဂုဏ်တော်များကို အစအဆုံးနားစိုက်နေ၏။ ထိုသို့ နားထောင်ရင်းပင် -

"ဩော် - ဗုဒ္ဓဆိုတာ ဤသို့အံ့သြစဖွယ် အထူးဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်ပါတကား"

ဟု ကြားရသော ဘုရားဂုဏ်ကို အာရုံပြုကာ လွန်စွာနှစ်သက်သောပီတိဖြစ်လာ၏။ ထိုပီတိဖြင့်ပင် သောတာပန်တို့ပယ်ထိုက်သည့် ကိလေသာနီဝရဏတရားတို့ကို ပယ်ခွာ၍ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းမှုပြုလေလျှင် ထိုနေရာ၌ပင် သောတာပန်ဖြစ်ရလေသည်။

ထိုကာဠီအမျိုးသမီးသည်ကား တစ်လောကလုံးရှိ အမျိုးသမီးများတွင် ရှေးဦးစွာ သောတာပန်တည်သည့် အမျိုးသမီးတည်း။ သောတာပန်တည်ရာ၌လည်း အလွန်ထူးဆန်း၏။ ဘုရားရှင်အား တစ်ကြိမ်တစ်ခါမျှ မဖူးမြင်ဘူးသေးဘဲ သာတာဂိရနတ်စစ်သူကြီးပြောကြား၍သာ ဘုရားရှင်ပွင့်တော်မူကြောင်းကို သိရရုံရှိသေး၏။ ဘုရားရှင်ကိုယ်တိုင် ဟောကြားသည့် ဘုရားဂုဏ်တော်များကိုလည်း တိုက်ရိုက်နာကြားရသူမဟုတ်။ နတ်စစ်သူကြီးနှစ်ဦး အချင်းချင်းမေးဖြေရာမှ ဘုရားဂုဏ်တော်များကို တစ်ဆင့်ကြားရခြင်းသာ ဖြစ်ပေသည်။ ယင်းသို့ ဘုရားဂုဏ်တော်များကို တစ်ဆင့်ကြားဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို အခြေခံ၍ သောတာပန်တည်သွားသည့် ကာဠီအမျိုးသမီးကို ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ရဟန်းပရိသတ်၊ မင်းပရိသတ်တို့အလယ်၌ -

"ချစ်သား ရဟန်းတို့၊ တစ်ဆင့်စကားကြားသဖြင့် ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ညိုသူ ငါဘုရား၏ တပည့်မ ဥပါသိကာအပေါင်းတို့တွင် ကုရရဃရမြို့၌နေသူ ကာဠီအမည်ရှိသော အမျိုးသမီးသည် အမြတ်ဆုံး အသာလွန်ဆုံးဖြစ်၏"

ဟူ၍ အနုဿဝပသာဒ(တစ်ဆင့်ကြားမျှဖြင့်ကြည်ညိုသော)အရာ၌ ဧတဒဂ်ထားတော်မူလေသည်။

## ရတနာသုံးပါးဂုဏ်ကျေးဇူးများ

### ▫ ရတနာသုံးပါးတို့ဂုဏ်ကို အောက်မေ့သင့်ပုံ

ဤနေရာ၌ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့၏ဂုဏ်ကို ရှိခိုးအောက်မေ့ကြသင့်ကြောင်း - ဆက်၍ ပြဆိုပါဦးမည်။ ရတနာသုံးပါးတို့ကား များသောဂုဏ်ကျေးဇူးရှိ၏။ ရတနာသုံးပါးတို့ဂုဏ်ကိုပွားများ၍ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိဘာဝနာကုသိုလ်ကို နေ့စဉ်ပွားများအားထုတ်သူများမှာ ယခုပစ္စက္ခ၌ပင် အကျိုးတရားရကြောင်း သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဓဇဂ္ဂသုတ်၌ ဤသို့ ဟောကြားတော်မူပါသည်။

"ရဟန်းတို့၊ သင်တို့သည် တော၌ဖြစ်စေ၊ သစ်ပင်ရင်း၌ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်၌ဖြစ်စေ မြတ်စွာဘုရား၏ဂုဏ်တော်ကို အောက်မေ့ကြကုန်လော့။ သင်တို့အား ဘေးအန္တရာယ်သည် (ဝါ) ကြောက်လန့်ခြင်းသည်မဖြစ်နိုင်။ ကြောက်ခြင်းသည်လည်းကောင်း၊ ကိုယ်တုန်လှုပ်ခြင်းသည်လည်းကောင်း၊ ကြက်သီးမွေးညင်းထခြင်းသည်လည်းကောင်း ဖြစ်လိမ့်မည်မဟုတ်။

ထို့ကြောင့် ဘေးအန္တရာယ်မှ ကင်းငြိမ်းစေလိုကုန်သောသူတို့သည် အရဟံတော စသော ဘုရားဂုဏ်၊ သွာက္ခာတောစသောတရားဂုဏ်၊ သုပ္ပဋိပန္နော စသော သံဃာ့ဂုဏ်တို့ကို ယုံယုံကြည်ကြည်ဖြင့် အဖန်ဖန်အောက်မေ့ဆင်ခြင်သင့်ကြသည်။

### ▫ ဓဇဂ္ဂပရိတ်တန်ခိုး

ဤသို့ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးအကြောင်း အောက်မေ့ရုံမျှဖြင့်ပင် ကောင်းကင်၌ဖြစ်စေကာမူ မြေပြင်မှာကဲ့သို့ ဆောက်တည်ရာရနိုင်သည်ဟု သဂါထာဝဂ္ဂ သက္ကသံယုတ်အဋ္ဌကထာ၌ ပြဆိုထား၏။ မှန်၏။ သီဟိုဠ်ကျွန်း ဒီဃဝါပီစေတီ၌ အင်္ဂတေအချော့ကိုင်နေ့စဉ် ရဟန်းငယ်တစ်ပါးသည် စေတီအထက်ဆင့် လက်ရန်းမှကျ၍ စေတီဝမ်းပြင်ဖြင့် လျှောကျလာ၏။ အောက်တွင်ရှိနေကြသော ရဟန်းတော်များက -

"ဓဇဂ္ဂသုတ်ကို ဆင်ခြင်ပါ ငါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com

ဟု လှမ်းပြောကြ၏။

ထိုအခါ လိမ့်ကျသောရဟန်းသည် သေဘေးမှကြောက်သဖြင့် -

"ဒီဇဂ္ဂပရိတ္တံ မံ ရက္ခတု - ဓဇဂ္ဂပရိတ်သည် ငါ့ကိုစောင့်ရှောက်ပါစေ"

ဟု ဆို၏။

ထိုခဏမှာပင် ရုတ်တရက် အုတ်နှစ်ချပ်ပေါ်လာကာ လှေကားထစ်ဖြစ်လျက်ခံနေ၏။ အပေါ်ရှိရဟန်းများက နွယ်လှေကားချပေးရာ ထိုလှေကားပေါ် ရဟန်းရောက်လျှင်ပင် အုတ်နှစ်ချပ်မှာ တည်မြဲတိုင်း မူလနေရာ၌ပြန်ရောက်နေလေသည်။ ထို့ကြောင့် သံဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ၌ -

"ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးများကို ဟောထားသည့် ဓဇဂ္ဂသုတ်ပရိတ်တော်ကို ဆင်ခြင်နှလုံးသွင်းကြသောကြောင့် အခြားဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ချမ်းသာခြင်းကိုထားဘိဦး။ ဘီလူးဘေး၊ ခိုးသူဘေး စသော ဒုက္ခအပေါင်းမှ လွတ်မြောက်ချမ်းသာသွားသူတို့မှာ မရေမတွက်နိုင်အောင်များလှပေ၏။

မှန်၏။ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးများကို ဟောထားသည့် ဓဇဂ္ဂသုတ်ပရိတ်တော်ကို အမှန်တကယ် ယုံကြည်သောစိတ်ဖြင့် ဆင်ခြင်ရွတ်ဖတ်နှလုံးသွင်းသောသူသည် မှီတွယ်ရာမရှိသော ကောင်းကင်ပြင်၌ပင်သော်လည်း ဆင်းရဲမရောက် ဆောက်ရာတည်ရာကို ရနိုင်ပေသည်"

မိန့်ဆိုထားပေသည်။

**□ ဗုဒ္ဓါနုဿတိကြောင့်နဂါးဘေးမှလွတ်ပုံ**

ကဿပဘုရား သာသနာတော်၌ အလမ္ပာယ်တစ်ယောက်သည် မြွေရှာသွားရာ မိုးချုပ်သွားသဖြင့် အနီးအနားရွာတစ်ရွာ၌ဝင်အိပ်၏။ ထိုရွာ၌နေသောသူတို့ ညအခါ ရွတ်ဖတ်သရဇ္ဈာယ်သည့် ဘုရားဂုဏ်တော်များအသံကို ကြားရ၍ မှတ်သားထားလိုက်၏။ နံနက်မိုးသောက်အလင်းရောက်သည့်အခါ မြွေရှာထွက်စဉ် နဂါးမင်းကိုတွေ့၍ မြွေထင်မှတ်သဖြင့် ဖမ်းမည်ပြု၏။ ထိုအခါ နဂါးမင်း အမျက်ထွက်၍လိုက်ရာ အလမ္ပာယ်ဆရာခမျာ ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးရလေသည်။

ယင်းသို့ ထွက်ပြေးစဉ် ကျောက်တုံးတစ်တုံးကို တိုက်မိ၍ လဲလေရာ အလွန်ကြောက်လှသဖြင့် ညကကြားဖူးမှတ်ဖူးသည့် ဘုရားဂုဏ်တော်များကို ရွတ်ဖတ်လိုက်လေသည်။ ထိုအခါ နဂါးမင်းသည် မလိုက်တော့ဘဲ ရွှေပန်းသုံးပွင့်ကိုပေးလိုက်၏။ တစ်ပွင့်ကို ငါ၏ကိုယ်စား စေတီတော်ပူဇော်ပါ။ တစ်ပွင့်ကို သင်၏ကိုယ်စားပူဇော်ပါ။ နောက်ဆုံးတစ်ပွင့်နှင့် သင့်အသက်မွေးပါဟုဆိုပြီး လွှတ်လိုက်၏။ အလမ္ပာယ်လည်း နဂါးမင်းဆိုသည့်အတိုင်းပြု၍ အလမ္ပာယ်ဘဝကိုစွန့်လွှတ်ပြီး ကောင်းမှုပြုကာနေလေတော့သည်။

**□ ဗုဒ္ဓါနုဿတိကြောင့် ဖုတ်ဘေးမှလွတ်ပုံ**

နန္ဒိဝါဏိဇ္ဇမည်သော ကုန်သည်တစ်ယောက်သည် မိမိဇနီးနှင့်အတူ ကုန်ရောင်းကုန်ဝယ်သွားလေ၏။ ထိုအခါ အမတ်တစ်ယောက်သည် မိမိအိမ်တော်လေသာပြတင်းပေါက်မှ ထိုကုန်သည်၏ ဇနီးကိုမြင်တွေ့လေရာ စွဲလမ်းချစ်ခင်မေတ္တာသက်ဝင်သွား၏။ ထို့ကြောင့် ဆေးသမားကိုခေါ်ပြီး သူသေကောင်ကို ဖုတ်သွင်း၍ ထိုမိန်းမ၏ ခင်ပွန်းကို လုပ်ကြံသတ်ဖြတ်စေသည်။ ထိုအခါ ဖုတ်ဘီလူးသည် အခိုးအလျှံလွှတ်၍ ခြောက်လှန့်၏။ ကုန်သည်သည်လည်း 'ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ' စသည်ဖြင့် ဘုရားဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရာ ဖုတ်ဘီလူးသည် ထိုကုန်သည်အား သံတံတိုင်းကာထားသည်ဟု ထင်မှတ်ကာ ပြန်လာ၏။ ထို့အတူ သုံးကြိမ်စေခိုင်းသော်လည်း ကုန်သည်သည် ရှေးကအတိုင်း ဘုရားဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်နေသောကြောင့် ဖုတ်ဘီလူးသည် သံတံတိုင်းကြီးကာရံထားသည်ထင်ပြီး သုံးကြိမ်တိုင်တိုင်ပြန်လာခဲ့ရ၏။

ဖုတ်သွင်းထားသည့်သူသေကောင်သည် သန်လျက်ကိုယူဆောင်၍လိုက်လေရာ ကုန်ရောင်းပြန်လာသည့် နန္ဒိဝါဏိဇ္ဇသုံးကြိမ်မြောက် ပြန်လာရာတွင် စေခိုင်းသောအမတ်နှင့် ဆေးသမားကို သန်လျက်ဖြင့် ခုတ်သတ်လိုက်လေတော့သည်။

**□ ဗုဒ္ဓါနုဿတိကြောင့်မြစ်ရေပေါ်သွားနိုင်ပုံ**

ကျွန်ုပ်တို့ ဗုဒ္ဓရှင်တော်မြတ်ဘုရား လက်ထက်တော်က ကုက္ကုဋဝတီမင်းနေပြည်၌ မဟာကပ္ပိနမင်း မင်းပြု၏။ ထိုမင်း၏မိဖုရားကြီးမှာ အနောဇဒေဝီဖြစ်၏။ မင်းကြီးသည် သူ၏ မြင်းစီးသူရဲကောင်း(၃)ယောက်ကို (၃)ယူဇနာတိုင်အောင်သောအရပ်သို့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာရတနာများ ထွန်းပေါ်မထွန်းပေါ် စုံစမ်းရန် နေ့စဉ်စေလွှတ်လေ့ရှိသည်။ သို့သော် သတင်းကောင်းကို တစ်ခါမျှ မကြားရ၍ နေ့စဉ်အားမရဖြစ်နေရှာသည်။ တစ်နေ့တွင်မူ အမတ်တစ်ထောင်နှင့်အတူ မြင်းကိုယ်စီဖြင့် ဥယျာဉ်သို့သွားစဉ် ခရီးပန်းလာပုံရသည့်ကုန်သည်ငါးရာတို့ မြို့ဆီလာနေသည်ကိုတွေ့၍ အခေါ်လွှတ်လိုက်၏။ ကုန်သည်တို့ရှေ့တော်မှောက်သို့ရောက်လျှင် -

"မောင်မင်းတို့ဘယ်အရပ်ကလာခဲ့ကြသလဲ။ မောင်မင်းတို့၌ ဘာသတင်းထူးများပါသလဲ"

ဟု မေးတော်မူလိုက်သည်။

"အရှင်မင်းမြတ်၊ သာဝတ္ထိမြို့မှလာခဲ့ကြပါသည်။ ဗုဒ္ဓမြတ်စွာပွင့်နေတဲ့သတင်းထူးများပါလာပါသည်"

ဟု သံတော်ဦးတင်လိုက်ကြသည်။

ထိုအခါ ဘုရင်ကြီးမှာ ဗုဒ္ဓဆိုသည့် အသံကို ကြားလိုက်ရသည့်ခဏ၌ပင် တစ်ကိုယ်လုံး ပီတိဖြန်းပြီး ရွှင်လန်းဝမ်းမြောက်လွန်းရကား မေ့သကဲ့သို့ဖြစ်သွားလေ၏။ သတိရသည့်အခါ -

"အမောင်တို့ ဘာပြောလိုက်ကြသလဲ"

ဟု မေးပြန်ရာ -

"မင်းမြတ်၊ ဗုဒ္ဓမြတ်စွာပွင့်နေပါပြီ"

ဟု လျှောက်တင်ပြန်သည့်အခါ ရှေးကဲ့သို့ပင်မေ့သွားပြန်၏။ ဤသို့ စသည်ဖြင့် သုံးကြိမ်တိုင်မေ့ပြီး လေးကြိမ်မြောက်မှပင် စိတ်ကိုမေ့မသွားအောင်ထားနိုင်လေတော့သည်။

"အမောင်တို့၊ ဗုဒ္ဓပွင့်တော်မူကြောင်း သတင်းကောင်းကြားရသည့်အတွက် ကျေးဇူးကြီးလှပါသည်။ အမောင်တို့အား ဆုငွေတစ်သိန်းပေးမည်။ နောက်ထပ်ဘာသတင်းထူးများပါသေးသလဲ"

ဟု မေးပြန်ရာ-

"မင်းမြတ်၊ တရားရတနာလည်းဖြစ်ပေါ်နေပါပြီ"

ဟု သံတော်ဦးတင်ကြရာ ရှေးကကဲ့သို့ပင် သုံးကြိမ်တိုင်တိုင် ပီတိအဟုန်ဖြင့်မေ့သွားပြီး လေးကြိမ်မြောက်တွင်မှ မမေ့ဘဲ အသပြာတစ်သိန်းဆုချတော်မူသည်။

"နောက်ထပ် ဘာသတင်းထူးပါသေးသလဲ"

ဟု တတိယအကြိမ်မေးသည့်အခါ -

"ထိုတရားအတိုင်းကျင့်၍ တရားထူးရကြသော အရိယာသံဃာတော်လည်းပေါ်နေပါပြီ"

ဟု သံတော်ဦးတင်ကြပြန်ရာ ရှေးကအတိုင်းပင် ပီတိအဟုန်ဖြင့် သုံးကြိမ်တိုင်အောင်မေ့၍ လေးကြိမ်



www.burmeseclassic.com

www.burmeseclassic.com

[illegible]တ်သည့်အခါ ဆုငွေတော်တစ်သိန်း [illegible]ပြန်လေသည်။

ထို့နောက် ဗုဒ္ဓထံတော်သို့ [illegible]ရောက်သွားကြရန် ဆုံးဖြတ်ကြပြီး [illegible]နောက် အနောဇာဒေဝီထံသို့ ဤသူတို့ [illegible] ဆုတော်ငွေ (၃) သိန်းပေးရန် [illegible]ရေးပေးပြီး ဖြစ်ကြောင်းကုန်စင်ကို အနောဇာဒေဝီအား သံတော်ဦးတင် [illegible]ကြရန်မှာကြားလျက် ယူဇနာ(၁၂၀) [illegible]သော သာဝတ္ထိသို့ မြင်းကိုယ်စီဖြင့် [illegible]နှင်ကြလေသည်။

ဤသို့ ခရီးနှင်ကြရာ ရှေးဦးစွာ [illegible]နက်တစ်ဂါဝုတ်၊ အကျယ်နှစ်ဂါဝုတ် [illegible]သော အပရစ္ဆာမြစ်ကိုတွေ့၍ လှေ [illegible]မရှိ ဖောင်လည်းမရှိသောကြောင့် [illegible]ဏ်တော်ကိုအာရုံပြုကာ မြစ်အတွင်း [illegible] မြင်းတို့ကိုနှင်လေရာ ခွာကိုမျှရေ [illegible]တဲ တစ်ဖက်ကမ်းသို့ရောက်ကြ [illegible]။ ထို့နောက် ယူဇနာဝတ်လောက် [illegible]အကျယ်ရှိသော နီလဝါဟိနီမြစ် [illegible]တွေ့ပြန်ရာ တရားဂုဏ်တော်ကို အာရုံပြု၍ လည်းကောင်း၊ နောက် [illegible] အနက်အကျယ် တစ်ယူဇနာရှိ သော စန္ဒဘာဂါမြစ်ကိုတွေ့ပြန်ရာ [illegible]ယာသံဃာဂုဏ်ကို အာရုံပြု၍ [illegible]ကောင်း မြင်းများကိုနှင်ကြရာ [illegible]ကိုမျှရေမစွတ်ဘဲ တစ်ဖက်ကမ်းသို့ [illegible]ကြလေသည်။

**[illegible] ဗုဒ္ဓါနုဿတိအခြေခံ၍ မဂ်ဖိုလ်ဆိုက် [illegible]**

ဘုရားရှိခိုးခြင်း၊ ဘုရားဂုဏ်တော် [illegible]များကို အာရုံပြု၍ ပုတီးစိပ်ခြင်း၊ [illegible] စသော ဘုရားဂုဏ်တော်များ [illegible] ရွတ်ဖတ်နှုတ်လုံးသွင်းခြင်း၊ လက္ခဏာ [illegible]အသွယ်သွယ်ဖြင့် တင့်တယ် [illegible]တော်မူသည့် ဘုရားရှင်၏ရုပ်ပုံ [illegible] စိတ်မှန်းဖြင့်ကြည်ညိုခြင်း စသော [illegible]သတိကို အခြေခံ၍ တစ်မဂ် [illegible]ဆိုက်ရောက်နိုင်ကြောင်း ကျမ်းဂန် [illegible] တွေ့ရသေးသည်။

မှန်၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရား [illegible]စံသွားပြီးသည့်နောက် သီဟိုဠ် [illegible] ဖုဿဒေဝ မည်သော မထေရ် [illegible]တစ်ပါးသည် စေတီရင်ပြင်တော်ကို [illegible]လှည်းလေ့ရှိ၏။ တစ်နေ့တွင် [illegible]လှည်းထား၍ သန့်ရှင်းနေသော [illegible]ပြင်တော်ကိုကြည့်ကာ သက်တော် [illegible] မြတ်ဘုရားကို ရည်မှန်း၍ [illegible]သောပီတိဖြစ်နေ၏။ ထိုအခါ [illegible]သည် မျောက်ညိုကြီးယောင် [illegible]၍ နွားချေးတွေ့ယူကာ ဖြန့်ကြ သွား၏။ မထေရ်ကြီးသည် ဘုရားကို ရှေ့ဆက်၍အာရုံမပြုနိုင်တော့ဘဲ ထပ်မံ တံမြက်လှည်းကာ ပြန်သွားရသည်။ ဒုတိယနေ့၌လည်း ဗုဒ္ဓမြတ်စွာကို အာရုံ ပြုနေချိန်မှာပဲ မာရ်နတ်လာ၍ နွားအိုကြီး ဟန်ဆောင်ကာ နွားချေးယိုချသွားပြန် ၏။ ထို့ကြောင့် တံမြက်လှည်း၍ပြန်သွား ရ၏။ တတိယနေ့၌လည်း ဗုဒ္ဓမြတ်စွာ ကိုအာရုံပြုနေချိန်ဝယ် မာရ်နတ်သည် အလွန်ရုပ်ဆိုးသည့် ယောက်ျားယောင် ဆောင်ကာ တံမြက်လှည်းထားသော နေရာ၌ ခြေတရွတ်ဆွဲလျက်သွားပြန်၏။

ထိုအခါ ဤနေရာ၏ပတ်ဝန်းကျင် တစ်ယူဇနာအရပ်၌ ဤမျှလောက်အရုပ် ဆိုးသူ မတွေ့ဘူးပါ။ ဧကန် မာရ်နတ်ဖြစ် ရမည်ဟုစဉ်းစားမိပြီး -

"အသင်မာရ်နတ်လား"

ဟု မေးလိုက်လေသည်။

မာရ်နတ်က ဟုတ်မှန်ကြောင်း ဝန်ခံသည့်အခါ -

"အသင်သည် အလွန်တန်ခိုးကြီး ပါသည်။ သက်တော်ထင်ရှားမြတ်ဘုရား ကို ဖူးလိုက်ရသောကြောင့် ဘုရားရှင်၏ ပုံတော်နှင့်တူအောင် ဖန်ဆင်းပြစမ်းပါ"

ဟု တောင်းပန်လေသည်။

မာရ်နတ်က -

"အတော်အတန်တူအောင်တော့ ပြနိုင်ပါရဲ့"

ဟု ပြောပြီး ဗုဒ္ဓပုံတော်ကို စွမ်းနိုင် သမျှတူအောင် ဖန်ဆင်းပြလေသည်။

ဖုဿဒေဝမထေရ်ကြီးသည် မာရ် နတ်ဖန်ဆင်းပြသော ဘုရားပုံတော်ကို ကြည့်ကာ-

"ရာဂ၊ ဒေါသ၊ မောဟမကင်း သော ဤမာရ်နတ်၏အတုပုံသည်ပင် ဤမျှလောက် တင့်တယ်သေးလျှင် ရာဂ၊ ဒေါသ၊ မောဟ၊ ကိလေသာ အညစ်အကြေးများကင်းစင်၍ ကြည်လင် သန့်ရှင်းသော ဗုဒ္ဓ၏ရုပ်အဆင်းတော် သည် အဘယ်မှာမသပ္ပာယ်ဘဲရှိအံ့နည်း"

ဟုတွေးကာ ဗုဒ္ဓမြတ်စွာကို အာရုံ မှန်းစဉ် တစ်ကိုယ်လုံး ပီတိတွေစိမ့်ဝင် လာလေသည်။ ထိုအခါ အလွန်ထင်ရှား နေသောပီတိကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဝိပဿနာရှုလေရာ (ခါတိုင်းလည်း ဘုရားအာရုံကို ဝိပဿနာဖြင့်ထုံလေ့ရှိ သောကြောင့်) ထိုနေရာမှာပင် တရား တက်၍ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တိုင်အောင် တရားပေါက်သွားလေတော့ သည်။

ထို့ကြောင့် ကျမ်းဂန်များ၌ - အကြင် ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း၏ တန်ခိုးအစွမ်းကြောင့် နိဝရဏကင်း၏။ နုသောပီတိဖြစ်လာ၏။ ထိုမှတစ်ဆင့် အားကြီးသောပီတိဖြစ်လာ ပြီး ထိုအနု၊ အရင့်အဆင့်ဆင့်သောပီတိ ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ တင်၍ ရှုမှတ်ပွားများလျှင် မြင့်မြတ် သော အရဟတ္တဖိုလ်သို့ ရောက်နိုင်၏

**■ ဗုဒ္ဓါနုဿတိဘာဝနာ၏အကျိုးတရားများ**

ဗုဒ္ဓါနုဿတိဘာဝနာကိုအားထုတ် သောပုဂ္ဂိုလ်များသည် အောက်ပါအကျိုး များကို ရရှိနိုင်ပါသည်။

၁။ ဗုဒ္ဓမြတ်စွာကို အလွန်ရိုသေ၍ ဗုဒ္ဓ မြတ်စွာ၏စကားတော်ကိုအလွန် လိုက်နာခြင်း၊

၂။ ဗုဒ္ဓမြတ်စွာကို မကြာမကြာသတိရ နေသောကြောင့် သတိကောင်း ၍ အသက်ကြီးသော်လည်း သတိ မမေ့ခြင်း၊

၃။ အသိဉာဏ်များတိုးပွားလာခြင်း၊

၄။ ဗုဒ္ဓမြတ်စွာအပေါ်၌ ဉာဏ်ဖြင့် သက်ဝင်၍ နက်နက်နဲနဲ ကြည်ညို ခြင်း၊

၅။ ဘုန်းကံကြီးမားခြင်း၊

၆။ စိတ်ချမ်းသာကြည်လင်ခြင်း၊ အေး မြခြင်း၊ တစ်ခါတစ်ခါ ကြက်သီး ထလောက်အောင် ပီတိဖြစ်ခြင်း၊

၇။ ကြောက်စရာဘေးအန္တရာယ်နှင့် ကြုံရသည့်အခါတွင် ထိတ်လန့် ကြောက်ရွံ့မှုမရှိခြင်း၊

၈။ ဗုဒ္ဓမြတ်စွာနှင့် အတူနေရသကဲ့သို့ ဖြစ်၍ ကျူးလွန်ရမည့်အပြစ်ကို မကျူးလွန်ဖြစ်ခြင်း၊

၉။ ဗုဒ္ဓါနုဿတိဘာဝနာပွားများသူ ၏ ခန္ဓာကိုယ်သည် စေတီအိမ်နှင့် တူ၍ လူနတ်ပြဟ္မာတို့၏အပူဇော် ကို ခံထိုက်ခြင်း၊

၁၀။ အကုသိုလ်မှုများကိုပြုရန် ရှက် လာကြောက်လာခြင်း၊

၁၁။ ဘုရားဖြစ်ချင်သောစိတ်ဖြစ်ပေါ် လာခြင်း၊

၁၂။ အထက်မဂ်ဖိုလ်ကိုမရလျှင် နောက် ဘဝ၌ သုဂတိဘဝသို့လားရောက် ရခြင်း စသည်တို့ ဖြစ်ပါသည်။

ဤသို့ဖြင့် စာဖတ်သူတို့သည် ရတနာသုံးပါးအား ဗုဒ္ဓနည်းကျရှိခိုးဦးချ ၍ ဗုဒ္ဓါနုဿတိဘာဝနာများကို ပွားများ ကုသိုလ်ရယူနိုင်ပြီး နိဗ္ဗာန်သာခေါင်စခန်း သို့ တက်လှမ်းနိုင်ပါစေဟု ဆန္ဒပြုလိုက် ပါသည်။

● ဦးကြည်ဇင်း(ရွှေစင်)ချောက်



www.burmeseclassic.com


www.burmeseclassic.com

မြင်သာ-သောင်းတင်


သားအဖနှစ်ဦးတည်ထားခဲ့သော စေတီနှစ်ဆူကြားက ဘိုးဘွားရိပ်သာနှင့်

# ရှေးဟောင်း

# ဆင်စီးမြင်းရံကြေးသွန်းဗုဒ္ဓရုပ်ပွားတော်




ဖခင် ရာဇာစောနောင်မင်း တည်ခဲ့သော ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်



သားဖြစ်သူ သုခမှုခနန်းစောရှင်မင်း တည်ခဲ့ကသော ကျိုက်စောနောင်စေတီ

ရိပ်သာဆောက်လုပ်ထားတဲ့မြေနေရာက ယခု(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်ပိုင်ဆိုင်သောမြေနေရာ။ ဒီရိပ်သာကြီးကို ဖွင့်လှစ်ပေးလိုက်သူက ယခု ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း။ ရိပ်သာရဲ့ကော်မတီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ကျိုက်မှော်ဝန်းရေလယ်စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေမှော်ဝန်းသာသနာ့ဗိမာန်ဥက္ကဋ္ဌ ဦးထွန်းလှရွှေတို့ဖြစ်ကြောင်း သတင်းကြားသိထားရသည့် ကျွန်တော် ယနေ့ နိုင်ငံတော်၏တာဝန်တွေကို ကဏ္ဍအသီးသီးမှတာဝန်ယူနေကြသောသူတွေဖြစ်နေတာကြောင့် စိတ်ဝင်စားလာကာ စုံစမ်းကြည့်လိုက်သည့်အခါ ကျွန်တော့်မိတ်ဆွေရင်းဖြောင်းအုပ်ကြီးအငြိမ်းစားဦးမြင့်အောင်က ရိပ်သာ၏ အုပ်ချုပ်ရေးမှူးတာဝန်ကိုယူထားကြောင်းသိလိုက်ရ၍ ရိပ်သာဝင်းအတွင်းသို့ ဝင်သွားမိပါတော့သည်။

ကျောက်တန်းဘိုးဘွားရိပ်သာ။

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပါဒကြီးကျေးရွာအနီး ကျိုက်ပါဒကြီး ဆံတော်ရှင်စေတီတော်မြတ်ကြီး၏တောင်ဘက်မုခ်ဦးတွင် သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညားထည်ဝါစွာ တည်ဆောက်ထားသော ဘိုးဘွားရိပ်သာ။

ရိပ်သာ၏အဝင်အဝ Old is Gold. 'အသက်အရွယ်ကြီးရင့်ခြင်းသည် ရွှေကဲ့သို့တန်ဖိုးကြီးမားပါသည်' ဆိုသောစာတန်း၏အောက်တွင် ရပ်နေသော ဦးမြင့်အောင်တွေ့သွားတော့ ဖက်လှဲတကင်း ဝမ်းသာအားရ နှုတ်ဆက်ကြပြီး သူ့ရုံးခန်းမှာထိုင်လို့ ရှေးဖြစ်နောက်ကြောင်းတွေပြောကြတဲ့အခါ ကျွန်တော်မှ သူကျောင်းဆရာဘဝက အမြဲရွတ်ဆိုနေတဲ့ မောင်တင်စိုး (သစ်ရာကောက်) ရေးသားသော 'ဘဝအမြတ်ဆုံး' ဆိုတဲ့ ကဗျာကလေးကို ရွတ်ဆိုပြလိုက်သည်။

*'ကျောင်းဆရာတဲ့ ဝေါဟာရသဘောအနက်ဟောရရင် ပြောမကုန်ဖွယ် ချဲ့တိုင်းကျယ်လိမ့်မယ် ဆရာဆိုတာ EVERY THING ပါပဲ'* တဲ့။

နှစ်ယောက်သား ရယ်မောကြပြီးနောက် သူ့ကိုကျွန်တော်အကဲခတ်ကြည့်လိုက်မိတဲ့အခါ သူ့မျက်နှာမှာ မေတ္တာ၊ ကရုဏာ ဖြဟ္မစိုရ်အငြိမ်းဓာတ်များလွှမ်းခြုံထားလျက်။


ကျွန်တော်က ဒီရိပ်သာကြီးကို စိတ်ဝင်စားလို့ မေးမြန်းလိုက်တဲ့အခါ... တော့ -

"ဒီလို ဦးသောင်းရေ၊ ရိပ်သာကြီး... တည်ဆောက်ထားတဲ့ဒီနေရာက အခ... (ရွှေနဂါးဆန်စက်) ပိုင်ရှင်၊ အခု (စီးပွား... ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး... ဌာန) ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်... သူပိုင်တဲ့မြေ (၄)၊ (၅) ဧကကို ဘိုးဘွား... ရိပ်သာတည်ဆောက်ဖို့ လှူဒါန်း... တယ်။ ဘိုးဘွားရိပ်သာတည်ဆော...




www.burmeseclassic.com

www.burmeseclassic.com



ချုံနှယ်ပိတ်ပေါင်းအတွင်းက ရှေးဟောင်းဆင်စီးမြင်းရုံကြေးသွန်းဗုဒ္ဓရုပ်ပွားတော်



သားအဖနှစ်ဦးတည်ခဲ့သော ဘုရားစေတီနှစ်ဆူကြားက ဘိုးဘွားရိပ်သာ

ကြီးမမ်းနေတဲ့ ပုဂ္ဂိုလ်တွေကလည်း ဝမ်းသာအားရ တက်တက်ကြွကြွနဲ့ ၂၉ - ၆ - ၂၀၀၄ ရက်နေ့မှာ စတင်ပြီး တည်ဆောက်ကြတယ်။ ဥက္ကဋ္ဌတာဝန်ကို တော့ ဦးထွန်းလှရွှေက တာဝန်ယူတယ်။ ဒီအချိန်မှာတော့ ဦးထွန်းလှရွှေက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်း မြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ကျိုက်မှော်ဝန်း ရေလယ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေမှော်ဝန်းသာသနာ့ ဗိမာန်ဥက္ကဋ္ဌ) တာဝန်တွေပါထမ်းဆောင် နေတယ်။ ဒါပေမယ့် ဘိုးဘွားရိပ်သာကို လည်း မျက်ခြည်ပြတ်မခံ မကြာခဏ လာရောက်ပြီး လမ်းညွှန်မှုနဲ့ ဦးဆောင်မှု တွေပေးပြီး အမြဲတမ်း ကြီးကြပ်နေပါ တယ်။ ဘိုးဘွားရိပ်သာကော်မတီအဖွဲ့နဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ ကြိုးပမ်း ဆောင်ရွက်မှုကြောင့် (၃၁-၁၂-၂၀၀၄) နေ့မှာ ရိပ်သာအဆောက်အအုံရဲ့ ရေမီး စုံလင်သွားတဲ့အခါ လိုအပ်တဲ့အသေးစိတ် တွေ ထပ်မံဖြည့်စွက်ပြီး (၂၆-၅-၂၀၀၆) နေ့မှာ ဘိုးဘွားတွေကို စတင်လက်ခံခဲ့ တယ်လေ။ ရိပ်သာကြီးရဲ့ အခန်းများ ဖွဲ့စည်းပုံအနေအထားအရ ဘိုးဘွား တွေကို လက်ခံနိုင်တဲ့အခြေနေကတော့ အဘိုး (၁၆) ဦး၊ အဘွား (၃၂) ဦး စုစု ပေါင်း ဘိုးဘွား (၄၈) ဦးအထိ လက်ခံ နိုင်ပါတယ်"

ဦးမြင့်အောင်က ရှင်းပြနေရာမှ ခေတ္တနားပြီးဆက်ပြောလိုက်တယ်။

"၂၅-၂-၂၀၀၆ နေ့မှာ အဲဒီအချိန် က ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ်လှဌေး ဝင်း (ယခု - ဗိုလ်ချုပ်ကြီးလှဌေးဝင်း) လာ ရောက် ဖွင့်လှစ်ပေးခဲ့တယ်"

ဤနေရာတွင် ဦးမြင့်အောင် တစ်စုံတစ်ရာကို သတိရလိုက်သည့် အလား -

"လာ - ဦးသောင်း၊ ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ"

လို့ ဆိုပြီး ရှေ့ကထွက်သွားတယ်။

သူခေါ်ရာကို ကျွန်တော်လိုက် သွားတော့ သန့်ရှင်း သပ်ရပ်ပြီး လွန်စွာ သပ္ပာယ် ကြည်ညိုဖွယ်ရာကောင်းပြီး ရွှေရောင်တဝင်းဝင်းနဲ့ တောက်ပနေတဲ့ စေတီတော်တစ်ဆူကို ဖူးတွေ့လိုက်ရပါ တယ်။ စေတီမှာ ဘိုးဘွားရိပ်သာ 'အဘိုး ဆောင်'နဲ့ကပ်ရက် စေတီတော်အာရုံခံ တန်ဆောင်းနဲ့ အဘိုးဆောင်ကိုဆက်ပြီး နတ်လမ်းပြုလုပ်ထားတယ်။ဂဝံကျောက် တွေကို ရှေးမြို့ရိုးသဖွယ် စေတီတော်ကို ဝန်းရံထားတာကြောင့် တစ်မျိုးဆန်းသစ် ပါနေတယ်။ ဦးမြင့်အောင် စေတီတော် ကို ဖူးမြော်ရင်း -

"ဒါကျိုက်စောနောင်စေတီလို့ခေါ် တယ် ဦးသောင်း။ ကျွန်တော် ဒီရိပ်သာ မှာ အုပ်ချုပ်ရေးမှူးတာဝန်ယူပြီးနောက် လိုအပ်တာတွေ ပြန်လည် မွမ်းမံခဲ့တဲ့ စေတီပေါ့။ နောက်ခံသမိုင်းကြောင်းတွေ အများကြီးရှိတဲ့ရှေးဟောင်းစေတီတစ်ဆူ ပေါ့ဗျာ။ ကျွန်တော်တို့ ဒီရိပ်သာကြီးဖွင့် တဲ့နေ့က ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း (ယခု ဗိုလ်ချုပ်ကြီးလှဌေး ဝင်း) ထီးတော်တင်သွားတဲ့စေတီပါ"

ကျွန်တော်တို့ စေတီတော်ကို ဦးခိုက် ရှိသေစွာ ရှိခိုးပြီးနောက် ဦးမြင့် အောင်ရဲ့ရုံးခန်းကို ပြန်လာကြတယ်။ ဦးမြင့်အောင်ရုံးခန်းကိုရောက်ပြီးနောက် ကျွန်တော်က -

"ကဲ - ဦးမြင့်အောင်၊ ဆက်ပြော ပါဦးဗျာ"

ဆိုတော့ ဦးမြင့်အောင်က သက်ပြင်းကို ဖြည်းညင်းစွာချလိုက်ပြီး နောက် -

"ကျွန်တော် ဒီစေတီတော်နဲ့ ပတ်သက်ပြီး ထူးခြားမှုတွေရှိနေတယ် ဦးသောင်း။ ခု ဦးသောင်း လှမ်းမြင်တွေ့ နေရတဲ့ ဒီရိပ်သာရဲ့ရှေ့က စေတီတော် ကြီးက 'ကျိုက်ပါဒကြီးဆံတော်ရှင်စေတီ တော်' ဖြစ်တယ်။ တည်သွားတဲ့ မင်းက 'ရာဇာစောနောင်မင်း' ဖြစ်တယ်။ ရာဇာ စောနောင်မင်း နတ်ရွာစံပြီးနောက် သား ဖြစ်သူ 'သုခမုခနန်းစောရှင်မင်း' က ဖခင် ရဲ့အလောင်းကို ဌာပနာပြီး ခု ဦးသောင်း ဖူးတွေ့ခဲ့ရတဲ့ 'ကျိုက်စောနောင်စေတီ တော်' ကို တည်ထားခဲ့တာပဲ"

ကျွန်တော် စိတ်ဝင်စားသွားပါပြီ။ သားအဖ (၂) ယောက်တည်သွားတဲ့ စေတီ (၂) ဆူကြားက ဘိုးဘွားရိပ်သာ ပါလား။ ဦးမြင့်အောင်က သူ့ရဲ့ထူးခြား



www.burmeseclassic.com

www.burmeseclassic.com

မှုများကို ဆက်ပြောလာတယ်။

"ဒီလို ဦးသောင်း၊ ဒီရိပ်သာရဲ့ အုပ်ချုပ်ရေးမှူးတာဝန်ကို ရိပ်သာကော်မတီဥက္ကဌနဲ့ ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေညှိနှိုင်းပြီး ကျွန်တော့်ကို အုပ်ချုပ်ရေးမှူးအဖြစ် နေ့/ညတာဝန်ယူဖို့နဲ့ ရိပ်သာကြီးတိုးတက်လာဖို့အတွက် အစွမ်းကုန်တာဝန်ယူပေးဖို့အစည်းအဝေး ဆုံးဖြတ်ချက်ချပြီးတဲ့နောက်ပိုင်း ၂၀၀၅ ခုနှစ်ကတည်းကစပြီး ရိပ်သာကြီးရဲ့ တာဝန်ကို နေ့ရောညပါ တာဝန်ယူခဲ့ရတယ်လေ။ ခုဆို (၉) နှစ်တောင်ကျော်လာပြီပေါ့။ ကျွန်တော်ကလည်း ပညာရေးဌာနက အငြိမ်းစားယူပြီးဖြစ်လို့ ဒီတာဝန်ကိုလက်ခံလိုက်တယ်ဆိုပါတော့။ ကျွန်တော့်ရဲ့ ပဌာန်းဆက်ပဲပြောရမလားတော့မသိဘူး။ ဒီရိပ်သာကြီးရှေ့က 'ရာဇာစောနောင်မင်း' တည်သွားတဲ့ 'ကျိုက်ပါဒကြီး ဆံတော်ရှင်စေတီတော်မြတ်' ကို ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်ကာ မြို့နယ်အဖွဲ့အစည်းအသီးသီးနဲ့ အလှူရှင်တွေဝိုင်းဝန်းပြီး ရှေးဘုရားစေတီငုတ်တိုကို ပြန်လည်ပြုပြင်တည်ဆောက်စဉ်က ကျွန်တော် ပညာရေးဌာနမှာပဲရှိသေးတယ်။ အဲဒီအချိန်ကတည်းက အလှူငွေပေးအပ်ပွဲမှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးခဲ့ရတယ်။ ကျိုက်ထီးဆောင်းဆရာတော်ကြီးက တစ်ဆက်တည်းမှာပဲ ခု - ဦးသောင်းဖူးတွေ့ခဲ့ရတဲ့ 'ကျိုက်စောနောင်စေတီတော်' တို့ပါပြုပြင်တည်ဆောက်ခဲ့တယ်။

ကျွန်တော့်ရဲ့ ထူးခြားချက်က ဒီရိပ်သာမှာ အုပ်ချုပ်ရေးမှူးတာဝန်ယူပြီး စတင်အိပ်တဲ့ညမှာပဲ ကျိုက်စောနောင်စေတီတော်ဘက်က အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးတွေရဲ့အော်သံကို ကြားခဲ့ရတယ်။ အဲဒီအချိန်က စေတီတော်က တည်ပြီးခါစက ထီးတော်တောင်မတင်ရသေးဘူး။ ပထမတော့ ကျွန်တော်က ရွာထဲကလူတွေ၊ ကလေးတွေလာကစားနေကြတာထင်ပြီး ထကြည့်မိတယ်။ ဒါပေမယ့် စေတီတော်တစ်ဝိုက်မှာ ဘာမှမရှိဘူး။ လကလည်းသာနေတော့ စေတီတော်ကို ထင်ထင်ရှားရှားတွေ့ရတယ်။ အခြားလူသူတွေ တစ်ယောက်မှမရှိဘူး။ ဒီအသံတွေက နောက်ရက်တွေမှာလည်း မကြာခဏကြားနေရတယ်။ တစ်စုံတစ်ရာကိုလိုအပ်လို့တောင်းဆိုနေတဲ့အသံမျိုးပဲဗျ။ ဒါနဲ့ ကျွန်တော်လည်း ရိပ်သာမှာရှိတဲ့ဝန်ထမ်းတွေကိုမေးကြည့်တော့ သူတို့ဘာသံမှမကြားရဘူးတဲ့"

ကျွန်တော် စိတ်ဝင်စားမှုတွေဖြစ်လာတာကြောင့် -

"ခုကော ဒီအသံတွေ ကြားသေးလား"

ဟု မေးလိုက်သောအခါ ဦးမြင့်အောင်က ဆက်နားထောင်ပါဆိုတဲ့ သဘောမျိုးနဲ့ လက်ကာပြပြီး -

"ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း (ယခုဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း) က ၂၅-၂-၂၀၀၆ မှာ စည်ကားသိုက်မြိုက်တဲ့အခမ်းအနားနဲ့ ဒီစေတီတော်ရဲ့ ထီးတော်တင်ပွဲကို ဆောင်ရွက်ပေးပါတယ်။ အဲဒီတစ်နေ့တည်းမှာပဲ ဒီရိပ်သာကြီးကိုပါဖွင့်လှစ်လိုက်တယ်။ အဲဒီအချိန်ကစပြီး ဒီအသံတွေလုံးဝမကြားရတော့ဘူးဗျ"

ကျွန်တော်က -

"ဒါကတော့ ထူးခြားမှုတစ်ခုလို့ ပြောရမှာပဲ"

ဟု ပြောဆိုလိုက်ပြီးနောက် -

"ကဲ- ဆက်ပြောစမ်းပါဦး ဦးမြင့်အောင်"

လို့ ကျွန်တော်စိတ်ဝင်စားစွာမေးလိုက်တဲ့အခါမှာတော့ ဦးမြင့်အောင်က ဆက်ပြောပြတယ်။

"ခု ဦးသောင်းတွေ့ခဲ့ရတဲ့ စေတီတော်ရဲ့ ရွှေသင်္ကန်းက ဒုတိယအကြိမ်ကပ်လှူထားတဲ့ရွှေသင်္ကန်းပါ။ ကျွန်တော်ကြားခဲ့ရတဲ့အသံတွေအကြောင်းနဲ့ ထီးတော်တင်ပြီးနောက် အသံတွေပျောက်သွားပုံတွေအပြင် ဒီစေတီတော်ကို ရွှေသင်္ကန်းကပ်လှူချင်ကြောင်း ဥက္ကဌကို တင်ပြလိုက်တယ်။ ကျွန်တော့်စိတ်ထဲမှာလည်း စေတီတော်နဲ့ ပတ်သက်ပြီး ထူးခြားမှုတွေဖြစ်နေသလိုလိုနဲ့ ကျွန်တော် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူထားရတဲ့ ဒီရိပ်သာကြီးကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်တွေဟာ အလွန်အမင်းဖြစ်ပေါ်နေတယ်ဗျာ။ ဥက္ကဌရဲ့ခွင့်ပြုချက်နဲ့ ပထမအကြိမ်ရွှေသင်္ကန်းကို လုံးတော်ပြည့်ကပ်လှူပြီးတဲ့နေ့မှာ စေတီတော်ရင်ပြင်ပေါ်တက်ရောက်ပြီး အမိဌာန်ပြုလိုက်တယ်။ တပည့်တော် တာဝန်ယူထားရသော ဤဘိုးဘွားရိပ်သာမှာ သားအဖ (၂) ဦး တည်ထား ကိုးကွယ်ခဲ့တဲ့စေတီတော် (၂) ဆူအကြားတွင်ရှိနေပါသည်။ ဤစေတီ (၂) ဆူ၏ တန်ခိုးတော်နှင့် သားအဖ (၂)ဦးကြားတွင်ရှိနေသော မေတ္တာတရားများကြောင့် ဤရိပ်သာကြီးမှာလည်း တစ်နေ့တခြား တိုးတက်လာနိုင်ပါစေလို့ အမိဌာန်ပြုပြီးနောက် ဂုဏ်တော်(၉)ပါးကို ပုတီး(၉)ပတ်စိပ်တယ်။ ပြီးတော့ မေတ္တာသုတ်ကို ရွတ်ဆိုလိုက်တယ်။ အဲဒီမေတ္တာသုတ်ရွတ်ဆိုတဲ့အခါ 'မာတာ ယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ' ဆိုတဲ့ အပိုဒ်ရောက်တော့ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေထလာတယ်။ ကျွန်တော်ကလည်း အဓိပ္ပာယ်ကိုသိထားတယ်လေ။ 'မိခင်သည် မိမိရင်နှစ်သားရင်းဖြစ်သောတစ်ဦးတည်းသောသားကို မိမိအသက်ဖြင့်ပင် အစဉ်စောင့်ရှောက်သကဲ့သို့' ဆိုတဲ့ အဓိပ္ပာယ်ဟာ ကျွန်တော့်စိတ်သန္တာန်မှာ ထင်လာမြင်လာမိတယ်။ ကျွန်တော် အမိဌာန်ပြုနေတဲ့ စေတီတော်ကလည်း သားဖြစ်သူသုခမုခနန်းစောရှင်မင်းဘုရင်က ဖခင်ရာဇာစောနောင်မင်းရဲ့အလောင်းကို ဌာပနာပြီး တည်ထား ကိုးကွယ်ခဲ့တဲ့စေတီတော်ဖြစ်နေတာကြောင့် ကျွန်တော့်စိတ်မှာအလိုလိုပီတိတွေဖြစ်လာတာပေါ့ဗျာ"

ဦးမြင့်အောင်က နောက်ပိုင်းမှာ သူ့ရဲ့အောင်မြင်မှုတွေကို တစ်ခုစီရှင်းပြခဲ့တယ်။

"အဲဒီနောက်ပိုင်းမှာ ဦးသောင်းတွေ့ခဲ့ရတဲ့ အာရုံခံတန်ဆောင်းကို တည်ဆောက်လှူဒါန်းဖို့ ဥက္ကဌနဲ့ ကော်မတီဝင်တွေကို တင်ပြပြီး အလှူရှင်တွေကို ဖိတ်ခေါ်လိုက်တဲ့အခါမှာတော့ အံ့သြစရာကောင်းလောက်အောင် အလှူရှင်တွေပေါ်ပေါက်လာကြတာ အာရုံခံတန်ဆောင်းနဲ့ တန်ဆောင်းအတွင်းကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူ ပြီးတော့ 'အဘိုးဆောင်' နဲ့ အာရုံခံတန်ဆောင်းဆက်လျက် နတ်လမ်းတို့ကိုပါ ပြုလုပ် လှူဒါန်းနိုင်ခဲ့တယ်လေ။ ကျွန်တော်တို့ ရည်မှန်းထားတာထက်ပိုပြီးလှူဒါန်းနိုင်ခဲ့တာပေါ့။ စေတီတော်အတွက် တစ်ခုခုပြုလုပ်မယ်လို့ ရည်မှန်းလိုက်တိုင်း အလှူရှင်တွေ သူ့ထက်ငါ ဝိုင်းပြီးလှူကြတာ ကျွန်တော့်လက်တွေ့ပါပဲ။ အာရုံခံတန်ဆောင်းတည်ဆောက်ပြီးတာနဲ့ စေတီတော်ကို ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူဖို့ ကြိုးစားလိုက်တဲ့အခါမှာတော့ မယုံနိုင်လောက်အောင် အလှူရှင်တစ်ဦးက ပေါ်လာပြန်တယ်။ 'ကပ္ပတိန် ကိုကိုထူးမိသားစု' က ရိပ်သာမှာရှိတဲ့ အဘိုးအဘွား (၃၅) ယောက်ကို တစ်ယောက် (၁) သိန်း၊ ဝန်ထမ်း (၁ ... ဦးကိုလည်း တစ်ယောက် (၁) သိန်း



www.burmeseclassic.com

www.burmeseclassic.com

သျှုဒါန်းတဲ့အပြင် ဒီစေတီတော်နဲ့ အခြား ထိုအပ်တဲ့နေရာမှာ သုံးစွဲဖို့ သိန်း (၃၀) ကိုလည်း ထပ်မံလှူဒါန်းသွားတယ်ဗျာ။ ဘယ်လောက်ထူးခြားတွေမှုရှိတာယ်ဆိုတာ ဦးသောင်းတွက်ကြည့်။

ဒီရိပ်သာကြီးနဲ့ ပတ်သက်လို့ ထိုးတက်မှုတွေဟာလည်း စတင်ပြီးတည် ဆောက်တုန်းက ရိပ်သာပိုင်ငွေဟာ သိန်းဆယ်ဂဏန်းပဲရှိခဲ့တယ်။ ခုရိပ်သာ ပိုင်ငွေဟာ သိန်း (၁၃၀၀) ကျော်နေတဲ့ အပြင် အဘိုးအဘွားတွေ အာဟာရသုံး ဆောင်ဖို့ အလှူရှင်တွေကလည်း ယနေ့ ထိုင်ပြတ်တယ်မရှိဘူး။ အလှူရက်တွေ ဆပ်နေလို့ မနည်းဘဲလွတ်လပ်တဲ့ရက် တွေ ရှာဖွေပေးရတယ်။ ရက်လွတ်တွေ ရှိတာကြောင့် တချို့အလှူရှင်တွေကို အရက်စာ၊ ညနေစာ စသည်ဖြင့်အလျဉ် မီအောင် ဆောင်ရွက်ပေးနေရတဲ့ အခြေ အနေမျိုးပါ။ ဘိုးဘွားတွေကို တစ်ဦးချင်း လှူချင်တဲ့ အလှူရှင်တွေကလည်း ရက် ဆက်ပါပဲ။ ငွေကြေး၊ ပစ္စည်းမျိုးစုံ၊ စား သောက်စရာစုံနေတာပါပဲဗျာ"

ဦးမြင့်အောင် အားရပါးရပြောဆို နေရာမှ ခေတ္တနားလိုက်ပြီး -

"ဒီစေတီတော်ကို ပြန်ကြည့်လိုက် မယ်ဆိုရင် နှစ်စဉ်ဘုရားပွဲကျင်းပနိုင်ခဲ့ တယ်။ ပါဒကြီးရွာနဲ့ အနီးတစ်ဝိုက် ကျေးရွာတွေက ပျော်ပွဲရွှင်ပွဲတွေ စည်စည်ကားကား ကျင်းပနိုင်ခဲ့တယ်။ ပြီးတော့ ပဌာန်းရွတ်ပွဲ၊ ဆွမ်းကြီးလောင်း ပွဲ၊ ညောင်ရေသွန်းပွဲ၊ ဝတ်ရွတ်ပွဲတွေကို လည်း သူ့အချိန်အခါအလိုက် ပြုလုပ် ဆောင်နိုင်ခဲ့ပါတယ်။ " အခုအချိန်မှာ ကျိုက်စောနောင်စေတီဟာ သောက် တော်ရေ၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ မပြတ်တဲ့ စေတီတော်ဖြစ်နေပြီပေါ့ဗျာ"

ဦးမြင့်အောင် ပြောဆိုနေရာမှ သူ့ရဲ့လုပ်ဆောင်မှု အောင်မြင်ချက်များ အပေါ် အားရကျေနပ်သောမျက်နှာ သားနဲ့ ကုလားထိုင်နောက်မှီကိုမှီပြီးပြုံး နေပါတယ်။ ကျွန်တော် ဦးမြင့်အောင်နဲ့ စကားပြောပြီးနောက် ရိပ်သာရဲ့မျက်နှာ စာရှေ့တည့်တည့်က ဖခင် ရာဇာစော နောင်မင်း တည်ထားကိုးကွယ်သွားတဲ့ ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော် မောင်ကြီး' နဲ့ သားဖြစ်သူ 'သုခမုခနန်း စောရှင်မင်းဘုရင် တည်ထား ကိုးကွယ် သွားတဲ့ 'ကျိုက်စောနောင်စေတီတော်' ကတော့ ကုန်းနိမ့်ပိုင်း။ 'ကျိုက်ပါဒကြီး ဆံတော်ရှင်စေတီတော်' က ကုန်းမြင့် မှာ တည်ထားပြီး ကျိုက်စောနောင်

စေတီက ကျိုက်ပါဒကြီးဆံတော်ရှင်စေတီ ကို ဦးတိုက်နေတဲ့ အနေအထားနဲ့ စေတီ တော်(၂)ဆူရဲ့အကွာအဝေးမှာ တစ်ခေါ် သာသာလေးဝေးတဲ့ အနေအထားမှာ တွေ့ရှိရပါတယ်။ အရင်က ထိုစေတီ (၂) ဆူမှာ ဘုရားစေတီငုတ်တိုအနေအထား မှ အခုအခါ စေတီ (၂) ဆူစလုံးမှာ ရွှေရောင်တဝင်းဝင်း ထီးထီးမားမား သပ္ပာယ်ကြည်ညိုဖွယ်တွေ့ရတာကြောင့် ပြန်လည် မြှုပြင်လှူဒါန်းကြသော အလှူ ရှင်၊ ဘုရားဒါယကာ၊ ဘုရားဒါယိကာမ တို့အား လက်အုပ်ချီလျက် သာဓုခေါ်မိ ပါတယ်။

ဤစာရေးသူ ကျွန်တော်ဟာ စာပေလေ့လာ ဝါသနာပါသူတစ်ဦးဖြစ် သည်နှင့်အညီ ယခင်အချိန်က တန်ခိုး အာဏာကြီးထွားခဲ့တဲ့ မင်းဘုရင်များ အုပ်ချုပ်ခဲ့တဲ့ ပါဒနိုင်ငံတော်အကြောင်း ကို လေ့လာသိရှိလိုတဲ့အတွက် ဦးမြင့် အောင်အကူအညီဖြင့် ဆက်သွယ်ခဲ့ရာ ပါဒကြီးကျေးရွာသား 'ပြည်တော်သာ ဦးထွန်းရီ' ရေးတဲ့ 'ပါဒနိုင်ငံရာဇဝင် သမိုင်းနှင့်ရုပ်ပွားစေတီများအကြောင်း' ကို အထောက်အထား စုံစုံလင်လင် စာအုပ်တစ်အုပ်ရရှိလို့ အတိုင်းမသိ ဝမ်းသာကာ အခုတွေ့ရှိ ဖူးမြော်နေရတဲ့ စေတီတော် (၂) ဆူနဲ့ ပတ်သက်တဲ့ အသေးစိတ်ကို လေ့လာတဲ့အခါ -

❑

လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ကျော်ခန့်၊ အတိအကျဆိုလျှင် မဟာ သက္ကရာဇ် ၉၈ ခုနှစ်မှစ၍ ကြက်ပျံ မကျစည်ကားခဲ့သော ပါဒနိုင်ငံတော်ကြီး ယိုးဒယားပြည် 'ဆွဏ်ခနုတ်ဘုရင်' က သမီးတော် 'ဆွဏ္ဏဒေဝီ' ကို ဆက်သရ သည်အထိ တန်ခိုးအာဏာကြီးထွားခဲ့ သော ပါဒနိုင်ငံမင်းဘုရင်များလက်ထက် မြောက်မြားလှစွာသော စေတီပုထိုးများ ဖြင့် အထူးစည်ကားနေသောအချိန် ကာလ ထိုမင်းဘုရင်များ၏ (၅) ဆက် မြောက် 'ရာဇာစောနောင်မင်းဘုရင်' လက်ထက် ခြောက်ပါးသောရောင်ခြည် တော်များ ကွန့်မြူးနေသော မြတ်စွာ ဘုရား၏ ဆံတော်ဓာတ်၊ ဓမ္မကရိဏ်နှင့် ခါးပန်းတော်တို့အား မြကြုတ်၊ ပတ္တမြား ကြုတ်တို့တွင်ထည့်သွင်းကာ မင်းကြီး၏ ဘိတော်၊ ဒေဝီတော်၊ ဘိုးတော်၊ ခမည်း တော်၊ မယ်တော်တို့၏ ရုပ်ပုံများကို ရွှေ ငွေတို့ဖြင့် ပီသစွာထုလုပ်စေ၍ ဓာတ် တော်အနီး၌ဌာပနာပြီး သာသနာတော်

သက္ကရာဇ် ၃ ခုနှစ်တွင် ပစ္စယံ (၅) ဆင့်၊ ညဏ်တော်အတောင် (၆၀) ရှိ စေတီ ဓာတ်တစ်ဆူတည်၍ ကျိုက်ပါဒဆန် လွန်စေတီ (ယခု ကျိုက်ပါဒကြီးဆံတော် ရှင်စေတီ) အား တည်ထားကိုးကွယ်ခဲ့ ၏။ထိုစေတီတော်အား ရာဇာစောနောင် မင်း မပြတ်ပူဇော်ဦးခိုက်ခဲ့၏။ ရာဇာ စောနောင်မင်းကြီး နတ်ရွာစံသောအခါ မင်းကြီး၏သားတော် အသက် (၁၃) နှစ် အရွယ်ရှိ ပြာဂျဲဖရော့စောက သုခမုခ နန်းစောရှင်ဘွဲ့ခံယူ၍ နန်းတက်ခဲ့သည်။ ထို့နောက် ဖခင်၏ အလောင်းကို ကျိုက်ပါဒဆန်လွန်စေတီတော်မြတ်အား ဆင်တပ်၊မြင်းတပ်ခြံရံလျက် ရှိခိုးဦးတိုက် ပြီးနောက် ထိုစေတီတော်တောင်ဘက် တစ်ခေါ် သာသာအကွာရှိ တောင်ကုန်း ငယ်ပေါ်သို့ သယ်ဆောင်ကာ အသင့် စီမံပြုလုပ်ထားသောဂဝံကျောက်သေတ္တာ၌ ဖခမည်းတော်၏အလောင်းကိုထည့် ၍ ရွှေ၊ ငွေ၊ ပတ္တမြားတို့ဖြင့် သေတ္တာကို စီခြယ်ကာ ဌာပနာပြီး နောက် အပေါ်မှ (၁၅) တောင်ရှိသော စေတီတစ်ဆူတည် ၍ ကျိုက်စောနောင်စေတီဟု သားတော် သုခမုခနန်းစောရှင်ကိုယ်တိုင် ကမ္ပည်း ထိုး လှူဒါန်းခဲ့၏။ (ကျိုက် - ဆိုတာက မွန်ဘာသာအရ ဘုရား၊ စောနောင် - ဆိုသည်မှာ ဖခင်၏အမည်) စေတီတော် တည်ပြီးနောက် ဆင်တပ်၊ မြင်းတပ်တို့ ဖြင့် လှည့်ပတ်ပူဇော်ခဲ့၏။ ထိုစေတီ တော်အား သုခမုခနန်းစောရှင်မင်း နေ့စဉ်ဦးတိုက်သည့်အပြင် စစ်ထွက်ခါနီး တိုင်း ထိုစေတီတော်တွင် သစ္စာဆိုပြီးမှ စစ်ထွက်လေ့ရှိ၏။ ထိုကျိုက်စောနောင် စေတီမှ လှမ်းမျှော်ကြည့်လိုက်လေလျှင် ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်အား ရွှေရောင်တဝင်းဝင်း ထီးထီးမားမား အထင်အရှား ဖခင်နှင့်သားအကြားက တုနှိုင်း၍မရသည့် မေတ္တာတရားများကို ခံစားနိုင်မည်ဖြစ်ပါသည်။

သုခမုခနန်းစောရှင်မင်း နန်းတက် သောနှစ်မှာပင် သမိန်စကားကျွန်း (ယခု သီလဝါ) ကို လုယူရန် အိန္ဒိယ ဟိန္ဒူ ကုလားစစ်သား (၇၀၀၀) ကို လေးနှင့်ပစ် ခတ်ဖြိုခွင်းအောင်နိုင်ခဲ့ပြီး စစ်သင်္ဘော (၁၇)စင်းကို သိမ်းပိုက်နိုင်ခဲ့၏။ ထိုစစ်ပွဲ၌ နယ်ချဲ့ကုလားစစ်သားများကိုအောင်နိုင် ခဲ့သည့်အတွက် 'သမိန်စက္ကဝတ်' ဘွဲ့ကို ခံယူပြီးနောက် အတောင် (၄၀) ရှိ ခနုဂ် စေတီကို တည်ထားခဲ့၏။ ခနုဂ် စေတီကို တည်ထားခဲ့၏။ ခနုဂ်စေတီကို ယခုအခါ ခနုဂ်ဘုရား(လေးဘုရား)ဆိုပြီး လူအများ



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်နေကြပါသည်။ ထို့နောက် သမိန်စက္ကဝတ်ဘွဲ့ ခံယူပြီး အောင်ပွဲခံပြန်လာသော သုခမုခနန်းစောရှင်မင်းသည် ယခုသန်လျင်(တညင်)ဟုခေါ်သော အထရံမြို့သို့ ရောက်သောအခါ 'ရသေ့ကြီးဘိုးမွန်ခေါက်' ကို ဝင်ရောက်ဖူးမြော်ပြီး ရသေ့ကြီးညွှန်ပြသော ဒေါင်းဝပ်သည့်နေရာအနီး မြတ်စွာဘုရားရှင်၏ဆံတော်ရှိကြောင်းသိရ၍ တူးဖော်ကြည့်ရာ ဆံတော်မြတ်တစ်ဆူရရှိခဲ့သဖြင့် ထိုဆံတော်မြတ်ကို ဌာပနာကာ သာသနာတော်သက္ကရာဇ် ၃၅ ခုနှစ်မှ ၃၈ ခုနှစ်ထိအတောင် (၈၀) ရှိ စေတီတစ်ဆူတည်ကာ 'ရှင်ပင်ကျိုက်ခေါက်' ဟု ကမ္ပည်းထိုးလှူဒါန်းခဲ့ရာ ယခုထက်တိုင် 'ကျိုက်ခေါက်ဘုရား' ဟု လူသိများကာ ဖူးမြော်လျက်ရှိကြပါသည်။ 'ရာဇာစောနောင်မင်း' လက်ထက်နှင့် သားတော် 'သုခမုခနန်းစောရှင်မင်း' လက်ထက်တွင် စေတီပုထိုးမြောက်မြားစွာကို တည်ထားကိုးကွယ်ခဲ့ကြောင်း ပါဒနိုင်ငံ ရာဇဝင်သမိုင်းအရ သိရှိခဲ့ရပါသည်။

❑

ပါဒနိုင်ငံတော်၏ ရာဇဝင်သမိုင်းအထောက်အထားများအရ ယခု 'ကျိုက်စောနောင်စေတီ' ကို တည်သွားသော 'သမိန်စက္ကဝတ်ဘွဲ့ခံ သုခမုခနန်းစောရှင်မင်းဘုရင်' သည် 'ကျိုက်စောနောင်စေတီ' ကို တည်ပြီးနောက် နိုင်ငံတော်၏ စစ်ရေးစစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမျိုးစုများစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရန်ရှိတိုင်း ထိုစေတီကို ရှိခိုးဦးတိုက်၍ သစ္စာဆိုပြီးမှ ဆောင်ရွက်လေ့ရှိကြောင်း၊ ဆောင်ရွက်သမျှလည်း အောင်မြင်မှုရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ထို့အတူ ယခုအချိန်အခါ၌လည်း သတ်ဆိုင်ရာ တာဝန်ရှိသော ရိပ်သာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ကော်မတီဥက္ကဋ္ဌဦးထွန်းလှရွှေ ကော်မတီဝင်တို့သည် ကျိုက်စောနောင်စေတီကို ဦးတိုက်၍ ဆောင်ရွက်မှုမှန်သမျှမှာလည်း အောင်မြင်မှုရှိနေသည့်ပြင် စေတီ (၂) ဆူကြားတွင်ရှိသော ဘိုးဘွားရိပ်သာမှာလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်မှုများရှိလာကာ ရိပ်သာစတင်ဖွင့်လှစ်စဉ်က ရိပ်သာပိုင်ငွေ(သိန်းဆယ်ဂဏန်း)မှ ယခုဆိုလျှင် သိန်း (၁၃၀၀) ကျော်အထိ ဖြစ်လာခဲ့ပါသည်။ ရိပ်သာကြီးသည်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရောက်ရှိလာသောဘိုးဘွားများအနေဖြင့် ဘာတစ်ခုမှလိုအပ်တာမရှိ။ အလှူရှင်တွေတ နေ့စဉ်အဆက်မပြတ် လှူချင်သည့်ရက်ကို သူ့ထက်ငါဦးအောင် စာရင်းပေးကြ၊ ရက်တောင်းကြ၊ တစ်ဦးချင်းလှူချင်သည့်အလှူရှင်များကလည်း ဘိုးဘွားများအတွက် ငွေကြေးများကို တစ်ဦးချင်းလှူကြသည့်ပြင် အိပ်ရာထိုင်ခင်းမှအစ အဝတ်အထည်မျိုးစုံ၊ အသုံးအဆောင်၊ စားစရာသောက်စရာများ စဉ်ဆက်မပြတ် လှူဒါန်းနေကြကြောင်း စာရေးသူ ကျွန်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ရပါသည်။ ရိပ်သာတွင် နေထိုင်ကြသော ဘိုးဘွားများမှာ ဗုဒ္ဓ၏ရင်ခွင်အတွင်း အငြိမ်းဓာတ်များဖြင့် အေးရိပ်၌ ချွေးသိပ်နိုင်ကြသော အနေအထားများကိုလည်း တွေ့မြင်ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်ကို တည်ထား ကိုးကွယ်သွားသော ရာဇာစောနောင်မင်းဘုရင်နှင့် ဖခင်အလောင်းကိုဌာပနာ၍ ကျိုက်စောနောင်စေတီတော်ကိုတည်ထားကိုးကွယ်သွားသော သုခမုခနန်းစောရှင်မင်းဘုရင်တို့ကြားတွင် သားအဖ (၂) ဦး၏ မေတ္တာတရားကြီးမားမှုကို ယခုအချိန်အထိ ပြသလျက်ရှိနေသည့်အပြင် ရှေးဟောင်းဘုရားစေတီ(၂)ဆူ၏ တန်ခိုးတော်များကလည်း ဘိုးဘွားရိပ်သာအား လွှမ်းခြုံထားသည်ဟု ဆိုနိုင်ပါပေသည်။

ဤဆောင်းပါးကို ရေးသားသူ ကျွန်တော်သည် ပါဒနိုင်ငံရာဇဝင်သမိုင်းကိုလည်း အထောက်အထားနှင့်တကွ အသေးစိတ် လေ့လာပြီးသည်ကတစ်ကြောင်း၊ ရိပ်သာကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရသည်ကတစ်ကြောင်း၊ ထိုအကြောင်းများကိုထောက်ရှု၍ ရိပ်သာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရိပ်သာအား နေ့/ညမပြတ် တာဝန်ယူထားသော အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့သည် တစ်ချိန်သောအခါက ဒီပါဒနိုင်ငံတော်ကြီးနှင့်ပတ်သက်၍ ဆက်နွယ်နေကြသော ပဋ္ဌာန်းဆက်ရှိသူများဟု ကျွန်တော်ယူဆမိပါသည်။

စာရေးသူ ကျွန်တော်သည် ဤရိပ်သာသို့ ဒုတိယအကြိမ်ရောက်ရှိသောအခါ၌ 'လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ဒုတိယအဆင့်သတ်မှတ်ထားသော ဘိုးဘွားရိပ်သာ' ဖြစ်နေကြောင်း တွေ့ရှိရသည့်အပြင် အခြားထူးခြားမှုတစ်ခုကိုလည်း ထပ်မံတွေ့ရှိခဲ့ပြန်၏။ ကျိုက်စောနောင်စေတီ၏ အနောက်တောင်ဘက်တွင် (၁၀) ပေပတ်လည်ခန့်ရှိ ဂန္ဓကုဋိတိုက်အတွင်း ပလ္လင်အကျယ်(၁)ပေခန့်၊ အမြင့် (၈) လက်မ၊ ပလ္လင်အနောက်မှီ (၁) ပေ၊ (၆) လက်မရှိ လှပဆန်းကြယ် ကနုတ်ပန်းလက်ရာများဖြင့် အထူးလက်ရာကောင်းမွန်သော ပလ္လင်အထက်ဝယ် (၁) ပေကျော်ခန့်ရှိ ကြေးသွန်းဆင်စီးမြင်းရံဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား ဖူးမြော်ခဲ့ရပြန်ပါသည်။ ထိုဗုဒ္ဓရုပ်ပွားတော်၏ မကိုဋ်တော်မှာ ရှေးပုဂံခေတ်လက်ရာဖြစ်ပြီး လာဘ်မုနိရုပ်ပွားတော်ဖြစ်ကာ မြင်း (၂) ကောင်ရံထားသော ဆင် (၅) စီးအပေါ်တွင် သပ္ပာယ်စွာဖြင့် စံပယ်နေပြီး ဆင်(၅)စီး၊ မြင်း(၂)ကောင်မှစကာ ဗုဒ္ဓရုပ်ပွားမကိုဋ်တော်အထိကြေးသွန်းလောင်းထားသော ဗုဒ္ဓရုပ်ပွားပုံတော်ဖြစ်၍ စိတ်ဝင်စားခဲ့မိပါသည်။ ထိုရုပ်ပွားတော်နှင့် ပတ်သက်၍ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်အား မေးမြန်းကြည့်ခဲ့ရာတွင် -

"ဒီလို ဦးသောင်းရေ ကျွန်တော်တို့ ကျိုက်စောနောင်စေတီတော်ကို ရှင်းလင်းပြုပြင်နေတုန်း စေတီတော်အနောက်တောင်ဘက် ချုံနွယ်ပိတ်ပေါင်းတွေအကြားမှာ ဆွေးမြည့်နေတဲ့ သစ်သားပျဉ်များနဲ့ ဖြစ်သလို ဆောက်လုပ်ထားတဲ့ သောက်ရေအိုးစင်သာသာ ကျောင်းဆောင်အတွင်းမှာ ခု ဦးသောင်း ဖူးမြော်နေရတဲ့ ရုပ်ပွားတော်နဲ့ ပလ္လင်ကို စတင် တွေ့ရှိခဲ့ရတယ်ဗျာ။ ကျွန်တော် တော်တော်လေးစိတ်မကောင်းဖြစ်မိခဲ့တယ် ဦးသောင်းရာ။ ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းပြီး ဖူးမြော်တဲ့အခါ ဗုဒ္ဓရုပ်ပွားတော်ရဲ့မကိုဋ်က ရှေးပုဂံခေတ်လက်ရာဖြစ်နေတာက တစ်ကြောင်း၊ အဆန်းတကြယ် ပန်းကနုတ်များနဲ့ လက်ရာမြောက်ပြုလုပ်ထားတဲ့ ပလ္လင်အထက်မှာ ဆင် (၅) စီးနဲ့ မြင်း (၂) ကောင်တို့ တစ်ဆက်တည်း ကြေးသွန်းထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ဖြစ်နေတာကတစ်ကြောင်း ကျွန်တော် စိတ်ဝင်စားမှုတွေဖြစ်လာတာပေါ့။ ဗုဒ္ဓရုပ်ပွားတော်ဆိုတာ သူ့ခေတ်သူ့အခါနဲ့ လက်ရာမွန်တွေဖြစ်လို့ ဒါဟာပုဂံခေတ်က ဘုရားဒါယကာတစ်ဦး သွန်းလုပ်ပူဇော်ပြီး ကျိုက်စောနောင်စေတီတော်မှာ ကိန်းဝပ်စံပယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားဖြစ်နိုင်တယ်လို့ ခန့်မှန်းမိလိုက်တယ်။ အဲဒီနောက် ခေတ်အဆက်ဆက် သားစဉ်မြေးဆက် ကိုးကွယ်လာခဲ့ရာ ပေါ်တူဂီကပြား သန်လျင် 'ငဇင်ကာ' လက်ထက် လူယုတ်မာ 'ငဇင်ကာ' နဲ့




www.burmeseclassic.com

www.burmeseclassic.com

အပေါင်းပါတစ်စုတို့ဟာ ပါဒသန်လျှင်-ကျောက်တန်းနဲ့ ဟံသာဝတီနယ်ရှိ ဘုရားပုထိုးစေတီရုပ်ပွားတော်အမြောက်အများကို အကြီးအကျယ်ဖျက်ဆီးတဲ့အပြင် ရှေးပါဒဘုရင်များ ပြုစုတည်ဆောက်ထားတဲ့ ဘုရားစေတီဌာပနာတွေကိုဖောက်ပြီး ကြေး၊ ငွေ၊ သံရုပ်ပွားတော်တွေကို အမြောက်သွန်းလုပ်ဖို့ အတင်းလုယူနေကြတဲ့အချိန်မှာ ဒီဆင်စီးမြင်းရံကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ကို သားစဉ်မြေးဆက်ကိုးကွယ်လာခဲ့ကြတဲ့ ဘုရားဒါယကာများက ကျိုက်စောနောင်စေတီတော်ကနေ ပင့်ဆောင်ပြီး ကျိုက်စောနောင်စေတီအနီး ချုံနွယ်ပိတ်ပေါင်းတွေကြားမှာဖြစ်သလို သစ်သားပျဉ်များနဲ့ စံကျောင်းဆောက်ကာ နေရာရွှေ့ထားထုတ်ခဲ့တာဖြစ်တယ်လို့ ကျွန်တော့်စိတ်သန္တာန်မှာ ထင်မြင်မိလာတယ်"

ဦးမြင့်အောင် ရှင်းပြနေရာမှ ဗုဒ္ဓရုပ်ပွားတော်အား လက်အုပ်ချီကာ အာရုံပြုနေသောကြောင့် ကျွန်တော် စိတ်ဝင်စားလွန်း၍ ဆက်ပြောရန် တိုက်တွန်းလိုက်၏။ ဦးမြင့်အောင်မှ ဗုဒ္ဓရုပ်ပွားတော်အား လက်အုပ်ချီလျက် အနေအထားဖြင့် ဆက်ပြောလာပါသည်။

"ကျွန်တော်တို့ ကျိုက်စောနောင်စေတီတော်ကို ရွှေသင်္ကန်းကပ် အာရုံခံတန်ဆောင်းဆောက်၊ နတ်လမ်းများပြုလုပ်ပြီးနောက် ကျွန်တော် ကြေးသွန်းဆင်စီးမြင်းရံဗုဒ္ဓရုပ်ပွားတော်ရှေ့ သွားရောက် ပူဇော်ပြီး သစ္စာဆိုလိုက်တယ်။ 'တပည့်တော်သည် ကျိုက်စောနောင်စေတီတော်အား သဒ္ဓါတရား စိတ်အားထက်သန်စွာဖြင့် ယခုကဲ့သို့ ရွှေရောင်တဝင်းဝင်း သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်အောင် ဆောင်ရွက်ခဲ့ပါသည်။ ထိုစေတီတော်၏အနီးတွင် ယခုတပည့်တော် ဖူးမြော်နေရသော ဗုဒ္ဓရုပ်ပွားတော်အား ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ် ပူဇော်ပြီးနောက် လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်ပူဇော်ရန် ဆန္ဒသဒ္ဓါတရားများ ပြင်းပြနေပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခု တပည့်တော်ဖူးမြော်နေရသော ကြေးသွန်းဆင်စီးမြင်းရံ ဗုဒ္ဓရုပ်ပွားတော်အား ဂန္ဓကုဋိစံကျောင်းအသစ်ဖြင့် ပြန်လည် ပူဇော်နိုင်သူဖြစ်ပါစေသား' လို့ သစ္စာဆိုလိုက်ပြီး ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ ရှေးဦးစွာ မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်လိုက်တယ်။ ပြီးတော့ ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်တယ်။ ရွတ်ဖတ်ပူဇော်မှုများပြီးတဲ့နောက်



ဂုဏ်တော် (၉) ပါးကို ပုတီး (၉) ပတ် စိပ်လိုက်တယ်။ အဲဒီအဓိဋ္ဌာန်ကို (၉) ရက်တိတိ မပျက်မကွက် ပြုလုပ်ခဲ့တယ်။ အဓိဋ္ဌာန်ရက်ပြီးဆုံးသွားတော့ ရိပ်သာကော်မတီဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေကိုတင်ပြပြီး အလှူရှင်တွေကို ဖိတ်ခေါ်လိုက်တဲ့အခါမှာတော့ မယုံကြည်နိုင်လောက်အောင် အလှူရှင်တွေ သူ့ထက်ငါ အလုအယက်ပေါ်လာကြတယ်ဗျာ။ ဒါနဲ့ပဲ ဗုဒ္ဓရုပ်ပွားတော်ကို စတင်တွေ့ရှိဖူးမြော်ရတဲ့ ဒီနေရာမှာပဲ သံပန်းသံတံခါးနဲ့ (၁၀) ပေ ပတ်လည်ခန့်ရှိ ဂန္ဓကုဋိတိုက်စံကျောင်းမှာ ကိန်းဝပ်စံပယ်တော်မူနိုင်ခဲ့တာပေါ့ဗျာ။ အလှူရှင်တွေဆက်တိုက်ဆက်တိုက် ပေါ်လာတာကြောင့် အခု ဦးသောင်း ဖူးမြော်ခဲ့ရတဲ့ သန့်ရှင်းသပ်ရပ် ဂန္ဓကုဋိတိုက်မှာ ဗုဒ္ဓရုပ်ပွားတော်ကို ရွှေသင်္ကန်းကပ်နိုင်ခဲ့တဲ့အပြင် ပလ္လင်တော်ကိုလည်း ရွှေချနိုင်ခဲ့တယ်။ ဗုဒ္ဓရုပ်ပွားတော်မှာဆိုရင် ကနက္ကဒဏ်ထီးတော်၊ လျှပ်စစ်ရောင်စုံမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာတို့လည်းမပြတ် လွန်စွာသပ္ပာယ်ကြည်ညိုဖွယ်ကောင်းပြီး ပါဒကြီးကျေးရွာနဲ့ အနားဝန်းကျင်ရွာတွေကပါ အလှူရှင်တွေ ရောက်ရှိကာ ဖူးမြော်ကြလို့ ခုတော့ စည်စည်ကားကား ဘုရားဖူးတွေမပြတ်ဖြစ်နေတဲ့ ရှေးဟောင်းကြေးသွန်းဆင်စီးမြင်းရံ ဗုဒ္ဓရုပ်ပွားတော်ဖြစ်နေပြီပေါ့ဗျာ"

ဦးမြင့်အောင် သူပြုခဲ့ရတဲ့ကုသိုလ်ကို အာရုံပြုပြီး ပီတိတွေဖြစ်နေတဲ့ အနေအထားမှာ ကျွန်တော် တွေ့ရှိလိုက်ရပါသည်။

ဤအခြေအနေများကို စာရေးသူကျွန်တော် တွေ့လိုက်ရ၍ အုပ်ချုပ်ရေးမှူးဦးမြင့်အောင်၏ အခန်းကဏ္ဍကို စဉ်းစားမိလိုက်ပါသည်။ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်သည် ဤဘိုးဘွားရိပ်သာ စတင်ဖွင့်လှစ်သည်မှ ယနေ့ထိ (၁၀) နှစ်နီးပါး အုပ်ချုပ်မှုတာဝန်ယူခဲ့သော်လည်း အမှားအယွင်းတစ်စုံတစ်ရာမရှိသည့်ပြင် ရိပ်သာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ခဲ့ခြင်း၊ ဇေယကာကဲ့သို့ လူယုတ်မာနှင့်အပေါင်းပါတစ်စုတို့၏လက်ချက်ဖြင့် လူမဆန်စွာ တိုင်းနိုင်ငံတစ်ခု၏ အမျိုးဘာသာ၊ သာသနာကို ဖျက်ဆီးခဲ့၍ ဘုရားစေတီငုတ်တိုများသာကျန်ခဲ့သော ဘုရားစေတီပုထိုးများအနက် ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်ကြီးကို ပြန်လည်ပြုပြင် တည်ဆောက်စဉ်ကတည်းက ပါဝင်ခဲ့ပြီး ကျိုက်စောနောင်စေတီတော်အားလည်း ယခုလက်ရှိအခြေအနေအတိုင်း ရွှေရောင်တဝင်းဝင်း သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သည့်အပြင် ချုံနွယ်ပိတ်ပေါင်းများကြားတွင် ရောက်ရှိနေသော ရှေးဟောင်း ကြေးသွန်းဆင်စီးမြင်းရံ ဗုဒ္ဓရုပ်ပွားတော်အား ဂန္ဓကုဋိတိုက်ကျောင်းတွင် သပ္ပာယ် ကြည်ညိုဖွယ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်သူဖြစ်၍ အုပ်ချုပ်ရေးမှူးဦးမြင့်အောင်အနေဖြင့် ကျိုက်စောနောင်စေတီတော်အားဦးတိုက်၍ မြင့်မြတ်သောစိတ်ထားဖြင့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို လုပ်တိုင်းအောင်မြင်နေသော ဦးမြင့်အောင်ဖြစ်ကြောင်း စာရေးသူ ကျွန်တော်ကိုယ်တိုင်တွေ့မြင်သိရှိခဲ့ရပါကြောင်း ဖော်ပြအပ်ပါသည်။

စာဖတ်ပရိသတ်များ ကြုံကြိုက်လျှင် ဝင်ရောက်ဖူးမြော်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာအနီး ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်မြတ်နှင့် ကျိုက်စောနောင်စေတီတော်နှစ်ဆူကြား သန့်ရှင်းသပ်ရပ်စွာ တည်ဆောက်ထားသော ကျောက်တန်းဘိုးဘွားရိပ်သာသို့ ရောက်ရှိလျှင် ဖော်ပြပါ ရှေးဟောင်းဘုရားစေတီနှစ်ဆူနှင့် ကြေးသွန်းဆင်စီးမြင်းရံ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်နိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသား ဖော်ပြလိုက်ပါသည်။

မြင်သာ-သောင်းတင်
(ကျောက်တန်းဘိုးဘွားရိပ်သာ)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသစ်း)

## ရင်မှဖြစ်သောစကား

ကလေးတွေစာမေးပွဲကြီးနီးပြီ။

ကလေးတွေကို အုပ်ထိန်းကြသူ မိဘတွေ၊ အဘိုးအဘွားတွေ၊ ဦးလေး၊ ဦးကြီးတွေ၊ ကြီးတော်တွေ၊ အဒေါ်တွေ အခုလောက်ဆိုရင် -

ကလေးတွေအတွက် စဉ်းစားပေးနေလောက်ရောပေါ့။

သူတို့လေးတွေရဲ့အောင်မြင်မှုတွေအတွက် စဉ်းစားနေကြလောက်ပြီ။

ဘာလုပ်ပေးရမလဲ -

ဘယ်လိုစီစဉ်ပေးရမလဲ -

ဘယ်လိုအကြံဉာဏ်ပေးရမလဲ -

ဆိုတာ စဉ်းစားနေကြလောက်ပြီ။

ဒါကတော့ မေတ္တာတရားကိုး -

စဉ်းစားပေးကြမှာပေါ့။

အောင်စေချင်တဲ့စိတ်က ကလေးတွေမှာရှိနေသလိုပဲ ကိုယ်တွေမှာလည်း မလျော့လောက်ဘူး။

ဒီလို မေတ္တာတရားတွေ ကြီးမားကြသူတွေအတွက် -

လိုအပ်မယ်လို့ထင်တဲ့ ဆောင်ရန်၊ ရှောင်ရန်လေးတွေနဲ့ အကြံပေးလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

ဦးမယ်။

အရေးကြီးတာက -

ကလေးတွေကို ထူးထူးချွန်ချွန် အောင်စေချင်တဲ့မေတ္တာတရားဟာ မိဘတိုင်း၊ အုပ်ထိန်းကြသူတိုင်းမှာရှိကြတာချည်းပါပဲ။ မလျော့ပါဘူး။

ဒါပေမယ့် ဖြစ်ချင်ဇောတွေအရမ်းအရှိန်လွန်ပြီး ကလေးတွေကို အတင်းအိပ်ရေးပျက်ခံခိုင်းတာတော့ မဖြစ်ပါစေနဲ့။

ကလေးတွေ တွေ့ဖူးပါတယ်။ တစ်နေ့မှ လေးနာရီခွဲ၊ ငါးနာရီပဲအိပ်ရတဲ့ကလေးတွေ။ သူတို့မိဘကဘာပြောလဲဆိုတော့

"ကျွန်မကတော့ သူ(၆)ဘာသာ မပါရင် ဘယ်လိုဖြစ်သွားမလဲတောင် မသိနိုင်ဘူး။ ရူးများသွားမလားမသိဘူး"

ဆိုတဲ့မိဘတွေ တော်တော်များများတွေ့ခဲ့ဖူးပါတယ်။

ဖြစ်စေချင်တဲ့စိတ်၊ အောင်မြင်စေချင်တဲ့စိတ်သန့်တာတော့ လေးစားပါတယ်။ ဒါပေမယ့် ကလေးက မနိုင်ဝန်



www.burmeseclassic.com

www.burmeseclassic.com

ထမ်းရသလိုမျိုး ဖြစ်သွားမှာမျိုးတော့ မဖြစ်စေချင်ပါဘူး။

အိပ်ရေးတော်တော်ပျက်ကြတဲ့ ကလေးတချို့ဆို ဒေါင်းဒေါင်းပြေးကျက်ထားတဲ့စာတွေ အစဖော်မရတာ ကြားခဲ့ရဖူးပါတယ်။ ဒါ - ရင်နာဖို့ကောင်းပါတယ်။ မြင်းကောင်းခွာလိပ်လိုဖြစ်သွားတာပေါ့လေ။

အဲဒီလိုတွေမဖြစ်ရလေအောင်၊ ကျန်းမာရေးနဲ့လည်း ညီညွတ်ရလေအောင် အိပ်ရေးတော့ဝပါစေ။

ဒါမှလည်း ကလေးခမျာ ခေါင်းကြည်ကြည်လင်လင်နဲ့ ကျက်နိုင်မှတ်နိုင်မှာလေ။

အိပ်ရေးအပျက်ခံပါများလာရင် ခေါင်းတွေဘယ်လိုဖြစ်လာနိုင်တယ်ဆိုတာ ကိုယ်တိုင် တစ်နေ့ကို (၄) နာရီ၊ (၅) နာရီအိပ်ကြည့်ရင် သိလာပါလိမ့်မယ်။ လက်တွေ့အိပ်ရေးပျက်ခံကြည့်ပါ။ ဒါဆို ကလေးလေးတွေ အိပ်ရေးပျက်ပါများလို့ ကျက်ပြီးသားစာတွေ မေ့ကုန်တာကို သူတို့လေးတွေအပေါ် နားလည်လာပါလိမ့်မယ်။

ပြီးတော့ အစား -

အရမ်းပူ၊ အရမ်းစပ်တဲ့အစားအစာမျိုးတော့ ရှောင်းထားခိုင်းပါဦး။

ရင်ထဲဝမ်းထဲမကောင်းဖြစ်နေရင် စာပဲကျက်ကျက်၊ စာသင်တာကိုပဲ နားထောင်နားထောင် လန်းလန်းဆန်းဆန်းမရှိတော့ပါဘူး။

ကိုယ့်ကလေးအကြောင်း ကိုယ်အသိဆုံးပါ။

တချို့ကလေးတွေ အုန်းနို့ခေါက်ဆွဲတည့်ပေမယ့် ကိုယ့်ကလေးက အုန်းနို့ခေါက်ဆွဲစားပြီးမူးတတ်ရင် ကိုယ်က သတိထားပေးလိုက်ပါ။ သူများတည့်တိုင်း ကိုယ့်ကလေးမတည့်တတ်တာကို သတိထားပေးလိုက်ပါ။ လူတိုင်းမစားသင့်ဘူး၊ လူတိုင်းမတည့်ဘူးလို့ မဆိုလိုပါဘူး။

တချို့ကလေးတွေ ပဲငါးပိတည့်ကြပေမယ့် ကိုယ့်ကလေးက ပဲငါးပိစားပြီး ခေါင်းမူးတတ်ရင် ကိုယ်က သတိပေးရမှာပါပဲ။

မူးတတ်တဲ့တက်စာ၊ ရင်ပြည့်စာ၊ ဒါလေးတွေကိုတော့ သတိထားပေးရမှာဖြစ်သလို ခွန်အားဖြစ်စေမယ့် အာဟာရကိုလည်း ဂရုစိုက်ပေးရမှာဖြစ်ပါတယ်။ ကြုံသလို အသုပ်လေးနဲ့ပဲဆိုတာမျိုးကတော့ ကြာရင်အားပြတ်သွားနိုင်ပါတယ်။

အချဉ်တွေချည်း တအားစားပြီး စာကျက်လို့မဖြစ်သလို -

မအိပ်ချင်အောင် လက်ဖက်ချည်းစားနေလို့လည်း မရပါဘူး။

လေတွေမအောင့်အောင်၊ လေတွေမခိုအောင် ဂရုစိုက်ပေးရပါလိမ့်မယ်။

မအိပ်ချင်အောင် ကော်ဖီချည်းနင်းကန်သောက်ပြီး စာကျက်ဖို့လည်း မလိုပါဘူး။ ရင်တွေတုန်လာရင် ကလေးရဲ့ တစ်နှစ်လုံး ကြိုးစားလာမှုဟာ အလကားဖြစ်သွားနိုင်သလို ကိုယ်တွေအတွက်လည်း မကောင်းပါဘူး။

ဒါကြောင့် အစားအစာနဲ့ပတ်သက်ပြီးတော့လည်း ဂရုစိုက်ပေးပါဦး။

ပြီးတော့ -

ကစားတာ -

ကိုယ်လက်လှုပ်ရှားကစားခြင်းရှိနေရင် ကစားကျင့်ရှိနေရင် -

မထိမခိုက်တဲ့ ကစားခြင်းမျိုးကို သူငယ်ချင်းတွေနဲ့ ကစားနေကျဆိုရင် နာရီပိုင်းလေးနဲ့တော့ ကစားခိုင်းစေချင်ပါတယ်။ ဒါအကြံပြုတာပါ။ သူရဲ့ လန်းဆန်းတက်ကြွမှုလေးဟာ သူ့ကို အများကြီး အထောက်အကူပြုနိုင်ပါတယ်။

ကိုယ်ကကြည့်ပေါ့၊ စဉ်းစားပေးပေါ့။ လွန်လွန်ကျူးကျူးကစားတာမျိုးဆိုရင်တော့ တစ်မျိုးပေါ့။ ဒါကတော့ မဖြစ်သင့်ဘူး။ စာမေးပွဲနီးမှ မထိခိုက်စေချင်ဘူး။ အားအင်မကုန်ခန်းစေချင်ဘူး။ ကလေးလည်း အပန်းဖြေရာရောက်တယ်။ စိတ်ခတ်တက်ကြွရွင်လန်းရာရောက်တယ်။ လူကိုလည်း မထိခိုက်နိုင်ဘူးဆိုရင်တော့ကစားခွင့်ပြုသင့်ပါတယ်။

နောက်တစ်ခုကတော့ -

အကျီလေးတွေဝတ်ဆင်တဲ့နေရာမှာ ရှင်သန်မှုတွေရပ်ဆိုင်းသွားပြီဖြစ်တဲ့ နိမိတ်ဆိုးအကျီတွေခဏရှောင်ထားခိုင်းပါ။

ရှင်းပြပါ။

သူတို့လေးတွေဟာ နားဝင်အောင်ရှင်းပြရင် လက်ခံကြတာချည်းပါပဲ။သူတို့မသိရင်မေးတတ်ကြပါတယ်။ ကိုယ်ကရှင်းပြပါ။

ရှင်သန်ခြင်းနိမိတ်ကောင်းကိုအားယူနေချိန်၊ အောင်မြင်မှုကိုရယူနေချိန်မှာ သေဆုံးခြင်းနိမိတ်၊ ရပ်ဆိုင်းခြင်းနိမိတ်တွေ ခေတ္တရပ်ဆိုင်းထားသင့်ကြောင်း ရှင်းပြပါ။

တချို့ကလေးတွေဆို မသိကြပါဘူး။

ကလေး ဒီပုံဆိုတာဒီလိုအဓိပ္ပာယ်ရှိတယ်လို့ ပြောပြလိုက်တာနဲ့ ဟာ - ဟုတ်တာပဲဆိုပြီး လက်ခံသွားကြတာများပါတယ်။ လှပတဲ့ဒီဇိုင်းတွေ၊ လှပတဲ့ပုံတွေအများကြီးပါ။

ဒါကတော့ ကလေးလေးတွေနားရှင်းသွားရင် အဆင်ပြေပါပြီ။

ပြီးတော့ -

သီချင်း -

ကျဆုံးခြင်း၊ ဆုံးရှုံးခြင်းသီချင်းကို တော်တော်အာတွေ့ပြီး မြိန်ရေရှက်ရေဆိုခဲ့တဲ့ ကလေးလေးတစ်ယောက်နဲ့ စကားစပ်မိပြီးမေးကြည့်ခဲ့ဖူးပါတယ်။

သူဟာ စာမေးပွဲနီးမှပဲ ဒီသီချင်းကို ဘယ်လိုဆိုလို့ကောင်းမှန်းမသိဘူးတဲ့၊ အရမ်းအာတွေ့တာပဲတဲ့။ အဲဒီသီချင်းပဲဆိုနေချင်တဲ့။

သူပြောလို့ အဲဒီသီချင်းကို သေချာနားထောင်ကြည့်တယ်။

ဟုတ်ပ -

လိုက်ဆိုလို့ တော်တော်ကောင်းတယ်။ သံစဉ်လေးကလှမှလှပဲ။ ကလေးကတော့ အခြေအနေမလှခဲ့ရှာပါဘူး။

အဲဒီလိုမျိုးလေးတွေ တော်တော်များများ ကြုံခဲ့၊ ကြားခဲ့ရဖူးပါတယ်။

တချို့ကျတော့လည်း ဆင်ခြေမျိုးစုံပေါ့လေ။

ဒါကလည်း ပြဿနာမရှိပါဘူး။ သူတို့ရဲ့ဆန္ဒပေါ့။

သူတို့မွေးထုတ်ထားတဲ့ ကလေးလေးတွေအတွက် ဘာမှသွေးမတော်သားမစပ်တဲ့ လူတစ်ယောက်က ဒါလောက် အောင်မြင်စေချင်နေတာတောင်မှ သူတို့ကိုယ်တိုင်နည်းနည်းတွေဝေနေမှတော့ ဘာလုပ်လို့ရမှာလဲ။

နှုတ်ဆိတ်ဆိတ်နေခဲ့လိုက်မိတာတွေ အများကြီးပါ။

နောက်ပိုင်း သူတို့သိလိုက်ရတဲ့အချိန်မှာ စိတ်သောကရောက်ပြီး ပြန်ရောက်လာကြပေမယ့် ဘာမှလုပ်ပေးလို့မရတော့ပါဘူး။

မဖြစ်ခင်က ကြိုတင်ကာကွယ်တာက အကောင်းဆုံးပါပဲ။

ဒီလိုအကြံပေးနေတာ ဘယ်သူ့အတွက် အကြံပေးနေတာလဲ။

ဒီလိုပြောနေတာ ဘယ်သူ့အတွက်ပြောနေတာလဲ။

အဲဒါလေးတော့ သတိလေးနဲ့ စဉ်းစားစေချင်ပါတယ်။

ရှင်သန်စေချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်စေချင်လို့ပါ။

ပြီးခဲ့တဲ့ အတွေ့အကြုံတွေအရ ဆိုရင် မိဘတွေပေါ့လေ။ တချို့ပေါ့။ ဒင်ဦးစနစ်ဦးစပါ။ သူတို့ကိုယ်တိုင် ဒီသလို နိမိတ်ဆိုးမျိုးဝတ်ထားတော့ ဒီကလေးလေးတွေကို သူတို့ဘယ်လို ရှင်းပြမလဲ။ သူတို့က ဆင်ခြေတော့ပေး ထတ်သား။

ခုပြောနေတာ၊ အကြံပေးနေတာ က မကြာခင် ဖြေဆိုကြရတော့မယ့် စာမေးပွဲကိစ္စ၊ ဆင့်ကဲတိုးတက်မယ့်ကိစ္စ၊ အောင်မြင်ဖို့ကိစ္စ -

ဒါကိုမေ့ပြီး၊ မေ့ထားပြီး ဆင်ခြေ ပေးနေရင် အရင်ဆုံးစဉ်းစားရမှာက ဘယ်သူ့အတွက်လဲဆိုတာပါပဲ။

ဒါဆို -

ကလေးလေးတွေအတွက် ရှောင် သင့်တာ၊ ဆောင်သင့်တာ ရှင်းလောက် ပါပြီ။

ရှောင်ရမှာ၊ ဆောင်ရမှာကလည်း ခဲခဲယဉ်းယဉ်းကြီးတွေ မဟုတ်ပါဘူး။ ဝေးဝေးလံလံကြီးတွေ မဟုတ်ပါဘူး။

ရှင်းပြီဆိုရင် -

ကလေးလေးတွေအတွက် စတင် ပါ။

သူတို့လေးတွေရဲ့အောင်မြင်မှုကို ဖိုးဖို့အတွက် ခုပဲစတင်လိုက်ပါ။

ကလေးလေးတွေရဲ့ မွေးနေ့ ရောက်တိုင်း ဘုရားပန်းအသစ်လဲလှယ် ပြီး ဘုရားပူဇော်ပါ။

သူတို့လေးတွေရဲ့အညွှန့်ဂြိုဟ်တွေ ကို ဘုရားပူဇော်ပေးပါ။ ဘယ်လိုပူဇော် ပေးရမလဲဆိုတော့ -

တနင်္ဂနွေသားသမီးလေးတွေအ တွက်ဆိုရင် -

တနင်္လာနံ့ပူဇော်ပေးပါ။ ဥပမာ- ကျောက်ကျော၊ ကော်ဖီ၊ ကိတ်မုန့်၊ ကြံ၊ ကြံရည်။

တနင်္လာသားသမီးလေးတွေအ တွက်က အင်္ဂါနံ့တွေပူဇော်ပေး။ စမူဆာ၊ ဆီး။

အင်္ဂါသားသမီးတွေအတွက်ဆို ရင် ဗုဒ္ဓဟူးနံ့ ဥပမာ ရွှေကြည်၊ ရေ။

ဗုဒ္ဓဟူးသားသမီးတွေဖို့ကတော့ ပေါက်ပေါက်၊ မုန့်လုံးရေပေါ်၊ ပေါင်မုန့်၊ မုန့်၊ မုန့်ဖြူ။

ကြာသပတေးသားသမီးတွေအ တွက်က သောကြာနံ့ သစ်သီးမျိုးစုံ။

သောကြာသားသမီးတွေဖို့ဆိုရင် နေနံ့ ထန်းလျက်ဆွမ်း၊ နို့၊ နဂါးမောက် သီး ထောပတ်သီး၊ ထောပတ်ဆွမ်း။

စနေသားသမီးတွေအတွက်က အုန်းသီး၊ အုန်းဆွမ်း။

အဲသလိုလေးတွေ မကြာမကြာ ပူဇော်ပေးပါ။ နေ့တိုင်း ပူဇော်မပေးနိုင် ရင်၊ ပူဇော်မပေးဖြစ်ရင် မကြာမကြာ ပူဇော်ပေးပါ။ ဒါပေမယ့် စာမေးပွဲစဖြေ ပြီဆိုရင်တော့ နေ့တိုင်းပူဇော်ပေးလိုက် ပါ။

ပြီးတော့ -

နေ့တိုင်း မပျက်မကွက် လုပ်ပေး သင့်တဲ့ကိစ္စ။

အဲဒါကတော့ -

ကလေးလေးရဲ့အင်္ကျီကိုပေါင်ပေါ် ဖြန့်ခင်းပြီး ဘုရားဝတ်ပြုပေးလိုက်ပါ။

ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ပဲရွတ် ရွတ် -

ဘုရားဂုဏ်တော်တွေကို(၁၅)မိနစ် လောက်ကြာအောင်ပဲ တောက်လျှောက် ရွတ်ရွတ် -

သရဏဂုံကိုပဲ (၁၅)မိနစ်လောက် ကြာအောင်ရွတ်ရွတ် ရွတ်ပေးလိုက်ပါ။

ရွတ်နိုင်တာကို ရွတ်ပေးလိုက်ပါ။ ပြီးရင် အင်္ကျီလေးကို ကလေးအင်္ကျီတွေ ထားတဲ့ ဗီရို၊ သေတ္တာထဲပြန်ထည့်ပါ။ တစ်နေ့ကိုတစ်ထည် ယူရွတ်ပေးတာနဲ့ တဖြည်းဖြည်းနဲ့ သူ့အင်္ကျီလေးတွေအား လုံးကိုရွတ်ပေးပြီးသားဖြစ်သွားပါလိမ့် မယ်။

ဒါဆို ကလေးဟာ ဖခင်ကပဲဖြစ် ဖြစ်၊ မိခင်ကပဲဖြစ်ဖြစ် ရွတ်ပေးထားတဲ့ အင်္ကျီလေးတွေကိုဝတ်ပြီးသား၊ ဝတ်မိ ရက်သားဖြစ်သွားပါပြီ။ သူ့အတွက် အကောင်းဆုံးအဆောင်ဖြစ်သွားပါပြီ။



မိဘနှစ်ပါးရဲ့ အောင်မြင်စေချင် တဲ့စိတ်ဟာ ဘာနဲ့မှမတူပါဘူး။

ဒါကြောင့် ဒီမေတ္တာစိတ်တွေ လွှမ်းခြုံနေတဲ့ အင်္ကျီလေးတွေဟာ ကလေးလေးတွေရဲ့ အကောင်းဆုံး အဆောင်ပါပဲ။

တချို့ -

ဘော်ဒါဆောင်ထားတဲ့ ကလေး လေးတွေအတွက်ဆိုရင် ခုလိုရွတ်ပေးပြီး တာနဲ့ တစ်ပတ်တစ်ကြိမ်အင်္ကျီလေးတွေ သွားပို့၊ ဟိုကပြန်ယူလာ၊ ရွတ်ပေး၊ ပြန်ပို့ လုပ်ပေးလို့ရပါတယ်။

ဒီလိုမှမဟုတ်ဘဲ အဝေးက အဆောင်မှာနေနေတဲ့ကလေးမို့ သွား ပေးလို့မရဘူးဆိုရင်လည်း အိမ်မှာရှိနေ တဲ့အင်္ကျီလေးတွေကိုပဲ အလဲအလှယ်နဲ့ တောက်လျှောက်ရွတ်ပေးပါ။

အိမ်ကနေဖြေမယ့်သားလေးတွေ၊ သမီးလေးတွေအတွက်ကတော့ ဒီနေ့ ရွတ်၊ ဒီညဝတ်အိပ်လည်းရပါတယ်။ အတူနေတော့ အဆင်ပြေပါတယ်။ စာမေးပွဲကြီးဖြေပြီးတဲ့ထိ ရွတ်ပေးပါ။

ဒီလိုရွတ်ပေးရင်းနဲ့ စာမေးပွဲကြီးဖြေ ဖို့ (၁၀)ရက်လောက်အလိုမှာ ဘော(လ်) ပင်လေးတွေဝယ်ပါ။ (၁၅) ချောင်း လောက်ဖြစ်ဖြစ်ဝယ်ပါ။ ခုနလိုကလေး အင်္ကျီလေးကို ပေါင်ပေါ်တင်ရွတ်တဲ့ အခါမှာ ဘော(လ်)ပင်လေးတွေကို ပန်းကန်ပြားတစ်ချပ်ထဲထည့်ပြီး ရှေ့မှာ တစ်ခုခုနဲ့တင်ထားပါ။ ရွတ်ပေးပါ။ ပြီးရင် ဘုရားဆောင်ပေါ်မှာ တင်ထားပါ။ ကလေးစပြီးဖြေတဲ့နေ့ရောက်မှ ကလေး ကိုပေးပါ။ အဲဒီနေ့ကစပြီး ဘုရားဆောင် ပေါ်ပြန်မတင်ပါနဲ့တော့။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ ဂုဏ်ကို ကြည်ညိုတဲ့အတွက် ဂုဏ်တော် တွေ၊ သရဏဂုံတွေရွတ်ပွားထားတဲ့ ဒီ ဘော(လ်)ပင်လေးတွေဟာ အလကား ဘော(လ်)ပင်တွေမဟုတ်တော့ပါဘူး။

ဒါ - ယုံကြည်ခြင်းပါပဲ။

ကိုယ်တိုင်လည်း ယုံကြည်ပါ။ ကိုယ့်ကလေးကိုလည်း ကိုယ်ယုံကြည် ပါ။

မဖြစ်နိုင်ဘူးဆိုတာတွေ မတွေးပါ နဲ့။

မဖြစ်နိုင်ဘူး ဆိုတာတွေလည်း ကလေးကိုသွားမပြောပါနဲ့။

ကလေးက -

"ကြည့်နေ-ဂုဏ်ထူးထွက်အောင် ဖြေပြမယ်"

လို့ပြောလိုက်တာနဲ့ -



www.burmeseclassic.com

www.burmeseclassic.com

"အမယ် - မင်းကများ"

ဆိုတဲ့ မထေ့တထေ့ပြောတာမျိုးတွေ -

"ကြည့်ရသေးတာပေါ့ကွာ"

ဆိုတဲ့ နှိမ်သလိုလိုတွေမလုပ်ပါနဲ့။

ဒါဟာ ကလေးရဲ့ ယုံကြည်ချက်စိတ်ဓာတ်ကို ရိုက်ချိုးပစ်လိုက်တာနဲ့ အတူတူပါပဲ။

ကိုယ့်သားသမီးကို ကိုယ်တိုင်က အထင်မကြီးဘဲ ပြန်နှိမ်နေမှတော့ သူ့ခမျာ မျက်စိကြီးကြောင်နဲ့ ဘယ်သူ့သွားအားကိုးမလဲ။

ကလေးဆိုတာ ချီးကျူးခံချင်ကြတာချည်းပါပဲ။

ချီးကျူးပေးပါ။ သူ့မှာရှိတဲ့အရည်အချင်းလေးတွေကို ကိုယ်ကရှာဖွေပြီး ကြံဖန်ပြီး ချီးကျူးပေးပါ။

ကလေးတစ်ယောက်ဆိုရင် စာ အသင့်အတင့်ရပေမယ့် ။ အိပ်မပျော်ဘူး။ စာမေးပွဲဖြေရမှာ နည်းနည်းလန့်နေပုံရတယ်။ သူ့မိဘတွေနဲ့အတူပါလာတဲ့နေ့က -

"သားလေး၊ တကယ်လို့များ မင်းဂုဏ်ထူးထွက်ရင် ကားတစ်စီးပေးမယ်ကွာလို့များပြောမယ့်သူရှိရင် လောင်းလိုက်။ ငါကတော့ မလောင်းရဲဘူး"

လို့ ပြောလိုက်တယ်။

ကလေးက ကြောင်သွားပြီး -

"ဟာ - သားက ဖေကြီးကို အဲလိုပူဆာနေတာ၊ ဖေကြီးက မင်းပဲဂုဏ်ထူးထွက်ပါစေဦးတဲ့။ ထွက်ရင်ဝယ်ပေးမယ်တဲ့ပြောတယ်။ အခု ဦးကပြောတော့ သားတောင်အံ့ဩနေတယ်" တဲ့။

"အေး - သူကပြောရင်လောင်းလိုက်၊ ဦးကတော့ မလောင်းရဲဘူးကွ"

လို့ ထပ်ပြောတော့ သူစိတ်ဝင်တစားနဲ့ရယ်နေပြီးကြည့်နေပြီး -

"ဘာဖြစ်လို့လဲ ဦး" တဲ့။

"ဟ - ငါလောင်းရင် ငါ မင်းကို ကားဝယ်ပေးလိုက်ရမှာလေကွာ။ဒီတော့ ငါဘယ်လောင်းရဲပါ့မလဲ"

လို့ ပြောလည်း ပြောလိုက်ရော ကလေးမျက်နှာဟာ ဘယ်လိုမှကြည့်လို့မဝ၊ ချစ်လို့မဝတဲ့ ချစ်စရာကောင်းတဲ့ အပြုံးလေးနဲ့ အားရပါးရပြုံးရင်း သူ့မိဘတွေကို လှည့်ကြည့်နေပါတယ်။ သူ့မိဘတွေကလည်း အားရပါးရပြုံးလို့ -

အဲဒီကလေး ဂုဏ်ထူး (၄) ဘာသာထွက်ခဲ့ပါတယ်။

သူလိုချင်တဲ့ ကားလေးကိုလည်း သူ့အဖေဝယ်ပေးပြီးပါပြီ။

ဒါကြောင့် -

သူတို့လေးတွေမှာ အရည်အချင်းတွေရှိကြပါတယ်။

ထုတ်ဖွင့်ချီးကျူးပေးပါ။

ကလေးတွေကို စိတ်ဓာတ်အနာတရဖြစ်သွားစေမယ့်၊ စိတ်ဓာတ်ကျသွားစေမယ့်စကားမျိုးမပြောမိပါစေနဲ့။

ဘယ်လိုလဲဆိုတော့ -

"သွားစမ်းပါကွာ၊ လုပ်မနေစမ်းပါနဲ့။ ငါတော့မထင်ပါဘူး"

ဆိုတာမျိုးတွေ -

"ဟုတ်မှလည်းလုပ်ပါကွာ"

ဆိုတာမျိုးတွေ -

ကလေးက အားရပါးရပြောလိုက်ရင် -

"သေချာလို့လား။ ငါတော့မထင်ပါဘူး"

ဆိုတာမျိုးတွေ -

ကလေးက တက်ကြွနေပါရက်နဲ့-

"ကြည့်သေးတာပေါ့ကွာ"

ဆိုတာမျိုးတွေ -

"မင်းလား ဖြစ်မှာ"

ဆိုတာမျိုးတွေ -

"သွားစမ်းပါကွာ"

ဆိုတာမျိုးတွေ -

မပြောမိပါစေနဲ့။

မပြောမိအောင်နေပါ။

ဒါတွေဟာ မပြောသင့်တဲ့ စကားတွေပါ။

ပြီးတော့ -

ကလေးရဲ့မိဘတွေအနေနဲ့လည်း ကိုယ့်ကလေးလေးဟာ အောင်မြင်မှုရတော့မှာဖြစ်လို့ ကြိုးစားပမ်းစားအားစိုက်နေတဲ့ကာလတွေမှာ အနိဋ္ဌာရုံတွေ သိပ်မပြောပါနဲ့။ အနိဋ္ဌာရုံတွေသိပ် မကြည့်ပါနဲ့။

သတ်တာဖြတ်တာ၊ သေတာ၊ ပျက်ပြုန်းတာ၊ ဆုံးရှုံးတာ၊ ကျရှုံးတာတွေကို နှစ်နှစ်ခြိုက်ခြိုက် သိပ်မကြည့်ပါနဲ့။ စိတ်ကယောင်ချောက်ချားဖြစ်သွားစေနိုင်မယ့်ဇာတ်ကားမျိုးတွေ သိပ်မကြည့်ပါနဲ့။ ကလေးတွေလည်း မကြည့်ပါစေနဲ့။ ရုတ်တရက်လန့်ပြီး တစ်ရေးနိုးရင် အိပ်မပျော်ဘဲ သတိတရနဲ့လန့်နေတာမျိုးတွေလည်း မကြည့်ပါနဲ့။ ကလေးတွေလည်း မကြည့်ပါစေနဲ့။

ဒါတွေကိုစဉ်းစားပေးပြီးပြီဆိုရင်-

ကလေး စာမေးပွဲစဖြေတဲ့နေ့ကစပြီး -

ပန်းပေါင်းစုံ (၅) မျိုးနဲ့ ဘုရားရှင်ကိုပူဇော်ပါ။

ပန်းပေါင်းစုံ (၅) မျိုးဆိုတာ အပွင့်ပန်းတွေချည်းဖြစ်ရပါ့မယ်။

ဥပမာ ဂန္ဓာမာပန်းအရောင် (၅) မျိုးဆိုရင် အဲဒီပန်းပေါင်းစုံရောင်စုံ (၅) မျိုးပဲမှတ်ပါ။ တစ်မျိုးကို နှစ်ခိုင်၊ သုံးခိုင်လောက်ပူဇော်ပါ။

ပန်းခက်ခဲနေရင်လည်း အလေ့ကျပေါက်တဲ့ ပန်းလှလှလေးတွေ (၅)မျိုးနဲ့ ပူဇော်ပါ ရပါတယ်။ အရေးကြီးတာက သဒ္ဓါကြည်ညိုစိတ်နဲ့ ယုံကြည်ချက်ပါပဲ။

နေ့တိုင်း အသစ်လဲလှယ်ပူဇော်ပေးလို့ အဆင်ပြေရင် ပူဇော်ပေးပါ။

နေ့တိုင်း အသစ်လဲလှယ်ပူဇော်ပေးဖို့ အကြောင်းမသင့်ရင်လည်း နွမ်းတာနဲ့ လဲလှယ်ပူဇော်ပေးပါ။

ပန်းပေါင်းစုံ ပူဇော်ပေးပြီးတာနဲ့ သူတို့လေးတွေရဲ့ အညွှန့်ဖြိုဟ်ပူဇော်ခြင်းတွေနဲ့ပူဇော်ပြီး ဘုရားဆောင်ရှေ့မှာ ထိုင်ရွတ်ပေးနေပါ။ စာမေးပွဲဖြေတဲ့ဆီကို လိုက်သွားမယ်ဆိုရင်လည်း ကလေးရဲ့ အင်္ကျီလေးတစ်ထည်ယူသွားပြီး နေရိပ်လေးတစ်ခုမှာထိုင်ပြီး အင်္ကျီလေးကို ရင်ခွင်ထဲထားပြီးရွတ်ပေးနေပါ။ ကလေးဖြေနိုင်နေပြီဆိုတဲ့အာရုံကို စူးစိုက်ပြီး ယုံကြည်စွာနဲ့ရွတ်ပေးနေပါ။

ကောင်းခြင်းနဲ့ပဲ ကောင်းခြင်းတွေဖြစ်လာလေ့ရှိပါတယ်။

မကောင်းခြင်းနဲ့ ကောင်းခြင်းတွေဖြစ်လာတာမျိုးတော့ သိပ်မရှိပါဘူး။

ဒါကြောင့်လည်း -

ကလေးလေးတွေအတွက် လိုအပ်မယ်ထင်တာလေးတွေကို မိဘတွေဘက်က၊ အုပ်ထိန်းသူတွေဘက်က ပံ့ပိုးကူညီပေးနိုင်အောင်လို့ တစ်ထောင့်တစ်နေရာကနေ ဖြည့်ဆည်းပေးနိုင်အောင်လို့ အကြံပြုလိုက်တာပါ။

လိုအပ်မယ်လို့ ထင်ကြသူတွေအတွက် ပါရမီဖြည့်လိုက်တာပါ။

ဒီလို ဆောင်ရန်၊ ရှောင်ရန်လေးတွေနဲ့ လိုအပ်မယ်ထင်တဲ့ အကြံပြုချက်လေးတွေကို စဉ်းစားပေးရင်း -

ကလေးလေးတွေရဲ့ အောင်မြင်မှုတွေအတွက် -

အခုကပဲ ကြိုတင်ပြီး -

အားရပါးရ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူဝင့်ကြွားနိုင်ကြပါစေလို့ -

ဆုတောင်း မေတ္တာပို့သရင်း -

ဆရာဦးမောင်မောင်သ[illegible]

(ရင်ကိုအေးမြစေသ



www.burmeseclassic.com

www.burmeseclassic.com

# စိုင်းထွန်းနောင်

## ရသေ့ကြီးတို့အပျင်းပြေ

လူတို့လောကီမှာ သဘောအညီ နေချင်သည်ကတစ်ကြောင်း၊ သံသရာ သည်ပတ်သည်ကို ပတ်သတ်ချင်သည် ကတစ်ကြောင်းကြောင့် ရသေ့၊ ရဟန်းတို့ သည် လောကုတ္တရာဇောကပ်၍တော ထွက်ကြပါ၏။

ဤသို့သော ရသေ့၊ ရဟန်းများ တောထွက်ခြင်းကို မြင်ဖူး၊ ကြားဖူးကြ သည် ဖြစ်ပါသည်။ ထိုသို့ တောထွက်ကြ သော ရသေ့၊ ရဟန်းတို့အကြောင်း အတွေးပွားမိ၊ လေ့လာမိသည်တို့ကို တင်ပြချင်ပါ၏။

လူသူအရောက်အပေါက်တို့မရှိလှ သော တောင်အထပ်ထပ်၊ တောအနက် နက်မှာ ဥတုသပ္ပာယမျှတပြီး နေရဋ္ဌရာ မရှိသော်လည်း နေချင်စရာနေရာတို့၌ သစ်ခက်သစ်ရွက်ကျောင်းသခ်မ်းများတည် ၍မှီတင်းနေထိုင်ကြသော ရသေ့ကြီးများ သည် တစ်ခါတစ်ရံ ပျင်းတတ်ကြသည် ဟု ကြားဖူးနာဖူးပါ၏။

တစ်ခါတစ်ရံ ထိုသို့ပျင်းရိငြီးငွေ့ လာချိန်မျိုးတွင် ရသေ့ကြီးများသည် တွေ့ဆုံနှီးနှောကြ၍ ဈာန်ကစားလေ့၊ ဉာဏ်ကစားလေ့ရှိသည်ဟု လေ့လာ တွေ့ရှိရပါသည်။ ဉာဏ်ကစားခြင်း၊ ဈာန်ကစားခြင်းကိုမဆက်မီ ရသေ့နှင့် ပတ်သက်၍ လေ့လာမိတာလေးအချို့ ကို ကြားဖြတ် တင်ပြလိုက်ပါ၏။

ပွင့်တော်မူပြီးကြလေကုန်သော ရှင်တော်မြတ်ဗုဒ္ဓဘုရားအဆူဆူတို့၏ သမိုင်းတွင် ရသေ့တို့သည် တစ်ထောင့် တစ်နေရာက ပါဝင်ခဲ့ကြ၊ ထွန်းကားခဲ့ကြ သည်။ အနီးစပ်ဆုံးမှာ ဘုရားလောင်း တော် သုမေဓာရှင်ရသေ့နှင့် အခြား



ထင်ရှားသောရသေ့များမှာ သရဒရ ရသေ့၊ ကေနိယရသေ့၊ ဘုသိမရရသေ့၊ သုဇာတရသေ့၊ သုနန္ဒရရသေ့တို့ဖြစ် သည်။ ကုန်းဘောင်ခေတ်နှောင်း ကိုလိုနီ ခေတ်တွင်မှာတော့ ထင်ရှားသော ရသေ့ မှာ မန္တလေးတောင်မှ ရသေ့ကြီးဦးခန္တီ ဖြစ်သည်။

ဘုရားအလောင်းတော်ရသေ့များ၊ ရသေ့ရှစ်သောင်းဆရာအပေါင်းဟူသော ကျမ်းဂန်လာ အသုံးအနှုန်းများသည်



www.burmeseclassic.com

www.burmeseclassic.com

လောကုတ္တရာနှင့် လောကီကိစ္စများတွင် ပါဝင်နေတတ်သောအချက်သည်လည်း ရသေ့များဆိုင်ရာ သမိုင်းအထောက်အထားတစ်ချက်ဟု ဆိုရပါသည်။

မန်လည်ဆရာတော်ဘုရားကြီး ရေးပြုစီမံတော်မူခဲ့သော မဃဒေဝ လင်္ကာကျမ်းစာအုပ်တွင် -

ဒ ဣသိ၊ ရိသိ ပါဠိသက္ကဋ ဘာသာ ပြသား နှစ်ပါးအလို ထိုဝေါဟာရ ခေါ်ကြတုံဘိ ပါဠိအရှိတွင် ပါဠိအမှတ် က္လသဓာတ်ဖြင့် ကျင့်မြတ်မွေ့ညတ် တည်ငြိမ်သက်သား သီလက္ခန္ဓ စသည် အထူး ဂုဏ်ကျေးဇူးကို ဆည်းပူးမပြတ် ရှာမှီးတတ်ဟု သကတ်ပဝတ္တ အနက်ရလျက် သက္ကဋဘာသာ သညာမည်ရှိ ထိုရသိ၌ ရိကိုရရေး က္လဧ အောက်မြစ် ဝေါဟာသစ်ဖြင့် မြန်ခေတ်ဗိုလ်လူ ရသေ့ဟူသည် . . .

ဟူ၍ ရသေ့ဝေါဟာရအခေါ်အဝေါ် အတွက် လမ်းညွှန်ခဲ့ပါ၏။ ဆရာတော်ဘုရားကြီး၏လမ်းညွှန်မှုအဓိပ္ပာယ်မှာ ရသေ့ဟူသည် ဣသိ၊ ရိသိ ဟူသော သက္ကဋဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဣသိသဒ္ဒါတွင် ဣကို 'ရ' ပြုလျက် သိအထက်ရှိ ဣကို 'ဧ' ပြု၍ အောက်မြစ်နှင့် ရသေ့ဖြစ်လာကြောင်း၊ ရသေ့ဟု ခေါ်ဝေါ်ကြောင်း ရှေးဆရာဟောင်းတို့က ဆိုကြ၏။ ရိသိသဒ္ဒါဖြင့် ရိကို 'ရ' ပြုသံဖြင့် လည်းကောင်း သိ၌ သအထက် ဣကို 'ဧ' ပြုသံဖြင့် လည်းကောင်း 'ဂဝမ္ပတိမှဂဝမ္ပတေ' ဖြစ်သကဲ့သို့၊ 'မုနိမှ မုနေ' ဖြစ်သကဲ့သို့၊ 'သုဇမ္ပတိမှ သုဇမ္ပတေ' ဖြစ်သကဲ့သို့ ရိသိသဒ္ဒါမှ ရသေ့ဖြစ်လာသည်ဟု ဖွင့်ဆိုခဲ့ခြင်း ဖြစ်၏။

ရှင်တော်မြတ်ဗုဒ္ဓ၏ပိဋကတ်သုံးပုံဝင် သုတ္တန်ကျမ်းမှ သုတ်သီလက္ခန် အဗ္ဗဋ္ဌသုတ်အဖွင့်၌ 'အဋ္ဌဝိဓာဟိ, တာပသာ သပုတ္တဘရိယာ ဥဉ္ဆာစရိယာ အနဂ္ဂိပက္ကိကာ အသာမပါကာ အယမုဋ္ဌိကာ ဒန္တဝက္ကလိကာ ပဝတ္တဖလာဘောဇနာ ပဏ္ဍုပလာသိကာသိ' ဟူ၍ ဟောမြွက်ခဲ့သည်ကိုတွေ့ရပါ၏။ ယင်းပါဠိကို မြန်မာပြန်ရပါမူ -

၁။ သားမယားနှင့်အတူတကွနေထိုင်၍ ဥစ္စာရွှေငွေပစ္စည်းတွေစုဆောင်းထိန်းသိမ်းသောရသေ့မျိုးကို သပုတ္တဘရိယရသေ့ဟု ခေါ်၏။

၂။ သားမယားနှင့်ပစ္စည်းရွှေငွေသည် ရသေ့တို့နှင့်မသင့်တော်ဟု နှလုံးသွင်း၍ လယ်ယာမြေများသို့လှည့်လည်ကာ ကောက်ပဲသီးနှံများအလှူခံသော ရသေ့မျိုးကို ဥဉ္ဆာစရိယရသေ့ဟု ခေါ်၏။

၃။ ကောက်ပဲသီးနှံတို့ကို အလှူခံပြီး စားသောက် သုံးဆောင်ရန် ထောင်းဖွတ်ချေလှေ့ရခြင်းသည် ရသေ့တို့နှင့် မသင့်တော်ဟု နှလုံးသွင်း၍ ရွာများသို့ ဝင်ကာ ဆွမ်းချက်ရန်အလို့ငှာ ထောင်းဖွတ်ချေလှေ့ပြီးသောဆန်တို့ကို အလှူခံ၍ ကိုယ်တိုင်ချက်ပြုတ်စားသောက်သော ရသေ့မျိုးကို အနဂ္ဂိပက္ကိကရသေ့ဟု ခေါ်၏။

၄။ ကိုယ်တိုင် ချက်ပြုတ်စားသောက်ရခြင်းသည် ရသေ့ရဟန်းတို့နှင့် မသင့်တော်ဟု နှလုံးသွင်း၍ ရွာများသို့ လှည့်လှည်ဝင်၍ ချက်ပြီးကျက်ပြီးသော ဆွမ်းတို့ကိုခံစားသော ရသေ့မျိုးကို အသာမပါကရသေ့ဟု ခေါ်၏။

၅။ ဆွမ်းအာဟာရအတွက် နေ့စဉ်ဆွမ်းခံထွက်ရခြင်းသည်ပင်လျှင် ရသေ့တို့နှင့်မသင့်တော်ဟု ယူဆနှလုံးသွင်းကာ ထုရိုက်စရာ လက်နက်ကျောက်ခဲစသည်တို့နှင့် (စား၍ရသည့်) သစ်ပင်သစ်ခေါက်သစ်သီးသစ်ဥတို့ကို ထုခွာခွဲခြေ၍ စားသောက်သော ရသေ့မျိုးကို အယမဋ္ဌိကရသေ့ဟု ခေါ်၏။

၆။ ကျောက်ခဲလက်နက်များဖြင့် သစ်ပင်သစ်ခေါက်သစ်သီးသစ်ဥတို့အား ထုခွာခွဲခြေရသည်မှာ ပင်ပန်း၍ ရသေ့တို့နှင့်မသင့်တော်ဟု နှလုံးသွင်းယူဆ၍ ပါးစပ်ဖြင့် သစ်ခေါက်ခွာစားသောရသေ့မျိုးကို ဒန္တဝက္ကလိကရသေ့ဟု ခေါ်၏။

၇။ သွားဖြင့်ခွာစားရခြင်းသည် ရသေ့တို့နှင့်မသင့်တော်။ သစ်သီးများကို တံချူသစ်ဝါးတို့ဖြင့် ပုတ်ခတ်ခြွေချ၍ စားရခြင်းက သင့်လျော်သည်ဟု နှလုံးသွင်း၍ သစ်သီးများခြွေချစားသော ရသေ့မျိုးကို ပဝတ္တဖလဘောဇနရသေ့ဟုခေါ်၏။

၈။ ရသေ့တို့သည် တံချူများ၊ သစ်ဝါးများ၊ ကျောက်ခဲများဖြင့် သစ်သီးများကို ခြွေချပုတ်ခတ်စားသောက်ခြင်းသည် မသင့်လျော်။ အလိုလိုကြွေကျသော သစ်သီး၊ အပွင့်အရွက်တို့ကိုသာ စားသောက်သင့်သည်ဟုယူဆနှလုံးသွင်းကျင့်ကြံသောရသေ့မျိုးကိုမူ ပဏ္ဍုပလာသိကရသေ့ဟုခေါ်၏။

ထို့သို့ ရသေ့ရှစ်မျိုးရှိကြောင်း သုတ္တန်တွင် ဟောမြွက်ထားပါ၏။

စာရေးသူ ငယ်ငယ်က ရသေ့များနှင့်ပတ်သက်သည်များကို အထူးစိတ်ဝင်စားခဲ့ဖူးပါသည်။ အခြားတိုင်းရင်းသားစာပေများကို လက်လှမ်းမှီသရွေ့ လေ့လာကြည့်ရာ ရသေ့နှင့်ပတ်သက်သောပုံပြင်၊ ဒဏ္ဍာရီ၊ ဝတ္ထုဇာတ်လမ်းများ တွေ့ရှိရသလို စာရေးသူတို့ ရှမ်းစာပေများ ရှေးပုရပိုက်များ စသည်တို့တွင်လည်း ရသေ့ရေးရာများ ပါဝင်နေသည်ကို ဖတ်ရှုလေ့လာခဲ့ရပါသည်။

လိုရင်းရေးရပါမူ ခေတ်အဆက်ဆက် နှစ်အဆက်ဆက် သမိုင်းအဆက်ဆက်က ရသေ့ကြီးများသည် ဘာလုပ်ကြသနည်းဟူမူ အချို့ရသေ့များက လူမနီးသူမနီး တောထွက်၍ တရားအားထုတ်ကြ၏။ အချို့သော ရသေ့ကြီးများက စာပေကျမ်းဂန်များသင်ယူပြီး သာသနာပြုကြ၏။ (ဥပမာ ရသေ့ကြီးဦးခန္တီကဲ့သို့ ပိဋကတ်စာပေများကို ရဟန်းဝတ်နှင့် နှစ်များစွာ သင်ယူတတ်မြောက်ပြီးမှ ရသေ့ဝတ်၍ ဗုဒ္ဓသာသနာတော်ကို ထွန်းပြောင်အောင် ကြိုးပမ်းအားထုတ် သာသနာပြုခဲ့၏)။ အချို့သောရသေ့ကြီးများက လောကုတ္တရာတရားအားထုတ်ရင်း လောကီလောက၌ ဆေးကုခြင်း၊ အင်္ဂရိတ်ထိုးခြင်း၊ နယ်လှည့်သာသနာပြုခြင်းများ ပြုလုပ်ကြ၏။

စာရေးသူတို့ဘိုးဘွားမိဘတို့အား စာရေးသူ ငယ်စဉ်အခါက မေးကြည့်ဖူးပါသည်။ ရသေ့များ အဘယ်ကြောင့် တောထွက်ကြပါသလဲဟု။

'ပျင်းလို့ . . .'

ဟူသောအဖြေကို ရသောအခါ (ရဟန်းသံဃာအချို့ အပါအဝင် ဘယ်ပုဂ္ဂိုလ်ကိုမေးမေး) စာရေးသူအံ့ဩသွားရပါတော့သည်။ သာမန်အရှုတွေးဖြင့် ပျင်းလို့ အပျင်းပြေရသေ့ဝတ်တယ်၊ ပျင်းလို့ အပျင်းပြေအောင် တောထွက်တယ်ဟု ခက်ဆစ်ဖွင့်ပြီး မိမိဘာသာ အဓိပ္ပာယ်ကောက်လွဲခဲ့သည်မှာ နှစ်များစွာပင်ဖြစ်၏။

အမှန်မှာ ထို့သို့ မဟုတ်ပေ။

နောင်နှစ်ပေါင်းအတန်ကြာမှ 'ပျင်းလို့' ၏ခက်ဆစ်အမှန်ကို ဂဃနဏ သိရတော့၏။ သံသရာကျင်လည်ရခြင်းကိုပျင်းလို့၊ လောကီလူရေးလူရာနှင့်နေ လောကီလူရေးလူရာနှင့်သေရမှာကိုပျင်း လို့ဟူ၍အဓိပ္ပာယ်ကို လောကီစကား ရှည်လျားစွာပြောရမှာပင် ပျင်းသဖြင့် ပျင်းလို့ဟုလိုရင်းတိုရှင်းပြောခဲ့ကြခြင်းပင် ဖြစ်မည်ထင်သည်။

ထို့သို့ လောကီရေးရာ လူ[illegible] ကိစ္စများနှင့် သံသရာမှာကျင်လည်ရ[illegible]

www.burmeseclassic.com

ပျင်းသော တောမှီရသေ့ကြီးများသည် တောထဲမှာတောင်ထဲမှာ ပျင်းများပျင်းနေမလားဟု ငယ်စဉ်ဘဝက စာရေးသူ တမေးသောအခါ အဘိုးအဘွားများက ရသေ့ကြီးတို့အပျင်းပြေ ဈာန် ကစားကြသည့်အကြောင်းကို ပြောပြကြလေ၏။

ကစားသည် ဆိုသည့်စကားသည် တလေးဆန်သဖြင့် ရသေ့ကြီးများသည် ဦးထုပ်ရှည်ရှည်ဒေါက်ခြာနှင့် သက်န်း တဖားဖားနှင့် ပြေးလွှားကြကာ ကစား ကြသည်လားဟု ထင်ရာမြင်ရာ ရမ်းစွတ် တွေးခဲ့ဖူး၏။ အဘိုးအဘွားတို့ရှင်းပြမှ စာရေးသူတို့ထင်သလို ရသေ့ကြီးများ ပြေးကြလွှားကြနှင့် ဟန်ဖြင့်မကစားကြ ဘဲ တည်တည်ငြိမ်ငြိမ်ထိုင်ကာ ဉာဏ် အသွားဖြင့် ဈာန်ကစားကြသည်ကို သိရ တော့သည်။ (ယနေ့ ဖဲရိုက်၊ ကတ်ရိုက် ကြသည်များသည် ရသေ့ကြီးတို့ဈာန် ကစားသည်မှ သက်ဆင်းရွေ့လျောလာ သည်ဟုဆိုရပါမည်)။

ဤသို့သော ဉာဏ်ကစားခြင်း၊ ဈာန်ကစားခြင်း မူရင်းကို နည်းယူ၍ ဇလေဦးပုညက ခမ္မတေးတစ်ပုဒ်အဖြစ် တပျာ (ငိုချင်းဟုယူဆရပါ၏။) စပ်ဆို ခဲ့တာဖတ်ရဖူးသည်။ သို့သော် အနက် အဓိပ္ပာယ်ဖွင့်ဆိုချက်မပါသောကြောင့် ယနေ့ခေတ် မြန်မာရှေးကဗျာစာပေ လိုက်စားသော လူငယ်လူရွယ်တစ်ချို့မှာ ထိုကဗျာ၏ အဓိပ္ပာယ်ကို မသိသဖြင့် ကဗျာကိုမခံစားတတ်၊ ပြန်မဖော်ထုတ် တတ်သောအခါ တဖြည်းဖြည်းတိမ်မြုပ် ရတော့၏။ ဦးပုညက ထိုကစားနည်းကို သုံးပုံဖလှယ်ကစားနည်းဟု အမည်ပေး ခဲ့ပါသည်။ ထိုကဗျာမှာ အောက်ပါ အတိုင်း ဖြစ်၏။

*ဒါလိုက်တဲ့ဖဲရယ် ထင်ကြူးတီစုံနှင့်*
*ပါတင်းစုံရင်းစုံဘက်ပြန်တော့သည်*
*လက်ပါစင်ဖမ်းမယ်လို့မှန်းမိပါတယ်။*
*အရင်ဦးထင်ကြူး ဗွေဆော်လာတော့*
*ယင်းစုံချထေကာရယ် ကျယ်မယ်လို့*
*ကြံပါတုန်း ရှောတိုးကိုပြင် မိုးကြိုးတန်*
*ဆာဆင်တော့ စုံသည့်ပြင်ကြံရဖူးတယ်*
*လို့ ထင်ကြူးအတွင်ယုံမိလို့နောက်*
*တစ်ဖန်စုံကုဒင်ကြောင့် ကုန်အဆင်*
*ထေလို့ပေးလိုက်ရတယ် (အမယ်မင်း*
*. . .) လေးဖက်နဲ့ရှုံး. . .*

ရသေ့ကြီးများ ဈာန်ကစားပွဲ အကြောင်းမရှင်းပြမီ ဦးပုည၏ ကဗျာ ဆိုလိုရင်းကို ဦးစွာရှင်းပြပါမည်။ သုံးပုံ ဖဲကစားပွဲတွင် စုစုပေါင်းဖဲချပ် နှစ်ဆယ့် လေးချပ်ရှိပါ၏။ ထိုနှစ်ဆယ့်လေးချပ် ဖဲချပ်များအနက် ရှမ်းခေါ်ကြူးစုံနှစ်ချပ်၊ ပါတင်စုံနှစ်ချပ်၊ စီတင်စုံနှစ်ချပ်၊ ငါး ပေါက်စုံနှစ်ချပ်၊ မြန်မာခေါ် ထင်စုံနှစ်ချပ်၊ တီစုံနှစ်ချပ်၊ ယင်းစုံနှစ်ချပ်၊ ဆင့်ဆံစု နှစ်ချပ်၊ ဝေါ်စုံနှစ်ချပ်၊ အိုးမဲစုံနှစ်ချပ်၊ ကုဒင်စုံနှစ်ချပ်၊ ခြောက်ပေါက်မတစ်ချပ်၊ သုံးပေါက်ချွန်းတစ်ချပ်ဖြင့် စုစုပေါင်း နှစ်ဆယ့်လေးချပ်ဖြစ်ပြီး ခြောက်ပေါက်မ နှင့်စီတင်ကောက်တို့တွဲသောအခါ မိုးကြိုးစုံ ဟု သုံးနှုန်းလေ၏။

ကစားရာတွင် ငါးပေါက်ချွန်းနှင့် သုံးပေါက်ချွန်းတွဲသောအခါ ရှောတိုးစုံ ဟု ခေါ်သည်။ ခြောက်ပေါက်မနှင့် သုံးပေါက်ချွန်းတွဲသောအခါ မင်္ဂလာစုံတွဲ ဟု ခေါ်ကြ၏။ ရှောတိုးစုံကို မိုးကြိုးစုံက နိုင် သည်။ ကစားရာ၌ (ဦးပုညဆိုလိုချင် သည်မှာ) ကစားသမားသုံးယောက်မှ တစ်ယောက်၏လက်တွင် -

ထင် (၁) ချပ်၊ ကြူး (၁) ချပ်၊ တီစုံ (၂) ချပ်၊ ယင်းစုံ (၂) ချပ် (ပေါင်း ၈ ချပ်) ဖြစ်၍ အကြီးဆုံးနှင့် အကောင်း စားများသာဖြစ်နေသည်။ ဒီတစ်ပွဲတော့ ငါပါစင်ဖမ်းနိုင်ပြီဟု စိတ်ထဲမှာဝမ်းသာ အားရဖြစ်နေစဉ် တစ်ဖက်ကစားသမား တစ်ယောက်က ထင် (၁) ချပ်၊ ကြူး (၁) ချပ်၊ ဖဲအကြီးဆုံးများထွက်လာရာ ပထမတစ်ယောက်က သူ၏ဖဲများထဲမှ အငယ်ဆုံးယင်းစုံ(၂)ချပ်ချပြီး ထေလိုက် ကာကွယ်လိုက်ရတော့သည်။

ပထမကစားသမားက ငါပါစင် မဖမ်းနိုင်တော့ဘူး၊ ကျယ်ရုံပဲကျယ်ရ တော့မည်ဟု စဉ်းစားနေချိန်တွင် တစ်ဖက်ကစားသမားက ရှောတိုးတစ်စုံ၊ မိုးကြိုးတစ်စုံနှစ်စုံချ၍ စိတ်ထဲမှတွေး သည်က စုံတွေတော့ကုန်လောက်ပြီ ငါ့ လက်ထဲအကြီးဆုံး ထင် (၁) ချပ်၊ ကြူး (၁) ချပ်ချန်ထားပြီး အနိုင်စောင့်ရုံပဲဟု တွေးတောအားရကျေနပ်နေစဉ် ကျန် ကစားသမားတစ်ယောက်က ကုဒင်စုံ ကလေးချလိုက်ရာ ထင် (၁) ချပ်၊ ကြူး (၁) ချပ် (ဖဲကြီး ၂ ချပ်)ကိုင်ထားသော ကစားသမားများမှာ မှန်းချက်မကိုက် တော့ဘဲ ချန်ထားသည့် ဖဲ(၂)ချပ်ကိုချ၍ ထေလိုက်ရပြန်သည်။

သို့မို့ကြောင့် လူ့လောကတွင် လူတို့သည် ကိုယ်ထင်မြင်တွေးတောထား သည့်အတိုင်း မဖြစ်နိုင်သည့်အကြောင်း တရားများဖြင့်ပြည့်နေပါကြောင်း၊ ဖဲ တစ်ချပ်မှမနိုင်ဘဲ လေးဖက်လေးတန် ရှုံးရပါကြောင်း ဦးပုညက သုံးပုံဖဲဖြင့် တင်စားစပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ပြည့်စုံလုံလောက်သည့် တရား မရသေးသည့် ရသေ့ကြီးတို့တွင်လည်း လောကီလူသားများကဲ့သို့ လောင်မြိုက် ကူးစက်လွယ်သော မီးဆယ့်တစ်မီးရှိ ပါ၏။ ထိုလောင်ကျွမ်းဖွယ်ရာ မီးဆယ့် တစ်မီးမှာ -

- ကပ်ငြိတွယ်တာမှုရာဂမီး၊ ပြစ်မှား ကြမ်းတမ်းမှုဒေါသမီး၊ တစ်နေ့ တခြား ရင့်ရော်အိုမင်းမှု ဇရာမီး၊ အမှန်ကိုမသိမှု မောဟမီး၊ ပဋိ သန္ဓေနေမှု ဇာတိမီး၊ သေရမှု မရဏမီး၊ စိုးရိမ်ရမှု သောကမီး၊ ငိုကြွေးရမှု ပရိဒေဝမီး၊ ကိုယ်၏ ဆင်းရဲမှု ဒုက္ခမီး၊ စိတ်၏မချမ်းသာ မှု ဒေါမနဿမီး၊ အလွန်တရာ ပင်ပန်းမှု ဥပါယာသမီး -

ဟူ၍ဖြစ်ပြီး ထိုသောဆယ့်တစ်မီး ဆင်ရိုင်းကို ပညာချွန်း (သုံးပုံဖဲဝေါဟာရ) ဖြင့်အုပ်နိုင်ရန် ရသေ့ကြီးများက သစ်သား ပြားကလေးများ (၂၄) ခုတွင် ပရမတ္တ သံခိပ်အစိတ်အပိုင်း (၂၄) အမည်ကို ဖောက်ထွင်းမှတ်သား၍ တီထွင်ကစား ကြ၏။ ထိုပရမတ္တသံခိပ်အစိတ်အပိုင်း (၂၄) မျိုးကို စိတ်မှတ်ကျက်နိုင်ရန် အတို ချုပ်သံပေါက်ကဗျာလင်္ကာလေးရှိခဲ့ဖူးပါ သည်။

- သော ခုနစ်တန်၊ ဉာဏ်သံဝိလေး၊ ပွားရေးအသ၊ မဌသုံးလီ၊ ကု-ဝိ- ကြိ၊ စ-ဝိကာမ၊ သောဘဏ - ဟူ၍ဖြစ်သည်။

ထိုပရမတ္တသံခိပ် (၂၄) ပါးကို ထပ်မံ၍ အတိုချုပ်ကြည့်လျှင် ကုသိုလ် ရှစ်၊ ဝိပါတ်ရှစ်၊ ကြိယာရှစ်ဖြစ်၍ ရှစ်သုံးလီ နှစ်ဆယ့်လေးကို သစ်သား ပြားကလေး (၂၄) ခုတွင် ထွင်းဖောက် မှတ်သား၍ ရသေ့ကြီးသုံးပါးက တစ်ပါး လျှင်ရှစ်ခုစီ ဝေငှယူငင်ကာ ဈာန်ကစား ဉာဏ်ကစားကြပါ၏။

ဤသည်မှာ ရသေ့စိတ်ဖြေသုံးပုံ ဖဲဈာန်ကစားနည်းပင်ဖြစ်ပါသည်။ ထိုသို့ သောနည်းဖြင့် ရှေးရှေးအတိတ်အတော ကာလများစွာက လူ့လောကကို ပျင်းရိ ငြီးငွေ့သော တောမှီရသေ့ကြီးများသည် အပျင်းပြေစေရန် သုံးပုံဖဲဉာဏ်ကစား နည်း၊ ဈာန်ကစားနည်းဖြင့် အပျင်းဖြေ ခဲ့ကြပါသည် သို့မဟုတ် နည်းတစ်မျိုးဖြင့် တရားနှလုံးသွင်းခဲ့ပါကြောင်း တွေးတော ယူဆ တင်ပြလိုက်ရပါ၏။

□ **ဈာန်** - အာရုံတစ်ခုတည်းသိရှိမှု။

စိုင်းထွန်းအေး



www.burmeseclassic.com

www.burmeseclassic.com

# ဉာဏ်မြင့်

## တွေ့ရာလေးပါး စာနှင့်စကား

### ဗုဒ္ဓဝန္ဒနာနှင့်ဗုဒ္ဓါနုဿတိဘာဝနာ

*ဤ'တွေ့ရာလေးပါးစာနှင့်စကား' ခေါင်းစဉ်သည် ဗဟုဿုတမင်္ဂလာ၌ ဟောကြားတော်မူသည့် 'သုဘာသိတာစ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ' အရ စကားအရာအင်္ဂါ(၄)တန်ကို ရည်ရွယ်ပြီးတပ်ထားခြင်း ဖြစ်၏။ စကားအရာအင်္ဂါ (၄) တန်ကား (၁) ကောင်းသောစကားကိုဆိုခြင်း (သုဘာသိတဝါစာ)၊ (၂) ချစ်ဖွယ်စကားကိုဆိုခြင်း (ပိယဝါစာ)၊ (၃) တရားနှင့်စပ်သောစကားကို ဆိုခြင်း (ဓမ္မဝါစာ) နှင့် (၄)မှန်သောစကားကိုဆိုခြင်း (သစ္စဝါစာ) တို့ ဖြစ်သည်။*

(ဤကား-စကားချပ်)

❑

တစ်နေ့သော မနက်ပိုင်းတွင် ကျွန်တော် ဘုရားဝတ်တက်နေစဉ် ကျွန်တော်နှင့် တရားဓမ္မအကြောင်း ဆွေးနွေးနေကျ မိတ်ဆွေကြီး ဆိုင်းမဆင့် ဗုံသံမကြားဘဲရောက်လာ၏။ မိတ်ဆွေကြီးအား အိမ်သားများက ဘုရားခန်းနှင့်ကပ်လျက် ဧည့်ခန်းတွင် နေရာချထားပေးပြီး ကော်ဖီ၊ မုန့်တို့ဖြင့် ဧည့်ခံထားသည်။ ကျွန်တော် ဘုရားခန်းကထွက်လာသောအခါ သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

"မိတ်ဆွေကြီးရောက်နေတာ ကြာပြီလားဗျ"

ကျွန်တော် နှုတ်ဆက်စကားဆိုလိုက်သည်။

"ဟုတ်ကဲ့ - ကြာပြီဆိုပါတော့၊ မတွေ့ရတာကြာတာနဲ့ ရောက်လာတာဗျ"

သူကပြောသည်။ ဟုတ်ပါသည်။ သူနှင့် ကျွန်တော် မတွေ့ရတာ (၄)၊ (၅) လခန့်ရှိပြီ။ 'အနှိုင်းမဲ့ဆိုတာဗုဒ္ဓ'ဆိုသည့် ဆောင်းပါး နောက်ပိုင်းကတည်းက မတွေ့ရခြင်း ဖြစ်ပါသည်။ သို့နှင့် သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်၏။

"ခင်ဗျားဝတ်တက်နေတာအတော်ကြာသဗျ"

"သိပ်မကြာပါဘူးဗျာ၊ နာရီဝက်လောက်နေမှာပါ"

"ခင်ဗျားဝတ်တက်တာနားထောင်နေတာ၊ နားထောင်လို့ အကောင်းသားကလား"

"ဘာတွေပါလို့နားထောင်ကောင်းနေတာလဲဗျ။ အသံအနေအသံအထား ကောင်းလို့တော့မဟုတ်တန်ဘူးထင်ရဲ့"

"အသံသြဇာကောင်းလို့မဟုတ်ဘူးဗျ"

ဟူ၍ ပြောဆိုကာ အတော်နှင့် သူ့ထံက စကားထွက်မလာ။ သူစဉ်းစားနေပုံရ၏။ နောက်မှ သူကဆက်လက်ပြီး စကားအရှည်ကြီးပြောပါသည်။

"ကျုပ်စဉ်းစားမိတာပြောမလို့ဗျ။ ခင်ဗျား 'နမောတဿ'နဲ့ ပထမဦးဆုံး ဗုဒ္ဓဝန္ဒနာပြုတယ်။ နောက်တစ်ပုဒ်ကျတော့ 'လက္ခဏာတော်ကြီးငယ်အသွယ်သွယ်ဖြင့်' ဆိုတဲ့အပုဒ်နဲ့ ရှိခိုးတယ်။ နောက်တစ်ခါကျတော့ ဘုရားအလောင်းတော် နုစဉ်ကာလက ပါရမီတော်ဖြည့်ကျင့်ပုံ အပုဒ်နဲ့ရှိခိုးတယ်။ နောက်ဆက်ပြီး ပစ္ဆိမဘဝ (ဘုရားဖြစ်မယ့်ဘဝ) မှာ အဆုံးစွန် အကျိုးပေးပုံကို ရွတ်ဆိုကန်တော့တယ်။ အဲဒါ ကျုပ် သတိထားမိတာဆိုပါတော့။ ကြည်ညိုဖို့ကောင်းလိုက်တာ၊ ဧည့်ခံထားတဲ့ကော်ဖီတောင် မသောက်မိဘူးဗျာ။ အေးတောင်နေပြီ"

"ဆိုလှချေလား၊ဒါလောက်တောင်ပဲလား"

ဟု ကျွန်တော်က ပြောမိသည်။

"အဟုတ်ပါ၊ မုသားမပါဘူး။ ခင်ဗျားဘုရားရှိခိုးတွေက တစ်ပုဒ်နဲ့တစ်ပုဒ် ဂုဏ်တော်တွေက ဆက်စပ်နှီးနွယ်နေတာကို သတိပြုမိတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် - အဲဒါလား၊ အဲဒါက ဒီလိုဗျ။ ဘုရားဂုဏ်တော်တွေ တစ်ပုဒ်နဲ့ တစ်ပုဒ် ဆက်နွယ်ပတ်သက်နေတော့ ဗုဒ္ဓဝန္ဒနာအပြင် ဗုဒ္ဓါနုဿတိဘာဝနာလည်းဖြစ်သွားအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောဖြစ်အောင်လို့ဗျ"

ဟု မိတ်ဆွေကြီးအား ပြောပြရသည်။

"ဘယ်လိုဗုဒ္ဓါနုဿတိဘာဝနာဖြစ်တာလဲဗျ။ ရှင်းစမ်းပါဦး"

သူက စိတ်ဝင်တစား ပြန်လည်ဆွေးနွေးလာ၏။ စောစောကလည်း သေသေချာချာ ဂရုတစိုက်နားထောင်နေသည်။ ဘုရားရှိခိုးတစ်ပုဒ်နှင့်တစ်ပုဒ် ဘုရားဂုဏ်တော် ဆက်နွယ်ပတ်သက်နေသည်ဟု သူပြောခဲ့၏။ သို့ရာတွင် ဘုရားရှိခိုးများတစ်ပုဒ်နှင့်တစ်ပုဒ်ဆက်စပ်နေခြင်းဖြင့် ဗုဒ္ဓဝန္ဒနာကိစ္စမျှမဟုတ်ဘဲ ဗုဒ္ဓါနုဿတိဘာဝနာအထိဖြစ်နိုင်သည်ကို သူစဉ်းစားမိဟန်မတူ။ တကယ့်အနှစ်သာရ လိုရင်းကိစ္စကို သတိမပြုမိဘဲဖြစ်နေ၏။

"နမောတဿနဲ့ ပထမရှိခိုးတယ်ဆိုရင် ဥပမာ ဘဂဝါဂုဏ်တော်၊ အရဟံဂုဏ်တော်နဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်တွေကိုရှိခိုးတာဗျ။ တစ်နည်းအားဖြင့်တော့ ဒီဂုဏ်တော်တွေကို အာရုံပြုပွားများနိုင်တယ်ဆိုရင် ဗုဒ္ဓါနုဿတိဘာဝနာလည်းဖြစ်နိုင်တယ်မဟုတ်လားဗျာ"

"ဖြစ်နိုင်ပါတယ် ဆိုပါတော့"

သူက ဖြေတော့ဖြေသည်။ သိပ်နှစ်နှစ်ကာကာသဘောမျိုးမဟုတ်။

သို့နှင့် -

"ကျွန်တော်တို့ယုံကြည်ဆည်းကပ်ကိုးကွယ်နေတဲ့ဘုရားဆိုတာ ဘယ်လိုဗုဒ္ဓလဲ"

ဟူ၍ သူ့ကို မေးမြန်းလိုက်ပါသည်။

"ဘယ်လိုဗုဒ္ဓလဲဆိုတော့ ဘဂဝါဂုဏ်တော်၊ အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ဘုရားဟာ ဗုဒ္ဓပေါ့ဗျ။ ဟုတ်တယ် မှတ်လား"

ဟု သူဖြေဆိုသည်။

"သိပ်ဟုတ်တာပေါ့ဗျာ၊ ကျုပ်တို့ကိုးကွယ်တဲ့ဘုရားဟာ ဒီဂုဏ်တော်တွေနဲ့ပြည့်စုံတော်မူလို့ ဗုဒ္ဓလို့ခေါ်ရတာပါ။ လက္ခဏာတော်ကြီး (၃၂) ပါးလက္ခဏာတော်ငယ်(၈၀)နဲ့ပြည့်စုံတော်မူပါတယ်။ ဒါကြောင့် ရူပကာယတော်က သပ္ပာယ်ကြည်ညိုဖွယ်ရာလည်းဖြစ်ပါတယ်။ ဒီရူပကာယတော်မှာ ပါရမီတော်တွေနဲ့လည်း လွှမ်းခြုံထားလို့ ပိုပြီးကြည်ညိုဖွယ်ရာဖြစ်တယ်။ အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာအညစ်တွေကိုပယ်သတ်ထားလို့ ဗုဒ္ဓလို့ခေါ် ဆိုရပြီး သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ပြည့်စုံတော်မူပါတယ်။ ဒါကြောင့် ဗုဒ္ဓသမုတ်ရတာပါ"

"စောစောက ဘုရားရှိခိုးနေတာ နားထောင်ပြီးသားပါ။ ပြန်နားထောင်ကြည်ညိုချင်လို့ထပ်ပြီးရွတ်စမ်းပါဦးဗျာ။ အားတော့နာပါရဲ့"

"အားနာစရာမလိုပါဘူး။မိတ်ဆွေကြီးကြည်ညိုချင်တယ်ဆိုရင် ထပ်ပြီးရွတ်ဆိုရှိခိုးပါ့မယ်။ အာရုံပြုဗျာ"

"လက္ခဏာတော်ကြီးငယ်အသွယ်သွယ်ဖြင့် သပ္ပာယ်လှစွာ၊ ကိုယ်အင်္ဂါဝယ် ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွမ်းထုံသင်းကြူ သယမ္ဘူဟု၊ ဉာဏ်တူကင်းလတ်၊ အံရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ ကိလေရှင်းသား၊ ဉာဏ်ရှင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာသမ္ဗောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏၊ ကိန်းဝပ်စံပျော်၊ ခန္ဓာပေါ်ဝယ်၊ ဘွဲ့တော်ဗုဒ္ဓ၊ တင်ပါရသည်၊ ဗုဒ္ဓထွတ်ထား၊ မြတ်ဘုရား' တဲ့။ ကဲ - သဘောပေါက်လားဗျာ"

ဤသို့ ကျွန်တော်မေးလိုက်သောအခါ သူက အားရပါးရပင် -

"ဟုတ်တယ်ဗျ၊ ကျုပ်တို့ဘုရားဟာ လက္ခဏာတော်ကြီး(၃၂)ပါး၊ လက္ခဏာတော်ငယ်(၈၀)နဲ့ ပြည့်စုံတော်မူလို့ အလွန်တရာသပ္ပာယ်တော်မူတဲ့ ရူပကာယတော်အဆင်းနဲ့ ပြည့်စုံတော်မူတယ်။ ဒီလိုသပ္ပာယ်တော်မူတဲ့ဘုရားဟာ (၄) အသင်္ချေနဲ့ကမ္ဘာ(၁)သိန်းပါရမီတော်တွေ ဖြည့်ကျင့်တော်မူခဲ့ရတယ်။ မိုးပေါ်ကကျလာတဲ့ ဖန်ဆင်းရှင်ဘုရားမဟုတ်ဘူး။ တကယ့်မဟာလူသားအစစ်ပါ။ သတ္တဝါများအပေါ်မှာလည်း ရာဟုလာအလားရင်ဝယ်သားကဲ့သို့ သနားကြင်နာတော်မူတဲ့ မဟာကရုဏာဉာဏ်တော်ကြီးနဲ့ပြည့်စုံတော်မူပါတယ်။ ဒါကိုပေါ်လွင်အောင် ချီးကျူးသီကုံးထားတဲ့ ဘုရားရှိခိုးဆိုတာ သဘောပေါက်ပါတယ်။ မြတ်စွာဘုရားကိုလည်း ကြည်ညိုစိတ်တွေတဖွားဖွားဖြစ်ပါတယ်ဗျာ"

ဟု သူက စကားအရှည်ကြီးနှင့် လှိုက်လှိုက်လှဲလှဲပြောဆိုပါသည်။

"အေးဗျာ၊ ကျွန်တော်တို့ကိုးကွယ်ဆည်းကပ်တဲ့ဗုဒ္ဓဟာ ဒီဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူလို့ ဗုဒ္ဓလို့ခေါ် ဆိုသမုတ်ရတယ်ဆိုတာ အာရုံပြုနိုင်အောင်လို့ ပထမဆုံး လက္ခဏာတော်ကြီး၊ ငယ် အသွယ်သွယ်ဖြင့် ဘုရားရှိခိုးနဲ့ရှိခိုးတာပါ။ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဗုဒ္ဓါနုဿတိဘာဝနာမှာ ဒီဘုရားရှိခိုးပါပါတယ်"

"နောက်တစ်ပုဒ်ဆက်ကြည်ညိုရအောင်ဗျာ"

"နောက်တစ်ပုဒ်ကလည်း မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ရတနာ့ဂုဏ်ရည်ကျမ်းကဖြစ်ပါတယ်"

"ဟုတ်ကဲ့-နားထောင်ရအောင်"

"နားထောင်ကြည်ညိုပါ။ ပါရမီတော်နုစဉ်ကာလက သတ္တဝါတွေအပေါ် မဟာကရုဏာဉာဏ်တော်ကြီးက ကြီးကျယ်လွန်းလို့ လက်တော်ရောက်ပြီးသား နိဗ္ဗာန်ကြီးကို အလွယ်တကူလှမ်းမယူဘဲ မိမိရဲ့အသက်စည်းစိမ်ဥစ္စာအင်္ဂါခြေလက်တွေစွန့်ပြီး အနစ်နာခံပြီး ပါရမီတော်တွေကို မငြိုမငြင်ဖြည့်ကျင့်ဆည်းပူးတော်ရပုံကို ဆရာတော်ကြီး ချီးမွမ်းဖွဲ့ဆိုသီကုံးထားတဲ့ ဗုဒ္ဓဝန္ဒနာဂါထာတစ်ပုဒ်ကို ကြည်ညိုရအောင်ဗျာ။

သဗ္ဗောဒါတော ကာရုဍေန-
နာထော ပရတ္ထမာဝဟော။
ကရောပယာတ နိဗ္ဗာနံ၊
ဩသဇ္ဇ ဒုက္ခရံ ကုရုံ။ ။

**နာထော** - ငါ၏ကိုးကွယ်၊ ငါ့ကိုကယ်၍၊ ငါ့နှယ်မခြား၊ လူနတ်များ၏၊ ကိုးစားရာသခင်၊ ဘုရားရှင်ကိုယ်တော်မြတ်သည်၊ **ကာရုညေန** - သတ္တဝါခပင်း၊ ဆင်းရဲခြင်းကြောင့်၊ ပြင်းပြလှစွာ၊ မဟာကရုဏာတော်သည်၊ **သဗ္ဗောဒိတော** - မလွဲမရှောင်သာ၊ ခါခါထပ်ထပ်၊ နှိုးဆော်အပ်သည်ဖြစ်၍၊ **ကရောပယာတနိဗ္ဗာနံ**-လက်လှမ်းမီလောက်၊ အနီးရောက်လျက်၊ မျက်မှောက်ပြုရန်၊ မြတ်နိဗ္ဗာန်ကို၊ **ဩသဇ္ဇ** - အလွယ်တကူ၊ လှမ်းမယူပါဘဲ၊ ဗိုလ်လူထွက်တာ၊ ပယ်စွန့်ခွာ၍၊ **ဒုက္ကရံ** - သာမန်လူများ၊ မကြံအားသည့်၊ ကြီးမားလွန်ကဲ၊ ပြုနိုင်ခဲပေသော ပါရမီဖြည့်မှုကြီးကို၊ **ကရုံကရေန္တော**-လေးအသင်္ချေကိန်း၊ ကပ်တစ်သိန်းမျှ၊ ထိန်းသိမ်းဆင့်ဆင့်၊ ပြုကျင့်တော်မူလျက်၊ **ပရတ္ထံ**-လူနတ်အများ၊ ချမ်းသာပွားဖို့၊ တရားဖြင့်အေး၊ ကြီးပွားရေးကို၊ **အာဝဟော**-ကိုယ်ဆင်းရဲမှု လျစ်လျူရှု၍၊ အမှုပါအောင်၊ ပြုဆောင်တော်မူခဲ့ပါပေသတည်း။ ။

ဗုဒ္ဓမြတ်စွာသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်ကပွင့်တော်မူသည့်ဒီပင်္ကရာဘုရားရှင်ထံတော်မှောက်၍ နိယတဗျာဒိတ်ကို ခံယူရရှိတော်မူခဲ့ပါသည်။ ထိုစဉ်ကတည်းက လက်တော်



www.burmeseclassic.com

www.burmeseclassic.com

အနီးရောက်လုနီးနေသော နိဗ္ဗာန်တရားတော်ကြီးကို အလွယ်တကူ လှမ်းမယူဘဲ လူသာမန်များအဖို့ လုပ်ဖို့နေနေသော ကြံစည်စိတ်ကူးဖို့ပင် မလွယ်ကူသော ဓါရမီဆယ်ပါး၊ အပြားသုံးဆယ်ကို ဘာဝနာကြီးလေးပါးဖြင့်မငြိုမငြင်ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ပုံကို သရုပ်ပေါ်အောင် မဟာဂန္ဓာရုံဆရာတော်ကြီး ချီးကျူးဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

မဟာဂန္ဓာရုံဆရာတော်ကြီးကဲ့သို့ပင် အလောင်းတော်သူမြတ်၏ ပါရမီတော်များ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရပုံကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရစတုတ္ထစံကျောင်းဆရာတော်ကြီးကလည်း ချီးကျူးဖွဲ့ဆို သီကုံးထားသည့် လင်္ကာစကားပြေ နှစ်ထွေရောပြွမ်း ဖွဲ့ဆိုထားသည်ကို အာရုံပြုစေလိုသဖြင့် -

"မိတ်ဆွေကြီး၊ ကြည်ညိုတဲ့သဒ္ဓါတရားဖြစ်နေပြီလား"

"ဟုတ်ကဲ့ - ကြည်ညိုမိတာတော့ အမှန်ပါပဲဗျာ"

"နောက်ထပ်ကြည်ညိုဖွယ်ရာတစ်ခုကို ပြောပြဆွေးနွေးချင်ပါတယ်။ နားထောင်ဦးမလားဗျာ"

"ကြည်ညိုဖွယ်ရာပဲဗျာ၊ နားထောင်မှာပေါ့"

"ဒီလိုဆိုရင် ဆရာတော်ကြီးရဲ့ ဩဝါဒရတနာ သုတပဒေသာစာအုပ်ထဲက လင်္ကာစကားပြေ နှစ်ဆွေရောပြွမ်း ချီးမွမ်းထားတာကို ကျွန်တော်ဖတ်ပြမယ်ဗျာ။ ကြည်ညိုပါတော့။

'တိဗုဒ္ဓ ခေတ္တေက ဒိဝါကရံ' ကျမ်းဂန်ပုံငြိ၊ လာအရှိဖြင့်၊ ဇာတိ-အာဏာ-ဝိသီယာဟု၊ သုံးဖြာထင်လင်း၊ ဗုဒ္ဓခေတ်နယ်အတွင်း၌၊ ပြိုင်ဘက်ကင်းနေတစ်ဆူ၊ ဖြစ်ခြင်းကြီးဖြစ်တော်မူသည့် နန္တဂူအဂ္ဂ၊ သယမ္ဘူဘဂျဝ (ဘက်ဂျဝဟုဖတ်ရန်)၊ စံမတူဖက်မမှုသည့်၊ သကျပရမေ၊ နေမင်းဆွေသည်၊ မသေရာမှန်၊ နိဗ္ဗာန်ဖိုလ်မဂ်၊ မတက်ဝေးကွာ၊ ပါရမီသေးစွာသည့်၊ သတ္တဝါမှန်သမျှ၊ ဒုက္ခိတအဖြာဖြာကို၊ မဟာဗောဓိသတ္တ၊ ဘုရားအလျာ၊ သူမေဓာဘဝကပင်၊ သို့စင်တင်းကျမ်း၊ ဒုက္ခစုံရောပြွမ်းသည့်၊ ဘေးဘျမ်းထူစွာ၊ သံသရာမှ၊ မုန်စွာမချွတ်၊ ငါလျှင်လွတ်က၊ ယင်းသတ္တဝါ၊ အနန္တတို့ကိုလည်း၊ ငါတရထည်၊ လွတ်စိမ့်မည်ဟု၊ ကြံစည်မျှော်ရှု၍၊ ဆုံးဖြတ်ချက်ပြုပြီးကာ၊ ကရုဏာဗလဝ၊ သနားတော်မူလှ၍၊ အမတမြိုက်၊ ရွှေလက်တော်ဆိုက်ပြီးကို၊ သိမ်းပိုက်တော်မမူဘဲ၊ ပါရဂူထဲနှီး၊ သယမ္ဘူပုံချီးလျက်၊ ပွဲအသီးငါခံမည်ဟု၊ အကြံတော်ဇရာနှင့်၊ ရွှေဗျာဒိတ်ဇင်မန်းကို၊ ဆင်မြန်းတော်မူပြီးလျှင်၊ အသချေ့အသချေ၊ လေးကြိမ်တိုင်လွန်စေလျက်၊ သိန်းကပေပွအပြည့်၊ ဘဒ္ဒကပ်အလှည့်တွင် ကျင့်ဖြည့်စုံစီ၊ ပါရမီမျိုးစေ့၊ လောက်လွှေ့ရင့်သန်၊ ပွင့်ချိန်တော်တန်ရကား၊ ဘုရားတကာ၊ ပွင့်ရာဌာန၊ မဇ္ဈိမတိုက်၊ ပိုက်ပိုက်ကိုးရာ၊ လက်ချက်မှာလျှင်၊ ရတနာရိုးရှက်၊ ခက်လက်ဝေဆန်း၊ ရှုမခန်းသည့်၊ ညောင်နန်းတော်ပင်အောက်၌၊ မြားမြောက်စုံညီ၊ ပါရမီဗလ၊ ရွှေဘုန်းဂုဏ်အနန္တကြောင့်၊ မြေထက်မှပေါ်လာ၊ မဟာဝိဇယ၊ အပရာဇိတပလ္လင်တော်မဟာဝယ်၊ ငါးသွယ်သောရန်အညစ်ကို၊ အမြစ်ပါကျန်မကြွင်းရအောင်၊ နှိမ်နင်းတော်မူပြီးသောကာလ၌၊ အရဟတ္တမဂ်ဉာဏ်လျှင်၊ ပဒဌာန်အခြေရှိသော၊ သမ္မာသမ္ဗောဓိ၊ လောကဆီမီး၊ ရွှေဉာဏ်တော်ထွတ်ထီးကို၊ သိမ်းဆည်းစိုးပိုင်၊ လောကဓာတ်ဘုံခရိုင်ဝယ်၊ ယှဉ်နိုင်သူပျောက်ကင်း၍၊ မင်းထက်မင်းဖြစ်လေလျှင် - ဆိုပြီး ဖွဲ့နွဲ့သီကျူးထားလိုက်တာ အံ့မခန်းပါပဲဗျာ"

"အေးဗျာ၊ ဒီစာသားကို ဌာန်ကရိုင်းကျကျ ဗျဉ္ဇနဗုဒ္ဓိ(၁၀)ပါးနဲ့အညီ ရွတ်ဆိုနိုင်ရင် ကြက်သီးတဖြန်းဖြန်းထလောက်တယ်ဗျ"

ဟု သူကဆိုလာပါ၏။

"ဟုတ်လည်းဟုတ်ပါတယ်။ အသံဩဇာကောင်းကောင်းနဲ့ ဗျဉ္ဇနဗုဒ္ဓိ (၁၀) ပါးနဲ့အညီရွတ်ဆိုသံကိုကြားရလို့ကတော့ ကြက်သီးမွေးညင်းမထဘဲ ဘယ်နေနိုင်လိမ့်မလဲဗျာ"

ဟု ကျွန်တော်က သူ့ကိုထောက်ခံလိုက်ပါသည်။

"ကဲ- ဆက်ပါဦး၊ နောက်ထပ်ဘာရှိသေးလဲ"

"ရှိသပေါ့ မိတ်ဆွေကြီးရယ်"

"ရှိသေးရင်ဆက်ပါဦးဗျာ"

"ကဲ - ဒီလိုဆို နားထောင်ဗျာ။ အသံတော့မကောင်းဘူးနော်"

"ရပါတယ်၊ ခင်ဗျားက မင်းသားမဟုတ်ဘဲလား"

"ကဲ - နားထောင်ဗျာ"

ဟု ဆိုကာ မဟာဂန္ဓာရုံဆရာတော်ကြီး၏ ဗုဒ္ဓဝန္ဒနာဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်ပါသည်။မိတ်ဆွေကြီးက ကုလားထိုင်နောက်မှီကိုမှီထိုင်လျက် မျက်လွှာချ အာရုံပြုနားထောင်နေပါသည်။

ပဋ္ဌိမံ ဖလ ဒါနေန၊
ဗဟုံ ပဋ္ဌိတ ပါရမီ။
ယဿ ဝေသံ သုမာပေန္တိ၊
ကေနာပါ အသမံ သမံ။
အနုကမ္ပံ ဥပါဒါယ၊
ဗုဒ္ဓေါ မေ ဌာတု သီသကေ။ ။

**ဗဟုံ** - ဤရွေ့ဤမျှ ဂဏန်းချ၍ မရနိုင်းညှိ၊ အတိုင်းမသိရလေအောင်၊ **ပဋ္ဌိတပါရမီ** - လေးသင်္ချေကိန်း ကပ်တစ်သိန်းမျှ ထိန်းသိမ်းစုဆောင်း ပါရမီတော်အပေါင်းတို့သည်၊ **ပဋ္ဌိမံဖလဒါနေန** - ဖြစ်ပျက်ဖန်ခါ သံသရာဝယ် ခန္ဓာကိုယ်ရေး အဆုံးစွန်အဂ္ဂျိုးပေးသောအားဖြင့်၊ **ယဿ ဘဂဝတော** - အကြင်ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ **ဝေသံ** - ရွှေမျက်နှာတော် လက်ခြေတော်နှင့် ကိုယ်တော်သဏ္ဍာန် ပုံဟန်ထင်ပေါ် အသွင်အပြင်တော်ကို၊ **ကေနာပိ** - လူမင်း နတ်မင်း၊ ဗြဟ္မာမင်းဝယ် ဘယ်သူတစ်ဦးတစ်ယောက်နှင့်မျှ၊ **အသမံ** - လက္ခဏာတော်ကြီးငယ်အသွယ်သွယ်ဖြင့် ဘယ်ဝယ်တိုင်းကာ၊ မနှိုင်းသာသည်ဖြစ်၍၊ **သမံ** - တစ်ကိုယ်တော်လုံး၊ ရွှေတုံးရွှေနှစ် ဇမ္ဗူရာဇ်သိင်္ဂီ၊ နရဏီမျှ၊ သာကီစင်သွေး အယဉ်ကျေးဆုံးဖြစ်ရလေအောင်၊ **သုမာ ပေန္တိ**-တက်သစ်စနေဝန်း၊ ထွန်းသစ်လစန်း ပွင့်သစ်ပန်းသို့ ဆန်းအဖုံဖုံ၊ စခမ်းစုံအောင် အစွမ်းကုန်၊ ဖန်းဆင်းလိုက်ကြပေသည် တကား၊ **ဗုဒ္ဓေါ** - လူတွင်အမြတ်၊ နတ်တွင်အမျူး၊ ချီးကျူးမကုန်၊ သုံးဘုံသခင် ရှင်တော်မြတ်ဘုရားသည်၊ **အနုကမ္ပံ** - အစဉ်ထောက်ထား၊ ညှာသနားသည်ကို၊ **ဥပါဒါယ** - ငဲ့စောင်းသမှု၊ အကြောင်းပြု၍၊ **မေ(မမ)**- ရုပ်နှင့်နာမ်သာ၊ ထိုနှစ်ဖြာကို၊ သက္ကာယခွဲအထင်လွဲ၍၊ ငါပဲသမုတ် အကျွန်ုပ်၏၊ **သီသကေ**-ဦးခေါင်းရတနာ မြတ်ရာထားထင် ဦးထိပ်ပြင်၌၊ **ဌာတု** - ဘေးရန်ခုပ်သိမ်း၊ ကင်းငြိမ်းစေမှု မေတ္တာပြု၍၊ ကြည့်ရှုကိုယ်တိုင်၊ ခိုင်ခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူလှည့်ပါ အသ မဆုံး၊ နေတစ်နှုန်းကဲ့သို့ ရွှေဘုန်းတော် သခင်အရှင်မြတ်ကြီးဘုရား"

"ဆက်စရာရှိသေးလား"

"ဆက်စရာတွေက အများကြီး သေးတယ် မိတ်ဆွေကြီး။ အချိန်လည်း အတော်လင့်သွားပြီ။ ဒါလောက်နဲ့ ကြဦးစို့ဗျာ"

"တော်ကြစို့လေ၊ နောက်အခါ မှဆက်ကြတာပေါ့"

"ကောင်းပါပြီဗျာ"

ဉာဏ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ခေါ် သွားပြီးပြရမလိုလို သူယောင်မယ်ပင်တော့ သတင်းအတိအကျကြားရပါပြီ။ သူယောင်ထီးပင်ကိုလည်း ကိုယ့်မြေကိုယ့်ရေ၌ရှိကြောင်း ဓာတ်ပုံနှင့်တကွ မဂ္ဂဇင်းမှာ ဖတ်ဖူးမြင်ဖူးပါပြီ။ သတင်းစုပ်စမြုပ်စ မကြားရ၊ မမြင်ရသည်မှာ ဆေးကြိတ်တဲ့တောင်ဝှေး တန်ခိုးစွမ်းတဲ့ ဖေဇော်ဂျီစစ်စစ် ဖြစ်ပါသည်။ ဇော်ဂျီအကျီဝတ်ဆေးရောင်းသူ ဇော်ဂျီယောင်များကို မဆိုလိုပါ။ ကေန္တ ဘာရောဂါ၊ ညာရောဂါနဲ့ ရောဂါမျိုးစုံထူပြွမ်းသောခေတ်ဖြစ်နေ၍လားမသိပါ။ ဖေဇော်ဂျီစစ်စစ်တို့ သူတို့၏ အစွမ်းထက်သောဖော်ထားသည့်ဆေးစွမ်းကောင်းများကို ဆေးကုမ္ပဏီများ မတန်တဆဈေးပေး၍ ဖေဇော်ဂျီဖော်တဲ့ဆေးဟုဝန်မခံဘဲ ကုမ္ပဏီတံဆိပ်တပ်၍ အလံရှူးလုပ်ရောင်းမှာကိုစိုးကြောက်၍ ပုန်းနေသည်ပဲထင်ပါသည်။ ပုန်းစရာ တောတောင်ကလည်း မရှိသလောက် ရှားပါးသွားသောကြောင့် လူကြားထဲဝင်ကာ ဇော်ဂျီဝတ်ချွတ်၍ လူလိုများအသွင်ပြောင်းသွားကြပြီလားမည်သူပြောနိုင်ပါမည်လဲ။ ဖေဇော်ဂျီစစ်စစ်တွေ့ပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါဟု ဖေ့(စ်)ဘုတ်မှာ တင်ထားရတော့မလိုလို။

**အခန်း(၂)**

**မယားမမုန်း ဖားဂမုန်း**

တချို့စာပေများ၌ ဖားဂမုန်းပင်ကို မယားမုန်း၏ဟု အဆိုပြုရေးထားသည်ကိုဖတ်ရပါသည်။ ဖားဂမုန်းပင်စိုက်ထားလျှင် လင်နှင့်မယားတကျက်ကျက်ရန်ဖြစ်တတ်၍ ထိုအဆိုပေါ် ထွက်ခဲ့သလားကျွန်တော် စဉ်းစားပါသည်။ ကိုရင်နှယ့်ကွာ အလုပ်မရှိအလုပ်ရှာဟုပြောလာပါက ခံယူပါမည်။ ကျွန်တော်ဝါသနာပါသောကိစ္စတွင် ဤသစ်ပင်ကို ဝါသနာအပါဆုံးဟု ပြောချင်ပါသည်။ ရှေးထုံးမပယ်နှင့်ဟူသောစကားရှိသောကြောင့် ရှေးစကားလည်း မပယ်ချင်၍ ဖားဂမုန်းမှတ်တမ်းတစ်ခုကို မှတ်စုစာအုပ်တစ်အုပ်ထား၍ လက်လှမ်းမီသလောက် လေ့လာခဲ့ပါသည်။

ကျွန်တော်၏ ရုံးသူရုံးသားဖြစ်သော ကိုအောင်စိုး၊ မစိန်တိုးတို့နေအိမ်တွင် ဘုရားပန်းများကို စိုက်ခင်းထား၍ စိုက်ပျိုးထားပါသည်။ အချိန်တန်လျှင် တစ်ဆင့်ခံ ဘုရားပန်းရောင်းသူဖောက်သည်များကလာဝယ်လျှင် အပေါ် ကိုင်းညွှန့်ညှပ်၍ရောင်းသောကြောင့် စိုစိုပြည်ပြည် စည်ပင်တစ်လှည့် ခြောက်ခြောက်ခန်းခန်း ငုတ်တုတ်တစ်လှည့် ပန်းခင်းကရှိနေတတ်ပါသည်။ သူတို့ ဘုရားပန်းစိုက်ခင်းတစ်နေရာ၌ ဝေဝေစည်စည်ပေါက်နေသော ဖားဂမုန်းအမပင် (အရွက်အထက်အောက် အစိမ်းရောင်၊ ရွက်ဖြာကျောငွေရောင်) ပင်ကို တွေ့ရ၍ စဉ်းစားရပင်ခက်သွားပါသည်။ ကျွန်တော်က အပင်အမည်သိရက်နှင့် ဘာအပင်လဲဟု မေးသောအခါ အပင်အမည်သူတို့ မပြောနိုင်ပါ။ မစိန်တိုးအစ်မကြီးစိုက်ထားသည်ဟုဆိုပါသည်။ မစိန်တိုး၏ အစ်မကြီးကား အပျိုကြီးဖြစ်၍ အကြောင်းမဟုတ်ပါ။ ကိုအောင်စိုး၊ မစိန်တိုးတို့ဇနီးမောင်နှံက ကလေးသုံးဦးရလာသည်အထိ အကြီးအကျယ်ရန်မဖြစ်ဘူးပါ။ တစ်ဦးက စိတ်ဆိုးလျှင် တစ်ဦးကသည်းခံ၍ တိုင်တိုင်ပင်ပင်နှင့် ဆိုးတူကောင်းဖက်နေသောစုံတွဲလည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်၏ ဖားဂမုန်းမှတ်စု၊ ဖားဂမုန်းပင်အိမ်၌ရှိသော စုံတွဲအမည်တို့ကို အဆိုနှင့်မညီလျှင် မျဉ်းသားဖျက်ပစ်ပါသည်။ စာအုပ်မှတ်စုတစ်ခုလုံး မျဉ်းသားဖျက်ရာများချည်းဖြစ်နေပါသည်။

၁။ ကိုအောင်စိုး-မစိန်တိုး၊ ရန်နိုင်ရပ်ကွက်၊ ပျဉ်းမနားမြို့ (ဖားဂမုန်းအမပင်ရှိသည်။ အဆိုနှင့်မညီပါ။) မျဉ်းသားဖျက်ပစ်ရပြန်သည်။

၂။ ကိုသိန်းဇော်-မနှင်းမိုးစံ မစိုးရိမ်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ (ဖားဂမုန်းအမပင်ရှိသည်။ အဆိုနှင့်မညီပါ။) မျဉ်းသားဖျက်ရပြန်ပြီ။

၃။ ကိုပေါက်ကြီး-မမိုးမိုး။ ပန်းခင်း၊ သုံး၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့ (ဖားဂမုန်းအမပင်ရှိသည်။ အဆိုနှင့်မညီပါ။) မျဉ်းသားဖျက်ရပြန်ပြီ။

အလွန်ထူးခြားမှုကား ထိုဇနီးမောင်နှံစုံတွဲများသည် တစ်ဦးကိုတစ်ဦး အပျောက်မခံနိုင်လောက်အောင် အချစ်ညီသူများဖြစ်ကြပါသည်။တကျက်ကျက်ရန်ဖြစ်ဖို့ဝေးစွ တသက်သက်ဖြစ်နေကြသူများချည်းဖြစ်နေပါသည်။ ဖားဂမုန်းအမပင်ရှိသောအိမ်များသာဖြစ်နေ၍ ဖားဂမုန်းအဖိုပင်ဘက်သို့ ဦးလှည့်ရပါတော့မည်။ ဖားဂမုန်းအဖိုပင်ကား အရွက်အရိုးနီဖြစ်ပါသည်။ အလွန်လည်းရှားပါးသောအပင် ဖြစ်ပါသည်။ တစ်ရာရာခိုင်နှုန်း၌ တစ်ရာခိုင်နှုန်းလောက်သာရှိမည်ထင်ပါသည်။ ဤအပြောလွန်၊ မလွန် လက်လှမ်းမီရာ ဖားဂမုန်းအဖိုပင်ရှာကြည့်စမ်းပါဟုတိုက်တွန်းပါရစေ။ ဂမုန်းပင်မျိုးစုံ၌ ဖားဂမုန်းအဖိုပင်၏ လှပခြင်း ခံ့ထည်ခြင်းကား စာဖွဲ့၍ပင်မရနိုင်ပါ။

ထိုဖားဂမုန်းအဖိုပင်ကို တိုင်းရင်းဆေးဆရာကြီး ဆရာဦးမော်၊ ဆရာဒေါ်တင်တင်တို့ ဇနီးမောင်နှံ၏ ဂမုန်းခြံမှာ သေသေချာချာ ရုံတည်ဆောက်၍ သော့ခတ် သိမ်းဆည်းထားပါသည်။ ဖားဂမုန်းအဖိုပင်တစ်ပင် အခိုးခံရဖူးသည်ဟုပြောပါသည်။ ပင်သစ်လည်းပွားခဲ့သည်။ ထိုအချိန်က ဖားဂမုန်းအဖိုပင်လာဝယ်သူ ဝါသနာရှင်တစ်ဦးတို့ ဆရာကြီးဦးမော် ဆယ်သိန်းကြေးဖြတ်၍ ဈေးခေါ်သောကြောင့် ဝယ်သူရှောန်ဘေးရှိ ကျွန်တော်ပါ အထိတ်တလန့်ဖြစ်သွားခဲ့ဖူးပါသည်။ ယခု စာရေးချိန်၌ ဆရာကြီးဦးမော် ကွယ်လွန်သွားပါပြီ။ ဆရာကတော် ဒေါ်တင်တင်တော့ရှိနေသေးသည်။ ဆရာကတော်ဒေါ်တင်တင် ထိုအပင်ကို ရောင်းပစ်ပြီလား၊ ရှိသေးသလား ကျွန်တော်မသိပါ။

ပို၍ထူးဆန်းသည်မှာ ဖားဂမုန်းအဖိုပင်ရှိသော်လည်း ဆရာနှင့်ဆရာကတော် လုံးဝရန်မဖြစ်ဘူးပါ။ အချစ်ညီကြသူများဖြစ်ပါသည်။ ကိုမော်ရှေ့ အတင်ရေနှင့် နှုတ်ကမချချစ်ခင်သူများဖြစ်ပါသည်။

ထို့ကြောင့် -

၄။တိုင်းရင်းဆေးဆရာကြီးဦးမော် ဆရာကတော် ဆရာမကြီးဒေါ်တင်တင် အိုးဖိုရပ် ရွာကောက်ဒိုင်နယ် ပျဉ်းမနားမြို့ (ဖားဂမုန်းအဖိုပင်ရှိသည်။ အဆိုမညီပါ။) ဖျက်ရပြန်ပြီ။

ထို့ကြောင့် မယားမုန်း၊ ဖားဂမုန်းကို မှတ်တမ်းရေး၍ အထူးပြုခြင်းတို ပယ်ဖျက်လိုက်ပါသည်။ ရှေးအဆိုတို သူ့အတိုင်းပဲ စာအုပ်ထဲမှာနေခဲ့တော့ဟု စိတ်ထဲပဲပြောလိုက်မိပါတော့သည်။ စုံတွဲ အိမ်တစ်အိမ်၌ ထိုဖားဂမုန်းအဖိုပင်ဖြစ်စေ၊ အမပင်ဖြစ်စေ ကျွန်တော်တွေ့ခဲ့ပါ က 'ဩော် - လင်ချစ်မယားချစ်အပင် သည်အိမ်မှာစိုက်ထားပါက ချစ်နိုင်ပါ စေ၊ ပို၍ပို၍ ချစ်နိုင်ကြပါစေ' ဟု ဆုတောင်းကာ ဆန္ဒပြုလိုက်ရပါ ကြောင်း။

**အခန်း(၃)**

**တပင်တိုင်မင်းသမီး**

**(ကန္တာရရှားစောင်းဆူးမျိုးနွယ်)**

ကျွန်တော်သည် သစ်ပင်ပန်း ဝါသနာပါပါသည်။ မိမိနှင့်စိတ်ဓာတ်ကိုက် တူ ပေါင်းသင်းသောမိတ်ဆွေလည်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သော ကိုသိန်းထိုက်အောင်လည်း ဝါသနာပါပါသည်။ ကျွန်တော်တို့ သစ်ပင်ကို ဝါသနာပါသည်ဟုဆိုရာ၌ အပင်တိုင်း၊ အမျိုးတိုင်းမဟုတ်ပါ။ ဂမုန်းပင်များနှင့် မြန်မာမျိုးရင်း သစ်ခွပင်များဖြစ်ပါသည်။

တစ်ရက်သော် ရုံးတစ်ရုံး၌ ပန်းအိုး၌စိုက်ထားသော တစ်ပင်လုံး ဆူးပျော့သေးသေးမွှားမွှားလေးနှင့်ပြည့်နေသော ရှားစောင်းမျိုးနွယ်အပင်တစ်ပင်ကိုတွေ့ရသည်။ ဒန့်သလွန်ပင်သီးကို ထောင်ထားသကဲ့သို့ ပုံသဏ္ဌာန်ဖြစ်ပါသည်။ ကိုင်းပျော့အပင်လည်းဖြစ်၍ ပင်စည်မှာ ကျပ်လုံးခန့်သာရှိပါသည်။ ခပ်ဆန်းဆန်းမျိုးအပင်ငယ်ခပ်ခွေခွေပင်ငယ်တစ်ခုလည်း အိုးထဲတွေ့၍ မျိုးတောင်းယူကာ စိုက်ထားပါသည်။ (မင်းရာမဂမုန်း (သို့) ဆင်စွယ်ဂမုန်းမျိုးမဟုတ်ပါ။) ဂမုန်းမျိုးဖြစ်မဟုတ်သော်လည်း မျက်လုံးထဲ ဆန်းပြားလျှင် ထိုသစ်ပင်မျိုးလည်း ကျွန်တော်စိုက်လေ့ရှိပါသည်။ ကန္တာရရှားစောင်းမျိုးနွယ်ပင်မှန်သမျှ အပင်ကို သေချာစိမ့်စိမ့်ကြည့်လျှင် အသည်းယားစရာ ခံစားမှုမျိုးပေး၍လည်း ကျွန်တော်စိုက်တတ်ပါသည်။ ထိုအပင်သည် အောက်ခြေပင်စည်ရင်းမှ အညွှန့်သစ်၊ အပင်သစ်ထွက်ခဲ့ပါသည်။ အပင်ထိပ်၏ ဖူးလုံးမှ သေးငယ်သော ဖူးသစ်ကလေးထွက်ကာ ထိုဖူးသစ်သည် အောက်ခြေမှ မူလ မိခင်အရွယ်ရောက်လာမှ ထိုဒုတိယကိုင်းဖူးထိပ်မှ တတိယဖူးသစ်ထွက်ကာ အမြင့်တက်သောအပင်မျိုးဖြစ်ပါသည်။ ပထမ မိခင်တစ်ဆစ်က ပန်းအိုးထဲ၌ ထောင်မတ်နေသော်လည်း ဒုတိယ၊ တတိယ၊ စတုတ္ထ ပင်ဆစ်များလာသော် ကိုင်းလည်းပျော့၍ အပင်မနိုင်တော့ပါ။ ဝါးဖြင့်လေးဖက်ထောက်၍မှ မတ်ထောင်ရသော ရှားစောင်းမျိုးလည်းဖြစ်ပါသည်။ အပင်ကိုကြည့်ရသည်မှာ ငေါင်းစင်းစင်းနှင့်ပင်ပွားဝေဝေသည်မရှိဘဲ အလွန်ပင် အထီးကျန်ဆန်လွန်းသောပုံသဏ္ဌာန်ပေါက်ပါသည်။ အပင်တိုင်မြန်နန်းဆေးပင်အမည်လည်းရှိသဖြင့် ထိုရှားစောင်းပင်ကို တပင်တိုင်မင်းသမီးကန္တာရရှားစောင်းမျိုးဟု ကိုယ့်သဘောနှင့်ကိုယ် နာမည်ပေးထားပါသည်။ ကျွန်တော် စိုက်ပျိုးပြီးလအတော်ကြာမှ အပေါ် ကိုင်းဆစ်များ သုံး၊ လေးခု ထွက်လာ၍ သူ့အပင်သူမနိုင်တော့သဖြင့် လေးဖက်လေးတန်မှ ဝါးအကူ ထောက်ပေးထားသောအပင်ကို မာမာခံထန်မတ်စေပါသည်။

ကျွန်တော်ကား ရုံးဝန်ထမ်းတစ်ဦးဖြစ်၍ နယ်ပြောင်းမိန့်ကျလာပါသည်။ ထို့ကြောင့် နှမထွေး မစန်းစန်းယုကို အပင်များအားလုံး ပြောင်းရွှေ့ရာနယ်သို့ သယ်မသွားနိုင်သောကြောင့် အပင်အားလုံးပေးခဲ့ပါသည်။ အပင်တစ်ပင်ခြင်း၏ နာမည်၊ အသုံးပြုပုံ၊ ပြုစုပုံအစ အားလုံး သင်ပေးခဲ့ပါသည်။ အထူးသဖြင့် တပင်တိုင်မင်းသမီးကို ပိုဂရုစိုက်ဖို့ အလေးထား မှာခဲ့ပါသည်။ ထိုအချိန်၌ ထိုအပင်သည် ထိပ်ပေါ် ထိပ်ဆင့်ကာ ဖူးသစ်များပင် အဆစ်ခြောက်ဆစ်ခန့်ရှိနေပါပြီ။ ပတ်ပတ်လည်လည်၌ ထောင်မတ်အောင်ညှပ်ထားသော တင်းဝါး၊ သိုက်ဝါးများပင်ဖြတ်စရာမလိုဘဲ ထောက်ထားနိုင်သည့်အဆင့်ရောက်နေပါပြီ။ မူလပထမဆစ်၊ ဒုတိယဆစ်၊ တတိယဆစ်များပင် ကျပ်လုံးအရွယ်မှ ထွားကျိုင်းတုတ်ခိုင်ကာ ကြံသောင်းပေါက်ဝါးလတ်သာသာဖြစ်နေပါပြီ။

ကျွန်တော်က -

"နှမလေး စန်းစန်းယုရဲ့၊ သူပွင့်ဖို့ အားယူစပြုနေတာ။ နည်းနည်းအမြင့်လိုသေးပုံရမယ်သိလား။ နောက်ထပ် ထောက်ဖို့ဝါးသစ်တွေလိုဦးမယ်သိလား။ ရှားစောင်းမျိုးမှန်သမျှ ရွက်ထိပ်မှာချည်း ပွင့်တာ။ ပဒုမ္မာကြာဆိုတဲ့ရှားစောင်းမျိုးက ကြာဖူးတွေလိုပွင့်တာ။ သူကတော့ တစ်ဘာသာဖြစ်လိမ့်မယ်။ သည်အပင် ပွင့်တာကို အစ်ကိုစောင့်ကြည့်ဖို့ အချိန်အခါမရှိတော့ဘူး"

"အပွင့်ပွင့်ရင်စိုက်တဲ့လူကို အကျိုးပေးတတ်သလား အစ်ကို။ တချို့အပင်တွေကခိုက်တတ်တယ်"

သစ်ပင်မှန်သမျှ စိုက်ပျိုးသူ၏ စေတနာအပေါ် လိုက်၍ ရောင်ပြန်ဟပ်အကျိုးပေးတတ်ပါကြောင်း စိုက်အပ်သောအပင်၊ မစိုက်အပ်သောအပင်များကို ဗဟုသုတအဖြစ် စာနှင့်ရေးမှတ်စေကာ အိမ်နှင့်လည်းကောင်း တပင်တိုင်မင်းသမီးနှင့် လည်းကောင်း ကျွန်တော် ဝေးကွာသွားခဲ့ပါသည်။ ထိုဆူးကလေးများနှင့်အပင်ကိုလည်း လုပ်ငန်းတာဝန်များကြောင့် မေ့သလောက်ရှိခဲ့ပါပြီ။

ခြောက်လခန့်ကြာသောအခါတွင် ကျွန်တော်ထံသို့ စာတိုက်ရုံးမှ စာတစ်စောင်ရောက်လာပါသည်။ နှမထွေး စန်းစန်းယုထံမှဖြစ်ပါသည်။ အတွင်းထဲ၌ ထည့်ပေးလိုက်သောဓာတ်ပုံထဲ၌ တပင်တိုင်မင်းသမီးကား ဝါးတစ်ပြန်ခန့်မြင့်နေပြီး ကျားကန်ထားသောဝါးများကပင် မနည်းလှပါ။ အထက်၌ အခက်ကိုင်းများ ဖြာထွက်၍ ထိုကိုင်းခက်များဖုံးသွားအောင် နှင်းပန်းနှင့် သဏ္ဌာန်တူသော အပွင့်ဖြူများအဆုပ်လိုက်အဆုပ်လိုက် ပွင့်နေပါသည်။ အတွင်း၌ရေးထားသော စန်းစန်းယုစာကား -

"သည်အပင်ပွင့်ပြီး နှမလေးလည်း လျှပ်စစ်ရုံးမှာ စာရေးအခန့်ခံရတယ် အစ်ကို။ အကြီးမ စန်းစန်းအေးလည်း ထီဆယ်သိန်းဆုပေါက်တယ် အစ်ကိုရေ။ အမေဆို သူဆုံးပြီလို့ထင်ထားတဲ့ ချေးငှားငွေတွေမတောင်းရဘဲနဲ့ အလိုက်တသိလာဆပ်ကြလို့ ဝမ်းသာနေတာ။ မွေးတာကလည်း ကမ်းကုန်ပဲ။ ဝိုင်းတစ်ဝိုင်းလုံးမကဘူး၊ လမ်းပေါ် ထိမွှေးလွန်းလို့ တချို့လမ်းသွားလမ်းလာတွေဝိုင်းထဲဝင်ပြီးမော်ကြည့်ပြီး ဘာအပင်လဲလို့မေးကြတာ ဖြေရှင်းနေရတယ်။ စိုက်ဖို့လည်း လွယ်မှမလွယ်တာ။ သည်လောက် ဝါးတွေကျားကန်ထားရတာ၊ သူတို့မြင်သွားကြတာကိုး။ အခု သည်အပင်က အစ်ကို အပင်မဟုတ်တော့သလို ညီမလေးအပင်လည်း မဟုတ်တော့ဘူး။ အကျိုးပေးလွန်းလို့တဲ့ အမေ့အပင်နဲ့ မမစန်းစန်းအေးအပင်ဖြစ်သွားပြီ။ သူတို့ပဲ ဂရုတစိုက် ရေလောင်းပေါင်းသင်လုပ်နေကြတာ"

ကျွန်တော် စာဖတ်ရင်း ပြုံးမိပါသည်။ ကျွန်တော်ပေးခဲ့သောနာမည်နှင့် 'မသစ်ပင်ကလေး'က မျိုးပွားဖို့အပွင့်တွေ ပွင့်ကိုင်းသစ်တွေဖြာကာ စည်ပင်ဝေဆာနေတော့သည်။ ကိုယ်စိုက်ပျိုးခဲ့သော သစ်ပင်တစ်ပင်ရှင်သန်နေတာ၊ အပွင့်ပွင့်နေတာကြည့်ပြီး ခံစားရသောပီတိကို ဘယ်ပီတိအမျိုးအစားထဲထည့်ရပါမည်လဲ ပြောမပြတတ်ပါ။ မေးလာသူရှိပါက ရိုးရိုးလေးပဲပြန်ဖြေရပါမည်။

သိချင်ရင် စိုက်ကြည့်လိုက်ပါခင်ဗျာ။ တစ်သက်ပျော် သစ်ပင်စိုက်ဆိုလား။

## အခန်း(၄)
## နဝရတ်ကိုးသွယ်နတ်သစ်ခွ

တစ်နေ့သောအခါ ကျွန်တော်သည် နေ့ခင်းနှစ်နာရီခန့်၌ ရွာကောက်ဒိုင်နယ် ပန်းခင်း၊ တစ်၊ ပန်းခင်းလမ်းရှိ လင်းရောင်ခြည် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေပါသည်။ မြို့ထဲမှဝယ်လာသော သစ်ခွပန်းပင်နှင့်ခြင်းတစ်ခုကိုလည်း မိမိထိုင်ခုံနားရှိ လက်ဆေးကန်၏အနားမြခြင်းကို အကူအညီယူကာ အနီးရှိသံချိတ်၌ ချိတ်ထားပါသည်။ ထိုအချိန်၌ ပန်းခင်းရပ်နေ အစ်ကိုကြီးကိုထွန်းရွှေ ဆိုင်အတွင်း



www.burmeseclassic.com

www.burmeseclassic.com

သို့ လက်ဖက်ရည်သောက်ရန်ဝင်လာပါသည်။ ကျွန်တော်ချိတ်ထားသော သစ်ခွပန်းပင်ကိုမြင်၍ ကျွန်တော့်ထံခွင့်ပန်ကာ လက်ဖက်ရည်စားပွဲသို့ဝင်လာထိုင်ပါသည်။ ကျွန်တော့်စားပွဲပေါ်တွင် ချထားသော သစ်ခွပင်အားဆေးထုပ်ကလေးများကို ကြည့်ကာ -

"ဘာသစ်ခွပန်းမျိုးလဲ မောင်နိုင်။ ဒီဆေးထုပ်လေးတွေက အပင်အားတိုးဆေးတွေလား"

"အပင်အားတိုးဆေးရော အပွင့်အားတိုးဆေးပါ နှစ်မျိုးစလုံးပဲ အစ်ကို။ တစ်ခါတည်း အပင်ဝယ်ရင်း တွဲဝယ်လာတာ။ ယိုးဒယားစပ်မျိုးသစ်ခွပါ။ ကက်တာလီယာ ကြည့်တူရွှေမျိုးစိတ်ထဲက တစ်မျိုးပါ။ တဖြည်းဖြည်းချင်း ကိုယ့်နိုင်ငံလေးနဲ့ နိုင်ငံခြားသစ်ခွစုနေတာ၊ ဈေးကတော့ နည်းနည်းစွာတယ်။ ဒီအပင်ပွားတင် နှစ်ထောင့်ငါးရာကျပ်ပေးရတာ။ ရှားပါးဆိုင်ငါးထောင်အထက်ပဲ"

"ခုမှဖူးတံထိုးတုန်းကိုး။ အရောင်စပ်လား။ တစ်ရောင်တည်း ရှယ်လား"

ဖူးတံကိုကြည့်၍ ကိုထွန်းရွှေမေးလာသည်။

"နောက်ပိုင်းထွက်လာတဲ့ အပင်တွေက အရောင်စပ်တွေလည်းပါလာတယ် အစ်ကိုရ။ ဒီသစ်ခွကတော့ သီးသန့်တစ်ရောင်တည်းပါ"

ကိုထွန်းရွှေက ကျွန်တော့်ကိုပြုံး၍ ကြည့်ကာ မျက်နှာပေးက နိုင်ငံခြားပန်းသစ်ခွပဲဝါသနာပါသည်။ မြန်မာမျိုးရင်းသစ်ခွတော့ သည်လောက်လေးစိတ်မဝင်စားပါဘူးဟန်သို့ သက်ရောက်နေပုံရသဖြင့် သူမမေးခင်က -

"မြန်မာမျိုးရင်းသစ်ခွတွေလည်း ကျွန်တော့်ဆီမှာ တော်တော်များများရှိတယ်အစ်ကိုရ။ မိုးလုံးမှိုင်း၊ သရက်ထည် အထိရှိတယ်။ အိမ်ကလက်ခံပင်အပင်ကြီး၊ အပင်လတ်တွေမှာစွဲပြီးကပ်ပြီးခွဲစိုက်ထားတာ။ နွေဆို လက်တံရှည်တွေပွင့်ရင်၊ ဆင်မမျက်ကွင်းတွေပွင့်ရင် တစ်အိမ်လုံးဝေနေအောင်ပွင့်တာ။ လမ်းသွားလမ်းလာတွေဆိုရင် ပန်းပွင့်ချိန်ဆို ရပ်ပြီးတော့ကိုငေးကြည့်ရတာ"

ကိုထွန်းရွှေက ကျွန်တော့်ကို တော်တော်အားနာသွားသောဟန်ဖြင့် မျက်နှာပြင်ကာ -

"တချို့လူတွေက နိုင်ငံခြားကလာမှ အထင်ကြီးကြတာကိုးကွ။ မောင်နိုင်က အဲဒီလူစားတွေထဲမပါရင်ပြီးတာပါဘဲ။ အဲဒီနိုင်ငံခြားဖြစ်မှအထင်ကြီးတဲ့လူတွေကို နတ်သစ်ခွသာခေါ်ပြလိုက်ရင် အံ့သြလွန်းလို့ ပါးစပ်တောင်ဟပြီးပိတ်မှာမဟုတ်တော့ဘူး"

ကိုထွန်းရွှေစကားက ခပ်ဆန်းဆန်းဖြစ်နေ၍ သေချာအောင် ကျွန်တော်ထပ်မေးလိုက်ပါသည်။

"ကျွန်တော်နားကြားတော့မလွဲပါဘူးနော်။ အစ်ကိုပြောလိုက်တဲ့စကားထဲမှာ ဘာတဲ့ - နတ်သစ်ခွ ဟုတ်လား"

ကိုထွန်းရွှေက ဟုတ်မှန်ကြောင်း ခေါင်းညိတ်၍ -

"မောင်နိုင်၊ နတ်ကောင်းနတ်မြတ်တွေကစောင့်ရှောက်တဲ့နတ်သစ်ခွ။ အဲဒီနတ်သစ်ခွပင်ကလည်း သူတစ်ပင်တည်းမှာတင် စပ်ရောင်မပါဘဲ သီးသန့်အရောင်ကိုးမျိုးကိုးသွယ်ပွင့်တဲ့ နဝရတ်ကိုးသွယ်နတ်သစ်ခွပင်အကြောင်းကြားဖူးသလား"

ကျွန်တော်ကိုယ်တိုင် ဗဟုသုတနည်းတာလည်းဖြစ်မည်။ ထိုသစ်ခွမျိုးရှိကြောင်း မကြားခဲ့ဘူးတာတော့ အမှန်ပါ ကိုထွန်းရွှေ တည်တည်ကြီးများနောက်ပြောင်နေသလားထင်၍ ကျွန်တော် သူ့မျက်နှာကို ဂရုတစိုက်ကြည့်ပါသည်။ တည်တည်ကြည်ကြည်ပြောနေမှန်းသိ၍ ကျွန်တော်ကိုယ်တိုင်ပြောမည့်စကားကို ဆင်ခြင်လိုက်ရပါသည်။

"နတ်သစ်ခွဆိုတော့ နတ်ပြည်မှာပဲပေါက်မှာပေါ့ အစ်ကိုရ။ ၉ နာက်ပြီး သူတစ်ပင်တည်းကနေ သီးသန့်ချင်းစီအရောင်ကိုးမျိုးကိုးဖလှယ်ပွင့်ဖို့ဆိုတာ နတ်တွေသိကြားတွေကပဲ ဖန်ဆင်းနိုင်တာကိုး။ အစ်ကိုကိုယ်တိုင်လည်း နတ်ပြည်ရောက်သေးတာမဟုတ်ဘူး။ ညီတော်မောင်ကို အတည်ကြီးလာနောက်မနေပါနဲ့"

အစ်ကိုထွန်းရွှေက ပြုံး၍ -

"နတ်ပြည်မှာပွင့်၊ မပွင့်တော့ ငါ့ညီပြောသလို အစ်ကိုလည်း နတ်ပြည်မရောက်သေးတော့ မသိဘူး။ အစ်ကိုတွေ့တာ လူ့ပြည်မှာတွေ့တာ မောင်နိုင်။ အချိန်ကာလကလည်း သိပ်အကြာကြီးမဟုတ်ဘူး၊ လွန်ခဲ့တဲ့လေး၊ ငါး၊ ခြောက်နှစ်လောက်က။ အဲ့ပွင့်ကိုးမျိုးနဲ့လှလိုက်တာကလည်းအလွန်ကိုးကွ။ တစ်ပွင့်ချင်းစီရဲ့အရှယ်အစားက ဒီရေနွေးသောက်တဲ့ပန်းကန်လောက်ရှိတာ။ သူ့ရဲ့သင်းပျံ့ပျံ့ရနံ့ရှူရှိုက်ဖူးရင် အကောင်းဆုံးရေမွှေးနံ့ဆိုတာ ပါမွှားဖြစ်သွားစေရမယ်။ ပိုထူးခြားတာက ပန်းနံ့ရှူလိုက်ရတာနဲ့ ခန္ဓာကိုယ်မှာရှိတဲ့ရောဂါတွေကင်းစင်ပြီး ခွန်အားသစ်တွေတိုးလာတယ်လို့ထင်ရတာ။ အဲဒါ မဆန်းဘူးလား"

ကျွန်တော် ကိုထွန်းရွှေစကားကို ယုံကြည်လာပါသည်။ နတ်သစ်ခွကိုလည်း မျက်မြင်တွေ့ချင်လာပါသည်။

"အဲဒီနတ်သစ်ခွက အခုရှိသေးလားအစ်ကို။ ညီလေးကိုလိုက်ပြပါလား။ ခရီးဘယ်လောက်ဝေးဝေး သွားစရိတ်၊ စားစရိတ် ညီလေး အကုန်တာဝန်ယူမယ်။ မြင်ဖူးတယ်ရှိအောင်ပါ။ အဆင်ပြေရင် မှတ်တမ်းအဖြစ် ဓာတ်ပုံလည်းရိုက်ထားနိုင်ရအောင်။ နို့-နတ်သစ်ခွကို အစ်ကိုတွေ့ဖူးတယ်ဆိုတော့ အစ်ကိုကော ဓာတ်ပုံမရိုက်ထားဘူးလား"

ကိုထွန်းရွှေက ခေါင်းခါပြရင်း -

"နတ်သစ်ခွတွေ့တော့ အစ်ကိုဆီမှာ ကင်မရာမှမပါတာ။ အေး-ဒါပေမယ့် စင်ကာပူကလာတဲ့ သူဌေး မစ္စတာဟန်တော့ နတ်သစ်ခွကို ပတ်ပတ်လည် ထောင့်အစုံက ဓာတ်ပုံတဖျပ်ဖျပ်ရိုက်နေတာတွေ့တယ်။ သူ့ဆီက အမှတ်တရဓာတ်ပုံတစ်ပုံလောက်တောင်းဖို့ကြံသေးတယ်။ ဖလင်ဆေးဖို့က ပျဉ်းမနားဆင်းပြီးဆင်းရမှာ။ အခြေအနေကမပေးဘူးလေကွာ။ မစ္စတာဟန်ကလည်း တို့ပြည်ထဲကလာဖို့ ပြည်ဝင်ခွင့်ဗီဇာက ခုနစ်ရက်ပဲရတာဆိုတော့ သူလည်း ရန်ကုန်ကို သူ့ကားနဲ့ ပျဉ်းမနားကနေ ချက်ချင်းပြန်သွားရတာ။ နတ်သစ်ခွသတင်းကိုသူ့အဆက်အသွယ်နဲ့ ဘယ်ကရမှန်းမသိဘူး။ အစ်ကိုက ကရင်ကိုးကွ။ ဒါကြောင့် ဘာသာပြန်စကားပြန်အဖြစ် အစ်ကိုကို နတ်သစ်ခွရှိတဲ့နေရာကိုခေါ်သွားတာ။ အင်္ဂလိပ်စကားလည်း အစ်ကိုကတတ်တယ်လေကွာ"

ကျွန်တော် စိတ်ပျက်သွားရသည်။ သွားပြီ။ နတ်သစ်ခွတော့ စင်ကာပူရောက်သွားပြီပေါ့။ ထို့ကြောင့် ကိုထွန်းရွှေကိုစေ့စေ့ကြည့်၍ -

"အစ်ကို၊ ကျွန်တော့်စကားပြန်မှ ပြန်ရတော့မှာပဲ။ စင်ကာပူထိတော့ ညီလေး အစ်ကိုရော ဘယ်သွားလို့ဖြစ်မှာလဲ"

ကိုထွန်းရွှေက ဟက်ဟက်ပက်ပက်ရယ်ရင်း -

"အစ်ကိုစကားကဆုံးမှမဆုံးသေးတာ။ မစ္စတာဟန်လည်း နတ်သစ်ခွ လုံးလုံးရမသွားဘူးကွ မောင်နိုင်ရဲ့။ မသွားတာထက် နတ်သစ်ခွကိုဝယ်မသွားရဲတာကွ။ ရလို့ဝယ်သွားလည်း လေဆိပ်မှာ သစ်တောဥပဒေနဲ့ငြိပြီး အဖမ်းခံရမှာ။ ဒါကိုလည်း သူသိထားတာပဲ။ ပိုင် သစ်ပင်၊ ပန်းပျိုးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

...ဖြစ် ပြင်းထန်တဲ့ဥပဒေအမိန့်တွေထပ် ...ထားပြီးသား။ မြိတ်ဘက်ကနေ ...ကြောင်းနဲ့ ဥပဒေမဲ့သယ်ချင်သယ်၊ ...နယ်စပ်ဘက်ကနေထုတ်သွားမယ် ...တဲ့အကြံလည်း မစွတာဟန်မှာ စီစဉ် ...သားပါ။ သူ့ကကိုက နတ်သစ်ခွနဲ့ဆုံ ...မယ်။ ဝယ်နိုင်တဲ့အင်အားလည်း သူ့ ...ရှိတာပဲ။ လက်ဝယ်ပိုင်ဆိုင်ဖို့ နတ်သစ်ခွ ... ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ကံကို ...လာတာ"

ကျွန်တော့်ရင်ထဲ ကျေနပ်စိတ်ဖြင့် ...ခုပ်လက်ဝါးတီးလိုက်သည်။ ယခင် ...ပူပွားနယ်မြေမှ ဆွတ်ဆွတ်ဖြူသော ...ပါးအုံးမြွေတစ်ကောင် နယ်ခြား ...ပေါက်မှ စင်ကာပူသို့ ရောက်သွားဖူး ...သည်။ မြွေနှစ်၌ ထိုစပါးအုံးမြွေဖြူကို ...ကာပူသားပိုင်ရှင်က နှုတ်ခမ်းချင်းတေ့ ...တာ နမ်းပြနေပုံကို ဓာတ်ပုံနှင့် ...တွ မဂ္ဂဇင်းမှာ ဖော်ပြထားပါသည်။ ...ဇာတိက မြန်မာပြည် ပူပွားအရပ်ဟု ...သည်း မြွေပိုင်ရှင်က ထုတ်ဖော်ပြောပြ ...ပါသည်။ အလွန်လည်း လိမ္မာသည် ...ပြောပါသည်။ ဤသို့ဖြင့် ကျွန်တော် ...နိုင်ငံမှ တန်ဖိုးမဖြတ်နိုင်သော သက်ရှိ ...မဲ့သယံဇာတများ၊ ရတနာများ (...နာယိုစီးမှု၊ သယံဇာတယိုစီးမှု) ...နာမှာ ဘယ်လောက်များများ ...ဆုံးပွန်းတီးကုန်ပြီးလဲ မခန့်မှန်း ...တော့ပါ။ စာရင်းလည်းမရှိအင်းလည်း ... ထိုက်ထိုက်တန်တန် တန်ဖိုးဖြတ် ... ရောက်သွားမှာတော့ မဟုတ်ပါ။ ...ချောက်ချောက်၊ ခြေတစ်ပေါင်ကျိုး ...များနှင့်သာဖြစ်ပါလိမ့်မည်။ ကိုယ့် ...ဝမ်းတစ်ခါးသာကြည့်၍ ပြုမူဆောင် ...၍မရပါ။ နိုင်ငံတော်အလံအောက် ... နိုင်ငံသားကတ်ကိုင်ဆောင်ထားရုံ ... ငါမြန်မာဟုထင်ထားသူတွေ ဘယ် ...တ်များများရှိနေပါသလဲ။

ဦးမင်းယာရေးဖွဲ့ခဲ့သော ကဗျာတို ...ပုဒ်ရှိထားပါသည်။

... စပါးတစ်ပင်၊ ယူလျှင်မကြေ၊ မြေ
တစ်လက်မ၊ ကျူးကမခံ၊ ရန်တို့
မြန်အုံ . . .
တူသောကဗျာ။

သယံဇာတ ဟူသောစကားကို ...ခြေမြစ်မြစ် နားမလည်သရွေ့ ...နေသောအလုပ်တစ်ခုသည် နိုင်ငံ ... လည်းကောင်း၊ လူမျိုးကိုလည်း ...င်း ဘာသာသာသနာကို စော်ကား ...လားဟုအတွေးရောက်သူဘယ်နှဦး ...ပါသလဲ။ ထိုစိတ်မျိုးနည်းပါးသရွေ့ ကျူးသူကလည်းကျူးပါလိမ့်မည်။ ငါးပိ ဈေးလောက်၊ ဆားဈေးလောက်ပေးတာကို ဟုတ်လှပြီထင်တစ်လုံးနှင့် ရောင်းသူကလည်းရောင်းနေပါလိမ့်ဦးမည်။ ကိုယ့်ငယ်ထိပ်ခေါ်ချမှ ဟောဗျာ - ခါးပြလို့ အော်လျှင် နောက်ကျပါမည်။ နောက်ကနေချင်သူ မောင်တို့မယ်တို့ ခါးစည်းခံဖို့ ပြင်ထားကြပါဟူသော ကျွန်တော်ပြောချင်ပါတော့သည်။

ကျွန်တော်က ကိုထွန်းရွှေကို ထိုနဝရတ်ကိုးသွယ်နတ်သစ်ခွအကြောင်း ပြည့်ပြည့်စုံစုံပြောပြရန် ပူဆာပါတော့သည်။ စင်ကာပူသို့ ကျွန်တော်တို့နိုင်ငံမှ ထိုနတ်သစ်ခွမရောက်သွားဘူးကြားရ၍ လည်း ဝမ်းလည်းသာရပါသည်။ ကိုယ့်ပြည့်ကိုယ့်နိုင်ငံမှာရှိသေးလျှင် တစ်ချိန်မဟုတ်တစ်ချိန်၌ နတ်သစ်ခွကိုတွေ့ရမည်ပေါ့။ ဒါက ကျွန်တော့်အတွေးပါ။ ထိုအတွေး တကယ်တက်စင်မှားကြောင်းလည်း နတ်သစ်ခွဇာတ်လမ်းအစအဆုံး နားထောင်ပြီးမှ သိလိုက်ရပါတော့သည်။

## အခန်း(၅)

## တွေ့မယ့်တွေ့တော့လူ့ရိုး၊ ပေါက်မယ့်ပေါက်တော့ ကြံ့ကြီးစည်ရာနေရာ၊ နတ်တွေရေးတဲ့လက်ဘာ

ကျွန်တော့်နာမည် စံနက်ကျော်ဟုခေါ်ပါသည်။ ကရင်တိုင်းရင်းသားလည်း ဖြစ်ပါသည်။ ပျဉ်းမနားမြို့အရှေ့ဘက်ရှိ အရှေ့ရိုးမတောင်ပေါ်၌ ကျွန်တော်တို့ တိုင်းရင်းသားများနေသော တောင်ပေါ်ရွာများအနက် ကျွန်တော်တို့မိသားစုက ပြဒါးချောင်း(ပါးစပ်အခေါ်)ပဒတ်ချောင်း ကျေးရွာမှာနေပါသည်။တောင်ယာအလုပ်နှင့်အသက်မွေးကာ ဒူးရင်း၊ တညင်း၊ ဖာလာစိုက်သူလည်း ဖြစ်ပါသည်။ တောင်ယာလုပ်ငန်းသိမ်းချိန် နွေဦးကာလများ၌ အပေါင်းအသင်းစုဖွဲ့ကာ ဝါးလည်းခုတ်ပါသည်။

ထိုနေ့က သူငယ်ချင်းများနှင့် ဝါးရှာခုတ်ရင်း ကျွန်တော်တစ်ယောက်တည်း ဝါးလောဘကြောင့် . တောကျွံသွားပါသည်။ တောကလည်း နက်သထက်နက်လာပါသည်။ ဤလို ရာသီကူးချိန်၌ ဝက်ဝံတော့ နည်းနည်းကြောက်ရသည်။ သို့သော် ခါးမှာ ဝါးခုတ်ဓား၊ ဂေါ်ရခါးဓားကောက်ပါလာ၍ ကြောက်စိတ်တော့မရှိပါ။ သွားရင်းသွားရင်းနှင့် ရှေ့၌ အလွန်နက်သောလျှိုကြီးတစ်ခုကို ဘွားခနဲတွေ့လိုက်ရပါသည်။ ထိုအချိန်၌ နေကမွန်းတည့်နေပြီ။ လျှိုထိပ်၌ထိုင်ရင်း ပါလာသောရေဘူးကို မော့သောက်စဉ် အလွန်မွှေးကြိုင်သောပန်းရနံ့များကိုရှူရှိုက်လိုက်ရပါတော့သည်။ အမောလည်း ပြေသွားသလို စိတ်ရောလူပါ အလွန်လန်းဆန်းသွားပါသည်။ နံဘေးပတ်လည်၌ ကျောက်သားပဲရှိ၍ ပန်းရနံ့က မျက်နှာချင်းဆိုင်အရပ်မှလာမှန်း သတိပြုမိသွားပါသည်။ လျှိုကိုကျော်၍ တစ်ဖက်တောင်နံရံကိုကြည့်လိုက်သောအခါ -

- လျှိုအတွင်းမှ တစ်ဖက်တောင်နံရံ အတိုင်း အားယူပေါက်နေသော မြင့်မားသည့်အင်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရပါသည်။ ပန်းရနံ့က ထိုအင်ပင်မှလာမှန်း သတိပြုမိ၍ အင်ပင်ကို စေ့စေ့စပ်စပ် လိုက်ကြည့်မိပါသည့်။တွေ့ပါပြီ။ အင်ပင်ခွဆုံနေရာ၌ တွယ်ကပ်ပေါက်နေသော သစ်ခွတစ်အုံ။ ထိုသစ်ခွအုံမှပန်းနံ့မွှေးနေခြင်းသာဖြစ်ပါသည်။ ထိုသစ်ခွအုံ၏ ကိုင်းဖျားထိပ်များ၌ သီးသန့်ချင်းစီ အရောင်ကိုးမျိုးကိုးသွယ်ဖြစ်နေခြင်းက ပို၍ထူးဆန်းနေပါသည်။ ပန်းပွင့်တစ်ပွင့်ချင်းစီ၏ အရွယ်အစားက တစ်ဖက်လျှိုထိပ်မှလှမ်းကြည့်နေတာတောင် အရွယ်အစားကြီးပါသည်။ ကွဲကွဲပြားပြားလှမ်းမြင်နေရပါသည်။ ထိုမြင်ကွင်းကိုမယုံ၍ မျက်စိနှစ်ဖက်ကို အခါခါပွတ်ကြည့်မိပါသည်။ ဘယ်ခါကြည့်ကြည့်မမှားပါ။ ထိုပုံစံအတိုင်း မပြောင်းမလွဲမြင်နေရပါသည်။ ကိုယ့်အသားကိုယ်လည်းဆွဲဆိတ်ကြည့်မိရသည်ကအခါခါ။ အိပ်မက်မဟုတ်မှန်း အသားနာမှသတိပြုမိပါတော့သည်။

"ဒါ . . . ဒါ ရှေးလူကြီးသူမတွေ ပြောခဲ့တဲ့ နတ်သစ်ခွ၊ နဝရတ်ကိုးသွယ် နတ်သစ်ခွ အမှန်ပါပဲလား"

ထိုနတ်သစ်ခွတန်ခိုးကြီးပုံ၊ တန်ဖိုးရှိပုံ၊ သုံးတတ်လျှင်သုံးတတ်သလို ဆေးစွမ်းထက်ပုံကို ရှေးစကားကြောင့်သာ ကြားဖူးထား၍ အလွန်လည်းအံ့ဩရပါသည်။ နတ်တွေစောင့်ရှောက်သည်။ ထိုက်သူမှရတတ်သည်ဟုလည်း သိထားရပါသည်။ ထို့ကြောင့် လျှိုထိပ်မှာဒူးတုပ်ထိုင်၍ ရိုရိုသေသေဖြင့် ရှိခိုးကာ တောစောင့်နတ်၊ တောင်စောင့်နတ်များကိုတိုင်တည်၍ဆုတောင်းမိပါသည်။ ထို့နောက် မတ်တတ်ရပ်၍ လျှိုကြီးအောက်ခြေကိုငုံ့ကြည့်တော့ မျက်နှာကို လျှိုထဲမှတိုက်ခတ်နေသောလေများက ခပ်ပြင်းပြင်း။ မျက်နှာစပ်ခမန်းလာဟပ်နေပါသည်။ လျှိုက တော်တော်နက်လွန်းလှပါသည်



www.burmeseclassic.com

www.burmeseclassic.com

တကား။

"အို- ဒီလိုနတ်သစ်ခွမျိုးက ရနိုင်ခဲ့ပါဘိ၊ တွေ့နိုင်ခဲ့ပါဘိ။ ငါယောကျ်ားပဲ။ ငါ့ကံရှိ မရှိ ကြိုးစားကြည့်တာ မမှားနိုင်လောက်ပါဘူး"

ထိုသို့စိတ်ပိုင်းဖြတ်ကာ တောထဲမှ ရနိုင်သလောက် ခိုင်ခံ့တုပ်ခိုင်သော အနေတော်နွယ်များကို ခုတ်ယူကာ နွယ်များဆက်ထုံး၍ လျှိုအောက်ကိုဖြည်းဖြည်းချင်းလျှော့ချနေမိပါသည်။ နွယ်ထုံးများကို စိတ်ဖြင့်လည်းရေတွက်ကြည့်မိပါသည်။ နွယ်ထုံးနှစ်ဆယ့်ခုနစ်ထုံးရောက်မှ အောက်ခြေကြမ်းပြင်ကိုထိပါတော့သည်။ ကြမ်းပြင်ထိသည်နှင့် နောက်ထပ် နွယ်တစ်တုံးအကူညီဖြင့် အနီး၌ရှိသော သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ကို ခါးပန်း၍ ခိုင်ခိုင်ခံ့ခံ့ ချည်နှောင်ကာ နွယ်ခိုစီး၍ လျှိုအောက်ခြေသို့ တဖြည်းဖြည်းချင်း ဂရုတစိုက်ဆင်းလာပါတော့သည်။ လျှိုအောက်၌ ဝါးပင်များက ဟီးထနေအောင် သန်စွမ်းစွာ ပေါက်နေကြပါသည်။ ကျွန်တော်မနားဘဲ ခိုင်မာသောဝါးငုတ်များရအောင် ဓားဖြင့်ဆက်ခုတ်ကာ တစ်ကိုယ်စာခိုင်ခံ့သော ငုတ်တော်တော်များခုတ်ပါတော့သည်။ပြီးမှ အင်ပင်အောက်ရောက်လာကာ မော့ကြည့်မိပါတော့သည်။ ဆောင်းလာသော ခမောက်ပင် ပြုတ်ကျခမန်း။ ကျွန်တော် စိတ်မပျော့တော့ပါ။ အားလည်းအတော်ရှိလာပါပြီ။ ဤသို့ဖြင့် ပါလာသောရဲတင်းဖင်ဖြင့် အင်ပင်ကို ဝါးငုတ်စရိုက်ပါတော့သည်။ တစ်ငုတ်ရိုက်၊ နှစ်ငုတ်ရိုက်နှင့် ဝါးငုတ်ကုန်အပင်အောက်ပြန်ဆင်း၊ ဝါးငုတ်ယူဆက်ရိုက်နှင့် ဝါးငုတ်ပေါင်း သုံးဆယ့်ခြောက်ငုတ်ကုန်သောအခါ နွယ်သစ်ခွပေါက်ရောက်ရာ ခွဆုံကိုင်းသို့ ရောက်လာပါပြီ။ လေက မျက်နှာစပ်ခမန်း တဟူးဟူးတိုက်နေပါသည်။ နတ်သစ်ခွပန်းရနံ့ကလည်း ချိုအီမွှေးကြိုင်နေပါတော့သည်။ ပင်ပန်းခဲ့သမျှအမော နေလာနှင်းပျောက်သလို ရေတွေ့ကြာလို အံ့ဩစဖွယ် ပျောက်ဆုံးသွားကာ လူတစ်ကိုယ်လုံးအားအင်များ တိုးပွားလာနေသည်က အဆန်းတကြယ်ပါပေ။ ဒါကြောင့် နတ်သစ်ခွဖြစ်နေတာကိုးဟု စိတ်ထဲဘဝင်ချမိပါတော့သည်။ ယခုတော့ နတ်သစ်ခွက ကျွန်တော်လက်လှမ်းမှီရမှာ။

ခွဆုံအင်ပင်ကိုင်းကို အပေါ်မှ ခြေပတ္တာချိတ်ထိုင်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်များကို မျက်လုံးမှိတ်၍ ရှိခိုးတိုင်တည်ကာ လက်လှမ်းမှီရာ နတ်သစ်ခွအုံမှ တစ်ပွေ့စာသစ်ခွအုံကို အမိအရ အားနှင့်ဆွဲ၍ တဖြည်းဖြည်းချင်း အမြစ်၊ အရွက်၊ အပွင့်ကိုင်းများ မနာမကျိုးမပဲ့အောင် ဆွဲယူလိုက်ပါသည်။ အလတ်စားခန့် နတ်သစ်ခွတစ်အုံက ကျွန်တော့်လက်ထဲမှာ။ မိခင်သစ်ခွတစ်အုံလုံး ကျွန်တော့်၌ပါလာသောဓားနှင့် အချိန်ယူခွာခွင့်မရပါ။ တောင်ပေါ်လေ တဟူးဟူးက ကျွန်တော့်ကိုပြုတ်ကျခမန်း တိုက်နေ၍လည်းဖြစ်ပါသည်။

'ဒါက နတ်သစ်ခွနော် စံနက်ကျော်။ လောဘဇောမပါစေနဲ့၊ လောဘဇောမပါစေနဲ့။ မတော်-နတ်တွေတန်ခိုးနဲ့ဖျောက်ပစ်လိုက်လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်'

သို့ကလို စိတ်ကဆုံးမရင်း လက်ထဲရှိ တစ်ပွေ့စာနတ်သစ်ခွအုံကို ကိုယ်၌ စလွယ်သိုင်းထားသော အပိုဆောင်းပုဆိုးနှင့် သေသေချာချာထုပ်ကာ ဘုလက်သီးခတ်၍ ကျော၌လွယ်ပိုးထားလိုက်ပါသည်။ အပင်ကြီးပေါ်မှ အဝေးကိုလှမ်းကြည့်သောအခါ ကျွန်တော်လာခဲ့ရာ ဝါးခုတ်စခန်းကို လည်းကောင်း ခပ်ဝေးဝေးမှရွာများကို ကွဲကွဲပြားပြား မြင်လိုက်ရပါတော့သည်။

'ဟိုမှာက ဝါးခုတ်စခန်း၊ ဟိုမှာက မြနှင်းမြသာရွာ၊ ဟိုမှာက ပြဒါးချောင်းရွာ၊ ဟိုမှာက လေးအိမ်ရွာ ဟိုဝေးဝေး ပြုပြုလေးက ဆောင်တောင်ကြီးရွာ'

စိတ်ထဲ သို့ကလိုပြောရင်း ပြန်လမ်းကိုမမှားအောင် သေသေချာချာ မှတ်ကာ ဝါးငုတ်တစ်ငုတ်ဖြင့် ဂရုတစိုက်နင်း၍ တဖြည်းဖြည်းချင်းဆင်းလာပါတော့သည်။ အင်ပင်အောက်ခြေရောက်သောအခါ ချန်ထားခဲ့သော ခမောက်ကို ကောက်ယူဆောင်းပြီး တစ်ဖက်လျှိုနံရံရှိ တွဲလဲချထားသော နွယ်တန်ထုံးဆီသို့ ပေါ့ပါးသောခြေလှမ်းတို့ဖြင့်အပေါ်ကမ်းပါးယံသို့ရောက်အောင် လျှိုအထက်တက်ရပါဦးမည်။

## အခန်း(၆)

## ရွှေစော်နံပြန်ပါဦး။ငွေစော်နံပြန်ပါဦး

ကိုထွန်းရွှေစကားက ဆုံးသွားပါပြီ။ နတ်သစ်ခွဇာတ်လမ်းနားထောင်ရသည်မှာ အသည်းယားစရာကောင်းသလို ဆန့်တငံ့ငံ့လည်းရှိလှသည်။ ကျွန်တော်ကဆက်မေးသည်။

"ဒါဆို နတ်သစ်ခွက ပြဒါးချောင်းရွာသား ကိုစံနက်ကျော်ဆီမှာပေါ့။ နို့ - အစ်ကိုပြောသေးတယ်လေ။ စင်ကာပူက သူဌေးမစ္စတာဟန်ဆိုတဲ့လူ လာဝယ်သေးတယ်ဆို"

ကိုထွန်းရွှေက ခေါင်းညိတ်ကာ -

"မစ္စတာဟန်နဲ့ ရန်ကုန်က အဆက်အသွယ်လူတစ်ယောက်၊ သူ့လက်ရင်းတပည့်နှစ်ယောက်နဲ့ အစ်ကိုအပါအဝင် စုစုပေါင်းငါးယောက် မောင်စံနက်ကျော်အိမ်ကိုရောက်အောင်သွားကြတာပေါ့။ နဝရက်ကိုးသွယ်နတ်သစ်ခွကို ဘုရားခန်းညာဘက်နံဘေးက လေသာဆောင်မှာ အကျအနချိတ်ဆွဲထားတာကွ။ နတ်ပွဲလည်း တခမ်းတနားပူဇော်ထားသေးတယ်မောင်။ နတ်သစ်ခွပင်မှာပွင့်တဲ့ပန်းရဲ့အရောင်ကိုးမျိုးကတင် တစ်ပွင့်ချင်းစီအလှမြိုင်ရန့်မွှေးပြိုင်နေသလိုပဲ။ အိမ်ဝိုင်းတစ်ခုလုံးကို ဘယ်နေရာကဖြစ်ဖြစ် မွှေးနေတာ"

ကျွန်တော်က ကိုထွန်းရွှေ ဘာပြောမလဲ စိတ်ဝင်စားစွာ နားထောင်နေပါသည်။ စကားက လိုရင်းနေရာမရောက်သေးပါ။

"မစ္စတာဟန်က မောင်စံနက်ကျော်ကို ဒီနတ်သစ်ခွကိုရောင်းဖို့ ကြိုး[...] ဈေးတောင်းဖို့ပြောတယ်။ ရွှေနဲ့ပေး[...] ရမလား ဒါမှမဟုတ် ငွေသားနဲ့ပေး[...] မလားလို့ကိုပြောတာ။ ဈေးမဖြတ်ဘူး[...] ခေါ် ချင်သလောက်ဈေးခေါ် ဖို့လည်းပြော[...] တာပဲ။ မောင်စံနက်ကျော်လည်း တော[...] ပေါ် သားနွမ်းပါးသူကိုး၊ ရောင်းချင်[...] ပေါ့။ ဒီအခွင့်အရေးကလည်း ရခဲ[...] ကိုးကွ။ ဒါပေမယ့် တောင်ပေါ် သား[...] တကယ်ရိုးတာကိုး။ အစ်ကိုလည်း [...] ကျမှ မောင်စံနက်ကျော်လို ရိုးဂုဏ်[...] ကောင်းတဲ့လူကိုတွေ့ဖူးတာပဲကွ။ မော[...] စံနက်ကျော်က ထူးထူးဆန်းဆန်းစ[...] တစ်ခွန်းပြောတယ် မောင်နိုင်။ [...] စကားတစ်ခွန်းကြောင့်ပဲ မစ္စတာ[...] နတ်သစ်ခွကိုမဝယ်ရဲဘဲ အမှတ်[...] နတ်သစ်ခွဓာတ်ပုံရိုက်ပြီး ပြန်သွား[...] ကွ။ အရောင်းအဝယ်လုံးဝမဖြစ်ခဲ့[...] ဖြစ်မသွားဘူး"

လာပါပြီ။ တကယ့်ဇာတ်ဝင်[...] က လာပါပြီ။ ထို့ကြောင့် ခပ်လော[...] ပင်မေးလိုက်ပါတော့သည်။

"ကိုစံနက်ကျော်က မစ္စတာ[...] ကို ဘာစကားပြောလိုက်တာတုံး အ[...] ရ။ ကျွန်တော်သာဆို နတ်သ[...] ရောင်းပစ်လိုက်မယ်။ သစ်ခွ[...] နေရာလည်း သူပဲသိတာ။ မိခင်သ[...] ကြီးလည်းကျန်နေသေးတာပဲ။[...]




www.burmeseclassic.com

www.burmeseclassic.com

# ထမင်းတစ်ဆုပ် တောင်တစ်ကုတ်ဆိုရင်

## ဗန်းမော်ညိုသူ



ထမင်းတစ်ဆုပ် တောင်တစ်ကုတ်ဆိုတဲ့ ရှေးမြန်မာကြီးများရဲ့ စကားကို သူတိုင်းကြားဖူးကြမှာပါ။ အဓိပ္ပာယ်ကတော့ မိမိလက်နဲ့ဆုပ်ပြီးထမင်းတစ်ဆုပ်ကိုစားနိုင်သေးရင် ခန္ဓာကိုယ်ကိုအားဖြစ်စေပြီး တောင်ပေါ်ကိုတောင်တက်နိုင်သေးတယ်လို့ ဆိုထားခြင်းဖြစ်ပါတယ်။

ထမင်းကိုဖြစ်စေတဲ့ ဆန်ဆိုတာတာ အာရှတိုက်သားတွေရဲ့ အသက်ဖြစ်ပါတယ်။ အာဖရိကနဲ့ အနောက်ဥရောပကတော့ ဂျုံဟာ သူတို့ရဲ့အသက်ဖြစ်တယ်။ ဒါကြောင့် ဆန်နဲ့ ဂျုံဟာ ကမ္ဘာ့လူသားတွေရဲ့ အသက်ဖြစ်ကြောင်း မှတ်တမ်းများကပြခဲ့တယ် မဟုတ်လား။

ကျွန်တော်မြေတိုင်းစာရေးဘဝက ရွာတစ်ရွာကို ရောက်ဖူးပါတယ်။ အဲဒီရွာအမည်က တာဆိုင်လို့ခေါ်တဲ့ ရှမ်းရွာလေးဖြစ်ပါတယ်။ ဗန်းမော်ခရိုင် မိုးလဲအုပ်စုမှာပါဝင်တဲ့ရွာဖြစ်ပါတယ်။ ကျွန်တော်ဟာ ဗန်းမော်မြေစာရင်းဌာနရဲ့ အသစ်စက်စက် အခွန်တော်မြေတိုင်းစာရေးပါ။အဲဒီရွာလေးဟာ ဗန်းမော်ကနေ မိုင်(၄၀)ကျော်ဝေးပါတယ်။ အဲဒီရွာ

ပေါ် ဒုတိယအကြိမ်တက်ပြီး ခွာလို့ရနေသေးတာပဲ”

ကိုထွန်းရွှေက ပြုံး၍ခေါင်းခါပြသည်။

“မောင်နိုင် မောင်နိုင်၊ ငါ့ညီပြောသလို သည်ကိစ္စက သည်လောက်နဲ့ လွယ်လွယ်မပြီးဘူးကွ။ မောင်စံနက်ကျော်က မစ္စတာဟန်ကိုပြောလိုက်တဲ့စကားက ‘ဆရာကြီးတို့ ဒီနတ်သစ်ခွကိုဝယ်သွားလို့မဖြစ်ဘူးတဲ့။ သူကလည်း ဒီအတိုင်း မေတ္တာနဲ့ အလကားပေးလို့လည်းမရဘူးတဲ့။ သူနတ်သစ်ခွပွင့်တဲ့နေရာကို ဒုတိယတစ်ခေါက်သွားသေးတယ်တဲ့မောင်။ နတ်သစ်ခွတင်မကဘူးတဲ့ လက်ခံပေါက်ရောက်တဲ့အင်ပင်ကြီးပါ အစရှာမရအောင်ပျောက်သွားသတဲ့ မောင်နိုင်။ သေချာအောင်သွားကြည့်တာ ခုနစ်ခေါက်၊ ရှစ်ခေါက်မကဘူးတဲ့။ ဆရာကြီးတို့ဝယ်သွားပြီး သူ့ဝိုင်းထဲက ထွက်တာနဲ့ နတ်သစ်ခွက ဆရာတို့လက်ထဲက ဖျတ်ခနဲပျောက်သွားမှာတဲ့။ ဆရာကြီးတို့က ပျောက်ပျောက်ကွာ၊ တို့ကံနဲ့တို့ဝဲဆို ဝယ်သွားလို့ မပျောက်သွားရင်အကြောင်းမဟုတ်ဘူးတဲ့။ ပျောက်များပျောက်သွားရင် သူ တစ်သက်လုံး စိတ်ထောင်းဖြစ်နေရမှာတဲ့။ သူများငွေလည်း အလကားမယူချင်ဘူးတဲ့။ သူစိတ်ထင်နေတယ်တဲ့။ ဝိုင်းပြင်ရောက်တာနဲ့ နတ်သစ်ခွ ဖျတ်ခနဲဆို ပျောက်သွားမှာပဲတဲ့ဗျာ။ ကဲ - မောင်နိုင်၊ ငါ့ညီစဉ်းစားကြည့်၊ သူမှမရိုးဘယ်သူရိုးမလဲကွာ”

ကျွန်တော်ပင် တော်တော်ကြာကြာအထိ သဘောကျလွန်း၍ ဖြည်းညင်းစွာ လက်ခုပ်တီးမိပါသည်။

“ဒါလည်း ဟုတ်တာပဲ အစ်ကိုရ၊ အခု ကိုစံနက်ကျော်အိမ်မှာကော နတ်သစ်ခွရှိသေးလား။ နတ်တွေက ပြန်သိမ်းသွားပြီလား”

ကိုထွန်းရွှေက ကျွန်တော်ကို ခေတ်လူငယ်ဖြစ်ပြီး အ,ရန်ကော ဟူသော အတွေးနှင့်ကြည့်ကာ -

“တောင်ပေါ်ရွာတွေ အကုန်လုံးအောက်ကျင်းကို စီမံချက်ကြောင့် ရွာလုံးကျွတ် အကုန်ရွှေ့ရတယ်လေကွာ။ မောင်နိုင်၊ မင်းမေ့နေသလား”

ကျွန်တော်က သဘောကျစွာ လက်ဖျောက်တီး၍ -

“ရွှေ-နိပ်ပဟ။ ဒါဆို နီးနီးနားနား ဇေယျာသီရိသွားပြီး တိုင်းရင်းသားများကျေးရွာမှာ ကိုစံနက်ကျော်တို့မိသားစုကို ရှာရုံပေါ့ အစ်ကို။ သူ့လိပ်စာပေးပါ။ အတူတူသွားရအောင်”

ကိုထွန်းရွှေက ခေါင်းခါပြပြန်သည်။

“အဲဒီတိုင်းရင်းသားကျေးရွာမှာ မောင်စံနက်ကျော်တို့ ရွှေ့မလာဘူးတဲ့။ တောင်ပေါ်မှာလည်းမနေရတော့ မိသားစုလိုက် လိပ်သိုကိုရွှေ့သွားသတဲ့ မောင်နိုင်။ တချို့ပြောတာကလည်း တောင်ငူ-သံတောင်ဘက်တဲ့။ နေရာက နှစ်နေရာဖြစ်နေတယ်”

ကျွန်တော့်စိတ်ထဲ ကြားသာကြားရ မမြင်လိုက်ရသည့် နဝရတ်ကိုးသွယ် နတ်သစ်ခွကြောင့် သည်တစ်ချက်တော့ တော်တော်နာသည်ဟု တွေးမိသည်။ ကိုထွန်းရွှေ နှုတ်ဆက်၍ လင်းရောင်ခြည်ကဖီးမှ ထပြန်သွားသော်လည်း ကျွန်တော့်စိတ်ထဲ နတ်သစ်ခွကို ပုံဖော်နေမိပါတော့သည်။ ကြံ့ကြံ့ဖန်ဖန် ကလေးငယ်များ အတွဲလိုက်ကစားရသော လက်လေးချောင်းချိတ် ရွှေတံခါးဂိတ်ကြီးပေါင်းမိုးလေးရှေ့မှာ စကားသံသံဆာဆာလေးများ၊ မေးနေဖြေနေသံလေးများကို ကြားနေရပါသည်။

“ရွှေတံခါးကြီးဖွင့်ပါဦး”

“ဘယ်မင်းအိမ်ကတုံး”

“ငွေမျက်နှာမင်းအိမ်က”

“ငွေမျက်နှာမင်းအိမ်ကဆို လက်ဆောင်ပေးစရာဘာပါ”

“ရွှေငွေကိုးတင်းပါ”

“ရွှေငွေကိုးတင်းမလိုပါ၊ ရိုးဂုဏ်ကလေးလိုချင်တာ”

“ရိုးဂုဏ်ဆိုတာ ကျွန်တော့်မှာမရှိ ရွှေ ငွေမျက်နှာပဲကြည့်”

“ရိုးဂုဏ်မရှိတဲ့မိတ်ဆွေရာ၊ ရွှေစော်နံလို့ပြန်တော့ပါ။ ငွေစော်နံလို့ပြန်တော့ပါ။ရွှေစော်နံအထင်မကြီး၊ ငွေစော်နံအထင်မကြီး၊ ရွှေတံခါးကြီးပိတ်လို့ပြီး”

နိုင်ပြေသိမ်းနွဲ



www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ကားတစ်တန်၊ ခြေကျင်တစ်တန်နဲ့လာခဲ့ရပါတယ်။ ကျွန်တော်တို့အစိုးရဝန်ထမ်းဆိုတာ သူကြီးအိမ်မှာပဲ တည်းခိုရပါတယ်။ သူကြီးအိမ်မှနေပြီး လယ်ကိစ္စယာကိစ္စများကို ဆောင်ရွက်ရပါတယ်။ သူကြီးအိမ်ရောက်တော့ သူကြီးကထွက်ကြိုပါတယ်။ သူကြီးက တော်တော်အိုနေပြီ။ ဒါပေမယ့် ခါးက မကိုင်းသေးဘူး။ မျက်လုံးလည်းတော်တော်ကောင်းသေးပုံရပါတယ်။

"လာလာ -ငါ့မြေး ထိုင်၊ ထိုင်"

သူကြီးကိုယ်တိုင် ဖျာခင်းပေးပါတယ်။ ရေနွေးအိုး (အခါးအိုး) ချပေးပါတယ်။ နောက်ပြီး သူကြီးက -

"လယ်ဝန်ဆီက အကြောင်းကြားစာရထားတာ (၁၀) ရက်လောက်ရှိပြီ။ ဒါကြောင့် ဗန်းမော် - မြစ်ကြီးနားကားလမ်းနားလုံဂိတ်မှာ ကြိုခိုင်းနေတာ"

သူကြီးက ကျွန်တော် မြေတိုင်းစာရေးဖြစ်ကြောင်း ချက်ချင်းသိလိုက်လို့ ကြိုဆိုခြင်းဖြစ်မယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကြီးကြိုခိုင်းလိုက်သူများနဲ့ ကျွန်တော် အတူပါလာလို့ဖြစ်ပါတယ်။ ကျွန်တော်သူကြီးခင်းပေးတဲ့ဖျာမှာထိုင်ပြီး ရေနွေးသောက်ပါတယ်။

"အဘိုး၊ အဘိုးကတော်တော်အသက်ကြီးပြီနော်"

"အေး-ဟုတ်တယ်၊ အခုအသက် (၉၅) နှစ်ရှိပြီ။ အိုလာလို့ ကျုပ် သူကြီးအလုပ်ကို မလုပ်ချင်တော့ဘူးပြောပေမယ့် မရဘူး။ ဗန်းမော်နယ်ပိုင်ဝန်ထောက်မင်းကလုပ်ရမယ်လို့ပြောလို့ လုပ်နေရတယ်"

သူကြီးဟာ ကျွန်တော့်ရှေ့တွင် တင်ပျဉ်ခွေထိုင်ပြီး အခါးသောက်ရင်း ပြောနေပါတယ်။

"အဘိုးကို တစ်ခုမေးရဦးမယ်။ အဘိုးဟာ အသက်လည်းအတော်ရနေပြီ။ ဘာဖြစ်လို့ ဒီလောက်ကျန်းမာရေးကောင်းနေတာလဲ။ ကျွန်တော်တွေ့ဖူးသမျှ အဘိုးတို့အရွယ်တွေဟာ မျက်စိမှုန်ကြတယ်။ နားထိုင်းကြတယ်။ ခါးကိုင်းကြတယ်။ ဘယ်ကိုမှသွားလာနိုင်လာနိုင်ခြင်းလဲမရှိတော့ဘူး။ အများဆုံးအိပ်ရာပေါ်မှာ နေကြတာများတယ်။ အဘိုးကတော့ သွားနိုင်လာနိုင်တယ်။ မျက်စိလည်းကောင်းတယ်။ နားလည်းကောင်းတယ်။ သွားလည်းကောင်းတယ်။ ခါးလည်းမကိုင်းဘူး။ မျက်နှာတစ်ခုပဲ ပါးရေတွေတွန့်ပြီး အိုရုပ်ပြနေတယ်။ အဘိုးဘာဆေးများမှီဝဲနေသလဲဆိုတာ ကျွန်တော့်ကိုပြောပြပါဦး။ ကျွန်တော်က ဆေးပညာကို လေ့လာနေတဲ့သူမို့ပါ"

ကျွန်တော်က မေးလိုက်တဲ့အခါ အဘိုးကပြုံးပါတယ်။

"အဘိုး၊ ဘာဆေးမှမမှီဝဲဘူး။ အဘိုးဘဝမှာ ဖျားနာခေါင်းကိုက်ခြင်းလည်းမရှိခဲ့ဘူး။ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘာမှမဖြစ်ခဲ့ဘူး။ အတိတ်ကံကြောင့်များလားမပြောတတ်ဘူး။ ဒီနေ့အထိတော့ ဘာမှမဖြစ်သေးဘူးကွယ့်"

"ဒီလိုဆို အဘိုးဘာတွေစားလဲ ကျွန်တော့်ကို ပြောပြပါဦး"

"အဘိုးစားတာကတော့ အသီးအရွက်ပဲပေါ့။ တစ်ခါတစ်ရံ အသားငါးလေး လာရောင်းကြရင်လည်း အသားငါးလေးတော့ စားရပါတယ်။ အဘိုးဆီမှာ အစားအသောက်နဲ့ပတ်သက်ပြီး စည်းကမ်းတစ်ခုတော့ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဆာတိုင်းမစားဘူး။ ပြီးတော့ ဟိုဟာစားချင်ဒီဟာစားချင်တဲ့စိတ်ကို ဖျောက်တတ်ပြီး မစားဘဲနေတတ်တယ်။ မနက်မိုးမလင်းခင် အဘွားချက်ထားတဲ့ ထမင်းပူပူလေးကို ဆွမ်းတော်တင်တယ်။ ပြီးတော့ ထမင်းပူပူလေးကို ပန်းကန်ပြားထဲထည့်ပြီး ဆားလေးဖြူးတယ်။ ထမင်းဆုပ်(၇)ဆုပ်လုပ်တယ်။ပြီးတော့ ဒီထမင်း (၇) ဆုပ်ကို ရေနွေးကြမ်းနဲ့စားတာပဲ။ စားပြီး လယ်တောထဲသွားတာပဲ။ အဘိုးတို့အဖေလည်း ဒီအတိုင်းပဲလုပ်ခဲ့တာ။ အဘိုးတို့အဖေဟာ လူ့ဘဝမှာ အသက် (၁၁၈)နှစ်နေသွားရတယ်။ နောက်တစ်ခု ပြောရဦးမယ်။ အဘိုးဟာ ဘယ်တော့မှ အရက်မသောက်ဘူး။ ငါးပါးသီလကို ငယ်ငယ်ကတည်းက စောင့်ထိန်းခဲ့တာ ဒီနေ့အထိပဲ။ သူကြီးလုပ်ခဲ့တဲ့သက်တမ်းတစ်လျှောက် ဘယ်တော့မှ မတရားတာ မလုပ်ခဲ့ဘူး။ နောက်ပြီး စိတ်ကိုဖြူဖြူစင်စင်ထားပြီး ငြိမ်းငြိမ်းချမ်းချမ်းနေတယ်"

အဘိုးသည် ကျွန်တော့်ကိုပြောလို့ပြီးတော့ မီးဖိုချောင်ဘက်ကိုလှည့်ပြီး -

"မိဒေါင်းရေ ထမင်းပွဲပြင်တော့။ စာရေးကြီးဆာနေတော့မယ်"

"မဆာပါဘူး အဘိုး။ ဖြည်းဖြည်းလုပ်ပါ"

"ငါ့မြေးကို တစ်ခုပြောထားဦးမယ်။ အဘိုးအိမ်က ဘယ်တော့မှအရက်နဲ့ ဧည့်မခံဘူးနော်။ ဘယ်ဧည့်သည်လာလာ အခါး(ရေနွေးကြမ်း)နဲ့ပဲ ဧည့်ခံတယ်။ စိတ်မရှိနဲ့နော်"

အဘိုးဟာ အားနာတဲ့မျက်နှာနဲ့ ကျွန်တော့်ကိုပြောပါတယ်။

"အဘိုး၊ ဘာမှအားမနာနဲ့။ ကျွန်တော်လည်း ဘယ်တော့မှအရက်မသောက်ဘူး"

"သာဓုကွယ်၊ သာဓု၊ သာဓု။ အရက်ဆိုတာ ဘယ်တော့မှမကောင်းဘူး အဆိပ်ရည်ပဲ။ အရက်သောက်တဲ့လူဟာ ကိုယ့်ခန္ဓာထဲကို အဆိပ်တွေလောင်းထည့်နေတာမသိကြဘူး။ အဲဒါကြောင့် အသက်တိုနေကြတာ"

"ဟုတ်ပါတယ် အဘိုး။ အခုအဘိုးနဲ့စကားပြောရင်း အတွေးတစ်ခုဝင်လာတယ်။ အဲဒါကတော့ 'ထမင်းတစ်ဆုပ်တောင်တစ်ကုတ်' ဆိုတဲ့ စကားပါ။ အဘိုးဟာ တစ်ရက်တစ်ရက်ကို ထမင်း (၇) ဆုပ်စားတယ်ဆိုတော့ ဒီထမင်းရဲ့ အကျိုးသက်ရောက်မှုကို အဘိုးခံစားနေရတယ်လို့ ကျွန်တော်တွေးမိလို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေက မနက်စောစောအိပ်ရာထချိန်မှာ ဗိုက်ထဲမှာ အစာမရှိတော့လို့ ဝမ်းမီးတောက်နေပြီ မဟုတ်လား။ အဲဒီအချိန်မှာ ထမင်းဆုပ် (၇) ဆုပ်ရဲ့ အကျိုးကျေးဇူးကြောင့် ဝမ်းမီးငြိမ်းပြီး အင်အားကိုဖြစ်စေတယ်လို့ ကျွန်တော်ထင်ပါတယ်။ နေ့စဉ်အင်အားတွေစုလာတော့ ဒီအင်အားတွေက အသက်ရှည်ဖို့ ဖန်တီးပေးနေတယ်လို့ ယုံကြည်တယ် အဘိုး။ ဒါကြောင့် အဘိုးဒီလောက်အသက်ရှည်ပြီး ကျန်းမာနေတာ ဖြစ်နိုင်တယ်မဟုတ်လား"

ကျွန်တော်ဒီလိုပြောလိုက်တဲ့အခါ အဘိုးဟာ ဝမ်းသာအားရ ရယ်မောပြီး

"ဖြစ်နိုင်တယ် စာရေးကြီးရေ ဖြစ်နိုင်တယ်"

"အသက်တစ်ရာကျော်များနေရဦးမလား မသိဘူး"

ဗန်းမော်ငြိမ်သူ



www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာ အရှင်လာဘသာမိ

(မြိတ်ဇမ္ဗူ)

## ဝိပဿနာတရားဟူသည်. . .

(၁)

ဝိပဿနာတရား ဟူသည် အရှိကိုအရှိအတိုင်းမြင်သည့်ဉာဏ်ဖြစ်သည်။ စာပေအလိုပြောရလျှင် ပရမတ္ထသဘာဝကို ပရမတ္ထသဘာဝအတိုင်းမြင်သည့်ဉာဏ် ဖြစ်သည်။ အဘိဓမ္မာ၌ ပညတ်နှင့် ပရမတ်ကို ဟောကြားတော်မူသည်။ ပါဠိစကားဖြစ်သော ပညတ္တိကို ပညတ် ဟူ၍ လည်းကောင်း၊ ပရမတ္ထကို ပရမတ် ဟူ၍ လည်းကောင်း ပြောဆိုကြသည်။ ပါဠိစကားကို မြန်မာဝေါဟာရအဖြစ် အသုံးပြုခြင်းဖြစ်သည်။ လူ၊ နတ်၊ တိရစ္ဆာန်၊ ငါ၊ သူတစ်ပါး၊ အမျိုးသား၊ အမျိုးသမီး စသည်ဖြင့် နေ့စဉ်သုံးစွဲနေသည့်အခေါ်ဝေါ်စကားများသည် ပညတ်ဖြစ်သည်။ အများသဘောတူသတ်မှတ်သတ်ခံထားသည့်အရာသည်၊ ပညတ် အမည်နာမစကားလုံးဝေါဟာရမှန်သမျှသည် ပညတ်ဖြစ်သည်။ အဝတ်ပုဆိုး၊ အိမ်၊ ကား စသည်ဖြင့် လောကကြီးက သတ်မှတ်ထားခြင်း ဖြစ်သည်။

ပညတ်သည် ပယ်ရမည့်အရာ မဟုတ်။ သူ့နေရာသူ့ဌာနအားလျော်စွာ သုံးစွဲရသည်။ ပညတ်မပါဘဲ စကားလုံးများ၊ သမ္မုတိနယ်ပယ်၌ မှန်ကန်သည်။ အမည်နာမပညတ်သည် တစ်ပုံစံတည်း တည်သည်ဟုဆိုရပေမည်။ ပညတ်အာရုံသည် အချိန်ကာလတွေဘယ်လိုပြောင်းလဲခြင်း ပျက်စီးမှုမရှိ။ သို့သော် ပညတ်၏ သဘောသည် ပုံပန်းသဏ္ဌာန်များ ပျက်သွားလျှင် အမည်ပါပြောင်းလဲသွားတတ်သည်။ ပရမတ်သည် လူ၊ နတ်၊ တိရစ္ဆာန် စသည် မရှိ။ ခန္ဓာငါးပါး၊ နာမ်ရုပ်နှစ်ပါးသာရှိသည်။ နာမ်ရုပ်မှတစ်ပါး လူဟုခေါ်ဆိုစရာ တစ်ခုမှမရှိ။ နာမ်ရုပ်ခန္ဓာသည်သာ ပရမတ်ဖြစ်သည်။ ပရမတ်သဘောသည် အမြဲမတည်။ ဖြစ်ပြီးလျှင် ပျက်စီးတတ်သည်။ ပျက်စီးခြင်းလျှင် အဆုံးရှိသည်။

မပြောင်းလဲသည့် သဘောသည် ပရမတ်။ မမြဲသည့်သဘောမှ မြဲသည့်သဘောသို့ မပြောင်းလဲ၊ မခိုင်မြဲသည့်သဘောမှ ခိုင်မြဲသည့်သဘောသို့ မပြောင်းလဲ၊ လောဘ၏လိုချင်မှုသဘောမှ မလိုချင်မှုသဘောသို့ မပြောင်းလဲခြင်းမျိုးသည် ပရမတ်ဖြစ်သည်။ ပရမတ်သည် မည်သည့်နေရာဌာနသို့ရောက်ရောက်၊ မည်သူ့သန္တာန်တွင်ဖြစ်ဖြစ် သဘာဝတရားမှ ပြောင်းလဲမသွား။ ယခုဖြစ်၊ ယခုပျက် မတည်မြဲသည့်သဘော ဖြစ်သည်။ ပရမတ်အာရုံသည် ပျက်မှုသဘောထင်ရှားသည်။

(၂)

များသောအားဖြင့် လောကလူသားတို့၏ မြင်ခြင်းသည် ပရမတ္ထသဘာဝအပေါ်၌ ဖုံးလွှမ်းနေသော ပညတ်မျှကိုသာမြင်နေခြင်းဖြစ်သည်။ ထိုဖုံးအုပ်နေသည့်အဖုံးကိုခွာလျက် ပရမတ်အတိုင်းမြင်သည့်ဉာဏ်ကို ဝိပဿနာဟုခေါ်ဆိုရသည်။ ဝိပဿနာရှုခြင်းသည် စောင့်ကြည့်သည့်အလုပ် ဖြစ်သည်။ လိုက်ရှာရသည့်အလုပ်မဟုတ်။ မိမိက လိုက်ရှာနေမည်ဆိုလျှင် ဗျာများနေမည် ဖြစ်သည်။ လုပ်၍လည်း မရှုမှတ်ရ။ လုပ်၍ရှုမှတ်လျှင် ပင်ပန်းမည်ဖြစ်သည်။ ရှုမြဲတိုင်းရှုရမည်။ ရှိုက်မြဲတိုင်းရှိုက်ရမည် ဖြစ်သည်။ ပရမတ္ထသဘာဝတို့၏ ဖြစ်မှု၊ ပျက်မှုကို မြင်အောင်ကြည့်ရသည်။

ဝိပဿနာကိုစတင်၍ရှုမှတ်သည့် ယောဂီအသစ်သည် အစပိုင်း၌ အရှုခံတခြား၊ အရှုဉာဏ်တခြားဖြစ်တတ်၏။ ရှုမှတ်မှုအားမကောင်းသေးသဖြင့် နုငယ်သည့်အတွက် ယင်းသို့ဖြစ်နေခြင်း ဖြစ်သည်။ ရှုမှတ်မှုအားကောင်းလျှင် အရှုခံနှင့် အရှုဉာဏ်တို့ တစ်ထပ်တည်းကျ၍ ရင့်ကျက်လာမည် ဖြစ်သည်။ ဥပမာဆိုရလျှင် ထိကညိုး (ထိကရုန်း) ဆူးသည် နုခါစအခါ တခြားသစ်ရွက်များကို မထိုးဖောက်နိုင်။ ဆူးရင့်လာသည့်အခါ သစ်ရွက်တိုင်းကို ထိုးဖောက်နိုင်သကဲ့သို့ တည်း။ ထို့အတူ ဝိပဿနာရှုသော ယောဂီသည် ပရမတ်ကို ရှုမှတ်ရမည်။ သို့သော် ပရမတ်မမြင်သေးခင် ပညတ်နှင့်သာ နှယ်ကြည့်ပေးရမည် ဖြစ်သည်။ ပရမတ်မြင်အောင်ကြည့်ဖို့ရန် ယောဂီသစ်အတွက် ခက်ခဲနေတတ်သောကြောင့် ရှုမှတ်စတွင် ပညတ်အာရုံကများများဖြစ်တတ်သည်။ မရှိတရားကို အရှိတရား



www.burmeseclassic.com

www.burmeseclassic.com

ထင်၍ကြည့်နေခြင်းသည် ပညတ်ကိုရှုခြင်းဖြစ်သည်။ ပညတ်ခန္ဓာကိုကြည့်နေလျှင် ကိလေသာဝင်မည်။ ပရမတ်ခန္ဓာကိုကြည့်ပါမှသိပါမှ ကိလေသာစင်မည်ဖြစ်သည်။ ပရမတ်ကို မမြင်မချင်း 'ပညာ' မဖြစ်ဟု ဆိုရပေမည်။ သို့သော် ရှုမှတ်မှုအားကြည့်ပါများလျှင် ကြည့်လိုက်သည့်အခါတိုင်း ပရမတ်ကို သိလာပေမည်။ ပရမတ်သဘောကို ထင်ရှားတွေ့မြင်မည်ဖြစ်သည်။

(၃)

သတ္တဝါတို့သည် အဖုံးလေးမျိုး ဖုံးကွယ်ထားခြင်းခံနေရည်။ ထိုအဖုံးလေးမျိုးတို့မှာ -

၁။ နာမပညတ်ခေါ်သည့် အမည်ဖုံးနေခြင်း၊

၂။ သန္တတိပညတ်ခေါ်သည့် အစဉ်အတန်းဖုံးနေခြင်း၊

၃။ သမူဟပညတ်ခေါ်သည့်အပေါင်းအစုဖုံးနေခြင်း၊

၄။ သဏ္ဍာနပညတ်ခေါ်သည့်အသွင်သဏ္ဍာန်ဖုံးနေခြင်းတို့ ဖြစ်သည်။

လောကလူသားတို့သည် ထို(၄)မျိုးတို့ဖြင့် ဖုံးထားခြင်းခံနေရသောကြောင့် အမှန်တကယ် အရှိတရားကို မမြင်နိုင်ဘဲဖြစ်နေကြသည်။

□ နာမပညတ်

လောက၌ အရာဝတ္ထုမှန်သမျှသည် အမှန်တကယ် ပရမတ်တွေချည်းဖြစ်ကြသည်။ ထိုပရမတ်သဘောတို့ဖြင့် နာမည်ခေါ်ဝေါ်၍မဖြစ်၊ စကားပြောဆို၍မဖြစ်။ ထိုသို့ဖြစ်သဖြင့် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မောင်ဖြူ၊ မောင်မဲ စသည်ဖြင့် နာမည်အသီးသီးတပ်ကြရပေသည်။ ကြာမြင့်လာသည့်အခါ သတ္တဝါများသည် မူလပရမတ်အပေါ်တွင် စိတ်မရောက်ကြ၊ နာမည်တွင်သာ စိတ်စွဲသွားတတ်ကြသည်။ ထိုအခါ နာမည်တွင် ရိုးရိုးစွဲရုံတင်မဟုတ်။ နာမည်ကခိုက်သည်။ နာမည်ကြောင့် အကျိုးပေးဆိုးသည်။ နာမည်ကြောင့် အဆင်မပြေမှုဖြစ်သည် စသည်ဖြင့် အစွဲထင်လာတတ်ကြသည်။ အလွဲမြင်ယောင်လာကြ၏။ ထို့ကြောင့် နာမည်ပြောင်းခြင်း နာမည်ရွေးခြင်းများ ရှုပ်ထွေးကြတော့သည်။ ဆိုလိုသည်မှာ မူလဖြစ်သည့် - ခန္ဓာငါးပါး သို့မဟုတ် နာမ်ရုပ်တရားဟုခေါ်သည့် ပရမတ်ကို မမြင်ရလေအောင် မောင်ဖြူ မောင်မဲ စသည့် နာမည်ပညတ်များက ပရမတ်အမှန်တရားကိုဖုံးထားလိုက်ခြင်း ဖြစ်သည်။

□ သန္တတိပညတ်

အစဉ်အတန်းဖုံးထားခြင်း၊ ပရမတ္ထသဘာဝ အစစ်အမှန်တရားသည် ဓာတ်ခုနှင့်တစ်ခု တစ်စပ်တည်းမဟုတ် အပြတ်တွေသာဖြစ်ကြသည်။ သို့သော် တစ်ဆက်တည်းဟုထင်ရလောက်အောင် ဖြစ်ပျက်မှုက မြန်လွန်းသဖြင့် တစ်ဆက်တည်း ထင်မှတ်နေတတ်ကြသည်။ ဥပမာအနေဖြင့်ပြောရလျှင် လူတစ်ယောက်သည် မီးစတစ်ခုကို မှောင်မိုက်သည့် ညဥ့်အခါ အဝေးကနေ၍ စက်ဝိုင်းပုံသဏ္ဍာန်ဖြစ်အောင် မြန်နိုင်သမျှမြန်မြန်လှည့်ပြလိုက်သည့်အခါ မသိသူများသည် မီးစက်ဝိုင်းဟု ထင်ရသကဲ့သို့တည်း။ ဤသဘောသည် ပရမတ်အမှန်တရားကို သန္တတိပညတ်တဖုံးထားခြင်းဖြစ်သည်။

□ သမူဟပညတ်

အပေါင်းအစုက ဖုံးအုပ်ထားခြင်း။ ပရမတ်သဘာဝ၌ ရုပ်တရားသည် သူ့ဘာသာသူ၊ သူ့ကလာပ်စည်းနှင့်သူ တစ်ခုပြီးမှတစ်ခုဖြစ်နေသည်။ စိတ်လည်း ထို့အတူဖြစ်သည်။တစ်စိတ်ပြီးမှတစ်စိတ်ဖြစ်နေသည်။ အပေါင်းအစုမရှိ။ ထိုသို့မရှိပါဘဲလျက် အပေါင်းအစုဟူ၍ ထင်မှတ်နေကြသည်။ အထူးသဖြင့် ရုပ်အပေါ်၌ ရုပ်တုံးကြီး၊ ရုပ်ခဲကြီးဟု ထင်မှတ်နေခြင်းသည် သမူဟပညတ်ဖုံးထားခြင်းဖြစ်သည်။ ဖုံးအုပ်ထားခံရခြင်း ဖြစ်သည်။

သဏ္ဍာနပညတ်

အသွင်သဏ္ဍာန်ဖုံးကွယ်ထားခြင်း၊ ပရမတ္ထသဘာဝ၌ ယောကျ်ားသဏ္ဍာန်၊ မိန်းမသဏ္ဍာန်၊ ခွေးသဏ္ဍာန်၊ နွားသဏ္ဍာန်၊ ငှက်သဏ္ဍာန်၊ ဦးခေါင်းသဏ္ဍာန်၊ လက်သဏ္ဍာန် စသည်ဖြင့်မရှိ။ အဝိုင်း၊ လေးထောင့် ဆိုသည့်သဏ္ဍာန်လည်းမရှိ။ ထိုသဏ္ဍာန်သည် ပရမတ္ထသဘာဝ၏ တည်နေဟန်ကိုလိုက်၍ခေါ်ဆိုနေခြင်း ဖြစ်သည်။ အမှန်တကယ်အရင်းခံပရမတ်မှာ သဏ္ဍာန်အနေဖြင့်မရှိ။ ဥပမာ မြေမှုန့်များကိုစု၍ ရေဖြင့်နယ်ပြီးသောအခါ အမှုန်များကို နွားရုပ်လုပ်လျှင် နွားရုပ်ခေါ်နိုင်သည်။ ဆင်ရုပ်လုပ်လျှင် ဆင်ရုပ်ခေါ်နိုင်သည်။ လူရုပ်လုပ်လျှင် လူရုပ်ခေါ်နိုင်သည်။ ကျားရုပ်လုပ်လျှင် ကျားရုပ်ခေါ်နိုင်သည်။ မိမိပြုလုပ်ချင်သည့်အရုပ်များကို ပြုလုပ်၍ခေါ်နိုင်ကြသည်။ ဤသည်ကိုပင် သူတည်နေဟန်ကိုလိုက်၍ လူဟုခေါ်ချင်ခေါ်ကြသည်။ နတ်ဟုခေါ်ချင်ခေါ်ကြသည်။ အိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံအသီးသီးခေါ်ကြသည်။ သို့သော် မူလ ပရမတ်သည် လူလည်းမဟုတ်၊ နတ်လည်းမဟုတ်၊ အိမ်, ကျောင်း, ဇရပ်, ဓမ္မာရုံလည်း မဟုတ်ပေ။ သတ္တဝါတို့သည် ထိုသဏ္ဍာန်များကိုသာ မျက်မှန်းတန်းမိလျက် အချိန်ပေါင်းများစွာ၊ ကမ္ဘာပေါင်းများစွာ အမှားကြာလာတော့ အမှန်ဖြစ်သည်။ တကယ့်အစစ်အမှန် ပရမတ်များကိုမူ မမြင်ကြတော့ဘဲ သဏ္ဍာန်ပညတ်တို့အပေါ်၌ ထင်မြင်စွဲလမ်းနေကြပေတော့သည်။ ဤသဘောသည် ပရမတ်အမှန်ကို သဏ္ဍာန်ပညတ်က ဖုံးအုပ်ခံထားရခြင်း ဖြစ်သည်။

(၄)

ဝိပဿနာ = ဝိ - အထူးထူး ပဿနာ - ရှုကြည့်ရခြင်း။

ဝိပဿနာ ဆိုတာ အမှားအဝိဇ္ဇာ၏ ဖုံးအုပ်ထားမှုကိုခွာ၍ အမှန် ပရမတ်အပေါ်၌ သို့မဟုတ် ပင်ကိုအရှိတရားအပေါ်၌ ထိုအရှိတရား၏ ပင်တိုင်သဘောကို ဝိဇ္ဇာဉာဏ်ဖြင့် သိအောင်ရှုကြည့်ခြင်းဖြစ်သည်။ ပရမတ္ထသဘာဝတို့သည် ပင်ကိုသဘာဝအားဖြင့် ဖြစ်ပြီးလျှင်ပျက်သည်။ ဖြစ်လိုက်၊ ပျက်လိုက်နေသည်။ ဝိပဿနာဉာဏ် ဟူသည် အမှန်သဘာဝကို အမှန်အတိုင်း ရှုမြင်မှုသာဖြစ်သည်။ မိမိလိုချင်သလိုဆွဲယူ၍ကြည့်သည့်ဉာဏ်မျိုး မဟုတ်။ အရှိကိုအရှိအတိုင်းကြည့်သည့်ဉာဏ်မျိုး ဖြစ်သည်။ ဝိပဿနာဉာဏ်ဖြစ်အောင်အားထုတ်ခြင်းသည် နိဗ္ဗာန်ရောက်ကြောင်းလက်တွေ့ကျင့်စဉ်ဖြစ်သည်။ နာမ်ရုပ်တို့၏ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှုကြည့်ခြင်းပင်ဖြစ်သည်။

□ အနိစ္စာဒိဝသေန ဝိဝိဓာကာရေန
ပဿတီတိ ဝိပဿနာ၊ ဝိဝိဓံ
အနိစ္စာဒိကံ သင်္ခါရေသု ပဿ
တီတိ ဝိပဿနာ၊ အနိစ္စာဒိဝသေန
ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ
ပဿတီတိ ဝိပဿနာ။ ။

အနက်အဓိပ္ပာယ်မှာ နိဗ္ဗာန်ရောက်ကြောင်းအတွက် ပညတ်တို့ကိုခွာ၍ နာမ်ရုပ်တို့၏ **အနိစ္စ** - မမြဲခြင်း၊ **ဒုက္ခ** - ဆင်းရဲခြင်း၊ **အနတ္တ** - အစိုးမရခြင်း၊ ကိုယ့်အလိုသို့မလိုက်ခြင်း စသည့် အထူးထူး အပြားပြားသော အခြင်းအရာတို့ကို



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်နှင့်မြင်အောင် ရှုကြည့်ခြင်းသည် ဝိပဿနာဖြစ်သည်။ ဝိပဿနာဉာဏ်သည် ဆင်ခြင်ပုံအဆင့်ဆင့်ဉာဏ်စဉ်များ အသီးသီးရှိသည်။ ပရမတ်တရားများကို မူလအခြေခံအားဖြင့် အာရုံဆီသို့ညွတ်တတ်သည့်သဘောတစ်မျိုး၊ မာသဘော၊ ပျော့သဘော၊ ပူသဘော၊ အေးသဘော သည့် သဘောတစ်မျိုးဟု သိခြင်းကို နာမ်နှင့် ရုပ်ကို ပိုင်းခြားသိသည့်အတွက် နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်လာသည်။ နာမရူပပရိစ္ဆေဒဉာဏ်ဆိုသည်မှာ ဒါက ရုပ်သဘောတရား၊ ဒါက နာမ်သဘောတရားဟု ကွဲကွဲပြားပြား ရုပ်နှင့်နာမ်ကို သိသောဉာဏ်ဖြစ်သည်။

နာမ်တရားနှင့် ရုပ်တရားတို့သည် အလိုလိုဖြစ်သည်မဟုတ်။ အကြောင်းကြောင့်ဖြစ်သည်ဟုသိသည်။အကြောင်းနှင့်တကွ ထိသိစိတ်လေးပေါ်နေသည်။ ထိသဘောကို မြင်သွားသည့်အတွက် ကြောင့် ငါဖြစ်ဦးမှာလား၊ ငါမဖြစ်တော့ဘူးလားဟု မေးမြန်းစရာ အကြောင်းတရားမရှိ။ ဤအကြောင်းရှိနေသည့်အတွက် ဤအကျိုးရှိ၏ဟု မြင်သွားခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်သည်။

နာမ်နှင့် ရုပ်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သောသမ္မသနဉာဏ်။

နာမ်နှင့် ရုပ်တို့၏ အသစ်သစ် ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပေါ်ပြီးလျှင် တစ်ခဏချင်း ပျက်စီးသွားခြင်းကို ရှုမှတ်သိမြင်သော ဥဒယဗ္ဗယဉာဏ်။

နာမ်နှင့်ရုပ်တို့၏ ပျက်စီးခြင်းသဘောကိုသာ ရှုမှတ်သိမြင်သော ဘင်ဂဉာဏ်။

နာမ်နှင့်ရုပ်သင်္ခါရတို့၌ ကြောက်ဖွယ်ရာထင် အပြစ်မြင်သော အာဒီနဝဉာဏ်။

နာမ်နှင့်ရုပ်သင်္ခါရတို့၌ မပျော်မွေ့ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်။

နာမ်နှင့် ရုပ်သင်္ခါရတို့မှ အလွန်အမင်း ထွက်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်။

အလွန်အမင်းထွက်မြောက်လိုလှသဖြင့် ထိုနာမ်၊ ရုပ်နှစ်ပါးကိုပင် အနိစ္စအရှိသော လေးဆယ်သော အခြင်းအရာတို့ဖြင့် တွင်တွင်အားထုတ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေဖြင့် ကောင်းကောင်းကြီးထင်မြင်သော ပဋိသင်္ခါဉာဏ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေအားဖြင့် ကောင်းကောင်းထင်မြင်၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုရသဖြင့် အလွန်ငြိမ်းထန်သော လွှဲလက်ကိုလည်းမပြု၊ ထိုနာမ်ရုပ်သင်္ခါရတို့၌သာ ကြောက်လန့်ခြင်း၊ နှစ်သက်ခြင်း နှစ်ပါးကိုလည်း ပယ်စွန့်၍ သိရုံသိရုံသာ အညီအမျှရှုရသော သင်္ခါရုပေက္ခာဉာဏ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဥဒယဗ္ဗယ စသော ရှေ့ဉာဏ်ရှစ်ပါး၊ နောက် မဂ္ဂသစ္စာ အားလျော်သော ဂေါတြဘူ၏ ရှေးအခြားမဲ့၌ နှစ်ကြိမ်၊ သုံးကြိမ်သော အနုလောမဉာဏ်တို့သည် ဝိပဿနာဉာဏ်များဖြစ်သည်။ ထိုကဲ့သို့ ဝိပဿနာဉာဏ်ကအဆင့်ဆင့်ဉာဏ်စဉ်များဖြစ်စရခြင်းသည် ဉာဏ်၏ဖြစ်ပုံ၊ အခြင်းအရာအနေ၊ အရင့်လိုက်၍ ကွဲပြားရသည်ဟု မှတ်ရမည်ဖြစ်သည်။ နာမည်တပ်ထားခြင်းဟုလည်း ဆိုရပေမည်။

ဝိပဿနာဉာဏ်များသည် လောကီဉာဏ်များဖြစ်သည်။ လောကုတ္တရာဉာဏ်များမဖြစ်သေး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ကူးပါမှ လောကုတ္တရာဉာဏ်များဖြစ်သည်။ မဂ်ဉာဏ်သို့ကူးသည်ဆိုရာတွင် အနုလောမဉာဏ်သို့ရောက်လျှင် မဂ်သို့ကူးတော့မည်ဟု မှတ်ရမည်ဖြစ်သည်။ သို့သော် အနုလောမဉာဏ်သည် သင်္ခါရတရားတို့၌သာ အာရုံနိမိတ်ဖြစ်နေသေးသည်။ ထိုအခါ စိတ်၏ဖြစ်ပုံကို အဘိဓမ္မတ္ထသင်္ဂဟ၌ အထက်ပါအတိုင်း ပြဆိုထားသည်။

- အနုလောမဉာဏ် ဖြစ်ပြီးလျှင် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေတတ်သည့် ဂေါတြဘူစိတ်ဖြစ်သည်။ ထိုစိတ်သည် သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သည့် အသင်္ခတဟု ဆိုအပ်သောနိဗ္ဗာန်ကို အာရုံပြုသည်။ သို့သော်လည်း ထိုဂေါတြဘူစိတ်သည် လောကီမဟာကုသိုလ်စိတ်သာ ဖြစ်သည်။

(၅)

ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးကိစ္စကို တစ်ချက်တည်းပြီးစေသည့် သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်လာသည်။ ထိုမဂ်စိတ်လေးသည် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်ပေါ်လာသည်။ မဂ်စိတ်တစ်ကြိမ်ဖြစ်ပေါ်ပြီးနောက် သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ပြီး ဘဝင်ကျသည်။ ထိုဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည်။ ထိုမဂ်စိတ်၊ ဖိုလ်စိတ်တို့ဖြင့် နိဗ္ဗာန်ကို အာရုံပြုတာကိုပင် နိဗ္ဗာန်သို့ရောက်သည်ဟု ဆိုလိုခြင်းဖြစ်၏။ လူက နိဗ္ဗာန်ကို ရောက်ရှိသွားသည်တော့ မဟုတ်။ ထိုသို့ နိဗ္ဗာန်ကိုမြင်လိုက်ရလျှင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ ပြတ်တောက်၍ သောတာပန်ဖြစ်သည်။ ထိုအခါ အပါယ်တံခါးလည်း ပိတ်သွားတော့သည်။

သောတာပန်သည် အိုခြင်း၊ နာခြင်း၊ သေခြင်း တည်းဟူသော ဆင်းရဲဒုက္ခများ ကြုံတွေ့ဖို့ရာ (၇) ဘဝသာ ကျန်ရှိတော့သည်။ ထို (၇) ဘဝမျှ ဒုက္ခခံစားပြီးနောက် အသစ်အသစ်သော ဘဝဒုက္ခများ လုံးဝမဖြစ်တော့ဘဲ ဘဝဒုက္ခအားလုံးမှ အပြီးတိုင်ချုပ်ငြိမ်းသွားလေသည်။ ခံစားရမည့် ဆင်းရဲဒုက္ခမရှိတော့ဟု ဆိုလိုခြင်းဖြစ်သည်။

သကဒါဂါမ်ဖြစ်သည့်အခါ ရာဂ၊ ဒေါသ၊ မောဟ စသော ကိလေသာသံယောဇဉ်များကို လျော့နည်းအောင် နည်းပါးအောင် ပြုလုပ်သည်။ ဆင်းရဲဒုက္ခကြုံတွေ့ဖို့ရာ တစ်ဘဝသာကျန်ရှိတော့သည်။ သောတာပန်ပုဂ္ဂိုလ်ထက် ဘဝဆင်းရဲဒုက္ခများ ပို၍သက်သာလာသည်။

အနာဂါမ်ဖြစ်သည့်အခါ ကာမရာဂနှင့် ဒေါသဗျာပါဒတို့ကို အကြွင်းအကျန်မရှိအောင် ပယ်သတ်လိုက်သည့်အတွက် ကာမ (၁၁) ဘုံသို့ ဘယ်သောအခါမှပြန်မလာ။ ဘဝဆင်းရဲဒုက္ခများစွာ သက်သာသွားပြီဖြစ်သည်။ (၃၁) ဘုံထဲမှ အသညသတ်ကြဉ်သော ရူပဘုံ၊ အရူပဘုံတို့၌သာရရှိသော ရူပ၊ အရူပကုသိုလ် ဈာန်တရားအလိုက် ဖြစ်ရတော့သည်။ အောက်ဘုံများ၌ တွေ့ကြုံခံစားရသည့် ဆင်းရဲဒုက္ခများနှင့် မတွေ့ကြုံတော့ပေ။

ရဟန္တာပုဂ္ဂိုလ်ထူးဖြစ်လျှင် (၃၁)ဘုံတို့မှ လွန်မြောက်၍ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲတို့မှ ကင်းရှင်းသွားတော့သည်။ ချမ်းသာစစ် ချမ်းသာမှန်ကိုရရှိခြင်း ဖြစ်ပါသည်။ အောက်ထစ်ဆုံးအားဖြင့် သောတာပန်အရိယာဖြစ်မှသာ နိဗ္ဗာန်ကို စေ့ဒိဋ္ဌမျက်မှောက်ပြုနိုင်မည်ဖြစ်သောကြောင့် သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်သည်အထိ ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်သန်အောင် အားထုတ်သင့်ပါသည်။


ဒေါက်တာအရှင်လာဘသာမိ

(မြဝတီ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ ရှင်းလင်းထားလိုပါ၏။

ဝေလေလေ ဟူသည် ဇာတ်သဘင်စကားဖြင့်ဆိုသော် အမိကာသရုပ်ဆောင်မဟုတ် ဟူသော ဝေလေလေ အခန်းများ၌သာ ပါဝင်အားဖြည့်ရသော ဇာတ်ပို့ဟု အဓိပ္ပာယ်ရပါ၏။ ယခု ကျွန်ုပ်စာရေးသူ ရေးသားမည့် ညောင်ပင်တစ္ဆေ ဝေလေလေမဟုတ်ဟု ခေါင်းစီးတပ်ထားသည့်အတွက် ဤတစ္ဆေသည် ခေတ်စကားဖြင့်ဆိုသော် ကလေကချေမဟုတ်၊ သာမည်ညောင်ညမဟုတ် ဟူသောအဓိပ္ပာယ်ကို ဖွင့်ဆိုရရမည်သာ ဖြစ်ပေတော့၏။

အဆွေစာရှုသူ စတင် ဖတ်ရှုခံစားကြပါကုန်လော။

❑

ပထမဦးစွာ ပေါက်တန်း၊ ဒိတ်ကုန်း၊ ရွှေလှေ ဟူသော ရွာကြီးသုံးရွာတည်နေပုံကို ပြောပြထားလိုပါ၏။ ရန်ကုန်မြို့၏ မြောက်သို့လားသော် မဟာသိင်္ဂုတ္တရကုန်းတော်မြတ်ကြီးနှင့် ရွှေတိဂုံစေတီတော် မြေနီကုန်း၊ လှည်းတန်း၊ ကမာရွတ်၊ သမိုင်း၊ အင်းစိန်၊ ဖော့ကန်၊ ရွာမ၊ တညင်းကုန်း ဟူသော မြို့ကြီးများသို့ရောက်၏။

ထိုတညင်းကုန်းမြို့မှ တစ်ဖန်အနောက်စူးစူးသို့ ထပ်မံရွေ့လျားသော် လှိုင်မြစ်ကြီးကို ဖြတ်ကျော် ဖောက်လုပ်ထားသော ရွှေပြည်သာတံတားကြီးကို မြင်တွေ့ရမည်ဖြစ်၏။ ရွှေပြည်သာတံတားကြီး၏ ညာဘက်ဘေးတွင်မူ ရွှေရောင်ဝင်းပြောင်နေသော ငွေပင်လယ်စေတီတော်မြတ်ကြီးကို သပ္ပာယ်ကြည်ညိုစဖွယ် ဖူးမြင်ရမည် ဖြစ်၏။ ရွှေပြည်သာတံတားကြီးမှ တစ်ဖန် အနောက်စူးစူးသို့ ထပ်မံကျော်ဖြတ်ပြန်သော် မိုင်နှစ်ဆယ်၊ အလယ်ရွာကြီး၊ ထိုမှ ရန်ကုန်အနောက်ပိုင်းခရိုင်တက္ကသိုလ်နှင့် ကျွန်ုပ်စာရေးသူ ရေးသားမည့် ပေါက်တန်း၊ ဒိတ်ကုန်း၊ ရွှေလှေ ဟူသည့် ရွာကြီးသုံး

www.burmeseclassic.com

ရွာသည် ဖိုခုံလောက်ဆိုင်တည်ရှိကြလေတော့၏။

ထိုရွာကြီးများ၏ ရွာသက်တမ်းသည်ကား နှစ်ပရိစ္ဆေဒကြာညောင်းခဲ့သည်မှာ မြန်မာတို့၏ ရှေးဘုရင်များလက်ထက်အခါကာလများကတည်းဖြစ်ပေတော့၏။

ပေါက်တန်းရွာကြီး၌ လွန်စွာချမ်းသာကြွယ်ဝသော လယ်ဧကများစွာပိုင်ဆိုင်သည့် တောသူဌေးကြီး ဦးဖိုးဆိုနှင့် ညီဖြစ်သူ ဦးဖိုးငိုတို့ရှိပေ၏။

တောသူဌေးကြီးဦးဖိုးဆိုသည်မှာ ပေါက်တန်းနှင့် ဒိတ်ကုန်းရှိ ရွာလယ်တံတားကြီးကို ငွေသိန်းပေါင်းများစွာအကုန်အကျခံ၍ ဆောက်လုပ်ပေးခဲ့၏။

ရွာဦးရှိဆရာတော် ဦးကုသလနှင့် သံဃာတော်များအတွက် သိမ်နှင့်ကျောင်းကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့၏။

ယုတ်စွအဆုံး ပေါက်တန်းရွာထိပ်တွင်ရှိသော အထင်ကရ ညောင်ပင်ကြီးအား အုတ်ပတ်၍ ရေချမ်းစင်ဆောက်လုပ် လှူဒါန်းပေးခဲ့၏။

အလှူရေစက်လည်း လက်နှင့်မကွာ လှူခဲ့တန်းခဲ့သောတောသူဌေးကြီးဦးဖိုးဆို ဖြစ်၏။

ပေါက်တန်းရွာကြီး၌ နှစ်ဆောင်ပြိုင် ကျွန်းအိမ်ကြီးတစ်အိမ် ခံ့ခံ့ညားညားတည်ဆောက်၍ အိမ်သူသက်ထားဇနီးမယားဒေါ်စာဥနှင့် သားကြီး မောင်တင်မောင်၊ သမီးငယ် မကြင်ဥတို့ နေထိုင်ကြ၏။ သားကြီးနှင့် သမီးငယ်တို့ အိမ်ထောင်ရက်သားကျ၍ သားငယ်၊ သမီးငယ်တို့ ပွားစီးပြီး အခါလည်ကျော်ကျော်မှာပင် တောသူဌေးကြီး ဦးဖိုးဆို၏ဇနီးဒေါ်စာဥ လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားခဲ့လေ၏။

ဦးဖိုးဆိုမှာ အိမ်သူဇနီးမယားသေဆုံးသွားခဲ့လေ၍ လွန်စွာစိတ်ထိခိုက်ခံစားခဲ့ရလေ၏။

ဇနီးဖြစ်သူ သေဆုံးသွားပြီး မကြာမီ တောသူဌေးကြီး ဦးဖိုးဆိုမှာ သားသမီးနှင့် စည်းစိမ်ဥစ္စာ၊ ရွှေငွေရတနာပစ္စည်းများကို စွန့်လွှတ်ထားရစ်ကာ ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားခဲ့ပါတော့သည်။

သားကြီး မောင်တင်မောင်နှင့် သမီးငယ် မကြင်ဥတို့မှာ ဖခင်ကြီးတွင် များပြားလှသော ရွှေငွေရတနာမျာရှိသည်ကိုသိ၏။ သို့သော် ရွှေငွေရတနာများ မည်သည့်နေရာတွင်ထားရှိခဲ့မှန်းမသိခဲ့ကြချေ။ ဖခင်ကြီးမှာ မူးတယ်၊ မူးတယ်ပြော၍ လဲကျသွားကာ အသက်ပါသွားခဲ့လေသောကြောင့် သူဌေးကြီးပိုင်ပစ္စည်းဥစ္စာများတည်နေရာကို သားနှင့်သမီးအား မှာကြားနိုင်ခြင်းမရှိခဲ့ချေ။

❑

ဇော်ဝင်းထွန်းနှင့် သန့်ကြည်တို့မှာ ဒိတ်ကုန်းရွာသား ထန်းရည်သမားအရက်သမားနှစ်ယောက်ဖြစ်၏။ ယခုလည်း ပေါက်တန်းရွာအရက်ဆိုင်မှနေ မူးမူးရူးရူးဖြင့် တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ လေးကွက်သိုင်းနင်း၍ ဒိတ်ကုန်းရွာသို့ပြန်လာကြ၏။

ဇော်ဝင်းထွန်းမှာ အရက်မူးနေသော်လည်း ပေါက်တန်းရွာအနောက်ဘက်ရှိ ညောင်ပင်ကြီးအောက်မှဖြတ်ပြီးငင်းတို့နှစ်ယောက်နေသော ဒိတ်ကုန်းရွာကြီးသို့ဖြတ်ကာပြန်ရမည့်အရေးတွေး၍ ကြောက်ရွံ့စိုးထိတ်မိလေ၏။

မပြန်၍လည်းမဖြစ်ချေ။ ခရီးတိုလမ်းဖြစ်လေ၍ ဤညောင်ပင်ကြီးအောက်မှဖြတ်ပြန်မှသာ အချိန်တိုတိုနှင့်အိမ်သို့ပြန်ရောက်ကြမည်ဖြစ်၏။ ဤလမ်းမှမပြန်လိုသော် ပေါက်တန်းရွာအနောက်ဘက်မှထွက်၍ ရွှေလှေရွာကြီးကို တစ်မျှော်တစ်ခေါ် ကျော်ဖြတ်ကာ ပေါက်တန်းရွာအနောက်ဘက်မှ ပေါက်တန်းရွာအရှေ့ဘက်ထိပ်ထိပြန်လျှောက်ဝင်ရမည် ဖြစ်၏။ နာရီနှင့်အတိအကျချိန်ရသော် တစ်နာရီခွဲသာသာလျှောက်ရမည့်ခရီးရှည် ဖြစ်၏။

ဤခရီးရှည်ကို ညောင်ပင်ကြီးအောက်မှ ဖြတ်ကျော်၍ မိနစ်သုံးဆယ်နာရီဝက်ခန့် လျှောက်လိုက်သည်နှင့်အိမ်သို့ပြန်ရောက်ကြမည့် ခရီးတိုဖြစ်လေသည်။ ဤညောင်ပင်ကြီးအောက်မှမလျှောက်ချင်လည်းလျှောက်၊ မသွားချင်လည်းသွားတော့မည်ဟု ဆုံးဖြတ်ကာဇော်ဝင်းထွန်းနှင့်သန့်ကြည်တို့အားတင်း၍မာန်ထည့်ကာ ယခုကဲ့သို့လျှောက်လာခဲ့ခြင်းပင် ဖြစ်၏။

သို့သော် ညောင်ပင်ကြီးအောက်မှ ဖြတ်ကျော်ရမည့်အရေးတွေးမိလေတိုင်း ကြောက်စိတ်ဝင်မိလေ၏။

ညောင်ပင်ကြီးပုံသဏ္ဌာန်ကလည်းအုပ်အုပ်ဆိုင်းဆိုင်းနှင့် မှိုင်းမှိုင်းမှုန်ရီနေသလို ပေါက်တန်းရွာထိပ်တွင် တစ်ပင်တည်းဖြစ်သော်လည်း လေဒဏ်မိုးဒဏ်ကြံ့ကြံ့ခံထားလေ၏။ အခြားကုက္ကိုပင်များရှိသော်လည်း ညောင်ပင်ကြီးအနီးပတ်ဝန်းကျင်တွင် မပေါက်ရောက်ချေ။ မပေါက်ရဲ၍လား၊ မပေါက်သာ၍လားဟူသည်ကိုတော့ ကုက္ကိုပင်များသာသိပေလိမ့်မည်။

ဤညောင်ပင်အောက်မှသန့်ကြည်နှင့် ဇော်ဝင်းထွန်းတို့နှစ်ယောက်တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာလေးကွက်သိုင်းနင်း၍ ယိမ်းကသလိုလျှောက်လာကြခြင်း ဖြစ်ပေတော့၏။ လျှောက်လာသည့်အချိန်မှာပင် ညောင်ပင်ကြီးသည် လေတိုက်ခတ်မှုကြောင့် ညောင်ရွက်ချင်းထိခတ်သံတို့မှာ တဖျတ်ဖျတ်ဖြင့် ရွတ်ခတ်သံများပေးနေကြ၏။

ထိုအချိန်မှာပင် ညောင်ပင်ကြီး၏ ညောင်ကိုင်းကြီးတစ်ကိုင်းသည် လေပြင်းမတိုက်ခတ်လေဘဲ တစ်ကိုင်းတည်း တစ်နေရာတည်းမှ တဝုန်းဝုန်းတဖြုန်းဖြုန်းဖြင့် လေပြင်းတစ်ချက်ဆောင့်၍တိုက်ခတ်လိုက်သည့်အလား ယိမ်းထိုးလှုပ်ရှားနေလေ၏။

ဇော်ဝင်းထွန်းမှာ ကြောက်၍ 'အား' ဟူသောအသံပြကြီးဖြင့်အော်၍သန့်ကြည်ကိုဖက်၏။

"ဟာ - သရဲခြောက်ပြီကွ"

သန့်ကြည်မှာ သရဲမကြောက်တုကြွေးကြော်ထားသော်လည်း ယခုကဲ့သို့ညောင်ပင်ကြီးမှ လေပြင်းမတိုက်ဘဲညောင်ကိုင်းကြီးတစ်ကိုင်းတည်းမှ အရှိန်ပြင်းစွာ လှုပ်ယမ်း၍ အပေါ်နှင့်အောက်လှုပ်ရှားပြနေသည်ကိုမြင်တွေ့ကာ သရဲတစ္ဆေမကြောက်တတ်သူပင် စိတ်လှုပ်ရှားသွားလေ၏။

နှစ်ယောက်စလုံးပင် ပေါက်တန်းရွာအရက်ဆိုင်မှ တမူးသောက်ခဲ့သောအရက်ရှိန်များပင် ပျောက်ကွယ်ကုန်လေ၏။

တစ်ဖန် ညောင်ပင်ကြီး၏မြောက်ဘက်ကိုင်းကြီးတစ်ကိုင်းတည်း အရှိန်ပြင်းစွာလှုပ်ယမ်းနေရာမှ ဖြုန်းဆို ရပ်တန့်သွားလေ၍ သန့်ကြည်မှာ ငေးကြောင်ကြည့်နေမိသည်။ ဇော်ဝင်းထွန်းမှာမူ တစ်ကိုင်းတည်းလှုပ်ယမ်းနေသောညောင်ကိုင်းကြီး ခြောက်လှန့်နေစဉ်တုန်းက ကြောက်လွန်းလွန်းသဖြင့်ခေါင်းကြီးငုံ့ပြီး ညောင်ပင်ကြီးအောက်မှ သန့်ကြည်၏လက်ကိုဆွဲကာ အမြန်ဆုံးထွက်ဖို့ကြိုးစားရင်း ငေးကြောင်နေသောသန့်ကြည်ကိုဆွဲကာ ဇော်ဝင်းထွန်းမှာ ထွက်ပြေးလေတော့၏။

ထိုစဉ်ကာလမှာပင် သန့်ကြည်နှင့် ဇော်ဝင်းထွန်းတို့နှစ်ယောက် ညောင်ပင်ကြီး၏ အရိပ်အာဝါသအောက်မှ လွန်မြောက်၍ အနောက်ဘက်ရှိ ညောင်ပင်

www.burmeseclassic.com

www.burmeseclassic.com

ကြီးအားလှည့်ကြည့်မိရာ အရပ်ကိုးပေခန့်ရှိ ထန်းပင်ပေါက်အရွယ်ပမာဏရှိသော ဖြူဖြူကောင်ကြီးတစ်ကောင်ကို မတ်တတ်ရပ်ရက်သား သန့်ကြည်နှင့် ဇော်ဝင်းထွန်းတို့နှစ်ယောက်ရှိရာဘက်သို့ သွားကြီးဖြဲ၍ကြည့်နေသည်ကို မြင်တွေ့လိုက်ကြကာ ကြောက်အားလွန်၍ အနောင့်နှင့်တင်ပါး တစ်သားတည်းကျခမန်း ထပ်မံထွက်ပြေးသွားကြလေတော့၏။

ထွက်ပြေးသွားကြသည့် ငမူးသမားနှစ်ယောက်ကိုကြည့်၍ ဖြူဖြူကောင်ကြီးမှာ သဘောကျ၍ပြုံးလေသည်လား၊ မဲ့လေသည်လား ဟူသည်ကိုတော့ အရက်သမားနှစ်ယောက် မသိနိုင်ကြတော့ချေ။

နောက်တစ်နေ့ မိုးလင်းချိန်မှာတော့ ဇော်ဝင်းထွန်းမှာ ပယောဂဆရာတစ်ယောက်ခေါ် ၍ ကုသပေးခဲ့ရသလို သန့်ကြည်မှာလည်း သရဲမကြောက်ပါဘူး သရဲတစ္ဆေကို မမြင်ဘူး၍ မယုံပါဘူးဟု ကြွေးကြော်ထားခဲ့သော်လည်း ပေါက်တန်းရွာထိပ် ညောင်ပင်ကြီးမှ ဖြူဖြူကောင်ကြီးကို နဖူးတွေ့ဒူးတွေ့မြင်တွေ့လိုက်ရပြီး အကြောက်လွန်ကာ ရွာဦးကျောင်းဆရာတော်ထံမှ ပဋ္ဌာန်းရေဖြင့် ကုသပေးခဲ့ရလေတော့၏။

ပေါက်တန်းရွာတစ္ဆေကြီးသတင်းကား ပေါက်တန်း၊ ဒိတ်ကုန်း၊ ရွှေလှေဟူသောရွာကြီးသုံးရွာအပြင် လှော်ကား၊ မေးကြီး၀၊ မြိုင်ငူ စသော ရွာကြီးများသို့ပင် ကျော်ကြားသွားလေ၏။

❑

ထိုအချိန်မှာပင် ဒိတ်ကုန်းရွာကြီး၌ ဘထိုက်နှင့် မနှောင်း ဟူသော ဇနီးမောင်နှံတို့မှာ အိမ်ထောင်သက်တမ်းလေးနှစ်ခန့်ကြာခဲ့သော်လည်း သားသမီးရတနာ မထွန်းကားလေ၍ သားသမီးဆန္ဒရှာလိုချင်ကြသောဇနီးမောင်နှံနှစ်ဦးဖြစ်၏။ သားသမီးမရှိ၍ သားရှူးရှူး၏။ သမီးရှူးရှူးနေကြသော ဇနီးမောင်နှံလင်မယားဖြစ်ပေတော့၏။

တစ်နေ့ -

ဒိတ်ကုန်းရွာနေ မောင်ဘထိုက်နှင့် မနှောင်းတို့လင်မယားနှစ်ယောက်မှာ ဆွေမျိုးအရင်းအချာကဲ့သို့ခင်မင်ကြသော အသိမိတ်ဆွေတို့၏ အလှူပွဲရာ ပေါက်တန်းရွာသို့သွားရောက်ကြရာမှ အပြန်တွင် နေဝင်ဖျိုးဖျအချိန်သို့ရောက်သွားခဲ့လေ၍ အေးအေးသက်သာသာ ခမ်းလျှောက်ပြီးပြန်ကြရန် လင်မယားနှစ်ယောက် ပြောဆိုတိုင်ပင်ပြီး သတင်းကြီးလှသော ညောင်ပင်ကြီးအောက်မှ ဖြတ်၍ပြန်လာကြလေ၏။

မောင်ဘထိုက်မှာ ဘုရားဂုဏ်တော်များကို ရွတ်ဖတ်၍ပြန်၏။

မနှောင်းမှာ လင်ယောကျ်ားလက်မောင်းကိုကိုင်ဆွဲ၍လိုက်ပါလာ၏။

ပေါက်တန်းရွာထိပ်ရှိ ညောင်ပင်ကြီး၏သတင်းကကြီးလွန်းလှလေသဖြင့် မောင်ဘထိုက်မှာ ညောင်ပင်ကြီးကိုကြည့်ကာ ကြက်သီးများတဖြန်းဖြန်းထလာ၏။ မောင်ဘထိုက်မှာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်အားကိုးဖြင့် ညောင်ပင်ကြီးအောက်ကို ရဲရဲဝံ့ဝံ့ဖြတ်ကျော်ရန် ဇနီး မနှောင်း၏လက်ကို ခပ်တင်းတင်းကိုင်ဆွဲ၍ ညောင်ပင်ကြီးအောက်သို့ ဝင်လိုက်တော့၏။

ညောင်ပင်ကြီး၏ညောင်ရွက်ချင်းထိခတ်ပွတ်ခတ်သံတို့သည် နေဝင်ဖျိုးဖျမှောင်ရီသန်းစအချိန်မှာပင် ညောင်ပင်ကြီး၏ဝန်းကျင်တစ်ခိုတွင် တဖျတ်ဖျတ်သောအသံတို့ဖြင့် သာယာအေးချမ်းနေသယောင်ဆောင်နေလေ၏။

မောင်ဘထိုက်နှင့် မနှောင်းတို့လင်မယားနှစ်ယောက်မှာ ညောင်ပင်ကြီး၏တစ်ဖက်စွန်းမှ ဒိတ်ကုန်းရွာဘက်ခြမ်းသို့ ကျော်ဖြတ်ရောက်ရှိလာခဲ့ပြီဖြစ်၍ စိတ်အေးလက်အေးဖြင့် ညောင်ပင်ကြီးကို နောက်ချန်ထားခဲ့ကာ ၎င်းတို့ဇနီးမောင်နှံနေထိုင်သည့် ဒိတ်ကုန်းရွာဘက်ခြမ်းသို့ ဦးတည်လျှောက်လှမ်းလိုက်ကြစဉ်မှာပင် အနောက်ဘက်ဆီမှ လူတစ်ယောက်လိုက်ပါလာသည့် ခြေသံကိုပီပီပြင်ပြင်ကြီးပင်ကြားလိုက်ရပါတော့၏။

မောင်ဘထိုက်မှာ ခြေသံကြား၍ လှည့်ကြည့်လိုက်စဉ် ခြေသံများရပ်သွားလေ၏။ ညောင်ရွက်ကြွေတို့လေတွင်လွင့်၍မြေတွင်ရှပ်တိုက်နေလေသလား၊ ကြွေသောသစ်ရွက်တို့ လေတွင်ရှပ်တိုက်သံတို့သည်ပင် လူ့ခြေသံနှင့်တူနေလေ၍ မောင်ဘထိုက်မှာ မနှောင်း၏လက်ကိုဆွဲကာ ဒိတ်ကုန်းရွာဘက်သို့ ထပ်မံ၍ လျှောက်လှမ်းလိုက်ပြန်ပါတော့၏။

ထိုအချိန်မှာပင် မောင်ဘထိုက်တို့ဇနီးမောင်နှံနှစ်ယောက် အနောက်မှ ရပ်တန့်သွားသောခြေသံနှင့် ထပ်မံပေါ်ထွက်လာပြီး လိုက်လာနေသည်ကိုကြားရပြန်လေ၏။

ဤတစ်ကြိမ်တွင်တော့ အနောက်သို့လှည့်၍မကြည့်တော့ချေ။ ဇနီးသည် မနှောင်း၏လက်ကိုသာ တင်းတင်းဆုပ်ကိုင်၍ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ခပ်ကျယ်ကျယ်လေး ရွတ်ဆို၊ ခပ်မြန်မြန်လေးလျှောက်လှမ်းခဲ့ရာ နောက်မှလိုက်ပါလာသောခြေသံမှာ ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့၏။

မောင်ဘထိုက်မှာ ဇနီးသည်၏လက်ကိုဆွဲ၍စဉ်းစားလာ၏။ ဤညောင်ပင်မှတစ္ဆေကြီးသည် ဘာကြောင့်ကိုယ်ထင်ပြ၍ မခြောက်လှန့်လေဘဲ ခြေသံသာပေးလေသနည်း။

ရွာပြင်ကွင်းစပ်ရောက်သည်အထိ ခြေသံကိုကြားရသေး၏။

သို့သော် ခြေသံပိုင်ရှင်ကို ရွာပြင်ကွင်းစပ်အထိ ရုပ်မမြင်ရဘဲ ခြေသံကိုသာကြားပြီး ညောင်ပင်တစ္ဆေဘာကြောင့် သူတို့ဇနီးမောင်နှံနှစ်ယောက်နောက်သို့လိုက်လေဘိသနည်း စဉ်းစားမရခဲ့ချေ။

မောင်ဘထိုက်တို့နေထိုင်သော ဒိတ်ကုန်းရွာကြီးအစပ်ရောက်မှခြေသံပျောက်၏။

ထိုညဉ့်ပင် မောင်ဘထိုက်၏ဇနီး မနှောင်းမှာ အိပ်မက်မက်၏။

အိပ်မက်တွင်း၌ ခံ့ခံ့ညားညားလူကြီးတစ်ယောက် မနှောင်းတို့နှင့်နေထိုင်ရန်လိုကြောင်း ခွင့်တောင်း၏။ မနှောင်းမှာ ဆင်းရဲ၍မနေရန်တောင်းပန်သည်။ ထိုလူကြီးမှ ဆင်းရဲတာ၊ ချမ်းသာတာအရေးမကြီးကြောင်း၊ သမီးတို့လင်မယားနှင့်အတူ နေခွင့်ရဖို့သာ သူ့အတွက် အရေးကြီးကြောင်း မနှောင်းမှာ ခံ့ညားသောလူကြီး၏ပြောစကားများကို ကျေနပ်ပြီး နေခွင့်ပြုလိုက်သည်။ ခံ့ညားသောလူကြီးက မနေ့ညနေ မိုးချုပ်စက သမီးတို့နှင့်အတူတူနေဖို့ သမီးတို့လင်မယားနောက်မှ လိုက်လာသေးကြောင်း ပြောသည်။

'ဗို့-ဦးလေးကဘယ်မှာနေလို့လဲ'

ဟု မနှောင်းက မေးသောအခါ-

'ဦးလေးက ပေါက်တန်းရွာထိပ်က ညောင်ပင်ကြီးမှာနေတာ'

မနှောင်းမှာ အံ့ဩတကြီးဖြစ်၍သွားသလို ထိတ်လန့်ခြင်းလည်းဖြစ်၍သွားပါတော့၏။

ပေါက်တန်းရွာထိပ်ရှိ ညောင်ပင်ကြီးမှာရှိသော ညောင်ပင်တစ္ဆေကြီးသတင်းကားကြီးလွန်းသောကြောင့် ရွာနီးချုပ်စပ်ကသိထားကြသလို မနှောင်းလည်း သိထားကြောင်းဖြစ်၏။

မနှောင်း အိပ်ရာမှလန့်၍နိုးလာခဲ့သည်။

အိပ်မက်အကြောင်းကို လင်သားဖြစ်သူ မောင်ဘထိုက်အားနှိုး၍ဖွင့်ဟ



www.burmeseclassic.com

www.burmeseclassic.com

ပြောပြခဲ့၏။ လင်သားဖြစ်သူ မောင်ဘထိုက် ကမူ

'မနှောင်းရယ်၊ မင်းမနေ့က ညောင်ပင်ကြီးကိုရောက်ခဲ့ပြီး စွဲလမ်းတဲ့စိတ်ကြောင့်မက်တဲ့အိပ်မက်ပါကွာ။ စိတ်ထဲ စွဲစွဲလမ်းလမ်းမထားစမ်းပါနဲ့'

ဟု ပြောဆိုခဲ့လေ၍ မနှောင်းမှာ လင်သားဖြစ်သူ ရင်ခွင်တွင်းခေါင်းတိုးဝင်ပြီး အိပ်ပျော်အောင်အိပ်လိုက်လေတော့၏။

မောင်ဘထိုက်မှာ ကိုယ်ပိုင်လှည်းမရှိသလို ကိုယ်ပိုင်နွားလည်းမရှိပါချေ။ မိတ်ဆွေတစ်ဦးထံမှ နွားနှစ်ကောင်ကို အခကြေးငွေပေး၍ငှားကာ ထိုနွားနှစ်ကောင်ဖြင့် သူ့ပိုင်လယ်ကွက်လေးထဲသွားကာ လယ်ထွန်၏။ ပျိုးကြဲ၏။ မနှောင်းမှာ လယ်ထဲသို့ ထမင်းတောင်းခေါင်းရွက်၍ လင်သားဖြစ်သူနောက်ကို လိုက်ပို့လိုက်ဖြင့် လင်မယားနှစ်ယောက်၏ အလုပ်သံသရာအတွင်း ဝဲလည်နေတော့၏။

အချိန်မှာလည်း လေး၊ ငါးလ ဟူသော ဝသန္တမိုးရာသီ ကုန်ဆုံး၍ ဟေမန္တ ဟူသော ဆောင်းဦးရာသီသို့ တိုင်ခဲ့လေ၏။

မနှောင်းမှာ ပေါက်တန်းရွာ ညောင်ပင်ကြီးမှာနေသည်ဆိုသော ခံ့ခံ့ညားညားလူကြီး အိပ်မက်ပေးလာသည့် အချိန်မှစကာ ရေတွက်ပါက မိုးငါးလပင် ကုန်ဆုံးတော့မည် ဖြစ်၏။

ထိုအချိန်တို့သည်ပင် မနှောင်း၏ ဝမ်းကြာတိုက်၌ ကိုယ်ဝန်တည်ခဲ့လေ၏။ မောင်ဘထိုက်မှာ ဇနီးဖြစ်သူ၏ဝမ်း၌ သန္ဓေတည်နေပြီဖြစ်ကြောင်း အရပ်လက်သည်အဘွားကြီး ဒေါ်မိုး၏ပြောစကားကိုကြားပြီးထ၍ပင်ခုန်လေ၏။ ဝမ်းသာလွန်း၍ဖြစ်၏။

မနှောင်းမှာ လင်သားဖြစ်သူကို ကြည့်ကာ မျက်ရည်တို့ပင်ဝဲ၏။ ဝမ်းသာလွန်းသောကြောင့်ပင် ဖြစ်လေ၏။

ထိုအချိန်မှာပင် ဘထိုက်မှာ လယ်ထဲသို့လယ်ထွန်သွားရင်း ရွှေပြားနှစ်ပြားကောက်ရ၏။ မနှောင်းမီးဖွားဖို့ အဆင့်ပြေသွားလေ၏။ ဤကိုယ်ဝန်သည် ဖင်းတို့ဇနီးမောင်နှံ၏ကောင်းကျိုးကိုပြုမည့်ကိုယ်ဝန်ဟု လင်မယားနှစ်ယောက်စလုံး အတပ်သိလိုက်၏။

ကိုးလလွယ်၍ ဆယ်လမပြည့် တစ်ပြည့်လေးမှာပင် မနှောင်း မီးဖွား၏။ ယောကျ်ားလေးဖြစ်၏။

မောင်ဘထိုက်မှာ ယောကျ်ားလေးဟေ့ဟု မီးနေခန်းတွင်းမှ အရပ်လက်သည်ကြီး ဒေါ်မိုး၏ပြောစကားကို ကြားကာ ဝမ်းသာလွန်း၍ အိမ်ရှေ့ကမြင်း၌ထ၍ပင်က၏။ မီးဖွားစမှာပင် မနှောင်းမွေးသောကလေးမှာ အသံပြကြီးဖြင့်ငို၏။ အရပ်လက်သည်အဘွားကြီးမှာ ကလေး၏ကျောကုန်းကို သုံး၊ လေးချက်ခန့် ဆင့်၍ဆင့်၍ ရိုက်ကာ ကလေးခြေထောက်မှ ဆွဲကိုင်ပြီး ဇောက်ထိုးဆွဲ၏။ ပါးစပ်တွင်းမှ အချွဲများကို နှိုက်၍ထုတ်၏။ ပြီးသော် ရေချိုးပေး၏။ မနှောင်း အသင့်ဆောင်ထားသော ပျားရည်စက်တလေးများကို လက်ဖြင့်တို့ကာတို့ကာ အစက်ချ၍ ကလေးကို တိုက်ကျွေး၏။

ထို့နောက် ဖခင်ဖြစ်သူ ဘထိုက်၏ ပုဆိုးစုတ်အနီးကလေးဖြင့် ပတ်၍ စကောဝိုင်းတွင်ထည့်ကာ သိပ်လိုက်လေ၏။

မနှောင်းမွေးသော ကလေးမှာ မောမောနှင့် အိပ်၍ပျော်သွားလေတော့၏။

ထိုကလေးငယ်ကို ဘထိုက်နှင့် မနှောင်းတို့ ဇနီးမောင်နှံမှာ အင်္ဂါနေ့မှာ မွေး၍ ဖင်းတို့ဇနီးမောင်နှံ၏သားဦးဖြစ်သည့်အတွက် မောင်စောဦး၏မှည့်ခေါ်ခဲ့လေ၏။

မောင်စောဦးလေး စကားစတင်ပြောတတ်ချိန်မှာပင် ငို၍ အိမ်ပြန်မည်၊ အိမ်ပြန်မည်ဟုပြောတတ်၏။

ဘထိုက်နှင့် မနှောင်းတို့မှာ ဒါသားလေးအိမ်လေဟု ချော့မော့ကာ ပြောသော်လည်း ဟုတ်ဖူး၊ ဟုတ်ဖူးဟု ငို၍ငြင်း၏။

မောင်စောဦးလေးအား ထိုအချိန်မှစကာ ဘထိုက်တို့လင်မယားမှာ ဤကလေးသည် လူဝင်စားလေးဟု အတပ်သိလိုက်ကြ၏။

ဤကလေးမွေးပြီး သုံးနှစ်အရွယ်မှာပင် ယခု ရွှေပြားနှစ်ပြားကောက်ရသော လယ်ကွက်ထဲမှပင် ထပ်မံ၍ ရွှေပြားနှစ်ပြားကောက်ရပြန်၏။

ဤရွှေပြားနှစ်ပြားကို ထုခွဲရောင်းချ၍ နွားမကြီးတစ်ကောင်ဝယ်လိုက်၏။ ထိုနွားမကြီးမှ ဇီးပါလာခဲ့ပြီး နွားမကြီးမှ ထူးထူးခြားခြား နွားထီးလေးနှစ်ကောင်ကျ၏။ ဤနွားထီးလေးနှစ်ကောင်ကျသောနေ့၌ မနှောင်း၏လင်ယောကျ်ား မောင်ဘထိုက်မှာ ငါ့သားရဲ့ ဖွားဖက် ၄ ဘော်ဟုဆို၏။ ငါတို့ တစ်နေ့ ဒိတ်ကုန်းရွာကြီးမှာ အချမ်းသာဆုံးဖြစ်ရမည်ဟု ကြွေးကြော်လေ၏။

ထိုနွားညီနောင်အား ရွှေနှင့် မြ ဟု အမည်ပေးခဲ့လေ၏။

ထိုအချိန်၌ ဘထိုက်နှင့် မနှောင်းတို့၏သားငယ် မောင်စောဦးလေးမှာ အိမ်ပြန်မည်ဟူသောစကားကို မပြောတော့ချေ။

ဤသို့ဖြင့် အမွှာညီနောင် နွားထီးလေးနှစ်ကောင်မှာ အားကောင်းမောင်းသန် နွားပျိုပေါက်အရွယ်များသို့ရောက်ခဲ့ကြသလို မောင်ဘထိုက်နှင့် မနှောင်းတို့၏သား မောင်စောဦးလေးမှာလည်း ငါးနှစ်ကျော် ခြောက်နှစ်အတွင်းသို့ပင် ရောက်ရှိလာခဲ့လေတော့၏။

မောင်ဘထိုက်နှင့် မနှောင်းတို့ ဇနီးမောင်နှံမှာ ကိုယ်ပိုင်လယ်ကို ကိုယ်ပိုင်နွားနှင့် ထွန်နိုင်ယက်နိုင်လာသလို နွားညီနောင် ဘယ်၊ ညာ တစ်ကောင်စီ ထမ်းပိုးတပ်၍ လှည်းယဉ်လေးဖြင့် လိုရာခရီးကို သွားနိုင်လာနိုင်သော ဒိတ်ကုန်းရွာ၏ကြေးရတတ်စာရင်းတွင်ပါဝင်လာခဲ့လေတော့၏။

ဒိတ်ကုန်းရွာ၏ ဆင်းရဲသားဘဝမှ ရုန်းထွက်နိုင်ခဲ့ပြီဖြစ်သော စားနိုင်သောက်နိုင်မိသားစု ဖြစ်လာလေ၏။

တစ်နေ့ . . .

ပေါက်တန်းရွာကြီးတွင် နေထိုင်ကြသည့် မောင်ဘထိုက်နှင့် မနှောင်းတို့၏ မိတ်ဆွေတစ်ဦးအလှူပွဲသို့ နွားညီနောင် ရွှေနှင့်မြကို ထမ်းပိုးတစ်ဖက်စီတပ်၍ သားငယ်လေး မောင်စောဦးကို လှည်းယဉ်လေး၏ လှည်းဦးတွင်ထားကာ မောင်ဘထိုက်ကိုယ်တိုင် ရွှေနှင့်မြကိုမောင်း၍ ပေါက်တန်းရွာသို့လာခဲ့ကြလေတော့သည်။

ရွှေနှင့်မြ၏ခွန်အား၊ လှည်းယဉ်လေး၏ ပြေးအားတို့ကြောင့် တစ်နာရီကြာကြာ မောင်းနှင်ရမည့်ခရီးကို မိနစ်လေးဆယ်သာသာခန့်ဖြင့် ပေါက်တန်းရွာအဝင် တစ္ဆေခြောက်သည် ဆိုသော ညောင်ပင်ကြီးအနီးသို့ပင် ရောက်ရှိခဲ့လေတော့၏။

သို့သော် ညောင်ပင်တစ္ဆေကြီး သတင်းကား လေး၊ ငါးနှစ်တိုင်ထိ ပျောက်ကွယ်နေခဲ့ပြီ ဖြစ်၏။

တစ္ဆေခြောက်သည့် ညောင်ပင်ကြီးကို မြင်တွေ့လိုက်ရသော မောင်စောဦးလေးမှာ လှည်းယဉ်လေးကို မောင်းနှင်လာသည့် ဖခင်ဖြစ်သူအား ရပ်ခိုင်း၏။ ပြီးသော် လှည်းယဉ်လေးပေါ်မှ အောက်မြေပြင်သို့ သူကိုယ်တိုင် တွယ်ကပ်ဆင်း၏။

အဖေနှင့် အမေမှာ သားဖြစ်သူ ပဇာများလုပ်လေမည်နည်းဟု တွေး



www.burmeseclassic.com

www.burmeseclassic.com

ရင်းကြည့်၍နေကြ၏။

ညောင်ပင်ကြီး၏အောက်ခြေမှာ အုတ်ရိုးလေးပတ်ဝိုင်းပြီး သောက်ရေအိုးများတင်ကာ လှူဒါန်းထား၏။ ရေချမ်းစင်အလှူရှင်မှာ ပေါက်တန်းရွာ၏ တစ်ဦးတည်းသော အလှူရှင်သူဌေးကြီး ဦးဖိုးဆိုပင် ဖြစ်ပေတော့၏။

"သား၊ ဘာတွေကြည့်နေတာလဲကွ"

ဖခင်ဖြစ်သူ၏ အမေးစကားကို ကြားလိုက်ရသော မောင်စောဦးလေးမှာ အလှူရှင်နာမည်ကမ္ပည်းကို ကြည့်ရင်းမြေ၏။

"အဖေ၊ ဒီရေချမ်းစင်နဲ့ ညောင်ပင်အုတ်ရိုးကို သားလှူထားတာဗျ"

"ငါ့သားကတော့ သားအဖချင်းဆောင် ကြွားချက်က လွန်တယ်ဟေ့"

"ကြွားတာမဟုတ်ဘူး အဖေ၊ သားတကယ်ပြောတာပါ"

သားအဖနှစ်ယောက် စကားအချေအတင်ဖြစ်နေစဉ် မိခင်ဖြစ်သူ မိနှောင်းမှ ကြားဝင်ဖျန်ဖြေ၏။

"ကဲပါ-သားရယ်၊ အလှူသွားရဦးမယ်လေ။ လှည်းပေါ်တက်တော့"

မိခင်၏စကားကိုကြားသည့်အခါ မောင်စောဦးလေးမှာ လှည်းရှေ့ဖိုင်းရှိ ဖခင်ဖြစ်သူထံ လက်ကမ်း၏။ ဖခင်မှ သား မောင်စောဦးအား လှည်းပေါ်ဆွဲတင်ကာ နွားနှစ်ကောင်ကို ကြိမ်တို့၍ မောင်းထွက် ခဲ့တော့၏။

ပေါက်တန်းရွာကြီး၏ အဝင်လမ်းမှာပင် သားဖြစ်သူ မောင်စောဦးလေး မျက်နှာမှာ လှည်းလမ်း၏ဘေးတစ်ဖက်တစ်ချက်စီတွင်ရှိသော အိမ်ကြီးများကို အဆူးတစိုက်ကြည့်၏။ အိမ်ခြေနှစ်ဆယ်ခန့်အလွန်တွင် ပေါက်တန်းရွာ၏သူဌေးကြီးဟု ကျော်ကြားသော ဦးဖိုးဆိုပိုင်ဆိုင်သည့်နှစ်ဆောင်ပြိုင်အိမ်ကြီးရှေ့ရောက်သော် ဖခင်ဖြစ်သူအား လှည်းကိုရပ်ခိုင်းပြန်၏။

"သား၊ အမေတို့အလှူသွားရဦးမယ်လေ။ ဘာကိစ္စရှိလို့လဲကွယ်"

ဖခင်ဖြစ်သူမှာ သားဖြစ်သူ ရပ်ခိုင်း၍ လှည်းကိုရပ်ပေးထား၏။

"ဒါ သားပိုင်တဲ့အိမ် အမေရဲ့။ သားရဲ့သားကြီးနဲ့ သမီးကို ခဏဝင်တွေ့ချင်လို့။ ပြီးတော့ သားညီကိုလည်းတွေ့ချင် လို့"

မိခင်နှင့် ဖခင်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။ ထိုအချိန်တွင် သားငယ် မောင်စောဦးလေးမှာ လှည်းဦးမှ တွယ်ကပ်ဆင်းသွားလေတော့၏။

"ဟဲ့-သား၊ ဘယ်သွားမလို့လဲ"

"လာပါ အမေရဲ့၊ သားအိမ်ကို ရောက်တုန်းရောက်ခိုက်ခဏဝင်ချင်လို့ပါ"

မနှောင်းမှာ လင်သားဖြစ်သူ မျက်နှာကိုကြည့်၏။

"ကဲပါ မနှောင်းရယ်၊ ဒီကောင် ဘာတွေလုပ်မလဲ၊ ဘာတွေပြောမလဲဆိုတာသိရအောင်လိုက်သွားစမ်းမယ်ကွာ"

မောင်ဘထိုက်မှာ စကားအဆုံး လှည်းပေါ်မှထကာဆင်း၏။ လင်သားဖြစ်သူ လှည်းပေါ်မှဆင်းလိုက်၍ ဇနီးဖြစ်သူ မနှောင်းမှာလည်း သားနှင့် လင်သားနောက်လိုက်ရတော့၏။

အိမ်ကြီး၏ခြံဝိုင်းအဝင်အမှာပင် လူငယ်တစ်ယောက်နှင့်ဆုံ၏။ လူငယ်မှာပေါက်တန်းရွာသူဌေးကြီးဦးဖိုဆို၏ မြေးအရင်းဖြစ်၍ သားဖြစ်သူ ဦးတင်မောင်၏သားအရင်းဖြစ်၏။ မောင်စောဦးလေးမှာ လူငယ်ကို တွေ့သည်နှင့် မျက်မှောက်ကြုတ်ကာကြည့်၏။ ပြီးသော် -

"ဟေ့ - မင်း မောင်ကျော်မဟုတ်လားကွ"

ဟု မေးလေတော့၏။

လူငယ်မှာ ခြောက်နှစ်သာသာ ကလေးတစ်ယောက်မှ စီးစီးပိုးပိုးဖြင့် မေးမြန်းသည်ကိုခံလိုက်ရ၍ မျက်နှာကြောတင်းသွားလေ၏။ ကလေး၏ နောက်တွင်လည်း ဖခင်နှင့်မိခင်ဖြစ်သူတို့ကို တွေ့လိုက်ရ၍ ပြုံးပြလိုက်၏။ ပြီးသော် -

"ဘာကိစ္စရှိလို့ပါလည်း ခင်ဗျား"

"ဟေ့ - မောင်ကျော်၊ သူတို့ကို မမေးနဲ့ကွ။ ကိစ္စက ငါ့ကိစ္စကွ။ မဖြစ်သေးပါဘူး၊ မင်းနဲ့လည်း မပြီးပါဘူး။ ဖိုးငိုနဲ့ မင်းအဖေ မောင်တင်မောင်တို့ရှိတယ် မဟုတ်လား"

လူငယ်မှာ ကလေးတစ်ယောက်မှ သူ့အား လူရာမသွင်းသလိုပြောခြင်း ခံလိုက်ရလေ၍ မကျေနပ်ခြင်း၊ နားမလည်သလိုဖြစ်ခြင်းတို့ ရောပြွမ်းကာ ဒေါသမျက်နှာ၊ မီးပွင့်မတတ် မျက်လုံးတို့ဖြင့်ကြည့်၏။

ထိုအချိန်မှာ ပေါက်တန်းရွာ သူဌေးကြီးဦးဖိုးဆို၏ညီအရင်း အသက် (၆၈) ခန့်ရှိသော ဦးဖိုးငိုမှာ တုတ်ကောက်ကလေးဖြင့် ထွက်လာလေ၏။

မောင်စောဦးလေး၏ဖခင်ဖြစ်သူ ဘထိုက်မှာ သားဖြစ်သူ၏လုပ်ရပ်အားလုံးကိုကြည့်၍နေ၏။ ဖြစ်သမျှသော ကိစ္စအဝဝကိုလည်း ရင်ဆိုင်ရှင်းတော့အံ့ဟု စိတ်ထဲမှ ဆုံးဖြတ်လိုက်၏။ ပထမဆုံး သူဌေးကြီး၏မြေးဖြစ်သူကို သားဖြစ်သူက 'မင်း၊ မောင်ကျော် မဟုတ်လားကွ' ဟု နာမည်ကို အပိုင်မေးချလိုက်သည်ကိုတွေ့ကာ အံ့ဩမိသော်လည်း အသက် (၂၀) ခန့်ရှိသော လူငယ်မှာ မငြင်းခဲ့ချေ။ သားဖြစ်သူမှာ ဒိတ်ကုန်းရွာမှတစ်ပါး ဤပေါက်တန်းရွာကြီးသို့ရောက်ဖူးခြင်း မရှိခဲ့ချေ။ ဤအကြိမ်သည် ပေါက်တန်းရွာကြီးသို့ ပထမဆုံးရောက်ဖူးခြင်းဖြစ်လေတော့၏။

ထိုအချိန်မှာပင် ပေါက်တန်းရွာ သူဌေးကြီး ဦးဖိုးဆို၏ညီ ဦးဖိုးငိုမှာ မောင်စောဦးနှင့် တူဖြစ်သူ မောင်ကျော်တို့အနားရောက်လာလေ၏။

"မောင်ကျော်၊ ဧည့်သည်တွေကို အိမ်ထဲခေါ် သွားလေကွာ"

မောင်စောဦးလေးမှာ သူဌေးကြီး၏ညီအရင်းဖြစ်သည့်အသက် (၇၀) နားကပ်နေသည့် ဦးဖိုးငိုကို မြင်သည်နှင့် -

"ဟေ့ကောင် ဖိုးငို၊ မင်းနေကောင်းတယ်နော်"

သူဌေးကြီး၏ညီ ဦးဖိုးငိုမှာ မြေးအရွယ်၊ မြစ်အရွယ်မှ သူ့အား ဖိုးငိုဟု ခေါ်ခြင်းခံလိုက်ရ၍ အံ့ဩသလိုကြည့်၏။

မောင်စောဦးလေး၏မိခင်ဖြစ်သူ မနှောင်းမှာ လူကြီးသူကြီးများကို သားဖြစ်သူလေးမှ မိုက်မိုက်ရိုင်းရိုင်းခေါ်ဝေါ်ပြောဆိုလိုက်လေ၍ သားဖြစ်သူအား ပြန်ခေါ်ယူရန် ရှေ့တိုးထွက်လိုက်စဉ် လင်သားဖြစ်သူမှ မနှောင်း၏ လက်ကို အသာအယာဖမ်း၍ဆွဲထားခြင်းခံလိုက်ရလေ၏။

မောင်ဘထိုက်က မနှောင်းအား ခေါင်းခါယမ်းပြလိုက်လေ၏။ အသာကြည့်နေ ဟူသောသဘောဖြစ်လေ၏။

"ကလေး၊ မင်းက အဘိုးကိုဘယ်လိုခေါ် လိုက်တယ်။ ဖိုးငိုဟုတ်လား"

မောင်စောဦးလေးမှာ ခေါင်းလေးညိတ်ပြလိုက်၏။

"မင်းက အဘိုးကို သိလို့လား"

"သိတယ် မင်း. . . မင်း ဖိုးငို"

သူဌေးကြီးဦးဖိုးဆို၏ ညီအရင်း ဦးဖိုးငိုမှာ စိတ်ဆိုးခြင်း ဒေါသထွက်ခြင်း အလျှင်းမရှိဘဲ မောင်စောဦးလေးအား ထပ်မံ၍ မေးမြန်းလိုက်ပြန်၏။

"မင်းကဘယ်ရွာကလဲ"

"ဒိတ်ကုန်းက"

"နာမည်ကကော"

"ဖိုးဆို၊ မင်းအစ်ကိုအရင်း ဖိုးဆို"





www.burmeseclassic.com

www.burmeseclassic.com

သူဌေးကြီး ဦးဖိုးဆို၏ညီအရင်း ဦးဖိုးငိုမှာ အံ့ဩလွန်း၍ ပါးစပ်ကြီးပင် ပွင့်ထွက်သွား၏။

ဤတွင် မောင်စောဦးလေး၏ ဖခင်ဖြစ်သူ ဘထိုက်မှာ ဝင်ပါရလေ တော့၏။

"ဘဘခင်ဗျာ၊ ကျွန်တော်တို့ လင်မယားက ဒိတ်ကုန်းရွာမှာနေပါ တယ်။ ကျွန်တော့်နာမည်က ဘထိုက်ပါ။ ဒါက ကျွန်တော့်ဇနီး မနှောင်းပါ။ ဒီကလေးဟာ ကျွန်တော်တို့သားလေး ပါ။ မောင်စောဦးလို့ခေါ်ပါတယ်။ ပေါက်တန်းရွာအလှူကိုလာရင်း ဒီအိမ် ကြီးဟာ သူပိုင်တဲ့အိမ်၊ သူညီနဲ့ သူ့သား သူ့သမီးတွေကို ခဏဝင်တွေ့ချင်တယ် ပြောလို့ ဝင်လာကြတာပါ"

ပေါက်တန်းရွာသူဌေးကြီး ဦးဖိုး ဆို၏ညီ ဦးဖိုးငိုမှာ အတန်အသင့် သဘောပေါက်သွားလေ၍ ထူးထူးဆန်း ဆန်းရောက်လာသော ကလေးငယ် မောင်စောဦးလေးအား ပြုံးပြုံးရင်း မေးမြန်းလိုက်ပြန်၏။

"တဲ့ - ဟုတ်ပါပြီကွာ၊ မင်းက ငါ့ကို သိတယ်ဆိုတော့ ငါ့ခန္ဓာကိုယ်မှာ ထင်းထင်းရှားရှား အမှတ်ကြီးတစ်ခုရှိ တယ်ကွာ၊ ဘယ်နေရာမှာလဲ"

"သိတာပေါ့ ဖိုးငိုရာ မင်းရဲ့လက် ဝဲဘက်မှာ စာနီအမှတ်ကြီးရှိတယ်လေ ကွာ"

ဒုတိယအကြိမ်ပါးစပ်ကြီးဟောင်း လောင်းပွင့်သွားသူက ဦးဖိုးငိုပင် ဖြစ်ပြန် လေတော့၏။

"ဟုတ်ပြီကွာ၊ ဒါဆို မင်းက ဖိုးဆို ဆိုရင် မင်းနဲ့ငါက ညီအစ်ကိုအရင်းဆို တော့ မင်းအဖေ၊ မင်းအမေနာမည်နဲ့ ငါ့အဖေ၊ အမေနာမည်တွေတော့သိမှာ ပေါ့ ဘယ်သူတွေလဲ"

"သိပ်သိတာပေါ့ ဖိုးငိုရာ၊ ငါ့အဖေ နဲ့ မင်းအဖေက ဦးထွန်းစိန်။ ဒါပေမယ့် ငါ့အမေက ဒေါ်သောင်း၊ မင်းအမေက ဒေါ်သီတာ။ အဖေတူအမေကွဲလေ ကွာ"

တတိယအကြိမ် ထပ်မံ၍ အံ့ဩ သွားလေသူကား ဦးဖိုးငိုပင် ဖြစ်ပြန်လေ တော့၏။ ပေါက်တန်းတစ်ရွာလုံးပင် ဤ အချက်ကိုသိသူမရှိဘေဘဲ ဤကလေး ငယ်မှာ မှန်စွာပြောလိုက်လေ၏။ မယုံ ဘဲမနေနိုင်သူက ပေါက်တန်းရွာသူဌေး ကြီး ဦးဖိုးဆို၏ညီ ဦးဖိုးငိုပင် ဖြစ်လေ တော့၏။ ဦးဖိုးငိုမှာ ဤတစ်ချက်ဖြင့်ပင် မျက်ရည်တို့ဝဲလာကာ မောင်စောဦး လေးအား ဆွဲ၍ဖက်ကာ ရင်ခွင်အတွင်း သွင်းလိုက်၏။

"ငါ မင်းကို ဖိုးဆိုဆိုတာ လက်ခံ လိုက်ပါပြီ ကလေးရယ်"

ဦးဖိုးငိုမှာ မောင်စောဦးလေး၏ လက်ကိုကိုင်ဆွဲ၍ မတ်တတ်ရပ်လိုက်၏။ ပြီးသော် နှစ်ဆောင်ပြိုင်အိမ်ကြီးဘက် သို့ လက်ဆွဲခေါ်၏။ မောင်စောဦးလေး ၏မိဘနှစ်ပါးကိုလည်း မေးဆတ်ပြ၍ ခေါ်ပြန်လေ၏။ မောင်စောဦး၏ဖခင် ဖြစ်သူ ဘထိုက်မှာ ဇနီးဖြစ်သူအားထား ခဲ့ပြီး ပေါက်တန်းရွာလယ်လမ်းမကြီး တွင် ရပ်၍ထားခဲ့သောလှည်းအား ခြံဝိုင်း အတွင်းသွင်းရန်သွားလေ၏။

မောင်စောဦးလေး၏မိခင်မနှောင်း မှာ ရှေ့ကိုဘာများဆက်ဖြစ်လေဦးမလဲ ဟူသောအတွေးတို့ဖြင့် စိုးတထိတ်ထိတ် ရှိတိုင်း လင်သားဖြစ်သူကိုရပ်၍စောင့် နေလေ၏။

ထိုအချိန်တွင် မောင်စောဦးကို လက်ဆွဲခေါ်သွားလေသော ဦးဖိုးငိုမှာ အိမ်ကြီး၏ ဧည့်ခန်းသို့ရောက်ရှိနေပြီ ဖြစ်၏။

သူဌေးကြီး ဦးဖိုးဆို၏အိမ်ဧည့် ခန်းသည်ကား တောသူဌေးပီပီ လွန်စွာ ခမ်းနားလေ၏။ ကျွန်းကုလားထိုင်ကြီး များအစီအရီချထားသလို ကျွန်းစားပွဲ ကြီးတစ်လုံး၏ထိပ်တွင် အခြားကုလား ထိုင်များနှင့်မတူညီဘဲ နောက်မှီမြင့်မြင့် နှင့်လက်တန်းများကို ခြသေ့်ရုပ်ခေါင်း ခံ့ကာ ခန့်ခန့်ညားညားပြုလုပ်ထားလေ ၏။

ဤဧည့်ခန်းအတွင်းရောက်သည် နှင့် ဦးဖိုးငိုမှာ မောင်စောဦးလေး၏အပြု အမူကို ဂရုတစိုက်ကြည့်ရှုနေလေ၏။

မောင်စောဦးလေးမှာ ဧည့်ခန်း တွင်ရောက်သည်နှင့် ခြသေ့်ရုပ်လက် တန်းပါသောကုလားထိုင်ပေါ်တွင် ခံ့ခံ့ ညားညား သွားရောက်ထိုင်ရင်း ညီဖြစ် သူ ကိုဖိုးငိုအား ခပ်တည်တည်ကြည့်၏။

ဦးဖိုးငိုမှာ မောင်စောဦးလေးအား ကြည့်ကာ ခေါင်းတညိတ်ညိတ်ပြုရင်း မျက်နှာပြင်တွင်အပြုံးရိပ်တို့ယှက်သန်း နေလေ၏။

"ဦးလေး ဘယ်က ကလေးလဲ။ ဘာဖြစ်လို့ အဖေ့ကုလားထိုင်မှာဝင်ထိုင် ခွင့်ပြုရတာလဲဗျာ။ ဟေ့ - ကလေး အောက်ဆင်းထိုင်စမ်း"

ထိုအချိန်တွင် အခန်းကြီးအတွင်း မှ ကန့်လန့်ကာခန်းဆီးကိုဆွဲလှပ်၍ ထွက်လာသည့် သူဌေးကြီး ဦးဖိုးဆို၏ အရိုက်အရာကိုဆက်ခံသည့် သားကြီး ဖြစ်သူ မောင်တင်မောင်သည် ဖခင်ဖြစ် သူ ဦးဖိုးဆိုထိုင်နေကျဖြစ်သော ခြသေ့် ရုပ်ခံ့ကုလားထိုင်ပေါ်တွင် ကလေးတစ် ယောက်မှ ခပ်တည်တည်ဝင်၍ထိုင်နေ သည့်အတွက် မောင်စောဦးလေးအား မထိုင်ရန် မာမာတင်းတင်းပြောဆိုခြင်း ဖြစ်ပေတော့၏။

သို့သော် မောင်စောဦးလေးမှာ ခြသေ့်ရုပ်ကုလားထိုင်ကြီးမှ မဖယ်ပေး ချေ။

သူဌေးကြီး၏ညီ ဦးဖိုးငိုမှာ တူဖြစ် သူ မောင်တင်မောင်နှင့် မောင်စောဦး လေးတို့နှစ်ယောက်အား ဂရုတစိုက် အကဲခတ်ကြည့်ရှုရင်း ပြုံး၍သာနေလေ ၏။

သူဌေးကြီးဦးဖိုးဆို၏သားကြီးမှာ ကလေးငယ်သည် ခြသေ့်ရုပ်ခံ့ကုလား ထိုင်ကြီးပေါ်ထိုင်မြဲထိုင်နေလေ၍ မာမာ တင်းတင်းပြောရာမှ မျက်နှာကိုပြောင်း လဲလိုက်ပြီး ချော့မော့ပြောဆိုပြန်လေ၏။

"ကလေး၊ မင်းကဘယ်မှာနေတာ လဲ။ ဒီကုလားထိုင်က ဟိုပန်းချီကားထဲ က ဘိုးဘိုးကြီးထိုင်တဲ့ခုံကွ။ ငရဲကြီးတတ် တယ် တခြားခုံမှာထိုင်နော်"

မောင်တင်မောင်ပြောသည့်စကား ကို မောင်စောဦးလေးမှာ ပဇာသို့မျှပြန် လှန်ပြောဆိုခြင်းမပြုဘဲ ပန်းချီဆရာကြီး ဦးထွန်းစိန်ဆွဲပေးထားသော ဆီဆေး ပန်းချီကားကြီးကိုသာ မော့၍ကြည့်လိုက် လေ၏။ ဤပန်းချီဆီဆေးကားကြီးသည် ပန်းချီဆရာဦးထွန်းစိန်ကိုယ်တိုင် သူဌေး ကြီးဦးဖိုးငို၏ ဓာတ်ပုံကိုကြည့်ကာ စိတ်ကြိုက်ရေးဆွဲပေးထားသောဆီဆေး ပန်းချီကားကြီးဖြစ်ကြောင်း သိရှိလိုက် ပြန်၏။ ဆီဆေးပန်းချီကားကြီးမှာ မောင့်ကျက်သရေခေါင်းပေါင်း၊ ရင်ဖုံး တိုက်ပုံအကျႌတို့ ဝတ်စားဆင်ယင်ထား ပြီး နှုတ်ခမ်းမွေးကျင်စွယ်နှင့် ရှေးခေတ် မြန်မာလူမျိုးကြီးတစ်ယောက်၏ဟန်နှင့် မာန်အပြည့်ရှိနေလေ၏။

"အဲဒါ ငါ့ပုံပေါ့ကွ"

မောင်စောဦးလေးမှာ ဆီဆေး ပန်းချီကားကြီးအားကြည့်ကာ ကောက် ချက်ချ၍ ဤကုလားထိုင်ခုံပေါ် ထိုင်ရာမှ ပထမဆုံးစကားကို စတင်ပြော၏။

ထိုအချိန်တွင် မောင်စောဦးလေး ၏ဖခင်နှင့်မိခင်တို့နှစ်ယောက်မှာလည်း ဧည့်ခန်းကြီးအတွင်းရောက်ရှိလာလေ၏။

"အဲဒီ ပန်းချီကားကြီးကလည်း ငါ့ ပုံ၊ ငါထိုင်တဲ့ခုံကလည်း ငါတစ်ယောက် တည်းထိုင်တဲ့ခုံ။ ငါ့ခုံပဲ"

သူဌေးကြီးဦးဖိုးဆို၏သားဖြစ်သူ မောင်တင်မောင်မှာ အသက်(၆)နှစ်



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်တစ်ယောက်မှ ဤအိမ်ကြီး၏ဧည့်ခန်းတွင်းသို့ တစ်ကြိမ်တစ်ခါမျှ ရောက်ရှိဖူးခြင်းမရှိပါဘဲနှင့် တပ်အပ်ပြောနေလေ၍ အံ့ဩနေလေ၏။ ထို့ကြောင့် မောင်စောဦးလေးနှင့်အတူ ရောက်ရှိနေသော ဦးလေးဖြစ်သူ ဦးဖိုးငိုအား မေးလေတော့၏။

"ဦးလေး - ဒီကလေးက ဘယ်ကကလေးလဲ၊ ကျွန်တော့်ကိုပြောပါဦး။ ဒီကိုဘယ်လိုရောက်လာတာလဲဗျ"

ထိုအချိန်တွင် မောင်တင်မောင်၏အမေးစကားကို ဦးလေးဖြစ်သူ ဦးဖိုးငိုမှ ဖြေကြားမည်ပြင်ခိုက်မှာပင် မောင်စောဦးလေး၏ ဖခင်ဖြစ်သူ မောင်ဘထိုက်မှ ဝင်ရောက်၍ အမေးစကားရှိသူ မောင်တင်မောင်အား ဖြေကြားလေ၏။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့ဇနီးမောင်နှံက ဒိတ်ကုန်းရွာမှာနေပါတယ်။ ကျွန်တော့်ဇနီးမနှောင်းပါ။ ကျွန်တော့်နာမည်က ဘထိုက်ပါ။ ဒီကလေးက ကျွန်တော်တို့ဇနီးမောင်နှံရဲ့ကလေးပါ။ နာမည်က မောင်စောဦးလို့ခေါ်ပါတယ်။ အသက်က (၆) နှစ်ကျော်ကျော် (၇) နှစ်တောင်မပြည့်သေးပါဘူး"

မောင်စောဦးလေး၏ဖခင်ဖြစ်သူ ရှင်းပြနေစဉ်မှာပင် အိမ်ကြီး၏အနောက်ဘက်မှ မောင်တင်မောင်၏ဇနီးဖြစ်သူ မမြိုင်ထွက်လာကာ မောင်စောဦးလေး တို့မိသားစုအား မေးမြန်းလေ၏။

"ဘယ်သူတွေလဲ ကိုတင်မောင်"

"အေး - ငါလည်းမသိသေးလို့ မေးနေတာကွ။ ကဲ - ကိုဘထိုက် ရှင်းပြတာစနဲ့ ဆက်ရှင်းပြပါဦးဗျာ"

အိမ်ကြီးရှင် ကိုတင်မောင်၏ အမေးစကားကြောင့် မောင်စောဦးလေး၏ ဖခင်ဖြစ်သူမှ ဆက်ရှင်းပြပြန်၏။

သူဌေးကြီး၏ညီ ဦးဖိုးငိုနှင့် မောင်တင်မောင်၏ဇနီး အိမ်ကြီးရှင် မမြိုင်တို့မှာလည်း ဒိတ်ကုန်းရွာမှ ဘထိုက်ဆိုသူ ရှင်းပြမည့် စကားကို စောင့်ကာ နားစွင့်နေလေ၏။

"တကယ်တော့ ဒီကလေးဟာ ပေါက်တန်းရွာကို တစ်ခေါက်မှမရောက်ဖူးသေးပါဘူး။ သူ့ကို မမွေးခင် အဲ - သူ့ကိုယ်ဝန်မရခင်က ကျွန်တော်တို့ လင်မယား ဒီရွာကို အလှူလာရင်း အပြန်မှာ ရွာထိပ်က ညောင်ပင်ကြီးကို ဖြတ်ပြန်တော့ ညောင်ပင်ကြီးက တစ္ဆေခြောက်ခြင်းခံရပါတယ်။ အဲဒီညမှာပဲ ညောင်ပင်ကြီးမှာနေတဲ့ တစ္ဆေကြီးက ကျွန်တော့်ဇနီး မနှောင်းကို အိပ်မက်ပေးပါတယ်။ ကျွန်တော်တို့လင်မယားနဲ့နေခွင့်ပေးပါတဲ့။ ကျွန်တော်ကတော့ အယုံအကြည်မရှိခဲ့ပါဘူး။ နောက်တော့ ကျွန်တော့်ဇနီးမှာ ကိုယ်ဝန်ရှိလာပြီး ကလေးမွေးတော့ ယောက်ျားလေးပါ။ ကလေး အသက်သုံး၊ လေးနှစ်ရှိလာတော့ အိမ်ပြန်မယ်၊ အိမ်ပြန်မယ်ပြောပါတယ်။ ကျွန်တော်တို့လင်မယားက ချော့မော့ထားရတာပေါ့ဗျာ။ အခုဒီနှစ်မှ ကျောင်းစထားရမှာပါ။ ဒီရွာကကိုအုန်း၊ မခင်သန်းတို့အလှူလာရင်း ရွာထိပ်ကညောင်ပင်ကြီးကိုရောက်တော့ ကျွန်တော့်သားလေးက ထူးထူးခြားခြား ညောင်ပင်ကြီးကိုကြည့်ပြီး ဒီရေချမ်းစင်ကို သားလှူထားတာလို့လည်းပြောပါတယ်။ ရေချမ်းစင်နဲ့ ညောင်ပင်အုတ်ရိုးမှာ ကောင်းမှုရှင်ရဲ့အမည်ကို ဖတ်ကြည့်လိုက်တော့ ဒီရွာရဲ့သူဌေးကြီး ဦးဖိုးဆိုကောင်းမှုလို့ ရေးထားတာတွေ့လိုက်ရပါတယ်။

အဲဒီ သူဌေးကြီး ဦးဖိုးဆိုဆိုတာ ကျွန်တော်ပေါ့ အဖေလို့လည်း ပြောပါတယ်။ ကျွန်တော်တို့ရွာထဲဆက်ဝင်လာတော့ သူဌေးကြီးဦးဖိုးဆိုရဲ့အိမ်ကြီးကိုလည်းမြင်ရော လှည်းကို အတင်းရပ်ခိုင်းတော့တာပါပဲဗျာ။ ကျွန်တော်လည်း ထူးခြားလှတဲ့ဒီကလေးရဲ့ဘဝဇာတ်ကြောင်းကိုသိထားတဲ့သူမို့ သားဖြစ်သူရဲ့အခြေအနေကို အသာပဲကြည့်နေလိုက်ပါတယ်"

ပေါက်တန်းရွာသူဌေးကြီး ဦးဖိုးဆိုရဲ့သား မောင်တင်မောင်နဲ့ ဦးဖိုးဆိုရဲ့ညီ ဦးဖိုးငိုတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပါတော့သည်။

သို့သော် မောင်တင်မောင်ရဲ့ဇနီး မမြိုင်ကမူ ယုံကြည်ဟန်မရှိချေ။

ထိုအချိန်တွင် ပေါက်တန်းရွာသူဌေးကြီးဦးဖိုးဆို၏ မြေးအရင်း မောင်တင်မောင်၏ သမီးငယ် မသိဂီမှာ မုန့်ကျွဲသည်းပန်းကန်ကြီးနှင့်အပြည့် လာရောက်ချထားပေးလေ၏။

"ကဲ-စားလိုက်ကြပါဦး ကလေးလည်းစား"

သူဌေးကြီးဦးဖိုးဆို၏သားဖြစ်သူ မောင်တင်မောင်ကပင် စကားကိုဆက်၍ပြော၏။

"ကျုပ်ရဲ့အဖေမှာ လျှို့ဝှက်တဲ့ကိစ္စတွေ အများကြီးရှိတယ်ဗျ။ ဥပမာဗျာ ရွှေဒင်္ဂါးပြားတွေမြှုပ်နှံထားတဲ့နေရာတို့၊ ငွေဒင်္ဂါးတစ်အိတ်ကြီးရှိခဲ့တယ်ဆိုတာကို ဖော်ပြပေးနိုင်တာတို့ဆိုရင်တော့ ကျုပ်ယုံလောက်တာပေါ့"

အားလုံးသောသူတို့မှာ မုန့်ကျွဲသည်းများကို ပလုတ်ပလောင်းဇွန်းကြီးဖြင့် ကော်၍စားနေသော မောင်စောဦးလေးအား ဝိုင်းကြည့်လိုက်ကြလေ၏။

မောင်စောဦးလေးမှာ မောင်တင်မောင်တို့ဆွေမျိုးတစ်စုကို လှည့်ပတ်ကြည့်လိုက်ပြီး -

"ယုံကြည်နိုင်လောက်တဲ့အချက်ဆိုတာ ငွေဒင်္ဂါးပြားနဲ့ ရွှေဂင်္ဂါးပြားတွေရှိတဲ့နေရာကို ပြပေးနိုင်ရင်လား"

မောင်စောဦးလေးမှာ စကားကိုဆုံးအောင်မပြောဘဲ ရပ်ထားလိုက်သလို အိမ်ကြီးရှင်ဆွေမျိုးများအား အကဲခတ်သလို ပြုံးစိစိဖြင့်ကြည့်နေလေတော့၏။

ဤ၌ ပေါက်တန်းရွာသူဌေးကြီး ဦးဖိုးဆို၏ချွေးမ မောင်တင်မောင်၏ဇနီး မှာဝင်ရောက်ပြောလေတော့၏။

"ဟုတ်တယ် ကိုတင်မောင်၊ အဲဒီကိစ္စကို ဒီကလေးသိတယ်ဆိုရင်တော့ ကျွန်မတို့ ဘာတို့ဆိုတာ ယုံကြည်လက်ခံနိုင်မယ်"

"ဟုတ်တယ် မမြိုင်၊ အဲဒီငွေဒင်္ဂါး၊ ရွှေဒင်္ဂါးတွေမြှုပ်ထားတဲ့နေရာကို အဖေတစ်ယောက်ပဲသိတာ။ ဟုတ်တယ် မဟုတ်လား ဦးလေး"

မောင်တင်မောင်မှာ ၎င်းအဖေ၏ညီ ဦးဖိုးငိုအား စစ်ကူတောင်းလေ၏။ ပေါက်တန်းရွာသူဌေးကြီး ဦးဖိုးဆို၏ညီဦးဖိုးငိုမှာလည်း ရှုတ်ခြည်းပင် မျက်နှာမှာ ဝင်းလက်သွားလေ၏။

"ဟုတ်တယ်၊ ဟော့ကောင် ဖိုးဆိုမင်းပစ္စည်းတွေမြှုပ်ထားတဲ့နေရာဘယ်မှာလဲပြောစမ်း"

ဦးဖိုးငိုမှာ မောင်စောဦးလေးအား အစ်ကိုဖြစ်သူ ဦးဖိုးဆိုအား မေးသလို အပိုင်မေးချလိုက်၏။ မောင်စောဦးလေးမှာ ဦးဖိုးငိုအားပြုံးစိစိကြည့်၏။ ပြီးသော် မျက်နှာကို ခပ်တည်တည်ပြုကာ အားလုံးသောလူတို့၏ မျက်နှာစေ့စေ့စပ်စပ်ကြည့်၍ စိတ်ရှည်လက်ရှည်ပြောတော့၏။

"ပြောရမှာပေါ့။ ဒါပေမယ့် မောင်တင်မောင် ငါအိပ်တဲ့အခန်းထဲမှာ ငါလျှို့ဒါန်းခဲ့တဲ့ စာရင်းစာအုပ်ရှိတယ်။ စားပွဲခုံအောက်ဆုံးထပ်က အံဆွဲအသေးဆုံးထဲမှာထားတယ် သွားယူစမ်း"

မောင်စောဦးလေးမှာ ပေါက်တန်းရွာ သူဌေးစာရင်းဝင် မောင်တင်မောင်ကို ကလေးငယ်တစ်ယောက်ခိုင်းသလို ခိုင်းလိုက်လေ၍ မောင်စောဦးလေး၏မိဘနှစ်ပါးတို့မှာ အားတုံ့အားနာ



www.burmeseclassic.com

www.burmeseclassic.com

ဟန်များဖြစ်ခဲ့ပါ နေလေ၏။

မောင်စောဦးလေးမှာမူ သူ၏သား ငယ်တစ်ယောက်ကို မိဘကခိုင်းလိုက် သည့်ပုံစံမျိုးဖြင့် ခပ်တည်တည်သာရှိ၍ နေလေ၏။

"သား မောင်စောဦးလေး အဲဒီ အကြောင်းတွေ လူလေး တကယ်သိ တယ်နော်"

"ရွာမှာတုန်းကတော့ မသိဘူး အဖေ။ ဒီရွာစပ်ရောက်လာပြီး ညောင် ပင်ကြီးကိုမြင်တော့မှ ရေးရေးရေးရေး မှတ်မိလာတာပါ"

ဖခင်ဖြစ်သူ၏ အမေးစကားကို မောင်စောဦးလေး၏ အဖြေစကားဖြစ် လေ၏။ ထိုအချိန်တွင် အိမ်ကြီးရှင် မောင်တင်မောင်မှာ စာရင်းစာအုပ်လေး အားဆွဲကိုင်ရောက်ရှိလာပြီး မောင်စော ဦးလေးရှေ့တွင် ထိုင်လိုက်လေ၏။

"မောင်တင်မောင်၊ ဒီစာရင်း စာအုပ်ကို ငါ့ကိုမပေးနဲ့။ မင်းကိုင်ပြီး စာရင်းစာရွက်ကိုလှန်ကြည့်၊ ငါရွတ်ပြ မယ်"

မောင်တင်မောင်မှာ ပီတိကလေး ငယ်တစ်ယောက်သဖွယ်ဖြစ်၍ နေသလို မောင်စောဦးလေးမှာလည်း ပီတိလူကြီး တစ်ယောက်ဟန်ပန်မျိုးဖြင့်ပြောဆိုလေ ၏။

"ပထမဆုံး ပေါက်တန်းရွာလယ် တံတားကြီးဆောက်လုပ်ခက ကျပ်သိန်း နှစ်ဆယ်"

ဤသို့ ပေါက်တန်းရွာသူဌေး စာရင်းဝင် မောင်တင်မောင်မှာ အံ့သြ ရိပ်စ၍ပေါ်၏။

"သံဃာတော်တွေနေဖို့ ကျောင်း ဆောက်လုပ်လှူဒါန်းခဏ ကျပ်ဆယ် သိန်း"

"သိမ်ကြီးဆောက်လုပ်လှူဒါန်းခ က ကျပပ်သိန်းနှစ်ဆယ့်လေးသိန်း"

မောင်တင်မောင်မှာ စာရင်းစာအုပ် လေးအားကြည့်လိုက်၊ သူတို့၏ဖခင်ဟု ပြောလာသည့် မောင်စောဦးလေးအား ကြည့်လိုက်ဖြင့် လုံးဝအံ့သြနေသည်မှာ မျက်နှာတွင် အထင်းသား ပေါ်လွင်၍ နေတော့၏။

"ကိုတင်မောင်၊ ဒီကလေးပြော တာတွေဟုတ်ရဲ့လား"

မောင်တင်မောင်က စာရင်းစာအုပ် အားလှမ်းပေးလိုက်ရင်း ဇနီးဖြစ်သူအား ပြော၏။

"တစ်ခုမကျန် အကုန်မှန်တယ် မမြိုင်"

"နေဦး၊ ကျန်သေးတယ်၊ ရွာထိပ်က ညောင်ပင်ကြီးအုတ်ပတ်ခက တစ်သိန်း၊ ပန်းရန်ဆရာနှစ်ယောက် ငှားခက တစ်နေ့ တစ်ဆယ့်ငါးကျပ်၊ နှစ်ယောက်ဆိုတော့သုံးဆယ်၊ နှစ်ရက် ဆိုတော့ ပန်းရန်ဆရာငှားခခြောက်ဆယ် ကျပ်ကျတယ်ကွာ"

မောင်စောဦးလေးပြောဆိုသည် ကို မောင်တင်မောင်မှ ဇနီးဖြစ်သူမေး မြန်းလေ၏။

"မမြိုင် ဟုတ်လား"

"ဟုတ်တယ် ကိုတင်မောင်ရေ၊ ဒီကလေးဟာ အဖေသေလို့ဝင်စားတဲ့ ကလေးဆိုတာ ကျွန်မတော့ယုံသွားပြီ"

"နေဦး - ရေအိုးတစ်လုံး ငါးကျပ် နဲ့ လေးလုံး နှစ်ဆယ်ကျတယ်ကွာ"

ဤသို့ မောင်တင်မောင်၏ ဇနီး မမြိုင်မှာ အံ့သြလွန်းမက အံ့သြစွာဖြင့် ကြည့်ရင်း မောင်စောဦးလေးကို မေး တော့၏။

မောင်စောဦးလေး၏မိဘနှစ်ပါး တို့မှာလည်း သူတို့၏ရင်သွေးမောင်စော ဦးလေးသည် ညောင်ပင်တန်းကြီးဘဝ မရောက်မီက ပေါက်တန်းရွာ၏သူဌေး ကြီး ဦးဖိုးဆိုဖြစ်ခဲ့မှန်း ရိပ်စားမိလာလေ ၏။

အကယ်တန္တဆိုသော် ပေါက်တန်း ရွာသူဌေးကြီး ဦးဖိုးဆိုသည် စည်းစိမ် ချမ်းသာကိုသာ တောင့်တ၍ ဒါနကိုပြုခဲ့ ၏။ သီလကိုလည်း အားထုတ်ခဲ့ပါ၏။ သို့သော် သံသရာဝဋ်ဒုက္ခ ကိုယ့်ကိုယ် ကိုယ်ရောင်းစားပေါင်နှံခဲ့လေမှန်းမသိရှိ ခဲ့လေ၍ သူဌေးကြီးဘဝ၊ ယခုတစ်ဖန် မောင်စောဦးဘဝဟူသောဘဝ သံသရာ ချာချာလည်နေခြင်း ဖြစ်ပေတော့၏။

"အဖေ၊ ငွေဒင်္ဂါးပြားတွေဘယ်မှာ မြှုပ်ထားခဲ့သလဲ ပြောပါဦး"

"ပြောမယ် ပြောမယ်၊ ဒါပေမယ့် ဒီလိုလွယ်လွယ်ပြောလို့တော့မဖြစ်ဘူး"

"ဘယ်လိုပြောရမှာလဲ အဖေ"

"ငွေဒင်္ဂါးပြားတွေအားလုံး သားတို့ သမီးတို့ကိုပေးခဲ့မယ်။ နောက်ဆုံးဝှက် ထားတဲ့ရွှေဒင်္ဂါးတွေကိုတော့ လက်ရှိဘဝ မိဘနှစ်ပါးကို သုံးပုံပုံပြီး တစ်ပုံကိုပေး ရမယ်။ မပေးဘူးဆိုရင်တော့ ငါမပြော တော့ဘူး"

မောင်စောဦးလေး၏စကားကို ကြားကြကုန်သောပေါက်တန်းရွာသူဌေး ကြီး၏မိသားစုအားလုံးမှာ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်၍ ငိုင်တွေ ကုန်ကြတော့၏။

"စဉ်းစားပါဦးလေ၊ ရွှေဒင်္ဂါးတွေ အားလုံး ခွဲဝေမပေးဘဲ တစ်ဦးတည်း တစ်ယောက်တည်း စားဖော်ယူလိုက်ရင် ကော ဘယ်သူသိနိုင်မှာလဲ။ အခုလက်ရှိ ဘဝက မိဘနှစ်ပါးကို အကုန်ပေးလိုက် ရင်ကော"

သူဌေးကြီး ဦးဖိုးဆို၏ သား မယားနှင့် မြေးတို့မှာ ခေါင်းချင်းဆိုင် ငိုင်တွေချစဉ်းစားကြတော့၏။ ဤသို့ မောင်စော ဦးလေး၏ဖခင်နှင့် မိခင်တို့မှ ဝင်ရောက် ပြောဆိုလာလေ၏။

"သားရယ်၊ လက်ရှိဘဝမှာ အမေ တို့ အဖေတို့လည်း အားကို တင့်တောင့် တင့်တယ်ထားနိုင်ပါပြီ။ အဖေတို့ သား တို့ရဲ့ပစ္စည်းဥစ္စာတွေကိုမမက်မောပါဘူး ကွာ"

"ဟုတ်ပါတယ် သားရယ်၊ သားရဲ့ ပစ္စည်းတွေကို မမက်မော. . ."

မောင်စောဦးလေးမှာ မိခင်ကြီး မနှောင်း၏စကားကို ပြီးဆုံးအောင် ပြော ခွင့်မပေးချေ။

"အမေ အသာနေပါ၊ အမေတို့နဲ့ သားနေရတာ စိတ်ချမ်းသာပါတယ်လို့ ဆိုပေမယ့် သားဘဝမှာ မလှူရ၊ မတန်း ရရင် မနေနိုင်ဘူးဗျ။ ဒါကြောင့် သားလှူ ဖို့ ပစ္စည်းဥစ္စာလိုတယ်"

ထိုအချိန်တွင် သူဌေးကြီး ဦးဖိုးဆို ၏သားကြီးမိသားစုမှာ မောင်စောဦး လေး ဝေပုံကျပြု၍ ခွဲတမ်းချပေးမည့် အတိုင်းနာခံပါမည်ဟု စကားသံထွက် လာလေတော့၏။

ထိုအချိန်မှာပင် သူဌေးကြီး ဦးဖိုး ဆို၏သမီးငယ် ၊ မောင်တင်မောင်၏ အောက်တွင်မွေးဖွား၍ ရွှေလှေရွာသား တစ်ဦးနှင့်အိမ်ထောင်ကျပြီး ရွှေလှေရွာရှိ လင်သားဖြစ်သူနှင့် လိုက်ပါပြောင်းရွှေ့ နေထိုင်သူ မကြင်ဥမှာ ဖခင်ကြီးဖြစ်သူ ဦးဖိုးဆို လူဝင်စားဘဝဖြင့် အိမ်ကြီးသို့ ပြန်ရောက်နေကြောင်းကို တူဖြစ်သူ မောင်ကျော်သွားရောက်အကြောင်းကြား ပြောဆိုအသိပေးလိုက်သဖြင့် ပေါက်တန်း ရွာရှိ အစ်ကိုကြီး မောင်တင်မောင်၏ အိမ်ကြီးသို့ ကသုတ်ကရက်အပြေး အလွှား ရောက်ရှိလာလေတော့၏။

ရောက်ရောက်ချင်းပင် ညီမဖြစ် သူ မကြင်ဥကိုပြ၍ အစ်ကိုဖြစ်သူ မောင်တင်မောင်မှ ဖခင်ဖြစ်သူ သူဌေး ကြီးဦး ဖိုးဆိုဟု ပြောဆိုသည်။ ကလေး ငယ် မောင်စောဦးလေးအားပြကာ သူ ဘယ်သူလဲဟု မေးလေ၏။

မောင်စောဦးလေးမှာ မကြင်ဥကို မြင်လျှင် မြင်ချင်းခိုက်မှာပင် 'သမီး' ဟု ခေါ်၏။ ဦးဖိုးငိုမှာ မောင်စောဦးလေး အား ကြည့်ကာ ခေါင်းညိတ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်စောဦးလေးမှာ မကြွင်ဥလေးအားကြည့်၍ -

"ဒီသမီးမကြွင်ဥလည်ကုပ်အပေါ်မှာ အမှတ်ကြီးပါတယ်"

မကြွင်ဥမှာ သူ့ကိုတစ်ကြိမ်တစ်ခါမှ မမြင်မတွေ့ဘူးသည့် ကလေးတစ်ယောက်မှ သူ၏လည်ကုပ်တွင် မွေးကတည်း ပါလာခဲ့သည့် အမှတ်မည်းကြီးအား အပ်ကျမပ်ကျထုတ်ဖော်ပြောဆိုလေ၏။ လွန်စွာအံ့ဩသွားသလို ဖခင်ဖြစ်သူ ဝင်စားသည်ဆိုသောအချက်ကို သတ်ခံလိုက်လေတော့၏။

"ကဲ-ကလေး၊ တို့အဖေမြှုပ်ထားတဲ့ငွေဒင်္ဂါးတွေဘယ်မှာလဲဆိုတာပြောတော့လေ"

မောင်စောဦးလေးမှာ မောင်တင်မောင်ကို အသိအမှတ်ပြုကာ ခေါင်းညိတ်ပြ၏။

"ကဲ-ပေါက်တူးနဲ့ သံတူးရွင်းယူပြီး ငါ့နောက်လိုက်ခဲ့ကြ"

ထိုအခါ လူအုပ်ကြီးမှာ တစ်အုပ်တစ်မကြီး မောင်စောဦးလေးနောက်ကိုလိုက်မည်ပြုလေရာ မည်သူ့ကိုမျှအလိုက်ခံချေ။

"ဟော့ဟော့ - ငါ့နောက်ကိုတစ်အုပ်တစ်မကြီးမလိုက်ကြနဲ့လေ။ ဖိုးငိုရယ်၊ တင်မောင်ရယ်နဲ့ မောင်ကျော်၊ မင်းကပေါက်တူးနဲ့ သံတူးရွင်းယူပြီးလိုက်ခဲ့"

လူဝင်စားလေး မောင်စောဦးမှာ လူကြီးလေးတစ်ယောက်သဖွယ် စီမံခန့်ခွဲနေသည်ကို ပေါက်တန်းရွာသားကြီး ဦးဖိုးငို၊ ရွာမျက်နှာဖုံးလူချမ်းသာကြီး မောင်တင်မောင်တို့ နှစ်ယောက်မှာ တော့ကျေနပ်နပ်ကြီးပင် လိုက်နာနေကြသလို လူငယ်လေးမောင်ကျော်မှာလည်း သံတူးရွင်းနှင့်ပေါက်တူးကိုကိုင်ဆွဲ၍ ခြံကြီး၏အနောက်ဘက် ကုက္ကိုပင်ကြီးသုံးပင်ဖိုခုံလောက်ဆိုင်ပေါက်နေရာသို့သွားရောက်ကြလေတော့၏။ ကုက္ကိုပင်သုံးပင်အလယ်သို့ရောက်သောအခါ ညီဖြစ်သူ ဖိုးငိုအား အရှေ့ဘက်မှ ကုက္ကိုပင်ကြီးဆီသို့ လူကြီးခြေလှမ်းမကြဲလွန်း၊ မစိပ်လွန်းစွာ ခြေလှမ်းရေ၍လျှောက်ခိုင်းလေ၏။

ဦးဖိုးဆို၏ ညီဖြစ်သူ ဦးဖိုးငိုမှာလည်း ခြေလှမ်းကိုရေတွက်၍လျှောက်ပြင်၏။

တစ်ဖန် မောင်တင်မောင်ကိုလည်း ဦးဖိုးငိုကဲ့သို့ပင် ဘေးချင်းယှဉ်ဆယ်ယှဉ်ပေါက်နေသောကုက္ကိုပင်ကြီးဆီမှ အနောက်ဘက် ကုက္ကိုပင်ကြီးဆီသို့ မစိပ်လွန်း၊ မကြဲလွန်းသော ခြေလှမ်းတို့ဖြင့် ခြေလှမ်းကို ရေတွက်ကာလျှောက်ခိုင်းပြန်လေ၏။

မောင်စောဦးလေးမှာ လက်လေးနှစ်ဖက်ပိုက်ကာ လူကြီးတစ်ယောက်သဖွယ် စူးစိုက်ကြည့်ရင်း အမိန့်ပေးနေလေ၏။

မောင်တင်မောင်နှင့် ဦးဖိုးငိုတို့မှာ မောင်စောဦးခိုင်းသည့်အတိုင်းလျှောက်လှမ်းကြတော့၏။

မောင်တင်မောင်နှင့် ဦးဖိုးငို၏ ခြေလှမ်းငါးဆယ်အရောက်တွင်တော့ ခြေလှမ်းငါးဆယ်နေရာမှ မျက်နှာချင်းဆိုင်လျှောက်ခိုင်းပြန်လေ၏။ မျက်နှာချင်းဆိုင်ဆုံတွေ့သည့်နေရာရောက်လျှင် မောင်ကျော်အား တစ်လံခန့်ကျင်းအကျယ်ထားပြီး ပေါက်တူးဖြင့် မြေကြီးကို တူးစေတော့၏။

မောင်တင်မောင်နှင့် ဦးဖိုးငိုနှစ်ယောက်မှာ ရင်တထိတ်ထိတ်ဖြင့်ကြည့်ရှုနေလေ၏။

မောင်ကျော်မှာ တစ်နာရီခန့်အကြာတူးလိုက်သော် နှစ်လံခန့်အနက်အရောက်၌ မြေအိုးလေးတစ်လုံး၏နှုတ်ခမ်းဝကိုထိမိလေပြီး သံတူးရွင်းဖြင့် ဘေးနှုတ်ခမ်းကို အသာလေး တူးဖယ်လိုက်စေ၏။

အိုးလေးရလာ၍ အပေါ်တွင်ဖုံးထားသော မြေအိုးအဖုံးကိုဖွင့်လိုက်သော် ငွေဒင်္ဂါးပြားများကို တွေ့ရလေတော့၏။

မောင်စောဦးလေးမှာ ငွေဒင်္ဂါးအိုးလေးကို ယူဆောင်စေခဲ့ပြီး တစ်ဖန် မောင်တင်မောင်တို့အိမ်ကြီးသို့ ပြန်၍သွားကာ ငွေဒင်္ဂါးပြားအိုးလေးကိုထားခဲ့စေ၏။ ပြီးသော် မောင်တင်မောင်တို့ သားအဖနှင့် ဦးဖိုးငိုကိုပင်ခေါ်ကာ ရွာထိပ်ညောင်ဖင်ကြီးသို့ သွားပြန်လေ၏။

ရွာထိပ်က ညောင်ပင်ကြီးသည် အကိုင်းအကိုင်းသို့ပြန့်ကားကာ မိုးသို့ထောင်၍တက်နေသော်လည်း ညောင်ပင်ကြီး၏လူကြီးနှစ်ရပ်စာခန့်မြင့်သောနေရာ၌ သစ်ခေါင်းကြီးတစ်ခုဖြစ်ပေါ်နေလေ၏။ ထိုညောင်ပင်ကြီးအပေါ်သို့ မောင်ကျော်ကို ယူဆောင်လာစေသော သံချိပ်ဖြင့်တက်ရောက်စေကာ ညောင်ပင်ကြီး၏သစ်ခေါင်းအတွင်းပိုင်းအား သံချိပ်ဖြင့် တောရွာသားများ မြစ်စပ်အတွင်း ငါးမြွေထိုးချိပ်သလို လိုက်၍ချိပ်စေတော့၏။

အင်္ဂလိပ်စက်နာရီဖြင့် မိနစ်နှစ်ဆယ်ခန့် လိုက်လံချိပ်သောအခါ၌ကား အတန်ငယ်ကြီးသော ဆိတ်သားရေဖြင့် ပြုလုပ်ထားသည့် အိပ်တစ်လုံးကို ချိပ်မိကာ အပေါ်သို့ဆွဲတင်၍ မောင်စောဦးလေးအား ပြသလိုက်လေလျှင် မောင်စောဦးလေးမှာ လွန်စွာဝမ်းသာသောမျက်နှာအမူအရာဖြစ်ပေါ်သွားပြီး မောင်ကျော်အား ညောင်ပင်ကြီးခွဆုံပေါ်မှဆင်းစေပြီး ဆိတ်သားရေရှု့အိတ်လေးအား သူဌေးကြီး၏ညီ ဦးဖိုးငိုအား ယူဆောင်စေကာ ပေါက်တန်းရွာမောင်တင်မောင်၏အိမ်ကြီးဆီသို့ ပြန်ခဲ့ကြလေ၏။

မောင်တင်မောင်၏ အိမ်ကြီးသို့ရောက်သော် ငွေဒင်္ဂါးပြားဆယ်ပြားအား ဦးဖိုးငိုအား ပေးအပ်လိုက်ပြီး ကျန်သောငွေဒင်္ဂါးများအား မောင်တင်မောင်နှင့် မကြွင်ဥတို့ မောင်နှမအား အညီအမျှခွဲဝေပေး၏။

ပေါက်တန်းရွာညောင်ပင်ကြီး၏ သစ်ခေါင်းအတွင်းမှယူဆောင်လာသော ရွှေဒင်္ဂါးပြားများကိုမူ သုံးပုံပုံစေ၏။ ရွှေဒင်္ဂါးပြားများမှာလည်း အပြားသုံးရာတိတိရှိနေလေ၍ တစ်ပုံတစ်ပုံတွင် အပြားတစ်ရာတိတိရှိလေ၏။

သူဌေးကြီးဦးဖိုးဆို၏ သားအကြီးဆုံး မောင်တင်မောင်အား မောင်စောဦးလေးသည် ရွှေဒင်္ဂါးပြားအပြားတစ်ရာတိတိကို ပေးအပ်လိုက်ပြီး သမီးငယ်မကြွင်ဥအား အပြားတစ်ရာကို ပေးအပ်၍ ကျန်အပြားတစ်ရာကို မောင်စောဦးလေးမှ အလှူအတန်းပြုရန် မိဘနှစ်ပါးအား ပေးအပ်လိုက်ပါတော့သည်။ ညီဖြစ်သူ ဦးဖိုးငိုအား လိုရာသုံးဟူ၍ ရွှေဒင်္ဂါးပြားဆယ်ပြားကို မေးအပ်ခဲ့ပါတော့သည်။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများတို့သည် လွန်လေပြီးသော အတိတ်ကာလ၌ သစ္စာလေးပါး၊ မသိတတ်မှု (အဝိဇ္ဇာ)၊ လိုချင်ရချင်မှုဟူသော (တဏှာ)၊ စွဲလမ်းနှစ်သက်မှုတည်း ဟူသော (ဥပါဒါန်) တို့ကြောင့် သူဌေးကြီးဘဝ၊ ညောင်ပင်တစ္ဆေကြီးဘဝ၊ ယခုတစ်ဖန် မောင်စောဦးလေးဘဝ ဘဝအလီလီပြောင်းလဲခဲ့သည်ကို ပစ္စုပ္ပန်လက်ရှိဘဝ၌ တွေ့မြင်ကြုံကွဲခဲ့ရသည်ကို ခံစားခဲ့ရလေ၍ ငယ်ရွယ်စဉ် ဆယ်နှစ်သားအရွယ်ခန့်မှာပင် ရွာဦးကျောင်းဆရာတော် ဦးကုသလထံတွင် ကိုရင်ဝတ်ဘဝမှ လူမထွက်တော့ဘဲ ရှင်ဆောက်ီနွှဟူသောဘွဲ့ဖြင့် ရဟန်းဝတ်ဖြင့် တရားအားထုတ်ရင်း ပျံလွန်တော်မူသည်အထိပင် သာသနာ့ဝန်ကို ထမ်းဆောင်သွားပါတော့သတည်း။

နန္ဒဝင်းကျော်ခေါင်(ခတ္တာ-လှိုင်ပြည်)

www.burmeseclassic.com

# နက်မောက်မင်းသန့်နိုင်

# နဝရတ်ကိုးသွယ်စီရင်မယ်

နဝရတ်ကိုးသွယ် ဆိုသည်မှာ ကိုးပါးသောရတနာဟု ဆိုလိုခြင်းဖြစ်ပါသည်။ ကျောက်မျက်ရတနာတိုင်းသည် လှပမှုအဆင်တန်ဆာသက်သက်မဟုတ်မူဘဲ ဘေးဥပဒ်အန္တရာယ်ကင်းခြင်း၊ လာဘ်လာဘရွှင်လန်းခြင်း စသည့်စွမ်းအား သိဒ္ဓိထူးများရှိသည်ဟု ရှေးဘိုးဘွားများစဉ်ဆက်မှ ယနေ့အထိ ယုံကြည်စွဲလမ်းခဲ့ကြပါသည်။

ပတ္တမြားသည် ဘုန်းမီးနေလတောက်သည်။

မြကျောက်သည် အေးချမ်းသာယာစေသည်။

စိန်သည် အစွမ်းဂုဏ်ရောင်ထွက်စေသည်။

ကြောင်ကျောက်သည် သိဒ္ဓိပြီးစေသည်။

နီလာသည် မေတ္တာသက်ဝင်ယိုဖိတ်စေသည်။

ဂေါမိတ်သည် ခွန်အားဖြစ်စေသည်။

ဥဿဖရားသည် ကျန်းမာရေးကောင်းစေသည်။

သန္တာသည် အကြီးအကဲဖြစ်စေသည်။

ပုလဲသည် ကျက်သရေပြည့်ဝစေသည်။

မဟူရာသည် အဆိပ်ပြေပျောက်စေသည်။

ကျောက်စိမ်းသည် မင်္ဂလာပြည့်ဝစေသည်။

ပယင်းသည် အမူးအမော်ပျောက်စေသည်။

ပတ္တမြားသည် စီးပွားတိုးစေပြီး အန္တရာယ်ရန်စွယ်အမျိုးမျိုးကို တွန်းလှန်ကာကွယ်နိုင်သည်။

မြသည် ကိုယ်ရောစိတ်ကိုပါ သာယာအေးမြစေသည်။ ဘေးအပေါင်းရန်အပေါင်းဝေးစေသည်။

စိန်သည် လာဘ်ရွှင်၍ ရော်ရှိကာ ပျော်ရွှင်ချမ်းမြေ့စေသည်။

ပုလဲသည် သွေးလေကြောင့်ဖြစ်သောရောဂါများ ပျောက်ကင်းနိုင်ပြီး ကျက်သရေရှိကာ ငွေမြစေ၏။

ကြောင်ကျောက်သည် စိတ်ကိုကြည်လင်စေပြီး ရှိပြီးတန်ခိုးသိဒ္ဓိများပွားများတိုးတက်စေသည်။

ဂေါမိတ်သည် ခွန်အားဗလငါးတန်ဖွံ့ဖြိုးတိုးပွားစေပြီး အာဟာရသိဒ္ဓိပြည့်စေသည်။

နီလာသည် မိမိအပေါ် အများသူငါတို့က ချစ်ခင်သနား မေတ္တာပွားစေတတ်သည်။

ဥဿဖရားသည် ကျန်းမာရေးကို အထူးကောင်းမွန်စေသည်။

သန္တာမှာ အကြီးအကဲဖြစ်စေပြီး ချစ်ကြောက်ရိုသေကြည်ညိုလေးစားသူပေါများစေသည်။

ထိုသို့ ဂုဏ်သတ္တိစွမ်းရည်ထူးများရှိသဖြင့် -

(၁) ဖတ္တမြား၊
(၂) မြ၊
(၃) စိန်၊
(၄) ကြောင်၊
(၅) နီလာ၊
(၆) ဂေါမိတ်၊
(၇) ဥဿဖရား၊
(၈) သန္တာ၊
(၉) ပုလဲ -

ရတနာတို့ကို နဝရတ်ကိုးသွယ် (ဝါ) နဝရတ်ကိုးပါးအဖြစ် စီခြယ်ဝတ်ဆင်ကြပါသည်။

စီရင်ပုံမှာ -


နဝရတ်ကိုးပါး၏ အောက်တွင် အောက်ပါ ပစ္စည်းအစီအရင်များခံပြီး ပူဇော်ရပါမည်။

သန့်ရှင်းသောစားပွဲတစ်လုံးပေါ်တွင် ပိတ်ဖြူ (၉) တောင်ခင်းပြီး -

| | | |
|---|---|---|
| မြ | စိန် | ပုလဲ |
| ဥဿဖရား | ပတ္တမြား | သန္တာ |
| ကြောင် | နီလာ | ဂေါမုတ် |

- ပတ္တမြားအောက်၌ ကတိုးနှင့်ကြာနီပွင့်ခံ၊
- စိန်အောက်တွင် ငွေနှင့် ဇာတိဖိုလ်သီးခံ၊
- ပုလဲအောက်တွင် ဖုံးမသိန်နှင့် ခရုသင်းမှုန့်ခံ၊
- ကြောင်အောက်တွင် ကြက်မောက်နီပွင့်ခံ၊
- ဂေါမုတ်အောက်တွင် မာလာပွင့်ခံ၊
- မြအောက်တွင် ကတိုးနှင့်လေညှင်းပွင့်ခံ၊
- ဥဿဖရားအောက်တွင် ကရမက်နှင့် အကျော်ခံ၊
- နီလာအောက်တွင် ပန်းရင်းနှင့်နံ့သာခံ၊
- သန္တာအောက်တွင် ကတိုးကြာနီပွင့်၊ စန္ဒကူးခံပါ။

အထက်ပါအတိုင်း ခံထားပြီးဖယောင်းတိုင်တစ်တိုင်ကျစီ (၉) ပါး (၉ တိုင်) ထွန်းညှိပူဇော်ရမည်။ (၉) ရက်ပူဇော်ပြီး ထို (၉) ရက်တွင် အနန္တငါးပါးပူဇော်ကန်တော့ခြင်း၊ သမ္မာဒေဝနတ်အများကို ပူဇော်ကန်တော့ခြင်း၊ တိတ်ဂြိုဟ်၊ သောမဂြိုဟ်၊ ပါပဂြိုဟ် စသောဂြိုဟ်ကြီး(၉)လုံးကို ပူဇော်ကန်တော့ခြင်း မေတ္တာသုတ်ပရိတ်တော်ကို (၉) ခေါက်ရွတ်ဖတ်သရဇ္ဈာယ်၍ သတ္တဝါဝေနေယျပုပ္ပုရှုရှမကျန် မေတ္တာပွားဖြန့်ကြက်ခြင်းစသော ကောင်းမှုမင်္ဂလာများပြုရပါမည်။




နဝရတ်ကိုးသွယ်ကို လက်စွပ်အဖြစ် စီရင်ရာဝယ် ရတနာကိုးပါးအားအောက်ပါနည်း (၂) နည်းနှင့် စီရင်ကြပါသည်။

ပထမစီရင်နည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# တင်နိုင်ဝင်း(ထမင်းဈေးမြို့)
# ခံတွင်းပျက်လေသော်

အစားအသောက်သည် ခန္ဓာကိုယ်ဖွံ့ထွားရေးနှင့် အသက်ရှည်ရေးတို့အတွက် အဓိက အထောက်အပံ့ပေးလျက်ရှိသည်။ ခံတွင်းပျက်၍ စားသောက်မကောင်းလျှင် ခန္ဓာကိုယ်အတွက်လုံလောက်သော အာဟာရများ မရရှိသဖြင့် ကြာလျှင် အားနည်း၍ ကျန်းမာရေးတို့ ချို့တဲ့လာနိုင်ပါသည်။ ဖျားနာ၍သော် လည်းကောင်း။ မတည့်စာ များစားမိ၍သော် လည်းကောင်း ခံတွင်းပျက်တတ်ပါသည်။ ကွမ်း၊ ဆေးလိပ်၊ အရက် စသော ယစ်မျိုးဝင်များ လွန်ကဲစွာ စားသောက်သုံးစွဲမိ၍ လည်းကောင်း၊ ဓာတုဗေဒဆေးဝါး အစားအသောက်များ ရေရှည်မှီဝဲသဖြင့် လည်းကောင်း၊ ခံတွင်းပျက်၍ စားမကောင်းသောက်မကောင်းဖြစ်တတ်ပါသည်။ တစ်ခါတစ်ရံ လျှာနှင့် အာခံတွင်းရှိ အာရုံကြောများပိတ်ဆို့နေလျှင်လည်း ခံတွင်းပျက်ရောဂါဖြစ်တတ်ပါသည်။

အကယ်၍ မိမိမှာ ခံတွင်းပျက်ရောဂါဖြစ်ခဲ့သော် မိမိကိုယ်မိမိ အဖျားအနာကင်းရှင်းအောင် ဆောင်ရွက်နေထိုင်၍ ကွမ်း၊ ဆေးလိပ်၊ အရက်နှင့် အရေးမကြီးသော ဓာတုဗေဒဆေးဝါးများ ခေတ္တဖြစ်စေ ဖြတ်ထားသင့်သည်။ အိပ်ရေးပျက်လည်းမခံရပါ။ အာရုံကြောများ အစဉ်ကောင်းမွန်နေစေရန် စိတ်သောကများဖယ်ရှား၍ ပုံမှန်တရားထိုင်၊ တရားမှတ်ပြုလုပ်ပေးပါ။ တစ်ခါတစ်ရံ ခံတွင်းမမြိန်သော အစားအစာများကို တာရှည်စားနေရ၍လည်း ခံတွင်းပျက်တတ်ပါသည်။

၎င်းရောဂါအတွက် တိုင်းရင်းဆေးမြီးတိုများကို အလွယ်တကူဖော်စပ်သုံးစွဲနိုင်ပါသည်။

အလွယ်ဆုံးနည်းမှာ -

ရှောက်ရှည်တစ်ဇွန်းနှင့် သဘာဝပျားရည်နှစ်ဇွန်းတို့ရောစပ်ပြီး သောက်ပေးပါ။ နံနက်၊ နေ့၊ ည တစ်နေ့ သုံးကြိမ်၊ သုံးရက်လောက် ဆက်သောက်ပေးပါ။ သဘာဝပျားရည်မရပါက မွေးမြူရေးပျားရည်ကို အစားထိုးသုံးစွဲနိုင်ပါသည်။

နောက်တစ်နည်းမှာ -


သဘော်ချဉ်းခြောက်နှင့် သိန္ဓောဆားတို့ကို ဆတူရော၍ အမှုန့်ပြုပါ။ ၎င်းအမှုန့်ကို သံပရာရည်သင့်ရုံရောစပ်၍လျက်ပေးပါ။ ထမင်းမစားမီ အချိန်အနည်းငယ် ကြိုတင်၍ လျက်ဆားကဲ့သို့ လျက်ပေးပါ။

၎င်းအပြင် နန်းတွင်းလျှာပွတ်ဆေး သို့မဟုတ် လျှာပွတ်ဆေးတစ်မျိုးမျိုးဖြင့် လျှာကိုပွတ်ပေးပါ။ သံပရာရည်ရလျှင် သံပရာရည်နှင့် လျှာပွတ်ဆေးကို ရောစပ်၍ လျှာပွတ်ပေးပါ။

ခံတွင်းပျက်သူအတွက် စားသုံးသင့်သောအစားအစာများမှာ ကြက်သွန်နီ၊ ကုလားချဉ်ပေါင်၊ ချင်းတက်၊ ငရုတ်သီးမိုးမျှော်၊ တမာရွက်၊ မယ်ဇလီ၊ ရှမ်းနံနံ၊ မန်ကျည်းသီးနု၊ မရန်းသီး၊ ရှောက်သီး၊ ကြောင်လျှာ၊ ပျဉ်းတော်သိမ် စသည်တို့ဖြစ်သည်။ ခံတွင်းမြိန်စေရန်အတွက်လည်း စောင်းလျားသီး၊ ခဝဲသီး၊ ဆီးချိုသီး၊ ဘူးရွက်၊ မြင်းခွာရွက်၊ ဟင်းနုနယ်၊ ပေါက်ပန်းဖြူ၊ မန်ကျည်းသီးကြက်ဆူ၊ ကွမ်းရွက်၊ ပေါက်ပွင့်၊ ငါးလေးပေါက်၊ ငါးရံ့ စသည်တို့ကို ရေလဲစားသုံးပေးရပါမည်။

တင်နိုင်ဝင်း (ထမင်းဈေးမြို့)

| | | |
|---|---|---|
| သန္တာ | စိန် | ပုလဲ |
| နီလာ | ပတ္တမြား | ကြောင် |
| ဥဿဖရား | မြ | ဂေါ်မုတ် |




ဒုတိယစီရင်နည်း ဖြစ်ပါသည်။

မိမိကြိုက်နှစ်သက်သလို စီရင်နိုင်ပါသည်။

အထက်ပါအတိုင်း ကောင်းသော သုမင်္ဂလာများနှင့်စီရင်ဝတ်ဆင်ပါက -

အသက်ရှည်ခြင်း၊
မင်္ဂလာရှိခြင်း၊
ကျက်သရေရှိခြင်း၊
စုန်းပယောဂအမှောင့်ရန်ဖျက်ဆီးနိုင်ခြင်း၊
လူ၊ နတ် ချစ်စေသော ပီယသိဒ္ဓိ မြောက်ခြင်း၊
ဘုန်းတန်ခိုးဩဇာတိက္ကမကြီးမားစေခြင်း၊
ဘေးဥပဒ်အန္တရာယ်ရန်စွယ်တို့ကို ကြိုတင် သိမြင် ကာကွယ်နိုင်စေခြင်း၊

စသော ရလဒ်ကောင်းအကျိုးထူးများစွာရရှိစေသည်။

နဝရတ်ကိုးသွယ်ဝတ်ဆင်သူတို့သည် အရက်သေစာလုံးဝမသောက်စားရပါ။ မသန့်သော မမြင်ဖွယ်ရာများကိုင်မိလျှင် တရော်ကင်ပွန်းဖြင့် ဆေးကြောသန့်စင်ရသည်။ ရှစ်ရက်သီတင်း လပြည့်လကွယ်နေ့တိုင်း ဥပုသ်သီလဆောက်တည်ပြီး နဝရတ်ကိုးပါးကိုလည်း တရော်ကင်ပွန်းဖြင့်ဆေး၍ နံ့သာငါးပါးစိမ်ပေးနိုင်လျှင် အကောင်းကော့အကောင်းဆုံးဖြစ်ကြောင်း တင်ပြ ရေးသားအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

ကျမ်းကိုး -

မဏာသျှတ္တရကျမ်း၊ ဟူးရားကျမ်း
လောကဟိတရာသီကျမ်း
ဥတုဘောဇနသင်္ဂဟကျမ်း



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

နန်းကျားကြီးဘုရင်၏လောင်းကြွတ်နန်းတော်ရှိ မောင်းမငယ်များသည် အစ၌မူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နှုတ်မဟ မပြောကြားကြဘဲ ကျိတ်ပြီး ဝမ်းသာနေကြ၏။

ယခင်က မိမိဆီသို့ တစ်လတစ်ခါ ပင်မရောက်ဖြစ်သော ဘုရင်နန်းကျားကြီးသည် ယခုအခါ တစ်ပတ်လျှင် တစ်ခါ၊ နှစ်ခါ ညည၌ ရောက်လာခြင်းသည် မိမိကိုချစ်မြတ်နိုးလွန်း၍သာဖြစ်ရမည်။ ဤသို့ဖြစ်ပါချေက သူ့အား နန်းကျားကြီးမင်းသည် အဆောင်အယောင်ပေး၍ နန်းရမိဖုရားအဖြစ် မြှောက်စားလေတော့မည်အထင်နှင့် ကျိတ်၍ဝမ်းသာနေကြသည်။ မကြာမီ နန်းဆောင်ရ၍ မိဖုရားဖြစ်ရမည့်အရေးကိုတွေးပြီး ပျော်ရွှင်၍ပင်နေနေကြ၏။

"နင်တို့ဆီသာ နန်းကျားကြီးဘုရင် ညညလာသည်မဟုတ်၊ ငါတို့ဆီကိုလည်း ညညရောက်သည်။ သူ့ဆီကိုလည်းရောက်သည်"

နှင့် နောက်တော့ လောင်းကြွတ်နန်းတွင်းရှိ မောင်းမမိဿံတို့မှာ ပွစိပွစိ ဖြစ်လာကြသည်။

သို့သော် အဆောင်ရ၊ နန်းရ မိဖုရားများ ကြားသိသွားပါက သူတို့ကို ငြိုငြင်တော့မည် စိုးကြောက်ကြသဖြင့် မိဖုရားကြီးများ နားတော်မပေါက်အောင် သူတို့အချင်းချင်းသာ တစ်ယောက်နှင့်တစ်ယောက် ဟုတ်မဟုတ်၊ မခံချင်စိတ်နှင့် တမင်လုပ်ကြံပြောခြင်းဖြစ်နိုင်မဖြစ်နိုင်ကိုသာ ဝေခွဲမရတွေဝေနေကြ၏။

သူရဋ္ဌမဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်

# မိုးကျော့

ဇာတ်သိမ်းပိုင်း

## ဂန္ဓာရီသမား အယူမှားသော်...



သို့သော် တစ်နေ့သ၌မူ နှုတ်မစောင့်စည်းနိုင်သော ဂုံးမမောင်းမငယ်တစ်ယောက်သည် နောက်ဂုံးမမောင်းမငယ်တစ်ယောက်နှင့် ကတောက်ကဆ စကားများကြ၏။ ထိုအခါ မကြာမီ အဆောင်ရ မိဖုရားဖြစ်တော့မည်ဟု သူကိုယ်သူထင်နေသော ဂုံးမငယ်သည် မိန်းမသို့မမှတာ ကြွားဝါပြောဆိုကြရင်းက နန်းကျားကြီးဘုရင်သည် ယခုအခါ ညည၌ သူ့သလွန်ညောင်စောင်းပေါ်သို့ တစ်ပတ်တစ်ခါ၊ နှစ်ခါလာ၍ သူနှင့်ပျော်ပါးကြောင်း နှုတ်ထွက်သွားရာ ကြားရသူ မောင်းမများမှာ အံ့သြတကြီးဖြစ်မသွားကြသည့်အပြင် သူတို့ကလည်း -

"နင့်ဆီသာ ဘုရင်နန်းကျားကြီး ညညလာသည်မဟုတ်၊ ငါတို့ဆီကိုလည်းလာသည်"

ဟု ပြန်ကြွားပြောကြသည်။

ထိုအခါ နောက်မောင်းမမိဿံတို့ကလည်း -

နန်းကျားကြီးမင်းတွင် လက်ရှိ မိဖုရားလေးယောက်ရှိသည်။ ထိုလေးယောက်သော်ကား စောပို့မယ်မိဖုရား၊ စောပဒုမာမိဖုရား၊ စောမင်းဘွားမိဖုရား၊ စောဖြူမိဖုရားတို့ဖြစ်ကြသည်။

ထိုမိဖုရားကြီးလေးယောက်တို့တွင် စောပဒုမာမိဖုရားကား နန်းကျားကြီးဘုရင်၏ အဂ္ဂမဟေသီ အထွတ်အထိပ် မိဖုရားခေါင်ကြီးဖြစ်သည်။ စောပဒုမာမိဖုရားသည် နန်းကျားကြီးဘုရင်အပေါ် ဩဇာလွှမ်းမိုးနိုင်သော မိဖုရားခေါင်ကြီးလည်းဖြစ်၏။

တစ်နေ့သောအခါတွင် စောပဒုမာမိဖုရားခေါင်ကြီးက နန်းကျားကြီးဘုရင်အား -

"မင်းကြီးကား ရှေ့ရှေ့ကာလနှင့်မတူ၊ အရောက်အပေါက်များလွန်းလှတကား။ အဘယ်သို့ဖြစ်ဘိသနည်း"

ဟု မေးလျှောက်၏။

စောပဒုမာ၏စကားကိုကြားလတ်သော် နန်းကျားကြီးဘုရင်သည် အံ့ဩသွားကာ -



www.burmeseclassic.com

www.burmeseclassic.com

"မိဖုရား၊ မောင်တော်သည်ကား မိဖုရားလေးယောက်ဆီ အညီအမျှသာ ရောက်ပါသည်။ အသို့ဆိုဘိသနည်း"

ဟု မိန့်၏။

"မောင်တော်ဘုရား၊ မနေ့ည သန်းခေါင်ယံဦး၌ လည်းကောင်း၊ သန်းယံလွန် မိုးသောက် ကြက်တွန်၌ လည်းကောင်း မောင်တော်ဘုရား အကျွန့်ဆီကိုရောက်လာပေသည် မဟုတ်တုံလော"



www.burmeseclassic.com

www.burmeseclassic.com

မိဖုရား စောပဒုမာ၏ စကားကို ကြားလတ်သော် နန်းကျားကြီးဘုရင်မှာ အံ့ဩရုံမက ရုတ်တရက် တုန်လှုပ်ချောက်ချားသွားကာ စကားပြန်မရဖြစ်ပြီး ကြက်ကြီးလည်လိမ်ဖြစ်သွားပြီးခါမှ -

"မိဖုရား၊ ဤအခြင်းအရာမှာ ထူးခြားလှပေတကား။ မောင်တော်ဘုရားသည် ကုန်ခဲ့သောညက ထုံးစံနှင့်အညီ စောပို့မယ်ဆီ၌သာရှိပေသည်။ အသို့ စွပ်စွဲသနည်း"

နန်းကျားကြီးဘုရင်၏စကားကို ကြားရ၍ ဤတစ်ခါ ချောက်ချောက်ချားချားဖြစ်သွားရသူမှာ မိဖုရား စောပဒုမာပင်ဖြစ်လေသည်။

"စွပ်စွဲသည်မဟုတ်ပါ မောင်တော်ဘုရား။ ကုန်ခဲ့သောညက မောင်ဘုရားသည် အကျွန့်ဆီသို့ အမှန်တကယ်နှစ်ကြိမ်နှစ်ခါ ရောက်လာကြောင်းပါ။ ဘုရားပေးပေးကျမ်းပေးပေး နှမတော်ကျိန်ပြောရဲပါသည် မောင်တော်ဘုရား"

ဟု ထပ်ကာထပ်၍ စောပဒုမာမိဖုရားက လျှောက်ပြန်လေရာ -

"ဟယ် - မိဖုရား၊ အသို့ဖြစ်ဘိသနည်း။ ဤအခြင်းအရာတို့မှာ ထူးဆန်းပေ၏တကား။ အကြောင်းတစ်ခုသည် ဧကန်မုချရှိရပေတော့မည်သာ"

ဟု တုန်တုန်ခိုက်ခိုက်ဆိုလိုက်ပြီး ခဏငိုင်တွေသွားသည်။

သူသည် မနေ့ညက စောပို့မယ်ဆီကိုသာ တစ်ခေါက်ရောက်ပေသည်။ စောပဒုမာဆီသို့ သူမရောက်။ သို့ပါလျက် တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်နှစ်ခါပင်ရောက်ကြောင်း စောပဒုမာမိဖုရားစွပ်စွဲသည်မှာ ထူးလွန်းနေပြီ။ ဤသို့ ထူးဆန်းစွာ နန်းတော်ထဲ၌ ဖြစ်ပေါ်နေသည်ကို အမြန်ဆုံးစုံစမ်းလေမှဟု အကြံရကာ အခြားမိဖုရားသုံးယောက်ဆီ တစ်ယောက်တစ်ကြိမ်သွားပြီး စုံစမ်းကြည့်ရာ ထိုအခါမှ နန်းကျားကြီးဘုရင်မှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ရတော့သည်။

စောပဒုမာအပြင် အခြားမိဖုရားသုံးပါးတို့က တင်လျှောက်ကြသည်မှာလည်း နန်းကျားကြီးဘုရင်သည် သူတို့ဆီကိုလည်း တစ်ခေါက် သို့မဟုတ် နှစ်ခေါက်၊ နှစ်ခါပြန် နှစ်ကျော့ပြန်ရောက်တတ်ကြပါကြောင်း တင်လျှောက်ကြပြန်ရာ ထိုအခါမှာတော့ နန်းကျားကြီးဘုရင်မှာ ရှူးမတတ်ခံစားရတော့သည်။

သို့သော် ဤကိစ္စကို ပညာရှိအမတ်ပုရောဟိတ်များနှင့် တိုင်ပင်၍လည်း မသင့်တော်။ အသို့လုပ်ရမည်နည်းတူ အကြံထုတ်တော်မူရာ နောက်တော့ အကြံရလေသည်။ထိုအခါ မိဖုရားများအား ဤကိစ္စသည် အလွန်ဆန်းကြယ်လှသည်ဖြစ်၍ ပေါက်ကြား၍လည်းမဖြစ်။ လျှို့ဝှက်စွာနှင့် မိဖုရားတို့အား ညဉ့်ငါရောက်လာသည့်အခါ ဆေးဒုတ္ထာတို့နှင့် အသင့်ဖျော်ထားသောဖယောင်းခွက်တွင် လက်ဝါးဖြင့်နှိပ်ပြီး ငါ့ကျောကုန်းကို တအားဖက်ယမ်းနှိပ်လိုက်ကြကုန်။ ဖက်ယမ်းနှိပ်လိုက်ပြီးသည်နှင့် ငါ့အား ချက်ချင်းအကြောင်းကြားကြကုန်ဟု မိဖုရားတို့အားမှာကြားထားပြီး နန်းကျားကြီးဘုရင်သည် ဘယ်မိဖုရားကိုမှ ညအခါ ဆောင်တော်မကူးတော့ဘဲ မအိပ်မနေ စောင့်ဆိုင်းနေလေသည်။

စောပဒုမာမိဖုရားသည် လာနေကျ နန်းကျားကြီးဘုရင် တစ်ခေါက်ရောက်လာပြီး ပြန်သွားသည်နှင့် နန်းကျားကြီးဘုရင်ဆီပြေးသွားပြီး အရေးတကြီးသံတော်ဦးတင်လိုက်သည်။

မိဖုရားစောပဒုမာ၏ စကားကို ကြားလတ်သော် နန်းကျားကြီးဘုရင်သည် ညဉ့်ဦးကပင် တပ်လှန့်စောင့်ခိုင်းထားသော လူယုံသူငယ်တော်ရဲမက်တို့ကိုခေါ်၍ ကျောကုန်း၌ အကြင်သူတစ်ဦးတစ်ယောက်ဆီ၌ ဖယောင်းဆီကပ်၍ လက်ငါးချောင်းရာတွေ့အံ့။ ထိုသူအား ချက်ချင်းဖမ်းဆီး၍ ငါ့ရှေ့တော်မှောက် အရောက်ပို့ကြရန် အမြန်ဆောင်ရွက်ကြကုန်ဟု အမိန့်ထုတ်လိုက်လေသည်။

လူယုံသူငယ်တော် ရဲမက်တပ်သားတို့သည်လည်း ဘုရင်နန်းကျားကြီးခိုင်းစေထားသည့်အတိုင်း လိုက်လံ၍ စစ်ဆေးရှာဖွေကြရာ ဆောင်းကာလဖြစ်၍ မြို့တံခါးဝဝယ် ကျောကုန်းကို မီးကင်နေကြသော ရှင်ငယ်နှစ်ပါးကို တွေ့ကြရလေသည်။ ထိုရှင်ငယ်နှစ်ပါး၏ကျောကုန်း၌ မိန်းမသူတစ်ဦးဦး၏ ဖက်ယမ်းထားသော ဖယောင်းလက်ဝါးရာသည် ထင်ရှားစွာရှိနေလေသည်။

ထိုအခါ လူယုံသူငယ်တော်တပ်သားတို့သည် ထိုရှင်ငယ်နှစ်ပါးကို အမိအရ ဝိုင်းဝန်းဖမ်းဆီးလိုက်ကြသည်။

အမှန်က ထိုရှင်ငယ်နှစ်ပါးမှာ လက်ကွယ်တောင်ရှိ ခြိပ်ချောင်းနတ်ဘီလူးကြီးဆီမှ နာနာရုပ်အတတ်ဖြစ်သောရှိန်းဆာယာကိုယ်ပျောက်အတတ်၊ ရုပ်ပြောင်းနာမ်ခွာအတတ်၊ သက်ပြောင်းရုပ်ခွာအတတ်၊ ရုပ်ပြောင်းရုပ်လွှဲအတတ်တို့ကို တတ်မြောက်လာကြသော စိတြ
နှင့် နာရဒရှင်ငယ်ညီနောင်တို့ပင် ဖြစ်
လေသည်။

ခြိပ်ချောင်းလေးကျော့မော်ရှိ လက်
ကွယ်တောင်နတ်ဘီလူးကြီးဆီက နာနာ
ရုပ်အတတ်ကို တတ်မြောက်လာကြ
သော ရှင်ငယ်ညီနောင်တို့သည် လောင်
ကြွတ်နေပြည်တော်သို့ ပြန်လာကြကာ
နန်းကျားကြီးဘုရင်၏ မိဖုရားလေးပါးနှင့်
တကွ မောင်းမမိသံ အခြွေအရံပါ
ကျွန် ပြစ်မှားကျူးလွန်ကြကုန်သည်။

ထိုသို့ဖြစ်ဖန်များလတ်သောအခါ
မိဖုရားစောပဒုမာက နန်းကျားကြီးဘုရင်
အားလျှောက်ကြားတော့မှ နန်းကျားကြီး
ဘုရင်အကြံနှင့် စိတြနှင့်နာရဒတို့ကို ဖမ်း
မိလာကြခြင်း ဖြစ်လေသည်။

ဖမ်းမိလာကြသောစိတြနှင့်နာရဒ
တို့အား နန်းကျားကြီးဘုရင်က အကြောင်း
ကိုစစ်မေးလေသော် ရှင်ငယ်ညီနောင်တို့
ကလည်း မကွယ်မဝှက်ပင် မိမိတို့သည်
နာနာရုပ်အတတ်ကို တတ်ကြသူများဖြစ်
၍ မင်းကြီးအသွင်သဏ္ဌာန်ကို ဖန်ဆင်း
ကာ မိဖုရားကြီးလေးပါးနှင့်တကွ မောင်း
မိသံများကိုပါ ပြစ်မှားမိကြပါကြောင်း
အစစ်ခံကြသည်။

မင်းကြီးလည်း ရှင်သူငယ်တို့ဆီ
ထိုစကားကိုကြားရလေလျှင် ထိုအတတ်
ကိုလိုချင်သောဆန္ဒသည် ကြီးစွာဖြစ်ပေါ်
လာလျက် ရှင်ငယ်တို့အား တစ်ဆံခြည်
မျှအမျက်တော်မရှိဘဲ ထိုအတတ်
မိမိအား သင်ကြားပေးပါရန် ရှင်ငယ်
ညီနောင်တို့အား တောင်းပန်ခယလေ
သည်။

ရှင်ငယ်တို့က-

"အရှင်မင်းကြီးကို ထိုအတတ်သင်
ပြ၍တတ်လေလျှင် အကျွန်ုပ်တို့ကို မင်း
ကြီးသည် မချွတ်သတ်လတ္တံ့။ သေရ
အတူတူ မည်သူ့ကိုမျှ ထိုအတတ် ငါ
မသင်ပေးနိုင်"

ဟု ဆို၏။

ရှင်ငယ်တို့ဆီက ထိုစကား
ကြားလတ်သော် နန်းကျားကြီးဘု
သည် မာန်မာနမရှိ ပကတိ ညှိုး
နွမ်းလျ အတတ်ပညာရလိုသော မျက်
နှင့် -

"ရှင်ငယ်တို့၊ ငါ့အား နာနာ
အတတ်ကိုသာသင်ပေးကြပါ။ ဆရာ
အား ငါမပြစ်မှားပါ။ ဆရာတို့အား ပြ
မှားသည်ရှိသော် အကျွန်ုပ်သည် ထ
သွားလျှင် ကုန်းဘေး၊ ရေသွားလျှင်
ဘေးသင့်၍ ဥပစ္ဆေဒကကံဖြင့် တမ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့၍ အနှစ်ရှစ်သောင်းအသိန်းမကခံရပါစေ"

ဟု ကြီးစွာသော သစ္စာစကားကို ဆိုလာသဖြင့် ရှင်ငယ်ညီနောင်တို့က နန်းကျားကြီးဘုရင့်အား ဆရာလက်ဆုပ်ညာအနည်းငယ်ကိုသာ ချန်လှပ်၍ သင်ပေးသင့်သမျှကို သင်ပေးကြလေသည်။ နန်းကျားကြီးဘုရင်သည်လည်း ရှင်ငယ်ညီနောင်တို့ကို ဆရာအဖြစ် တတိအတိုင်း မှတ်ယူလေသည်။

ရှင်ငယ်ညီနောင်တို့သည်လည်း နန်းကျားကြီးဘုရင်အား နာနာရုပ်အတတ်ကိုသင်ပေးပြီး ပြိုင်းတိုင်တောင်မှ အရှေ့မြောက် ဧသန်အရပ်ဝယ် လက်ဦးဆရာ ဝိဇ္ဇာမိုရ်ရသေ့နေခဲ့သော အရပ်၌ နေနေကြလေသည်။

❑

ရှင်စိတြရနှင့် နန်းကျားကြီးဘုရင်၏ မိဖုရားလေးပါးနှင့်တကွ မောင်းမမိဿံ၊ ခြွေရံသင်းပင်းပါမကျန် မိစ္ဆာစာရတ်ကို ကျူးလွန်ခဲ့ကြသော ကာမဂုဏ်အာရုံတို့၌ တပ်မက်ကြသည်ဖြစ်၍ သူတစ်ပါးတို့၏သားမယား၊ သမီးပျိုများတိုပါမကျန် ကျူးလွန်မိကြသည်ကို နောင်တတရားရကာ လက်ဦးဆရာ ဝိဇ္ဇာမိုရ်နေထိုင်ခဲ့သော ပြိုင်းတိုင်တောင်မှ အရှေ့မြောက်ဘက် ဧသန်အရပ်ဝယ် တောင်းစွာ ဆက်လက် နေထိုင်လျက်ရှိကြလေသည်။

နန်းကျားကြီးဘုရင်ကား ရှင်ငယ်ညီနောင်တို့ထံမှတတ်မြောက်သွားသော နာနာရုပ်အတတ်ဖြင့် ကာမဂုဏ်နွံတွင်းထဲ ဆက်လက်ခွင်းကာ သူတစ်ပါးတို့၏ သားမယား၊ သမီးပျိုများပါမကျန် ကျူးလွန်မှောက်မှားကာ သောက်လေသောက်လေငတ်မပြေသောဆားငန်ရည် ကာမဂုဏ်တွင်း၌သာ သက်ဆင်းကျရောက်လျက် မိစ္ဆာစာရအကျင့်ဆိုး၌ ပျော်မွေ့နေလေ၏။

တစ်နေ့သ၌မူ သောက်လေသောက်လေ ငတ်မပြေသော ကာမဂုဏ်ဆားငန်ရည်၏ နှိုးဆော်ထကြွအစိုးမရသောစိတ်နှင့် လောင်းကြက်မြို့တွင် အချောအလှနာမည်ကြီးလှသော မိမိ၏ အားအထားရဆုံး ပညာရှိစည်သဘင်အမတ်ကြီး၏ သမီးလှရတနာ ပန်းနီလာတိုပင် ဆက်သရန် တောင်းလာတော့သည်။

အမတ်ကြီးစည်သဘင်မှာ သမီးလှရတနာပန်းနီလာအား ငယ်စဉ်အခါကပင် အမတ်ကြီးလက်ျာနန္ဒသူ၏သားနှင့် ထိမ်းမြားပေးစားကြရန် ကတိကဝတ်ပြုထားကြပြီးဖြစ်သဖြင့် ဤမင်းဆိုးမင်းညစ်၏ ယောက္ခမလည်းမဖြစ်လို၊ သမီးလှရတနာနှင့် လက်ျာအမတ်ကြီးသားတို့၏ချစ်ခင်ကြင်နာမှုတို့ကိုလည်း မဖျက်ဆီးမဟန့်တားလိုကြသဖြင့် ဥပါယ်တံမျဉ်တစ်ခုကိုဆင်ကြရလေသည်။

ထိုကာလ၌ သူတို့အရပ်တွင် ကျောက်ကြီးရောဂါသည် လွန်စွာဖြစ်ကြလျက် နေ့မြင်ညပျောက် အနိစ္စရောက်နေကြလေရာ အမတ်ကြီးစည်သဘင်သည် လက်ျာနန္ဒသူအမတ်ကြီးနှင့်တိုင်ပင်ကာ နန်းကျားကြီးဘုရင်နှင့် သမီးတော်တို့၏ ဘိသိက်မင်္ဂလာအခါနေ့ရက်ကို ကြည်ဖြူလိုလားစွာ သတ်မှတ်လိုက်ကြသည်။

ထိုနေ့ထိုရက်ကစ၍ နန်းကျားကြီးဘုရင်၏ အမတ်ကြီး၊ အမတ်ငယ် အသွယ်သွယ်တို့သည် မိဖုရားလောင်းလျာတို့၏ အိမ်ဂေဟာသို့ မပြတ်ဝင်ထွက်သွားလာကြကာ သဲဖြူခင်းခြင်း၊ ရာဇမတ်ကာခြင်း၊ ငှက်ပျောပင်စိုက်ခြင်းစသည့် မိဖုရားအလောင်းအလျာတို့၏ ဝေယျာဝစ္စအထွေထွေသော အစီအမံများကို အချိန်မီ စီမံဆောင်ရွက်နိုင်ရန် စိုင်းပြင်းလျက်ရှိနေကြသည်။

သို့သော် တစ်နေ့သ၌ စည်သဘင်အမတ်ကြီးက ထိုမင်းချင်းတို့အား -

"အမောင်မင်းချင်းတို့၊ ငါ၏သမီးတော် ပန်းနီလာသည် မည်ကမည်သို့ ကူးစက်လာသည်မသိ၊ ယခုအခါတွင် ကျောက်ကြီးရောဂါသည် မမျှော်လင့်ဘဲ သမီးတော်ဆီ၌ ကျရောက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဘိသိက်မင်္ဂလာအခမ်းအနားကို ရက်ရွှေ့ဆိုင်းပေးပါရန် ဘုရင်အား လျှောက်ထားသံတော်ဦးတင်ဝံ့ပါကြောင်း လျှောက်ထားပေးကြပါ"

ဟု တောင်းပန်စကားဆိုကာ သမီးပန်းနီလာအား အဝတ်လွှမ်းကာ တင်းထိမ်ကာရံ၍ ထားလေ၏။

မင်းချင်းတို့အားလည်း ကြည့်ရှုကြပါ၊ ဆေးဝါးများရှိပါကလည်း ပေးကမ်းကယ်မတော်မူကြပါ စသည်ဖြင့် မင်းချင်းတို့အား ယုံလွယ်သောစကားဖြင့် ကြည့်ရှုစေလေသည်။ သို့သော် ကျောက်ကြီးရောဂါဆိုသည်မှာ ကူးစက်လွယ်သော ရောဂါဆိုးဖြစ်သဖြင့် စည်သဘင်အမတ်ကြီးက ကြည့်ရှုခိုင်းသော်လည်း ပန်းနီလာအား ရဲရဲပင်မကြည့်ဝံ့ကြဘဲ သာမန်ကာလျှံကာ ယုံကြည်သွားကြသည်။

စည်သဘင်အမတ်ကြီးက ထိုမင်းချင်းတို့အား ရောဂါပျောက်ပါမှ သမီးရတနာကို လက်ဆောင်ပဏ္ဏာများနှင့် အတူ လာရောက် ဆက်သပါမည့်အကြောင်းကိုလည်း သံတော်ဦးတင်လိုက်ကြလေသည်။

အမတ်ကြီး၏သဘောမှာ ကျောက်ကြီးရောဂါရ၍ ခန္ဓာကိုယ်တစ်ခုလုံး၌ ကျောက်ကြီးရောဂါ၏ဒဏ်ရာဒဏ်ချက် အမာရွတ်များနှင့် ကျောက်ပေါက်မာ လက်တစ်နှိုက်အနက်နှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသော ပန်းနီလာကို ဘုရင်နန်းကျားကြီးသည် မျက်စိထဲမြင်ယောင်ကာ မိဖုရားလောင်းအဖြစ်မှ ပန်းနီလာအား ပလပ်လိုက်ကြောင်း သဝဏ်လွှာရောက်လာလိမ့်မည်အထင်နှင့်ပရိယာယ်ဆင်ပြီး လျှောက်တင်လိုက်ခြင်းသာဖြစ်သည်။ ထိုသည်ကို ဘုရင်ကလည်း တကယ်ထင်မှတ်လိုက်လေ၏။

သို့သော် စည်သဘင်အမတ်ကြီး ထင်သလိုကား ဖြစ်မလာချေ။

ဘုရင်နန်းကျားကြီးဆီက ရောက်လာသော သဝဏ်လွှာမှာ -

"ပန်းနီလာအား ကျန်းမာချမ်းသာစွာရောဂါပျောက်ကင်းသည်နှင့် ဘိသိက်မင်္ဂလာရက်မြတ်မဟာကို သတ်မှတ်နိုင်ရန် အမြန်ဆုံးကြားစေရမည်"

ဟူသာ ဖြစ်လေသည်။

ထိုအခါ စည်သဘင်အမတ်ကြီးနှင့် လက်ျာနန္ဒသူအမတ်ကြီးတို့မှာ တိုင်ပင်နှီးနှော၍ အကြံသစ်ဉာဏ်သစ်ထုတ်ကြရပြန်သည်။

ညအခါ သုသာန်သင်္ချိုင်းသို့တိတ်တဆိတ်သွား၍ လူသေကောင်တစ်လောင်းကိုယူကာ အဝတ်လွှမ်းအုပ်ပြီး သမီးတော် ပန်းနီလာကို တောတစ်ခုမှာ ဝှက်ထားကြသည်။

သင်္ချိုင်းကယူလာသော လူသေကောင်ကို ပန်းနီလာအဖြစ် ကျောက်ကြီးရောဂါနှင့်သေပြီဟု သတင်းလွှင့်ကာ လူမြင်သူမြင် အသုဘချပြီး သုသာန်တစပြင်၌ မီးသဂြိုဟ်လိုက်ကြလေသည်။

စည်သဘင်အမတ်ကြီးနှင့်လက်ျာနန္ဒသူအမတ်ကြီးတို့သဘောမှာ မင်းကြီးသည် ကာလအတန်ကြာသော် မေ့လျော့သွားလိမ့်မည်ဟူသောအကြံအစည်နှင့် ပြုလုပ်လိုက်ကြခြင်း ဖြစ်၏။ မင်းကြီးလည်း တကယ်ထင်မှတ်၍ မေ့လျော့စွာနေလေသည်။

ကာလရှည်ကြာ၍ မင်းကြီးမေ့လျော့လောက်ပြီဟု ထင်ကြသောအခါ



www.burmeseclassic.com

www.burmeseclassic.com

အမတ်ကြီးလက်ျာနန္ဒသူသားနှင့် အမတ်ကြီး စည်သဘင်သမီး ပန်းနီလာတို့ကို ထိမ်းမြားပေးစားကြလေသည်။

ထိုမင်္ဂလာပွဲမှ စည်သံပတ်သံတို့ကို နန်းကျားကြီးဘုရင်ကြားလတ်သော်-

"ငါ၏ထံပါး မြဲခစားကြတဲ့ လေးပါးကျော်ရှိန် သုခမိန်တို့ဗျား၊ သာယာလှသော ဤစည်သံပတ်သံတို့သည် အဘယ်အမှုပြုကြသောပွဲတော်မှ စည်သံပတ်သံတို့နည်း မင်းကြီးများ"

ဟု မိန့်တော်မူလေသည်။

"မှန်လှပါ၊ အရှင့်ရွှေနားတော်ကြားနေရသော စည်သံပတ်သံတို့သည် စည်သဘင်အမတ်ကြီးသမီး ပန်းနီလာနှင့် လက်ျာအမတ်ကြီးနန္ဒသူတို့၏သားတော် မင်္ဂလာထိမ်းမြားပွဲမှ စည်သံပတ်သံတို့ဖြစ်ကြောင်းပါ ဘုရား"

ဟု ပရောဟိတ်တစ်ယောက်က အမှန်အတိုင်း လျှောက်တင်လိုက်၏။

ထိုအခါ နန်းကျားကြီးဘုရင်သည် အံ့သြတကြီးဖြစ်သွားပြီး -

"ဟယ်- ပရောဟိတ်ကြီး၊ စည်သဘင်အမတ်ကြီးသမီး ပန်းနီလာသည် ကျောက်ကြီးရောဂါဖြင့် သေပေတုံ့ပြီ မဟုတ်ပေလော။ အဘယ်မင်္ဂလာရှိတော့အံ့နည်း"

ဟု မိန့်ပြန်၏။

"မှန်လှပါ။ ကျွန်တော်မျိုးတို့သိရသည်မှာ စည်သဘင်အမတ်ကြီးသမီး ပန်းနီလာသည် ကျောက်ကြီးရောဂါလည်း မဖြစ်ပါ။ သေသည်ဆိုခြင်းမှာလည်း သုသာန်မှ လူသေအလောင်းကို ဆောင်ကြဉ်း၍ ဥပါယ်တံမျဉ်နှင့် မီးသင်္ဂြိုဟ်ကြကြောင်းပါ ဘုရား"

"ဟယ် - ငါလိုမင်းကို ဤသို့လျှင် ပျက်ဝက်ပြုရသလော။ လက်ျာနန္ဒသူတို့သားအဖနှင့် စည်သဘင်အမတ်တို့ သမီးအဖကို အရဖမ်းဆီး၍ ရွှေတော်မှောက် ခုအရောက်သွင်းကြစေ မင်းကြီးများ။ ပြီးတော့ စည်သဘင်အမတ်နှင့် လက်ျာနန္ဒသူအမတ်တို့၏ စည်းစိမ်ဥစ္စာမှန်သမျှကို သိမ်းယူပြီး အိမ်ရာခြံမြေတို့ကိုလည်း ထွားထွားညက်ညက် ခုပင်လျှင် ဖျက်ဆီးကြပေလော။ ငါ၏တစ်ချက်လွှတ်အမိန့်တော်"

"မှန်လှပါ၊ ဘုန်းတော်ကြီးသော အရှင်မင်းကြီး အလိုတော်အတိုင်းဖြစ်စေရပါမည် ဘုရား"

ဤသို့ဖြင့် လက်ျာနန္ဒသူသားနှင့် ပန်းနီလာတို့ ထိမ်းမြားမင်္ဂလာပွဲတွင် ဘုရင်နန်းကျားကြီး၏အမိန့်တော်အတိုင်း လက်ျာနန္ဒသူသားအဖနှင့် စည်သဘင်အမတ်ကြီးသမီးအဖတို့ကို ချက်ချင်းဖမ်းဆီးခေါ်ငင်ရန် တပ်ထောင်ပါဗိုလ်ထုနှင့် လူစုပြီးထွက်လိုက်လာကြရသည်။

သို့သော် ဤမင်းဆိုးမင်းညစ်အပေါ်၌ တိုင်းသူပြည်သားတို့က အလွန် စက်ဆုတ်ရွံမုန်းလျက်ရှိကြရာ နန်းကျားကြီးဘုရင်၏ တပ်သားများ မင်္ဂလာအခမ်းအနားသို့ရောက်လုရောက်ခင်မှာပင် သတင်းပေးတစ်ယောက်က မြင်းတစ်စီးနှင့် ဒုန်းစိုင်းပြေးဝင်လာကာ စည်သဘင်အမတ်ကြီးတို့သမီးအဖနှင့် လက်ျာနန္ဒသူတို့သားအဖကို ဖမ်းဆီးသတ်ဖြတ်ရန် နန်းကျားကြီးဘုရင်၏ တပ်သားများ ယခုပင်လာနေကြပြီဖြစ်ကြောင်း သတင်းဝင်ပေးသွားလေသည်။

ထိုသူသည် သတင်းပေးပြီးသည်နှင့် မင်္ဂလာပွဲမှ ထွက်ပြေးသွားလေရာ ထိုအချိန်မှာပင် လောင်းကြက်နန်းတော်မှ နန်းကျားကြီးမင်း၏တပ်သားများလည်း ချက်ချင်းပင် ပန်းနီလာတို့၏ မင်္ဂလာအခမ်းအနားသို့ ဝရုန်းသုန်းကားနှင့် ဝင်လာကြလေသည်။

ထိုအခါ မင်္ဂလာပွဲရှိ ဧည့်ပရိသတ်တို့မှာလည်း ဦးတည်ရာမဲ့ထွက်ပြေးကြရသလို ကာယကံရှင်တို့မှာလည်း ကြောက်လန့်တကြားနှင့် အကုန်ခြေဦးတည်ရာ ထွက်ပြေးရတော့သည်။

ထိုသို့ အုတ်အော်သောင်းတင်းဖြစ်ပြီး ကစဉ့်ကလျားထွက်ပြေးကြရရာ လက်ျာနန္ဒသူတို့သားအဖနှင့်စည်သဘင်အမတ်ကြီးတို့မှာ ထွက်ပြေးလွတ်မြောက်သွားကြလေသည်။ ပန်းနီလာကိုမူ မင်္ဂလာသတို့သမီးအဝတ်အစားနှင့် ပြေးလွှားနေကြသော လူအုပ်ကြားထဲတွင် ထူးခြားစွာရှိနေသဖြင့် နန်းကျားကြီးမင်း၏ စစ်သည်များက ဖမ်းမိသွားကြလေသည်။

ပန်းနီလာကို ဖမ်းခေါ်သွားကြသော စစ်သည်များ၏ဗိုလ်ချုပ်ကြီးက နန်းကျားကြီးဘုရင်အား -

"စည်သဘင်အမတ်ကြီးနှင့်လက်ျာနန္ဒသူအမတ်သားအဖတို့မှာ ထွက်ပြေးလွတ်မြောက်သွားကြပါကြောင်း၊ ပန်းနီလာကိုမူ ယခုဖမ်းဆီးခေါ်ဆောင်လာပါကြောင်း၊ စည်သဘင်အမတ်ကြီးနှင့် လက်ျာနန္ဒသူအမတ်ကြီးတို့၏ အိမ်နှင့်တကွ ဥယျာဉ်ခြံမြေများကို ဘုရင်မင်းကြီးအမိန့်တော်မြတ်အတိုင်း ထွားထွားညက်ညက်ကျေအောင် ဖျက်ဆီးမီးရှို့၍ ပစ္စည်းဥစ္စာများကိုလည်း သိမ်းယူခဲ့ကြပါကြောင်း၊ ဖမ်းဆီးခေါ်ဆောင်လာသော ပန်းနီလာသည်လည်း ယခု ဘုရင့်ရွှေတော်မှောက်ရောက်ရှိပါကြောင်း"

စစ်သူကြီးက နန်းကျားကြီးဘုရင်အား လျှောက်တင်တော်မူလေသည်။

ထိုအခါ နန်းကျားကြီးဘုရင်သည် မည်မျှပင် အထိတ်တလန့် ကြောက်ရွံ့တကြီးထွက်ပြေးခဲ့ရသော်လည်း မင်္ဂလာသတို့သမီးဝတ်စုံအပြည့်နှင့် ချွေးသီးချွေးပေါက်၊ မျက်ရည်ပင်မခန်းခြောက်သေးသော်လည်း ပန်းနီလာ၏ ကြော့ရှင်းလှပသောရုပ်ရည်ကိုမြင်ရလေရာ တပ်မက်လွန်းလှစွာသော ရာဂစိတ်နှင့် ပန်းနီလာအား သိမ်းပိုက်တော်မူပြီး မိန့်ကြားတော်မူလိုက်သည်မှာ -

"ငါ၏နေပြည်တော်၌ ငါ့အား တစ်စုံတစ်ရာ ပန်ကြားခြင်း၊ ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ မည်သည့်ပွဲ၊ မည်သည့်သဘင်၌မျှ စည်းတီးခြင်း၊ ပလွေခရာမှုတ်ခြင်း၊ စောင်းညှင်းပသာတူရိယာများ တီးခတ်ခြင်းကို ယနေ့ဤအချိန် ဤအခါကစ၍ ငါကိုယ်တော်မြတ် တားမြစ်တော်မူလိုက်သည်။ မလိုက်နာသူများအား ကြီးလေးသော အပြစ်ဒဏ်တို့ပေးစေ မင်းကြီးများ"

ဟု အမိန့်ထုတ်ပါလေသည်။

ထိုနေ့ ထိုအချိန်ကစ၍ လောင်းကြက်နေပြည်တော်ရှိ ပြည်သူပြည်သားများမှာ သားရေးသမီးရေး အာဝါဟ ဝိဝါဟ မင်္ဂလာဆောင်ကြလျှင်လည်း မင်းမိန့်နာခံ၊ ရာသီအလိုက် ရထားဆွဲပွဲ လှေပြိုင်ပွဲ၊ ဘုရားပွဲ စသည့် ထုံးတမ်းစဉ်လာပွဲများ၌လည်း ဘုရင့်အမိန့်နာခံ စောင်းညှင်းပသာတူရိယာများ တီးခတ်သင်ပြခြင်း၌လည်း ဘုရင့်အမိန့်နာခံနေကြရရာ တိုင်းသူပြည်သားတွေမှာ မင်းဆိုးမင်းညစ်အား မုန်းသထက်မုန်း ကြောက်သထက် ကြောက်နေကြရ... လောင်းကြက်နေပြည်တော်မှာ ညခင်းလ၌ ကာလသားတို့၏ ပလွေသံမျှကိုပင် ယခင်ကလိုမကြားကြရတော့ဘဲ ကျေးရွာတွေမှာလည်း တိတ်ဆိတ်ငြိမ်သက်ကာ သုသာန်တစပြင်ကဲ့သို့ဖြစ်နေလေတော့သည်။

□

သားသမီးတို့၏ မင်္ဂလာ... သေပြေးရှင်ပြေး ပြေးလာခဲ့ကြရ... စည်သဘင်အမတ်ကြီးနှင့် လက်ျာနန္ဒ... အမတ်ကြီးတို့မှာ ရှက်လည်း... ကြောက်လည်းကြောက်ကာ လေ...



www.burmeseclassic.com

www.burmeseclassic.com

ကြွတ်နေပြည်တော်ကို မြန်မဝင်ရဲကြတော့ဘဲ တောထဲတောင်ထဲတွင် ပုန်းအောင်းကာ ဤမင်းဆိုးမင်းညစ်အား ည်သို့မည်ပုံ ဖယ်ရှားကြရမည်ကို အကြံဉာဏ်ထုတ်ကြရလေသည်။

ထိုအခါ နန်းကျားကြီးဘုရင်၏ ဆရာဖြစ်ကြသော စီကြွနှင့် နာရဒမည်သော ရှင်ငယ်ညီနောင်တို့၏ရုပ်သွင်က သူတို့၏စိတ်အမြင်မှာထင်လာကြသည်။ ဤနန်းကျားကြီးဘုရင်၏ ဆိုးသွမ်းမှောက်မှားနေမှုကို ရှင်ငယ်ညီနောင်တို့သည်း ကြားသိနေမည့်အပြင် လောင်းကြွတ်နေပြည်တော်မှ ဤမင်းအားအမုန်းပွားနေကြသော ပြည်သူပြည်သားများနှင့် သူတို့ဘက်ကိုပါနိုင်သော အမတ်အချို့ကိုလည်း ညအခါ လောင်းကြွတ်မြို့ထဲ တိတ်တဆိတ်ဝင်၍ စည်းရုံးကြလေရာ ရက်ပိုင်းပင်မကြာ မှူးမတ်အချို့နှင့် ပြည်သူပြည်သားအချို့ကို စည်းရုံး၍ရရှိသွားကြလေသည်။

ထိုအခါ လက်ဆောင်ပဏ္ဏာများကိုယူဆောင်ပြီး ရှင်ငယ်ညီနောင်တို့ရှိရာ သေန်အရပ်ကို စုရုံးရောက်ရှိသွားကြပြီး ရှင်ငယ်ညီနောင်တို့အား -

"ရှင်ငယ်ညီနောင်တို့ဘုရား၊ အရှင်တို့၏ အတတ်သင်ပေး တပည့်ဖြစ်သော နန်းကျားကြီးဘုရင်သည် ယခင်က အရှင်တို့ပြောခဲ့၊ သိခဲ့ကြရသည့် တောင်သူလယ်လုပ် ဓားမခုတ်တို့၏ ဓား၊ လှံများကိုသိမ်းဆည်းသည့်အပြင် ယခုအခါ အရှင်တို့သင်ပေးခဲ့သော အတတ်ပညာဖြင့် နေပြည်တော်ရှိ အရွယ်မရောက်၊ အရွယ်ရောက် သမီးပျိုများကို စော်ကားကျူးလွန်လာသည်လည်းတစ်မှု၊ လင်ရှိမယား၊ သာမိက အသာမိကမရှောင် မိစ္ဆာစာရကာမအမှုကို ကျူးလွန်သည်လည်း တစ်မှု၊ မင်္ဂလာဆောင်ကြဦးကြည့် သတို့သမီးများကိုပင် မင်္ဂလာပွဲဖျက်၍ အတင်းအဓမ္မ သိမ်းပိုက်ယူငင်အထင်ကရ မပြုအပ်မပြုထိုက်သောအမှုများကိုပင် မဆင်ခြင် မစဉ်းစား ကိုယ်ကျင့်တရားဖောက်ပြန်ကာ အထင်အရှားမှုကျင့်ကျူးလွန်လာပါသဖြင့် အကျွန်ုပ်တို့မှာ စည်းစိမ်ဥစ္စာတို့ကိုပါ ဆုံးရှုံးခဲ့ကြရ၍ အသက်ဘေးအတွက် အရှင်တို့ဆီသို့ကြားရန်လာကြရပါသည်။ သို့ဖြစ်ပါ၍ အရှင်တို့တပည့်ဖြစ်သော နန်းကျားကြီးဘုရင်အား ဆုံးမပေးတော်မူကြပါ၍ လာရောက်အသနားခံလျှောက်ထားကြရပါကြောင်း"

ဟု တညီတညွတ်တည်း ရှင်ငယ်ညီနောင်တို့အား လျှောက်ထားကြလေရာ-

"အမတ်ကြီးများနှင့် သင်တို့၏ လျှောက်တင်စကားသည် ကေန်မှချမှန်လှသည်ကို အကျွန်ုပ်တို့ ယခုအခါ မျက်မြင်ဒိဋ္ဌ သိရှိရပါပြီ။ သို့ပါ၍ အကျွန်ုပ်တို့ဆီ၌ တပည့်ခံယူထားသော မင်းကျားကြီး၏ဆိုးသွမ်းယုတ်မာမှုသည် အကျွန်ုပ်တို့၌ တာဝန်ရှိပေ၏။ ဤမင်းဆိုးမင်းညစ်အား အကျွန်ုပ်တို့ကိုယ်တိုင် ဆုံးမပါအံ့။ အမတ်ကြီးများနှင့် သင်တို့သည် ယခုကာလ လောလောဆယ်တွင် မင်းဥပါဒ်ဘေးဒဏ်အသင့်မခံဘဲ လျှောက်ပတ်စွာသာ ရှောင်ရှားနေကြကုန်"

ဟု ကတိစကား မြွက်ကြားလိုက်လေသည်။

ရှင်ငယ်ညီနောင်တို့ဆီက ကတိစကားကို ကြားသိကြရပြီးသောအခါ အမတ်ကြီးတို့နှင့်တကွ လောင်းကြွတ်နေပြည်တော်သားအချို့သည် ပါလာကြသော လက်ဆောင်ပဏ္ဏာများကို ရှင်ငယ်ညီနောင်တို့အား ပူဇော်ထားခဲ့ကြပြီး နန်းကျားကြီးဘုရင် မင်းဆိုးမင်းညစ်ကို ရှင်ငယ်ညီနောင်တို့ မည်သို့မည်ပုံဆိုဆုံးမကြမည်ကိုသာ စောင့်စား၍ နေနေကြရလေ၏။

❑

ရှင်ငယ်ညီနောင်တို့က သူတို့၏အတတ်သင်တပည့်ဖြစ်သဖြင့် နန်းကျားကြီးအား ကိုယ်တိုင်ကိုယ်ကျ ဆုံးမပေးပါမည်ဟု ကတိဝန်ခံချက်ပေးလိုက်သော်လည်း နန်းကျားကြီးဘုရင်၏ လောင်းကြွတ်နန်းတော်သို့ ရှင်ငယ်ညီနောင်တို့ကြွလာသံကို မကြားကြရ၊ နန်းကျားကြီးဘုရင်အား သူတို့သိတင်းသုံးနေထိုင်တော်မူကြသော ပြိုင်းတိုင်တောင်မှ အရှေ့မြောက်အရပ်ဖြစ်သော သေန်တောင်ပေါ်သို့လည်း နန်းကျားကြီးဘုရင်အား ဆင့်ခေါ်သံကို မကြားကြရသေး။



နန်းကျားကြီးဘုရင်၏ ဆိုးသွမ်းယုတ်မာမှုကို ခါးစည်းခံနေကြရသော လောင်းကြွတ်နေပြည်တော်သူ နေပြည်တော်သားတို့မှာ နန်းကျားကြီးဘုရင်၏ မတရားပြုကျင့်ခြင်းအပြင် လောလောဆယ်၌ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို အရေးကိစ္စပြဿနာတစ်ခုက ပေါ်လာပြန်၏။

လောင်းကြွတ် နေပြည်တော်၏ မြို့စွန်မြို့ဖျားကဖြစ်သော အရပ်ဒေသက လူများသည် ပေါင်းထုတ်ဖျားတောသို့ ယခင်ကလို သစ်ခုတ်၊ ဝါးခုတ်၊ မျှစ်ချိုး၊ မှိုရှာ၊ ထင်းခွေ၊ ဟင်းရွက်ခူး မိန်းမ၊ ယောကျ်ား မည်သူမျှ မသွားဝံ့ကြဖြစ်ကုန်၏။ အကြောင်းမှာ ကျွဲရိုင်းကြီးတစ်ကောင်သည် မည်သူမည်သည့်ကိစ္စနှင့်လာလာ ပေါင်းတုတ်ဖျားတောသို့ လာသူဟူသမျှအား လူရိပ်မြင်သည်နှင့် ဝှေ့ခတ်တိုက်ခိုက်ရန် ပြေးလိုက်နေတတ်သဖြင့် ဖြစ်သည်။

တောသူတောင်သားသူတို့တစ်တွေမှာ ပေါင်းတုတ်ဖျားတောကို အမှီသဟဲပြု၍ အသက်မွေးဝမ်းကျောင်းပြုနေကြရရာ ယခုအခါ ထိုကျွဲရိုင်းရန်ကြောင့် မည်သူမျှ ပေါင်းတုတ်တောဖျားသို့ မသွားရောက်နိုင်ကြသဖြင့် နောင်တွင် နန်းကျားကြီးဘုရင်အား လှည်းခွန်၊ ထင်းခွန်၊ ဝါးခွန်၊ တောခွန်လည်းပေးနိုင်ကြတော့မည် မဟုတ်ကြောင်းကို နန်းကျားကြီးဘုရင်နား ပေါက်ကြားအောင် သံတော်ဦးတင်ကြရတော့သည်။ထိုအခါ နန်းကျားကြီးဘုရင်က ဝမ်းသာအားရနှင့် -

"သို့စဉ်ရှိက ပွဲကြီးပွဲကောင်းဖြစ်အံ့။ ငါ့အတတ်နှင့် ဤပွဲမျိုးကို စမ်းလိုသည်မှာ အခါသင့်အခွင့်သာပေပြီ"

ဟု အားတက်သရော မိန့်တော်မူကာ သေစာအရက်ကိုသောက်၍ လောင်းကြွတ်မြို့တစ်ဖက် ပေါင်းတုတ်ဖျားတောသို့ ဆင်စီးကာ တစ်ကိုယ်တော်ထွက်လေသည်။

နန်းကျားကြီးဘုရင်သည် ပေါင်းတုတ်ဖျားတောကို ဆင်စီး၍ ရောက်လာ၏။ ထိုအခါ ရှင်ငယ်ညီနောင်တို့သည် နာနာရုပ်အတတ်ဖြင့် ကျွဲဖြူရိုင်းနှစ်ကောင်ဟန် ဖန်ဆင်း၍တည်နေကြ၏။

ကျွဲဖြူကြီးနှစ်ကောင်သည် ဆင်



www.burmeseclassic.com

www.burmeseclassic.com

ပမာဏရှိသည်ကိုလည်းကောင်း၊ ယခင် အမတ်ကြီးများနှင့် ပြည်သူပြည်သားများ လျှောက်တင်ချက်မှာ ကျွဲရိုင်းတစ်ကောင်သာဟု ဆိုခဲ့ကြသော်လည်း ယခုအခါ ကျွဲဖြူရိုင်းတို့မှာ နှစ်ကောင်ဖြစ်နေသည်ကိုလည်းကောင်း မြင်လတ်သော် ဤသည်တို့မှာ သူ၏ဆရာဖြစ်သော ရှင်ငယ်ညီနောင်သာဖြစ်သည်ကို သိလေသော် လွန်စွာကြောက်ရွံ့တုန်လှုပ်လျက် ကျေးအသွင်ကို ဖန်ဆင်းကာ ပျံထွက်ပြေးလေသည်။

ရှင်ငယ်ညီနောင်တို့သည် ချက်ချင်းပင် ကျွဲဖြူရိုင်းအဖြစ်မှ နာနာရုပ်အတတ်ဖြင့် စွန်ငှက်ရုပ်ဆောင်ကာ နန်းကျားကြီး ကျေးငှက်နောက် ပျံလိုက်ကြ၏။ စွန်နှစ်ကောင်၏ ပျံလိုက်လာမှုမှာ လွတ်ရန်မမြင်သောအခါ နန်းကျားကြီးသည်လည်း စွန်ရုပ်အယောင်ဆောင်၍ ပြေးပြန်၏။ ထိုအခါ ရှင်ငယ်ညီနောင်တို့ကလည်း စွန်ကိုနိုင်သော သိမ်းငှက်အယောင်ဆောင်ကာ လိုက်ကြပြန်လေ၏။

ထိုသို့ အစဉ်တစိုက်လိုက်လာတတ်၍ မလွတ်သာသည်ကိုသိလျှင် နန်းကျားကြီးသည် သစ်တောထဲထိုးဆင်းပြီး သမင်အယောင်ဆောင်ကာ ပြေးပြန်သည်။ ရှင်ငယ်ညီနောင်တို့ကလည်း ကျားရုပ်အသွင်ဆောင်၍ လိုက်လာကြပြန်၏။ မင်းကြီးလည်း မလွတ်သာသည်ကိုသိသောအခါ ဆင်ယောင်ဆောင်၍ပြေးပြန်၏။ ရှင်ငယ်ညီနောင်တို့ကလည်း ဆင်ပြောင်နှစ်စီးအယောင်ဆောင်၍ နောက်က ထက်ကြပ်မကွာလိုက်လာကြပြန်၏။

မင်းကြီးသည် မလွတ်သာသည်ကိုသိပြန်သောအခါ ရွာတွင်းသို့ ပြေးဝင်၍ လူယောင်ဆောင်ကာ လူတောထဲဝင်ပြေးလေ၏။ ထိုအခါ ရှင်ငယ်ညီနောင်တို့ကလည်း ချက်ချင်း လူယောင်ဆောင်လိုက်ကြကာ လူတောထဲဝင်ပြေးသော နန်းကျားကြီးအား လူတို့ထံမှ ဓားလက်နက်ကိုဆွဲလုယူကာ နန်းကျားကြီးဘုရင်အား ခုတ်သတ်ရန်လိုက်ကြသည်။

လွတ်လမ်းမမြင်သော နန်းကျားကြီးသည် ရွာစွန်ရွာဖျားရှိ ရွာသားတို့ထုဆစ်ပူဇော်ထားကြသော နှစ်ကျိပ်ရှစ်ဆူဘုရားပရိဝုဏ်ထဲ ဝင်ပြေးပြီး နာနာရုပ်အတတ်နှင့် ဘုရားရုပ်တုဖန်ဆင်း၍ ဘုရားတစ်ဆူလုပ်နေလေသည်။

ရှင်ငယ်ညီနောင်တို့သည် ဘုရားပရိဝုဏ်ထဲဝင်ပြေးသွားသော နန်းကျားကြီးမင်းကို မြင်လိုက်ကြ၏။ ထိုအခါ ဘုရားပရိဝုဏ်ထဲကို ဓားလက်နက်နှင့် ဝင်ရန်မသင့်သဖြင့် ဓားလက်နက်ကို အဝင်ဝ၌ ထောင်ထားခဲ့ကြပြီး နှစ်ကျိပ်ရှစ်ဆူသော ဘုရားရုပ်တုများထဲတွင် နန်းကျားကြီးဘုရင်ကိုလိုက်ရှာကြသည်။ ရုတ်တရက်ရှာမတွေ့။ နှစ်ကျိပ်ရှစ်ဆူသောဘုရားရုပ်တုတို့ကိုရေကြည့်ကြရာ နှစ်ကျိပ်ကိုးဆူဖြစ်နေသည်ကို တွေ့ကြရ၏။ သို့သော် ဘယ်ဆင်းတုရုပ်ပွားတော်သည် နန်းကျားကြီးဖန်ဆင်းအတုလုပ်နေသော ဘုရားရုပ်တုမှန်ကို ခွဲခြားမသိနိုင်ကြ။ ထိုအခါ စိတြက -

"ညီငယ် နာရဒ၊ နန်းကျားကြီးသည် ငါတို့သင်ပေးလိုက်သော ရုပ်ပြောင်းနာမ်ခွာအတတ်နှင့်ပင် ငါတို့ကို လှည့်စားနေပြီ။ ရွာထဲကို အမြန်ပြေးလော့။ ငရုတ်သီးအခြောက်များကို မီးသင်း၍ မြန်မြန်ယူလာခဲ့၊ သင်းအခြေမည်သို့ နောက်ထပ်ကြံမည်ကို အစ်ကို စောင့်ကြည့်နေမည်"

ဟု စေလိုက်သည်။

ရှင်နာရဒလည်း အစ်ကိုစိတြစေလိုက်သည့်အတိုင်း နီးစပ်ရာအိမ်တစ်အိမ်မှ ငရုတ်သီးအခြောက်များကို မီးသင်းဖုတ်ကင်၍ နှစ်ကျိပ်ရှစ်ဆူဘုရားဝင်းရှိရာသို့ အမြန်ပြေးလာ၏။

ထိုအခါ ရှင်ငယ်ညီနောင်တို့သည် နှစ်ကျိပ်ကိုးဆူကုန်သော ဘုရားရုပ်တုတော်များ၏ နှာခေါင်းတော်ကို ငရုတ်သီးမီးဖုတ်နှင့် ညှော်တိုက်ကြလေရာ မကြာပါချေ။ နန်းကျားကြီးသည် ဘုရားရုပ်တုတော်အသွင် ဖန်ဆင်းနေရာက ငရုတ်သီးခြောက်မီးကျွမ်းနှင့်ညှော်တိုက်သည်ကို မခံနိုင်တော့သဖြင့် 'ဟတ်ချိုး ဟတ်ချိုး'ဟု အကြိမ်ကြိမ်ချေကာ ဘုရားဝင်းထဲကလူအသွင်နှင့် ထွက်ပြေးပြန်လေသည်။

နန်းကျားကြီးဘုရင် လူအသွင်နှင့် ထွက်ပြေးသည်ကိုမြင်ကြသော စိတြနှင့် နာရဒတို့သည်လည်း စောစောကမှ ဘုရားပရိဝုဏ်ဝတွင်ထောင်ထားခဲ့ကြသော ဓားကိုယူပြီး နန်းကျားကြီးနောက်လိုက်၍ ခုတ်ထစ်ကြတော့၏။

အပြေးအလွှား လိုက်ခုတ်ကြရသဖြင့် စိတြဓားချက်လား၊ နာရဒဓားချက်လား မသိလိုက်ရဘဲ နန်းကျားကြီးဘုရင်၏ လက်ယာနားရွက်တစ်ဖက် လမ်းတွင်ပြတ်ကျကျန်ခဲ့လေသည်။

ရှင်ငယ်ညီနောင်တို့၏လက်ချက်နှင့် နားရွက်တစ်ဖက်ပြတ်ကျကျန်နေခဲ့သော နန်းကျားကြီးဘုရင်သည် သေ[illegible] မည့်ဘေးကိုကြောက်ရွံ့ကာ ငှက်အသွင်ဖြင့် ခန္ဓိသာရဆရာတော်ကျောင်းသို့ ပြေးဝင်လေသည်။ ကျောင်းဝင်းထဲ ခြေချမိသည်နှင့် ပကတိသောဘုရင်အသွင်ကိုဖြစ်စေကာ ကျောင်းပေါ်ပြေးတက်သွားပြီး ဆရာတော်၏ခြေတော်[illegible] ကို ပြေးဖက်ကာ -

"တပည့်တော်၏ဆရာအရင်းဖြစ်သော အရှင်ဘုရား၊ တပည့်တော်အား ကယ်တော်မူပါ။ ရှင်ငယ်ညီနောင်နှစ်[illegible] ကို တားပေးတော်မူပါ"

ဟု ငိုကြီးရှိက်မနှင့်လျှောက်၏။

ထိုအခါ ခန္ဓိသာရဆရာတော်သည် နန်းကျားကြီး၏ ဆုပ်ကိုင်ထားသောလက်ကို ဖယ်ပစ်တော်မူကာ -

"မင်းကြီး၊ မင်းကြီးအမိန့်နှင့်သိမ်းယူထားသဖြင့် ငါ့ကျောင်းတွင် ခေါင်းရိတ်သင်တုန်းဓားမျှမရှိ။ ဓားလက်နက်နှင့်လိုက်လာသော ရှင်ငယ်တို့ကို အတယ်လက်နက်နှင့်ငါတားမြစ်အံ့နည်း"

ဟု မိန့်၏။

ထိုအခါ နာကျင်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းတို့ကြောင့် ခန္ဓိသာရဆရာတော်အား လျှောက်ထားပြန်သည်မှာ -

"အရှင်ဘုရား၊ ဒကာတော်အားသနားသဖြင့် တပည့်တော်၏နားမှ ယိုစီးကျနေသောသွေးကို သုတ်စင်လိုပါသည်။ ပုဝါတစ်ပိုင်းသနားတော်မူပါ"

ဟု လျှောက်၏။

"မင်းကြီး မင်းကြီး၏အမိန့်တော်ကြောင့် ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း ကွမ်းထုပ်စရာ ပုဝါမျှမရှိအောင်သိမ်းယူကြသည်။ ယခုအဘယ်ကို ပေးရအံ့နည်း"

ဟု မိန့်ကြားပြန်သည်။

ထိုအခါမှ နန်းကျားကြီးဘုရင်သည် ရှင်ငယ်တို့အား ဆရာတော်မတားလိုတော့သည်ကို သိသွားလေရာ အားကိုးစရာနတ္ထိ၊ ဆောက်တည်ရာမရှိသောစိတ်နှင့် ကျောင်းဝင်းထဲကထွက်ပြေးကာ သူ၏ကောင်းမှုတော်ဖြစ်သော ဘုရားဝ[illegible] ထဲဝင်ပြီး တံခါးပိတ်ပုန်းနေလိုက်၏။

သို့သော် ဆရာတော်၏ကျောင်းဝင်းထဲကိုသာ ဓား၊ လှံ၊ လက်နက်ကိုင်စွဲ၍ မဝင်လိုသော ရှင်ငယ်ညီနောင်တို့သည် နန်းကျားကြီးဘုရင် ခန္ဓိသာရဆရာတော် ကျောင်းဝင်းထဲကထွက်ပြေးသွားပြီး သူ့ကောင်းမှုတော် ဘုရားဂူ[illegible] ဝင်ပြေးပုန်းအောင်းနေသည်ကို သိမြင်



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ကြရသဖြင့် ဘုရားဂူဝသို့ပြေးလိုက်သွားကြကာ -

"ဟေး- မင်းဆိုးမင်းညစ်၊ သင်သာဘုရားဂူထဲကထွက်၍အသေခံမည်လော၊ သင့်ကောင်းမှုတော်သာ မီးတိုက်ဖျက်ဆီးခံအံ့လော"

ဟု ကြိမ်းဝါးလိုက်ကြ၏။

ထိုအခါ လူမိုက်နောက်မှ နောင်အရဆိုသလို -

'ဤရှင်ငယ်နှစ်ပါးသည် ငါ့ဤဘုရားထဲက မထွက်လျှင်လည်း မီးရှို့သတ်ကြမည်။ ထွက်လျှင်လည်း သတ်ကြမည်သာ။ သေရမည့်အတူတူ ငါ၏ကောင်းမှုတော်ကား မပျက်စီးပါစေလင့်။ ငါသာအသေခံလိုက်တော့မည်'

ဟု စိတ်နှလုံးတုံးတုံးချကာ သူ၏လက်ယာဘက်အနားမှထွက်လာသောသွေးကို လက်ယာလက်ဖြင့်ပင်ခံ၍ သူ့ကောင်းမှုဘုရားရုပ်တုတော်၏လက်ယာပေါင်တော်၌ လက်ဝါးစုံဖိကပ်ကာ ဤသို့အဓိဋ္ဌာန်ပြုတော်မူလေသည်။

"အရှင်ရုပ်တုတော်မြတ်ဘုရား၊ အကျွန်ုပ်သည် ဤပြည်၌တစ်ဖန် မင်းအဖြစ်ကိုရ၍ အကျွန်ုပ်၏ ရန်သူတော်တို့အား ဆွေမျိုးအသင်းအပင်းတို့ကိုပါ ပြုန်းတီးအောင်သတ်ရပြီးမှ အကျွန်ုပ်၏ ဤလိမ်းကျံခဲ့သောအရှင်ဘုရား၏ လက်ယာပေါင်ပေါ်ရှိသွေးသည် ပြေပျောက်သွင့်စဉ်ပါစေသတည်း"

ဟု သစ္စာပြုပြီးသော် -

"ရှင်ငယ်တို့၊ ငါသေသော်လည်း ငါ့ကောင်းမှုသည် မပျက်စီးပါစေနှင့်။ ငါထွက်ပါအံ့"

ဟုဆိုပြီး ဘုရားဂူထဲကထွက်လာလေသည်။

နန်းကျားကြီးဘုရင် ထွက်လာသည်နှင့် ရှင်ငယ်ညီနောင်တို့လည်း နန်းကျားကြီးဘုရင်၏ခေါင်းကိုဖြတ်၍ စည်သဘင်အမတ်ကြီးတို့လက်သို့အပ်လိုက် ကြလေသည်။

ထိုသို့ ဘုရင်နန်းကျားကြီးနှင့် ရှင်ငယ်ညီနောင်တို့ ဂမ္ဘီရစွမ်းရည်ပြိုင်ကြပုံ၊ နောက်ဆုံး ဘုရင်နန်းကျားကြီး ရှုံးနိမ့်၍ မိမိ၏ကောင်းမှုတော်ဂူထဲသို့ဝင်ပြေးပြီး မိမိကောင်းမှုတော်၊ ဆင်းတုတော်ကြီး၏ ရှေ့မှောက်၌ သစ္စာအဓိဋ္ဌာန်ပြုကာ အသေခံသွားရပုံကို ရခိုင်မင်းသမီးဧချင်းတွင်-

*ဆေးဝါးမန္တန်၊ တတ်ပွန်အန္တိ၊ ဇော်ဂျီဝိဇ္ဇာ၊ ပညာစီရင်၊ ဘီလူးသင်သား၊ ရှင်စိတြ၊ နာရဒတို့၊ မိဖုရားပြစ်၊ ရလစ်မသတ်၊ ဆရာမှတ်၍၊ ကြည်ညွတ်ရှိသော၊ သင်ကြားလေမူ၊ တွေတွေလာလာ၊ နာနာရှုပ်ဖန်၊ ဖန်ဖန်ဆင်းဆင်း၊ လိုက်လေလျှင်း၍၊ လွတ်ခြင်းမထင်၊ ဂူထဲဝင်လျက်၊ ရှင်တော်ရုပ်တု၊ ကိုယ့်ကောင်းမှု၌ ပြုတုံ့သစ္စံ၊ ဆိုမိဌာန်ကြောင့်၊ ယင်းခါလွန်လေ၊ မြောက်ဦးမြေထွင်း၊ နှစ်ဆယ်နှင့်ဒွေး၊ နန်းထက်ဝေးမှ၊ ရှင်ဘေးတော်မင်း၊ ရှင့်ရင်တွင်းသာ၊ သွေးလက်ယာသည်၊ ပြည်အံ့ဟူသည်၊ နတ်လူအံ့မိန့်၊ ပူးတည့်လေ။*

ဟု စာဆိုတော် အဒ္ဒူမင်းညိုက နောက်လာနောင်သားများ သံဝေဂယူနိုင်ရန် ရေးဖွဲ့စပ်ဆိုထားခဲ့လေသည်။

နန်းကျားကြီးဘုရင်၏ ခေါင်းကို စည်သဘင်အမတ်ကြီးအား အပ်လိုက်လေရာ စည်သဘင်အမတ်ကြီးသည် ပြည်သူပြည်သားတို့နှင့် ညီညွတ်လျက် ထိုဘုရင်နန်းကျားကြီး၏ သားတော်မင်းဘီလူးကို မင်းသမီးစောမာလာနှင့် သက္ကရာဇ် ၆၃၉ ခုနှစ်တွင် ဘိသိက်သွန်းပြီးလျှင် မင်းအဖြစ်ကို အပ်နှင်းတော်မူလေ၏။ အမတ်ကြီး စည်သဘင်သမီး ပန်းနီလာကိုလည်း မင်းဘီလူးက မိဖုရားမြှောက်လေသည်။

ရှင်ငယ်ညီနောင်တို့က ကာမေသုမိစ္ဆာစာရကံကို အဖန်ဖန်ကျူးလွန်ခဲ့ကြပုံ၊ နန်းကျားကြီးဘုရင်အား မိမိသင်ပေးလိုက်သော နာနာရုပ်အတတ်ကို တစ်ဆင့်သင်ပေးကြပုံ၊ နောက်ဆုံးတွင် ဘုရင်နန်းကျားကြီးအား ရှင်ငယ်ညီနောင်တို့က ခေါင်းဖြတ်သတ်လိုက်ကြပုံစသည့် သတင်းစကားများကို လောင်းကြက်နေပြည်တော်မှာ အုတ်အော်သောင်းတင်း ကြားသိလေသောအခါ ရှင်ငယ်ညီနောင်တို့၏ ဆရာဖြစ်သော ခြိပ်ချောင်းလေး တော့မော်ရှိ လက်ကွယ်တောင်နတ်ဘီလူးကြီးသည် ဒေါသကြီးစွာဖြစ်ကာ နတ်ဘီလူးကြီးမင်း၏ကျိန်စာဖြင့် ရှင်ငယ်ညီနောင်တို့အား လက်ကွယ်တောင်သို့ခေါ်ပြီး ရှင်ငယ်ညီနောင်တို့၏ လက်နှစ်ဖက်စလုံးကို ကွယ်ပျောက်သွားစေကာ ထိုဝေဒနာနှင့်ပင် သေဆုံးသွားကြလေသည်။

(ထိုတောင်ကို ယခုတိုင် လက်ကွယ်တောင်ဟုပင် ခေါ်ဆိုနေကြသည်။ အဆိုပါ တောင်မှာ ယခု မြောက်ဦးမြို့ ဝါးဈေးရပ်ကွက်၏ အနောက်ဘက်၌ မြို့ရိုးတံတိုင်းအဖြစ် တည်ရှိနေသေးသည်။)

ဘုရင်နန်းကျားကြီးကောင်းမှု၊ နန်းကျားကြီးဘုရား၏ လက်ယာပေါင်ပေါ်က နန်းကျားကြီးဘုရင် သစ္စာအဓိဋ္ဌာန်နှင့် ဖိကပ်သုတ်လိမ်းထားခဲ့သော ကျိန်စာသွေးလက်ဝါးရာသည် နှစ်ပရိစ္ဆေဒ (၃၆၁) ခုနှစ်အကြာ မြောက်ဦးခေတ်ဘုရင်သုဓမ္မာရာဇာလက်ထက် ကောဇာ ၁၀၀၀ ပြည့်နှစ်ရောက်မှ ပျက်ပြယ်သွားသည်ဟု အဆိုရှိလေသည်။

နိဂုံးချုပ်မှာ လောင်းကြက်နေပြည်တော်၌ ရှင်စိတြနှင့် ရှင်နာရဒတို့၏ နာနာရုပ်အတတ်ပညာ၊ ဂါထာမန္တရား၊ မန္တန်၊ ဆေး၊ အင်း စသောဂန္ဓာရီအတတ်ပညာတို့သည် ရခိုင်ဒေသ၌ သမားစဉ်ဆက် သက္ကရာဇ် ၈၅၄ ခုနှစ်တွင် ဦးမြဝါ (ရှင်သူငယ်) မြန်မာနှစ် ၉၃၃ ခုနှစ်တွင် ရှင်နန္ဒသာရ (ဗားမဲ့ဆရာတော်)၊ ထို့နောက် အင်္ဂလိပ်ခေတ်တွင် ကဝါလူမိုင်းနှင့် ရှင်လူမိုင်း၊ ဆရာဝေယံလင်းခေါင်၏ သူတော်ငတော၊ ဆရာမင်းဟိန်းထိဝ်၏ ဘိုးဩဘာတို့ကား ရခိုင်ဒေသမှ ဂမ္ဘီရအကျော်ဇေယျပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

ဖိုးကျော့

ကျမ်းကိုး -

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း (ပထမတွဲ)၊ ရခိုင်သားကြီးစာပေ၊ ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ၊ ရမ်းဗြဲမြို့၊ တောင်ကျောင်းဆရာတော် အရှင်စန္ဒမာလာလင်္ကာရ။
၂။ နန်းကျားကြီးဘုရားသမိုင်း၊ ဆရာကြီး ဦးဦးသာထွန်း (ရခိုင်-မြန်မာပဏ္ဍိတ်)၊ လက်နှိပ်စက်စာမူ။
၃။ ရခိုင်မင်းသမီးဧချင်း (ရွှေစေတီမှ)၊ အဒ္ဒူမင်းညို။
၄။ အရှင်ဝဏ္ဏာဓဇ၊ ဗားမဲ့ဝိဇ္ဇာမဟာသိဒ္ဓိကျမ်းရင်း။
၅။ မင်းရှိန်အောင်၊ မြန်မာဂန္ဓာရီပညာပုံရိပ်ကောက် ကြောင်းများ၊ သုရဿမဂ္ဂဇင်း၊ အတွဲ (၄)၊ အမှတ် (၉)၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ။
၆။ စောထွီးရှင်(မြောက်ဦး)၊ ရှင်ငယ်ညီနောင်နှင့် နန်းကျားကြီး၊ သုရဿမဂ္ဂဇင်း၊ အတွဲ (၅)၊ အမှတ် (၅)၊ ၂၀၀၅ ခုနှစ် မေလ။
၇။ ဂန္ဓာရီမဂ္ဂဇင်း၊ အတွဲ (၂)၊ အမှတ် (၃)၊ ၂၀၀၇ ခုနှစ်၊ မတ်လ၊ အောင်သိဒ္ဓိရာဇာ။



www.burmeseclassic.com

www.burmeseclassic.com

**❑ ဗုဒ္ဓဘောင်မင်းကြီးဂါထာနှင့် မဟာအုပ်ဆောင်းကြီးဂါထာ**

မြန်မာနှစ် ၁၃၄၁ ခုနှစ်၊ တပေါင်း လဆန်း ၁၄ ရက်နေ့တွင် ရွှေပေါ်ကျွန်း ဆရာတော်ကြီးထံမှ ဗုဒ္ဓဘောင်မင်းကြီး ဂါထာတော်နှင့် မဟာအုပ်ဆောင်းကြီး ဂါထာတော်ကို စာရေးသူ ရရှိခဲ့ပါသည်။ ဂါထာတော်များရရှိခဲ့သည့် သက်တမ်း သည် (၃၅) နှစ်ရှိပြီ ဖြစ်သည်။

စာအုပ်အချို့တွင် ဗုဒ္ဓဘောင် မင်းကြီးဂါထာတော်ကို တွေ့ရှိပါသော် လည်း မဟာအုပ်ဆောင်းကြီးဂါထာတော် ကိုကား စာအုပ်တော်တော်များများတွင် မတွေ့ရှိရပါ။ ဂါထာ၊ မန္တန်ဝါသနာပါရှိ သည့်ပုဂ္ဂိုလ်များထံ ဤမဟာအုပ်ဆောင်း ကြီးဂါထာတော်ကို မေးမိသည်။ သိရှိကြ သူ မရှိသလောက်ဖြစ်သည်။

ထို့ကြောင့် သိရှိကြသူနည်းသည့် ဤမဟာအုပ်ဆောင်းကြီးဂါထာတော်ကို ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးချီးမြှင့် ခဲ့သည့်မူအတိုင်း ဗုဒ္ဓဘောင်မင်းကြီး ဂါထာတော်နှင့် တွဲဖက်ဖော်ပြပါသည်။

**ဗုဒ္ဓဘောင်မင်းကြီးဂါထာတော်**

နမသေဝ ဒေဝသဿက္ကော၊
အနန္တစိန္တံ ပဝတ္တိရညော။
နိမ်ဆရာနိမ်၊ နမာမိ သတ္တာ သတ္တ မေရ၊
မဟာဇေတံ မဟာဇာရပြံ ကတညု တာ။
သမ္ဗုတာထာ တံ ထေရံ သိရသာ နမာမိ။

**❑ ဂါထာအတော်အညွှန်း**

၁။ ၎င်းဂါထာတော်ကို ဖြည်းဖြည်း မှန်မှန်ရွတ်ဆိုပါ။
၂။ ခရီးထွက်မည်ဆိုလျှင် သွားမည့် ခရီးကို မျက်နှာမူ၍ (၇) ခေါက် ရွတ်ဆိုပါ။ ဘယ်ခြေလှမ်းမှစထွက် ပါ။
၃။ စကားပြောဆိုစဉ်၌ မနော (စိတ်) ထဲမှရွတ်၍ပြောပါ။
၄။ အိပ်ရာဝင်၊ အိပ်ရာထအခါ၌ (၇) ခေါက် သို့မဟုတ် (၉) ခေါက်ရွတ် ဆို၍ အိပ်ရာဝင်၊ အိပ်ရာထပါ။
၅။ အာရုံဆန္ဒပေါ်တိုင်း ရွတ်ဆိုပါ။
၆။ မှန်ကန်သော ကြံစည်မှု၊ ပြောဆိုမှု ပြုလုပ်မှုပြုတိုင်း ရွတ်ဆိုပါ။

**မဟာအုပ်ဆောင်းကြီးဂါထာတော်**

အောင်ခယံခယံ၊ မဟာခယံခယံ၊
ကုမ္ဘဏ္ဍ ခယံခယံ။
ဓတရဋ္ဌ ဝိရူဠှက ဝိရူပက္ခ၊ ကုဝေရ ခယံ ခယံ။
မဟေသွာရ ခယံခယံ၊ ပုဏ္ဏက ခယံ ခယံ။
ဟတ္ထိ အဿ သီဟ ဗျဂ္ဃ သံသုမာရ
အဟိ ဝိစ္ဆိက အဂ္ဂိ ရာဇာ စောရ
အမစ္စ ဗဟုဇန သောက ရောဂ
ဒုက္ခ ဗျာဓိ မရဏ ခယံ ခယံ။
အောင် မဟာ အဏ္ဏဝေ အာကာသ
ဝရဒေဝါနံ
ဩကာသလောက သတ္တာနံ သမ္မာ
သမ္ဗုဒ္ဓေါ တဏှာက်ရော မေဓင်
ရော သရဏကံရော ဒီပင်္ကရော
ကောဏ္ဍညော မင်္ဂလော သုမနော
ရေဝတော
သောဘိတော အနောမဒဿီ ပဒု
မော နာရဒေါ ပဒုမုတ္တရော
သုမေဓော သုဇာတော၊
ပိယဒဿီ အတ္ထဒဿီ ဓမ္မဒဿီ
သိဒ္ဓတ္ထော
တိဿော ဖုဿော ဝိပဿီ သိခီ
ဝေဿဘူ ကကုသန္ဓော ကောဏာ
ဂမနော
ကဿပေါ ဂေါတမော ဣမိနာ
အဋ္ဌဝီသ သမ္ဗုဒ္ဓါနုဘာဝေန ဘုမ္မာ
ဒေဝါ ရုက္ခဒေဝါ
အာကာသဒေဝါ အာကာသမဟာ

(အင်းဝ)
# သိန်းထွန်းကြည်
## ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး ချီးမြှင့်သည့် ဂါထာတော်များ



www.burmeseclassic.com

www.burmeseclassic.com

ဒေဝါ ကုမ္ဘဏ္ဍာယက္ခဒေဝါ
ဂင်္ဂါ ယမုနာ အစီရဝတီ မဟီ သရဘူ
နေရဉ္ဇရာန် မဏိမေခလာန်
သူရဿတီဒိကာနံ အာနုဘာဝေန
သဗ္ဗသတ္တာရ ဝိနဿန္တု။
သမ္မုခံ ပီယာ ဟောန္တု၊ သဗ္ဗဘောဂံ
တိဋ္ဌတု တိဋ္ဌတု၊
မင်္ဂလံဇယံ တိဋ္ဌတု တိဋ္ဌတု၊ မနောရမ္မံ တိဋ္ဌတု တိဋ္ဌတု၊
ဟုလု ဟုလု မံ အန္တရာယ သွား . . . ဟုံ ဟုံ။

မဟာအုပ်ဆောင်းကြီးဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရာ၌ ဖြည်းဖြည်းလေးလေးမှန်မှန်ကန်ကန် ရွတ်ဖတ်ပါ။ ရွတ်ဆိုနေသည့်အခိုက်တွင် ဂါထာဆိုင်ရာအစောင့်အရှောက်တို့နှင့် ဟိတ်ဓာတ်ဆက်သွယ်မှုရရှိအောင် ပြုလုပ်ပါ။

ဂါထာတော်၏ဆိုလိုရင်းအဓိပ္ပာယ်တို့ကိုမသိရှိသော်လည်း ယုံယုံကြည်ကြည် ရွတ်ဖတ်ပါ။ (ဟိတ်ဓာတ်ဆက်သွယ်မှုဆိုသည်မှာ ၎င်းဂါထာဆိုင်ရာအစောင့်အရှောက်တို့အား မေတ္တာပို့ခြင်း၊ အမျှဝေခြင်းတို့ကို ဆိုလိုပါသည်။)

ဤမဟာအုပ်ဆောင်းကြီးဂါထာတော်သည် အမြဲတစေ ရွတ်ဆိုနေရသောဂါထာမျိုး မဟုတ်ပါ။ ခရီးဝေးသွားလာစရာရှိသောအခါ၌ဖြစ်စေ၊ လူအချင်းချင်း အကြောင်းထူးကိစ္စဖြင့် တောပြောဆိုစရာရှိသောအခါ၌ဖြစ်စေ၊ မကောင်းသောအနှောင့်အယှက်အဟန့်အတားများရှိနေသည်ဟု ထင်မြင်ယူဆရသောအခါ၌ဖြစ်စေ၊ သွေးရိုးသားရိုး မဟုတ်ဘဲ ပယောဂရောဂါဖြစ်သည်ဟု ထင်မြင်ယူဆရသည့် ကျန်းမာရေးမကောင်းသောလူနာများရှိလျှင်ဖြစ်စေ ရွတ်ဆိုရန် ဖြစ်ပါသည်။ ဂါထာတော်များသည် အားလုံးလိုလို အစွမ်းထက်မြက်သော ဂါထာတော်များ ဖြစ်ပါသည်။ မိမိအမြဲနိစ္စဘက်မှန်ပြီး ယုံကြည်မှုသဒ္ဓါစိတ်ဖြင့် ကြိုးစားအားထုတ်သော ဝီရိယအပေါ် မူတည်ပါသည်။

**ခက်ခဲသောပါဠိအသံထွက်များ •**
**ဗုဒ္ဓါဘောင်မင်းကြီးဂါထာတော်**

နမဿေဝ - နမတ်သေဝ
ဒေဝသက္ကော - ဒေဝတ်သက်ကော
အနန္တစိန္တိ - အနန်တစိန်တိ
ပဝတ္တိရညော - ပဝတ်တိရင်ညော
သတ္တ - သတ်တ
ကတညုတာ - ကတင်ညုတာ
ကုမ္ဘဏ္ဍ - ကုမ်ဘန်ဒ
ဓတရဋ္ဌ - ဓတရတ်ထ
ဝိရူဠှက - ဝိရူလှက
ဝိရူပက္ခ - ဝိရူပက်ခ
ပုဏ္ဏက - ပုန်နက
ဟတ္ထိ - ဟတ်ထိ
အဿ - အတ်သ
ဗျဂ္ဃ - ဗျက်ဃ
ဝိစ္ဆိက - ဝိတ်ဆိက
အဂ္ဂိ - အက်ဂိ
အမစ္စ - အမစ်စ
ဒုက္ခ - ဒုတ်ခ
အဏ္ဏဝေ - အန်နဝေ
သတ္တာနံ - သတ်တာနံ
သမ္မာသမ္ဗုဒ္ဓေါ - သမ်မာသမ်ဗုတ်ဓော
တဏှာက်ရော - တနှင်ကရော
မေဓင်္ကရော - မေဓင်ကရော
ကောဏ္ဍညော - ကွန်ဒင်ညော
အနောမဒဿီ - အနောမဒတ်သီ
ပဒုမုတ္တရော - ပဒုမုတ်တရော
အတ္ထဒဿီ - အတ်ထဒတ်သီ
ဓမ္မဒဿီ - ဓမ်မဒတ်သီ
သိဒ္ဓတ္ထော - သိတ်ဓတ်ထော
တိဿော - တိတ်သော
ဖုဿ - ဖုတ်သော
ဝိပဿီ - ဝိပတ်သီ
ဝေဿဘူ - ဝစ်သဘူ
ကကုသန္ဓော - ကကုသန်ဓော
အဋ္ဌဝိသ - အတ်ထဝိသ
သမ္ဗုဒ္ဓါ - သတ်ဗုတ်ဓာ
နုဘာဝေန နုဘာဝေန
ဘုမ္မာဒေဝါ - ဘုမ်မာဒေဝါ
ရုက္ခဒေဝါ - ရုတ်ခဒေဝါ
ကုမ္ဘဏ္ဍာယက္ခ - ကုမ်ဘန်ဒယက်ခ
နေရဉ္ဇရာနံ - နေရင်ဇရာနံ
သဗ္ဗသတ္တာရ - သပ်ဗသတ်တရ
ဝိနဿန္တု - ဝိနတ်သန်တု
ဆိန္ဒန္တု - ဆိန်ဒန်တု
ဘိန္ဒန္တု - ဘိန်ဒန်တု
သမ္မုခံ - သမ်မုခံ
ဟောန္တု - ဟွန်တု
တိဋ္ဌတု - တိတ်ထတု
မင်္ဂလံ - မင်ဂလံ
မနောရမ္မံ - အနောရမ်မံ
အန္တရာယ - အန်တရာယ

**▫ အောင်ခြင်းမင်္ဂလာဂါထာတော်နှင့် ဓမ္မရာဇသေဝကဂါထာတော်**

သက္ကရာဇ် ၁၃၅၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့စွဲဖြင့် ရေနံ့သာမြို့ တွင်းကုန်းရပ်နေ ဦးအေးဒင်-ဒေါ်အေးမြင့် သားသမီးမြေးများ၏ ဓမ္မဒါနအဖြစ် ရောနှန်းပုံနှိပ်တိုက်မှ ရိုက်နှိပ်ထားသည့် ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ အောင်ခြင်းမင်္ဂလာဂါထာတော်နှင့်ဓမ္မရာဇသေဝကဂါထာတော်ကျင့်စဉ်စာရွက်ဟောင်းခပ်နွမ်းနွမ်းကို ကျင့်စဉ်ပေါင်းချုပ်ဖိုင်တွဲမှ စာရေးသူ တွေ့ရှိရသည်။ ယခုအချိန်အရဆိုလျှင် ဤကျင့်စဉ် စာရွက်ဟောင်းခပ်နွမ်းနွမ်းကို ကျင့်စဉ်ပေါင်းချုပ်ဖိုင်တွဲမှ စာရေးသူ တွေ့ရှိရသည်။ ယခုအချိန်အရဆိုလျှင် ဤကျင့်စဉ်စာရွက်သည် (၂၆) နှစ်မျှကြာပြီ ဖြစ်သည်။

ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး ချီးမြှင့်ခဲ့သည့် ဂါထာတော်များသည် အလွန်ရှေးကျပြီး အစွမ်းထက်မြက်သည့်ဂါထာတော်များ ဖြစ်ပါသည်။ အချို့ဂါထာတော်တို့သည် စာအုပ်စာတမ်းများတွင် မတွေ့ရှိရပေ။

ဆရာတော်ကြီးကို ချစ်ကြည်ညိုစိတ်ဖြင့် ဂါထာတော်များကို စာရေးသူ မမေ့မလျော့ ရွတ်ဆိုပွားများအားထုတ်ခဲ့ပါသည်။ အားကိုးသည့်အားလျော်စွာ ဂါထာတော်၏ အစွမ်းသတ္တိများ၊ တန်ခိုးများသည် စာရေးသူအတွက် အလွန်ထူးခြားစေခဲ့ပါသည်။

ဂါထာတော်၏ အစွမ်းထက်မြက်ပုံများကို စာရေးသူ၏ကိုယ်တွေ့များအရ ပြောပြရမည်ဆိုလျှင်မဆုံးနိုင်ပါ။ အဓိကထူးခြားချက်မှာ အလုပ်အကိုင်၊ စီးပွားရေးအဆင်ပြေခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ဘေးရန်အန္တရာယ်ကင်းဝေးခြင်းစသည်တို့သည် ဂါထာတော်၏ အစွမ်းသတ္တိတန်ခိုးများဖြစ်သည်ဟု စာရေးသူ ယုံကြည်မိသည်။

ဂါထာမန္တန်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရာ၌ မှန်မှန်ကန်ကန် ရွတ်ဆိုရန် ဖြစ်ပါသည်။ ရွတ်ဆိုသောအခါ အသံထွက်၍အားထုတ်ခြင်း၊ စိတ်မနောထဲကဆို၍ အားထုတ်ခြင်းနှစ်မျိုးရှိရာတွင် မိမိတို့ဆန္ဒအားသန်သလို ရွတ်ဆိုပါ။

ရွတ်ဆိုနေသည့်အခိုက်တွင် ဂါထာ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို စိတ်ဓာတ်ကကိုင်းရှိုင်း၍ထားပါ။ ဂါထာတော်ဆိုင်ရာအစောင့်အရှောက်တို့နှင့်ဟိတ်ဓာတ်ဆက်သွယ်မှုရရှိအောင်ပြုလုပ်ရန်ဖြစ်ပါသည်။

ဟိတ်ဓာတ်ဆက်သွယ်မှုဆိုသည်မှာ ဂါထာဆိုင်ရာအစောင့်အရှောက်တို့အား မေတ္တာပို့သခြင်း၊ အမျှပေးဝေခြင်းတို့ကို ဆိုလိုပါသည်။ ဂါထာရွတ်ဆိုသည့်ပုဂ္ဂိုလ်သည် အနည်းဆုံး ကျွဲ၊ နွား၊ ဝက်၊ အရက်သေစာတို့ကို စားသော



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှ အဓိဋ္ဌာန်ဖြင့်ဖြစ်စေ၊ မိမိအာရုံဆန္ဒရှိသလောက်ဖြစ်စေ ရွောင်ကြဉ်ထားရန် အရေးကြီးပါသည်။

**အောင်ခြင်းမင်္ဂလာဂါထာတော်**

ကျ။ ဂမိတွာ ဗောဓိမဏ္ဍလံ၊
သဗ္ဗညုဘာဝံ ပတွာန။
အရဟတ္တံ ဒေတိ သတ္တေ၊
ဝန္ဒေ သတ္ထုသ ပါဒါနိ။
ခ။ သ,မာရသေနံ မဒ္ဒေတွာ၊
ဝိဇ္ဇာတျာဒိ ဂုဏောပိ။
သုပရိပုဏ္ဏော သဗ္ဗညူ၊
ပတ္တော သော ဇယံ မေ ဒေတု။

**ဂါထာတော်၏အနက်သဘော**

ကျ။ **ဗောဓိမဏ္ဍလံ** - ဗောဒိမဏ္ဍိုင်သို့၊ **ဂမိတွာ** - သွားရောက်တော်မူ၍၊ **သဗ္ဗညုဘာဝံ** - သဗ္ဗညုဘုရားအဖြစ်သို့၊ **ပတွာန** - ရောက်တော်မူ၍၊ **သတ္တေ** - သတ္တဝါတို့ကို၊ **အရဟတ္တံ** - အရဟတ္တဖိုလ်ကို၊ **ဒေတိ** - ပေးတော်မူ၏။ **သတ္ထုသ** - မြတ်စွာဘုရားရှင်၏၊ **ပါဒါနိ** - ခြေတော်အစုံတို့ကို၊ **ဝန္ဒေ** - ရှိခိုးပါ၏။

ခ။ **သ,မာရသေနံ** - မာရ်နတ်နှင့်တကွသော စစ်သည်အပေါင်းကို၊ **မဒ္ဒေတွာ** - မှုန့်မှုန့်ညက်ညက်ချေဖျက်တော်မူ၍၊ **ဝိဇ္ဇာတျာဒိဂုဏောပိ** - ဝိဇ္ဇာသုံးပါးအစရှိသောဂုဏ်တို့နှင့်၊ **သုပရိပုဏ္ဏော** - ကောင်းစွာပြည့်စုံတော်မူသော၊ **ပတ္တော**- ရောက်တော်မူသော၊ **သော** - ထိုမြတ်စွာဘုရားသည်၊ **မေ** - တပည့်တော်အား၊ **ဇယံ** - အောင်ခြင်းမင်္ဂလာအဖြာဖြာကို၊ **ဒေတု** - ပေးတော်မူပါ အရှင်မြတ်ဘုရား။

**ဂါထာတော်၏အကျိုးအာနိသင်**

ဤဂါထာတော်၏အကျိုးအာနိသင်အစွမ်းသည် ရှေ့နောက်ဝဲယာဖြစ်ပေါ်လာတတ်သော ဘေးရန်အသွယ်သွယ်၊ အန္တရာယ်အဝဝတို့ကိုတားဆီး၍ အသိဉာဏ်ရင့်ကျက်မှုနှင့် စိတ်၏ကြည်လင်ရွှင်လန်းမှုတို့ကို ဖြစ်စေပါသည်။

မိမိ၏အကျိုးပျက်စီးအောင်၊ ဒုက္ခရောက်အောင် အနှောင့်အယှက်ပေးသူ၊ အန္တရာယ်ပြုသူများရှိပါက မိမိက မသိရှိရဘဲ မိမိအပေါ် ကြံစည်ထားရှိသည့် မကောင်းသော စိတ်စေတနာအတိုင်း အဆအရ ထိုသူများထံသို့ တာန်ပြန်သွားစေပါသည်။

**ဓမ္မရာဇသေဝကဂါထာတော်**

ဗုဒ္ဓိ ဗုဒ္ဓိ မဟာဗုဒ္ဓိ၊
သုဒ္ဓိ သုဒ္ဓိ မဟာသုဒ္ဓိ၊
ဥဏ္ဏိ ဥဏ္ဏိ မဟာဥဏ္ဏိ၊
ရုန္ဒိ ရုန္ဒိ မဟာရုန္ဒိ၊
ဥဏ္ဏာ လောမာ မုနိဿရာ
ဥဒ္ဒေသ မုနိဿရာ
နိဒ္ဒေသ မုနိဿရာ
အဟံ အဂ္ဂေါ အဟံ သေဋ္ဌော
အဟံ ဇေဋ္ဌော တိဝစနံ
ဥဂ္ဃေါသေတိ ဥဂ္ဃေါသယုံ၊
ဗုဒ္ဓေါ ဗုဒ္ဓသ ဓမ္မော ဓမ္မသ
သံဃော သံဃဿ၊
အရိယ ပုဂ္ဂလော ဆဠာဘိည
ခီဏာသဝ ပုဂ္ဂလော
ဆဠာဘိည ခီဏာသဝ ပုဂ္ဂလဿ
တေဇေန အာနုဘာဝေန
သဗ္ဗသောကာ သဗ္ဗအန္တရာယာ
ဝိနာသန္တု သွား ဟုံ ဟုံ။

**ဗုဒ္ဓိ ဗုဒ္ဓိ မဟာဗုဒ္ဓိ** - သစ္စာလေးပါးကိုသိတော်မူ၊ သိတော်မူ၊ ကျယ်ဝန်းစွာသိတော်မူတတ်သော၊ **သုဒ္ဓိ သုဒ္ဓိ မဟာသုဒ္ဓိ** - ကိလေသာမှ စင်ကြယ်တော်မူ၊ ကြီးစွာစင်ကြယ်တော်မူသော။

**ဥဏ္ဏိ ဥဏ္ဏိ မဟာဥဏ္ဏိ** - ကြီးကျယ်မြင့်မြတ်သော ဥဏ္ဏာလုံမွေးရှင်၊ ဥဏ္ဏာလုံမွေးရှင်၊ ဥဏ္ဏာလုံမွေးရှင်ရှိတော်မူသော။

**ရုန္ဒိ ရုန္ဒိ မဟာရုန္ဒိ** - ကိလေသာတို့ကို ဖိတ်ပင်တော်မူ၊ ပိတ်ပင်တော်မူ၊ ကြီးစွာပိတ်ပင်တော်မူတတ်သော မြတ်စွာဘုရားသည်၊ **အဟံ** - ငါသည်၊ **အဂ္ဂေါ** - အမြတ်ဆုံးတည်း၊ **အဟံ** - ငါသည်၊ **သေဋ္ဌော** - အချီးမွမ်းအပ်ဆုံးတည်း၊ **အဟံ** - ငါသည်၊ **ဇေဋ္ဌော** - အကြီးဆုံးတည်း၊ **ဣတိဝစနံ** - ဤသို့သောစကားကို၊ **ဥဂ္ဃေါသေတိ** - ကြွေးကြော်ခဲ့၏။

**ဥဏ္ဏာလောမာ** - မျက်ခုံးနှစ်ဖက်ကြား၌ပေါက်သောဥဏ္ဏာလုံမွေးရှင်တော်ရှိတော်မူကုန်သော၊ **မုနိဿရာ** - ရဟန်းတော်တို့ကို အစိုးရတော်မူကုန်သော။

**ဥဒ္ဒေသမုနိဿရာ**-တရားတော်ကို အကျယ်ပြတော်မူ၍ ရဟန်းတော်တို့ကို အစိုးရတော်မူကုန်သော။

**နိဒ္ဒေသမုနိဿရာ**-တရားတော်ကို အကျယ်ပြတော်မူ၍ ရဟန်းတော်တို့ကို အစိုးရတော်မူကုန်သော။

**နိဒ္ဒေသမုနိဿရာ**-တရားတော်ကို အကျယ်ပြတော်မူ၍ ရဟန်းတော်တို့ကို အစိုးရတော်မူကုန်သော ဘုရားရှင်တို့သည်၊ **အဟံ** - ငါသည်၊ **သေဋ္ဌော** - အချီးမွမ်းအပ်ဆုံးတည်း၊ **အဟံ** - ငါသည်၊ **ဇေဋ္ဌော** - အကြီးဆုံးတည်း၊ **ဣတိဝစနံ** - ဤသို့သောစကားကို၊ **ဥဂ္ဃေါသယုံ** - ကြွေးကြော်တော်မူခဲ့ကြကုန်ပြီ။

**ဗုဒ္ဓေါ** - မြတ်စွာဘုရားသည်၊ **ဗုဒ္ဓသ** - မြတ်စွာဘုရား၏၊ **ဓမ္မော** - တရားတော်သည်၊ **ဓမ္မဿ** - တရားတော်၏၊ **သံဃော** - သံဃာတော်သည်၊ **သံဃဿ** - သံဃာတော်၏။

**အရိယပုဂ္ဂလော** - အရိယာပုဂ္ဂိုလ်ဖြစ်သော၊ **ဆဠာဘိညခီဏာသဝပုဂ္ဂလော** - အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ရဟန္တာပုဂ္ဂိုလ်၏၊ **တေဇေန** - တန်ခိုးကြောင့်၊ **အာနုဘာဝေန** - အာနုဘော်တော်ကြောင့်၊ **သဗ္ဗဝေရာ**-အားလုံးသောရန်တို့သည်၊ **သဗ္ဗဘယာ** - အားလုံးသောဘေးတို့သည်၊ **သဗ္ဗအန္တရာယာ** - အားလုံးသော အန္တရာယ်တို့သည်၊ **ဝိနာသန္တု** - ပျောက်ပျက်ပါစေကုန်သတည်း။ (အနုမာနတ္ထဖြစ်ပါသည်)

အထက်ဖော်ပြပါ ဂါထာတော်များကို ရွတ်ဆိုမည်ဆိုပါက ဆိတ်ငြိမ်သောအချိန်၌ အားထုတ်ရန်ဖြစ်ပါသည်။ အားထုတ်သောအခါ မိမိထိုင်မည့်နေ ၌ ဖြူစင်သန့်ရှင်းသော အဝတ်တစ်ထည် ခင်း၍ ထိုအခင်းပေါ်၌ ဖယောင်းတိုင် တစ်တိုင်ကို လင်ပန်းထဲတွင်စိုက်၍ ထွန်းညှိပူဇော်ပြီး လင်ပန်းထဲသို့ နေ အနည်းငယ်ထည့်ထားပေးပါ။ ရေတစ် ဖလားသီးသန့်လှူဒါန်းထားပါ။

အနန္တငါးပါးတို့ကို ရှိခိုးကန်တော့ ပါ။ ငါးပါးသီလဆောက်တည်ပါ။ မေတ္တာ ပို့သပါ။ မေတ္တာပို့သရာတွင် မိမိတို့ရှိ ထားသလို မေတ္တာပို့ပါ။ အထက်ဖော် ပါ (၂) ဂါထာတော်ကို ရက်ပေါင်း မည် အထိ မပျက်မကွက် ပွားများပါမည် ဟူသောအဓိဋ္ဌာန် ဆောက်တည်ပ ဂါထာတော်များကို ရွတ်ဖတ်သောအခ ဖြည်းဖြည်းမှန်မှန်ရွတ်ဖတ်ပါ။

**▫ စက်ဓာတ် (၁၀) ပါးဂါထာတော်နှင့် သံဂုံပမယ်ယူကျင့်စဉ်**

မိမိတို့၏ ဆိုင်ရာမွေးနေ့မှ စတ ၍ ရှေ့သို့ (၁၀) ရက်ပြည့်အောင် ငါး သီလကို အဓိဋ္ဌာန်ဖြင့်ဆောက်တည်ထာ ပါ။ ထိုရက်အရေအတွက်အတိုင်း တို့အိမ်ရှိ ဘုရားပန်းအိုးတစ်လုံး ရေသန့်သန့်ထည့်ပြီး အောင်သပြေ စိုက်၍လှူဒါန်းထားပါ။ ရေကိုနေ့စဉ် ပါ။ ပန်းညှိုးလျှင် ပန်းအသစ်ထပ်၍ ဒါန်းပါ။

ရေနှင့် ၈န်း လှူဒါန်းရန်အချိန် နံနက် နေမထွက်မီ အချိန်တိုင်း လှူ ရမည် ဖြစ်ပါသည်။ သို့မဟုတ် (မ) နာရီကျသော (၅) နာရီ၊ (၇)

www.burmeseclassic.com

(၉) နာရီအချိန်တို့တွင် မိမိအဆင်ပြေသည့်အချိန်နာရီ၌ ဆက်ကပ်လှူဒါန်းပါ။

ရေနှင့် ပန်းဟောင်းများကို စွန့်သောအခါ မိမိတို့၏ သက်တိုင်ရာဘုမ္မိအရပ်သို့ စွန့်ပစ်ရန်ဖြစ်ပါသည်။ ဘုမ္မိအရပ်ဆိုသည်မှာ မိမိတို့၏ မွေးနံအရပ်မှ လက်ယာရစ် (၄) ခွင်အရပ်ဖြစ်ပါသည်။

ရေနှင့်ပန်းများ လှူဒါန်းပြီးသော အချိန်တိုင်း အချိန်တိုင်း -

ဗုဒ္ဓ စက္ကံ မံ ရက္ခန္တု၊
ပစ္စေကဗုဒ္ဓစက္ကံ မံ ရက္ခန္တု။
ဓမ္မစက္ကံ မံ ရက္ခန္တု၊
သံဃစက္ကံ မံ ရက္ခန္တု၊
မာတုစက္ကံ မံ ရက္ခန္တု။
မာတုစက္ကံ မံ ရက္ခန္တု၊
ပိတုစက္ကံ မံ ရက္ခန္တု၊
အာစရိယစက္ကံ မံ ရက္ခန္တု။
သပ္ပုရိသစက္ကံ မံ ရက္ခန္တု၊
ဒေဝစက္ကံ မံ ရက္ခန္တု၊
နာဂစက္ကံ မံ ရက္ခန္တု။

ဟု မိမိသက်စေ့ထက် တစ်ခေါက်ပို၍ရွတ်ဆိုပါ။ ရွတ်ဆိုသောအခါတွင် ဖြည်းဖြည်းမှန်မှန် ရွတ်ဆိုပါ။ ဤစက်ခတ် (၁၀) ပါး ဂါထာကို သက်စေ့ထက်တစ်ခေါက်ပို၍ရွတ်ဆိုပါက -

'ဤစက်ခတ် (၁၀) ပါး၏တန်ခိုးတော်ဖော် အာနုဘော်ကြောင့် ကိုယ်တွင်းကိုယ်ပ၊ အိမ်တွင်းအိမ်ပ၊ မြို့တွင်းမြို့ပ နှစ်ဌာနတို့တွင် ငြိတွယ်ကပ်ရောက်နှောင့်ယှက် ဖျက်ဆီးတတ်သော ဘေးဒဏ်ရန်မာန် အန္တရာယ်ခပ်သိမ်းတင်းငြိမ်းလွင့်ပျောက် မထိရောက်နိုင်သည်ဖြစ်ကြရ၍ စိတ်ခတ်အစဥ်ကြည်လင်မှု၊ ရွှင်လန်းမှု၊ အေးချမ်းမှုတို့ကို ရရှိနိုင်သည်ဖြစ်ရပါလို၏'

ဟု နှစ်နှစ်ခြိုက်ခြိုက် ဆန္ဒခတ်ပြင်းပြင်းထန်ထန်ထား၍ ရွတ်ဆိုဆန္ဒပြုပါ၊ ဆုတောင်းပါ။ ဤခတ်စက်(၁၀)ပါး ရေဏကျင့်စဉ် (၁၀) ရက်ပြည့်သောနေ့၌ အိမ်ရှိဘုရားကျောင်းဆောင်ရှေ့တွင် ကုန်းသတ္တဝါလွှတ် ဆွမ်းတော် (၅) ပွဲ၊ ရေတော် (၅) ဖလား၊ သပြေပန်း(၃)အိုးတို့ကို ဆက်ကပ်လှူဒါန်းပါ။ (ဆွမ်းတော်ကပ်ရာတွင် ဇလုံဖြင့်ဆွမ်းမောက်မောက်ကပ်လှူရန် ဖြစ်ပါသည်။)

**ဆွမ်း ပန်းကပ်လှူသောအခါ**

'ဘုရားတပည့်တော်သည် ဘုရား၊ တရား၊ သံဃာ၊ အမိ၊ အဖ၊ ဆရာသမား တို့ဆိုအပ်သော အနန္တဂိုဏ်း၀င် ကျေးဇူးရှင်အပေါင်းတို့အား ဤကုန်းသတ္တဝါလွှတ်ဆွမ်းတော် (၅) ပွဲ၊ ရေတော် (၅) ဖလား၊ အောင်သပြေပန်း (၃) အိုးတို့ကို လှူဒါန်းပါ၏။ ဆက်ကပ်ပါ၏။ ပူဇော်ပါ၏အရှင်သူမြတ်တို့ဘုရား'

ဟု နှုတ်ဖြင့် ရွတ်ဆိုဆက်ကပ်ပါ။ ထိုကောင်းမှုကုသိုလ်၏ အကျိုးအဖို့ကို အမိ၊ အဖ၊ ဆရာသမား၊ ဘိုးကြီးဘွားကြီးတို့ကို ရှေးဦးထား၍ ဒေဝလောကရှိနတ်အပေါင်းတို့အား လည်းကောင်း၊ မနုဿလောကရှိ လူအပေါင်းတို့ကို လည်းကောင်း အမျှပေးဝေပါ။ မေတ္တာပို့ပါ။ မေတ္တာခတ်ဖွင့်လှစ်ပေးပါ။

ဤကျင့်စဉ်ကို မိမိတို့အိမ်၌ ပြဋ္ဌာန်းသူတစ်ဦးဦးက ပြုလုပ်ဆောင်ရွက်လျှင်ဖြစ်နိုင်ပါသည်။ ဤကျင့်စဉ်ကို ကြိုးစားအားထုတ်ကြသော ဓမ္မမာမကဝေနေယျအပေါင်းတို့သည် စိတ်၏ဆင်းရဲခြင်းကိုဖြစ်စေတတ်သော အကြောင်းအမျိုးမျိုးကို ပယ်ဖျက်နိုင်ခြင်း၊ ဖြစ်ပေါ်ဆဲဖြစ်ပေါ် လတ္တံ့သော အန္တရာယ်အမျိုးမျိုးတို့ကို ကာကွယ် တားဆီးနိုင်ခြင်းစသောအကျိုးထူးများကိုရရှိစေပါသည်။

အထူးသိမှတ်ရန်မှာ (၁၀) ရက်ဟု စက်ခတ် (၁၀) ပါးကျင့်စဉ်သတ်မှတ်ထားသော်လည်း မိမိအာရုံဆန္ဒရှိပါက အမြဲတမ်း ကြိုးစားအားထုတ် ပွားများနိုင်ပါသည်။

အထက်ဖော်ပြပါ စက်ခတ် (၁၀) ပါး ဂါထာတော်သည် ကျေးဇူးရှင်ရွှေပေါ်ကျွန်းဆရာတော်ကြီး ချီးမြှင့်ခဲ့သည့် မူရင်းအတိုင်း ရေးသားခြင်း ဖြစ်ပါသည်။

သံ-ဂုံ-ပ-မ-ယျကျင့်စဉ်တော်ကို ဆက်လက် ရေးသားပါမည်။ ဤကျင့်စဉ်သည် သမထမှ ဝိပဿနာကျင့်စဉ်သို့ ကူးမြောက်ရန်အတွက် အရေးကြီးသည့် ကျင့်စဉ်ထူးတစ်ခု ဖြစ်ပါသည်။

ဆရာတော်ကြီး ရှိစဉ်အခါက ဤကျင့်စဉ်ကို စနစ်တကျ ကျင့်ဆောင်နိုင်ရန် ဆရာတော်ကြီး ကိုယ်တော်တိုင် ပြသခဲ့သည်။ ဆရာတော်ကြီးပြသခဲ့သည့် နည်းစနစ်အတိုင်း တိတိကျကျ ရေးသားလိုက်ပါသည်။

▫ အောင် ဗုဒ္ဓေါ၊ ပု-ဒိ-အာ၊
သံ- ဂုံ-ပ-မ-ယျ၊
မဟိဒ္ဓိ၊ သိဒ္ဓိကော စ။

ဤဂါထာတော်ကို ရွတ်ဖတ်ရာ၌ သိမှတ်ရန် အစီအစဉ်မှာ ဝင်လေ၌ ဤဂါထာကိုရွတ်ရမည်ဖြစ်ပြီး ထွက်လေ၌ မေတ္တာပို့သရမည် ဖြစ်ပါသည်။ မေတ္တာပို့သရာ၌ 'ခပ်သိမ်းကုန်သော သတ္တဝါတွေ ဘေးရန်ကင်းရှင်းကြပါစေ' ဟု ပို့သပါ။

ဝင်လေ၌ ဂါထာကို ရွတ်ဖတ်ရာတွင်လည်း ဂါထာပါဋ်၌ အပိုဒ်တစ်ပိုဒ်နှင့် တစ်ပိုဒ်အကြား ရပ်တန့်ပေးရမည်ဖြစ်ပါသည်။ 'ရှုလေ ဝင်လေ'၌ ရွတ်ဖတ်ရခြင်းမှာ ဂါထာ၏ အာနုဘာဝသတ္တိခတ်ကို မိမိ၏အဇ္ဈတ္တအတွင်းသန္တာန်သို့ ရောက်ရှိသွားအောင် ပို့ဆောင်ပေးခြင်းဖြစ်ပါသည်။

ထင်ရှားစေရန်အတွက် ထပ်၍ရှင်းပြပါမည်။ 'အောင်' ဟုဆိုလျှင် ဝင်လေနှင့်ရွတ်ပါ။ အနည်းငယ်ဖြတ်၍ မေတ္တာပို့ပါ။ 'ဗုဒ္ဓေါ' ဟုဆိုလျှင် ဝင်လေနှင့်ရွတ်ပါ။ အနည်းငယ်ဖြတ်၍ မေတ္တာပို့ပါ။ ဤမျှလောက်ဆိုလျှင်သိနိုင်လောက်ပါသည်။

ဂါထာမရွတ်မီ ရှေ့အဖို့၌ ဗုဒ္ဓအားရည်မှန်း၍ ဖယောင်း (၁) တိုင်၊ မိဘနှင့် ဆရာသမားများအတွက် ဖယောင်း (၁) တိုင်အားဖြင့် ဖယောင်း (၂) တိုင်တို့ကို ညှိထွန်းပြီးပါက ငါးပါးသီလဆောက်တည်ပါ။ အနန္တဂိုဏ်းငါးပါးတို့အား ရှိခိုးကန်တော့ပါ။ ထို့နောက် ညွှန်ပြလတ္တံ့သောအတိုင်း အဓိဋ္ဌာန်တည်ဆောက်ပါ။

ဘုရားတပည့်တော်သည် ဤဓမ္မကျင့်စဉ်ကို ကျင့်ဆောင်၍မပြီးမီအတွင်း၌ အခြားသောတစ်နေရာသို့ထ၍မသွားပါ။

ဘုရားတပည့်တော်သည် ဤဓမ္မကျင့်စဉ်ကို ကျင့်ဆောင်၍မပြီးမီအတွင်း၌ လူပုဂ္ဂိုလ်တို့နှင့်စကားပြောဆိုခြင်းမပြုပါ။

ဤအဓိဋ္ဌာန်သုံးချက်ကို ဆောက်တည်ပါ။ ဆောက်တည်၍ပြီးပါက ဂါထာပါဋ်ကို ပုတီးစိပ်ပါ။

ဝင်လေမှာ ဂါထာပါဋ်ကို ရွတ်၍ ထွက်လေတွင် မေတ္တာပွားများခြင်းကို ကျေကျေညက်ညက်ဖြစ်အောင်လေ့လာပါ။ လေ့-လျှင် လာ-ပါလိမ့်မည်။

ဤသို့ ကျင့်ဆောင်ရခြင်းဖြင့် တွေ့ကြုံဆုံစည်းရတတ်သော ဘေးရန်အသွယ်သွယ်အန္တရာယ်အဝဝ၊ အနှောင့်အယှက်၊ အဖျက်အဆီး ဟူသမျှတို့ကို ကာကွယ် တားဆီး၍ ကောင်းကျိုးချမ်းသာမင်္ဂလာကျက်သရေအမျိုးမျိုးတို့ကို တိုးပွားခြင်းသို့ ပို့ဆောင်သွားပါလိမ့်မည်။

သိန်းထွန်းကြည် (အင်း၀)



www.burmeseclassic.com

www.burmeseclassic.com

(မြန်အောင်)

# မောင်လှထွေး

## အိပ်မက်ကမ္ဘာထဲမှာပဲ ချစ်ခဲ့ရဖူးသူတစ်ယောက်အကြောင်း



နတ်တလင်းမြို့နယ်၏အနောက်ဘက်တွင် မင်္ဂလာကျွန်းဆိုသောရွာလေးတစ်ရွာရှိပါသည်။ ထိုရွာကလေး၏အရှေ့ဘက်ရွာထိပ်တွင် ဝက်ပုတ်ချောင်းခေါ် တောင်ကျချောင်းတစ်ချောင်းရှိပြီး ပဲခူးရိုးမ တောင်ညိုဘက်မှ စတင်စီးဆင်းလာသည်ဖြစ်ရာ နုန်းကျချောင်းဖြစ်ပြီး လယ်မြေနှင့်ယာခင်းများအတွက် အလွန်မြေဩဇာကောင်းစေသည်။ ထို့ကြောင့် ထိုချောင်းငယ် ဖြတ်သန်း စီးဆင်းရာ ထိုဒေသရှိ ရွာများဖြစ်ကြသော ကျွဲတဲကြီး၊ မုံရွာကြီး၊ ကွေ့ကြီး၊ ကွေ့ကလေး အစရှိသောရွာများသည် စပါးသာမက ကုလားပဲ၊ မြေပဲ၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ မမြို့ပန်း စသော ဆောင်းသီးနှံများပါ နှစ်သီးစိုက်ရသည်ဖြစ်သဖြင့် တစ်ရွာလုံးနီးပါး ချမ်းသာကြသည်။ အားလုံး သွပ်မိုး၊ ပျဉ်ထောင်အိမ်များဖြင့် နေနိုင်ကြသည်။

ထိုရွာကလေးသို့ မူလတန်းပြကျောင်းဆရာအဖြစ် ၁၉၉၅ ခုနှစ်က ကျွန်တော်ရောက်သွားသည်။ ထိုစဉ်က ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းမှာ ခြံစည်းရိုးတစ်ခုသာခြားလျက်ရှိပါသည်။ ကျွန်တော်တို့ပွဲသာရွာနှင့်ဆိုလျှင် (၅) မိုင်ခန့်သာဝေးသော်လည်း ထိုအချိန်က လမ်းပန်းဆက်သွယ်ရေးမကောင်း။ ယခုခေတ်လို မော်တော်ဆိုင်ကယ်၊ စက်ဘီးမှာလည်း တွင်တွင်ကျယ်ကျယ်မရှိသေးသဖြင့် သွားလာရန်ခက်ခဲပါသည်။ မင်္ဂလာကျွန်းဘုန်းတော်ကြီး၏ ကျောင်းထိုင်ဆရာတော်သည် ကျွန်တော့်ဦးလေးတစ်ဦးနှင့် ဆွေမျိုးတော်စပ်သဖြင့် ထိုကျောင်းတွင် စားသောက်တည်းခိုပြီး နေထိုင်ခွင့်ရခဲ့သည်။ ကျောင်းထိုင်ဆရာတော်မှာ မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်ဖြစ်ရာ ရန်ကုန်မြို့သို့ သံဃာ့အစည်းအဝေးလည်း သွားရတတ်ပါသည်။ ပွင့်လင်းရာသီရောက်လျှင် ကထိန်ရှင်ပြုစသောအလှူများတွင် တရားဟောဆရာတော်အဖြစ် နယ်လှည့်မွှကထိက ဆရာတော်လည်း ဖြစ်သည်။

ဆရာတော်ကျောင်းတွင် မှီခိုနေထိုင်စဉ် ဆရာတော် ချမှတ်ထားသော စည်းကမ်းများကိုလိုက်နာရသည်။ ဆရာတော်က ညနေ နေဝင်သည်နှင့် ကျောင်းဝင်းပြင်ပသို့ မထွက်ရတော့ချေ။ ရုံဖန်ရုံခါ ရွာထဲမှလူပျို၊ အပျိုများစုပေါင်းပြီး ကျောင်းသို့သန့်ရှင်းရေးလာလုပ်လေ့ရှိသည်။ ထိုအခါမျိုးတွင် ကျွန်တော်က ကျောင်းမကြီးနှင့် ဆွမ်းစားကျောင်းဆောင်ကို စကြံ့ထိုးဆက်ထားပြီး အလယ်တွင်အောက်သို့ဆင်းသော လှေကားတစ်ခုတပ်ထားသည်။ ထိုသို့ လူရှုပ်ချိန်မျိုးတွင် ထိုစကြံ့လမ်းရှိ ခုံတန်းလေးပေါ်တွင်သွားအိပ်နေလေ့ရှိပါသည်။ ကျောင်းသို့ရောက်စက ဆရာတော်က ကျွန်တော့်ကို ညအခါ အိမ်သာသွားတတ်သလားဟု မေးပါသည်။ ကျွန်တော်က ရုံဖန်ရုံခါသာသွားတတ်ပါကြောင်းပြောတော့ အောက်ဆင်းလျှင် ချောင်းဟန့်သံပေးပါ

ဟု ဆိုသည်။

တစ်ညတွင် သန်းခေါင်ကျော် တစ်နာရီခန့်အချိန်တွင် အိမ်သာသွား ချင်သဖြင့် အိပ်ရာမှထခဲ့သည်။ စကြံ့ လမ်းလှေကားမှတစ်ဆင့် အောက်သို့ ဆင်းလာခဲ့သည်။ ဘုန်းကြီးကျောင်း ထဲတွင် ဘုန်းတော်ကြီးများသုံးရန် ကုဋီထ သုံးခန်းတွဲတစ်လုံး၊ ကိုရင်များအတွက် သုံးခန်းတွဲတစ်လုံး၊ ကျောင်းသားများ ကပ္ပိယများနှင့် လူဧည့်သည်များသုံးရန် အိမ်သာသုံးလုံး အသီးသီးရှိသော်လည်း ထိုအိမ်သာများကို ကျွန်တော်မသုံးပါ ကျွန်တော်စာသင်ကျောင်းအနောက်ရှိ ဆရာ၊ဆရာမများအတွက်သုံးရန်ဆောက် လုပ်ထားသောအိမ်သာသို့သွားခဲ့သည်။ ကျွန်တော် ကုဋီများအနားအရောက် ကျောင်းပေါ်မှ လူတစ်ယောက်ပြေးဆင်း လာသံကို တဒုန်းဒုန်းဖြင့် ကြားနေ သည်။ ထိုညက ဆရာတော် ကျောင်း မှာမရှိ။ ရပ်ဝေးတရားပွဲတစ်ခုသို့ ည ကြွနေသဖြင့်သာ တော်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှိက ကိုရင် သို့မဟုတ် ကျောင်းသားတစ်ဦးဦး အိမ်သာတက်လိုသဖြင့် ကျွန်တော့်နောက်သို့ ပြေးလိုက်လာခြင်း ဖြစ်မည်။

ကျွန်တော်က ကျွန်တော့်ကျောင်း အိမ်သာသို့ သွားတက်ပြီးပြန်လာချိန် တွင်အနားအရောက်တော့ မာတ်မီးဖြင့် ထိုးကြည့်တော့ ကုဋီများရော အိမ်သာများပါ အားလုံးတံခါးများပွင့်ကာ အထဲတွင် လူတစ်ဦးတစ်ယောက်မှ မရှိပါ။ စောစောက ပြေးဆင်းလာသူသည် သူ့ကိစ္စပြီးသဖြင့် ကျောင်းပေါ်ပြန်တက်သွားခြင်းဖြစ်မည်။ ထို့ကြောင့် ကျွန်တော်လည်း ကျောင်းပေါ်တက်လာခဲ့ပါသည်။ ကျောင်းမကြီးတံခါးကို ကျွန်တော်ပိတ်လိုက်ချိန်တွင် လှေကားမှပြေးတက်လာသောအသံကို ထပ်မံကြားလိုက်ရပြန်ပါသည်။ စောစောက အိမ်သာတက်ဖို့လိုက်လာသူသည် အိမ်သာထဲမဝင်ဘဲ ကျောင်းဘေးအပြင် လယ်ကွင်းထဲကို သွားခြင်းဖြစ်မည်။ ကျွန်တော် ကျောင်းပေါ်တက်လာတာကို မြင်လိုက်သဖြင့် ပြေးလိုက်လာခြင်း ဖြစ်မည်။ ထို့ကြောင့် ထိုသူဝင်လာနိုင်ရန် တံခါးဖွင့်ပေးလိုက်သည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ဝင်မလာခဲ့။ ထို့ကြောင့် စောစောက ကျွန်တော် လှေကားမှ လူတက်လာသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရပါလျက်နှင့် ယခုမတွေ့ရသောအခါ ဇဝေဇဝါဖြစ်သွားသည်။ နားကြားများလွဲသွားသလားပေါ့။ ထို့ကြောင့် တံခါးကိုပြန်ပိတ်လိုက်သည်။ နောက်သို့ပြန်လှည့်လာချိန်တွင် တံခါးခေါက်သံကို ထပ်မံကြားလိုက်ရသည်။ ကျွန်တော်ပြန်လှည့်ပြီး တံခါးဖွင့်ပေးလိုက်ပြန်တော့သည်။ ဘာကိုမှမတွေ့ရပြန်။



www.burmeseclassic.com

www.burmeseclassic.com

ဒါနှင့် တံခါးကို ပြန်ပိတ်ပြီး လှည့်ထွက်လာချိန် ခြေလှမ်းသုံး၊ လေးလှမ်းအရောက် တံခါးကို တဗုန်းဗုန်း ရိုက်သံကြီးမှာ ဟိန်းထွက်လာသည်။ ဒီတစ်ခါတော့ နားကြားမှားတာ လုံးဝ မဖြစ်နိုင်တော့။ တံခါးမှာ သွပ်ပြားကို သစ်သားဖြင့်ပေါင်ကွပ်ထားသောတံခါး ဖြစ်သဖြင့် တစ်ခုခုဖြင့်ထုရိုက်လိုက်ပါက အသံမှာ တော်တော်ကျယ်ပါသည်။ ဆရာတော်သာရှိလျှင် အဆူခံရမည်မှာ ကျိန်းသေပင်။ ကျွန်တော့်ကို နောက်ပြောင်နေသူ ဘယ်သူဖြစ်မည်နည်း။ တံခါးသည် ချက်ကိုဖြုတ်လိုက်လျှင် အနည်းငယ် ဟ,သွားတတ်ပါသည်။ ထို့ကြောင့် တံခါးချက်ကို အသံမမြည်နိုင်အောင်ဖွင့်ပြီးဟ,ပေးလိုက်၏။ကျွန်တော်ကမူ တံခါးနောက်မှ ဆွမ်းထမ်းထမ်းပိုးကိုယူပြီး ဝင်လာသူ၏ခေါင်းကိုရိုက်ရန် အသင့်ပြင်ထားလိုက်ပါသည်။

အချိန်အတော်ကြာသည်အထိဝင်လာသူကို မတွေ့ရသေးသဖြင့် ခေါင်းပြူကြည့်လိုက်ချိန် လှေကားထိပ်တွင် ကျွန်တော်နှင့်ရွယ်တူ ကောင်မလေးတစ်ယောက်ထိုင်ငိုနေသည်ကို တွေ့လိုက်ရပါသည်။ ထိုအခါ လက်ထဲမှဓာတ်မီးဖြင့် လှမ်းထိုးကြည့်လိုက်ရာ အင်္ကျီအဖြူ ထဘီအပြာရောင်ဝတ်ထားသူ ဆံပင်ရှည်ရှည်ကို တင်ပါးအထိ ဖားလျားချထားသူ ကောင်မလေးတစ်ဦး လှေကားထိပ်မှ ဆင်းပြေးသွားသည်ကိုတွေ့လိုက်ရရာ ကျွန်တော်လည်း နောက်မှဓာတ်မီးထိုးပြီးလိုက်သွားခဲ့သည်။ လှေကားအဆင်း မှောင်ရိပ်ထဲတွင် ပျောက်သွားသည်။ ကျောင်းဝင်းထဲတွင် လရောင်ဖြင့် လင်းလက်နေသည်။ ကျောင်းအောက်ရေအနံ့သို့ ဓာတ်မီးတစ်လက်ဖြင့်လိုက်ရှာသော်လည်း မတွေ့ရတော့ပါ။

ခပ်လှမ်းလှမ်း ကျောင်းအပြင်ဘက် လှည်းလမ်းတွင် အင်တိုင်းတောသို့ ထင်းခုတ်သွားသည့်လှည်းများမောင်းနေသံကြားရသည်။ ဆွမ်းစားကျောင်းခြံထောင့်တွင် ဖန်ခါးသီးပင်တစ်ပင်ရှိရာ ထိုအပင်မှ ဖန်ခါးသီးလာကောက်သူများလား သို့မဟုတ် ခိုးရာလိုက်ကြမည့် သမီးရည်းစားတွေများ အချိန်းအချက်လွဲကာ ကျောင်းထဲရောက်လာသလား။ ထို့ကြောင့် ကောင်မလေးက ငိုနေတာလား။ ကျွန်တော့်ကို အကူအညီတောင်းလိုသော်လည်း ရင်းနှီးမှုမရှိသဖြင့် မပြောရဲခြင်းလား၊ ကျွန်တော်ဝေခွဲမရဖြစ်ရပါသည်။ သို့နှင့် ကျွန်တော်လည်းကျောင်းပေါ် သို့ပြန်တက်ကာ အိပ်လိုက်ပါသည်။ နောက်တစ်နေ့ရွာထဲမှ ခိုးရာလိုက်သူရှိမရှိစုံစမ်းကြည့်ရာ မရှိကြောင်းသိရသည်။ ဒါဆို ညကတွေ့လိုက်ရသူ မိန်းကလေးမှာ ဘယ်သူလဲ။ စဉ်းစားရခက်လှပါသည်။

❑

နောက်တစ်နေ့ ကျောင်းတက်တော့ အနီးအနားမှာ ဆံပင်ရှည်ရှည်၊ မျက်နှာဝိုင်းဝိုင်းနှင့် ကောင်မလေးတစ်ယောက် ရှိ၊ မရှိ စုံစမ်းရပါတော့သည်။ သို့သော်လည်း ပေါ်ပေါ်ထင်ထင်မစုံစမ်းရဲပါ။ကျောင်းကိုရောက်စက ဆရာတော်က သမီးရည်းစားကိစ္စမျိုး သူ့ကျောင်းမှာ မှိုင်းခိုနေစဉ် မလုပ်ရ ဟူသော စည်းကမ်းကြောင့်ပါ။ ထို့ကြောင့် ကျောင်းအုပ်ဆရာမ အပျိုကြီးကိုလည်း ဖွင့်ဟမတိုင်ရဲ။ ကလေးတွေကိုသာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံစမ်းရပါတော့သည်။ နံနက် စောစော (၂) နာရီဝန်းကျင်ဆိုတော့ ကျောင်းနှင့်အနီးအနားမှာသာရှိရမည်။ ကိုယ်ကလည်း ရွာထဲမသွားရ၊ သူကလည်း ဘုန်းကြီးကျောင်းဆိုတော့ အကြောင်းကိစ္စမရှိဘဲလာလို့မရ။ ဆွမ်းပို့တာတောင်အဖော်တစ်ယောက်ပါရမည် ဟု ဆရာတော်က အမိန့်ထုတ်ထားသည်။ ထို့ကြောင့် ကျောင်းနှင့်ကပ်လျက် ပထမဆုံးအိမ်။ ထိုအိမ်တွင် ကျော်ကျော် ဆိုသော ပထမတန်းကျောင်းသားတစ်ဦးရှိသည်။ သူ့ထံက ပထမဦးဆုံး သတင်း နှိုက်ရပေမည်။

သည်နေရာတွင် ကျွန်တော်တို့ကျောင်း၏ဖွဲ့စည်းပုံကို တင်ပြလိုပါသည်။ ဖွဲ့စည်းပုံအမှန်က ကျောင်းအုပ်တစ်ဦး၊ လက်ထောက်နှစ်ဦး၊ ကျောင်းလုပ်သားတစ်ဦးဖြစ်သော်လည်း လက်ရှိတွင် ကျောင်းအုပ်က ဆရာမကြီး ဒေါ်လှလှကြိုင်တစ်ဦး၊ လက်ထောက်ကျောင်းဆရာက ကျွန်တော်တစ်ဦးသာရှိပါသည်။ ထို့ကြောင့် သူငယ်တန်းနှင့် တတိယတန်းကို ဆရာမကြီးကကိုင်ပြီး ပထမတန်း၊ ဒုတိယတန်းကို ကျွန်တော်က ကိုင်ရပါသည်။ စတုတ္ထတန်းကိုမူ ဘာသာရပ်ခွဲပြီး နှစ်ယောက်စလုံးသင်ပါသည်။ သို့သော်လည်း တစ်တန်းတွင် ကျောင်းသားက ရှစ်ယောက်မှ ဆယ့်ငါးယောက်သာရှိရာ လူနည်းသဖြင့် အဆင်ပြေပါသည်။

ဒုတိယတန်းကျောင်းသားများကို သချ်ာတွက်ခိုင်းလိုက်ပြီး ပထမတန်းကျောင်းသားများဘက်သို့ လျှောက်လာခဲ့သည်။ အင်္ဂလိပ်စာသင်ရန် စာအုပ်ထုတ်ခိုင်းလိုက်ပြီး -

"တို့ဒီကျောင်းအနားပတ်ဝန်းကျင်မှာ သူနာပြုဆရာတွေမရှိဘူးလား"

ဟု မေးလိုက်သည်။

ကလေးအဖြေက အားရစရာ၊

"မရှိဘူး"

ဟူသတည်း။

ကျွန်တော်စိတ်ပျက်နေစဉ် နီနီခိုင်ဆိုသော တပည့်မလေးက ကျော်ကျော်ကို -

"ဟဲ့ - မမမြင့်မြင့်အေးက ဆရာမ မဟုတ်ဘူးလား"

ဟု မေးသည်။

ကျော်ကျော်က -

"မဟုတ်ဘူး"

ဟု ဖြေသည်။

"အဲဒီနေ့က ထွေးလေးလှတင်ကို ဆေးလာထိုးပေးနေတာငါတွေ့တယ်"

ဟု ဆိုသည်။

"မမမြင့်မြင့်အေးက ဆရာမမှ မဟုတ်သေးတာ။ အခုမှ သင်နေတုန်း"

ဟု ဆိုသည်။

ကျွန်တော် သိချင်တာကလည်း ဒါပဲဖြစ်သည်။

ထို့ကြောင့် -

"သူက ဆရာမမဖြစ်သေးဘဲ အခုလိုဆေးထိုးလို့ရပါ့မလား"

ဟု စကားကိုနှိုက်မေးလိုက်သည်။

"ကျောင်းတက်နေတုန်းပဲရှိသေးတယ်ဆရာ။ အပြင်လူတွေထိုးမှာမဟုတ်ဘူး။ သူ့အမျိုးတွေပဲသူထိုးတာ"

ဟု ဆိုသည်။

"ဆရာလည်း နေမကောင်းဘူးဖြစ်နေတယ်ကွာ။ ဆေးထိုးလို့ရမလား မေးပေးပါ"

ဟု ပြောလိုက်စဉ် ဆရာမကြီးက-

"မောင်လှအောင် ဘာဖြစ်လို့လဲ"

ဟု မေးသည်။

ကျွန်တော်က ဖျားချင်သလိုဖြစ်နေကြောင်းပြောတော့ သူ့အိမ်နားမှာ ဆေးထိုးဆရာရှိကြောင်း၊ ကျောင်းက ပြန်သွားလျှင် လွှတ်ပေးလိုက်မည်ဟုဆိုကာ နဖူးကိုအပူလာစမ်းနေသေးသည်။ အရေးထဲ ဆရာမကြီးက ကြင်နာပြနေသဖြင့် -

"မဟုတ်ဘူး ဆရာမ၊ နောက်ဖျားရင်ပြောမယ်။ အခုဘာမှမဖြစ်သေးဘူး"

ဟု ပြောတာတောင် -

"အေး - ဖြစ်ရင်ပြော သူက ဆေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်၊ ပိုက်ဆံလည်းသိပ်မယူဘူး"

ဟု ဆိုနေပြန်သည်။

ပြီးမှ -

"သူကဘယ်မှာနေတာလဲ"

ဟု ကျော်ကျော်ကိုမေးသည်။

"ဘယ်သူ့ကိုမေးတာလဲ"

ဟု ပြန်မေးနေသေးသည်။

ဒီကလေးတော်တော်ထုံတာပဲဟု စိတ်ထဲကတွေးမိသည်။

ဒီအချိန်မှာ နီနီခင်က ဝင်ပြောသည်။

"မမြင့်မြင့်အေးကိုပြောတာပေါ့"

လို့ ပြောပြီး -

"ကျော်ကျော်တို့အိမ်ခြေရင်းကပါ ဆရာ"

ဟု ဝင်ပြောသည်။

သူသိချင်သည့် အကြောင်းအရာ သိရပြီ။

"ခုအိမ်မှာသူရှိလား"

ဆိုတော့ -

"ရှိတယ်၊ ပြန်ရောက်နေတာ သုံးရက်လောက်ရှိပြီ"

ဟု ဆိုသည်။

"သူကဘယ်ကိုသွားနေတာလဲ"

ဆိုတော့ -

"ဆေးကျောင်းတက်နေတာ"

ဟု ဆိုသည်။

ထိုအချိန် ဆရာမကြီးရောက်လာပြီး -

"ဆရာတပည့်တွေဘာတွေပြောနေတာလဲ"

ဟု ဆိုသည်။

ထိုအခါ ကျွန်တော်က -

"ဒီမှာ နေမကောင်းဖြစ်ရင် ဆေးထိုးဖို့ ကျော်ကျော်တို့အိမ်နားမှာရှိတယ် ဆိုလို့"

ဆိုတော့ -

"သြော် - ဟုတ်တယ်၊ မတင်ခသမီး မြင့်မြင့်အေး။ သူက အရုံသားဆွဲသင်တန်းတက်နေတာ မပြီးသေးဘူးထင်တယ်'

ဟု ဆိုသည်။

ကျွန်တော်သိလိုသောအကြောင်းအရာကို ဆရာမကြီးက ဝင်ပြောသွားသည်။ ဒီအတိုင်းဆိုလျှင် ဟိုတစ်ညက ဖန်ခါးသီးလာကောက်တာသူပင် ဖြစ်ရည်။ ဒါဆို ဒီရက်ပိုင်းအတွင်း သူပြန်သွားဦးမည်ထင်သည်။ အထူးသဖြင့် ညသန်းခေါင်ကျော် တစ်နာရီနှင့်နှစ်နာရီကြား ထင်းခုတ်မသွားမီလာမည်ဟုထင်သည်။ တစ်ခုစဉ်းစားရတာကလည်း ဟိုတစ်ညက တွေ့လိုက်စဉ် ငိုသံလိုလို ကြားမိသည်။ ဒါဆို သူဘာကြောင့်ငိုရသနည်း။

ထိုနေ့ကစလို့ ကျွန်တော် ညသန်းခေါင်ကျော်တစ်နာရီခန့် ထင်းခုတ်လှည်းများ မြို့ကြီးသို့မောင်းမည့်အချိန်တွင် ဖန်ခါးပင်အောက်သို့ သူရောက်လာလေမလားဟု မျှော်နေမိသည်။ သူလာလျှင်ပေးရအောင်ဆိုပြီး ဖန်ခါးသီးလေးများကို ကျွန်တော်ကောက်ထားသည်။ သို့သော်လည်း ကျွန်တော်မျှော်နေသူက သုံးရက်မြောက်နေ့မှာမှရောက်လာသည်။ ကျွန်တော့်ကို သူတွေ့လိုက်ရသည်နှင့် ထွက်ပြေးတော့သည်။ ကျွန်တော်[illegible]ကောက်ထားသော ဖန်ခါးသီးဆယ်လုံးခန့်ကို သူပြန်လာလျှင် ကောက်လို့ရအောင်ပုံထားပေးခဲ့ပါသည်။ နောက်သုံးရက်ခန့်ထိ သူမလာတော့ပါ။ သူမလာသည့်ရက်များတွင် ကျွန်တော့်စိတ်ထဲမှာ လွမ်းသလိုဆွေးသလိုလိုခံစားနေရသည်။ အမှန်ကတော့ သူနှင့် ကျွန်တော်သည် ချစ်သူသမီးရည်းစားလည်းမဟုတ်။ ကျွန်တော်မှာသာ သူ့ကိုမြင်လိုက်ရသည့်နေ့မှာပင် စွဲစွဲလမ်းလမ်းဖြစ်သွားရပါသည်။ သူကသာ ကျွန်တော့်ကို ခွင့်ပြုမည်ဆိုပါလျှင် လက်ထပ်ပြီးယူလိုသည်အထိ စိတ်ကူးယဉ်ကာ ခိုင်ခိုင်မာမာ စွဲလမ်းနေမိပါသည်။ သူမလာသော်လည်း သူလာတတ်သည့်အချိန်တိုင်း ကျွန်တော်မျှော်နေမိကြောင်း ဝန်ခံရပါမည်။ ကျောင်းသို့ရောက်က ဆရာတော်ကိုပေးထားခဲ့သောကတိကို ချိုးဖောက်ချင်စိတ်သာ ဝင်နေမိပါတော့သည်။ နောက်ထပ် (၃) ရက်လောက်ကြာချိန်မှာတော့ သူပြန်ရောက်လာခဲ့ပါသည်။ သူပြန်လာသည့်နေ့က သူ့ကို ကျွန်တော် တွေ့နေပမယ့် ထွက်ပြီးမတွေ့ရဲသေးပါ။ သူကလည်း လရောင်အောက်မှာ သူ့ဓာတ်မီးသေးသေးလေးအားကိုးဖြင့် ဖန်ခါးသီးများကို ရှာနေပါသည်။ ကျွန်တော်က ဓာတ်မီးဖြင့် လှမ်းထိုးလိုက်သည့်အခါ သူက ကျွန်တော့်ကို ပြန်လှည့်ကြည့်ပြီးပြေးရန် ပြင်ပါသည်။

ကျွန်တော်က -

"မပြေးပါနဲ့၊ ဒီဖန်ခါးသီးလေးပေးချင်လို့ပါ"

ဟု ပြောပြီး သူမနှင့် မလှမ်းမကမ်းမှာ ဖန်ခါးသီးလေးများကို မြေပေါ်ပုံပေးလိုက်ပါသည်။ ပြီးတော့ ကျွန်တော်လည်း လှည့်ပြန်လာခဲ့သည်။ ကျောင်းခြံစည်းရိုးနားအရောက်မှာ သူ့နောက်ကို ပြန်လှည့်ကြည့်ခိုက် ကျွန်တော်နှင့် အကြည့်ဆုံပါသည်။ မမျှော်လင့်ဘဲ ရည်ရွယ်မထားဘဲ သူ့ကို လက်ပြလိုက်မိပါသည်။ သူကလည်း ပြုံးပြီး ကျွန်တော့်ကို ပြန်လက်ပြပြီး မှောင်ရိပ်ထဲတိုးဝင်ပျောက်ကွယ်သွားပါသည်။ ကျွန်တော်တို့နှစ်ယောက်၏ အခြေအနေသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာခဲ့ပြီဟု ဆိုရပါမည်။

❑

နောက်တစ်နေ့မှာတော့ ဖန်ခါးပင်အောက်ကို ကျွန်တော်ကြိုရောက်နေခဲ့ပါတယ်။ သိပ်မကြာခင်မှာ သူရောက်လာပါတယ်။ သူလာရင်ထိုင်လို့ရအောင် သစ်တုံးနှစ်တုံးကို ကျွန်တော် ကြိုချထားခဲ့ပါတယ်။

သူက-

"မအိပ်ဘူးလား"

ဆိုတော့

ကျွန်တော်က -

"အိပ်ချင်စိတ်မရှိသေးလို့။ ဒီ့ကိုလည်းကောက်ထားတဲ့ ဖန်ခါးသီးတွေ ပေးချင်လို့ စောင့်နေတာ"

ပြောတော့ သူပြုံးပါတယ်။ သူက ပြုံးလိုက်ရင်ပိုလို့လှပါတယ်။ သူ့မျက်နှာဟာ အပြစ်ကင်းစင်တဲ့ကလေးလေးလိုပါပဲ။ သစ်တုံးနှစ်တုံးပေါ်မှာ မျက်နှာချင်းဆိုင်ပြီး တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေကြပါတယ်။

ကျွန်တော့်ရင်ထဲမှာတော့ သူ့ကိုပြောချင်တဲ့စကားတွေပြည့်လို့နေပါတယ်။ ဒါပေမယ်လို့ ပြောမထွက်ခဲ့ပါဘူး။ တစ်နာရီလောက်ကြာတော့ သူကပြန်တော့မယ်လို့ဆိုပါတယ်။ ကျွန်တော်က လိုက်ပို့မယ်ဆိုတော့ ကျွန်တော့်ကိုမပို့နဲ့လို့ပြောပါတယ်။ လိုက်ပို့ခွင့်မရတဲ့ ချစ်ရသူကို ရပ်ပြီးမျှော်ကြည့်နေခဲ့ရပါတယ်။

❑

ဒီလိုနဲ့ သူနဲ့ ကျွန်တော်ဟာ လသာည (၅) ခုကို လွန်မြောက်လာတဲ့အထိ ချစ်သူဘဝကို မရောက်ကြသေးပါဘူး။ တွေ့ကြရင်ပြောတဲ့စကားတွေကလည်း ရောက်နေတာကြာပြီလား၊ ပြန်တော့မယ်လိုက်မပို့နဲ့နော်။ နောက်နေ့ရောလာဦးမှာလား။ စောင့်နေလေဆိုတာတွေပါပဲ။ တစ်နေ့မှာတော့ ကျွန်တော်က သူ့ကို ဒိုင်ယာရီစာအုပ်တစ်အုပ်နဲ့ ရေမွှေးတစ်ပုလင်း လက်ဆောင်ပေးလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်ကနံလို့ ရေမွှေးပေးတာလားလို့ မေးပါတယ်။ ကျွန်တော်က

www.burmeseclassic.com

နံလား၊ မနံလားဆိုတာတော့ မွှေးကြည့်မှသိမှာပေါ့။ ခုကတော့ မွှေးမှမမွှေးရသေးတာ ဘယ်လိုလုပ်သိမလဲဆိုတော့ လူလည်လို့ဆိုပါတယ်။ ကျွန်တော့်သဘောထားကို သူသိအောင် ဖွင့်ဟမပြောရသေးပေမယ်လို့ သူလည်းသိနေလိမ့်မယ်ထင်တာပါပဲ။ ကျွန်တော့်အပေါ်မှာ သူ့သဘောထားဘယ်လိုရှိမယ်ဆိုတာကိုလည်း သူ့မျက်ဝန်းတွေကတစ်ဆင့် ကျွန်တော်သိနေခဲ့တာပါ။ သူက နောက်နေ့တွေ မျှော်မနေနဲ့တော့လို့ ပြောပါတယ်။ သူကျောင်းပြန်တက်ရတော့မှာလားဆိုတော့ ခေါင်းညိတ်ပြပါတယ်။ ဘယ်တော့ပြန်လာဦးမှာလဲဆိုတော့ နောက်တစ်ခေါက် လသာရက်ပေါ့လို့ဆိုတယ်။ ဒီတော့မှ ကျွန်တော်လည်း ရက်တွက်မိတယ်။ ဒီနေ့ဟာ လပြည့်ကျော်သုံးရက်နေ့ ဆိုတော့ နောက်ထပ် လသာဖို့ (၁၄)ရက်လောက်စောင့်ရဦးမှာပေါ့လို့ဆိုတော့ ဘာဖြစ်လို့တွေ့ချင်တာလဲလို့ သူကမေးပါတယ်။

ဒါဟာ မသိလို့မေးတဲ့မေးခွန်းလို့ ကျွန်တော်မထင်မိပါဘူး။ သိချင်လို့မေးတဲ့မေးခွန်းသာဖြစ်မယ်လို့ယူဆပါတယ်။ တို့က သူ့ကိုချစ်နေမိပြီလေလို့ပြောပြီး သူကကောလို့ မေးလိုက်ပါတယ်။ သူ့လက်နှစ်ဖက်ကိုလည်း ဆွဲယူကိုင်လိုက်မိပါတယ်။ ဒီလုပ်ဆောင်ချက်တွေဟာ ကြိုတင် ပြင်ဆင် ကြံစည်ထားတာ ဘာတစ်ခုမှမရှိဘဲဖြစ်ခဲ့ရတာပါ။ သူ့လက်နှစ်ဖက်ကိုကိုင်လိုက်တဲ့အခါ ကျွန်တော့်ကို ကြောက်တဲ့စိတ်ကြောင့်အေးစက်နေတာကိုတွေ့လိုက်ရတော့ ကျွန်တော့်ချစ်သူဟာ ဘာအတွေ့အကြုံမှမရှိသေးတဲ့ အရိုင်းပန်းကလေးတစ်ပွင့်ဆိုတာကို ကျွန်တော်သိခွင့်ရလိုက်ပါတယ်။

ဘာမပြောညာမပြောနဲ့ ကျွန်တော့်ရင်ခွင်ထဲကို တိုးဝင်ခဲ့ပြီး သူငိုနေခဲ့ပါတယ်။ ကျွန်တော်လည်း ဘာမှမပြောတော့ဘဲ တသိမ့်သိမ့်တုန်နေတဲ့ သူ့ရဲ့ကျောပြင်လေးကိုသာ သိုင်းဖက်ထားလိုက်ပါတယ်။ ခဏကြာတော့ မျက်ရည်စတွေနဲ့ သူကျွန်တော့်ကိုမော့ကြည့်လိုက်ပါတယ်။ ကျွန်တော်ကလည်း သူ့ရဲ့မျက်ရည်စတွေကို လက်နဲ့သုတ်ပေးရင်း သူ့နဖူးလေးကို မွှေးမွှေးပေးလိုက်မိပါတယ်။ ရုတ်တရက် သူထပြီး ပြန်တော့မယ်လို့ ငိုသံပါကြီးနဲ့ စကားပြောပြီး ထွက်ပြေးသွားခဲ့ပါတယ်။ ဒါဟာ သူနဲ့ကျွန်တော် နောက်ဆုံးတွေ့ဆုံခဲ့ရတာဆိုတာကို အဲဒီအချိန်က ကျွန်တော်မသိခဲ့ရပါဘူး။ ချစ်တဲ့အကြောင်းကို တရားဝင်ဖွင့်ပြောမိတဲ့နေ့မှာပဲ ချစ်ရသူက ရှိုက်ကြီးတငင်ငိုကြွေးပြီး ထွက်ပြေးခဲ့ရတယ်ဆိုတာ ဖြစ်တော်င့်ဖြစ်ခဲကိစ္စတစ်ခုမို့ စာဖတ်သူတောကြုံဖူးပါသလားလို့ မေးကြည့်ချင်ပါတယ်။ ကျွန်တော်ကတော့ လက်တွေ့ကြုံနေခဲ့ရပါပြီ။

နှစ်လကျော်လို့သုံးလထဲကိုရောက်နေပါပြီ။ လသာရက်သုံးပတ်ကိုလည်း ကျော်လွန်ခဲ့ပါပြီ။ ချစ်ရတဲ့သူက ပေါ်မလာတော့ပါ။ လသာရက်ကိုရောက်တိုင်း ဖန်ခါးပင်အောက်ကို လှမ်းမြင်နေရတဲ့ စကြိုလမ်းပေါ်က ခုံတန်းရှည်လေးမှာ ထွက်ပြီးထိုင်စောင့်နေခဲ့ပေမယ့် သူကတော့ ပေါ်မလာတော့ပါဘူး။ နောက်ဆုံးတွေ့ခဲ့တဲ့နေ့က သူဘာကြောင့်ငိုရတာလဲ။ ခုနောက်ပိုင်းမှာ ဘာကြောင့်လာမတွေ့ရတာလဲ။ ကျောင်းကပဲပြန်မရောက်သေးတာလား ဝေခွဲလို့မရပါဘူး။

နောက်ဆုံးမှာတော့ လည်လည်ပတ်ပတ်ရှိတဲ့ ကျွန်တော့်တပည့်မလေးကို လှည့်ပတ်မေးကြည့်ဖို့ စိတ်ကူးလိုက်ပါသည်။

"သမီး-နီနီခိုင်၊ ဒီနားက ဟိုအရင်တစ်ခါ ဆေးထိုးတယ်ဆိုတဲ့ မမပြန်ရောက်ပြီလား"

"မရောက်သေးဘူး ဆရာ။ ဒီတစ်ခါ ရွာတွေကိုသွားရတယ်လို့ပြောတယ်"

ဟု ဆိုသည်။

သူနှင့် ကျွန်တော့်ကြားမှာ ချစ်ဟူဟု တိတိကျကျမဆိုနိုင်စေကာမူ သူလည်း ကျွန်တော့်ကို လက်ခံနိုင်မည်ဟု ယူဆပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော့်ဘက်ကတော့ ဖိတ်စာတစ်ခြမ်း ရိုက်ထားပြီးပြီဟု ဆိုနိုင်ပါသည်။ တပည့်မလေးထံက သတင်းစကားကြောင့် သူပြန်မရောက်သေးလို့သာ ရောက်မလာတာဖြစ်မည်။ ပြန်ရောက်လာလျှင် သူကျွန်တော့်ထံရောက်ရောက်လာပါလိမ့်မည်ဟု ယုံကြည်ပါသည်။ ကမ္ဘာဦးအစက ယောကျ်ားတို့ ကျင့်သုံးလာခဲ့သော မလေ့ထုံးစံဖြစ်သည့် ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာဆိုတာကို ကျွန်တော်တို့နှစ်ဦးအတွက် ပြောင်းပြန်ယူရမည် ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားဖြစ်သူကျွန်တော်ကသာ မျှော်နေရသူဖြစ်နေရသောကြောင့်သည်။

ဒီလိုနှင့် လပြည့်နေ့တစ်နေ့မှာတော့ ရွာထဲမှ လူငယ်လူပျို၊ အပျိုများစုကာ ကျောင်းသို့ ဘုန်းတော်ကြီးကို ကန်တော့ရန် ရပ်ဓလေ့ရွာဓလေ့အရ လာကြပါသည်။ ကျောင်းမှာသန့်ရှင်းရေးလုပ်ငန်းကပ်လှူ၊ တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ် စသည်ဖြင့် လုပ်ဆောင်ကြပါသည်။ ထိုအချိန်မျိုးတွင် ကျောင်းကြီးပေါ်တွင်မနေပါ။ စင်္ကြံလမ်းခုံတန်းလျားလေးပေါ်တွင်အိပ်နေလိုက်ပါသည်။ ထိုအခါ ရွာထဲမှာ ကျွန်တော်နှင့်ရင်းနှီးသူ လူငယ်နှစ်ယောက်၊ သုံးယောက်က လိုက်ရှာကြပါသည်။ နောက် ကျွန်တော်အိပ်နေသည့်နေရာသို့ ရောက်လာပြီး လူငယ်တို့သဘာဝ ရယ်စရာမောစရာများ ပြောဆိုရယ်မောနေကြပါသည်။ နောက်ဆုံးကျန် လူပျို၊အပျိုများပြန်သွားသည့်တိုင် ကျွန်တော်တို့အုပ်စုကတော့ ပြောဆိုရယ်မောကာကျန်နေခဲ့ပါသည်။

ထိုအချိန်တွင် ဆန်းဝင်းဆိုသူက-

"ဟာ-ကျောင်းဆရာ ဒီနေရာမှာ နေ့တိုင်းလာအိပ်တာလား"

ဟု မေးသည်။

ကျွန်တော်က -

"ဟုတ်တယ်"

ဆိုတော့ -

"ဟာ-ဘာမှမတွေ့ဘူးလား"

ဟု ဆိုသည်။

ကျွန်တော်က -

"ဘာကိုတွေ့ရမှာလဲ"

ဆိုတော့ နောက်တစ်ယောက်က ဝင်တားသည်။

"ဟေ့ကောင်၊ ဘုန်းကြီးသိရင် ဆူလိမ့်မယ်"

ဟုဆိုသဖြင့် မပြောတော့။

ကျွန်တော်သိလိုက်ပါပြီ။ ဒီနေရာနှင့်ပတ်သက်သောကိစ္စတစ်ခုခုရှိနေပြီ။ ထိုကိစ္စကိုပိုသိလိုသည်ဖြစ်ရာ ကျွန်တော်က အတင်းမေးပါလေတော့သည်။ ထိုအခါ ဆွင်  းကျောင်းနှင့်ပတ်သက်သော လွမ်းမောဖွယ်ဇာတ်လမ်းတစ်ပုဒ်ကို ကြားလိုက်ရပါတော့သည်။

□

ဒီဆွမ်းစားကျောင်းဟာ အရင်က လူနေအိမ်ပါ။ ရွှေတောင်မြို့နယ်ထဲက ရွာကြီးတစ်ရွာပါ။ အိမ်ပိုင်ရှင်ရဲ့သမီးဟာ သူတို့သဘောမတူတဲ့သူတစ်ဦးနဲ့ ချစ်ကြိုက်နေလို့ တားမြစ်ပါတယ်။ ကောင်လေးကိုလည်း အမျိုးမျိုးရန်စ တယ်တဲ့။ နောက်ဆုံးမှာတော့ သူ

www.burmeseclassic.com

www.burmeseclassic.com

နဲ့မပေးစားလို့ ကြိုးဆွဲချသေကြောင်းကြံခဲ့ပါတယ်တဲ့။ သူသေပြီးတဲ့နောက်မှာ ညနေ နေဝင်ရီတရောမှာ အိမ်ထုပ်တန်းမှာ ကြိုးဆွဲချနေတဲ့ပုံစံလုပ်လုပ်ပြလို့ အိမ်ကလူတွေ မနေရဲတော့ပါဘူး။ ဒါကြောင့် ဒီအိမ်ကို ဈေးသက်သက်သာသာနဲ့ ရောင်းလိုက်တဲ့အခါ အကြောင်းမသိတဲ့နောက်တစ်ရွာက ဝယ်ပါတယ်။ ဒီအိမ်မှာလည်း ဒီလိုပါပဲ။ ညညဆို ကြိုးဆွဲချပြနေလေတော့ နောက်ဆုံး ရတဲ့ဈေးနဲ့ရောင်းရပြန်တာပေါ့။ ဒီအခါမှာ မင်္ဂလာကျွန်းကျောင်းဆရာတော်ရဲ့ဇာတိရွာကိုရောက်လို့လာပါတယ်။ ရွာသုံးရွာပိုင်ရှင်သုံးဦးပြောင်းခဲ့ပေမယ့်လို့ ဒီအိမ်အပေါ်စွဲလမ်းနေတဲ့အစွဲကြောင့် မကျွတ်လွတ်နိုင်ခဲ့ပါဘူး။ ဒီလိုနဲ့ ဒီအိမ်ရဲ့သတင်းဟာ အနီးအနားပတ်ဝန်းကျင်မှာ ပျံ့နှံ့နေလေတော့ ဘယ်သူမှမဝင်ရဲကြတော့ပါဘူး။ နောက်ဆုံးမှာတော့ မကောင်းတော့ပါ ဆိုတဲ့မြန်မာစကားပုံအတိုင်း မင်္ဂလာကျွန်းဆရာတော်ကို လှူပါသတဲ့။ ဆရာတော်က အလှူခံပြီး ဆွမ်းစားကျောင်းဆောက်လိုက်ပါတယ်။

ဒီနောက်ပိုင်းမှာလည်း အလားတူပြပါသေးသတဲ့။ မင်္ဂလာကျွန်းဆရာတော်က နင်ဒီလို လုပ်နေမယ်ဆိုရင် နင့်အတွက်လည်း မကောင်း၊ ငါ့အတွက်လည်းမကောင်းဘူး။ နင့်ကိုလည်း ဒီနေရာမှာ နေခွင့်မပေးနိုင်ဘူးဆိုတော့မှ နောက်နောင်ဘယ်သူ့ကိုမှမနှောင့်ယှက်တော့ပါဘူးဆိုတဲ့ကတိနဲ့ နေခွင့်ပြုထားတာလို့ ဆိုပါတယ်။ အခုနောက်ပိုင်း ခြောက်သံလှန့်သံများ မကြားရတော့ပါ။

သူတို့ပြောစကားအရဆို လသာရက်ညတစ်ညမှာ မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ပြီး ကျွန်တော် စွဲလမ်းခဲ့ရသူဟာ လူသားစင်စစ်မှ ဟုတ်ရဲ့လား ဆိုတာ ဆန်းစစ်ရပါတော့မယ်။ ကျွန်တော်ကတော့ ကျွန်တော်စွဲလမ်းခဲ့ရသူဟာ ကျွန်တော်စာသင်ကျောင်းနဲ့ တစ်ခြံခြားမှာနေတဲ့ မမြင့်မြင့်အေးလို့ ယူဆထားတာပါ။ ဟုတ်၊ မဟုတ်ဆိုတာကတော့ မကြာခင်မှာ ပြန်ရောက်လာမယ့် မမြင့်မြင့်အေးကို စောင့်ကြည့်ရမှာပါ။ သို့သော်လည်း ဒီပြဿနာတာ ဘယ်သူ့ကိုမှ ဖွင့်ဟတိုင်ပင်လို့မရပါဘူး။ ကျွန်တော်ပြောပြလည်း ယုံနိုင်မယ့်သူ တစ်ယောက်မှမရှိနိုင်ပါဘူး။

ကျွန်တော့်ကိုသာ အရူးလို့ ဝိုင်းပြောကြမှာပါ။ တကယ်လို့များ ကျွန်တော်နဲ့ဆုံတွေ့ခဲ့ရသူဟာ မမြင့်မြင့်အေး မဟုတ်ပါရင် ကျွန်တော်ကရော ဘာလုပ်ရမလဲဆိုတာ ကျွန်တော်ကိုယ်တိုင် မတွေးတတ်တော့ပါ။

ဒီလိုနဲ့ ကျွန်တော်မျှော်နေရတဲ့ မမြင့်မြင့်အေး ပြန်ရောက်လာပါပြီဆိုတဲ့ သတင်း ကျွန်တော့်ထံရောက်လို့လာပါတယ်။ ကျွန်တော် လသာညတစ်ညမှာ တွေ့ခဲ့ စွဲလမ်းခဲ့ရသူဟုတ်၊ မဟုတ်စောင့်ကြည့်ရပါမယ်။ နည်းကတော့ လွယ်လွယ်လေးပါ။ နေမကောင်းဘူး၊ ခေါင်းမူးနေလို့ ခဏလောက်လာကြည့်ပေးပါဆိုခေါ်လိုက်ရင် ဒါလည်းမကောင်းသေးပါဘူး။ ဆရာမကို ကျောင်းကိုခေါ်တာ ဆရာတော်သိသွားရင် အဆူခံရမှာ။ ဒါကြောင့်မို့ အိမ်ကိုပဲသွားလိုက်တယ်။ ဆရာတော်သိသွားရင်လည်း နေမကောင်းလို့ ဆေးသွားတောင်းတာလို့ ပြောလိုက်ရုံပေါ့။ ဘာခက်ထားမှတ်လို့။ ဒီလိုနဲ့ နီနီဆိုတဲ့ ကျွန်တော့်တပည့်မလေးကို အဖော်ပြုလို့သွားခဲ့ပါတယ်။ အသွားတုန်းက ဟန်ဆောင်လူမမာပါ။ မမြင့်မြင့်အေးဟာ ကျွန်တော်စွဲလမ်းနေရတဲ့ သူဟုတ်၊ မဟုတ်သိချင်လို့ ဟန်ဆောင်ပြီးသွားခဲ့တာပါ။ တကယ်တမ်းတွေ့ရတဲ့အခါမှာတော့ လညာရက်ညတချို့မှာ ကျွန်တော်နဲ့ငွေ့ခဲ့ရတဲ့သူ ကျွန်တော် ချစ်ခွင့်ပန်ခဲ့သူမဟုတ်ခဲ့ပါဘူး။ ရှက်ခြင်း၊ ဝမ်းနည်းခြင်းနဲ့ အမျိုးအမည်မခွဲခြားနိုင်တဲ့ ဝေဒနာတွေ ကျွန်တော့်ရင်ထဲမှာ စုပုံခံစားလိုက်ရတော့ မိုက်ခနဲဖြစ်ပြီး လဲကျကာ သတိလစ်သွားပါတော့တယ်။ ကျွန်တော့် တပည့်မလေးရဲ့ အလန့်တကြားအော်သံ ဆရာမ "မမြင့်မြင့်အေး" အော်သံတို့ကြောင့် အိမ်နီးချင်းတွေ ရောက်လာပြီး ကျွန်တော့်ကို ဆေးကုပြီး ကျောင်းပြန်ပို့ပေးရပါတော့တယ်။

❑

ကျွန်တော့်ရင်ထဲမှာ ဘယ်သူ့ကိုမှလည်း ရင်ဖွင့်လို့မရ တိုင်ပင်လို့မဖြစ်တော့။ မျိုသိပ်လို့သာနေခဲ့ရပါသည်။ ဖွင့်ပြောမြန်လျှင် ကျွန်တော့်ကို အရူးလို့ ပြောကြလိမ့်မယ်ဆိုတာကိုလည်းသိနေသည်။ ဒါပေမယ်လို့ ကျွန်တော် လုံးဝ မကျေနပ်နိုင်သေးပါ။ ဒီကိစ္စကို သေသေချာချာသိရအောင် စုံစမ်းရဦးမှာပါ။ ဒီလိုနှင့် ဒီဇင်ဘာကျောင်းပိတ်ရက်မှာ မြန်အောင်ကို ကျွန်တော်ပြန်ခဲ့ပါသည်။ ကျွန်တော်တို့သူငယ်ချင်းတွေထဲမှာ ရွှေတောင်၊ မြစ်နားတန်း (မြစ်နားတန်းဆိုသည်မှာ ဧရာဝတီမြစ်ကမ်းဘေးရှိ ရွာများအားလုံးကို ခေါ်ဆိုပါသည်။ စကားသံဖြင့်ပြောလျှင် မြင်းနားတန်းဟု အသံထွက်ပါသည်။ ရွှေတောင်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ဘေးရွာများကို ရွှေတောင်မြင်းနားတန်း၊ မိုးညိုမြင်းနားတန်း စသည်ဖြင့်ခေါ် ဝေါ်ကြပါသည်။) ကံကောင်းချင်တော့ ကျွန်တော့်ထက် တစ်ရက်သာငယ်သော ကျွန်တော့်သူငယ်ချင်း ယဉ်ယဉ်ဝေတို့ ဇနီးမောင်နှံက ရွှေတောင်မြစ်နားတန်းရွာကြီးတစ်ရွာဖြစ်သည့် ရင်းတိုက်ကုန်းဆိုသည့်ရွာတွင် အလယ်တန်းပြအဖြစ် တာဝန်ကျနေသည်။ ရေငတ်တုန်း ရေတွင်းထဲကျဆိုသည့်ပမာ ကျွန်တော် မြန်အောင်သို့ ပြန်လာချိန်တွင် သူတို့လင်မယားနှစ်ယောက်လည်း ပြန်ရောက်နေသည်။ သို့ဖြင့် သူတို့နှင့် ကျွန်တော်သွားတွေ့သည်။ သူတို့လင်မယားနှစ်ယောက်စလုံးမှာ ငယ်သူငယ်ချင်းများဖြစ်သည့်အားလျော်စွာ ပွင့်ပွင့်လင်းလင်းတိုင်ပင်လို့ရပါသည်။ ကျွန်တော်အကြောင်းစုံပြောပြတော့ ခင်မောင်ဝင်းက -

"မင်းကလည်းကွာ၊ စိတ်ကူးတွေယဉ်ပြီး ဇာတ်လမ်းတွေလုပ်နေပြန်ပါပြီ"

ဟု မယုံသလိုဆိုပြန်သည်။

ထို့ပြင် သူ့မိန်းမဘက်ကိုပါလှည့်ပြီး -

"မိန်းမရေ၊ ဒီကောင်ပြောတာ တွေသိပ်မယုံနဲ့"

ဟု ဆိုပြန်သည်။

ယဉ်ယဉ်ဝေကမြုံး၍ -

"အေးဟဲ့ - လူအောင်၊ အဲဒီဇာတ်လမ်းကို ငါကြားဖူးတယ်။ ငါတို့ကျောင်းဆရာမတစ်ယောက်ရဲ့ အစ်မလို့ပြောတယ်။ ငါစုံစမ်းပေးမယ်"

ဟု ဝမ်းသာစရာသတင်းစကားဆိုပါသည်။

"စုံစမ်းမယ်ဆိုလည်း မြန်မြန်စုံစမ်းပေးပါဟာ၊ ဒီကိစ္စက ငါ့အတွက် အရမ်းကို အရေးကြီးနေလို့"

ပါလို့ ထပ်ပြောလိုက်ပါတယ်။

"ဟဲ့အကောင်- ခုကျောင်းပိတ်ရက်လေ၊ ဘယ်လိုစုံစမ်းရမလဲ။ ကျောင်းပြန်ဖွင့်မှ စုံစမ်းလို့ရမှာပေါ့ဟဲ့"

ဟု ဆိုသည်။

ကျွန်တော်လည်း ရယ်ကျဲကျဲလုပ်ကာ -

"အေးပါဟာ၊ နင့်မေ့မှာစိုးလို့ပြောတာပါ"

လို့ ပြန်ပြောလိုက်ပါတယ်။

ခင်မောင်ဝင်းကတော့ -



www.burmeseclassic.com

www.burmeseclassic.com

"ဒီအတိုင်းတော့ မရဘူး ဟော့ကောင်။ တို့လင်မယားကို မင်းမုန့်ကျွေးရမယ်"

"အေးပါကွာ၊ ယဉ်ယဉ်ဝေကို မုန့်ကျွေးပါ့မယ်။ မင်းကိုတော့ မင်းကြိုက်တတ်တာလေးတိုက်ပါ့မယ်"

ဆိုတော့ -

"တကယ်လား၊ ငါအကျီဝတ်လိုက်ဦးမယ်"

ဟု ဆိုပြီးဆင်းလာပါသည်။ အိမ်ပေါ်မှ ယဉ်ယဉ်ဝေက အလွန်အကျွံတွေ လုပ်မလာနဲ့ဦးနော်ဟု သတိပေးစကားဆိုသည်။

ကျွန်တော်သည် အရက်သောက်တတ်သူမဟုတ်ပါ။ သို့သော် ထိုနေ့ကတော့ တော်တော်သောက်လိုက်မိပါသည်။ အမူးလွန်ပြီး အိမ်မပြန်နိုင်သဖြင့် ခင်မောင်ဝင်းတို့အိမ်တွင် အိပ်လိုက်ရပါသည်။ နံနက်လင်းတော့ ခေါင်းတွေကိုက်နေပါသည်။

"ကိုယ်သောက်တတ်တာလည်းမဟုတ်ဘဲနဲ့ နင် ငါ့ယောက်ျားနဲ့လာတွဲသောက်ပြီးတော့ လူမှန်းသူမှန်းမသိမူးပြီး ဥစ္စာစောင့်မှန်းမသိ၊ သရဲမှန်းမသိတဲ့ဟာမကိုစွဲလမ်းပြီး လူမှန်းသူမှန်းမသိအောင်သောက်။ နင့်အမေသိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ ညကဒီမှာသိပ်ထားရတယ်"

ဟု ဆိုသည်။

"ဟာ - ဒါဆို ညက အမေစိတ်ပူနေမှာပေါ့ဟ"

ဟု ပြောတော့ -

"အမလေး - သားအလိမ္မာလေးရယ်။ ဒီကိစ္စအတွက်လည်း ကျွန်တော်မျိုးမစီစဉ်ထားပြီးသားပါ။ ကြီးကြီးညိုတင်ဆီကို ငါကိုယ်တိုင်သွားပြီး ခင်မောင်ဝင်းကြွေးတောင်းသွားတာ အဖော်မရှိလို့ လူအောင်ကိုထည့်လိုက်တယ်လို့ ငါသွားပြောထားပါတယ်။စိတ်ချလက်ချနေပါ"

ဟု ဆိုလေသည်။

"ငါ့သူငယ်ချင်းတွေထဲမှာတော့ နင်တို့လင်မယားနှစ်ယောက်လောက်တော်တဲ့သူတစ်ယောက်မှမရှိဘူးသိလား။ အဲဒါကြောင့် ငါ နင့်ကို လက်ဖက်ရည်တိုက်မယ်။ နင်စားချင်တဲ့မုန့်လည်းစား၊ လာ - သွားကြမယ်"

"ကိုယ်တော် နာရီလည်းကြည့်ဦး။ ဒီအချိန် လက်ဖက်ရည်သောက်ရမယ့်အချိန်မဟုတ်တော့ဘူး။ ဆယ်နာရီတောင်ထိုးတော့မယ်"

ဆိုမှ နာရီကြည့်တော့ ဟုတ်သည်။

"ကဲ - ဒါဆိုလည်း ပြန်တော့မယ်ဟာ။ နင်တို့လင်မယားနှစ်ယောက်ကို ကျေးဇူးတင်တယ်"

ဆိုပြီး ပြန်လာခဲ့သည်။

လွန်ခဲ့သည့်အနှစ်(၂၀)။ ထိုအချိန်က ယခုခေတ်လို ဖုန်းများကလည်းမရှိသေးတော့ ကျောင်းပြန်ဖွင့်ချိန်ရောက်အောင် သည်းခံစောင့်ဆိုင်းနေခဲ့ရပါသည်။ ဒီဇင်ဘာကျောင်းပိတ်ရက်ကုန်ဆုံးပြီး ကျောင်းများပြန်ဖွင့်ချိန်ပင်ရောက်လာခဲ့ပါပြီ။ ဇန်နဝါရီလ လစာထုတ်ချိန်တွင်တော့ ကျွန်တော်မျှော်လင့်နေသောသတင်းက ကျွန်တော့်ထံရောက်လာခဲ့ပါပြီ။ မြို့နယ်ပညာရေးမှူးရုံးတွင် လစာသွားထုတ်တော့ ကျွန်တော့်နာမည်၊ ကျောင်းလိပ်စာဖြင့် စာတစ်စောင်ကစောင့်ကြိုနေပါသည်။ ဖောက်ဖတ်လိုက်တော့ ခင်မောင်ဝင်းတို့လင်မယားရေးလိုက်သောစာပါ။ စာအိတ်ကိုဖောက်လိုက်တော့ သူနာပြုဝတ်စုံဖြင့်ရိုက်ထားသော အမျိုးသမီးဓာတ်ပုံတစ်ပုံထွက်လာသည်။ ထိုဓာတ်ပုံပိုင်ရှင်မှာ အိပ်မက်ကမ္ဘာထဲမှာ ကျွန်တော်ချစ်ခဲ့ရသူလေးဖြစ်ပါသည်။ ဓာတ်ပုံကြည့်ပြီး ကျွန်တော်မည်မျှကြာအောင်ငိုင်သွားမိသည် မသိ။

"ဟေ့ - တို့ကျောင်းဆရာတစ်ယောက် ရည်းစားက လင်ယူတော့မယ်လို့ စာရေးလိုက်တယ်ထင်တယ်။ စာဖတ်ပြီးငိုင်နေတာအကြာကြီးပဲ"

ဟု လုပ်ဖော်ကိုင်ဖက်ဆရာမတစ်ယောက်က နောက်လိုက်မှ သတိပြန်ဝင်လာသည်။ ဆရာမကိုရယ်ပြလိုက်ပြီး-

"ဟုတ်တယ် ဆရာမရေ၊ ယောကျ်ားယူတော့မယ်"

ဆရာမက -

"ဩော် - ဆရာရယ်၊ ကျွန်မက နောက်လိုက်တာပါ၊ ဆရာက တကယ်ပြောနေတာလား"

ဟုပြောတော့ ခေါင်းညိတ်ပြလိုက်သည်။

ဓာတ်ပုံကိုကြည့်ပြီး -

"တော်တော် ချောတယ်နော် ဆရာ၊ စိတ်မကောင်းပါဘူး ဆရာရယ်"

ဟု ဆိုသည်။

ကျွန်တော်ကလည်း -

"ရပါတယ်ဗျာ၊ ကံတရားပေါ့"

ဟု ပြန်ပြောလိုက်သည်။ ကျောင်းကိုရောက်မှ အေးအေးဆေးဆေးဖတ်တော့မည်ဟု သိမ်းထားလိုက်ပါသည်။

❏

သူငယ်ချင်းလူအောင် ငါစာရေး... လိုက်တယ်ကွာ။ မင်းရဲ့အကြောင်းကို ငါ... တို့ကိုပြောတုန်းက ပထမတော့ ငါမယုံ... ဘူးကွ။ မိန်းမကိုတောင်ပြောမိသေး... တယ်။ ဒီကောင် စာရူးပေရူးဇာတ်လမ်း... ထွင်ပြီး လာပြောတာနေမှာပါလို့ ပြောမိ... တယ်။ နောက် မင်း ငါတို့အိမ်မှာ မူးသွား... တဲ့နေ့က မင်းမူးမူးနဲ့ ကယောင်ကတမ်း... ပြောနေတာကို ငါကိုယ်တိုင်ကြားလိုက်... ရမှ မင်းတကယ်ခံစားနေရတယ်ဆိုတာ... ကို ငါတို့နားလည်တယ်ကွာ။ ဒါကြောင့်... တို့လင်မယားနှစ်ယောက်လုံးက မင်းကို... ကို ဦးစားပေးအဆင့် (၁) ထားပြီး စုံစမ်း... ခဲ့တယ်ကွ။ အဲဒီမှာ အံ့ဩစရာတွေ... ဆက်တိုက်တွေ့ရတော့တာပါပဲကွာ။ မင်းကောင်မလေးနဲ့ ညီအစ်မတစ်ဝမ်းကွဲ... တော်တဲ့ကောင်မလေးက ယဉ်ယဉ်ဝေနဲ့... အတူတူ အထက်တန်းပြဆရာမအဖွဲ့... ကွ။ ပထမအံ့ဩစရာကိစ္စက မင်း... နာမည်ကို သူတို့က ကြိုသိနေတာပဲကွ... သူမှာ ချစ်သူအသစ်နောက်တစ်ယောက်... ရနေပြီဆိုတဲ့အကြောင်း မင်းကောင်... မလေးက သူတို့အမေကို အိပ်မက်ပေး... သတဲ့ကွ။ အဲဒီမှာ မင်းနာမည် မောင်လူ... အောင်ဆိုတာကို အတိအကျပြောထား... တယ်ဆိုပဲကွ။ ယဉ်ယဉ်ဝေက အဲဒီ... ဆရာမကို ဆရာမတို့ရွာမှာ ဟိုးလွန်ခဲ့တဲ့... (၇) နှစ်လောက်က ကြိုးဆွဲချပြီး သေဆုံး... ခဲ့တဲ့ အမျိုးသမီးရှိခဲ့ဖူးလား ဆိုတော့... ဒီအကြောင်းကို ကိုလူအောင်ဆိုတဲ့... ကျောင်းဆရာတစ်ယောက်က မေးခိုင်း... တာလားဆိုတော့ ဟုတ်ပါတယ်လို့ ပြော... လိုက်တယ်။ သူက ဆက်ပြောတယ်ကွ... မင်းကောင်မလေးအမေကို မင်းကောင်... မလေးက အိပ်မက်ပေးသတဲ့။ သူမှာ... ကိုလူအောင်ဆိုတဲ့ ကျောင်းဆရာ... တစ်ယောက်ကို သူချစ်သူအဖြစ် လက်ခံ... လိုက်ပြီ။ ဒီတစ်ခါ အမေတို့မခွဲပါနဲ့တော့... နော်လို့ ငိုပြီးပြောသတဲ့ကွာ။ မင်းကောင်... မလေးအကြောင်းကြားရတာ ရင်နင့်... စရာကွာ။ သူတို့က မင်းကိုအရမ်းတွေ့... ချင်နေကြတယ်ကွ။ မင်းတို့ကျောင်းက... အတန်းတင်စာမေးပွဲတွေစစ်ပြီးရင် မင်း... ငါတို့ကျောင်းကိုလာခဲ့ဦးကွာ။ ငါ့မိန်းမ... က ဆယ်တန်းစာမေးပွဲပြီးမှ ပြန်ရမှာဆို... တော့ ငါလည်း သူ့ကိုစောင့်ရင်း ဒီမှာ... နေရမှာကွ။ မင်း ငါနဲ့အဖော်ရတာပေါ့... ကွ။ ပြောမယ်သာပြောရတာ မင်းက ငါ... နဲ့အဖော်မဖြစ်နိုင်ပါဘူးကွာ။ အခု ငါ... အဖော်ကောင်းတစ်ယောက်ရနေပြီ... အဲဒါ ဘယ်သူလဲ မင်းသိလား။ မ...



www.burmeseclassic.com

www.burmeseclassic.com

ထိက်ရတဲ့မင်းယောက္ခမကြီးကွ။ ဒီအဘိုးကြီးက သူ့သမီးဟာ သူ့ကြောင့် အသေဆိုးနဲ့သေရတယ်ဆိုပြီး စိတ်မကောင်းဖြစ်နေတာကွ။ သူ့အမေကိုအိပ်မက်ပေးပြီးတဲ့နောက်မှာ မင်းကို သူတို့သိပ်တွေ့ချင်နေကြတယ်ကွ။ အေး-ဒါပါပဲကွာ။ မင်းလာဖြစ်အောင်လာခဲ့ဦး။ မင်းကောင်မလေးကို ရည်စူးပြီး အလှူလုပ်ကြလိမ့်မယ်ကွ။ မင်းကိုလည်း ဒီအလှူမှာလာစေချင်တယ်လို့ ပြောတယ်။ မင်းလာနိုင်မယ့်ရက်ကိုအကြောင်းပြန်ပေးပါ။ တို့လင်မယားက မင်းကို လာဖြစ်အောင်လာခဲ့စေချင်တယ်ကွာ။ ဟော့ကောင်ရေ-မင်းကောင်မလေးရဲ့ဓာတ်ပုံတစ်ပုံတောင်းပြီး ထည့်ပေးလိုက်တယ်ကွ။ ကျေးဇူးမတင်ဘူးလား။ ဓာတ်ပုံထဲမှာ မင်းကောင်မလေးကလည်း လှပါတယ်ကွာ။ ဒါပေမယ့် သူက ဒီလောကကြီးထဲမှာ မရှိတော့ဘူး။ သူ့ညီမကျောင်းဆရာမလေးကတော့ သက်ရှိထင်ရှားရှိတယ်ကွာ။ လှလည်းလှပါတယ်။ ငါတို့လင်မယားနှစ်ယောက်ကတော့ မင်းတို့နှစ်ယောက်ကို စိတ်ကူးယဉ်နေမိတယ်ကွာ။ အေး-မင်းမလည်းရည်းစားလည်းတစ်ခါမှမထားဘူး၊ တွေ့ပြန်တော့လည်း သရဲမဆိုတော့ မဟာန်ပါဘူးကွာ။ ငါပြောတဲ့အစီအစဉ်ကိုသာ ဖြစ်အောင်လုပ်လိုက်ကွာ။ အေး-စာလည်းရှည်ပါပြီ။ မင်းလာဖြစ်အောင်တော့ လာခဲ့ဦးနော်။ အဘိုးကြီးတွေကလည်း မင်းကို တွေ့ချင်နေလို့ပါ။

မင်းရဲ့သူငယ်ချင်းခင်မောင်ဝင်း

ခင်မောင်ဝင်း စာရပြီးနောက် ကလေးတွေအတန်းတင်စာမေးပွဲအပြီးမှာ လာခဲ့မယ်ဆိုတဲ့အကြောင်း ကျွန်တော်လည်း စာပြန်လိုက်ပါတယ်။

သူငယ်ချင်း ခင်မောင်ဝင်းနဲ့ ယဉ်ယဉ်ဝေ။ ငါသတိတရစာရေးလိုက်တယ်။ မင်းတို့ရေးလိုက်တဲ့စာကို ငါဖတ်ရပါတယ်။ ဓာတ်ပုံထဲမှာတွေ့ရသူဟာ လသာညတစ်ညမှာတွေ့ပြီး စွဲလမ်းခဲ့ရတဲ့ငါ့ရဲ့ချစ်သူကောင်မလေးအစစ်ပါပဲ။ ငါကလေးတွေအတန်းတင်စာမေးပွဲစစ်လို့ပြီးတာနဲ့ မင်းတို့လင်မယားထံကိုလာခဲ့မယ်။ ငါလည်း သူ့မိဘတွေနဲ့တွေ့ချင်နေတာဆိုတော့ စိတ်ချနေပါ။ ငါဆက်ဆက်လာခဲ့မယ် ဒါပဲနော်။

မင်းရဲ့သူငယ်ချင်းမောင်လူအောင်

ကျွန်တော်စာပြန်ပြီးတဲ့နောက် ဆယ်ရက်လောက်ကြာတော့ ခင်မောင်ဝင်းတို့လွှတ်လိုက်တဲ့သူတစ်ဦး ကျွန်တော့်ထံကိုရောက်လာပါတယ်။ ခင်မောင်ဝင်းတို့က လွှတ်လိုက်ကြောင်း စာစောင်ပါလာကြောင်းပြောပါတယ်။ စာကိုဖွင့်ဖတ်ကြည့်လိုက်တော့ မူလတန်းအဆင့်စာမေးပွဲတွေအားလုံး ဖေဖော်ဝါရီလ ၂၀ ရက်နေ့အပြီးစစ်ရမှာဖြစ်လို့ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ မမြင့်မြင့်မူကို ရည်စူးတဲ့အကျွတ်အလွတ်အလှူပွဲလုပ်ချင်တဲ့အကြောင်း၊ ကျွန်တော့်ကိုလည်း ဆက်ဆက်လာစေချင်ကြောင်းနဲ့ မြင့်မြင့်မူကိုလည်း မိဘများက သူကျွတ်လွတ်နိုင်ပါရန် အလှူပေးမည်ဖြစ်ကြောင်း၊ သိရှိအောင်ဖိတ်ပေးပါလို့ သူ့မိဘများက မှာလိုက်ကြောင်း ပြောပါတယ်။ ကျွန်တော့်ထံရောက်လာသူကလည်း မြင့်မြင့်မူရဲ့အစ်ကိုဝမ်းကွဲဖြစ်ကြောင်း ကျွန်တော်နဲ့ မြင့်မြင့်မူတို့အကြောင်းကို အချို့အဝက်သိရှိထားပါကြောင်းနှင့် ကျွန်တော်တို့နှစ်ဦးတွေ့ဆုံကြသည့်နေရာတွင် သူ့အတွက်ရည်စူးပြီး အလှူလုပ်မည့်အကြောင်း၊ ဆွေမျိုးသားချင်းတစ်ဦးအနေဖြင့် ဖိတ်ကြားလိုပါကြောင်း ပြောပါတယ်။ ကျွန်တော်လည်း ဆွမ်းစားကျောင်းနဲ့ ဖန်ခါးပင်ကိုပြလိုက်ပါတယ်။ အဲဒီပတ်ဝန်းကျင်မှာ မမြင့်မြင့်မူကို အလှူလုပ်မှာမို့ ပြန်လာဖို့ဖိတ်နေတဲ့ အစ်ကိုတစ်ယောက်ရဲ့ ငိုသံပါအသံကို မကြားရက်နိုင်လို့ ကျောင်းပေါ်ကပြန်စောင့်နေခဲ့ပါတယ်။ ခဏနေတော့ သူလည်းရောက်လာပြီး ၂၅ ရက်နေ့ကို သူတို့လာခေါ်ပါမယ်။ လိုက်ခဲ့ပါလို့ပြောပါတယ်။ ကျွန်တော်လည်းလိုက်ခဲ့ပါမယ့်အကြောင်းပြောလိုက်ပါတယ်။ သူလည်းပြန်သွားပြီး ဖေဖော်ဝါရီ ၂၅ ရက်နေ့မနက်မှာ ပြန်ရောက်လာပါတယ်။ ထုံးစံအတိုင်း မြင့်မြင့်မူကိုဖိတ်ခေါ်အကြောင်းကြားပြီး စက်ဘီးကိုယ်စီစီးလို့ ရင်းတိုက်ကုန်းရွာကိုသွားခဲ့ကြပါတယ်။

ကျွန်တော်နေတဲ့ နေရာက သုံးနာရီလောက် စက်ဘီးစီးလိုက်တော့ မြင့်မြင့်မူတို့နေတဲ့ ရင်းတိုက်ကုန်းကို ရောက်ပါတယ်။ ကျွန်တော်တို့ကို သူတို့နေတဲ့တိုက်ကိုခေါ်ဆောင်သွားပါတယ်။ ကျွန်တော်က ဆရာခင်မောင်ဝင်းထံကိုသာပို့ပေးရန် ပြောတော့ ဆရာလည်း ဒီမှာရောက်နေပါတယ်လို့ ဆိုပါတယ်။ ပြောလို့သာပြောရတာပါ၊ မှန်တာကိုပြောရရင် အိပ်မက်ထဲကချစ်သူ နေထိုင်ခဲ့ဖူးတဲ့နေရာမှာ သူ့ရဲ့အငွေ့အသက်များ ရှိနိုင်ဦးမလားလို့ ကျွန်တော်လည်းနေချင်ပါတယ်။ တိုက်ထဲကိုရောက်သွားတော့ ဧည့်ခန်းထဲထိုင်လိုက်ချိန်မှာ ခင်မောင်ဝင်းနဲ့ မြင့်မြင့်မူရဲ့ဖခင် ဦးမြင့်သူ ရောက်လာပါတယ်။ ဒီနောက်မှာ မြင့်မြင့်မူရဲ့ မိခင် ဒေါ်လှမြင့်နဲ့ အစ်မ မခင်လှတို့ ရောက်လာခဲ့ပါတယ်။ အားလုံးကို ခင်မောင်ဝင်းက မိတ်ဆက်ပေးပါတယ်။ ဦးမြင့်သူတို့မှာ သားသမီးသုံးယောက်ရှိသော်လည်း ယခုအခါ သက်ရှိထင်ရှား သမီးကြီး မခင်လှသာရှိတော့ကြောင်းကိုလည်း ပြောပြပါတယ်။ မခင်လှအောင်က ဗိုလ်မှူးမြင့်ဝေဟာလည်း သူ့ညီမနဲ့တစ်ပတ်သာခြားပြီး ရှေ့တန်းတစ်နေရာမှာကျဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။ သူ့ညီမငယ် သေဆုံးကြောင်းကိုတောင် သူသိမသွားခဲ့ရှာပါဘူး။

ခဏနေတော့ ကျောင်းဆင်းလာပြီး ယဉ်ယဉ်ဝေနဲ့အတူ ဆရာမတစ်ဦး ရောက်လာပါတယ်။ ခရီးပန်းလာသလား။ ဘာလိုအပ်ပါသလဲစသည်ဖြင့် ဧည့်ဝတ်ပြုလာပါတယ်။

ထိုအချိန်မှာ ဝင်လာတဲ့ ခင်မောင်ဝင်းက -

"ဆရာမတို့တောင် ကျောင်းဆင်းလာကြပြီပဲ။ ကျွန်တော့်သူငယ်ချင်းနဲ့ ဆရာမကို မိတ်ဆက်ပေးဖို့မလိုပါဘူးနော်"

လို့ ပြောပါတယ်။

"မလိုပါဘူး ဆရာရယ်။ ကိုလူအောင်ကို ခုမှမြင်ဖူးပေမယ့် နာမည်ကို ရင်းနှီးနေတာကြာပါပြီ"

လို့ တရင်းတနှီးပုံဟန်နဲ့ပြောပါတယ်။

"ကဲ - ဆရာမရေ၊ ကျွန်တော့်သူငယ်ချင်းကိုတော့ ဆရာမလက်အပ်ရမှာပါပဲ။ သူက ဦးတို့၊ ကျွန်တော်တို့ ဂိုဏ်းမတူဘူး ဆရာမရဲ့"

ဆိုကာ ကျွန်တော့်ဘက်လှည့်ပြီး မျက်စိတစ်ဖက်ကိုမှိတ်ပြလိုက်ပါတယ်။

ဆရာမကလည်း -

"ရပါတယ်ဆရာရယ်။ ကိုယ့်ဆီကိုလာတဲ့ဧည့်သည်ပဲ ကိုယ့်မှာတာဝန်ရှိတာပေါ့။ ကျွန်မလည်း အိမ်ပြန်ပြီး ရေမိုးချိုးလိုက်ဦးမယ်။ ဆရာလည်း ခဏနားပြီး ရေချိုးပြီး အဆင်သင့်ပြင်ထားလေ"

တု ပြောပြီး ပြန်သွားလေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီခန့်လောက်ကြာတော့ ဆရာမ မသက်ထားနွယ် ပြန်ရောက်လာသည်။ ပန်းရောင်ရင်ဖုံးအင်္ကျီနှင့် ယောထဘီအနက်ရောင်ကလေးကိုဝတ်လာသည်။ သူ့သာချိန်မှာ ယဉ်ယဉ်ဝေကလည်း ရောက်နေသည်။

"ဩော်-ဆရာမပါရောက်နေတာလား"

"ဟုတ်တယ် ဆရာမရေ၊ ဒီအကောင်ပျင်းနေမှာစိုးလို့လာတာ။ သူက ကိုခင်မောင်ဝင်းတို့၊ ဦးတို့နဲ့က လိုင်းမတူဘူးလေ"

ဟု ဆိုသည်။

သက်ထားနွယ်က -

"ဆရာမရယ်၊ ကျွန်မတို့က တစ်ကျောင်းထဲမှာ အတူနေလာတာလည်း ကြာပါပြီ။ ခုအထိ သူစိမ်းဆန်နေတုန်းပဲလား။ တကယ်ဆို ညီမပဲဖြစ်ဖြစ်၊ သက်ထားပဲဖြစ်ဖြစ် ခေါ်လို့ရပါတယ်"

"အေးပါ ညီမလေးရယ်၊ အစ်မတို့ကလည်း ရင်းရင်းနှီးနှီးနေချင်တာပါ"

"ကဲ - ဒါဆိုလာ မမ၊ သူငယ်ချင်းကိုလည်း ရောက်ဖူးအောင်လိုက်ပြလိုက်ပါ ဦး"

"ညီမလေးရယ် မမမှာ Correct-ion လုပ်စရာလေးတွေပါလာလို့ မမသူငယ်ချင်းကိုသာလိုက်ပြလိုက်ပါ။ ညီမလေး သူကအရမ်းရိုးတာနော်"

ဟု ဆိုကာ ထသွားလေသည်။

ဆရာမနှင့် ကျွန်တော် လမ်းလျှောက်သွားသည်ကို လူတချို့က လှမ်းနှုတ်ဆက်ကြသည်။ အချို့က ဘုမသိဘမသိနှင့် ဘယ်တော့စားရမှာလဲဟု နောက်ကြသည်။ ထိုအခါမျိုးမှာ ဆရာမမျက်နှာမှာ ပန်းရောင်သန်းသွားပြီး ဖြည်းဖြည်းပေါ့ဟုဆိုသည်။ ရွာဦးဘုန်းတော်ကြီးကျောင်းက ကုန်းမြင့်ပေါ်တွင် တည်ဆောက်ထားပြီး ကျောင်းနှင့်တွဲလျက်ကျောင်းဝင်းထဲတွင် စေတီတစ်ဆူ တည်ထားသည်။ ထိုစေတီကို တံတိုင်းခတ်ထားပြီး ဘေးပတ်ပတ်လည်တွင် ကုံကော်ပင်များ၊ ခရေပင်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်း အေးချမ်းငြိမ်သက်လှပါသည်။ ဘုရားရင်ပြင်တော်ပေါ်တွင် တံမြက်စည်းလှည်းနေသော ဘုန်းတော်ကြီးတစ်ပါးကို တွေ့ရသဖြင့် နှစ်ယောက်သားဖူးမြော်ကန်တော့ကြ၏။ ဘုန်းတော်ကြီးက ဆုပေးပြီး -

"ဟဲ့-သက်ထား၊ သူကဘယ်သူတုံး"

ဟု မေးပါသည်။

သက်ထားနွယ်က -

"တပည့်တော်မ သူငယ်ချင်းပါဘုရား။ မမမူအတွက်ရည်စူးလှူတဲ့ပွဲကို ဖိတ်ထားလို့လာတာပါဘုရား"

"မောင်လှထွန်းနဲ့ တော်တော်တူတာကိုးကွယ့်။ အေးအေး - ကျန်းမာကြပါစေကွယ်"

ဟု ဆုပေးသွားပါသည်။ ရင်ပြင်တော်ပေါ်မှလှမ်းကြည့်လိုက်လေလျှင် တော်တော်ဝေးဝေးတွင် ဧရာဝတီမြစ်ကို လည်းကောင်း၊ သဲသောင်မြေနုကျွန်းပေါ်၌ ဆေးရွက်ကြီးလှန်းသူများ၊ မြေပဲနုတ်ပြန်လာကြသူများ၊ ပဲကြီးဆွတ်နေကြသူများကို တွေ့နေကြရသည်။ သက်ထားနွယ်နှင့် ကျွန်တော်တို့နှစ်ဦးမှာလည်း အတွေးကိုယ်စီဖြင့် သဘာဝအလှအပများကြား စဉ်းစားခန်းဝင်နေကြ၏။ အချိန်အတော်ကြာမှ သက်ထားနွယ်ကဘာတွေစဉ်းစားနေတာလဲဟုမေးတော့ မျက်မှောက်ကာလကို ပြန်ရောက်လာသည်။

"ဘာရယ်တော့ မဟုတ်ပါဘူး မသက်ထား ဒီလိုပါပဲ"

"ရင်းရင်းနှီးနှီး သက်ထားလို့ပဲခေါ်ပါ"

"ဟုတ်ကဲ့ - စောစောကတွေ့ခဲ့တဲ့ ဘုန်းကြီးက ဘယ်သူလဲ။ သူက ကျွန်တော်ကို မောင်လှထွန်းနဲ့တော်တော်တူတယ်လို့ပြောတယ်။ မောင်လှထွန်းဆိုတာကကော ဘယ်သူလဲ"

"ကိုလူအောင်မေးခွန်းတွေကများတယ်။ ဒီကိုခေါ်လာတာဟာ အဲဒီကိစ္စပြောချင်လို့ပါ။ ပထမဆုံးစပြောချင်တာက ကိုလှထွန်းဆိုတာ မမမူရဲ့ချစ်သူပါ။ တိုက်တိုက်ဆိုင်ဆိုင် ကိုလူအောင်နဲ့ကိုလှထွန်းက ရုပ်ချင်းနည်းနည်းဆင်တယ်။ ခုနက ဘုန်းကြီးက ကိုလှထွန်းရဲ့ ဦးလေးပါ"

"ဩော် - ဒါဆို မြင့်မြင့်မူဟာ သူ့ချစ်သူကိုလှထွန်းနဲ့ အိမ်က သဘောမတူလို့ အဆိပ်ကြိုးချတယ်ဆိုတာအမှန်ပေါ့နော်"

"မှန်ပါတယ် ကိုလူအောင်၊ တကယ်တော့ သူတို့နှစ်ယောက်ရဲ့ ဘဝဟာ သနားစရာပါ"

"ဖြစ်နိုင်မယ်ဆိုရင် ပြောပြပါလား သက်ထားရယ်"

"ဟုတ်ကဲ့ပါ"

"ကျွန်မလည်း အဲဒီအကြောင်း ပြောပြချင်လို့ ဒီနေရာကိုခေါ်လာတာပါ"

❑

ရင်းတိုက်ကုန်းရွာလေးသည် ဧရာဝတီမြစ်နှင့် မဝေးလှသောအရပ်တွင် တည်ရှိပြီး ပဲအမျိုးမျိုး၊ ဆေးရွက်ကြီး၊ ငရုတ်၊ ခရမ်းချဉ်သီး စသော ကိုင်းသီးနှံများစိုက်ပျိုးကာ စီးပွားဖြစ်သော ရွာကြီးတစ်ရွာ ဖြစ်သည်။ အဓိကအားဖြင့် ကြံခင်းပဲကြီးလှော် ပြုလုပ်သောပဲများ အဓိကထွက်သည်။

ထိုရွာတွင် မြေပိုင်ရှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီစိတ်မှူး ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌ စသော ဂုဏ်ပုဒ်များနှင့်ပြည့်စုံသူ ဦးမြင့်သူဆိုသူ တစ်ဦးရှိသည်။ ဦးမြင့်သူမှာ ထိုအချိန်က ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဆိုသော်လည်း မဆလခေတ်က အခြားခြားသော ကောင်စီဥက္ကဋ္ဌများနှင့်မတူသော ဥက္ကဋ္ဌပါ ရပ်ရေးရွာရေးတွင် အမှန်တကယ် ပင် တက်တက်ကြွ မှန်မှန်ကန်ကန် ဆောင်ရွက်တတ်သူတစ်ဦးပင်။ ဦးလှခိုင်ဆိုသည့် စိတ်တူကိုယ်တူသူငယ်ချင်းတစ်ယောက်လည်းရှိကာ အတွင်းရေးမှူးတာဝန်ကိုယူထားသည်။

ဦးမြင့်သူတွင် မြင့်မြင့်မူအပါအဝင် သားသမီးသုံးယောက်ရှိပြီး မြင့်မြင့်မူက အငယ်ဆုံး။ ဦးလှခိုင်တွင် သားသမီးလေးယောက် ထွန်းကားခဲ့သော်လည်း မောင်လှထွန်းနှင့်ညီငယ်မောင်မြတ်ထွန်းတို့နှစ်ဦးသာ အဖတ်တင်သည်။ မောင်လှထွန်းနှင့် မြင့်မြင့်မူတို့သည် အသက်တူရွယ်တူများဖြစ်ကြပြီး ငယ်သူငယ်ချင်းဘဝမှ ဆယ်တန်းအရောက်တွင် ချစ်သူဘဝသို့ရောက်ခဲ့ကြသည်။ နှစ်ဖက်မိဘတို့ သိကြသော်လည်း အကြောင်းသိတွေမို့ သဘောမတူနိုင်စရာအကြောင်းမရှိပါ။

ထိုနှစ်က (၁၀) တန်းကို မောင်လှထွန်းက ဂုဏ်ထူး(၁)ဘာသာဖြင့် အောင်သည်။ မြင့်မြင့်မူက (ခ) စာရင်းမှ အောင်သည်။ သို့သော်လည်း မိန်းကလေးမို့ ဆယ်တန်းကိုပြန်မဖြေတော့ဘဲ ကျန်းမာရေးလုပ်သားလျှောက်သည်။ မဆလခေတ်နှောင်းပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးအတွက် ကျန်းမာရေးလုပ်သားများလျှောက်ထားခွင့်ရှိသည်။ ထိုအခြေခံပညာအထက်တန်းအောင်သူများကို သူနာပြုသင်တန်းကျောင်းဆက်တက်ခွင့်ရှိသည်။

မောင်လှထွန်းက ဥပဒေဘာသာအဓိကဖြင့် တက္ကသိုလ်ဆက်တက်ရသည်။ ထိုအချိန်က မိမိဒေသတွင်



www.burmeseclassic.com

www.burmeseclassic.com

များကို အခြားဒေသမြို့နယ်များသို့ သယ်ယူခွင့်မရှိပေ။ ထိုသို့ ဒေသထွက်ကုန်များကို မှောင်ခိုကုန်သွယ်ခြင်းမရှိရန် စစ်တပ်ဖွဲ့နှင့်ပါတီကောင်စီတို့က ပိတ်ဆို့ရေးလုပ်ကာ ရှာဖွေဖမ်းဆီးကြရသည်။ ကုန်ဒေသများတွင်တော့ ထိုလုပ်ငန်းသည် အင်မတန်ဝင်ငွေကောင်းသည့်လုပ်ငန်းဖြစ်ကာ လုပ်ကိုင်လိုသူအလွန်ပေါများပါသည်။ သို့သော်လည်း လူမှန်သူတိကျ ဦးမြင့်သူကတော့ မဟုတ်တာမလုပ်၊ လာဘ်မစား၊ မှောင်ခိုကုန်သည်များမိလျှင် ဖမ်းဆီးကာ တရားစွဲသည်။ ထို့ကြောင့် စီးပွားရေးလောဘသားတို့က ဦးမြင့်သူအား မကျေနပ်ကြပေ။ သို့သော်လည်း ဘာမှမတတ်နိုင်ခဲ့။

တစ်နေ့တွင် ထိုသို့ ပိတ်ဆို့ရေးလုပ်နေစဉ် ကံဆိုးသူ ကိုလှခိုင် မြွေကိုက်ခံရတော့သည်။ မြို့ဆေးရုံသို့ အချိန်မီပို့နိုင်ပါသော်လည်း ဆေးရုံရောက်ပြီး နှစ်ရက်အကြာတွင် ဆုံးပါးခဲ့ရသည်။ ဖခင်ဖြစ်သူ ဆုံးပါးခဲ့ရသည့်အတွက် မိခင်ဖြစ်သူမှာ တက္ကသိုလ်ကျောင်းစရိတ်မတတ်နိုင်သဖြင့် လည်းကောင်း၊ အိမ်မှ လယ်ယာကိုင်းကျွန်းများကိုလုပ်ကိုင်ရန် အစ်ကိုကြီးဖြစ်သူ မောင်လှထွန်း၏ တာဝန်ဖြစ်နေခဲ့ပါပြီ။ ထို့ကြောင့် ကျောင်းကထွက်ပြီး လယ်လုပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုအကြောင်းကို မြင့်မြင့်မူကတစ်ဆင့် ယောက္ခမလောင်းကြီး ကြားသိတော့ ရက်လည်ဆွမ်းသွတ်သည့်နေ့တွင် အိမ်ကိုရောက်လာပြီး မိသားစုအားလုံးရှေ့တွင် မောင်လှထွန်း၏မိခင်ကို မေးသည်။ မိခင်ကလည်း သားကြီးကိုကျောင်းထုတ်ပြီးလယ်လုပ်ခိုင်းရမည်ဖြစ်ကြောင်း ပြောသည်။

ထိုအခါ ဦးမြင့်သူက -

"ကဲ-ကျွန်တော်ကတော့ပြတ်ပြတ်ပဲပြောမယ်။ ကျွန်တော့်သမီးနဲ့ မောင်လှထွန်းနဲ့ လူငယ်သဘာဝ ချစ်သူတွေဖြစ်နေကြတယ်ဆိုတာ အားလုံးလည်းအသိပါ။ ကိုလှခိုင်နဲ့ ကျွန်တော်နဲ့ ဆိုတာကလည်း ညီအစ်ကိုအရင်းလို နေလာတာဆိုတော့ မိသားစုလိုဖြစ်နေပြီမို့ မောင်လှထွန်းရဲ့ ကျောင်းစရိတ်ကို ကျွန်တော် တာဝန်ယူပါတယ်။ လယ်နဲ့ကိုင်းအတွက်ကလည်း ကျွန်တော် သူရင်းငှား ငှားပေးမယ်"

ဆိုတော့ ကိုလှခိုင်ဇနီးမှာ ချက်ချင်းကျေနပ်သွားရှာသည်။ သားကြီးကျောင်းဆက်တက်ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ။ သူရင်းငှားကိုတော့ မိမိဘာသာငှားပါမည်ဆိုတာတောင်မှ ဦးမြင့်သူက လက်မခံ။ ထိုသို့ဖြင့် မောင်လှထွန်းဆိုသော တက္ကသိုလ်ကျောင်းသားတစ်ဦးနှင့် မြင့်မြင့်မူဆိုသော သူနာပြုဆရာမလေးတစ်ဦးတို့ချစ်ခရီးသည် သာယာဖြောင့်ဖြူးကာ လှပလျက်ရှိလေသည်။ မောင်လှထွန်း ကျောင်းတက်ချိန်တွင် မြင့်မြင့်မူက အိမ်အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်ပေးသလို မောင်လှထွန်း ကျောင်းက ပြန်ရောက်ချိန်တွင် မြင့်မြင့်မူတို့အိမ်မှ ကောက်လှိုင်းတိုက်၊ တလင်းနယ်စသောအလုပ်များကို မောင်လှထွန်းက ကူညီလုပ်ပေးသဖြင့် နှစ်ဖက်မိဘများလည်း ကျေနပ်နေကြချိန် မျှော်လင့်မထားသောအရပ်မှ မုန်တိုင်းတစ်ခု တိုက်ခတ်လာပါတော့၏။ အဲဒီမုန်တိုင်းကြီးကတော့ (၈၈)အရေးတော်ပုံမုန်တိုင်းကြီးပင် ဖြစ်ပါသည်။

ဆင်းရဲဒုက္ခတွေနဲ့ နစ်မွန်းနေတဲ့ ပြည်သူများဟာ လက်ရှိ အစိုးရကို နုတ်ထွက်ပေးဖို့ တောင်းဆိုကြပါတယ်။ ဒါကြောင့် တက္ကသိုလ်တွေပိတ်လိုက်တဲ့အတွက် မောင်လှထွန်းတစ်ယောက် ရွာပြန်ရောက်လာခဲ့ပါပြီ။ တစ်နိုင်ငံလုံးက မဆလပါတီကို နုတ်ထွက်ပေးပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အသက်သွင်းပေးဖို့ တောင်းဆိုကြပါတော့တယ်။ မောင်လှထွန်းက သူလည်း တက္ကသိုလ်ကျောင်းသား လူငယ်တစ်ဦး ဆိုတော့ ဒီနိုင်ငံရေးတိုက်ပွဲကို ကိုယ်တိုင် ပါဝင်ဆင်နွှဲလိုပါတယ်။ ဒါကြောင့် နီးစပ်ရာသပိတ်စခန်းတစ်ခုမှာသွားပြီး အချိန်ပြည့် တိုက်ပွဲဆင်နွှဲနေမိပါတယ်။

တစ်နိုင်ငံလုံးက ၈-၈-၈၈ ရက်နေ့မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆန္ဒပြကြဖို့ တပ်လှန့်ခဲ့ပေမယ့် သူတို့မြို့ကလေးမှာတော့ ၁၀-၈-၈၈ ရက်နေ့မှ စတင်နိုင်ပါတယ်။ မောင်လှထွန်း ကျောင်းသားသမဂ္ဂနဲ့ဆက်သွယ်နေတာ၊ ဆန္ဒပြနေတာ ယောက္ခမလောင်းကြီးက မသိပါဘူး။ မြင့်မြင့်မူက သိနေတော့ တားရှာပါသေးတယ်။ သို့သော်လည်း တားလို့မရပါဘူး။ ဒီအချိန်မှာ ဦးမြင့်သူသိသွားခဲ့ပါပြီ။ ဦးမြင့်သူက မောင်လှထွန်းကို မလုပ်ဖို့တားပါတယ်။ မောင်လှထွန်းကလည်း နောက်မဆုတ်ပါဘူး။ ဒီလိုနဲ့ တစ်နေ့မှာ ဦးမြင့်သူကောင်စီဥက္ကဋ္ဌဘဝက အရက်ပုန်းဖမ်းခဲ့ဖူးသူတစ်ယောက်က မားကိုင်လို့ သူ့အိမ်ရှေ့မှာလာရမ်းပါတော့တယ်။ အရက်ပုန်းဖမ်းတယ်ဆိုတာ ရပ်ကွက်ထဲမှာ ရာဇဝတ်မှုတွေ မဖြစ်ပွားရအောင်၊ လူငယ်တွေ အကျင့်စာရိတ္တမပျက်အောင် ဖမ်းရတာလို့ ရှင်းပြပါတယ်။ ဒါပေမယ်လို့မရပါဘူး။ ဒါကြောင့် ဒေါသထွက်နေတဲ့ ဦးမြင့်သူဟာ လူရမ်းကားကိုထွက်ရိုက်ပါတယ်။ လူရမ်းကားက သတ္တိရှိသူ မဟုတ်ပါဘူး။ ဒါကြောင့် မခုခံနိုင်ဘဲ ထွက်ပြေးပါတော့တယ်။

ဒါကို မလိုသူတွေက ပုံကြီးချဲ့ကာ ပါတီဥက္ကဋ္ဌဦးမြင့်သူက သူ့အိမ်ရှေ့မှာ ဆန္ဒပြတဲ့ပြည်သူတစ်ဦးကို ထွက်ရိုက်လို့ ခေါင်းကွဲ၊ ဆေးရုံတင်လိုက်ရပါတယ်။ ခုအချိန်မှာ သေလား၊ ရှင်လား မသိပါ ဆိုတဲ့ ကောလာဟလကို ယုံကြည်တဲ့လူအချို့ဟာ ဦးမြင့်သူအိမ်ကို ဝင်ရောက်အကြမ်းဖက် ဖျက်ဆီးကြပါတော့တယ်။ ဒါကြောင့်လည်း ဦးမြင့်သူ ဒေါသကပေါက်ကွဲခဲ့ရပါပြီ။ မိမိတစ်သက်လုံး ရပ်ရွာအပေါ်မှာ မတော်မတရားတာ ဘာမှ ဘာမှမလုပ်ခဲ့။ ရပ်ရွာစည်ပင်သာယာရေးနဲ့ ရွာကောင်းကျိုးကိုသာ ဆောင်ရွက်ခဲ့သူဖြစ်ပါလျက်နဲ့ ပုဂ္ဂိုလ်ရေး မကျေနပ်ချက်နဲ့ ဒီလိုလာရောက်ရမ်းကားသူတွေဟာ သမက်လောင်းရဲ့ သပိတ်စခန်းက လူတွေဆိုတော့ ပိုဆိုးသွားပြီပေါ့။

ဒါကြောင့် မောင်လှထွန်း၏ မိခင်ဖြစ်သူကိုခေါ်ကာ -

"ခင်ဗျားသားလုပ်ပုံတွေကောင်းသေးရဲ့လား။ ကျုပ်တို့ သူ့အဖေတို့ဟာ ရပ်ကျိုးရွာကျိုး ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ခင်ဗျားတို့အသိဆုံးပဲ။ နောက်ဆုံးဗျာ ကျွန်တော့် သူငယ်ချင်းဟာ ရပ်ရွာအတွက် အလုပ်လုပ်ရင်း ပိုးထိလို့သေခဲ့ရတာ။ ကျွန်တော့်မျက်နှာမထောက်ရင်နေပါ။ သူ့အဖေမျက်နှာတော့ ထောက်ဖို့ကောင်းပါတယ်"

ဟုတ်ပါတယ် ကိုမြင့်သူရယ်။ ကိုမြင့်သူရဲ့ ကျေးဇူးတရားတွေဟာ သူ့အပေါ်မှာရော ကျွန်မတို့အပေါ်မှာပါ ရှိပါတယ်"

"ဒါတွေထားလိုက်ပါ။ အခု ခင်ဗျားသားကိုခေါ်ပါ။ ဒီအကြောင်းတွေကို ရှင်းပြပါ။ သူ့လုပ်ရပ်တွေကို ရပ်ခိုင်းပါ။ နောက်ဆုံးဗျာ တားလို့မရဘူးဆိုရင် ကျွန်တော့်သမီးနဲ့ သူ့ကို မပေးစားဘူးဆိုတာပါ ပြောလိုက်ပါ"

လို့ တစ်ချက်လွှတ်အမိန့်ချလိုက်ပါတယ်။

အဲဒီနေ့မှာပဲ မိခင်ဖြစ်သူနဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးစလုံးက မောင်လှထွန်းကိုခေါ်ပြီး ဆက်မလုပ်တော့ဖို့တားပါတယ်။

ဒါပေမယ့် မောင်လှထွန်းက -

"လက်မခံပါဘူး။ ဦးပြောတာလည်းမှန်ပါတယ် အမေ။ ဒါပေမယ့်လို့ ပါတီထဲမှာ ဦးတို့လို၊ အဖေတို့လို လူမျိုးက လူနည်းစုပါ အမေ။ အများစုက ဖောက်ပြန်နေကြတာပါ"

"အေး-သားရယ်၊ အမေကတော့ မင်းတို့နိုင်ငံရေးကိစ္စတွေ နားမလည်ပါဘူး။ ဒါပေမယ့် သမီးလေးမြင့်မြင့်မူကိုလည်း မင်းသနားပါ။ ဖြစ်နိုင်မယ်ဆိုရင်တော့ မင်းအလုပ်တွေကို ရပ်လိုက်ပါတော့ကွယ်"

မြင့်မြင့်မူကလည်း -

"မူကိုလည်း သနားပါဦး ကိုလှထွန်းရယ်၊ ခုဆိုရင် အဖေကလည်း အရမ်းကို စိတ်ဆိုးနေတာ။ အမေပြောသလိုပဲ၊ ကိုလှထွန်းတို့ နိုင်ငံရေးကိစ္စတွေကို မူတို့က စိတ်မဝင်စားပါဘူး။ နားလည်းနားမလည်ဘူး။ ဒါပေမယ့် ကိုလှထွန်းနဲ့ မူတို့ ဝေးရမှာကိုတော့ ကြောက်တယ်လို့"

သနားစဖွယ်ပြောတော့ ကိုလှထွန်းက -

"ကောင်းပါပြီမူ၊ ဒီရက်ပိုင်းမှာ မြို့က သပိတ်စခန်းနဲ့ ဆက်သွယ်ပြီးလုပ်ငန်းကိစ္စတွေအားလုံး ရပ်လိုက်ပါမယ်။ အဲဒါကိုတော့ မူတို့ကိုယ့်အပေါ် နားလည်ပေးပါ"

"ဟုတ်ကဲ့ပါ - ကိုလှထွန်းသာ အမြန်ဆုံးရပ်လိုက်ပါတော့နော်"

"သားရယ်၊ အမြန်ဆုံးသာ မင်းကိစ္စတွေရပ်လိုက်ပါ"

လို့ ပြောပြီးပြန်လာခဲ့ပါတယ်။

❑

ချစ်သူကို ကတိပေးပြီး နောက်တစ်နေ့မှာ မြို့ပေါ်သပိတ်စခန်းနဲ့ဆက်သွယ်ပြီး သူနားလိုက်တော့မယ်ဆိုပြီး မြို့ပေါ်ကိုတက်လာခဲ့ပါတယ်။ မြို့ပေါ်အထွေထွေသပိတ်စခန်းမှာ အကျိုးအကြောင်းပြောပြတော့ သပိတ်စခန်းက လူတွေကလည်း နားလည်ပေးပါတယ်။ ဒါပေမယ့် အစာငတ်ခံဆန္ဒပြဖို့ ခရိုင်သပိတ်ကော်မတီက လူအင်အားတောင်းထားတာရှိလို့ ဒီတစ်ခါကူညီပါ။ (၇) ရက်ထဲပါဆိုတော့ သူကလည်း နောက်ဆုံးတိုက်ပွဲကိုဝင်ပါမယ်လို့ ကတိပေးလိုက်ပါတယ်။ မိခင်နဲ့ ချစ်သူကို သေချာပြောပြဖို့ မှာလိုက်ပါတယ်။ မြမြမူကိုတော့ စာတစ်စောင်သီးသန့်ရေးပြီးပြောပြလိုက်ပါတယ်။

ချစ်ရတဲ့မူရေ၊ ကိုလှထွန်း စာရေးလိုက်ပါတယ်။ ကိုယ့်ယုံကြည်ချက်တွေကို ခဏရပ်ထား။ ပြီး ချစ်သူနဲ့ အမေ၊ ယောက္ခမကြီးတို့ စိတ်ချမ်းသာအောင် ကိုယ်ကြိုးစားပါ့မယ်။ ခေတ်အဆက်ဆက်မှာ ကိုယ်တို့ကျောင်းသားလူငယ်တွေဟာ နိုင်ငံအတွက် ဖောက်ပြန်တဲ့အစိုးရတွေကို တွန်းလှန်ခဲ့ကြပါတယ်။ ကိုယ်လည်း လူငယ်ကျောင်းသားအနေနဲ့ တစ်ထောင့်တစ်နေရာက ပါဝင်သင့်တယ်လို့ ယူဆမိပါတယ်။ ခု ကိုယ့်ကို (၇)ရက်လောက်တော့အချိန်ပေးပါ။ ဒါနောက်ဆုံးပါပဲ။

ကိုလှထွန်း စာရေးလိုက်တာက စက်တင်ဘာ ၁၀ ရက်နေ့ပါ။ ချစ်သူရဲ့စာကိုဖတ်ပြီး ပီတိဖြစ်နေရသူက မြင့်မြင့်မူရယ်ပါ။ မောင်လှထွန်းက သူ့စာထဲမှာ မြင့်မြင့်မူ့အဖေကို ရည်စူးပြီး ယောက္ခမကြီးလို့ သုံးထားလေတော့ လာပါစေဦး ပြန်လာမှသိမယ်။ သူနဲ့ဖြင့် ယူတောင်မယူရသေးဘူး။သူ့မှာ အဖေကို ယောက္ခမကြီးလေးဘာလေးနဲ့ဟွန်း ဟုဆိုကာ ကြည်နူးနေလေသည်။

ခရိုင်သပိတ်ကော်မီတီနှင့်ကျောင်းသားသမဂ္ဂတို့ပူးပေါင်းပြီး ခရိုင်ကောင်စီရုံးရှေ့လမ်းမပေါ်မှာ စက်တင်ဘာလ ၁၁ ရက်မှ ၂၁ ရက်နေ့အထိ (၁၀) ရက် အစာငတ်ခံ ဆန္ဒပြဖို့ စီစဉ်ထားပါတယ်။ မူလက (၇) ရက်သာ သတ်မှတ်ထားပေမယ့်လို့ အခြေအနေအရ (၁၀) ရက် သတ်မှတ်လိုက်ပါတယ်။ ကျောင်းသားက (၇၀) ဦးရှိပြီး ကျန်ဒီမိုကရေစီလိုလားသူ လူငယ်များက (၅၀) ရှိပါတယ်။ ဒီလူငယ်တွေကို အပြင်က လူငယ် (၁၀၀) ခန့်က ထပ်မံဝန်းရံထားပါတယ်။ ဒီအချိန်မှာ မမျှော်လင့်ထားတဲ့အချိုးအကွေ့တစ်ခုက ဖြစ်ပေါ်ခဲ့ပါတယ်။ အစာငတ်ခံဆန္ဒပြပွဲရဲ့ (၈) ရက်မြောက်နေ့မှ တပ်မတော်က အာဏာသိမ်းလိုက်ပါတော့တယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာရှိနေတဲ့ သပိတ်စခန်းများဖျက်သိမ်းပေးရန်၊ ဝန်ထမ်းများ အောက်တိုဘာ ၃ ရက်နေ့မှာ ရုံးပြန်တက်ရန်တို့ကို အာဏာသိမ်းစစ်အစိုးရက ည နေ့လေးနာရီမှာ ကြေညာခဲ့ပါတယ်။

ဒီအခါမှာ ခရိုင်သပိတ်ကော်မတီက ကျောင်းသားတွေကို လာရောက်ပြီး သဘောထားမေးပါတယ်။ ဒီတစ်ညတော့ဆက်နေပြီး နောက်နေနံနက် (၁၂) နာရီမှာ အစာငတ်ခံ သပိတ်စခန်းအပါအဝင် မြို့ပေါ်သပိတ်စခန်းများအားလုံး ရုပ်သိမ်းပေးဖို့ သဘောတူခဲ့ပါတယ်။ ဒါကြောင့် သပိတ်စခန်းကို ဆက်ဖွင့်ထားခဲ့ပါတယ်။ ည(၁၁)နာရီလောက်မှာ စစ်တပ်ကရောက်လာခဲ့ပြီး ကျောင်းသားများရဲ့သပိတ်စခန်းဖျက်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒီအချိန်မှာ ရပ်ကွက်ပြည်သူတွေက သံချောင်းတွေခေါက်ပြီးကျောင်းသားများကို ဝန်းရံကာကွယ်ဖို့ထွက်လာခဲ့ပါတယ်။ ဒါကြောင့် တာဝန်ကျစစ်တပ်အရာရှိနဲ့ ခရိုင်သပိတ်ကော်မတီတို့ ညှိနှိုင်းပြီး နောက်တစ်နေ့ နံနက် (၁၀) နာရီမှာ အစာငတ်ခံဆန္ဒပြပွဲအပါအဝင် မြို့ပေါ်သပိတ်စခန်းအားလုံးကို ရုပ်သိမ်းပေးပါမည်ဆိုတဲ့ ညှိနှိုင်းမှုပြုလုပ်ခဲ့ပါတယ်။

နောက်တစ်နေ့မနက် (၇) နာရီမှာတော့ အစာငတ်ခံသပိတ်စခန်းကို စတင်ရုပ်သိမ်းလိုက်ပြီး ဗဟိုသပိတ်စခန်းနဲ့ပူးပေါင်းဖို့ ချီတက်လာချိန်မှာ ပစ်ခတ်ဖြိုခွင်းခံခဲ့ရပါတယ်။ မောင်လှထွန်း လက်မောင်းမှာ ဒဏ်ရာရသွားတော့ မြို့ပေါ်ပုန်းပြီး ဆေးကုသနေခဲ့ရပါတယ်။ ရွာပြန်တော့ သူပေးခဲ့ကတိ (၇) ရက်လေးဆလောက် ကျော်လွန်သွားခဲ့ရပါပြီ။ မောင်လှထွန်း ဘယ်လိုပဲတောင်းပန် တောင်းပန် ဦးမြင့်သူ ခွင့်မလွှတ်တော့ပါဘူး။ မောင်လှထွန်းပြန်လာတာ သူ့စကားနားထောင်လို့မဟုတ်ဘူး။ စစ်တပ်က အာဏာသိမ်းလို့သာမတတ်သာလို့ ကြောက်ပြီး ပြန်လာတာ။ ဒါကြောင့် သူ့သမီးကိုလည်း အဝေးတစ်နေရာက သူ့မိတ်ဆွေသားတစ်ယောက်နဲ့ ပေးစားဖို့ ကမ်းလှမ်းလိုက်ပါတယ်။ မြင့်မြင့်မူကိုလည်း မျက်စိအောက်က အပျောက်မခံ စောင့်ကြည့်နေခဲ့ပါတယ်။ ဒါကို မြင့်မြင့်မူက လက်မခံပါဘူး။

သုံးလအကြာမှာ မောင်လှထွန်းအိမ်မှာ တရားမဝင်လောင်းကစားခဲ့ဒိုင်ကိုင်ပါတယ်ဆိုတဲ့တာဝန်သိပြည်သူတစ်ဦးက သတင်းပေးတိုင်တန်းလို့ရှာဖွေပါရစေဆိုပြီး ရဲတပ်ဖွဲ့ဝင်တွေက ရောက်ရှိတောင်းဆိုလာကြပါတယ်။ မောင်လှထွန်းကလည်း ရှာပါ။ သူဒါတွေမလုပ်ပါဘူးလို့ပြောပါတယ်။ သို့သော်လည်း နောက်ဘက် စပါးကျီနံရံကြားမှာဖွက်ထားတဲ့ လယ်ဂျာအဲဟောင်းဘောက်ချာစာအုပ်ဟောင်းများနဲ့ ရေးလက်စဘောက်ချာစာအုပ်များ၊ မှင့်ခံစက္ကူကို အံ့သြဖွယ်ရာ တွေ့ရှိခဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

လုံးသင့်ကုန်ကြပါတယ်။

ဒီအခါမှ ဒါဟာ ဘယ်သူ့လက် ဖြစ်နိုင်တယ်ဆိုတာ အားလုံး ဘောပေါက်ရပါတော့တယ်။ နောက် မောင်လှထွန်းဟာ ထောင်သုံးနှစ် သွားပါတယ်။ ဒီအချိန်မှာ ညီငယ် မြတ်ထွန်းဟာ စစ်ထဲကိုဝင်သွား တော့တယ်။ ဒီလိုနဲ့ မောင်လှထွန်း ယောက် ထော င်သက်တမ်း တစ်နှစ် ချိန်မှာ မြင့်မြင့်မူကို အိမ်ထောင်ချ ပေးဖို့ စီစဉ်ပါတယ်။ မြင့်မြင့်မူက ယ်လိုမှလက်မခံနိုင်ပေမယ်လို့ အိမ်က တင်းအကျပ်စီစဉ်နေပါပြီ။ တိုက်တိုက် ဆိုင် ဒီရက်ပိုင်းထဲမှာ မောင်လှထွန်း ညီငယ် မောင်မြတ်ထွန်းဟာ ရှေ့တန်း နေရာမှာ တိုင်းပြည်အတွက် သက်ပေးလှူ ကျဆုံးသွားကြောင်း ကြောင်းကြားလာခဲ့ပါတယ်။ ထိုသတင်း ကြားပြီးတစ်လအကြာမှာပဲ မိခင်ကြီး အေးမြင့်ကွယ်လွန်သွားခဲ့ရပါတယ်။ သိုလ်တွေဆက်တိုက်ဝင်နေတယ် ဆိုရမှာပေါ့။

ဒီအခါမှာ တစ်ရွာလုံးက ဒီပြသ တွေရဲ့တရားခံဟာ ဦးမြင့်သူဖြစ်တယ် တဲ့ စွပ်စွဲသံတွေထွက်ပေါ်လာပါ ယ်။ ဒါကြောင့် အားလုံးက ပြီးတာ လည်းပြီးပါစေတော့ မောင်လှထွန်း မြင့်မြင့်မူတို့နှစ်ယောက်ကိုတော့ ပြန် ဘောတူပြီး လက်ထပ်ပေးစေချင်ကြ ယ်။ ဦးမြင့်သူက လုံးဝလက်မခံပါဘူး။ မြင့်မူကလည်း လာစပ်သမျှ သတို့ လောင်းကို ငြင်းပယ်နေတာ၊ င်လှထွန်းကိုစောင့်နေတယ်ဆိုတာ လည်း သူသိနေတယ်။ ဒီတော့ ဒီကိစ္စ ဒီနှစ်ထဲ အကောင်အထည်ဖော်မှ ယ်လို့တွေးပြီး မြင့်မြင့်မူကို အတင်း ထောင်ချပေးဖို့ စီစဉ်ပါတယ်။ မြင့်မူကို အိမ်ထဲက အိမ်ပြင်ကို တွက်ခိုင်းတော့ပါဘူး။ နှစ်ဖက်မိဘ ကြောင်းလမ်းပြီး မင်္ဂလာဆောင် သတ်မှတ်ကာ ဖိတ်စာရိုက်ပြီး စာတွေဝေပြီးမှ မြင့်မြင့်မူ သိလာရ အခါ ရှက်စိတ်၊ ဒေါသစိတ်နဲ့ နောက် တိုယ်ကိုယ်ကိုယ်ဆွဲကြိုးချသတ်သေ ပါတော့တယ်။ ဇာတ်လမ်းကတော့ ဲ ကိုလှအောင်ရယ်”

“စိတ်မကောင်းစရာပါဘဲဗျာ။ ဒါနဲ့ လှထွန်းတစ်ယောက်ကကော ထောင် လွတ်လာပြီး ဘယ်ကိုရောက်သွား သဲဗျ”

“ကိုလှထွန်းဟာ ထောင်ကလွတ် လာပြီး ရွာကိုပြန်လာပါတယ်။ သူ့အမေ နဲ့ ညီအတွက် ရည်စူးပြီး ကောင်းမှု ကုသိုလ်လုပ်ပါတယ်။ နောက်တော့ ရွာကနေပျောက်သွားတာ ခုအထိပါပဲ။ အချို့ကတော့ တောခိုသွားသလိုလို ပြောကြတာပါပဲ။ ဦးလေးဦးမြင့်သူမှာ လည်း ဝဋ်လည်တယ်လို့ဆိုရမှာပါပဲ။ မမမူဆုံးပြီးရက်လည်တဲ့နေ့မှာ ကိုကြီး မြင့်ဝေက ရှေ့တန်းမှာ တိုက်ပွဲကျခဲ့ရပြန် တယ်။ဒါကြောင့်လည်း သူစိတ်မကောင်း ဖြစ်နေတာပေါ့။ ဒီအပြင် မမမူကလည်း မကျွတ်မလွတ်တဲ့ဘဝကို ရောက်နေရ တော့ သူစိတ်မချမ်းသာရပါဘူး။ အဲဒါ ကြောင့် ဒီအလှူပွဲဖြစ်အောင် စီစဉ်ခဲ့ တာပါ”

“ကဲ - နေလည်းဝင်သွားပြီပြန်ကြ ရအောင်ပါ”

အပြန်လမ်းမှာ ကျွန်တော်တို့ နှစ်ယောက်ဟာ ဘာစကားမှမဆိုနိုင်ခဲ့ ပါ။ ဆို့နင့်နေတဲ့ဝေဒနာကိုကိုယ်စီခံစား နေရတာပါ။ ချစ်သူရယ်လို့ မည်မည်ရရ ပြောခွင့်မရှိတဲ့ဘဝမှာတောင်မှ ကျွန်တော် ခံစားခဲ့ရသေးတာ ကိုလှထွန်းရင်ထဲ ဘယ်လောက်တောင်ကြေကွဲခံစားရမလဲ ဆိုတာ ကိုယ်ချင်းစာနာမိပါတယ်။

နောက်တစ်နေ့ ဦးမြင့်သူတို့အိမ် မှာ ပင့်သံဃာဆယ်ပါးကို နေ့ဆွမ်းကပ် လှူပြီး အမျှအတန်းပေးဝေမှာ ဖြစ်ပါ တယ်။ အိမ်ကိုကြွလာတဲ့သံဃာတော်ထဲ မှာ တစ်ပါးပိုလို့ ဆယ်တစ်ပါးဖြစ်နေပါ တယ်။ တရားမဟောမီ ရွာဦးကျောင်း ဆရာတော်ကြီးက -

“ကဲ-ဒကာကြီးဦးမြင့်ဝေ ဒကာကြီး ပင့်ခိုင်းတာက ဘုန်းကြီးဆယ်ပါး၊ ညက မှကျုပ်ကျောင်းကို အာဂန္တုတစ်ပါးထပ် ရောက်လာတယ်ဗျာ။ ဒါကြောင့်ကျုပ် ထပ်ပင့်လာလိုက်တယ်”

“တင့်ပါ့ဘုရား၊ ဒီရွာသားဆိုတော့ ဘယ်သူများလဲဘုရား။ ကဲ-မောင်ပဥ္စင်း ရေ မင်းပဲပြောလိုက်ပါတော့ကွာ”

သည်းခံခွင့်လွှတ်ပေးပါ ဒကာ ကြီး၊ ဦးပဥ္စင်းက ဒါယကာကြီးရဲ့ သူငယ် ချင်း ဦးလှခိုင်ရဲ့သားမောင်လှထွန်းပါ။ ခုဦးပဥ္စင်းဘဝမှာတော့ သံဝရလို့ခေါ်ပါ တယ်”

ပရိသတ်အားလုံးက အံ့အားသင့် တိတ်ဆိတ်သွားခဲ့ပါတယ်။ တိတ်ဆိတ်မှု ကို စတင်ဖြိုခွင်းလိုက်တဲ့ အသံတစ်ခုက တော့ ဦးမြင့်သူတို့ဇနီး မောင်နှံနှစ်ဦးရဲ့ ငိုရှိုက်သံပါ။ ပရိသတ်ထဲက ကြိုကြား ပေါ်ထွက်လာတဲ့ငိုသံများလည်း တိုးညင်း စွာပေါ်ထွက်လာခဲ့ပါတယ်။

အတန်ကြာမှ -

“ကဲကဲ - ဝမ်းနည်းမနေကြပါနဲ့ တော့။ ပြီးခဲ့ကာလက မောဟအမှောင် တွေဖုံးလွှမ်းနေတတ်တဲ့ပုထုဇဉ်သဘာဝ အရ မှားခဲ့ကြတာကို မေ့လိုက်ကြပါစို့။ ဒီကနေ့ ဘုန်းကြီးတို့ ဒီကိုကြွလာခဲ့တဲ့ ပထမရည်ရွယ်ချက်ဖြစ်တဲ့ လွန်ခဲ့တဲ့ (၆)နှစ်ကျော်က ဘဝတစ်ပါးသို့ပြောင်း သွား ကွယ်လွန်ခဲ့ရတဲ့ ဒကာမလေး မမြင့်မြင့်မူကိုရည်စူးလို့ လှူဒါန်းတဲ့ ဒီအလှူပွဲအတွက် ဦးပဥ္စင်းသံဝရကပဲ တရားဟောပေးပါဦး”

ဒီအခါမှ မောင်လှထွန်း တစ်ဖြစ်လဲ ဦးပဥ္စင်းသံဝရက ပရိသတ်ကို တရား ဟောပေးပါတယ်။ သီလပေးပြီးတဲ့အခါ မှာ ဦးပဥ္စင်းက-

“ဒီကနေ့အလှူပွဲကိုကြွလာကြတဲ့ ပရိသတ်ကြီးတို့ ယခုမျက်မှောက်ကာလ မှာ တွေ့ကြုံနေရတဲ့ အဖြစ်တွေဟာ တကယ်တော့ အကြောင်းအကျိုးမဲ့ဖြစ် လာခဲ့ရတာတော့မဟုတ်ပါဘူး။ မြတ်ဗုဒ္ဓ ရဲ့ပဋ္ဌာန်းတရားတော်အရဆိုရင် အနန္တရ ပစ္စယောဆိုတာကို ကြားဖူးကြရဲ့မဟုတ် လား”

“ကြားဖူးပါတယ် ဘုရား”

“အဲဒါ ဘာကိုပြောတာလဲဆိုရင် ရှေးသံသရာအဆက်ဆက်က မိမိပြုခဲ့တဲ့ ကုသိုလ်၊အကုသိုလ်တရားတို့ဟာ ဒီမျက် မှောက်ဘဝမှာ လာအကျိုးပေးခဲ့တဲ့ သဘောပါပဲ။ ဘယ်သူဘယ်သူကမှပြုခဲ့ တာမဟုတ်ပါဘူး။ သံပရာသီးစားဖူးကြ တယ်မဟုတ်လား”

“စားဖူးပါတယ် ဘုရား”

“ဘယ်လိုအရသာရှိသတုံး”

“ချဉ်ပါတယ်ဘုရား”

“ကောင်းပြီ၊ ဒီသံပရာသီးဘယ်သူ ကချဉ်အောင်လုပ်ပေးခဲ့ကြသလဲ”

“မလုပ်ပါဘုရား”

“မှန်တယ်၊ ဘယ်သူမှမလုပ်ပါ ဘူး။ သူ့ရဲ့ဗီဇနိယာမအရ မျိုးစေ့မှအပင်၊ အပင်မှအသီး၊ အသီးမှ မျိုးစေ့စသည်ဖြင့် ချဉ်တဲ့အရသာဟာသံသရာလည်နေကြ ရတာမဲမဟုတ်လား”

“မှန်ပါတယ်ဘုရား။ ဒီချဉ်နေတဲ့ သံပရာသီးကို သကြားနဲ့ရောဖျော်စပ်ပြီး သောက်သုံးရင် အရသာရှိမသွားဘူး လား”

“ရှိပါတယ်ဘုရား”

“ဒါကြောင့် သံသရာလည်နေကြ တဲ့ ဦးပဥ္စင်းတို့၊ ဒကာကြီးတို့မှာ အတိတ်




www.burmeseclassic.com

www.burmeseclassic.com

## မျိုးတင့်(ညောင်လေးပင်)

# ခွေးတောက်နွယ်ပင် ဆေးဖက်ဝင်



ကလေးငယ်များ ရာသီအကူး အပြောင်းတွင် အနာမီးလျှံနာဖြစ်ပွား တတ်သည်။ အနာမီးလျှံဆိုသည့်အတိုင်း ကလေးငယ်၏ ကိုယ်ခန္ဓာတစ်ခုလုံး မီးလောင်ထားသကဲ့သို့ အရည်တည် အဖုအလုံးများ မြင်မကောင်းအောင် ပေါက်လာကြသည်။ ဝေဒနာခံစားရ သောကလေးများမှာ သနားစဖွယ် ကောင်းလှသည်။ စာရေးသူ၏ သား ငယ်တွင် အနာမီးလျှံနာ ဖြစ်လာသည်။ သားမှာ (၁) နှစ်သားသာရှိသေးသည်။ မိဘများမအိပ်နိုင်မစားနိုင်သောကပွား ကြသည်။ရွာတွင်ရှိသော ကျန်းမာရေးမှူး က ဆေးထိုးပေးပြီး ဂျက်ရှင်းဗိုင်လင့် (ခေါ်) ခရမ်းရောင်ဆေးရည်များ လိမ်း စေပါသည်။ ကလေးမှာ သက်သာခွင့် မရဘဲ နေ့တငိုငိုညတငိုငိုဖြစ်နေသည်။

လယ်သမားကြီး ဘကြီးကံမောင် က -

"ဟဲ့ကောင်ရဲ့၊ မင်းသားလေးကို တို့အိမ်နောက်ဖေးမှာပေါက်နေတဲ့ ခွေး နှတောက်ပင်အနွယ်က ခွေးတောက်ရွက် ခူးပြီး သတ္တုရည်ရအောင်လုပ်ကွ။ ပြီး တော့ အနာကိုခြောက်ရင်လူးလူးပေး ပါ။ မင်းသားရဲ့ အနာလောက်တော့ ပျင်းတောင်ပျင်းသေးတယ်"

ဟု ပြောပြပါသည်။ ခွေးတောက် ရွက်များကိုလည်း ကိုယ်တိုင်ခူးပေးပါ သေးသည်။ ဤသို့ဖြင့် သားငယ်၏အနာ များကို ခွေးတောက်ရွက်သတ္တုရည်ညှစ် ပြီးလူးပေးလိုက်ရာ၊ မကြာမီပျောက်ကင်း သက်သာသွားခဲ့ရသည်။

နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုသောစကားကို စာရေးသူ ထိုအချိန် ကစ၍ တန်ဖိုးထား လေးစားခဲ့ပါသည်။ အစွမ်းထက် မြန်မာ့ဆေးပင်ဆေးရွက် များကို အခြေအနေပေးတိုင်း မှတ်တမ်း ထား၍လေ့လာခဲ့ပါသည်။ ခွေးတောက် နွယ်ပင်ကြောင့် သားငယ်၏အနာမီးလျှံ နာ ပျောက်ကင်းခဲ့သော ဖြစ်ရပ်မှာ ကြာမြင့်ခဲ့ပါပြီ။ ဆေးညွှန်းပေးခဲ့သော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ နယ် ပုစွန်မြောင်းစံပြရွာကြီးမှ ဘကြီး ကံမောင်ပင် ကွယ်လွန်သွားရှာပါပြီ၊ စာရေးသူ၏သားငယ်ပင် အသက်(၄၀) အရွယ်ရောက်လာပြီ။ ထိုဖြစ်ရပ်ကလေး ကို မမေ့နိုင်ခဲ့ပါ။ သူရဋ္ဌမဂ္ဂဇင်းကြီးတွင် စာတိုပေစာကလေးများကို လက်လှမ်းမီ

---

မှာပြုခဲ့တဲ့ အကုသိုလ်ကံတွေကြောင့် ဦးပဥ္စင်းတို့မှာ ကြေကွဲဝမ်းနည်းဖွယ် တွေ့ကြုံရတယ်လို့ မှတ်လိုက်ပါ။ ဒီ ကုသိုလ်တရားတွေကို ဦးပဥ္စင်းတို့အား လုံးက ကုသိုလ်တရားနဲ့ ချေဖျက်လိုက် ကြစို့ ဦးပဥ္စင်းက တိုက်တွန်းပါရစေ"

ဦးပဥ္စင်းတရားအဆုံးမှာ ကျွန်တော် တို့အားလုံးဟာ သာဓုသုံးကြိမ်ကို ဝမ်းမြောက်ဝမ်းသာခေါ် ဆိုလိုက်မိပါ တော့တယ်။

❑

ဒီနှစ် နွေရာသီကျောင်းပိတ်ရက် မှာ အိမ်ကိုမပြန်ဖြစ်ခဲ့ပါဘူး။ မင်္ဂလာ ကျွန်းရွာ ကျောင်းထိုင်ဆရာတော် ဦးဩဘာသက ရန်ကုန်သံဃာအစည်း အဝေးတွေ၊ နယ်တရားပွဲ၊ အလှူပွဲတွေ၊ တရားဟောတွေ ဆက်တိုက်ကြွနေရလို့ ကျောင်းစောင့်ပေးဖို့ ပြောထားလို့ပါ။ ဆွမ်းစားကျောင်းအနီး ခြံစည်းရိုးမှာ ကပ်ပေါက်နေတဲ့ ပျဉ်းမပင်ကြီးတစ်ပင် က အရွက်တွေအကုန်လုံး ကြွေကျလို့ သေသွားပါတယ်။ ဒီပျဉ်းမပင်ခြောက် ကြီးဟာ အချိန်မရွေး ဆွမ်းစားကျောင်း ပေါ် လဲကျနိုင်ပါတယ်။ ဒါကြောင့် ရွာထဲကလူတွေကိုခေါ်ပြီး ဆွမ်းစား ကျောင်းနဲ့လွတ်တဲ့နေရာကို ကြိုးနဲ့ဆွဲပြီး လှဲချရပါတယ်။ ပျဉ်းမပင်ကြီးလဲကျနေ တဲ့အချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံး ရေမွှေးရနံ့က သင်းပျံ့မွှေးကြိုင်သွားပါ တော့တယ်။ကျန်တဲ့လူတွေက အမွှေးရနံ့ တော့ရပါတယ်။ ဒါပေမယ့် ဘာအမွှေး ရနံ့မှန်းတော့မသိပါဘူး။ ကျွန်တော်က တော့ ဒါဟာ ရေမွှေးနံ့မှန်းသိပါတယ်။

နောက်တစ်နေ့ ပင်စည်ကိုငါးမန်း လွှနဲ့ဖြတ်လိုက်တဲ့အခါ ခွဆုံအနားမှာ သစ်ခေါင်းပေါက်တစ်ခုတွေ့ပါတယ်။ ကလေးတွေက အခေါင်းထဲလက်နှိုက် လိုက်တဲ့အခါ ကွဲနေတဲ့ရေမွှေးပုလင်း တစ်လုံးနဲ့ ကျွန်တော်လက်ဆောင်ပေးခဲ့ ဖူးတဲ့ (ယခုအခါမှာတော့ ပိုင်ရှင်မဲ့ဖြစ် နေတဲ့) ဒိုင်ယာရီစာအုပ်ကလေးတစ် အုပ်ကိုတွေ့ပါတယ်။ သေချာပါတယ် ဒီစာအုပ်ကလေးဟာ တစ်ခါတုန်းက လသာညတစ်ညမှာ ကျွန်တော်ချစ်ခဲ့ဖူး တဲ့ ကောင်မလေးတစ်ယောက်ကိုပေးခဲ့ တာပါ။ သူကတော့ မပြီးဆုံးနိုင်သေးတဲ့ သံသရာခရီးကိုသွားနှင့်ပါပြီ။ ကျွန်တော် တို့ကတော့ ဘယ်အချိန်သွားရမယ်ဆို တာ သေချာမသိကြရသေးပါဘူး။

မောင်လှဒွေး (မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com

ာ တင်ပြရေးသားနေခဲ့ရာမှ ထိုဖြစ်စဉ်ကို သတိရလာသောကြောင့် ပြန်လည်ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

ဘကြီးကံ့မောင်၏ ပြောပြချက်အရ ရာသီဥတုကူးပြောင်းချိန်တွင် ဖြစ်တတ်သောရေယုန်နှင့် အရေပြားနာပေါက်ခြင်းများကိုလည်း ခွေးတောက်နွယ်ပင်၏ သတ္တုရည်ကိုလူးပေး၊ လိမ်းပေးခြင်းဖြင့် သက်သာ ပျောက်ကင်းခဲ့သည်ကို ကိုယ်တွေ့ ကြုံခဲ့ဖူးပါသည်။

ခွေးတောက်ပင်မှာ နွယ်ပင်အမျိုးအစား ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် သစ်ပင်ကြီးများပေါ်၌ တမင်မစိုက်ပျိုးထားသော်လည်း သဘာဝအတိုင်းတွယ်ကပ်ပေါက်ရောက်ကြသည်။ အရသာမှာခါးသည်။ ခင်းချိုချက်သောက်လေ့ရှိပြီး ခံတွင်းမြိန်စေသည်။ ပူခါးစပ်၍ဝမ်းမီးတောက်စေသည်။ ကြေကျက်လွယ်သည်။ ဓာတ်သေးပါးကိုခိုင်မာတောင့်တင်းစေသည်။ သွေးကိုပွားစေတတ်ပြီး၊ ကာမအားပေး၍ နှုတ်မြိန်စေသည်။ သလိပ်နိုင်သော ဓမ်းရည်ရှိကြောင်း ဆေးကျမ်းများတွင် တွေ့ရသည်။

ခွေးတောက်နွယ်ပင်သည် လည်ချောင်းနာခြင်း၊ လေရောဂါ၊ ဂူလုံး၊ ပြည်တည်လာသရောရောဂါ၊ ပိုးနာ၊ နူနာအဆိပ်သင့်နာ၊ ရပ်ကျပ်၊ ဒူလာ၊ ကြွက်အဆိပ်သင့်နာများကို နိုင်နင်းပျောက်ကင်းကြောင်း မြန်မာ့ဆေးပညာရှင်ကြီးများ ပြောကြသည်။ သူ၏ဂုဏ်ရည်မှာ သက်၊ သွေးတက်စေပြီး အဆိပ်ကိုနိုင်သည်။ ချွေးထွက်စေသည်။ ရေငတ်ပြေသည်ဟု ညွှန်းဆိုထားပါသည်။

ခွေးတောက်ရွက်နှင့်ကြွက်ရိုးဟင်းချိုသည် လူကြိုက်များပါသည်။ ယမကာ မှီဝဲသုံးဆောင်သူများသည် အရက်ချိုးကျစေရန် ခွေးတောက်ရွက်ကြွက်ရိုးဟင်းချိုကို သုံးဆောင်လေ့ရှိကြသည်။

ခွေးတောက်ပင်၏အမည်နာမကို လေ့လာလျှင် 'ခွေးကိုတောက်စေသည်' ဟု အဓိပ္ပာယ်ဆောင်နေပါသည်။ ခွေးတောက်ရွက်သည် ဝက်ရူးပြန်ခြင်းကဲ့သို့သော အတက်ရောဂါကို ကုသပျောက်ကင်းပါသည်။ အတက်ရောဂါကြောင့် သတိလစ်မေ့နေသူ၏ နားရွက်ကို ဖြတ်ခြေပေးပြီး သွေးအနည်းငယ်ထွက်အောင် မီးကင်ထားသော အပ်ချောင်းလေးနှင့်ဖောက်ပေးရသည်။ သန့်ရှင်းစွာ ဆေးကြောထားသော ခွေးတောက်ရွက်ကို သွေးစို့နေသောနားရွက်အား ပွတ်



ခွေးတောက်နွယ်ပင်များပေါက်နေပုံ

ခြေပြီး စိုစွတ်အောင် လိမ်းပေးရသည်။ ခွေးတောက်ရွက်သတ္တုရည်ပြုပြီး အတက်ရောဂါသည်ကို လက်ဖက်ရည်ပန်းကန် တစ်ဝက်ခန့်တိုက်ပေးရပါသည်။ မကြာမီ ပြန်လည် သတိရပျောက်ကင်းသွားသည် ကိုတွေ့ဖူးပါသည်။ (ခွေးကိုက်ခံရလျှက် ခွေး၏နားရွက်များကို ကိုက်ညှပ်၍သွေးစို့စေသောသဘောမျိုးဖြစ်သည်။ ဂမ္ဘီရ ဆန်သောဓာတ်တုံ့ပြန်မှုကုထုံးတစ်မျိုး ဖြစ်ပါသည်။

ခွေးတောက်ရွက်နှင့်အပင်ရိုးတံ တို့သည် အစေးများထွက်သည်။ အသီးသီးသောအခါ (၂)တောင့်စီတွဲသီးသည်။ မှည့်လာသောအခါ သီးတောင့်မှမှို့များ ထွက်လာသည်။ ခွေးတောက်ပင်နွယ်ကို မခုတ်ဖြတ်ဘဲထားလျှင် လက်ကောက်ဝတ်အထိတုတ်ခိုင်ပြီး တွယ်ကပ်ပေါက်ရောက်ရာအပင်ကို ရှုံမိုးပြီးပျက်စီးသွားစေသည်။ခုတ်ဖြတ်သော်လည်း အလွယ်တကူမသေဘဲ အညွန့်တတ်များ ဝေဝေဆာဆာထွက်လာလေ့ရှိသည်။ အလွန်ခိုင်မြဲသောအပင်မျိုးဖြစ်သည်။

အရွက်များမှာ ညောင်ရွက်ပုံစံဖြစ်သည်။ ရွက်လယ်ကြောကြီးမှ ရွက်ကြောငယ်များ အလှည့်ကျဖြာထွက်သည်။ အရွက်များမှာ ပါးလှပ်၍ချော့မွေ့နေ၏။ ခွေးတောက်နွယ်ပင်သည် ကျေးလက်ဒေသများတွင် အလွယ်တကူရနိုင်သော ဆေးဖက်ဝင်အပင်မျိုးဖြစ်၍ လိုသလို အသုံးပြု၍ ကျန်းမာရေးကို ထောက်ကူစေကြောင်း စေတနာကောင်းနှင့် တင်ပြလိုက်ပါသည်။

မေတ္တာရည်လျှက်

မျိုးတင့်(ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com

*'နန်းဟောမာခြံကို
အံမြန်သွားရန်စီစဉ်ထားပါ။
အသေးစိတ် ထပ်မံပြောမည်။'*

ဂမ္ဘီရမင်းမော်ထံမှ ကြေးနန်းရသဖြင့် ကျွန်တော်ရင်ခုန်ရပါတော့သည်။ ဂမ္ဘီရမင်းမော်သည် အလွန်လျှို့ဝှက်ထူးဆန်းသူဖြစ်သည်။ ဂမ္ဘီရစာပေရေးသားခြင်းဖြင့် ချက်ချင်းထင်ပေါ်လာသူ ဖြစ်သည်။ ဂမ္ဘီရမဂ္ဂဇင်းများတွင် ဝတ္ထုတိုများရေးသားရာမှ လူသိများလာခြင်းဖြစ်သည်။ သူ၏ဝတ္ထုများကို စာဖတ်သူများက စွဲလမ်းသည်နှင့် မဂ္ဂဇင်းများတွင် အခန်းဆက်ဝတ္ထုရှည်များရေးသားတော့သည်။ အခန်းဆက်ဝတ္ထုရှည်များမှာ ပို၍အောင်မြင်သဖြင့် မဂ္ဂဇင်းများက သူ၏ဝတ္ထုများကို အလုအယက်ဖော်ပြကြသည်။ စာရေးခြင်းဖြင့် သူအောင်မြင်မှုရမှ ကျွန်တော့်ထံ သူရောက်လာခြင်းဖြစ်သည်။

မင်းမော်နှင့် ကျွန်တော်မှာ ရန်ကုန်တက္ကသိုလ်တွင် ရင်းနှီးခဲ့ကြသည်။ စာပေဝါသနာတူခြင်းကြောင့် ပိုမိုခင်မင်ခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်က စာပေလောကသို့ ထုတ်ဝေသူအဖြစ်ဝင်ရောက်ခဲ့သလို မင်းမော်က စာရေးရန်ကြိုးစားခဲ့သည်။ မဂ္ဂဇင်းများတွင် ဝတ္ထုတို (၁၀) ပုဒ်ခန့် ရေးသားပြီး မင်းမော်ပျောက်ကွယ်သွားသည်မှာ (၂) နှစ်ခန့်ကြာခဲ့ပါသည်။ ဂမ္ဘီရမဂ္ဂဇင်းများနှင့်အတူ ဂမ္ဘီရမင်းမော်အမည်ဖြင့် ပြန်လည်ထွက်ပေါ်လာပါသည်။ ဝတ္ထုများရေးသား၍ မဂ္ဂဇင်းများကအလိုရှိနေချိန် မင်းမော်က ကျွန်တော့်ထံရောက်လာခဲ့သည်။

"ကိုယ့်ဝတ္ထုကိုထုတ်ဝေမယ်ဆိုရင် ရေးပေးမယ်။ ကိုယ့်နောက်ကို ထုတ်ဝေသူတွေလိုက်နေတာ မောင်ရင်သိပါတယ်။ ဒါပေမယ့် ကိုယ်က လုံးချင်းဝတ္ထုရေးရင် မောင်ရင့်ကိုပဲပေးဖို့ ဆုံးဖြတ်ထားပါတယ်"

မမျှော်လင့်ဘဲ မင်းမော်စကားကြောင့် ဝမ်းသာမိသည်။ ကျွန်တော့်ကို သံယောဇဉ်ရှိရှာသားပဲဟု တွေးရင်း ကျေးဇူးတင်ရသည်။

"ထုတ်ချင်တာပေါ့ သူငယ်ချင်းရယ်။ အခုအခါ မင်းဝတ္ထုကိုမထုတ်ချင်တဲ့သူရှိပါ့မလား။ မင်းပေးရင့်ထုတ်မှာပေါ့"

"လောလောဆယ် ငါနားဖို့နေရာလိုတယ်။ နားရင်း ငါစာရေးမယ်။ (၃) ရက်အတွင်း အပြီးရေးပေးမယ်။ ငါနေဖို့ နေရာတော့ပေးရမယ်"

"ငါနဲ့အတူနေရင်ရတာပဲကွ။ ဒီမှာပဲနေ၊ ဒီမှာစာရေးပေါ့"

"မဖြစ်ဘူး၊ ငါဒီမှာနေတာ လူမသိစေချင်ဘူး။ ငါ့နောက်ကို အသဲအသန်လိုက်နေတဲ့လူတွေရှိတယ်"

"ဘာလဲ၊ ထုတ်ဝေသူတွေလား"

"ထုတ်ဝေသူတွေလည်းပါတယ် နောက်ပြီး အန္တရာယ်ပေးမယ့်လူတွေ လည်းပါတယ်။ ဒါကြောင့် လုံခြုံတဲ့နေ လိုတယ်လို့ပြောရတာပေါ့။ ဘာကြောင့် ဆိုတာမမေးနဲ့၊ နောက်မှရှင်းပြမယ်"


"ရပါတယ်ကွာ၊ မင်္ဂလာဒုံမှာ အစ်ကိုကြီးရဲ့ခြံတစ်ခြံရှိတယ်။ အစ် ကြီးက နိုင်ငံခြားသွားနေတော့ ငါ့ကိုအ ခဲ့တာ။ အဲဒီမှာ ခြံစောင့်တစ်ဦးပဲရှိတယ် ဒီညတို့သွားကြည့်ကြတာပေါ့"

မင်းမော်က လူသိမခံချင်သ ညဘက်တွင် ကျွန်တော့်ကား မင်္ဂလာဒုံသို့သွားကြ၏။ ခြံမှာ ကျယ် ပြီး ချောင်ကျသဖြင့် မင်းမော် အကြိ တွေ့ပုံရသည်။ ခြံစောင့်ဦးထော် မိတ်ဆက်ပေးရသည်။

"ဦးထော်၊ ဒါကျွန်တော့်သူငယ်ချင်း မင်းမော်ပါ။ သူက စာရေးဆရာဆိုတော့ သူစာရေးနိုင်အောင် ဦးထော်က အ ကူညီပါ"

"ကဲ - မင်းမော်၊ ဦးထော် အရမ်းအားကိုးရပြီး သစ္စာရှိတဲ့သူ မင်းအတွက် မနက်စာ၊ ညစာ မင်း ချင်တာ သူချက်ကျွေးလိမ့်မယ်။ မင်း သဘောကျရဲ့လား"

"အားလုံးအဆင်ပြေမယ်ထင် တယ်။ ဒီညကစပြီး စာရေးမယ်။ ငါပြော





www.burmeseclassic.com

www.burmeseclassic.com

ခဲ့တဲ့အတိုင်း သုံးရက်ကြာရင် ဝတ္ထု တစ်ပုဒ် မင်းကိုအပ်မယ်"

မင်းမော်ကိုထားခဲ့ပြီး, ကျွန်တော် ပြန်ခဲ့ပါသည်။ စာအုပ်ထုတ်ဝေရေးကိစ္စများ လုံးပန်းနေရသဖြင့် မင်းမော်အဆင်ပြေ မပြေကိုပင် မမေးနိုင်ခဲ့ပါ။ လေးရက်မြောက်နေ့တွင် ရုံးခန်းသို့ ဦးထော် အထုပ်တစ်ထုပ်ပိုက်လျက် ရောက်လာပါသည်။


"ဆရာ၊ ဒါ ဆရာမင်းမော်ကပေးလိုက်တာပါ"

အထုပ်ကို ဖြေကြည့်လိုက်ရာ လုံးချင်းဝတ္ထုတစ်အုပ်စာ တွေ့ရသဖြင့် အံ့သြရပါသည်။ ဤမျှထူသောစာမူကြီးကို သုံးရက်နှင့် အပြီးရေးနိုင်သဖြင့် ဂမ္ဘီရ မင်းမော်၏ ဂမ္ဘီရဆန်မှုကို မယုံကြည်နိုင်အောင်ဖြစ်ရသည်။

"ဦးထော်၊ မင်းမော်ကဘယ်အချိန်စာရေးလို့ ဒါလောက်ထူတဲ့စာမူကို သုံးရက်နဲ့အပြီးရေးနိုင်တာလဲ"

"အဲဒီဆရာက တစ်ညလုံးမအိပ်ဘဲ စာရေးတာပဲဆရာ။ နေ့ခင်းဘက် ထမင်းစားရုံ၊ ကော်ဖီသောက်ရုံပဲနားတယ်။ ကျန်တဲ့အချိန် စာချည်းရေးနေတာမြင်ရတယ်။ ကဲ-ကျွန်တော်ပြန်မယ် ဆရာ"

ဦးထော်ပြန်သွားသည်နှင့် ဂမ္ဘီရ






www.burmeseclassic.com

www.burmeseclassic.com

မင်းမော်၏ စာမူထုပ်ကိုဖွင့်ကြည့်လိုက်သည်။ 'ဂမ္ဘီရကောင်းကင်' ဟူ၍ တွေ့ရသဖြင့် ဖတ်ကြည့်ရာ လက်ကမချနိုင်အောင် ဆွဲဆောင်မှုရှိပါသည်။ ဂမ္ဘီရကောင်းကင် ဟူသော အမည်နှင့်လိုက်အောင် အံ့သြစရာ၊ ထိတ်လန့်ရင်တုန်စရာများကြောင့် ရပ်ထား၍မရဘဲ ဆက်တိုက်ဖတ်ခဲ့မိသည်။ အလုပ်ချိန်ကျော်၍ ဝန်ထမ်းများပြန်သွားသည်ကိုပင် သတိမထားလိုက်မိပါ။ ည(၈)နာရီမှအိမ်သို့ပြန်ဖြစ်သည်။ အိမ်ရောက်သည်နှင့် ရေချိုး၊ ထမင်းစားပြီး စာအုပ်ကိုဆက်၍ဖတ်ခဲ့သည်။ ဆက်တိုက်မနားမနေဖတ်ခဲ့ရာ မင်းမော်၏ဝတ္ထုလောက်ဆွဲဆောင်မှုကောင်းသောဝတ္ထုမျိုး ယခင်က မတွေ့ခဲ့ဘူးပါ။ ဝတ္ထုဆုံးသည်နှင့် ထိုဝတ္ထုအောင်မြင်မည်ကို ချက်ချင်းသိလိုက်ပါသည်။ နောက်နေ့ ရုံးသို့ရောက်သည်နှင့် ထိုဝတ္ထုကိုထုတ်ရန် စီစဉ်ရတော့သည်။ ထိုဝတ္ထုအမြန်ထွက်နိုင်ရန် ကြိုးစားနေစဉ် (၄) ရက်မြောက်နေ့တွင် ဦးထော်ရောက်လာပြီး စာမူတစ်ထုပ်ပေးပြန်သည်။ ထိုဝတ္ထုကိုဖတ်ကြည့်ရာတွင် ယခင်ဝတ္ထုထက် ပိုမိုကောင်းမွန်သည်ကို တွေ့ရသဖြင့် အားရကျေနပ်မိပါသည်။ ထိုဝတ္ထုကိုလည်း ဆက်လက်ထုတ်ဝေရန် စီစဉ်ရသည်။ နောက် (၄) ရက်မြောက်နေ့တွင် ဦးထော်ရောက်လာပြီး စာမူပေးပြန်သည်။ ဦးထော်က မင်းမော်မှာလိုက်သည့်ကိစ္စပြောပါသည်။

"ဆရာမင်းမော်က ခရီးထွက်စရာရှိတယ်ပြောတယ်ဆရာ"

"ဟုတ်လား၊ ဘယ်တော့ထွက်မှာလဲ"

"အမြန်ဆုံးထွက်မယ်ပြောတယ်"

"ဒါဆို ဦးထော်ပြန်ပါ။ ကျွန်တော်ဒီညလာမယ်။ ကျွန်တော်နဲ့တွေ့ပြီးမှခရီးထွက်ဖို့ပြောပါ။ ဦးထော်မှာငွေလက်ကျန်ရှိသေးသလား"

"ရှိပါတယ်ဆရာ။ စာရေးဆရာက အထွေအထူးစားတာမဟုတ်တော့ ဆရာပေးထားတဲ့ငွေ အများကြီးကျန်ပါသေးတယ်"

ဦးထော်ပြန်သွားသည်နှင့် အလုပ်မှ စောစောပြန်ခဲ့သည်။ ညစာစားပြီး မင်္ဂလာဒုံသို့ထွက်ခဲ့သည်။ မင်းမော်ကို အသင့်တွေ့ရသည်။

"မင်းခရီးထွက်မယ်ဆိုလို့ ငါအမြန်လာခဲ့တာ။ မင်းဘယ်ကိုသွားမှာလဲ"

"ဘယ်ကိုသွားမယ်ဆိုတာမပြောနိုင်သေးဘူး သူငယ်ချင်း။ ဒါနဲ့ ငါ့ဝတ္ထုတွေ မင်းသဘောကျရဲ့လား"

"သိပ်ကြိုက်တယ်ကွာ။ သုံးရက်နဲ့ ဝတ္ထုတစ်ပုဒ်ပြီးတယ်ဆိုတော့ ဘယ်လိုများရေးတယ်ဆိုတာသိချင်လို့ပါ"

"ငါပြောပါ့မယ်။ ဒီဝတ္ထုတွေက ငါ့လက်နဲ့ရေးလို့ ငါရေးတာလို့ပြောရပေမယ့် တကယ်တော့ ငါရေးတာမဟုတ်ဘူး"

" ဘယ်လို၊ မင်းလက်နဲ့ရေးပြီး မင်းရေးတာမဟုတ်ဘူး"

"ဒီမှာ ဒီကလောင်ကရေးတာ"

မင်းမော်သည် ပဏ်ကား - ၅၁ အရွယ်အစားဖောင်တိန်ကိုထုတ်ပြသည်။ ကလောင်တံမှာ ရွှေရောင်တောက်နေသည်ကိုတွေ့ရသည်။

"ဒါ ဂမ္ဘီရရွှေကလောင်ပဲကွ။ ဒီကလောင်က ငါလိုချင်တာကို စိတ်ကူးလိုက်ရင် သူက ရေးတော့တာပဲ။ ငါက ကိုင်ထားရုံပဲ၊ သူ့ဘာသာသူရေးသွားတာ။ ငါက ဂမ္ဘီရဇာတ်လမ်းကိုကြိုက်တော့ သူကအလွန်ထူးဆန်းတဲ့ဂမ္ဘီရဇာတ်လမ်းတွေကို မရပ်မနားရေးတော့တာဘဲ"

"ဒါဆို"

"နေဦး၊ ငါ့ဘဝအစကပြန်ပြောမှ မင်းသဘောပေါက်မှာ။ တို့ဘွဲ့ရပြီး ငါက ဂမ္ဘီရစာရွှေးဖတ်၊ ဂန္ဓာရီလမ်းစဉ်ကို လေ့လာရင်း ပုတီးတွေစိပ်နေခဲ့တာ။ တစ်နေ့ ကျိုက်ထီးရိုးဘုရားကိုရောက်သွားတယ်။ ကျိုက်ထီးရိုးမှာ အဓိဋ္ဌာန်ပုတီးစိပ်ရင်း ဘရသေ့နဲ့တွေ့ကြတာ။ ရင်းနှီးသွားတော့ သူက သူနေတဲ့ကျောက်လိုဏ်ဂူကြီးထဲကို ငါ့ကိုခေါ်သွားတယ်။ ဂန္ဓာရီလမ်းစဉ်လိုက်ရင် စိပ်ရမယ့်ပုတီးစိပ်တွေသင်ပေးတယ်။ အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်နေခဲ့တာ (၆)လကြာသွားတယ်။ ဘရသေ့က ငါရဲ့ ရှေ့ဆက်မယ့် ခရီးစဉ်ကိုမေးတယ်။ ငါက စာရေးဆရာလုပ်ချင်တဲ့အကြောင်းပြောတော့ ဘရသေ့က ခွင့်ပြုတယ်။ (၃) နှစ်ပြန်ပြီး စာရေးခွင့်ပြုတယ်။ (၃) နှစ်ကြာရင် သူ့ထံပြန်လာရမယ်လို့ပြောတယ်။ နောက်ပြီး စာရေးဖို့ ဒီရွှေကလောင်ကိုလက်ဆောင်ပေးလိုက်တယ်။ ဒီရွှေကလောင်က နှယ်နှယ်ရရကလောင်မဟုတ်ဘူး။ ဟံသာဝတီခေတ်က ဘုရင်မကြီးရှင်စောပုရဲ့နန်းတော်ထဲမှာ စာရေးတော်ကြီးရဲ့ ဂမ္ဘီရကလောင်လို့ပြောတယ်။ ငါးပါးသီလမြဲနေရင် ဒီကလောင်က စာရေးသူရဲ့စိတ်ထဲက ခံစားချက်ကိုဖော်ထုတ်ပေးနိုင်တဲ့အစွမ်းရှိတယ်။ ဘရသေ့က သီလကိုလုံခြုံအောင်ထိန်းနိုင်သရွေ့ ငါရေးသမျှစာတွေ အောင်မြင်မယ့်အကြောင်းမှာလိုက်တယ်။ ဒီကလောင်အကြောင်းသိထားတဲ့လူတစ်စုက ဒီရွှေကလောင်ကိုရဖို့လိုက်နေကြတာရှိတယ်။ ရွှေကလောင်ကို လျှို့ဝှက်အသုံးပြုဖို့မှာလိုက်တယ်။ ဒါကြောင့် အေးချမ်းဆိတ်ငြိမ်တဲ့အရပ်မှာ စာလာရေးရတာပေါ့။ အခါအားလျော်စွာ ရွှေကလောင်က အိပ်မက်ပေးတတ်တယ်။ သူခိုင်းတာပဲလုပ်ပေးရမယ်လို့ ဘရသေ့မှာလိုက်တယ်။ အခုလည်း ခရီးထွက်ဖို့ အိပ်မက်ပေးလို့ ခရီးထွက်ရမယ်။ ရောက်တဲ့အရပ်မှာ စာရေးနေမှာပဲ။ စာမူကို ဘယ်မှာလာယူရမယ်ဆိုတာ ငါအကြောင်းကြားပေးပါ့မယ်။ မင်းလိုက်ယူပေါ့"

"မင်းအကြောင်း နားထောင်ရတာ ဂမ္ဘီရဆန်တယ်နော်"

"ဒါကြောင့် ဒါလောက်စာတွေ ရေးနိုင်တာပေါ့"

"တစ်ခုမေးရဦးမယ်။ မင်းစာမူခကိစ္စရယ်၊ မင်းဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ဝယ်မယ့်လူရှိရင် ဘာဆက်လုပ်ရမယ်ဆိုတာ ပြောခဲ့ပါဦး"

"ဒါကြောင့် မင်းကိုလွှဲခဲ့တာပေါ့။ မင်းစိတ်ကြိုက်သာလုပ်ပါ။ ငါဘာမှဝင်မပြောဘူး။ ငွေလိုရင်တော့ ငါတောင်းမှာပေါ့"

ထိုညက အလုပ်အကြောင်း ဂမ္ဘီရမင်းမော်နှင့် ညဉ့်နက်သည်အထိ ဆွေးနွေးခဲ့ပါသည်။ နောက်နေ့မနက်တွင် မင်းမော်ခရီးထွက်သွားကြောင်း သိရသည်။

ဂမ္ဘီရမင်းမော် ရန်ကုန်မှထွက်သွားသည်နှင့် သူ၏ဝတ္ထုများကို အမြန်ဆုံးထုတ်ပေးရန် စီစဉ်ရသည်။ ပထမဆုံးဝတ္ထုမထွက်ခင် ဂမ္ဘီရဆန်သောစာလုံးများဖြင့် ပရိသတ်စိတ်ဝင်စားအောင် ကြော်ငြာရသည်။ မဂ္ဂဇင်းများတွင် ဂမ္ဘီရမင်းမော်၏ ကြော်ငြာကိုတွေ့သူတိုင်း ဝတ္ထုကိုမျှော်နေကြသည်။ ကြော်ငြာအားကောင်းသဖြင့် စာအုပ်ထွက်လာသည့်အခါ ရောင်းအားကောင်းခဲ့သည်။ တစ်လအတွင်း ပထမအကြိမ်ထုတ်ဝေသည့်စာအုပ်များအားလုံးရောင်းခဲ့ရသဖြင့် ဒုတိယအကြိမ် ရိုက်နှိပ်ရပြန်သည်။ ဒုတိယအကြိမ် ထုတ်ဝေသည့် စာအုပ်တွင် ဒုတိယမြောက်ဝတ္ထုနှင့် တတိယမြောက်ဝတ္ထုတို့ကို ဝေဝေဆာဆာ ကြော်ငြာလိုက်သည်။ ပထမဆုံးစာအုပ် တတိယအကြိမ်နှင့် ဒုတိယစာအုပ်ပထမအကြိမ်သို့ တစ်ပြိုင်တည်း ဖြန့်ချိလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပထမဆုံးစာအုပ်အောင်မြင်သလို ဒုတိယစာအုပ်ကလည်း အောင်မြင်ခဲ့သည်။ မဂ္ဂဇင်းများတွင် ချီးကျူးသည့် ဝေဖန်ချက်များကြောင့် စာအုပ်များ အလွန်အရောင်းသွက်ခဲ့သည်။ တတိယ စာအုပ်ထွက်ရန် ကြိုးစားနေစဉ် ဂမ္ဘီရ မင်းမော်ဆီမှကြေးနန်းရောက်လာသည်။

*'မြစ်ကြီးနားမြို့စွန်ရှိ*
*မြဟောဝန်ခြံတွင်*
*စာမူများလာရောက်ယူရန်'*

ကြေးနန်းမှာ အပြည့်အစုံမပါ သဖြင့် မီရာလေယာဉ်ဖြင့် အမြန်လိုက် ရသည်။ လေဆိပ်တွင် ကချင်လူငယ် တစ်ဦးက အသင့်လာကြိုနေပါသည်။ ကျွန်တော်၏အမည်ကိုမေးပြီး သေချာပြီ ဟု ယုံကြည်သဖြင့် မြို့အစွန်ရှိ မြဟောဝန် ခြံသို့ ခေါ်သွားပါသည်။ မြဟောဝန်ခြံမှာ ကျယ်ဝန်းပြီး ဆိတ်ငြိမ်သဖြင့် မင်းမော် စိတ်ကြိုက်ဖြစ်ပေသည်။ ကချင်လူရွယ် က ခြံထဲတွင် ညစာများစီစဉ်ကျွေးမွေး ပြီး စာမူထုပ်များကို ပေးအပ်ပါသည်။ ပထမအကြိမ်ပေးစဉ်ကအတိုင်း ဝတ္ထု သုံးပုဒ်စာဟု သိရသည်။ မင်းမော်၏ အကြောင်းကိုမေးသော်လည်း သူကိုယ် တိုင် ရေရေရာရာသိရှိပုံမရဘဲ သူသိသမျှ ကို အမှန်အတိုင်း ပြောပြပါသည်။

"ဆရာမင်းမော်က ဂမ္ဘီရမင်းမော် ပီသပါတယ်။ သူ့အကြောင်းကို ဘယ်သူ မှ တိတိကျကျမသိရဘူး။ အားလုံး လျှို့ဝှက်ချက်တွေချည်းပဲ။ ဘယ်ကိုသွား မယ်ဆိုတာလဲမသိရဘူး။ သူပြောသွား တာကတော့ တစ်နေ့ရာတည်းမှာ ကြာ ရှည်နေလို့မရဘူး။ သူ့မှာ အန္တရာယ်ရှိ တယ်လို့ပြောတာပဲ။ အရေးကြီးရင် သူဆက်သွယ်မယ်လို့ပဲပြောသွားတယ်"

မင်းမော်အကြောင်း စုံးစမ်း၍မရ တော့သည်နှင့် ဝတ္ထုသုံးပုဒ်စာ စာမူများ ကိုယူဆောင်ပြီး ရန်ကုန်သို့ပြန်ခဲ့ပါသည်။ ရန်ကုန်ရောက်သည်နှင့် ထုတ်ဝေပြီးဖြစ် သည့် ဝတ္ထုသုံးပုဒ်သည် အလွန်နာမည် ကျော်လျက်ရှိပါသည်။ ရုပ်ရှင်ကုမ္ပဏီ ကြီးများကလည်း အတင်းလိုက်နေပါ သည်။ အလွန်ရင်းနှီးသောသူငယ်ချင်းက ဈေးအများဆုံးပေးသဖြင့် ဝတ္ထုသုံးပုဒ်ကို ရုပ်ရှင်ကားသုံးကားအတွက် ရောင်းချ လိုက်ပါသည်။ နောက်ဆက်လက်ထွက် မည့်ဝတ္ထုသုံးပုဒ်ကို ကြေညာလိုက်သည် နှင့် စာအုပ်ကို မမြင်ရသေးသော်လည်း ရုပ်ရှင်ကုမ္ပဏီများက လိုက်လာကြပြန် သည်။ အခြားသူများကို မရောင်းဘဲ ပထမ ဝယ်ယူသည့် သူငယ်ချင်းကိုသာ ရောင်းချပေးခဲ့သည်။ ရုပ်ရှင်ရိုက်ရန် ရောင်းချရငွေများ၊ ဝတ္ထုရေးခ၊ စာမူခ များမှာ များပြားလာသဖြင့် ဘဏ်တစ်ခု တွင် အပ်နှံထားလိုက်ရသည်။ ကာယကံ ရှင်မရှိဘဲ သူ့စာမူကိစ္စစကားပြောရ၊ ငွေ များကိုထိန်းသိမ်းရသည်မှာ တာဝန်ကြီး လှသဖြင့် မင်းမော်အမြန်လာပါစေဟု ဆုတောင်းနေရသည်။ မင်းမော်ကိုမျှော် နေစဉ် ရုတ်တရက် ကြေးနန်းစာကို ရလိုက်ခြင်း ဖြစ်သည်။

*'နန်းဟေမာခြံကို*
*အမြန်သွားရန်စီစဉ်ထားပါ။*
*အသေးစိတ်ထပ်မံပြောမည်'*

ဟူသောကြေးနန်းကိုရလိုက်သဖြင့် နန်းဟေမာသို့သွားရန် စီစဉ်ရပြန်သည်။ နန်းဟေမာသို့ တစ်ခေါက်ရောက်ဖူးပြီ ဖြစ်၍ သွားရန်မခဲယဉ်းပါ။ သွားရန် ပြင်ဆင်ရတော့သည်။ ထိုကြေးနန်းရပြီး သုံးရက်အကြာ အလွန်ထူးဆန်းသော အိပ်မက်ကိုမက်ခဲ့ပါသည်။ အိပ်မက်မှာ မယုံကြည်နိုင်စရာ။ ဂမ္ဘီရကလောင်၏ အစောင့်က စကားပြောခြင်းဖြစ်သည်။ ဂမ္ဘီရကလောင်အစောင့်က အရေးကြီး သည့်ပုံစံဖြင့် အမြန်ပြောပြီးပျောက်ကွယ် သွားပါသည်။

'ဂမ္ဘီရကလောင်အစောင့်ပါ။ ကျုပ် သူတို့လက်ထဲရောက်နေပြီ အမြန်ကယ် ပါ။ မြောင်းမြမှာရောက်နေတယ်။ သင်္ဘောဆိပ်အနီးက ဘုရားဈေးမှာ တနင်္ဂနွေအရောက်လာပါ။သူတို့တောင်း သည့်ဈေးပေးပြီး ရအောင်ဝယ်ပါ'

စကားမှာ တိုတောင်းပြီးပြတ်သား ပါသည်။ ထပ်မံ မေးမြန်းချိန်မရဘဲ အိပ်ရာမှနိုးလာသည်။ သောကြာည အိပ်မက်သဖြင့် ယနေ့ စနေနေ့ဖြစ် သည်။ စနေညသင်္ဘောနှင့်လိုက်မှ မြောင်းမြသို့ တနင်္ဂနွေနေ့နံနက်ရောက် မည်။ အချိန်ကြာကြာစဉ်းစားချိန်မရဘဲ စနေညသင်္ဘောနှင့် မြောင်းမြသို့လိုက်ခဲ့ ရာ တနင်္ဂနွေနေ့နံနက် (၄) နာရီတွင် မြောင်းမြသို့ရောက်ပါသည်။ ခရီးသည် များဆင်းသည်ကိုစောင့်ပြီး နောက်ဆုံး မှဆင်းခဲ့သည်။

မိုးလင်းရန်အချိန်များစွာလိုသေး ၍ သင်္ဘောဆိပ်အနီး ဘုရားတန်ဆောင်း သို့လျှောက်ခဲ့သည်။ ဘုရားတန်ဆောင်း မှာ ပိတ်ထားဆဲဖြစ်၍ ဆက်၍လျှောက် ခဲ့ရာ စကြာသီဟဘုရားသို့ရောက်ခဲ့ ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်နေခဲ့ပါသည်။ (၅) နာရီကျော်မှ ဘုရားပေါ်ကဆင်းခဲ့ပြီး ကုန်သွယ်ရေးရုံးအနီးရှိ မုန့်ဟင်းခါးဆိုင် တွင် မုန့်စားရင်းအချိန်ကုန်စေခဲ့ပါသည်။ (၆) နာရီကျော်ကျော်ထွင် ဘုရားဆီသို့ လျှောက်ခဲ့ရာ ဘုရားရှေ့တွင် ဈေးတန်း တစ်ခုကို တွေ့ရသဖြင့်ကြည့်လိုက်ရာ အသီးအနှံများရောင်းသည်ကို တွေ့ရ သည်။ အလှကုန်ပစ္စည်းများ၊ အဝတ် အထည်များလည်း လမ်းဘေးတွင် ပုံ၍ရောင်းနေကြသည်ကို တွေ့ရသည်။ ဘုရားရှေ့တည့်တည့်တွင် ရှေးဟောင်း ပစ္စည်းများ ခင်းကျင်းရောင်းချနေသည် ကို တွေ့လိုက်ရသည်။ ထိုဆိုင်တွင် ထူးဆန်းသောပစ္စည်းများကို တွေ့ရ သဖြင့် ထိုဆိုင်ဖြစ်ရမည်ဟု သိလိုက်ရ သည်။ ဖန်ငေါ်လီလုံးများ၊ ပေသီးပုတီး ကုံးများ၊ မြေအိုးမြေခွက်တို့တွင် ဈေးနှုန်း ရေးထားသည်ကို တွေ့ရသည်။ ဈေးနှုန်း များမှ သာမန်နှင့်မတူဘဲ ဈေးအလွန်မြင့် သည်ကိုလည်း တွေ့ရသည်။ ရောင်းချသူ သျှောင်တစောင်းနှင့် လူကြီးကလည်း ပစ္စည်းများကို ပြသပြီး ဈေးခေါ်လျက် ရှိပါသည်။

"ထူးဆန်းပြီးရှားပါးတဲ့ဂမ္ဘီရပစ္စည်း တွေ ရောင်းတုန်းရအောင်ဝယ်လိုက်ကြ ပါ။ နောက်နေ့ ဒီဆိုင်ဒီနေရာမှာရှိမှာ မဟုတ်တော့ဘူး"

ဈေးရောင်းသူ၏ အော်လိုက်သံ ကြောင့် လူအများ စိတ်ဝင်စားကာ ဝိုင်း အုံလာကြသည်။ ဂမ္ဘီရပစ္စည်းများပါ သဖြင့် တိုးဝှေ့ကြည့်နေကြသည်။ ဂမ္ဘီရ အရုပ်အမျိုးမျိုး၊ လက်စွပ်များ၊ ဇော်ဂျီ ရုပ်များ၊ တိရစ္ဆာန်ရုပ်များ၊ မြွေရုပ်၊ ဟင်္သာရုပ်များကိုလည်း တွေ့ရသည်။ ဂမ္ဘီရတူရိယာပစ္စည်းများအနောက်တွင် ဂမ္ဘီရရွှေကလောင်ကို အမှတ်မထင်တွေ့ လိုက်ရသည်။ ကလောင်သည် သာမန် ဖောင်တိန်အရွယ်သာရှိပြီး ရွှေရောင် ဝင်းလက်နေပါသည်။ ဈေးနှုန်းမှာ ကျပ်ငါးထောင်ဟု ရေးထားသဖြင့် မည်သူမျှစိတ်ဝင်စားဟန်မရှိ။ ကျွန်တော် က ထိုဂမ္ဘီရရွှေကလောင်ကို သူပြော သည့်ဈေးနှင့်ဝယ်လိုက်သည်။ မိမိလိုချင် သည့်ပစ္စည်းကိုရပြီဖြစ်၍ လူအုပ်ထဲက အမြန်တိုးထွက်လိုက်သည်။ ထိုပစ္စည်း လက်ဝယ်ရောက်ပါက အန္တရာယ်ရှိနိုင် သဖြင့် မည်သူမျှမနှောင့်ယှက်နိုင်အောင် ဝေးရာသို့ပြေးရတော့မည်။ ဈေးတွင် လူစည်ကားချိန်ဖြစ်၍ ရှုပ်ယှက်ခတ်နေ ပါသည်။ ဈေးထဲမှ ဆိုက်ကားငှား၍ မြို့အစွန်သို့လာခဲ့သည်။ ဖွဲ့နုဆီးဖော်



www.burmeseclassic.com

www.burmeseclassic.com

စက်ရုံမှူးမှာ သူငယ်ချင်းဖြစ်၍ သူ့အိမ်တွင်နားနေပြီး ညနေထွက်မည့် သင်္ဘောဖြင့် ရန်ကုန်ပြန်ရမည်။

ကျွန်တော့်ကို မမျှော်လင့်ဘဲတွေ့လိုက်ရ၍ စက်ရုံမှူးများဝမ်းသာသွားပါသည်။ နေ့လယ်စာအတွက် ချက်ချင်းစီစဉ်တော့သည်။

"သူငယ်ချင်းလာလို့ ဝမ်းသာပါတယ်။ ဒါပေမယ့် ကိုယ်ကအခုချက်ချင်း ပုသိမ်ကိုသွားဖို့ရှိနေလို့ သူငယ်ချင်းကို ထမင်းကျွေးပြီးရင် သွားခွင့်ပြုပါ"

သူ၏ ရုံးကိစ္စအရေးကြီးသဖြင့် သွားရမှာဖြစ်ပါသည်။ ထိုစဉ် စက်ရုံမှ ဝန်ထမ်းတစ်ဦးရောက်လာပြီး ထိတ်လန့်စရာစကားပြောသဖြင့် ကြားလိုက်ရသည်။

"သည်မနက် သင်္ဘောဆိပ်နားမှာ ရုတ်ရုတ်သဲသဲဖြစ်နေကြတယ်။ ဘုရားအနီးကဈေးမှာ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်လာဖွင့်တယ်။ စက်ပိုင်ကိုမျိုးက ဆိုင်ကယ်နဲ့ရောက်လာပြီး ရွှေကလောင်ရှိတယ် သတင်းရလို့လာဝယ်တာ။ ဈေးသည်က မနက်က လူတစ်ယောက်ကို ငါးထောင်နဲ့ ရောင်းလိုက်တဲ့အကြောင်းပြောလိုက်တော့ အဲဒီရွှေကလောင်သူပေးတဲ့ဈေးထက် ငါးဆပိုပေးမယ် ရအောင်ရှာပေးပါပြောလို့ ဈေးသည်က ဆိုင်ပိတ်လိုက်ပြီး တစ်မြို့လုံးလိုက်ရှာနေကြတယ်။ ကိုမျိုးကလည်း သူ့တပည့်တွေစုပြီး မြို့ကထွက်မယ့်မော်တော်တွေ၊ သင်္ဘောတွေမှာ ရောင်းလိုက်တဲ့လူကိုခေါ်ပြီး လိုက်ရှာနေကြတာ ရုတ်ရုတ်သဲသဲကိုဖြစ်လို့"

ထိုဝန်ထမ်းက အမှတ်မထင်ပြောလိုက်သော်လည်း သူ့စကားက ရင်ဝကိုတိုက်ရိုက်လာမှန်နေသည်။ လူကိုမှတ်မိသူနှင့်ပေါင်း၍ နေရာအနှံ့ရှာနေကြပြီ။ ကျွန်တော် လုံခြုံသည့်နေရာရောက်နေသည်မှာ ကံကောင်းလှပါသည်။ နေ့လယ်စာစားပြီးသည်နှင့် စက်ရုံမှူးနှင့် ပုသိမ်လိုက်မည်ဟုပြောရသည်။ အမြန်ဆုံးခြေရာဖျောက်မှဖြစ်တော့မည်။ ညသင်္ဘောနှင့်လိုက်ပါက ရှာဖွေရေးနှင့်တွေ့မှာ သေချာသည်။ သူငယ်ချင်းစက်ရုံမှူးကလည်း ဝမ်းသာအားရခေါ်သဖြင့် ညနေတွင် ပဲ့ထောင်ဖြင့် ပုသိမ်သို့ထွက်ခဲ့ကြပါသည်။ မြောင်းမြနှင့်ဝေးသွားမှ စိတ်အေးရတော့သည်။ စက်ရုံဝန်ထမ်းပြောသည့်စကားကို ကြားယောင်သည်နှင့် ရင်ခုန်ရမိသည်။ ဂမ္ဘီရကလောင်ကိုလိုက်နေသောလူက ကိုမျိုးကိုပြောသည့်စကားကို သူကြားသည့်အတိုင်း ပြန်ပြောခြင်း ဖြစ်သည်။

"ဒီဂမ္ဘီရကလောင်က နယ်နယ်ရရမှတ်သလား။ ငါ့အစ်ကိုကြီး မြစ်ကြီးနားမှာ အသက်စွန့်ပြီးတိုက်ယူခဲ့ရတာ။ ဒီကလောင်ရတဲ့လူက ကလောင်ကို ရန်ကုန်ပို့ဖို့အလာ မန္တလေးရထားပေါ်မှာ အိတ်ချင်းများပြီးပါသွားလို့ လိုက်နေရတာ။ ရှေးဟောင်းပစ္စည်းရောင်းတဲ့လူရဲ့လက်ထဲရောက်တာသိလိုက်ရပေမယ့် မြောင်းမြပါသွားတယ်ဆိုလို့ အမီလိုက်ရတာ။ ဒါပေမယ့် မမီလိုက်ဘူး။ ဝယ်သွားတဲ့လူက ရန်ကုန်က ဒီမနက်မှ မြောင်းမြကိုရောက်တဲ့ခရီးသည်တစ်ဦးလို့သိရတယ်။ ငွေဘယ်လောက်ကုန်ကုန်ရအောင်ယူရမှာပဲ"

ပဲ့ထောင်ပေါ်တွင် သူငယ်ချင်းစက်ရုံမှူးနှင့် ရှေးဟောင်းနှောင်းဖြစ်များကိုပြောနေရသော်လည်း စိတ်ကတော့ ရွှေကလောင်ဆီသို့သာရောက်နေသည်။ ရန်ကုန်သို့အမြန်ရောက်ရေးသာတွေးနေမိသည်။ ညနေစောင်းသည်နှင့် သူငယ်ချင်းကျွေးသည့်ညစာကိုစားပြီး ကုလားထိုင်တွင်အိပ်လိုက်ပါသည်။ အိပ်ပျော်လိုက်နိုးလိုက်နှင့် မိုးလင်းခါနီးတွင် ပုသိမ်သို့ရောက်ပါသည်။ ကားဂိတ်သို့ပြေးပြီး အမြန်ယာဉ်ဖြင့် ရန်ကုန်သို့ပြန်ခဲ့ရာ နေ့လယ်တွင် ရန်ကုန်သို့ ရောက်ပါသည်။ မင်္ဂလာဒုံခြံရောက်မှ ဂမ္ဘီရရွှေကလောင်ကို ထုတ်ကြည့်ခွင့်ရတော့၏။ ကလောင်မှာ ရွှေသားအစစ်မဟုတ်သော်လည်း ရွှေသားအစစ်ကဲ့သို့ တောက်ပြောင်နေပါသည်။ ကလောင်ပေါ်တွင် 'ပု-ဒိ-အာ' ဟူသော စာလုံးသုံးလုံးကိုမြင်ရသည်။ မင်းမော်၏စကားကို ကြားယောင်မိပါသည်။

"ပု-ဒိ-အာဆိုတာ မြတ်ဗုဒ္ဓရဲ့အစွမ်းကိုဖွဲ့ထားတဲ့ဂါထာပဲ။ ဒီဂါထာကိုရွတ်ပြီးရေးလို့ ငါရေးတဲ့စာကို ဖတ်မိတဲ့လူတိုင်းစွဲတာပေါ့"

ထိုညတွင်ဘုရားရှိခိုးပြီး ပု-ဒိ-အာဂါထာတော်ကို အထပ်ထပ်ရွတ်ကာ ရွှေကလောင်ကို ဘုရားကျောင်းဆောင်တွင်တင်လျက် လျှို့ဝှက်စွာထားလိုက်ပါသည်။ နောက်နေ့ ရုံးခန်းသို့သွားရာတွင် ရွှေကလောင်ကို ဘုရားကျောင်းဆောင်တွင်ထားရမည်ကို စိတ်မချသဖြင့် ကိုယ်နှင့်မကွာ ယူဆောင်ခဲ့ပါသည်။ ကလောင်ကို ကိုယ်နှင့်မကွာထားရုံသာမက အချိန်ရတိုင်း ပု-ဒိ-အာကိုရွတ်နေသဖြင့် ယခင်က တောင်း၍မရသော စာအုပ်အကြွေးများအလုအယက်ပေးဆပ်လာကြသည်။ နယ်မှလည်းလက်ကျန်ငွေများတဖွဲဖွဲဝင်လျက်ရှိ၏။ ရွှေကလောင်၏ စွမ်းအားပင်ဖြစ်လိမ့်မည်ဟု ယူဆပါသည်။

ရွှေကလောင် ရောက်လာပြီး (၁) လခန့်ကြာသည်အထိ မင်းမော်၏ သတင်းအစအနမကြားရပါ။ မင်းမော်၏ စာအုပ်များမှာ ထွက်သမျှလက်ကျန်မရှိအောင် ရောင်းရရုံသာမက စာပေတိုက်၏ ဝင်ငွေမှာလည်း အံ့ဩစရာကောင်းလောက်အောင် တိုးတက်ခဲ့ပါသည်။ စာပေတိုက်တွင်ရှိစဉ် တစ်နေ့ ထူးထူးဆန်းဆန်း ဖုန်းဝင်လာပါသည်။

"ဆရာလား ခင်ဗျား၊ ဆရာနဲ့စကားပြောစရာရှိလို့ပါ"

"ဟုတ်ကဲ့ - ပြောနိုင်ပါတယ်။ အခုပြောတာဘယ်သူပါလဲ"

"ကျွန်တော် မင်းဒင်ပါ ဆရာ"

"ဘယ်ကမင်းဒင်လဲ၊ ကိစ္စကိုပြောပါဦး"

"ကိစ္စက လူချင်းတွေ့မှပြောလို့ဖြစ်မှာပါ"

"ပြောစရာရှိရင်ပြောပါ၊ ကျုပ်မှာ အချိန်မရှိဘူး။ ဒါဆိုနောက်မှဆက်ပါ"

"နေပါဦးဆရာရယ်။ အခုပြောဆိုရင်လည်းပြောပါ့မယ်။ ဂမ္ဘီရကလောင်ကိစ္စပါ"

"ဘယ်ကဂမ္ဘီရကလောင်လဲ ကျုပ်မသိဘူး"

"မလုပ်ပါနဲ့ ဆရာရယ်။ ညှိနိုင်းနေတုန်း ပြေလည်အောင်ပြောစမ်းပါ။ ဂမ္ဘီရကလောင် ဆရာ့ဆီမှာရှိနေတာ ကျွန်တော်တို့သိတယ်။ ဆရာရောင်းရင် ဆရာတောင်းသမျှ ပေးပြီးဝယ်မယ်။ ဆရာက မရောင်းရင် ရတဲ့နည်းနဲ့ယူရမယ်"

"ခင်ဗျားတို့ ကျုပ်ကိုခြိမ်းခြောက်နေတာလား"

"ဂမ္ဘီရကလောင်ကို ဂမ္ဘီရမင်းမော်ရဲ့လက်ထဲက အသက်စွန့်ပြီးယူခဲ့ရတာပါ။ ဒီကလောင်ရဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရလုပ်ရမှာပဲ။ ဆရာ့ဆီမှာရှိနေတဲ့ ဂမ္ဘီရကလောင်ကို ဆရာဘယ်လောက်ထိန်းနိုင်မလဲဆိုတာ စောင့်ကြည့်ပါ"

ထိုသူက ဒေါသတကြီး ဖုန်းကိုချသွားပါသည်။ ဂမ္ဘီရမင်းမော်ပြောခဲ့သည့် ဂမ္ဘီရကလောင်အတွက် အန္တရာယ်ရှိကြောင်း လက်တွေ့သိလိုက်ရပါသည်။ မင်းမော်မြန်မြန်ရောက်လာလျှင်ကောင်းမှာဟုတောင့်တမိသည်။ ဂမ္ဘီရကလောင်



www.burmeseclassic.com

www.burmeseclassic.com

ထိုသည်း ပို၍ထိန်းသိမ်းရန် လိုအပ်လာသည်ဟုထင်ရသည်။အထူးသဖြင့် မင်္ဂလာဒုံအိမ်တွင် မင်းမော်စာရေးခဲ့သည်ကို သိထားသူများက ဂမ္ဘီရကလောင်ကို မင်္ဂလာဒုံအိမ်တွင် သိမ်းဆည်းထားသည်ဟု ထင်ပုံရသည်။ ခြံစောင့် ဦးထော်ကို သတိပေးသည့်အပြင် မင်္ဂလာဒုံရဲစခန်းမှ ညီဝမ်းကွဲတော်စပ်သူ ဒုရဲအုပ် မောင်မောင်ကိုလည်း အခါအားလျော်စွာ ကင်းလှည့်ပေးရန် အကူအညီတောင်းထားပါသည်။

ထိုညက (၂) နာရီအချိန် ဖုန်းမြည်လာသည်။ ဖုန်းဆက်သူမှာ ဒုရဲအုပ်မောင်မောင်ဖြစ်သည်။

"အစ်ကိုကြီး မောင်မောင်ပါ။ အစ်ကိုကြီးပြောတဲ့အတိုင်းဖြစ်လာခဲ့တယ်။ ည (၁၂) နာရီမှ မင်္ဂလာဒုံအိမ် အဖောက်ခံရတယ်။ တစ်အိမ်လုံး ရစရာမရှိအောင် တစ်စုံတစ်ရာကို မွှေနှောက်ရှာဖွေထားပုံရတယ်။ တရားခံ (၅) ဦးအနက် (၂) ဦးကို ဖမ်းမိထားပါတယ်။ ခေါင်းဆောင် မင်းဒင်ကိုလည်း မိထားတယ်။ အကြောင်းစုံသိချင်ရင် မနက်ဖြန် ရဲစခန်းကိုလာခဲ့ပါ"

နောက်နေ့နံနက်စောစော ရဲစခန်းသို့သွားခဲ့သည်။ ဒုရဲအုပ်မောင်မောင်က အသင့်စောင့်နေပါသည်။ ညကဖမ်းမိသော ဖောက်ထွင်းမှုခေါင်းဆောင် မင်းဒင်တို့ တွေ့လိုကြောင်း ပြောလိုက်သည်။ မောင်မောင်၏ရုံးခန်းတွင် မင်းဒင်နှင့် တွေ့ဆုံခွင့်ရသဖြင့် သိလိုသမျှမေးမြန်းခဲ့ရသည်။

"ကိုမင်းဒင်က ဂမ္ဘီရကလောင်ကို ဘာကြောင့် ဒါလောက်လိုက်နေတာလဲ"

"ကျွန်တော်က ဒီဂမ္ဘီရကလောင်အကြောင်း ကိုမင်းမော်ထက်စောပြီး သိခွင့်ရထားတာပါ။ ကိုမင်းမော် ဒီကလောင်ကို ရသွားပြီဆိုတော့ မရရအောင်လိုက်ခဲ့တာပါ။ ကိုမင်းမော်က စာရေးတာဝါသနာပါတော့ ဒီကလောင်အစွမ်းနဲ့ စာရေးဖို့ပဲ စဉ်းစားခဲ့တာပါ။ တကယ်တော့ ဂမ္ဘီရကလောင်ဟာ ဒါထက်များစွာ အစွမ်းထက်ပါတယ်။ ရွှေကြောရှိတဲ့တောင်ကို ဂမ္ဘီရကလောင်နဲ့ ထောက်ပြီးရှာရင် ချက်ချင်းတွေ့တယ်။ ကျွန်တော်က ဘူမိဗေဒပညာရှင်ဆိုတော့ ရွှေရှိနိုင်တဲ့နေရာတော်တော်များများကို သိထားတာပါ။ ဒီကလောင်သာ ရပါက ကျွန်တော်ရည်ရွယ်ချက်တွေ ပြည့်ဝမှာပါ။ ဒါကြောင့် ဒီကကောင်ကို အသက်စွန့်ပြီးလိုက်ခဲ့တာပါ။ လက်ထဲရောက်ပြီးမှ တပည့်တွေပေါ့ဆလို့ ကလောင်လက်လွတ်သွားတာပါ"

"ဒီကလောင်ကို မင်းမော်ရဲ့လက်ထဲက ဘယ်လိုရတာလဲ"

"နန်းပေဟမာခြံမှာ မင်းမော်ရဲ့လက်ထဲကလုယူခဲ့တာပါ။ လွယ်လွယ်နဲ့ ရခဲ့တာတော့မဟုတ်ပါဘူး။ မင်းမော်နဲ့ သူသေကိုယ်သေတိုက်ခဲ့ရတာပါ။ ကျွန်တော့်ဓားချက်နဲ့ မင်းမော်သေပြီဆိုပြီး ထားခဲ့တာ။ တကယ်တော့ မင်းမော်မှာ အစောင့်အရှောက်ရှိပုံရတယ်။ သူမသေဘူး၊ တစ်နေရာမှာရှိနေတယ်။ကျွန်တော့်မှာလည်း မင်းမော်ရဲ့လက်ချက်နဲ့ မသေရုံကျန်ခဲ့ရတာပါ"

မင်းဒင် ထောင်ထဲရောက်သွားပါက ဂမ္ဘီရကလောင်အတွက် အေးချမ်းပေတော့မည်။ မင်းမော်တစ်ယောက်သာ ဘယ်နေရာရောက်နေသည်မသိရသေးပါ။ မင်းမော်ကို နေ့စဉ်မျှော်နေသော်လည်း သတင်းအစအနမှမကြားရပါ။ မင်းမော်ပြန်မရောက်သေးသော်လည်း မင်းမော်၏စာအုပ်များက အကြိမ်ကြိမ်ပြန်၍ထုတ်ဝေနေရသည်။ တစ်လလာနီးနှင့် မင်းမော်ကို မျှော်ခဲ့ရသော်လည်း မင်းမော်ကား ပေါ်မလာပါ။ (၆) လခန့်ကြာမှ မမျှော်လင့်ဘဲ မင်းမော်ရောက်လာပါသည်။ ရောက်သည်ဆိုသော် မင်းမော်မှာ အချိန်များများရှိပုံမရပါ။

"ဒီမှာသူငယ်ချင်း ငါဂမ္ဘီရကလောင်ကိုလာယူတာပါ။ ဒီမှာ စာရေးလို့မဖြစ်နိုင်သေးလို့ တစ်နေရာမှာ စာသွားရေးမယ်"

"ဂမ္ဘီရကလောင် ငါ့ဆီမှာရှိတာ မင်းသိနေတာလား မင်းမော်"

"သိတာပေါ့ကွာ။ ဒီကလောင်ရဖို့ မင်းဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာလည်း ငါသိပါတယ်။ ဒီနေရာက စိတ်မချရသေးလို့ တခြားမှာသွားရေးရမှာပါ။ ဒီတစ်ခါ ငါစာသွားရေးရာ အချိန်တော့ကြာနိုင်တယ်။ ဟိုမှာဘုရားတည်ဖို့စီစဉ်ထားတယ်။ ဘုရားတည်ရင်း စာရေးမယ်။ ဘုရားတည်ဖို့တော့ အလှူခံမယ်ဟေ့"

"ရပါတယ်ကွာ၊ မင်းအတွက် ရထားတဲ့ငွေတွေ ဘဏ်မှာအပ်ထားပါတယ်။ မင်းဘယ်လောက်ယူမလဲ"

"သုံးသိန်း"

ဂမ္ဘီရမင်းမော် တောင်းသည့် ငွေသုံးသိန်းကို ဘဏ်ကထုတ်ပေးလိုက်ပါသည်။ ငွေရပြီး ဂမ္ဘီရကလောင်နှင့်အတူ မင်းမော်ထွက်သွားပါတော့သည်။ ဘုရားတည်မည်၊ အချိန်ကြာမည်ပြောသဖြင့် မင်းမော်ကို မမျှော်လင့်တော့ဘဲ သူ၏စာအုပ်များကို အကြိမ်ကြိမ်ပြန်လည်ထုတ်ဝေနေခဲ့ပါသည်။ ယခုတစ်ကြိမ် မင်းမော်ကြာပါသည်။ အဆက်အသွယ်လုံးဝမရခဲ့ပါ။ တစ်နှစ်နီးပါးကြာမှ ကျိုက်ထီးရိုးမှ လူကြုံနှင့် မင်းမော်ရေးလိုက်သည့်စာကိုရပါသည်။ စာမှာ ရေးသားပြီး စာမူများကို ကျိုက်ထီးရိုးတွင် လာယူပါရန်ဖြစ်သည်။ မင်းမော်၏စာကိုရသည်နှင့် ကျိုက်ထီးရိုးသို့လိုက်ခဲ့ပါသည်။ ရင်ပြင်တွင် ပုတီးစိပ်နေသော ဂမ္ဘီရမင်းမော်ကို အသင့်တွေ့ရသည်။ သူပုတီးစိပ်ပြီးသည်အထိစောင့်နေရသည်။ ပုတီးပတ်ပြီးသည်နှင့် မင်းမော်ရောက်လာပါသည်။

"ဘုရားတည်ပြီးသွားပြီ။ မင်းအတွက် စာမူတွေလည်းအသင့်ဖြစ်နေပြီ။ မင်းကိုနှုတ်ဆက်ဖို့ ငါစောင့်နေတာ"

လူချင်းတွေ့သည်နှင့် နှုတ်ဆက်စကားကြားရ၍ အံ့သြသွားပါသည်။

"ငါ့မှာအန္တရာယ်များဝိုင်းနေတယ်။ နန်းပေဟမာမှာဖြစ်တဲ့အဖြစ်က ငါ့ဘဝဇာတ်သိမ်းဖို့ပဲ။ ဒါပေမယ့် အစောင့်အရှောက်တွေဝိုင်းကယ်လို့ အသက်ဘေးကလွတ်ခဲ့ရတယ်။ ဒီတစ်ခါတွေ့ရမယ့်အန္တရာယ်က ပိုဆိုးမှာမို့ အဘက သူ့ဆီလာဖို့ခေါ်တယ်။ ဟိုတရားအလုပ် သုံးနှစ်လုပ်ရမယ်။ သုံးနှစ်ပြည့်ရင် အန္တရာယ်အပေါ်ကလွတ်ပြီဖြစ်လို့ ပြန်လာခွင့်ရမယ်"

"သုံးနှစ်တောင်ဆိုကြာလှချေလား"

"အထက်က ခိုင်းတဲ့အတိုင်းလုပ်ရတာပဲလေ။ ဘုရားတည်ပါဆိုလို့ တည်ပြီးပြီ။ အခု တောထဲမှာဝိပဿနာအလုပ်လုပ်ရမယ်ဆိုတော့လည်း လုပ်ရုံပေါ့။ အခု ငါပေးလိုက်တဲ့စာမူတွေကလည်း မနည်းပါဘူး။ မင်းထုတ်ဝေပေါ့၊ ငါပြန်လာခဲ့ရင် ထပ်ရေးပေးနိုင်ပါသေးတယ်"

"ပြန်လာခဲ့ရင်ဆိုတော့ မင်းပြန်လာဖို့က မသေချာသေးဘူးလား"

"ပြောခဲ့သလို အထက်ကပေးတဲ့အတိုင်း လိုက်နာရမှာပေါ့ သူငယ်ချင်းရယ်။ ကဲ - အဘစောင့်နေတယ်။ ငါ့ကို ခွင့်ပြုပါ"

ဂမ္ဘီရမင်းမော်သည် စာမူထည့်ထားသော အိတ်ကြီးတစ်အိတ်ကိုပေးကာ တောင်အောက်သို့ဆင်းသွားပါတော့သည်။

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com

# ဖူးခွင့်ထိုက်၍ဖူးရခြင်းနှင့် ဖူးခွင့်မထိုက်၍မဖူးမြော်ရခြင်းအကြောင်းများ

## စောမိုးသွင်(ရန်ကုန်)

**၁။ တုံ့ရွာ ဗိမာန်သာကျောင်းဆရာတော်ကြီး ဘဒ္ဒန္တကောလာသ**

စာရေးသူတို့ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပတ်ဝန်းကျင် တုံ့ရွာတွင် ရဟန္တာပေါ်ထွန်းခဲ့သည်ကို ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်မှပင် သိရှိခဲ့ရပါသည်။ ၁၉၉၃ ခုနှစ်ကတည်းက တုံ့ရွာ ဗိမာန်သာကျောင်းတွင် သကြံန်ရက်တိုင်း တရားစခန်းဝင်ခဲ့သည်။ တရားစခန်း မဖွင့်သည့်ရက်များတွင်လည်း မိသားစုနှင့်အတူ ကိုယ့်ဘာသာ ဆရာတော်ကြီး ကျောင်းတွင် တစ်ပတ်ခန့် ညအိပ်နေကာ တရားထိုင်သွားခဲ့သည်။ ဆရာတော်ဘုရားကြီးရှိစဉ်က တရားထူးရအောင်ကြိုးစားဟု တဖွဖွဆုံးမခဲ့သည်။ အောက်ထပ်ကပြောသောတရားဆွေးနွေးသောစကားများကို တရားဟောသည့်အခါ ထည့်ဟောတတ်သည်ဟု သိရှိခဲ့သော်လည်း ကိုယ့်ဆရာတော်ဘုရားကို ရဟန္တာဟု မသိရှိခဲ့ပါ။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး လေးရက်ကြာမှ ရုပ်ကလာပ်တော်ကို ဖူးမြင်ရန်ရောက်ရှိခဲ့ရပါသည်။ ဆရာတော်ကြီးမှာ အိပ်ပျော်နေသကဲ့သို့ ဖြစ်ပြီး မျက်လုံးတော်အနည်းငယ်ပွင့်နေသည်ကို ဖူးမြင်ရပါသည်။ မျက်လုံးတော်အားဖွင့်၍ တပည့်ဒါယကာများအား နောက်ဆုံးကြည့်ရှုတော်မူပါဟုမိန့်ဌာန်၍ မျက်လုံးတော်ပွင့်လာကြောင်း ပြောပြကြပါသည်။ လက်တော်တို့ ကွေးဆန့်၍ရအောင်ပျော့ပျောင်းခြင်း၊ လက်ယာဘက်လက်မတော်တစ်ချောင်းသာ အတွင်းသို့ခေါက်ထားကာ ကျန်လက်လေးချောင်းမှာ အပြင်တွင်ဖြန့်ထား၍ ဆရာတော်ဘုရားက သစ္စာလေးပါးကို သိရှိပြီးတော်မူသည်ဟု ဖော်ပြထားသည်ထင်ကြောင်းလည်းပြောကြပါသည်။

ဆရာတော်ဘုရားကြီးပျံလွန်တော်မူမှ မီးသင်္ဂြိုဟ်သည့်အခါ အရိုးတော်များ၊ သွားတော်များ၊ အရေတော်များ၊ အသားတော်၊ ဦးနှောက်တော်၊ အကြောတော်၊ မွေးညင်းတော်၊ သွေးခဲတော်၊ အရေတော်သွေးစွန်းသည်များနှင့် ပျံလွန်တော်မူခါနီးအချိန်တွင် ငုံထားသော ကွမ်းသီးခြမ်း(၃)ခုနှင့် ကွမ်းရွက်၊ ဓာတ်တော်အဖြူလုံး (၁) ခု မီးမခဘဲရရှိခဲ့၍ ဆရာတော်ဘုရားကြီးကို ရဟန္တာဟု သိမှတ်ရကာ ဆရာတော်ကြီးရှိစဉ်တွင် မသိရှိခဲ့ရခြင်းအတွက် ဝမ်းနည်းမိကြရပါသည်။ ဗျိုင်းအုပ်များကလည်း ရုပ်ကလာပ်တော် ကျောင်းတော်မှနေမထွက်ခွာမီ အုပ်စုလိုက်ပျံဝဲကာ ကျောင်းအတွင်းသို့ ဝင်ရောက်ပူဇော်ကြပါသည်။ ရုပ်ကလာပ်တော်တင်သည့် လှည်းကျောင်းဝင်းဝမှထွက်စဉ် ခေါင်းတော်တင်သည့်လှည်းကို ဆွဲကြသည့်အခါ ရုပ်ကလာပ်တော်တင်ရထား၏အထက်တွင် အဖြူလုံးကြီးများလိုက်ပါလာသည်ကို တွေ့ရှိရပါသည်။ နှစ်ပေါင်းများစွာ ဖူးခွင့်၊ ပူဇော်ခွင့်၊ ကိုးကွယ်ခွင့်၊ အနီးတစ်ကြည်ညိုခွင့်၊ ဆုံးမသောတရားများတိုနာယူခွင့်ရခဲ့သည်မှာလည်း ကုသိုလ်ထူး၍ ဖြစ်ပါသည်။

**၂။ ရွာမွန်ရွာသုသာန်ကျောင်းဆရာတော် ဦးဝိစာရ**

ရွာမွန်ရွာကား စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်း တည်ရှိပါသည်။ ရွာမွန်ဆရာတော်ဘုရားကြီး မှာ ပျံလွန်တော်မမူခင်ကပင် ရဟန္တာဟု ကျော်ကြားပါသည်။ ရပ်ဝေးရပ်နီးမှလူများ ဆရာတော်ဘုရားကြီးကို ဖူးမြင်ရန်လာကြပါသည်။ စာရေးသူမှာ ဆိုင်ကယ်လည်းမစီးတတ်။ သူများသွားဖူးစဉ်မှာ ရုံးတက်နေရသည့်အချိန် ဖြစ်၍ လိုက်ပါမသွားဖြစ်ပါ။ ထိုစဉ် ချင်းတွင်းတံတားတို့ မတည်ဆောက်ရ သေးသဖြင့် ကားဖြင့်သွားလျှင် မုံရွာမြို့သို့ကူးရန် ဇက်ကြီးများဖြင့် ချင်းတွင်း



တုံ့ရွာ ဗိမာန်သာကျောင်းဆရာတော် ဘဒ္ဒန္တကောလာသ ပျံလွန်တော်မူခြင်း



တုံ့ရွာဗိမာန်သာကျောင်းဆရာတော် လက်မတော်ခေါက်ထားပုံ

www.burmeseclassic.com

မြစ်ကို ဖြတ်ကူးရပြီး သွားဖို့ခက်ခဲ၍ မရောက်ခဲ့ပါ။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူခင် (၇) ရက်အလိုကတည်းက -

"မင်းတို့တိုက်တဲ့ ယာဂုဆွမ်းကို ဘုဉ်းမပေးနိုင်တော့ဘူး။ (၇) ရက်ပြည့်မှ တံခါးဖွင့်ပါ"

ဟု မိန့်ကြားကာ ကျိန်းစပ်တော်မူရာ ကျောင်းတံခါးကိုပိတ်သွားခဲ့ပါသည်။ (၇) ရက်ပြည့်သည့်နေ့တွင် စောင့်နေကြပါသည်။ ကပ္ပိယကြီးမှ တံခါးဖွင့်ပေးတော်မူပါရန် လျှောက်ထားသော်လည်း ဆယ်နာရီအထိ တံခါးမဖွင့်၍ ဆရာတော်များနှင့် တိုင်ပင်ကြကာ 'ဆွမ်းခံချိန်ရောက်နေပါ၍ ချီးမြှောက်တော်မူပါ' ဟု သုံးကြိမ်တိုင်လျှောက်ထားသော်လည်း တံခါးမဖွင့်၍ ဖွင့်ဝင်ကြည့်ကြရာ ဆရာတော်ဘုရားကြီးသည် ဘေးတိုက်လဲလျောင်းလျက် ပျံလွန်တော်မူနေသည်ကို ဖူးတွေ့ကြရသဖြင့် တပည့်ဒကာအပေါင်းတို့ ဝမ်းနည်းငိုကြွေးကြရပါသည်။

ဆရာတော်ကြီးအား သုသာန်ဦးပဉ္စင်းကြီးဟု ခေါ်ဆိုကြပါသည်။ ဆရာတော်ဘုရားကြီးသည် (၇) ရက်တိတိ ကျင့်ကြံအားထုတ်ပြီး ခန္ဓာဝန်ချသွားခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် လှူထားသည့် ပစ္စည်းများကို ချတ်ချင်း ပြန်လည် စွန့်ကြဲတတ်ပြီး နောက်ဆုံးဆွမ်းကို ရေနှင့်ဖျော်ကာ ဘုဉ်းပေးသွားကြောင်း သိရပါသည်။

"တို့များ ပြုပြင်လို့ရလို့ ဆေးကုခံနေတာ။ ပြုပြင်မှုမရတော့ရင် ကျောင်းတံခါးပိတ်လိုက်မှာ"

ဟု ဆရာတော်ဘုရားကြီးခန္ဓာဝန်ချခင် (၈) ရက်အလိုမှာ ပြောကြားခဲ့သောစကားဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ အဂ္ဂိဈာပနတော်ကို လိပ်ကြီးတစ်ကောင်နှင့် တကောင်းတစ်ကောင်အဖူးမြော်လာသည်ကို တွေ့ရှိရပါသည်။

ဆရာတော်ဘုရားအား မီးပူဇော်ပြီး ကြွင်းကျန်ခဲ့သည့် ဓာတ်တော်များကို ငွေဖလားထဲရှိ အုန်းရည်ထဲထည့်ခဲ့ပါသည်။ ရရှိသည့်ဓာတ်တော်အဆူဆူမှာ-

၁။ ရွှေရောင်အဆင်းဝင်းလဲ့နေသော ဓာတ်တော်များ၊

၂။ ခြေဖဝါးတော်မှ ခြေရိုးတော် ဓာတ်တော်တစ်ဆူ၊

၃။ အုန်းရည်ခွက်ထဲ ထည့်ထားစဉ် ပွားလာသော ဓာတ်တော်အဆူဆူ၊

၄။ ရောင်ခြည်တော် ကွန့်မြူးသည့် အလား တဖျပ်ဖျပ်တောက်ပနေသော မီးမခသည့် မျက်လုံးတော်၊

၅။ ခြေသလုံးတော်မှ ပုလဲလုံးသဖွယ် တဖျပ်ဖျပ်လှုပ်၍ အပူဇော်ခံနေသော ဓာတ်တော်မွေတော်၊

၆။ ရုပ်ကလာပ်တော်မှ မီးမခဘဲကျန်နေသည့်အသားတော်သွေးတော်များ၊

၇။ ကြွင်းကျန်နေသော ရွှေအဆင်းကဲ့သို့ဝင်းဝါနေသည့် ဓာတ်တော်အစိုင်အခဲများ၊

၈။ အရိုးတော်ဓာတ်တော်တစ်ဆူ၊

၉။ မီးမစွဲဘဲကျန်နေသည့်ရွှေအဆင်းကဲ့သို့သော လည်ချောင်းရိုးတော်၊

၁၀။ ရွှေအဆင်းကဲ့သို့အပြွတ်ပြွတ်ဖြစ်နေသောအသွေးတော်၊

၁၁။ ရွှေအဆင်းကဲ့သို့ မီးမခသည့် နှလုံးတော်၊

၁၂။ ဦးခေါင်းတော်မှရွှေရောင်တောက်ပနေသည့် ဓာတ်တော်အစိုင်အခဲများနှင့် အလောင်းတော်ထည့်သဂြိုဟ်ရာ လောင်တိုက်ရှိ စီထားသောအုတ်များသည် ရွှေရောင်အဆင်းတောက်ပကာ ရွှေတုံးရွှေခဲကဲ့သို့မြင်တွေ့ကြရပါသည်။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးမှ မုံရွာမြို့ပေါ်ရှိ တပည့်ဒါယကာတို့ပူဇော်ရန်ယူထားသော ပုလင်းနှင့်ထည့်ထားသည့် ဆံတော်တို့သည် ရွှေရောင်အဆင်းဝင်းပကာ အစိုင်အခဲများ စေတီပုံများသဖွယ် လုံးသွားခဲ့သည်ကို အဂ္ဂိဈာပနအခွေထဲတွင် ဖူးတွေ့ကြရပါသည်။

ဆရာတော်ဘုရားကြီး၏ ဈာပနအခွေတော်ကို ဖွင့်ကြည့်မိသည့်အခါ စစ်ကိုင်းတိုင်းတစ်တိုင်းတည်းနေခဲ့ပြီး ရဟန္တာဟု ကျော်ကြားနေသည်ကို သွားမဖူးမိခဲ့သည့်အတွက် ပျံလွန်တော်မူသည့် အခွေပုံတော်တို့ကို ကြည့်မိရသည့်အခါ ဝမ်းနည်းမျက်ရည်ကျခဲ့ရပါသည်။

## ၃။ တောင်ပုလု ကမ္ဘာအေးဆရာတော်ဘုရားကြီး

တောင်ပုလုဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ယခင် ဆင်းဒဝစ်လမ်း ယခုအခေါ် ဗိုလ်ရာညွန့်လမ်းရှိအိမ်တစ်အိမ်သို့ နှစ်စဉ် တစ်ကြိမ်တော့ အမြဲကြွရောက်ခဲ့ပါသည်။ ထိုအိမ်သည် မိုးကုတ်ကပြောင်းလာသည်ဟု သိထားခဲ့ရပါသည်။ ဆရာတော်ဘုရားကြီးကြွတော်မူလာမည်ကို ကြိုတင်မပြောဘဲ ညဘက်ကျမှ ဆရာတော်ဘုရားကြီးကို ဖူးမြော်ရန် လိုက်ဖိတ်တတ်ပါသည်။ စာရေးသူမှာ ထိုစဉ်က အလယ်တန်းကျောင်းတက်နေစဉ် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးကိုသွားရောက်ဖူးကြရာ အိမ်ချင်းနီး၍ စာရေးသူလည်း အမေနှင့်အတူပါခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် လူအများ ဖူးမြော်နေသည့်ကြားမှ စာရေးသူ၏အမေအား -

"ဒကာမကြီး၊ ဘာလှူလှူရပါတယ်၊ မလှူလည်းရပါတယ်"

ဟု မိန့်ကြားပါသည်။

အိမ်ပြန်ရောက်၍ အမေက ဆရာတော်ကြီးသည် သူများအတွေးကိုသိကြောင်း၊ ရဟန္တာဟု ကျော်ကြားနေသည်မှာလည်း အမှန်ပင်ဖြစ်ကြောင်း ဝမ်းပန်းတသာပြောပြခဲ့ပါသည်။ စာရေးသူအမေက ညဘက်မှလာကပ်ပြော၍၊ ဗိုလ်ချုပ်ဈေးကလည်း ညဘက်ပိတ်၍ လမ်းထဲတွင်လည်း ဝယ်ဖို့ဆိုင်မရှိသဖြင့် ဘာလှူရမလဲမသိဘူးဟု ပူပန်ကာ တွေးမိခဲ့ကြောင်း ပြန်ပြောပြပါသည်။

စာရေးသူ အလုပ်နှင့် ကြေးစင်တောင်သို့ရောက်နေသည့်အခါ မေမြို့ သံစီမံကိန်းမှပြောင်းလာသော ဆရာက ပြောပြပါသည်။

"နင်တောင်ပုလုဆရာတော်ဘုရားကြီးကိုဖူးရတာ ကံကောင်းတာပေါ့။ ရဟန္တာကိုဖူးရတာ သိပ်ကံကောင်းတယ်။ ဆရာ့မှာ မေမြို့(ပြင်ဦးလွင်)ကို ကြွလာတုန်းက သွားဖူးမလို့လုပ်နေတုန်း ရုံးက အရေးတကြီး အစည်းဝေးတက်ရလို့ မဖူးလိုက်ရဘူး။ ဆရာတော်ကြီးသာ ပျံလွန်တော်မူသွားတယ်၊ မဖူးထိုက်လို့ မဖူးခဲ့ရဘူးပေါ့ကွာ"

"ဆရာ၊ ကျွန်မက ဆရာတော်ဘုရားကြီးကို အနီးကပ် နှစ်ခါတောင်ဖူးဖူးခဲ့တာ"

ဟု ဝမ်းသာအားရပြောမိပါသည်။ ထိုစဉ် ငယ်သေး၍ ရဟန္တာကို ဖူးတွေ့ရစဉ် ဘာဆုတောင်းရမှန်းမသိခဲ့ပါ။ ဆုတောင်းပြည့်သည်ဟု နောင်မှသိခဲ့ရဖူးပါသည်။

## ၄။ ပေါင်းဝရွာမှ ဘဒ္ဒန္တသုန္ဒရမဟာထေရ်

ပေါင်းဝရွာကား စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်အတွင်း တည်ရှိပါသည်။ ဆားလင်းကြီးမြို့၏

www.burmeseclassic.com

အရှေ့ (၃) မိုင်အကွာ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းပေါ်ဝယ် မေးတင် လျက်ရှိပါသည်။ ထိုပေါင်းဝရွာ၏ (၅) ဖာလုံအကွာတွင် ပေါင်းဝဆရာ တော်ဘုရားကြီးသီတင်းသုံးတော်မူသော ဓမ္မိဋ္ဌာသယ တောရသုသာန်ကျောင်း တည်ရှိပါသည်။

ဆရာတော်ကြီးသည် ဆုကြီးပန် ဖြစ်ကြောင်းနှင့် ဘယ်ဘက်လက်ညှိုး တော်ကိုဖြတ်၍ မြတ်စွာဘုရားသခင် အား ပူဇော်ကြောင်းကြားသိခဲ့ရပါသည်။ အရညကင်ဓုတင်၊ ပတ္တပိုဏ်ဓုတင်၊ ဧကာသနိက်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်များ ကို အမြဲမပြတ်ဆောက်တည်တော်မူပြီး ဓုတင်ပျက်မည်စိုး၍ ဘယ်အရပ်မှ ညဥ့်အိပ်ညဥ့်နေကြွတော်မမူဘဲ အလှူ အတန်းကိစ္စများကိုလည်း ကြွတော်မမူ ကြောင်း သိရှိရပါသည်။

ဆရာတော်ဘုရားကြီးသီတင်းသုံး တော်မူစက သုသာန်ဓုတင်ဆောက်တည် ရန်အတွက် ပေါင်းဝရွာအနီး သုသာန် သို့ ကြွရောက် ဆောက်တည်ရသည်။ ကျောင်းနှင့် သုသာန်မှာ မနီးလှပေ။ သုသာန်သည် ရွာနှင့်နီး၍ အရညကင် ဓုတင်ရရန် မလွယ်ပေ။ ထို့ကြောင့် ကျောင်း၏တောင်ဘက်တွင်ကပ်လျက် ရှိသော မြေကွက်ကို ကျောင်းမြေအဖြစ် ရောက်အောင် ဆောင်ရွက်စေပြီးမှ သုသာန်အဖြစ် ပြုလုပ်ပေသည်။ သုသာန်မြေဖြစ်သောအခါ အရပ်ထဲမှ အသုဘရှိသောအခါ ကျောင်းတောင် ဘက်သုသာန်သို့လာရောက်ချကြသည်။ အသုဘရှိတိုင်း လာရောက်ချကြသဖြင့် အုတ်ဂူများများပြားလာကာ ဆရာတော် ကြီးမှ ထိုသုသာန်တွင် သုသာန်ဓုတင် ဆောင်ကြောင်း သိရှိကြည်ညိုရပါသည်။

ဆရာတော်ဘုရားကြီးသည် လာ ရောက်ဖူးမြော်သူများ ဆရာတော်ကြီးထံ မလာမီ ဖြစ်ပျက်ခဲ့သမျှကို သိရှိတတ်ပါ သည်။ မန္တလေးမှ ကျောင်းသားလေး များ ဆရာတော်ကြီးကို ကားဖြင့် အုပ်စု လိုက်လာဖူးရာ အစီအစဥ်မရှိဘဲ လာခဲ့ ကြ၍ အိမ်မှမသိကြပါ။ ဆရာတော်ကြီး မှ အိမ်မှမသိဘဲလာခဲ့ကြတာမဟုတ် လားဟု မေးခဲ့ကြောင်း၊ ဆရာတော် ဘုရားကြီးထံလာသော လူတစ်ယောက် မှာ တံတားတွင် စကားများလာသည် ကိုသိရှိပြီး မင်းလာတုန်းက စကားများ လာတယ်မဟုတ်လားဟု၊ ဘာသာခြားမှ ဗုဒ္ဓဘာသာသို့ပြောင်းလာသူတစ်ဦးကို လည်း မင်းဘာသာပြောင်းလာတာမဟုတ်



ပေါင်းဝရွာမှ ဘဒ္ဒန္တသုန္ဒရမဟာထေရ်
ဆုကြီးပန်ဆရာတော်

လားဟု သိရှိမေးမြန်းတတ်ပါသည်။ ထိုသူမှာ မြန်မာဖြစ်ပြီး ဘာသာခြားမှ ဘာသာပြောင်းလာကြောင်း သိရှိရန် မလွယ်ပါ။ လာရောက်သောသူများ၏ စိတ်အကြံအဖြစ်အပျက်တို့ကို သိတော် မူသော်လည်း စကားကိုရှည်ရှည်ဝေးဝေး မပြောဘဲ ဘာပြောစရာမေးစရာရှိသလဲ မေး၍ မရှိပါဘုရားဟု ဖြေလိုက်မိလျှင် မရှိလျှင်ပြန်တော့ဟုမိန့်တတ်ပါသည်။

ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူး တို့ကို ပေါင်းဝသားဖြစ်သူ လုပ်ဖော်ကိုင် ဖက် ဦးမြလင်းထံမှ သိရှိရ၍ ဆရာ တော်ကြီးကို သွားရောက်ဖူးမြော်လိုစိတ် ပေါ်ခဲ့မိပါသည်။ သွားရောက်ခဲ့ရာတွင် ဦးမြလင်း၏အစ်ကို ဦးလှဆွေမှ ကူညီ လိုက်ပို့ရာ ကံကောင်းစွာပင် နာရီဝက် ခန့် လက်ခံစကားပြောကာ ဓာတ်ပုံ လည်း အရိုက်ခံပါသည်။ ၂၀၁၁ ခုနှစ် ထဲတွင် ဆရာတော်ဘုရားကြီးကို သွား ရောက် ဖူးမြော်ခဲ့ပါသည်။ ဆရာတော် ဘုရားကြီးကား သက်တော်ကြီးရင့်လာ သောအခါ ဗုဒ္ဓါနုဿတိဘာဝနာ၊ မေတ္တာ ဘာဝနာ၊ အသုဘဘာဝနာ၊ မရဏာ နုဿတိဘာဝနာတို့ကို တိုး၍စီးဖြန်း တော်မူခဲ့ပါသည်။ အထူးသဖြင့် မိမိကိုယ် ကို သေလူဟု သတ်မှတ်၍ မရဏာနုဿ တိကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူကာ ပျံလွန်တော်မမူမီ (၁၅) နှစ်ကပင် မိမိ ပျံလွန်တော်မူလျှင် အသုံးပြုရန် ခေါင်း ကို ကြိုတင်၍ ပြင်ဆင်ထားခဲ့ပါသည်။

သက်တော်(၉၀)အတွင်း ချင်းနင်း ဝင်ရောက်လာသော်လည်း အထူးအ လွတ်ကြွနိုင်သွားနိုင်ပြီး တစ်ထပ်တည်း သောဆွမ်းကိုဘုဥ်းပေး၍ ဧကာသနိက် ဓုတင်ကိုဆောင်တော်မူခဲ့သည်။ ဆရာ တော်ကြီးကို ဖူးတွေ့ခဲ့ရစဥ်က အသား တော်ပြည့်တင်းဝါဝင်းလျက် ကျန်းကျန်း မာမာ ဖူးတွေ့ခဲ့သော်လည်း ၁၃၇၃ ခု ဝါခေါင်လဆန်း ၂ ရက်၊ ဩဂုတ်လ ၂၀၁၁ ခုနှစ်တွင် ဘဝနတ်ထံစံလွန်တော် မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူခင် ဖူးတွေ့လိုက်ရခြင်း စျာပနတော်သို့ သွားရောက်ခဲ့ရ၍ဖူးရ ခြင်းဖြစ်ကြောင်းထင်ခဲ့မိပါသည်။

**၅။ ရပ်ဝေးမှဆရာတော်များ**

တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး ဦးဥတ္တမသာရ ရန်ကုန်မြို့ ကျားကူးကျောင်းတိုက်သို့ ကြွလာပြီး တရားပွဲကျင်းပစဥ်ကတစ်ခါ၊ မိုင်းမြို့သို့ ကြွလာခဲ့ပြီး တရားပွဲ နှစ်ညတိုင်ကျင်းပ ခဲ့၍ နီးကပ်စွာ ဖူးမြင်ခဲ့ရသလို ဆရာ တော်ဘုရားကြီးဟောသောတရားများထဲ မှ တရားတစ်ခုကို စိတ်ထဲစွဲနေမိခဲ့ပါ သည်။

ဒကာတစ်ယောက်က သူ့မိန်းမ အိမ်က စိတ်ဆိုးဆင်းသွားလို့ အိမ်ပြန် လာအောင် ဆရာတော်ဘုရားကြီးက မေတ္တာပို့ပေးပါဟု လျှောက်ထားသဖြင့်-

"ဟေ့ဒကာ၊ မင်းမိန်းမကို ငါက မေတ္တာပို့လျှင် ငါ့ဆီလာမှာပေါ့။ မင်း မေတ္တာပို့မှ မင်းဆီပြန်လာမှာပေါ့"

ဟု ဆရာတော်မှ မိန့်ကြားလိုက် ကြောင်း ထည့်ဟောတော်မူရာ မေတ္တာ ဆိုသည်မှာ ကိုယ်တိုင်ပို့မှသာ အကျိုး သက်ရောက်ကြောင်းကိုသိရှိခဲ့ရပါသည်။

ဆရာတော်ဘုရားကြီး၏ရေမေတ္တာ ပို့သည် သူတစ်ပါးက ကိုယ့်ကို ရန်လို ခြင်း၊ ရန်ပြုခြင်း၊ စိတ်ဆင်းရဲအောင် လုပ်ခြင်းများကို အောင်မြင်စေသော လက်နက်ကောင်းတစ်ခု ဖြစ်ကြောင်း၊ စိတ်စေတနာသန့်သန့်ဖြင့် ကိုယ်စိတ်ချမ်း သာစေဖို့ ရည်ရွယ်ကာ မေတ္တာပို့ရမည် ကို လက်တွေ့သိရှိခဲ့ရပါသည်။ ဆရာ တော်ဘုရားကြီး စာရေးသူတို့မြို့မှ ညောင်ပင်အိုင်တောရကျောင်း ဆားလင်း ကြီးမြို့အနီး တောထဲသို့ ကြွရောက်စဥ် လိုက်ပါပို့ဆောင်ကြရာ ဆရာတော် ဘုရားကြီးက ညောင်ပင်အိုင်တောရ ကျောင်းဆရာတော်ဘုရားကြီးကို ဟင်း များခပ်ထည့်ပေးခြင်း၊ စကားပြောခြင်း များပြုလုပ်ရာ အတူတကွ ဆွမ်းဘုဥ်း



www.burmeseclassic.com

www.burmeseclassic.com

# အိုမင်းသည့်တိုင် မျက်မှန်တပ်ရသောဘဝမှကင်းလွတ်ရန်

ချစ်မွန်းခင်(ကြို့ပင်ကောက်)လယ်တီ

'အာရောဂျံ ပရမံ လာဘံ' ဟူ၍ မြတ်ဗုဒ္ဓက ဟောကြားတော်မူရာ ကျန်းမာခြင်းသည် ကြီးမားသော လာဘ်ကြီးတစ်ပါးဖြစ်သည်။ လူတစ်ယောက်တွင် ကျန်းမာရေးသည် 'တစ်' ဖြစ်ပါသည်။ ကျန်းမာခြင်းသည် တစ်ဖြစ်ပါက နောက်မှ စည်းစိမ်ဥစ္စာရတနာရွှေငွေတိုက်တာသည်တို့အား 'သုည' ထားပြီး တစ်၏နောက်မှ သုညပေါင်းများစွာ ဆက်၍ထားလျှင် သုညများလေ ကိန်းဂဏန်းတန်ဖိုးကြီးလေဖြစ်သည်။

အကယ်၍များ ကျန်းမာရေးသည် ရှေ့ဆုံးမှ သုညဖြစ်နေပါက နောက်မှ စည်းစိမ်ဥစ္စာရတနာရွှေငွေတိုက်တာတို့အား တစ်ထား၍ တစ်ပေါင်းများစွာဆက်ပါသော်လည်း ရှေ့မှ သုညခံနေသည့်အတွက် နောက်မှဂဏန်းများသည်တန်ဖိုးမရှိတော့ပါ။ သို့ပါသောကြောင့် ကျန်းမာရေးကောင်းလျှင် လောကီ၊ လောကုတ္တရာနှစ်ဖြာတို့အား အားထုတ်လုပ်ဆောင်နိုင်သည့်အပြင် စီးပွားဥစ္စာရတနာတို့အား ကြိုးစားအားထုတ်ရှာဖွေနိုင်ပေသည်။ သို့ပါသောကြောင့် လူတစ်ဦးတွင် ကျန်းမာရေးသည် တစ်အရေးကြီးသည်။

သို့ပါသောကြောင့် ကျန်းမာရေးအားတင်ပြရသော် 'မျက်စိမှာရည်၊ နှာမှာဆီ၊ ဒန္တီမှာဆား၊ ဝမ်းမှာခါးဟု ဆိုထားလေရာ မျက်စိနှင့်နားအား ဆိုရိုးပြုထားသော ရှိုးရာစကားပုံတစ်ခုရှိ၍ ၎င်းမှာ 'မျက်စိအဆုံး - နားအရှုံး' ဟူ၍ပင်ဖြစ်သည်။ မျက်စိကန်းလျှင် လူ့ဘဝဆုံးရပြီဟုဆိုလေသည်။

မျက်စိနှင့်အသင့်တော်ဆုံးသောအရာမှာ ရေ သို့မဟုတ် အရည်များမှာ အသင့်တော်ဆုံးဖြစ်၏။ ၎င်းသည်ပင်ဆေးဖြစ်၏။ ရေသန့်သန့်လက်ခုပ်တွင် ဆားသန့်သန့်တစ်ပဲသားကိုပျော်စေပြီး နောက်စစ်ပြီးလျှင် ၎င်းရေကိုခတ်ပေးပါ မျက်စိယားခြင်း၊ မျက်သားတက်ခြင်း၊ မျက်စိဝေခြင်းများအတွက် အကောင်းဆုံးဖြစ်ပါသည်။ လူကြီးသုံးစက်ခန့် (တစ်ဖက်စီ) ကလေးတစ်စက်ခန့်ခတ်ပေးလျှင် အကောင်းဆုံးဖြစ်ပါသည်။

ကွမ်းရွက်ကို အရည်ညှစ်၍ ၎င်းကွမ်းရွက်အရည်တွင် ဆားသုံးပွင့်ခန့်ထည့်၍ခတ်ပေးလျှင်လည်း မျက်စိယားခြင်း၊ ခေါင်းကိုက်ခြင်းများ ပျောက်ကင်းပါသည်။ ငါးရံ့သည်းခြေ၊ ငါးကြင်းသည်းခြေများကို အခြောက်လှန်း၍ ၎င်းသည်းခြေနှင့် မိုးရေသန့်သန့်ရော၍ခတ်ပေးလျှင် မျက်စိနာခြင်း စသောအန္တရာယ်မှကာကွယ်ပါသည်။

ဆောင်းရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော မျက်မြေးရောင်ရောဂါအတွက် ရေနှင့်ဆားပြုလုပ်ထားသော မျက်စဉ်းရည်တွင် သံပုရာရည်လတ်လတ်ဆတ်ဆတ်ငါးစက်ခန့်ညှစ်ထည့်ပြီးခတ်ပေးပါက မျက်မြေးရောင်အတွက် အကောင်းဆုံး ဖြစ်ပါသည်။

အသက်အရွယ်ကြီး၍ အိုမင်းသည့်အထိ မျက်မှန်တပ်ရသောဘဝမှကင်းလွတ်လိုကြပါလျှင် လိုက်နာကျင့်သုံးဖွယ်အသွယ်သွယ်တို့ကို လိုက်နာ၍မျက်စိကို အကာအကွယ်ပြုပါ။

**မျက်စိအတွက် ကြိုတင်ကာကွယ်ရန်အကောင်းဆုံးနည်းများ**

၁။ အလွန်ပူပြင်းသောနေရောင်၊ မီးရောင်၊ အပူရောင်များကို မကြည့်ရ။ (ကြည့်ဖန်များလျှင် မျက်စိထိခိုက်တတ်သည်။)

၂။ ခြေထောက်ကို လွန်စွာ အပူမခံရ။ နောက်ပိတ်ဖိနပ်၊ ခြေစွပ်များအမြဲလိုလိုစွပ်မထားရ။ အခိုးများ မျက်စိသို့တက်လာတတ်သည်။

၃။ အကာအကွယ်မျက်မှန်များမတပ်ဘဲ အခိုးများသောစက်ရုံများတွင်မပြုလုပ်ရ။ မြူမှုန်များရှိရာသို့မသွားရ။ မျက်စိတွင် အခိုးများ၊ မြူမှုန်များဝင်၍ ဒုက္ခပေးတတ်သည်။

---

ပေးကြသည်ကို ကြည်ညိုစွာဖူးတွေ့ကြရပါသည်။ ညောင်ပင်အိုင်ဆရာတော်ဘုရားကြီးက ယခင်သွားရောက်ဖူးကြလျှင်လည်း စကားသိပ်ပြီးပြောတော်မမူပါပေ။

တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူစဉ်က မုံရွာမြို့တွင် မီးပူဖော်၍ အဂ္ဂိဈာပနတော်ကျင်းပခဲ့သည်ကို မုံရွာမြို့မှ ခုနစ်မိုင်ကျော်အရပ် အနောက်ဘက်ကမ်းမှနေခဲ့ပြီး ရုံးတက်နေရ၍ မရောက်ခဲ့ရဘဲ တီဗွီထဲမှာသာဖူးမြော်ခဲ့ရ၍ ဆရာတော်ဘုရားကြီး၏နောက်ဆုံးခရီးကို မရောက်ထိုက်၍မရောက်ခဲ့ရပါပေ။

**၆။ နိဂုံး**

လွန်ခဲ့သော သုံးနှစ်ကျော်က ဝင်းစိန်တောရသို့ ရောက်ခဲ့သော်လည်း မဖူးထိုက်၍ ဆရာတော်ကြီးဆီ မရောက်ခဲ့ရပါပေ။ ထိုစဉ်က ဝင်းစိန်တောရအကြောင်းဆောင်းပါးများလည်း မဖတ်ဘူးခဲ့၍ ထိုင်းဘုရင်ကို အိပ်မက်ဖြင့်ဆေးကုပေးကြောင်းများကို နောင်မှသိရှိခဲ့ရပါသည်။ ဝင်းစိန်တောရကလည်း ကျယ်ဝန်းလှ၍ ဆရာတော်ဘုရားကြီးဘယ်နေရာ သီတင်းသုံးနေကြောင်းကိုပင် မသိခဲ့ပါ။ နောက်တစ်ခေါက် သွားရောက်ဖူးရန် စိတ်ကူးသော်လည်း ထပ်မရောက်ခဲ့တော့ပါ။ သုံးဆယ်ဆရာတော်ဘုရားကြီးတုန်းကလည်း သွားမည်သွားမည်နှင့်မရောက်ဖြစ်ခဲ့ပါ။ သုံးဆယ်ဆရာတော်ဘုရားကြီးနှင့် ဝင်းစိန်တောရဆရာတော်ဘုရားကြီးကို ဖူးလိုပါသော်လည်း ဘဝနတ်ထံပျံလွန်တော်မူကုန်ကြပြီ ဖြစ်ပါသည်။ ဘယ်အရာမဆိုရထိုက်မှရ၊ ဖူးထိုက်မှဖူးရကြောင်းကိုသိရှိနားလည်ခဲ့ရပြီး သက်တော်ထင်ရှားရှိစဉ်မှာ ဖူးလိုစိတ်ရှိလျှင် အရောက်ဖူးသွားကြရန် တိုက်တွန်းလိုပါသည်။

(တခြားဆရာတော်ဘုရားကြီးတို့၏ ဓာတ်ပုံမှာ တစ်ပုံစီသာရှိ၍ ထည့်မပေးဖြစ်ခြင်းဖြစ်ပါကြောင်း။)

ဇော်မိသန်း

www.burmeseclassic.com

၄။ နေပူ၊ မီးပူလွန်စွာမခံရ။ လွန်စွာအရက်မသောက်ရ။ ပူလွန်း၊ စပ်လွန်းသောအစာများမစားရ။ (အပူခိုးအပူငွေ့များမျက်စိသို့တက်၍ကိုင်တတ်သည်။)

၅။ ရေနံဆီမီးဖြင့် စာမကြည့်ရ။ (မျက်စိအလင်းရောင်ပျက်တတ်သည်။)

၆။ နေဝင်စ အလင်းရောင်အားနည်းသောအခါ စာနှင့်မျက်နှာကပ်၍ စာမကြည့်ရ။ (မျက်စိအလင်းရောင် တဖြည်းဖြည်း အားနည်းသွားတတ်သည်။)

၇။ ရေနွေးဖြင့် ခေါင်းမလျှော်ရ။ (မျက်စိအတွင်းသို့ အပူခိုးများဝင်ရောက်တတ်သည်။)

၈။ ခေါင်းကိုရေလောင်း၍မချိုးရ။ (ဆံပင်များကျွတ်၍ မျက်စိအတွင်းသို့ အပူများစုအောင်းနေတတ်သည်။)

၉။ နံနက်စောစော ရေချိုးပေးရမည်။ ဝမ်းထဲ၌ရှိသော အပူခိုးများထွက်ရန် ဖြစ်သည်။ (အဖျားရှိလျှင် ရေမချိုးရ)

၁၀။ နံနက် မျက်နှာသစ်သောအခါ မျက်စိအတွင်းသို့ ရေဝင်အောင်ပြုလုပ်ပေးပါ။ (မျက်စိအတွင်းမှ အပူအခိုးများထွက်၍ မျက်စိကြည်လင်သည်။)

၁၁။ နံနက်စောစော ရေအေးတဝသောက်ပါ။ (ဝမ်းတွင်းအေး၍ မျက်စိအပူခိုးတက်ခြင်းများမှ ကာကွယ်ပေးသည်။)

၁၂။ အိပ်ရာဝင်ဒူးအောက်မှ ရေလောင်းပေးရမည်။ (အအေးရှိရာ အပူလာဆိုသကဲ့သို့ အပေါ်ပိုင်းရှိသော အပူများအောက်ပိုင်းသို့ထွက်လာရန် ဖြစ်သည်။)

၁၃။ ဆီး၊ ဝမ်းများ အချုပ်မခံရ။ အထူးသဖြင့် ဝမ်းချုပ်မှုကိုမခံရ။ ဆီးဝမ်းသက်သာအောင်ပြုလုပ်ပေးရမည်။ (ဆီးဝမ်းအပူများအပြင်သို့မထွက်ရက မျက်စိတွင် အများဆုံးဒုက္ခပေးတတ်သည်။)

၁၄။ ချောင်းဆိုးမှုမဖြစ်အောင် အထူးဂရုစိုက်ပေးရမည်။ (ချောင်းဆိုးလျှင် မျက်စိကိုထိခိုက်သည်။ မျက်စိနာနေစဉ်ချောင်းဆိုးလျှင် မျက်စိသွေးကြောငယ်ကလေးများ ပြတ်ထွက်သွားတတ်သည်။

၁၅။ အညောင်းအထိုင်များသောအခါ အညောင်းပြေသွားစေရန် လမ်းလျှောက်ပေးရမည်။ (အညောင်းဖြေမပေးက ထိုအပူများအောင်းပြီး မျက်စိကိုင်တတ်သည်။)

၁၆။ နံနက်အိပ်ရာထ မျက်နှာမသစ်ခင် ဒူးအောက်မှရေလောင်းပေးရမည်။ (တစ်ညလုံး စုအောင်းနေသောအခိုးများထွက်စေရန်ဖြစ်သည်။)

၁၇။ လူနို့၊ မြင်းနို့ ပျားရည်စသောအရည်များကိုလည်း မကြာခဏခတ်ပေးပါ။ (မျက်စိအေး၍ မျက်စိအန္တရာယ်များမဖြစ်နိုင်ပါ။)

မှတ်ချက်

ပျားရည်ကိုခတ်ရာ၌ စစ်ရန် လွန်စွာအရေးကြီးသည်။ ပျားရည်စစ်လျှင် ပူစပ်ခြင်းမရှိ။ ပျားရည်သည် ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေသည်။ မျက်စိကိုခတ်လျှင် အေးစေသည်။ အကယ်၍ မျက်စိကိုခတ်၍ ပူလာသော် ပျားရည်မစစ်ပါ။

'မျက်စိအဆုံး-နားအရှုံး' ဟူသော ဆောင်ပုဒ်အရ နားချို့ယွင်းပါက လူ့ဘဝမဆုံးဖြစ်သကဲ့သို့ နားအတွက် ဆီသည် အကောင်းဆုံးဖြစ်၏။ (နားနှင့်ရေသည် လုံးဝမသင့်ကြောင်းကို သတိပြုပါ။)

နားတွင် ဆီသည် အကျိုးပြု၏။ ဆီသည် နှစ်မျိုးရှိ၏။ အုန်းဆီနှင့် နှမ်းဆီဖြစ်သည်။ အုန်းဆီသည် အေးသောဂုဏ်သတ္တိရှိ၍ နှမ်းဆီသည် ပူသောဂုဏ်သတ္တိရှိသည်။ ထို့ကြောင့် အပူအကြောင်းခံ၍ဖြစ်သော နားအူ၊ နားလေထွက်၊ နားကိုက်၊ နားပြည်ယိုများ ဖြစ်ခဲ့သော် အုန်းဆီကိုအသုံးပြုပေးရ၏။ နားလေး၊ နားပင်း၊ နားထိုင်း၊ နားမကြားဖြစ်ခဲ့သော် နှမ်းဆီကို အသုံးပြုပေးရသည်။ နှမ်းဆီသန့်သန့်၊ အုန်းဆီသန့်သန့်တို့ကို (၇) ရက် တစ်ကြိမ်ခန့်ကျပ်ပေးရသည်။ နားအတွင်းသို့ နှမ်းဆီများ ထည့်သွင်းပေးရသည်။

နားထဲသို့ တစ်ခါတစ်ရံ ပိုးကောင်များဝင်သွားတတ်သည်။ ထိုအခါ အုန်းဆီဖြစ်စေ၊ နှမ်းဆီဖြစ်စေ မိမိနှင့်လျော်သောဆီကို ငါးစက်ခန့် နားထဲသို့လောင်းထည့်ပေးပါ။ တစ်မိနစ်၊ နှစ်မိနစ်ခန့်အကြာမှနားတွင်တွင်ကြပ်ပါ။

နားနှင့်ပတ်သက်၍ အောက်ပါအချက်များ ရှောင်ကြည်လိုက်နာရန်အတွက် နားအတွက် ကြိုတင်ကာကွယ်ရန် အကောင်းဆုံးနည်းများမှာ -

၁။ ပြင်းထန်သောအသံများ နားတွင်းသို့မဝင်စေရ။ (နားလေး၊ နားပင်းတတ်သည်။)

၂။ နားအတွင်းသို့ ရေများ မဝင်စေရ။ (နားပြည်ယိုတတ်သည်။)

၃။ နားယားသည်ဆို၍ ခဏခဏ တုတ်နှင့်ထိုးခြင်း၊ ကလော်ခြင်းမပြုလုပ်ပါနှင့်။ (နားတွင်းအနာဖြစ်တတ်သည်။)

၄။ နားတွင်း နားဖာချေးခြောက်ကပ်မနေပါစေနှင့်။ (နားအူနားကိုက်ဖြစ်တတ်သည်။)

၅။ ခေါင်းတွင်အလေးအပင်များ လွန်စွာမရွက်ရ။ ခေါင်းတွင်လွန်စွာအပူမခံရ။ လွန်စွာ အသံကျယ်လောင်စွာ ပြောဆိုခြင်းမပြုရ။ (နားလေထွက်တတ်သည်။)

၆။ ပြင်းထန်သောဝမ်းနုတ်ဆေးကိုမစားရ။ (နားလေထွက်တတ်သည်။)

၇။ နားတွင်းသို့ ဆို့မထားဘဲ ရေများမငုပ်ရ။ (နားလေး၊ နားပင်းဖြစ်တတ်သည်။)

၈။ ဆူညံသောအသံများ နေ့စဉ်ကြုံတွေ့ရလျှင် နားတွင်ဂွမ်းဆို့ထားပါ။

၉။ နားကိုက်လျှင် ဖလံတောင်ဝှေး သို့မဟုတ် နဂါးစက် သို့မဟုတ် သစ်တက်လင်းနေ သို့မဟုတ် ကိုရုံကြီးကိုရုံလေးတို့ကို မီးအုံး၍အရည်ညှစ်ထည့်ပါ။ ၎င်းအရည်များ နားထဲသို့ လေး၊ ငါးစက်ခန့်ချပေးပြီး နာရီဝက်ခန့်ထားပါ။ ၎င်းနောက်ဂွမ်းနှင့်ကြပ်ပေးပါ၊ ပြီးမှ အုန်းဆီတစ်စက်၊ နှစ်စက်ထည့်ပေးပါ။

၁၀။ နားပြည်ယို၊ နားလေထွက်လျှင် ကြောင်လျှာသီးနုကို မီးအုံး၍ ၎င်းအရည်ကိုညှစ်ထည့်ပါ။ ကြောင်လျှာသီးမီးဖုတ်၍ (၇) ရက်ခန့်တို့စားပေးပါ။

၁၁။ နားပြည်ယိုလျှင် နှမ်းဆီစစ်စစ်ကို မီးနွေးနွေးပြု၍ နားတွင် တစ်စက်နှစ်စက်ချပေးပါ။

ကင်းဝန်မင်းကြီး၏ နာနာနယသခေ်ပကဗျာဗန္ဓကျမ်းတွင် မြန်မာ့ရိုးရာအိမ်တွင်းမှုဆေးနည်း (၂၆) နည်းကိုကဗျာလင်္ကာများဖြင့် မှတ်တမ်းတင်ထားရာ မျက်စဉ်းဆေးကဗျာကို သံပေါက်နှင့် စပ်ဆိုထားသည်မှာ -

**မျက်စဉ်းဆေးနည်းသံပေါက်**

၁။ တမာရွက်, ချင်း၊ မြက်မုန်ညင်း ပိတ်ချင်း, ငရုတ်ကောင်း။
၂။ ဇာတိပ္ဖိုလ်, ဓလေးညှင်း, အိပ်မွှေးသွင်း၊ နနွင်း, ပန်းဥလောင်း။
၃။ ဆယ်ပါးမျှစု၊ တောင်းလေးပြုတုမဲ့ မျက်စဉ်းကောင်း။

မျက်စိအတွက် ဘဝမဆုံးစေရန်နှင့် နားအတွက်ဘဝမရှုံးစေရန် ရေးသားတင်ပြအပ်ပါသည်။

ချစ်မုန်း

(ကြို့ပင်ကောက်-လ



www.burmeseclassic.com

www.burmeseclassic.com

ထီးပြိုင်နန်းပြိုင်သူတစ်လူငါတစ်မင်းတွဲပြားနေသည်ကို စည်းလုံးညီညွတ်စေလျက် မြန်မာနိုင်ငံတော်ကြီးကို ဒုတိယအကြိမ် ဆုန်းမီးနေလထွန်းတောက်စေခဲ့သော ဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးမှာ ဘုရင့်နောင်ကျော်ထင်နော်ရထာခေါ် ဆင်ဖြူများရှင် မင်းတရားကြီးဖြစ်ပါသည်။ ဘုန်းကံကြီးမားလှသည်သာမက လက်ရုံးရည်၊ နှလုံးရည်နှင့်သွန်စွာပြည့်စုံပြီး သစ္စာတရားကြီးမားလှတာ အမျိုးဘာသာသာသနာတော်မြတ်အကျိုးတို့ကို ပြောင်မြောက်စွာ သယ်ပိုးရွက်ဆောင်တော်မူခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါးလည်း ဖြစ်ပါသည်။

▫ ဘုန်းကံရှင်၏ငယ်စဉ်ကထူးခြားချက်

ရှေးအခါက ပုဂံရာမခေါ် ပုဂံနယ်သာရောက်ဖွဲ့င် (ထီးလှိုင်ရွာဟုလည်းဆိုသည်။) ထန်းတက်၍ အသက်မွေးဝမ်းကျောင်းပြုရသော မောင်သိဂ်နှင့်ဇနီး မခင်လှတို့မှ သားယောကျ်ားလေးမွေးဖွားခဲ့ရာ ကလေးငယ်ကိုသိပ်ထားစဉ်ကိုယ်ပေါ်သို့ ခြကောင်များတက်၍နေသဖြင့် 'မောင်ချတက်' ဟု မှည့်ခေါ်ခဲ့ကြသည်။

ထို့နောက် မောင်သိဂ်တို့မိသားစုသည် အလုပ်အကိုင်အစားအသောက်ပေါသော တောင်တွင်းကြီးမြို့သို့ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသည်။ ထိုသို့ တောင်တွင်းကြီးတွင် နေထိုင်ခဲ့ကြရာမှ တစ်နေ့တွင် မောင်သိဂ်တို့မောင်နှံ ထန်းတက်၊ ထန်းရည်သိမ်းနေကြခိုက် ထန်းပင်ရိပ်တွင် မောင်ချတက်အား သိပ်ထားခဲ့ကြသည်။ ထိုစဉ် မြွေငန်းကြီးတစ်ကောင်သည် မောင်ချတက်ကို ရစ်ခွေပတ်ကာ ပါးပျဉ်းထနေလျက် ဘေးဥပဒ်တစ်စုံတစ်ရာမပြုဘဲ စောင့်ရှောက်နေသည်ကို မိခင်ဖြစ်သူ မြင်တွေ့ရသောအခါ ကြောက်လန့်တကြား အော်ဟစ်သောအခါမှ မြွေငန်းကြီးသည် တရှူးရှူးအသံပြုကာ တောင်အရပ်သို့ ထွက်ခွာပျောက်ကွယ်သွားလေတော့သည်။

ထိုကဲ့သို့ သားငယ်၏ ထူးခြားချက်ကို မိဘများက ဆရာတော်အား လျှောက်ထားကြလျှင် မြွေထွက်ခွာသွားရာတောင်အရပ်သို့သွားကြလေ။ကောင်းစားကြလတ္တံ့ဟု မိန့်ဆိုတော်မူလေသည်။

▫ တပင်ရွှေထီးနှင့်ဘုရင့်နောင်

မောင်သိဂ်တို့မိသားစုတို့သည် ဆရာတော်၏ မိန့်ဆိုချက်အတိုင်း တောင်ငူသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ထိုအခါတွင် ကေတုမတီ တောင်ငူပြည်ရှင် မဟာသီရိဇေယသူ မင်းကြီးညီ



သစ္စာဝါဒီ-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းဧကရာဇ်များနှင့်အဓိအရှင်အာဘောင်ဂါထာများ(၁၃)


# ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကြီးနှင့် အာဘောင်ဂါထာတော်


နှင့် ငနွယ်ကုန်းသူကြီး၏ သမီးဖြစ်သူ မိဖုရားမှ ဖွားမြင်ခဲ့သော တပင်ရွှေထီး ဖွားမြင်စ နို့ထိန်းရှာနေစဉ်အခိုက်ကြုံရာ မမင်းလှသည် အဖြစ်ကင်း၍ နို့ထိန်းဖြစ်ထိုက်သည့်အင်္ဂါနှင့် ကိုက်ညီသဖြင့် ရွေးချယ်ခံခဲ့ရပြီး တောင်ငူမင်းကြီး၏ သားတော်လေး တပင်ရွှေထီး၏ နို့ထိန်းဖြစ်ခဲ့ကာ မောင်ချတက်၊ တပင်ရွှေထီးနှင့် အစ်မတော် သခင်ကြီးတို့မှာ ကလေးဘဝမှာပင် ညီအစ်ကိုမောင်နှမရင်းချာများနှယ် အတူနေအတူစားရင်း ကြီးပြင်းလာခဲ့ကြရလေသည်။

တုရင့်သားတော် တပင်ရွှေထီးမှာ သက္ကရာဇ် ၈၇၈ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပြီး မောင်ချတက်မှာ ၈၇၇ ခု၊ တပို့တွဲလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ နေတက်ခုနစ်ဖဝါးအခါတွင် ဖွားမြင်ခဲ့သူဖြစ်၍ တပင်ရွှေထီးထက် သုံးလကျော်မျှကြီးပါသည်။

မောင်ချတက်၏ဖခင် ထန်းတက်သမား မောင်သိဂ်မှာလည်း ဘုရင့်သား

www.burmeseclassic.com





ေတာ်လေးဖြစ်သူ တပင်ရွှေထီး၏ဘကြီးေတာ်အရာဖြင့် မင်းရဲသိင်္ဂသူဘွဲ့ကို ခံယူရလျက် တပင်ရွှေထီးကို စောင့်ရှောက်ရလေသည်။ နောင်အခါတွင် တပင်ရွှေထီးသည် ဖခမည်းတော်မင်းကြီး၏အရိုက်အရာခံယူ၍ မင်းဧရာဇ်ဖြစ်သောအခါတွင် တောင်ငူမှ ဟံသာဝတီ ပဲခူးသို့ ပြောင်းရွှေ့စံနေတော်မူသောအခါတွင် တောင်ငူဘုရင်ခံအဖြစ် ခန့်အပ်ကာသူကောင်းပြုခြင်းခံယူခဲ့ရပါသည်။

□ **မောင်ချတက်နှင့်ဘုရင့်သမီးတော်**

မောင်ချတက်ကို ရှင်ရဲထွတ်ဟူသော ဘွဲ့အမည်ခေါ်တွင်စေခဲ့ရာမှ အရွယ်ရောက်သောအခါ တပင်ရွှေထီးသည် နန်းတော်မြောက်တွင် အိမ်တော်နှင့် နေထိုင်ခဲ့ရလေရာ တပင်ရွှေထီး၏နှမတော် မင်းသမီး သခင်ကြီးသည် မောင်တော်တပင်ရွှေထီးအိမ်သို့ စားတော်ကွမ်း အစဉ်မပြတ်ပို့တော်မူရသည့်တွင် ရှင်ရဲထွတ်က ကွမ်းကို အမြဲလာယူရသည်ဖြစ်၍ ဘုရင့်သမီးတော် သခင်ကြီးနှင့် ချစ်ကြိုက်ခဲ့ကြလေသည်။

တစ်နေ့တွင် သခင်ကြီးက ရှင်ရဲထွတ်ကို ပြက်ရယ်စကားဆိုလိုက်သည်။

"ရဲထွတ်၊ သင့်အပေါ် ငါ့ကျေးဇူးများလှသည်။ အစာလည်း ငါ့အစား၊ အဝတ်လည်း ငါ့အဝတ်ဖြစ်၍ သင်အသက်ရှင်နေရသည်မှာလည်း ငါ့ကျေးဇူးသာမဟုတ်ပါလား"

ဟု ကျီစယ်စကားဆိုလိုက်သည်။

ထိုအခါ ရှင်ရဲထွတ်က -

"ရဟန်းတော်တို့မှာ မိမိကိုယ်တိုင်ကျောင်းမဆောက်၊ ဆွမ်းမချက်၊ သင်္ကန်းမရက်ရပါဘဲလျက် ဘုန်းကံအလျောက်နေထိုင် စားသောက် ဝတ်ဆင်ရသည်မဟုတ်ပါလော"

ဟု ခွန်းတုံ့ဆိုလိုက်သည်။

"အသင်ရဟန်းလော"

ဟု သခင်ကြီးက မေးပြန်ရာ ရှင်ရဲထွတ်က -

"ရဟန်းမဟုတ်သော်လည်း ဘုန်းကံရှိသူဖြစ်၍ အဝတ်အစားအသုံးအဆောင်တို့ကို ရရှိပေသည်။ မိန်းမတို့ ဘုန်းကြီးသည်ဆိုသော်လည်း ဘုန်းကံကြီးမားသောမင်းယောကျ်ားတို့၏အလုပ်အကျွေးသာဖြစ်နိုင်ပေသည်"

ဟု ဆိုလိုက်လေသည်။

ဤတွင် သခင်ကြီးက -

"မင်း. . . အထင်ကြီးလွန်းလှပေသည်"

ဟု ဆိုလေရာ ရှင်ရဲထွတ်က -

"မယုံလျှင် မင်းဧကရာဇ်၏ဇာတာတော်၊ မောင်တော်(တပင်ရွှေထီး)၏ ဇာတာတော်နှင့် ကျွန်ုပ်၏ဇာတာသုံးစောင်တို့ကို ယူဆောင်ပြီး လက်သို့အပ်၍ ဆရာတော်ထံပြကြည့်ပါက သိရပါလိမ့်မည်"

ဟု ဆိုလိုက်ပြန်လေသည်။

ထိုအခါ သခင်ကြီးက ရှင်ရဲထွတ်ဆိုသည့်အတိုင်းပြရာတွင် ဆရာတော်က -

"ဤဇာတာသည် ကောင်းလှ၍ မင်းဧကရာဇ်ဇာတာ ဖြစ်လိမ့်မည်။ ဒုတိယဇာတာမှာ ဘုန်းတန်ခိုးကြီးမား၍ ရန်သူတို့ကိုဆောင်နိုင်သည့်ဇာတာဖြစ်၏။ သို့သော် မားလုံလက်နက်ထိပါး၍ပျက်စီးတတ်သည်။ တတိယဇာတာ (ရှင်ရဲထွတ်ဇာတာ) မှာ ခပ်သိမ်းသောသူတို့၏အကြီးအကဲဖြစ်၍ ပြည်ထောင်မင်းတို့ကိုအစိုးရသည့် မင်းဧကရာဇ်ဖြစ်ရုံမျှမက သားတော်၊ မြေးတော်၊ မြစ်တော်တိုင် မင်းဆက်ဖြစ်ပေလတ္တံ့"

ဟု မိန့်ဟောလိုက်လေသည်။

ဆရာတော်၏ ဟောမိန့်ချက်တို့ မင်းသမီး သခင်ကြီး ကြားရသောအခါ မိမိနှင့်ချစ်ကျွမ်းရည်ငံကြရာမှ သန္ဓေဖြစ်ပေါ်သည်ကို မယ်တော် မိဖုရားကြီးအကြောင်းခြင်းရာတို့ကိုသိခဲ့ရပြီး မင်းကြီးအား အသိပေးလျှောက်ထားရန်အခါအခွင့်ကိုစောင့်ခဲ့ရာ မင်းကြီးသည် ဆရာတော်တို့ရှေ့မှောက် ဥပုသ်သီတင်းစောင့်ပြီးသောအခါမှ မင်းကြီးအား သမီးတော်၏အကြောင်းခြင်းရာကို လျှောက်တင်လိုက်လေသည်။ မင်းကြီးသည် အကြောင်းခြင်းရာကို သိရလေ၍ အမျက်ပြင်းစွာထွက်လျက် 'ငရဲထွတ်ကို သတ်လေ' ဟု မိန့်တော်မူလိုက်လေသည်။

ဤအကြောင်းခြင်းရာများတို့ကို ရှင်ရဲထွတ်ကား ဘာမှမသိဘဲရှိလေရာ အိပ်ဖန်စောင့်ထွက်လာသူတို့ပြောပြ၍သိရသည့်အခါ တစ်စုံတစ်ရာစိုးရိမ်ထိတ်လန့်ခြင်းမရှိဘဲ ကံသာလျှင်ပြဋ္ဌာန်းရင်းဖြစ်၍ မစိုးရိမ်ဟူ၍ဆိုလေသည်။

မိုးသောက်သောအခါ ရှင်ရဲထွတ်သည် ငါပြေးလွှားပုန်းရှောင်သော်လည်း လွတ်ရန်မလွယ်။ ငါ့ဇာတာကို မင်းကြီးအားဆက်သမည်။ သတ်လိုက သတ်စေ၊ ထားလိုကထားစေ၊ ကံသာလျှင် အကြောင်းရင်းဖြစ်ပေသည်ဟု နှလုံး

www.burmeseclassic.com

သူင်းကာ ရဲ့ဝံ့ရှင်ကြည်စွာဖြင့် မိမိဇာတာကို မင်းကြီးထံဆက်သလေရာ မင်းကြီးသည် ဇာတာဖတ်ရာ၌ လွန်စွာတတ်ကျွမ်းနားလည်သည်ဖြစ်၍ -

"ရဲထွတ်ကို ငါသတ်သော် ငါ၌သာရာဝန်လေးလိမ့်မည်။ချင်း၏ဇာတာသည်ကောင်းလှ၏။ ချမ်းသာစေ"

ဟု မိန့်တော်မူလိုက်လေတော့၏။

သို့ဖြစ်၍ ဖွားမြင်ခါစတွင် ဆောင်ချတက်အမည်၊ နန်းတွင်းရောက်သော် ရှင်ရဲထွတ်၊ နောင် တပင်ရွှေထီးနန်းတက်သောအခါတွင် ရှင်ရဲထွတ်အား နုမတော် သခင်ကြီးနှင့် စုံဖက်ခဲ့၍ သည်းကောင်း၊ စစ်ပွဲတို့၌ ရဲဝံ့စွန့်စားတိုက်တိုင်းအောင်သူဖြစ်၍လည်းကောင်း လွန်စွာပင် အားထား ယုံကြည်လျက် ဘုရင့်နောင်ကျော်ထင်အနော်ရထာဘွဲ့ကို ရခဲ့လေသည်။

**□ဘုရင့်နောင်နှင့် တပင်ရွှေထီး နောင်ရိုးတိုက်ပွဲနှင့် ဘုရင့်နောင်၏သတ္တိအစွမ်း**

တပင်ရွှေထီးသည် ခမည်းတော်၏ အရိုက်အရာ တောင်ငူထီးနန်းကိုစိုးစံပြီးလျှင် ဟံသာဝတီကို အလုံချီ၍သိမ်းယူတော်မူခဲ့လေ၏။ ထို့နောက် ပြည်သို့ချီ၍ နောင်ရိုးသို့ ရောက်သောအခါ၌ သုရှင်တကာရွတ်ပိသည် နောင်ရိုးတစ်ဖက်ကမ်းတွင် စစ်တပ်ချထားရာ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဤသို့ စစ်ဆင်၍တိုက်ခဲ့လေသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာသည် သုရှင်တကာရွတ်ပိ၏တပ်ကိုတိုက်ရန် မိမိဘက်မှဆင်မြင်းဗိုလ်ပါတို့ကို နောင်ရိုးချောင်းတစ်ဖက်ကမ်းသို့ အောင်နှင့်ကူးစေပြီး တစ်ဖက်ကမ်းသို့ ရောက်သည်နှင့် ရဲမက်စစ်သည်တို့ အနိုင်တိုက်ခိုက်ရန် အောင်စိတ်မွေး၍ စိတ်နှစ်ခွမရှိရအောင် ဖောင်ကိုဖျက်ပစ်စေခဲ့လေသည်။

ထိုအခါတွင် တပ်မှူးစစ်ကဲတို့က မိမိတို့ဘက်မှာ ဆင်မြင်းဗိုလ်ပါစစ်သည်အင်အားနည်းပါး၍ တစ်ဖက်ရန်သူတို့မှာ အင်အားဆယ်ဆမကများလှသည်ဖြစ်ရာ အောင်မြင်ပါက ဆိုဖွယ်မရှိသော်လည်း ရှုံးနိမ့်၍ ဆုတ်ခွာရမည်ဆိုလျှင်ဖောင်မရှိတော့သဖြင့် မခက်ပြီလောဟု လျှောက်ထားလျှင် ကျော်ထင်နော်ရထာက -

"အစ်ကိုတို့ မစိုးရိမ်ကြပါနှင့်။ ဘုန်းတော်ကြောင့်အောင်လိမ့်မည်။ ပြန်ကူးစရာဖောင်မရှိမှ အားလုံးစိတ်နှစ်ခုမရှိဘဲ အသက်ကိုစွန့်၍တိုက်ကြမည်မဟုတ်လား"

ဟု ဆိုလေသည်။

ထိုအတောအတွင်း တပင်ရွှေထီးက မြင်းသည်ကျော်ဆက်သားဆယ်ဦးစေလွှတ်၍-

"ရန်သူကို မတိုက်နှင့်ဦး၊ ငါလာမှတိုက်"

ဟု မှာလိုက်သည်ကို ကျော်ထင်နော်ရထာက ဘုန်းတော်ကြောင့် အောင်မြင်လေပြီဟု လျှောက်စေလိုက်သည်။

ထိုအခါတွင် မိုင်းရဲ ဟူသောအမတ်က -

"ကျွန်တော်တို့သည် ရန်သူကို အောင်ဖို့ရန်ထား၍ ရန်သူနှင့်မျှ မတွေ့ရသေးဘဲ အောင်ပြီဟုလျှောက်တင်လိုက်သည်မှာ အကယ်၍ အရပ်နေမသင့်၍ မအောင်မြင်သော် အပြစ်တင်မခံရလော"

ဟု ဆိုလျှင် ကျော်ထင်အနော်ရထာက -

သည်တိုက်ပွဲကို ငါတို့မှချနိုင်ရမည်။ နိုင်မှ ငါတို့အသက်ရှင်မည်။ မအောင်မြင်သော် ငါတို့သေရမည်၊ သေပြီးသည်ကို အဘယ်သူအား အပြစ်တင်နိုင်ဦးမည်နည်း။ အနိုင်တိုက်ကြမည်"

ဟု ရဲမက်ဗိုလ်ပါတို့ကို အောင်စိတ်မွေးတက်ကြွစေ၍ တိုက်လေရာ နောင်ရိုးတိုက်ပွဲကို အောင်မြင်ခဲ့လေသည်။

**□ ယိုးဒယားသို့စစ်ချီခြင်း**

သက္ကရာဇ် ၉၁၀ ပြည့်နှစ်တွင် တပင်ရွှေထီးသည် ယိုးဒယားသို့ စစ်ချီရာ ဘုရင့်နောင်ကျော်ထင်နော်ရထာက ကြီးကြပ်တိုက်ခိုက်ရလေရာ ထိုစစ်ပွဲတွင် ယိုးဒယားဘုရင်၏သမက် ဩယာလဂွန်းအိမ်မာသည် အရပ်ခုနစ်တောင်ရှိသော ဇေယာနုဘတ် ဟူသည့် ဆင်ကြီးကို အပြင်းစီးနင်း၍တိုက်လေရာ ကျော်ထင်နော်ရထာက ဇေယပလ္လင် ဟူသော ဆင်နှင့်ရင်ဆိုင်တိုက်ကြသည်တွင် ဇေယာနုဘတ်၏ အာပေါင်ကိုလှံချက်ထိ၍ရပ်နေခိုက် ဘုရင့်နောင်၏သားတော် ဆယ့်သုံးနှစ်အရွယ် ပုတ္တမြားကြက်တောင်နှင့်ရွှေမောက်တို့ကိုဖောက်၍ဆောင်းထားသော ဇယသီဟသည် ရဲလုလင်ဟူသောဆင်ကို စီးနင်း၍ ကူညီတိုက်လေရာ ဩယာလဂွန်းအိမ်မာ၏ ဆင်မုန်အိုးကိုလှံချက်ထိုးမိကာ မျက်နှာသုန်၍ပြေးလေသည်။ ထိုအခါတွင် ဘုရင့်နောင်က ကုန်းလယ်စီးမှ လှံနှင့်ပစ်လွှတ်လိုက်သောအခါ ဇေယာနုဘတ်၏ နားတွင် လှံတန်းလန်းစိုက်ဖောက်လျက်ဇေယာနုဘတ်ဆင်ကြီးပြေးလေသည်။ ဤတိုက်ပွဲတွင်လည်း မြန်မာတို့နိုင်၍ ဩယာလဂွန်းအိမ်မာနှင့် နောက်ပါအများကိုရလေသည်။

ထိုတိုက်ပွဲတွင် ဘုရင့်နောင်၏ သားတော် ဇေယသီဟ၏သတ္တိအစွမ်းကို တပင်ရွှေထီး နှစ်သက်အားရတော်မူသဖြင့် မင်းရဲကျော်စွာဟူသောအမည်နှင့် ရွှေကွမ်းခွက်၊ လက်ဖက်အိုး၊ မိုးကြိုးထွေးခံ၊ ရွှေခွက် စသည်တို့ကို ချီးမြှင့်ခဲ့လေသည်။

**□ဘုရင့်နောင်၏နှလုံးရည်သတ္တိ**

ထိုစစ်ပွဲကို အောင်မြင်ပြီးနောက် တပင်ရွှေထီးမိလာ၍ -

"ငါရောက်မှ တိုက်တော်မူမည်ဟု မိန့်မှာလိုက်ပါလျက် အဘယ်ကြောင့် ဤပွဲကိုဖျက်ဘိသနည်း"

ဟု ဘုရင့်နောင်အားဆိုရာ ဘုရင့်နောင်ကျော် ထင်နော်ရထာက -

"ကျွန်တော်တို့သည် အမိန့်တော်အတိုင်းစစ်ဆင်၍ အရှင့်ကို စောင့်ဆိုင်းနေစဉ် ယိုးဒယားစစ်သည်များက လက်ဝဲလက်ယာညှပ်၍ စစ်ဆင်တိုက်ခိုက်လာသဖြင့် အမိန့်တော်ကို နာခံ၍နေသည်မဟုတ်။ မတိုက်ရဲ၍နေသည်ဟု အများကဲ့ရဲ့မည်စိုးသောကြောင့် အကွပ်တော်ကိုခံတော့မည်။ သူ့အသွမ်းကိုမခံပြီဟု တိုက်ပါသည်"

ဟု ပြန်လည် လျှောက်ထားလိုက်လေသည်။

ဤတွင် တပင်ရွှေထီးက -

"ငါ့အမိန့်တော်ကို လွန်ဆန်ခဲ့သည် မှန်သော်လည်း အရေးလှသဖြင့် အပြစ်မတင်ထိုက်ပြီ"

ဟု မိန့်တော်မူကာ ဆုလာဘ်တော်များ ချီးမြှင့်တော်မူခဲ့လေသည်။

**□ တပင်ရွှေထီးပျက်စီးခဲ့ပုံ**

ထို့နောက်တွင် တပင်ရွှေထီးမင်းသည် ဘုန်းကံကြီးမား မင်းဇာကရာဇ်တစ်ပါးဖြစ်ခဲ့ပါသော်လည်း မပေါင်းသင်းထိုက်သော နိုင်ငံခြားသားပေါ်တူဂီလူမျိုးတစ်ယောက်နှင့်ပေါင်းဖော်မိကာ ပျက်စီးခဲ့ရလေသည်။ သဘော်ဖျက်၍ မုတ္တမဆိပ်ကမ်းသို့ မျောလာခဲ့သည့် ပေါ်တူဂီတစ်ယောက်ကို မုတ္တမစားက ဖမ်း၍ တပင် ရွှေထီးထံဆက်ရာ ထိုပေါ်တူဂီ



www.burmeseclassic.com

www.burmeseclassic.com

သည် အနောက်တိုင်းအစားအသောက်တို့ကို ချက်ပြုတ်ကျော်လှော်၍ တပင်ရွှေထီးအား ဆက်၏။ ထို့ပြင် စပျစ်ရည် အရက်တို့ကိုပါဆက်ရာ တပင်ရွှေထီးမင်းသည် တစ်နေ့တခြား အရက်စွဲ၍ မူးယစ်လွန်ပြီးလျှင် အမေ့မေ့အလျော့လျော့ အလွဲလွဲအမှားမှား မအပ်မရာ အပြုအမူများကိုပြုဖန်များ၍ ဘုရင့်နောင်ကျော်ထင်နော်ရထာက ညီတော် တပင်ရွှေထီးကို တားမြစ် ဖျောင်းဖျသော်လည်း မရတော့။ 'ငါပျော်သလိုနေတော့မည်။ နောင်တော်သာ တိုင်းရေးပြည်မှုကြည့်ရှုစီမံဆောင်ရွက်လေ' ဟု အကြိမ်ကြိမ်မိန့်ဆိုလေရာ တိုင်းရေးပြည်ရာအရပ်ရပ်သို့ ဘုရင့်နောင်ကျော်ထင်နော်ရထာကသာ စီမံအုပ်ချုပ်ရလေသည်။

ဤသို့ဖြစ်သောကြောင့် မွန်၊ ဗမာ၊ ရှမ်းအားလုံးသော်မှူးမတ်တို့က ဘုရင့်နောင်အား -

"ယခုအတိုင်းဆိုလျှင် ပြည်ရွာအေးချမ်းရေး ရင်လေးဖွယ်ဖြစ်ချေပြီ။ ညီတော်ဘုရင်အား လုံခြုံစွာထား၍ အရှင်သာလျှင် မင်းပြုတော်မူပါတော့။ ကျွန်တော်တို့ အရှင်၏ အမှုတော်ကို ထမ်းရွက်ကြပါမည်"

ဟု လျှောက်ထားကြလေသည်။

ထိုအခါ ကျေးဇူးသစ္စာစောင့်မှုကြီးလှသော ဘုရင့်နောင်က -

"အစ်ကိုတို့၊ ငါတို့တွင် မင်းတရား၏ ကျေးဇူးသစ္စာနှစ်ပါးရှိပေသည်။ လောကတွင် မတော်မမှန်ကျင့်သူသည် အနှစ်တစ်ရာနေရသော်လည်း တော်တည့် ဖြောင့်မှန်သူ တစ်နေ့နေရသည်ကို မတန်-ဟု တရားတော်ရှိသည်။ ငါလည်း မင်းတရားကိုဖျောင်းဖျပါဦးမည်။ အစ်ကိုတို့အဖို့တွက်လည်း မစိုးရိမ်လင့်၊ ငါရှိလေပြီ။ စားမြဲစည်းစိမ်နှင့်ငြိမ်သက်စွာနေကြရမည်"

သစ္စာစောင့်သိရန် မိန့်ဆိုလေသဖြင့် မှူးမတ်တို့ ဤစကားမျိုးကို ထပ်မံမလျှောက်တင်ဝံ့ကြတော့ချေ။

ထို့နောက်တွင် ဘုရင့်နောင်သည် တိုင်းရေးပြည်မှုကို မလစ်လပ်စေရန် ဆောင်ရွက်လျက် နိုင်ငံခြားသားပေါ်တူဂီအား နေခွင့်မပြုတော့ဘဲ တိုင်းပြည်မှ ထွက်ခွာသွားစေခဲ့လေသည်။

**□ ဘုန်းကြီးသော်လည်း အသက်မရှည်ခဲ့သော တပင်ရွှေထီးမင်း**

သက္ကရာဇ် ၉၁၁ တွင် သမိန်ထောရာမသည် သန်လျင်ကို အခြေပြုကာ ထကြွကြသောကြောင့် ဘုရင့်နောင်ကိုယ်တိုင် သွားရောက် နှိမ်နင်းခဲ့ရလေသည်။ ထိုအခိုက်တွင် စစ်တောင်းစား သမိန်စောထွတ်သည် တပင်ရွှေထီး၏ ထီးနန်းကို လိုချင်၍ ကျေးဇူးသစ္စာကို မစောင့်ဘဲ လုပ်ကြံရန် အခွင့်ကောင်းကို စောင့်လျက်ရှိရာ တပင်ရွှေထီးတွင် အစောင့်အရှောက်လစ်ဟင်းခိုက် သူ၏ ညီနှစ်ယောက်ဖြစ်သော လက်ဝဲဓားမှူး၊ လက်ယာဓားမှူးတို့နှင့်လုပ်ကြံရန်တိုင်ပင်ထားသည့်အတိုင်း ၉၁၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့အဝင်ညဥ့် (၃) ချက်တီးကျော်တွင် လက်ဝဲဓားမှူးက တပင်ရွှေထီး စက်တော်ခေါ်နေခိုက် ဓားဖြင့်လုပ်ကြံလိုက်၍လေရာ မင်းကေရာဇ်ဖြစ်သော တပင်ရွှေထီးကံတော်ကုန်ခဲ့ရလေသည်။ ထို့နောက် ဘုရင့်နောင် ကျော်ထင်နော်ရထာသည် ထီးနန်းကို ဆက်ခံပြီး ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးဟု ထင်ရှားခဲ့ပါသည်။

**□ ဘုန်းကံကြီးသော ဘုရင့်နောင်နှင့် သမိန်ထောရာမ**

ဘုရင့်နောင်ကျော်ထင်နော်ရထာသည် သန်လျင်ကို အခြေပြု၍ ထကြွနေသော သမိန်ထောရာမ၏ရန်ကို ဘုန်းကံ လက်ရုံးရည်နှလုံးရည်အစွမ်းဖြင့်အောင်နိုင်ခဲ့ပုံမှာ ထူးခြားမှတ်သားဖွယ်ကောင်းလှသည်။

သက္ကရာဇ် ၉၉၁ ခုနှစ် ဇည်းရမ်းမင်း၏ အိမ်နိမ့်တွင် ဖွားမြင်သည့် သမိန်ထောရာမသည် ဖခင်မရှိတော့သည့်နောက် လှည့်လည်သွားလာနေခဲ့ရာမှ သာမဏေပြုခဲ့ပြီးနောက် ရဟန်းအဖြစ်ခံယူနေခဲ့ရာ တစ်ညဥ့်တွင် ညောင်ပင်ကြီးတစ်ပင်အောက်၌ မေတ္တာဘာဝနာစီးဖြန်းနေခိုက် ညောင်ပင်စောင့်ရုက္ခစိုးနတ်ဆင်းလာပြီး ဟံသာဝတီတွင် မင်းပြုနိုးစံလိုပါက သီလကို မကျိုးမပေါက် မပြောက်မကြားအောင် စင်ကြယ်စွာ ထိန်းသိမ်းစောင့်ရှောက်လေ"

ဟုဆိုကာပျောက်ကွယ်သွားခဲ့လေသည်။

သမိန်ထောရာမရဟန်းတော်သည် ထိုအခါမှစ၍ သီလကို စင်ကြယ်စွာစောင့်ထိန်းနေထိုင်ခဲ့ရာမှ နောက်နှစ်လ၊ သုံးလခန့်အကြာ တစ်ညဥ့်၌ ထူးဆန်းလှသောအိပ်မက်ကိုမြင်မက်ခဲ့လေသည်။ အိပ်မက်တွင် ထူးခြားသောပုဂ္ဂိုလ်တစ်ဦးက သမိန်ထောရာမအား -

"မြစ်နားသို့သွားလေ။ ထိုအခါ မိကျောင်းပေါ်လာလိမ့်မည်။ ထိုမိကျောင်းကိုတက်စီး၍ အနောက်ဘက်သို့ကူးလျှင် ကညင်ပင်ထက်က ဥဒေါင်းကြော်လိမ့်မည်။ ထိုသစ်ပင်ကို စင်ရော်ဝဲလိမ့်မည်။ ထိုအပင်၏အရှေ့ တစ်တောင်အကွာ သုံးတောင်အနက်တူးလျှင် ရွှေပေလွှာတစ်ချပ်ကိုတွေ့ရမည်။ ထိုရွှေပေလွှာတွင် ဂါထာသုံးပုဒ်တွေ့ရမည်။ ပထမဂါထာအကျိုးကား ရှိန်းဆာယာတိုင်ပြောင်းကိုယ်ခွာနိုင်သည့်အစွမ်းရှိသည်။ ဒုတိယဂါထာသည် တုတ်၊ ဓား၊ လှံ၊ မီးပေါက် စသည်ပြီးသည်။ တတိယဂါထာအစွမ်းကား ခြေကျိုး၊ လက်ကျိုး၊ ဓားလှံထိခိုက်ရှနာတို့ကို ရေကိုမန်း၍ သောက်လျှင် အကောင်းပကတိပြန်ဖြစ်သည်။ ထို့ပြင် စပါး၊ ပဲ၊ ပြောင်း၊ ဘူး၊ ဖရုံ စသည်တို့ကို စိုက်ပျိုးသည့်အခါ ရေကိုမန်း၍ ဖျန်းပက်လျှင် ဆယ်ဆတိုး၍သီးပွင့်၏။ ထိုဂါထာများကို နေ့ခင်းညချင်းအရ ကျက်ဆောင်ပြီးလျှင် နဂိုအတိုင်း ပြန်မြှုပ်ထားခဲ့ရမည်"

ဟု ဆိုသည်ကို မက်မြင်ခဲ့လေသည်။

ရဟန်းတော်သမိန်ထောရာမသည် အိပ်မက်မက်မြင်ခဲ့သည့်အတိုင်း မြစ်ဆိပ်သို့သွားခဲ့ရာ ရေစပ်၌ မိကျောင်းတစ်ကောင် ဘွားခနဲပေါ်လာသည်ကို တွေ့လိုက်ရသည်။ ပထမအကြိမ်ပေါ်လာသည့်အခါ ကြောက်ရွံ့၍ မစီးဖြစ်ခဲ့။ ဒုတိယအကြိမ် မိကျောင်းပေါ်လာပြန်လျှင်လည်းစီးမည်အပြု စိတ်ပေါ့သွားသောရဟန်းဟုထင်မှတ်၍ လူသုံးယောက်ဝိုင်းဆွဲထားပြန်သဖြင့် မစီးဖြစ်။ တတိယအကြိမ် မိကျောင်းပေါ်သည်တွင် အရဲစွန့်၍ စီးဖြစ်လေသည်။

ထိုမိကျောင်းကိုစီးလျက် အနောက်ဘက်ကမ်းသို့ရောက်လေရာ အိပ်မက်အတိုင်း တွေ့ကြုံခဲ့ပြီး ဂါထာသုံးပုဒ်ကို အရကျက်မှတ်ပြီး ရွှေပေကိုပြန်မြှုပ်ခဲ့ပြီးနောက် ကမ်းစပ်တွင် အသင့်ရှိနေသော ထိုမိကျောင်းကိုပင်စီး၍ပြန်ခဲ့လေရာ မြစ်လယ်အရောက် ကောင်းကင်တစ်ပြင်လုံး မည်းမှောင်ကာ လေကြီးမိုးကြီးသည်းထန်စွာကျလျက် မြစ်တစ်ပြင်လုံး အမှောင်ထုဖုံးလွှမ်းနေရာ သမိန်ထောရာမသည် ပြင်းစွာထိတ်လန့်ကြောက်ရွံ့လျက် ပထမဂါထာနှင့် ဒုတိယဂါထာတို့ မေ့ပျောက်လျက် တတိယဂါထာတစ်ပုဒ်ကိုသာ မှတ်မိလေတော့သည်။

ထို့နောက်တွင် ရဟန်းတော် သမိန်ထောရာမသည် လူထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သူသူနောက်လိုက်နောက်ပါအလုံးအရင်း ခေါ်ဆောင်း၍ ဘုန်းကံကြီးမားလှသော ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင် နော်ရထာမင်းကြီးကို စစ်ပြုရင်ဆိုင်တိုက် ခိုက်ခဲ့လေတော့သည်။

ထိုစစ်ပွဲတွင် ဘုရင့်နောင်ကျော် ထင်နော်ရထာနှင့် အစွမ်းသတ္တိရှိသည့် သမိန်ထောရာမတို့ စီးချင်းထိုးကြရာတွင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဥပေါသထ ဟူသော ဆင်တော်ကိုစီး ၍ ဆင်ဦးကင်းထက်တွင် သစ္စာဆို ကာ တိုက်ခိုက်တော်မူရာ သမိန်ထော ရာမ ရှုံးနိမ့်၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရ ပြီး တောင်သူကြီးတစ်ဦး၏အိမ်တွင်ခိုလှုံ နေခဲ့ရလေသည်။ သမိန်ထောရာမသည် တောင်သူကြီး၏ လယ်ယာများကို ရခဲ့ သော ဂါထာအစွမ်းဖြင့် ရေကိုမန်း၍ဖျန်း တော်လေလျှင် ဆယ်ဆတိုး၍ အသီးအနှံ ဖြစ်ထွန်းသည်ကို တောင်သူကြီးမြင်တွေ့ ပြီး အစွမ်းကောင်းသူ ဘုန်းကံရှင်မှတ် ထင်လျက် သူ၏သမီးအလတ်ကို ပေး လေသည်။

တစ်နေ့တွင် အကြံကြီးသူ သမိန် ထောရာမသည် ဆင်ဖြူများရှင် ဘုရင့် နောင်ကျော်ထင်နေ်ရထာမင်းကြီးအား လုပ်ကြံရန် ထပ်မံကြံစည်ပြန်လေသည်။ သူ၏ အကြံအစည်များမှာ သူ၏ဒူးများ ကိုရိုက်ချိုး၍ သူ့အား ဘုရင့်ထံဆက်သ စေမည်။ ဘုရင်ရွှေ့ရောက်လျှင် ရေငတ် သည်ဆိုလျှင် ရေပေးသည့်အခါ ရေကို မန်း၍သောက်လျှင် အကောင်းပကတိ ပြန်ဖြစ်၍ အနီးအနားရှိ တစ်စုံတစ်ခု သော လက်နက်ကို စွဲကိုင်ယူငင်ကာ ဘုရင်ကိုလုပ်ကြံပြီး မင်းအဖြစ်ကိုယူမည် ဟု ကြံစည်ပြုမူခဲ့လေရာ ဘုန်းကံကြီး မားလှသော ဘုရင့်နောင်မင်းကြီးရှေ့ မှောက်တွင် ဂါထာအစွမ်းကွယ်၍ အကျိုး အတိုင်းမထနိုင်ရှိနေရာ သမိန်ထောရာမ သည် အားငယ်ဆုတ်နစ်စိတ်ဖြစ်ကာ အိတ်လန့်ငိုကြွေးလေသည်။

ဘုရင်နောင်မင်းကြီးက သမိန် ထောရာမအား -

"သင်သည် ယောကျ်ားကောင်း ခင်စစ်ဖြစ်လျက် အဘယ်ကြောင့်ငိုလေ သနည်း"

ဟု မိန့်ဆိုရာ သမိန်ထောရာမ သည် မဖုံးကွယ်ဝံ့တော့ဘဲ မိမိအကြံ အစည်ကို ပြောကြားလျက် မင်းကြီး၏ ဘုန်းကံကြီးမားလှ၍ အကြံမအောင် သဖြင့် အားမတန် မာန်လျှော့ငိုရပါသည် ဟု ဆိုလေသည်။

မင်းကြီးက -

"သင်သည် ငါ၏ဘုန်းကံကိုမသိ ၍ ဤသို့ကြံလေသည်။ ယခု ဒိုင်းလွှား ပေး၍ က,စေ"

ဟု မိန့်ဆိုလိုက်ရာ အကောင်းဖြစ် လျက်က,နိုင်ပြီး 'တန်တော့' ဆိုသည်နှင့် ကျိုးမြဲကျိုးလေရာ စိတ်မချရသူဖြစ်၍ ရာဇဝတ်ဒဏ်သင့်လေသည်။

**ဆင်ဖြူများရှင် ဘုရင့်နောင်မင်းကြီး၏ နှလုံးရည်**

ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းကြီးသည် လွန်စွာနှလုံးရည်ပြည့်စုံ၍ စိတ်ထားမြင့်မြတ်တော်မူ၏။ မင်းကြီး ယုံကြည်စွာ ချီးမြှောက်လျက် သေနာ ပတိအရာထားခဲ့သော ဗညားဒလသည် မင်းကြီး၏ အသက်ကို သုံးကြိမ်တိုင် လုပ်ကြံရန် ကြံစည်အားထုတ်ခဲ့သည်။

ပထမအကြိမ် မင်းကြီး မြို့လည် တော်မူသောအခါတွင် ဗညားဒလသည် ဝေါတော်ကို ထမ်းသူတို့နှင့် လျှို့ဝှက် တိုင်ပင်၍ ဓားကို မြေ၌မြှုပ်ထားပြီး လုပ်ကြံရန် စီစဉ်ထားရာ မင်းကြီး၏ ဘုန်းကံကြောင့် ရဲမက်တော်တို့နင်းမိပြီး ဓားကိုတွေ့ရာ ဗညားဒလ၏အကြံအစည် ပေါ်ပေါက်ရာ မင်းကြီးသည်းခံတော်မူ ခဲ့သည်။

ဒုတိယအကြိမ်တွင် မင်းကြီး ရွှေမော်ဓောဘုရားကိုဖူးမြင်ရန် တက် တော်မူရာတွင်လုပ်ကြံရန် ဗညားဒလက တုတ်ပြီး၊ ဓားပြီးသူ တစ်ကျိပ်တို့ကို လျှို့ဝှက်စွာစေခိုင်းထားလေရာ မင်းကြီး အတက်၌ လုပ်ကြံရန် မှခ်ဦးအထက်က အသင့်စောင့်နေသည့်ထိုသူတို့ ရပ်တည် မနေနိုင်ဘဲ တုန်ရီစွာ မြေသို့ကျကုန်သည် ကို စစ်ဆေးမေးမြန်းရာတွင် မကွယ်ဝံ့ဘဲ ပြော၍ ဗညားဒလ အကြံအစည်ဖြစ် ကြောင်းသိရသော်လည်း မင်းကြီး သည်းခံတော်မူခဲ့ပြန်ပါသည်။

တတိယအကြိမ်၌လည်း မင်းကြီး ရွှေတိဂုံဘုရားကိုဖူးမြင်ရန် ရေကြောင်း ခရီးဖြင့်သွားရန် ဖောင်တော်ပေါ်သို့ ဓာမ်းမှအတက်တွင် ရေထဲမှ ပလုံစီထ သည်ကိုမြင်၍ စုံစမ်းစေရာ မင်းကြီးအား လုပ်ကြံရန် ရေငုပ်သန်သူနှစ်ယောက်ကို ဓားနှင့်တကွ ရေမှဖမ်းမိ၍ ဗညားဒလ စေခိုင်းထားသူများဖြစ်ကြောင်း သိရ၍ ဗညားဒလက အကြံအစည်ဖြစ်ကြောင်း ပေါ်သော်လည်း သည်းခံတော်မူခဲ့ပြန်ပါ သည်။

နှလုံးထားကြီးသောမင်းကြီးသည် ဤကဲ့သို့ ဗညားဒလက မိမိအသက်ကို လုပ်ကြံရန် သုံးကြိမ်တိုင်ကြံစည်ခဲ့သော် လည်း မိမိ၏ဘုန်းကံကို ယုံကြည်၍ မကောင်းကြံသော်လည်း မအောင်နိုင်ရာ ဟု သည်းခံတော်မူခဲ့လေသည်။ ထို့ပြင် မင်းကြီးသည် ဗညားဒလ၏လက်ရုံးရည်၊ နှုတ်ရည်၊ ဉာဏ်ရည်၊ ဂုဏ်သတ္တိပြည့်စုံ မှုကို နှမြောတော်မူသောကြောင့်လည်း သည်းခံတော်မူခဲ့လေသည်။ သို့သော် ဗညားဒလသည် စစ်ရေးတာဝန်ပါ မကျေပွန်သောကြောင့် အရာမှနုတ်ကာ ဇနက် ဟူသောအရပ်သို့ ပို့တော်မူရာမှ နောက် ကမန်သို့ရောက်ပြီး တစ်လ အကြာတွင် ကွယ်လွန်ခဲ့လေသည်။

**◘ ဘုရင့်နောင်မင်းကြီးနှင့်ပေါလသိုင်းစား**

တစ်ရံခါသော် ဘုရင့်နောင် မင်းတရားကြီးသည် လင်းဇင်းသို့ စစ်ချီ ရာ သစ္စာခံဖြစ်သော မိုးကောင်းစော်ဘွား နှင့် မိုးညှင်းစော်ဘွားတို့ကို အတူတကွ လိုက်ပါတိုက်ခိုက်ရန် ဆင့်ဆိုတော်မူရာ တွင် စော်ဘွားတို့သည် အမိန့်တော်ကို မဖီဆန်ဝံ့၍ - မိုးကောင်းစော်ဘွား၏ ကျွန်ယုံတော် ပေါလသိုင်းစားကို တိုင်ပင် ကြသည်။ ပေါလသိုင်းစားက လင်းဇင်း သို့လိုက်၍တိုက်လျှင် သူတစ်ပါးအရပ် တွင်သေရမည်။ အာဏာကို ဖီဆန်လျှင် လည်း မိမိအရပ်၌သေရမည်။ သေရခြင်း တူလျှင် မိမိအရပ်မှာပင် သေရမည်က မြတ်သည်။

ထို့ကြောင့် မင်းဇကရာဇ်ကို -

"ခုခံတိုက်ပါ။ အောင်လျှင်အောင် စေ၊ မအောင်လျှင်မူ သေခွစေတော့"

ဟူ၍ အကြံပြုစကားဆိုလေ သည်။

ပေါလသိုင်းစားစကားကို စော်ဘွား များသဘောတူ၍ မိုးကောင်းစော်ဘွား ကို အဝေးသို့နှင်လေပြီးလျှင် မိုးညှင်း စော်ဘွားနှင့် ပေါလသိုင်းစားတို့သည် ဆင်မြင်းဗိုလ်ပါနှင့် မင်းကြီးချီလာမည့် ကသာ မိုးကောင်းသို့ တက်သည့်လမ်းမှ တိုက်ခိုက်ရန် ပုန်းအောင်းစောင့်ဆိုင်း နေကြသည်။ သို့သော် မင်းကြီးသည် အခြားလမ်းမှချီလာခဲ့ရာ မိုးကောင်းသို့ ရောက်လျှင် မိုးညှင်းစော်ဘွားနှင့် ပေါလ သိုင်းစားတို့၏ အကြံအစည်ကိုသိရ၍ ဖမ်းဆီးစေရာ မိုးညှင်းစော်ဘွားမှာ ဆင်ဦးထက်တွင် ကျဆုံးပြီး ပေါလ သိုင်းစားကို အရှင်ဖမ်းဆီးမိခဲ့သည်။

မင်းကြီးက စော်ဘွားတို့ ပုန်ကန် သည့်အကြံအစည်သည် မည်သူ့အကြံ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေသနည်းဟု မေးတော်မူလျှင် ပေါလသိုင်းစားက မရှောင်မလွှဲ ရဲဝံ့စွာ ဤအကြံသည် မိမိအကြံဖြစ်ကြောင်း၊ အရှင်မင်းကြီးသည် စောင့်နေသည့် လမ်းမှလွဲသဖြင့်သာ မတိုက်ရကြောင်း၊ မင်းကြီး ဘုန်းကံကြီး၍သာ မိုးညှင်း စော်ဘွားကျဆုံးပြီး မိမိကိုလည်းရကြောင်း၊ မိမိကို ကွပ်မျက်ပါကလည်း မင်းကြီး၌မကောင်းမှုမဖြစ်နိုင်ပါကြောင်း ဆိုလေသည်။

မင်းကြီးသည် ပေါလသိုင်းစားကို အပြစ်မယူဘဲ သစ္စာခံစေလျှင် ပေါလသိုင်းစားက သစ္စာမခံမီ အဘယ်အမှုတော်ကို ထမ်းရွက်ရမည်နည်းဆိုလျှင် မိုးကောင်းစော်ဘွားကို ဖမ်းခဲ့လေဟု မိန့်ရာ ပေါလသိုင်းစားက မင်းကြီးအား ဦးသုံးကြိမ်တိုက်လျက် မင်းကြီးကို ပုန်ကန်တိုက်ခိုက်ရန်မှာ မိမိအကြံဖြစ်၍ မိမိ၏ အရှင်သခင်ကို ဖမ်းမပေးနိုင်ကြောင်း၊ မိမိအရှင်၏သစ္စာကို စက္ကူတွင်ရေး၍ မီးဖုတ်၊ ပြာကိုဖျော်သောက်ထားပြီးဖြစ်၍ သစ္စာမဖောက်နိုင်ကြောင်း၊ မိမိအရှင် မိုးကောင်းစော်ဘွားကို ဖမ်းမပေးနိုင်၍ ယခုသာမက နောင်ဘဝတိုင်အောင် သတ်စေကာမူ သစ္စာမဖျက်နိုင်ကြောင်းဆိုလေသည်။

ထိုအခါ မင်းတရားကြီးက မှူးမတ်အပေါင်းတို့အား -

"အမတ်တို့၊ ပေါလသိုင်းစားငယ်သည် အိမ်ခြေခုနစ်ဆယ်၊ ရှစ်ဆယ်မျှရှိသော ပေါလသိုင်းစားရွာကို မိုးကောင်းစော်ဘွားပေး၍စားရသည်ကို ကျေးဇူးသစ္စာစောင့်လျက် အသက်ကို အသေခံကာ လျှောက်ဝံ့သည်။ ဤပေါလသိုင်းစား၏စည်းစိမ်သည် သင်အမတ်တို့တွင်ရှိသော ကျွန်တစ်ယောက်၏စည်းစိမ်မျှပင် မရှိချေ။ သူ၏စကား အမတ်တို့ ကြားရသည်မှာ မရှက်လော"

ဟု ပေါလသိုင်းစားသစ္စာစောင့်သိမှုကို ချီးမွမ်းမိန့်ဆိုခဲ့လေသည်။

ထို့နောက် မင်းကြီးက ပေါလသိုင်းစားအား မိုးကောင်းစော်ဘွားကို ဖမ်းမပေးလျှင်လည်းရှိစေတော့။ စော်ဘွားရှိရာ နေရာကိုသာပြပါလောဆို၍ ပြပါမည်ဆိုလျှင် ရွှေငွေမျိုးနှင့် လွှတ်လေ့ရာ လမ်းခရီးမှာပင် ပေါလသိုင်းစားသည် တိမ်းရှောင်သွားလေတော့သည်။ နောက်မှ မင်းကြီးသားတော်သည် မိုးကောင်းစော်ဘွားကိုရ၍ မင်းကြီးထံ ဆက်သရာ အသက်ကိုလွှတ်၍ကောင်းစွာထားခဲ့ပါသည်။

## ▫ ယိုးဒယားသို့ဒုတိယအကြိမ်စစ်ချီခြင်း

ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းကြီးသည် သက္ကရာဇ် ၉၃၀ ပြည့်တွင် ယိုးဒယားသို့ ဒုတိယအကြိမ် စစ်ချီခဲ့ရပြန်ပါသည်။ ထိုသို့ စစ်ချီခဲ့ရခြင်းမှာ ပထမအကြိမ်စစ်ချီစဉ်က အောင်နိုင်ခဲ့၍ ခေါင်းဆောင်ခဲ့သော ယိုးဒယားဘုရင် ဗြသာဒိရာဇာကို မနှိမ်ချဘဲ ကောင်းမွန်စွာ စောင့်ရှောက်ထားရာမှ ထိုမင်းက ရဟန်းပြု၍ ယိုးဒယားသို့ ဘုရားဖူးသွားလိုကြောင်း ခွင့်တောင်းသဖြင့် မင်းကြီးက အလွယ်တကူပင် ခွင့်ပြုလိုက်လေသည်။

သို့သော် ဗြသာဒိရာဇာသည် ယိုးဒယားသို့ ပြန်ရောက်သည်နှင့် လူဝတ်လဲကာ သားတော်နှင့် ပူးပေါင်းပြီးလျှင် ထောင်ထားခြားနားလေပြန်၍ မင်းကြီးသည် ဒုတိယအကြိမ်စစ်ချီခဲ့ပြီး ယိုးဒယားမြို့ကို ဝိုင်းထားစဉ်မှာပင် ဗြသာဒိရာဇာကွယ်လွန်ပြီး သားတော်ဘုရင်လည်း မကြာမီ အဖမ်းခံရလေသည်။ ထို့နောက် မင်းကြီးသည် ဗြသာဒိရာဇာ၏သမက် တော်ပိဿလောက်မြို့စားကို ယိုးဒယားမင်းအဖြစ်ထားကာ ပြန်တော်မူခဲ့ပါသည်။

## ▫ ဘုရင့်နောင်မင်းကြီးနှင့် သီဟိုဠ်မင်းဓမ္မပါလ

သက္ကရာဇ် ၉၃၈ ခုနှစ်တွင် လက်ာဒီပခေါ် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာဝင် ဓမ္မပါလမင်းနှင့် အခြားဘာသာဝင် မင်းသုံးပါးကို ခွဲဝေအုပ်စိုးနေကြရာ ဓမ္မပါလမင်းသည် ဘုရင့်နောင်မင်းကြီးထံသို့ တမန်စေလွှတ်ကာ ဗုဒ္ဓသာသနာတော် ထွန်းကားနိုင်စေရန် ထိုမင်းသုံးပါးကို နှိမ်နင်းပေးတော်မူပါရန်ဆိုလေသဖြင့် မင်းကြီးသည် သီဟိုဠ်ကျွန်းသို့ မြန်မာ့စစ်သည်သူရဲကောင်းများစွာကို စေလွှတ်တော်မူခဲ့ပါသည်။

သီဟိုဠ်သားတို့သည် မြန်မာသူရဲကောင်းတို့၏ရဲစွမ်းသတ္တိရှိခြင်း၊ ဓားရေးလှံရေးကျွင်လည်ခြင်း၊ ပြီးစီးခြင်းတို့ကို မြင်တွေ့ရလျှင် ကြောက်ရွံ့ခန့်ညားကြကုန်လျက် ထိုမင်းသုံးပါးလည်း ကျိုးနွံကြကာ ဓမ္မပါလမင်းနှင့်အတူ သာသနာတော်ကို ကူညီစောင့်ရှောက်ကြလေတော့သည်။

## ▫ ဘုရင့်နောင်မင်းတရားကြီး၏ သားတော်များသို့မှာကြားချက်

မင်းကြီးသည် သက္ကရာဇ် ၉၁၄ တွင် ဆရာတော် သံဃာတော်များကို နန်းတော်သို့ပင့်ကာ ရှေ့တော်သို့ သား တော်နှစ်ပါးအား ဤသို့ မိန့်မှာတော် ခဲ့ပါသည်။

မင်းတရားကြီးက -

"မောင်အိမ်ရှေ့မင်းသည် နော်ရထာစောကို ကျွန်ဟူ၍လည်းမှတ်၊ ညီဟူ၍ လည်းမှတ်၊ သားဟူ၍လည်းမှတ် နော်ရထာစောကလည်း မောင်အိမ်ရှေ့ မင်းကို အရှင်ဟူ၍လည်းမှတ်၊ အစ် ဟူ၍လည်းမှတ်၊ အဖဟူ၍လည်းမှတ် မောင်တို့နှစ်ပါးသည် ငါဆုံးမသည့် အတိုင်း တည်ကြည်ချစ်ကြည်ကြမှ င နှစ်လများစွာ ကြိုးပမ်းရရှိအပ်သော တိုင်းနိုင်ငံအပေါင်းသည် မပြိုမကွဲတည် အံ့သည်။ ငါ၏ ကုသိုလ်ကောင်းမှုများ လည်း ပွားများအံ့သည်။ သာသနာ တော်၏အကျိုးစီးပွားလည်းများအံ့သည် ငါ၏ အဆုံးအမ မတည်က နိုင်ငံတော် ပြိုကွဲ၍ သာသနာတော် ဆုတ်ယုတ် လျက် ရှင်လူတို့ပင်ပန်းဆင်းရဲရာသည် ထိုမကောင်းမှုကြောင့် အမောင်တို့ အပါယ်လားလေရာသည်။

ယင်းသို့ဖြစ်သောကြောင့် မင် သော မင်းဆွေမင်းဆိုးမျိုး၊ ကျေးဆိုးကျွ ဆိုးတို့ ကုန်းချောဖျက်ဆီးသောအ ယခုငါ့လက်ကချွတ်၍ပေးသော လက်စွ နှစ်ကွင်းကို အမောင်တို့ တစ်ကွင်း အမြဲဝတ်၍ လက်စွပ်ကိုကြည့်ပြီးလျှင် ငါတို့ခမည်းတော်မှာထားခဲ့သော အမိန့် တော်သည် အလွန်လေးနက်သည် ဖြစ်ခဲ့လေသည်ဟု နှောင့်ယှက်သောနှုတ် ကိုဖြေ၍ ချစ်ကြည်လေးမြတ်ကြကုန် ဤမိန့်မှာချက်ကို ဆရာတော်များ လည်း အသိအမှတ်ပြုတော်မူကြပါကုန်"

ဟူ၍ သားတော်များအား မိန့်ကြား တော်မူခဲ့သည်ကို ဆရာတော်များ သာဓုခေါ် ဆိုတော်မူခဲ့ကြပါသည်။

## ▫ ရခိုင်သို့ချီစေခြင်းနှင့် နတ်ရွာစံတော်မူ ခြင်း

ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းကြီးသည် သက္ကရာဇ် ၉၄၃ ခုနှစ် သားတော်ကို အုပ်ချုပ်စေ၍ ရခိုင် သိမ်းယူရန် စစ်ချီစေတော်မူခဲ့ပါသည် ထိုအတော်အတွင်းတွင် မင်းတရားကြီး သည် သက်တော်(၆၆)နှစ်၊ နန်းစည် (၃၂) တွင် နတ်ရွာစံတော်မူခဲ့ပါသည်။

## ▫ မင်းတရားကြီး၏ စွမ်းဆောင်တော်မူ ချက်များ

၁။ မင်းကြီးလက်ထက်တွင် မြန် နိုင်ငံတော်ကို အကျယ်ချဲ့



www.burmeseclassic.com

www.burmeseclassic.com

ထောင်တော်မူခဲ့ပါသည်။

၂။ ယိုးဒယားကို အောင်မြင်ခဲ့ပြီး အနုပညာ အဆို၊ အက၊ အတီး၊ အမှုတ်တို့ကို ရောက်ရှိစေခဲ့ပါသည်။

၃။ ပန်းတည်း၊ ပန်းပဲ၊ ယွန်း စသော လက်မှုပညာရပ်တို့လည်း မြန်မာနိုင်ငံ၌ ပြန့်ပွားစေခဲ့ပါသည်။

၄။ အလေး၊ တင်းတောင်း၊ ခွဲစိတ်၊ ပြည် စသည်တို့နှင့် ပိဿာ၊ ဆယ်၊ ကျပ် စသည့် အလေး၊ ချိန်ခွင် အတိုင်းအထွာတို့ကို မြန်မာနိုင်ငံတွင် တညီတညွတ်တည်းဖြစ်စေခဲ့ပါသည်။

၅။ ပုဂံ၊ ရွာသာ၊ စလေ၊ ပုခန်းငယ်၊ သရောက် စသောအရပ်တို့၌ ပူပွားနတ်အား ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ကိုသတ်၍ နတ်ပူဇော်ခြင်းကို နှိမ်နင်းတားမြစ်တော်မူခဲ့ပါသည်။

၆။ ရှမ်းပြည်၌ စော်ဘွားများသေလျှင် ရင်းနှင့်အတူ ဆင်၊ မြင်း၊ ကျေးကျွန်တို့ကို တွင်းထဲတွင်မြှုပ်နှံသည့် ဓလေ့ထုံးစံကို တားမြစ်တော်မူခဲ့ပါသည်။

၇။ မိစ္ဆာအယူတို့လွှမ်းမိုးသောအရပ်၊ သာသနာမပြန့်နှံ့ရာအရပ်များသို့ ရဟန်းတော်များ၊ ပိဋကတ်တော်များပို့၍ ဘာသာသာသနာအကျိုးကို ပြည်တွင်းသာမက သီဟိုဠ်ကျွန်းအထိ သာသနာပြုဆောင်ရွက်တော်မူခဲ့ပါသည်။


ဤကား တောင်ငူမင်းဆက်တွင် ထူးကဲထင်ရှား၍ ဒုတိယအကြိမ် မြန်မာနိုင်ငံတော်ကြီးကို စည်းလုံးကျယ်ပြန့်စည်ပင်အောင် ရွက်ဆောင်ခဲ့သည့် ဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးဖြစ်သည့် ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီး၏ အကြောင်း ရာဇဝင်စာတင်ခဲ့သည်ကို ကောက်နုတ် တင်ပြခြင်း ဖြစ်ပါသည်။

အထူးအားဖြင့် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကြီး၏ အဆောင်ဂါထာတော်ကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

## သီရိဝိစိတ္တ အလင်္ကာပဋ္ဌာမ ရွှေကြာအင်းတော်

❑ ဇိနာဝတိ မာရာရိ ဇိနော ဒယာလယော၊
ဇိနုတ္တ ဓမ္မောစ ဇိနေန ပူဇိတော၊
ဇိနော ရသော နန္တဇိနပ္ပသံသိတော။
ဇိနာ ဒယေယာ တေရိ ဇိတေ နမာမဟံ။ ။

**သီရိဝိစိတ္တပဋ္ဌာမပဒုမရွှေကြာအင်းတော်**



❑ **ဂါထာတော်အနက်**

**ဒယာလယော** - မဟာဂရုဏာ၏ တည်ရာဖြစ်တော်မူထသော၊ **ဇိနော** - ဘုရားမြတ်စွာသည်၊ **မာရရိ** - ဒေဝပုတ္တ စသော မာရ်ဆသေတ္တာရ စသောရန်တို့ကို၊ **ဇိနာတိ** - အောင်တော်မူ၏။ **ဇိနုတ္တ ဓမ္မောစ** - ဘုရားမြတ်စွာဟောတော်မူသော တရားတော်ကိုလည်း၊ **ဇိနေန** - ဘုရားမြတ်စွာသည်၊ **ပူဇိတော** - ပူဇော်တော်မူအပ်၏။ **ဇိနောရသော** - ဘုရားမြတ်စွာ၏ သားတော်ဖြစ်သော အရိယာပုဂ္ဂိုလ်အပေါင်းတို့ကိုလည်း၊ **အနန္တဇိနပသံသိတော**-အတိုင်းမသိသော ကျေးဇူးတော်ရှိသော၊ ဘုရားမြတ်စွာသည် ချီးမွမ်းတော်မူအပ်၏။ **အရိဇိတေ**-ရန်သူတို့ကို အောင်ကုန်ပြီးသော၊ **တေဇိနာဒယော** - ထိုဘုရား စသည်တို့ကို၊ **အဟံ** - ငါသည်၊ **နမာမိ** - ရှိခိုးပါ၏။

ဖော်ပြပါ ပဒုမရွှေကြာအင်းဆန်နှင့်ဂါထာတော်ကို ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကြီးသည် သမိန်ထောရာမနှင့် တိုက်ခိုက်ဆဲတွင် အမြဲမပြတ်ရွတ်ပွားသရဇ္ဈာယ်သည့်ပြင် ဆင်တော်ဦးကင်းထက်တွင် ထိုအင်းကို ဟသ်ပဒါးနှင့် ရေးသားအဆောင်ပြု၍ အောင်တော်မူသည်ဟု ရှေးဟောင်းအမှာအထားရှိကြောင်း ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏တို့မြန်မာဝတ်ရွတ်စဉ်စာအုပ်၌တွေ့ရှိရပါသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် သမိန်ထောရာမတို့ ရင်ဆိုင်စီးချင်းထိုးကြရာတွင် ဘုရင့်နောင်သည် ဥပေါသထဆင်တော်၏ ဦးကင်းထက်တွင်ထိုင်ပြီးလျှင် သာသနာတော်၏စီးပွား၊ ပြည်သူလူတကာတို့၏စီးပွားကိုဆောင်နိုင်သော မင်းဧကရာဇ်ဖြစ်လျှင် သမိန်ထောရာမကို တစ်ခဏချင်း အောင်မြင်သည်ဖြစ်စေသောဝ် ဟူ၍ ရွှေကရားဖြင့် ဆင်ဦးကင်းထက်မှ ရေသွန်းလောင်းသစ္စာတိုင်ပြီး ဤဂါထာတော်ကိုရွတ်ဆိုတော်မူကာ စစ်ထိုးခဲ့ရာ သမိန်ထောရာမရှုံးနိမ့်သွားခဲ့လေသည်။

ထို့ပြင် ဆင်ဖြူများရှင်မင်းကြီးသည် စိန္တာမဏိမန္တန်တော်ကို အစဉ်အမြဲ ရွတ်ပွား သရဇ္ဈာယ်လေ့ရှိကာ အဆောင်မန္တန်အဖြစ် ယိုးဒယားသို့ စစ်ချီသောအခါတွင် ပိတ်၌ ဂဏန်းဖြင့် အင်းချ၍ ဥပေါသထဆင်ကပေါင်းဝန်၌ မျက်နှာကြက်သည်။ မောက်တိုနားတွင်လည်း စိန္တာမဏိမန္တန်တော်နှစ်ပုဒ်လုံးကို ပတ်လည်တွင်ရေးသည်။ ရွှေပေတွင်လည်း အထဲတစ်ပုဒ်ကို ရေး၍ လက်ယာနားတွင်ဆင်သည်။ အဖုံးတစ်ပုဒ်ကိုလည်းရေး၍ လက်ဝဲနားတွင်ဆင်သည်။

တပ်ချတိုင်းလည်း စိန္တာမဏိမန္တန်အထဲနှင့် အဖုံးနှစ်ပုဒ်ကို အောင်လံတော်တွင် အင်းချ၍ အရပ်ရှစ်မျက်နှာစိုက်သည်။ အမြောက်၊ သေနတ်လွှဲသည်။ ရန်သူဝင်မဖျက်ဆီးဝံ့ဘဲ စစ်ချီတော်မူတိုင်း အောင်တော်မူခဲ့ပါသည်။

စာရှုသူအပေါင်းတို့လည်း ဤအဆောင်ဂါထာမန္တန်တို့ကို ယုံကြည်အားထား ရွတ်ပွားပူဇော်ခြင်းဖြင့် ရန်တကာအောင်၍ ကောင်းကျိုးအဖြာဖြာ ရွက်ဆောင်နိုင်ကြပါစေသောဝ်။

သဒ္ဒိသံပါက်ဇနေတိ

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး -**

၁။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ
အမျိုးသားပညာဝန်ဦးဖိုးကျား

၂။ ခေတ်မီရာဇဝင်အကျဉ်း
အမျိုးသားပညာဝန်ဦးဖိုးကျား

၃။ လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း
ဦးနိဗ္ဗောဓအသျှင်ပြုပြင်စီမံသည်။

၄။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း
တို့မြန်မာဝတ်ရွတ်စဉ်

၅။ တန်ခိုးထက်မြက်သောဂါထာမန္တန်တော်များ
တင်အောင်သွင်



www.burmeseclassic.com

www.burmeseclassic.com



# ကိုဆောင်းဦး

## အလောင်းတော်ကဿပတွင်တွေ့ခဲ့သော ပထမံဘိုးဘိုးအောင်

ညနေ(၅)နာရီတွင် ဇလွန်မြို့မှ သင်္ဘောနှင့်ထွက်လာရာ တစ်ညလုံး မောင်းပြီး နံနက် (၅) နာရီထိုးမှ ရန်ကုန်မြို့ဆိပ်ကမ်းသို့ရောက်တော့သည်။ စည်ကားလှသော ရန်ကုန်မြို့ မော်တင်ဆိပ်ကမ်းပေါ်သို့ ဧရာဝတီသင်္ဘောကြီးပေါ်မှဆင်းပြီး ကုန်းပေါ်သို့တက်လာခဲ့ကြသည်။ နံနက်စောစောဖြစ်သဖြင့် ဆိပ်ကမ်းတွင်ရှင်းလင်းနေသည်။ ဆိပ်ကမ်းတွင်ဖွင့်သော လက်ဖက်ရည်ဆိုင်လေးက ယခုမှ အိပ်ရာနိုးခါစရှိသေးသည်။ ဆိပ်ကမ်းတွင် ဦးကြီးမောင် ကြိုတင်ငှားထားသော ဘတ်(စ်)ကားကြီးမှာ အဆင်သင့်ရောက်နေသည်။

"ဟဲ့ဟဲ့-ကြီးစိန်၊ မင်းညီလေးတွေကိုထိန်းဦးနော်"

"ဟိုအငယ်ကောင်လေး၊ ဘယ်လျှောက်သွားနေတာလဲ။ လျှောက်မသွားနဲ့နော်၊ လူကွဲသွားဦးမယ်"

"သားရေခဲခြစ်ဝယ်နေတာအမေ"

"ဟင်-စောစောစီးစီးရေခဲခြစ်တွေဝယ်စားနေရလားဟဲ့။ ချောင်းတွေတော့ဆိုးတော့မှာပဲ"

"ကြီးကြီးမြကလည်း၊ တစ်ခါတလေ မြို့ရောက်တုန်းစားပါစေ"

"ဟဲ့-ကြီးစိန်၊ နင်မပြောတဲ့အပြင် အလိုတူအလိုပါလုပ်နေတယ်ပေါ့"

"ဟေ့ဟေ့- အေးစိန်တို့၊ ထွေးလှတို့ကားပေါ်တက်ကြတော့။ ဒေါ်မြင့်တို့ကိုသိန်းအောင်တို့လည်းတက်ကြတော့လေ။ ဟေ့ - ကြီးစိန်တို့၊ အောင်ဝင်းတို့ အထုပ်တွေကျန်ခဲ့မယ်နော်"

"ဟိုကောင် နိုင်ဝင်း၊ ဘာတွေလုပ်နေတာလဲ။ လတ်လျားလတ်လျားလုပ်မနေနဲ့၊ ကားကထွက်တော့မှာ။ တော်ကြာ ကျန်နေခဲ့မှ ဟုတ်တော့ပဖြစ်နေဦးမယ်"

"အာ - ဦးကြီးမောင်ကလည်း၊ မကျန်ခဲ့ပါဘူးနော်။ ပိုင်ဝင်းတို့က ဆော… သားပေမယ့် ဒီလောက်တော့သိပါသေ… တယ်"

ဘုရားဖူးဘတ်(စ်)ကားကြီးလည်း… လူစုံသဖြင့် ရန်ကုန်မြို့မှ စတင်ထွက်ခွာ… လာကြသည်။ နံနက်(၇)နာရီထိုးသော… အင်းတကော်စားသောက်ဆိုင်တန်း… ရောက်လာ၏။ ထိုဆိုင်တွင် လက်ဖက်… ရည်၊ ကော်ဖီ၊ ထမင်းကြော်များစား… သည်။ ထမင်းအဝစား (၁)ကျပ်ခေတ်… ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (… ကျော်လောက်က ခရီးဝေးသွားလျှ… ချက်ပလက်ဘတ်(စ်)ကားကြီးတွေနှင့်… သွားကြသည်။ ပဲခူးမြို့ ရွှေမော်ဓော… ကြီးတွင် နံနက်စာကို ချက်ပြုတ်…



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြသည်။ ထမင်းစားသော
ပြီးတော့ ပဲခူးရွှေမော်ဓောဘုရားကြီး
မြန်ထွက်လာခဲ့ကြ၏။ဘုရားကြီးကျေးရွ
ကျော်လာတော့ ဖျဉ်ပုံကြီးကျေးရွာတွ
ဖရဲသီးတွေရောင်းနေတာအများကြီး

ခဲ့ရသည်။ ဖောင်တော်သီ၊ ဒိုက်ဦး၊
ပြွန်တန်ဆာ၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊
ညောင်လေးပင်၊ ဖြူးကိုဖြတ်ကျော်လာ

www.burmeseclassic.com

www.burmeseclassic.com

ပြီး ဘတ်(စ်)ကားကြီးသည် မန္တလေးမြို့ကြီးဆီသို့ဦးတည်ပြေးလွှားသွားနေသည်။ တောင်ငူမြို့ရောက်တော့ ညနေစောင်းနေပြီးဖြစ်သဖြင့် တောင်ငူမြို့တွင်တစ်ညနားလိုက်ကြသည်။

နောက်နေ့ နံနက်(၄)နာရီတွင်ထပြီး ခပ်စောစောပင်ထွက်လာခဲ့ကြသည်။ ရေတာရှည်၊ ဆွာ၊ ရေနီ၊ သာဝတ္ထိ၊ ရေနီရောက်တော့ မန္တလေးတိုင်းဒေသကြီးထဲဝင်လာပြီ ဖြစ်သည်။ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ ပျော်ဘွယ်၊ မိတ္ထီလာ စသည်မြို့များကို ကျော်လာပြီး ည (၇) နာရီလောက်တွင် မန္တလေးမြို့ထဲသို့ဝင်လာကြပြီဖြစ်သည်။ မန္တလေးမြို့ကြီးသည် စည်ကားလှသည်။ မဟာမြတ်မုနိဘုရားကြီးအားဖူးမြော်ပြီး ဘုရားကြီးတွင်ပင် တစ်ညအိပ်လိုက်သည်။ နံနက်ကျတော့ မန္တလေးတောင်ပေါ်ဘုရားသို့သွားရောက် ဖူးမြော်ကြသည်။ ဦးပိန်တံတားကိုလည်း သွားရောက်ကြည့်ရှုကြသေးသည်။ဦးပိန်တံတားထိပ်တွင် ဘုရားတစ်ဆူရှိသည်။ ဦးပိန်တံတားပေါ် လမ်းလျှောက်ကြသေးသည်။ ရေပြင်ကြီးထဲတွင် ငှက်သမွန်လေးများ ဟိုမှသည်သွားလာနေပုံမှာ ကြည့်၍ကောင်းလှသည်။ ကောင်းကင်ပြာပြာကြီးထဲတွင် တိမ်တိုက်ဖြူဖြူကြီးတွေကလည်း ဖြည်းညင်းစွာရွေ့လျားနေကြသည်။ တံတားကြီး၏အောက်ဘက်မြေပြင်တွင် ဘူးသီးကြော်ဆိုင်များ၊ အအေးဆိုင်များ၊ ကော်ဖီဆိုင်များ၊ ကြံရည်ဆိုင်များရှိပြီး စားသုံးသူဘုရားဖူးတွေနှင့်ပြည့်နေသည်။

ဦးပိန်တံတားမှ ဆက်လက်ထွက်ခွာလာရာ စစ်ကိုင်းတိုင်းဒေသကြီး ဆွမ်းဦးပုညရှင်ဘုရားကို သွားရောက်ဖူးမြော်ကြသည်။ ဆွမ်းဦးပုညရှင်စေတီတော်မှကြည့်ရာ အောက်ဘက်တွင် ရစ်ခွေစီးဆင်းနေသော ဧရာဝတီမြစ်ကြီးနှင့် လွင်ပြင်ကြီးကိုတွေ့ရသည်။ ကောင်းကင်ကြီးနှင့် လွင်ပြင်ကြီးကိုကြည့်ပြီး ကိုကြီးစိန်တစ်ယောက် ရွာတွင်ကျန်ရစ်သောအမေ့ကို လွမ်းလာသည်။ ဆွမ်းဦးပုညရှင်မှ ထွက်လာရာ စစ်ကိုင်းကောင်းမှုတော်ကြီးကို ဝင်ဖူးကြသည်။ ကောင်းမှုတော်ကြီးသည် ထုံးဖြူသုတ်ထားပြီး ကြီးမားသောစေတီကြီး ဖြစ်သည်။ စေတီကြီး၏တစ်ဖက်မှ အိုးစည်တီးလျှင် တစ်ဖက်မှ မကြားရလောက်အောင်ပင်ကြီးမားသည်ဟု ပြောကြသည်။ သနပ်ခါးသည်များက ကျောက်ပျဉ်လေးတွေနှင့် သနပ်ခါးများသွေးပြီး ဝယ်သူများကို သနပ်ခါးကောင်းကြောင်း၊ စစ်ကြောင်းပြသကြသည်။ စစ်ကိုင်းမြို့မှထွက်လာပြီး လမ်းတွင် ကံတလူဘုရားကြီးကို ဝင်ရောက်ဖူးမြော်ကြသည်။

ကံတလူဘုရားကြီးကိုဖူးမြော်ပြီး ဘတ်(စ်)ကားကြီးလည်း ဆက်လက်ထွက်ခွာလာရာ မုံရွာမြို့ မိုးညှင်းသမ္ဗုဒ္ဓေဘုရား၊ ဗောဓိတစ်ထောင်ဘုရားတို့ကို ဝင်ရောက် ဖူးမြော်ကြသည်။ မုံရွာမြို့ကျောက်ကာရွာနားတွင်ရှိသော ရွှေဂူနီဘုရားကိုလည်း ဖူးမြော်ခဲ့ကြသည်။ ရွှေဂူနီဘုရားမှ ထွက်ခွာလာပြီး မုံရွာမြို့ ဆိပ်ကမ်းမှ ပုဂ္ဂလိက (ဇက်-ခေါ်) ဖောင်လိုအရာကြီးပေါ်သို့ ကားမောင်းတင်ပြီး စက်တပ်သဘော်ဖြင့် တွန်းသွားကာ တစ်ဖက်ကမ်းရှိ ညောင်ပင်ကြီးဆိပ်ကမ်းသို့ရောက်တော့ ဆိပ်ကမ်းသို့ကပ်လိုက်ပြီး လူများနှင့်ဘတ်(စ်)ကားကြီးလည်း ဆိပ်ကမ်းပေါ်သို့တက်လာခဲ့သည်။

"ဟဲ့-ကြီးစိန်၊ ကလေးတွေကိုထိန်းပါဦးဟဲ့"

"ဟဲ့-ကောင်လေးတွေ၊ ဘေးနားကိုမသွားနဲ့။ ရေထဲကျသွားလို့ မြစ်ထဲမျောသွားမယ်"

"မြစ်ထဲမျောသွားရင် ဘာဖြစ်မလဲအမေရဲ့"

"တယ်- ဒီကောင်လေး ပြောလေကဲလေ၊ ကဲဟယ် - ဒေါက်. . ."

ဒေါ်ကြီးမြ သူ့သားလေးခေါင်းကို ဒေါသဖြစ်ဖြစ်နှင့်ခေါက်လိုက်သည်။

"မြအေးနဲ့ နိုင်ဝင်းတို့ အထုပ်တွေဝိုင်းသယ်ကြပါဦးဟ"

"ဟုတ်ကဲ့ - ဦးကြီးမောင်၊ စိတ်ချ၊ ကျွန်တော်တို့လူငယ်တွေရှိတယ်။ ဝိုင်းသယ်ပေးမယ်"

"ကဲကဲ - ကလေးတွေ ကားပေါ်တက်ကြ၊ အောက်မှလျှောက်ဆော့။ ကောင်တွေ ငါရိုက်မှာနော်"

"ဟဲ့ဟဲ့- တွတ်ကြီး၊ ကလေးထိန်းပေးပါဆိုမှ ကလေးတွေနဲ့ရန်ဖြစ်နေပြန်ပါပြီ"

"ဟာ - ဒွေးလေးကလည်း၊ ဒွေးလေးသားမြဝင်းက မျောက်ရှုံးအောင်ဆော့တဲ့အကောင်။ဘယ်သူမှလဲကြောက်တာမဟုတ်ဘူး။ တုတ်ပဲကြောက်တာ"

"ကဲကဲ - လူစုံပြီလားဟေ့"

ကားဆရာ ဦးစံသိန်းက ကားထွက်ရန်ပြောလာသည်။ လူလည်းစုံရော ဘတ်(စ်)ကားကြီးလည်း ညောင်ပင်ကြီးဆိပ်ကမ်းမှ တဖြည်းဖြည်းထွက်လာတော့သည်။

အညာဒေသဖြစ်သဖြင့် ခြောက်သွေ့လှသည်။ ဘေးဝဲယာတွင်ထနောင်းပင်ကြီးတွေ အစီအရီပေါက်နေကြသည်။ လမ်း၏ဘယ်ဘက်တွင် တောင်နီနီကြီးတစ်လုံးထီးထီးကြီးတွေ့နေရသည်။ မုံရွာမှလမ်းကြုံလိုက်လာသော အဒေါ်ကြီးက -

"ဒီတောင်ကြီးက ရှင်မတောင်လို့ခေါ်တယ်။ အဲဒီကထွက်တဲ့သနပ်ခါးက အရမ်းကောင်းတယ်"

အဒေါ်ကြီးပြောတဲ့တောင်ကြီးက ရှင်မတောင်ကြီးဟုတ်၊မဟုတ်တော့ မသိပါ။ တောင်ကြီးတစ်ခုလုံးသည် ချုံပုတ်ငယ်လေးတွေသာတွေ့ရသော တောင်ကတုံးကြီးဖြစ်သည်။ သနပ်ခါးပင်တော့ မတွေ့ရပါ။ ရှင်မတောင်သနပ်ခါးက မြန်မာတစ်နိုင်ငံလုံးတွင် နာမည်ကြီးလှသည်။ သနပ်ခါး ဆိုတာ မြန်မာအမျိုးသမီးတွေကြိုက်နှစ်သက်သည့်သဘာဝအလှပြင်ပစ္စည်းတစ်မျိုးဖြစ်သည်။ သနပ်ခါးအစစ်လိမ်းလျှင် အသားအရေအေးစက်ညက်ညောပြီး ဖြူစင်ဝင်းပစေသည်။ သနပ်ခါးသည် မြန်မာလူမျိုးတို့၏ ရိုးရာသဘာဝအလှပြင်ပစ္စည်းဖြစ်၏။ အညာဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတစ်ဝိုက်၌ သနပ်ခါးခြံများ စိုက်ပျိုးကြသည်။

"ကျွန်မတို့လည်း အညာရောက်တုန်း သနပ်ခါးဝယ်ချင်လိုက်တာ၊ အပြန်ကျရင် ဝယ်သွားမယ်"

"အညာမှာတော့ သနပ်ခါးအစစ်တွေပေါပါတယ်။ မဝယ်တတ်ရင် ကျွန်တော်ဝယ်ပေးပါ့မယ်"

"ကားဆရာကြီးက ခဏခဏအညာကိုလာနေတော့ဝယ်တတ်မှာပေါ့"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော့်အသိမိတ်ဆွေဆိုင်မှာဝယ်ရင်စိတ်ချရပါတယ်။ ဈေးလည်းမများစေရပါဘူး။ သနပ်ခါးပိုင်ရှင်တွေကိုယ်တိုင်ရောင်းတဲ့ဆိုင်ကိုပို့ပေးပါ့မယ်"

ဘတ်(စ်)ကားကြီးသည် တောင်ပေါ်သို့ တအိအိမောင်းတက်လာရာ ဖိုလ်ဝင်တောင်ပေါ်သို့ရောက်လာသည်။ ဖိုလ်ဝင်တောင်တော်တွင် သာသနိကအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများ များပြားစည်ကားလှသည်။ ဘုရားဖူးကားလေးငါးစီးခန့်ရောက်နေပါသည်။ ဘုရားဖူးအချို့က ချက်ပြုတ်နေကြသည်။ အုပ်စုလိုက်စားသောက်နေကြပုံမှာ ပျော်စရာပင်ကောင်းတော့သည်။ လူငယ်များ



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးများသည် ဒေသထွက်ဈေးဆိုင်တန်းကလေးတွင် ဈေးဝယ်နေကြသည်။ဈေးတန်းလေးသည် ဘုရားဖူးလာသူတွေနှင့်စည်ကားနေသည်။

ဖိုလ်ဝင်တောင်၌မျောက်သတ္တဝါများကိုတွေ့ရသည်။ မျောက်ကလေးတွေသည် လူသွားလမ်းတွင် လက်ကလေးများဖြန့်ကာ အစာတောင်းနေကြသည်။

"ဟဲ့ဟဲ့-ကလေးတွေ၊ မျောက်တွေကိုမ,စနဲ့နော်။ စိတ်ဆိုးပြီးကုတ်လိုက်ရင် အနာတရဖြစ်မယ်"

ဖိုလ်ဝင်တောင်တွင် သဘာဝကျောက်ဂူလေးများနှင့် လူလုပ်ထားသောကျောက်ဂူလေးများတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ သဘာဝကျောက်သားကို ထွင်းထုပုဖော်ထားသည့်ဘုရားဆင်းတုတော်တွေများကိုဖူးတွေ့ရသဖြင့် အံ့ဩမိပါသည်။

"လာကြဟေ့ လာကြ၊ ဟိုဘက်က ရွှေဘတောင်ဘုရားသွားဖူးကြမယ်"

ဘုရားဖူးလာသူ လူကြီးတစ်ဦးမှ ခေါ်နေသဖြင့် ဘုရားဖူးတွေလည်း ရွှေဘတောင်မှ ဘုရားဆင်းတုတော်တွေကို သွားရောက်ကာ ဖူးမြော်ကြသည်။ ကျောက်တောင်ကြီးကို ဦးရွှေဘဟုခေါ်သော ပန်းပုပညာရှင်ကြီးမှထွင်းဖောက်ပြီး အတွင်းသို့ လှေကားထစ်များမှဆင်းသွားလျှင် ကျောက်တန်ဆောင်းတော်ကြီးများ၊ ကျောက်သားဆင်းတုတော်ကြီးများ ထွင်းထုပုဖော်ထားသည်မှာ အလွန်ရင်သပ်အံ့ဩရှုမဝသောလက်ရာများ ပြောင်မြောက်လွန်းလှသဖြင့် မြန်မာပန်းပုပညာရှင်ကြီးကိုလေးစားမိပါသည်။ ဆေးရောင်စုံများပါသွင်းထား၍ သပ်ရပ်လှသည်။ ဘုရားကျောင်းဆောင်ကြီးတွေကို ကနုတ်ပန်းတွေနှင့် ကျောက်တော်သားကို ထွင်းထုပုဖော်ထားပါသည်။ ရွှေခေတ်ပန်းပုဆရာကြီး၊ ကျောက်ဆစ်ဆရာကြီးသည် အလွန်တော်သောပါရမီရှင်ကြီးတစ်ဦးပင်ဖြစ်တော့သည်။

နောက်နေ့တွင် အလောင်းတော်ကဿပသို့သွားရန် သစ်လုံးတင်ကားကြီးများကိုငှားကြရသည်။ သစ်လုံးတင်ကားကြီးတွေက လော်လီကားကြီးတွေကို သစ်လုံးတင်အောင်ပြုပြင်ထားသောကားကြီးတွေဖြစ်သည်။ နောက်တစ်နေ့ညနေ (၃) နာရီတွင် ကားကြီးများဖြင့် စတင်ထွက်ခွာလာရာ မတ်စောက်သောတောင်တက်လမ်းများ၊ တောလမ်းများကို ဖြတ်သန်းသွားကြရသည်။ ရွာတွေထဲမှလည်း ဖြတ်မောင်းကြရသည်။ တောင်ဆင်း၊ တောင်တက်များမှာ မတ်စောက်လှသဖြင့် ကားထဲတွင် လူများမှာ ဆီးဖြူးသီးစကောထဲထည့်လှုပ်သလိုဖြစ်နေသည်။ ကားဘေးအကာမှာလည်း ဝါးလုံးစိမ်းများကို ခပ်ကျဲကျဲကာထားသဖြင့် ပြုတ်မကျသွားစေရန် တစ်ယောက်ကိုတစ်ယောက်ကိုင်ထားရသည်။

"ဟာ - ငါ့နာရီမရှိတော့ဘူး"

"ဟဲ့ - အောင်ထွေး၊ ဘာဖြစ်တာလဲ"

"နာရီပြုတ်ကျပြီးပျောက်သွားလို့ ကြီးကြီးမြ၊ ကားပေါ်မှာလည်းရှာမတွေ့ဘူး"

"မင်းနာရီတော့ရှာမနေပါနဲ့တော့၊ ကားက ကြမ်းခင်းကလည်းကျဲကျဲ၊ ဘေးမှာလည်း အကာမရှိတဲ့သစ်လုံးတင်ကားပေါ်မှာတော့ တင်နေမှာမဟုတ်ဘူး။ အောက်ကျသွားပြီနဲ့တူပါတယ်"

"အဲ့-ကိုကြီးစိန်ကလည်း၊ ဒီနာရီကလက်ဆောင်ရထားတာဗျ။ကျွန်တော် (၁၀) တန်းအောင်လို့ ကျွန်တော့်ဘထွေး ဦးတင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးကဝယ်လာပြီး လက်ဆောင်ပေးထားတဲ့နာရီဗျ"

"အေးလေ-ဘယ်တတ်နိုင်ပါ့မလဲကွာ။ သတ္တဝါတစ်ခုကံတစ်ခုပေါ့မဟုတ်ဘူးလား"

"အာ - ကိုကြီးစိန်ကလည်း၊ ဘာဆိုင်လို့လဲဗျ၊ ဒါက သတ္တဝါမှမဟုတ်တာ နာရီဗျ နာရီ"

"မသိဘူးလေကွာ၊ ငါလည်း ပြောတတ်သလိုပြောလိုက်တာပဲ"

"ဟော့ကောင်တွေ စကားများမနေကြနဲ့။ သေသေချာချာလည်းကိုင်ထားကြဦး။ မတော်ပြုတ်ကျလို့ မသာဖြစ်ကုန်ဦးမယ်"

"ဟုတ်ကဲ့ - ဦးကြီးမောင်"

တစ်တောတက်၊တစ်တောင်ဆင်း၍တစ်ကုန်းတက်ရင်းဖြင့် ညနေ(၅)နာရီတွင် ရင်ပေါင်တိုင်ရွာသို့ ရောက်ရှိလာတော့သည်။ ရင်ပေါင်တိုင်ရွာတွင် ခေတ္တနားပြီး ရေမိုးချိုးပြီး ညနေစာစားကြသည်။

"ဟဲ့ဟဲ့ - ရီရီ၊ ဘာဖြစ်တာလဲ"

"လုပ်ကြပါဦး၊ ရီရီမေ့သွားလို့"

"စောစောက နတ်ရေကန်မှာ ရေသွားခပ်တာတွေ့တယ်။ ဘာတွေအမှားလုပ်လာလဲမသိဘူး"

"နတ်ရေကန်ကပြန်လာပြီးမူးတယ် မူးတယ်ဆိုပြီး သတိလစ်သွားတာပဲ"

"ဟဲ့ - ဒါဆို နတ်ရေကန်စောင့်ကို လက်ဖက်တစ်ပွဲပြင်ပြီး သွားတောင်းပန်ရမယ်"

နတ်ရေကန်စောင့်နတ်ကို ကြီးကြီးမြတို့မိန်းကလေးတွေက ဦးဆောင်ကာ လက်ဖက်တစ်ပွဲပြင်ပြီး တောင်းပန်လိုက်သဖြင့် အလွန်ပူသောကိုယ်ပူတော့ကျသွားပြီး သတိကတော့မရသေးပေ။

"ကိုယ်ပူကျသွားပေမယ့် သတိမရသေးဘူး"

"ဒါဆို ဘယ်လိုလုပ်ကြမလဲဟင်။ ဒီညခရီးဆက်မှ အလောင်းတော်ကဿပကို မနက်ရောက်မှာ"

"အို- ဘုရားဖူးကြတာပဲ၊ ဘုရားရဲ့တန်ခိုးတော်ကြောင့် သမီးလေး ဘာမှမဖြစ်ပါစေနဲ့"

"ကဲကဲ- အမျိုးသမီးနဲ့ကလေးတွေ လှည်းတွေငှားပြီးပြီ။ လှည်းပေါ်တက်ကြဟေ့"

လှည်းပေါ်တွင် ကောက်ရိုးတွေခင်းထားသဖြင့် ထိုင်ရတာ သက်သောင့်သက်သာရှိသော်လည်း ရေချိုးလျှင်ယားမှာစိုးရသည်။ ရီရီလိုက်သောလှည်းပေါ်တွင်တော့ ကောက်ရိုးတစ်ထပ်စောင် (၂) ထပ်ခင်းပြီး အိပ်ရာပေါ်တွင် သက်သောင့်သက်သာလိုက်လာစေသည်။ ရီရီကတော့ သတိလစ်ကောင်းတုန်းရှိသေးသည်။ ကြီးကြီးမြတို့အမျိုးသမီးတွေလည်း စိုးရိမ်နေကြသည်။

"နှာမှုတ်ဆေးပါလာလား"

"ဟုတ်ကဲ့ - ဦးကြီးမောင်၊ ဒီမှာ ဒေါ်ဝင်းလုပ်ပေးနေပါတယ်"

"အေး - ဆရာမပါလာလို့ တော်သေးတာပေါ့"

ဒေါ်ဝင်းက တိုင်းရင်းဆေးဆရာမတစ်ယောက်ဖြစ်သည်။

"ဦးကြီးမောင်ရေ စိတ်ချ၊ ကျွန်မနတ်မှုတ်ဆေးမှုတ်ထားပါတယ်။ ရီရီဘာမှမဖြစ်ရပါဘူး။ အပူ၊ အအေးမမျှလို့ဖြစ်တာပါ။ ခရီးလည်းပန်းတယ်မဟုတ်လား။ နဂိုကမှ ရီရီကအားနည်းနေတော့နေမကောင်းဖြစ်တာပါ။ မကြာခင်ကောင်းသွားမှာပါ"

ညနေ(၆)နာရီတွင် လှည်း(၅)စီးငှား၍သွားကြသည်။ ယောကျာ်းလေးများက လမ်းလျှောက်သွားကြသည်။ အမျိုးသမီးတွေ၊ ကလေးတွေ၊ အသက်ကြီးသူတွေသာ လှည်းစီးသွားကြသည်။ နံနက် (၃)နာရီထိုးသောအခါ ကပိုင်ရွာသို့ ရောက်လာကြသည်။ ကပိုင်ရွာတွင် နားကြပါသည်။ ခေတ္တလှဲလျောင်းကြသော်လည်း တောကြီးတောင်ကြီးထဲတွင်ဖြစ်သောကြောင့် တိရစ္ဆာန်များ။



www.burmeseclassic.com

www.burmeseclassic.com

အော်သံ၊ ဟိန်းဟောက်သံများကြောင့် ကြောက်ပြီး မအိပ်နိုင်ကြပါ။ လူကြီးတွေက မီးစတွေဖိုပြီး ဝါးစိမ်းတွေခုတ်တာ မီးပုံထဲပစ်ထည့်နေကြပါသည်။ ဝါးတို့ ဖောက်သံကလည်း ဖောင်း. . . ဒိုင်းဆိုသောအသံများကလည်း တစ်တောလုံး ဆူညံနေသည်။ ကျားဟိန်းသံကြားရသဖြင့် ဘုရားဖူးအားလုံးလည်းလန့်နေကြသည်။ ဒေသခံလှည်းသမားတွေကတော့ ကြောက်စရာမလိုပါ။ (၂)တောင်ကျော်လောက်ကအော်သံဖြစ်သည်ဟု ပြောပါသည်။

ရောင်နီတွေပျို့လာတော့ မျက်နှာသစ်ရေမိုးချိုးကြပြီး ချက်ပြုတ်ထားသောနံနက်စာကို စားသောက်ကြသည်။ နေ့ခင်းရောက်တော့ ကပိုင်ရွာချောင်းထဲတွင် ကိုကြီးစိန်တို့လူငယ်တစ်သိုက် ရေဆော့ကစားနေသဖြင့် မောင်စိုးတင်လည်းသွားကြည့်ရာ ကျောက်ပုစွန်များကိုဖမ်းနေကြသည်။

"ဟော့ကောင်တင်လှ၊ မင်းဘက်က အကောင်ဖမ်းလေ၊ မလွှတ်စေနဲ့"

"ဟာ - ကြီးစိန်ကလည်း၊ သူများကိုပဲပြောနေတယ်။ မင်းပဲမိအောင်ဖမ်းပါဦး"

"အမ်မာ - ငါက (၆) ကောင်တောင်မိထားပြီကွ"

"မြင့်ဆောင်၊ မင်းဘယ်နှကောင်မိထားလဲ"

"ကျွန်တော် (၇) ကောင်မိထားတယ်"

"တင်လှ၊ မင်းကောမိရဲ့လား"

"အင်း - ငါကတော့ (၁၅)ကောင်မိထားတယ်"

"မီးဖုတ်စားကြမယ်ကွာ။ နေ့တိုင်း ငါးပိချက်ပဲစားနေရတော့မစားချင်တော့ဘူးကွ"

"ကဲကဲ - တင်လှ မီးမွှေးကွာ၊ မီးဖုတ်ရအောင်"

"ဟိုကောင်လေး၊ ဘာကြည့်နေတာလဲ။ သွား - မင်းလူကြီးတွေကိုတိုင်ပြောရင် ဒီမှာကြည့်ထား"

ကိုမြင့်ဆောင်က လက်သီးပြပြီးနှင်လွှတ်သဖြင့် စိုးတင့်လည်းမကျေမနပ်နှင့် ပွစိပွစိပြန်လာခဲ့သည်။

"စောစောစီးစီး ငရဲကြီးမယ့်သူတွေ"

စိုးတင့်လေးလည်း ပြောဆိုပြီးပြန်လာခဲ့သည်။

ခဏကြာတော့ -

"မီးဟော့၊ မီးဟော့ မီးလောင်နေတယ်"

မီးဆိုတော့ ဘုရားဖူးတွေရော ကပိုင်ရွာမှရွာသားတွေပါလန့်ကုန်သည်။

မီးက ကိုကြီးစိန်တို့ပုစွန်မီးဖုတ်ရာမှဖြစ်သည်။ သစ်ရွက်ခြောက်တွေမီးရှို့ရာမှ လေတိုက်ပြီးမီးစွဲနေသောသစ်ရွက်ခြောက်တွေလွင့်သွားပြီး အနီးအနားတွင်ရှိသော ဝါးတဲအဟောင်းအပျက်လေးကိုမီးကူးရာ ကိုကြီးစိန်တို့လူစု ကျိတ်သတ်ရာမှမနိုင်တော့သဖြင့် မီးများလာခြင်းဖြစ်သည်။ ကပိုင်ရွာဆင်စခန်းရှိလူများနှင့် ဘုရားဖူးများ ချောင်းရေဖြင့် ဝိုင်းငြိမ်းသက်သဖြင့် တောမီးကြီးမလောင်ခြင်းဖြစ်သည်။

"ဟင် - မင်းတို့မိုက်မဲလှချေလား ကြီးစိန်။ မင်းကို သိမ္မာမယ်လို့ထင်ထားခဲ့တာ အလကားပဲ။ တင်လှနဲ့ မြင့်ဆောင်ဆိုတဲ့အကောင်တွေက အသိတရားကိုမရှိဘူး။ ဒါရွာမှမဟုတ်ဘူးကွ၊ ဘုရားဖူးဖို့လာတာ။ တောကြီးမျက်မည်းထဲမှာကွ။ မင်းတို့စားချင်တာတစ်ခုတည်းနဲ့ အများဒုက္ခရောက်အောင်တော့ မလုပ်သင့်ဘူး။ အေး - ဒီနေ့ ကြက်သားချက်တယ်။ မင်းတို့(၃)ယောက် (၁)ယောက်ကို တစ်တုံးစီပဲရမယ်။ ဒေါ်တင် - ကြားလား၊ ကျန်တဲ့သူတွေကို (၃)တုံးစီပေးပြီး ဒီ(၃)ကောင်ကို (၁)တုံးစီပဲပေး"

ဦးကြီးမောင်လည်း လက်ဖက်၊ ထွမ်း၊ ဆေးလိပ်တို့နှင့် နတ်ကွန်းစင်ရှိသော ဟောင်သရက်ပင်ကြီးတွင် ပူဇော်ပသပြီး တောပိုင်တောင်ပိုင်နတ်မင်းကြီးများကို တောင်းပန်လိုက်သည်။ ညကျတော့ တောစပ်ချုံတွေနား ဝိန္ဒုပင်ကြီးတွင် မီးလုံး(၄)၊ (၅) လုံးလောက် တက်လိုက်၊ ဆင်းလိုက်လုပ်နေသဖြင့် ဘုရားဖူးများလည်းလန့်နေကြသည်။ ခဏကြာတော့ လေမတိုက်ပါဘဲ တောကြီးက ဟီး. . . ဟီး. . . ဟီး. . . ဟီးဆိုသော မြေကြီးတွေတောင်တုန်သွားလောက်တဲ့ အသံကြီးကြားလိုက်ရပြီး တောတစ်တောလုံး လဲပြိုသံတွေဆူညံစွာကြားလာရကာ (၁)နာရီလောက်အကြာမှငြိမ်သက်သွားသည်။ ငြိမ်သက်သွားလို့မကြာသေးခင်မှာပင် ဆင်စခန်းတစ်ခုလုံးကိုဝိုင်းပတ်နေသော ကျားဟိန်းသံတွေကြားလာရသဖြင့် စခန်းတစ်ခုလုံးမည်သူမျှမအိပ်ဘဲ မီးဖိုကြီးဝါးဖိုဖိုပြီး ဝါးဆစ်ပိုင်းတွေပစ်ထည့်သဖြင့် ဖောင်း၊ ဒိုင်းဆိုသောအသံတွေကလည်း ဆူညံနေသည်။ ထူးဆန်းသော အဖြစ်အပျက်တွေကို တစ်ခါမှမကြုံဖူးသဖြင့် ဘုရားဖူးတွေလည်း လန့်ဖျပ်နေကြသည်။ အားလုံးလည်းမအိပ်ကြဘဲ သတိဝီရိယနှင့်နေကြသည်။

နံနက်လည်းလင်းရော ကပိုင်ရွာတွင်မနေရဲတော့ဘဲထွက်လာကြသည်။ တစ်နေ့လုံး တစ်တောဝင်တစ်တောင်တက်နှင့် ဆက်လက်ထွက်ခွာလာရာ ညနေ (၆) နာရီတွင် နတ်မောင်နှမတောင်ဆင်စခန်းသို့ရောက်လာခဲ့သည်။ ဆင်စခန်းတွင်ပင် ညအိပ်ရပ်နားကြသည်။ သတိလစ်နေသောရိရိမှာ သတိမရသေးသဖြင့် တစ်ညအိပ်လိုက်ခြင်းဖြစ်သည်။ တောကလည်းနက်လာသဖြင့် လမ်းပြလိုက်လာသော ဦးကြီးက လမ်းစိတ်မချသဖြင့် နားခိုင်းခြင်း ဖြစ်သည်။ ဆင်စခန်းတွင် ဆင်ဦးစီးဆင်လုပ်သားများရှိသော်လည်း ကပိုင်ရွာစခန်းလောက် လူမများသော်လည်း အနည်းငယ်တော့လုံခြုံမှုရှိသည်။

ညဘက်တွင် တောကောင်ကြီးများ၏ဟိန်းသံဟောက်သံ၊ တွန်သံများနှင့် ပုရစ်နှင့်တောပုစဉ်းရင်ကွဲကြီးတွေ၏ အော်သံများကလည်း လူ့စိတ်ကိုချောက်ချားစေသည်။

"အောင်မလေးဗျ - လုပ်ကြပါဦး၊ ကျွန်တော့်ကိုဆင်တွေလိုက်နေလို့"

ကြီးစိန်၊ အောင်လှ၊ မြင့်ဆောင်တို့ (၃) ယောက် အသံနက်ကြီးတွေနှင့်ထအော်လိုက်တော့ ဆင်စခန်းအတွင်းရှိ ဘုရားဖူးတွေလည်း လန့်ကုန်ကြသည်။

"ဟော့ကောင်တွေဘာဖြစ်လို့အော်ရတာလဲ"

"ကျွန်တော်တို့ကို ဆင်အုပ်ကြီးလိုက်တယ်လို့ အိပ်မက်လို့"

"အေး - မင်းတို့ ကပိုင်ရွာမှာ မဟုတ်တာတွေလုပ်ခဲ့လို့မက်တာ။ အခုလောက်မြင်တာတော်သေးတယ်။ တောနက်ကြီးထဲမှာ တစ်ခုခုများဖြစ်ရင်မတွေ့ရဲစရာဘဲ"

နံနက်(၅)နာရီထိုးသောအခါမှာတော့ နတ်မောင်နှမတောင်ဆင်စခန်းမှ စတင်ထွက်လာခဲ့သည်။ တောင်များမှာ မြင့်သထက်မြင့်လာသည်။ ပြာပုံတောင်ပေါ်မှကြည့်လျှင် အောက်ဘက်ကတက်လာသောလမ်းလေးကို သေးသေးလေးသာမြင်ရသည်။ တောင်ကမ်းပါးယံတွင် ဝါးရုံပင်များကလည်း အစုလိုက်ပေါက်နေကြသည်။ အချို့သစ်ပင်ကြီးတွေကလည်း ကမ်းပါးယံတွင် ထိုးထွက်ပေါက်နေကြပြီး များသောအားဖြင့် ဝါးရုံများက ကမ်းပါးယံတစ်လျှောက် ညီညာပြွတ်သိပ်စွာပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

နွေရာသီတွင် ရွက်ခြွေသောတောဖြစ်သဖြင့် ရွက်ပြတ်တောများလည်း ပေါက်ရောက်နေကြပြီး မြေပြင်တွင် ရွက်ခြောက်တွေလည်းများပြားလှသည်။ တောင်ထိပ်ပေါ်မှကြည့်လျှင် အဝေးမှ ချောင်းများအာယာလှပလှသည်။ တောအထပ်ထပ်တောင်အထပ်ထပ်နှင့်ကြည်လင်နေသော ကောင်းကင်ထဲတွင် တိမ်တိုက်ဖြူဖြူတွေကလွင့်မျောနေကြသည်။ အလောင်းတော်ကဿပတောင်ပေါ်သို့ ရောက်တော့ နံနက် (၁၁) နာရီထိုးနေပြီဖြစ်သည်။ တောပန်းတောင်ပန်းရနံ့တွေကလည်း လေပြည်လေညင်းထဲတွင်မွှေးပျံ့နေသည်။ အချို့အပင်များမှာ အရွက်များခြွေထားပြီး အချို့အပင်မြင့်ကြီးများမှာ အရွက်များစိမ်းစိုဝေဆာနေသည်။ ဝါးရုံပင်ကြီးများကလည်း ညှိနေအောင် ထူထပ်စွာပေါက်နေကြသည်။ ရုံပတီပင်တော၊ ငှက်ပျောတော၊ ပြောင်းဖူးတောများမှာ သူ့နေရာနှင့်သူ လူစိုက်စိုက်ထားသကဲ့သို့ အစီအရီပေါက်နေကြသည်။ အပင်များကညှို့နေအောင်ပေါက်နေကြသည်။

တောင်ပေါ်ရောက်တော့ ကွက်လပ်တစ်ခုတွင်ရှိသော ကျောက်တုံးကြီးပေါ်တွင် ဝတ်ဖြူစင်ကြယ်နှင့် အသက် (၄၀)ခန့်ရှိပြီဟုထင်ရသောပုဂ္ဂိုလ်တစ်ပါး ထိုင်နေသည်။ သူ့ရှေ့မြေပြင်တွင်လည်း ဘုရားဖူးတွေထိုင်ပြီး သူပြောသောစကားများကို နားထောင်နေသည်။

"ဟဲ့ - ဒေးစိန်တို့၊ ဒွေးလှတို့ ပထမံအဘဘိုးဘိုးအောင်တဲ့၊ တွေ့ရခဲ့တယ်ဟဲ့"

ဦးကြီးမောင်၊ဒေါ်ကြိုင်၊ဒေါ်အုန်းစိန်၊ ဒေါ်မြတို့က လူများကိုဦးဆောင်ပြီး ပထမံဘိုးဘိုးအောင်ကိုဝင်ကန်တော့ကြသည်။

"ဟော့တောင် ကြီးစိန်"

"ဘာတုံးကွ မြင့်ဆောင်ရ"

"ငါတော့ ဘိုးဘိုးအောင်ဆိုတဲ့လူကြီးကိုမယုံပါဘူးကွာ။ ဘုရားဖူးတွေကို ညာနေတာနဲ့တူပါတယ်"

"အဲဒါပေါ့ကွာ ခါတော်မီတွေဆိုတာ"

"ဟိတ်- ဟိုအကောင် ဗိုက်သား (၃) ယောက် နောက်ကနေ ဘာတွေ အတင်းပြောနေတာလဲဟင်။ အကုသိုလ်လုပ်ပြီးတော့ ကပိုင်ရွာမှာ မီးရှို့တဲ့ အကောင်တွေ"

အတင်းပြောနေသောကြီးစိန်တို့ အုပ်စုလည်းငြိမ်သွားတော့သည်။ ဦးကြီးမောင်တို့၊ ဒေါ်ကြိုင်တို့၊ ဒေါ်အုန်းစိန်တို့၊ ဒေါ်မြတို့က ကြီးစိန်တို့အုပ်စုကို မျက်စောင်းတခဲခဲလှည့်ကြည့်ကြသည်။

"ကဲကဲ-အခုရောက်လာတဲ့ဘုရားဖူးတွေထဲမှာ သမီးလေးတစ်ယောက် သတိလစ်နေတယ်တဲ့။ သူ့အမည်က ရီရီတဲ့။ မိန်းကလေးမတက်ရတဲ့နတ်ရေတွင်းပေါ်တက်မိလို့သတိလစ်နေတာ။ ရှေ့ကိုခေါ်လာခဲ့။ အဘသတိရအောင်လုပ်ပေးမယ်"

သတိလစ်နေသောရီရီကို ဒေါ်ဝင်းတို့အမျိုးသမီးတွေက ဝိုင်းဝန်းပွေ့ချီပြီးခေါ်လာကြသည်။

ပထမံဘိုးဘိုးအောင်ရှေ့တွင်ချပေးလိုက်ရာ ဘိုးဘိုးကြီးက ခေါင်းကိုလက်ဖြင့်သပ်ချပေးလိုက်ရာ သတိလစ်နေသောရီရီမှာ ကောက်ကာငင်ကာ ငုတ်တုတ်ထထိုင်လိုက်သည်။

ဦးကြီးမောင်က -

"ဟဲ့ - ရီရီ သတိရပြီလား"

"ဟင်- သမီးဘာဖြစ်လို့လဲ။ သမီးအိပ်ချင်လို့အိပ်နေတာ၊ ဘာမှမဖြစ်ပါဘူး"

ရီရီ (၃) ရက်လောက် သတိလစ်သွားရာ အဘဘိုးဘိုးအောင်က လက်ဖြင့်သပ်လိုက်ရုံဖြင့် သတိရလာသဖြင့် အံ့ဩနေကြသည်။

ထိုအချိန်တွင် အိန္ဒိယပြည်ဘက်မှ တက်လာသော အသက် (၉၀) အရွယ် အိန္ဒိယယောဂီဆာဒူးကြီးတွေကို တွေ့လိုက်ရသည်။ ဆာဒူးကြီးတွေ ကျောက်တုံးပေါ်တွင်ထိုင်နေသော အဖြူရောင်ဝတ်စုံနှင့် အဘပထမံဘိုးဘိုးအောင်ကို ဝင်ရောက် ကန်တော့ကြသည်။

"အဘပထမံဆရာကြီးခင်ဗျာ၊ သားတို့ကိုလည်း ပညာစခန်းတက်ပေးပါ"

ဟု ပြောပြီး အဘဘိုးဘိုးအောင်၏ချထားသောခြေထောက်ကို သူတို့၏ ဦးခေါင်းတွေနှင့် ပွတ်သပ်ကြသည်။ အသက်(၄၀)လောက်အရွယ်သာရှိသေးသော အဘဘိုးဘိုးအောင်ကို အသက် (၉၀)ကျော်အရွယ်ဆာဒူးကြီးတွေ၊ ဖကီးကြီးတွေက အဘ၏ခြေထောက်ကို ခေါင်းနှင့်ပွတ်ပြီး တောင်းပန်နေတာကိုတွေ့တော့ ကြီးစိန်တို့မယုံသော လူငယ်တွေလည်း အံ့အားသင့်နေကြသည်။ ဘေးမှ အဖေါ်ကြီးတစ်ယောက်က -

"အဘဘိုးဘိုးအောင်အသက်နဲ့ယှဉ်ရင် အခု ဖကီးကြီးတွေ၊ ဆာဒူးကြီးတွေက သူ့မြေးတွေလောက်ပဲရှိသေးတယ်"

အဘဘိုးဘိုးအောင်က ဆာဒူးကြီးတွေ၏ခေါင်းကို တစ်ယောက်ချင်းထိပွတ်သပ်ပေးပြီး -

"ငါ့သားကြီးတွေလည်းအလုပ်တွေသာလုပ်နေတယ်၊ ခရီးကသိပ်မပေါက်ကြပါလား။ ကဲ၊ ကဲ- အခုကစပြီး ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုရည်မှန်းပူဇော်ပြီး ဘုရားရှင်ဟောတော်မူတဲ့အတိုင်း တရားအားထုတ်မှ အထက်ထွက်ရပ်လမ်းဖြစ်တဲ့ နိဗ္ဗာန်သွားတဲ့လမ်းကိုတွေ့မှာကွယ့်။ ဇဲကဲ - အဘလည်း ဘုရားဖူးပြီးရင် ပြန်ကြတော့မယ်ကွယ်။ ပဋ္ဌာန်းဆက်ရှိတဲ့သူတွေနဲ့လည်း တွေ့ပြီးသွားပြီ။ ကဲကဲ - ဘုရားဖူးတွေလည်း အလောင်းတောင်ကဿပ ကိုယ်တော်မြတ်ကြီးကို ဖူးမြော်ကြကွယ်"

ဦးကြီးမောင် ခေါင်းဆောင်သော ဘုရားဖူးများလည်း အလောင်းတော်ကဿပကိုယ်တော်မြတ်ကြီး၏ ဗိမာန်ရှိသော ကျောက်တုံးကြီးဆီ သွားရောက်ဖူးကြသည်။ ကျောက်တော်ကြီး၏ အောက်ဘက်သို့ အုန်းဆံကြိုးနှင့်ဝါးများနှင့်လုပ်ထားသော ဝါးလှေကားမှ ခဲရာခဲဆစ်ဆင်း၍ အလောင်းတော်ကဿပ ကိုယ်တော်မြတ်ကြီးရှိရာ ကျောက်တုံးတော်မြတ်ကြီးကို ဖူးမြော်ကြသည်။ အလောင်းတော်ကဿပတွင် တစ်ညအိပ်ပြီး နောက်နေ့တွင် ပြန်လာခဲ့ကြတော့သည်။ စာရေးသူနှင့်ခင်မင်ရင်းနှီးသော ကိုကြီးစိန် ထံကယ်ဖြစ်ပျက်ခဲ့သောဖြစ်ရပ်မှန်ဖြစ်သည်။ယခုခေတ်တွင် အချို့သောသူများက ဘိုးတော်တွေကို မရှိဟုပြောကြပါသည်။ မယုံကြည်သူတွေကလည်းလုပ်စားတာဟု ပြောကြပါသည်။ ဒါပေမယ့် သက်ရှိလူသားတွေ မသိနိုင်သောအရာတွေကတော့ သတ္တလောကကြီးတွင် ဒုနှင့်ဒေးပင်ဖြစ်သည်။ လူတို့၏မျက်စိနှင့်မသိမြင်နိုင်သောအရာတွေကတော့ လောကတွင်များစွာရှိနေကြသည်။ လောကတွင် မအိနိုင်မမြင်နိုင်သော အရာအားလုံးကို သာမန်လူများ မသိမြင်နိုင်ပါ။ အရာအားလုံးကို၊ ဗုဒ္ဓဘုရားရှင်သာလျှင် သိမြင်နိုင်ပါသည်။

*သတ္တဝါများကျန်းမာချမ်းသာပါစေ၊*
*အကျပ်အတည်းမှလွတ်မြောက်ကြပါစေ*

ကိုခေသင်ဦး
(အလင်္ကာလည်ကျေးရွာ)



www.burmeseclassic.com

www.burmeseclassic.com

□ ကြော့ . . . မိန်းမ မိန်းမ မိန်းမတွေ သည်××× သဗ္ဗနဒီ၊ ဝက်နဒီ၊ သဗ္ဗေ ဝနာကဋ္ဌမယာ-သဗ္ဗထိရော ကရေ ပါပံ - လှည့်စားတတ်တဲ့ဉာဏ်တွေ များလွန်းလှသည်×××မြစ်ဟူသမျှ လည်း ကောက်ကွေ့သည် ××× တောဟူသမျှလည်း ထင်းတွေ့ မည်××× မိန်းမဟူသမျှဒုက္ခပေး၍ မအေးအောင်ကြံတတ်သည်×××× သူတော်ကောင်းတွေ အာဇာနည် ×××လောကီကလွတ်ကင်းအောင် ××× မိန်းမညွှတ်ကွင်း ဂွတ်အတင်း ပဲရှောင်သည်××× ကြော့ - မိန်းမ မိန်းမ စိမ်းကားပါတော့မည်×××

ဤသည်ကား ၁၉၅၄ ခုနှစ်က ဗြိတိသျှဘားမားရုပ်ရှင်မှ ရုံတင်ပြသ သော ဒါရိုက်တာသုခ၏ ကြော့-မိန်းမ (အသံထွက်) ဇာတ်ကားတွင်ပါဝင်သော ဘာဘိုလ်ကလေးတင့်အောင် ရေးသား ၍ မင်းသားကြီး ဇေယျ သီဆိုသော ကြော့ - မိန်းမ သီချင်းစာသားဖြစ်သည်။ ၁၉၄၅ ခုနှစ် စစ်ကြီးပြီးခါစကာလ၌ ရန်ကုန်မြို့တွင် အထူးခေတ်စားခဲ့ သောသီချင်းမှာ ကြုတ္တိယမိန်းမသားတို့ သဘာဝကို ဝေဖန်ဖွင့်ဟသော တေး သီချင်းများ ဖြစ်သည်။ ထိုခေတ်ထိုအခါ ရန်ကုန်မြို့ ကန်တော်ကြီး (မြိုင်ရုံ) ၌ ဒါရိုက်တာ စာရေးဆရာ သုခ ညွှန်ကြား တင်ပြသော ကြော့-မိန်းမ ပြဇာတ်မှာ အထူးလူကြိုက်များလျက် ၎င်းပြဇာတ် ထဲမှ မင်းသားကျော်ဝင်း သီဆိုသည့် ကြော့-မိန်းမသီချင်းမှာလည်း လူတိုင်း ပါးစပ်ဖျားတွင် ခေတ်စား၍နေခဲ့ပါ တော့သည်။

□ **ထူးခြားချက်**

ဒါရိုက်တာ ဆရာသုခ၏ ကြော့-မိန်းမပြဇာတ်မှာ ပွဲကြည့်ပရိသတ် နှစ်သက်စွဲမက်သော ထူးခြားချက် တစ်ရပ်ရှိပေသည်။ ၎င်းထူးခြားချက်မှာ မိန်းမဟူဘိ ထိုကြုတ္တိကား မရှိမကောင်း ရှိမကောင်း၊ မပေါင်းလည်းခက်၊ ပေါင်း လည်းခက်ဟူသော မန်လည်ဆရာတော် ဘုရားကြီး၏ မဃဒေဝလင်္ကာသစ်တွင် ပြဆိုထားသည့်အတိုင်း ကြုတ္တိယ မိန်းမ ဆိုသော သတ္တဝါတို့၏ ဆန်းပြားသော သဘာဝကို ခရေစေ့တွင်းကျ ပြည့်ပြည့် စုံစုံ ပေါ်လွင်ထင်ရှားအောင် အလွန်

# ကိုတိုး(ရန်ကင်း)

# ပထမဆုံးအကယ်ဒမီဒါရိုက်တာဦးသုခနှင့်

# ကြော့ . . . မိန်းမ







ဒါရိုက်တာထူးချွန်ဆု (၆) ခုရှင် ဦးသုခ


ဒါရိုက်တာ သုခ



www.burmeseclassic.com


www.burmeseclassic.com



နေနှင့်လာ ရွှေနှင့်ပြပမာလို . . . ('ဧသြာ် မိန်းမ' မှ ဇေယျာ မြင့်မြင့်ခင်)



ကိုကို့သမီး မာနကြီးတော့ ထင်ပေးစားမှဖြစ်မယ်
('ဧသြာ် မိန်းမ' မှ ဒေါ်ဖွားနှစ်၊ မြင့်မြင့်ခင်၊ ဦးဘိုးထွား)



"ဖေဖေ ဆေးတစ်ခွက်လောက် သောက်လိုက်ပါဦး"
('ဧသြာ် မိန်းမ' မှ မြင့်မြင့်ခင်၊ ဦးဘိုးထွား၊ ချစ်တင်ကြီး)

ခေတ်ဆန်သည့် ကာလပြဇာတ်ကို အနုပညာအားဖြင့် ပြောင်မြောက်စွာ သရုပ်ဖော်ပြထားခြင်းပင်တည်း။

သရုပ်ဖော်ပြပုံကလည်း ပျင်းရိငြီးငွေ့ဖွယ်အလျှင်းမရှိဘဲ အစအဆုံး ပရိသတ်၏ ဟဒယနှလုံး ရွှင်ပြုံးကာ တဝါးဝါးတဟားဟားပွဲကျရင်း မိန်းမတို့သဘာဝ သရုပ်ဖော်ပြသင်တန်းတစ်ခုကို တတ်ယူသင်ကြားသကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းလှပေ၏။

**▫ပြဇာတ်မှရုပ်ရှင်သို့**

'သည်ဆောင်းဟေမန်' အသံထွက်ကားဖြင့် အလွမ်းနှင့် အချစ်ဘက်တွင် မည်မျှနိုင်နင်းကြောင်းကို ပြသခဲ့ပြီးသော ဆရာ ကိုသုခသည် ပရိသတ်ကို လွမ်းပြီးမျက်ရည်ကျခြင်းထက် ရယ်မောလွမ်းအားကြီးရ၍ မျက်ရည်ထွက်စေသော နည်းကိုပါ တစ်ပွဲတစ်လမ်းစမ်းလိုသော ဆန္ဒပေါ်ပေါက်လာရာမှ သူ၏ပြဇာတ်လက်ရာဟောင်း ဧသြာ် - မိန်းမကို အသံထွက်ရုပ်ရှင်အဖြစ် အသွင်အမျိုးမျိုးဖန်တီးကာ အထူးရိုက်ကူးလိုက်သော ဧသြာ် - မိန်းမ အသံထွက်ရုပ်ရှင်ကားသည် လူထုပရိသတ်၏ရှေ့မှောက်သို့ တင့်တယ်ဝံ့ကြွားစွာပြနိုင်ခဲ့သည်။

**▫သရုပ်ဆောင်များ**

ပြဇာတ်ကစဉ်အခါက ဧသြာ် - မိန်းမ တွင် ထိုခေတ်ပြဇာတ်စုံတွဲကျော်ကျော်ဝင်း-မေချစ် ခေါင်းဆောင်လျက် ဖိုးပါကြီး၊ ကိုမောင်ကလေး၊ မေလှမြိုင် ဒေါ်ဖွားနှစ်၊ ဦးဘိုးသောင်းတို့ တွဲဖက်ပါဝင်ခဲ့ကြ၏။ ဧသြာ် - မိန်းမ ရုပ်ရှင်ကားရိုက်သောအခါတွင် လတ်တလော လူကြိုက်အများဆုံး စုံတွဲတစ်တွဲဖြစ်သော ဇေယျ-မြင့်မြင့်ခင်တို့ကိုထားကာ ဖိုးပါကြီး၊ ဦးကျော်သောင်း၊ တင်နုမေ၊ ဒေါ်ဖွားနှစ်၊ ဦးဘိုးထွား စသော ရုပ်ရှင်ပညာကျော်များကို သရုပ်ဆောင်စေသည်။

မည်သို့ပင်ဖြစ်စေ ဒါရိုက်တာ စာရေးဆရာ သုခ၏ ထူးခြားပြောင်မြောက်သော အနုပညာဆန်ဆန်လက်ရာများကို ဗြိတိသျှဘားမားရုပ်ရှင်မှ ဒုတိယအကြိမ်မြောက် ပွဲထုတ်လိုက်သည်ကတော့ ဧသြာ် - မိန်းမပင် ဖြစ်သည်။ ထိုစဉ်က ဦးသုခအား ဝုဏ်ရည်မတူ၊ သည်ဆောင်းဟေမန် စသည်တို့ကိုကြည့်ပြီးသူတိုင်း သူ၏လေးနက်သော အယူအဆ၊ ထိလှမိလှသော ဇာတ်လမ်းဇာတ်ကွက်၊ ခေတ်မီသော ဇာတ်ပုံအယူ



www.burmeseclassic.com

www.burmeseclassic.com

အဆာ၊ ပိုင်နိုင်အောင် သရုပ်ဆောင်မှုစသည်တို့ကို အလွယ်တကူ အကဲဖြတ်နိုင်ခဲ့ကြပြီး၍ ယခု ဩော် - မိန်းမ ဇာတ်ကား၌လည်း သူ၏ ရုပ်ရှင်ပညာစွမ်းကို မကြုံစဖူး ထူးကဲသော အရသာများကို တင်းပြည့်ကျပ်ပြည့်ခံစားရပေတော့မည် ဟူ၍ လည်းကောင်း၊ အဆွေစာရှုသူသည် မိန်းမတို့၏ တကယ်ဆန်းကြယ်သောသဘာဝနှင့်စိတ်သဘောကို ကောင်းစွာ နားမလည်သဘောမပေါက်သေးပါအုံ။ ဘယ်စာအုပ်ဘယ်ကျမ်းဂန်မှ တပင်တပန်းလေ့လာစရာမလို။ ဆရာသုခ၏ ဩော်- မိန်းမ အသံထွက်ဇာတ်ကားကိုသာ ပြေးကြည့်ပြီး မိန်းမအကြောင်း တစ်ဖက်ကမ်းခပ်နားလည်၍ မိန်းမကျမ်းကျေသော မိန်းမပါရဂူတစ်ယောက်အဖြစ်ကို ခံယူလှည့်ပါတော့ ဟူ၍ ဗြိတိသျှဘားမားရုပ်ရှင်ရိပ်သာ ၁၉၅၄ ခု၊ ဩဂုတ်လထုတ် ဩော်-မိန်းမစာစောင်တွင် ကြော်ငြာခဲ့၏။

**□ ခံ့ညားသောဇာတ်**

ဩော် - မိန်းမမှာ ရယ်စရာဟာသဇာတ်ဟုဆိုရသော်လည်း ခါတိုင်းမြင်တွေ့နေကျ မျက်စိနောက်စရာသဘာဝမကျ ကိုးရိုးကားရား ပြက်လုံးသောလုံးတွေကို ရယ်စရာအဖြစ် ဇွတ်အတင်းထည့်သွင်းထားသောဇာတ်မျိုးမဟုတ်။ မူလဇာတ်လမ်းဇာတ်အိမ်ပြည့်ပြည့်ဝဝနှင့် ကြန့်ခြေရရ ခံ့ညားသပ်ရပ်သော ပထမတန်းအသံထွက်ဇာတ်ကားကြီးတစ်ခုကို တခမ်းတနား ရိုက်ကူးတင်ပြထားသော ဇာတ်ယဉ်ဇာတ်ခန့်ဖြစ်သောကြောင့် 'သည်ဆောင်းပေမန်' ပြီးကတည်းက ဆရာကိုသုခ၏ လက်ရာကို မျှော်လင့်စောင့်တနေကြသော ပရိသတ်အဖို့ ထူးခြားသော အရသာတစ်မျိုးခံစားရန်အတွက် ဩော်-မိန်းမ အသံထွက်ကို အားရပါးရ ရှုစားကြပါတော့ ဟူ၍ ဖိတ်မန္တကပြုထားသည်။

**□ ဝန်ကြီးချုပ်သဘောကျသောဇာတ်ကား**

ဩော် - မိန်းမ ဇာတ်ကားသည် လွတ်လပ်ရေးရပြီးခေတ် ဗြိတိသျှဘားမားရုပ်ရှင်၏ (၁၅) ကားမြောက် ဇာတ်ကားဖြစ်သည်သာမက ကုမ္ပဏီ၏အသံထွက်ဇာတ်ကားများအနက် ပထမဆုံး ထိပ်တန်းဝင်ငွေရရှိသောရုပ်ရှင်လည်းဖြစ်၏။ ဩော်-မိန်းမ ဇာတ်ကားကို ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ကပင် ကြည့်ရှုအားပေးခဲ့ပြီး သဘောကျ



"ခင်ဗျားဟာ ဒီအတိုင်းဆိုရင် မစွံပါဘူးဗျာ"
('ဩော် မိန်းမ' မှ ဇေယျ၊ ဇိုးပါကြီး၊ ချစ်တင်ကြီး၊ မြင့်မြင့်ခင်)



"ရှင်တို့ သူတောင်းစားတွေလား"
('ဩော် မိန်းမ' မှ မြင့်မြင့်ခင်နှင့်ကာလသားများ)



"ဟဲလို၊ . . . ဒေဘီ"
('ဩော် မိန်းမ' မှ မြင့်မြင့်ခင်၊ ချစ်တင်ကြီး)



"ကြည့်စမ်းပါဦးကွယ် ဇိုးပါကြီးရဲ့ ဟိုမှာ . . ."
('ဩော် မိန်းမ' မှ ဇိုးပါကြီး၊ ဒေါ်မြ . . .)



www.burmeseclassic.com

www.burmeseclassic.com

ချိုက်ကြောင်း ဖွင့်ဟချီးကျူးခဲ့သည် မှတ်သားမိ၏။

ဩဘ် - မိန်းမ ရုပ်ရှင်ဇာတ်လမ်း မာနထားခြင်းသည် မကောင်း၊ နေထားခြင်းအတွက် မိမိမှာလည်း အကျိုးမရှိ၊ သူတစ်ပါးကလည်း မကြည် ညိုမလိုလား အမုန်းပွားခြင်းကိုသာခံရ သည်၊ ထိုမာနထားမှုတို့ကြောင့် မိမိ ယ်၌ အကျိုးဖြစ်ထွန်းဖွယ်တို့ကို ဖြစ်ထွန်းဘဲ ပျက်ပြားတတ်ပုံ ဥပမာ ဆောင်ကား သူဌေးသမီး မြင့်မြင့်ခင် သည် မာနကြီးလှသည်။ သင်ဘယ်လို မာနကြီးပေမယ့် တစ်နေ့ သင်ပန်ထား တဲ့ နှင်းဆီပန်းလို နွမ်းရမှာပဲ။ အဲဒီအခါ ကျတော့မှ သင်မာနကြီးခဲ့သမျှ အမှား ကြီးမှားကြောင်း လူတိုင်းကို အောက်ကျို့ ရလိမ့်မည် စသော သတိပေးချက်များ ကို ဂီတလုလင်မောင်ကိုကိုက သီချင်း ဖြင့် အဓိပ္ပာယ်ဖော်ခဲ့သလို ဒါရိုက်တာ သုခကလည်း ဇာတ်လမ်းအဓိပ္ပာယ်ဖော် ထားနိုင်ခဲ့၊ အသက်သွင်းပေးခဲ့ပေသည်။

**□ အကြိမ်ကြိမ်ပြန်ရိုက်ရသောဇာတ်ကား**

ဩဘ်-မိန်းမဇာတ်ကားကို ဩဘ်-မိန်းမဟူသောအမည်ဖြင့် ၁၉၇၂ ခုနှစ် တွင် စံပြရုပ်ရှင်မှ ဒါရိုက်တာ ဦးသုခ ကပင် ညွန့်ဝင်း၊ ချိုပြုံး၊ ဦးကျောက်လုံး၊ ဂျော်လီဆွေ၊ ဦးသိန်းမောင်၊ ဦးစံမတူ တို့နှင့် လည်းကောင်း ၁၉၉၃ ခုနှစ်တွင် ယမုံနာရုပ်ရှင်မှ ဒါရိုက်တာကြီးမြင့်က ကျော်သူ၊ စိုးမြတ်သူဇာ၊ စံမတူ၊ လူမုန်း၊ နွဲ့နွဲ့စန်း၊ ကိုလှဝေ၊ အောင်ပုန်း၊ ဒေါ်စန်းရီ ခင်နုနု၊ ဇော်လွင်တို့နှင့် လည်းကောင်း ပြန်လည် ရိုက်ကူး တင်ဆက်ခဲ့ရာ အောင်မြင်ခဲ့ပေသည်။

**□ ပထမဆုံးဒါရိုက်တာဆု**

၁၉၅၃ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်






www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကားစုစုပေါင်း (၇၂) ကား ရိုက်ကူးပြသခဲ့ရာ အသံတိတ် (၅၆) ကား၊ သံစုံသွင်း (၃) ကားနှင့် အသံထွက်(၁၃)ကား ပါဝင်ခဲ့ရာ ယင်းအသံထွက် (၁၃) ကားတွင် ချော့် - မိန်းမဇာတ်ကားသည် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုအဖြစ် ဒုတိယချိတ်၍ ငွေစင်ခွက်ဒေါင်းရုပ်ကို ရရှိခဲ့ပြီး မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုသမိုင်းတွင် ပထမဆုံး ဒါရိုက်တာဆုကို ဆရာဦးသုခက ချော့်-မိန်းမဇာတ်ကားအတွက် ရရှိခဲ့ပေသည်။

**□ တတိယအကြိမ်မြောက် အကယ်ဒမီဆုပေးပွဲ**

၁၉၅၄ ခုနှစ်အတွက် အကယ်ဒမီဆုပေးအပ်ပွဲကို ၁၉၅၅ ခုနှစ်၊ မေ ၂၄ရက် အင်္ဂါနေ့နံနက် (၁၀) နာရီအချိန်တွင် ဦးဝိစာရလမ်းရှိ ဝိဇယရုပ်ရှင်ရုံ၌ ကျင်းပခဲ့ရာ အခမ်းအနားဥက္ကဋ္ဌ ခံတီးဝိုင်းအဖြစ် ထိုစဉ်က ဝိဇယရုပ်ရှင်ရုံ အသံတိတ်ဇာတ်ကားများအတွက် ဗိုင်ခံတီးပေးလျက်ရှိသူ စစ်ကိုင်းလှရွှေ၏ တီးဝိုင်းဖြင့် ဧည့်ခံတီးပေးသည်။ အခမ်းအနားမစမီ စစ်ကိုင်းလှရွှေကိုယ်တိုင် စန္ဒရားတီးကာ ကိုယ်တိုင်ရေးစပ်သော ရုပ်ရှင်အကယ်ဒမီတေးကို တေးသံရှင် အေဝမ်းမြလှိုင်နှင့် ဟသာကြည်တို့က သီဆိုပေးပြီး မကြာမီအချိန်အတွင်းမှာပင် အခမ်းအနားစတင်ကျင်းပသဖြင့် နိုင်ငံတော်သီချင်းတီးပေးပြီးနောက် တီးဝိုင်းပညာရှင်များ လုံးဝအနားယူနေသည်။ အခမ်းအနားလုံးဝပြီးစီးမှ အကယ်ဒမီတေးကို ပြန်လည်သီဆိုပြီး ဗိုးချက်ကို စည်တော်အသွင် ပြောင်းလဲတီးပေးသည်နှင့် အကယ်ဒမီဆုပေးပွဲအခမ်းအနား လုံးဝပြီးစီးခြင်းသို့ရောက်တော့သည်။

၁၉၅၄ ခုနှစ်က ကျင်းပသော တတိယအကြိမ်မြောက် အကယ်ဒမီဆုပေးပွဲတွင် ထိုနှစ်အတွက် အကောင်းဆုံး ပထမဇာတ်ကားဆုမရှိဘဲ ဒုတိယဆုကို ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာဦးသုခ စီစဉ်ရိုက်ကူးသော ချော့်-မိန်းမဇာတ်ကားရရှိ၍ မြန်မာနိုင်ငံရုပ်ရှင်အကယ်ဒမီ၏ ပထမဆုံးအကြိမ် တိုးချဲ့ချီးမြှင့်သော အကောင်းဆုံး ဒါရိုက်တာဆုအတွက် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာဦးသုခအား ချော့်-မိန်းမဇာတ်ကားရိုက်ကူးသူအဖြစ် ရွှေတံဆိပ်ဆုကို ချီးမြှင့်ရာ ဦးသုခကိုယ်တိုင်ပင် ရွှေတံဆိပ်ဆုကိုလက်ခံရယူပြီး-

"ကျွန်တော့်ဆရာ ဒါရိုက်တာဦးတင်မောင်အား ဦးထိပ်ထားပြီး လက်ခံရပါသည် ခင်ဗျာ"

- ဟု ပရိသတ်အပေါင်းအား ဝိဇယရုပ်ရှင်ရုံစင်မြင့်ပေါ်မှ ပြောကြားရာ လက်ခုပ်သြဘာသံများ ဆူညံသွားပါတော့သည်။

အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကို ပ ထမဦးဆုံးအကြိမ် ပွဲဦးထွက်ဆွတ်ခူးရရှိသူ ဦးသုခ၏ရွှေတံဆိပ်ဆုသည် တစ်ကျပ်သားတိတိရှိသော ရွှေသားအစစ်ဆုတံဆိပ်ဖြစ်၍ ဒါရိုက်တာဦးသုခသည် ထိုဆုကို သက်ဆိုင်ရာမှ ထိုက်ထိုက်တန်တန်ချီးမြှင့်လိုက်သလိုပင် မိမိဘက်မှလည်း အနုပညာရှင်ပီသစွာ လေးစားဂုဏ်ယူလျက် မြတ်မြတ်နိုးနိုး သိမ်းဆည်းထားရှိခဲ့သည်။

၁၉၅၅ ခုနှစ်၊ မေလ ၂၉ ရက်၊ တနင်္ဂနွေနေ့ ညနေ (၄) နာရီအချိန်တွင် ရွှေတိဂုံဘုရားလမ်းတွင်ရှိ ဆန်းကဖီး၌ ဒါရိုက်တာဦးသုခသည် သူ၏ဆရာဖြစ်သူ အေဝမ်းဦးတင်မောင်အား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ပြုလုပ်ကျင်းပရာ ရုပ်ရှင်ပြဇာတ်အစည်းအရုံးဥက္ကဋ္ဌကြီး ဦးတင်နွယ်၊ စာရေးဆရာအသင်း ဥက္ကဋ္ဌဦးထင်ဖတ် (မောင့်ထင်)၊ ပန်းချီကျောင်းအုပ်ကြီး ဦးခင်မောင်၊ သမာဓိရှင်လုံး စသူများနှင့် အနုပညာရှင် ဧည့်ပရိသတ်စုံလင်စွာ တက်ရောက်ကြလေသည်။

အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာအကယ်ဒမီဆုကို ပထမပွဲဦးထွက်ဆွတ်ခူးရရှိသူ ဒါရိုက်တာဦးသုခသည် ဆရာဖြစ်သူ အေဝမ်းဦးတင်မောင်အား ပိုးတောင်ရှည်ပုဆိုးတစ်ထည်၊ အပေါ်အင်္ကျီစများနှင့် လက်အုပ်ချီကာ ရှိခိုးကန်တော့သည်။ ဦးသုခထက် အသက်အားဖြင့် တစ်နှစ်မျှသာကြီးသူ အေဝမ်းဦးတင်မောင်သည် သူ့အားလက်စုံမိုး၍ ရှိခိုးကန်တော့သူ ဦးသုခအားကြည့်ရင်း ဆုမွန်ကောင်းများ တတွတ်တွတ်ရွတ်ဆိုပေးသည်။

ယင်းအခမ်းအနားသို့ ကြွရောက်လာကြသူအားလုံးပင် ဆရာနှင့် တပည့်၏ ပူဇော်ကန်တော့ခန်းကိုကြည့်လျက် နှစ်သိမ့်ပီတိအပြည့်အဝဖြင့် ကြည်နူးမဆုံးရှိကြကုန်၏။ ဦးတင်နွယ်၊ ဦးထင်ဖတ်၊ ဒဂုန်ရွှေမျှား၊ တက်တိုး၊ ဂျာနယ်ကျော်မမလေးနှင့် ပန်းချီဦးအုန်းလွင်တို့က ချီးကျူးဂုဏ်ပြုစကားအသီးသီး မြွက်ကြားကြလေသည်။

၁။ ဆရာ၏အမှုတို့ကို ထကြွနိုးကြားစွာ ဆောင်ရွက်ပေးခြင်း၊

၂။ ဆိုဆုံးမသော ဆရာ့စကား... ရှိသေစွာနာယူခြင်း၊

၃။ ဆရာရောက်လာသောအခါ ... ဆို နှုတ်ဆက်ပြုစုခြင်း၊

၄။ ဆရာ့အပါးဝယ် နေသောအခါ... လည်း ခြေဆုပ်လက်နယ်ပြုလု... ဆောင်ရွက်ခြင်း၊

၅။ ဆရာ၏ပညာများ၊ ဆရာသင်... သောပညာရပ်များကို အ... တကုတ်သင်အံလေ့ကျင့်ခြင်း

စသည်တို့မှာ သိင်္ဂါလောဝါ... သုတ်အလာ တပည့်တို့၏ ကျင့်ဝတ်... ငါးပါး ဖော်ပြချက်ပင်တည်း။ ဤ... သော တပည့်ကောင်းများ ရှာဖွေမ... လောက်အောင် ရှားပါးလှသော... ကာလဝယ် ဒါရိုက်တာ ဦးသုခသည်... တပည့်ကောင်းတို့၏အင်္ဂါရပ်ပြည့်စုံစွာ... ဖြင့် ဆရာ၏ကျေးဇူးတရားကို ဖော်ထုတ်... လိုက်ခြင်းဖြစ်ပေတော့သည်။ ငါတော်... ၍ ငါဆုရသည်ဟုမဆို။ ဆရာသင်ပြ... ငါနည်းလမ်းကျရသည်ဟု ခံယူချက်... သော ဆရာသုခသည် ပွဲဦးပထမ ရုပ်ရှင်... ဒါရိုက်တာ အကယ်ဒမီ ရွှေတံဆိပ်ရပြီး... နောက် ပိုမိုဂရုစိုက်ရိုက်ကူးတင်ပြလိုက်... သောအခါ -

- □ ချော့် - မိန်းမ (၁၉၅၄)
- ဘဝသံသရာ (၁၉၅၆)
- စကားပြောသောအသည်းနှလုံး (၁၉၆၈)
- ကျွန်မမှာ့မိန်းမသား (၁၉၇၀)
- ဘယ်သူပြိုင်လို့လှပါတော့နိုင် (၁၉၇၃)
- ရွှေချည်ငွေချည်တန်းပါလို့ (၁၉၇၅)

ဇာတ်ကားအထိ အကယ်ဒမီ... ခြောက်ဆု ဆွတ်ခူးခဲ့သည်။ ဆရာသု... ရိုက်ကူး၍ အကောင်းဆုံးဇာတ်ကား... (၈) ဆုရရှိခဲ့သည်။

ဆရာဖြစ်သူ အေဝမ်း ဦးတင်မောင်အား လေးစားသလိုပင် ရုပ်ရှင်... လောကမှ ဒါရိုက်တာပဂေးကြီးများ... ကြသော ဒါရိုက်တာဆရာခန့်၊ ဒါရိုက်... တာ ဦးမောင်ကြီးနှင့် ဒါရိုက်တာ... ရွှေဒုံးဘီအောင်တို့အားလည်း ဦးထိပ်... ထား လေးစားခဲ့ကြောင်း သိရပါသည်။

❑

**ချော့်-မိန်းမ**
**အသံထွက်**
**သံစုံသီချင်းများ**

www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက် - ဩော် - မိန်းမ(အသံထွက်ကား) တွင် ပါသော အောက်ပါသီချင်းဆန်းအားလုံးအတွက် စာသားစကားများကို ဒါရိုက်တာ ကိုသုခကိုယ်တိုင် အထူးတလည် ရေးသားခဲ့လေသည်။

(ရုပ်ရှင်ရိပ်သာအယ်ဒီတာ)

### ဩော် - မိန်းမ

ဩော်. . . မိန်းမ-မိန်းမ မိန်းမတွေသည်၊ သဗ္ဗနဒီ၊ ဝက်နဒီ-သဗ္ဗေဝနာတဋ္ဌမယာ - သဗ္ဗထိရောကရေပါပ်လှည့်စားတတ်တဲ့ဉာဏ်တွေများလွန်းလှသည်။ မြစ်ဟူသမျှလည်း ကောက်ကွေ့သည်။ တောဟူသမျှလည်း ထင်းတွေ့မယ်။ မိန်းမဟူသမျှ ဒုက္ခပေး၍ မအေးအောင်ကြံတတ်သည်။ သူတော်ကောင်းတွေ အာဇာနီ၊ လောကီကလွတ်ကင်းအောင်၊ မိန်းမညွှတ်ကွင်း ဇွတ်အတင်းဘဲ ရှောင်သည်။ ဩော်-မိန်းမ-မိန်းမစိမ်းကားပါတော့မည်။

(ဆို-ဇေယျ၊
ရေး-ဗိုလ်ကလေးတင့်အောင်)

❑

### ဂုဏ်ကြီးရှင်ရယ်

ရုပ်ရေလှပတဲ့သူ ခင်ပျို့ဖြူရယ်၊ ဓာနကြီးသူဌေးသမီး အတန်းမြင့်တဲ့ဂုဏ်ကြီးရှင်ရယ်၊ အောက်ကလူတဘက်သားသနားချစ်ဖြစ်ဖြစ် ချစ်စမ်းစေချင်တယ်။ ဤကမ္ဘာလောကမှာကွယ်၊ မြင်မြင်သမျှသခီရမို့ တွေ့ကြုံဆုံခိုက်ဝယ်၊ မာနတန်ခွန်လဲမထူနဲ့ကွယ်။ လူနဲ့လူချင်းရယ် မုန်းမာန်မတင်းသင့်တယ်။ ဥပမာ ရှုစရာယခုအခါ ပြရာမှာဖြင့် ခင်ဆင်မြန်းတဲ့နှင်းဆီပန်းနဲ့ ပုံသဏ္ဌာန်တူတယ်၊ အချိန်တန်ဇရာကျတော့ နွမ်းလျှခွေညှိုးမယ်။ အဲ - ဒီတော့မှ မျက်နှာငယ်၊ မာနတွေထားသလောက်ကွယ်၊ အောက်ကျခံကာ တဘက်သားကို သနားစရာဖြစ်နေမယ်။ စောင့်၍နေသူ တဘက်သား မေတ္တာထားကာ သနားတော်မူသင့်တယ်။

(ဆို-ဂီတလုလင်မောင်ကိုကို၊
ရေး-ရွှေပြည်အေး)

❑

### ဆွေမျိုးမေ့

ကမ္ဘာ့ထိုယ မိန်းမဆိုတဲ့ သတ္တဝါ၊



ကမ္ဘာမှာ ထူးထူးခြားခြား ယောကျ်ားများရဲ့ချစ်စရာ၊ တသက်လုံး လုပ်ကိုင်ကျွေးကာ ကျွေးကာ ပြုစုရပေမဲ့ဗျာ အာယုဝဍ္ဎနဆေးကြီးပုံပမာ၊ သူတို့သာ ကမ္ဘာမှာမရှိရင်၊ ပျင်းရိချောက်သွေ့ငြီးငွေ့စရာ၊ လူဦးရေပြဿနာ တိုးပွားဘို့ရာ ကြိုးစားလို့သာ၊ မအဝိုမယ်မင်းကြီးမတွေကြောင့် လက်ငင်းကြီးပွားရပေတာ၊ ချစ်ရတာကြိုက်ရတာ၊ အရေအရိုးမြေစေတော့-ဆွေမျိုး ဆွေမျိုးမေ့ကြရပေသဗျာ။

(ဆို- ဖိုးပါကြီး၊
ရေး-ဗိုလ်ကလေးတင့်အောင်)

❑

### စိမ်းကားပါတော့မည်

ဖိုးပါကြီး။ ။ အစားကိုကုန်အောင်စား၊ စကားကိုကုန်အောင်မကြွားနဲ့၊ မယားရယ်လို့ အသားဝါ ဖြူဖြူကျော့မှုံးတပါးကို၊ ဆရာမယူတော့ဘူးလားလို့ မေးချင်လှသည်။

ဇေယျ။ ။ ဩော်-မိန်းမ-မိန်းမ လူ့ခွင်ဌာန လူ့လောကမှာ ကာမဘောဂီ၊ လောကီဘုံသား၊ လူ့ယောကျ်ားကို၊ မယားဟူဘိ၊ ထိုကြတ္တိနှင့် မရှိမကောင်း၊ ရှိမကောင်း၊ မပေါင်းလဲခက်၊ ပေါင်းလဲခက်လှသည်။ ဩော်-မိန်းမ မိန်းမစိမ်းကားပါတော့မည်။

ဖိုးပါကြီး။ ။ တဘက်သတ်ဒီဂရီ၊ စီရင်လို့ဖြင့်မတော်ပြီ။ မိန်းမတိုင်း မိန်းမတိုင်း၊ မဟုတ်ဘူးထင်ပါတော့သည်။ တချို့ခမြာမှာ သစ္စာသုံး နှလုံးကတည်ကြည်အမယာကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ၊ လင့်ပါရမီကူညီကြရှာသည်။

ဇေယျ။ ။ ဥပမာပြစရာ၊ ခုကာလမှာဆိုမည်။ နွားနို့ကုလားနဲ့ ထန်းသမားတို့သည် မုသားမဘက် ရေမစွက်ခဲ့သည်။ သက်သက်မရှိဟုတုံဘိသို့ အတည် ကြတ္တိတံထွာ ဓမ္မတာတည်း၊ ဖွတ်လျှာသဏ္ဌာန်နှစ်ခွဉာဏ်နဲ့ မမှန်တာတွေများလှသည်။ ထို့ကြောင့် ကြောက်စရာ၊ လန့်စရာ၊ မုန်းစရာကောင်းသည်။ သူတို့နဲ့ ဆက်ဆံရင်း၊ တသက်ပန်မျက်နှာမွဲ၊ အရှက်တကွဲအကျိုးနဲဖြစ်ရမည်။ ဩော်မိန်းမ-မိန်းမစိမ်းကားပါတော့သည်။

(ဆို- ဇေယျ၊ ဖိုးပါကြီး၊
ရေး-ရွှေပြည်အေး)

❑

### ဆူးနှင့်ဖက်

ကမ္ဘာအစထဲက သဘာဝချင်းလဲမတူညီ၊ မိန်းမတွေသည် ဘယ်လိုဘယ့်လောက် မိုယ်းအရောက်လှပေစီ၊ မဖောက်မပြား ယောကျ်ားကိုပြိုင် မနိုင်ရှုံးရမည်။ ဆူးပေါ် ဖက်ရောက်ဖက်ပင်ပေါက်သည်။ ဖက်ပေါ် ဆူးရောက် ထိုဖက်သားဘဲပေါက်ရမည်။ ဘိုးလမင်း ထိန်ဝါဝါ မည်မျှပင်သာပေစီ မိုယ်းတိမ်ဖုံး အုပ်လုံးလုံးမြုပ်ရမည်။ လျှပ်ပန်းခွေနွဲ့ လေသွဲ့ယူငင်မြူမှုင်ရစ်ဖုံး ထစ်ခြုံး စစ်ရှုံးသူရာ ထိုပမာညီမာနစစ်ပွဲ လိမ့်လိမ့်လဲ အားမခံနိုင်ပြီ။ ယောကျ်ားအပစ်ပယ်ခံရတဲ့ ထိုမိန်းမလောက် အောက်ကျသူ သည်လောကမြေမဟီရှိမယ်မထင်ပါသည်။ ဩော် - ရှိမယ်မထင်ပါသည်။

(ဆို - မြင့်မြင့်ခင်၊
ရေး - ဗိုလ်ကလေးတင့်အောင်)

❑ သီချင်းစာသားများအား မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။

ကိုတိုး(ရန်ကင်း)

**စာညွှန်း -**

၁။ ၁၉၅၄ ခု၊ ဩဂုတ်လထုတ်
ဩော် - မိန်းမ စာစောင်

၂။ ၁၉၈၂ ခု၊ မေလထုတ် ရှုမဝရုပ်စုံမဂ္ဂဇင်းပါ စစ်ကိုင်းလှရွှေ၏ အစောဆုံး အကယ်ဒမီဒါရိုက်တာ ဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင့်ထွန်း (မသုံးလုံး)

# ပညာပြိုင်ပွဲ ခြိမ့်ခြိမ့်သဲ

[illegible] ရှိနှင့်ပါသော [illegible] ကြားဖူးနားဝ [illegible] ထိုကြီးသန်းကြီး [illegible] (၁၂) ကြိမ်မြောက်လမ်း [illegible] ဖြစ်ဆိုပွဲမရှိ [illegible]

အချိုးအကောင်း ကြည့်ကောင်း [illegible] သစ်ဖြစ် [illegible] ရာဇဝင် [illegible] နည်းလမ်းကောင်းဖြစ် [illegible]

ဤနေ့ရာရှည် [illegible] တော်ကြီး၏ ရလဒ် [illegible] ပွဲဆင်နိုင်ခဲ့ကာ [illegible] လိုပါသည်။

[illegible] ပြည့်နှင့်ကာ အမှန်တကယ် အဖြစ်အပျက် [illegible] ဖြစ်ခဲ့ပါသည်။

ဆုံးဖြတ် ရတာ [illegible] (၁၂) ကြိမ်အထွေ့ရာယ်ကို အောင်နိုင်ခဲ့သူ ဦးနု [illegible] သူသည် လူကြမ်းကြီးကို မခံ [illegible] ဖြစ်ခဲ့ရပါ၏။ [illegible] ဖြစ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်မခံ ဆတ်ဆတ်ကြဲ တိုက်ခိုက် အောင်ပွဲဆင်နိုင်ခဲ့ရသည့် မူလအခြေခံ စွမ်းရည်ကို တင်ပြရမည်ဆိုလျှင် -

❑

၁၉၄၀ ပြည့်နှစ်။


ကိုလိုနီခေတ်အုပ်ချုပ်ရေးအတွင်းက မြန်မာနိုင်ငံ။

မြန်မာနိုင်ငံကို ဗြိတိသျှတို့အုပ်စိုးစဉ် အောက်ပြည်အောက်ရွာမှာ အင်း၊ အိုင်၊ ချောင်း၊ မြောင်း ပေါ်များသော မြစ်ဝကျွန်းပေါ်ဒေသ၌ [illegible]၊ [illegible]၊ အောက်လမ်းပညာရှင်များ [illegible]ပါများ[illegible]၏။ အုပ်ချုပ်ရေးဗရုတ်ဗရက်ကာလမှာ တောမီးလောင် တောကြောင်လက[illegible] မောင်းခတ်သည့်ပမာ သူ[illegible]များ



www.burmeseclassic.com

www.burmeseclassic.com



"EDWARD VII KING & EMPEROR" (ခေါင်းဘက်)



"GEORGE V KING EMPEROR" (ခေါင်းဘက်ပုံ)



"EDWARD VII KING & EMPEROR"
ONE RUPEE INDIA 1907



"GEORGE V KING EMPEROR"
ONE RUPEE INDIA 1916
(ကျောဘက်ပုံ)



"GEORGE VI KING EMPEROR"
(ခေါင်းဘက်ပုံ)



"GEORGE VI KING EMPEROR"
(ခေါင်းဘက်ပုံ)



"GEORGE VI KING EMPEROR"
HALF RUPEE INDIA 1940
(ကျောဘက်ပုံ)



"GEORGE VI KING EMPEROR"
HALF RUPEE INDIA 1945
(ကျောဘက်ပုံ)

လည်း နေရာအနှံ့ သောင်းကျန်းလျက်ရှိ ကုန်၏။

ကိုလိုနီခေတ်တွင် လူသားတို့ အတွင်း အဖျက်စိတ်ထားများ ပျက်ပြား ကုန်ကြကာ ဖောက်လွှဲဖောက်ပြန်ရှိကြ လေကုန်၏။ မသမာသော အဓမ္မဝါဒီ တရားများ လွှမ်းမိုးကြလေကုန်၏။ ယုတ် ညံ့သော အသက်မွေးဝမ်းကျောင်းတွင် ပျော်မွေ့ကြကုန်သည်။ အများသူငါအား ပြုစားကာ မျက်ရည်ပေါက်ကြီးငယ်ကျ စေပြီးမှ မိမိဝမ်းအေးရသည့်လုပ်ရပ်များ ဖြင့်လည်း အသက်မွေးဝမ်းကျောင်းပြု လာကြ၏။

မြစ်ဝမြေနုကျွန်းပေါ် အရပ်တွင် ကျုံတိုင်းကြီးကျေးရွာဟု ရှိခဲ့ဖူးပါသည်။

ထိုရွာကြီးသည် အင်း၊ အိုင် ချောင်း၊ မြောင်းပေါများကာ များသော အားဖြင့် အင်းလုပ်ငန်းကို အခြေတည် စီးပွားရှာကြသူ အင်းသူကြီးများလည်း ရှိခဲ့သည်။ ၁၉၄၀ ပြည့်နှစ်ဝန်းကျင် တစ်ခိုက်၌ ကျုံတိုင်းကြီးရွာတွင် သူခိုး ဓားပြရန်မှ ကင်းဝေးသောရွာဟုဆိုနိုင် ပါ၏။ အင်းအိုင်များမှ ရေထွက်ကုန် ပစ္စည်းဖြစ်သော ငါးများကောင်းစွာထွက် ရှိလေရာ အင်းသူကြီးတို့ စီးပွားရေး ကောင်းမွန်စွာဖြင့် ချောင်လည်နေကြ သည်ဟု ဆိုနိုင်ပါသည်။

စီးပွားရေးချောင်လည်ကြပါသည် ဟုဆိုလျှင် ဝမ်းသာပျော်ရွှင်နေကြလိမ့် မည်ဟု ထင်နိုင်ကောင်းတော့သည်။ စီးပွားရေးကောင်းတိုင်း ပျော်ရွှင်မှုများ နှင့် ပြည့်စုံမှုမရှိနိုင်ကြောင်း ကျုံတိုင်းကြီး ကျေးရွာက သက်သေခံနေသည့်အထား ယုံမှားဖွယ်ရာမရှိချေ။ အထက်ပါဆို သည့်အတိုင်း အင်းသူကြီးအားလုံး စိတ် ဆင်းရဲခြင်းကပ်ကြီး ဆိုက်ရောက်နေ တော့၏။ ကျုံတိုင်းကြီးရွာကို ဗိုလ်ကျ စိုးမိုးနေသော အဘိုးကြီး၊ အဘွားကြီး လင်မယားနှစ်ယောက်ရှိခဲ့ပါ၏။ သူတို့ လင်မယားနှစ်ယောက်တို့သည် မိုးကျ ရွှေကိုယ်အလားပေါက်ချလာတတ်သော ကြောင့် အင်းသူကြီးတို့ မရွှင်ပျကုန်၏။

အဘိုးကြီး၊ အဘွားကြီးလင်မယား ကြောင့် တစ်ရွာလုံးဒုက္ခရောက်ကြ လေ၏။

အဘိုးကြီး၊ အဘွားကြီးတို့၏ ... ရည်သည် ရုပ်ဆိုးအကျည်းတန်ကြ ကုန်၏။ စိတ်ပုပ်စိတ်ယုတ်ကြီးထွား လေ၏။ သူတို့၏ မျက်နှာများသည် ကျက်သရေကင်းမဲ့လေရကား သ...



www.burmeseclassic.com

www.burmeseclassic.com

ကြီးများသဖွယ် ကျုံတိုင်းရွာသူရွာသား တို့ ကြောက်လန့်ကြကုန်၏။ ထို့ထက် ဆိုးသည်ကား လူအများတို့သိထားကြ သည်မှာ အဘိုးကြီးကို ပညာသည်ကြီး (စုန်း)အဖြစ် သိရှိထားကြလေရာ ထိုလင်မယားကို တွေ့လိုက်ရသည်နှင့် နေစရာမရှိတော့ချေတကား။

ရွာသားများသိထားသလို့ပင် ထို လင်မယားရွာထဲဝင်လာပြီး ပြန်ထွက် သွားပြီဆိုလျှင် ကလေးတစ်ယောက် တောက်ကာငင်ကာ ဖျားလေတော့၏။ ရွာထိပ်မှ နတ်ဝင်သည်ထံ ငွေစတစ်မတ် လာဘ်တင်ပြီးမေးရလေ၏။ နတ်ဝင် သည် ညွှန်ကြားလိုက်သည့်အတိုင်း နေဝင်ရီသရော မှောင်ရီပျိုးစအချိန်မှာ ခေါ်စာကျွေး (သို့) ရွာစာချလိုက်သည် နှင့် အဆိုပါကလေး နေကောင်းရလေ ၏။

အဘိုးကြီး၊ အဘွားကြီးတို့သည် ကျုံတိုင်းကြီးရွာထဲသို့ ဝင်လာတိုင်းလည်း အင်းသူကြီးတစ်ဦးဦးထံမှ ငါးများကို တောင်းခံလေ့ရှိသည်။ ဟင်းစားစား လောက်ရုံ နှစ်ဆယ်သား အစိတ်သား တောင်းခံသည်မဟုတ်။ ငါးကြီးငါး တောင်းများ တင်းတောင်းအပြည့်ထည့် ပေးမှ သူတို့က ကျေနပ်ကြပါသည်။ တင်းတောင်းအပြည့် ငါးမရရှိပါက လက်မခံပါ။ ထိုအင်းသူကြီးကို ရန်ငြိုး ဖွဲ့လေ၏။ ငါးပေးရသူ အင်းသူကြီးသည် လည်း မကြည်သောနှလုံးဖြင့် ပေးလိုက် ရခြင်းအဖြစ်ရယ်ပါ။

အင်းသူကြီးတို့သည် အဘိုးကြီး၊ အဘွားကြီးကို သူတို့မြတ်နိုးသော ငါးအား မပေးဘဲလည်းမနေရဲကြပါ။ အဘိုးကြီးက သူတို့ကိုပြုစားသွားမည် တို့ စိုးထိတ်နေကြရသည်မဟုတ်တုံ လော။

စုန်းဟု အဘိုးကြီးကို ယိုးစွပ်နေ ကြခြင်းမှာ အဘိုးကြီး၏အသားနှင့်ထိမိ သူဆိုလျှင် ချက်ချင်းကိုယ်တွင်းမာတ်ခံ အား လျော့ကျကာ ချူချာသွားခြင်း ကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် သူတို့ကို ဝေးဝေးရှောင်နေခြင်း ဖြစ်ပါတော့သည်။ သူတို့သည်ကား ရွာအတွင်း၌နေထိုင်ကြ သူများမဟုတ်ကြပါ။ ရွာအစွန်တန်းတွင် တန်းမို့မို့နှင့် စစ်ပင်ကြီးတစ်ပင်ရှိလေ ၏။ ထိုနေရာကို စစ်ကုန်းဟု ခေါ်ပါ သည်။ စစ်ကုန်းအနီးတွင်လည်း ထူထဲ သော ကိုင်းတောကြီးက တစ်မျှော် တစ်ခေါ်ရှိနေပြန်သည်။

ကျုံတိုင်းရွာသူရွာသားတို့သည် လကွယ်ညတိုင်း တောက်ပသောမီးလုံး ကြီးတစ်လုံး ကိုင်းတောကြီးထဲမှ ထိုး တက်လာသည်ကို မြင်နေကြရ၏။ ထို မီးလုံးကြီးသည် စစ်ပင်ကြီးထက်ပင်မြင့် ကြောင်း ဆိုကြလေ၏။ မီးလုံးကြီးသည် ကောင်းကင်ယံတွင် လေဟုန်စီးကာ ပျော်မြူးလေ၏။ ဝေဟင်တွင် အားရ ကျေနပ်လောက်အောင် ဆော့ကစား လိုက်သည်မှာ သန်းခေါင်ယံတိုင်လေ၏။ မီးလုံးကြီးသည် ညဉ့်နက်သန်းခေါင်တိုင် မှသာ ကိုင်းတောကြီးထဲဝင်ရောက် ပျောက်ကွယ်သည်။

ထိုအကြောင်းအရာများကြောင့် အဘိုးကြီး၊ အဘွားကြီးတို့သည် စစ်ကုန်း တွင်နေထိုင်ကြသည်ဟု ရွာသားတို့က ပြောဆိုနေကြခြင်းဖြစ်ပါ၏။

အဘိုးကြီး၏ အမည်မှာ ဦးဗျူ ဖြစ်ပြီး အဘွားကြီး၏ အမည်မှာ ဒေါ်ကာလီဟုခေါ်ကြပါသည်။

❑

ထိုခေတ်က အင်းသူကြီးတို့သည် အင်းရာသီငါးဖမ်းချိန်တွင် မိမိတို့အင်းထဲ မှ မြောက်မြားစွာရရှိလာသောငါးတို့ကို ငါးစိမ်းငါးစိုများအဖြစ် တင်ပို့ရောင်းချ နိုင်ခြင်းမရှိကြသေးပါ။ အင်းတစ်ရာသီ တွင် ပေါ်ထွက်လာသော ငါးစိမ်းများ မပုပ်သိုးစေရန် ရေခဲထုတ်လုပ်မှုအခြေ အနေမပေးသေးချေ။ ငါးစိမ်းငါးစို များအတွက် ရေခဲလုံလောက်မှုမရှိချေ တကား။

အင်းထဲမှရရှိလာသောငါးများကို ရပ်ဝေးနယ်များသို့ အမြန်ဆုံးတင်ပို့ ရောင်းချနိုင်ရန်-ပို့ဆောင်ဆက်သွယ်ရေး စက်တပ်ယာဉ်တို့ များများစားစားမပေါ် ပေါက်ကြသေးပါ။ ယခုခေတ်ယခုအခါ ကဲ့သို့ ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက် နိုင်မှုမရှိ။ လမ်း၊ တံတားချို့တဲ့ခြင်း၊ ရေ လမ်းသွားရေယာဉ်၊ ကုန်းလမ်းသွား ယာဉ်တို့ ချို့တဲ့လျက်ရှိချိန် ဖြစ်ပါ၏။

ကိုလိုနီခေတ် ခေတ်ဆိုးခေတ် ပျက် ဆိုးကျိုးဒဏ်ကား ဆိုးရွားလှချေ ၏။

ကုန်တင်ကားများ တွေ့ဖူးမြင်ဖူးဖို့ ဝေးစွ။ အိပ်မက်ထဲ၌ပင် စိတ်ကူးမယဉ် နိုင်ပေ။

ငါးရံ့အကောင်ကြီးများကို ငါး ခြောက်ပြားကြီးအဖြစ် လည်းကောင်း၊ ငါးခူအကောင်ကြီးများကို ငါးဆားနယ် ကောင်အဖြစ်လည်းကောင်း၊ ငါးကျည်း များကို နေလှန်းခြောက် (သို့) ကျပ်တိုက် ခြောက်အဖြစ် လည်းကောင်း၊ ငါးဖျင်း သလက်များကို ဆားနယ်ကာ ငါးဖျင်း သလက်ခြောက်အဖြစ် လည်းကောင်း၊ ငါးရံ့၊ ငါးပြေမ၊ ငါးဖယ်အကောင်သေ များကို သုံးဦးစပ်ငါးပိအဖြစ်ထုတ်လုပ် ရောင်းချကြပါသည်။ ငါးအသေးစား လေးများဖြစ်သော ငါးခုံးမလေးများကို ဆားနယ်အခြောက်လှန်းသော ငါးခုံးမ ခြောက်ကို ကျုံတိုင်းရွာတွင် ဘူးခြောက် ဟုခေါ်လေ၏။ ဘူးခြောက်များကို ရန်ကုန် တရုတ်ပွဲရုံကြီးများမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးတို့ ဖြန့်ဝေပေးပို့ကြပါသည်။

ကျုံတိုင်းကြီးရွာ အင်းသမားတို့ သည် ဝါခေါင်လမှစတင်ကာ အင်း လုပ်ငန်း ကြိုတင်ပြင်ဆင်ကြသည်။ အချိန်မီငါးဖော်နိုင်ရန်၊ အင်းချောင်းကို ဆည်တိုင်ဆောက်လုပ်ခြင်း၊ လျှောထိုး စင်ခံပြုလုပ်ရန် ယင်းထိုးခြင်း၊ ဆည် ဖြတ်ပိတ်နိုင်ရန် အချိန်ယူလုပ်ဆောင် ထားကြရပါသည်။ လျှောထိန်းတံခါး အဖွင့်၊ အပိတ်စက်သီးကြိုးခိုင်ခံ့စေရန် တောင့်တင်း ခိုင်မာသောအုန်းဆံကြိုး များ စီမံကြရသည်။ ထိုအချိန်သည်ကား ဝင်ငွေမရသော ကြိုတင်ပြင်ဆင်လုပ်ငန်း များဖြင့် အင်းသမားတို့ အလုပ်ရှုပ်သော အချိန်တည်း။

ကျုံတိုင်းရွာတွင် အင်းသူကြီး ကိုသိန်းမောင်နှင့် မစိန်ခင်တို့နေထိုင်ကြ ပါသည်။ သူတို့မိသားစု၌ ချစ်မငြီးသည့် တစ်ဦးတည်းသော သမီးငယ်လေး မိပန်းရုံရှိလေ၏။ မိပန်းရုံသည် စကား မပီ့တပီချစ်စရာအရွယ်လေး ဖြစ်ပါ သည်။ တွတ်တီးတွတ်တာ ချစ်ဖွယ်သော စကားဆိုတတ်လေ၏။ မိပန်းရုံလေး သည် ရှင်မီးအင်္ကျီလေးဝတ်ကာထား သဖြင့် သူမ၏လက်မောင်းသားတုတ် တုတ်ခဲခဲလေးမှာ ပေါ်လွင်၏။ သူမ၏ တစ်ထွာမျှလောက်သော ဆံပင်ကိုစု၍ ကြက်တောင်စည်းပေးထား၏။

ကိုသိန်းမောင်၊ မစိန်ခင်၊ မိပန်းရုံ တို့မိသားစု ပျော်ရွှင်ဖွယ်ထမင်းလက်ဆုံ စားနေကြပါသည်။ မိပန်းရုံလေးစိတ်ရွှင် နေချိန်၊ ထမင်းစားနေသော်လည်း အငြိမ်မနေပါ။

မိခင်ဖြစ်သူ မစိန်ခင်က -

"ဟဲ့ - သမီးလေးထမင်းစားတာ ငြိမ်ငြိမ်စားလေ။ ဆော့ပြီးတော့မစားရ ဘူးလေ သမီးငယ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မေဂျီးကလည်း၊ ဆော့ပြီးစား တော့ ဗိုက်ချောင်တာပေါ့ ဟီ. . . ဟီ၊ အရတာချိတယ်"

မိပန်းရုံလေး ပျော်မြူးစွာစား သောက်နေသည်ကို ဖခင် ကိုသိန်းမောင် သဘောကျစွာကြည့်နေ၏။

ထိုစဉ် -

"ဟေ့ကောင် သိန်းမောင်"

အိမ်ရှေ့မှ ငှက်ဆိုးထိုးသံကြီး ကဲ့သို့သောအသံကြီး ဟိန်းထွက်လာပါ သည်။ ကိုသိန်းမောင်မျက်နှာမကောင်း တော့။ မိပန်းရုံလေး ဇက်ပုသွား၏။

"မောင်ကြီး၊ ဘယ်သူလဲဟင်"

"ဦးဗျတ္တကြီးရဲ့အသံပဲ မိန်းမရဲ့"

ကိုသိန်းမောင်တို့၏ အပျော်များ ဤတွင်ပျက်လေ၏။ ကိုသိန်းမောင် ထမင်းဝိုင်းမှထခဲ့ရသည်။ မိပန်းရုံလေး ပင် သူမပါးစပ်ထဲသို့ ထမင်းလုတ်မထည့် ဖြစ်တော့ဘဲ မျက်လုံးလေးဝိုင်းကာ ဖခင် ကို မော့ကြည့်နေသည်။ ကိုသိန်းမောင် ခြေလှမ်းများလေးပင်စွာဖြင့် အိမ်ရှေ့သို့ ထွက်လာခဲ့ပါသည်။

"ဘာကိစ္စလဲ ဦးဗျတ္တကြီး"

"ငါအလျှုခံထွက်လာတာပဲ၊ ငါးရံ့ ခြောက်တစ်တောင်းလှူစမ်းဟေ့"

"မိုးတွင်းကြီးလေဦးဗျတ္တကြီးရယ်၊ ဒီလောက်ဘယ်ရနိုင်မလဲ"

"မင်းတို့လှောင်ထားတာ ငါသိ တယ်။ ပေးမလားမပေးဘူးလား တစ်ခွန်း ပဲပြော။ မိပန်းရုံလေးရဲ့အသက်ပေးချင် လို့လား"

ဦးဗျတ္တကြီး အညာကိုကိုင်လှုပ် လိုက်သည်။ ကိုသိန်းမောင် အသည်း ဆတ်ဆတ်ခါနာရပါ၏။ ဦးဗျတ္တကြီး သည် ကျုံတိုင်းကြီးကို စိုးမိုးခြယ်လှယ် ဗိုလ်ကျနေသော အောက်လမ်းပညာ သည်ကြီးဖြစ်နေသည်။ ဦးဗျတ္တကြီး ဒုက္ခ ပေးထား၍ တစ်ရွာလုံး ဖွတ်ဖွတ်ညက် ညက်ကြေနေပြီ။ ကျန်းမာရေးမကောင်း သူ၊ သေဆုံးသူ၊ ခြောက်လှန့်ခံနေရသူ များနေ၍ ဦးဗျတ္တကို ဖိမ့်ဖိမ့်တုန်မျှ ကြောက်ရွံ့ကြလေကုန်၏။

ကိုသိန်းမောင်သည် သမီးလေး ဒုက္ခရောက်မည်ကို လုံးဝမလိုလားပါ။ မချစ်သော်လည်း အောင့်ကာနမ်းဆို သည့်စကားအတိုင်း ကိုသိန်းမောင်၏ ရင်ထဲ အောင့်သက်သက်ဖြစ်လာသည် အထိ ခံစားရရှာ၏။ ဦးဗျတ္တကို တွန်းလှန် နိုင်မည့်သူလည်းမရှိပါ။ ဦးဗျတ္တနှိပ်စက် သမျှဒဏ် အလူးအလဲခံကြရရှာပါသည်။ အနှိပ်စက်ခံလူတန်းစားထဲမှာ ကိုသိန်း



မောင်လည်း ပါဝင်၏။ ဘာများတတ်နိုင် ဦးမည်နည်း။

ကိုသိန်းမောင်သည် ဦးဗျတ္တကို အရှုံးပေးလိုက်ရပြန်သည်။ ကိုသိန်းမောင် သည် စိတ်မပါလက်မပါဖြင့် တောင်း ထဲသို့ ငါးရံ့ခြောက်ကြီးများကို ထည့်နေ ရသည်။ ထို့နောက် ငါးခြောက်တောင်း ကို ဦးဗျတ္တလက်ထဲသို့ အောင့်သက်သက် ထိုးအပ်လိုက်ရပါတော့သည်။ ဦးဗျတ္တ အားရကျေနပ်သွားပါသည်။

❑

ကျုံတိုင်းကြီးရွာအင်းလေလံပွဲ။

တစ်ခုသောနွေရာသီအင်းလေလံ ပွဲတွင် အင်းသူကြီးနာမည်အသစ်တစ်ခု ပါဝင်လာ၏။ ထိုလူသစ်သည် အေးချမ်း တည်ငြိမ်၏။ အင်းလေလံပွဲတွင် ရေ ထွက်ပစ္စည်းအကောင်းဆုံး အင်းချောင်း ကို အလုအယက်အပြိုင်အဆိုင် သူနိုင် ကိုယ်နိုင် လေလံဆွဲဝယ်နေကြပါ၏။ လူ အများ ကြိတ်ကြိတ်တိုး ပွက်လောရိုက် ဆူညံနေကြကုန်သော ငရဲခန်းတွင် ထိုလူသစ်မပါဝင်ချေ။ ထိုလူသစ်သည် အလိုရမ္မက်နည်းဟန်ရှိ၏။ သူ၏မျက်နှာ သွင်ပြင်လက္ခဏာလောဘကင်းစင်၏။ အေးချမ်းတည်ငြိမ်လျက်ရှိနေပါ၏။

လူသားတို့သည် အများအားဖြင့် လောဘသားကောင်များဖြစ်ကြလေရာ အင်းလေလံပြိုင်ပွဲတွင် သွေးပွက်ပွက်ဆူ နေသူများ၏။ လူသစ်သည် ယခုနှစ်မှ ကျုံတိုင်းကျေးရွာသို့ ပြောင်းရွှေ့နေထိုင် လာသူဖြစ်ပါသည်။ ထိုသူသည် သူများ မလိုချင်သော သာမန်အင်းချောင်းလေး တစ်ခုကိုသာ လေလံဆွဲဝယ်ယူလိုက်ပါ ၏။ လူသစ်တစ်ဦး အင်းချောင်းတစ် ချောင်းပိုင်ဆိုင်သွားပြီဖြစ်ပါ၍ ကျုံတိုင်း ရွာအင်းသူကြီးလောက၌ အင်းသူကြီး နာမည်အသစ်တိုးခဲ့ပါတော့သည်။

ထိုအင်းသူကြီးအသစ်သည် ဦးနန္ဒ ဖြစ်လေသတည်း။

ကျုံတိုင်းကျေးရွာတွင် ဦးနန္ဒ စတင်မိတ်ဖွဲ့တွေ့ဆုံခဲ့ရသူမှာ ကိုသိန်း မောင်တို့မိသားစုဖြစ်ပါ၏။ ဦးနန္ဒသည် ကိုသိန်းမောင်နှင့် အိမ်နီးချင်းမိတ်ဆွေ ကောင်းဖြစ်လာသည်။ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဖြင့် တိုင်ပင်ဖော်တိုင်ပင် ဖက်လူရင်းများဖြစ်လာခဲ့၏။

ကျုံတိုင်းရွာအင်းလုပ်ငန်းဖွံ့ဖြိုး လေရကား ဝင်ငွေရှင်၏။ အင်းလုပ်ငန်း ရေလုပ်ငန်းတို့ဖြင့် ဝင်ငွေရှင် ကြီးပွားကြ ကုန်သည်။ လူအပေါင်းတို့သည် စီးပွား ရေးအဆင်ပြေကြကုန်သည်။ စီးပွားရေး အဆင်ပြေကြသော်လည်း ရွာသူရွာ သားတို့သည် စရိုက်ကြမ်းကြသည်သာ များကြလေ၏။ အင်းသမားတို့သည် ရေ က ငွေဖြစ်နေလေရာ ငွေဒင်္ဂါးတစ်ပြား ဖြုန်းရန် လက်မနှေးကြပေ၊ ငွေဒင်္ဂါး ဆယ်ပြားလောက်မျှကို ထန်းရည်ဆိုင် အရက်ဆိုင်တို့မှာ အရည်ဖျော်ပစ်ရန် ဝန်မလေးကြပါ။

တစ်ရွာလုံးနီးပါး မူးယစ်ရမ်းကား ကြလေ၏။ မူးရမ်းဆဲဆိုနေကြသူများ ရန်ဖြစ်အော်ဟစ်သံများ ပွက်ပွက်ညံဆူ နေ၏။ လူ့ဘုံ၊ လူ့လောက၊ လူ့ငရဲခန်း ကြီးသဖွယ် ကြောက်ရွံ့တုန်လှုပ်ဖွယ် အတိပြီး၏။

လူနပ်ချမ်းသာဟု ဆိုရိုးစကားရှိ ပါ၏။ ဦးနန္ဒသည် သူ၏အင်းလုပ်ငန်း ဝင်ငွေ နည်းပင်နည်းငြားသော်လည်း ဝင်ငွေနှင့်မျှတစွာသုံးစွဲသည်။ ဝင်ငွေ ထက် ပိုမသုံးသောကြောင့် ငွေပိုငွေလျှံ အနည်းငယ်ရှိလာ၏။ ပိုလျှံငွေဒင်္ဂါး ကျစ်ကျစ်ပါအောင် သိမ်းဆည်းထားနိုင် ခဲ့ပါသည်။

(အင်းသူကြီး ဦးနန္ဒ သုံးစွဲခဲ့သော ၁၉၀၇၊ ၁၉၁၆၊ ၁၉၄၀၊ ၁၉၄၅ ခုနှစ် အိန္ဒိယနိုင်ငံထုတ် ငွေဒင်္ဂါးပြားများ စာရှုသူတို့ လေ့လာနိုင်ရန်နှင့် ဗဟုသုတ ပွားစီမံသောငှာ ငွေဒင်္ဂါးမူရင်းများ ဓာတ်ပုံရိုက် မှတ်တမ်းတင် ဖော်ပြအပ် လိုက်ပါသည် - စာရေးသူ)

❑

ကျုံတိုင်းကြီးကျေးရွာသည် အဓနေအထားတည်နေပုံ၊ ရွာတည် ဆောက်ပုံ အထူးသပ်ရပ်ကောင်းမွန် ၏။ ရွာစတည်စဉ်က အိမ်ခြေအတွင်း ချပုံ စနစ်ကျခဲ့ပါ၏။ ရွာထိပ်မှ



www.burmeseclassic.com

www.burmeseclassic.com

လိုက်လျှင် အိမ်တန်းစဉ် စီစီရီရီ ညီညီညာညာရှိနေသည်ကို အဝေးကမြင်နိုင်ပါ၏။ ခြံစည်းရိုးများကတော့ သစ်ရပ်မှုမရှိတော့ပါ။ လုံခြုံမှုမရှိတော့ပါ။ ခြံစည်းရိုးကင်းမဲ့သောနေအိမ်ကများပါသည်။ သဘာဝအလျောက် ပေါက်ရောက်နေသော ကုက္ကို၊ မန်ကျည်း၊ ညောင်ချဉ်ပင်၊ ထန်းပင်တို့ပေါ်များလေ၏။

သစ်ပင်ကြီးငယ် စိမ်းစိမ်းစိုစို ဝန်းရံနေသော အိမ်စဉ်တန်းသည် သဘာဝဝန်းချီကားချပ်သဖွယ် လှပနေသော်လည်း ရေမှုဆိုးများကြီးပွားပျော်မွေ့ရာဒေသဖြစ်၍ အသွင်သဏ္ဌာန်စရိုက်တို့ကြမ်းတမ်းကြကုန်၏။ အနေကြမ်း၊ အစားကြမ်း၊ စရိုက်ကြမ်းသောသူများကြောင့် ကျုံတိုင်းကြီးကျေးရွာသည် လှပသော ဆူးပန်းတစ်ပွင့်နှယ်အလား သဏ္ဌာန်တူနေချေတော့သည်တကား။

ဦးနန္ဒသည် အနေရိုး၏။ လုပ်ငန်းတို့ မှန်တမ်းလုပ်ဆောင်၏။ စီးပွားရေးလုပ်ငန်းခွင်တွင် ကတိတစ်လုံးမပျက်သူဖြစ်ပါ၏။ စီးပွားရေးလုပ်ငန်းရှင်တိုင်း အနိမ့်၊ အမြင့်၊ အတက်၊ အကျရှိလေရာ အင်းလုပ်ငန်းသည်လည်း ငါးအထွက်နည်းသောနှစ်နှင့် ကြုံကြိုက်လေ့ရှိပါ၏။ ငါးအထွက်နှုန်းကျသောနှစ်တွင် အရှုံးပေါ်လေ၏။ ဦးနန္ဒသည် လုပ်ငန်းအောင်မြင်သည့်နှစ်တွင် အောက်ခြေလွတ်သူမဟုတ်သလို အရှုံးပေါ်သည့်နှစ်တွင်လည်း စိတ်ဓာတ်ယိမ်းယိုင်မှုမရှိပါ။ သည်းခံစိတ်အပြည့်ဖြင့် ခံနိုင်ရည်ရှိပါ၏။

သူသည် စီးပွားရေးအလို့ငှာ ရှောင်လွှဲမရသော အခြေအနေအရ သူတစ်ပါးအသက်ကိုရင်း၍ မိမိအသက်မွေးနေရလေ၏။ ဦးနန္ဒသည် ဤနှံ့ထဲမှ ရုန်းမထွက်နိုင်သေးပါ။ မတတ်သာသည့်အဆုံး ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးဖယ်၊ ငါးပြေမတို့အကြားမှာ ရှင်သန်နေရပါသည်။ ဤသည်တို့ကို မတွေးမိလျှင် မိမိ၏စိတ်သက်သာရာ ရရှိသေး၏။ သို့သော်ဦးနန္ဒသည် သူတစ်ပါးအသက်နှင့် တတ်သက်သော အတွေးအာရုံသို့ ပျံ့လွင့်ခဲ့သည်ရှိသော် အသက်ရှူရပ်မတတ် ခွန်းကျပ်မိပါ၏။

ဦးနန္ဒသည် ကျပ်တည်းကျဉ်းမြောင်းသောဘဝလမ်းကို လျှောက်နေရပါသည်။

ဦးနန္ဒ ကျုံတိုင်းကြီးကျေးရွာသို့ ရောက်ရှိနေထိုင်လာခဲ့သည်မှာ ယခုနှစ်နွေရာသီတွင် (၂) နှစ် အချိန်ကာလသို့ ရောက်ခဲ့ပြီဖြစ်၏။ ဦးနန္ဒ၏ ရိုးသားတည်ကြည်မှု၊ ဖော်ရွေမှု၊ ဆက်ဆံရေးကောင်းမွန်မှုတို့ကြောင့် လူချစ်လူခင်ပေါများပါသည်။ ဦးနန္ဒသည် လုပ်ငန်းသဘာဝအရ သူတစ်ပါးအသက်ဖြင့် စီးပွားရှာနေရသော်လည်း နေ့စဉ် နံနက်အရုဏ်တက်ချိန်၌ ဘုရားကြည်ညိုလေ့ရှိသည်။

နံနက်ပိုင်းစောစောအချိန် ကုက္ကိုကိုင်းထင်းခြောက်တို့ဖြင့် မီးမွေးလေ့ရှိ၏။ မီးခိုးအူ၍ မီးခိုးငွေ့များတလိမ့်လိမ့် တငွေ့ငွေ့လွင့်မျောနေသည်။ နေမထွက်မီ မီးခိုးငွေ့မျောနေဖုံ့သည် ရွာ၏ကျက်သရေကို ဖော်ညွှန်းနေသယောင်ယောင်။ အဘယ်ကြောင့်ဆိုသော် ရှေးလူကြီးသူမတို့၏ အယူအဆအရ မိမိကိုယ်စောင့်နတ် နတ်သဘင်စည်းဝေးပွဲအချိန်မီ မိမိအိပ်ရာမှနိုးထပြီးသည့် ပြယုဂ်တစ်ခုပင် မဟုတ်ပါလား။

ဦးနန္ဒသည် ထင်းမီးဖိုတွင် မြေကရားတစ်အိုး ရေနွေးကျိုလိုက်ပါ၏။ အဖန်ရည်ကျကျအကြမ်းတစ်အိုးဖိမ်ခံသောက်လိုက်၏။ ဦးနန္ဒအကြမ်းတစ်အိုးသောက်ပြီးမှ အင်းထဲသို့ဆင်းပါသည်။

ဦးနန္ဒနှင့် ကိုသိန်းမောင်တို့ နှစ်အတန်ကြာ လက်တွဲနေထိုင်လာကြသည်။ ခင်မင်ရင်းနှီးမှုအတိုင်းအတာ ခိုင်မြဲလာပါသည်။ ရွာခံဖြစ်သော ကိုသိန်းမောင်က ရွာ၏အခြေအနေအဆိုး၊ အကောင်းများကို ဦးနန္ဒအား ပြောပြလေ့ရှိပါသည်။ လုပ်ငန်းအလေ့အထအတွေ့အကြုံများလည်း ဖလှယ်ခဲ့ကြပါသည်။ ရပ်ရေးရွာရေးကိစ္စများလည်း ပြောဆိုဆွေးနွေးဖြစ်ကြလေ၏။

တစ်နေ့တွင် ဦးနန္ဒနှင့် ကိုသိန်းမောင်တို့ ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း ထွေရာလေးပါးပြောဆိုနေကြလေ၏။ နောက်ဆုံးဘူတာဖြစ်သော ဦးဗျူအကြောင်းနှင့်အဆုံးသတ်ခဲ့ပုံမှာ -

"အစ်ကိုကြီးဦးနန္ဒရေ ကျုပ်တို့ရွာလေးတည်နေပုံကတော့ ကြည့်လိုက်ရင်ဗျာ နေချင်စရာလေးဗျ။ အချို့သောလူတွေနဲ့ ပေါင်းမိရင်တော့လား ထွက်ပြေးချင်စရာကြီးဗျို့။ တစ်ခါတစ်ခါ ကျုပ်တော့ထွက်ပြေးချင်မိတယ်"

"ကျုပ်လည်း အစ်ကိုကြီးလိုပါပဲဗျာ။ အင်းလုပ်ငန်းကလည်း လက်မလွှတ်ချင်စရာ ဥစ္စာပေးနေတာနဲ့ နေရပြန်ရောဗျ"

"ဒီလိုပါပဲ ညီလေးကိုသိန်းမောင်ရယ်။ ဒီနယ်က မထွက်နိုင်သေးသမျှတော့ အခြေအနေအရပ်ရပ်ကို သည်းခံပေးရမှာပေါ့။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကလည်း ဒါနဲ့အကျိုးပေးသကိုး"

"အစ်ကိုကြီးကို အားကျတယ်ဗျာ။ သည်းခံစိတ်ကြီးမားတော့လည်း နေနိုင်တာပေါ့။ ဩော် - ဒါနဲ့ အစ်ကိုကြီးရေ၊ ဦးဗျူကြီး မတရားဗိုလ်ကျနေတာ တစ်ရွာလုံး အံကြိတ်ခံနေရပြီး လက်မြောက်အရှုံးပေးနေရတယ်ဗျ အခက်ပဲ"

"ဟုတ်တယ်ညီလေးရေ၊ အတော့်သည်းခံနေရတာ အစ်ကိုကြီးလည်း မခံမရပ်နိုင်ဖြစ်လာတယ်။ ကြာတော့လည်း မခံနိုင်တော့ဘူး"

ဦးဗျူအကြောင်း စကားလမ်းကြောင်းမှာ နှစ်မျောရင်း သူတို့စကားဝိုင်း ဆိတ်ငြိမ်သွားတော့လေ၏။

❑

ကျုံတိုင်းကြီးရွာထဲသို့ ထုံးစံမပျက်ရောက်လာသူကား ဦးဗျူပင် ဖြစ်၏။ ဦးဗျူသည် ကျေးရွာလမ်းမအတိုင်း လျှောက်လာနေ၏။ အကြော်တဲရှိသော လမ်းထောင့်ချိုးမှ ဦးနန္ဒနေထိုင်ရာ လမ်းဘက်သို့ ချိုးကွေ့လျှောက်လာခဲ့ပါသည်။ ဦးဗျူဖြတ်သန်းလျှောက်လာသော လမ်းတစ်လျှောက်ရှိ အိမ်များမှ လူသံများတိတ်၍တိတ်၍ သွားကာ လှုပ်ရှားမှုမရှိတော့။ ဦးဗျူဟေ့ဆိုလျှင် အိမ်အောက်မှာရှိနေသော ခွေးကလေး အမြီးကုပ်ပါးစပ်မဟနိုင်ရှာ။

ဦးဗျူကြီးသည် ဦးနန္ဒအိမ်ရှေ့ရောက်သည်နှင့် -

"နန္ဒ၊ ဟေ့ကောင်နန္ဒ"

"ဘာကိစ္စလဲဦးဗျူ"

အိမ်တွင်းမှ ဣန္ဒြေရစွာထွက်လာသော ဦးနန္ဒ ဦးဗျူရှေ့မှောက် မျက်နှာချင်းဆိုင်ရပ်လိုက်ပါ၏။

"မင်းရဲ့ငါးခူအကောင်ကြီးတွေ ငါလိုချင်တယ်။ တင်းတောင်းနဲ့ထည့်လိုက်စမ်း"

"မလုပ်ပါနဲ့ ဦးဗျူရယ်၊ ငါးခုံးမတွေ ပလိုင်းတစ်လုံးယူသွားဗျာ"

ဦးဗျူသည် သူ့ကိုအာခံသော ဦးနန္ဒကို ဒေါသရောင်လွှမ်းသော အကြည့်တစ်ချက်ပစ်လွှတ်လိုက်ပါ၏။

ဦးနန္ဒက တည်ကြည်သော အကြည့်ဖြင့် တုံ့ပြန်လိုက်သည်။

"မင်းက ငါ့ကိုအာခံတာလားနန္ဒ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ပေးနိုင်တာကတော့ဒါပါပဲ"

ဦးဗျူသည် ဘီလူးသဘာက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အလား ဦးနန္ဒကို ခြိမ်းခြောက်၏။

"မင်းကငါ့ကိုပြိုင်ချင်တာလား"

"စိန်လိုက်လေ ဦးဗျဂ္ဃ"

ဦးနန္ဒစိတ်မထိန်းနိုင်တော့ဘဲ နှုတ်မှလွတ်ခနဲ စိန်ခေါ်မိလျက်သားဖြစ်သွားလေ၏။ မခံချင်သောစိတ်ဖြင့် ဦးနန္ဒသည် မိမိနှုတ်မှဘာပြောလိုက်မိသည်ကိုပင် သတိမထားမိ။ မိမိသည် အောက်လမ်းပညာသည်ကြီးကို ဘယ်လိုပညာနှင့် ယှဉ်ပြိုင်ရမည်နည်း။ မိမိသည် စကားကျွံသွားပြီဖြစ်လေ၏။ ကြမ်းကျွံရင် နှုတ်လို့ရသည်။ စကားကျွံလျှင် နှုတ်၍မရကြောင်း မြန်မာစကားပုံရှိပါသည်။ ကတိတစ်လုံးပေးပြီးမှတော့ တစ်ယောက်နှင့်တစ်ယောက် ရှောင်လွှဲမရကြတော့ချေ။

ဦးနန္ဒ၏ နောက်ဆုံးဆုံးဖြတ်ချက်သည် ဦးဗျဂ္ဃနှင့်ယှဉ်ပြိုင်ဖြီး အများအကျိုးအတွက် မိမိအသက်ပင်သေစေတော့ဟုစေတနာထားရှာ၏။ သူတို့နှစ်ဦးယှဉ်ပြိုင်ကြမည့်နေ့ရက်၊ နေရာ၊ အချိန်တို့ကို သတ်မှတ်လိုက်ကြပါ၏။

ပညာပြိုင်ကြရန်အတွက် ဦးဗျဂ္ဃသည် ရွာ၏အနောက်ပိုင်းကိုင်းတောနှင့်နီးသော စစ်ကုန်းနေရာကိုရွေးသည်။ ဦးနန္ဒသည် ကိုင်းတောနှင့် မျက်နှာချင်းဆိုင်မြိုင်သေလာတောကို ရွေးချယ်လိုက်ပါ၏။ သူတို့ရွေးချယ်လိုက်ကြသောနယ်မြေနှစ်ခုကြားတွင် ဗျိုက်တောထူထပ်သည့် ရေနုတ်မြောင်းတစ်ခု စည်းခြားလျက်ရှိ၏။ သူတို့နှစ်ဦးအတွက် ရေနုတ်မြောင်းကား နယ်ခြားစည်းဖြစ်လေတော့သည်။

သူတို့ပညာချင်းယှဉ်ပြိုင်ကြမည့်နေ့သည် တပို့တွဲလကွယ်နေ့ နွားရိုင်းသွင်းချိန်ဖြစ်လေ၏။

❑

ထိုပြိုင်ပွဲကြီး ကျင်းပတော့မည့်သတင်း ကျုံတိုင်းကြီးတစ်ရွာလုံး အထိတ်တလန့် စိတ်ဝင်စားနေကြလေ၏။ ဦးနန္ဒသည် ဤရွာတွင် နှစ်နှင့်ချီနေလာသောကြောင့် ခင်မင်သူပေါ်များစွာရှိနေပါသည်။ ဦးနန္ဒကို ခင်မင်သူများက ဦးနန္ဒအတွက် စိုးရိမ်မိကြပါသည်။ လူရိုးကြီးသက်သက် အရိုးခံဖြင့်မနိုင်လျှင် ဒုက္ခရောက်တော့မည်။ ရွာသားတို့သည် စိုးရိမ်စိတ်နှင့်ပင် ဦးဗျဂ္ဃကို ဦးနန္ဒနိုင်ပါစေကြောင်း နေ့စဉ်ဆုတောင်းပေးကြပါသည်။

ပြိုင်ပွဲကျင်းပမည့်နေ့ ရောက်ရှိရန်(၅) ရက်အချိန်လိုသေး၏။

ဦးနန္ဒသည် အနန္တောအနန္တငါးပါးဦးထိပ်ထားလျက် ရရှိထားသည့်အချိန်ကာလ (၅) ရက်ကို အကျိုးရှိစွာ အသုံးချလိုက်ပါ၏။ ထိုနေ့မှစ၍ ဦးနန္ဒအင်းထဲသို့ လုံးဝမသွားတော့ဘဲ နေ့စဉ် အရုဏ်တက်သည်နှင့် ဘုရားအာရုံပြုနေ၏။ (၈) ပါးသီလကို ခိုင်ခိုင်မြဲမြဲဆောက်တည်၏။ သတ္တဝါများ အသက်ချမ်းသာရစေရန် (အဓိကရွာသားများကိုရည်စူးလျက်) သက်သတ်လွတ်စား၏။

အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့တွင် မှီတင်းနေထိုင်ကြကုန်သော သတ္တဝါများကို ဖိဖိစီးစီး မေတ္တာပို့ပေးနေပါ၏။ ဦးဗျဂ္ဃကိုယှဉ်ပြိုင်မည့် ဦးနန္ဒသည် မည်သည့်အောက်လမ်းပညာမှ မတတ်သော အရိုးခံသက်သက်သာ ဖြစ်ပါချေ၏။ အချိန်ရသည့် (၅) ရက်လုံးလုံး ဦးဗျဂ္ဃကို နိုင်နိုင်မည့် နည်းလမ်းကိုသာ တွေးတောနေပါသည်။ ဦးနန္ဒတစ်ယောက်ခမျာ တွေးမည့်သာတွေးနေရသည် သတ္တဝါတွေကို မေတ္တာပို့၊ ဘုရားစာရွတ်နေရုံမှတစ်ပါး အခြားမရှိချေ။

ဦးဗျဂ္ဃ ရွေးချယ်သောနေရာမှာ စစ်ပင်ရှိသောကြောင့် စစ်ကျွန်းဟုခေါ်တွင်၏။ ထိုနေရာကို ဦးဗျဂ္ဃစခန်းဟုလည်း ကျော်ကြားလေ၏။ စစ်ပင်နှင့် ကိုင်းတောတွင် ပရလောကသားအပေါင်း ကျက်စားပျော်မြူးကြသည်ဟု လူအများက ယုံကြည်နေ၏။ အချို့က စစ်ပင်ကြီးပေါ်မှ မည်းမည်းအကောင်ကြီးဆင်းလာတတ်ကြောင်း၊ လင်းတငှက်ကြီးများ အုပ်လိုက်ပျံဝဲတတ်ကြောင်းတို့ လူပြောသူပြောများလေ၏။

ဦးဗျဂ္ဃကြီးရွေးချယ်သောအရပ်နယ်မြေကား အ,မင်္ဂလာအရပ်ပင်ဖြစ်တော့၏။



ဦးနန္ဒရွေးချယ်သော မြိုင်သေလာတောနက်ကြီးကား သစ်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် စိမ်းစိုနေပါ၏။ စိမ့်စမ်းလျှိုမြောင်တို့ဖြင့် အေးချမ်းလေ၏။ သမင်၊ ဒရယ်၊ ချေ၊ ယုန်၊ ဗွက်ကလုံ၊ ခေါက်ရှာ၊ ချိုးလင်းပြာ စသည့်သတ္တဝါလေးများ ပျော်ရွှင်စွာနေထိုင်ကျက်စားကြကုန်၏။ အေးချမ်းသော ကျက်သရေရှိသောအရပ်ဖြစ်၏။ ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော တောရိပ်မြိုင်ဖြစ်လေ၏။

ယနေ့သည်ကား တပို့တွဲလကွယ်နေ့၊ နွားရိုင်းသွင်းချိန်။

ဦးဗျဂ္ဃနှင့် ဦးနန္ဒတို့ချိန်းဆိုထားသောနေ့ (သို့) ရွာသားများစိတ်ဝင်စားသောနေ့သို့ ရောက်ရှိလာပြီဖြစ်၏။ မွန်းလွဲပိုင်းအချိန်ကပင် ဦးနန္ဒကိုခင်မင်သောရွာသားအချို့ ပြိုင်ပွဲကို တိတ်တခိုးချောင်းမြောင်းကြည့်ရှုရန် မြိုင်သေလာတောအနီး လုံခြုံသော ချုံပုတ်ကြီးများ၌ လျှို့ဝှက်စွာနေရာယူထားကြလေ၏။

သူတို့သည် ဦးဗျဂ္ဃကြီးကို ပြောင်ပြောင်တင်းတင်းမကြည့်ရဲကြပါ။ ဦးဗျဂ္ဃကြီးပြုစားခံရမည်ကို ကြောက်ကြလေကုန်၏။

ရွာသားတို့၏ စိတ်အတွေးမျှင်ထဲဝယ် ဦးနန္ဒသည် ဦးဗျဂ္ဃကြီးကို နိုင်ပါမည်လော။

သူတို့မှာ စိတ်ထိတ်လန့်စိုးရွံ့စွာ ဦးနန္ဒကို သနားစိတ်ဝင်နေမိကြပါသည်။ ရွာသားတို့သည် ချုံထဲမှစောင့်မျှော်ရင်းရင်ခုန်စိတ်လှုပ်ရှားနေကြပါ၏။

သူရိန်နေမင်းကြီးသည် အနောက်ဂေါ်ရာကျွန်းယွန်းလေပြီ။ နယ်ခြားစည်းရေနုတ်မြောင်း၏တစ်ဖက်တစ်ချက်တို့တွင် ဦးဗျဂ္ဃနှင့် ဦးနန္ဒတို့ရင်ဆိုင်ရပ်လိုက်ကြပါ၏။ ဦးဗျဂ္ဃကြီးသည် လွယ်အိတ်အနက်ကြီးတစ်လုံးလွယ်ထား၏။ ဦးနန္ဒလက်ထဲတွင် မည်သည့်အရာမျှမရှိချေ။ လူချည်းသက်သက်ရပ်နေခြင်းဖြစ်တော့သည်။ ရုပ်ကြမ်းကြီးကို ရွံ့စောင်းထားသူနှင့် ပကတိတည်ကြည်ခံ့ညားသောရုပ်ရည်ရှိသူတို့ မျက်နှာချင်းဆိုင်ထိပ်တိုက်ရင်ဆိုင်မိကြပြီ။

ဦးဗျဂ္ဃကြီး၏နှုတ်မှ 'ဥ...ဥ...'ဟု အသံကွဲရှကြီး မြည်ဟည်းလျက်ရှိနေပါ၏။

ဦးနန္ဒသည် နှုတ်ခမ်းလှုပ်ရုံ နှုတ်တက်ရွရွရွတ်လျက်ရှိသည်။ ဦးနန္ဒကို ခင်မင်သော ချုံထဲမှရွာသားတို့သည်



www.burmeseclassic.com

www.burmeseclassic.com

သမန်နေ့က ဦးနန္ဒမှာကြားထားသော စကားသံ၊ သူတို့၏နားထဲဝယ် ဤသို့ တစ်ဖန်ကြားယောင်လာပြန်သည်။

'မစံနိုင်လို့သာ ပြိုင်မယ်လို့ ကတိ ပေးလိုက်ရတယ်။ တကယ်လို့များ ငါ သာသေသွားခဲ့ရင် ငါ့အလောင်းကို လာ ကောက်ပေးကြပါကွာ။ ငါနိုင်သွားရင် တော့ ပါ့ဘက်က ငြာသံပေးပြီးလိုက်ကြ ဖို့ မမေ့ကြပါနဲ့'

ချုံထဲမှရွာသားများ ဦးနန္ဒ၏ အမှာ စကားကို ပြန်လည်ကြားယောင်ရင်း စိတ်မကောင်းနိုင်ကြတော့ပါ။

ပြိုင်ပွဲတွင် အသုံးတည့်နိုင်မည့် သိုအစ်သည်တို့ကို ဦးနန္ဒကြိုတင်ပြင်ဆင် ထားရှိခဲ့ပါ၏။ ထို့ပြင် မိတ်ရင်းဖြစ်သော ဘဝတူ ကိုသိန်းမောင်နှင့် အတွင်းရေး စီစဉ်ထားရှိမှုက အသုံးတည့်ပါမည် လော။

❑

ဦးဗျတ္တကြီးက -

"ကိုင်း- အချိန်စေ့ပြီပော့၊ ငါ့ပညာ က (၁၂) ကြိုးပဲ။ ငါကထုံတက်ထားတာ ကွ။ မင်း ငါ့ကိုမကြောက်ဘူးလား နန္ဒ"

ဦးနန္ဒသည် မခံချင်စိတ်ဖြင့် ဦးဗျတ္တကြီး၏ဒေါသကို နှိုးဆွလိုက်၏။

"မင်းဟာမင်း ထုံရုံမကလို့ မိုးပေါ် ထောင်တက်တက် ငါကဂရုမစိုက်ဘူး"

"ကိုင်း. . . ကိုင်း - မင်းရဲ့ပညာ စွမ်းပြပေရော့ကွာ"

ဦးဗျတ္တကြီးက ဦးနန္ဒပညာစွမ်းပြ ရန် ပြောလိုက်ပါ၏။

ထိုအခါ ဦးနန္ဒသည် -

'ငါလည်းပညာပြစရာမရှိ၊ သူ့ရဲ့ ပညာကိုသာ စောင့်ကြည့်ရန်ရှိတော့ တယ်။ ဟန့်ကိုယ့်ဖို့ပဲလေ'

ဟု သဘောပိုက်ကာ -

"ငါက မင်းကို ဦးစားပေးလိုက် မယ်။ မင်းသာပညာအရင်ပြ"

ဦးနန္ဒက ဓောင်းဆိုလိုက်တော့ ၏။ ဦးဗျတ္တကြီး အချိန်မဆိုင်းတော့ပါ။ အဆောတလျင် မန်းမှုတ်လိုက်ပါ၏။ သူ ၏ လက်ယာလက်က လေထဲမှာဝှေ့ ယမ်းနေပါ၏။ နွားရိုင်းသွင်းချိန်မှာ ဘယ်ကနေ ရောက်လာမှန်းမသိသော အကောင်မည်းမည်းကြီးများ အုပ်စု လိုက်ပျံသန်းလာပြီး စစ်ပင်ကြီးပေါ် သို့ ပျံလာကြကာ ခိုနားကြလေ၏။

ဦးနန္ဒ တွေ့လိုက်ရသည်မှာ ငှင်းတငှက်ကြီးများ ဖြစ်ကြလေကုန်၏။

ဦးနန္ဒ၏စိတ်ထဲတွင် မည်ကဲ့သို့မျှ မရှိ တည်ငြိမ်နေပါ၏။ ဦးနန္ဒတွေးလိုက် မိသည်မှာ ဒါဟာ အိပ်တန်းတက်ချိန်ပဲ။ ငှက်တွေအိပ်တန်းလာတတ်တာနေမှာ ပေါ့ဟုတွေးသည်။ ထို့နောက် ဦးဗျတ္တ ကြီး သူ၏လွယ်အိတ်ကြီးထဲသို့ နှိုက် လိုက်၏။ သျှားဖြူသီးလုံးခန့်ရှိ ဆေးလုံး များပါလာသည်။ ပါလာသောဆေးလုံး များကို ကောင်းကင်သို့ ပစ်လွှတ်လိုက် သည်။ ကောင်းကင်ယံတွင် မျက်လုံး ပေါင်းရာပေါင်းများစွာ ဝဲပျံနေကြသည်။

မျက်လုံးများသည် ဦးနန္ဒထံ ဝိုင်း ဝန်းကာ လျှင်မြန်စွာ ရှုတ်ခြည်းနီးကပ် လာ၏။ ချက်ချင်းပြန်လည်ဝေးသွားပြန် သည်။ မျက်လုံးများက ဦးနန္ဒကို စုပြုံ ခြောက်လှန့်ကြကုန်၏။ ထိုအဖြစ် အပျက်သည် မကြာလိုက်ပါ။ အချိန် အနည်းငယ်အတွင်း မျက်လုံးများ လေ ထဲမှာပင် ကြက်ပျောက်ငှက်ပျောက် အလျှဉ်းပျောက်ကုန်ကြ၏။

ဦးနန္ဒ ဣန္ဒြေရရရပ်လျက်တည် ရှိ၏။

ဦးဗျတ္တကြီး ဒေါသအဟုန်ထိုး တက်လာကာ လွယ်အိတ်ထဲမှ မြေအိုး တစ်လုံးဆွဲထုတ်၏။ မြေအိုးထဲမှ အညို ရောင်ဆေးမှုန့်များကိုနှိုက်ကာ ဦးနန္ဒထံ သို့ ဆေးမှုန့်များ ပစ်ပေါက်လိုက်တော့ ၏။ အညိုရောင်ဆေးမှုန့်များ လေထဲမှာ ပြန့်ကြကာ-

"ဝီ. . . ဝီ. . . ဝီ. . . ဝီ. . . "

ဦးဗျတ္တကြီး၏ ဆေးမှုန့်တစ်ဖြစ်လဲ ပိတုန်းကောင်များသည် ဦးနန္ဒကိုတုတ် ရန် ဝိုင်းအုံလာကြကုန်၏။ ကောင်းကင် တစ်ခုလုံး မရေမတွက်နိုင်သော ပိတုန်း ကောင်တို့၏ အော်မြည်သံများဖြင့်စီည် လျက်ရှိ၏။ ဦးနန္ဒသည် တည်ငြိမ်စွာ မတ်တတ်ရပ်နေရင်း မျက်စိစုံမှိတ်ကာ နှုတ်ခမ်းလှုပ်လှုပ်ရွတ်နေလိုက်သည်မှာ ကျောက်ရုပ်အလား ပကတိငြိမ်သက်နေ ပါ၏။ ပိတုန်းကောင်များ အော်မြည်ဆဲ။

ဦးနန္ဒကိုစိုးရိမ်နေကြသူများ ချုံထဲ မှ မလှုပ်မယှက်မျက်တောင်မခတ်ကြည့် နေကြ၏။ ရွာသားများကလည်း ဦးနန္ဒ ကို မကယ်နိုင်ကြပါ။ ကူညီမှုပင်မပေး နိုင်ကြချေ။ တောင်မင်း မြောက်မင်း မကယ်နိုင်ဖြစ်ကာ လက်မှိုင်ချရရှာ၏။

ပိတုန်းကောင်များသည် ဦးနန္ဒ၏ အနီးသို့သာ ရောက်ရောက်လာပါ၏။ ဦးနန္ဒကို တုပ်ရန်ဝေးစွ၊ လေထဲ၌သာ ခြောက်လှန့်ရုံ ရင်ကွဲမတတ်အော်နေကြ ရရှာသည်။ ပိတုန်းကောင်တို့သည် သူတို့ ၏ အော်မြည်သံများ၊ ပြင်းထန်စူးရှမှု ကြောင့် ပိတုန်းအချို့ ရင်ကွဲကာ မြေကြီး ပေါ်သို့ တဖုတ်ဖုတ်ပြုတ်ကျလေကုန် သတည်း။ အချိန်ကြာလာသော် ပိတုန်း အော်မြည်သံများ လုံးဝတိတ်ဆိတ်သွား ၏။ ကျန်ပိတုန်းကောင်အားလုံး ရုတ် တရက် ကိုင်းတောကြီးဆီသို့ဦးတည်ကာ တစ်ကောင်မကျန် အုပ်စုလိုက် ပျံသန်း ပျောက်ကွယ်ကြလေ၏။

ထိုအဖြစ်အပျက်ကြောင့် ဦးဗျတ္တ ကြီး မှင်တက်မိနေ၏။ မတုန်မလှုပ်တွေ ဝေနေပါသည်။ ထိုအချိန်သည် တစ်နေ့ တာကုန်ဆုံးတော့မည့် အမှောင်ဘက်သို့ အားပြုနေပြီဖြစ်၏။ လူလုံးမသဲမကွဲသာ မြင်ကြရတော့သည်။ ထိုအချိန်ကား ဦးနန္ဒပညာစွမ်းပြရတော့မည့် အချိန် ကောင်းဖြစ်လေသတည်း။

❑

ဦးဗျတ္တကြီး၏ ပညာစွမ်းပြခန်း စာရှုသူတို့ မြင်တွေ့ခဲ့ကြရပြီ၊

ဦးဗျတ္တကြီးသည် ဦးနန္ဒကို မကျေမချမ်းသောအကြည့်ဖြင့် ကြည့် ကာ-

"ကဲ - မင်းအလှည့်"

ဟု ရှုတည်တည်ကြည့်ပြောလေ ၏။

ဦးနန္ဒ တစ်ချက်ပြုံးလိုက်ပါ၏။ ထို အပြုံးသည် အောင်နိုင်သူတို့အပြုံးဟု ဆိုရလေမလော။ ဦးနန္ဒ မျက်နှာထား တည်တည်ဖြင့် ဦးဗျတ္တကြီးကို တစ်ချက် စိုက်ကြည့်လိုက်၏။ ဦးဗျတ္တကြီးအနည်း ငယ်တွန့်ခနဲဖြစ်သွား၏။ ဦးဗျတ္တကြီး ကြောက်ရွံ့စိတ်ပေါ်သွားကြောင်း ဦးနန္ဒ ရိပ်မိလိုက်သည်။ အားနည်းသွားသူကို ဖိအားပေးလိုက်ပုံမှာ -

ဦးနန္ဒသည် လက်ယာလက်ကို မြှောက်လိုက်၏။ ပြီးနောက် ဦးဗျတ္တကြီး ဘက်သို့ သူ၏လက်ကို တန်းတန်းမတ် မတ် ဆန့်ထုတ်လိုက်သည်။ မြေပြင်ကို ခြေတစ်ဖက်ဆောင့်လိုက်ရင်း-

"ဟဲ့ - ငဖြူနဲ့ ငညိုတို့ ဘာလုပ် နေသလဲထွက်ခဲ့။ လူယုတ်မာကို ချေမှုန်း ကြလော့၊ တိုက်ခိုက်ကြလော့"

ဟု အမိန့်သံပြင်းပြင်းပေးလိုက် လေတော့၏။

ဆရာ့အမိန့်ဩဇာသံဆုံးသည်နှင့် တစ်ပြိုင်နက် မြိုင်သေလာတောကြီး သက်ဝင်လှုပ်ရှားလာ၏။

"ဝုန်း"

"ဖြော. . . ဝေါ. . . ဝေါ. . . "

တောတိုးသံကြီးများ တဖြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြောင်းဖြင့် ကြောက်မက်ဖွယ်မြည်ဟည်းသံများ ကြားလာရ၏။ တောတိုးသံ မြည်ဟိန်းသံကြီးနှင့်အတူ မှောင်ရီပျိုးစထဲဝယ် တင်းပုတ်ကြီးထမ်းကာ ပြေးလာနေသော ဘီလူးမည်းမည်းကြီးတစ်ကောင်နှင့် ဘီလူးဖြူဖြူကြီးတစ်ကောင်တို့ ဦးဗျူဟကြီးထံ ဒရောသောပါးပြေးထွက်လာကြကုန်၏။ ဘီလူးအကောင်ကြီးများမှာ ထွားကျိုင်းလေရကား ဦးဗျူဟကြီး တုန်လှုပ်မိရှာ၏။ သူ့ဆေးလွယ်အိတ်သူ မသယ်နိုင်တော့ပါ။ ဆေးလွယ်အိတ်ကြီး ဖြုတ်ချထားခဲ့သည်။

ဦးဗျူဟကြီးသည် ကိုင်းတောဆီသို့ သုတ်ခြေတင်ပြေးတော့၏။ သူ့နောက်မှ ထက်ကြပ်မကွာ ကြောက်စရာဘီလူးနှစ်ကောင်ပြေးလိုက်သွားပါသည်။

ထိုအခါ ဦးနန္ဒသည် -

"လိုက်ကြ၊ လိုက်ကြ"

"ဝိုင်းကြဟေ့၊ လိုက်ကြဟေ့"

ချုံထဲမှ ကိုသိန်းမောင်နှင့်အဖွဲ့သားများက ဦးနန္ဒအချက်ပေးလိုက်သည်နှင့် ဩသံပေးအော်ဟစ်သံများ မြိုင်သေလာတစ်ကြော ဆူညံသွားသည်အထိ ဝိုင်းလိုက်ကြ၏။ ဦးဗျူဟကြီးနှင့် ဘီလူးကြီးနှစ်ကောင် ကိုင်းတောအတွင်း ပျောက်ကွယ်သွားသည်။ ထိုအခါမှ လူအုပ်ကြီးသည် ပြန်လှည့်လာကြကာ ဦးနန္ဒကို စိုးရိမ်တကြီး တစ်ယောက်တစ်ပေါက် မေးမြန်းကြကုန်၏။

"ဦးနန္ဒဘာဖြစ်သွားသေးလဲ"

"ဦးနန္ဒ အဆင်ပြေရဲ့လား"

"ငါဘာမှမဖြစ်ဘူး၊ ငါက မင်းတို့ကို စိတ်ပူနေတာ"

"ကျွန်တော်တို့လည်း ထိခိုက်မှု မရှိကြပါဘူး။ ဦးနန္ဒက ပညာမတတ်ဘူးသာပြောတယ်၊ မန်းမှုတ်နေလိုက်တာများ ဘာတွေရွတ်နေတာလဲဗျ"

"အစွမ်းထက်တဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီးပေါ့ကွာ။ ငါ့အဘိုးက ငါ (၆) နှစ်သားအရွယ်က သင်ပေးထားတာလေ။ အဘိုးကပြောတယ်။ လူလေးတဲ့ အခု အဘိုးသင်ပေးလိုက်တဲ့ဂါထာကို နေ့စဉ် အချိန်ရသလောက်ရွတ်ပေးပါ။ တစ်နေ့မပျက်ပါစေနဲ့။ရွတ်နိုင်သလောက် အကျိုးပေးလိမ့်မယ်။ ဂါထာတော်ကြီးကို ငယ်ငယ်ကတည်းက နေ့စဉ်ရွတ်လာတာ ကနေ့ထက်တိုင်ပါပဲ။ အခုအရေးကြုံလို့ သုံးလိုက်တာအကျိုးထူးရခဲ့ပြီ။ မင်းတို့ အမြင်ပဲ။ ငါ့ကို ပိတုန်းတွေမတုပ်နိုင်တာ ကြည့်ပါလား။ ရန်သူကြီးကိုလည်း အောင်နိုင်ခဲ့ရပြီ"



"ဩော် - ဒါကြောင့်ကိုး"

"ဟာ - ဟိုမှာ. . . ဟိုမှာ ဘီလူးကြီးနှစ်ကောင် ငါတို့ဆီလာနေကြပြီ။ ပြေးကြဟေ့၊ ပြေးကြ"

"ဟေ့ဟေ့ - မပြေးကြပါနဲ့ကွာ။ အဲဒါ မင်းတို့သူငယ်ချင်း ကျွဲပေါက်နဲ့ တုတ်ကြီးတို့ပါကွာ"

"ဟင်- ဟုတ်လား၊ ဒါကြောင့် ရွာထဲမှာ သင်းတို့နှစ်ကောင်ပျောက်နေတာကလား"

ဘီလူးကြီးနှစ်ကောင်တို့မှာ ဦးနန္ဒနှင့်ကိုသိန်းမောင်တို့ စီစဉ်ဖန်ဆင်းထားသော 'လူသားစင်စစ်ဘီလူးကြီးများ' သာတည်း။ ကျွဲပေါက်နှင့် တုတ်ကြီးတို့ကို ခေါင်းတုံးပြောင်အောင် ရိတ်ပေး၏။ သူကြီးအိမ်မှ မိုးဖြဲဒယ်ကြီးကို ငှားလိုက်ပါ၏။ ကျွဲပေါက်တစ်ကိုယ်လုံး မိုးဖြဲဒယ်ဖင်မှ အိုးမဲများသုတ်လိမ်းပေးသည်။ ထိုအခါ ကျွဲပေါက်သည် ဘီလူးမည်းမည်းဖြစ်သွားရလေ၏။ တုတ်ကြီးကိုမူ ရွာလယ်က ဒေါ်ပေါက်စထံမှ ထုံးတစ်ပုံးဝယ်ယူကာ ထုံးရည်ဖျော်၍ ဘီလူးအဖြူကောင်အဖြစ် ဖန်တီးပေးလိုက်ကြ၏။

ကိုင်းတောမှအပြန် ဘီလူးမည်းနှင့် ဘီလူးဖြူတို့သည် မောပန်းလွန်းရကား သူတို့သည် ခြေဒရွတ်ဆွဲလျှောက်လှမ်းနေကြရ၏။ လျှာထွက်လျက် ပင့်သက်ရှူလာရ၏။ မောဟိုက်နွမ်းနယ်လာကြကာ ထမ်းလာသော သူတို့၏ တင်းပုတ်ကြီးများ ရွှဲစောင်းနေကြလေ၏။

ဘီလူးနှစ်ကောင်သည် ဦးနန္ဒကို-

"ဦးနန္ဒနဲ့တွေ့မှ ကျုပ်တို့ သျှောင်တွေဆုံးပါပြီဗျာ"

"ဝါး. . . ဟား. . . ဟား. . . ဟား. . ."

ယခုမှပင် ကိုသိန်းမောင်နှင့် အဖွဲ့သားများ ရယ်နိုင်ကြတော့သည်။

မှန်ပါသည်။ မြန်မာတို့သည် သျှောင်တစ်လုံးကို အဆုံးမခံလိုကြပါ။ သျှောင်ထုံးနှင့် မြန်မာသည် အလွန်တင့်တယ် ကျက်သရေရှိလှသည် မဟုတ်ပါလား။ ကျွဲပေါက်နှင့် တုတ်ကြီးတို့သည်လည်း သူတို့၏တင့်တယ်သောသျှောင်ကို အလွန်ပင်မြတ်နိုးတွယ်တာကြပါ၏။ သူတို့နှစ်ယောက်သည် ဦးနန္ဒအကူအညီတောင်းခံသောကြောင့် ကျုံတိုင်းကြီးကျေးရွာသူ ကျေးရွာသားအပေါင်းတို့၏ ဒုက္ခကို ကယ်တင်ကြရမည်ဖြစ်သောကြောင့်သာ သူတို့မြတ်နိုးသော သျှောင်ကို စွန့်ခဲ့ကြရှာသည်။

ဦးနန္ဒတို့သည် ဦးဗျူဟကြီး၏ ဆေးအိတ်အတွင်းရှိပစ္စည်းများကို စစ်ဆေးကြည့်ရှုကြ၏။ အိတ်ကြီးအတွင်း၌ ကဲဇရုပ်၊ ဘီလူးရုပ်နှင့် ဆေးမှုန့်အချို့ တွေ့ကြရ၏။ ဦးနန္ဒတို့သည် ဦးဗျူဟကြီး၏ပစ္စည်းများနှင့် ဆေးလွယ်အိတ်ကို ထိုနေရာ၌စုပုံကာ မီးရှို့ဖျက်ဆီးလိုက်ကြပါတော့သည်။ ထိုအချိန်မှစ၍ ကျုံတိုင်းကြီးရွာသည် ဦးဗျူဟပိုင်ဆိုင်သော ဆေးပစ္စည်းများ ပြာပုံဘဝသို့ ရောက်ရှိသွားပြီဖြစ်၍ အန္တရာယ်ကင်းရှင်းသွားလေပြီ။

ဦးနန္ဒ၏ပညာစွမ်းကို ကြောက်လန့်သွားပြီဖြစ်သော ဦးဗျူဟကြီးသည် ကျုံတိုင်းကြီးကျေးရွာသို့ လုံး၀ (လုံး၀) ခြေဦးမလှည့်ခဲ့တော့ပါ။ ဦးဗျူဟကြီးသည် ကျုံတိုင်းကြီးကျေးရွာမှ ပျောက်ကွယ်သွားတော့သည်။

ဦးနန္ဒ၏ ကျေးဇူးကြောင့် ကျုံတိုင်းရွာကြီးအေးချမ်းခဲ့ရပြီ ဖြစ်ပါသတည်း။

- ရတနာသုံးပါး၊ ဦးထိပ်ထားတည် မလွဲသည်မှန်၊ ဧကန်အောင်ပွဲ ရမြဲသာတည်၊ အေးချမ်းတည်။ ဘုရားဂုဏ်တော်၊ တရားအမော် သံဃာကျော်ဟိတ်၊ နိမိတ်ဆောင် သွားရာနေရာ၊ ကြံစည်ရာမှာ အောင်ရွှာ-အောင်လမ်း၊ အောင်ပန်းတည်း။

ယုံကြည်လေးမြတ်၊ ရွတ်ဖတ်ကြပါ

ဂါထာသမ္ဗုဒ္ဓေ၊ သုံးထွေရတနာ မကွာနေ့ည၊ ဆည်းကပ်ကြ။

ဘ၀တုသဗ္ဗမင်္ဂလံ

အောင်မြင့်ထွန်း (မသုံးထုံး)

(အမည်၊ နေရပ်များ လွဲပြောင်း တင်ဆက်ပါသည်။ ဆရာကြီးဦးမြင့်သ အား အထူးကျေးဇူးတင်လျက်)



www.burmeseclassic.com

အာရုံတို့ဖြင့်လင်းလက်ခြင်း

"ပြီးခဲ့တဲ့နှစ်ရက်က ရှေဦးကို ဝယ်ရောရှိလို့သွားရင်း ကိစ္စပြီးတော့ ငါနဲ့ တစ်ဆရာတည်း မင်္ဂလာရာမတိုက်ထွက် ဆရာဒေယျအိမ်ခဏနားဆဲ လူလတ်ပိုင်းတစ်စု ငါတို့ပညာရပ်အကြောင်း ပြောဆိုဝေဖန်နေကြတယ်ကွ"

"ဘာများပါလိမ့် နန္ဒ၊ မင်းကို သူတို့ကသိကြလို့လား"

"မသိဘူး၊ ရောက်တတ်ရာရာ ပြောရင်းစကားသင့်တာဖြစ်ပါလိမ့်မယ်။ သူတို့ပြောကြတာက မဟာဘုတ်ပေဒင်တိုင်းဟာ သင်္ကရာဇ်နဲ့ ပွေးနံတူရင် တစ်ပုံစံတည်းတဲ့။ ပုတိ၊ ဘင်္ဂ (၇) မျိုး အဖြင့်မရှိဘူးတဲ့လေ"

"အဲသည်တော့ မင်းမရှင်းခဲ့ဘူးလား"

"ဟ-ဖြစ်မလားကွ။ ရှင်းရအောင် သူတို့က ယောနိသောမနသိကာရရှိမယ့် သူတွေမှမဟုတ်ဘဲ။ ပညာရပ်အတိမ်အနက်ပြောလို့ ငါပဲမောမှာပေါ့"

သည်နေ့တော့ လိင်္ဂနာမသရုပ် အပိုင်းကြားရန် မရှိနိုင်တော့ပါ။ ဆရာကြီးဦးနန္ဒနှင့် ဆရာကြီးဦးဘဝင်းတို့ အတွေးလမ်းချိုးပေတော့မည်။ ကျွန်ုပ်ငယ်စဉ်က အနည်းအကျဉ်းသင်ခဲ့ဖူးသော အာရုံခွဲခြင်းဘက်သို့လှည့်ပေးရန် စိတ်ကူးကြောင့်-

"ဆရာကြီးဦးနန္ဒ၊ သည်နေ့ 'အာရုံခွဲခြင်းမဟာဘုတ်' အကြောင်း ဆွေးနွေးပြပါလား။ ကျွန်တော်လည်း သိပေမယ့် သိပ်မရှင်းလို့ပါခင်ဗျာ"

"ဟားဟား - ငါကလည်း ဘဝင်းနဲ့ပြောမလို့ စဉ်းစားနေဆဲ မင်းကပါဝင်လာတယ်ဆိုတော့ မဟာဘုတ်ရဲ့ မူလအခြေခံစနစ်ကို ဖွင့်ရတော့မပေါ့"

"ဒီမဟာဘုတ်နှင့်မြန်မာ၊ မြန်မာနှင့် မဟာဘုတ် နိဒါန်းဖွင့်မယ်ဆိုရင်

## နေဝိဇ္ဇာ
(၈)
## နာမည်များနှင့်ငြင်းခုံခြင်း



www.burmeseclassic.com

မင်း တစ်ပတ်ခန့် မနားတမ်းပြောရနိုင်တယ် နန္ဒ။ မြုပ်ကွက်ကလေးကနေစရင် မကောင်းဘူးလား"

"အေး - မှန်တယ်။ မြုပ်ကွက်ဆိုရအောင်ကလည်း အာစရိယတ္တမုဋ္ဌိ (ဆရာစားချန်ဖုံးကွယ်ထားသောပညာ) ဖြစ်ရလောက်အောင် နက်နဲတဲ့အပိုင်းမဟုတ်ပါဘူး။ အခြေခံ တစ်တနင်္ဂနွေ၊ နှစ်-တနင်္လာလောက်ပင်မချက်၊ လွယ်လွန်းတဲ့အရာလေးမို့ ဆရာ့ဆရာတွေက တပည့်တိုင်းသိနိုင်တဲ့အတွက် ချန်ထားခဲ့ကြတာဖြစ်ပါလိမ့်မယ်။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗနဲ့ ဓမ္မာရုံရှေ့ငါးခုက အာရုံငါးပါးကာမဂုဏ်တရားလို့သိကြပြီးသော်လည်း အဲသည့်အာရုံတွေက အလွတ်စိတ်အတွေးစု၊ စိတ်ကူးယဉ်၊ ဆင်ခြင်စဉ်းစားမှုမှန်သမျှ အဓွတ္တစိတ်အာရုံပေါ့။ စုပေါင်းအာရုံခြောက်ပါးရှိတယ်။ အဆင်း၊ သက်ရှိ၊ သက်မဲ့ကိုပင် ကြိုက်တာချင်း လူတိုင်းမတူကြဘူး။ သည်အဆင်းမှစပြီး အများနှစ်သက်လက်ခံသော် ကောင်းတဲ့အဆင်းပဲပေါ့။ ကောင်းခြင်းက ဣဋ္ဌ၊ အာရမ္မဏက အာရုံ၊ ဣဋ္ဌာရုံ။ မကြိုက်တာများက အနိဋ္ဌာရုံ ဆိုပါစို့။ သာမန်ရုပ်ရည်သာရှိတဲ့သူတစ်ဦး။ အချောထဲလည်းမပါဘူး။ ရုပ်ဆိုးအကျည်းတန်စာရင်းပါမဝင်သူကိုတော့ လှလည်းမလှ၊ ဆိုးလည်းမဆိုးမို့ သာမန်အဆင်း။ ဒါကို နေဝဣဋ္ဌ၊ အနိဋ္ဌပါပဲ။

ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ နေဝဣဋ္ဌ၊ အနိဋ္ဌာရုံ သည်သုံးမျိုးကို ဦးစွာနားလည်ပါစေ။ နောက် လောကီဘက်ဗြိုဟ်တွေ နေမင်းအုပ်စုဗြိုဟ်ပေါ့။ ပါပ၊ အဆိုး၊ မကောင်း၊ အနိဋ္ဌ၊ လမင်းအုပ်စုဗြိုဟ် သောမ၊ အကောင်း၊ ဣဋ္ဌ သည်ဗြိုဟ်ရှစ်ခွင်က အလွတ်ကိတ်ဗြိုဟ်၊ သူက နေ၊ လမှဆင့်ပွားတော့ နေဝဣဋ္ဌ၊ အနိဋ္ဌပဲ"

□ **အာရုံသုံးမျိုးနှင့်ချဉ်းကပ်ခြင်း**

"အသေးစိတ်ပြောစရာမလိုဘူး ထင်လို့ မဟာဘုတ်အခြေခံပိုင်းတွေဖယ်ခဲ့တော့မယ်။

၁။ သက္ကရာဇ်နှစ် ဒါကစမယ်။ သက္ကရာဇ်တိုင်းတစ်သဘောတည်းမရှိပါဘူး။ နှစ်ကို (၁၂) လစီနှင့် ယူကြတယ်။ (၁၂) လရှိသောနှစ်တွေကို ဣဋ္ဌနှစ် ကဆုန်လ သင်္ကြန်ကျတဲ့ ဒိဋ္ဌသဲနှစ်ရော၊ ဝါထပ်၍ (၁၃) လရှိသောနှစ်ကို အနိဋ္ဌနှစ်လို့ ပထမစခွဲ၊ နေဝနှစ် (နေဝဣဋ္ဌ၊ အနိဋ္ဌနှစ်) တော့မရှိဘူး။

၂။ တစ်နှစ် (၁၂) လနော်။ သည်ဇယားကိုကြည့်စမ်း ဝင်းနေ။


**လများ၏အာရုံသုံးမျိုး**

| | | |
|---|---|---|
| အနိဋ္ဌ (တနင်္ဂနွေ)<br>တန်ခူးလ၊<br>နတ်တော်လ၊<br>(၁) | ဣဋ္ဌ (တနင်္လာ)<br>ကဆုန်လ၊<br>ပြာသိုလ၊<br>(၂) | အနိဋ္ဌ (အင်္ဂါ)<br>နယုန်လ၊<br>တပို့တွဲလ၊<br>(၃) |
| ဣဋ္ဌ (သောကြာ)<br>တန်ဆောင်မုန်းလ၊<br>(၆) | နေဝဣဋ္ဌ၊ အနိဋ္ဌ (ကိတ်)<br>ပထမဝါဆိုလ၊<br>ဒုတိယဝါဆိုလ၊<br>(၉) | ဣဋ္ဌ (ဗုဒ္ဓဟူး)<br>ဝါဆိုလ၊<br>တပေါင်းလ<br>(၄) |
| အနိဋ္ဌ (ရာဟု)<br>သီတင်းကျွတ်လ၊<br>(၈) | ဣဋ္ဌ (ကြာသပတေး)<br>တော်သလင်းလ၊<br>(၅) | အနိဋ္ဌ (စနေ)<br>ဝါခေါင်လ၊<br>(၇) |


ဝါထပ်သော အနိဋ္ဌနှစ်ရဲ့ ပထမ၊ ဒုတိယဝါဆို နှစ်လစလုံးကို နေဝလို့ အတိုမှတ်ယူထားပါ။ အထူးသိထားဖို့က တန်ခူးလ၊ တနင်္ဂနွေ၊ ကဆုန်လ၊ တနင်္လာ စတဲ့ ဗြိုဟ်အလိုက် သတ်မှတ်ဖို့မဟုတ်ဘူး။ လတွေရဲ့ ဣဋ္ဌ(ဣဋ္ဌ) အနိဋ္ဌ(အနိဋ္ဌ) သိသာအောင်ခွဲပြတာ။ ပြီးတော့ အနိဋ္ဌလတွေဟာ အင်္ဂါမစုံရက်မစုံဘဲ လဆုတ် (၁၄) ရက်နှင့် ကွယ်လို့ဖြစ်တယ်။ ရက် (၃၀) ပြည့်နှင့် အဆုံးသတ်တဲ့လတိုင်းဟာ သောမ (သို့) ကောင်းမြတ်တဲ့ဣဋ္ဌလ။ အနိဋ္ဌနှစ်ရဲ့ ဝါဆိုနှစ်လစလုံးကဖြင့် အကောင်း၊ အဆိုး ဒွန်တွဲနေ၍ နေဝလ၊ တန်ခူး၊ နတ်တော် မွေးဖွားသူတိုင်း အနိဋ္ဌလရှင်တွေသာဖြစ်တယ်။ နောက် ဝါထပ်နှစ်ဖြစ်နေပြန်က အနိဋ္ဌလို့ သင်္ကေတနှင့်မှတ်၊ အနိဋ္ဌနှစ်ခုရှိပြီမဟုတ်လား"

"ဆန်းစ ၁ မှ ၅ ရက်သည် တ… ဖက်ရှိ အတိအနိဋ္ဌအားရှိခြေ၊ လ… ကောင်းအားနည်းခြေနှုန်းကြောင့် အ… က အကောင်းဖြစ်စရက်မို့ နေဝရ… အုပ်စု ၆၊ ၁၀ ထိ ဆန်းလက တရိ… ကောင်းအားတက်ဆဲမို့ ဣဋ္ဌရက်၊ … တစ်လစွင် အင်အားအတောက်ပ… ရက်က ၁၁ မှ ၁၅ အထိနော်။ အ… ဣဋ္ဌရုံ။ အတိ - လွန်ကဲသော ဆိုသ… နာမဝိသေသနနှင့် တွဲယူပြီးခဲ့တာ… အနိဋ္ဌလည်း သည်အတိုင်း ဆက်ခွဲ… မဟာဘုတ် အဖွား (၇) မျိုးရှိ ကံဇာ… အဆိုး၊ အကောင်း၊ စရိုက်လက္ခ… ရှာယူဟောတဲ့အခါ သိပ်အရေးပါ… လိမ့်မယ်"

**ရက်များ၏အာရုံသုံးမျိုး**



**နာရီများ၏အာရုံသုံးမျိုး**



www.burmeseclassic.com

www.burmeseclassic.com

"မွေးသက္ကရာဇ်တစ်ခုကို အတိအကျသိရပြီဆို သည်အခြေခံ (၄) ရပ်ဖြစ်မနေ သိကိုသိရလိမ့်မယ်။ ဒါက အဖွားခွင်ရှိ ပုတိ၊ ဘင်၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ မူလစရိုက်တို့အတွက် ချိန်ညှိရာ မှတ်ကျောက် (သို့) သာမိုမီတာတိုင်လို့မှတ်ပါ။ တချို့က နာရီကို အလေးမထားချင်ကြဘူး။ လင်္ဂမပါဘဲ ဇာတာခွင်ချမရဘူး။ တချို့ဆရာကြီးတွေရဲ့ လက်ဆန်းမဟာဘုတ်ခွင်သည် အာရုံသုံးပါးခွဲကောက်ရာတွင် မွေးဖွားချိန် အင်္ဂဝိဇ္ဇာတိုင်နှင့် ယူကြတာလည်း တွေ့ဖူးပါတယ်။ အဲသည့်နည်းမှာ သက္ကရာဇ်တော့ အပြည့်အစုံမခွဲတော့ဘဲ (၇) နှင့်စား၊ အကြွင်း ပုတိ၊ ဘင်စတာရယ်။ ခု မွေးချိန်တိုင်ရယ် နှစ်ခုတိုညှိပြီး ဟောတာပေါ့။

ကဲ - မဟာဘုတ်ခွင်ဘက်သွားကြစို့ရဲ့။ အကြွင်းအလိုက် အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ လက်ာကိုချပြီး မွေးနံခွင်ကျရာသည် ဂြိုဟ်ရုံအားများသူ အဖွားဖြစ်၊ မဖြစ် ကြည့်ကြရမယ်"

(၃) ကြွင်းဂြိုဟ်ခွင်ရှိ ဆိုင်ရာအလိုက် အနိဋ္ဌဆိုးအားကျရောက်နိုင်။ မကောင်းတဲ့ဘက်ပါနိုင်မှုယူရလိမ့်မယ်။

"ကဲ - (၃) ကြွင်း ရာဇဖွားမို့ အကောင်းဘက် အမွှန်းတင်ဟောရမလား။ ရာဇ - ထက်မြက်မယ်လို့ဆိုရမလား။ နောက် ခေတ်သစ်ဆရာတစ်ဆူဖြစ်တဲ့ ဦးကြာမြင့် (မြန်မာ့ရိုးရာမဟာဘုတ်ဗေဒင်ပညာရှင်) ရဲ့မူလို အိုးအိမ်အိမ်ထောင်အုပ်စုနှင့် မလည်ရှုပ်ထွေးပရိယာယ်များမှုပြောမလား။ ရာဇရှိ တနင်္ဂနွေကို အနိဋ္ဌအား ပံ့ပိုးထားသူဖြစ်ခြင်းကြောင့် ဦး-သာ (၁-၆) အတွင်း မိတ်ဆိုးဒါနိက အများဆုံးခံရမယ့် တနင်္ဂနွေပေါ့။ အနိဋ္ဌအားတွေက အိမ်ထောင်ရေး (သို့) ကာမဂုဏ်ဘက်တွေမှာ ထင်ရှားမှာ အမှန်ပဲ။ မကောင်းတဲ့ဘက်မှာ သိပ်ပရိယာယ်များလိမ့်မယ်။ ငွေရလျှင်ပြီးရောညဉ်ဖြင့် ဝိသမလောဘဇောတိုက်ပြီး မိစ္ဆာဇီဝဘက်တွေကိုလည်း သူက ရှောင်ပါတယ်လိုလိုနှင့် ဟန်ရေးပြရင်း မရှောင်တတ်ဘူး။

| | အဓိပတိ နေဝဂြိုဟ်-အနိဋ္ဌ | |
|---|---|---|
| အထွန်း ဂြိုဟ် | သိုက် ဂြိုဟ် | ရာဇ ဂြိုဟ် |
| မရဏ အနိဋ္ဌ | ဘင် အနိဋ္ဌ | ပုတိ အနိဋ္ဌ |

| | | |
|---|---|---|
| | ဝ | |
| ၂ | ၅ | (၁) ဂြိုဟ် |
| ၆ | ၃ | ၄ |

နမူနာ - ၁၃၄၇ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက်၊ ညနေ ၂း၄၅ မိနစ်၊ တနင်္ဂနွေသမီး။

သက္ကရာဇ် အာရုံသုံးမျိုးဖြင့် ခွဲခြင်း။ ၁၃၄၇ ခုနှစ် အနိဋ္ဌနှစ် တပို့တွဲလ အနိဋ္ဌလ။ လဆုတ် ၁၃ ရက် အတိအနိဋ္ဌရက်။ (၂း၄၅) နာရီ နေဝဂြိုဟ် အနိဋ္ဌ အချိန်တွင်ဖွားသော တနင်္ဂနွေသမီး ရာဇဂြိုဟ်ဖွား၊ ဂြိုဟ်ကို ပံ့ပိုးပေးမည့် အာရုံကတစ်ခုမှမရှိဘူး။ နေဝကလည်း အားများရာ အနိဋ္ဌာရုံဘက်ယိမ်းမယ်။ သည်စနစ်က သာဝိတ္တိဆန်းဗေဒင်လို ဂြိုဟ်အပေါင်း အနိဋ္ဌအနုတ်လို ကောက်ယူမခွဲနှင့်။ မူလရာဇဖွားကိုတော့ အနိဋ္ဌများတဲ့အတွက် အနိဋ္ဌအောက်အဆင့်သွင်းရမှာမဟုတ်။ ရာဇရဲ့ပင်ကိုစရိုက်ကို

အမျိုးသမီးဖြစ်လျှင်လည်း အနိဋ္ဌအားက ဆွဲမှာပဲ။ အလှနှင့် အရွယ်တက်စမှာပဲ အမှားကဝင်တတ်ရဲ့။ အိမ်ထောင်မကျခင်မှာပင် အချစ်တွေကများနေမယ်။ ကာမဂုဏ်အာရုံစက်ကွင်းကမလွတ်နိုင်သူတွေ၊ အလုပ်လည်းဟန်ပြနဲ့ အခြားနှစ်မျိုးခန့် ယှဉ်တွဲစီးပွားရှာကြမယ်။ ဆရာကြီးဦးကြာမြင့်ရဲ့ ဟောပြောကွက်နှင့် မူလဂြိုဟ်ပရိယာယ် အလိုက် ယူဆရင် မမှားနိုင်ပါဘူး။

၁။ ဂြိုဟ်အားသန် တနင်္ဂနွေဆိုလျှင် အိမ်ထောင်မရှုပ်၊ လည်သည် မလည်သည်၊ မရှုပ်ဘူး၊ ရှောင်နိုင်တယ်၊ အကောင်းဘက်ရာဇကိုယူပါ။

၂။ နေဝ အားသန် တနင်္ဂနွေဆိုလျှင်



လည်ပြီးရှုပ်မယ်။ သူက စွယ်စုံသောကြာမရဏဒါနိက မလွတ်ဘူး။ဘဝအတက်အကျမြန်တယ်။ အလုပ်လည်း ဟိုစပ်စပ်ဒီစပ်စပ်သမား။

၃။ ယခု အနိဋ္ဌအားသန်သူပေါ့။ သုံးဦးရဲ့စရိုက်ကတခြားစီ။ထက်မြက်ထင်ရှားကောင်းသတင်းသင်းမှာက -

(၁) ဂြိုဟ်သမားဖြစ်တယ်။ ဟောကွက်အကျယ်ပြောရမယ်ဆိုလျှင် ပိုရှုပ်သွားလိမ့်မယ်။ စဉ်းစားချင့်ချိန် အဖြေထုတ်သော် အလွယ်လေးပါး ရှိရင်းစွဲမှုကို အကောင်း၊ အဆိုး၊ တိတ်တခိုး ဆိုးအမြင်ပြ ကောင်း (နေဝ) ဒါကို မြင်အောင်ကြည့်တတ်က အာရုံသုံးပါးခွဲပုံသဘောပေါက်ပါပြီ။ ဥပဒေသအနေနှင့် -

က။ ဂြိုဟ်ဖွား အနိဋ္ဌအားသန်လျှင် အဆိုးဘက်သုံးသပ်။

ခ။ အနိဋ္ဌဖွား ဂြိုဟ်အားသန်လျှင် အကောင်းဘက်သုံးသပ်။

ဂ။ ဂြိုဟ်ဖွား ဂြိုဟ်ဘက်အားသန်လျှင် အကောင်းသုံးသပ်။

ဃ။ အနိဋ္ဌဖွား အနိဋ္ဌဘက်အားသန်လျှင် အဆိုးသုံးသပ်။

င။ နေဝဖွား ဂြိုဟ်ဘက်အားသန်လျှင် အကောင်းသုံးသပ်။

စ။ နေဝဖွား အနိဋ္ဌဘက်အားသန်လျှင် အဆိုးသုံးသပ်။

ဆ။ နေဝဖွား နေဝဘက်အားသန်လျှင် သာမန်သုံးသပ်။

ဇ။ ဂြိုဟ်ဖွား နေဝဘက်အားသန်လျှင် သာမန်သုံးသပ်။

ဈ။ အနိဋ္ဌဖွား နေဝဘက်အားသန်လျှင် သာမန်သုံးသပ်။

နေဝိ [illegible]



www.burmeseclassic.com

www.burmeseclassic.com



# ကိုဇော်ဝင်း (လှတော)

# သားပျောက်ကုန်း

ရေစီးအလွန်ကြမ်းသောနတ်မြစ်။

ဒေသက နတ်မြစ်ကို နတ်မူးဟု အသိများသည်။ နတ်မူး၏ အနောက်ဘက်က အရာတော်မြို့နယ်၊ အရှေ့ဘက်က ဝက်လက်မြို့နယ်တို့ကို နတ်မူးက စည်းခြားထားသည်။

နတ်မူး၏ အရှေ့ဘက် မလှမ်းမကမ်းမှာ ကုန်းလေးနှစ်ကုန်းရှိသည်။ အမြင့် (၁၀) တောင်ကျော်မည်ဖြစ်သော ကုန်းကလေးနှစ်ခု။

ကုန်းကလေးနှစ်ခု၏ အမည်က စိတ်ဝင်စားဖွယ်ကောင်းသည်။

တောင်ဘက်ကုန်းက နွားပျောက်ကုန်း၊ မြောက်ဘက်ကုန်းက သားပျောက်ကုန်း။

စည်သာရွာသည် နွားပျောက်ကုန်း၏ အရှေ့မြောက်တောင် မိုင်ဝက်ခန့်အကွာမှာ တည်ရှိပါ၏။ အိမ်ခြေ (၃၀၀)နီးပါးရှိသော ရွာကြီးတစ်ရွာဖြစ်သည်။

တောင်ဘက်ကုန်းနှင့် မြောက်ဘက်ကုန်းကြားမှာ မြေပြန့်တစ်ဧကနီးပါးခြားသည်။ အခြောက်ခင်းအဖြစ် သာစည်ရွာသား ဘိုးမြ လုပ်ကိုင်သည်။

နွားပျောက်ကုန်း၊ သားပျောက်ကုန်းဟု နာမည်မရှိသေးသောအချိန် ထိုကုန်းကလေးနှစ်ကုန်းကို ဘိုးမြပိုင်ခဲ့၏။

တောင်ဘက်ကုန်းကို စည်သာရွာ သူရွာသားများ ကျွဲနွားမကျောင်းတော့၊ မလွှတ်တော့။ အကယ်၍များ ကျောင်းမိလွှတ်မိခဲ့လျှင် မိမိမြင်ကွင်းအောက်မှာပင် ကျောင်းထားလွှတ်ထားသော ကျွဲ၊ နွားတချို့ ပျောက်သွားတတ်သည်။ ပျောက်သွားသော ကျွဲ၊ နွားများတို့ကို တစ်ရွာလုံးဖြန့်ရှာငြား မတွေ့တော့။ နွားပျောက်ကုန်းဟု အသိများလာကြသည်။

ရင်နင့်ကြေကွဲဖွယ် လူမှုရေး၊ ငြိမ်းတင်နှင့် ဘချစ်တင်တို့အဖြစ်ကို ယနေ့တိုင် စည်သာရွာကမမေ့ကြသေး။ သတိရနေကြဆဲ။ တမ်းတမ်းတတဖြစ်နေကြဆဲ။

တောင်ဘက်ကုန်းက ဘိုးမြကုန်း အမည်မရှိတော့။ နွားပျောက်ကုန်းဟု ဖြစ်လာခဲ့၏။

မြောက်ဘက်ကုန်းပေါ်မှာ သွပ်မိုးပျဉ်ထောင်ပျဉ်ခင်း နှစ်ထပ်ဘုန်းကြီးကျောင်းတစ်ကျောင်း၊ စေတီတစ်ဆူ၊



www.burmeseclassic.com

www.burmeseclassic.com



စေတီရှေ့မှာ နှစ်ခန်းပတ်လည် သွပ်မိုး တန်ဆောင်းရှိပါ၏။

စေတီက ထီးတော်စောင်းနေပြီ။ နှစ်ထပ်ဘုန်းကြီးကျောင်းကပြိုကျပျက်စီး ချုံနွယ်များအုပ်မိုးလျက်။ နှစ်ခန်းပတ်လည်တန်ဆောင်း၏ တစ်ဖက်အမိုးသွပ်ချပ်များက ဟာလာဟင်းလင်း။ ရဟန်းကျောင်းစောင့်မရှိ။ နေသူမဲ့။

စေတီနှင့်တန်ဆောင်းအကြားမှာ မိန်းကလေးတစ်ဦးက ကလေးငယ်ကို [illegible]ထိုင်လျက်ရှိသောရုပ်တုတစ်ခု [illegible]တွေ့ရသည်။

စေတီ၏ထီးတော်စောင်းနေပြား လေသင့်တိုင်း ခေါင်းလောင်းသံကလေး တချွင်ချွင်ကို စည်းသာရွာသားများ ကိုင်း



www.burmeseclassic.com

www.burmeseclassic.com

ထွန်၊ ယာထွန်ရင်း ကြားနေရသည်။

တောင်ဘက်ကုန်းက နွားပျောက်ကုန်း။

မြောက်ဘက်ကုန်းက သားပျောက်ကုန်း။

ကုန်းကလေးနှစ်ကုန်းအမည်များက စိတ်ဝင်စားဖွယ်ကောင်းသည်။ ပြီးနောက် ရင်နင့်ကြေကွဲဖွယ်အဖြစ်ကလေးများလည်းရှိနေကြပါ၏။

မြောက်ဘက်ကုန်း သားပျောက်ကုန်း၏အဖြစ်လေးက . . .

❑

မြောက်ဘက်ကုန်း၏ အထက်ကလေးငယ်တစ်ဦးကို ရင်ခွင်ပိုက်ထားသော မိန်းကလေးရုပ်တုနှင့် မလှမ်းမကမ်း ခြင်္သေ့ရုပ်တုကြီးနှစ်ခုရှိနေသည်။

သည်မျှကြီးမားသော ခြင်္သေ့ရုပ်ကြီးများကို မြန်မာပြည်တစ်နံတစ်လျားမြင်ဖူးတွေ့ဖူးခြင်းမရှိပါဟုဆို၏။

ခြင်္သေ့ကြီးနှစ်ကောင် တစ်ကောင်နှင့် တစ်ကောင်အကြား အတောင်နှစ်ဆယ်မျှအကွာရှိပြီး တောင်ဘက်ကိုလှည့်လျက်တည်ရှိသည်။

အင်္ဂတေများကွာကျနေသော်ငြားရုပ်များ ပီပီပြင်ပြင်ရှိနေဆဲ၊ မပျက်စီးသေး။ မိန်းကလေးရုပ်တုမျက်ဝန်းများက အနောက်ဘက်မှ ခြင်္သေ့ကိုစိုက်ပြီးကြည့်နေပုံမျိုးဖြစ်သည် တွေ့ရသည်။

ဘုရား၊ တန်ဆောင်းများပြင်ရန် ဘဒန်အိုးနှင့် လူလေးမောင်သစ္စာတို့ရောက်နေကြသည်။ ဆရာတော်လေးက ပါမလာသေး။

နတ်ပူးရေပြင်ကို နေဝန်းကြီးမေးတင်ချိန်ရောက်ရှိခဲ့ကြ၏။

စေတီရှေ့မှာ ငှက်ပျောပွဲ၊ အုန်းပွဲပွဲကြီး(၇)ပွဲပြင်သည်။ အမွှေးတိုင်များ၊ အလင်းတိုင်များ ထွန်းညှိပူဇော်သည်။

ဘဒန်အိုး ဘုရားကန်တော့သည်မှာ ကြာ၏။ နယ်ရှင်ပယ်ရှင်များကို မေတ္တာပို့၊ အမျှအတန်းပေးဝေသည်။ ခွင့်တောင်းနေပါ၏။

လူလေးေ မာင်သစ္စာက ကုန်းတော်ပေါ်ရှိ ချုံနွယ်များကို ရှင်းလင်းသည်။ သစ်ကိုင်းအကျိုးအပဲ့၊ အမှိုက်သရိုက်များ စုပုံသည်။

ဘဒန်အိုးက မောင်သစ္စာကိုဝင်ကူသည်။

ည(၉)နာရီကျော်ဝန်းကျင် ဘုရားကုန်းတော်ပေါ်မှ အမှိုက်များမီးရှို့လိုက်ပါသောကြောင့် မီးတောက်မီးလျှံကြီးက ထန်းနှစ်ရပ်ခန့်မျှ မြင့်တက်ခဲ့၏။

မီးအလင်းရောင်များ စည်သာရွာပေါ် ကျ၏။ စည်သာတစ်ရွာလုံးလန့်သည်။ မောင်းထုပြီး လူစုလျက် မြောက်ဘက်ကုန်းရှိရာ အပြေးလာကြသည်။

တုတ်၊ ဓားလက်နက်အစုံပါခဲ့ကြသည်။

ရပ်ရွာလူကြီးများ လူလတ်လူငယ်ယောကျ်ား၊ မိန်းမ အစုံပါ၏။

နှစ်ထပ်ကျောင်းဆောင်မီးခသည်ဟုထင်ကြောင်း ပြောကြပါ၏။ လူအုပ်နှင့်အတူ ဘိုးမြပါသည်။ ပြီးနောက်စိတ်နောက်နေသော ကျောက်ခဲဆိုသူပါ၏။

ကျောက်ခဲလက်မှာ ထင်းခုတ်ဓားမကြီးကြီးကိုင်ပြီးတက်လာသည်။

ကုန်းတော်ပေါ်မြင်ကွင်းကြောင့် စည်သာရွာသားများ တုံ့ခနဲရပ်လိုက်ကြသည်။ ဘာဆက်လုပ်ရမှန်းမသိ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေခဲ့ကြသည်။

အမှိုက်ပုံကြီးက အင်အားကောင်းစွာ တောက်လောင်နေဆဲ။ နေ့အလားမြင်တွေ့နေရသည်။

ဘုရားရှေ့ ငှက်ပျောပွဲ၊ အုန်းပွဲများနှင့် လက်တစ်ကမ်းအကွာ ဘဒန်အိုးနှင့်မောင်သစ္စာ တင်ပျဉ်ခွေထိုင်လျက်မျက်ဝန်းများပိတ်ပြီး ပုတီးစိပ်လျက်ရှိသည်။

အလင်းတိုင်မီးညွန့်များက ဘယ်၊ ညာယိမ်းခါနေသော်ငြား ငြိမ်းသွားခြင်းမရှိ။ အမွှေးတိုင်ရနံ့များက တစ်ပြင်လုံးမွှေးနေသည်။ မီးခိုးတန်းများက အပေါ်ကိုတောင်တက်လျက်ရှိသည်။

ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်လို့နေသည်။

ကျောက်ခဲက ဓားမကြီးဖြင့် ဘဒန်အိုးနှင့် မောင်သစ္စာရှိရာ ချဉ်းကပ်၏။



"ဟေ့ - မလုပ်နဲ့"

"ဟာ - လက်လွန်ကုန်တော့မှာပဲ ဆွဲကြပါဦးဟ"

အသံစုံဆူဆူညံညံခဲ့၏။

ဘဒန်အိုးနှင့် မောင်သစ္စာတို့ မျက်လုံးများဖွင့်မလာ။ ငြိမ်သက်စွာ ပုတီးမှန်မှန်စိပ်နေဆဲ။

ကျောက်ခဲက စည်သာရွာသူရွာသားများထင်သကဲ့သို့မဟုတ်၊ မဖြစ်။

ကိုင်ထားသောဓားမကို လွှတ်ချလျက် ဘဒန်အိုးကို ရိုသေစွာ ထိခြင်ငါးပါးဖြင့်ကန်တော့သည်။

ဘဒန်အိုးမျက်လုံးများဖွင့်လာချိန်-

"ဆရာကြီး၊ ကျုပ်ကိုဆေးကုပါ"

ဟု ဆိုလျက် ကျောက်ခဲက ဘဒန်အိုးခြေအစုံ ဝင်ဖက်လိုက်ပါသည်။ ပြီးနောက် ကျောက်ခဲ ဝမ်းနည်းပမ်းနည်းရှိုက်ကြီးတငင်ငိုချပါသည်။

ရွာသူရွာသားလူတစ်အုပ်ကြီးတဟင်ခနဲဖြစ်သွားကြသည်။

❑

နေထန်းတစ်ဖျားအချိန်ရောက်ခဲ့ပြီ။

ကုန်းတော်တစ်ခုလုံး ရှင်းလင်းသွားပါသည်။ အမှိုက်သရိုက်များမရှိ၊ ချုံနွယ်များမရှိ၊ သစ်ကျိုးဝါးကျိုးများမရှိတော့။ သစ်ဆွေးသစ်ကျိုးများမရှိတော့ပြီ။

ဘဒန်အိုး၊ လူလေးမောင်သစ္စာတို့နှင့်အတူ စည်သာရွာသူရွာသားများအားလုံး တန်ဆောင်းထဲမှာရောက်နေကြသည်။

မြေပြင်ပေါ် အုပ်စုဖွဲ့လျက်ထိုင်ခဲ့ကြ၏။

ဘဒန်အိုးက ကောက်ညှင်းငချိုင့်များပေါင်းပြီး ငါးခြောက်ဖုတ်ကို မြေဆီရွှဲရွှဲဆမ်းပြီး လူအုပ်ကိုကျွေးသည်။

မောင်သစ္စာက ရေနွေးတစ်အိုးပြီးတစ်အိုးကျိုပြီးတိုက်သည်။ လက်ဖက်ခြောက်က လှော်ပြီးခတ်ထားသဖြင့် ရေနွေးကြမ်းရနံ့မွှေးပြီး သောက်ကောင်းခဲ့ကြသည်။

ညက စည်သာရွာသားများ မြန်မြန်မဆင်းကြတော့။

ဘဒန်အိုးနှင့်မောင်သစ္စာကို ဝိုင်းဝန်းကူညီခဲ့ကြပါသည်။ ရှင်းလင်းပေးခဲ့ကြပါ၏။

နှစ်ခန်းတန်ဆောင်းအမိုးများကို တက်ပြီးရိုက်ပေးကြသည်။ အမိုးလုံသွား



www.burmeseclassic.com

www.burmeseclassic.com

ပါပြီ။ နှစ်ထပ်ကျောင်းကြီးမှလွန်နေသော သွပ်ချပ်များကိုဖြုတ်ချသည်။

တစ်ခန်းပတ်လည် သွပ်ဟောင်းများဖြင့်ကာ၏။ တချို့မိုးပေးခြင်းဖြစ်၏။

နှစ်ထပ်ကျောင်းကြီးကိုတစ်ခုချင်း ဖြုတ်ခွာလျက် အကောင်းများကို စနစ်တကျပုံသည်။ အားလုံး တက်ညီလက်ညီ လုပ်ကိုင်ပေးကြပါသောကြောင့် နေမွန်းတည့်မီ ပြီးစီး၏။

ဘဒန်အိုးတို့ ပါလာသော ရေက ကုန်သွားပြီ။

ဘိုးမြက ရေပို့ပေးမည်ဟုဆို၏။

ဆန်၊ ဆီ၊ ဆားအပြည့်အစုံပါလာသည်ဟု ပြောကြားပါလျက် ဘဒန်အိုးနှင့်မောင်သစ္စာတို့အတွက် ထမင်းပင် ဘိုးမြတာဝန်ယူသွားသည်။

လှည်းသမားက ဘဒန်အိုးတို့ကို ချပြီးပြန်သွား၏။

အိပ်ရာလိပ်၊ စားအိုးစားခွက် အနည်းငယ်နှင့်အတူ ဆန်ပုံးကြီးနှစ်ပုံး၊ ဆီတစ်ပုံး၊ ဆားတစ်တောင်းပါ၏။ ငါးပိ၊ ငါးခြောက်ပါ၏။ ပေါက်ပြား၊ တူးရွင်း၊ တိုင်းခုတ်ဓားပါ၏။

အုန်းငှက်ပျောဖလုံပါ၏။ ငွေစကြေးစအနည်းငယ်ပါ၏။

ပူရန်မရှိ၊ မကြာမီ ဆရာတော်လေးကြွလာမည်။

အမှိုက်ပြာပုံကြီးကို တောင်းများဖြင့်သယ်ပြီး တစ်ဖက်ချိုင့်ထဲမှာချသည်။

ထိုလူအုပ်ရုတ်ရုတ်သဲသဲဖြစ်သွား၏။ အော်ပြီးပြေးသူကပြေး၏။

ရေအိုးတစ်လုံးစာ ချိုင့်ကြီးထဲမှ လွန်စွာ ကြီးမားသော မြွေဟောက်ကြီးနှစ်ကောင်က တွဲပေါက်တစ်ကောင်အလား နှာမှုတ်သံကြီးပေးလျက် ရန်လုပ်နေသည်။ ပါးပျဉ်းကြီးတယမ်းယမ်းဖြင့်ပေါက်မည်ကိုက်မည်တကဲကဲလုပ်နေ၏။

ရှိသမျှ အုတ်ခဲကျိုးဖြင့်ထုရန်လုပ်နေကြသော ရွာသားများကို မလုပ်ရန် ဘဒန်အိုးတားသည်။

"အသင်တို့ကို ဒုက္ခပေးရန်လာသည်မဟုတ်၊ ဘုရားပြင်ရန်၊ ကျောင်းပြင်ရန်လာခြင်းဖြစ်သည်။ အသင်တို့က ကျွန်ုပ်တို့ကိုကူညီပါ"

ဟု ဘဒန်အိုးပြောသည်။

မြွေဟောက်ကြီးများ ပါးပျဉ်းချသည်။ လည်ပင်း၌ အနက်ရောင်အရစ်သုံးရစ်ပါသော အဆိပ်ပြင်းပြင်း တောကြီးမြွေဟောက်ကြီးများဖြစ်သည်။

မကြာပါ။ အနောက်ဘက်ကို နှစ်ကောင်စလုံး ရှောခနဲဆင်းသွားသည်။

"ဟောဗျာ၊ သည်အကောင်ကြီးတွေက နတ်မူးထဲမှာနေကြသဗျ။ နတ်မြွေကြီးနှစ်ကောင်လို့ ဝက်ခဲ့သားတွေ ပြောကြတယ်။ ကိုက်ချက်မိလို့ကတော့ နွားမတမ်းတောင်ပစ်လဲဆိုပဲဗျာ"

ဟု ဘိုးမြက မောင်သစ္စာကိုပြော၏။

အားလုံးပြန်သွားကြသောအခါ မောင်သစ္စာစိပ်ပုတီးကိုင်သည်။

ဘဒန်အိုးက ကလေးငယ်ရင်ခွင်ပိုက်မိန်းကလေးရုပ်တုအနီးမှာ လမ်းလျှောက်သည်။ ဘိုးမြက အသက် (၇၀) ကျော်ပြီဆို၏။

ပြီးနောက် ဘိုးမြက စည်သာရွာသားလည်းမဟုတ်၊ ဘိုးမြ ဆိုသော နာမည်သည်ပင် နာမည်အရင်းမဟုတ်။

ဘိုးမြညီငယ်ရှိသေး၏။

စိတ်နောက်နေသော ကျောက်ခဲသည် ဘိုးမြ၏ညီငယ်ဖြစ်သည်။

ကျောက်ခဲသည်လည်း နာမည်ရင်းမဟုတ်ပြန်။

ဘိုးမြတို့ညီအစ်ကိုနှစ်ယောက်၏ နာမည်အရင်းကို စည်သာရွာကမသိ။

ထို့အပြင်-

ဘိုးမြတို့ မည်သည့်အရပ်သားဖြစ်သည်၊ မည်သို့လာသည်၊ မည်သည့်အမှုကိစ္စများဖြစ်ပွားခဲ့သည်ကို စည်သာက မသိ။

ကောင်းကင်မှ မိုးသားထုကြီးပြိုဆင်းချိန် နတ်မူးကရေလုံးများက တဝုန်းဝုန်း အားကောင်းစွာပြေးဆင်းလာချိန်၊

နတ်မူးထဲမှ လှေကြီးတစ်စင်းလှော်ခတ်ပြီးရောက်လာခဲ့ကြ၏။ ကုန်းလေးနှစ်ကုန်းအနက် မြောက်ဘက်ကုန်းကို တက်ခဲ့ကြ၏။ ယောကျ်ားသားကြီးသုံးဦးနှင့်အတူ အသက်သုံးဆယ်အရွယ် မိန်းကလေး၊ နှစ်နှစ်သားအရွယ်ကလေးငယ်တစ်ဦး၊ အသက် (၁၈)နှစ်အရွယ် မိန်းကလေးနှစ်ဦးပါလာသည်။

စည်သာရွာသူရွာသားများနှင့် အဆက်အဆံမရှိကြ။

သုံးနှစ်သုံးမိုးကြာသွားပါ၏။

ဘိုးမြအစ်ကိုဆုံးသည်။ သို့သော် ဘိုးမြအစ်ကိုဆုံးပါးသည်က ရိုးရိုးဆုံးပါးခြင်းမျိုးမဟုတ်။

❑

စေတီထီးတော်စောင်းနေသည်ကို မြင်ပြီးသွားပြီ။

နှစ်ထပ်ကျောင်းဆောင်ကြီးကို ပြန်လည်ဆောက်လုပ်သည်။ တစ်ဝက်နီးပါးပြီးစီးနေပြီဖြစ်သည်။

ဆရာတော်လေးက ကြွမလာသေး။

လိုအပ်သမျှပစ္စည်းများကို ဆရာတော်လေး စီစဉ်ပို့ပေးနေခြင်း ဖြစ်သည်။ ပန်းရန်အဖွဲ့၊ လက်သမားအဖွဲ့လည်း ဆရာတော်လေး လွှတ်လိုက်ခြင်း ဖြစ်သည်။

အုတ်များမှာ မြေလမ်းမှရောက်ရှိမည်ထင်၏။ သို့သော် အုတ်များက နတ်မြစ်ထဲမှ လှေကြီးတစ်စင်းနှင့် ရောက်ရှိလာ၏။

ထုပြက်ပြည့်၏။ အလေးချိန်ခုနစ်ဆယ့်ငါးကျပ်သားရှိ၏။ မီးနာသည်။ အရာတော်လုပ်အုတ်များ ဖြစ်သည်။ ကောင်းသည်ဖြစ်ငြား ပန်းရန်များ မသက်သာ။ ညမှာ ပန်းရန်ခေါင်းဆောင်က ညည်း၏။

"ဆရာကြီး၊ အုတ်တွေကိုင်ရတာ ကျုပ်တို့လက်မမြောက်နိုင်တော့ဘူးဗျ"

ဟု ဖြစ်၏။

ဘဒန်အိုးက သွေးဆေးတစ်ခွက် ပျားရည်နှင့်ဖျော်တိုက်ပေး၏။ လက်မောင်းများကိုလည်း ဆေးလိမ်းပေးသည်။

ဘဒန်အိုးက တိုင်းရင်းဆေးပညာရှင်ဖြစ်၏။ ဗေဒင်ပညာလည်းတတ်၏။

လူလေးမောင်သစ္စာကို ဘဒန်အိုးပင် တိုင်းရင်းဆေးပညာသင်ပေး၊ ဗေဒင်ပညာသင်ပေးပါသည်။

တိုင်းရင်းဆေးဖြင့် ရောဂါဝေဒနာများ အခကြေးငွေမယူ၊ ပျောက်ကင်းသက်သာအောင် ကုသပေးပါသောကြောင့် -

ဗေဒင်ပညာဖြင့် တစ်ဦးချင်းတစ်ယောက်ချင်း စီးပွားရေး၊ လူမှုရေး အခကြေးငွေမယူဘဲ ဟောပြောပေး၊ ရှောင်ရန် ဆောင်ရန်စီစဉ်ပေးပါသောကြောင့် -

စည်သာရွာသူရွာသားများအားလုံး ဘဒန်အိုးနှင့် မောင်သစ္စာကို လေးစားချစ်ခင်ကြသည်။ လူလေးမောင်သစ္စာကို ဗေဒင်ဟောပြောခြင်းဖြင့် လူငယ်လူရွယ်များက ပိုပြီးချစ်ခင်ကြသည်။

လုပ်ဆောင်ရမည့်လုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ကိုင်ပေးခဲ့ကြသည်။ မြော်ရုံဆိုရုံရှိကြသည်။

ကုန်းမြင့်နှစ်ခုလုံး လှေကားထစ်များပြုလုပ်ခဲ့သည်။ အုတ်လှေကားများ တက်ခဲ့သည်။ နွားပျောက်ကုန်းအပင်

www.burmeseclassic.com

စေတီငယ်တစ်ဆူတည်ပြီး တန်ဆောင်းအငှေးတစ်လုံး ဆောက်လုပ်ရသည်။

မြောက်ဘက်ကုန်းမြင့်ကစေတီကို ရွှေသင်္ကန်းတော်အပြည့်ကပ်သည်။ ပတ်ပတ်လည် ကြွေပြားခင်းသည်။

နှစ်ထပ်ကျောင်းဆောင်ကြီးက ခံ့ညားသည်။ အားလုံး ပြီးစီးသွားပြီ။

တန်ဆောင်းငယ်ကို ဓမ္မာရုံအဖြစ် ပြင်လုပ်သည်။ သွပ်မိုး၊ အုတ်ကပ်၊ ကြွေပြားခင်းသည်။

ခြသေ့်ကြီးနှစ်ကောင်ကိုလည်းပဲ ပြုပြင်မွမ်းမံသည်။ ကလေးငယ်ရင်ခွင်ပိုက် မိန်းကလေးရုပ်တုကိုတော့ မည်သို့မျှမပြုမပြင်၊ ယခုလက်ရှိအတိုင်းထားရန် ဆရာတော်လေး ညွှန်ကြားထားသည်။

ရေစက်ချအခမ်းအနားပြုလုပ်ရန် သာရှိတော့၏။

ဘိုးမြ အရောက်နည်းသည်ကို ဘဒန်အိုးသတိပြုမိ၏။

ထို့ထက် ဘိုးမြညီငယ်ကျောက်ခဲသည် စိတ်ရောဂါပျောက်ခဲ့ပြီ။ လုပ်ဆောင်ဖွယ်ရှိသည်များ ကူညီခဲ့သည် မှန်၏။ နောက်ပိုင်း အရောက်အပေါက်နည်းလာသည်။

ညီအစ်ကိုနှစ်ဦးစလုံး မျက်နှာမကောင်းကြဟုထင်သည်။

ဘဒန်အိုးတွင် ငွေစကြေးစမရှိတော့။

ပန်းရန်ခ၊ အလုပ်သမားခမပေးရသေး။ အုတ်ဖိုး၊ ဘိလပ်မြေဖိုး၊ ထုံးဖိုး၊ ကျောက်ဖိုးများ အားလုံးမပေးရသေး။ မရှင်းရသေး။

သူ့အချိန်ရောက်လျှင် အလိုလို အဆင်ပြေလိမ့်မည်။

သည်အတွက် ဘဒန်အိုးမမှု၊ မစိုးရိမ်။

ဘဒန်အိုး မပူ မစိုးရိမ်ဟုဆိုငြား ဆရာတော်လေးကြွလာချိန် ငွေကြေးမပါလာခြင်းကို သတိပြုမိသည်။

ဆရာတော်လေးက အားလုံးကို အသေးစိတ် ကြည့်ရှုနေသည်။ လိုအပ်သမျှ ထပ်ပြီးခိုင်းသည်။ ဆေးအရောင်သည်ပင် နုရမည့်နေရာနု၊ ရင့်ရမည့်နေရာရင့်စေခဲ့၏။

အရာတော်မှ အုတ်ပိုင်ရှင်လာမည်။

စစ်ကိုင်း ရွှေဘိုမှ ဘိလပ်မြေ၊ ကျောက်၊ သွပ်၊ သံပင်ဖိုးများအတွက် ကုန်သည်များ လာကြမည်။

ရေစက်ချမင်္ဂလာနေ့မှာ အားလုံးကိုဖိတ်ကြားထားသည်။

❑

ပခုက္ကူကိုဖြတ်သည်၊ မုံရွာကိုလွန်၏။ မြင်းမူနယ်ထဲဝင်ခဲ့၏။ ထိုမှ နတ်မြစ်အထက်ကို ဆန်တက်လာခဲ့ကြသည်။

စည်သာရွာကုန်းမြင့်ကလေးနှစ်ခု မြင်ရချိန် လှေတော်ကမ်းကပ်သည်။

မြလေးနွယ် အစ်ကိုတော်သုံးယောက်နှင့် အတူနေခဲ့ရ၏။

ဪ - မြလေးနွယ်၏မောင်တော်ကတော့ မပါလာ၊ မပါနိုင်ခဲ့ပြီ။

မောင်တော်က သစ္စာကြီးသည်၊ ရိုးသားသည်၊ တိုင်းရေးပြည်ရေး ကျွမ်းကျင်လိမ္မာသူ၊ ချစ်သူခင်သူများ ပါတိခြင်း။ ဖခင်၏ အရိုက်အရာကို လွှဲပြောင်းလက်ခံရယူရမည့်သူ။

မောင်တော်မှာ ညီတော်တစ်ပါး ရှိ၏။ အသောက်အစားကြီးသည်။ လောင်းကစားဝါသနာပါ၏။ ရက်စက်ကြမ်းကြုတ်ဘိခြင်း။

ညီတော်၏ လက်ချက်ဖြင့် မောင်တော်လွန်ခဲ့ပြီ။

ညီတော် မြလေးနွယ်၏မတ်တော်က ကျူပင်ခုတ်ကျူငုတ်မကျန်ရှင်းလိုသူဖြစ်သည်။ သို့ဖြစ်သောကြောင့် သားတော် ကျော်ထင်ငယ်ကို ပွေ့လျက် အစ်ကိုသုံးယောက်နှင့်အတူ မတ်တော်မောင်၏အာဏာစက်ဖြင့်ဝေးရာ မြလေးနွယ်ပြေးခဲ့ရသည်။

မြလေးနွယ်အစ်ကိုကြီးက စစ်ရေးစစ်ရာကျွမ်းကျင်၏။ မြလေးနွယ်၏မောင်တော်က ယုံကြည်စိတ်ချရသူဖြစ်၏။

ထို့အပြင် မြလေးနွယ်၏ မောင်တော်က ညီတော်ကိုလည်း ယုံသည်။ အယုံကြီးခဲ့၏။ စိုးရိမ်ပူပန်ကြသူများ၏ စကားကိုပင် နားမဝင်ခဲ့။

သို့ဖြစ်၍ မြလေးနွယ်အစ်ကိုကြီးက ယောက်ဖတော်ကို မစောင့်ရှောက်နိုင်၊ လုံခြုံရေးအားနည်းရခြင်း။

မြောက်ဘက် ကုန်းတော်မှာ စေတီတည်၏။ နှစ်ထပ်ကျောင်းဆောက်၏။ ရဟန်းပြုရန် ရည်ရွယ်သည်။

မြလေးနွယ်အစ်ကိုလတ်က စိုက်ရေးပျိုးရေးဝါသနာကြီး၏။ ကျွမ်းကျင်မှုလည်းရှိသည်။ မြလေးနွယ်အစ်ကိုငယ်က ပေါ့ပေါ့ပါးပါးနေလိုသူဖြစ်၏။ ညီအစ်ကိုသုံးယောက်ထဲမှာ ဉာဏ်ပညာအထက်မြက်ဆုံးဖြစ်သည်။

အစ်ကိုလတ်နှင့် မြလေးနွယ်နှင့် အတူပါလာသော မိန်းကလေးနှစ်ဦးအနက် တစ်ဦးဖြစ်သူနှင့်ရခဲ့၏။ စည်သာရွာထဲမှာ ပြောင်းရွှေ့နေသည်။

မြလေးနွယ်တို့အတွက် ဆန်၊ ဆီ၊ အသီးအရွက်အစုံ တာဝန်ယူသည်။

တစ်နှစ်ပြည့်ချိန် မြလေးနွယ် အစ်ကိုငယ်ပျောက်သွား၏။ ဇာတိဒေသကိုပြန်သွား၍လောမသိကြ။

မြလေးနွယ်၏ အစ်ကိုလတ်တမောင်မြနှင့် မောင်ကျောက်ခဲကိုမွေးဖွားသည်။

အေးချမ်းစွာသောမိသားစုလေး မိုးဦးကာလ နတ်မြစ်ရေကြီး ရေတက်ချိန် -

လှေတစ်စင်းနှင့်လူတစ်စု နတ်မြစ်ကမ်းမှ အပြေးတက်လာ၏။

မြလေးနွယ်၏မတ်နှင့် သူ့လူများ လိုက်လာကြခြင်းဖြစ်သည်။ မြလေးနွယ်၏အစ်ကိုကြီး ရဟန်းပြုခွင့်မရတော့။ ညီမငယ်နှင့် တူတော်ကို ကာကွယ်ရင်း ကျဆုံးသွား၏။

ကုန်းမြင့်လေးကို အစ်ကိုလတ်ရောက်နေချိန်ဖြစ်၍ အစ်ကိုလတ်ပါ ချမ်းသာခွင့်မရ။ ညီအစ်ကိုနှစ်ယောက် စေတီရှေ့တွင် ဆုံးပါးခဲ့သည်။

မြလေးနွယ်က သားတော်ကျော်ထင်ငယ်ကိုပွေ့ပြီး ပြေးရန်ပြင်၏။ မလွတ်တော့။ မတ်တော်မောင်က မြလေးနွယ်ဆံပင်ကိုဆွဲပြီး လှေရှိရာခေါ်လာ၏။ လှေပေါ် တက်စေခဲ့၏။

လှေကိုထွက်စေခဲ့သည်။

မိုးကောင်းကင်ကြီးပေါ်က ခဲသားထုကြီး ဖြိုဆင်းလာသည်။ ရေလှိုင်းများကလည်း တဝုန်းဝုန်းအပြင်းဆင်းလာ၏။

နတ်မြစ်ကြမ်းပြီ။

လှေကို ကမ်းပြန်ကပ်ရန် ကြိုးစားကြသည်။

ထိုအချိန် ကျော်ထင်ငယ်က မြလေးနွယ်လက်မှလွတ်ပြီး နတ်မြစ်ထဲကျသည်။ ကြီးမားသောလှိုင်းလုံးကြီးက သယ်ဆောင်သွားသည်။

ယောကျ်ားသားကြီးနှစ်ယောက်ကြားမှ လှေလူးသွားချိန် မြလေးနွယ်သည် နတ်မြစ်ထဲ ခုန်ဆင်းသွားတော့သည်။

ဗေလကထန်သည်ထက်ထန်လာပြီ။ ပတ်ပတ်လည်မမြင်နိုင်အောင် မိုးကြီးနေသည်။ အလွန်ကြီးသောလှိုင်းလုံးကြီးက လှေငယ်ကိုလာဆောင့်သည်။

အော်သံဟစ်သံညံသွား၏။



www.burmeseclassic.com

www.burmeseclassic.com

လျှပ်ရောင်တဝင်းဝင်း မိုးက တခြိမ်းခြိမ်း၊ နတ်မြစ်ရေပြင်မှာ လှေငယ်လေးမရှိတော့။ အားလုံး ရေပြင်ကျယ်မှာ ပျောက်ဆုံးခဲ့။

တစ်ဦးတစ်ယောက်ကို လှိုင်းလုံးကြီးကပုတ်လိုက်သဖြင့် အနောက်ဘက်ကမ်းကိုရောက်သွားချိန် ဝက်ခဲရွာက တယ်ခဲ့၏။

ထိုသူသည် အသက်ရှင်ခွင့်ရခဲ့၏။ ဝက်ခဲရွာမှာပင် နေထိုင်တော့သည်။ ဝက်ခဲရွာသူနှင့်ပင် အိမ်ထောင်ကျခဲ့၏။

လအနည်းငယ်အကြာ -

မြလေးနွယ်၏ အစ်ကိုငယ် ပြန်ရောက်လာ၏။ အသက်ရှင်ကျန်ခဲ့သူနှင့်တွေ့ပြီး မြလေးနွယ်တို့ဖြစ်သမျှ သိရှိသွားသည်။

အစ်ကိုငယ် ထိုကုန်းမြင့်လေးမှာပင် ရဟန်းပြုသည်။ အစ်ကိုလတ်ကမွေးသွားသော တူနှစ်ယောက်ကို စောင့်ရှောက်ခဲ့သည်။

ခြင်္သေ့ကြီးနှစ်ကောင်ကို ထုလုပ်ထားရှိသည်။

မြလေးနွယ်နှင့် သားရုပ်တုကိုလည်း စေတီနှင့် တန်ဆောင်းကြားမှာထားရှိခဲ့သည်။ ဦးရီးတော်မပျံလွန်တော်မီအထိ တူအရင်းနှစ်ယောက်နေခွင့်ရသည်။ ကြီးခွင့်ရသည်။

❑

ခြင်္သေ့ရုပ်ကြီးနှစ်ရုပ်၏ရှေ့တွင် ဆရာတော်လေး စကြိံလျှောက်နေသည်။

ဘဒန်အိုးနှင့်လူလေးမောင်သစ္စာက တန်ဆောင်းထဲ ကြွေပြားခင်းနေကြသည်ကိုကြည့်နေ၏။ ဆရာတော်လေးက လှမ်းခေါ်သည်။

စကြိံကြွရင်း -

"ခြင်္သေ့ရုပ်ကြီးနှစ်ရုပ်မှာ ဘာထူးခြားသလဲ"

ဟုမေးသည်။

ရောက်ရှိခဲ့ကြသည်က သုံးလနီးပါးရှိပြီ။ ဘဒန်အိုးနှင့်လူလေးမောင်သစ္စာတို့ ထူးခြားသည်ဟုမထင်။ မြန်မာစေတီတော်များရှေ့ ကျောင်းများရှေ့မှာ ရှိမြဲပုံစံဟုသာယူကြမည်။

ခြင်္သေ့ရုပ်ကြီးနှစ်ရုပ်စလုံး တွေ့နေကျ ခြင်္သေ့ရုပ်များထက်ကြီးသည်ကိုတော့ သိသည်။

ဆရာတော်လေးအမေးကို ဘဒန်အိုးနှင့်လူလေးမောင်သစ္စာတို့ မဖြေနိုင်။ တစ်ယောက်မျက်နှာကြည့်နေကြသည်။

ဘိုးမြနှင့်မောင်ကျောက်ခဲ ရောက်လာသည်။

ဆရာတော်လေးက အထက်ပါအတိုင်းမေးပြန်သည်။

ဘိုးမြနှင့် မောင်ကျောက်ခဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေခဲ့ကြသည်။ ပြီးနောက် -

"မသိပါဘုရား"

ဟု သံပြိုင်လျှောက်ထားသည်။

ဆရာတော်လေး စကြိံကြွနေရာမှ အနောက်ဘက်ခြင်္သေ့ရုပ်တုကြီးနောက်မှာရပ်လိုက်သည်။

"အေးဗျာ - ခြင်္သေ့ရုပ်တုကြီးနှစ်ခုစလုံး ပိုကြီးတဲ့အရွယ်အစားရှိတယ်ဆိုတာကတော့ အားလုံးအမြင်ပါဗျာ၊ မဟုတ်ဘူးလား။ ဟောသည်မှာဗျာ၊ ဟောသည်ခြင်္သေ့ကြီးရဲ့အမြီးက တင်ပါးကပ်နေရမယ်ဟာ ကပ်မနေပါဘူးဗျာ။ တန်းလန်းမဟုတ်လားဗျာ"

ဟု မိန့်ကြားပြီး စေတီရှိရာ ကြွသွားပါတော့၏။

အမှန်ပင် အနောက်ဘက်ခြင်္သေ့ရုပ်ကြီးမှာ အမြီးသည် တင်ပါးနှင့်လေးလက်မနီးပါးခွာလျက် အောက်မြေပြင်ကို စိုက်ကျနေသည်။


ဘဒန်အိုးနှင့်လူလေးမောင်သစ္စာတို့၏မျက်နှာများ တည်ငြိမ်ပါသော်ငြား ဘိုးမြနှင့်မောင်ကျောက်ခဲတို့က မျက်နှာများပျက်နေကြသည်။

မျက်ရည်များ နှစ်ဦးစလုံး ပိုးပိုးပေါက်ပေါက်ကျလျက် ကုန်းမြင့်အောက်ဘက်ဆင်းသွားကြပါတော့သည်။

နှစ်ဦးသား စည်သာရွာဘက်ဆက်မသွားကြပါဘဲ နတ်မြစ်ဘက်ငေးမျှော်ကြည့်နေကြသည်။ ကိုဘဒန်အိုးရော လူလေးမောင်သစ္စာပါ တွေ့မြင်ကြရလေ၏။

နတ်မြစ်ရေက တည်တည်ငြိမ်ငြိမ်ပင် ဆင်းနေပါသည်။

ဝင်လုလုဆဲဆဲ နေလုံးကြီး၏



အလင်းရောင်အောက်မှာ ငွေလှိုင်းလေးများပင် ပြေးဆင်းလို့နေပါသေး၏။

လှေငယ်လေးနှစ်စင်းလှော်ခတ်လာပြီး ကမ်းကိုကပ်လာကြပါသည်။ လှေငယ်ပေါ်တွင် ငှက်ပျောသီးခေါင်းများပါလာ၏။ ထိုငှက်ပျောသီးခေါင်းများကိုထမ်းလျက် လူသုံးဦး ကုန်းမြင့်လေးရှိရာတက်လာကြသည်။

❑

စေတီနှစ်ဆူ ထီးတော်တင်လှူပွဲအတွက် ဆရာတော်လေးအမှာရှိ၍ ဝက်ခဲသားတို့ ငှက်ပျောဖီးများလာပို့ကြခြင်းဖြစ်သည်။ နတ်မြစ်အနောက်ဘက်ကမ်းရှိ ကြွေပုဂံ၊ ဝက်ခဲ၊ အောင်သာ၊ ဆောင်းကျွရွာများမှ သံဃာများအကုန်ပင့်သည်။

နတ်မြစ်အရှေ့ဘက်ကမ်းတွင်ရှိ သပွတ်ရိ၊ တယ်တော၊ ဥယျာဉ်သာ၊ မူးကြိုရွာများမှသံဃာများ အကုန်ပင့်သည်။

လှူဖွယ်ပစ္စည်းများ ဆက်ကပ်၊ ရေစက်ချ အမျှအတန်းပေးဝေပါ၏။

လာသမျှ ပရိသတ်အားလုံး ငါးခြောက်ထောင်း၊ ပဲဟင်းချို၊ သရက်ချဉ်သုပ်၊ ငရုတ်သီးတောင့်လုံးကြော်နှင့် ထမင်းကျွေးပြီးမှ ချစ်တီးမုန့်၊ ချင်းသုပ်၊ လက်ဖက်သုပ်နှင့် ရေနွေးကြမ်းတိုက်ဧည့်ခံသည်။

ပွဲများထဲတွင် ယခုပွဲအစည်ဆုံးဟု လူလေးမောင်သစ္စာထင်သည်။

မန္တလေးမှ ရတနာကုန်သည်ကြီးဦးထွန်းမြတ်မိသားစုက စေတီနှစ်ဆူအတွက် ထီးတော်တာဝန်ယူသည်။ အရာတော်မှ အုတ်ဖိုပိုင်ရှင်၊ စစ်ကိုင်းရွှေဘိုမှ ဘိလပ်မြေ၊ ကျောက်၊ သွပ်၊ သံပင်ကုန်သည်တို့လည်းရှိနေကြသည်။ အားလုံး မပြန်ကြသေး။ သူတို့ထဲမှ ကုန်သည်ကြီးနှစ်ဦးက ကျွေးခန်းမွေးခန်းကုန်ကျစရိတ်ခံမည်။ အားလုံးမိသားစုများပါကြ၏။

ရောက်နေကြသည်က သုံးရက်မျှကြာပြီ။

နောက်ဆုံး တတိယနေ့။ အချိန်က နံနက် (၁၀) နာရီတိတိ။ စေတီရှေ့တန်ဆောင်းထဲမှာ ဆရာတော်လေး သီလပေးတရားအနည်းငယ်ဟောလျက် ရေစက်ချသည်။ ပြီးဆုံးချိန် ဘိုးမြနှင့်မောင်ကျောက်ခဲတို့ကို ဆရာတော်လေး လှမ်းကြည့်သည်။

ဦးစွာ မောင်ကျောက်ခဲထသည်။ မောင်ကျောက်ခဲနောက်မှ ဘိုးမြထ



www.burmeseclassic.com

www.burmeseclassic.com

## နေဝင်းဝင်း(လွန်ဆေး)

# သွေးအန်ပျောက်စေသည့် ပေရွက်နှဆေးရည်

၂၀၁၅ ခုနှစ်၊ ဩဂုတ်လနောက်ဆုံးရက်သတ္တပတ်၏ တစ်ရက်သောနေ့ လယ်ပိုင်းက မြန်အောင်မြို့နယ် နတ်ပီတိကျေးရွာအုပ်စုအတွင်းရှိ နတ်ပီတိကျေးရွာလေးသို့ရောက်ရှိခဲ့ပါသည်။

နတ်ပီတိကျေးရွာရှိ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော ဦးထွန်းကြိုင်နေအိမ်သို့ သွားရောက်ခဲ့တာလည်း ဖြစ်သည်။ ရှေးဟောင်းနှောင်းဖြစ်စကားစမြည်ပြောကြရင်း ကျန်းမာရေးအကြောင်းရောက်သွားကြပါသည်။ ဦးထွန်းကြိုင်ကိုကြည့်ရသည်မှာ လူကပိန်ပိန်နှင့် ကျန်းမာရေးကောင်းလှသည်မဟုတ်။ တီဘီရောဂါဖြစ်၍ ဆေးစားသော်လည်း မပျောက်သဖြင့် ဆေးပြန်စစ်သည့်အခါ အဆုတ်တွင် အနာဖြစ်နေကြောင်းသိရတော့သည်။

အဆုတ်တွင် အနာဖြစ်နေစဉ် ဆေးမစစ်ရသေးမီက မကြာခဏ သွေးအန်တတ်သည်။ သွေးအန်သည်မို့ မိသားစုများ စိတ်ပူကြရသည်။ ကောင်းနိုးရာရာ ဆေးမြီးတိုများဖြင့်ကုသသည်။ ဆေးရုံ၊ ဆေးခန်းများသို့လည်းရောက်၏။ သွေးအန်တာကျဲသွားသော်လည်း ပျောက်ကင်းခြင်းမရှိ။ နှစ်ပတ်တစ်ခါ၊ သုံးပတ်တစ်ခါအန်တတ်သည်။

တစ်နေ့တွင် အခြားတစ်ရွာမှ အသက် (၈၀) ကျော် ဘကြီးဦးဖိုးရင်ရောက်လာသည့်အချိန် ဦးထွန်းကြိုင်သွေးအန်နေသည်နှင့်ဆုံမိကြ၏။ ဘကြီးဖိုးရင်က ဆေးမြီးတိုနည်းတစ်နည်းကိုပြောပြ၍သောက်ရန်လည်း တိုက်တိုက်တွန်းတွန်း ပြောဆိုမှာကြားပါသည်။ ဦးထွန်းကြိုင်ကလည်း လေးစားလိုက်နာသောက်သုံးခဲ့ရာ တစ်ကြိမ်တည်းသောက်ရုံနှင့် ထပ်မံသွေးအန်ခြင်းလုံးဝမရှိတော့ကြောင်းပြောပြပါသည်။

ဦးထွန်းကြိုင် သောက်သုံးသည့် ဆေးမြီးတိုမှာ ပေပင်ထိပ်မှ ပေရွက်အနု (၂) လက်ခန့်ခူးဆွတ်၍ ထောင်းထုသည်။ ထောင်းထုထားသော ပေရွက်နုများကို ညနေပိုင်းတွင် ဆန်ဆေးရည်ဖြင့် ကိုင်းဖန်ခွက်အတွင်းစိမ်ထားပါသည်။ နောက်တစ်နေ့မနက်ပိုင်းတွင် ပေရွက်စိမ်ထားသည့် ဆန်ဆေးရည်များကို သောက်ရပါသည်။ ဤသည်ပင်လျှင် သွေးအန်လက်တွေ့ပျောက်ကင်းသည့် ဆေးနည်းဖြစ်ပါကြောင်းရေးသားဖော်ပြအပ်ပါသည်။

နေဝင်းဝင်း (လွန်ဆေး)

---

သည်။ ပေါက်ပြားတစ်လက်စီကိုင်လျက် ခြသေ့ရုပ်ကြီးများရှိရာ ညီအစ်ကိုနှစ်ယောက်လျှောက်သွားသည်။ ဧည့်ပရိုတ်သတ်များထဲက စိတ်ဝင်စားစွာကြည့်နေသူရှိသည်။ တချို့ထပြီးလိုက်ကြသည်။

အနောက်ဘက် ခြသေ့ရုပ်ကြီးနောက် အမြီးတည့်တည့်အောက် ညီအစ်ကိုနှစ်ယောက် ပေါက်ပြားများဖြင့် စတူးသည်။ သုံးပေအနက်မျှရှိမည်။ မြေသားများကိုဖယ်ထုတ်ပြီး စဉ့်အိုးလေးနှစ်လုံးကို တစယောက်တစ်လုံးစီ ညီအစ်ကိုနှစ်ယောက်မယူသည်။

တန်ဆောင်းထဲရှိ ဆရာတော်လေးရှိရာယူလာပြီး နှစ်ယောက်သားခေါင်းငုံ့လျက်ယူသည်။

"အိုဗျာ - ခင်ဗျားတို့က ကျောင်းဒကာ၊ ‘စေတီဒကာမိသားစုတွေပဲ။ ခင်ဗျားတို့ပဲဖွင့်ကြပါ"

ဟု ဆရာတော်လေး မိန့်ကြားပါသောကြောင့် ညီအစ်ကိုနှစ်ယောက် စဉ့်အိုးလေးနှစ်လုံး အဖုံးကိုဖွင့်လိုက်ကြသည်။

စိတ်ဝင်စားစွာကြည့်နေကြသော ပရိသတ်များက အိုးခနဲ၊ ဟင်ခနဲဖြစ်သွားခဲ့ရပါ၏။

စဉ့်အိုးလေးတစ်လုံးထဲမှာ ငွေဒင်္ဂါးများအပြည့်။ နောက်တစ်လုံးထဲမှာက ရွှေဆွဲကြိုး၊ ရွှေလက်ကောက်နှင့် ရွှေဘယက်မျိုးစုံနှင့်အတူ ရွှေဒင်္ဂါးပြားများကို တွေ့မြင်လိုက်ကြရသည်။

မန္တလေးမှ ရတနာကုန်သည်ကြီးဦးထွန်းမြတ်က တန်ဖိုးဖြတ်ငွေပေးချေရသည်။ ကုန်သည်များကိုပေးရန်ရှိသမျှ ပေးချေပါသည်။

ကိုယ်စီကိုယ်စီ နှုတ်ဆက်လျက် ပြန်ကြပြီ။ ကားများ တစ်စီးပြီးတစ်စီး ထွက်သွား၏။

ဆရာတော်လေးက ပြန်မကြွသေး။ နေဦးမည်။

အကျွတ်အလွတ်ပွဲရှိသေးကြောင်း မိန့်ကြားသည်။ ကျောင်းတင်ရဦးမည်။

နေက သိသိသာသာမပူပါ။ နတ်မြစ်သည် တချို့နေရာရေရှိသည်၊ တချို့နေရာမှာ ရေမရှိတော့၊ သဲပြင်ဖြစ်နေပါ၏။

ဆရာတော်လေး နတ်မြစ်ကမ်းပါးထိပ်မှရပ်လျက် အနောက်စူးစူးကိုကြည့်နေသည်။

ဘဒန်အိုးနှင့်လူလေးမောင်သစ္စာတို့ ဆရာတော်လေးကို ရှိသေစွာကန်တော့ဝတ်ချသည်။ တစ်စုံတစ်ရာ ဆရာတော်လေး မိန့်ကြားဦးမလားဟု စောင့်သည်။

သို့သော် ဆရာတော်လေးထံမှ မည်သည့်အသံမျှ ထွက်မလာပါ။

ကုန်းမြင့်နှစ်ခုအကြား မြေပြန့်မှာ လှည်းနှစ်စီးစောင့်နေသည်။ ဘိုးမြနှင့် မောင်ကျောက်ခဲတို့ဖြစ်သည်။

ဘိုးမြလှည်းမှာ ဘဒန်အိုးနှင့်လူလေးမောင်သစ္စာလိုက်ပါမည်။ မောင်ကျောက်ခဲလှည်းပေါ်မှာ ဘဒန်အိုးနှင့် မောင်သစ္စာတို့၏ အသုံးအဆောင်ပစ္စည်းများ၊ စည်သာရွာသူရွာသားများ ပေးလိုက်သောလက်ဆောင်ပစ္စည်းများပါသည်။

လှည်းနှစ်စီး ရှေ့ဆင့်နောက်ဆင့်ထွက်လာသည်။

ဘဒန်အိုးနှင့် လူလေးမောင်သစ္စာတို့၏ အပြန်ခရီး။

ဩော်-

ကုန်းကလေးနှစ်ခုအမည်က စိတ်ဝင်စားဖွယ်ကောင်းသည်။

တောင်ဘက်ကုန်းက နွားပျောက်ကုန်း၊ မြောက်ဘက်ကုန်းက သားပျောက်ကုန်း။

အားလုံးနောက်မှာကျန်ခဲ့ပြီ။

ကိုဇော်ဝင်း (လှဝေး)



www.burmeseclassic.com

www.burmeseclassic.com

မောင်ခိုင်မင်း

# ယုံရခက်သောနတ်နဂါး

ကျောက်ဖြူမြို့ပေါ်၌ သတင်းစကားတွေအမျိုးမျိုးက ပွတ်လောညံနေသည်။ ယုံရလည်းခက်၊ မယုံရလည်းခက်။ အားလုံးကခပ်ခက်ခက်မို့ ပဟေဠိလိုလို၊ ဒဏ္ဍာရီလိုလိုမျိုး။ နဂါးဝင်ပူးသည်တဲ့။

ကျောက်ဖြူမြို့၏တည်နေပုံပထဝီသဘောကပင် ရမ္မဝတီကျွန်း၏မြောက်ဘက်ဦးအစွန်ဆုံး။ မြို့၏အရှေ့တောင်ယွန်းယွန်း၌ မီးတောင်ဟု ခေါ်သောဒေသအခေါ်၊ နဂါးတောင်ကြီးတစ်ခုရှိသည်မှာ ကာလအားဖြင့် ရှည်ကြာခဲ့လေပြီ။ မီးတောင်ပေါက်ကွဲသည်ကိုဒေသခံများက နဂါးမီးတောက်သည်ဟုဆိုကြ၏။ ဒဏ္ဍာရီဝတ္ထုကထဲလို နဂါးမှုတ်စောင်းတစ်ချက်ထိုးလျှင် ပြာကျရောဆိုသလို အလွန်ပြင်းထန်သောမီးတောက်မီးလျှံကြီးဖြစ်ရာ အလွန်ပင်ပျံ့ပြင်းလှပေတော့သည်။ ဤမီးတောင်ကို စိုင်ခြံရွာအနီးရှိ၍ အများက စိုင်ခြံမီးတောင်ဟု ခေါ်ကြသည်။ သို့သော်လည်း ထိုဒေသအနီးတစ်ဝိုက် အနှံ့အပြားဖြစ်သော ရှောက်ချောင်း၊ စေမော်၊ စစ်တော စသည့်ရွာများအနီး နဂါးပွက်ခေါ် မီးတောင်ချော်ရည်ထွက်သောတွင်းပေါက်များရှိကြ၏။ ရှောက်ချောင်းနဂါး၊ စေမော်နဂါး ဘယ်ကဖြင့်အစ်ကို၊ ဘယ်ကဖြစ်နှမ။ အမျိုးမျိုးသောသမုတ်မှုကလည်း ယခုထက်ထိပင်ယုံကြည်နေကြသူများရှိနေဆဲ။

ဤမီးတောင်တစ်ဝိုက် ပင်လယ်တဖွီးပင်က အများဆုံး ပေါက်ရောက်လျက်ရှိပြီး ကာလကြာပြီးသော အချို့နေရာအများအပြားတွင် ဇကများစွာမီးတောင်သေများဖြစ်လျက်ရှိရာ ယခုအခါ သစ်တောကတချို့၊ လယ်မြေကတချို့ တောင်ပေါ်ဒေသအနှံ့ဖြစ်ထွန်းနေကြလေပြီ။ ယခုလက်ရှိ ဧည့ဝတီ ရေတပ်ဌာနချုပ်တည်ရှိရာ ဒေသတစ်ဝှမ်းလုံးသည် မီးတောင်သေနေရာဟောင်းများပင်ဖြစ်ကြောင်း သက်သေသာဓကများစွာတရှိနေကြ၏။

ဧည့ဝတီရေတပ်ဌာနချုပ်ကြီးမှုချက် အနီးအနားရှိ ဘုရားအိုဘုရားပျက်များကိုပြုပြင်ပြီး ထီးတော်တင်ပွဲတစ်ခုကို ကျင်းပသော နှစ်ကာလတစ်ခု၊



တောင်တော်ထိပ်အနောက်မြောက်ကမ်းစောင်းတွင်တည်ထားသော ကျိုက်ထီးရိုးစေတီ



တောင်ထိပ်ရှိ မူလတည်ထားခဲ့သော စေတီတော်

ရက်၊ လ၊ ခုနှစ်ကို• တိတိကျကျတော့ မမှတ်မိ။ ၂၀၀၆ ခုနှစ်ဟု ထင်ရသည်။ သစ်ပုတ်တောင်ရွာအနီးက ဘုရားထီးတော်တင်ပွဲကို စစ်ဘက်နယ်ဘက် အရာရှိအရာခံများ ကြွရောက်အားပေးတက်ရောက်ပူဇော်သောနေ့။ ထီးတော်တင်ရန် နတ်ရထားယာဉ်ဖြင့် ဆွဲတင်ခြင်းအား ဖြစ်ပျက်ကုန်စင် ဗီဒီယိုရိုက်ကူးထားသော ရှားရှားပါးပါး ဗီဒီစီတစ်ချပ်ရလာ၍ ဖွင့်ကြည့်မိသည်။

- အမှန်တကယ် ဖြစ်ရပ်တစ်ခု။ တည်းဖြတ် ပြုပြင်ဖန်တီးထားသောအရာ မဟုတ်ဆိုသည်က ထင်ရှားသည်။ ကျောက်ဖြူမြို့နှင့်လည်း ရေလမ်းခရီးမိနစ်သုံးဆယ်ခန့်သာ ဝေးကွာသောကြောင့် ထိုသတင်းမှာ ဗီဒီယိုမကြည့်ရခင်ကတည်းက သိုးသိုးသန့်သန့်ကလေး ကြားခဲ့ရသည်။ ယခု ဗီဒီယိုဖွင့်ကြည့်မှ အရှင်းသားမြင်ရတော့၏။ နတ်ရထားယာဉ်ဖြင့် ထီးတော်ကို ကြိုးဖြင့်တက်ရောက်လာသူများက ဆွဲတင်စဉ်အခိုက်နတ်နဂါးဝင်ပူးခြင်းဟူသော ဖြစ်ရပ်ကအစပျိုးလေတော့သည်။

ထီးတင်ပွဲကျင်းပရာ နေရာနှင့်ပင်လယ်ကမ်းခြေကား သိပ်မဝေး။ ပင်လယ်ကမ်းခြေဘက်မှ ထီးတော်တင်



www.burmeseclassic.com

www.burmeseclassic.com


ရွှေတော်ဘုရားစေတီတော်


သိမ်၏မြောက်ဘက်ကုန်းမြင့်ပေါ်မှဘုရားစေတီ


သိမ်၏အရှေ့ဘက်အနီးရှိတွင် တည်ထား
ရှစ်မျက်နှာစေတီတော်


သိမ်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်


ရွှေတော်ရာဘုရားဂန္ဓကုဋိတိုက်

နေရာသို့ မြေကြီးတွင် ဝပ်တွားတွားလျက် ဝမ်းလျားမှောက်ဖြင့် လက်ဖဝါးနှစ်ဖက်ကို ခေါင်းပေါ်တွင် ဦးတော်စာင်ပြီး လှုပ်ကာလှုပ်ကာ လူးကာလွန့်ကာဖြင့် အမျိုးသမီးကြီးတစ်ဦး။ သူမကား မြွေတစ်ကောင်သွားသလိုလိုဖြင့် လူအုပ်ကြီးရှိရာဘက်သို့လာနေလေတော့သည်။ ခန္ဓာကိုယ်တစ်ခုလုံး ရွှံ့တွေဗွက်တွေက ပေကျံနေလေပြီ။ သူမကိုကြည့်ပြီး အားလုံးက အံ့အားသင့်စွာကြည့်နေကြ၏။ သူမနှုတ်ကလည်း တတွတ်တွတ်ပြောနေသည်မှာဘာမှန်းကိုမသိ။ ပကတိမြွေကြီးတစ်ကောင်သွားနေသည့်အလား ထူးဆန်းနေတာကတော့အမှန်။ထီးတော်တင်လှူပွဲမှာ သူလည်းပါချင်ကြောင်း သူ့အမူအရာများနှင့် ဟန်ပန်များက ပေါ်လွင်နေသည်ကို သဘောပေါက်ခဲ့သော စစ်အရာရှိကြီးက ခွင့်ပြုပေးလိုက်သောအခါ ပန်းရထားကြီးကို ဝင်ဆွဲနေသည်ကို မြင်ရ၏။ ဤကား ပွဲကိုရောက်ရှိနေသော ဓာတ်ပုံဆရာတစ်ဦး အမှတ်မထင်ရိုက်ကူးလာခဲ့သော အမန်းကတမ်း ဗီစီဒီမှတ်တမ်းတစ်ခုပင် ဖြစ်တော့သည်။

ကောလာဟလလိုလို၊ အဟုတ်လိုလို အရပ်ဘက်မှာပြောနေကြသည်ကို ကြားခဲ့ရခြင်းမှာကား သူမှာနေစရာနေရာမရှိတော့သဖြင့် နေရာသစ်တစ်ခု တောင်းခံနေကြောင်း ပြောဆိုကြသည်။ ဗီစီဒီမှာတော့ သူမအသံကို ဘာမှမကြားရ။ ထိုအမျိုးသမီးမှာ ထိုဒေသကိုစောင့်ရှောက်နေသော နတ်နဂါးပူးဝင်ခြင်းဖြစ်ပြီး ရေခဥ္စာနချုပ်မှ အခြားအဆင့် ဆရာကြီးတစ်ဦး၏ ဇနီးဖြစ်ကြောင်းကိုလည်း ပြောနေကြသည်ကိုကြားရ၏။ ဘာပဲဖြစ်ဖြစ် တဒင်္ဂအဖို့ဖြစ်ရပ်ဆန်းတစ်ခုကတော့ အမှန်။ သည်တော့ နဂါးတည်း ဟူသော သတ္တဝါမှတ်ခေါ်ဝေါ်ယုံကြည်မှုတစ်ရပ်မှာ ပုံပြင်လေလော၊ ဒဏ္ဍာရီလော မပြောတတ်တော့ပါ။

ကာလအားဖြင့်တော့ ကြာခဲ့ပြီ။ ၁၉၈၈ ခုနှစ် ဧပြီလ ၂၀ ရက်။ ည (၄)နာရီခန့်သောအချိန်တွင် ကျောက် မြို့ပေါ် သို့ရောက်ရှိလာသောသတင်း တစ်ခုကြောင့် တစ်မြို့လုံးလှုပ်လှုပ်ရှ ရတော့သည်။ ကြားရသူတိုင်း တုန်လှု ချောက်ချားရသလို စိတ်မဝင်စား လည်း မကျန်သလောက်။ တချို့ဆို ဤသတင်းကိုကြားသည်နှင့် ချက်ခ ပြေးလွှား လန့်ဖျပ်ကုန်ကြသည်။ ဤ သည်မှာလည်း မိမိနှင့်ပတ်သတ် ဆက်နွှယ်နိုင်သောအကြောင်းတစ်ခု ခြင်းကြောင့်တည်း။

အဖြစ်အပျက်က ဤသို့။

ကျောက်ဖြူမြို့နယ် ကံ ပန်းတောကြီး၊ ကျောက်ဆိပ်၊ မော် ငစိမ့်ပြင်၊ မိချောင်းရေသောက် တစ်လျှောက် ချောင်းရိုးတိုင်း စုန် လာသော ခရီးသည်တင်စက်လှေ မော်ဝင်လယ်ကွေ့မှဖြတ်သန်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



အရှင်ကဿပရဟန္တာခြေတော်ရာပုံ



ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခပုံတော်



သိမ်ဝိုက်




ဆရာတော် ယခုသီတင်းသုံးနေသည့် ဗိမ္မာကျောင်းဆောင်

ဖြူမြို့သို့မရောက်မီ အနည်းငယ်အလိုတွင် နစ်မြုပ်သွားသည်ဆိုသောသတင်းဆိုး။


ဒေသခံများအခေါ် နဂါးမော်ဆိုသည်မှာ ပင်လယ်ကွေ့တစ်နေရာ၊ နဂါးတောင်ခေါ် မီးတောင်များ လွှမ်းခြုံထားသော အလွန်ကျယ်ပြန့်သည့် တောင်ဆွယ်တောင်တန်းတစ်ခုကားရှိ၏။ ထိုတောင်ဆွယ်အတွင်း မီးတောင်သေ၊ မီးတောင်ရှင် စသည်များလည်းရှိကြ၏။ မီးတောင်သေနေရာအနှံ့တွင်ကား သစ်ပင်သစ်တော မြက်ခင်း၊ စပါးခင်းများက နေရာယူကြလေပြီ။ နဂါးမော်ပင်လယ်ကွေ့၏ပထဝီသဘောမှာ အနီးပတ်ပတ်လည်ဝန်းကျင်တစ်ဝိုက် ပေါက်နက်ကြီးကျွန်း၊ မဒေးကျွန်း၊ ပေါက်နက်ချောက်ကျွန်းနှင့်ရမ်းပြဲကျွန်းရှိ၏။ အောက်ကိုစုန်ဆင်းသော် ကျောက်ဖြူမြို့နှင့် ကျောက်ဖြူပင်လယ်ဝ။ အထက်မှစီးဆင်းလာသော မြစ်ဆုံရေဆုံများဆုံစည်းရာ ဤနဂါးတောင်မော်အနီးနေရာကို အများက နဂါးမော်ဟုခေါ်ကြသည်မှာ ကာလအားဖြင့်ကြာခဲ့လေပြီ။

ထိုနေရာ ပင်လယ်အော်တွင် ရေဆုံ၊ ရေဝဲ၊ ရေကတော့များဖြင့် ရေထရက်များတွင် အန္တရာယ်များသောကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားသောနေရာတစ်ခု ဖြစ်နေတော့သည်။ အခိုက်မသင့်ပါက လှေတစ်စီးလုံးကို ရေထဲသို့ ဆွဲချနှစ်မြုပ်နိုင်လောက်အောင် ပြင်းထန်လွန်းလှသည်ဟု အများကသိထားကြသည်။ သို့သော်လည်း သွားလာနေကြသော စက်လှေအများစုမှာ ရေအလိုက်၊ လေအလိုက် သတိထားပြီးမှ သာသွားလာကြရ၏။ ထိုနေရာသို့

www.burmeseclassic.com



တောင်ပေါ်စေတီအတက် အနောက်ဘက်အောက်ခြေအဝင်စောင်းတန်းမုခ်ဦး



ဆရာတော်မိန့်ဆိုထားခဲ့သော 'အပည်လေးရပ် တောင်မြတ်ရတနာ' စာတန်းဆိုင်းဘုတ်

စီးဝင်လာသော မြစ်ချောင်းများ
အထက်ပတ်ဝန်းကျင်တစ်ဝိုက် မအိမ်
ကျွန်းပေါင်းများစွာကို ကွေ့ပတ်စီးဆင်း
လာသော သံဇစ်မြစ်၊ မင်းရပ်မြစ်
မဒေးကျွန်းမြစ်၊ အုန်းချောင်း စသည်
ဆုံစည်းရာ မြစ်ဆုံတစ်ခု။ ထိုနေရာသည်
နဂါးတောင်မော်အနီး၌ တည်ရှိသော
ကြောင့် နဂါးမော်ဟု ခေါ်ဖြစ်သည်
ထင်ရသည်။

ဤကမ်းခြေပတ်ဝန်းကျင်တစ်ဝိုက်
သစ်ပုတ်တောင်ရွာ၊ စစ်တောရွာ၊ ပေါက်
နက်ရွာ၊ စိုင်ခြံရွာ၊ မဒေးကျွန်း၊ ဖြင်
မော်ရွာ စသည်တို့တည်ရှိကြလေသည်
ကျောက်ဖြူရေခဋ္ဌာနချုပ်စခန်းမြို့နှင့်
လည်း သိပ်မဝေးလှ၊ လှမ်းကြည့်တမြင်
နိုင်သည်။

နဂါးတောင်ခေါ် မီးတောင်
သည် ဆယ်စုနှစ်တိုင်း အကြိမ်ကြိမ်
ပေါက်ကွဲခြင်းသို့ဖြစ်တတ်၏။ မီးတောင်
ပေါက်ကွဲသည့်အခါများတွင် နဂါးမော်
ပင်လယ်အော်တွင်း ဝဲဂယက်က ဗို့ရှိ
ဆူပွက်တတ်သည်ဟု သွားလာဖူးသူများ
က ပြောသည်ကိုလည်း ကြားဖူးခဲ့ရပါ
သည်။

ဤမျှဆိုးဝါးသော ပင်လယ်အော်
တွင်မှ စက်လှေနစ်မြုပ်သည်ဆိုခြင်းအား
မည်သူမျှစိတ်မဝင်စားနေနိုင်ပါအံ့နည်း
အကြောင်းသိသူများအဖို့ ရိုးရိုးသားသား
နစ်မြုပ်ခြင်းလေလား သို့တည်းမဟုတ်
အခြား ပယောဂတစ်ခုခုလေလားဟု
ချဲ့ထွင်စဉ်းစားမှုလည်း ပြုကြပြန်သည်
ကလည်း အမှန်။



တောင်ပေါ်မှ မောင်တော်နတ်
(တောင်စောင့်နတ်)



တောင်ပေါ်မှ နှမတော်နတ်
(တောင်စောင့်နတ်)



သိမ်းသမုတ်ခြင်းနှင့်
မှတ်တမ်းကျောက်စာတိုင်




www.burmeseclassic.com

www.burmeseclassic.com



၁၉-၂-၂၀၀၇ နေ့က မီးတောင်ပေါက်ကွဲနေသည်ကို ပင်လယ်ထဲမှ ရိုက်ကူးထားသောပုံ



မီးတောင်နှစ်လုံးကြားက ရွှံ့မြစ်နှင့် မီးတောင်နှစ်လုံးကြားမှ ရွှံ့ရည်ချော်ရည်များ စီးကျနေပုံ



မီးတောင်ခြေရင်းက ချော်ရည်မြစ်

နစ်မြုပ်သောစက်လှေရှိရာသို့ မြို့ပေါ်မှ အပြေးအလွှား စက်လှေအချို့ သွားရောက်ကြ၏။ လူသေအချို့နှင့် ရှင်သူအချို့။ အချို့သောအသက်ရှင်သူများမှာ တစ်ဖက်ကမ်း ဟာသ်ာချိုင် (စိုင်ခြံရွာ) အနီးသို့ ရောက်သွားကြလေသည်။ များမကြာမီ နေဝင်ရီးရီခန့်တွင် အသက်ရှင်သူများ မြို့ပေါ်သို့ တဖြည်းဖြည်းစုဝေးမိကြသည့်အခါတွင်ကား စကားတွေက အမျိုးမျိုးကြားခဲ့ရပြန်သည်။ စက်လှေပိုင်ရှင် (စက်လှေမောင်းသူ) ၏ မိုက်မဲခြင်းများ၊ ရေတွေဒလဟောဝင်နေသော စက်လှေ နီးရာကမ်းကပ်ဖို့ ငြင်းဆန်ခဲ့သော စက်လှေပိုင်ရှင်၊ လူသုံးဆယ်ခန့် စီးနိုင်သောစက်လှေတွင် လူငါးဆယ်ခန့် တင်ဆောင်လာခြင်း စသည်စသည်များ။ ထို့အပြင် စိတ်ဝင်စားဖွယ်တိုးလာရခြင်း အခြားအကြောင်းများမှာ အသက်ရှင်လာခဲ့သူများ၏ ဒဏ္ဍာရီဆန်ဆန်ပြောပြချက်များက ပို၍ပင် စိတ်ဝင်စားဖွယ်ကောင်းနေတော့သည်။

စက်လှေစီးခရီးသည် ငါးဆယ်ခန့်တွင် ကိုရင်လေး (၇) ပါး ပါလာ၏။ ၎င်းတို့အားလုံး အသက်ဘေးမှ လွတ်ကင်းခဲ့ကြသည်။

"အမျိုးသမီးကြီးတစ်ဦးကကျောပိုးတင်ချီပြီး ကမ်းကိုပို့ပေးခဲ့တယ်။ ပြီးတော့ နောက်သူတွေကို သွားဆယ်ဦးမယ်ဆိုပြီး ပင်လယ်ထဲ စက်လှေမြုပ်ရာကို ပြန်ကူးသွားတယ်"

ဆိုသော ကိုရင်လေးတစ်ပါး။

"ဘယ်လိုကမ်းကိုရောက်လာမှန်းကိုမသိလိုက်ဘူး။ ဟာသ်ာချိုင်ကို လွယ်လွယ်ပဲ ရောက်သွားတယ်"

ဟုဆိုသော ကိုရင်လေးကတချို့။

"ရေက တိမ်တိမ်လေးပဲ၊ ခြေထောက်နဲ့ပဲကူးပြီး လျှောက်လာခဲ့တာ"

ဟု ပြောသော ကိုရင်လေးက နှစ်ပါး၊ သုံးပါးခန့်။

ကိုယ့်အသက်ကိုလုပြီး ကမ္ဘာပျက်ကိန်းကြုံနေခိုက်မှာတော့ အားလုံးက ဝိုးတဝါးဝါး အိပ်မက်ဆန်နေမည်မှာကား အမှန်။ ထူးဆန်းတာက သေဆုံးသူသုံးဆယ်ခန့်တွင် ကိုရင်လေးတစ်ပါးတလေမှမပါဝင်။ အသက်ရှင်လာသူတွေထဲမှ တချို့က ရေကူးဆို ဘာမှမတတ်ခြင်းကိုက အံ့ဩစရာတစ်ခု။

ဤတွင် ဘုရားထီးတင်ပွဲ၌နတ်ပူးဝင်သည် သို့မဟုတ် နဂါးပူးဝင်သည်ဆိုသော အကြောင်းအရာများသည် လည်းကောင်း၊ စက်လှေနစ်မြုပ်စဉ် ထူးဆန်းစွာ အသက်ဘေးမှ လွတ်မြောက်ခဲ့သော ကိုရင်လေးများ၏ ပြောပြချက်များသည် လည်းကောင်း၊ ဤနဂါးမော်ဒေသအနီးတစ်ဝိုက် ယုံကြည်လက်ခံထားကြသော နတ်နဂါးမှာ မည်သို့မည်ပုံ ဆက်နွှယ်မှုရှိသည်ကိုကား မည်သူမျှ အဖြေပေးနိုင်မည်မဟုတ်သလို စွဲလမ်းယုံကြည်နေသူတချို့ကိုလည်း စွဲလမ်းမှုဖျောက်ဖျက်နိုင်ရန်အလို့ငှာ ခက်ခဲနေဦးမည်သာ ဖြစ်လေတော့သတည်း။

(အမှတ်တရမှတ်စုများမှ ကောက်နုတ်ချက်)

*အတ္တာဟိအတ္တာနော၊နာထော*

မောင်ခိုင်မြင့်


www.burmeseclassic.com

# ကြည့်လွင်
# တော်လှန်ရေးအစိုးရခေတ်က ထုတ်ဝေခဲ့သော ပို့စကတ်များ

တံဆိပ်ခေါင်းဝါသနာရှင်တို့သည် တံဆိပ်ခေါင်းဝါသနာပစ္စည်းများ၏အစိတ်အပိုင်းတစ်ပိုင်းဖြစ်သော စာပို့စာရေးကိရိယာများ (Postal Stationery) ကိုလည်း အမိကထား၍ စုဆောင်းလေ့ရှိကြသည်။ ထိုစာပို့စာရေးကိရိယာပစ္စည်းများထဲတွင် ပို့စကတ်များ (Postcards) များလည်း ပါဝင်သည်။ ဤနေရာ၌ ပို့စကတ်ဟူသည်မှာ ပြင်ပဆိုင်များတွင် ရောင်းချလေ့ရှိသော ရောင်စုံဓာတ်ပုံ ပို့စကတ်များကို ဆိုလိုခြင်းမဟုတ်ပေ။ စာတိုက်မှ တရားဝင် ရောင်းချသော ပို့စကတ်များကို ဆိုလိုပါသည်။ ဤဆောင်းပါးမှာ ၁၉၆၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းပြီးတက်လာသော တော်လှန်ရေးအစိုးရတာဝန်ယူစဉ်က စာပို့ဌာနမှထုတ်ဝေခဲ့သော ပို့စကတ်များအကြောင်းကိုရေးသားပြုစုထားခြင်းဖြစ်သည်။

ပို့စကတ် ဟူသော စကားလုံးကို ထိုခေတ်က စာပို့ကတ်၊ စာပို့လွှာ၊ စာပို့ကဒ်၊ ပို့စကဒ် ဟူသော စာလုံးပေါင်းများဖြင့် အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြသော်လည်း ဤဆောင်းပါး၌ ပို့စကတ် ဟူ၍သာ သုံးစွဲသွားမည် ဖြစ်ပါသည်။

ဝါသနာရှင်တို့က ပို့စကတ်များကို တန်ဖိုးထားကြရသည့်အကြောင်းရင်းကို တင်ပြရမည်ဆိုပါက တံဆိပ်ခေါင်းမှာ စာပို့ဌာနမှထုတ်ဝေခြင်းဖြစ်ပြီး စာပို့ဌာနမှထုတ်ဝေသောပို့စကတ်မှာလည်း စာပို့စနစ်၊ စာပို့တံဆိပ်ခေါင်း၊ စာပို့အမှတ်အသားတို့နှင့်ဆက်စပ်နေသော ပစ္စည်းဖြစ်သဖြင့် တံဆိပ်ခေါင်းကို တန်ဖိုးထားသကဲ့သို့ ပို့စကတ်များကိုလည်း တန်ဖိုးထားကြခြင်း ဖြစ်သည်။ အမှန်စင်စစ် တရားဝင်ပို့စကတ်များ (official post-cards) ဟု ဝါသနာရှင်တို့က ခေါ်ဝေါ်ကြသော စာတိုက်မှ ရောင်းချသည့် ပို့စကတ်များမှာ ပြင်ပတွင်ရောင်းချလျက်ရှိသည့် ပို့စကတ်များကဲ့သို့ စဉ်ဆက်မပြတ် ထုတ်ဝေနေခြင်းမဟုတ်ဘဲ သတ်မှတ်ထားသော ကာလအတွင်းသာရောင်းချပြီး အကန့်အသတ်




ဆဋ္ဌမမြောက် ဂျော့ဘုရင်တံဆိပ်ခေါင်းကို အသုံးပြုထားသော အလုပ်သမားနေ့ပို့စကတ်



၁၉၆၅ ခုနှစ်ထုတ် အလုပ်သမားနေ့ဂုဏ်ပြုပို့စကတ်

အချို့ဖြင့် ထုတ်ဝေလေ့ရှိသဖြင့် ပြင်ပပို့စကတ်များကဲ့သို့မဟုတ်ဘဲ ရှားပါးသွားလေ့ရှိသည်။ ယခုတင်ပြမည့် မြန်မာနိုင်ငံတော်လှန်ရေးအစိုးရခေတ် ပို့စကတ်များမှာလည်း ယခုအခါ ရှားပါးလျက်ရှိနေပြီဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့အနေဖြင့် ပို့စကတ်ကဲ့သို့သော စာပို့စာရေးကိရိယာပစ္စည်းစုဆောင်းခြင်း (Postal Stationery Collecting) ကို မည်မျှအလေးထားစုဆောင်းကြသည်ကို အသေအချာ မသိရှိရသော်လည်း ကမ္ဘာ့တံဆိပ်ခေါင်းလောက၌ စာပို့စာရေးကိရိယာသီးသန့်စုဆောင်းသည့်

အသင်းအဖွဲ့များ (associations)၊ စာ... စာရေးကိရိယာဆိုင်ရာလက်စွဲစာအုပ်... များ (handbook) နှင့် ကတ်တလောက်... များ (catalogues) စသည်များဖြင့် ... စိုက်စိုက် စုဆောင်း လေ့လာလျက်ရှိ... သည်။ မြန်မာပို့စကတ်များပါဝင်ပြီး ... တကာမှ စာပို့စာရေးကိရိယာပစ္စည်း... စာရင်းပြုစုဖော်ပြထားသော နာမည်... စာပို့စာရေးကိရိယာကတ်တလော... (၂) မျိုးမှာ ဟစ်ဂင်းနှင့်ဂိတ် (Higgins & Gage) နှင့် ဘရစ်ဂျာနှင့်ကေး (Bridger & Kay) တို့ဖြစ်ကြသည်။ တံဆိပ်ခေါ... များမှာ ဈေးနှုန်းတဖြည်းဖြည်းတ...



www.burmeseclassic.com

www.burmeseclassic.com




ပို့စကတ်များပေါ်တွင်
ကြိုတင်ရိုက်နှိပ်ထားသော
၅ပြားတန် မီတာအမှတ်အသား




အချို့ပို့စကတ်များပေါ်၌ ရိုက်နှိပ်သော
အနက်ရောင် စာပို့ခ ကြိုတင်ပေးချေ
အမှတ်အသား



မက်စီမန်ကတ် ပြုလုပ်ထားသော ၁၉၆၆ တောင်သူလယ်သမားနေ့ပို့စကတ်




လွတ်လပ်ရေးကျောက်တိုင်ဆီသို့ ချီတက်သွားသော တိုင်းရင်းသားများ

သကဲ့သို့ ပို့စကတ်များမှာလည်း ထုတ်ဝေပြီး နောက်ကာလကြာမြင့်လာသည်နှင့်အမျှ တရိပ်ရိပ်ဈေးတက်နေကြပေသည်။

**အစိုးရတော်လှန်ရေးကောင်စီခေတ်ပို့စကတ်များ**

မြန်မာနိုင်ငံတွင် တော်လှန်ရေးအစိုးရလက်ထက်ရောက်မှ စာတိုက်မှ ထုတ်ဝေသော တရားဝင် ပို့စကတ်များ ပိပိပြင်ပြင်ပေါ်ထွက်လာသည်ဟုဆိုရမည်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်၌ ၁၉၅၀ ပြည့်နှစ်တွင် ထုတ်ဝေသော 'စာတိုက်လမ်းညွှန်' (Post Office Guide) စာအုပ်၏အဆိုအရ (၁) ပဲ (ပြည်တွင်း) နှင့် (၂) ပဲ (ပြည်ပ) တန် ပို့စကတ်များ ထုတ်ဝေထားသည်ဆိုရာ၌ ထိုပို့စကတ်များမှာ လွတ်လပ်ရေးရရှိပြီးသည့်နောက် ဆက်လက်သုံးစွဲခဲ့သော ၁၉၄၆ ခုနှစ် ထုတ် ဆဋ္ဌမမြောက် ဂျော့ဘုရင် (King George VI) (၉) ပိုင်တန် ပို့စကတ်များကို ဆိုလိုခြင်း ဖြစ်သည်။ ထိုပို့စကတ်များမှာ ၁၉၅၃ ခုနှစ် ငွေကြေးစနစ်သစ်သုံးစွဲရာတွင် အရောင်းရပ်ဆိုင်းပစ်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၆၂ ခုနှစ် အလွန် တော်လှန်ရေးအစိုးရလက်ထက်တွင်မှသာ တရားဝင်ပို့စကတ်များ စတင်ထုတ်ဝေနိုင်ခဲ့သည်မှာ သိသာလှပေသည်။

၁၉၆၂ ခုနှစ်၌ ဆဋ္ဌမမြောက် ဂျော့ဘုရင်(၆)ပိုင် (အပြာရောင်)ပို့စကတ်မြောက်မြားစွာကို အင်္ဂလန်ကိုလိုနီခေတ်လွန် (လွတ်လပ်ရေးရပြီး ၁၅ နှစ်ခန့်အကြာ) ကာလဖြစ်လင့်ကစား စာတိုက်ဌာနအနေဖြင့် တရားဝင်သုံးစွဲခဲ့သည့် အထောက်အထားများ တွေ့ရှိရသည်။

သုံးစွဲခဲ့ပုံများမှာ (၁) ထိုပို့စကတ်များပေါ်တွင် တံဆိပ်ခေါင်းမကပ်ဘဲ စာတိုက်လုပ်ငန်းကိစ္စအဖြစ် စာပို့ဌာနအတွင်း ရုံးစာပေးပို့ရာတွင် သုံးစွဲခဲ့ခြင်း၊ (၂) ပြည်သူတို့အနေဖြင့် ထိုပို့စကတ်များပေးတွင် ကျသင့်သော (လက်ရှိသုံးစွဲသောငွေကြေး) တံဆိပ်ခေါင်းကပ်၍ သုံးစွဲစေခြင်းနှင့် (၃) ထိုပို့စကတ်များပေါ်၌ သက်ဆိုင်ရာအထိမ်းအမှတ်အတွက် ရုပ်ပုံဒီဇိုင်းပုံနှိပ်၍ (ပုံစံ - ၁၉၆၄ ခုနှစ် တောင်သူလယ်သမားနေ့) ပြည်သူတို့ကို သုံးစွဲစေခြင်းဟူ၍ ပုံစံ(၃)မျိုးဖြင့် သုံးစွဲခဲ့သောသာဓကများ တွေ့ရှိထားသည်။ ဤကဲ့သို့ ရှေးဟောင်းပို့စကတ်များပေါ်တွင် ဒီဇိုင်းပုံနှိပ်၍ သုံးစွဲခဲ့ခြင်းမှာ နောင်လာမည့် တရားဝင်ပို့စကတ်များထုတ်လုပ်ခြင်း၏ ရှေ့ပြေးလက္ခဏာပင် ဖြစ်သည်။ ဤကာလ ၁၉၆၂ - ၆၄ ခုနှစ် နောက်ပိုင်းတွင်မူ နေ့ထူးနေ့မြတ်များ၊ အထိမ်းအမှတ်နေ့များ၊ နှီးနှောဖလှယ်ပွဲကြီးများကိုဂုဏ်ပြုလျက် စာတိုက်ဌာနမှ တရားဝင်ပို့စကတ်များကို ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့နှင့်အတူ ထိုခေတ်ထိုစဉ်ကာလများက အသားပေး ချီးမြှောက်လေ့ရှိသော တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ နှီးနှောဖလှယ်ပွဲကြီးများအတွက် အထိမ်းအမှတ်ပို့စကတ်များ ထုတ်ဝေခဲ့သည်။ ကျောင်းသားလူငယ်များအတွက် သီးသန့်ကျင်းပပေးသော ကျောင်းသားပွဲတော် အထိမ်းအမှတ် ပို့စကတ်များအပြင် ၁၉၇၀ ပြည့်နှစ်က ကျရောက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ကုလသမဂ္ဂ (၂၅) နှစ်မြောက် အထိမ်းအမှတ်ပို့စကတ်များလည်း ထုတ်ဝေနိုင်ခဲ့သည်။

တော်လှန်ရေးအစိုးရခေတ် ပို့စကတ်များဟုဆိုရာ၌ ၁၉၆၄ မှ ၁၉၇၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော ပို့စကတ်များဖြစ်သည်။ ၁၉၆၄ မတိုင်မီနှင့် ၁၉၇၂ နောက်ပိုင်းတွင် တရားဝင်ပို့စကတ် တစ်မျိုးမှ ထုတ်ဝေနိုင်ခဲ့ခြင်းမရှိပေ။ ဤကာလအပိုင်းခြားအတွင်း စာရင်းပြုစုစည်းရရှိသော ထုတ်ဝေခဲ့သည့် ပို့စကတ်အမျိုးပေါင်း (၂၈) မျိုးရှိသည်။ ဂုဏ်ပြုထုတ်ဝေခဲ့သော အထိမ်းအမှတ်နေ့ရက်နှင့် ပို့စကတ်ထုတ်ဝေခဲ့သည့် အကြိမ်ရေများမှာ ပြည်ထောင်စုနေ့အတွက် (၈) ကြိမ်၊ အလုပ်သမားနေ့ အတွက်(၇)ကြိမ်၊ တောင်သူလယ်သမားနေ့အတွက် (၆) ကြိမ်၊ လွတ်လပ်ရေးနေ့ အတွက် (၄) ကြိမ်၊ ကျောင်းသားပွဲတော် အတွက် (၂) ကြိမ်နှင့် ကုလသမဂ္ဂနေ့ အတွက် (၁) ကြိမ် ဟူ၍ စုစုပေါင်း (၂၈) ကြိမ်တွင် ပို့စကတ် (၂၈)မျိုး ထုတ်ဝေခဲ့သည်ကို မှတ်တမ်းတင်နိုင်သည်။

ယခုတင်ပြလျက်ရှိသောတရားဝင် ပို့စကတ်ဟူသည်မှာ စာပို့ဌာနမှ တရားဝင် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး စာပို့ခကြိုတင် ပေးချေထားသော (Prepaid) ပို့စကတ်များ ဖြစ်သည်။ ရှင်းလင်းရသော် ထိုပို့စကတ်များပေါ်တွင် တံဆိပ်ခေါင်းကပ်ရန်မလိုပေ။ အဘယ်ကြောင့်ဆိုသော် ထိုပို့စကတ်များပေါ်၌ တံဆိပ်ခေါင်း ကြိုတင်ကပ်ထားပေးခြင်း သို့မဟုတ် စာပို့ခမီတာအမှတ် (meter mark) ကြိုတင်ရိုက်နှိပ်ထားခြင်း (သို့မဟုတ်) ကြိုတင်ပေးချေအမှတ်အသား (prepaid mark) ရိုက်နှိပ်ထားခြင်း စသည်ဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုကြောင့် တံဆိပ်ခေါင်း ထပ်မံကပ်ရန် မလိုခြင်း ဖြစ်သည်။ ပို့စကတ်တစ်ကတ်အတွက် ကျသင့်သည့် တံဆိပ်ခေါင်းတန်ဖိုးပါရှိပြီး ဖြစ်သောကြောင့် ပြည်သူတစ်ယောက် အနေဖြင့် ပို့စကတ်ကို ဝယ်၊ ရေးလိုရာ ရေး၊ လိပ်စာတပ်ပြီး စာတိုက်ပုံး (letter Box) ထဲသို့ ထည့်ပို့ရန်သာဖြစ်၍ အချိန်ကုန်ခြင်း၊ ကရိကထများခြင်းတို့ သက်သာစေသည်။ ထို့ကြောင့် ဤစနစ်ဖြင့် ထုတ်လုပ်ထားသော ပို့စကတ်များကို ကြိုတင်ပေးချေပြီး ပို့စကတ်များ (prepaid postcards) ဟု ခေါ်ကြသည်။

ဤတော်လှန်ရေးအစိုးရခေတ် ပို့စကတ်များပေါ်၌ စာပို့ခကြိုတင်ပေးချေပြီးကြောင်း အထောက်အထားကို မည်ကဲ့သို့ တွေ့ရှိနိုင်ပါမည်နည်း။ အထက်က ရှင်းပြပြီးခဲ့သည့်အတိုင်း စာပို့တံဆိပ်ခေါင်းကပ်ရမည့်အစား စာပို့ခမီတာအမှတ်ကို မီတာအမှတ်ရိုက်စက် (franking machine) ဖြင့် ရိုက်နှိပ်ထားသည်ကို ပို့စကတ်၏ နောက်ကျောအထက် ညာဘက်ထောင့်နေရာတွင် တွေ့ရှိနိုင်သည်။ သုံးစွဲနေကျ မီတာအမှတ်အသားအရောင်ဖြစ်သည့် အနီရောင်ဖြင့် 5P (၅ ပြား) ဟူ၍ ခြသေ့်နှစ်ကောင်ဒီဇိုင်းပုံဖြင့် တွေ့ရှိရမည်ဖြစ်သည်။ နောက်တစ်နည်းဖြင့် ကြိုတင်ပေးချေအမှတ်အသားကို တွေ့ရှိနိုင်သည်မှာ လေးထောင့်သင်္ကေတ အမှတ်အသားအတွင်း၌ *'ပြည်ထောင်စုမြန်မာနိုင်ငံ၊ စာတိုက်ဌာန၊ စာပို့ခပေးပြီး Postage Prepaid'* ဟူသော စာသားများကို အစဉ်လိုက်တွေ့ရှိနိုင်သည်။ အမှတ်အသား၏အရောင်မှာ နက်ပြာရောင်ဖြစ်သော်လည်း အနည်းငယ်သော အမှတ်အသားအချို့တွင် အနီရောင်ဖြင့် တွေ့ရှိရမည်ဖြစ်သည်။ ဤပုံစံဖြင့် ကြိုတင်ပေးချေအမှတ်အသားမှာ စက်ဖြင့်ရိုက်နှိပ်ခြင်းလော သို့တည်းမဟုတ် တံဆိပ်တုံး (handstamp) ဖြင့် ထုနှိပ်ခြင်းလော ဟူသည်ကိုမူ အတိအကျ မသိရှိရပေ။ မည်သို့ပင်ဖြစ်စေ အထက်ဖော်ပြပါ ကြိုတင်ပေးချေအမှတ်အသား (၂) မျိုး အနက်မှ တစ်မျိုးမျိုးကို တော်လှန်ရေးအစိုးရခေတ် တရားဝင်ပို့စကတ်များပေါ်၌ တွေ့ရှိရခြင်းကြောင့်သာ ဤပစ္စည်းများ (ပို့စကတ်များ) မှာ 'စာပို့စာရေးကိရိယာပစ္စည်းများ' ဟူ၍ ပြည့်ပြည့်ဝဝ လက်ခံကြရပြီး ကမ္ဘာ့စာပို့စာရေးကိရိယာစုဆောင်းခြင်းဝါသနာအတွက် စုဆောင်းဖွယ်ရာ ပစ္စည်းများအဖြစ် အသိအမှတ်ပြုခံရသည်ကို စာဖတ်သူတို့ သဘောပေါက် နားလည်စေလိုပါသည်။

**□ ပို့စကတ်များပေါ်မှအကြောင်းအရာများ**

တော်လှန်ရေးအစိုးရခေတ်၌ထုတ်ဝေခဲ့သော ကြိုတင်ပေးချေပြီး တရားဝင်ပို့စကတ်များပေါ်မှအကြောင်းအရာများကို (၂) ပိုင်း ခွဲခြားတင်ပြပါမည်။ ပထမပိုင်းမှာ ပို့စကတ်၏ သွင်ပြင်လက္ခဏာအကြောင်းနှင့် ဒုတိယပိုင်းမှာ ထိုပို့စကတ်များပေါ်မှ ဒီဇိုင်းရုပ်ပုံများ အကြောင်းဖြစ်သည်။ ပို့စကတ်(၂၈)မျိုးစလုံးမှာ အရွယ်အစားအားဖြင့် အလျား (၁၁. ၅) × အနံ (၉. ၅) စင်တီမီတာရှိသည်။ ဤပို့စကတ်များထုတ်ဝေခဲ့သည့် (၉)နှစ်တာကာလအတွင်း ပို့စကတ်အားလုံးမှာ ပျမ်းမျှအားဖြင့် ထိုအတိုင်းအတာသာရှိသည်။ ပို့စကတ်ပုံနှိပ်သောကတ်ပြားမှာ မထူမပါးသောနှစ်ဖက်ချောကတ်ပြားမျိုးဖြစ်သည်။ အရောင်မှာ အဖြူဘက်သို့သန်းသောအရောင် ဖြစ်သည်။ ပို့စကတ်များ၏နောက်ကျောတွင် 'မှ-လိပ်စာ' ရေးရန်နှင့် 'သို့-လိပ်စာ' ရေးရန် မျဉ်း (၃) ကြောင်းစီပါရှိသည်။ အချို့ပို့စကတ်များတွင် 'မှ-လိပ်စာ' နှင့် 'သို့-လိပ်စာ' ရေးရန် တစ်ဖက်တည်းတွင် ပုံနှိပ်ထားသည်။ အချို့ပို့စကတ်များမှာ တစ်ဖက်တစ်ချက် (ဘယ်-ညာ) စီတွင် ပုံနှိပ်ထားသည်။ ပို့စကတ်၏ညာဘက် အပေါ်ထောင့်၌ မီတာအမှတ်အသား သို့မဟုတ် ကြိုတင်ပေးချေအမှတ်အသား ရိုက်နှိပ်ထားသည်။ ပို့စကတ်အသုံးပြုနိုင်ရန် ရက်ကန့်သတ်ထားခြင်းမရှိသော ကြောင့် မီတာအမှတ်အသား၌ နေ့စွဲမပါရှိပေ။ ပို့စကတ်နောက်ကျော၏ နဖူးစီးနေရာ၌ ပို့စကတ်ထုတ်ဝေခြင်းအထိမ်းအမှတ်နှင့်ပတ်သက်သည့်စာတန်း (ပုံစံ- ၁၉၆၉ ခု၊ တောင်သူလယ်သမားနေ့) ပါရှိသည်။ အချို့ ပို့စကတ်အမျိုးအစားများ၌ လိုဂိုဒီဇိုင်း (ပုံစံ - အလုပ်သမားနေ့ပို့စကတ်တွင် ပင်နီယံဒီဇိုင်းပုံ) လည်း ပုံနှိပ်ထားသည်ကို တွေ့ရှိနိုင်သည်။

ပို့စကတ်များ၏ မျက်နှာစာဘက်ခြမ်း၌ ထိုခေတ်ထိုစဉ်က နာမည်ကြီးပန်းချီဆရာများ၏ ပန်းချီဒီဇိုင်းလက်ရာများဖြင့်သရုပ်ဖော်ထားပြီး အချို့ပို့စကတ်များကိုမူ ဓာတ်ပုံဒီဇိုင်းပုံ (ပုံစံ - ၁၉၆၇ ပြည်ထောင်စုနေ့ပို့စကတ်)ဖြင့် ဖော်ပြထားသည်။ ပန်းချီ သို့မဟုတ် ဓာတ်ပုံတို့၏အကြောင်းအရာမှာ အဓိကအားဖြင့် သက်ဆိုင်ရာအထိမ်းအမှတ်နှင့် ဆက်နွယ်သောရုပ်ပုံများ ဖြစ်သည်။ တောင်သူလယ်သမားနေ့အတွက် လယ်သမားကောက်ရိတ်သိမ်းနေပုံ၊ လယ်သူများ ကောက်စိုက်နေပုံ စသည်များကို သရုပ်ဖော်လေ့ရှိပြီး အလုပ်သမားနေ့အတွက် ရေနံတွင်းလုပ်သားများ၏ လုပ်ငန်းခွင်ပုံ၊ လုပ်သားများ၏ တည်ဆောက်ရေးလုပ်ငန်းခွင်ပုံ စသည်များကို ရေးဆွဲ သရုပ်ဖော်ထားခြင်း ဖြစ်သည်။

တော်လှန်ရေးအစိုးရခေတ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို စတင်အကောင်အထည်ဖော်စဉ်ကာလ ဖြစ်သောကြောင့် ပို့စကတ်များပေါ်မှ သင်္ကေတများနှင့်ဟန်ပန်အနေအထားတို့



www.burmeseclassic.com

www.burmeseclassic.com

ထိုခေတ်က တရုတ်နိုင်ငံ မော်စီတုန်း ခေတ်ဒီဇိုင်းပုံများ သို့မဟုတ် ဆိုဗီယက် ပြည်ထောင်စုနိုင်ငံမှ ဆိုရှယ်လစ်ဆန်ဆန် သရုပ်ဖော်သော ဒီဇိုင်းပုံအငွေ့ အသက်များက လွှမ်းမိုးခဲ့သည်။ ပုံစံအား ကြွက်သားထုထည်ကြီးမားသော လုပ်သားကြီးများက လက်နက်ကိရိယာ များ မြှောက်ကိုင်လျက် ချီတက်ပုံ ဒီဇိုင်းမျိုး ဖြစ်သည်။ သို့ရာတွင် ပို့စကတ် အားလုံးတွင်အသုံးပြုထားသောအရောင် များမှာ စိုပြည်လှပြီး လိုက်ဖက်ညီသည့် ချိုင်စဖွယ် လှပသောဒီဇိုင်းပုံများဖြစ်ကြ သည်။

## တော်လှန်ရေးအစိုးရခေတ်ထုတ် တရားဝင်ပို့စကတ်များစာရင်း

တော်လှန်ရေးအစိုးရခေတ်တွင် ထုတ်ဝေခဲ့သော တရားဝင်ပို့စကတ်များ စာရင်းနှင့်ပတ်သက်၍ ကြိုတင်ရှင်းလင်း ရန်အချက်များရှိပါသည်။ ပထမအချက် မှာ ဤပို့စကတ်များစာရင်းကို စာတိုက် ဌာနမှရရှိခြင်းမဟုတ်ဘဲ ဝါသနာရှင်တို့ စုဆောင်းရရှိထားသော ပို့စကတ်များ ပေါ်မူတည်၍ စာရင်းပြုစုထားခြင်းကို သိစေလိုပါသည်။ ဒုတိယအချက်အနေ ဖြင့် အချို့သော အထိမ်းအမှတ်များ အတွက် အထူးစာပို့အမှတ်အသား (special cancellation) ထွက်ရှိပြီး အချို့ အထိမ်းအမှတ်များအတွက် မထွက်ရှိ ပေ။ ထို့ကြောင့် အချို့ပို့စကတ်များပေါ် တွင် အထူးစာပို့အမှတ်အသား ဖျက်နှိပ် (ထုနှိပ်) ထားသည်ကို တွေ့ရှိနိုင်သည်။ တစ်ခါတစ်ရံ အချို့အခြေအနေများ၌ ကြိုတင်ပေးချေတံဆိပ်နှိပ်မထားဘဲ တံဆိပ်ခေါင်းကပ်သုံးစွဲခဲ့သည့် ပို့စကတ် များလည်းရှိနိုင်သည်။ တတိယအချက် အနေဖြင့် စာရင်းတွင်အမှတ်စဉ်မထိုးဘဲ (က) နှင့် (ခ) ဟူ၍ ဖော်ပြထားသည့် ပို့စကတ် (၂) မျိုးရှိပါသည်။ ထိုပို့စကတ် (၂)မျိုးမှာ ကြိုတင်ပေးချေပို့စကတ်များ မဟုတ်ကြသော်လည်း ဒီဇိုင်းပုံ၊ ပို့စကတ် အနေအထားနှင့်ထုတ်ဝေသည့်အကြောင်း ရင်းတို့မှာ စာရင်းပြုစုထားသော အခြား ပို့စကတ်များနှင့်တူညီနေမှု၍ ထည့်သွင်း ဖော်ပြထားခြင်း ဖြစ်သည်။ (ပုံစံ - ၁၉၆၄ ခုနှစ် ပြည်ထောင်စုနေ့နှင့် ၁၉၆၅ တောင်သူလယ်သမားနေ့ပို့စကတ်များ)

အရေးကြီးသောအချက်တစ်ချက် အနေဖြင့်ရှင်းလင်းလိုသည်မှာ ဤစာရင်း၌ ပြုစုထားသော ပို့စကတ်အချို့မှာ မက်ဆီမန်ကတ် (maximum card) အဖြစ် ဖန်တီးအသုံးပြုထားသည်ကို စိတ်ဝင်စားစွာ တွေ့ရှိရခြင်း ဖြစ်သည်။ မက်ဆီမန်ကတ် ဟူသည်မှာ ပို့စကတ်၊ တံဆိပ်ခေါင်းနှင့် စာပို့အမှတ်အသားတို့ အားလုံး အကြောင်းအရာ(theme)တူညီ နေသော ပို့စကတ်မျိုးကိုခေါ်ဝေါ်သည်။ ဥပမာအားဖြင့် ၁၉၆၆ ခုနှစ် တောင်သူ လယ်သမားနေ့ပို့စကတ်ပေါ်တွင် တောင် သူလယ်သမားနေ့ တံဆိပ်ခေါင်းကပ်ပြီး တောင်သူလယ်သမားနေ့ အထူးစာပို့ အမှတ်အသားပါရှိသည့်ပို့စကတ်မျိုးဖြစ် သည်။ (စာရင်း၏ အမှတ်စဉ် ၆ ကို ကြည့်ပါ။) တော်လှန်ရေးအစိုးရခေတ် ထုတ် တရားဝင်ပို့စကတ်များစာရင်းကို ထုတ်ဝေသည့် ခုနှစ်၊ အကြောင်းအရာ၊ မိတ္တာအမှတ်အသားစသည်ဖြင့် အသေး စိတ် စာရင်းပြုစုထားသည်။ (မှတ်ချက်- အမှတ်စဉ် (၃) မှ (၂၀) အထိမှာ မိတ္တာ အမှတ်အသားရိုက်နှိပ်ခဲ့ပြီး အမှတ်စဉ် (၂၀) ကမှ (၂၈) အထိမှာ ကြိုတင်ပေး ချေအမှတ်အသား ရိုက်နှိပ်ခဲ့သည်။)

၁။ ၁၉၆၄-တောင်သူလယ်သမားနေ့ (ပထမအကြိမ် တောင်သူလယ် သမားနှီးနှောဖလှယ်ပွဲကြီး)တောင် ငူမြို့။ ဆဋ္ဌမမြောက် ဂျော့ဘုရင် (၆)ပိုင်တန် ပို့စကတ်ပေါ်၌ လယ် ထွန်စက်နောက်ခံထား၍ လယ် သမားကောက်ရိတ်နေပုံ။ အထူး စာပို့အမှတ်အသားထွက်ရှိသည်။

၂။ ၁၉၆၄-အလုပ်သမားနေ့၊ ချောက် မြို့။ ဆဋ္ဌမမြောက် ဂျော့ဘုရင် (၆) ပိုင်တန် ပို့စကတ်ပေါ်၌ အလုပ်သမားနှင့် စာရေးဝန်ထမ်း တစ်ယောက် လက်မြှောက်နေပုံ။ အထူးစာပို့အမှတ်အသားထွက်ရှိ ပါသည်။

(က) (၁၉၆၄ မန္တလေးမြို့၌ ကျင်းပ သော ပြည်ထောင်စုနေ့အတွက် ထုတ်ဝေသောပို့စကတ်မှာ ၁၉၄၀ ထုတ် (၆)ပိုင်ပို့စကတ်ကိုအခြေခံ ထုတ်လုပ်ထားသည်။ ဤကတ်မှာ ကြိုတင်ပေးချေကတ်မဟုတ်ပေ။ အထူးစာပို့အမှတ်အသားများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ထုနှိပ်ပေးခဲ့သည်။)

၃။ ၁၉၆၅-အလုပ်သမားနေ့ ရန်ကုန် မြို့။ ရန်ကုန်စာတိုက်ကြီး၏ (၅) ပြား မိတ္တာအမှတ်။ လုပ်သားကြီး တစ်ဦးက တူနှင့် ပင်နီယံကိုင်တွယ် နေပုံ။ အထူးစာပို့အမှတ် အသား ထွက်ရှိသည်။

(ခ) (၁၉၆၅ တောင်သူလယ်သမား နေ့အတွက် အောင်ဆန်းအား ကစားကွင်း၊ ရန်ကုန်မြို့တွင်ထုတ် ဝေသော ပို့စကတ်မှာ ကြိုတင် ပေးချေထားခြင်း မရှိသော်လည်း၊ (၅) ပြားတန်တံဆိပ်ခေါင်းကြိုတင် အပ်ထားပေးသည်။ အထူးစာပို့ အမှတ်အသားထွက်ရှိသည်။)

၄။ ၁၉၆၅-အလုပ်သမားနေ့၊ ရန်ကုန် မြို့။ ရန်ကုန်စာတိုက်ကြီး၏ (၅) ပြား မိတ္တာအမှတ်။ မြူးထူးလှုပ်ရှား နေသောအရိပ်ပုံများ။

၅။ ၁၉၆၆-ပြည်ထောင်စုနေ့၊ တောင် ကြီးမြို့။ (၅) ပြားမိတ္တာအမှတ်။ အင်းသားတစ်ယောက် ခြေဖြင့် လှေလှော်နေပုံ။

၆။ ၁၉၆၆-တောင်သူလယ်သမားနေ့၊ ရန်ကုန်မြို့။ (၅)ပြားမိတ္တာအမှတ်။ လယ်သမားတစ်ဦး ကောက်ရိတ် နေပုံ။ (၁၅) ပြားတန် တောင်သူ လယ်သမားတစ်ဦး ကောက်ရိတ် နေသော တံဆိပ်ခေါင်းဖြင့်ပြုလုပ် ထားသော မက်ဆီမန်ကတ်။

၇။ ၁၉၆၇- အလုပ်သမားနေ့၊ ရန်ကုန် မြို့။ (၅)ပြားမိတ္တာအမှတ်။ အလုပ် သမားနှင့် စာရေးဝန်ထမ်းပုံ။

၈။ ၁၉၆၇ - ပြည်ထောင်စုနေ့၊ ရန်ကုန် မြို့။ (၅) ပြား မိတ္တာအမှတ်။ တိုင်းရင်းသားများ ပင်လုံကျောက် တိုင်ရှေ့၌ စီတန်းရပ်နေသော ဓာတ်ပုံ။

၉။ ၁၉၆၇-တောင်သူလယ်သမားနေ့၊ ရန်ကုန်မြို့။ (၅)ပြားမိတ္တာအမှတ်။ လှေကားထစ်စိုက်ပျိုးရေးပုံနောက် ခံထားလျက် လယ်သမားတစ်ဦး လယ်ထွန်နေပုံ။ အထူးစာပို့အမှတ် အသားထွက်ရှိသည်။

၁၀။ ၁၉၆၇- အလုပ်သမားနေ့။ (၅) ပြားမိတ္တာအမှတ်။ ရေနံတွင်းတူး စင်။ အထူးစာပို့အမှတ်အသား ထွက်ရှိသည်။ စမ်းသပ်စာတိုက် အမှတ် (၁၆၅) ဖြင့် ရိုက်နှိပ်ထား သည့်စာပို့အမှတ်အသားမှာ နှီးနှော ဖလှယ်ပွဲကျင်းပရာကွင်းအတွင်း စာတိုက်မှ ဖြစ်သည်။

၁၁။ ၁၉၆၈- (၂၀) ကြိမ်မြောက် လွတ် လပ်ရေးနေ့။ (၅) ပြားမိတ္တာ အမှတ်။ လွတ်လပ်ရေးကျောက် တိုင်။ အထူးစာပို့အမှတ်အသား ထွက်ရှိသည်။

၁၂။ ၁၉၆၈ ပြည်ထောင်စုနေ့။ (၅)ပြား



www.burmeseclassic.com

www.burmeseclassic.com

မီတာအမှတ်။ ကြယ်ခြောက်ပွင့် သင်္ကေတန်ကို ဝန်းရံလျက်ရှိနေကြသော တိုင်းရင်းသားများပုံ။

၁၃။ ၁၉၆၈ - တောင်သူလယ်သမားနေ့။ (၅)ပြားမီတာအမှတ်။တောင်သူလယ်သမားများနှင့် စစ်သားများကောက်နှံများပွေ့ပိုက်ထားပုံ။

၁၄။ ၁၉၆၈- အလုပ်သမားနေ့ ရန်ကုန်မြို့။ (၅)ပြားမီတာအမှတ်။ စိုက်ပျိုးရေးကို နောက်ခံထားလျက် ဆောက်လုပ်ရေးလုပ်ငန်းခွင်ပုံ။

၁၅။ ၁၉၆၉ - ပြည်ထောင်စုနေ့။ (၅) ပြားမီတာအမှတ်။ လွတ်လပ်ရေးကျောက်တိုင်နှင့်မီးရှူးမီးပန်းများ။

၁၆။ ၁၉၆၉ - ပြည်ထောင်စုနေ့။ မန္တလေးမြို့။ (၅) ပြားမီတာအမှတ်။ မန္တလေးမြို့ရိုးပုံ။

၁၇။ ၁၉၆၉ - တောင်သူလယ်သမားနေ့။(၅)ပြားမီတာအမှတ်။တောင်သူလယ်သမားများ၊ စစ်သားများနှင့် လယ်ထွန်စက်။

၁၈။ ၁၉၆၉-အလုပ်သမားနေ့ ရန်ကုန်မြို့။ တည်ဆောက်ရေးလုပ်ငန်းနောက်ခံထားလျက်အလုပ်သမားများနှင့် ပစ္စည်းကိရိယာတန်ဆာပလာများ။

၁၉။ ၁၉၇၀-ပြည်ထောင်စုနေ့ ရန်ကုန်မြို့။(၅)ပြားမီတာအမှတ်။မန္တလေးမြို့ရိုးနှင့် လွတ်လပ်ရေးကျောက်တိုင်ကိုနောက်ခံထားလျက် တိုင်းရင်းသား ယောကျ်ား(၆)ဦးတို့က အလံဖြင့် ချီတက်သွားပုံ။

၂၀။ ၁၉၇၀၊ တောင်သူလယ်သမားနေ့။ ရန်ကုန်မြို့။ (၅) ပြားမီတာအမှတ်။ လယ်ကွင်းများနောက်ခံထားလျက် လယ်သမားကောက်ရိတ်နေပုံ။

၂၀(က)။ အထက်ပါအတိုင်းဖြစ်သော်လည်း 'စာပို့ခပေးပြီး' အနက်ရောင်အမှတ်အသားရိုက်နှိပ်ထားသည်။

၂၁။ ၁၉၇၀-အလုပ်သမားနေ့။ စာပို့ခပေးပြီး အနက်ရောင်အမှတ်အသား။ စစ်သား၊ လယ်သမား၊ အလုပ်သမားပုံ။

၂၂။ ၁၉၇၀ (၂၅) ကြိမ်မြောက် ကုလသမဂ္ဂနေ့။ စာပို့ခပေးပြီး အနက်ရောင်အမှတ်အသား။ကုလသမဂ္ဂတံဆိပ်နှင့်နေစကြဝဠာဂြိုဟ်များ။ (၁၅) ပြားတန်တံဆိပ်ခေါင်းကပ်ထားသည့် မက်ဆီမန်ကတ်လည်း တွေ့ရှိရသည်။

၂၃။ ၁၉၇၀ ကျောင်းသားပွဲတော်၊ စာပို့ခပေးပြီး အနက်ရောင်အမှတ်အသား။ ကျောင်းသားများ အလံကိုင်၍ ချီတက်လာပုံ။

၂၄။ ၁၉၇၀ - ကျောင်းသားပွဲတော် စာပို့ခပေးပြီးအနက်ရောင်အမှတ်အသား။ပင်နီယံပုံအတွင်း၌ ကြယ်တစ်လုံးနှင့်သံလွင်ခက်များအောက်တွင် လူရုပ်ပုံ (၃) ရုပ်မှ ကြယ်ကိုပင့်မထားပုံ။

၂၅။ ၁၉၇၁ လွတ်လပ်ရေးနေ့၊ ရန်ကုန်မြို့။ စာပို့ခပေးပြီး အနက်ရောင်အမှတ်အသား။ လွတ်လပ်ရေးကျောက်တိုင်နှင့် မိုးပျံပူစီပေါင်းများ။

၂၆။ ၁၉၇၁ ပြည်ထောင်စုနေ့၊ ရန်ကုန်မြို့။ စာပို့ခပေးပြီး အနက်ရောင်အမှတ်အသား။ ထိုင်းရင်းသား (၆) ဦး နိုင်ငံတော်အလံဘက်သို့ မျက်နှာမူနေပုံ။

၂၇။ ၁၉၇၂ လွတ်လပ်ရေးနေ့၊ ရန်ကုန်မြို့။ စာပို့ခပေးပြီး အနီရောင်အမှတ်အသား။ ဆလိုက်မီးထွန်းထားသောလွတ်လပ်ရေးကျောက်တိုင်ပုံ။

၂၈။ ၁၉၇၂ ပြည်ထောင်စုနေ့၊ ရန်ကုန်မြို့။ စာပို့ခပေးပြီး အနီရောင်အမှတ်အသား။ လွတ်လပ်ရေးကျောက်တိုင်နှင့် စက်ရုံများကိုနောက်ခံထားလျက် တိုင်းရင်းသား (၆) ဦး ဘယ်ဘက်သို့ မျက်နှာမူနေပုံ။ အထူးစာပို့အမှတ်အသားထွက်ရှိသည်။ အလားတူကတ်များရှိသော်လည်း ကြိုတင်ပေးချေအမှတ်သားထုနှိပ်ထားခြင်းမရှိဘဲ တံဆိပ်ခေါင်းကပ်ထားသည်ကို တွေ့ရသည်။

## □ တန်ဖိုးရှိအောင် စုဆောင်းလိုသော်

မြန်မာနိုင်ငံတွင် ကြိုတင်ပေးချေပို့စကတ်များမှာ တော်လှန်ရေးအစိုးရခေတ်တွင်သာထုတ်ဝေခဲ့သည်ကို တွေ့ရှိခဲ့ရပြီး ထိုခေတ်မတိုင်မီနှင့် ထိုခေတ်နောက်ပိုင်း၌ ထိုကဲ့သို့သော ပို့စကတ်များ ထုတ်ဝေသည်ကို မတွေ့ရှိရပေ။ အထက်ဖော်ပြပါ တော်လှန်ရေးအစိုးရခေတ် ပို့စကတ်များအကြောင်းနှင့် စာရင်းမှာ ဆုံးခန်းတိုင်ပြီဟု မယူဆစေလိုပေ။ အထူးသဖြင့် ဤစာရင်းပါ ပို့စကတ်များမှာ ဝါသနာရှင်တို့ စုဆောင်းထားခဲ့ကြသည့် စုဆောင်းမှုများမှ စုစည်းတင်ပြထားခြင်းဖြစ်ပြီး တရားဝင်ထုတ်ပြန်သောစာရင်း မဟုတ်သောကြောင့်ဖြစ်သည်။စင်စစ် တော်လှန်ရေးအစိုးရခေတ် ပို့စကတ်များနှင့်ပတ်သက်၍ အချက်အလက်များ ရှာဖွေဖော်ထုတ်ရန် ကျန်ရှိနေသေးရာ တံဆိပ်ခေါင်းဝါသနာဆိုင်ရာ သုတေသနပြုလိုသူ တက်သစ်ဝါသနာရှင်များမှ ဆက်လက် ရှာဖွေကြိုးပမ်းအားထုတ်ကြစေလိုသည်။ ဤကြိုတင်ပေးချေပို့စကတ်များ၏ ထုတ်ဝေခဲ့သည့် အရေအတွက်၊ ဒီဇိုင်းပုံရေးဆွဲကြသော ပန်းချီဆရာကြီးများ ထိုပို့စကတ်များကို မည်ကဲ့သို့သောမူဝါဒများချမှတ်၍ ထုတ်လုပ်ခဲ့သည် စသည်ဖြင့် သုတေသနပြု ရှာဖွေဖော်ထုတ်ရန် အချက်အလက်များစွာ ကျန်ရှိနေသေးသည်။ ယခုခေတ်ဝါသနာရှင်တို့မှာ အင်္ဂလိပ်ခေတ်က ထုတ်ဝေခဲ့သော ၁၉၃၇ ခုနှစ်ထုတ် တံဆိပ်ခေါင်းများကဲ့သို့သော တံဆိပ်ခေါင်းများကိုသာ ရှာရန် ကြိုးစား၍အားထုတ်ကြနေသည်ကို တွေ့ရသည်။အကယ်၍ အနည်းအငယ်ဝါယမစိုက်ထုတ်ပြီး တော်လှန်ရေးအစိုးရခေတ်ထုတ် ကြိုတင်ပေးချေပို့စကတ်များကို စုံစုံလင်လင်ရရှိအောင် စုဆောင်းနိုင်မည်ဆိုပါက ထိုပစ္စည်းများမှာ အမှန်တကယ် တန်ဖိုးရှိသော စုဆောင်းမှုဖြစ်လိမ့်မည်မှာ သေချာလှပါသည်။ ၁၉၃၇ ခုနှစ် အင်္ဂလိပ်ခေတ်ထုတ် တံဆိပ်ခေါင်းများမှာ ငွေပေးနိုင်လျှင် - လွယ်လွယ်ရနိုင်သော်လည်း တော်လှန်ရေးအစိုးရခေတ် ပို့စကတ်များမှာ စုစည်းရှာဖွေ၊ ဝယ်ယူ၊ ကြိုးစားစုဆောင်းနိုင်မှသာ ပြည့်စုံနိုင်မည် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာတို့ထုတ်ဝေခဲ့သည့် မြန်မာတံဆိပ်ခေါင်းဆိုင်ရာပစ္စည်းစစ်စစ်ကို မြန်မာဝါသနာရှင်တစ်ယောက်အနေဖြင့် စုဆောင်းနိုင်ခြင်း၏တန်ဖိုး၊ အရသာနှင့် ပီတိတို့မှာ အမှန်တကယ် ပြီးမြောက် စုံလင်အောင် စုဆောင်းရရှိပြီးမှသာ သိရှိနိုင်မည် ဖြစ်လေသည်။

ကြည်ထွန်း

ကိုးကားမှု

R- Warren (1998) "The Pos Stationery of Burma & Myanm 1948-97" White Elephant Pr Bilston, UK.



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စု အပျော်တမ်းစေတနာ့ဝန်ထမ်းအဖွဲ့မှ ကျားသွားလေယာဉ်


လုမိုး(ပညာရေး)*

# မမေ့နိုင်သူများ

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၄ နှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ ထုတ်ဝေသော Daily Eleven သတင်းစာကြီးတွင် ပါဝင်သော ထူးဆန်းသော အောက်ပါ ကြော်ငြာတစ်ပုဒ်ကို ကျွန်တော်များဖတ်ရှုခဲ့ရ၏။

**ပီလက်ထရွှန် (ရုံးခွဲ) မြန်မာ**

ဤရုံးခွဲသည် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်၌ ပျက်ကျပျောက်ဆုံးခဲ့သော အမေရိကန်လေယာဉ်ပျက်နေရာများနှင့် အမေရိကန်လေယာဉ်မှူးများ၊ စစ်သည်များအား မြှုပ်နှံထားရာနေရာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုံစမ်းရယူလျက်ရှိပါသည်။ ဤသတင်းအချက်အလက်များနှင့်ပတ်သက်၍ ကိုယ်တိုင်အတွေ့အကြုံရှိသူများ၊ မိဘဘိုးဘွားဆွေမျိုးမိတ်သင်္ဂဟများထံမှ တစ်ဆင့်ကြားဖူးသူများ မည်သူမဆို ဤရုံးခွဲသို့ တနင်္လာနေ့မှ သောကြာနေ့နံနက် (၉) နာရီမှ ညနေ (၅) နာရီအတွင်း လူကိုယ်တိုင် လာရောက်၍သော် လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော် လည်းကောင်း အောက်ပါလိပ်စာအတိုင်း ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။



ဤပီလက်ထရွှန် (ရုံးခွဲ) သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကျဆုံးသွားသော အမေရိကန်စစ်သည်များ၏ မိသားစုများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးသော လူမှုရေးရုံးဖြစ်ပါသည်။

ဆက်သွယ်နိုင်သည့်နေ့ရက်/အချိန် -

ပီလက်ထရွှန် (ရုံးခွဲ) မြန်မာ<br>
အမှတ် (၇၀)၊ အခန်း (၁၀၅)၊<br>
ယောမင်းကြီးကွန်ဒို။<br>
ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊<br>
ရန်ကုန်မြို့။

ဖုန်း-၀၁၃၇၅၈၄၃၊<br>
၀၁၃၇၅၈၄၄။

ဆက်သွယ်နိုင်သည့်အချိန် -

တနင်္လာနေ့မှ သောကြာနေ့<br>
နံနက် (၉) နာရီမှ<br>
ညနေ (၅) နာရီအတွင်း။

အထက်ဖော်ပြပါ သတင်းစာတွင် ပါသည့်ကြော်ငြာကို စိတ်ဝင်စားစွာ ဖတ်ရှုနေသည့်အချိန်တွင် အခြားဂျာနယ်များတွင် အညာကျေးလက်



www.burmeseclassic.com

www.burmeseclassic.com

ဒေသသို့ ရောက်ရှိနေကြသော ကမ္ဘာလှည့်ခရီးသည်များအနက် ပါဝင်သော အမေရိကန်ပြည်ထောင်စုသားအချို့သည် ထိုကျေးလက်ဒေသများတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း လေယာဉ်ပျံများ ပျက်ကျသဖြင့်လည်းကောင်း၊ မြေပြင်တိုက်ပွဲစဉ်များတွင် ကျဆုံးခဲ့ရသော အမေရိကန်စစ်သည်တော်တို့အား မြှုပ်နှံထားသည့်နေရာများကို ရှာဖွေနေကြသည့်သတင်းကို ဓာတ်ပုံများနှင့်တကွ ဖော်ပြခဲ့သည်ကိုလည်း ကျွန်တော်များဖတ်ရှုခဲ့ရ၏။




ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း (၇၀) ခန့်ရှိခဲ့ပြီဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်ကြီးကို ကြုံတွေ့ခဲ့ရသော ကမ္ဘာ့နိုင်ငံအသီးသီးမှ လူထုအများသည် ဒုတိယကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံတို့အား ယနေ့အထိ မမေ့နိုင်ကြ။ စစ်မီးကြီးသည် မိဘဆွေမျိုးမိတ်ဆွေ အပေါင်းသင်းချစ်သူများအား ကွေကွင်းစေခဲ့သည်သာမက နိုင်ငံတကာမှလူထု၏ဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှုများကိုလည်းကောင်း၊ စီးပွားရေးနိုင်ငံရေးကိုလည်းကောင်း ပြောင်းလဲစေခဲ့သည်။

ဒုတိယကမ္ဘာစစ်မီးကြီး ဥရောပတိုက်တွင် စတင်တောက်လောင်လာခဲ့စဉ်က ကျွန်တော်သည် မူလတန်းကျောင်းသားတစ်ဦးသာဖြစ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်မီးကြီး မမျှော်လင့်ဘဲ ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ အလယ်တန်းကျောင်းသားတစ်ဦးဖြစ်လာခဲ့သဖြင့် လူလူသူသူ စာစုံဖတ်နိုင်လာခဲ့သည်။ ထိုစဉ်က ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများမှ စစ်သတင်းများ ဗြိတိသျှအစိုးရ၊ ဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေသော ကမ္ဘာ့ရုပ်စုံမဂ္ဂဇင်းနှင့် အခြားသတင်းစာများမှ သတင်းများ၊ သတင်းဆောင်းပါးများကို ဖန်တစ်ရာတေအောင်ဖတ်ရှုခဲ့ရပြီး ကိုယ်တိုင်အမြောက်ပစ်သံ၊ လေယာဉ်ပျံများမှ ဗုံးကြဲတိုက်ခဲ့သည့်အသံများကို ကြားခဲ့ရသည်။ ကိုယ်တိုင်လည်း ဗုံးကြဲတိုက်ခိုက်ခံရမှုများကို ကြုံတွေ့ခဲ့ရသည်။

ထိုစဉ်ကမူ ဗြိတိသျှတို့မှာ တစ်ကောင်ကြွက်နိုင်ငံဖြစ်နေပြီး စစ်ဘေးစစ်ဒဏ်ကို ခါးစည်းခံနေရ၍ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် ကာကွယ်ရေးကို စိတ်မဝင်စား။ ကျွန်တော်တို့နိုင်ငံ၏ စစ်မျက်နှာကို ထိုစဉ်က သတင်းမီဒီယာများက 'မေ့လျော့နေသောစစ်မျက်နှာ' ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ မြန်မာနိုင်ငံအား ကာကွယ်ရန် အရေးပေါ်ဖွဲ့စည်းခဲ့ရသော အိန္ဒိယအမှတ် (၁၇) တပ်မကြီးနှင့် အမှတ် (၁) အားမားရိုင်ဖယ်တပ်မတော်တို့မှာ စနစ်တကျ လေ့ကျင့်ထားခြင်းမရှိသည်သာမက လက်နက်များမှာလည်း ခေတ်မီခြင်းမရှိခဲ့။

မြန်မာနိုင်ငံစစ်မျက်နှာအား တာဝန်ယူခဲ့ကြရသော ဗြိတိသျှတပ်မှူးကြီးအချို့မှာ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝအား လည်းကောင်း၊ မြန်မာနိုင်ငံလူထု၏ စိတ်နေသဘာဝ၊ နိုင်ငံရေးအခြေအနေတို့ကိုလည်း သိရှိထားသူများ မဟုတ်ကြ။ ဗြိတိသျှစစ်အာဏာပိုင်များကလည်း ဂျပန်နိုင်ငံသည် ၁၉၃၇ ခုနှစ်က စတင်ဖြစ်ပွားလာခဲ့သော မကြေညာသော တရုတ်-ဂျပန်စစ်ပွဲကြောင့် စစ်ပန်းနေသဖြင့် မြန်မာနိုင်ငံအား ရုတ်တရက်ဝင်ရောက်တိုက်ခိုက်လိမ့်မည်မဟုတ်ဟု တထစ်ချယူဆထားသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံကာကွယ်ရေးမှာ အထူးအားနည်းလျက်ပင်ရှိခဲ့၏။ ကြည်းတပ်မတော်သည်သာ အဘက်ဘက်မှအင်အားချို့ယွင်းခဲ့သည်သာမက သံချပ်ကာတပ်နှင့် အမြောက်တပ်များရှိ လက်နက်ကိရိယာများမှာလည်း ခေတ်မမီ။ ပထမကမ္ဘာစစ်ကြီးအတွင်း အသုံးပြုခဲ့သော လက်နက်ကိရိယာများသာ ဖြစ်သည်။ မော်တော်ယာဉ်တပ်ဆင်သွယ်ရေးတပ်များမှာလည်း ခေတ်မမီ။ အထူးအားနည်းသည်မှာ ထောက်လှမ်းရေးတပ်ဖြစ်၏။

မြန်မာလူထုသည် 'ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com

...တ် မြန်မာ့အချက်' ဟုဆိုကာ မြန်မာ ...င်လွတ်လပ်ရေးအရယူနိုင်ရေးအတွက် ...ည်းလမ်းအမျိုးမျိုးနှင့် ဗြိတိသျှအစိုးရ ...ား ဆန့်ကျင်လျက်ရှိရကား ဗြိတိသျှ ...အာဏာပိုင်များအဖို့ သတင်းမှန်ရရှိရေး ...တ်အခဲဖြစ်ရတော့၏။ ဤကဲ့သို့ ...သောအခြေအနေတွင် ဗြိတိသျှအာဏာ ...င်များက ဂျပန်တို့ မြန်မာနိုင်ငံအား ...တိုက်ရိုက် ဝင်ရောက် တိုက်ခိုက်လာ ...က မြန်မာလူထုသည် ဗြိတိသျှတို့နှင့် ...တ်တွဲ၍ ဂျပန်တို့အား ခုခံကာကွယ် ...ပေးလိမ့်မည်ဟု ထင်မှတ်ထားသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ...လေကြောင်းစစ်ဆင်ရေးသည် အထူး ...ရေးကြီးလှသည်။ ပထမကမ္ဘာစစ်ကြီး ...အတွင်း စစ်ဆင်ရေးများနှင့်မတူပေ။ ...မြန်မာနိုင်ငံကာကွယ်ရေးအတွက် လေ ...ကြောင်းအင်အားသည် အဓိကကျပေ ...သည်။ လေကြောင်းအင်အားသည် စစ်ပွဲ ...ကို ချုပ်ကိုင်နိုင်သည်ဟူသောအမြင်ကို ...ဗြိတိသျှအာဏာပိုင်များက မြင်မထား ...။ ဗြိတိသျှအစိုးရမှတ်တမ်းများအရ ...၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာ ...နိုင်ငံရှိ ဗြိတိသျှဘုရင့်လေတပ်မတော် ...အင်အားမှ မပြောပလောက်ပေ။ ထိုနှစ် ...က မြန်မာနိုင်ငံရှိ ဗြိတိသျှတို့၏ လေတပ် ...အင်အားမှာ အောက်ပါအတိုင်း ဖြစ် ...သည်။

၁။ ဘတ်ဖဲလိုးခေါ် လေယာဉ်များ ပါဝင်သည့် ဗြိတိသျှဘုရင့်လေတပ်မတော်တပ်ခွဲတစ်ခွဲ၊

၂။ ခေတ်မီခြင်းမရှိသော တိုက်လေယာဉ်အနည်းငယ်ပါသည့် အိန္ဒိယလေတပ်တပ်ခွဲတစ်ခွဲ၊

၃။ ပီ ၄၀ - တိုမာဟော့(ရဲတင်း)တိုက်လေယာဉ်ပျံများပါသော အမေရိကန် အပျော်တမ်းလေတပ်ဖွဲ့မှ တပ်ခွဲတစ်ခွဲ ပါဝင်ပါသည်။

ထိုစဉ်က မှတ်တမ်းအဲရ အထက် ...ဖော်ပြပါ မြန်မာစစ်မျက်နှာကာကွယ် ...ရေးအတွက် လေတပ်ခွဲများတွင် အမေရိ ...ကန်ပြည်ထောင်စုမှ ဗိုလ်မှူးကြီး ချိနော ...(သ်) ကွပ်ကဲမှုအောက်တွင် ရှိသော ...အမေရိကန်ပြည်ထောင်စုအပျော်တမ်း ...လေတပ်ဖွဲ့မှာ ထူးထူးခြားခြားထက် ...ထက်မြက်မြက်ရှိလှသည်ဟု သိရ၏။

မြန်မာနိုင်ငံသို့ လူမသိသူမသိ ...အပျော်တမ်းလေတပ်အဖွဲ့တပ်ခွဲတစ်ခွဲ ...အား အမေရိကန်ပြည်ထောင်စုက ...စေလွှတ်ထားရသည်နှင့် ပတ်သက်၍ ...အနည်းငယ် စကားပလ္လင်ခံရန် လိုအပ်လာပါသည်။ အစဉ်အလာအားဖြင့် အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံအပေါ် သံယောဇဉ်ကြီးခဲ့၏။ အမေရိကန်ပြည်ထောင်စုမှ ဘက်ပတ(စ်) ခရစ်ယာန်သာသနာပြုအဖွဲ့များသည် ရှေးပဝေသဏီကပင် တရုတ်နိုင်ငံသို့ သွားရောက်၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရကား အမေရိကန် - တရုတ်ဆက်ဆံရေးဌာနမှာ အထူးကောင်းမွန်ခဲ့သည်။ မှတ်တမ်းများအရ ထိုစဉ်က အမေရိကန်ပြည်ထောင်စုသမ္မတကြီး ဖရင်ကလင်ရုစဗဲ့မိသားစုများသည် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းအချို့ လုပ်ဆောင်ထားသည်။ ထို့အတူ အခြားအမေရိကန်စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း တရုတ်နိုင်ငံတွင် ငွေအရင်းအနှီးအမြောက်အများမြှုပ်နှံ၍ စီးပွားရေးလုပ်ကွက်များပြုလုပ်ထားကြ၏။

အမေရိကန်ပြည်ထောင်စုသမ္မတကြီး ဖရင်ကလင်ရုစဗဲ့ကိုယ်တိုင် တရုတ်နိုင်ငံသည် အနာဂတ်အတွင်း (United states of Asia) အာရှတိုက်ပြည်ထောင်စုဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထား၏။ သို့သော် ဂျပန်နိုင်ငံအတွင်းစစ်ဝါဒီများ တစ်စတစ်စ အာဏာကြီးထွားလာသည်နှင့် အားနည်းသော တရုတ်နိုင်ငံသို့ နယ်ချဲ့ထွင်ရန်စီမံလာကြ၏။ မကြေညာသောစစ်ပွဲဆင်နွှဲ၍ တရုတ်နိုင်ငံအတွင်း ဂျပန်ဘုရင်တပ်မတော်များ ဝင်ရောက်နယ်ချဲ့လာမည်ကို စိုးရိမ်လာသည်။ သို့ဖြစ်ရကား အမေရိကန်ပြည်ထောင်စုနှင့်ပူးပေါင်း၍ တရုတ်နိုင်ငံဘက်မှ ရပ်တည်လာမည့်နိုင်ငံရေးသဘောထားကျင့်သုံးရန် စီစဉ်ခဲ့ရတော့၏။

၁၉၃၇ ခုနှစ်၊ ဩဂုတ်လအတွင်းမှ ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ ဆိပ်ကမ်းမြို့များအား သိမ်းပိုက်နိုင်ခဲ့ရာ တရုတ်နိုင်ငံ၏ပင်လယ်ကမ်းရိုးတန်းကိုပိတ်ဆို့ထားနိုင်သောအခြေအနေရောက်လာ၏။ ဂျပန်နိုင်ငံသည် ကာကွယ်ရေးစစ်အသုံးစရိတ်ကို (၇၀)ရာခိုင်နှုန်းအထိ သုံးစွဲလာခဲ့ပြီး တရုတ်နိုင်ငံတွင် မကြေညာသောစစ်ပွဲကို စစ်အရှိန်မြှင့်ခဲ့သည်။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိသျှတို့အဖို့ တရုတ်ပြည် ချန်ကေရှိတ်အစိုးရအား အစွမ်းကုန်အကူအညီပေးရန် စီစဉ်ခဲ့ကြရ၏။ ထိုအစီအစဉ်အရ အမေရိကန်ပြည်ထောင်စုသည် လက်နက်ခဲယမ်းမီးကျောက်များ၊ စစ်အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာများ၊ လောင်စာဆီများသည် စစ်ရေးအကူအညီကို မြန်မာနိုင်ငံမှတစ်ဆင့် ကုန်းလမ်းခရီးအတိုင်း ပေးပို့ရန် ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ လားရှိုးမြို့မှ တရုတ်နိုင်ငံ ကွန်မင်းမြို့အထိ တရုတ်-မြန်မာလမ်းမကြီးဖောက်လုပ်ခဲ့သည်။ ထိုလမ်းမကြီး လျှို့ဝှက်စွာ ဖောက်လုပ်ခဲ့သည်ကို ထိုစဉ်က မြန်မာပြည်သူလူထုအား တရားဝင် အသိပေးခြင်းမပြုခဲ့။

အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိသျှတို့အဖို့ တရုတ်နိုင်ငံအား ပြောင်ပြောင်တင်းတင်း အကာအကွယ်မပေးနိုင်ခဲ့။ သို့ဖြစ်၍ နောက်ကွယ်မှသာ အကူအညီပေးခဲ့ရသည်။ စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများ၊ စစ်အသုံးအဆောင်၊ ပစ္စည်းများကို အမေရိကန်ပြည်ထောင်စုမှသင်္ဘောများဖြင့် ရန်ကုန်မြို့သို့ ပေးပို့ခဲ့ပြီ ထိုမှ မီးရထား၊ မော်တော်ကားများဖြင့် တရုတ်-မြန်မာလမ်းမကြီးဖောက်လုပ်ခဲ့သည်။ ထိုလမ်းမကြီးလျှို့ဝှက်စွာဖောက်လုပ်ခဲ့သည်ကို ထိုစဉ်က မြန်မာပြည်သူလူထုအား တရားဝင်အသိပေးခြင်းမပြုခဲ့။

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိသျှတို့အဖို့ တရုတ်နိုင်ငံအား ပြောင်ပြောင်တင်းတင်း အကာအကွယ်မပေးနိုင်ခဲ့။ သို့ဖြစ်၍ နောက်ကွယ်မှသာ အကူအညီပေးခဲ့ရသည်။ စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများ၊ စစ်အသုံးအဆောင်ပစ္စည်းများကို အမေရိကန်ပြည်ထောင်စုမှ သင်္ဘောများဖြင့် ရန်ကုန်မြို့သို့ ပေးပို့ခဲ့ပြီး ထိုမှ မီးရထား၊ မော်တော်ကားများဖြင့် တရုတ်-မြန်မာလမ်းမကြီးဖြင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြသည်။ သို့ဖြစ်၍ ရန်ကုန်ဆိပ်ကမ်းသည် တရုတ် -ဂျပန်တို့၏ မကြေညာသောစစ်ပွဲတွင် အရေးပါအရာရောက်သော ဆိပ်ကမ်းမြို့ဖြစ်လာသည်။ ရန်ကုန်ဆိပ်ကမ်းရှိ ကုန်းလှောင်ရုံများသည် အမေရိကန်ပြည်ထောင်စုမှ တရုတ်နိုင်ငံသို့ ပေးပို့သောစစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများ၊ စစ်အသုံးအဆောင်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ သိုလှောင်သော ကုန်လှော်ရုံများဖြစ်လာသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသည် ဂျပန်ဖက်ဆစ်ဝါဒီများ၏ ပစ်မှတ်ဖြစ်လာခဲ့ရ၏။

တရုတ်တွန်မွင်တန်အစိုးရခေါင်းဆောင် ချန်ကေရှိတ်သည် ဂျပန်ဘုရင့်တပ်မတော်ကြီးများ၏ထိုးစစ်ကို ရိုက်ချိုးရန်အတွက် ခေတ်မီတိုးတက်သော လေတပ်မတော်တစ်ခု တည်ထောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com

စိတ်စောလျက်ရှိသည်။ လေတပ်မတော် အတွေ့အကြုံမရှိဘဲနှင့် ဂျပန်တို့၏ ထိုးစစ်ကို မည်သည့်နည်းနှင့်မျှ ရင်ဆိုင်နိုင်ရန်မဖြစ်ဟု ယူဆထားရကား အမေရိကန်ပြည်ထောင်စုထံမှ လေယာဉ်ပျံများ ရရှိရေး၊ တရုတ်အမျိုးသားများအား လေယာဉ်မှူးများအဖြစ် လေ့ကျင့်ပေးရေး တရုတ်နိုင်ငံ၏ သင့်လျော်သောနေရာများတွင် လေယာဉ်ပျံနှင့်လေယာဉ်ပျံအပိုပစ္စည်းတည်ဆောက်သည့် စက်ရုံများတည်ဆောက်ရေး စသည့် အကူအညီမှ အမေရိကန်ပြည်ထောင်စုထံမှ ရရန် နည်းလမ်းအမျိုးမျိုးနှင့် ချဉ်းကပ်ခဲ့၏။

အမေရိကန်ပြည်ထောင်စုအဖို့ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မဝင်ရောက်မီ တစ်ကိုယ်တော်ဝါဒကို ကျင့်သုံး၍ ကြားနေနိုင်ငံအဖြစ် ကြေညာထားသည်။ သို့ဖြစ်၍ တရုတ်နိုင်ငံအား ပြောင်ပြောင်တင်းတင်း လေတပ်မတော်တည်ဆောက်ပေးရန် အခက်အခဲရှိသည်။ နိုင်ငံတကာ၏အမြင်ကို ထောက်ထားရမည် ဖြစ်၏။ သို့ဖြစ်၍ တရုတ်နိုင်ငံသို့ အပျော်တမ်းလေတပ်ဖွဲ့ တစ်ဖွဲ့ စေလွှတ်ရန် စီစဉ်ခဲ့ရသည်။ ထိုအဖွဲ့ကို American Volumtears Group (A.V.G) ဟု အမည်ပေးထားသည်။ ထိုအပျော်တမ်းလေတပ်မတော်တာဝန်မှာ တရုတ်နိုင်ငံရှိ ရေ့တန်းစစ်မျက်နှာများတွင် ပါဝင်တိုက်ခိုက်ရန်သာမက တရုတ်-မြန်မာလမ်းမကြီးကို ကာကွယ်ရန် တာဝန်ယူကြရသည်။

ထိုစဉ်က မှတ်တမ်းများအရ အထက်ဖော်ပြပါ (A.V.G) အပျော်တမ်းလေတပ်အဖွဲ့မှ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များကို Flying Tiger ဟု အများက ကင်ပွန်းတပ်ထားကြ၏။ လေယာဉ်မှူးပေါင်း (၁၀၀) ကျော်ကို ရွေးချယ်ရာတွင် အမေရိကန်ပြည်ထောင်စုရေတပ်မတော်မှ လေယာဉ်မှူးများနှင့် အမေရိကန်လေတပ်မတော်မှ လေယာဉ်မှူးအချို့ကို တစ်လလျှင် လခငွေ ဒေါ်လာ (၇၅၀) ပေးခဲ့သည်ဟု သိရ၏။တရုတ်ကွန်မင်းတန်အစိုးရကမူ ဂျပန်ဘုရင့်လေတပ်မတော်မှ လေယာဉ်ပျံတစ်စီးကိုပစ်ချနိုင်ပါက ဆုငွေ ဒေါ်လာ ငါးရာပေးမည်ဟု တိုးတိုးတိတ်တိတ် အသိပေးထား၏။ ထို (A.V.G) လေတပ် အဖွဲ့၏လေယာဉ်မှူးအများမှာ အတွေ့ အကြုံများသူ လေယာဉ်မှူးများသာ ဖြစ်သည်ဟု သိရ၏။ မှတ်တမ်းအရ ထို လေယာဉ်မှူးအားလုံးတို့သည် ထက်ထက်မြက်မြက်ရှိကြသည်။ ဌာနချုပ်ကိုမူ တရုတ်နိုင်ငံ ကူမင်မြို့တွင်ထားရှိသည်။ ထိုအချိန်တွင် တရုတ်အစိုးရခေါင်းဆောင် ချန်ကေရှိတ်ကမူ တရုတ်-မြန်မာလမ်းမကြီး၏ဝင်ပေါက်တံခါးသဖွယ်ဖြစ်သော ရန်ကုန်မြို့သည် အထူးအရေးကြီးသည်ဟု မှတ်ယူထား၏။ သို့ဖြစ်၍ အမေရိကန်အပျော်တမ်းလေတပ်မတော်တပ်ခွဲတစ်ခွဲကို ရန်ကုန်တွင်ထားခဲ့သည်။

ထိုစဉ်အခါက မြန်မာနိုင်ငံရှိ ဗြိတိသျှအစိုးရတည်ဆောက်ထားသော လေယာဉ်ကွင်းများမှာ တောင်စူးစူးမှ မြောက်စူးစူးသို့ တစ်တန်းတည်း တိုင်းနိုင်ငံနယ်နိမိတ်နှင့်မျဉ်းပြိုင်တည်ဆောက်ထားသည်။ ပုံစံအားဖြင့် တောင်ဘက်အစွန်ဆုံးရှိ ဝိတိုရိယအငူ ကော့သောင်းမှ မြိတ်၊ မော်လမြိုင် ရန်ကုန်၊ တောင်ငူ၊ ဟဲဟိုး၊ နမ့်ဆန်၊ လားရှိုးအထိ အဓိကလေယာဉ်ကွင်းများ တည်ဆောက်ထား၏။ ဂျပန်တို့ မြန်မာနိုင်ငံသို့ ကျူးကျော်ရန် စစ်ပြင်ဆင်ထားသည့် အခြေအနေသို့ ရောက်သောအခါ မကွေး၊ မိတ္ထီလာ၊ ရွှေဘိုနှင့် မြစ်ကြီးနားမြို့များတွင် အရေးပေါ် လေယာဉ်ကွင်းများ တည်ဆောက်ခဲ့သည်။ ဤသည်မှာ ဗြိတိသျှအာဏာပိုင်၏အမှားဖြစ်သည်ဟု စစ်ရေးအကဲခတ်သူများက ဆိုကြသည်။ အမှန်အားဖြင့် မြန်မာနိုင်ငံ၏ အဓိကလေယာဉ်ကွင်းများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သာရှိသင့်သည်ဟုလည်း စစ်ရေးလေ့လာစောင့်ကြည့်သူများက မှတ်ယူထား၏။

ဤသို့ အခြေအရပ်ရပ်တွင် အမေရိကန်ပြည်ထောင်စုအပျော်တမ်းလေတပ်အဖွဲ့မှတပ်ခွဲတစ်ခွဲသည် ၁၉၄၁၊ ဧပြီလတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့တော် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ရောက်ရှိလာခဲ့သည်။ ရန်ကုန်မြို့တော် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ရောက်ရှိလာခဲ့သည်။ သူတို့၏ အဓိကတာဝန်မှာ ရန်ကုန်ဆိပ်ကမ်းရှိ ကုန်လှောင်ရုံများတွင် ခေတ္တယာယီထိန်းသိမ်းထားသော တရုတ်နိုင်ငံအား တင်ပို့မည့် စစ်လက်နက်ပစ္စည်းများအား စောင့်ရှောက်ရန်နှင့် အရေးကြုံလာပါက တရုတ်-မြန်မာလမ်းမကြီးအား ကာကွယ်ရန် ဖြစ်သည်။ ထိုစဉ်က မှတ်တမ်းအရ ရန်ကုန်ဆိပ်ကမ်းတွင် အမေရိကန်ပြည်ထောင်စုရေတပ်မတော်မှ စစ်သင်္ဘောတစ်စီးကိုလည်း ထာဝစဉ်ဆိုက်ကပ်ထားစေသည်ဟု ဆိုသည်။

၁၉၄၁၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်ဘုရင်လေတပ်မတော်မှ လေယာဉ်ပျံများသည် အမေရိကန်ပြည်ထောင်စု၏ရေတပ်စခန်းဖြစ်သော ပုလဲဆိပ်ကမ်းအား စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက် တိုက်ခိုက်ခြင်းဖြင့် အမေရိကန်ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာခဲ့ရ၏။ ဂျပန်နိုင်ငံသည် ဒီဇင်ဘာလ ၈ ရက်နေ့တွင်မူ ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုတို့အား တရားဝင်စစ်ကြေညာခဲ့၏။

၁၉၄၁၊ ဇန်နဝါရီလဆန်းမှစ၍ ဂျပန်ဘုရင့်တပ်မကြီးအမှတ် (၁၅) မ တပ်များနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ယိုးဒယား (ထိုင်း) နိုင်ငံ မြန်မာနယ်စပ်တစ်လျှောက်တွင် ထပ် ဖြန့်၍ အသင့်ဖြစ်နေခဲ့ကြသည်။ ဇန်နဝါရီလ ဒုတိယအပတ်နှင့် တတိယရက်သတ္တပတ်အတွင်း ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများသည် တနင်္သာရီတောင်ပိုင်း၌ အရေးပါသော ကော့သောင်း၊ မြိတ်ထားဝယ်၊ လေယာဉ်ကွင်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့ကြောင့် ဂျပန်ဘုရင်လေတပ်မတော်မှ လေယာဉ်ပျံများအား မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့တော်အား ဗုံးကြဲတိုက်ခိုက်ရန် အခွင့်အလမ်းရသွားသည်။ ထိုအချိန်အထိ ဗြိတိသျှအာဏာပိုင်များအဖို့ မြန်မာပြည်သူလူထုသည် အုံကြွလာ၍ သူတို့တပ်ဖွဲ့များနှင့်အတူ လက်တွဲကာ ဂျပန်ဘုရင်တပ်များကို ခုခံကာကွယ်ပေးလိမ့်မည်ဟု မျှော်လင့်ထားသည်။

ဤကဲ့သို့ မျှော်လင့်မထားသော စစ်ရေးအခြေအနေကြောင့် ဗြိတိသျှတို့အဖို့ ဘေးကျပ်နံကျပ်ဖြစ်နေစဉ် အမေရိကန်ပြည်ထောင်စု၏ အပျော်တမ်းလေတပ်အဖွဲ့(A.V.G)သည် အစွမ်းကုန်ခုခံကာကွယ်ပေးခဲ့သည်။ ထိုစဉ်က သတင်းမှတ်တမ်းများအရ ၁၉၄၁ ခု ဒီဇင်ဘာ လ ၂၃ ရက်နေ့ နံနက် (၁၀) နာရီတွင် ဂျပန်ဘုရင့်လေတပ်မတော်မှ ဗုံးကြဲလေယာဉ်အစီး (၆၀) နှင့်တိုက်လေယာဉ်အစီး(၂၀)တို့သည် ရန်ကုန်မြို့တော်သို့ လာရောက်ဗုံးကြဲတိုက်ခိုက်ခဲ့၏။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ရန်ကုန်မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ဗြိတိသျှဘုရင်လေတပ်မတော်တပ်ခွဲနှင့် အမေရိကန်ပြည်ထောင်စုအပျော်တမ်း လေတပ်မတော်မှ လေယာဉ်ပျံ



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန် ခုခံတိုက်ခိုက်ခဲ့ကြ၏။ ရန်ကုန်ဆိပ်ကမ်းရှိ အမေရိကန်စစ်သင်္ဘောကလည်း အမြောက်များဖြင့် ပစ်ခတ်ပေးခဲ့သည်။

ထိုစဉ်က ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာအရဆိုရလျှင် ဗြိတိသျှဘုရင့်လေတပ်မတော်မှ လေယာဉ်ပျံများနှင့် အမေရိကန်ပြည်ထောင်စုအပျော်တမ်းလေတပ်မတော်လေယာဉ်ပျံများ၏ ပစ်ခတ်မှုကြောင့် ဂျပန်ဗုံးကြဲလေယာဉ်သုံးစင်း ရန်ကုန်မြို့တွင် မီးလောင်ပျက်ကျခဲ့ရသည်ဟု သိရ၏။ ယင်းပထမအကြိမ် ဗုံးကြဲမှုတွင် အရပ်သား လူပေါင်း (၂၀၀၀) ကျော် သေဆုံးခဲ့ပြီး လူပေါင်း (၂၅၀၀) ဒဏ်ရာရရသည်ဟု အစိုးရဝါဒဖြန့်ချိရေးဌာန (သတင်းနှင့်ပြန်ကြားရေး) ဌာနက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်အခါတော်နေ့တွင် ဂျပန်လေယာဉ် (၁၅) စင်းသည် ရန်ကုန်မြို့တော်အား လာရောက် ဗုံးကြဲတိုက်ခိုက်ရာ ဗြိတိသျှနှင့်အမေရိကန်အပျော်တမ်းလေတပ်တိုက်လေယာဉ်ပျံများက ကျားကုတ်ကျားခဲ ခုခံတိုက်ခိုက်ရာ ဂျပန်တိုက်လေယာဉ်ခြောက်စင်းပျက်ကျခဲ့သည်။ယင်းဒုတိယအကြိမ်တွင်မူ အရပ်သား (၇၅၀၀) သေဆုံးပြီး (၁၇၀၀) ခန့် ဒဏ်ရာရခဲ့သည်ဟု ဗြိတိသျှအစိုးရက ကြေညာခဲ့သည်။

ဂျပန်ဘုရင်လေတပ်မတော်သည် ရန်ကုန်မြို့တော်အား ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း အကြိမ်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဗြိတိသျှလေတပ်နှင့် အမေရိကန်ပြည်ထောင်စုအပျော်တမ်းလေတပ်တပ်ခွဲတစ်ခွဲတို့သည် နေ့ရောညပါ (၃၁) ရက်တိတိ ရန်သူဂျပန်ဘုရင်လေတပ်မတော်မှ လေယာဉ်ပျံများကို ခုခံတိုက်ခိုက်ခြင်းဖြင့် ရန်ကုန်မြို့တော်အား လေကြောင်းရန်ကာကွယ်ပေးခဲ့ရာ ဂျပန်တိုက်လေယာဉ်အစင်း (၃၀၀) ဖျက်ဆီးနိုင်ခဲ့သည်ဟု သိရ၏။

ထိုစဉ်က ဗြိတိသျှစစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်စလင် (နောင်အခါ ဗိုလ်ချုပ်ကြီးစလင်း) ၏ မှတ်တမ်းများအရဆိုရလျှင် အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့မှ လေသူရဲများသည် ဗြိတိသျှဘုရင်လေတပ်မတော်မှုလေသူရဲများထက် လေကြောင်းအတွေ့အကြုံပိုများပြီး ၎င်း၏ ပီ - ၄၀ တိုက်လေယာဉ်များသည် ဂျပန်ဘုရင်လေတပ်မတော်မှ တိုက်လေယာဉ်များထက် ပို၍အစွမ်းထက်သည်ဟုလည်း သိရ၏။ ထိုလေယာဉ်ပျံများသည် လက်လှမ်းမီသော ဂျပန်လေယာဉ်ကွင်းများသို့သွားရောက်၍ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်နိုင်ခဲ့သေးသည်။ ဤသည်ပင်လျှင် ရန်သူဂျပန်တို့ဘက်မှ အဘက်ဘက်က အရေးသားလျက်ရှိနေသော်လည်း ဗြိတိသျှတို့အဖို့ အင်အားအနည်းငယ်မျှသော ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စု အပျော်တမ်းလေတပ်မတော်တို့သည် ရန်သူဂျပန်တို့အား သတ္တိရှိရှိ စွန့်စွန့်စားစား ထိထိရောက်ရောက် ယှဉ်ပြိုင်၍ဖြစ်နိုင်ခဲ့သော လေကြောင်းတိုက်ပွဲများ ဆင်နွှဲခဲ့ရာ အတော်အသင့်ကျဆုံးမှုများရှိခဲ့သည်ဟုသိရ၏။ သို့သော် ရန်သူအဆုံးအရှုံးနှင့်နှိုင်းစာလျှင် ပြောပလောက်အောင်မရှိခဲ့။

ဗြိတိသျှတို့ ကြည်းတပ်မတော်နှင့် တရုတ်တပ်မတော် စစ်ကြောင်းများ အောင်မြင်စွာ ဆုတ်ခွာနိုင်ခြင်းသည် အထက်ဖော်ပြပါ ဗြိတိသျှဘုရင်လေတပ်မတော်မှ လေယာဉ်တပ်ခွဲနှင့် အမေရိကန်ပြည်ထောင်စုအပျော်တမ်းလေယာဉ်တပ်မတော်၏ လေတပ်တပ်ခွဲတစ်ခုတို့ကြောင့်ဖြစ်သည်ဟု နောင်အခါ မဟာမိတ်စစ်အာဏာပိုင်များက ဝန်ခံခဲ့ရ၏။

ရန်ကုန်မြို့မှ ဆုတ်ခွာလာခဲ့ရပြီး ဗြိတိသျှဘုရင့်လေတပ်မတော်မှ လေယာဉ်ပျံများနှင့် အမေရိကန်အပျော်တမ်းလေတပ်မတော်မှ လေယာဉ်ပျံများသည် မကွေးလေယာဉ်ပျံကွင်းသို့ ရွှေ့ပြောင်းလာခဲ့ပြီး လေကြောင်းတိုက်ပွဲများဆက်လက်ဆင်နွှဲနိုင်ခဲ့သည်။ သို့သော် မတ်လ ၂၃ ရက်နေ့နှင့် မတ်လ ၂၇ ရက်နေ့များတွင် ဂျပန်ဘုရင့်လေတပ်မတော်မှ လေယာဉ်အင်အားစုစုပေါင်း(၂၅၀)ခန့်သည် ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ရာ မဟာမိတ်တို့အဖို့ အကြီးကျယ်ဆုံးရှုံးခဲ့ရသည်။ မတ်လ ၂၇ ရက်နေ့ ညနေတွင်မူ အမေရိကန်ပြည်ထောင်စုအပျော်တမ်းလေတပ်မတော်တပ်ခွဲသည် မြန်မာနိုင်ငံအရှေ့မြောက်ပိုင်း တရုတ်-မြန်မာနယ်စပ်ရှိ လွိုင်ဝိန်မြို့သို့ ဆုတ်ခွာသွားခဲ့ရ၏။ မည်သို့ပင်ဖြစ်စေကာမူ မှတ်တမ်းအရ အမေရိကန်ပြည်ထောင်စုအပျော်တမ်းလေတပ်ဖွဲ့သည် ဂျပန်လေယာဉ်အစင်းပေါင်း (၂၃၃) စင်းကို လေထဲတွင် ပစ်ချနိုင်ခဲ့သည်။

ဤသူရဲကောင်းလေတပ်သားအချို့သည် ကျဆုံးခဲ့ရာ ယခုအခါ မမေ့နိုင်ကြသူ တစ်ခါတုန်းက ရဲဘော်များသည် ကျဆုံးသောရဲဘော်များ မြှုပ်နှံထားသည့်နေရာများကို ရှာဖွေလျက်ရှိသည်ဟု သိရှိရပါကြောင်း။

လှမိုး (ပညာရေး)

Ref;

Defeat into Victory.
By - S.W.SLim.
Forgotten Voice of Burma.



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံမီးရထားဌာနတွင် ဒီဇယ်စက်ခေါင်းများစတင်အသုံးပြုခဲ့ခြင်း


## တင်ထွန်း(စက်မှု-၂၊ ငြိမ်း)

ခရစ်နှစ် ၁၉၄၈၊ ဇန်နဝါရီလ ၄ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် စစ်ကြို ခေတ်နှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း က ကျန်ရှိခဲ့သည့် ရေနွေးငွေ့စက်ခေါင်း များကို ဆက်လက် သုံးစွဲခဲ့ပါသည်။ ယင်းရေနွေ့ငွေ့သုံးရထားစက်ခေါင်း ဟောင်းကြီးများသည် ဆွဲအားကျဆင်း လျက် ပျက်စီးယိုယွင်းလာခဲ့၍ မီးရထား များ တွင်ကျယ်စွာ ခုတ်မောင်းနိုင်ရေးကို ထိခိုက်လာခဲ့သဖြင့် ခရစ်နှစ် ၁၉၅၇ ခု တွင် ရေနွေးစက်ခေါင်းများနေရာတွင် အစားထိုးအသုံးပြုရန်အတွက် အနောက် နိုင်ငံများဖြစ်ကြသည့် ပြင်သစ်နိုင်ငံ၊ အနောက်ဂျာမနီနိုင်ငံ၊ အာရှတိုက်အရှေ့ ဖျားနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံမှ ဒီဇယ် ရထားခေါင်းနှင့် တွဲဆိုင်းရထားများကို ဝယ်ယူအသုံးပြုခဲ့ပါသည်။ ထို့အပြင် ဟန်ဂေရီနိုင်ငံမှ ဒီဇယ်တွဲဆိုင်းရထား နှစ်စင်းကိုလည်း ဝယ်ယူအသုံးပြုခဲ့ပါ သည်။

ရေနွေးငွေ့ရထားစက်ခေါင်းမှ ဒီဇယ်စက်ခေါင်းသို့ ပြောင်းလဲအသုံးပြု ခြင်းကြောင့် ရရှိလာသည့် အားသာချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။



မြန်မာနိုင်ငံမီးရထားဌာနတွင် ပထမဦးဆုံး အသုံးပြုသည့်
ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သော "BBB.DE" အမျိုးအစားဒီဇယ်စက်ခေါင်း



ဟန်ဂေရီနိုင်ငံမှထုတ်လုပ်သော ဒီဇယ်တွဲဆိုင်းရထား

၁။ ဒီဇယ်စက်ခေါင်းကို အသုံးပြုခြင်း ဖြင့် စက်မှုစွမ်းအားနှင့်အသုံးပြုနိုင် သည့် အချိန်နာရီပိုမိုတွင်ကျယ်နိုင် ခြင်း။

၂။ ဒီဇယ်ရထားစက်ခေါင်း၏ စွမ်းအား ကိုတိုင်းတွာရာတွင် သာမန်ပြေးဆွဲ ရမည့် ရထားတွဲဆိုင်း၏ဝန်အားကို ရေနွေးငွေ့စက်ခေါင်းဖြင့်ဆွဲငင်နိုင် သည်ထက် ပိုမိုဆွဲနိုင်အားရှိလျှင် ရထားရပ်ထားရာမှ လည်းကောင်း၊ အနှေးခုတ်မောင်းနေရာမှ လည်း ကောင်း အများဆုံးခွင့်ပြုနိုင်သည့် မိုင်နှုန်းကို အချိန်အနည်းငယ် အတွင်း တစ်မုဟုတ်ချင်း ရောက်ရှိ နိုင်သည့် စက်မှုစွမ်းအားကြီးမား ခြင်း။

၃။ ဒီဇယ်ရထားစက်ခေါင်းကို အသုံး ပြုခြင်းဖြင့် လောင်စာအဖြစ်သုံးစွဲရ မည့် ပစ္စည်းများသည် နိုင်ငံခြားမှ မှာယူသုံးစွဲစရာမလိုအပ်ဘဲ မြန်မာ နိုင်ငံတွင်း၌ လွယ်ကူစွာထုတ်လုပ် နိုင်ခြင်း။

စသည့် အဓိက အချက်ကြီးများ ပေါ်တွင် အခြေခံလျက် ခေတ်မီဒီဇယ် စက်ခေါင်းများကို အစားထိုးအသုံးပြုရန် မြန်မာနိုင်ငံမီးရထားဌာနမှ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။


ပထမအသုတ်အနေဖြင့် ပြင်သစ် နိုင်ငံ အယ်လ်စတွန်ကုမ္ပဏီ (Alsthom) မှ ဒီဇယ်လျှပ်စစ်စက်ခေါင်း (၆)-ခေါင်း ကို ဝယ်ယူခဲ့ပြီးနောက် ရန်ကုန်မှ ပြည် သို့ လည်းကောင်း၊ ရန်ကုန်မှ မုတ္တမ ရန်ကုန်မှ မန္တလေးသို့ ပြေးဆွဲနေသော အမြန်လူစီးရထားများတွင် ခရစ် ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့ စတင်၍ ခုတ်မောင်း ပြေးဆွဲခဲ့ပါသည်။

ဒုတိယအသုတ်မှာ အနော ဂျာမနီနိုင်ငံ တော်လ်ဘော့ကုမ္ပဏီ (Ta bot Co,) မှ ဒီဇယ်သံလမ်းပြေးတွဲဆိုင် ရထား (၈) စီးကို ဝယ်ယူခဲ့ပြီး ရန် မြို့ပတ်ရထားလမ်း၌ ၁၉၅၉ ခု ဩဂုတ် အတွင်း စတင်အသုံးပြုခဲ့၏။ ဟန် နိုင်ငံ ဂန်မာဇက်ကုမ္ပဏီ (Gang Ma Co,) မှ ထုတ်လုပ်သော ဒီဇယ်တွဲဆိုင်




www.burmeseclassic.com

www.burmeseclassic.com



အနောက်ဂျာမနီနိုင်ငံမှထုတ်လုပ်သော "DD" အမျိုးအစား တောင်တက်ဒီဇယ်စက်ခေါင်း



ပြင်သစ်နိုင်ငံ Alsthom Co. မှထုတ်လုပ်သော "DF" အမျိုးအစား ဒီဇယ်စက်ခေါင်း

ရထား (၂) စီး ကို ဝယ်ယူခဲ့ပြီး ၁၉၆၀ ပြည့်နှစ်၊ ဇွန်လမှစတင်၍ ခုတ်မောင်း ပြေးဆွဲခဲ့ပါသည်။ ရန်ကုန်မြို့ မြို့ပတ်ရထားလမ်းတွင် ဒီဇယ်သံလမ်းပြေးဆွဲဆိုင်း (၈) စီးဖြင့် ပြေးဆွဲခဲ့ရာ မလုံလောက်၍ တတိယအသုတ်အနေဖြင့် (၄) စီးကို ထပ်မံ ဝယ်ယူခဲ့ပြီးနောက် ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ အသုံးပြုခဲ့ပါသည်။

တစ်ဖန် စတုတ္ထအသုတ်အနေဖြင့် ပြင်သစ်နိုင်ငံ အယ်စတုန်ကုမ္ပဏီမှ ထုတ်လုပ်သော ဒီဇယ်လျှပ်စစ်စက်ခေါင်း (၂၇) စီးနှင့် အနောက်ဂျာမနီ ခရု(ပ်) ကုမ္ပဏီမှ ထုတ်လုပ်သော ဒီဇယ်ဟိုက်ဒရောလစ်စက်ခေါင်း(၂၈)စီးနှင့် တော်လ်ဘော့ကုမ္ပဏီ (Talbot) မှ ဒီဇယ်သံလမ်းပြေးတွဲဆိုင်းရထား (၉) စီးတို့ကို ကမ္ဘာ့ဘဏ်ချေးငွေဒေါ်လာ (၁၄) သန်းအနက်မှ ဝယ်ယူခဲ့ပါသည်။

ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သော အယ်စတွန် (Alsthom) ဒီဇယ်လျှပ်စစ်စက်ခေါင်းများတွင် လျှပ်စစ်အင်အားပြောင်းစနစ်ကို တပ်ဆင်ထားပြီး အနောက်ဂျာမနီနိုင်ငံ ခရု(ပ်) (Krupp) ဒီဇယ်ဟိုက်ဒရောလစ်စက်ခေါင်းများတွင် အရည်အင်အားပြောင်းစနစ် (Hydraulic Tranasmission) ကိုတပ်ဆင်ထားပါသည်။ ဒီဇယ်ဟိုက်ဒရောလစ်စက်ခေါင်းများဟု ခွဲခြားသတ်မှတ်ထားပြီး တောင်တက်ဒီဇယ်စက်ခေါင်းများတွင် အရည်သည်ပတ်ခြင်းမှရရှိသည့်ဘရိတ်အင်အားကို တပ်ဆင်ထားပါသည်။

ထိုဒီဇယ်စက်ခေါင်းများမှအနက် ပြင်သစ်နိုင်ငံမှထုတ်လုပ်သော အယ်လ်စတွန်စက်ခေါင်း (၂၇) ခေါင်းကို ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ လည်းကောင်း တော်လ်ဘော့(Talbot)သံလမ်းပြေးတွဲဆိုင်းရထား(၉)စီးကို ၁၉၆၄ ခု၊ အောက်တိုဘာမှစတင်၍လည်းကောင်း အသုံးပြုခဲ့သည်။ အနောက်ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော ခရု(ပ်) (Krupp) ဒီဇယ်ဟိုက်ဒရောလစ်စက်ခေါင်း (၂၈) ခေါင်းအနက် (၁၄) ခေါင်းကို မန္တလေးမှ မြစ်ကြီးနားနှင့် မန္တလေးမှ ကသာသို့ ပြေးဆွဲနေသော လူစီးရထားများတွင် လည်းကောင်း၊ မန္တလေးမှ ရန်ကုန်သို့ ပြေးဆွဲနေသော လူစီးရထားအချို့တွင် လည်းကောင်း ၁၉၆၄၊ ဇွန်လမှ စတင်၍ အသုံးပြုခဲ့ပါသည်။

ကျန်ရှိသည့် ခရု(ပ်) (Krupp) တောင်တက်ဒီဇယ်ဟိုက်ဒရောလစ်စက်ခေါင်း (၁၄) ခေါင်းကို မန္တလေးမှ လားရှိုးသို့ပြေးဆွဲနေသော လူစီးရထားများတွင် ၁၉၆၄၊ ဇွန်လမှ စတင်၍ အသုံးပြုခဲ့ပါသည်။ ဖော်ပြပါ ဒီဇယ်စက်ခေါင်းများအပြင် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော ကေအက်စ်ကေကုမ္ပဏီ (KSK Co,) မှ ဒီဇယ်ဟိုက်ဒရောလစ်တွဲရွှေ့စက်ခေါင်း (၁၀) ခေါင်းကို မှာယူ၍ ၁၉၆၅ ခုနှစ်၊ မေလမှ စတင်၍ လည်းကောင်း၊ ဂျပန်နိုင်ငံမှထုတ်လုပ်သော ဟီတာချီ(Hitachi Co,) မှဒီဇယ်ဟိုက်ဒရောလစ်တွဲရွှေ့စက်ခေါင်း (၅) ခေါင်းကို မှာယူ၍ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ လည်းကောင်း အသုံးပြုခဲ့ပါသည်။

ယင်းတွဲရွှေ့စက်ခေါင်းများအနက် ကေအက်စ်ကေ (KSK) ဒီဇယ်ဟိုက်ဒရောလစ် (စီ) အမျိုးအစား ဒီဇယ်တွဲရွှေ့စက်ခေါင်း (၁၀) ခေါင်းကို ရန်ကုန်မြို့ မလွကုန်း ကုန်တွဲစီလုပ်ငန်းများနှင့် ရန်ကုန်ဘူတာဝင်းတွင်ရှိသော လူစီးတွဲစီးလုပ်ငန်းများတွင် လည်းကောင်း၊ 'ဟီတာချီ' ဒီဇယ်တွဲရွှေ့စက်ခေါင်း (၅) ခေါင်းအနက် (၂) ခေါင်းကို မန္တလေးဘူတာဝင်းတွင် အသုံးပြု၍ ကျန် (၃) ခေါင်းကို မန္တလေးမှ မတ္တရာ၊ မန္တလေးမှ တံတားဦးသို့ပြေးဆွဲနေသော လော်ကယ်ရထားများအတွက် လည်းကောင်း၊ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အသုံးပြုခဲ့ပါသည်။

တင်ထွန်း(စက်မှု-၂၊ ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

## ဆင်ငိုမက်ယား



**□ တင်စားခြင်း**

ကျွန်တော်တို့ မြန်မာတွေမှာ တင်စားတတ်တဲ့ဓလေ့ရှိတယ်။ လှတာကို တင်စားတာရှိတယ်။ မလှတာကို တင်စားတာရှိတယ်။ လိမ္မာတာကို တင်စားတာရှိတယ်။ ဆိုးသွမ်းတာကို တင်စားတာရှိတယ်။ အားအင်ကောင်းတာကို တင်စားတာရှိတယ်။ အားအင်ချည့်နဲ့တာကို တင်စားတာရှိတယ်။ ပညာရှိတာကို တင်စားတာရှိတယ်။ ပညာမဲ့တာကို တင်စားတာရှိတယ်။ ချမ်းသာတာကို တင်စားတာရှိတယ်။ ဆင်းရဲတာကို တင်စားတာရှိတယ် စသည်ဖြင့်ပေါ့လေ။ လောကမှာ အားသာချက်နဲ့ အားနည်းချက်ဆိုပြီး အစွန်းနှစ်ဖက်ရှိလေတော့ အဲဒီနှစ်

စလုံးအတွက် တင်စားတဲ့စကား

အသီးသီးရှိနေကြပါတယ်။

လှခြင်းရဲ့ဆန့်ကျင်ဘက်က အ

ဆိုးခြင်းပါ။ ဒါကို ရှေးစာဆိုစလေဦး

က တေးထပ်ရေးဖွဲ့ပြီး တင်စား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

ရတဲ့မိန်းကလေးကျတော့ -

မပြုမပြင် ပင်ကိုလှ
ယဉ်ဆိုသမျှ ယဉ်ထက်ယဉ်
လှမျိုးစုတဲ့ကျော့သူခင်ရယ်
စံပြရုပ်သွင်ပုံတစ်နှုန်း

စသည်ဖြင့် လူမကနတ်တမျှလှကြောင်း ရေးဖွဲ့တင်စားခဲ့ပြီး အရုပ်ဆိုးသူကျတော့ နှိပ်နှိပ်ကွပ်ကွပ် ဒီလိုတင်စားသီပြန်ပါတယ်။

ထိတ်စရာလိပ်ပြာလှုပ်
ဖြိတ္တာရုပ်သဖွယ်
မည်းချက်ကကဲတက်ကြွယ်သည်
ကျွဲနက်ဝယ်မခြား
(ကြေး) ကိုးသူဌေးမီးသွေးငိုသည်
ကျီးမွေးကိုရှုံးရတကား
အသားတွင်မက်လင်သားပါပဲ
မျက်မြင်အားအမှန်
အမူမှာ ငါးခူရှုံးပါလို့
လဒုမုန့်ကျွမ်းသည့်သဏ္ဍာန်

သပိတ်နဲ့ငချိပ်ဆန်လို
မနိုပ်ဟန်ဆင်ကွဲပ
မှင်ခဲနှင့်ပုလင်းဖင်လို
မည်းမှောင်လို့ညို
မီးလောင်သည့်တုံးငုတ်တိုမှာ
ပုံးစုတ်ကိုစွပ်ထားသို့လေး-တဲ့။

ထိုင်ငိုချင်စိတ်ပေါက်ရလောက်အောင်ကို ချိုးချိုးဖဲ့ဖဲ့ရေးဖွဲ့ထားတာပါ။ ဒါက အရုပ်ဆိုးတဲ့ ကောင်မလေးကို တင်စားထားတာပါ။ ဦးပုညရဲ့ တေးထပ်က အတော်ကောင်းပါတယ်။

ထို့အတူပါပဲ။ ကျွန်တော်တို့ မြန်မာလောကမှာ ဥပမာအမျိုးမျိုးနဲ့ အရာရာကို တင်စားထားတာတွေရှိတယ်။အချို့စကားတွေယဉ်ကျေးပေမယ့် အချို့စကားတွေ ကြားလို့မကောင်းအောင် ရိုင်းစိုင်းတာတွေလည်းရှိတယ်။

လူတွေဆိုတာက လိုရင်လိုသလို၊ မလိုရင်မလိုသလိုပြောတတ်ကြတဲ့အကျင့်ကရှိနေလေတော့ လိုရင် ခံသာတဲ့စကားနဲ့တင်စားမယ်။ မလိုရင် မခံသာတဲ့ စကားရိုင်းနဲ့တင်စားမယ်။ ဒါက လူတွေရဲ့ဓလေ့ပါပဲ။ ရေးပြနေရရင် ကုန်နိုင်ဖွယ်ရှိမယ်မထင်ပါဘူး။

❑ ဆင်နှင့်တင်စားခြင်း

(၃၁) ဘုံဆိုတဲ့ သတ္တလောကမှာ ကျွန်တော်တို့သာမန်မျက်စိနဲ့မြင်နိုင်တာ လူ့ဘုံနဲ့ တိရစ္ဆာန် (၂) ဘုံပဲရှိပါတယ်။ ဟိုးရှေးနှစ်သန်းပေါင်းများစွာက ဒိုင်နိုဆောရုပ်ကြွင်းတွေကိုကြည့်ပြီး အလွန်ကြီးမားတဲ့တိရစ္ဆာန်ကြီးတွေရှိခဲ့ကြတယ်ဆိုတာ ငြင်းလို့မရပါဘူး။ ရေထဲမှာကျတော့ ကြီးမားတဲ့ ဝေလငါးကြီးတွေရှိနေတာလည်း ခုခေတ်မြင်တွေ့နေရဆဲပါပဲ။ ကုန်းနေတိရစ္ဆာန်မှာကျတော့ လက်ရှိမျက်မြင်အားဖြင့် ဆင်ဟာ အကောင်အကြီးဆုံး၊ အင်အားအကြီးဆုံးဖြစ်ပါတယ်။ ဆင်တွေကို သစ်ဆွဲတဲ့နေရာတွေမှာ အများဆုံး အသုံးပြုပါတယ်။ ယခု စက်မှုတိုးတက်နေတဲ့ခေတ်မှာတောင် သစ်ထုတ်လုပ်ရေးမှာ ဆင်ကိုလက်လွှတ်လို့မရနိုင်သေးပါဘူး။

ရှေးအခါက မြန်မာဘုရင်တွေရဲ့ စစ်တပ်မှာ ဆင်၊ မြင်း၊ ရထား၊ ခြေသည်ဆိုပြီး စစ်အင်္ဂါလေးပါးရှိပါတယ်။ ဆင်ကိုစစ်တိုက်တဲ့နေရာတွေမှာလည်း အသုံးပြုခဲ့တာ သမိုင်းတွေမှာ အထင်အရှားပါ။ ဒီတော့ အလေးချိန် (၃) တန်လောက်ရှိတဲ့ဆင်ဟာ ကိုယ်ထည်ကြီးရာမှာရော အင်အားကြီးရာမှာပါ ထင်ရှားတဲ့သတ္တဝါပါ။

အဲဒီ အကောင်လည်းကြီး၊ အင်အားလည်းကြီးတဲ့ဆင်ကို ကျွန်တော်တို့လူ့လောကမှာ ဆင်နဲ့ တင်စားထားတဲ့အရာတွေ အများကြီးရှိတယ်။ အားကောင်းတဲ့နေရာမှာ ဆင်နဲ့တင်စားတာပါ။ အဲဒါကြောင့် မြတ်စွာဘုရားလက်ထက်တော်အခါမှာ ဆင်ပြောင်ငါးစီးအားမာန်ကြီးတဲ့ပုဂ္ဂိုလ်တွေပေါ်ပေါက်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီဆင်ပြောင်ဆိုတာက သာမန်ဆင်မဟုတ်ပါဘူး။ ဆဒ္ဒန်ဆင်ပါပဲ ဖြစ်ပါတယ်။ ဆဒ္ဒန်ဆင်တစ်ကောင်ရဲ့အင်အားဟာ သာမန်ဆင်အကောင်ပေါင်းတစ်ဘီလျံမျှ ရှိမယ်ထင်ပါတယ်။ အဲဒီလောက်အင်အားကြီးတာပါ။

သာဓကအားဖြင့် ကောသလမင်းရဲ့စစ်သူကြီးမဟာဗန္ဓုလရဲ့အင်အားကို စာထဲမှာလေ့လာခြင်းဖြင့် သိနိုင်ပါတယ်။ မဟာဗန္ဓုလစစ်သူကြီးရဲ့ ဆင်ပြောင်ငါးစီးအားဟာ ဘယ်မျှကြီးသလဲဆိုရင် သူ့ရဲ့လေးညို့ကြိုးတင်ရင် မိုးချုန်းသံထွက်တယ်။ ပစ်လိုက်ရင် မိုးကြိုးသံ



www.burmeseclassic.com

www.burmeseclassic.com

ထွက်တယ်။ မည်မျှပြင်းထန်သလဲဆိုရင် စစ်ရထားငါးရာရဲ့ရင်သားတွေ၊ စစ်သူကြီးတွေရဲ့ သံချပ်ဝတ်တန်ဆာတွေကို ရုတ်ခြည်း ဖောက်ထွက်သွားနိုင်စွမ်းရှိတယ်။ မည်မျှအားကြီးမားတယ်ဆိုတာ စဉ်းစားကြည့်။ အဲဒါကြောင့် မြတ်စွာဘုရားလက်ထက်တော်က စစ်သူကြီး မဟာဗန္ဓုလဘွဲ့ကို မြန်မာဘုရင်က စစ်သည်တော်မောင်ရစ်ကိုချီးမြှင့်ခဲ့တာကြောင့် မြန်မာ့ဂုဏ်ဆောင် စစ်သူကြီး မဟာဗန္ဓုလဆိုတာ ခုထိတိုင်ထင်ရှားပြီး လူသိများနေဆဲရှိတယ်။ မဟာဗန္ဓုလ အစစ်က လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်ကပေါ်ခဲ့ခြင်းပါ။ မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားကျတော့ ဆင်ပြောင်ဆယ်စီးတောင်အားမာန်ကြီးသူ ဖြစ်ပါတယ်။

အဲဒါကြောင့် သာမန်ထက်လွန်ကဲရင် လူတွေက ဆင်နဲ့တင်စားကြတာ။ ခင်စန္ဒာသက်ချိုပြုံးလို့ ဆိုလိုက်တာနဲ့ လူတွေက ဆင်ခန္ဓာဝက်ကိုယ်လုံးဆိုတာကိုပြေးပြီးသိလိုက်ပါတယ်။ အလွန်ဝဖြိုးပြီး ဝက်လိုတစ်ထောင့်တည်းဖြစ်နေတဲ့ မိန်းကလေးတွေကို ရည်ရွယ်တင်စားတဲ့ နှိမ့်ချတဲ့စကားတင်စားမှုပါ။

အားအင်လည်း တောင့်တင်း၊ ကိုယ်လုံးကိုယ်ထည်လည်းကြီးတဲ့သူကို မောင်ဆင်၊ နောင်မှာ ဦးဆင်ဆိုပြီး ဆင်နဲ့တင်စားပြီးမှည့်ခေါ်ထားတဲ့သူကို ကျွန်တော်တို့ကလေးဘဝတုန်းကမိလိုက်ကြပါတယ်။ သူ့သားတွေ ကျွန်တော်တို့နေတဲ့ ပြန်ကပြေး မှန်ကျောင်းမှာလာအပ်တော့ အဲဒီကျောင်းသားတွေကို မှန်ကျောင်းဘုန်းတော်ကြီးက ဆင်မျိုးဆင်နွယ်တွေဆိုပြီး ဆင်ကြီး၊ ဆင်လေး၊ ဆင်ပေါက်စလေးဆိုပြီး အသီးသီး နာမည်ပြောင်မှည့်ခေါ်ခဲ့ပါတယ်။ သူတို့ညီအစ်ကိုတွေ အခုထိအသက်ရှိထင်ရှားရှိနေဆဲပါ။

ကျွန်တော်တို့ မိုးကုတ်ပတ္တမြားမြေမှာ တွင်းလုပ်ကြတဲ့လူတွေကျတော့ တွင်းတောမှာ ဆင်ကို ဆင်လို့ခေါ်ခွင့်မရှိပါဘူး။ ဘာလို့လဲဆိုတော့ ပတ္တမြားကို စောင့်ရှောက်တဲ့ အရှင်သခင်တွေက မကြိုက်ဘူးဆိုတဲ့အစဉ်အလာရှိပါတယ်။ အဲဒါကြောင့် ဆင်ကို ကိုင်းပိုးလို့ခေါ်ဝေါ်သုံးစွဲရပါတယ်။ ကျားကို တောကောင်၊ မြွေကို ကောင်ရှည်၊ မျောက်ကို မက္ကတဆိုပြီး ပြောင်းလဲခေါ်ဝေါ်သုံးစွဲကြရပါတယ်။ မြောက်အရပ်ကိုလည်း မက္ကတအရပ်လို့ပဲ ပုံစံတူခေါ်ပါတယ်။

အဲဒါကိုလူပြောင်တွေက မြောက်ဘက်က ဆင်လောက်ရှိတဲ့ ခဲကြီးကို ပေါင်လုံးလောက် မြွေလိုတန်နဲ့ကူထောက်နဲ့ ကျားကန်ထားမယ်ဆိုပြီး ပြောင်လှောင်ကာ ပမာမခန့်လုပ်ကြတဲ့ လူပေတွေလည်း ကြုံခဲ့ဖူးပါတယ်။ ဒါက ဆက်စပ်မိလို့ပါ။

ကျောက်နီ ပတ္တမြားမှာရောကျောက်ပြာနီလာတွေမှာ အသားကြေပြီး အစင်းအစင်းတွေနဲ့ကျောက်တွေပါတတ်ပါတယ်။ သူ့ရဲ့ပုံစံဖြစ်တည်နေပုံက ဆင်သားရေနဲ့တူပါတယ်။ ဆင်သားရေက အစင်းတွေအပြည့်ရှိနေတာပါ။ အဲဒီကျောက်သားမျိုးကို မိုးကုတ်မှာ ကိုင်းပိုးသားလို့ တင်စားခေါ်ဝေါ်ပါတယ်။ ဆင်သားလို့တော့ မခေါ်ဝေါ်ရဲကြပါဘူး။

လူတွေမှာ ဝက်ခြံဆိုတာ ပေါက်ဖူးပါတယ်။ အဲဒီမှာ သာမန်ဝက်ခြံထက် လွန်ကဲတဲ့ဝက်ခြံကြီးတွေကျတော့ အနာစိမ်းလိုလိုကြီးကြတာ။ အဲဒီဝက်ခြံကြီးတွေကို ဆင်ဝက်ခြံလို့ ခေါ်ဝေါ်ကြပါတယ်။ ဆင်ဝက်ခြံပေါက်ပြီဆိုလို့ကတော့ မျက်နှာဟာ အနာရွတ်တွေနဲ့အတော့်ကို အရုပ်ဆိုးသွားတတ်ပါတယ်။ ပြီးတော့ ဆင်ဝက်ခြံဆိုတဲ့အမျိုးက တစ်လုံးပြီး တစ်လုံး မပြတ်တမ်းပေါက်နေတတ်တဲ့ သဘောလည်းရှိတယ်။ ဆင်ဝက်ခြံဟာ ကြောက်စရာဝေဒနာတစ်ခုပါ။ ဒါက ဝက်ခြံကို ဆင်နဲ့တင်စားခြင်းပါ။

ပြီးတော့ ခြေထောက်ဟာ ပိုးတစ်မျိုးကြောင့် ရောင်ကိုင်းပြီး အသားတွေတိုးလာကာ ဆင်ခြေထောက်ကြီးလို အကြီးကြီးဖြစ်လာပါတယ်။ အဲဒါကို ဆင်ခြေထောက်ရောဂါလို့ ကမ္ဘာက အသိအမှတ်ပြုထားပါတယ်။ ကုလို့မရပါဘူး။ ခုတော့ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတွေ နိုင်ငံတော်ကတိုက်ကျွေးနေပါပြီ။ ဆင်ခြေထောက်ရောဂါ ပိုးဟာ ခြင်ကိုက်ရာမှ ဖြစ်တည်တာမို့ ခြင်ကိုသတိပြုသင့်ကြပါတယ်။ ဒါက ခြေထောက်ကြီးဝေဒနာကို ဆင်နဲ့တင်စားခြင်းပါ။ လူတောတိုးရခက်တဲ့၊ လူတွေရွံ့ကြတဲ့ရောဂါမျိုးဆိုပါတော့။

ပြီးတော့ ပွေးပါ။ ပွေးဆိုတာ မှိုပိုးတစ်မျိုးပါ။လူကိုမှီတက်တာပါပဲ။ သာမန်ပွေးဆိုရင် ကုလို့လွယ်ပေမယ့် ပွေးကြီးမျိုးကျတော့ ကုဖို့ခက်လှပါတယ်။ သူက မပျော်ရင်သုံးနှစ်၊ ပျော်ရင်တစ်သက်လုံးလို့ဆိုထားတဲ့ ပွေးကြီးမျိုးဖြစ်ပြီး ကုပ်ပိုး၊ လက်ဖျံ စတဲ့ လူမြင်ကွင်းတွေမှာ နေရာယူတာများတယ်။ ယားသလားလည်း မမေးနဲ့။ အစားမှားလို့ကတော့ ကုတ်လို့ကိုမပြီးနိုင်အောင်ယားတာ။ ဆေးအမျိုးမျိုးကုကြပေမယ့် မပျောက်ဘဲ သေသည်အထိ အဲဒီပွေးကြီးဝေဒနာကို ခံစားသွားရသူတွေရှိတယ်။ အဲဒီပွေးကို ကြီးလွန်းလို့ လူတွေက ဆင်ပွေးလို့တင်စားခေါ်ဝေါ်ကြပါတယ်။ ဒါတွေက သာမန်ထက်ကြီးလို့ ဆင်နဲ့တင်စားခေါ်ဝေါ်ကြတဲ့ ဝေဒနာပါ။

ဒါပေမယ့် ဆင်ဖနပ်ဆိုတဲ့ သဲဝဲဝေဒနာကျတော့ အလွန်ကြီးဆိုးသွမ်းတဲ့ ဝေဒနာမဟုတ်ပါဘူး။ အဲဒီဆင်ဖနပ်ဝေဒနာဆိုတာလည်း မှိုပိုးတစ်မျိုးပါပဲ။ ကျွန်တော်တို့ငယ်ငယ် နေပြည်တော် ပြန်ကပြေး မှန်ကျောင်းမှာနေစဉ်တဘုန်းကြီးကျောင်းသားတွေဟာ ကျောင်းဝင်းထဲ ဖိနပ်မစီးရဆိုတဲ့ အစဉ်အလာကြောင့် ကျောင်းဝင်းထဲ ဘယ်သူမှ ဖိနပ်မစီးကြပါဘူး။ နွေ၊ မိုး၊ ဆောင်းခြေဗလာနဲ့နေကြရတာ။ နွေနဲ့ ဆောင်းမှာ ဘာမှမဖြစ်ကြပေမယ့် မိုးရာသီမှာ အဲဒီခေတ်က မိုးများတော့ ဗွက်တစိစိနဲ့နေကြရတယ်။ ဒီအခါမှာ ကျောင်းသားအတော်များများ ခြေဖဝါးတွေမှာ သဲဝဲစားပြီး ကျောက်ပေါက်မာလို အခွက်လေးတွေပြည့်နေတာပါ။ ခြေဖဝါးမှာမို့ အရုပ်တော့မဆိုးပါဘူး။ ယားလည်းမယားပါဘူး။ အဲဒီလို ခြေဖဝါးမှာဖြစ်တာမို့ ဆင်ဖနပ်လို့ခေါ်ကြခြင်းပါပဲ။ ဆင်ဖနပ်ဝေဒနာဟာ ပွင့်လင်းရာသီရောက်ရင် ပျောက်သွားတဲ့ဝေဒနာပါ။ ခုလိုတိုးတက်တဲ့ခေတ်မှာတော့ ဘုန်းကြီးကျောင်းသားဆိုတာလည်းမရှိတော့တာမို့ ဆင်ဖနပ်ဝေဒနာဟာ အမှတ်တရအဖြစ်သာ ကျန်ရစ်တော့မှာပါ။ မဖြစ်နိုင်တော့ပါဘူး။ ဒါက ဆင်နဲ့တင်စားတဲ့ဝေဒနာတွေပါ။

ပြီးတော့ အကောင်တွေကိုလည်း ဆင်နဲ့တင်စားတာရှိတယ်။ လိပ်ပြာဆိုရင် အရွယ်မျိုးစုံရှိတယ်။ အရောင်အသွေးမျိုးစုံရှိတယ်။ မြို့ပြတွေမှာ သိပ်တွေ့ရမှာမဟုတ်ပေမယ့် တောတောင်ထူထပ်တဲ့ ကျေးလက်တွေမှာကျတော့ တစ်ခါတစ်ရံ အလွန်ကြီးမားတဲ့ လိပ်ပြာကြီးတွေ တွေ့ရတတ်တယ်။ အဲဒီလိုအလွန်ကြီးတဲ့ လိပ်ပြာကြီးတွေကတော့ အရောင်အသွေးခပ်ညစ်ညစ်နဲ့ ဆွဲဆောင်မှုအားနည်းတယ်။ သိပ်မလှပါဘူး။ အဲဒီလိပ်ပြာကြီးတွေဟာ ကြီးလွန်းလို့ လူတွေက ဆင်လိပ်ပြာလို့ တင်စား



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဝေါ်ကြပါတယ်။ တကယ်တော့ ဆင်လိပ်ပြာကြီးတွေဟာ ကျိုင်းကောင်မျိုးနွယ်စုတွေပါ။ ပိုးဖလံအမျိုးမှာပါပြီး အလင်းပွင့်ရှိရာညမှာ လာနားနေကြခြင်းပါပဲ။ အဲဒါကို တအံ့တသြမြင်ကြရခြင်းပါ။

ပြီးတော့ ရှေးအခါက လူကို တောင်ချီသုတ်နိုင်တဲ့ ဧရာမငှက်ကြီးတွေ ရှိပါတယ်။ အဲဒီငှက်ကြီးတွေဟာ ကြီးလွန်းလို့ ငှက်ဆင်လို့ တင်စားခေါ်ဝေါ်တာ စာတွေထဲမှာတွေ့ရပါတယ်။

ကြွက်ဆင် ဆိုတာလည်းရှိသေးတယ်။ ကြွက်ဆင်ကျတော့ လက်ရှိခေတ်မှာ တိရစ္ဆာန်ရုံထဲမှာလည်းရှိတယ်။ မွေးမြူသူကလည်း မွေးမြူတုန်းဆိုတော့ မြင်ဖူးသူများလှပါတယ်။ သူက နှုတ်သီးထိပ်မှာ ဆင်နှာမောင်းလို အသားပိုနီနီလေးအမောက်လိုပါတာမို့ ကြွက်ဆင်လို့ တင်စားခေါ်ဝေါ်ခြင်းပါပဲ။

ပြီးတော့ ရေဆင်ဆိုတဲ့ ဂမ္ဘီရဆန်တဲ့ ရေသတ္တဝါတစ်မျိုးလည်း လူတိုင်းကြားဖူးကြမှာပါ။ ဂမ္ဘီရဆန်တဲ့ ကျောက်လက်ဝါး၊ မိုးကြိုးသွား၊ အမြုတေ၊ ရေဆင်စွယ် စတဲ့ပစ္စည်းတွေ ရောင်းဝယ်တယ်ဆိုတဲ့ စိတ်ကူးယဉ်အရောင်းအဝယ်တွေ ခေတ်စားခဲ့ဖူးပါတယ်။ အဲဒီမှာ အစစ်ကိုမတွေ့ရဘဲ ကျောက်လက်ဝါးအတု၊ မိုးကြိုးသွားအတု၊ အမြုတေအတုတွေနဲ့သာ နိဂုံးချုပ်ကြလေ့ရှိကြပါတယ်။ ငွေကုန်လူပန်းလုပ်ငန်းပါ။

ကျွန်တော် မြင်းခြံမှာနေစဉ်က မင်းချွန်လှဦးက သူတို့မင်းချွန် (မင်းကြီး) ရွာက ဆင်ထိန်းကြီး ဦးစပယ်အကြောင်းကို မကြာမကြာပြောပြတယ်။ ဦးစပယ်ကို သူတို့မြင်ကြတာမဟုတ်ပါဘူး။ ဆင်ထိန်းကြီးဦးစပယ်ဆိုတာ မင်းတုန်းမင်းလက်ထက်က ဆင်တင်းကုပ်မှာ ဆင်တွေထိန်းရတဲ့အလုပ်ကိုလုပ်ရခြင်းပါ။ ဦးစပယ်ဟာ ဆင်တွေကို ဓားမြှောင်တစ်ချောင်းနဲ့အုပ်ချုပ်ခြင်းပါ။ ချွန်းတွေ၊ လှံတွေနဲ့အုပ်ချုပ်တာမဟုတ်ပါဘူး။ ဘာပြုလို့ ဓားမြှောင်တစ်ချောင်းနဲ့ အုပ်ချုပ်လဲဆိုတော့ ဓားမြှောင်ရိုးထဲမှာ ရေဆင်စွယ်ကိုထည့်ထားပြီး အုပ်ချုပ်လို့ပါပဲ။ ဆင်တွေက ဓားမြှောင်ကိုကြောက်တာ မဟုတ်ဘူး။ ရေဆင်စွယ်ကိုကြောက်ကြတာပါ။ အဲဒီရေဆင်စွယ်အစွမ်းနဲ့ ဆင်ထိန်းကြီးဦးစပယ်ဟာ ဆင်တွေကို ပြားပြားဝပ်အောင် အုပ်ချုပ်နိုင်ခဲ့ခြင်းပါပဲ။

မြန်မာဘုရင်မျိုးဆက်ပြုတ်တဲ့အခါကျတော့ ဆင်ထိန်းဦးစပယ်တို့မိသားစုတွေဇာတိဖြစ်တဲ့ မြင်းခြံခရိုင် တောင်သာမြို့နယ် မင်းချွန်ရွာမှာ ပြန်လည်အခြေချနေထိုင်ရင်း အဲဒီရေဆင်စွယ်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြတယ်ဆိုပါတယ်။

မင်းချွန်လှဦးတို့ခေတ်ရောက်တော့ လွတ်လပ်ရေးရပြီးစ တိုင်းပြည်မငြိမ်မသက်တဲ့အချိန်ဖြစ်နေပါတယ်။ ဒီအခါ စီးပွားရေးထောက်ထောက်ခံခံရှိကြတဲ့ ဦးစပယ်ရဲ့မျိုးဆက်တွေ မကြာမကြာ ဓားပြတိုက်ခံရပါတယ်။

ရေဆင်စွယ်ပိုင်ရှင်ဟာ သူ့ဆင်စွယ်ကို ကြေးကွမ်းအစ်အံ့ထဲမှာထည့်ပြီး ထားပါတယ်။ ဓားပြတိုက်တိုင်း ကွမ်းအစ်ထဲ လက်ဝတ်ရတနာတွေဖွက်ထားလေမလားဆိုပြီး ဓားပြတွေက ကွမ်းအစ်ထဲ အမြဲရှာလေ့ရှိတယ်ဆိုပါတယ်။

မီးခြစ်ဆံတစ်ပိုင်းလောက်ရှိတဲ့ ရေဆင်စွယ်လေးကို တွေ့ကြပေမယ့် ဘယ်တော့မှယူမသွားဘူးလို့ဆိုပါတယ်။ အဲဒါကြောင့် အဲဒီရေဆင်စွယ်လေးကို မင်းချွန်လှဦးက အသေအချာမြင်ဖူးကြောင်း တစ်ခါမဟုတ်ပါဘူး၊ အခါခါ ပြောပြဖူးခြင်းပါ။

ရေဆင်ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တို့ငယ်ငယ်က တော်လှန်ရေးအစိုးရလက်ထက်မှာ အငြင်းအခုံတွေဖြစ်ကြတာ သတင်းစာမှာဖတ်ဖူးပါတယ်။ ရေဆင်က ကြွက်လောက်သာရှိပြီး ရေဆင်ရိုးမဟုတ်ဘဲ ကြွက်ရိုးဖြစ်နေခြင်းပါ။ ဒါက ဓာတ်မှန်ရိုက်ကြည့်ပြီး သိရခြင်းပါ။

ရေဆင်ရှိတဲ့ ချောင်း၊ မြောင်း၊ အင်းအိုင်တွေထဲကို ဆင်တွေကလုံးဝ မဆင်းရဲဘူးလို့ဆိုပါတယ်။ ဘယ်လိုမှ ဆင်းခိုင်းလို့မရတာဆိုတော့ ရေထဲမှာရှိနေတဲ့ရေဆင်ဟာ ဘယ်လောက်အဆိပ်ပြင်းတယ်ဆိုတာ သိသာပါတယ်။ ရေဆင်ဟာ ဆင်တွေအတွက် အကြီးဆုံး၊ အကြောက်ဆုံးအန္တရာယ်လို့ဆိုရမှာပါ။

အမှန်တော့ ရေဆင်ဟာ ရေနေသတ္တဝါပါ။ ဒါပေမယ့် ဖွံ့စည်းပုံဆင်နဲ့တူလို့ ဆင်နဲ့တင်စားပြီး ရေဆင်လို့ခေါ်ကြပုံရှိပါတယ်။ ဒီတော့ ရေဆင်ဆိုတာ မြင်ဖူးဖို့ခက်လှပါတယ်။ အများစုကတော့ ဒဏ္ဍာရီလို့ဆိုကြမှာပါ။

သို့သော်လည်း မှတ်မှတ်ရရ ၁၉၉၈ ခုနှစ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေဆင်ဓာတ်ပုံနဲ့ ရေဆင်အကြောင်း ဖော်ပြတဲ့ ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရတဲ့အခါမှာတော့ ရေဆင်တကယ်ရှိတာပါလားလို့ သိလိုက်ရပါတယ်။ စာရေးဆရာအမည်နဲ့ မဂ္ဂဇင်းလအမည်လုံးဝမမှတ်မိတော့ပေမယ့် အကြောင်းအရာလေးတော့ မှတ်မိနေပါတယ်။ ငါး၊ ပုစွန်ထောင်တဲ့ ကန်ပိုင်ရှင်တစ်ဦးဟာ ရေဆင်ကို လှိုင်းဘွဲ့မြို့နယ်ထဲကရရှိခဲ့ပါတယ်။ ငါး၊ ပုစွန်တွေရွေးပြီး ငါးနုတ်ငါးဖွဲ့နဲ့ ရေပိုးတွေကို အမှိုက်ပုံမှာသွားပစ်လာတယ်။ အဲဒီငါးနုတ်တွေကို ခွေးနှစ်ကောင်ကအမြဲစားရာမှာ တစ်ကောင်က အဲဒီနေ့မှာ အမြှုပ်တွေထွက်ပြီးသေဆုံးကာ တစ်ကောင်က သွားရည်တမြားမြားဖြစ်နေပါတယ်။ အဲဒီမှာထူးဆန်းလို့ သွားကြည့်တော့ ငါးနုတ်ငါးဖွဲ့တွေကြားမှာ ရေဆင်ကလေးကသွားနေတာကို တွေ့ရတာပါပဲ။ အိမ်ကိုယူလာပြီး မကြာမီ သေဆုံးသွားတာကြောင့် သေဆုံးသွားတဲ့အခါ ဆေးစိမ်ထားကြောင်း သိရပြီး ဓာတ်ပုံ (၂) ပုံနဲ့ ဖော်ပြခဲ့ဖူးပါတယ်။ ပြီးတော့ ရေဆင်ရဲ့အော်သံဟာ သာယာနာပျော်ဖွယ်ရှိကြောင်း လူကြားသူမတွေက ပြောပြတယ်လို့ဆိုပါတယ်။ အဲဒီရေဆင်ဆောင်းပါးလေးဖတ်ရတော့ မင်းချွန်လှဦးပြောပြောနေတဲ့ ဆင်ထိန်းကြီးဦး စပယ်ကိုပြေးပြီး မြင်ယောင်မိပါတယ်။ အင်း - ဒါဟာ ဖြစ်နိုင်ခြေရှိတာပဲလို့ သတ်မှတ်မိပါတယ်။ ၁၉၉၈ ဆိုတာ ကျွန်တော်လည်း နက္ခတ္တမှာ ဆေးမြီးတိုလေးတွေဝင်ရေးနေပြီး ရေးအားလည်းကောင်း၊ ဖတ်အားလည်းကောင်းချိန်မို့ မှတ်မိနေခြင်းပါပဲ။ ပင်တိုင်ရေးပေးနေတာက ဦးမောင်မောင်ပြုံးကိုင်တဲ့ မြတ်ကြေးမုံမဂ္ဂဇင်းပါ။ (၂၄၁) ပုဒ်ပါဖူးပါတယ်။

နောက်အကောင်တစ်မျိုးကတော့ ဆင်ချေးပိုးပါ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာကျတော့ ဆင်ချေးပိုးစစ်စစ်မရှိဘူး။ ကျွဲချေး၊ နွားချေး၊ မြင်းချေး၊ ဆင်ချေး အဲဒီချေးတွေကိုစားပြီး အသက်ရှင်နေထိုင်ကြတဲ့အကောင်တွေဟာ အားလုံး နွားချေးပိုးလို့ခေါ်ကြတဲ့ အင်းဆက်မျိုးနွယ်ဝင်ပိုးကောင်တွေပါပဲ။

အဲဒီလိုနွားချေးပိုးတွေမှာ လိုသည်ထက်ပိုပြီးကြီးမားတဲ့ နွားချေးပိုးကြီးတွေ တစ်ခါတစ်ရံတွေ့ရတတ်တယ်။ ကြီးပုံကတော့ မြင်တာနဲ့တောင် အယားစရာကောင်းလှတယ်။ တရွရွသွားနေတုန်းများ တုတ်နဲ့လှမ်းတို့လိုက်ရင် စိတ်ဆိုးပြီး ကုန်းထတာကြောက်စရာကြီးပါ။ ပါးစပ်ကလည်း စိစိစီစီနဲ့အော်တတ်ပါသေးတယ်။ အဲဒီလိုအကောင်ကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကလေးတွေက ဆင်ချေးပိုးမို့ ဒီလောက်ကြီးတာလို့ပြောလေ့ရှိကြပါတယ်။ အမှန်တော့ နွားချေးပိုးကြီးတွေကို တင်စားခေါ်ဝေါ်ခြင်းသာဖြစ်ပါတယ်။

ဆင်ချေးပိုးစစ်စစ်က အာဖရိကဘက်မှာရှိပါတယ်။ ရှေးက အဲဒီဘက်မှာ ဆင်တွေလည်းပေါပါတယ်။ ပေါသည်နှင့်အမျှ ဆင်ချေးပိုးဆိုတာ သတ်သတ်ရှိပါတယ်။ အဲဒီဆင်ချေးပိုးပုံကို အာဖရိကမှာကျင်းပတဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့အဖွင့်အပိတ်တွေမှာ ဆင်ချေးပိုးကြီးက အလုံးကြီးလှိမ့်သွားတဲ့ပုံနဲ့ လူတွေက တင်ဆက်ပါတယ်။ မှတ်မိနေကြဦးမှာပါ။ ဆင်ချေးပိုးနဲ့တင်ဆက်တာ နှစ်သက်ဖွယ်ပါပဲ။

အဲဒီ ဆင်ချေးပိုးအကြောင်းကို အနီးကပ် လေ့လာရိုက်ကူးပြီး ရုပ်မြင်သံကြားမှာ တင်ပြတာတွေ မကြာမကြာမြင်ရပါတယ်။ ဆင်ချေးပိုးဟာ ဆင်ချေးအစိုကိုလုံးပြီး မိမိတို့ကျင်းရှိရာကို နောက်ခြေထောက်များနဲ့ကန်ပြီး နောက်ပြန်လှိမ့်ယူသွားတာပါ။ သူတို့စားဖို့မဟုတ်ပါဘူး။ အဲဒီဆင်ချေးလုံးဟာ သူတို့ရဲ့မျိုးဆက်သစ်ကလေးတွေစားဖို့ သယ်သွား ခြင်းပါပဲ။

□ ဆင်နဲ့တင်စားအပင်များ

အပင်တွေမှာလည်း ဆင်နဲ့တင်စားတဲ့အပင်တွေရှိပါတယ်။ ဆင်နှာမောင်းပင်ဆိုရင် ကျွန်တော်တို့ နေပြည်တော်မှာ အလွန်ပေါပါတယ်။ မိုးရာသီဆို တောထအောင်ကိုပေါတာ။ ရှမ်းပြည်နယ်လို အေးမြစွတ်စိုတဲ့ တောင်တန်းဒေသမှာကျတော့ ဆင်နှာမောင်းပင်ကို မတွေ့ရပါဘူး။

ဆင်နှာမောင်းပင်ရဲ့အပွင့်ခိုင်ဟာ ဆင်နှာမောင်းလို လိပ်ခွေပြီးနေတာမို့ ဆင်နှာမောင်းပင်လို့ တင်စားခေါ်ဝေါ်ခြင်းပါ။ ဆင်နှာမောင်းပင်ကို ဆေးဆေးအဖြစ်သုံးလို့ရပါတယ်။ အခြားအသုံးလည်း အများကြီးရှိမှာပါ။

ဝင်းဦးရဲ့ မှုန်ရွှေရည်ဇာတ်ကားဇာတ်ဝင်တေးမှာ မေဓာဝီဆိုတဲ့သီချင်းပါတယ်။ အဲဒီသီချင်းမှာ သီချင်းရေးဆရာက ဟာသဆန်ဆန် ဆင်နှာမောင်းတစ်ပင်လုံး ××× သုံးခွက်တစ်ခွက်တင်ကျို ××× သောက်လွန်လွန်းလို့ ××× ကျောက်ခွက်ညိုမှာ ××× ရွှဲရွှဲစိုအောင်ရှုးရှူးပန်းတယ်လေး ××× လို့ ထည့်ပြီးစပ်ဆိုထားပါတယ်။ တေးက မြူးမြူးကြွကြွ ဟာသဆန်ဆန်လေးပါ။ ဝင်းဦးကိုယ်တိုင်သီဆိုတဲ့နာမည်ကြီးသီချင်းပါ။

နောက်ပြီး ဆင်တုံးမနွယ်ပင်နဲ့ ဆင်သမနွယ်ပင်ဆိုတာ ဒေသအနံ့ ပေါက်ရောက်တဲ့အပင်ပါ။ အလွန်ပေါပါတယ်။ဆေးဖက်ဝင်အပင်ဖြစ်တာကြောင့် လူသိများပါတယ်။ သူကသတ်လို့ခက်ပါတယ်။ ရောက်တဲ့နေရာမှာ အသက်ရှင်တယ်။ အောက်ခြေတွေဖြတ်ထားရင် ကျန်တဲ့အပိုင်းက အပင်ပေါ်မှာပဲဆက်ပြီး အသက်ရှင်တာပါ။ အဲဒီလိုအသတ်ရခက်တဲ့အပင်မို့ အသတ်ရခက်တဲ့ဆင်နဲ့ တင်စားခြင်းဖြစ်နိုင်ပါတယ်။ သတ်ရခက်တဲ့အပင်မို့ ဆင်တုံးမနွယ်ပင်နဲ့ ဆင်သမနွယ်ပင်ကို မသေဆေးပင်လို့ခေါ်ကြလေ့ရှိပါတယ်။

ဆင်ငိုမြက် ဆိုတာဟာလည်း တိုင်းပြည်အနံ့ပေါက်မြက်မျိုးပါ။ အမြစ်တွယ်အားကောင်းတာကြောင့် အတော်အတန်အားနဲ့ ဆင်ငိုမြက်ဖုတ်ကိုဆွဲနုတ်နိုင်စွမ်းမရှိပါဘူး။ အပင်ကိုစုလိမ်ပြီး စုံကန်အားစိုက်နုတ်ပါမှရတဲ့မြက်ပင်မျိုးပါ။ မိုးကောင်းဒေသတွေမှာဆိုရင် ဆင်ငိုမြက်ပင်တွေဟာ သန်စွမ်းလွန်းလှပါတယ်။ အဲဒါဆို ပေါက်ပြားနဲ့ခုတ်ထွင်မှနိုင်တော့တာပါ။ နုတ်ရခက်လွန်းတဲ့အတွက် ဆင်တောင်ငိုယူရတဲ့မြက်လို့ ဆင်နဲ့တင်စားထားခြင်းပါ။

ဆင်ကပိုဥဆိုတာကျတော့ ရွှေ့အိုဘက်မှာပေါက်တဲ့ သဘာဝပေါက်ပင်ရဲ့ ဥလို့ဆိုပါတယ်။ မိုးကုတ်ဘက်မှာရော နေပြည်တော်ဘက်မှာပါ ဆင်ကပိုဆိုတာသိဖို့မဆိုထားနဲ့၊ ကြားတောင်မကြားဘူးကြတဲ့အပင်ပါ။ သူလည်း ဆင်နဲ့တင်စားထားတဲ့အပင်ပါပဲ။

ဆင်စွယ်ဂမုန်း ဆိုတာကျတော့ ဂမုန်းဝါသနာပါသူတွေ့ အသိများပါတယ်။ ဆေးအသုံးလည်းဝင်ပါတယ်။ သူ့အပင်က ဆင်စွယ်ပုံစံလေးတွေပါ။ အချို့မြေမှာစိုက်တယ်၊ အချို့ အိုးနဲ့ အလှစိုက်ကြတယ်။ တစ်နှစ်တစ်ကြိမ်ပွင့်ပါတယ်။ သူက ရှားစောင်းမျိုးနွယ်စုမှာ ပါပါတယ်။

ငရုတ်သီးဆိုတာ အမျိုးပေါင်းများစွာရှိတယ်။ အဲဒီငရုတ်မျိုးတွေမှာ ဆင်အော်ငရုတ်ဆိုတာလည်းပါတယ်။ ဆင်အော်ငရုတ်ပင်ဟာ အခြားငရုတ်ပင်တွေလို အများကြီးပွတ်ခဲနေအောင်သီးလေ့မရှိဘူး။ အတောင်ရှည်ပုံစံရှိတယ်။ အတောင့်ကြီးတယ်။ ဆင်သားရေလို ရှုံ့တွတွပုံစံဖြစ်ပါတယ်။

မသိလို့ အဲဒီငရုတ်သီးကို အများကြီးစားမိရင် ဝမ်းပူပြီးသေတောင်သေသွားနိုင်တဲ့ပမာဏရှိတယ်။ သူကတအားစပ်တဲ့အတွက် အတောင်ကြီးတဲ့ဆင်တောင်အော်ယူရတဲ့ငရုတ်လို့ ဆင်နဲ့တင်စားထားခြင်းပါ။ အဲဒါကြောင့် ဆင်အော်ငရုတ်လို့ခေါ်ကြခြင်းပါ။

တရုတ်တွေဆိုတာ ငရုတ်သီးသိပ်ကြိုက်ပါတယ်။ ဘယ်တရုတ်အိမ်ဆိုငရုတ်သီးမှုန့်ကို ရှောက်ကောပါတောထည့်ပြီး ဆီချက်နဲ့နှပ်ထားကာ ထမင်းပွဲမှာအမြဲပါလေ့ရှိတယ်။ အဲဒီငရုတ်သီးမှုန့်နှပ်ဟာ မွှေးကြိုင်ပြီး စားလို့အရမ်းကောင်းပါတယ်။

အစပ်ပြင်းပြင်းကြိုက်တဲ့အိမ်တွေတော့ ဆင်အော်ငရုတ်သီးကို အမှုန့်ထောင်းပြီး ဆီပေါ့လောနဲ့စိမ်ထားပါတယ်။ ငရုတ်သီးနှပ်ဘူးထဲကို ဆင်အော်ငရုတ်ဆီ တစ်စက်၊ နှစ်စက်ထည့်လိုက်တာနဲ့ အဲဒီငရုတ်သီးတစ်ဘူးလုံး ဖင်တောင်ပြီး ချွေးဒီးဒီးကျအောင်စပ်တဲ့ငရုတ်သီးနှပ်ဖြစ်သွားတာပါ။ ဆင်အော်ငရုတ်က ဒီအထိစပ်တဲ့ငရုတ်မျိုးပါ။ အစပ်ကြိုက်တဲ့သူတွေအတွက်ကတော့ အဆင်ပြေပါတယ်။

ရှမ်းပလောင်တွေကျတော့ ဆင်အော်ငရုတ်သုံးနည်းကတစ်မျိုးပါ။ သူတို့ကျတော့ ဆင်အော်ငရုတ်သီးကို နှီးနဲ့ချည်ပြီး မီးဖိုပေါ်ဆွဲထားတာပါ။ စပ်စပ်စားချင်ရင် ငရုတ်သီးကိုဖြုတ်ပြီး ဟင်းအိုးထဲ ခဏလေး စတိသဘောအနေနဲ့ နှစ်လိုက်တာပါ။ ဒါဆို ဟင်းအိုးဟာ အစပ်ဖြစ်သွားပါပြီ။ ဒီအထိစပ်တဲ့ ငရုတ်သီးကို ဆင်အော်ငရုတ်လို့ တင်စားတာမလွန်ပါဘူး။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်က ပြန်ကပြေးဈေးနေ့မှာ ဈေးလည်တော့ ထူးထူးခြားခြား လမ်းဘေးဖက်ပုံဈေးသည်တစ်ဦးဆီမှာ ဆင်အော်ငရုတ်သီးဆယ်တောင့်လောက် ပုံထားတာ တစ်ခါတွေ့ဖူးလိုက်ပါတယ်။ ဒီဒေသမှာလည်း ဆင်အော်ငရုတ်ရှိနေတာပါလားလို့သိလိုက်တယ်။ သို့သော် သိသူ၊ စိုက်သူနည်းပါးလွန်းပါတယ်။ တောင်တန်းဒေသတွေမှာ အသုံးများပါတယ်။

□ ဖက်ယားပင်များ

ဖက်ယားပင်ဆိုတာ မိုးရာသီမှာ ပေါက်လေ့ရှိတဲ့ အပင်မျိုးဖြစ်ပြီး ဒေသတိုင်းမှာရှိနိုင်ကြပါတယ်။ ဖက်ယားပင်ဟာ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း အရွက်မှာ အမွှေးသို့မဟုတ် ဆူးလေးတွေပါတတ်ပါတယ်။ ထိမိရင်ယားတတ်လို့ ဖက်ယားလို့ခေါ်ကြခြင်းပါ။

ကျွန်တော်တို့ဘုန်းကြီးကျောင်းဝင်းမှာ မိုးရာသီဆိုရင် မြက်တွေထတော့ မြက်နုတ်ကြရတယ်။ အဲဒီမြက်တောမှာ ဖက်ယားပင်တွေလည်းပါတယ်။ မြက်နုတ်ရင် လွဲမရှောင်သာဘဲ ဖက်ယားပင်လည်းနုတ်ရလေတော့ ဖက်ယားထိရင် အလွန်ယားတာမို့ ကျွန်တော်တို့ဘုန်းကြီးကျောင်းသားတွေ အလွန်မုန်းတဲ့အပင်ပါ။ ဒါပေမယ့် ကျွန်တော်တို့ နေပြည်တော်ဒေသက ဖက်ယားပင်က အမြင့်ဆုံးမှ ဒူးလောက်ရှိတာပါ။ ခုခေတ်မှာ သစ်တောတွေပြောင်ပြီး မိုးခေါင်သွားတော့ ဖက်ယားပင်တောင် သိပ်မတွေ့ရတော့ပါဘူး။

ကျွန်တော် မိုးကုတ်ကိုရောက်သွားပြီး ကျောက်ဖျာမှာ တွင်းလုပ်ငန်းလုပ်တဲ့အခါကျတော့ လွဲမရှောင်သာ တောချုံတွေတိုးရတာလည်းရှိပါတယ်။ အဲဒါက ရေမြောင်းတူးတဲ့အခါတွေ၊ သစ်ဝါးခုတ်တဲ့အခါတွေပါ။ အဲဒီမှာ ချုံတိုးရင် ပျားတုပ်သလိုမျိုး ပူခနဲခံစားရတဲ့အခါ လျှပ်တစ်ပြက် လန့်ပြီးပွတ်မိတယ်။ ချက်ချင်း အဖုအပိမ့်တွေထလာပြီး နာကျင်တဲ့ဝေဒနာခံစားရတယ်။ မသိရင် အကောင်ကိုက်တယ်ပဲထင်မှာ။ ကြည့်မိတော့ အရိုးတွေ၊ အရွက်တွေမှာ ဆူးတွေပါတဲ့အပင်ဖြစ်နေတယ်။ ပြင်းလိုက်တဲ့အဆိပ်က ကြောက်စရာပါပဲ။

ဒါနဲ့ ဘာအပင်လဲလို့ဒေသခံတွေ မေးကြည့်တော့ ဖက်ယားတဲ့ဗျ။ အပင်တကြီးသလားမမေးနဲ့။ (၇)ပေလောက်ထိမြင့်တယ်။ ခြေရင်းကနေ တစ်ပင်လုံးဆူးတွေချည်းပဲ။ အတော့်ကို သန်မာထွားကျိုင်းတာပါ။ အဲဒီဖက်ယားမျိုး မိုးကုတ်ဘက်မှာပဲကြုံရတယ်။ မိုင်းရှူးဘက်မှာ ပေါက်တာ မတွေ့ရပါဘူး။

ကျွန်တော်တို့နေပြည်တော်ဘက်မှာရှိတဲ့ ဖက်ယားမျိုး ရှမ်းပြည်နယ်ဘက်မှာ မတွေ့ရပါဘူး။ နေပြည်တော်က ဖက်ယားပင် ယားတယ်ဆိုတာ မိုးကုတ်ဖက်ယားနဲ့စာရင် စာမဖွဲ့လောက်တဲ့အနေအထားပါ။

တောရှင်းလို့ ဖက်ယားပင်ကြီးတွေတွေ့ရင် သူ့ကိုမထိအောင်ဂရုစိုက်ပြီး အခြေကိုနုတ်ဖြတ်ရတယ်။ ပြီးမှ တုတ်နဲ့ကလော်ထုတ်ရပါတယ်။ ထိလိုက်ရင် အကြာကြီးအဆိပ်တက်လို့ပါ။ ကျွန်တော်တို့တွေ ဖက်ယားပင်ကြီးတွေကို မုန်းကြပါတယ်။ ဒါကမသိခင်ကပါ။

နောက်တော့ ကျွန်တော်တို့တွေ ဖက်ယားဖူးဟင်းချိုသောက်ရတော့တာပါပဲ။ ဖက်ယားဖူးထွက်ချိန်ဟာ သီတင်းကျွတ်ဆိုတော့ မျှစ်တွေပျံ့ချိန်ရောက်ပြီ။ မျှစ်ပျံ့ကို အတွင်းလိုက်လှီးပြီး ဖက်ယားဖူးနဲ့ ဆန်လှော်ဟင်းချက်တာ ထုံးစံပါ။ ချွဲကျိကျိနဲ့ ပိလောဟင်းရည်နဲ့တူတယ်။ ဗိုက်ထဲ ရှောခနဲဝင်လို့ မိုးကုတ်ကလေးတွေက မော်တော်ကားဟင်းလို့ခေါ်ကြပါတယ်။

ပြီးတော့ ဖက်ယားပင်ကိုပြုတ်သောက်ရင် ဆီးကောင်းတယ်၊ အဖောအရောင်ပျောက်တယ်။ ဖက်ယားပင်ရယ်၊ မြင်းမြီးပင်ရယ်၊ အကြောတစ်ထောင်ပင်ရယ်၊ မြင်းခွာပင်ရယ် လေးမျိုးပြုတ်သောက်ရင် ဆီးလမ်းကြောင်းတို့၊ ကျောက်ကပ်တို့မှာတည်နေတဲ့ကျောက်ကြေကျပါတယ်။ အဲဒီလိုတွေ အသုံးဝင်မှန်း နောက်မှသိတာပါ။

ဒါထက် ဖက်ယားဖူးခူးတာ လက်နဲ့ခူးလို့မရပါဘူး။ ဆူးကပြည့်နေတော့ အဖူးနုနုလေးတွေကို ကတ်ကြေးနဲ့ညှပ်ပြီးယူရတာပါ။ အဖူးနုမှာ ဆူးမရှိသေးပေမယ့် ပွင့်တာနဲ့ ဆူးအပြည့်ထွက်လာတာပါ။ ဖက်ယားပင်ဟာ သူ့ကိုယ်သူကာကွယ်တဲ့နေရာမှာ စံထားလောက်တဲ့အပင်ပါ။

ရှေးအခါက ကျောက်ဖျာမှာ ကျောင်းထိုင်တဲ့ ဘုန်းတော်ကြီးတစ်ပါးဟာ ဆိုးသွမ်းတဲ့ ကျောင်းသား၊ ကိုရင်တွေကို ဖက်ယားပင်ခုတ်ပြီး ဖက်ယားပင်နဲ့ရိုက်လေ့ရှိတယ်လို့ ဆိုပါတယ်။ အောက်ခြေဆူးတွေရှင်းလိုက်ရင် ကိုင်လို့ရပါတယ်။

အဲဒါကြောင့် ကောင်လေးပဲဆိုးဆိုး၊ ကောင်မလေးပဲဆိုးဆိုး လူတွေက ဖက်ယားပင်နဲ့ရိုက်ဖို့ကောင်းတယ်ဆိုတာ မကြာမကြာကြားရလေ့ရှိတဲ့စကားပါ။

ကျွန်တော် မိုးကုတ်မြောက်ဘက်က ချောင်းကြီးလီရှောကုန်းစံမှာ တွင်းသွားလုပ်တဲ့အခါ တောထဲမှာ ကောင်မလေးတွေက ဖက်ယားပင်တွေခုတ်ပြီး ကောင်လေးတွေကိုလိုက်ရိုက်ပြီးတော့ ကစားတတ်တာ မကြာမကြာတွေ့ရတယ်။ ကြဲကြဲဖန်ဖန်ဆော့ကြတာ အံ့အံ့ဩဩပါပဲ။ ရိုက်မိရင်မချောင်လှပါဘူး။

အဲဒီ လီရှောကုန်းစံမှာနေတုန်းပေ (၅၀၀၀) ကျော်မြင့်တဲ့ တောင်မင်းတောင်ခြေမှာ လိုက်လည်တဲ့အခါ ဖက်ယားပင်တစ်မျိုးကို တွေ့ရပြန်ပါတယ်။ ဒါလည်း ဖက်ယားပင်လို့ လီရှောတွေကပြောပြပါတယ်။ သူ့အရွက်က အမွှေးစုတ်စုတ်နဲ့ ခပ်ဝိုင်းဝိုင်းပါ။ အပင်ကမမြင့်ပါဘူး။ ခပ်နိမ့်နိမ့်ပါပဲ။

ဒေသတိုင်းမှာ ဖက်ယားပင်တွေရှိနေတော့ကာ ဖက်ယားဆိုရင် လူတိုင်းသိကြပေမယ့် ထူးထူးခြားခြား ဆန်းဆန်းပြားပြား ဆင်ငိုဖက်ယားဆိုတာတော့ ကြားဖူးသူ၊ သိသူနည်းမယ်ထင်ပါတယ်။

**□ ရေအိမ်ခလေ့များ**

ဒီနေရာမှာ ရေအိမ်လို့ ခုခေတ်ခေါ်ကြတဲ့ အိမ်သာဓလေ့လေးတွေ ရေးပြဦးမှ အကြောင်းအရာက ပိုပြီးပြည့်စုံမယ်ထင်ပါတယ်။ မိုးကုတ်ဒေသကို တော်လှန်ရေးအစိုးရတက်ပြီး နောက်ပိုင်း ၁၉၆၉ ခုနှစ်လောက်မှာ ကျွန်တော်ရောက်ပါတယ်။ကျောက်တွင်းတွေ ပြည်သူပိုင်မသိမ်းသေးပါဘူး။

ကျွန်တော်တို့ မြန်မာစကား၇ှိတယ်။ တောသားချေးကြောက်၊ မြို့သားနွံကြောက်ဆိုတဲ့စကားပါပဲ။ တကယ်လည်း ဟုတ်ပါတယ်။ မိုးကုတ်တောရွာတွေမှာ ဘယ်လောက်ချမ်းသာပြီး တိုက်ကြီးနဲ့နေနေ အဲဒီခေတ်က ရေလောင်းအိမ်သာ၊ ရေသုံးအိမ်သာဆိုတာ မရှိခဲ့ပါဘူး။ တွင်းအိမ်သာကျင်းတူးထားပြီး သန့်ရှင်းရေးကို တုတ်နဲ့သာဖြေရှင်းကြတဲ့ခေတ်ပါ။ ရေလုံးဝမသုံးပါဘူး။ ဘာလို့လဲဆိုတော့ ချေးကိုလက်နဲ့ထိရမှာအလွန်ရွံလို့ပါ။ ဒါကြောင့် ချေးတုတ်ခနောင်းနဲ့သာ ဖြေရှင်းကြခြင်းပါပဲ။ တောသားချေးကြောက်ဆိုတာ တကယ်ဟုတ်တာပါ။ အဲဒါကြောင့်လည်း လူကြုံရင် ထရံတောင် ချေးတုတ်ခနောင်းဖြစ်ဆိုတဲ့စကားပေါ်လာခြင်းပါ။ လက်ထဲ ချေးတုတ်ခနောင်းပါမလားတော့ ကာထားတဲ့ထရံကိုချိုးပြီး ချေးသုတ်ကြတာ အများအပြားမြင်ခဲ့ဖူးပါတယ်။

တောခလေ့တွေမှာ မြင်းခြံတောင်သာနယ်ကရွာတွေဆိုရင် အဲဒီခေတ်က ရွာထဲအိမ်သာမဆောက်ရဆိုတဲ့ စည်းမျဉ်းတောင်ရှိပါတယ်။ အိမ်သာဆိုတာ ဘုန်းကြီးကျောင်းနဲ့ စာသင်ကျောင်းမှာသာရှိပြီး တစ်ရွာလုံးက ရွာပြင်တောတန်းမှာ အညစ်အကြေးစွန့်တဲ့ကိစ္စကို ဖြေရှင်းလေ့ရှိတာပါပဲ။ ဘာ့ကြောင့် ရွာထဲအိမ်သာဆောက်ခွင့်မပေးတာလဲဆိုရင် အိမ်သာဟာ ယင်ကောင်ပေါက်ပွားတယ်၊ နံစော်တယ်၊ ရောဂါကူးစက်တယ်လို့ ယူဆထားခြင်းကြောင့်ပါ။ အဲဒီ

www.burmeseclassic.com

မလေ့ဟာ ခုခေတ်တော့ရှိတော့မယ် မထင်ပါဘူး။ ပေါ့ပါးစျေးချိုတဲ့ ပလတ်စတစ်အိမ်သာခွက်တွေ ပေါ်လာတော့ အသိဗဟုသုတမြင့်မားနေလောက်ပါပြီ။ ကျွန်တော် (၁၇) နှစ်သားအရွယ်မှာ မင်းချွန်လှဦးနဲ့ မင်းချွန်၊ ကြာပို့၊ ကန်ခဲ၊ ဇဂျမ်း စတဲ့ ရွာတွေဆီကို လိုက်လည်ဖူးလို့သိနေခြင်းပါ။

မိုးကုတ်တောခနေလူတန်းစားတွေကျတော့ လူနေမှုအဆင့်မြင့်တာကြောင့် အိမ်တိုင်းမှာ ကျင်းအိမ်သာရှိတယ်။ တုတ်နဲ့စက္ကူသုံးကြတယ်။ စက္ကူဆိုရာမှာ ရေအိမ်သုံးတစ်သျှူးစက္ကူ မဟုတ်ဘူး။ အင်္ဂလိပ်သတင်းစာ၊ တရုတ်သတင်းစာ စတဲ့စက္ကူတွေသုံးတာ။ ဘာလို့လဲဆိုတော့ သူတို့ရှမ်းဓလေ့မှာ 'စာတစ်လုံး ဘုရားတစ်ဆူ' လို့ယူဆထားတာရှိတယ်။ အဲဒါကြောင့် အိမ်သာထဲမှာ 'မြန်မာစာ ချေးမသုတ်ရ' ဆိုတဲ့ စာတန်းလေးတွေ အိမ်သာနံရံတွေ မြေဖြူနဲ့ရေးထားလေ့ရှိကြတယ်။ ဒီအထိ သူတို့က စာကိုရိုသေကြတာပါ။

အမှန်တော့ စာတစ်လုံး ဘုရားတစ်ဆူ ဆိုတာက မြတ်စွာဘုရားဟောကြားထားတဲ့ တရားတော်တွေကို မိမိတို့အလိုဆန္ဒအလျောက် ပြုပြင်ပြောင်းလဲရေးသားခြင်း၊ ဟောကြားခြင်း၊ ပြောဆိုခြင်းတို့နဲ့သာဆိုင်ပါတယ်။ ဘုရားအလိုကို ဆန့်ကျင်ရင်တော့ စာတစ်လုံးကို ပြောင်းလဲရင် အဲဒါ ဘုရားတစ်ဆူကို စော်ကားပြစ်မှားတာနဲ့ အတူတူပဲဖြစ်တယ်လို့ဆိုလိုခြင်းပါ။

မိုးကုတ်ရဲ့ တောသူတောင်သားတွေဟာ လွဲမရှောင်သာဘဲ တောထဲမှာရှိတဲ့ တွင်းကိုသွားရခြင်း၊ သစ်ခုတ်ဝါးခုတ်သွားရခြင်း၊ ကန်ဆေးသွားရခြင်း၊ မှိုရှာမျှစ်ရှာသွားရခြင်းစတဲ့ တောဝင်အလုပ်တွေလုပ်ကြရပါတယ်။

ဒီအခါ လူ့သဘာဝအန္တရာယ်ကို မလွယ်နိုင်တဲ့အခါ တောထဲမှာ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ တောင်းပန်တိုးလျှိုးပြီး အန္တရာယ်ကိုဖြေရှင်းရပါတယ်။ ဒီအခါ သန့်ရှင်းရေးကို သစ်ရွက်နွယ်ရွက်တွေနဲ့ ဖြေရှင်းကြရတာထုံးစံပါ။ အဲဒီလိုသစ်ရွက်နဲ့ဖြေရှင်းမိတဲ့အတွက် ဆင်ငိုမြက်ယားဆိုတဲ့ ဝတ္ထုဇာတ်ကြောင်းလေးပေါ်ပေါက်ခဲ့ရခြင်းပါပဲ။

## ▫ညှော်သည်ရောက်လာခြင်း

"ဟဲ့ - မောင်သောင်းတန်တို့ အေးမေတို့မရှိကြဘူးလား။ အိမ်ကတိတ်လို့ဆိတ်လို့ပါလား"

ဆိုတဲ့အော်သံကြောင့် ကိုသောင်းတန်တို့မိသားစုတွေ ထမင်းစားနေရာမှ မအေးမေက ဗျာဗျာသလဲ အိမ်ပေါ်ပြတင်းဝက အောက်ကိုငုံ့ကြည့်မိတယ်။ ဒီတော့ မအေးမေရဲ့မိခင်ကြီး ဒေါ်ခင်ခင်ရဲ့ညီမ ဒေါ်တင်တင်ဖြစ်နေတာတွေ့ရတာကြောင့် ဝမ်းသာအားရအိမ်အောက်ကို ပြေးဆင်းပြီးကြိုရပါတယ်။

"ကြီးတော်လေးရယ်၊ သမီးတို့က ထမင်းဝိုင်းစားနေကြလို့ တိတ်ဆိတ်နေတာပါ။ လာလာ - ကြီးတော်လေး သမီးတို့နဲ့ တစ်ခါတည်း ထမင်းစားလိုက်ရအောင်"

ဆိုပြီး အထုပ်အပိုးတွေ အိမ်ပေါ်သယ်တင်ခဲ့ပြီး ထမင်းဝိုင်းမှာထိုင်စေပါတယ်။

ဒေါ်တင်တင်က -

"နင်တို့ဆီတစ်ခေါက်လာရတာ တယ်ပြီးမလွယ်ပါဘူးဟယ်။ ကားစီးရတာ ခေါင်းကိုမူးနော်က်နေတာပဲ"

စသည်ဖြင့် ထမင်းစားရင်းပြောနေပါတယ်။ အမှန်တော့ မအေးမေက မုံရွာသူပါ။ သူ့အဒေါ်ဖြစ်သူ ဒေါ်တင်တင်နဲ့ မုံရွာထွက်ကုန်လေးတွေ မိုးကုတ်အနောက်ပိုင်း တောရွာတွေမှာ လှည့်လည်ရောင်းချတဲ့အလုပ်ကိုလုပ်ကိုင်ရာမှ သစ်ဆိမ့်ကုန်းရွာသားမောင်သောင်းတန်နဲ့ အကြောင်းပါခြင်းပါပဲ။ ဒီအခါ ကြာကြာတစ်ခါဆိုတာလို ဒေါ်တင်တင်က ဒေသထွက်ကုန်လေးတွေလာရောင်းနေလေ့ရှိတာပါပဲ။

ကိုသောင်းတန်နဲ့ မအေးမေတို့ဟာ သားသမီး (၃) ယောက်ပွားစီးကာ သားကြီးသိန်းတန်တောင်မှ ရှင်သာမဏေဝတ်နေပါပြီ။ ကိုသောင်းတန်ဟာ ရေသီတာလုပ်ကွက်မှာ မျှောတွင်းလုပ်သူပါ။ ချောင်းဘေးမှာ မျှောတည်ထားတာမို့ နေ့မိုးဆောင်း မျှောတိုက်နိုင်ပါတယ်။ တွင်းစတွင်းနမှန်တာကြောင့် အိုးကောင်းအိမ်ကောင်းနဲ့ မကြောင့်မကြနေနိုင်တဲ့မိသားစုပါ။ တွင်းသား (၂) ဦးမွေးထားပါတယ်။

အချိန်က မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီ ဦးနုအစိုးရခေတ်မှာပါ။ လိုင်စင်ခေတ်ဆိုတော့ တွင်းအလုပ်ကို စိတ်အေးချမ်းသာလုပ်လို့ရတဲ့ခေတ်ပါ။ ဒေါ်တင်တင်အနေနဲ့ အခုအခေါက်မှာလည်း မုံရွာထွက်ကုန်ဖြစ်တဲ့ အဝတ်အထည်နဲ့စောင်တွေပါလာခြင်းပါပဲ။

## ▫သန့်ရှင်းရေးအတွက်

နောက်နေ့နံနက် အိပ်ရာအထမှာတော့ ဒေါ်တင်တင်ဟာ ဦးစွာအန္တရာယ်ဖြေရှင်းဖို့ အိမ်သာဆီလာခဲ့ပါတယ်။ အိမ်သာက ထုံးစံအတိုင်း ငုတ်တုတ်ထိုင်ကျင်းအိမ်သာပါ။ တောရွာဆိုတော့ မြစ်သလို နှီးအူကိုချိုးပြီး နှီးအူတုတ်နဲ့သုံးလိုက်တာပါပဲ။

တွင်းသမားလောကဆိုတာ တွင်းသုံးရာမှာ မရှိမဖြစ်တဲ့ စောကူလို့ခေါ်တဲ့ နှီးခြင်းတစ်ခြမ်းပုံလေးတွေသုံးရတာမို့ တောထဲက ဝါးခုတ်လာပြီး အိမ်မှာနှီးဖြာကာ စောကူတွေရက်ပြီး မီးဖိုပေါ်မှာ ကျပ်ခိုးရိုက်ထားရပါတယ်။ အဲဒါကြောင့် နှီးအူတွေအစည်းလိုက် အိမ်သာသွားလမ်းမှာ ပုံထားလေ့ရှိပါတယ်။

ဒေါ်တင်တင်က မုံရွာမြို့သူဖြစ်ပါတယ်။ သူတို့အိမ်မှာ ငုတ်တုတ်ထိုင်ကြွေခွက်အိမ်သာတည်ထားတာမို့ တုတ်မသုံးတတ်ပါဘူး။ သည့်မိုးကုတ်မြေရောက်တိုင်း စက္ကူမရှိပါက သစ်ရွက်နဲ့ပဲ သန့်ရှင်းရေးကိစ္စဖြေရှင်းလေ့ရှိပါတယ်။

နှီးအူပုံကြီးတွေ့ပေမယ့် ဒေါ်တင်တင်က သင့်တင့်တဲ့အရွက်တစ်ခုခုကို ရှာမိပါတယ်။ ခက်တာက စက္ကူကလည်း မပါလာတော့ အခက်တွေ့ရတာပါ။ အဲဒီမှာ အရွက်ခပ်ဝိုင်းဝိုင်း အပင်တလေး တစ်ပင်ကိုတွေ့ရခြင်းပါပဲ။ ချုံပင်ဟုတ်ဟန်မတူဘဲ စိုက်ထားတဲ့ပုံရှိပါတယ်။ အရွက်ကခပ်ဝိုင်းဝိုင်း အမွေးနုနုလေးတွေပါကာ သုံးလို့အဆင်ပြေနိုင်ပါတယ်။

အဲဒါကြောင့် ဒေါ်တင်တင်ဟာ အရွက်လှလှ လေး၊ ငါးရွက်ကိုခူးကာ အိမ်သာထဲဝင်ပါတယ်။ အစာဟောင်းတွေရှင်းအပြီးမှာတော့ ဒေါ်တင်တင်ဟာ နေသာထိုင်သာရှိသွားခဲ့ပြီဖြစ်ပါတယ်။

ထုံးစံအတိုင်းပါပဲ။ နံနက် (၈) နာရီလောက်မှာ နံနက်စာထမင်းစားအပြီးမှာတော့ ကိုသောင်းတန်နဲ့တွင်းသား (၂) ဦးတို့ နေ့လယ်စာထမင်းချိုင့်ထည့်ကာ ရေသီတာလုပ်ကွက်ဆီထွက်သွားခဲ့ပါပြီ။ သစ်ဆိမ့်ကုန်းကနေ တွင်းရှိရာ ရေသီတာလုပ်ကွက်ကို နာရီဝက်နီးပါးသွားရပါတယ်။

## ▫ စုန်းလုပ်လေသလား

ကြီးတော်ငယ်ဒေါ်တင်တင်ရောက်လာတိုင်း ပါလာတဲ့အဝတ်အထည်တွေကို မအေးမေက ရွာနီးချုပ်စပ်

www.burmeseclassic.com

ထဲ့ ကပိုင်၊ ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေး၊ ငွေးပင်၊ ကျောက်တြမ်းကြီး၊ စခန်းကြီးရွာတွေမှာ လှည့်လည်ပြီး လိုက်ရောင်းပေးလေ့ရှိပါတယ်။ အဲဒါက အားလပ်တဲ့နေ့လယ်ချိန်တွေပါ။ညစာချက်ဖို့အမှီ ရွာကိုပြန်ရပါတယ်။ သစ်ဆိမ့်ကုန်းရွာဆိုတာ မိုးကုတ်သွားတားလမ်းမှာတည်ရှိပြီး အောက်ဘက်မှာ စခန်းကြီးရွာရှိပြီး အထက်ဘက်မှာ ငွေးပင်ရွာရှိပါတယ်။

အထည်တွေသွားရောင်းရမှာမို့ နံနက်(၉)နာရီလောက်မှာ ဒေါ်တင်တင်ရေချိုးပါတယ်။ မိုးကုတ်ကျေးလက်တွေမှာ ရေကို သဘာဝစိမ့်စမ်းရေထွက်တွေကနေ ပိုက်တွေနဲ့သွယ်ယူပြီးသုံးကြတာပါ။ ရေတွင်းဆိုတာမရှိပါဘူး။ တောင်တန်းဒေသကိုတော့ ရေတွင်းတူးဖို့လည်း လွယ်မယ်မထင်ပါဘူး။

ဒေါ်တင်တင်ရေချိုးပြီး အိမ်ပေါ်မှာလည်းရောက်ကရော -

"အောင်မလေး - လာကြပါဦး။ နာလိုက်တာ၊ စပ်လိုက်တာ၊ ယားလိုက်တာ သေလုအောင်ပါပဲ။ အေးမေရေ လာပါဦး၊ အောင်မယ်လေး-သေတော့မှာပဲ။ အား. . . အား အောင်မယ်လေး တော်"

ဆိုတဲ့ အသံတွေကြားရပါတယ်။

အဲဒါကြောင့် အဝတ်အထည်ရောင်းလိုက်မယ်ဆိုပြီး ရေချိုးနေတဲ့ အေးမေ အမြန်ပြေးတက်သွားရပါတယ်။ အဲဒီမှာ ထဘီရင်ရှားနဲ့ လူးလှိမ့်နေတဲ့ ဒေါ်တင်တင်ကို အော်ဟစ်ညည်းညူနေလျက် တွေ့ရပါတယ်။

"ဘာဖြစ်တာလဲ ကြီးတော်လေးရယ်"

"အောင်မလေး - ငါ့ဖင်ကြားမှာ နာလိုက်တာ၊ စပ်လိုက်တာ ပြောမပြတတ်အောင်ပါပဲဟယ်။ လုပ်ပါဦးဟဲ့၊ မီးစနဲ့ထိုးထားလားအောက်မေ့ရလောက်အောင်ပူပြီးနာနေတာ။ အောင်မယ်လေးလေး- ကယ်ပါဦး အေးမေရယ်၊ ကယ်ပါဦး"

ဆိုပြီး လူးလှိမ့်နေပါတယ်။ မအေးမေလည်း ဘာလုပ်လို့ဘာကိုင်ရမယ်မသိတော့ပါဘူး။ ဒါနဲ့ အိမ်နီးချင်းတွေကို အကူအညီအော်တောင်းရပါတယ်။ ချက်ချင်းပဲ လူကြီးသူမတွေရောက်လာကြပါတယ်။ ဝေဒနာခံစားနေရတဲ့ကြားက လူမြင်ကောင်းအောင် ဒေါ်တင်တင်ကို အဝတ်တွေအမြန်ဝတ်ပေးပြီး မအေးမေလည်း အဝတ်တွေအမြန်ဝတ်ရပါတယ်။

"ဘယ်လိုဖြစ်တာလဲ အေးမေ"

ရွာမှာ ဗဟုသုတရှိတဲ့ ဘွားသုန်ကမေးခြင်းပါ။

"ရေချိုးပြီး ခုလိုဖြစ်သွားတာပဲ။ ဖင်ကြားမှာ မီးစနဲ့ထိုးသလိုပူပြီး စပ်နေတယ်ပြောတာပဲ"

"ရေချိုးရုံနဲ့တော့ ခုလိုဖြစ်တာ ငါတစ်သက်ကြားခဲ့ဖူးပေါင်အေ။ ကေန္တနင့်အဒေါ်ကို ပညာသည်လုပ်တာဖြစ်ရမယ်။ အဲဒါ စခန်းကြီးက ဆရာလေးကို သွားပင့်မှရမယ်။ ဒါမျိုးဆိုတာက သူတို့မှ နိုင်တာ။ အဲဒါဘိုးထွန်းအားနေတာပဲ။ သူ့ကိုပင့်ခိုင်းလိုက်လေ"

"ဟုတ်တယ် အေးမေ၊ နင့်အဒေါ် ရုတ်တရက်ကြီးခုလိုဖြစ်တာဆိုတော့ စုန်းလုပ်တာကလွဲပြီး ဘာမှမဖြစ်နိုင်ဘူး။ ဆရာလေးသာသွားပင့်လိုက်ပါ"

လို့ ဘွားထွေးကလည်း တိုက်တွန်းပြန်ပါတယ်။

ဒေါ်တင်တင်ကတော့ အော်ဟစ်လူးလိမ့်နေဆဲပါ။ ဖြစ်တဲ့နေရာကလည်း ကြည့်လို့မတင့်တယ်တဲ့နေရာဆိုတော့ အခက်ကြုံနေရတာပါ။ လူတွေကအုံကြည့်နေပေမယ့် ဘာမှလုပ်တတ်ကိုင်တတ်မရှိပါဘူး။

အဲဒီမှာ အဘွားဒေါ်မေက ဆေးကြမ်းယူလာပြီး ကျောက်ပျဉ်မှာသွေးကာ ဒေါ်တင်တင်ကိုလျက်စေပါတယ်။ ရေနဲ့ဖျော်ပြီး ခန္ဓာကိုယ်ကို တောက်ပေးပြန်ပါတယ်။ ဒါပေမယ့် လူးလှိမ့်ပြီး ချွေးဒီးဒီးကျအောင် ဝေဒနာခံစားနေရဆဲပါ။ ဘယ်လိုမှမသက်သာပါဘူး။ အဲဒီမှာ ဘိုးထွန်းက စခန်းကြီးကဆရာလေးကို ပင့်ခေါ်လာပါတယ်။

ဆရာလေးက အရွယ်ငယ်ပါသေးတယ်။ ခါးကုန်းကုန်းလေးနဲ့ပါ။ သို့သော် သူ့ရဲ့ ပညာအစွမ်းကတော့ မငယ်လှပါဘူး။ ဆရာလေးဆိုတာ နာမည်တစ်လုံးနဲ့နေတဲ့ဆရာလေးပါ။ ပယောဂကုတဲ့နေရာမှာ နာမည်အလွန်ကြီးတဲ့ဆရာမို့ ရွာနီးချုပ်စပ်တွေအားကိုးနေကြရတာပါ။ ကျောက်ဖျာမှာ ဆရာရ၊ ကျောက်ပြဿဒ်မှာ ဘိုးဆရာဦးထွန်းမြင့်ဆိုတာတွေလည်းရှိပါသေးတယ်။ သို့သော် ခရီးကမနီးပါဘူး။ ခဏမျှသွားရုံနဲ့ရောက်တဲ့ စခန်းကြီးက ဆရာလေးကိုပြေးပင့်ရခြင်းပါပဲ။

ဆရာလေးရောက်တယ်ဆိုရင်ပဲ ဒေါ်တင်တင်ကို ဘုရားကျောင်းဆောင်ရှေ့ကိုခေါ် စေပါတယ်။ ဒေါ်တင်တင်ကတော့ မခံမရပ်နိုင်အောင်လူးလှိမ့်ခံစားနေရတုန်းပါ။ အဲဒီမှာ ဆရာလေးက ဒေါ်တင်တင်ရဲ့လက်ကောက်ဝတ်သွေးကို စမ်းကြည့်နေပါတယ်။ ဒေါ်တင်တင်ကတော့ တွန့်လိမ်ပြီး အမေလေး၊ အဘလေးတပြီးအော်နေရတာပါ။

"ဟဲ့ - အေးမေ"

"ရှင်"

"နင့်အဒေါ်လေးက ပယောဂသွေးလုံးဝမရှိဘူးဟဲ့။ သွေးရိုးသားရိုးဖြစ်တာ။ အေး-ဘာဖြစ်တာလဲဆိုတာတော့ ငါမသိဘူး။ ငါက ပယောဂပဲကုတတ်တာ၊ ခုဟာပယောဂမဟုတ်တော့ ဗိန္ဒောဆရာပင့်ပြီးကုမှရမှာ။ နင်တို့ရွာက ဗိန္ဒောဆရာဦးအုန်းရှိတာပဲ။ သူ့ကိုအမြန်သွားပင့်လိုက်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ - ဆရာလေး"

"ကဲ - ငါသွားလိုက်ဦးမယ်"

လို့ပြောကာ ဆရာလေးထပြန်သွားပါတယ်။ သူမကုလိုက်ရပေမယ့် ဆရာခြေကြွခကို မအေးမေက ကန်တော့လိုက်ပါတယ်။ ဒါနဲ့ ဆရာအုန်းကို ပြေးပင့်ရပြန်ပါတယ်။ အဲဒီခေတ်အဲဒီအခါမှာ ကျေးလက်တွေမှာ ဆရာဝန်မဆိုထားနဲ့ ဒေါက်တာရမ်းကုလို့ခေါ်ကြတဲ့ ရမ်းကုတွေတောင်မရှိသေးပါဘူး။ ပဋိဇီဝဆေးနဲ့ အငတ်လေးကိုအလှမ်းဝေးနေသေးတဲ့ခေတ်ပါ။

အဲဒါကြောင့် သားဖွားရာမှာလည်း အရပ်လက်သည်တွေနဲ့သာဖွားကြရခြင်းပါပဲ။ မဖွားနိုင်ရင် ဒီအတိုင်းပဲ အသေခံကြရတဲ့ခေတ်ဖြစ်ပါတယ်။ ကျပ်ပြင်လို့ခေါ်ကားတဲ့နေရာမှာတောင်မှ ဆေးရုံအဆင့်မဟုတ်သေးဘဲ ကျေးလက်ဆေးပေးခန်းအဆင့်ပဲရှိနေသေးတာပါ။ အဲဒါကြောင့် ဗိန္ဒောဆရာတွေနဲ့ ပယောဂဆရာတွေသာ ကျေးလက်တွေမှာ အားထားနေရတဲ့ခေတ်ဖြစ်ပါတယ်။

ဒီလိုနဲ့ ဆရာအုန်း ဆေးလွယ်အိတ်လွယ်ပြီးရောက်လာပါတယ်။ ဖြစ်စဉ်ကိုမေးပြီး သောက်ဆေးနဲ့ လိမ်းဆေးပေးပြီး ဆရာအုန်းလည်း ပြန်သွားပါတယ်။ ခက်တာက ဝေဒနာဖြစ်တဲ့နေရာက ကြည့်လို့မရတဲ့နေရာဆိုတော့ မှန်းဆပြီး ဆေးပေးခဲ့ခြင်းပါ။ မအေးမေက ဆေးဖိုးဝါးခကန်တော့လိုက်ပါတယ်။

သောက်ဆေးလည်းတိုက်တယ်၊ လိမ်းဆေးကိုလည်း ရေနဲ့ဖျော်ပြီးလိမ်းပါတယ်။ အဲဒီမှာဝေဒနာကပိုပြီးပြင်းထန်လာပါတယ်။ မနေနိုင်မထိုင်နိုင်အောင်ကိုတိုးပြီးနာကျင်လာတာပါ။ အော်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ချက်တော့ အသံတောင်ပြာလာခဲ့ပါပြီ။ မြင်ကြရတဲ့လူတွေ စိတ်မကောင်းရုံမှ တစ်ပါး ဘာမှမတတ်နိုင်ကြပါဘူး။

ဘာရောဂါမှန်းလဲမသိ၊ ဘာဝေဒနာမှန်းလည်းမသိ၊ ရေချိုးရာမှဖြစ်တယ်ဆိုတာ- ကြားလည်းမကြားဘူး၊ မြင်လည်းမမြင်ဘူးတော့ကာ တကယ့်ကို အထူးအဆန်းဖြစ်နေကြရတာပါ။

ဒေါ်တင်တင်ဟာ သူ့တစ်သက် ဒီလောက်ကြောက်စရာကောင်းတဲ့ဝေဒနာမျိုးမကြုံဘူးတော့ကာ ဒီဝေဒနာနဲ့အသက်ထွက်ရတော့မယ်ထင်ပုံရှိပါတယ်။ အဲဒါကြောင့်-

"အေးမေရယ်၊ နင့်ဗိန္ဒောဆရာလိမ်းဆေးပါမှ ငါ့ဝေဒနာပိုဆိုးလာတယ်။ ဒီအတိုင်းဆို ငါဒီဝေဒနာနဲ့သေမယ်ထင်ပါရဲ့။ ငါ့ကို မိုးကုတ်ဆေးရုံကိုပို့ပေးပါဟယ်"

လို့ ဆိုလာပါတယ်။

ဆေးရုံဆိုတာက အဲဒီခေတ်မှာ ကားက ရွာမှာတစ်စင်းမှမရှိတော့ကာ အလွန်ခက်ခဲပါတယ်။ ကျောက်ကြမ်းကြီးမှာတော့ ခြံထွက်သီးနှံတွေ ကျပ်ပြင်ဈေးနေ့ပို့ပေးတဲ့ ဂျစ်ကား (၂) စီးရှိပါတယ်။ ကျောက်ကြမ်းကြီးကို ကားသွားခေါ်ရင် အသွားအပြန် (၂)နာရီလောက်ကြာနိုင်ပါတယ်။ မဖြစ်နိုင်ပါဘူး။

အဲဒီမှာ ပြေးမြင်လိုက်တာက သူ့ယောက်ျား ကိုသောင်းတန်နဲ့ တွင်းသား (၂) ယောက်ဖြစ်ပါတယ်။ သူ့ယောက်ျားနဲ့ တွင်းသား (၂) ယောက် အခြားလူအကူအညီနဲ့ ထမ်းစင်လုပ်ပြီးထမ်းခေါ်သွားရင် ကျပ်ပြင်ကိုအမြန်ရောက်မယ်။ ကျပ်ပြင်ရောက်ရင် ကားကပေါလှပါတယ်။ အဲဒါကြောင့် မအေးမေက -

"အဘွားတို့၊ အဒေါ်တို့ ကျွန်မရဲ့အဒေါ်ကို ခဏကြည့်ပေးထားကြပါ။ ကျွန်မတွင်းတောက ကိုသောင်းတန်တို့ကို ပြေးခေါ်လိုက်မယ်။ ပြေးသွားရင် ခဏပါ။ ဆေးရုံကိုထမ်းစင်လုပ်ပြီးထမ်းခေါ်မှရမှာ"

ဆိုပြီး တွင်းတောကိုပြေးသွားပါတယ်။

## ◘ ကိုသောင်းတန်ကကုပေးပြီ

ကိုသောင်းတန်နဲ့ မအေးမေတို့ ရောက်လာချိန်မှာ နေ့လယ်တစ်နာရီလောက်ရှိနေပါပြီ။ ဝေဒနာက ပြင်းထန်နေဆဲပါ။ ဖြစ်ပုံကို မအေးမေကပြောပြပြီးတဲ့အခါ ကိုသောင်းတန်ဟာ ဝေဒနာရဲ့အရင်းအမြစ်ကို ချက်ချင်းပြေးမြင်မိတာကြောင့် ခြံထဲပြေးဆင်းလာကာ သူစိုက်ထားတဲ့ ဆင်ငိုဖက်ယားပင်ကို အသေအချာကြည့်မိပါတယ်။ အရွက်လေး၊ငါးရွက်ခူးထားတာ တွေ့မြင်ရပါတယ်။

တောမှာလို တုတ်ခနောင်းမသုံးဘဲ သစ်ရွက်ခူးပြီး အခင်းကြီးဖြေရှင်းလိုက်ပုံရှိပါတယ်။ အဲဒါကြောင့် ကိုသောင်းတန် ချက်ချင်းပဲအိမ်ပေါ်ပြန်တက်ခဲ့ပါတယ်။

"ကိုသောင်းတန်၊ အဒေါ့်ကိုဆေးရုံတင်မှရမယ်ထင်တယ်။ အဲဒါ စောင်နဲ့ ထမ်းစင်လုပ်ပြီး ကျပ်ပြင်ကိုသယ်ရအောင်၊ မြန်မြန်လုပ်လေ"

"နေပါဦး အေးမေရဲ့၊ ငါကုပေးပါ့မယ်၊ ငါကုတတ်ပါတယ်။ ဒါနဲ့ ဒေါ်လေးကို အသေအချာမေးဦးမှရမှာ။ ကဲကဲ - ဒေါ်လေးဆီသွားရအောင်"

ဆိုပြီး တအင်းအင်းနဲ့လူးလိမ့်နေတဲ့ ဒေါ်တင်တင်ဆီရောက်ပါတယ်။ သူ့အိပ်ရာက အခန်းသတ်သတ်ခင်းပေးထားတာပါ။

"ဒေါ်လေး၊ မနက်က အိမ်သာတက်သလား"

"ဟဲ့ - တက်တာပေါ့ ထုံးစံပဲဟာ၊ အမလေး. . . အမလေး"

ဆိုပြီး ညည်းညူနေပြန်ပါတယ်။

"ဒါဆို အိမ်သာသွားတဲ့လမ်းဘေးနားကအပင်လေးက အရွက်ခူးပြီး အိမ်သာသုံးသလား"

"အေး ငါတုတ်မသုံးတတ်လို့ အဲဒီအရွက်တွေခူးပြီးသုံးတာ ဘာဖြစ်လို့လဲ၊ အောင်မလေး - ငါတော့ သေတော့မှာဟဲ့"

"အဲဒီအရွက်ကြောင့် ဒေါ်လေးခံစားနေရတာပါ"

"အရွက်ကြောင့်"

"ဟုတ်တယ်၊ အရွက်က အဆိပ်တက်နေတာပါ။ အေးမေရေ ဆီပုလင်းနဲ့ပန်းကန်လေးယူခဲ့ အမြန်ယူခဲ့နော်"

ဆိုတော့ မီးဖိုထဲပြေးပြီး ချက်ချင်းယူပေးလိုက်ပါတယ်။ ကိုသောင်းတန်က ဆီနည်းနည်း ပန်းကန်ထဲလောင်းထည့်ပြီး-

"ကဲ - ရော့ အေးမေ၊ ဟောဒီဆီကို နာတဲ့နေရာတစ်ဝိုက်မှာ ရွှဲရွှဲလေးလိမ်းပေးလိုက်။ ယူပစ်သလိုပျောက်သွားစေရမယ်"

ဆိုပြီး ကိုသောင်းတန်အခန်းထဲက ထွက်သွားပါတယ်။ မအေးမေနဲ့ အမျိုးသမီးတွေက အမျိုးသမီးအချင်းချင်းဖြစ်တဲ့နေရာကို လိမ်းပေးကြပါတယ်။ နီရဲဖူးရောင်နေပုံက ကြောက်ဖွယ်ကောင်းလှပါတယ်။ သိပ်မကြာပါဘူး၊ မိနစ်ပိုင်းအတွင်းမှာပဲ ဒေါ်တင်တင်ရဲ့အော်ဟစ်ညည်းညူသံပျောက်ကွယ်သွားပါတော့တယ်။ အနာနဲ့ဆေးတည့်တော့လည်း ခဏရယ်ပါပဲ။

## ◘ ဆင်ငိုဖက်ယား

ဆရာလေးရော ဆရာအုန်းပါ လက်လျှော့ရတဲ့ဝေဒနာကို ကိုသောင်းတန်က ခဏအတွင်းပျောက်အောင်ကုနိုင်တာဆိုတော့ ကိုသောင်းတန် ရွာမှာနာမည်အရမ်းကြီးသွားတယ်။ ကြီးမယ်ကြီးစရာပဲလေ။ သေကောင်ပေါင်းလဲခံစားနေရတဲ့ဝေဒနာပေကိုး။ ဒီဝေဒနာကိုယူပစ်သလို ပျောက်အောင်ကုနိုင်တာ နှယ်နှယ်ရရမှတ်လို့။

နောက်တစ်နေ့မှာ ဒေါ်တင်တင်အရောင်ပါလုံးဝပျောက်သွားပါတယ်။ သူ့တစ်သက် ဒီလောက်ပြင်းထန်ပြီး ကြောက်စရာကောင်းတဲ့ဝေဒနာ တစ်ခါမှမကြုံခဲ့ဖူးပါဘူး။ သေလောက်အောင်ကြောက်ဖို့ကောင်းတာပါ။ မနက် ထမင်းဝိုင်းကျမှ ဒေါ်တင်တင်က မေးကြည့်ဖြစ်ပါတယ်။

"ဟဲ့ - မောင်သောင်းတန်ရဲ့ နင့်အပင်က ဘာပင်ခေါ်တယ်"

"ဆင်ငိုဖက်ယားတဲ့ ဒေါ်လေး"

"ဆင်ငိုဖက်ယားဟုတ်လား၊ ငါဖြင့်ကြားတောင်မကြားဖူးပါဘူးဟယ်။ နင်ဘယ်ကနေမျိုးရပြီးစိုက်ထားတာလဲ"

"ကျွန်တော် မိုင်းလုံဘက်ရောက်သွားတော့ ရှမ်းဆရာကြီးတစ်ဦးအိမ်မှာ တွေ့တာနဲ့ မျိုးပင်တစ်ပင်ယူခဲ့ပြီး မိုးတွင်းတုန်းက စိုက်ထားတာ"

"နင်ဟာယ် သေမလောက်ကြောက်စရာကောင်းတဲ့အပင်ကို အိမ်မှာစိုက်ထားရတယ်လို့။ မတော်လို့ ကလေးတွေခူးပြီး အိမ်သာသုံးမိရင် မခက်ဝါလားဟယ်"

"ဒီမှာက အားလုံးတုတ်နဲ့ဖြေရှင်းကြတာဒေါ်လေးအမြင်ပဲလေ။ ဘယ်သူမှ သစ်ရွက်ကို စိတ်မဝင်စားဘူး။ နှီးအူတွေပေါလွန်းလို့ ဒေါ်လေးရာ"

"ဒါထက် ဒီအရွက်ခူးပြီးသုံးတုန်းကဘာမှမဖြစ်ဘဲ ရေချိုးပြီးကာမှဖြစ်တာလဲ"

"ဒေါ်လေးသုံးတုန်းက အဲဒီအရွက်က အမွေးနုနုလေးတွေပွတ်တိုက်ရာက စူးပြီးကျန်ရစ်တယ်။ နုနုလေးရှေ့



www.burmeseclassic.com

www.burmeseclassic.com

## မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ဓါကတိသစ္စာတည်သောအခါဝယ် သြဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

မြင်သမျှသော နွယ်မြက်သစ်ပင်တို့ကား ဆေးဖက်ဝင်သောဆေးပင်တို့သာ ဖြစ်ကြပါ၏။ ဆေးဖက်ဝင်သော ဆေးပင်ဟူ၍ ခြုံ၍ပြောသောကြောင့် အားလုံးသောဆေးပင်တို့သည် သောက်ဆေးအဖြစ် အသုံးပြုနိုင်၏ဟု ယူဆဖွယ်ရှိပါ၏။

ယင်းသို့မဟုတ်ပေ။ အချို့သော ဆေးပင်တို့သည် သောက်ဆေးအဖြစ်ဖြင့်လည်းကောင်း၊ လိမ်းဆေးအဖြစ်ဖြင့်လည်းကောင်း၊ ရှူဆေးအဖြစ်ဖြင့်လည်းကောင်း အသုံးပြု၍ရပါ၏။

အချို့သောဆေးပင်တို့သည် လိမ်းဆေးသက်သက်သာ အသုံးပြု၍ရပါ၏။ အချို့သောဆေးတို့သည် ရှူဆေးအဖြစ်သာအသုံးပြု၍ရပါ၏။ ယင်းကြောင့်လည်း ဆေးပညာရပ်သည် အလွန်နက်ရှိုင်းကျယ်ဝန်းလှပါ၏။ သိရှိနိုင်ဖို့ရန် ခဲယဉ်းလှပါ၏။



အချို့သောဆေးပင်တို့ကိုလိမ်းမိခဲ့ပါက ခန္ဓာကိုယ်တစ်ခုလုံး အပိမ့်အပိမ့်တွေပေါ်လာတတ်၏။ ထိုသို့ဖြစ်ပေါ်လာသောအရာတို့ကို ဆေးဖြင့်မဖြေပါက ထိုအရာမှသည် အနာအဖြစ်သို့ ပြောင်းလဲကာ ဒုက္ခရောက်တတ်ပါ၏။

သာဓကအဖြစ် ဖက်ယားပင်၊ ဆင်ဖော်၊ ဆင်ဟိန်းဆေးပင်တို့သည် အရွက်ထဲမှာပင် အဆိပ်ဓာတ်ပါရှိ၍ တိုက်မိပါက 'ရှဲ' ဟု အသံမြည်ကာ အစွမ်းကိုပြတတ်၏။

အချို့သော ဆေးပင်တို့သည် များယွင်းစွာသောက်သုံးမိပါက ဝမ်းလျှောပြီး ဒုက္ခရောက်တတ်ပါ၏။ သာဓကပြရလျှင် ကနခိုစေ့၊ ကြက်ဆူစေ့ (ခြံဒါပင်)၊ မုတ်ခါး စသည်တို့ဖြစ်ကြ၏။

တချို့သောဆေးပင်တို့သည် မှားယွင်းစွာရှူရှိုက်မိပါက မူးမေ့သွားတတ်၏။ သာဓကပြရလျှင် ပဒိုင်းခတ္တာပင်၊ ခွေးသေးပန်းပင် စသည်တို့ဖြစ်ကြ၏။

ယင်းကြောင့်လည်း တိုင်းရင်းမြန်မာဆေးဆရာတစ်ဦးသည် ဆေးပင်ကိုမြင်ရုံမျှဖြင့် ဤကား အဆိပ်ပင်၊ ဤကား အဆိပ်ပင်မဟုတ်ဟု ခွဲခြားသိနိုင်ဖို့ရာမှာ များစွာ လေ့လာသင်ယူကြရပါ၏။ ဒဗ္ဗဂုဏပကာသနီဆေးကျမ်းတွင် ဆေးပင်တို့၏ ဂုဏ်ဒြပ်တို့ကို တိကျစွာ ဖော်ပြထားပါ၏။

ဆေးတစ်ခုနှင့်တစ်ခုပေါင်းစပ်ပေးသဖြင့် ထိုဆေးသည် အဆိပ်အတောက်သို့ ပြောင်းလဲသွား၏။ တချို့သောဆေးတို့သည် တစ်ခုနှင့်တစ်ခုပေါင်းစပ်ခြင်းအားဖြင့် အင်အားကိုဖြစ်စေ၏။ တချို့

ဆိုတော့ သိပ်မသိသာပါဘူး။ သူ့အဆိပ်ကလည်း အစွမ်းမပြသေးဘူးပေါ့။ အဲဒီအဆိပ်က ရေနဲ့ထိတာနဲ့အစွမ်းပြတော့တာပဲ။ ရေနဲ့လုံးဝမတည့်ပါဘူး"

"ဪ - ဒါကြောင့်ကိုး၊ ဗိန္ဒောဆရာ ဆရာအုန်းက လိမ်းဆေး ရေနဲ့ဖျော်လိမ်းခိုင်းတယ်။ ဆေးလည်းလိမ်းပြီးရော ဝေဒနာကတစ်ဆတိုးသလားအောက်မေ့ရအောင်နာတယ်။ ရေနဲ့မတည့်လို့ကိုး"

"ဟုတ်တယ် အဒေါ်၊ သူ့ကိုကုဖို့ဆေးကျတော့ ဆီကလွဲပြီး ဘာမှမရှိပါဘူး။ ဆီလိမ်းလိုက်ရင် ချက်ချင်းသက်သာပျောက်ကင်းပါတယ်။ ဖြေဆေးပေါ့။ ဒေါ်လေးလက်တွေ့ပဲလေ"

"အေးဟယ် - ပျောက်ချင်လိုက်တော့လည်း မြန်သလားမမေးနဲ့။ ဒါနဲ့နေပါဦး၊ နင်ကဒါတွေပါသိနေတာပေါ့"

"ရှမ်းဆရာကြီးက အသေအချာကို မှာလိုက်လို့သိနေတာပါ"

"ဘာအသုံးကျလို့ ဒီလောက်အန္တရာယ်ကြီးတဲ့အပင်ကိုစိုက်ထားတာလဲ"

"သူက ဒီအတိုင်းသာအဆိပ်ပြင်းတာပါ။ ရေနဲ့ပြုတ်လိုက်ရင် အဆိပ်မရှိတော့ပါဘူး။ ဆီးရောဂါတွေပျောက်တယ်၊ ဆီးကျောက်တည်ရင် ကျောက်ကွဲကျတယ်။ ပြုတ်သောက်ရုံပါပဲ"

"ဒါထက် ခူးတဲ့လက်ကျတော့ ဘာလို့မဖြစ်တာလဲဟဲ့"

"ဪ - အဒေါ်ကလည်း လက်က အသားမာအရေခွံရှိတယ်လေ။ ဒီတော့ အမွေးနုနုက မစူးနိုင်ဘူးပေါ့။ ပြီးတော့ လက်ဝါးမှာပွတ်တိုက်တာမှမဟုတ်တာ"

"အင်း - ဟုတ်သားပေါ့၊ နင့်ဟာက အန္တရာယ်ကြီးလွန်းပါတယ်ဟယ်။ မထားစမ်းပါနဲ့၊ ဒီလောက်အဆိပ်ပြင်းတဲ့ ဆင်ငိုဖက်ယားနုတ်ပစ်စမ်းပါ ဟုတ်လား"

"ဒေါ်လေးရေ ဆင်တောင်ငိုယူရတဲ့ ဖက်ယားလို့ တင်စားထားမှတော့ အန္တရာယ်ကြီးတာအမှန်ပါ။ ကျွန်တော်နုတ်ပြီး အိမ်သာထဲပစ်ထည့်လိုက်တော့မယ်"

"ဆင်တော့မသိဘူး၊ ငါတော့ သေချင်စော်ကိုနံသွားတာပဲ"

လို့ ဒေါ်တင်တင်က ဆိုလိုက်ပါတယ်။

ခုတော့ အားလုံးပြုံးရယ်နိုင်ကြပါပြီ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

(ပြောပြသူ ကျောက်ဖျာရွာမှ ကိုဘစိုးအား အမှတ်တရဖြင့် ကျေးဇူးတင်လျက်)

www.burmeseclassic.com

သောဆေးတို့သည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်ပေးခြင်းအားဖြင့် အင်အားကို ဆုတ်ယုတ်ပျက်စီးစေ၏။ တချို့သော ဆေးတို့သည် တစ်ခုနှင့်တစ်ခုပေါင်းစပ်ပေးသောအားဖြင့် ရောဂါတို့ကိုပျောက်ကင်းစေတတ်၏။ တချို့သောဆေးတို့သည် တစ်ခုနှင့်တစ်ခုပေါင်းစပ်ပေးခြင်းဖြင့် စိတ်ရောဂါကို ပျောက်ကင်းစေ၏။ တချို့သောဆေးတို့သည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်ပြီး လူနာကိုတိုက်ကျွေးပေးပါက ရောဂါတိုးပွားမှုကိုဖြစ်စေ၏။

ဤသို့ ဆေးပင်၊ ဆေးမြစ်၊ ဆေးရွက်၊ ဆေးဉ၊ ဆေးခေါက်၊ အသီး၊ ဆေးပွင့်တို့သည် တစ်ခုနှင့်တစ်ခု အကျိုးသက်ရောက်မှုမှာ တူသောအရာများရှိသကဲ့သို့ မတူကွဲပြားခြားနားသောဆေးတို့လည်းရှိပေ၏။

ယင်းကြောင့်လည်း တိုင်းရင်းမြန်မာဆေးဆရာတစ်ဦးသည် လွယ်လွယ်ကူကူနှင့် ဆေးဆရာတစ်ဦးမဖြစ်နိုင်ပါ။ အနှစ်နှစ်အလလ ဆရာသမားတော်များ၏ထံတော်ပါးမှာ နေ့၊ ညမပြတ်သင်ကြား လုပ်ကိုင် ပြုစု လေ့လာမှတ်သားနိုင်မှသာ တိုင်းရင်းဆေးဆရာတစ်ဦးဖြစ်လာနိုင်ပါ၏။

ရှေးသမားတော်များ အမြဲလက်ကိုင်အသုံးပြုခဲ့သော ဆေးတစ်ပင်အကြောင်းကို တင်ပြပါမည်။

ဆေးပင်အမည်ကတော့ -

ကြောင်ရိုသေပင်ဖြစ်၏။

**□ ဆေးပင်၏ပုံသဏ္ဍာန်**

ကြောင်ရိုသေပင်သည် တစ်နှစ်သာခံသောအပင်မျိုးဖြစ်၏။ (၁) ပေမှ (၃) ပေအထိရှိ၏။ အမွေးနုရှိ၏။ အရွက်ဝိုင်း၍ (၁) လက်မမှ (၂) လက်မခွဲအထိရှိ၏။ ထိပ်ဖျားချွန်၏။ အပွင့်သည် အလွန်ငယ်၍ အဆုပ်လိုက်ပွင့်၏။ အစေ့သည် ဝိုင်း ၏။ ကြေမွတတ်၏။ ဖာဒ်နုရောင်ရှိ၏။ ထိုအပင်၏ အနံ့ကိုရသောအခါ ကြောင်များသည် အလွန်နှစ်သက်၏။ ကြောင်များအတွက် အသက်ကယ်ဆေးပင်လည်းဖြစ်၏။

**□ ဆေးပင်၏ဂုဏ်နှင့် စွမ်းရည်သတ္တိ**

ဆေးပင်၏ပဉ္စင်ါးပါးလုံးကိုသုံးရ၏။ အရွက်ကို အန်ဆေးအဖြစ်ဖြင့် အသုံးပြုရ၏။ အဆုတ်ကို အကူအညီပေး၏။ အဆစ်ရောင်၊ အဆုတ်အအေးပတ်သော အဖျား၊ မှန်းနာ၊ လေပွန်ချောင်းပူခြင်း၊ မြွေကိုက်ခံရခြင်း၊ အရှူးရောဂါ၊ ဦးနှောက်ရောဂါ၊ ပိုးရောဂါတို့၌ သုံးရ၏။ အရသာမှာ အနည်းငယ်ခန့်သက်၏။

**□ အသုံးပြုပုံ**

ကြောင်ရိုသေပင်၏အရွက်ရည်ကို ကလေးသူငယ်နာ ချွဲကျပ်ရောဂါအတွက် တမာရွက်ရည်နှင့်ရောစပ်တိုက်ပါက ဝမ်းသွားခြင်း၊ အော့အန်ခြင်းကို သက်သာစေသည်။ ချွဲကျစေသည်။ အရွက်ပြုတ်ရည်ကို အန်ဆေးအဖြစ်တိုက်ပေးခြင်းဖြင့် အဆုတ်ရောင်ခြင်းတို့ကိုပျောက်ကင်းစေ၏။

အရွက်ပြုတ်ရည်ကိုတိုက်ပေးလျှင် အသက်ရှူလမ်းကြောင်းတစ်လျှောက်၌ရှိသော အညစ်အကြေးပိတ်ဆို့ခြင်းကို ရှင်းလင်းစေပြီး အသက်ရှူပွန်တံရောင်ခြင်းကို သက်သာစေ၏။ ပန်းနာရောဂါ၊ မီးယပ်ကွက်ပေါ်သောရောဂါ၊ သွေးတိုးရောဂါတို့ကိုလည်း ပျောက်ကင်းစေ၏။

အရွက်ကိုကြိတ်၍ အနာပေါ်မှာ အုံပေးသော် အနာများပျောက်ကင်းစေ၏။ အရွက်ရည်သည် ဝဲခြောက်၊ ပွေး၊ ယားနာ စသော အရေပြားရောဂါတို့ကို ပျောက်ကင်းစေသည်။ တမာဆီနှင့်ရောလိမ်းသော် အမျိုးမျိုးသောရောဂါကို ပျောက်ကင်းစေ၏။

အရွက်ရည်ကို ကြက်ဆူဆီနှင့်ရော၍ အဆစ်အမြစ်ကိုက်ခဲရာတွင် လိမ်းပေးသော် ပျောက်ကင်းစေ၏။

ရင်းဆေးရည်ကို နားထဲသို့ထည့်ပေးသော် နားပြည်ယိုခြင်း၊ နားကိုက်ခြင်း၊ နားအူခြင်းပျောက်၏။

အရွက်ကို ငါးမြွေထိုးခြောက်နှင့်ကြော်စားက ဝမ်းထဲတွင် အူအတက်ရောင်စေသောရောဂါကို ကာကွယ်ပေး၏။ ဦးနှောက်ရောဂါနှင့် ဝမ်းမကောင်းခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းထဲ၌ရစ်၍နာခြင်းတို့ကိုလည်း ပျောက်ကင်းစေ၏။

အရွက်ကိုပြုတ်၍ သုပ်စားပါက အဆုတ်ရောဂါ၊ ဦးနှောက်ရောဂါ၊ နားအူ၊ နားကိုက်ရောဂါ၊ ဗိုက်အောင့်၊ ဗိုက်နာရောဂါတို့ကို ပျောက်ကင်းစေ၏။

အရွက်ကိုချက်ပြုတ်စားသောက်ပါက ပန်းနာရောဂါ၊ မီးယပ်ကွက်ပေါ်သောရောဂါ၊ သူငယ်နာရောဂါ၊ သွေးတိုးရောဂါများ ပျောက်ကင်းစေ၏။ အရွက်ကို ပုစွန်တုပ်နှင့်ကြော်စားပါက နှမ်းလျှပင်ပန်းခြင်းကို ပျောက်ကင်းစေ၏။

လူကြီးများပန်းနာရင်ကျပ်ဖြစ်ခဲ့သော် တမာရွက်သတ္တုရည်နှင့် ကြောင်ရိုသေပင်၏အရွက်သတ္တုရည်ကို ရောစပ်၍ အန်လောက်ရုံသာ အန်အေးအဖြစ်ပေးရပါမည်။

အဆုတ်ရောင်ခြင်းတို့၌ ၎င်းအရွက်ပြုတ်ရည်ကို အန်ဆေးအဖြစ်တိုက်ပေးပါ။ ၎င်းအရွက်ကိုကြိတ်၍ အနာပေါ်၌အုံပေးခဲ့သော် အနာများပျောက်ကင်းပါ၏။

ဆေးတစ်ပင်သည် အဘက်ဘက်မှသုံးတတ်လျှင် အကျိုးဖြစ်ထွန်းလျက်ရှိပါ၏။ အနာနှင့်ဆေး သင့်ရာပေး ပျောက်ရေးမခက်ပါ။ ဤအချက်သည်လည်း မြန်မာတိုင်းရင်းဆေးသမားတော်တို့၏ အထူးသတိပြုရမည့်အချက်ပင်ဖြစ်ပါ၏။

တစ်ဖန် -

□ အာရုံ၊ နေရာ ဆေးအစာ လေဖြာ သတိပြု၊ တစ်ချက်ချက်သာ မှားယွင်းလာ၊ ရောဂါမပျောက်မှု -

ဟူသော ဆောင်ပုဒ်တို့ကိုလည်း ဆေးသမားတော်များ၏ နှလုံးသားထဲ၌ ကိန်းဝပ်ထားဖို့လိုပါ၏။

အရာရာမှ ဦးနှောက်ကဆုံးဖြတ်ချက်ချရာမဟုတ်ပါ။ မိမိတို့မွေးရာပါသော နှလုံးသားကသာ အရာရာတိုဆုံးဖြတ်ချက်ချပေးပါ၏။ မှတ်ဉာဏ်သည် ဦးနှောက်မှာမဟုတ်။ မှတ်သောဉာဏ်ရည်သည် နှလုံးသားထဲမှာသာ တည်ရှိပါ၏။ ယင်းကြောင့် နှလုံးသွေးပျက်လျှင် ရူးသွပ်ခြင်း၊ နောက်ဆုံးဒုက္ခရောက်ခြင်းတို့ ဖြစ်ပေါ်လာရပါ၏။

ဥပမာ တစ်စုံတစ်ခုကိုစဉ်းစား၍မရပါလျှင် နှလုံးသားထဲက တင်းမာလာ၏။ နှလုံးသားသာအမြဲတမ်းကြည်လင်နေပါက အရာရာကို သိရှိနားလည်ပြီး ကျန်းမာရေးလည်း ပြည့်ဖြိုးလာပါလိမ့်မည်။

ဟဒယနှလုံးသွေးနှင့်ပတ်သက်၍ ရှေးဆရာများက -

□ မောဟသားဆေး၊ နီထွေးရာဒေါသမည်းပြား၊ တက်ကား ပဲပြုတ်ရည်ဝါသည့်သဒ္ဓါ၊ ပညာပြိုးပြက်၊ ဤခြောက်ချက်သည် ကျမ်းထွက်မှန်ဟဒယ ဟူ၍ အဆိုအမိန့်ရှိခဲ့ပါ၏။

စဉ်းစားဝေဖန်ကြပါကုန်။ လိုက်နာမှတ်သား အကျိုးများကာ ဆေးပညာဗဟုသုတ ပြည့်ဝကုံလုံ ပြည့်စုံနိုင်ကြပါစေ။

မေတ္တာမေတ္တာမှန်ခြင်း

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအနေနဲ့ ထမင်းမစားသူတွေ တွေ့ဖူးတာ (၃) ဦးရှိသွားပါပြီ။ တောစိမ့်ရွာက ဌေးလှရယ်၊ ကျောင်းနဲ့ သိပ်မဝေးလှတဲ့ မြတ်သိန်းရယ်၊ ညီလင်းဇေရယ်ပါ။ တောစိမ့်ရွာ သူဌေးလှက စာရေးသူနဲ့ တစ်ရွာတည်း၊ အတန်းတူ ကျောင်းနေဖက် အသက်တူပေါ့။ ပြောမနာဆိုမနာတွေလေ။ သူထမင်းမစားတာမယုံလို့ သူတို့အိမ်ခဏခဏလိုက်ကြည့်ဖူးရဲ့၊ တကယ်မစားတာပါ။ ကြာလာတော့ယုံသွားရော။

သူက ထမင်းမစားသကောရယ်လို့ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကောက်ညှင်းပေါင်း စတဲ့အစားအစာတွေလည်းမစားဘူးရယ်။ သရေစာသမောစာရယ်လို့လည်း များများစားစားမဟုတ်ဘူး။ တစ်ခါတစ်ရံ နည်းနည်းပါးပါးပဲစားတာ။ ဒါလည်း မက်မက်စက်စက်ရှိမဟုတ်ပါဘူး။ ဘာမှဟုတ်တိပက်တိသာ မစားတယ်။ သူကြည့်တော့ဝလို့ အသားအရေကြည်လို့ အရပ်ရှည်ရှည်ထွားထွား ကျိုင်းကျိုင်းထောင်ထောင်မောင်းမောင်ရယ်။ မျက်နှာက အမြဲပြုံးနေတာ။ ရဟန္တာလို့ကျော်ကြားတဲ့ စလင်းကန်လယ်ဆရာတော်ကြီးဆီ ရောက်သွားတော့ ဘုရားထရားအလုပ်လုပ်ရတယ်။ ပိုပြီးလူသိများလာတယ်။ ဆရာတော်က အိမ်ထောင်မပြုနဲ့ သေမှာလို့ မှာခဲ့တယ်။ တကယ်ပါပဲ၊ အိမ်ထောင်ပြုပြီး ကလေးတစ်ယောက်ရတာနဲ့ သေသွားရော။

မြတ်သိန်းဆိုသူလည်း ဒီလိုပဲ။ သူက စာရေးသူကျောင်းနဲ့ နီးနီးလေးရယ်။ ဌေးလှလိုပဲ ထမင်းဆိုရင် မြင်ကိုမမြင်ချင်တာတဲ့။ ဌေးလှထက် ပိုဆိုးတာက မြတ်သိန်းတစ်ယောက် ထမင်းစားလိုက်တာနဲ့ သူ့ဗိုက်ထဲ ပိုးကောင်တွေ ရောက်သွားသလိုခံစားရပြီး အော်ဂလီဆန် ပျို့အန်ချင်တော့တာတဲ့။ ဒီလိုနဲ့ ထမင်းမစားခဲ့တာ ကြာခဲ့ပေါ့တဲ့။ သူက ပိန်တယ်။ သန်တော့သန်တယ်။ လယ်ထဲယာထဲလည်း ပင်ပင်ပန်းပန်းလုပ်နိုင်တယ်။ လေးလေးပင်ပင်တွေလည်းထမ်းနိုင်၊မ,နိုင်တယ်။ စကားပြောရင်လည်း ဘုကန့်လန့်ပြောချင်တယ်။ကွေ့ဝိုက်ပြောတာ သူမကြိုက်ဘူး။ သူလည်းမပြောဘူး။ သူက မြေပဲဆန်အစားများတယ်။ ထမင်းရည်အသောက်များတယ်။ ဖျော်ရည်လေးဘာလေးသောက်တယ်လေ။

တစ်လောက တွေ့ရတာက ညီလင်းဇေတဲ့။ သူလည်း ထမင်း၊ ဟင်းလုံးဝမစားဘူး။ ငယ်ငယ်လေးကတည်းက ထမင်းခွံ့ရင်ထွေးပစ်တာ။ ထမင်း၊ အသား၊ ငါးလုံးဝမစားဘူး။ ထမင်းကျွေးလိုက်တာနဲ့ ကော့လန်ပြီး ငိုတော့တာရယ်။ သူ့အဖေက ကိုရွှေလင်းတဲ့။ ပွင့်ဖြူမြို့နယ်က နန်းတော်ကုန်းရွာသား၊ လယ်သမားပါ။ ကိုရွှေလင်းနဲ့ မအိခိုင်တို့ နှစ်ယောက်စလုံး အသက် (၃၈) နှစ်လောက်ရှိကြသေးတာ။

# ဦးစန္ဒိမ(စလေ)

# ထမင်းမစားတဲ့ညီလင်းဇေ





www.burmeseclassic.com

www.burmeseclassic.com

## ဦးကြည်ဝင်း(ရွှေစင်)ချောက်

# ဝါရရက် နှင့် မိတ္တူရက်

ရပ်ကွက်အတွင်း အလှူအစည်း အဝေးများတွင် အလှူအတွက် ရက်ကောင်းရက်များရွေးကြသည်။ နေ့နှင့် ရက်ပေါင်း၍ ၁၃ ရက်ကျသည်ကို ဝါရမိတ္တူရက်ဖြစ်၍ အလှူပွဲကို ၎င်းရက်တွင် မကျင်းပကြရန်ပြောကြပါသည်။

အမှန်မှာ ဝါရရက်နှင့် မိတ္တူရက် မှာမတူပါ။ နေ့နှင့်ရက်ပေါင်း၍ ဝါရရက်ဟုခေါ်သည်မှာ မှန်သော်လည်း မိတ္တူရက်မှာ သီးသန့်ရှိပါသည်။ အောက်ဖော်ပြပါ အထိန်းလင်္ကာသံပေါက်ကို ကြည့်ခြင်းဖြင့် ဝါရရက်နှင့် မိတ္တူရက်သည် မတူညီကြောင်း တွေ့ရပါသည်။

- ဝါရမိတ္တံ၊ ဒိဝသံ၊
  နှစ်တန်ခွဲခြားသိ။
  ဝါရရက်မှန်၊ တေရသံ၊
  ဧကန်မှတ်၍သိ။
  မိတ္တံအရ ရက်ဇယျ၊
  ယူရလင်္ကာရှိ။ ။

- **ဝါရရက်ရွေးနည်း (၂) မျိုး**

၁။ ဆန်းဆုတ်သောလ (၆) ရက်… ဒွါဒသအဆုံးပိတ်၊ နောင်သာ… ပြာဝင်း၊ စိုးကြုံအင်၊ ရက်မ… ဝါရပိတ်၊ အမှုဟူကပြုမိ… သောကလန့်စိုးထိတ်၊

ညီလင်းဇေရဲ့ အမေမနာမည်က မအိခိုင်တဲ့။ စလင်းမြို့နယ် ကူတိုရွာသူ။ မအိခိုင်က နန်းတော်ကျွန်းမှာ နာ့စ်မ တာဝန်ထမ်းဆောင်ရင်း ကိုရွှေလင်းနဲ့ အကြောင်းပါတာ။ ခုထိ ဒီရွာမှာပဲ။ မအိခိုင်ဆိုတာ တခြားကမဟုတ်ဘူး။ စာရေးသူကျောင်းရှေ့က မုခ်ဦးကြီးလှူထားတဲ့ ကူတိုရွာက ဦးဘမောင်၊ ဒေါ်စိန်တုတ်တို့ရဲ့မွေးစားသမီး။ နောက် မဖြိုးဖြိုးဆိုတာလည်းရှိပြန်သေးတယ်၊ မွေးစားတာ။ ကိုမြင့်ဆွေ၊ မကြည်သန်းတို့လည်း ဦးဘမောင် ဒေါ်စိန်တုတ်တို့က မွေးစားထားတာ။ မကြည်သန်းနဲ့ အကြောင်းပါပြီး ကိုမြင့်ဆွေရောက်လာတာပါ။

သိပ်ရင်းနှီးကြပေမယ့် ညီလင်းဇေ ထမင်းမစားမှန်းတော့မသိဘူး။ ကျောင်းအမြဲလာနေပေမယ့် တစ်နေ့ မန္တလေးက ဦးသုမင်္ဂလက အဲဒီကလေး ထမင်းမစားတာ မင်းရေးပေါ့လားတဲ့။ 'ဟုတ်လို့လားကိုယ်တော်' ဆိုတော့ 'ဟုတ်တယ်၊ ငါကျောင်းတည်းသွားလို့သိတာ' တဲ့။ ဒီတော့မှ မကြည်သန်းခေါ်ရတယ်။ ကလေးပါခေါ်ခဲ့ဆိုပြီး မေးရမြန်းရပါတော့တယ်။ ညီလင်းဇေက မကြည်သန်းတို့နဲ့ အနေများတာကလား။ ဒီကလေးရာဇဝင်အကုန်သိသူပေါ့။

ညီလင်းဇေကို ၂၆-၁၀-၂၀၀၇ ခုနှစ်၊ သောကြာနေ့မှာ မွေးတယ်။ အခု ဒုတိယတန်းတက်ရပါတော့မယ်။ ပွင့်ဖြူမြို့နယ် ကုန်းဇောင်းတိုက်နယ် အရှေ့လေးအိမ်ကျေးရွာအုပ်စု မြင်းခြံရွာ အ-မ-ကကျောင်းမှာနေပါတယ်။ သူ့အမေက ခုလောလောဆယ် အဲဒီရွာမှာ တာဝန်ကျနေသူပါ။ သူ့မှာ ညီလေးတစ်ယောက်ရှိတယ်လေ။ (၂) လသားအရွယ် နာမည်တောင်မှ မပေးရသေးဘူးတဲ့။ သူထက်အငယ် ပေါ်ပေါက်လာတော့ ညီလင်းဇေက မိဘတွေနဲ့သိပ်မနေတော့ဘဲ သူကြီးတော် မကြည်သန်းတို့အိမ်မှာပဲ အနေများပါတော့တယ်။ ညီလင်းဇေက လူကပိန်ပိန်သွယ်သွယ်လေးရယ်။ အရပ်ရှည်တယ်။ အသားကလတ်တယ် သိပ်မညိုဘူး။ ရုပ်ကလေးသနရုပ္ပနဲ့ကြည့်ပျော်ရှုပျော်လေးရယ်။ စကားလည်း သွက်တယ်။ ဉာဏ်လည်းကောင်းတယ်။ နားရွက်က အနည်းငယ်ကြီးပြီး ကားတယ်။ လူသာပိန်တာ၊ ထမင်းသာမစားတာ သန်တော့သန်တယ်။

သူတို့လေးတွေက တံကောင်းရှာတယ်။ ဘာလို့လဲဆိုတော့ ဦးဘမောင် ဒေါ်စိန်တုတ်တို့က သားသမီးမထွန်းကားတော့ ကလေးသည်းညည်းခံရှာတယ်။ ချစ်တယ်၊ ပြုစုယုယတယ်။ မရှိမရှာ အညစ်အကြေးသုတ်သင်တယ်။ ကိုမြင့်ဆွေတို့၊ မကြည်သန်းတို့ကလည်း ဒီအမွေကိုအရယူတယ်။ မွေးချင်းချင်း သိပ်ခင်တယ်။ ကလေးချစ်တယ်။ ဘယ်ကလေးမဆို သူတို့အိမ်ရောက်တာနဲ့ မုန့်ပဲသရေစာကျွေးရတာနဲ့၊ ထမင်းချိန်ထမင်းကျွေးရတာနဲ့၊ ရေချိုး၊ သနပ်ခါးလိမ်းပေးရတာနဲ့ ကလေးတွေကလည်း သူတို့အရေးပေးမှန်းသိတော့ ဒီအိမ်ရောက်ရင်ပျော်တာပဲ။ သူတို့အိမ်ရောက်ချင်ကြတယ်၊ ရောက်ရင်မပြန်ချင်ကြဘူး။

ညီလင်းဇေက ထမင်း၊ ဟင်း… အသား၊ ငါးမစားတော့ အချိုရည်လို… ဘီစကစ်လို မုန့်ပဲသရေစာလိုမျိုးကျွေး… တိုက်ရတယ်လေ။ ဒါတွေတော့စား… တယ်။ မအေ့နို့လည်းစို့ပါတယ်။ ဘာစား… ချင်တယ်ညာစားချင်တယ်၊ ဘာဝယ်ပေး… ပါ၊ ညာဝယ်ပေးပါလို့ ဇွတ်မပူဆာဘူးတဲ့… ပလာတာ၊ စမူဆာတော့ ကြိုက်တယ်… ဗိုက်ဆာရင်တော့ ဗိုက်ဆာလိုက်တာ… ပြောတယ်လေ။စာတော်တယ်၊ ကျောင်း… တက်ရမှာမပျင်းဘူး။ ဒီတော့ လူကြီး… တွေက ချစ်ကြတယ်ပေါ့။

"သားကြီးရင် ဘာလုပ်မှာတုံး… ဘာဖြစ်ချင်တုံး"

မေးတော့ -

"သားသားကြီးရင် ဆရာဝန်ကြီး… လုပ်မှာ"

"အေး- အဲဒါဆိုရင် ဒေါ်သမ… ရဘူး။ စာကြိုးစားရမယ်၊ ဖုန်းမက… ရဘူး၊ ဂိမ်းမဆော့ရဘူး"

ဆိုတာတွေ ပြောရတယ်လေ။

သူလေးက ဒေါ်သကြီးသူကိုး… ဂိမ်းဆော့သူကိုးလို့၊ ဖုန်းကလိသူကိုး… ခုခေတ်ကလေးတွေက ဖုန်းကလိကြ… များတယ်လေ။ ငယ်ငယ်ရွယ်ရွယ်… မျက်မှန်လေးတွေနဲ့ ချိုနဲ့နဲ့လေး… ဂိမ်းကြောဆွဲနေတာ။ ဂိမ်းပိနေကြ… ဟုတ်လား။ နေ့ရှိသရွေ့ဒါပဲ။ အ… လုပ်နေကြတာကို အများစုအလုပ်… အကိုင်ပျက်ဆိုပါတော့။ အနုတ်လ… ဏာတွေလေ။

ဦးစန္ဒိမ (စ…)



www.burmeseclassic.com

www.burmeseclassic.com

၂။ စ၍ရေ စနေ (၆) ရက်က
တသက်ပန်လုံး စောင်ခေါင်းအုံး၊
အဆုံးဒွါဒသာ။ ။

ဝါရရက်ရွေးနည်း လင်္ကာ(၂)မျိုးရှိသော်လည်း အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်ပါသည်။ ဤလင်္ကာအရ မြန်မာလ ညီသည့်လ၌မဆို လဆန်း၊ လဆုတ် ၆ ရက်မှ ၁၂ ရက်အတွင်းသည် ဝါရရက်ဖြစ်၍ အခြားရက်များသည် ဝါရရက်မဖြစ်နိုင်ပါ။

ဥပမာ -

ဆန်း၊ ဆုတ် ၆ ရက်သည် စနေဖြစ်ခဲ့သော် စနေသည် (၇) ဂဏန်းဖြစ်၍ ဆန်း၊ ဆုတ် ၆ ရက်နှင့် ပေါင်းက (၁၃) ဂဏန်းဖြစ်၏။

ထိုနည်းတူ ဆန်း၊ ဆုတ် ၇ ရက်သည် သောကြာနေ့ဖြစ်ခဲ့သော် သောကြာသည် (၆) ဂဏန်းဖြစ်၍ ဆန်း၊ ဆုတ် ၇ ရက်နှင့်ပေါင်းက (၁၃) ဂဏန်းဖြစ်၏။

သို့ပါ၍ ရက်နှင့် နေ့ပေါင်း၍ (၁၃) ဂဏန်းကျရောက်ပါက ဝါရရက်ဟူ၍ မှတ်ယူရပါမည်။

ဝါရရက်ရွေးနည်းမှာ ပထမဦးဆုံး နေ့သင်္ချာ **'တသက်ပန်လုံးစောင်ခေါင်းအုံး'** အရ နေ့များကိုရေးပါ။ ထို့နောက် အဆုံးဒွါဒသစ၍ ဆိုသည့်အတိုင်း (အုံး) တနင်္ဂနွေအဆုံးမှစ၍ (၁၂) ဂဏန်းဖြစ်တစ်ခုစီလျော့၍ချသွားပါ။

**လင်္ကာအရနံသင့်ဂဏန်း**

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကြက် | ဇ | ယ | အ | ဋ္ဌ | န | ဝ | ဆ | တြိ | သ | တ္တ | မိ |
| အ | လျှ | ရက် | ကိုး | သံ | ဆန်း | တိုး | | | | | |
| ၁ | ၄ | ၈ | ၉ | ၆ | ၃ | ၇ | | | | | |

အတူတူဖြစ်၍ လတစ်လ၏ ဆန်းဆုတ်ရက်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုဆန်းဆုတ်ရက်နှင့်ကျသောနေ့သည် မိတ္တရက်ဖြစ်ပါသည်။

မှတ်ချက် -

'ကိုး' ကို (၉) ဂဏန်းယူ၍ ကျန်သောအက္ခရာများကို နံသင့်ဂဏန်းအတိုင်း ယူရပါမည်။

ဇယားဖြင့်ဖော်ပြပါမည်။

'တနင်္ဂနွေအစ နေ့သတ္တစဥ်၍ချ' ဆိုသော လင်္ကာအရ တနင်္ဂနွေမှစ၍ နေ့ (၇) နေ့ကို ရေးချပါ။

ထို့နောက် လင်္ကာအရ နံသင့်ဂဏန်းကိုရေးချပါ။ ထိုနံသင့်ဂဏန်းသည် ဆန်း၊ ဆုတ်ရက် ဖြစ်ပါသည်။ ထိုဆန်းဆုတ်ရက်နှင့် ကျသောနေ့သည် မိတ္တရက်ဖြစ်ပါသည်။

၃။ ဆန်း၊ ဆုတ် ၈ ရက်သည် အင်္ဂါဖြစ်ခဲ့သော် မိတ္တရက်
၄။ ဆန်း၊ ဆုတ် ၉ ရက်သည် ဗုဒ္ဓဟူးဖြစ်ခဲ့သော် မိတ္တရက်
၅။ ဆန်း၊ ဆုတ် ၆ ရက်သည် ကြာသပတေးဖြစ်ခဲ့သော် မိတ္တရက်
၆။ ဆန်း၊ ဆုတ် ၃ ရက် သောကြာဖြစ်ခဲ့သော် မိတ္တရက်
၇။ ဆန်း၊ ဆုတ် ၇ ရက်သည် စနေဖြစ်ခဲ့သော် မိတ္တရက် ဖြစ်ပါသည်။

ဤဝါရရက်နှင့် မိတ္တရက်ကျသောနေ့များတွင် အမှုကိစ္စများဖြစ်သော အလှူမင်္ဂလာပြုလုပ်ခြင်း၊ မင်္ဂလာဆောင်ခြင်း၊ ခရီးသွားလာခြင်း စသည်တို့ကို မပြုလုပ်သင့်ပါ။ ပြုလုပ်ပါက အကျိုးတရားမရရှိဘဲ သောကနှင့်ကြုံတွေ့ရခြင်း အနှောင့်ယှက်များကြုံတွေ့ရခြင်း၊ လုပ်ငန်းကိစ္စမအောင်မြင်ခြင်း စသည်ကို ကြုံတွေ့ရတတ်ပါသည်။

**ဝါရရက်ရွေးချယ်ပုံဇယား**

| နေ့လင်္ကာ | တ | သက် | ပန် | လုံး | စောင် | ခေါင်း | အုံး |
|---|---|---|---|---|---|---|---|
| နေ့ | စနေ | သောကြာ | ကြာသပတေး | ဗုဒ္ဓဟူး | အင်္ဂါ | တနင်္လာ | တနင်္ဂနွေ |
| နံသင့်ဂဏန်း | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ |
| ဆန်းဆုတ်ရက် | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ပေါင်းရက် (ဝါရရက်) | ၁၃ | ၁၃ | ၁၃ | ၁၃ | ၁၃ | ၁၃ | ၁၃ |

မိတ္တရက်ရွေးနည်း(၂)မျိုးမှာ -
တနင်္ဂနွေအစ၊ နေ့သတ္တစဥ်၍ချ
ကြက် ဇ ယ အ ဋ္ဌ န ဝ ဆ တြိ သ တ္တ မိ
အ လျှ ရက် ကိုး သံ ဆန်း တိုး
နေ့နှင့် ပေါင်း၍ရက်မိတ္တ။

**မိတ္တရက်ရွေးချယ်ပုံဇယား**

| နေ့ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|---|
| နေ့သင်္ချာ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| လင်္ကာအရ နံသင့်သင်္ချာ | ၁ | ၄ | ၈ | ၉ | ၆ | ၃ | ၇ |

မိတ္တရက်ရွေးနည်းလင်္ကာ (၂) မျိုးဖြစ်သော်လည်း အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်ပါသည်။ (ကြက် ဇယ အဋ္ဌ နဝ ဆ တြိ သတ္တမိ) နှင့် (အလျှုရက်ကိုးသံဆန်းတိုး) လင်္ကာ(၂) ပုဒ်သည် အဓိပ္ပာယ်

အဓိပ္ပာယ်မှာ -
၁။ ဆန်း၊ ဆုတ် ၁ ရက်သည် တနင်္ဂနွေ ဖြစ်ခဲ့သော် မိတ္တရက်
၂။ ဆန်း၊ ဆုတ် ၄ ရက်သည် တနင်္လာ ဖြစ်ခဲ့သော် မိတ္တရက်

သို့ပါ၍ စာဖတ်သူတို့သည် ဝါရရက်နှင့် မိတ္တရက်များကို ရှောင်ရှား၍ အမှုကိစ္စများပြုလုပ်သင့်ပါကြောင်း ဆန္ဒပြုလိုက်ပါသည်။

ဦးကြည်ဝင်း(ရွှေစင်)ချောက်


www.burmeseclassic.com

www.burmeseclassic.com



# ကြည်ဖြူမောင် (သငင်မြေ)

# ညတစ်ည

ဦးစံခင်သည် ပတ်မတီးရန် အလွန်ဝါသနာပါ၏။ မည်မျှပင်အလုပ်ရှိစေ ပတ်မတီးရန်လာခေါ် မည့်သူရှိပါက အလုပ်ဖျက်၍ လိုက်ပါလေ့ရှိ၏။ ငယ်စဉ်ကပင် ပတ်မတီးသံကြားပါက မကြည့်ရလျှင် မနေနိုင်အောင်ဖြစ်တတ်၏။ ရွာဦးကျောင်းတွင် နေစဉ်အခါက ပတ်မတီးနေသည်ကို ထမင်းမေ့ဟင်းမေ့ ငေးကြည့်နေခဲ့မိသောကြောင့် ဆရာတော်ကြီး၏ ကြိမ်စကြာနှင့် မကြာခဏ အဆော်ခံရ၏။ သို့သော်လည်း သူ၏ ဝါသနာကိုကား မေ့ဖျောက်၍မရနိုင်ပေ။

တစ်နေ့ ဆရာတော်ကြီးနှင့်အတူ တခြားရွာမှ အလှူပွဲတစ်ခုသို့ လိုက်ပါသွားရ၏။ ကိုရင်တစ်ပါးလည်း ပါ၏။ အချိန်ကား နံနက်အရုဏ်တက်စဖြစ်၏။ ရွာတစ်ရွာအနီးမှ ဖြတ်သွားရစဉ် လေနှင့် အတူပါလာသော အသံတစ်ခုကို သူသတိပြုမိ၏။ ဟုတ်ပြီ - ပတ်မတီးသံမှပတ်မတီးသံအစစ်။ သူမနေနိုင်တော့ပြီ။ ရှေ့မှကြွနေသော ဆရာတော်ကြီးကို ကြည့်လိုက်၏။ ဆရာတော်ကြီးကား ဘေးဘီကိုမကြည့်ဘဲ လမ်းတည့်တည့်ကို သာကြည့်ရင်းသွားနေ၏။ ရွာအနီးမှ လယ်ကွက်တွေကို ကျော်သွားသည်နှင့် ခေါင်းထဲတွင် အကြံတစ်ခုပေါ်လာ၏။ ထိုအကြံကို ချက်ချင်းအကောင်အထည် ဖော်လိုက်၏။

"ကိုရင်၊ တပည့်တော် မရတော့ပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- တာဖြစ်တာလဲကွ"

"ဗိုက်နာလို့ဗျ၊ ဗိုက်နာလို့။ ဆရာ- ဆရာတော့်လွယ်အိတ် ခဏယူသွား လိုက်ဦး။ တပည့်တော်နောက်က မီအောင်လိုက်လာခဲ့မယ်"

"မကြာစေနဲ့"

"မကြာစေရဘူး၊ ကိစ္စပြီးတာနဲ့ ချက်ချင်းလိုက်လာခဲ့မယ်။ ကဲ - သွား တော့"

"ဗုဒ္ဓေါ - ခုလေးလည်း မသွားနိုင်ဦး။ ပြီးရင် ချက်ချင်း ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြားလား"

မောင်စံခင်ကား ကိုရင်ပြန်ပြောသည်ကိုပင် နားမထောင်တော့ဘဲ ရွာဘက်ဆီသို့ ဦးတည်ပြီး ပြေးလာခဲ့တော့၏။

"ပတ်ဗေထိပြောင်၊ ပတ်ဗေထိပြောင်၊ ပတ်ဗေထိ ပတ်ဗေထိ"

ပတ်မတီးသံကား တစ်ရွာလုံးညံနေ၏။ ဟော - တွေ့လိုက်ပါပြီ။ အိမ်တစ်အိမ်၏ရှေ့တွင် မဏ္ဍပ်ထိုးပြီးတီးနေကြခြင်းပင်။ လူတွေလည်း တရုန်းရုန်းနှင့် သွားလာနေကြ၏။ အစကတော့ အလှူပွဲတစ်ခုဟုပင် သူစိတ်ထဲတွင်ထင်လိုက်၏။ အိမ်ထဲကိုကြည့်လိုက်တော့မှ သူ့အထင်နှင့်အမြင် တက်တက်စင်အောင် လွဲရတော့၏။

အကြောင်းမှာ အသုဘအိမ်ဖြစ်နေသောကြောင့်ပေတည်း။ စိတ်ထဲတွင် နည်းနည်းကြောက်ရွံ့သလိုဖြစ်မိသည်။ သို့သော် ပတ်မတီးသံကြားလိုက်သည်နှင့် ကြောက်စိတ်တို့ မည်သည့်နေရာသို့ လွင့်ပါသွားကြမှန်းမသိတော့ချေ။ ရောက်စကတော့ ခဏကြည့်ပြီးလျှင် ပြန်သွားမည်ဟု ဆုံးဖြတ်ထား၏။

"ပတ်ဗေထိပြောင်၊ ပတ်ဗေထိပြောင်၊ ပတ်ဗေထိပြောင်"

အသားညိုညိုနှင့် ဗလကောင်းကောင်းလူကြီးတစ်ဦးသည် အပေါ်ပိုင်းဗလာနှင့် ပတ်မတီးနေ၏။ သူပတ်မကိုတစ်ခါတီးလိုက်တိုင်းထွက်ပေါ်လာသော ပတ်မသံတို့သည် အထက်ဘဝဂ်သို့တိုင် အောင်ရောက်သွားသည်ဟု ထင်ရမိ၏။ မောင်စံခင်သည် လူကြီးအနီးသို့ကပ်သွားပြီး သေသေချာချာကြည့်နေလိုက်၏။ လူကြီးကလည်း ပြုံးပြ၏။ သူကလည်း ပြန်ပြုံးပြလိုက်၏။ လူကြီးတစ်ခါတီးလိုက်တိုင်း သူကလည်း အပေါ်သွားနှင့် အောက်နှုတ်ခမ်း အားရပါးရကိုက်ပြီး အားပေးတတ်၏။ လူကြီးကလည်း သူအားပေးတိုင်း ချွေးဒီးဒီးကျအောင် တီးပြ၏။ မောင်စံခင်သည် ပတ်မတီးပုံကိုကြည့်ရင်း အတွေးနယ်ချဲ့နေမိ၏။

သူတို့ဒေသတွင် အသုဘရှိပါက ပတ်မတီးရသည်မှာ ထုံးစံဖြစ်သည်။ မည်သည့်ခေတ်၊ မည်သည့်အချိန်မှစပြီး မည်သည့်အကြောင်းကြောင့်တီးရသည်ကိုတော့ ယနေ့အထိ မည်သူတစ်ဦးမျှ မရှင်းပြနိုင်ပေ။ ဤထုံးစံအတိုင်း ပြုလုပ်ကြခြင်းကို အပြစ်ဟူ၍လည်း မည်သူတစ်ဦးတစ်ယောက်မျှ မပြောဝံ့ကြချေ။ တားမြစ်ပိတ်ပင်ခြင်းလည်း မရှိပေ။ အကယ်၍ အသုဘအိမ်၌ အလောင်းကို ညအိပ်ထားမည်ဆိုပါက ညသန်းခေါင်းကျော်သည်အထိ ပတ်မတီးရ၏။ ပတ်မတီးသမားသည် ထိုနေ့ည အိမ်ပြန်မအိပ်ရပေ။ နှဲ၊ လင်းကွင်း၊ လက်ခုပ်၊ ကြေးသမားတို့သည်လည်း ထို့အတူပင်ဖြစ်၏။ မနက်အရုဏ်တက်သည်နှင့် ထ၍တီးရပြန်၏။ ဤသို့ဖြင့် အသုဘချသည်အထိ တီးပေးရ၏။

"ငါလည်း ကြီးလာရင် ဒီလိုပဲ အသုဘအိမ်တွေမှာလိုက်ပြီးတီးမယ်"

မောင်စံခင်သည် ဤသို့နှယ်ပင် စိတ်ထဲတွင် တေးမှတ်ထားလိုက်၏။ ထိုနေ့က အသုဘချပြီးမှ ရွာသို့ပြန်လာခဲ့တော့၏။ နံနက်စာ ထမင်းလည်းငတ်သည့်အပြင် ညနေဘက် ဆရာတော်ကြီး၏ ကြိမ်စကြာနှင့် လှလှပပအဆော်ခံရပြန်၏။ မောင်စံခင်ကား မျက်ရည်ပင် တစ်ပေါက်မကျခဲ့ပေ။ အိပ်ရာဝင်သည်နှင့် အခြားကျောင်းသားများကို နေ့ခင်းက ကြုံတွေ့ခဲ့ရသော အကြောင်းအရာများအား ပြုံးပြုံးကြီးရှင်းပြလိုက်သေး၏။ ဤသို့ဤနှယ်ပင် မောင်စံခင်တစ်ယောက် ပတ်မတီးရန် ဝါသနာပါခဲ့လေ၏။

❑

"ဗျို့ - ဦးလေး၊ ဗျို့ - ဦးလေး"

အချိန်ကား ညနေ(၆)နာရီကျော်ခန့် ဖြစ်၏။ ဆောင်းရာသီမို့ ရက်တိုသောကြောင့် နေဝင်သွားခဲ့လေပြီ။ အပြင်တွင် မြူနှင်းတို့ဝေစပြုနေ၏။ ဦးစံခင်သည် အိမ်ရှေ့မှခေါ်သံကြောင့် သောက်လက်စ ရေနွေးကြမ်းခွက်ကိုချပြီး အပြင်သို့လှမ်းကြည့်လိုက်၏။

"ဟေ့ - ဘယ်သူလဲကွ၊ ကိစ္စရှိလို့လား"

"ကျွန်တော် ရွာတောင်ပိုင်းက ကာလသားခေါင်းဆောင် ကျော်ဟန်ပါ ဦးလေး။ ဟိုရွာအစွန်က မှဲ့ကြီးဆုံးသွားလို့ အဲဒါ ပတ်မတီးဖို့ လူမရှိလို့ လာခေါ်တာပါ"

"ဟေ - မှဲ့ကြီးဆိုတာ ဟို-မုဆိုးမဒေါ်ဖွားခင်ရဲ့သား အရက်သမားမဟုတ်လား"

"ဟာ-ဦးလေးကလည်း မှဲ့ကြီးက ဘယ်နှယောက်ရှိလို့လဲဗျ။ အရက်သမား၊ ကြက်သမား၊ ဖဲသမားဆိုရင် ခွေးကအစ၊ ကြောင်ကအဆုံးသိနေတဲ့ဥစ္စာ"

"အေးကွာ၊ ငါလည်း သေချာအောင်လို့ မေးရတာ၊ ဒီကောင်သေတာ နောက်တောင်ကျသေးတယ်။ အမေအို ကို မျက်နှာမထောက် ဆိုးချင်တိုင်းဆိုး မိုက်ချင်တိုင်းမိုက်နေခဲ့တာ သေတာတောင်မှ အေးတယ်ဟေ့"

"ဟာ - ဦးလေးကလည်းဗျာ၊ ဟိုမှာ သားသေလို့ ပူနေရတဲ့ကြားထဲ"

"ပူပူကွာ၊ ဒါနဲ့ ဘယ်လိုဖြစ်ပြီး သေတာလဲကွ"

"အရက်နာကျလို့ပေါ့ဗျာ"

"အင်း - မှဲ့ကြီး၊ မှဲ့ကြီး အခုတော့လည်း အမိုက်ဇာတ်သိမ်းသွားပြီပေါ့လေ။ ကဲ - မှဲ့ကြီးရေ မင်းရဲ့နောက်ဆုံးခရီးမှာ မြိုင်မြိုင်ဆိုင်ဆိုင်ကြွနိုင်ဖို့ ငါကိုယ်တိုင် ပတ်မတီးဖို့လာခဲ့မယ်ဟေ့"

ဦးစံခင်သည် ဇနီးသည်အား အကျိုးအကြောင်းပြောပြပြီး ကျော်ဟန်နှင့် အသုဘအိမ်သို့လိုက်လာခဲ့၏။ အရှေ့ဘက်တွင် လရောင်ပျို့အန်စပြုလာ၏။ မြူနှင်းတို့ကလည်း ဝန်းကျင်တွင် ရစ်ဆိုင်းထားကြပြီ။ ယနေ့ကား ပြာသိုလပြည့်နေ့ ဖြစ်၏။

❑

"ပတ်ဗေထိပြောင်၊ ပတ်ဗေထိပြောင်၊ ပတ်ဗေထိ"

ပတ်မတီးသံသည် တစ်ရွာလုံးပျံ့နှံ့နေ၏။ ဦးစံခင်သည် အသက် (၅၀) ကျော်ပင်ဖြစ်သော်လည်း ဗလကောင်းကောင်းနှင့် ထောင်ထောင်မောင်းမောင်းရှိသောအရပ်တို့ကြောင့် (၄၀) ကျော်အရွယ်ဟုသာ ထင်ရ၏။ ယခုလည်း အပေါ်ပိုင်းမှာ စွပ်ကျယ်တစ်ထည်တည်းနှင့် ချွေးဒီးဒီးကျအောင် ပတ်မတီးနေ၏။ မောသည်ဟူ၍လည်း မထင်ရပေ။ သူကိုယ်သူ အသုဘအိမ်မှာတီးနေသည်ဟုမထင်ဘဲ အလှူပွဲတစ်ခုမှာတီးနေသကဲ့သို့ အမှတ်ရောက်နေဟန်ရှိ၏။ သူ၏သန်မာထွားကျိုင်းသောလက်ကြီးများနှင့် တစ်ခါတီးလိုက်တိုင်း ပတ်မကြီးကွဲထွက်မတတ်ပင် မြည်ဟည်းနေ၏။

အသုဘအိမ်တွင် လူစည်ကားစပြုလာ၏။ ဖဲဝိုင်းထောင်သူကထောင်၊ အရက်သောက်သူကသောက်၊ စကားပြောသူကပြောနှင့် တစ်အိမ်လုံးဆူညံနေ၏။ အမေဖြစ်သူ ဒေါ်ဖွားခင်ခမျာလည်း သားဖြစ်သူအတွက် ပူဆွေးသောကရောက်ပြီး ငိုကြွေးရှာ၏။ လပြည့်ရက်မို့ အပြင်တွင် လရောင်ကထိန်ထိန်သာနေသည်။ လူကြီးအချို့ လက်ဖက်ရည်ကြမ်းသောက်ပြီး စကားပြောနေကြသည်။ အလောင်းထည့်ထားသည့်အခေါင်းက



www.burmeseclassic.com

www.burmeseclassic.com

တား အိမ်ရှေ့ခန်းတွင်ပင် ပြင်ဆင်ထားကြ၏။ ဖဲကစားသူအချို့လည်း ပြန်သွားကြပြီ။ လူကြီးအချို့လည်း အိပ်သူအိပ်နေကြ၏။ အချိန်ကား ည (၁၁) နာရီကျော်ပြီ ဖြစ်၏။ တီးဝိုင်းသမားလည်း အတီးရပ်လိုက်၏။ သို့သော် အိမ်ပြန်၍မရပေ။ မနက်မိုးလင်းအရုဏ်တက်သည်နှင့် ပြန်တီးရမည်။ ဤသည်မှာ သူတို့ဒေသ၏ ဓလေ့ထုံးစံဖြစ်၏။ ဦးစံခင်တို့လူစုကား မောမောနှင့် အိပ်ပျော်သွားကြ၏။ အိပ်ရာလည်း ထွေထွေထူးထူး မလုပ်တော့ဘဲ တီးဝိုင်းအနီး၌ပင် ဖြစ်သလို အိပ်လိုက်ကြ၏။ လူကြီးအချို့လည်း တဝါးဝါးနှင့်သမ်းစပြုလာကြ၏။

"ကဲ - ကိုရင်သာခွေး၊ ကျုပ်တို့တစ်လှည့်အိပ်လိုက်မယ်။ သန်းခေါင်ကြက်တွန်ပြီး ခဏနေရင်နှိုးဗျာ။ ပြီးရင်ခင်ဗျားတို့အိပ်ပေါ့။ ဟုတ်ပြီလား"

"အေးဗျာ - ကျုပ်လည်း တစ်ဝိုင်းလောက်တော့ ဟဲလိုက်ဦးမယ် ဟဲ ဟဲ"

"ဟဲမနေနဲ့နော် အဘိုးကြီး၊ ဘုရားကျောင်းဆောင်ပေါ်က ဖယောင်းတိုင်မီးမသေအောင်လည်း သတိထားဦး"

"စိတ်ချ စိတ်ချ အိပ်မှာသာအိပ်စမ်းပါဗျာ"

ဦးစံခင်သည် မည်မျှထိအိပ်ပျော်သွားမှန်းမသိ။ တစ်စုံတစ်ယောက်လာနှိုးမှ အိပ်ရာက ကမန်းကတန်းထလိုက်၏။ အိပ်မှုန်စုံမွှားနှင့် မည်သည့်အရာကိုမျှ သဲကွဲစွာမမြင်ရပေ။ မျက်စိကိုပွတ်လိုက်ပြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်၏။ ဖဲသမားတွေလည်း အိပ်ပျော်နေကြ၏။ လူကြီးအချို့လည်း အိပ်ပျော်နေကြ၏။ ညကတည်းကထွန်းထားခဲ့သော ဖယောင်းတိုင်လည်းကုန်ခါနီးပြီ။ အပြင်တွင် လရောင်က အဖွေးသား။ သူပတ်ဝန်းကျင်ကို သတိထားပြီးကြည့်လိုက်ပြန်၏။ ဖဲသမားတွေလည်း ကစားရင်းတန်းလန်းနှင့် အိပ်ပျော်သွားကြဟန်တူ၏။ လူကြီးအချို့လည်း ဆေးလိပ်ကို လက်ကြားညှပ်ပြီး စကားပြောနေရာမှ အိပ်ပျော်သွားကြပုံရ၏။ ထူးတော့ထူးဆန်းနေသည်။ တခြားမည်သည့်အရာကိုမျှ မတွေ့ရပေ။

ထိုစဉ် အတွင်းခန်းမှ လှုပ်ရှားသံတစ်ခုကို ကြားလိုက်ရ၏။ ဦးစံခင်သည် အတွင်းဘက်သို့ကြည့်ရင်း နှာခေါင်းထဲတွင် ချဉ်စို့စို့အနံ့တစ်ခုကို ရှူရှိုက်မိ၏။ ဘာပါလိမ့်ဟူသောအတွေးဖြင့် ထသွားရန်ပြင်လိုက်ပြီးနောက် ရုတ်တရက် အတွင်းဘက်မှထွက်လာသောမြင်ကွင်းကြောင့် ကြက်သေသေသွားလေ၏။ ထို့နောက် အထစ်ထစ်အငေါ့ငေါ့ဖြင့် -

"မင်း မင်း မင်း မဲ့. . မဲ့. . မဲ့ကြီး မင်း. . မင်း. . သေပြီမဟုတ်လား"

မဲ့ကြီး ဘာမှမပြောဘဲ ပြုံးပြ၏။ ပတ်မရှိရာသို့ လက်ညှိုးထိုးပြပြီး မေးငေါ့ပြ၏။ သူ၏လက်ထဲတွင်လည်း မုန်လာချဉ်တစ်ဖတ်တစ်ဆုပ်ကိုင်ပြီးစားနေ၏။ ဦးစံခင်သည် ဘေးမှ နဲ့ဆရာအား လက်ကုပ်ပြီးနှိုး၏။ နဲ့ဆရာကား တုပ်တုပ်မျှ မလှုပ်ပေ။ တခြားလူတွေကိုလည်း နှိုးကြည့်၏။ မည်သူမျှ မနိုးကြပေ။ မဲ့ကြီးသည် မုန်လာချဉ်ကိုစားရင်း ပတ်မတီးရန် ညွှန်ပြ၏။ ဦးစံခင်လည်း မထူးတော့ပြီဟုစိတ်ဆုံးဖြတ်ကာ ကြောက်ကြောက်လန့်လန့်နှင့် ပတ်မ,တီးတော့၏။ ပတ်မသံမြည်ဟည်းသွားသော်လည်း မည်သူမျှမနိုးကြပေ။ ဦးစံခင်ဇောချွေးပြန်လာ၏။ မဲ့ကြီးသည် အိမ်ရှေ့တလင်းပြင်သို့ ဆင်းလာပြီး ကွေးနေအောင်ကတော့၏။ ဦးစံခင်ကလည်းတီး၏။ မဲ့ကြီးကလည်း က၏။ မဲ့ကြီးသည် မုန်လာချဉ်ကုန်သည်နှင့် အိမ်ပေါ်သို့တက်သွားပြီး မုန်လာချဉ်သွားယူပြန်၏။ တီးသူကလည်း တီး၏။ ကသူကလည်း က၏။ သို့ဖြင့် မုန်လာချဉ်ကုန်လျှင် အိမ်ပေါ်တက်ပြီး ယူစားလိုက်၊ ကလိုက်၊ တီးသူကလည်း တီးလိုက်နှင့် နာရီဝက်ခန့်ကြာသောအခါ -

"ဒီကောင်တော့ မုန်လာချဉ်ကုန်ရင် ငါ့ကိုအန္တရာယ်ပြုတော့မယ်ထင်ပါရဲ့။ မုန်လာချဉ်မကုန်ခင် ပြေးတော့မှပဲ"

ဦးစံခင်သည် ဤသို့တွေးလိုက်ပြီးနောက် မဲ့ကြီးအလစ်ကိုစောင့်နေလိုက်၏။ မကြာပါချေ။ မဲ့ကြီး အိမ်ပေါ်သို့



တက်သွားပြန်၏။ ဦးစံခင်လည်း ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရွာလမ်းမအတိုင်း ပြေးလာခဲ့တော့၏။ မဲ့ကြီးထွက်လာသောအခါ ဦးစံခင်ကို မတွေ့ရသောကြောင့် လိုက်ရှာ၏။ ထို့နောက် ရွာလမ်းမအတိုင်း ဦးစံခင်နောက်မှ ပြေးလိုက်တော့၏။ ဦးစံခင်သည် နောက်သို့ပြန်လှည့်ကြည့်မိသောအခါ ခေါင်းနားပန်းကြီးသွား၏။ မဲ့ကြီးသည် လက်သီးလက်မောင်းတန်းကာ ဦးစံခင်နောက်မှလိုက်၏။ ဦးစံခင်သည် ရွာလမ်းအတိုင်းပြေးရာမှ ညာဘက်သို့ ချိုးပြီးဝင်လိုက်၏။ မဲ့ကြီးကလည်း ထက်ကြပ်မကွာနောက်ကလိုက်၏။

တစ်ယောက်ကပြေး၊တစ်ယောက်ကလိုက်နှင့် ရွာအပြင်သို့ ရောက်မှန်းမသိ ရောက်လာကြ၏။ လရောင်က ထိန်ထိန်သာနေသောကြောင့် လမ်းကို ကောင်းစွာမြင်ရ၏။ ဦးစံခင်သည် မောလွန်းသောကြောင့် ဟပ်ထိုးလဲမကျသွားအောင် သတိထားပြီး ပြေးနေရ၏။ မဲ့ကြီးကား ကြောက်မက်ဖွယ်ရာအသံကြီး နှင့် လိုက်လာမြဲပင် ဖြစ်တော့၏။

နောက်ဆုံးတွင် ဦးစံခင်သည် ချောင်းကမ်းဘေးသို့ ရောက်လာ၏။ သည်နေရာတွင် တာတမံ (ကာရီ) ရှိ၏။ သူသည် တာပေါင်ရိုးအတိုင်းပြေး၏။ မဲ့ကြီးကလည်းလိုက်၏။ ကြာရမရှည်အဆုံး၌ ဦးစံခင်တစ်ယောက် ဆလီချုံ (ဆူးရုံတော) ထဲသို့ ခုန်ချလိုက်တော့၏။ မဲ့ကြီးသည် ကြောက်မက်ဖွယ်ရာအသံကြီးနှင့် တာရိုးပေါ်တွင် အပြောင်းအပြန်လမ်းလျှောက်နေ၏။ ဦးစံခင်ကို ကြည့်လိုက်၊ ဆလီချုံတောသို့ ဆင်းရန်ပြင်လိုက်၊ ပြန်တက်လိုက်နှင့် စူးစူးဝါးဝါး အော်ဟစ်နေ၏။ ဦးစံခင်သည် ဆလီချုံအလယ်သို့ ရောက်မှန်းမသိရောက်လာ၏။ ဆူးစူးသည်ကိုလည်း သတိမထားမိနိုင်ပေ။ တစ်ကိုယ်လုံးလည်း တုန်နေ၏။ အကြောက်တရားတို့ စိုးမိုးနေသောကြောင့် တုတ်တုတ်မျှပင် မလှုပ်ရဲတော့ပေ။ မဲ့ကြီးသည် တာရိုးပေါ်မှ ရွှံ့ပြင်သို့ ခုန်ဆင်းလိုက်၏။ ဒီရေမရှိသောကြောင့် ရွှံ့ပြင်တွင်သွားလာနေသော မဲ့ကြီး၏ ခြေသံကို အတိုင်းသားကြားနေရ၏။ ဤသို့ဖြင့် အချိန်တို့သည် တဖြည်းဖြည်း ကုန်လွန်ပြီး အဝေးမှတုံးမောင်းခေါက်သံ (၄) ချက်တိတိ ကြားလိုက်ရ၏။ မဲ့ကြီးသည် တောက်တစ်ချက်ခေါက်လိုက်ပြီး တဝူးဝူးအော်ကာ ရွာဘက်သို့ထွက်သွား၏။ ဦးစံခင်ကား အသက်ပင် ပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com

မရှုရဲတော့ဘဲ ဆလီချုံအလယ်တွင် ကျန်ရစ်ခဲ့တော့၏။

❑

"အရှင်ဘုရား၊ တပည့်တော်ကို ကယ်ပါဦးဘုရား၊ တပည့်တော်ကိုကယ် ပါဦးဘုရား"

ဦးစံခင်သည် နှုတ်မှလည်းရေရွတ် ရင်း ကျောင်းပေါ်သို့ တက်ပြေးလေ၏။

"ဟေ့ - ဘာဖြစ်တာလဲ၊ အထိတ် တလန့်နဲ့ ပြောစမ်းပါဦး"

ဦးစံခင်သည် အထစ်ထစ်အငေါ့ ငေါ့နှင့်ပြောရင်းဆိုရင်း ဆရာတော်ကြီး ၏ခြေရင်းတွင် သတိလစ်သွားလေ၏။

"ဟေ့-ကိုရင်တို့၊ ကျောင်းသားတို့ လာကြဦး။ ဒီကောင် ဘာဖြစ်လာမှန်း မသိဘူး။ သူ့မိန်းမမြန်မြန်သွားခေါ်စမ်း"

ဆရာတော်၏ အမိန့်ပေးသံဆုံး သည်နှင့် ကျောင်းသားနှစ်ယောက် ရွာ ထဲသို့ ဒုန်းစိုင်းပြေးသွားကြ၏။ ခဏကြာ လျှင် ရွာလူကြီးအချို့နှင့် ဦးစံခင်၏ဇနီး ရောက်ရှိလာကြ၏။

"ဘယ်လိုဖြစ်တာလဲ ဘုရား"

"ငါလည်း အတိအကျတော့မသိ ဘူး၊ ကယ်ပါဦး ကယ်ပါဦးနဲ့ ကျောင်း ပေါ်တက်လာပြီး သတိလစ်သွားတာပဲ"

ရွာလူကြီးအချို့နှင့် ဦးစံခင်မိန်းမ တို့သည် ဦးစံခင်အား ဝိုင်းဝန်းပြုစုကြ ၏။

မကြာမီပင် တအင်းအင်းညည်း ညူလျက်သတိရလာ၏။

"အား - နာလိုက်တာ"

"ဟော သတိရလာပြီ"

"ရေ. . . ရေ. . . . ရေသောက် ချင်တယ်"

"ဟေ့ - ရေတိုက်လိုက်ကြဦး"

ဦးစံခင်သည် ရေကိုတဂွပ်ဂွပ်မြည် အောင်သောက်လိုက်၏။ ထို့နောက် အမောပြေသွားဟန်ဖြင့် ခဏမှေးနေ လိုက်၏။

"ကိုစံခင်၊ ရှင်ဘာဖြစ်လာတာလဲ ဟင်"

"ဆရာတော်ဘုရား တပည့်တော် ကို ကယ်ပါဦးဘုရား"

"ဗုဒ္ဓေါ"

လူအချို့ ဘုရားတသွား၏။ မ,တ ရိုးလားကြည့်ပါ။ လူတွေဝိုင်းအုံကြည့်နေ သည်ကိုမြင်လိုက်သည်နှင့် ကြောက်လန့် တကြားထပြေးပြီး ဆရာတော်ကိုသာ တတော့၏။

"ဟေ့ - စံခင်၊ ငါဒီမှာရှိတယ်။



ဘာဖြစ်တာလဲ ပြောစမ်းပါဦး"

"ဒီလိုပါ ဘုရား"

ဟု အစချီကာ ဖြစ်ကြောင်းကုန်စင် ကို တုန်တုန်ယင်ယင်နှင့် ရှင်းပြလေ၏။

"ဟေ - ဟုတ်လို့လား စံခင်ရာ"

"ဟုတ်ပါတယ်ဘုရား၊ တပည့် တော် မျက်မြင်ကိုယ်တွေ့ပါ ဘုရား။ အရှင်ဘုရားမယုံရင် တပည့်တော်ခန္ဓာ ကိုယ်သာကြည့်ပါတော့ ဘုရား"

ဦးစံခင်သည် ခန္ဓာကိုယ်၌ ဆလီ ဆူးစူးထားသောအဖုအပိမ့်တို့ကို လှစ်ပြ လိုက်၏။

"ဟာ - ဟုတ်တယ်ဟေ့"

"ဆရာတော်ဘုရား၊ ဒီကိစ္စဘယ် လိုလုပ်ကြမလဲ"

ရွာသူကြီးတစ်ဦးက လျှောက်၏။

"အင်း - စံခင်ပြောတဲ့အတိုင်းဆို ရင်တော့ဟုတ်နေပြီ။ ဒါပေမယ့် တကယ် ဟုတ်၊ မဟုတ် သွားကြည့်ကြရအောင်"

ဆရာတော်အပါအဝင် ဦးစံခင်နှင့် ရွာလူကြီးအချို့ အသုဘအိမ်သို့ရောက် သွားချိန်တွင် နံနက်(၈)နာရီခန့်ရှိနေပြီ။ လူကြီးအချို့သည် ဆရာတော်အား နေရာထိုင်ခင်းပေးကြ၏။ ပတ်မတီး သည့်လူမှာလည်း တခြားရွာမှဖြစ်၏။

"ဟေ့ကောင်၊ မင်းဘယ်လျှောက် သွားနေတာလဲ"

ရွာလူကြီးတစ်ဦးကမေး၏။ ဦးစံ ခင်ကလည်း အကြောင်းစုံကိုရှင်းပြလိုက် ၏။ ထို့နောက် အခေါင်းကိုဖွင့်ပြီး ကြည့် ကြ၏။

"ဘာမှမထူးခြားပါလားကွ"

"ခြေထောက်ကို သေသေချာချာ ကြည့်လိုက်စမ်းပါဗျာ"

"ဟာ - ဟုတ်တယ်ဟေ့၊ ဒီမှာ

ခြေသလုံးအထိ ရွှံ့တွေပေနေတယ်၊ လတ်လတ်ဆတ်ဆတ်ပဲရှိသေးတယ်ဗျို့"

လူအများဝိုင်းအုံပြီးကြည့်ကြ၏။ ဒေါ်ဖွားခင်ခမျာလည်း မျက်ရည်နှင့် မျက်ခွက်စဲသည်ဟူ၍မရှိ။

"ဟေ့-ဖွားခင်၊ နင့်အိမ်မှာတကယ် ပဲ မုန်လာချဉ်ရှိရဲ့လားဟေ့"

ဆရာတော်ကြီးကမေး၏။

"တင့်ပါ့ဘုရား၊ တပည့်တော်မ သားက မုန်လာချဉ်ကြိုက်တတ်လို့ တပည့်တော်မ ကိုယ်တိုင်တည်ထားတာ ပါဘုရား"

"အင်း - တကယ်ပဲကိုး"

ဤသို့ဖြင့် မဲ့ကြီး၏အလောင်း အား ရွာပြင်သို့အမြန်ထုတ်ပြီး မီးရှို့ လိုက်ကြ၏။ ဤဒေသ၏ထူးခြားသော ဓလေ့တစ်ခုမှာ အသုဘအိမ်ဖြစ်ပါက အချဉ်အိုးကို အိမ်ပေါ်၌ မထားရပေ။ အချဉ်အိုးကို တခြားအိမ်သို့ ပြောင်းရွှေ့ ထားရ၏။ အကယ်၍ထားခဲ့မိပါက ဖုတ် ဝင်တတ်သည်ဟူ၏။ မဲ့ကြီးသေဆုံးသွား ချိန်၌ ဒေါ်ဖွားခင်သည် အချဉ်အိုးကို ပြောင်းရွှေ့ရန်မေ့သွားခဲ့ပုံရ၏။ သားဆိုး ပင်ဖြစ်သော်လည်း တစ်ဦးတည်းသော သားဖြစ်သောကြောင့် အလိုလိုက်ခဲ့မိ၏။ ယခုအရက်သောက်ပြီးသေဆုံးသွားချိန် တွင် အပူလုံးဆို့ပြီး မည်သည့်အရာကိုမျှ သတိရတော့ဟန်မတူပေ။ မည်သို့ပင် ဖြစ်စေ ဤဖြစ်ရပ်ဖြစ်ပွားပြီးနောက်ပိုင်း ဤဒေသတွင် အသုဘအိမ်ရှိပါက အချဉ်အိုးကို တခြားအိမ်သို့ပြောင်းရွှေ့ ထားရန် အထူးသတိပြု ဆောင်ရွက်ကြ ၏။ ဦးစံခင်တစ်ယောက်လည်း မုန်လာ ချဉ်ဆိုလျှင် လုံးဝမစားတော့ပေ။ အထူး သဖြင့် ငယ်စဉ်ကတည်းက ဝါသနာထုံ ခဲ့သော ပတ်မတီးခြင်းကို အပြီးပိုင်စွန့် လွှတ်လိုက်တော့၏။ အမှန်ပင် အချဉ် အိုးရှိသောကြောင့် မဲ့ကြီး ဖုတ်ဝင် သလား ဟူသော မေးခွန်းသည်တာ ယနေ့တိုင် ငဖြေခွဲမရကြပေ။ သို့သော် အချဉ်အိုးရှိပါက မထားရဟူသောဓလေ့ သည် ယနေ့တိုင်အောင် ဤဒေသတွင် လက်ခံ သုံးစွဲလျက်ရှိကြသေး၏။

ကြည်ပြာမောင် (သဇင်ခြေ)

ရမ္မာဝတီသိုင်းအဖွဲ့ချုပ်မှဆရာကြီး ဦးညိုထွန်း ပြောပြသော ဖြစ်ရပ်မှန် တစ်ခုအား ရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရိုးရာနတ်ယုံကြည်မှုဇာတ်လမ်း (၇၆)

# မောင်သန်းအေး

(အာလယ်)

## သိတာမောင်နှမ

**သိတာမောင်နှမ**

စာရေးသူ ၁၉၆၇ ခုနှစ်တွင် အိမ်ထောင်ကျပါသည်။ ထားဝယ်မြို့တွင် မင်္ဂလာဆောင်၏။ မင်္ဂလာဆောင်၏ ဩဘာစာရတုပိုဒ်စုံများကို စာရေးဆရာ စိန်လွင်လေးက ချီးမြှင့်သည်။ သူကိုယ်တိုင်မလာရောက်နိုင်၍ စာရေးဆရာမာဃကိုလွှတ်လိုက်ပါသည်။ဆရာမာဃသည် စာရေးသူတို့အိမ်တွင်ပင်တည်း၏။ ထိုအချိန်မှစ၍ ဆရာနှင့်ခင်မင်သွားပါသည်။ ဆရာသည် ၁၉၇၂ ခုနှစ် နိုဝင်ဘာလတွင် သူရေးသော 'သိတာမောင်နှမနှင့် အခြားဝတ္ထုတိုများ' စာအုပ် ကို လက်ဆောင်ပေးပါသည်။

သိတာမောင်နှမ နတ်ကွန်းနှင့် သိန်းတန်ဘုရားရှိရာ ကုန်းပြင်မြင့်ရှိသည့် မြင်ရှိမမှ ဝေနမြစ်ကမ်းပါးသို့ စီးဆင်းသည့် သိတာချောင်း၏ ကမ်းပါးတောင်ဘက်တွင်ရှိလေသည်။ တော်သလင်းလပြည့်တွင်တစ်ကြိမ်၊ တပေါင်းလပြည့်တွင်တစ်ကြိမ် (၃) ရက်စီ သိတာဘုရားပွဲကျင်းပကြလေရာ တော်သလင်းလပွဲတော်တွင် လေးမျက်နှာမြို့နယ်၊ သိုင်းချောင်းမြို့နယ်၊ သာပေါင်းမြို့နယ် အတွင်းပိုင်းရှိ ကျောင်းကုန်းမြို့နယ်၊ အသုတ်မြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်များနှင့်တကွ ဟင်္သာတမြို့၊ ပုသိမ်မြို့များကပါမကျန် ရွာကြီးရွာငယ်အသွယ်သွယ်တို့မှ ဘုရားပွဲသို့ လာကြသည်။

ဘုရားပွဲတော်ကာလမဟုတ်သော်လည်း ထိုနယ်သူနယ်သားတို့သည် ဝါဝင်ဝါထွက်ကာလများတွင် အခြားနတ်များနည်းတူ သိတာမောင်နှမအား ကန်တော့ကြသည်။

သိတာမောင်နှမ ဆိုသည်ကား ဘယ်ခေတ်ဘယ်ကာလကဖြစ်ပေါ်ခဲ့ကြသနည်း၊ ဘယ်လူမျိုးများဖြစ်ကြသနည်း၊ ဘယ်အကြောင်းကြောင့် ဤဒေသသို့ ရောက်သွားကြသနည်း စသော မေးခွန်းများ၏အဖြေကို ကြားလိုက်သည့်အခါ၌ကား အံ့သြဖွယ်၊ စိတ်ဝင်စားဖွယ်ကောင်းသည့်သမိုင်းကြောင်းကိုသိရပေလိမ့်မည်။ (ထိုးဇာတ်မဟုတ်ပါ။)

ထိုသိတာမောင်နှမ ဆိုသည်မှာ မြန်မာနိုင်ငံတွင် အများသိနေကြသော ပေါ်တူဂီလူမျိုး ငဇင်ကာ၏ သားသမီးများဖြစ်ကြသည်။

ဦးကုလားမဟာရာဇဝင်၊ မှန်နန်းရာဇဝင် စသည်တို့၌ 'ငဇင်ကာ' ဟု ခေါ်ဝေါ်ရေးသားကြသည်။ ညောဝတီအရေးတော်ပုံ၌ကား 'ငအင်ဂါ'ဟု



www.burmeseclassic.com


www.burmeseclassic.com

ခေါ်ဝေါ်ရေးသားသည်။ ရခိုင်ဆရာမေည်ရာဇဝင်၌ ဘုရင်ကြီး'စည်ကာငယ်'ဟု ခေါ်ဝေါ် ရေးသားသည်။ အခွန်ဝန်သီရိဇေတရက်ကျော် ဘာသာပြန်သည့် ပူတကေ (ပေါ်တူဂီ) ရာဇဝင်၌ကား 'ဇွန်ကာပူ'ဟု ခေါ်ဝေါ်ရေးသားသည်။ အင်္ဂလိပ်ဘာသာရာဇဝင်ဆရာများကမူ 'ဖိလစ်-ဒီ-ဘရစ် တို-နိကိုတေ' (Philip de britonicrote) ဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။ ထို့အပြင် ရခိုင်ရာဇဝင်များ၌ ရခိုင်ဘုရင် မင်းဗာကြီးနှင့် ကုလား ဒီလီ-ပဆာမင်း၏ သမီး ပဲသီတာတို့မှ မွေးဖွားသူဖြစ်သည်ဟု ဆိုကြသည်။ စင်စစ်ကား ပေါ်တူဂီလူမျိုးသာ ဖြစ်ဖွယ်ရှိသည်။ ဇင်ကာကူဟူသောအမည်တွင် ဇင်ကာဟူသော အတိုကောက်အခေါ်၌ 'င'ကို ထည့်ကာ ငဇင်ကာဟု မြန်မာတို့က ခေါ်ဝေါ်ရေးသားခဲ့ကြဟန်တူပါသည်။

ငဇင်ကာနှင့် ရခိုင်မင်းသမီးလေးတစ်ဦးမှ မွေးဖွားသော သားသမီးများသည် သီတာမောင်နှမဖြစ်၏။ သီတာမောင်နှမ၏ ဖခင်နှင့် မိခင် (ငဇင်ကာနှင့် စောသန္တာ) တို့၏ အကြောင်းကို လည်းကောင်း၊ ငဇင်ကာ မြန်မာနိုင်ငံသို့ရောက်လာပုံနှင့် မင်းမူပုံများကို လည်းကောင်း၊ ပေါ်တူဂီလူမျိုး အရှေ့တစ်လွှား ကြီးစိုးကြပုံကိုလည်းကောင်း သိသာရန်လိုပါသည်။

မြန်မာတို့က ပေါ်တူဂီဟုခေါ်သော ပေါ်တူဂယ် (Portugal) တိုင်းပြည်သည် အီဘေးရီးရန်းခေါ် ကျွန်းဆွယ်ပေါ်၌ရှိသည်။ ပေါ်တူဂယ်တိုင်းပြည်မှ လူမျိုးများကို ပေါ်တူဂီဟုခေါ်သည်။ သူတို့နိုင်ငံတွင် သယံဇာတပစ္စည်းမရှိချေ။ သို့ဖြစ်လေရာ စွန့်စားပြီး တိုင်းတစ်ပါးသို့ ထွက်ရှာဖွေခြင်းဖြင့် မြန်မာပြည်သို့ သူတို့ရောက်လာကြသည်။ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့လက်ထက်တွင် ပေါ်တူဂီကြေးစားစစ်သားများ အကြီးအကျယ် အသုံးချကြသည်။ မွန်ဘုရင် သုရှင်တကာရွတ်ပိသည် လည်းကောင်း၊ ရခိုင်ဘုရင် မင်းရာဇာမိပရာဇ်သည် လည်းကောင်း ပေါ်တူဂီကြေးစားစစ်သားများကို အသုံးချခဲ့ကြသည်ဆိုသည်။

ရခိုင်ဘုရင် မင်းရာဇာကြီး၏သားတော်အငယ်သည် နောင်တော် မင်းခမောင်းနှင့် မသင့်မတင့်ဖြစ်ကြရာမှ ခမည်းတော်ကိုပုန်ကန်လေသည်။ ယင်းသို့ ပုန်ကန်နိုင်ရန် မိမိ၏သမီးတော်အား ဆန်ဒွိပ်ကျွန်းရှိ ပေါ်တူဂီပင်လယ် ဓားပြ



သီတာမောင်နှမကောင်းမှု ရွှေနန်းဦးဘုရား မြသိန်းတန်စေတီတော်



နှမတော် သုပဘာဒေဝီကောင်းမှု ရွှေအိမ်းဦးစေတီတော်



သီတာမောင်နှမနတ်ကွန်း

ဗိုလ်ကြီးဂွန်ဇလီ၏သားနှင့် အတင်းအကျပ်ပေးစားခဲ့သည်။

ဘုရင့်နောင်မင်းတရားကြီးတည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်ကြီးသည် သားတော် ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက်၌ အစိတ်စိတ်အမြွှာမြွှာကွဲသွားလေသည်။ ၉၅၉ ခုနှစ်တွင် တောင်ငူဘုရင် မင်းရဲသီဟသူက ရခိုင်ဘုရင်မင်းရာဇာကြီးထံသို့ ဟံသာဝတီနန္ဒဘုရင်ကို ပူးပေါင်းတိုက်ခိုက်ရန် သံတမန်စေလွှတ်လိုက်သည်။ ရခိုင်ဘုရင်ကလက်ခံလိုက်၍ အဆိုပါ နှစ်တန်ခူးလတွင် မင်းရာဇာကြီး၏သားတော် အိမ်ရှေ့မင်း မင်းခမောင်းသည် ရခိုင်ပြည်မှရေတပ်နှင့် ချီလာရာ ဟံသာဝတီပိုင် သန်လျင်ဆိပ်ကမ်းကိုတိုက်ခိုက်ပြီး တပ်စွဲထားလိုက်သည်။ ထိုအချိန်တွင် နယ်ချဲ့လူမျိုးဖြစ်သော ပေါ်တူဂီ ငဇင်ကာဆိုသူသည် တောင်ငူရွှေမြို့တော်သို့ ရောက်လာသည်။ ရခိုင်ဘုရင် မင်းရာဇာကြီးနှင့်

တောင်ငူဘုရင် မင်းရဲသီဟသူတို့ (၂)
က သူ့ကို သန်လျင်မြို့စောင့်အ
ထားရာမှ မြို့စားအသွင်ဖြစ်လာသ
ငဇင်ကာတွင် ဇနီးများစွာရှိသည်။ ထိ
တို့အနက် ရခိုင်မင်းဆွေမင်းမျိုးတ
ဖြစ်သော မင်း သားကြီးမင်းစောထွ
သမီးကလေးစောသန္တာသည် ငဇင်
၏ ဇနီးတစ်ယောက်ဖြစ်လာခဲ့ရသ
ဖခင် မင်းစောထွတ်သည်လည်း
တော်ရှိရာ သန်လျင်သို့ လိုက်ပါ
သည်။ ငဇင်ကာနှင့် စောသန္တာ
သားတစ်ယောက်၊ သမီးတစ်ယော
ရရှိခဲ့သည်။ ထိုကလေးနှစ်ယော
ပေါ်တူဂီနာမည်များအပြင် သား
အား နန္ဒာဘယဟု လည်းကော
သမီးကလေးအား သုပဘာဒေ
လည်းကောင်း အမည်မှည့်ခေါ်ခဲ့

တောင်ငူဘုရင်ပိုင်သည့်န
ပြည်ဘုရင်ပိုင်သည့်နယ်တို့သည်
ကာပိုင်သည့်နယ်များနှင့် နယ်ခ



www.burmeseclassic.com

www.burmeseclassic.com

လျှော့ရှိသည်။ ထိုကြောင့် တောင်ငူဘုရင်သည် မုတ္တမကျေးဆပ်၊ သန်လျင်ကျေးဆပ်၊ ပြည်ကျေးဆပ်၊ အရှေ့ရှမ်းပြည်ကျေးဆပ်များတွင် သတိကြီးစွာဖြင့် တင်းများချထားသည်။

အင်းဝဘုရင်သည် တောင်ငူသို့ ချီလေသည်။ တိုက်ခိုက်အောင်မြင်ပြီးနောက် တောင်ငူနန်းတော်ကို ဖျက်ဆီးခြင်းမပြု၍ စတိသဘောဖြင့် မှန်ကင်းကို အချထားခဲ့သည်။ ငဇင်ကာသည် အင်းဝဘုရင် တောင်ငူကို တိုက်ခိုက်ပြီးနောက်တစ်နှစ်မျှအကြာတွင် ပြည်မြို့သို့ ရေတပ်ဖြင့် ချီတက်တိုက်ခိုက်သည်။ သို့သော် မအောင်မြင်ပါ။ ငဇင်ကာသည် ပြည်မှ မွန်အချို့ကို သန်လျင်သို့ ခေါ်ဆောင်သွားသည်။

တောင်ငူဘုရင် နတ်ရှင်နောင်က အင်းဝဘုရင်အပေါ် အလွန်ပင်နာကြည်းလေသည်။ သူ ဘုရင်ဖြစ်၍ တစ်နှစ်မျှသာရှိသေးသည့်အချိန်တွင် သူ့ထက်ငယ်သော အင်းဝဘုရင်၏ လက်အောက်ခံ မြို့စားဘဝသို့ ရောက်ရရှာသောအခါ မခံမရပ်ဖြစ်၍နေလေသည်။ ထိုအချိန်တွင် ငဇင်ကာက နတ်ရှင်နောင်ထံ သဝဏ်လွှာပို့သည်။ သဝဏ်လွှာတွင် သူ၏မဟာမိတ်အဖြစ် နတ်ရှင်နောင်က လက်ခံ၍ သူနှင့်အတူ အင်းဝသို့ ချီတက်တိုက်ခိုက်မည် ဟူသောအချက်ဖြစ်သည်။ နတ်ရှင်နောင်က မဟာမိတ်ဖွဲ့၍ ကူညီတိုက်ခဲ့ပါဟု အကြောင်းပြန်သည်။ သို့ဖြင့် ငဇင်ကာသည် တောင်ငူသို့ လာရောက်တိုက်ပြီး တောင်ငူဘုရင် နတ်ရှင်နောင်ကို အခြွေအရံများနှင့်တကွ သန်လျင်သို့ ခေါ်ဆောင်သွားခဲ့သည်။ ဤသည်ကိုကြား၍ အင်းဝဘုရင်သည် သန်လျင်သို့ချီရန် ဆုံးဖြတ်လိုက်သည်။ အင်းဝဘုရင် သန်လျင်သို့ ရေကြောင်း၊ ကုန်းကြောင်းဖြင့် တိုက်သည်။ အကြီးအကျယ်တိုက်ရ၏။

ထိုအချိန်တွင် ငဇင်ကာ ကောက်ယူထားသော စောသန္တာတို့မိသားစုသည် ထိုတိုက်ပွဲတွင် တကွဲတပြားဖြစ်သွားကြသည်။ မင်းစောထွတ်နှင့်ဇနီး ခယ်မ၊ အခြွေအရံများကတစ်တွဲ၊ စောသန္တာတို့မိသားစုနှင့် မောင်ဝမ်းကွဲတို့ကတစ်တွဲ ထွက်ပြေးကြလေသည်။ စောသန္တာ၏စိတ်ထဲတွင် လင်တော်မောင် ငဇင်ကာကို အားကိုးရန် မဖြစ်တော့ချေ။ လင်တော်မောင်ကို အားကိုးလျှင် သေတွင်းနက်လေဖြစ်မည့်အချိန် သို့ရောက်မည့်အချိန်ကို သဘောပေါက်နေသည်။ နောက်ဆုံး (၃) လအကြာ၌ သန်လျင်မြို့ ကျဆုံးသွားရကာ အင်းဝသားတို့ အောင်ပွဲခံလေသည်။ ငဇင်ကာနှင့် နတ်ရှင်နောင်တို့လည်း ကားစင်တင်၍ အသတ်ခံရသည်။

စောသန္တာတို့မိသားစုမှာ အခြွေအရံများနှင့်တကွ အစုလိုက်ထွက်ပြေးကြရ၏။ ခရီးအတော်ညောင်းလာသောအခါ ပုသိမ်မြစ်ခေါ် ငဝန်မြစ်အတွင်းသို့ ရောက်သည်။ ထိုကမှ ဖိုးတော်ချောင်းဟုခေါ်သောဒေသသို့ဝင်မိသည်။ ထိုချောင်းအနီးရှိ ရွာကလေးတွင် စတည်းချကြ၏။ စောသန္တာတွင် ပါလာသောရတနာထုပ်ကိုဖြေ၍ သုံးစွဲရလေသည်။ ငဇင်ကာ၏အဖြစ်ဆိုးကိုလည်း ကြားသိလေသည်။ စောသန္တာတို့အဖွဲ့သည် လှေနှစ်စင်းနှင့် ရွာသူရွာသားများကို သန်လျင်သို့ပြန်မည်ဟန် သတင်းလွှင့်ပြီး ကျိုက်ပွင့်ပဒေါခေါ် ကုန်းပြင်ရွာသို့ထွက်ခဲ့ကြသည်။ ကျိုက်ပွင့်ပဒေါခေါ် ပုသိမ် (၃၂)မြို့ဝန် ကုန်းပြင်ရွာကြီးသည် ရခိုင်ရိုးမ၏ခြေရင်းတွင် မှီခိုနေသောရွာကြီးဖြစ်သည်။ ချောင်ကျပြီး အေးဆေးနေသည်။ ထိုနေရာတွင် စောသန္တာတို့ အခြေချပြီးနေရာ တဖြည်းဖြည်း လူစုမိလာသည်။ သို့သော် စောသန္တာသည် ရတ်တရက် အပြင်းအထန်ဖျားကာ ရင်သွေးနှစ်ဦးအား အဒေါ်ဖြစ်သူ စောပေါက်ညိုနှင့် တူ၊ တူမများလက်သို့ အပ်၍ကံကုန်သွားလေ၏။ စောသန္တာ ကွယ်လွန်သွားသော်လည်း ရတနာပစ္စည်း များစွာကျန်ခဲ့သည်။ ကုန်းပြင်ရွာသည် မြန်မာနေပြည်တော်မှဖြစ်စေ၊ ရခိုင်နေပြည်တော်မှဖြစ်စေ အတော်ချောင်ကျသည့်ဒေသဖြစ်ရာ သီးခြားအေးဆေးစွာရပ်တည်နိုင်သည့်အခြေသို့ ရှိနေသည်။ ထိုအချိန်တွင် အင်းဝဘုရင် မဟာမေ့ရာဇာကလည်း မုတ္တမမှတစ်ဆင့် ဇင်းမယ်သို့ ချီတက်တိုက်ခိုက်နေသည့် အချိန် ဖြစ်သည်။

သားတော်လေးအား ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားစေပြီး သမီးတော်လေးအား အိမ်မှာပင်ချမ်းသာစွာနေလေသည်။ ထိုအချိန်က (၈) နှစ်အရွယ်များဖြစ်သည်။ နောက်ဆုံး၌ ထိုသီးခြားကမ္ဘာလေးတွင် မောင်နှမ အရွယ်ရောက်လာသောအခါ သာကီဝင်မင်းတို့၏ ထုံးတမ်းအစဉ်အလာအတိုင်း (၁၇) နှစ်အရွယ် မင်းသားလေး နန္ဒဘယနှင့် မင်းသမီးလေး သုပဘာဒေဝီတို့အား လက်ထပ်ထိမ်းမြားကာ နန်းတက်စေပြီး သီးခြားနန်းလေးတစ်နန်း တည်ထောင်လိုက်ကြသည်။ ဤအကြောင်းကို အင်းဝဘုရင်ကမသိ။ ရခိုင်ဘုရင်၏ လက်အောက်ခံဖြစ်နေ၍ အရေးမယူဟုလည်း ကြားရသည်။ အရေးမယူလောက် (မမှုလောက်) ဟုလည်း သဘောထားခဲ့ကြဟန် တူသည်။

သီတာမောင်နှမတို့ အဆိုပါပုန်းအောင်းနေရာတွင် တစ်နှစ်မျှကြာလာသည်။ ယာယီမြို့လေးတည်ကာ သီတာမြို့ဟုခေါ်သည်။ (၃) နှစ်မျှ စံမြန်းကြသည်။ ကျိုက်ယသီခေါ် သီတာမြို့ကလေးသည် သေးငယ်သော မြို့လေးမျှသာဖြစ်သည်။ မြို့ရိုး၊ ကျုံးမြောင်းဆိုသည်မှာလည်း ဆိုလောက်ရုံသာရှိသည်။ နန်းတော်ဆိုသည်ကလည်း အိမ်တော်မျှသာဖြစ်၏။ သီတာမောင်နှံတို့က ဒန်းစီးပျော်ပါးရာနေရာတွင် ရွှေဒန်းဦးစေတီဟူ၍လည်းကောင်း၊ အိမ်တော်အနီးတွင် ရွှေနန်းဦးစေတီ ဟူ၍ လည်းကောင်း တည်သည်။

သီတာမောင်နှံတို့၏ ကုသိုလ်ကံသည်ဆိုးလှသည်။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ ဘေးမသီရန်မခ ပျော်ရွှင်ချမ်းမြေ့စွာ မင်းစည်းစိမ်ခံစားနေသည့် ၉၉၉ ခုနှစ်၊ ပြာသိုလအရောက်တွင် ဘုရင်ကလေးနန္ဒဘယသည် ဘေးထိုးရင်ကျပ်နာ မချိမဆံ့ခံစားရသည်။ တတ်နိုင်သမျှ ဆေးကုကြသော်လည်းမရဘဲ ကံတော်ကုန်သွားရ၏။ မိဖုရားသုပဘာဒေဝီကလေးအဖို့ အသည်းနှလုံးကြေပြုန်းမတတ်ဖြစ်လေပြီးလျှင် တစ်နေ့တခြား စားတော်မခေါ်၊ စက်တော်မပျော်နှင့် တစ်လကျော်ခန့်အကြာတွင် အဖျားဝင်လာလေသည်။ တစ်ဆေးမကောင်း တစ်ဆေးပြောင်းကုပါသော်လည်း နောက်ဆုံးတွင် မောင်တော်နောက်သို့ လိုက်ပါသွားရလေတော့သည်။ သူတို့မောင်နှံ၏ အလောင်းတော်များကို ရွှေသားတလားတွင်ထည့်ကာ အတူယှဉ်၍မြှုပ်နှံထားသည်။

များမကြာမီတွင် သူတို့ဒန်းစီးလေ့ရှိရာနေရာ၌ သူတို့မောင်နှံဒန်းစီးနေသည်ကို တွေ့ရသည်ဆိုကာ နတ်ဖြစ်သွားသည်ဟု ယုံကြည်ကြပြီး သီတာမောင်နှမနတ်ဟုခေါ်တွင်ကာ ပူဇော်ပသကြသည်။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ယခုအပတ် မတ်လ ၂၇ ရက်၊ တပ်မတော်နေ့ရုံးပိတ်ရက်မှာ သောကြာနေ့ဖြစ်ခြင်းကြောင့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် (၂) ရက်နှင့်ဆက်သွားသောကြောင့် ရုံးပိတ်ရက် (၃) ရက်ရသောကြောင့် ကျွန်တော်တို့ ခရီးဝေးထွက်ရန် စီစဉ်ထားသည်။

ခရီးစဉ်ကတော့ ဇနီးသည်၏ မွေးရပ်ဇာတိ ဘီလူးကျွန်း ချောင်းဆုံမြို့သို့ဖြစ်ပြီး နီးစပ်ရာ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်မှ ကျိုက္ခမီမြို့အထိ ဘုရားဖူးရင်း အလည်သွားရန်ဖြစ်သည်။

၂၇ - ၃ - ၂၀၁၅ ရက်နေ့မနက် (၇း၃၀) နာရီခန့် ခရီးစထွက်ဖြစ်သည်။ အိမ်က TOYOTA (VITZ) ကားကလေးကို တူတော်မောင် မောင်ထွန်းမြတ်က မောင်းသည်။ သူ့ဇနီးငြိမ်းငြိမ်းလည်းပါသည်။ ကျွန်တော်နှင့်အတူ ဇနီးသည် ဒေါ်ခင်မြကြွယ်လည်းပါသည်။

ပြည်လမ်းအတိုင်း သွားကြပြီး ထောက်ကြန့်အကျော် လှည်းကူးမြို့သို့ မဝင်မီ တူတော်မောင် ထွန်းမြတ်က -

"ဦး၊ ကျွန်တော်တို့အမြန်လမ်းမကြီးကသွားကြမယ်"

"ဟော့ - ပဲခူးလမ်းအတိုင်းသွားပြီး ဘုရားကြီးကျမှ လမ်းခွဲမှာမဟုတ်ဘူးလား"

"မဟုတ်ဘူး ဦး၊ ဘုရားကြီးလမ်းခွဲအထိ အမြန်လမ်းမကြီးကသွားရင် (၃) မိုင်သက်သာတယ်။ မြန်လည်းလမ်း... တယ်။ အနှောင့်အယှက်ကင်းတာ... ကျွန်တော်သွားနေကျပါ"

"အေး - ဒါဆိုရင်လည်း သွား... ကွာ"

လှည်းကူးအဝင် TOOL GATE တွင် (၂၀၀) ကျပ်ဆောင်ပြီး အမြန်လ... မကြီးထဲဝင်သည်။ ဘုရားကြီးလ... အထိ (၁၅၀၀)ကျပ် ပေးဆောင်ရသည်... လမ်းခရီး၌ မြို့ဝင်ကြေး၊ ဘီးခွန်ကြေး... ရန် ရပ်တန့်တောင်းဆိုသော ဂိတ်... မရှိတော့။ (၁) နာရီခန့်ဖြင့် ဘုရား... မြို့သို့ရောက်သည်။

လမ်းခွဲဝင်တာနှင့် မြို့ဝင်ကြေး (၂၀၀) ကျပ် ပေးဆောင်ရပြန်သည်... လမ်းခရီးတွင် မြို့ဝင်ကြေးဂိတ်...



www.burmeseclassic.com

အလွန်များသည်။ဝေါမြို့အဝင်၌ (၄၀၀) ကျပ်ပေးဆောင်ရပြန်သည်။ စစ်တောင်း တံတားသစ်ကြီးကကူးကြပြီး သိမ်ဇရပ် ဘက်ရောက်တော့ မွှပ္ပလင်ဘက်သို့သွား ကြသည်။

"ဦး၊ ကျွန်တော်တို့စိုက်ပျိုးရေးခြံ က 'မုပ္ပလင်လမ်းခွဲကနေ ဝင်ရတာ။ ဦးပြောထားတဲ့ မုပ္ပလင်ကျောက်မိုင်း စခန်းက ရှေ့တည့်တည့်ဆက်သွားရမှာ ဆိုတော့ ဘယ်ကိုအရင်ဆက်သွားရမှာ လဲ ဦး"

"စခန်းကို ဖုန်းဆက်ထားတာဆို တော့ စခန်းကို အရင်ဝင်မယ်။ ဟိုက မျှော်နေလိမ့်မယ်။ မင်းခြံက ဘယ်အချိန် ဝင်ဝင်ရတယ်"

"ဟုတ်ကဲ့ပါ ဦး"

မုပ္ပလင်လမ်းက အရင်လိုမကြမ်း တော့။ ကတ္တရာလမ်းက ချောမွေ့နေ သည်။ လမ်းမကြီးက မုပ္ပလင်မြို့သို့ဝင် သည်နှင့် မုပ္ပလင်ကျောက်စခန်းကိုတည့် တည့်ကြီးဦးတည်နေသည်။ ထို့ကြောင့် ကားကလေးကိုတည့်တည့်မောင်းဝင်လာ ခဲ့ရာ စခန်းဂိတ်ရောက်သည်နှင့် ဝန်ထမ်း တစ်ဦးက အသင့်စောင့်နေပြီး -

"ဆရာမဒေါ်ခင်မြကြွယ်ကားလား ခင်ဗျား"

"ဟုတ်ပါတယ်"


"အမျိုးသမီးစခန်းက ညာဘက်မှာ ပါခင်ဗျား။ အမျိုးသားစခန်းက တည့်တည့် တောင်ပေါ်တက်ရတာပါ"

"ကျေးဇူးပဲ ရပါပြီ"

ကျွန်တော်တို့ကားလေးကို ညာ ချိုး၍ပြေးလမ်းအတိုင်းဝင်ခဲ့ကြရာ အမျိုး သမီးစခန်းရှေ့တောင်ခြေသို့ရောက်တော့ အမျိုးသမီးဝန်ထမ်းတစ်ဦးဆင်း၍ကြိုနေ ပြန်သည်။

"တောင်ပေါ်ကအိမ်မှာ ထောင် ပိုင် ဒေါ်သင်းသင်းအောင် စောင့်ကြိုနေ ပါတယ်ရှင့်။ အပေါ်ကိုတက်ခဲ့ပါ။ ကျွန်မ လမ်းပြပါ့မယ်"

ကျွန်တော်တို့ တောင်ခြေတွင် ကားရပ်တော့ ကားဦးတည်ရာအရပ်တွင် အမျိုးသမီး မုပ္ပလင်ကျောက်ထုရဲဘက် စခန်းကြီးကို ခမ်းနားစွာ တည်ဆောက် ထားသည်ကို မြင်ရသည်။ ကားကလေး ရပ်ရာ လက်ယာဘက် ပေ (၅၀) ခန့်မြင့် သည်။တောင်ကုန်းပေါ်တွင်တော့ အမျိုး သမီးထောင်ပိုင်နေထိုင်သော အမျိုးသမီး စခန်းတာဝန်ခံနေထိုင်သည့် တစ်ထပ်




www.burmeseclassic.com

www.burmeseclassic.com

တိုက်အိမ်ကြီးကို မြင်တွေ့ရသည်။ ထို တောင်ကုန်းပေါ်သို့ တက်ရန်အတွက် လမ်းနှစ်သွယ်ရှိပါသည်။

လက်ဝဲဘက်မှလမ်းမှာ သဘာဝ မြေလမ်းဖြစ်သည်။ လက်ယာဘက်က လမ်းကတော့ လမ်းတိုပြီး အုတ်အင်္ဂတေ ဖြင့် လှေကားထစ်ဖော်ထားသည်။ ကျွန်တော်တို့ တောင်ကုန်းပေါ် အိမ်ဝသို့ ရောက်တော့ ပန်းမျိုးစုံလင်လှသည့် တောင်ကုန်းပေါ်က အိမ်ကြီးအဝတွင် ယခင်က တပည့်များဖြစ်ကြသော သင်းသင်းအောင်နှင့်နီလာတို့က ထွက်၍ ကြိုနေကြပါသည်။

❑

ယခုအချိန်တွင် သူတို့အဆင့် အတန်းမှာ သင်းသင်းအောင်က စခန်း တာဝန်ခံ လက်ထောက်ညွှန်မှူးအဆင့် ဖြစ်နေပြီး နီလာကတော့ ထောင်မှူးကြီး အဆင့်ဖြစ်သည်။ ကျွန်တော်တို့ ယခင် က အင်းစိန်ထောင်ဝင်းအတွင်း တာဝန် ထမ်းဆောင်နေခဲ့ရစဉ်က ဆရာတပည့် ရင်းများဖြစ်ကြပါသည်။ မတွေ့ရသည် မှာလည်း အတော်ကြာပါပြီ။ ကျွန်တော် တို့ ကွဲကွာသွားကြသည့် နှစ်ပေါင်းမှာ (၁၀) နှစ်ခန့်ရှိပါသည်။ ထို့ကြောင့် သူတို့ (၂) ဦးက လှိုက်လှဲစွာကြိုဆိုကြသည်။

"ဆရာနဲ့ဆရာမကြီးတို့ ကြွကြပါ ရှင်"

ပထမဆုံး ကျွန်တော် သတိပြုမိ သည်က ပေ(၅၀)ခန့်မြင့်သော တောင် ကုန်းပေါ်တွင် စခန်းတာဝန်ခံအိမ်တွေ ဆောက်လုပ်ထားသောကြောင့် ၎င်း အုပ်ချုပ်ရသည့် အမျိုးသမီးစခန်းကြီး တစ်ခုလုံးအား အပေါ်မှစီး၍မြင်တွေ့နေ ရခြင်း ဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ် ရေး၊ လုံခြုံရေးအတွက် မြင်ကွင်းကောင်း ပါသည်။ စခန်းတာဝန်ခံ၏ အိမ်ရှေ့မျက် နှာစာတွင် ခြံစည်းရိုးခတ်ထားသည့်ခြံ အတွင်း၌ ဝေဆာစွာ ပွင့်လန်းနေကြ သည့် စံပယ်ကြက်ရုံး၊ နှင်းဆီနှင့်သပြေ ပန်းများအပြင် ထိုင်းဘက်မှလာသည့် သစ်ခွပန်းပင်မျိုးစုံတို့အားလည်း စိုက်ပျိုး ထားရာ တောင်ကုန်းပေါ်၌ဖြစ်သော် လည်း နေရောင်ရပြီး ရေရှိုင်သောကြောင့် စိမ်းလန်းစိုပြည်စွာ ပန်းရောင်စုံ ငွားငွား စွင့်စွင့်ပွင့်လန်းနေကြသည်မှာ လွန်စွာ မျက်စိပသာဒဖြစ်စေသည်။

ထို့အပြင် ထူးခြားသည်က ရာဝင် စဉ့်အိုးကြီးအတွင်း ပဒုမာကြာပင်များ အားစိုက်ပျိုးထားရာ ကြာနီ၊ ကြာဖြူပန်း များပွင့်နေသည့်အပြင် ကြာသီးခိုင်များ (ကြာခွက်) သီးပွင့်နေသည်။ တောင်ထိပ် ကြာပေါက်သည့်သဘောဆောင်အောင် ယတြာခြေထားခြင်း ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော်က စခန်းတာဝန်ခံ သင်းသင်းအောင်အား -

"အိုသင်း၊ ညည်းက တောင်ထိပ် ကြာပေါက်၊ အနောက်ကနေထွက်အောင် ယတြာခြေထားတာလား"

ဟု နောက်ပြောင်လိုက်ရာ -

"အဲ - အန်ကယ်ကတော့ စာရေး ဆရာပီပီ တွေ့တွေ့ချင်း လုပ်ချလိုက် တော့တာပဲ"

"ဟဲ့-အိုသင်းရဲ့ ညည်းအကြောင်း- ငါသိပါတယ်။ ငါပြောသလိုမဟုတ်ဘူး လား"

ဟု မေးရာ -

"ဟုတ်ပါတယ် အန်ကယ်။ ကျွန်မ တို့ မုပွလင်၊ သထုံနယ်မြေက ဂမ္ဘီရဆန် တဲ့နယ်မြေဖြစ်ပြီး ထင်ရှားတဲ့ဆရာတော် ကြီးများထွက်ပေါ်တဲ့နေရာ ဖြစ်တာ ကြောင့် ကျွန်မကလည်း ဘာသာရေး လိုက်စားတော့ ကျွန်မတို့စခန်းကိုလည်း ထင်ရှားတဲ့ ဆရာတော်ကြီးတွေ မကြာ ခဏပင့်ဖိတ်လို့ကြွလာတာကြောင့် အလှူ ရေစက်လက်နဲ့မကွာဆိုသလို လှူရတန်း ရသာသနာပြုရပါတယ်။ကဲ- အန်ကယ် နဲ့အန်တီတို့ အိမ်ထဲကိုကြွကြပါ"

အိမ်အတွင်း၌ ထိုင်ခုံ၊ ဆိုဖာ၊ စတီ ကြီးများ ခမ်းနားထည်ဝါစွာ ခင်းကျင်း ပြင်ဆင်ချထားပြီး ဧည့်ခန်းကြီးတစ်ခုလုံး ကန်တော့ပွဲ၊ သစ်သီးပွဲမျိုးစုံ ပန်းအိုးများ နှင့်ပြည့်ကျပ်နေပါသည်။

ထို့ကြောင့် ကျွန်တော်က -

"ဩော် - အိုသင်းကဘာသာရေး အတော်လုပ်နေပြီပဲ"

"အန်ကယ်ရယ်၊ အသက်က (၅၀) နားနီးလာပြီ။ လူ့သက်တမ်းတစ်ဝက် ရောက်တော့မဖယ်ဆိုတော့ အချိန်အခါနဲ့ နေရာပေးတုန်း ဘာသာရေးလုပ်ရမှာ ပေါ့။ ခုဆိုရင် ကျွန်မက နေ့ကြီးရက်ကြီး တွေသာမက အဖိတ်၊ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ပါတယ်။ ဒါကြောင့်လည်း ပုဂ္ဂိုလ်ကြီးတွေက စောင့်ရှောက်ဟန်တူ ပါတယ်။ ကံရွှယ်သမျှ အောင်မြင်ပါ တယ်"

"ကောင်းပါတယ်ကွယ်၊ အသက် အရွယ် ငယ်ရွယ်ကြီးတယ်မဟုတ်၊ အချိန်အခါပေးတုန်း ဘာသာရေးကိစ္စ တွေကို လုပ်နိုင်သမျှလုပ်တာ အကောင်း ဆုံးပဲ"

ထို့နောက် သင်းသင်းအောင်နှင့် နီလာတို့က ကျွန်တော်တို့အား အပူ အအေးများဖြင့် ကျွေးမွေးဧည့်ခံပြီး ကျန်းမာရေးနှင့် နေရေးထိုင်ရေး၊ စီးပွား ရေးကိစ္စများကို မတွေ့တာကြာပြီဖြစ် သည့်အလျောက် ရွှန်းရွှန်းဝေအောင် ပြောဆိုကြသည်။

သင်းသင်းအောင်မှာ အကျဉ်း ဦးစီးဌာနသို့ ဝင်ရောက်လာရာတွင် အလွန်နောက်ကျသူ ဖြစ်သည်။ ၁၉၈၇ ခုနှစ်ပတ်ဝန်းကျင်ခန့်ကမှ ဝင်ရောက် လာခြင်းဖြစ်သည်။ သူ့ညီမဖြစ်သူ မူမူ အောင်ကတော့ ၁၉၈၀ လောက်ကပင် ဝန်ထမ်းအဆင့်ဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ် ပါသည်။ သူမတို့၏ဖခင်မှာ ဦးလှအောင် ဖြစ်ပြီး ထောင်ပိုင်တာဝန်ထမ်းဆောင် ရင်း တောင်ငူ၊ ကျောက်မိုင်းစခန်းဘက် တွင် ကွယ်လွန်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့မှာ ထောင် မိသားစုဝင်များအဖြစ် ၎င်းတို့ငယ်စဉ် ကပင် မိသားစုအရင်းအချာပမာ ခင်မင် ရင်းနှီးခဲ့ခြင်း ဖြစ်ပါသည်။

သင်းသင်းအောင်မှာ လွန်စွာ ကံထူးသူ မိန်းကလေးတစ်ဦးဖြစ်သည့် အပြင် ဉာဏ်ရည်ဉာဏ်သွေးအလွန် ကောင်းဖြစ်သည်။ သူမ အကျဉ်းဦးစီး ဌာနသို့ ဝင်ရောက် တာဝန်ထမ်းဆောင် စဉ်က တက္ကသိုလ်အဝေးသင်တက် ရောက်ပြီး ရိုးရိုးဝန်ထမ်းဘဝဖြင့် အမှု ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ဘွဲ့ရသည်နှင့် အမျိုးသမီးထောင်မှူးတန်းဖြစ်၏။ မကြာ မတင်၌ပင် အမျိုးသမီးထောင်မှူးရာထူး အဆင့်ဖြင့် ဦးစီးအရာရှိရာထူးများ မကြာမတင်ရရှိခဲ့ပြီးနောက် ယခုအခါ တွင် အမျိုးသမီးလက်ထောက်ညွှန်ကြား ရေးမှူးအဆင့်ဖြင့် လက်ရှိတာဝန်ထမ်း ဆောင်နေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့မှာ ခရီးဆက်ရန်ရှိ သေးသောကြောင့် နှုတ်ဆက်ရာ သင်း သင်းအောင်နှင့် နီလာဦးတို့က ကန်တော့ ကြပါသည်။ ကျွန်တော်တို့စခန်းတာဝန်ခံ ဒေါ်သင်းသင်းအောင်၏ တောင်ကုန်း ပေါ်မှအိမ်ကြီးက ပြန်ဆင်းလာပြီးနောက် မုပွလင်မြို့အဝင် လမ်းခွဲသို့ပြန်ထွက်လာ ကြပြီး တူတော်သူ မောင်ထွန်းမြတ်နှင့် ငြိမ်းငြိမ်းတို့၏ စိုက်ပျိုးခြံများဘက်သို့ ဆက်လက်ထွက်ခွာလာကြပါသည်။

❑

သူတို့၏စိုက်ပျိုးရေးခြံများမှာ မြို့ အဝင်လမ်းခွဲ၏ လက်ဝဲဘက်၌ရှိပြီး ဒေါ်သင်းသင်းအောင်တို့၏မုပွလင်စခန်း က လက်ယာဘက် သထုံသွားရာလမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးဘေးနှင့်ကပ်လျက်တည်ရှိပါသည်။ မောင်ထွန်းမြတ်တို့ခြံများမှာ တောင်ကုန်းပေါ် အတက်၊ အဆင်းကွန်ကရစ်လမ်းများအနီးတွင်ရှိပြီး ထိုလမ်းများမှ ဖဲ့ဆင်း၍ မြေလမ်းအတိုင်း အတွင်းသို့ ဝင်ရသေးသည်ဟုဆိုပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏ TOYOTA(VITZ)ကားကလေးမှာ နိမ့်သောကြောင့် သူတို့ခြံသွားသည့်မြေလမ်းကိုဝင်ရောက်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် လမ်းခုလတ်၌တည်ရှိသော ၎င်းတို့ကိုးကွယ်သည့် ဘုန်းတော်ကြီးကျောင်းသို့ဝင်ရောက်ပြီး ကျွန်တော်တို့က ဘုန်းတော်ကြီးကျောင်း၌အနားယူနေရိပ်ချိန်တွင် တူတော်မောင်တို့ဇနီးမောင်နှံက ဆိုင်ကယ်ကယ်ရီဖြင့် သူတို့၏စိုက်ပျိုးရေးခြံများတည်ရှိသည့်နေရာသို့ သွားရောက်ကြရန် ဖြစ်ပါသည်။

ကျွန်တော်တို့ခေတ္တတည်းခိုရမည့် ဘုန်းတော်ကြီးကျောင်းမှာ တောင်ကုန်းပေါ်ရှိ ကွန်ကရစ်လမ်းမှဖဲ့ဆင်းပြီး လျှိုအတွင်းဆင်း၍ တစ်ဖက်တောင်ကုန်းပေါ်သို့ ပြန်တက်ရသည်။ တစ်ဖက်တောင်ကုန်းမြေညီပေါ်တွင် တစ်ထပ်တိုက်ဘုန်းတော်ကြီးကျောင်းအား တည်ဆောက်ထားသည့် အကျယ်အဝန်းမှာ ပေ (၂၀)၊ ပေ (၄၀) ခန့်ရှိသည်။ အတွင်း၌ ဟောခန်းမကြီးအပြင် အိပ်ခန်းများနှင့် ရေချိုးခန်း၊ အိမ်သာများကိုလည်း ဖွဲ့စည်းတည်ဆောက်ထားပါသည်။ ပတ်ဝန်းကျင်၌လည်း သရက်ပင်၊ တညင်းပင်၊ ပိန္နဲပင်၊ ကံ့ကော်ပင် စသဖြင့် စားပင်သီးပင် ဝေဝေဆာဆာရှိသည့်အပြင် ကျောင်းရှေ့၌ လွန်စွာအရိပ်အာဝါသကောင်းသော ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ထိုညောင်ပင်ကြီးအောက်၌လည်း ဝါးစားပွဲနှင့် ဝါးပက်လက်ကုလားထိုင်များကိုလည်း စီစီရီရီ ညီညာစွာခင်းကျင်းပြင်ဆင်ထားရာ အာဂန္တုဧည့်သည်များအတွက် အနားယူအပန်းဖြေစရာ အလွန်ကောင်းပါသည်။

ကျောင်း၏နဖူးစည်း၌ ဆင်ရုပ်ဘုန်းတော်ကြီးကျောင်းဟု ကမ္ပည်းတင်ထားရာ နာမည်မှာထူးဆန်းနေပါသည်။ ထိုကျောင်းတွင် ကျောင်းထိုင်ဆရာတော်တစ်ပါးနှင့် ဦးပဉ္စင်းများရှိပါသည်။ ကပ္ပိယများနှင့် ကျောင်းဝေယျာဝစ္စလုပ်သူများမရှိပါ။ ကျောင်းနေသံဃာလည်း လွန်စွာနည်းပါသည်။ ဦးပဉ္စင်း(၂)ဦးမှာ ကျွန်တော်၏တူတော်မောင် မောင်ထွန်းမြတ်နှင့် ဇနီးဖြစ်သူ ငြိမ်းငြိမ်းတို့က ကမ္မကထပြု၍ သင်္ကန်းဆီးပေးထားသော ဦးပဉ္စင်းများဖြစ်ကြပါသည်။ ကျောင်းနေသံဃာနည်းသောကြောင့် ၎င်းတို့ကပင် ဆွမ်းခံခြင်းနှင့်ကျောင်းဝေယျာဝစ္စများကို ပြုလုပ်ကြရကြောင်း သိရှိရပါသည်။

ထို့ကြောင့် ကျွန်တော်တို့ဆင်ရုပ်ဘုန်းတော်ကြီးကျောင်း၏ ညောင်ပင်ကြီးအောက်၌ အနားယူ အပန်းဖြေနေကြစဉ် မောင်ထွန်းမြတ်နှင့်ငြိမ်းငြိမ်းတို့က ဆိုင်ကယ်ကယ်ရီဖြင့် ၎င်းတို့၏စိုက်ပျိုးရေးခြံများသို့ ခြံဝေယျာဝစ္စနှင့် အလုပ်သမားကိစ္စများအတွက်သွားကြသည်။ ထိုစဉ်အတွင်း ကျွန်တော်တို့စောင့်ဆိုင်းနေကြစဉ် ဆင်ရုပ်ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်နှင့် ဦးပဉ္စင်းများအား ဝတ္ထုအလှူငွေများ ကပ်လှူပူဇော်ကြခြင်းမေးမြန်းလျှောက်ထားမိပါသည်။

ကျောင်းထိုင်ဆရာတော်ကြီးမှာ သီးသန့်ကျောင်းတွင်စံနေသောကြောင့် ကျွန်တော်တို့နားခိုနေရာ ညောင်ပင်ကြီးအောက်အေးချမ်းလှသည့် ဝါးပက်လက်ကုလားထိုင်များတွင်ထိုင်ကြပြီး ဦးပဉ္စင်းများဖြင့် စကားပြောဖြစ်ကြသည်။

"ဦးပဉ္စင်းတို့ ပဉ္စင်းဝတ်တာ ဘယ်လောက်ကြာပြီလဲ"

"(၀) လတောင်မပြည့်သေးပါဘူး။ တစ်ဦးက (၁)လပြည့်အောင်ဝတ်မယ်။ တစ်ဦးက ရာသက်ပန်သင်္ကန်းဆီးမယ်လို့ ကြံရွယ်ထားပါတယ်။ အလှူရှင်ကတော့ စာရေးဆရာရဲ့ တူတော်မောင် ကိုထွန်းမြတ်တို့လင်မယားပါပဲ။ ဒီကျောင်းနေရာက လွန်စွာ အေးချမ်းပြီး ရှေးဟောင်းကျောင်းဖြစ်လို့ တရားအားထုတ်ဖို့ အလွန်ကောင်းပါတယ်။ ဒါပေမယ့် အပြောအဆို အနေအထိုင် အလွန်ဆင်ခြင်ရပါတယ်။ တစ်ခုခုမှားယွင်းတာနဲ့ ပြဿနာဖြစ်တတ်ပါတယ်။ မြေကြမ်းတယ်လို့ဆိုရမှာပေါ့"

"ဒါနဲ့ ဦးပဉ္စင်းတို့ ဒီကျောင်းကို ဆင်ရုပ်ကျောင်းလို့ ဘာကြောင့်ခေါ်တာလဲ။ တခြားဘွဲ့နာမည်မရှိဘူးလား"

"တခြားဘွဲ့နာမည်လည်းရှိပါတယ်။ ဒါပေမယ့် ကျောင်းကြီးအနောက်ဘက်မှာ ရှေးဟောင်းဆင်ရုပ်ကြီးတစ်ခုရှိပြီး ဒေသစွဲအရ ဟိုးရှေးရှေးကပင် ခေါ်တွင်လာခဲ့တာကြောင့် ဆင်ရုပ်ကျောင်းလို့ပဲ လူသိများပြီး နာမည်တွင်နေတော့တာပါပဲ"

"ဒါနဲ့ ဆင်ရုပ်ကြီးနဲ့ပတ်သက်ပြီး ဘာတွေများထူးဆန်းအံ့ဩစရာရှိပါသလဲဘုရား"

"အင်း-ဒကာကြီးရေ ဆင်ရုပ်ကြီးနဲ့ပတ်သက်လို့ ထူးခြားတာတွေကတော့ ရှိပါတယ်။(၅)ပါးသီလမမြဲရင် ဒီကျောင်းမှာ ညအိပ်တည်းခိုလို့မရဘူး။ တည်းခိုတာနဲ့ ပြဿနာဖြစ်တော့တာပဲ။ ဒါကြောင့်လည်း ဆရာကြီးရဲ့တူတော်မောင် ကိုထွန်းမြတ်ကို အမြဲတမ်းသတိပေးနေရပါတယ်။ သူက သဘောအလွန်ကောင်းသလို စေတနာလည်း အလွန်ကောင်းပါတယ်။ကျောင်းဝေယျာဝစ္စတွေကိုလည်း လိုအပ်သလို ကူညီလှူဒါန်းပေးပါတယ်။ဒါပေမယ့် သူက ဘီယာကလေး တမြမြသောက်တတ်တော့ အန္တရာယ်ဖြစ်မှာစိုးလို့ သတိပေးရတာပါ"

"ကဲ- ဦးပဉ္စင်းတို့ သူတို့လင်မယား ခြံထဲသွားကြတုန်း တပည့်တော်တို့ကို အဲဒီဆင်ရုပ်ကြီးလိုက်ပြလို့မရဘူးလား"

"ပြလို့ရပါတယ်။ ဒီကျောင်းအနောက်ဘက်တင်ပါ မဝေးပါဘူး။ ဒါပေမယ့် တောလမ်းခရီးဆိုတော့ လမ်းတော့ကြမ်းတယ်"

"ရပါတယ်ဘုရား၊ တပည့်တော်တို့ နားနားနေနေ ဖြည်းဖြည်းချင်းသွားကြတာပေါ့"

သို့နှင့် ကျွန်တော်တို့အဖွဲ့ ဦးပဉ္စင်း (၂)ပါး ဦးဆောင်ပြီး ကျောင်းအနောက်ဘက်သို့လှမ်းခဲ့ကြပါသည်။ ကျောင်းအနောက်ဘက် သစ်တောအတွင်း၌ တောင်ကုန်းမို့မို့သဏ္ဌာန်ဆင်ရုပ်ကြီးကို အဝေးမှပင်မြင်ရပါသည်။ ဆင်ရုပ်ပုံစံမပေါက်ပါ။ မြေမှုန်များဖုံးလွှမ်းနေပြီး မြက်ပင်တွေ၊ချုံနွယ်ပင်များပေါက်ရောက်နေသောကြောင့် တောင်ကုန်းမို့မို့သဏ္ဌာန်ဖြစ်၍နေပါသည်။

ကျွန်တော်က -

"ဦးပဉ္စင်းတို့၊ ဒီဆင်ရုပ်ကြီးပေါ်က ချုံနွယ်တွေကိုမရှင်းပစ်ကြဘူးလား"

"ဒကာကြီး၊ ဦးပဉ္စင်းတို့လည်း ရှင်းချင်ပါတယ်။ ဒါပေမယ့် ဆရာတော်က ရှင်းခွင့်မပြုဘူး"

"ဘာကြောင့်လဲ ဘုရား"

"ချုံနွယ်တွေရှင်းရင်း ဆင်ရုပ်ကြီးရဲ့ အနေအထားပုံစံကို ပျက်ယွင်းသွားမှာစိုးလို့ တားတာလို့သိရပါတယ်။ရှေးဟောင်းဆင်ရုပ်ကြီးဆိုတော့ အစောင့်အကြမ်းကြီးပြီး အန္တရာယ်ရှိတယ်လို့သိရပါတယ်"

"တောင်းပန်တိုးလျှိုးပြီး ကောင်းတာလုပ်တာပဲဗျာ။ ဆင်ရုပ်ကြီးက သန့်ရှင်းရေးလုပ်တဲ့သူကို အန္တရာယ်ပေးပါ့မလား"

"အဲဒါတော့ အသေအချာမသိပါဘူး စာရေးဆရာရယ်။ ဆရာတော်က တားမြစ်ထားလို့ နေသာသလိုနေကြတာပါ"

"တပည့်တော်တို့လည်း ကျောက်



www.burmeseclassic.com

www.burmeseclassic.com

တုန်းရောက်ခိုက် ကုသိုလ်ပြုတဲ့အနေနဲ့ ဒီဆင်ရုပ်ကြီးကို သန့်ရှင်းရေးလုပ်ချင်တယ်။ တူတော်မောင်ပြန်လာရင်တိုင်ပင်ကြပြီး ကျောင်းထိုင်ဆရာတော်ကို လျှောက်လို့ သန့်ရှင်းရေးလုပ်ကြတာပေါ့"

"အင်း - အဲဒါကောင်းပါတယ် ဒကာကြီး"

ကျွန်တော်တို့ ကျောင်းရှေ့ညောင်ပင်အောက်သို့ပြန်လာကြပြီး ရေနွေးကြမ်းသောက်နေကြစဉ် တူတော်မောင်တို့ဇနီးမောင်နှံ ဆိုင်ကယ်ကယ်ရီဖြင့် ပြန်ရောက်လာကြသည်။ တူတော်မောင်၏ဇနီးဖြစ်သူ ငြိမ်းငြိမ်းက ခြံအတွက်မြေဩဇာမှာယူခြင်းနှင့် အလုပ်သမားလစာကိစ္စကို ဖုန်းတစ်လုံးဖြင့်အလုပ်ရှုပ်နေစဉ် တူတော်မောင်နှင့်ကျွန်တော်တို့ ဆင်ရုပ်ကြီးသန့်ရှင်းရေးကိစ္စ ဆွေးနွေးဖြစ်ကြသည်။ စိတ်မြန်လက်မြန်ရှိလှသော တူတော်မောင်က ကျောင်းထိုင်ဆရာတော်အား ချက်ချင်းသွား၍လျှောက်သည်။ ဆရာတော်က အသေအချာခွင့်တောင်းပြီး ခွင့်ပြုမှလုပ်ကိုင်စေခြင်းကြောင်း အမိန့်ရှိပါသည်။

သို့နှင့် ကျွန်တော်နှင့် တူတော်မောင်တို့အပြင် ဦးပဥ္စင်း(၂)ပါးကိုပါဖိတ်ခေါ်၍ ကျောင်း၌ရှိသော မြက်ရှင်းဓားများယူ၍ ကျောင်းအနောက်ဘက်ဆင်ရုပ်ကြီးရှိရာသို့ ထွက်ခဲ့ကြပါတော့သည်။ ဆင်ရုပ်ကြီးမှာ လူတစ်ရပ်ကျော် (၇)ပေခန့်မြင့်ပါသည်။ ကျောင်းအနီးတွင် ထောင်ထားသည့် ဆေးသုတ်ဝါးလှေကားအား ယူဆောင်ပြီး ဆင်ရုပ်ကြီးကို ကပ်ထောင်၍ သန့်ရှင်းရေးလုပ်ကြခြင်းဖြစ်ပါသည်။ သန့်ရှင်းရေးလုပ်ချင်လွန်း၍လုပ်ကြခြင်းဖြစ်သော်လည်း ရှေးဟောင်းဆင်ရုပ်ကြီးမှာ ဆင်ပုံသဏ္ဍာန်ပေါက်မလာပါ။ ချုံနွယ်ပင်များအား သန့်ရှင်းရေးလုပ်ပြီးသော်လည်း တောင်ကုန်းလေးတစ်ခုပုံစံသာဖြစ်ပေါ်နေပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ထိုတောင်ကုန်းကလေးပေါ်တွင်ရှိသည့် မြက်နှင့် ချုံနွယ်ပင်များအား ရှင်းလင်းပြီးသည်နှင့် အမှိုက်များအား မြေကွယ်လပ်တစ်ခုတွင် မီးပုံ၍ရှို့ကြသည်။ တူတော်မောင် မောင်ထွန်းမြတ်ကတော့ တောင်ကုန်းကလေးအား မြက်ရှင်းဓားဖြင့် ဟိုခြစ်ဒီခြစ်၍ ဆင်ရုပ်ကြီးသဏ္ဍာန်ပုံပေါ်လာနိုးဖြင့်ပုံဖော်နေပါတော့သည်။ ထို့ကြောင့် ကျွန်တော်က -

"ထွန်းမြတ်ရေ ကျောင်းထိုင်ဆရာတော်ကပြောထားတယ်နော်။ မဟုတ်တာတွေမလုပ်နဲ့။ ကြိုက်မှန်းမသိမကြိုက်မှန်းမသိ ငါတို့တစ်တွေကုသိုလ်ရအောင် သန့်ရှင်းရေးလုပ်ပြီးပြီပဲ။ တော်လောက်ပြီ။ မင်းက ရှုးကြောင်မူးကြောင်နဲ့ လျှောက်မလုပ်နဲ့တော့"

ထို့နောက် ကျွန်တော်တို့ ကျောင်းရေချိုးကန်တွင် ကိုယ်လက်သန့်ရှင်းကြပြီးနောက် ခရီးဆက်လက်ထွက်ခွာလာခဲ့ကြပါသည်။ နေ့လယ် ထမင်းစားချိန်ရောက်ပြီဖြစ်သောကြောင့် မုပ္ပလင်မြို့ကားရပ်နားကွင်းရှိ ထမင်းဆိုင်ကြီးတွင် နေ့လယ်စာထမင်းစားကြ၏။ ထို့နောက် မော်လမြိုင်မြို့သို့ ခရီးဆက်လက်ထွက်ခွာလာကြရာ ညနေ (၄) နာရီခန့်တွင် ရောက်ရှိကြသည်။ ကမ်းနားလမ်းရှိ အသိအိမ်တွင် ခေတ္တဝင်ရောက်ကြပြီး စာအုပ်များ လက်ဆောင်ပေး၍ အချိန်ရသေးသောကြောင့် မော်လမြိုင်မြို့နှင့်မိုင် (၅၀) ခန့်သာဝေးသော ကျိုက္ခမီမြို့သို့ ထွက်ခွာလာခဲ့ကြပါသည်။

❑

မုဒုံနှင့် သံဖြူဇရပ်မြို့များကိုကျော်ပြီး ကျိုက္ခမီမြို့သို့ရောက်တော့ ညမှောင်ပါပြီ။ တည်းခိုမည့်အိမ်ကို ကြိုတင်အကြောင်းကြားထားသော်လည်း ဝန်မလေးစေရန်အတွက် ကျိုက္ခမီရေလည်ဘုရားသို့တန်း၍သွားကြပြီး ဖူးမြော်ကန်တော့၍ အလှူငွေများထည့်ဝင်ကြသည်။ ထို့နောက် ဘုရားပွဲအနီးရှိ စားသောက်ဆိုင်တန်း၌ပင် ညစာစားခဲ့ကြသည်။ တည်းခိုအိမ်ရောက်မှ ကျွန်တော်တို့အဖွဲ့ ရေချိုးပြီး အနားယူ၍ စကားစမြည်ပြောနေကြစဉ် မောင်ထွန်းမြတ်အား သူ၏ ငယ်ပေါင်းမိတ်ဆွေများက ဆိုင်ကယ်ဖြင့် လာခေါ်သွားကြသည်။ ကျွန်တော်နှင့် သူ၏ဇနီးငြိမ်းငြိမ်းတို့က အသောက်မလွန်စေရန် အထန်တန်မှာလိုက်ပါသေးသည်။ ထိုညက ကျွန်တော်တို့အဖွဲ့ မတွေ့ရသည်မှာကြာပြီဖြစ်သောအမျိုးများဖြင့် စကားပြောကောင်းကြသောကြောင့် ည (၁၂) နာရီကျော်မှ အိပ်ရာဝင်ရန် ပြင်ဆင်ကြရတော့သည်။ အိပ်ရာဝင်ကြသော်လည်း အတော်နှင့်အိပ်မပျော်ကြပါ။ မောင်ထွန်းမြတ်၏ဇနီးဖြစ်သူ ငြိမ်းငြိမ်းကတော့ သူ့ယောကျ်ား၏အလေ့အကျင့်ကိုသိသည့်အလျောက် မအိပ်ဘဲ ဖုန်းတစ်လုံးဖြင့် ထိုင်၍စောင့်နေရှာသည်။

ကျွန်တော်တို့ အိပ်ပျော်ခါစတွင် ဖုန်းသံမြည်လာသောကြောင့် လန့်နိုးကြသည်။ ကျိုက္ခမီဆေးရုံမှ ဖုန်းဆက်လာခြင်းဖြစ်ပါသည်။ မောင်ထွန်းမြတ်နှင့် သူ၏ သူငယ်ချင်းများ ဆိုင်ကယ်တစ်စီးကို သုံးယောက်စီး၍ စားသောက်ဆိုင်မှ ပြန်အလာတွင် အနောက်ဘက်၌ ရောင်ပြန်မီးပင်မပါသော ထော်လာဂျီအား ရုတ်တရက်တွေ့ရာမှ ရှောင်တိမ်းကြရင်း ဆိုင်ကယ်မှောက်ကြောင်း၊ ဆိုင်ကယ်မောင်းသူသည် ဆိုင်ကယ်မှောက်ပြီး တရွတ်ဆွဲပါသွားသောကြောင့် ဦးခေါင်းထိ၍သွေးထွက်လွန်သောကြောင့် မော်လမြိုင်ဆေးရုံသို့ အရေးပေါ်ပို့လိုက်ရပြီး အလယ်တွင်စီးသူသည် လက်ကျိုး၍ ကျိုက္ခမီဆေးရုံ၌တင်ထားရပြီး အနောက်အစွန်တွင်စီးသည့် မောင်ထွန်းမြတ်မှာ ပြုတ်ကျကျန်ခဲ့ပြီး ညာပခုံးရင်းနှင့် ညာလက်ဖျံစုတ်ပြဲသွားကြောင်း သိရှိရပါတော့သည်။

ထို့ကြောင့် အရေးပေါ် ကျိုက္ခမီဆေးရုံသို့ လိုက်ကြရပါတော့သည်။ တော်သေးသည်ဟုဆိုရပါမည်။ မောင်ထွန်းမြတ်မှာ ဦးခေါင်းထိခြင်း၊ ကျိုးပဲ့ခြင်းမရှိပါ။ သို့သော် တိုက်တိုက်ဆိုင်ဆိုင်ပင် ဘုန်းတော်ကြီးကျောင်းရှိ ဆင်ရုပ်ကြီး၏ ယာဘက် ပခုံးရင်းနှင့် အဆစ်များအား ကိုင်းခုတ်ဓားဖြင့်ခြစ်ထားသလိုပင် ပွန်းပဲ့ဒဏ်ရာများရရှိနေသည်ကို ကျွန်တော်သတိပြုမိပါသည်။ တူသောအကျိုးပေးခြင်း ဖြစ်ပါသည်။ သို့သော် တူတော်မောင်အား အစွဲအလမ်းမရှိစေခြင်းအတွက် ကျွန်တော် ထိုအကြောင်းကို ဖွင့်ဟ၍မပြောခဲ့မိပါ။ သို့သော်လည်း ကျောင်းထိုင်ဆရာတော်၏ သတိပေးစကားကိုတော့ ကျွန်တော်တစိမ့်စိမ့်ပြန်လည်တွေးမိရင်း တအံ့တဩဖြစ်ရပါသည်။ တိုက်ဆိုင်မှုလည်းဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော်လည်း ဆင်ရုပ်ကြီး၏ ယာဘက်ပခုံးကို ဓားဖြင့်ခြစ်သလို တူတော်မောင် မောင်ထွန်းမြတ်၏ ယာဘက်ပခုံးမှာလည်း ပွန်းပဲ့သောဒဏ်ရာရရှိနေခြင်းကတော့ ထူးခြားစွာ အသွင်တူလွန်းလှပါသည်။ ထို့ကြောင့် ကျွန်တော်၏ အတွေးအမြင်ကတော့ ရှေးဟောင်း အထိမ်းအမှတ် ဆင်ရုပ်ကြီးတွင် ယခင်က ထုလုပ်တည်ဆောက်ခဲ့သူ အလှူရှင်များ၏ တစ်စုံတစ်ရာသော ကျိန်စာများက ယခုအချိန်ထိ စူးဝင်နေသည်ဟု ယုံကြည်မိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း




www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

# အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှ လာဘ်များစွာကို ပင့်ကူစမဖြင့်လာဘ်ခေါ်ကြရအောင်



တစ်နေ့သ၌ -

ကျွန်ုပ်နှင့် ညီရင်းအစ်ကိုလို ချစ်ခင်ကြသည့် ငယ်သူငယ်ချင်း တစ်ယောက်ရောက်ရှိလာပါသည်။ ဦးပြည့်ဖြိုးအောင်ဟု အမည်ရသူ ဖြစ်ပါသည်။ သူငယ်ချင်းသည် ငယ်စဉ်ကတည်းကပင် အနွတ္တ သညာခေါ် စရာသည် အားတစ်ခု ဖြစ်စေခဲ့သူလည်းဖြစ်ပါသည်။

မိဘများသည် အရောင်း အဝယ်အလုပ်ဖြင့် စင်ကြယ်သော စီးပွားရေးကို အားစိုက်ခဲ့ကြသူများ ဖြစ်သလို ဘာသာရေးတွင်လည်း ဝါကြွားလိုသောစိတ်ဆန္ဒမရှိကြသူ များ ဖြစ်လေသည်။ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းကြသလို တစ်ဖက်မှာလည်း အတိဒုက္ခရောက်သူ များကိုလည်း ပေးကမ်းလှူဒါန်းရာတွင် လက်မတွန့်စတမ်း လှူဒါန်းကြသော မိသားစုဖြစ်ပါသည်။

သူငယ်ချင်းမှာ အကြီးဆုံးသား ဖြစ်သလို အဖနှင့်အတူ ဦးစီးဦးဆောင် ပြုပြီး စီးပွားရှာသော သြရသသားကြီး ဖြစ်လေသည်။ ညီအစ်ကို၊ မောင်နှမများ မှာလည်း အားလုံးခေတ်ပညာတတ် ဘွဲ့ရသူများဖြစ်ကြသလို ယခုအခါတွင် အိုးကွဲအိမ်ကွဲဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နေကြပြီ ဖြစ်ပါသည်။

သူငယ်ချင်း ဦးပြည့်ဖြိုးအောင်၏ ဝါသနာစရိုက်ကို အနည်းငယ်တင်ပြလို ပါသည်။ မြန်မာအထူးပြုဘာသာရပ်ဖြင့် မဟာဘွဲ့ရပြီးသူဖြစ်သည်။ မြန်မာစာပေ ကို လွန်စွာချစ်မြတ်နိုးသလို သမိုင်းကို လည်း ဝါသနာကြီးလေသည်။ နောက် တစ်ခုကတော့ ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်ကို နှစ်ခြိုက်သူလည်းဖြစ်လေသည်။ ထေရ ဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သူပီပီ သရဏ် အပျက်မခံသူလည်း ဖြစ်ပါသည်။

ကျွန်ုပ်ထံ ရောက်လာရခြင်း အကြောင်းကို အောက်ပါအတိုင်းပြော ပြပါတော့သည်။

"ကိုအောင်ရေ အခု သူငယ်ချင်း ဆီလာခဲ့တာ တခြားအကြောင်းမဟုတ် ဘူး သူငယ်ချင်း။ စာပေသမိုင်းကြောင်း နဲ့ တို့ရှေးကပညာရှင်များထားရစ်ခဲ့တဲ့ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်က ဂါထာမန္တန် များ၊ အင်းများ၊ စမများနဲ့ ပတ်သက်ပြီး ဘယ်လိုဘယ်ပုံအကျိုးပေးတယ်ဆိုတာ ကို သိချင်တယ် သူငယ်ချင်း။

ဒီကနေ့ သိပ္ပံနည်းပညာ ကမ္ဘာနဲ့ အဝန်းထွန်းကားတိုးတက်လာနေချိန်မှာ နောက်ပြန်ဆွဲဝါဒကို အမိအရဆွဲထား ချင်တာမဟုတ်ပါဘူး။ ရှေးရှေးက ဆရာ သခင်များနဲ့ ပညာရှိကြီးများကလည်း သူတို့ချီးမြှောက်ထိုက်သူအမျိုးကောင်း သား၊ အမျိုးကောင်းသမီး၊ ခုနစ်နေ့သား သမီးတို့ကို ချီးမြှောက်လိုတဲ့စေတနာနဲ့ စီမံမှုပြုပြီး ဒီပညာထားခဲ့ကြတာလို့ ယုံ ကြည်တယ် သူငယ်ချင်း။

ကိုယ့်အယူအဆကတော့ ဆန္ဒ တူလို့ ယုံယုံကြည်နဲ့ယူကြမည်ဆိုရင် လောကီချမ်းသာကို ပထမရကြမယ် လေ။ လောကီချမ်းသာပါမှ သံသရာရဲ့ ချမ်းသာမှုကိုရနိုင်မယ်လို့ ယုံကြည်ထား တယ် သူငယ်ချင်း။

သိပ္ပံပညာရပ်လိုပေါ့။ တကယ် လုပ်ရင် အဟုတ်ဖြစ်တဲ့ ဆရာသခင်တို့ရဲ့ ပညာရပ်ကို သိကြစေချင်တယ်။ နောက် ယုံကြည်ကြသူများကိုယ်တိုင် ကြိုးစား အားထုတ်ကြပြီး ကြီးပွားချမ်းသာကြစေ ချင်တာပါ။ လောကီအကျိုးစီးပွားရေးရရှိ ပြီးတော့ ဘဝအမောတွေပြေကြပြီး သံသရာက လွတ်မြောက် ကြောင်းတွေကို အားထုတ်ပြီး ထာဝရ အေးငြိမ်းချမ်းသာကြ စေလိုတဲ့စေတနာနဲ့ သူငယ်ချင်း ဆီရောက်လာခဲ့တာပါ"

ဟု ပြောပြီး ခေတ္တနား လိုက်ပါသည်။

ရေနွေးကြမ်းအခါးရည် ကို အဖန်ပန်းကန်ဖြင့် နားနား နေနေဖြင့် သောက်လိုက်ပြီး အောက်ပါအတိုင်း စကားဆက် လေတော့သည်။

"သူငယ်ချင်းက အလယ် တန်းကျောင်းသားဘဝကတည်း က ဝိဇ္ဇာဓရ ဂမ္ဘီရပညာကို လေ့လာဆည်းပူးခဲ့တာကိုသိပြီး သားမို့ အခုလာခဲ့ပါတာပါ။

ကိုယ်ကလည်း မတော်လောဘနဲ့ ကြီးပွားချမ်းသာလိုတဲ့ ဝိသမလောဘ သမားမဟုတ်ဘူး ဆိုတာကိုလည်း သူငယ်ချင်းသိပြီးသားမို့ ပြောရတာပါ။

ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်နဲ့ လောကီ ရေးရာတွေကိုစီမံပြီး ဆန္ဒတူသူများယူ ကြ၊ စီမံကြစေချင်တာပါ။ ကိုယ်လည်း သူငယ်ချင်းစီမံပေးတဲ့အတိုင်း လုပ်ရမယ့် စည်းကမ်းနည်းလမ်းတွေကို လိုက်နာပါ မယ်။ အောင်မြင်လာတာနဲ့ ကိုယ်ကျိုး ချည်းမသုံးစွဲပါဘူး။ သာသနာတော် အတွက် လိုအပ်တဲ့နေရာမှာလှူမယ်။ နောက် လူမှုဘဝဆင်းရဲကြတဲ့ မိဘမဲ့ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးအတွက်စတဲ့နေရာတွေပါ။ ပိုပြီး လှူချင်စိတ်ပေါ်လာနေလို့ လာခဲ့ တာပါ။ ကူညီပါ"

ဟု သူ၏ စေတနာဆန္ဒတွေကို ရှည်လျားစွာပြောပြလေတော့သည်။

ကျွန်ုပ်က -

"အေးပါကွာ၊ ဝိဇ္ဇာဓရဂမ္ဘီရပညာ နယ်က စီမံမှုနဲ့ စီးပွားချမ်းသာကို လောဘ တကြီးမရှိရဘူးတဲ့။ သမစီးပွားကိုပင် ရသလောက် မလိုချင်ဘဲ လောဘကို ထိန်းသိမ်းနိုင်ရမယ်လို့ ဆရာသခင်များ ဆုံးမထားခဲ့တာရှိတယ်။

သီလအားဖြင့် လုံခြုံအောင်ထိန်း



www.burmeseclassic.com

www.burmeseclassic.com

ရခြင်း၊ ဇွဲလုံ့လဝီရိယရှိခြင်းတို့နဲ့ပေါင်းစပ်ရင် ပစ္စက္ခက်ပ်ပေါ့ကွာ။ မိမိ၏စွမ်းဆောင်နိုင်မှုအတိုင်း ဒိဋ္ဌအကျိုးပေးတယ်လို့ ဩဝါဒရှိတယ် သူငယ်ချင်း။

ရှေးနှစ်ပေါင်းရာနဲ့ချီပြီး ကြာမြင့်ခဲ့တဲ့ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်က စမတစ်လုံးအကြောင်း မင်းကို ပြောပြမယ်။

အဲဒီစမကို 'ပင့်ကူစမ' လို့ခေါ်ရတယ်။ ပင့်ကူသတ္တဝါတွေဟာ ဗဟိုစက်ကနေပြီး အသာထိုင်နေကြတာပဲ။ သူ့ရဲ့အနီးကပ်ကနေပြီး လက်တစ်ကမ်းထိအောင် စက်ဝန်းကွန်ရက်တွေနဲ့သွယ်တန်းထားပြီး စောင့်နေတာပဲ။ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာကနေ ဝင်ရောက်လာကြတဲ့ ရန်သူကိုဖြစ်စေ၊ အစာအာဟာရကိုဖြစ်စေ အေးဆေးစွာ ထိန်းချုပ်ထားနိုင်စွမ်းရှိသလို အခုပင့်ကူစမကလည်း အံ့ဩဖွယ် ဖွဲ့စည်းထားတာတွေ့ရတယ်။

စ-ခ-ဗ-ဝဆိုတဲ့ စမကြီးလေးလုံးနဲ့ တည်ဆောက်ထားရှိပါတယ်။ ပင့်ကူစမကိုယ်ထည်ပိုင်းကို ဗ နဲ့ ခ စမ (၂) လုံးနဲ့ တည်ဆောက်ထားတာ တွေ့ရတယ်။ အလယ်ဗဟိုမှာတော့ လိမ့်ပတ်လည်အောင် စ-ခ-ဗ-ဝစမစကြာရှိပြီး အလယ်ခေါင်ချက်မမှာ ဗ-စမကို တည်ထားပြန်တယ်။

ဦးခေါင်းပိုင်းမှာ ဂ-ဗျည်းစမကို အပေါ်ကအုပ်မိုးပြီး ပ-ဗျည်းစမနဲ့ ဦးခေါင်းနဲ့ကိုယ်ထည်ကိုဆက်ထားတယ်။ ထိပ်ဖူးကို နဝင်းစေတီနဲ့ အထွဋ်တင်ထားပြန်တယ်။ ခြေ(၆)ချောင်းပါဝင်ပြီး ဒ-ဗျည်းအက္ခရာနဲ့ ဠ-ဗျည်းအက္ခရာတို့ကို လက်ဝဲ၊ လက်ယာတပ်ထားတဲ့အတွက် အမြဲတမ်း ရှင်သန်နေမှုကိုပြဆိုပြန်တယ်။

ထောင့်လေးထောင့်မှာ စ-ခ-ဗ-ဝနဲ့ ထောင့်သန်းချုပ်ထားရှိပြီး ခန္ဓာကိုယ်ရဲ့ ကိုယ်ထည်အတွင်းမှာ ဝ-ဗျည်းစမ (၆) လုံးတို့ဖြင့် အချိုးညီထားပြန်တဲ့ ဝိသေသလက္ခဏာကိုလည်း တွေ့မြင်ရပြန်တယ်။

ဗုဒ္ဓသိဒ္ဓိအထွဋ်ထားပြီး ကြီးပွားချမ်းသာကြောင်း အာဏာတိက္ကမတို့ဖြင့် ဟိန်းထားတာတွေ့ရလို့ လာဘသိဒ္ဓိ၊ ဓနသိဒ္ဓိကို အထူးအကျိုးပေးစေပြန်တယ်လို့ ပြောရမှာဖြစ်တယ် သူငယ်ချင်း"

ဟု အသေးစိတ် ရှင်းလင်းပြောပြလိုက်ရပါတော့သည်။

ကျွန်ုပ်နှင့် သူငယ်ချင်း ဦးပြည့်ဖြိုးအောင်တို့၏ ဆန္ဒတူညီကြ၍ 'လာဘ်ခေါ် ပင့်ကူစမ'တစ်လုံးကို စီမံပေးလိုက်ရပါတော့သည်။

အခွင့်ကြုံတုန်း ကျွန်ုပ်ရှင်းပြလိုပါသည်။ ဆန္ဒတူ၍ စီမံကြပြီး ကျင့်ကြံလိုကြသော စာချစ်သူမိတ်ဆွေများအတွက် အောက်ပါအတိုင်း အပြည့်အစုံရေးသားလိုက်ပါသည်။

ဤပင့်ကူလာဘ်ခေါ်စမကို စီမံဆောင်ရွက်သူများအနေဖြင့် လိုက်နာရန် စည်းကမ်းတို့မှာ -

မည်သူမဆို -

၁။ ဆင်းရဲဒုက္ခရောက်သူများကို ကူညီပေးခြင်း၊

၂။ မိဘနှင့် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်း၊

၃။ သာသနာတော်အတွက် သယ်ပိုးထမ်းရွက်ခြင်းတို့ ပြုလုပ်ကြရန်ဖြစ်ပါသည်။

စမပုံကို ကိုယ်တိုင်စီမံခြင်း၊ မိတ္တူကူးယူခြင်းတို့ ပြုလုပ်နိုင်ကြပါသည်။ အဆောင်အဖြစ် အသုံးပြုလိုသူဖြစ်စေ၊ မိမိနှစ်သက်ရာအရပ်ဌာနတွင် ချိတ်ဆွဲလိုလျှင်ဖြစ်စေ မိမိသဘောဆန္ဒအတိုင်း စီမံနိုင်ကြပါသည်။

**ဆောင်ရွက်ပုံနည်းလမ်းအပြည့်အစုံ**

၁။ ရက်ရွေးခြင်းနှင့် ကာလသတ်မှတ်ခြင်း -

(က) ရက်ကောင်းရက်မြတ်တစ်ရက်တွင် စတင်ပါ။

(ခ) ကာလကို ရက်သတ္တပတ် (၇) ရက်သတ်မှတ်ပါ။

မှတ်ချက် - ပင့်ကူစမကို ကြိုတင်စီမံထားပါ။

၂။ ဆောင်ရွက်ရသည့် ကာလအတွင်း နေ့စဉ်ပြုဖွယ်မှာ -

ပန်း (အောင်သပြေ၊ ကံ့ကော် + အုန်းညွန့်) တို့လှူပါ။

သောက်တော်ရေနှင့် နံ့သာတိုင်လှူပါ။

အောက်ပါပုဂ္ဂိုလ်များဖိတ်ထားပါ။

(က) စတုလောကပါလနတ်မင်းကြီးလေးပါး၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့ ဖိတ်ထားပါ။

(ခ) အမြဲကူညီပေးနေကြသော ပုဂ္ဂိုလ်များနှင့် ပါရမီဖြည့်ဖက်များအား ဖိတ်ထားပါ။

(ဂ) ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်း ပြုလုပ်ပါ။

(ဃ) အောက်ပါဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပါ။

□ စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ၊
ကရံ-ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။ ။

(□ စိန္တာမဏိဂါထာတော်ကို (၉) ခေါက်တိတိ ရွတ်ဖတ်ပူဇော်ပါရန်။)

□ ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓ ဝန္ဒာမိ အာဒရံ။
နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

(□ သဗ္ဗဇယမင်္ဂလာဂါထာတော်ကို (၉)ခေါက်တိတိ ရွတ်ပူဇော်ပါရန်။)

(င) သစ္စာပြုပြီး ထပ်မံ၍ မိမိလိုရာကိုဆုတောင်းခံပါ။

ကုသိုလ်အမျှပေးဝေပါ။

□ **မှတ်ချက်**

အဓိဋ္ဌာန်ကျင့်စဉ်တို့၏စည်းကမ်းနည်းလမ်းအတိုင်း နေရာဌာန၏ မှန်ကန်ခြင်း၊ အချိန်၏မှန်ကန်ခြင်း၊ ဆုတောင်းခံခြင်း၏ မှန်ကန်ခြင်း စသည်တို့ တူညီရန် အထူးသတိထားရမည်ဖြစ်ပါသည်။

ကျွန်ုပ် ရေးသား တင်ပြခဲ့သော 'ပင့်ကူစမ' ဖြင့် လာဘ်များစွာရရှိကြတာ ရတနာခုနစ်ပါးနှင့် သန်းပေါင်းများစွာ ကြွယ်ဝချမ်းသာကြပြီးသကာလ ဘာသာသာသနာတော်အကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြသော အာဇာနည်ပုဂ္ဂိုလ်ထူးများဖြစ်ကြပါစေ။

ဆရာသခင်အပေါင်းကို ဤစာဖြင့် ရှိခိုးကန်တော့အပ်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ပညာ



www.burmeseclassic.com

www.burmeseclassic.com

## မင်းချမ်းမြေ့(မှသိမ်)

# လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်

ပထမဆိုင်း

စာရေးသူတို့ အရပ်ဒေသတွင် ရန်ကုန်ကျောင်းဆရာတော်ဟုဘွဲ့အမည်ရှိ သော ဆရာတော်တစ်ပါး အင်္ဂရတ်ပညာတွင် နာမည်ကျော်ခဲ့ဖူးပါသည်။

ဆရာတော်၏ဇာတိက အထက်အညာဒေသ ပခုက္ကူနယ်ဘက်က ဖြစ်သည်။ ရဟန်းပျိုဘဝမှာ မန္တလေးမြို့တွင် ပညာရင်နို့သောက်စို့ခဲ့ရာတွင် မန္တလေးအိမ်တော်ရာ ဘုရားဝင်းအနီး မြန်မာ့ဆေးပညာနှင့် အင်္ဂရတ်ဓာတ်ပညာတွင် ကျော်ကြားသော ဆရာကြီးဦးသက်ရှည်ထံတွင် -

သီတင်းသုံးဖော် သူငယ်ချင်း ဦးပဥ္စင်းတစ်ပါးနှင့်အတူ ဆရာကြီးထံတွင် တပည့်အဖြစ် အ သိအမှတ်ပြုပြီး အင်္ဂရတ်ဓာတ်ပညာများ သင်ကြားပေးပါရန် တောင်းခံခဲ့ရာ -

ဆရာကြီးက -

"ကျုပ်က တပည့်ဆိုရင် ရဟန်းကိုသတ်မခံပါ။ ဘာလို့လဲဆိုတော့ ပညာပေးရမယ့်ဆရာက တစ်ဆင့်နိမ့်နေတော့ တတ်အောင်သင် မဲ့ပြင်ဆုံးမလို့ မကောင်းလေတော့ ပညာလိုရင် လူထွက်ပြီးသာလာခဲ့ပါ"

ဟု အပြတ်ပြောလေသည်။

ထိုအခါ သာသနာ့ဘောင်မှလည်း လူထွက်ချင်တဲ့စိတ်ကလည်း လုံးလုံးမရှိလေတော့ ဆရာကြီးထံ (၄)၊ (၅) ခါ လောက်သွားပြီး ခယတောင်းပန်လေမှ-

"ကိုယ်တော်တို့၊ တယ်လည်းကြီးကြတာပါလား။ သင်္ကန်းဝတ်နဲ့ ပညာသင်မယ်ဆိုရင်တော့၊ တပည့်တော်ရဲ့ နည်းကမ်းကို တိတိကျကျလိုက်နာနိုင်မယ်ဆိုရင်တော့ ကိုယ်တော်တို့သဘော"

ဟု ဆိုပြီး လိုက်လျောပေးလိုက်လေသည်။

ဒီအခါမှာ ဦးပဥ္စင်း (၂) ပါးစလုံး စိတ်ပြည့်သဖြင့် ဝမ်းသာအားရ ဆရာကြီးဦးသက်ရှည်ထံတွင် နေ့ဆွမ်းဘာဟာရကိစ္စပြီးတာနှင့် နှစ်ယောက်သား သွားလို့ပညာယူလေတော့သည်။

သို့သော် ဆရာကြီးက (၃)၊ (၄) လလုံးလုံး ဦးပဥ္စင်း (၂) ပါးကို ဘာဓာတ်ပစ္စည်းတစ်ခုမှမကိုင်ခိုင်းဘဲ လုံခွဲသက်သက်ကို မီးသွေးထည့်ပြီး နေ့စဉ် မီးနေမီးထားသဘောတရားများကိုသိအောင် ကျင့်ခိုင်းလို့ချည်းသာနေလေတော့ ကျန်အဖော် ဦးပဥ္စင်းတစ်ပါးက စိတ်ကုန်လာပြီး ဆရာကြီးထံသို့ မလိုက်လာတော့ဘဲ ရန်ကုန်ကျောင်းဆရာတော်လောင်းလျာ ဦးပဥ္စင်းလေးတစ်ပါးသည်သာ ပုံမှန်သွားရောက် ပညာလေ့ကျင့်လေသည်။

ဒီလိုနှင့် (၆)လလောက်ကြာတဲ့ အခါမှာ ဆရာကြီးက -

"မောင်ပဥ္စင်းကတော့ တယ်ပြီး ဖွဲ့ကောင်းလေတော့ ဝီရိယအကျိုးကိုတော့ ခံစားရမှာပေါ့ဗျလေ"

ဟု ဆိုလာပြီး -

တစ်ဆင့်တက်ပြီး ဒန် (ကြေးနီ) (၁) ကျပ်သားကို နာ (၁) ကျပ်သားနဲ့ လေးတူထည့်ပြီး အဲ့ဒွာ နာချော်ချက်သည် လေ့ကျင့်ခန်းကို တက်ပေးပြီး နေ့စဉ် နာချော်ကိုသာ နာ (၄)၊ (၅) ပိဿာကုန်သည်အထိ မီးမှန်မှန်ဖြင့် တဖြည်းဖြည်းချင်း နာချော်ချက်ခိုင်းနေတော့ နောက်ထပ် (၆)လခန့်ရှိသွားလေပြီ။ တခြားဘာပညာစကားမှလည်း မပြောမပြနှင့် နေ့စဉ် နာချော်ချက်ခိုင်းနေ၍သာနေပါသည်။

ရန်ကုန်ကျောင်းဆရာတော်လေးကလည်း မညည်းမညူ နာချော်ကိုသာ တွင်တွင်ကြီးချက်လေသည်။ နေ့စဉ် နာချော်ချည်းသာ ချက်ပါများလာတော့ ဦးပဥ္စင်းလေးမှာ နာချော်ချက်ရာတွင် အထူးကျွမ်းကျင်လာတော့သည်။

တစ်နေ့မှာတော့ ဆရာကြီး၏ ကတော် အမေကြီးက -

"ကိုသက်ရှည်၊ ဒီဦးပဥ္စင်းလေးကိုတော့ ကြည့်ရတာ ဖွဲ့ရှိအနွံတာခံလေတော့ သူ့ကို ဆွမ်းဖိုးကွမ်းဖိုးကလေး မပင်ပန်းအောင် လုပ်ပေးလိုက်ရင်တော့ ကောင်းမယ်ထင်ပါတယ်"

လို့ ဆရာကြီးကို နားချလေသည်။

ဆရာကြီးက-

"အေးလေ၊ ငါလည်း စိတ်တော့ ကူးထားပါတယ်။ ဖွဲ့ဆုတော့ ပေးရမှာပေါ့"

လို့ ပြောပြီး--

"ကဲ-မောင်ပဥ္စင်း၊ ဒီနေ့ကစပြီး နောက် ဥပုသ်တစ်ပတ်အတွင်း ဒီကို မလာနဲ့ဦး။ ကျုပ်ခရီးထွက်စရာရှိတယ်၊ တစ်ပတ်ပြည့်တဲ့ရက်မှ ဒီကိုလာခဲ့ပေတော့"

ဟု တစ်ဆက်တည်းမှာကြားလိုက်လေသည်။

ထိုအချိန် တစ်ပတ်အတော အတွင်း ဆရာကြီးက ပဲခူး၊ ရွှေကျင်နယ်ဘက်ကို ခရီးထွက်သွားပြီး ရွှေကျင်နယ်ထွက် တွင်းထွက်ရွှေ (၁) ကျပ်သားကို မိမိငွေကြေးအိတ်စိုက်၍ဝယ်ယူလာပြီး ရန်ကုန်ကျောင်းဆရာတော်လေးကို -

"မောင်ပဥ္စင်း၊ ဒီတွင်းထွက်ရွှေ (၁) ကျပ်သားကို နာလေးတူထည့်ပြီး နာချော်ကုန်အောင်သာချက်ပေတော့"

ဟု ဆိုလေသည်။

ဤသို့ တွင်းထွက်ရွှေ (၁) ကျပ်သားကို နာလေးတူလေးတူထည့်ထည့်ပြီး နာချော်ကုန်အောင် ချော်ချက်လာခဲ့သည်မှာ ရွှေ (၁) ကျပ်သားဟာ နည်းနည်းခြင်း၊ ချော်စားပြီး လျော့လျော့၍ လာခဲ့ရာ သုံးမတ်သားအထိ လျော့လာသည့်အချိန်တွင် ဆရာကြီးမှာ -

"မောင်ပဥ္စင်း၊ ရော့ ဒီမှာ ဒီအတိုအစလေးတွေ။ ဟိုထားဒီထားနဲ့ အလဟဿဖြစ်ကုန်တော့မယ်။ ချော်ချက်တဲ့အခါထည့်ပြီးချက်ပစ်လိုက်ပါ"

ဟု ဆိုပြီး ဖြိုးဖြိုးဖြောင်ဖြောင် နာစလိုလို၊ ပြဒါးခဲအစလိုလိုလေးများ (၁) မတ်သားခန့်ကို ရွှေ (၃) မတ်သားကျန်နေသည့်အထဲသို့ ထည့်ချက်လိုက်ရာ တစ်လုံးထည့်ချက်လိုက်ရုံဖြင့် ချော်ဖြစ်ပြီးကုန်သွားလေသည်။

နောက်ပိုင်းမှာတော့ ရွှေ (၃) မတ်သား၊ ဓာတ်သားကို နာနှင့်ချည်းပဲ လေးတူလေးတူထည့်ထည့်သွားပြီး ချော်ကုန်အောင်ချက်ထုတ်၍သွားခဲ့ရာ မူရင်းတွင်းထွက်ရွှေ (၁) ကျပ်သားဟာ နာနှင့် ချော်ချက်ရင်း တဖြည်းဖြည်းလျော့လိုက်လာရာ -

နောက်ဆုံး (၅) မူးသားသာကျန်တော့သည့်အနေတွင် ဆရာကြီးက ၎င်း



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာ၍ လာဘ်လာဘရှင်စေဖို့
# ဇော်ဂျီတောင်ဝှေးပင်စိုက်ကြစို့

ဦးကိုကိုကြီး(ခင်အေးဒေး)

ဇော်ဂျီတောင်ဝှေးပင်ဟု အဘယ်ကြောင့် အမည်တွင်ရသည်ဆိုရပါသော် ဇော်ဂျီတောင်ဝှေးပင်၏ အနေအထားသည် ဘေးဘယ်၊ ညာ၊ ရှေ့၊ နောက်သို့ အကိုင်း၊ အခက်၊ အလက်၊ အတက်တို့ မထွက်ကြဘဲ အရွက်များကသာ ဘေးဘယ်၊ ညာ၊ ရှေ့၊ နောက်သို့ထွက်ကြပါသည်။

မင်စည်ကတော့ တဖြောင့်တည်း အပေါ်သို့ တည့်မတ်စွာတက်သွားပြီး ပင်စည်အလုံးသည် ဖြောင့်တန်း၍ တောင်ဝှေးအလုံးဆိုဒ်ခန့်ရှိသဖြင့် သူ့ကို ဇော်ဂျီတောင်ဝှေးပင်ဟုခေါ် ဆိုကြခြင်းဖြစ်ပါသည်။

ဇော်ဂျီတောင်ဝှေးပင်မှာ (၄) မျိုး (၄) စားရှိသည်ကို လေ့လာသိရှိရပါသည်။ ရှင်းလင်းအောင်ဖော်ပြရပါလျှင်-

**၁။ ညိုစိမ်းရောင်ဇော်ဂျီတောင်ဝှေးပင်**

ညိုစိမ်းရောင်ဇော်ဂျီတောင်ဝှေးပင်



ဇော်ဂျီတောင်ဝှေးပင်အသီးအစေ့လေးများ

အရွက်၏ရိုးတံမှာ အညိုရောင်ဖြစ်ပြီး အရွက်၏အပေါ်ဘက်ပိုင်းမှာ အစိမ်းရောင်အရင့်ဖြစ်ကာ အရွက်၏အောက်



အနီရောင်ဇော်ဂျီတောင်ဝှေးပင်

ဘက်ပိုင်းမှာ အညိုရောင်ဖြစ်နေ[illegible] သည်။

ဒေါသဖြစ်နေချိန်တွင် ထိုအပင်[illegible]

ရွှေဓာတ်သားကို သေချာစွာ စစ်ဆေးကြည့်ရှုပြီး -

"ကဲ-မောင်ပဥ္စင်း နာချော်နဲ့ချက်နေတာ ဒီမှာတင်ရပ်လိုက်ပေတော့။ ဒီအဆင့်ဆိုရင် မောင်ပဥ္စင်းအတွက် ဆွမ်းကွမ်းအတွက်တော့ မပင်မပန်းဖြစ်သွားပါပြီ"

ဟု ပြောလေသည်။

"နောက်နေ့ကစပြီး ကျုပ်ဆီကို မလာနဲ့တော့။ လုပ်ထုံးစနစ်ကို တစ်ခါတည်းပြောလိုက်မယ်။ ကိုယ်ဉာဏ်ရှိသလိုသာသုံးစားပေတော့။ မဇ္ဈတော် လောဘတော့မတက်လေနဲ့"

ဟုပြောပြီး ပြန်လွှတ်လိုက်လေသည်။

ဒီလိုကနေ ရန်ကုန်ကျောင်းဆရာတော်လေးဟာ ဆရာဒကာအဆက်သွယ်များနှင့် စာရေးသူတို့၏ နယ်ဘက်တွင် ကျောင်းထိုင်အဖြစ် ကျောင်းအပ်ခံရပြီး ကျောင်းထိုင်ဆရာတော်ဖြစ်လာပါသည်။

စာတတ်ပေတတ်အဟောအပြောကလည်းကောင်းလေတော့ ရန်ကုန်ကျောင်းဆရာတော်လေးဟာ တစ်ခဏအတွင်း နယ်ကျော်ရပ်သိဆရာတော်တစ်ပါးဖြစ်လို့လာခဲ့ပါသည်။

သို့သော် ဆရာကြီး ဦးသက်ရှည် ချီးမြှင့်ပေးခဲ့သည့် ဓာတ်လုံးကိုတော့ အချိန်ရတိုင်း ဆရာကြီးမှာကြားခဲ့သည့် နည်းစနစ်အတိုင်း ပုံမှန်ဓာတ်ကစားပြီး ရွှေပင်လို ရွှေပင်စိုက်လမ်းအောင်မြင်ခဲ့လေသည်။

ယခု စာရေးသူတို့ တင်ပြခဲ့သည်တို့မှာ ရန်ကုန်ကျောင်းဆရာတော် ငယ်ဘဝ ရဟန်းပျိုဘဝမှစပြီး စာရေးသူတို့နယ်ဘက်မှာ ကျောင်းထိုင်ဆရာတော်ဘဝအစအထိမှတ်တမ်းဖြစ်ပြီး အောင်မြင်မှုအပေါင်း လယ်ဝယ်ပိုင်ပိုင်ရခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပါသည်။

ထိုအချိန်အခါမှာတော့ ရန်ကုန်ကျောင်းဆရာတော်လေးသည် ရဟ[illegible] ဘဝအနေနှင့်လည်း ကျောင်းထိုင်တ[illegible] ဟော မမှုကထိကအကျော်အမော်[illegible] နေပြီ။

အင်္ဂရတ်ဓာတ်လမ်းဘက်[illegible] လည်း ဆရာကောင်းကို ဥပနိ[illegible] မှီနိုင်သဖြင့် ဓာတ်လမ်းစဉ်ကလ[illegible] အောင်မြင်ထားလေတော့ အတိုင်း[illegible] ထက်အလွန် တံခွန်နှင့်ကုက္ကား ဆို[illegible] လို ရွှေပေါ်မြဆင့် ဘဝတင့်တယ်နေ[illegible] သည်ဟု ပြောရမည့်အနေအထား[illegible] ဖြစ်ပေသည်။

(ဒုတိယပိုင်းကို ဆက်လ[illegible] တင်ပြပေးပါမည်။)

*ဝါသနာရှင်ပညာသင်[illegible]*
*ပညာပြည့်ဝနှလုံး[illegible]*
*ကောင်းကျိုးအလိုဆန္ဒအ[illegible]*
*ပြည့်ဝကြ[illegible]*

မင်းချမ်းမြေ့ ([illegible]



www.burmeseclassic.com

www.burmeseclassic.com

နားသို့သွားထိုင်ပြီး တစိမ့်စိမ့်စိုက်ကြည့်လိုက်ပါက ဒေါသတို့ပြေစေ၊ အေးစေပါသည်။

၂။ ယောဂီရောင်ဇော်ဂျီတောင်ဝှေးပင်

ယောဂီရောင်ဇော်ဂျီတောင်ဝှေးပင်သည် တစ်ပင်လုံးနီ၊ ညိုရောင်များလွှမ်းခြုံနေသည်ကို တွေ့နိုင်ပါသည်။

၃။ အစိမ်းရောင်ဇော်ဂျီတောင်ဝှေးပင်

အစိမ်းရောင်ဇော်ဂျီတောင်ဝှေးပင်သည် တစ်ပင်လုံး အစိမ်းရောင်များအပြည့်ဖြင့်ရှိပြီး မျက်စိ၏အမြင်အာရုံ၌ စိမ်းစိမ်းစိုစိုဖြစ်ကာ ကြည်ကြည်နူးနူးလန်းလန်းဆန်းဆန်း တွေ့ရှိခံစားရမှာဖြစ်ပါသည်။

၄။ အနီရောင်ဇော်ဂျီတောင်ဝှေးပင်

အနီရောင်ဇော်ဂျီတောင်ဝှေးပင်မှာ တစ်ပင်လုံး နီနီရဲရဲရှိနေပြီး လူကြိုက်များသည့်သစ်ပင်ဖြစ်ကာ စိုက်ပျိုးကြသူများကြပါသည်။

ထိုအပင်ကို စိုက်ကြည့်ခြင်းအားဖြင့် ရဲစိတ်ရဲမာန်တို့တက်ကြွသွားသည့်အလား မြင်တွေ့ခံစားသွားရမှာဖြစ်ပါသည်။

ထိုသည်မှာ အပင်၏ထူးခြားချက်အချို့ဖြစ်ပါသည်။

ဇော်ဂျီတောင်ဝှေးပင်တို့အရွယ်များသည် အရောင်ကာလာကွဲခြားနေသည်မှအပ အရွယ်နှင့်ပင်စည်တို့မှာ ပုံသဏ္ဍာန်ချင်းအတူတူပင်ဖြစ်သည်။

အပင်စိုက်ပျိုးမှု မှန်ကန်ပါက (၆) ပေကျော်လောက်ထိ အပင်၏အမြင့်ရှည်ထွက်နိုင်ပါသည်။ အပင်၏အရွက်တို့မှာ အလိုအလျောက်ခြောက်၍ကြွေကျသွားတာမျိုးရှိကြသလို လူတို့မှ အရွက်ခြောက်လာသည်နှင့် လွှာချပြုပြင်ပေးနိုင်ပါသည်။

အလိုအလျောက် ကြွေကျသည်ဖြစ်စေ၊ လူကလွှာချလိုက်လျှင်ဖြစ်စေ၊ ထိုအရွက်ခြောက်များကို ကတ်ကြေးနှင့် သော်လည်းကောင်း၊ ဓားနှင့်သော်လည်းကောင်း၊ အသာအယာနုပ်နုပ်စဉ်း၍ အပင်၏ခြေရင်းတွင် ပုံပေးထားရပါသည်။ ပုံပေးထားသောကြောင့် မြေဆီမြေနှစ်ဖြစ်ကာ ဇော်ဂျီတောင်ဝှေးပင်သည် ပို၍ရှင်သန်ထွားကျိုင်းစေပါသည်။

မိုးကာလမှအပ နွေနှင့်ဆောင်းတို့တွင် ရေသန့်သန့်လေးလောင်းပေးရပါမည်။ ရေသန့်ဆိုသည်ကတော့ သောက်ရေသန့်ကိုပြောတာမျိုးမဟုတ်ပါ။

အညစ်အကြေးရေများ သွန်းလောင်းတာမျိုးမဟုတ်ဘဲ သန့်ရှင်းစွာရှိနေသောရေမျိုးကို ဆိုလိုပါသည်။

ဇော်ဂျီတောင်ဝှေးပင်သည် သန့်ပြန့်မှုအထူးနှစ်သက်ပါသည်။

ဇော်ဂျီတောင်ဝှေးပင်ဖြစ်သည်နှင့်အညီ သန့်ပြန့်မှုပြည့်စုံပါက ဇော်ဂျီတို့က စောင့်ကြပ်သည်ဟု ရှေးလူကြီးသူမများကပြောဆိုကြပါသည်။

သို့အတွက်ကြောင့် နံ့သာဖြူတုံးကိုသွေးကာ အရည်ဖျော်ပြီး ၎င်းရေဖြင့် (၁) လ (၁) ကြိမ်မျှလောက် မဖြစ်မနေလောင်းပေးရပါသည်။

နံ့သာဖြူမရှိပါက ကရမက်ရည်လည်းသုံးနိုင်ပါသည်။

ယခုလို ဇော်ဂျီတောင် ဝှေးပင်အကြောင်းတို့အား ရေးသား တင်ပြနေခြင်း၏အဓိကရည်ရွယ်ချက်မှာ စာရှုသူများအား လာဘ်လာဘအပိုင်း၊ ကျန်းမာရေးအပိုင်းတို့အား သိရှိကြစေရန် ဗဟုသုတမျှဝေလိုသော စိတ်ဆန္ဒတို့ဖြင့် စာရေးသူ လေ့လာ သိရှိထားမှုတို့ကို



အဖူးများဖူးနေသည့် ဇော်ဂျီတောင်ဝှေးပင်



ညိုစိမ်းရောင်ဇော်ဂျီတောင်ဝှေးပင်



အစိမ်းရောင်ဇော်ဂျီတောင်ဝှေးပင်



ယောဂီရောင်ဇော်ဂျီတောင်ဝှေးပင်



အပွင့်များဝေဆာစွာပွင့်နေသည့်
ဇော်ဂျီတောင်ဝှေးပင်



www.burmeseclassic.com

www.burmeseclassic.com

ရေးသား တင်ပြနေခြင်း ဖြစ်ပါသည်။

**□လာဘ်လာဘအပိုင်း**

ဇော်ဂျီတောင်ဝှေးပင်ကို တချို့က အလှစိုက်ပျိုးကြသည်များရှိကြသလို တစ်ပင်ကောင်း သမားရိုးကျစိုက်ကြတာမျိုးလည်းရှိပါသည်။

လာဘ်လာဘအတွက်စိုက်ပျိုးလိုပါလျှင် တစ်ပင်ကောင်းစိုက်တာမျိုးမလုပ်ကြရဘဲ မြေနေရာသန့်သန့်တွင် ဇော်ဂျီတောင်ဝှေးပင် (၄) မျိုးစလုံး စိုက်ပျိုးကြရမှာဖြစ်ပါသည်။

အပင်၏အောက်ခြေမြေသားတွင် တစ်နေ့လျှင် အမွှေးတိုင် (၁) တိုင်ထွန်း၍ ဇော်ဂျီအား အာရုံပြု၍ လှူဒါန်းပေးရပါသည်။

လာဘ်လာဘတိုးတက်တော့မည်၊ ရတော့မည်ဆိုလျှင် ထိုအပင် (၄) ပင်တို့သည် အရွက်များလန်းဆန်းလာပြီး အပေါ်သို့ အမြင့်တက်မှုမြန်ဆန်လာခြင်းများဖြစ်လာပြီး အိမ်ရှင်မိသားစုချမ်းမြေ့သောစိတ်များ တဖွားဖွားပေါ်လာပါလျှင် များမကြာမီ လာဘ်လာဘတစ်ခုခုတော့ဝင်တော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။

အထူးခြားဆုံးအချက်က ဇော်ဂျီတောင်ဝှေးပင်တို့သည် အင်မတန်မှဖူးခဲ၊ ပွင့်ခဲသော အပင်အမျိုးအစားဖြစ်၍ ဖူးလာပြီဆိုလျှင်တော့ စိုက်ပျိုးထားသူမိသားစုတို့မှာ ငါးပါးသီလကို အမြဲဆောက်တည်ထားပါတော့ဟု ရေးသားပြောဆိုလိုပါသည်။

ဘာကြောင့်ဆိုပါလျှင် မကြာမီလာဘ်လာဘသတင်းကြားရတော့မည်ဖြစ်သဖြင့် အဖျက်များဝင်ရောက်တတ်သောကြောင့် ငါးပါးသီလကိုလုံခြုံထားဖို့ရန်လိုပါသည်။

သို့မှသာ လာဘ်လာဘသတင်းကြားသိရပါမည်။ သို့မဟုတ်ပါက ဝမ်းနည်းသွားရပါလိမ့်မည်။

ဇော်ဂျီတောင်ဝှေးပင်၏အဖူးဖူးခြင်း၊ အပွင့်ပွင့်ခြင်းတို့အား လူအများစုမှာမမြင်ဘူးကြပေ။ မြင်ဖူး၊ တွေ့ဖူးကြစေရန်လည်း စေတနာရှေ့ထား၍ ဓာတ်ပုံရိုက် ဖော်ပြထားပါသည်။ အပွင့်များပွင့်လာကြပြီဆိုလျှင်တော့ လာဘ်လာဘဝင်ရောက်ရန် သေချာပြီဟုမှတ်ယူပါ။

လာဘ်လာဘဝင်လာဖို့ကိုတော့ အချိန်ကာလ အတိုင်းအတာတစ်ခုကိုတော့ စိတ်ရှည်ရှည်ထားစောင့်ပါမည်။

(၁) နှစ်တန်သည် (၂) နှစ်တန်သည်ကြာတတ်ပါသည်။

ထိုကြာသည်ကို စိတ်မပျက်အားမငယ်ကြဘဲ မိမိတို့ပြုလုပ်ရမည့် ဝတ္တရားများကိုသာ ပုံမှန်ဆက်လက်ကြိုးစားလုပ်သွားကြရမည်ဖြစ်သည်ကိုတော့ စိတ်ဓာတ်ကြံ့ခိုင်စွာရှိဖို့လိုပေလိမ့်မည်။

ယခုရေတွင်းတူး၊ ယခုရေကြည်သောက်ခြင်းမျိုးတော့မရနိုင်ပါ။ ဒါကိုလည်းနားလည်ရန် အထူးလိုအပ်မှာဖြစ်ပါသည်။

ဇော်ဂျီတောင်ဝှေးပင်မှအပွင့်ပွင့်လာပြီး အပင်များလန်းလန်းဆန်းဆန်းဖြစ်လာခြင်းတို့သည် အတိတ်ကောင်းနိမိတ်ကောင်းတို့ကို ကြိုတင်ပြသည်ဖြစ်၍ ငါတို့တော့စီးပွားတက်တော့မည်ဆိုသည့်ကို စိုက်ပျိုးသူများမှ သတိထားကာ မေတ္တာသုတ်၊ ရတနာသုတ်တို့ကိုနေ့စဉ် ဇော်ဂျီတောင်ဝှေးပင်များရှိရာတွင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ ယုံကြည်စွာ လုပ်ဆောင်၍ ယုံကြည်စွာဆောင်ရွက်ကြပါက မုချမသွေ လာဘ်လာဘတို့ သင့်ထံရောက်ရှိလာပါလိမ့်မည်။

အိမ်ထောင်စုတစ်ခုသည် စီးပွားဉစ္စာလာဘ်လာဘတို့တိုးတက်ရန် အလွန်မှပင် လိုအပ်ပါသဖြင့် ဇော်ဂျီတောင်ဝှေးပင်စိုက်ပျိုးခြင်းဖြင့် လာဘ်လာဘတို့ရောက်ရှိလာပါလိမ့်မည်ဟု စာရေးသူရေးသား အကြံပြု တင်ပြ မျှဝေလိုက်ရပါသည်။

**□ ကျန်းမာမှုအပိုင်း**

ဇော်ဂျီတောင်ဝှေးပင်ဖူးရာမှပွင့်၊ ပွင့်ရာမှသီး၊ သီးရာမှခြောက်လာသောအခါ စွန့်မပစ်ပါနှင့်။

ဇော်ဂျီတောင်ဝှေးအသီးအစေ့လေးများကို တချို့သော ငှက်ကလေးများမှ ဆေးအဖြစ် စားသုံးတတ်ကြသည့် အတွက် ငှက်ကလေးများမစားနိုင်အောင် လူကခြောက်လှန့်ပေးရပါမည် သို့မဟုတ်ပါက ဆန်ခါလေးဖြင့်အုပ်စွပ်ထားရပါမည်။

ခြောက်သွေ့သွားသော ဇော်ဂျီတောင်ဝှေးအစေ့များသည် ဇော်ဂျီမှဆေးပေါင်းခပေးခဲ့သည့်အတွက် အစွမ်းရှိသောဆေးများ ဖြစ်နေပါသည်။ သို့အတွက်ကြောင့် ထိုအစေ့များကိုအမှုန့်ပြုလုပ်ကာ ပုလင်းသန့်သန့်ထဲသို့ထည့်၍ ဘုရားကျောင်းဆောင်ပေါ်တွင် သိမ်းဆည်းထားပါ။

ဥပမာတစ်ခုပြောရပါလျှင် ပါရာစီတမောလ်သောက်ရမည့်ရောဂါဖြစ်ပါက ဇော်ဂျီတောင်ဝှေးဆေးမှုန့်နှမ်းစေ့ (၁) စေ့စာထည့်ပြီး သောက်သုံးပါက (၃) ရက်နှင့်ပျောက်မည့် ရောဂါရှင်သည် (၂) ရက်တည်းနှင့် သက်သာပျောက်စေပါသည်။ ကျန်သည့်ရောဂါပျောက်ဆေးများလည်း ဤသို့ပင်ဖြစ်၏။

လိမ်းဆေးအသုံးပြုရာတွင်လည်း ဥပမာ ညှော်ခံမြစ်နှင့်လိမ်းပြီး ပျောက်ရမည့်အနာမျိုးဆိုပါတော့ ညှော်ခံမြစ်သွေးထည့်ထားသည့် ဇော်ဂျီတောင်ဝှေးဆေးမှုန့်နှမ်းစေ့ (၂) စေ့ခန့်ထည့်ပြီး လိမ်းပေးပါက အမြန်ဆုံး သက်သာပျောက်ကင်းစေလေသည်။

ကျန်သည့် လိမ်းဆေးများသည်လည်း ထိုနည်းအတူပင်ဖြစ်ပါ၏။

သို့သော် ဇော်ဂျီတောင်ဝှေးပွင့်သည် အင်မတန်မှပွင့်ခဲသောအပွင့်ဖြစ်သဖြင့် ရှားပါးသောဆေးအမျိုးအစားထဲတွင် ရှိပါသည်။

တချို့သော ဗိန္ဒောဆရာကြီးများဆိုပါလျှင် ဇော်ဂျီပေးသောဆေးဖြစ်၍ သူတို့ဆေးဖော်စပ်ရာတွင် အသုံးပြုကြရန် အင်မတန်မှလိုချင်လှသဖြင့် လိုက်လံရှာဖွေနေသောဆေးပင်ဖြစ်ကြပါသည်။

ခြုံငုံ၍ ရေးသားတင်ပြရပါသော် သူရဋ္ဌမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များ စီးပွားဉစ္စာလာဘ်လာဘတိုးကြပါစေ၊ ရလာသောစီးပွားများ ခိုင်မြဲကြပါစေဆိုသော စိတ်ဆန္ဒအပြည့်ဖြင့် မိမိဉာဏ်ရှိသရွေ့ ဤဆောင်းပါးအားရေးသား တင်ပြထားခြင်းဖြစ်ပါသောကြောင့် သမားရိုးကျ အလှစိုက်ပျိုးခြင်းထက် လာဘ်လာဘတိုးတက်ကြစေရန် စိုက်ပျိုးကြပါဟု အကြံပြုရေးသားတင်ပြလိုက်ရပါပေသည်။

ဇော်ဂျီတောင်ဝှေးအပင်များ၏ လက်တွေ့စိုက်ပျိုးအောင်မြင်မှုတို့အား သိလိုသမျှ ဖြေကြားပေးပါသော အေးချမ်းသာယာ (၁)၊ ကစစ (၁၂) ရှိ ဒေါ်ညိုညိုအား ကျေးဇူးအထူးတင်ရှိပါ ကြောင်း။

သူရဋ္ဌမဂ္ဂဇင်းကြီးနှင့်တကွ
စာဖတ်ပရိသတ်များအား
အစဉ်လေးစားလျက်

ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)ဝင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပျံ့ရသေ့တို့ကို ရှေးဦးစွာ ရခိုင်ဝိဇ္ဇာဓိုရ်ကြီးများအဖြစ် ဖော်ညွှန်းလေ့ရှိကြသည်။ နောက်ဓညဝတီမြို့တည်ဘုမ္မိနက်သန်ကို ညွှန်ပြသော ရှင်နာဂိန္ဒရသေ့၊ ဒွါရာဝတီမှ ကဏှဒီပါယရသေ့၊ ရမ္မာဝတီက ကလိင်္ဂရသေ့၊ မေဃဝတီက ဒီပရသေ့၊ တောင်ကုတ် မဟူရာတောင်က စိတ္တရရသေ့၊ ဝိတ္တရရသေ့တို့အပြင် မဟာဗန္ဓုတရသေ့၊ သစ္စာဗန္ဓုရသေ့၊ ဂန္ဓာမာဒနရသေ့တို့ကိုလည်း ကနဦး ရခိုင်ဝိဇ္ဇာဓိုရ်ကြီးများ (ဝါ) ဓညဝတီခေတ်ဝိဇ္ဇာဓိုရ်ကြီးအဖြစ်ဖော်ပြလေ့ရှိကြသည် ဖြစ်၏။

ကြီးသောအရေးကြီးသောအချက်တစ်ခုမှာ အဆိုပါ ရခိုင်ဝိဇ္ဇာဓိုရ်အတတ်သည် ဝေသာလီခေတ်တွင် အထူးကြောင့် ဝိဇ္ဇာဓိုရ် (၃၀) ဖြစ်သွားခဲ့ကြသည်ဟူ၏။ နောက်အရေးကြီးသောအချက်တစ်ခုက ဝေသာလီနေပြည်တော်၌ ဝိဇ္ဇာဓိုရ်များ၏ အစွမ်းကြောင့် မင်းတစ်ဆက်မှာ တစ်ကြိမ်စီနှင့် မင်းကိုးဆက်တိုင် ရွှေမိုး၊ ငွေမိုး၊ ရတနာမိုး ရွာသွန်းစေခဲ့သည်ဟူ၏။

ဤတွင် နှိုင်းယှဉ်စရာတစ်ခုက အရိမဒ္ဒန ပုဂံခေတ်ဦးတွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏အစွမ်းဖြင့် ရွှေမိုး၊ ငွေမိုး ရတနာမိုးရွာသွန်းခဲ့သည်ဆိုခြင်းကိုပင် ဖြစ်၏။ စင်စစ် ဤဝေသာလီခေတ်သည် ပုဂံခေတ်ဦးနှင့် ခေတ်ပြိုင်ဖြစ်သည်။ မှတ်သားစရာနောက်တစ်ခုက ရခိုင်ဝိဇ္ဇာဓိုရ်တို့က ဝေသာလီ

# ဖုန်းရှိအောင်

## ရခိုင်ဝိဇ္ဇာဓိုရ်များနှင့်
## ရခိုင်ဝိဇ္ဇာဓရဆေးဝါးဆိုင်ရာပုံရိပ်တချို့

ယခုရခိုင်ပြည်နယ်တွင် ရှေးအခါ ဒ္ဓပူရတိုင်း ရက္ခိုင်ပြည် (ရှေးရခိုင် သည် လွတ်လပ်သော တိုင်းပြည် တည်ထွန်းခဲ့လေသည်။ ဤ င်ပြည်ကြီးသည် (ဘီစီ ၃၅၅ ခုနှစ် ဒီ ၁၇၈၄) ခုနှစ်တိုင် ဓညဝတီ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ ဦးခေတ်ဆိုပြီး ဖြစ်တည်ထွန်း ခဲ့လေသည်။

ဤနေရာမှာ အထူးတလည် ပြ ညွှန်းဆိုချင်သည်က ဤရှေး ်ကြီးတွင် ဝိဇ္ဇာဓိုရ်အတတ်ခေါ် အတတ်သည် ရခိုင်သမိုင်းစဉ် စ်လျှားတွင် တစ်စုံတစ်ရာ အတာအထိ ထွန်းကားစည်ပင် သော အကြောင်းခြင်းရာကိုပင် ဤသည်ကို မိတ်ဆက်မြွက်ဆိုရ ပွကပ္ပ၊ သေလာကပ္ပ၊ ဝေဒိသ္သ၊ ခမာ၊ ဒိသာပ၊ သိခါရ စသော

အထွတ်အထိပ်အမြင့်မားဆုံးရောက်ခဲ့ဟန်တူသည်။ ဝိဇ္ဇာဓိုရ်ထွက်ရပ်လမ်းပေါက်မြောက်သူများလည်း အတော်ကြီးများပြားခဲ့ဟန်တူသည် ဝေသာလီမြို့တည်နန်းတည် မဟာတိုင်းစန္ဒြာမင်းကြီးနှင့် သူ၏သမီးတော် စောပြည့်ညို (ဝေသာလီမင်းသမီး) တို့ ထွက်ရပ်ပေါက်မြောက် ဝိဇ္ဇာဓိုရ်များဖြစ်ကြသည်ဟု ဆိုကြသလို ဝေသာလီဘုရားမဲ့ဆရာတော် အဂ္ဂမဟာသမာဓိ၊ ဝေသာလီဘုရားဂရာဆရာတော်အဂ္ဂမဟာသမိတို့သည်လည်း အင်းဝိဇ္ဇာဓိုရ်များအဖြစ် ထွက်ရပ်ပေါက်မြောက်သွားခဲ့ကြသည်ဟု ဆို၏။

ထို့ပြင် ဝေသာလီနေပြည်တော် (ယခု ရခိုင်ပြည်နယ် မြောက်ဦးမြောက်ဘက် ငါးမိုင်ခန့်အကွာရှိ) ၏ အရှေ့တောင်ဘက်၊ သင်းကျစ်တောင်တန်း၏ အရှေ့ဘက်၊ ဇော်ကျီမြောင်နှင့် ညောင်ချဉ်မြောင်တို့ဆုံရာ ဥမင်သုံးဆယ်တွင် ရသေ့အပါး (၃၀) တို့သည် ကျင့်ကြံပွားခဲ့သဖြင့် ထွက်ရပ်ပေါက်သွားခဲ့သော နေပြည်တော်ကို သို့ကလို အကျိုးပြုခဲ့သည်ကို အကြောင်းပြု၍ မင်းနှင့်ပြည်သူတို့က ဝိဇ္ဇာဓိုရ်ရုပ်ပုံများပါ ဒင်္ဂါးများကို သွန်းလုပ်လျက် ချီးမြှောက်ဂါရဝပြုခဲ့ကြသည် ဟူ၏။ ပသို့ပင်ဆိုစေ ဝေသာလီခေတ်တွင် ပေါ်ထွန်းခဲ့သော ရခိုင်ဝိဇ္ဇာဓိုရ်များထဲတွင် -

၁။ သီဒါဒေဝ၊
၂။ သုဓမ္မာလင်္ကာရ၊
၃။ ခေမာဝရ၊
၄။ သုဒိဗ္ဗ။
၅။ သုမင်္ဂလ၊
၆။ ရေဝတ၊
၇။ အနောမဒဿီ၊
၈။ ဒဿီ၊
၉။ ဝါရုဏာ၊
၁၀။ သာမ၊
၁၁။ ဒေဝရာဇာ၊
၁၂။ ဒေဝသိဒ္ဓိ

ဟူသော သီဒါဒေဝအမှူးပြုသော ဝိဇ္ဇာဓိုရ် (၁၂) ပါးသည် အထင်ရှားဆုံးဖြစ်သည်။ ထိုအထဲမှ သီဒါဒေဝဝိဇ္ဇာကြီး



www.burmeseclassic.com

www.burmeseclassic.com

သည် ဒေဝဂန္ဓာရီတောင်တော်သမိုင်းနှင့် ဝိဇ္ဇာသယသြသဓဆေးကျမ်းတို့ကို ရေးသား ပြုစုစီရင်ခဲ့သည်ဟု အဆိုရှိသည်။

ဆိုခဲ့သလိုပင် ဒေဝရာဇာရသေ့ကြီးသည် မန္တန်ဝိဇ္ဇာမိုရ်အဖြစ်နာမည်ကြီးခဲ့သလို ခေမာရသေ့၊ သာမရသေ့၊ သီခါရသေ့တို့သည်လည်း ဆေးဝိဇ္ဇာမိုရ်အဖြစ် ထင်ရှားခဲ့သည်။ ထိုပုဂ္ဂိုလ်များသည် ရှေးဦးဝိဇ္ဇာဓရဆေးကျမ်းများ ရေးသားခဲ့သည်ဟု ပြောဆိုမှုများရှိသည်။ သီဒါဒေဝဝိဇ္ဇာမိုရ်သည် အဆိုပါဆေးကျမ်းများကိုမှီငြမ်းလျက် ဒေဝဂန္ဓရီတောင်တော်ဦးသမိုင်း၊ ဝိဇ္ဇာသယသြသဓဆေးကျမ်းများကို ပြုစုခဲ့သည်ဆိုသောပြောဆိုမှုရှိပါသည်။ ယခု အဆိုပါ ဆေးကျမ်းတို့မှတချို့ကို အမြည်းအစမ်းသဘောအားဖြင့် ကောက်နုတ် ဖော်ပြချင်ပါသည်။

ထိုရခိုင်ဝိဇ္ဇာဓရဆေးကျမ်းတို့တွင် အစွမ်းအထက်ဆုံးဆေးဝါးများ (ဆေးပင်ဝါးပင်များ) အဖြစ် ကန့်ချုပ်နက်၊ ရွက်နု၊ ရောဒန္တီ၊ ဇလပ်နီ၊ ရွှေသန္တာ၊ တိန္ဒုဇေတ၊ ကုန္ဒသူရိယ၊ ရောဝ၊ ကူဓ၊ အမရဝတီ၊ ဓါလာသီရိ၊ ဘီသေန၊ ဝက်ခေါက်၊ တိမ်ရောင်ခြည်၊ တိမ်ရောင်လျှံ၊ နွယ်နက်၊ နွယ်ဓန်း၊ နွယ်ခြုံညို၊ ပုလဲ ရွက်သိမ်အနီ၊ (ရုံ့ကျူ)၊ ဆေးတံခြည်း၊ ဆေးပုဏ္ဏား၊ မြိုက်ဖလိ၊ တကွက်မြင်းသီးစသည်တို့ကို ဖော်ပြထားသည်ကို တွေ့ရပေသည်။

ထိုဆေးပင်တစ်မျိုးမျိုးကိုရလျှင်ပင် စိန်၊ လက်ခါး၊ သံ၊ ပြဒါးတို့ကိုသေစေတတ်သည်၊ သိဒ္ဓိအမျိုးမျိုးကိုပြီးတတ်သည်။ (တံချို့) နတ်တို့ထက်ပင် တန်ခိုးကြီးတတ်သည်။ ထို့ကြောင့် နတ်တို့က ကွယ်ဝှက်ထားတတ်သည်။ တစ်နည်းပြောရလျှင် ထိုဆေးပင်များကို ရှာဖွေသူများသည် (ဝါ) ထိုဆေးပင်များဖြင့် ဆေးစီရင်မှုများသည် နတ်တို့၏ တစ်နည်းမဟုတ်တစ်နည်းဖြင့် အန္တရာယ်ပြုခြင်းကိုခံရတတ်သဖြင့် ထိုသူများအတွက် ထိုဆေးကျမ်းများတွင် ရှာဖွေလိုသော ဆေးပင်များ၏အသွင်သဏ္ဍာန်အရောင်အသွေးအနံ့အရသာများ၊ ထိုဆေးပင်များ၏ အကျိုးကျေးဇူး၊ ထိုဆေးပင်များရရှိနိုင်သည့် နေရာဒေသများ၊ နက်မြင်နတ်ကြောက်၊ နတ်ချစ်နတ်ဆေးမန္တန်၊ နတ်၊ စုန်း၊ ဘီလူးနှင့်တကွကျား၊ ဆင်၊ မြွေအပါအဝင် တောရဲကောင်များ စသော အန္တရာယ်ပြုတတ်သောသတ္တဝါတို့အား မြင်တွေ့ကာကွယ်ပေးနိုင်သော မျက်ကွင်းဆေးအစီအရင်၊ ဆေးပင်သွားရှာစဉ် အန္တရာယ်ကာကွယ်ပေးနိုင်သောအကာဆေးအစီရင်၊ နတ်တို့ ကွယ်ဝှက်ထားသောဆေးပင်များ၊ ပစ္စည်းများနှင့် ကိုယ်ဖျောက်ထားသောနတ်တို့အား တွေ့မြင်နိုင်သည်။ မျက်စဉ်းမျက်ကွင်းဆေးအစီအရင်၊ ရန်ပြုလိုသောစကား၊ မနာလိုသောစကားတို့ကိုဘယ်လောက်ဝေးဝေး၊ ဘယ်လောက်တိုးတိုး ကြားရသည့် ဆေးအစီအရင်၊ ဝိဇ္ဇာမိုရ်များသာ ကိုင်ဆောင်ရသည့် သီရိဒက္ခာသောဓတောင်ဝှေးအစီရင်တို့ကို ဖော်ပြထားသည်ဆို၏။ သီရိဒက္ခာသောဓတောင်ဝှေးစွမ်းအင်သည် နတ်တို့စိုးကြောက်ထိတ်လန့်စေသည်။ တောတောင်ရေမြေကျွန်းလုံးအနှံ့လှည့်လည်သွားလာသော်လည်း ဘေးရန်မရှိဖော်ကို၊ ဝိဇ္ဇာတို့ကပင် အရိုအသေပေးအကူအညီပေးရသည်။ နတ်တို့ထံမှ လိုအပ်သော ဆေးပင်များကို တောင်းခံပါက ပေးနှင်းလာတတ်သည်။ သံသေပြဒါးသေမြေလျှိုးမိုးပျံနိုင်သည် အစခပ်သိမ်းတို့ကို ဖြစ်ထွန်းစေနိုင်သည်ဟူ၏။

ဤနေရာမှာ အထူးတလည်ဖော်ညွှန်းချင်သည်က အစွမ်းသတ္တိထက်မြက်လွန်းလှပြီး စီရင်တတ်လျှင် နတ်တို့၏တန်ခိုးဣဒ္ဓိပါဒ်တို့ကိုပင် လွှမ်းမိုးချုပ်ချယ်နိုင်စွမ်းရှိသဖြင့် နတ်တို့ကကွယ်ဝှက်ဖုံးဖျောက်ထားခြင်းကိုခံရသော ရခိုင်ဝိဇ္ဇာဓရဆေးပင်များ (ဝါ) နတ်ဝှက်ဆေးပင်များမှာ တချို့အကြောင်းကိုပင် ဖြစ်၏။

ယင်းတို့မှာ -

□ ကန့်ချုပ်နက်

ကန့်ချုပ်နက်ပင်နှစ်မျိုးရှိသည်။ တစ်မျိုးမှာ အမြစ်၊ အရိုး၊ အရွက်၊ အပွင့်တို့ အိုးမည်းကဲ့သို့ရှိ၏။ နောက်တစ်မျိုးမှာ အမြစ်၊ အရိုးနက်လျက် အပွင့်မှာပုဏ္ဏရိက်အပွင့်ကဲ့သို့ရှိ၏။ ထိုနှစ်မျိုးစလုံးသည် အကျိုးအတူတူသာ ဖြစ်၏။ အရသာမွှန်မြတ်၏။ ၎င်းအမြစ်၊ အရိုး၊ အရွက်၊ အပွင့်ကိုစားလျှင် အနာရောဂါ ဟူသမျှကင်း၏။ (၁၅) နှစ်အရွယ်အသွင်ရှိ၏။ အင်္ဂါချို့တဲ့သော်လည်း အင်္ဂါပြည့်စုံ၏။ စီရင်တတ်လျှင် အသက်အလွန်ရှည်၏။ မြေလျှိုးမိုးပျံနိုင်၏။ နာနာရုပ်ဖန်ဆင်းနိုင်၏။ စိန်သေပြဒါးသေ၏။ ရွှေဖြစ်၏။ ဝိဇ္ဇာမိုရ်အဖြစ်ရောက်နိုင်၏။

□ ရွက်နုပင်

နှစ်မျိုးနှစ်စားရှိသည်။ ယင်းတို့ အကျိုးအတူတူသာ ဖြစ်သည်။ ပထမ တစ်မျိုးမှာ အခေါက်ဖြူ၏။ အရွက် ယှောင်းယှောင်းလပ်လပ်ရှိ၏။ ရွက်နုအဝမ်း၌ တံစဉ်သွားကဲ့သို့ရှိ၏။ နောက် တစ်မျိုးမှာ ပင်းရင်းတွင် ဖြူစူးကဲ့သို့ အညှောက်ရှိ၏။ အခက်အရွက်တို့သည် စိမ်းစိမ်းရွှေရွှေရှိ၏။ အပွင့်ကား ပေါ လွင်သော အနီရောင်ရှိ၏။ အမြဲတစေ အရွက်များနုဖတ်နေသည်။ ထို့ကြောင့် ရွက်နုပင်ဟုခေါ်သည်။ ထိုအရွက်တို စားကြည့်ချိုမြနေမည်။ ထမင်းထုပ်တ ၎င်းအပင်တွင် ချိတ်မိ၊ တွဲမိ၊ ညှပ်မိ ထားမိလျှင် မှုလပြန်ပြီးချက်ထားသော ထမင်းသည် ဆန်ပြန်ဖြစ်သွားသည်။ ချက်ထားသောငါးများသည် အရှင် အတိုင်းသက်ရှိငါးများ ပြန်ဖြစ်သွားသည် ဟူ၏။ ထိုရွက်နုပင်၏ ပဥ္စငါးပါးတ သေသောသတ္တဝါများကို ခွံ့ကျွေးလျှင် အသက်ပြန်ရှင်နိုင်သည်။ ထိုရွက်နုပင်၏ ပဥ္စငါးပါးကို စီရင်တတ်လျှင် အသက် အလွန်ရှည်သည်။ အနာရောဂါကင်းသည်။ ရုပ်ပျိုတိုယ်နုသည်၊ မြေလျှိုးမိုးပျံနိုင်သည်။ ရှေ့ဖြစ်နောက်ဖြစ်ကို သိမြင်နိုင်သည်။ သူ့အကြံအစည်များကို သိနိုင်သည်။ ဓာတ်လေးပါး၌ပစ်သော် သိဒ္ဓိပြီးသည်။ပြဒါးသေသည်။ ဝိဇ္ဇာမိုရ်ဖြစ်သည် ဟု ဆိုထားပေသည်။

□ ရောဒန္တီဆေးပင်

အဖြူ၊ အနီ၊ အရွှေ၊ အနက်လေး မျိုးရှိသည်။ နွယ်ယောင်ပင်ယောင်ဖြစ် သည်။ အရွက်သည် အစိမ်း၊ အရွှေ အညို၊ အနီ အရောင်လေးမျိုးရှိသည်။ ရာသီမရွေး အရည်ယိုတတ်သည်။ ယူဆောင်သော လူသားတို့က သူတို့ ဆောင်သဖြင့် ငိုယိုဘည်ဟု ယူဆ သဖြင့် ရောဒန္တီ (မျက်ရည်ယို) ဟု ခေါ်ဆိုကြသည်ဟူ၏။ ဤရောဒန္တီပင် ကို ပတ္တမြားမျက်ရှင်တို့ လာစား ရှိသည်ဆို၏။ ဤရောဒန္တီပင်အ မာလနွယ်ပင်တို့ရှိတတ်သည်။ ဤ ဒန္တီပင်၊ ကန့်ချုပ်နက်ပင်၊ ရွက်နုပင် ရှိရာ၌ ဇလပ်နီရှိတတ်သည်။ ထို အနီမှာ ဂေါလာဂီရိရှိတတ်သည်။ ရောဒန္တီပင်ကို တောင်ဝှေး၊ ဆေး ပုတ် စီရင်အသုံးပြုကြသည်ဟူ၏ ... သီရိဒက္ခာသောဓတောင် ဤရောဒန္တီပင်နှင့်စီရင်ဟန်တူ





www.burmeseclassic.com

www.burmeseclassic.com

**□ ရွှေသန္တာပင်**

နွယ်ယောင်ပင်ယောင်ဖြစ်သည်။ သန္တာကဲ့သို့ စေ့စေ့ချင်းချင်းရှိ၏။ ရွက်လှရိုးနီ၊ မိုးလှသန္တာဟုလည်း ခေါ်၏။ အမြစ်မှာ ဆေးဒန်းအရောင်၊ အပွင့်မှာ မြစိမ်းရောင်ရှိသည်။ တစ်ဆစ်တွင် တစ်ဖက်တစ်ရွက်စီရှိ၏။ အရွက်ယောင်းယောင်း၊ အထက်စိမ်းစိမ်း၊ အောက်ကြွံကြွံရှိ၏။ ရွက်နားရွက်ကြောနီ၏ရွက်နားပန်း၍ တံစဉ်သွားကဲ့သို့ရှိ၏။ လဆုတ်လျှင် အရွက်ကြွေ၍ လဆန်းလျှင်အရွက်ထွက်၏။ အပွင့်သည် သစ္စာပန်းနှင့်တူ၏။ အသီးသည် တောင်သလဲသီးနှင့်တူ၏။ တန်ခူးလတွင် သီးပွင့်၏အနံ့သည် ကုံကော်ပန်းနံ့ရှိ၏။ အရသာသည် ချို၏။ သုံးဆောင်လျှင် အသက်ရှည်၍ ကြံ့ခိုင်၏။ သွေးလိမ်း၊ ငုံဆောင်က အကျိုးအမျိုးမျိုးပြီးစေနိုင်၏။

**□ ကျူထစ်ကျူနယ်(သျှမ်းပလဲ)ပင်**

ငရန့်ကျူပင်ဟုလည်းခေါ်သည်။ မိဿလင်ပင်၊ ချင်းပင်လိုလို၊ ကျူပင်လိုလိုရှိ၏။ အပွင့်၊ ဖြူ၊ နီပွင့်၏။ မိုးဦးကျပေါက်၍ တော်သလင်းလတွင်ပွင့်ကာ တန်းဆောင်မုန်းလတွင် သေ၏။ ဤဆေးပင်ကို လဆုတ်တွင် စီရင်သော် ရွှေ ငွေပျော်စေနိုင်၏။ လက်ချားသေတို့ အစာကျွေး၍ငုံသော် မြေလျှိုးမိုးပျံနိုင်၏။ နာနာရုပ်ဖန်ဆင်းနိုင်၏။ အနာရောဂါကင်း၏။ ရောဒဏ္ဍီဆေးပင် အကျိုးနှင့်အလားတူ၏။

**□ ပုလဲရွက်သိပ်ပင်**

အဆင်းကား ခေတ္တာပန်းနှင့်တူ၏။ အရွက်ကား မြရောင်ကဲ့သို့ရှိ၏။ အပွင့်ဖြူစင်စွာရှိ၏။ အမြစ်သန္တာကဲ့သို့ရှိ၏။ အရသာချိုချိုရှိ၏။ အစေ့ပန်းရည်ကဲ့သို့ရှိ၏။

**□ သီရိဒန္တပင်**

အဆင်းကား အရိုး၊ အရွက်တို့သည် ရွှေရောင်ကဲ့သို့ရှိ၏။ အပွင့်ညိုစွာရှိ၏။ အသီးမည်းမည်းရှိ၏။ အစေ့နီကဲ့သို့ရှိ၏။ အနံ့ နံ့သာကဲ့သို့ရှိ၏။ အရသာများကဲ့သို့ရှိ၏။

**□ ဂေါလဂီရိဆေးပင်**

ဇလပ်နီပင်နှင့် များစွာမကွာဝေးလှပေ။ အဆင်းကား အပင်နီလာကဲ့သို့ အရွက်မြအလား၊ အသီးဟင်္သာကဲ့သို့ရှိ၏။ အရသာပျက်ပျက်၊ အစေ့နီရည်ကဲ့သို့ ရှိ၏။ ဇလပ်နီပင်၊ ကန့်ချုပ်နက်ပင်၊ ရောဒဏ္ဍီပင်၊ ရွက်နုပင်တို့ အနီးအနားတွင် ပေါ်ရောက်တတ်သည်။

**□ သောလောက်(ပေါက်လောက်)နတ်ဆေးပင်**

အဆင်းဝါးရွက်နှင့်တူ၏။ အပွင့်ကား သစ္စာပွင့်၊ အသီးကား သလဲသီး၊ အပင်၊ အရွက်၊ အမြစ်တို့သည်လည်း အိုးမဲကဲ့သို့ရှိ၏။ အပွင့်နီ၏။ အရသာခါး၏။ အုတ်ကျောက်ထက်၌ပေါက်တတ်သည်။

**□ ဆေးသပွာယ်ပင်**

အရွက် သဇင်ရွက်၊ အသီး သဇင်သီး အလားတူ၏။ အစေး ရေကဲ့သို့ထွက်၏။ အနံ့ပဲနံ့သာနှင့်တူ၏။ အရသာချိုဆိမ့်၏။

**□ ဆေးပန်းတောင်းပင်**

ကျောက်ကျောကျောက်ပွင့်နှင့်တူ၏။ အနံ့ညှီ၏။

**□ ဆေးညောင်ပင်၊ ဆေးဗောဓိပင်**

ဆေးညီအစ်ကိုဟုလည်း ခေါ်သည်။ ဆေးဗောဓိကား ဖုံးမသိန်ကဲ့သို့ မွေး၏။ ဆေးညောင်ကား ညှီ၏။ မမွေး။ ဆီးရွက်နှင့်တူ၏။ အပွင့်ကား ဒန်းပွင့်နှင့်တူ၏။

**□ ဆေးပုဏ္ဏားပင်**

အရွက်အပွင့်တို့ ဟင်းလင်းကန်နှင့်တူ၏။

**□ သိန္ဓုဝီပင်**

အရိုး ရွှေ၊ အရွက် မြရောင်၊ အဆင်းကို ရွှေသဏ္ဍာန်၊ အပွင့်ဟသ်ပဒါးကဲ့သို့ရှိ၏။ အသီးကိန္ဒရောင်၊ အနံ့ကတိုးနံ့၊ အကျိုးကား အသက်အသခ်ျရှည်၏။ စိတ်ရှိရာရောက်နိုင်၏။ ပျံနိုင်၏။ ပြဒါးသေ၏။

**□ ရွှေစင်နှစ်ပင်**

အရိုး ဟင်္သာ၊ အရွက် ဥဒေါင်းရင်ကဲ့သို့၊ အသီး နတ်ရုပ်ကဲ့သို့၊ အပွင့်ညှာစိမ်းပွင့်၊ အစေးနီရည်ကဲ့သို့၊ အရသာ ဆယ်ပါးရှိ၏။ ပျံနိုင်၏။ ဆေးနှင့်ကိုယ်နှင့် စိတ်ခွဲနိုင်၏။ အူကိုပြောင်းပြန်လှန်၏။ ဆေးကြောနိုင်၏။ အူကိုပြောင်းပြန်လှန်၍ ဆေးကြောနိုင်၏။ စားက အသက်ရှည်၏။

**□ ဇလပ်နီပင်**

အရိုး၊ အရွက်၊ အပွင့်တို့သည် ဟင်္သာကဲ့သို့ရှိ၏။ စွေ့စွေ့ရှိ၏။ လက်ကိုင်လျှင် ကိုယ်ပျောက်၏။ အမြစ်ကို သွေး၍ မျက်စိကွင်း၍ကြည့်သော် နတ်တို့ကို မြင်၏။ နတ်ဝှက်သောဆေးဝါးတို့ကို မြင်၏။ အဂ္ဂိရတ်လည်းဖြစ်၏။ ကန့်ချုပ်နက်ပင်၊ ရောဒဏ္ဍီပင်၊ ဂေါဂီရိပင်တို့အနီးအနားတွင် ပေါက်ရောက်တတ်၏။

**□ ဆေးဖြူ၊ ဆေးနီ၊ ဆေးမဲ၊ ဆေးဝါ**

ဆေးနီကာ ကြံ့ (ဂြံ့စာ) ပင်ကဲ့သို့ ပေါက်၏။ အပွင့်အသီးဝါဝါရှိ၏။ အဥ ပယင်းရောင်ရှိ၏။ ဆေးဖြူကား အရွက် အခက် အမြစ် အရိုး ထုံးကဲ့သို့ဖြူ၏။ အဥ သဖန်းသီးကဲ့သို့ရှိ၏။ အရသာချို၏။ ဆေးမည်းကား မြွေစိမ်းကဲ့သို့နွယ်ယောင်ပင်ယောင်ဖြစ်၏။ အရွက်ဖြူ၏။ အမြစ် အသီး၊ အစေး၊ အိုးမဲကဲ့သို့ရှိ၏။ အဥ မြကဲ့သို့ရှိ၏။ ဆေးဝါကား အရိုး အရွက် အမြစ်ရွှေရောင်၊ အသီးဟင်္သာကဲ့သို့၊ အပွင့်ခတ္တာပွင့်ကဲ့သို့၊ အဥ ကျောက်သလင်းကဲ့သို့ရှိ၏။

ထို့ပြင် နက်ဝှက်ဆေးပင်များထဲတွင် ရွှေတံတိုင်း၊ ရွှေတမာ၊ ဆေးပညာ၊ တိမ်တောင်ခြေ၊ တိမ်ပန်းခြေ၊ ဆေးဖြူဟပ်၊ မုရကန်ဆေး၊ ဆီမီးတောက်ဖြူ ခေါင်းရမ်းဖြူ၊ လက်ပံဖြူတို့ ပါဝင်ကြသည်ဟု အဆိုရှိသေးသည်။ ယင်းတို့သည် ဗုဒ္ဓဘုရားရှင်နှင့် ရဟန္တာတို့၏ ဓာတ်တော်မွေတော်စစ်တို့ ကိန်းဝပ်ရာနေရာဌာန အဝန်းအဝိုက်တွင်လည်း ပေါက်ရောက်တတ်သည် ဟူ၏။ ယေဘုယျအားဖြင့် အဆိုပါ နတ်ဝှက်ဆေးပင်တို့သည် ရခိုင်ဒေသရှိ မြတောင်၊ ရွှေတောင်၊ စကားတောင်၊ မိုးစည်တောင်၊ ဦးရာဇတောင်၊ ရသေ့တောင်၊ ရွှာနတ်တောင်၊ ရိုးနတ်ကြီးတောင်၊ စည်းတောင်၊ စိုင်တင်တောင်၊ ဘဲငါးရာတောင်၊ မြေနီတောင်၊ (တောင်နီတောင်)၊ ဥန္နဲတောင် (ဦးနှိမ်းတောင်) စသည်တို့တွင် ပေါက်ရောက်တတ်သည်ဆို၏။ ဤနတ်ဝှက်ဆေးပင်များကို ကတိသစ္စာမှန်ကန်စွာ ကျင့်သုံးရှာကြံလျှင် တွေ့မည်မှာ မချွတ်ဟုဆိုထားသည်။ ဤနတ်ဝှက်ဆေးပင်တို့ တွေ့ရှိသောသူတို့သည် အရိမေတ္တေယျဘုရားရှင်ကို ဖူးတွေ့ရသောသူတို့နှင့်မခြားဟု ရခိုင်ဝိဇ္ဇာမရေ ဆေးကျမ်းများဖြစ်သော ဒေဝဂန္ဓရီ တောင်တော်သမိုင်း၊ ဝိဇ္ဇာသယဩသဓ ဆေးကျမ်းများတွင် တခမ်းတနား ဖော်ပြထားသည်ကို တွေ့ ရှိရသည် ဖြစ်၏။

ဖုန်းမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ဖြစ်၍ ဗြိတိသျှတို့ဆုတ်ခွာရာ -

ခေတ်ပျက်ပါသည်ဆိုမှ ဘယ်အရာသည် ကောင်းအံ့နည်း။ ဗြိတိသျှတို့က မြေလှန်စနစ်သုံး၍ အောင်မြင်စွာဆုတ်ခွာသည်။ အိန္ဒိယသို့မလိုက်ပါလိုသော ဝန်ထမ်းများကို သုံးလစာအသပြာကို အပ်နှင်းကာ ငါတို့ပြန်လာမည်ဟုဆိုလျက် ဖျက်ဆီးရန်ရှိသည့် ရေနံတွင်း၊ မိုင်းတွင်း၊ မော်တော်ယာဉ်၊ ရေယာဉ်၊ တံတားတို့ကိုဖျက်သည်။ အောင်မြင်စွာဆုတ်ခွာသည်။ ခေါင်းတုံးဆိုလျှင် နွားအိုလန့်သည့်အလား ဂျပန်ထင်တတ်သည်။ စလင်းမြို့အဝင်ရှိ စတုကျောင်းပေါ်မှ ကိုရင်ကြီးဝဏ္ဏ^{၁}သည် ကျောင်းလက်ရန်းကွယ်မှ ဗြိတိသျှသံချပ်ကာကားတန်းကို ချောင်းကြည့်ရာ အင်္ဂလိပ်စစ်သားတို့သည် ခေါင်းတုံးကိုမြင်သဖြင့် စက်သေနတ်ဖြင့် (၂)မိနစ်ကြာရမ်းလိုက်ရာ ပန်းပုအကျော်အမော်တို့ကထုလုပ်ထားသော ကုန်းဘောင်ခေတ် ဝန်မင်းနှင့် ဝန်ကတော်စုံတွဲမှာ ဝန်ကတော်ကိုမှန်သွား၍ ကုန်းဘောင်ခေတ်နှောင်းဝတ်စားဆင်ယဉ်မှုကို နောင်လာနောက်သားများအတွက် မခန့်မှန်းနိုင်အောင်ပြုသကဲ့သို့ဖြစ်ပြီ။ တောမီးလောင်သော်တောကြောင်လက်ခမောင်းခတ်ဆိုရိုးရှိရာ မြို့မီးရှို့မည်၊ လုမည်ကြံသူတစ်စုမှာ ဘီအိုင်အေမှ သမာဓိခုံရုံးဖွဲ့စစ်ဆေးလျက် သေဒဏ်ပေးခံရသည်။ မြောင်းမတော်ထန်းလေးပင်ကုန်းဘက်တွင် ဓားပြတိုက်သည်။ တိုက်ရဲသူကတိုက်သည်။ မြို့စောင့်မျိုးချစ်ပုလိပ်ကလည်း တောမိဂန်းနှင့် ဓားပြအထွက်စောင့်၍ပစ်ရာ မြင်းပေါက်တစ်ကောင်ကန်လိုက်သည့်အလား ထွက်ကျလာသည့် သူ့အူကိုပင် မပွေ့လိုက်နိုင်လွင့်စဉ်ကာ ရေကတုတ်ထဲကျလျက် သေဆုံးရသည်ကိုလည်း ကြားရ၏။ ကျွန်ုပ်မှာ ဗြိတိသျှတစ်အဆုတ်၌ ရမည်းသင်းခရိုင် ငွေတိုက်ဝန်ထောက်ဖြစ်သဖြင့် ရွှေဘို ကျောက်မြောင်းအထိလိုက်ရ၏။ ရွှေဘိုရောက်သောအခါ အိန္ဒိယပြည်သို့မလိုက်ပါလိုသောကြောင့် (၃) လစာယူ၍ ရုပ်ဖျက်

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦး၏မှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

## စစ်ပွဲနှင့်အတူ

## သွေးနှင့်ချွေးနှင့်ရင်းရသည့်ဖြစ်ရပ်များ






www.burmeseclassic.com

www.burmeseclassic.com

တာပြန်ခဲ့ပါသည်။ ကျွန်ုပ်ကဲ့သို့ ငွေတိုက် ခန့်ထောက် ဦးသိန်းမောင် ဆိုသူမှာ ရေစကြိုမြို့တွင် ဂျပန်တပ်မှ ဖမ်းဆီး ချိစက်ခံရသည်ကို ကျွန်ုပ် စဉ့်အိုးသည် ဆောင်ဆောင်လျက် လိုက်လာသော ဆွဲ့အိုးဖောင်ပေါ် မှမြင်ခဲ့ရသည်။ ကျွန်ုပ် ဆင်ဖြူကျွန်း ကျွန်းညှိဆိပ်ရောက်သော အခါ ဆင်ဖြူကျွန်းရှိ အရိုးဖြစ်သူအိမ် ခင်ခိုလှုံရသည်။ ညီဝမ်းကွဲမောင်အိုကြီး မှာ မားဆွဲ၍ ဘီအိုင်အေဗိုလ်ကြီးအေး လွင်နေပြီ။ သူက စလင်းရှိ ကျွန်ုပ်နို့ထိန်း ဒေါ်နန်း၏သား ဗိုလ်လှကြည်ကိုခေါ် လျက် စလင်းသို့ ကျွန်ုပ်ကို ခေါ်ဆောင် သွားသည်။ ဗိုလ်လှကြည်မှာ ဗြိတိသျှ ခေတ်က လူဆိုးထိန်း (ဆားပုလင်း) ပုလိပ်တပ်ကြပ်ကြီးမှထွက်၍ တို့ဗမာ အစည်းအရုံးဝင်သည်။ လင်မယားနှစ်ဦး သခင်လှကြည်၊ သခင်မမအေးဟု စလင်း မြို့မှသိကြသည်။ လက်ရုံးတပ်ကို သခင် အောင်ပု၂နှင့် ဦးစီးဖွဲ့သည်။ ဗိုလ်လှ ကြည်၊ ဗိုလ်အေးလွင်တို့သည် ဘီအိုင် အေတပ်နှင့် လိုက်ပါသွားပြီး စလင်းသို့ ပြန်မလာကြပေ။ ဗိုလ်စံထွန်း၃သာလျှင် စစ်သားစုဆောင်းရေးအတွက် တစ်ခါပြန် လာသည်ကိုမြင်ရသည်။

ဒေါက်တာဘမော်အစိုးရက စလင်း တွင်အလုပ်ခန့်သည်။ ဗဟိုက အမိန့်ကို ပယ်လျက် လေးခရိုင်ဝန်က ကျွန်ုပ်ကို အောလံသို့စေလွှတ်ရာ ကျွန်ုပ်သည် အလုပ်တာဝန်များကို ဝင်ရောက်လုပ်လို သောစိတ်မရှိသည့်အတွက် စလင်းတွင် အေးချမ်းစွာနေလေသည်။

နသူးတောတွင် စီဝယ် ဟူသော ဟိန္ဒူကုလားသည် နွားမွေးရာတွင် မြန်မာနွားရွှေနီများကို ဂရုတစိုက်မွေး ၏။ တစ်နေ့တွင် ကျွန်ုပ်သည် သူ၏နွား ခြံရောက်သောအခါ နွားပေါက်ကလေး





www.burmeseclassic.com

www.burmeseclassic.com

သည် ကျွန်ုပ်အား လာရောက်လျက် လက်ကို နှာခေါင်းနှင့်ထိုးကာ အစာ တောင်းလေသည်။ ထိုမှအစပြုကာ ထို နွားငယ်နှင့် ကျွန်ုပ်သည် သံယောဇဉ် တွယ်လာ၍ အသပြာကျပ်(၂၀)နှင့်ဝယ် လျက် ကျောက်နီဟူသောအမည်ပေး၍ ညီဘိုးထွန်းအင်ကိုအပ်ကာ လေ့ကျင့်စေ ပါသည်။ ကျောက်နီမှာ ခွန်အားဗလ ကောင်းခြင်း၊ ပြေးနိုင်ခြင်းတို့မှာ တော်ရုံ တန်ရုံနွားပြေးနှင့်မဖြစ်သဖြင့် ဝက်သိုက် ရွာ ဖိုးပွားကြီးရှာပေးသော နွားပြေး (အတိုင်) မြသောင်းကြီးကို ထပ်မံဝယ်ယူ ရပါ၏။ မြသောင်းကြီးနှင့်ကျမှ နွားလေး ကျောက်နီသည် နေနှင့်လ ရွှေနှင့်မြပမာ ဘက်ညီလှပါပေသည်။ အပြေးလည်းညီ သည်။ နွားအင်္ဂါရပ်နှင့်လည်းလိုက်လျော ပါသည်ဟု နွားသမားများကပြောကြ သည်ကိုကြားရ၏။ ကျွန်ုပ်အတွက်လည်း ပေါက်ဆိန်ပေါက်၊ ငလင်ဘမ်း၊ ပိန်းနဲပင်၊ ပေါင်းဆည် စသည့် ကျေးရွာများရှိ ဥယျာဉ်များသို့သွားခြင်း၊ တောထွင်၊ စမြင်ခင်း၊ ကြီးသိုက်၊ ဆင်ဖြူကျွန်း စသည်တို့ စလင်းအရှေ့ကန်တိုင်ကွေ့ စသည်တို့ ကျွဲကျောင်း၊ ခြသေ့ဦး၊ ရွာ မှတ်၊ တောင်ကန်စသည်တို့ကို အလည် အပတ်သွားလျက် ဗြိတ်သျှခေတ်က အရာရှိကုလား ထိုင်ညှော်ကို လယ်မြေ များအလယ်မှ ဖြတ်သန်းလာသော သဘာဝလေကို ရှူရသည့်အရသာဖြင့် ကုစားရသည်မှာ တန်ဖိုးရှိလေစွဟု ကျေနပ်ရပါသည်။

ကျွန်ုပ်တို့ဝင်းအတွင်းနေထိုင်ကြ သော ပေါင်မုန့်လုပ်ရောင်းသည့်မူနီးတို့ လည်း ဘင်္ဂလားပြန်ပြေးသည်။ စလင်း မြို့ အထက်တန်းကျောင်းကြီးကို ဆရာ ကြီးဦးဟုတ်လှိုင်က ဦးစီးဖွင့်သည်။ မြို့နေသားကျပြီး အုပ်ချုပ်ရေးကောင်းပြီ ဆိုသောအခါ ဒုတိယကမ္ဘာစစ်သည် ကျွန်ုပ်တို့တိုက်ပိုင်းထဲသို့ ဝင်လာတော့ သည်။ အလုပ်မရှိ ၁၀၉/၁၁၀၊ လောင်း ကစားကျော်စောမှုရှိကြသောသူများကို ရာဇဝတ်ဌာနမှစာရင်းယူသည်။ ထမင်း ချက် မယ်တင့်၏ခင်ပွန်း မောင်လှမောင် မှာ ထိုစာရင်းတွင် ပါဝင်နေသည်ကို သိရတော့သည်။

ကျွန်ုပ်အိမ်မှ ထမင်းချက်မယ်တင့် ၏ခင်ပွန်းမှာ ဘင်ဂျိုတီးလေ့ရှိသည်။

"တူနှစ်ကိုယ်××× တဲအိုပျက်မှာ နေရ×××ရွှေဘုံပေါ်မှာစံရ×××ချစ်တာ က ပဓာနပါကွယ်××× မပျက်ဘူးငွေယုန် ရယ်×××ရွှေဘဝတိုင်အောင်ကွယ်×××"



ဗိုလ်ချုပ်အောင်ဆန်းနှင့် INA ဗိုလ်ချုပ်ဆုဘတ်ချန်ဒရာဘို့(စ်)



လန်ဒန်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွဋ်၊ ဦးဘဖေတို့ ပါဝင်သောအဖွဲ့ မစ္စတာအက်တလီနှင့် တွေ့ဆုံကြစဉ်

ဟု မယ်တင့်က သီဆိုလေလျှင် လှမောင်က ဘင်ဂျိုကိုတီးလျက် လသာ သောညများတွင် လမင်းထဲမှ ရွှေယုန်ကို တိုင်တည်သီဆိုလေ့ရှိသည်။ ချစ်သူနှစ်ဦး ၏သီဆိုသံသည် ကျွန်ုပ်တို့လူကြီးများ၏ နားဝယ် အလွန်သာယာလှပါသည်။

လှမောင်မှာ အလုပ်မရှိ။ တစ်ခါ တစ်ရံ ကြီကုန်းက မောင်ပြန့်အိမ်တွင် သူ့သူငယ်ချင်းဓာတ်အိုးနှင့် ကတ်ရိုက် သည်။ ရာဇဝတ်မှုထမ်း ရဲဗမာတို့ကဝင် ဖမ်းရာ ဒဏ်ရိုက်ခံရသည်။ ဒဏ်ငွေကို ကျွန်ုပ်ယောက္ခမ အမေညန်ကထုတ်ပေး သဖြင့် ဆောင်နိုင်သောကြောင့် ထောင် မကျသော်လည်း မောင်လှမောင်မှာ ၁၀၉/၁၁၀ လောင်းကစားသမားဟု

ရဲဗမာမှတ်တမ်းဝင်လေတော့၏။ အ... မတော်တစ်လုတ်၊ အသွားမတော်... လှမ်း ထိုလောင်းကစားမှုသည် မောင်... မောင်၏ အိမ်ထောင်ရေး ထိခိုက်... ပြားစေတော့သည်။

ယိုးဒယားဘက်မှ မီးရထား... ကို ဘုရားသုံးဆူတောင်ကြား... မှ ဖောက်လုပ်နေလေသည်။ အစိ... ဒေါက်တာဘမော် အစိုးရက... တစ်သွေးတစ်သံတစ်မိန့် အာဏာ... အစိုးရဖြစ်သည်။ လွတ်လပ်ရေးအ... သွေးနှင့်ဆပ်ရမည်။ ချွေးနှင့်ဆပ်ရ... ဟုဆိုသည်။ မီးရထားလမ်းဖောက်... တွင် အလုပ်သမားပေးရမည်။ ... သားစုတော့သည်။ ရဲဗမာတို့၏...



www.burmeseclassic.com


www.burmeseclassic.com

သင်များ၊ အလုပ်မရှိ ၁၀၉/၁၁၀ တို့ကို ထိုက်ပါစေရန် အုပ်ချုပ်သူများစီစဉ်ရာ မောင်လှမောင် ချွေးတပ်သားဖြစ်၍ ရထားလမ်းဖောက်ရာပါသွားတော့၏။ ယောအမယ်တင့် သမီး (၂) ယောက်နှင့် ဆင်းကျန်ရစ်ခဲ့သည်။ ယခင်ကဆိုလျှင် မောင်လှမောင်က ဘင်ဂျိုတီးလျက် မယ်တင့်က -

"တူနှစ်ကိုယ်××× တဲအိုပျက်ပေါ် နေရာ×××ရွှေဘုံပေါ် မှာစံရ××× ချစ်ရတာ ဘ ပမာဏပါကွယ်"

ဆိုသော သီချင်းသံသည် လသာသောညများတွင် ကြားရမြဲဖြစ်သည်။ ယခုမူ မကြားရတော့။ အလုပ်မရှိ ဝင်ငွေမရှိ ဓာတ်အိုးလို မှုခင်းမှတ်တမ်းဝင်နှင့် ပေါင်း၊ လောင်းကစားဝိုင်းထိုင်ရာ ယခုတော့ ဒုက္ခတွေ့ပြီ။ စစ်အောင်နိုင်ရေး ဆန့်ကျင်မပြောရဟုဆိုသည်။ ကျွန်ုပ်တို့လည်း လိုက်မပြောနိုင်ပါ။ ကံသာချောင် အမိ၊ ကံသာလျှင် အဖဟု ကျွန်ုပ်မရီးဒေါ်ငွေနှင်းကဆိုသည်။

မကြာမီ ကုလားစစ်သားများကို မင်းဘူးတွင်ရောက်နေသည်ဟု ကြားရသည်။ အမ်းလမ်းမှ အိန္ဒိယဒေလီသို့ ချီတက်မည်ဟုဝါဒဖြန့်သည်။ ရေနံချောင်းတွင် ကျောက်တိုက်ကြီး၌ ရှေ့တန်းစစ်ရုံးဖွင့်သည်။ မြင်းများသိမ်းသည်။ နွားများကိုသိမ်းသည်။ သိမ်းပြန်တော့ ပေမီဒေါက်မီတိုင်းယူသည်။ စီဝလံနွားခြံမှာ ပြုတ်မတတ်ဖြစ်သည်။ ကျွန်ုပ်၏ အတိုင်နွား မြသောင်းကြီးမှာ ပေမီဒေါက်မီဖြစ်သော်လည်း အရောင်မှာ တာဥရောင်ဖြစ်၍ပယ်သည်။ နွားကျောက်နီကိုယူမည်ဟုဆိုလေသည်။ စကားပြန်အောင်မြင့်ကို အခြားနွားတစ်ကောင်ဝယ်ပါ။ အဘကျသင့်သလိုပေးပါမည်ဟုပြောရသည်။ သူတောင်းသလောက်ပေးလိုက်ရသည်။ သူ့မှာ စကားအရ နွားများကို သင့်ရာ အကွယ်တွင်ထားရသည်။ နောက်ထပ် ဂျပန်များမြင်လျှင်သိမ်းပါမည်။ နွားများကို အထက်အညာသို့ပို့သည်ဟုဆိုသည်။ ဂျပန်တို့သည် စစ်ပညာကျွမ်းကျင်သူ၊ လေ့ကျင့်၊ သင်ကြားသူများဖြစ်သည်။ တဲရုတ်စစ်ဘုရင် ခန်ဂျစ်ဟန်သည် စစ်ချီရာတွင် နာမည်ကြီးစစ်ဘုရင်ဖြစ်သည်။ သူ့တပ်တွင် နွားများအုပ်လိုက်မွေးစေသည်။ စစ်ချီသော် နွားအုပ်များကို တပ်များနှင့်အတူ ရွှေ့လျားသည်။ နွားကို ဝန်တင်သည်။ ရိက္ခာကုန်သော် နွားသည် ရိက္ခာဖြစ်သည်။ တပ်နှင့်အတူ ရိက္ခာကို သယ်ယူသည့်ဗျူဟာဖြစ်သည်။ ခန်ဂျစ်ဟန်၏ ဗျူဟာကို ၂၀ ရာစုတွင် ဂျပန်တို့သုံးခြင်းဖြစ်သည်။ စင်ကာပူသိမ်းစဉ်ကလည်း အင်္ဂလိပ်တို့က ဂျပန်စစ်သင်္ဘောကြီးများလာက ကမ်းရိုးတန်းမှအမြောက်ကြီးများဖြင့် နှစ်မြှုပ်ပစ်ရန် ပြင်ဆင်ထားသည်။ အမှတ်(၁၈)တပ်မမှူး ဗိုလ်ချုပ်မူတာဂူချီသည် သူ့စစ်သည်များကို စက်ဘီးများစီးစေ၍ ဗြိတိသျှတို့ကိုဖြိုခဲ့သည်။ စင်ကာပူကို မနစ်မြုပ်နိုင်သော ရေကြောင်းခံတပ်ကြီးဟု ကြွားလုံးထုတ်သော ဗြိတိသျှတို့ ဂျပန်ကို ခြွင်းချက်မရှိ လက်နက်ချလိုက်ရသည်။



အင်ဖာ၊ ကိုဟီမာစစ်မြေပြင်တွင် ရှေ့တန်း၌တွေ့ရသော ဂျပန်ကော်ရာစ်တစ်မတော်၊ အမှတ် (၁၅) တပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီးမူတာဂူချီ



တပြုံစုသို့ မြင်တွေ့ရသော ဂျပန်ပြည် တိုကျိုမြို့ရှိ ယာဆုကူနီနတ်ကွန်း ယူရှူကန်စစ်ပြတိုက်တွင် ပြသထားသော အင်ဖာ-ကိုဟီမာစစ်မြေပြင်မှ ပြန်လည်ရရှိခဲ့သော ဂျပန်စစ်သည်သုံးပစ္စည်းများ

မောင်လှမောင် ညှဲ့ဖျင်း၍ ချွေးတပ်ထဲပါသွားသော်လည်း ဓာတ်အိုးမှာ ချွေးတပ်ထဲမပါချေ။ ချွေးတပ်ဆွဲတော့မည်ဆိုသည်ကို သတင်းရသည်နှင့်တစ်ပြိုင်နက် မှုခင်းမှတ်တမ်းဝင် ဓာတ်အိုးနှင့် ဗေဒါတို့ စလင်းမှပျောက်သွားသည်။ (၂) လမျှကြာသောအခါ ရေနံချောင်း၌ တပ်စွဲသောဟဲဟိုးတပ်တွင် ဂျပန်စစ်ယူနီဖောင်းဖြင့်တွေ့ရသည်ဟု လေးခရိုင်ဝန်ရုံးသို့ စာပို့သွားသူ စလင်းနယ်ပိုင်ဝန်ထောက်ဦးထွန်းရှိန်[၁]၏တပည့် မောင်ရှိန်းကပြောသည်မှာ ဓာတ်အိုးနှင့်ဗေဒါကို ဂျပန်ကိုဝါးစီးကရက်ကိုခဲလျက် မောင်ရှိန်းအား သူတို့မုံရွာသို့သွားမည်။ ရိက္ခာထောက်ပံ့ရေးတပ်မှာလုပ်သည်ဟုပြောသည်ဟုသိရသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမောင် သံဖြူဇရပ်သေမင်းတမန်လမ်းပါသွား၍ လူလည်ခေတ်အိုးနှင့်ဗေဒါတို့မှာ ထောက်ပံ့ရေးတပ်ဆွယ်မှ ဟဲဟိုးတပ်တွင် ရိက္ခာပုံပေါ်မှာ ပါသွားပုံမှာ ဂျပန်တွေ တေကျ်ပြား ပုံပြင်ဖတ်ဖူးသဖြင့် ခေတ်အိုးတို့ကိုခေါ်ခန့်ပုံရသည်ဟု ကျွန်ုပ်၏ညီ ဖိုးထွန်းအင်က ပြောသည်။

ဒုတိယအကြိမ်မြင်းများလိုက်သိမ်းရာ ကျွန်ုပ်ညီ၏ ပြိုင်မြင်းအသိမ်းခံရသည်။ ခွေးတပ်သားလည်းထပ်စုသည်။ ဒီတစ်ကြိမ်တော့ ချမ်းသာသောသူများကရှာပေးရသည်။ လူတစ်ယောက်အတွက် အသပြာပေး၍ လိုက်စေရသည်။ ယခုတစ်ကြိမ်က အမ်းလမ်းဖောက်ရန်ဟုဆိုသည်။

မင်းဘူးမှာ အလုပ်သမားရုံးညွှန်ကြားရေးမှူးရုံးထိုင်သည်။ အမ်းလမ်းခွေးတပ်သားကိစ္စများ ဆောင်ရွက်သည်။ အမ်းလမ်းတွင်လိုက်ရသောခွေးတပ်သားများမှာ (၂) လနှင့်ပြန်လာသူလည်းရှိသည်။ (၄) လခန့်နှင့်ပြန်လာသူလည်းရှိသည်။ ပြန်လာသူများသည် ငှက်ဖျားရောဂါစွဲလာသည်။ အနာဖက်ခွက်ဆိုသောအနာကြီးများဖြင့်ပြန်လာကြသည်။ သံဖြူဇရပ်သို့လိုက်ရသူများကား ပြန်မလာနိုင်။ ခေတ်အိုးတို့လည်းပြန်မလာ။ အနောက်ကန်ဘောင်ရွာမှ ဟန်ထွန်းအပါအဝင် လူငယ်တစ်စုတို့ ဗမာ့ကာကွယ်ရေးတပ်မတော်သို့ဝင်ကြသည်ဟု သိရသည်။ ဘီအိုင်အေတပ်နှင့်အတူလိုက်ပါသွားသည့် ဗိုလ်လှကြည်၊ ဗိုလ်စံထွန်းတို့အနက် ဗိုလ်စံထွန်းသာ ခေတ္တပြန်လာသည်။ တပ်သားစုဆောင်းခြင်းဖြစ်သည်။ စလင်းမှ ဗိုလ်လူမော်၊ ဗိုလ်ဘသိန်း[6]တို့ ဂျပန်ပြည်ဘုရင့်စစ်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ခွင့်ရ၍ စလင်းမြို့သို့ ပြန်လာပြီးဂုဏ်ပြုခံသည်။

မကောင်းသတင်းတစ်ခုကား ရေနံချောင်းမှ ဂျပန်တပ်မှဆိုကာ ရပ်ကွက်ထဲရှိ အလုပ်အကိုင်အတည်တကျမရှိသူ၊ နာမည်ပျက်ရှိသူများကို ရဲများစာရင်းအရ ခေါ်ယူခြင်းပင် ဖြစ်၏။ ဂျပန်တပ်များကို ပျော်တော်ဆက်ရန်ဖြစ်၏။ မည်သူကနာမည်ပေးသည်မသိ၊ ဆောင်ကြာမြိုင်[7]မယ်ဟူသတည်း။ စလင်းမြို့မှ (၂၀) ခန့်ပါသွားသည်။ အမည်နာမအပြည့်အစုံသိသော်လည်း မရေးလိုပြီ။

ကလေး(၂)ဦးနှင့် ရှန်းကန်ရရှာသောမယ်တင့်မှာ အနာဖက်ခွက်များပေါက်၍သေသည်။ အမေညနက မယ်တင့်ကလေး(၂)ယောက်ကိုစောင့်ရှောက်ထားရသည်။ သို့နှင့် ၁၉၄၄ နှစ်ပိုင်းရောက်လာသည်။ စလင်းမှထွက်ခွာသွားသောသူများ၏သတင်းမှာ မကြားရ။

စစ်အရှိန်မြင့်လာသည်။ ဂျပန်တပ်များ အင်ဖာဘက်တွင် စစ်ရှုံးသည်ဟုကြားရသည်။ ထိုသတင်းမည်သူ့ဆီကထွက်ပေါ်လာသည်ကိုစုံစမ်းရာတွင် ဂူဖြူရွာတွင် ခေတ်အိုးနှင့်ဗေဒါတို့ ပြန်ရောက်နေပြီ။ သူတို့ဆီကကြားတာဟု သိရ၏။ ဂူဖြူရွာနေ ကျွန်ုပ်၏ ကြက်စွဲ မောင်ဘိုးသုန်ကို ခေတ်အိုးတို့ ခေါ်လာရန်မှာရသည်။

"ဘဘကြီးခင်ဗျာ၊ ကျွန်တော်တို့မုံရွာကနေ ဝင်းလည်ဘူးအထိကတော့ အခက်အခဲမရှိလှပါဘူး။ ကျွန်တော်တို့က တပ်ဆိုသော်လည်း ဝန်တင်တပ်ပါ။ ရိက္ခာများကို နွားဝန်တင်များနဲ့ ရှေ့တန်းစခန်းများအထိပို့ရတာပါ။ ရှေ့တန်းဌာနချုပ်က ဟုမ္မလင်းနားကရွာမှာလို့ပြောပါတယ်။ကျွန်တော်တို့က ဟုမ္မလင်းအောက် (၅) မိုင်လောက်ရှိတဲ့ တုံးဟဲရွာကနေပြီး ရိက္ခာများကို နွားဝန်တင်တွေနဲ့ ဝေလုံတောင်၊ မင်းသမီးတောင်တွေကိုကျော်ပြီး အာသံနယ်ထဲက ဂျပန်စစ်တပ်များကို ရိက္ခာပို့ရတာပါ"

ဟု ခေတ်အိုးကပြောသည်။ အရင်က ဇလင်တီနိုဘိုကေဖြင့်မင်းသားဂိုက်ဖမ်းသောခေတ်အိုးမှာ အရိုးပေါ်အရေတင် ခေါင်းတုံးကလေးနှင့်တွေ့ရသည်။

"နွားတွေပေါ်မှာ ရိက္ခာတွေ၊ လက်နက်ခဲယမ်းတွေနဲ့ ကျွန်တော်တို့ကစောင့်ရှောက်ပို့ရတာပါ။ မြစ်ထဲမှာလည်း ကျွဲညီနောင်က နာရီမလပ် ကင်းလှည့်နေ၊ တောအုပ်အထွက်ဆိုရင်လည်း သူတို့နဲ့တွေ့တော့ ကျွန်တော်တို့ရိက္ခာတပ်ဖွဲ့ဟာ ရည်မှန်းချက်မရောက်ပါဘူး။



နွားတွေလည်း သေပျောက်သွား... လည်းရှိတယ်။ တုန်ဟဲကအတက် ... တောင်ထိပ်ရောက်ရင် ချင်းတွင်းမြစ်... လက်ဝါးလောက်ပဲမြင်ရတယ်။ ဒီတောင်... ကျော်ပြီးနောက် မင်းသမီးတောင်... တာရောက်တော့ ချင်းတွင်းမြစ်... လက်သန်းလုံးလောက်ပဲ မြင်ရပါတယ်... ကဘော်ချိုင့်ဝှမ်းလည်းရောက်ရော ရိက္ခာ... တပ်ပျက်တော့တာပါပဲ။ လေယာဉ်... တွေက အမြဲစောင့်ပြီးဖျက်တာပါ... ရှေ့တန်းတိုက်တဲ့ ဂျပန်တပ်တွေဆီ... ကျွန်တော်တို့ရိက္ခာတွေ မရောက်ဘူး... ကလေးဝ-တမူးလမ်းကသွားတဲ့ ရိက္ခာ... တပ်လည်းပျက်တာပဲ။ မော်လိုက်ဘက်... ကသွားတဲ့အဖွဲ့လည်းပျက်တာပဲ။ တော... စေတီလမ်းကသွားတဲ့အဖွဲ့လည်းပျက်... တာပါပဲ။ ရှေ့တန်းမှာ ဂျပန်များ... ရိက္ခာမရဘဲ ရန်သူ့စခန်းကိုသိမ်းရင်... ရိက္ခာရမှာ၊ ရန်သူ့ရိက္ခာ ကိုယ့်ရိက္ခာဖြစ်... ရမယ်ဆိုပြီး အသေခံတိုက်နေတာပါ..."

ဟု ပြန်ပြောပြသည်။

သူ့စကားအရ ဂျပန်များစစ်ရှေ... နိမ့်ပြီ။ စင်ကာပူလိုအရမလွယ်တော့ပြီ... ရှေ့တွင်တိုက်နေသောတပ်သားများမှာ ရိက္ခာမရ။ ခေတ်အိုးတို့လည်း တစ်နေ့... အတွက်ရိက္ခာမှာ မုန်လာချဉ် (၂)ဖတ်မျှ... သာစားကြရသည်။ နောက်ဆုံးတွင် တပ်... ပျက်၍ ပြန်ပြေးလာခြင်းဟု ပြောသည်။ ၁၉၄၄ ခု၊ (၈) လလောက်တွင် ခေတ်အိုး... တို့ပြန်ရောက်ခြင်း ဖြစ်သည်။

စစ်ရှိန်သည် မြင့်လာသည်... မြို့ပေါ်ရှိဆရာဝန်များက ဆေးကုရာတွင် MB ခေါ် ဆေးပြားများသုံးစွဲလာသည်။ ထိုဆေးပြားများ ဘယ်ကရောက်သနည်း... အိန္ဒိယကလာသည်ဟု ဆေးဘူးရှိစာ... သက်သေခံသည်။ ထုတ်လုပ်သည်... မကြာသေး။ အရင်းစစ်သော် အမြစ်... ပေါ်သည်။ စေတုတ္တရာဘက်မှ လောင်း... ရှည်၊ ကျင်ဒွဲ၊ မင်းပြား၊ မြောက်ဦး... တောင်ကျော်လမ်းမှဝင်လာသည်။ ဆေး... များ၊ ပလေကတ်ပုဆိုးများ၊ တိုဘရယ်... ထဘီများဝင်လာသည်။ ထောင်... သဲကော်နှင့်ဝယ်မရ။ ရှူပီးဒင်္ဂါးနှင့်ဝယ်... သော်ရ၏။ ရခိုင်ဘက်မှာလည်း ဗြိတိသျှ... တို့ရောက်နေပြီ။ ဂျပန်တို့စစ်ရှုံးနေပြီ... ဈေးချိုရပ်၊ မစ္စတာလာလဂျီးအိမ်နား... မျက်စောင်းထိုး ယစ်မျိုးအင်စပိတ်တော်... ကြီးဦးသူတော်အပြောမှာမူ ပခုက္ကူဘက်... မှာ စစ်ဦးရောက်ပြီဟု ဆိုသည်။

တစ်နေ့တွင် ဂုန်နီအိတ်ကို တို... တွင်ပတ်လျက် လူတစ်ဦးအိမ်ဝိုင်းအဝင်...



www.burmeseclassic.com

www.burmeseclassic.com

ဝင်လာသည်။ အနာဗရုပ္ပနှင့်ဖြစ်သည်။ သူတို့ကျွန်ုပ်ကကြည့်နေစဉ် ကျွန်ုပ်၏ခွေးရန်လုံကပြေး၍ခစားသည်။ ချွေးတပ်သား မောင်လှမောင် ပြန်လာသည်။ လှမောင်သည် ရန်လုံကို အစာကျွေးသူဖြစ်ခဲ့သည်။ ထို့ကြောင့် ရန်လုံက မှတ်မိခြင်း ဖြစ်သည်။ ဆရာဝန်နှင့်ဆေးကုရသည်။ အမ်ဘီဆေးပြားသည် စွမ်းလှ၏။ ဝဲယားနာများ၊ ဖက်ခွက်နာများပျောက်တင်းသော်လည်း လူမှာချည့်နဲ့နေ၏။

စလင်းကို မဟာမိတ်တို့ ဗုံးကြဲသည်။ ဗုံးရန်ကိုတိမ်းရှောင်ရန် ကြေးသိုက်ရွာ သူကြီးဘိုးငွေကိုင်ထံတွင် ပြောင်းနေရသည်။

ဗြိတိသျှတို့က မဟာမိတ်အမည်ခံ၍ပြန်လာသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ ဗိုလ်လှကြည်ပြန်လာသည်။ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဗိုလ်ကြီးအဆင့်နှင့် ဗိုလ်မှူးတင်ဖေ[၃၇] တပ်တွင် ရုံးအုပ်အဖြစ် တာဝန်ယူရကြောင်း၊ တောင်ကုတ်ဘက်တွင်တာဝန်ယူရသည်ဟု သိရသည်။ ပျဉ်းမနားတောင်ညိုဘက်တွင် ဖက်ဆစ်တော်လှန်ရေးကာလ၌တာဝန်ကျရာ မကျန်းမာစဉ် အနီးကပ်ပြုစုသော ရဲမေမည္ထန့်နှင့်အိမ်ထောင်ပြုလိုက်သည်ဟုဆိုသည်။ဒုတိယကမ္ဘာစစ်ကြီးအတွင်း စောင့်မျှော်လျက်ရှိသော သခင်မမယ်အေးမှာ သတ္တိရှိစွာနှင့် ဗိုလ်လှကြည်ကို အစ်ကိုသဖွယ်နေပါတော့မည်ဟုဆိုသည်။ ဗိုလ်လှကြည်က လွတ်လပ်ရေးတိုက်ပွဲမပြီးသေး၊ ပျဉ်းမနားပြန်ရမည်။ ဗိုလ်တာရာနှင့်ဆက်လုပ်ရမည့်တာဝန်ရှိသည်ဟု ပြောသည်။ ဗိုလ်စံထွန်းလည်းပြန်လာသည်။ ဖက်ဆစ်တော်လှန်ရေးကာလက မင်းလှတစ်ခွင်တွင် တာဝန်ကျသည်။ လွတ်လပ်ရေးတိုက်ပွဲကမပြီးသေးဟုပြောသည်။ ဂျပန်ပြည်တွင် ဗိုလ်လူမော်၊ ဗိုလ်ဘသိန်းတို့ ဂျပန်ဘုရင့်စစ်တက္ကသိုလ်တွင် ပညာသင်နေသည်။ သူတို့အကြောင်းစုံကိုမသိရသေးဟုပြောသည်။ ဗိုလ်ထွန်းခင်၊ ဗိုလ်ဘခင်ဇ်တို့နေကောင်းသည်။ တပ်ထဲမှာဟုဆိုသည်။ ပျဉ်းမနားမပြန်မီ ဗိုလ်လှကြည် ကျွန်ုပ်ထံလာ၍ ကန်တော့လေသည်။ သူနှင့်အတူ အထက်ချင်းတွင်း ခရိုင် မော်လိုက်မြို့သား ကျွန်ုပ်၏မိတ်ဆွေ ဝတ်လုံတော်ရသားဖြစ်သူ ဗိုလ်ထွန်းမောင်လည်း ပါလာသဖြင့် -

ကျွန်ုပ်က မောင်ဓာတ်အိုးတို့အကြောင်းပြောရာ -

"အင်ဖာစစ်မျက်နှာမှာ ဂျပန်ဇေကရာဇ်တပ်မတော်အမှတ်(၁၅)တပ်တော်[၃၈]ကို အုပ်ချုပ်ဦးစီးသူက ဒုဗိုလ်ချုပ်ကြီး မူတာဂူချိပါ။ စစ်ဆင်ရေးမှာ မဖြစ်မနေတိုက်ခိုက်တတ်သူလို့ အများကလေးစားရတဲ့သူပါ။ စင်ကာပူကိုတက်သိမ်းတော့ သူက အမှတ် (၁၈) တပ်မမှူး။ မြန်မာပြည်စစ်မျက်နှာမှာလည်း အင်္ဂလိပ်ကို တိုက်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ တရုတ်ပြည် မာကိုပိုလိုတံတားအရေးအခင်းမှာ သူပါဝင်ခဲ့တာပေါ့။ အင်ဖာ၊ ကိုဟီမာစစ်ကြောင်းကို သူတာဝန်ပေးတော့ သူ့ရဲ့တပ်တော်မှာ တပ်မ (၃) ခုပါတယ်။ မူတာဂူချိက မေမြို့ (ယခု ပြင်ဦးလွင်) မှာ ရုံးထိုင်တယ်။ တပ်မ (၁၅)၊ တပ်မ(၃၃)[၃၉]ကို တိုက်ခိုင်းတယ်။ ၁၉၄၄ ခုနှစ်၊ ဧပြီလကုန်မှာ မေမြို့က နေပြီး ရွှေဘိုကိုပြောင်းတယ်။ ရွှေဘိုမှာ သူ့တပ်သားတွေအတွက် ဆောင်ကြာမြိုင်ဖွင့်တယ်လို့ ကြားရတယ်။ နောက် ရှေ့တန်းကိုလိုက်တယ်။

တပ်မတွေအတွက် ရိက္ခာတွေကို နွားဝန်တင်နဲ့ပို့တာ မအောင်မြင်ဘူး။ ကျွဲညီနောင်ကတစ်မျိုး၊ ဝင်းဂိတ်တပ်က တစ်ဖုံ နဲ့ ရှေ့တန်းကိုရိက္ခာမရောက်ဘူး။ ကိုဟီမားရယ်၊ အင်ဖာရယ်မှာ အင်္ဂလိပ်ရဲ့ လက်နက်ရိက္ခာရှိတယ်။ ဒီနေရာတွေ သိမ်းရင် ရိက္ခာရမယ်။ တိုက်ဖို့အမိန့်ပေးတယ်။ ရာသီဥတုဒဏ်၊ ငှက်ဖျား၊ ဝမ်းလျှောတာတွေကတစ်ကြောင်း အင်္ဂလိပ်လေကြောင်းတိုက်ခိုက်မှုကတစ်ကြောင်း မသိမ်းနိုင်ဘူး။ သူတို့တပ်တွေနှင့်အတူ ဆူဘတ်ချန်ဒရာဘို့(စ်)ရဲ့ INA အိန္ဒိယလွတ်လပ်ရေးတပ်မတော်က ကုလားတပ်တွေပါတယ်။ အင်္ဂလိပ်ဘက်က ခံတိုက်နေတဲ့ကုလားတပ်တွေနှင့် အိန္ဒိယလွတ်လပ်ရေးတပ်မတော်က ကုလားတပ်တွေမျက်နှာချင်းဆိုင်တိုက်ပွဲမှာ INA တပ်က အသံချဲ့စက်နဲ့ -

'ဟေ့-တို့ဘက်ကိုဝင်ကြ၊ ငါတို့က လွတ်လပ်ရေးအတွက်တိုက်နေတာ၊ ငါတို့ဆီလာကြလို့'

ခေါ်သတဲ့။ ဒီတော့ အင်္ဂလိပ်ဘက်ကကုလားတပ်က-

"ဟေ့ သခင်သစ်ခေါ်မလာနဲ့၊ ဒီတစ်ဦးပဲတော်ပြီ[၄၀]'

လို့ ပြန်ပြောသတဲ့။

၁၉၄၄ ခု၊ မတ်လ ၇ ရက်မှာ စစ်ဆင်ရေးစတယ်။ 'အတားအဆီးမှန်သမျှဖယ်ရှားကြ၊ ငါတို့၏စစ်သမိုင်းကို ရန်သူများကို သုတ်သင်ချေဖျက်ခြင်းဖြင့် ထွန်းပြောင်စေရမည်[၄၁]' လို့ ကြွေးကြော်စစ်ဆင်ရေးစပါတယ်။ ဗြိတိသျှတပ်တွေကလည်း အသေအလဲခုခံပါတယ်။ စစ်သေနာပတိချုပ် မောင့်ဘက်တန်ကလည်း 'မဆုတ်နှင့်[၄၂]' ဆိုပြီး စစ်မြေပြင်ဆင်းပြီးမိန့်ခွန်းပြောတယ်။ မောင်တောကျည်တောက်တိုက်ပွဲမှာ တောကျွမ်းတဲ့ ဂျပန်တပ်ကို အပြတ်ဆော်တဲ့။ တပ်တွေကို လေကြောင်းဖြင့်ပို့ပြီး အားဖြည့်တယ်။ စစ်သည်အချင်းချင်း ဂျပန်တပ်ကို အနိုင်တိုက်နည်းကိုပြတယ်။ လေတပ်က ရိက္ခာချပေးတယ်။

ရိက္ခာပြတ်တဲ့ ဂျပန်တပ်တွေအတွက်ကတော့ -

'လက်နက်ရိက္ခာမရှိ၍ စစ်ရှုံးရသည်ဆိုသည်မှာ ခွင့်လွှတ်ရမည့်အကြောင်းအရာမဟုတ်'

ဟု ဗိုလ်ချုပ်မူတာဂူချိက သူ့တပ်မမှူးများကို ညွှန်ကြားသည်။

"လက်နက်ရိက္ခာ ပြည့်စုံသော ရုပ်ဝတ္ထုအရသာသည့် ရန်သူနှင့် ငါတို့၏ သူရဲကောင်းများထားအပ်သော စိတ်ဓာတ်ရှိစစ်သည်တို့နှင့်ပြိုင်ပွဲဖြစ်သည်။ သင်တို့တာဝန်မှာ ရန်သူကိုချေမှုန်းရန်ဖြစ်သည်။ တာဝန်ကိုပြီးမြောက်အောင်ဆောင်ရွက်ပါ။ သင့်လက်များကျိုးသော် ခြေထောက်ဖြင့်တိုက်ပါ။ လက်နှင့်ခြေထောက်များကျိုးလျှင် သွားနှင့်ကိုက်ပါ။ ရဲဘော်သေသော် ရဲဘော်၏ ဝိညာဉ်သည် ဆက်၍တိုက်ပါ"

ဟု ဆိုသည်။[၄၃]

ရိက္ခာမရခြင်းကို တင်ပြသော တပ်မမှူး (၃)ဦးကို ဖြုတ်ပစ်လေသည်။

"ဂျပန်တပ်မ (၃၁) ၏ တပ်မမှူး ဒုဗိုလ်ချုပ်ကြီးဆာတိုကိုတိုကူကို အမှတ် (၁၅) တပ်တော်သို့ ဇူလိုင်လဆန်းပိုင်းက ခေါ်ယူပြီးတော့ အဝတ်ဖြုပတ်ထားတဲ့ ဓားတိုကိုပေးသတဲ့။ ဂျပန်ထုံးစံအရ စက်ပုကုခေါ်တဲ့ မိမိဘာသာအဆုံးစီရင်စေတာဖြစ်ပါတယ်။ ဗိုလ်ချုပ်ဆာတိုက လက်မခံဘဲ စစ်ခုံရုံးမှာရှင်းမယ်ဆိုပါ





www.burmeseclassic.com

www.burmeseclassic.com

တယ်။ မူတာဂူချီလည်း ဂျပန်ပြည်ပြန်ခေါ်တယ်။ တပ်မမှူးများလည်း ဂျပန်ပြည်ကိုပြန်ကြရတယ်"

ဟုပြောသည်။

သူပြောပုံမှာ မယုံနိုင်လောက်စရာ။ ဂျပန်တပ်၏အတွင်းရေးများဖြစ်သဖြင့် မည်သို့ထိုအကြောင်းများသိပါသနည်းဟု မေးမြန်းရာ -

"ကျွန်တော်က မင်္ဂလာဒုံစာ ယောနင်းကျောင်းဆင်းပါ။ ဂျပန်ပြည် စစ်တက္ကသိုလ်မှာပညာသင်ဖို့ သင်တန်းကျောင်းဖြစ်ပါတယ်။ဂျပန်စကား၊ စာပေကို ကောင်းစွာသင်ရပါတယ်။ ဗိုလ်ကြီးတပ်ကို ကျွန်တော့်တွဲထားတာက ဂျပန်စစ်သုံ့ပန်းများကို မေးမြန်းသတင်းယူစစ်ဆေးဖို့ပါ။ ပျဉ်းမနားတိုက်ပွဲမှာ ဂျပန်အများအထိနာကြပါတယ်။ ဗမာ့မျိုးချစ်တပ်မတော်ကဖမ်းဆီးရမိတဲ့ ဂျပန်အရာရှိထဲမှာ အင်ဖာစစ်မျက်နှာက ဆုတ်ခွာလာတဲ့ အရာရှိတပ်သားများပါလာလို့ ပြောနိုင်ခြင်းပါ"

ဟု ဆိုပါသည်။

ထိုမှတစ်ဆင့် သူက ထပ်မံဖြည့်စွက်ပြောသည်မှာ -

"ပုပ္ပားဘက်မှာ INA ကုလားစစ်သည်တွေကတော့ လက်နက်ချပါတယ်။ သူတို့ကတော့ စစ်ရှုံးပေမယ့် နိုင်ငံရေးအရနိုင်တယ်လို့ပြောပါတယ်။ အင်ဖာ-ကိုဟီမားစစ်မျက်နှာမှာ သူတို့အိန္ဒိယကွန်ဂရက်က သတ်မှတ်တဲ့ လွတ်လပ်သောအိန္ဒိယနိုင်ငံတော်အလံကို ပထမဦးဆုံး သူတို့တပ်ဖွဲ့ကစိုက်ခဲ့သည်ဟုဆိုတယ်"

ပြောပြလေသည်။

ဂျပန်တို့သည် အရာရှိစစ်သည် (၅၃၀၀၀)ခန့်ဆုံးရှုံးသည်။ ဗြိတိသျှဘက်မှ အရာရှိစစ်သည် (၁၇၀၀၀) ထိခိုက်ကျဆုံးသည်ဟု သိရသည်။

ကျွန်ုပ်၏မိတ်ဆွေ တရားမမြို့အုပ်ကြီးဦးသာနိုးက ရခိုင်ရာဇဝင်ကို ပြောပြရာတွင် ရခိုင်ဘုရင်တစ်ပါးသည် မိမိအောင်နိုင်သော စစ်မြေပြင်ကို လှည့်လည်ကြည့်ရှုရာတွင် စစ်နိုင်သူလည်း မသက်သာ။ စစ်ရှုံးသူများလည်းပျက်စီး။ နှစ်ဦးနှစ်ဖက် ဆုံးရှုံးသည်ကို မြင်တွေ့ရသဖြင့် ထိုစစ်မြေပြင်တွင် စစ်မကောင်းဟု ကျောက်စာမော်ကွန်းထိုးခဲ့သည်။ ထိုနေရာသည် စစ်တကောင်းမြို့ဖြစ်ကြောင်း သူပြော၍သိရသည်။ စစ်ဖြစ်ခြင်းသည် မကောင်းဆိုသည်မှာ အမှန်ပင်ဖြစ်ပါတကား။

ဗိုလ်လှကြည်သည် (၆)လမျှကြာသောအခါ ဗိုလ်တာရာနှင့်အတူ မြန်မာပြည်ကို လွတ်လပ်ရေးအတွက် တောခိုသွားသည်။ထိုသတင်းနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလန်သွားပြီး လွတ်လပ်ရေးတောင်းသည်ဟုလည်းကြားရသည်။

ဆောင်ကြာမြိုင်အတွက် လိုက်ပါသွားရသူများမှာ စလင်းသို့ တစ်ဦးချင်းပြန်လာကြသည်။ အချို့လည်း ရောဂါရ၍ လူစဉ်မမီဖြစ်သွားသည်။ အချို့လည်း ကောင်းရောင်းကောင်းဝယ် လင်ကောင်းသားကောင်းရပြီး မြို့မျက်နှာဖုံး လူတန်းစားထဲဝင်ဆံ့သူများလည်းရှိကြသည်။

စာပြုသူမှတ်ချက် ။ ။ ဒုတိယဗိုလ်ချုပ်ကြီးမူတာဂူချီသည် စစ်ပြီးသောအခါ စင်ကာပူ၌ သူ့တပ်သားများကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ထောင်ဒဏ်ကျခံရသည်။ ၁၉၄၈ ခု၊ မတ်လတွင် ထောင်မှလွတ်သည်။ ၁၉၆၆ခု၊ ဩဂုတ်လ ၂ ရက်နေ့တွင် တိုကျိုမြို့တွင် ကွယ်လွန်သည်။

၁ နောင်ကျောက်စစ်ဆရာတော်ဦးဝဏ္ဏ
၂ သခင်အောင်ပု၊ နောင်တွင် ဘကြီးဦးအောင်ပု၊ မော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံဂုဏ်ရည်သည် လူငယ်များ လမ်းမမှားရန် အားကစားကာယဗလပညာဖြန့်ဖြူး၍ လမ်းပြသည်။ (ကွယ်လွန်)
၃ အလင်းရောက် ဗိုလ်လှကြည်၊ နိုင်ငံဂုဏ်ရည်၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့် (ကွယ်လွန်)
၄ ဗိုလ်စံထွန်း၊ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်၊ ရဲဘော်ဖြူဗိုလ်၊ ကွယ်လွန်
၅ ဦးထွန်းရှိန် ဘီအေ၊ လွှတ်တော်အမတ်ဟောင်း(မဟာဗမာပါတီဝင်)၊ အထက်တန်းကျောင်းဆရာတော် (ကွယ်လွန်)၊



၆ ဗိုလ်မှူးကြီးလှမော် (ကွယ်လွန်) ဗိုလ်မှူးဘသိန်း (ကွယ်လွန်)
၇ Comfort women
၈ ဗိုလ်မှူးချုပ် တင်ဖေ၊ နိုင်ငံတော်ကောင်စီဝင်(ကွယ်လွန်)
၉ ဗိုလ်မှူးကြီးထွန်းခင် (ကွယ်လွန်) ဗိုလ်မှူးကြီးဘခင် (ကွယ်လွန်)
၁၀ JIA 15th Army.
၁၁ 15th Division, Division, 33rd Division
၁၂ BBC ၏ အိန္ဒိယတပ်မတော်အကြောင်း ရုပ်သံအခွေ။
၁၃ To sweep aside the Paltry opposition we encounter and luster ... Army traditions by achieving a victory of annihilation. Lt.Gen Mutaguchi 7th. March 1944.
၁၄ No retreat
၁၅ Lack of weapon is no excuse for defeat. The struggle has developed into a fight between the material strength of the enemy and our spiritual strength. Continue in the task till your ammunition expended. If your hands are broken fight with your feet. If your hands and feet are broken, use your teeth. If there is no breath left in your body, fight with your sprit. Lack of weapon is no excuse for defeat. Lt. Gen. Mutaguchi.

မှတ်တမ်းအား အောက်ပါစာတမ်းတို့နှင့်တိုက်ဆိုင်ကြည့်ပါသည်။

ကျမ်းကိုး -


Renya Mutaguchi- Wikipedia
Battle of Imphal 1944 by C N Truman
Indian National Army by BBC
Chittagong History.
Lake of weapon is no excuse for defeat. (Axis History Forum)
ဒုဗိုလ်ချုပ်ကြီးမူတာဂူချီ၏ တပ်... ကို Lack of weapon is no excuse for defeat. (Axis History Forun) မှ ကူးယူ ဖော်ပြပါသည်။


အနေဘက်တံခါးမှူးမေဦးနု



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်မြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

# နဂါးအရိုးပေါ်မှာရေးတဲ့စာ
သို့မဟုတ်
# နိမိတ်ဟောအရေးအသား

မတွေ့တာကြာပြီဖြစ်တဲ့ ကိုမြင့်ကိုကိုနဲ့မကြူတို့အိမ်ကိုသွားလည်ပတ်ရင်း သူတို့ရဲ့ လီမွာပြီး စာတော်လှတဲ့ ငါးဘာသာ ဝဏ်ထူးရှင် သမီးလေး နွဲ့သွေးကိုဖအာ နိုင်ငံခြားဘာသာတက္ကသိုလ်ကနေ တရုတ်ဘာသာနဲ့ ဘွဲ့ရသွားတာ သိလိုက်ရပါတယ်။

"သမီးတို့ဘာသာရပ်မှာ ဘယ်စာတွေသင်ရသတုံး"

လို့ စပ်စုကြည့်တော့ သင်ရိုးညွှန်းတမ်းစာအုပ်အချို့ကို နွဲ့သွေးကိုက ထုတ်ပြတယ်။

အဲဒီထဲမှာ အရိုး (bone) နဲ့ လိပ်ခွံ (tortoiseshell)တွေပေါ်မှာ ရေးထိုးထားတဲ့ ရှေးဟောင်း တရုတ်စာပေအရေးအသား (Ancient inscription) တွေနဲ့ဆိုင်တဲ့ မှတ်တမ်းမှတ်ရာတွေ၊ တရုတ်သမိုင်းစာအုပ်တွေမှာရှိတဲ့အကြောင်း ဖတ်လိုက်ရတယ်။ စိတ်ဝင်စားတာနဲ့ သူ့စာအုပ်ထဲကစာမျက်နှာအချို့ကို အသင့်ပါလာတဲ့ကင်မရာနဲ့ ဓာတ်ပုံရိုက်ယူလိုက်ပါတယ်။

**□ နဂါးအရိုးနဲ့ဖော်စပ်တဲ့ တရုတ်တိုင်းရင်းဆေး**

၁၈၉၉ ခုနှစ်မှာ တရုတ်နိုင်ငံ ဘီဂျင်း (ယခင် - ပီကင်း) မြို့တော်က ထင်ရှားကျော်ကြားတဲ့ ဘာသာစကားဖြစ်ပေါ်လာပုံ လေ့လာသူ ပညာရှင်၊ ဝေါဟာရဗေဒဆရာကြီး(Philologist)နဲ့ ရှေးဟောင်းသုတေသနပညာရှင်(Archa-eologist) ဖြစ်တဲ့ ဝမ်ရီရုံ (Wang Yirong) ဟာ နေထိုင်မကောင်းဖြစ်သွားပါတယ်။ ဆေးကုသရင်း တရုတ်ရိုးရာ တိုင်းရင်းဆေးဆရာတစ်ယောက်က သူ့အတွက်ဆေးဖော်စပ်ဖို့ ရေးပေးတဲ့ ဆေးစာမှာ နဂါးအရိုး (dragon bone) ဆိုတာ တစ်ခုပါလာတယ်။ နဂါးအရိုးဆိုတာကတော့ ရှေးကတိရစ္ဆာန်တွေရဲ့ အရိုးနဲ့အခွံတွေရဲ့ အပိုင်းအစတွေဖြစ်ပါတယ်။

အဲဒီအရိုးနဲ့ အခွံအပိုင်းအစတွေ အပေါ်မှာတော့ သူဟာ ရေးခြစ်ထားတဲ့ ပုံလေးအချို့ကို တွေ့မြင်သတိပြုမိသွားတယ်။ ဒီရေးခြစ်ထားတာလေးတွေဟာ ရှေးခေတ်က အရေးအသားတွေနဲ့ အတော်တူနေတာလည်း သတိထားမိတယ်။ သိချင်စိတ်တွေပြင်းပြလာတော့ စူးစမ်းလိုစိတ်က သူ့ကိုအတွေးတွေပွားစေခဲ့ပေါ့။

တူးဖော်ရရှိလာတဲ့ မြေအောက်မှာနစ်မြုပ်နေတဲ့ ဒီတိရစ္ဆာန်အရိုးတွေ၊ အခွံတွေမှာ ဘယ်လိုလုပ်ပြီး ဒီလိုဒီဇိုင်းပုံတွေရှိနေရတာလဲ၊ ဒီလိုရေးခြစ်ထားတဲ့ ပုံတွေက ဘာအဓိပ္ပာယ်တွေကိုဆောင်နေပါသလဲလို့ ဝန်ရီရုံ ထပ်တလဲလဲ တွေးနေမိရဲ့။

ဆေးဖက်ဝင် သဘာဝ အရွက်၊ အခေါက်၊ အရိုးတွေရောင်းတဲ့ အဲဒီတိုင်းရင်းဆေးဆိုင်မှာ မေးမြန်းစုံစမ်းတော့ ဒီရှေးဟောင်းသတ္တဝါတွေရဲ့ အရိုးနဲ့ အခွံတွေကို ဟီနန် (Henan) ကနေ ဝယ်ခဲ့ရ တယ်ဆိုတာ ဝန်ရီရုံ သိလိုက်ရပါတယ်။

အဲဒီနောက် သူဟာ ဒီအပိုင်းအစတွေ ဆိုင်ကိုလာသွင်းတဲ့ ကုန်သည်တွေနဲ့ အဆက်အသွယ်ယူပြီး အတော်အတန်များတဲ့တန်ဖိုးနဲ့ ဈေးကောင်းကောင်းပေးကာ ရေးခြစ်ထားတဲ့ပုံတွေ၊ ဒီဇိုင်းတွေပါတဲ့ တိရစ္ဆာန်အရိုးနဲ့ အခွံတွေအားလုံးကို




နွားသက်ပြင်ရိုးထက်က တရုတ်ရှေးဟောင်းမှတ်ဓမ္မစာတွေ



www.burmeseclassic.com

www.burmeseclassic.com

the figure "◎" stood for the Chinese word" 日" "which is *the sun* in English, and "ㄅ" stood for"人", which means *man*. In a similar way, "巛" stood for *water*, "山" for *mountain* and "羊" for *sheep*. The Chinese word "卜" in its ancient form was both onomatopoeic and pictographic, onomatopoeic in the sense that it sounded like the explosive pops when fire was applied on the shell and pictographic in that it looked like the cracks on the shell. In the ancient inscriptions there had already appeared some new words iormed of a combination of two separate words, like "从" whose modern equivalent is "从" meaning *follow* in English, that

**တရုတ်ရှေးဟောင်းနှုတ်မေးစာများမှ တိုးတက်ပြောင်းလဲလာတဲ့ အရေးအသားများ**

သူ သိမ်းကျုံးဝယ်ယူထားလိုက်ပါတော့တယ်။ အဲဒါတွေကို အသေအချာ အပြန်ပြန်အလှန်လှန် လေ့လာ စစ်ဆေးကြည့်ပြီးတဲ့နောက်ဆုံးမှာတော့ ဝန်ဟာကျောက်ချက်တစ်ခုကို အခိုင်အမာချနိုင်လိုက်ပါတယ်။ ဟုတ်တယ်၊ သေချာတယ်။ ဒါတွေဟာ တကယ်မှာတော့ တရုတ်ရှေးဟောင်းအရေးအသား (Ancient Chinese script) ပုံသဏ္ဌာန်တစ်မျိုးပါပဲ။

ဒီတွေ့ရှိမှုဟာ ပညာရှင်တွေအကြားမှာ အလွန်တရာကြီးမားတဲ့ စိတ်ဝင်စားမှုနဲ့ အာရုံစိုက်မှုတွေဖြစ်ပေါ်လာအောင် နှိုးဆွလိုက်ပါတော့တယ်။


အဲဒီနောက် သူတို့ဟာ ရေးခြစ်ထားတဲ့ အခွံနဲ့ အရိုးအရေအတွက်အများအပြားကို ဟီနန်ပြည်နယ် အန်ယန်း (Anyang County) စီရင်စုက (Xiao Tun) ဆိုတဲ့ရွာတစ်ရွာမှာ တွေ့ရှိကြပြန်ပါတယ်။ ဒီရွာဟာ ၁၆၀၀ ဘီစီကနေ ၁၁၀၀ ဘီစီခန့် (circa 1600 to 1100 B.C) က ရှန်မင်းဆက်နှောင်းပိုင်း (the late Shang Dynasty) ရဲ့ ပြည်နယ်မြို့တော်ဖြစ်ခဲ့ပါတယ်။

တရုတ်ဘိုးဘွားဘီဘင်တွေဟာ ဒီလိုအက္ခရာစာလုံးတွေကို လိပ်ခွံ (tortoise shell) တွေပေါ်မှာသာမဟုတ်ဘဲ နွားရိုး နဲ့ သမင်ရဲ့အရိုးတွေပေါ်မှာလည်း ရေးထိုးခဲ့ကြပါသေးတယ်။ ရှန်မင်းဆက်မှာထဲက ဒီလို စာပေအရေးအသားပုံသဏ္ဌာန်တစ်ခုဟာ ပျံ့နှံ့ထင်ရှားနေပါပြီ။

ပဂ္ဂိုရုနည်းသုံးတဲ့တရုတ်ဘိုးဘွားမိဘ

အဲဒီအချိန်တုန်းက တရုတ်
တွေဟာ အလွန်အယူသီးကြ
လူ့လောကမှာရှိတဲ့ အရာအား
ကောင်းကင်ဘုံမှာရှိတဲ့ နတ်ဘုရား
ကြိုတင်ပြဋ္ဌာန်းသတ်မှတ်ပေးထား
လို့ ယုံကြည်ကြတယ်။ သူတို့ ဘာ
လုပ်မယ်ဆိုဆို ပထမဆုံးတော့ သူ
နတ်ဘုရားတွေနဲ့ဝိညာဉ်တွေကပေး
အကြံဉာဏ်ကို မေးကြည့်ရမယ်။
တစ်ခုမှာ သူတို့အောင်နိုင်မလား
မလား။ သူတို့ အမဲလိုက်ဖို့ ခရီးထွက်
အခါ ထိုက်တိုက်တန်တန် အကျိုး
ရာသီဥတုကောင်း - မကောင်း
တစ်ယောက်ရဲ့ ဘဝအခြေအနေ
မျိုးမှာ ကောင်းမလား၊ ဆိုးမလားဆို
တွေကို သင်္ကေတတွေနဲ့ပြပြီး ကြို
ဟောကိန်းထုတ်နိုင်တယ်လို့ သူ
ယုံကြည်ထားကြတဲ့အတိုင်း အဲဒီ
မေးကြည့်နိုင်ဖို့ ဂမ္ဘီရဉာဏ်ဝင်စားမှု
လုပ်ကြတယ်။

ဘိုးဘွားမိဘတွေလုပ်ပုံကိုင်ပုံ
တော့ ခုလိုပဲဖြစ်တယ်။ သူတို့ဟာ ပထမ
ဆုံး ချောပြောင်အောင် ပွတ်တိုက်
မြုပြင်ယူထားတဲ့လိပ်ခွံပေါ်မှာ အပေါက်
ငယ်လေးတစ်ပေါက်ဖောက်လိုက်တယ်။
ဒါမှမဟုတ် အဲဒီပေါ်မှာ ခပ်ရှိုးရှိုးအချိုင့်
လေးလုပ်လိုက်တယ်။ အဲဒီနောက် သူ
ဟာ အပေါက် သို့မဟုတ် အချိုင့်
ပေါ်မှာ မီးကိုပိုးယူလိုက်တယ်။ ဒီလို




**ရှန်မင်းဆက်က အဓိက သုံးစွဲခဲ့တဲ့ ကြေးထည်များ**



www.burmeseclassic.com

www.burmeseclassic.com



တရုတ်အက္ခရာအရေးအသားများ

လိုက်တာနဲ့ အခွံဟာအကြိမ်အနည်းငယ်မျှ ဖောက်ခနဲဖောက်ခနဲမြည်ကာ ကွဲအက်သွားပြီး အခွံပေါ်မှာ အက်ကြောင်းတွေပေါ်လာတော့တယ်။

အဲဒီနောက် ဘိုးဘွားဘီဘင်တွေဟာ အက်ကြောင်းတွေရဲ့ပုံသဏ္ဌာန်ပေါ်မှာ အခြေပြုပြီး ကြိုတင်ဟောကိန်းတွေထုတ်ကြ၊ တစ်စုံတစ်ခုကို လုပ်သင့်-မလုပ်သင့်ကို ဆုံးဖြတ်ချက်တွေချကြပါတယ်။ ပြီးနောက်မှာတော့ အဲဒါတွေအားလုံးကို လိပ်ခွံ ဒါမှမဟုတ် အရိုးအပိုင်းအစတွေပေါ်မှာ မှတ်တမ်းတင်ထားလိုက်ကြတယ်။ နောက်တစ်မျိုးပြောရရင်တော့ ဒီအရေးအသားတွေဟာ နတ်ဆရာက အတိတ်ကောက်ပြီး ဟောပြောတာတွေကိုရေးသားထားတဲ့ နိမိတ်ဟောအရေးအသား (oracular writing) အမျိုးအစားတစ်ခုပါပဲ။

### ❑ နတ်ဆရာရဲ့ အတိတ်ကောက်၊ နိမိတ်ဟောများ

ထို့အတူပဲ ဒီအခွံနဲ့ အရိုးတွေကို နတ်ဝင်သည်အဟောတွေရေးမှတ်ဖို့သာမက အဲဒီအချိန်ကာလတွေမှာ ဖြစ်ပျက်ခဲ့တဲ့ အထင်ကရခေတ်အခြေအနေတွေကို မှတ်တမ်းတင်ဖို့အတွက်လည်းသုံးပါသေးတယ်။ စစ်သို့ပန်းဘယ်နှယောက်ခမ်းဆီးလာတယ်၊ အမဲလိုက်ထွက်ရာမှာ ဘာတွေရလာတယ်၊ ရေကြီးခဲ့တဲ့ရက်စွဲတွေ၊ လက်အောက်ခံမင်းသားတွေက ဆက်သလာတဲ့လက်ဆောင်ပဏ္ဏာတွေက ဘာတွေဆိုတာမျိုးတွေကိုလဲ မှတ်သားထားတတ်ကြပါတယ်။


### ❑ တရုတ်စာပေအရေးအသားရဲ့အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပုံ

ဒီနေ့အထိ ရှေးဟောင်းအရေးအသားတွေ ရှာဖွေတွေ့ရှိခဲ့သမျှမှာ အက္ခရာစာလုံးပေါင်း (၃၅၀၀) လောက်ပါဝင်ပြီး (၁၅၀၀) လောက်ကို အနက်အဓိပ္ပာယ်ခွဲခြားဖော်ထုတ်ပြနိုင်ခဲ့ပါတယ်။ ဖော်ပြထားတဲ့အက္ခရာတွေကနေ တွေ့မြင်သိရှိရလိုက်တာကတော့ တရုတ်စာပေအရေးအသားရဲ့ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပုံ စိတ်ကူးစိတ်သန်းတွေပါပဲ။ အဲဒီရေးခြစ်ဖော်ပြထားတဲ့ အရုပ် (figure) နဲ့ သင်္ကေတ (sign) တွေဟာ ယနေ့ခေတ် တရုတ်စာလုံးတွေရဲ့ အခြေခံတည်ဆောက်ပုံ စရိုက်လက္ခဏာအချို့ကိုတောင် ဆောင်ထားနှင့်ပြီဖြစ်နေတာတွေ့ရပါတယ်။ အဲဒါကြောင့် ဒီကနေ့ တရုတ်အက္ခရာစာလုံးတွေဟာ အဲဒီရှေးကျလှတဲ့အချိန်ကအရုပ်တွေနဲ့သင်္ကေတတွေကနေ ဆင်းသက်လာတယ်လို့ ယုံကြည်ရပါတော့တယ်။

ဘာပဲဖြစ်ဖြစ် ရှေးဟောင်းအရိုးနဲ့ အခွံတွေပေါ်မှာရေးသားထားတဲ့အက္ခရာစာလုံးတွေဟာ ရုပ်ပုံပြ (pictographic)နဲ့ ရုပ်ပြ(iconic)တွေဖြစ်သော်ငြားလည်း ရှေးဦးကျလှတဲ့ အကြမ်းစားအရုပ်တွေ၊ သင်္ကေတတွေအဆင့်ထက်တော့ ကျော်လွန်နှင့်ခဲ့ပြီဖြစ်ကြောင်းတွေ့ရှိရပါတယ်။

### ❑ မြည်သံခွဲ ရုပ်ပုံပြ

အဲဒီအက္ခရာစာလုံးတွေမှာ တစ်စုံတစ်ခုရဲ့ မူရင်းစရိုက်လက္ခဏာကို ကိုယ်စားပြုတင်ပြတဲ့အလုပ်တာဝန်တွေရှိနေခဲ့ပြီး လူတွေကို ရုတ်တရက်ကြည့်ရုံအမြင်မျှနဲ့ ဘာဆိုတာညွှန်းဆိုဖော်ပြနိုင်စွမ်းလည်းရှိနေပါတယ်။ ဥပမာအားဖြင့် စက်ဝိုင်းလေးရဲ့အလယ်မှာ အစက်ကလေးပါတဲ့အရုပ်ဟာ အင်္ဂလိပ်လိုနေလို့အဓိပ္ပာယ်ရတဲ့ တရုတ်စကားလုံးအတွက် ရုပ်တည်နေတာပါ။ ဒေါက်ကလေးနှစ်ခုထောက်ထားသလို အရုပ်ကတော့ အင်္ဂလိပ်လို လူလို့အနက်ထွက်ပြီး အင်္ဂလိပ်အက္ခရာ Y ကို ပြောင်းပြန်ထောင်ထားတဲ့ တရုတ်စာနဲ့တူပါတယ်။ အဲဒီနည်းအတိုင်းပဲ လှိုင်းတွန့်လေးသုံးခုထောင်ထားသလို အရုပ်ကတော့ ရေ၊



အရိုးတွေပေါ်မှာရေးခြစ်ထားတဲ့ တရုတ်ရှေးဟောင်းနတ်မေးစာတွေ



www.burmeseclassic.com

www.burmeseclassic.com

လှသွားအချွန်လေး (၃)ခုထောင်နေတဲ့ပုံကတော့ တောင်နဲ့ အင်္ဂလိပ်စာလုံးYကို အလယ်က ကန့်လန့်ဖြတ်မျဉ်းတိုလေးနဲ့ အရုပ်ကတော့ သိုးပါ။ အင်္ဂလိပ်စာလုံး I ရဲ့ အလယ်ကနေ ညာဘက်ကို မျဉ်းတိုလေးအောက်စိုက်ဆွဲထားတဲ့ တရုတ်အက္ခရာနဲ့တူတဲ့ ရှေးဟောင်းအရုပ်ပုံကတော့ မြည်သံစွဲ (onoma-topoeic) နဲ့ ရုပ်ပုံပြသဘောနှစ်ခုစလုံးဆောင်နေပါတယ်။ မြည်သံစွဲအနေနဲ့ အခွံပေါ်ကို မီးတင်လိုက်တဲ့အခါ ဖောက်ခနဲမြည်လိုက်သံထွက်လာတာကို ခံစားရနိုင်ပြီး ရုပ်ပုံပြအနေနဲ့တော့ အခွံပေါ်ကို မီးတို့လိုက်တော့ အက်ကွဲလာပုံတွေနဲ့တူနေပါတယ်။

ရှေးဟောင်းက ရေးခြစ်ထားတဲ့ အရုပ်စာတွေမှာ ဆင်တူစာလုံးနှစ်ခုကို အတူတကွ အပြိုင်ပူးရေးထားတာမျိုးတွေလည်း ရှိနှင့်နေတာ တွေ့ရပါတယ်။ ဥပမာ အင်္ဂလိပ်စာလုံး Y နှစ်ခုကိုပြောင်းပြန်ထောင်ပြီး ပူးကပ်ရေးထားတဲ့ ယနေ့ခေတ် တရုတ်စာလုံးမျိုးပေါ့။ အဲဒါဟာ နောက်ကလိုက်လာတယ်ဆိုတဲ့အနက် ထွက်ပါတယ်။ လူနှစ်ယောက် တစ်ဦးနောက်က တစ်ဦးကပ်ပြီးလျှောက်လိုက်လာတဲ့ရုပ်ပုံမျိုးဖြစ်ပါတယ်။ လူတွေကို ကာကွယ်တဲ့လက်နက်လို့ စုပေါင်းပြီး အဓိပ္ပာယ်ထွက်တဲ့ ယနေ့ခေတ် တရုတ်စာလုံးမျိုးကိုလည်း ရှေးဟောင်းအရေးအသားမှာ တွေ့ရှိရပါတယ်။ အဲဒါကိုတော့ လေးထောင့်စပ်စပ်ဘောင်ခတ်ထားတဲ့အတွင်းမှာ လူရပ်နေပုံနဲ့ဆင်ဆင်တူတဲ့အရုပ်ပုံနဲ့ ဖော်ပြရေးသားထားလေရဲ့။

အလားတူပဲ ရှေးဟောင်းရေးခြစ်ချက်တွေမှာ အရုပ်ပုံပြစာလုံးတွေကို တစ်ခုထက်ပိုတဲ့အရေအတွက်နဲ့ပူးပေါင်းရေးထားတာတွေကလည်းရှိနေပါတယ်။ အရုပ်နှစ်ခုပေါင်းထားတဲ့စာလုံးတွေမှာ တစ်လုံးက အနက်အဓိပ္ပာယ်အတွက်ဖြစ်ပြီး တစ်လုံးက အသံထွက်ကိုပြဆိုပါတယ်။ အဲဒီနည်းနဲ့ စကားလုံးအသစ်အသစ်တွေကိုဖန်တီးလာကြရင်း တရုတ်စာလုံးတွေဟာ များပြားသထက်များပြားလာသလို တရုတ်စာပေဟာလည်း ဝေါဟာရတွေ ကြွယ်ဝသထက်လည်း ကြွယ်ဝလာခဲ့ပါတော့တယ်။

**□ အရိုးစာများကပြောတဲ့တရုတ်သမိုင်း**

အတိုချုပ်ပြောရရင်တော့ လိပ်ခွံနဲ့ အရိုးတွေအပေါ်မှာ ရေးခြစ်ခဲ့တဲ့ ရှေးဟောင်း အရေးအသားတွေဟာ အချိန်ကာလတစ်ခုရဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုဘဝတွေကို မှတ်တမ်းတင်ပေးထားနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် တရုတ်သမိုင်းရဲ့ ကျေးကျွန်လူ့အဖွဲ့အစည်း (slave society) အဖြစ်သိထားကြတဲ့ အဲဒီအချိန်ကာလတွေကို လေ့လာဖို့အတွက် ဒီခြစ်ရာမှတ်ရာလေးတွေဟာ အလွန့်အလွန်ကို အရေးပါလှတာ တွေ့ရှိနိုင်ပါတယ်။

အရိုးနဲ့ လိပ်ခွံတွေပေါ်မှာ ရေးထိုးထားတဲ့ ရှေးဟောင်းတရုတ်စာပေရဲ့ အရေးအသားတွေအကြောင်းသိရတာ စိတ်ဝင်စားစရာကောင်းလွန်းလို့ လက်လှမ်းမီသမျှ ဆက်လက် ရှာဖွေလေ့လာမိပါတယ်။

**□ တရုတ်ကြေးခေတ်နဲ့တရုတ်စာပေ**

တရုတ်ရဲ့ ပထမဆုံး လက်ရေးမှတ်တမ်းတွေ တွေ့ရှိခဲ့ရတာကတော့ ကြေးခေတ် (the Bronze Age) မှာဖြစ်ပြီး သမိုင်းအရ စစ်ဆေးအတည်ပြုထားတာက ရှန်မင်းဆက် (the Shang) (၁၆၀၀ -၁၀၄၆ ဘီစီ) အပါအဝင်ဖြစ်ပါတယ်။ ရှန်နဲ့ (Zhou) မင်းဆက် (၁၀၄၆ - ၂၅၆ ဘီစီ)တွေအတွင်းမှာ ကြေးသွန်း (bronze casting) အနုပညာဟာ မြင့်မားစွာ တိုးတက်လာခဲ့တယ်။ ကြေးကို ကောင်းစွာ သွန်းလုပ်နိုင်ခဲ့ကြပြီး ကြွယ်ဝစွာ တန်ဆာဆင်ထားတဲ့ ကြေးပစ္စည်းတွေမှာ ဟင်းချက်အိုးနဲ့ အသုံးအဆောင်အိုးခွက်တွေ၊ ခေါင်းလောင်းတွေ၊ ဗုံတွေနဲ့လက်နက်ကိရိယာ(weapons)တွေ ပါဝင်ကြတယ်။ ပုံမှာပြထားတဲ့ပစ္စည်းတွေကတော့ ရှန်မင်းဆက်ခေတ်က ရှေးဟောင်း တရုတ်လူမှုအသိုင်းအဝန်းမှာ အဓိကသုံးစွဲခဲ့တဲ့ လက်နက်တွေပါ။ ပုံရဲ့အပေါ်ဘက်အလယ်က အသွားပြားနဲ့ပစ္စည်းကတော့ ယဇ်ပူဇော်ပွဲမှာ လူသားယဇ်ကောင်တွေကို ခေါင်းဖြတ်သတ်ရာမှာ သုံးတဲ့ (the Yue) ဆိုတဲ့လက်နက်ဖြစ်ပါတယ်။

ရှန်မင်းဆက်နှောင်းပိုင်းဟာ အန်ယန်း (Anyang) အနီးက ရှန်ခေတ်နှောင်းပိုင်း မြို့တော်နေရာမှာ ပေါ်ထွက်လာတဲ့ နတ်မေးအရိုး (oracle bones) တွေကြောင့် ထင်ရှားကျော်ကြားလာခဲ့တယ်။ ရှန်ဘုရင်တွေ ကျင်းပပြုလုပ်လေ့ရှိခဲ့ကြတဲ့ အုပ်ချုပ်သူမင်းတွေရဲ့ ကွယ်လွန်သွားတဲ့ ဘိုးဘေးဘီဘင်တွေရဲ့ တမလွန်ဘုံဘဝကနေ ထောက်ပံ့ကူညီမှုတွေကို ရယူခိုင်မာစေဖို့ သူတို့ရဲ့ ကူညီမှုတွေကို တရားဝင် အတည်ဖြစ်အောင် လုပ်ဖို့ ရည်ရွယ်ခဲ့တဲ့စနစ်ပါ။ အဲဒီမှာ အစဉ်အလာအရ ဂမ္ဘီရညာဏ်နဲ့ နတ်မေးပြီး အနာဂတ်ကိုဟောပြောခြင်း (divination)နဲ့ ယဇ်ပူဇော်ခြင်း (sacrifice) တွေလည်းပါပါတယ်။ နတ်မေးပြီးရလာတဲ့အဖြေတွေကို တိရစ္ဆာန်အရိုးတွေပေါ်မှာ မှတ်တမ်းတင်ရေးထိုးထားခဲ့ကြတာပါ။ အဲဒီ နတ်မေးအရိုး (Oracle Bone)တွေပေါ်မှာ ရေးထိုးထားတာတွေဟာ ဘုရင်ရဲ့ဟောကိန်းထုတ်ချက်တွေလည်း ဖြစ်တတ်ပါတယ်။ ရေးခြစ်ထားတဲ့ အကြောင်းအရာတွေမှာ ရာသီဥတုတွေနဲ့ သီးနှံစိုက်ပျိုးရေးကိစ္စတွေလည်း ပါပါတယ်။ ဒီနတ်မေးအရိုးစာတွေကနေ ရှန်မင်းဆက်ရဲ့ နောက်ဆုံးကိုးပါးမြောက်တဲ့ (၂၁) ပါးမြောက်ဘုရင် (Wu Ding) ကနေ (၂၉) ပါးမြောက်ဘုရင် (Di Xin) တို့နဲ့ပတ်သက်နေတဲ့နေ့စဉ်အဖြစ်အပျက် မှတ်တမ်းတွေကို သမိုင်းအတွက် ပံ့ပိုးပေးနိုင်ခဲ့ပါရဲ့။

ဒီအလေ့ဟာ အခွန့်ရှည်စွာ ဖြစ်တည်လာလိုက်တာဟာ ခေတ်သစ်ကြို (premodern)တရုတ်သမိုင်းတစ်လျှောက် ပါပဲ။ အရိုးတွေဟာ လိပ်ဝမ်းပိုင်းအခွံ (turtle plastrons) နဲ့ နွားရဲ့လက်ပြင်ရိုး (ox scapulae) တွေဖြစ်ပြီး လက်ရေးတွေ ရေးထိုးထားတာ တွေ့ရပါတယ်။ ရှန်မင်းဆက်က နတ်မေးအရိုးစာတွေကို ၂၀ ရာစုအစောပိုင်းမှာ ရှေးဟောင်းသုတေသနပညာဆိုင်ရာ တွေ့ရှိချက်အဖြစ် ရှာဖွေတွေ့ရှိလာတဲ့အခါ တရုတ်မင်းဆက်တွေရဲ့ ရာဇဝင်သမိုင်းကြောင်းကို သက်သေပြနိုင်လာပါတယ်။

တရုတ်အရိုးစာတွေလိုပဲ မြန်မာအက္ခရာတွေအဆင့်ဆင့်ပြောင်းလဲလာပုံကိုလည်း လေ့လာဖူးပါတယ်။ ပုဂံခေတ်ကစာလုံးတွေဟာလည်း အခုနောက်ပိုင်းမှာ သိသူတွေတဖြည်းဖြည်းနည်းလာပြီး တိမ်မြုပ်ပျောက်ကွယ်လုလုဖြစ်လာပါတယ်။ အရိုးအိုးတွေ၊ အုတ်ချပ်တွေ၊ လက်ရာတွေ၊ တံဆိပ်တုံးတွေမှာ ခတ်နှိပ်ထားတဲ့ မြန်မာ့ရှေးစာလုံးတွေဟာလည်း အလားတူ စိတ်ဝင်စားစရာပါ။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေးဟောင်း...

**စာကိုး -**

Encyclopædia Britannica, 2...
Microsoft ® Encarta ® 20...



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ဆူးပုပ်ကြီး၊ ဆူးပင်ကလေး မျိုးပင်ခွဲနည်း

မြန်မာမှန်ရင် ဆူးပုပ်ရွက်ကို လူတိုင်းနီးပါး စားဖူးကြပါတယ်။ ဆူးပုပ်ဆိုတာ ဆူးပါတဲ့အပင်ဖြစ်ပြီး ပင်ယောင်နွယ်ယောင်အမျိုးအစားပါ။ အနီးမှာ တက်စရာမှီစရာတွေ့ရင် နွယ်ပြီးတက်သွားတတ်တယ်။ တက်စရာမတွေ့ရင်လည်း ရှည်လျားတဲ့အကိုင်းတွေအဖြစ် ရပ်တည်ပြီး အပင်လိုနေတတ်တယ်။

သဘာဝအလျောက် နုချိန်ကတော့ နွေဦးရာသီပါ။ ဆောင်းအကုန်လောက်မှာ အရွက်တွေခါချပြီး နွေဦးရောက်တာနဲ့ အရွက်နုတွေထွက်တော့တာပါပဲ။ တိုးတက်တဲ့ခေတ်မှာတော့ သဘာဝအလျောက်ထွက်တဲ့ နွေဦးရာသီအထိ စောင့်မနေဘဲ ဆောင်းရာသီ အရွက်နုထွက်အောင် ဆူးပုပ်ပင်အောက်မှာ ဖွဲမီးပုံတိုက်တတ်ကြပါတယ်။ ဖွဲမီးအပူကြောင့်အရွက်တွေကြွေတုန်တဲ့အခါ အရွက်နုအသစ်တွေထွက်တတ်ကြတာပါပဲ။ ဒါမှမဟုတ် ထွက်သမျှတွေကို မနားတမ်းခူးပေးနေခြင်းဖြင့်လည်း ဆူးပုပ်ရွက် (၁၂) ရာသီစားရပါတယ်။ အဓိကကျတာက ထွက်သမျှရွက်နုတွေ ကို အမြဲတမ်းနိုင်အောင်ခူးပေးပြီး အရွက်ရင့်တွေကို သုတ်သင်ပေးရခြင်းပါ။

ဇွန်၊ ဇူလိုင်လတွေဟာ မိုးလှိုင်လှိုင်ရွာတတ်တာမို့ သစ်ပင်စိုက်တဲ့လတွေပါ။ သစ်ပင်စိုက်တဲ့လရောက်တာနဲ့ သီးပင်စားပင်၊ ပန်းပင်၊ သစ်ပင်မျိုးစုံတွေ ကျွန်တော်တို့ အောင်ဇမ္ဗူဈေးမှာ လာရောင်းတတ်ကြပါတယ်။ အဲဒီအထဲမှာ အိမ်နောက်ဖေး ဈေးဆိုင်တည်ဖို့ ဆူးပုပ်ပင်တွေလည်းပါတယ်။ အဲဒီမှာ ဆူးပုပ်ပင်ပေါက်တွေရောင်းတဲ့အသည်တွေက -

"ဒါ ဆူးပုပ်ကြီးပင်လား"

လို့ မေးရင် -

"ဟုတ်တယ်၊ ဒါဆူးပုပ်ကြီးပင်ပါ"

လို့ဖြေပြီး ဆူးပုပ်လေးပင်ဝယ်ချင်သူက -

"ဒါ ဆူးပုပ်လေးပင်လား"

လို့ မေးရင် -

"ဟုတ်တယ် ဒါ ဆူးပုပ်ကလေးပင်ပါ"

လို့ ဖြေမှာပါပဲ။

ဝယ်ချင်သူရဲ့အကြိုက်ကိုလိုက်ပြီး ဒီလိုပဲရောင်းလိုက်ကြတာပါ။ ဘာလို့လဲဆိုတော့ ဆူးပုပ်ကြီးအပင်ပေါက်နဲ့ ဆူးပုပ်ကလေးအပင်ပေါက်ဟာ အတူတူမို့ပါပဲ။ ခွဲမရတတ်ပါဘူး။ ပြီးတော့ ရောင်းရဖို့သာ အဓိကထားပြီး ရောင်းပေးလိုက်ကြတာပါ။ နောက်ပိုင်း စိုက်လို့အရွယ်ရောက်လို့ ခူးစားမှ ငါဝယ်တာ ဆူးပုပ်ကြီးပါ။ ဘယ့်နှယ် ဆူးပုပ်ကလေးဖြစ်နေပါလိမ့်ဆိုတာမျိုးတွေ ကြုံရလေ့ရှိတယ်။ သိသာတာက ဆူးပုပ်ကြီးက သန်မာထွားကျိုင်းတယ်။ ဆူးပုပ်နံ့ပြင်းတယ်။ ဆူးပုပ်ကလေးက သိပ်မသန်ဘူး။ အရွက်အရောင်ဖျော့တယ်။ အနံ့မပြင်းဘူး။ အဲဒီလိုကွာခြားတာကြောင့် အရွက်နုချိန်မှာတော့ သိသာလှပါတယ်။

ဆူးပုပ်မျိုးပင်က (၂)မျိုးရှိပါတယ်။ တစ်မျိုးက အပင်ပေါက်လေးတွေနုတ်ယူလာတာပါ။ အပင်က တစ်တောင်လောက်ရှိတယ်။ အောက်မှာ မြေသားမပါဘဲ အမြစ်တွေပဲပါတယ်။ တစ်မျိုးက ဆူးပုပ်မျိုးစေ့ကို ပျိုးထုပ်ထဲထည့်ပြီး နောက်ချေးမှုန့်၊ မြေဆွေးမှုန့်တွေနဲ့ပျိုးထားတဲ့ ပလတ်စတစ်ပျိုးထုပ်အပင်ပေါက်ပါ။ သူကျတော့ အပင်ကသေးတယ်။ တစ်ထွာတောင်မရှိဘူး။

ဈေးနှုန်းကျတော့လည်း ကွာပါတယ်။ နုတ်ယူလာတဲ့အပင်ပေါက်တစ်ပင်ကို (၂၀၀) ကျပ်ဖြစ်ပြီး (၅၀၀) ဖိုး (၃) ပင်ရတယ်။ ပျိုးထုပ်အပင်ကျတော့ တစ်ပင် (၅၀၀) ကျပ်ပါ။ အတော်ကွာပါတယ်။ ဒါပေမယ့် စိုက်တဲ့အခါကျတော့ နုတ်ယူလာတဲ့အပင်တွေက ဆယ်ပင်တစ်ပင်ရှင်ခဲ့ပြီး ပျိုးထုပ်အပင်က တစ်ပင်စိုက် တစ်ပင်ရှင်သန်ပါတယ်။ သေချာပေါက် အောင်မြင်ဖြစ်ထွန်းပါတယ်။

ဆူးပုပ်မျိုးစေ့ဆိုတာ သာမန်အနေနဲ့ မရပါဘူး။ အပင်တွေပေါ် နွယ်တက်သွားပြီး အပင်ရင့်မှ အပွင့်ပွင့်ပြီး အသီးသီးကာ မျိုးစေ့ရတာပါ။ အပင်အနေနဲ့ ဆောက်တည်နေရင် မျိုးစေ့မရနိုင်ပါဘူး။ နွယ်တက်သွားပြီး အပင်ရင့်မှ အပွင့်အသီးဖြစ်ထွန်းတာမို့ မျိုးစေ့ရချင်သူတွေဟာ သစ်ပင်ပေါ် တက်သွားတဲ့ ဆူးပုပ်နွယ်ကို မခုတ်ရပါဘူး။ ကင်ပွန်းချဉ်လည်း ထို့အတူပါပဲ။ အပင်ပေါ် နွယ်တက်မှ ကင်ပွန်းသီးသီးတာပါ။ အောက်ခြေအပင်ဖြစ်ရုံ အရွက်ခူးစားရုံနဲ့ မျိုးစေ့မရပါဘူး။ တောထဲက ကင်ပွန်းချုံကြီးတွေဟာ အပင်တစ်ပင်ပင်ပေါ် တက်ပြီး နှစ်ကာလကြာမှ ကင်ပွန်းသီးသီးတာပါ။ ကင်ပွန်းသီးကို ချဉ်ရည်ချက်စားလို့ရပြီး ရင့်ချိန်ရောက်ရင် ကင်ပွန်းသီးခူးလိုပါက အပေါ်မှာ ဆူးချုံကြီးမို့ ခူးရခက်ပါတယ်။ အဲဒါကြောင့် အပင်အောက် ဖွဲမီးပုံတိုက်လေ့ရှိကြတယ်။ ဒါဆို ကင်ပွန်းသီးတွေကြွေကျလာပြီးကောက်ကာ အခြောက်လှန်းပြီး ခေါင်းလျှော်ရာမှာသုံးတဲ့ တရော်ကင်ပွန်းလုပ်ကြလေ့ရှိတယ်။ မြန်မာ့ဓလေ့မှာ ကင်ပွန်းသီးဟာ သနပျောက်တာမို့ မကောင်းတဲ့အရာတွေကို ဖယ်ရှားဖို့အစဉ်အလာသုံးလေ့ရှိပါတယ်။ ဒါက ဆက်စပ်လို့ပါ။

ကျွန်တော်ပျင်းရင် အပျင်းပြေကိုတင်သန်း မစိုးစိုးတို့အိမ်မှာ အရိပ်ကောင်းလို့ သွားထိုင်လေ့ရှိတယ်။ အဲဒီမှာ ညနေအလုပ်ကပြန်လာတဲ့ သူတို့ရဲ့ သမီးများဖြစ်တဲ့ မေစပယ်စိုးနဲ့ ဝေချယ်ဖြိုးတို့က သူတို့အဖေကို ဆူးပုပ်မျိုးပင်ရချင်ကြောင်းပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အဖေ၊ ဆူးပုပ်တစ်ပင်ဘယ်လောက်လဲ"

"တစ်ပင် ငါးရာလေ"

"တစ်ပင်သုံးရာ မရဘူးလား။ အဖေဝယ်လာတာ နှစ်ပင်ငါးရာနဲ့လေ"

"ဟဲ့ - အဲဒါ ဟိုကညီအစ်ကိုတွေမို့ လျှော့ပေးလိုက်တာ။ တခြားလူဆို အဲဒီဈေးနဲ့ ဘယ်ရောင်းမှာလဲ"

ဟုတ်ပါတယ် - ကိုတင်သန်းက ဥပ္ပါတသန္တိစေတီတော်ကြီးနားမှာရှိတဲ့ လက်လုပ်တောင်နဲ့ မျက်နှာချင်းဆိုင် ဝေလီကုန်းရွာက သူ့အစ်ကိုဝမ်းကွဲရဲ့ ထွန်စက်ကို နေ့စဉ်သွားမောင်းပေးနေတာပါ။ မစိုးစိုးက ဆူးပုပ်စိုက်ချင်တယ် ဆိုတာနဲ့ ဆူးပုပ်မျိုးထုပ်လေးတွေဝယ်လာပြီး စိုက်ထားခြင်းပါ။ ဟိုက စီးပွားဖက်ဆိုတော့ လျှော့ပေးလိုက်ခြင်းပါ။

"နေပါဦး၊ နင်တို့က ဆူးပုပ်ပင်မေးနေတော့ ဘာလုပ်မှာမို့လဲ"

"သမီးတို့သူဌေးက သူ့ခြံမှာ စိုက်ချင်လို့ ဆူးပုပ်ကြီးရော၊ ဆူးပုပ်လေးရော ရချင်တယ်တဲ့။ အပင်ပေါက်တွေက မရှင်လို့ ပျိုးထုပ်စိုက်ချင်တာတဲ့။ အဲဒါ တစ်ပင်ငါးရာလို့ပြောလိုက်မယ်နော်"

"အင်းလေ သူတို့က ငါးရာဆိုတာ ရောင်းဈေးလေ။ မရှင်မှာမပူနဲ့။ တစ်ပင်စိုက်တစ်ပင်ရှင်တယ်။ ဟိုမှာ အဖေစိုက်ထားတာ သမီးတို့အမြင်ပဲ။ ဒါထက် သမီးတို့သူဌေးက ဘယ်နှပင်လောက်ယူမှာတဲ့လဲ"

"ဆူးပုပ်ကြီးရော ဆူးပုပ်လေးပါ တစ်မျိုးသုံးပင်စီလောက်ရချင်တယ်တဲ့"

"အေး - ဒါဆို နက်ဖြန် အဖေ အလုပ်ပြန်ရင်ယူလာခဲ့မယ်။ သမီးတို့သူဌေးဆီက ပိုက်ဆံသာတောင်းလာခဲ့"

"ဟုတ်ကဲ့ အဖေ"

ဆိုပြီး ဆူးပုပ်ကိစ္စပြီးသွားတယ်။

ကိုတင်သန်းက မနက်အစောဆိုင်ကယ်နဲ့သွားပြီး ညနေဆိုင်ကယ်နဲ့ ပြန်လာတာပါ။ နောက်နေ့ မိုးချုပ်စမှာ ဆိုင်ကယ်နဲ့ပြန်လာတော့ ဆူးပုပ်မျိုးပင်ထည့်ထားတဲ့ခြင်းကလေးပါ ပါတယ်။ အဲဒီအထဲမှာ ဆူးပုပ် (၆) ပင်ပါလာပါတယ်။

မေစပယ်နဲ့ ဝေချယ်တို့က အောင်ဇမ္ဗူရပ် ညောင်ပင်ဝိုင်းမှာ တည်ထောင်ထားတဲ့ ဂွတ်ဒ်သောက်ရေသန့်မှာလုပ်ကြတာပါ။ သူတို့က ည (၇) နာရီမှ ပြန်ရောက်ကြတာပါ။ မရောက်သေးပါဘူး။ ဒါနဲ့ ကျွန်တော်က ဆူးပုပ်မျိုးထုပ်လေးတွေ ကြည့်မိပါတယ်။ အဲဒီမှာ ကိုတင်သန်းက -

"ဦးလေးရဲ့ သမီးတို့မှာတဲ့ဆူးပုပ်က ဆူးပုပ်ကြီးက တစ်ပင်ပဲရခဲ့တယ်။ ကုန်သွားပြီ။ ဆူးပုပ်လေးပဲ (၅) ပင်ယူလာခဲ့တယ်။ မတတ်နိုင်ဘူးဗျာ၊ ဆူးပုပ်ကြီးက ရောင်းလို့ပိုကောင်းတယ်။ လူကြိုက်များတယ်"

"ဆူးပုပ်ပင်လေးတွေက ပုံစံအတူတူပဲ။ ဘယ်လိုလုပ်ပြီး ဆူးပုပ်ကြီး၊ ဆူးပုပ်လေးခွဲတာလဲ"

"ဩော်- ဦးလေးကလည်း ဆူးပုပ်ကြီး ဆူးပုပ်လေးခွဲတာများ ခက်တာလိုက်လို့ ဟောဒီမှာ သေသေချာချာကြည့်"

ဆိုတော့ ရွက်တရက်အတူတူလို့ပဲ မြင်တာကြောင့် -

"ကျုပ်တော့ အတူတူလို့ထင်တာပဲ"

လို့ ပြောမိပါတယ်။ အဲဒီမှာ -

"ဟောဒီမှာ အသေအချာကြည့်ပါဦး။ ဆူးပုပ်ကြီးပင်ရဲ့အရွက်က နေဝင်တာနဲ့ အိပ်သွားပြီလေ။ ဆူးပုပ်လေးပင်တွေက နေ့နေ့ညညလုံးဝမအိပ်တဲ့အပင်တွေဗျ"

"အေးဗျာ၊ ဟုတ်သားဗျ။ ဆူးပုပ်ကြီးပင်လေးကအိပ်ပြီး ဆူးပုပ်လေးပင်တွေက မအိပ်ဘူးဘဲ။ အတော်ထူးဆန်းတာပဲနော်။ ကျုပ်ဖြင့် ခုမှသိသဗျာ"

လို့ ပြောမိပါတယ်။

"ဒီလို အခက်အလက်ရှိတဲ့ အရွက်တွေတိုင်း ညမှာ အိပ်လေ့ရှိကြပေမယ့် ဆူးပုပ်လေးပင် အရွက်တွေကတော့ ဘယ်တော့မှ အိပ်လေ့မရှိကြဘူးဗျ"

လို့ ပြောပြမှ -

"အင်း - ဟုတ်ပေသားပဲ"

လို့ မှတ်ချက်ချကာ ပညာယူရပါတယ်။

"ဒါဆို စိုက်တဲ့လူတွေကကော ဘယ်လိုခွဲသလဲ"

"သူတို့က သူ့အုပ်စုနဲ့သူပျိုးတာဆိုတော့ အပင်ချင်းတူနေလည်း အခက်အခဲမရှိဘူးလေ။ အကြီးဆို အကြီးအုပ်စုကယူပေးပြီး၊ အသေးဆို အသေးအုပ်စုက ယူပေးလိုက်တာပေါ့ဗျာ"

"အင်း ဒါလည်းဟုတ်တာပဲ"

လို့ မှတ်ချက်ပြုရပြန်တယ်။

နေဝင်မိုးချုပ်တာနဲ့ ဆူးပုတ်အကြီး၊ အသေးကို အလွယ်ခွဲခြားလို့ သိနိုင်ကြပါတယ်။ ကိုတင်သန်းက သူစိုက်ထားတဲ့ အပင်တန်းကို ခေါ်ပြပြန်ပါတယ်။ ဟုတ်တယ် ဆူးပုပ်ကြီးတွေက အိပ်နေကြပြီ။ အရွက်လေးတွေ ရွက်ညှာမှာ ပူးကပ်ပြီး ရင်ချင်းအပ်ကာ အိပ်ပျော်နေကြပြီ။ ဆူးပုပ်လေးရွက်တွေကတော့ မအိပ်ကြပါဘူး။ လန်းဆန်းတက်ကြွလို့ပေါ့လေ။ ဒါဟာလည်း ဆန်းကြယ်တဲ့ သဘာဝတရားတစ်ခုပါပဲ။

ဆူးပုပ်ရွက်၊ ကင်ပွန်းချဉ်ရွက်၊ စိန်ပန်းရွက်၊ ဆီးဖြူရွက်၊ ဆူးရစ်ရွက်၊ မဲဇလီရွက်၊ တောင်ဆီးဖြူရွက်၊ ထိကရုန်းရွက်၊ မန်ကျည်းရွက်၊ ပေါက်ပန်းဖြူ ပေါက်ပန်းနီရွက်၊ အဝေရာလို့အညာမှာ ခေါ်ကြတဲ့ ဘောစကိုင်းရွက်၊ တောဆီးဖြူလို့ခေါ်ကြတဲ့ သျှိသျှားရွက်၊ တုတ္တိရွက်၊ ဒန့်ကွဲရွက်၊ ရေသူကြီးရွက် စတဲ့ အရွက်တွေဟာ ငှက်မွေးရွက်ပေါင်း အမျိုးအစားတွေဖြစ်ပြီး နေဝင်တာနဲ့ တစ်ပြိုင်နက် အိပ်စက်အနားယူကြတာ ထုံးစံပါ။ နောက်နေ့ နေထွက်ချိန်တ[illegible] အိပ်ရာထကာ အရွက်တွေပြန့်ကားလာကြတာပါ။ နေ့သစ်တစ်နေ့ကို လှပစွာ ကြိုဆိုကြခြင်းပါပဲ။

ထိကရုန်းကျတော့ ညမှာလည်း အိပ်တယ်။ နေ့မှာလည်း သူ့ကိုထိခိုက်ရင် ရှုန်းကန်ပြီးပြန်အိပ်တတ်ပါတယ်။ အတန်ကြာမှ ပြန်ထတာပါ။ သူ့ကိုတို့ထိနေသမျှ သို့မဟုတ် လေပြင်းတိုက်ခတ်ပြီး အကိုင်းချင်းထိရင်၊ လှုပ်နေရင် အရွက်တွေ အိပ်နေတတ်ပါတယ်။ ထိကရုန်းဆိုတဲ့အတိုင်း ထိက ချက်ချင်း ရှုန်းကန်ပြီး အိပ်နေတတ်တာ ထုံးစံပါပဲ။ အဲဒါကြောင့် ထိကရုန်းလို့ခေါ်တာပါ။ သူက အလွန်ဆေးဖက်ဝင်တဲ့အပင်ပါ။

ငှက်မွေးရွက်ပေါင်းမျိုးနွယ်ဝင်ဖြစ်တဲ့ ဆူးပုပ်ကလေးအပင်ရဲ့ အရွက်တွေကျတော့ အများလိုမအိပ်စက်တတ်တာကလည်း သဘာဝမျိုးနွယ်စုကို ဆန့်ကျင်တာမို့ အထူးအဆန်းအံ့ဩဖွယ်ဖြစ်ရပါတယ်။ ၁၆-၇-၂၀၁၅ ညနေမိုးချုပ်စမှာ ကိုတင်သန်းပြလို့ မြင်ဖူးခြင်းပါ၊ သိရခြင်းပါ။

အဲဒါကြောင့် ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေးမျိုးပင်ကို ခွဲခြားသိနိုင်တာက တော့ အရွက်တွေ အိပ်ချိန်ဖြစ်တဲ့ မိုးချုပ်စမှာ အရွက်အိပ်၊ မအိပ်ကြည့်ခြင်းဖြင့် ခွဲခြားသိနိုင်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်[illegible]

(ကိုတင်သန်းသို့ ကျေးဇူးတင်လျက်)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး
# တားရော့ဖြန့်ခင်းပုံနည်းစနစ်

**မေးခွန်း (၇)**

ချစ်သူအား ဘဝ၏အစိတ်အပိုင်း တစ်ရပ်အဖြစ်ဘာလုပ်ပေးနိုင်မည်နည်း။


**အဖြေ**

Queen of Penteles Julie က သူမထံ၌ ငွေရှိလျှင် အချစ်ရေးအတွက် စိတ်ကြိုက်ချစ်သူရရန် ဆွဲဆောင်ပါမည်။ သူမ၏ပိုင်ဆိုင်သမျှသော ငွေကြေးဥစ္စာများကို ချစ်သူလက်အတွင်း ဝကွက်အပ်၍ ပြန်လည်မှီခိုနေရခြင်းကို မလိုလားပေ။ ယင်းက ပြဿနာတစ်ရပ်ဖြစ်နေပါသည်။

**Comments (ထင်မြင်ယူဆချက်များ)**

Julie အတွက် သူမ၏စိတ်ခံစားမှုလိုအပ်ချက်ကို သေချာစစ်ဆေးပေးရန်လိုသည်။ လွတ်လပ်မှုကို ခုံမင်ပြီး စိတ်တိုင်းကျစီမံတတ်သူဖြစ်သည်။ သူမကိုယ်တိုင်နှင့် သူမ၏ချစ်သူအပေါ်တွင် ယုံကြည်မှုရှိရန် လိုအပ်ပါသည်။

**ချစ်သူများအတွက်ညွှန်ကြားချက် (Guide for Lovers)**




၁။ မည်သို့သော ချစ်သူကိုမျိုးကိုရှာရမည်နည်း။
၂။ ၎င်းချစ်သူက ချစ်ခင်ကြင်နာယုယမှုနှင့် တစ်ခုခုထောက်ပံ့မှုပေးနိုင်သလား။
၃။ ကျွန်ုပ်တို့ (၂) ဦးအကြား ပြောဆိုဆက်ဆံရေး ပြဿနာရှိနိုင်မလား။
၄။ ၎င်းပုဂ္ဂိုလ်က အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုခုရှိပါသလား။
၅။ ကျွန်ုပ်တို့ (၂) ဦး၏ချစ်ခြင်းက စိတ်ခံစားမှုအတွက်လား၊လိင်ဆွဲဆောင်မှုကြောင့်လား။
၆။ ချစ်သူဘဝအဖြစ်ရပ်တည်ဖို့ ကျွန်ုပ်တို့ လုံလောက်သောရင့်ကျက်မှုရှိပြီလား။
၇။ ကျွန်ုပ်တို့၏ဘာသာရေးယုံကြည်မှုက လိုက်ဖက်ညီပါသလား။
၈။ ငွေကြေးများအခက်အခဲများရှိနိုင်မလား။
၉။ ထိုပုဂ္ဂိုလ်အား ကျွန်ုပ်ဘဝထဲဆွဲသွင်းနိုင်အောင် ဘာလုပ်ပေးနိုင်ပါသလဲ။

**3. Home and Family Issues**

ဤအခန်းတွင် အောက်ပါအကြောင်းအရာတို့ ပါဝင်သည်။

- Family Problems (မိသားစုပြဿနာ)
- Health (ကျန်းမာရေး)
- A Thief in the home (အိမ်တွင်းသူခိုး)
- Lost Articles (ရှာမတွေ့သောပစ္စည်း)

**Family Problems**



၁။ မည်သူက ပြဿနာနှင့် အဓိကပါဝင်ပတ်သက်နေသနည်း။
၂။ သင့်လုံခြုံရေးနှင့်ပတ်သက်၍ မည်သည်က ပြဿနာရှိသနည်း။
၃။ ပြဿနာ၌မည်သို့ပြုမူကြသလဲ။
၄။ ထိုပုဂ္ဂိုလ်၌ အလားတူပြဿနာမျိုး ယခင်ကရှိခဲ့ဖူးသလား။
၅။ ထိုကိစ္စကိုဖြေရှင်းရန် မည်သို့သောအဆင့်က စလုပ်ရမည်နည်း။
၆။ သင် ရှောင်ရှားသင့်သော အခြေအနေမျိုး ဖြစ်ပါသလား။
၇။ အဆိုပါပြဿနာက သင့်ကျန်းမာရေးမည်သို့ ထိခိုက်ပါသလဲ။
၈။ နောက်ဆုံးရလဒ်ကဘာလဲ။

**Tom အတွက် မိသားစုပြဿနာ**

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

မည်သူက ပြဿနာနှင့် အဓိကပါဝင်ပတ်သက်နေသနည်း။

**အဖြေ**

(Ten of wands ပြောင်းပြန်) Tom က အလုပ်ထဲတွင် ဝန်ပိနေသလို ခံစားနေရပါသည်။ လူအားလုံးက မိသားစုနှင့် ပတ်သက်နေရသည့်အလျောက် ပြဿနာတစ်ခုခုရှိနေတတ်သည်။ Tom က အကျပ်အတည်းဖြစ်နေသည့်အခြေအနေအတွင်းပိတ်မိနေသည်ဟု ထင်မိသည်။ လောလောဆယ်အနေအထား၌ အပြောင်းအလဲများလုပ်ရန် မဖြစ်နိုင်သေးသည်ကို Tom က မသိရှိပါ။

**မေးခွန်း(၂)**

သင့်လုံခြုံရေးနှင့်ပတ်သက်၍မည်သည်က ပြဿနာရှိသနည်း။

**Tom အတွက် မိသားစုပြဿနာ**

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ပထမကားချပ် | တောင်ဝှေး(၁၀)ချောင်းကားချပ်(ပြောင်းပြန်) |
| ဒုတိယကားချပ် | ငါးမြှောင့်ကြယ်(၉)ခုကားချပ်(ပြောင်းပြန်) |
| တတိယကားချပ် | ကမ္ဘာလောကကားချပ် |
| စတုတ္ထကားချပ် | ဓား(၇)လက်ကားချပ် |
| ပဥ္စမကားချပ် | တောင်ဝှေး(၉)ချောင်းကားချပ် |
| ဆဋ္ဌမကားချပ် | ဓား(၈)လက်ကားချပ် |
| သတ္တမကားချပ် | ဖလား(၈)လုံးကားချပ်(ပြောင်းပြန်) |
| အဋ္ဌမကားချပ် | တောင်ဝှေး(၆)ချောင်းကားချပ်(ပြောင်းပြန်) |



www.burmeseclassic.com

www.burmeseclassic.com

**အဖြေ**

(Nine of Pentacles ပြောင်းပြန်) ငွေကြေးကိစ္စများ၌ ဉာဏ်အမြော်အမြင်နည်းသည်ကို Tom က သဘောပေါက်သည်။ Tom ၏မိသားစုမှဆုံးဖြတ်ချက်ချရန်ကိစ္စ၌ နောက်မှရပ်တည်ဖြေရှင်းပေးသည်။ Tom ၏ ပိုင်ဆိုင်မှုငွေကြေးများက မိသားစုစီးပွားရေးတွင်ထည့်ဝင်ထားခြင်းကြောင့် ပြန်၍မှီခိုနေရသလို ခံစားနေရပါသည်။

**မေးခွန်း (၃)**

ပြဿနာ၌မည်သို့ပြုမူကြသလဲ။

**အဖြေ**

The world မိသားစုဝင်တစ်ဦးက ပြဿနာကို ပြန်လှန်ပါသည်။ ထိုမှစ၍ ဆူညံပူညံခြင်းများစတင်ဖြစ်လာပါသည်။ နောက်တစ်ချက်မှာ (ပြဿနာပြုသူက) မိသားစုအတွင်း သင့်တင့်သော တာဝန်ခွဲဝေယူခြင်းမရှိခြင်းသောကြောင့်ပင် ဖြစ်သည်။ ကမ္ဘာလောကကားချပ်၏အလိုအရ မိသားစုအတွင်း အားလုံးဝိုင်းဝန်းကြိုးစားမှသာ အောင်မြင်မှုဟူသောအကျိုးရလဒ်ကောင်းကိုရရှိပါမည်။ Tomအနေဖြင့် ကိုယ့်စွမ်းဉာဏ်စွမ်းရှိသမျှ (အကျပ်အတည်းကြားမှပင်) ကူညီထောက်ပံ့ပေးခဲ့သည်။

**မေးခွန်း (၄)**

ထိုပုဂ္ဂိုလ်၌ အလားတူပြဿနာမျိုး ယခင်ကရှိခဲ့ဖူးသလား။

**အဖြေ**

(Seven of sword) လူတစ်ဦးချင်းစီ၌ ပြဿနာအနည်း၊ အများယခင်ကရှိခဲ့တတ်သည်။ အချို့ကအလုပ်ကိုပင်ပန်းစွာလုပ်ရခြင်းကို စိတ်မဝင်စား။ အချို့က အခြားသူထံမှပင် ခိုးတတ်သေးသည်။ ပြဿနာများက ဆက်၍ဆက်၍ပင်ဖြစ်နေဦးပါမည်။

**မေးခွန်း (၅)**

ထိုကိစ္စကို ဖြေရှင်းရန် မည်သို့သောအခြေအနေက စတင်ရမည်နည်း။

**အဖြေ**

(Nine of wands) Tom အဖို့ ဉာဏ်အမြော်မြင်အတွေးအခေါ် တို့တို့ (တခြားသူများနှင့် ပတ်သက်ဆက်ဆံရာ၌) လက်တွေ့အသုံးချတတ်ရန်လိုပါသည်။ထက်မြက်သောဉာဏ်၊ ထိရောက်သောအတွေးခေါ် မှုတို့ဖြင့် ရည်မှန်းချက်ပြည့်အောင် ကြိုးစားရပါမည်။ သို့မှသာ မိမိအကျိုးစီးပွားနှင့်မိမိကိုယ်ကိုကာကွယ်တတ်လာပါမည်။

**မေးခွန်း (၆)**

သင်ရှောင်ရှားသင့်သောအခြေအနေမျိုးဖြစ်ပါသလား။

**အဖြေ**

(Eight of swords) ပြဿနာကိုရှောင်ရန် Tom အတွက် နည်းလမ်းမရှိပေ။ သူ့အနေဖြင့် စိတ်မချရသောမြေပြင်၌ ကြိုးချည်ခံထားရသလိုမျိုး ခံစားနေရပါသည်။ Tom အတွက် ပြဿနာဖြေရှင်းရန် စီးပွားရေးအလုပ်ကို ဆက်လက်ထိန်းသိမ်းရင်း ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးရမည်ဖြစ်သည်။

**မေးခွန်း (၇)**

အဆိုပါပြဿနာများက ကျန်းမာရေးကို မည်သို့ထိခိုက်ပါသလဲ။

**အဖြေ**

(Eight of cups ပြောင်းပြန်) Tom က အခြေအနေအရှုပ်အထွေးမှ ရုန်းမထွက်နိုင်ခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာရောဂါရရှိလာနိုင်ပါသည်။

**မေးခွန်း (၈)**

နောက်ဆုံးရလဒ်ကဘာလဲ။

**အဖြေ**

(six of wands ပြောင်းပြန်) Tom ၏ စိတ်လှုပ်ရှားပူပန်မှုများက အမြော်အမြင်မဲ့သော (အဆင်ခြင်မဲ့သော) ရွေးချယ်မှုမျိုးမဖြစ်စေရန် ဂရုစိုက်ရပါမည်။ ပြဿနာရှောင်နိုင်ရန်အတွက် မှန်ကန်သောအပြုအမူကသာ အရေးကြီးပါသည်။ စွမ်းရည်အသုံးချမှုလွဲမှားပါက ပြဿနာအရပ်ရပ်ကို ဖန်တီးမိစေနိုင်ပါသည်။ Tom အနေဖြင့် အစီအစဉ်သစ်မဆွဲမီအထိ လိုအပ်သောပြင်ဆင်မှုများလုပ်ထားသင့်ပါသည်။

**Comments (ထင်မြင်ယူဆချက်များ)**

မိသားစုက စီးပွားရေးလုပ်ငန်းတစ်ခုတည်းတွင်ရှိနေခြင်းကို ခွဲထုတ်ရန်ခဲယဉ်းပါသည်။ ပြဿနာတစ်ရပ်ပေါ်ပေါက်ပါက အားလုံးမျှဝေခံစားဖြေရှင်းကြရမည်သာ ဖြစ်သည်။ ထို့အတွက် မိသားစုပြဿနာနှင့် စီးပွားရေးပြဿနာ ရောထွေးလျက်ရှိနေပါမည်။ အကောင်းဆုံးဖြေရှင်းခြင်းက စောင့်ကြည့်နေရုံသာပင် ဖြစ်သည်။ ထို့ပြင်မက စီးပွားရေးလုပ်ငန်းပျက်စီးသွားသည်နှင့် မိသားစုတစ်ခုလုံးလည်း ပျက်စီးဆုံးရှုံးကြရမည်ဖြစ်သည်။ အနည်းဆုံးမိသားစုဝင်တစ်ဦးနာမကျန်းဖြစ်ရုံနှင့်ပင် ကျန်ရှိသူများအတွက် အနည်းနှင့်အများ ထိခိုက်နိုင်ပါသည်။

**Gerry အတွက် မိသားစုပြဿနာ**

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

မည်သူက ပြဿနာ၌ အဓိကပါဝင်ပတ်သက်သနည်း။

**အဖြေ**

(Seven of cupsပြောင်းပြန်) Gerry က စိတ်အလိုမပြည့်မှုကြောင့် စိတ်မကောင်း(စိတ်မရှွင်)ဖြစ်နေမည်။ သူမ၏ စိတ်ကူးအတွေးကောင်းများ အကောင်အထည်ဖော်ရန် မိမိအရည်အချင်းတို့ ထုတ်သုံးခြင်းမပြုသေးပေ။ တစ်ချိန်ချိန်၌ အရက်စွဲ၊ ဆေးစွဲဖြစ်လာသည်အထိ ပျက်စီးလာနိုင်ပါသည်။

မကောင်းသောနည်းဖြင့် စိတ်ထွက်ပေါက်ရှာခြင်းကြောင့် မိသားစုအတွင်းပြဿနာအကြီးအကျယ်ဖြစ်လာ

**Gerry အတွက် မိသားစုပြဿနာ**

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ပထမကားချပ် | ဖလား (၇) လုံးကားချပ် (ပြောင်းပြန်) |
| ဒုတိယကားချပ် | သူရူးကားချပ် (ပြောင်းပြန်) |
| တတိယကားချပ် | ဖလား (၉) လုံးကားချပ်၊ |
| စတုတ္ထကားချပ် | ဘုရင်ငါးမြောင့်ကြယ်ကားချပ်(ပြောင်းပြန်) |
| ပဥ္စမကားချပ် | ဖလား (၁) လုံးကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | မြင်းစီးသူရဲကောင်းဓားကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | မင်းလုလင် ငါးမြောင်ကြယ်ကားချပ် |
| အဋ္ဌမကားချပ် | တောင်ဝှေး(၂)ချောင်းကားချပ်(ပြောင်းပြန်) |

www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။

**မေးခွန်း (၂)**

သင့်လုပ်ငန်းခွင်နှင့်ပတ်သက်၍ မည်သည်က ပြဿနာရှိသနည်း။

**အဖြေ**

(The fool- ပြောင်းပြန်) Gerryက မည်သို့သော ရူးမိုက်မှုမျိုးကိုမှ မလုပ်လိုပေ။ သို့သော် သူက ငွေကြေးကိစ္စအတွက် စိုးရိမ်ပူပန်နေရပါသည်။ ထို့ပြင် ကျန်းမာရေးပါ မကောင်းသောကြောင့် အပျက်သဘောဆောင်သောအခြေအနေ၏ရိုက်ခတ်မှုခံနေရပါသည်။

**မေးခွန်း (၃)**

ပြဿနာ၌မည်သို့ပြုမူကြသလဲ။

**အဖြေ**

(Nine of cups) အလိုဆန္ဒကို ကိုယ်စားပြုဖော်ပြသည့်ကားချပ်ဖြစ်သည်။ တစ်ဦးတစ်ယောက်က မိမိအလိုဆန္ဒကို ဖြည့်ဆည်းမည့်သဘောပြပါသည်။ သူမ၏ အတွေ့အကြုံနှင့် ဉာဏ်အမြော်အမြင်တို့က အနာဂတ်ကာလဘဝခရီးအတွက် ကူညီပေးသွားပါမည်။ အကယ်၍ အရက်စွဲသူ၊ ဆေးစွဲသူဖြစ်ရန် လမ်းစပျိုးနေမိပါက အရက်နှင့် မူးယစ်ဆေးတို့၏ ကျေးကျွန်မဖြစ်အောင် မည်သို့တိုင်တွယ် ဖြေရှင်းသင့်သည်ကိုလည်း နားလည်ပါသည်။ အတွေ့အကြုံက အကောင်းဆုံးသောဆရာ ဖြစ်သည်တူသော စကားအတိုင်းပင် ဖြစ်သည်။

**မေးခွန်း (၄)**

ထိုပုဂ္ဂိုလ်၌ အလားတူ ပြဿနာမျိုး ယခင်ကရှိခဲ့ဖူးသလား။

**အဖြေ**

(King of Pentacles ပြောင်းပြန်) ၎င်းကားချပ်သည် ပျင်းရိ၍ တစ်ကိုယ်ကောင်းဆန်သူ၊ လက်တွေ့မပြနိုင်ဘဲ ထင်ကြေးသာပေးတတ်သူတို့ကို ကိုယ်စားပြုဖော်ပြပါသည်။ ထိုပုဂ္ဂိုလ်မျိုးတို့သည် စီးပွားရေးလုပ်ငန်းများ၌ ရိုးဖြောင့်မှုမရှိဘဲ ကလိမ်ကကျစ်ကျတတ်သူများပင် ဖြစ်သည်။ Gerry ၏မိသားစုအတွင်း၌ အထက်ပါစုန်းပြူးများပါရှိနေသည်။ မိမိကျကျနေတတ်ပြီး သာယာမှုနောက်လိုက်နေသော်လည်း လုပ်ငန်းအတွက် အကျိုးရလဒ်အကောင်း၊ အဆိုး မျှဝေခံစားလိုခြင်း မရှိပါ။ ထိုသို့သောသူများ ဘက်က ပြောင်းလဲလာမည်မဟုတ်ဘဲ Gerry ဘက်ကသာ အကောင်းဆုံးဖြစ်အောင်ဆုံးဖြတ်ချက်ချရပါမည်။

**မေးခွန်း (၅)**

ထိုကိစ္စဖြေရှင်းရန် မည်သို့သော အခြေအနေက စတင်ရမည်နည်း။

**အဖြေ**

(Ace of cups ပြောင်းပြန်) သူမ၏ အချစ်က ခါးသီးခြင်းဆီသို့ ပြောင်းလဲသွားနိုင်ပါသည်။ မိသားစုဝင်တစ်ဦးချင်းစီနှင့် ပွင့်လင်းစွာ ဆွေးနွေးကြမည်လား။ (သို့) ရှောင်ထွက်သွားမည်လား ဟူ၍ တစ်ခုခုဆုံးဖြတ်သင့်ပါသည်။

တစ်ဦးနှင့်တစ်ဦးထိပ်တိုက်ရင်ဆိုင်ခြင်းကသာ ပြဿနာဖြေရှင်းရန် တစ်ခုတည်းသောနည်းလမ်း ဖြစ်သည်။

**မေးခွန်း (၆)**

သင်ရှောင်ရှားသင့်သော အခြေအနေမျိုးဖြစ်ပါသလား။

**အဖြေ**

(Kinght of swords ပြောင်းပြန်) ထိုမြင်းစီးသူရဲကောင်းက ပြဿနာဒုက္ခများကို သည်ဆောင်လာသည့်သဘောကိုယ်စားပြုပါသည်။ သို့သော်လည်း ၎င်းကားချပ်၏သတင်းချက်များက တစ်ခါတစ်ရံစိတ်မချရပေ။ Gerry အနေဖြင့် စိတ်ဓာတ်ကျစရာ အနေအထားနှင့် ဗျားစာခံဖြစ်နေသည့် အခြေအနေမှ ရုန်းထွက်ရန် (ရှောင်သင့်က) ရှောင်ရပါမည်။အခြေအနေဆိုးများမှလွတ်မြောက်ရန် မိသားစုနှင့်ဝေးရာ၌ သွားရောက်နေထိုင်သင့်ပါသည်။ သို့မှသာ မိမိစိတ်အား ကုစားနိုင်မည် ဖြစ်သည်။

**မေးခွန်း (၇)**

အဆိုပါ ပြဿနာက သင့်ကျန်းမာရေးကို ထိခိုက်ပါသလား။

**အဖြေ**

(Page of pentacles) ဤမင်းလုလင်ကားချပ်က ကျောင်းသားများကို ရည်ညွှန်းပါသည်။ Gerry ၏ ဘဝက တိုးတက်နိုင်ပါသည်။ ကျန်းမာရေးကိုပါ ဂရုစိုက်ပြီးသားဖြစ်အောင် အဓိကကျသော အပြောင်းအလဲများပြုလုပ်ပေးရပါမည်။ ကျောင်းပညာရေးကို တိုးတက်အောင်မြင်အောင်သာ အာရုံစိုက်ထားရပါမည်။

**မေးခွန်း(၈)**

နောက်ဆုံးရလဒ်ကဘာလဲ။


**အဖြေ**

(Two of wands ပြောင်းပြန်) Gerry ၌ မိမိကိုယ်မိမိ လုံလောက်သော ယုံကြည်မှုမရှိသေးပါ။ ပညာရေးကိုသာ ဖိကြိုးစားရန် လိုအပ်သည်။ သူမ၏ ရည်ရွယ်ချက်များ မကျဆုံးစေရန်နှင့် ကျရှုံးပါက မိသားစုထံတစ်ဖန်ပြန်ရောက်ရမည်ကို ကြောက်ရွံ့နေမိသည်။ မယိုင်လဲသောစိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးစားသွားပါက နောက်ဆုံးမိမိလိုချင်သည့် ပန်းတိုင်အထိရောက်ရှိသွားမည်ဖြစ်သည်။

**Comments (ထင်မြင်ယူဆချက်များ)**

ဖြန့်ခင်းထားသည့် ကားချပ်များအရ ကားချပ် (၆) ချပ်က ပြောင်းပြန်ဖြစ်နေခြင်းကြောင့် သက်ဆိုင်ရာ(အဟောခံပုဂ္ဂိုလ်) အနေဖြင့် ဘဝကိုအဆိုးမြင်နေတတ်ပါသည်။ ကြောက်ရွံ့နောက်တွန့်အားငယ်စိတ်များ အစဉ်လွှမ်းမိုးလျက် မိမိကိုယ်ကိုအလွန်သတိထားလွန်းသောကြောင့် မိမိကိုယ်မိမိယုံကြည်မှုများလည်း တစ်စစ လျော့ကျလာပါသည်။ သူမအနေဖြင့် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ရန် မိမိ၏ အတွေးအထင်အမြင်များကို ပထမဆုံး ပြောင်းလဲပစ်ရပါမည်။

**Health Spread (ကျန်းမာရေးအတွက် အမေးအဖြေ)**




၁။ ကျွန်ုပ်ကျန်းမာရေး စိုးရိမ်ရပါသလား။
၂။ ကျွန်ုပ်၏ကြောက်ရွံ့စိတ်များ ဘယ်လိုကျော်လွှားရမလဲ။
၃။ ကျွန်ုပ်အမြဲပျော်ရွှင်နိုင်ပါ့မလား။
၄။ ယခင်က အပြစ်နှင့် မကျေနပ်ချက်များကျော်လွန်သွားပြီလား။
၅။ စိတ်ဓာတ်ကျမှုနှင့် မပျော်ရွှင်မှုများပြီးမြောက်ကျော်လွန်သွားပြီလား။
၆။ ကျန်းမာရေးပြဿနာများ ပျွန်မြောက်သွားပြီလား။
၇။ ဆေးဝါးစနစ်တကျကုသမှုပြုရန်လိုအပ်ပါသလား။
၈။ ခန္ဓာကိုယ်မကျန်းမာခြင်းက ဘာကြော



www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးအတွက် ထိခိုက်နိုင်ပါသည်။

၉။ ကျန်းမာရေးပြဿနာကိုကျော်လွှားရန် စိတ်ပိုင်းဆိုင်ရာက အထောက်ကူပြုသလား။

၁၀။ အကျိုးရလဒ်ကဘာလဲ။

**Cory အတွက် ကျန်းမာရေး**

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ၁ထမကားချပ် | မြင်းစီးသူရဲကောင်းတောင်ဝှေးကားချပ် |
| ဒုတိယကားချပ် | ငါးမြှောင့်ကြယ် (၃) ခုကားချပ် |
| တတိယကားချပ် | စီရင်ချက်ကားချပ် |
| စတုတ္ထကားချပ် | တောင်ဝှေး (၉) ချောင်းကားချပ်(ပြောင်းပြန်) |
| ပဉ္စမကားချပ် | မိစ္ဆာကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | သီလရှင်ချုပ်ကားချပ် |
| သတ္တမကားချပ် | ဖလား (၈) လုံးကားချပ် (ပြောင်းပြန်) |
| အဋ္ဌမကားချပ် | ဖလား (၁) လုံးကားချပ် (ပြောင်းပြန်) |
| နဝမကားချပ် | မိဖုရားတောင်ဝှေးကားချပ် (ပြောင်းပြန်) |
| ဒသမကားချပ် | မှုဝ်ကြယ်ကားချပ် |

**ဖတ်ကြားခြင်း**

**မေးခွန်း(၁)**

ကျွန်ုပ်၏ကျန်းမာရေးစိုးရိမ်ရပါသလား။

**အဖြေ**

(King of wands) Cory သည် အလုပ်၊ လူမှုရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကောင်းခြင်းများကိုသာ လက်ခံရရှိထားသည်။ ကျန်းမာရေးကောင်းခြင်းကြောင့် ဘာမှစိုးရိမ်စရာမရှိပါ။

**မေးခွန်း (၂)**

ကျွန်ုပ်၏ကြောက်ရွံ့စိတ်များဘယ်လိုကျော်လွှားရမလဲ။

**အဖြေ**

(Three of Pentacles) ဘာပဲလုပ်လုပ်အကောင်းဆုံးဖြစ်အောင်လုပ်တတ်သောသူဖြစ်သည်။ ငွေရာတတ်သည်။ (၃) ဂဏန်းသည် စိတ်အာရုံအစွမ်းဖြင့် ဖန်တီးနိုင်ခြင်းကို ဖော်ပြနေသည်။ ယင်းကပင် ပြဿနာနှင့် အကြောက်တရားတို့အား ကျော်လွှားသွားနိုင်ပါမည်။

**မေးခွန်း (၃)**

ကျွန်ုပ်အမြဲပျော်ရွှင်နိုင်ပါ့မလား။

**အဖြေ**

(Judgement) မိမိကိုယ်ကိုပျော်ရွှင်စေရန် cory အပေါ်၌သာ မူတည်နေပါသည်။

**မေးခွန်း (၄)**

ယခင်ကအဖြစ်နှင့်မကျေနပ်မှုများကျော်လွန်သွားပြီလား။

**အဖြေ**

(Nine of wands ပြောင်းပြန်) Cory အနေဖြင့် အလုပ်ခွင်အတွင်း အဆင်မပြေမှုများနှင့် မိမိကိုယ်မိမိကာကွယ်မှုမပြုနိုင်ပေ။ အခြားဝန်ထမ်းများ၏ မနာလိုဝန်တိုမှုကိုလည်းများစွာခံခဲ့ရသည်။

**မေးခွန်း (၅)**

(The Devil ပြောင်းပြန်) Cory ၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ မကောင်းပြောခံရပြီးနောက်ပိုင်း စိတ်ပျော်ရွှင်မှုမရှိတော့ပေ။ အချို့သောသူငယ်ချင်းများကြောင့်လည်း Cory အတွက် စိတ်ဓာတ်ကျစရာထပ်မံဖြစ်ခဲ့ရသည်။ Cory ဘက်မှ လိုအပ်သော အပြောင်းအလဲများလုပ်ပေးပါက အကျပ်အတည်းကာလမှ လွန်မြောက် သက်သာသွားမည် ဖြစ်သည်။

**မေးခွန်း (၆)**

ကျန်းမာရေးပြဿနာများ လွန်မြောက်သွားပြီလား။

**အဖြေ**

(The High priestess) ဤကားချပ်က ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဖော်ပြသည်။ Cory က ပြင်းထန်သော ကျန်းမာရေးထိခိုက်မှုတစ်စုံတစ်ရာမရှိခဲ့ပေ။ Cory က ကျန်းမာရေးထိခိုက်မည့်အတွေးအထင်မျိုးများ လုံးဝစိတ်တွင် ထားရှိခြင်းမပြုခဲ့ပေ။

**မေးခွန်း (၇)**

ဆေးဝါးကုသမှုပြုရန် လိုအပ်ပါသလား။

**အဖြေ**

(Eight of cups ပြောင်းပြန်) Cory က စိတ်လှုပ်ရှားဖွယ်ရာအခြေအနေများကို ကျော်ခိုင်းထားနိုင်သည့်ခွန်အား ပေ။ ဝန်ပိနေသောစိတ်ပိုင်းဆိုင်ရာ အတွေးများကို တွန်းလှန်သည့်အနေ ရုံဖန်ရံခါ အရက်သောက်တတ်ပါသည်။ ထိုအနေအထားသည် ဆေးကုသရန်မ အပ်ဘဲ တရားဆိုင်ပေးခြင်းဖြင့် နိုင်ကြောင်း အထက်ပါကားချပ် ဖော်ပြသည်။

**မေးခွန်း (၈)**

မကျန်းမာခြင်းကဘဏ္ဍာငွေကြေး ထိခိုက်နိုင်ပါသလား။

**အဖြေ**

(Ace of cups ပြောင်းပြန်) နေ တိုင်း၌ အတွေ့အကြုံသစ်များ ရှာ သည်။ ကိုယ်စိတ်နှစ်ပါးအား အလုပ်တွင် နှစ်မြှုပ်ထားခြင်းဖြင့် စိတ်ဓာတ်ကျ များမဝင်ရောက်နိုင်ဘဲ အဆင်ပြေ စေပါမည်။

**မေးခွန်း (၉)**

ကျန်းမာရေးပြဿနာကို ကျော် လွှားရန် စိတ်ပိုင်းဆိုင်ရာကအထော အကူပြုပါသလား။

**အဖြေ**

(Queen of wands ပြောင်းပြ Cory က ကိုရာသီဖွားဖြစ်ပြီး ယခု ချပ်က Leo ကိုယ်စားပြုကားချပ် သောကြောင့် ဆန့်ကျင်ဘက်ဖြစ်နေ သည်။သို့သော်လည်း Cory၏အလို နှင့်အပြုအမူများက သူ၏ကျန်းမာ ပြဿနာများကို အနိမ့်ဆုံးအဆင့် လျှော့ချပေးနိုင်ပါသည်။

**မေးခွန်း (၁၀)**

အကျိုးရလဒ်ကဘာလဲ။

**အဖြေ**

(The star) Cory အနေဖြင့် ကာလ၌ ရည်မှန်းချက်အသစ်စတင် ရှိရပါတော့မည်။ ကျန်းမာရေးကောင်း သောအခြေအနေရှိမှသာ မိမိလို သောအရာအားလုံး ဆွတ်ခူးရရှိနိုင် မည်။

**Comments (ထင်မြင်ယူဆချက်များ)**

Cory က မိမိအထုံဝါသနာ ဆက်လက်ရှိနေခြင်းဖြင့် ကျန်းမာ ဆက်လက်ကောင်းနေပါမည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘဘ၊ လူ့ဘဝဟာ အလွန်ရခဲတယ်။ လူ့ပြည်က အပ်တစ်ချောင်းထောင်ထား၊ ဗြဟ္မာပြည်က အပ်တစ်ချောင်းပစ်ချ၊ အဲဒါ အပ်ဖျားချင်းထိဖို့ ခဲယဉ်းတာထက် လူ့ဘဝရဖို့ခဲယဉ်းတယ်။ လူသေရင် အပါယ်ဘုံသွားကြတာများတယ်။ လူ (၁၀၀) သေလို့ တစ်ယောက် လူ့ဘဝပြန်မရဘူး။ နတ်ပြည်၊ ဗြဟ္မာပြည် ရောက်ဖို့ဆိုတာ ဒီအဆရာထောင်မက ခက်သေးတယ်လို့ပြောသံကြားဖူးတယ်။ အဲဒါဟုတ်သလား ဘဘ"

တစ်နေ့တွင် တူတော်မောင် တစ်ယောက်က မေးလာပါသည်။

ကျွန်တော်က -

"အင်း - အဲဒါလည်းဟုတ်တယ်။ ပြီးတော့ထပ်ဖြည့်ပြောရဦးမယ်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က တစ်နေ့မှာ မြတ်စွာဘုရားဟာ မြေကြီးပေါ်က မြေမှုန်အနည်းငယ်ကိုယူပြီး လက်သည်းခွံပေါ်တင်လိုက်တယ်။ ပြီးတော့ ရဟန်းတော်များကို -

'ချစ်သားတို့၊ ငါဘုရားရဲ့လက်သည်းခွံပေါ်မှာရှိတဲ့မြေမှုန့်နဲ့ မဟာပထဝီမြေကြီးပေါ်မှာကျန်ခဲ့တဲ့မြေမှုန့် ဘယ်သင်းကများသလဲ'

လို့ မေးတော်မူတယ်။

ဒီတော့ ရဟန်းများက -

'မဟာပထဝီမြေကြီးပေါ်မှာကျန်တဲ့မြေမှုန့်နဲ့စာရင် အရှင်ဘုရားရဲ့လက်သည်းခွံပေါ်မှာရှိတဲ့မြေမှုန့်ဟာ မပြောပလောက်ပါဘူး ဘုရား'

လို့ ပြန်လျှောက်ကြတယ်။

ဒီတော့ မြတ်စွာဘုရားက -

'အေး - သုဂတိဘုံ (လူ၊ နတ်၊ ဗြဟ္မာ) မှာရောက်နေတဲ့ သတ္တဝါနဲ့ အပါယ် (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်) ဘုံမှာရှိတဲ့သတ္တဝါဟာ အဲဒီလောက်အရေအတွက်ချင်းကွာခြားတယ်။ သုဂတိဘုံကသတ္တဝါဟာ ငါဘုရားရဲ့လက်သည်းခွံပေါ်ကမြေမှုန့်လောက်ရှိပြီး အပါယ်ဘုံမှာရှိတဲ့သတ္တဝါဟာ မဟာပထဝီမြေကြီးပေါ်မှာကျန်တဲ့ မြေမှုန့်လောက်ရှိတယ်'

လို့ မိန့်တော်မူတယ်။ ပြီးတော့ ဆက်ပြီး -


'အပြောကျယ်လှတဲ့ မဟာသမုဒ္ဒရာကြီးထဲမှာ မျက်စိ(၂)ဖက်စလုံးကန်းနေတဲ့လိပ်ငယ်တစ်ကောင်ဟာ ဟိုမှသည် ရောက်တတ်ရာရာကူးနေတယ်။ အဲဒီသမုဒ္ဒရာထဲမှာပဲ တံပိုးငယ် (အပေါက်ပါသည့်သစ်သား)တစ်ခုဟာလည်း ဟိုမှသည်မှ မျောချင်ရာမျောနေမယ်။ အကယ်၍ နှစ်များစွာကြာတဲ့အထိ လိပ်ငယ်လည်းမသေ၊ တံပိုးလည်းမဆွေးဘူးဆိုရင် အဲဒီလိပ်ငယ်ရဲ့ဦးခေါင်းနဲ့ တံပိုးပေါက် စွပ်မိကောင်းစွပ်မိမယ်။ အပါယ်ဘုံကျသွားတဲ့သတ္တဝါတစ်ဦးဟာ သုဂတိဘုံပြန်ရောက်ဖို့ အဲဒီလောက်ဘောင် အခွင့်အလမ်းမရှိဘူး။ အဲဒီထက်ခဲယဉ်းတယ်'

လို့ ဟောတော်မူပါတယ်။

ဥပမာ - မင်းကြည့်၊ တို့အိမ်က ဒီကြောင်ကလေးဟာ အစာကောင်းကောင်းမှန်မှန်ကျွေးထားတယ်၊ ဖဲ့မ်ပေါ်မှာပဲ အနေများတယ်။ အစာစားဦးအိပ်တယ်။ ဒါပေမယ့် ကုသိုလ်ကောင်းမှု

# ချောင်းဆုံအုန်းသွင်

## ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ





www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ဘာမှန်းမသိလို့ ဘာကောင်းမှုမှ မပြုနိုင်ဘူး။ ဒါပေမယ့် လူ့အိမ်ရဲ့ ချောင်ကြိုချောင်ကြားထဲမှာပုန်းခိုနေတဲ့ကြွက်ကို ရှာခုတ်စားတယ်။ အိမ်မြှောင်တို့၊ ပိုးဟပ်တို့ကိုဖမ်းစားတယ်။ တစ်ခါတစ်ခါ အိမ်ပြန်ထွက်ပြီး ငါ့အစာကျွေးထားတဲ့ စာလေး၊ ဆက်ရက်၊ ခို စတာတွေကို ခုတ်စားတယ်။ ဖားတို့၊ ကင်းလိပ်ချောတို့ကိုလည်း ခုတ်စားတယ်။ သူ့မှာ အမာခံ အစာအဖြစ် အိမ်ကထမင်းကျွေးထားတယ်။ အဲဒီလို သူ့အသက်သတ်တာ မကောင်းမှုမှန်းလည်း သူမသိဘူး။ ဒီတော့ သူ့အသက်ကိုသာသတ်စားတတ်တဲ့ ကျားတို့၊ မြွေတို့ဆိုရင် ဘယ်လိုနေမလဲ။

ဒါကြောင့် -

အပါယ်ကျသွားတဲ့ သတ္တဝါဟာ ကျောက်တုံး ရေထဲကျသလို အောက်ကိုသာဆက်ကျတယ်၊ ရပ်မသွားဘူး၊ တက်မလာဘူး။ ကျစရာမရှိတော့မှ ရပ်တော့တယ်။ ဆက်ကျဖို့မရှိတဲ့နေရာကတော့ အဝီစိငရဲပဲ။ နောက်တစ်ခုက လူတွေမှာ ကုသိုလ်ဖြစ်တဲ့အရည်အချင်းနဲ့အကုသိုလ်ဖြစ်တဲ့အရည်အချင်း ကွာခြားပုံကိုလည်း ပြောပြရဦးမယ်။

ငါ (၇) နှစ်သားလောက်တုန်းက တို့အဘိုးနဲ့ အဘွား မွေးစားထားတဲ့သား ရှိတယ်။ ကိုသာအောင်တဲ့။ သူက ငါ့ထက် (၁၅) နှစ်လောက်ကြီးတယ်။ တစ်နေ့ သူနဲ့ ငါ (၂)ယောက်တည်း အိမ်မှာရှိကြတယ်။ တောအိမ်ဆိုတော့ကာ ဧည့်ခန်းမှာ ခြေတံရှည်စားပွဲတစ်လုံးနဲ့ ကုလားထိုင်တစ်လုံးပဲရှိတယ်။ ရှင်းနေတယ်။ သူနဲ့ ငါ စုံမဖွက်တမ်းကစားနေတုန်း ကင်းခြေများကြီးတစ်ကောင်တက်လာတယ်။ သူကအရင်တွေ့တယ်။ ငါ့ကို ကုလားထိုင်ပေါ်တက်နေခိုင်းပြီး သူက လက်နက်ရှာတာ၊ အနားမှာ (၂၀) သားအလေးတစ်လုံးပဲတွေ့တယ်။ အဲဒါနဲ့ သူကကောက်ထုတယ်။ ကင်းကမြန်တယ်။ တော်ရုံနဲ့မထုမိဘူး။ အခန်းကို ပတ်ပြေးနေတယ်။ သူရိုက်နေတာ အသက်ရှူရမှန်းတောင်မသိဘူး။ (၁၅) မိနစ်လောက်ကြာမှထုမိတယ်။

နောက်တစ်မျိုးက တို့ရွာမှာ ဒေါ်ဖွားချစ်ဆိုတဲ့ မုဆိုးမကြီးရှိတယ်။ တို့ကြီးတော်ဝမ်းကွဲတော်တယ်။ သူ့မှာ မဖွားသစ်ဆိုတဲ့ သမီးတစ်ယောက်ပဲရှိတယ်။ သူတို့သားအမိက မုန့်တီ၊ ရခိုင်မုန့် အခေါ် မုန့်ဟင်းခါးပေါ့ လုပ်ရောင်းတယ်။

ညတိုင်း (၈)နာရီလောက်ဆိုရင် ဒေါ်ဖွားချစ် ဘုရားရှိခိုးတယ်။ ဩကာသတစ်ပုဒ်ထဲကို (၁၅) မိနစ်၊ နာရီဝက်ကြာအောင် ရွတ်ရတယ်။

'ဩကာသ၊ ဖွားသစ် ချင်းရှိရဲ့လား။ ဩကာသ၊ ဖွားသစ် စပါးလင်တူးထားရဲ့လား။ ဩကာသ၊ ငရုတ်သီးစိမ်လိုက်ဦး'

စသဖြင့် သူ့သမီးကို တစ်ခုပြီးတစ်ခု သတိပေးနေတာ ဘုရားရှိခိုးက ဩကာသကိုမတက်တော့ဘူး။ ဒါ ညတိုင်း သူ့သမီးလုပ်နေကျအလုပ်ပဲ။ အားလုံးလည်းလုပ်ထားတာပဲ။ သူကလည်း စိတ်မချလို့ ညဘုရားရှိခိုးတိုင်း တစ်ခုပြီးတစ်ခုသတိပေးနေတော့တာပဲ။

တို့ရွာမှာ ဘုရားရှိခိုးရင်း စကားပြောရင် ဒေါ်ဖွားချစ်လို့ခေါ်ကြတယ်။ ဒေါ်ဖွားချစ်က အသံထွက်ပြီးပြောတော့ လူသိတာပေါ့။ လူတိုင်းအသံမထွက်ဘဲ ပြောနေကြတာ ဒေါ်ဖွားချစ်ထက်ဆိုးသူတွေအများကြီးပဲ။ ငါကိုယ်တိုင်လည်းဖြစ်ဖူးတာပဲ။ ပါးစပ်က ဘုရားရှိခိုးရွတ်နေတယ်။ စိတ်ကတခြားရောက်နေတယ်။ ဘုရားရှိခိုးတစ်ပုဒ်ဆုံးတော့ ပါးစပ်က အလိုလိုရပ်သွားတယ်။ ဒီတော့မှ သတိရပြီး ကိုယ့်လိပ်ပြာကိုယ်ရှက်ရှက်နဲ့ ဦးချလိုက်ရတယ်"

"ကျွန်တော်လည်း ခဏခဏဖြစ်ဖူးတယ် အဘ"

တူတော်မောင်က ဖြတ်ပြီးပြောလိုက်ပါသည်။

ကျွန်တော်က -

"လူတိုင်းပါပဲ၊ ပုထုဇဉ်သားတိုင်းပဲပေါ့။ အရှူးသာ စိတ်ကိုမထိန်းနိုင်လို့ ဟိုပြောဒီပြောဟိုလုပ်ဒီလုပ်ဖောက်ဖောက်ပြန်ပြန်လုပ်ကြတယ်။ အရူးကို စိတ်ဖောက်ပြန်သူ၊ စိတ်မမှန်သူလို့ ယဉ်ယဉ်ကျေးကျေးအမည်ပေးထားကြတယ်။ ပုထုဇဉ်တို့ရဲ့စိတ်ဟာလည်း အရူးစိတ်လိုပါပဲ။ ဒါကြောင့် ပုထုဇနော ဥမ္မတ္တကော - ပုထုဇဉ်ဟာ အရူးပဲ' လို့ ကျမ်းဂန်မှာဆိုထားတာပေါ့။

စောစောကပြောခဲ့တဲ့ (၂) ခုအနက်ပထမတစ်ခုဖြစ်တဲ့ ကိုသာအောင် ကင်းထုတာက အကုသိုလ်အလုပ်၊ ဒုတိယတစ်ခုဖြစ်တဲ့ ဒေါ်ဖွားချစ် ဘုရားရှိခိုးတာက ကုသိုလ်အလုပ်။ အဲဒီမှာ စိတ်ဝင်စားခြင်း၊ စိတ်စူးနစ်ခြင်း ဘယ်လောက်ခြားနားသလဲ။ အများအားဖြင့် ကုသိုလ်ပြုရာနဲ့ အကုသိုလ်ပြုရာမှာ

သဘာဝအရ စိတ်စူးနစ်မှုအဲဒီလိုခြား[...] တယ်။ အာရုံပြားရင် ကင်းကိုက်ခံ[...] ပေါ့။ ဘုရားရှိခိုးတာက အာရုံပြားလ[...] လောလောဆယ် ဘာဒုက္ခမှမရောက်[...] ဘဲ။ အဲဒီတော့ ကင်းထုတဲ့အကုသိုလ် အလုပ်မှာ တစ်ကျပ်ဖိုးအပြည့်ရတယ် ဆိုရင် ဘုရားရှိခိုးတဲ့ကုသိုလ်အလုပ်မှာ တစ်ပြားဖိုးလောက်ပဲရမယ်။ အဲဒီတော့ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာပေါ့။ အဲ[...] လို အရည်အချင်းကွာတယ်။

တို့မှာ နေ့တိုင်း ကုသိုလ်ဖြစ်[...] အကုသိုလ်ဖြစ်ဖို့ အခြေခံတွေရှိတယ်။ အပြင်ကလာတဲ့ အခြေခံ(၆)မျိုးရှိတယ်။ အဲဒါတွေက ၁။ အဆင်း၊ ၂။ အသံ၊ ၃။ အနံ့၊ ၄။ အရသာ၊ ၅။ အထိအတွေ့၊ ၆။ စိတ်ကူးစရာ၊ စိတ်တို့နဲ့ထိတွေ့[...] တယ်။ တစ်ခုနဲ့ဖြစ်စေ တစ်ခုထက်ပို[...] ဖြစ်စေ မရပ်မနားထိတွေ့နေတာ[...] အဲဒါတွေနဲ့ပတ်သက်ပြီး တို့မှာ လောဘ ဒေါသ၊ မောဟ အကုသိုလ်နဲ့ ကုသိုလ် ဖြစ်ရတယ်။ ဖြစ်လာတဲ့အပေါ် မူတည်ပြီး စိတ်နဲ့၊ နှုတ်နဲ့၊ ကိုယ်ထိလက်ရောက်[...] တုံ့ပြန်ကြတယ်။ တုံ့ပြန်တဲ့အတိုင်း ကောင်းကျိုး၊ ဆိုးကျိုးတွေရနေကြတယ်။

အကျဉ်းချုံးပြီးပဲပြောကြရအောင်၊ တစ်နေ့နေ့မြင်ရတဲ့အမြင်ထဲက ကုသိုလ် ဖြစ်စရာ၊ သာဓုခေါ်စရာနဲ့ လောဘဖြစ် စရာ၊ ဒေါသဖြစ်စရာ ဘယ်သင်း[...] ပိုများလဲ။ အဲဒီလိုပဲ၊ ကျန်တာအားလုံး[...] လည်း ကုသိုလ်ဖြစ်စရာက အလွန်နည်း[...] တယ်။ လောဘဖြစ်စရာနဲ့ ဒေါသဖြစ် စရာတွေပဲများတယ်။ မောဟဆိုတာ[...] တော့ လောဘနဲ့ဒေါသပွားမြဲပါပြီးသား ပဲ။

တို့လုပ်နေရတဲ့အလုပ်ကိုပဲကြည့် လေ။ ဘုရားရှိခိုး၊ ပုတီးစိပ်စတဲ့ ကုသိုလ် လုပ်ရတဲ့အကြိမ်နဲ့အချိန်၊ စားဝတ်နေရေး အတွက် လောဘဒေါသတွေနဲ့လုပ်ရ[...] အကြိမ်နဲ့အချိန် ဘယ်သင်းကများသလဲ[...] အထူးပြောနေစရာမလိုဘူး။ ကိုယ့်အသိ[...] ကိုယ်ရှိပြီး၊ သိပြီးပဲ။ အဲဒီနည်းတဲ့ကုသိုလ် ပြုချိန်မှာ ဒေါ်ဖွားချစ်ဘုရားရှိခိုးသလို မျိုးဖြစ်ပြီး များတဲ့အကုသိုလ်ပြုချိန်မှာ ကိုသာအောင် ကင်းထုသလိုမျိုးဖြစ်နေ[...] တော့ စဉ်းစားကြည့်တော့ပေါ့။ နောက် ဆုံး သေချိန်မှာ ကုသိုလ်နဲ့အကုသိုလ် လှန်လိုက်တော့ ကုသိုလ်က ဆီး[...] လောက်ဖြစ်ပြီး အကုသိုလ်က ဟိမဝန္တာ တောလောက်ဖြစ်နေတယ်။

ဒီနေ့ ကမ္ဘာမှာ လူဦးရေ[...]



www.burmeseclassic.com

www.burmeseclassic.com

(၇၀၀၀) ကျော်ပြီ။ အဲဒီအထဲက သေတဲ့အခါ ကုသိုလ်များပြီး အကုသိုလ်နည်းမယ့်သူ ဘယ်လောက်ရှိမလဲ။ (၁၀၀) မှာ တစ်ယောက်၊ (၂၀၀)မှာ တစ်ယောက်ရှိမလား ချိန်ဆကြည့်။ ကိုယ့်ကိုယ်ကိုယ်ပဲ 'ကုသိုလ်များပြီး အကုသိုလ်နည်းနေတယ်' လို့ ပြောနိုင်သလား။ ဘာကြောင့်လဲ၊ စိတ်ကိုမထိန်းချုပ်နိုင်လို့ဘဲ"

သူက -

"ကျွန်တော်မေးဖို့ကျန်သေးတယ် ဘာဘ"

ဆိုပြီး -

"နှစ်ပေါင်း (၆၀)လောက်အတွင်းမှာ ကမ္ဘာ့လူဦးရေဟာ (၃) ဆမက တိုးလာတာ ဘာကြောင့်ပါလဲ"

ဟု မေးပါသည်။

ကျွန်တော်က -

"အဲဒါဆိုရင် မင်း အရင်ဆုံး စကြဝဠာအကြောင်းကို သိဖို့လိုတယ်။ သိလည်းသိမှာပါ။ ကမ္ဘာရယ်၊ နေရယ်၊ လရယ်၊ အင်္ဂါ၊ ဗုဒ္ဓဟူးစတဲ့ ဂြိုဟ်တွေရယ်နဲ့ အဖွဲ့အစည်း အစုအဝေးတစ်ခုကို စကြဝဠာလို့ခေါ်တယ်။ အဆုံးမရှိအဆုံးမသိတဲ့ ကောင်းကင်လို့ခေါ်တဲ့ လဟာပြင်ကြီးထဲမှာ အဲဒီလို စကြဝဠာတွေဟာ အနန္တရှိတယ်။ မရေမတွက်နိုင်အောင် အများအပြားရှိတယ်။ တို့စကြဝဠာမှာ တို့လူသားတွေရှိသလို အခြားစကြဝဠာတွေမှာလည်း သူ့သဘောနဲ့သူရှိကြမှာပဲ။ ဒါကို တစ်ချက်မှတ်ထား လိုက်။

နောက်တစ်ချက်က ရာဇဝတ်မှုကျူးလွန်သူတွေဟာ ထောင်ကျသွားကြတယ်။ ပြစ်မှုအလိုက် သက်တမ်းတွေနဲ့ကျတယ်။ သက်တမ်းစေ့တော့ လွတ်တယ်။ လွတ်သူထဲက တချို့ ကောင်းကောင်းနေလို့ ပြန်မကျတော့ဘူး။ အင်မတန်နည်းတယ်။ တချို့ ပြစ်မှုထပ်ကျူးလွန်ပြီး ပြန်ကျပြန်တယ်။ အမေကမွေး၊ ထောင်ကကျွေးဆိုသူတွေပေါ့များတယ်။ ထောင်ကလွတ်တာ တစ်ခါတလေ (၁) ထောင်၊ (၁)ယောက်၊ (၂)ယောက်လွတ်တယ်။ ထောင်ကလည်း အများကြီးမဟုတ်လား။ ပေါင်းလိုက်တော့ ရာနဲ့ထောင်နဲ့ဖြစ်တာပေါ့။ တစ်ခါတလေ အစုလိုက်လွတ်တယ်။ လွတ်ငြိမ်းချမ်းသာခွင့်ရတာမျိုးပေါ့။ တစ်လောက အဲဒီလို အလီလီလွတ်ငြိမ်းချမ်းသာခွင့်ရလို့ အစုလိုက်အပြုံလိုက် အလီလီလွတ်လာကြတယ်မဟုတ်လား။

အဲဒီလိုပဲ၊ အပါယ်ဘုံက သက်တမ်းစေ့လို့လွတ်လာကြတော့ လူပြည်ရောက်လာကြတယ်။ သေပြန်တော့ လူပြန်ဖြစ်သူက (၁၀၀) (၁)ယောက်မရှိဘဲ အပါယ်ဘုံပဲပြန်သွားကုန်ကြတယ်။ နတ်ပြည်၊ ဗြဟ္မာပြည်တက်ဖို့ကတော့ သာနည်းသေးတာပေါ့။ နောက်တစ်ခုက-

ဒီ စကြဝဠာက သတ္တဝါတွေဟာ သံသရာကမလွတ်မချင်း ဒီစကြဝဠာမှာပဲ ထက်အောက်စုန်ဆန်ဖြစ်နေရမယ်လို့ ကန့်သတ်ချက်ရှိတာမှမဟုတ်ဘဲ။ အကြောင်းကြောင်းကြောင့် အခြားစကြဝဠာကလည်း ဒီမှာလာဖြစ်နိုင်တာပဲ။ ဒီကလည်း အခြားမှာသွားနိုင်ဖြစ်တယ်။ ဆီးရီးယားမှာ အစိုးရနဲ့သူပုန်နဲ့တိုက်လို့ ပြည်သူတွေ တစ်ဖက်နိုင်ငံကို ထွက်ပြေးတာ သိန်းနဲ့ချီနေပြီမဟုတ်လား။တစ်ဖက်နိုင်ငံကလူဦးရေ နှေ့ချင်းညချင်းတိုးမလာဘူးလား အဲဒီလိုပေါ့။

ဒီကမ္ဘာမှာ လူဦးရေတိုးလာတာ ဒီကမ္ဘာကသေတဲ့လူနဲ့ အပါယ်ဘုံကတက်လာတဲ့လူ၊ နတ်ပြည်ကကျလာတဲ့လူချည်းမဟုတ်ဘူး။ ဒီလိုပဲ အမြဲတမ်းထာဝရတိုးနေမှာမဟုတ်ဘူး။ အကြောင်းကြောင်းကြောင့် ကုန်သလောက်နီးပါးလျော့သွားဦးမယ်။ နောက်တစ်ခါ တိုးလာဦးမယ်။ ဒါက နိယာမတရားပဲ။ သတ္တဝါဟာ မွေးကတည်းက အို၊ နာ၊ သေဆိုတဲ့ ရန်သူ (၃) ဦး တစ်ခါတည်းပါလာသလို တိုးတက်ရာမှာလည်း ပျက်စီးဖို့တွေ တစ်ခါတည်းပါလာတာပဲ။ လူ့အသုံးအဆောင်တွေတိုးတက်သလို လူသတ်လက်နက်တွေ၊ ရောဂါဖြစ်ဖို့တွေ တစ်ပါတည်းတိုးတက်လာတာပဲမဟုတ်လား။ ကြားဖူးတာတစ်ခုရှိတယ်။ လူတစ်ယောက်က တတိယကမ္ဘာစစ်ဖြစ်ရင် ဘယ်လိုလက်နက်တွေနဲ့တိုက်ကြမလဲလို့ မေးတယ်တဲ့။ ဖြေသူက တတိယကမ္ဘာစစ်ဖြစ်ရင် ဘယ်လိုလက်နက်တွေနဲ့တိုက်ကြမယ်တော့မသိဘူး။ စတုတ္ထကမ္ဘာစစ်ကျရင်တော့ ကျောက်ခဲနဲ့ကောက်ပေါက်ကြမှာပဲလို့ဖြေသတဲ့။ တိုးတက်ခြင်းရဲ့ ထိပ်ဆုံးရောက်တဲ့အခါ ပျက်စီးခြင်းဆိုတာဖြစ်လာမှာပဲ။ ပစ်တင်လိုက် ခဲလုံးဟာ နောက်ဆုံးမှာ ပြန်ကျရမှာပဲ။ ဒီတော့ လူဦးရေတိုးလာတဲ့သဘာဝနဲ့ လူ့ဘဝရခဲတယ်ဆိုတာကို ခွဲခြားလို့ရပြီလား၊ သဘောပေါက်ပြီလား"

တူတော်မောင်က သဘောပေါက်လက်ခံသွားပါသည်။

ချောင်းဆုံအုန်းသွင်

# အလ္လာဝါလိုင်း
# ဆီးသွားအင်္ဂါတွင် ကျောက်တည်ရောဂါအတွက် ဆေးမှာက်ပါ

ရေတာရှည်မှ ရွှေလက်ဝါးဆိုသူ မိတ္ထီလာသို့ရောက်လာ၏။ မိတ္ထီလာအပူဒဏ်ကို ခံစားရပြီး ဆီးမသွားသဖြင့် မျက်နှာကြီးထူအမ်းလာပြီး ဖောရောင်လာ၏။ နောက်ဆီးသွားမည့်ဆီးလမ်းကြောင်းတွင် ကျောက်ခံနေသဖြင့် ဆီးလမ်းပိတ်ပြီး ဆီးအိမ်ကြီးဖောင်းလာပါတော့သည်။ ဆေးရုံသို့အရေးပေါ်တက်ရောက်ကုသသောအခါ ဆီးလမ်းကြောင်းကို ပိုက်ထိုး၍ ဖွင့်ပေးလိုက်သောအခါ ရေအိုးကွဲသလို ဆီးများဒလဟောထွက်ကျလာပါတော့သည်။ ဆေးရုံမှဆင်းပြီး ဘုရားသွားကျောင်းတက်လုပ်နေရင်းက ဆီးလမ်းကြောင်းထဲသို့ ကျောက်ဝင်လာပြန်ရာ မူလအတိုင်း ဆီးအိမ်ကြီးဖောင်းလာပြီးမနေနိုင်မထိုင်နိုင်ဖြစ်လာပါသည်။ ရွှေလက်ဝါးမှာ တောင်လုံးလှဆရာတော်၏ညီဖြစ်၏။ ဆရာတော်ထံ ရောက်လာရင်း ဆီးရောဂါရခြင်း ဖြစ်၏။

ကျွန်ုပ်မှ တောင်လုံးလှဆရာတော်ကို အဘကုပေးသော ဆေးနည်းရှိကြောင်းပြောပြလိုက်ရာ ဝမ်းသာအားရဖြစ်ပြီး လိုက်မှတ်ပါတော့သည်။

ဆေးနည်းမှာ အုန်းသီးအစိမ်းတစ်လုံးနှင့် ယမ်းစိမ်းတစ်မတ်သားလိုပါသည်။ အုန်းသီးကို ထိပ်မှဖွင့်ပြီး အုန်းသီးအသားကိုလှီးပြီး ယမ်းစိမ်းတစ်မတ်သားကိုထည့်ပြီးပြန်ပိတ်ပါ။ (၁) နာရီလောက်ကြာသောအခါ ထိုအုန်းစိမ်းရည်ကို ကုန်အောင်သောက်ပါ။ ရွှေလက်ဝါးသည် မကြာခဏ ဆီးလမ်းကြောင်းမှာ ဒုက္ခပေးနေသောကျောက်ကို ယမ်းစိမ်းစိမ်ထားသော အုန်းစိမ်းရည်သောက်ရာ မကြာမီ ယမ်း၏ကန်အားကြောင့် ကျောက်များ ထွက်ကျလာပါသည်။ ကျောက်များမရှိသဖြင့် ဆီးရောဂါမရှိကြောင်း ကျေးဇူးတင်စကား မနားတမ်းပြောနေလေတော့သည်။ ဆီးရောဂါရနေသောမိတ်ဆွေများအတွက် စေတနာဖြင့် တင်ပြလိုက်ရပါသည်။

အလ္လာဝါလိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထိုမြို့။

ဆရာတော်ဘုရားကြီးများ ဆွမ်းဘုဉ်းပေးအပြီး-

ကျွန်ုပ်တို့ လူငယ်များ ထမင်းစားကြရင်း -

"အရမ်းထူးဆန်းတယ်နော်။တို့စီးလာတဲ့ဘတ်စ်ကားကြီးကို ဆရာအရှင်ကိုယ်တိုင် ရပ်ခိုင်းပြီး ဘာမပြောညာမပြောနဲ့ ကားပေါ် ဆတ်ခနဲတက်စီးလာတာအံ့ရော။ ဒါအလကားမဟုတ်ဘူး"

"အေးလေ"

ထမင်းဝိုင်းသို့ ဦးအောင်ခင်ဝင်ထိုင်လိုက်ပါသည်။ သူသည် ဆရာအရှင်၏အနီးတွင် အမြဲမပြတ်ရှိနေတတ်သော တပည့်ကြီးဖြစ်ပြီး ကျွန်ုပ်တို့အားလုံးက သူ့ကိုခင်ကြ၏။ သဘောအလွန်ကောင်း၏။ ဆရာ၏နောက်သို့ တကောက်ကောက်လိုက်၍ပါရမီဖြည့်ရင်း အမိန့်များ ဝင်လှေ့ရှိသူလည်းဖြစ်၏။

"ကားပေါ်တက်လာကတည်းက ထူးနေတာပဲလေကွယ်။ ရွတ်ခိုင်းတာတွေရော၊ ဘုရားကို အာရုံပြုခိုင်းတာတွေရော၊ ကားမောင်းတဲ့သူကို ကားကိုသေချာစစ်ရဲ့လားတွေမေးနေတာတွေရော ဒါတွေဟာ အလကားမှမဟုတ်တာ ငါ့လူတို့ရဲ့"

"ဦးလေးတစ်ခုခုတော့ရိပ်မိမှာပေါ့နော်"

"အိုး - သိတာပေါ့လေကွယ်။ တစ်ခုခုတော့ တစ်ခုခုပဲဆိုတာလောက်တော့တို့လည်းသိတာပေါ့။ ဘာမှန်းသာ အတိအကျမပြောနိုင်တာ"

ပြောရင်းနှင့် ပန်းကန်တစ်ချပ်ကို လှမ်းယူလိုက်ပြီး ကျွန်ုပ်တို့နှင့်အတူ ထမင်းစားတော့၏။ ဦးအောင်ခင်စားသည်မှာ အားရပါးရ။ စကားပြောလျှင်လည်း ဟောဟောဒိုင်းဒိုင်း။

"မောင်ရင်ကလည်း ကိုယ်က ဆရာအရှင်ကြွလာကတည်းက စိတ်ကနည်းနည်းလေးသွားတယ်။ ဟဲဟဲဟဲ - တစ်ခုခုတော့တစ်ခုခုပဲဒါ။ ပေါ့သေးသေးမဟုတ်ဘူးလို့ တွက်ပြီးသား"

ကျွန်ုပ်ကိုလှမ်းပြောသော ဘိုစိန်ကြီးကို ခေါင်းညိတ်ပြလိုက်ပြီး ဆက်စားနေလိုက်၏။

"ဆရာတော်ဘုရားကြီးတွေနဲ့အတူ ဂျစ်ကားနဲ့ လိုက်သွားရင်း တမင်နေခဲ့ပြီး တို့ကားကြီးပေါ် လိုက်လာကတည်းကငါထင်လိုက်ပြီ။ ဒီကားကြီးတစ်ခုခုဖြစ်တော့မှာကိုမြင်လို့ တမင်လိုက်စီးတာပဲလို့ ငါတော့ ကျိန်းသေအဲလိုတွက်တယ်။ သေချာတယ်။ ဒါ - တပည့်တွေချည်းပဲဆိုရင် အခြေအနေတွေဆိုးကုန်မှာစိုးလို့ ကိုယ်

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း

( ရှင်ဆိုင်အေးမြင့်သား )

ပညာရှင်

(အင်္ဂလိပ်စာ ... ဆရာကြီး)



ရှုမဝမဂ္ဂဇင်း
အတွဲ(၃၆)အမှတ်(၂) ...

www.burmeseclassic.com

www.burmeseclassic.com

တိုင်လိုက်ပြီးလာတာ။ တို့တွေခံသာအောင်လို့ ကိုယ်တိုင်လိုက်လာတာ"

"အေးလေ-တို့သိထားရင်ပြီးတာပဲ"

မောင်ကြည်ဝေက ထမင်းစားနေရင်းလှမ်းပြော၏။

"တို့တင်ဘယ်ကမလဲ၊ အားလုံးသိရမှာပေါ့။ ကားကိုထိန်းမောင်းလို့ နှုတ်ကသာအော်ပြောနေတယ်၊ မျက်လုံးကမှိတ်ထားတယ် အဲဒါသာကြည့်။ ဆရာလှမ်းပြောတော့ ငါလည်း ဘေးဘီကိုကြည့်လိုက်တာ ကားရှေ့ဘီးကြီးက ကျွတ်ထွက်ပြီးသွားနေတာမြင်နေရတယ်။ ဘာလုပ်လို့လုပ်ရမှန်း၊ ဘာပြောလို့ပြောရမှန်းမသိတော့ဘူး။ ပြီးတော့. . ."

ကျွန်ုပ်သည် ဘေးနားတွင် ထမင်းစားနေကြသူများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး -

"ကားရှေ့မှန်ကွဲကြားကနေထွက်သွားတာ။ အဲဒီမှန်ကွဲကိုသွားပြန်ကြည့်၊ တစ်ထွာကျော်ပဲရှိတယ်ဘိုစိန်။ ရှည်မျောမျောလေး"

"မောင်ရင်မပြောခင်ကတည်းက ကိုယ်က အဲဒါကိုကြည့်ပြီးပြီ။ အနီးကပ်တောင်တိုင်းကြည့်ပြီးပြီ။ တစ်ထွာကျော်မှ တကယ့်တစ်ထွာကျော်ကြားကနေထွက်သွားတာ။ ဘာမှဲ့တစ်ပေါက်မှမစွန်းဘူး။ ပေါ့သေးသေးမဟုတ်ဘူးနော်"

ထမင်းစားပြီးကြပြီဖြစ်၍ ဆရာတော်ဘုရားကြီးများ ဘုဉ်းပေးပြီးသောအချိုမုန့်များကိုစားကြရင်း မောင်ကြည်ဝေက အုန်းသီးစိမ်းအနုများခွဲ၏။ ကျွန်ုပ်တို့အားလုံး အုန်းစိမ်းရည်နှင့် အုန်းသီးနုဖတ်ဖတ်လေးများကိုစားကြပြန်၏။

ခဏတစ်ဖြုတ်နားပြီးကြသည်နှင့် ဆရာအရှင်အမိန့်အရ ခရီးဆက်ထွက်ရန် ကျွန်ုပ်တို့ပြင်ဆင်ကြရတော့သည်။ ဤတစ်ကြိမ်ဆက်ထွက်ရန်မှာ ဒေါ်ဂျစ်လည်းမဟုတ်၊ သဘော်သီးခွဲခြမ်းသဏ္ဌာန်လိုလိုကားကြီးမျိုးနှင့်ဖြစ်၏။ ကားဘော်ဒီအိမ်ဘေးတွင် သစ်သားများနှင့်ပင်ရိုက်ထား၏။ကားပြန့်ပြန့်ကြီးမျိုးဖြစ်ပြီး အမျိုးအစားမခေါ်တတ်ပါ။ ကုန်တင်လူစီးကားကြီးမျိုးမှန်းတော့သိ၏။

ထိုကားကြီးပေါ်တွင် ကေလာသတောင်ပေါ်ထိသယ်ယူမည့် ရှုပ်ပွားတော်များ၊ ဘိလပ်မြေအိတ်အနည်းငယ်နှင့် ပစ္စည်းအချို့ခွဲတင်ပြီး ဆက်ထွက်လာခဲ့ကြပါသည်။ ကျွန်ုပ်တို့သုံးယောက်ဖြစ်ပြီး ကျွန်ုပ်က ဦးဆောင်လာခဲ့၏။ မောင်ကြည်ဝေပါမလာတော့ နောက်ပိုင်းထပ်မံသယ်ယူရန်ပစ္စည်းများနှင့် နောက်က လိုက်ပါလာရမည့် ခရီးစဉ်ကို မောင်ကြည်ဝေက စီစဉ်ရဦးမည်မို့ ဆရာအရှင့်အနီးတွင်နေခဲ့ခြင်း ဖြစ်ပါသည်။

ကားကြီးမှာ တအိအိနှင့် ဘေးဘယ်ညာခပ်လှုပ်လှုပ်ယမ်းရင်း စတင်ထွက်လာခဲ့ပါပြီ။

ကျိုက်ထိုမြို့တွင် နံနက်စာစားခဲ့ရသောကျောင်းကြီးမှ စတင်ထွက်ခွာသည်နှင့် လမ်းချိုင့်လေးများကို ဖြတ်သန်းရပါပြီ။ ရွံ့အိုင်လေးအချို့၊ လမ်းချိုင့်လေးအချို့တို့ကိုမောင်းရင်း ကားမောင်းသူမှာ စတင်ညည်းပါပြီ။

"ဟင်း - စပြီးငှားဖို့ပြောတော့ တစ်မျိုး၊ ခုလာနေရတာကတစ်မျိုး"

ကျွန်ုပ်ဘာမှမပြောပါ။ သူ့ကိုတစ်ချက်သာကြည့်လိုက်ပြီး မေတ္တာသုတ်ကို တောက်လျှောက်ရွတ်ရင်းလိုက်လာခဲ့ပါသည်။ ချိုင့်လေးများမှာ မပြောပလောက်ပါ။သက်သက်ညည်းညူနေခြင်းကြောင့် ဘာမှမပြောလိုတော့၍ မပြောခြင်းသာဖြစ်ပါသည်။ မောင်းနေရင်းမှ -

"မင်းတို့လူတွေက ငှားတုန်းက ဒီလမ်းမဆိုးပါဘူးဆိုပြီးပြောလို့ ငါလိုက်လာတာ။ ဘယ့်နှယ်ကွာ-ချိုင့်တွေချည်းပဲ၊ ငါမလိုက်တော့ဘူး။ မင်းတို့ဟာမင်းတို့ အဆင်ပြေသလိုဆက်သယ်သွားပေတော့"

"ဟာ - အဲလိုတော့မလုပ်ပါနဲ့ အစ်ကိုရယ်"

"မလုပ်လို့မရဘူးလေ။ ငါက ဒီလိုလမ်းကြမ်းတွေလိုက်တာမှမဟုတ်ဘဲ"

'ဟာ - ဒုက္ခပဲ။ ဦးအောင်ခင်တို့၊ မောင်ကြည်ဝေတို့ ဘယ်လိုလုပ်လွှတ်လိုက်လဲမသိဘူး'

ဟု စိတ်ထဲမှတွေးလိုက်ပြီး ဘာဆက်လုပ်လို့လုပ်ရမှန်းမသိဖြစ်ရတော့၏။

"ငါပြောနေတယ်လေ။ ငါဆက်မသွားတော့ဘူးလို့"

ကားဆရာက ထပ်ပြောပြန်၏။

ကျွန်ုပ်နှင့်ဘိုစိန်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ဘာလုပ်ရမှန်းမသိဖြစ်နေ၏။ ကားမှာ လမ်းဆုံလေးတစ်ခုထိပ်တွင်ရပ်ထားပြီဖြစ်၏။

အမှန်တကယ်ဘာလုပ်ရမှန်းမသိတော့ပါ။ ကျွန်ုပ်လည်း မျက်လုံးမှိတ်လိုက်ပြီး -

'ကျေးဇူးရှင် ဆရာအရှင်သူမြတ်နှင့် ဆရာအရှင်သူမြတ်၏ မေတ္တာကိုခံယူကြသောပုဂ္ဂိုလ်အပေါင်းတို့ခင်ဗျား။ ကျွန်ုပ်တို့မှာ အခက်အခဲကြုံနေရပါပြီ မေတ္တာထားသနားစောင့်ရှောက်တော်မူပါ။သာသနာပြုခရီးဖြစ်ပါသည်။ တို ရေးကိုယ်တာကိစ္စမဟုတ်ပါ'

ဟု နှစ်ကြိမ်၊ သုံးကြိမ်စိတ်နှင့်တိုင်တည်လိုက်၏။

"ဘာဖြစ်နေကြတာလဲဒါ"

အသံကြားသည်နှင့် မျက်လုံးဖွင့်ကြည့်လိုက်၏။ ဒေါင်ကောင်းကောင်း ပင်နီဖျင်ကြမ်းတိုက်ပုံ၊ ပင်နီဖျင်ကြမ်း ဘောင်းဘီနှင့် လွယ်အိတ်ကြီးတစ် ကိုလွယ်လျက် ခေါင်းမှာတဘက်ကြီး ပေါင်းထားသူဖြစ်၏။ ကားရပ်ထားသော ဘယ်ဘက်ဘေး ရွာလယ်လမ်းဟု ထင်ရ သောလမ်းလေးထဲမှထွက်လာသူဖြစ်၏။ ကားဆရာသည် တစ်ချက်ကဲကြည့်လိုက် ပြီး -

"ဘာဖြစ်ရမှာလဲဗျာ၊ ပြောငှား တော့တစ်မျိုး ခုချိုင့်တွေချည်းပဲ။ ထဲ - ကျွန်တော့်ကားတစ်ခုခုဖြစ်သွားရင် ဘာ လျော်ကြေးမှလဲရမှာမဟုတ်ဘူး။ ဘယ် လုပ်သွားလို့ရတော့မလဲ။ ပစ္စည်းတွေ ဘိလပ်မြေအိတ်တွေလည်းပါတယ်"

"ဩော် - ဘာများလဲလို့၊ ဆက် သွားပါ"

"ဟင် - ဘာပြောတယ်"

"ဆက်သာမောင်းပါ။ ရှေ့မှာဘာ ချိုင့်မှမရှိတော့ပါဘူး"

"မဟုတ်တာဗျာ၊ လာပြန်ပြီ ခင်ဗျားကဘယ်လောက်သိလို့လဲ"

"ကျွန်တော် ခုပဲဒီလမ်းကပြန်လာ တာပါ။ သိတယ်၊ ဘာချိုင့်မှမရှိတော့ ဘူး"

"ခင်ဗျားတာဝန်ယူလား၊ ခင်ဗျား လျော်မလား"

"အိုး - ခုပဲလိုက်ခဲ့မယ်။ ကိုယ်တိုင် လိုက်ခဲ့မယ်"

ပြောရင်းနှင့် ကားရှေ့စက်ဖုံးဘေး မှ ဘော်ဒီခပ်ပြန့်ပြန့်ကြီးပေါ် ခွေ တက်ထိုင်လိုက်ပြီး -

"ကဲ - မောင်း"

ဟု ပြောရင်း လိုက်လာခဲ့ပါတော့ သည်။

ကျွန်ုပ်လည်း ဘေးတိုက်ကြီး လိုက်လာသော ထိုဦးလေးကြီး ကျေးဇူးတင်ရင်း နှုတ်မှမေတ္တာသုတ် သာ တွင်တွင်ရွတ်နေလေတော့၏။

ဟုတ်၏။ ထိုဦးလေးကြီးစ လာသည့်နေရာမှစ၍ ဘာချိုင့်မှမ တော့။ တွေ့သောချိုင့်မှာ လက်တ ပင်မရှိတော့။ ကားဆရာလည်း



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာခပ်လျှော့လျှော့နှင့် မောင်းနေတော့၏။

"အေး - ဘာချိုင့်မှ . . . ယိုလူ ဘာ"

"ဗျာ - ဘယ်သူလဲ"

"ဟိုလူလေ၊ လိုက်လာတဲ့လူ"

သူပြောမှ ကျွန်ုပ်လည်းသတိထားမိတော့ရာ ဘယ်အချိန်တွင် ဘယ်နေရာဆင်းသွားမှန်းမသိတော့ပါ။ နောက်ကြည့်လှည့်၍ -

"ဘိုစိန်၊ ဟိုဦးလေးကြီးရော"

"ဘယ်ဦးလေးကြီးလဲ၊ ဘယ်သူမှ မပါဘူး။ ဘယ်သူ့ကိုပြောနေတာလဲ"

"ဟာ - ဘိုစိန်ကလည်း၊ ကားစက်ဘေးမှာထိုင်လိုက်လာတာလေ"

"ဘာလဲ၊ ကိုယ်မှမသိတာ"

"ဟာ"

ကျွန်ုပ်နှင့် ကားဆရာ တစ်ယောက်မျက်နှာတစ်ယောက်ကြောင်ကြည့်နေကြသည်။ သူလည်း ဘာမှမပြောဘဲ ဆိတ်ဆိတ်ဆက်မောင်းနေ၍ ကျွန်ုပ်လည်း ဘာမှမပြောဘဲလိုက်ခဲ့ပါတော့သည်။

ဟုတ်ပါသည်။

ကားကို ဆက်လက် ထွက်ခွာရန်ပြောကြားခဲ့သော ဦးလေးကြီးကို ကျေးဇူးတင်စကားပင်မပြောလိုက်ရပါ။ ဘယ်အချိန်၊ ဘယ်နေရာတွင် ဘယ်လိုဆင်းသွားခဲ့မှန်းပင် မသိတော့ပါ။ ဘိုစိန့်ကိုမေးသောအခါ ကျိုးကြည့်ကြောင်ကြည့်။

ရောက်ပါပြီ။ တောင်စွန်း ကျောက်တိုင်းကျောင်း။

ချောချောမောမောရောက်ရှိလာခြင်းဖြစ်သည့်အတွက် ကားဆရာကို ကျေးဇူးတင်ကြောင်းပြောရင်း တောင်ပေါ်အထိယူမည့်ပစ္စည်းများကိုချလိုက်ပြီး ဘိလပ်မြေအိတ်များကို ဆရာအရှင် မှာလိုက်သည့်အတိုင်း အချို့ကို ကျောက်ဝိုင်းကျောင်းဝင်းထဲတွင် ထားခဲ့ကြပါသည်။ ကားကိုလည်း ကျောင်းရှေ့ရပ်ခိုင်းလိုက်ရခြင်း ဖြစ်ပါသည်။

ကားဆရာသည် အလွန်အံ့သြနေသောမျက်နှာနှင့် ကျွန်ုပ်တို့ကိုကြည့်နေ၏။ ကျွန်ုပ်တို့က မြင်းလှည်းတစ်စီးငှားပြီးဖြစ်၏။ ကေလာသတောင်ခြေရောက် ပစ္စည်းတော်တော်များသယ်ရန်အတွက် ငှားလိုက်ရသော ထိုမြင်းလှည်းနှင့် ခရီးဆက်ခဲ့ရပါတော့သည်။ မြင်းမှာ နက်ညိုရောင်ဖြစ်၏။

ဘေးတစ်ဖက်တစ်ချက်စီတွင်မြင်နေရသော လယ်ကွင်းကြီးများကိုကြည့်ရင်း၊ မေတ္တာသုတ်ရွတ်ရင်းလိုက်ပါလာရာမှ -

"ဟဲ့ - ဘာဖြစ်တာလဲဟဲ့"

မြင်းလှည်းဆရာသည် ရုတ်တရက်ရပ်သွားသောမြင်းကို ကျာပွတ်နှင့် တဖြန်းဖြန်းရိုက်နေ၏။ မြင်းမှာမလှုပ်တော့။ ကျွန်ုပ်မှာ ရုတ်တရက်ကြောင်ကြည့်နေရင်းမှ -

"ဟာ - မလုပ်ပါနဲ့၊ အဲလောက်ကြီး"

ပြောနေရင်းနှင့် နှစ်ချက်၊ သုံးချက် ထပ်ရိုက်လိုက်ပြန်၏။

"တော်ဗျာ၊ မလုပ်ပါနဲ့"

ခပ်ငေါက်ငေါက်ဆတ်ဆတ်ပြောလိုက်ပြီး မြင်းလှည်းရှေ့ ဘယ်ဘက်ဘေးမှ ဆတ်ခနဲခုန်ဆင်းလိုက်၏။ ဒူးထောက်ကျနေသောမြင်းကြီးကို ရှေ့တည့်တည့်မှသွားကြည့်လိုက်ရာ ပါးစပ်ကထွက်နေသောအမြှုပ်များ မြင်မကောင်းတော့။ တခွီးခွီးနှင့်ဖြစ်နေ၏။

ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေရင်း ရုတ်တရက် သူ့မျက်လုံးနှစ်ဖက်ကြား နဖူးပြင်ကို အသာကိုင်လိုက်ရင်း ခန္ဓသုတ်တော်နှင့် မေတ္တာသုတ်တော်ကို ရွတ်လိုက်၏။ လှိုက်လှိုက်လှဲလှဲမေတ္တာပို့လိုက်၏။

"သားကြီး၊ မင်းဟာ သာသနာပြုခြင်းနဲ့ဆိုင်တဲ့ခရီးကိုထွက်လာတာပါကွာ။ ကျန်းမာပါစေ။ မင်းဟာမြတ်ပါတယ်၊ မင်းအခုလိုက်ပို့တာ"

ဘာတွေပြောလို့ပြောမိမှန်းမသိ ပါးစပ်ကအလိုလိုထွက်နေ၏။ မြင်းမမှန်း၊ မြင်းထီးမှန်းမသိ စွတ်ပြောနေခြင်း ဖြစ်၏။

"ဂုန်း"

ချက်ချင်းပြန်ထသိုက်သောကြောင့် ကျွန်ုပ်လည်း ဘေးဘက်သို့ နှစ်လှမ်းခန့်ဆုတ်လိုက်၏။ ပြီးမှ မြင်းလှည်းပေါ် ပြန်တက်ထိုင်လိုက်ပြီး ခရီးဆက်ခဲ့ရပါတော့သည်။ မြင်းလှည်းဆရာသည် ကျွန်ုပ်အား လှည့်ကြည့်လှည့်ကြည့်နှင့်။

ရောက်ပါပြီ။

ကေလာသတောင်ခြေသို့ရောက်ပါပြီ။

တောင်ခြေရောက်သည်နှင့် ပါလာသော ပစ္စည်းများအားလုံးချလိုက်ပြီး တစ်ဦးကစောင့်နေခဲ့ရန် ပြောလိုက်၏။

ခရီးသွားများ ခေတ္တနားခိုရန် အဆောက်အအုံသေးသေးကလေးထဲသို့ ပစ္စည်းများမ,ယူရွှေ့ကြပြီး ဘိုစိန်နှင့်ကျွန်ုပ်က ကေလာသတောင်တော်ပေါ်တက်ရန် စီစဉ်တော့၏။

"တို့ကို တို့ရဲ့ဆရာအရှင်က ခွင့်ပြုလိုက်ပြီးသားပဲဘိုစိန်။ ငါနဲ့ နင်နဲ့ ရေနံဆီပုံးတစ်လုံးစီထမ်းပြီးတက်ကြမယ်-လာ"

တောင်ပေါ်စတက်ပါပြီ။

ရေနံဆီပုံး တစ်ယောက်တစ်ပုံးစီထမ်း၍ ဘိုစိန်နှင့်နှစ်ယောက် စတင်တက်ကြပါပြီ။ တောင်ပေါ်စတက်ရသည့်လမ်းအတိုင်း ဘာမပြောညာမပြော နှစ်ယောက်သား စတင်တက်ကြပါပြီ။ ရေနံဆီပုံး တစ်ယောက်တစ်ပုံးသာဆိုသည်၊ ဘိုစိန်ထမ်းသောပုံးက ကျွန်ုပ်ထမ်းသည့်ပုံးထက်ပိုကြီး၏။ သူ့ခမျာညာပါသည်။ ကျွန်ုပ်ကို ပုံးသေးသာပေးထမ်း၏။

တစ်ခါမှ မကြုံဘူးသော အတွေ့အကြုံဖြစ်၏။

တောင်ပေါ် ဟူ၍ ခပ်ငယ်ငယ်က အဖေတာဝန်ကျရာ ကချင်ပြည်နယ် ဗန်မော်ခရိုင် စိန်လုံကမ္ဘာရှိ ရဲကုန်းကို တက်ခဲ့ဖူးသည်သာရှိ၏။ အရွယ်လေးရတော့ အဘိုးသံရှိရာ တောင်သုံးလုံးကို သွားခဲ့ဖူး၏။

ယခု -

တစ်ခါမှမရောက်ဘူးသော၊ မမြင်ဘူးသော ကေလာသတောင်ပေါ်သို့ ခပ်တည်တည်နှင့် တက်နေပါပြီ။ လှေကားထစ်ကြီးများမှာ ရှေးအတော်ကျကျက ဖောက်ထားခင်းထားသောပုံစံဖြစ်ရာ လှေကားထစ်ပြုလုပ်ထားသော ကျောက်တုံးကြီးများမှာ ထုထည်ကြီးလှ၏။ ထုရိုက်ခွဲစိတ်၍ လှေကားထစ်ကြီးများပြုလုပ်ထားခြင်းဖြစ်သည်။ ကုသိုလ်ယူကာပြုလုပ်သွားကြသူများကို မေတ္တာပို့ရင်းတက်နေလိုက်ပါ၏။

လှေကားပေါ်တက်နေရင်း အမေ့ကို သတိရ၏။ 'အမေ၊ သားကေလာသတောင်ကြီးကို စတက်နေပါပြီ' ဟု ခပ်တိုးတိုးပြောလိုက်မိ၏။ အမေမှာလိုက်သည့်အတိုင်း ဦးကြီးနှင့်ကြီးဒေါ်ကို လှမ်းပြီး မေတ္တာပို့၊ အမျှဝေမိ၏။

"ရလား"

"ရတယ် ဘိုစိန်"

"အေးလေ - နားနားတက်"

နှစ်ယောက်သား စကားတပြောပြောနှင့်ခဏနားလိုက်ကြ၊ ရေနံဆီပုံးများပြန်ထမ်း၍တက်လိုက်ကြနှင့် ပီတိဖြစ်နေကြပါသည်။

ဘာရယ်မသိ -

တောင်ပေါ်စတက်လာပြီဆိုသည်နှင့် ဟသ်ာတမျကြွလာသောအဘာဆရာ

www.burmeseclassic.com

ကြီး ဦးထွန်းရင်ကို ရုတ်တရက် သတိရ လိုက်၏။

ကျွန်ုပ်အား ဆယ်ဆူအင်းပညာ ချီးမြှင့်ခဲ့သော၊ ဆယ်ဆူအင်းတိုက်ကာ ပညာပေးခဲ့သော အဘဆရာကြီးဖြစ်ပါ သည်။ အဘသည် ပညာပေးတော့မည် ဆိုလျှင် ကန်တော့ပွဲများကို လှူကာ ဘိုးတော်ပြုံး၊ ဘိုးတော်အေး၊ ဘိုးတော်ပွင့် ဟု တိုင်တည်ပြီး ကျွန်ုပ်နားမလည်သော စကားများကိုရွတ်ကာရွတ်ကာတိုင်တည် တတ်၏။ ဓာတ်စကားဟု ခပ်လွယ်လွယ် ခေါ်သော်လည်း အလွန်နက်ရှိုင်းလှသည် ကို ကျွန်ုပ်သိပါသည်။ နားတော့မလည် ပါ။

ထိုဓာတ်စကားများကို ကျွန်ုပ် သည်း အဘရှေ့တွင်အားရပါးရပြောခဲ့ ဖူးပါ၏။ နားလည်၍မဟုတ်ပါ။ နှုတ်က ထိန်းမရဘဲထွက်နေခြင်းဖြစ်၏။ အကြောင်း အရာတစ်ခုခုကိုသိနေသလိုလိုနှင့် လက် ဟန်များပါပါ၏။ အဘက တစ်ခွန်းဝင် ထောက်လိုက်၊ ကျွန်ုပ်ကပြောလိုက်နှင့် အတော်ဟန်ကျ၏။ လူကသာ ဘာမှ နားမလည်။

အဘရှေ့တွင် ဓာတ်စကားကို ကြာမြင့်စွာပြောနိုင်သည့်အတွက် အဘထံ တွင်ပညာယူကြသော၊အဘ၏အနီးတွင် ဝိုင်းနေကြသောတပည့်များ၊ မိတ်ဆွေ များက ကျွန်ုပ်ကို အတော်ပါရမီထူးတဲ့ ကလေးဟု ကောင်းချီးပေးကြ၏။ အမှန် က ကျွန်ုပ်ပြောချင်ရာပြောနေခြင်းသာ ဖြစ်ပါသည်။ ထိန်းမရ၍ထွက်နေခြင်း သာဖြစ်ပါသည်။ တကယ့်ကိုဘာပြော၍ ပြောနေမှန်းမသိပါ။

ပြောနေရသည်ကိုပင် သာယာ နေသလို ခံစားနေမိ၏။

ထူးဆန်းသည်မှာ -

ထိုသို့ ဓာတ်စကားများပြောနေ ရင်းနှင့်ဘုရားဂုဏ်တော်ပုတီးစိပ်တစ်မျိုး ပါးစပ်ထဲမှအလိုလိုထွက်လာပါသည်။

သောဘဂဝါက္ကတိပိ အစချီသော ဘုရားဂုဏ်တော်များ အလိုလိုထွက်လာ ပါသည်။

ကျွန်ုပ်သည် အခြားပုတီးစိပ်များ ကို စိပ်ပါသည်။ နှုတ်မှထွက်လာသော ဤပုတီးစိပ်မှာ ခဲခဲယဉ်းယဉ်းလည်း မဟုတ်ပါ။ ယခုနောက်ပိုင်းဆိုလျှင် ကြားဖူးနေကျပုတီးစိပ်ဖြစ်ပါသည်။ ဂုဏ် တော် (၉) ပါး ဖြစ်ပါသည်။ ထူးထူးဆန်း ဆန်းမပါပါ။

သို့သော် ဓာတ်စကားပြောရင်း ထွက်လာသည်ဖြစ်၍ အဘက 'မင်းအဲဒီ ပုတီးစိပ်ကို စိပ်ပေတော့' ဟု ပြောခဲ့ပါ သည်။

ထိုပုတီးစိပ်မှာ အလွန်အာနိုမိ သည်ဟု ခံစားရပါသည်။

ထိုပုတီးစိပ်ကိုစိပ်လျှင် လူတစ် ယောက်ကိုမြင်သည်နှင့် အတော်ပြော ချင်ဆိုချင်နေ၏။ ပါးစပ်က မနေနိုင် လွှတ်ခနဲထွက်နေ၏။

မမြင်ရသည့် အစောင့်အရှောက် များကိုပါ ဒိုးဒေါက်နှင့်ထွက်သွား၏။

ပြောနိုင်သည်မှဟုတ်ပါ။

သူ့အလိုလိုထွက်သွားခြင်းသာဖြစ် ပါသည်။

မြင်လည်းမမြင်ရ လက်တွေ့ မဟုတ်လျှင် ဘာကိုမှအယုံအကြည်မရှိ သည့်သူက အစောင့်အရှောက်များ၊ မမြင်ရသည့်ပုဂ္ဂိုလ်များကို ဒိုးဒေါက်နှင့် ပါးစပ်ကထွက်နေသည့်အတွက် သူငယ် ချင်းတွေကပါအံ့သြကုန်၏။ တစ်ခါတစ်ခါ ဤအိမ်တွင် ဘာရှိသည်ညာရှိသည်၊ ပုံစံ ကဘယ်လိုဟုပြောလိုက်လျှင် ကာယကံ ရှင်များပင်လန့်သွား၏။ အမှန်က ဘာမှ မမြင်ပါ။သိလည်းမသိပါ။ အလိုလိုပါးစပ် ကထွက်နေခြင်းဖြစ်ပါသည်။

ရှက်မိသည်တော့ အမှန်ဖြစ်ပါ သည်။ ပါးစပ်ကတောက်လျှောက်ပြော သာနေရသည်၊ ဘာမှလက်ဆုပ်လက်ကိုင် မပြနိုင်။ ဘာမှလက်တွေ့ပြ၍မရ။ အပြော သာရှိနေသည်။ ထိုအပြောသည်ပင် လူအများ၏ အံ့သြခြင်းကိုခံနေရပြန် သည်။ အကျိုးပေးတစ်မျိုးဖြစ်နေ၏။

ထိုဂုဏ်တော်ပုတီးစိပ်ကို သူ့အလို လို စိတ်မနောမှဖြစ်လာကာ စိပ်နိုင်လာ ခြင်း၊ အင်းများဆွဲတတ်လာခြင်း စသည့် ထူးခြားမှုများကို သတိရပြီး အဘဆရာ ကြီးကို သတိတရဖြစ်နေ၏။

"နားဦးလေ"

"အေး"

ဘိုစိန်နှင့် နှစ်ယောက်သား လေးထောင့်ပုံစံ ခုတ်ထစ်ထုထွင်းထုကာ စနစ်တကျစီထားသော ကျောက်တုံး လှေကားကြီးများပေါ်တွင် ခြေပစ်လက် ပစ်ထိုင်ချလိုက်၏။ ရေနံဆီပုံးများက ဘေးမှာ။

"ခရီးကတော့ ထူးထူးဆန်းဆန်း ခရီးပဲ။ မောင်ရင်နဲ့ ကိုယ်နဲ့ရွှေပြီးလိုက် ခဲ့ရမယ်ဆိုကတည်းက အဟားဟားဟား - ထင်သားပဲ"

လူက ရေနံဆီပုံးထမ်းတက်နေရ ၍ မောရသည့်ကြားထဲ သူကအူတက် နေ၏။

တောင်တစ်ဝက်ခန့်ရောက် [illegible] အထိ မောလိုက်၊ နားလိုက်နှင့်လာ [illegible] သည်ဖြစ်၍ မြေပြန့်တွင် လှပသော [illegible] ကွင်းများ၊ မဆုံးနိုင်သောရှုမျှော်ခင်း [illegible] များမြင်နေရ၏။ လယ်ကွင်းကြီးများ [illegible] အနိစာကွက်လေးများသဖွယ် ချ [illegible] ဖြစ်နေ၏။

နတ်ရေတွင်း။

နတ်ရေတွင်းဟုခေါ်သော ရေ [illegible] ကြီးအရောက် နှစ်ယောက်သားနား [illegible] ပြန်၏။ ရေတွင်းကြီးမှာ အတော်ကြီး [illegible] ၏။ မကြည့်ရဲကြည့်ရဲနှင့်ငုံ့ကြည့်မိ [illegible]

ကျွန်ုပ်သည် လှေကားထစ် [illegible] များကိုသာကြည့်၍ ဝင်လေကို အ [illegible] ထွက်လေကို ဗုဒ္ဓေါမှတ်ရင်း တတ် [illegible] ဘေးဘီကိုသိပ်မကြည့်။ ဘိုစိန်ကနော [illegible] က။

ရောက်လာပါပြီ။

ညောင်မုတ်ဆိတ်ပင်ကြီး အ [illegible] ကြီးလှ၏။ မမြင်ဘူးလောက်အောင် [illegible] ကြီးလှ၏။

နှစ်ယောက်သား မရောက် [illegible] သောဒေသ၊ မရောက်ဘူးသောနေရာ [illegible] ခပ်တည်တည်နှင့်တရွေ့ရွေ့တက် [illegible] ကြသည်မှာ တောင်ပေါ်သို့စတင်ရော [illegible] ပြီ ဖြစ်၏။

နှစ်ယောက်သား ဘာမပြော [illegible] မပြောနှင့် ခပ်သွက်သွက်ဆက်လျှော [illegible] ရင်း တွေ့သည့် လှေကားထစ်မ [illegible] ဆက်တက်ကြ၏။ ဘိုစိန်က နော [illegible]

"ဟာ -ဘိုစိန်၊ ဘုရားရောက်ပြ [illegible] ဘုရား"

ရောက်ပါပြီ။

ဆံတော်ရှင် ကေလာသ [illegible] တော်မြတ်ကြီး၏ ခြေတော်ရင်း [illegible] ရောက်ကြပါပြီ။ ဘုရားရင်ပြင် [illegible] ရောက်သည်နှင့် နှစ်ယောက်သား [illegible] ဆီပုံးများ ပခုံးပေါ်မှချပြီး ဘုရားဝ [illegible] ကြ၏။ တစ်လမ်းလုံး မောလာ [illegible] ဘယ်ရောက်သွားမှန်းပင် မသိတော [illegible]

ကေလာသ ဟူသော ဘွဲ့တော် [illegible] စတင်ကြားသည့်အချိန်က ဘာတိ [illegible] လို့လွမ်းမှန်း၊ ဘာကိုအောက်မေ့မှန်း [illegible] ရဘဲ မျက်ရည်ပေါက်ပေါက်တ [illegible] ရှိုက်ကြီးတငင်ငိုခဲ့ရသည်ကို ပြန် [illegible] ရင်း စေတီတော်မြတ်ကြီးကို လက် [illegible] ၍ ရှိခိုးမဝဖြစ်နေမိပါတော့သည်။ [illegible] ဖူးတွေ့ရပြီဆိုတော့ စတင်ကြားခါ [illegible] မခံစားရတော့ပါ။

"ဘိုစိန်"

"အန်"



www.burmeseclassic.com

www.burmeseclassic.com

"တို့ကို ဆရာမှာလိုက်တယ်နော်၊ ဆရာ့ခွင့်ပြုချက်မရဘဲ ဘုရားပေါ် မတက်ရဘူးဆိုတာ"

"အေးလေ"

"ခု တို့နှစ်ယောက်၊ ရင်ပြင်တော်ပေါ် ဒါရိုက်တန်းရောက်လာပြီ၊ ဘယ်လိုလုပ်မလဲ"

"သိဘူးလေ"

"နေဦး၊ ဘယ်ဘက်ကဘယ်လို ဆင်းရမယ်ဆိုတာကြည့်ပြီး ပြန်ဆင်းကြမယ်"

နှစ်ယောက်သား ဟိုကြည့်ဒီကြည့် လျှောက်ကြည့်လိုက်၏။ တန်ဆောင်းလိုလို၊ ဓမ္မာရုံလိုလိုကိုမြင်လိုက်သည်နှင့် ရေနံဆီပုံးများ ပြန်ထမ်းပြီးဆင်းခဲ့ကြပါတော့သည်။

နဂိုရောက်နှင့်နေပြီးသော ဆရာ၏ တပည့်တစ်ယောက်က ခရီးဦးကြိုပြုသောကြောင့် ဟန်ကျသွား၏။ မကြာပါ။ ပစ္စည်းများကိုထမ်းပိုးနှင့်ထမ်းရင်းတက်လာသော မောင်ကြည်ဝေနှင့်အခြားမမွေ့ မိတ်ဆွေများပါ တက်လာကြပြီ ဖြစ်၏။

ခဏနားပြီး အဆာပြေစားကြ၏။

တစ်မှေးခန့်မှေးရုံရှိသေး၊ လူသံများကြား၍ နားစွင့်လိုက်ရာ ဆရာအရှင်သူမြတ်ကြွလာပြီဖြစ်ကြောင်း၊ ရင်ပြင်တော်နားရောက်နေပြီဖြစ်ကြောင်းကြား၍ ဘိုစိန်နှင့်နှစ်ယောက် အပြေးလေးသွားကြ၏။ ကားမှောက်စဉ် အနည်းငယ် မူးဝေကာ မှိုင်သွားသော ဦးတင်အောင်ကြီးသည် ဆရာအရှင်၏ဘေးက။

"ဟေး. . ."

ကျွန်ုပ်နှင့် ဘိုစိန်သည် ဝမ်းသာလွန်း၍ လက်ခုပ်များပြိုင်တူတီးကြပြီး အားရဝမ်းသာထအော်ကြ၏။ ဆရာအရှင်သူမြတ်၏ဘေးမှ ဦးတင်အောင်ကြီးက လက်မထောင်ပြလျက်။

ကေလာသတောင်ပေါ်တွင် စကားအပြောအဆိုအတော်ဆင်ခြင်ရကြောင်း ဆရာအရှင်ကဆုံးမ၏။

ညဘက်ရောက်သည်နှင့် ဘာမှမမြင်ရတော့ မှောင်ပိန်းနေ၏။ ဖယောင်းတိုင်များ၊ မီးခွက်များ၊ အောက်လင်းဓာတ်မီးကြီးများနှင့်နေရ၏။ ပုရစ်သံမှတစ်ပါး ဘာမှမကြားရတော့။

ကျွန်ုပ်သည် သမာဓိအား အလွန်ကောင်းသူဖြစ်၍ ဘိုစိန် ထထချင်း ထိုင်ထိုင်ချင်း မောင်ကြည်ဝေသွားလေရာ လိုက်၍တစ်ဖုံ တကောက်ကောက်ဖြစ်နေတော့၏။

ညဘက် ဘုရားဝတ်ပြု၊ ပဋ္ဌာန်း



ဥဒ္ဒေသတော်နှင့် ပရိတ်တော်များကို အားလုံးရွတ်ကြရ၏။ အရဟံပုဒ္ဓေါကို တစ်နာရီရှုမှတ်ကြရ၏။ ညဉ့် (၁၂) နာရီထိုးသည်နှင့် ဘိုစိန်နှင့် နှစ်ယောက်သား ဆရာအရှင်သူမြတ်ကို ဝတ်ဖြည့်နှိပ်နယ်ကာ ကုသိုလ်ပြုကြ၏။

"ဆရာ၊ ကျွန်တော်တို့ ကျိုက်ထိုကျောင်းကြီးကထွက်လာတော့. . ."

ဖြစ်ကြောင်းရယ်ကုန်စင်ကို ဆရာအရှင်သူမြတ်အား လျှောက်လိုက်ပါသည်။

ဆရာအရှင်သူမြတ်သည် မျက်လုံးမှိတ်ထားရင်းမှပြုံးလိုက်ပြီး -

"အေး- မင်းတို့ကို မြို့တော်ရှင်ကြီးလိုက်ပို့တာ"

ဘိုစိန်မျက်နှာကိုကွက်ခနဲအကြည့် ဘိုစိန်ကလည်း လှမ်းအကြည့်နှင့်ဆုံသွားပြီး နှစ်ယောက်သားခေါင်းတညိတ်ညိတ်ဖြစ်သွား၏။ ခေတ္တအချိန်လေးအတွင်း သာသနာပြုကိစ္စများ၊ သာသနာပြုခရီးနှင့်ဆိုင်ခြင်းများတွင် အခက်အခဲဖြစ်ပါက ပုဂ္ဂိုလ်များက မဖြစ်မနေကူညီကြပုံများကို ပြောပြ၏။ ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို ပြောမှားဆိုမှားမပြုရန်၊ မထေမဲ့မြင်မပြုရန်၊ မေတ္တာထားရန်၊ မေတ္တာများများပို့ရန်၊ လေးလေးစားစားနှင့် ပြောဆိုတတ်ရန် သင်ကြားပေး၏။ မယုံမကြည် လျှောက်မပြောရန်၊ သူ့ဟာသူနေနေသောပုဂ္ဂိုလ်များကို အကြောင်းမဲ့ပုတ်ခတ်ပြောဆိုခြင်းမပြုရန် တစ်ခွန်းချင်းဆုံးမ၏။ ဗဟုသုတများစွာရသလို မကြားဘူးသည်များကို ကြားရသောကြောင့် ပညာများတိုးရ၏။ မှတ်သားရ၏။

အိပ်သည့်အချိန်မှာ တစ်နာရီထိုးပါပြီ။

အိပ်၍ ဖျတ်ခနဲလန့်အနိုး -

"ဘိုစိန်. . . ဘိုစိန်. . . ဘိုစိန်"

"အန် - ဘာလဲ"

"နားထောင်စမ်း၊ ပဋ္ဌာန်းရွတ်သံကြားနေရတယ်။ ကြားလား၊ နားထောင်ကြည့်"

(၁၅) စက္ကန့်ခန့်အကြာ -

"အေး - မောင်ရင်ပြောတာဟုတ်တယ်၊ ကြားတယ်။ ဒီတိုင်းနေရင် မကြားဘူး၊ ခေါင်းအုံးနဲ့နားနဲ့ပြန်ကပ်မှကြားရတယ်"

"ဟုတ်တယ်၊ ငါလည်းထိုင်ပြီးနားထောင်လိုက်၊ မတ်တတ်ရပ်ပြီး ဟိုနားသွားနားထောင်၊ ဒီနားသွားနားထောင်လိုက်နဲ့ ဘယ်လိုမှမကြားဘူး။ သဲ့သဲ့တောင်မကြားရဘူး။ ဒါလောက် တိတ်ဆိတ်နေတာပဲဥစ္စာ၊ ကြားရမှာပေါ့ မကြားဘူး။ ခေါင်းအုံးနဲ့ နားနဲ့ပြန်ထိမှ ထင်ထင်ရှားရှားကြီးကြားနေရတယ်။ ဒါတောင်ထဲကထွက်နေတဲ့အသံပဲ။ သိုက်နန်းရှင်တွေဘုရားဝတ်တက်နေကြတယ်နဲ့တူတယ်နော် ဘိုစိန်"

"အဲ - ကိုယ်လည်း မောင်ရင့်လိုပဲ ပြောမလို့ အဲလိုထင်နေတယ်။ ဟုတ်တယ်၊ ခေါင်းအုံးနဲ့နားနဲ့ကပ်မှကြားရတယ်"

ပြောရင်းနှင့် ခေါင်းအုံးနှင့်နားကို ကပ်ပြီးနားထောင်နေပြန်၏။ ကျွန်ုပ်လည်း အခန်းထောင့်တွင် ထွန်းထားသော ရေနံဆီမီးခွက်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး မောင်ကြည်ဝေအိပ်နေသည့်ခြင်ထောင်ကို လှမ်းကြည့်လိုက်၏။ ပြီးမှ ခုတင်ပေါ်သို့ လှမ်းကြည့်လိုက်၏။ ဆရာအရှင်သူမြတ်မှာ နားနားနေနေရှိနေ၏။ ပင်ပန်းသွားပုံရ၏။

မနက် (၃) နာရီကျော်သည်နှင့် အားလုံးပြန်ထကြရ၏။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသည်နှင့် ဘုရားဝတ်ပြုရ၏။ ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသနှင့်ပရိတ်များရွတ်ရ၏။ ပြီးလျှင် အရဟံပုဒ္ဓေါရှုမှတ်ရ၏။ မနေ့က ပင်ပန်းလွန်းသည့်အရှိန်ကြောင့် ဆရာအရှင်သူမြတ်၏ နောက်ဘက်နားတွင် ထိုင်နေသောကျွန်ုပ်မှာ ငိုက်ငိုက်ကျပြီး ဆရာအရှင်၏ပခုံးသို့ ခေါင်းနှင့်သွားသွားထိ၏၊ အကြိမ်မနည်း။ စောစောစီးစီး ဆွမ်းထချက်သူကချက်ပြီး ဆွမ်းတော်ကပ်ကြ၏။

ဆရာအရှင်ထံ ခွင့်တောင်း၍ တောင်ကိုဟိုဟိုဒီဒီလျှောက်ကြည့်ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဘိုစိန်ကြီးနှင့်။

"ဘိုစိန်"

"အန်"

"လာ - တို့ဟိုမှန်ကျောင်းမှာသွား တရားထိုင်ကြရအောင်"

"အမယ် - မောင်ရင်ကလေ"

"အေးလေ - ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ကဲ - သွား၊ သွား အဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ"

မှန်ကျောင်း။

မှန်စီရွှေချထားသောတန်ဆောင်း ဖြစ်၏။ ဤမှန်ကျောင်းသည် ခရီးစတင် မထွက်ခွာမီကတည်းက မှန်ရင်မှန်၊ မမှန် ရင်ဂျောင်း၊ မှန်ဂျောင်းဟု နာမည်ကြီး ကြောင်းကြားခဲ့ရသောကြောင့် အနည်း ငယ်တော့ ထိတ်လန့်မိ၏။

မှန်ကျောင်းထဲဝင်လိုက်ပြီး ဟိုဟို ဒီဒီကြည့်ရင်း ရုပ်ပွားတော်ရှေ့တွင် နှစ်ယောက်သား ဘုရားဝတ်ပြုကြ၏။ တရားထိုင်ကြ၏။ ဘိုစိန်နှင့်သိပ်ကွာကွာ မထိုင်ရဲ။

"ဒုန်း"

တုန်ခနဲဖြစ်သွားပြီး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ကြောင်နေကြရင်း ခပ်လန့်လန့်နှင့်ပြန် ထိုင်လိုက်ကြ၏။ အာရုံမရပါ။ မျက်လုံး များဖွင့်ထားပြီး ဟိုကြည့်ဒီကြည့်ကြည့် နေမည့်အတူတူ နှစ်ယောက်သားထပြန် လာခဲ့ပါသည်။ ဒုန်းခနဲမြည်သောသွပ်သံ မှာ မှန်ကျောင်းဘေးရှိ ထန်းပင်ကြီးမှ ထန်းနို့ပြုတ်ကျခြင်းပင်။

"ဟိုမှာလေ ဘိုစိန် မြင်ရလား၊ ထန်းနို့ပြုတ်ကျတာ"

"အေးလေ၊ ထင်ပါတယ်"

"တော်ပါ ပြောကာမှပဲ"

"အဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ. ဟဲ. . . ဟဲ. . မောင်ရင်လန့်သွားတယ် မို့လား"

"ဟ - ဘိုစိန်၊ မလန့်ဘဲဘယ်နေပါ့ မလဲ။ ရှုမှတ်နေတာတွေဘယ်လွင့်ကုန် မှန်းမသိဘူး။ အစကတည်းက မျောက် တွေကလည်းအများကြီးဥဒဟိုသွားလာ နေကြတော့ တစ်ခုခုလုပ်လိုက်မှာကို ကြောက်လို့ သတိထားပြီးထိုင်နေတုန်း ဒုန်းဆိုတော့ ဟဲဟဲ - ခြေဖျားလက်ဖျား တောင်ခုထိအေးတုန်း"

"အဟဲ. . . ဟဲ. . . ဟဲ. . ဟဲ. . ထင်သားပဲ"

လမ်းလျှောက်ကြရင်း တောင်ကို ပတ်နေကြခြင်းဖြစ်၏။

"ငါကြားထားတယ်"

"ဘာတဲ့လဲ"

"ဒီနားမှာ ကျားကိုခေါ်နိုင်တဲ့ ပုဂ္ဂိုလ်ရှိတယ်တဲ့"

"မောင်ရင်ကလည်း"

"မဟုတ်ဘူးလေ၊ နားထောင်ပါ ဦး။ ကျားကို တကယ်ခေါ်နိုင်တယ်တဲ့၊ ရင်းနှီးတဲ့သူတွေကိုခေါ်ပြတာ။ မနက် ဝေလီဝေလင်းမှာ ကျားကြီးရောက်နေ တယ်တဲ့။ ဘယ်သူ့မှတော့ ရန်မလုပ်ဘူး။ သူ့ဟာသူဝပ်နေတာတဲ့"

"တောင်ခြေမှာလား"

"အေးလေ - တောင်ခြေမှာပေါ့၊ ဒီတောင်ခြေမှာ။ အဲဒါနဲ့ အဲဒီပုဂ္ဂိုလ်ဟာ ဒီကေလာသတောင်ပေါ်တက်လာပြီး ခုနက တို့ခဏထိုင်ခဲ့တဲ့ မှန်ကျောင်းမှာ တရားထိုင်တယ်ပေါ့ ဘိုစိန်ရာ"

"အန်း - ထိုင်တော့"

"ထိုင်တော့ သူ့ဘေးနားမှာ လူ သံကြားတယ်တဲ့။ အနားမှာ လာကပ် ထိုင်လိုက်တာ။ သူကတော့ မျက်လုံး မဖွင့်ဘူး၊ ဆက်ထိုင်နေတာပေါ့လေ။ ထိုင်နေရင်း မွှေးကလည်း တအားမွှေး တော့မနေနိုင်တော့ဘူး။ သိချင်စိတ်များ သွားပုံရပါတယ်။ ဒါနဲ့ မျက်လုံးဖွင့်ကြည့် လိုက်တာ ဟာ-ချောလိုက်တာမှမှန်နေ တာပဲတဲ့၊ မိန်းကလေး။ သူ့ကိုကြည့်နေ တယ်တဲ့။ သူ့စိတ်ဘယ်လိုဖြစ်သွားလဲ တော့မသိဘူး။ အဲဒီမိန်းကလေးကရယ် ပြီးပြောတယ်တဲ့။ 'နေပါသေးတယ်၊ ကျင့် လိုက်ပါဦးတဲ့'။ အဲဒီပုဂ္ဂိုလ်လည်း သူ့ကို အဲ့သလိုပြောရကောင်းလားဆိုပြီး ဒေါသ တွေလည်းထောင်းခနဲထွက်လာရော အဲဒီ မိန်းကလေးဟာ ရယ်ပြီးထထွက်သွား တယ်တဲ့။ သူလည်းတောင်ကိုပတ်ပြီး အဲဒီ မိန်းကလေးထွက်သွားတဲ့ဘက်လျှောက် လိုက်တာ ဘာမှမတွေ့တော့ဘူး"

"ပျောက်သွားပြီပေါ့"

"အေး - အဲလိုလည်းမတွေ့ရော အေး - ငါနင်တို့ကိုနိုင်မှ ဒီတောင်ပေါ် ပြန်တက်လာမယ်ဆိုပြီး ကြိမ်းသတဲ့။ အဲ့သလိုလည်းကြိမ်းရော တောင်ထိပ် မှာရှိတဲ့ ဟိုရုပ်တုတွေဆီက တဟားဟား နဲ့ထရယ်သံတွေဆူညံသွားတာပဲတဲ့"

ကျွန်ုပ်က လက်ညှိုးညွှန်ပြလိုက် ၍ ညောင်မုတ်ဆိတ်ပင်ကြီးအနီးတွင်ရှိ သောရုပ်တုများကို ဘိုစိန်ကြည့်နေ၏။

"မောင်ရင့်ကိုဘယ်သူပြောလဲ"

"မောင်သိန်းတန်လေ၊ သူက စီကာပတ်ကုံးပြောပြတာ။ သူ့ကိုလည်း ဒီက နယ်ခံတစ်ယောက်သောချာပြောပြ တာ။ သူကလည်းသိပ်ယုံတတ်တာမဟုတ်

ဘူးလေ ဘိုစိန်အသိပဲ။ သူ့ကိုပြော[illegible] သူ့လိုပဲနောက်ထပ်တစ်ယောက်က[illegible] အဲ့သလိုပဲပြောပြတယ်တဲ့"

"ခုကော အဲဒီကျားခေါ်တဲ့[illegible]

"ဒီတောင်ခြေမှာပဲ ကံကုန်[illegible] တောင်ပေါ်ကို နောက်ထပ်မ[illegible] တော့ဘူး။ သူ့စကားနဲ့သူလေ၊ မနိုင်[illegible] ဘူး"

'ဘယ် - ပေါ့သေးသေးမှ[illegible] ဘဲ။ တောင်ပေါ်ကိုလာပြီးစိန်ခေါ်[illegible] မလား၊ ပြဿနာတောင်တက်[illegible] မယ်'

ဘိုစိန်ပြောသလို ကျွန်ုပ်၏စိ[illegible] တွင်လည်းပြောနေမိပါသည်။ အ[illegible] တန်ခိုးကြီးသော စေတီတော်မြတ်[illegible] နေပါသည်။ အလွန်တန်ခိုးကြီး[illegible] နေရာ၊ အများမခံသောတောင်တော်[illegible] ဖြစ်ပါသည်။စကားအပြောအဆိုအ[illegible] ကိုဆင်ခြင်ရကြောင်း ဆရာအရှင်[illegible] မှအကြိမ်ကြိမ်သတိပေးခဲ့ပါသည်။ [illegible] အရှင်၏ ခွင့်ပြုချက်မရဘဲ တောင်[illegible] တွင် ဟိုသွားဒီသွားမသွားရဟု[illegible] စည်းကမ်းထုတ်ထားပါသည်။ ယ[illegible] နှင့်နှစ်ယောက် ဆရာအရှင်၏ ခွင့်[illegible] ဖြင့်ထွက်လာကြခြင်း ဖြစ်ပါသည်။

ဆရာအရှင်သည် -

ခွင့်ပြုချက်မရှိဘဲ မသွားမ[illegible] ရန် စည်းကမ်းကြပ်မတ်လိုက်ခြ[illegible] အကြောင်းရှိပါသည်။ အမှန်က [illegible] များကို စောင့်ရှောက်ခြင်း ဖြစ်ပါသ[illegible]

ဤသို့ စည်းကမ်းကြပ်မတ်လို[illegible] ခြင်းသည်ကား -

ပထမဦးဆုံးအကြိမ် တော[illegible] တောင်ကျင့်အမိဋ္ဌာန်ခရီးကြွစဉ်က [illegible] ၏။ တပည့်သားသမီးများလည်း လို[illegible] ကြ၍ အမိဋ္ဌာန်ရက်တိုရက်ရှည်ဝင်[illegible] များ၊ ဘုရားစုံဖူးချင်ကြသူများကို[illegible] ခေါ်သွား၏။

တောတောင်သဘာဝအလေ့[illegible] အသွားအလာအပြောအဆိုအနေအ[illegible] ဆင်ခြင်ကြရန် ကြိုတင်ပြီးလည်း[illegible] ထား၏။

သို့သော် -

တစ်နေ့ -

ဆရာအရှင်နှင့်အတူ ရန်[illegible] လိုက်ပါလာကြသောအဖွဲ့သည် [illegible] များသို့ ဘုရားဖူးခရီးထွက်ကြ၏။ ဆ[illegible] အရှင်ကိုမလျှောက်ခဲ့။ ဘုရားဖူး[illegible] တန်ခိုးကြီးဘုရားများ၊ အပြောမ[illegible] များမခံသောတောင်များရှိရာ[illegible] ပြီး တဖြည်းဖြည်းနှင့်မိုးချုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သွားရင်းသွားရင်း မှောင်လွန်းလာပြီဖြစ်သော တောင်ခိုးများတောင်ရိပ်များကြောင့် လမ်းစတင်ပျောက်ပါတော့သည်။

သိုက်များအလွန်များပြားလှသောနေရာကြီးများဖြစ်၍ သိုက်ဆက်ရှိသူများမှာ ဝိုလိုဝိုဖြစ်ကုန်ကြ၏။ ဘာလုပ်လို့ဘာကိုင်ရမှန်း၊ ဘယ်လမ်းသွားလို့သွားရမှန်း မသိကြတော့။

အော်သူအော်၊ ငိုသူငိုနှင့် တောကြီးမျက်မည်း မှောင်မှောင်ကြီးထဲတွင် တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတွဲ၍ အမှောင်ထုအတိုင်းတိုးနေကြ၏။ မြေပြင်ကင်းပါးနှင့် ကြောက်စရာအမှောင်ထုကို ဖွတ်တိုးရင်းဖြတ်သန်းနေကြ၏။

ဆရာအရှင်သူမြတ်ကယ်တော်မူပါ၊ ဆရာအရှင်သူမြတ်ကယ်တော်မူပါဟု ကောင်းကင်ကို မော့ကြည့်ပြီး လက်အုပ်ချီရင်းအော်ကြသည်။ တစ်နေရာအရောက်တွင် သူတို့အားလုံး တစ်ပြိုင်ထဲ ရပ်ချင်စိတ်ဖြစ်လာကြပြီးရပ်လိုက်ကြ၏။

ခတ်ဆီထည့်၍ခြစ်ရသောမီးခြစ်ကလေးပါလာသူက မီးခြစ်လေးခြစ်ရင်းကြည့်ရာ အတော်ကြီးမားသောတွင်းကြီးတစ်တွင်းအစပ်သို့ သူတို့ရောက်နေကြပေပြီ။

ထိုအချိန် -

ကောင်းကင်ယံမှ၊ သစ်ပင်ကြီးများထိပ်ဖျားဆီမှ လရောင်ကဲ့သို့ အလင်းရောင်တစ်ခုဖြာကျလာရာ သူတို့ ထူးထူးဆန်းဆန်း မော့ကြည့်ကြပြီး ဝမ်းသာကြ၏။ အလင်းရောင်လေးနှင့်ကြည့်လိုက်ရာ ခြေတစ်ဖဝါးစာတောလမ်းလေးကို တွေ့လိုက်ကြရသောကြောင့် တွင်းကြီးကိုကျော်ခိုင်းပြီး ထိုလမ်းလေးအတိုင်းပြေးကြ၏။ တစ်နေရာအရောက် မှောင်သွားပြန်ပြီး ရပ်နေကြစဉ် နောက်ထပ်အလင်းရောင်လေးဖြာကျလာပြန်သောကြောင့် လမ်းလေးတစ်ခုကိုမြင်ရပြန်ပြီး ပြေးကြပြန်၏။ သူတို့ပြေးပြီးသည်နှင့် နောက်သို့လှည့်ကြည့်ရာ သူတို့လျှောက်လာသောလမ်းမတွေ့တော့။ တောအုပ်ကြီးသာဖြစ်ဖြစ်နေ၏။ အချို့နေရာများတွင် နောက်သို့လှည့်ကြည့်လိုက်ရာ တွင်းကြီးများကိုသာတွေ့ရ၏။

လရောင်ဖြာပုံသည် ထူးဆန်းလှသည်ဟု တစ်ဦးနှင့်တစ်ဦးတီးတိုးပြောကြရင်း ဤတစ်ကြိမ်လရောင်ဖြာကျလျှင် လေ့လာရန်ဆုံးဖြတ်ကြပြီး ဖြာခနဲအလင်းရောင်ကျလာသည်နှင့် မော့ကြည့်လိုက်ရာ -

"ဟာ - ဟိုမှာ ဆရာ၊ ဆရာ"

"ဟယ် - ဟိုးသစ်ပင်ကြီးထိပ်ဖျားကိုကြည့်စမ်း၊ ဆရာ့ပုံ"

"ဟ - ဆရာခတ်မီးနဲ့ထိုးပြနေတယ်ဟေ့၊ ဆရာခတ်မီးနဲ့ထိုးပြနေတယ်"

တစ်ယောက်တစ်ပေါက်အော်ကြဟစ်ကြရင်းပျော်သွားကြပြီး ခတ်မီးရောင်လေးအတိုင်းမြင်နေရသော လမ်းလေးဆီပြေးကြ၊ ပြန်မှောင်သွားလိုက်နှင့် ကောင်းကင်ကိုမော့ကြည့်၊ လက်အုပ်ချီ ဆရာအရှင်သူမြတ်ကို အားရပါးရအော်ဟစ်ရှိခိုးကြရင်း -

"ဟေး..."

"ဟေး...ဝေး"

မီးတုတ်များကိုင်ဆောင်လာသူများနှင့်တန်းတိုးပါတော့သည်။

ထိုအဖွဲ့မှာ ပျောက်သွားပြီး လမ်းမှားနေကြသောသူများကို ဆရာအရှင်သူမြတ်ကိုယ်တိုင် သွားရှာခိုင်းသော ဝင်းကရွာမှအဖွဲ့ဖြစ်ပါတော့သည်။ ပြောရမည်ဆိုလျှင် ဝင်းကရွာမှရောက်လာကြသော ဆရာအရှင်၏ တပည့်သားသမီးများ ဖြစ်၏။

ရှာသည့်အဖွဲ့နှင့် ဆုံကြသည်နှင့် အားရဝမ်းသာဖက်ငိုသူငိုကြ၊ ဝမ်းသာဝမ်းနည်းဖြစ်ပြီးငိုသူငိုကြနှင့် ကြည့်ရသူတိုင်း မျက်ရည်မဆည်နိုင်လောက်အောင် ပီတိဖြစ်ကြရပါတော့သည်။

"တို့မသေတော့ဘူးဟေ့၊ တို့ကိုသေတွင်းကနေ တို့ဆရာအရှင် ကယ်လိုက်တာကွ။ ထင်ထင်ရှားရှားဟေ့"

"ဟာ - ဟိုးအပင်ကြီးတွေထိပ်မှာ ထိုင်နေတာနော်။ သစ်ပင်ကြီးတွေထိပ်ဖျားမှာ အဲဒီကနေ ခတ်မီးလေးနဲ့ လှမ်းထိုးထိုးပြပြီးလမ်းပြသွားတာ ကျေးဇူးကြီးမားလှပါပေတယ်။ တို့တစ်တွေ ဆရာသာ အဲလိုလာပြီး လမ်းပြမပေးရင် ခုလောက်ဆို သေကုန်ပါပြီ၊ ရှင်လမ်းမရှိတော့ပါဘူး"

"ဘယ့်နှယ် - တောကြီးမျက်မည်းထဲ နင်းချင်ရာနင်းပြီး လက်တွေမဖြုတ်ရဲဘဲ စမ်းတဝါးဝါးနဲ့သွားနေရတာ ဘာမှမြင်ရတာမဟုတ်ဘူး၊ ဘာမှကိုမမြင်ရဘူး။ ပိန်းပိတ်အောင်မှောင်နေတာ။ လကွယ်ပိုင်းရက်ကြီး တစ်ယောက်မျက်နှာ တစ်ယောက်မြင်ရတာမဟုတ်ဘူး။ တွေ့တဲ့လက်၊ ထိတဲ့လက်ကို လှမ်းဆွဲပြီးလိုက်နေရတာ ဦးညွန့်ရဲ့ခတ်မီးခြစ်ကလည်း တဖြည်းဖြည်းနဲ့ ခတ်ဆီကုန်လာတော့ ခြစ်လို့မရတော့ဘူး သွားရော။ အမှောင်ကြီးထဲမှာ ဒီကြားထဲ မလှကြည်က ထအော်ပါလေရော"

"ကျွန်မလည်း မှောင်ကြီးထဲမှာ လိုက်ကပ်လျှောက်နေရင်း ကျွန်မလှမ်းဆွဲလိုက်တဲ့လက်ကြီးက အေးစက်နေတာပဲ ရေခဲတုံးကြီးလိုပဲ။ ဒါကြောင့် လန့်ပြီးအော်လိုက်တာ"

"ဩော် - ကြောက်ကြောက်နဲ့ ချွေးတွေပြန်နေကြလို့ အေးနေတာလည်းဖြစ်မှာပေါ့ဟာ"

"ရယ်သံတွေလည်း ခပ်သဲ့သဲ့ကြားတယ်နော်"

"အေးဟ-အဲဒါတော့ဟုတ်တယ်။ အဲဒီလို ရယ်သံတွေကြားပြီး မကြာဘူး၊ ဆရာအရှင် သစ်ပင်ထိပ်ဖျားကနေ ခတ်မီးလေးနဲ့ လမ်းပြပြသွားတော့တာပါပဲ။ လေး၊ ငါးခါလောက်လည်းပြပြပြီးရော ဦးတောတို့လူသိုက်နဲ့တွေ့တာပဲ။ ခတ်မီးလေးနဲ့ လမ်းပြပုံက ထူးတယ်နော်။ ပထမ အလင်းရောင်လေးဖြာကျလာတာက ငြိမ်နေတယ်။ နောက် အဲဒီအလင်းရောင်လေးက လှမ်းလှမ်းခေါ်သလိုလှုပ်လှုပ်ပြတော့ ကြည့်လိုက်တော့ လူသွားလမ်းလေး။ အဲဒီကိုပြေးကြပြီးရင် ခတ်မီးရောင်လေးပျောက်သွားပြန်ရော၊ မှောင်သွားပြန်ရော။ ဟော - ရပ်နေပြီး မကြာဘူး၊ ဟိုးခပ်လှမ်းလှမ်းမှာ အလင်းရောင်လေးဖြာကျလာပြန်ရော။ လမ်းလေးကိုဖြူလို့ အားလုံးပြေးကြပြီး သွားပြီးရင် နောက်လှည့်ကြည့်၊ အမလေး - ချောက်ကြီး"

တစ်ယောက်တစ်ပေါက်နှင့် ပြောကြဆိုကြရင်တုန်ကြဖြစ်နေကြ၏။ သူတို့အားလုံး တစ်ပြိုင်တည်းတူညီစွာလှုပ်ရှားကြသည်မှာ ဆရာအရှင်ဘယ်မှာများရှိနေလဲ ဟူသည့် အမူအရာများဖြစ်၏။ အပြေးအလွှားရှာကြ၏။

ဆရာအရှင်သည် အဆောက်အအုံလေးတစ်ခု၏ အခန်းကျဉ်းလေးထဲတွင် တံခါးပိတ်ကာ တရားရှုမှတ်နေ၏။

"စောစောက တန်ဆောင်းထဲမှာ တရားရှုမှတ်နေတာ၊ ခုမှ ဒီအဆောက်အအုံလေးထဲလာထိုင်တာ၊ ဘယ်သူလာလာ တံခါးမဖွင့်နဲ့လို့ပြောပြီး အထဲမှာ တရားမှတ်နေတာ"

လူအားလုံးဆုံသည်နှင့် ဓမ္မထိက အမေစောသည် အခန်းတွင်းလေးဘက် အသာလှည့်ကြည့်လိုက်ပြီး ခပ်တိုးတိုးလေးပြောနေ၏။ အားလုံးက သိတာပေါ့၊ ကျွန်မတို့သိတာပေါ့၊ ကျွန်တော်တို့မြင်တာပေါ့ဟုပြန်ပြောနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကမေး၏။

"အမေစော၊ ဘာပြောတာလဲ"

"အို - ဒီကောင်လေးကလည်း စပ်စုလိုက်တာ။ မှောင်ကြီးမည်းကြီးထဲမှာ ဒီအဆောက်အအုံလေးရဲ့ဘေးကွက်လပ်လေးမှာ သူကိုယ်တိုင်တွေ့လိုက်ရတာကိုပြောတာ"

"ဘာတွေ့လိုက်တာလဲဟင်"

"ဟော - စပ်စုပြန်ပြီ။ အမေစောက ဘယ်သူ့မှမပြောရဘူးဆိုပြီးပိတ်ထားတယ်"

"ကျွန်တော်လည်း ဘယ်သူ့ကိုမှ မပြောပါဘူး"

"အေး-အမေစောမြင်လိုက်တယ်။ ဒီလူစုပြန်မရောက်ခင်လေးကပ်ပြီး မှောင်ထဲမှာ လေထဲကနေ အရာဝတ္ထုတစ်ခုခုကျလာသလိုမြင်လို့ သေချာကြည့်နေတာတဲ့။ အရာဝတ္ထုကလည်းကြီးသားဆိုပြီးကြည့်နေတာတဲ့။ ကြည့်နေရင်း အဲဒီလိုကျလာတဲ့နေရာကနေ အဆောက်အအုံဆီကိုလမ်းလျှောက်လာတာ ဆရာအရှင်သူမြတ်ဖြစ်နေတယ်တဲ့"

"ဟာ"

"ဘယ်သူ့ကိုမှတောင် စကားမပြောဘူးတဲ့။ တော်တော်ကြီးကို ပင်ပန်းနေတဲ့ပုံပဲတဲ့"

လူငယ်များထဲမှ ဆရာ့တပည့်တစ်ဦးဖြစ်သူ မောင်ကျော်ဇောက စပ်စပ်စုစုမေးကြည့်သည်ကို လမ်းမှားခဲ့သောအဖွဲ့ထဲမှ တစ်ယောက်ကပြောနေခြင်းဖြစ်ပါသည်။

ဤလမ်းမှားခြင်းအကြောင်းသည် ဆရာအရှင်သူမြတ် ဦးဆုံး တောကျင့်တောင်ကျင့်စတင်ကျင့်သည့် (၁၀၈)ရက်ခရီးတွင်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ လမ်းမှားခြင်းဖြစ်သည့်အခါက်တွင် ဦးဆုံးစတင်၍ ဆရာအရှင်သူမြတ် အဓိဋ္ဌာန်ဝင်ခဲ့သည်မှာ သပြေကန်တောင်တွင် ဖြစ်ပါသည်။ သပြေကန်တောင်တွင် အဓိဋ္ဌာန်ဝင်ခဲ့စဉ်ကကြုံခဲ့ရခြင်း ဖြစ်ပါသည်။ သပြေကန်တောင်သည် ဘုန်းဘုရားကြီးဦးကောသလ္လဝ၊ ရားအားထုတ်တော်မူရာ ဓေပုလ္လတောင်အနီးတွင်ရှိပါသည်။

ဤအဖြစ်အပျက်သည် ဆရာအရှင်သူမြတ်၏ တပည့်သားသမီးများကြားတွင် ထင်ရှားစွာ ဟိုးလေးတကျော်ဖြစ်ခဲ့ပါသည်။

တပည့်သားသမီးများကို မျက်ခြည်အပြတ်မခံ စောင့်ရှောက်တော်မူခဲ့သော ဆရာအရှင်သူမြတ်၏မေတ္တာကြီးမားလှပုံကို ယနေ့တိုင်ပြော၍မဆုံးနိုင်ကြပါ။ နှစ်ပေါင်း လေးဆယ်ကျော်ကြာခဲ့ပါပြီ။

ကျွန်ုပ်သည် -

ထိုစဉ်က လမ်းမှားသည့်ခရီးတွင် ပါဝင်ခဲ့ကြသူများအားလုံးနှင့် ခင်မင်သူဖြစ်ပါသည်။

သူတို့က ကျွန်ုပ်အား တူလို၊ သားလို ခင်ကြချစ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်က တစ်ဦးချင်းအား ခရေစေ့တွင်းကျမေးမြန်းခဲ့ပြီး နားထောင်ခဲ့ပါသည်။

တစ်ဦးချင်းစီ၏ စကားများတွင် ဆရာအရှင်သူမြတ်၏ အံ့ဖွယ်ထူးခြားမှုများနှင့် ပြည့်နှက်နေပါသည်။

သူတို့သည် ခေါင်းမာကြသူများဖြစ်ကြပါသည်။ တော်ရုံနှင့် မယုံလွယ်ကြပါ။ ထိုသူတို့ ကိုယ်တိုင်ကြုံခဲ့၊ ကိုယ်တိုင်မြင်ခဲ့ရသည်ဖြစ်၍ သူတို့မှာ ထိုအကြောင်းကို နှစ်ပေါင်းများစွာချီ၍ပြောမဆုံးကြတော့ပါ။ ထိုလမ်းမှားသည့်အဖွဲ့တွင်ပါသော ဦးညွန့်ဆိုသည်မှာ အလွန်မယုံတတ်သူ ဖြစ်ပါသည်။ ကျွန်ုပ်နှင့် တူဝရီးလိုနေသူဖြစ်ပါသည်။ ဘာကိုမှ အယုံအကြည်လုံးဝမရှိသောသိုင်းပညာရှင်ကြီး ဘကြီးမျှင်၏သူငယ်ချင်းလည်းဖြစ်ပါသည်။

ဦးညွန့်ကိုယ်တိုင် ကျွန်ုပ်ကို ရှင်းပြပြောပြခဲ့စဉ်က ကြက်သီးတဖြန်းဖြန်းနှင့် နားထောင်ခဲ့ရပါသည်။ ထိုစဉ်က ဦးလေးညွန့်၏မျက်လုံးအိမ်ဝယ် မျက်ရည်များဥလာသည်ကိုလည်း သတိထားမိခဲ့ပါသည်။ ဦးလေးညွန့်သည် တစ်ခွန်းပြောလိုက်၊ ဆရာအရှင်သူမြတ်၏ ဓာတ်ခန်းဘက်သို့ လက်အုပ်ချီရှိခိုးလိုက်နှင့် ဆရာ့ကို အတော့်ကိုယုံကြည်ခဲ့သူဖြစ်ခဲ့ရပါသည်။

ဒေါ်အေးသိန်းဆိုလျှင်လည်း တရားအလွန်ထိုင်သောသူဖြစ်ပါသည်။ တော်ရုံနှင့်လက်မခံတတ်ပါ။ အလွန်စိတ်မာသူဖြစ်ပါသည်။

ကျွန်ုပ်ကို ဂစ်တာသင်ပေးသော ကိုမောင်မောင်၏မိခင် ဖြစ်ပါသည်။ ထိုအဒေါ်ပြောပြခဲ့စဉ်ကလည်း ကျွန်ုပ်ခေါင်းနားပန်းကြီးစွာနားထောင်ခဲ့ရသည်။

ထိုအဖြစ်အပျက်သည် -

အလွန်မှထူးဆန်းအံ့ဖွယ်များနှင့် ပြည့်နှက်နေပါသည်။ ပြောမယုံကြုံမှသိဟု ပြောရမည်ဖြစ်ပါသည်။

အချို့ အကြောင်းအရာများမှာ ဆရာအရှင်သူမြတ်၏ မေတ္တာစွမ်းပကားကြောင့် မမြင်ရသည့်ပုဂ္ဂိုလ်များ၏ ကူညီခဲ့ပုံများ ပါဝင်နေပါသည်။ အလွန်ထူးဆန်းလှပါသည်။

သိဒ္ဓိစွမ်း၊ မဟိဒ္ဓိစွမ်းများမှာ ကျွန်ုပ်၏ဉာဏ်ကလေးလောက်နှင့်မမီနိုင်ပါ။

ဤအကြောင်းအရာများကိုရေးဖွဲ့ရမြန်လျှင်လည်း အလွန်မှနက်ရှိုင်းလှသော အကြောင်းတရားများဖြစ်နေ၍ စာကျန်မည်စိုးရိမ်ခြင်း၊ လွဲချော်သွားမည်စိုးရိမ်ခြင်းတို့ကြောင့် အကျဉ်းမျှသာ ရေးဖွဲ့ခဲ့ရခြင်း ဖြစ်ပါသည်။ မရေးဝံ့ပါ။

ထို့ကြောင့် ဂမ္ဘီရဆန်လှသော အဖြစ်အပျက် အကြောင်းအရာများနှင့် ပြည့်နှက်နေသည့် ဤလမ်းမှားခြင်းမှ ကယ်တင်ခဲ့ခြင်းကို ဤမျှလောက်နှင့် ကျေနပ်ပါရန် မေတ္တာရပ်ခံပါသည်။

စကားအမှားမခံသော၊ အပြောအဆို၊ အနေအထိုင်အမှားမခံသော နေရာများဖြစ်နေ၍ မယုံကြည်သူများအတွက် မဖြစ်သင့်သည်များမဖြစ်စေလိုသောမေတ္တာနှင့်မေတ္တာရပ်ခံလိုက်ရခြင်းဖြစ်ပါသည် - စာရေးသူ)

"ဘိုးစိန်၊ ဘာတွေငေးနေတာလဲ"

"အမယ် - သူကပဲမေးရတယ်ရှိသေး၊ သူ့ကျ တစ်လမ်းလုံး ဘာမှမပြောဘဲ ငြိမ်နေပြီး"

"အေးပါ၊ ငါလည်းတွေးနေတာပါ။ တောင်တွေးမြောက်တွေးပေါ့။ ကဲကဲ - ညောင်မှတ်ဆိတ်ပင်ကြီးအောက်ရောက်တုန်း တို့တွေ မေတ္တာသုတ်ရွတ်ကြမယ်လာ"

အလွန်ထူးဆန်းလှပါသည်။

အကိုင်းကြီးများမှ အကိုင်းများထပ်မံထွက်လာပြီး မြေကြီးတွင်ထောက်နေရာမှ ဒေါက်များထောက်ထားသလိုဖြစ်နေ၏။

ကေလာသတောင်တော်တွင်နေရ ထိုင်ရသွားရလာရသည်မှာ သတိနှင့်နေ သတိနှင့်ပြောနေရသော်လည်း အလွန်ပျော်ဖို့ကောင်း၏။ မရန်းပင်မှလတ်လတ်ဆတ်ဆတ် မရန်းသီးများ တို့စားရသည်မှာ ချဉ်မှန်းပင်မသိ၊ မြိန်လိုက်သည့်ဖြစ်ခြင်း။

မီးစက်ထားရာ အဆောင်လေးထဲမှ ပွင့်ပွင့်လင်းလင်းပြောတတ်နေတတ်သောအမိုးကြီးနှင့် စကားပြောရသည်မှာလည်း ဗဟုသုတများစွာရ၏။

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com



# မင်းရှိန်အောင်

## တိုင်းရေးပြည်ရေးအပြောင်းအလဲနှင့် အယူတော်မင်္ဂလာပညာ

□ အဒိဋ္ဌပုဇ္ဇ၊ မြင်ကြားရသား၊ ဖြစ်ထထွေဖြား၊ တိတ်အများကို၊ မှတ်သားကြစေ၊ ညွှန်ကြားပေအံ့၊ တောင်ဝယ်မြို့ပြား၊ လဲသည့်ဝါးနှင့်၊ ကမ်းပါးပဲ့ပြို၊ အလိုမဲ့ပဲ့၊ တွင်းထဲပေါ်မှတ်၊ တိတ်ညွှတ်စတော၊ တထွေဘုရား၊ ကောင်းပြားရေငန်၊ ညွှန်မှာသားတစ်၊ ဖြစ်သည်တလစ်၊ ရေဦ့သွားကျင်၊ ထင်သည်တထူး၊ တောင်ဦးငေ ကာင်ထိပ်၊ ကွဲစိတ်တကြောင်း၊ နက်ချောင်းတိမ်ဟန်၊ ဖြား(ဒီ)ရေပြန်နှင့်၊ မီးလျှံခိုးလျက်၊ မြေငွေ့ထွက်သား၊ ပေါ်တက်ငါးသား၊ ယောက်သွားခရု၊ ဥတုမဖြစ်၊ ချောင်းမြစ်ဆူပွက်၊ လှိုင်းထက်တံပိုး၊ မြည်ကြိုးတုန်လျက်၊ မသင့်ရက်တွင်၊ လျှောင်တော်လည်း၊ မြေကြီးကွဲသော်၊ ဖောက်လွဲမင်းရာ၊ လူတကာတို့၊ ပူဆာချောက်ချား၊ ငတ်မွတ်ရှားလိမ့်၊ ထင်ရှားနိမိတ်တြင်းတည်း။

(တိတ္ထုံပါရာကျမ်း)

□ ပြည်ရွာမတည်၊ ကြောင်းဆယ်မည်ကို၊ နားလည်ကုန်ကြ၊ လက်ာပြအံ့၊ ဂြိုဟ်မရှစ်ထောင့်၊ မဖြောင့်သွားလာ၊ ခေါင်သားမိုးလေ၊ ရွာစေမြူးခုန်၊ ပလ္လန်ရိုက်ကျူး၊ ရေရှူးပေါ်ပေါ်၊ ပြောပောတတ်တိုး၊ ကြမ်းပိုးပိုးဟပ်၊ ပေါလတ်များစွာ၊ နံ့စားသူငယ်၊ ပေါယယ်များလှ၊ ဗျူဟစိမ်းစား၊ သစ်ကျားရဲယောင်၊ မရှောင်လုယူ၊ ခိုးသူထူထပ်၊ ပြည်မအုပ်စိုး၊ မင်းစိုးများလတ်၊ ကြခတ်ဝါးကြီး၊ သီးသော်လည်းကောင်း၊ အကြောင်းဆယ်ပါတ်၊ ဤနိမိတ်ကြောင့်၊ တိတ်ဆိတ်ပြည်ရွာ ဖြစ်တည်စွာသား၊ သာရတ္တဒီပနီကျမ်းနှင့်ညီအောင်း



www.burmeseclassic.com

www.burmeseclassic.com

(သာရတ္ထဒီပနီကျမ်း)

ဤနေရာမှာ ပြောချင်စရာတစ်ခုက ဤမြို့ရွာမတည်ကြောင်းဆယ်ပါးကို တချို့က တိုင်းပြည်ပျက်စီးစေကြောင်းဆယ်ပါး၊ တိုင်းရေးပြည်ရေးပြောင်းလဲစေကြောင်းဆယ်ပါးစသဖြင့် ပြောဆိုမှုများရှိသည်ဟူခြင်းကိုပင် ဖြစ်၏။ တချို့က ဤတိုင်းရေးပြည်ရေးပြောင်းလဲစေကြောင်းကို တိုင်းရေးပြည်ရေးအပြောင်းအလဲ၊ မင်းရေးမင်းရာအပြောင်းအလဲ၊ မင်းပြောင်းမင်းလဲဟူ၍ ခေါ်ဝေါ်သမုတ်မှုများလည်းရှိကြပေ၏။

မြန်မာရာဇဝင်သမိုင်းတစ်နံတစ်လျား၌ သို့ကလို တိုင်းရေးပြည်ရေးအပြောင်းအလဲ၊ မင်းပြောင်းမင်းလွှဲတို့သည် အခါအားလျော်စွာ ဖြစ်ထွန်းခဲ့သည်ကတော့ အမှန်ပင်။ ဤကဲ့သို့ တိုင်းရေးပြည်ရေးအပြောင်းအလဲ၊ မင်းပြောင်းမင်းလွှဲဖြစ်ပေါ်မှုများတို့ကို ပညာရှင်အမျိုးမျိုးတို့က နည်းအမျိုးမျိုးဖြင့် ကြိုတင်တွက်ဆခန့်မှန်းခဲ့ရာတွင် အယူတော်မင်္ဂလာပညာ၊ အယူတော်မင်္ဂလာပညာရှင်တို့ကလည်း တစ်ခန်းတစ်ကဏ္ဍပါဝင်ခဲ့ပေသည်။

ရှေးမြန်မာအယူတော်မင်္ဂလာပညာရှင်တို့၏ တိုင်းပြည်အပြောင်းအလဲ၊ မင်းပြောင်းမင်းလဲဖြစ်ခဲ့ပုံများကို အယူတော်မင်္ဂလာ ပညာရှုထောင့်က ဝေဖန်ဆန်းစစ်ခဲ့ပုံများကို ဥဒါဟရုဏ်အဖြစ် ဤနေရာမှာ တင်ပြချင်ပါသည်။

အေဒီ ၁၇၄၀ ပြည့်နှစ်ဝန်းကျင်လောက်တုန်းက ညောင်ရမ်း၊ အင်းဝ၊ ရွှေပြည်ရွှေနန်းရှင် လောကသရဖူဘုရားဒါယကာ မဟာဓမ္မရာဇာဓိပတိမင်းလက်ထက် ညောင်ရမ်းအင်းဝရွှေပြည်ရွှေနန်းပျက်သုဉ်းလိုသောအခါတွင် ကြေးဆင်းတုတော်တစ်ဆူ ဦးခေါင်းတော်ညိတ်သည်။ မြို့နားက ထန်းပင်ငုတ်တိုတစ်ခုလှုပ်သည်။ အရပ်ဆယ်တောင်မြင့်သောမိန်းမကြီးတစ်ဦး ပေါ်ပေါက်သည်။ ရွှေတန်ဆာဘုရားဆင်းတုတော်မြတ်ကို နေပြည်တော် သုဓမ္မဇရပ်တော်သို့ ပင့်ဆောင်သော်လည်း မူလသီတင်းသုံးရာ ရွှေဘိုသို့ သူ့အလိုအလျောက် အကြိမ်ကြိမ်ပြန်ရောက်သွားသည်။ လူစင်စစ်က မြွေဖြစ်သည်ဟုကျော်စော၏။ ချင်းတွင်းမြစ်ထဲမှာ ကိန္နရာသေ မျောပါလာသည်ဟု ကျော်စောသည်။ ဘုရားစေတီပုထိုးပြာဋ္ဌိဟာပြ၏။ တာရာအခိုးထွက်၏။ ဗုဒ္ဓဟူးဂြိုဟ် ဆီဟာဇာပြု၏။ အင်္ဂါဂြိုဟ်၊ သောကြာဂြိုဟ်၊ နီယာတုပြု၏။ ကြာသပတေးဂြိုဟ်ဓာတ်ခံ၏။ စသည့် ထူးထွေဆန်းပြာသောနိမိတ်များပေါ်ပေါက်ခဲ့သည်ဟူ၏။

သိပ်မကြာမီကာလတွင် ဟံသာဝတီရွှေပြည်ရွှေနန်းရှင် ဗညားဒလမင်းဦးဆောင်သောတပ်တော်က ညောင်ရမ်းအင်းဝ ရွှေပြည်ရွှေနန်းကို လာရောက်သိမ်းပိုက်ခြင်းဖြင့် ညောင်ရမ်း အင်းဝရွှေပြည်သည်လည်း နိဋ္ဌိတံခဲ့ရပြီး အင်းဝပြည်ရှင် မဟာဓမ္မရာဇာဓိပတိမင်းသည်လည်း ဟံသာဝတီပြည်သို့ သုံ့ပန်းမင်းအဖြစ်ပါခဲ့ရလေသည်။ ဤသို့ဖြင့် မဟာဓမ္မရာဇာဓိပတိမင်းသည်လည်း ဟံသာဝတီရောက်မင်း ဆိုသောအမည်သစ်ကို ရရှိခဲ့လေသည်။

ထိုကဲ့သို့ ညောင်ရမ်းအင်းဝရွှေပြည်ပျက်သုဉ်းပြီး တစ်ဆက်တည်းလိုလိုမှာပင် အင်းကို ဟသ်ာဆင်းလိမ့်မည်၊ ဟသ်ာကို မုဆိုးခွင်းလိမ့်မည် ဟူသောသိုက်စာနှင့်အညီ မုဆိုးဖိုရွာသားဦးအောင်ဇေယျသည် သူ၏မုဆိုးဖိုရွာကို ရွှေဘိုပြည်ဟုသမုတ်ပြီး သူကိုယ်သူလည်း အလောင်းဘုရားမင်းဟု ဘွဲ့ခံယူကာ စစ်သည်ဗိုလ်ပါများစွာ စုဆောင်းတော်မူလျက် ကုန်းဘောင်မင်းဆက်ကို ထူထောင်ပြီး အနီးအနားနယ်မြေကို သိမ်းပိုက်ရင်း ဧရာဝတီမြစ်ရိုးကစ်လျှောက် စုန်ဆင်း၍ စည်းရုံးရေးစစ်ပွဲများဆင်နွှဲလာခဲ့သည်။

အဆိုပါသတင်းတို့ကိုကြားသော ဟံသာဝတီပြည့်ရှင် ဗညားဒလမင်းသည် စစ်ရေးပြင်ဆင်မှုများကို ကြိုတင်ပြင်ဆင်လေသည်။ ထိုစဉ် ဒဂုန်မြို့ဈေးထဲတွင် ဦးခေါင်းပြတ်၍ ငါးပိကောင်ဖြစ်နေသော ငါးလင်ပန်းတစ်ကောင် အမြီးတဖျတ်ဖျတ်ခတ်သည်ဟူသော နိမိတ်စကားတစ်ခု ဟိုးလေးတကျော်ကျော်ပေါ်ထွက်လာခဲ့သည်။ စစ်ရေးရင်ဆိုင်ရခါနီးတွင် အဆိုပါ နိမိတ်စကားကို ဟံသာဝတီရွှေနန်းတော်ပညာရှင်များက အမျိုးမျိုးနိမိတ်ဖွင့်ဟောချက်ထုတ်ပေးကြသည်။ သို့သော် ဗညားဒလမင်းက ကျေနပ်ရောင့်ရဲမှုမရှိနိုင်သဖြင့် သူ၏ဝန်ကြီးများမှတစ်ဆင့် ဟံသာဝတီရောက်မင်းထံ နိမိတ်ဖတ်ကြားစေရာ ဟံသာဝတီရောက်မင်းက ငါးလင်ပန်းသည် ကြာသပတေးနံဖြစ်သဖြင့် ကြာသပတေးနံ မြန်မာမင်းအဟောင်းဖြစ်သော ငါက မည်သို့မျှ စွမ်းဆောင်နိုင်မှုမရှိတော့သော်လည်း မြန်မာမင်းအသစ်အဖြစ် နောက်မှပေါ်ပေါက်လာသည့် မုဆိုးဖိုရွာသား အလောင်းဘုရားမင်း၏ဒုက္ခပေးခြင်းကို သင်းတို့သည် ကြီးကျယ်စွာခံစားရလိမ့်မည်ဟု နိမိတ်ဖတ်ကြားခဲ့လေသည်။ လက်တွေ့တွင်လည်း ဗညားဒလမင်း၏ ဟံသာဝတီရွှေပြည်ရွှေနန်းကို အလောင်းဘုရားက အမြစ်ဖြုတ်သုတ်သင်တိုက်ခိုက်ခြင်းကိုခံခဲ့ရလေသည်။

တစ်ခါ ကုန်းဘောင်မင်းဆက်နောက်ဆုံးဘုရင်ဖြစ်သော သီပေါမင်း၏ ရတနာပုံခေါ် မန္တလေးရွှေပြည်ရွှေနန်းပျက်သုဉ်းလိုသောအခါတွင် နေပြည်တော်၏အရှေ့မြောက်ဘက်က ပြင်းထန်သော တော်လည်းသံများကြားရခြင်း၊ မဟာမုနိဘုရားကို မီးသင့်လောင်ခြင်း၊ ၁၂၄၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့ တစ်ညလုံး ကြယ်တာရာတို့ကိုတွေ့ရခြင်း၊ မပြတ်စံနေတော်မူသော တောင်နန်းဆောင်တော်တွင် ညောင်ရေအိုးမှ သပြေပန်းများအလိုအလျောက်ကျခြင်း၊ အနောက်တောင်အရပ်မှ အန္တတိကျွဲကိတ်တို့ကလည်း နေ့စဉ်ပြခြင်း စသော အတိတ်နိမိတ်များကို ပြသကြသည် ဟူ၏။ အဆိုပါလပြည့်ကျော်၆ရက်ညက ကြယ်တာရာများ တွေ့ရပုံကို ဆီဘန်းနီဆရာတော်က 'အမရဝတီ၊ မူရိပြည်လုံး၊ လက်စကြုံးသို့ ထုံးနှင့်တူလစ်၊ ကောဇာစစ်မူ၊ ဇက်ခွေးဇောသတ်၊ လမြတ်ထွန်းပြောင်၊ တန်ဆောင်သရဒ၊ ကဏှာပက္ခ၊ ဆဋ္ဌပူးရက်၊ နေဝန်းထွက်အောင်၊ ရှစ်မျက်လောကဓာတ်၊ ကောင်းကင်လတ်မူ၊ ပြသာဒ်ကုဋ္ဌေ၊ ကြယ်ကျွတ်ကြွေရှင်' ဟု မှတ်တမ်းတင်ခဲ့သည်ကိုတွေ့ရှိရပေသည်။ ပသို့ဆိုစေ ထို ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဗြိတိသျှစစ်တပ်တို့က မန္တလေးနေပြည်တော်ကို တိုက်ခိုက် သိမ်းပိုက်လျက် မြန်မာပြည်တစ်ပြည်လုံးကို ဗြိတိသျှကိုလိုနီအဖြစ် သိမ်းသွင်းခြင်းခံခဲ့ရသည်။

တစ်ဖန် ရခိုင်မြောက်ဦးရွှေပြည်ရွှေနန်း၏နောက်ဆုံးဘုရင် မဟာသမ္မတရာဇာမင်းလက်ထက် သက္ကရာဇ် ၁၁၄၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်နေ့မှစတင်ပြီး (၇) ရက်တိုင် မိုးကြီးသည်းထန်စွာရွာသွန်း၍ ကစ္ဆပနဒီ (ကုလားတန်) မြစ်သည် ရေကြီးရေလျှံခြင်းကြီးစွာဖြစ်ခဲ့ရာ ရေဘေးဒုက္ခသည်တချို့သည် မဟာမုနိဘုရားကုန်းတော်ပေါ်သို့ တက်ရောက် ခိုလှုံနေခဲ့ရသည်။ ထိုအတောအတွင်း ရေဘေးသင့်ကိုယ်ဝန်သည်မ (၃) ဦးသည် တစ်ပြိုင်တည်း



www.burmeseclassic.com

www.burmeseclassic.com

ဖွားခဲ့သည်။

တစ်ဆက်တည်းလိုလို မဟာမုနိဘုရားဆင်းတုတော် ရောင်ခြည်တော်မှေးမှိန်ခဲ့သည့် မဟာမုနိဘုရားကုန်းတော်ရှိ ဦးဆေးတော်ကန်မှ အစပြု၍ မြစ်ရေ၊ ချောင်းရေတို့ သွေးကဲ့သို့ နီရဲတုန်၏။ မဟာမုနိဘုရားကုန်းတော်ပေါ်က မဟာဗောဓိပင်အရွက်တို့ လိပ်ကြတုန်၏။ သစ်ပင်စောင့်နတ်တို့ ငိုကြကုန်၏။

ထိုနိမိတ်ဆိုးတို့ပြေပျောက်စေရန်အတွက် မဟာမုနိဘုရားကုန်းတော်ပေါ်က ဝသုန္ဓရေတွင်းတွင် ရေစက်သွန်းချရန် မဟာသမ္ဘတမင်းကြီးကြိုးစားခဲ့သော်လည်း မအောင်မမြင်ဖြစ်ခဲ့သည်။ ဤသည်ကို မဟာမုနိကုန်းတော်မြောက်ဘက်တွင် သီတင်းသုံးနေသော ဝါတော် (၆၀) ရှိ တောရနေ ရဟန်းတော်က မကြာမီတွင် ဤတိုင်းပြည်ပျက်စီးလိမ့်မည်။ ပစ္စန္တရစ်အရပ်က မင်းတို့လာရောက် အုပ်စိုးလိမ့်မည်လို့ နိမိတ်ဖတ်လေသည်။ လက်တွေ့တွင် သက္ကရာဇ် ၁၁၄၆ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်နေ့တွင် အမရပူရရွှေပြည်ရွှေနန်းက ဤမြောက်ဦးရွှေပြည်ရွှေနန်းကို လာရောက်သိမ်းပိုက်လိုက်လေသည်။

ထိုကဲ့သို့ပင်လျှင် အင်းဝရွှေပြည်ရွှေနန်းသည် ရေကြီးရေလျှံခြင်း၊ ငါးကြီးလိပ်ကြီးများ အိမ်ပေါ်တက်ခြင်း၊ ဘီလူးများ မြို့တွင်းဝင်ရောက်ခြင်းဆိုသော နိမိတ်ဆန်းများပေါ်ပေါက်၍ ပျက်စီးခဲ့ရသလို စစ်ကိုင်းတိုင်းပြည်၊ ပင်းယပြည်တို့ ပျက်လိုသောအခါ၌လည်း ပုညရှင်ပြာဋိဟာပြခြင်း၊ ရွှေစည်းခုံဘုရားပြာဋိဟာပြခြင်း၊ ကြာသပတေးကြယ်လတွင်ချဉ်းခြင်း၊ တစ်ရာသီတည်းတွင် ဂြိုဟ်ခုနစ်လုံးစုံခြင်း၊ ပုညရှင်စေတီအရှေ့မြောက်ထောင့်က မြေကြီးမြေပြင်နိမ့်ဝင်ခြင်းဟူသော နိမိတ်ထူးပြသသည်ဟူ၏။

ဤနေရာမှာ မေးခွန်းထုတ်စရာဖြစ်လာသည်က ရွှေပြည်ရွှေနန်းများ (ဝါ) တိုင်းပြည်များပျက်သုဉ်းရသည်ကို မင်းဆက်များပြတ်တောက်သွားရသည်ကို ဘယ်အတွက်ကြောင့် ဖောင်းပေးဖော်ပြနေရသနည်းဟူခြင်းပင် ဖြစ်၏။ အဖြေက တိုင်းရေးပြည်ရေးအပြောင်းအလဲ (ဝါ) မင်းပြောင်းမင်းလွှဲအရေးကိစ္စများကို ထင်ရှားစေလိုဖြစ်၏။ ပျက်စီးခြင်း၊ ပျက်သုဉ်းခြင်းသဘောသဘာဝသည် အခြေအနေဟောင်းတစ်ခုမှ အခြေအနေသစ်တစ်ခုကို ပြောင်းလဲသွားခြင်းသဘောဖြစ်၏။ အနိဋ္ဌာရုံထက် ဣဋ္ဌာရုံဟု ခံယူနိုင်လျှင် နှစ်ခြိုက်စရာ အလွန်ကောင်းသည် ဖြစ်၏။ ထိုသို့အပြောင်းအလဲဖြစ်ရာ၌ ကြမ်းကြုတ်ခက်ထန်သောသဘောဆောင်ကြသလို ညင်သာ ချောမွေ့သော သဘောကိုလည်း ဆောင်ကြသည်ဖြစ်၏။

ဤနေရာ၌ အထူးတလည် မီးမောင်းထိုးဖော်ပြချင်သည်က ၂၀၁၅ ခုနှစ်မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲ၏ရလဒ်ကို ရည်ညွှန်းသည်ဟု ထင်မြင်ရသောနိမိတ်သဘောဆောင်တချို့ကိုပင် ဖြစ်၏။

၂၀၁၅ ခုနှစ်၊ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လများတွင် မိုးကြီးရက်ရှည်သည်းထန်စွာရွာသွန်းသဖြင့် မြန်မာပြည်တစ်ဝန်းလုံးလိုလိုတွင် မြစ်ရေကြီး၊ ချောင်းရေကြီးပြီး ရေကြီးရေလျှံခြင်း၊ တောင်ပြိုမြေပြိုခြင်း၊ မန်းရွှေစက်တော်ဘုရား၏ အောက်စက်တော်ရာကို ရေကြီးဖုံးလွှမ်းခြင်း၊ ပုဂံ၌ ရှေးဟောင်းစေတီတစ်ဆူပြိုကျခြင်း၊ မုံရွာဘက်၌ နေထီးဆောင်းခြင်း၊ တောင်သမန်အင်း၌ ငါးများပိဿာချိန်သောင်းချီ၍အစုလိုက်အပြုံလိုက်သေဆုံးခြင်း၊ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် နတ်မောက်မြို့နယ် ပဲခူးရိုးမမြို့သစ်ကြိုးဝိုင်းမှ တောဆင်ရိုင်းခြောက်ကောင်သည် ပုပ္ပားတောင် မြောက်ဘက်တစ်ခိုသို့ နေရာသစ်ရှာဖွေရန် ရွှေ့ပြောင်းရောက်ရှိကြခြင်း၊ မန္တလေးမြို့တွင် ရဟန်းသံဃာတော်အပါးတစ်သောင်းအား ဆွမ်းဆန်စိမ်းလှူဒါန်းပွဲပြုလုပ်ခဲ့ခြင်း၊ ၁၃-၉-၂၀၁၅ ရက်နေ့တွင် နေအသဗ္ဗကြတ်ခြင်း၊ ၂၈-၉-၂၀၁၅ လသဗ္ဗကြတ်ခြင်း၊ ထို ၂၈-၉-၂၀၁၅ နေ့ညမှာပင် ဆူပါမွန်းခေါ် သာမန်ထက်ထူးကဲစွာ အဝန်းအဝိုင်းကြီးမားလျက် အလင်းရောင် ပိုမိုတောက်ပသော အနီရောင်သန်းသည့် လပြည့်ဝန်းထွက်ပေါ်ခြင်း စသည်တို့သည် အဆိုပါ အထွေထွေရွေးကောက်ပွဲမတိုင်မီတွင် ပေါ်ထွက်လာသော နိမိတ်သဘောဆောင်များ ဖြစ်သည်ဟု ယူချင်ပါသည်။

အထူးသဖြင့် ဆူပါမွန်းဖြစ်ပေါ်မှုသည် အနှစ်နှစ်ဆယ်လောက်မှတစ်ခါဖြစ်ပေါ်တတ်သော သဘောဖြစ်သည်။ ယခုလို ဆူပါမွန်းဖြစ်စဉ်မျိုးကို ၂၀၃၃ ခုနှစ်မှာမှ တစ်ကြိမ်တွေ့ရဖွယ်ရှိသည်ဟု ပညာရှင်တို့ကမှတ်ဆိုကြ၏။ တကယ်တော့ ဝေဒပညာအလိုအရ လမင်းစန္ဒာခေါ် တနင်္လာဂြိုဟ်ကို ဣတ္ထိယလိင်ဟု သတ်မှတ်ထားသည်။ ထိုကဲ့သို့ သာမန်ထက် ထူးကဲသော စန်းခေါ် လခေါ် တနင်္လာဂြိုဟ် လဝန်းကြီးသည့် ဆူပါမွန်းအဖြစ် ပေါ်ထွက်လာမှုသည် သာမန်မဟုတ်သော အမျိုးသမီး (ဝါ) သူမ၏ အဖွဲ့အစည်းတို့ကို ရည်ညွှန်းသလောဟု တွေးချင်စရာကောင်းလှပေသည်။

တစ်ခါ မြန်မာနိုင်ငံတစ်ပြည်လုံးကို ဗြိတိသျှကိုလိုနီအစိုးရက လုံးဝသိမ်းပိုက်မီသီသီလေးက မန္တလေးရတနာပုံရွှေနန်းရှင် သီပေါမင်း ဦးဆောင် အုပ်စိုးသူများကို ပြည်သူလူထုတို့က ငြီးငွေ့စက်ဆုတ်စွာဖြင့် ပြစ်တင်ဝေဖန်ကြသလောက် ဗြိတိသျှကိုလိုနီအစိုးရကို ကောင်းချီးပေးသံများ ဝေဆာခဲ့သည်။ သိပ်မကြာမီမှာပင် ဗြိတိသျှကိုလိုနီအစိုးရက မန္တလေးရတနာပုံရွှေနန်းတော်ကို သိမ်းပိုက်ခြင်းဖြင့် မြန်မာပြည်တစ်ပြည်လုံးကို ကိုလိုနီပြု သိမ်းပိုက်လေသည်။

ဤနေရာ၌ ထောက်ပြပြောဆိုချင်သည်က မြန်မာပြည်တစ်ပြည်လုံး ဗြိတိသျှကိုလိုနီအဖြစ်သို့မရောက်မီသီသီလေးတွင် ပြည်သူလူထုတို့ကြားထဲ၌ ဝေဖန်ပြစ်တင်သံ၊ ကောင်းချီးပေးသံဖြစ်ပေါ်မှုကို အယူတော်မင်္ဂလာပညာအလိုအရ ဩဘာနိမိတ် (ဝါ) စကားဥကြတ်နိမိတ်ပင် ဖြစ်သည်။

နှိုင်းယှဉ်ပြောဆိုချင်သည်က ယခုအထွေထွေရွေးကောက်ပွဲကြီးမတိုင်မီကာလအတောအတွင်းက ပြည်သူလူထုကြားထဲ၌ ခြင်္သေ့တံဆိပ်ပါတီအစိုးရသူများကို ငြီးငွေ့မနှစ်မြို့ခြင်းများစွာဖြင့် ဝေဖန်ပြစ်တင်ကြပြီးလျှင် ခွပ်ဒေါင်းတံဆိပ်ပါတီ အစိုးရပြုမည့်သူများကို မျှော်လင့် တောင့်တခြင်းများစွာဖြင့် ကောင်းချီးထောမနာပြုနေခဲ့ကြသည်။ ဤသည်ကို ဩဘာနိမိတ် (ဝါ) စကားဥကြတ်ဟုဆို၍ရနိုင်မည်လား။

မည်သို့ပင်ဆိုစေ အထွေထွေရွေးကောက်ပွဲမတိုင်မီဖြစ်ထွန်းခဲ့သော အထက်ဖော်ပြပါ အခြင်းအရာများတို့သည် ပြောင်းလဲချိန်တန်ပြီဟုကြွေးကြော်ခဲ့ကြသည့်အတိုင်း တိုင်းရေးပြည်ရေးအပြောင်းအလဲတစ်ခု၏ အဒိဋ္ဌပုဗ္ဗနိမိတ်တို့ များဖြစ်နေမလားဆိုသည်ကို စောင့်ကြည့်လေ့လာ သုတေသနပြုရန် လိုအပ်သွားပြီဆိုသည်ကတော့ အမှန်ပင်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

*(ဒီဇင်ဘာလမှအဆက်)*

တစ်နေ့တွင် ဆရာမင်းသိမ်ခ် ဂန္ဓာရီ ထွက်မည်ဟု သတင်းကြားရပါသည်။ ကျွန်တော်လည်း ဆရာမင်းသိမ်ခ်အိမ်သို့ ရောက်သွားပါသည်။ ဆရာမင်းသိမ်ခ်က သူဂန္ဓာရီလှည့်လည်မည့်အကြောင်းကို ကျွန်တော့်အားပြောပြီး သူကိုင်မည့် တောင်ဝှေးကိုပါ ပြသပါတော့သည်။

တောင်ဝှေးမှာ ရိုးရိုးတောင်ဝှေး ဟု ကျွန်တော်ထင်ပါသည်။ ပြီးတော့ ရေဘူးကိုလည်း ပြသပါသည်။ ရေဘူးမှာလည်း သာမန်ဟု ကျွန်တော်ထင်ပါသည်။

“ဘယ်ကိုထွက်မှာလဲဆရာ”

“ထွက်မှာကတော့ ဘယ်ရယ်လို့ မပြောနိုင်သေးဘူး။ နာမည်ကြီးတဲ့ တောင်တွေဆီကိုသွားမှာပဲ”

ဆရာမင်းသိမ်ခ်သည် ပြောသင့်၊ မပြောသင့်ချင့်ချိန်နေပုံရ၏။ ကျွန်တော်က သူပြောမည့်စကားကိုသာစောင့်နေ မှန်း သူသဘောပေါက်နေသည်။

“ဥပမာ ဒေးစွန်ပါလိုနေရာမျိုး ပေါ့လေ”

“အေးလေ - ဂန္ဓာရီပဲလှည့်လှည့်၊ ရိုးရိုးခရီးပဲထွက်ထွက် ခရီးထွက်တာ တော့ ကောင်းတာပေါ့။ ဗဟုသုတလည်း အများကြီးရမှာပေါ့”

ကျွန်တော်သည် စကားစမြည် များပြောပြီး သူ့ဆီက ငွေတစ်ထောင်ကို ယူကာပြန်လာခဲ့ပါသည်။ သည်တစ်ခါ ကျွန်တော် ဆရာမင်းသိမ်ခ်ဆီသို့သွားခြင်း မှာ နောက်ဆုံးသွားခြင်းဟု ကျွန်တော် မသိပါ။

ကျွန်တော် ဆရာမင်းသိမ်ခ်ဆီက ပြန်လာပြီး နောက်တစ်ရက်မှာပင် ကိုစိုးသိမ်းနှင့်တွေ့ပါသည်။ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်တွင်ထိုင်ကြပါသည်။ ထိုစဉ် ကိုစိုးသိမ်းက ထူးထူးခြားခြား စကားတစ်ခွန်းပြောပါသည်။

“ဒီမှာ ချစ်ဆွေ၊ ငါမင်းကိုတစ်ခု ပြောမယ်။ မင်းတို့၊ ငါတို့၊ အောင်ထွန်းတို့ ဆိုတာ ငယ်သူငယ်ချင်းမဟုတ်ပေမယ့် တကယ်ကိုယုံကြည်ရသူတွေပါ။မင်းသိမ်ခ် က ဘာပြောတယ်လို့ပဲကြားကြား သူ့နှုတ်ကမထွက်ရင် သူ့စကားကိုမယုံပါနဲ့”

ကိုစိုးသိမ်းပြောပုံမှာ တစ်မျိုးကြီး ဖြစ်နေပါသည်။ ဆရာမင်းသိမ်ခ်ကများ ဘာပြောသည်ကို သူကြားထားလို့လား။ ဆရာမင်းသိမ်ခ်တပည့်များက ပြောကြ သည်ကို သူကြားလို့ပဲလား။ တစ်ခုခု တော့ သေချာနေပါသည်။

“ဟေ့-ကိုစိုးသိမ်း၊ ခင်ဗျားစကား ကိုပြန်ပြောစမ်းပါဦး”

“ငါပြန်မပြောတော့ဘူးသူငယ်ချင်း မင်းစောစောက ကြားခဲ့တဲ့အတိုင်းသာ မှတ်လိုက်ပေတော့။ ဒီကိစ္စနဲ့ပတ်သတ်

# တက္ကသိုလ်ကြည်သင်း
## ကျွန်တော်သိသော ဆရာမင်းသိမ်ခ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ငါ့ကိုဘာမှထပ်မမေးနဲ့တော့”

ကိုစိုးသိမ်းစကားမှာ ပြတ်သားလှပါသည်။ သူ့စိတ်ထဲလည်း တော်တော်လေးခံပြင်းနေပုံရသည်။ သို့သော် သူပြန်မပြောချင်သော စကားတစ်ခွန်းကို ကျွန်တော်ပြန်မပေးလိုတော့ပါ။ ထပ်မေးလျှင်လည်း ပြောမည့်သူမဟုတ်ပါ။

“ကဲ-သွားမယ်ကွာ၊ ငါကိစ္စရှိသေးတယ်”

ဟု ဆိုကာ ကိုစိုးသိမ်းထွက်သွားပါသည်။

ကိုစိုးသိမ်းပြောသော စကားမှာ ကျွန်တော့်အတွက် မတင်မကျဖြစ်နေပါသည်။

‘မင်းသိန်က သူ့နှုတ်ကထွက်တဲ့ စကားကိုပဲယုံပါတဲ့’။

ကျွန်တော့်အကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာဂယက်ထနေပြီဆိုသည်ကို ကျွန်တော် တွေးလိုက်မိပါသည်။ ရှိစေတော့၊ သည်တစ်ခါ လကုန်လျှင် ကျွန်တော်သွားမည်ဟု စိတ်ထဲတွင်တေးထားလိုက်ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော် မည်သူ့ကိုမျှ မပြောပါ။ ပြောရန်လည်း မလိုပါ။ ဆရာမင်းသိန်၊ ကိုစိုးသိမ်းနှင့် ကျွန်တော်တို့၏ဆက်ဆံရေးကို မည်သူကမျှ အတွင်းကျကျမသိကြပေ။ အတွင်းကျကျမသိသဖြင့် မည်သူမျှ အကြံပေးနိုင်မည်မဟုတ်ပါ။

ကျွန်တော်စောင့်နေသောရက်ကို ရောက်လာပါသည်။ စောင့်နေသော ရက်ဆိုသည်မှာ ဆရာမင်းသိန်ထံသွား၍





www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံယူရင်း အခြေအနေကိုစုံစမ်းရန် ဖြစ်ပါသည်။

ဆရာမင်းသိခ်အိမ်သို့ရောက်သော အခါ ဆရာ့ဧည့်သည်တွေရောက်နေ သည်ဟု ဆိုသဖြင့် အောက်ထပ်အပြင် တွင်ထိုင်နေပါသည်။

ထိုအခါ လူငယ်တစ်ယောက်လာ ပါသည်။

"ဆရာမင်းသိခ်အတွက်ဆိုရင် အသက်နဲ့လဲမယ်"

ထိုလူငယ်သည် မည်သူ့ကိုပြော နေမှန်းမသိပြောနေပါသည်။ ကျွန်တော် လည်း ကိုယ့်ဘာသာကိုယ်နေလိုက်ပါ သည်။ ထိုသို့ပြောသောလူငယ်သည် အိမ်ထဲသို့ပြန်ဝင်သွားပါသည်။ နောက် တစ်ယောက်လူငယ်တစ်ဦးထွက်လာပြန် သည်။

"ဆရာမင်းသိခ်ကိုထိရင်တော့ အသက်ပေးကာကွယ်ရမှာပဲ"

လူငယ်က ဒီစကားကို ပြော၍ ကျွန်တော့်ကိုလှမ်းကြည့်နေပါသည်။

"နေပါဦး၊ မင်းတို့ဘယ်သူ့ကိုပြော တာလဲ။ ဘာတွေဖြစ်နေကြလို့လဲ"

ကျွန်တော်သည် ထိုလူငယ်ကို ဒေါသသံပါသောစကားဖြင့် လှမ်းမေး လိုက်ပါသည်။ ထိုလူငယ်မှာ ဘာမှပြန် မပြောဘဲ ကျွန်တော့်ကို သေသေချာချာ ကြည့်ပြီး အတွင်းသို့ပြန်ဝင်သွားပါ သည်။

နောက်ရုတ်တရက်စကားတစ်ခွန်း ကို ကျွန်တော် ပြန်သတိရနေပါသည်။ ထိုစကားမှာ ဗေဒင်လာကြည့်သော အပြင်လူတစ်ယောက်၏စကား ဖြစ်ပါ သည်။

"ကျွန်တော်က ဆရာမင်းသိခ်ကို သူ့လူတွေသိပ်ရိုင်းတာပဲလို့ပြောတဲ့အခါ ဆရာမင်းသိခ်က ရိုင်းအောင် ငါတမင် လုပ်ထားတာပဲ ရိုင်းပါစေ"

ဟူသောပြောသံကို ကျွန်တော် နားသို့ဝင်သွားပါသည်။ ဆက်ပြီးထိုင်နေ မည်ဆိုပါက လူငယ်တွေနှင့် အချင်းများ ရန်သာရှိတော့သည်။ အချင်းများပါက ဆရာမင်းသိခ်နာမည်ပါလာတော့မည်။

ကျွန်တော်သည် စိတ်ကိုထိန်းကာ ဆရာမင်းသိခ်အိမ်မှပြန်ခဲ့ပါသည်။ ထို အကြောင်းကို မည်သူ့ကိုမျှမပြောခဲ့ပေ။ ကိုစိုးသိမ်းနှင့်တွေ့လျှင်တော့ ပြောပြ လိုက်မည်ဟု အားခဲထားပါသည်။ သို့သော် ကိုစိုးသိမ်းဆီကို ကျွန်တော် မရောက်သလို ကိုစိုးသိမ်းကလည်း ကျွန်တော့်ဆီကိုမလာပါ။

ကျွန်တော်သည် ညီဖြစ်သူ ကိုဝင်း မောင်အိမ်သို့မရောက်တာ အတန်ငယ် ကြာသွားသဖြင့် ကိုဝင်းမောင်အိမ်သို့ သွားရပြန်သည်။ ကိုဝင်းမောင်အိမ်သို့ ရောက်သောအခါ အဖေ့ကို သတိရပြန် ပါသည်။ သို့သော် အဖေက ကောင်းပါ သည်။

ကျွန်တော်သည် ကိုဝင်းမောင် အိမ်ကိုရောက်သည်နှင့် ကိုကျော်နိုင်ကို မေးပါသည်။ ကိုကျော်နိုင်မလာဘူးဟု ပြော၍ ကိုဝင်းမောင် မျက်နှာပျက်နေ ပါသည်။ သေချာစွာမေးသောအခါမှ ကိုစိုးသိမ်းဆုံးသည်ဟုကြားကြောင်း သူ ပြောပါသည်။

"ဟေ - ဘယ်မှာဆုံးတာလဲ၊ ဘာ ရောဂါလဲ"

"အဲဒါတော့ ငါမသိဘူး ကိုကို။ သူဆုံးတယ်ဆိုတာပဲ ကြားတယ်"

ကျွန်တော်တို့တွင် ဒီညီအစ်ကို နှစ်ယောက်သာရှိပါသည်။ ကျွန်တော့်ကို ကိုကိုဟုခေါ်သော်လည်း မင်းနှင့်ငါနှင့် စကားပြောကြပါသည်။ အသက်(၂)နှစ် သာကွာ၍လည်း မင်းနှင့်ငါဟု ပြောဆို ခြင်းဖြစ်ဟန်တူပါသည်။

"ဒါဖြင့်ငါသွားရမှာပေါ့။ ဒါနာရေး ပဲဟာ။ ဒီထက် အရေးကြီးတာ ဘာရှိ သေးသလဲ"

ကျွန်တော်သည် ချက်ချင်းပင် ထိုင်ရာမှထလိုက်ပါသည်။

"နေပါဦး၊ ရောဂါကဘာတဲ့လဲ"

"ရောဂါလည်း ငါမသိဘူး။ မင်း ဟိုကျမှမေးကြည့်ပေတော့။ ဟုတ်ရင် ငါ့ ကိုလည်းလာခေါ်၊ ငါလိုက်ခဲ့မယ်"

ကျွန်တော်သည် (၁၆) ရပ်ကွက် မှ (၁၃) ရပ်ကွက် ကိုစိုးသိမ်းတို့လမ်းကို ဝင်လိုက်သည်နှင့် ကိုစိုးသိမ်းအမျိုးသမီး ကိုတွေ့ရပါသည်။

"လာ - အစ်ကို၊ လာလာ"

ကျွန်တော်လည်း ခင်းထားသော ဖျာပေါ်တွင် ထိုင်လိုက်ပါသည်။

"ကလေးတွေကော"

"ရှိပါတယ်၊ ကိစ္စရှိလို့ အပြင်ကို လွှတ်လိုက်တယ်"

"ကိုစိုးသိမ်း၊ ဘယ်လိုဖြစ်တာလဲ"

"ကျွန်မလည်း သေသေချာချာ မပြောတတ်ပါဘူး။ သူ့မှာရောဂါအခံရှိ တယ်ဆိုလား၊ အဲဒီရောဂါကနေစပြီး ဖြစ်တာပဲ"

"ကိုစိုးသိမ်းအသက်ဘယ်လောက် ရှိပြီလဲ"

"ခြောက်ဆယ်ကျော်ပြီလို့ ပြောရ မှာပဲ။ ခက်တာက သူ့အသက်ကို အမှန် အတိုင်းမပြောဘူး။ သေမင်းကြားမှာစိုး လို့ဆိုပြီး ရယ်စရာလုပ်ပစ်တယ်"

ကိုစိုးသိမ်းအိမ်မှာ ယခင်ကဆရာ မင်းသိခ် မိန်းမခိုးလာသောအိမ်ပင် ဖြစ် ပါသည်။ အိမ်မှာ အနည်းငယ်ရွဲ့သွား သည်မှတစ်ပါး ဘာမှမဖြစ်သေး။ ကျွန်တော်သည် သူ့အမျိုးသမီးချပေး သောရေနွေးကြမ်းကိုသောက်ရင်း စဉ်းစား နေမိပါသည်။

ဘဝတစ်ခုကတော့ ချုပ်ငြိမ်းသွား ပေပြီ။ အသက် (၆၀) ပတ်ဝန်းကျင်သာ ရှိပေဦးမည်။ ရှေ့-နေမည်ဆိုကနေနိုင် ပါသေးသည်။ ကျွန်တော်နှင့် သူတို့တွေ့ ချိန်က ၁၉၆၄ လောက်မှာ ဖြစ်သည်။ ဒီကြားထဲတွင် ဒုက္ခသုက္ခနှင့်အများကြီး ရင်ဆိုင်ခဲ့ရဖူးသည်။ ၁၉၆၄ လောက်က စ၍ သူတို့ကြိုးလန့်စာဘဝမျိုးနှင့်ရင်ဆိုင် ခဲ့ရသည်။ ထောင်ကျဖူးသည်၊ ထမင်း ငတ်ဖူးသည်ဟု ကျွန်တော့်ကို ပြောဖူး သည်။ ထောင်ကလွတ်လာသောအခါ အိမ်ထောင်ကျသည်။ အိမ်ထောင်ကျ သော်လည်း ယခင်က ကြိုးလန့်စာစား ဘဝနှင့်တုန်းကမျှ စတိုင်နှင့်ဝတ်ရသေး သည်။ ယခုစတိုင်ဆိုသည်မှာ ဘာလဲဟု ပင် မေးရလောက်ပေသည်။

မင်းသိခ်ကဲ့သို့ နာမည်ကြီးအောင် လုပ်သော်လည်း မအောင်မြင်ပေ။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆို သည်မှာလည်း ကံတရားနှင့်ဆိုင်နေပြန် သည်။ ထောင်ကျတာချင်းအတူတူ ကိုစိုး သိမ်းသည် ဆရာမင်းသိခ်လို မအောင် မြင်။

"ဆရာ၊ သောက်ဦးလေ"

ဘေးတွင်ထိုင်နေသော သူ့အမျိုး သမီးလှမ်းပြောလိုက်တော့မှပင် ကျွန်တော် အတွေးများရပ်သွားလေသည်။

"ဆရာမင်းသိခ်မလာဘူးလား"

"လူတော့မလာဘူးဆရာ။ ဒါပေ မယ့် ငွေတော့ လူကြုံနဲ့ပေးလိုက်တယ်"

ကျွန်တော်သည် မည်မျှပေးလိုက် သည်ကို မမေးတော့ပါ။ ဆရာမင်းသိခ် သည် သူ့သူငယ်ချင်းအပေါ် ဒီလောက် ရိုင်းမည်မဟုတ်သည်ကို ကျွန်တော် သဘောပေါက်ပါသည်။ ကျွန်တော် သည် အိတ်ထဲတွင်ပါလာသောငွေကို သူ့အမျိုးသမီးလက်ထဲသို့အပ်လိုက်၏။ ငွေအရေအတွက်ကိုတော့ ကျွန်တော် မမှတ်မိတော့ပါ။

"ကဲ - သွားမယ်၊ နောက်နေ့တွေ ကျလည်းလာဦးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com

"လာပါဆရာရယ်၊ သူမရှိတော့ ကျွန်မတို့အားငယ်နေပါတယ်"

ကိုစိုးသိမ်း၏ အမျိုးသမီးသည် ကျွန်တော့်ကို ဆရာခေါ်နေပါသည်။ ခင်က ကျောင်းဆရာ၊ ကျူရှင်ဆရာ လုပ်ဖူး၍ဟုထင်ရပါသည်။ ရှေ့နေလုပ်ခဲ့သည်ကိုတော့ ကိုစိုးသိမ်းရော ဆရာမင်းသိခ်ပါ မသိကြပါ။

နောက်နေ့တွင် ကိုဝင်းမောင်ရော သူ့ဇနီးခင်သိန်းဝင်းပါခေါ်၍ ကျွန်တော်တို့ကားနှင့်ရောက်လာပြန်သည်။ ရောက်သည်နှင့် ကိုဝင်းမောင်က မေးပါတော့သည်။

"ကိုအောင်ထွန်း အဲ. . . ဆရာမင်းသိခ်မလာဘူးလား"

"လာပါတယ် ဆရာ"

"အေးလေ - လာရမှာပေါ့၊ ဒါက သေရေးပဲဟာ"

စကားပြောရင်း ကော်ဖီလာချပေးပါသည်။ ကိုဝင်းမောင်က ကော်ဖီမသောက်တတ်သဖြင့် - ကျွန်တော်နှင့် သူ့ဇနီးတို့ကသာ သောက်ကြပါသည်။ စကားအတန်ငယ်ပြောပြီး ကိုဝင်းမောင်က သူ့အိတ်ကိုဆွဲထုတ်ကာ ကိုစိုးသိမ်းဇနီးကို ငွေပေးပါသည်။ ဘယ်လောက်ပေးသည်ဟု ကျွန်တော်မသိပါ။

ထို့နောက် ကိုစိုးသိမ်းအိမ်သို့ မရောက်သည်မှာ ယခုအချိန်အထိ ဖြစ်ပါသည်။ ကျွန်တော်သည် သင်္ကြန်မတိုင်မီတွင် (၁၅) ရက်ခန့် ရှင်နေမိန္ဒြထံသို့ သွားရောက်လေ့ရှိပါသည်။ နှစ်စဉ်စခန်းသို့သွားသည်မှာ (၁၀) နှစ်၊ (၁၂) နှစ်လောက်ရှိပြီ ဖြစ်ပါသည်။ အလျဉ်းသင့်သလိုလည်း ဆရာတော်စခန်းသို့ သွားပါသည်။

ရှင်နေမိန္ဒြမဲ့ပဝိဇ္ဇာ ဆိုသည်မှာ ကျွန်တော်တို့စာပေနယ်မှစာစဉ်းဖြစ်ပါသည်။ သူ၏ ကလောင်အမည်မှာ 'တည်ကြည်' ဖြစ်ပါသည်။

တစ်နေ့တွင် ဆရာတော်ကျောင်းသို့ ကျွန်တော် ရောက်သွားပါသည်။ ကျွန်တော့်ဇနီးအပြင် သားနှစ်ယောက်၊ မြေးနှစ်ယောက်၊ သူတို့အမျိုးသမီးနှစ်ယောက်တို့ ဖြစ်ပါသည်။ ဆရာတော်၏ ကျောင်းပေါ် တက်လိုက်သည်နှင့် အုတ်လှေကားကွဲနေကြောင်း ကျွန်တော် သတိပြုမိပါသည်။ ထိုအုတ်လှေကားကို ပြင်ရန်အတွက် ဆရာတော့်ကို လျှောက်ထားပါသည်။ ဆရာတော်က ပြင်မည့်သူ တစ်ဦးရှိနေသည့်ကြားကပင် ကျွန်တော့်အား ပြင်ခွင့်ပေးလိုက်ပါသည်။



ကိုကျော်သူရ (ဆရာတော်၏ညီအရင်း) ကိုခေါ်၍ အုတ်လှေကားပြင်ရန် ငွေမည်မျှကျမည်ကိုမေးပါသည်။

"အင်း - လေးသောင်းလောက်တော့ ကျမယ်ထင်တယ်"

ဟု ကိုကျော်သူရကပြောပါသည်။

ကျွန်တော်သည် အမျိုးသမီးကို လှည့်၍ကြည့်လိုက်ပါသည်။ ကျွန်တော့် အမျိုးသမီးက သူမပိုက်ဆံအိတ်ထဲမှ ငွေကျပ်တစ်သိန်းကို ဆရာတော်ထံလှူပါသည်။

ဆရာတော်က -

"ဟဲ့ - ဖိုးချစ်၊ များလှချေလား။ လေးသောင်းပဲကုန်မယ်ဆိုတာလေ"

ဟု ပြောပါသည်။

"တပည့်တော် အိမ်မှာထဲက စိတ်ပိုင်းဖြတ်လာတာပါဘုရား။ ပိုတဲ့ငွေကို အရှင်ဘုရားသုံးလိုတဲ့နေရာကိုသာသုံးပါတော့ဘုရား"

ဆရာတည်ကြည်ခေါ် ဘုန်းတော်ကြီး ရှင်နေမိန္ဒြသည် ကျွန်တော့်အား ကိုချစ်ဆွေဟု မခေါ်ပေ။ ဖိုးချစ်ဟုသာ ခေါ်သဖြင့် စခန်းကလူများသည်လည်း ဖိုးချစ်ဟုခေါ် မသိကြပါတော့သည်။ ထိုသို့ ရေးသားသည်မှာ အကြောင်းရှိပါသည်။ ဆရာတော်ပြန်ပြောသည်ကို မှတ်သားပြီး ကျွန်တော် ပြန်ရေးခြင်းလည်း ဖြစ်ပါသည်။

တစ်နေ့ညနေတွင် ဆရာမင်းသိခ်နှင့်အပေါင်းပါများ ကားတစ်စီးဖြင့် ရောက်လာသည်ဟုဆိုပါသည်။ စကားစမြည်ပြောဆိုနေခိုက် အချိန်လွန်သွားပါသည်။

"ကဲ-မပြန်ကြနဲ့တော့၊ မနက်ကျမှ ပြန်ကြ ဟုတ်လား"

ဆရာတော်က ထိုသို့အမိန့်ရှိလိုက်ပြီး ဆရာမင်းသိခ်နှင့်အဖွဲ့ကို တန်ဆောင်းထဲမှာ ညအိပ်ခိုင်းသည်ဟု ဆရာတော်က ပြန်ပြောပြပါသည်။ ဆရာမင်းသိခ်အပြင် ဆရာတက္ကသိုလ်ဘုန်းနိုင်နှင့်လည်း ကျောင်းရောက်လာသေးသည်ဟု ကြားသိရပါသည်။ ထိုစဉ်က ဆရာတက္ကသိုလ်ဘုန်းနိုင်မှာ နေမကောင်းဖြစ်နေပါသည်။ ဆရာတော်ထံမှပြန်သွားပြီး မကြာခင်မှာပင် ကွယ်လွန်ခဲ့လေသည်။

မှတ်မိပါသေးသည်။ ပထမဆုံး စာပေညီလာခံ ကမ္ဘာအေးမှာလုပ်စဉ်က ဆရာတက္ကသိုလ်ဘုန်းနိုင်မှာ သဘာပတိ ဖြစ်ပါသည်။ ကျွန်တော်လည်း ဆရာလင်းယုန်သစ်လွင်၊ ဆရာမောင်နေမျိုး တို့နှင့်အတူ ညီလာခံတက်ရောက်ခဲ့ပါသည်။ ထိုစဉ်က ဆရာမင်းသိခ်ဆိုသည်မှာ ဘယ်ဆီနေမှန်းတောင်မသိသေးပါ။

ကိုစိုးသိမ်းဆုံးပြီး တစ်ခါတစ်ရံမှ တစ်ပါး မေ့မေ့ပျောက်ပျောက်ဖြစ်သွားပါသည်။ ကိုစိုးသိမ်းဆုံးသွားသော်လည်း ကိုအောင်ထွန်း (ဆရာမင်းသိခ်) နှင့် ကျွန်တော်ကျန်သေးတာပဲဟု စိတ်ဖြေသည်လည်းပါမည်ထင်ပါသည်။

ဆရာမင်းသိခ် ဂန္ဓာရီလှည့်နေသည်ဟူသောသတင်းများကြားရပါသည်။ ရင်းနှီးသူများက -

"ဆရာမင်းသိခ် ဂန္ဓာရီခရီးစနေတယ်။ သူ့ပစ္စည်းတွေကို သူ့သူငယ်ချင်းတွေပေးနေတယ်လို့ကြားတယ်။ ခင်ဗျား သွားလေ"

ပစ္စည်းလိုချင်၍တော့ မဟုတ်။ တစ်ခါတလေတော့ ဆရာမင်းသိခ်နှင့် တွေ့ရင်ကောင်းမှာ ဟူသော စိတ်ကူး ပေါ်လာပါသည်။

"အို - သူ့တပည့်တွေက ဟိုပြော ဒီပြောနဲ့ဆို အဟောင်းကအသစ်ဖြစ်လာပါမယ်လေ၊ မသွားတာကောင်းပါတယ်"

မိမိစိတ်ကို ထိန်းချုပ်၍နေလိုက်ရသည်။ ထိုကိစ္စကို ဆရာမင်းသိခ်သိချင်မှသိပေလိမ့်မည်။

"ဆရာမင်းသိခ်၊ ဒေးစွန်ပါဘက်ကို သွားတယ်"

ဟူ၍လည်း လူတချို့ကပြောပါသည်။ တချို့ကလည်း ကားပါသွားသည်ဟုပြောကြပြန်သည်။ ကျွန်တော်သည် ကိုယ်တိုင်မသိသဖြင့် မည်သည့်စကားကိုမျှ ယုံစားခြင်းမရှိပါ။ ပြောလာသူများကိုသာ ဟုတ်ကဲ့၊ အင်း ဟူ၍ ခေါင်းညိတ်၊ ခေါင်းခါသာလုပ်ပြရပါသည်။

ကျွန်တော် လက်လှမ်းမမီ။



www.burmeseclassic.com

www.burmeseclassic.com

ဒေးစွန်ပါကို ရောက်ပင်မရောက်ဘူးပါ။ ကျွန်တော်သည် ဆရာ့အကြောင်းသာ နားစွင့်နေပါသည်။ ကျွန်တော်လည်း ရှင်နေမိန့်ကျောင်းတို သကြံန်နီးတိုင်း ရောက်ပါသည်။

ဆရာတော်သည် ကျွန်တော် စိတ်ညစ်၍လာသည်ကိုသိဟန်တူပါသည်။ မည်သို့မျှမပြောဘဲ အခန်းတစ်ခန်းပေး ထားပါသည်။ သွားတိုက်ဆေးနှင့်သွား ပွတ်တံကိုပါထုတ်ပေးပါသည်။

ကျွန်တော်သည် ဆရာတော့် ကျောင်းမှာနေစဉ်အတွင်း တရားထိုင်ခြင်း၊ ဘုရားရှိခိုးခြင်းအလုပ်တို့ကိုသာ တွင်တွင်ကျယ်ကျယ်ကြီးလုပ်နေပါသည်။ ထိုအခါ ဘာမှန်းမသိသောစိတ်ညစ်ခြင်းမှာ ဘာမှန်း မသိပျောက်သွားပါသည်။

ဩော် -ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ဆိုတာ တယ်အေးမြပါကလား ဟု ကိုယ်တိုင်သိရှိခံစားလိုက်ရပါသည်။

"ဆရာမင်းသိခ်သုဝဏ္ဏမှာမဟုတ်တော့ဘူး။ မော်ဘီမြို့ မရမ်းတလင်းခြံကို ရောက်နေတယ်"

ထိုစဉ်က ကျွန်တော် မော်ဘီကို မရောက်ဘူးသေးပါ။ မရမ်းတလင်းခြံဆိုသည်မှာ ပို၍ဝေးနေပါတော့သည်။ ကျွန်တော့်သားငယ် မိုးမောင်ဆွေလာခေါ်သဖြင့် ဆရာတော်ကိုလျှောက်ထားကာ ကျွန်တော်ပြန်ခဲ့ပါသည်။

သကြံန်ရက်နီးလာပြန်ပါသည်။ ကျွန်တော်သည် ဆရာတော့်ကျောင်းကို မဖြစ်မနေသွားရပါမည်။ ဆရာတော်ကျောင်းတွင် ဝဋ္ဋသုတ်ပူဇော်ပွဲ နှစ်စဉ်ကျင်းပပါသည်။ တရားထိုင်ခြင်းထက် ဝဋ္ဋသုတ်ပူဇော်လိုသူများ အရောက်လာကြပါသည်။

ဟိုတစ်လောက ကိုဝင်းမောင်အိမ်သို့ရောက်သောအခါ ကိုဝင်းမောင်က ကိုထွေးကြည် မော်ဘီတွင်နေကြောင်း ပြောပါသည်။ ကျွန်တော်သည် ကိုထွေးကြည်နှင့် အရမ်းတွေ့ချင်နေပါသည်။ ကိုထွေးကြည်ဆိုသည်မှာ ကျွန်တော်တို့ မြောင်းမြမှ ဒေါ်စောရှိန်၏သား ဖြစ်ပါသည်။ ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော်ပါသည်။

ကိုထွေးကြည်မှာ တရားသူကြီးဘဝဖြင့် မြန်မာတစ်နိုင်ငံလုံးကိုပြောင်းရွှေ့အမှုထမ်းရသူဖြစ်ပါသည်။ ယခုသူပင်စင်ယူပြီး မော်ဘီတွင် နေထိုင်ကြောင်းသိရသဖြင့် ကျွန်တော်အရမ်းသွားချင်နေပါသည်။ သို့သော် မရောက်ခဲ့ပါ။ ဆရာရှင်နေမိန့်ကျောင်းကပင်ပြန်ခဲ့ရပါသည်။

"နေဦးပေါ့လေ၊ နောက်တစ်နှစ်ပေါ့"

ဟု ကျွန်တော် စိတ်ဖြေလျှော့လိုက်ပါသည်။ တစ်နှစ်နှင့်တစ်နှစ်စောင့်ရသည်မှာ စိတ်မရှည်အောင်ပင်ကြာလှသည်ဟု ကျွန်တော်ထင်နေပါသည်။ အမှန်တော့မဟုတ်ပါ။ သူ့အချိန်နှင့်သူကုန်ဆုံးသွားခြင်းသာ ဖြစ်ပါသည်။

ကျောင်းပြန်စာသင်ရန်မှာလည်း သားမောင်များက ခွင့်မပြုတော့ပေ။ တခြားအလုပ်လည်းမရှိ။ အိမ်တွင်ဘုရားရှိခိုးခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်းတို့ဖြင့်သာ အချိန်ကုန်နေပါသည်။ ကျွန်တော်သည် အချိန်ကို သတိမရစေရန်အတွက် စာရေးခြင်းအလုပ်ကို လုပ်ကိုင်ပါတော့သည်။

'ဆရာတော် ရှင်နေမိန့် ဓမ္မပိဋက ခေါ် ဆရာတည်ကြည်' ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးခေါ်မလား၊ ဝတ္ထုခေါ်မလားမသိသော စာရေးသားခြင်းကို လုပ်ဆောင်ပါတော့သည်။ ဂန္ဓာရီမဂ္ဂဇင်းတွင် အခန်းဆက်ပါလာပါသည်။ (၄)လဆက်တိုက်ပါလာသောစတ္တုဟု ကျွန်တော်ဆိုပါရစေ။

နေ့ကိုလစား၊ လကို နှစ်စားဖြင့် တစ်နှစ်ပြည့်သွားပြန်သည်။ ဆရာတော်ထံတွင်နေစဉ် ဆရာမင်းသိခ်နှင့်သွားတွေ့ရန် အကြံပေါ်လာပါသည်။ လိုက်ပို့မည့်သူလည်းရှိနေသည်။ ကျွန်တော်သည် ဆရာမင်းသိခ်ထံ သွားတွေ့မည့်အကြောင်း ဆရာတော်ကို လျှောက်ပါသည်။

"ဖိုးချစ်၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စကတော့ အထွေအထူးမရှိပါဘူးဘုရား။ လူချင်းတွေ့ရုံသက်သက်ပါ"

"ဖိုးချစ်တို့ဘယ်လောက်ရင်းတယ်ဆိုတာ ဆရာတော်သိတယ်။ ဒါပေမယ့် အထူးကိစ္စမရှိရင်တော့မသွားပါနဲ့"

ကျွန်တော်သည် ဆရာတော်တားသဖြင့် ဆရာတော်ကျောင်းပေါ်မှ ခပ်ကုပ်ကုပ်ပြန်ဆင်းလာရပါသည်။ သို့သော် စိတ်မလျှော့သေးပါ။ မှည့်ကြီး၏အကူအညီဖြင့် ဆရာတော်မသိအောင် မော်ဘီသို့သွားပါသည်။ မှည့်ကြီးဆိုသည်မှာ သူ့နာမည်ရင်းတော့ မဟုတ်ပါ။ လည်ပင်းတွင်မှဲ့ပါသောကြောင့် ကျွန်တော်တို့က သူ့ကို မှည့်ကြီးဟုခေါ်ခြင်း ဖြစ်ပါသည်။

ကျွန်တော်နှင့် မှည့်ကြီးတို့သည် မော်ဘီကားမှတ်တိုင်သို့ မိနစ် (၃၀) ခန့် လျှောက်လာပြီး မော်ဘီကားကိုစီးပါသည်။ ထို့နောက် မော်ဘီဈေးသို့ရောက်ပါသည်။ ဈေးတွင်ဆင်း၍ ဟိုမေးဒီမေးနှင့် ဦးထွေးကြည်တို့အိမ်ကို ရောက်သွားပါသည်။

"ဟော့ကောင် ချစ်ဆွေ၊ မင်းထမင်းစားမယ်ဆို ကြိုပြီးဖုန်းဆက်လိုက်ပါလား"

"ဘယ်သိပ့်မလဲကွာ၊ ဒါတောင် ဆရာတော်မသိအောင် အသာကလေးလစ်လာတာ"

"ဆရာတော်က မသိမရှိပါဘူး သိမှာပါ"

မှည့်ကြီးက ကြားမှဝင်ပြောလိုက်သည်။

"မင်းတို့ဒီမှာထမင်းစားမှာလား စားမယ်ဆိုရင် အဆင်သင့်လုပ်ခိုင်းလိုက်မယ်"

"မစားပါဘူးကွာ၊ နောက်တချင်တော့စားမှာပေါ့။ ကဲ-အိမ်လည်းသိပြီ တို့လက်ဖက်ရည်ဆိုင်ကိုပဲသွားကြမယ်လေ"

"အေးလေ၊ မင်းဟာက ဖင်မှုအောင်တောင်မထိုင်ဘဲကိုး"

"ငါနောက်နှစ်တွေနောက်အခေါက်တွေလာဦးမှာပါကွာ။ အဲဒီတော့မှ ထမင်းလည်းစားမယ်၊ အိပ်လည်းအိပ်မယ်"

"ကဲ - သွားကြမယ်ကွာ"

ကျွန်တော်၊ ကိုထွေးကြည်နှင့် မှည့်ကြီးတို့ လက်ဖက်ရည်ဆိုင်ကိုထွက်လာကြသည်။ လမ်းကူးလိုက်သည်နှင့် သူသောက်နေကျလက်ဖက်ရည်ဆိုင်သို့ ရောက်သွားသည်။

"ဟော့ကောင် မှည့်ကြီး၊ မင်းဘာသောက်မှာလဲ"

"ကျွန်တော် လက်ဖက်ရည်ပဲပေါ့ ဆရာရယ်"

မှည့်ကြီးမှာ ကျွန်တော့်အား ကျောင်းဆရာဟုသိသဖြင့် ဆရာဟုခေါ်လိုက်ခြင်း ဖြစ်ပါသည်။

"ကဲ-မင်းကောဘာသောက်မှာလဲ သောက်ချင်တာမှာကွာ"

ကိုထွေးကြည်က ကျွန်တော့်ကိုပြောပြီး လက်ဖက်ရည်ပေါ့ဆိမ့်သုံးခွက်ဟုမှာလိုက်သည်။ မုန့်ပွဲများလည်းလာချပေးပါသည်။

"ဟေ့ - စီးကရက်ပေးပါဦး"

စီးကရက်လာချပေးပြီး ကျွန်တော်တို့သောက်ကြစားကြပါသည်။

"ဒါနဲ့နေပါဦး၊ မရမ်းတလင်းခြံဆိုတာ မော်ဘီမှာပဲရှိတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ - မင်း ဆရာမင်းသိခ်ဆီ သွားချင်လို့လား"

"ဟေး - ဆရာမင်းသိခ်နဲ့ ငါက ၁၉၆၄ လောက်ကတည်းက ရင်းနှီးလာကြတာ"

"မင်းသွားချင်လို့လား"

"သွားတော့သွားချင်တယ်၊ ဒါပေမယ့် ဆရာတော်က ကိစ္စမရှိရင် မသွားပါနဲ့လို့ပြောလို့ ငါသွားမယ့်ဆဲဆဲ မသွားဘဲနေလိုက်ရတယ်"

"မင်းဆရာတော်ကဘယ်သူလဲ"

"အရှင်နေမိန္ဒြမဟာဝိဇ္ဇာ"

"ဟာ - အဲဒါဆိုရင် သူမသွားနဲ့ဆိုရင် မသွားတာကောင်းတယ်။ သူ့ကကြို ပြီးသိလို့နေမှာကွ"

"အင်း - ဒါလည်း ဖြစ်နိုင်တာပဲ လေ"

ထိုသို့ပြောဆိုပြီး ကျွန်တော်တို့ပြန်လာခဲ့ပါသည်။ လမ်းတွင် မှည့်ကြီးက စကားတစ်ခုပြောပါသည်။

"ဆရာတို့ တရားသူကြီးတစ်ယောက်ကို မင်းနဲ့ငါနဲ့ပြောတယ်ဆိုတော့ တော်တော်ရင်းနှီးမှာပဲနော်"

"ဩော်-မင်းကလည်း၊ ညီအစ်ကိုတော်တယ်။ သူက ငါ့ထက် ခြောက်လငယ်တယ်"

"တစ်မြို့တည်းသားတွေပေါ့နော်"

"သူ့အိမ်နဲ့ ငါတို့အိမ်က ပေနှစ်ရာလောက်ပဲဝေးတာ"

"ဒါနဲ့နေပါဦး၊ ဆရာမင်းသိခ်က ကောတော်တော်ရင်းနှီးသလား"

"အေး-ရင်းနှီးတယ်လို့ ပြောရမှာပဲ။ ၁၉၉၄ ခုနှစ်လောက်ကစပြီး ရင်းနှီးတာလေ၊ သူထောင်ကျသွားသေးတယ်။ ထောင်ကျတာမှ နှစ်ခါတောင်။ နိုင်ငံရေးလုပ်လို့ပေါ့လေ"

ကျွန်တော်သည် စကားကိုဖြတ်လိုက်ပါသည်။ ထိုသူငယ်သည် ထက်မေးနေလျှင် သူ့ရှင်းပြနေရတာနှင့်အချိန်တုန်တော့ပေမည်။

"ကဲ-ကားလာပြီ တက်၊ တက်"

ကျွန်တော်တို့လာရင်း ကားမှတ်တိုင်ကိုဆင်းကာ ခပ်သွက်သွက်လျှောက်လာကြသည်။ ကျွန်တော်တို့ကျောင်းရောက်သည်နှင့် ထမင်းစားသံချောင်းခေါက်ပါသည်။ တော်ပါသေးသည်။ အချိန်မီရုံကလေးဖြစ်သည်။ မှည့်ကြီးက ထမင်းမစားဆိုသဖြင့် ကျွန်တော်တစ်ယောက်တည်း ထမင်းဝိုင်းသို့ဝင်ထိုင်လိုက်သည်။

ထမင်းစားပြီးသောအခါ ခေတ္တအနားယူကြပြီး နေ့လယ် (၁၂) နာရီတွင် တရားထိုင်ရန်ခေါင်းလောင်းထိုးပါသည်။ ထူးခြားသည်မှာ ဆရာတော်နေမကောင်းကြောင်းကြားသိရသဖြင့် ကျွန်တော်စိတ်ပူသွားပါသည်။ သို့သော် ခဏဖြစ်မှာပါဟု စိတ်ထဲကရေရွတ်ပြီး အားတင်းလိုက်ပါသည်။

ဤသို့ဖြင့် ကျွန်တော် ဘုန်းကြီးကျောင်းကပြန်လာပါသည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်ပါသည်။ အိမ်မှာနေပြီး သိပ်မကြာလိုက်ဟုထင်ပါသည်။

'ဆရာတော် ပျံလွန်တော်မူပြီ' ဟူသော သတင်းစကားရောက်လာပါသည်။ ကျွန်တော်သွားချင်ပါသည်။ ကျန်းမာရေးက ခွင့်မပြုပေ။ ထို့ပြင် အိမ်က ကားမှာလည်း နေပြည်တော်ကို တက်သွားပါသည်။ ကျွန်တော်မည်သို့မျှ မတတ်နိုင်ပါ။

တစ်လလောက် ကြာသောအခါ ကျွန်တော့်အိမ်မကားဖြင့်လိုက်ပို့ပါသည်။ ကျွန်တော့်အမျိုးသမီး မပါသော်လည်း ကျွန်တော့်ချွေးမနှစ်ယောက်၊ ကလေးနှစ်ယောက်ပါပါသည်။ သားကြီးက ကားမောင်းပို့ပါသည်။

ကျွန်တော်ကျောင်းကိုရောက်သွားပါသည်။ အားလုံးဟာ ကျွန်တော်လာသည်ဟုဆိုကာ မျက်နှာမကောင်းကြပါ။ ဆရာတော်အတွက် အုတ်ဂူတစ်ခုသတ်သတ်လုပ်ပေးထားပါသည်။ ဆရာတော်ရုပ်ပုံကိုလည်း လူတစ်ရပ်လောက်ထွင်းထုထားပါသည်။ ကျွန်တော်တို့သည် ဆရာတော့်အုတ်ဂူကို လည်းကောင်း၊ ဆရာတော်ရုပ်ပုံကို လည်းကောင်း ကန်တော့ကာပြန်ခဲ့ပါသည်။

"ဒီတစ်ခါ ဝဋ္ဋသုတ်ပူဇော်ပွဲလည်း လာခဲ့ပါ"

ဟု မိတ်ဆွေတစ်ယောက်ကလှမ်းပြောလိုက်သည်။

ဟုတ်ပါသည်။ ဝဋ္ဋသုတ်ပူဇော်ပွဲမှာနီးနေပါသည်။ ကျွန်တော်သည် ပူဇော်ပွဲသွားရင်း ဆရာမင်းသိခ်ဆီသို့ ရောက်အောင်သွားမည်ဟု အားခဲထားပါသည်။ ဝဋ္ဋသုတ်ပူဇော်ပွဲကို ကျွန်တော် လေးငါးရက်လောက်ကြိုတင်ရောက်နေပါသည်။ ကျွန်တော့်အရင် ကိုမျိုးသန့်တို့သားအဖရောက်နေပါသည်။

ကျွန်တော်သည် ရောက်ရောက်ချင်းပင် မှော်ဘီသို့သွားပါတော့သည်။ အဝတ်အစားများနှင့် အိပ်ရာလိပ်တို့ကို ကိုမျိုးသန့်တို့နှင့်ထားခဲ့ပါသည်။

ဒီတစ်ခါ အဖော်မလိုတော့ပါ။ ယခင်ကရောက်ဖူးနေ၍ ကျွန်တော့်ဘာသာသွားတတ်ပါသည်။

ထုံးစံအတိုင်း မှော်ဘီကားဂိတ်မှ ငွေငါးဆယ်ပေး၍ မှော်ဘီဈေးသို့ ဆင်းပါသည်။ဆေးရောက်လျှင် ကိုထွေးကြည်တို့အိမ်သို့ ကူးလာပါသည်။

"ဟော့ကောင်၊ ဒီတစ်ခါ အဖော်မပါဘူးလား"

"ငါလာတတ်လို့ အဖော်မခေါ်ခဲ့တာ။ အဖော်ကလည်း နေမကောင်းနေတယ်လို့ကြားတယ်။ ဆရာတော်ပျံလွန်တော်မူပြီ။ ဒီတစ်ခါတော့ ဆရာမင်းသိခ်ဆီကိုရောက်အောင်သွားမယ်။ မင်းငါ့ကိုလိုက်ပို့"

"လိုက်ပို့ပါမယ် သူငယ်ချင်းရယ်၊ ဖြည်းဖြည်းသွားတာပေါ့"

"ဖြည်းဖြည်းပဲဖြစ်ဖြစ်၊ မြန်မြန်ပဲဖြစ်ဖြစ်၊ ငါဆရာဆီရောက်ဖို့က အဓိကပဲ"

"ကဲ-လာ၊ လက်ဖက်ရည်ထွက်သောက်ကြမယ်။ ပြီးမှ တို့သွားကြတာပေါ့။ ဟုတ်ဖူးလား"

"အေးလေ-မင်းကောင်းသလိုသာလုပ်ပါ"

ကျွန်တော်နှင့်ကိုထွေးကြည်သည် လက်ဖက်ရည်ဆိုင်သို့ ထွက်လာကြပြီး လက်ဖက်ရည်နှင့်စီးကရက်ကိုပါသောက်ကြသည်။

ကျွန်တော်သည် ဆေးလိပ်သောက်နေစဉ် သတိတစ်ခုရပါသည်။

"ဟော့ကောင်၊ မှော်ဘီမှာ မြောင်းမြသား ကိုအလှဆိုတာရှိတယ်ပြောတယ်။ ဘယ်မှာလဲတော့မသိဘူး။ မင်းကြားမိလား"

ကိုထွေးကြည်သည် အတန်ငယ်စဉ်းစားပြီးမှ -

"ငါတော့တစ်ခါမှမကြားမိဘူး"

"အေးလေ-ဒါဆိုလည်းပြီးတာပဲ"

"ကဲ-ဆရာမင်းသိခ်ဆီကိုသွားကြမယ်လေ၊ ဘာလုပ်နေတာလဲ"

"မင်းကလည်း လောလိုက်တာ၊ ငါ့ကားလာတော့မှ သူ့ကိုအပ်ပို့ခိုင်းမယ်လေ"

ထိုသို့ဖြင့် ကျွန်တော်တို့ ရှေးဖြစ်နောက်ဟောင်းများကို ပြောဆိုရယ်မောနေကြသည်။ မိနစ် (၃၀) ခန့်ကြာသောအခါ သူ့ကားရောက်လာပါသည်။

"ကဲဟေ့ - ကားလာပြီ သွားစို့"

ကျွန်တော် ကိုထွေးကြည်နောက်က လိုက်သွားပါသည်။ ကားလေးသည် ပတ်ဗလင်ကားလား၊ ဆန်နီလား၊ ကျွန်တော်မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်သို့နှစ်ယောက်တက်ထိုင်လိုက်ကြသည်။ ကားဒရိုင်ဘာက တစ်ယောက်ရွှေ့ခန်းလာပါလားဟုပြောသည်ကို ကိုထွေးကြည်က လက်ကာပြကာ မရမ်းတလင်းသို့သွားမည်ဟုသာ ပြန်ပြောပါသည်။

ကားပေါ်တွင် သိပ်ပြီးထွေထွေထူးထူးမပြော။ မရမ်းတလင်းရှိ ဆရာမင်းသိခ်ဆီကိုသာ စိတ်ရောက်နေပါသည်။

ကားမှာ လမ်းမကြီးမှ ညာဘက်သို့ ချိုးကွေ့ဝင်သွားပါသည်။ မရမ်းတလင်းဆိုသည်မှာ အိမ်ကြီးအိမ်ကောင်းတွေရှိသည်ကို ကျွန်တော်သတိပြုမိသည်။ (၁၀) မိနစ်လောက်ကြာသောအခါ ကားဆရာက အိမ်တစ်အိမ်ကို ကျော်၍ ဈေးဆိုင်တစ်ဆိုင်ရှေ့တွင် ကားရပ်လိုက်ပါသည်။

ထိုဈေးဆိုင်မှာ ကိုထွေးကြည်အသိဖြစ်နေသည်။ ဈေးဆိုင်မှာပိတ်ထားသည်။

"ဆရာမင်းသိခ်၊ နေမကောင်းဖြစ်နေတယ်"

ဈေးဆိုင်ရှင်က ပြောလိုက်ပါသည်။ ထွေးကြည်က ကျွန်တော့်မျက်နှာကို လှမ်းကြည့်လိုက်ပါသည်။

"တော်တော် နေမကောင်းတာလား"

"တော်တော်လေးဖြစ်တယ်ပြောတယ်ဆရာတို့၊ တတ်နိုင်ရင် မသွားတာအကောင်းဆုံးပဲ"

ကျွန်တော်သည် ဆရာမင်းသိခ်နေသော အိမ်ကလေးကို အမှတ်မထင်ကြည့်လိုက်ပါသည်။ နှစ်ထပ်တိုက်ပုကလေးဟု ကျွန်တော်မှတ်သားမိသည်။ ကျွန်တော့်မှတ်သားချက်မှာ လွဲကောင်းလွဲနိုင်ပါသည်။

"ဟော့ကောင် ချစ်ဆွေ၊ ဘာလုပ်မှာလဲ"

"အေး - ပြန်ကြရုံရှိတာပေါ့"

ကျွန်တော်တို့ ကားပေါ်ပြန်တက်ကာ ကားမောင်းထွက်လာပါသည်။ အသွားလမ်းကမဟုတ်ပါ၊ အပြန်လမ်းဟု ကျွန်တော်ထင်ပါသည်။

ဆရာမင်းသိခ်၏ ခြံရှေ့တွင် လက်ဖွဲ့ကွင်းတစ်ခုကို တွေ့ရပါသည်။ အနီးအနားတွင်လည်း အိမ်နှစ်လုံးသုံးလုံးကိုတွေ့ရသည်။

"ဘယ်နယ်-လက်ဖွဲ့ကွင်းပါလား၊ ဒီဟာဘာလုပ်တာလဲ"

ဝါးသုံးလုံးဆင့်ကာပြီး အပြန်လမ်းကို ပိတ်ထားပုံရသည်။ ဒရိုင်ဘာက ဆင်းပြီး ဝါးလုံးများကို ရွှေ့ပြီး ဖယ်ရှားနေပါသည်။

"အဲဒါငါပြောမလို့၊ ဒီမှာလက်ဖွဲ့ထိုးတဲ့ပွဲလုပ်တယ်လို့ ငါကြားမိတယ်။ သူဟာက ဘုရားတရားလိုလို၊ ရှေးခေတ်ကအစည်းကြီးတွေလိုလို၊ ငါတော့မပြောတတ်ဘူး"

"ဟော့-မပြောတာကောင်းပါတယ်၊ တို့ကသေသေချာချာမသိဘဲကိုး"

ကျွန်တော်တို့ ကားကလေးသည် တောလမ်းအတိုင်း ဖြတ်မောင်းလာပြီး မှော်ဘီလမ်းပေါ်သို့ ပြန်ရောက်လာပါသည်။ အိမ်ပြန်ရောက်သောအခါ ကျွန်တော်က အနည်းငယ် စာရေးနေသောကြောင့် ထွေးကြည်က ကျွန်တော့်စာအကြောင်းပြောပါသည်။

"မင်း သုံး၊ လေးနှစ်လောက်တုန်းက သူရဇ္ဇမဂ္ဂဇင်းမှာရေးတဲ့ 'ဝိဇ္ဇာဟာ လိပ်စာမရှိပါ' ဆိုတာကို တော်တော်သဘောကျတယ်ကွာ။ နောက်ပိုင်း မင်းစာတွေက သူ့လိုကိုယ်လိုပဲ"

"ဘာလဲ မင်းက ဦးထွေးကြည် (တရားသူကြီးဟောင်း) ဆိုတဲ့ စကားကိုသဘောကျနေလို့လား"

"ဟား. . . ဟား. . . ဟား"

ကျွန်တော်တို့ ထမင်းစားသောက်ပြီး ညာဘက်သို့ရောက်သွားပါသည်။ ခဏတစ်ဖြုတ် လက်ဖက်ရည်ဆိုင်ထိုင်ပြီး အိမ်ပြန်လာကြသည်။

"မင်းဆရာမင်းသိခ်ထက်စာရင် ငါက ကိုတည်ကြည်(ရှင်နေမိန္ဒ)ကို ပိုပြီး စိတ်ဝင်စားတယ် ကိုယ့်လူ"

ရှင်နေမိန္ဒရဲ့ဝဋ္ဋသုတ်ပူဇော်ပွဲကို လာတာပဲ။အဆင်သင့်လို့ ဆရာမင်းသိခ်နဲ့ဝင်တွေ့တာလေ။ မတွေ့တော့လည်း စိတ်မကောင်းဘူးပေါ့ကွာ။ ဟိုတုန်းက သေဖော်ရှင်ဖက်တွေမဟုတ်လား"

ထိုသို့ပြောဆိုပြီး ကျွန်တော်တို့ အိပ်လိုက်ကြပါသည်။ မနက်မိုးလင်းသည်နှင့် လက်ဖက်ရည်ဆိုင်ကိုထိုင်ကြပြန်သည်။

"ကဲ-ငါသွားတော့မယ် ထွေးကြည်"

"အေး - အားရင်တော့လာခဲ့ပါကွာ"

ကျွန်တော်သည် လက်ဖက်ရည်သောက်ပြီး ဆရာတော်ကျောင်းသို့ပြန်ခဲ့ပါသည်။ ဆရာတော်ကျောင်းတွင် စာရေးဆရာဆွေမြင့်ပါ ရောက်နေပါသည်။

"ဟော့လူကြီး၊ ခင်ဗျားဘယ်သွားနေတာလဲ၊ ကျွန်တော်မနက်ကတည်းက ရောက်နေတာ"

"မှော်ဘီကို တစ်ညအိပ်သွားတာလေ။ ပစ္စည်းတွေတော့ ကိုမျိုးသန့်ကို ထားခဲ့တာ"

"မသိပါဘူး၊ ခင်ဗျားဘာတွေများ မတော်တရော်လျှောက်လုပ်နေသလဲလို့"

ဒီလိုနှင့် ကိုမျိုးသန့်၊ ဆရာဆွေမြင့် ကျွန်တော်တို့အဖွဲ့ကျနေပြန်၏။ တစ်နေ့တည်းတွင်မဟုတ်ပါ။ သကြံန်ရောက်ပြီဆိုတိုင်း ကျွန်တော်တို့ဆုံနေကျဖြစ်ပါသည်။

ကျွန်တော်တို့သည် နေ့လယ်ဘက်တွင် ဝဋ္ဋသုတ်ရွတ်ဆိုကြပြီး ညအချိန်သို့ရောက်လျှင် လူစုလူဝေးနှင့် ရောက်တတ်ရာရာစကားများပြောကြသည်။ လူငယ်များလည်း လေး၊ ငါးယောက်ပါလာသည်။ လူငယ်များက စာရေးဆရာအကြောင်း၊ ဘင်လာဒင်အကြောင်း အို-စုံလို့မေးပါတော့သည်။ ဆရာဆွေမြင့်ကသိသမျှကိုပြောပါသည်။ ကျွန်တော်ကလည်း သိသမျှပြောကြပါသည်။

သည်လိုနှင့် ဝဋ္ဋသုတ်ပရိတ်တော်ပူဇော်ပွဲပြီးဆုံးသွားပါသည်။ နောက်နှစ်တွင်လည်း ယခုလို ဆုံကြဦးမည်ဟု ကတိကဝတ်ပြုကြပြီးပြန်ကြပါသည်။

**ဦးတင်အေးနှင့်တွေ့ဆုံခြင်း**

ကျွန်တော်တို့သည် သဃ်န်းကျွန်းမှ သုဝဏ္ဏမြို့ပြောင်းသွားပါသည်။ ကျွန်တော် ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ထိုင်ပါသည်။ ကံအားလျော်စွာ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော့်သားကြီးနှင့် တစ်ခန်းကျော်ဖြစ်ပါသည်။

ကျွန်တော်လည်း မနက်တစ်ကြိမ်၊ ညနေမရောက်ခင်သုံးနာရီလောက်မှာတစ်ကြိမ် လက်ဖက်ရည်ဆိုင်ထိုင်လေ့ရှိပါသည်။ ကျွန်တော်ကဲ့သို့ပင် လူတစ်ယောက်ကလည်း ပုံမှန်ထိုင်တတ်ပါသည်။ ကြာသောအခါ ကျွန်တော်တို့ မိတ်ဆွေဖြစ်ပါတော့သည်။ တော်တော်ရင်းရင်းနှီးနှီးမိတ်ဆွေများဖြစ်ပါသည်။ ထိုသူ၏ အမည်မှာ ဦးတင်အေးဖြစ်ပြီး သူသည် ကျောင်းဆရာလုပ်ခဲ့ဖူးကြောင်း၊ ယခုကျူရှင်သင်နေကြောင်း၊ ဗေဒင်ကျွမ်းကျင်ကြောင်း ကျွန်တော်သိလာရ၏။

တစ်နေ့တွင် ဦးတင်အေးနှင့် ကျွန်တော် စကားစမြည်ပြောကြရင်း ဗေဒင်ပညာဘက်သို့ရောက်သွားပါသည်။ ယနေ့ဗေဒင်ဆရာလောကတွင်ပြော



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် ဆရာမင်းသိခ်ထိပ်ဆုံးကပြောရမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ဦးတင်အေးကို ခင်ဗျားဆရာဘယ်သူလဲ ဟု စတင်မေးမိပါသည်။

"အစကတည်းက ကျွန်တော် ဗေဒင်ကို စမ်းဝါးမိပါတယ်။ ဒါပေမယ့် ဆရာမင်းသိခ်ဆီကိုရောက်သွားမှပိုတတ်လာတယ်လို့ထင်တယ်"

"ဆရာက မင်းသိခ်ရဲ့တပည့်ပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်ဆရာမင်းသိခ်ရဲ့တပည့်တစ်ဦးပါ။ ကျွန်တော်တင်မကဘူး၊ ဟိုကိုအောင်မြင့်ဆိုတဲ့လူလည်း ဆရာမင်းသိခ်ရဲ့တပည့်ပဲလေ"

ကျွန်တော်လည်း တော်တော် စဉ်းစားနေပါသည်။

"ကိုအောင်မြင့်ဆိုတာ ဟိုမုတ်ဆိတ်မွေးနဲ့လူလား"

"ဟုတ်ပါတယ်၊ သူပေါ့"

"အင်း - ပြောစမ်းပါဦး၊ ဆရာမင်းသိခ်ဆီကအတွေ့အကြုံလေးတွေ"

"အတွေ့အကြုံတွေကတော့ အများကြီးပေါ့ဆရာရယ်။ ဟိုဝတ္ထုတစ်ခုထဲမှာ ဖတ်လိုက်ရသလားတော့မသိဘူး။ သိုင်းအကြောင်းကို ရေးထားတာ တကယ်၊ စိတ်ကူးယဉ်တာမဟုတ်ဘူး။ ရှမ်းပြည်နယ်ကလာတဲ့ ဆရာတစ်ယောက်က လက်တွေ့အကွက်တွေကို လုပ်ပြတာလေ။ ဒါကြောင့် ဒီလောက်ကောင်းတာပေါ့လေ။ အဲဒါ ဆရာမင်းသိခ်ရဲ့စကားဝိုင်းကအတွေ့အကြုံပေါ့"

သူသည် စကားပြောပြီး လက်ဖက်ရည်သောက်နေပါသည်။ ထို့နောက် သတိရဟန်ဖြင့် ကျွန်တော့်ကို မေးပါသည်။

"ဆရာ၊ ဆရာမင်းသိခ်အကြောင်းမေးတာ သူနဲ့တော်တော်ရင်းနှီးသလား"

"အင်း-ရင်းနှီးတယ်ဆိုပါတော့၊ ဟို ၁၉၆၄ လောက်ကတည်းကပဲ။ ထောင်နှစ်ခါကျတယ်။ အခုအချိန်အထိရင်းနှီးတုန်းပဲဆိုပါတော့"

"ဩော် - ဆရာတို့ကရင်းနှီးလာတာ နှစ်ပေါင်းသုံးဆယ်လောက်ရှိနေပါပြီလား"

"အင်း - ရင်းနှီးပါတယ်"

"ရင်းနှီးတယ်ဆိုရင်တော့ သူ့အကြောင်းပြောရဦးမယ်။ သူအခုဆေးရုံတက်နေတယ်လေ"

"ဟင်-ဟုတ်လား ဘယ်ဆေးရုံမှာလဲ"

"သိပ်မဝေးပါဘူး၊ ရွှေဗဟိုဆေးရုံမှာပါ။ ကျွန်တော်တော့မလိုက်နိုင်ဘူး။ ဦးအောင်မြင့်ကိုခေါ်သွား၊ ဦးအောင်မြင့်အိမ်သိတယ်မဟုတ်လား"

"အင်း-သိပါတယ်၊ ကဲ-ကျွန်တော်သွားမယ်"

ကျွန်တော်သည် ဆရာမင်းသိခ်ထံသို့သွားရန်အတွက် ဦးအောင်မြင့်ကို မင်းဒင်လမ်းတွင် သွားရောက်ခေါ်ပါသည်။ အိမ်တွင် ဦးအောင်မြင့်မရှိပါ။ ထို့ကြောင့် ကျွန်တော်တစ်ဦးတည်း ရွှေဗဟိုဆေးရုံသို့လာခဲ့ပါသည်။

ဆေးရုံတွင် စုံစမ်းရန်ဟူသော နေရာတွင် ဝင်စုံစမ်း၊ သူမညွှန်ပြသော အထပ်ကိုတက်ခဲ့ပါသည်။ ဆရာမင်းသိခ်သည် လူလေး၊ ငါးယောက်နှင့် စကားပြောနေသည်ကိုကျွန်တော်တွေ့ပါသည်။ ဆရာမင်းသိခ်သည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့နှင့် အခုမှပင် ဆရာပိုပြီးပီသနေသည်ဟု ကျွန်တော်ထင်ပါ သည်။

ဆရာက ကုလားထိုင်ပေါ်တွင် ထိုင်နေပြီး ကျန်လူများက အောက်တွင် ထိုင်နေကြသည်။ဆရာသည် ကျွန်တော့်ကို ရုတ်တရက် စကားမပြောသဖြင့် -

"ဆရာမင်းသိခ်မမှတ်မိဘူးလား"

ဟု ကျွန်တော်မေးသောအခါ-

"ဗော့ကောင် ချစ်ဆွေ ဘယ်မမှတ်မိဘဲရှိပါ့မလဲ"

ဟု သူက ပြန်ပြောပါသည်။

ထို့နောက် ဘာရောဂါဖြစ်တာလဲ၊ ဘယ်လိုနေသလဲစသည်ဖြင့် ကျွန်တော်ကမေးပါသည်။

ဆရာကလည်း ကျွန်တော့်ကိုပြန်ဖြေပါသည်။

"ဩော် - ဒါနဲ့ ကိုဝင်းဇော်တစ်ယောက်ကော"

ကျွန်တော်ကမေးသောအခါ -

"ဟိုမှာလေ ဝင်းဇော်"

ဟု ကျွန်တော်ရှေ့တွင် ထိုင်နေသူတစ်ယောက်ကို ညွှန်ပြပါသည်။

ကိုဝင်းဇော်က ဘာမှပြန်မပြောဘဲ ရယ်၍သာနေပါသည်။ ဧကန္တတော့ ကိုဝင်းဇော် ကျောင်းကိစ္စကို မှတ်မိဟန်မတူ တော့ပေ။

ထိုအခိုက်တွင် အမျိုးသမီးနှစ်ဦးက ဆရာမင်းသိခ်ကို ဖက်ကြောနှိပ်ပေးနေသည်ကိုတွေ့ရ၏။ ဤမိန်းကလေးများကို ကျွန်ုပ်မမြင်ဘူးပါ။

ဟိုစကားဒီစကားပြောရင်း ဆရာဇာည်ကြည် (ရှင်နေမိန္တြမမ္မဝိဇ္ဇာ) ဆီသို့ စကားရောက်သွားပါသည်။

"ဆရာမင်းသိခ် မှော်ဘီ မရမ်းတလင်းမှာရှိတုန်းကတည်းက ကျွန်တော်လာမလို့ ဆရာ။ လိုက်ပို့မယ့်လူလည်း အဆင်သင့်ပဲ။ ဒါပေမယ့် ကျွန်တော်က ဘုန်းကြီးဆီမှာခဏနေတာမဟုတ်လား။ ဘုန်းကြီးကို ခွင့်တောင်းရတာပေါ့"

ဆရာမင်းသိခ်သည် ကျွန်တော်ပြောနေသည်ကို ဂရုစိုက်၍ နားထောင်နေပါသည်။

'ကိစ္စမရှိရင်တော့ မသွားပါနဲ့' ဟု ပြောကြောင်း ကျွန်တော်က ဆရာမင်းသိခ်ကို ပြောပြပါသည်။ ဆရာမင်းသိခ်သည် မည်သို့မျှ ပြန်မပြောတော့ပေ။

"ကဲ-မိုးချုပ်တော့မယ်။ မင်းပြန်တော့"

ဟုသာ စကားဆိုလာလေသည်။

"ကောင်းပြီ - ပြန်ပါ့မယ်"

ဟု ပြောကာ ကျွန်တော် ကိုဇော်ဝင်းကိုပင် နှုတ်မဆက်ဘဲ နေရာမှထ၍ ထွက်လာခဲ့ပါသည်။ အပြင်ရောက်၍ လက်မှ နာရီကိုကြည့်လိုက်သောအခါ ညနေငါးနာရီတောင်မခွဲသေးသည်ကို တွေ့ရပါသည်။

ကျွန်တော်သည် အပြန်တွင် တစ်ချိန်လုံး စဉ်းစားလာပါတော့သည်။ ဆရာမင်းသိခ်သည် ကျွန်တော့်ကို စိတ်ဆိုးနေသလား၊ မည်သည့်အပြစ်ကို လုပ်မိ၍စိတ်ဆိုးနေသလဲမပြောတတ်။ ကျွန်တော်ဘာအလုပ်ကိုမှမလုပ်ခဲ့ပါ။

ဆရာရှင်နေမိန္တြသွားလျှောက်ထားသည်ကို ကိစ္စမရှိရင်မသွားပါနဲ့ဟု တားသောကြောင့်ပေလား။ ဆရာတော် အရိယာပုဂ္ဂိုလ်ဖြစ်ပါသည်။ အရိယာတို့မည်သည် အကြောင်းမဲ့ဝင်မတားပါ။ ဝန်တိုစိတ်မရှိပါ။ ဤစကားကိုပင် ဆရာမင်းသိခ်ဘဝင်မကျသည်ဘဲလား (သို့) မဟုတ် ကျွန်တော့်ပင် အထင်မှားလေသလား။ မကြာမီမှောင်တော့မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သွားရေးလာရေးကို စိတ်ပူသဖြင့် -

'မိုးချုပ်တော့မယ်၊ မင်းပြန်တော့'

ဟုပင် ဆိုလိုက်လေသလား။

ကျွန်တော် ကားစီးပြီး အိမ်ပြန်ရောက်သည်အထိ အတွေးကားမပြတ်တော့ပေ။ ယခု ဆရာဇာည်ကြည် ခေါ် ရှင်နေမိန္တြလည်း ပျံလွန်တော်မူလေပြီ။ ဆရာမင်းသိခ်သည် ဆရာတော်အပေါ် စိတ်ကွက်သည်ဆိုပါဦး။ ကွယ်လွန်သွားသည်မှာ နှစ်အတန်ကြာနေပြီ။

နောက်တစ်နေ့တွင် ဦးတင်အေး၊ ဦးအောင်သောင်၊ ဦးသန်းနိုင်၊ ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှင့် ပြန်ဆုံကြပြန်သည်။

"ဘယ့်နှယ်လဲ၊ မနေ့က တွေ့ခဲ့ရဲ့လား"

"အင်း-တွေ့ခဲ့ပါတယ်။ ကိုဇော်ဝင်းတောင်တွေ့ခဲ့ရသေးတယ်"

ကျွန်တော် ဒါပဲပြောပါသည်။ 'မိုးချုပ်တော့မယ်၊ မင်းပြန်တော့'ဟုပြောသည်ကို မပြောခဲ့ပေ။ ထည့်ပြောလျှင် အကြောင်းထူးမည်မဟုတ်ပါ။ သူငယ်ချင်းတို့ နားရှုပ်မည်၊ ခေါင်းရှုပ်မည်သာ ဖြစ်ပါသည်။

တခြားစကားများကိုသာပြောနေကြပါသည်။ ဆရာဦးသန်းနိုင်လည်း ကျောင်းဆရာလုပ်ခဲ့ဖူးသူ ဖြစ်ပါသည်။ အ-ထ-က(၃)ဗိုလ်တထောင်ဟု ထင်ပါသည်။ ယခု ပင်စင်မယူဘဲအလုပ်မှထွက်လိုက်သူ ဖြစ်ပါသည်။

"ကျွန်တော်တို့အုပ်စုမှာ ဆရာ(၃) ယောက်ရှိတယ်။ ခင်ဗျားတို့က နှစ်ယောက်တည်းရယ်။ ဘာပဲဖြစ်ဖြစ် အဆိုတင်ရင် ကျွန်တော်တို့နိုင်မယ်ဗျာ"

ဦးတင်အေးက ပြောလိုက်သဖြင့် ကျန်လူများ ဝိုင်းရယ်ကြပါသည်။

"ဗိုတိုအာဏာနဲ့ ပယ်ချလိုက်မယ်လေ"

နောက်တစ်ယောက်က ထပ်ပြောပြီး ကျွန်တော်တို့ရယ်မောရင်းနှင့် အချိန်ကုန်ပါတော့သည်။ ကျွန်တော်တို့လိုချင်သည်မှာလည်း အချိန်ကုန်ရန်ပင် ဖြစ်ပါသည်။ နေ့လယ်ဘက်တွင် အားလပ်နေကြသဖြင့် အချိန်ဖြုန်းရင်း သူငယ်ချင်းတွေနဲ့တွေ့ရင်း ဆိုင်ကိုလာကြခြင်းသာ ဖြစ်ပါသည်။

နောက်နှစ်လလောက်အကြာတွင် ဦးတင်အေးက ကျွန်တော့်ကို ပြောပြန်သည်။

"ဆရာမင်းသိခ်ဆေးရုံပြန်တက်နေရပြန်ပြီတဲ့"

"ဟုတ်လား၊ ဘယ်သူပြောတာလဲ"

"လူတော်တော်များများကိုပြောကြတယ်။ ဆေးရုံကလည်း အရင်ဆေးရုံတာမွေဗလီက ရွှေဗဟိုမှာပဲတဲ့"

ကျွန်တော်သည် လက်ဖက်ရည်သောက်ကာ သားကြီးအိမ်သို့သွားပါသည်။ သားကြီးကမရှိ၊ ကားထွက်သွားသည်ဟု ဆိုပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဆရာမင်းသိခ်ထံသို့ ဘတ်(စ်)ကားစီးပြီးသွားပါမည်ဟုစဉ်းစားချိန်တွင် ကျွန်တော့်အမျိုးသမီး အိမ်ထဲသို့ ဝင်လာပါသည်။ ကျွန်တော်က ဆရာမင်းသိခ်ဆေးရုံ ပြန်တက်ရကြောင်းပြောသောအခါ သူမက -

"ရှင်တို့ညီအစ်ကိုလိုလိုလည်း ရင်းနှီးလာတယ်။ သူ့ကျေးဇူးလည်း ကိုယ့်အပေါ်မှာရှိတယ်။ သွားရမှာပေါ့"

ဟု ပြောလာပါသည်။

ကျွန်တော်သည် ခပ်သွက်သွက်ဖြင့် ကားစီးသွားပါသည်။ ကားပေါ်မှဆင်း၍ ဆေးရုံဝင်းထဲဝင်လိုက်သောအခါ စောစောကအတွေးပြန်ဝင်လာပါတော့သည်။ ဟယ်-မတတ်နိုင်ဘူးလေ။ ဒီတစ်ခါတွေ့တာဟာ နောက်ဆုံးဖြစ်ချင်ဖြစ်နေမယ်။ ကိုစိုးသိမ်းတုန်းကလည်း မတွေ့လိုက်ရဘူး။ အခုတစ်ခါတော့တွေ့ဖြစ်အောင်ကိုတွေ့မယ်ဟု ဆုံးဖြတ်ကာ လှေကားထစ်ကို တစ်ထစ်ချင်းတက်သွားပါသည်။

သူ့အခန်းဝသို့ရောက်သောအခါ မတ်တတ်ရပ်လိုက်ပါသည်။ ဆရာမင်းသိခ်သည် မော့ကြည့်ပြီး သူ့လူများနှင့် အခန်းရွှေ့သလား၊ အခန်းပြောင်းသလားမပြောတတ်ပေ။ သူအလုပ်ရှုပ်နေသည်ကိုတော့ တွေ့ရပါသည်။

"ဟော့ကောင် ချစ်ဆွေ၊ မင်းလာသလား၊ ငါမအားသေးဘူး"

ဟူသော စကားကိုတော့ ဆိုကောင်းသည်ဟုကျွန်တော်ထင်ပါသည်။

ကျွန်တော်သည် နေရာတွင် မတ်တတ်ရပ်နေပါသည်။ ဆရာမင်းသိခ်သည် ပထမတစ်ခါကြည့်ပြီးကတည်းက နောက်ထပ်မကြည့်တော့ပါ။ ကျွန်တော်စိတ်အနည်းငယ်တိုလာ၏။ ကျွန်တော့်စိတ်တွင် အတ္တမာနလည်းဝင်လာပါသည်။

ထို့ကြောင့် ရပ်နေရာမှ ချာခနဲလှည့်ကာ ကျွန်တော်ပြန်ဆင်းလာပါတော့သည်။

ကျွန်တော်သည် ကားစီးပြီး တန်းပြန်လာပါသည်။ ကျွန်တော့်အမျိုးသမီး အကျိုးအကြောင်းမေးပါသည်။

"အေး-ဒီနေကောင်းပါတယ်ကွ"

ဟုသာ ကျွန်တော်ပြောလိုက်ပါသည်။ အဖြေအနေမှန်ကို အမျိုးသမီးအား မပြောခဲ့ပေ။ ထို့အတူပင် ဦးတင်အေးကိုလည်း ကျွန်တော်တို့ဖြစ်သည့်အကြောင်းကို မပြောမိပါ။

နောက်သုံး၊ လေးလလောက်ကြာသောအခါ ဆရာမင်းသိခ်ကွယ်လွန်ပြီဟူသောသတင်းကို သုဝဏ္ဏမြို့မှ ကျွန်တော်ကြားရပါသည်။ ဆေးရုံတွင်ဆုံးသည်လား၊ မရမ်းတလင်းတွင် ဆုံးသည်လားဟု ကျွန်တော် မသိပါ။

ကျွန်တော့်အမျိုးသမီးက မျက်ရည်ဝဲ၍ပြောပါသည်။

"သူကောင်းတာ၊ ဆိုးတာ အသာထား၊ သူဆိုးတာလည်းမရှိပါဘူးလေ။ ရှင်သွားသင့်တယ်"

ဟု ပြောပါသည်။

ကျွန်တော် မည်သည့်နေရာတွင် သွားရမည်မသိ။ မော်ဘီ-မရမ်းတလင်းဆိုလျှင် ဟိုမှာ ညအိပ်ရမည်။ ကားမှာ ဘာကားနှင့်သွားရမည်နည်း။

ကျွန်တော်သည် အတွေးမျိုးစုံဝင်လာပါတော့သည်။ ကိုအောင်ထွန်းနှင့် ကိုစိုးသိမ်းတို့ကို စတွေ့ပုံမှစ၍ ကိုစိုးသိမ်းဘောင်းဘီဝတ်သဖြင့် ကွန်မြူနစ်တော့ ကွန်မြူနစ် ဒါပေမယ့် အမေရိကန်ကွန်မြူနစ်ဟုပြောပုံ၊ မောင်နေမျိုးတို့အိမ်သို့ ကိုအောင်ထွန်းနှင့်သွားကြည့်ပုံ၊ ကိုအောင်ထွန်းနှင့် ကိုစိုးသိမ်းတို့ကောင်းမှုကြောင့် ကျွန်တော်အဖမ်းခံရမည်ဖြစ်ပုံ၊ ကိုအောင်ထွန်းနှင့် ကိုစိုးသိမ်းတို့အဖမ်းခံရပုံ စသည်ဖြင့် ကျွန်တော်သည် အတွေးမဆုံးနိုင်အောင်ရှိပါတော့သည်။ တစ်ခါ ဆရာမင်းသိခ်က သရဲကွေ့ခွဲ လုပ်မည်။ မင်း(၁၂)နာရီလာခဲ့ဟုပြောပုံကိုလည်း ဤစာအုပ်တွင်မပါသော်လည်း ကျွန်တော်အမှတ်ရနေပါသည်။

ယခုတော့မရှိကြတော့ပြီ။ ဆရာတည်ကြည် (ရှင်နေမိန္ဒမဟိဝံသ) လည်း ပျံလွန်တော်မူလေပြီ။ ကိုအောင်ထွန်း (ဆရာမင်းသိခ်) လည်း ယခုမရှိတော့ပါ။ ကိုစိုးသိမ်းလည်း ဆုံးပါးရှာပြီဖြစ်သည်။ ကျွန်တော်တစ်ယောက်တည်းသာ ကျန်ပါတော့သည်။

တခြားသူများ သူ့အလှည့်နှင့်သူ သွားကြပြီ ဖြစ်သည်။ ကျွန်တော့်အလှည့်ကား ဘယ်တော့ဖြစ်မည်နည်း။ နက်ဖြန်ခါလား၊ ရွှေ့လလား၊ ရွှေ့နှစ်လား၊ ဘုရား၊ ရဟန္တာမှတစ်ပါး မည်သူမျှ သိမည်မဟုတ်ပါ။

သေတော့သေကြရမည်။ မသေခင် ဘာလုပ်ကြမလဲ ဟူသော အမေး စကားပေါ်လာပါတော့သည်။

မသေခင်ဘာလုပ်ကြမလဲ။

တက္ကသိုလ်ကြည်သင်း

(ဤစာအုပ်ပါအချက်အလက်များသည် ရှေ့နောက်အဖြစ်အပျက်ပြောင်းပြန်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အချို့အလက်များမှာ အမှန်သာဖြစ်ကြောင်း ထပ်ဆင့်ဝန်ခံပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



# တက္ကသိုလ်အပန်ဖြေ

## ရွှေတိဂုံရင်ပြင်ပေါ်မှ ထူးခြားသောပုဂ္ဂိုလ်များ

ကျွန်တော်သည် ငယ်စဉ်အရွယ်ကပင် မိဘ၊ ဆရာများ သွန်သင်ညွှန်ပြမှုကြောင့် အရဟံပုတီးစိပ်နည်းဖြင့် ပုတီးစိပ်တတ်ခဲ့သည်။

အရဟံ - ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အ,ရဟံ - ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကိုပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သောမြတ်စွာဘုရား။

ကျွန်တော် ၁၉၅၈-၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ စတက်ရသည်။ စိပ်နေကျ အရဟံပုတီးစိပ်နည်းမှာ လွယ်ကူသဖြင့် ပုတီးစိပ်ရသည်ကိုငြီးငွေ့လာ၏။ ပုဂ္ဂိုလ်ထူးများစိပ်နေကျသော ပုတီးစိပ်နည်းကို စိပ်ကြည့်ရန် အာသီသပြင်းပြနေသည်။

တစ်နေ့ ရွှေပြည်သာမြို့နယ် လှော်ကားရှိ သာခုကန်ဘုရားပေါ်တွင် ပုတီးစိပ်နေ၏။ ပုတီးစိပ်ပြီးသောအခါ ညာဘက်နံဘေးတွင် ဘုန်းကြီးတစ်ပါး ရောက်နေသည်ကို တွေ့လိုက်ရသည်။ ဘုန်းကြီးမှာ အသက် (၆၀) အရွယ်မျှသာရှိသေးသည်။ ငုဝါရောင်သင်္ကန်းကို ဝတ်ရုံထား၏။ ဘုန်းကြီးကိုမြင်ဖူးသလိုလို ကြည့်နေစဉ် ဘုန်းကြီးက စာရွက်တစ်ရွက်ကို ကျွန်တော့်လက်ထဲသို့ထည့်ပြီး-

"ဒကာလေး၊ ဒီပုတီးစိပ်နည်းကို စိပ်ပါလား။ ထူးခြားလာလိမ့်မယ်။ ဒကာလေးနဲ့လည်း ပဋ္ဌာန်းဆက်ရှိတယ်။ ဒီပုတီးစိပ်နည်းကိုစိပ်ရင်း အားလုံးက ဝိုင်းပြီးစောင့်ရှောက်ကြလိမ့်မယ်"

ပြောပြောဆိုဆို ထိုင်ရာမှထ၍ ဘုရားစောင်းတန်းမှဆင်းသွားပြီး လူအုပ်ကြားတွင် ရောနှောပျောက်သွား၏။ ထိုစဉ်က သာခုကန်ဘုရားပွဲရှိနေသဖြင့် လူစည်ကားသည်။ စာရွက်တွင်ပါရှိသေး ပုတီးစိပ်ကိုဖတ်ကြည့်သောအခါ ယက္ကန်းစင်တောင်ဆရာတော်ဦးသြဘာ၏ ပုတီးစိပ်နည်းဖြစ်ကြောင်းရေးထား၏။ ပုတီးစိပ်ရန် ညွှန်ကြားထားသည်မှာ -

- သိဒ္ဓိ ဘဂဝါ အရဟံ ဗုဒ္ဓေါ မေ သတ္တ ပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
  သိဒ္ဓိ ဘဂဝါ အရဟံ ဓမ္မော မေ သတ္တ ပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
  သိဒ္ဓိ ဘဂဝါ အရဟံ သံဃော မေ သတ္တ ပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ။

သုံးပုဒ်ကို ပုတီးတစ်လုံးချရန်ဖြစ်သည်။ ကျွန်တော်သည် ပုတီးစိပ်နည်းကို အပြန်ပြန်အလှန်လှန်ဖတ်ကြည့်ပြီးနောက် တစ်နေ့လျှင် ဘယ်နှပတ်စိပ်ရမည်ကို သိရှိလိုသဖြင့် ဘုရားပေါ်မှဆင်း၍ ဘုန်းကြီးအား နေရာအနှံ့ရှာကြည့်သေးသည်။ လုံးဝမတွေ့တော့ပါ။ ခဏတာမျှ ဖူးတွေ့ရပေမယ့် ဘုန်းကြီးသဏ္ဌာန်သည် မျက်လုံးအစုံတွင် စွဲ၍ကျန်ခဲ့သည်။

တစ်နေ့ အဒေါ်ဖြစ်သူက စိပ်ပုတီးတစ်ကုံး လက်ဆောင်လာပေးသည်။ အဒေါ်သည် ပျဉ်းမနားမြို့တွင် နေထိုင်သူဖြစ်ပြီး စမတောင်မှ ဘုန်းကြီးတစ်ပါးက ပေးခိုင်း၍ ပေးရသည်ဟု ပြော၏။

ဘုန်းကြီးက -

"အင်းစိန်မြို့မှာ တူတောင်မောင်တစ်ယောက်ရှိတယ်မဟုတ်လား။ စနေသားလေ။ အဲဒီတူကိုဘုန်းကြီးကပေးခိုင်းတယ်လို့ပြောပါ"

ဟု မှာကြား၍လာပေးရခြင်း ဖြစ်သည်။

ကျွန်တော်သည် စမတောင်တော်ကိုလည်း မရောက်ဘူးသလို ဘုန်းကြီးကိုလည်း တွေ့ဖူး၊ မြင်ဖူးခြင်းလည်းမရှိပါ။ သို့ရာတွင် ဘုန်းကြီး၏ ပုံသဏ္ဌာန်ကို အဒေါ်ပြောပြချက်အရဆိုလျှင် သာခုကန်မှာ ပုတီးစိပ်နည်းကိုလာပေးသွားသောဘုန်းကြီးပင် ဖြစ်နိုင်သည်ဟု ယူဆရသည်။

စိပ်ပုတီးနှင့်အတူ ကတ်ပြားလေးတစ်ခုပါလာသေးသည်။ ကတ်ပြားပေါ်တွင် ယက္ကန်းစင်တောင်ဆရာတော်၏ ပုတီးစိပ်နည်းကို ပုံနှိပ်ထားသည်။ ကတ်ပြား၏ကျောဘက်တွင် ဘုန်းကြီးတစ်ပါး ပုံပါရှိပြီး ပုံတော်အောက်ဘက်တွင် ယက္ကန်းစင်တောင်ဆရာတော်ကြီး ဦးသြဘာသဟု ရိုက်နှိပ်ထား၏။ ထိုပုံတော်ကို သေချာကြည့်သောအခါ သာခုကန်ဘုရားပေါ်တွင် ဖူးတွေ့လိုက်ရသော ဘုန်းကြီးနှင့် ခပ်ဆင်ဆင်တူနေကြောင်း အံ့သြစွာတွေ့ရှိရသည်။

ပုတီးမှာ ပုလဲလုံးအရွယ်ရှိ ကြိုးပုတီးဖြစ်သည်။ ကြိုးလုံးများကို သစ်စေးဖြင့် မွမ်းမံထားသည်။ ထိုပုတီးဖြင့် တစ်နေ့လျှင် (၉) ပတ်ပုံမှန်စိပ်ခဲ့၏။ ပုတီးစိပ်သက်ရင့်လာသောအခါ ဓာတ်တွေစီးလာသည်။ ပုတီးကိုင်ထားသည့်လက်တွေတုန်လာသည်။ ပုတီးရိုက်ခတ်သံက တဂျောက်ဂျောက်၊ ခေါင်းကတခါခါနဲ့ ဖြစ်နေ၏။ ဘာသာစကားအမျိုးစုံကိုလည်း နှုတ်စီး၍ပြောတတ်သေးသည်။ တချို့က ဘုရားတွေမှာ ပုတီးစိပ်ဖို့ ညွှန်ကြားကြ၏။

❑

တစ်နေ့တွင် ရွှေတိဂုံစေတီတော်သို့ ပုတီးစိပ်ရန်သွား၏။ ရှင်အဇ္ဇဂေါဏတန်ဆောင်းတွင် ပုတီးစိပ်ရန် ညွှန်ကြား၍ ဖြစ်သည်။ ပုတီးစိပ်နေစဉ် လက်တွေကတုန်၊ စိပ်ပုတီးက ကြမ်းပြင်နှင့်ထိပြီး တဂျောက်ဂျောက်မြည်နေ၏။ ခေါင်းကတညိတ်ညိတ်နှင့်လှုပ်နေသည်။ ရှင်အဇ္ဇဂေါဏတန်ဆောင်းမှာ သာယာဝတီမင်းခေါင်းလောင်းနံဘေးနှင့် နောင်တော်ကြီးဘုရားခြေရင်းတွင်ရှိသည်။

ပုတီး (၇) ပတ်စိပ်ပြီးသောအခါ ရပ်လိုက်သည်။ ဆုတောင်း၊ အမျှပေးဝေအပြီးတွင် ဘုန်းကြီးတစ်ပါး တန်ဆောင်းအတွင်းသို့ဝင်လာပြီး ကျွန်တော့်အရှေ့တွင်ထိုင်သည်။ ကျွန်တော့်ကို သေချာစွာ အကဲခတ်ပြီးနောက် အောက်ပါအတိုင်း ဩဝါဒပေးပါတော့သည်။

"ဓာတ်စီးတယ်ဆိုတာ ပုဂ္ဂိုလ်အစစ်အမှန်တွေရှိကြသလို လမိုင်းတွေကလည်း ကပ်လာတတ်တယ်။ ပဋ္ဌာန်းဆက်ရှိရင်တော့ ပုဂ္ဂိုလ်အစစ်အမှန်တွေကြွလာသလို မရှိရင်တော့ လမိုင်းတွေဝင်လာတတ်တယ်ကွယ့်။ လမိုင်းဆိုတာက အနှောင့်အယှက်ပေးပြီး ဖျက်လိုဖျက်ဆီးလုပ်တတ်ကြတယ်လေ။ ဓာတ်စီးတာကို မသာယာမိစေနဲ့။ ပုတီးစိပ်တယ်ဆိုတာ ဗုဒ္ဓါနုဿတိသမထလမ်းစဉ်ပဲ။ တဖြည်းဖြည်းနဲ့ သမာဓိကောင်းလာအောင်လုပ်ရမယ်။ လက်တွေကတုန်၊ ခေါင်းကခါလှုပ်နေရင် ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com

သမာဓိဖြစ်မှာလဲ ဒကာလေး။ ဓာတ်စီးတာတွေ မသာယာမိစေနဲ့ ကြားလား။ ဘုန်းကြီးက အဲဒါတွေကို ပြောချင်လို့ကြွလာရတာ"

ဘုန်းကြီးက တန်ဆောင်းအတွင်း ဘုရားဝတ်ပြုပြီးနောက် ပြန်ကြွသွား၏။ ကျွန်တော်သည် ဘုန်းကြီးစကားကြောင့် နည်းနည်းရှက်မိသွားသည်။ ကိုယ့်ကိုယ်ကိုယ် အပဟုတ်ကြီးထင်နေခဲ့မိသည်။ ဓာတ်မစီးနိုင်အောင် မည်သို့လုပ်ရမည် ထွက်၍ ဘုန်းကြီးကို ရှာဖွေကြည့်သည်။ ဘုရားရင်ပြင်တစ်ခုလုံးနှင့် ချောင်ကြားအားလုံးတွင် ရှာကြည့်သော်လည်း မတွေ့ရတော့ပါ။

နောက်တစ်နေ့နံနက်မှစ၍ ပုတီးစိပ်တိုင်း ဓာတ်မစီးနိုင်အောင် သမာဓိအားဖြင့် ထူထောင်စမ်းသပ်ကြည့်သည်။ တစ်ခါတစ်ရံ မသိမသာဓာတ်စီးလာပြန်သည်။ မြတ်စွာဘုရား၏ ပုံတော်ကို အမိအရ အာရုံပြု၍ ပုတီးစိပ်ပြီးလျှင် အာနပါနုဿတိဘာဝနာ (၁၀) မိနစ်ခန့်ပြုလုပ်လိုက်သောအခါ ဓာတ်မစီးတော့ပါ။

တစ်ခါတစ်ရံ စစ်မှန်၍ စောင့်ရှောက်နေသောပုဂ္ဂိုလ်များ ဓာတ်စီးပြီး ညွှန်ကြားလာ၏။ အစပထမကတော့ ဓာတ်မစီးတော့သဖြင့် ဝမ်းနည်းသလိုလို ခံစားရပြီး သမာဓိအားတိုးတက်လာသည်ကို ကောင်းစွာသိရှိခဲ့သောအခါ ဝမ်းသာမဆုံးဖြစ်ရသည်။

❏

ဆောင်းကာလ၏နံနက်ခင်းတစ်ခုဖြစ်သည်။

နှင်းမြူစို့ရွဲ တပို့တွဲလပေမို့ နှင်းမြူမှုန်များတဖွဲဖွဲကျနေ၍ ချမ်းအေးလှသဖြင့် စောင်ကိုခြုံ၍မေးနေ၏။ ထိုစဉ် လှုပ်နှိုးသလို ခံစားလိုက်ရပြီး အိပ်ရာမှ အလူးအလဲထလိုက်၏။ ဘုရားသောက်တော်ရေလဲ၊ ဆီမီးတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်လိုက်သည်။ မကြာခင် ဆရာတော်က ညွှန်ကြားခိုင်းသည်ဟုပြော၍ ဓာတ်စီးလာ၏။ ဆောင်ရွက်ရမည့်အလုပ်မှာ ရွှေတိဂုံဘုရားရှိမွှေစေတီတွင် အဆောင်တစ်ခုသွားယူရန် ဖြစ်သည်။ သွားယူရမည့်အချိန်မှာ နေ့လယ် (၂) နာရီတိတိတွင်ဖြစ်၏။

ကျွန်တော်သည် နံနက်စာစားပြီး ရွှေတိဂုံစေတီသို့သွားခဲ့သည်။ဘုရားပေါ်သို့ ရောက်သောအခါ နေ့လယ် (၁)နာရီတိတိကို ညွှန်ပြနေသည်။ အရှေ့ဘက်မုခ်ဘေးရှိ မွှေစေတီသို့သွားသောအခါ ပုတီးစိပ်နေသူများနှင့် ပြည့်နေသည်။ နေရာလပ်မရှိတော့သဖြင့် အစွန်နားတွင်နေရာယူပြီး ပုတီးစိပ်ရန် ပြင်ဆင်လိုက်သည်။

ပညာရေးဂြိုဟ်ညံ့နေသဖြင့် စနေထောင့်တွင် မေမြို့ပန်းနှင့်ပေါက်ပေါက်တို့ကို လှူဒါန်းပြီး စနေထောင့်ရှိ နေလဘုရားတွင် ပုတီးစိပ်ရန် ရောက်သွားသည်။ ဘုရားတွင် ပုတီးစိပ်နေသူ သုံးဦးသာရှိ၏။ ဘုရားရှိခိုးပြီး ပုတီး (၉) ပတ် စိပ်လိုက်သည်။ ပုတီးစိပ်ပြီးနောက် အာနာပါနနုဿတိဘာဝနာ (၁၅) မိနစ်ခန့် ပြုလုပ်လိုက်၏။ ဆက်၍ မေတ္တာသုတ်ရွတ်ပွားပြီး သတ္တဝါအားလုံးကို မေတ္တာပို့၍ လိုချင်သောဆုများကို စိတ်ထဲမှပင် တိုးတိုးတိတ်တိတ် ဆုတောင်းလိုက်ပါသည်။

ဆုတောင်းအပြီးတွင် စောင့်ရှောက်နေသောပုဂ္ဂိုလ်ကမနေ။ ဓာတ်စီးလာပြီး အလှူခံပုဂ္ဂိုလ်လာလျှင် ပေးလှူလိုက်ဖို့ မှာကြားပါသည်။ ကျွန်တော်သည် ရွတ်ဖတ်နေကျဖြစ်သော မဟာဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်ရန် ပြင်ဆင်နေချိန်တွင် -

"ထမင်းဖိုးလေးစွန့်ကြခဲ့ပါ"

ကျွန်တော်၏အရှေ့သို့ အဘိုးအိုတစ်ယောက်ရောက်လာပြီး လက်ဖြန့်၍ တောင်းလာသည်။အဘိုးအိုမှာ အသက် (၇၀) အရွယ်မျှရှိပြီး ပိတ်ဖြူဝတ်စုံကို ဝတ်ထားသည်။ အဝတ်အစားမှာ ညစ်ထေးဟောင်းနွမ်းနေပြီး ညာလက်ဝါးနှင့် ညာခြေဖဝါးတို့တွင် ပတ်တီးစည်းထားသေး၏။ ပုံပန်းသဏ္ဌာန်မှာ ဂိလာနပုဂ္ဂိုလ်ဟုထင်ရသည်။ အဝတ်အစားများ ညစ်ထေး ဟောင်းနွမ်းနေသော်လည်း မျက်လုံးအစုံမှာ တောက်ပနေ၏။

ကျွန်တော်သည် အဘိုးအိုအား ထမင်းဖိုးအနေဖြင့် ငွေ (၂၀၀ )ဒါနပြုလိုက်သည်။ ထိုစဉ်က ထမင်းတစ်ပွဲ (၁၀၀) သာရှိသေးသည်။ အဘိုးအိုသည် ငွေ (၂၀၀) ကို ညာလက်နှင့် ဆုပ်ကိုင်ထားပြီးနောက် ဆုများပေး၍ လေးလံနှေးကွေးသောခြေလှမ်းများဖြင့် စနေထောင့်ဆီသို့ထွက်သွား၏။

မဟာဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်ပြီးနောက် စာအုပ်နှင့် ပုတီးကို သိမ်းဆည်းပြီး အဘိုးအိုသည် စောင့်ရှောက်သောပုဂ္ဂိုလ်ဖြစ်နိုင်သည်ဟု တွေးနေမိ၏။ အဘိုးအိုပေးခဲ့သောဆုများကို ပြန်လည်စဉ်းစားသတိရသောအခါတွင် လွန်စွာအံ့အားသင့်ခဲ့ရသည်။ အဘိုးအိုပေးသောဆုကား -

'ကျန်းမာပါစေ'

'ချမ်းသာပါစေ'

'ရာထူးတိုးမယ့် စာမေးပွဲ အောင်မြင်ပါစေ' တဲ့။

ယနေ့ နေလဘုရားတွင် တိုးတိုးတိတ်တိတ် စိတ်ထဲမှတောင်းခဲ့သောဆုများသည် အဘိုးအိုပေးသွားသောဆုများနှင့် တစ်ထပ်တည်းတူနေခဲ့သည်။ ကျွန်တော်တောင်းခဲ့သောဆုများကို သိနေသဖြင့် ထူးခြားသောပုဂ္ဂိုလ်ဖြစ်ရမည်ဟု ယုံကြည်ထင်မှတ်ပြီး ဘုရားရင်ပြင်ပေါ်၌ လှည့်ပတ်ရှာကြည့်မိသည်။ သို့ရာတွင်မသန်မစွမ်းဖြစ်နေပုံရသော ဂိလာနအဘိုးအိုအား လုံးဝရှာမတွေ့တော့ပါ။ ငါးလအကြာတွင် ဆုပေးသွားသည့်အတိုင်း ရာထူးတိုးတက်ခဲ့ပါတော့သည်။

ပိတောက်နှင့် ငုဝါများ ပင်လုံးကျွတ်ပွင့်နေချိန် ဖြစ်သည်။

ကျွန်တော်သည် သင်္ကြန်ကာလအတွင်း အမိဋ္ဌာန်ဝင်နေသဖြင့် ရွှေတိဂုံဘုရားပေါ် သို့မရောက်တာကြာပြီဖြစ်၏။ အမိဋ္ဌာန်ပြီးသည်နှင့် ရွှေတိဂုံစေတီသို့ အရောက်သွားခဲ့၏။ထုံးစံအတိုင်း အရှေ့ဘက်မုခ်နားရှိ မွှေစေတီတွင် ပုတီးစိပ်သည်။ ပုတီးစိပ်ပြီး၍ နောင်တော်ကြီးဘုရားခြေရင်းရှိ ရှင်အဇ္ဇဂေါဏတန်ဆောင်းသို့ ပုတီးစိပ်ရန်ဆက်သွား၏။

တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကြီးအနားသို့ ရောက်သွားအခါ ခေါင်းလောင်းကြီးနှင့်ကပ်လျက် အရှေ့ဘက် အာရုံခံတန်ဆောင်းတွင် ရဟန်းတော်တစ်ပါး တရားဟောနေသည်ကို တွေ့ရသည်။ တရားနာပရိတ်သတ်က ငါးရာမျှရှိမည်ထင်ပါသည်။ တန်ဆောင်းအတွင်း ပြည့်လျှံနေ၏။

ကျွန်တော်သည် တန်ဆောင်းအပြင်ဘက်တစ်နေရာတွင် နေရာယူပြီး တရားနာလိုက်သည်။ ဆရာတော်အကြောင်းကို အနီးအနားရှိ တရားနာနေသူ အမျိုးသမီးကို စပ်စု၍ မေးကြည့်သည်။ အမျိုးသမီးက ထန်တလန်ခန္ဓာ ဆရာတော်ဖြစ်ကြောင်းနှင့် ချင်းတောင်တွင်း တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရကဲ့သို့ပင် သာသနာပြုလုပ်ငန်းများလုပ်နေကြောင်း ပြောပြသည်။ ဝိဇ္ဇာမယသမထပညာခန်းကို ကျင့်ကြံအားထုတ်ခဲ့ကြောင်းလည်း သိရှိရသည်။

စိတ်ဝင်စားစွာဖြင့် တရားတော်ကို တစ်ဝက်တစ်ပျက် နာယူလိုက်သည်။ တရားမှာ သီလနှင့် ဘာဝနာအကြောင်း ရိုးရိုးရှင်းရှင်းလေးသာဖြစ်၏။ဆရာတော်၏ ဥပဓိရုပ်မှာ ဖြူဖွေးသန့်စင်နေပြီး သက်တော် (၅၀) နီးပါးမျှရှိမည်ထင်ပါသည်။ အသံဩဇာရှိ၍ အသံနေအထားမှာ ကြည်လင်ပြတ်သားမှုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် တရားဟော အပြီးတွင် ပုတီးစိပ်ခြင်းအကျိုးကျေးဇူးနှင့် သမာဓိစွမ်းအားများရရှိတတ်ပုံ အကြောင်းများကို ဆက်၍ရှင်းလင်းပြောကြားပါသည်။ ခေတ္တအနားယူပြီးနောက် တရားနာပရိသတ်များထံမှ စိပ်ပုတီးများပါက ပေးဖို့မှာကြားပါသည်။ စိပ်ပုတီးများကို သိဒ္ဓိတင်၍ပေးမည်ဟု မိန့်တော်မူသည်။

တရားနာပရိသတ်ထံမှ စိပ်ပုတီးကုံး (၂၀၀) နီးပါးခန့် ဆရာတော်ရှေ့သို့ ရောက်သွားပြီး ကျွန်တော်လည်း စိပ်နေကျပုတီးကို အမှတ်အသားပြုလုပ်ပြီး ဆရာတော်၏ရှေ့သို့ လက်ဆင့်ကမ်းပြီး ပို့လိုက်သည်။ ဆရာတော်၏ရှေ့မှောက်တွင် ပုတီးကုံး (၂၀၀) ခန့်သည် အပုံကြီးသဖွယ်ဖြစ်နေ၏။

ဆရာတော်သည် စိပ်ပုတီးများကို လက်နှစ်ဖက်နှင့် မွေနှောက်၍ သိဒ္ဓိတင်ပေးသည်။ စိပ်ပုတီးကုံးများသည် အထက်မှ အောက်သို့ လည်းကောင်း၊ အောက်မှ အထက်သို့ လည်းကောင်း အပြန်အလှန်ရောက်သွားပြီး (၁၅) မိနစ်အကြာတွင် သိဒ္ဓိတင်ပြီးသွားပါသည်။

ဆရာတော်က ပုတီးပုံမှ စိပ်ပုတီးများကို ဆွဲထုတ်ပြီး ပိုင်ရှင်များကို တစ်ဦးချင်းခေါ်ပေးပါသည်။ (၉) ယောက်မြောက်အရောက်တွင် ဆရာတော်က အပြင်ဘက်တွင်ထိုင်နေသောကျွန်တော့်ကို လှမ်းခေါ်သည်။ ကျွန်တော်သည် လူအုပ်ကြားကို တိုးဝင်သွားပြီး ဆရာတော်၏အရှေ့သို့ ရောက်သွား၏။

ဆရာတော်က -

"ဒါ ဒကာလေးရဲ့စိပ်ပုတီးမဟုတ်လား။ ပုတီးကိုသိဒ္ဓိတွေအများကြီးတင်ထားပြီးပြီပဲ။ ဒကာလေးဆက်ပြီးကြိုးစား။ ဒကာလေးကို စောင့်ရှောက်ပေးနေတာ ယက္ခန်းစင်တောင်ဆရာတော်ပဲ မှတ်ထား"

ဟု ပြောပြီး ပုတီးကိုလက်ထဲသို့ ထည့်ပေးပါသည်။ စိပ်ပုတီးကို သေချာစွာ စစ်ဆေးကြည့်သောအခါ အမှတ်အသားပြုလုပ်ပေးလိုက်သော ကျွန်တော်၏ စိပ်ပုတီးအစစ်အမှန်ဖြစ်နေတော့သည်။

ကျွန်တော်သည် စိပ်ပုတီးကိုယူပြီး လူအုပ်ကြားမှ တိုးဝှေ့၍ပြန်ထွက်လာသည်။ နေရာသို့ပြန်ရောက်ချိန်တွင် နံဘေးမှ အမျိုးသမီးက -

"ဆရာတော်နဲ့သိနေတာလား"

"မဟုတ်ပါဘူး၊ ခုမှတွေ့ဖူးတာပါ"

ထိုမျှသာ ပြန်ပြောပြီး အတွေးနယ်ချဲ့နေမိတော့သည်။ ဤမျှများပြားသော စိတ်ပုတီးများထဲမှ ရွေးချယ်ပြီး ပိုင်ရှင်အစစ်ကိုခေါ်ပေးနိုင်သည့်အတတ်ပညာမှာ ဆန်းကြယ်ထူးခြားသည်ဟု ထင်မိသည်။

ထို့ပြင် ယက္ခန်းစင်တောင်ဆရာတော်စောင့်ရှောက်နေသည်ဟု အမိန့်ရှိသည်မှာလည်း တိုက်ဆိုင်လွန်းသည်။ ထူးခြားသောပုဂ္ဂိုလ်တစ်ဦးသာ ဖြစ်ချေမည်ဟု ယူဆသတ်မှတ်ရပါမည်။ ဆရာတော်အား တစ်စေ့တစ်စောင်းလိုက်၍ ချောင်းကြည့်မိရာ ကိုးကွယ်နေကြသော တပည့်ရင်း ဒကာရင်းများ ခြံရံလျက် အရှေ့ဘက်တန်ဆောင်းမှဆင်း၍ပြန်ကြွသွားသည်ကို ဖူးတွေ့လိုက်ရပါတော့သည်။

နွေရာသီသည် ဆယ်နေကဲတမျှပူလောင်နေ၏။

ကျွန်တော်သည် ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့တွင် (၅) နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်မြို့သို့ပြန်အရောက်တွင် ရေခဲရေအသောက်များသဖြင့် ဆီးရောဂါဝေဒနာဖြစ်ပေါ်လာ၏။ ဆီးကျင်၊ ဆီးအောင့်၊ ဆီးသွေးပါရောဂါကြောင့် အမိဋ္ဌာန်ဝင်ခြင်းကို ခေတ္တရပ်နားထားသည်။

တစ်နေ့တွင် စောင့်ရှောက်သောပုဂ္ဂိုလ်က ရွှေတိဂုံစေတီသို့သွား၍ ပုတီးစိပ်ရန် မနေ့ဖြင့် ညွှန်ကြားလာပြန်သည်။ ပူပြင်းသောရာသီတွင် ဆီးရောဂါမှာ ပြင်းထန်စွာ ခံစားနေရသော်လည်း ပုဂ္ဂိုလ်၏ညွှန်ကြားချက်ကို လေးစားစွာလိုက်နာနေကျဖြစ်၏။ ထိုနေ့စောစောကပင် ပုတီးနှင့် ပါနေကျ ရွှေတိဂုံစေတီတော်မဟာပဋ္ဌာန်းစာအုပ်ကိုယူ၍ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်သို့တက်ခဲ့သည်။

ဘုရားပေါ်သို့ရောက်သောအခါ ရှင်အဇ္ဇဂေါဏတန်ဆောင်းနှင့်မွေစေတီတို့တွင် ပုတီးစိပ်၊ တရားထိုင်နေကြသူများ ပြည့်ကျပ်နေ၏။ လူသူရှင်းသောနေရာတွင် ပုတီးစိပ်မည်ဟု ရည်ရွယ်ချက်ဖြင့် တနင်္ဂနွေထောင့်သို့လျှောက်သွားသည်။ သာယာဝတီမင်းခေါင်းလောင်းတော်၏မြောက်ဘက်၊ နောင်တော်ကြီးဘုရား၏အရှေ့တွင် ဘုရားတစ်ဆူရှိ၏။ ဘုရားသည် မြောက်ဘက်သို့ မျက်နှာမူထားသည်။ ထိုဘုရားကို ရှမ်းဘုံးတော်ကြီး ပခေါ်ယိုဘုရားဟု မမှိမိတ်ဆွေတစ်ဦးက ပြောပြဖူးသည်။

ကျွန်တော်သည် လူရှင်းသဖြင့် ထိုဘုရားအရှေ့တွင် ရှိခိုးပုတီးစိပ်လိုက်သည်။ ပုတီး (၃) ပတ်စိပ်ပြီးသောအခါ ဆီးထိုးအောင့်လာပြီး ဆီးကျင်သောဝေဒနာပေါ်လာသည်။ ဆီးရောဂါကို ပြင်းထန်စွာခံစားနေရသဖြင့် ပုတီးဆက်စိပ်ရန် ဆန္ဒမရှိတော့ပါ။ ကြိုးစား၍ ပုတီးစိပ်ကြည့်ပြန်သော်လည်း စိတ်ကိုဝေဒနာကသာ အစိုင်ယူ လွှမ်းမိုးနေခဲ့သည်။ မျက်စိကိုမှိတ်၍ ဝေဒနာကို ကြိတ်မှိတ်ခံစားနေချိန်တွင် -

"လူကလေး၊ ဒီဆေးကိုသောက်လိုက်ပါ"

အသံကြားသဖြင့် မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ အဘိုးအိုတစ်ဦး အနားတွင်ရပ်နေပြီး ဆေးလုံးသုံးလုံးကို လှမ်းပေးနေသည်ကို တွေ့လိုက်ရသည်။ အဘိုးအိုမှာ အသက် (၈၀) နီးပါးရှိမည်ထင်ပါသည်။ တိုက်ပုံအကျႌအညိုရောင်ကို ရင်စေ့ဝတ်ထားပြီး ပုဆိုးမှာအနီကွက်တုံးဖြစ်၏။ ဖြူဖွေးနေသောသျှောင်တစောင်တွင် နံ့သာရောင်ပိုးပဝါကို ပေါင်းထား၏။ ကျွန်တော် ဝေဒနာခံစားရင်း နားမလည်သော အမူအရာဖြင့် ကြည့်နေစဉ်-

"ဒီဆေးကို အမြန်သောက်လိုက်ပါ။ ဝေဒနာတွေသက်သာသွားလိမ့်မယ်"

"ဗျာ"

ဟုသာတစ်လုံးတည်းပြောမိသည်။ ဝေဒနာမှာ မချိမဆံ့ခံစားနေရသည်မို့ အဘဆီမှဆေးကို အလောတကြီး လှမ်းယူလိုက်ပြီး ပါလာသော ရေသန့်ဘူးနှင့် သောက်ချလိုက်၏။ ဆေးမှာ ရွေးစေ့အကြီးနီးပါးအရွယ် အမည်းရောင်ဖြစ်ပြီး ခါးသောအရသာကိုနွှယ်၏။ အဘိုးအိုသည် ဆေးသောက်နေသည်ကိုပင် ဂရုမပြုတော့ဘဲလှည့်ထွက်သွားသည်။

ပါလာသောပစ္စည်းများကို မသိမ်းသေးဘဲ အဘိုးအိုနောက်ပြေးလိုက်သွား၏။ အဘိုးအိုသည် ခေါင်းလောင်းကြီးဘေးမှ ရှင်အဇ္ဇဂေါဏတန်ဆောင်းဘက်သို့ ချိုးဝင်သွားသည်ကိုတွေ့လိုက်ရသည်။ ရှင်အဇ္ဇဂေါဏတန်ဆောင်းရှေ့သို့ရောက်သောအခါ အဘိုးအိုအား အရိပ်အယောင်မျှပင်မတွေ့ရတော့ပါ။

မကြာမီ ဆီးအောင့်၊ ဆီးကျင်သော ဝေဒနာမှသက်သာသွား၏။ ပုတီး (၉) ပတ်စိပ်ပြီး အိမ်သို့ပြန်လာခဲ့သည်။ ထူးဆန်းသည်မှာ ထိုအချိန်မှစ၍ ဆီးရောဂါဝေဒနာမှာ လုံးဝသက်သာသွားပါတော့သည်။

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တွင် ထိုကဲ့သို့ ထူးခြားသော ပုဂ္ဂိုလ်များ ရေတွက်၍မရနိုင်အောင်ရှိနေမည်ထင်ပါသည်။

တက္ကသိုလ်အေပန်းငယ်



www.burmeseclassic.com

www.burmeseclassic.com

# သန့်ဇင်

# ခိုက်သောအဆောင်

မိခင်ဖြစ်သူက ဒီသားလေးမွေးလာတော့ သားဦးမို့ မအေ့နာမည်ပါပါအောင် ချစ်စနိုးနဲ့ အငဲသားလေးဖြစ်သောကြောင့် ‘စိုးမောင်’ ဟု အမည်ပေးခဲ့သည်။


သို့သော် ပညာသင်ကြားရာ ဓာတ်သက်ပါလာသည်လား၊ ဇာတိဗီဇကြောင့် မျိုးရိုးလိုက်သည်လား၊ ပတ်ဝန်းကျင်ကြောင့်လား စသည်စသည်တို့အား မိခင်ဖြစ်သူမှာ ပညာရှင်ကြီးမဟုတ်၍ မဝေခွဲတတ်ခဲ့ပါ။ သူမ၏သားသည် လူမှန်းသိတတ်စအရွယ်ကတည်းကပင် ဆိုးတေလာခဲ့သည်မှာ အသက်(၂၅)နှစ်အရွယ် ယခုအချိန်အထိဖြစ်တော့သည်။ သေချာတာတစ်ခုကတော့ မိဘတို့၏ သွန်သင်ဆုံးမမှု ညံ့ဖျင်းခြင်းကြောင်းဖြစ်သည်။ ဖခင်ဖြစ်သူမှာလည်း အလုပ်ပင်ပန်းသည်ဟုဆိုပြီး အလုပ်ကပြန်လာလျှင် မူးလာတတ်သည်။ တစ်ဦးတည်းသောသားအား ဆုံးမဖို့နေနေသာသာ မြှောက်ပေးတတ်သလို။ မိခင်ဖြစ်သူကလည်း ဥတစ်လုံးတစ်ကောင်ကြွက်သားလေးမို့ မပြောရက်မဆိုရက် အလိုလိုက်ထားခဲ့ရာမှ ယခုအချိန်မှာဖြင့် စိုးမောင်ဟူသောအမည်နှင့်လိုက်ဖက်စွာ ဆိုးတေနေပါတော့သည်။

မြို့ကလေးက ပဲခူးရိုးမ၏အရှေ့ခြမ်း ရန်ကုန်-မန္တလေးကားလမ်း၊ ရထားလမ်းဖြတ်သန်းသွားရာ စည်ကားသည်ဟု ပြောလို့ရသည့်မြို့ ဖြစ်သည်။ ယခင်က ခရီးသည်တင်ကားများ၊ ကုန်တင်ကားများ နေ့၊ ည ဥဒဟိုဖြတ်သန်းသွားနေကြသဖြင့် (၂၄) နာရီ ညမအိပ်သောမြို့ဖြစ်ပေမယ့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပြီးသွားတော့ အဆင့်မြင့်ခရီးသည်တင်ကားတွေက မူလလမ်းဟောင်းမှမလာကြတော့။ အမြန်လမ်းမကြီးမှသာ ခရီးသွားလာကြရာမှ ထိုလမ်းမကြီး၏ဝဲ-ယာတောတောင်တို့မှ တောစောင့်နတ်၊ တောင်စောင့်နတ်တို့သည် ပရိတ်တော်ရွတ်ဖတ်သံ၊ ပဋ္ဌာန်းဒေသနာရွတ်ဖတ်သံ၊ သမ္ဗုဒ္ဓေဂါထာ၊ ဂုဏ်တော်ကိုးပါးတို့အား အမြဲမပြတ်နားကြားကြရကုန်၏။ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အမျှဝေသံများကြောင့် သာဓုအကြိမ်ကြိမ်ခေါ်ဆို ကြရ၏။ ခရီးသွားတို့လည်း ခရီးသွားရာ အမြန်လမ်းတစ်လျှောက် နေ့၊ ည၌(၁၂)နာရီကာလပတ်လုံး ဘုရားတရားမြဲကြကုန်၏။

မြို့ကလေးအား ဖြတ်သန်းသွားရာ ထိုလမ်းမကြီးပေါ်တွင် စိုးမောင်သည် တစ်ဗိုလ်တစ်မင်းဖြစ်သည်။ သူ့အား အပေါင်းအသင်းတွေက စိုးမောင်ဟု မခေါ်ကြ။ ရိုးမထဲမှ ကိုးတောင်ကျားကဲ့သို့ ဆိုးသွမ်းရက်စက်သဖြင့် ကျားကြီးဟုသာ ခေါ်ကြသည်။

မြို့အဝင် ထမင်းဆိုင်လေးသည် နေ့လယ်နေ့ခင်း အပူရှိန်ပြင်းသည့်အခါ ကုန်တင်ကားကြီးများ ခေတ္တနားခိုကြသဖြင့် စည်ကားနေတတ်ပါသည်။ ထမင်းအပြင် အရက်မျိုးစုံလည်းရသည်။ ထို့ကြောင့် ထိုထမင်းဆိုင်လေး၌ မရှိဘူးဆိုလျှင်တောင် ဆယ်ဘီး၊ ဆယ့်နှစ်ဘီးကား လေး၊ ငါးစီးခန့် ရပ်နားနေတတ်သည်။

ထို့ထက် ထိုထမင်းဆိုင်ကလေးစည်ကားနေရသည့် အကြောင်းရင်းကဆိုင်ရှင်မိန်းမကြီး၏ ဆွေမျိုးမကင်းသောမိန်းကလေးတစ်ယောက်ကြောင့်ဖြစ်၏။ အသက် (၂၀) ခန့်အရွယ် ပျိုမြစ်နုနယ်သော ထိုမိန်းကလေးသည် ရိုးရိုးအအလေးဖြစ်သော်လည်း အသားဖြူပြီးတောသူမို့ တင်းတင်းရင်းရင်းရှိသည်။ ထမင်းဆိုင်သို့ရောက်ပြီး မကြာမီမှာပင် ဆိုင်ရှင် အဒေါ်ဖြစ်သူ၏ ထိန်းချုပ်မှုကြောင့်လား၊ ပတ်ဝန်းကျင်မှသင်ပေးသည့် အတတ်ပညာကြောင့်လားမသိ ပြုပြုပြင်ပြင်လေးဖြစ်လာသည်။ နဂိုရှိတော့ နကိုင်းထွက်လာသည်။ ရုပ်ရည်က မြို့သူလေးများနှင့်မခြားဖြစ်လာသည်။ ပြုံးချိုသောမျက်နှာပေး၊ ဖော်ရွေသော စကားသံလွင်လွင်လေးများက ကုန်တင်ကားကြီး၊ ငယ်တို့၏ ကားဆရာ၊ ယာဉ်နောက်လိုက်များအပြင် ပဲခူး-တောင်ငူပြေးဆွဲနေသည့်ဟိုင်းလတ်ခရီးသည်တင်ကားများကိုပါ ဆွဲဆောင်



ပါတော့သည်။

သူမ၏အလှက လမ်းမကြီးအနီးရပ်ကွက်ရှိ စိုးမောင်တို့လူပျိုအသိုင်းအဝန်းမှာပင် သတင်းပျံ့လွင့်လာ၏။ သည်တွင် စိုးမောင်ခေါ် ကျားကြီးနှင့် အပေါင်းအပါတစ်သိုက်တို့၏ညနေခင်းအချိန်များအားရောင်းဝယ်ရာနေရာသည် ထိုထမင်းဆိုင်လေးဖြစ်နေတော့သည်။ ကားဆရာတွေက ကားကြီးများကို ဆိုင်ရှေ့မှာနား၊ ဆိုင်နောက်ဘက်အိမ်သာနှင့် ရေချိုးခန်းကို အသုံးပြုကြပြီးတော့ ခြံဝင်းထဲရှိ သစ်ပင်ရိပ်ကွပ်ပျစ်ပေါ်မှာနားကြ၊ အိပ်ကြဆိုတော့ ထမင်းဆိုင်နှင့် ပိုရင်းနှီးနေကြ၏။ မိန်းကလေးကလည်း အမြဲတမ်း နားနေကျ ဖောက်သည်တွေဆိုတော့ ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံနေသည်ကို ကျားကြီးတို့အုပ်စုက မြင်တွေ့ကြရသောအခါ မျက်စောင်းတခဲခဲတင်းလာကြပါတော့သည်။

❑

“ကျားကြီး၊ (၄၈) /××× ဆယ့်နှစ်ဘီးကားမောင်းတဲ့ ကားသမားကို သတိထားမိလား”

“ဘယ်ကောင်လဲ။ အရပ်မြင့်မြင့် အသားလတ်လတ်၊ မျက်ခုံးမွေးထူထူနဲ့ကောင်လား။ လူပုံစံက ဒွေးနဲ့ခင်ယုဒ်စပ်ကျထားတဲ့ရုပ်နဲ့”

“အေး-မင်းကောင်မလေးက အဲ့ ကောင်ကားဝင်လာရင် အသံကိုစာနေ တာပဲ။ ရေလဲပုဆိုးယူပေးရ၊ မျက်နှာ သုတ်ပဝါယူပေးရနဲ့ ငါတို့တော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com

သူမကိုကြည့်ပြီးရင်ခုန်ကြသလို အဝေး ပြေးကုန်ကားသမားတွေကလည်း သူမ၏အလှတွင် ရင်ခုန်ကြ၏။

ကျားကြီးသည် စားပွဲပေါ်ရှိ အရက်ဖန်ခွက်အား စိုက်ကြည့်နေ၏။ မြန်မာပြည်ရှိ အောက်ခြေလူတန်းစားများ၏ အဆင့်မြင့်သော ဝီအစိမ်းပတ်ဟု ခေါ်ကြသော အာစီအရက်ပယင်းရောင် လဲ့လဲ့သည် ကျားကြီးအား လာလှည့် သောက်လှည့်၊ အသည်းခြောက်လှည့်၊ အရက်နာကျလှည့်၊ မြန်မြန်သုသာန်သို့ သွားလှည့်ဟု ဖိတ်ခေါ်နေပါသည်။ ကျားကြီးကတော့ ဖန်ခွက်ထဲမှ ယစ်ရွှေရည်ဝီအရက်အား မမြင်။

သူမြင်နေရသည်က ထမင်းဆိုင်မှ မြယဉ်သန်းဆိုသော အသားဖြူဖြူ တင်းတင်းရင်းရင်း မိန်းမချောလေးကတစ်လှည့်၊ ကုန်တင်ကားသမား အရပ်မြင့်မြင့်လူညိုချောကတစ်လှည့် မြင်နေရသည်။ မြယဉ်သန်းက သူ့လိုအလုပ်အကိုင်အတည်တကျမရှိသော လမ်းပေါ်မှ လူမိုက်တစ်ယောက်ကို မဲ့ပြုံးပြုံးချ၍ကြည့်သည်။ ကုန်တင်ကားသမားက စစ်ပွဲတစ်ရာမက နိုင်အောင်တိုက်လာခဲ့သော စစ်သူကြီးမဟာဗန္ဓုလ၏အပြုံးမျိုးဖြင့် ပမာမခန့်ကြည့်သည်။ သူဒေါသထွက်လာ၏။

"ဖောင်း. . . ခွမ်း"

အရက်ခွက်ကို ယူပြီး ဆိုင်နံရံသို့ ပစ်ပေါက်လိုက်သည်။ တရုတ်ခေါက်ဆွဲဆိုင်ပိုင်ရှင် ကျုံစိန်သည် ပျာပျာသလဲ ပြေးလာ၏။

"ကျားကီး၊ နင်ဘာဖြစ်လို့ ဒီရက်



မရဘူး"

တုတ်ကလေး [illegible] အရက် [illegible] တစ်ကျိုက်တည်းမော့ချလိုက်ပြီး [illegible] အသားတစ်ဖွန်းအားခပ်စား၍ [illegible] တစ်ချက်ထွေးလိုက်၏။

မြယဉ်သန်းဆိုသော ထမင်းဆိုင်မှ မိန်းမချောလေးသည် ထမင်းဆိုင်သို့ ရောက်ပြီး မကြာမီမှာပင် တစ်သွေးတစ်မွေးဖြစ်လာ၏။ ရွာခံတွေကလည်း

www.burmeseclassic.com

ခွက်ကိုပစ်ပေါက်ရသလဲ။ ဝကိုမကျေနပ်ဘူးလား၊ ဝ နင့်ကို အီရက်အကြွေးရောင်းတယ်နော်။ ငါ့ဆိုင်ထဲမှာ ပြတနာမရှာပါနဲ့"

"ကိုကျံစိန်၊ ခင်ဗျားကို စိတ်ဆိုးလို့မဟုတ်ပါဘူး။ ဟိုလမ်းဝထမင်းဆိုင်ကကောင်မလေးကို ဒေါသထွက်လာလို့ လုပ်မိလုပ်ရာလုပ်လိုက်တာ"

"အေး အေး-ငါသိတယ်။ တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ။ ဆိုင်မှာ မိန်းခီလေးလေးရှိရင် အီလိုပြာတနာတွေရှိလာမှာပဲ။ ဒါကြောင့် ဝဆိုင်မှာ မိန်းခီလေးမထားတာ"

တရုတ်ကျံစိန်က ဖန်ခွက်အကွဲများအား သိမ်းဆည်းလှည်းကျင်းပြီး ကျားကြီးနောက်ထပ်ပြဿနာမရှာရန် ဖန်ခွက်အသစ်တစ်လုံး၊ အာစီအရက်တစ်လုံး၊ ဝက်အူချောင်းကြော်တစ်ပန်းကန်လာချပေးပြီး မျက်နှာလုပ်လေသည်။

တုတ်ကလေးနှင့် ဘိုနီတို့က အရက်ပုလင်းအား လက်မြန်ခြေမြန်ဖွင့်လိုက်ကြပြီး ကျားကြီး ခွက်ထဲသို့အရင်ထည့်ပေးသည်။ ပြီးတော့ သူတို့ခွက်ထဲငှဲ့ထည့်၍ ဆင်ဖြူတော်မှီပြီး ကြဲ့စုပ်ကြလေ၏။ ကျားကြီးသည် ဗီဇကိုကသွေးဆိုးသူဖြစ်လေရာ သူ့စိတ်ထဲမှာတင်းနေသည်ကို တစ်ခုခုအားဖောက်ခွဲပစ်ထုတ်လိုက်ချင်နေ၏။ အရက်နောက်တစ်လုံးကုန်တော့ သူတို့တော်တော်မူးနေကြ၏။

ရန်ကုန်-မန္တလေးကားလမ်းမကြီးသည် နယ်မြို့လေး၏ဗိုအားမပြည့်သောလမ်းမီးနီနီအောက်မှာ မရဲတရဲလင်းနေရှာသည်။ ဥဒဟတိုဖြတ်သန်းသွားနေကြသော ယာဉ်ကြီး၊ ယာဉ်ငယ်များ၏စူးရှသော ကားမီးရောင်များ၊ လိုင်စင်မဲ့တရုတ်ဆိုင်ကယ်များ၏ တဝီးဝီးဖြတ်မောင်းသံများဖြင့် နေ့မအား၊ ညမနားဝန်ကိုထမ်းလျက်ရှိသည်။

"ဝှီး. . . ကျွိ. . . ကျွိ"

"ဟာ-တိုက်မိတော့မယ်၊ ဘယ်လိုလုပ်မောင်းနေတာလဲကွ။ လူကိုမမြင်ဘူးလား"

ကျားကြီးတို့တစ်တွေ မူးမူးနှင့်လမ်းဖြတ်အကူး ဆိုင်ကယ်တစ်စီးကအရှိန်ပြင်းစွာ မောင်းဝင်လာသဖြင့် လမ်းဘေးသို့ အမြန်ခုန်ရှောင်လိုက်ကြရသည်။ ဆိုင်ကယ်သမားက ဘရိတ်အုပ်ရပ်လိုက်ပြီး အမူးသမားများဖြစ်နေသောကြောင့် ပေစောင်းစောင်းနှင့် ရပ်ကြည့်နေသည်။

"ဟေ့ကောင်၊ ဘာရပ်ကြည့်နေတာလဲ။ လူတွေ လမ်းဖြတ်ကူးနေတာမမြင်ဘူးလား။ မင်းသေချင်နေပြီလား"

"သေမှာက မင်းတို့။ လူမှန်းမသိအောင်မူးနေပြီး ကားလမ်းမပေါ်ဖြတ်ကူးတော့ ဆယ့်နှစ်ဘီးကားသာဆိုရင် တစ်စစီအမှုန့်ကြိတ်ပြီးသားဖြစ်နေမှာ"

ဆိုင်ကယ်သမား၏စကားသည် ကျားကြီး၏အသည်းနှလုံးအား အပ်ဖျားနှင့်ဆွသကဲ့သို့ဖြစ်သွားပါလေပြီ။ ဆယ်ဘီး၊ ဆယ့်နှစ်ဘီးကားတွေအကြောင်း သူမကြားချင်။ သူကြိုက်နေသော မိန်းကလေးအား ဆယ့်နှစ်ဘီးကားဒရိုင်ဘာက သိမ်းပိုက်တော့မလိုလိုဖြစ်နေသည်ကိုး။ သူ့ဒေါသများသည် ဆိုင်ကယ်သမားဘက်သို့ ဦးလှည့်သွားပါတော့သည်။ ဟိုကောင်တွေနှင့်ဆိုင်ကယ်သမားနှင့်အချီအချစကားများနေစဉ် ကျားကြီးက လမ်းဘေး ခြံစည်းရိုးဝါးလုံးတိုင်တစ်ချောင်းအား ဆွဲနုတ်လာပြီး ဆိုင်ကယ်သမား၏ခေါင်းအား ရိုက်ခွဲလိုက်ပါတော့သည်။

"ဖြောင်း ခွပ် ဖြောင်း ဖြောင်း"

"အောင်မလေးဗျ၊ သေပါပြီဗျ"

"ဟာ-ကျားကြီးရိုက်ကွာ၊ လူပါးဝတဲ့ကောင်"

တုတ်ကလေးက ကျားကြီးအားမြှောက်ပေးပြီး လမ်းမပေါ်လဲနေသောထိုသူအား လှမ်းကန်နေသည်။ ဘိုနီကဆိုင်ကယ်အား ဆောင့်တွန်းလှဲလိုက်ပြီးအုတ်နီခဲဖြင့်ထုနေသည်။

"ဟေ့ကောင်တွေ တော်ကြ။ ဘယ်ကကောင်တွေလဲ၊ လက်လွန်ကုန်မယ်။ ဟေ့ - မင်းကျားကြီးမဟုတ်လား၊ တော်တော့ ရပ်. . . ရပ်"

ကျားကြီး သုံး၊ လေးချက်ဆင့်ရိုက်ပြီး ဒေါသပြေသွားမှ ဆိုင်ကယ်သမားအားတစ်ချက်ဆောင့်ကန်ရင်း -

"ကျားကြီးဆိုတာငါပဲ၊ နာမည်ကိုမှတ်ထား။ သေသွားမယ်။ ဟေ့ကောင်တွေ၊ လာ - သွားကြမယ်"

ဆိုင်ကယ်သမားက သွေးများစီးကျနေသော ဦးခေါင်းအား လက်နှင့်အုပ်၍ ညည်းနေရှာသည်။ ဆိုင်ကယ်သည် လမ်းဘေးတွင် ပိုးလိုးပက်လက်လဲနေပြီး မီးလုံးများ ကွဲကြေလျက်ရှိနေသည်။ ဘေးပတ်ဝန်းကျင်မှ လူတွေကလည်း ကျားကြီးတို့အုပ်စုဖြစ်နေ၍ ဘာမှဝင်မပြောရဲကြ။

ကားလမ်းမကြီးကား ပြန်လည်တိတ်ဆိတ်သွားသည်။ ခပ်လှမ်းလှမ်းတွင်ရှိ ချောင်းကူးရထားတံတားပေါ်သို့ ရန်ကုန်-မန္တလေးအမြန်ရထားတစ်စီးဖြတ်မောင်းသွားသဖြင့် တဂျုန်းဂျုန်းအသံတွေကြားလိုက်ရသည်။ နယ်မြို့လေးသည် လျှပ်စစ်မီးရောင်မှိန်ကုပ်ကုပ်အောက်၌ ငြိမ်သက်လျက်။ မီးအလင်းဖွင့်သော ကားလမ်းဘေး လက်ဖက်ရည်ဆိုင်၌ ဥရောပတိုက် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ မန်ယူနှင့် အာဆင်နယ်အသင်းတို့ အင်တိုက်အားတိုက်ဘောလုံးကန်နေကြသည်။ လူငယ်ပရိသတ်ကလည်း လက်ဖက်ရည်စားပွဲပေါ်၌ လောင်းကြေးထပ်ပြီးကန်ကြလေသတည်း။

❑

"မြယဉ်ရေ၊ နင့်အစ်ကိုရဲ့ကားဆိုက်သံကြားတယ်။ မူဆယ်က ကုန်တင်ပြီးပြန်လာကြပြီထင်တယ်။ ထွက်ကြိုလိုက်ပါဦး"

နောက်ဖေးမီးဖိုချောင်တွင် ဟင်းအိုးတည်နေသောဒေါ်ကြီး၏အော်ပြောသံကို အိမ်ခန်းတွင်းမှာ သနပ်ခါးလိမ်းနေသော မြယဉ် ကြားလိုက်ရသည်။ ဟုတ်ကဲ့ဟုပြောလိုက်ရင်း တရုတ်နယ်စပ်ရွှေလီမှဝယ်လာသောလက်ဆောင်တွေကို မြင်ယောင်မိသည်။ မျက်ခုံးမွေးမှ သနပ်ခါးမှုန့်တွေအား သွားပွတ်တံဖြင့်ဆွဲခြစ်ရင်း အင်္ကျီအမြန်ဝတ်ပြီး ဆိုင်ရှေ့ထွက်လာခဲ့သည်။ ခရီးဝေးနှင်လာရသော ကားဆရာသည် ဆိုင်ရှေ့ခုံတန်းရှည်မှာထိုင်ပြီး ချွေးများကို မျက်နှာသုတ်ပဝါငယ်ဖြင့်သုတ်နေ၏။ ယာဉ်နောက်လိုက်လေးက ကားကြီးအား ရေပိုက်ဖြင့်ပက်လိုက်၊ ကားဘီးများအား ရေဖျန်းလိုက်ဖြင့် အလုပ်ရှုပ်နေ၏။ သူမ ရေတစ်ခွက်ခပ်လာပြီး -

"အစ်ကို၊ သောက်လိုက်လေ။ အမောပြေသွားအောင်ပေါ့"

"မြယဉ်ကို မြင်လိုက်ရရင်ပဲ အမောပြေသွားပါပြီကွယ်"

"တော်ပါ၊ ဒီအပြောမျိုးတွေကို လမ်းဘေးထမင်းဆိုင်ဘယ်နှဆိုင်မှာပြောလာခဲ့ပြီလဲမသိဘူး"

"ဘယ်ဆိုင်မှာပဲစားစား မြယဉ်ရဲ့လက်ရာကိုတော့ မမီပါဘူးကွာ"

"အမလေး-ဟင်းတွေထမင်းတွေကျပ်ချက်တာပါတော် မောင်ညိုထွန်းရဲ့။ ဒါနဲ့ မူဆယ်ကဘာကုန်တွေပါလာလဲ"

"ဪ- အတော်ပဲ ဒေါ်ဒေါ်တို့မြယဉ်တို့အတွက် တရုတ်ပြည်ကနေလက်ဆောင်တွေပါလာတယ်။ ဟေ့ကောင်၊ ကားခေါင်းခန်းထဲကအထုပ်တွေတက်ယူလိုက်"

ယာဉ်နောက်လိုက်လေးက ကားဦးခန်းထဲမှ အထုပ်ကြီးတစ်ထုပ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com

လာ၏။ အဒေါ်ရော ထူမတို့၏မျက်နှာမှ အပြုံးတို့သည် ဖုံးမနိုင်ဖိမရအန်ထွက်လာကြသည်။

ထိုစဉ် -

ဆိုင်ထဲသို့ ကျားကြီးတို့လူသိုက် ဝင်လာကြသည်။ ကားသမားနှင့်ဆိုင်ရှင် အဒေါ်ကြီးတူဝရီးတို့ ရယ်လိုက်မောလိုက်ပြောနေကြသည်ကို ကျားကြီးမြင်တွေ့လိုက်ရသောအခါ ရင်ထဲမှမခံချင်စိတ်တို့သည် မျိုသိပ်မရဘဲဖြစ်လာကြ၏။ မိန်းကလေးသည် ကျားကြီးတို့ထက် လက်ဆောင်အထုပ်ထဲက အသွေးအရောင်လှလှပိတ်စများအား အငမ်းမရကြည့်နေသည်။

"ဟော့ကောင် တုတ်ကလေး၊ ဃမ်းပေါ်မှာလုပ်စားနေတဲ့သူတွေဟာ လမ်းဘေးက ကြုံရာတွေနဲ့တွေ့ပြီး ရောဂါပေါင်းစုံပွထနေတာ မင်းကြားဖူးလား။ အထူးသဖြင့်ကွာ နယ်စပ်လိုမြို့မျိုးမှာဆိုမကောင်းတဲ့မိန်းမတွေ မှိုလိုပေါက်နေတာ။ အေတို့စီတို့ဆိုတဲ့ပိုးတွေကလည်း ပေါမှပေါ။ ငါတော့ အေကိုက်မှာတော့ကြောက်တယ်ကွ"

"ဟုတ်တယ်ကွ၊ တချို့ကားသမားတွေ ညဘက်လမ်းဘေးမှာ လျှောက်ပြီးဖောက်သည်ရှာနေတဲ့ ညဥ့်ငှက်မလေးတွေကို • ကားပေါ်ခေါ်တင်သွား၊ နောက်ဆုံး ရောဂါပေါင်းစုံဖြစ်ကြရတာပါပဲကွာ"

ဘိုနီက ကျားကြီးစကားအား ထောက်ခံပြောရင်း အာစီအရက်ပုလင်းအား မျက်စောင်းထိုး၏။

ကားသမားသည် သူ့ကိုစောင်းပြောနေမှန်း ရိပ်မိသွား၍ ကျားကြီးတို့ဝိုင်းသို့ လှမ်းကြည့်လိုက်သည်။ မြယဉ်က ကျားကြီးတို့အကြောင်းကိုသိနေ၍ ကားသမားအား လက်ဆွဲပြီး နောက်ဖေးဆောင်ထဲသို့ ခေါ်သွားပါတော့သည်။ သည်တွင် ကျားကြီး အသည်းတွေပိုး၍ ပေါက်ကွဲရပါတော့သည်။

ဆိုင်နောက်ဘက်ခြံထဲမှမန်ကျည်းပင်ရိပ်အောက်ကွပ်ပျစ်၌ တခြားကုန်ကားသမားများလည်း နားကြရင်း အရက်ဝိုင်းဖွဲ့နေကြသည်။ ကျားကြီးတို့ စောင်းပြောဆိုတာခံလိုက်ရသော ကားသမားသည် သူတို့အချင်းချင်း ဝိုင်းဖွဲ့ရင်း ကားသမားတွေကို စော်ကားနေကြောင်း ပြော၏။ နယ်တကာအနှံ့သွားလာလုပ်ကိုင်စားသောက်နေကြသူတွေဖြစ်သော ကြောင့် သူတို့ဇတွေကလည်းမသေးပါ။

"ဒါ-ကျုပ်တို့ကားသမားတွေကို စော်ကားတာပဲဗျ။ ဟိုတုန်းက ဟုတ်ချင်ဟုတ်မယ်။ ခုခေတ်မှာတော့ နားလည်လာကြပြီ။ ကူးစက်ရောဂါတွေဒီလောက်ပေါများနေတာ။ ဒါနဲ့ ဒီကောင်တွေက ဘယ်ကလဲ၊ ဒီမြို့ခံတွေပဲလား"

"မြို့ခံတွေနယ်ခံတွေလုပ်မနေနဲ့၊ စော်ကားလာလို့ကတော့ မြန်မာပြည်တောင်ဖျား၊ မြောက်ဖျားကျက်စားလာတာ နယ်မရွေးဘူး"

ကားသမားသည် အရက်နည်းနည်းဝင်လာသောအခါ သွေးကြွလာသည်ကတစ်ကြောင်း၊ သူချိတ်နေသော မိန်းကလေးရှေ့မှာ အစော်ကားခံလိုက်ရသည်မို့ ဒေါသဒီဂရီတို့တရိပ်ရိပ်တက်လာနေသည်။ ကျန်သည့်ကားသမားတွေကလဲ မကျေနပ်ကြ။ အရက်ဝိုင်းပြီးလျှင် ဒီကိစ္စကိုရှင်းမည်ဟု တီးတိုးတိုင်ပင်ကြသည်။

နောက်ဖေးမီးဖိုချောင်မှ ရေနွေးအိုးသည် မီးအရှိန်ကြောင့်ဆူပွက်စပြုလာသည့်အိုးအဖုံးသည် ပွင့်၍ ဘေးသို့ တစောင်းသွားပြီး ရေနွေးငွေ့တို့က ထောင်းထောင်းထလျက်။

ဆိုင်ရှေ့အရက်ဝိုင်းမှာကား မီးထိုးသူနှစ်ယောက်ကြောင့် ကျားကြီး၏ ဒေါသမီးများသည် တရိပ်ရိပ်တောက်လောင်စပြုလာသည်။

"ကျားကြီး၊ မင်းဒီကားသမားတွေကို ရှင်းပစ်ရင်ကောင်းမယ်။ ဒီကောင်တွေ ဒီဆိုင်မှာမဝင်ရဲမှ မင်းကောင်မလေးကို မင်းတစ်ယောက်တည်းလှုပ်ရှားလို့ရမှာ"

"ဟုတ်တယ်၊ ပြဿနာကို နေ့ ညအချိန်ဆွဲမထားနဲ့ မြန်မြန်လုပ်"

တုတ်ကလေးနှင့်ဘိုနီတို့၏မြှောက်ပေးမှုကြောင့် ကျားကြီး၏သွေးတို့ဆူစပြုလာ၏။ ကားသမား၏ခေါင်းကို ဝါးရင်းတုတ်နှင့် သုံးလေးချက်လောက်ရိုက်လိုက်လျှင် ကိစ္စပြီးပြီဟု တွက်လိုက်သည်။ နောက်ကားသမားတွေလည်း လာရဲတော့မည်မဟုတ်။

"ဒီကောင်တွေက ဆိုင်ထဲကနေနားပြီးရင် ကားမောင်းထွက်သွားကြတော့ ရိုက်ဖို့က ခက်တယ်ကွ"

"အခြေအနေကိုစောင့်ကြည့်ပါဦးလေ။ အခွင့်အရေးပေါ်လာမှာပါ"

ကျားကြီးတို့အုပ်စု ဆိုင်နောက်ဘက်မှ ကားသမားအစုကို လှမ်းကြည့်လိုက်၊ အရက်သောက်လိုက်၊ မိန်းကလေးမြယဉ်သန်း၏ အလှအပများအားပြစ်မှားလိုက်ဖြင့် မူးရစ်ရီဝေလာကြပါတော့သည်။

ဆိုင်နောက်ဘက်မှ ကားသမားတစ်စုသည်လည်း တီးတိုးတီးတိုးဖြင့် တိုင်ပင်ပြီးသကာလ တချို့သည် နောက်ဖေးခြံစည်းရိုးတံခါးမှ အလျှိုလျှိုထွက်သွားကြပါတော့သည်။ သူတို့လက်ထဲမှာက ကားဘီးနတ်ကျပ်သည့် သံပိုက်လုံးများ၊ ဝက်အူလှည့်များ၊ ဓားများဖွက်ယူသွားကြသည်။

ကားဆရာကိုညိုထွန်း ဆိုင်ရှေ့သို့ထွက်လာသည်။ မိန်းကလေးက လှမ်းစကားပြောသည်။

"အစ်ကို ဘယ်ကိုသွားမလို့လဲ"

"ချောင်းနားကအသိတစ်ယောက်အိမ်သွားမလို့ပါ။ မကြာပါဘူး"

"သတိထားပြီးသွားဦးနော်"

မိန်းကလေးက ကျားကြီးတို့အုပ်စုကို စိတ်မချ၍ သတိပေးသည်။

တုတ်ကလေးက မျက်စပစ်ပြပြီး အခွင့်အရေးပေါ်ပြီဟု အချက်ပြသည်။ ကျားကြီး မသိမသာ ခေါင်းညိတ်ပြထိုက်သည်။ သူတို့အုပ်စု အရက်ဖိုးပိုက်ဆံအမြန်ရှင်းပြီး ကားလမ်းဘက်ထွက်လိုက်ကြသည်။ ရန်ကုန်-မန္တလေးကားလမ်းမကြီးမြောက်ဘက်မှာတော့ ကားဆရာသည် တစ်ယောက်တည်း ခပ်သုတ်သုတ်လျှောက်နေသည်။ ကားလမ်းမကြီးကတော့ သူမသိသလို မြွေနက်ကြီးတစ်ကောင်အလား လှဲလျောင်းလျက်။

❑

ပဲခူးရိုးမမှ ချောင်းဖျားခံလာသော ချောင်းကြီးသည် မြို့မြောက်ဘက်မကျတကျတွင် ဖြတ်သန်းသွားပြီး စစ်တောင်းမြစ်ထဲ စီးဝင်၏။ ကားလမ်းကား တံတားနှင့် ရထားလမ်းကူးတံတားသည် ကိုက်တစ်ထောင်ခန့် ကွာခြား၏။ တံတားနှစ်စင်းကား အင်္ဂလိပ်ကိုလိုနီခေတ်နှင့် ယနေ့ခေတ်လက်ရာနှစ်ခုအား ယှဉ်ပြနေသကဲ့သို့ရှိသည်။

ပဲခူးရိုးမအခြေနား၌ ချောင်းအားတမံဖို့၍ ရေအားလျှပ်စစ်စက်ရုံတည်လိုက်သောအခါ ဆယ့်နှစ်ရာသီပတ်လုံးရေအလျှဉ်မပြတ်စီးဆင်းနေသော ထိုချောင်းကြီးသည် အသက်ငင်နေသော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ဖြစ်သွား၏။ မိုးကာလမှလွဲ၍ နွေနှင့်ဆောင်းဥတုတွင် ဝါးဖောင်များပင် မျော၍မရတော့ဘဲ ချောင်းတစ်လျှောက် သဲသောင်များပေါ်လာတော့၏။ ချောင်းအနီးနေထိုင်ကြသော ရွာသားများကား သဘာဝကပေးသော လက်ဆောင်အား လက်လွှတ်မခံဘဲ သဲသောင်များပေါ်တွင် ကြက်သွန်၊ ငရုတ်၊ ခရမ်းချဉ်စိုက်ကြ၏။ ကားလမ်းတံတားနှင့် ရထားလမ်းတံတားကြား ရေစပ်စပ်စီးနေသော ချောင်းပြင်ကျယ်ကြီးတွင် သောင်ပြင်ကြီးကခပ်ကွေးကွေး



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ထွန်းနေ၏။ ကမ်းစပ်သစ်ပင်အုပ်၌ ခြံသမားတစ်ဦးနေထိုင်သည်။ သူသည် ထိုသဲသောင်ပြင်ပေါ်တွင် ကြက်သွန်နီ၊ ငရုတ်ပင်သွားစိုက်ပြီး ညနေခင်း၌ စိုက်ခင်းအား ရေလောင်းနေ၏။

အသက်အရွယ် ကြီးရင့်သော်လည်း ခြံသမားအဘိုးအိုသည် ကျန်းမာသန်စွမ်းကာ လုပ်နိုင်ကိုင်နိုင်၏။ ညနေခင်းအလုပ်များပြီးသွား၍ ချောင်းကမ်းစပ်၌ထိုင်ပြီး အရှေ့ဘက်၌ မြူဇာပဝါလွှမ်းခြုံထားသော ရှမ်းရိုးမကြီးအား ငေးကြည့်နေသည်။ တစ်ဖန် ချောင်းရေစီးထဲ၌ အုပ်လိုက်ကူးခပ်နေသော ချောင်းငါးဘဲဖြူလေးများအား ကြည့်နေပြန်သည်။ အဘိုးအို၏ ညနေခင်းသည် သာယာလှပပါပေစွ။

သို့သော် -

သူ့ရှုခင်းအား ဖျက်လိုဖျက်ဆီး လုပ်မည့်လူတစ်သိုက် မြင်ကွင်းထဲ၌ ပေါ်လာ၏။

လူငယ်တစ်ယောက် ချောင်းကမ်းနဖူးမှ ဆင်းပြေးလာပြီး သူ့တဲရှိရာဘက်သို့ပြေးလာနေသည်ကို တွေ့ရသည်။ အနောက်ဘက်ခပ်လှမ်းလှမ်းမှ လူအုပ်သည် သံပိုက်လုံးများ၊ ဝက်အူလှည့်၊ ဓားများကိုင်ပြီး ပြေးလိုက်လာနေကြသည်။ ဒီသူငယ်ဆက်ပြေးလျှင်လည်းလွတ်မည့်ပုံမပေါ်။

"ဟေ့-သူငယ်၊ ဒီဘက်ကိုလာ၊ ငါ့တဲရှိရာကိုလာ။ ဘယ်လိုဖြစ်လာတာလဲ"

"အဘ - ကျွန်တော့်ကိုကားသမားတွေလိုက်သတ်နေကြပြီ။ ကျွန်တော်ဒီမြို့သားပါ"

"မင်းလွတ်မှာမဟုတ်ဘူး၊ ဒီကောင်တွေ လူအုပ်များတယ်"

"ကျွန်တော့်ကိုကယ်ပါဦး အဘရယ်"

တကယ်တမ်း အန္တရာယ်နှင့်တွေ့လာရသောအခါ တုတ်ကလေးနှင့် ဘိုနီသည် ကူညီခြင်းမရှိဘဲ ကားလမ်းတံတားလက်ရန်းမှာရပ်ပြီး လှမ်းကြည့်နေကြသည်။

အဘိုးအိုသည် တဲအတွင်းသို့ ရုတ်တရက်ဝင်သွားပြီး ပြန်ထွက်လာ၍ ကျားကြီးအနားရောက်လာသည်။

"မင်းပါးစပ်ကိုဟလိုက်"

"ဘာလုပ်မလို့လဲအဘ"

"ငါပြောတာနားထောင်စမ်းပါ။ ငါ အဆောင်တစ်ခုပေးလိုက်မယ်။ ပါးစပ်ထဲကနေပြုတ်မကျစေနဲ့။ ကဲကဲ-မြန်မြန်ပါးစပ်ဟ"

သေဘေးနှင့် အလွန်နီးကပ်နေသော ကျားကြီးသည် စဉ်းစားချိန်မရတော့ဘဲ အမြန်ပါးစပ်ဟပေးလိုက်သည်။ အဘိုးအိုက သူ့သွားကြားထဲသို့ တစ်စုံတစ်ခုအား ထိုးထည့်ပေးလိုက်သည်။ သူ့သွားကြား၌ စစ်ခနဲနာသွားသည်ဟု ခံစားလိုက်ရသည်။

"ဒီသောင်ပြင်အတိုင်း ဟိုဘက်ကမ်းကို လွတ်အောင်ပြေး၊ မလွတ်ရင်လည်းအရိုက်ခံလိုက်၊ ကဲ - မြန်မြန်ပြေး၊ ဟိုမှာလာနေကြပြီ"

ကျားကြီး အမြန်ဆုံး ရေစပ်မှ သောင်ပေါ်သို့ တက်ပြေးသည်။ ကားသမားအုပ်စုသည် ကျားကြီးအား သောင်ပြင်ပေါ်မှာ ပတ်၍ဝိုင်းလိုက်သည်။ သောင်ပြင်မှာလွတ်သည့်ခွေး မဟုတ်ဘဲ လူကျားတစ်ကောင်ကဲ့သို့ဖြစ်နေရှာတော့သည်။

"ဟေ့ကောင်-မပြေးနဲ့၊ သေဖို့သာပြင်၊ ငါတို့တွေကိုစော်ကားတဲ့အကောင်"

"ရိုက်ကွာ၊ အသေသာရိုက်"

"ဖြောင်း ဒုတ် ခွပ် ဖြောင်း ဖြောင်း"

လူတစ်ယောက်အား ခွေးကလေးကြက်ကလေးရိုက်သကဲ့သို့ ရိုက်ပုတ်သံများ ချောင်းသဲသောင်ပြင်တွင်ပေါ်ထွက်လာသည်။ ငရုတ်ခင်း၊ ကြက်သွန်ခင်းကြားမှ ချိုးငှက်လေးတွေ လန့်ပျံပြေးကြသည်။ ဆယ့်နှစ်ဘီးကားဆရာက ဓားရှည်ဖြင့် စလွယ်သိုင်းခုတ်ချလိုက်သည်ကို ကားတံတားလက်ရန်းပေါ်မှ ရပ်ကြည့်နေသော ကျားကြီး၏သူငယ်ချင်းနှစ်ယောက် မြင်တွေ့လိုက်ရပြီး မျက်နှာလွှဲလိုက်ကြသည်။ ကျားကြီးတစ်ယောက် ဇာတ်သိမ်းမလှတော့ပြီဟု တွက်လိုက်ကြသည်။ ကားသမားတစ်အုပ်သည် စိတ်ကြိုက်ရိုက်နှက်ထိုးခုတ်ပြီး ချောင်းကမ်းစပ်ပေါ်သို့ပြန်တက်သွားကြကာ ထမင်းဆိုင်သို့အမြန်ပြန်ပြီး ကားများစက်နှိုး၍ အမြန်မောင်းထွက်သွားကြပါတော့သည်။ ထမင်းဆိုင်မှ မိန်းကလေးက သူတို့အား အံ့အားသင့်စွာဖြင့် ငေးကြည့်နေရှာသည်။

❑

ပတ်ဝန်းကျင်သည် ပြန်လည်ငြိမ်သက်သွားသည်။ တုတ်ကလေးနှင့် ဘိုနီတို့နှစ်ယောက် ကျားကြီးလဲနေရာသို့ အမြန်လျှောက်လာနေကြသည်။

ထိုစဉ် -

ကျားကြီးသည် လဲကျနေရာမှပြန်ထလာသည်။ သူ့ကိုယ်ပေါ်တွင် ပေကျံနေသော သဲများအားခါနေ၏။ သူတစ်ကိုယ်လုံး အနည်းငယ်နာကျင်နေသော်လည်း သံပိုက်လုံးဖြင့် အရိုက်ခံ[illegible]သော ဦးခေါင်းသည် ဘာမှမဖြစ်[illegible] ဓားဖြင့်စလွယ်သိုင်းအခုတ်ခံရသော လည်ပင်းနှင့် ဘယ်ဘက်ရင်ညွန့်သည် ဘာဒဏ်ရာမှမရှိ။ ဝက်အူလှည့်ဖြင့် အထိုးခံရသောဗိုက်သည် အပေါက်[illegible]ပင် မတွေ့။

တုတ်ကလေးနှင့် ဘိုနီတို့သည် လဲကျနေရာမှ မတ်တတ်ရပ်ထလာသော ကျားကြီးအား ဖုတ်တစ္ဆေတစ်ကောင်အလား အံ့အားသင့်စွာကြည့်နေကြသည်။ အသတ်ခံရပြီး သေဆုံးရာ[illegible] ဖုတ်ဝင်လာသော မကောင်းဆိုးဝါးတစ်ကောင်ဟု ထင်မှတ်သွားကြသည်။

"ဟေ့ကောင်တွေ၊ ဘာကြည့်နေကြတာလဲ။ ငါဘာမှမဖြစ်ပါဘူး"

"မင်း မင်း ကျားကြီးအစစ်ပါနော်"

"ဟေ့ကောင် ဖုတ်ဝင်သွားပြီ[illegible] ထင်တယ်။-ငါတို့လစ်ကြရင်ကောင်းမယ်"

သူတို့ရှေ့မှာပင် ရက်ရက်စက်စက် ရိုက်နှက်အသတ်ခံရသူတစ်ယောက် ဘာဒဏ်ရာမှမရှိဘဲ အကောင်းပကတိ ထလာနေ၍မယုံသင်္ကာဖြစ်နေကြသည်။

ကျားကြီးအခြေအနေကိုသဘောပေါက်သွားသည်။ ခြံသမားအဘိုးအို[illegible]အားကျေးဇူးတင်စွာဖြင့် လှမ်းမျှော်ကြည့်လိုက်သည်။

"ဟား ဟား ဟား - ကျားကြီး[illegible] တုတ်ပြီး ဓားပြီးတယ်ကွ။ မင်းတို့ မျက်[illegible] မြင်ကိုယ်တွေ့ပဲမဟုတ်လား"

"ကျားကြီး မင်း တကယ် တုတ်[illegible] ဓားပြီးနေတာပဲ။ ငါတို့တော့ မျက်စိ[illegible] တပ်အပ်မြင်နေရတာတောင် မယုံ[illegible]ဘူး"

"တကယ်ပါကွ။ ဘာလဲ၊ မင်း[illegible] မယုံဘူးလား။ ဒါဆို ငါ့ကိုဓားနဲ့ထိုး[illegible]လေ"

"ယုံပါပြီကွာ၊ မင်းတော့ ဒီနယ်[illegible] နာမည်ကြီးဦးမယ်"

ကျားကြီး၏ ဟားတိုက်ရယ်[illegible]သည် သဲသောင်ပြင်မှတစ်ဆင့် မြို့[illegible]ဘက်သို့ ပျံ့နှံ့သွားသည်။ [illegible] အတောင်တပ်ပေးသကဲ့သို့ဖြစ်ခဲ့[illegible]ကော။

❑

ထိုမြို့လေးတွင် ကျားကြီး[illegible] ကြည့်မရသူတွေသည် ကျားကြီး[illegible] မဆိုင်ရဲတော့။ တချို့ကလည်း [illegible] ထံ တပည့်ခံလာကြ၏။ ထိုမြို့ရှိ [illegible] ထမင်းဆိုင်များ၌ ရပ်နားကြ[illegible] သမားများမှတစ်ဆင့် ထို[illegible] အဝေးပြေးကားသမားတွေ[illegible]

www.burmeseclassic.com

သွားသောအခါ ကျားကြီးကိုဝိုင်းသတ်ခဲ့သော ကားသမားတစ်စုသည် ရန်ကုန်-မန္တလေးကားလမ်းမကြီး၌ မဖြတ်ရဲကြတော့ပါ။ ထိုမြို့လေး၌ မားပြီးသည့်ကျားကြီးဟု နာမည်ကြီးနေပါတော့သည်။

မြို့လယ်လမ်းမကြီးအနီး တရုတ်သွားစိုက်ဆိုင်တစ်ဆိုင်ရှိသည်။ တရုတ်လူမျိုးသွားစိုက်ဆရာအဟုန်သည် နှစ်ပေါင်းများစွာ သွားစိုက်ဆိုင်ဖွင့်လာသူဖြစ်သည်။ သူ့ဆိုင်သို့ တစ်နေ့ ကျားကြီးရောက်ချလာပါသည်။

"ကိုအဟုန်၊ ကျုပ်သွားပေါက်ဖာချင်လို့ရတယ်မဟုတ်လား"

"ဟား-မားပြီးတဲ့ကျားကီး၊ နာမည်ကြီးပါလား။ ရတယ်ကိုယ့်လူ၊ သွားပေါက်လည်းဖာတယ်၊ အသစ်လည်းစိုက်တယ်။ ကဲ-လာထိုင်။ ပါးစပ်ဟပြစမ်း"

"ဒီလိုဗျ၊ ကျုပ်သွားရဲ့အံသွားမှာအပေါက်ဖောက်ပြီး တုတ်၊ မားပြီးတဲ့အဆောင်လေးကိုထည့်မယ်။ ပြီးတော့ သွားကိုပြန်ပိတ်မယ်။ အသေပိတ်မှာနော်၊ ရတယ် မဟုတ်လား"

"ဟေ-မားပြီးတဲ့အဆောင်၊ မင်းမားပြီးတာ အဲလိအဆောင်ကြောင့်လား။ ဝစိတ်ဝင်စားလာပြီ။ အကြီးကြီးဆိုမရဘူး ကိုယ့်လူ။ သွားပေါက်က သေးသေးလေးဆိုတော့ သေးမှဖြစ်မှာ"

"အဆောင်ကလည်း သေးသေးလေးပါ။ အရိုးစလေးလိုပဲ။ ကျုပ်သွားကြားမှာထိုးထားတာ"

ကျားကြီးက မူးမူးနှင့်ကြွားနေပါတော့သည်။ သွားစိုက်ဆရာ တရုတ်အဟုန်ကလည်း အရမ်းစိတ်ဝင်စားနေ၏။ သူက လူလည်တရုတ်တစ်ယောက်ဖြစ်သည်။ အကယ်၍များ ကျားကြီး၏အဆောင်ကို တစ်ဖက်လှည့်ဖြင့်ယူထားနိုင်လျှင် သစ်ကုန်သည်တစ်ယောက်အား ပြန်ရောင်းလိုက်လျှင် ငွေသိန်းတစ်ရာ၊ နှစ်ရာမက ရနိုင်သည်။ စားရကံကြုံ၍ ပျားသည် သူ့ဆိုင်သို့လာစွဲပေပြီ။

"ကဲကဲ-ပါးစပ်ဟ၊ မင်းအဆောင်က ဘယ်လား၊ ညာမှာလား"

"ညာဘက်အပေါ်အံဘေး သွားဖုံးကြားထဲထိုးထားတာ"

ပါးစပ်ဟခိုင်းပြီး သွားကြည့်မှန်အဝိုင်းလေးဖြင့် ဖြဲကြည့်လိုက်သော် အံသွားဘေးသွားဖုံးတွင်စိုက်ဝင်နေသော ဖြူဖြူအစလေးအား တွေ့ရသည်။ ဇာဂနာဖြင့်ဆွဲနုတ်လိုက်သောအခါ သွားကြားထိုးတံအပိုင်းအစသာသာ ဖြူဖြူဆင်စွယ်ကဲ့သို့ အစလေးတစ်စထွက်လာသည်။ အဆောင်အရိုးအစလေး၌ သွေးများပေကျံလျက်။

"ဒါလေးလား"

အဟုန်က ကျားကြီးအား ပြလိုက်သည်။

"ဟုတ်တယ် ကိုအဟုန်၊ ရတယ် မဟုတ်လား။ အံသွားကိုဖောက်ပြီးမြှုပ်ထည့်လို့"

"ရတယ် ကျားကီး၊ ဒါပေမယ့် မင်းသွားကို နည်းနည်းအခေါင်းဖောက်ဖို့ ထုံဆေးထိုးရမယ် ဖြစ်တယ်မဟုတ်လား"

"ရပါတယ်ဗျာ၊ မကြာစေနဲ့နော်"

တရုတ်အဟုန်က အဆောင်စလေးအား လူနာထိုင်ခုံဘေး ကိရိယာတန်ဆာပလာများတင်သောစင်ကလေးပေါ်သို့ တင်လိုက်သည်။ ထိုင်ခုံအား လက်ကိုင်လှည့်၍ ပက်လက်လှန်လိုက်သည်။ ကျားကြီး သူ့အဆောင်အား မမြင်ရတော့။ သူ့မျက်နှာပေါ်တွင် မိုးနေသော မီးအုပ်ဆောင်းကြီးကိုသာ တွေ့နေရတော့သည်။ အဟုန်က ဆေးထိုးအပ်အတွင်း ထုံဆေးထည့်၍ ကျားကြီး၏သွားဖုံးကြားထဲသို့ထိုးသည်။

"ကျားကီး၊ ဆယ်မိနစ်စောင့်၊ ပါးစပ်တွေထုံလာလိမ့်မယ်။ အဲဒီအခါကျမှ သွားကို အခေါင်းဖောက်မယ် ဟုတ်လား"

ကျားကြီး ခေါင်းညိတ်ပြလိုက်သည်။ အဟုန် အတွင်းခန်းထဲသို့ ခဏဝင်သွား၏။ ပလတ်စတစ်အစ ဖြူဖြူလေးတစ်ခုအား ကတ်ကြေးဖြင့်ကိုက်၍ ဝှက်ယူလာသည်။ ကတ်ကြေးကိုစင်လေးပေါ်တင်လိုက်ရင်း ပလတ်စတစ်အစလေးအား ရောတင်ထားလိုက်သည်။ ကျားကြီးကတော့ လူနာခုံပေါ်တွင် ပက်လက်ဖြစ်နေ၍ ဘာမှမမြင်ပါ။

"ကျားကီး၊ ထုံလားပီလား"

"အင်း - ထုံတုံတုံရှိလာပြီ"

"ကဲ - ပါးစပ်ဟ အလုပ်စမယ်"

ကျားကြီး၏အောက်အံသွားအား စက်ကလေးဖြင့် တဂျီဂျီဖောက်၏။ ရေခွက်ထဲမှ ရေဖြင့် ပလုတ်ကျင်းခိုင်းလိုက်၊ ဖောက်လိုက်ဖြင့် အလုပ်ရှုပ်နေစဉ် တရုတ်အဟုန် အမှတ်တမဲ့အဆောင်စလေးအား သူ့သွားဖုံးကြားထဲ ထိုးထည့်လိုက်သည်။ သွားဖုံးသည် စစ်ခနဲနာသွားသည်။ လိုချင်တာရပြီ။ မြန်မြန်ဆန်ဆန် ကျားကြီးသွားပေါက်ကိုဖာပေးမှဖြစ်တော့မည်။ အပေါက်ဖောက်ပြီးသွားသောအခါ -

"ကျားကီး၊ ဒီမှာမင်းအဆောင်လေးငါထည့်လိုက်တော့မယ်နော်။ ပြီးရင် ငွေနဲ့ပိတ်ပေးမယ်။ ပိုခိုင်သွားတာပေါ့"

တရုတ်အဟုန်က ပလတ်စတစ်စလေးအား ဇာဂနာဖြင့်ညှပ်၍ ကျားကြီးအားပြလိုက်သည်။ ကျားကြီးက ဘာမှမသိဘဲ ခေါင်းညိတ်ပြလိုက်၏။ အဟုန်သည် ပြုံးပြီး ပလတ်စတစ်စအား သွားပေါက်ထဲထည့်၍ ငွေဖြင့်သေသေချာချာ ပိတ်နေပါတော့သည်။

သူ့မျက်စိထဲ၌ ငွေစက္ကူအထုပ်လိုက်တွေ၊ သူအရမ်းလိုချင်နေသော ဟိုင်းလတ်ကားတစ်စင်း၊ သူ့အိမ်လေးအား တိုက်ပြန်ဆောက်ရမည့်အကြံစသည်ဖြင့် အူမြူးနေပါတော့သည်။

❑

မြယဉ်သန်းတို့ ထမင်းဆိုင်သို့ အရင်ကားသမားတွေ မလာကြတော့သော်လည်း နောက်ကားသမားတွေ ရောက်လာကြပြန်၏။ ကားသမားဆိုသည်ကလည်း မိန်းကလေးချောချောရှိသည့်ဆိုင်ဆိုလျှင် ပိတုန်းကောင်များကဲ့သို့ဝဲချင်နေကြသည် မဟုတ်လား။ ရရင်အမြတ်၊ မရတော့လည်း ငါးမရရေချိုးပြန်။ အီစီကလီလုပ်ပြီး စိတ်အပန်းဖြေကြသည်။ မြယဉ်သန်း ဆိုသော မိန်းမချောလေးကလည်း သူ့ထမင်းဆိုင်ရောင်းကောင်းဖို့အတွက် လာသမျှကားသမားတွေကို ကလူ့ဉာဏ်သို့မြူဉာဏ်သို့ ဆွဲဆောင်၏။ အစွမ်းကုန်ပြင်ဆင်၍ မြင်ရသူတွေကို ရမ္မက်သွေးကြွလာအောင်လုပ်၏။

ကျားကြီးကလည်း အာသာဝနီနွယ်နီနတ်ပန်း၊ မဉ္ဇူသကနတ်ပန်းအား ကမ္ဘာ့ကတစ်ထောင်စောင့်သကဲ့သို့ ထမင်းဆိုင်မှာ စတည်းချ၍ မာန်ဖီနေ၏။

မြယဉ်သန်းသည် ကျားကြီးအပေါ် အရင်ကကဲ့သို့ ဥပေက္ခာမပြုရဲတော့ဘဲ အလိုက်သင့်ဆက်ဆံနေရ၏။ ကျားကြီး၏ နောက်လိုက်နောက်ပါတို့ အင်အားကောင်းလာကြသလို တချို့သစ်ကုန်သည်သူဌေးများကလည်း ကျားကြီးအား တပည့်မွေးကြ၏။ တချို့ကိစ္စများတွင် ကျားကြီးမျက်နှာတစ်ချက်ပြလိုက်သည်နှင့် ကိစ္စပြီးသွားကြသည် မဟုတ်လား။

သို့သော် အညီရှိလျှင် ယင်အုံတတ်သောသဘာဝအတိုင်း တစ်နေ့သော် ထမင်းဆိုင်ရှေ့သို့ ဟိုင်းလတ်တစ်စီးဆိုက်ရောက်လာ၏။ လူငယ်တစ်ယောက်အား ဝန်းရံ၍ လူငယ်တစ်သိုက်ဆင်းလာကြ၏။ သူတို့ကိုကြည့်ရသည်မှာ အာဏာရှိသော အသိုင်းအဝန်းမှ ပေါက်ဖွားလာကြသော မိုးကျရွှေကိုယ်မိသားစုဝင်များဖြစ်နိုင်လောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ထဲသို့ဝင်လာပြီး ထမင်းဟင်းများမှာ၍ ယူလာသော ဒေါ်ဘယ်ဘလက်လေ ဘယ်ပုလင်းကြီးအားဖွင့်ပြီးသောက်ကြသည်။ မြယဉ်သန်းက အရက်နှင့်မြည်းစရာ ဆတ်သားခြောက်ဖုတ်ပန်းကန်လာချပေး၏။ မြယဉ်သန်း၏ကိုယ်၌ဝတ်စားထားသည့် ပါးလွှာသော ရှန်သားစသည် မိန်းကလေးတစ်ဦး၏ နုပျိုသော အလှတရားတို့အား လုံခြုံစွာ မဖုံးလွှမ်းနိုင်။ တမင်မမြင်မြင်အောင်လုစ်ပဟနေသောအလှတရားတို့က ခေါင်းဆောင်လူငယ်၏မျက်လုံးအစုံအား ဝင်းလက်သွားစေပါတော့သည်။

"ညီမ၊ အလုပ်အားရင် အစ်ကိုတို့ဝိုင်းမှာလာထိုင်ပါလား။ စကားလေးဘာလေးပြောရအောင်လေ"

ထိုလူငယ်က စကားလှမ်းပြောရင်း မြယဉ်သန်း၏ တင်းတင်းရင်းရင်းကိုယ်ခန္ဓာအလှအား စားမတတ်ဝါးမတတ်ကြည့်၏။ မိန်းကလေးက ပြုံးရယ်ပြရင်း အလုပ်မအားသေးလို့ပါဟုငြင်း၏။ ထိုအခါ လူငယ်သည် ထပ်ပြီး မြယဉ်သန်းလက်ကိုဆွဲကာ အတင်းထိုင်ခိုင်းသည်။ မိန်းကလေးက ငြင်းသလိုလိုနှင့် အလိုက်သင့်ပင်ထိုင်သည်။ ထိုလူငယ်သည် သူမ၏လက်ကိုမလွှတ်တော့ဘဲ စကားတွေပြောရင်း မိန်းကလေးကို ဖက်ထားမည်ကဲ့သို့ ရှိလာသည်။

"အစ်ကိုရယ်၊ ကျွန်မလက်ကို လွှတ်ပါ။ လူမြင်ကွင်းကြီးမှာမကောင်းပါဘူး။ အစ်ကိုတွေ့ချင်ရင် နောက်မှ အေးအေးဆေးဆေး လာတွေ့ပါလား။ အခုတော့ ကျွန်မအလုပ်ရှိသေးလို့သွားခွင့်ပြုပါ"

"ဘယ်သူ့ကိုဂရုစိုက်ရမှာလဲ၊ ထိုင်စမ်းပါ။ ဒီနယ်တစ်ကြောမှာ ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ကိုယ်ဘယ်သူ့သားလဲဆိုတာသိသွားရင် အားလုံးရှဲသွားလိမ့်မယ်"

"ဟုတ်တယ် ညီမ၊ အစ်ကိုလေးကို ကောင်းကောင်းဧည့်ခံလိုက်။ ညီမက လည်း အရမ်းလှတာကိုး"

ဘေးမှတစ်သိုက်ကလည်းဝင်ပြောကြသည်။ သူတို့သည် သမင်မလေးတစ်ကောင်အား ဝိုင်းလိုက်ကြသည့် ကျားရဲများကဲ့သို့ရှိချေသည်။

"မင်း၊ မြယဉ်သန်းရဲ့လက်ကိုလွှတ်လိုက်ပါ။ မြယဉ်သန်း ကိုယ့်နေရာကိုယ်ပြန်သွား"

ကျားကြီး၏ မာကျောသောအသံနှင့် မီးထွက်မတတ် ဝင်းဝင်းတောက်မျက်လုံးအရှိန်တို့သည် ထမင်းဆိုင်ထဲမှ ဟိန်းထွက်လာသည်။

"မင်းကဘာကောင်မို့လို့ ငါတို့ဝိုင်းကို လာအမိန့်ပေးနေရတာလဲ"

"ငါ့နာမည် ကျားကြီး၊ ဒီနယ်တစ်ကြောမှာ ကျားကြီးဆိုတဲ့နာမည်ကို မကြားဖူးဘူးလား"

"ကျားကြီးတွေ၊ ခွေးကြီးတွေ ငါတို့နားမလည်ဘူး။ ဒါပေမယ့် မင်းကိုကြည့်ရတာ ကြွက်စုတ်ကြီး၊ ကောက်ရိုးပုံစောင့်တဲ့ခွေးပိန်ပဲဖြစ်မှာ"

"ဟား . . . ဟား . . . ဟား"

အရက်ပိုင်းမှ အဖော်တွေက ဝိုင်းရယ်ကြသည်။ ကျားကြီးပေါက်ကွဲလေပြီ။ မြယဉ်သန်းသည် ဆွဲကိုင်ထားသောလက်ကိုရုန်း၍ ဆိုင်နောက်ဘက်သို့ပြေးဝင်သွားသည်။

"ဟေ့ကောင်တွေ၊ မင်းတို့ဆိုင်ပြင်ကိုထွက်၊ ဆိုင်ထဲမှာ ငါရန်မဖြစ်ချင်ဘူး"

လူငယ်တစ်သိုက်သည် အေးဆေးစွာပင် ဆိုင်ထဲမှထွက်လာပြီး ကားနောက်ဖုံးတံခါးအားဖွင့်သည်။ ကင်ဒိုဓားနှစ်လက်နှင့် သံတုတ်တစ်ချောင်းထွက်လာ၏။ ကျားကြီးက ထင်းပုံထဲမှထင်းချောင်းကြီးတစ်ချောင်းကိုင်ပြီး သူတို့နှင့်ရင်ဆိုင်လိုက်သည်။ လူငယ်က ကင်ဒိုဓားကိုင်ပြီး ရှေ့မှပြေးခုတ်သည်။

"ယား . . . ဖြောင်း . . . ဒုတ်"

စလွယ်သိုင်းဝင်လာသော ဓားချက်ကို ထင်းချောင်းဖြင့် ရိုက်ဖယ်လိုက်စဉ် ကျားကြီးနောက်မှ လူငယ်တစ်ယောက်က ဓားဖြင့်ဇက်ပိုးကိုပိုင်းချလိုက်သည်။ ပတ်ဝန်းကျင်မှ ဝိုင်းကြည့်နေသောပရိသတ်သည် ကျားကြီး၏ တုတ်ပြီး၊ ဓားပြီးအစွမ်းနှင့် လူငယ်တစ်သိုက် ထင်းချောင်းစာမိတော့မည်ဟု ထင်နေကြသည်။

သို့သော် -

"ဒုတ် . . . အား"

ကျားကြီး၏ဇက်ပိုးအား ဓားချက်က လှလှပပဝင်သွားပြီး ကျားကြီးမှောက်ရက်လဲကျသွားသည်။ ကျားကြီးဓားဒဏ်ရာဖြင့်မထနိုင်တော့။ ဆိုင်ရှေ့၌ သွေးအိုင်ထဲတွင်လဲနေသောကျားကြီး၏ပုံက မြင်မကောင်း။ လူငယ်တစ်သိုက် လျင်မြန်စွာ ကားပေါ်တက်၍ မောင်းထွက်သွားကြသည်။

"ကျားကြီး ဓားပြီးတယ်ဆိုတာ တကယ်လည်းမဟုတ်ဘူး။ သေပြီထင်တယ်"

ပတ်ဝန်းကျင်မှ လူတွေဝိုင်းလာကြသည်။ တစ်ယောက်တစ်မျိုးဝေဖန်နေကြ၏။ တုတ်ကလေးနှင့် ဘိုနီတို့ပြေးကြပြီး ကျားကြီးကိုပွေ့ချီသောအခါ ကျားကြီးအသက်မရှိတော့။ သူတို့ဇဝေဇဝါဖြစ်သွားကြသည်။ အရင်က ဓားပြီးသော ကျားကြီးသည် ယခုဘာမှမပြီးတော့ပါလား။ အဆောင်အားကိုးနဲ့မိုက်ရဲသောလူမိုက်တစ်ယောက်တော့ ထိုမြို့ကလေးတွင် ဇာတ်သိမ်းသွားရှာပြီ ဖြစ်သည်။

❑

သွားစိုက်ဆရာ တရုတ်အဟုန်တစ်ယောက် နေမကောင်းဖြစ်နေသည်မှာကြာပြီ။ လူမှာလည်း တဖြည်းဖြည်းပိန်လိုက်လာသည်။ အဖျားကမကျချောင်းဆိုးသည်မှာမရပ်တော့။ သူပြနေကျဆရာဝန်က မသက်သာသဖြင့် အထူးကုဆေးခန်းသို့ ညွှန်လိုက်သဖြင့် ဆရာဝန်ကြီးနှင့်တွေ့သော် သွေး၊ ဝမ်း၊ ဆီး အကုန်စစ်ခိုင်းသည်။ ဆေးအဖြေတွေ့ရှိချက်က သွေးတွင် အေအိုင်ဒီအက်(စ်)၊ အိပ် (ချ)အိုင်ဗွီပိုးရပ်တွေ့သည်တဲ့။

အဟုန်စိတ်ဓာတ်ကျသွားရှာသည်မှာ သူ့ခန္ဓာကိုယ်သည် အရိုးစုသာသာရှိတော့သည်။ သွားစိုက်ဆိုင်ပိတ်လိုက်ရပြီး အိမ်ထဲမှ အိမ်ပြင်မထွက်တော့။ သူ့လောဘဇောက သူ့ကိုပြန်ပြီးဒုက္ခပေးလေပြီ။ ကျားကြီး၏အဆောင်မှစွန်းထင်းနေသောသွေးမှတစ်ဆင့် သူ့ခန္ဓာကိုယ်သည် အေအိုင်ဒီအက်(စ်) ကူးခဲ့လေပြီတည်း။

မကြာမီ တရုတ်အဟုန် ကွယ်လွန်သွားခဲ့သည်။ မြို့ပြင်သုသာန်မှာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

တစ်နေ့ -

မြို့ပြင်သုသာန်အနီးမှာ ကြွက်လိုက်ထိုးနေသော လူငယ်တစ်ယောက် ပေါက်တူးတစ်လက်၊ မှိန်းတစ်ချောင်းဖြင့် ရောက်လာသည်။ သွားစိုက်ဆရာတရုတ်အဟုန်၏မြေပုံအနီး ကြွက်တွင်းမှ ကြွက်ကြီးတစ်ကောင် ထွက်လာသည်။ လျင်မြန်စွာဖြင့် မှိန်းနှင့်ထိုးလိုက်သည်။ မှိန်းသွားသည် ဖြောင့်တန်းစွာဖြင့် ကြွက်ကြီးကိုယ်ထဲသို့ တန်းဝင်သွားသည်။ သို့သော် ကြွက်ကြီးက ဘာမှမဖြစ်။ နောက်တစ်ချက်ထပ်ထိုးသည်။ ကြွက်ကြီးက ဒဏ်ရာမရ၊ သွေးတစ်စက်မှ မထွက်ဘဲ ကြွက်ထိုးသည့်လူငယ်ကို ပြန်၍စူးစိုက်ကြည့်နေသည်။ လူငယ်လန့်သွားသည်။ သင်္ချိုင်းကုန်းထဲမှ ဒီကြွက်သည်သာမန်ကြွက်မဟုတ်နိုင်။ မကောင်းဆိုးဝါးစွဲကပ်နေသော ကြွက်သာဖြစ်ရမည်ဟုထင်သွားပြီး သုတ်ခြေတင်၍ ပြေးထွက်သွားပါတော့သည်။

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# တရုတ်ဂမ္ဘီရ မှန်းရှေပညာ





အရှေ့တောင်အရပ်တို့၌ ထားရှိပေးရပါမည်။ကံကောင်းခြင်းအောင်နိမိတ်ဆောင်သော်လည်း နဂါးရုပ်ကို လိုအပ်သည်ထက် ပိုမိုမကြီးသင့်ပေ။ သို့မဟုတ်က နဂါး၏ ပြင်းထန်သော ယန်စွမ်းအင်များက တစ်အိမ်လုံးသို့ လွှမ်းမိုးသွားပါမည်။ နဂါးရုပ်မျက်လုံးကို ကျောက်အနီဖြင့် စီခြယ်၍ ကိုယ်ပိုင်းအား ရတနာတန်းဝင်အစိမ်းရောင်ကျောက်များဖြင့် စီခြယ်ပြုလုပ်နိုင်ပါသည်။ နဂါးရုပ်ကို မမြင့်လွန်း၊ မနိမ့်လွန်းသောနေရာတွင် မျက်စိနှင့် တစ်တန်းတည်းဖြစ်အောင်ထားရပါမည်။

ဟောင်ကောင်ကျွန်း၏အထင်ကရနေရာဖြစ်သော Kowloon သည် နဂါး (၉) ကောင် ဟူသည့် အဓိပ္ပာယ်ကိုဆိုလိုပြီး နဂါးတစ်ကောင်ချင်းစီ၌ သီးခြားစွမ်းအင်တစ်မျိုးစီ ပိုင်ဆိုင်ထားသည့်သဘောကိုဖော်ပြပါသည်။

**နဂါးရုပ်ကိုအရှေ့အရပ်တွင်ထားရှိခြင်း**

အရှေ့အရပ်သည် နေစတင်ထွက်ရှိရာနေရာဖြစ်သည်သာမက နွေဦးမိုးစတင်ရွာသွန်းရာအရပ်ဒေသလည်းဖြစ်သည်။ နဂါးသည် မိုးကိုကိုယ်စားပြုပြီး ကမ္ဘာမြေအား ရေများဖြင့် ရွှဲစိုလန်းဆန်းစေအောင် ဆောင်ကြဉ်းပေးသူလည်းဖြစ်သည်။ မိုး (သို့) ရေများအား စီးပွားဥစ္စာများအဖြစ် နဂါးက ပြောင်းလဲပေးနိုင်ပါသည်။ ထို့ကြောင့် နဂါးပုံဒီဇိုင်းအား အရှေ့အရပ်တွင် ထားရှိပေးခြင်းဖြင့် သက်ဆိုင်သူအတွက် လိုတရသော၊ ပြီးပြည့်စုံသောဘဝလူနေမှုကို ရယူပိုင်ဆိုင်နိုင်ပါသည်။ တရုတ်လူမျိုးအချို့က ၎င်းတို့၏ ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ သက်တမ်းကြာရှည်စွာ ရပ်တည်နိုင်ရန် နဂါးပုံအား Logo အဖြစ် ကျယ်ပြန့်စွာ အသုံးပြုတတ်ကြသည်။

နဂါးရုပ်တုကို ကြေး (သို့) သလင်းကျောက်ဖြင့်ထုလုပ်ပါက ဧည့်ခန်း၏ အနောက်တောင်အရပ်နှင့်အရှေ့မြောက်အရပ်တို့တွင်ထားရှိရပြီး သစ်သားဖြင့် ထုထွင်းပြုလုပ်ပါက အရှေ့အရပ်နှင့် အရှေ့တောင်အရပ်တို့၌ ထားရှိပေးရပါမည်။

**နဂါးကိုးကောင်၏အမည်နှင့် ဆိုင်ရာစွမ်းအင်များ**

(1) Pu-Lao = ဘေးဥပဒ်ကျရောက်မှုမှန်သမျှတို့အား ကာကွယ်ပေးသည်။ ခေါင်းလောင်း၊ ကြေးမောင်းနှင့် လင်းကွင်းများ၌ ရေးထွင်းလေ့ရှိသည်။

(2) Ch'iu-niu = ဂီတသံစဉ်များနှင့်အတူ ယန်စွမ်းအင်ကို ဖန်တီးပေးနိုင်သည်။

(3) Pi-hsi = ပညာရေး၊ အသိပညာဗဟုသုတကြွယ်ဝတိုးတက်ရေးအတွက် ကံကောင်းခြင်းများကို ပေးစွမ်းနိုင်သည်။

(4) Pa-hsia = သတ္တိ၊ ဖွဲ့၊ ခွန်အားဗလပြည့်စုံခြင်းကိုပေးစွမ်းသည်။

(5) Chao-feng = ဘုရားကျောင်း၊ ဘုံကျောင်းနှင့် အခြားမြင့်မြတ်သောဘာသာရေးအဆောက်အအုံများကို စောင့်ရှောက်သည်။

(6) Chih Wen = ပူလောင်ပြင်းပြသောမီးတောက်အား အေးမြသောရေဖြင့် ငြိမ်းသတ်ပေးနိုင်သည့်စွမ်းအင်ကိုရစေသည်။

(7) Suan-ni = ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံးခြင်း၊ သစ္စာဖောက်ခံရခြင်းတို့ မခံရစေရန် အကာအကွယ်ပေးသည်။

(8) Yai-Tzu = ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရခြင်း မဖြစ်အောင် ကာကွယ်ပေးသည်။

(9) Pi- Kau = တရားစွဲဆိုခံရခြင်းနှင့် အမှုအခင်းမဖြစ်စေရန် အကာအကွယ်ပေးသည်။

နဂါးကိုးကောင်ပါ ပန်းချီကားများကို အရှေ့တံခါးအဝင်ဝနေရာတွင်ချိတ်ဆွဲထားရှိပေးခြင်းဖြင့် ကောင်းသော ချီစာတ်များ စီးဆင်းဝင်ရောက်လာပြီး အိမ်





www.burmeseclassic.com

www.burmeseclassic.com



၏မိသားစုဝင်အားလုံး ပေါ်ကျရောက်လတ္တံ့သော ဘေးဥပဒ်အန္တရာယ်များ ပပျောက်၍ (၉) ဂဏန်းကိုယ်စားပြု ကောင်းကင်ဘုံနှင့် မြေကြီးတို့ ပြည့်ဝညီညွတ်စွာဖြင့် အရပ်ရှစ်မျက်နှာမှ မင်္ဂလာအပေါင်း ခညောင်းဝင်ရောက်လာပါမည်။

နဂါးကိုယ်စားပြုရာအရပ်သည် အရှေ့အရပ်ဟု ဆိုသော်လည်း အရပ်လေးမျက်နှာစလုံးဖြင့်လည်း ပတ်သက်ဆက်စပ်နေပါသည်။ ထို့ကြောင့် တရုတ်နှစ်သစ်ကူးပွဲတော်များ၌ ကံကောင်းခြင်းနှင့် စီးပွားဥစ္စာတိုးတက်ခြင်း နိမိတ်လက္ခဏာအဖြစ် နဂါးရုပ်ပုံအမျိုးမျိုးကို နေရာအနှံ့တွေ့ရပါမည်။

**ဖီးနတ်(စ်)ငှက်ပုံကိုအသုံးပြုခြင်း**

ဖီးနိတ်(စ်)ငှက်သည် သီးခြားတစ်ကောင်တည်းအနေဖြင့် ယန် (Yang) စွမ်းအင်ကို ပိုင်ဆိုင်ထားပါသည်။ အိမ်အတွင်း ငှင်းတော်ဝင်ငှက်ရုပ်ကိုထားလိုပါက မြင့်သောနေရာတွင် ထားရှိရပါမည်။ ဥပမာ စင်မြင့်၊ ဗီရိုတို့အပေါ်၌



အထူးသင့်လျော်ပါသည်။ အရပ်ထောင့်အနေဖြင့် ဧည့်ခန်း၏ တောင်ဘက်အရပ်တွင် ထားရှိပေးပါ။ ဖီးနတ်(စ်)ငှက်ပုံ အလွယ်တကူ ရှာဖွေမရရှိခဲ့ပါက ဥဒေါင်း (သို့) ကြက်ဖပုံကို လှပစွာစီရင်ခြယ်မှုန်းစေပြီး အစားထိုးသုံးနိုင်ပါသည်။ ဖီးနိတ်(စ်)ငှက်ပုံရရှိပါက ပိုကောင်းပါသည်။ ဖီးနိတ်(စ်)ငှက်ရုပ်တု (သို့) ပုံတူကားချပ်အား တောင်အရပ်တွင်ထားရှိပြီးနောက်ပိုင်း အတောမသတ်နိုင်သော အခွင့်အရေးသစ်များရရှိလာကာ ရွေးချယ်ရခက်သည့် အခြေအနေသို့ပင် ရောက်ရှိနိုင်ပါသည်။ မိသားတစ်စုလုံး၏ အကျိုးစီးပွားအတွက် မျှတစွာအကျိုးပေးရန် ဖီးနိတ်(စ်)ငှက်ရုပ်အား အနောက်တောင်အရပ်တွင် ထားပေးပါ။

ကောင်းကင်ဘုံအစီအစဉ် 'ပါ့ကွာ' ပုံအရ တောင်အရပ်ရှိ တြိရေခါကိုယ်စားပြု မီးနှင့်နေ၏ ပူနွေးသော Yang ဓာတ်သဘောဆောင်သော ပျော်ရွှင်မှု၊ တက်ကြွလန်းဆန်းမှုကိုပေးနိုင်သောစွမ်းအင်များကို ဖီးနိတ်(စ်)က ပိုင်ဆိုင်ထားပါသည်။



ဖီးနိတ်(စ်)ငှက်သည် သီးခြားတစ်ကောင်တည်းအနေဖြင့် Yang (ယန်)စွမ်းအင်ရှိသော်လည်း နဂါးနှင့် တွဲဖက်လိုက်သောအခါ၌ Yin (ယင်)စွမ်းအင်ဖြစ်သွားပါသည်။ နဂါးနှင့် ဖီးနိတ်(စ်)စုံတွဲပုံသည် ယန်နှင့် ယင်စွမ်းအင်မျှတမှုသဘောအရ အိမ်ထောင်သုခပြည့်စုံခြင်း၊ ကျန်းမာပျော်ရွှင်စေခြင်းအကျိုးများကို ရစေပါသည်။ နမူနာပုံတွင် ပြသထားသည့်အတိုင်း ဖီးနိတ်(စ်)ငှက်ကို ယာဘက်တွင်ထား၍ နဂါးကို ဝဲဘက်တွင်ထားရပါမည်။ အကယ်၍ သင့်အနေဖြင့် ကြင်ဖက်တစ်ဦးမျှ ရှာမတွေ့သေးပါက အိပ်ခန်း၏ အနောက်တောင်အရပ်၌ ၎င်းပုံအား ချိတ်ဆွဲပေးပါ။

ဖီးနိတ်(စ်)ငှက်အား အဖြူ၊ အနီ ပန်းရောင်ပန်းများဖြင့်တွဲ၍ ဒီဇိုင်းပုံဖော်ပေးပါက ငယ်ရွယ်သူ ချစ်သူများအား ကိုယ်စားပြု၍ ကောင်းကျိုးဖြစ်စေပါသည်။

**Chi Lin သို့ Unicorn (ယွန်ကောန်) ခေါ် ဇဏ္ဍာရီလာမြင်း**

Chi Lin ခေါ် တရုတ်ဒဏ္ဍာရီလာ ဦးချိုတစ်ချောင်းတည်းရှိ မြင်း (Unicorn) ကို တစ်ခါတစ်ရံ Dragon Horse အဖြစ် ရည်ညွှန်းဖော်ပြတတ်ပါသည်။ ဖုန်းရွှေပညာအရ Chi Lin (သို့) Unicorn သည် စီးပွားဥစ္စာတိုးတက်ခြင်း၊ အောင်မြင်မှုရရှိခြင်း၊ အသက်ရှည်ခြင်း၊ သားရတနာ ထွန်းကားခြင်း ဆိုသည့် ကောင်းသော အတိတ်နိမိတ်များကို ကိုယ်စားပြုပါသည်။



*Chi Lin with 4 scholastic objects brings education luck*

Chi Lin ရုပ်တုကို ပညာရေး၌ ထူးချွန်ထက်မြက်စေသော အဆောင်အဖြစ် အဓိကအသုံးပြုနိုင်ပါသည်။ ကျောင်းသားများအတွက် မိမိတို့စာကြည့်စားပွဲပေါ် တင်ထားခြင်းဖြင့် အောင်မြင်မှုရွှေပြေးနိမိတ်ကို ရရှိပါမည်။

**နဂါးနှင့်လီပ်တို့၏ အောင်မြင်မှု အတိတ်နိမိတ်တစ်ခုစီကိုပေါင်းစပ်ထားခြင်း**





www.burmeseclassic.com

www.burmeseclassic.com



*The Dragon Tortoise has many auspicious meanings*



နမူနာပုံတွင် ပါရှိသည့်အတိုင်း နဂါးဦးခေါင်းနှင့် လိပ်ကိုယ်ပါရှိသော သတ္တဝါက ရွှေရောင်သတ္တုချောင်းများနှင့် ငွေအကြွေစေ့များအပေါ် ထိုင်နေသည့်ဟန်ရှိနေသည့်ရုပ်တုကို လေ့လာပါက နဂါးပါးစပ်ဟနေသည်ကို တွေ့ရပါမည်။ ပါးစပ်ဟနေခြင်းသဘောက ငွေကြေးစီးပွားဥစ္စာများ ဝင်ရောက်လာမှုကို လမ်းဖွင့်ပေးထားသည့်သဘောပြနေပါသည်။

**နဂါးဦးခေါင်းနှင့် လိပ်ကိုယ်ရုပ်တု၏ ဂုဏ်အင်္ဂါများ**

လိပ်၏သဘာဝအရ သက်တမ်းကြာရှည်စွာရပ်တည်ရှင်သန်နိုင်ခြင်း၊

အစာရေစာ လုံးဝမစားရဘဲ၊ အသက်ရှူရန် လေမရရှိဘဲ နှစ်ပေါင်း (၃၀၀၀) အထိ အသက်ရှင်လျက် နေနိုင်ခြင်းသဘောကို ကိုယ်စားပြုပြီး -

နဂါးသည် ပင်ကိုသဘာဝအရ အရာရာအောင်နိုင်ခြင်း၊ သူရသတ္တိနှင့်ပြည့်စုံခြင်း၊ ဆုံးဖြတ်သည့်အတိုင်းဖြစ်အောင်လုပ်နိုင်ခြင်းသဘောကို ရည်ညွှန်းပါသည်။

လိပ်ဘဝမှ နဂါးအသွင်သို့ပြောင်းလဲသွားသည့် နိမိတ်လက္ခဏာသည် သက်ဆိုင်သူ၏ စီးပွားရေး အပါအဝင် အပိုင်းကဏ္ဍမျိုးစုံ၌ ကံကောင်းခြင်းများ ကျရောက်လာမည့် သဘောကိုဖော်ပြပါသည်။

နဂါးဦးခေါင်းနှင့် လိပ်ကိုယ်ပါရှိသည့်သတ္တဝါ၏အောက်ခြေရှိ ရွှေရောင်သတ္တုချောင်း (သို့) ငွေအကြွေစေ့များက စီးပွားဥစ္စာကြွယ်ဝမှုနိမိတ်ကိုရည်ညွှန်းပြီး နဂါးပါးစပ်ဟနေခြင်းက ပုံမှန်ဝင်ငွေတိုးတက်စွာ ဝင်ရောက်လာမည့် နိမိတ်ကို ကိုယ်စားပြုပါသည်။

နမူနာပုံအရ အဆိုပါရုပ်တု၏ကျောပေါ်တွင်ရှိနေသော လိပ်ငယ်က သားရတနာများစွာ မွေးဖွား သန့်စင်နိုင်မည့် အတိတ်နိမိတ်ကို ဆောင်ပါသည်။

ဖော်ပြပါရုပ်တုအား သင်ထိုင်ရာစားပွဲ၌ သင်နှင့် တိုက်ရိုက် မျက်နှာချင်းဆိုင်မကျအောင်ထားရှိပါ။ စားပွဲ၏ မြောက် (သို့) အရှေ့အရပ်တစ်နေရာရာ၌ ထားရပါမည်။ ၎င်းပြင် လိပ်နှင့် နဂါးတို့၏ ထက်မြက်သော စွမ်းရည်များက သင့်အားကျောထောက်နောက်ခံပြုစေသည့်နိမိတ်ဖြင့် သင်ထိုင်ရာကျောဘက်၌လည်း ထားရှိနိုင်ပါသည်။ အကယ်၍ အမှတ်မထင် မျက်နှာချင်းဆိုင်ထားမိပါက လိပ်နှင့်နဂါးတို့၏ စွမ်းအင်များအပေါ် သင်ကအတိုက်အခံပြု ထိပ်တိုက်ရင်ဆိုင်သည့်သဘော၊ ဆန့်ကျင်သည့်သဘော သက်ရောက်သွားနိုင်ပါသည်။


**စီးပွားဥစ္စာ တိုးတက်ခြင်းနိမိတ်ဆောင် ရွှေအိုးဖန်တီးထားရှိခြင်း**

နမူနာပုံအရ သလင်းကျောက်ဖြင့်ပြုလုပ်ထားသောအိုးအတွင်း ရတနာပစ္စည်းများကဲ့သို့ အရောင်တဖျပ်ဖျပ်တောက်သည့်ရောင်စုံဖန်စများကိုထည့်၍ ပြတင်းပေါက်အနီးထားရှိက သက်တံရောင်ရရှိအောင် ဖန်တီးရပါမည်။ သလင်းကျောက်သားသည် မြေဓာတ်စွမ်းအင်ကိုကိုယ်စားပြု၍ Yang (အဖိုဓာတ်) ကို ဖြစ်ပေါ်စေပါသည်။ ရတနာများထည့်ထားသည့် မြေဓာတ်ကိုယ်စားပြု သလင်းကျောက်အိုးကို ဥစ္စာစီးပွားတိုးတက်စေရန် အနောက် (သို့) အနောက်မြောက်အရပ်တွင်ထားရှိပါ။



*Pot of Gold*

**ဩဇာအာဏာ ထက်မြက်စေရန်နှင့် အောင်မြင်မှုရစေရန် အောင်နိမိတ်ပြ မြင်းဖြူရုပ်ကို အသုံးပြုခြင်း**




မြင်းဖြူသည် တိုက်ပွဲများ၌ ဖြိုင်ဘက် (ရန်သူ) အပေါင်းအား အောင်မြင်ခြင်းသဘောဆောင်၍ ဌာနဆိုင်ရာမှ ရာထူးကြီးမားသူများ ဩဇာအာဏာ ထက်မြက်မှု တာရှည်တည်တံ့စေရန် (နမူနာပုံအတိုင်း) မြင်းဖြူရုပ်ကိုသုံးရပါမည်။ ထိုမြင်းဖြူရုပ်ကို အိမ်၏တောင်ဘက်အရပ်တွင် အစဉ်ထားရှိပါ။ ဧည့်ခန်းအတွင်း မိသားစုများရှိရာနေရာတွင် ထားနိုင်သော်လည်း အိပ်ခန်းအတွင်း လုံးဝမထားရှိရပါ။ အခြားသတိပြုစရာအချက်မှာ မြင်းဖြူရုပ်ကို သင်၏နောက်ကျောတည့်တည့် (သို့) မျက်နှာချင်းဆိုင်တည့်တည့်နေရာတွင်မထားရ။ အမှတ်မထင်ထားရှိမိပါက ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု ထိခိုက်ဒဏ်ရာရနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




**ကံကောင်းခြင်းနှင့် အောင်မြင်ခြင်းနိမိတ်ပြ ဆင်ရုပ်စုံတွဲ**

ဆင်၏ပင်ကိုသဘာဝအရ ခွန်အားကြီးမားခြင်း၊ ဆင်ခြင်တွေးဆတတ်ခြင်း၊ မှျတစွာစီရင်တတ်ခြင်းသဘောများ ပိုင်ဆိုင်ထားသည်။

တရုတ်ယဉ်ကျေးမှုအရ ဆင်နှပေါ်၌ ကလေးများထိုင်နေသည့်ပုံ (ပန်းချီကား) က ကံကောင်းခြင်းနိမိတ်ကို ဖော်ပြပါသည်။

ကြွေဖြင့်စီမံပြုလုပ်သည့် ဆင်ဖြူရုပ်စုံတွဲကို အိမ်၏အဝင်ဝတံခါး(သို့) အတွင်းဘက်၌ထားရှိနိုင်၏။ သားသမီးမရသေးသူ တရုတ်အမျိုးသမီးအနေဖြင့် အဆိုပါဆင်ရုပ်ကို အိပ်ခန်းအတွင်းထားရှိခြင်းဖြင့် သားရတနာ မကြာမီရရှိလာပါမည်။

တရုတ်နိုင်ငံ ဘေကျင်းမြို့ပြင်ရှိ Ming Tombs (မင်မင်းဆက်ဂူသချိုင်း) တစ်ခု၌ ကျောက်ဖြင့်ထုထွင်းထားသည့် အလွန်ကြီးမားသောဆင်ရုပ်ကြီးများကို တွေ့ရပါမည်။ ဆင်ရုပ်ကြီးများကို မတ်တတ်ရပ်ရုပ်တုပုံနှင့် ဒူးထောက်ဝပ်နေပုံအဖြစ်တွေ့ရှိရပြီး (သားရတနာ) လိုချင်သူ အမျိုးသမီးများက ၎င်းဆင်ကြီးများ၏ ကိုယ်ထည်နောက်ပိုင်းကို ပွတ်သပ်၍ ဆုတောင်းလေ့ရှိပါသည်။

**စီးပွားလာဘ်ပေါ်များစေသည့်မြွေပါရုပ်**




နမူနာပုံတွင် ဖော်ပြချက်အရ ရွှေငွေ၊ ပိုက်ဆံအကြွေစေ့များပေါ် ထိုင်နေသည့် မြွေပါရုပ်ပုံကိုထားရှိခြင်းဖြင့် ရွှေငွေဥစ္စာပစ္စည်း ပေါ်များကြွယ်ဝခြင်း အကျိုးကို ခံစားရပါမည်။

**ကံကောင်းခြင်းနှင့် ယှန်စွမ်းအင်ကိုပေးသော အနီရောင်လင်းနို့ရုပ်**



အနီရောင်လင်းနို့ရုပ်ကိုထားရှိခြင်းဖြင့် ဘဝ၏ပျော်ရွှင်ခြင်း၊ စီးပွားဥစ္စာပေါ်များခြင်း၊ အသက်ရှည်၍ ကျန်းမာခြင်း



ဟူသည့် မင်္ဂလာရှိသော အကျိုးများခံစားရပါမည်။ လင်းနို့(၅)ကောင်ပုံရုပ်တုစီမံပြုလုပ်၍ထားရှိနိုင်ပါက ကောင်းကင်ဘုံမှ ကောင်းချီးငါးမျိုး ရရှိခံစားရပါမည်။ လင်းနို့ငါးကောင်ပုံကို ကြွေရုပ်(သို့) ပန်းချီကားဖြင့် စီမံရေးဆွဲနိုင်သည်။

တရုတ်ဒဏ္ဍာရီအရ ငွေရောင်ရှိသောလင်းနို့များက နှစ်သက်တမ်းထောင်ချီ၍ အသက်ရှင်တတ်ကြသည်။ လင်းနို့ရုပ်များကို အခြားသော အောင်နိမိတ်ဆောင်ပစ္စည်းများနှင့် တွဲဖက်၍လည်း ထားရှိနိုင်သည်။ မန်ချူးခေတ်ကာလအတွင်း ဧကရာဇ်မင်းတို့ဝတ်ဆင်သော နဂါးဝတ်ရုံ၌ တိမ်၊ ရေ၊ နဂါးနှင့် စသည့်အပြောက်အမွမ်းတို့အပြင် လင်းနို့ပုံများပါပါဝင်နေကြောင်း (နမူနာပုံအရ) တွေ့ရပါမည်။

**လင်းနို့(၅)ကောင်နှင့် စကြာ(၅)ခု စီရင်ထားရှိပုံ**



နမူနာပြပုံအတိုင်း လင်းနို့ (၅) ကောင်နှင့် စကြာငါးခုကို တစ်ခုခြားစီထား၍ အဝိုင်းပုံစံပုံဖော်ထားရှိပါက ကောင်းကင်ဘုံမှပေးသော ကောင်းချီး(၅)မျိုးဖြစ်သည့် အသက်ရှည်ခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ စီးပွားဥစ္စာကြွယ်ဝခြင်း၊ အများ၏ကြည်ညိုလေးစားမှုခံရခြင်း၊ သက်တမ်းပြည့်မှသာကွယ်လွန်ရခြင်း အကျိုးထူးများကို ရရှိပါမည်။ နမူနာပုံပါ ဒီဇိုင်းကို အဝတ်အစား၊ မြေအိုး၊ ပန်းအိုးများတွင် စီမံ ရေးဆွဲ (ပုံဖော်) ၍ ဧည့်ခန်း (သို့) ထမင်းစားခန်းအတွင်း ပျော်ရွှင်ခြင်းနှင့် ကံကောင်းခြင်းနိမိတ်အဖြစ်ထားရှိပေးပါ။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီးအပါအဝင် ဓနလာဘ်ဆိုင်ရာများကို ရွတ်ဖတ်ကျင့်ကြံပွားများမည်ဆိုပါလျှင် ထူးခြားသောကောင်းကျိုးချမ်းသာများကို ကောင်းစွာရရှိခံစားရမည်မှာ မုချဧကန်ဖြစ်ပါသည်။ ၈-၂-၂၀၁၆ နေ့ နံနက် (၄း၃၄း၃၅) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ ညနေ (၄း၃၄း၃၅) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်နှင့် ယှဉ်တွဲမည်ဖြစ်ကာ (၉-၂-၂၀၁၆) နေ့ နံနက် (၄း၃၄း၃၅) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှထွက်ခွာမည် ဖြစ်ပါသည်။ ၎င်း (၈-၂-၂၀၁၆) နေ့ နံနက် (၆း၄၀း၀၆) နာရီမှ (၆း၄၈း၂၄) နာရီအတွင်း လဂ်သည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်ပြီး ၎င်း (၈-၂-၂၀၁၆) နေ့ နေ့လယ် (၁၂း၁၂း၅၉) နာရီမှ (၁၃း၀၆း၅၅) နာရီတွင် မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်သည်။

| လဂ်ဖြတ်ကျော်ဇယား | | | မွန်းတည့်မျဉ်းဖြတ်ကျော်ဇယား | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၇း ၀၇း ၃၈ | ၇း ၁၅း ၁၆ | ၁ | ၁၂း ၄၀း ၂၇ | ၁၃း ၃၄း ၂၇ |
| ၂ | ၇း ၀၃း ၄၂ | ၇း ၁၂း ၀၀ | ၂ | ၁၂း ၃၆း ၃၁ | ၁၃း ၃၀း ၃၁ |
| ၃ | ၆း ၅၉း ၄၆ | ၇း ၀၈း ၀၄ | ၃ | ၁၂း ၃၂း ၃၅ | ၁၃း ၂၆း ၃၅ |
| ၄ | ၆း ၅၅း ၅၀ | ၇း ၀၄း ၀၈ | ၄ | ၁၂း ၂၈း ၄၁ | ၁၃း ၂၂း ၃၉ |
| ၅ | ၆း ၅၁း ၅၄ | ၇း ၀၀း ၁၂ | ၅ | ၁၂း ၂၄း ၄၇ | ၁၃း ၁၈း ၄၃ |
| ၆ | ၆း ၄၇း ၅၈ | ၆း ၅၆း ၁၆ | ၆ | ၁၂း ၂၀း ၅၁ | ၁၃း ၁၄း ၄၇ |
| ၇ | ၆း ၄၄း ၀၂ | ၆း ၅၂း ၂၀ | ၇ | ၁၂း ၁၆း ၅၅ | ၁၃း ၁၀း ၅၁ |
| ၈ | ၆း ၄၀း ၀၆ | ၆း ၄၈း ၂၄ | ၈ | ၁၂း ၁၂း ၅၉ | ၁၃း ၀၆း ၅၅ |
| ၉ | ၆း ၃၆း ၁၀ | ၆း ၄၄း ၂၈ | ၉ | ၁၂း ၀၈း ၀၃ | ၁၃း ၀၂း ၅၉ |
| ၁၀ | ၆း ၃၂း ၁၄ | ၆း ၄၀း ၃၂ | ၁၀ | ၁၂း ၀၄း ၅၇ | ၁၂း ၅၉း ၀၃ |
| ၁၁ | ၆း ၂၈း ၁၈ | ၆း ၃၆း ၃၆ | ၁၁ | ၁၂း ၀၁း ၀၁ | ၁၂း ၅၅း ၀၇ |
| ၁၂ | ၆း ၂၄း ၂၂ | ၆း ၃၂း ၄၀ | ၁၂ | ၁၁း ၅၇း ၀၅ | ၁၂း ၅၁း ၁၁ |
| ၁၃ | ၆း ၂၀း ၂၆ | ၆း ၂၈း ၄၄ | ၁၃ | ၁၁း ၅၃း ၀၉ | ၁၂း ၄၇း ၁၅ |
| ၁၄ | ၆း ၁၆း ၃၀ | ၆း ၂၄း ၄၈ | ၁၄ | ၁၁း ၄၉း ၁၃ | ၁၂း ၄၃း ၁၉ |
| ၁၅ | ၆း ၁၂း ၃၄ | ၆း ၂၀း ၅၂ | ၁၅ | ၁၁း ၄၅း ၁၇ | ၁၂း ၃၉း ၂၃ |
| ၁၆ | ၆း ၀၈း ၃၈ | ၆း ၁၆း ၅၆ | ၁၆ | ၁၁း ၄၁း ၂၁ | ၁၂း ၃၅း ၂၇ |
| ၁၇ | ၆း ၀၄း ၄၂ | ၆း ၁၂း ၀၀ | ၁၇ | ၁၁း ၃၇း ၂၃ | ၁၂း ၃၁း ၃၁ |
| ၁၈ | ၆း ၀၀း ၄၆ | ၆း ၀၈း ၀၄ | ၁၈ | ၁၁း ၃၃း ၂၇ | ၁၂း ၂၇း ၃၅ |
| ၁၉ | ၅း ၅၆း ၅၀ | ၆း ၀၄း ၀၈ | ၁၉ | ၁၁း ၂၉း ၃၁ | ၁၂း ၂၃း ၃၉ |
| ၂၀ | ၅း ၅၂း ၅၄ | ၆း ၀၀း ၁၂ | ၂၀ | ၁၁း ၂၅း ၃၅ | ၁၂း ၁၉း ၄၃ |
| ၂၁ | ၅း ၄၈း ၅၈ | ၅း ၅၆း ၁၆ | ၂၁ | ၁၁း ၂၁း ၃၉ | ၁၂း ၁၅း ၄၇ |
| ၂၂ | ၅း ၄၅း ၀၂ | ၅း ၅၂း ၂၀ | ၂၂ | ၁၁း ၁၇း ၄၃ | ၁၂း ၁၃း ၅၁ |
| ၂၃ | ၅း ၄၁း ၀၆ | ၅း ၄၈း ၂၄ | ၂၃ | ၁၁း ၁၃း ၄၇ | ၁၂း ၀၉း ၅၅ |
| ၂၄ | ၅း ၃၇း ၁၀ | ၅း ၄၄း ၂၈ | ၂၄ | ၁၁း ၀၉း ၅၁ | ၁၂း ၀၅း ၅၉ |
| ၂၅ | ၅း ၃၃း ၁၄ | ၅း ၄၀း ၃၂ | ၂၅ | ၁၁း ၀၅း ၅၅ | ၁၂း ၀၂း ၀၃ |
| ၂၆ | ၅း ၂၉း ၁၈ | ၅း ၃၆း ၃၆ | ၂၆ | ၁၁း ၀၁း ၅၉ | ၁၁း ၅၈း ၀၇ |
| ၂၇ | ၅း ၂၅း ၂၂ | ၅း ၃၂း ၄၀ | ၂၇ | ၁၀း ၅၈း ၀၃ | ၁၁း ၅၄း ၁၁ |
| ၂၈ | ၅း ၂၁း ၂၆ | ၅း ၂၈း ၄၄ | ၂၈ | ၁၀း ၅၄း ၀၇ | ၁၁း ၅၀း ၁၅ |
| ၂၉ | ၅း ၁၇း ၃၀ | ၅း ၂၄း ၄၈ | ၂၉ | ၁၀း ၅၀း ၁၁ | ၁၁း ၄၆း ၁၉ |



www.burmeseclassic.com

www.burmeseclassic.com

(မိုးကုတ်)

# ရွှေပြည့်စိုး

## ထွက်ပေါက်

(ယခင်လမှအဆက်)

### ၁ ထမင်းကြမ်းကျော်

ကိုမြင့်မောင် ခေါင်းကို ခါသည်။ ပြီး ထိုးကြည့်၏။ နံနက် (၅) နာရီခွဲမတ်တင်ပြီ ဖြစ်ရာ အိပ်ရာမှထ ချက်ချင်း ထမင်းချောင်း အနီးတွင်ထိုင်ကာ မျက်နှာသစ်လိုက်ပြီးသော် မီးသွေးမီးဖိုကိုမီးမွှေးပေါ်တင်ပေးမွှေးပါသည်။ ကျပ်စစ်မီးရထားက ဆီးတိုးရသည်မှာ လေမှုတ်ပန်ကာဖြင့်မှုတ်နေသော်လည်း ခေါင်နိုင်မီးတက်သော်လည်း လေမှုတ်ပန်ကာ မရှိသောအခါ ထမင်းအိုးအုံ့ဖြူ မစား တမ်းယပ်ခတ်ကာ မီးတက်အောင် မနည်းမွှေးရလေ၏။

မြေအောက်ကျုံးထဲတွင် အောက်ဆီဂျင်ရှိသော်လည်း အပေါ်သို့မြေပြင် လောက် တင်းပြည့်ကျပ်ပြည့်မရှိနိုင်ပါ။ တသွင်သွင်စီးဆင်းနေသော စမ်းချောင်း ရေနှင့် လူတို့မမြင်မတွေ့နိုင်သော အကြိုအကြားတို့မှ လေစီးဝင်၍သာ အောက်ဆီဂျင်အထိုက်အလျောက်ရှိနေခြင်း ဖြစ်သည်။ ကံကောင်းသည်မှာ မီးခြစ်ခြစ်၍ရသောအနေအထားကြောင့်သာ လူတို့ မြေအောက်ကမ္ဘာ၌ ရက်ရှည်နေထိုင်ခြင်း ဖြစ်ပေ၏။

အကြီးအကဲဖြစ်သူ ကျောင်းဆရာ ကိုမြင့်မောင်သည် မနေ့ကကျန်သော ထမင်းအိုးကို ခမ်းကြည့်လိုက်၏။ အရင် တုန်းကဆိုလျှင် ထမင်းကျန်ဟင်းကျန်တို့အား တန်ဖိုးမထားဘဲ ပက်ခနဲသွန်ပစ်ကြသော်လည်း ယခုကဲ့သို့ မသေချာမရေရာသောအခါတွင် သွန်ရခြင်းမရှိပါ။ တော်သေး၏။ လူ့၏ အအေးဓာတ်သည် ထမင်းတို့အား မသိုးအောင်ထိန်းသိမ်းထားနိုင်စွမ်းရှိ၏။ မှာ၍ တောင့်တင်းနေလေသည်။

ယခင်ကဆိုလျှင် မျက်စေ့ပြူတ်ရေးအား ကိုမြင့်မောင် ယောင်၍သော်မျှ လှည့်ကြည့်သူမဟုတ်ပါ။ ဤတွင်းတွင် သူသည် ဦးစီးကျောင်းဆရာဖြစ်သဖြင့် ဘရင်တင်ဆုပြီးသည်။ ခေတ်ပြိုင်ပြီးကာ ကျောင်းသားများ ဆရာ ထမင်းအိုးဘေးတွင် စီးဆွေးနေ ကို လက်ဆေးကာဝင်သော ဖြစ်သည်။

ယနေ့သော်မူ အားလုံး သေဆုံးနိုင်မှုကိုမထင်ဟင်းအိုးကို တွေ့နေရသောအခါ အတင်းအဓမ္မအား မည်သူ ကမှ စိတ်ဝင်စားခြင်းရှိမည်မဟုတ်ပေ။ သို့ကြောင့် ကိုမြင့်မောင်သည် ဦးဆောင် ကောင်းပေသလို ထမင်းကြမ်းအား ကိုယ်တိုင်ယူ၍ကြော်နေခြင်း ဖြစ်သည်။ ပြီး သည်နှင့် ပန်းကန်တို့ဆေးကြောကာ ဝေပုံကျမျှ၍ထည့်ပါသည်။ ပြီးလျှင်ကျန် နေသော ဟင်းခွက်လေးများချလိုက်သည်။ ပြီးသည်နှင့် ရေနွေးအိုးဆက်တည်သည်။

"ကဲ ကဲ ငါ့ညီတို့ထကြကွ၊ ထကြ ငါထမင်းကြော်ထားတယ်။ မင်းတို့ မျက်နှာသစ်ပြီးရင် ရေနွေးပွက်မှာနဲ့ အတော်ပဲ။ တို့တွေရှိတဲ့လေးနဲ့ ဇင်ဘာလောက်စားကြရအောင်"

အားလုံးပင် ထတ်တူတိမှ မလှုပ်ကြပါ။ သို့အတွက် ကိုမြင့်မောင်စိတ်ထဲ တွင်မကွက်မိပါ။ ကိုယ်ချင်းစာမိပါ၏။ မိမိပင်လျှင် ရင်ထဲတွင်တင်းနေကာ ဆာ လောင်မှုတိသိမှုကင်း၍နေလေသည်။ အမှန်သော် ယေဘုယျကြောက်သော စိတ်သည်သာ ခန္ဓာကိုယ်လှုပ်ရှားမှုအနိုင် ယူထားချိန် ဖြစ်သည်။

"အောင်မင်း ဖေ့ ဖိုးကော် မင်း တို့ကတတ်ဝန်ရှိတဲ့လူတွေလေ။ အခါမင်း တို့က ဦးစီးပြီးထမပေါ့ကွ။ ဒီလောက် ကြီးလည်း စိတ်ဓာတ်ကျမနေကြပါနဲ့ ကွာ။ လူ့အသက်တစ်ချောင်းဆိုတာ သေခပါတယ်ကွ"

ထိုစဉ် လက်ထောက်ကျောင်းဆရာ အောင်မင်းက ပြန်ပြော၏။

"ထွက်ပေါက်လမ်းဆိုတာ ကျွန်တော်တော့ ဘယ်လိုမှကိုစဉ်းစားမရပါဘူး ကျောင်းဆရာရယ်။ အဲဒါကြောင့် စား ချင်စိတ်လည်းမရှိပါဘူး"

"အဲဒီလိုသာ မိတ်ဓာတ်ကျနေရင်ဘူးကွ အောက်ထဲမှာ သူ့မှာငါးမိနစ်ရှိနေ ပါကိမ်ပြီမှာ ငါတို့ကထွက်အောင် ပြေး ကျောင်းသူနတ်ဝင်မကြည့်နေ ပြီ။ ကျမ္းအားဖြင့် ဒီလိုတွေတိုးရာ မှာ အတွက် အားထားမှု တော်ရုံမှုတ္တ ကား - ငါ့ညီတို့ ဆကြာကွ အားတင်းပြီး ရှိတာလေးစား ခေအာင်"

ထိုမှ အားလုံး မထချင်ထချင် ကာ ငမ်းပချောင်း၌ လေးဖင့်စွာ မျက်နှာ သစ်ကြကုန်၏။ ကိုမြင့်မောင် သက်ပြင်း ချနေမိပါသည်။ သူတို့၏အနာဂတ်အား မှုန်ဝါးဝါးပင်။

### ၂ သီချင်းတကြော်ကြော်ဖြင့်

ထမင်းကြော်အား တစ်စီစီ ရေနွေးကြမ်းဖြင့်မျှောချနေရသော် မည်သည့်အရသာကိုမျှ မခံစားမိ ကိုမြင့်မောင်မှာ သူ့လူများစိတ်ဓာတ် ခိုင်စေခြင်းငှာ သူက ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဟန်ရေးမပျက် စားပြနေရသော်လည်း ပူလောင်နေသော ရင်အစုံက တောင့်တင်းနေကာ မနည်းပင် မျိုချနေရလေ၏။

ဆာဆာနှင့်စားလျှင် အလွန်အရသာရှိသော ငါးခြောက်နှင့် ငရုတ်သီးကြော်မှာလည်း အရသာမရှိတော့ပေ။ ဝက်အူချောင်းကို ကောက်ဝါးပြန်တော့လည်း မှာကျောကျော ပျဉ်းထုံထုံနှင့် အရသာမရှိ ထွက်ပေါက်မတွေ့ရင်ငါတို့ မြေအောက်ကမှာ လူမသိသူမသိ အချိလတ်လတ် သေကျေပျက်စီးရတော့မှာပါလားဟူသောအသိက အစားအစာတို့၏အရသာကို ဖျက်ဆီးနေဟန်ရှိ၏။ ဘာစားစားအရသာမရှိပေ။

သူကဲ့သို့ပင် သူလူများ၊ အခြားလူများလည်း ပူဆွေးသောကဗျာပါဒခံစားနေကြရပေမည်။ ယောကျ်ားများမို့သာ ငိုကြွေးမရှုည်ကြခြင်း ဖြစ်ကြပေမည်။ သူလူများလည်း သူကဲ့သို့ပင် စိတ်ပါလက်ပါမရှိဘဲ ဝတ်ကျေတန်းကျေ ထမင်းကြော်ငုံ့၍ စားနေကြ၏။

ထမင်းကြော်မှာ များများကြီးမဟုတ်ပါ။ တစ်ယောက်လျှင် လက်ဖက်ရည်ကြမ်းပန်းကန်တစ်လုံးစာမျှသာရှိပါသည်။ စားနိုင်သောက်နိုင်ချိန်များကနံကြားပင်ညပ်မည်မထင်။ ယခုသော်မူတစိစိဖြင့် မနည်းဝါးကာ ရေနွေးဖြင့်မျှော့ချနေကြရလေ၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် မီးရောင်ပျပျလှမ်းမြင်နေရသော သူတို့၏ အထက်ဘက်လီဆူးကျင်းမှ သီချင်းဆိုသံ လွင့်ပျံ၍လာလေ၏။ ယခင်အလုပ်လုပ်စဉ်ကတည်းကလည်း ထိုလီရှောတွင်းမှ လီရှောသီချင်းသံကြားနေကျ ဖြစ်သည်။

သူတို့သည် သူတို့ဓလေ့အရ ခမွတေးများ အပျင်းပြေသီဆိုလေ့ရှိကြ၏။ ယခုသီဆိုနေသည်မှာလည်း ယခင်ဆိုနေကျအတိုင်းပင် တေးသွားမှန်မှန်နှင့် သီဆိုနေခြင်းဖြစ်ရာ သူတို့သည် ပူပင်သောကမရှိကြပြီလော။ သေခြင်းတရားကို ခမွတေးသီဆိုရင်း ရင်ဆိုင်ရန်ပြင်ဆင်ပြီးကြပြီလောဟူ၍ ကိုမြင့်မောင်တွေးမိ၏။

ရောမမြို့ကြီးမီးလောင်နေသောအခါ နီရိုးဘုရင်သည် တယောထိုးမပျက်ဟု ကြားခဲ့ဖူးရာ ယခုလည်း လီဆူးအုပ်စုသည် သီချင်းတကြော်ကြော်ဖြင့် ဘာမှမဖြစ်သလိုနေထိုင်ကြရာ ကိုမြင့်မောင်အဖို့ အံ့ဖွယ်သရဲဖြစ်နေရလေ၏။

ကျန်သောအဖွဲ့များသည် မည်မျှစိုးရွံ့ထိတ်လန့်၍နေကြမည်နည်း။ ပြောမပြတတ်အောင်ပင် စိုးရွံ့ထိတ်လန့်နေကြမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ မည်သည့်သတ္တဝါမဆို သေချိန်တန်၍ သာသေရမှာ လွန်စွာကြောက်ကြပါသည်။

လီဆူးအုပ်စုမှာ တကယ့်ဘာမှမဖြစ်သကဲ့သို့ပင် သွေးအေးနိုင်လွန်းလှရာ သူတို့၏ခံနိုင်ရည်စိတ်ကို လေးစားမိပါသည်။ သူတို့မှာဖြင့် ထမင်းပင်မျိုမကျအောင်ရှိနေရချိန်ဝယ် လီဆူးများသီချင်းတကြော်ကြော်ဖြင့် နေထိုင်နိုင်ခြင်းအား ကိုမြင့်မောင် လေးစားအားကျမိသဖြင့် ထူးဆန်းသော ထိုလီဆူးကျင်းဆီသို့ ဓာတ်မီးဆွဲကာ ထွက်ခဲ့လေတော့၏။ အားပေးစကားပင်ပြောလေမလား၊ သူတို့ခရစ်ယာန်တရားပဲ ဟောလေမလား မပြောတတ်ပေ။

**□ ဒီအတိုင်းအသေခံမလား**

"ဘယ်လိုလဲ ကိုငွားဆာ၊ သီချင်းဘအေးအေးနဲ့ပါလားဗျ။ ကျင်းစအိုပိတ်ဘာ စိတ်မဆင်းရဲဘူးလား"

"စိတ်ဆင်းရဲနေလို့ ကျင်းစအိုကြီးပြန်ပွင့်မှာမှမဟုတ်တာဗျာ။ စိတ်ဆင်းရဲနေတော့ကော ဘာထူးမှာလဲ၊ ဒီတော့ဖြစ်လေရာဘဝပျော်ပျော်ပေါ့ဗျာ"

"အေးဗျာ-ဟုတ်တာပေါ့၊ ဒါပေမယ့် ကျွန်တော်တို့ကတော့ မပျော်နိုင်ကြပါဘူးဗျာ။ အားလုံးစိတ်ဓာတ်တွေကျပြီး ထမင်းတောင်မစားနိုင်အောင် ဖြစ်နေကြတယ်ဗျ။ ကျွန်တော့်လူတွေကို အားသာပေးရတယ်၊ ကျွန်တော်ကိုယ်တိုင်ကပါ အတော်တုန်လှုပ်အောင်ခံစားနေရတာပါ"

"ယောက်ျားပဲ ကိုမြင့်မောင်ရာ။ စိတ်ဓာတ်ကျရင် စိတ်ဓာတ်တက်ကြွတဲ့သီချင်းကို ဆိုရတယ်ဗျ။ အဲဒီတော့ စိတ်ဓာတ်တက်ကြွတယ်။ ရှေ့ကို ဘာလုပ်သင့်တယ်၊ ကိုယ့်အသက်ကိုဘယ်လိုပြန်ကယ်ရမယ်ဆိုတဲ့အတွေးတွေပေါက်လာခဲ့တယ်ဗျ။ တပ်မတော်သားတွေဆိုရင် ရန်သူပေါင်းများစွာက သူတို့စခန်းကိုဝိုင်းတိုက်နေတယ်။ အင်အားကလည်း မမျှဘူးဆိုရင် အဲဒီမှာ ရဲရဲတောက် တပ်မတော်သီချင်းတွေ သံပြိုင်ဆိုပြီး စိတ်ဓာတ်တွေတက်ကြွအောင်လုပ်ကြတယ်။ အဲဒီသီချင်းက လူတို့ကို ရဲရင့်တက်ကြွစေတာကြောင့် အားမာန်တွေဝင်ပြီး တိုက်တဲ့အခါ များပြားတဲ့ရန်သူတွေပြန်ဆုတ်ကြရတဲ့ သာဓကတွေ အများကြီးရှိတယ်။ ခုလည်း ကျွန်တော်ရော ကျွန်တော့်လူတွေပါ လုံးဝစိတ်ဓာတ်မကျဘူး။ မြင်တဲ့အတိုင်းပဲ နေ့လည်စာစားဖို့ ထမင်းဝိုင်းချက်နေကြတယ်လေ"

"အေးဗျာ-ကိုငွားဆာလိုစိတ်မျိုး မွေးချင်လိုက်တာ"

"ကိုမြင့်မောင်၊ တို့တွေဘာလုပ်မယ်စိတ်ကူးလဲ"

"အင်း - ဘယ်လိုမှမကြံတတ်အောင်ပါပဲဗျာ"

"ဘာလဲ၊ ဒီအတိုင်းအောက်ထဲမှာနေပြီး အသေခံမယ်စိတ်ကူးထားတာလား"

"ထွက်ပေါက်ကိုဘယ်လိုရှာရမယ်ဆိုတာ ကျွန်တော်လုံးဝအတွေးမပေါက်တာ အမှန်ပါ။ ကိုငွားဆာပြောသလို အသေခံရမယ့်ကိန်းပါပဲဗျာ။ ဒါထက် ကိုငွားဆာရဲ့စကားထဲမှာ သီချင်းဆိုတော့ကိုယ့်အသက်ကိုယ်ပြန်ကယ်ရမယ်ဆိုတဲ့အတွေးပေါက်လာတဲ့အကြောင်းပါတယ်။ အဲဒါကို ကိုယ့်အသက်ကိုယ် ဘယ်လိုကယ်ရမယ်ဆိုတာလေးမသိရဘူးလား"

"ကိုမြင့်မောင်၊ ကျင်းစအိုကြီးလည်ထားတာကြည့်ပြီး ပြန်လာတုန်းက ကျွန်တော် သီချင်းတအေးအေးနဲ့ ပြန်ဆင်းလာတာမှတ်မိလား။ အဲဒါသီချင်းဆိုပြီး သောကဖျောက်တာဗျ။ အဲဒီလို စိတ်အေးလက်အေးရှိတော့ အကြံကောင်းဉာဏ်ကောင်းထွက်တယ်။ ကျွန်တော်တို့တွေဟာ တောတွေတောင်တွေထဲမှာ ငယ်ငယ်က မုဆိုးလုပ်ပြီးနေထိုင်ခဲ့ဖူးတယ်။ အခက်အခဲမျိုးစုံတွေဖြတ်ကျော်ခဲ့ရတာ ရိုးအီနေတော့ အဆန်းမဟုတ်တော့ဘူး။ ကြောက်တတ်တဲ့စိတ်ဆိုတာလုံးဝမရှိခဲ့ဖူးဘူး။ အဲဒါကြောင့် ဒါမဖြစ်ရင် ဟိုဟာပဲလေ။ လူဆိုတာ တိရစ္ဆာန်ထက်အသိမြင့်သူတွေဆိုတော့ တစ်ခုမဟုတ်ရင် နောက်တစ်ခုလုပ်ရမယ်။ ကျင်းစအိုကြီးလည်သွားပြီး ဘယ်လိုနည်းနဲ့မှ အဲဒီကပြန်တက်လို့မရတော့ဘူး။ ဒီတော့ လူးဆိုတာ သပွတ်အူလို ရှုပ်ထွေးစွာတည်နေတဲ့ မြေအောက်ကမ္ဘာပဲ ထွက်ပေါက်ဆိုတာရှိကိုရှိရမယ်၊ အဲဒီထွက်ပေါက်ကို ရအောင်ရှာရမှာပေါ့ဗျာ။ ဒါကြောင့် ကျွန်တော့်လူတွေကို စိတ်ဓာတ်မကျဖို့ ပြောထားတယ်။ ကျွန်တော့်မှာ အကြံတွေထွက်လာပါပြီဗျ။ ခင်ဗျားတို့ ဘာမှမပူကြနဲ့ ဟုတ်လား။ အဲဒါ စိတ်အေးအေးနဲ့ သီချင်းဆိုတဲ့အကျိုးပဲ"

"ဟာ - ကျေးဇူးတင်လိုက်တာ ကိုငွားဆာရယ်။ ဒါဆို ကျွန်တော်တို့ ကျင်းချုပ်ဆီသွားပြီးတိုင်ပင်ကြရအောင်။ ကျင်းချုပ်လည်း စိတ်ဓာတ်တွေကျနေဟန်ရှိတယ်။ ကျွန်တော်တို့ဆီတောင် ပေါ်မလာနိုင်တော့ဘူး"

"ဩော်-ကိုမြင့်မောင်နှယ် စိတ်မပူဘယ်သူရှိမလဲ။ ခုလောက်ဆို ကျွန်တော်တို့ရဲ့မိသားစုတွေ ဖက်စပ်မှာ လာပြီး ငိုယိုနေလောက်ကြပြီ။ တောင်ပေါ်မှာလည်း ကျွန်တော်တို့လူးစအိုလည်တဲ့အကြောင်း သတင်းကန့်နေလောက်ပြီ။ ကယ်ဆယ်ရေးအတွက်လည်း ပြင်ဆင်နေလောက်ပြီ။ ဒါပေမယ့် ကယ်ဆယ်မယ့်သူကို လုံးဝမျှော်နေလို့မရဘူးဗျ။ ဘာလို့လဲဆိုတာ ကိုမြင့်မောင်သိပါတယ်။ ရိက္ခာက တစ်ပတ်စာပဲရှိကြတာကိုး။ ကဲ - ဒါတွေထားပါ။ ကျင်းချုပ်ရဲ့နားနေစခန်းကို သွားကြရအောင်"

ဟု ပြောကာ ကျင်းချုပ်ဦးလှဝေနေသော စခန်းသို့ နှစ်ယောက်သား ချီတက်ခဲ့ကြလေ၏။

**□ ပျားတောင်လူးဆီသို့**

သူတို့ကဲ့သို့ပင် ကျင်းချုပ်၏နားနေစခန်းတွင် ကျင်းအသီးသီးမှ ကျင်းဆရာများ စုဝေးရောက်ရှိနေကြလေပြီ။ ယနေ့သည် ဒုတိယနေ့ဖြစ်ရာ ရှေ့စီမံကိန်းမည်သို့ရှိသည်ကိုသိလို၍ လာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ကြခြင်း ဖြစ်သည်။

"ကဲကဲ - ကျွန်တော်တို့ ကျောင်းဆရာတွေ စုံလောက်ပြီထင်ပါတယ်။ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ ဒီအတိုင်းထိုင်ပြီး အညွန့်ခံလို့မရပါဘူး။ ကျောင်းစအိုလည်သွားပေမယ့် ကျွန်တော်တို့မှာ ကျန်းကျန်းမာမာနဲ့ အောက်ထဲမှာ ရှိနေကြတာဆိုတော့ ကျွန်တော်တို့ အတွက်ထွက်ပေါက်ကိစ္စကို ဆွေးနွေးမှ ရမှာပါ။ အဲဒီတော့ ထွက်ပေါက်ရနိုင်မယ့်အခြေအနေရှိရင် ကျွန်တော့်ကို တင်ပြကြပါ။ ကျွန်တော်ကတော့ ဒီ တရော်နီလူးတစ်ခုသာ ဖောက်ချလုပ်ကိုင်ခဲ့ဖူးတာဆိုတော့ ဒီလူးက သီးခြားလူးတစ်ခုလိုဖြစ်တော့ကာ ဘယ်ကိုသွားရင် ထွက်ပေါက်တွေ့နိုင်မယ်ဆိုတာ မသိအောင်ဖြစ်နေပါတယ်။ အဲဒါကြောင့် ကျောင်းဆရာတို့က တင်ပြကြပါ။ လူပေါင်းနှစ်ရာကျော်ရဲ့အသက်ကို ကယ်တင်ရမှာပါ။ အကြံကောင်းဉာဏ်ကောင်းနဲ့ စုပေါင်းလုပ်ဆောင်ရင် အောင်မြင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

ဟု ပြောရာ အားလုံးပင် မည်သည့်အဖြေမှ ပြန်မထွက်နိုင်အောင်ရှိကြ၏။ အတန်ကြာသည်အထိထွက်ပေါက်ကိစ္စကို တင်ပြနိုင်သူမရှိရာ ကိုမြင့်မောင်မှ ကိုင္ဂါးဆာကို ညွှန်လိုက်သည်။

"ကျောင်းချုပ်၊ ထွက်ပေါက်ကိစ္စနဲ့ ပတ်သက်လို့ ကျောင်းဆရာ ကိုင္ဂါးဆာက တင်ပြပါလိမ့်မယ်"

"အေး - ကိုင္ဂါးဆာပြောဗျာ၊ ကိုင္ဂါးဆာတို့က လူးကျွမ်းသူတွေဆိုတော့ ထွက်ပေါက်ကိစ္စကို စီစဉ်နိုင်လိမ့်မယ်ထင်ပါတယ်"

"ဟုတ်ကဲ့ - ကျွန်တော့်ကို ယုံကြည့်ပြီး ကျွန်တော့်နောက်လိုက်ကြမယ်ဆိုရင် ကျွန်တော်တင်ပြမယ်။ မယုံကြည်လို့မလိုက်ချင်ကြဘူးဆိုရင်လည်း ကျွန်တော် ဒီအထဲမှာ အသေမခံနိုင်ဘူး။ ကျွန်တော့်မှာ သားမယားတွေရှိသေးတယ်။ အဲဒီတော့ ကျွန်တော်တို့အဖွဲ့ကတော့ နောက်နေ့ကစပြီး ဒီကထွက်ခွာမယ်"

"ဩော်-ကိုင္ဂါးဆာရယ်၊ အားလုံးလိုက်ရမှာပေ့ါ။ ဘယ်သူငုတ်တုတ်အသေခံမှာလဲဗျာ"

"အေးဗျာ - ဒါဆို ကျွန်တော်ပြောပြမယ်။ ကျောင်းချုပ်နဲ့ ကျောင်းဆရာတွေ ပျားတောင်လူးမှာလုပ်ခဲ့ဖူးသလား"

"ဟင့်အင်း-ကျွန်တော်တော့မလုပ်ခဲ့ဖူးဘူး။ ကျန်တဲ့ကျောင်းဆရာတွေကော လုပ်ခဲ့ဖူးလား"

"ပျားတောင်လူးမှာမလုပ်ခဲ့ဖူးပါဘူး"

ဟု တညီတညွတ်တည်းဖြေကြ၏။

"ဒါဆို ကျောင်းချုပ်၊ စက္ကူနဲ့ ဘောလ်(လ်)ပင်ပေးပါ။ ကျွန်တော်မြေပုံဆွဲပြမယ်၊ အားလုံးကြည့်ကြပါ"

ဟု ဆိုရာ စာရင်းပြုစုသည့်ကတ်ထူစာအုပ်ကြီးချပေးလိုက်၏။

"ဟောဒါက ခဲတောင်လို့ခေါ်တဲ့ ရတနာတောင်တန်းကြီးနော်။ အနောက်တောင်နဲ့ အရှေ့မြောက်သွယ်တန်းထားတယ်။ ဟောဒီမြောက်ထိပ်မှာ ဆိုင်းလုံ့ရွာနဲ့ ဆိုင်းလုံ့လူးရှိတယ်။ ဟောဒီတောင်ထိပ်မှာ နမ့်မဆဒ်ရွာနဲ့ နမ့်မဆဒ်လူးရှိတယ်။ တောင်ဖျားနဲ့ မြောက်ဖျားက အဝေးကြီးပါ။ စိမ့်စမ်းရေတံခွန်တွေက အောက်ထဲမှာ အရှေ့၊အနောက်၊တောင်၊မြောက် အသီးသီးထွက်နေကြပေမယ့် အဲဒီစမ်းချောင်းရေတွေအားလုံး လူးထဲက ချောင်းမကြီးမှာပေါင်းပြီး တောင်အတိုင်းစီးဆင်းကာ နမ့်မဆဒ်လူးမကြီးကနေထွက်တယ်။ အပြင်မှာကျတော့ နမ့်မဆဒ်ရွာကို ကွေ့ဝိုက်ပြီး အရှေ့ဘက်က သံလွင်မြစ်ထဲစီးဝင်တယ်။ အားလုံးရှင်းတယ်နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ကျွန်တော်တို့ တရော်နီလူးတည်နေရာက ရတနာတောင်တန်းကြီးရဲ့ အလယ်ဝမ်းဗိုက်အောက်ထဲမှာပါ။ ဆိုင်းလုံ့လူး၊ နမ့်မဆဒ်လူးတွေနဲ့မနီးဘူး။ အဲဒီမှာ အနီးဆုံးထွက်ပေါက်ရှိနိုင်တာက ဟောဒီတောင်ရဲ့ အနောက်စွန်း ပျားတောင်လူးရဲ့ထွက်ပေါက်ပဲ။ အနေအထားအရကြည့်ရင် အလွန်ကြီးမဝေးလှဘူး။ တစ်ရက်၊ နှစ်ရက် အလွန်ဆုံးသုံး၊ လေးရက်အတွင်း ထွက်ပေါက်တွေ့နိုင်တယ်"

"ဒါထက် ကိုင္ဂါးဆာ အဲဒီပျားတောင်လူးမှာလုပ်ဖူးလား"

"ဒီပျားတောင်လူးကို စတွေ့တာ ကျွန်တော်တို့လီဆူးအုပ်စုပါ။ ကျွန်တော်တို့ အဲဒီလူးမှာ အကြာကြီးလုပ်ဖူးတယ်။ နောက်တော့ နာမည်အရမ်းကြီးလာပြီး လူတွေအများကြီးလုပ်ကြတယ်။ နောက်ဖက်စပ်တွေဆွဲပြီး ခဲကြောတွေလိုက်ကြတဲ့အခါ ကျွန်တော်တို့လည်း လူးကိုစွန့်ခွာခဲ့ကြတာပါ။ အဲဒီတော့ ကျွန်တော်လုပ်ခဲ့တဲ့ကျွန်တော့်တွင်းကိုရောက်ခဲ့ရင် ကျွန်တော်တို့အားလုံး အသက်ရှင်ပါပြီ"

"အေးဗျာ၊ လူးကျွမ်းတဲ့ကိုင္ဂါးဆာပါလာလို့သာ ကျွန်တော်တို့ကံကောင်းကြတာပေ့ါ"

ဟု ကျောင်းချုပ်ကိုလှဝေကဆို၏။

"ဒါထက် အောက်ထဲမှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် မျက်စိလည်တတ်ပါတယ်။ ကျောင်းချုပ်မှာ သံလိုက်အိမ်မြှောင်ရှိတယ် မဟုတ်လား"

"ရှိပါတယ်၊ ကျောင်းတည်နေရာတွေ မြေပုံဆွဲပြီး တင်ပြရတော့ကာ သံလိုက်အိမ်မြှောင်လိုတာနဲ့ လောပန်ကဝယ်ပေးထားပါတယ်"

"ဒါဆို ဟန်ကျတယ်ဗျာ၊ ကျွန်တော်တို့က တောင်ဘက်ကိုဦးတည်ပြီး ထွက်ပေါက်ရှာကြရမှာ။ သံလိုက်အိမ်မြှောင်ပါတော့ ပိုပြီးအဆင်ပြေတာပေ့ါ"

"ကဲ - ဒါဆို ကျွန်တော်တို့ကျောင်းဆရာတွေအားလုံး ဒီကပြန်တာနဲ့ ထမင်းဟင်းချက်စားကြပါ။ ပြီးရင် ရထားတဲ့ဖြုန်းတွေကိုဆေးကြပါ။ ဖယောင်းတိုင်မီးနဲ့ပဲဆေးကြပေ့ါ။ အလယ်တိုင်ကျော့က်နဲ့သဲကိုလည်း ဝိုင်းပြီးကျောက်ချည်းရအောင် ကောက်ကြပါ။ ဒီနေ့ပဲ ပြီးစီးအောင် ဆောင်ရွက်ကြပါ။ ဖြုန်းတွေဆေးလို့မကုန်ရင်ထားခဲ့ကြပါ။ အဓိကကတော့ ကိုယ့်ကျောက်ထုပ်ကိုယ်ရအောင် ယူခဲ့ကြဖို့ပါပဲ။ ကဲ - လိုအပ်တာတွေကို ကိုင္ဂါးဆာက ဆက်ပြီးတင်ပြပါ။ ဘာတွေယူခဲ့ကြမလဲဆိုတာပေ့ါ"

"နက်ဖြန်နေ့လယ်လောက် ကျွန်တော်တို့စပြီး ဒီကထွက်ခွာမယ်။ ခရီးကကြမ်းမှာပါ။ အတက်အဆင်းတွေကြုံနိုင်တယ်။ ဒီတော့ ထမင်းကို အဝစားခဲ့ကြပါ။ ရေကိုအဝသောက်ခဲ့ကြပါ။ ထမင်း၊ ဟင်း၊ ရေတို့ကိုလည်း တစ်နိုင်တစ်ပိုင်သယ်ခဲ့ကြပါ။ လမ်းမှာ ဘယ်နှရက်ကြာမယ်ဆိုတာ မပြောနိုင်ဘူး။ အဲဒီတော့ တွင်းတိုင်း စက်သီးကြိုးတွေယူခဲ့ကြပါ။ သံချောင်းတို့ လေးငံပေါင်တူ၊ ဓား အဲဒါတွေလည်းယူခဲ့ပါ။ ပြီးတော့ တစ်တွင်းကို အသေးဆုံး သစ်ချောင်းတစ်လံလောက် မဖြစ်မနေယူခဲ့ကြပါ။ အဓိကအကျဆုံးကတော့ ဓာတ်မီး၊ ဓာတ်ခဲ၊ ဖယောင်းတိုင်ရှိသမျှ အကုန်သယ်ခဲ့ပါ။ အဝတ်တွေ၊ စောင်တွေလုံးဝ မယူခဲ့ပါနဲ့။ လုံခြုံအောင်ဝတ်ဆင်ခဲ့ပါ။ ဝန်နည်းလေ ကောင်းလေပါပဲ။ အဲဒါမှ ခရီးတွင်မှာပါ"

"ကဲ-ကြားကြတယ်နော်၊ ခုချိန်ကစပြီး ထွက်ပေါက်ရှာပြီး ကျွန်တော်တို့ အသက်ကိုကယ်မှာက ကိုင္ဂါးဆာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ သူညွှန်ကြားတဲ့အတိုင်း အားလုံး တစ်သွေမတိမ်းလိုက်နာကြပါ။ ကဲ - ကျောင်းဆရာတွေ ကိုယ့်လူတွေပြန်အားပေးပြီး မနက်ဖြန်ခရီးထွက်ဖို့ ပြင်ဆင်ကြပါ။ ကဲ - အားလုံး ဒါပါပဲ။ နက်ဖြန် နေ့လယ် (၁၂) နာရီမှာ အားလုံး ဒီမှာစုကြမယ်။ ဒီကနေစပြီးထွက်ခွာမယ်"

ဟူ၍ ညွှန်ကြားရာ အားလုံးပင် တက်ကြွစွာ မိမိတို့ကျောင်းစခန်းဆီသို့ ပြန်ကုန်ကြတော့၏။

**▫ ပြန်လည်လန်းဆန်းလာကြပြီ**

ကိုမြင့်မောင် ပြန်ရောက်သော် အားလုံးပင် စိတ်ပျက်လက်ပျက် အိပ်ရာတွင် လဲလျောင်းနေသည်ကို တွေ့ရ၏။ နေ့လယ်စာစားရန် စိတ်ကူးပင်ရှိဟန်မတူကြပါ။ ကိုမြင့်မောင်သည် အလင်းရရန် ဖယောင်းတိုင်ထွန်းလိုက်သည်။ အိပ်ပျော်ဟန်မရှိသောမျက်လုံးအစုံတို့သည် ကိုမြင့်မောင်ထံရောက်နေ၏။

"ကျောင်းဆရာ၊ ဘာထူးလဲ"

"ထူးတာပေါ့ အောင်မင်းရာ၊ တို့တွေ နက်ဖြန် ထွက်ပေါက်ရှိတဲ့ ပျားတောင်လူးဆီကိုချီတက်ကြမယ်ကွ။ အဲဒီ ပျားတောင်လူးထွက်ပေါက်ကနေ ပြန်ထွက်ကြမယ်"

ထိုသို့ပြောလိုက်သည်နှင့် အားလုံးပင် ငုတ်တုတ်ထထိုင်လိုက်ကြလေ၏။ ထိုအခါ အင်ချတ်ဖိုးကော်ကမေးသည်။

"အဟုတ်လား ကျောင်းဆရာ"

"အဟုတ်ပေါ့ကွာ၊ အထက်ကျောင်း လီရှောကျောင်းဆရာငွားဆာက ဦးဆောင်ပြီးချီတက်မှာ။ အဲဒီ ပျားတောင်လူးက သူ့ကျောင်းပေါင်းကိုရောက်ရင် ထွက်ပေါက်တွေ့တာနဲ့ အတူတူပဲတဲ့။ သူက ပျားတောင်လူးမှာ လူးဘုရင်ကွ။ သူတို့က အဲဒီလူးကိုစတွေ့ခဲ့တာဆိုတော့ လူကျွမ်းတဲ့လူကွ။ တော်သေးတယ်၊ မင်းတို့ငါတို့တွေ ကျောင်းဆရာငွားဆာပါလာလို့သာ ကံကောင်းကြတာ၊ နို့မို့ရင် တို့တွေ ဒီထဲမှာ ဝဲချာလည်ပြီး ဘဝဆုံးကြရမှာ။ အဲဒါကြောင့် ဒီလီရှောတွေ သီချင်းဆိုမပျက်ပါဘူးလို့ထင်နေတာ။ သူတို့က သူတို့အကြံနဲ့သူတို့ရှိနေတာကိုး။ ထွက်ပေါက်သိနေတော့ ဘယ်ကြောက်မှာလဲ။ တို့တွေမှာတော့ ဘာမသိညာမသိနဲ့ပူလောင်ခွေးမြည့်နေကြရတာ"

"ဩော်-သေဘေးဗျာ၊ ဘယ်သူမကြောက်ရှိမှာလဲ"

ဟု ကျောင်းသားမောင်လုံးက ထပြောသည်။

"ကဲကဲ-အားလုံးထကြ၊ တင်ထားတဲ့ ဖြုန်းကိုတစ်ခါတည်းဆေးမယ်။ ကျောက်လည်းအပြီးကောက်မယ်။ အလယ်သဲစုတွေလည်း ဆန်ကာဝိုင်းပြီးမှောက်မယ်။ ငါရယ်၊ အင်ချတ်ဖိုးကော်ရယ်၊ အောင်မင်းရယ်က ကျောက်ကောက်မယ်။ မောင်လုံးမင်းက ထမင်းချက်ပြီးကျန်ရစ်ဟုတ်လား။ ဒါပေမယ့် အရင်လို မကုန်နိုင်မခန်းနိုင်အောင် မချက်နဲ့၊ လျှော့ပြီးချက်။ ငါတို့ နက်ဖြန် ခရီးထွက်ရင် လမ်းမှာစားဖို့ထုပ်သွားရဦးမယ်။ လမ်းမှာဘယ်နရက်ကြာမယ်ဆိုတာ မသိသေးဘူး။ ကဲကဲ - တွင်းဝတ်တွေလဲကြကွာ"

ဆိုသည်နှင့် ကျောင်းသားတို့သည် နှင်းဆန်းပန်းပမာ လန်းဆန်းတက်ကြွလာကြတာ ခဏအတွင်းမှာပင် အနီးရှိ လုပ်ငန်းခွင်သို့ရောက်ကြလေ၏။

"ငါ့ညီတို့ ဖြုန်းကသုံးမုန်စာပဲရှိတာ၊ အေးအေးဆေးဆေးလုပ်ကြကွာ။ ကဲ - အောင်မင်းရေ၊ အလယ်သဲစုတွေ မင်းက ဆန်ကာမှောက်ကွာ"

အင်ချတ်ဖိုးကော်သည် အလယ်သဲများထည့်ပြီး တိပ်ဖြင့် ကျောင်းဆရာလက်မှတ်ထိုးပြီး ပိတ်ထားသောအိတ်အား စည်းကမ်းအရ တိပ်အကြည်ပေါ်မှ လက်မှတ်ကိုပြသည်။

"ဒီမှာ ကျောင်းဆရာ ခင်ဗျားလက်မှတ်နော်"

"အင်းပါ၊ ကဲ - တိပ်ခွာပြီး အောင်မင်း၊ ဆန်ခါထဲထည့်ပေးလိုက်"

လက်မှတ်တိပ်ကိုခွာကာ သဲများအား ဆန်ခါထဲထည့်ပေးလိုက်သည်။ အောင်မင်းသည် ဆန်ခါဖြင့် သဲကို ကျွမ်းကျင်စွာလှည့်၍ ဆန်ခါကို ဘယ်၊ ညာဆတ်ကာ ကျောက်များအလယ်သို့ စုရန် စမ်းချောင်းထဲ၌ဆေးနေ၏။ ခဏအကြာတွင် သဲဆန်ခါလာ၍မှောက်



ရန်ရွယ်၍ ထုံးစံအတိုင်းပြော၏။

"လာလေ့ ကျောက်ကြီး"

"ဝှမ်း"

ဟူ၍ သဲဖတ်ခုံပေါ်တွင်မှောက်လိုက်၏။ သဲသန့်စေရန် ရေကြည်ဖြန်းတာ ဆန်ခါကိုဖယ်လိုက်၏။ နီရဲသော ပတ္တမြားကြီးငယ်တို့သည် များပြားစွာ အလယ်တွင်စု၍နေရာ အလွန်လှသော နီရဲသည့် ပန်းတစ်ပွင့်နှင့် တူလှချေ၏။ အလယ်သဲစုတွင် ကျောက်များနှင့်မုပဆစ်ခေါ် ကျောက်ချေးများသာရှိရာ ညိုမည်းသောအရောင်ပေါ်တွင် ဆေးနီပက်ထားသကဲ့သို့ရှိချေ၏။

"အောင်မင်း၊ မင်းကော ကောတဟ"

ဟု ဆိုရာ အောင်မင်းလည်း ဇာဂနာယူလျက် ကျောက်ဘူးထဲသို့ ကျောက်များ ကောက်ထည့်ရလေ၏။ သုံးဦးသား ဓာတ်မီးအလင်းရောင်ဖြင့် ကျောက်များကောက်ထည့်ကြရာ လက်ပင်မလည်ကြပါ။ ယခု အသက်ဘေးကြုံသဖြင့်သာ ဤသို့ အောက်၌ ကျောက်ကောက်ခြင်း ဖြစ်သည်။ ကျောက်ရွေးကျောက်ကောက်ရန်မှာ အပေါ်တာဝန်သာ ဖြစ်ချေ၏။ သဲစစ်တစ်ဆန်ကာအား နာရီဝက်နီးပါး ကောက်ပါမှ ကျောက်ကုန်၏။ သဲစစ်မှာ မများလှပါ။ လေးဆန်ခါမျှဝိုင်းလျှင်ကုန်ပါသည်။

ထိုနေ့အဖို့ သူတို့သည် ဖြုန်းဆေးခြင်း၊ သဲဝိုင်းခြင်းဖြင့် နေ့တစ်ဝက်လုပ်ကြရပါသည်။ ရလာသောကျောက်တို့အား ပလတ်စတစ်အိတ်ဖြင့်ထည့်ကာ တံဆိပ်စည်း၍ ကျောင်းဆရာလက်မှတ်ထိုးကာ အင်ချတ်ဖိုးကော်မှ ထိန်းသိမ်းထားပါသည်။ ဖိုးကော်မှာ တန့်ယန်းသား ရှမ်းကလေးဖြစ်၏။

ကျောင်းသိမ်း၍ထမင်းစားပြီးသောအခါ နောက်နေ့ခရီးထွက်လျှင် လိုအပ်သောစက်သီးကြိုး၊ တူသေး၊ သံချောင်းတို့ ဓားမတစ်ချောင်းနှင့်အသေးဆုံးသံချောင်းတစ်လံပါဖြုတ်တောက်၍ အသင့်ပြင်ထားကြလေ၏။

အောက်ထဲတွင် သူတို့၌ မက်မောလောက်သောအဝတ်တို့မပါကြပါ။ တွင်းဝတ်ခေါ် ကိုးကန့်ဝတ်စုံများသာပါကြသည်။ အိပ်ရန် ဖက်စပ်မှပေးသော ဂွမ်းစောင်ကြမ်းများနှင့် အခင်းကြမ်းသာပါရာ အားလုံးတို့အား အောက်ထဲ၌ထားခဲ့ကြရမည် ဖြစ်သည်။ အဓိကမှာ အစာရေစာသာ ဖြစ်သည်။

သေဘေးကလွတ်ရမည့်အ...



www.burmeseclassic.com

www.burmeseclassic.com

အခါ အထက်လီဆူးကျင်းနည်းတူ သီချင်းသံလေးများ ပြန်လည်လွင့်ပျံ့လာလေတော့၏။ အားလုံးပင် ပြန်လည်သက်ဝင်လှုပ်ရှားခဲ့လေပြီ။ မျှော်လင့်ချက်တွေ ကိုယ်စီပြန်ရှိနေကြတော့၏။

▫ **လူစုံပြီလား**

နောက်တစ်နေ့နံနက်ကိုးနာရီခန့်တွင်ပင် ကျင်းချုပ်နားနေစခန်းသို့ လူစုံတက်စုံရောက်လာကြတော့သည်။ သူတို့၏ဆန္ဒများစော၍နေကြခြင်းဖြစ်သည်။

ကိုယ်စီကိုယ်စီ ဖြန်းထည့်သော ဆာလာအိတ်များကို ကျောပိုးအိတ်သဖွယ် ပလတ်စတစ်ကြိုးဖြင့် ဖန်တီးကာ လွယ်ထားကြ၏။ ထိုအထဲတွင် ထမင်းထုပ်၊ ရေဘူး၊ တွင်းသုံးပစ္စည်းစသည်တို့ မျှဝေထည့်ထားကြ၏။ အချို့ကျင်းများမှာ ရှိသမျှဆန်ဆီတို့ကို မျှဝေထည့်ခဲ့ကြ၏။ လမ်း၌ရိက္ခာပြတ်သော် ဆန်စိမ်းကိုပင် ဝါးစား၍ အာဟာရဆက်ကြရပေမည်။

ကျင်းချုပ်မှာ ကျင်းဆရာများ နာမည်တစ်ဦးစီခေါ်၍ ကျင်းသားအင်ချတ်စုံ၊ မစုံ စစ်ဆေးမှုပြုနေပါသည်။ ထိုသို့ စစ်ဆေးနေစဉ် ကျင်းသားတစ်ဦး၏အိတ်မှာ အတော်ပင်ဖောင်းကားနေသည်ကို တွေ့ရသဖြင့် ကျင်းဆရာကိုထွန်းဝေကိုမေးရ၏။

"ကိုထွန်းဝေ၊ ခင်ဗျားကောင်လေးတစ်ယောက်ရဲ့အိတ်က ဖောင်းကားနေပါလား။ ဘာတွေထည့်လာတာတုံး"

"အေးဗျာ ဟုတ်ပါရဲ့၊ ဟေ့-မောင်သိန်း မင်းအိတ်ထဲကဘာတွေတုံး"

"ကျွန်တော် စောင်တွေထည့်လာတာ ကျင်းဆရာ။ ထုတ်လာတာမကြာသေးတော့ အသစ်တွေမို့ နှမြောတာနဲ့ ထည့်လာတာပါ"

"အခု ငါတို့သွားရမယ့်ခရီးက ဘယ်လောက်ခက်ခဲမယ်၊ ဘယ်လောက်ဝေးမယ်၊ ဘယ်လောက်ကြာမယ်ဆိုတာ ခန့်မှန်းလို့မရဘူး။ မင်း အဲဒီအထုပ်ကြီးပိုးနေရမယ်ဆိုရင် အလုပ်မဖြစ်ဘူး။ အဲဒီတော့ စောင်တွေ အဝတ်တွေပါရင် ဒီမှာထုတ်ပြီးထားခဲ့။ ဒါက အပျော်ခရီးသွားမှာမဟုတ်ဘူး။ အသက်ရှင်ရေးအတွက် အသက်လုတဲ့ခရီးကိုသွားရမှာ။ ကိုထွန်းဝေ ခင်ဗျားလူကိုကြည့်လုပ်ဦးဗျာ"

ဆိုသည်နှင့် ကျင်းဆရာကိုထွန်းဝေသည် ကျင်းသားမောင်သိန်း၏အိတ်ကိုယူကာ ကိုးကန့်ဝတ်စုံသစ်တစ်စုံ၊ အခင်းကြမ်းတစ်ထည်နှင့် ဂွမ်းစောင်နှစ်ထည်တို့အားဆွဲထုတ်ပြီး ကျင်းချုပ်နားနေစခန်း အိပ်စင်ပေါ်တွင်တင်ထားလိုက်ပါသည်။ ကျင်းသားသစ်ဖြစ်သူ မောင်သိန်းမှာမူ နှမြောသောမျက်ဝန်းအစုံဖြင့် သူ့ပစ္စည်းများကိုကြည့်နေပါသည်။

"ကဲကဲ - လူတွေစုံပြီဆိုရင် ပြောစရာရှိတာပြောမယ်။ အခုဆိုရင် ခင်ဗျားတို့သိတဲ့အတိုင်းပဲ။ ကျွန်တော်တို့အားလုံး အသက်ဘေးနဲ့ ရင်ဆိုင်နေရပါတယ်။ ကျင်းဆရာ ကိုငွားဆာက ဦးဆောင်ပြီး ထွက်ပေါက်ကိုရှာမှာပါ။ မတွေ့မချင်းရှာရမှာပါပဲ။ တွေ့မယ်လို့ ကျွန်တော်ယုံကြည်တယ်။ အဲဒီတော့ကာ အားလုံးဟာ သေဖော်သေဖက်တွေဖြစ်နေကြချိန်မှာ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး တစ်ဦးကိုတစ်ဦးက ကူညီဖေးမပြီးသွားကြမယ်။ စည်းလုံးခြင်းဟာ အောင်မြင်ခြင်းပဲ။ ကိုငွားဆာက ရှေ့ဆုံးကချီတက်မယ်။ ကိုငွားဆာနဲ့အတူ ကျင်းဆရာကိုမြင့်မောင်ပါမယ်။ ကိုငွားဆာရဲ့ ကျင်းသားတွေက ပထမအဖွဲ့ရှေ့ဆုံးကချီတက်ပြီး ကိုမြင့်မောင်အဖွဲ့က ဒုတိယချီတက်ပါ။ ကိုယ့်အဖွဲ့နဲ့ကိုယ် လူမကျန်အောင်၊ လူမကွဲအောင် စနစ်တကျချီတက်ပါ။ ကျွန်တော်နဲ့ကျွန်တော့်အင်ချတ်နှစ်ယောက်က နောက်ဆုံးကနေစစ်ဆေးကြည့်ရှုရင်း လူမကျန်ရအောင်ဂရုစိုက်ပြီးလိုက်မယ်။ ကဲ-ဘာပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး"

"ကဲ ကိုငွားဆာ ဒီမှာသံလိုက်အိမ်မြှောင်နာရီက (၁၁) နာရီထိုးလုနီးပြီ၊ စထွက်တော့မလား"

"ဟုတ်ကဲ့ - စထွက်မယ်"

"ကဲ - ကိုယ့်အဖွဲ့ စုံ၊ မစုံစစ်ပြီးမှ စီတန်းထွက်ပါ။ တစ်ယောက်တစ်ပေါက် မလုပ်ကြနဲ့"

လူတန်းကြီးသည် တရော်နီလူးရေိယာမှစတင်ထွက်ခွာပြီဖြစ်သည်။

▫ **လမ်း၏အခက်အခဲများ**

လှပဆန်းကြယ်သည့်မြေအောက်ကမ္ဘာထုံးကျောက်ဂူတို့အတွင်း စီးဆင်းနေသော စမ်းချောင်းအထပ်ထပ်တို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက် နိမ့်ရာသို့ စီးဆင်းနေကြရာ စီးဆင်းလမ်းကြောင်းသည် ကောက်ကွေ့စွာသွားနေကြသဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက်မလွယ်ကူလှပါ။

ကိုငွားဆာနှင့် ကိုမြင့်မောင်တို့သည် မိမိတို့အသုံးပြုနေသော စမ်းချောင်းအား မြောက်မှတောင်သို့ စီးဆင်းနေသည်ဟု မြင်ထင်နေကြသော်လည်း သံလိုက်အိမ်မြှောင်အညွှန်းကိုကြည့်ရာ အနောက်တောင်မှ အရှေ့မြောက်ဆီ ဦးတည်နေကြောင်းသိရလေ၏။ ပြောင်းပြန်စီးနေသလားထင်ရ၏။

ထိုချောင်းသည် ကိုမြင့်မောင်တို့တွင်းမှ အောက်ဘက်ကိုက်တစ်ရာကျော်ကျော်ခန့်တွင် တောင်နံရံအောက် ဝင်ရောက် ပျောက်ကွယ်သွားကြောင်းသိပြီးဖြစ်ရာ တောင်အရပ်သို့ဦးတည်ထွက်ခွာရန်တိုင်ပင်ပြီး စမ်းချောင်းနံဘေးရှိ လိုဏ်ပေါက်ငယ်တစ်ခုသို့ စတင်ဝင်ရောက်ကြလေသည်။

တောင်ဘက်အရပ်ဆီသို့ ဦးတည်ချီတက်ကြရာ လမ်းဟူ၍လုံးဝမရှိဘဲ သင့်သောနေရာများအား ရှာဖွေကာ သွားလာနေရ၍ ခရီးကထင်သလောက်မတွင်ကျယ်ပါ။ကျဉ်းမြောင်းသောနေရာတို့တွင်မူ ဝမ်းလျားမှောက်၍ တိုးဝင်ကြရပါသည်။ ဇောနှင့်မို့ချွေးတို့ရွှဲရွှဲစိုနေကြလေ၏။

"ကိုမြင့်မောင်၊ တောင်ဘက်တည့်တည့်မှာ လုံးဝပိတ်နေတယ်။ အဲဒါ မြောက်က ပြန်ပတ်ထွက်ကြရအောင်"

"ကိုငွားဆာအဆင်ပြေသလိုသာ ကြည့်လုပ်ပါ။ သံလိုက်အိမ်မြှောင်ပါနေတော့ မျက်စိလည်စရာမရှိပါဘူး"

သူတို့ရောက်နေသောနေရာများသည် လူသူလုံးဝမရောက်သေးသောနေရာများဖြစ်သည်။ နို့ပင်လယ်ကဲ့သို့ ဖွေးဖွေးဖြူနေသောစကျင်အကြည်ကျောက်လွှာများခင်းထားသကဲ့သို့ ခြေချရက်စရာပင်မရှိအောင် လှပသော ဟော(လ်)ခန်းငယ်များလည်း တွေ့ရ၏။ အထက်မျက်နှာကြက်တွင်မူ အလွန်လှပသည့် ကျောက်ပန်းဆွဲ၊ ငှက်ကျောက်ပန်းခက်၊ ကျောက်ပန်းပွင့်၊ ကျောက်နို့ချောင်း၊ သလင်းကြည်ကျောက်ဆူးချောင်းတို့ကလည်း သဘာဝပြတိုက်ကြီးသဖွယ်တည်ရှိ၍နေပါသည်။

ရံဖန်ရံခါတွင် အောက်မှသည် အထက်သို့ ကုပ်ကပ်တက်ကြရသည်။ ကျဉ်းမြောင်းသောလက်ကြားလမ်းဝယ် ထက်အောက်ဝဲယာသလင်းကျောက်ဆူးချောင်းတို့ဖြင့်အတိပြီးနေရာ ထိုလက်ကြားသို့ လွဲမရှောင်သာဝင်ရမည်ဆိုပါက အလွန်ထက်မြက်သော ကျောက်ဆူးချောင်းတို့အား တူငယ်ဖြင့်ထုခြေကာ ဝင်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကျောက်ဆူးတောတို့တွင် လက်ဖြင့် ကျောက်နံရံတို့ကိုမကိုင်ရပါ။ ဆူးတို့သည် အလွန်ထက်ကာ စူးမိသည်နှင့် ဆူးဖျားကျိုးကျန်နေတတ်ရာ လွန်စွာအခံရခက်လှ၏။ လူးသမားတိုင်း အတွေ့အကြုံရသိပြီးဖြစ်၍ ထိုကျောက်ဆူးတောများတွင် အထူးသတိထားကြသည်။

မိုင်းရှူးရဟနာမြေတစ်ခွင်လုံးကျင်းလုပ်ရာတွင် တရုတ်ဖြစ် ပွိုင့်ကင်းဘတ်ရှူးဖိနပ်များ စီးထားကြ၍သာတော်ပါတော့သည်။ သို့မဟုတ်ပါက အန္တရာယ်ကြီးလှပါသည်။ ပွိုင့်ဖိနပ်များသည် ဖွိုင့်များပါသဖြင့် ခြေကုပ်အားလည်း ကောင်းလှပါသည်။

မည်သူမျှစကားမပြောနိုင်ကြဘဲ အားလုံးတို့သည် ကျင်းဆရာငွားဆာဦးဆောင်ရာနောက်သို့ တရွေ့ရွေ့လိုက်ပါနေကြ၏။ ကိုငွားဆာနှင့် ကိုမြင့်မောင်တို့သည် မကြာမကြာနောက်သို့လှည့်ကြည့်ဖြစ်၏။ လူနှစ်ရာကျော်တို့၏ မာတ်မီးရောင်သည် မီးပွဲလှည့်နေသည့်အလား ကြည့်၍ပင်ကောင်းသေးတော့၏။

သူတို့ ကံကောင်းကြသည်မှာ မာတ်ခဲနှင့် ဖယောင်းတိုင်တို့အား လိုသည် ထက်ပိုစွာ ပြည့်ပြည့်စုံစုံ ပံ့ပိုးပေးထားခြင်းဖြစ်သည်။ မာတ်ခဲနှင့်ဖယောင်းတိုင်မပြည့်စုံခဲ့သော် မည်သို့မျှလုပ်၍မရဘဲ အားလုံးပင် အမှောင်ထဲ၌ အသေခံသွားကြရမည်ဖြစ်သည်။ သို့အတွက် လောပန်အား လည်းကောင်း၊ မန်နေဂျာအား လည်းကောင်း၊ ကျင်းချုပ်အားလည်းကောင်း များစွာကျေးဇူးတင်ရပေသည်။

သူတို့သည် ခဲမိုးကြီးတစ်ခုအောက်ရှိ တောင်ဆုပ်ခန့်သာရှိသော အကြားအား ဖြည်းညင်းစွာဝမ်းလျားထိုး၍ ဝင်လာရာ ကိုက်အတန်ငယ်ရှိခဲ့ပြီဖြစ်သည်။ ကိုက်ငါးဆယ်ထက်နည်းမည် မဟုတ်ပါ။ ထိုစဉ်တွင် ရှေ့၌ရေအိုင်ငယ်ကလေးတစ်ခုက ပိတ်ဆီးထားပါသည်။ ကျောက်စက်ရေများ အိုင်ဖွဲ့နေခြင်း ဖြစ်သည်။ ခက်သည်မှာ ကွင်းရှောင်စရာ လမ်းက လုံးဝမရှိခြင်းပင်။ အလျားဆယ်ပေခန့်ရှိမည်ထင်၏။

ထို့ကြောင့် ရှောင်ကွင်း၍မရသော ရေအိုင်ငယ်အား ဖြတ်ကျော်ရန် ရှေ့အနက်ကို လက်ဖြင့်နှိုက်ကြည့်၏။

"အားဟားဟား အေးသဟ၊ တော်သေးတယ်။ ရေက တစ်ထွာလောက်ပဲရှိတာ၊ လေးဖက်ထောက်ပြီးသွားရင် အဆင်ပြေတယ်။ ကဲ-သွားစို့ကိုမြင့်မောင်"

ဟု ပြောကာ ဝမ်းလျားထိုးသွားနေရမှ လေးဖက်ထောက်ပြောင်း၍ သွား၏။ ထိုရေအိုင်မှာ ခဏနှင့်လွတ်သော်လည်း ကျောက်စက်ရေကြောင့် ခေတ္တအေးသွားပြီး အမောပြေသလိုရှိ၏။ ထိုရေအိုင်လေးကိုဖြတ်ကြရာဝယ် အေးလွန်း၍ မအော်သူမရှိပါ။

ရှုပ်ထွေးလှသော မြေအောက်ကမ္ဘာတွင် ကိုယ်ထင်တိုင်းမဖြစ်ပါ။ ဦးတည်ရာသည် တောင်အရပ်ဖြစ်သော်လည်း အလျဉ်းသင့်သလို သွားနေကြရပါသည်။ တောင်အရပ်လမ်းပိတ်နေပါမှ အခြားအရပ်မှသည် တောင်သို့ပြန်လည်ဦးတည်ကြရ၏။

□ အမြော်အမြင်ကြီးသူ

"လမ်းကြောင်းရှေ့တည့်တည့်မှာ တောင်နံရံကြီးကာနေပြန်ပြီဗျို့။ နောက်ပြန်ဆုတ်လို့လည်း ဘေးဘယ်၊ ညာမှာ ထွက်လမ်းမရှိဘူး။ မြင်လား၊ နံရံကြီးရဲ့ ထိပ်ဖျားမှာတော့ အပေါက်တစ်ပေါက်ရှိနေတယ်။ ကျွန်တော်တို့ ဘယ်လိုနည်းနဲ့ထိပ်ပေါ် ရောက်နိုင်မလဲဆိုတာ လှည့်ပတ်ကြည့်ရအောင်"

"အေးဗျာ - ကြည့်ကြတာပေါ့။ ကဲဟေ့-နောက်ကလူတွေ အေးအေးဆေးဆေးခဏထိုင်နားကြပါဦးလို့ အဆင့်ဆင့်ပြောလိုက်ပါ"

သူတို့ ဝင်လာရာ စွပ်ကြောင်းလက်ကြားလေးအဆုံးတွင် အတန်သင့်ကျယ်သော ဟော(လ်)ခန်းတစ်ခုတွေ့သော်လည်း ထိုလူးခန်းသည် မြင့်မားသော ကျောက်နံရံများပိတ်ကာလျက်ရှိသည်။ လူးတို့ထုံးစံအတိုင်း တစ်နေရာနှင့်တစ်နေရာ လေဝင်ပေါက်များအဖြစ် အောက်ခြေတွင် အပေါက်မရှိသော် ကောင်းကင်ခေါင်မိုး၌ အပေါက်ရှိတတ်ကြ၏။ မရောက်နိုင်သောလူးခန်းပေါင်းများစွာတို့သည် သပွတ်အူပမာရှုပ်ထွေးစွာ ယှက်နွယ်တည်ရှိလျှက်နေပါသည်။

ကိုငွားဆာနှင့် ကိုမြင့်မောင်တို့သည် မာတ်မီးကိုယ်စီဖြင့် အသေအချာလှည့်ပတ်ကြည့်ကြသည်။

"ကိုမြင့်မောင်ရေ၊ ကမ်းပါးကမတ်တယ်ဗျ။ စိုနဲ့ဖောက်ပြီး သံငုတ်ရိုက်ပြီးတက်မှရမယ်။ တံကူထောက်ထောက်တက်ဖို့ လက်ကြားပုံအနေအထားလုံးဝမရှိဘူး"

"အဲဗျာ-ခက်တာက ကျွန်တော်တို့က လက်ဖောက်စိုနဲ့ သံငုတ်တွေမထည့်ခဲ့မိဘူးဗျာ"

"မပူနဲ့ ကိုမြင့်မောင်၊ ကျွန်တော်က လိုအပ်တာတွေ စိတ်ကူးနဲ့တွက်ပြီး အကုန်ထည့်ခဲ့တယ်။ ကဲ - ကျင်းချောက်ရေ"

"ဗျာ"

"တူနဲ့စိုယူခဲ့ပြီး အပေါက်ထွင်းကြစို့ပေါက်အနက်က လူတစ်ကိုယ်စာတက်လို့ရရုံ လက်လေးလုံးလောက်ပဲထွင်းဟုတ်လား။ ပြီးတော့ ကိုမြင့်မောင်ရဲ့ လက်ထောက်ကျင်းဆရာနာမည်ဘယ်သူတဲ့"

"အောင်မင်းပါ"

"ကိုအောင်မင်းကလည်း တစ်လှည့်စီ ထွင်းတူးပါ။ တစ်ပေါက်ရရင် စိုတစ်ချောင်းရိုက်၊ အဲဒီစိုပေါ် တက်ပြီး လက်တစ်ကမ်းခါးလောက်၊ ခါးလောက်မှန်းပြီးဖောက်သွားပါ။ ရေရှိသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့ - ရှိပါသေးတယ်"

"တစ်ပေါက်ကိုရေတစ်ငုံနဲ့လောက်အောင်ဖောက်"

"ဟုတ်ကဲ့-ကျင်းဆရာ"

ဟု ပြောပြီး ကျင်းသားတစ်ဦး၏ အိတ်ထဲမှပဲ နှုတ်သီးသဏ္ဌာန်အသွားပါသော ကျောက်ဖောက်လက်ရိုက်စိုနှင့် လေးပေါင်တူယူကာ လူခါးအနေအထားမှစ၍ထွင်း၏။

လက်ရိုက်ဖောက်စိုတွင် ဘဲနှုတ်သီးခေါ် အသွားပြားနှင့် မြွေစိမ်းခေါင်းခေါ် အသွားချွန်ဟူ၍ နှစ်မျိုးရှိပါသည်။ အချွန်ဟူရာ၌လည်း စတီသဘောမျှသာ ချွန်ရခြင်းဖြစ်သည်။ ကျောက်သားများအား ဖောက်ထွင်းနိုင်ရန် ပန်းဘဲဖို၌ အားများ ဆေးသားတင်သကဲ့သို့ အသွားကိုမကြာခဏထက်အောင်ပြု၍ ဆေးသားတင်ရပါသည်။

တွင်းတိုင်းတွင် လောစီခေါ် ကျောက်တုံးခွဲသည့်စိုကြီးများ၊ ခြေနှင့်ငုတ်စိုက်ရန် ငါးမူးလုံးတစ်ပေသံချောင်းဖြတ်တိုများ၊ လက်ရိုက်စိုများ၊ ဂန်းခေါ် ကျောက်ဖောက်စက်များ စသည်ဖြင့် အစုံထုတ်ပေးထားပါသည်။

ဖက်စပ်ခေတ်မရောက်မီ လက်လုပ်ကျင်း ကိုယ့်မင်းကိုယ့်ချင်းလုပ်စဉ်က ဖယောင်းတိုင်မီးနှင့် လက်ရိုက်စိုသာ အားကိုးလုပ်ကိုင်ခဲ့ကြရရာ လက်ထောက်ကျင်းဆရာ ကျင်းချောက်သည် တစ်ပေါက်ကို ငါးမိနစ်မျှပင်ကြာ



www.burmeseclassic.com

www.burmeseclassic.com

မထင်ပါ။ သွက်လက်စွာရိုက်၍ ဖောက်သဖြင့် တစ်ပေါက်ပြီး၏။

ပြီးသည်နှင့် သံချောင်းကိုကောက်စွပ်ကာ ထိုသံချောင်းတို့ကိုနင်း၍ ကိုယ်တစောင်းနံရံမှီကာ နောက်တစ်ပေါက်ဖောက်ပြန်၏။ တူရိုက်သံတတောက်တောက်နှင့်အတူ အပေါက်ထဲသို့ စိုအေးစေရန် ရေကိုစတီသဘော မကြာမကြာမှုတ်ထည့်ရ၏။ သို့နှင့် မကြာမီ ဒုတိယတစ်ပေါက်ပြီးပြန်၏။ သံငုတ်ရိုက်ကာ တစ်ဆင့်တက် ဖောက်ရပြန်၏။

"ကိုကျင်ချောက်ခဏနားပါ၊ ကျွန်တော် ဖောက်မယ်"

"ရတယ် ကိုအောင်မင်း၊ ကြာမှာစိုးလို့ ကျွန်တော်ပဲဖောက်ပါ့မယ်။ တစ်ပေါက်ဘာကြာတာမှတ်လို့"

ဟုပြောပြီး သွက်လက်စွာလှုပ်ရှားလုပ်ကိုင်နေရာ သူတို့သည် သက်လုံအလွန်ကောင်းပြီး အမောလည်းအတော်ခံနိုင်ကြသူများအဖြစ် ကျင်းဆရာများကျင်းသားများက ထိုင်နေရာမှကြည့်ရင်း တဖွဖွချီးကျူးစကားပြောနေကြပါသည်။

"ကျင်းချုပ်တာဝန်ကို ကိုငွားဆာယူရမှာကွ၊ သူကမှ အရှာရာဦးဆောင်နိုင်တာ"

"ဟုတ်တယ်။ ကြည့်လေ စို့တွေ သံငုတ်တွေ သူထည့်လာလို့သာ ဒီနံရံကြီးကို ကျော်နိုင်မှာကွ။ ငါတို့လိုဆိုရင် ဘာလုပ်ရမှန်းတောင်သိမှာမဟုတ်တော့ဘူး။ ကိုငွားဆာက အမြော်အမြင်အတော်ကြီးပါတယ်ကွာ"

"လီရှောတွေ အထင်သေးမိတာမှားတယ်ကွ၊ သူတို့က တကယ့်စွန့်ဦးသူတွေပဲ"

ဟူ၍ တီးတိုးဝေဖန်နေကြလေ၏။ ကိုငွားဆာမှာမူ စက်သီးကြိုးနှစ်ချောင်းအားဆက်ကာ ဆွဲတက်၍ကောင်းစေရန် ဖုထုံးများထုံးနေလေ၏။ ကျင်ချောက်မှာမူ တစ်ပေါက်ပြီးတစ်ပေါက်ဖောက်ကာ စို့ရိုက်လိုက်၊ တစ်ဆင့်တက်လိုက်နှင့် အတော်မြင့်သွားခဲ့ပြီဖြစ်သည်။

"ကျင်ချောက်ရေ မောရင်ဆင်းခဲ့တော့"

ဟု ခေါ်သော်လည်း 'ရတယ် ပြီးခါနီးပြီ' ဟုပြောကာ ဆက်လုပ်နေ၏။ အတော်ပင် သက်လုံကောင်းသူဖြစ်ကာ စို့ငုတ်ပေါ်တွင် တစ်စောင်းအနေအထားဖြင့် ရေဘူးခါးချိတ်လျက် သက်စွန့်ဆံဖျားလုပ်ကိုင်နေခြင်းဖြစ်၏။ ထိုငုတ်ပေါ်မှ ဟန်ချက်ပျက်၍ ချော်ကျသော် သေသော်သေ မသေသော်လည်း ကျိုးပဲ့မည်သာဖြစ်လေရာ အတော်အတန်သတ္တိ၊ အတော်အတန်ခြေလက်မြဲရုံဖြင့် မရနိုင်ကြောင်း အားလုံးသဘောပေါက်ကြ၏။ သူတို့လီဆူးများသည် အားလုံးကိုသက်စွန့်ကြိုးပမ်းကယ်ဆယ်ကြခြင်းဖြစ်ပေ၏။

တစ်ပေါက်ပြီးတိုင်း သံငုတ်တက်တက်ပေးရရာ တစ်နာရီမျှအကြာတွင် နောက်ဆုံးအပေါက်ကို ဖောက်နိုင်ပြီး၍ လိုဏ်ပေါက်တွင် အောင်မြင်စွာခြေချနိုင်ပါသည်။ ထိုအခါကျမှ အားလုံးဟင်းချနိုင်ပါသည်။ ကျင်ချောက်သည် ခေတ္တထိုင်နားနေပြီး အောက်သို့ လှမ်းမေးသည်။

"ကျင်းဆရာ ကြိုးဆင်မှာမဟုတ်လား"

"ဟုတ်တယ် အဲဒီအပေါ်မှာ တစ်ငုတ်စိုက်ရဦးမှာ၊ သူကျတော့ တစ်မိုက်လောက်ဖောက်လိုက်၊ ရရင်ကြိုးဆင်ပြီး ဆွဲတက်ကြမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဟူသောအသံနှင့်အတူ တူသံတတောက်တောက်ကြားရပြန်၏။ တွေဝေငေးမောခြင်းမရှိ သွက်လက်စွာလှုပ်ရှားနိုင်စွမ်းကား လူတိုင်းမချီးကျူးဘဲမနေနိုင်ကြပေ။ အလွန်ပင် အလေ့အကျင့်အားကောင်းသူများဖြစ်ပေ၏။ ရင်တမမဖြင့် အောက်မှစောင့်ကြည့်နေရသူမှာ ဦးလှဝေဖြစ်သည်။ သူသည် ရှေ့သို့ကျော်တက်လာကာ အခြေအနေကိုလာကြည့်ခြင်းဖြစ်သည်။ ထို့ကြောင့် ကိုငွားဆာက -

"ကျင်းချုပ် ဒီသံငုတ်တွေကိုနင်းပြီး ကြိုးကိုဆွဲတက်မယ်။ အဲဒါ ကျင်းချုပ်နဲ့ ကျင်းချုပ်ရဲ့ အင်ချတ်နှစ်ယောက်က နောက်ဆုံးကဆိုတော့ ဒီသံငုတ်တွေ တစ်ခုမကျန်ရအောင် ပြန်နုတ်မှရမယ်။ နောက်ဆုံး လူက သံငုတ်ကိုမနင်းဘဲဆွဲနုတ်ပြီး ကြိုးနဲ့သာအားပြုပြီး တက်ရမှာဆိုတော့ ရနိုင်ပါ့မလား"

"ရပါတယ်၊ အင်ချတ်စိုင်းယုံက အတော်လေးတော်ပါတယ်။ သူ့ကို တာဝန်ပေးပါ့မယ်။ သူက လူတောင့်ပါ"

"ဒီသံငုတ်တွေက ရှေ့မှာလိုအပ်ရင်ပြန်သုံးရအောင်လို့ပါ၊ ပြီးတော့ ကြိုးပါယူခဲ့ရမှာ"

"စိတ်ချ ကိုငွားဆာ၊ ဖောက်တဲ့လူကတောင် အသက်စွန့်ပြီးဖောက်ထားတာ၊ နုတ်တဲ့လူက ဘာလို့မနုတ်နိုင်ရမှာလဲ။ အားလုံးကိုမျှဝေပြီး ရအောင်သယ်ခဲ့ပါ့မယ်"

"ကဲ - ဒါဆို ကျွန်တော်တက်သွားတော့မယ်။ ကဲဟေ့ ကျင်ချောက်ရဲ့အိတ်ကို တစ်ယောက်ယောက်ကလွယ်တက်ခဲ့ကြကွာ"

ဟု မှာကြားလျက် ကိုငွားဆာသည် ကြိုးကိုခါးတွင်ချည်ကာ တက်သွားတော့၏။ သူရောက်ချိန်သည် တူသံပျောက်သွားချိန်နှင့်အတော်ဖြစ်ရာ သံငုတ်စိုက်ပြီးဖြစ်သည်။ ထိုသံငုတ်တွင် ကြိုးစကို အခိုင်အမာ ချည်နှောင်လိုက်တော့၏။

"ကဲ - တက်လို့ရပြီဟေ့။ တစ်ခါတက်ရင် နှစ်ယောက်တစ်တွဲတက်ကြ၊ ကိုမြင့်မောင် တက်လို့ရပြီ"

ဟု ကိုငွားဆာမှအော်ရာ ကိုမြင့်မောင်သည် သံငုတ်ခပ်ကျဲကျဲအား ရအောင်နင်းလျက် ကြိုးလုံးကိုပိုင်နိုင်စွာဆွဲကိုင်ကာတက်တော့၏။ စီစဉ်မှုမှာ လွန်စွာပင် အဆင်ပြေလှပါသည်။ လူးဆင်းနေသူများဖြစ်သဖြင့် ထိုမျှကိုကြောက်ရကောင်းမှန်းမသိကြပါ။ လက်ရောခြေပါ အမှီအတွယ်ရှိသောအခါ အလွယ်တကူပင်အပေါ်သို့ရောက်ကြ၏။ ကိုငွားဆာတို့သည် ရှေ့သို့ဆက်၍ ချီတက်နေကြပြီဖြစ်သည်။

နောက်ဆုံးတွင်မူ ကျင်းချုပ်နှင့် ကိုယ်ရံအင်ချတ်နှစ်ဦးသာကျန်ရာ ဦးလှဝေက တက်၏။ အင်ချတ်အိုက်ဆာက သံငုတ်ပေါ် မှစောင့်၏။ အင်ချတ်စိုင်းယုံမှာမူ ကြိုးထုံးများပေါ်တွင် ခြေညှပ်၍ ရပ်တည်နိုင်ရန် ပို့ဝှင့်ဖိနပ်အားချွတ်၍ ကျောပိုးအိတ်ထဲထည့်ထားရ၏။

ကြိုးထုံးများအား ခြေညှပ်အားဖြင့် ရပ်တည်ကာ သံစို့ချောင်းများအား ဆွဲနုတ်၍ သံငုတ်ပေါ်ရှိ အိုက်ဆာထံ လှမ်းပေး၏။ အိုက်ဆာက သူ့အိတ်ထဲထည့်ကာ တစ်ဆင့်ပြီးတစ်ဆင့်တက်၏။

ခြေတစ်ဖက်ဖြင့် ကြိုးထုံးညှပ် ကျန်ခြေတစ်ဖက်နှင့် နံရံထိန်း၊ လက်တစ်ဖက်က ကြိုးထုံးကိုင်၊ လက်တစ်ဖက်က စို့နုတ်ရသော စိုင်းယုံမှာလည်း အားစိုက်ရမှုကြောင့် ချွေးတို့ပြန်နေပါသည်။ ရင်တမမဖြင့်ရှိနေရသူမှာ ဦးလှဝေဖြစ်၏။ အပေါက်ဖောက်သလောက် သက်စွန့်ဆံဖျားမရှိသော်လည်း ပတ်စာခွာဖျာသိမ်းအလုပ်ဖြစ်သော နောက်မြီးသိမ်းအလုပ်သည်လည်း မလွယ်ကြောင်း လက်တွေ့မှိုသိရလေ၏။

(ဆက်ရန်)

ရွှေပြည်စိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

# ဘဝရှင်သန်ရာ သင့်လက်မှာ

ဦးအောင်မင်း

**စိုးရိမ်သောကပွေနေသူ၏ လက်ဝါးပုံစံ (2)**

အထက်တွင် ဖော်ပြခဲ့ပြီးသော လက်ဝါးပိုင်ရှင် (ပုံစံ-1) အား (18) လ ကြာပြီးနောက် အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။ လက်ဝါးပိုင်ရှင်သည် (18) လကြာပြီးနောက်ပိုင်း ယခင်ကထက် ဝမ်းဗိုက်နာခြင်း၊ မကြာခဏ ပျို့အန်ခြင်းရှိနေခဲ့သည်။

**သရုပ်ခွဲလေ့လာခြင်း**

ဦးခေါင်းလမ်းကြောင်း သေးမျှင်ထင်ရှား၍ လမ်းကြောင်းတစ်လျှောက်ဖွာထွက်နေသည့်ပုံစံ ဖြစ်လာခြင်းကြောင့် အူရောင်ရမ်း၍ ပျို့အန်ခြင်းဖြစ်နေတတ်သည်။ နှလုံးလမ်းကြောင်းကိုလေ့လာပါက အောက်ဘက်အစွန်းနေရာ၌ အစင်းအကြောင်းများပါရှိနေခြင်းကြောင့် ခန္ဓာကိုယ်အတွင်းထွက်ရှိသောအက်စစ်နှင့် ဇက်တီးရီးယားများက ဝမ်းဗိုက်အတွင်း အူအား ဒုက္ခပေးလာနိုင်မည့်သဘော ဖော်ပြနေပါသည်။ ၎င်းအပြင် ဦးခေါင်းလမ်းကြောင်းအဆုံးသတ်အား လောင်ဂျီတွဒ်လိုင်း (လမ်းကြောင်း) တစ်ခုကဖြတ်



A

နေခြင်းကြောင့် အစာခြေအင်္ဂါအဖွဲ့၏ လုပ်ငန်းစဉ်များ ပုံမှန်မဟုတ်ဘဲ ဒုက္ခပေးနေကြောင်း ဖော်ပြနေပါသည်။

**ကောက်ချက်ချခြင်း**

လက်ဝါးပိုင်ရှင်၏ ကျန်းမာရေးမကောင်းခြင်းနှင့် စိတ်သောကများခြင်းတို့ကြောင့် အချစ်ရေးလက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ကာယကံရှင်အနေဖြင့် လတ်တလောအနေအထားအရ ကျန်းမာရေးကိုသာအထူးအာရုံစိုက်သင့်သည့်အခြေအနေဖြစ်သည်။

**အာရုံကြောရောင်နာဖြစ်နေသူ၏ လက်ဝါးပုံစံ**



A

B

အသက် (56) နှစ်အရွယ် အိမ်ထောင်မရှိသူအမျိုးသား၏ နာတာရှည် 'အာရုံကြောရောင်နာ'ဝေဒနာခံစားနေရခြင်းအား အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။ အာရုံကြောရောင်ရမ်းခြင်းသည် ဆိုးရွားစွာအအေးမိတတ်ခြင်းနှင့် စိုးရိမ်သောကရောက်တတ်ခြင်းတို့ ပေါင်းစပ်လျက် အများအားဖြင့် ဖြစ်ပွားတတ်သည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ဝါးပြင်ပါ လမ်းကြောင်းများ သေးမျှင်မှုနဲ့ဝါးမှုလွန်ကဲနေခြင်းကြောင့် အာရုံကြောအားနည်းပြီး စိတ်တိုနေတတ်သည်။

၎င်းပြင် စိုးရိမ်သောကများတတ်သူဖြစ်ပါက အကျိုးသက်ရောက်မှု ပိုမိုရှိနေတတ်သည်။

ဦးခေါင်းလမ်းကြောင်းကိုလေ့လာပါက တိုပြတ်နေပြီး နမူနာပုံရှိ "A" အမှတ်အသားမှဖော်ပြချက်အရ သွားဖုံးနှင့် ပတ်သက်သောရောဂါများပင် ရရှိလာတတ်သည်။

ထို့အပြင် "B" အမှတ်အသားရှိ လက်ဝါးပြင်အသွားအရည်များ၌ အစင်းအမြောင်းရာများပါရှိပြီး ၎င်းလမ်းကြောင်းများက လက်ဝါးပြင်အလယ်ဗဟိုနေရာထိအတိုင် ရောက်ရှိနေခြင်းကြောင့် ခန္ဓာကိုယ်အတွင်းအက်စစ်ဓာတ်များနေသည်ကို ဖော်ပြသည်။

**ကောက်ချက်ချခြင်း**

နမူနာပုံပါ "A" အမှတ်အသားနှင့် "B"အမှတ်အသားတို့၏ဖော်ပြချက်အရ သွားဖုံးနှင့်ဆိုင်သောရောဂါရရှိတတ်သူဖြစ်ခြင်းကြောင့် သွားဖုံးမှတစ်ဆင့် အာရုံကြောများရောင်ရမ်းနာလာသည်အထိ ဒုက္ခပေးတတ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

**ကျောက်ကပ်အားနည်းသူ၏ လက်ဝါးပုံစံ**

အသက် (58) နှစ်အရွယ် အိမ်ထောင်မရှိသူအမျိုးသမီးတစ်ဦး၏ ကျောကုန်းအောင့်ဝေဒနာခံစားနေရခြင်း၊ ခြေကုန်လက်ပန်းကျ၍ နွမ်းလျနေခြင်း အပေါ် လက္ခဏာပညာဖြင့် အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းတည်ဆောက်ပုံများကိုလေ့လာပါက ဗီဇစိတ်ဖြင့် ထိုးထွင်းသိမြင်နိုင်စွမ်းရှိသူဖြစ်သလို လက်မ၊ လက်ချောင်းထိပ်ဖျား လက်ဆစ်ရိုးများ



www.burmeseclassic.com

www.burmeseclassic.com

မားတတ်ခိုင်နေခြင်းကြောင့် အလိုဆန္ဒပြင်းပြသူ၊ စိတ်ဓာတ်ခွန်အားကောင်းသူအဖြစ်တွေ့ရှိရသည်။

လက်ဝါးပြင်ပါလမ်းကြောင်းများအနေဖြင့် ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းတို့က၊ ၎င်းတို့အစပြုရာနေရာ၌ ခိုင်မြဲစွာ ချိတ်ဆက်နေပြီး ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ကြားနေရာ ကျယ်ပြန့်နေခြင်းကြောင့် သည်းခံနိုင်စွမ်းရှိသူနှင့် သတိကြီးစွာထားတတ်သူအဖြစ်ပါ လေ့လာတွေ့ရှိရသည်။

အသက်လမ်းကြောင်းကိုလေ့လာပါက တည်ဆောက်ပုံ သာမန်ထက်အားပျော့၍ (နမူနာပုံပါ "B"အမှတ်အသားအရ) လမ်းကြောင်းပြတ်တောက်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင်နမူနာပုံပါ "A" အမှတ်အသားအရ အသက်လမ်းကြောင်းပေါ် ကျွန်းခံနေခြင်းကြောင့် ခန့်မှန်းထားသည့် ကျန်းမာရေးအခြေအနေထက် ပိုမိုဆိုးစွာအခြေအနေယိုယွင်းနိုင်ကြောင်း တွေ့ရှိရသည်။

"A"အမှတ်အသား၏အဆုံးသတ်နေရာမှအစပြုနေသော အကူလမ်းကြောင်းသည် "B"အမှတ်အသားရှိရာနေရာထိ အောက်သို့နိမ့်ဆင်းလျက်ဖြတ်သွားပါက ကျန်းမာရေးအထူးဂရုစိုက်ရန်လိုအပ်နေပြီဖြစ်ကြောင်း အသိပေးနေပါသည်။

**ကောက်ချက်ချခြင်း**

ကာယကံရှင်အနေဖြင့် လက္ခဏာ




စစ်ဆေးမှုများအရ အသက် (15) နှစ်အရွယ်၌ သွေးအားနည်းရောဂါဖြစ်ပွားခဲ့ဖူးပြီး အသက် (22) နှစ်နှင့် (28) နှစ်အကြားကာလ၌ ကူးစက်ရောဂါအမျိုးမျိုးဒဏ်ခံစားခဲ့ရသူဖြစ်ကြောင်း တွေ့ရှိရသည်။ ယင်းအနေအထားကို နမူနာပုံပါ "B" နေရာ၌ အသက်လမ်းကြောင်းအပြတ်အတောက်က ထင်ရှားစွာဖော်ပြသည်။

၎င်းပြင် ကာယကံရှင်အမျိုးသမီးသည် အသက် (46) နှစ်အရွယ်၌ သားအိမ်နှင့်ပတ်သက်သော ခွဲစိတ်ကုသမှုခံယူခဲ့ဖူးပြီး အသက် (50) နှစ်အရွယ်၌ 'သားအိမ်ခြစ်ထုတ်ရသည့်ကုသမှု' ခံခဲ့ရသူဖြစ်ကြောင်း တွေ့ရှိရသည်။ နမူနာပုံပါ "C"အမှတ်အသားသည် အထက်ပါသားအိမ်ပြဿနာအပြင် ကျောက်ကပ်နှင့်ဆီးအိမ်တို့၌ ရောဂါဝင်ရောက်နေကြောင်း အသိပေးနေပါသည်။

**စိုးရိမ်ပူပန်မှုများကိုဖော်ပြနေသည့်လက်ဝါးပုံစံ**

အသက်(30)အရွယ်အိမ်ထောင်သည်အမျိုးသမီးတစ်ဦး၏မိသားစုအပေါ် အစစအရာရာ၌ စိုးရိမ်ပူပန်နေရပုံနှင့် သားသမီးထပ်ယူရန် ဆန္ဒမရှိတော့သော်လည်း တတိယမြောက် ကိုယ်ဝန်ဆောင်မိခင်ဖြစ်လာရပုံတို့ကို အောက်ပါအတိုင်း လက္ခဏာပညာရပ်ဖြင့် စစ်ဆေးအဖြေထုတ်နိုင်ခဲ့သည်။ (စိုးရိမ်ပူပန်တတ်သူအမျိုးသမီးအနေဖြင့် ကျန်းမာရေး၊ စီးပွားရေး အခြေအနေရပ်ရပ်ကြောင့် နောင်ရေးအတွက် ရတက်မအေးဖြစ်ကာ ကိုယ်ဝန်ထပ်မံမယူလိုခဲ့ခြင်းပင်ဖြစ်သည်။)

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများတည်ဆောက်ပုံအရ အရာရာစိစစ်ခွဲခြမ်းစိတ်ဖြာ၍ သိမြင်နားလည်တတ်သူဖြစ်သော်လည်း အခြေအနေမပေးသည်ကို တွေ့ရှိရ၏။ လက်ဝါးပြင်ပါလမ်းကြောင်းငယ်များသေးမျှင်၍များပြားနေခြင်းကြောင့် စိတ်ခံစားလွယ်တတ်သူဖြစ်ကြောင်းအလွယ်တကူသိရှိနိုင်သည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းတို့က အစပြုနေရာ၌ မြဲမြံစွာချိတ်ဆက်နေခြင်းကြောင့် သတိကြီးစွာထားတတ်သူအဖြစ် သတ်မှတ်နိုင်သော်လည်း အားနည်းချက်အနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုနည်းသူ

အဖြစ် လေ့လာတွေ့ရှိရသည်။

၎င်းပြင် ဦးခေါင်းလမ်းကြောင်းနှင့်နှလုံးလမ်းကြောင်းတို့ကြားနေရာ ကျယ်ပြန့်နေခြင်းကြောင့် စိတ်ရှည်သည်းခံနိုင်စွမ်းရှိသူအဖြစ်ပါ တွေ့ရှိရသည်။

တစ်ဖန် လက်ချောင်းများအောက်ခြေရှိ သောကြာခါးပတ်တည်ဆောက်ပုံကောင်းမွန်နေခြင်းကြောင့် ဆတ်ဆတ်ထိမခံတတ်သူဖြစ်သလို (တစ်နည်းအားဖြင့်လည်း) ဒေါသဖြစ်လွယ်၊ ဝမ်းနည်းလွယ်တတ်သူပင်ဖြစ်သည်။

ထို့ပြင် ဦးခေါင်းလမ်းကြောင်း၌ အမွေးဖွာထွက်နေပုံရှိနေခြင်း နှလုံးလမ်းကြောင်းပေါ်၌ အပြင်ဘက်အနားတစ်လျှောက် အစက်အပြောက်ပါရှိနေခြင်းကြောင့် (တည်ဆောက်ပုံမကောင်းသောကြောင့်) နှလုံးနှင့်ဆိုင်သော နောက်ဆက်တွဲရောဂါများ ရလာတတ်သည်ကို တွေ့ရှိရသည်။



**ကောက်ချက်ချခြင်း**

ကာယကံရှင်အနေဖြင့် မကြာခဏကိုယ်ဝန်ဆောင်ဖြစ်ခဲ့ရာမှ တတိယအကြိမ်မြောက်၌ ပိုမိုစိတ်ထိခိုက်စရာဖြစ်ခဲ့ရသည်။ စိတ်ပညာအရ စစ်ဆေးပါက မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းနေသူအဖြစ် လေ့လာတွေ့ရှိရသည်။

**ပစ်ဈုထရီဂလင်းမကောင်းသူ၏ လက်ဝါးပုံစံ**

အသက် (35) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသား၏ စိတ်ပိုင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပိုင်း၌ အားအင်ကုန်ခန်းမောပန်းနေရသည့်အခြေအနေနှင့် အသက်ရှုမဝခြင်း၊ တစ်ခါတစ်ရံ အကြောဆွဲနေခြင်း အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများတည်ဆောက်ပုံ လေ့လာပါက လက်ညှိုးနှင့် လက်သူကြွယ်တို့ပေါ်၌ အလိပ်လိုက်ဖွဲ့ (whorl) ပါရှိနေခြင်းကြောင့် ပွတ်လပ်မှုကိုလိုလားသူအဖြစ်တွေ့ရပြီး လက်မတည်ဆောက်ပုံကောင်းမွန်ခြင်းကြောင့် အလိုဆန္ဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူအဖြစ် တွေ့ရသည်။

ဇရင်းအပြင် လက်ဝါးပြင်ပါ လမ်းကြောင်းများနည်းပါးပြီး အားလုံးလိုလိုကျယ်ပြန့်၍ အရိပ်ကျနေဟန်ရှိနေသည်။ ကံလမ်းကြောင်းအနေဖြင့် ပျောက်လုနီးပါးဖြစ်နေပြီး အသက်လမ်းကြောင်း၏ အဆုံးသတ်အောက်ဘက်အတွင်းမှအစပြုထားသည်ကိုတွေ့ရသည်။

**ကောက်ချက်ချခြင်း**

ကာယကံရှင်အနေဖြင့်လက္ခဏာ အရေးအကြောင်းများ၏ ဖော်ပြချက်အရ မွေးရာပါ ပစ်ကျူထရီဂလင်း မကောင်းသည်ကို တွေ့ရှိရသည်။

ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံအရ တိုတောင်းသည့်အပြင် အပြတ်အတောက်များနေခြင်းကြောင့် ဉပေက္ခာပြုတတ်သူ၊ ပျင်းရိထိုင်းမှိုင်းသူ၊ တွေးခေါ် စိတ်ကူးမှုမရှိသူအဖြစ်ဖော်ပြပြီး နှလုံးလမ်းကြောင်းတည်ဆောက်ပုံအရ လမ်းကြောင်းတစ်လျှောက် လွှသွားသဏ္ဌာန် အရာများပါနေခြင်းကြောင့် နှလုံးအဆိမ်းများခြင်းနှင့် နှလုံးကြွက်သားဆိုင်ရာရောဂါများရှိနေကြောင်း ဖော်ပြသည်။

ကံလမ်းကြောင်းတည်ဆောက်ပုံအရ ဘဝတစ်သက်တာအတွက် အင်ဂျင်နီယာတစ်ဦးဖြစ်ရန် ရည်မှန်းချက်ထားခဲ့သော်လည်း ကံလမ်းကြောင်းပျောက်ကွယ်လုနီးပါးအနေအထားကြောင့် ရည်မှန်းချက်မအောင်မြင်ခဲ့ပါ။

**အူမရောင်နာဖြစ်နေသူ၏လက်ဝါးပုံစံ (1)**

အသက် (28) နှစ်အရွယ် အိမ်ထောင်မရှိသူအမျိုးသားတစ်ဦး၏ အူမရောင်နာရောဂါခံစားနေရခြင်း၊ ကျောက်ကပ်မကောင်းခြင်းတို့အတွက် အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့သည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများတည်ဆောက်ပုံအရ အခြေခံကျကျ ခွဲခြမ်းစိတ်ဖြာတတ်သူ၊ စိတ်ဓာတ်ခွန်အားကောင်းသူအဖြစ်တွေ့ရပြီး လက်ဝါးပြင်ပါလမ်းကြောင်းများစွာက ထင်ရှားနက်ရှိုင်းနေခြင်းကြောင့် အာရုံကြောဆိုင်ရာ၌ အားကောင်းသူအဖြစ်တွေ့ရသည်။ အဓိကလမ်းကြောင်းများကို လေ့လာပါက ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံယိုင်နဲ့ပြတ်တောက်လျက် လမ်းကြောင်းတစ်လျှောက် (၁) လက်မနီးပါးအရွယ်လေးထောင့်ကွက်ရှိနေခြင်းအပြင် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့အကြား နေရာကျယ်ပြန့်နေခြင်းကြောင့် စိတ်မရှည်တတ်သူ၊ ကမ္ဘာရှုးထိုးလုပ်တတ်သူအဖြစ်တွေ့ရှိရသည်။

တစ်ဖန် ကျောက်ကပ်မကောင်းခြင်း၊ အူမရောင်နာဖြစ်ခြင်းတို့အတွက် လက်ဝါးပြင်ပေါ် ထောင်လိုက်ကျသည့် Longitudinal Line က ဖော်ပြပေးသည်။

ထို့ပြင် လက်ဝါးပြင်ပါ အစင်း၊ အမြောင်းရာများနှင့် လက်ကောက်ဝတ်အနီးရှိလမ်းကြောင်းများက လက်ဝါးပိုင်ရှင်၏ ကျန်းမာရေးချို့တဲ့မှုအနေအထားကိုဖော်ပြသည်။


**ကောက်ချက်ချခြင်း**

လက်ဝါးပြင်ပါလမ်းကြောင်းအနေအထားများအရ ကျန်းမာရေးချို့တဲ့မှုအတွက် အဓိကညွှန်ပြနေခြင်းကြောင့် အဘိုင်ပင်ခံဆရာဝန်များနှင့် သွားရောက် ဆွေးနွေးသင့်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

**အူမရောင်နာဖြစ်သူ၏ လက်ဝါးပုံစံ (2)**

နမူနာပုံစံ (1)ပါ လက်ဝါးပြင်အား ဆေးဝါးကုသမှုခံယူပြီးနောက်ပိုင်း နမူနာပုံစံ(2)အတိုင်း ကောင်းမွန်တိုးတက်လာသည့်အနေအထားဖြင့်တွေ့ရသည်။

ယခင်ကရှုပ်ထွေးနေခဲ့သောလမ်းကြောင်းများက ပုံ (၂) အတိုင်း ရှင်းလင်းထင်ရှားစွာတွေ့ရသည်။



အူမရောင်နာဖြစ်သူ၏လက်ဝါးပုံစံ (၁)



အူမရောင်နာဖြစ်သူ၏လက်ဝါးပုံစံ (၂)

www.burmeseclassic.com

www.burmeseclassic.com

ၚင်းပြင် လက်သူကြွယ်အောက်ဖက်ရှိ ဦးခေါင်းလမ်းကြောင်းက ယခင်ကကွဲထွက်နေဟန်ရှိခဲ့သော်လည်း ပုံ (၂) အရ အနည်းငယ်ပြေပြစ်သွားသည်ကို တွေ့ရသည်။

**အူမရောင်နာဖြစ်သူ၏ လက်ဝါးပုံစံ (3)**

လက်ဝါးပြင်ပါအစင်းအမြှောင်းရာများက ယခင်ကကဲ့သို့ ရှုပ်ထွေးစွာမရှိတော့သောကြောင့် ကျောက်ကပ်အားပြန်ကောင်းလာသည့်သဘောကို ဖော်ပြပါသည်။



အူမရောင်နာဖြစ်သူ၏လက်ဝါးပုံစံ (၃)

ဦးခေါင်းလမ်းကြောင်းကိုလေ့လာပါက ၎င်းရှိသင့်ရှိထိုက်သည့်နေရာသို့ ပြန်လည်ရောက်ရှိနေခြင်းကြောင့် ယခင်ကလောက် ကျန်းမာရေးမညံ့တော့သည်ကို ဖော်ပြသည်။

**အဆစ်အမြစ်ရောင်နာ (ဒူလာစွဲသူ)၏ လက်ဝါးပုံစံ (1)**

အသက် (39) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသားတစ်ဦး၏ အဆစ်အမြစ်ရောင်နာ ရောဂါဝေဒနာခံစားနေရပုံကို အောက်ပါအတိုင်း လက္ခဏာပညာဖြင့် လေ့လာတွေ့ရှိရသည်။

**သံရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းတည်ဆောက်ပုံများအရ ခွဲခြမ်းစိတ်ဖြာ နားလည်တတ်သူအဖြစ်တွေ့ရပြီး လက်ညှိုးနှင့်လက်သူကြွယ်ထိပ်ဖျားတို့၌ အလိပ်လိုက်ပွေ



(whorl) ပါရှိနေခြင်းကြောင့် တစ်ကိုယ်ကောင်းဆန်တတ်သူ၊ ကိုယ်ပိုင်ဟန်ရှိသူအဖြစ် တွေ့ရှိရသည်။

တစ်ဖန် လက်ညှိုးတိုတောင်းခြင်း၊ ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းတို့ (အစပြုနေရာ၌ ချိတ်ဆက်နေခြင်းမရှိဘဲ) ကြားနေရာဝေးကွာနေခြင်းတို့ကြောင့် စိတ်အလိုလိုက်၍ တစ်ခါတစ်ရံ ကမူးရှူးထိုးလုပ်တတ်သူအဖြစ် တွေ့ရသည်။

လက်ဝါးပြင်ပါ လမ်းကြောင်းများသည် နည်းပါးသော်လည်း ထင်ရှားနက်ရှိုင်းခြင်းကြောင့် (အထူးသဖြင့်) ဦးခေါင်းလမ်းကြောင်းက ထင်ရှားပေါ်လွင်နေသောကြောင့် ပစ်ကျူထာရီဂလင်း၌ ပြဿနာရှိနေကြောင်း ဖော်ပြနေပါသည်။

တစ်ဖန် နှလုံးလမ်းကြောင်းကို လေ့လာပါက ထူထဲထင်ရှားနေသောကြောင့် နှလုံးကြွက်သားများအလုပ်လုပ်ပုံအားမကောင်းကြောင်း တွေ့ရှိရသည်။

အသက်လမ်းကြောင်းကိုလေ့လာပါက ၎င်း၏ အတွင်းဘက်နေရာတွင်ရှိနေသော အကူလမ်းကြောင်းသည် ကလေးဘဝကတည်းကစတင်နေခဲ့သောကြောင့် ငယ်စဉ်ကပင် ကြက်သွေးရောင်အင်ပြင်ဖုသည့်ရောဂါခံစားခဲ့ရသူဖြစ်သည်။ ၎င်းအနေအထားကို နမူနာပုံပါ "A"အမှတ်အသားက ဖော်ပြသည်။

**ကောက်ချက်ချခြင်း**

စိတ်ပညာရှုထောင့်အရ တစ်ခါတစ်ရံ ဝမ်းနည်းကြေကွဲတတ်ခြင်း၊ စိတ်အလိုလိုက်၍ကမူးရှူးထိုးလုပ်တတ်ခြင်းများရှိသလို တစ်ခါတစ်ရံ၌လည်း လက်တွေ့ကျကျ တွက်ချက်လုပ်ကိုင်တတ်သူဖြစ်သည်။

လက်ဝါးပြင်ပါ "A"အမှတ်အသားရှိ အစင်းအမြှောင်းရာများက အခြားသောကူးစက်ရောဂါတစ်ခုခုနှင့် အဆစ်အမြစ်ရောင် (ဒူလာရောဂါ)ဖြစ်လာနိုင်ကြောင်း ကြိုတင်အသိပေးခဲ့ပြီးဖြစ်သည်။ အကယ်၍ အဆိုပါလက်ဝါးပြင်အနေအထားအရ ဒူလာရောဂါမဖြစ်ခဲ့သည့်တိုင် နှလုံးနှင့်ဆိုင်သောရောဂါတစ်ခုခုရလာနိုင်ကြောင်း ကောက်ချက်ချနိုင်သည်။

**ဒူလာရောဂါဖြစ်သူ၏လက်ဝါးပုံစံ (2)**



နမူနာပုံ (1) ပါ "A"အမှတ်အသား၏ အခြေအနေ ပိုမိုတာရှည်ခဲ့ခြင်းကြောင့် ကျောက်ကပ်ရောဂါနှင့် နှလုံးကြွက်သားဆိုင်ရာရောဂါတစ်ခုခုဖြစ်လာရန် ပိုမိုအရှိန်ရလာသည်ကိုတွေ့ရသည်။

နှလုံးလမ်းကြောင်းသည် "B" အမှတ်အသားတွင်ပြထားသည့်အတိုင်း ပြတ်တောက်နေခြင်းကြောင့် နှလုံးကြွက်သားနှင့်ဆိုင်သောရောဂါတစ်ခုခုဖြစ်လာရန် ပိုမိုနီးစပ်နေပြီဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

ဦးအောင်မင်း



www.burmeseclassic.com

www.burmeseclassic.com

(ဆောင်းပါး)

# ထုံးတောင်-အရှင်ဝမ္မပီယ

## ပြိုင်လျှင် နိုင်ချင်စိတ်နှင့်လူ



အောင်မြင်မှုကို လူတိုင်းပင် နှစ်သက်ကြ၏။ လောကမှာ အောင်မြင်မှုကိုရရှိရန် နည်းလမ်းမျိုးစုံနှင့် ကြိုးပမ်းကြရသည်။ အောင်မြင်မှုသည် ယှဉ်ပြိုင်ခြင်းမှထွက်ပေါ်လာတတ်သောသဘောဖြစ်ရာ ယှဉ်ပြိုင်မှုရှိမှလည်း တိုးတက်သော အောင်မြင်မှုကို ရရှိနိုင်သည်။ သို့သော် ကောင်းသောယှဉ်ပြိုင်မှုဖြစ်ဖို့တော့ လိုအပ်၏။

လူတို့၏ နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေကြရသောကိစ္စအဝဝကို ပြိုင်ဆိုင်ချင်စိတ်၊ သာလိုစိတ်တို့ဖြင့် ပြုမူလုပ်ကိုင်နေကြရသည်။ လူသည် လူနှင့်အချင်းချင်း အပြိုင်အဆိုင်ကြိုးစား၍ အလုပ်လုပ်ကြရသည်။

စာမေးပွဲမှာ အမှတ်ကောင်းကောင်းရဖို့ ကျောင်းသားအချင်းချင်း ကြိုးစားပြိုင်ဆိုင်ကြရသည်။ ဝန်ထမ်းအချင်းချင်း ရာထူးတက်ဖို့ အပြိုင်အဆိုင်ကြိုးစားကြရသည်။ စီးပွားရေးသမားများ ကုန်သွယ်မှုကိစ္စ၊ ငွေရေးကြေးရေးကိစ္စ တစ်ဦးထက်တစ်ဦး အပေါ်စီးရအောင် ပြိုင်ဆိုင်ကြရသည်။ ပညာရှင်လောကမှာပင် ပညာတတ်ချင်းပြိုင်ဆိုင်ကြသည်။ ယုတ်စွအဆုံး ဈေးသည်နှင့် ဈေးဝယ်မှာ ဈေးသည်က ပစ္စည်းကို ဈေးပိုဆို၍ ဈေးဝယ်က ဈေးဆစ်ခြင်းဖြင့် သူသာကိုယ်သာ ပြိုင်ဆိုင်လေ့ရှိသည်။

လူတို့၏လူမှုကိစ္စအဝဝ၌ ပြိုင်ဆိုင်မှုဖြင့်ယှဉ်ပြိုင်ရှုန်းကန်ရခြင်းမှာ သဘာဝပင်ဖြစ်သော်လည်း အတ္တ၊ မာနတို့ဖြင့် ပြင်းထန်သော ပြိုင်ဆိုင်မှုဖြစ်လာပါက လောကကို အရုပ်ဆိုးအကျည်းတန်စေတော့သည်။

၂၀၁၂ ခုနှစ် ဘောလုံးရာသီက အီဂျစ်နိုင်ငံတွင် နောက်ဆုံး ဗိုလ်လုပွဲတစ်ခုမှာ ပြိုင်ဆိုင်မှုပြင်းထန်သော ပထမတန်း ဘောလုံးကလပ်နှစ်သင်း ယှဉ်ပြိုင်တွေ့ဆုံကြလေရာ ပရိသတ်အပေါင်းရာနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ကြရသည်။ အီဂျစ်နိုင်ငံအတွက်သာမက ကမ္ဘာ့ဘောလုံးလောကအတွက်ပါ အရုပ်ဆိုး အကျည်းတန်စေခဲ့သည်။ အီဂျစ်လူမျိုးများအတွက်လည်း ယနေ့တိုင်အောင် မကျေနပ်စရာ၊ ရင်နာစရာများနှင့် အမုန်းအာဃာတများ ထုံးဖွဲ့နေဆဲဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပွဲ၌ နိုင်ချင်စိတ်ပြင်းပြလှသော အာဂျင်တီးနားဘောလုံးဘုရင် မာရာဒိုနာ၏ဘုရားပေးသောလက် ဆိုသည်ကို အင်္ဂလန်မှ ဘောလုံးပရိသတ်များ ယနေ့ထက်တိုင် နာကြည်းနေကြဆဲ ဖြစ်သည်။

ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံတစ်ယောက်ဖြစ်ခဲ့သော မိုက်တိုင်ဆန်သည် လက်ဝှေ့ထိုးသတ်ခြင်း၌ အလွန်ကျွမ်းကျင်သူဖြစ်၏။ သူ၏ပြိုင်ပွဲတစ်ခုမှာ လက်ဝှေ့ကြိုးဝိုင်းအတွင်း၌ ပြိုင်ဘက်လက်ဝှေ့သမား၏ နားရွက်ကို သွားဖြင့်ကိုက်ဖြတ်ပစ်ခဲ့သည်။ မနိုင်နိုင်ရာလုပ်မည်ဟူသော မိုက်တိုင်ဆန်၏ ပင်ကိုစိတ်မှာ ယုတ်ညံ့လှသည်။ တရားသည်၊ မတရားသည် အပထား။ လက်ဝှေ့စည်းကမ်းကိုကျော်လွန်၍ ပြုမူဆောင်ရွက်ချက်မှာ စက်ဆုပ်စရာကောင်းလှ၏။ သူ့ကြောင့်ပင် လက်ဝှေ့လောက အရုပ်ဆိုး အကျည်းတန်မှုများ မကြာခဏဖြစ်ပေါ်ခဲ့ရ၏။ ပြိုင်လျှင် နိုင်ချင်စိတ်ရှိသည်မှာ လူ့သဘာဝပင်ဖြစ်သော်လည်း မတရားသဖြင့် အနိုင်ယူလိုမှု၊ ပြိုင်ဘက်ကို အလဲထိုးအသေသတ်သည်အထိ ရက်စက်လိုစိတ်တို့မှာ ပင်ကိုဓာတ်ခံညံ့သူများပင် ဖြစ်သည်။

လူတို့၏ ပင်ကိုသဘောမှာ ပြိုင်လျှင် အနိုင်ရချင်စိတ်၊ သာချင်စိတ်သည် သဘာဝပင်ဖြစ်၏။ ထိုစိတ်သည် လောဘကို အခြေခံ၏။ သတိ၊ ပညာအားနည်း၍ နိုင်ချင်၊ သာချင်စိတ်အားကြီးပြီး မတရားပြုမူမိလျှင် မိမိနှင့်တကွ ပတ်ဝန်းကျင်ကိုပါ ဂယက်ရိုက်၍ ထိခိုက်ပျက်စီးနိုင်ကြောင်း သတိမူသင့်သည်။

လောဘသည် လူတိုင်း၌ရှိ၏။ သို့သော် ထိုလောဘ၌ မတော်လောဘနှင့် တော်လောဘကို ခွဲခြား၍ရှုမြင်ထားသင့်သည်။ အဘိဓမ္မာသဘောအရ လောဘမှန်သမျှ အကုသိုလ်စိတ်ဖြစ်သော်လည်း တော်လောဘမှာ တရားသဖြင့် မျှမျှတတပြိုင်ဆိုင်၏။ မိမိရသင့်ရထိုက်သည့် အောင်မြင်မှုကို အများလက်ခံနိုင်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရယူ၏။ တရားသဖြင့် နည်းလမ်းတကျ မျှတသော တော်လောဘသည် တရားသဖြင့် ပြိုင်ဆိုင်၍ စီးပွားရှာ၏။ အရှုံးအနိုင်ကို 'ယောနိသောမနသိကာရ' ထား၍လက်ခံ၏။ လောကမှံကို တရားသဖြင့်ဆင်ခြင်၍ ကြံ့ကြံ့ခံနိုင်လေသည်။

သို့သော် ထိုလောဘသည် လိုချင်စိတ်ဖြစ်ရုံသက်သက်မျှသာမကဘဲ ရရာရကြောင်းအတွက် မကောင်းကြံစည်မှုအထိအောင် သက်ရောက်သွားပါက မတော်လောဘ(ဝိသမလောဘ)ခေါ်ရတော့သည်။ ဝိသမလောဘ၏ သဘောမှာ ပစ္စည်းဥစ္စာရှာဖွေရမှာသာ အလိုရမ္မက်ကြီးသည် မဟုတ်ပေ။ မမှန်ကန်သောနည်းလမ်းဖြင့် တစ်ပါးသူတို့၏ အထင်ကြီးခံလိုခြင်း၊ အလေးစားခံလိုခြင်း၊ ကြည်ညိုပူဇော်ခံလိုခြင်း၊ အမြှောက်ကြိုက်ခြင်းတို့သည်လည်း ဝိသမလောဘ၏ သဘောပင် ဖြစ်သည်။ မိမိလက်ထဲက ပစ္စည်းထက် တစ်ပါးသူလက်ထဲက ပစ္စည်းကို အကောင်းထင်လျက် လိုချင်တပ်မက်နေတတ်သည်။

ထိုသို့ လိုချင်စိတ်၊ ရချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com

သာချင်စိတ်တို့ဖြင့် ပြုလုပ်ပြိုင်ဆိုင်ပြီး မိမိအလိုဆန္ဒအတိုင်း ဖြစ်မလာသော အခါ ဒေါသနှင့် ဆက်နွယ်နေသော ဣဿာ၊ မစ္ဆရိယတို့ ဖြစ်ပေါ်လာပါတော့သည်။

မနာလိုခြင်း(ဣဿာ)၏သဘောမှာ ဘာမှထိထိရောက်ရောက်မလုပ်ရဘဲ အရှုံးပေါ်နေသောပြဿနာတစ်ရပ်ဖြစ်၏။ တစ်ဖက်သား၏ အောင်မြင်မှု၊ ကောင်းစားမှုကို ပြုစုစောင်းမြောင်းအပြစ်တင်စိတ်ဖြစ်ပေါ်နေမှုမှာ မနာလိုခြင်းသက်သက် ဖြစ်သည်။

တစ်ဖက်သားကို ဂုဏ်မတင်လို၊ အကောင်းမထင်လိုသော စိတ်တို့မှာ စာတတ်ပေတတ်ဆိုတာ ပညာရှင်လောကမှာပင် ကင်းနိုင်ကြမည်မဟုတ်ပေ။ တစ်ယောက်ကိုတစ်ယောက် ချောက်တွန်း၍ အပြစ်ဖို့နေကြသည်မှာ ဣဿာသဘောဖြစ်သည်။

ဣဿာသည် မစ္ဆရိယမှာ ယှဉ်တွဲနေသောသဘာဝရှိသောကြောင့် ဣဿာဖြစ်လျှင် မစ္ဆရိယခေါ် ဝန်တိုခြင်းဖြစ်ပေါ်ရန် မခဲယဉ်းတော့ပေ။ ဣဿာသည် သူတစ်ပါးမှို မနာလိုခြင်းဖြစ်၍ မစ္ဆရိယမှာ သူများ ကိုယ့်လို ကောင်းစားမှာကို ဝန်တိုခြင်း ဖြစ်၏။ မိမိတစ်ဦးတည်းသော ကောင်းစားလိုခြင်း၊ နိုင်လိုခြင်း၊ ကြီးပွားလိုခြင်း၊ ပြည့်စုံလိုခြင်း စသည့် တစ်ကိုယ်ကောင်းဆန်သော သဘောများသည် မစ္ဆရိယစိတ်၏ သဘောလက္ခဏာများပင်ဖြစ်၏။

ဤမစ္ဆရိယကြောင့်ပင် မိသားစုဝင်အချင်းချင်း၊ မိတ်ဆွေအချင်းချင်း မသင့်မမြတ်ဖြစ်ကြရ၏။ စိတ်ဝမ်းကွဲပြားကြရ၏။ မညီမညွတ်ဖြစ်နေကြရ၏။ ဣဿာနှင့် မစ္ဆရိယတို့သည် လောက၌ နေရာအနှံ့မှာ လွှမ်းမိုးနှိပ်စက်လျက်ရှိသည်။ ယင်းတရား (၂) မျိုးကြောင့် လူ့အရည်အချင်း၊ လူ့စွမ်းရည်တို့ ဖျက်ဆီးခံကြရသည်။ ပညာတတ်၊ စာတတ်၊ တရားရှိပါသည်ဆိုသောပုဂ္ဂိုလ်များအထိ ထိုတရားဆိုး (၂) မျိုးက လွှမ်းမိုးထားလေသည်။

ဣဿာ၊ မစ္ဆရိယ ကြမ်းတမ်းဆိုးရွားလာပါက သူတစ်ပါး၏ ကြီးပွားအောင်မြင်မှုကို မလိုလားပေ။ တတ်နိုင်လျှင် ဖျက်ဆီးပစ်ချင်၏။ သူတစ်ပါးအကျိုးပျက်စီးသော်လည်း မိမိအကျိုးရှိမလာမှန်းသိလျက်နှင့် တမင်သက်သက် ဖျက်ဆီးလိုခြင်း ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော် ထိုကဲ့သို့သူများသည် အတ္တစွဲကြီးမားသူ သို့မဟုတ် ရူးသွပ်နေသူများဟုပင် ဆိုရချေမည်။

ထိုသူများသည် သူတစ်ပါးကို ဖျက်ဆီး၍မရနိုင်တော့လျှင် မိမိကိုယ်ကို ဖျက်ဆီးပစ်ချင်စိတ်ပေါ်လာ၏။ ကိုယ်က နိမ့်ကျပါလျက် သူတစ်ပါး၏ အောင်မြင်မှုကို မုဒိတာမပွားနိုင်။ ရှက်ဒေါသအားကြီးပြီး မိမိကိုယ်တိုင်နှင့်တကွ မိမိ၏ ဆွေမျိုးသားချင်းများကိုပါ လောကအလယ်၌ အရှက်ရအောင် ပြုမူဆောင်ရွက်သွားပုံမှာ အထူးသံဝေဂရစရာကောင်းလှသည်။

လွန်ခဲ့သော ၂၀၀၈ ခုနှစ်က ဖြစ်၏။ မန္တလေးမြို့၏ အထင်ရှားဆုံးသော စာသင်တိုက်ကြီးတစ်တိုက်မှာ တစ်ရွာတည်းသား ပဉ္စင်းပျို့နှစ်ပါး စာဝါအတူတူ လိုက်ကြသည်။ ဦးပဉ္စင်းနှစ်ပါးသည် တစ်ရွာတည်း၊ တစ်ဆရာတည်းဖြစ်ရုံမက ငယ်စဉ် ရှင်သာမဏေဘဝကပင် သပိတ်တစ်လုံးမှာ ဆွမ်းအတူတူနှိုက်စားခဲ့ကြသူများ ဖြစ်သည်။ နှစ်ပါးစလုံးမှာ ဉာဏ်ရည်ထက်မြက်၍ ရွာဦးကျောင်းဆရာတော်ထံပါး၌ အခြေခံစာပေပရိယတ္တိများ သင်ကြားစဉ်ကပင် တစ်ပါးနှင့်တစ်ပါး အပြိုင်အဆိုင်ကြိုးစားခဲ့သူများဖြစ်၏။ ထိုသို့ ကြိုးစားသင့်ယူရင်း ဓမ္မာစရိယတန်းသို့ပင်ရောက်ရှိလာကြ၏။

ဓမ္မာစရိယဆိုင်ရာကျမ်းစာများကိုလည်း တစ်ပါးနှင့်တစ်ပါး သူထက်ငါ ကြိုးစားသင်ယူ ကျက်မှတ်ကြသည်။ သူတို့နှစ်ပါး၏ စာပေကြိုးစားသင်ယူလိုစိတ်၊ အပြိုင်အဆိုင်စိတ်ဓာတ်မှာ ရွာမှာရှိကြသော မိဘ၊ ဆွေမျိုးသားချင်းများကိုပင် ကူးစက်၍ ငါ့ပဉ္စင်းက ရတော်သည်၊ ငါ့ပဉ္စင်းကသာသည် ဟူသော အပြိုင်အဆိုင်စိတ်ဓာတ်များ ပြင်းထန်လာတော့သည်။

သို့နှင့် ထိုနှစ်က ဓမ္မာစရိယတန်း စာမေးပွဲမှာ နှစ်ပါးစလုံး လွယ်ကူချောမောစွာ ဖြေဆိုနိုင်ခဲ့ကြသည်။ စာမေးပွဲအောင်စာရင်းထွက်မည့်ရက်ကို ဦးပဉ္စင်းနှစ်ပါးသာမက ရပ်ရွာက ဆွေမျိုးသားချင်းတစ်စုတို့ကပါ စောင့်မျှော်နေခဲ့ကြ၏။ အောင်စာရင်းထွက်လာသောအခါ တစ်ပါးက ရိုးရိုးအောင်မြင်၍ ကျန်တစ်ပါးက မြန်မာတစ်ပြည်လုံးမှာ ထိပ်ဆုံးမှအောင်မြင်ခဲ့သည်။

ထိုအခါ ရိုးရိုးအောင်မြင်သော ဦးပဉ္စင်းသည် မိမိနေထိုင်ရာ သုံးထပ်ကျောင်းဆောင်အပေါ်ထပ်မှ ခုန်ချကာ မိမိကိုယ်ကိုအဆုံးစီရင်သွားလေသည်။

(ဦးဝိစာရ-ပေတောဓ၏
ရတနာ တံခွန်ဆောင်းပါးမှ)

အင်မတန်ဝမ်းနည်းစရာကောင်းသော ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။ သံဝေဂယူစရာလည်းအထူးကောင်း၏။ တဏှာ၊ မာန၊ ဒိဋ္ဌိတရားတို့မှ ကင်းငြိမ်းချမ်းသာအောင် ညွှန်ကြားပြသပေးခဲ့သော ဗုဒ္ဓမြတ်စွာသာသနာ၌ အဆင့်မြင့်ပရိယတ္တိစာပေတို့ကို သင်ယူခွင့်ရခဲ့ပါလျက် ကိလေသာတို့၏ ပြက်ရယ်ပြုအနိုင်ယူသွားခြင်းခံရသည်မှာ အထူးပင် ရင်နင့်စရာကောင်းလှ၏။

ထိုသို့ အကြောင်းအကျိုးဆင်ခြင်တုံတရားကင်းမဲ့၍ စဉ်းစားတွေးခေါ်မြော်မြင်မှုကင်းမဲ့ရခြင်းမှာ ဣဿာ၊ မစ္ဆရိယစိတ်၏ ပယောဂပင် ဖြစ်သည်။ သူငယ်ချင်းနှစ်ပါး သပိတ်တစ်လုံးထဲမှ ဆွမ်းကို အတူတူစားနိုင်ခဲ့ကြရအောင် မေတ္တာတရားထားခဲ့ကြပါသော်လည်း မုဒိတာပွားဖို့ ခက်ခဲ၏။ သို့အတွက် ဣဿာ၊ မစ္ဆရိယကို အခြေခံ၍ ဒေါသ၊ အာဃာတများဖြစ်လာသည်မှာ ထင်ရှား၏။ ဒေါသသည် သူတစ်ပါးကို ရန်ရှာ၍မရသောအခါ ဆုတ်နစ်သော ဒေါသအဖြစ် မိမိကိုယ်ကိုရန်ရှာတော့သည်။ ဒေါသမှန်လျှင် စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်ညစ်ခြင်း၊ သောကပရိဒေဝ၊ ဥပါယာသတို့ကိုဖြစ်စေကြောင်း သတိပြုသင့်ပေသည်။

ဒေါသကို မထိန်းချုပ်နိုင်၍ ဖြစ်ပြီးမှ နောင်တရလျှင် နောက်ကျပေပြီ။ မခံချင်စိတ်၊ ပြိုင်လျှင် နိုင်ချင်စိတ်ကို မထိန်းချုပ်နိုင်မှုကြောင့် မိမိနှင့်တကွ မိဘဆွေမျိုးများကိုပါ ထိခိုက်နစ်နာစေသည်။ ဗုဒ္ဓမြတ်စွာသာသနာအတွက် ကြီးစွာသောဆုံးရှုံးမှုကို ဖြစ်စေ၏။

သို့ဖြစ်ရာ မိမိထက် အစစအရာရာ သာလွန်ထက်မြက်သောပုဂ္ဂိုလ်များနှင့် တွေ့ကြုံရပါက သင့်တင့်စွာ နှလုံးသွင်းနိုင်ဖို့ ဆင်ခြင်ကြရ၏။ သတိပဋ္ဌာန် ဝိပဿနာတရားများကို အလေ့အကျင့်ဖြစ်အောင် ပွားများအားထုတ်ထားခြင်းဖြင့် ကိုယ့်ထက်သာ မနာလိုဖြစ်မည့်အစား မုဒိတာတရားများပွားများနိုင်ကြမည်ဖြစ်ပေသတည်း။

ဖြုဟ္မစိုရ်တရားများ
ပွားများနိုင်ကြပါစေ

ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)



www.burmeseclassic.com

www.burmeseclassic.com

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

## သမိုင်းအစဉ်အလာကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီး



မြန်မာ့နိုင်ငံ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်း၊ ရန်ကုန်တက္ကသိုလ်သမိုင်းကြောင်းနှင့်အတူ သမိုင်းအစဉ်အလာကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီးကို နယ်ချဲ့ဆန့်ကျင်ရေးခေတ်ဦးပိုင်းကာလ ခရစ်နှစ် ၁၉၀၆ ခုနှစ်တွင် စတင်မျိုးစေ့ချတည်ထောင်ခဲ့သည်။

ခရစ်နှစ် ၁၉၀၆ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံအဖြစ် ရန်ကုန်မြို့၌ ရန်ကုန်ကောလိပ်ကို ဖွင့်လှစ်သင်ကြားခဲ့သည်။ ရန်ကုန်ကောလိပ်တွင်, ဗုဒ္ဓဘာသာဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ဦးရေသည် အလွန်နည်းပါးလှသည်။ ယင်းသို့ အရေအတွက်နည်းပါးသော်လည်း ဗုဒ္ဓသာသနာဆိုင်ရာအရေးကိစ္စများကို အလေးအနက်ထားဆောင်ရွက်နိုင်ရန် ၁၉၀၆ ခုနှစ်တွင် ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်းကြီးအား ဖွဲ့စည်းကြီးပမ်းထူထောင်ခဲ့၏။ အသင်းကြီး၏ဆောင်ပုဒ်မှာ 'အပ္ပမာဒေန သမ္ပာဒေထ' ဟူ၍ ဖြစ်သည်။

၁၉၀၈ ခုတွင် ရန်ကုန်ကောလိပ်သို့တက်ရောက်ခဲ့သော ကိုသိမ်းမောင် (နောင်တွင် တရားဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူ သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်) သည် ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်းကြီး၏အတွင်းရေးမှူးတာဝန်ယူလျက် အသင်းကြီး၏ လုပ်ငန်းတာဝန်များကို ဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်စေရန်, ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုအချိန်က မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဗုဒ္ဓကလျာဏယုဝအသင်းကြီးဖြစ်သော ဝိုင်အမ်ဘီအေအသင်းကြီးက ဦးဆောင်နေခဲ့ချိန်ဖြစ်သောကြောင့် ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်းကြီးသည် အမျိုးသားရေးလှုပ်ရှားမှုတာဝန်ကို တစ်စိတ်တစ်ဒေသပါဝင်ထမ်းဆောင်နိုင်ရန် ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်းကြီး၏အတွင်းရေးမှူး ကိုသိမ်းမောင်ကို ဝိုင်အမ်ဘီအေအသင်းကြီး၏ ကိုယ်စားလှယ်အဖြစ် တာဝန်ပေး - ဆောင်ရွက်စေခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်းကြီး၏ စည်းမျဉ်းဥပဒေများကိုရေးဆွဲ၍ အမှုဆောင်အဖွဲ့ကြီးကို ဖွဲ့စည်းခဲ့သည်။

ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်ကောလိပ်မှ ရန်ကုန်တက္ကသိုလ်ဖြစ်လာသော အချိန်၌ ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်းကြီးကို ရန်ကုန်တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီး ဟူ၍ပြောင်းလဲခေါ်ဆိုသတ်မှတ်ခဲ့သည်။ ထိုအချိန်တွင် ရန်ကုန်တက္ကသိုလ်၌ ဗုဒ္ဓဘာသာဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အရေအတွက်သည် တဖြည်းဖြည်းတိုးတက်များပြားလာသည်နှင့်အမျှ ရန်ကုန်တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီး၏ နာယကကြီးများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမှုဆောင်များသည် ကျောင်းသားကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်အမှုထမ်းအရာထမ်းများ ဘုရားဝတ်ပြုပူဇော်ရန် ဘာသာရေးဆိုင်ရာဟောပြောပွဲများ၊ တရားပွဲများ ပြုလုပ်ကျင်းပနိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ဗုဒ္ဓဘာသာရေးဆိုင်ရာအဆောက်အအုံတစ်ခုရှိရန် လိုအပ်ကြောင်း သတိပြုမိခဲ့ကြသည်။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီး၏ ဥက္ကဋ္ဌဆရာဦးသွင်နှင့် အတွင်းရေးမှူး ဦးသိမ်းမောင်တို့ ဦးဆောင်သော အမှုဆောင်လူကြီးများသည် ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ဓမ္မာရုံတစ်ခုကို တည်ဆောက်ရန်အတွက် ရန်ကုန်တက္ကသိုလ်အာဏာပိုင်များထံ ဓမ္မာရုံအတွက် မြေနေရာသတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်အာဏာပိုင်များက ယခု ဓမ္မာရုံကြီးတည်ရှိနေသောနေရာကို ခွင့်ပြုတည်ဆောက်မိန့်ပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ ဓမ္မာရုံတည်ဆောက်ရန်မြေနေရာပေး,ခွင့်ပြုချက်ရရှိသောအခါတွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးဖြစ်မြောက်ရေးအဖွဲ့ကြီးကို ဖွဲ့စည်းလျက် ရန်ပုံငွေများ ရှာဖွေစုဆောင်းခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဆရာကြီး ဦးဘသည် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေချိန်တွင် အသင်းကြီး၏ နာယကလူကြီးများဖြစ်ကြသော ဆရာဦးသွင်၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ မြူနီစီပယ်မင်းကြီး ဦးဆက်တို့နှင့် တိုင်ပင်၍ ပြဇာတ်များကပြရန်ပုံငွေရှာခြင်း၊ မြို့မိမြို့ဖများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများထံမှ အလှူငွေများကောက်ခံခြင်းများပြုလုပ်ခဲ့ကြသည်။ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးတည်ဆောက်နိုင်ရေးအတွက် မတည်ငွေအဖြစ် လှူဒါန်းခဲ့ကြသော အလှူရှင်များမှာ ဒေါက်တာဦးညို၊ ဝတ်လုံတော်ရ ဦးဘဝင်းနှင့်ဇနီး၊ တရားဝန်ကြီးဦးမြဘူး၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ မြူနီစီပယ်မင်းကြီးဦးဆက်၊ ရွှေတိဂုံဘုရားဘဏ္ဍာတော်ထိန်းဦးသွင်၊ ဦးစန်းမောင်၊ ဦးဘညွန့်(ပဲခူး)၊ ဦးဘိုးကျော့(ပဲခူး)၊ သစ်တောရေးရာဝန်ကြီးချုပ်ဟောင်း ဦးဘဘေနှင့် နန်းရင်းဝန် ဒေါက်တာဘမော်တို့ဖြစ်ကြသည်။

ယင်းသို့ ကောက်ခံရရှိခဲ့သော အလှူငွေများဖြင့် ဆရာခင်နှင့်သားများ အဆောက်အအုံကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ အဆောက်အအုံအုတ်မြစ်ချအခမ်းအနားကို ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ယင်းအခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတဆရာလင်းက အုတ်မြစ်ချစာတမ်းဖတ်ကြားသည်။ အလယ်တောရဆရာတော်ကြီးက နိဒါန်းစကားဩဝါဒမြွက်ကြားသည်။ ဆရာတော်ကြီး(၉)ပါးသည် မေတ္တာသုတ်ပရိတ်တော်ရွတ်ဖတ်သည်။ ဂုဏ်ထူးဆောင်ဆရာကြီးဦးဖျားက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အလယ်တောရ်ဆရာတော်ကြီးက ဓမ္မာရုံအုတ်မြစ်ချကာ ကမ္ဗည်းကျောက်စာကို ဤသို့ ရေးထိုးမှတ်တမ်းတင်ခဲ့သည်။

- *မြတ်စွာဘုရား သာသနာတော် ၂၄၇၇ ခုနှစ်ရောက်သောအခါ ကောဇာနှစ် ၁၂၉၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် (ခရစ်နှစ် ၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်) တနင်္ဂနွေနေ့၊ ညနေ (၄) နာရီ မိနစ်(၃၀)အချိန်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်အတွင်းရှိ ဤဓမ္မာရုံကြီးကို ရန်ကုန်မြို့ အလယ်တောရဆရာတော် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ကောသလ္လာဘိဓေ အရှင်မြတ် အုတ်မြစ်ချတော်မူသည်။*

ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးကို ၁၉၃၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ (မြန်မာနှစ် ၁၂၉၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်) ဗုဒ္ဓဟူးနေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။ ငွေပေါင်း (၅၇၅၀၀) ကျပ် ကုန်ကျခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးသည် တက္ကသိုလ်ဓမ္မာရုံကြီး တည်ဆောက် ပြီးစီးသွားသည့်အချိန်မှ စတင်၍ ဓမ္မာရုံကြီးတွင် ဆရာတော်ကြီးများ၏တရားပွဲများကို ကျင်းပပြုလုပ်ခဲ့သည်။ ရှေးဦးစွာ လယ်တီဆရာတော်ဘုရားကြီးရှင်ဉာဏနှင့် တပည့်ဦးဝါယမတို့ ကြွရောက်၍ တရားဒေသနာတော်များဟောကြားတော်မူခဲ့သည်။ အင်္ဂလိပ်ဗုဒ္ဓဘာသာဘုန်းတော်ကြီး ရှင်အာနန္ဒမေတ္တေယျဆရာတော်၏ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားတော်မူခဲ့သော တရားပွဲကြီးကိုလည်း စည်ကားစွာ ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း ပါလီမန်ဒီမိုကရေစီခေတ်၌ ၁၉၄၉ ခုနှစ်တွင် အီတာလျံ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဦးလောကနာထနှင့် ဘိလပ်ပြန်ဆရာတော် အရှင်သေဋ္ဌိလတို့၏တရားပွဲများ ကျင်းပခဲ့သည်။ ၁၉၄၉ ခုနှစ်အတွင်းမှာပင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံကြီး၌ အဂ္ဂမဟာပဏ္ဍိတ မြန်မာပညာရှိ ဆရာကြီးဦးလင်းနှင့် နိုင်ငံခြားသားပညာရှင် ဖရစ်စစ်တိုရီတို့သည် ဗုဒ္ဓတရားတော်များကို ဟောကြားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဆရာတော် ဦးဥက္ကဋ္ဌနှင့် မြန်မာပညာရှိ ဦးကျော်ဒွန်းတို့၏ တရားပွဲများ၊ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ နာယကဦးလင်းက ဗောဓိပင်ပူဇော်ခြင်းအကျိုးပြုစာတမ်းကို ဖတ်ကြားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် သီဟိုဠ်ဆရာတော်ကြီး၏ တရားပွဲနှင့် အရှင်ကေလာသဆရာတော်တို့၏တရားပွဲများကျင်းပခဲ့သည်။

၁၉၅၅ တွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးသို့ ဝေဘူဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကြွရောက် သီတင်းသုံးတော်မူခဲ့သည်။ တက္ကသိုလ်ဓမ္မာရုံကြီးနှင့် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးသို့ အသင်းရန်ပုံငွေ ကျပ်တစ်ထောင် လှူဒါန်းတော်မူခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဓမ္မကထိက ဦးလှသိန်း၊ ဦးစိန်ညိုထွန်းနှင့် ဝန်ကြီးချုပ်ဦးနုတို့သည် တက္ကသိုလ်များဓမ္မာရုံကြီး၌ ဗုဒ္ဓတရားတော်များကို ဟောပြောခဲ့ကြသည်။ ၁၉၆၀ ပြည့်နှစ်တွင် အင်္ဂလန်၊ အမေရိကန်နှင့် ဂျာမနီနိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်များကို ပင့်ဖိတ်၍ တရားပွဲများ ပြုလုပ်ကျင်းပခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးသည် တက္ကသိုလ်ဓမ္မာရုံတွင် ဟောကြားခဲ့သော ရဟန်းပညာရှိ၊ လူပညာရှိကြီးများ၏ တရားဓမ္မများကို စာစောင်များ၊ စာအုပ်ငယ်များအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ မြန်မာ့အသံတွင်လည်း ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ ဆောင်ရွက်ကြိုးပမ်းမှုများကို အသံလွှင့်ခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးတွင် မဟာဗောဓိပင်စိုက်ပျိုးခြင်း၊ သမထဝိပဿနာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ သီဟိုဠ်မဟာဗောဓိအသင်းမှ ကျောက်ဆင်းတုရုပ်ပွားတော်တစ်ဆူကိုပင့်ဆောင်၍ တက္ကသိုလ်ဓမ္မာရုံကြီး၌ ကိန်းဝပ်စံပယ်အပူဇော်ခံထားရှိခြင်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးမှဦးစီးလျက် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီး စတင်တည်ဆောက်ပြီးစီးသည့် ၁၉၃၄ ခုနှစ်မှ စတင်၍ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့သော ဂျပန်ခေတ် ၁၉၄၂ - ၄၅ ခုနှစ်မှတစ်ပါး ခေတ်အဆက်ဆက်တွင် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ အာစရိယပူဇော်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးခေတ်နှင့် ပါလီမန်ဒီမိုကရေစီခေတ်များအတွင်း၌ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးတွင် ပိဋကတ်တိုက်ရှိခဲ့ပြီး သီတင်းတစ်ပတ်လျှင် နှစ်ရက်ဖွင့်၍ စာအုပ်များငှားရမ်းခဲ့သောကြောင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ ဗုဒ္ဓစာပေကို အလွယ်တကူ လေ့လာဆည်းပူးနိုင်ခဲ့ကြသည်။ ပါဠိနှင့် ဗုဒ္ဓကျမ်းစာထူးချွန်သော တက္ကသိုလ်ကျောင်းသားကျောင်းသူများကိုလည်း ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးက နှစ်စဉ် ဆုများချီးမြှင့်လေ့ရှိသည်။ ဝါတွင်းကာလများ၌လည်း တက္ကသိုလ်အဆောင်များမှ ဗုဒ္ဓဘာသာဝတ်အသင်းများသည် ဓမ္မာရုံကြီး၌ ဝတ်ရွတ်ပွဲများ ပြုလုပ်ခဲ့ကြသည်။ ဓမ္မာရုံကြီးသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးကို ကိုလိုနီခေတ်တွင် ခရစ်နှစ် ၁၉၀၆ ခုနှစ်၌ ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်းကြီးဟူသောအမည်ဖြင့် စတင် မျိုးစေ့ချ ထူထောင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးကို ခရစ်နှစ် ၁၉၃၇ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့လေသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီးနှင့် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးတို့၏သမိုင်းစဉ်သည် မြန်မာ့နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ ရန်ကုန်တက္ကသိုလ်၏ သမိုင်းကြောင်းများနှင့် တကွ သမိုင်းအစဉ်အလာကြီးမားခဲ့သော မြန်မာ့သမိုင်းသက်သေများအဖြစ် သမိုင်းဥဒါန်းတင်ရပ်တည်လျက်ရှိနေပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး** -

၁။ ရန်ကုန်တက္ကသိုလ်သမိုင်း (၁၉၂၀ - ၁၉၅၄ ခုနှစ်)

၂။ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး (ဒေါ်ခင်သိန်း၊ ပါမောက္ခအရှေ့တိုင်းပညာဌာန)

၃။ တက္ကသိုလ်များဗုဒ္ဓဘာသာအသင်းကြီး၏ ဖွံ့စည်းပုံသမိုင်း (ဦးတင့်လွင်၊ တက္ကသိုလ်ဓမ္မာရုံ ရွှေရတုမဂ္ဂဇင်း၊ ၁၉၈၅ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

# လျှမ်းထက်
# ထူးဆန်းသောပေါက်ကွဲမှုကြီး

၂၀၁၅-ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့၌ တရုတ်နိုင်ငံပိုင် သတင်းအေဂျင်စီ ဆင်ဟွာက ဩဂုတ်လ ၁၃ ရက်နေ့ ထုတ်ပြန်သောသတင်းကို ကိုးကား၍ အောက်ဖော်ပြပါ ခေါင်းစဉ်ဖြင့် ဖော်ပြထားသော အင်တာနက်သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

**ထူးဆန်းသောပေါက်ကွဲမှုကြီး**

တရုတ်နိုင်ငံ မြောက်ပိုင်း၏ အမိက ဆိပ်ကမ်းမြို့ကြီးတစ်မြို့ ဖြစ်သော ကျန်ကျင်တွင် ဩဂုတ် ၁၃ ရက်နေ့က ထူးဆန်းသော ဧရာမ ပေါက်ကွဲမှုကြီးတစ်မှုဖြစ်ပွားခဲ့ကြောင်း ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှာ ကျန်ကျင်မြို့ စက်မှုဇုန်အတွင်းရှိ ဓာတုဗေဒပစ္စည်းများထားသော ကုန်လှောင်ရုံတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရလေ၏။ ဤပေါက်ကွဲမှုကြီးကြောင်း, လူပေါင်း (၅၀) သေဆုံး၍ (၇၀၀) ကျော်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ပေါက်ကွဲမှုအရှိန်မှာ အလွန်ပြင်းထန်သဖြင့် ကီလိုမီတာပေါင်းများစွာအထိ သက်ရောက်မှုရှိခဲ့ပြီး ဂျပန်နိုင်ငံမှ လွှင့်တင်ထားသော မိုးလေဝသဂြိုဟ်တု တစ်ခုကပင် ဖမ်းယူနိုင်ခဲ့သည်ဟု သိရ၏။ ဤပေါက်ကွဲမှုကြီးတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းနှင့် ဆရာဝန်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ မီးသတ်ဌာနမှ အမှုထမ်းများ၊ မီးသတ်သမားများလည်း သေဆုံးခဲ့ရသည်ဟု သိရကြောင်း။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် မီးသတ်ကား (၁၄၃) စီးနှင့် မီးသတ်သမား (၁၀၀၀) ကျော် တပ်ဖြန့်ထားခဲ့ပြီး နျူကလီးယား၊ ဇီဝနှင့်ဓာတုစစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ခွဲမှ အထူးကျွမ်းကျင်ပညာရှင် (၂၁၇) ဦး ပါဝင်သော အဖွဲ့ခွဲတစ်ခွဲကို စေလွှတ်၍ ရှင်းလင်းရေးဆောင်ရွက်နေကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက သတင်းမီဒီယာများအား ထုတ်ဖော်ပြောကြားခဲ့သည်။ ဧရာမပေါက်ကွဲမှုကြီးဖြစ်ပွားသောနေရာသည် ဓာတုပစ္စည်းများအပါအဝင် အန္တရာယ်ဖြစ်စေသော ကုန်ပစ္စည်းများသိုလှောင်ဖြန့်ဖြူးသည့်နေရာဖြစ်သည်ဟု ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြခဲ့၏။

ထိုကျန်ကျင်မြို့သည် ပေကျင်း (ယခင် ပီကင်း) မြို့တော်၏အရှေ့ဘက် မိုင်(၉၀)ခန့်အကွာတွင်တည်ရှိ၍ လူဦးရေ (၁၅) သန်းခန့်ရှိသောမြို့ဖြစ်သည်။ တရုတ်နိုင်ငံတွင် အကြီးဆုံးမြို့တစ်မြို့ဖြစ်ပြီး မော်တော်ကား၊ စက်ရုံများ၊ လေယာဉ်တပ်ဆင်ရေးစက်ရုံများ၊ ရေနံချက်စက်ရုံများနှင့် အခြားစက်ရုံများ တည်ရှိကြောင်း။ ယခုပေါက်ကွဲမှုကြီးကြောင်း တင်သွင်းထားသော မော်တော်ကား အစင်း (၁၀၀၀၀) ခန့် မီးလောင်ပျက်စီးသည်ဟု သိရ၏။

(အင်တာနက်)

ထိုသတင်းကိုပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်လွှင့်သော ရုပ်သံလွှင့် အစီအစဉ်ကလည်း ရိုက်တာသတင်းကို ရိုက်တာသတင်းကိုယ်စားလှယ်မှ ပေးပို့သောသတင်းကိုကိုးကား၍ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးခဲ့၏။ အမေရိကန်ပြည်ထောင်စုမှ ထုတ်လွှင့်သော စီအင်အင်ရုပ်သံလွှင့်ဌာနနှင့် အင်္ဂလန်နိုင်ငံ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်ကလည်း အသေးစိတ် တိတိကျကျထုတ်လွှင့်ပေးခဲ့သဖြင့် ထိုပေါက်ကွဲမှုကြီးသတင်းမှာ နိုင်ငံတကာသို့ ဂယက်ရိုက်ခဲ့သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသောသတင်းစာများ၊ ဂျာနယ်များကလည်း ဓာတ်ပုံအထောက်အထား ဝေဝေဆာဆာနှင့် ရေးသားဖော်ပြခဲ့ကြသဖြင့် စာဖတ်သူများစိတ်ဝင်စားဖွယ်သတင်းဖြစ်ခဲ့ရ၏။ ထိုသတင်း၏နောက်ဆက်တွဲထွက်ပေါ်လာသော သတင်းများအရ ဤပေါက်ကွဲမှုကြီး မဖြစ်ပွားမီက တရုတ်နိုင်ငံမှ သတင်းမီဒီယာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် Green Peace အဖွဲ့တို့က ရှင်းနေရာတွင် အလွန်အန္တရာယ်များသော ဓာတုပစ္စည်းများကို သိုလှောင်ထားသည်ဟု သတိပေးခဲ့ကြသည်ဟု သိရ၏။

နောက်ဆုံးရရှိသော သတင်းများအရ ယင်းပေါက်ကွဲမှုကြီးကြောင့် သေဆုံးသူဦးရေမှာ (၈၅)ဦးအထိရှိလာသည်ဟုသိရသည်။ ဩဂုတ်လ ၁၅ ရက်နေ့တွင်မှ မီးသတ်သမားများက မီးကို ငြိမ်းသတ်နိုင်ခဲ့ကြ၏။ သေဆုံးသူများတွင် မီးသတ်သမား (၂၁) ဦး ပါဝင်ပြီး ဒဏ်ရာရသူ (၇၂၁) ဦးတွင် (၂၅) ဦးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိသည်ဟု ဆိုသည်။ လူအများကမူ သက်ဆိုင်ရာ






www.burmeseclassic.com

www.burmeseclassic.com

ာဏာပိုင်များက သတင်းကိုအမှောင်
တားသည်၊ စွပ်စွဲခဲ့ကြသည် ဟူသော
ာင်းများလည်း ထွက်ပေါ်လာခဲ့၏။
ာည်မပြုသော သတင်းများအရ
ာက်ထပ်ပျောက်ဆုံးနေသော မီးသတ်
ားများရှိသည်ဟု သိရသည်။ မည်သို့
ဖြစ်စေကာမူ တရုတ်နိုင်ငံအာဏာ
ျားအား တရုတ်လူထုက ပြင်းပြင်း
ထန်ဝေဖန်ကြသည်ဟု သိရသည်။
ာက်ဆက်တွဲသတင်းများအရ လူ
ား (၁၁၄) ဦး သေဆုံးရသည်။
ဝန်းသောပေါက်ကွဲမှုကြီး ဖြစ်ပွားပြီး
ာနောက် ယင်းနေရာအား ကယ်
ာရေးဝန်ထမ်းများက ရှင်းလင်းရေး
ာ်းအကျယ်ပြုလုပ်ခဲ့ရသည်ဟု ဆို
။ နိုင်ငံပိုင်သတင်းမီဒီယာများနှင့်
ကာ၊ အေပီ၊ အေအက်(ဖ်) ပီအစရှိ
နိုင်ငံခြားသတင်းကိုယ်စားလှယ်
ါ ပေးပို့သောသတင်းအရ
းဆန်းသော ပေါက်ကွဲမှုဖြစ်ပွား
ခနေရာတွင် တန်ချိန်ပေါင်းရာနှင့်
ာပြင်းထန်သည့် ဆိုင်ယာနိုက်
ာ်ဓာတုပစ္စည်းများရှိနေသည်ဆို

သတင်းမီဒီယာများ၏ အဆိုရ
ျင်မြို့တော်ဝန်ဖြစ်သော တီရှုရှန်း
ားပေါက်ကွဲမှုဖြစ်သည့်အချိန်တွင်
ာင်ရုံအတွင်း ဆိုဒီယမ်ဆိုင်ယာ
န်ချိန် (၇၀၀) လောက်လှောင်
ည်ဟု ထုတ်ဖော်ပြောခဲ့သည်ဟု
။ သို့ဖြစ်၍ ထောင်သောင်းချီ
ခဒေသခံပြည်သူအများက သက်
အာဏာပိုင်များကို ပြင်းပြင်း
ာ် ဝေဖန်ခဲ့ကြသည်။ သတင်းမီ
ချို့နှင့် သေဆုံးသူများ၊ ထိခိုက်
ရသူများ၏ ဆွေမျိုးသားချင်းများ
ာျန်ကျင်အာဏာပိုင်များအား
နှန် ထုတ်ပြန်ပေးရန် တောင်းဆို
အာဏာပိုင်များအား သတင်း
ားသည်ဟု စွပ်စွဲပြောဆိုခဲ့ကြ
ာသို့ပင်ဖြစ်စေ ယင်းပေါက်ကွဲ
သည် တရုတ်နိုင်ငံအဖို့ အမယ်
ျည်ခင်ကဲ့သို့ ရှုပ်ထွေးလာခဲ့

ပါသည်။ ဤဇရာမပေါက်ကွဲ
ာ် ဒုတိယကမ္ဘာစစ်ပြီးတွင်ဖြစ်
ာ မတော်တဆဖြစ်မှုကြီးများ
ပြင်းထန်ဆုံး၊ အကြီးမားဆုံး
ာုကြီးတစ်မှုဖြစ်သည်သာမက
အသီးသီးသို့ အတွင်းဂယက်ရိုက်
ာဖြစ်စဉ်ဖြစ်သည်။ အမှန်




အားဖြင့် ဤဇရာမပေါက်ကွဲမှုကြီးကဲ့သို့ ကမ္ဘာကို ကိုင်လှုပ်ခဲ့သော ပေါက်ကွဲမှုကြီးဖြစ်ခဲ့ပါသည်ဟုဆိုပါက စာဖတ်ပရိသတ်အများ တအံ့တသြဖြစ်ကြမည် ဖြစ်ပါသည်။ ယခုရေးသားဖော်ပြမည့် ပေါက်ကွဲမှုကြီးကြောင့် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော စစ်သင်္ဘောများ အပါအဝင် သင်္ဘော(၂၇)စင်းမီးလောင်ပျက်စီးရပြီး ဆိပ်ကမ်းတစ်ခုလုံးတွင်ရှိ သိုလှောင်ရုံများ လူနေအဆောက်အအုံများ၊ အစိုးရဌာနရုံးများ၊ ဟိုတယ်များ၊ ဈေးဆိုင်များ၊ မီးလောင်ပျက်စီးရခဲ့သည်။ လူပေါင်း (၁၀၀၀) ကျော် သေဆုံးရ၍ ထိခိုက်ဒဏ်ရာရသူပေါင်း(၃၀၀၀) ကျော်ရှိခဲ့၏။ ထိုဇရာမပေါက်ကွဲမှုကြီးကြောင့် (၁၉၄၄ ခုနှစ်) ဆုံးရှုံးရမှုဒေါ်လာသန်းပေါင်း(၁၀၀၀)ကျော်ရှိခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့်ပင် ဗြိတိသျှနှင့် မဟာမိတ်တို့အဖို့ စစ်အသုံးအဆောင်ပစ္စည်းတန်ချိန် တစ်သောင်းကျော် ဆုံးရှုံးခဲ့ရ၏။

ထိုပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့သော ဆိပ်ကမ်းမှာ အိန္ဒိယနိုင်ငံ ဘုံဘေမြို့ (ယခု မွန်ဆိုင်း) ဆိပ်ကမ်း ဖြစ်ပါသည်။ အခင်းဖြစ်ပွားရသည့်နေရက်မှာ ၁၉၄၄ ခု၊ ဧပြီလ ၁၄ ရက်နေ့ ဖြစ်သည်။ ထိုစဉ်ကာလက အိန္ဒိယနိုင်ငံသည် ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီးတွင် အရှေ့ဖျား၏ ထွန်းတောက်သောကြယ်တစ်ပွင့်ဟု ကင်ပွန်းတပ်ထားသော ဗြိတိသျှဘုရင်အစိုးရ၏ ကိုလိုနီနိုင်ငံဖြစ်သည်။ ဗြိတိသျှဆပ်သခင်များ၏အားအထားရဆုံး ကိုလိုနီနိုင်ငံဖြစ်ခဲ့၏။

အလျဉ်းသင့်သဖြင့် ထိုပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့စဉ်က အခြေအနေအရပ်ရပ်ကို အနည်းငယ် စကားပလ္လင်ခံရမည် ဖြစ်ပါသည်။ ၁၉၃၉၊ စက်တင်ဘာလက စတင်၍ ဗြိတိသျှနှင့် ပြင်သစ်တို့ခေါင်းဆောင်သော မဟာမိတ်နိုင်ငံများနှင့် နာဇီဂျာမနီနှင့် ဖက်ဆစ်အီတလီနိုင်ငံခေါင်းဆောင်သော ဝင်ရိုးတန်းမဟာမိတ်အဖွဲ့ဝင်နိုင်ငံများ (နောင်အခါ ဂျပန်နိုင်ငံပါဝင်လာခဲ့သည်။) သည်။ ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီးကို လူသိရှင်ကြား စစ်ကြေညာ၍ တိုက်ပွဲဝင်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားစကမူ နာဇီဂျာမနီ ခေါင်းဆောင်သော ဝင်ရိုးတန်းမဟာမိတ်တို့အဖွဲ့အဖို့ ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံနိုင်ရန် သေချာသလောက်ဖြစ်ခဲ့သည်။ နာဇီဂျာမန်တို့၏ လျှပ်တစ်ပြက်စစ်ဆင်ရေးအား နိုင်ငံတကာမှ စစ်ရေးအကဲခတ်သူများ တအံ့တသြဖြစ်ခဲ့ရသည်။ ဥရောပတိုက်ရှိ နိုင်ငံငယ်အချို့မှာ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီး (၂၄) နာရီအတွင်း နာဇီဂျာမန်တပ်မတော်ထံ လက်နက်ချခဲ့ကြရ၏။

အစဉ်အလာ ကြီးမားခဲ့သော ပြင်သစ်နိုင်ငံတော်ကြီးမှာ ရက်သတ္တပတ်ခြောက်ပတ်အတွင်း နာဇီဂျာမန်တပ်မတော်ထံ လက်နက်ချခဲ့ရသည်။ နာဇီဂျာမန်တို့၏ စကြာတံဆိပ် အောင်လံတော်ကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့တော်ရှိ စစ်ကေရာဇ် နပိုလီယန် တည်ဆောက်ခဲ့သော စစ်အောင်ခြင်းအထိမ်းအမှတ် အောင်ဗိမာန် အဆောက်အအုံကြီးမှ ဥရောပတိုက် နိုင်ငံအသီးသီးရှိ မြို့တော်အများရှိ အဆောက်အအုံများတွင် တလူလူလွင့်ခဲ့၏။

ဗြိတိသျှတပ်ပေါင်းစုအား ဥရောပတိုက်မှ မောင်းထုတ်ခဲ့ရာ ဗြိတိသျှနှင့် မဟာမိတ်တပ်များသည် လက်နက်ကြီးများ၊ သံချပ်ကာများ၊စစ်အသုံးအဆောင်များကို စွန့်ပစ်၍ ပြင်သစ်နိုင်ငံ ဒန့်ကပ်ဆိပ်ကမ်းမှ ကစဉ့်ကလျားဆုတ်ခွာသွားခဲ့ရပြီး အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံဖြစ်လာခဲ့ရသည်။ နာဇီဂျာမန်လေတပ်မတော်၏ဗုံးဒဏ်ကို ခါးစည်းခံရတော့၏။

၁၉၄၂ ခု၊ ဇွန်လ နောက်ဆုံးအပတ်အတွင်း နာဇီဂျာမန်တပ်မတော်သည် ဆိုဗီယက်ပြည်ထောင်စု (ရုရှား) အား ဝင်ရောက် တိုက်ခိုက်သောအခါ ဆိုဗီယက် (ရုရှား)၊ တပ်နီတော်ကြီးမှာ အရှုံးနှင့်ရင်ဆိုင်လာခဲ့ရသည်။ သို့ဖြစ်၍ စစ်ဒီရေသည် နာဇီဂျာမန်ဦးဆောင်သော ဝင်ရိုးစွန်းနိုင်ငံများအဖို့ ဒုတိယကမ္ဘာစစ်ကြီးကိုအောင်ပွဲခံရန် သေချာသလောက် ဖြစ်ခဲ့၏။

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဝင်ရိုးတန်းမဟာမိတ်အဖွဲ့ဝင် ဖက်ဆစ်ဂျပန်နိုင်ငံသည် စစ်ကြေညာခြင်းမရှိဘဲ အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းအား ဗုံးကြဲတိုက်ခိုက်သဖြင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစကတစ်ကိုယ်တော်ဝါဒကို ကျင့်သုံးနေဖေသော အမေရိကန်ပြည်ထောင်စုသည် ဝင်ရိုးတန်းမဟာမိတ်နိုင်ငံများကို စစ်ကြေညာ၍ ဗြိတိသျှနှင့် မဟာမိတ်တို့ဘက်မှ ဝင်ရောက်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီးသည် အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့၏။ ဖက်ဆစ်ဂျပန်နိုင်ငံသည် ဗြိတိသျှ၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဒပ်(ချ်)ပိုင် ကိုလိုနီနိုင်ငံများကို လပိုင်းအတွင်း သိမ်းပိုက်နိုင်ခဲ့သည်။ ဗြိတိသျှတို့အားလည်း ၁၉၄၂ ခု၊ မတ်လမှစ၍ မြန်မာနိုင်ငံမှ မောင်းနှင်ထုတ်နိုင်ခဲ့ပြီး ဝင်ရိုးတန်းမဟာမိတ်အဖွဲ့ဝင် ဂျပန်နိုင်ငံအဖို့ ဒုတိယကမ္ဘာစစ်ကြီးအောင်ပွဲခံရန် သေချာနေသော အခြေအနေရောက်လာသည်။ ဂျပန်ဘုရင်တပ်မတော်ကြီးသည် ဗြိတိသျှတို့အား မြန်မာနိုင်ငံမှ ကစဉ့်ကလျား ဆုတ်ခွာဝေခဲ့သော်လည်း မိုးရာသီကျရောက်လာသဖြင့် အိန္ဒိယထိုးစစ်အား ခေတ္တရပ်နားထားခဲ့ရ၏။ ထို့ကြောင့်ပင် ဗြိတိသျှတို့အဖို့ စစ်ဖြင့်ဆင်နိုင်သော အချိန်ရလာခဲ့သည်။ အိန္ဒိယမှ မြန်မာနိုင်ငံအတွင်း ထိုးစစ်ဆင်နွှဲရန် တပ်ပေါင်းစုအား လေ့ကျင့်ခြင်း စသော ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သည်။ သမိုင်းအဆက်ဆက် အိန္ဒိယနှင့် မြန်မာနိုင်ငံကြားရှိ မြင့်မားလှသောတောင်တန်းများ သွားလာရန်ခက်သည်။ တောတောင်စိမ့်မြေဂနိုင်များအား ဖြတ်၍သွားလာနိုင်သောလမ်းပန်းအဆက်အသွယ်မရှိခဲ့။

သို့သော် ၁၉၄၃ ခုနှစ်နှောင်းပိုင်းကာလတွင်မူ အိန္ဒိယမှ မြန်မာနိုင်ငံမြောက်ဘက် တောင်ကုန်းဒေသကိုဖြတ်၍ တရုတ်နိုင်ငံသို့ ဆက်သွယ်ရန် လီဒိုလမ်းမကြီးဖောက်နိုင်ခဲ့သည်။ ဂျပန်ဘုရင် ရေတပ်မတော်သည် ၁၉၄၂ ခုမေလတွင် ဖြစ်ပွားခဲ့သော အမေရိကန်ပြည်ထောင်စု ရေတပ်မတော်နှင့်တိုက်ပွဲများတွင် ရှုံးနိမ့်ခဲ့ရပြီး ဂျပန်ဘုရင်ရေတပ်မတော်မှ လေယာဉ်တင်သင်္ဘောများ အပါအဝင် တိုက်သင်္ဘောများ နစ်မြုပ်ခဲ့ရာ အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်တို့အဖို့ ပွဲဦးထွက်အောင်ပွဲဖြစ်ခဲ့သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စုနှင့်မဟာမိတ်တို့သည် ဂျပန်တို့သိမ်းပိုက်ထားသော တောင်ပစိဖိတ်၊ သမုဒ္ဒရာအတွင်းမှ ကျွန်းများ၊ နယ်မြေများကို ထိုးစစ်ဆင်သိမ်းပိုက်နိုင်ခဲ့၏။ ဤသို့ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းမှ မိမိတို့ခံစစ်ကြောင့် ကျွန်းများလက်လွှတ်ခဲ့ရခြင်းကြောင့် အောင်မြင်မှုယစ်မူးနေသော ဂျပန်ဘုရင်စစ်ဌာနချုပ်မှ တပ်မှူးကြီးများ၊ တာဝန်ရှိသူများသည် အကြီးအကျယ် တုန်လှုပ်ခဲ့ရတော့၏။ အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ လေယာဉ်များသည် ဂျပန်နိုင်ငံတိုကျိုမြို့အပါအဝင် မြို့ကြီးအများအား ဗုံးကြဲတိုက်ခိုက်မှုများလည်းရှိလာသည်။

ဂျပန်နိုင်ငံသည် ၁၉၄၄ ခုနှစ်ဆန်းစကပင် တောင်ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပွားခဲ့သည်။ တိုက်ပွဲမှန်သမျှရှုံးနိမ့်လာခဲ့ရသဖြင့် ဂျပန်ပြည်သူလူထုနှင့် ဂျပန်တပ်မတော်တို့ စိတ်ဓာတ်တက်ကြွလာစေရန် အိန္ဒိယပြည်အား ထိုးစစ်ဆင်နွှဲရန် စီစဉ်ခဲ့သည်။ ထိုစဉ်က မဟာမိတ် စစ်ဦးစီးချုပ် ဗြိတိသျှဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ကလည်း ဂျပန်တို့၏ခြေလှမ်းကို အကဲခတ်နိုင်ပြီးဖြစ်ရာ ထိုးစစ်ဆင်လာမည့် ဂျပန်တပ်များကို အင်ဖာလွင်ပြင်မှ အသင့်စောင့်ခဲ့သည်။ ဂျပန်စစ်အာဏာပိုင်များကမူ ဗြိတိသျှနှင့် မဟာမိတ်များအား လျှော့၍တွက်ထားခဲ့ဖြစ်သည်။ အထူးသဖြင့် မဟာမိတ်တို့၏ကြည်းကြောင်း၊ လေကြောင်း စုစည်း၍ ပေါင်းတိုက်ခြင်းအား အရာမထင်ဟုမှတ်ယူထား၏။ ထိုအချိန်တွင် မဟာမိတ်လေတပ်မတော်သည် မြန်မာနိုင်ငံ၏ဝေဟင်အား စိုးမိုးထားနိုင်ပြီဖြစ်သည်။ ဂျပန်တို့အဖို့ ရခိုင်စစ်ဆင်ရေးတွင်လည်း အရေးနိမ့်ခဲ့ရကား ဤအင်ဖာလွင်ပြင် စစ်ဆင်ရေးဖြင့် ခေါင်းမော့လာနိုင်မည်ဟု ယူဆထား၏။


အိန္ဒိယနိုင်ငံအတွင်း ကွန်ဂရက်ပါတီဦးဆောင်သော မျိုးချစ်အင်အားစုများက အိန္ဒိယနိုင်ငံမှ ဗြိတိသျှတို့ထွက်ခွာသွားလော့ဟု ကြွေးကြော်၍ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုအား ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိသည်။ သို့ ဖြစ်၍ ဗြိတိသျှအာဏာပိုင်များသည် အိန္ဒိယနိုင်ငံ ကွန်ဂရက်ပါတီဝင်အများအား ဖမ်းဆီးထားခဲ့သဖြင့် တစ်ပြည်လုံးအုန်းအုန်းကျွက်ကျွက်ဖြစ်နေရာ ဂျပန်တို့၏အင်ဖာထိုးစစ်သည် အောင်မြင်မှုရမည်ဟု မျှော်လင့်ထား၏။ ယင်းထိုးစစ်တွင်း နေတာဂျီဘို့(စ်) ခေါင်းဆောင်သော အိန္ဒိယလွတ်လပ်ရေးတပ်မတော်ကလည်း ဂျပန်ဘုရင်တပ်မတော်နှင့်အတူ လက်တွဲ၍ တိုက်ပွဲဝင်ခဲ့၏။

ဗြိတိသျှနှင့်မဟာမိတ်တို့ကလည်း ကျားကုတ်ကျားခဲပြင်းပြင်းထန်ထန်ခံသည်။ ဤအင်ဖာလွင်ပြင်စစ်ဆင်

www.burmeseclassic.com

သည် ဗြိတိသျှတို့အဖို့လည်း အထူးအရေးပါသော စစ်ဆင်ရေးဖြစ်၏။ ထိုစစ်ဆင်ရေးအတွက် လိုအပ်သော စစ်ရိက္ခာပစ္စည်းများ၊ လက်နက်ခဲယမ်း၊မီးကျောက်များအား သယ်ယူလာသော သင်္ဘောအများသည် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဘုံဘေဆိပ်ကမ်းတွင် ဆိုက်ကပ်၍ ကုန်တင်ကုန်ချပြုလုပ်နေကြသည်။ ဗြိတိသျှအာဏာပိုင်များသည် ဘုံဘေ (မွန်ဘိုင်) ဆိပ်ကမ်းလုံခြုံရေးအတွက် အထူးတင်းကြပ်ထားခဲ့သည်။ ထိုဆိပ်ကမ်းတွင် ရပ်နားထားသော လောင်စာဆီတင်သင်္ဘောများ၊ လက်နက်ခဲယမ်းမီးကျောက်တင်သင်္ဘောများအနက် ပေါက်ကွဲစေသော ပစ္စည်းများ၊ လက်နက်များ တင်ဆောင်ထားသော ဖို့(ဒ်)စတီကိုင်သင်္ဘောမှာ အကြီးမားဆုံးဖြစ်သည်။ အထူးသဖြင့် ခဲယမ်းမီးကျောက်များပြုလုပ်ရန် ဓာတုပစ္စည်းများ ထိုဖို့(ဒ်)စတီကိုင်သင်္ဘောတွင် တင်ဆောင်ထား၏။

၁၉၄၄ ခု၊ ဧပြီလ ၁၄ ရက်၊ ညနေ (၃) နာရီခန့်အချိန်တွင် ဖို့(ဒ်)စတီကိုင်သင်္ဘောကုန်းပတ် လေဝင်ပေါက်များမှ မီးခိုးတလူလူထွက်လာသည်ကို ကုန်တင်ကုန်ချပြုလုပ်နေသောအလုပ်သမားများ လုံခြုံရေးအမှုထမ်းများအားလုံးက သတိထားမိကြ၏။ ထိုအချိန် ဧပြီလရက်များ၏ အပူဆုံးသောအချိန်ဖြစ်ရာ ထိုမီးခိုးတလူလူထွက်နေသည်ကို မြင်ရသောသူအချို့ကမူ နေရောင်ကြောင့်ဖြစ်ပေါ်နေသော တံလျှပ်များဟု ထင်မိကြသည်။ (၃) နာရီ မိနစ် (၂၀) ခန့်ရှိသောအခါ ဖို့(ဒ်)စတီကိုင်သင်္ဘောမှ မီးအချက်ပေးဥသြသံ ဆူဆူညံညံ ထွက်လာသည်။ ဤတွင် ဆိပ်ကမ်း၌ အစီအရီရပ်ထားသော သင်္ဘောများမှ သင်္ဘောများအားလုံး၏မီးဘေးအချက်ပေးသံများလည်း ထွက်လာသဖြင့် ဘုံဘေ (မွန်ဘိုင်) ဆိပ်ကမ်းတစ်ခုလုံး ဆူညံနေသည်။ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရေယာဉ်ငယ်တချို့ကလည်း ဆိပ်ကမ်းမှခွာရန် ပြင်ဆင်နေကြသည်။ ဆိပ်ကမ်းတစ်ခုလုံး မည်းမှောင်နေသော မီးခိုးလုံးများ ဖုံးအုပ်လာခဲ့သည်။ ဆိပ်ကမ်းပေါ်မှ မီးသတ်မော်တော်ကားများ၏ဥသြသံများ၊ လူအများ၏အော်ဟစ်သံ၊ ပြေးလွှားသည့်အသံများ ကြားရပြီး ဆိပ်ကမ်းတစ်ခုလုံး မည်းမှောင်နေသော မီးခိုးများအောက်တွင် ပျောက်နေသည်ဟု ထင်မှတ်ရ၏။ ဆိပ်ကမ်းအာဏာ




ပိုင်များ အလုပ်သမားများ၊ လုံခြုံရေးဝန်ထမ်းများ၊ သင်္ဘောအသီးသီးမှ သင်္ဘောသားများသည် ထိုသင်္ဘောကြီးနှင့် သယ်ဆောင်လာသောယမ်းများ၊ ဓာတုပစ္စည်းများ၊ လက်နက်များ ပေါက်ကွဲလာပါက ဆိပ်ကမ်း၏ကံကြမ္မာမှာ မတွေးဝံ့အောင် ဖြစ်နေရ သည်။

တသုန်သုန်တိုက်နေသော လေပြည်တွင် ကန့်နံ့များ၊ ယမ်းနံ့များလှိုင်လာသဖြင့် ဆိပ်ကမ်းတစ်ခုလုံးရှိ လူအများ အသက်ရှူကျပ်လာကြတော့၏။ ဤအတွင်း ဖို့(ဒ်)စတီကိုင်သင်္ဘောမှ မိုးကြိုးပစ်သံကဲ့သို့ ပြင်းထန်သော ပေါက်ကွဲသံကြီးကြားရပြီး မှုပွင့်သဏ္ဍာန်အလွန်ကြီးမားသော မီးတောက်ကြီးကောင်းကင်ယံသို့ ထိုးထွက်လာတော့သည်။ မီးပွားများမှာ ဆိပ်ကမ်းတစ်နံတစ်လျားလွင့်စဉ်လာသည်။ ထို့နောက် ပေါက်ကွဲသံများ ဆင့်၍ဆင့်၍ ထွက်လာသည်။ ထိုအသံများကြောင့် ဆိပ်ကမ်းတစ်ခွင်မိုးကြိုးမုန်တိုင်းကျသည်အလား ဖြစ်လာသည်။ ဆိပ်ကမ်းတစ်လုံး မီးတောက်မီးလျှံများကျလာသကဲ့သို့ ဖြစ်လာသည်။ ဖို့ (ဒ်)စတီကိုင်သင်္ဘောအနီးတွင် ဆိုက်ကပ်ထားသော အခြားစစ်အသုံးဆောင်တင် သင်္ဘောများသို့ မီးကူးစက်ကာ ပေါက်ကွဲကုန်ကြသည်။

တဝုန်းဝုန်းတဒိုင်းဒိုင်းပေါက်ကွဲသည့်အသံများသည် နားမဆံ့အောင် ကြားရတော့သည်။ တစ်လောကလုံးအမှောင်ဖုံးကာ ကမ္ဘာကြီးပျက်တော့မည်ကဲ့သို့ဖြစ်လာသည်။ ပြင်းထန်သော ပေါက်ကွဲမှုကြီး၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်လာတော့၏။ ဆိပ်ကမ်းတွင် စုပုံထားသော ခဲယမ်းကျောက်များကိုပါ မီးကူးစက်သဖြင့် တဒိုင်းဒိုင်းပေါက်ကွဲသံများ မိုးလုံညံနေတော့၏။ ဆင့်ကာဆင့်ကာ ပေါက်ကွဲသည်။ သင်္ဘောများ၏ မီးတောက်မီးလုံးများကြောင့် ဆိပ်ကမ်းတစ်ခုလုံး မီးလုံးကြီးကဲ့သို့ ဖြစ်နေ၏။

ဘုံဘေမီးသတ်ဌာနမှ တာဝန်ရှိသူများအဖို့ စိတ်အားလျှော့ရတော့မည့်အခြေအနေရောက်လာသည်။ ဗြိတိသျှတပ်မတော်အာဏာပိုင်များသည် ဘုံဘေဆိပ်ကမ်းအရ ဂျပန်ဘုရင်ရေတပ်မတော်မှ ရေငုပ်သင်္ဘောများက အလစ်ဝင်ရောက်တိုက်ခိုက်သည်ဟု ထင်မှတ်သဖြင့် ကြည်း၊ ရေ၊ လေ တပ်မတော်အားလုံး တပ်လှန့်ထားကြသည်။

ပေါက်ကွဲမှုကြောင့် လွင့်စဉ်လာသော သံတိုသံစများသည် မီးသတ်သမားများ၊ သူနာပြုတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ သတင်းစာများမှ သတင်းထောက်များ၊ ပြည်သူအများအား ထိမှန်ကြသဖြင့် ထိခိုက်ဒဏ်ရာရခဲ့သည်။

ဤပေါက်ကွဲမှုကြီးကား ဗြိတိသျှနှင့် မဟာမိတ်တို့အဖို့ အထိနာသော ပေါက်ကွဲမှုကြီးဖြစ်သည်သာမက အိန္ဒိယနိုင်ငံသမိုင်းနှင့် ကမ္ဘာ့သမိုင်းတွင် အဆိုးဝါးဆုံးဖြစ်ခဲ့သည်။ သို့သော် ထိုစဉ်က စစ်ရေးအခြေအနေအရ ထိုပေါက်ကွဲမှုသတင်းအား အများပြည်သူများ တိတိကျကျမသိစေရန် သက်ဆိုင်ရာအာဏာပိုင်များက သတင်းမှောင်ချထားခဲ့၏။

ဤလူပေါင်း (၁၀၀၀) ကျော်သေဆုံး၍ ထူးဆန်းသောပေါက်ကွဲမှုကြီးသည် ဂျပန်သူလျှိုများ၏ လက်ချက်ကြောင့်လော သို့မဟုတ် အိန္ဒိယနိုင်ငံမျိုးချစ်လူငယ်များ လက်ချက်လော၊ သို့မဟုတ် ပေါက်ကွဲစေသော ဓာတုပစ္စည်းများကြောင့်လောဆိုသည့်အချက်ကို စုံစမ်းစစ်ဆေးမရခဲ့။ စုံစမ်းစစ်ဆေးမှုကော်မတီများဖွဲ့၍ စုံစမ်းစစ်ဆေးမှုပြုခဲ့သော်လည်း ဖို့(ဒ်)စတီကိုင်သင်္ဘောမည်သည့်နေရာမှ စတင်မီးလောင်သည်ကို မသိရ။ နှစ်ပေါင်း (၇၀) ကျော်ခဲ့သော်လည်း ဤထူးဆန်းသောပေါက်ကွဲမှုကြီးကို ရှင်းလင်းနိုင်ခြင်းမရှိပါကြောင်း။

လျှမ်းထက်

Ref -

1. Man Made Disastar
   By-F M Woolly.
2. သတင်းစာများ
3. Naval Blunders.



www.burmeseclassic.com

www.burmeseclassic.com

ထိရောက်တဲ့အကြောင်းလေးတွေ- ပြောချင်လို့ပါ။

အဲဒါကတော့ -

သူများဆီကနေယူထားတဲ့ငွေကို ပြန်ဆပ်ချင်ကြသူတွေအတွက်ပါပဲ။

ဒီလိုစိတ်ဓာတ်ရှင်မျိုးတွေရှိနေကြပါတယ်။

သူများဆီကငွေကို လိုတုန်းကယူထားပြီး ပြန်ဆပ်ချင်ကြသူတွေရှိနေကြပါတယ်။

သူတို့ခမျာ မတတ်နိုင်လွန်လွန်းလို့ ငြိမ်နေကြရရှာတာပါ။

ငွေရှာလို့ရလာပြန်တော့ မိသားစုရဲ့ စားဝတ်နေရေးတာဝန်ကြီးကြောင့် သူများအကြွေးကို ထင်သလောက်ပြန် မဆပ်နိုင်ပြန်ပါဘူး။

စိတ်ပဲရှိရှာပါတယ်။

တချို့ဆို အဲဒီကိစ္စကြောင့် အိပ်တောင်မပျော်နိုင်ရှာပါဘူး။

တချို့ကျ တကယ့်ကိုရှာလို့ဖွေလို့ မရရှာတာ -

ဘာပဲဖြစ်ဖြစ် -

သူများအကြွေးကိုပြန်ပေးချင်တဲ့ စိတ်ဓာတ်ကိုက အင်မတန် လေးစားဖို့ ကောင်းနေပါပြီ။

မသိချင်ယောင်ဆောင်နေတဲ့သူတွေရှိကြပါတယ်။

လိုတုန်းကယူပြီး ပြန်ပေးရတော့ မယ်လည်းဆိုရော မသိချင်ယောင် ဆောင်နေကြသူတွေရှိပါတယ်။

တချို့ဆို မူလပေးထားသူက ပြန် မတောင်းရဲလောက်အောင် ရန်လုပ်ကြသူတွေတောင်ရှိပါတယ်။

တချို့လည်း မေ့ချင်ယောင် ဆောင်နေကြပါတယ်။

အခု -

သူရဇ္ဇလက်ဆောင်ပေးချင်တာက- အင်မတန်မှ လေးစားရတဲ့သူတွေ အတ[illegible]

[illegible]အကြွေးတို ပြန်ပေးချ[illegible]




www.burmeseclassic.com

www.burmeseclassic.com

လွန်းတဲ့သူတွေအတွက်ပါ။

ဒီလိုဆို -

ငွေကြေးနဲ့ပတ်သက်တဲ့ကံတွေပွင့်နေရတော့မှာပေါ့။

ဒါမှလည်းပြန်ပေးနိုင်မှာလေ။

အဲဒီလိုစဉ်းစားလိုက်တဲ့အခါမှာ -

**တနင်္ဂနွေသားသမီးတွေဆိုပါတော့**- အသက် (၂၇)၊ (၂၈)၊ (၃၅)၊ (၃၆)၊ (၄၃)၊ (၄၄)၊ (၅၁)၊ (၅၂)၊ (၅၉)၊ (၆၀) ဆိုတဲ့နှစ်မျိုးတွေမှာ အဲဒီလိုကြွေးကိစ္စတွေကြုံရတတ်ပါတယ်။ တစ်ခါတစ်ခါ (၃၀)၊ (၃၈)၊ (၄၆)၊ (၅၄) ဆိုတဲ့နှစ်တွေမှာလည်းဖြစ်တတ်ပါတယ်။

**တနင်္လာသားသမီးတွေကျတော့** - (၂၆)၊ (၂၇)၊ (၂၉)၊ (၃၄)၊ (၃၅)၊ (၃၇)၊ (၄၂)၊ (၄၃)၊ (၄၅)၊ (၅၀)၊ (၅၁)၊ (၅၃) ဆိုတဲ့ နှစ်တွေမှာ ကြုံကြတတ်ပြန်ရော။

**အင်္ဂါသားသမီးတွေဆိုရင်** - (၂၅)၊ (၂၆)၊ (၂၈)၊ (၃၃)၊ (၃၄)၊ (၃၆)၊ (၄၁)၊ (၄၂)၊ (၄၄)၊ (၄၉)၊ (၅၀)၊ (၅၂) ဆိုတဲ့ နှစ်တွေမှာ အဲသလို ငွေကြေးကိစ္စလေးတွေဖြစ်တတ်ပြန်ပါတယ်။

**ဗုဒ္ဓဟူးသားသမီးတွေက** - (၂၄)၊ (၂၅)၊ (၂၇)၊ (၃၂)၊ (၃၃)၊ (၃၅)၊ (၄၀)၊ (၄၁)၊ (၄၃)၊ (၄၈)၊ (၄၉)၊ (၅၁) ဆိုတဲ့ နှစ်တွေမှာ ကြုံရတတ်ပါတယ်။

**...သားသမီးတွေဆိုရင်** ... အသက် (၃၀)၊ (၃၁)၊ (၃၃)၊ (၃၈)၊ (၃၉)၊ (၄၁)၊ (၄၆)၊ (၄၇)၊ (၄၉)၊ (၅၄)၊ (၅၅)၊ (၅၇) ဆိုတဲ့နှစ်တွေရောက်လာပြီဆိုရင် ငွေကြေးအခက်အခဲကြွေးကိစ္စလေးတွေကြုံပြန်ရော။

**သောကြာသားသမီးတွေကတော့**- အသက် (၂၈)၊ (၂၉)၊ (၃၁)၊ (၃၆)၊ (၃၇)၊ (၃၉)၊ (၄၄)၊ (၄၅)၊ (၄၇)၊ (၅၂)၊ (၅၃)၊ (၅၅) ဆိုတဲ့နှစ်တွေမှာ ငွေကြေးအခက်အခဲလေးတွေဖြစ်တတ်ပါတယ်။

**စနေက** - အသက် (၃၁)၊ (၃၂)၊ (၃၄)၊ (၃၉)၊ (၄၀)၊ (၄၂)၊ (၄၇)၊ (၄၈)၊ (၅၀)၊ (၅၅)၊ (၅၆)၊ (၅၈) ဆိုတဲ့နှစ်တွေများရောက်လာရင် အဲဒီလိုငွေကြေးကိစ္စလေးတွေဖြစ်လာပြန်တာပဲ။

ဒီတော့ -

ကိုယ့်အသက်ကို ကိုယ်ပြန်ကြည့်လိုက် -

အဲဒီလိုအသက်အပိုင်းအခြားတွေရောက်နေပြီလား။

ရောက်နေပြီဆိုရင် -

ငှက်စာတွေကျွေးပေတော့။ ခွေးစာတွေကျွေးပေတော့။ ဘယ်ရက်တို့၊ ဘယ်နေ့တို့ရွေးမနေနဲ့၊ ကြုံသလိုကျွေး၊ ကြုံအောင်လည်းကျွေး၊ မကြုံကြုံအောင်ကျွေး။



www.burmeseclassic.com

ငွေကြေးခက်ခဲတယ် ဆိုတာ တနင်္လာနံပျက်လို့ပဲ။

တနင်္လာနံဟာ ပုံစံအမျိုးမျိုးနဲ့ ဂြိုဟ်နေဂြိုဟ်ထားအမျိုးမျိုးနဲ့ ဂြိုဟ်ပူး ဂြိုဟ်ယှဉ်ဂြိုဟ်မြင်အမျိုးမျိုးနဲ့ပျက်လို့သာ ငွေကြေးကိစ္စတွေဖြစ်ရတာ။

ဒါဖြင့် တနင်္လာနံနဲ့ပတ်သက်တဲ့ ပရိယာယ်မှန်သမျှ စဉ်းစားရပြီ။

ဆိုကြပါစို့ -

ဘုရားစေတီပုထိုးတွေကို ဘုရားဖူးသွားမယ်။

ဘုရားရောက်ရင် တနင်္လာထောင့်မှာ တံမြက်စည်းတွေလှည်း၊ တွေ့သမျှ အမှိုက်အကန်ကောက်။ အမွှေးတိုင်စက္ကူ၊ ဖယောင်းတိုင်ပလတ်စတစ်အိတ်အကုန်ကောက်။ တနင်္လာထောင့်သန့်ရှင်းနေအောင်လုပ်။ ပြီးရင် ပြီးမှ ဒီပြင်ထောင့်တွေမှာသွားလှည်း။ လမ်းမှာတွေ့တဲ့ ခါးမကောင်းတဲ့သူ၊ ခြေမကောင်းတဲ့သူ တတ်အားသမျှအကုန်လှူ။

တနင်္လာနံသတ္တဝါကလေးတွေကို မနှိပ်စက်နဲ့။

ကလေးလေးတွေကိုလည်းကျွေးပေး။

ကလေးလေးတွေဆိုတာ ချိုတယ်၊ ငန်တယ် ဘာမှမပြောဘူး။ ကျွေးရင်စားကြတာချည်းပဲ။ ဂျီး(ကြေး)မများဘူး။ သူတို့လေးတွေကိုကျွေးရတာ၊ သူတို့လေးတွေ အားရပါးရစားတာကြည့်ရတာ တကယ့်ပီတိပဲ။ အဲဒါ တကယ့်ကုသိုလ်ပဲ။ ကျွေးသာကျွေး၊ ကလေးနေ့တွေနာမည်တွေမေးစရာမလိုဘူး ကျွေးသာကျွေး။

ကျန်းမာရေးမကောင်းတဲ့ကလေးလေးတွေတွေ့ရင် လိုအပ်တာလုပ်ပေး။ ဆေးလိုရင်ဆေး၊ ငွေလိုရင်ငွေ၊ တတ်အားသမျှပေး။ လုပ်အားလိုရင်လုပ်အား၊ အမျိုးမျိုးကူညီ။

ငါးလေးတွေကျွေးချင်လားကျွေး-

လွှတ်ချင်လားလွှတ် -

ဒီလိုတွေ တစ်လ၊ နှစ်လလောက် ထိထိရောက်ရောက် ခပ်စိပ်စိပ်လုပ်လာပြီဆိုရင် တနင်္လာနံအညွှန့်ဟာ ဓာတ်ထိလာပြီ။ ငြိမ်ပြီး ငုပ်ပြီး ဝပ်နေတဲ့ တနင်္လာနံ၊ ပျောက်နေတဲ့ တနင်္လာနံဟာ လှုပ်လာပြီ။

ဒါဖြင့် -

ဣဋ္ဌအစီအရင်စမယ်။

ဘုရားစေတီပုထိုးတွေမှာ တနင်္လာနံကို ဂြိုဟ်(၈)ခွင်စလုံး လှူပေတော့။ ဘယ်ထောင့်ကစလှူလှူ ဘုရားရှင်ကို



ဂြိုဟ်(၈)ထောင့်ကနေ ပူဇော်တာပဲ။

ဘာလှူမလဲ။ ကြံပန်းခိုင်၊ ကြံရည်၊ ကုံကော်ညွန့်၊ ကျောက်ကျော၊ ဂန္ဓာမာပန်း၊ ကော်ဖီ၊ ကိတ်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော် တနင်္လာနံမှန်သမျှလှူချင်တာလှူ။ ဂြိုဟ် (၈) ခွင်လုံးလှူ။

ဥပမာ - ကြံပန်းခိုင်ဆိုပါတော့။ ကြံပန်းခိုင် (၈) ခုလုပ်၊ ဂြိုဟ်တိုင်းမှာ ကြံပန်းခိုင်တစ်ခိုင်စီလှူ။

ကျောက်ကျောတို့၊ ကြာဆံကြော်တို့ဆိုရင်လည်း ဒီလိုပဲ။ ကော်ပန်းကန်ပြားထဲမှာထည့်၊ ဂြိုဟ် (၈) ခွင်လုံးကနေ ဘုရားရှင်ကိုပူဇော်။

အချိန်တွေအခါတွေမရွေးနဲ့။

အဆင်ပြေတဲ့ရက်၊ အဆင်ပြေတဲ့ အချိန်တွေမှာလှူ။

တဖြည်းဖြည်းနဲ့ ဓာတ်ထိလာလိမ့်မယ်။

ဒါဖြင့် -

အဲဒီအစီအရင်ကိုပဲ တစ်ဆင့်ထပ်တိုးကြည့်ကြရအောင်။

အချိန်ပေးနိုင်တဲ့သူတွေနဲ့ အချိန်မပေးနိုင်တဲ့သူတွေဆိုတာရှိတယ်လေ။

အချိန်ပေးနိုင်တဲ့သူတွေက ကိစ္စမရှိပေမယ့် -

အချိန်မပေးနိုင်တဲ့သူတွေကျတော့ ခုနလို အဆင်ပြေတဲ့ရက်၊ အဆင်ပြေတဲ့ အချိန်တွေမှာပဲ လှူရမှာပါပဲ။

အချိန်ပေးနိုင်ပြီလား။

ဒါဖြင့် -

အချိန်ပေးနိုင်တဲ့သူတွေကတော့ ဒီအလှူတွေကိုပဲ -

တနင်္လာနံဆိုတဲ့ ငွေနံအားကောင်းတဲ့အချိန်အခါကိုရွေးပြီး လှူရမှာဖြစ်ပါတယ်။

အဲဒီအတွက် -

တနင်္လာနံအမြင့်ဆုံးအခါတွေကို ရွေးပေးလိုက်ပါတယ်။

| | |
|---|---|
| **တနင်္ဂနွေနေ့** | နေ့လယ် (၁) နာရီခွဲနဲ့ (၃) နာရီကြား။ |
| **တနင်္လာနေ့** | မနက် (၉) နာရီနဲ့ (၁၀) နာရီခွဲကြား။ |
| | ည(၉)နာရီနဲ့ (၁၀)နာရီခွဲကြား။ |
| **အင်္ဂါနေ့** | မွန်းလွဲ (၃) နာရီနဲ့ (၄) နာရီခွဲကြား။ |
| **ဗုဒ္ဓဟူးနေ့** | မနက် (၁၀) နာရီခွဲနဲ့ (၁၂) နာရီကြား။ |
| | ည (၁၀) နာရီခွဲနဲ့ (၁၂) နာရီကြား။ |
| **ကြာသပတေး** | မနက် (၆) နာရီနဲ့ (၇) နာရီခွဲကြား။ |
| | ညနေ (၄) နာရီခွဲနဲ့ ည (၇) နာရီခွဲ ကြား။ |
| **သောကြာနေ့** | မွန်းတည့် (၁၂) နာရီနဲ့ (၁)နာရီခွဲကြား။ |
| **စနေနေ့** | မနက် (၇) နာရီခွဲနဲ့ (၉) နာရီခွဲကြား။ |
| | ည(၇)နာရီခွဲနဲ့ (၉)နာရီကြား။ |

ဒါဟာ တနင်္လာနံအမြင့်ဆုံးအချိန်တွေပါပဲ။

အင်္ဂဝိဇ္ဇာအခေါ်နဲ့ဆိုရင် ဂုရုအခါလို့ခေါ်ပါတယ်။

ဒီလို အခါတွေရောက်ပြီဆိုရင် ကိုယ်နဲ့အဆင်ပြေမယ့် ဂုရုအခါကိုရွေးပြီး ဂြိုဟ် (၈) ခွင်လှူရမှာ ဖြစ်ပါတယ်။

ဂြိုဟ် (၈) ခွင်မှာ တနင်္လာနံလှူဖို့အတွက်ပါပဲ။

ငှက်ကျွေး၊ ခွေးကျွေး၊ ပေးတာကမ်းတာတွေက အချိန်တွေအခါတွေ မလိုပါဘူး။ အဆင်ပြေသလိုရပါတယ်။

ဒီနေရာမှာ -

ပြောစရာရှိတာ တစ်ခုရှိပါတယ်။

ဗုဒ္ဓဟူးနေ့ ည (၁၀) နာရီခွဲနဲ့ (၁၂)နာရီကြားရောက်ပြီဆိုတာနဲ့ မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို (၂၇) ခေါက်ရအောင်ရွတ်ဖို့ပါပဲ။

တစ်ပတ်မှာတစ်ရက် -

တစ်ရက်မှာ တစ်နာရီခွဲသာရတဲ့ အချိန်လေးဖြစ်ပါတယ်။

အခု -

ဒီသူရဿတီလက်ဆောင်ကိုဖတ်လာပြီဆိုတာနဲ့ -

ပထမဆုံး စပြီးလုပ်ရမယ့် ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

(အတာလည်းဆေး ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

၁၃

# ရာသီစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနုဝင်း(ပုသိမ်)

ဆောင်းအကုန်နွေအကူး တပို့တွဲ၊ တပေါင်းလ နွေဦးရာသီကာလများတွင် တောတောင်သဘာဝထဲတွင် ခြေခင်းလက်ခင်းသာသာယာယာနှင့် တောပန်းတောင်ပန်းလေးများ စုံညီစွာပွင့်ဖူးလို့နေကြသည်မှာ လွန်စွာသာမောဖွယ်ဖြစ်ပေသည်။ သည်လို နွေဦးရာသီကာလများတွင် စာရေးသူ၏ငယ်ဘဝဖြတ်သန်းလာခဲ့ရသည်တို့ကို အမြဲသတိရလွမ်းဆွတ်မိလေသည်။

စာရေးသူ၏ မွေးရပ်ဇာတိ ဖောင်ကြီးဒေသဆိုတာကလည်း ဟိုယခင်အနှစ် (၅၀) ကျော်ခန့်က သစ်ပေါ၊ ဝါးပေါ ရိုးမကြောဘက် တောတောင်များနှင့် စိမ်းစို၍ သာယာအေးချမ်းသည့်ဒေသဖြစ်ပြီး သစ်တောထွက် သစ်၊ ဝါး၊ ကြိမ်၊ ခနုန်း၊ စလူ၊ တောင်ထန်း စသောတောထွက် စီးပွားရေးလုပ်ငန်းများကလည်း ဖွံ့ဖြိုးစည်ပင်ကြပါသည်။

ပဲခူးရိုးမတစ်ကြော တောတောင်များမှ ရရှိလာသော တောကောင်ဆားမျိုးစုံလင်စွာကိုလည်း ဖောင်ကြီးဈေးသို့ နေ့စဉ်နှင့်အမျှ တစ်နေ့တစ်မျိုးမရိုးရအောင်ပင် လာရောက် ရောင်းချကြလေ

လေးတွေ၊ ကုသိုလ်လေးတွေကနေ တစ်ဆင့်တစ်ဆင့် တက်လာတာဖြစ်ပါတယ်။

တစ်လ၊ နှစ်လ ခပ်စိပ်စိပ်နဲ့လုပ်စရာလေးတွေလုပ်လာပြီးပြီဆိုတာနဲ့ အခုလို ရွတ်ဖတ်ရမယ့်အနေအထားရောက်ပါပြီ။ အင်မတန် အစွမ်းထက်လှတဲ့ မန္တန်တော်ကြီးပါ။

ရွတ်ပါ။ ယုံယုံကြည်ကြည်နဲ့ရွတ်ပါ။

လက်တွေ့ဟာ အကောင်းဆုံးပါပဲ။

ဒီလိုတစ်ဆင့်တစ်ဆင့်နဲ့ ဒီလိုရွတ်လာတဲ့အထိရောက်လာသူတွေ ထူးထူးခြားခြား ငွေဝင်လာကြပါပြီ။ ငွေဝင်နေကြပါပြီ။ တော်တော့်ကို လာဘ်ပွင့်နေကြပါပြီ။

ဒီလိုလက်တွေ့ငွေဝင်လာသူတွေ၊ လက်တွေ့ အောင်မြင်လာသူတွေ၊ လက်တွေ့ အကြွေးပြန်ဆပ်နိုင်သွားသူတွေ၊ အကြွေးပြန်ဆပ်နေနိုင်သူတွေကို ကြည့်ရင်းကြည့်ရင်းပီတိဖြစ်ရင်း -

မအားမလပ်ကြလို့ ကိုယ်တိုင်မလာရောက်နိုင်ကြတဲ့သူတွေအတွက် ဒီသူရဇ္ဇလက်ဆောင်ကို စဉ်းစားခဲ့ရတာဖြစ်ပါတယ်။

အခု -

လက်ဆောင်ပေးလိုက်ပါပြီ။

အဖွင့်မှာပြောခဲ့သလို -

သူများအကြွေးကိုပြန်ပေးချင်စိတ်ရှိကြသူတွေအတွက် အဓိကထားပြီးပေးလိုက်ရတဲ့ ငွေဝင်အစီအရင်တွေပါပဲ။

အစီအစဉ်တကျပြုလုပ်ပါ။

တနင်္လာနံ ပျက်နေတဲ့အတွက် တနင်္လာနံဂြိုဟ်မှာ သန့်ရှင်းတာ၊ ငှက်တွေ၊ ခွေးတွေကျွေးတာ၊ ငါးတွေလွှတ်တာ၊ ခြေ/ ခါးမကောင်းတဲ့ပုဂ္ဂိုလ်တွေကို လှူတာ အဲဒီကုသိုလ်တွေကို ခပ်စိပ်စိပ်လုပ်ပါ။ ရက်တွေအခါတွေနေ့တွေမရွေးပါနဲ့။ တစ်လ၊ နှစ်လ ခပ်စိပ်စိပ်လုပ်ပါ။ နေ့တိုင်းတစ်မျိုးမျိုး ဥပမာ ငှက်ကျွေး၊ ခွေးကျွေးလုပ်နေနိုင်ရင် အကောင်းဆုံးပါပဲ။

အချိန်ရလာပြီ။ တစ်လ၊ နှစ်လ လုပ်လို့ ခေတ်ထိလာပြီဆိုမှ ဂြိုဟ် (၈) ခွင်လုံးလှူရတာကိုလုပ်ပါ။

အချိန်ပေးနိုင်သူက အချိန်ပေးနိုင်သလို အချိန်မပေးနိုင်သူကလည်း အချိန်မပေးနိုင်သလိုလုပ်ပါ။

ခဏခဏသွားလှူရမှာဖြစ်ပါတယ်။

တစ်ကြိမ်၊ နှစ်ကြိမ်ထဲတော့မလုပ်ပါနဲ့။

ခေတ်ထိအောင်လုပ်ရမှာ ဖြစ်ပါတယ်။

အဲဒီလိုတွေ လှူပြီဆိုတဲ့အချိန်ကစပြီး အချိန်အခါရွေးပြီး မဟာဝေဒဗွ မန္တန်တော်ကြီးကို ရွတ်လို့ရပါပြီ။

နေ့စဉ်ရွတ်ချင်ရင်လည်း ရွတ်လို့ရပါတယ်။

နေ့စဉ်ဆိုရင်တော့ (၉)ခေါက်ရွတ်ပေါ့။

ဗုဒ္ဓဟူးနေ့ရောက်မှ (၂၇) ခေါက်ရွတ်ပေါ့။

(၂၇) ခေါက် နေ့တိုင်းရွတ်နိုင်ရင်လည်းရွတ်ပါ။

ထူးခြားတာကတော့ ငွေဝင်အားကို ဒိုင်ယာရီနဲ့ ရေးမှတ်ထားလိုက်ပါ။ လက်တွေ့က အကောင်းဆုံးပါပဲ။

တစ်ခုပဲပြောပါရစေ။

ချက်ချင်း တနင်္လာနံတွေ ဂြိုဟ် (၈)ခွင်သွားလှူ၊ ချက်ချင်းထရွတ်လို့တော့ မရပါဘူး။ အချိန်လေးတော့ စိတ်ရှည်ရှည်စောင့်ရပါလိမ့်မယ်။

ဂြိုဟ် (၈) ခွင်လှူတာနဲ့ မန္တန်ရွတ်တဲ့အထိဖြစ်လာဖို့က တနင်္လာအညံ့တွေ ချေရပါဦးမယ်လို့ မေတ္တာစကားပြောကြားရင်း -

- ငွေကံဖြန့်ပွင့်လိုသူများအတွက် သူရဇ္ဇလက်ဆောင်ပါးလိုက်ပြီ ဖြစ်ပါတယ်။

ငွေကံတွေပြန့်ပွင့်ပြီး -
လိုရာဆန္ဒတွေပြည့်ဝစွာနဲ့ -
စိတ်ချမ်းသာပျော်ရွှင်ကြပါစေ -
နေ့သစ်တိုင်းမင်္ဂလာရှိပါစေ -
အောင်မြင်ကြပါစေ -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

သည်။

ဒါကြောင့်ပင် စာရေးသူတို့ငယ်စဉ်က မစားဘူးသော တောကောင်သားဟူ၍ မရှိသလောက်အောင်ကို စားဖူးခဲ့ကြရပါသည်။

ထိုအထဲမှ စာရေးသူ အကြိုက်နှစ်သက်ဆုံးတောဟင်းလျာမှာ အသက်(၈၀)ကျော် အဘိုးဖြစ်သူ၏ ဆေးဖက်ဝင်ဟင်းလျာအဖြစ် တစ်နှစ်တစ်ခါသာ ရှားရှားပါးပါးရရှိသော -

'ဆေးဖက်ဝင် ငါးဖားလောင်းဟင်းလျာ' ကို အထူးနှစ်သက်ပါသည်။

ငါးဖားလောင်းဟင်းလျာမှာ ဆေးဖက်ဝင် ဟင်းလျာမျိုးဖြစ်သလို အရသာမှာလည်း နူးညံ့ပြီး နှုတ်ခံတွင်းအလွန်အရသာတွေ့သော ရှားရှားပါးပါးရရှိသည့် တောဟင်းလျာမျိုး ဖြစ်ပါသည်။

မသိလျှင် ငါးကလေးပေါက်များနှင့်တူသော်လည်း ငါးကလေးများကဲ့သို့ အရိုးမရှိဘဲ အညှီနံ့ကင်းပြီး အလွန်နူးညံ့၍ စားကောင်းလှပါသည်။ တစ်ခါစားဖူးလျှင် တစ်သက်မမေ့နိုင်ဆိုလောက်သည့်အရသာဟု ဆိုရပေမည်။

စာရှုသူမိတ်ဆွေများ ငါးဖားလောင်းဟင်းလျာကို စားဖူးချင်မှ စားဖူးပါလိမ့်မည်။ တောတောင်နှင့်နီးစပ်သူများကတော့ တွေ့ဖူး၊ စားဖူးပါလိမ့်မည်။

အမှန်တော့ ဖားသားလောင်းကောင်ပေါက်လေးများ ဖြစ်ပါသည်။ ဖားဖြစ်ဖို့ရန် ခြေ၊ လက်အစုံမထွက်သေးမှာ ငါးကလေးများနှင့်တူနေလို့သာ ငါးဖားလောင်းဟုခေါ်ခြင်း ဖြစ်ပါသည်။

လူအများသိထားကြတဲ့ မိုးဦးကျကာလ မြစ်ရေ၊ ချောင်းရေများ ပြည့်လျှံလာတဲ့အခါမှာ မိတ်လိုက်ဖို့မသံပေးပြီး ရေပြင်ထဲမှာ ဥတွေကိုဥတတ်ကြသည့် မိုးတွင်းစားဖားမျိုးများမဟုတ်ဘဲ နွေရာသီ တပို့တွဲ၊ တပေါင်းလ ရေစစ်ရေခန်းချိန်မှာသာမိတ်လိုက်ပြီး ကျောက်ခွက်ကြိုကျောက်ခွက်အကြား ရေအိုင်လေးများနှင့် အင်းခြောက်ရေကျန်အိုင်ငယ်လေးများတွင်သာ ဥချပြီးပေါက်ဖွားတတ်သည့် ကျောက်ဖားလို့ခေါ် တောထဲမှာ၊ ကျောက်ကြိုကျောက်ကြား ကုန်းပေါ်မှာအနေများသည့် ဖားတစ်မျိုး၏ သားလောင်းလေးများ ဖြစ်ပါသည်။

သူတို့ သားပေါက်တဲ့အချိန်က နွေရာသီရေခန်းသည့်အချိန်ဖြစ်သဖြင့် ငါးဖားလောင်းလေးများကို တောထဲတောင်ထဲနှင့် အင်းခြောက်တွေ၊ ရေစပ်ကျင်း အိုင်ငယ်လေးတွေထဲတွင် ငါးဖားလောင်းလေးများပွတ်ခဲကာ အုပ်စုလိုက်တိုးဝှေ့ရေကူးနေတာကို တွေ့ရတတ်ပါသည်။

၎င်းတို့ကို ယက်သဲ့နဲ့သဲ့ယူပြီး အလွယ်တကူ ဖမ်းယူလို့ရပါသည်။ ငါးဖားလောင်းအိုင်တစ်အိုင်ကိုတွေ့ဖို့ရန်ခဲယဉ်းသလို တွေ့လျှင်လည်း ပိဿာနှင့်ချီပြီးရတတ်ပါသည်။

ဤသို့ ရှားရှားပါးပါး ရှာဖွေမှရတတ်ပြီး ငါးဖားလောင်းသည် စားကောင်းပြီး ဆေးဖက်လည်းဝင်ပါသည်။ ရှေးရာတိုင်းရင်းဆေးဆရာကြီးများအဆိုအရ ငါးဖားလောင်းသည် နူးညံ့ပြီး ပါစကဝမ်းမီးကို အားပေး၍ ခန္ဓာကိုယ်အတွင်း ဇီဝဓာတ်ရုပ်သစ်ဖြစ်ပေါ်မှုကို အားအင်ပေးစွမ်းနိုင်ပြီး အထူးသဖြင့် ဒူလာရောဂါ ပန်းသေပန်းညှိုးရောဂါ၊ နှုတ်မမြိန်ရောဂါနှင့် သက်ရှယ်ကြီး၍ အားအင်ချည့်နဲ့သောရောဂါများအတွက် အလွန်အာဟာရဖြစ်၍ ဆေးဖက်ဝင်လှသည်ဟု ဆိုပါသည်။

ဆေးသိပ္ပံအမြင်နှင့်ကြည့်ပါလျှင်လည်း ငါးဖားလောင်းသည် ပရိုတင်းနှင့် အမိုင်နိုအက်စစ်ဓာတ်များ ပေါကြွယ်ဝစွာ ပါဝင်နေပြီး ခန္ဓာကိုယ်နှင့် အသားအရေတို့ကို ပြုပြင်တည်ဆောက်ပေးတဲ့၊ ကိုလာဂျင်ဓာတ်များ များစွာပါဝင်နေတဲ့ ဆေးဖက်ဝင်စွမ်းရည်များပါရှိနေပါသည်။

ထို့ကြောင့် ငါးဖားလောင်းကို တောတောင်များနှင့် နီးစပ်သော ဆေးဖက်ဝင် အဖိုးတန်ကြောင်းကို သိရှိကြသောသူများသည် တစ်နှစ်တစ်ခါသာရရှိတတ်သော ငါးဖားလောင်းဆေးဖက်ဝင်ဟင်းလျာကို တစ်ခုတ်တစ်ရ ဝယ်ယူစားသုံးတတ်ကြပါသည်။

ကြက်သား (၁) ပိဿာ (၃) ကျပ်ခေတ်အချိန်တွင် ငါးဖားလောင်း (၁)ပိဿာကို (၈) ကျပ်ပေးဝယ်စားရပါသည်။

သို့ဖြစ်၍ -

ဒူလာ၊ ပန်းသေပန်းညှိုးရောဂါ၊ အားအင်ချည့်နဲ့သောရောဂါများအတွက် ဆေးဖက်ဝင်ဟင်းလျာအဖြစ် -

ငါးဖားလောင်းဆေးဖက်ဝင်ဟင်းကို စီမံချက်ပြုတ်မည်ဆိုလျှင် -

ဦးစွာ ပထမ ငါးဖားလောင်းလေးများကို ရေဖြင့် (၂)ထပ်၊ (၃)ထပ် သန့်စင်အောင် ဆေးကြောပြီး ဗီနီကာ (ရှာလကာရည်) ဟင်းစားဇွန်း (၂) ဇွန်းခန့် ရေနှင့်ရောစပ်ပြီး ထပ်မံ၍ ဆေးကြောလိုက်လျှင် အားလုံးသန့်ရှင်းစင်ကြယ်သွားပါသည်။

၎င်းကို ဆား၊ နနွင်း၊ ငံပြာရည်၊ သင့်ရုံထည့်၍နယ်ပြီးနှပ်ထားပါ။ ငါးဖားလောင်း (၅၀) သားချက်ဆိုလျှင် -

ငရုတ်ကောင်းအစေ့ (၃၀)၊

ကြက်သွန်ဖြူအတက် (၂၀)၊

နံနံပင်အမြစ်သီးသန့်(၇)မြစ်ထည့်ပြီး သပ်သပ် စလုံးစခုထောင်းထားပါ။

ငရုတ်၊ ကြက်သွန်နီ၊ အဖြူတို့ကို ပုံမှန် ဆီပြန်ဟင်းချက်သည့်အတိုင်း တစ်ဆုံထောင်းထားပြီး -

နှမ်းဆီစစ်စစ်မွှေးမွှေးဖြင့် ငရုတ်၊ ကြက်သွန်ဖြူ၊ နီတို့ကို ဆီသတ်ပါ။ ကြက်သွန်များလိပ်လာတဲ့အချိန်မှာ ငါးဖားလောင်းလေးများကို ထည့်ပြီး အသာအယာမွှေပေးပါ။ (အရမ်းမွှေလိုက်လျှင် အကောင်ပျက်ပြီး ကြေမွကုန်မည် ဖြစ်သည်)

ပြီးလျှင် ပထမထောင်းထားသော ငရုတ်ကောင်း၊ ကြက်သွန်ဖြူ နံနံပင်အမြစ်တို့ကို အပေါ်မှအုပ်ထည့်ပြီး ရေနွေးအနည်းငယ်လေးထည့်ပြီး မီးအေးအေးလေးနှင့်နှပ်၍ချက်ပါ။

အိုးကို အသာအယာလေးလှုပ်လှုပ်ပေးသွားပါ။ ထည့်ထားသောရေခန်းလာပြီး ဟင်းအိုးဆီပြန်၍အနံ့မွှေးလာလျှင် မီးဖိုပေါ်မှချလိုက်ပါ။

ယခု တင်ပြခဲ့သော ဆေးဖက်ဝင် ငါးဖားလောင်းဟင်းလျာကို စာရှုသူမိတ်ဆွေများ တစ်ခါလောက် မြည်းစမ်းကြည့်မိလျှင် အရသာမှာ နူးညံ့ကောင်းမွန်၍ လျှာလည်ပြီး ရောဂါလည်း ပျောက်ကင်းစေသည့် ဆေးဖက်ဝင်ဟင်းလျာကောင်းတစ်ခွက် ဖြစ်ပါသည်ဟု စေတနာကောင်းနှင့် ညွှန်းဆိုလိုက်ပါသည်။

*မိတ်ဆွေအပေါင်း*
*စားသမျှဆေးဖြစ်၍*
*ကျန်းမာကြပါစေ*

ရွှေနဝင်း (ပုသိမ်)




www.burmeseclassic.com

www.burmeseclassic.com


### ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ်၊ ကုံရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

### (၁၃-၂-၂၀၁၆) မှ (၁၃-၃-၂၀၁၆) နေ့အထိ




**သာယနစနစ်ဇာတာခွင်**




**နိယာနစနစ်ဇာတာခွင်**

၁၃-၂-၂၀၁၆ ရက်နေ့ ညနေ (၃း၁၁း၃၇) နာရီအချိန် ကုံရာသီသို့ စတင်ဝင်ရောက်ချိန် ဥဒယလဂ်သည် သယာနစနစ်တွင် ကရကဋ်ရာသီ၌ (၁၆) ဒီဂရီ (၄၁) မိနစ်မှာလည်းကောင်း၊ နိယာနစနစ်တွင် မေထုန်ရာသီဝယ် (၂၂) ဒီဂရီ၊ (၄၂) မိနစ်တွင် လည်းကောင်း ထွက်နေပါလာခဲ့သည်။ ၎င်းသည် ၂၀၁၆ ခုနှစ်၊ ကုံရာသီ စူဠဇာတာခွင်ပင် ဖြစ်သည်။

၎င်းဇာတာခွင်၏ ထူးခြားချက်မှာ ဥဒယလဂ်ကို ပလူတိုဂြိုဟ်က (၁၈၀) ဒီဂရီအမြင်၊ ယူရေးနပ်ဂြိုဟ်က (၉၀) ဒီဂရီအမြင်၊ နက်ပကျွန်းဂြိုဟ်က (၁၂၀) ဒီဂရီအမြင်တို့ဖြင့် မြင်ထားပေသည်။ နောက် သောကြာဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် (၄)ဒီဂရီအတွင်း ကြာသပတေးဂြိုဟ်နှင့် ရာဟုဂြိုဟ်တို့သည် (၁) ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ ကြာသပတေးဂြိုဟ်က စနေဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ စနေဂြိုဟ်က နက်ပကျွန်းဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်ထားသလို ကြာသပတေးဂြိုဟ်က သောကြာဂြိုဟ်ကို (၁၂၀) ဒီဂရီ၊ အင်္ဂါဂြိုဟ်က တနင်္ဂနွေဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ သောကြာဂြိုဟ်က တနင်္လာဂြိုဟ်ကို (၉၀) ဒီဂရီဖြင့် မြင်ထားကြပေသည်။ နောက် ထူးခြားချက်တစ်ခုမှာ (၉-၃-၂၀၁၆) နေ့ နံနက် (၈း၂၅) နာရီတွင် နေသဗ္ဗကြတ်မည်။ မြန်မာပြည်မှ တစ်စိတ်တစ်ပိုင်းဖြစ်ရမည်။ ၎င်းမန်ဒိန်းဇာတာ၌ ဗန္ဓုအိမ်တွင် နေကြတ်မည်။ ထို့ကြောင့် မြန်မာပြည်တွင် သက်ရောက်မှုတချို့ရှိမည်။

ဆိုခဲ့သမျှကိုအနှစ်ချုပ်၍ ကောက်ချက်ငင်ရလျှင် အစိုးရအဖွဲ့ဆိုင်ရာ (ဝါ) အစိုးရအဖွဲ့သစ်ဖွဲ့ရန်အတွက် ဆောင်ရွက်ရာ၌ မျှော်လင့်မထားသောအကျပ်ရိုက်မှုများ၊ အဟန့်အတားများ၊ ဖိအားထိုးနှက်မှုများကို ရင်ဆိုင်ရတတ်မည်။ လွှတ်တော်ဆိုင်ရာ၌လည်း အသစ်ဖွဲ့စည်းရာတွင် (ဝါ) လုပ်ငန်းဆောင်ရွက်ရာတွင် ညှိနှိုင်းမရမှုများ၊ အငြင်းပွားရမှုများရှိမည်။ ယင်းတို့နှင့်ပတ်သက်၍ နိုင်ငံတကာ၏ ဖိအားပေးထိုးနှက်မှုများရှိသလို အများပြည်သူတို့၏ ဝေဖန်ပြစ်တင်မှုများကိုလည်းခံရတတ်မည်။ အစိုးရဆိုင်ရာ၊ လွှတ်တော်ဆိုင်ရာတို့၌ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုရှိလာနိုင်သည်။ ၎င်းလောကမှ (ဝါ) နိုင်ငံရေးလောကမှ ထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။

ဘာသာရေး၊ ပညာရေး၊ နိုင်ငံသားပြုရေး၊ ရွှေ့ပြောင်းနေထိုင်သူများအရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊



www.burmeseclassic.com

www.burmeseclassic.com

၆

ဘဏ္ဍာရေးဆိုင်ရာတို့၌ စာဒကတက်မှု၊ အငြင်းပွားရမှု၊ ထိုးနှက်တိုက်ခိုက်ပြစ်တင်ဝေဖန်မှု၊ စိန်ခေါ်မှုတို့ကို ကြုံရတတ်မည်။ နိုင်ငံတကာဖိအားပေးကို ထိပ်တိုက်တွေ့ရတတ်မည်။

ပရဟိတ (NGO) (INGO) အရပ်ဘက်လူ့အဖွဲ့အစည်း ဒုက္ခသည်စခန်းတို့နှင့် ဆိုးနွယ်နေသော နယ်စပ်ရေးရာနှင့် လုံခြုံရေးကိစ္စ၊ တိုင်းရင်းသားရေးရာကိစ္စ၊ တိုင်းရင်းသားဒေသကိစ္စတို့နှင့်ဆက်နွယ်နေသော၊ နိုင်ငံတကာရေးရာတို့နှင့် ပတ်သက်နေသော ငွေရေးကြေးရေးကိစ္စ၊ ထိပ်တိုက်ထိတွေ့ကိစ္စ၊ အပြန်အလှန်စွပ်စွဲပုတ်ခတ်မှုကိစ္စ၊ မငြိမ်မဝပ်နိုင်မှုကိစ္စများအတွက် အဖြေရှာရမလွယ်သလိုရှိနေမည်။

ရေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာတွင် မတော်တဆဖြစ်တတ်မည်။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ၌ မရိုးဖြောင့်မှုများရှိနေမည်။ ပညာရေးဆိုင်ရာ၊ အပျော်တမ်းအဖွဲ့အစည်းဆိုင်ရာတို့နှင့် ဆက်နွယ်လျက် မျှော်လင့်မထားသော ပြဿနာတို့ဖြစ်တတ်မည်။ အပျော်အပါးဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ၊ ပညာသင်ကြားရေးဆိုင်ရာတို့၌ မတော်တဆမှုဖြစ်တတ်မည်။

မီဒီယာလောကဆိုင်ရာ၊ မြေယာပိုင်ဆိုင်မှုဆိုင်ရာတို့၌ ဖြေရှင်းလေရှုပ်ထွေးလေဖြစ်နေမည်။ ဆက်သွယ်ရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၌ မျှော်လင့်မထားသော ပြဿနာများတွေ့ရတတ်မည်။ မီဒီယာလောက၊ နိုင်ငံရေးလောကနှင့် စပ်လျဉ်းနေသော ပုဂ္ဂိုလ်တစ်ဦးအတွက် ဝမ်းနည်းရတတ်မည်။

အခြေခံလူတန်းစားများ၊ အလုပ်သမား၊ လယ်သမားများ (ဝါ) မြည်သူပြည်သားအများစုအဖို့ လတ်တလောဖြစ်ပေါ်မှုအခြေအနေပေါ်တွင် (ဝါ) သူတို့၏ စာဝတ်နေရေး၊ လုံခြုံရေးကိုထိပါးလာသည်ဟု ခံစားရသဖြင့် ဆန္ဒထုတ်ဖော်မှုများ၊ တက်ကြွလှုပ်ရှားမှုများရှိလာမည်။ တိုင်းတစ်ပါးနှင့် ဆက်နွယ်နေသော နိုင်ငံတကာနှင့် ဆက်နွယ်နေသော လှုပ်ရှားမှုများ၊ အဖွဲ့အစည်းများကို ဝေဖန်စောင်ကြောပါလိမ့်မည်။

ပုံမှန် မိုးလေဝသကို ကြုံရမည့်မဟုတ်။ လေပြင်းတိုက်ခတ်မည်။ ရေကြောင့်ဒုက္ခရောက်မည်။ သို့မဟုတ် မြေငလျင်လှုပ်မည်၊ မြေပြိုတောင်ပြိုမည်။

မင်းရှိန်အောင်

# သန်းလှိုင်ထွဏ်း(အမြင့်)

# အနာပဆုပ်နှင့်အမြစ်တွယ် အနာပျောက်ဆေး

ကျွန်တော်အလုပ်လုပ်နေသော သစ်စက်လွှဝိုင်းဆရာမှာ 'အနာပဆုပ်ကျောလည်ကုပ်၊ ဝမ်းမြောက်ဝမ်းသာမရှိရာ' ကုပ်ကျောတည့်တည့်မှာ အနာပဆုပ်ခေါ်သော အနာပေါက်၍နေရာ နီရောင်သန်းပြီး ရဲရဲမှည့်နေပါသည်။ လူကပေတေတေဆိုတော့ ကျွန်တော်လည်း အနာဖြစ်နေမှန်းမသိပါ။

ကျွန်တော့်အဖေမှ ဝိုင်းဆရာခေါ်အနာကြည့်ကာ အနာဆိုးဟုဆိုပါသည်။ နားလည်သောဆရာထံ အမြန်ပြရန်ပြောပြီး ယနေ့သစ်စက်ကိုရပ်နားခိုင်းပါသည်။

ကျွန်တော်တို့အညာဒေသအခေါ် ဗိန္ဒောတိုင်းရင်းဆေးဆရာဆီသို့ ကျွန်တော်ကိုယ်တိုင်လိုက်ပို့သည်။ ရောက်လျှင်ရောက်ချင်း ဆရာမှအနာစစ်ဆေးကြည့်ပါသည်။ ဒီလိုအနာမျိုးပစ်မထားသင့်ကြောင်း၊ အသက်ပါဆုံးရှုံးနိုင်ကြောင်းပြောပြပါသည်။

ယခုလို အနာမျိုးမှာ အပူနာဟုပြောပါသည်။ အမြစ်ပွား၊ အမြစ်တွယ်အနာမှန်သမျှ အပူနာဟု ဆိုပါသည်။ အရပ်ခေလေ့ခေါ် (မဲနာ) အပူနာသည် ငရုတ်ညှော်၊ ကြက်သွန်ဖြူညှော်မိလျှင်မိုန်းပြီးအိပ်သွားပါသည်။ အနာဝင်သွားတာလို့ပြောပါသည်။ အိပ်ရာမှမနိုးတော့ဘဲ အိပ်ရင်းဘဲ အသက်ဆုံးရှုံးသွားတာတွေ အများကြီးဟုပြောပြပါသည်။

ထို့နောက် ၎င်းအနာအား ဘရိတ်ဓားဖြင့်ဝိုက်၍ လှီးထုတ်ပါသည်။ အနာပုံစံမှာ ခုံညင်းဒိုးလောက်ရှိပါသည်။ အသားများလှီးထုတ်ပြီး အရက်ပြန်ဖြင့်ဆေးပါသည်။

ကျွန်တော့်ကို သမန်းမြစ်ရှာခဲ့ရန်ပြောပါသည်။ ဘယ်နေရာရှာရှာ ရှာအပြင်ထွက်လျှင် သမန်းမြစ်ပေါ၏။ သမန်းမြစ်ကိုပျစ်ပျစ်သွေး၊ ၎င်းနောက်နံ့သာဖြူကို ပျစ်ပျစ်သွေး ဆတူ အနာပေါ်အုံ၍ပေးလိုက်ပါသည်။ အနာကိုအရက်ပြန်ဖြင့်ဆေး၍ တစ်နေ့ သုံးကြိမ်အုံပေးရန်ပြောလိုက်ပါသည်။ သုံးရက်ထက်မလုပ်ရပါ။ အနာထဲရှိသောအမြစ်များအားလုံးထွက်၍လာပါသည်။

အနာပဆုပ်မှာ အပူနာဖြစ်၍ နှစ်နာရီလောက်ကြာလျှင် အနာမှအုံထားသော သမန်းမြစ်နှင့် နံ့သာဖြူမှာ ခြောက်၍အပေါ်ကြွလာပါသည်။ အဲဒီအချိန်မှာ အနာမှခွာလိုက်ရာ အနာမှအနာမြစ်များဖွေးဖွေးလှုပ်၍ပါလာပါသည်။ ပုံမှန်ကတော့ အနာတစ်ခါခွာလျှင် အနာသန့်ဆေးရည်များဖြင့် သေချာဆေးပါ။

သုံးရက်မြောက်သောနေ့တွင် ဟောက်ပက်ပက်အနာတွင်းကြီးသည် အသားများပြည့်လာပြီး လုံးဝပျောက်ကင်း သွားပါသည်။

ဘေးထွက်ဆိုးကျိုးလုံးဝမရှိပါ။ ငွေအကုန်သက်သာပြီး အသက်အန္တရာယ်ဘေးမှလွတ်မြောက်ကြရန် စေတနာဖြင့် ဒါနပြုပါသည်။

မှတ်ချက် -

ဤဆေးနည်းမှာ အပူနာသွေးစုနာအမြစ်တွယ်နာ အရပ်ခေါ် (အမဲနာ) များအတွက်သာဖြစ်ပါသည်။ တိုက်ဆိုင်လာလျှင် စမ်းကြည့်လိုက်ပါ။

သန်းလှိုင်ထွဏ်း-အမြင့်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆ ခုနှစ် ၊ ဖေဖော်ဝါရီလ

# ကောင်းကျိုးဝေဖြော တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စိုးသူ (B.Sc)

**ဖေဖော်ဝါရီလ (၁) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၃) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၄) ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ဗေဒါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၅) ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၆) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၇) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၈) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၉) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၀) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၁) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၂) ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၃) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်

www.burmeseclassic.com

www.burmeseclassic.com

လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၄) ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ' တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ(၁၅)ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၆) ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၇) ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၈) ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၁၉) ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓါဗိနော (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၀) ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၁) ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၂) ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အစိမ်းနုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၃) ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၄) ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၅) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။


**ဖေဖော်ဝါရီလ (၂၆) ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဗိနော (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၇) ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၈) ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ (၂၉) ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)





www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဥ္စယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုခာတ်မရိုက်ပါနှင့်။ အင်္ဂါနာမည်ရှင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ (၃) မျိုး ကပ်လှူပူဇော်ပြီး သရဏဂုံ-၃၀ရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ဂြိုဟ်သက်အလိုက် ရေသပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ခြင်း၊ အမှိုက်ကောက်ခြင်း ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို တတ်အားသရွေ့ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ သုံးဘီးဆိုင်ကယ်များနှင့်ရောင်းသော ထီသည်ထံတွင် (၃) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့်ရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန့်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီး စနေနာမည်ရှင်နှင့် စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ ဝေဝေဆာဆာကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်ငါးလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ မကြာမကြာအစာကျွေးပါ။
**ကျန်းမာရေး** - သတ်အံ့ဆဲဆဲငါးအရှင်လေးများကို တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီသည်ထံတွင် (၄) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနိုင်သလောက်ထိုးထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၅)ဆူလှည့်၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့် စနေနံပစ္စည်းအဟောင်းအစုတ်အပျက်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်ဝတ်မသွားပါနှင့်။ ချစ်သူကို အမည်းရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ဘုရားဖူးခရီးသွားမည့်သူနှင့်မှာထိုးပါ။ ကြိုက်ရာထိုးလာပါစေ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ယခုတစ်လလုံး ဗုဒ္ဓဟူးနံ့အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** -သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှ ခြေကျင်လျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီ၏ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ မကြာမကြာသွားပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမသန်စွမ်းသည့်ဒုက္ခိတများကို အလှူဒါနမကြာခဏပြုပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံ့ထီဆိုင်တွင် ဗုဒ္ဓဟူးသားသမီးနှင့် စပ်တူထိုးပါ။ (၇) ဂဏန်းများစွာပါသော (၃)စောင်တွဲလေးများ ရွေးချယ်ပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - စာသင်တိုက်များမှ သံဃာတော်များကို စာအုပ်များ၊ စာရေးကိရိယာများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာခဏ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး-** ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ -** ကြာသပတေးနံ့ထီဆိုင်တွင် (၅၊ ၂၊ ၁၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် -** ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး၊ ဒိဝါဟပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ -** သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ -** တဟီတဟီအစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့်ရွတ်ပါ။
**အိမ်ရောင်းလိုသူများ -** ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် အိမ်ကိုမကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ -** ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာမကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ -** အင်္ဂါနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ -** မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ပါ။
**လူမှုရေးအတိုက်အခံများသူများ -** ဘုရားစေတီများသို့ရောက်တိုင်း အမှိုက်ကောက်ခြင်း၊ ပန်းခြောက်များစွန့်ပေးခြင်းဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ -** ခိုး ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး-** လေထိထားသောဝေဒနာရှင်များကိုဆေးလှူပါ။ အာဟာရလှူပါ။
**ထီကံကောင်းလိုသူများ -** ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် -** ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ -** စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ -** ယခုလ ဘုရား (၅)ဆူ လှည့်၍ ပန်းပေါင်းစုံ (၅) မျိုး ကပ်လှူပူဇော်ပြီးပဋ္ဌာန်းရွတ်ပါ။
**အိမ်ရောင်းလိုသူများ -** အိမ်ကို ပျဉ်းမညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ -** ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့်စုပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ -** အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ -** အိမ်ထဲရှိ ဟောင်းနွမ်း၍အသုံးမပြုတော့သည့် အိမ်အလှဆင်ပစ္စည်းများ၊ အလှပြင်အသုံးအဆောင်ဘူးခွံများကို ရှင်းလင်းစွန့်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ -** မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ -** ချစ်သူနှင့် ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။ အတိုက်အခံမပြောပါနှင့်။
**ကျန်းမာရေး -** စာကလေးများကို ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ -** ကြာသပတေးနံ့ထီဆိုင်တွင် (၅၊ ၄၊ ၁၊ ၈) ဂဏန်းများနှင့်ပြည့်နေအောင် ရွေးချယ်ကံစမ်းထားပါ။

> ယခုလတွင်-
>
> စနေစ-သောကြာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
>
> ဥပမာ - တင့်ဟိန်း၊ နေသောင်း။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အင်္ဂါနာမည်ရှင်များ၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံဉာဏ်များ၊ အကူအညီများရရှိပါလိမ့်မည်။ (၇) ဂဏန်းအကျိုးမပေးပါ။ လူမျိုးခြားနှင့်စပ်တူ ရှယ်ယာလုပ်မည်ဆိုပါက စဉ်းစားပါ။ အတိုက်အခံများရှိနေပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။ ကျန်းမာရေးကောင်းနေစေရန် လေချုပ်စေမည့်အစာများရှောင်ပါ။ ပန်ကာလေအကြာကြီးမခံပါနှင့်။ လမ်းများများလျှောက်ပေးပါ။ အိမ်ထောင်ရေးသာယာပါမည်။ သူများစကားကြောင့် အထင်အမြင်တွေလွဲတတ်၍ ချင့်ချိန်ယုံပါ။ ကိုယ်လည်း စကားပြောမလောပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ သင်တန်းများတက်ရတတ်သည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများအဆင်ပြေမည်။ ခရီးယာယီပေါ်မည်။ တစ်ခါတစ်ခါ စိတ်တော်တောင်ရောက်မြောက်ရောက်ဖြစ်တတ်ပါသည်။ ထိုကဲ့သို့ ဖြစ်လာလျှင် အာနာပါန (၁၀) မိနစ်၊ (၁၅) မိနစ် ရှုမှတ်ပေးပါ။ စိတ်အာရုံငြိမ်လာပါလိမ့်မည်။ အကြာကြီးမှတ်ရန်မလိုပါ။ သရဏဂုံ (၃၀) ကို ပုတီး (၅) ပတ်၊ (၁၀) ပတ်ရသလို စိပ်ပါ။ လက်တွေ့ထူးခြားအောင်မြင်လာပါလိမ့်မည်။ ထီထိုးရန်အတွက် အင်္ဂါနံထီဆိုင်များတွင် (၃၊ ၅၊ ၆) ဂဏန်းများပါအောင် ရွေးချယ်ထိုးပါ။

ယတြာ ။ ။ *နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းပါ။*

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

ဆရာဦးမောင်မောင်သန်း

ခုနစ်ရက်သားသမီး

ဟောစာတမ်း





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးအကျိုးပေးပါမည်။ (၂) ဂဏန်းအကျိုးမပေးပါ။ ကားကိုအကြမ်းမမောင်းပါနှင့်။ အလုပ်၊ စာမေးပွဲတွေ၊ အင်တာဗျူးတွေဖြေဆိုလျှင် အောင်မြင်ပါမည်။ အိမ်တွင်းရေးများသာယာပါမည်။ ကျန်းမာရေး-လိုအပ်ပါက ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရ ထိထိရောက်ရောက်လှူပေးပါ။ လမ်းများများလျှောက်ပေးပါ။ ငှက်၊ ကြက်၊ ငါး စသည်တို့ကို ကြုံသလို ဘေးမဲ့လွှတ်ပေးပါ။ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်။ ဖုဋ္ဌသဂါထာတို့ကိုလည်း အမိဋ္ဌာန်ထားပြီး ရွတ်ဖတ်ပါ။ ပုတီးစိပ်ပါ။ ပညာရေးကံများကောင်းပါသည်။ ရတယ်ဆိုပြီး ပေါ့မသွားဖို့နှင့်၊ တစ်ခုကျက်နေရင်းက မရသေးဘဲ နောက်တစ်ခု ခုန်ကူးကျက်တာမျိုးတွေသာမလုပ်ပါနှင့်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ ခဏခဏ စိတ်အခန့်မသင့်ဖြစ်တတ်၍ သည်းခံပါ။ သံသယတွေမဝင်ပါနှင့်။ ငှက်ကလေးတွေ ငါးလေးတွေ အစာကျွေးပါ။ အရုဏ်ဆွမ်းလောင်းလှူပါ။ အစစအရာရာ အောင်မြင်ပါမည်။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်တွေမှာ (၃၊ ၄၊ ၈၊ ၁) ဂဏန်းများပါအောင်ရွေးချယ်ပါ။

*ယတြာ ။ ။ ခြေထောက်မကောင်းသောသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများတောင်းပါ။ အကောင်းဆုံးအကျိုးပေးပါလိမ့်မည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးခြားနှင့်ဆိုင်သောလုပ်ငန်းများ အောင်မြင်မှုနည်းတတ်သည်။ အဖိုးတန်တန်၊ မတန်တန် မည်သည့်ကျောက်မှမဝင်ပါစေနှင့်။ အတိုက်အခံများရှိနေပါက သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နေ့စဉ်ပုတီးတစ်ပတ်စိပ်ပါ။ လာဘ်ရွှင်စေရန် မဟာဝေဒဗ္ဗမန္တန်ကို အမြဲဋ္ဌာန်ဖြင့်ရွတ်ပါ။ ငှက်ကလေးတွေ၊ ငါးကလေးတွေအစာကျွေးပါ။ မိတ်ကောင်းဆွေကောင်းတွေ့မည်။ လုပ်ငန်းရှင်ဖြစ်ပါက အလုပ်သမားမမြဲဘဲဖြစ်နေတတ်သည်။ ကျန်းမာရေး - လိုအပ်ပါက ဆေးလှူပေးပါ။ လမ်းများများလျှောက်ပါ။ ပညာရေးကံတွေတောက်လျှောက်ကောင်းနေမည်။ ပိုပြီးကြိုးစားလေ ပိုအောင်မြင်လေဖြစ်ပါသည်။ မသင်ရသေးသေးသောပညာရပ်တွေတောင် သင်ကြားရတတ်ပါသည်။ နှလုံးသားရေးရာများတွင် စိတ်တွေနှစ်မျိုးနှစ်ခွဖြစ်လာတတ်၍ထိန်းရပါလိမ့်မည်။ ငှက်ကလေးတွေ၊ ရေသတ္တဝါလေးတွေ အစာခဏခဏကျွေးပေးပါ။ မျက်နှာပွင့်နေမည့်ကာလဖြစ်ပါသည်။ ထီထိုးရန်အတွက် ကြာသပတေးနံထီဆိုင်များတွင် (၅၊ ၆၊ ၃၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ ခရေသွန် (၂၇) ညွှန့်ကို အင်္ဂါနေ့မနက် (၉) နာရီ (၄၅) တိတိမှာ အိုးတစ်လုံးသတ်သတ်နှင့် ရေထည့်ပြီး ဘုရားပူဇော်လိုက်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ အင်္ဂါနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၁) ဂဏန်း လုံးဝအကျိုးမပေးပါ။ အိမ်ဆောက်ခြင်း၊ အိမ်ဝယ်ခြင်းကိစ္စများဆောင်ရွက်ရလျှင် အပြီးမသတ်နိုင်သည့်အတွက် ယခုလအတွင်း မပြုလုပ်သင့်ပါ။ ကြွေးများတင်သွားပါလိမ့်မည်။ လောင်းကစားကိစ္စများလုံးဝရှောင်ပါ။ သူများကိစ္စတွင် ကြားမှအာမခံတာမျိုးရှောင်ပါ။ အိမ်ထောင်ရှင်များ လမ်းထွက်တာတွေများလာ၍ သံသယစိတ်တွေကြောင့် ခဏခဏစကားများရတတ်ပါသည်။ စိတ်ရောကိုယ်ပါ အကူအညီတွေ သူများကိုပေးနေခြင်းများ အလွန်အကျွံမဖြစ်ဖို့လိုပါသည်။ မိသားစုစိတ်ချမ်းသာဖို့ဦးစားပေးပါ။ ကျန်းမာရေးအတွက် လေထိုး၊ ဝေဒနာ၊ လေနှင့်ပတ်သက်သောရောဂါများသတိထားရပါမည်။ ပညာရေးကံတွေခက်ခက်ခဲခဲကြားကနေကောင်းလာမည်။ ကိုယ်တိုင်လည်း အပျော်အပါးလျှော့ပါ။ အပေါင်းအသင်းနဲ့မှ စာကျက်ချင်တာမျိုးရှောင်ပါ။ ချစ်တတ်သူတွေအတွက် သံသယစိတ်တွေဝင်တာလျှော့ပါ။ သူများကိုပြောချင်ရင် ကိုယ့်ကိုယ်ကိုယ်လည်း သတိပြုပါ။ ထီထိုးရန်အတွက် အင်္ဂါနံထီဆိုင်တွေမှာ (၃၊ ၄၊ ၈၊ ၇) ဂဏန်းတွေနှင့်ပြည့်နေအောင်ထိုးထားပါလေ။

*ယတြာ ။ ။ ဦးခေါင်းမကောင်းသောဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။*



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲအကျိုးမပေးပါ။ လောင်းကစားကိစ္စမှန်သမျှ ရှောင်ပါ။ အိမ်ထောင်ရှင်များ အကြောင်းမရှိဘဲ ဟိုသွားချင်ဒီသွားချင်ဖြစ်တာမျိုး၊ ရပ်ဝေးက ဆွေမျိုးတွေဆီ ခဏခဏသွားလည်ချင်တာမျိုးတွေဖြစ်တတ်လို့ မကျေလည်မှုတွေဖြစ်တတ်ပါသည်။ ဆင်ခြင်လိုက်ပါ။ ခရီးသွားရမည့်ကိစ္စဆိုလျှင် စဉ်းစားပါ။ အထစ်အငေါ့ရှိတတ်ပါသည်။ ကျန်းမာရေးအရ လိုအပ်လျှင် ဗောဇ္ဈင်္ဂသုတ်၊ ဓာရဏပရိတ်တို့ကို အမိဋ္ဌာန်နှင့်ရွတ်ပါ။ ဆေးလှူပါ။ လွန်ကဲစွာအအေးမခံပါနှင့်။ လေးဖက်နာရှိသူများ အစားအသောက်ရှောင်ပါ။ ပညာရေးကောင်းမည်။ အဆော့မမက်ပါနှင့်။ လွန်လွန်ကျူးကျူးကစားရင်း ထိခိုက်ရှနာဖြစ်တတ်၍ ဆင်ခြင်ရပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ မျက်နှာပွင့်နေတတ်၍ သစ္စာစောင့်ထိန်းဖို့လိုပါသည်။ အလုပ်ကိစ္စများတွင် ကိုယ့်အချင်းချင်း (သို့) ကိုယ့်လုပ်ငန်းမှ ဝန်ထမ်းကြောင့် စိတ်ညစ်ရတတ်ပါသည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို ရွတ်ဖတ်ပူဇော်ပါ။ ထီထိုးရန် ဝါသနာပါသူများ (၅၊ ၃၊ ၁) ဂဏန်းတွေပါအောင် ကြာသပတေးနံထီဆိုင်တွင်ထိုးပါ။

ယတြာ ။ ။ *ဘုရားဖူးခရီးကြွမည့်သံဃာတော်အရှင်သူမြတ်များကို ဝတ္ထုငွေများစွာလှူလိုက်ပါ။*

**သောကြာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးအကြံပေးမည့်သူ၊ အကူအညီပေးမည့်သူများမှာ အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ တာဝန်တွေများပြားလွန်းလို့ နေ့မအားညမအား အလုပ်များလွန်းနေပါက သရဏဂုံ-၃၀ကို ဘုရားဆောင်ရှေ့မှာ ပုဆစ်တုပ်ထိုင်ပြီး လက်အုပ်ချီပြီး (၉) ခေါက်ရွတ်ဖတ်ပူဇော်ပါ။ ငှက်ကလေးတွေကို အစာကျွေးပါ။ အဆင်ပြေ ချောမွေ့သွားပါမည်။ ကျန်းမာရေးကောင်းနေစေရန် အစားစားတိုင်း၊ ရေသောက်တိုင်း ဖုဋ္ဌဿဂါထာရွတ်မန်းပြီးစားပါ။ ငါးလေး၊ ငှက်လေးတွေကို ခဏခဏအစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။ လေထိထားသောဝေဒနာရှင်တွေ၊ နှလုံးဝေဒနာရှင်တွေကို ဆေးလှူပေးပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ ပညာရေးကံများကောင်းပါသည်။ ပညာတော်သင်ခရီးများထွက်ရတတ်ပါသည်။ ဘာမဟုတ်တဲ့ကိစ္စကို အကြောင်းပြုပြီး လမ်းခွဲကြရတတ်ပါသည်။ နားလည်မှုတွေပေးပါ။ ငှက်ကလေးတွေကို ခဏခဏအစာကျွေးပါ။ သည်းခံခွင့်လွှတ်တဲ့စိတ်လေးမွေးပါ။ ထီဝါသနာရှင်များအတွက် အင်္ဂါနံထိုင်၊ စက်ဘီး သို့မဟုတ် သုံးဘီးဆိုင်ကယ်များနှင့်လှည့်ရောင်းသော ထီသည်များထံမှ (၃၊ ၇၊ ၆၊ ၅) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားစေတီများသို့သွား၍ ညလုံးပေါက်လျှပ်စစ်မီးပူဇော်လိုက်ပါ။*

BURMESE CLASSIC

**စနေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့်ကိစ္စရပ်များအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကျိုးပေးမည့်သူများမှာ ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အတိုက်အခံများလွန်းလျှင် အိမ်နှင့်နီးသောဘုရားစေတီသို့ ခြေကျင်သွားပြီး ရင်ပြင်တော်မှာ တံမြက်စည်းလှည်းပါ။ ငှက်ကလေးတွေ အစာကျွေးပါ။ ရပ်ဝေးခရီးစီစဉ်ပြီးမှ ရွှေ့ချော်တတ်သည်။ အဆောင်ကျောက်၊ ရိုးရိုးကျောက်တွေမဝင်ပါစေနှင့်။ လူတိုင်းကို စကားပြောမလောပါနှင့်။ ကတိတစ်ခုကိုလွယ်လွယ်မပေးပါနှင့်။ မိသားစုနှင့်တိုင်ပင်ပါ။ ကျန်းမာရေးအတွက် လိုအပ်ပါက ဆေးလှူပါ။ လမ်းများများလျှောက်ပါ။ အစာကိုအချိန်မှန်စားပါ။ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်များကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ပညာရေးကံတွေအကောင်းဆုံးအကျိုးပေးနေပါသည်။ အလုပ်စာမေးပွဲတွေဖြေဆိုအောင်မြင်မည်။ အင်တာဗျူးများအောင်မြင်မည်။ ချစ်တတ်သူတွေ စကားခဏခဏများတတ်ပြီးစိတ်ဝမ်းကွဲတတ်ပါသည်။ ငါးလေးတွေ၊ ခိုလေးတွေ အစာမကြာခဏကျွေးပါ။ ထီဝါသနာရှင်များ၊ ကြာသပတေးနံထီဆိုင်တွင် (၅၊ ၄၊ ၈၊ ၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းလိုက်ပါ။

ယတြာ ။ ။ *တစ်နေ့တည်း ဘုရား (၅) ဆူပြည့်အောင်လှည့်ဖူးပါ။ လှူချင်တာမှန်သမျှ လှူလိုက်ပါ။*

ရ င် ကို ေ အ း မြ ေ စ သ ဝ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com